http://www.dhammadownload.com

ရန်ကုန်မြို့

ထူးကြီးဆရာတော်

အခှင်ဝဏ္ဏိသာရမထေရ်

ဟောကြားအပ်သော

မါရာယနဝဂ် ပါဠိတော်ဟောစဉ်

ဝိပဿနာရှုနည်းကျမ်း

ပဌမတွဲ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

ဇွန်လနာ ၂၅၁၅ [illegible]

http://www.dhammadownload.com

ရန်ကုန်မြို့

ထူးကြီးဆရာတော်

အခှင်ဝဏ္ဏိသရမထေရ်

ဟောကြားအပ်သော

မါရာယနဝဂ် ပါဠိတော်ဟောစဉ်

ဝိပဿနာရှုနည်းကျမ်း

ပဌမတွဲ

မြန်မာနိုင်ငံ ပုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ဌာန ရိုက်နှိပ်သည်။

ဇန္ဒဿနာ ၂၅၁၅ [illegible]

http://www.dhammadownload.com

http://www.dhammadownload.com

ပဌမကျော် အဂ္ဂမဟာပဏ္ဍိတဆရာတော်

အရှင်သေဋ္ဌိလ၏

အမှာစကား

ပါရာယန (ပါရ+အယန။ ပါရ=သံသရာတည်းဟူသော သမုဒ္ဒရာ၏ တဖက်ကမ်းဖြစ်သည့် နိဗ္ဗာန်သို့+အယန=ရောက်ရာဖြစ်သော လမ်းခရီး) သံသရာသမုဒ္ဒရာတဖက်ကမ်း နိဗ္ဗာန်စခန်းသို့ ရောက်ရာရောက်ကြောင်း လမ်းခရီးကောင်းဖြစ်သောကြောင့် ဤသုတ္တန်ကို ပါရာယန သုတ္တန်ဟု ခေါ်ပါသည်။ ဤသုတ္တန်သည် ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်လာ ဗာဝရီပုဏ္ဏားဆရာကြီး၏တပည့် အဇိတအစရှိသည့် ပုဏ္ဏားရသေ့ပညာရှိ ၁၆-ယောက်တို့၏ အမေးပြဿနာများနှင့်ထိုအမေးပြဿနာများကို တခုစီ တခုစီပေါ်လွင်ထင်ရှားအောင် ဘုရားရှင် ဖြေကြားတော်မူသော အဖြေများပါ သုတ္တန်ပေါင်း ၁၆-ခု ပါရှိသည့် ပါရာယနသုတ္တန်ဒေသနာတော်ဖြစ်ပါသည်။

သုတ္တန်၏ အမည်နှင့် လိုက်လျော်စွာပင် ဤပါရာယနသုတ္တန်၌ ဟောကြားသော တရားတော်များသည် နိဗ္ဗာန်သို့ ပေါက်ရောက် စေနိုင်ကြောင်း လမ်းကောင်း လမ်းမှန် တရားစစ် ဓမ္မခန်များဖြစ်သည့်အတိုင်း မြတ်စွာဘုရားသည် ဤသုတ္တန်တရားတော်ကို ရာဇဂြိုဟ်ပြည်အနီး ပါသာဏကနတ်ကွန်း၌ အဇိတအစရှိသော ပုဏ္ဏားရသေ့ပညာရှိ ၁၆-ယောက်တို့ကို အမှူးထား၍ ၁၆-ယူဇနာရှိသော ပရိသတ်ကြီးအား ဟောကြားတော်မူရာ ၁၄-ကုဋေသော လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် အမြင်မှန်ဖြင့် သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ချမ်းသာကို ရရှိကြကြောင်း သိရှိရပါသည်။

ဤကဲ့သို့ ကုဋေများစွာ သတ္တဝါအပေါင်းတို့ကို သံသရာသမုဒ္ဒရာ တဖက်ကမ်း နိဗ္ဗာန်နှုန်းသို့ ပို့ဆောင်ရာ လမ်းဖြောင့်လမ်းကောင်း လမ်းမဟောင်းကြီးဖြစ်ကြောင်း ကောင်းစွာ သိရှိတော်မူသော ပညာရှိအမော် ရှင်မဟာသီလဝံသ မထေရ်ကျော်သည် ထိုလမ်းဖြောင့် လမ်းကောင်း လမ်းမဟောင်းကြီး မမှေးမှိန်မတိမ်ကောဘဲ လမ်းမှန်လိုက်စား သူတော်ကောင်းများနှင့် အစဉ်စည်ကား နေစေရန် ရည်သန်ကာ စပ်ဆိုင်ရာ တရားဒေသနာဝတ္ထုပေါင်း များစွာတို့ဖြင့် ဤသုတ္တန်ကို တန်းဆာဆင်၍ ပါရာယနဝတ္ထုဟူသော အမည်ဖြင့် ကျမ်းစာကောင်းတစောင်ကို ပညာရောင် ပြောင်မြောက်စွာ သာသနာ (၂၀၅၅)နှစ်ထောင့်ငါးဆယ့်ငါးနှစ်တွင် စီရင်ရေးသားခဲ့ရာ ယခု သာသနာသက္ကရာဇ် ၂၅၁၄-နှစ်ဖြစ်၍ နှစ်ပေါင်း ၄၅၉-နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

http://www.dhammadownload.com

ပါရာယနသုတ္တန်ကို အခြေခံကာ ဤပါရာယနဝတ္ထုကို အခန်းကြီးလေးခန်း ဝတ္ထုကြီးရှစ်ဝတ္ထု ဝတ္ထုငယ်များစုတို့ဖြင့် တန်းဆာဆင်၍ ရေးသားတော်မူခဲ့ရာ ထိုအခန်းကြီး ၄ ခန်းနှင့် ဝတ္ထုကြီး ဂ-ဝတ္ထုတို့မှာ—

အခန်း (၁) ရဟန်းတော်များ နည်းယူလိုက်နာ ကျင့်သုံးရန် ပြဆိုသော အရှင်သာရိပုတ္တရာဝတ္ထုနှင့် အရှင်မောဂ္ဂလာန်ဝတ္ထု။

အခန်း (၂) ရဟန်းမိန်းမများ နည်းယူ လိုက်နာကျင့်သုံးရန် ပြဆိုသော ခေမာထေရီဝတ္ထုနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထု။

အခန်း (၃) လူဒါယကာများ နည်းယူလိုက်နာ ကျင့်သုံးရန် ပြဆိုသော စိတ္တသူကြွယ်ဝတ္ထုနှင့် ဟတ္ထာဠဝကဝတ္ထု။

အခန်း (၄) လူဒါယိကာမများ နည်းယူ လိုက်နာကျင့်သုံးရန် ပြဆိုသော ဥတ္တရာမိန်းမမြတ်ဝတ္ထုနှင့် နန္ဒမာတာမိန်းမမြတ် ဝတ္ထုများဖြစ်ကြပါသည်။

ထိုဝတ္ထုကြီး ဂ-ဝတ္ထုနှင့် ဝတ္ထုငယ်များစုတို့မှာ အလှန်စိတ်ဝင်စားဘွယ်ရာ နည်းယူဘွယ်ရာ ကောင်းသည့်အတိုင်း အလှန်ထင်ရှား ကျော်ကြားခဲ့သော ဝတ္ထုများဖြစ်ကြပါသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း အဇိတစသော ပုဏ္ဏားရသေ့ပညာရှိ ၁၆-ယောက်နှင့် တကွ ၁၄-ကုဋေ့ တွက်ရေများစွာ ဝေနေယျာတို့ကို သံသရာသမုဒ္ဒရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ စံမြန်းစေခဲ့သဖြင့် ပါရာယနသုတ္တန်သည် မြတ်စွာဘုရားရှင် လက်ထက်တော်မှစ၍ သာသနာတော်တစ်တွင် အလွန်ကြီးကျယ် ထင်ရှားခဲ့သော သုတ္တန်ဒေသနာတော်ကြီး ဖြစ်သည့်အပြင် သာသနာသက္ကရာဇ် ၂၀၅၅-နှစ်တွင် ရှင်မဟာသီလဝံသ မထေရ်ကျော်က ပါရာယနဝတ္ထုကျမ်းဖြင့် အမှန်းတင်ကာ တဖန် ဖော်ထုတ်လိုက်ပြန်သဖြင့် ပါရာယနသုတ္တန် ဒေသနာသည် မြန်မာပြည် တစ်တွင် နေ-အသင့် လ-အလားကဲ့သို့ ကာလအတော်ကြာ ထင်ပေါ်ကျော်ကြား ထွန်းကားခဲ့ပါသည်။

ပါရာယန မှေးမှိန်ရ

ဤကဲ့သို့ နေလအသွင် အလှန်ထင်ရှားခဲ့သော သံသရာ သမုဒ္ဒရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်ရာရောက်ကြောင်း လမ်းခရီးကောင်းကြီးကို ညွှန်ပြသည့် ပါရာယနသုတ္တန်တရားတော်သည် လူသွား လူလာ အလှန်နည်းပါး၍ မထင်မရှား တဖြေးဖြေး တိမ်ကော ပျောက်ကွယ်သွားသော "လမ်းမကြီးအသွင်" မထင်မရှား ခေတ်မစားသဖြင့် စွန့်ပစ်ထားသည့် "ဓာတ်ပြားဟောင်းကြီးပမာ"

http://www.dhammadownload.com

ပါရာယနဟူသော နာမည်ကိုပင် ကြားဘူးသူ ရှားပါး၊ကြားဘူးသူများကလည်း ဘုရားဟောမှန်းပင် မသိ၊ အဘယ်နိကာယ် အဘယ်ဂန္ထ အဘယ်ကဏ္ဍမှာ ပါရှိသည်ဟုပင် မသိကြ၊ ဤမျှတိုင် မထင်ရှားလောက်အောင် ပျောက်ကွယ်မှေးမှိန်သွားခဲ့ရပါသည်။

အဘယ့်ကြောင့် ဤကဲ့သို့ ကြီးကျယ်မြင့်မြတ် အလွန်အရေးကြီး၍ လေးစားအပ်သော ပါရာယနသုတ္တန်ဒေသနာတော်ကြီး မထင်မရှား မှေးမှိန်သွားခဲ့ရပါသနည်း။ ဟောပြောမှု နည်းပါးသောကြောင့်တည်း။ အဘယ့်ကြောင့် ဟောပြောမှု နည်းပါးရပါသနည်း။ ဟောပြောသူများသည် ကျမ်းဂန်ပရိယတ် မနှံ့စပ်သောကြောင့်သော်၎င်း၊ ကျမ်းဂန်ပရိယတ် နှံ့စပ်၍ ဤသုတ္တန်ကို ဘတ်ရှုရပါသော်လည်း သုတ္တန်၏ အတိမ် အနက် ဟောကွက် ပြောကွက် ဝိပဿနာအချက်များတွင် ဉာဏ်မသက်ဝင်နိုင်သောကြောင့်၎င်း၊ နည်းဟောင်းဆိုလျှင် အကောင်းမထင် အသစ်ထွင်မှ ခေတ်မှီလှသည်ဟု ယူဆပြီး နည်းသစ်ထွင်လိုကြသောကြောင့်၎င်း၊ လမ်းဟောင်းလိုက်လျှင် ခရီးမပေါက် ဖြတ်လမ်းလျှောက်မှ အမြန်ရောက်မည်ဟု နိဗ္ဗာန်ဖြတ်လမ်း အဆန်းဖောက်ကြသောကြောင့်၎င်း လမ်းဟောင်းကြီး ပါရာယန မှေးမှိန်သွားခဲ့ရဟန် ရှိပါသည်။

ပါရာယန လမ်းမှန် ပေါ်ထွန်းပြန်

နှစ်ပေါင်းအတော်ကြာ အသုံးမချသဖြင့် ရှိကာမတ္တ ရေးရေးမျှသာ တည်ရှိနေသော ပါရာယန လမ်းရိုးကြီးကို ညှိုးမှိန်တိမ်မြုပ်နေရာမှ အဘယ်သူ ထုတ်ဖော်၍ တဖန် ပေါ်ထွန်းလာပြန်ပါသနည်း။

မြန်မာပြည် အရပ်ရပ်တွင် ထင်ပေါ်ကျော်ကြားသော ဆရာတော်များ၏ ထံတော်မှောက်၌ ဒူးထောက်ညွတ်တွား လေးစားဆည်းကပ် ပိဋကတ်ဆိုင်ရာ ပညာရပ်အဖြာဖြာကို ကောင်းစွာ သင်ကြားပြီးသကာလ ဂန္ထန္တရ ဘာသန္တရ ဝါဒန္တရ ဂန္ထကာရကအမော် ကျမ်းပေါင်း (၄၀၀) ကျော် ပြုစုတော်မူခဲ့သော အရှင်အာဒိစ္စဝံသ ဆရာတော်ထံတွင် ဂုဏ်အင်္ဂါပြောင်မြောက် အရည်အခြင်းပြည့်မောက်သည့် ဂဏဝါစက စာချုပ်ဂိုလ်အဖြစ်သို့ ရောက်သည်အထိ ပိဋကသုံးပုံ နိကာယ်ငါးရပ်အစုံကို ယူပုံ ဆပုံ သင်ကြားပုံနှင့်တကွ ပြည့်ဝစုံလင်ကုန်စင်အောင် သင်ကြားတတ်မြောက်သဖြင့် ပရိယတ္တိပါရဂူ, ဝိပဿနာတရားကိုလည်း ဒေသနာတော်လက်ကိုင်ထား၍ ကိုယ်တိုင် နှစ်ပေါင်းများစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သောကြောင့် ပဋိပတ္တိဝိဒူ တံခွန်ထူဖြစ်သည်သာမက—

ခန္ဓဝဂ္ဂသံယုတ် ဓမ္မကထိကသုတ်တော်လာ ဓမ္မကထိကအင်္ဂါတို့နှင့် ကောင်းစွာပြည့်ဝ အရှင်ပုဏ္ဏ အရှင်ကုမာရကဿပတို့အသွင် အလွန်လျှင် လေးနက်ခက်ခဲ

http://www.dhammadownload.com

လှသော ဓမ္မအချက် ဝိပဿနာအကွက်တို့ကို အချက်ကျကျ လက်ဆုပ်လက်ကိုင် ဟောပြနိုင်သည့် ဂုဏ်သတ္တိကြောင့် သထို့မို့ သုဝဏ္ဏဘူမိ ဗရိယတို့ သာသနာတော် အသင်းကြီးက ၁၃၁၁-ခုနှစ်တွင် ပဥ္စနိကာယပါဠိရုဂ္ဂ အဂ္ဂမဟာဓမ္မကထိကဆေရ ဟူသော ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ခတ်နှိပ်ကော်ရော် ဆက်ကပ်ပူဇော်ခြင်း ခံရသော ဓမ္မကထိကအကျော် ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသရသည် ဓာတ် သတ္တုအကြောင်းကို ပါရဂူရောက် ကောင်းစွာတတ်မြောက်သော သိပ္ပံပညာရှင် သည် ကွင်းဆင်းလေ့လာရာတွင် ထင်ထင်ရှားရှား တွေ့မြင်ရသမျှသော ဓာတ် သတ္တုများ၏ အမျိုးအစား အသုံးဝင်မည့် အကျိုးသက်ရောက်ပုံကို ပိုင်းခြားထင်ထင် သိမြင်သည့်အတိုင်း လူသူအများ အကျိုး ခံစားရသည်အထိ တိတိကျကျ ညွှန် ကြားပြသည့်နှယ် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အဋ္ဌကထာအစုံကို အကုန်နှံ့စပ် အထပ်ထပ်လေ့လာသုံးသပ်သောအခါ နှစ်ပေါင်းများစွာ အညတြသာ ဖြစ်ခဲ့ရရှာ သော ပါရာယနလမ်းရိုး လမ်းဟောင်းကြီး၏ နိဗ္ဗာန်စခန်းသို့ ပြောင့်တန်းစွာ ပေါက်ရောက်နိုင်ကြောင်းကို ကောင်းစွာ သိရှိရသည့်အတိုင်း နိဗ္ဗာန်လိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အကျိုးငှါ ပါရာယနလမ်းမဟာကို ထင်းထင်းကြီး ပေါ်လာအောင် ဖွင့်လှစ်လိုက်ပါသည်။

ဤပါရာယနသုတ်တော်ကို ထူးကြီးဆရာတော် ထုတ်ဖော်ဟောကြားထား ပုံမှာ—

(၁) ပါဠိတော်ကို ပဌမ၌တ်၍ (၂) ၎င်းပါဠိတော်ကို အနက်သမ္မာန် ပြီးလျှင် (၃) ၎င်းပါဠိတော်၏အဓိပ္ပါယ်အကျယ်ကို အဋ္ဌကထာဆရာဖွင့်ဆိုထား သည့်အတိုင်း ရှင်းပြသည့်အပြင် ပေါ်လွင်သည်ထက် ပေါ်လွင်အောင် ၎င်းပါဠိ တော်နှင့်စပ်ဆိုင်ရာ အခြား အခြားသော အဋ္ဌကထာများ၏ ဖွင့်ဆိုချက်များ ကိုလည်း ထည့်သွင်း၍အကျယ်တဝင့် ရှင်းလင်းပြဆိုထားပါသည်၊ (၄) ထို့နောက် ၎င်းပါဠိတော်၏ အတ္ထရသ ဓမ္မရသကို ဒိဋ္ဌလက်ငင်း ပရိသတ်များ အကျိုး ခံစားရပါစေခြင်းငှါ တရားဟောသော နေရာမှာပင် ဝိပဿနာရှုကွက်ထုတ်၍ ကမ္မဋ္ဌာန်းအလုပ်ကို လက်တွေ့လုပ်စေပါသည်။

ဤသို့လျှင် စာတွေ့သာမဟုတ် ကိုယ်တွေ့ပါစုံသည့် ဂုဏ်အင် ၇နှင့်ပြည့်စုံသော ထူးကြီးဆရာတော် အရှင်ဝဏ္ဏိသရသည် နှစ်ပေါင်းများစွာ တိမ်မြုပ်နေသော နိဗ္ဗာန်ရောက်ကြောင်း လမ်းရိုး လမ်းဟောင်းကြီးကို ညွှန်ပြရာ ပါရာယနဆုတ် မဟာကို ဟုတ်တိုင်းမှန်စွာ ဖော်ထုတ်၍ အလုပ်စခန်းပါ ညွှန်ပြထားသဖြင့် နိဗ္ဗာန်နန်းကို စံမြန်းလိုသူ အမျိုးကောင်းသား အမျိုးကောင်းသမီး ဟူသမျှ တို့သည် ဤစာအုပ်ကို ဘတ်ရွှေလေ့လာရန်သင့်ကြောင်း အမှာစကား ရေးသား အပ်ပါသည်။

http://www.dhammadownload.com

ဂန္ထုပတ္တိ မဟာနိဒါန်း

နမတ္ထု ဂမ္ဘီရမေဓေသကဿ သုမာနေန္တု ဓမ္မပဋိဂ္ဂါဟကာ။

ကျမ်း၏ အထုပ်တိ၊ အဖြစ်ဇာတ်မှ၊ သိမှတ်ဘို့ရာ၊ ကြောင်းခြင်းရာကို၊ သိပါစေချင်၊ အကုန်ဆင်၍၊ စုံလင်တဆန်း စာနိဒါန်း။

ကျမ်းတကျမ်းဖြစ်ပေါ်လာခြင်းကား အလွယ်တကူနှင့် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ၊ အလွန်လုံ့လဝီရိယကို စိုက်ထုတ်၍ အခက်အခဲ အမျိုးမျိုးကို ကျော်နင်းလာနိုင်မှသာလျှင် ကျမ်းတကျမ်းဖြစ်ပေါ်လာနိုင်ပေသည်။ ထိုသို့ ဖြစ်ပေါ်လာသော ကျမ်း တကျမ်း၏ ဖြစ်ပေါ်လာပုံ အကြောင်းခြင်းရာ အစုံအလင်ကို အကုန်ပါဝင်အောင် ရေးသားဖော်ပြခြင်းသည်ပင် ကျမ်း၏ နိဒါန်းဟု ခေါ်ဆိုရပါသည်။

ပဌမသံဂါယနာတင်စဉ်က သံဃနာယက အရှင်မဟာကဿပ မထေရ်က ဝိနည်းပိဋကတ်ကို မေးသောအခါ အရှင်ဥပါလိမထေရ်က **တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ** စသည်ဖြင့် ဖြေကြားသော် စကားရပ်သည်၎င်း၊ သံဃနာယက အရှင်မဟာကဿပ မထေရ်က သုတ္တန်ပိဋကတ်ကို မေးသောအခါ အရှင်အာနန္ဒာမထေရ်က **ဧဝံ မေ သုတံ၊ ကေ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ** စသည်ဖြင့် ဖြေကြားသော စကားရပ်များသည်၎င်း ထို ဝိနည်းပိဋကတ် သုတ္တန်ပိဋကတ်တို့၏ ဖြစ်ပေါ်လာခြင်း အကြောင်းကို ဖော်ပြသော နိဒါန်းစကားရပ်များပင် ဖြစ်ပေသည်။

ပါရာယနဝဂ် ပါဠိတော် ဟောစဉ်

ဤပါရာယနဝဂ် ပါဠိတော် ဟောစဉ် စာအုပ်ဖြစ်ပေါ် လာရခြင်းမှာလည်း အလွယ်တကူနှင့် ဖြစ်ပေါ်လာနိုင်သည် မဟုတ်ပါ။ ဓမ္မကထိက ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရသည် အစွာရဒ္ဓ အလွန်လုံ့လ ဝီရိယ သဒ္ဓါစေတနာတို့ဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့သောကြောင့်သာ ဖြစ်ပေါ် လာခဲ့ရပါသည်။ ထိုစကားသည် မှန်ပါသည်၊ဒါယကာဒါယိကာမ အပေါင်းတို့၏ အာသာပြင်းပြရှိခိုးတောင်းပန်ခြင်းကို အကြောင်းပြု၍ ၁၃၇၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၈) ရက်နေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိပဿနာဓမ္မာရုံတော်ကြီး၌နွေရာသီတရားဖွင့်ပွဲတွင် ဝိပဿနာအလုပ်ပေးပုံနှင့်တကွ ဆက်စပ်ဟောကြားအပ်သော ခုဒ္ဒကနိကာယ် အဝင်အပါ

http://www.dhammadownload.com

သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော ပုဏ္ဏားရသေ့ ပညာရှိ (၁၆) ဦးတို့ မေးမြန်းသော ပုစ္ဆာပေါင်း (၁၆) ချက်ကို အရင်းတည်၍ အလွန်သော လုံ့လဝီရိယ သဒ္ဓါပညာ ရှေဆောင်ကာ (၃၄) ညတိုင်တိုင် မနေမနား ကြိုးစား ပမ်းစား ဟောကြားခဲ့သောကြောင့်သာ ဤပါရာယနဝဂ် ပါဠိတော် ဟောစဉ် တရားတော်ကြီးမှာ ဖြစ်ပေါ် လာခဲ့ရပါသည်။

ဤပါရာယနဝဂ်ပါဠိတော် ဟောစဉ်၌ အပိုင်းကဏ္ဍကြီး (၁၆) ပိုင်း ခွဲဝေ၍ အပိုင်းငယ် ကဏ္ဍပေါင်း (၄၀) တို့ဖြင့် တန်းဆာဆင်ပြီးလျှင် သူ့အပိုင်းနှင့်သူ စုံစုံလင်လင် ပြည်ပြည့်ဝဝ ပါရှိစေရန်—

၁။ ပါဠိတော်ကို ရွတ်ဆိုခြင်း။

၂။ ၎င်းကို အနက် မြန်မာ ပြန်ဆိုခြင်း။

၃။ ၎င်းနှင့်စပ်သော ထိုထို ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ လာသော အဓိပ္ပါယ်သဘော အရကောက်စသည်တို့ဖြင့် ဝေဝေဆာဆာ ရှင်းလင်း ဖော်ပြပေးခြင်း။

၄။ ပါဠိတော်လာ တရား ပုဒ်မျှားကို ဓမ္မာနုဿနာသတိပဋ္ဌာန်နှင့်တွဲဖက်၍ ဝိပဿနာ ရှုနည်းရှုကွက်ကို ဖော်ပြပေးခြင်းတို့ဖြင့် ပါဠိတော်မူရင်း ဇာပုဒ်တပုဒ်ကို အရင်းတည်၍ ဆိုင်ရာ ကျမ်းအမျှားတို့မှ လာသော သဘော အဓိပ္ပါယ်မျှားကို ထည့်သွင်းဟောကြားထားပါသည်။

ဤပါရာယနဝဂ် ပါဠိတော် ဟောစဉ် တရားစာအုပ် တအုပ်လုံးကို ခြုံကြည့်လိုက်လျှင် အထက်ပါ အချက်ကြီးလေးချက်ကို တွေ့ရှိရပါမည်။ထိုအချက်ကြီးလေးချက်ကိုပင် မူတည်၍ ဟောကြားထားပါသည်။ သိသာထင်ရှားရန် နမူနာ တခု ထုတ်ပြလိုပါသည်။

✓ မေး။ ။ကေနဿု နိဝုတော လောကော၊
ကေနဿု နပ္ပကာသတိ။
ကိဿာဘိလေပနံ ဗြူသိ၊
ကိံသု တဿ မဟဗ္ဘယံ။ (အဇိတ-က မေးပုံ)

✓ ဖြေ။ ။အဝိဇ္ဇာယ နိဝုတော လောကော၊
ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ။
ဇပ္ပါဘိလေပနံ ဗြူမိ၊
ဒုက္ခမဿ မဟဗ္ဘယံ။ (မြတ်စွာဘုရား ဖြေတော်မူပုံ)

ဘန္တေ၊ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ကေန၊ အဘယ်တရားလည်း။ လောကော၊ လောကကြီးကို။ နိဝုတော၊ ဖုံးလွှမ်း

http://www.dhammadownload.com

အပ်သည်။ အဿု၊ ဖြစ်ပါသနည်း။ လောကော၊ လောကသည်။ ကေန၊ အဘယ်တရားကြောင့်။ နပုကာသတိ၊ မထင်ရှား မပေါ်လွင်ဘဲ နေပါသနည်း။ ကိဿ၊ အဘယ်တရားကို။ အဘိလေပန်၊ လိမ်းကျံ၊ ကပ်ငြိတတ်သော တရားဟူ၍။ တုံ၊ အရှင်ဘုရားသည်။ ဗြူသိ၊ ဟောကြားတော်မူပါသနည်း။ တဿ လောကဿ၊ ထိုလောကကြီး၏။ မဟဋ္ဌယံ၊ ကြီးလှစွာသောဘေးကြီးသည်။ ကိံသု၊ အဘယ်တရားတို့ပါနည်း မြတ်စွာဘုရား။ (ဤတိ၊ ဤသို့။ အာဃသ္မာ အဇိတော၊ ပုဏ္ဏား ပညာရှိဖြစ်တဲ့ အရှင်အဇိတ ရသေ့သည်။ ပုစ္ဆိ၊ မြတ်စွာဘုရားကို မေးမြန်း လျှောက်ထားလေတော့၏။)

အဇိတ၊အဇိတရသေ့။လောကော၊လောကကြီးကို။အဝိဇ္ဇာယ၊အဝိဇ္ဇာသည်။ နိဝုတော၊ ဖုံးလွှမ်းအပ်သည်။ အဿု၊ ဖြစ်လေတော့၏။ ဝေဝိစ္ဆာ၊ ဝန်တိုခြင်း ကြောင့် လည်းကောင်း။ ပမာဒါ၊ မေ့လျော့ခြင်း ကြောင့် လည်းကောင်း။ လောကော၊ လောကကြီးသည်။ နပုကာသတိ၊ မထင်ရှား။ ဇပ္ပါ၊ တဏှာကို။ အဘိလေပန်၊ ကပ်ငြိလိမ်းကျံတတ်သော တရားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ အဿ လောကဿ၊ ထိုလောကကြီး၏။ မဟဋ္ဌယံ၊ ကြောက်ဘွယ်မဟေး ကြီးလှစွာသော ဘေးကြီးသည်။ ဒုက္ခံ၊ ဇာတိအစရှိသော ဆင်းရဲဒုက္ခတရားပေတည်း။ (ဤတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူလိုက်ပေသတဲ့ည်း။)

အဓိပ္ပါယ်ဖော်ပြပုံ

အဇိတလုလင်အမေး။ ။အဇိတပုဏ္ဏားလုလင်ပညာရှိကမေးတယ်၊အရှင်ဘုရား ဝိပဿနာတရားကို အားထုတ်ချင်တဲ့အတွက် ဘုရားမပွင့်ခင်လောက်ကစပြီးတော့ တောထဲသွားပြီး တရားအားထုတ်နေကြပါတယ်၊ ကိလေသာကာမတွေကို ခွါရှောင်ပြီးတော့ သီလ, သမာဓိနဲ့လဲ ပြည့်စုံအောင် နေခဲ့ပါတယ်၊ ခန္ဓာငါးပါး အာယတန တဆဲ့နှစ်ပါး ဓာတ်တဆဲ့ရှစ်ပါး ရှုပ်နာမ်မမှသခ်ါရတရားတွေကို မမြင်နိုင်ပါဘူး၊ ဘယ်သူ ဖုံးလွှမ်းထားပါသလဲ မြတ်စွာဘုရား၊ သီလလဲ ရှိလျက်သားနဲ့ သမာဓိလဲ ရှိလျက်သားနဲ့ လောကကြီးကို သူမမြင်သည် ဖြစ်သောကြောင့် လောကကြီးကို ဘယ်သူ ဖုံးလွှမ်းထားပါသလဲ ဘုရားတဲ့(တချက်)။

နေ့စဉ် နေ့တိုင်း တရားတွေ ကြိုးစားပြီး အားထုတ်နေပါလျက်သားနဲ့ ဝိပဿနာဉာဏ်တွေ ထင်ထင်ရှားရှား ထွက်ပေါ်မလာပါဘုရား၊ဘယ်တရားတွေ ရှိနေလို့ ဝိပဿနာဉာဏ်တွေ မထွက်မပေါ် မထင်ရှားပါသလဲဘုရား။(နှစ်ချက်)

သီလနဲ့သမာဓိတွေ ပြည့်စုံနေလျက်သားနဲ့ သံသရာဝဋ်ဆင်းရဲက မထွက်နိုင်အောင် ဘယ်တရားက ကပ်ငြိတွယ်တာ ထားပါသလဲဘုရား။(သုံးချက်)

http://www.dhammadownload.com

ဤလောကကြီး၏ ကြောက်ဘွယ်မဟေး ကြီးလှစွာသော ဘေးကြီးတို့သည် အဘယ်တရားတို့ပါနည်းဘုရား။ (လေးချက်)

အဇိတလုလင် အမေး ရှင်းချက် အဲဒီလောကကြီးမှာ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ ဘေးရန်တွေဟာ ဘာတွေပါလဲဘုရားလို့ ပုစ္ဆာလေး ချက် အဇိတရသေ့က မြတ်စွာဘုရားကို မေးတယ်။ အဲဒီမေးတဲ့ပုဂ္ဂိုလ်ကို ဘာတွေရှိသလဲလို့ပြန်ကြည့်လျှင် သီလလဲရှိတယ် သမာဓိလဲ ရှိတယ် သတိလဲ ရှိတယ်၊ အဲဒီ သတိတို့ သမာဓိတို့ ဈာန်တို့နဲ့ ယှဉ်တဲ့ ပညာလဲ ရှိတယ်။ ဒါပေမဲ့ ဈာန်နဲ့ယှဉ်တဲ့ ပညာက ဝိပဿနာပညာမျိုး မဟုတ်သည် ဖြစ်သောကြောင့် ခန္ဓာကို ဖော်ပြမပေးနိုင်ဘူး။

အဲဒါကြောင့် ဒီလောကကြီးကို ဖုံးလွှမ်းထားတာ ဘယ်တရားပါလဲ ဘုရားလို့ ဒီအမေးကို မေးနေတာ၊ ဒီတော့ ဒီအမေးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဝိပဿနာရှုကွက် ဝိပဿနာတရားတက်ပုံ တက်နည်းနှင့်တကွ တလုံးစီပြန်ပြီးတော့ ဖြေပေးတယ်။

ဤကဲ့သို့ တရားပုဒ်တိုင်း ပုဒ်တိုင်း၏ သဘောအဓိပ္ပါယ်ရှင်းလင်းချက်များကို ဤ ပါဠိတော်ဟောစဉ်၌ နေရာတိုင်းတွင် တွေ့ရှိနိုင်ပါသည်၊ ပါဠိတော်ကိုရွတ်, အနက်ပေးပြုရုံနှင့် သဘောအဓိပ္ပါယ်ကို အကုန်သိနိုင်မည် မဟုတ်သောကြောင့် ရှင်းလင်းသိသာ သဘောပေါက်သွားအောင် ဤကဲ့သို့ ဖော်ပြခြင်း ဖြစ်ပါသည်။

လောကခေါ်ပုံ။ ။လောကဆိုတာ ဘာဖြစ်လို့ လောကခေါ်သလဲလို့ဆိုတော့ မြတ်စွာဘုရား လက်ထက်က ရဟန်းတော်တပါးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ စကားတခု ပါဠိတော်မှာရှိတယ်၊ ဘယ်လိုရှိသလဲ ဆိုတော့—

> လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ လောကောတိ ဝုစ္စတိ။
>
> သဠာယတနဝဂ္ဂသံယုတ် လောကပညာသုတ္တန် (နှာ-၂၇၈)

ဘုန်းတော်သခင် အရှင်မြတ်ဘုရား လောက လောကဟု ပြောဆိုကြပါကုန်၏။ အဘယ့်ကြောင့် လောကဟု ခေါ်ဆိုပါသနည်းလို့ မေးလျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားက လူဇာတိတိ ခေါ် ဘိက္ခု တသ္မာ လောကောတိ ဝုစ္စတိ-လို့ ဖြေတော်မူလိုက်ပါတယ်။ အဓိပ္ပါယ်ကတော့ ပျက်စီးတတ်သောကြောင့် လောကလို့ ခေါ်တယ်တဲ့။

http://www.dhammadownload.com

နောက် ပလောကဓမ္မသုတ်မှာလဲ အရှင်အာနန္ဒာက –

> လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ လောကော တိ ဝုစ္စတိ–လို့ လျှောက်ထားပြန်တယ်။

အဲဒီမှာလဲ မြတ်စွာဘုရားက **ယံ ခေါ အာနန္ဒ ပလောကဓမ္မံ၊ အယံ ဝုစ္စတိ အရိယဿ ဝိနယေ လောကော**–တဲ့=ချစ်သား အာနန္ဒာ အကြင်သဘော တရားသည် ပျက်စီးတတ်သော သဘော ရှိ၏။ ဤသို့ ပျက်စီးခြင်းသဘော တရားကို အရိယာတို့၏ အဆုံးအမ၌ လောကလို့ ခေါ်တယ်လို့ မြတ်စွာဘုရား ဖြေကြားတော်မူတယ်။ အဲဒါကြောင့် ဖြစ်တတ် ပျက်တတ်တဲ့ သဘော ရှိသော ကြောင့် လောကလို့ **ခေါ်**တယ်။

ဤပါရာယနဝဂ် ပါဠိတော် ဟောစဉ်ကို ဟောရာ၌ ပါရာယနဝဂ်ပါဠိတော် တွင်သာမက အထက်ပါအတိုင်း အခြားသက်ဆိုင်ရာ သက်ဆိုင်ရာ ပါဠိတော် များကိုလည်း ထည့်သွင်း ဟောကြားထားသည်ကို တွေ့ရှိရပါသည်။

သည်မျှသာ မကသေး —

> အဝိဇ္ဇာဆိုတာ ဘာလဲ ပါဠိတော်ကို ခဏထား**အုံး**၊ အဋ္ဌကထာ ဆရာကြီးပြောတဲ့ အဝိဇ္ဇာကို ဘုန်းကြီး ပြောပေးမယ် – **အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ**-တဲ့ အဝိဇ္ဇာဆိုတဲ့ မောဟဟာ ဘာလုပ်တတ်သလဲ အဝိန္ဒိယံ၊ မရသင့် မရထိုက် မရကောင်းတဲ့ တရားတွေကို။ ဝိန္ဒတိ၊ ရတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။

ဝိဿဇ္ဇိမဂ် အဋ္ဌကထာ ဆရာကြီးက ဒီလို ဝိုင်္ဂဟ် ကြားပေးထားတယ်။

ပါဠိတော်များမှသာ မကသေး၊ ဤကဲ့သို့ အဋ္ဌကထာများမှ လာရှိသော သဘောအဓိပ္ပါယ် များကိုလည်း စုံစုံလင်လင် ထည့်သွင်း ဟောကြားထားသည် ကိုလည်း တွေ့နိုင်ပါသေးသည်။

ဝိပဿနာရှုက်ကွက်ဖော်ပုံ

ဓမ္မာနုပဿနာ သတိပဋ္ဌာန် တရားအနေနဲ့ အဝိဇ္ဇာကို ရှုရမယ်။ ရှုကွက် ပေါ်အောင် ဖော်ပြီးတော့ ရှုရမယ်။ မြတ်စွာဘုရားက အဝိဇ္ဇာကို ရှုကွက်ဖော် ပေးထားတယ်။ ဘယ်လိုဖော်ပေးထားသလဲဆိုတော့ သုတ္တန်ပါတ် ပါဠိတော် ဒုယတာနုပဿနာသုတ္တန် နှာ-(၃၉၂)မှာ—

> ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အဝိဇ္ဇာပစ္စယာတိ အယမေကာ-နုပဿနာ။

http://www.dhammadownload.com

ယဲ့ကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဒုက္ခံ၊ ခန္ဓာဒုက္ခသည်။ သမ္ဘောတိ၊ ဖြစ်၏။ သမ္ဘံ၊ အလုံးစုံသော ခန္ဓာငါးပါး ဝဋ်တရားဟု ဆိုအပ်သော ဆင်းရဲအပေါင်းသည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြောင် ဝိပဿနာရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ဝိပဿနာရှုခြင်းသည်။ ဇောနုပဿနာ၊ တခုသော ဝိပဿနာရှုခြင်း မည်၏။

နောက် တနည်းကတော့–အဝိဇ္ဇာယတ္တဝေ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသ-ဝိရာဂနိရောဓာ၊ မဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ချုပ်ခြင်းကြောင့်။ ဒုက္ခဿ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြောင် ရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ရှုခြင်းသည်။ ဒုတိယာနုပဿနာ၊ နှစ်ခုမြောက်သော ဝိပဿနာရှုနည်း မည်၏။ (လို ဖော်ပြထားတယ်)

ဝိပဿနာရှုနည်းမည်ပုံ။ ။ဝိဇ္ဇာဆိုတဲ့ သစ္စာလေးပါးကို မသိမှုသည် မိမိ၌ ထင်ရှားရှိလာလျှင် အဲဒီ အဝိဇ္ဇာ ထင်ရှားရှိနေမှုကြောင့် ခန္ဓာဒုက္ခတွေ မပြတ်မလပ် ဖြစ်ပေါ်နေရတာပါကလားလို့ ရှုနိုင်ရင် ဒါဟာ ဝိပဿနာရှုနည်းတမျိုးပါဘဲတဲ့။ ဘာကိုရှုသလဲ အဝိဇ္ဇာဆိုတဲ့အကြောင်းနဲ့ ခန္ဓာဒုက္ခဆိုတဲ့ အကျိုးကို ဉာဏ်နဲ့ရှုနေပါတယ်။

နောက် တနည်းက အဝိဇ္ဇာဆိုတဲ့ အကြောင်းတရားဟာ မဂ်ဉာဏ်ကြောင့် ချုပ်ငြိမ်းသွားရင် အကျိုးတရား ခန္ဓာဒုက္ခ သစ္စာသည် ဖြစ်ခြင်းမရှိတော့ဘဲ ငြိမ်းခြင်းကို ရှုသွားရမယ်။ ဒီလို ရှုနိုင်လျှင် ဝိပဿနာရှုနည်း တမျိုးလို့ ပါဠိတော်က ညွှန်ပြပါတယ်။

ဤကဲ့သို့ ပါဠိတော်မှာ လာရှိသော ဘုရားဟော ပုဒ်တခု တခုကို ဓမ္မာနုပဿနာအနေနှင့် ဝိပဿနာ ရှုနည်း ရှုကွက်များကို ထိုထို ပါဠိတော် အဋ္ဌကထာများမှာ လာရှိသော အဆိုအမိန့်များနှင့် ညှိနှိုင်းတိုက်ဆိုင်၍ သဘော အဓိပ္ပါယ် ပေါ်လွင်ထင်ရှားအောင် အကျယ်တဝင့် ရှင်းလင်း ဟောကြားထားသည် များကိုလည်း အများအပြား တွေ့ရမည်သာ ဖြစ်ပါသည်။

ဝိပဿနာရှုမည့် ပုဂ္ဂိုလ်အတွက် လိုရင်းညွှန်ကြားချက်များ

ဝိပဿနာလုပ်မဲ့ ပုဂ္ဂိုလ်ဆိုတာ နေထိုင်ရေးရာဘူး သတိနဲ့ပညာပါရင် ဘယ်နေရာမှာဖြစ်ဖြစ် ဝိပဿနာဖြစ်တယ်-ဟူ၍ဆင်း၊

✓ သတိနဲ့ ပညာသာ ပါပါစေ၊ ဘယ်လိုရှုရှု ဝိပဿနာရှုရင် ထိုင်ရက်ဘဲ ရှုရှု, မတ်တတ်ရပ်ဘဲရှုရှု, အိပ်ရင်းဘဲရှုရှု, လမ်းလျှောက်ရင်းဘဲရှုရှု,

http://www.dhammadownload.com

မြင်တာမှာဘဲရှုရှု, ကြားတာမှာဘဲရှုရှု, နံတာမှာဘဲရှုရှု, စားရင်းဘဲရှုရှု, နောက်ဆုံးမှာ **ဥစ္စာရ ပဿာဝကမွေ သမ္မဇာနကာရီ** ဟောတိလို့ မြတ်စွာဘုရား သတိပဋ္ဌာန်မှာ ဟောတော်မူတဲ့ အတိုင်းဘဲ ကျင်ကြီး ကျင်ငယ် စွန့်တာတောင် ဝိပဿနာရှုလို့ဖြစ်တယ်-ဟူ၍ငင်း။ ဝိပဿနာ ရှုမည့် ပုဂ္ဂိုလ်များအတွက် လိုရင်း ပဓာန ညွှန်ကြားချက်ကလေးများ လည်း ပါရှိပါသည်။

ဘုန်းကြီးတို့ ပရိသတ်က မျက်လုံးကလေးနဲ့ ရူပါရုံကို မြင်နေရရုံ အဲဒီရူပါရုံကလေးကို နှစ်သက်နေတယ်လို့ ထင်မနေဘူးလား (ထင်နေ ပါတယ်ဘုရား)။ ဘယ်လောက် မှားနေသလဲလို့ဆိုတာ အဲဒါသာ ကြည့်တော့၊ နေ့ရှိသရွေ့ ကိုယ်မှားနေတဲ့ အမှားကို ဘုန်းကြီးတို့ ပရိသတ် ကြည့်စမ်းပါတဲ့ မြတ်စွာဘုရားက၊ ကိလေသာတို့ဖြင့် သွန်း လောင်းစိုစွပ်နေတဲ့ ပုဂ္ဂိုလ်ဟာ ရူပါရုံကို ကြည့်နေရပေမဲ့ နှစ်သက်မှု မပေါ်ဘူးတဲ့ မြတ်စွာဘုရားက၊ ဘုန်းကြီးတို့ပရိသတ်က ရူပါရုံကို ပြုံးပြုံးကလေးကြည့်နေရရုံ နှစ်သက်တယ်လို့ ထင်နေတယ် မဟုတ် လား (ထင်နေပါတယ်ဘုရား)၊ဘယ်လောက်မှားနေကြသလဲကြည့်စမ်း–

ဟူ၍ ဝိပဿနာရှုရာ အာရုံတွေ့ထိရာတို့၌ ထင်မြင်ယူဆမှု မှားယွင်းတတ်ပုံ ကလေးများကို အထူးသတိပေး မှာကြားချက်ကလေးများလည်း ဤပါရာယန-ဝဂ်ပါဠိတော်ဟောစဉ် စာအုပ်၌ တွေ့ရှိနိုင်ပါသည်။

ဝိပဿနာရှုရကျိုး

ဝိပဿနာ ဝိပဿနာဆိုရှု အများက ဝိပဿနာလို့သာ ဝိပဿနာလိုက်ရ သည်၊ ဝိပဿနာဆိုသည်မှာ အဖြူလား အမဲလား ဘယ်လိုဟာမျိုးလဲ ဆိုသည် ကိုမျှ မသိလျှင် မဖြစ်သေး၊ ဝိပဿနာဆိုတာ ဘာကိုခေါ်သည်၊ ဘယ်လိုရှုရ သည်၊ ဘယ်ဆရာမျိုးကို ဆည်းကပ်ရသည်၊ ဝိပဿနာကိုရှုတော့ ဘယ်လိုဖြစ် လာနိုင်သည်။ ဘယ်လိုအကျိုးမျိုးကို ခံစားရရှိနိုင်သည် စသည်တို့ကိုလည်း သိရှိထားဘို့လိုပေသည်။ ထိုသဘောမျိုးတွေ့ ဤပါဠိတော်ဟောစဉ်၌ အများ အပြား ပါရှိပါသည်။ ဝိပဿနာရှု၍ ရနိုင်သောအကျိုးကိုလည်း အောက်ပါ အတိုင်း ဟောထားသည်ကို တွေ့နိုင်ပါသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေ၊ ဤသို့။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခတာ-နုပဿိနော၊ အဝိဇ္ဇာဖြစ်ခြင်း ချုပ်ခြင်း နှစ်မျိုးသောအစိတ်အပိုင်းကို ဝိပဿ-နာရှုလေ့ရှိသည်ဖြစ်၍။ အပွမတ္တာ၊ မမေ့မလျော့သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကိုခမ်းခြောက်စေသောလုံလဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တာ၊နိဗ္ဗာန်

http://www.dhammadownload.com

သို့ စေလွှတ်သောစိတ် ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော။ ဘိက္ခုနော၊ ဝိပဿနာအားထုတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ဒိဋ္ဌဝဓမ္မေ၊မျက်မှောက်သောဘဝ၌။ အညာ ဝါ၊အရဟတ္တဖိုလ်သည်၎င်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်သည်၎င်း။ ဣတိ၊ ဤသို့။ ဒိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ချစ်သားတို့–အဝိဇ္ဇာကို ဝိပဿနာရှုလို့ရှိရင် ဒီမျက်မှောက်ဘဝမှာ အနာဂါမ်သော်၎င်း ရဟန္တာသော်၎င်း နှစ်မျိုးအနက် တမျိုးမျိုးဖြစ်မယ်လို့ ဒုယတာနုပဿနာသုတ္တန်မှာ မြတ်စွာဘုရားက ဟောခဲ့တယ်။

ဝိပဿနာလုပ်ငန်း လုပ်မည့်ပုဂ္ဂိုလ်များအတွက် အောက်ပါ ညွှန်ကြားလွှာကလေးမျိုးကိုလည်း တွေ့ရပါသည်။

၁၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဝိပဿနာတရား အားထုတ်မယ်ဆိုရင် မိတ်ကောင်းနဲ့ စိတ်ကောင်းရှိရမယ်တဲ့။ မိတ်ကောင်းဆိုတာ ဘာလဲ၊ ပရိယတ္တိဗဟုလပုဂ္ဂိုလ်ကိုခေါ်သည်။ စိတ်ကောင်းဆိုတာက ဘာလဲလို့ဆိုတော့ "ဝိနိဝရဏစိတ္တာ-နိဝရဏကင်းတဲ့ စိတ်ဓာတ်ပဲဖြစ်တယ်" စသည်ဖြင့် ညွှန်ကြားလွှာကလေးများလည်း ပါရှိသည်။

ပါရာယန

ပါရာယနဝဂ်၌လာသော သုတ်များကို ဟောကြားသော အာဒုဌာနဖြစ်၍ ပါရာယနသုတ်ဟူ၍ပင် ဆိုကြပါစို့။ ဤပါရာယနသုတ် ပါဝင်သော ကျမ်းဂန်များမှာ ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော်မှာ တနေရာ၊ ခုဒ္ဒကနိကာယ် စူဠနိဒ္ဒေသပါဠိတော်မှာ တနေရာ၊ ဤနှစ်နေရာမှာသာ ဟောကြားထားသည်ကို တွေ့ရှိရပါသည်။ ဤ"ပါရာယန" ဟူသောအမည်ကို ထားဘိဦး၊ ဤပါရာယနသုတ်ပါဝင်သော သုတ္တနိပါတ်ပါဠိတော်နှင့် စူဠနိဒ္ဒေသပါဠိတော် အမည်များကိုပင် ကြားရ နာရ ခဲပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတ်တော်များကို သင်ရိုးပိဋကတ်တော် ကြည့်စာပိဋကတ်တော်ဟု ရှေးဆရာကြီးများ နှစ်မျိုးခွဲခြားထားခဲ့ရာ အဆိုပါ သုတ္တနိပါတ်ပါဠိတော်နှင့် စူဠနိဒ္ဒေသပါဠိတော်များမှာ သင်ရိုးပိဋကတ်တော်တွင် မပါဝင်ဘဲ ကြည့်စာပိဋကတ်တော်တွင်သာ ပါဝင်သဖြင့် စာချဘုန်းကြီးများသာ အနည်းအကျင်း ကြည့်ရှုနိုင်ကြ၍ ရဟန်းငယ်များမှာ အတော်ကြည့်ဖြစ်ခဲ့သော ပါဠိတော်များသာ ဖြစ်ပါသည်။ရဟန်းငယ် ရှင်ငယ်များကို ထားဘိဦး၊ စာချဘုန်းကြီးများပင် အတော်ဆောက်ပေါက်ခဲ့သော ကျမ်း

http://www.dhammadownload.com

များဖြစ်သဖြင့် ၎င်းပါဠိတော်များကို ကျမ်းအိပ်စာရင်းထည်းတွင် ထည့်သွင်းထားကြပါသည်။ အိပ်လည်း အိပ်သည့်ကျမ်းများပင် ဖြစ်ပါသည်။ တောရွာရှိ ဘုန်းတော်ကြီး ကျောင်းများတွင်ကား စာတိုက်ထဲ ဘိရိုထဲမှ ထွက်ရသည်မရှိ၊ အမြဲကိန်းအောင်း အိပ်စက်နေရသော ကျမ်းမျိုးပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျမ်းအိပ်စာရင်းတွင် ပါဝင်နေသော သုတ္တန်ပါတ်နှင့် စူဠနိဒ္ဒေသ အမည်များကိုပင် ကြားနာရခဲနေသဖြင့် ထိုပါဠိတော်များတွင် ပါဝင်နေသော "ပါရာယန"ဟူသောအမည်ကိုကား ပို၍ပင်ကြားနာရခဲမည်မှာ ယုံမှားဘွယ်ရာ မရှိတော့ပါ။ သို့ ကြားနာရခဲသဖြင့် ပါရာယန ဆိုသည်မှာ မည်သို့သောအဓိပ္ပါယ် ပါနည်း ဘာကိုဆိုလိုပါသနည်း သိဘို့လိုလာလိမ့်မည်။ သိလည်း သိချင်ကြလိမ့်မည်၊ ပါရာယန အဓိပ္ပါယ်ကို အောက်ပါအတိုင်း မှတ်သားသင့်ပါသည်။

ပါရာယနကို ပါရ+အယန-ဟု နှစ်ပုဒ်ခွဲ၍ ပါရ=သံသရာ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်။ အယန= ရောက်ရာရောက်ကြောင်းဖြစ်သော လမ်းခရီး။ ပါရာယန= သံသရာတဖက်ကမ်းဖြစ်သောနိဗ္ဗာန်အရပ်သို့ ရောက်ရာရောက်ကြောင်းဖြစ်သော လမ်းခရီးဟု ဆိုလိုပါသည်။ တရားကိုယ်အရကတော့ မဂ္ဂင်ရှစ်ပါးပင်ဖြစ်ပါသည်။

ပါရာယန ၏ အဓိပ္ပါယ်ကို ပါရာယနပါဠိတော်လာသည့်အတိုင်း အောက်ပါ အဓိပ္ပါယ်တမျိုးဖြင့်လည်း မှတ်သားသင့်ပါသေးသည်။

အပါရ=ကိလေသာ ခန္ဓာ အဘိသင်္ခါရမှ

ပါရ =မသေရာ နိဗ္ဗာန်သို့

အယန=ရောက်ရာရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး။

ပါရာယန=ကိလေသာ ခန္ဓာ အဘိသင်္ခါရဟု ဆိုအပ်သော သံသရာ တဖက်ကမ်းမှ မသေရာနိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး လမ်းခရီးသည် ပါရာယန မည်သည်ဟု ဆိုလိုပါသည်။ထို့ကြောင့် စူဠနိဒ္ဒေသပါဠိတော်၌ **အပါရံ ဝုစ္စန္တိ ကိလေသာ စ ခန္ဓာ စ အဘိသင်္ခါရာ စ။ အပါရဆိုသည်မှာ** ကိလေသာ ခန္ဓာ အဘိသင်္ခါရတို့ကို ဆိုအပ်သည်။ **ပါရံ ဝုစ္စတိ အမတံ** နိဗ္ဗာန်-**ပါရ** ဆိုသည်မှာ မသေရာဖြစ်သော နိဗ္ဗာန်ကိုဆိုလိုသည်။ **အယနံ ဝုစ္စတိ မဂ္ဂေါ**-အယန-ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးကိုပင် ဆိုလိုသည်ဟု ဖွင့်ဆိုခဲ့ပါသည်။

ပါရာယန မည်ပုံကို ဆံဂါယနာတင် သံဂီတိကာရက မထေရ်ကြီးများက အောက်ပါအတိုင်း ဖော်ပြခဲ့ကြပါသည်။

အပါရာ ပါရံ ဂစ္ဆယျ၊ ဘာဝေန္တော မဂ္ဂမုတ္တမံ။
မဂ္ဂေါ သော ပါရံ ဂမနာယ၊ တသ္မာ ပါရာယနံ ဣတိ။

http://www.dhammadownload.com

မြတ်သောမဂ်ကို ပွါးများသောသူသည် သံသရာတည်း ဟူသော ဤမှာ ဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏။ ထိုမဂ်သည် နိဗ္ဗာန်ဟူသော ထိုမှာဖက်ကမ်းသို့ သွားခြင်းငှါ ခရီးလမ်းဖြစ်၏။ ထို့ကြောင့် ပါရာယန မည်သတည်း။

ဤပါရာယနသုတ်နှင့် ဆက်စပ်သက်ဆိုင်ရာ ရေးသား ဖွင့်ဆိုကြသော ကျမ်းများစွာကို မတွေ့ရ၊ ပါဠိတော်အဋ္ဌကထာနှင့်နိဿယများအပြင် တောင်တွင်းကြီးမြို့ မြို့လုလင်ဇာတိ-ဂဒျ-ခုဘွား ရှင်မဟာသိလဝံသ ဂ၇၃-ခုနှစ်တွင် စီရင်သော ပါရာယနဝတ္ထုတအုပ်ကိုသာ တွေ့ရှိရသည်။ ဌီကာကျမ်းများမှာကား မြန်မာပြည်သို့ပင် မရောက်ရှိခဲ့သဖြင့် ဤလည်း ဆုံးရှုံးနစ်နာမှုကြီးတရပ်ပင်ဖြစ်ခဲ့ရသည်။

ယခုမှပင် ဤမျှတွေ့ရကြုံရ ကြားနာရခဲသော ဤပါရာယန သုတ္တန်ဒေသနာတော်ကို ထူးကြီးဆရာတော် အရှင်ဝဏ္ဏသရက အကျယ်တဝင့်ဖွင့်ဆိုဟောကြားပြသ သဖြင့် "ညွှန်တွင်စွန့်ပစ်၊ မဏိစစ်သို့၊မည်စ်မည်း၊ ဂုဏ်ရောင်မြူးအံ့" ဆိုသည့်အတိုင်း နှစ်ပေါင်းများစွာ ညွှန်တွင်နှစ်မြုပ်နေသော ပတ္တမြားလုံးကြီးကို အမျှားသုံးဘို့အတွက် တအားကျုံးပြီး ဂုဏ်ရောင်ထွက်အောင် ထုတ်ဖော်လိုက်သလိုပင် ဖြစ်တော့သည်ဟု ဆိုက ဆိုနိုင်ပါသည်။

ပါရာယနသုတ် ဖြစ်ပေါ်လာပုံ

ဤပါရာယနသုတ် စတင်ဖြစ်ပေါ်လာပုံ အကြောင်းကား မြတ်စွာဘုရား သခင် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ပါသာဏက နတ်ကွန်းမှာ သီတင်းသုံးနေတော်မူစဉ်အခါ ဗာဝရီမည်သော ပုဏ္ဏားဆရာရသေ့ကြီးနှင့် အဇိတ တိဿမေတ္တေယျ စသော ပုဏ္ဏားရသေ့ငယ်တပည့် တကျိပ်ခြောက်ယောက်တို့က အသီးအသီး မေးအပ်သော အမေးပြဿနာများကို မြတ်စွာဘုရားသခင်က အသီးအသီး ဖြေဆိုဟောကြားရာမှ ဤပါရာယနသုတ္တန် စတင်ဖြစ်ပေါ်လာပါသည်။ ထို ပါရာယနဝဂ် သုတ္တန်ဒေသနာတော်မှာ သုတ္တနိပါတ်ပါဠိတော်မှာ လာရှိ၍ ထိုပါဠိတော်များကို မူတည်၍ အရှင်သာရိပုတ္တရာက အကျယ်တဝင့် ဖွင့်ဆိုဟောကြားသော စူဠနိဒ္ဒေသပါဠိတော်မှာလည်း လာရှိပါသည်။

၊ ဗာဝရီပုဏ္ဏားဆရာကြီးက သူမှာ သိလိုသော ပြဿနာများလည်း ရှိသည်၊ လောကမှာ ဘုရားပွင့်နေပြီဟူသော သတင်းကို ကြားရ၍ ဟုတ် မဟုတ် စုံစမ်းလိုသော ဆန္ဒလည်း ရှိသည်။ ထို့ကြောင့် အဇိတစသော သူ၏တပည့်များအား ဘုရားဟုတ် မဟုတ်ကို ဝေဒကျမ်းလာ လက္ခဏာများဖြင့် စုံစမ်းစစ်ဆေးခိုင်းသည်။ ထို့နောင်မှ—

http://www.dhammadownload.com

(၁) ဦးခေါင်းမည်သည်ကား အဘယ်နည်း၊

(၂) ဦးခေါင်းကို ဖြုတ်ချတတ်သော တရားကား အဘယ်နည်း၊

(၃) လောကကို အဘယ်တရားက ဖုံးလွှမ်းထားပါသနည်း၊

(၄) လောကသည် အဘယ်တရားကြောင့် မထင်ရှားပါသနည်း၊

(၅) လိမ်းကျံကပ်ငြိတတ်သော တရားကား အဘယ်ပါနည်း၊

(၆) လောက၏ ဘေးကြီးဖြစ်သော တရားကား အဘယ်ပါနည်း—

စသော အမေးပြဿနာကိုလည်း မေးခိုင်းသည်၊ ဤသို့ မေးဖြေရာမှ ဤပါရာယနသုတ္တန် ဖြစ်ပေါ်လာပါသည်။

ဤပါရာယနသုတ် ဖြစ်ပေါ်လာပုံ အကျယ်နိဒါန်းကားပါဠိတော် ဝတ္ထုဂါထာမှာလည်း ပါရှိပါသည်၊ အဋ္ဌကထာမှာလည်း အကျယ်လာသည်။ ဤပါရာယနပါဠိတော်ဟောစဉ်မှာလည်း ပြည့်ပြည့်စုံစုံ အကျယ်ပါရှိပြီးဖြစ်၍ ဤဒုတိယအကျယ်မဖော်ပြတော့ပါ။

ထူးခြားသော ပြဿနာ

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက လူမင်း နတ်မင်း သိုကြားမင်း ပြဟ္မာမင်း မာရ်မင်း အာဠဝကဘီလူးစသော ထိုထိုပုဂ္ဂိုလ်များက မိမိတို့ မသဲမကွဲ သိလို မြင်လို ကြားလို နာလိုသော အချက်အလက်များကို မြတ်စွာဘုရားအား မေးလျှောက်ကြသည့် ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ်, မာရသံယုတ်, ယက္ခသံယုတ်, ပြဟ္မသံယုတ်, ကောသလသံယုတ်, ပြာဟ္မဏသံယုတ် စသော ထိုထိုသုတ္တန်များ အများအပြား ရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်များ မေးလျှောက်ခဲ့သည်မှာလည်း ရိုးရိုးနှုတ်ဖြင့်မေး၍ မြတ်စွာဘုရားကလည်း နှုတ်တော်ဖြင့် ဖြေကြားတော်မူခဲ့သည်။ ဤပါရာယနသုတ်၌ကား ဗာဝရီပုဏ္ဏားကြီးက အဇိတစသော သူ၏တပည့်များကို မြတ်စွာဘုရားအား ပြဿနာမေးခိုင်းရာ၌ နှုတ်ဖြင့် မမေးခိုင်းဘဲ စိတ်ဖြင့် မေးခိုင်းသော ကြောင့် ဤပြဿနာမေးမှုသည် ထူးခြားသည်ဟု ဆိုနိုင်ပါသည်။

ဗာဝရီပုဏ္ဏားကြီးသည် နှုတ်ဖြင့် ပြဿနာမမေးခိုင်းဘဲ စိတ်ဖြင့် မေးခိုင်းခြင်းမှာ သူ၏ရည်ရွယ်ချက် နှစ်မျိုး ရှိခဲ့သည်။ ပဌမအမျိုးမှာ လောကတွင် ဘုရားပွင့်ပြီ ဆိုသည်မှာ ဟုတ်မဟုတ်၊ ဘုရားစစ် မစစ် သိလိုသောအချက်နှင့် ဒုတိယအမျိုးမှာ ဦးခေါင်းဆိုသည်မှာ အဘယ်အရာကို ခေါ်သနည်းစသော သိလိုသော အချက်များပင် ဖြစ်သည်။ ဤရည်ရွယ်ချက် နှစ်မျိုးလုံးကို တပါတည်း

http://www.dhammadownload.com

တခါတည်း သိအောင် တချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးဖြင့် ရိုးရိုးမေးရိုး မေးစဉ် နူတ်ဖြင့် အမေးမခိုင်းဘဲ စိတ်ဖြင့် မေးခိုင်းခြင်း ဖြစ်သည်။ ဤသို့ မေးသဖြင့်လည်း သူ၏ရည်ရွယ်ချက်နှစ်မျိုးလုံး ပြည့်စုံခဲ့သည်။ မြတ်စွာဘုရားရှင် ကမူကား ရိုးရိုးနူတ်ဖြင့်ပင် ဖြေကြားတော်မူသည်။ ထို့ကြောင့် ဤသုတ်ပြဿနာ မေးမှုမှာ ထူးခြားသည်ဟု ဆိုရပါသည်။

ပါရာယနသုတ္တန်ကို နာရကျိုး

ပါရာယနသုတ္တန်တရားတော်ကို နာကြားရသဖြင့် အဇိတ-တိဿမေတ္တေယျ စသော ဗာဝရီပုဏ္ဏားကြီး၏ တပည့်တကျိပ်ခြောက်ယောက်နှင့်တကွ ၎င်းတို့၏ အခြံအရံ တပည့်ငယ်တထောင်စီ၊ ပေါင်းတသောင်းခြောက်ထောင်တဆဲ့ခြောက် (၁၆၀၁၆) ယောက်သော ပုဏ္ဏားရသေ့ပညာရှိတို့သည် ဧဟိ ဘိက္ခု ရဟန္တာ ချည်း ဖြစ်ကြကုန်သည်။ ဗာဝရီရသေ့ကြီးကား အနာဂါမ်ဖြစ်၏။ ဗာဝရီ ရသေ့ကြီး၏ တပည့်ငယ်ငါးရာတို့ကား သောတာပန်ဖြစ်ကြကုန်၏။ ထိုပါရာ-ယနတရားပွဲအဆုံး၌ ထိုရသေ့တို့မှ ကြွင်းကျန်သော တဆယ့်လေးကုဋေမျှသော နတ်လူတို့ အကျွတ်တရားရကြကုန်၏။

တတော ပါသာဏကေ ရမ္မေ၊ ပါရာယနသမာဂမေ။
အမတံ ပါပယီ ဗုဒ္ဓေါ၊ စုဒ္ဒသ ပါဏကောဠိယော။

(သုတ္တနိပါတ်အဋ္ဌကထာ နှာ-၃၂၀။)

တတော၊ ထိုအခါ၌။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ရမ္မေ၊ မွေလျော်ဖွယ် ရှိသော။ ပါသာဏကေ၊ ပါသာဏကစေတိယကျောင်း၌။ ပါရာယနသမာဂမေ၊ ပါရာယနတရားပွဲသဘင် အစည်းအဝေး၌။ စုဒ္ဒသပါဏကောဠိယော၊ တဆယ့် လေးကုဋေသော နတ်လူတို့ကို။ အမတံ၊ အမြိုက်နိဗ္ဗာန်သို့။ ပါပယီ၊ ပို့ဆောင် တော်မူပြီ။ ဝါ - အမတံ၊ အမြိုက်ရေကို။ အပါယီ၊ သောက်စေတော်မူပြီ။

(ဤဂါထာယခု သံဂါယနာတင် စာမူများတွင် "ပါရာယနသမာ-ဂမေ"ဟု ရှိ၏။ ရှေးက စာမူများမှာကား "ပရမာသနမာဂတော" ဟု ရှိ၏။ ပရမာသနမာဂတော၊ မြတ်သော သိကြားမင်္ဂျပ်၌ နေတော်မူ လျက်-ဟုအနက်ပေး။)

ဤ ပါရာယနသုတ်ဒေသနာတော်ကို နာကြားရသည့်အတွက် ရနိုင်သော အကျိုးထူးများကို သံဂါယနာတင် သံဂီတိကာရက မထေရ်ကြီးများက အောက် ပါအတိုင်း ချီးကျူးတော်မူခဲ့ကြပါသေးသည်။

http://www.dhammadownload.com

ဤပါရာယနသုတ်ကို မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ပါသာဏက နတ်ကွန်း၌ နေတော်မူစဉ် တကျိပ်ခြောက်ယောက်သော ဗာဝရီ၏ အလုပ်အကျေး ပဏ္ဍားတို့သည် တောင်းပန်အပ်သည်ဖြစ်၍ မေးတိုင်း မေးတိုင်းပင် ပြဿနာကို ဖြေကြားတော်မူ၏။ တခုတခုသော ပြဿနာ၏အနက်ကို သိရှိငင်း ပါဠိကို သိရှိငင်း လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို အကယ်ရှိ ကျင့်ကြံအားထုတ်ခဲ့မူ အိုခြင်း သေခြင်း၏ ကမ်းတဖက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်နိုင်ရာသည် သာတည်း။

အကြင်သူသည် တခုတခုသော အမေးပြဿနာကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ကျင့်ရာ၏။ ထိုသူသည် သံသရာတည်းဟူသော ဤမှာဖက်ကမ်းမှ နိဗ္ဗာန်တည်းဟူသော ထိုမှာဖက်ကမ်းသို့ ရောက်ရာ၏။ (ဘာသာပြန်ဆိုချက်)

ရာဇဂြိုဟ်ပြည်၏ တောင်မျက်နှာအရပ်၌ ဝါးရုံများ အပြည့်စိုက်ထားသော ဝေဠုကဏ္ဍကမြို့တွင် နန္ဒမာတာမည်သော သူဌေးမကြီးတယောက်သည် ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်အထက်မှနေ၍ မြတ်စွာဘုရား ဟောကြားတော်မူသော ပါရာယနသုတ္တန်ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်နေစဉ် ကောင်းကင်ခရီးဖြင့် ကြွလာသော ဝေဿဝဏ်နတ်မင်းကြီးကြား၍ တန့်ရပ်နာကြားပြီးလျှင် အံ့ဘွယ်သရဲ ထူးကဲစွာ သာဓုအနုမောဒနာပြုလျက် ဓမ္မပူဇာအနေဖြင့် သလေးစပါးနီအတိပြည့်သော တထောင့်ငါးရာငါးဆယ် (၁၅၅၀) မျှသော စပါးကျိကြီးတို့ကို ဆောင်နှင်းပေးအပ်ခဲ့ပါသည်။ "အသက်ရှိသမျှ ကာလပတ်လုံး ဤမျှလောက်သော စပါးကျိတို့သည် ယူရာမထင် အမြဲပင် ပြည့်စေသော" ဟု နတ်မင်းကြီးက အဓိဋ္ဌာန်ဖြင့် ဆောက်တည်ခဲ့သောကြောင့် အသက်ရှိသမျှ လိုသလောက် ယူ၍ သုံးဆောင်သော်လည်း လျော့သွားသည်မရှိ၊ နဂိုရှိအတိုင်း ပြည့်မြဲ ပြန်၍ ပြည့်နေသည်သာဖြစ်၏။ ဤကား ပါရာယနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ရသော အကျိုးထူးများပင် ဖြစ်ပါသည်။

ပါရာယနသုတ်နှင့်စပ်သော ကျမ်းစာများ

သုတ္တနိပါတ်ပါဠိတော်။ ။ဗုဒ္ဓဘာသိတ ဘုရားရှင်လက်ထက်တော်။

သုတ္တနိပါတ်ပါဠိတော်နိဿယ။ ။သက္ကရာဇ် ၁၀၇၆-ခုနှစ် ရတနာပူရ အင်မြို့၌ နန်းတက်သော သိရိပဝရ မဟာ ဓမ္မရာဇာဓိပတိတံဆိပ်နာမံခံသော လေးကျန်းမာရှင်အောင် ဇေယျမာရှင်အောင် မဟာမင်္ဂလာမာရှင်အောင် လောကမာရှင်အောင် စေတီတော်ဒါယကာ မှန်နန်းဆင်ဖြူရှင် တနင်္္ဂနွေမင်းလက်ထက် ပုခန်းကြီးမြို့ ပုဗ္ဗာရုံဆရာတော် ရှင်သာရဒသိဿီရင်သည်။

http://www.dhammadownload.com

ဂင်းနိဿယတစောင်း။ ။မန္တလေးနေပြည်တော် မြောက်ပြင် မန္တလေးတောင်ခြေအနီး ရသေ့ကြီး ဦးခန္တီတောင်းပန်၍ မိုးထိ ဆရာတော် အရှင်ဇာဂရ စီရင်သည်။

သုတ္တနိပါတ်အဋ္ဌကထာ။ ။ဇမ္ဗူဒိပ်ကျွန်း တမွှဒီပတိုင်း သိရိပစ္စယာမြို့ သေဉ်လည်ကြောင်မင်းနှင့် ထီးပြိုင် သီဟိုဠ်ကျွန်း မဟာနာမမင်းလက်ထက် သာသနာသင်္ဂါရုဏ် (၉၃၀)ကျော်တွင် ရှင်မဟာဗုဒ္ဓဃောသ မထေရ် ပြုစုစီရင်သည်။

သုတ္တနိပါတ်အဋ္ဌကထာနိဿယ။ ။သင်္ကရာဇ် ၁၁၂၅-ခုနှစ် ရတနာပူရ တတိယမြို့တည် နန်းတည် သိရိပဝရသုခမှ မဟာရာဇဇနိန္ဒာဓိပတိ တံဆိပ်နာမံ ခံသော ရတနာသိင်္ဃိမြို့ နိဗ္ဗာန်ဆိပ်ဦးစေတီတော် ဒါယကာ ကုန်းဘောင် ဆင်ဖြူရှင်မင်းလက်ထက် ပင်းတလဲမြို့ စီရင်စု လှည်းကူးမရွာဇာတိ ဒန္တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရစီရင်သည်။

စူဠနိဒ္ဒေသပါဠိတော်။ ။သဝဂဘာသိတ ဘုရားရှင်လက်ထက်တော်၊ ထင်းကိုပိဋ္ဌကတ်တော်စာရင်း၌ ရှာမတွေ့၊ မဟာနိဒ္ဒေသပါဠိကို ပိဋ္ဌကတ်တော်စာရင်း၌ ပုဒ္ဓဘာသိတအဖြစ်ဖော်ပြသည်။ မဟာနိဒ္ဒေသပါဠိနှင့် စူဠနိဒ္ဒေသပါဠိတော်များမှာ ဘုရားဟောသုတ္တနိပါတ် ပါဠိတော်ကို မူတည်၍ ရှင်သာရိပုတ္တရာ ဖွင့်ဆိုဟောကြားသည်ဟု ဆရာစဉ်ဆက် အမှတ်အသားရှိသည်။ ထိုမဟာနိဒ္ဒေသနှင့် စူဠနိဒ္ဒေသပါဠိတော်များမှာ အခြားပါဠိတော်များနှင့် မတူတမူထူးခြားခြင်း ဝိဘင်းပဒဘာဇနီ ပါဠိတော်အသွားမျိုး ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

စူဠနိဒ္ဒေသပါဠိတော်နိဿယ။ ။မန္တလေးနေပြည်တော် မြောက်ပြင် မန္တလေးတောင်ခြေအနီး ရသေ့ဦးခန္တီ တောင်းပန်၍ မိုးထိဆရာတော် အရှင်ဇာဂရထေရ်စီရင်သည်။ အမြုပ်မရှိ အနက်အကုန်ဖော်သည်။

စူဠနိဒ္ဒေသအဋ္ဌကထာ။ ။သီဟိုဠ်ကျွန်း အနုရာဓပြို့တောင် မဟာဝိဟာရကျောင်းတိုက်နေ ရှင်ဥပသေနသည် သိရိသင်္ဃဗောဓိမင်း နန်းစံ ၂၆-နှစ်တွင် ရေးပြီးကြောင်းနှင့် ဤအဋ္ဌကထာနိဂုံးတွင် ပါသည်။ အဋ္ဌကထာကိုလည်း သဒ္ဓမ္မပဇ္ဇောတိကအဋ္ဌကထာဟု အမည်ပေးသည်။ ပိဋ္ဌကတ်တော်သမိုင်းတွင်ကား မောဂ္ဂလာန ပိယမင်း နန်းစံ ၃-နှစ်တွင် စီရင်ရေးသားပြီးကြောင်းနှင့် အဋ္ဌကထာနိဂုံးတွင် ပါသည်ဟုဆိုသည်။ ရှာမတွေ့ပါ။

စူဠနိဒ္ဒေသအဋ္ဌကထာ နိဿယသစ်။ ။သင်္ကရာဇ် ၁၁၉၉-ခုနှစ် အမရပူရ ဒုတိယမြို့တည် နန်းတည် သိရိပဝရာဒိ-

http://www.dhammadownload.com

တျာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံခံသော ဇောင်းကလော ကန်ရှေ့ လောကမဏိစူဋ္ဌာစေတီတော် ဒါယကာ ရွှေဘိုမင်းတရားလက်ထက် သာသနာပိုင် ဥေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိ သိရီဓဇ ဓမ္မသေနာပတိ မဟာ-ဓမ္မရာဇာဓိရာဇဂုရုဆရာတော် စီရင်သည်။

ပါရာယနဝတ္ထု။ ။အဝမြို့ ရွှေနန်းကျော့ရှင် ဘုရင်နရပတိလက်ထက် သက္ကရာဇ် ၈၁၅-ခုနှစ်ဘွား သက်တော် ၆၅-နှစ် ဝါတော် ၄၅-ဝါအရ (၈၈၁)ပြည့်နှစ်တွင် ပျံလွန်တော်မူသော တောင်တွင်းကြီးမြို့ စီရင်စုမြို့လုင်မြို့ဇာတိ ရှင်သီလဝံသအကျော် ဆရာတော်သည် ၈၇၃-ခုနှစ်တွင် အပြီး စီရင်တော်မူသည်။ မြန်မာစကားပြေ စာပေများတွင် ဤပါရာယနဝတ္ထုသည် ရှေးအကျဆုံးသော စကားပြေတခုပင် ဖြစ်သည်။

နန္ဒမာတာရွတ်ဖတ် သရဇ္ဈာယ်သော ပါရာယနသုတ်ကို အရင်းခံ မူတည်၍ ရဟန်းယောကျ်ားများအတွက် နည်းယူမှတ်သား လိုက်နာကျင့်သုံးရန် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်ဝတ္ထု၊ ရဟန်းမိန်းမများအတွက် နည်းယူမှတ်သား လိုက်နာကျင့်သုံးရန် ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထု၊ လူဒါယကာတို့ နည်းယူမှတ်သား လိုက်နာကျင့်သုံးရန် စိတ္တသူကြွယ်နှင့် ဟတ္ထာဋ္ဌဝကဝတ္ထု၊ လူဒါယိကာမတို့ နည်းယူမှတ်သား လိုက်နာကျင့်သုံးရန် ဥတ္တရာမိန်းမမြတ်နှင့် နန္ဒမာတာမိန်းမမြတ်ဝတ္ထု၊ ဤသို့ အခဏ်းကြီးလေးခဏ်း ဝတ္ထုကြီး ရှစ်ဝတ္ထု ဝတ္ထုငယ်အများတို့ဖြင့် တန်းဆာဆင်၍ ဤပါရာယနဝတ္ထုကို စီရင်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

သုတ္တနိပါတ်ပါဋိတော် မြန်မာပြန်။ ။ပါရာယနဝဂ် ပါရှိသော သုတ္တနိပါတ်ပါဋိတော် မြန်မာပြန်ကိုပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်သော ခေတ် ၁၃၂၄-ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ချုပ် သံဂီတိကာရက မရမ္မိက တိပိဋကသြသာနသောဓေယျပတ္တပါဌကအဖွဲ့ကြီးမှ မြန်မာပြန်ဆိုသည်။

စူဋ္ဌနိဒ္ဒေသပါဋိတော် ပြန်မာပြန်။ ။ပါရာယနဝဂ်ပါရှိသော ဤစူဋ္ဌနိဒ္ဒေသ ပါဋိတော်ကြီးကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ချုပ် သံဂီတိကာရက မရမ္မိက တိပိဋကသြသာနသောဓေယျပတ္တပါဌကအဖွဲ့ကြီးမှ ယခုအခါ မြန်မာဘာသာသို့ ပြန်ဆိုဆဲပင် ရှိပါသေးသည်။

သတ္တဂုံတ္တရပါဋိတော် ၎င်းအဋ္ဌကထာ။ ။ဤပါဋိတော် အဋ္ဌကထာများ၌ ပါရာယနသုတ်ကား မပါ မရှိပါ၊ ပါရာယနသုတ်ကို ရွတ်ဆိုသဖြင့် ဝေဿဝဏ်နတ်မင်းကြီး ကြည်ညိုလေးစားသဖြင့် ဓမ္မပူဇာအပြုခံရသော နန္ဒမာတာသုတ်(ဝတ္ထု)ပါရှိပါသည်။

http://www.dhammadownload.com

ပါရာယနဝဂ်ပါဠိတော် ဟောစဉ်။ ။၁၃၃၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့မှစ၍ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိပဿနာခမ္မာရုံတော်ကြီးတွင် (၃၄) ညတိုင်တိုင် ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ ဟောကြားတော်မူသည်။

ပါရာယနသုတ်နှင့်စပ်သော ကျမ်းစာမျှား အများအစား မရှိ၊ ဤမျှသာတွေ့ရှိရပါသည်။

မဟာနိဒ္ဒေသနှင့် စူဠနိဒ္ဒေသ

ဤပါဠိတော်မျှားကို အဂ္ဂသာဝကအရှင်သာရိပုတ္တရာ ဟောကြားသည်။ "နောက် ရှင်သာရိပုတ္တရာသာ ဖြစ်မည်၊ သီဟိုဠ်ကျွန်းရှိ မထေရ်တပါးပါး ရေးသားခြင်းသာ ဖြစ်မည်" စသည်ဖြင့် ရှေးအခါကပင် သံသယဝိမတိများဖြစ်ခဲ့ကြသည်၊ ပါဠိတော် အသွားအလာကလည်း ထူးခြားနေသည်၊ သို့ထူးခြားကြောင်းကို မဟာနိဒ္ဒေသအဋ္ဌကထာဆရာကြီးကလည်း ပါဒ္ဒေါ ဝိသိဋ္ဌော နိဒ္ဒေသော-ဟု ဂုဏ်းအဋ္ဌကထာ ဂန္ထာရမ္ဘကထာကပင် ဆိုခဲ့သည်။

သာရိပုတ္တော မဟာပညော၊ သတ္ထုကပ္ပေါ ဇိနတြေဇော။
ဓမ္မစက္ကံ ဝိဘာဇေတ္ဝာ၊ မဟာနိဒ္ဒေသ မဗြဝိ။

ဟူသော ဂန္ထာရမ္ဘကထာနှင့်—

ယော သော သုဂတပုတ္တာနံ၊ အဓိပတိဘူတေန ဟိတရတိနာ။
ဓထရေန ထိရဂုဏဝတာ၊ သုဝိဘတ္တော မဟာနိဒ္ဒေသော။

ဟူသော နိဂမကထာ စကားများကို ထောက်ထားလျှင်ကား ဘုရားရှင်လက်ထက် အဂ္ဂသာဝကအရှင်သာရိပုတ္တရာပင် ဟောကြားသည်ဟု ယူရမည်သာဖြစ်ပါသည်။

ထို့ပြင် ပါရာဇိကဏ်အဋ္ဌကထာ အင်္ဂါ(၉)ပါး ဝေဘန်ခဏ်းတွင်—

တတ္ထ ဥဘတောဝိဘင်္ဂနိဒ္ဒေသ ခန္ဓကပရိဝါရာ–

ဟူသော အဋ္ဌကထာစကားကို ဖွင့်ဆိုသည့် သာရတ္ထဒီပနီဋီကာကြီးတွင်—

ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါတိ အာဒိနာ အာဂတာသာ ခဂ္ဂဝိသာဏသုတ္တာသာ စ တာဒတ္ထဝိဘာဂဝဝသေန သတ္ထုကပ္ပေန အာယသ္မတာ ဓမ္မသေနာပတိသာရိပုတ္တတ္ထေရေန ကတော နိဒ္ဒေသော မဟာနိဒ္ဒေသော စူဠနိဒ္ဒေသောတိ စ ဝုစ္စတိ–

http://www.dhammadownload.com

ဟုဆိုသော စကားအရကား အဂ္ဂသာဝက ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ ဟော ကေန်ဖြစ်ကြောင်း ထင်ရှားနေပါသည်၊ ဤစကားအရ နိဒ္ဒေသ မဟာ-နိဒ္ဒေသ စူဠနိဒ္ဒေသ ဆိုသည်မှာ အတူတူဖြစ်ကြောင်း သိရသည်၊ ထို့ကြောင့် ပိဋကတ်တော်သမိုင်း၌ စူဠနိဒ္ဒေသ ရှာမရခြင်း ဖြစ်သည်၊ ထို့ပြင် မဟာနိဒ္ဒေသ နှင့် ပဋိသမ္ဘိဒါမဂ်ကိုပါ ဗုဒ္ဓဘာသိတအဖြစ် ဖော်ပြထားပါသည်။

ဓမ္မစက္ကကို ဝေဘန်ဟောကြားပြီးမှ မဟာနိဒ္ဒေသကို ဟောကြားသည် ဟူသော အဌကထာစကားအရ ရှင်သာရိပုတ္တရာ ဟောကြားသော ပဋိသမ္ဘိ-ဒါမဂ္ဂ မဟာနိဒ္ဒေသ စူဠနိဒ္ဒေသ တို့အပြင် ဓမ္မစက္ကအဖွင့် ကျမ်းတကျမ်းကိုလည်း ဟောကြားသေးကြောင်း မှတ်သားရပါမည်၊ ယခုမျက်မှောက်တွင်ကား ၎င်းကို ရှာ၍ မတွေ့ရတော့ပါ။

(အနက်ရေးနေလျှင် ကျယ်ဝန်းတော့မည်၊ သုတေသီများအတွက်ဖြစ်၍ သိလောက်သဖြင့် အနက်မရေးတော့ပါ။)

ထူးကြီးဆရာတော်

ဒေသေတဗ္ဗဓမ္မဖြစ်သော ပါရာယနသုတ္တန်တရားကိုကား နာကြားခဲ့ရပြီ၊ ဒေသေတဗ္ဗဓမ္မဖြစ်သော ဟောအပ်သော တရားရှိက ဟောတတ်သော ဒေသက (ဓမ္မကထိက)ပုဂ္ဂိုလ်လည်း ရှိရမည်သာ ဖြစ်ပါသည်၊ ထိုပါရာယနသုတ္တန်၏ ဒေသကပုဂ္ဂိုလ်များကား ဘုရားရှင်နှင့်တကွ ရှင်သာရိပုတ္တရာ နန္ဒမာတာ ရှင်ဥပသေန နိဿယဆရာကြီးများ စသည်တို့ ဖြစ်ပါသည်၊ ဤသည်တို့ကား ဤနေရာ၌ အများကြီး မသက်ဆိုင်လှသေး၊ ဤပါရာယနပါဠိတော် ဟောစဉ် ဒေသေတဗ္ဗဓမ္မနှင့် အများဆုံးသက်ဆိုင်သော ဒေသက(ဓမ္မကထိက)ပုဂ္ဂိုလ်ကား ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရပင် ဖြစ်ပါသည်။

သဗ္ဗပါပဿ အကရဏံ=မကောင်းမှု ဟူသမျှ မပြုတာ ကောင်းသည် ဆိုတာ ကိုရင်ကလေး တပါး ဟောခဲ့သည်ဆိုလျှင် သိပ်ပြီး မလေးစားချင်ပါ။ ဧတံ ဗုဒ္ဓါန သာသနံ သည်စကားဟာ ဘုရားဟောခဲ့တာဘဲဟု ဆိုလျှင် ပို၍ လေးစား သွားပါမည်။ ပုဂ္ဂိုလ် တဦး၏ ပြုလုပ်ခဲ့ရပုံ ဆောင်ရွက်ခဲ့ရပုံ ဆည်းပူးခဲ့ရပုံ ကြိုးစားခဲ့ရပုံ အလုံးစုံကို သိရမှ သူဆောင်ရွက်ခဲ့ရသော အလုပ်ကိစ္စမှာ ပို၍ အရောင်အသွေး တက်၍ လေးစားစရာ ဖြစ်လာပါသည်။ ထို့ကြောင့် ဤပါရာယန ပါဠိတော် ဟောစဉ်တရား စာအုပ်ကြီး ဖြစ်ပေါ်လာ အောင် ကြိုးစားခဲ့ရသည့် ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရ၏ အကြောင်း အရာများကို သိဘို့လိုလာသဖြင့် အနည်းငယ်မျှ ဖော်ပြလိုပါသည်။

http://www.dhammadownload.com

ထူးကြီးဆရာတော်အတ္ထုပ္ပတ်။ ။ဤပါရာယန ပါဠိတော်ဟောစဉ် တရားတော်များကို ဟောကြားခဲ့သော ရန်ကုန်မြို့ ထူးကြီးဆရာတော် အရှင်ဝဏ္ဏိဿရကို မြန်မာနိုင်ငံ အောက်ပိုင်း ရာမညတိုင်း တလိုင်း သုံးရပ် အပါအဝင် ရောဝတီတိုင်း ဟသံ်္တာတခရိုင် ထူးကြီးမြို့နယ်ခဲ့နှင့် (၃) မိုင်ခန့် ကွာဝေးသော ဘန့်ဘေးကုန်းရွာတွင် ခမည်းတော် ဦးဘိုကြီး မယ်တော် ဒေါ်သောင်းတို့မှ သက္ကရာဇ် ၁၂၈၁-ပြည့်နှစ်တွင် မွေးဖွားခဲ့၍ ထူးကြီးမြို့တွင်ပင် ကြီးပွါးခဲ့ပါသည်။

ထူးကြီးမြို့ တောင်ပေါ် တိုက်ကျောင်းဆရာတော်ဘုရားကြီးထံတွင် အပ်နှံ၍ သူငယ်တို့ တတ်သင့်တတ်ထိုက်သော အခြေခံပညာများကို သင်ကြားခဲ့ပါသည်။ ၁၂၉၅-ခုနှစ်တွင် ရှင်သာမဏေအဖြစ် ဖိခင်ကြီး၏ ဆံစုကို ရောင်း၍ ပရိက္ခရာဘိုးပြုပြီး ရှင်သာမဏေ အဖြစ် ခြီးမြောက်ကြလျက် ၁၂၉၉-ခုနှစ် တပေါင်းလတွင် ရဟန်းဖြစ်ပြီးနောက် ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်၌ အရှင်အာဒိစ္စဝံသဆရာတော်အရှင်ပါဝိယာမဆရာတော် အရှင်ဣဿရိယ ဆရာတော်များနှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ဂဏမဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ-နန္ဒဝံသမဟာထေရ်ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ် ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၊ ၎င်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓါဘိဝံသ ပဋ္ဌာန်းဆရာတော်စသော အထက်အောက်ရှိ ဆရာတော်များထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာစသော သင်ရိုးကျမ်းဂန်များကို ဆည်းပူးသင်ကြားခဲ့ပါသည်။

အရှင်အာဒိစ္စဝံသကျောင်းတိုက်တွင် နေထိုင်ဆဲအခါတွင် စာသင်ယ်များအား အထက်အောက် စာပေများကို တာဝန်ယူ၍ ပဌမဂဏဝါစက အနေဖြင့် စာပေကျမ်းဂန်များကို ပို့ချခဲ့ပါသည်။ ထိုစဉ်အခါတွင် ဆဋ္ဌသံဂါယနာတင်ပွဲနှင့်ကြုံကြိုက်လာသဖြင့် ထိုသံဂါယတနာတင်ပွဲကြီးတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

သံဂါယနာတင်ပွဲအပြီးတွင် အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌဗုဒ္ဓ သာသနာပြု ဆရာတော် အရှင်သေဋ္ဌလနှင့် ဆုံတွေ့၍ ထိုဆရာတော်၏ တိုက်တွန်းနှိုးဆော်ချက်အရ အရှင်အာဒိစ္စဝံသကျောင်းတိုက်တွင် စာချုတာဝန်ကို ထမ်းဆောင်နေစဉ်အတွင်း မှာပင် ဝိပဿနာနယ်ဘက်သို့ ကူးပြောင်း၍ ဝိပဿနာ အလုပ် များကိုလည်း ကြိုးစားအားထုတ်ခဲ့ပါသည်။ ထိုသို့ အားထုတ် နေစဉ်တွင် မိမိသင်ကြား ပို့ချခဲ့သော စာပေကျမ်းဂန်များနှင့် မိမိအားထုတ်နေသော ဝိပဿနာအလုပ်များကို မိမိတဦးအတွက်သာ မဖြစ်စေဘဲ အများအကျိုးရှိဘို့ အတွက်လည်း ဖြစ်စေချင်သော အာသာဆန္ဒ ပြင်းပြလာသဖြင့် ထိုဝိပဿနာ လုပ်ငန်းများကို ပါဠိတော်

http://www.dhammadownload.com

မူနှင့်ညီနိုင်း၍ ဝိပဿနာမူအမျိုးမျိုးနှင့် သက်ဝင်နိုင်သော ပါဠိတော်ဟောစဉ် မူကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့်တွဲဖက်၍ စတင်ဟောကြားခဲ့ပါသည်။

ထိုသို့ ဟောကြားထား၌ နိကာယ်ငါးရပ် ပါဠိတော်ကြီးများမှ ဝိပဿနာ ရှုကွက်နှင့် ဆက်စပ်သက်ဆိုင်သော သုတ္တန်ပေါင်းများစွာတို့ကို နှုတ်တက်အာဂုံ ဆောင်ပြီး အနက်အဓိပ္ပါယ်ကို ကိုယ်တိုင်သဘော ကျလောက်အောင် ဆင်ခြင် စဉ်းစားလေ့လာသုံးသပ်ပြီးမှ ဟောရသဖြင့် ဤလုံ့လဝီရိယနှင့် သဒ္ဓါစေတနာ ကို အကဲခပ်နိုင်ပါသည်။

ထိုသို့ ဟောကြားခဲ့သော သုတ္တန်ပေါင်းလည်း အတော်များပါသည်။ ၎င်း တို့ကို ထူးကြီး ဝိပဿနာပြန့်ပွါးရေးအဖွဲ့ မှ တိတ်ရိုက်ကော်တာဖြင့် အသံဖမ်းယူ၍ ထားသော ကြိုးခွေပေါင်းလည်း မနဲလှပါ။ ၎င်းကြိုးခွေများကို "ထူးကြီး ဝိပဿနာ ပြန့်ပွါးရေးအဖွဲ့ကြီး"က မိမိတို့နာကြားဘို့လောက်သာ မရည်ရွယ်ဘဲ အများသူတို့လည်း နာကြားနိုင်ကြစေရန် ဗလဝသဒ္ဓါစေတနာတို့ဖြင့် အခပ်ရပ်ရှိ တန်ဆောင်းပြာသာဒ် ဝတ်ကျောင်း စရပ် ဓမ္မာရုံများသို့လည်း ဖြန့်ဝေနာကြား စေခဲ့ပါသည်။

ထိုကြိုးခွေများထည်းမှ ဤပါဌာယနပါဠိတော် ဟောစဉ် တရားတော်ကို မပျောက်မပျက် အရှည်တည်တံ့၍ အရှည်သဖြင့် အကျိုးများစေရန် ရည်သန် လျက် လက်ရေးမူဖြင့် ကူးယူ၍ တိုက်ပရိုက်တာနှင့် တဖန် ရိုက်နှိပ်ကာ စာလုံး တဖန် စီပြီး စက်ပေါ် တင်၍ ရိုက်နှိပ်ရန် အဆင့်ဆင့်ကြိုးစားခဲ့သဖြင့် ဤစာအုပ် အောင်မြင် အထမြောက်ခဲ့ပါသည်။ယခင်က ရိုက်နှိပ်ခဲ့သော ပါဠိတော် ဟောစဉ် ဝိပဿနာစာအုပ်များလည်း ထွက်ပေါ် ခဲ့ဘူးပါသေးသည်။

ဓမ္မကထိကမည်ခြင်း

ဟောအပ်သော တရားသည် ဒေသနာ၊ ဟောပြောတတ်သော ပုဂ္ဂိုလ်သည် ဒေသက၊ တရားကို ဟောပြောတတ်သည့် ပုဂ္ဂိုလ်ကိုကား ဓမ္မကထိကဟု ဆိုရ ပါသည်။ တရားဒေသနာနှင့် စပ်လျဉ်းလာသဖြင့် တရားဒေသနာကို ဟောပြော တတ်သော ဓမ္မကထိက အကြောင်းကိုလည်း အနည်းငယ် သိရှိထားဘို့ လိုလာ ပြန်ပါသည်။ ထို့ကြောင့်—

> အာဘိဓမ္မိကာဘိက္ခူယေဝ ကိရ ဓမ္မကထိကာနာမ၊ အဝသေသာ ဓမ္မကထံ ကထေန္တာပိ န ဓမ္မကထိကာ။ ကသ္မာ တေဟိ ဓမ္မကထံ ကထေန္တာ ကမ္မန္တရံ ဝိပါကန္တရံ ရူပါရူပဝိရိဒ္ဓေဒံ ဓမ္မန္တရံ အာလော-ဠေတ္ဝာ ကထေန္တိ၊ အာဘိဓမ္မိကာ ပန ဓမ္မန္တရံ န အာလောဠေန္တိ။ တသ္မာ

http://www.dhammadownload.com

အာဘိဓမ္မိကော ဘိက္ခု ဓမ္မံ ကထေတု ဝါ မာ ဝါ၊ ပုစ္ဆိတကာလေ ပန ပဉ်ဂ်ကထေဿတီတိ အယမေဝ ကေန္တဓမ္မကထိကော နာမ ဟောတိ။

ဟူသော အဋ္ဌသာလိနီအဋ္ဌကထာ စာမျက်နှာ (၃၀)လာ စကားကို ထောက်ထားလျှင် ယံ ဝါ တံ ဝါ–ဟူးဟူ-ငြားငြား တော်စွရော်စွ တောရမ်း မယ်ဘွဲ့ တရားစကား ဟောကြားတတ်ကာမျှနှင့် "ဓမ္မကထိက" ဘွဲ့အမည်ကို မခံယူထိုက်သေး၊ ကံ,ကံ၏အကျိုး ရုပ်နာမ်ဓမ္မ တရားအထူးကို ကွဲကွဲပြားပြား ခွဲခြားပြသ ဟောကြားနိုင်သော အဘိဓမ္မာ ဒေသနာကို တတ်ကျွမ်း နားလည်ပြီးသည့် အာဘိဓမ္မိက ပုဂ္ဂိုလ်များသာလျှင် ကေန္တ ဓမ္မကထိက ဘွဲ့ထူးကို ခံယူနိုင်ကြောင်း အထူးမှတ်သားစရာ အချက်တရပ် ဖြစ်ပါသည်။

ဘုရားရှင် လက်ထက်တော်အခါက တရားစကား ဟောပြောမှုနှင့် ပတ်သက်၍ ဘွဲ့ထူး ဂုဏ်ထူး တေဒဂ်ရပုဂ္ဂိုလ်များ နှစ်ပါးသာ တွေ့ရပါသည်။ ၎င်းတို့မှာ မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏနှင့် အရှင်ကုမာရကဿပတို့ ဖြစ်ပါသည်။ ၎င်းတို့ ဘွဲ့ထူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏော မန္တာဏိပုတ္တော။

တရားဟောတတ်ကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် မန္တာဏီ ပုဏ္ဏေးမ၏သား အကြင်ပုဏ္ဏသည် ရှိ၏၊ ထိုပုဏ္ဏသည် အမြတ်ဆုံး ပေတည်း။

၂။ တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ စိတ္တကထိကာနံ ယဒိဒံ ကုမာရကဿပေါ။

ဆန်းကြယ်စွာ တရားဟောပြောတတ်ကုန်သော ငါ၏ တပည့်ရဟန်း တို့တွင် အကြင် ကုမာရကဿပသည် ရှိ၏၊ ထို ကုမာရကဿပသည် အမြတ်ဆုံးပေတည်း။

မြတ်စွာဘုရားရှင်က စတုကင်္ဂုတ္တိုရ် ပါဠိတော်ကြီးတွင်လည်း ဓမ္မကထိက အပြား လေးမျိုးလေးစား ဟောကြားခဲ့ပါသေးသည်။

ဓမ္မကထိက အပြားလေးပါး

၁။ ရဟန်းတို့ တရားဟောပုဂ္ဂိုလ်တို့သည် ဤ လေးမျိုးတို့တည်း။ အဘယ် လေးမျိုးတို့နည်းဟူမူ–ရဟန်းတို့ ဤ သာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟော၏။ အကျိုး စီးပွါးနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း

http://www.dhammadownload.com

အကျိုးစီးပွါးနှင့် စပ်သည် မစပ်သည်၌ မလိမ္မာ။ ရဟန်းတို့ ဤသို့ သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၂။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် အနည်းငယ်မျှကိုလည်း ဟော၏။ အကျိုးစီးပွါးနှင့် စပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့်စပ်သည် မစပ်သည်၌ လိမ္မာ၏။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော ပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၃။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာလည်း ဟော၏။ အကျိုးစီးပွါးနှင့်မစပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့် စပ်သည် မစပ်သည်၌ မလိမ္မာ။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄။ ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် များစွာလည်း ဟော၏။ အကျိုးစီးပွါးနှင့် စပ်သည်ကိုလည်း ဟော၏။ ထိုပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွါးနှင့် စပ်မစပ် သည်၌ လိမ္မာ၏။ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။ ရဟန်းတို့ တရားဟော ပုဂ္ဂိုလ်တို့သည် ဤလေးမျိုးတို့တည်းဟု မိန့်တော်မူ၏။ (ဘာသာပြန်ဆိုချက်)

မူလပဏ္ဏာသ အဋ္ဌကထာဆရာကြီးကလည်း မဟာဂေါသိင်္ဂသုတ်အဖွင့် နှာ-(၁၅၅)၌ ဓမ္မကထိက အပြား လေးမျိုးလေးစားကို အောက်ပါအတိုင်း ခွဲခြားပြခဲ့ပါသည်။

ဓမ္မကထိက တန်ည်း လေးမျိုး

၁။ **ဂေါဓပမာ ဓမ္မကထိက**=လျင်လျင် မြန်မြန် ခုန်ကျော်၍ ဟောတတ်သော ဓမ္မကထိက။

၂။ **ပေတဂို ဓမ္မကထိက**=တိုးတဲ့ခါ ကျယ်တလှည့် နှေးတလှည့် မြန်တခါ ဟောတတ်သော ဓမ္မကထိက။

http://www.dhammadownload.com .

၃။ ဂိလာနုပမာ ဓမ္မကထိက=ကြောက်ကြောက် ရွံ့ ရွံ့ ငြီးတွား မြည်တမ်း လျက် ဟောတတ်သော ဓမ္မကထိက။

၄။ နဒီသောတုပမာ ဓမ္မကထိက=မကြောက်မရွံ့ သန့်ရှင်းပြီသစ္စာ ခရားမှရေ လှတ်သလို ဟောကြားတတ်သော ဓမ္မ-ကထိက။

ဤဓမ္မကထိက အကြောင်းအရာနှင့် ဓမ္မကထိကအမျိုးအစားမျှားကို ခွဲခြား ပြနေရခြင်းကား ထူးကြီးဝိပဿနာပြန့်ပွါးရေး အဖွဲ့သားမျှားနှင့် ထူးကြီးဆရာ တော်၏ ဓမ္မပဋိဂ္ဂါဟကတရားနာပရိသတ်မျှား မိမိတို့၏ ဓမ္မကထိက ဆရာတော် သည် မည်သည့်ဓမ္မကထိက အမျိုးအစားတွင် ပါဝင်သည့် ဓမ္မကထိကမျိုး ဖြစ် သည်ဟု ရွေးချယ်စိစစ် အကဲခပ်နိုင်ရန်အတွက် ဖြစ်ပါသည်။

ထူးကြီး ဆရာတော်ကိုယ်တိုင် ဟောကြားသည်ကို နာကြား ဘူးပါသည်။ တိတ်ခွေဖြင့် အသံဖမ်းထားသည်ကိုလည်း တဆင့်ကြားနာရပါသည်။ ပါဠိတော် ဟောစဉ် ကော်ပီစာမူမျှားကိုလည်း ကြည့်ရှုရပါသည်။ ဟောကြားပုံ ဟော ကြားနည်းမှာ ဂီတဿရ မျိုး မပါဘဲ သရဘည မျိုးဖြင့် ရွတ်ဖတ် သရဇ္ဈာယ် ဟောကြားထားသောကြောင့် ပညာရှိမျှား လက်ခံနိုင်စရာ ဖြစ်ပါသည်။ မိမိတို့ အယူအဆ ခွဲထွင်မှုမျိုးတွေ့မပါ။ပါဠိတော် ရှိရင်းအတိုင်းကိုသာ မူတည်၍ အဖွင့် သံဝဏ္ဏနာမျှားနှင့် ညှိနှိုင်းကာ ဒေသကအာဘော်မိအောင် တိတိကျကျ ဟော ထားသဖြင့်လည်း ပရူပဝါဒ ဖြစ်ဖွယ်မလို၊ ပညာရှင်မျှား နှစ်သက်မြတ်နိုးဖွယ် သာ ပိုလိမ့်မည်ဟုလည်း မြော်လင့်ရပါသည်။

ပဋိနိကာယပါရဂူ
အဂ္ဂမဟာ ဓမ္မကထိကထေရ

ထို့ကြောင့်လည်း မြန်မာပြည်တွင် အမြင့်ဆုံး စာမေးပွဲမျှား ကျင်းပသည့် အသင်းအဖွဲ့မျှားအနက် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်း ကြီးက ထူးကြီး ဆရာတော် အရှင်ဝဏ္ဏိဿရအား **"ပဋိနိကာယ ပါရဂူ အဂ္ဂမဟာ ဓမ္မကထိကထေရ"** ဟူသော ဘွဲ့ထူးတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ပူဇော်ဆက်ကပ်ခြင်း ပြုခဲ့ပေသည်။

အဆိုပါ အသင်းကြီးကား ပိဋကတ်သုံးပုံကို အဆင့်ခုနစ်ဆင့် ခွဲဝေပိုင်းခြား လျက် ခက်ဆစ်ခက်ရာ စာလျှောက်မေးပွဲမျှား ကျင်းပလေ့ရှိရာ ပထမဆင့်ဖြစ် သော မဟာဝေယျာကရဏိကတန်းကိုပင် အခြေခံ ကျမ်းပေါင်း ၁၀-မျိုးထက် မနည်း ပြဋ္ဌာန်းထားရှိသဖြင့် သာမန်ပညာပါရမီနှင့် အောင်မြင်ဘို့ရန် လွယ်ကူ သောအဆင့် မဟုတ်ပါပေ။

http://www.dhammadownload.com

ထူးကြီးဆရာတော်သည် ထိုအသင်းကြီး၏ ပင့်လျှောက်ချက်အရ သသုံမြို့သို့ ကြွရောက်၍ ခုနစ်ညတိုင်တိုင် နိကာယ်ငါးရပ် ပါဠိတော်မူရင်းအတိုင်း ဝိပဿနာ တရားတော် ဟောရိုးဟောစဉ်အရ ဟောကြားပြသခြင်းကို ကြားနာကြရသော သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်း ဩဝါဒါစရိယ ဆရာတော်ဘုရား များနှင့်တကွ အသင်းသူ,အသင်းသားများ၊ မြို့သူ,မြို့သားများ နှစ်ထောင်း အားရ ကျေနပ်ကြသဖြင့် မိမိတို့ အလိုအလျောက် လှူဒါန်းဆက်ကပ်လာသော ဘွဲ့တံဆိပ်ပင် ဖြစ်ပေသည်။

ယပ်လှဲပေါ်စအချိန်

ဗုဇ္ဈတိတိ ဗုဒ္ဓေါ။ ယော ဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်။ သဗ္ဗခမ္မေ၊ ခပ်သိမ်းသော တရားတို့ကို။ ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ သိတော်မူတတ်သော သတ္တိကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။ စသည်ဖြင့် ယပ်ထောင်တရားများကို ရှေးအခါက ဟောခဲ့ကြသည်။ တရားဟောသောအခါ တရားဟော ပုဂ္ဂိုလ်၏ ဣန္ဒြေ ချွတ်ယွင်းမှု စသည်ကို တရားနာ ပုဂ္ဂိုလ်များ မမြင်ရအောင် တရားဟောပုဂ္ဂိုလ် ၏ ရှေ့က ယပ်ကြီးထောင်၍ ဟောကြသည်။ ထိုသို့ ယပ်ကြီးကိုထောင်၍ ဟောသောတရားဖြစ်၍ ယပ်ထောင်တရားဟု ခေါ်ကြသည်။

၁၂၆၀-ပြည့်နှစ် အချိန်လောက်တွင် ယပ်လှဲခေါ်သော တရားဟောနည်း တမျိုးပေါ်လာသည်။ တရားဟောသောအခါ တရားဟောပုဂ္ဂိုလ်၏ ရှေ့က ယပ် ကြီးကို မထောင်တော့ဘဲ ပကတိအတိုင်း ထိုင်၍ဟောသောကြောင့် ယပ်လှဲ တရားဟု ခေါ်ကြခြင်း ဖြစ်သည်။ထိုယပ်လှဲတရားမှာ ရှေးကလိုအရိုးခံသက်သက် မဟုတ်တော့ဘဲ ဂါထာတပုဒ်ကို ရွတ်ပြီးလျှင် အနက်ဆန် ရှေ့ရှေ့ပေး၍ သံနေ သံထားနှင့် ဟောသောကြောင့် လူကြိုက်အတော်များခဲ့သည်။ တချိန်တုန်း အခါက လူကြိုက်များခဲ့သော်လည်း ယခုအခါ အနည်းငယ် မှေးမှိန်စ ပြုနေ သော်လည်း ဟောကြ ပြောကြတုန်းပင် ရှိပါသေးသည်။ ထို ယပ်လှဲပေါ်စ အချိန်တုန်းက—

> သက္ကရာဇ်ကလေး၊ အသစ်ရေး၊ အစ်–ဒွေး–ဆ–သုဉ်၊
> တဂုဏ်သိန်မှေး၊ ယပ်လှဲချင်း ထွေးရော့—

ဟု စပ်ဆိုကြသေးသည်။ ထိုယပ်လှဲတရားကို ဦးဇနိတမည်သော ရဟန်းငယ် တပါးကစပြီး ဟောသည်ဟု ပြောကြသည်။ ထိုအခါက စိန်ဇနိ, စိန်ဇနိ–ဟု နာမည်ကျော်ကြား၍ ဦးဘိုးစိန်ကြီးဇာတ်နှင့်ပင် ပြိုင်၍ ဟောသည်ဟု ကြား ဘူးပါသည်။

http://www.dhammadownload.com

ထရားနာပုဂ္ဂိုလ်သုံးမျိုး

၁။ ရူပပမာဏပုဂ္ဂိုလ်=ရုပ်ကိုသာ ပဓာနထား၍ နာသူ

၂။ သဒ္ဒပမာဏပုဂ္ဂိုလ်=အသံကိုသာ ပဓာနထား၍ နာသူ

၃။ ဓမ္မပမာဏပုဂ္ဂိုလ်=တရားကိုသာ ပဓာနထား၍ နာသူ။

ဤ တရားနာပုဂ္ဂိုလ်သုံးမျိုးတို့တွင် ထူးကြီးဝိပဿနာတရားကို နာကြားကြသည့် တရားနာပရိသတ်များက မိမိတို့သည် မည်သည့်တရားနာပုဂ္ဂိုလ်မျိုးတွင်ပါဝင်သည် ဟု မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် စစ်ဆေးဆုံးဖြတ်နိုင်ရန် အတွက် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

တရားနာရကျိုး

ကြားရ နာရ ခဲလှစွာသော ဤပါရာယနသုတ္တန်ပါဠိတော်ဟောစဉ် ဝိပဿနာ တရားထူး တရားမြတ်ကို နာကြားရကုန်သော ဓမ္မဿဝန တရားနာပရိသတ် အပေါင်းတို့သည်–

ပဋိမေ ဘိက္ခဝေ အာနိသံသာ ဓမ္မဿဝနေ။ ကတမေ ပဉ္စ။ အသုတံ သုဏာတိ၊ သုတံ ပရိယောဒါပေတိ၊ ကင်္ခံ ဝိဟနတိ၊ ဒိဋ္ဌိ ဥုံ ကရောတိ၊ စိတ္တမဿ ပသီဒတိ။ ၅

ဟူသော ပဉ္စင်္ဂတ္တရပါဠိတော်နှင့်အညီ ဆရာတော် ဦးဗုဒ္ဓစပ်ဆိုတော်မူအပ်သော

မကြားစတောင်း၊ ထုံးကောင်းကြားသိ၊ ကြားပြီစင်စွာ၊ ကင်္ခါ-ပျောက်ကင်း၊ ဖြောင့်စင်းအယူ၊ ကြည်ခြင်းဟူသား၊ ငါးဆူမှန်ချက်၊ ကျိုးဆက်မျက်မှောက်၊ ချက်ခြင်းရောက်၏။

ဟူသောလက်ဝှေ့အညီ ငါတို့သည် ဤတရားကို နာရခြင်းဖြင့် မကြားဘူးသေးသော တရားထူးတို့ကို ကြားနာရမည်၊ ကြားဘူးသည်ကို ဖြူစင်သန့်ရှင်းစေနိုင်မည်၊ ယုံမှားသံသယတွေ့ ကင်းပျောက်သွားမည်၊ အယူလွဲမှားမှုမရှိ၊ မှန်ကန်သွားမည်၊ ငါတို့၏စိတ်သည်လည်း ကြည်လင်အေးမြသွားမည်။ ဤအကျိုးထူး တရားငါးပါးတို့ကို ယခု တရားနာစဉ် မျက်မှောက်မှာပင် ရရှိခံစားရမှာပါ တကားဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပသန္နဖြစ်ကြရပါလိမ့်မည်။ ၅

စာတတ်ဘို့ ခဲယဉ်းခြင်းအကြောင်း

ကျမ်းဂန်ပေစာတတ်မြောက်ဘို့ အထူမှာလည်း လွယ်ကူစွာဖြစ်ပေါ်လာနိုင်သော ကိစ္စတခုမဟုတ်ပါ။ အလွန်သော လုံလဝီရိယ သဒ္ဓါဆန္ဒပြင်းပြ၍ သု-စိ-ပု-ဘာ-ဝိ-လိ-သိ-ဓာ အင်္ဂါရှစ်ရပ်နှင့်ပြည့်စုံအောင် ကြိုးစားအားထုတ်ရပါသည်။

http://www.dhammadownload.com

(သု) သုဏောယျ=နာကြားဆုတ်။
(စိ) စိန္တေယျ=ကြံစည်ဆုတ်။
(ပု) ပုစ္ဆေယျ=မေးမြန်းဆု၏။
(ဘာ) ဘာသေယျ=ပြောဆိုဆုတ်။
(ဝိ) ဝိဝရေယျ=ဖွင့်ဆိုဆုတ်။
(လိ) လိက္ခေယျ=ရေးသားဆုတ်။
(သိ) သိက္ခေယျ=လေ့ကျင့်သင်ကြားဆုတ်။
(ဓာ) ဓာရေယျ=ဆောင်ထားဆုတ်။

သည်မျှသာ မဂသေး—

စာတတ်လက္ခဏာ၊ မှတ်စရာ၊ သုံးဖြာ ဒုလ္လဘ။
ကျော်နင်းနိုင်ဘိ၊ ပညာရှိ၊ ကဝိ မှတ်ကုန်ကြ။
(ကဝိသေတ္တုမဉ္ဇူသာ ရှေးဆရာ)

* ပညာသုတ၊ မရသေးစွာ၊ ကျမ်းဂန်စာကို၊ နှုတ်မှာအမြဲ၊ တက်နိုင်ခဲ၏၊ နှုတ်ထဲလေ့လေ့၊ တက်နိုင်ရှိလည်း၊ မမေ့မှတ်စွဲ၊ ဆောင်နိုင်ခဲ၏၊ ဝမ်းထဲအကယ်၊ ဆောင်မှတ်လွယ်လည်း၊ ဓိပ္ပါယ်အနက်၊ ဝက်ဝက်ဝေခွဲ၊ သိနိုင်ခဲ၏။ ထိုခဲသုံးဖြာ၊ လွန်မြောက်စွာမှ၊ ပညာရှိမြတ်၊ ကဝိထုတ်ဟု၊ မချုတ်မှတ်ရာ၊ မိန့်စဉ်လာ၏။ ။(မဃဒေဝလင်္ကာ)

ဆိုသည့်အတိုင်း ဒုလ္လဘသုံးပါးကိုလည်း ကျော်နင်းနိုင်မှ ကျမ်းဂန်တတ်မြောက်နိုင်ပါသည်။ ထိုဒုလ္လဘသုံးပါးကား လက်ဝတ်ပါသည့်အတိုင်း–

၁။ မရသေးသော စာပေကို နုတ်တက်အာဂုံရှိ ခဲယဉ်းသည်။

၂။ နုတ်တက်အာဂုံရှိပြီး စာကိုလည်း မမေ့ပျောက်အောင် ဆောင်ထားနိုင်ဘို့ ခဲယဉ်းသည်။

၃။ ဆောင်ထားပြီးစာပေ၏ အနက်အဓိပ္ပါယ်ကို သိဘို့လည်း ခဲယဉ်းသည်။ ဤသုံးပါးတို့ဖြစ်ပါသည်။

ဤသုံးမျိုးကို လွန်မြောက်နိုင်ဘို့မှာ လွယ်ကူသော အရာမဟုတ်ကြောင်း သိသာနိုင်ပါသည်။

တောင်တွင်း အကျော် ခင်ကြီးဖျော်

တောင်တွင်းကြီးမြို့ စိရင်စု မြို့လုလင်မြို့မှ တာငါးရာခန့်ကွာသော ပုတီးကုန်းရွာတွင် အဘ ဦးဘိုးပေ အမိဒေါ်မယ်ကြာတို့မှ (၁၀၀၆) ခုနှစ် ကဆုန်လပြည့်

http://www.dhammadownload.com

အင်္ဂါနှစ်ခု သား မောင်ဖျော်ကို ဘွားမြင်သည်။ မောင်ဖျော် (၇) နှစ်သား အရွယ်သို့ရောက်သောအခါ အမိခေါ်မယ်ကြာသည် မြို့လုလင်မြို့ ကန်ရိုးကျောင်း ဘုန်းတော်ကြီးထံ အပ်နှံရန်သွားသောအခါ ကျောင်းရောက်မှ လဘက်ထုပ်မေ့ ကျန်နေ၍ ပြန်ယူနေစဉ်အတွင်း မောင်ဖျော်က ဘုန်းတော်ကြီးအား တပည့်တော် စာသင်လိုပါသည်၊ဘယ်ကစ၍ သင်ရပါမည်နည်း ဟု လျှောက်သောအခါ နမော ဗုဒ္ဓါယ သိဒ္ဓံ ကို ရေးပြ၍ ရသဖြင့် ရွှေသို့ပြတော်မူပါဟု လျှောက်ပြန်သော အခါ ဗျည်း-၃၃-လုံးကို အဆုံးတိုင်ရေးပြ၍ က၊ မောက်ချ၊ ဗျည်းသရအယှဉ် အတွဲနှင့်-ကသတ်၊ င-သတ်၊ စ-သတ်၊ ည-သတ်၊ တ-သတ်၊ န-သတ်၊ ပ-သတ်၊ မ-သတ်၊ယ-သတ်၊ဝ-သတ်၊ အက်ကာရန်၊ အင်ကာရန်၊အစ်ကာရန်၊ အဉ်ကာရန်၊ အတ်ကာရန်၊ အန်ကာရန်၊ အပ်ကာရန် အမ်ကာရန်၊ အယ်ကာရန်၊ အိုကာရန် တို့ကိုပြလျှင် အမိခေါ်မယ်ကြာ ပုတီးကုန်းရွာ မိမိနေအိမ်မှ လဘက်ယူပြီး ပြန်မရောက်မီ အကြားတွင်ပင် သင်ပုန်းကြီး ကုန်သွားသောဟူ၏။

ဇေယျာပူရဒုတိယစစ်ကိုင်းမြို့တည် နောင်တော်မင်းတရားကြီး လက်ထက် တောင်တွင်းကြီးမြို့ ရှင်ဉာဏသည် ပညာဉာဏ် ထက်သန် ကြီးကျယ်လှသည်။ တန္ဒေလျှင် စာချပ်အင်္ဂါတကိုက်ခန့် ရသည်ဖြစ်၍ တောင်တွင်းကျော်ဟု ကျော်စောထင်ရှားသည်။ ပဥ္စင်းပျိုဘဝကပင် ပုဒ်စစ် ဉာဏ်ကောင် ယမိုက်ခက်ဆစ် ပဋ္ဌာန်းအရကောက်များကို စီရင်သည်ဟု သာသနာလင်္ကာရ၌ ဆိုသည်။

ဆရာတော်ဦးဗုဒ်

ဆရာတော်ဦးဗုဒ်ကား ပရိယတ်ဘက်တွင် ထင်ရှားကျော်ကြားသော ဆရာတော်ကြီးတပါးဖြစ်သည်။ သီလအား သမာဓိအား ပညာအား ကောင်းလှသဖြင့် သာသနာတွင် အတုယူစရာ နမူနာတင်စရာ မေ့ပျောက်၍ မရနိုင်သော နေ-တဆူ လ-အလား ထင်ရှား ကျော်ကြားခဲ့ပါသည်။ ဆရာတော်၏ သမာဓိအားကား ပြောပြ၍မကုန်နိုင်လောက်အောင်ဖြစ်ပါသည်။ အခါတပါးက ဆရာတော်သည် မန်ကျည်းပင် တပင်အောက်၌ စာပေကျက်အံ့နေသည်။ထိုမန်ကျည်းပင်ပေါ် သို့ ကျောင်းသားကလေးများ မန်ကျည်းသီးတက်၍ ခူးနေရင်း တယောက်မှာ ခြေချော်၍ အောက်သို့လိမ့်ကျရာ ဆရာတော်မှာ မသိလိုက်ဟု ဆိုပါသည်။ အံ့စရာဘပါးပါပင်၊ ဆရာတော်မှာ ဤမျှသမာဓိအား ကောင်းခဲ့ပါသည်။

ဤအကြောင်းတွေကို ပြဆိုနေရခြင်းကား အနုသန္ဓေမစပ်သလိုပင်ဖြစ်သော်လည်း စာတတ်လက္ခဏာကိုသိစေလိုခြင်း စာတတ်ဘို့ဒုလ္လဘ သုံးပါးကို ကျော်နင်းနိုင်ခဲ့သော ပုဂ္ဂိုလ်များ၏ ကျော်နင်းနိုင်ခဲ့ပုံ ထက်မြက်ပုံများကို သိစေလိုသောကြောင့် ဖြစ်ပါသည်။ ယခုအခါ၌လည်း ဤလိုဒုလ္လဘသုံးပါးကို ကျော်

http://www.dhammadownload.com

နှင်းနိုင်သော ပုဂ္ဂိုလ်များ ထက်မြက်သောပုဂ္ဂိုလ်များ အများအပြားပင် ရှိကြပါသေးသည်။ပါဂရမီဓာတ်ခံကောင်း၍ ဝိရိယအား မသေးကြသော ပုဂ္ဂိုလ်များလည်း မနဲကြသေးပါ။

ထူးကြီးဆရာတော်ကား ဤဒုလ္လဘသုံးပါးတို့ကို ကျော်နှင်းနိုင်သော ပုဂ္ဂိုလ် အမျိုးအစားမျိုးမှ ဟုတ်ပမလားဟု တွေးတောစရာ ဖြစ်သော်လည်း သကေန ကမ္မေန ပညာယိဿတိ ဆိုသည့်အတိုင်း သူ၏လုပ်ကိုင်ဆောင်ရွက်ချက်တို့က သူ၏သဘောသကန်ကို အမှန်အတိုင်း ဖော်ပြသွားလိမ့်မည်ဟု ဆိုရပါမည်။

သဒ္ဓါပဗ္ဗဇိတ

ယုံကြည်မှုသဒ္ဓါသည် နေရာတကာတွင် သူမပါလျှင် မပြီးသော အရေးကြီးသော တရားတခုပင် ဖြစ်ပါသည်။ ထို့ကြောင့် သူတော်ကောင်းဥစ္စာ(၇)ပါး ထည်းမှာလည်း သူပါသည်။ သူတော်ကောင်းတရား(၇)ပါးထည်းမှာလည်း သူပါသည်။ ယောကျ်ား၏ မြတ်သော ဥစ္စာထည်းမှာလည်း သူပါသည်။ ယောကျ်ား၏ အဖော်ကောင်းလည်း ဖြစ်ပါသည်။ အဘယ်တရားဖြင့် သံသရာမှ ကူးမြောက်နိုင်ပါသနည်းဟု အာဠဝကဘီလူးကြီးက မေးသောအခါ မြတ်စွာဘုရားက သဒ္ဓါယ တရတိ ဩဃံ=ယုံကြည်မှုသဒ္ဓါတရားဖြင့်သံသရာမှကူးမြောက်နိုင်သည်ဟု ဖြေကြားတော်မူပါသည်။ ဤမှု့ အရေးကြီးပါသည်။ ကသိဘာရဒ္ဒါဇသုတ်တွင် သဒ္ဓါဗီဇံ ဟု ယုံကြည်မှုသဒ္ဓါသည် မျိုးစေ့နှင့်တူသည်ဟု ဟောပါသည်။ အချို့နေရာတွင် သဒ္ဓါဟတ္ထောနဟု ယုံကြည်မှုသဒ္ဓါသည် လက်နှင့်တူကြောင်း ဟောပါသည်။ ထို့ကြောင့် ပညာရှင်များကလည်း ဝိရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊ ကမ္မကွယိန်၊ ဉာဏ်ပုဆိန်ကို-ဟု စပ်ဆိုကြပါသည်။

လူတွင် လက်မရှိလျှင် ဘာကိုမျှ ယူငင်၍မရ၊ လက်ရှိမှ လိုချင်ရာ အရာဝတ္ထုဟူသမျှကိုယူငင်၍ရသည်။ထို့အတူ လက်နှင့်တူသော သဒ္ဓါတရားဖြင့်ကောင်းကျိုးချမ်းသာဟူသမျှကို ရယူနိုင်သည်။ နောက်ဆုံး သံသရာမှထွက်မြောက်မှုကိုပင် ရယူနိုင်သည်ဟု ဆိုလိုပါသည်။ ထို့အတူ လုပ်ဆောင်ဘွယ်အမှုကိစ္စဟူသမျှမှာလည်း သဒ္ဓါစေတနာပါမှ လွယ်ကူစွာပြီးမြောက်၍ အကျိုးသက်ရောက်နိုင်ပါသည်။ ရဟန်းပြုမှုမှာလည်း သဒ္ဓါသည် အရေးကြီးပါသည်။ ထို့ကြောင့် သဒ္ဓေါ ကုလပုတ္တော-ဟု ကျမ်းဂန်များမှာ ဆိုကြပါသည်။

(၁) သဒ္ဓါပဗ္ဗဇိတ=မြတ်စွာဘုရား သာသနာတော်ကို ယုံကြည်သက်ဝင်ကြည်ညိုရှိ၍ ရဟန်းပြုခြင်း။

(၂) ဘယာပဗ္ဗဇိတ=ဘေးဒုက္ခတခုခု တွေ့ကြုံ၍ ရဟန်းပြုခြင်း။

http://www.dhammadownload.com

(၃) ဃရာပဗ္ဗဇိတ=ဃရာဝါသ အမှုကိစ္စ အဆင်မပြေ၍ ရဟန်းပြုခြင်း။

လောကဌ် ခေါ်ဝေါ်သုံးစွဲနေကြသော ရဟန်းပြုခြင်း သုံးမျိုး ရှိပါသည်။ ထိုသုံးမျိုးတို့ဘွင် ယနေ့သာသနဝန်ကို စွမ်းစွမ်းတမန် ထမ်းဆောင်နေကြသော ပုဂ္ဂိုလ်များမှာ သဒ္ဓါပဗ္ဗဇိတများသာ ဖြစ်ကြပါသည်။ သဒ္ဓါပဗ္ဗဇိတထည်းမှ တေဒဂ်ရပုဂ္ဂိုလ်တပါးကိုလည်း တွေ့ရပါသည်။ အရှင်ရဋ္ဌပါလ ဖြစ်ပါသည်။

သဒ္ဓါတရားဖြင့် ရဟန်းပြုကြကုန်သော ငါ၏တပည့်သားတို့တွင် အကြင်ရဋ္ဌပါလသည် ရှိ၏၊ ထိုရဋ္ဌပါလသည် အမြတ်ဆုံးပေတည်း–ဟူ၍ ဖြစ်ပါသည်။

သာသနာဟာ သဒ္ဓါပြဋ္ဌာန်းသည်၊ သဒ္ဓါရှိမှ သာသနဝန်ကို ရှိရှိသေသေ ထမ်းဆောင်နိုင်သည်-ဟု ဆရာတော်ကြီးတပါးက ပြောဘူးပါသည်။ မှန်ပါသည်။ သဒ္ဓါနဲ့ကြသော ဝဋ္ဋတိုင်းသား ရဟန်းများသည် အပြစ်အမျိုးမျိုးကို လွန်ကျူးခဲ့ကြပါသည်။ သဒ္ဓါရှိကြသော ရဟန်းများအား အပြစ်လွန်ကျူးမှုနဲ့ကြပါသည်။ အနာဂတေ လဋ္ဌိ ရက္ခိဿတိ-ဟု သံဂါယနာတင်မထေရ်ကြီးများ ကြေးကြေဉ်ခဲ့ကြခြင်းမှာလည်း ဤသဒ္ဓါပဗ္ဗဇိတများကို ကိုးစား၍ ကြေးကြေဉ်ခဲ့ကြခြင်း ဖြစ်ပါသည်။ သဒ္ဓါနဲ့ကြသော ပုဂ္ဂိုလ်များကား သာသနာတော်ကို အပြစ်အမျိုးမျိုးရှာ၍ ဝေဘန်မှုအမျိုးမျိုးတွေ့ပြုလုပ်ကာ ယုံမှားသံသယတွေများလာကြပါသည်။ သဒ္ဓါရှိမှသာလျှင် ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလများကို စောင့်ရှောက်နိုင်၍ ဓုတင်အကျင့်များကိုလည်း အမှန်းတင်နိုင်ကြသည်။ ဝတ်ကြီးဝတ်ငယ်များကိုလည်း မပျက်မကွက်ဆောင်ရွက်နိုင်ကြသည်။ ဂန္ထဓုရ ဝိပဿနာဓုရဝတ်နှင့် တကွ သာသနာ ကြီးပွါးတိုးတက်ရေး ဒါယကာ ဒါယိကာမတို့ လိမ္မာယဉ်ကျေးရေး နတ်ရွာနိဗ္ဗာန်သို့ ပို့ဆောင်ရေး ဟောရေး ပြောရေးစသော သာသနာနှင့် စပ်သော ကိစ္စအဝဝတို့ကို နေ့မနား ညမနား ထမ်းဆောင်နိုင်ခြင်းမှာလည်း သဒ္ဓါရှိ၍သာ ဖြစ်ပါသည်။ သဒ္ဓါနဲ့၍ မွဲကြသောသူများ ဆောင်စွမ်းနိုင်သော ကိစ္စများမဟုတ်ကြပေ။

ဤမျှသာသနာရေးအတွက် ကြိုးစားပမ်းစား မနေမနား ကိစ္စများနေရသော သာသနေ ပဋိလဒ္ဓသဒ္ဓါနံ ကုလပုတ္တာနံ ဆိုသည့် သာသနာတော်၌ သဒ္ဓါတရားရှိကြကုန်သော အမျိုးကောင်းသား သဒ္ဓါပဗ္ဗဇိတများသည်—

နဝ ကောဋိသဟဿာနိ၊ အသီတိသတ ကောဋိယော။
ပညာသံ သတသဟဿာနိ၊ ဆတ္တိံသ စ ပုနာပရေ။

(ဝိသုဒ္ဓိမဂ်)

http://www.dhammadownload.com

ကိုးထောင်တရာ၊ ရွှစ်ဆယ်မှာ၊ သန်္ဃာ ကောဋိကောက်၊
ငါးသန်းသုံးသောင်း၊ခြောက်ထောင်ပေါင်း၊ များတောင်း ပါတိမောက်။

ဆိုသည့် ကုဋ္ဌေကိုးထောင်ကျော်မျှသော စောင့်ထိန်းနေရသည့် သိက္ခာပုဒ်များမှ တပါးမျှသော သိက္ခာပုဒ်ကို ထိန်းသိမ်းနိုင်မည်ဆိုလျှင် လူဒါယကာများအတွက် ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏ ဆိုသော ရှင်မဟာရဋ္ဌသာရ၏ စာအတိုင်း ကိုးကွယ်ဆည်းကပ် ပူဇော်ထိုက်နေပြီဖြစ်ကြောင်းကို သိမှတ်ထားဘို့ဖြစ်ပါသည်။

လူဒါယကာ ဒါယိကာမများမှာလည်း ယုံကြည်ကိုးစားမှု သဒ္ဓါတရားရှိမှသာလျှင် သာသနာတော်ကြီးကို ကြည်ညိုလေးစား တန်ဘိုးထားနိုင်ကြသည်။ သာသနာတော်ကြီးမှ ရရှိသည့် အကျိုးကျေးဇူးတရားများကိုလည်း အထူးသိတတ် ကျေးဇူးသိတတ်ကြသည်။ ယခုခေတ်မှာကား သဒ္ဓါနဲပါး သဒ္ဓါမဲ့သူတွေများကြသဖြင့် သာသနာတော်ကြီး၏ ကျေးဇူးကို မသိနိုင် မမြင်နိုင်ကြ။ အပြစ်ကိုသာ ဆီလိုအပေါက်ရှာ၍ မြင်တတ်ကြတော့သည်။ ကြောက်စရာခေတ်ကြီးပါပေတကား။

ပရိယတ်နှင့် ပဋိပတ်

သီဟိုဠ်ကျွန်းတွင် စဏ္ဍာလတိဿမင်းလက်ထက် မိုးခေါင်၍ ငတ်မွတ်ခြင်းဘေးကြီး ဆိုက်ရောက်သောအခါ ဇမ္ဗူဒီပ်ကျွန်းသို့ အချို့ကြွသွား၍ ခြောက်ကျိပ်မျှသော ရဟန်းတို့သည် သီဟိုဠ်ကျွန်း၌ပင် နေရစ်ခဲ့ကြသည်။ ဘေးရန်ငြိမ်း၍ ပြန်လာကြသောအခါ ခြောက်ကျိပ်မျှသော ရဟန်းများနှင့် ကလ္လဂါမဇနပုဒ် မဏ္ဍလာရုမကျောင်းတိုက်၌ ဆုံမိကြသောအခါ စကားတခုဖြစ်ပေါ်လာပါသည်။

ထိုစကား ကား–ပရိယတ်သည်ပင် သာသနာတော်၏ အရင်းမူလလော၊ သို့မဟုတ် ပဋိပတ္တိသည်ပင် သာသနာတော်၏ အရင်းမူလလော ဟူသော စကားဖြစ်ပါသည်။

ထိုအခါ ပံသုကူဆောင်မထေရ်များက **ပဋိပတ်သည်သာလျှင် သာသနာတော်၏ အရင်းမူလဖြစ်ပါသည် ဟု** ဆိုကြကုန်၏။

ဓမ္မကထိကမထေရ်များကမူ ပရိယတ်သည်သာလျှင် သာသနာတော်၏ အရင်းမူလဖြစ်ပါသည် ဟု ဆိုကြကုန်၏။

ထိုအခါ မထေရ်ကြီးများက သင်တို့နှစ်ဦး၏ စကားများဖြင့် အမှန်ကိုသိဘို့ မလွယ်ကူပါ၊ ဘုရားဟောသုတ်များကို ဆောင်ပြပါဟု ဆိုကြသောအခါ သုတ်ကို ဆောင်ဘို့ ဝန်မလေးပါဟု ဆိုပြီး ပံသုကူဆောင်မထေရ်များက—

http://www.dhammadownload.com

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ။

ပဋိပတ္တိမူလကံ မဟာရာဇ သတ္တာသာသနံ၊ ပဋိပတ္တိသာရကံ မဟာရာဇ သတ္တာသာသနံ၊ ပဋိပတ္တိ တိဋ္ဌန္တီ တိဋ္ဌတိ –

ဟူသော ဤသုတ်ကိုဆောင်ပြကြပါသည်။ ဆောင်ပြသော ဤသုတ်ကို ကြားရသောအခါ ဓမ္မကထိကမထေရ်များက မိမိတို့ဝါဒ ခိုင်မြဲစေခြင်းငှါ ဤသုတ်ကို ဆောင်ပြကြပါသည်။

ယာဝ တိဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိပ္ပတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။

သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမ္ဟိ စ။
တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ။

ဤသုတ်ကိုဆောင်ပြသောအခါ ပံသုကူဆောင်မထေရ်များ အသံဆိတ်သွား၍ ဓမ္မကထိကမထေရ်များ၏ စကားသာ ကျယ် အရာခရောက်သွားပါတော့သည်။

ဓမ္မကထိကမထေရ်များ၏စကားသည် မှန်ပါသည်။ နွားတရာ နွားတထောင် အုပ်အတွင်း၌ အစဉ်အဆက်စောင့်ရှောက်နိုင်သော နွားမတကောင်မရှိလျှင် ထိုနွားမျိုးသည် အဆက်ပြတ်သွားမည်သာ ဖြစ်ပါသည်။ ဤအတူပင် ဝိပဿနာကြိုးစားအားထုတ်သော ရဟန်းအရာ အထောင်ရှိသော်လည်း ပရိယတ္တိဓမ္မကွန်မရှိလျှင် အရိယာမဂ်ကို ထိုးထွင်းသိဘို့ မဖြစ်နိုင်တော့။ ဤအိုးကို သိစေခြင်းငှါ ကျောက်ဖျာအပြင်၌ အကွဲရာကို ရေးမှတ်ထားလျှင် အကွဲရာ မပျောက်သရွေ့ ဤအိုးမပျောက်နိုင်တော့ပါ။ ဤအတူပင် ပရိယတ်မပျောက်သရွေ့ သာသနာ မပျောက်နိုင်တော့ပါ။

ပညာရှိသောရဟန်းသည် ပရိယတ်ကို သင်ကြား မှတ်သားပြီးလျှင် ပဋိပတ်ပဋိဝေဓနှစ်ပါးလုံးကိုပင် ဖြည့်ကျင့်၏။ ထို့ကြောင့်ပရိယတ်တည်နေသည်ရှိသော် သာသနာလည်း တည်နေပါသည်။ ရေကန်ကြီး၏ ကန်ဘောင်ရိုး ခိုင်ခန့်နေလျှင် ရေမဘဝ်နိုင်ဘူးဟု မဆိုရပါ။ ဤအတူပင် ရေကန်ကြီး၏ ကန်ဘောင်ရိုးနှင့် တူသော မြတ်စွာဘုရား၏ စကားတော် ပိဋကတ်သုံးပုံရှိသေးလျှင် ရေကန်ကြီးအတွင်းမှာရှိသော ရေနှင့်တူသော ပဋိပတ်ကို ဖြည့်ကျင့်သည့် အမျိုးကောင်းသားများမရှိဟု မဆိုနိုင်ပါ။ ပဋိပတ်ကိုဖြည့်ကျင့်သော အမျိုးကောင်းသားများရှိနေလျှင် ရေကန်ကြီး၌ ပဒုမ္မာကြာများပွင့်သလို သောတာပန် စသော အရိယာ

http://www.dhammadownload.com

ပုဂ္ဂိုလ်များမရှိဟု မဆိုနိုင်တော့ပါ။ ထို့ကြောင့် ဧကန်စင်စစ် ပရိယတ်သာလျှင် လိုရင်းပဓာနဖြစ်ကြောင်း သန္နိဋ္ဌာန်ကျ မှတ်သားအပ်ပါသည်။ ထိုအတွက် အငြင်းမပွါးသင့်တော့ပါ။

ယခုပင်လျှင် ထူးကြီးဆရာတော်က ပါဠိတော်အဋ္ဌကထာစသည်များကို သင်ကြား လေ့ကျက် ကြည့်ရှု မှတ်သားပြီး ဟောကြားသဖြင့် လောကကြီးကို ဘာသူဖုံးလွှမ်းထားသည်ကို သိရသည်။ လောကကြီး ဘာကြောင့် မထင်ရှား သည်ကို လည်း သိရသည်။ အကယ်၍သာလျှင် ဤပါဠိတော်ကြီးများ မရှိလျှင် ဘယ်လို လုပ်ပြီး သိနိုင်မည်နည်း။မသိနိုင်တော့ပါ။ထို့ကြောင့် ပရိယတ်သည် မူရင်းပဓာန အရေးအကြီးဆုံးဖြစ်၍ ပရိယတ်ကို သိအောင်လုပ်၊ ပရိယတ်က ဆိုသည့်အတိုင်း ကျင့်ကြံအားထုတ်မှ မိမိတို့လိုလားတောင့်တအပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန် ရမည်ဟု မှတ်သားကြစေလိုပါသည်။

ကျမ်းဂန်များ၌ ကုလပုတ္တော-ကုလပုတ္တာ ဟုသာ လာပါသည်၊ ကုလမိတာဟု မလာပါ။ မလာ၍ အမျိုးသမီးများနှင့် မဆိုင်ဟု မမှတ်သင့်ပါ။ အမျိုးသမီးနှင့်လည်း ဆိုင်ပါသည်။ အမျိုးသားက ပြဋ္ဌာန်း၍ အမျိုးသမီးက မပြဋ္ဌာန်းပါ။ ပြဋ္ဌာန်းသောအမျိုးသားကို ဆိုလိုက်လျှင် မပြဋ္ဌာန်းသော အမျိုးသမီးများလည်း ပါပြီးသား ဖြစ်သွားပါသည်။ ဤအရာမျိုးကို ကျမ်းဂန်များ၌ ပဓာနနည်းဟု ခေါ်ပါသည်။ မင်းလာသည်ဆိုလျှင် မှူးမတ်ပရိသတ်လည်း ပါပြီးသား ဖြစ်သလိုပင် ဖြစ်ပါသည်။

အရိယာစစ်တမ်း

ယခုအခါကား အရိယာပေါများနေသော ခေတ်အခါပင်ဖြစ်သည်။ ဟိုက သည်က အရိယာတွေ့ ခဏခဏပေါ်ကြသည်၊ တမဂ်တဖိုလ်တို့ တဆင့်ပေါက် နှစ်ဆင့်ပေါက်စသည်တို့ ခဏခဏကြားရသည်။ ထို့ကြောင့် အရိယာဟုတ် မဟုတ် စစ်ဆေး အကဲခပ်ဘို့ လိုလာပါသည်။ **အရိယာစစ်ဆေး** စမ်းသတ်နည်းတွေ့ အမျိုးမျိုးရှိသော်လည်း ကျမ်းဂန်နှင့်အညီ အောက်ပါ စစ်ဆေး အကဲခပ်နည်း တမျိုးကိုသာ ဖော်ပြပါမည်။

ဘူတမိ့ပုထုဇ္ဇနာ အာရောစေသုံ၊ နအရိယာ။ အရိယာနဉ္စိ ပယုတ္တ-ဝါစာနာမ နတ္ထိ၊ အတ္တနော ဂုဏေ အာရောစယမာနေ ပန အညေ နပဋိသေဓေသုံ၊ တထာ ဥပ္ပန္နေ စ ပစ္စယေ သာဒိယိ သု၊ တထာ ဥပ္ပန္န-ဘာဝံ အဇာနန္တာ။ ။(ပါစိတ္တိယဒိအဋ္ဌကထာ ဘူတာရောစနသိက္ခာပုဒ် အဖွင့်နှာ- ၁၇)။

http://www.dhammadownload.com

မိမိ၌ ထင်ရှားရှိနေ ရနေသော တရားထူး တရားမြတ်ကို ပုထုဇဉ်များကပြောကြားကြသည်။ အရိယာများကတော့ မပြောကြားကြပါ။ ထိုစကားသည် မှန်ပါသည်။ အရိယာတို့အား ဝိညတ်နှင့်စပ်သော စကားမည်သည် မရှိ။ ထိုသို့ မရှိသော်လည်း မိမိဂုဏ်ကျေးဇူးကို ပြောကြားသော တပါးသော ပုဂ္ဂိုလ်များကိုကား မတားမြစ်ကြပါ။ သူတပါးတို့က မိမိ၏ ဂုဏ်ကျေးဇူးကို ပြောဆို၍ ဖြစ်ပေါ်လာသော ပစ္စည်းဘဲဟု မသိသဖြင့် ထိုသို့ ဖြစ်ပေါ်လာသော ပစ္စည်းများကိုကား သာယာနှစ်သက် လက်ခံကြပါသည်။ (ဤကား အတိအကျပြောဆိုသော အဌကထာဆရာကြီး၏ စကားဖြစ်ပါသည်)။

ပရိနိဗ္ဗာန်ပြုခါနီးအခါ ပရိနိဗ္ဗာန် မပြုမီအခါတို့၌ သူတပါးတို့က အတင်းအကြပ်မေး၍ဌင်း အတင်းအကြပ် မမေးသော်လည်း ပြောဆိုသင့်သော အကြောင်းရှိလာခဲ့သော်ဌင်း အရိယာပုဂ္ဂိုလ်များသည် မိမိတို့ရရှိထားသော တရားထူး တရားမြတ်များကို ရဟန်းတော်အချင်းချင်းတို့အား ပြောကြားခြင်းငှါ အပ်ပါသည်။ လူသာမဏေများကိုကား မပြောကြားကောင်းပါ။ မိမိ၏ ဗဟုသုတဂုဏ် ပရိယတ္တိဂုဏ် သီလဂုဏ်တို့ကိုကား လူသာမဏေများကိုလည်း ပြောကြားနိုင် ပြောကြားကောင်းပါသည်။ (ဤကား အဌကထာ ဋီကာတို့၌ လာသော အဓိပ္ပါယ်များ ဖြစ်ပါသည်။)

အထက်ပါ အဌကထာ ဋီကာများကို ထောက်ထား၍ အရိယာဟုတ် မဟုတ် အရိယာ စစ် မစစ်ကို စစ်ဆေးစမ်းသတ် အကဲခပ်နိုင်ကြပါသည်။ ရဟန်းတော်များအတွက်မှာကား "ဥတ္တရိမနုဿဓမ္မ" တရားထူး တရားမြတ်များကို တကယ်မရဘဲလျက် ရသည်ဟု ပြောလျှင် ပါရာဇိကအာပတ်၊ တကယ်ရ၍ ရသည်ဟု ပြောလျှင် ပါစိတ်အာပတ်သင့်ပါသည်။ လုံးလုံးမပြောကောင်းသော စကားမျိုး ဖြစ်ပါသည်။ အမှန်မှာ အရိယာဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ပယုတ္တဝါစာခေါ် ကာယဝိညတ် ဝစီဝိညတ်နှင့်တကွ အရိပ်အရောင်ပြ၍ သိုင်းဝိုင်းဆွဲငင်သော စကားမျိုးကို မပြောဆိုသင့်ပါ။ သူတော်ကောင်းတို့ အလွန်စက်ဆုပ်သော စကားမျိုး ဖြစ်ပါသည်။

သတ္တဝါတို့မှာ တပ်မက်မှု 'တဏှာ' ထောင်လွှားမှု 'မာန' မှားယွင်းစွာ ယူဆမှု 'ဒိဋ္ဌိ' ဆိုသည့် သံသရာကို ချဲထွင်နေသော တရားသုံးပါးတို့၏ လှည့်စားမှုကို ခံနေကြရသည်။ သံသရာမှ ထွက်မြောက်လိုသည်ဟု အကြောင်းပြ၍ တရားအားထုတ်နေသူတို့မှာ သံသရာကို ချဲထွင်နေသည့် တရားသုံးပါးတို့၏ လှည့်စားမှု ခံနေရသည်ကို မသိရှိကြပါ။ မိမိတို့ကိုယ်ကို မိမိတို့ အထင်ကြီးမှု မညနာခေါ် ထိုပပဉ္စတရားတို့၏ နယ်ပယ်တွင် ဝဲလယ်နေရသည်ကို မသိရှိကြဘဲ မဂ်သံဖိုလ်သံပေး၍ဌင်း တဆင့်ပေါက် နှစ်ဆင့်ပေါက် ပေါက်၍ဌင်း အရိယာ

http://www.dhammadownload.com

ရဟန္တာဖြစ်၍၎င်း အမျိုးမျိုး ကြွေးကြော်နေကြခြင်းမှာ အလွန်ပင် သနား စရာ ကောင်းလှပါသည်။

ဗုဒ္ဓုပ္ပါဒနဝမခေတ်ကောင်းကြီးနှင့် ကြုံတွေ့ရသည့်အခိုက် ဆရာကောင်း သမားကောင်းနှင့် ဆည်းကပ်နေရသည့်အခါ မိမိတို့ သမာဓိပညာဓာတ်ခံရှိ သည့်အလျောက် မိမိတို့လုံလ ဝီရိယစွမ်းနိုင်သမျှ အခါသင့်၍ အခွင့်ကြုံသော အခါ တရားရှာမှီးကြခြင်းမှာ သူတော်ကောင်းတို့ နှစ်သက်သော အလုပ်ဖြစ်၍ ချီးကျူးရမည်သာ ဖြစ်ပါသည်။ မက္ခ, ပဋာသ, မာယာ, သာဌေယျ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ,နိပ္ပေသိကစသော အကုသိုလ် အယုတ်တရားမျိုး တွေ အနားသို့ မသီစေဘဲ မိမိ၏ ရင့်ကျက်လာသော ဣန္ဒြေ သမာဓိ ပညာ တရားမျိုးကိုသာ တဖြေးဖြေး ရင့်ကျက်သည်ထက် ရင့်ကျက်လာအောင် ကြိုးစားလျက် တိုးပွါးမှုကိုသာ အာရုံစိုက်သွားရပါမည်။ ဘာရပြီ ညာရပြီ စသည်ဖြင့် အထင်ကြီးပြီး ကြွေးကြော်နေဘို့ မလိုပါ။ သူတော်ကောင်းများ စက်ဆုပ်သော အလုပ်ဖြစ်၍ ရှောင်ရှားသင့်ပါသည်။

အာသာယ ဒုက္ခိတာ ပဇာ ဆိုသည့်အတိုင်း လောက၌ တွယ်တာမြတ်နိုးစရာ အာရုံရှိသမျှတွေကို တဖြေးဖြေး ခေါင်းပါးပြတ်တောက်စေ၍ သတ္တိယာ ဝိယ ဩမဋ္ဌော=ရင်ဝလှံစူး ဥသျောင် မီးလောင်သူကဲ့သို့ သံသာရဘယ နိဗ္ဗိန္ဒဉာဏ် အမြဲထင်မြင်စေကာ ဣန္ဒြေ တဖြေးဖြေး ရင့်ကျက်သွားအောင် ကြိုးစားက အမှန်အကျိုးများပါလိမ့်မည်ဟု ညွှန်ကြားလိုက်ရပါသည်။

ဓာတ်ဆရာကြီး ဦးပိုနှင့် သာသနာ

ဓာတ်ဆရာကြီး ဦးပိုအကြောင်းကို အနည်းငယ် ဖော်ပြလိုပါသည်၊ ဓာတ် ဆရာကြီးဦးပိုသည် မုံရွာစီရင်စု အလုံမြို့နယ်အဝင်အပါ မြို့ပေါ် ရွာတွင် ဘွားမြင် လေသည်၊ ဆေးကျမ်း ဓာတ်ကျမ်းတို့ကို ကျွမ်းကျင်တတ်မြောက်၍ အထူး အားဖြင့် သူနာတို့အား ဓာတ်စာပေး၍ ကုသခြင်းဖြင့် ပျောက်ကင်းသူများ သောကြောင့် မန္တလေးရတနာပုံ ပဌမမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး ရွှေလက်ထက်တော်တွင် ဓာတ်ဆရာကြီး ဦးပို ဟူသော အမည်ဖြင့် ထင်ရှားကျော်စောလေသည်။

၎င်းဓာတ်ဆရာကြီးဦးပို၏ အယူဝါဒမှာ အဌကထာဆရာ ရှင်မဟာဗုဒ္ဓ-ဃောသက မြတ်စွာဘုရားသာသနာတော် ငါးထောင်ထားခဲ့ကြောင်းနှင့် ဖွင့်ဆို ခြင်းမှာ မမှန်ကန်၊ သာသနာတော် ငါးရာသာလျင် ထားကြောင်းကို စူဋ္ဌဝါ ဘိက္ခုနီခန္ဓကပါဋ္ဌိတော် အထင်အရှားရှိသည်၊ ထို့ကြောင့် ယခုအခါ ရဟန်း

http://www.dhammadownload.com

လည်း မရှိ၊ ရှိသော ရဟန်းတို့လည်း ရဟန်းမဟုတ်၊ အတုအပသာဖြစ်ကြသည်ဟု မြို့တွင်း မြို့ပြင် ရောက်ရာ အရပ်တိုင်းတို့မှာ အထင်အရှား ဟောပြောလေသည်။

သက္ကရာဇ် ၁၂၃၂-ခုနှစ်တွင် ရတနာပုံရွှေမြို့တော် အနောက်မျက်နှာ ရဟိုင်းစျေးအနီး အလှူမဏ္ဍပ်တခုဌ် တရားနာရန် ရောက်လာကြသော မင်းမိန်းမ မင်းယောကျ်ား မှူးသား မတ်သား ကတော် မယား ကုန်သည်ပဲ့စား ပရိသတ် စုံလင်သည့်အခါ ဓာတ်ဆရာကြီးဦးပိုလည်း ရောက်ရှိနေသဖြင့် အထက်ကနည်း အတိုင်း သာသနာတော် အနှစ်ငါးထောင်ထားခဲ့သည် မဟုတ်၊ အနှစ်ငါးရာ သာလျှင် ထားခဲ့ကြောင်းမျှားကို အကျယ်တဝင့် ဟောပြောသည်တွင် ပဉ္စမ သင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား သဒ္ဓါတော်မူသော သစ်တော ဝန် မင်းကျော်သိဒ္ဓိပညာ၏ သမီး ကျမ်းဂန်သိမြင် သီလရှင်မယ်စိုးက ဆရာကြီး ဟောပြောသော အရာကား မျှားစွာ မှားယွင်း၍ လွန်ကျူးရာ ရောက်ပါသည်၊ မည်သည့်ကျမ်းဂန်အရ ပြောပါသနည်းဟူ၍ သည်းမခံနိုင်သော စိတ်အမူအရာနှင့် မေးမြန်းသောအခါ မာတုဂါမတို့ကို ရဟန်းပဉ္စင်းပြုရာ၌—

> "ဗြဟ္မစရိယံ၊ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော မြတ်သော သာသနာတော်သည်။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာ တည်ခြင်းရှိသည်။ နဘဝိဿတိ၊ မဖြစ်လတ္တံ့။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ဒါနိ ဣဒါနိ၊ ယခု မာတုဂါမတို့ ရဟန်းပဉ္စင်းပြုရာ၌။ သဒ္ဓမ္မော၊ သူတော်ကောင်းတရားဟု ဆိုအပ်သော သာသနာတော်သည်။ ပဥ္စဝ ဝဿသတာနိ၊ အနှစ်ငါးရာ တို့ပတ်လုံးသာလျှင်။ ဌဿတိ၊ တည်လတ္တံ့"—

ဟု စူဠဝါပါဠိတော် ဘိက္ခုနီခန္ဓက ပဌမဘာဏဝါရ နှာ(၄၄၆)၌ ဟောတော်မူသည်။

သာသနာငါးထောင်ဆိုသော အရာကား ရှင်မဟာဗုဒ္ဓဃောသ အရမ်းမဲ့ထင်သလို ဖွင့်ဆိုခဲ့သော အဋ္ဌကထာစကားမျှသာဖြစ်၍ အကျွန်ုပ်က အယူမမှီနိုင်၊ ပါဠိတော်ရှိသည့်အတိုင်းသာလျှင် မှန်ကန်သဖြင့် ယူဆနိုင်ကြောင်း ပြန်ပြောလေသည်။

သီလရှင်မယ်စိုးက ဦးပိုကို ချေပခြင်း

သီလရှင်မယ်စိုးက ချေပသည်မှာ—အဋ္ဌကထာ ဟူသည်ကား ဘုရားပါဠိတော်၏အနက်ကို မာဂဓပါဠိဘာသာဖြင့် ဖွင့်ဆိုသောကျမ်းဖြစ်သည်၊ ရှင်မဟာဗုဒ္ဓဃောသသည် သမ္မည္ဇုမြတ်စွာဘုရား ဟောတော်မူသော (၁) မဟာအဋ္ဌ

http://www.dhammadownload.com

ကထာ (၂) မူလအဋ္ဌကထာတို့နှင့် (၃) မဟာပစ္စရိအဋ္ဌကထာ (၄) စူဠပစ္စရိ အဋ္ဌကထာ (၅) ကုရုန္ဒီအဋ္ဌကထာ (၆) အန္ဓကအဋ္ဌကထာ၊ (၇) သခ်ေပ အဋ္ဌကထာ (၈) အရိယအဋ္ဌကထာကျမ်းကြီး ရှစ်ကျမ်းရှိခဲ့ရာ ၎င်းအဋ္ဌကထာ ရှစ်ကျမ်းတို့၌ စကားအထပ်ထပ် အကျယ်ဖွင့်ပြသည်ကို မဖွင့်မပြ၊ စကားလည်း အထပ်ထပ် မဆိုတော့ဘဲ ချုံးရုံဖွင့်ပြခြင်းသာလျှင်ဖြစ်သောကြောင့် အရမ်းမဲ့ ထင်သလို ဖွင့်ဆိုသည်ဟု ပုတ်ခတ်စွပ်စွဲခြင်း မပြူထိုက်ပါ။

ဆရာကြီး စေ့စေ့နားထောင်ပါ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာ ခေတ်တထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ်တထောင်၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ခေတ် တထောင်စီ၊ သာသနာငါးထောင်ပတ်လုံးပင် မဂ်ဖိုလ်ရလတ္တံ့၊ ဤကား ဘိက္ခုနီခန္ဓက ဝိနည်းအဋ္ဌကထာဖြစ်ပါသည်၊ ထိုမှတပါးလည်း ဒီဃနိကာယ် သမ္မသာဒနီယသုတ်အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ တို့တွင်လည်း သာသနာ ငါးထောင်ပတ်လုံး တည်လတ္တံ့ဟူ၍ ကျမ်းဂန်အနည်းနည်း လာပါသည်၊ ဆရာကြီး ယခုယူဆ နေသော အယူမှာ လွန်စွာမှားယွင်းနေသောကြောင့် ဆရာကြီး၏ အယူဝါဒကို စွန့်ပစ်လိုက်ပါ။ သာသနာတော်ကို ထိခိုက်လွန်းလှပါသည်ဟု ပြောလေ၏။

ဤသို့ပြောသောအခါ ကျွန်ုပ်ယူဆသောဝါဒက မိထွေးတော် မဟာပဇာပတိ ဂေါတမီအား ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူသည့်အခါမှာ ဟောတော်မူသော ပါဠိတော်အတိုင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်အယူသာလျှင် မှန်ကန်သည်၊ ပါဠိတော်နှင့်မညီသော အဋ္ဌကထာကျမ်းလာကို ယုံကြည်နေသူကား အလွန်ပင် မှားယွင်းရှာကြလေသည်ဟူ၍ ဓာတ်ဆရာကြီး ဦးပိုက ပြန်ပြောလေသည်။

မယ်စိုးက နန်းမတော်ဘုရားထံ တင်လွှာဆက်သခြင်း

ပရိသတ်ဗိုလ်ပုံအလယ်မှာ ကြားသမျှ လူအပေါင်းတို့က ဟုတ်စိုး ထင်ယူ လောက်အောင် အာဘောင် အာရင်းသန်သန်နှင့် ဓာတ်ဆရာကြီး ဦးပို၏ ဟောပြောချက်ပါ စကားများသည် မြတ်စွာဘုရား သာသနာတော်ကြီးကို ထိခိုက်ပုတ်ခတ်ရာရောက်လွန်းလှသဖြင့် သီလရှင်မယ်စိုးက ၎င်းဦးပို ပြောဆိုသမျှ စကားအရပ်ရပ်ကို သံတော်ဦးတင်လွှာ၌ အပြည့်အစုံ ရေးသားပြီးလျှင် နန်းတော် သို့ဝင်၍ အရှင်နန်းမတော် မိဖုရားခေါင်ကြီး ရွှေလက်ဘော်ဆောက် ဆက်သ သည့်အခါ သာသနာတော် ငါးထောင်မဟုတ်၊ **ငါးရာသာ** ဖြစ်သည်၊ ရှင်ရဟန်း တို့လည်း အစစ်မရှိ၊ အတုအယောင်သာ ရှိသည်ဟူသော ဓာတ်ဆရာကြီး ဦးပို ပြောဟောသည့် စကားအဓိပ္ပါယ်များကို ကြားသည့်အခါ နန်းမတော်ဘုရား လည်း အလွန်ပင် စိတ်နှလုံးမချမ်းမသာ ဖြစ်တော်မူလေသည်။

http://www.dhammadownload.com

နန်းမတော်ဘုရားက ဘဝရှင်မင်းတရားကြီးထံ တင်လျှောက်၍ မောင်ပိုကို စုံစမ်းထောက်လှမ်းစေခြင်း

ထိုသို့ စိတ်နှလုံးမချမ်းမသာ ဖြစ်သည့်အလျှောက် သီလရှင် မယ်စိုး၏ တင်လွှာကို မဆိုင်းမတွ၊ပင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား လက်တော်ရောက် အလျင်အမြန် ဆက်သည့်အခါ အရှင်ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင် တင်လွှာကို ကြည့်ရှုပြီးလျှင် ခတ်မဆိတ်နေတော်မူ၍ နောက်တနေ့မှ အထောက် တော်များကို ရွှေတော်ဝင်စေ၍ ဓာတ်ဆရာ ငပိုသည် တင်လွှာတွင်ပါသည့် အတိုင်း လှည့်လည် ဟောပြောနေသည်ဆိုသောသတင်း မှန်, မမှန်၊ မှန်လျှင် သင်း၏အယူဝါဒကို မည်သူတို့က လိုက်နာယုံကြည်နေကြောင်းနှင့်တကွ စုံစမ်း ထောက်လှမ်းပြီးလျှင် ၎င်းထောက်လှမ်းချက်ရသမျှ မှတ်သား၍ သံတော်ဦး တင်စေဟု မင်းတရားကြီးဘုရား အမိန့်တော်ရှိလေသည်။

အမိန့်တော်မြတ်အတိုင်း အထောက်တော်တို့လည်း နေ့ပြည့်တော်အတွင်း လေးပြင်လေးရပ် ရပ်စုကုန်စုနှံ့အောင် စုံစမ်းထောက်လှမ်းပြီးလျှင် ဓာတ်ဆရာ ဦးပို ဟောပြောချက်နှင့်တကွ အသင်းအပင်းပါ လူတို့၏စာရင်းကို ဘဝရှင် မင်းတရားကြီးဘုရား ရွှေလက်တော်ရောက် ဆက်သသည့်အခါ အရပ်ရပ်အကျိုး အကြောင်းမျှားကိုသိရှိတော်မူရသဖြင့် ငါအရှင်ကောဇင်းမြတ်သည် ရတနာ သုံးပါးဌ ယုံကြည်မြတ်နိုးတော်မူသည့်အတိုင်း သာသနာတော်ကို အထူးသဖြင့် ချီးပင့်ပြုစုတော်မူသည်။ ဓာတ်ဆရာ ငပိုကား မြတ်စွာဘုရား၏ သူပုန်အစစ် ဖြစ်သည်။ ငါ့ကို ပုန်ကန်သည်ထက် မြတ်စွာဘုရားကို ပုန်ကန်သောသူကိုကား သည်းခံတော်မူနိုင်မည်မဟုတ်။ သင့်အတွက် အဝီစိမှာ ခါးတောင်းကျိုက်၍ ခံမည်။ သင့်အယူကို စွန့်မစွန့် စစ်ဆေး၍ သင်းနှင့်သဘောတူ အယူရှိသူတို့ ကိုလည်း ဖမ်းဆီးစေ အမိန့်တော် မှတ်လိုက်သည်။

ဓာတ်ဆရာ ဦးပို ရာဇဝတ်သင့်ပြီ

ထိုအခါ ဓာတ်ဆရာကြီး ဦးပိုနှင့်တကွ ၎င်း၏အယူဝါဒကို ယုံကြည်လိုက်နာ သည်ဟု ထောက်လှမ်းချက်ရသော စာရင်းပါလူတို့ကို မြို့ဝန်မြို့စာရေးတို့က ရှာဖွေ ဖမ်းဆီးရသည်။ ၎င်းစာရင်းပါ လူတို့အနက် အချို့မှာ လွတ်ရာလွတ် ကြောင်းဖြင့် သရက်မြို့ ကျောက်တိုင်တောင်ဘက် အင်္လိပ်မင်းပိုင် အောက် မြန်မာနိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးကြသည်။ အချို့သူတို့ကလည်း ရောဂါ ပျောက်ကင်းလိုပါသဖြင့် ဦးပို၏ ဓာတ်စာကို စားမိပါသည်၊ သူ၏အယူဝါဒကို ယုံကြည်ခြင်းအလျှင်းမရှိပါဟု အစစ်ခံကြသည်။ အချို့အချို့သော သူတို့ကလည်း ဦးပို ပြောဟောသည်အခါ ကြားနာဘူးပါသည်။ သို့ရာတွင် သူ၏အယူဝါဒကို

http://www.dhammadownload.com

လိုက်နာယုံကြည်ခြင်းမရှိဘဲ ရဟန်းသံဃာတော် အရှင်မြတ်တို့အား ကိုးကွယ်ဆည်းကပ်၍ မပြတ်လှူဒါန်းလျက် ရှိပါကြောင်းနှင့် အစစ်ခံကြသည်။

ဤအခါ၌ ဓာတ်ဆရာကြီး ဦးပိုနှင့် ပတ်သက်၍ ဆက်ဆံဘူးသူ ဟူသမျှတို့မှာ အသက်ဆံဖျားထား၍ များစွာ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ကြရလေသည်။ ဓာတ်ဆရာကြီး ဦးပိုကိုလည်း မြို့ဝန်ထောင်မှူးတို့က ခေါ်ဆောင်လာပြီး လှတ်တော်ရှေ့ ရောက်သောအခါ အဂ္ဂမဟာသေနာပတိ ဝန်ရွှင်တော် သေနတ်ဝန်ကဲင်းဝန် လယ်ကိုင်းမြို့စား မင်းကြီး မဟာစည်သူကိုယ်တိုင် စစ်မေးရာ မိမိလှည့်လည်ဟောပြောသည့်အတိုင်း ကယ်ထောင့်ခြင်းမရှိဘဲ ထွက်ဆိုသည့်အပြင် မိမိယူဆသော ဝါဒသာလျှင် ပါဠိတော်ရှိတိုင်း မှန်ကန်သည်ဟူ၍ ဓာတ်ဆရာကြီး ဦးပိုက အစစ်ခံလေသည်။

ဤအခါ ဆရာကြီး၏ အယူဝါဒကား လွန်စွာ သည်းရင့်လွန်းပါသည်။ ဤအယူကို စွန့်လိုက်က ကောင်းပါမည်ဟု ပြေပြစ်သိမ်မွေ့စွာ လမ်းကြောင်းပြပြီး လျှင် ကင်းစဉ် ဝန်ထောက်မင်းက ပြောဆိုရာ (ထိုအခါက ကင်းဝန်မင်းကြီးမှာ ကင်းစဉ် ဝန်ထောက်လောက်ဟင် ရှိသေးသည်) ဓာတ်ဆရာကြီး ဦးပိုက ပါဠိတော် ထင်ရှားရှိလျက်နှင့် ရှင်ဗုဒ္ဓဃောသ အရမ်းမဲ့ ထင်သလို ဖွင့်ဆိုခဲ့သော အဋ္ဌကထာ စကားကို အကျွန်ုပ် မယူနိုင်ပါ။ အသက်ကို စွန့်မည်၊ အယူကို မစွန့်လို၊ ဘုရားအယူတော်နှင့် သေရလျှင် မြတ်သည်။ မောင်တို့က သတ်လိုသော ဆန္ဒရှိလျှင် ယခုပင် သတ်ပါတော့ဟူ၍ လှတ်တော်အရာရှိကြီးတဦးကို အရိုအသေကင်းမဲ့လျက် ဂုဏ်ရည်တူ လူချင်း ပြောဆိုဘိသကဲ့သို့ တင်းတင်းမာမာ ပြောဆိုလိုက်သည်တွင် အရှည်လေးထောင်ခန့် အချင်းထိပ်ဝ တလက်မခန့်ရှိ ကြိမ်ဖြင့် ချက်ရေမျှားစွာ ရာဇဒဏ်ခတ်ခြင်းကို ခံရလေသည်။ ထိုအခါ အသက် (၆၀) ကျော် အရွယ်ရှိသော ဓာတ်ဆရာကြီး ဦးပိုသည် လှတ်တော်ရှေ့မှာပင် စုတိစိတ် ကျ၍ ဘဝတပါးသို့ ပြောင်းသွားရပါသည်။

ဓာတ်ဆရာကြီး ဦးပို စစ်ဆေးဆဲအတွင်း လက်လွန်ရှိကြောင်းနှင့် ဘဝရှင်မင်းတရားကြီးဘုရား ရှေ့နားတော်ကြား ရှိခိုးသံတော်ဦးတင်ရာ "ငပိုသည် မိစ္ဆာဒိဋ္ဌိ အယူဝါဒကို လှည့်ပတ်ဟောပြောသူ ဖြစ်သည်။ သင်း၏ အယူဝါဒအတိုင်း လိုက်နာယုံကြည်ခြင်း ရှိကြက သတ္တဝါအပေါင်းတို့မှာ မိစ္ဆာဒိဋ္ဌိချည်းသာ ဖြစ်ရန် ရှိတော့သည်။ ကမ္ဘာပျက်ခါနီးဆဲဆဲ၌ ပဥ္စာနန္တရိယကံ ငါးပါးတွင် တပါးပါး သင့်ရောက်၍ အဝီစိမှာ ခံရသော်လည်း ကမ္ဘာပျက်လျှင် အဝီစိမှ လွတ်သေးသည်။ မိစ္ဆာဒိဋ္ဌိကို ယူကုန်သော သတ္တဝါတို့ကား ကမ္ဘာပျက်သော်လည်း အဝီစိမှ မလွတ်ဘဲ အခြားကမ္ဘာသို့ ပြောင်း၍ ခံရလေသည်။ ဤမျှလောက် ကြီးလေးသော မကောင်းမှု အကုသိုလ်ကံကြီးဖြစ်၍ နောင်ကို သင်း၏

http://www.dhammadownload.com

အယူကဲ့သို့ မပေါ်ပေါက်ခဲ့အောင် ကြောက်ရွံ့စေခြင်းငှါ ငပိုကို ထင်ရှားစွာ ကားတင်၍ ထားစေ"ဟု အမိန့်တော် ရှိသည်။

ဤသို့ ဘဝရှင် မင်းတရားကြီး၏ အမိန့်တော်မြတ်အတိုင်း ရတနာပုံ ရွှေမြို့တော် အနောက်မျက်နှာ ပုဏ္ဏကုန်းသင်းချိုင်း အနောက်ရေကြည် တံခါးလမ်း မြောက်ဘက်နံဘေး၌ ခေတ်ဆရာကြီး ဦးပိုင်၏ ရုပ်အလောင်းကို တောင်ဘက်သို့ မျက်နှာမူ၍ လက်ဝါးကပ်စင်၌ ကားတင်လျက် သံတံကျင်လျှို့ခံရရှာလေသည်။ ထိုကားစင်ကြီးမှာ ဝါဆို-ဝါခေါင် ရောဝတီမြစ်ရေ တိုးလာသောအခါ မြစ်ရေတို့က ဝေ့သဖြင့် ရေထည်းသို့ မျောပါသွားသည်ဟု သိရပါသည်။ ခေတ်ဆရာကြီး ဦးပိုသည် ပုဂ္ဂလပညတ်ခေတ်ကျမ်းကို အမှီပြု၍ ဆေးကုသည်။ ထိုနည်းကို အုတ်ဖိုလ်ဆရာတော်ကြီးနှင့် စလေ ဦးပုညတို့လည်း တတ်ကျွမ်းကြသည်ဟု ပြောကြသည်။ အောက်ပြည်သို့ ပြေးလာကြသော တပည့်သားမြေး အဆက်မျှားက ထိုနည်းအတိုင်း ယခုအခါ ဆက်လက်ကုနေကြဆဲပင် ဖြစ်သည်။ နေလဝိဇ္ဇာဂိုဏ်းမှာ ထိုဆရာကြီး၏ နည်းနာပင် ဖြစ်သည်ဟု ပြောကြပါသည်။

အဋ္ဌကထာ ဆရာကြီးနှင့် သာသနာ

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်
(၂) သုက္ခဝိပဿကရဟန္တာခေတ် တထောင်
(၃) အနာဂါမ်ခေတ် တထောင်
(၄) သကဒါဂါမ်ခေတ် တထောင်
(၅) သောတာပန်ခေတ် တထောင်

ဤသို့ သာသနာငါးထောင်(၅၀၀)ဖြစ်သည်။ "ငါဘုရားသာသနာတော်ကို မာတုဂါမများ မဝင်ရောက်လာလျှင် သာသနာတော်သည် အနှစ်တထောင်တည်ရာ၏"ဟု မြတ်စွာဘုရား ဟောတော်မူခြင်းသည် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်၏ အစွမ်းဖြင့် ဟောတော်မူခြင်း ဖြစ်သည်။ ထို့ထက်အလွန် သုက္ခဝိပဿကရဟန္တာခေတ်, အနာဂါမ်ခေတ်, သကဒါဂါမ်ခေတ်, သောတာပန်ခေတ် တထောင်စီ ငါးထောင်ကြာအောင်တည်လတ္တံ့၊ ပရိယတ္တိသာသနာလည်း ထို့အတူ ငါးထောင်တည်လတ္တံ့။ ရဟန်းအသင်းကား ပရိယတ္တိသာသနာ ကွယ်ပျောက်သော်လည်း ကြာမြင့်စွာတည်နေဦးလတ္တံ့။ ဤကား စူဠဝါ ဘိက္ခုနီခန္ဓက ဝိနည်း အဋ္ဌကထာ၊ နှာ(၁၂၇) အလိုဖြစ်ပါသည်။

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်
(၂) ဆဠဘိညရဟန္တာခေတ် တထောင်
(၃) တေဝိဇ္ဇရဟန္တာခေတ် တထောင်

http://www.dhammadownload.com

(၄) သုက္ခဝိပဿကရဟန္တာခေတ် တထောင်

(၅) ပါတိမောက္ခခေတ် တထောင်

ဤကား ဒီဃနိကာယ် သမ္မသာဒနီယသုတ် အဋ္ဌကထာ နှာ(၈၃)နှင့် သံယုတ် အဋ္ဌကထာတို့ အလိုဖြစ်ပါသည်။

(၁) ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တထောင်

(၂) ဆဠဘိညရဟန္တာခေတ် တထောင်

(၃) တေဝိဇ္ဇရဟန္တာခေတ် တထောင်

(၄) သုက္ခဝိပဿကရဟန္တာခေတ် တထောင်

(၅) အနာဂါမ် သကဒါဂါမ် သောတာပန်ခေတ် တထောင်

ဤကား အင်္ဂုတ္တရအဋ္ဌကထာနှာ(၆၇)နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာတို့ အလိုဖြစ်ပါသည်။ အဋ္ဌကထာဆရာတဦးတည်းက သာသနာငါးထောင်ယူဆပုံ အမျိုးမျိုးပြနေသဖြင့် အချင်းချင်းဆန့်ကျင်မနေပြီလောဟု မေးစရာရှိပါသည်။ ခန္ဓကဆောင်ပုဂ္ဂိုလ်တို့၏ အလိုသို့လိုက်၍ ဖွင့်ဆိုရသဖြင့် ဤသို့ အမျိုးမျိုးဖြစ်နေသော်လည်း တရားကိုယ်အရမှာ သာသနာငါးထောင်ပင်ဖြစ်၍ မဆန့်ကျင်ဟု ဆိုရပါသည်။

လယ်တီဆရာတော်နှင့်သာသနာ

သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မဝိနယေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇံ၊ စိရဋ္ဌိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ၊ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ—

ဟူသောပါဠိတော်စကား၌ အဓိပ္ပါယ်ကား အနှစ်တထောင်တိုင်အောင် ပြည့်စုံစွာတည်ခြင်းကို "ဝဿသဟဿံ တိဋ္ဌေယျ"ဆိုသည်။ ထိုစကားကို ထင်ရှားစေဦးအံ့။ ဗုဒ္ဓဘာသာ သာသနာတော်၏ ပြည့်စုံခြင်းမည်သည် အရိယာပုဂ္ဂိုလ် လေးမျိုးတို့နှင့် ပြည့်စုံခြင်း ဖြစ်၏။ အရိယာပုဂ္ဂိုလ် လေးမျိုးဆိုသည်ကား— သုက္ခဝိပဿကအရိယာပုဂ္ဂိုလ်မျိုး၊ တေဝိဇ္ဇအရိယာပုဂ္ဂိုလ်မျိုး၊ ဆဠဘိညအရိယာပုဂ္ဂိုလ်မျိုး၊ ပဋိသမ္ဘိဒါပတ္တအရိယာပုဂ္ဂိုလ်မျိုး၊ ဤလေးမျိုးတို့ပေတည်း။

"ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ" ဆိုသည်ကား အနှစ်တထောင်မျှသာ ပြည့်စုံစွာတည်ရာ၏။ အနှစ်တထောင်မှ နောက်၌ ဆုတ်ယုတ်လျော့ပါး၍ သွားရာ၏ ဟူ၍ ဆိုလိုပေသည်။ အနှစ်တထောင်ပြည့်သည့် နေ့ရက်မှာ တချက်တည်း အကုန်ကွယ်ပျောက်ရာ၏ဟု ဆိုလိုသည်မဟုတ်။ အနှစ်တထောင်ပြည့်သည်မှ နောက်၌ ဗုဒ္ဓဘာသာ သာသနာမှာ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်မျိုး မရှိပြီ ဆုတ်ယုတ်

http://www.dhammadownload.com

လေ၏၊ထို့နောက် ကာလကြာညောင်းလတ်သော် ဆဋ္ဌဘိညပုဂ္ဂိုလ်များ ဆုတ်ယုတ်လေ၏၊ ထို့နောက် တေဝိဇ္ဇပုဂ္ဂိုလ်များ၊ ထို့နောက် သုက္ခဝိပဿကအရိယာပုဂ္ဂိုလ်များ အစဉ်အတိုင်း ဆုတ်ယုတ်လေ၏။ ဤသို့လျှင် အနှစ်တထောင်မျှသာ ပြည့်စုံစွာတည်ရာ၏။ အနှစ်တထောင်ကျော်လျှင် ပြည့်စုံစွာ မတည်နိုင်ဘဲ ဆုတ်ယုတ်, လျော့ပါး၍ သွားလေရာ၏ဟု ဆိုလိုရင်း အမှန်ဖြစ်သည်။

လောကဌ် အချို့သော သူတို့သည်ကား "ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ" ဟူသော စကားသည် မြတ်စွာဘုရား ပြဋ္ဌာန်းချက် ထားခဲ့သော ဗျာဒိတ်စကားတော်ကြီးဟု ထင်မှတ်၍ တထောင်မှ နောက်၌ တနေ့တရက်မျှ သာသနာသက်မရှိပြီ သာသနာခေတ်မရှိပြီ၊ သာသနာခေတ်မရှိကလျှင် သိမ်ဟူ၍ မရှိပြီ၊ သိမ်မရှိကလည်း ရဟန်းဟူ၍မရှိပြီ၊ ယခုကာလ ရှိနေကြသော ရဟန်းများသည် ဗုဒ္ဓဘာသာ သာသနာရဟန်းစစ် မဟုတ်ကြ၊ ရဟန်းတု ရဟန်းယောင် များသာ ဖြစ်ကြလေသည်ဟု ခိုင်မြဲစွာယူကြ ပြောဆိုကြကုန်၏။ဤ"ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ" ဟူသော ပါဠိစကားသည်ကား ပြဋ္ဌာန်းချက်ထားသော စကားတော်များပင် မဟုတ်၊ ဗျာဒိတ်စကားများပင် မဟုတ်၊ ဝိနည်းပညတ်ချက် အာဏာစက် စကားများလည်း မဟုတ်။တိုက်ဆိုင်ရာ အရေးအခွင့်မှ အကြောင်းအားလျော်စွာ ဆက်လက်၍လာသော .ဓမ္မကထာ ဒေသနာစကားများသာ ဖြစ်၏။

သာသနာနှစ်မည်သည်လည်း ပိုင်းပိုင်းခြားခြား ပြဋ္ဌာန်းချက်နှင့် ထားရသော အရာများပင်မဟုတ်။ ခေတ်ကာလသမယနှင့် သာသနာပြုပုဂ္ဂိုလ်အဆက်ဆက်တို့၏ အစွမ်းသတ္တိအလိုက် တည်ရှိရသော အရာများပေတည်း။

ထို့ကြောင့် အဆက်ဆက် သံဂါယနာတင်ခြင်း သာသနာပြုပုဂ္ဂိုလ်ခန့်ထားခြင်း တိုင်းတပါး နိုင်ငံတပါးတို့သို့ သာသနာပြုပုဂ္ဂိုလ် စေလွှတ်ခြင်းတို့ကို အစဉ်အဆက် ဆောင်ရွက်ကြရလေသတည်း။

ဓမ္မာသောကမင်းကဲ့သို့ သာသနာပြုမင်းကောင်း တဦးတဓာတ်ပေါ် ပေါက်လာလျှင် သာသနာအသစ် ထွန်းကား၏။ အရှင်မဟိန္ဒမထေရ်ကဲ့သို့ သာသနာပြုပုဂ္ဂိုလ်ကောင်း တဦးတယောက် ပေါ် ပေါက်လာလျှင် သာသနာပြန့်ပွါး၏။

ထိုမှတပါးလည်း သာသနာမည်သည် ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင်လည်း ဓမ္မဝိနယဟု ဆိုအပ်သော ပိဋကတ်သုံးပုံ ပရိယတ္တိ-သာသနာတော်မြတ်ကြီးသည် အမြစ်ပင်မကြီးဖြစ်၏။ မြတ်စွာဘုရားသည် ပရိ-နိဗ္ဗာန် စံတော်မူခါနီးတွင်—

http://www.dhammadownload.com

"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"---

ဟူ၍ ထိုပရိယတ္တိ သာသနာတော်မြတ်ကြီးကိုပင်လျှင် ကိုယ်တော်မြတ်၏ နေရာ၌ ကိုယ်စားလှယ် ကိုယ်စားခန့်ထားခဲ့လေပြီ။ ထို့ကြောင့် ထိုပရိယတ္တိ သာသနာတော်မြတ်ကြီးရှိခဲ့လျှင် မြတ်စွာဘုရား ရှိသည်ပင်မည်၏။ ထိုပရိယတ္တိ သာသနာတော်ကြီးသည် ယခုအခါ ဤလောကတွင် နေလအသွင် မျက်မြင်ဒိဋ္ဌ ထင်ရှား ရှိနေလေပြီ။

ပဋိပတ္တိသာသနာတော်မြတ်ကြီး ပဋိဝေဓသာသနာတော်မြတ်ကြီး နှစ်ပါးသည် အမြစ်ပင်မကြီးမှ ပေါက်ပွါးကြသော အကိုင်းအခက် အရွက်အညွှန့် အပွင့် အသီးများဖြစ်ကြ၏။

ထိုပရိယတ္တိသာသနာတော်ကြီးမှ ပေါက်ပွါးကြသော သဒ္ဓါလ သမာဓိ ပညာ သိက္ခာသုံးပါးဟူသော ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာကြီးများသည်လည်း ယခုလောကတွင် ယုံကြည်လေးမြတ် ဆည်းကပ်ကျင့်ကြံ ရည်သန်တောင့်တလျက် နေလအသွင် ထင်ပေါ်ထင်ရှားလျက် ရှိနေကြ၏။ အမြစ်ပင်မကြီးနှင့် အကိုင်းအခက် စသည်တို့၌ အမြစ်ပင်မကြီးသည်သာလျှင် ထာဝရခိုင်မြဲတတ်၏၊ အကိုင်းအခက်စသည်တို့မှာမူကား ပြုစုသူ ဖျက်ဆီးသူတို့၏ အတွက်ငင်း မိုးကောင်းမှု မိုးခေါင်မှုအတွက်ငင်း ဖြစ်လွယ် ပျက်လွယ် ရှိတတ်ကြကုန်၏။

အနှစ်တထောင်မှ နောက်၌ တန္ဒေတရက်မျှ သာသနာသက်မရှိပြီ၊ သာသနာခေတ်မရှိပြီဟု ခိုင်မြဲစွာ ပြောဆိုကြသောသူတို့သည်မူကား ဤလောက၌ နေကို နေဟူ၍မသိကြ၊ လကို လဟူ၍မသိကြသဖြင့် လောကမှာ နေဟူ၍မရှိပြီ၊ လဟူ၍ မရှိပြီဟု ဆိုကြသူများနှင့် အလားတူကြကုန်၏။

အမြစ်ပင်မကြီးနှင့် အကိုင်းအခက်ဥပမာအတိုင်း ပြုစုသူ ဖျက်ဆီးသူ ကောင်းစွာကျင့်ကြသူ မကျင့်ကြသူတို့အတွက် သာသနာတော်မြတ်ကြီးသည် ရံခါရံခါ ထွန်းကားခြင်း ရံခါရံခါ မှေးမှိန်ခြင်း အရိယာပုဂ္ဂိုလ်များ ရံခါရံခါ ပေါ် ပေါက်ခြင်း ရံခါရံခါ ပပျောက်ခြင်း ဆုတ်တုံတက်တုံ တက်တုံဆုတ်တုံ သွားလတ္တံ့။ အဋ္ဌကထာဆရာကြီးတို့ကား အနှစ်ငါးထောင်ကို အမှန်ပြုကြကုန်၏။ ပါဠိတော်နှင့် အလျော်ပင်ဖြစ်၏။ လိုရင်းအချုပ်မှာမူကား လောက၌ ပါဠိစကား တတ်ကျွမ်းသူများနှင့် ပိဋကတ်သုံးပုံ ပါဠိတော်ကြီး တည်ရှိသမျှကာလပတ်လုံး သာသနာတော်ကြီးသုံးပါး တည်ရှိသည်သာဟု ယုံကြည်ထိုက်၏။

ငါးထောင်ဟူသည်လည်း လူ့ပြည်၌ အပိုင်းအခြားပေတည်း။ အထက်နတ်ပြည်တို့၌မူကား သာသနာတော်မြတ်ကြီးသည် အနှစ် ငါးထောင်မျှမက

http://www.dhammadownload.com

ငါးသိန်းမျှမက တည်ရှိရာလတ္တံ့ ။ အကြောင်းမူကား ဘုရားရှင်လက်ထက်တော် အခါက သောတာပန်ပေါင်း ကုဋေကုဋ္ဌာတို့သည် ယခုအခါ နတ်ပြည်၌ ရှိနေကြသောကြောင့် အထက်နတ်ပြည်ခြောက်ထပ်လုံး ဖြာပွားပြည့်အလုံးသည် အရိယာတို့ဖြင့် ပြည့်လျက်ရှိကြ၏။ ယခုအခါ၌ လူ့ပြည်မှ သေလွန်၍ နတ်ပြည်သို့ ရောက်ကြသူများသည် နိုဗ္ဗာန်နှင့် အလွန်နီးစပ်လျက်ရှိကြ၏။

ဤကား လယ်တီဆရာတော်ဘုရားကြီး၏ သာသနာတော်နှင့်စပ်သော ဆုံးဖြတ်ချက်များဖြစ်ပါသည်။

> အာနန္ဒာ မာတုဂါမများ သာသနာတော်၌ ရဟန်းအဖြစ်ကို မရပါလျှင် သာသနာတော်သည် ကြာမြင့်စွာ အနှစ်တထောင်ပတ်လုံး တည်ရာ၏။ မာတုဂါမများ ရဟန်းအဖြစ်ကိုရသောကြောင့် သာသနာတော်သည် ကြာမြင့်စွာ တည်တံ့မည်မဟုတ်၊ အနှစ်ငါးရာတို့သာလျှင် တည်လတ္တံ့။

ဤစကားတော်သည် မြတ်စွာဘုရား၏ ဗျာဒိတ်ထားသော ဗျာဒိတ်စကားမျိုးမဟုတ်။သိက္ခာပုဒ်ပညတ်သော ပညတ်စကားမျိုးလည်း မဟုတ်။ အကြောင်းတိုက်ဆိုင်သလို ပြောဆိုသော ကထာသလ္လာပ စကားမျိုးသာ ဖြစ်ပါသည်။ အမှန်မှာ "အာနန္ဒာ ငါဘုရား၏သာသနာတော်မှာ မာတုဂါမများ ဝင်မလာလျှင် အနှစ်တထောင်လောက် တည်ရာသည်။ ယခုဝင်လာမည်ဆိုလျှင် ငါးရာလောက်သာ တည်မှာပါဘဲ"ဟုဆိုသော စကားမျိုးဖြစ်ပါသည်။

မာတုဂါမများကား ဘေးရန်အန္တရာယ်များလှ၍ သူတို့မရှိလျှင်သာသနာကြာရှည်မည်။ သူတို့ရှိနေလျှင်တော့ ကြာရှည်မည်မဟုတ်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ဂရုစိမ်ရှစ်ပါးနှင့် ပြန်၍ချုပ်ကိုင်ထားရသည်။ ဤသဘောမျိုးကို မတွေးဆဘဲ အဋ္ဌကထာဆရာက ဖြစ်သင့်သလို ဝေဘန်ပြသည်ကိုလည်း မယုံကြည်နိုင်၊ လိပ်ခဲတင်းလင်း ယူဆမိသဖြင့် ဓာတ်ဆရာကြီး ဦးပိုမှာ ထုဇဝတ်ပြစ်ဒဏ် ခံသွားရရှာသည်။

> ဘိက္ခုနှင့် ဘိက္ခုနီ၊
> သာသနာအသက်တမ်း ခွဲစမ်းပညာ။
> နှစ်ပါးစီ တူညီသည် မဟုတ်လား၊
> ဘယ်ခေတ် ဘယ်အခါနှင့် ဘယ်ရာဇာ ဘယ်လက်ထက်မှာ
> ပျောက်ပျက်လို့သွား။

မန္တလေးမြို့မှ စာချဆရာတော်တပါးက စာမေးပွဲတခုတွင် အထက်ပါအတိုင်း ပုစ္ဆာတခုမေးခဲ့ပါသည်၊အတိအကျလည်း မသိရှိရသည်နှင့်ရော်ရမ်းမှန်းဆ၍သာ

http://www.dhammadownload.com

ဖြေခဲ့ရသည်၊ သဘောလည်း မကျခဲ့ပါ။ ထို့နောက် အဖြေကို ပုစ္ဆကဆရာတော်အား မေးလျှောက်ဘို့ စိတ်ကူးခဲ့သော်လည်း မလျှောက်ဖြစ်ခဲ့ပါ၊ ထိုဆရာတော်မှာလည်း ယခုပုံလွန်သွားပြီဖြစ်၍ မတင်မကျပင် ဖြစ်ခဲ့ရသည်။

ဘိက္ခုနှင့် ဘိက္ခုနီသာသနာ အသက်တမ်းများ ခွဲခြား၍ ထားသည်ကိုကား မတွေ့ရပါ။ "မာတုဂါမများသာ သာသနာဝင်လျှင် တထောင်တည်မှာ ငါးရာဘဲ တည်တော့မှာဘဲ" ဆိုသည့် ပါဠိတော်စကားကိုထောက်၍ ဘိက္ခုနီမ သာသနာငါးရာဟု ပြောကြသည်။ မာတုဂါမများ သာသနာဝင်လျှင် ငါးရာ တည်မည်။ နောက်ထပ် ဂရုခမ်ရှစ်ပါးနှင့် တားဆီးထားသဖြင့် ငါးရာထပ်တည်မည်ဟူသော အဋ္ဌကထာစကားကို ထောက်ထား၍ ဘိက္ခုနီမ သာသနာ တထောင်ဟူ၍လည်း ပြောကြသည်။

ထိုတထောင်ကိုလည်း ပဋိသမ္ဘိဒါပတ္တခေတ်-သုက္ခဝိပဿကခေတ် စသည်ဖြင့် အဋ္ဌကထာဆရာကြီးက ငါးထောင်ဝေဘန်ပြသဖြင့် ဘိက္ခုနီမသာသနာလည်း ငါးထောင်ပင် ဖြစ်ဘို့ရှိပါသည်။ ဘယ်ခေတ် ဘယ်အခါ ဘယ်ရာဇာ ဘယ်မင်းလက်ထက်မှာ ဘိက္ခုနီမသာသနာ အဆက်ပြတ်သွားသည်ကိုကား မမှတ်သားမိပါ။

သထုံပြည် သောဏ ဥတ္တရထေရ်တို့ သာသနာပြုရောက်စဉ်အခါ သာသနာ ၂၃၆-ခုနှစ်လောက်က ဘိက္ခုနီမများ ရှိသေးသည်ဟု တွေ့ရှိရပါသည်။ ဘိက္ခုနီမ သာသနာ အဆက်ပြတ်သွားသော အကြောင်းကို မှတ်သားမိသူများရှိ၍ ထုတ်ဖော်ပြလျှင် ဗဟုဿုတအဖြစ် မှတ်သားလိုပါသည်။

အဋ္ဌကထာဆရာကြီးက ကာလရှည်လျားသွားသောအခါ သတ္တဝါတို့ သမာဓိပညာ သဒ္ဓါ ဆန္ဒ ဝီရိယအားဖြင့် ဆုတ်ယုတ်သွားမည်ဖြစ်၍ အရိယာအဆင့် အတန်းလည်း တဖြေးဖြေးနိမ့်ကျကာ ပဋိသမ္ဘိဒါပတ္တမှ သုက္ခဝိပဿက၊ ထိုမှ အနာဂါမ် သကဒါဂါမ် သောတာပန် စသည်ဖြင့် ဆုတ်ယုတ်သွားမည်ကို မြော်မြင်လျက် ခန္ဓကဆောင်တို့၏အလိုနှင့် မဆန့်ကျင်စေဘဲ သာသနာငါးထောင်ကို အမျိုးမျိုးခွဲခြမ်း ဝေဖန်၍ပြသွားသည်။ ထိုသို့ပြသွားသော်လည်း သာသနာမှာ ပရိယတ်သည် အရေးကြီးဆုံး ပင်မဖြစ်၍ ပရိယတ်ရှိနေသ၍ ကာလပတ်လုံး အကိုင်းအခက် အပွင့်အသီးနှင့်တူသော ပဋိပတ္တိ ပဋိဝေဓတို့လည်း ရှိနေမည်သာ ဖြစ်သည်။ ထို့ကြောင့် ပရိယတ္တိသာရှိနေလျှင် သာသနာသည် ငါးထောင်မက ငါးသောင်းမက ရှည်ချင်သလောက် ရှည်သွားနိုင်သည် ဆိုသည့်အချက်ကို—

န ဟိ ပရိယတ္တိယာ အသတိ ပဋိဝေဓော အတ္ထိ၊
နာပိ ပရိယတ္တိယာ သတိ ပဋိဝေဓော န ဟောတိ။

http://www.dhammadownload.com

ထိုစကားသည် မှန်၏၊ ပရိယတ်မရှိသည်ရှိသော် ပဋိဝေဓသည် မရှိနိုင်။ ပရိယတ်ရှိသည်ရှိသော် ပဋိဝေဓသည် ရှိ၏။

ဟူ၍ အဌကထာဆရာကြီးကိုယ်တိုင် နောက်နားတွင် ဝန်ခံထားပါသည်။

"ပရိယတ်ရှိနေသရွှေကာလပတ်လုံး သာသနာအမြဲရှိသည်" ဟူသောအချက်ကိုလည်း ပညာရှင်အများတို့က လက်ခံထားပြီးဖြစ်ပါသည်။ လက်ခံထားသည့်အတိုင်းလည်း ယခုသာသနာတော် ထင်ထင်ရှားရှား ရှိနေသည်ကို အများတို့မျက်မြင်ဒိဋ္ဌပင် မဟုတ်ပါလော။

သာသနာတော် ဆုတ်ယုတ် ကွယ်ပကြောင်းများကို မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ်ဒုကနိပါတ် နှာ(၆၀)တွင်—

ဒွေမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။ ကတမေ ဒွေ၊ ဒုန္နိက္ခိတ္တံ စ ပဒဗျဉ္ဇနံ အတ္ထော စ ဒုန္နိတော—

စသည်ဖြင့် ပုဒ်ဗျည်း အက္ခရာတို့ကို မကောင်းသဖြင့်ထားခြင်း, ပုဒ်ဗျည်းပျက်သဖြင့် အနက်ကို အသိခက်ခြင်း, ရဟန်းတို့ တရားကိုမနာခြင်း, တရားကိုမသင်ခြင်း, မဆောင်ခြင်း, အနက်အဓိပ္ပါယ်ကို မစုံစမ်း မဆင်ခြင်ခြင်း, သူတပါးတို့အား အကျယ်မဟောကြားခြင်း မပို့ချခြင်း, ရွတ်ဖတ်သရဇ္ဈာယ်မှုကိုမပြုခြင်း-စသည်တို့သည် သာသနာဆုတ်ယုတ်ကွယ်ပျောက်ခြင်း၏ အကြောင်းဖြစ်သည်ဟု ဟောတော်မူခဲ့ပါသည်။ ထိုဆုတ်ယုတ် ကွယ်ပကြောင်းများတွင် ပရိယတ်နှင့် စပ်သော အကြောင်းများသာ အများအပြား ပါဝင်ပါသည်။ ထိုမှပြန်၍ တရားကိုနာခြင်း သင်ခြင်း ဆောင်ခြင်း စသည်ကိုပြု၍ သာသနာတော် မပျောက်ပျက် မကွယ်ပရန် အရှည်သဖြင့် တည်တံ့ရန်ဖြစ်၏ ဟူ၍လည်း ဟောကြားတော်မူပါသည်။ ထိုဟောကြားချက်များကို ထောက်၍ "ပရိယတ်ရှိနေသရွှေ့ ကာလပတ်လုံး သာသနာရှိနေမည်" ဆိုသည့်အချက်ကို ဘာမျှစောဒက တက်နေစရာမလို ယုံမှားမဲ့ နိဿံသယအားဖြင့် မှတ်သားသင့်ကြပါသည်။

အိန္ဒိယသာသနာ

မြတ်စွာဘုရား ပွင့်တော်မူရာဌာန- မုခါရုဋ္ဌ-သံဂါယနာ သုံးကြိမ်တင်ရာဌာန ဖြစ်၍ သာသနာတော်အစပဌမ ထွန်းလင်းရာဒေသဖြစ်သော အိန္ဒိယနိုင်ငံကြီးတွင် ယခုအခါ သာသနာတော် အရိပ်အရောင်ကိုမျှ မတွေ့ရသည်မှာ အလွန်ဝမ်းနည်းစရာကောင်းပါသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အကြောင်းကြောင်းတို့ကြောင့်ဖြစ်ပါသည်။

သာသနာတော်သက္ကရာဇ်-၉၄၃-ခုနှစ် ရှင်မဟာဗုဒ္ဓဃောသ အဌကထာသစ်ရေးပြီးစ အခါလောက်က တရုပ်ဘုန်းတော်ကြီး ဖာဟီယန်သည် အိန္ဒိယပြည်သို့

http://www.dhammadownload.com

ဘုရားဖူးသွားခဲ့ပါသည်။ ထိုအခါတွင် အိန္ဒိယနိုင်ငံ၌ ရဟန်းတော်များ အတော်များပြား၍ သာသနာပုံလင်းနေသည်ကို တွေ့ခဲ့ရသည်။ နာဠန္ဒာကျောင်းတော်ကြီးမှာ သံဃာတော်ပေါင်း မြောက်မြားစွာ ပညာသင်ကြားနေသည်ကိုလည်း တွေ့ခဲ့ရသည်ဟု ဆိုပါသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် တချိန်က သာသနာတော် အလွန်စည်ပင် ထွန်းကားခဲ့ပါသည်။ မဒရပ်မြို့တောင်ဘက် ဒမိဋ္ဌတိုင်းစောဋ္ဌတိုင်း ကာဝေရီမြို့ ကဉ္စီပုရမြို့ (ကံစီဝါရမ်-ကွန်ဂီဗာရမ်) တို့မှာ ထင်ရှားကျော်ကြားသော နေရာဌာနတို့ဖြစ်ခဲ့ပါသည်။

ပုဒ္ဓဝင်အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဒတ္တသည် စောဋ္ဌတိုင်း တမ္ဗပဏ္ဏိမြစ်အနီး ဥရဂနဂရမြို့ကဖြစ်သည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြု ရှင်အနုရုဒ္ဓါမှာ ကဉ္စီပုရတိုင်း ကာဝေရီမြို့ကဖြစ်သည်။ ဋီကာဆရာကြီး ရှင်ဓမ္မပါလလည်း ကဉ္စီပုရတိုင်းကပင်ဖြစ်သည်။ ထိုမှတပါး မူလဋီကာဆရာ ရှင်အာနန္ဒာ၊ ဝိမတိဋီကာဆရာ ရှင်ကဿပ၊ သာရတ္ထဒီပနီဋီကာဆရာ ရှင်သာရိပုတ္တရာ၊ ကစ္စည်းကျမ်းပြု ရှင်ကစ္စည်း မထေရ်တို့လည်း ဤအိန္ဒိယတောင်ပိုင်း ဒမိဋ္ဌတိုင်းကပင်ဖြစ်သည်ဟု ပညာရှင်များ မှတ်သားထားကြပါသည်။ ထိုသို့ ဤဒေသများ၌ ရှေးက သာသနာတော် စည်ပင်ခဲ့ကြောင်းကို သာသနာတော်သက္ကရာဇ် (၁၁၇၄) ခု ခရစ်သက္ကရာဇ် အေဒီ (၆၃၀) ခုနှစ်က ဘုရားဖူးလှည့်လည်မှတ်သားခဲ့သော တရုပ်ဘုန်းကြီး ဟူယင်ဆန် မှတ်တမ်း၌ ဤမြို့နယ်ဒေသတွင် သံဃာတသောင်း ကျော်းတိုက်ပေါင်း တရာ ရှေးအဆောက်အဦဟောင်း အပျက်အစီးများစွာတို့ကို တွေ့ရှိရကြောင်း ဆိုထားသဖြင့် ကောင်းစွာသိရှိနိုင်ပါသည်။

ဤထင်ရှားကျော်ကြားသော ကျမ်းပြုဆရာတို့၏ ခေတ်ကို ထောက်ဆ၍ အိန္ဒိယနိုင်ငံတွင် သာသနာသက္ကရာဇ် တထောင့်ခြောက်ရာကျော် တထောင့်ခုနစ်ရာခန့်တိုင်အောင် သာသနာတော် စည်ပင်ခဲ့ကြောင်း ခန့်မှန်းနိုင်ပါသည်။ ထိုမှနောက်၌ အယူဘာသာခြား မဂိုဘုရင်များ လက်ထက်တွင် လွန်စွာလှုပ်မိုးအမျိုးမျိုးဖျက်ဆီးမှုတို့ကြောင့် ပုဒ္ဓသာသနာတော်သည် ဤအိန္ဒိယတောင်ပိုင်းနှင့်တကွ အိန္ဒိယတပြည်လုံးမှ ပျောက်ကွယ် တိမ်မြုပ် မှေးမှိန် ခဲ့ရလေသည်။ ဤအိန္ဒိယနိုင်ငံမှ သာသနာ ပပျောက်ရခြင်းမှာ အတော်နစ်နာပါသည်။အထက်ပါ ကျမ်းပြုအကျော် ဆရာတော်များပင်လျှင် အသက်ဘေးရန်ကြောင့် သီဟိုဠ်ကျွန်းသို့ ကူးခဲ့ကြရသည်။ ကျောင်းကန်ဘုရား စာပေကျမ်းဂန်များပါ အဖျက်အဆီးခံရသဖြင့် လက်လှတ်ထွက်ပြေးရသလောက် ဘေးရန် ကြီးခဲ့သောကြောင့် ဤမျှ အစအန ရဟန်းသံဃာ ရှာမရအောင် ပျောက်ခဲ့ခြင်းဖြစ်ပါသည်။ ဤမျှ ဘေးရန်မကြီးက ဤမျှမပျောက်ကွယ်ဘဲ ယခုတိုင်အောင် သာသနာ ရှိနိုင်ပါသည်။

http://www.dhammadownload.com

သီဟိုဠ်ကျွန်းတွင် သာသနာတော် သက္ကရာဇ်-၄၀၀-ကျော် စဏ္ဍာလတိဿမင်း လက်ထက်၌လည်း သာသနဘေးရန် တကြိမ် ပေါ်ပေါက်ခဲ့ဘူးသေးသည်။ ထိုဘေးရန်ကား သေကျေပျက်စီးမှုမရှိ၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးလောက်သာဖြစ်၍ တော်ပေသေးသည်။ နောက်အခါတွင် သာသနာ ကြည်ညိုသောမင်းများ ဆက်လက် ဆောင်ရွက်သွားသဖြင့် သာသနာ အဆက်မပြတ်ဘဲ ဆက်လက်၍ စည်ပင်ခဲ့ပါသည်။

မြန်မာပြည် အင်းဝခေတ်၌လည်း သာသနဘေးရန် တကြိမ်ပေါ်ခဲ့ဘူးသေးသည်။ သက္ကရာဇ် (၈၈၈) ခုနှစ်တွင် ရွှေနန်းကျော့ရှင် ဘုရင်နရပတိနန်းကျ၍ သိုဟန်ဘွား တက်လာသောအခါ သက္ကရာဇ် (၉၀၁) ခုနှစ်တွင် အင်းဝဘုရင် သိုဟန်ဘွားသည် တောင်ပလူလယ်ပြင်၌ မဏ္ဍပ်အဆောင်ဆောင် ဆောက်လုပ်စေ၍ ကျွဲ-နွား-ကြက်-ဝက် တို့ကို သတ်ဖြတ်စေလျက် ဆွမ်းလုပ် ကျွေးမည့် အဟန်နှင့် စစ်ကိုင်း ပင်းယ အင်းဝ ပတ်လည်တွင် သီတင်းသုံးသော အရိယာသံဃာတော်တို့ကို တပည့်သံဃာများနှင့်တကွ ပင့်ဘိတ်၍ မဏ္ဍပ်တွင် နေစေပြီးလျှင် ဆင် မြင်း ဗိုလ်ပါ ဝန်းရံ၍ သတ်ဖြတ်လေသည်။ အချို့သော ရဟန်းတို့ကို ရှမ်းစစ်သားတို့သနား၍ လွှတ်လျှင် ပြည် တောင်ငူဘက်သို့ ပြေးသွား၍ နေထိုင်ကြရသည်။ ပင့်ဘိတ် သံဃာ(၁၃၀၀)ကျော်ထည်းက (၃၆၀) ကျော်မျှ ပျံလွန်တော်မူကြရသည်။ ထိုပျံလွန်တော်မူသော ရဟန်းများအနက် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းဂန် ကျန တတ်မြောက်တော်မူသော အရိယာသံဃာတော်မြတ် (၃၀)ကျော် ပါသွားသည်ဟု ရာဇဝင်များက ဆိုကြသည်။ရဟန်းများကို သတ်ဖြတ်ပြီးနောက် ကျောင်းတွင် ရှိသော စာပေများကိုလည်း မီးတိုက်လေသည်။ ဘုရား ဌာပနာများကိုလည်း ဖောက်ယူဖျက်ဆီးကြသည်။

ဤတကြိမ်လည်း သာသနာတော်မှာ အတော် နစ်နာ ခဲ့ရသည်။ စာပေကျမ်းဂန်များလည်း အများအပြား ပျက်စီးဆုံးပါးခဲ့ရသည်။ သို့သော်လည်း သာသနာအဆက်က မပြတ်ခဲ့။ သာသနာပြုမင်းများ ဆက်လက် စောင့်ရှောက်သွားသဖြင့် တော်ပေသေးသည်။ အိန္ဒိယ သာသနာဖြစ်ရပ်ကား အနစ်နာဆုံးဖြစ်ပါသည်။ ယနေ့တိုင် သာသနာဆက်ပြတ်ခဲ့ရသည်။စာပေ ကျမ်းဂန်များမှာ သီဟိုဠ်ကျွန်းတွင်ရှိနေ၍ ယနေ့တိုင် တွေ့ရှိနေရပေသည်။ထိုအခါ စာပေ ကျမ်းဂန်များသာ သီဟိုဠ်ကျွန်းတွင် ရှိမနေပါက သာသနာအတွက် မတွေးရဲအောင် ထိုအခါကပင် စုံးစုံးမြုပ်သွားမည်သာဖြစ်ပါသည်။

သာသနာတော်ကို ပါဠိတော်က ငါးရာ တထောင်၊ အဋ္ဌကထာက ငါးထောင်စသည်ဖြင့် ဆိုစေကာမူ ဘုရားပွင့်တော်မူရာ သာသနာအစဆုံး ပွင့်လင်းစည်ပင် ရာဌာနဖြစ်သော အိန္ဒိယနိုင်ငံကြီးမှာကား အနှစ် တထောင်ကျော်မျှနှင့်ပင် အကြောင်းကြောင်းတို့ကြောင့် ပျောက်ကွယ်ခဲ့ရသည်။

http://www.dhammadownload.com

အာဖရိကတိုက်ကြီးမှာကား ဘုရားပွင့်တော်မူသည်ကစ၍ ယနေ့ထိအောင်ပင် သာသနာတခါမျှ မမြင်ခဲ့ရ။

မြန်မာနိုင်ငံ တောင်တန်းဒေသများတွင်လည်း သာသနာ နှစ်ထောင်ကျော်အောင် ဗုဒ္ဓသာသနာ ဆိုသည်မှာ ဘာမှန်းမသိခဲ့ရ၊ ယခုမှ တောင်တန်း သာသနာပြုအဖွဲ့က သာသနမျိုးစေ့ ချတုန်းရှိပေသေးသည်။

ဥရောပတိုက် အမေရိကတိုက် ဩစတေးလီယာတိုက်များသို့ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဖွဲ့ကြီးမှ အဂ္ဂမဟာပဏ္ဍိတ အရှင်သေဋ္ဌလ ဆရာတော် ဘုရားများကယခုပင် သာသနာ ပြန့်ပွါးရေးအတွက် ကြိုးပမ်းကြတုန်း ရှိပါသေးသည်။ ထိုသို့ဖြစ်ရခြင်းမှာ သာသနာပြုပုဂ္ဂိုလ် ကျင့်ကြံ လိုက်နာမည့် ပုဂ္ဂိုလ် မရှိသောကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် သာသနာဆိုသည်ကား အကြောင်းကြောင်းတို့ကြောင့် နိမ့်တုံမြင့်တုံဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ သာသနာအကြိမ်ကြိမ် ရောက်ရှိခဲ့သော်လည်း ရောက်သည့်အကြိမ်တိုင်း မတည်မြဲပါ။ ခဏနှင့်ပင် ပျောက်ကွယ်သွားသော အကြိမ်များလည်း ရှိပါသည်။ ထိုသို့ သာသနာတော် တိုးပွါးမှု ဆုတ်ယုတ်မှု ပျောက်ကွယ်မှုတို့မှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖြစ်၍ -

(၁) ပရိယတ္တိလည်း ထင်ရှားရှိမည်။

(၂) ဘေးရန်အန္တရာယ်လည်း ကင်းမည်။

(၃) သာသနဝန်ထမ်း ရဟန်းများနှင့် တာဝန်ရှိ ဒါယကာ ဒါယိကာမများ ကလည်း သဒ္ဓါ-ဆန္ဒ-ဝီရိယအားပြင်းပြကြမည်ဆိုလျှင် သာသနာမှာ အမြဲရှိနေရ၍ အမြဲထွန်းလင်း တောက်ပနေမည်မှာ ယုံမှားစရာမရှိပါ။

(၁) ပရိယတ္တိလည်း မရှိပြီ။

(၂) ဘေးရန်အန္တရာယ် တခုခုလည်း ပေါ်ပေါက်လာမည်။

(၃) သာသနဝန်ထမ်း ရဟန်းများနှင့် တာဝန်ရှိ ဒါယကာ ဒါယိကာမများကလည်း သဒ္ဓါ-ဆန္ဒ-ဝီရိယအားပျော့၍ ကြောင့်ကြမဲ့ လာမည်ဆိုလျှင် သာသနာတော်ကြီး ညှိုးမှိန်ရ၍ ပျောက်ကွယ် သွားတော့မည်မှာလည်း သေချာပါသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်ကနှင့် နှိုင်းစာလျှင် - ယခုအခါ သာသနာတော်ကြီး အဖက်ဖက်မှ လျော့ပါးနေသည်ကို အားလုံး တွေ့မြင် နေကြရပါပြီ။ အဖိုးတန် ရတနာကြီးတခု မဆုံးရှုံးရလေအောင် သာသနဝန်ထမ်း ရဟန်းတော်များနှင့်တကွ တာဝန်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြောင့်ကြမဲ့ နေတော်မမူကြဘဲ သာသနာတော်ကြီးအတွက် အထူးကြိုးစားဆောင်ရွက်

http://www.dhammadownload.com

ရမည့် အချိန် အခါ တိုင် နေ ပါပြီ၊ အထူးကြိုးစား ဆောင် ရွက် ကြ ပါ ဟု လည်း တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။

သာသနာတော်ကြီးအတွက် အရေးကြီးသော အချက်အချာ အကြောင်း အရာများဖြစ်၍ အတော်ရှည်လျားစွာ ရေးသားဖော်ပြခဲ့ပါသည်။ ရှည်လွန်းရန် ကောဟု မငြီးငွေ့သင့်ပါ။

အလှူပေးနှင့် ဆုတောင်း

* သူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်မဂ်၊ မပန်နက်တည့်၊ မှာဘက်ဝယ်သာ၊ ကျင်လည်ရှာ၍၊ ဤရွာ ဤမြေ၊ ဤရွှေငွေနှင့်၊ ဤ ဆွေမိဘ၊ ခင်ပွန်းစသည်၊ တကွမကွာ၊ ငါသူသာလျှင်၊ ငါ ငှါစ တေ၊ ငါ့ကိုယ်သေလည်း၊ ဖြစ်စေသတည်း၊ ဤသို့နည်းဖြင့်၊ ထင်ရည်းဆုယူ၊ မူ၍လည်းကောင်း၊ လှူပါရှောင်းလည်း၊ ဖျင်းသောင်းဖက်သပ်၊ မအပ် စွာလှ၊ ဒါနအလှူ၊ ဟူသော စေတနာ၊ မမည်ပါတည်း။

(ပါရမီတော်ခန်း)

သူမိုက် အလှူပေးပုံကို ရှင်မဟာသီလဝံသ ဆရာတော်က ဖော်ပြသည်။ သူမိုက်များ အလှူ ပေး သော အခါ လိုရင်းပဓာန အရေးကြီးသော မဂ်ဖိုလ် နိဗ္ဗာန်ကို မတောင့်တဘဲ သံသရာ ဤမှာဖက်ကမ်းတွင်သာ ဤဆွေ ဤမယား ဤရွှေငွေများနှင့် မပြားတူကွ ကျင်လည်လိုလှကြောင်း ဆုယူတောင်း၍ လှူသောအလှူသည် အလှူမည်ကာ လှူရာမမြောက် အကျိုးအာနိသင် လိုရင်းမရောက်ဟု ဆိုလိုပါသည်။

ဒါန ၂-မျိုး။ ။အလှူဒါနသည် ဝဋ္ဌနိဿိတဒါန ဝိဝဋ္ဌနိဿိတဒါန ဟူ၍ နှစ်မျိုး ရှိ၏။ ထို နှစ်မျိုးတို့တွင် ဘုံသုံးပါး၌ဖြစ်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာကိုသာ လိုချင်တောင့်တ၍ လှူသော ဒါန သီလ ဘာဝနာ စသော ကုသိုလ်မျိုးသည် ဝဋ္ဌဆင်းရဲကိုသာမှီ၍ ပြုသောကြောင့် ဝဋ္ဌနိဿိတဒါန ဝဋ္ဌနိဿိတသီလ ဝဋ္ဌနိဿိတ ဘာဝနာ မည်၏။ မိမိတို့သန္တာန်၌ ပဋိသန္ဓေ နေခြင်း အိုခြင်း နာခြင်း သေခြင်း သဘောတရားတွေ ထင်ရှား ရှိနေလျက် မလိုလား မတောင့်တအပ်သော ထိုလေးပါးကိုပင် တောင့်တ ရှာမှီး ပြန်သည်နှင့် တူသောကြောင့် အနရိယ ပရိယေသနလည်း မည်၏။

သံသရာဝဋ္ဌမှ ကျွတ်လွတ်ရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ လိုချင်တောင့်တ၍ ပြုအပ်သော ဒါန သီလ ဘာဝနာ စသော ကုသိုလ်မျိုးသည် ဝဋ္ဌဆင်းရဲကို မမှီမူ၍ သံသရာဝဋ္ဌမှ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝိဝဋ္ဌနိဿိတဒါန ဝိဝဋ္ဌနိဿိတသီလ ဝိဝဋ္ဌနိဿိတ ဘာဝနာ မည်၏။ မိမိသန္တာန်၌ ပဋိသန္ဓေနေခြင်း

http://www.dhammadownload.com

အိုခြင်း နာခြင်း သေခြင်းသဘောတရားတွေ ထင်ရှားရှိသဖြင့် ထိုသဘောတရား လေးပါးတို့မှ လွှတ်မြောက်ရာကို ရှာမှီးတောင့်တသည်မည်သောကြောင့် အရိယာ ပရိယေသနလည်း မည်ပါသည်။ ထိုနှစ်မျိုးတို့တွင် ဝဋ္ဌနိဿိတဒါန သီလ ဘာဝနာ မျိုးကို မပြုကောင်း၊ ဝိဝဋ္ဌနိဿိတဒါန သီလ ဘာဝနာမျိုးကိုသာ ပြုကောင်းသည် ဟူ၍ မှတ်ရပါမည်။ ထိုဝိဝဋ္ဌနိဿိတဒါန သီလ ဘာဝနာကို ပြုရာတွင်—

> တယောမေ ဥပနိဿယာ ဒါနူပနိဿယော သီလူပနိဿယော ဘာဝနူပနိဿယော စာတိ။ တေသု ဒါနသီလူပနိဿယာ ဒုဗ္ဗလာ၊ ဘာဝနူပနိဿယော ဗလဝါ။ ဒါနသီလူပနိဿယာ ဟိ တယော မဂ္ဂေ စ ဖလာနိ စ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ။
>
> ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ နှာ-၂၅၀။

ဒါနူပနိဿယ သီလူပနိဿယ ဘာဝနူပနိဿယဟူ၍ ဥပနိဿယ (အထောက်အပံ့) သုံးမျိုးရှိသည်။ ထိုသုံးမျိုးတို့တွင် ဒါနူပနိဿယ သီလူပနိဿယ နှစ်မျိုးသည် အားနည်း၏၊ ဘာဝနူပနိဿယသည် အားကြီး၏၊ ဒါနူပနိဿယ သီလူပနိဿယနှစ်မျိုးသည် အောက်မဂ်သုံးပါး အောက်ဖိုလ်သုံးပါးသို့ ရောက်စေနိုင်သည်။ ဘာဝနူပနိဿယသည် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သည်။

ဝိဝဋ္ဌနိဿိတဒါန သီလ ဥပနိဿယ (အထောက်အပံ့)သည် အောက်မဂ် သုံးပါး အောက်ဖိုလ်သုံးပါးသို့ ရောက်စေနိုင်သည်။ ဝိဝဋ္ဌနိဿိတ ဘာဝနာဥပနိဿယ (အထောက်အပံ့)သည် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သည်ဟု ဆိုလိုပါသည်။ ထိုသုံးမျိုးတို့တွင် ဒါနဥပနိဿယ သီလဥပနိဿယနှစ်ပါးအတွက် ဋီကာဆရာကြီးက အောက်ပါအတိုင်း ရှင်းလင်းပြပါသည်။

> ဒါနူပနိဿယော အနှာဒိဝတ္ထူသု ဗလဝါတိဗလဝဘာဝေန ဟောတိ၊ တသ္မာ ဥပနိဿယ ဗဟုလော ကာမရာဂပ္ပဟာနေနေဝ ကတပရိစယတ္တာ ဝိပဿနမနုယုဥ္ဇန္တော နစိရဿေဝ အနာဂါမိဖလံ ပါပုဏာတိ။ တထာ သုဝိသုဒ္ဓသီလူပနိဿယော ကာမဒေါသဇိဂုစ္ဆနေန။ ယဒိ ဧဝံ ကသ္မာ ဣမေ ဒွေ ဥပနိဿယာ ဒုဗ္ဗလာတိ ဝုတ္တာ ဝိဇ္ဇူပမဉာဏဿေဝ ပစ္စယဘာဝတော။ သောပိ ဘာဝနူပနိဿယသဟာယလာဘေနေဝ, နကေဝလံ။
>
> (ခန္ဓဝဂ္ဂသံယုတ်ဋီကာ ဥဒါနသုတ္တဝဏ္ဏနာ နှာ ၂၂၃-၄)။

ဒါနဟု ဆိုအပ်သော မှီရာအထောက်အပံ့ ဥပနိဿယသည် ဆွမ်းစသော လှူဘွယ်ဝတ္ထုတို့၌ အားရှိစွာ ဖြစ်သောကြောင့် မှီရာအထောက်အပံ့ ဥပနိဿယများသောသူသည် ကာမရာဂကို ပယ်သည်၏ အစွမ်းအားဖြင့် ပြုအပ်သော လေ့ကျက်မှုရှိသောကြောင့် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီ

http://www.dhammadownload.com

ပင် အနာဂါမိဖိုလ်သို့ ရောက်၏။ ထို့အတူ အထူးသဖြင့် စင်ကြယ်သော သီလ ဟု ဆိုအပ်သော မှီရာအထောက်အပံ့ ဥပနိဿယရှိသောသူသည် ကာမ ဒေါသ ကို စက်ဆုပ်သည်၏ အစွမ်းဖြင့် ပြုအပ်သော လေ့ကျက်မှု ရှိသောကြောင့် ဝိပဿနာကို အားထုတ်သည်ရှိသော် မကြာမြင့်မီပင် အနာဂါမိဖိုလ်သို့ ရောက် ၏။ ထိုဒါနဟူသော မှီရာအထောက်အပံ့ဥပနိဿယသည် ဘာဝနာဟူသော မှီရာ အထောက်အပံ့ ဥပနိဿယဟု ဆိုအပ်သော အဖော်သဟဲကို ရမှသာလျှင် အနာဂါမိဖိုလ်သို့ ရောက်စေနိုင်ပါသည်။ သူချည်းသက်သက်ဖြင့် မရောက်စေ နိုင်ပါ။

ဦကာဆရာကြီး၏ ဆိုလိုရင်းအချုပ်မှာ ဒါန သီလ နှစ်မျိုးသည် ဘာဝနာ ပါမှ မဂ်ဖိုလ်နိဗ္ဗာန်၏ အားကြီးသော မှီရာ အထောက်အပံ့ ဥပနိဿယ ဖြစ်နိုင် သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ ဝိဝဋ္ဋနိဿိတ ဒါန သီလကို ပြုသောအခါ မိမိအလှူပေးပုဂ္ဂိုလ် အလှူဝတ္ထု ပစ္စည်းတို့အပေါ် ဝိပဿနာဉာဏ်အမြင်ဖြင့် ခယသဘော ဝယသဘော ထင်မြင် အောင် လက္ခဏာရေးသုံးပါးသို့တင်၍ ရှုဆင်ခြင်ပြီး လှူဒါန်းမှု စောင့်ထိန်းမှု ကို ပြုမှသာလျှင် အထက်ပါအဋ္ဌကထာ ဦကာဆရာကြီးတို့ ပြဆိုခဲ့သည့်အတိုင်း မဂ်ဖိုလ်၏ မှီရာအထောက်အပံ့ ဥပနိဿယ ကောင်းစေ ဖြစ်လိမ့်မည်ဟုသာနှိုင်းခြာန် ချမှတ်ကြကုန်ရာသည်။

အလှူပေးနည်း နည်းမှန်လမ်းမှန်ကို ဖော်ပြပြီး၍ ဆုတောင်းနည်းတို့လည်း အနည်းငယ် ဖော်ပြလိုပါသည်၊ အလှူဒါနတခုကိုပြုလျှင် မိမိပြုသော အလှူ ကောင်းမှု၏ သဘောအားလျော်စွာ ကောင်းကျိုးချမ်းသာကို ပေးမည်ကား သေချာပါသည်၊ ဥပမာ ဆွမ်းလှူသော ဒါယကာသည် ဆွမ်းဌာနရှိသော သဘောသတ္တိအားလျော်စွာအသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ပညာကြီးခြင်းဟူသော အကျိုးထူးတရား ငါးပါးတို့ကား ဆုမတောင်းသော်လည်း ရမည်မှာ အမှန်ဖြစ်ပါသည်၊ သို့သော်လည်း ထွေထွေ ထူးထူး တစုံတခုကို လိုချင်လျှင်ကား ဆုတောင်းမှ ရပေမည်၊ ဆုမတောင်းလျှင် ကား ရမည် မဟုတ်ပါ၊ ထိုသို့ အလိုရှိရာဆုကို တောင်းလျှင် ရနိုင်ကြောင်းကို ခုဒ္ဒကပါဌပါဠိတော် နိဓိကဏ္ဍသုတ် နှာ(၁၀)၌—

ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဟူ၍ ဟောတော်မူသည်။

ယံ ယဒေဝ၊ အကြင်အကြင်အလိုရှိအပ်သော ဆုကိုသာလျှင်။အဘိပတ္ထေန္တိ၊ တောင့်တကုန်၏။ သဗ္ဗံ၊ အလုံးစုံ တောင့်တသမျှ ဆုကို။ ဧတေန၊ ဤအလှူ ပေးခြင်း ဒါန သီလ သံယမ စသော ကောင်းမှုကြောင့်။ လဗ္ဘတိ၊ ရအပ်၏။

http://www.dhammadownload.com

ဆုတောင်းတိုင်းရ၏ ဆိုသော်လည်း သီလရှိသောသူသာ စိတ်စင်ကြယ်သော ကြောင့် ဆုတောင်းတိုင်းရပါသည်၊ သီလမရှိသောသူကား ဆုတောင်းတိုင်း မရပါ၊ ထို့ကြောင့် အလှူဒါနတခုကို ပြုလုပ်သောအခါ ရှေးဦးစွာ သီလကို ဆောက်တည်ပြီးမှ အလှူဒါနကို ပြုလုပ်လျှင် မိမိလိုရာဆုကို တောင်းက ကေန် ရနိုင်ပါသည်၊ တောင်းတိုင်းရမည်ဆို၍ လောကီနယ်ကို အားပေးမည့် ဆုမျိုး မတောင်းမိစေဘဲ မဂ်ဖိုလ်နိဗ္ဗာန်ကို အားပေးမည့် အထောက်အပံ့ပြုမည့်ဆုမျိုး ကိုသာ တောင်းမိဘို့ အရေးကြီးသဖြင့် ဤအချက်ကိုလည်း အထူးသတိပြု၍ တောင်းကြဘို့ အထူးပင် မှာကြားလိုပါသည်။

အလှူဒါနတခုခုကို ပြုပြီးသောအခါ မိမိအလိုရှိရာ တခုခုကို သတ်မှတ်ပြီး ဆုတောင်းက သေချာစွာ ရနိုင်ကြောင်းကို ဥပရိပဏ္ဏာသအဋ္ဌကထာ သခ်ါရုပပတ္တိ သုတ်အဖွင့် နှာ(၁၀၄)၌—

> ယဿ ဟိ ပဉ္ဇမမ္မာ အတ္ထိ၊ နဲ ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ၊ နဲ ပဉ္ဇမမ္မာ၊ တဿပိ အနိဗဒ္ဓါ။ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။ ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ။ တသ္မာ ကုသလံ ကမ္မံ ကတ္ဒာ ကေသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဌတိ၊ ဟု ဖွင့်ဆိုပါသည်။

အကြင်သူအား သဒ္ဓါ-သီလ-သုတ-စာဂ-ပညာဟုဆိုအပ်သော တရားငါးပါး ရှိကုန်၏၊ ဆုတောင်းမှုကား မရှိ၊ ထိုသူ၏ လားရာဂတိကား မမြဲ။ အကြင်သူ အား ဆုတောင်းခြင်းရှိ၏၊ သဒ္ဓါ-သီလစသော ငါးပါးသော တရားကား မရှိ၊ ထို သူ၏လားရာ ဂတိသည်လည်း မမြဲ။ အကြင်သူတို့အား နှစ်ပါးစုံလုံး ရှိ၏၊ ထို သူတို့၏လားရာဂတိသည် မြဲ၏။ ဥပမာအားဖြင့် ကောင်းကင်သို့ ပစ်အပ်သော တုတ်တောင်ဝှေးသည် အဖျားဖြင့်ရင်း အလယ်ဖြင့်ရင်း အရင်းဖြင့်ရင်း ကျလိမ့် မည်ဟု မှတ်သားခြင်း မမြဲသလို သတ္တဝါတို့၏ ပဋိသန္ဓေယူမှုသည်မမြဲ။ထို့ကြောင့် အလှူကောင်းမှု တခုခုကို ပြုပြီးသောအခါ အလိုရှိရာ တခုခုသော အရာဌာန၌ ဆုတောင်းမှုကို ပြုခြင်းငှါ သင့်လျော်ပါသည်။ (အဋ္ဌကထာ ဆရာကြီး၏ အမှာ ဖြစ်ပါသည်)။

အထက်ပါ အဋ္ဌကထာဆရာကြီး၏ အမှာအတိုင်း မိမိအလိုရှိရာ အဂ္ဂသာ-ဝက,မဟာသာဝက,ပကတိသာဝက,ပစ္စေကဗောဓိ,သမ္မာသမ္ဗောဓိ ဆုတမျိုးမျိုး ကို သတ်မှတ်ပြီး တောင်းက ရနိုင်ပါသည်။ လောကီနယ် သံသရာရှည်မည့် ဆုမျိုး ကို မတောင်းဘဲ သံသရာဝဋ္ဌမှထွက်မြောက်ကြောင်း မဂ်ဖိုလ်၏ အထောက်အပံ့ ဖြစ်ကြောင်းများဖြစ်သော သဒ္ဓါ သီလ သမာဓိ ပညာစသည်တို့နှင့် ပြည့်စုံဘို့

http://www.dhammadownload.com

အကြောင်း အယူမှန်၍ သူတော်ကောင်းများနှင့် တွေ့ကြုံဘို့အကြောင်းစသည်များကို သတ်မှတ်၍ တောင်းကောင်းပါသည်။ ထိုဆိုခဲ့သည့်အတိုင်း တောင်းကြပါကုန်။

အလှူပေးနည်းနှင့် ဆုတောင်းနည်းမှာ အမှန်အကန်သိဘို့ အရေးကြီးသဖြင့် ဓမ္မဿဝနတရားနာ ဒါယကာ ဒါယိကာမများ အမှန်အကန်သိစေလိုသဖြင့် ကျမ်းဂန်လာသည့်အတိုင်း ဖော်ပြပါသည်။ မရောင်ရာ ဆီလူးရန်ကောဟုမနောညစ်စွာ မဖြစ်သင့်ပါ။

ဥယျောဇနကထာ

မြတ်စွာဘုရား၊ မိန့်ခဲ့ကြားသား၊ ငါးပါးမျှလောက်၊ ကျွတ်ချိန်ထောက်၌၊ နှစ်ယောက်ရိုက်ရာ၊ ရဟန္တာခေတ်၊ လွန်သည်ဖြစ်လည်း၊ ကြွင်းလစ်နောက်နောင်၊ နှစ်သုံးထောင်တွင်၊ စေ့အောင်ဝေဖန်၊ သုံးကြိမ်ချန်လျက်၊ နိဗ္ဗာန်အဘိတ်၊ မဆိတ်မည်၊ နာဂါမ်အခါ၊ သကဒါနှင့်၊ သောတာပန္ဆ၊ အကျွတ်ရ၍၊ များစွရှေးဖျား၊ မလွန်စားသည့်၊ ဘုရား ကိုယ်ထင်၊ မမြင်ရသည်၊ တမည်သာမြို့၊ အင်မချိုသည်၊ ဤသို့သာသနာတော်တည်း။ ။(ဆုတောင်းခန်း)

ရှင်သီလဝံသဆရာတော်က ဝိနည်းအဋ္ဌကထာဆရာတို့အလိုတိုင်း စပ်ဆိုခြင်းဖြစ်သည်။ ဒီဃနိကာယအဋ္ဌကထာ အဂုတ္တရအဋ္ဌကထာ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့ အလိုအားဖြင့် အနှစ် နှစ်ထောင်ကျော်တွင် ပဋိသမ္ဘိဒါပတ္တရဟန္တာ-ဆဋ္ဌဘိညရဟန္တာခေတ် မရှိသော်လည်း တေဝိဇ္ဇရဟန္တာခေတ်၊ သုက္ခ-ဝိပဿကရဟန္တာခေတ်၊ အနာဂါမ်-သကဒါဂါမ်-သောတာပန်ခေတ်တွေ ရှိသေးသဖြင့် အားငယ်စရာ မရှိပါ။မြတ်စွာဘုရားကိုယ်စားတော်ဖြစ်သော ဘုရားမလွန်သေးသည့် သာမုဏ္ဍသိကဒေသနာ ပိဋကတ်ကျမ်းစာများလည်း အထင်အရှားရှိနေသေးသည်။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ။

သုဘဒ် ဤရဟန်းတို့သည် ကောင်းစွာကျင့်ကြံအားထုတ် နေထိုင်ကြမည်ဆိုလျှင် လောကကြီးသည် ရဟန္တာတို့ဖြင့် မဆိတ်သုဉ်းနိုင်ရာ-ဟူသော ပရိနိဗ္ဗာနသုတ်လာ မြတ်စွာဘုရား၏ စကားတော်ကို ထောက်၍လည်း အလွန်အားတက်စရာကောင်းပါသည်။ ကောင်းစွာကျင့်ကြံအားထုတ်နေကြသော ရဟန်းတို့လည်း အများအပြားရှိကြပါသည်။ ရဟန်းတော်များကို ဦးတည်ဟောသော်လည်း မည်သူမဆို ကျင့်ကြံ အားထုတ်ပါက အထက်ပါ မဂ်ဖိုလ်တို့ကို ရနိုင်သော

http://www.dhammadownload.com

သာသနာတော်ကြီး ဖြစ်ပါသည်။ ဤမျှထူးခြားလှသော ဗုဒ္ဓုပ္ပါဒနဝမခဏ သာသနာတော်ကြီးနှင့် ကြုံတွေ့နေပါလျက် **မကြိုးစား**ကြလျှင်—

* ရေကန်ရှိလျက်၊ မချိုးသက်၊ **ရေတွက်** မဟုတ်ပေ။

* ပြေးပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ပေ။

ဆိုသည့်အတိုင်း သာသနာတော်ကြီး၏ တာဝန်မဟုတ် မိမိတို့၏တာဝန်သာ ဖြစ်တော့လည်။ ထို့ကြောင့် "**မိုးသောက်**ကြက်တင် နေဝင်ကောက်လှန်း" မဖြစ်ရအောင် ထူးကြီးဆရာတော်တို့လို သပ္ပုရိသူပနိဿယကို ရနေသည့်အခိုက် အလွန်ကြားရ နာရခဲလှစွာသော ဤပါဠိတော်ဟောစဉ်တရားတော်များနှင့် ကြုံတွေ့နေရသည့် အခိုက် **ဘာဝနာဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ**= ဘာဝနာမှ လွတ်သောတရား မည်သည်မရှိ၊ ဆိုသည့်အတိုင်း ဘာဝနာလည်း ဖြစ်ရအောင် ဝိပဿနာဖြစ်ကြောင်း ဖတ်နာကောင်းသည်ဟု ပညာရှင်များ မှာကြားချက်အရ ဝိပဿနာဘာဝနာလည်း ဖြစ်ရအောင် ဖတ်လည်းဖတ် နာလည်းနာကြားကြပါဟု တိုက်တွန်းလိုက်ရပါသည်။

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
သဒတ္ထေ ဝါယမေထျာထ၊ ခဏော ဝေါ ပဋိပါဒိတော။

(အပါဒါန်ပါဠိတော်)

ဘဝန္တော သပ္ပုရိသာ၊ အိုတရားနာဝရိသတ်အပေါင်း သူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်း အပေါင်းတို့သည်။ ခဏံ၊ ထူးမြတ်လွန်ကဲ ယခု ရနေဆဲဖြစ်သော ဗုဒ္ဓုပ္ပါဒနဝမ ခဏကောင်းကြီးကို။ မာ ဝိရာဓေထ၊ ချုတ်ချော်တိမ်းရှောင်၍ မသွားကြပါကုန်လင့်။ ဟိ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ခဏာတီတာ၊ ခဏကောင်းကြီး လွန်ဆုံး၍ သွားသောသူတို့သည်။ သောစရေ၊ နောင်တတဖန် ပူပန်စိုးရိမ်ကြရကုန်၏။ သဒတ္ထေ၊ မိမိတို့ပြုလုပ်ဘို့ရာ အကျိုးစီးပွါးဖြစ်သော ဒါန သီလ ဘာဝနာတရားတို့ကို။ ဝါယမေထျာထ၊ ခဏ မလေ့ရအောင် စောစောကပင် ကြိုတင်ကြိုးစား၍ အားထုတ်လိုက်ကြပါကုန်လော။ ဝေါ၊ သင်သူတော်ကောင်း အပေါင်းတို့အား။ ခဏော၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကောင်း သာသနာတော်မြတ်ကြီးသည်။ ပဋိပါဒိတော၊ သင်တို့၏ ရှေ့ရှုမျက်မှောက် ယခု ဆိုက်ရောက်၍နေလေပြီတကား။

ဘဒ္ဒန္တသုဇာတာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ)
စံဝတီဆရာတော်
၁၃၃၂-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့။

http://www.dhammadownload.com

ထုတ်ဝေသူ၏ ပန်ကြားချက်

ဤသုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်ဟောစဉ် ဝိပဿနာကျမ်းကြီးသည် နိဒါန်းပါ အချက်အလက်များအရ ဝါကျနှင့်စာသား ကောင်းမွန်လှပစေရန် စိတ်ဖြင့် တွေးတောကြံဆပြီး စီစဉ်ရေးသားရသော ကျမ်းစာ မဟုတ်မူ၍ တရားနာပရိသတ်ဓမ္မယောဂီပုဂ္ဂိုလ်များအား အထူးနားလည် သဘောပေါက်မိစေရန် ထူးကြီးဆရာတော် နှုတ်ဖြင့် အလွတ် ဟောကြားထားသည့် အတိုင်း တိတ်ခွေမှ ကူးယူပုံနှိပ်ထားသော ကျမ်းစာဖြစ်သောကြောင့်—

၁။ ပါရှိပြီး ပါဠိမြန်မာ အဓိပ္ပါယ်စကားရပ်များ ထပ်တလဲလဲ ပါရှိခဲ့သော်၎င်း၊

၂။ ပါရှိပြီး မဟုတ်သော်လည်း အကြောင်းတခုကိုစဉ်၍ တိုတိုဟောရမည့် နေရာ၌ ရှည်မြင့်စွာ ဟောကြားချက် ပါရှိခဲ့သော်၎င်း၊

၃။ ဆိုလိုရင်းအဓိပ္ပါယ် မပျက်သော်လည်း သဒ္ဒါရေးအားဖြင့် ချွတ်ချော်မှုများ တွေ့ရှိခဲ့လျှင်သော်၎င်း၊

၄။ သရုပ်(အရေအတွက်)အစဉ်များကို တခုစီ ရှင်းလင်း ဟောကြားထား၍ မတော်တဆ ကြွင်းကျန်နေခဲ့လျှင်သော်၎င်း၊

၅။ တခါတရံ အနုသန္ဓေစကား အဆက်အစပ်မရှိပဲ ဟောထားသည်ကို တွေ့ရှိခဲ့လျှင်သော်၎င်း၊

၆။ တခါတရံ စကားစပ်မိ၍ ဝိပဿနာနှင့် မသက်ဆိုင်သော သဒ္ဒါရေးအားဖြင့် ရှင်းလင်းဟောကြားချက် ကျမ်းဂန်တခုနှင့်တခု ညီနှိုင်း ဟောကြားချက်များကို တွေ့ရှိသော်၎င်း၊

ဤကျမ်းစာဖတ်ရှုသူ ဓမ္မယောဂီမိတ်ဆွေများက တညစီ တညစီ ဟောကြားသော ဝိပဿနာတရားတော်အသံကို နာခံမှတ်သားနေရဘိသကဲ့သို့ စိတ်တွင်စွဲမှတ်၍ အဆိုပါ ချွတ်ယွင်းချက် အပိုအလိုများကို ခွင့်ပြုကြပါရန် မေတ္တာဖြင့် ပန်ကြားအပ်ပါသည်။

http://www.dhammadownload.com

ပါရာယနဝဂ် ပါဠိတော်ဟောစဉ် (ပဌမတွဲ)

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဝတ္ထုဂါထာပါဠိ နိဿယ	၁-၁၄

အဇိတသုတ္တန် ပဌမပိုင်း

ဘုရားရှင်ကို ရှိခိုးခြင်း	၁၅
တရားတော်ကို ရှိခိုးခြင်း	၁၆
သံဃာတော်ကို ရှိခိုးခြင်း	၁၇
ဆရာများကို ရှိခိုးခြင်း	၁၈
ရှိခိုးရပုံ ရှင်းပြချက်	၁၈
ရှိခိုးရခြင်း၏ မျက်မှောက်အကျိုးများ	၁၉
ပါရာယနသုတ္တန် ဟောပုံစစ်တမ်း	၂၁
ပါရာယနဝဂ် ဟောခြင်းကြောင့် သတ္တဝါများ နိဗ္ဗာန်ရခြင်း	၂၁
ဗာဝရီပုဏ္ဏား၏ အတိတ်ဝတ္ထု	၂၁
ဗာဝရီပုဏ္ဏားအစ လက်သမားဘဝ	၂၁
ကဋ္ဌဝါဟနမင်း ဖြစ်ပုံ	၂၂
ဗာရာဏသီမင်းက ကဋ္ဌဝါဟနမင်းထံ ပို့သော ဓမ္မလက်ဆောင်	၂၂
တပည့်များ ဘုရားရှင်ထံ စေလွှတ်ပုံ	၂၃
တူအမတ်သာ တိုင်းပြည်ပြန်လာခြင်း	၂၃
ဘုရား ၂-ဆူအကြား နတ်စည်းစိမ် ခံစားခြင်း	၂၄
သဝဏ္ဍိပြည် ပုဏ္ဏားမျိုးဌ ဖြစ်လာခြင်း	၂၄
ဗာဝရီပုဏ္ဏား တောထွက်ခြင်း	၂၅
ဗာဝရီပုဏ္ဏားရသေ့၏ ကျောင်းနေရာ	၂၆
အခွန်ငွေတသိန်း နှစ်စဉ်ပေးလျှုပုံ	၂၆
ပုဏ္ဏားတယောက် အလျှုခံလာပုံ	၂၇
အလျှုခံပုဏ္ဏားက ကျိန်ဆဲပုံ	၂၇
ဗာဝရီပုဏ္ဏား သောကဖြစ်ပုံ	၂၇
စကြံ့စောင့်နတ် ပြောပုံ	၂၈
ဗာဝရီပုဏ္ဏားက တပည့်များအား ပြောကြားပုံ	၂၈

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
တပည့်များအား ဘုရားရှင်ထံ လွှတ်ပုံ	၂၉
ဘုရားရှင်အား ပြဿနာမေးရန် ညွှန်ကြားခြင်း	၂၉
ဘုရားရှင် ရာဇဂြိုဟ်ပြည် ကြွပုံ	၃၁
ဘုရားရှင် အကြံတော်နှင့် ခြေရာတော်	၃၁
ဘုရားရှင်အား စိတ်ဖြင့် မေးမြန်းပုံ	၃၁
ဗာဝရီပုဏ္ဏား၏ အရွယ်ကို မေးမြန်းပုံ	၃၂
အမည်နှင့် ကိုယ်အမှတ်အသားကို မေးမြန်းပုံ	၃၂
ပညာကို မေးမြန်းပုံ	၃၂
တပည့်အရေအတွက် မေးမြန်းပုံ	၃၂
စစ်တမ်းထုတ်၍ ယုံကြည်သင့်ခြင်း	၃၃
ဘုရားရှင်က နှုတ်ဖြင့် ဖြေကြားပုံ	၃၃
အဇိတရသေ့နှင့် ဘုရားရှင် အမေးအဖြေ	၃၄
ဗာဝရီပုဏ္ဏား၏ လက္ခဏာ ၃-ခု	၃၄
ခေါင်းနှင့် ခေါင်းပြုတ်ကျတာ မေးမြန်းပုံနှင့် ဖြေဆိုပုံ	၃၅
အဝိဇ္ဇာကို ခေါင်းခေါ်ပုံ	၃၅
ပညာကို ခေါင်းပြုတ်ကျခြင်းခေါ်ပုံ	၃၆
ပြဿနာများ မေးမြန်းရန် ခွင့်ပြုတော်မူခြင်း	၃၆
အားထုတ်ပုံ တရား ၂-မျိုး	၃၇
ဝိပဿနာအားထုတ်က ရှိရမည့် တရားများ	၃၈
အဇိတသုတ္တန် ခေါ်ပုံ	၃၈
မူလေးခု ချပြီးဟောပုံ	၃၈
အဇိတပုဏ္ဏားအမေး	၃၉
ဝိပဿနာရှုကွက်နဲ့ တရားတက်ပုံ	၄၀
တရားသံ ကြားရုံမျှ သဝနာနုတ္တရိယကုသိုလ်ဖြစ်ပုံ	၄၀
အသိဉာဏ် မပေါ်အောင်ပြုသော တရား ၂-ပါး	၄၀
ဘုရားရှင်အဖြေ	၄၁
လောက ၂-မျိုး	၄၁
လောကကို အဝိဇ္ဇာ ဖုံးလွှမ်းခြင်း ✓	၄၂
လောကခေါ်ပုံ ✓	၄၂
ခန္ဓာငါးပါးသည် လောကမည်ခြင်း ✓	၄၃
သတိတရား အရေးကြီးပုံ ✓	၄၃
တရားကိုသာ အားကိုးပြုရန် တိုက်တွန်းချက် ✓	၄၄

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဝိပဿနာအားထုတ်က ရှိရမည့်တရား ၂-ပါး	၄၄
လောကကို အဝိဇ္ဇာ ဖုံးလွှမ်းနေပုံ	၄၅
ရူပ်ကို ဝိညာဏ်က သိနေပုံ	၄၅
အဝိဇ္ဇာဖြစ်ပုံ ရှင်းချက်	၄၆
မရသင့်ထိုက်သော တရားများ	၄၆
အဝိဇ္ဇာဖြစ်ပုံ လျှောက်ထားခြင်း	၄၇
ထွက်သက်ဝင်သက် ရူပ်မည်ခြင်း	၄၈
သစ္စာ ၄-ပါး မသိမှုကို အဝိဇ္ဇာခေါ်ပုံ	၄၈
ဝိဇ္ဇာရှင်းချက်	၄၈
အဝိဇ္ဇာကို ဝိပဿနာရှုခြင်း	၄၉
အကြောင်းအကျိုး ရှုကလဲ ဝိပဿနာမည်ပုံ	၄၉
အဝိဇ္ဇာကို ဉာဏ်ပေါ်အောင်ရှုက ဓမ္မာနုပဿနာသတိပဋ္ဌာန်ခေါ်ပုံ	၅၁
ဝိပဿနာရှုနည်းတမျိုး	၅၁
ခန္ဓာငါးပါး ဒုက္ခဖြစ်ခြင်း	၅၂
အဝိဇ္ဇာဖြစ်ရာနှင့် ချုပ်ရာကို သိသင့်ခြင်း	၅၃
ဒုက္ခသစ္စာကို မသိကြောင်း တရား ၄-ပါး	၅၄
အာသဝကြောင့် အဝိဇ္ဇာဖြစ်ခြင်း	၅၄
အာသဝချုပ်ခြင်းကြောင့် အဝိဇ္ဇာချုပ်ပုံ	၅၄
အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်ပေါ်ခြင်း	၅၆
၁-အဇိတသုတ္တန် ဒုတိယပိုင်း	
ဘုရားကို ရှိခိုးခြင်း	၅၇
လောကကြီးကို အဝိဇ္ဇာ ဖုံးလွှမ်းခြင်း	၅၈
နာမ်တရားကို ဝိပဿနာရှုနည်း	၅၈
ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုနည်း	၅၈
ဥပမာ ဥပမေယျ ဟပ်ပြချက်	၅၉
ဝိပဿနာရှုမှုအတွက် ဉာဏ်လိုပုံ	၆၀
ဝန်တိုမှုကြောင့် ဉာဏ်မထင်ရှားခြင်း	၆၁
မစ္ဆရိယတရား ပယ်စွန့်သင့်ပုံ	၆၂
ဝန်တိုမှု မစ္ဆရိယတရား ဆိုးပုံ	၆၂
မစ္ဆရိယတရား ၅-မျိုး	၆၃
အာဝါသမစ္ဆရိယဖြစ်ခြင်း	၆၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
မစ္ဆရိယဖြစ်ပုံအကြောင်း	၆၄
ကုလမစ္ဆရိယဖြစ်ခြင်း	၆၄
လာဘမစ္ဆရိယဖြစ်ခြင်း	၆၅
ဝဏ္ဏမစ္ဆရိယဖြစ်ခြင်း	၆၅
ဓမ္မမစ္ဆရိယဖြစ်ခြင်း	၆၅
မစ္ဆရိယအပြစ်ကို နတ်သား မေးလျှောက်ခြင်း	၆၆
ဘုရားရှင် ဖြေကြားခြင်း	၆၆
ဝန်တိုခြင်း၏ အပြစ်များ	၆၇
မစ္ဆရိယတရား ပယ်သင့်ပုံ	၆၉
ပမာဒ မည်ခြင်း ✓	၆၉
ကုသိုလ်ကောင်းမှု လေးစားမှု မရှိက ပမာဒ မည်ခြင်း ✓	၇၀
တရားနာပုဂ္ဂိုလ်မျိုးအား တိုက်တွန်းချက် ✓	၇၀
ပမာဒတရား သိထားရန် တိုက်တွန်းချက် ✓	၇၀
ပမာဒတရား ပယ်ရှားသင့်ခြင်း ✓	၇၁
မိမိကိုယ်ကို ပုဂ္ဂိုလ် ၂-မျိုးဖြင့် စိစစ်ကြည့်ရန် ✓	၇၂
ပမာဒဝိဟာရီပုဂ္ဂိုလ် ✓	၇၃
ရူပ်ကို လက္ခဏာရေးတင်ပုံ	၇၄
**ဝိပဿနာရှုက သတိပညာအရေးကြီးပုံ .... **	**၇၅**
ရူပါရုံကို သတိထားကြည့်သင့်ပုံ ✓	၇၆
တရားအဆင့်ဆင့် တက်လာပုံ ✓	၇၇
အပ္ပမာဒ ဝိဟာရီပုဂ္ဂိုလ် ✓	၇၈
သတိပညာဖြင့် မစောင့်ရှောက်က ဖြစ်ပေါ်လာနိုင်သော တရားများ	၇၉
အပ္ပမာဒဝိဟာရီပုဂ္ဂိုလ် မည်ခြင်း	၇၉
တရားအားထုတ်ရန် တိုက်တွန်းချက်	၈၀
**ပီတိဖြစ်ခြင်းနှင့် ပီတိ ၅-မျိုး .... **	**၈၀**
ခုဒ္ဒကာပီတိ ဖြစ်ပုံ	၈၁
ခဏိကာပီတိ ဖြစ်ပုံ	၈၁
ဩက္ကန္တိကာပီတိ ဖြစ်ပုံ	၈၁
ဥဗ္ဗေဂါပီတိ ဖြစ်ပုံ	၈၁
ဥဗ္ဗေဂါပီတိ ဖြစ်ရာဌာန ဝတ္ထု	၈၁
ဥဗ္ဗေဂါပီတိ ဖြစ်ရာဌာန ဝတ္ထုတမျိုး	၈၂

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဥဗ္ဗေဂါပီတိကြောင့် ကောင်းကင်ပျံတက်ပုံ	....	....	၈၃
ဖရဏာပီတိ ဖြစ်ပုံ	....	....	၈၃
နာမကာယ ရူပကာယ ငြိမ်းခြင်း	....	....	၈၄
ကိုယ်စိတ် ၂-ပါး ချမ်းသာခြင်း	....	....	၈၄
သတိတရားက အာရုံကို ဖော်ခြင်း	....	....	၈၅
ကျင်ကြီး ကျင်ငယ် စွန့်ရုပင် ဝိပဿနာရှုထိုက်ပုံ	....	....	၈၅
သတိနှင့် ပညာ ဟောရပုံ ✓	....	....	၈၆
ဝန်တိုမှုနှင့် မေ့လျော့မှုကြောင့် ဉာဏ်မထင်ပုံ	....	....	၈၆
မစ္ဆရိယကို ပယ်နိုင်သောတရား	....	....	၈၇
ပမာဒကို ပယ်နိုင်သောတရားများ ✓	....	....	၈၇
ကပ်ငြိလိမ်းကျံသော တရားများ ✓	....	....	၈၇
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ✓	....	....	၈၈
သဘော နှစ်သက် တွယ်တာပုံ	....	....	၈၈
တဏှာအစစ် တရားရှစ် ရေတွက်ပြပုံ	....	....	၈၉
ဝဋ္ဋမူလက တဏှာများ ✓	....	....	၉၀
သမုဒါစာရ တဏှာများ ✓	....	....	၉၀
သမုဒါစာရ တဏှာဖြစ်ပုံ ✓	....	....	၉၁
ပရိယေသန တဏှာဖြစ်ပုံ ✓	....	....	၉၁
အာရုံ ၅-ပါး ကာမဂုဏ်တရား ရှာမှီးပုံ	....	....	၉၁
ရှာမှီးခြင်း ၂-မျိုး ✓	....	....	၉၂
အနုရိယ ပရိယေသန ရှာမှီးမျိုး ✓	....	....	၉၂
အရိယပရိယေသန ရှာမှီးမျိုး ✓	....	....	၉၃
အလိုရှိသည့်တရား ရှာလျှင် ရနိုင်ပုံ	....	....	၉၃
လာဘ်ရသည်ကိုစွဲ၍ ဆုံးဖြတ်ပုံ	....	....	၉၄
သေနတဏှာနှင့် သေတတဏှာ ရှင်းချက် ✓	....	....	၉၄
တဏှာအပြစ် မြင်အောင်ရှု	....	....	၉၅
တဏှာကြောင့် ဖောက်ပြန်နေပုံ	....	....	၉၅
တဏှာကို ဝိပဿနာရှုနည်း	....	....	၉၆
မမှဉ်တိဉာဏ် မည်ခြင်း	....	....	၉၆
ခန္ဓာ ၅-ပါးကို တဏှာကြောင့် ရပုံ	....	....	၉၇
အကျိုး ၂-မျိုးတွင် တမျိုးမျိုးရခြင်း	....	....	၉၈

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ခန္ဓာလောက၏ ဘေးကြီးများ	....	....	၉၈
ဇာတိဒုက္ခ မည်ပုံ	....	....	၉၉
ဇာတိဒုက္ခ ပေါ်အောင်ရှု	....	....	၉၉
ဖြစ်ဆဲကို မြင်တဲ့ဉာဏ် ရှိရမည်	....	....	၁၀၀

၁-အဇိတသုတ္တန် တတိယပိုင်း

ဘုရားရှိခိုးရန် တိုက်တွန်းချက်	....	....	၁၀၂
ပါဠိရွတ်တိုင်း ဘုရားဟော ဟုတ်မဟုတ် ရှင်းချက်	....	....	၁၀၃
အဇိတရသေ့ လျှောက်ထားချက်	....	....	၁၀၄
အာရုံ ၅-ပါးမှ တဏှာစီးဝင်လာပုံ	....	....	၁၀၅
သောတမည်ပုံ ရှင်းချက်	....	....	၁၀၅
သောတ ၅-မျိုးရှိပုံ	....	....	၁၀၅
ကိလေသာဝင်လာရာ အပေါက်များ	....	....	၁၀၆
မီးတောက်ရာ ၆-မျိုး ၊	....	....	၁၀၆
မီးတောက် ၃-မျိုး ၊	....	....	၁၀၇
ကိလေသာခေါ်ပုံ	....	....	၁၀၇
ကိလေသာ မဝင်အောင် အမှတ်ခိုင်းပါ ၁	....	....	၁၀၈
ဆင်းရဲအောင် လုပ်ထားသည့် တရားများ ၂	....	....	၁၀၈
နည်းမျိုးစုံဖြင့် နှိပ်စက်သော တရားများ ၃	....	....	၁၀၈
စျာန်ရသော်လဲ ကိလေသာ မကုန်ပုံ	....	....	၁၀၉
သဝနာနုတ္တရိယ ကုသိုလ်တိုးပွါးခြင်း	....	....	၁၁၀
ကိလေသာကို နှိုင်တဲ့တရားများ	....	....	၁၁၀
သတိ၏ အဓိပ္ပါယ် ၁	....	....	၁၁၁
သတိတရား အမြဲရှိနေပုံ ၂	....	....	၁၁၂
ဘုရားရှင် ကိုယ်တိုင် ဟောခဲ့သော သတိတရား ၃	....	....	၁၁၃
အာရုံအမျိုးမျိုး သိအောင် လုပ်ပေးတဲ့ သတိတရား	....	....	၁၁၃
သတိပေါ်လာပုံ	....	....	၁၁၄
ယောနိသော မနသိကာရရှိပုံ	....	....	၁၁၄
သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား ၄-ပါး	....	....	၁၁၅
သတိသမ္ဗောဇ္ဈင် အကျယ်ရှင်းချက်	....	....	၁၁၅
အာဘိက္ကန္တ ပဋိက္ကန္တဥ် ရှုမှတ်ဖွယ်	....	....	၁၁၆
စိတ္တဇဝါယောဓာတ် ဖြစ်ပေါ်ပုံ	....	....	၁၁၇

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
အာလောကိတ ဝိလောကိတဌ် ရှုမှတ်ဖွယ်	....	....	၁၁၇
သမိဠိတ ပသာရိတဌ် ရှုမှတ်ဖွယ်	....	....	၁၁၇
သံဃာဠိ စသည်ဌ် ရှုမှတ်ဖွယ်	....	....	၁၁၈
အသိတ စသည်ဌ် ရှုမှတ်ဖွယ်	....	....	၁၁၈
ကျင်ကြီး ကျင်ငယ်စွန့်ရာဌ် ရှုမှတ်ဖွယ်	....	....	၁၁၈
သွားတဲ့အခါ စသည်ဌ် ရှုမှတ်ဖွယ်	....	....	၁၁၉
သတိလွတ်ကင်းသော ပုဂ္ဂိုလ်ကို ရှောင်သင့်ပုံ	....	....	၁၁၉
သတိကောင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရပုံ	....	....	၁၁၉
သတိတရား ထင်ရှားအောင် ပြုလုပ်ရပုံ	....	....	၁၁၉
သတိမထားက ကိလေသာဝင်လာပုံ	....	....	၁၂၀
တာတမံနှင့်တူသောသတိ	....	....	၁၂၁
ကိလေသာကုန်ခန်းအောင် ပညာကသာ ပြုလုပ်နိုင်ပုံ	....	....	၁၂၁
သခ်ါရတရားများ	....	....	၁၂၂
သခ်ါရလုပ်သား ၃-ယောက်	....	....	၁၂၂
အနိစ္စခေါ်ပုံ	....	....	၁၂၂
သတိနှင့် ပညာခွဲပြချက်	....	....	၁၂၃
ဝိပဿနာအရာမှာ ပညာပြဋ္ဌာန်းပုံ	....	....	၁၂၃
ပညာဖြစ်ခြင်း၏အကြောင်း ၂-ပါး	....	....	၁၂၃
ပညာဖြစ်ပေါ်ပုံ	....	....	၁၂၅
ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိလျှင်လည်း ပညာဖြစ်ပုံ	....		၁၂၆
ဝိပဿနာဉာဏ်ဖြစ်ကြောင်း ၇-မျိုး	....	....	၁၂၆

၁-အဇိတသုတ္တန် စတုတ္ထပိုင်း

အဇိတသုတ္တန်ဟောကြားရာဌ် ရှင်းပြပုံ	....	....	၁၃၃
ညစ်နွမ်းစေတတ်သော ကိလေသာ	....	....	၁၃၄
သတ္တဝါတိုင်းကို စိုးမိုးချုပ်ချယ်သောတရားများ	....	....	၁၃၄
ကိလေသာကို သတ်တတ်သော တရားများ	....	....	၁၃၄
သတိထားပုံထားနည်း	....	....	၁၃၅
သတိထားဘို့နေရာ ပြဆိုချက်	....	....	၁၃၅
ဝါယောဓာတ်သဘောကို သတိကဖော်ပြပုံ	....	....	၁၃၆
ပညာစခန်းသွားပုံ	....	....	၁၃၇
တရားဘက်ပါအောင် စကားဆက်ရခြင်း	....	....	၁၃၇

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
တရားတက်ရာ၌ အနုသန္ဓေ	....	....	၁၃၀
တရားတက်နည်း လျှောက်ထားခြင်း	....	....	၁၃၀
တရားတက်နည်း စကားပြော	....	....	၁၃၀
သတိနှင့် ပညာကြောင့် ကိလေသာချုပ်ပုံ	....	....	၁၃၉
သဝနာနုတ္တရိယ ကုသိုလ်ကျိုးဝတ္ထု	....	....	၁၄၀
တရားနာရကျိုး ဝတ္ထုတမျိုး	....	....	၁၄၁
အထောက်အပံ့ရမှ နိဗ္ဗာန်ရပုံ	....	....	၁၄၁
ဒါနသီလကြောင့် အောက် မဂ်,ဖိုလ်ရခြင်း	....	....	၁၄၂
ဘာဝနာကြောင့် အရဟတ္တဖိုလ်ရခြင်း	....	....	၁၄၂
ဒါနကို ဥပနိဿယပစ္စည်းတပ်ပုံ	....	....	၁၄၂
အထောက်အပံ့ ၃-မျိုး	....	....	၁၄၃
တရားတော်နှင့်ယှဉ်လျှင် မိတ်ကောင်းနှင့် စိတ်ကောင်းရှိပုံ	....		၁၄၃
ပဋိပတ်လုပ်က ပရိယတ်စည်းကမ်းရှိရခြင်း	....	....	၁၄၄
✓စိတ်ကောင်းဆိုတာ ရှင်းပြချက် ✓	....	....	၁၄၄
မိတ်ကောင်းနှင့် စိတ်ကောင်းရှိရန် တိုက်တွန်းချက်.... ✓	....		၁၄၄
တရားတက်ပုံ တက်နည်းကို ပြခြင်း	....	....	၁၄၅
အဓိပ္ပါယ်ကို ကျမ်းလုတ် မပြောခြင်း	....	....	၁၄၆
ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်ခြင်း	....	....	၁၄၇
မဂ်ချုပ်ရာ၌ ရှင်းပြချက်	....	....	၁၄၇
ဝိညာဏ်ချုပ်ပုံ ရှင်းပြချက်	....	....	၁၄၈
သောတာပန်ပုဂ္ဂိုလ်၏ ရုပ်နာမ်ချုပ်ပုံ	....	....	၁၄၈
အဘိသခ်ါရဝိညာဏ်ဖြစ်ပုံ	....	....	၁၄၈
ချုပ်တယ်ဆိုရာ၌ သိမှတ်ဖွယ်	....	....	၁၄၉
အဘိသခ်ါရဝိညာဏ်တရားကိုယ်	....	....	၁၅၀
သောတာပတ္တိမဂ်ဉာဏ် ခေါ်ပုံ	....	....	၁၅၀
ကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်ကို အဘိသခ်ါရဝိညာဏ်ခေါ်ပုံ	....		၁၅၁
ပါဠိတော် ကိုးကားပြချက်	....	....	၁၅၁
ဝိညာဏ်ချုပ်ပုံ ၂-မျိုး	....	....	၁၅၁
အနုပါဒိန္နကချုပ်ပုံ	....	....	၁၅၂
အနုပါဒိန္နကကို ခန္ဓာဖွဲ့ပြခြင်း	....	....	၁၅၂

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
သောတာပတ္တိမဂ် ပယ်စိတ် ၅-ပါး သောင်းကျန်းပုံ	....	....	၁၅၃
ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ သောင်းကျန်းပုံ ✓	....	....	၁၅၃
သောတာပတ္တိမဂ်ဉာဏ်ပေါ်က ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပျောက်ခြင်း	....	....	၁၅၄
မဂ်ဉာဏ်ပေါ်ရာ၌ သိမှတ်ဖွယ်ရာ	....	....	၁၅၄
လူနှတ်စည်းစိမ်ထက် သောတာပတ္တိမဂ်ဉာဏ်မြတ်ပုံ	....	....	၁၅၅
ဥပါဒိန္နကခန္ဓာဖြစ်ခြင်းအကြောင်း	....	....	၁၅၆
နိဂရောဓသစ္စာခေါ်ပုံ	....	....	၁၅၆
ဥပါဒိန္နကခန္ဓာချုပ်ပုံ	....	....	၁၅၆
သကဒါဂါမိမဂ်ဉာဏ် ပယ်သောတရားများ	....	....	၁၅၆
အနာဂါမိမဂ်ဉာဏ် ပယ်သောတရားများ	....	....	၁၅၈
အနာဂါမ်ပုဂ္ဂိုလ်များ တဘဝသာ ဖြစ်ခွင့်ရှိပုံ	....	....	၁၅၈
အရဟတ္တမဂ် ပယ်သောတရားများ	....	....	၁၅၉

၁-အဇိတသုတ္တန် ပဥ္စမပိုင်း

အနုသန္ဓေစကား	....	....	၁၆၁
အဇိတရသေ့နှင့် ဘုရားရှင် မေးဖြေ	....	....	၁၆၂
ကိလေသာမဝင်အောင် တားဆီးနိုင်သော တရားများ	....	....	၁၆၂
ကိလေသာကင်းရာ နိဗ္ဗာန်	....	....	၁၆၃
မြင်ရာ ကြားရာ၌ ရှုမှတ်ဖွယ်	....	....	၁၆၃
သတိ အလုပ်လုပ်ပုံ ✓	....	....	၁၆၃
ဥပါဒါနက္ခန္ဓာ ၅-ပါး	....	....	၁၆၄
သန်တ အသန်တတရား ၂-မျိုး	....	....	၁၆၄
ယောဂက္ခေမ ခေါ်ပုံ	....	....	၁၆၅
အကုသိုလ်တရားတို့ ရေနှင့်တူပုံ	....	....	၁၆၅
ရေမျောသူပမာနှင့် နာမ်ရုပ်	....	....	၁၆၆
ဝိညာဏ် နာမ်ရုပ်ကို အမှတ်မှားပုံ	....	....	၁၆၆
ဒိဋ္ဌိနှင့် တဏှာရှင်းချက် ✓	....	....	၁၆၆
အဇိတရသေ့တို့နေရာ	....	....	၁၆၇
အဇိတရသေ့တို့ မဂ်ဖိုလ်မရသေးပုံ	....	....	၁၆၇
စွဲမိုက ချုတ်ရုန် ခဲယဉ်းပုံ အဝတ်ဖြူ ဥပမာ ✓	....	....	၁၆၈
ဝိညာဏ် နာမ်ရုပ်များ ကိလေသာဆိုးရည်စွဲနေပုံ	....	....	၁၆၈
ကိလေသာဆိုးရည်ကို သတိဖြင့် တားထားပုံ ✓	....	....	၁၆၉
ကိလေသာဆိုးရည်ကို မဂ်ပညာဖြင့် ချုတ်ပုံ ✓	....	....	၁၆၈

http://www.dhammadownload.com

အကြောင်းအရာ

	စာမျက်နှာ
ကိလေသာဆိုးရည်တရားများ	၁၆၉
သတိထားရှုက ဉာဏ်၌ထင်လာခြင်း	၁၇၀
ရုပ်နာမ်ကို ဖြစ်ပျက်ရှုပုံ	၁၇၀
ဖြစ်ပျက်ရှုရာ၌ အမှတ်လွဲသွားနိုင်ပုံ	၁၇၀
မြင်မြင်သမျှ အာရုံတွေကို ငြိုးငွေ့ပုံ	၁၇၀
ပြဟ္မာမင်းစည်းစိမ်ကိုပင် ကြောက်ပုံ	၁၇၁
ဥ၁-ဘုံ ချုံကြည့်လျှင် တရား ၃-ပါးသာ တွေ့ရပုံ	၁၇၂
နိဗ္ဗိန္ဒဉာဏ်၌ သိမှတ်ဖွယ်	၁၇၃
ဝိရာဂဖြစ်ပုံ	၁၇၃
ချုပ်တယ်ဆိုရာ၌ သိမှတ်ဖွယ်	၁၇၃
ဥပါဒိန္နက ခန္ဓာချုပ်ပုံ	၁၇၄
သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်	၁၇၅
ဒိဋ္ဌနှင့် ဝိစိကိစ္ဆာမချုပ်က ဖြစ်ပေါ်လာသော တရားများ	၁၇၆
သကဒါဂါမိမဂ်ချုပ်သော တရားများ	၁၇၆
မဂ်ချုပ်ရာ၌ သိမှတ်ဖွယ်	၁၇၇
အနာဂါမိ မဂ်ချုပ်သော တရားများ	၁၇၇
အရဟတ္တမဂ် ချုပ်သော တရားများ	၁၇၈
ရဟန္တာပုဂ္ဂိုလ် ကုသိုလ်အကျိုး မပေးပုံ	၁၇၈
ဥပါဒိန္နကခန္ဓာ	၁၇၉
စရိမဝိညာဏ်ခေါ်ပုံ	၁၇၉
စရိမ ၃-မျိုး	၁၈၀
ဘဝစရိမ	၁၈၀
ဈာနစရိမ	၁၈၀
စုတိစရိမ	၁၈၀
ရွှေ နောက် စကားဆက်ရန် အနုသန္ဓေ	၁၈၁
အဇိတရသေ့အား သစ္စာ ၄-ပါး တရားပြပုံ	၁၈၂
အရိယာဖြစ်ရန် ပုစ္ဆာတခု မေးမြန်းခြင်း	၁၈၂
သေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့ အကျင့်ကို မေးလျှောက်ပုံ	၁၈၃
ဘုရားရှင်က ရှင်သာရိပုတ္တရာအား ပြဿနာမေးပုံ....	၁၈၄
ရှင်သာရိပုတ္တရာ မဖြေပုံ ရှင်းချက်	၁၈၄
ရှင်သာရိပုတ္တရာ ကြံစည်ပုံ	၁၈၄
ခန္ဓာ ၅-ပါး ဖြစ်ပေါ်လာခြင်း	၁၈၅

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ခန္ဓာဖြစ်က ဒုက္ခနှင့် မကင်း	....	....	၁၀၅
ဘုရားရှင်၏ အလိုကျ သိရပုံ	....	....	၁၀၅
ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ရှင်းပြချက်	....	....	၁၀၆
ဉာဏ် ၂-ပါးဖြင့် ခန္ဓာ ၅-ပါးကို မြင်ပုံ	....	....	၁၀၆
သေက္ခပုဂ္ဂိုလ် ရေတွက်ပြခြင်း	....	....	၁၀၇
သေက္ခပုဂ္ဂိုလ်တို့နေပုံ	....	....	၁၀၇
ခန္ဓာ ၅-ပါး ရှုနေသည် မည်ခြင်း	....	....	၁၀၇
အကြောင်းတရားကြောင့် အကျိုးခန္ဓာဖြစ်ခြင်း	....	....	၁၀၈
သေက္ခပုဂ္ဂိုလ် ခေါ်ပုံ	....	....	၁၀၉
ပါတိမောက္ခသံဝရ သီလ၌ သိမှတ်ဖွယ်	....	....	၁၉၀
တရား ၂-မျိုးစီ ဟောကြားခြင်း	....	....	၁၉၀
ကာယသမာစာရ ၂-မျိုး	....	....	၁၉၁
ဝစီသမာစာရ ၂-မျိုး	....	....	၁၉၁
ရှာမှီးမှု ၂-မျိုး	....	....	၁၉၂
ရှားမှီးမှု ၂-မျိုး စိစစ်ပြခြင်း	....	....	၁၉၃
အကျင့် ၂-မျိုး	....	....	၁၉၃
ရှောင်ရမည့် အကျင့်မျိုး ၈	....	....	၁၉၄
ရဟန်းနှင့်သာဆိုင်သည့် အကျင့်ယုတ်များ	....	....	၁၉၄
အကျင့်ကောင်းများ ၈	....	....	၁၉၅
ဘုရားရှင် စက်ဆုပ်သော အကျင့်များ	....	....	၁၉၆
မကျက်စားထိုက်သော အရပ်ဌာန	....	....	၁၉၆
မမှီဝဲထိုက်သော် ပုဂ္ဂိုလ်	....	....	၁၉၇
မရောနှောရသော ပုဂ္ဂိုလ်များ ၂	....	....	၁၉၈
ချဉ်းကပ်သင့်သော အိမ်များ ၂	....	....	၁၉၈
မယဉ်ကျေးသော အမူအရာများ	....	....	၁၉၈
မပြောဆိုကောင်းသော အကျင့်များ	....	....	၁၉၈
ကျက်စားရာ ၃-မျိုး ၂	....	....	၁၉၉
ဥပနိဿယ ဂေါစရမည်ပုံ	....	....	၂၀၀
အာရက္ခ ဂေါစရ ခေါ်ပုံ	....	....	၂၀၀
ဥပနိဗန္ဓ ဂေါစရ ခေါ်ပုံ	....	....	၂၀၀
ဘုရားအလိုတော်ကျ ကျက်စားရာ စားကျက်	....	....	၂၀၁
ရဟန်းကောင်းတို့၏နေပုံ	....	....	၂၀၂

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဒုတိယစျာန်ရအောင်ကျင့်ပုံ	....	....	၂၀၂
တတိယစျာန်ရအောင်ကျင့်ပုံ	....	....	၂၀၂
စတုတ္ထစျာန်ရအောင်ကျင့်ပုံ	....	....	၂၀၃
စျာန်ရအောင် ကျင့်ရာ၌ ရှင်းချက်	....	....	၂၀၃
စျာန် ၄-ပါး အသုံးချပုံ	....	....	၂၀၄
အခြေခံဖြစ်သော စတုတ္ထစျာန်	....	....	၂၀၅
သစ္စာ ၄-ပါးကို သိသော အဓိပ္ပညာ	....	....	၂၀၆
သေက္ခပုဂ္ဂိုလ် သိမှတ်ဖွယ်	....	....	၂၀၇
အသေက္ခ ပုဂ္ဂိုလ်	....	....	၂၀၇
သေက္ခပုဂ္ဂိုလ်၏ အကျင့်	....	....	၂၀၉
အသေက္ခပုဂ္ဂိုလ်၏အကျင့်	....	....	၂၁၀
အဇိတရသေ့ တပည့်များနှင့် ရဟန္တာဖြစ်ပုံ	....	....	၂၁၁

၂-တိဿမေတ္တေယျသုတ္တန် ပဌမပိုင်း

တိဿမေတ္တေယျသုတ္တန်	....	....	၂၁၃
ဘုရားရှိခိုးရန် တိုက်တွန်းချက်	....	....	၂၁၃
မောဃရာဇ ပုဏ္ဏားရဲ့ အကျဉ်းချုပ်မှတ်ဖွယ်	....	....	၂၁၄
မောဃရာဇ ပညာရှိအမေး	....	....	၂၁၅
ဘုရားရှင် မဖြေဆိုရာ၌ သိမှတ်ဖွယ်များ	....	....	၂၁၅
မဒနခေါပုံ ✓	....	....	၂၁၆
တိဿမေတ္တေယျ လျှောက်ပုံ	....	....	၂၁၆
အမေးပုစ္ဆာ ၅-ချက်	....	....	၂၁၇
မြန်မာပြန်များ ညွှန်ပြပုံ	....	....	၂၁၈
ဘုရားရှင် ဖြေကြားတော်မူပုံ	....	....	၂၁၈
တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ပုံ ✓	....	....	၂၁၈
တုန်လှုပ်သော ပုထုဇဉ် ပုဂ္ဂိုလ် ✓	....	....	၂၁၉
မြင့်မြတ်ခြင်း ၃-မျိုး	....	....	၂၂၀
အမျိုးဇာတ်မြတ်လည်း အကျင့်ညံ့က လူယုတ် ✓	....	....	၂၂၀
အယုတ်အမြတ်ကို ခွဲခြားသိသင့်ပုံ ✓	....	....	၂၂၀
လူချမ်းသာသော်လည်း အကျင့်ညံ့က လူယုတ် ✓	....	....	၂၂၁
အရှယ်ကြီးသော်လည်း အကျင့်ညံ့က လူယုတ် ✓	....	....	၂၂၁
အမြင့်ဟောမှ အမြတ်ရနိုင်ပုံ ✓	....	....	၂၂၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
အမြင့်တရားနာမှ အမြတ်နိဗ္ဗာန် သိရမည်	....	....	၂၂၂
လူမြတ်ခေါ်ပုံ လျှောက်ထားချက်	....	....	၂၂၂
ခန္ဓာ ၅-ပါးနှင့် ဘေး ၄-မျိုး	....	....	၂၂၃
ပရိပုဏ္ဏ သက်ပွဖြစ်သော ပုဂ္ဂိုလ်	....	....	၂၂၄
ကာမတဏှာကြောင့် အပြစ်မမြင်နိုင်	....	....	၂၂၅
မတင်းတိမ်နိုင်သော ကာမဂုဏ်တရား	....	....	၂၂၅
ကာမဂုဏ် အပြစ်မြင်မှ သက်သာပုံ	....	....	၂၂၆
သန္တုဿိတ ပုဂ္ဂိုလ် မည်ခြင်း	....	....	၂၂၆
ကာမဂုဏ်အပြစ် ပြဆိုသော မြန်မာပြန်များ ညွှန်ပြချက်	....	....	၂၂၇
ကာမဂုဏ်အပြစ်ကို သိအောင် လုပ်သင့်ပုံ	....	....	၂၂၇
ကာမဂုဏ်၌ အချက် ၃-ချက် သိမှတ်ဖွယ်	....	....	၂၂၈
ကာမဂုဏ်အလုပ်များပြားပုံ	....	....	၂၂၉
ကာမဂုဏ်ကြောင့် ချမ်းသာစွာ မနေနိုင်ပုံ	....	....	၂၃၀
ကာမဂုဏ်ရဲအပြစ်ကို မြင်အောင်ကြည့်	....	....	၂၃၁
အားထုတ်မှုကြောင့် ရရှိခြင်း	....	....	၂၃၂
ရရှိမှုကြောင့် စောင့်ရှောက်ရခြင်း	....	....	၂၃၃
စောင့်ရှောက်မှုကြောင့် အပြစ်အမျိုးမျိုး ရရှိပုံ	....	....	၂၃၄
ကာမဂုဏ်ကြောင့် မင်းအချင်းချင်း ရန်သူဖြစ်ပုံ	....	....	၂၃၅
ကာမဂုဏ်ကြောင့် ပုဏ္ဏားချင်း ရန်သူဖြစ်ပုံ	....	....	၂၃၅
ကာမဂုဏ်ကြောင့် မိတ်ဆွေချင်း ရန်သူဖြစ်ပုံ	....	....	၂၃၆
ကာမဂုဏ်ကြောင့်ဖြစ်သော အပြစ်အမျိုးမျိုး	....	....	၂၃၇
နှိပ်စက်ပုံ အမျိုးမျိုး	....	....	၂၃၈
ကာမဂုဏ်ကြောင့် ဒုစရိုက်များ လွန်ကျူးပုံ	....	....	၂၃၉
အကျင့်မြတ် ခေါ်ပုံ	....	....	၂၄၀
တရားနာပုဂ္ဂိုလ် မဂ္ဂင် ၈-ပါး ဖြစ်နေပုံ	....	....	၂၄၀
တင်းတိမ်ရောင့်ရဲသော ပုဂ္ဂိုလ်များ	....	....	၂၄၁

၂-တိဿမေတ္တေယျသုတ္တန် ဒုတိယပိုင်း

ရှိသေစွာ နှလုံးသွင်းရန် တိုက်တွန်းချက်	....	....	၂၄၃
တရားနာနည်းနှင့် နှလုံးသွင်းနည်း	....	....	၂၄၄
ပြောတိုင်း မှတ်ပါမှ ပြောရကျိုးရှိပုံ	....	....	၂၄၄
ကာမဂုဏ်အပြစ် များပြားပုံ	....	....	၂၄၅

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
အပြစ်မြင်နိုင်မှ စွန့်နိုင်ပုံ ✓	....	....	၂၄၅
အရိုးကပ်သောအသားနှင့်တူပုံ ဥပမာ	....	....	၂၄၆
သားတစ်နှင့်တူသော ကာမဂုဏ်	....	....	၂၄၇
သရက်ပင်ကြောင့် သံဝေဂဖြစ်ပုံ ဥပမာ	....	....	၂၄၈
သာယာဖွယ်နည်းသော ကာမဂုဏ်	....	....	၂၄၈
မြက်မီးရှူးနှင့်တူသော ကာမဂုဏ်	....	....	၂၄၉
ငှါးရမ်းသုံးစွဲရသည်နှင့်တူသော ကာမဂုဏ်	....	....	၂၄၉
အိပ်မက်နှင့်တူသော ကာမဂုဏ်	....	....	၂၅၀
တုန်လှုပ်ခြင်းကင်းသော ပုဂ္ဂိုလ်	....	....	၂၅၁
တုန်လှုပ်ခြင်းအကြောင်း	....	....	၂၅၁
လှုပ်ရှားပုံ အမျိုးမျိုး	....	....	၂၅၂
ရှုမှတ်က ကိလေသာငြိမ်းပုံ	....	....	၂၅၂
အစွန်း ၂-ဖက် မလိမ်းကျံသော ပုဂ္ဂိုလ်	....	....	၂၅၃
အစွန်း ၂-ပါးနှင့် အလယ် သိထားသင့်ပုံ	....	....	၂၅၄
တနည်း အစွန်း ၂-ပါး	....	....	၂၅၄
အကြားစကားဟူရာ၌ မှတ်ဖွယ်	....	....	၂၅၅
အစွန်း ၂-ဘက် အလယ် ပြဿနာပေါ်ပုံ	....	....	၂၅၆
ရဟန်းတပါးရဲ့ အဖြေ	....	....	၂၅၇
ဖဿသည် အစွန်းတဘက်	....	....	၂၅၇
ဖဿသမုဒယသည် အစွန်းတဘက်	....	....	၂၅၈
ဖဿနိရောဓသည် အလယ်	....	....	၂၅၈
အစွန်း ၂-ဘက် ပြတ်ပုံ ဥပမာပြချက်	....	....	၂၅၈
အစွန်း ၂-ခု စပ်ပေးသော တဏှာ	....	....	၂၅၉
အစွန်း ၂-ဖက် ယူပုံ တနည်း	....	....	၂၅၉
ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဖဿဖြစ်ပုံ	....	....	၂၆၀
ဖဿအစွမ်းဖြင့် ကာလ ၃-ပါးမှာ ခွဲပြခြင်း	....	....	၂၆၁
တဏှာစပ်ပေးပုံ ရှင်းပြချက်	....	....	၂၆၂
ဝိပဿနာလုပ်ငန်း ဖော်ပြချက်	....	....	၂၆၃
ပါဠိတော်နာရကျိုး မှတ်ဖွယ်	....	....	၂၆၃
ဖဿချုပ်အောင် လုပ်ရန်	....	....	၂၆၄
စပ်ပေးသောတဏှာ ချုပ်သင့်ပုံ	....	....	၂၆၄
ဝေဒနာ ၃-ပါး	....	....	၂၆၅

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဝေဒနာကြောင့် တဏှာဖြစ်ပုံ	....	....	၂၆၄
တောင့်တမှုကြောင့် တဏှာဖြစ်ပုံ	....	....	၂၆၆
တဏှာချုပ်ကာ ဝေဒနာချုပ်ခြင်း	....	....	၂၆၆
ဒိဋ္ဌတဏှာချုပ်ရမှာ	....	....	၂၆၇
ဘုရားရှင်လက်ထက်က ရဟန်းချင်း အယူကွဲလွဲပုံ	....	....	၂၆၇
အယူအဆ အမျိုးမျိုးကွဲခြင်း	....	....	၂၆၈
ဝိပဿနာလုပ်ငန်း သူနည်း သူဟန်	....	....	၂၆၈
လိမ်းကျံခြင်း ၂-မျိုး	....	....	၂၆၉
တဏှာဖြင့် လိမ်းကျံပုံ	....	....	၂၆၉
ဒိဋ္ဌိဖြင့် လိမ်းကျံပုံ	....	....	၂၇၀
သက္ကာယဒိဋ္ဌိနဲ့ လိမ်းကျံပုံ	....	....	၂၇၁
သက္ကာယဒိဋ္ဌိ ၂၀	....	....	၂၇၀
အတ္တဒိဋ္ဌိစွဲ ၃-မျိုး	....	....	၂၇၁
အတ္တခေါ်ရာဌ္ဌ မှတ်ဖွယ်	....	....	၂၇၁
အတ္တအစွဲနှင့် ဆီမီးဥပမာ	....	....	၂၇၂
နာမ်၌ အတ္တစွဲပုံ	....	....	၂၇၂
ရုပ်နာမ်ကို အတ္တစွဲပုံ	....	....	၂၇၃
ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ ခွဲပြပုံ	....	....	၂၇၃
ဒသဝတ္ထုက ဒိဋ္ဌိ ၁၀-မျိုး	....	....	၂၇၄
အန္တဂ္ဂါဟိက ဒိဋ္ဌိ ၁၀-မျိုး	....	....	၂၇၅
ဒိဋ္ဌိ ၃-မျိုးဖြင့် လိမ်းကျံပုံ	....	....	၂၇၆
ယောကျ်းမြတ် ခေါ်ပုံ	....	....	၂၇၆
သတိပဋ္ဌာန်ပွါးက ရှိရမည့် တရားများ	....	....	၂၇၇
သတိပဋ္ဌာန်ပွါးက ပယ်ရမည့်တရားများ	....	....	၂၇၇
တိဿမေတ္တေယျရသေ့ ရဟန္တာဖြစ်ပုံ	....	....	၂၇၈

၃-ပုဏ္ဏကသုတ္တန် ပဋမပိုင်း

ပုဏ္ဏကသုတ္တန်	....	....	၂၈၀
ဘုရားရှိခိုးရန် တိုက်တွန်းချက်	....	....	၂၈၀
ဟောင် ၅-လုံးကာခို ထုဇ္ဈိဟ်	....	....	၂၈၁
ဘုရားရှင်ရှိသည့်နေထုကို မှန်းဆကြည်ညိုရန်	....	....	၂၈၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ရတနာ ၃-ပါး အာ၀ဇ္ဇုပ္ပဒိုက် နီ၀ရဏကင်းကွာခြင်း	....		၂၀၂
မဟာနာမ် ဒါယကာ လျှောက်ထားချက်	....	....	၂၀၃
ဘုရားဂုဏ်တော် ပွါးများရန် တိုက်တွန်းချက်	....	....	၂၀၄
ဘုရားရှင် မိန့်ကြားချက်	....	....	၂၀၅
မောဃရာဇပုဏ္ဏားကို တားထားပုံ	....	....	၂၀၅
ပုဏ္ဏကရသေ့ မေးလျှောက်ပုံ	....	....	၂၀၆
သာသနာနှင့်ကြုံသဖြင့် တန်ဘိုးကြီးပုံ	....	....	၂၀၇
ဘုရားရှင်ကို အနေဇခေါ်ပုံ	....	....	၂၀၈
တဏှာကင်းမှ အာဃာတကင်းပုံ ✓	....	....	၂၀၈
တဏှာကင်းပုံ	....	....	၂၀၉
အကုသိုလ်ရဲ့ အမြစ်အရင်း သုံးပါး ✓	....	....	၂၀၉
မူလ ၂-မျိုး	....	....	၂၀၉
သံသရာလည်စေနိုင်သော ကံ ၃-မျိုး ✓	....	....	၂၁၀
မိဿကက်ခေါ်ခြင်း	....	....	၂၁၁
မိဿကက် အကျိုးပေးရာ၌ သိမှတ်ဖွယ်	....	....	၂၁၁
ကံနှင့် ကံအကျိုးပေးပုံ သိမှတ်ဖွယ်	....	....	၂၁၂
မူလဒဿာဝီ မည်ပုံ	....	....	၂၁၃
ကုသိုလ်မူလ ၃-ပါး ရှင်းချက်	....	....	၂၁၄
ကုသိုလ်၏ သဘောလက္ခဏာ ✓	....	....	၂၁၄
ကုသိုလ် ဟိတ် ၃-ပါး အကျိုးပေးပုံ	....	....	၂၁၅
သံသရာမလည်သော တရားများ ✓	....	....	၂၁၆
သံသရာလည်သော တရားများ ✓	....	....	၂၁၆
အကုသိုလ်ကံ၏ အမြစ်အရင်းများ	....	....	၂၁၇
ကုသိုလ်ကံ၏ အမြစ်အရင်းတရားများ ✓	....	....	၂၁၈
ဒါနဝတ္ထု ၁၀-မျိုး	....	....	၂၁၈
တရားမြင့်မြတ် ဟောရပုံ နှိုင်းယှဉ်ပြချက်	....	....	၂၁၉
ဘေးဆိုးကြီးနှင့် တွေ့ရပုံ ✓	....	....	၃၀၀
လက္ခဏာရေး ၃-ပါးမှ လွတ်သောတရား မရှိပုံ	....	....	၃၀၂
တဏှာဆိုတာ ကတော့ကြီးနှင့်တူပုံ ✓	....	....	၃၀၄
အလိုမပြည့်နိုင်သော တရား ✓	....	....	၃၀၅
ရခဲသော တရား ၅-မျိုး ✓	....	....	၃၀၆

http://www.dhammadownload.com

အကြောင်းအရာ စာမျက်နှာ

၃-ပုဏ္ဏကသုတ္တန် ဒုတိယပိုင်း

ဘုရားရှင်၏ သိမ်မွေ့ပုံ ၂-မျိုး ၃၀၉
မင်းဖြစ်လို့ သိမ်မွေ့ပုံ ၃၀၉
ဘုရားဖြစ်လို့ သိမ်မွေ့ပုံ ၃၀၉
ဘုရားရှင်၏ အသံတော် ၃၁၀
လမင်းနှင့်တူသော ဘုရားရှင် မျက်နှာတော် ၃၁၁
ပုဏ္ဏကပညာရှိ အမေးနှင့် ဘုရားရှင် အဖြေ ၃၁၁
ပုဏ္ဏကရသေ့၏ ရရှိပြီး တရားများ ၃၁၂
ပုဏ္ဏကရသေ့၏ ရည်ရွယ်ချက်များ ၃၁၃
ဘုရားရှင်အား ဖူးမြင်ရန် တိုက်တွန်းပုံ ၃၁၃
ပရန့ှင့် ဩပရပုဒ် ရှင်းချက် ၃၁၄
ကိလေသာငြိမ်းတဲ့ ပုဂ္ဂိုလ် ✓ ၃၁၅
တိမ်တိုက်ပမာ ၅-ခန္ဓာ ✓ ၃၁၅
ဓမ္မာယတနကို ခန္ဓာဖွဲ့ပြပုံ ၃၁၆
ဝါယောဓာတ် ရှုကွက်ဖော်ပုံ ၃၁၆
ဓမ္မာရုံဘုရားများ ၃၁၇
အာဒုံ အာရမ္မဏိက တရားများ ၃၂၇
လက္ခဏာရမ္မဏိက ဝိပဿနာဉာဏ် ခေါ်ပုံ ၃၁၈
ခန္ဓာ ၅-ပါး အနိစ္စခေါ်ပုံ ၃၁၈
တရားတွေ့ပုံ မှတ်ဖွယ် ၃၁၉
တရားတွေ့ပုံ တွေ့နည်း ၃၁၉
အနိစ္စနှင့် အနိစ္စလက္ခဏာ ကွဲပြားချက် ၃၂၀
အနိစ္စာနုပဿနာ ခေါ်ပုံ ၃၂၀
ဇာတိတရား ဒုက္ခမည်ပုံ ၃၂၁
ဝိပရိဏာမပေါ် လွင်က ဖြစ်ပျက်ထင်ရှားလာပုံ ၃၂၁
ဝိပရိဏာမ မြင်နိုင်ခဲပုံ ၃၂၂
အာဒီနဝဉာဏ် ၃၂၃
သမာဓိဘာဝနာ ထူထောင်နည်း ✓ ၃၂၃
သမာဓိ ဘာဝနာ ၄-မျိုး ၃၂၃
မျက်မှောက်ချမ်းသာအတွက် သမာဓိဘာဝနာပွါးနည်းမျိုး ✓ ၃၂၅
စျာန်ခေါ်ပုံနှင့် စျာန် ၂-မျိုး ၃၂၆

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဗျာန်နှင့် အဘိညာဉ် ရှင်းပြချက်	....	....	၃၂၃
ချစ်ခြင်း မုန်းခြင်းရဲ့ တရားကိုယ်များ ✓	....	....	၃၂၃
ဝိတက်ဝိစာရ၏ သဘောလက္ခဏာများ	....	....	၃၂၈
နီဝရဏ ၅-ပါး	....	....	၃၂၈
ဗျာန်တက်ပုံ အစီအစဉ်	....	....	၃၂၉
မျက်မှောက်ချမ်းသာ ခံစားနေရပုံ	....	....	၃၂၉
ချမ်းသာကို နာမကာယဖြင့် ခံစားပုံ	....	....	၃၃၀
မျက်မှောက်ချမ်းသာ ထူထောင်နေပုံ	....	....	၃၃၁
ဒိဗ္ဗစက္ခုဉာဏ် ထင်လာပုံ	....	....	၃၃၃
သတိပညာအတွက် သမာဓိထူထောင်နည်း	....	....	၃၃၃
အာသဝက္ခယဉာဏ် ထင်လာပုံ	....	....	၃၃၄
သမာဓိရနည်း ရှင်အာနန္ဒာ လျှောက်ထားချက်	....	....	၃၃၇
ရှင်အာနန္ဒာ လျှောက်ထားပုံ ရှင်းလင်းချက် ✓	....	....	၃၃၈
ဘုရားရှင်ဖြေကြားပုံ	....	....	၃၃၈

၄-မေတ္တာဂူသုတ္တန် ပဌမပိုင်း

မေတ္တာဂူသုတ္တန်မည်ပုံ	....	....	၃၄၃
ဘုရားရှိခိုးရန် တိုက်တွန်းချက်	....	....	၃၄၃
မေတ္တာဂူသုတ္တန် ဟောရာဌာန သိမှတ်ဖွယ်	....	....	၃၄၄
မေတ္တာဂူပုဏ္ဏား လျှောက်ထားချက်	....	....	၃၄၆
ဘုရားရှင်အပေါ် ယုံကြည်ချက် ✓	....	....	၃၄၆
ယုံကြည်ပုံ ရှင်းပြချက်	....	....	၃၄၇
ဗောဓိပက္ခိယတရားနှင့် ပြည့်စုံခြင်း	....	....	၃၄၈
ကြည်ညိုပုံ လျှောက်ထားချက်	....	....	၃၄၈
ဒုက္ခဖြစ်ပုံ လျှောက်ထားခြင်း ✓	....	....	၃၄၉
ဒုက္ခတရားကို မြင်အောင်ရှု ✓	....	....	၃၅၀
ဗျသန ၅-မျိုး	....	....	၃၅၀
တရားရှုမှု ခဲနိုင်ရည် ရှိခြင်း	....	....	၃၅၀
အသိလွဲချော်ပုံ	....	....	၃၅၁
သိကြားမင်းတောင် သောကရောက်ပုံ ✓	....	....	၃၅၁

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ဘုရားရှင်အား လျှောက်ရာ၌ ပိဏ္ဍတ္ထ အဓိပ္ပါယ်	၃၅၃
အဝယဝခေါ် အစိတ်စိတ် အဓိပ္ပါယ်	၃၅၃
ဥပဓိ ၄-မျိုး	၃၅၄
ခန္ဓူပဓိ ရှင်းချက်	၃၅၄
ဇောဂါဟူသမျှ ဒုက္ခဖြစ်ပုံ	၃၅၄
ခန္ဓာကြောင့် ဆင်းရဲဖြစ်ပုံ	၃၅၅
ပြုပြင်၍ မရနိုင်သော အရာများ	၃၅၆
ကိလေသူပဓိ ရှင်းချက်	၃၅၆
ကာမူပဓိရှင်းချက်	၃၅၆
သင်္ခါရူပဓိရှင်းချက်	၃၅၆
ဥပဓိ ၁၀-ပါး တနည်း	၃၅၇
ဒုစရိုက်တရားများကို ဥပဓိခေါ်ပုံ	၃၅၇
အာဟာရလည်း ဥပဓိခေါ်ပုံ	၃၅၇
အမျက်ထွက်ခြင်းကို ဥပဓိခေါ်ပုံ	၃၅၈
ဥပါဒိန္နကလည်း ဥပဓိခေါ်ပုံ	၃၅၈
အာယတနများကို ဥပဓိခေါ်ပုံ	၃၅၈
ဝိညာဏ် ၆-ပါးကို ဥပဓိခေါ်ပုံ	၃၅၉
ဥပဓိတရားမကင်းက ဆင်းရဲပုံ	၃၅၉
ဥပဓိပယ်နိုင်ရန် ကျင့်သောပုဂ္ဂိုလ် ၄-ယောက်	၃၆၀
ဥပဓိတရားပယ်နည်း	၃၆၀
ဥပဓိ ၄-ပါး ပယ်သော ပုဂ္ဂိုလ် ၄-မျိုး	၃၆၁
ဥပဓိ ၄-ပါးကို ပယ်နိုင်သောတရားများ	၃၆၃
တရားအားထုတ်သူ၏ သန္တာန်မှာ ဖြစ်ပေါ်လာတတ်ပုံ	၃၆၂
ကိလေသာနှင့် ယှဉ်စပ်သော ပုဂ္ဂိုလ်	၃၆၂
ကာမဝိတက် စသည်ဝင်လာပုံ	၃၆၃
ကိလေသာဝင်လာက အနိစ္စ မြင်အောင်ရှု	၃၆၄
ဥပဓိအပယ်ဖြန်သောပုဂ္ဂိုလ်	၃၆၅
သံဒယ်နှင့် ရေပေါက် ဥပမာ	၃၆၆
ဥပဓိအပြစ်ကို မြင်အောင် ရှုပုံ	၃၆၇

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
၄-မေတ္တဂူသုတ္တန် ဒုတိယပိုင်း			
ခန္ဓာနှင့် တူသော ဆင်းရဲမရှိပုံ ✓	....	....	၃၇၁
နတ်များမထိုင်ရာ၌ သိမှတ်ဖွယ်	....	....	၃၇၂
လျင်လျင်မြန်မြန် ပြန်လိုသဖြင့် နတ်များမထိုင်ပုံ	....	....	၃၇၂
ပင်ပန်းခြင်းမရှိသောကြောင့် နတ်များမထိုင်ပုံ	....	....	၃၇၂
ဘုရားရှင်၌ ရိုသေသဖြင့် နတ်များမထိုင်ပုံ	....	....	၃၇၃
သားသမီးများကြောင့် ဝမ်းသာပုံ	....	....	၃၇၄
နွားများကြောင့် ချမ်းသာပုံ	....	....	၃၇၅
သားသမီးများကြောင့် စိတ်ဆင်းရဲရပုံ ✓	....	....	၃၇၅
နွားများကြောင့် စိတ်ဆင်းရဲပုံ ✓	....	....	၃၇၆
ဥပဓိမရှိသူ စိုးရိမ်ခြင်းကင်းပုံ	....	....	၃၇၆
ပုစ္ဆာ ၃-မျိုး ရှင်းချက်	....	....	၃၇၇
ပုစ္ဆာ ၃-မျိုး တနည်း	....	....	၃၇၇
ပုစ္ဆာအမျိုးမျိုး	....	....	၃၇၈
ပါဠိဟောခန်း ကြိုက်,မကြိုက် ပုဂ္ဂိုလ်များသိဖွယ်	....	....	၃၇၉
ပဋိသန္ဓေနေမှုမှ လွန်မြောက်ပုံ လျှောက်ထားချက်	....	....	၃၈၀
အမေးပုစ္ဆာရှင်းချက်	....	....	၃၈၁
အထက်တန်းရောက်လိုက ရှောင်ရမည့်တရားများ	....	....	၃၈၁
မြတ်စွာဘုရား မိန့်ကြားတော်မူပုံ (ကိုယ်တိုင်သိ တရားဟောပုံ)	....	....	၃၈၃
နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများ	....	....	**၃၈၅**
ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပုံ ပျက်ပုံ	....	....	၃၈၆
ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပုံ ပျက်ပုံ	....	....	၃၈၆
စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံ ပျက်ပုံ	....	....	၃၈၇
ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပုံ ပျက်ပုံ	....	....	၃၈၈
ဝိရိယတန်ဘိုး အကျိုးကြီးပုံ ✓	....	....	၃၈၈
ဣဒ္ဓိပါဒ် ၄-ပါး	....	....	၃၈၉
ဣဒ္ဓိအဓိပ္ပါယ်	....	....	၃၈၉
ဣဒ္ဓိ ၄-ပါး နိဗ္ဗာန်ရောက်တရား	....	....	၃၉၀
ဆန္ဒပြဓာန်းသော ဣဒ္ဓိပါဒ်	....	....	၃၉၀
ဝိရိယပြဓာန်းသော ဣဒ္ဓိပါဒ်	....	....	၃၉၁
စိတ်ပြဓာန်းသော ဣဒ္ဓိပါဒ်	....	....	၃၉၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ပညာပြဓာန်းသော ဣဒ္ဓိပါဒ်	....	....	၃၉၁
ဣန္ဒြေ ၅-ပါး	....	....	၃၉၁
သဒ္ဓိန္ဒြေ	....	....	၃၉၂
ဝီရိယိန္ဒြေ	....	....	၃၉၂
သတိန္ဒြေ	....	....	၃၉၂
သမာဓိန္ဒြေ	....	....	၃၉၂
ပညိန္ဒြေ	....	....	၃၉၂
ဣန္ဒြေပုံးများက အရိယာဖြစ်ပုံ	....	....	၃၉၃
သဒ္ဓါ၏ အဿာဒ စသည်	....	....	၃၉၄
သဒ္ဓါကို အနိစ္စ စသည်ဖြင့် ရှုပုံ	....	....	၃၉၅

၄-မေတ္တာဈာသုတ်တန် တတိယပိုင်း

ဘုရားရှင် မိန့်ကြားပုံ	....	....	၃၉၇
ဗောဇ္ဈင်တရားဖြင့် နိဗ္ဗာန်ရောက်ပုံ	....	....	၃၉၈
နိဗ္ဗာနသုတ်တန် အကျဉ်း	....	....	၃၉၈
ဗောဇ္ဈင်ပုဒ် အစိတ်အစိတ်ရှင်းချက်	....	....	၃၉၉
တဏှာကုန်ခြင်းအကြောင်း လမ်းစဉ်နှင့် ကျင့်စဉ်	....	....	၄၀၀
ဗောဇ္ဈင် ၇-ပါး သရုပ်	....	....	၄၀၁
ဉာဏ်ဖြင့် ရှုရသော ဝိပဿနာတရား	....	....	၄၀၁
သတိသမ္ဗောဇ္ဈင်ပွါးများရန် အင်္ဂါ ၄-ချက်	....	....	၄၀၂
ကောင်းသော အကြံအစည် ၃-ပါး	....	....	၄၀၃
သတိသမ္ဗောဇ္ဈင်က ဖော်ပြပေးခြင်း	....	....	၄၀၄
သတိသမ္ဗောဇ္ဈင်ပွါးများရာ၌ အင်္ဂါ ၄-ချက် အကျယ်	....		၄၀၅
(ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို) အင်္ဂါ ၄-ချက်နှင့်အညီ ပွါးသင့်ပုံ	....		၄၀၆
ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွါးများပုံ	....	....	၄၀၇
ဝီရိယသမ္ဗောဇ္ဈင် ပွါးများပုံ	....	....	၄၀၇
ကျန် ဗောဇ္ဈင်များ ပွါးများပုံ	....	....	၄၀၈
ဥပေက္ခာဖြစ်ပုံ သိမှတ်ဖွယ်	....	....	၄၀၈
ဗောဇ္ဈင် ၃-ပါး ဖြင့် ရှုမှတ်ပုံ	....	....	၄၀၉
ပေါ်လာသော တရားများ ဝိပဿနာရှုရခြင်း	....	....	၄၁၀
ဗောဇ္ဈင် ၇-ပါး နိဗ္ဗာန်ရောက်ကြောင်းတရား	....	....	၄၁၁
မဂ္ဂင် ၈-ပါးဖြင့် နိဗ္ဗာန်ရောက်ပုံ	....	....	၄၁၁

http://www.dhammadownload.com

အကြောင်အရာ	စာမျက်နှာ
မဂ္ဂင်တရားပွါးများမှ သာသနာဝင်ပုဂ္ဂိုလ်မည်ပုံ	၄၁၂
မဟာလိသုတ္တန် မှတ်သားရန်	၄၁၂
မဟာလိလျှောက်ထားချက်	၄၁၃
ဘုရားရှင် မိန့်ကြားချက်	၄၁၃
သာသနာတော် မြင့်မြတ်ပုံ သိမှတ်ဖွယ်	၄၁၄
အဘိညာဉ်ထက် သောတာပတ္တိမဂ်က မြတ်ပုံ	၄၁၄
သောတာပတ္တိမဂ်ထက် သကဒါဂါမိမဂ်မြတ်ပုံ	၄၁၆
သကဒါဂါမိမဂ်ထက် အနာဂါမိမဂ် မြတ်ပုံ	၄၁၇
အနာဂါမိမဂ်ထက် အရဟတ္တမဂ်ဖိုလ်မြတ်ပုံ	၄၁၈
မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ရန်နည်း မေးလျှောက်ပုံ....	၄၁၈
ဘုရားရှင်က ပြန်လည်မိန့်ကြားပုံ	၄၁၈
မဂ္ဂင် ၈-ပါး ပါဠို အနက်	၄၁၉
သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်ပုံ	၄၂၀
သမ္မာသင်္ကပ္ပ မဂ္ဂင်ဖြစ်ပုံ	၄၂၁
သမ္မာဝါစာ မဂ္ဂင်ဖြစ်ပုံ	၄၂၁
မုသာဝါဒ၌ သိမှတ်ဖွယ်	၄၂၁
ပိသုဏဝါစာ၌ သိမှတ်ဖွယ်	၄၂၂
ဖရုသဝါစာ၌ သိမှတ်ဖွယ်	၄၂၂
သမ္မပ္ပလာပ၌ သိမှတ်ဖွတ်	၄၂၃
သမ္မာကမ္မန္တ မဂ္ဂင်ဖြစ်ပုံ	၄၂၃
မလွန်ကျူးထိုက်သောမိန်းမများ	၄၂၃
စောင့်ရှောက်အပ်သော မိန်းမတကျိပ်	၄၂၃
မယားတကျိပ်	၄၂၄
သမ္မာအာဇီဝမဂ္ဂင်ဖြစ်ပုံ	၄၂၄
သမ္မာဝါယာမမဂ္ဂင်ဖြစ်ပုံ	၄၂၅
သမ္မာသတိမဂ္ဂင်ဖြစ်ပုံ	၄၂၆
သမ္မာသမာဓိ မဂ္ဂင်ဖြစ်ပုံ	၄၂၇
သမ္မာဒိဋ္ဌိ၏ လက္ခဏာ	၄၂၈
မဂ်စိတ်၏ စိတ်တက္ခဏတချက်ရှိပုံ	၄၂၉
မဂ်၏ အသိဉာဏ်လေးမျိုး	၄၃၀
သမ္မာဒိဋ္ဌိမဂ္ဂင် ရှေးဦးစွာ ဟောရပုံ	၄၃၀
သမ္မာသင်္ကပ္ပ၏ လက္ခဏာစသည်	၄၃၀

http://www.dhammadownload.com

အကြောင်းအရာ				စာမျက်နှာ
သမ္မာသက်ပွမဂ္ဂင်စသည် အစဉ်အတိုင်းထားပုံ	....	....		၄၃၁
မဂ္ဂင် ၈-ပါးကို သိက္ခာ ၃-ပါးဖြင့် ရေတွက်ပြပုံ	....	....		၄၃၂
အညတိတ္ထိယခေါ် ပရိဗိုဇ်များ	....	....	....	၄၃၂
ပရိဗိုဇ်တွေက ရဟန်းတော်များအား မေးပုံ	....	....		၄၃၃
ရဟန်းတော်များ ဖြေကြားပုံ လျှောက်ခြင်း	....	....		၄၃၄
မဂ္ဂင်တရားကိုယ်ကို ခန္ဓာဖွဲ့ပြခြင်း		....	....	၄၃၅
အကျင့်မြတ်ဆိုတာကို လျှောက်ထားပုံ	....	....		၄၃၆
သီလမဂ္ဂင် ၃-ပါး	....	....	....	၄၃၆
အကျင့်မြတ်ဆိုတာကို မိန့်ကြားပုံ....		....	....	၄၃၆
နိဗ္ဗာန်အကြောင်း သိကောင်းစရာ ....✓		....	....	၄၃၈
ဇမ္ဗုခါဒက ပရိဗိုဇ်အကြောင်း		....	....	၄၃၈
ဇမ္ဗုခါဒက ပရိဗိုဇ်နှင့် ရှင်သာရိပုတ္တရာတွေ့ပုံ		....	....	၄၃၉
ဇမ္ဗုခါဒက ပရိဗိုဇ် မေးလျှောက်ပုံ		....	....	၄၃၉
ရှင်သာရိပုတ္တရာ ဖြေကြားပုံ		....	....	၄၄၀
နိဗ္ဗာန်ခေါ်ပုံ ✓		....	....	၄၄၁
ပရမတ္ထတရား သိကောင်းစရာများ....		....	....	၄၄၁
အသခ်္ခတဓာတ်ကို နိဗ္ဗာန်ခေါ်ပုံ		....	....	၄၄၂
နိဗ္ဗာန်ရောက်ကြောင်းတရားများ		....	....	၄၄၂

၄-မေတ္တာဂူသုတ္တန် စတုတ္ထပိုင်း

မေတ္တာဂူပုဏ္ဏား ရရှိပြီးသော တရားများ		....	....	၄၄၅
သမာဓိထူထောင်နည်း ၄-မျိုး	....	....	....	၄၄၆
ဈာနနိကန္တိတဏှာ	....	....	....	၄၄၇
ဒဿဝတ္ထုကဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ အကျိုးပေးပုံ		....	....	၄၄၇
မေတ္တာဂူပုဏ္ဏား နှစ်သက်သောတရား		....	....	၄၄၈
ပဋိစ္စသမုပ္ပါဒ် အခြေခံတရား ✓....		....	....	၄၄၈
အဓွန့် ၃-ပါး မှတ်ဖွယ်	....	....	....	၄၄၉
အဓွန့်ခေါ် ကာလ ၃-ပါး	....	....	....	၄၄၉
အနာဂတ်အဓွန့် ရှင်းချက်	....	....	....	၄၅၀
အတိတ်အဓွန့်ရှင်းချက်	....	....	....	၄၅၀
ပစ္စုပ္ပန်အဓွန့်ရှင်းချက်	....	....	....	၄၅၂
သတိဖြင့်ဖော် ပညာဖြင့်ရှုရန် ✓	....	....	....	၄၅၂
ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် ထူထောင်နည်း		....	....	၄၅၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ရုပ်တရားကို သတိဖြင့် ထူထောင်ပုံ	၄၅၄
ပညာဖြင့် ရှုသည့်အခါ တွေ့ရသော တရား ၄-မျိုး....	၄၅၄
ဇာတိမည်ပုံ	၄၅၅
ဇာတိ၏ ဖြစ်ခြင်းသဘော	၄၅၆
ဇာတိ၏ ချုပ်ရာကို သိပုံ	၄၅၇
ဇာတိချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်	၄၅၇
ဇာတိမြင်က ဇရာမရဏကိုလည်း မြင်လာပုံ	၄၅၈
အဝိဇ္ဇာသည် ဒုက္ခသစ္စာထိုက်ပုံ	၄၅၉
အဝိဇ္ဇာနှင့် သခါရ မတွဲမိရန် တိုက်တွန်းချက်	၄၆၀
အကြောင်းအကျိုး သိသင့်ပုံ	၄၆၀
ဒုက္ခနှင့် ဒုက္ခသစ္စာ ရှင်းပြချက်	၄၆၁
အကြောင်းအကျိုး မစပ်ခြင်းသည်ပင် နိရောဓမည်ပုံ	၄၆၂
တဏှဒိဋ္ဌိ မရှိက ဝိညာဏ်မပေါ်ပုံ	၄၆၃
မဂ်ဉာဏ်မီးဖြင့် ကံမျိုးစေ့ကိုမြှိုက်ပုံ	၄၆၄
ဘဝသစ်၌ မတည်နိုင်ပုံအကြောင်း	၄၆၅
မေတ္တဂူပုဏ္ဏား တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ....	၄၇၀

ဗောဇ္ဈင်္ဂပဗ္ဗ ပဌမပိုင်း

ဗောဇ္ဈင် ၇-ပါး မြတ်တရား ဒေသနာတော်	၄၇၁
ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြစ်အောင် ပွါးများပုံအကြောင်း	၄၇၂
သတိသမ္မောဇ္ဈင်အကြောင်း	၄၇၂
သတိသမ္မောဇ္ဈင်ဖြစ်ခြင်း၏အကြောင်း (ပါဠိတော်နည်း)	၄၇၄
ဘာဝနာ၏ ပြည့်စုံခြင်း (အရဟတ္တဖိုလ်)သို့ ရောက်နိုင်ခြင်း	၄၇၅
သတိသမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း အဌကထာနည်း ၄-မျိုး	၄၇၆
သတိသမ္ပဇည သတ္တဌာန	၄၇၇
ဓမ္မဝိစယ သမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း	၄၇၈
ဓမ္မဝိစယ သမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း	၄၇၉
ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းအကြောင်း အဌကထာနည်း ၇-မျိုး	၄၈၀
အပြန်ပြန် အလှန်လှန် မေးမြန်းဆင်ခြင်ခြင်း	၄၈၂
အဇ္ဈတ်ဗာဟီ ၂-လီဝတ္ထု သန့်ရှင်းစေမှု	၄၈၂
ကိုဃ်ပြင်ပ ဝတ္ထု စင်ကြယ်စေရခြင်းအကြောင်း	၄၈၃

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဤန္ဒြေ ၅-ပါး ညီမျှအောင်ပြုခြင်း	....	....	၄၈၅
သဒ္ဓါအားကောင်းလျှင် ပြုလုပ်ရပုံ	....	....	၄၈၆
ဝီရိယအားကောင်းလျှင် ပြုလုပ်ရပုံ	....	....	၄၈၆
ဝီရိယလွန်ကဲသည့် သောဏမထေရ်	....	....	၄၈၇
မညီမျှလျှင် အချည်းနှီး ဖြစ်တတ်ပုံ	....	....	၄၈၈
သဒ္ဓါအားကောင်းနေလျှင် ပညာနဲ့ထိန်းပေး ✓	....	....	၄၈၉
ဆေးလွန်နာ ဥပမာ	....	....	၄၉၀
ပညာအားကောင်း၍ သဒ္ဓါအားနည်းလျှင် ငရဲကျရောက်တတ်ပုံ	....		၄၉၀
သမာဓိအားကောင်းလျှင် ဝီရိယနဲ့ထိန်းပေး ✓	....	....	၄၉၁
ဝီရိယလွန်လျှင် သမာဓိနှင့် ထိန်းပေး ✓	....	....	၄၉၁
ဈေးဝယ်သည့် ဥပမာ	....	....	၄၉၂
ဉာဏ်မညာ မရှိသူကို မမှီဝဲခြင်း	....	....	၄၉၃
ပညာရှိသူကို ဆည်းကပ်ပါ	....	....	၄၉၃
ရုပ်နာမ်မမှ သခ်ါရတွေ့ကို ဆင်ခြင်ခြင်း	....	....	၄၉၃
ပညာဉာဏ်သို့ စိတ်ညွတ်ခြင်း	....	....	၄၉၃
ဝီရိယသမ္မာဇ္ဈင်ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း		....	၄၉၄
ဝီရိယဓာတ် ၃-ပါးကို လေ့လာပွါးများခြင်း ပါဠိတော်နည်း		....	၄၉၄
ဝီရိယသမ္မာဇ္ဈင်ဖြစ်ကြောင်း ၁၁-မျိုး အဋ္ဌကထာနည်း		....	၄၉၅
အပါယ်ဘေးကို ဆင်ခြင်ခြင်း	....	....	၄၉၆
အကျိုးအာနိသင်ကို ဆင်ခြင်ခြင်း	....	....	၄၉၆
အရိယာတို့၏ လမ်းစဉ်ကို ဆင်ခြင်ခြင်း	....	....	၄၉၆
အတုံ့အလှည့်ပြုခြင်း	....	....	၄၉၆
မြတ်သည်ကို ဆင်ခြင်ခြင်း	....	....	၄၉၆
ဂုဏ်တော်ကို ဆင်ခြင်ခြင်း	....	....	၄၉၆
ဇာတ်အမျိုးအနွယ် မြင့်မြတ်သည်ကို ဆင်ခြင်ခြင်း		....	၄၉၆
ကြီးကျယ်များမြတ်ပုံကို ဆင်ခြင်ခြင်း	....	....	၄၉၆
လူပျင်းကို ရှောင်ခြင်း	....	....	၄၉၇
ဝီရိယသမ္မာဇ္ဈင်ဖြစ်အောင် နှလုံးသွင်း	....	....	၄၉၇
အပါယ်ဘေးကို ဆင်ခြင်ပုံအကျယ်	....	....	၄၉၇
ဝီရိယ၏ အကျိုးအာနိသင်ကို ဆင်ခြင်ပုံအကျယ်		....	၄၉၈
အရိယာတို့၏ လမ်းစဉ်ကို ဆင်ခြင်အားထုတ်ပုံအကျယ်		....	၄၉၉
ဆွမ်းဟူသော ပူဇော်မှု အတုံ့အလှည့်ပြုပုံအကျယ်		....	၄၉၉

http://www.dhammadownload.com

အကြောင်းအရာ				စာမျက်နှာ
ဒကာ ဒကာမများသည် ဆွေမျိုး ကျေးကျွန်တို့ မဟုတ်	....			၅၀၀
သင့်ကို မှီပြီး အသက်မွေးလို၍ လှူသည်မဟုတ်	....	....		၅၀၀
အကျိုးကို တောင့်တ၍ လှူဒါန်းကြခြင်း	....	....		၅၀၁
ရဟန်းတရား အားထုတ်ရန် ပစ္စည်း ၄-ပါးကို ဘုရားခွင့်ပြုတော်မူခြင်း				၅၀၂
အယျမိတ္တထေရ်ကို သက်သေပြပုံ	....	....		၅၀၂
အကောင်းကို လှူ၍ အသိုးကိုစားသည့် ဒကာမကြီး	....			၅၀၃
ဆွမ်းအလှူမခံဘဲ လိုဏ်ကိုပြန်၍ တရားအားထုတ်ခြင်း	....			၅၀၃
အမေခံ မြတ်သည်၏အဖြစ်	....	....	....	၅၀၄
ဘုရားသာသနာ၌ မြတ်သည်ကို ဆင်ခြင်ခြင်း	....	....		၅၀၅
အမျိုးအနွယ် မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း		....		၅၀၅
သီတင်းသုံးဘော်တို့၏ မြတ်သည်၏ အဖြစ်	....	....		၅၀၅
လူပျင်းကို ရှောင်ကြဉ်	....	....	....	၅၀၅
လုံ့လရှိသူကို မှီဝဲ	....	....	....	၅၀၆
ဗောဇ္ဈင်္ဂပဗ္ဗ ဒုတိယပိုင်း				
ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း			....	၅၀၇
တရားဆိုတာ အမှန်တရားဘဲ	....	....	....	၅၀၈
မဖြစ်မီကလဲ မရှိ, ဖြစ်ပြီးတော့လဲ မရှိ		....	....	၅၀၉
ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း		....	....	၅၀၉
ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၁၁-ပါး အဋ္ဌကထာနည်း			....	၅၁၁
ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ သိဖွယ် ၄-ချက်	....	....		၅၁၃
ပဿဒ္ဓိမည်ခြင်းအကြောင်း	....	....	....	၅၁၄
ကာယပဿဒ္ဓိဆိုတာ ကိုယ်၏ ငြိမ်းအေးခြင်း မဟုတ်			....	၅၁၄
ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း ၇-ပါး အဋ္ဌကထာနည်း			....	၅၁၅
သမာဓိသမ္ဗောဇ္ဈင်၌ သိဖွယ် ၄-ချက်	....	....		၅၁၈
နိမိတ် ၂-မျိုး	....	....	....	၅၁၈
သမာဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း(၁၁)ပါး			....	၅၁၉
စိတ်ကို ချီးမြှောက်	....	....	....	၅၂၃
စိတ်ကို နှိပ်ပေးခြင်း	....	....	....	၅၂၄
စိတ်ကို ရွှင်အောင် လုပ်ပေးရမယ်	....	....		၅၂၄
စိတ်ကို ရွှင်အောင်(သံဝေဂဝတ္ထုကို ဆင်ခြင်ပေး)	....			၅၂၅

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
စိတ်ကို လျစ်လျူရှုပေးခြင်း ✓	၅၂၅
အာဝရုံကို အညီအမျှ ရှုပုံ	၅၂၆
သမာဓိမရှိသူရှောင်, ရှိသူကို မှီဝဲ,စျာန်တရားကို ဆင်ခြင်	၅၂၇
သွား,ရပ်,ထိုင်တဲ့အခါ စိတ်ကို ညှတ်ပေးခြင်း ✓	၅၂၈
✓ဥပေက္ခာသမ္မောဇ္ဈင်၌ သိဖွယ် ၄-ချက်	၅၂၈
ဥပေက္ခာသမ္မောင်ဇ္ဈင် ဖြစ်ခြင်းအကြောင်း အဋ္ဌကထာနည်း ၅-ပါး	၅၂၉
သတ္တဝါကို လျစ်လျူရှုခြင်း	၅၃၀
သင်္ခါရတရားကို လျစ်လျူရှုခြင်း	၅၃၀
သတ္တဝါသင်္ခါရ၌ စုံမက်နေတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း ✓	၅၃၁
သတ္တဝါသင်္ခါရ၌ လျစ်လျူရှုတဲ့ပုဂ္ဂိုလ်ကို ဆည်းကပ်ရခြင်း ✓	၅၃၁
ဥပေက္ခာသမ္မောင်ဇ္ဈင်ဖြစ်အောင် နှလုံးသွင်းပေးခြင်း	၅၃၁
သတိပဋ္ဌာန်တရားကို (ရှုရာဌာန)	၅၃၂
သတိပဋ္ဌာန်တရားကို (ရှုပုံရှုနည်း)	၅၃၂
သစ္စာလေးချက်	၅၃၃
နိဂုံး နိဗ္ဗာနဓာတု ပတ္ထနာဆုပေး	၅၃၄
သမ္မပ္ပဓာန်လေးချက်	၅၃၄

၅-ဓောတကသုတ္တန် ပဌမပိုင်း

ဓောတကသုတ္တန်မည်ပုံ	၅၃၆
ဘုရားရှိခိုးရန် တိုက်တွန်းပုံ	၅၃၆
ဓောတကပုဏ္ဏား လျှောက်ထားချက်	၅၃၇
ဘုရားရှင် ဖြေကြားခြင်း	၅၃၉
အာဘတပွ-လှုံလအကြောင်း	၅၄၀
ဝိရိယ ၂-မျိုး	၅၄၀
တဏှာခန်းခြောက်အောင် လုပ်သင့်ပုံ	၅၄၁
စေတသိကဝီရိယ	၅၄၁
ဝီရိယထောက်ပံ့ခြင်းအကြောင်း	၅၄၂
လှုံလမရှိက နိဗ္ဗာန်နှင့် ဝေးပုံ ✓	၅၄၂
တရား ၃-မျိုးနဲ့ မိမိကိုယ်ကို စစ်ဆေးကြည့်ပါ	၅၄၃
ပဋိရူပဒေသဝါသစက်အကြောင်း	၅၄၅
အဘဗ္ဗပုဂ္ဂိုလ် မည်ပုံ	၅၄၇
နိဗ္ဗာန်ရောက်နိုင်တဲ့ အင်္ဂါ ✓	၅၄၉
အဓိသီလသိက္ခာ	၅၅၁

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ပါတိမောက္ခသံဝရသီလ ကျင့်နေပုံ	....	....	၁၁၂
ကိုယ်အကျင့် ၂-မျိုး	....	....	၁၁၂
နှုတ်အကျင့် ၂-မျိုး	....	....	၁၁၃
ရှာမှီးခြင်း ၂-မျိုး	....	....	၁၁၃
ဝိပဿနာအားထုတ်က ကိုယ်ကျင့်ကောင်း ထိုပုံ	....	....	၁၁၅
ပါတိမောက္ခသံဝရသီလ ခေါ်ပုံ	....	....	၁၁၆
ရှာမှီးမှု၌ သိမှတ်ဖွယ်	....	....	၁၁၇
နိဗ္ဗာန်ရောက်ကြောင်း တရား	....	....	၁၁၈
မမြတ်သော ရှာမှီးခြင်း ခေါ်ပုံ	....	....	၁၁၉
ကိုယ့်ရှာမှီးမှု ကိုယ်ကိုယ်တိုင် စီစစ်ရန်	....	....	၁၆၁
အာဒီနဝ အချက် ၃-ချက်	....	....	၁၆၂

၅-ဓောတကသုတ္တန် ဒုတိယပိုင်း

အနာစာရနှင့် အာစာရ ရှင်းပြချက်	....	....	၁၆၄
ဂေါစရ ရှင်းချက်	....	....	၁၆၄
အဓိပညာသိက္ခာမည်ပုံ	....	....	၁၆၅
ကျင့်မှ ရနိုင်သော နိဗ္ဗာန် ✓	....	....	၁၆၆
ဓောတကပုဏ္ဏား သံသယဖြစ်ပုံ	....	....	၁၆၇
ဝိစိကိစ္ဆာကင်းအောင် ပြုလုပ်ရန်	....	....	၁၆၈
ကိုယ်လုပ်မှ ကိုယ်ရပုံ ✓	....	....	၁၆၉
ကိုယ့်မှာ စူးဝင်နေသောငြောင့် ကိုယ်သာနုတ်နိုင်ပုံ ✓	....	....	၁၆၉
ခရီးလမ်းညွှန်နှင့်တူသော ဘုရားရှင် ✓	....	....	၁၇၁
အကြောင်းသုံးပါးရှိလျက် နိဗ္ဗာန်မရောက်နိုင်ပုံ ✓	....	....	၁၇၂
ပဋိပုဒ္ဓာဇျာကရဏဖြင့် ဖြေကြားပုံ	....	....	၁၇၂
နိဗ္ဗာန်သို့သွားရာ လမ်း ၃-သွယ် ✓	....	....	၁၇၄
နိဗ္ဗာန်လမ်းပေါက်သွားသင့်ပုံ ✓	....	....	၁၇၅
လမ်းညွှန်သည့်အတိုင်း မသွားသူ ✓	....	....	၁၇၆
လမ်းညွှန်သည့်အတိုင်း သွားသူ ✓	....	....	၁၇၆
အရှိ ၃-ပါးရှိလျက် နိဗ္ဗာန်မရောက်ခြင်း အကြောင်း ✓	....	....	၁၇၇
လမ်းညွှန်သူနှင့် တူသော ဘုရားရှင်	....	....	၁၇၈
ဓောကတပုဏ္ဏား မြတ်စွာဘုရားအား လျှောက်ထားပုံ	....	....	၁၈၀
နိဗ္ဗာန်ခေါ်ပုံ	....	....	၁၈၀
အကြောင်း အကျိုးတရား ၂-ပါးသာ ရှိပုံ	....	....	၁၈၃

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဝိပဿနာ ရှုကွက်ဖော်ပုံ	....	....	၅၈၄
သောတာပန်ပုဂ္ဂိုလ် ခေါ်နိုင်ပုံ	....	....	၅၈၄
မဂ်ဉာဏ် သိသော ပုဂ္ဂိုလ်မည်ပုံ	....	....	၅၈၅
အနွယဉာဏ် ခေါ်ပုံ	....	....	၅၈၆
ဉာဏ် ၂-ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်	....	....	၅၈၇
ဓောတကပုဏ္ဏား တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ		....	၅၈၈

၆-ဥပသီဝသုတ္တန် ပဌမပိုင်း

ဘုရားရှိခိုးရန် တိုက်တွန်းချက်	....	....	၅၈၉
ဥပသီဝ ပုဏ္ဏား မေးလျှောက်ပုံ	....	....	၅၈၉
ဥပသီဝ ရသေ့ ရရှိထားသော စျာန်	....	....	၅၉၀
ဩဃ ၄-ဖြာမှ မကူးမြောက်သေးပုံ	....	....	၅၉၁
အာကိဉ္ဉညာယတနစျာန် ရပုံ	....	....	၅၉၂
ဩဃ ၄-ပါးမှ ကူးမြောက်ပုံ	....	....	၅၉၃
နတ္ထိဘော ပညတ်ကို သိပုံ	....	....	၅၉၄
အရှုခံ အာရုံနှင့် ရှုစိတ်ပျောက်ပုံ	....	....	၅၉၅
အာကိဉ္ဉညာယတနစျာန် မည်ပုံ	....	....	၅၉၆
ကြောင့်ကြမရှိပုံ	....	....	၅၉၆
ဩဃတရဏသုတ္တန်	....	....	၅၉၉
ကာမောဃ ခေါ်ပုံ	....	....	၆၀၁
ဘဝေါဃ	....	....	၆၀၂
ဒိဋ္ဌောဃ, အဝိဇ္ဇောဃ	....	....	၆၀၃
ဩဃလေးပါးကို ရှုပုံ	....	....	၆၀၄
ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်	....	....	၆၀၅
ကာမ ၂-မျိုး	....	....	၆၀၅
ကိလေသာ ကာမကိုသာ ပယ်ရခြင်း	....	....	၆၀၆
ဝိစိကိစ္ဆာကို ပယ်ပုံ	....	....	၆၀၆
ဝိစိကိစ္ဆာဖြစ်ခြင်း အကြောင်း	....	....	၆၀၇
ဝိစိကိစ္ဆာပယ်ခြင်းအကြောင်း	....	....	၆၀၈
ဝိစိကိစ္ဆာ မဖြစ်ခြင်းအကြောင်း	....	....	၆၀၉
ဝိစိကိစ္ဆာသိနည်း ၅-နည်း	....	....	၆၁၀
ဝိစိကိစ္ဆာ၌ ဖြစ် ပျက် ရှုပုံ	....	....	၆၁၁
မဂ်ဉာဏ် ဖိုလ်ဉာဏ် အတွက် ရှုခိုင်းရပုံ	....	....	၆၁၂

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
၆-ဥပသီဝသုတ္တန် ဒုတိယပိုင်း			
ဘုရားရှိခိုးရန် တိုက်တွန်းပုံ	....	....	၆၁၄
မိမိမှာ ထင်ရှားရှိတဲ့တရား ဝိပဿနာရှုပုံ	....	....	၆၁၅
အာကိုဉ္စညာယတနသမာပတ် အကြောင်း	....	....	၆၁၆
နာနတ္တသညာ နှလုံးသွင်းပုံ	....	....	၆၁၇
အာကိုဉ္စညာယတနသမာပတ်ရောက်ပုံ	....	....	၆၁၈
အာကိုဉ္စညာယတနစိတ်ကို စေတသိက်နှင့် ယှဉ်ပြပုံ	....	....	၆၁၉
ဝေဒနာခံစားပုံ အခြင်းအရာ	....	....	၆၂၁
သညာအမှတ်ပြုပုံ အခြင်းအရာ	....	....	၆၂၁
ရှုစိတ်နဲ့ အရှုခံတရား ကွာနေပုံ ဥပမာ	....	....	၆၂၂
မျက်စိတမှိတ်မှာ ဖြစ်တဲ့စိတ်ပေါင်း	....	....	၆၂၄
မဂ်ဝင်ရာဌာ သိမှတ်ဖွယ်	....	....	၆၂၄
မဂ်ဝင်ရာဌာ ဥပမာပြချက်	....	....	၆၂၆
ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ဆက်ပုံ	....	....	၆၂၇
ကာမဂုဏ်ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ပုံ	....	....	၆၂၉
အာကိုဉ္စညာယတနသမာပတ် အမြတ်ဆုံးဆိုခြင်း	....	....	၆၃၀
ဒိဋ္ဌ ၂-ပါး ဝင်လာပုံ	....	....	၆၃၁
အာကိုဉ္စညာယတနဘုံသက်တမ်း	....	....	၆၃၂
သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း ၂-ပါး	....	....	၆၃၃
မဂ်ဖိုလ်၏ အန္တရာယ်များ	....	....	၆၃၄
ဉာဏောဘာဂ ဝိမုတ္တပုဂ္ဂိုလ် မည်ပုံ	....	....	၆၃၅
အဂ်ိဝစ္ဆသုတ္တန် အမေးအဖြေ	....	....	၆၃၆
ဝစ္ဆပရိဗိုဇ်ကို ဥပမာပြ၍ ဟောကြားပုံ	....	....	၆၃၇
ဥပသီဝက ထပ်မံလျှောက်ထားပုံ	....	....	၆၃၉
ဘုရားရှင်က ထပ်မံဖြေကြားပုံ	....	....	၆၄၀
ဥပသီဝပုဏ္ဏား တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ခြင်း	....	....	၆၄၁
၇-နန္ဒသုတ္တန်			
ဘုရားရှိခိုးပုံ အခြင်းအရာ	....	....	၆၄၃
နန္ဒရသေ့ မေးလျှောက်ပုံ	....	....	၆၄၃
သမာပတ် ၈-ပါး	....	....	၆၄၄
မုနိခေါ်တာ မေးလျှောက်ခြင်း	....	....	၆၄၅

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
သာသနာ့ပြင်ပ မုနိများ	....	....	၆၄၅
ခေါင်းပါးအောင်ကျင့်တိုင်း မုနိမမည်ပုံ	....	....	၆၄၆
မုနိမခေါ်ပုံ ဘုရားရှင် အလိုကျ	....	....	၆၄၈
လမ်းမှားဆိုရာ၌ ရှင်းချက်	....	....	၆၄၉
မုနိခေါ်ပုံ ဘုရားရှင် အလိုကျ	....	....	၆၅၀
ကိလေသာ၏ စစ်တပ်ကြီးများ	....	....	၆၅၀
ကိလေသာကို မာရ်ခေါ်ပုံ	....	....	၆၅၁
ကိလေသာမာရ်၏ ပဌမတပ်သားများ	....	....	၆၅၁
သားတစ်နှင့်တူသော ကာမ	....	....	၆၅၂
ကိလေသာမာရ်၏ ဒုတိယတပ်သားများ	....	....	၆၅၃
ကိလေသာမာရ်၏ တတိယတပ်သားများ	....	....	၆၅၄
ကိလေသာမာရ်၏ စတုတ္ထတပ်သားများ	....	....	၆၅၄
ကိလေသာမာရ်၏ ပဉ္စမတပ်သားများ	....	....	၆၅၅
ကိလေသာမာရ်၏ ဆဋ္ဌတပ်သားများ	....	....	၆၅၆
ကိလေသာမာရ်၏ သတ္တမတပ်သားများ	....	....	၆၅၇
ကိလေသာမာရ်၏ အဋ္ဌမတပ်သားများ	....	....	၆၅၇
ကိလေသာမာရ်၏ နဝမတပ်သားများ	....	....	၆၅၇
ကိလေသာမာရ်၏ ဒသမတပ်သားများ	....	....	၆၅၈
မင်္ဂလာ ၃-မျိုး	....	....	၆၅၉
ဒိဋ္ဌမင်္ဂလာ, သုတမင်္ဂလာ, မုတမင်္ဂလာ	....	....	၆၆၀
ကောတုဟလမင်္ဂလာ	....	....	၆၆၀
ဥပါသကစဏ္ဍာလခေါ်ပုံ	....	....	၆၆၂
တဏှာကို ပရိညာ ၃-ပါးဖြင့် ပိုင်းခြားသိပုံ	....	....	၆၆၅
နန္ဒရသေ့ တပည့်များနှင့် ရဟန္တာဖြစ်ပုံ	....	....	၆၆၉

ဂ-ဟေမကသုတ္တန်

ဘုရားရှိခိုးရန်အတွက် တိုက်တွန်းပုံ	....	....	၆၇၀
ဘုရားရှင်က ပြဿနာမေးရန် ခွင့်ပြုပုံ	....	....	၆၇၁
ဟေမကရသေ့ မေးလျှောက်ပုံ	....	....	၆၇၂
အာဝုံ ၆-မျိုးဌ တဏှာဖျက်ဆီးပုံ	....	....	၆၇၅
ဆန္ဒနှင့် ရာဂကို ပယ်ဖျောက်ရန်	....	....	၆၇၈
ပဋ္ဌာစာရီဝတ္ထု	....	....	၆၇၈
ဆန္ဒရာဂကြောင့် သောက စသည် ဖြစ်ပုံ	....	....	၆၈၀

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
ပစ္စာဘူမအရပ်သို့ သွားလိုခြင်းအကြောင်း	၆၀၀
ရှင်သာရိပုတ္တရာ၏ ဆုံးမစကား	၆၀၁
ပုဒ္ဓဝါဒ	၆၀၂
ဆန္ဒရာဂအဓိပ္ပါယ်	၆၀၂
ခန္ဓာ ၅-ပါး၌ ဆန္ဒရာဂပယ်ဖျောက်	၆၀၃
အပြစ်မြင်၍ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်း	၆၀၄
ဆန္ဒရာဂပယ်ဖျောက်နည်း	၆၀၅
မြင်မှု စသည့် ၆-ပါး၌ ဆန္ဒရာဂပယ်ဖျောက်	၆၀၆
မာလုက္ယပုတ္တသုတ္တန် တရားတော်	၆၀၇
ဆန္ဒရာဂပယ်ခဲ့ပုံ	၆၀၈
မြင်ရင် မြင်ကာမျှမှတ်ထား	၆၀၈
မြင် ကြား စသည်၌ သတိထားပုံ	၆၉၀
သတိမထားပါက ဝေဒနာအမျိုးမျိုး ဖြစ်လာပုံ	၆၉၁
သတိနှင့်ပညာ ကပ်နေသည် မည်ပုံ	၆၉၂
ဟေမကရသေ့ တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ	၆၉၃

၉-တောဒေယျသုတ္တန် ပဌမပိုင်း

ဘုရားရှိခိုးရန် (တိုက်တွန်းချက်)	၆၉၄
ဘုရားရှင်အား လျှောက်ထားပုံ	၆၉၄
ဆန္ဒနှင့် ရာဂခေါ်ပုံ	၆၉၅
ဝိမောက္ခမည်ပုံ မေးလျှောက်ခြင်း	၆၉၆
လွတ်မြောက်ခြင်း အဓိပ္ပါယ်	၆၉၇
ဝိမောက္ခအမျိုးမျိုး	၆၉၈
ပဌမဝိမောက္ခမည်ပုံ	၆၉၉
ကာမစ္ဆန္ဒနီဝရဏပေါ်လာပုံ	၇၀၁
ကာမဂုဏ်စိတ် လွှမ်းမိုးလာပုံ	၇၀၂
ဝိက္ခမ္ဘနပဟာနဖြင့် လွတ်မြောက်ပုံ	၇၀၂
သမုစ္ဆေဒ နိဿရဏခေါ်ပုံ	၇၀၃
ကာမဂုဏ်ပယ်တဲ့နည်း	၇၀၄
မကျေနပ်ခြင်းဆိုတာ ဒေါသဘဲ	၇၀၅
ဒေါသစိတ်ဖြစ်နေပုံ ဥပမာပြချက်	၇၀၆
ဒေါသမှ လွတ်မြောက်က ဝိမောက္ခခေါ်ပုံ	၇၀၇
ထိနမိဒ္ဓလွှမ်းမိုးက မဂ်ဖိုလ်မှ ဝေးပုံ	၇၀၈

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ဥဒ္ဒစ္စကုက္ကုစ္စရှင်းချက်	....	....	၇၀၉
ဥဒ္ဒစ္စကုက္ကုစ္စ ဖျောက်ပုံ ဥပမာ	....	....	၇၁၀
ဝိစိကိစ္ဆာပြစ်ပုံ ဥပမာပြချက်	....	....	၇၁၂
ဓမ္မဝဝတ္ထာနဉာဏ်	....	....	၇၁၃
ဝိစိကိစ္ဆာမှ လွတ်မြောက်ခြင်း	....	....	၇၁၃
ဒုတိယဝိမောက္ခ ခေါ်ပုံ	....	....	၇၁၄
မေတ္တာဘာဝနာနိုးပုံး ✓	....	....	၇၁၅

၉-တောဒေယျသုတ္တန် ဒုတိယပိုင်း

တောဒေယျပုဏ္ဏား လျှောက်ထားခြင်း	....	....	၇၁၇
အာကာသာနဉ္စာယတနဝိမောက္ခ	....	....	၇၁၈
နာနတ္တသညာခေါ်ပုံ	....	....	၇၁၉
ဝိညာဏဉ္စာယတနဝိမောက္ခ	....	....	၇၁၉
အာကိဉ္စညာယတနဝိမောက္ခ	....	....	၇၂၀
နေဝသညာနာသညာယတန ဝိမောက္ခ	....	....	၇၂၀
နိဒ္ဒေဝသမာပတ္တိဝိမောက္ခ	....	....	၇၂၁
ဘုရားရှင်အဖြေ (ဝိမောက္ခနှင့်စပ်၍)	....	....	၇၂၂
ဝိမောက္ခ ၃-မျိုး	....	....	၇၂၃
သုညတဝိမောက္ခ	....	....	၇၂၃
အနိမိတ္တဝိမောက္ခ,အပ္ပဏိဟိတ ဝိမောက္ခ	....	....	၇၂၄
အနိစ္စကို သိပုံ	....	....	၇၂၅
အနိစ္စလက္ခဏာကို သိပုံ	....	....	၇၂၆
အနိစ္စာနုပဿနာဉာဏ်ကို သိပုံ	....	....	၇၂၆
ဒုက္ခာနုပဿနာဉာဏ်	....	....	၇၂၇
အနိမိတ္တာနုပဿနာဉာဏ်	....	....	၇၂၇
သဗ္ဗညုတဉာဏ်ရရန် ကျင့်ရပုံ	....	....	၇၂၉
တဏှာကပ္ပ ဒိဋ္ဌိကပ္ပ မေးလျှောက်ပုံ ✓	....	....	၇၃၃
ဥယျဓ် တရား ၅-ပါး ✓	....	....	၇၃၆
တောဒေယျပုဏ္ဏား တပည့်များနှင့် ရဟန္တာဖြစ်ပုံ	....	....	၇၃၈

၁၀-ကပ္ပသုတ္တန်

ကပ္ပပုဏ္ဏား မေးလျှောက်ပုံ	....	....	၇၃၉
လက်အုပ်ချီနည်း ✓	....	....	၇၄၀

http://www.dhammadownload.com

အကြောင်းအရာ			စာမျက်နှာ
ကပ္ပသုတ္တန်မည်ပုံ	....	....	၇၄၀
ကပ္ပရသေ့ လျှောက်ထားချက်	....	....	၇၄၁
ဘုရားရှင် ဖြေဆိုချက်	....	....	၇၄၂
ဩဃသဘော	....	....	၇၄၂
ဩဃ ၄-ပါး	....	....	၇၄၃
ကာမောဃ	....	....	၇၄၃
အာရုံနှင့် ကာမဂုဏ်ကွဲအောင် ကြည့်နည်း	....	....	၇၄၃
ဘဝေါဃ	....	....	၇၄၄
ဒိဋ္ဌောဃ,အဝိဇ္ဇောဃ	....	....	၇၄၆
ဩဃတရားကိုယ်	....	....	၇၄၇
ဩဃမှ လွှတ်မြောက်ပုံ	....	....	၇၄၇
သမ္မာဒိဋ္ဌိဖြစ်ပုံ	....	....	၇၄၇
သမ္မာဒိဋ္ဌိပွါးနည်း	....	....	၇၄၈
သံသရာအစွန်း မထင်ရှားပုံ	....	....	၇၄၉
သံသရာ	....	....	၇၅၁
လောကဖြစ်ပုံ	....	....	၇၅၂
ပြုသူ ခံစားသူ မရှိ	....	....	၇၅၃
အနမတဂ္ဂသုတ္တန်လာ သံသရာရှည်ပုံ	....	....	၇၅၅
ဗျသနတရား ၅-ပါး	....	....	၇၅၇
သံသရာက လွှတ်တဲ့နည်း	....	....	၇၅၈
မအိုတဲ့ဆေး	....	....	၇၅၉
မအိုရာနိဗ္ဗာန်	....	....	၇၆၀
ကပ္ပရသေ့နှင့် တပည့်များ ရဟန္တာဖြစ်ခြင်း	....	....	၇၆၁
ရွှေကျင် ဆရာတော်ဘုရားကြီး၏ ဆုတောင်းဂါထာ		....	၇၆၃
တရားသိမ်း ဆုတောင်းဂါထာ	....	....	၇၆၅

မာတိကာ ပြီးပြီ။

http://www.dhammadownload.com

သုတ္တနိပါတ်ပါဠိတော်

ပါရာယနဝဂ်ဟောစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝတ္ထုဂါထာ ပါဠိနိဿယ

၁။ ကောသလာနံ ပုရာ ရမ္မာ၊ အဂမာ ဒက္ခိဏာပထံ။
အာကိဉ္ဇည်ံ ပတ္ထယာနော၊ ဗြာဟ္မဏော မန္တပါရဂူ။

မန္တပါရဂူ၊ ဝေဒကျမ်းတို့၌ တဖက်ကမ်းခပ် တတ်မြောက်ပြီးသော။ ဗြာဟ္မဏော၊ ဗာဝရီပုဏ္ဏားသည်။ အာကိဉ္ဇည်၊ ကြောင့်ကြမရှိမှုကို။ ပတ္ထယာနော၊ လိုလား တောင့်တလျက်။ ကောသလာနံ၊ ကောသလတိုင်းသူတို့၏။ ရမ္မာ၊ မွေ့လျော်ဖွယ်ရာဖြစ်သော။ ပုရာ၊ သာဝတ္ထိပြည်မှ။ ဒက္ခိဏာပထံ၊ ဒက္ခိဏာပထတိုင်းသို့။ အဂမာ၊ သွားလေ၏။

၂။ သော အဿကဿ ဝိသယေ၊ အဋ္ဌကဿ သမာသနေ။
ဝသိ ဂေါဓာဝရီကူလေ၊ ဥဉ္ဇေန စ ဖလေန စ။

သော၊ ထိုဗာဝရီပုဏ္ဏားသည်။ အဿကဿ စ၊ အဿကတိုင်း၏ငင်း။ အဋ္ဌကဿ စ၊ အဋ္ဌကတိုင်း၏ငင်း။ သမာသနေ၊ တူညီသော။ ဝိသယေ၊ အလယ်ဗဟိုကျရာအရပ်ဖြစ်သော။ ဂေါဓာဝရီကူလေ၊ ဂေါဓာဝရီမြစ်၏ အလယ်ကျွန်း၌။ ဥဉ္ဇေန စ၊ ဆွမ်းခံခြင်းဖြင့်ငင်း။ ဖလေန စ၊ သစ်သီးသစ်မြစ်ဖြင့်ငင်း။ ဝသိ၊ မျှတနေ၏။

၃။ တဿေဝ ဥပနိဿာယ၊ ဂါမော စ ဝိပုလော အဟု။
တတော ဇာတေန အာယေန၊ မဟာယည မကပ္ပယိ။

တဿေဝ၊ ထိုကျွန်းကိုပင်လျှင်။ ဥပနိဿာယ၊ အမှီပြု၍။ ဝိပုလော၊ ပြန့်ပြောကြီးကျယ်သော။ ဂါမော၊ ရွာသည်။ အဟု၊ ဖြစ်ပြီ။ တတော၊ ထိုရွာကြီးမှ။ ဇာတေန၊ ထွက်သော။ အာယေန၊ အခွန်အတုတ်ဖြင့်။ မဟာယည်၊ ပေးကမ်းခြင်း အလှူပွဲကြီးကို။ အကပ္ပယိ၊ လှူဒါန်းပြုလုပ်လေ၏။

၄။ မဟာယည်ံ ယဇိတွာန၊ ပုန ပါဝိသိ အဿမံ။
တသ္မိံ ပဋိပဝိဋ္ဌမှိ၊ အညော အာဂဉ္ဇိ ဗြာဟ္မဏော။

ဗြာဟ္မဏော၊ ဗာဝရီပုဏ္ဏားသည်။ မဟာယည်၊ အလှူကြီးကို။ ယဇိတွာန၊ လှူဒါန်းပြီး၍။ ပုန၊ တဖန်။ အဿမံ၊ ကျောင်းသခ်မ်းသို့။ ပါဝိသိ၊ ဝင်လေ၏။

http://www.dhammadownload.com

တသ္မိ၊ ထိုဗာဝရီပုဏ္ဏားသည်။ ပဋိပဝိဋ္ဌမ့်၊ ပြန်ဝင်ပြီးသည်ရှိသော်။ အညော၊ တပါးသော ပုဏ္ဏားတယောက်သည်။ အာဂဆ္ဆိ၊ ရောက်လာလေ၏။

၅။ ဥဂ္ဃဋ္ဌပါဒေါ် တသိတော၊ ပက်ခန္ဓော ရဇဿိရော။
သော စ နံ ဥပသင်္ကမ္မ၊ သတာနိ ပဉ္ဉ ယာစတိ။

(သော၊ ထိုရောက်လာသောပုဏ္ဏားသည်။) ဥဂ္ဃဋ္ဌပါဒေါ်၊ ခြေထောက်ချင်း တိုက်ခတ်၍ သွားတတ်သူဖြစ်၏။ တသိတော၊ ငတ်မွတ်သူဖြစ်၏။ ပက်ခန္ဓော၊ သွားချွေးထူသူဖြစ်၏။ ရဇဿိရော၊ ဦးခေါင်း၌ မြူမှုန် အလိမ်းလိမ်း ကပ်ငြိသူ ဖြစ်၏။ သော စ၊ ထိုပုဏ္ဏားသည်လည်း။ နံ၊ ထိုဗာဝရီပုဏ္ဏားထံသို့။ ဥပသင်္ကမ္မ၊ ချဉ်းကပ်၍။ ပဉ္ဉသတာနိ၊ ဌေါးရာတို့ကို။ ယာစတိ၊ တောင်းလေ၏။

၆။ တမေနံ ဗာဝရီ ဒိသွာ၊ အာသနေန နိမန္တယိ။
သုခဉ္စ ကုသလံ ပုစ္ဆိ၊ ဣဒံ ဝစန မဗြဝိ။

ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ တမေနံ၊ ထိုပုဏ္ဏားကို။ ဒိသွာ၊ မြင်သည်ရှိသော်။ အာသနေန၊ နေရာဖြင့်။ နိမန္တယိ၊ ဘိတ်မန်၏။ သုခဉ္စ၊ ချမ်းသာမှုကို ၎င်း။ ကုသလံ စ၊ ကျန်းမာမှုကိုဌင်း။ ပုစ္ဆိ၊ မေး၏။ (ပုစ္ဆိတွာ၊ မေးပြီးသော်။) ဣဒံ ဝစနံ၊ ဤစကားကို။ အဗြဝိ၊ ပြောဆိုလေ၏။

၇။ ယံ ခေါ် မယ ဒေယျဓမ္မံ၊ သဗ္ဗံ ဝိသဇ္ဇိတံ မယာ။
အနုဇာနာဟိ မေ ဗြဟ္မေ၊ နတ္ထိ ပဉ္ဉသတာနိ မေ။

ဗြဟ္မေ၊ အိုပုဏ္ဏား။ ယံ ဒေယျဓမ္မံ=ယော ဒေယျဓမ္မော၊ အကြင်အလှူဝတ္ထုသည်။ မမ၊ အကျွန်ုပ်အား။ (စေ အတ္ထိ၊ အကယ်၍ ရှိပါမူ။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ တေ၊ သင့်အား။ ဒဒေယျံ၊ ပေးချင်ပါ၏။) သဗ္ဗံ=သဗ္ဗော၊ အလုံးစုံသော။ သော ဒေယျဓမ္မော၊ ထိုလှူဘွယ်ဝတ္ထုကို။ မယာ၊ အကျွန်ုပ်သည်။ ဝိသဇ္ဇိတံ=ဝိသဇ္ဇိတော၊ စွန့်လှူအပ်ခဲ့ပြီ။ ဗြဟ္မေ၊ ပုဏ္ဏား။ မေ၊ အကျွန်ုပ်အား။ အနုဇာနာဟိ၊ ခွင့်ပြုပါလော။ မေ၊ အကျွန်ုပ်အား။ ပဉ္ဉသတာနိ၊ ဌေါးရာတို့သည်။ နတ္ထိ၊ မရှိတော့ပါ။ (ဣဒံ ဝစနံ၊ ဤစကားကို။ ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ အဗြဝိ၊ ပြောဆိုလေ၏။)

၈။ သစေ မေ ယာစမာနဿ၊ ဘဝံ နာနုပဒဿတိ။
သတ္တမေ ဒိဝသေ တုယ္ဟံ၊ မုဒ္ဓါ ဖလတု သတ္တဓာ။

ယာစမာနဿ၊ တောင်းသော။ မေ၊ ငါ့အား။ ဘဝံ၊ အရှင်ပုဏ္ဏားသည်။ သစေ နာနုပဒဿတိ၊ အကယ်၍ မပေးငြားအံ့။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ တုယ္ဟံ၊ သင်၏။ မုဒ္ဓါ၊ ဦးခေါင်းသည်။ သတ္တဓာ ဖလတု၊ ခုနစ်စိတ် ကွဲပါစေသတည်း။ (ဤတိ၊ ဤသို့။ ပရိဘာသတိ၊ ကျိန်ဆဲ၏။)

http://www.dhammadownload.com

၉။ အဘိသန်ရိတ္တာ ကုဟကော၊ ဘေရဝံ သော အကိတ္တယိ။
တဿ တံ ဝစနံ သုတ္တာ၊ ဗာဝရီ ဒုက္ခိတော အဟု။

အဘိသန်ရိတ္တာ၊ (နွားချေးဖြင့် မြေကို လိမ်းကျံခြင်း စသည်ဖြင့် ပလ္လားသည်ကို) ပြုပြင်စီရင်ပြီး၍။ ကုဟကော၊ အံ့ဖွယ်ကိုပြုလုပ်တတ်သော။ သော၊ ထိုပုဏ္ဏားသည်။ ဘေရဝံ၊ ကြောက်မက်ဖွယ်ရာကို။ အကိတ္တယိ၊ ပြောကြား၏။ ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ တဿ၊ ထိုပုဏ္ဏား၏။ တံ ဝစနံ၊ ထိုစကားကို။ သုတ္တာ၊ ကြားရသဖြင့်။ ဒုက္ခိတော၊ စိတ်ဆင်းရဲခြင်းသည်။ အဟု၊ ဖြစ်လေ၏။

၁၀။ ဥဿုဿတိ အနာဟာရော၊ သောကသလ္လ သမပ္ပိတော။
အထောပိ ဧဝံ စိတ္တဿ၊ စျာနေ နာ ရမတီ မနော။

သော၊ ထိုဗာဝရီပုဏ္ဏားသည်။ သောကသလ္လ သမပ္ပိတော၊ သောကတည်းဟူသော မြားငြောင့်သည် စူးဝင်နှိပ်စက်အပ်သည်ဖြစ်၍။ အနာဟာရော၊ အစာအာဟာရကို မသုံးဆောင်နိုင်သည်ဖြစ်၍။ ဥဿုဿတိ၊ အသားအရေခြောက်ခန်းလေ၏။ အထော ပိ၊ ထိုမှတပါးလည်း။ ဧဝံ စိတ္တဿ၊ ဤသို့ စိုးရိမ်နေသော ဗာဝရီပုဏ္ဏား၏။ မနော၊ စိတ်သည်။ စျာနေ၊ စျာန်သမာပတ်၌။ နာ ရမတိ၊ မမွေ့လျော်နိုင်တော့ပေ။

၁၁။ ဥတြဿံ ဒုက္ခိတံ ဒိသွာ၊ ဒေဝတာ အတ္ထကာမိနီ။
ဗာဝရိံ ဥပသင်္ကမ္မ၊ ဣဒံ ဝစန မဗြဝိ။

အတ္ထကာမိနီ၊ အကျိုးကို လိုလားသော။ ဒေဝတာ၊ ကျောင်းသန်မ်း၌စောင့်သောနတ်သည်။ ဥတြဿံ၊ ထိတ်လန့်နေသော။ ဒုက္ခိတံ၊ စိတ်ဆင်းရဲမှုဖြစ်၍နေသော။ ဗာဝရိံ၊ ဗာဝရီပုဏ္ဏားကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဥပသင်္ကမ္မ၊ ချဉ်းကပ်၍။ ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ အဗြဝိ၊ ပြောဆို၏။

၁၂။ နာ သော မုဠှံ ပဇာနာတိ၊ ကုဟကော သော ဓနတ္ထိကော။
မုဠှနိ မုဠှပါတေ ဝါ၊ ဉာဏံ တဿ နာ ဝိဇ္ဇတိ။

(ဘောတိ၊ အိုရှင်ရဿေ့) သော၊ ထိုပုဏ္ဏားသည်။ မုဠှံ၊ ဦးခေါင်းကို။ နာ ပဇာနာတိ၊ သိသူမဟုတ်။ သော၊ ထိုပုဏ္ဏားကား။ ဓနတ္ထိကော၊ ဥစ္စာကို အလိုရှိသည်ဖြစ်၍။ ကုဟကော၊ အံ့ဖွယ်ကို ပြုတတ်သူပေတည်း။ မုဠှနိ ဝါ၊ ဦးခေါင်း၌ ၎င်း။ မုဠှပါတေ ဝါ၊ ဦးခေါင်းပြုတ်ကျမှု၌ ၎င်း။ တဿ၊ ထိုပုဏ္ဏားအား။ ဉာဏံ၊ သိနိုင်သောဉာဏ်သည်။ နာ ဝိဇ္ဇတိ၊ မရှိ။

၁၃။ ဘောတိ စရဟိ ဇာနာသိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ။
မုဠှံ မုဠှါဓိပါတဉ္စ၊ တံ သုဏောမ ဝစော တဝ။

http://www.dhammadownload.com

ဘောတိ၊ အရှင်နတ်မင်း။ တံ၊ ထိုဦးခေါင်းနှင့် ဦးခေါင်းပြုတ်ကျမှုကို။ စရဟိ၊ အကယ်၍။ ဇာနာသိ၊ သိငြားအံ့။ (ဝါ၊ သိခဲ့ပါမူ။) ပုစ္ဆိတာ၊ မေးအပ်သော။ (တုံ၊ သင်နတ်သည်။) တံ မုဒ္ဓဉ္စ၊ ထိုဦးခေါင်းကိုငင်း။ တံ မုဒ္ဓါဓိပါတဉ္စ၊ ထိုဦးခေါင်းပြုတ်ကျခြင်းကိုငင်း။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ပြောကြား ပါလော့။ တဝ၊ သင်၏။ ဝစော၊ စကားကို။ သုဏောမ၊ နားထောင်ပါကုန်အံ့။

၁၄။ အဟမ္ပေတံ နံ ဇာနာမိ၊ ဉာဏ မေတ္ထ နံ ဝိဇ္ဇတိ။
မုဒ္ဓနိ မုဒ္ဓါဓိပါတေ စ၊ ဇိနာနံ ဟေတ္ထ ဒဿနံ။

(ဘောတိ၊ အိုရှင်ရသေ့။) အဟမ္ပိ၊ ငါသည်လည်း။ တေံ၊ ဤအရာကို။ နံ ဇာနာမိ၊ မသိပေ။ တ္ထေ၊ ဤအရာ၌။ (မေ၊ ငါ့အား။) ဉာဏံ၊ သိနိုင်သောဉာဏ်သည်။ နံ ဝိဇ္ဇတိ၊ မရှိပါ။ တ္ထေ မုဒ္ဓနိ စ၊ ဤဦးခေါင်းဟု ဆိုရာ၌ငင်း။ တ္ထေ မုဒ္ဓါဓိပါတေ စ၊ ဤဦးခေါင်းပြုတ်ကျမည်ဟု ဆိုရာ၌ငင်း။ ဇိနာနံ ဟိ=ဇိနာနံ ဧဝ၊ မြတ်စွာဘုရားရှင်တို့အားသာလျှင်။ ဒဿနံ၊ သိမြင်နိုင်သည်။ ဟောတိ၊ ဖြစ်ပေ၏။

၁၅။ အထ ကော စရဟိ ဇာနာတိ၊ အသ္မိံ ပထဝိမဏ္ဍလေ။
မုဒ္ဓံ မုဒ္ဓါဓိပါတဉ္စ၊ တံ မေ အက္ခာဟိ ဒေဝတေ။

ဒေဝတေ၊ အိုနတ်မင်း။ အထ၊ ထိုသို့ဖြစ်ပါမူ။ အသ္မိံ ပထဝိမဏ္ဍလေ၊ ဤမြေအပြင်၌။ မုဒ္ဓဉ္စ၊ ဦးခေါင်းကိုငင်း။ မုဒ္ဓါဓိပါတဉ္စ၊ ဦးခေါင်းပြုတ်ကျမှုကိုငင်း။ ကော၊ အဘယ်သူသည်။ ဇာနာတိ၊ သိပါသနည်း။ စရဟိ၊ အကယ်၍။ (ယေဉ၊ အကြင်တစုံတယောက်သောသူသည်။ ဇာနာတိ၊ သိငြားအံ့။) တံ၊ ထိုအရာကို သိသူကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ပြောကြားစမ်းပါလော့။ (ဣတိ၊ ဤသို့။ ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ အာဟ၊ ပြောဆို၏။)

၁၆။ ပုရာ ကပိလဝတ္ထုမှာ၊ နိဂ္ဂန္ထော လောကနာထကော။
အပစ္စော သြက္ကာကရာဇဿ၊ သက္ယပုတ္တော ပဘင်္ကရော။

သြက္ကာကရာဇဿ၊ သြက္ကာကရာဇ်မင်း၏။ အပစ္စော၊ အဆက်အနွယ်ဖြစ်သော။ သက္ယပုတ္တော၊ သာကိဝင်မင်းသားသည်။ ကပိလဝတ္ထုမှာ၊ ကပိလဝတ်အမည်ရှိသော။ ပုရာ၊ နေပြည်တော်မှ။ နိဂ္ဂန္ထော၊ ထွက်ခွါတော်မူလျက်။ လောကနာထကော၊ လောက၏ အကြီးအကဲဖြစ်တော်မူပေ၏။ ပဘင်္ကရော၊ ပညာဟူသော အရောင်ကို ပြုတော်မူပေ၏။

၁၇။ သော ဟိ ဗြာဟ္မဏ သမ္မုဒ္ဒါ၊ သဗ္ဗဓမ္မာန ပါရဂူ။
သဗ္ဗာဘိညာဗလပတ္တော၊ သဗ္ဗဓမ္မေသု စက္ခုမာ။
သဗ္ဗကမ္မက္ခယံ ပတ္တော၊ ဝိမုတ္တော ဥပဓိက္ခယေ။

http://www.dhammadownload.com

ဟိ၊ သင့်စု။ ပြာဟ္မဏ၊ ဗာဝရီပုဏ္ဏား။ သော သမ္မုဒ္ဒေါ၊ ထိုမြတ်စွာဘုရား သည်။ သမ္မဓမ္မာနံ၊ အလုံးစုံသော တရားတို့၏။ ပါရဂူ၊ အပြီးအဆုံးသို့ ရောက် တော်မူ၏။ သမ္မာဘိညာဗလပ္ပတ္တော၊ အလုံးစုံသော အဘိညာဏ်အစွမ်းအားသို့ ရောက်တော်မူ၏။ သမ္မဓမ္မေသု၊ အလုံးစုံသော တရားတို့၌။ စက္ခုမာ၊ မြင်သော ဉာဏ်မျက်စိရှိတော်မူ၏။ (သော၊ ထိုမြတ်စွာဘုရားသည်။) သမ္ဗကမ္မဂ္ဂယံ၊ ကံ အားလုံးကုန်ခြင်းသို့။ ပတ္တော၊ ရောက်တော်မူ၏။ ဥပဓိက္ခယေ၊ ဥပဓိတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံပြုသောအားဖြင့် လွတ်မြောက်သော စိတ်ရှိတော်မူ၏။

၁၈။ ဗုဒ္ဓေါ သော ဘဂဝါ လောကေ၊ ဓမ္မံ ဒေသေတိ စက္ခုမာ။
တံ တံ ဂန္ဆာန ပုစ္ဆာသု၊ သော တေ တံ ဗျာကရိဿတိ။

စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိမြင်တော်မူထသော။ သော ဘဂဝါ၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရား ရှင်သည်။ လောကေ၊ လောကဘ်။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟော တော်မူပေ၏။ တံ၊ သင်သည်။ ဂန္ဆာန၊ သွား၍။ တံ ဘဂဝန္တံ၊ ထိုမြတ်စွာ ဘုရားကို။ ပုစ္ဆာသု၊ မေးလျှောက်ချေလော့။ သော၊ ထိုမြတ်စွာဘုရားသည်။ တေ၊ သင့်အား။ တံ၊ ထိုဦးခေါင်းနှင့် ဦးခေါင်းပြုတ်ကျခြင်းကို။ ဗျာကရိဿတိ၊ ဖြေကြားတော်မူပေလိမ့်လတ္တံ့။

၁၉။ သမ္မုဒ္ဒေါတိ ဝစော သုတ္ဝာ၊ ဥဒဂ္ဂေါ ဗာဝရီ အဟု။
သောဏ်ဿ တနုကော အာသိ၊ ပိတိဠ္ဆ ဝိပုလံ လဘိ။

ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ သမ္မုဒ္ဒေါတိ၊ ဘုရားဟူသော။ ဝစော၊ စကား ကို။ သုတ္ဝာ၊ ကြားရ၍။ ဥဒဂ္ဂေါ၊ ဝမ်းမြောက်တက်ကြွသော စိတ်ရှိသည်။ အဟု၊ ဖြစ်လေ၏။ အဿ၊ ထိုဗာဝရီပုဏ္ဏားအား။ သောကော၊ ပူဆွေးမှု သောကသည်။ တနုကော၊ နည်းပါးသည်။ အာသိ၊ ဖြစ်ပြီ။ ဝိပုလံ၊ ပြန့်ပြော များစွာသော။ ပီတိဉ္စ၊ နှစ်သက်မှု ပီတိကိုလည်း။ လဘိ၊ ရလေ၏။

၂၀။ သော ဗာဝရီ အတ္တမနော ဥဒဂ္ဂေါ၊
တံ ဒေဝတံ ပုစ္ဆတိ ဝေဒဇာတော။
ကတမမ္ပိ ဂါမေ နိဂမမ္ပိ ဝါ ပန၊
ကတမမ္ပိ ဝါ ဇနပဒေ လောကနာထော။
ယတ္ထ ဂန္ဆာန ပဿေမု၊ သမ္ဗုဒ္ဓံ ဒ္ဝိပဒုတ္တမံ။

အတ္တမနော၊ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ဥဒဂ္ဂေါ၊ တက်ကြွသော စိတ်ရှိသော။ သော ဗာဝရီ၊ ထိုဗာဝရီပုဏ္ဏားသည်။ ဝေဒဇာတော၊ ဝမ်းမြောက်

http://www.dhammadownload.com

သည်ဖြစ်၍။ လောကနာထော၊ မြတ်စွာဘုရားသည်။ ကတမမှိ၊ အဘယ်မည်သော။ ဂါမေ ဝါ ပန၊ ရွာ၌၎င်း။ နိဂမမှိ ဝါ ပန၊ နိဂုံး၌၎င်း။ ဇနပဒေ ဝါ ပန၊ ဇနပုဒ်၌၎င်း။ (ဝသတိ၊ နေတော်မူပါသနည်း။) ယတ္ထ၊ အကြင်ဘုရားရှိတော်မူရာအရပ်သို့။ ဂန္ဓာန၊ သွား၍။ ဒွိပဒုတ္တမံ၊ အခြေနှစ်ချောင်းရှိသောသူတို့ထက်မြတ်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပဿေမု၊ ဖူးမြင်ကြပါကုန်အံ့။ (ဣတိ၊ ဤသို့။) တံ ဒေဝတံ၊ ထိုကျောင်းသခ်မ်း၌ စောင့်သောနတ်ကို။ ပုစ္ဆတိ၊ မေး၏။

၂၁။ သာဝတ္ထိယံ ကောသလမန္ဒိရေ ဇိနော၊
ပဟူတပညော ဝရဘူရိမေဓသော။
သော သကျပုတ္တော ဝိဓုရော အနာသဝေါ၊
မုဒ္ဓါဓိပါတဿ ဝိဒူ နရာသဘော။

ပဟူတပညော၊ ကျယ်ပြန့်သောပညာရှိတော်မူထသော။ ဝရဘူရိမေဓသော၊ မြေကြီးအထုက်သို့ မြတ်သော ပညာရှိတော်မူထသော။ ဝိဓုရော၊ ပြိုင်ဘက်ကင်းတော်မူထသော။ (အပ္ပဋိမောတိ ဝုတ္တံ ဟောတိ။)အနာသဝေါ၊ အာသဝေါတရားကင်းတော်မူထသော။ သကျပုတ္တော၊ သာကီဝင်မင်းသား ဖြစ်သော။ ဇိနော၊ မာရ်ငါးပါးအောင်မြင် ဘုရားရှင်သည်။ ကောသလမန္ဒိရေ၊ ကောသလမင်း၏နေရာဖြစ်သော။ သာဝတ္ထိယံ၊ သာဝတ္ထိမြို့၌။ (ဝိဟရတိ၊ သီတင်းသုံးနေတော်မူ၏။) နရာသဘော၊ လူတို့ဆက်မြတ်တော်မူသော။ သော ဇိနော၊ ထိုငါးမာရ်အောင်မြင် ဘုရားရှင်သည်။ မုဒ္ဓါဓိပါတဿ၊ ဦးခေါင်းပြုတ်ကျမှုကို။ ဝိဒူ၊ သိတော်မူ၏။

၂၂။ တတော အာမန္တယီ သိဿေ၊ ဗြာဟ္မဏေ မန္တပါရဂေ။
ဧထ မာဏဝါ အက္ခိဿံ၊ သုဏာထ ဝစနံ မမ။

တတော၊ ထို့နောင်မှ။ (ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။) မန္တပါရဂေ၊ ဝေဒကျမ်းတို့၌ ကမ်းတဖက်ရောက် တတ်မြောက်ပြီးကုန်သော။ သိဿေ ဗြာဟ္မဏေ၊ တပည့်ပုဏ္ဏားတို့ကို။ အာမန္တယိ၊ ခေါ်၏။ "မာဏဝါ၊ လုလင်တို့။ ဧထ၊ လာကြကုန်လော။ (ဝေါ၊ သင်တို့အား။ အဟံ၊ ငါသည်။) အက္ခိဿံ၊ ပြောကြားပေအံ့။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ တုမှေ၊ သင်တို့သည်။ သုဏာထ၊ နားထောင်ကြကုန်လော။

၂၃။ ယဿေသော ဒုလ္လဘော လောကေ၊ ပါတုဘာဝေါ အဘိဏှသော။
သွာဇ္ဇ လောကမှိ ဥပ္ပန္နော၊ သမ္ဗုဒ္ဓေါ ဣတိ ဝိဿုတော။
ခိပ္ပံ ဂန္ဓာန သာဝတ္ထိံ၊ ပဿဝေါ ဒွိပဒုတ္တမံ။

http://www.dhammadownload.com

ယဿ ဗုဒ္ဓဿ၊ အကြင်မြတ်စွာဘုရား၏။ လောကေ၊ လောကဋ္ဌ။ ယော ပါတုဘာဝေါ၊ အကြင် ထင်ရှားပွင့်တော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ပါတုဘာဝေါ၊ ထိုထင်ရှားပွင့်တော်မူခြင်းသည်။ အဘိဏှသော၊ များသော အားဖြင့်။ ဒုလ္လဘော၊ ရခဲလှ၏။ သမ္မုဒ္ဓေါ ဣတိ၊ ဘုရားဟူ၍။ ဝိဿုတော၊ ကျော်စောသော။ သော သမ္မုဒ္ဓေါ၊ ထိုမြတ်စွာဘုရားသည်။ လောကမှိ၊ လောကဋ္ဌ။ အင္ဂ၊ ယခု။ ဥပပန္နော၊ ပွင့်တော်မူပြီ။ သဘဝတ္ထိ၊ သဘဝတ္ထိပြည်သို့။ ခိပ္ပံ၊ လျင်စွာ။ ဂန္ဓာန၊ သွား၍။ ဒ္ဝိပဒုတ္တမံ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါတို့ထက်မြတ်သော မြတ်စွာဘုရားကို။ပဿတော့၊ ဖူးမြင်ကြချေကုန်လော။

၂၄။ ကထံ စရဟိ ဇာနေမု၊ ဒိသ္ဝာ ဗုဒ္ဓေါတိ ဗြာဟ္မဏ။
အဇာနတံ နော ပဗြူဟိ၊ ယထာ ဇာနေမု တံ မယံ။

ဗြာဟ္မဏ၊ ဆရာပုဏ္ဏား။ မယံ၊ အကျွန်ုပ်တို့သည်။ ဒိသ္ဝာ၊ မြင်သည်ရှိသော်။ ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ ကထံ စရဟိ၊ အဘယ်အကြောင်းဖြင့်။ ဇာနေမု၊ သိနိုင်ကုန်အံ့နည်း။ အဇာနတံ=အဇာနန္တာနံ၊ ဘုရားဟု မသိသေးကုန်သော။ နော၊ အကျွန်ုပ်တို့အား။ ယထာ၊ အကြောင်းသို့သော အခြင်းအရာဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ တံ ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ဇာနေမု၊ သိနိုင်ကုန်၏။ တထာ၊ ထိုသိနိုင်သော အခြင်းအရာဖြင့်။ (ဝါ-သိနိုင်လောက်သည့် အကြောင်းကို။) ပဗြူဟိ၊ ပြောကြားပါလော။

၂၅။ အာဂတာနိ ဟိ မန္တေသု၊ မဟာပုရိသ လက္ခဏာ။
ဒ္ဝတ္တိံသာနိ စ ဗျာကာတာ၊ သမတ္တာ အနုပုဗ္ဗသော။

ဟိ=ပါကဋ်၊ ကရောမိ၊ ငါထင်စွာ ပြောကြားအံ့။ မဟာပုရိသလက္ခဏာ၊ ယောကျွန်းမြတ်၏ လက္ခဏာတို့သည်။ မန္တေသု၊ ဝေဒကျမ်းတို့၌။ အာဂတာနိ၊ လာကုန်၏။ မယာ၊ ငါသည်။ သမတ္တာ=သမတ္တာနိ၊ အပြည့်အစုံ ကုန်သော။ တာနိ ဒ္ဝတ္တိံသာနိ မဟာပုရိသလက္ခဏာနိ စ၊ ထို သုံးဆယ့် နှစ်ပါးသော မဟာပုရိသလက္ခဏာတို့ကိုလည်း။ အနုပုဗ္ဗသော၊ အစဉ်အတိုင်း။ ဗျာကာတာ=ဗျာကာတာနိ၊ ပို့ချခဲ့ပြီ။

၂၆။ ယဿေတေ ဟောန္တိ ဂတ္တေသု၊ မဟာပုရိသလက္ခဏာ။
ဒ္ဝေယေဝ တဿ ဂတိယော၊ တတိယာ ဟိ န ဝိဇ္ဇတိ။

ယဿ၊ အကြင်သူ၏။ ဂတ္တေသု၊ ကိုယ်တို့၌။ ဧတေ မဟာပုရိသလက္ခဏာ၊ ထိုမဟာပုရိသလက္ခဏာတို့သည်။ ဟောန္တိ၊ရှိကုန် ဖြစ်ကုန်၏။ တဿ၊ထိုသူအား။ ဒ္ဝေယေဝ ဂတိယော၊ နှစ်ပါးသော ဖြစ်ခြင်းတို့သာ ရှိကုန်၏။ တတိယာ၊ သုံးခုမြောက်သော။ ဂတိ၊ ဖြစ်ခြင်းသည်။ န ဝိဇ္ဇတိ ဟိ၊ မရှိတော့သည်သာတည်း။

http://www.dhammadownload.com

၂၇။ သစေ အဂါရံ အာဝသတိ၊ ဝိဇေယျ ပထဝိံ ဣမံ။
အဒဏ္ဍေန အသတ္ထေန၊ ဓမ္မေန အနုသာသတိ။

(သော၊ ထိုသူသည်။) သစေ၊ အကယ်၍။ အဂါရံ၊ လူ့ဘောင်၌။ အာဝသတိ၊ နေငြားအံ့။ ဧဝံသတိ၊ ဤသို့ လူ့ဘောင်၌နေသည်ရှိသော်။ ဣမံ ပထဝိံ၊ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော ဤမြေကြီးကို။ အဒဏ္ဍေန၊ ဒဏ်မရှိမူ၍။ အသတ္ထေန၊ လက်နက်မရှိမူ၍။ ဝိဇေယျ၊ အောင်လျက်။ ဓမ္မေန၊ တရားသဖြင့်။ အနုသာသတိ၊ ဆုံးမနိုင်ရာ၏။

၂၈။ သစေ စ သော ပဗ္ဗဇတိ၊ အဂါရာ အနဂါရိယံ။
ဝိဝဋ္ဌစ္ဆဒေါ သမ္မုဒ္ဓေါ၊ အရဟာ ဘဝတိ အနုတ္တရော။

သော၊ ထိုသူသည်။ သစေ၊ အကယ်၍။အဂါရာ၊ လူ့ဘောင်မှ။ (နိကွမိတွာ၊ ထွက်၍။) အနဂါရိယံ၊ရဟန်းဘောင်၌။ပဗ္ဗဇတိ၊ ရဟန်းပြုငြားအံ့။ (ဧဝံသတိ၊ ဤသို့ ဖြစ်သည်ရှိသော်။) ဝိဝဋ္ဌစ္ဆဒေါ၊ ကိလေသာ အပိတ် အဖုံးကို ဖွင့်လှစ်ပြီးသော။ အရဟာ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ အနုတ္တရော၊ အတုမရှိသော။ သမ္မုဒ္ဓေါ၊ အားလုံးသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုရားသည်။ ဘဝတိ၊ ဖြစ်လေ၏။

၂၉။ ဇာတိံ ဂေါတ္တဉ္ဇ လက္ခဏံ၊ မန္တေ သိဿေ ပုနာပရေ။
မုဒ္ဓံ မုဒ္ဓါဓိပါတဉ္ဇ၊ မနသာယေဝ ပုစ္ဆထ။

ဘောန္တော ဗြာဟ္မဏာ၊ အိုပုဏ္ဏားတို့။ ဇာတိံ စ၊ ငါ၏ အသက် အရွယ်ကိုငှင်း။ ဂေါတ္တဉ္ဇ၊ အမျိုးအနွယ်ကိုငှင်း။ လက္ခဏဉ္ဇ၊ လက္ခဏာကိုငှင်း။မန္တေ စ၊ ငါလေ့ကျက်အပ်သော ဝေဒကျမ်းတို့ကိုငှင်း။ ပုန၊ တဘန်။ အပရေ၊ တပါးကုန်သော။သိဿေ၊ငါ့တပည့်တို့ကိုငှင်း။ မုဒ္ဓဉ္ဇ၊ ဦးခေါင်းကိုငှင်း။ မုဒ္ဓါဓိပါတဉ္ဇ၊ ဦးခေါင်းပြုတ်ကျမှုကိုငှင်း။(ဣမေ သတ္တပဉ္ဇေ၊ ဤနှုန်စ်ပါးသောမေးခွန်းတို့ကို။) မနသာယေဝ၊ စိတ်ဖြင့်သာလျှင်။ ပုစ္ဆထ၊ မေးကြကုန်လော။

၃၀။ အနာဝရဏဒဿာဝီ၊ ယဒိ ဗုဒ္ဓေါ ဘဝိဿတိ။
မနသာ ပုစ္ဆိတေ ပဉ္ဇေ၊ ဝါစာယ ဝိသဇ္ဇိဿတိ။

ယဒိ၊ အကယ်၍။ အနာဝရဏဒဿာဝီ၊ အပိတ်အပင်မရှိ အလုံးစုံကို မြင်စွမ်းနိုင်သော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဘဝိဿတိ၊ ဖြစ်ငြားအံ့။ မနသာ၊ စိတ်ဖြင့်။ ပုစ္ဆိတေ၊ မေးအပ်ကုန်သော။ ပဉ္ဇေ၊ မေးခွန်းပြဿနာတို့ကို။ဝါစာယ၊ နှုတ်ဖြင့်။ ဝိသဇ္ဇိဿတိ၊ ဖြေကြားတော်မူလိမ့်လတ္တံ့။

၃၁။ ဗာဝရိဿ ဝစော သုတ္ဝာ၊ သိဿာ သောဋ္ဌသ ဗြာဟ္မဏာ။
အဇိတော တိဿမေတ္တေယျော၊ ပုဏ္ဏကော အထ မေတ္တဂူ။

http://www.dhammadownload.com

၃၂။ ဓောတကော ဥပသီဝေါ စ၊ နန္ဒော စ အထ ဟေမကော။
တောဒေယျ ကပ္ပါ ဒုဘယော၊ ဇတုကဏ္ဏီစ ပဏ္ဍိတော။

၃၃။ ဘဒြာဝုဓော ဥဒယော စ၊ ပေါသာလော စာပိ ဗြာဟ္မဏော။
မောဃရာဇာ စ မေဓာဝီ၊ ပိဂိယော စ မဟာဣသိ။

၃၄။ ပစ္စေကဂဏိနော သဗ္ဗေ၊ သဗ္ဗလောကဿ ဝိဿုတာ။
ဈာယီ ဈာနရတာ ဓီရာ၊ ပုဗ္ဗဝါသနဝါသိတာ။

၃၅။ ဗာဝရိံ အဘိဝါဒေတ္ဝာ၊ ကတ္ဝာ စ နံ ပဒက္ခိဏံ။
ဇဋာဇိနဓရာ သဗ္ဗေ၊ ပက္ကာမုံ ဥတ္တရာမုခါ။

အဇိတော၊ အဇိတရသေ့ငှင်း။ တိဿမေတ္တေယျော၊ တိဿ မေတ္တေယျငှင်း။ ပုဏ္ဏကော၊ ပုဏ္ဏကငှင်း။ အထ၊ထိုမှတပါး။ မေတ္တဂူ၊ မေတ္တဂူငှင်း။ ဓောတကော၊ ဓောတကငှင်း။ ဥပသီဝေါ စ၊ ဥပသီဝငှင်း။ နန္ဒော စ၊ နန္ဒငှင်း။ အထ၊ ထိုမှတပါး။ ဟေမကော၊ ဟေမကငှင်း။ တောဒေယျ ကပ္ပါဒုဘယော၊ တောဒေယျ နှင့်ကပ္ပနှစ်ယောက်တို့ငှင်း။ ပဏ္ဍိတော၊ ပညာရှိသော။ ဇတုကဏ္ဏီစ၊ ဇတုကဏ္ဏီငှင်း။ ဘဒြာဝုဓော၊ ဘဒြာဝုဓငှင်း။ ဥဒယော စ၊ ဥဒယငှင်း။ ပေါသာလော စာပိ ဗြာဟ္မဏော၊ ပေါသာလ ပုဏ္ဏားငှင်း။ မေဓာဝီ၊ ပညာရှိသော။ မောဃရာဇာ စ၊ မောဃရာဇာငှင်း။ မဟာဣသိ၊ ရသေ့ကြီးဖြစ်သော။ ပိဂိယော စ၊ ပိဂိယငှင်း။ ဣတိ၊ ဤသို့။ သိဿာ၊ တပည့်ဖြစ်ကုန်သော။ သောဠသ ဗြာဟ္မဏာ၊ တဆယ့်ခြောက်ယောက်သော ပုဏ္ဏားတို့သည်။ ဗာဝရိဿ၊ ဗာဝရိပုဏ္ဏား၏။ ဝစော=ဝစနံ၊ စကားကို။ သုတ္ဝာ၊ ကြားရကုန်၍။

ပစ္စေကဂဏိနော၊ ဂိုဏ်းအသီးအသီးရှိကုန်သော။ သဗ္ဗလောကဿ၊ အလုံးစုံသော လောက၌။ ဝိဿုတာ၊ ထင်ရှားကျော်စောကုန်သော။ ဈာယီ၊ ဈာန်ရှိကုန်ထသော။ ဈာနရတာ၊ ဈာန်၌မွေ့လျော်ကုန်ထသော။ ဓီရာ၊ ပညာရှိကုန်ထသော။ ပုဗ္ဗဝါသနဝါသိတာ၊ ရှေးဝါသနာ (သမ္မာဆန္ဒ)ဖြင့် ထုံအပ်ကုန်သော။ ဇဋာဇိနဓရာ၊ ဆံကျစ်ထုံး၍ သစ်နက်ရေကိုဆောင်ကုန်သော။ သဗ္ဗေ၊ (ထိုတပည့်ဖြစ်သောပုဏ္ဏား) အားလုံးတို့သည်။ နံ ဗာဝရိံ၊ ထိုဗာဝရိရသေ့ကို။ အဘိဝါဒေတ္ဝာ၊ ရှိခိုးကြပြီးလျှင်။ ပဒက္ခိဏံ ကတ္ဝာ၊ အရိုအသေပြုကြကုန်၍။ ဥတ္တရာမုခါ၊ မြောက်အရပ်သို့ရှေးရှူလျက်။ ပက္ကာမုံ၊ ဖဲသွားကြကုန်၏။

၃၆။ အဋ္ဌကဿ ပတိဋ္ဌာနံ၊ ပုရိမာဟိဿတိံ တဒါ။
ဥဇ္ဇေနိဥ္ဇာပိ ဂေါနဒ္ဓံ၊ ဝေဒိသံ ဝနသဝှယံ။

တဒါ၊ ထိုသို့သွားသောအခါ၌။ အဋ္ဌကဿ၊ အဋ္ဌကမင်း၏။ ပတိဋ္ဌာနံ၊ တည်ရာဖြစ်သော။ ပုရိမံ၊ ရှေးကဖြစ်သော။ အာဟိဿတိံ၊ အာဟိဿတိမြို့သို့

http://www.dhammadownload.com

ငင်း။ (ဝါ၊ ရှေးမြို့ဟောင်းကြီးတမြို့သို့ငင်း။) ဥဇ္ဇေနိဉ္ဇ၊ ဥဇ္ဇေနိပြည်သို့ငင်း။ ဂေါနဒ္ဒါ၊ ဂေါနဒ္ဒမြို့သို့ငင်း။ ဝေဒိသံ၊ ဝေဒိသမြို့သို့ငင်း။ ဝနသဝှယံ၊ ဝနသမည်သော မြို့သို့ငင်း။ (ပဝိဋ္ဌာ၊ ဝင်ဆောက်ကုန်၏။)

၃၇။ ကောသမ္မိဉ္ဉာပိ သာကေတံ၊ သာဝတ္ထိဉ္ဉ ပုရုတ္တမံ။
သေတဗျံ ကပိလဝတ္ထုံ၊ ကုသိနာရဉ္ဉ မန္ဒိရံ။

ကောသမ္မိဉ္ဉ၊ ကောသမ္မီပြည်သို့ငင်း။ သာကေတံ၊ သာကေတမြို့သို့ငင်း။ ပုရုတ္တမံ၊ မြို့တကာတို့ထက် မြတ်သော။ သာဝတ္ထိဉ္ဉ၊ သာဝတ္ထိပြည်သို့ငင်း။ သေတဗျံ၊ သေတဗျမြို့သို့ငင်း။ ကပိလဝတ္ထုံ၊ ကပိလဝတ်ပြည်သို့ငင်း။ ကုသိနာရဉ္ဉ မန္ဒိရံ၊ ကုသိနာရုံပြည်သို့ငင်း။ (ပဝိဋ္ဌာ၊ ဝင်ဆောက်ကုန်၏။)

၃၈။ ပါဝဉ္ဉ ဘောဂနဂရံ၊ ဝေသာလိံ မာဂဓံ ပုရံ။
ပါသာဏကံ စေတိယဉ္ဉ၊ ရမဏီယံ မနောရမံ။

ပါဝဉ္ဉ၊ ပါဝါမြို့သို့ငင်း။ ဘောဂနဂရံ၊ ဘောဂနဂရမြို့သို့ငင်း။ ဝေသာလိံ၊ ဝေသာလီပြည်သို့ငင်း။ မာဂဓံ ပုရံ၊ ရာဇဂြိုဟ်ပြည်သို့ငင်း။ ရမဏီယံ၊ နှစ်သက်အပ်ထသော။ မနောရမံ၊ နှစ်လုံးမွေ့လျော်ဘွယ်ရှိသော။ ပါသာဏကံ၊ ပါသာဏကအမည်ရှိသော။ စေတိယံ၊ စေတီသို့။ အာရဗ္ဘုံ၊ တက်ကြကုန်၏။

၃၉။ တသိတော ဝုဒကံ သီတံ၊ မဟာလာဘံဝ ဝါဏိဇော။
ဆာယံ ဃမ္မာဘိတတ္တောဝ၊ တုရိတာ ပဗ္ဗတမာရုဟုံ။

တသိတော၊ရေငတ်သောသူသည်။ သီတံ ဥဒကံ၊ အေးမြသောရေကို။ အာဘိကခ်ံတိ ဣဝ၊ သောက်ခြင်းငှါ အလိုရှိသကဲ့သို့။ ဝါဏိဇော၊ ကုန်သွယ်သူသည်။ မဟာလာဘံ၊လာဘ်များစွာကို။ အာဘိပတ္ထယတိဣဝ၊ အလွန်တောင့်တသကဲ့သို့။ ဃမ္မာဘိတတ္တော၊ နွေရာသီအပူနှိပ်စက်ခံရသူသည်။ ဆာယံ၊ အရိပ်ကို။ အာဘိကခ်ံတိဣဝ၊ အလွန်အလိုရှိသကဲ့သို့။ (တေဇဋီလာ၊ ထိုရသေ့ပုဏ္ဏား တဆယ့်ခြောက်ယောက်တို့သည်။) ပဗ္ဗတံ၊ စေတီရှိရာတောင်သို့။ တုရိတာ၊ အဆောတလျင်။ အာရုဟုံ၊ တက်ကြကုန်၏။

၄၀။ ဘဂဝါ တမှိ သမယေ၊ ဘိက္ခုသံဃပုရက္ခတော။
ဘိက္ခူနံ ဓမ္မံ ဒေသေတိ၊ သီဟောဝ နဒတီ ဝနေ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ တမှိ သမယေ၊ ထိုအခါ၌၌။ ဘိက္ခုသံဃပုရက္ခတော၊ ရဟန်းသံဃာခြံရံလျက်။ သီဟော၊ ခြင်္သေ့မင်းသည်။ ဝနေ၊ တောအတွင်း၌။ နဒတိဣဝ၊ ဟောက်သကဲ့သို့။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

http://www.dhammadownload.com

၄၁။ အဇိတော အဒ္ဒသ ဗုဒ္ဓံ၊ သတရံသိဝ ဘာဏုမံ။
စန္ဒံ ယထာ ပန္နရသေ၊ ပါရိပူရိံ ဥပါဂတံ။

အဇိတော၊ အဇိတရသေ့သည်။ ဘာဏုမံ၊ နေမင်းကို။ အဒ္ဒသ ဣ၀၊ မြင်ရသကဲ့သို့ငင်း။ ပန္နရသေ၊ တဆယ့်ငါးရက်မြောက်သောနေ့၌။ ပါရိပူရိံ၊ ပြည့်ခြင်းသို့။ ဥပါဂတံ၊ ရောက်လာသော။ စန္ဒံ၊ လ ကို။ အဒ္ဒသ ဣ၀၊ မြင်ရသကဲ့သို့ငင်း။ သတရံသိ၊ အရာမကသော ရောင်ခြည်ရှိတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဒ္ဒသံ၊ ဖူးမြင်ရလေပြီ။

၄၂။ အထဿ ဂတ္တေ ဒိသ္ဝာန၊ ပရိပူရဥ္စ ဗျဥ္ဇနံ။
ကေမန္တံ ဌိတော ဟဒ္ဒေ၁၊ မနော ပဥ္စေ အပုစ္ဆထ။

အထ၊ထိုအခါ၌။ အဿ၊ ထိုမြတ်စွာဘုရား၏။ ဂတ္တေ၊ ကိုယ်တော်၌။ ပရိပူရံ၊ ပြည့်စုံသော။ ဗျဥ္ဇနံ၊ လက္ခဏာတော်ကို။ ဒိသ္ဝာန၊ မြင်ရ၍။ ကေမန္တံ၊ တခုသောနေရာ၌။ ဌိတော၊ ရပ်တည်လျက်။ ဟဒ္ဒေ၁၊ ရွှင်လန်း နှစ်သက်သည်ဖြစ်၍။ မနော=မနေန၊ စိတ်ဖြင့်။ ပဥ္စေ၊ အမေးပြဿနာတို့ကို။ အပုစ္ဆထ၊ မေးလျှောက်လေ၏။

၄၃။ အာဒိဿ ဇမ္မုနံ ဗြူဟိ၊ ဂေါတ္တံ ဗြူဟိ သလက္ခဏံ။
မန္တေသု ပါရမိံ ဗြူဟိ၊ ကတိ ဝါစေတိ ပြာဟ္မဏော။

အာဒိဿ၊ ရည်ညွှန်း၍။ ဇမ္မုနံ၊ (ဗာဝရိပုဏ္ဏား၏) အရွယ်ကို။ ဗြူဟိ၊ ဟောတော်မူပါလော။ သလက္ခဏံ၊ လက္ခဏာအင်္ဂါနှင့်တကွ။ ဂေါတ္တံ၊ အနွယ်ကို။ ဗြူဟိ၊ဟောတော်မူပါလော။ မန္တေသု၊ ဝေဒကျမ်းတို့၌။ ပါရမိံ၊ တဘက်ကမ်းရောက်သည်ကို။ ဗြူဟိ၊ဟောတော်မူပါလော။ ပြာဟ္မဏော၊ ဗာဝရိပုဏ္ဏားသည်။ ကတိ၊ အဘယ်မျှလောက်သော တပည့်အပေါင်းကို။ ဝါစေတိ၊ ပို့ချပါသနည်း။ ဣတိ၊ ဤသို့။ ဣမေ ပဥ္စေ၊ ဤအမေးပြဿနာတို့ကို။ မနေန၊စိတ်ဖြင့်။ အပုစ္ဆထ၊ မေးလျှောက်လေ၏။

၄၄။ ဝိသံ ဝဿသတံ အာယု၊ သော စ ဂေါတ္တေန ဗာဝရီ။
တီဏိဿ လက္ခဏာ ဂတ္တေ၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

(အဇိတ၊ အဇိတ။ အဿ၊ ထိုဗာဝရိပုဏ္ဏား၏။) အာယု၊ အသက်သည်။ ဝိသံ ဝဿသတံ၊ တရာ့နှစ်ဆယ်ရှိ၏။ သော၊ ထိုပုဏ္ဏားသည်။ ဂေါတ္တေန စ၊ အနွယ်အားဖြင့်လည်း။ ဗာဝရီ၊ ဗာဝရီဖြစ်ပေ၏။ အဿ၊ ထိုပုဏ္ဏား၏။ ဂတ္တေ၊ ကိုယ်၌။ လက္ခဏာ၊ လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တိဏ္ဏံ ဝေဒါနံ၊ ပေဒင်သုံးပုံတို့၌။ ပါရဂူ၊ တဘက်ကမ်းရောက် တတ်မြောက်၏။

http://www.dhammadownload.com

၄၅။ လက္ခဏေ ဣတိဟာသေ စ၊ သနိဃဏ္ဍုသကေဋ္ဌုဘေ။
ပဥ္ဇသတာနိ ဝါစေတိ၊ သဓမ္မေ ပါရမိံ ဂတော။

သနိဃဏ္ဍုသကေဋ္ဌုဘေ၊ (အဘိဓာန်) နိဃဏ္ဍုကျမ်း (အလင်္ကာ) ကေဋ္ဌုဘကျမ်းနှင့်တက္ခသော။လက္ခဏေ စ၊လက္ခဏာကျမ်းတို့ကိုငှင်း။ဣတိဟာသေ စ၊ ဣတိဟာသကျမ်းတို့ကိုငှင်း။ ပဥ္ဇသတာနိ၊ တပည့်ငါးရာတို့ကို။ ဝါစေတိ၊ သင်ကြားပို့ချ၏။ သဓမ္မေ၊ မိမိဥစ္စာဖြစ်သော ဝေဒကျမ်း၌။ ပါရမိံ၊ ကမ်းတဘက်သို့။ ဂတော၊ ရောက်၏။

၄၆။ လက္ခဏာနံ ပဝိစယံ၊ ဗာဝရိဿ နရုတ္တမ။
ကခ်စ္ဆိဒ ပကာသေဟိ၊ မာ နော ကခ်ါယိတံ အဟု။

ကခ်စ္ဆိဒ၊ ယုံမှားမှုကို ဖြတ်တောက်တော်မူနိုင်သော။ နရုတ္တမ၊ လူတို့ထက်မြတ်တော်မူသော မြတ်စွာဘုရား။ ဗာဝရိဿ၊ ဗာဝရီပုဏ္ဏား၏။ လက္ခဏာနံ၊ လက္ခဏာတို့ကို။ ပဝိစယံ=ပဝိစယန္တော။ အကျယ်စိစစ်တော်မူလျက်။ ပကာသေဟိ၊ ထင်စွာပြတော်မူပါလော။ နော၊ တပည့်တော်တို့အား။ ကခ်ါယိတံ၊ တွေးတော ယုံမှားခြင်းသည်။ မာ အဟု၊ မဖြစ်ပါစေလင့်။

၄၇။ မုခံ ဇိဝှါယ ဆာဒေတိ၊ ဥဏ္ဏ'ဿ ဘမုကန္တရေ။
ကောသောဟိတံ ဝတ္ထဂုယှံ၊ ဧဝံ ဇာနာဟိ မာဏဝ။

မာဏဝ၊ လုလင်ပုဏ္ဏား။ (သော၊ ထိုဗာဝရီပုဏ္ဏားသည်။) ဇိဝှါယ၊ လျှာဖြင့်။ မုခံ၊ မျက်နှာကို။ ဆာဒေတိ၊ ဖုံးအုပ်နိုင်၏။ အဿ၊ ထိုဗာဝရီပုဏ္ဏား၏။ ဘမုကန္တရေ၊ မျက်မှောင်အကြား၌။ ဥဏ္ဏံ၊ ဥဏ္ဏလုံမွေးရှင်သည်။ ဇာယတိ။ ပေါက်၏။ အဿ၊ ထိုဗာဝရီပုဏ္ဏားအား။ ကောသောဟိတံ၊ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော။ ဝတ္ထဂုယှံ၊ ပုရိသနိမိတ်သည်။ အတ္ထိ၊ ရှိ၏။ ဧဝံ၊ ဤသို့။ တေသံ တိဏ္ဏံ၊ ထိုသုံးပါးသော လက္ခဏာတို့၏။ ဝိတ္ထာရံ၊ အကျယ်သရုပ်ကို။ ဇာနာဟိ၊ သိလေလော။

၄၈။ ပုစ္ဆဥိ ကိဥ္ဇိ အသုဏန္တော၊ သုတွာ ပဥ္ဇေ ဝိယာကတေ။
ဝိစိန္တေတိ ဇနော သဗ္ဗော၊ ဝေဒဇာတော ကတဥ္ဇလီ။

ပုစ္ဆံ၊စိတ်ဖြင့်သာ မေးသောအမေးကို။ ကိဥ္ဇိ၊တစုံတယောက်မျှ။အသုဏန္တော၊ မကြားရပဲလျက်။ ဝိယာကတေ၊ ဘုရားဖြေတော်မူအပ်သော။ ပဥ္ဇေ၊ ပြဿနာတို့ကို။သုတွာ၊ကြားနာရ၍။ သဗ္ဗော ဇနော၊ရသေ့အားလုံးသည်။ဝေဒဇာတော၊ ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍။ကတဥ္ဇလီ၊လက်အုပ်ချီလျက်။ဝိစိန္တေတိ၊အထူးထူးကြံဆ၏။

http://www.dhammadownload.com

၄၉။ ကော နု ဒေဝေါ ဝါ ဗြဟ္မာ ဝါ၊ ဣန္ဒော ဝါပိ သုဇမ္ပတိ။
မနသာ ပုစ္ဆိတေ ပဥ္ဉေ၊ ကမေတံ ပဋိဘာသတိ။

(ကိံ ဝိစိန္တေတိ၊ အဘယ်သို့ အထူးထူးကြံဆသနည်းဟူမူ။) မနသာ၊ စိတ်ဖြင့်။ ပုစ္ဆိတေ၊ မေးအပ်ကုန်သော။ ပဥ္ဉေ၊ ပြဿနာတို့ကို။ ကော၊ အဘယ်သူသည်။ ပုစ္ဆတိ နု၊ မေးလေသနည်း။ ဒေဝေါ ဝါ၊ နတ်သည်၎င်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်၎င်း။ ဝါ၊ သို့မဟုတ်။ သုဇမ္ပတိ၊ သုဇာ၏အရှင်သခင်ဖြစ်သော။ ဣန္ဒောပိ၊ သိကြားမင်းသည်လည်း။ ပုစ္ဆတိ နု၊ မေးသလော။ (ဘဂဝါ၊ မြတ်စွာဘုရားသည်။) ကံ၊ အဘယ်သူအား။ ဧတံ၊ ဤအဖြေကို။ ပဋိဘာသတိ၊ ဖြေကြားတော်မူပါသနည်း။ ဣတိ၊ ဤသို့၊ ဝိစိန္တေတိ၊ အထူးထူးကြံဆ၏။

၅၀။ မုဒ္ဒံ မုဒ္ဓါဓိပါတဉ္စ၊ ဗာဝရီ ပရိပုစ္ဆတိ။
တံ ဗျာကရောဟိ ဘဂဝါ၊ ကဒ်ံ ဝိနယ နော ဣသေ။

ဗာဝရီ၊ ဗာဝရီပုဏ္ဏားသည်။ မုဒ္ဒဉ္စ၊ ဦးခေါင်းကိုလည်း။ မုဒ္ဓါဓိပါတဉ္စ၊ ဦးခေါင်းပြုတ်ကျမှုကိုလည်း။ ပရိပုစ္ဆတိ၊ မေးလိုက်ပါ၏။ ဣသေ၊ မြတ်စွာဘုရား။ ဘဂဝါ၊ဘုန်းတော်ကြီးသော အရှင်ဘုရားသည်။ တံ၊ ထိုအမေးကို။ ဗျာကရောဟိ၊ ဖြေကြားတော်မူပါလော။ နော၊ အကျွန်ုပ်တို့၏။ ကဒ်ံ၊ ယုံမှားမှုကို။ ဝိနယ၊ ပယ်ဖျောက်တော်မူပါလော။

၅၁။ အဝိဇ္ဇာ မုဒ္ဓါတိ ဇာနာဟိ၊ ဝိဇ္ဇာ မုဒ္ဓါဓိပါတိနီ။
သဒ္ဓါ သတိ သမာဓိဟိ၊ ဆန္ဒဝိရိယေန သံယုတာ။

(အဇိတ၊ အဇိတ။) အဝိဇ္ဇာ၊ အမှန်မသိမှု အဝိဇ္ဇာသည်။ မုဒ္ဓါ၊ သံသရာ၏ဦးခေါင်းမည်၏။ သဒ္ဓါ သတိ သမာဓိဟိ၊ ယုံကြည်မှု 'သဒ္ဓါ' အောက်မေ့မှု 'သတိ' တည်ကြည်မှု 'သမာဓိ' တို့နှင့်၎င်း။ ဆန္ဒဝိရိယေန၊ ကုသိုလ်ကိုအလိုရှိမှု 'ဆန္ဒ' အာဇာတ်မှု 'ဝိရိယ'နှင့်၎င်း။ သံယုတာ၊ ယှဉ်သော။ ဝိဇ္ဇာ၊ (အရဟတ္တမဂ်) ဝိဇ္ဇာသည်။ မုဒ္ဓါဓိပါတိနီ၊ ဦးခေါင်းကို ဖြုတ်ချတတ်သော တရားမည်၏။ ဣတိ၊ ဤသို့။ တံ၊ သင်သည်။ ဇာနာဟိ၊ သိလေလော။

၅၂။ တတော ဝေဒေန မဟတာ၊ သန္ထမ္ဘိတ္ဝာန မာဏဝေါ။
ကေသံ အဇိနံ ကတ္ဝာ၊ ပါဒေသု သိရသာ ပတိ။

တတော၊ ထိုသို့ ဖြေကြားတော်မူသောအခါမှ။ မာဏဝေါ၊ အဇိတလုလင်သည်။ မဟတာ၊ အားကြီးသော။ ဝေဒေန၊ နှစ်သက် ဝမ်းမြောက်မှုဖြင့်။ သန္ထမ္ဘိတ္ဝာန၊ တက်ကြွသော ကိုယ် စိတ် ရှိသည်ဖြစ်၍။ကေသံ၊ ပုခုံးတဘက်သို့။ အဇိနံ၊ သစ်နက်ရေကို။ ကတ္ဝာ၊ တင်သည်ကိုပြု၍။ ပါဒေသု၊ဘုရားရှင်၏ခြေတော်တို့၌။ သိရသာ၊ ဦးထိပ်ဖြင့်။ ပတိ၊ ဝပ်လေ၏။

http://www.dhammadownload.com

၅၃။ ဗာဝရီ ဗြာဟ္မဏော ဘောတော၊ သဟ သိဿဟိ မာရိသ။
ဥဒဂ္ဂစိတ္တော သုမနော၊ ပါဒေ ဝန္ဒတိ စက္ခုမ။

စက္ခုမ၊ ပညာမျက်စိရှိတော်မူသော။ မာရိသ၊ အရှင်မြတ်ဘုရား။ ဗာဝရီ-ဗြာဟ္မဏော၊ ဗာဝရီပုဏ္ဏားသည်။ သိဿဟိ၊ တပည့်တို့နှင့်။ သဟ၊ တကွ။ ဥဒဂ္ဂစိတ္တော၊ တက်ကြွသောစိတ် ရှိသည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်သည်ဖြစ်၍။ ဘောတော၊ အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒတိ၊ ရှိခိုးလိုက်ပါ၏။

၅၄။ သုခိတော ဗာဝရီ ဟောတု၊ သဟ သိဿဟိ ဗြာဟ္မဏော။
တွဉ္စာပိ သုခိတော ဟောဟိ၊ စိရံ ဇီဝါဟိ မာဏဝ။

သိဿဟိ၊ တပည့်တို့နှင့်။ သဟ၊ တကွသော။ ဗာဝရီဗြာဟ္မဏော၊ ဗာဝရီပုဏ္ဏားသည်။ သုခိတော၊ ချမ်းသာသည်။ ဟောတု၊ ဖြစ်စေသတည်း။ မာဏဝ၊ လုလင်။ တွဉ္စာပိ၊ သင်သည်လည်း။ သုခိတော၊ ချမ်းသာသည်။ ဟောဟိ၊ ဖြစ်စေလော့။ စိရံ၊ ကြာမြင့်စွာ။ ဇီဝါဟိ၊ အသက်ရှည်စေသတည်း။

၅၅။ ဗာဝရိဿ စ တုယ္ဟံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။
ကတာဝကာသာ ပုစ္ဆဥ္ဝေါ၊ ယံကိဉ္စိ မနသိစ္ဆထ။

ဗာဝရိဿ စ၊ ဗာဝရီပုဏ္ဏား၏ငင်း။ တုယ္ဟံ ဝါ၊ သင်အဇိတ၏ငင်း။ သဗ္ဗေသံ၊ အလုံးစုံကုန်သော တပည့်တို့၏ငင်း။ သဗ္ဗသံသယံ၊ အလုံးစုံ ရှိရှိသမျှသော ယုံမှားခြင်းကို။ ကတာဝကာသာ၊ ငါခွင့်ပြုပြီးသော။ တုမ္ဟေ၊ သင်တို့သည်။ ယံကိဉ္စိ၊ အလုံးစုံသောပုစ္ဆာပြဿနာတို့ကို။ မနသာ၊ စိတ်ဖြင့်။ ဣစ္ဆထ၊ မေးခြင်းငှါ အလိုရှိကြကုန်၏။ တံ သဗ္ဗံ၊ ထိုမေးလိုသော ပုစ္ဆာဟူသမျှကို။ ပုစ္ဆဥ္ဝေါ၊ မေးကြကုန်လော။

၅၆။ သမ္မုဒ္ဒေန ကတောကာသော၊ နိသိဒိတ္ဝာန ပဉ္စလိ။
အဇိတော ပဌမံ ပဉ္ဟံ၊ တတ္ထ ပုစ္ဆိ တထာဂတံ။

(ဣတိ၊ ဤသို့။) သမ္မုဒ္ဒေန၊ မြတ်စွာဘုရားသည်။ ကတောကာသော၊ မေးခွင့်ပြုအပ်ပြီးသည်ဖြစ်၍။ အဇိတော၊ အဇိတရသေ့သည်။ နိသိဒိတ္ဝာန၊ ထိုင်ပြီးလျှင်။ ပဉ္စလိ၊ လက်အုပ်ချီလျက်။ ပဌမံ ပဉ္ဟံ၊ ပဌမအမေးပြဿနာကို။ တတ္ထ၊ ထိုပါသာဏက နတ်ကွန်းဌ်။ တထာဂတံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ မေးလျှောက်လေ၏။

ဝတ္ထုဂါထာ နိဋ္ဌိတာ။

ဝတ္ထုဂါထာ၊ ပါရာယနဝဂ်၏ ဝတ္ထုဂါထာသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

http://www.dhammadownload.com

၁-အဇိတသုတ္တန် ပဌမဝိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၂-၁၂-၆၉) ရန်ကုန်မြို့ ပုဇွန်တောင် ရွှေဘုန်းပွင့် ဓမ္မာရုံ၌ ထူးကြီး ဆရာတော် ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော အဇိတသုတ္တန် အမေးအဖြေ တရားတော်။

သာသနာသက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်။ ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိပဿနာဓမ္မာရုံတော်ကြီး၌ နွေရာသီ တရားဖွင့်ပွဲတွင် ဝိပဿနာအလုပ်ပေးပုံနှင့်တကွ ဆက်စပ်ဟောကြားအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော ပုဏ္ဏား ရသေ့ပညာရှိ (၁၆) ဦးတို့ မေးမြန်းသော ပုစ္ဆာ၊ သုတ္တန်ပေါင်း (၁၆) ချက်ဟောစဉ် ပါရာယနသုတ္တန်တရားတော်။

ဒီတရားကို မဟောမီ ရှေးဦးစွာ တရားပွဲဖွင့်ရန် ဘုရား-တရား-သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ရှိခိုးပြီးတော့ ဖွင့်ကြရအောင်၊ ကိုင်းအမျိုးကောင်းသားများ အမျိုးကောင်းသမီးများ လက်အုပ်ချီကြ။

ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ဂုဏ်တော်၊ တရားတော် မြတ်ရဲ့ဂုဏ်တော်၊ သံဃာတော်မြတ်ရဲ့ဂုဏ်တော်များကို ရှိခိုးတဲ့ ဘုရားရှိခိုးကို ရွတ်ဆိုမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက ဘုန်းကြီးရွတ်ဆိုတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ၊ တရားတော်ရဲ့ ဂုဏ်တော်တွေ၊ သံဃာတော်တွေရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ကြည်ညို သဒ္ဓါပွါးများနိုင်ကြပါစေ။

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတ ဝိဟတမောဟတမံ။
သနရာမရ လောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ့။

ဘုရားရှင်ကို ရှိခိုးခြင်း။ ။ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်ဖြင့် အေးမြရှင်ပြုံးသော စိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတဝိဟတမောဟတမံ၊ အရဟတ္တမဂ်ပညာ သမ္မညာတ ဉာဏ်ပညာဟူသော ဆိမ်းတန်ဆောင်ဖြင့် ပယ်ဖျောက်အပ်ပြီးသော မောဟ

http://www.dhammadownload.com

တည်းဟူသော အမိုက်တိုက်လည်း ရှိတော်မူပါပေထသော။ သနရာမရ လောက-ဂရု၊ လူနတ်နှင့်တကွသော သတ္တလောက၏ ဆရာတဆူဖြစ်တော်မူပါပေထသော။ ဂတိဝိမုတ္တိ၊ ဒေဝဂတိ, မနုဿဂတိ, တိရစ္ဆာနဂတိ, ပေတဂတိ, နိရယဂတိ ဟု ဆိုအပ်သော ငါးပါးသော ဂတိတို့မှ လွတ်တော်မူပြီး ဖြစ်တော်မူပေထသော။ သုဂတံ၊ ကောင်းသောစကားကိုသာလျှင် ဆိုတော်မူတတ်ပေထသော။ သုဂတံ၊ အကျိုးရှိသည်- ဟုတ်မှန်သည်- သူနာလိုသည် ဆိုသောစကား၊ အကျိုးရှိသည် ဟုတ်မှန်သည်- သူမနာလိုဟု ဆိုဒသော စကားနှစ်ခွန်းကိုသာလျှင် ဟောတော်မူတတ်သော မြတ်စွာဘုရားကို။ သုဂတံ၊ ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော မြတ်စွာဘုရားကို။ ဝန္ဒေ၊ တရားဟော တရားနာ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ကောင်းစွာရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓု။

ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ၊ ဘာဝေတ္ဝာ စေဝ သစ္ဆိကတ္ဝာ စ္စု။
ယံ ဥပဂတော ဂတမလံ၊ ဝန္ဒေ တ မနုတ္တရံ ဓမ္မံ။

တရားတော်ကို ရှိခိုးခြင်း။ ။ကရဏာသိတလဟဒယော၊ ကရဏာတော်တည်း ဟူသော ရေစင်ဖြင့် အေးမြရှင်ပြုံးတော်မူသော စိတ်နှလုံးရှိတော်မူပါပေထသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမော၊ အရဟတ္တမဂ်ပညာ သမ္မညုတညာဏ်တည်းဟူသော ပညာဆီမီးတန်ဆောင်ဖြင့် ပယ်ဖျောက်အပ်ပြီးသော မောဟ တည်းဟူသော အမိုက်တိုက်လည်း ရှိတော်မူပေထသော။ သနရာမရ လောကဂရု၊ လူနတ်ဗြဟ္မာသတ္တဝါနှင့် တကွသော သတ္တလောက၏ ဆရာတဆူဖြစ်တော်မူပါပေထသော။ ဂတိဝိမုတ္တော၊ ငါးပါးသော ဂတိတို့မှ လွတ်မြောက်တော်မူပြီးဖြစ်ပေထသော။ သုဂတော၊ ကောင်းသော နိဗ္ဗာန်သို့သာလျှင် ကြွသွားတော်မူပေထသော။ ဗုဒ္ဓေါပိ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်သိသကဲ့သို့ သတ္တဝါတို့အား သစ္စာလေးပါးမြတ်တရားကို သိအောင် ကိုယ်တော်တိုင် ဟောညွှန်တော်မူသော မြတ်စွာဘုရား သော်မှလည်း။ ယံ ဓမ္မံ၊ အကြင် မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ပရိယတ် ဆယ်ပါးသောတရားတော်မြတ်ကို။ ဘာဝေတ္ဝာစေဝ၊ ပွါးများအားထုတ်ပြီး၍လည်းကောင်း။ သစ္ဆိကတ္ဝာ စ၊ မျက်မှောက်ပြုပြီး၍လည်းကောင်း။ ဗုဒ္ဓဘာဝံ၊ ဘုရား၏အဖြစ်သို့။ ဗုဒ္ဓဘာဝံ၊ ဘုရား၏ အဖြစ်ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ် သမ္မညုတညာဏ်သို့။ ဥပဂတော၊ ကပ်ရောက်တော်မူလေတော့၏။ ဂတမလံ၊ ကင်းပြီးသော အညစ်အကြေးရှိတော်မူပေထသော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တရားလည်း ရှိတော်မမူပေထသော။ တံ ဓမ္မံ၊ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကွန်ပရိယတ် ဆယ်ပါးသော

http://www.dhammadownload.com

တရားတော်မြတ်ကို။ ဝန္ဒေ၊ တရားဟော- တရားနာ- ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓု။

ဘုရားရှိခိုးပြီးပြီ၊ တရားတော်တွေလည်း ရှိခိုးပြီးပြီ၊ သံဃာတော်တွေ ရှိခိုးဘို့ကျန်သေးတယ်။ ကိုင်း ရှိခိုးကြရအောင်။

သုဂတာသ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ္ပိ သမ္ဗုဒ်၊ သိရသာ ဝန္ဒေ အရိယသံဃံ။

သံဃာတော်ကို ရှိခိုးခြင်း။ ။ကရုဏာသီတလဟဒယဿ၊ မဟာကရုဏာတော်ဖြင့် အေးမြရွှင်ပြုံးသော နှလုံးရှိတော်မူပါပေထသော။ပညာပဇ္ဇောတဝိဟတမောဟတမဿ၊ အရဟတ္တမဂ်ပညာ သမ္ဗညုတဉာဏ်တည်းဟူသော ပညာရောင်ခြည်ဖြင့် ပယ်ဖျောက်အပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်လည်း ရှိတော်မူပါပေထသော။သနရာမရ လောကဂရုနော၊ လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းနှင့် တကွသော သတ္တလောက၏ ဆရာတဆူဖြစ်တော်မူပါပေထသော။ ဂတိဝိမုတ္တဿ၊ ငါးပါးသော ဂတိတို့မှ လွတ်မြောက်တော်မူပြီးဖြစ်ပေထသော။ သုဂတဿ၊ ကောင်းသောနိဗ္ဗာန်သို့သာလျှင်ကြွသွားတော်မူပေထသော။ တဿ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တိုင်လည်းသိမြင်, သတ္တဝါ ဝေနေယျတို့ကိုလည်း သစ္စာလေးပါး တရားကို သိမြင်အောင် ဟောညွှန်တော်မူသော ထိုမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏။ ကိလေသ မထနာနံ၊ ကိလေသာ အားလုံးတို့ကို နှိမ်ချိုး ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကြကုန်သော။ မာရသေန မထနာနံ၊ ဒေဝပုတ္တမာရ် ကိလေသမာရ် တည်းဟူသော မာရ်စစ်သည်တို့ကို ချိုးဖဲ့နှိမ်နင်း ဖျက်ဆီးချေမှုန်းခြင်းငှါ စွမ်းနိုင်ကြပေကုန်သော။ ဩရသာနံ၊ ရွှေရောင်တော်နှစ် သားတော်စစ်လည်း ဖြစ်ကြပေကုန်သော။အဋ္ဌန္နံ၊မဂ္ဂဉာန်လေးယောက်,ဖလဋ္ဌာန်လေးယောက်အားဖြင့် ရှစ်ယောက်အရေအတွက်ရှိကုန်သော။ ပုတ္တာနံ၊ သားတော်အပေါင်းတို့၏။ သမ္ဗုဒ်၊ အပေါင်းဖြစ်၍ဖြစ်သော။ ယံ အရိယသံဃံ၊ အကြင်အရိယာသံဃာတော်မြတ်အပေါင်းကိုလည်း။ ယံ အရိယသံဃံ၊ ကိလေသာအာသဝတွေကို ခဝါချပြီးသော အကြင်သူတော်ကောင်းအပေါင်းကိုလည်း။ သိရသာ၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ဝန္ဒေ၊တရားဟော-တရားနာ-ဘေးရန်ကွာ၍ချမ်းသာစေကြောင်းဆုမွန်တောင်းလျက် ဦးခေါင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ဂန္ထကာရံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။
သီလာဒိဂုဏသမ္ပန္နံ၊ ဝန္ဒာမိ တံ သုပါကဋ္ဌံ။

ဆရာများကို ရှိခိုးခြင်း။ ။ဂန္ထကာရံ၊ ကျမ်းဂန်အရပ်ရပ် နှံ့စပ်သိမြင် ကျမ်းပြု အရှင်လည်း ဖြစ်တော်မူပေထသော။ မဟာထေရံ၊ ရတ္တညူ မဟတ္တ, စိရပဗ္ဗဇိတာ သိက္ခာဝါတော် နှစ်ဆယ်ကျော်၍ အရွယ်တော်ကြီးမား မဟာထေရ်ဆရာတော်ဘုရားလည်း ဖြစ်တော်မူပေထသော။ ပရိယတ္တိဝိသာရဒံ၊ သုံးပုံပိဋကတ် ပရိယတ်၌ သိမှတ်ဘို့ရာ ပြဿနာစုံကွန့် နောက်မတွန့်ဘဲ ကြောက်ရွံ့မဲ့ကင်း ခြသေ့်မင်းသို့ ရဲတင်းခြင်းလည်း ရှိတော်မူပေထသော။ သီလာဒိဂုဏသမ္ပန္နံ၊ သီလ သမာ ကျင့်အာစာနှင့် သိက္ခာလောက်လုံ ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေထသော။ သုပါကဋ္ဌံ၊ နေလအသွင် လွန်ပေါ်ထင်၍ ဂုဏ်အင်ကြီးမား အလွန်လည်း ကျော်ကြားတော်မူပေထသော။ တံ အာစေရံ၊ သိစရာ တတ်စရာဟူသမျှ မကျန်ရအောင် တနပဲ့ပြင် အကုန်သင်ပေးတော်မူကြပေကုန်သော ထူးကြီးမြို့ တောင်ပေါ် တိုက်ကျောင်းဆရာတော်၊ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသဆရာတော်၊ ၎င်းတိုက် အရှင်ဝါယာမဆရာတော်၊ အရှင်ဣဿရိယဆရာတော်၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ အရှင်သေဋ္ဌိလဆရာတော်၊ ပခုက္ကူမြို့မဟာဝိသုတာရာမ ဂဏဝါစက မဟာဝိနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်ဆရာတော်၊ မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၊ ၎င်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ ပဋ္ဌာန်းဆရာတော်စသော ဇမ္ဗူမဆံ့ ပျံ့နှံ့ ကျော်ကြား ထိုဆရာတော်ဘုရားများကို။ အဟံ၊ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်ကို ပေါင်းစပ်စုခေါ် ဝဏ္ဏိဿရမည်သော တပည့်တော်သည်။ ဝန္ဒာမိ၊ ဆရာ့ဂုဏ်များ ဦးထိပ်ထား၍ ကြီးမားအန္တရာယ် မငြိတွယ်ဘဲ ဖွယ်ဖွယ်ရာရာ ဒေသနာတရား ပြီးစေသားဟု စိတ်များရည်ရော် ရှိခိုးပူဇော်လိုက်ပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓု။

ရှိခိုးရပုံ ရှင်းပြချက်။ ။အခု ဘုန်းကြီးရွတ်ဆိုပြီးတော့ ရွှေဘုန်းပွင့်နွေရာသီ တရားပွဲကြီးကို ဖွင့်လိုက်တဲ့ ဘုရားကို ရှိခိုးတဲ့ ဂါထာ၊ တရားတော်ကို ရှိခိုးတဲ့ ဂါထာ၊ သံဃာတော်ကို ရှိခိုးတဲ့ ဂါထာတွေဟာ ဘုန်းကြီးနှုတ်ကဖြစ်တဲ့ ဂါထာတွေမဟုတ်ပါဘူး။

ဘုန်းကြီးတို့ နိကာယ်ငါးရပ် ပါဠိတော်တွေကို ဖွင့်ဆိုရေးသားတော်မူတဲ့ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ-က ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်လို့ဆိုတဲ့ အဲဒီနိကာယ်လေးရပ်တို့ကို ဖွင့်ဆိုရေးသားတော့မယ်လို့ဆိုတော့ ရေးသားမဲ့ပါဠိတော်ကြီးတွေရဲ့ အဖွင့်အဋ္ဌကထာ

http://www.dhammadownload.com

ကို မရေးသားမီ ရှေးဦးစွာ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးကို ရှိခိုးတဲ့ ဂါထာတွေ ဖြစ်ပါတယ်။

အဋ္ဌကထာတွေမှာ ကြည့်မယ်ဆိုရင် ဒီဃနိကာယ်သုံးကျမ်းတို့တွင် သီလက္ခန်အဋ္ဌကထာမှာ ရှေးဦးစွာ ဒီပင်္ကာမဂါထာ သုံးပုဒ်ပါတာတွေ့ရမယ်။ ပဏ္ဏာသအဋ္ဌကထာတွေကို ကြည့်မယ်ဆိုရင်လဲဘဲ မူလပဏ္ဏာသအဋ္ဌကထာ ပဌမအုပ်မှာ ဒီဂါထာသုံးပုဒ်ပါတယ်။ ဒီဂါထာသုံးပုဒ်နဲ့ ရှိခိုးပြီးတော့မှ ပဏ္ဏာသအဋ္ဌကထာတွေကို ရေးသားဖွင့်ဆိုတယ်။ အရှင်မဟာဗုဒ္ဓဃောသဆရာတော်ကြီး အင်္ဂုတ္တရနိကာယ်အဖွင့်လှစ်ဆိုတဲ့ အင်္ဂုတ္တိရ်အဋ္ဌကထာကို ရေးသားခါနီးမှာလဲ ဒီဂါထာသုံးပုဒ်ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နဲ့ တရား သံဃာတို့ကို ရှိခိုးပြီးတော့မှ ဖွင့်ဆိုရေးသားတော်မူတယ်။ သံယုတ္တနိကာယ်အဖွင့်လှစ်ခေါ် တဲ့ သံယုတ္တအဋ္ဌကထာတွေကို ရေးတော့မယ်လို့ ဆိုတော့လဲဘဲ ဒီဂါထာသုံးပုဒ်ကိုဘဲ ထည့်ရေးပြီးတော့ သံယုတ္တအဋ္ဌကထာတွေကို အရှင်မဟာဗုဒ္ဓဃောသဆရာတော် ဖွင့်ဆိုရေးသားတော်မူခဲ့ပါတယ်။

ဒီနေရာမှာ အဋ္ဌကထာဆရာကြီးအနေနဲ့ ပါဠိတော်တွေကို အဖွင့်သံဝဏ္ဏနာရေးမှာရေးလိုက်ပါတော့လား၊ဘာဖြစ်လို့ ဘုရား တရား သံဃာတွေကို ရှိခိုးနေရသလဲဆိုတဲ့ မေးခွန်းကို မေးဘို့အကွက် ပေါ်လာတယ်၊ ဘုန်းကြီးတို့ တရားဟောမှာ ဟောလိုက်ပါတော့လား ဘာဖြစ်လို့ ဘုရား တရား သံဃာတွေကို ရှိခိုးနေရသလဲဆိုတဲ့ မေးခွန်းလဲ ဒီလိုဘဲ ပေါ်လာနိုင်တယ်၊ ဒီတော့ ဘုရား တရား သံဃာဆိုတဲ့ ရတနာမြတ်သုံးပါးကို ရှိခိုးခြင်း ပူဇော်ခြင်းလို့ဆိုတာ ရည်ရွယ်ချက် နှစ်မျိုးရှိတယ်။

ရှိခိုးရခြင်း၏ မျက်မှောက်အကျိုးများ။ ။ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများတွေလဲ ဘုရားရှိခိုးကြတယ်၊ မြတ်စွာဘုရားကို ပူဇော်ကြတယ်၊ တရား သံဃာတွေကို ပူဇော်တယ်၊ ရည်ရွယ်ချက်က ဘာလဲဆိုတော့ ခပ်တိုတို ခပ်ကျဉ်းကျဉ်းပြောမယ်ဆိုရင်—

(၁) အန္တရာယ်ကင်းခြင်း

(၂) မိမိပြုလုပ်လိုသော လုပ်ငန်းကိစ္စ လွယ်ကူလျင်မြန်စွာ ပြီးဆုံးအောင်မြင်နိုင်စေခြင်း—ဆိုတဲ့ အဲဒီ အကျိုးနှစ်မျိုးကို ရည်ရွယ်ပြီးတော့ အဋ္ဌကထာဆရာကြီးက ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးပါတယ်လို့ မှတ်သားထားပါ။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေဟာလဲဘဲ ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးရတယ်လို့ဆိုတာ အကျိုး

http://www.dhammadownload.com

နှစ်မျိုးကို ပြီးစီးနိုင်စေတယ်။ ဒီအကျိုးနှစ်မျိုး ပြီးဘို့ကို ရည်ရွယ်ပြီးတော့ အဌကထာဆရာကြီးက ဂန္ထာရမ္ဘဆိုတဲ့ အနေမျိုးအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပါဠိတော်ကြီးတွေကို အဖွင့်အဌကထာ သံဝဏ္ဏနာဖွင့်ဆို ရေသားတော့မယ်ဆိုတော့ အခုဘုန်းကြီး စောစောပိုင်းက ရွတ်လိုက်တဲ့ အဲဒီ ရှိခိုးတဲ့ဂါထာ သုံးဂါထာတို့ဖြင့် ရတနာသုံးပါးကိုရှိခိုးတဲ့ ပဏာမကုသိုလ်စေတနာ ကြောင့် အန္တရာယ်ကင်းခြင်းနှင့် မိမိပြုစုရေးသားလိုသောကျမ်း ပြီးစီးခြင်း ဆိုတဲ့ အကျိုးတွေ ပြည့်စုံပါစေသတည်းဆိုတဲ့ ရည်ရွယ်ချက်နှစ်မျိုးကို ရည်ရွယ် သလို ဘုန်းကြီးနှင့်တကွ တရားဟော တရားနာဖြစ်ကြတဲ့ အမျိုးကောင်း သားများ အမျိုးကောင်းသမီးများမှာလဲဘဲ အဌကထာဆရာကြီး၏နည်းကို မှီးပြီးတော့ ဘုရား တရား သံဃာ ရတနာသုံးပါးကို တရားပွဲဖွင့်တဲ့အခါမှာ ရှိသေစွာရှိခိုးရခြင်းတည်းဟူသော ပဏာမကုသိုလ်စေတနာကြောင့် တရားဟော တရားနာဖြစ်ကြတဲ့ ပုဂ္ဂိုလ်များမှာ အန္တရာယ်ကင်းပြီးတော့– ဟောလိုသော ပါရာယနသုတ္တန်ကြီးလဲ ချောချော မောမော ပြီးဆုံးပြီး အမျိုးကောင်းသားများ အမျိုးကောင်းသမီးများလဲဘဲ မိမိတို့ လိုအပ်သော အကျိုးချမ်းသာတွေ ပြည့်စုံပါစေသတည်း။

ကိုင်း ဒါပဏာမခဏ်း ပြီးရော၊ တရားပွဲလဲ ဖွင့်ပြီးပြီ၊ ပဏာမလဲ ဖွင့်ပြီးပြီ၊ ဘုန်းကြီးတို့ ပါရာယနသုတ္တန်ကို ဝိပဿနာရှုကွက်ဖော်ပြီးတော့ ဟောပေးရ မယ်လို့ဆိုတော့—

ပါရာယနသုတ္တန် ဟောပုံစစ်တမ်း

ပါရာယနသုတ္တန်ကို မြတ်စွာဘုရား ဘယ်မှာ ဟောသလဲ

ဘယ်သူ့ကို အကြောင်းပြုပြီး ဒီပါရာယနသုတ္တန်ကို မြတ်စွာဘုရား ဟော ကြားခဲ့သလဲ

ပါရာယနသုတ္တန်ကို ဟောကြားခြင်းကြောင့် ဘာအကျိုးတွေ ရှိသလဲ

အဲဒီမေးခွန်းတွေကို အကျဉ်းချုပ် ဖြေဘို့ကတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပါရာယနသုတ္တန်ကို ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်း၌ ဟောကြားတော်မူတယ်။ ဘယ်ပုဂ္ဂိုလ်ကို ဟောသလဲဆိုတော့ အဌကထာ ဆရာကြီး ပြောကြားတဲ့စကားအရ ဆိုခဲ့လို့ရှိလျှင် တဆဲ့ခြောက်ယောက်သော ရသေ့တို့နှင့် တဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ကို မြတ်စွာဘုရား ဟောကြားပါတယ်။ ဘယ်လောက်စည်ကားတဲ့ ပရိသတ်လဲဆိုတာ ကြည့်တော့ (မှန်ပါဘုရား)။

http://www.dhammadownload.com

တနည်း ပြောရမယ်ဆိုရင် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်ကို ဘယ်သူ အကြောင်းပြုပြီးတော့ ဒီပရိသတ်ကြီးကို ဒီတရား ဟောရသလဲလို့ဆိုတော့– အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက, မေတ္တဂူ, ဓောတက, ဥပသီဝ, နန္ဒ, ဟေမက, တောဒေယျ, ကပ္ပ, ဇတုကဏ္ဏီ, ဘဒြာဝုဓ, ဥဒယ, ပေါသာလ, မောဃရာဇ, ပိင်္ဂိယ လို့ ခေါ်တဲ့ အဲဒီ ပုဏ္ဏားရသေ့ ပညာရှိကြီး တဆဲ့ခြောက်ဦးတို့ရဲ့ ဝိပဿနာ တက်ပုံတက်နည်း မေးမြန်းတဲ့မေးခွန်းတွေကို ဖြေတဲ့အနေမျိုးနဲ့ မြတ်စွာဘုရား က ဒီသုတ္တန်ကို ဟောကြားတော်မူပါတယ်။

ပါရာယနဝဂ်ဟောခြင်းကြောင့် သတ္တဝါများ နိဗ္ဗာန်ရခြင်း ပါရာယနဝဂ်ကို မြတ်စွာဘုရားသည် ဗာဝရီ ပုဏ္ဏားကြီး၏ တပည့်ဖြစ်သော စောစောက ပြောခဲ့တဲ့ အဇိတ အစရှိသော ပုဏ္ဏားရသေ့ ပညာရှိ တဆယ့်ခြောက်ယောက်ကို အမှုးပြုပြီးတော့ ရာဇဂြိုဟ်ပြည်ရဲ့ အနီး ပါသာဏကနတ်ကုန်းမှာ တဆယ့်ခြောက်ယူဇနာရှိသော ပရိသတ်ကို ဟော ကြားတော်မူတဲ့အတွက် တဆယ့်လေး (၁၄)ကုဋေသော သတ္တဝါ အပေါင်း တို့သည် မင်္ဂိုလ်နိဗ္ဗာန်ကို ရရှိ၍ သံသရာဝဋ်ဆင်းရဲ, ကိလေသာဝဋ်ဆင်းရဲ အပေါင်းတို့မှ လွတ်လပ်ရေး ရခြင်းနှင့်တကွ ယခုတိုင်အောင် မျှားစွာသော ကောင်းကျိုးတွေ ရရှိပါတယ်။

ဒီပါရာယနဝဂ်မှာ အတ္ထုပ္ပတ္တိအနေနဲ့ ဝတ္ထုဂါထာတွေ(၅၆)ဂါထာရှိပါတယ်။ အဲဒီ ဝတ္ထုဂါထာတွေကို အပြည့်အစုံ ဟောပေးရမယ်ဆိုရင် နှစ်ရက်ဟောလို့ မကုန်ဘူး၊ ချန်ထားခဲ့ရမှာကလဲ ဒီဝတ္ထုဂါထာတွေထဲက ဂါထာနှစ်ပုဒ်လောက်က ဝိပဿနာရှုကွက်အတွက် ကောင်းကောင်းမွန်မွန် ပါနေပြန်တယ်။

ဗာဝရီပုဏ္ဏား၏အတိတ်ဝတ္ထု

ဗာဝရီပုဏ္ဏား အစလက်သမားဘဝ။ ။ဒီတော့ ဝတ္ထုကြောင်းရဲ့ အဓိပ္ပါယ်ကို စကားပြေနဲ့ ဘဲဘုန်းကြီးပြောပါ့မယ်။

ဒီသုတ္တန်ရဲ့အတ္ထုပ္ပတ္တိ-သုတ္တုပ္ပတ္တိကို အဋ္ဌကထာဆရာကြီးက ဘယ်လိုပြောထား သလဲဆိုတော့ ရှေးက ဗာရာဏသီပြည်မှာ လက်သမားအတတ်ကို တဘက်ကမ်း ခတ်အောင်တတ်နေတဲ့ လက်သမားဆရာကြီးတယောက်ရှိတယ်။အဲဒီလက်သမား ဆရာကြီးမှာ တပည့်ပေါင်း ၁၆-ယောက်ရှိတယ်။ တပည့် တယောက်တယောက် မှာ အခြံအရံလက်သမားပေါင်း တထောင်(၁၀၀၀)စီ ရှိကြတယ်။ လက်သမား ဆရာကြီးရယ် တပည့်ပေါင်း ၁၆-ယောက်ရယ် အဲဒီတပည့် ၁၆-ယောက်ရဲ့ အခြံ အရံတွေရယ်၊ ပေါင်းလိုက်ရင် လူပေါင်း တသောင်းခြောက်ထောင် တဆယ့်ခုနစ် (၁၆၀၁၇)ယောက် ရှိတယ်။

http://www.dhammadownload.com

တနေ့တော့ အဲဒီ တသောင်း ခြောက်ထောင် တဆယ့်ခြောက် (၁၆၀၁၆) ယောက်သော တပည့်တွေကိုခေါ်ပြီးတော့ ဆရာကြီးက ပြောတယ်။ လက်သမား အတတ်နဲ့ အသက်မွေးရတယ်ဆိုတာ ဒုက္ကရ ဟိ ဇရာ ကာလေ-တဲ့။ အသက် အရွယ် ကြီးရင့်လာတဲ့အခါကျတော့ အသက်မွေး ဝမ်းကျောင်းခက်လိမ့်မယ်။ အဲ ဒါကြောင့်—

တာတာ ဥဒုမ္မရာဒယော အပ္ပဿာရမ္မကေ့ အာနေထ=တပည့်တို့ ရေသဖန်း သား စသော အနှစ်မရှိတဲ့ သစ်သားတွေကို ရှာခဲ့လို့ လက်သမားဆရာကြီးက သူ့တပည့်တွေကိုပြောတယ်။ ရေသဖန်းသားစတဲ့ အနှစ်မရှိတဲ့ သစ်သားတွေကို ယူခဲ့ပြီးတော့ လက်သမားဆရာကြီးက ဘာလုပ်သလဲဆိုတော့ ဌက်ရုပ်ကြီး တခုကိုပြုလုပ်တယ်။ အဲဒီဌက်ရုပ်ကြီးရဲ့အတွင်းမှာ စက်ယန္တရားကြီးတွေ တပ်ဆင်ပြီးတော့ ကောင်းကင်ကိုပျံနိုင်တဲ့ ဌက်ဂဠုန်ရုပ်ကြီးအဖွင့် ပြုလုပ်လိုက်တယ်။ အဲသလို ဌက်ရုပ်ကြီး လုပ်ပြီးတဲ့နောက် သူ့တပည့်တွေကိုခေါ်ပြီး ကိုင်း-တို့လက်သမားအတတ်နဲ့ အသက်မွေးကြတော့ဘူး၊ ရှင်ဘုရင်လုပ်ကြစို့ရဲ့၊ ဒီဌက်ရုပ်ကြီးနဲ့ ဘယ်တိုင်းပြည်ကို ယူကြမလဲလို့ မေးတယ်။

ကဠဝါဟနမင်းဖြစ်ပုံ

သူ့တပည်တွေက ပြောကြတယ်၊ ဗာရာဏသီပြည်ကိုဘဲ ယူကြတာပေါ့တဲ့၊ ဗာရာဏသီပြည်ကိုတော့ မယူနဲ့၊ ဒီတိုင်းပြည်မှာ ရှင်ဘုရင်ဖြစ်ရင် လက်သမား ဆိုတဲ့နာမည်ပျောက်မှာမဟုတ်ဘူး၊ ဒီတော့ မြောက်ဘက် ဟိမဝန္တာဆီကို သွားပြီးတော့ တို့-တိုင်းပြည်သစ်တခု တည်ကြစို့ရဲ့ ဆိုပြီးတော့ တိုတိုပြောကြပါစို့ ရဲ့၊ အဲဒီမှာ တိုင်းသစ် ပြည်သစ်တခု သွားတည်တယ်။ သစ်သားယာဉ်ဖြင့်ပြီးတဲ့ လက်သမားဆရာကြီး တည်တဲ့တိုင်းပြည်ဖြစ်လို့ ကဠဝါဟန တိုင်းပြည်လို့ ဒီလို အမည်မှည့်ပြီးတော့ တိုင်းပြည်တခုတည်ထားကြတယ်။ မင်းကြီးကလဲ ကဠဝါဟန မင်းကြီး၊ လက်သမားဆရာတွေကလဲ အကုန်လုံး အိမ်ရှေ့မင်းသားတွေ၊ မင်းညီ မင်းသားတွေ၊ မှူးကြီးမတ်ရာသေနာပတိတွေ၊ မင်းရဲ့ အခြံအရံတွေ အားလုံး ဖြစ်ပြီးတော့ ကဠဝါဟနတိုင်းပြည်မှာ မင်းလုပ်နေကြတယ်။

ဗာရာဏသီမင်းက ကဠဝါဟနမင်းထံ ပို့သောဓမ္မလက်ဆောင် ကာသပမြတ်စွာဘုရားရှင် ဗာရာဏသီမှာ ပွင့်တော်မူတဲ့ အခါကြတော့ ဗာရာဏသီပြည်က ကုန်သည်တွေစကားနဲ့ ကဠဝါဟနမင်းကြီးနဲ့ ဗာရာဏသီပြည့်ရှင်မင်းကြီးတို့ မိတ်ဆွေဖြစ်ကြတယ်။ ဒီတော့ ကဠဝါဟနမင်းကြီးက ဗာရာဏသီပြည် မင်းကြီးထံကို ကမ္မလာ (၇) ထည် လက်ဆောင် ပေးလိုက်တယ်။ ဗာရာဏသီမင်းကြီးက ကဠဝါဟနမင်းကြီးကို—

http://www.dhammadownload.com

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။

ဆိုတဲ့ အဲဒီ ဂါထာသုံးပုဒ်နဲ့ သီလ အစရှိသော အရဟတ္တဖိုလ်ပေါက် ဖြစ်စေနိုင်တဲ့ ဝိပဿနာ လုပ်ငန်းစဉ်တွေကို စာနဲ့ရေးပြီးတော့ ကဋ္ဌဝါဟနမင်းကြီးကို လက်ဆောင်ပေးလိုက်တယ်။

ဒီခေတ်မှာ ဒီလို လက်ဆောင်မျိုးသာ ပေးလိုက်ရင် ဝမ်းသာ နိုင်ကြပါ့မလား၊ဒီတော့ ကဋ္ဌဝါဟန မင်းတရားကြီးက လောကမှာ ဘုရားပွင့်နေပြီဆိုတာသိတော့ သူတပည့်တွေကို ခေါ်ပြောတယ်။

ဗာရာဏသီပြည်မှာ ဘုရားတော့်ဖြင့် ပွင့်နေပြီ၊ တို့-ဘာလုပ်ကြမလဲဆိုတော့ တပည့်ဖြစ်တဲ့ အမတ်ကြီး (၁၆) ယောက်က အရှင်မင်းကြီး ကြွတော်မမူပါနဲ့ဦး၊ ကျွန်တော်မျိုးကြီးများ ကိုယ်တိုင် သွားပြီးတော့-ဘုရားဟုတ်မဟုတ် စုံစမ်းပါဦးမည်။အကယ်၍ ဘုရားအစစ်အမှန် ပွင့်နေရင်တော့ဖြင့် ကျွန်ုပ်တို့ပြန်မလာတော့ဘူး။ ဟိုမှာဘဲ တောထွက်ပြီး ရဟန်းပြုကြတော့မယ်။

တပည့်များ ဘုရားရှင်ထံ စေလွှတ်ပုံ။ ။ဘုရား မပွင့်ရင်တော့ ပြန်လာခဲ့မယ်ဆိုပြီး သွားကြတယ်။ အဲဒီအမတ်ကြီး (၁၆) ယောက် နောက်က လူပေါင်း တထောင် (၁၀၀၀)စီ ခြံရံပြီး လူပေါင်း တသောင်းခြောက်ထောင် တဆယ့်ခြောက် (၁၆၀၁၆) ယောက်နဲ့ သွားကြတာ ဗာရာဏသီပြည်လဲ မောက်ရော့ မြတ်စွာဘုရားလဲ ပရိနိဗ္ဗာန်စံပြီးလို့ သူတို့ရောက်တဲ့နေ့မှာဘဲ တေဇောဓာတ် လောင်ကျွမ်းသွားတယ်။

အော်—အဝေးကြီးက လာခဲ့ရပြီးတော့ ဘုရားပွင့်တာ မှန်ပါလျက်သားနဲ့ မြတ်စွာဘုရားကို မဖူး မတွေ့ လိုက်ရလေခြင်း အင်မတန် ပင်ပန်းဝမ်းနည်းပက်လက်ဖြစ်ပြီးတော့ သံဃာတော်တွေထံ လျှောက်တယ်—

အရှင်ဘုရားတို့ မြတ်စွာဘုရားက တစုံတရာများ နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်တဲ့တရားတွေကို ဟောမပေးခဲ့ဘူးလား ဘုရားလို့ဆိုတော့-သရဏဂုံသုံးပါးကစပြီးတော့ ငါးပါးသီလ၊ သမထ ဝိပဿနာ လုပ်ငန်းတွေကို သံဃာတော်တွေက သင်ကြားပေးလိုက်တော့ အဲဒီ အမတ်ကြီး (၁၆) ယောက်နဲ့ နောက်က ပါသွားတဲ့လူအပေါင်း တထောင်စီ တထောင်စီ အကုန်လုံး ရဟန်းပြုလိုက်ကြတယ်။

တူအမတ်သာ တိုင်းပြည်ပြန်လာခြင်း။ ။ကဋ္ဌဝါဟနမင်းကြီးရဲ့ တူဖြစ်တဲ့အမတ်တယောက် ကတော့ ဘုရား ပွင့်တဲ့

http://www.dhammadownload.com

အကြောင်း သံဃာတော်တပါးနဲ့ မြတ်စွာဘုရားရဲ့ ပရိဘောဂ စေတီတွေ ဖင့်ပြီး တော့ ကဋ္ဌဝါဟန တိုင်းပြည်ကိုပြန်တယ်။ကဋ္ဌဝါဟနမင်းကြီးလဲ အဲဒီသံဃာတော် တပါးထံမှ ဥပနိဿယ ယူပြီးတော့ သာသနာတော်ကို ပွါးများပြုစု အားထုတ် တယ်။အသက်အတိုင်း မင်းစည်းစိမ်ခံစားပြီးတဲ့နောက် ကဋ္ဌဝါဟန မင်းကြီးဟာ တမဂ်တဖိုလ်မရဘဲ နတ်ရွာစံတော့ အားထုတ်ခဲ့တဲ့ ကုသိုလ် အဟုန်ကြောင့် တဝဝတိံ သဝမှာ နတ်သားသွားဖြစ်တယ်။ ဗာရာဏသီပြည်မှာ ရဟန်း ပြုလုပ် နေကြတဲ့ တသောင်းခြောက်ထောင်တဆယ့်ခြောက် (၁၆၀၁၆) ယောက်သော ပုဂ္ဂိုလ်တွေလဲ တရားတော်ကို ကြိုးစား အားထုတ် ကြပါလျက်သားနဲ့ တမဂ် တဖိုလ်ကို မရဘဲ အားလုံး စုတိစိတ်ကျပြီး ပျံလွန်တော်မူသွားတဲ့အခါ တဝဝတိံ သာနတ်ပြည်မှာ ပေါင်းပြီး အခြံအရံတွေ အားလုံးဖြစ်ကြတယ်။

ဘုရား ၂-ဆူအကြား နတ်စည်းစိမ်ခံစားခြင်း။ ။ဗုဒ္ဓန္တရကဿပမြတ်စွာဘုရားနဲ့ ဂေါတမ မြတ်စွာဘုရား မပွင့်မီ အကြား တခုသော ကာလပတ်လုံး တဝဝတိံသာနတ်ပြည်မှာ သူတို့နေကြတယ်။ အဋ္ဌကထာမှာ စကားရိပ်ကလေးတခု ပါလာတယ်။

သဝဝတ္ထိပြည် ပုဏ္ဏားမျိုးဥဖြစ်လာခြင်း။ ။ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ လောက်က သဝဝတ္ထိ ပြည်မှာ မဟာကောသလမင်းကြီး ဆိုတာ ရှိတယ်။

ဆိုခဲ့ပြီးသော သူတော်ကောင်းပုဂ္ဂိုလ်ကြီးတို့သည် တဝဝတိံသာနတ်ပြည်က အားလုံး စုတေလာကြတဲ့ အခါကျတော့ ဆရာကြီးဖြစ်တဲ့ ပုဂ္ဂိုလ်က မဟာ ကောသလမင်းကြီးရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးအိမ်မှာ ပဋိသန္ဓေနေတယ်။ ကျန်တဲ့ ပုဂ္ဂိုလ်တွေအားလုံးက သူတပည့်တွေ ဖြစ်ကြတယ်။ မဟာကောသလမင်းကြီးရဲ့ ပုရောဟိတ်ပုဏ္ဏားကြီးက ဖွားတော့ ဒီသူငယ်ကို ဘယ်လို နာမည် မှည့်ထားသလဲ ဆိုတော့ ဗဝဝရီလို့ နာမည်မှည့်ထားတယ်။ မဟာကောသလ မင်းကြီးရဲ့ ပုရော ဟိတ်ပုဏ္ဏားကြီးရဲ့သား ဗဝဝရီ ပုဏ္ဏားတဲ့။ ဗေဒင်ကျမ်းအတတ်မှာ တဘက်ကမ်း ခတ်အောင် တတ်မြောက်တယ်။

ခုနက တပည့်လက်သား တသောင်းခြောက်ထောင်တဆယ့်ခြောက်(၁၆၀၁၆) ယောက်တို့ဟာလဲဘဲ အဲဒီ ဗဝဝရီပုဏ္ဏားရဲ့ တပည့် အခြံအရံတွေအားလုံး လာပြီး တော့ဖြစ်ကြတယ်။ မဟာကောသလမင်းကြီး နတ်ရွာစံတဲ့ အခါကြတော့ ၎င်း၏ သား ပသေနဒီကောသလမင်းကြီး နန်းတက်တဲ့ အခါမှာ ဗဝဝရီ ပုဏ္ဏားကြီးက မင်းဆရာပုရောဟိတ် ဖြစ်တယ်။ ပသေနဒီ ကောသလ မင်းကြီးသည်ပင်လျှင် အဲဒီ ဗဝဝရီပုဏ္ဏားကြီးရဲ့ အထံမှာ အတတ်ပညာ အမျိုးမျိုးတွေကို သင်ကြား ရပါတယ်လို့ အဋ္ဌကထာက ပြောထားတယ်။

http://www.dhammadownload.com

အဲဒီအဋ္ဌကထာမှာလာတဲ့စကားတွေကို ဘုန်းကြီးက စကားပြေ လျှောက်ပြောပေးဒါ။ ပါဠိတော်မဏ္ဍောက်သေးဘူး အတ္ထုပ္ပတ္တိကို ပြောပေးတာ။ပါရာယန ဝဂ်ကို ဟောဘို့ရန်အတွက် အတ္ထုပ္ပတ္တိမျှသာ ဖြစ်တယ်။ ဝတ္ထုဂါထာတောင် မဏ္ဍောက်သေးဘူး။ဒီတော့ ပသေနဒီ ကောသလမင်းကြီး လက်ထက်မှာ ဗာဝရီပုဏ္ဏားကြီးက ပုရောဟိတ် ပုဏ္ဏားကြီးဖြစ်တယ်။

ဗာဝရီပုဏ္ဏား တောထွက်ခြင်း။ ။ပြီးတော့ ဗာဝရီ ပုဏ္ဏားကြီးက အသက်ကလေး နဲနဲရလာတဲ့ အခါကျတော့ သူက ပုရောဟိတ် ပုဏ္ဏား မင်းဆရာ မလုပ်ချင်တော့ဘူးတဲ့။ ရသေ့ ရဟန်း ပြုလုပ်လိုတယ်လို့ ပသေနဒီ ကောသလမင်းကြီးကို အမိန့်ရှိတယ်။ ဒီတော့ ပသေနဒီ ကောသလမင်းကြီးက ဆရာကြီး တောမထွက်ပါနဲ့ ရဟန်းမပြုပါနဲ့။ ဘခင်ကြီး ကွယ်လွန်သွားတဲ့အခါမှာ ဗာဝရီ ပုဏ္ဏားကြီးကို ဘခင်အရာမှာဘဲ ထားပါတယ်။ ဒီတော့ တောမထွက်ပါနဲ့ ရဟန်းမပြုပါနဲ့လို့တားတယ်။ တားပေတဲ့ မရဘူး။ မရတော့ ဗာဝရီ ပုဏ္ဏားကြီးကို ကောသလမင်းကြီးက ဘယ်လို ပြောသလဲလို့ဆိုတော့ တားမရလို့ ရဟန်းပြုချင်ရင် နံနက်ည ဖူးမြင်ခွင့်ရတဲ့ ဥယျာဉ်ထဲမှာဘဲ သက်နိုးဝတ်ပါ။ တခြားမသွားပါနဲ့ဆိုတော့ တသောင်းခြောက်ထောင် တဆယ့်ခြောက်(၁၆၀၁၆)ယောက်သော ပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ ဗာဝရီပုဏ္ဏားကြီး ရသေ့ရဟန်းပြုလုပ်ပြီးတော့ မင်းဥယျာဉ်ထဲမှာနေတယ်။

မြို့နှား ရွာနားမှာ နေတယ်ဆိုတာ အင်မတန် အန္တရာယ် များတယ်တဲ့။ ကြာကြာ ဒီနားမှာ မနေချင်ဘူးတဲ့၊ တကာ တကာမတွေနဲ့ ဆက်စပ်ရတယ်။ရောနှောရတယ်။မမြင်ချင်တာတွေ မြင်ရ၊မကြားချင်တာတွေ ကြားရ၊ အကျမ်းမဝင်သင့်တာတွေနဲ့ အကျမ်းဝင်ရနဲ့ ရဟန်း တရားတွေကို ကြိုးစားပြီး အားမထုတ်နိုင်ဘူး။ ပဋ္ဌသေနာသနလို့ ခေါ်တဲ့ အစွန်းအဖျားကျတဲ့ နေရာမျိုးမှာ သွားပြီးတော့ နေရလို့ရှိလျှင် ရဟန်းတရားကို ကြိုးစားပြီးတော့ အားထုတ်နိုင်တယ်။ တိုင်းပြည်နဲ့ ဝေးတဲ့ နေရာ သွားကြစို့ရဲ့လို့ ဆိုပြီးတော့ ဗာရာဏသီ ပြည်က နေပြီးတော့ ဒက္ခိဏာပထတိုင်းဘက်ကို အဲဒီဗာဝရီပုဏ္ဏားကြီးနှင့်တကွ တသောင်းခြောက်ထောင်သော ရသေ့တွေ တောထွက်သွားကြတယ်။ ကောသလမင်းကြီးက အမတ်နှစ်ယောက် ထည့်လိုက်တယ်။ တယောက် တယောက်ကို ငွေတသိန်းစီ တသိန်းစီ ပေးပြီးတော့ အမတ်နှစ်ယောက် ထည့်လိုက်တယ်။ အဲဒီငွေ နှစ်သိန်း ဘာလုပ်ဘို့လဲ ဆိုတော့ ဗာဝရီပုဏ္ဏားကြီးနဲ့ တကွ ရသေ့တွေ နေချင်တယ်ဆိုတဲ့ နေရာကို ကျောင်းဆောက်ပြီး လှူဘို့ ဖြစ်ပါတယ်။ဗာဝရီပုဏ္ဏားကြီး ဘယ်ရောက် သွားသလဲဆိုတော့—

ကောသလာနံ ပုထုရဋ္ဌမှာ၊ အဂမာ ဒက္ခိဏာပထံ။
အာကိဉ္စညံ ပတ္ထယာနော၊ ဗြာဟ္မဏော မန္တပါရဂူ။

http://www.dhammadownload.com

ဝတ္ထုဂါထာ ဒီကစတယ်၊ ပါရာယနဝဂ်အစ ဖြစ်တယ်။ ပါဠိတော်ရောက်သွားပြီ။

ဗာဝရီပုဏ္ဏားရသေ့၏ ကျောင်းနေရာ။ ။ဒီတော့ ကောသလတိုင်းက နေပြီး ဒက္ခိဏာပထတိုင်းကို ရောက်သွားကြတဲ့အခါ ဘယ်နေရာ ရောက်သွားကြသလဲဆိုတော့ အဿကတိုင်းနဲ့ မုဠကတိုင်းတို့ရဲ့အကြားမှာ ဂေါဓာဝရီမြစ်ဆိုတာ ရှိတယ်။ အဲဒီ ဂေါဓာဝရီမြစ်က အဿကတိုင်းနဲ့ မုဠကတိုင်း နှစ်ခုတို့ရဲ့ အကြားကျတော့ အလယ်ခေါင်မှာ ကျွန်းတကျွန်းပေါ် နေတာရှိတယ်။

အဋ္ဌကထာဆရာကြီးကတော့ ရှေးက သရဘင်္ဂရသေ့ နေသွားတဲ့ကျွန်းလို့ ပြောပါတယ်။ အဲဒီကျွန်းက သီးပင်တွေ အင်မတန်ပေါပါတယ်။ကပိဋ္ဌဝန သဏ္ဌန်လို့ ဒီလိုပြောတာ၊ သီးပင်တွေ အင်မတန်ပေါတယ်။

အခွန်ငွေတသိန်း နှစ်စဉ်ပေးလျှုပုံ။ ။အဲဒီ ကျွန်းကျတော့ ခုနဗာဝရီရသေ့ကြီးနဲ့ တပည့်တွေက ဒီမှာနေကြတော့မယ်ဆိုတော့ ပါသွားတဲ့ အမတ်တွေက အဿကတိုင်းကရှင်ဘုရင်တွေကို ငွေတသိန်းပေးတယ်။ မုဠကတိုင်းကရှင်ဘုရင်တွေကို ငွေတသိန်းပေးတယ်။ပေးပြီးတော့အဲဒီဂေါဓာဝရီမြစ်ရဲ့အလယ်ကျွန်းမှာ ကျောင်းဆောက်ပေးထားခဲ့တယ်။ ဒီတော့ ဂေါဓာဝရီမြစ်ရဲ့ အလယ်ကျွန်းကို အမှီပြုပြီးတော့ ဗာဝရီပုဏ္ဏားကြီး နေသည့်အတွက် အဲဒီကျွန်းမှာ စည်ကားကြီးကျယ်တဲ့ ရွာကြီးတရွာ ဖြစ်နေတယ်။ အဲဒီရွာကြီးတရွာက တနှစ်တနှစ်ကို အခွန်ငွေ တသိန်း တသိန်း ထုတ်တယ်။ ရွာသူရွာသားတွေက အဿကမင်းကို သွားဆက်တဲ့အခါကျတော့ ဒီအခွန်တသိန်းဟာ သူတို့နဲ့ မဆိုင်ဘူး၊ မုဠကမင်းကို သွားဆက်တဲ့အခါကျတော့လဲ၊ ဒီအခွန် တသိန်းဟာ သူတို့နဲ့ မဆိုင်ဘူးဆိုတော့ ဘယ်သူ့လျှုကြသလဲ ဗာဝရီပုဏ္ဏားကြီးကို တနှစ်တနှစ် တသိန်းတသိန်း လျှုနေကြတယ်။ ဗာဝရီရသေ့ကြီးကို အဲဒီတသိန်း လျှုတော့ ဗာဝရီရသေ့ကြီးက ဘာလုပ်သလဲဆိုတော့ ငါ့မှာ ပစ္စည်းဥစ္စာတို့ဖြင့် အလိုမရှိဘူး၊ လာပြီးတော့လျှုတဲ့ငွေတသိန်းကို သူကတခါ ပြန်ပြီးတော့ နှစ်စဉ် တသိန်းကုန် တသိန်းကုန် အလျှုကြီးတရပ်လုပ်ပေးတယ်။ပါဠိတော်မှာ ဘာပြောသလဲလို့ဆိုတော့—

> မဟာယညံ ယဇိတွာန၊ ပုန ပါဝိသိ အဿမံ။
> တသ္မိ ပဋိပဝိဋ္ဌမ္ပိ၊ အညော အာဂဉ္ဆိ ပြာဟ္မဏော။
>
> ဥဂ္ဃန္ဒပါဒေါ တသိတော၊ ပင်္ကဒန္တော ရဇဿိရော။
> သော စ နံ ဥပသင်္ကမ္မ၊ သတာနိ ပဉ္စ ယာစတိ။

လို့ ဝတ္ထုဂါထာမှာ ပါရှိတယ်။

http://www.dhammadownload.com

ပုဏ္ဏားတယောက်အလှူခံလာပုံ။ ။ဒီတော့ ဗာဝရီပုဏ္ဏားကြီး ငွေတသိန်းကုန် လှူပြီးလို့ ကျောင်းသခ်မ်းထဲ ဝင်သွားတဲ့ အခါမှာ ဒူးခေါင်း ဒူးခေါင်းချင်း ခြေမျက်စိ ခြေမျက်စိချင်း ခြေထောက် ခြေထောက်ချင်း တိုက်ခတ်ပြီးတော့ သွားတတ်တဲ့ပုဏ္ဏား "ဥဂ္ဃဋ္ဌပါဒ" လို့ခေါ်တယ်။ တသိတ=ပစ္စည်းလာဘ်လာဘ၌ အင်မတန်မက်မောတဲ့ ပုဏ္ဏား။ ပက်ဒန္တော= ညွှန်ကပ်သောသွားရှိတယ်။ ရဇသိရော=မြူအလိမ်းလိမ်းကပ်သော ဦးခေါင်း ရှိနေတဲ့ပုဏ္ဏား။အဲဒီပုဏ္ဏားက ဗာဝရီပုဏ္ဏားထံလာပြီးတော့ ငွေငါးရာ လာအလှူ ခံတယ်။ ဒီတော့ ဗာဝရီပုဏ္ဏားကြီးက ပစ္စည်းဥစ္စာကို လှူပြီးလို့ ကျောင်းသခ်မ်း ထဲ ဝင်ကာရှိသေးတယ်။ လှူစရာငွေလဲ မရှိဘူး။ ဒီပုဏ္ဏားရဲ့ဇာတ်ကို ဘယ်လို ပြောသလဲဆိုတော့။

ဇနီးသယ် ပုဏ္ဏေးမကလေးက အမှုလုပ်ရန် ကျွန်လိုတဲ့အတွက် ပုဏ္ဏားကို ဗာဝရီပုဏ္ဏားကြီးထံမှ ငွေငါးရာ အလှူခံပေးပါတဲ့၊ နှစ်စဉ် တသိန်းကုန် လှူနေ ပါတယ်တဲ့။ ဒီလို ပြောပါတယ်။ အဂ်ုတ္တရအဋ္ဌကထာ ကတော့ ဒီပုဏ္ဏားဟာ ဒုန္နိဝိတ္ထရွာက ဇူဇကာပုဏ္ဏားရဲ့အမျိုး သူဇနီးသည်က အစေခံအိမ်ဖော်တယောက် ကို ငွေငါးရာပေးပြီး ဝယ်ပေးပါလို့ ပူဆာတဲ့အတွက် ဗာဝရီပုဏ္ဏားကြီးထံ ငွေငါးရာအလှူခံတာတဲ့၊ အဲဒီလို ပြောပါတယ်။

ဒီတော့ ဗာဝရီပုဏ္ဏားကြီးက သူမှာ ငွေငါးရာ မရှိတော့ဘူးဆိုတယ်၊အလှူခံ ပုဏ္ဏားက ဘယ်လိုပြန်ပြောသလဲ ဆိုတော့—

သစေ မေ ယာစမာနဿ၊ ဘဝံ နာနုပဒဿတိ။
သတ္တမေ ဒိဝသေ တုယ္ဟံ၊ မုဒ္ဓါ ဖလတု သတ္တဓာ။

အလှူခံပုဏ္ဏားက ကျိန်ဆဲပုံ။ ။အသင်ပုဏ္ဏားသည် ကျွန်ုပ်တောင်းတဲ့အတိုင်း ငွေငါးရာ မလှူရင် ခုနစ်ရက်အတွင်း သင်၏ ဦးခေါင်း ခုနစ်စိတ် ကွဲပါစေသတည်းလို့ ကျိန်လိုက်တယ်။ အဘိသခ်ရိတွာ- ကုဟကော၊ အင်မတန်ကောက်ကျစ် စဉ်းလဲတဲ့ ပုဏ္ဏား၊ အဋ္ဌကထာ ဆရာကြီးက ဘာပြောသလဲလို့ ဆိုတော့ အဲဒီ နေရာမှာ တောပန်း တောင်ပန်းတွေကို ခူးယူပြီး ဗာဝရီပုဏ္ဏားကြီးရဲ့ ကျောင်းသခ်မ်းဝကို မြန်မြန်သွားပြီးတော့ ခြေ ခုနစ်လှမ်း လှမ်း၍ သူခြေထောက်ကို ရှုံနှစ်ရေတွေနဲ့ ဆေးပြီးတော့ အဲဒီနေရာမှာ တောပန်း တောင်ပန်းတွေခင်းပြီး ဖနောင့်နဲ့ ခုနစ်ချက်ပေါက်ပြီး ထွက်သွားတယ်။

ဗာဝရီပုဏ္ဏား သောကဖြစ်ပုံ။ ။ဒီတော့ ဗာဝရီ ပုဏ္ဏားကြီးက ဒါဟာ ငါ့ကို ဦးခေါင်းခုနစ်စိတ်ကွဲအောင်လုပ်တာဘဲ။ ခုနစ် ရက်ကြာလို့ သူတောင်းတဲ့အတိုင်း မပေးရင် ငါ့ဦးခေါင်း ခုနစ်စိတ် ကွဲရတော့

http://www.dhammadownload.com

မှာဘဲဆိုပြီး ပုဏ္ဏားကြီးမှာ သောကတွေ ဖြစ်နေတယ်။ အဲသလို သောကဖြစ်တော့ သုတ္တန်ပါတ်အဋ္ဌကထာ အလိုကတော့ဖြင့် အဲဒီ ဗာဝရီပုဏ္ဏားကြီးရဲ့ စကြံ့ကို စောင့်နေတဲ့ စကြံ့စောင့်နတ်က ဗာဝရီပုဏ္ဏားကြီးကို လာပြီးတော့ပြောတယ်။

စကြံ့ စောင့်နတ်ပြောပုံ။ ။ပုဏ္ဏားကြီး- ဒီပုဏ္ဏားဟာ ခေါင်းဆိုတာလဲသူမသိပါဘူး၊ ခေါင်းပြုတ်ကျတာ ကိုလဲ သူမသိပါဘူး၊ မကြောက်ပါနဲ့လို့ လာပြောတယ်။ ဒါသုတ္တန်ပါတ်အဋ္ဌကထာအဆို၊ အဂုံတို့ရ် အဋ္ဌကထာကတော့ ဂီလိုမပြောဘူး၊ ဗာဝရီပုဏ္ဏားကြီးရဲ့ ရှေးက အမိတော်ခဲ့ဘူးတဲ့ နတ်သားတယောက်က လာပြီးတော့ ပြောတယ်လို့ ပြောပါတယ်။ သုတ္တန်ပါတ်အဋ္ဌကထာ ပြောတာက ကျောင်းစောင့်နတ်၊ အဂုံတို့ရ်အဋ္ဌကထာ ပြောတာက ဗာဝရီပုဏ္ဏားကြီးရဲ့ ရှေးက မိခင်တော်ခဲ့ဘူးတဲ့နတ်၊ အဋ္ဌကထာ နှစ်စောင် အဲဒီလိုကွဲ့ အဆို ကွဲနေတယ်။ ဒါဟာ မဂ်ရဖိုလ်ရလဲ့ မဟုတ်ပါဘူး။ အဋ္ဌကထာနှစ်စောင်မှာ တွေ့နေလို့သာ ဘုန်းကြီးထည့်ပြောရတာ၊ အငြင်းပွါးစရာလဲ့ မဟုတ်ပါဘူး။ ဘယ်နတ်ဘဲဖြစ်ဖြစ် ဗာဝရီပုဏ္ဏားကြီးကို လာပြောတာတော့ အမှန်ဘဲ၊ ဘာပြောသလဲ့ နတ်က—

> န သော မုဒ္ဓံ ပဇာနာတိ၊ ကုဟကော သော ဓနတ္ထိကော။
> မုဒ္ဓနိ မုဒ္ဓပါတေ ဝါ၊ ဉာဏံ တဿ န ဝိဇ္ဇတိ။

ဒီပုဏ္ဏားဟာ ခေါင်းပြုတ်တာကို သိနိုင်တဲ့ ဉာဏ်မရှိပါဘူး မကြောက်ပါနဲ့တဲ့။ ဒီတော့ ဗာဝရီ ပုဏ္ဏားကြီးက မေးတယ်။ ဒါဖြင့် ခေါင်းနဲ့ ခေါင်းပြုတ်ကျတာကို ဘယ်သူ သိနိုင်သလဲ့ဆိုတာ ပြောခဲ့စမ်းပါလို့ဆိုတော့ နတ်သားက သူလဲ့မသိဘူးတဲ့၊ ဘုရားပွင့်နေပြီတဲ့၊ အဲဒီတော့ ဘုရားပွင့်ပြီဆိုတော့ ဗာဝရီပုဏ္ဏားတို့ ရောက်နေတာနဲ့ ဘုရားပွင့်တာနဲ့ ဘယ်လောက် ကွာသလဲလို့ဆိုတော့—

> ✓ အဋ္ဌာနံ ဝဿာနံ အစ္ဆယေန ဗုဒ္ဓေါ လောကေ ဥဒပါဒိ။

ရှစ် (၈) နှစ်လောက် ကွာတယ်လို့ အဋ္ဌကထာမှာ စကားရပ်ကလေး တခုရှိတယ်။ သာဝတ္ထိပြည်မှာ ဘုရားပွင့်နေတယ်။ မြတ်စွာဘုရားထံမှာ သွားပြီးတော့ မေးကြည့်လို့ ဆိုတော့ ဘုရား ဆိုတဲ့အသံကို ကြားလိုက်ရတာနဲ့ တပြိုင်နက် သူမှာရှိနေတဲ့ သောကဟာ တခါထဲ ပါးသွားတယ်။ သက်သာခွင့် ရသွားတယ်။

ဗာဝရီပုဏ္ဏားက တပည့်များအား ပြောကြားပုံ

ဒီတော့ ဗာဝရီပုဏ္ဏားကြီးက ဘာပြောသလဲလို့ဆိုတော့ သူနောက်လိုက် တပည့် (၁၆) ယောက်ကို ခေါ် ပြောတယ်။ ဘယ်လို ပြောသလဲဆိုတော့—

http://www.dhammadownload.com

ယဿေသော ဒုလ္လဘော လောကေ၊ ပါတုဘာဝေါ အဘိဏှသော။
သွာဇ္ဇ လောကမှိ ဥပ္ပန္နော၊ သမ္ဗုဒ္ဓေါဣတိ ဝိဿုတော။
ခိပ္ပံ ဂန္တာန သာဝတ္ထိံ၊ ပဿဝေါ ဒိုပဒုတ္တမံ။

(ဘုန်းကြီးအနက်ကတော့ ဘယ်ကြမှ အနက်ပေးမှာလဲဆိုတော့ ဟို အဇိတ သုတ္တန်ကြမှ အနက်ပေးမယ်၊ ဒီမှာတော့ တိုတိုဘဲ ဘုန်းကြီးပြောသွားမယ်။)

တပည့်များအား ဘုရားရှင်ထံ လွှတ်ပုံ။　　။ဒီပါဠိတော်ရဲ့ စကားပြေက-လောက မှာ ဘုရားပွင့်တယ်ဆိုတာ အင်မတန် ရခဲတယ်၊ အခု လောကသုံးပါးမှာ ဘုရားရယ်လို့ ပွင့်နေပြီတဲ့၊ သာဝတ္ထိပြည်မှာ ရှိတဲ့ မြတ်စွာဘုရားကို သင်တို့ သွားပြီးတော့ ဖူးတွေ့ကြလို့ ဗာဝရီပုဏ္ဏားကြီးက သူတပည့် (၁၆) ယောက်ကို ပြောတယ်။ ဒီအကြောင်းကို ဘုန်းကြီးထည့်ပြီး ပြောရတာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သင်္ခဏ်းစာယူ ဘို့လို့ ဒီနေရာကလေးကို ထည့်ပြောရတာ။ ဘုရားပွင့်နေပြီဆိုတာနဲ့ တပြိုင်နက် သူတပည့် (၁၆) ယောက်က ချက်ခြင်းထပြီးတော့ မသွားဘူး စစ်ဆေးတယ်။ ဘယ်လိုစစ်ဆေးသလဲ။ ဆရာကြီး ဘုရား ပွင့်နေတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ ကျွန်ုပ်တို့ သာဝတ္ထိပြည်ကို သွားပြီးတော့ ဘုရားဆိုတာ ဘယ်လိုလုပ်ပြီးသိရမှာ လဲလို့ ဒီလိုပြောတာကို။

ဗာဝရီပုဏ္ဏားကြီးက သူတပည့်တွေကို မှာလိုက်တယ်။ တို့ဗေဒင်ကျမ်းတွေ မှာလာတဲ့ (၃၂) ပါးသော ယောက်ျားမြတ်တို့ရဲ့လက္ခဏာနဲ့ ပြည့်စုံရင် လူ့လော ကမှာနေရင် စကြာမင်းဖြစ်လိမ့်မယ်။ ရဟန်းဝတ်ရင် ဘုရားဖြစ်လိမ့်မယ်။ အဲဒီ တော့ ဘုရားဆိုတဲ့ပုဂ္ဂိုလ်ကို (၃၂) ပါးသော ယောက်ျားမြတ်တို့ရဲ့ လက္ခဏာတွေ ပါ မပါကိုကြည့်။ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်တို့ရဲ့ လက္ခဏာတွေ ပါတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘုရားဘဲ။ အဲဒီ လက္ခဏာတော်ကြီး (၃၂) ပါးကို ပြောနေမယ်ဆိုရင် ဆုံးတော့မှာ မဟုတ်တော့ဘူး။

ဒီတော့ ရှေ့သွားရအောင် ဒါတင်လားဆိုတော့ မကသေးဘူး၊ ဘုရားထံ ရောက်တော့ ပုစ္ဆာတွေမေးတဲ့။ ဘာတွေမေးရမလဲ ဗာဝရီပုဏ္ဏားကြီးက သင်ပေး လိုက်တယ်။

ဇာတိံ ဂေါတ္တဥ္ဇ လက္ခဏံ၊ မန္တေ သိဿေ ပုနာပရေ။
မုဒ္ဓံ မုဒ္ဓါဓိပါတဥ္ဇ၊ မနသာယေဝ ပုစ္ဆထ။

ဘုရားရှင်အား ပြဿနာမေးရန် ညွှန်ကြားခြင်း။　　။ဟိုကျတော့ မေးတဲ့— (၁) ငါ့နာမည်ဘယ်သူလဲ (၂) ငါ့အသက် ဘယ်လောက်ရှိပြီလဲ၊ (၃) ငါ့ခန္ဓာကိုယ်မှာ အမှတ်အသား

http://www.dhammadownload.com

ဘယ်နှစ်ခု ပါသလဲ၊ (၄) ငါဘာပညာတွေတတ်သလဲ၊ (၅) ယခုတပည့်ပေါင်း ဘယ်လောက်ကို ပညာသင်ကြားပေးနေသလဲ၊ (၆) ခေါင်းဆိုတာ ဘာလဲ၊ (၇) ခေါင်းပြုတ်ကျတယ်ဆိုတာ ဘာလဲလို့ မေးပါ။ ဣမေ သတ္တ ပဥ္ဥေ၊ ဤ ခုနစ်ပါးသော အမေးပုစ္ဆာတို့ကို။ မနသာယေဝ၊ စိတ်ဖြင့်သာလျှင်။ ပုစ္ဆထ၊ မေးကြကုန်လော့။ ဘာနဲ့ မေးရမလဲဆိုတော့ အဲဒီပုစ္ဆာခုနစ်ချက်ကို စိတ်နဲ့ မေးရမယ်လို့ သင်ပေးလိုက်တယ်။

အနာဝရဏဒဿာဝီ၊ ယဒိ ဗုဒ္ဓါ ဘဝိဿတိ။
မနသာ ပုစ္ဆိတေ ပဥ္ဥေ၊ ဝါစာယ ဝိသဇ္ဇိဿတိ။

အကယ်၍ ဘုရားဖြစ်တယ် ဆိုရင်ဖြင့် သင်တို့ စိတ်ဖြင့် မေးတာကို နှုတ်ဖြင့် ဖြေလိမ့်မယ်။ အဲဒီပုစ္ဆာခုနစ်ချက်ယူပြီးတော့ တပည့်အပေါင်း (၁၆) ယောက် သွားကြတယ်။ ဗာဝရီပုဏ္ဏားကြီးက ကျန်ရစ်ခဲ့တယ်။ အဲဒီ သွားကြတော့ ဘယ်ဆီဝင်သွားကြသလဲဆိုတော့ သူတို့ရောက်သွားတဲ့မြို့ပေါင်းဟာ (၁၆) မြို့ကို ဝင်သွားကြတယ်။

အဠကဿ ပတိဋ္ဌာနံ၊ ပုရိမာဟိဿတိ တဒါ။
ဥဇ္ဇေနိဉ္စာပိ ဂေါနဒ္ဓံ၊ ဝေဒိသံ ဝနသဝှယံ။

ကောသမ္ဗိဉ္စာပိ သာကေတံ၊ သာဝတ္ထိ စ ပုရုတ္တမံ။
သေတဗျံ ကပိလဝတ္ထုံ၊ ကုသိနာရဉ္စ မန္ဒိရံ။

ပါဝဉ္စ ဘောဂနဂရံ၊ ဝေသာလိ မာဂဓံ ပုရံ။
ပါသာဏကံ စေတိယဉ္စ၊ ရမဏီယံ မနောရမံ။

ဝတ္ထုဂါထာမှာ ဒီလိုဂါထာတွေပါတယ်။ အဲဒီယခု ဘုန်းကြီးလျှောက်ပြီး ရွတ်လိုက်တဲ့ပါဠိစကားလုံးတွေဟာ မြို့ရဲ့နာမည်တွေဘဲ၊ တမြို့စီ လျှောက်ပြောမယ် ဆိုရင်တော့—

(၁) အာဠကမင်း၏မြို့ (၂) ဥဇ္ဇေနီမြို့ (၃) ဂေါနဒ္ဓမြို့ (၄) ဝေဒိသမြို့ (၅) ဝနသမြို့ (၆) ကောသမ္ဗီမြို့ (၇) သာကေတမြို့ (၈) သာဝတ္ထိမြို့ (၉) သေတဗျမြို့ (၁၀) ကပိလဝတ်မြို့ (၁၁) ကုသိနာရုံမြို့ (၁၂) မန္ဒိရမြို့ (၁၃) ပါဝါမြို့ (၁၄) ဘောဂမြို့ (၁၅) ဝေသာလီမြို့ (၁၆) မာဂဓတိုင်း ရာဇဂြိုဟ်မြို့လို့ဆိုတဲ့ အဲဒီမြို့ (၁၆) မြို့ကို သူတို့ဝင်သွားကြတယ်။

နောက်ဆုံး ဘယ်ရောက်သွားကြသလဲလို့ ဆိုတော့ မာဂဓတိုင်းလို့ခေါ်တဲ့ ရာဇဂြိုဟ်မြို့ကို ရောက်သွားကြတယ်။ ဘုရားပင့်တယ်ပြောတုံးက သာဝတ္ထိ ပြည်မှာ၊ ရောက်ထာက ရာဇဂြိုဟ်မြို့ ဘယ်လိုလဲ? အဋ္ဌကထာကပြောပေးတယ်။

http://www.dhammadownload.com

ဘုရားရှင် ရာဇဂြိုဟ်ပြည်ကြွပုံ။ ။ဗာဝရီရဲ့တပည့် (၁၆) ယောက် အမေးပုစ္ဆာ ပြဿနာတွေနဲ့ လာခဲ့ကြတယ်။ သူတို့ရဲ့ ပရိသတ်တွေလဲ အများကြီး ပါလာခဲ့ကြတယ်။ သာဝတ္ထိပြည်မှာရှိတဲ့ ဇေတဝန်ကျောင်းတော်ဟာ ဤပရိသတ်နှင့်မနေလောက်ဘူးတဲ့။ နောက်ပြီးတော့ အဇိတတိဿမေတ္တေယျစတဲ့ ပုဏ္ဏားရသေ့ပညာရှိ (၁၆) ယောက်တို့ဟာလဲဘဲ ဤခြေ့မရင့်ကျက်သေးဘူး။ သူတို့ကို ဒီမှာတရားဟောလို့ မဖြစ်သေးဘူးတဲ့၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ကြီးရဲ့ တံခါးမုခ်ဦးဝမှာ ခြေတော်ရာခြထားပြီးတော့ မြတ်စွာဘုရားက ဘယ်ကြွနေသလဲလို့ဆိုတော့ ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးနေတော်မူတယ်။ သိကြားမင်းက အဲဒီနေရာမှာ မဏ္ဍပ်ကြီးထိုးပေးထားတယ်။

ဘုရားရှင်အကြံတော်နှင့် ခြေရာတော်။ ။ရသေ့ပေါင်း (၁၆) ယောက်နဲ့ နောက်လိုက်နောက်ပါတပည့်ပေါင်း (၁၆၀၀၀) နဲ့ ဟိုမြို့ ဒီမြို့ကပါလာတဲ့ (၁၆) ယူဇနာရှိတဲ့ ပရိသတ်ကြီးနဲ့ မြတ်စွာဘုရားထံ သာဝတ္ထိပြည် ဇေတဝန်ကျောင်းရောက်တော့ ဘုရားမတွေ့ဘူး။ မြတ်စွာဘုရား ဘယ်ကြွသွားသလဲ၊ ရာဇဂြိုဟ်ပြည် ကြွတော်မူတယ်။ ဘုရားဆိုတာ ဟုတ်မဟုတ်တော့ မသိဘူး၊ ဟောဒီခြေတော်ရာသာကြည့်ပေတော့လို့ဆိုတော့ ခြေရာကြည့်လိုက်ကထဲက အကြီးအမှူးဖြစ်တဲ့ အဇိတရသေ့က သိတယ်၊ ဒါဘုရားဘဲ သူတို့အတွက် ချုပစ်ခဲ့တဲ့ခြေရာ။ သူတို့လဲ ဖူးပြီးရော တခါထဲ ပျောက်သွားတယ်။ ဘယ်သူမှ မဖျက်ရဘူး။ ဒီရသေ့တွေ မဖူးမြော်ရသေးသမျှ ကာလပတ်လုံး အဲဒီခြေရာဟာ မပျောက်နိုင်ဘူး၊ ဘယ်လိုဘဲ ဖျက်ဖျက် မပျက်ဘူး။ ကဲ ရှေ့သွားရအောင်—အဲဒီလို ခြေတော်ရာချခဲ့ပြီးတော့ ဘုရားဘဲဆိုတာ သူတို့သိတော့ သူတို့ ရာဇဂြိုဟ်ပြည် လိုက်ကြတယ်။ ဟိုကျတော့ ပါသာဏကနတ်ကွန်းသို့ ချဉ်းကပ်ကြတယ်။ ဒီအခါ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘာလုပ်နေသလဲလို့ဆိုတော့ ရဟန်းတော်အရှင်ကောင်း အရှင်မြတ်တွေကို တရားဟောပြီးနေတယ်။ အဇိတရသေ့က မြတ်စွာဘုရားကို ဖူးမြင်လိုက်ရသည်နှင့်တပြိုင်နက်—

အထဿ ဂတ္တေ ဒိသွာန၊ ပရိပူရဉ္စ ဗျဉ္ဇနံ။
ကေမန္တံ ဌိတော ဟဒ္ဒေါ၊ မနော ပဥ္ဇေ အပုစ္ဆထ။

ဘုရားရှင်အား စိတ်ဖြင့် မေးမြန်းပုံ။ ။ဘုရားဆိုတာ ကေန် ဟုတ်ပြီဆိုပြီးတော့ စိတ်ထဲမှာရှိတဲ့ အမေးပုစ္ဆာ ပြဿနာတွေကို တခါထဲ မေးလိုက်ပါတယ်။ ဘာ မေးလဲဆိုတော့—

အာဒိဿ ဇမ္မနံ ဗြူဟိ၊ ဂေါတ္တံ ဗြူဟိ သလက္ခဏံ။
မန္တေသု ပါရမိံ ဗြူဟိ၊ ကတိ ဝါစေတိ ဗြာဟ္မဏော။

http://www.dhammadownload.com

ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ပေါင်း (၁၆)ယောက် တို့တွင် အကြီးဆုံးဖြစ်တဲ့ အဇိတရသေ့က မြတ်စွာဘုရားကို စိတ်ထဲက မေးလိုက်တဲ့ မေးခွန်းရှိသေးတယ်။ ဘုန်းကြီးဟောမယ်ဆိုတဲ့ သုတ္တန်မရောက်သေးဘူး၊ နိဒါန်းဘဲ ရှိသေးတယ်။ တရားမဟောရသေးဘူး။

(၁) အာဒိဿ ဇမ္မုနံ ပြူဟိ။

ဗာဝရီပုဏ္ဏား၏ အရွယ်ကို မေးမြန်းပုံ။ ။အာဒိဿ၊ ဗာဝရီပုဏ္ဏားကြီးကို ရည်ရွယ်၍။ ဇမ္မုနံ၊ အရွယ်ကို။ ပြူဟိ၊ ဟောကြားတော်မူပါ မြတ်စွာဘုရား။

ကျွန်ုပ်တို့ဆရာ ပုဏ္ဏားကြီး အသက် ဘယ်လောက်ရှိပြီလဲ ဘုရားလို့ မေးတာ ဖြစ်ပါတယ်။ (ဇမ္မုန၊ ဆိုတာ အရွယ်ကို ဆိုပါတယ်။)

(၂-၃) ဂေါတ္တံ ပြူဟိ သလက္ခဏံ။

အမည်နှင့် ကိုယ်အမှတ်အသားကို မေးမြန်းပုံ။ ။သလက္ခဏံ၊ ခန္ဓာကိုယ်မှာရှိတဲ့ အမှတ်အသားနှင့် တကွသော။ ဂေါတ္တံ၊ နာမည်ကို။ ပြူဟိ။ ဟောကြားတော်မူပါ မြတ်စွာဘုရား။

တပည့်တော်တို့ရဲ့ ဆရာပုဏ္ဏားကြီး၏ ခန္ဓာကိုယ်မှာရှိတဲ့ အမှတ်အသားနဲ့၊ အမည်နာမကိုလဲ ဟောကြားတော်မူပါဘုရားတဲ့။

(၄) မန္တေသု ပါရမိ ံ ပြူဟိ။

ပညာကို မေးမြန်းပုံ။ ။မန္တေသု၊ ဝေဒကျမ်းအတတ်တို့၌။ ပါရမိ ံ၊ တဘက်ကမ်းခတ်အောင် တတ်မြောက်သည်ကို။ ပြူဟိ၊ ဟောကြားတော်မူပါမြတ်စွာဘုရား။

(၅) ကတိ ဝါစေတိ ပြာဟုဏော။

တပည့်အရေအတွက် မေးမြန်းပုံ။ ။ပြာဟုဏော၊ ကျွန်ုပ်တို့ဆရာဖြစ်တဲ့ ပုဏ္ဏားကြီးသည်။ ကတိ၊ အဘယ်မျှသော တပည့်တို့ကို။ ဝါစေတိ၊ သင်ကြားပို့ချ၍ နေပါသနည်း။

ဒီပုစ္ဆာ (၅) ချက်ကို မေးလိုက်တယ်။ ဟိုကျွန်သော—ခေါင်းဆိုတာ ဘာလဲ၊ ခေါင်းပြုတ်ကျတယ်ဆိုတာ ဘာလဲဆိုတဲ့ အချက်နှစ်ချက်ကို ချန်ထားသေးတယ်။ ကျွန်ုပ်တို့ ဆရာပုဏ္ဏားကြီး အသက်ဘယ်လောက်ရှိပြီလဲ၊ နာမည်က ဘယ်သူလဲ၊ ကျွန်ုပ်တို့ဆရာ ပုဏ္ဏားကြီးရဲ့ ခန္ဓာကိုယ်မှာ အမှတ်အသား ဘယ်

http://www.dhammadownload.com

နှစ်ခုပါသလဲ။ ပြီးတော့ ဘာတဲ့လဲ၊ ကျွန်ုပ်တို့ ပုဏ္ဏားကြီးတတ်တဲ့ ပညာဟာ ဘာတွေတတ်သလဲလို့ ဆိုတာကို ဖြေပါ။ ကျွန်ုပ်တို့ဆရာ ပုဏ္ဏားကြီး ယခု တပည့်ပေါင်း ဘယ်လောက်ကို သင်ကြားပေးနေပါလဲလို့ ဆိုတဲ့ အဲဒီပုစ္ဆာ (၅) ချက်ကို အဇိတရသေ့က စိတ်ထဲမှ မေးလိုက်တယ်။

ဒါဟာ တရားအားထုတ်ဘို့ မေးနေတာ မဟုတ်သေးဘူး။ ဘုရားဟုတ်မဟုတ် စမ်းနေတာ။ ဘုရားစစ်တမ်း ထုတ်နေတာ။ ဟုတ်ပလား (မှန်ပါဘုရား)။

စစ်တမ်းထုတ်၍ ယုံကြည်သင့်ခြင်း။ ။ဘုန်းကြီးတို့ပရိသတ်များ ရှေးက ပညာရှိတွေဟာ ပြောတိုင်း မယုံဘူးဆိုတာ အဲဒါသာကြည့်။ သူများက ဒါဘုရား ဟုတ်ပါတယ်လို့ ပြောတိုင်း ယုံသလား၊ မယုံဘူးနော် သတိထား။ဘုန်းကြီးတို့ပရိသတ် ဒါကို စဉ်းစားရမယ်၊ ဒီအချက်ကို သေသေချာချာ စဉ်းစားရမယ်၊ မှတ်သားရမယ်။ ရှေးက ပုဂ္ဂိုလ်တွေဟာ ဘုရားပွင့်နေပါပြီလို့ဆိုတာကို မယုံတဲ့အတွက် သူတို့ဘာလုပ်နေကြသလဲ စစ်တမ်းထုတ်နေကြတယ်။ ဆိုလိုတဲ့အဓိပ္ပါယ်က ဝိပဿနာလုပ်ငန်းကို လုပ်မယ်ဆိုရင် သူများပြောတိုင်း မယုံပါနဲ့လို့ ဆိုလိုတဲ့အဓိပ္ပါယ်။ ရှေးက ပုဂ္ဂိုလ်တွေရဲ့ နည်းကို ဖော်ပြပေးနေပါတယ်။

ကျွန်ုပ်တို့ ဆရာပုဏ္ဏားကြီး တပည့်ဘယ်လောက်ကို စာတွေ့ သင်ကြားပို့ချနေပါသလဲ။ ဒီလိုမေးတာ နှုတ်နဲ့မေးတာလား စိတ်နဲ့မေးတာလား၊ (စိတ်နဲ့မေးတာပါဘုရား)။

ဘုရားရှင်က နှုတ်ဖြင့် ဖြေကြားပုံ။ ။ဒီတော့ ဘုရားရှင်က ငါ့ကို စိတ်နဲ့မေးတယ် ဆိုတာ သိတော့ (၆)ယူဇနာလောက်ရှိတဲ့ ပရိသတ်ကြီးထဲမှာ မြတ်စွာဘုရား ဘယ်လို ဖြေလိုက်သလဲဆိုတော့—

ဝိသံ ဝဿသတံ အာယု၊ သော စ ဂေါတ္တေန ဗာဝရီ။
တီဏိဿ လက္ခဏာ ဂတ္တေ၊ တိဏ္ဏံ ဝေဒါန ပါရဂူ။

လက္ခဏေ လ္ဟတိဟာသေ စ၊ သနိဃဏ္ဍု သကေဋုဘေ။
ပဥ္စသတာနိ ဝါစေတိ၊ သဓမ္မေ ပါရမိံ ဂတော။

မြတ်စွာဘုရားက နှုတ်နဲ့ ဒီလိုဖြေလိုက်တယ်။

(၁) ဝိသံ ဝဿသတံ အာယု=သင်တို့ဆရာ ပုဏ္ဏားကြီး အသက် တရာ့ နှစ်ဆယ် (၁၂၀) ရှိပြီ။

(၂) သော စ ဂေါတ္တေန ဗာဝရီ=သင်တို့ဆရာ ပုဏ္ဏားကြီးရဲ့ နာမည်ဟာ ဗာဝရီအမည် ရှိ၏။

http://www.dhammadownload.com

(၃) တီဏိဿ လက္ခဏာ ဂတ္တေ=သင်တို့ဆရာ ပုဏ္ဏားကြီး၏ကိုယ်၌ အမှတ်အသား လက္ခဏာသုံးခု ရှိသည်။

(၄) တိဏ္ဏံ ဝေဒါန ပါရဂူ=သင်တို့ဆရာ ပုဏ္ဏားကြီးဟာ ဣတိဟာသကျမ်း နိဃဏ္ဍုကျမ်း ကေဋုဘကျမ်း၊ ဤဗေဒင်သုံးကျမ်းကို တဘက်ကမ်းခတ် တတ်မြောက်တယ်။

(၅) ပဉ္စသတာနိ ဝါစေတိ=တပည့်ပေါင်း ငါးရာ (၅၀၀) တို့ကို ပညာသင်ကြားပေးနေတယ်၊ ဒီငါးခုကို ဖြေလိုက်တယ်။

အဇိတရသေ့နှင့် ဘုရားရှင် အမေးအဖြေ။ ။ဒီတော့ အဇိတရသေ့က ဘယ်လောက်မျှား စေ့စပ်သလဲလို့ ဆိုတော့ လက္ခဏာသုံးခု ပါတယ်ဆိုတာ အရှင်ဘုရား ရောပြီး မချပါနဲ့တဲ့၊ တခုစီ တခုစီ ခွဲပြီး ပြောပါတဲ့၊ စိတ်ထဲက ပြန်မေးလိုက်ပါတယ်။ ဒါကို ပါဠိတော်မှာ ဘယ်လို ဟောသလဲဆိုတော့—

လက္ခဏာနံ ပဝိစယံ၊ ဗာဝရိဿ နရုတ္တမ။
ကင်္ခိဿ ပကာသေဟိ၊ မာ နော ကင်္ခိယိတံ အဟု။

လက္ခဏာသုံးခု ပါတယ်ဆိုတာ ရောမချပါနဲ့တဲ့၊ တခုစီ တခုစီ ခွဲပြောပါဘာတဲ့လဲ၊ စိတ်ထဲက အဲသလို ပြန်မေးလိုက်တယ်၊ ဒီတော့ မြတ်စွာဘုရားက ဖြေကြားပါတယ်။

မုခံ ဇိဝှါယ ဆာဒေတိ၊ ဥဏ္ဏ'ဿ ဘမုကန္တရေ။
ကောသောဟိတံ ဝတ္ထဂုယှံ၊ ဧဝံ ဇာနာဟိ မာဏဝ။

ဗာဝရီပုဏ္ဏား၏ လက္ခဏာ ၃-ခု။ ။လုလင်ပုဏ္ဏား ပညာရှိ—သင်ရဲ့ဆရာ ပုဏ္ဏားကြီးရဲ့ ခန္ဓာကိုယ်မှာ လက္ခဏာသုံးခု ပါတယ်လို့ဆိုတာ—

(၁) ပဟုတဇိဝှါ လို့ခေါ်တဲ့ ရှည်လဲရှည်တယ်၊ ကျယ်လဲကျယ်ပြန့်တယ်ဆိုတဲ့ လျှာပါတယ်။ (ကြည့်စမ်း-ဟိုအဝေးကြီး ဂေါဓာဝရီမြစ်မှာနေတဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့ ပါးစပ်ထဲက လျှာကို မြတ်စွာဘုရား ဘယ်နဲ့လုပ်မြင်သလဲ-ဒါဟာ ဘုရားရဲ့ အစွမ်းတခုပါဘဲ။) မုခံ ဇိဝှါယ ဆာဒေတိ။ မုခံ၊ မျက်နှာကို။ ဇိဝှါယ၊ လျှာဖြင့်။ ဆာဒေတိ၊ ဖုံးလွှမ်းနိုင်၏။ ဗာဝရီပုဏ္ဏားကြီးရဲ့ လျှာကထုတ်ပြီးတော့ မျက်နှာကို အုပ်လိုက်ရင် အကုန်လုံး အုပ်မိသွားတယ်။ ဘယ်လောက်ရှည်တဲ့ လျှာလဲဆိုတာ၊ အဲဒီလျှာမျိုး ဗာဝရီပုဏ္ဏားကြီးမှာ ပါတယ်၊ ဘုရားမှာလဲ ပါတယ်။

(၂) ဥဏ္ဏဿ ဘမုကန္တရေ။ ဘမုကန္တရေ၊ မျက်ခုံးမွေးနှစ်ခုတို့အကြား၌။ ဥဏ္ဏဿ၊ ဥဏ္ဏလို့ မွေးရှင်လဲ ပေါက်၍ နေသည်။ ဘုရားမှာသာ ဥဏ္ဏလို့မွေးရှင်

http://www.dhammadownload.com

ပေါက်တာမဟုတ်ဘူး၊ ဗာဝရိပုဏ္ဏားကြီးမှာလဲ ဥဏ္ဏလုံမွေးရှင် ပေါက်နေတယ်၊ ဆွဲဆန့်လိုက်ရင် နှစ်တောင်လောက် ရှည်တယ်။

(၃) ကောသောဟိတံ ဝတ္ထုဂုယှံ။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော မဟာပုရိသ နိမိတ်လဲ ပါသည်။ လက္ခဏသုံးခု အသေအချာ ခွဲပြောတာဟာ–ဘုရားဆိုတာ ဟုတ်ပြီ၊ စိတ်ထဲကမေးတဲ့ မေးခွန်းတွေကို နှုတ်နဲ့ဖြေတယ်ဆိုတာကို သဘောကျ နေတယ်။ အဲဒီလို သဘောကျတော့မှ ဘာမေးသလဲဆိုတော့—

ခေါင်းနှင့် ခေါင်းပြုတ်ကျတာ မေးမြန်းပုံနှင့် ဖြေဆိုပုံ

ဗာဝရိပုဏ္ဏားကြီး မေးလိုက်တဲ့ ခေါင်းနဲ့ခေါင်း ပြုတ်ကျတယ် ဆိုတာကို မေးတယ်၊ သူက တော့ တရားကွက်ကလေးဘဲ။

မုဒ္ဓံ မုဒ္ဓါဓိပါတဉ္စ၊ ဗာဝရီ ပရိပုစ္ဆတိ၊
တံ ဗျာကရောဟိ ဘဂဝါ၊ ကင်္ခံ ဝိနယ နော ဣသေ။

မုဒ္ဓံ၊ ဦးခေါင်းကိုဂင်း။ မုဒ္ဓါဓိပါတဉ္စ၊ ဦးခေါင်းပြုတ်ကျခြင်းကိုဂင်း။ ဗာဝရီ၊ ဗာဝရီပုဏ္ဏားကြီးက။ ပရိပုစ္ဆတိ၊ မေးလိုက်ပါ၏။ တံ၊ ထိုဦးခေါင်းနှင့် ဦးခေါင်း ပြုတ်ကျခြင်းကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗျာကရောဟိ၊ ဖြေကြားတော်မူပါဘုရား။

ခေါင်းဆိုတာ ဘာလဲဘုရား၊ ခေါင်းပြုတ်ကျတယ်ဆိုတာ ဘာကို ခေါ်ပါသလဲ ဆိုတော့–

မြတ်စွာဘုရားက ဖြေပြီ–

အဝိဇ္ဇာ မုဒ္ဓါတိ ဇာနာဟိ၊ ဝိဇ္ဇာ မုဒ္ဓါဓိပါတိနီ။
သဒ္ဓါ သတိ သမာဓိဟိ၊ ဆန္ဒဝိရိယေန သံယုတာ။

အဲဒီနေရာမှာ ဝိပဿနာရှုကွက်ဖော်ရင်တော့ ပေါ်ပြီ၊ သို့သော်လဲ ဒီနေရာမှာ ထားပစ်ခဲ့၊ အဝိဇ္ဇာ ဝိပဿနာရှုပုံကို အဒီတလုလင်ရဲ့ ပုစ္ဆာကျမှဖော်ပေးမယ်၊ မြတ်စွာဘုရားဖြေတဲ့ အဖြေကတော့ဖြင့် အဝိဇ္ဇာကို ဦးခေါင်းလို့ခေါ်တယ်၊ သဒ္ဓါ ဝိရိယ သတိ သမာဓိ ဆန္ဒတို့နှင့်ယှဉ်တဲ့ အရဟတ္တမဂ်ပညာကို ဦးခေါင်းပြုတ် ကျခြင်းလို့ ခေါ်တယ်။ အကျဉ်းချုပ် ဒါဘဲ။

အဝိဇ္ဇာကို ခေါင်းခေါ်ပုံ။ ။အဝိဇ္ဇာကို ဘာဖြစ်လို့ ခေါင်းလို့ ခေါ်သလဲ-ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရားတွေကို ခေါင်းဆောင်ပြီး လှည့်ပတ်နေတာက အဝိဇ္ဇာ၊ အဲတာကြောင့် သူ့ကို ခေါင်းလို့ခေါ်တယ်။

http://www.dhammadownload.com

ပညာကို ခေါင်းပြုတ်ကျခြင်းခေါ်ပုံ။ ။သဒ္ဓါ ဝိရိယ သတိ သမာဓိ ကုသလစ္ဆန္ဒ တို့နှင့် ယှဉ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် ပညာကတော့ အဝိဇ္ဇာကို ဖျက်ဆီးတတ်သောကြောင့် ခေါင်းပြတ်ခြင်း ပြုတ်ကျခြင်းနှင့်တူတယ်၊ အဲတာ ရှိပစေတော့၊ သိပ်အကျယ်ပြောလို့ မဖြစ်သေးဘူး၊ အဲဒီလို ခေါင်းနဲ့ ခေါင်းပြုတ်ကျတဲ့ ပြဿနာကို မြတ်စွာဘုရားက ပြောကြားပြီးတဲ့အခါကျတော့ မြတ်စွာဘုရားက အဇိတရသေ့ကို ပြောလိုက်တယ်၊ ဘာပြောလဲ–

ဗာဝရီဿ စ တုယ့် ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။
ကတာဝကာသာ ပုစ္ဆဝ့ေါ၊ ယံကိဉ္စိ မနသိစ္ဆထ။

ပြဿနာများ မေးမြန်းရန် ခွင့်ပြုတော်မူခြင်း။ ။သင်တို့မေးချင်တဲ့ ပြဿနာတွေ အကုန် မေးကြတော့၊ ငါဘုရားခွင့်ပြုတော်မူပြီ။ မြတ်စွာဘုရားက ဒီလိုပြောလိုက်တယ်၊ အဲဒီတော့မှ အဇိတရသေ့က ပါသာဏကနတ်ကွန်းဌ သိတင်းသုံးနေသည့် မြတ်စွာဘုရားကို ဝိပဿနာရှုကွက်မေးသည်။ (ဘုန်းကြီးတို့ ပရိသတ် သိထားဘို့က အဇိတ စတဲ့ ရသေ့ပညာရှိ တဆယ့်ခြောက်ယောက်ဟာ အကုန်လုံး ဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်တွေ ချည်းဘဲလို့ မှတ်ထားပါနော်– (မှန်ပါဘုရား)။

ဒီတော့ ဈာန်ရပြီးသား ပုဂ္ဂိုလ်တွေဟာ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ၊ ဘယ်ရောက်အောင် သူတို့ တရားအားထုတ်ထားသလဲလို့ ဆိုတော့ ဗဒ္ဓမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် တခု့ကို အာကိဉ္စညာယတနဈာန်ရအောင် တရားအားထုတ်ထားကြတဲ့ ပုဂ္ဂိုလ်တွေပါ။ ဘုရားရှင်နှင့် မတွေ့ကြသေးလို့သာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရကြသေးတာ၊ အားထုတ်ထားတဲ့တရားက ဘယ်လောက်ရှိနေပြီလဲလို့ ဆိုရင် ဈာန်တွေ သမာပတ်တွေ အကုန်လုံး ရနေကြတယ်၊ ဒါကို ဝတ္ထုဂါထာထဲမှာ—"ဈာယီ ဈာနရတာ ဓီရာ၊ ပဗ္ဗဝါသနဝါသိတာ" လို့ ဒီလိုပြဆားတာ ရှိတယ်၊ တဆယ့်ခြောက်ယောက်စလုံး ဈာန်ဝင်စားနိုင်တယ်။

ဈာယီ=ဈာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။

ဈာနရတာ=ဈာန်တရား၌သာလျှင် နှစ်ခြိုက် ပျော်ပိုက်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။

ဘယ်လောက် ကောင်းနေတဲ့ သမာဓိလဲဆိုတာ ကြည့်၊ ဒီတော့ ဆိုလိုတဲ့ အဓိပ္ပါယ်က ဒီ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် တဆယ့်ခြောက်ယောက်ဟာ

http://www.dhammadownload.com

သီလနှင့် သမာဓိရှိပြီးသား ပုဂ္ဂိုလ်တွေလို့ ဒီလိုမှတ်ထား။ ဒီတော့ ဘုန်းကြီးတို့ကလဲဘဲ ဒီကနေ ရွှေဘုန်းပွင့်ပရိသတ်တွေကို ဘယ်လို သဘောထားသလဲလို့ဆိုတော့ သီလနှင့် သမာဓိတော့ တော်တော် ခိုင်ခိုင်လုံလုံရှိနေကြတဲ့ ပုဂ္ဂိုလ်တွေလို့ သတ်မှတ်ထားတယ်။ အဲဒါကြောင့်—

ဒီပါရာယနသုတ္တန်ကို ဟောရင် သီလနှင့် သမာဓိပိုင်းပါ ဟောပါ့မယ်၊ ဒါပေမဲ့ သိတ်မပါဘူးနော် (မှန်ပါဘုရား)။ ဘာတွေသာ များသောအားဖြင့် ပါလာမလဲဆိုတော့ သတိနှင့် ပညာတွေချည်း ပါလာမယ်၊ ကဲ-ဝိပဿနာလုပ်ငန်းကို စပြီးတော့ အလုပ်လုပ်ဘို့ရန်အတွက် ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ဖြစ်တဲ့ အဇိတလုလင် ပညာရှိပုဏ္ဏားကြီးက မြတ်စွာဘုရားကို တရားအားထုတ်ဘို့ တရားတက်ပုံ တက်နည်းတွေ မေးတော့မယ်၊ အဲဒီမေးခွန်းတွေကို မြတ်စွာဘုရား ပြန်ဖြေတာကို ဝိပဿနာရှုကွက် ဖော်ပြီးတော့ ဟောရမှာ ဖြစ်တဲ့အတွက် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အခု ဘာလုပ်ထားကြရမလဲဆိုတော့ တရားနှလုံးသွင်းထားကြရမယ်။

မျက်လုံးကလေးတွေကို အားလုံး အောက်ချထားရမယ်။

လက်ထားပုံကလေးတွေကလဲ ငြိမ်ငြိမ်ဆိမ်ဆိမ် ထားရမယ်။

ခန္ဓာကိုယ်ကို တည့်တည့်မတ်မတ် ထားရမယ်။ ဒါ ပါဠိတော်မှာလာတဲ့ မူအတိုင်းဘဲ "နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္စာ ဥဇုံ ကာယံ ပဏိဓာယ" လုပ်ထားတာ။

အားထုတ်ပုံ တရား ၂-မျိုး။　။တရားအားထုတ်တယ်ဆိုတာ သမထတရားကို အားထုတ်တယ်၊ ဝိပဿနာတရားကို အားထုတ်တယ်လို့ နှစ်မျိုးရှိတယ်။ သမထဆိုတာ နီဝရဏတရားတွေကို ငြိမ်းအောင် လုပ်တာ၊ ဝိပဿနာတရားလို့ ဆိုတာက ကိလေသာတွေအကြွင်းမဲ့ ပယ်အောင် ကုန်အောင် ပြတ်အောင် လုပ်တဲ့လုပ်ငန်း၊ အဲဒီလုပ်ငန်း နှစ်မျိုးကို လုပ်တဲ့အခါ နီဝရဏတွေငြိမ်းအောင် သမာဓိစခန်း ထူထောင်တော့မယ်၊ သမထလုပ်ငန်းကို လုပ်မယ်ဆိုရင် အဲဒီ သမထလုပ်ငန်းကိုလုပ်မဲ့ပုဂ္ဂိုလ်မှာ ဘာရှိထားရမလဲဆိုတော့ ဝီရိယ, သတိ, သမာဓိ ရှိထားရမယ်၊ အဲဒီ သမထလုပ်ငန်းမှာ ပညာမပါဘူးလား ဆိုတော့ ပညာ ပါတော့ ပါတယ်၊သူက မပြဋ္ဌာန်းဘူး၊ သမာဓိပြဋ္ဌာန်းတယ်။ အခု ဝိပဿနာလုပ်ငန်းကို လုပ်မယ်ဆိုတော့ ဒီ ဝိပဿနာလုပ်ငန်းကို လုပ်မဲ့ပုဂ္ဂိုလ်တွေမှာ ဘာရှိထားရမလဲဆိုတော့ ဝီရိယရယ် သတိရယ် ပညာရယ်၊ အဲဒါ ရှိထားရမယ်။ ဝိပဿနာလုပ်ငန်းကိုလုပ်မဲ့ ပုဂ္ဂိုလ်ဟာ ဝီရိယ သတိနဲ့ ပညာမရှိရင် ဝိပဿနာလုပ်ငန်း လုပ်လို့မဖြစ်ဘူး၊ဒီတော့ မိမိ ဝိပဿနာလုပ်ငန်း လုပ်ချင်တယ်ဆိုရင် ရှေးဦးစွာ ဝီရိယ သတိနဲ့ ပညာရှိအောင် ကိုယ်က လုပ်ရမယ်။

http://www.dhammadownload.com

ဝိပဿနာအားထုတ်က ရှိရမည့်တရားများ။ ။ဝီရိယ သတိနဲ့ ပညာရှိမှ ဝိပဿနာ အလုပ်ကိုလုပ်လို့ ဖြစ်တယ်၊ သမထ လုပ်ငန်းကို လုပ်ချင်တယ်ဆိုရင် ဘာရှိထားရမလဲ၊ ဝီရိယ သတိနဲ့ သမာဓိ ရှိထားရမယ်၊ ဝီရိယ သတိနဲ့သမာဓိရှိမှ သမထလုပ်ငန်းကို လုပ်လို့ ဖြစ်တယ်။ ဒါ ပါဠိတော်မှ လာတဲ့အဓိပ္ပါယ်။ ကောင်းပြီ အဲဒီ ရှိနေတဲ့ သတိကို ဘယ်နေရာမှာ ထားရမလဲလို့ဆိုရင် ခုနက ပြောပေးထားတဲ့ "သတိ ဥပဋ္ဌပေတွာ" ဝိပဿနာ လုပ်ငန်းကို လုပ်မယ်ဆိုရင် သတိထားပါတဲ့၊ ဘယ်နေရာမှာ ထားရမလဲ၊ အဲဒီ သတိကို "အယံ သတိ ဥပဋ္ဌိတာ ဟောတိ သူပဋ္ဌိတာ နာသိကဂ္ဂေ ဝါ မုခနိမိတ္တေ ဝါ၊ တေန ဝုစ္စတိ ပရိမုခံ သတိ ဥပဋ္ဌပေတွာ" နှာခေါင်းပေါက် နှာခေါင်းဝမှာဖြစ်စေ၊ ပါးစပ်ပေါက် ပါးစပ်ဝမှာဖြစ်စေ သတိကလေးကပ်ထား ပါ၊ အဲဒီလို သတိကပ်လိုက်ထာနဲ့ တပြိုင်နက်ထဲ နှာခေါင်းပေါက်က ထွက်တဲ့လေ၊ နှာခေါင်းပေါက်ထဲ ဝင်တဲ့လေ မိမိရဲ့ အသိဉာဏ်မှာ ထင်ရှားလာလိမ့်မယ်တဲ့။

အဲဒီလို သတိကလေးစိုက်ပြီးတော့ အဇိတမေးမဲ့ မေးခွန်းကို ဘုန်းကြီးတို့ ပရိသတ် နားထောင်—

အဇိတသုတ္တန်ခေါ်ပုံ။ ။အဇိတ-က မြတ်စွာဘုရားကိုမေးလို့ အဇိတသုတ္တန်လို့ ခေါ်တယ်။

ကေနဿု နိဝုတော လောကော၊ ကေနဿု နပ္ပကာသတိ။
ကိဿာဘိလေပနံ ဗြူသိ၊ ကိံသု တဿ မဟဗ္ဘယံ။

ဒီဂါထာဟာ ပါဠိတော်ထဲမှာ ပါနေပေမဲ့ ဘုရားဟောတဲ့ ဂါထာမဟုတ်ဘူး၊ အဇိတခေါ်တဲ့ ပုဏ္ဏားပညာရှိက မေးတဲ့ မေးခွန်းပါ။

ပါဠိတော်ဟောစဉ်ဆိုတော့—

(၁) ပါဠိတော်ရွတ်တာက တပိုင်း၊

(၂) အဲဒီပါဠိကို အနက်သမ္မန်တာက တပိုင်း၊

(၃) ဒီပါဠိတော်ရဲ့ အနက်အဓိပ္ပါယ်တွေကို အဋ္ဌကထာဆရာ ဖွင့်ဆို ထားတဲ့အတိုင်း အဓိပ္ပါယ်ပြောပေးတဲ့အပိုင်းက တပိုင်းနဲ့၊

(၄) ပြီးတော့မှ ဝိပဿနာရှုကွက်ဖော်ပေးတဲ့အပိုင်းက တပိုင်း၊ အဲဒီလို ပါဠိတော်ဟောစဉ်မှာ လေးပိုင်းရှိတယ်။

မူလေးခု ချပြီးဟောပုံ။ ။အဲဒီ လေးပိုင်းအတိုင်းဘဲ ဘုန်းကြီးတို့ ပရိသတ်ကြီးက မူကလေးချထား၊ ဘုန်းကြီးက ဒီမူအတိုင်း ဟောပေးသွားမယ်။ ကိုင်း ခုနကပါဠိကို အနက်ပေးကြစို့—

http://www.dhammadownload.com

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပနေတော်မူသော မြတ်စွာဘုရား။ ကေန၊ အဘယ်တရားသည်။ လောကော၊ လောကကြီးကို။ နိဝုတော၊ ဖုံးလွှမ်းအပ်သည်။ အဿု၊ ဖြစ်ပါသနည်း။ လောကော၊ လောကသည်။ ကေန၊ အဘယ်တရားကြောင့်။ နပ္ပကာသတိ၊ မထင်ရှား မပေါ်လွင်ဘဲ နေပါသနည်း။ ကိဿ၊ အဘယ်တရားကို။ အဘိလေပနံ၊ လိမ်းကျံကပ်ငြိတတ်သော တရားဟူ၍။ တံ၊ အရှင်ဘုရားသည်။ ဗြူသိ၊ ဟောကြားတော်မူပါသနည်း။ အဿ လောကဿ၊ ထိုလောကကြီး၏။ မဟဗ္ဘယံ၊ ကြီးလှစွာသော ဘေးကြီးသည်။ ကိံသု၊ အဘယ်တရားတို့ပါနည်း မြတ်စွာဘုရား။ (ဤတို ဤသို့။ အာယသ္မာ အဇိတော၊ ပုဏ္ဏားပညာရှိဖြစ်တဲ့ အရှင်အဇိတရသေ့သည်။ ပုစ္ဆိ၊ မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားလေတော့၏)။

အဓိပ္ပါယ်ကတော့—

အဇိတပုဏ္ဏားအမေး။ ။အဇိတပုဏ္ဏားလုလင် ပညာရှိက မေးတယ် အရှင်ဘုရား ဝိပဿနာတရားကို အားထုတ်ချင်တဲ့အတွက် ဘုရားမပွင့်ခင်လောက်က စပြီးတော့ တောထဲသွားပြီး တရားအားထုတ်နေကြပါတယ်၊ ကိလေသာကာမတွေကို ခွါရှောင်ပြီးတော့ သီလ သမာဓိနဲ့လဲ ပြည့်စုံအောင်နေခဲ့ပါတယ်၊ ခန္ဓာငါးပါး အာယတနတဆဲ့နှစ်ပါး ဓာတ်တဆဲ့ရှစ်ပါး ရှုပ်နာမ်ခမ္မ သခါရတရားတွေကို မမြင်နိုင်ပါဘူး၊ ဘယ်သူဖုံးလွှမ်းထားပါသလဲ မြတ်စွာဘုရား၊ သီလလဲ ရှိလျက်သားနဲ့ သမာဓိလဲ ရှိလျက်သားနဲ့ လောကကြီးကို သူမမြင်သည်ဖြစ်သောကြောင့် လောကကြီးကို ဘယ်သူဖုံးလွှမ်းထားပါသလဲ ဘုရားတဲ့။ (တချက်)

နေ့စဉ်နေ့တိုင်း တရားတွေကြိုးစားပြီး အားထုတ်နေပါလျက်သားနဲ့ ဝိပဿနာဉာဏ်တွေ ထင်ထင်ရှားရှား ထွက်ပေါ်မလာပါဘုရား၊ ဘယ်တရားတွေရှိနေလို့ ဝိပဿနာဉာဏ်တွေ မထွက်မပေါ်လွင် မထင်မရှား ပါသလဲဘုရား။ (နှစ်ချက်)

သီလနဲ့သမာဓိတွေ ပြည့်စုံနေလျက်သားနဲ့ သံသရာဝဋ်ဆင်းရဲက မထွက်နိုင်အောင် ဘယ်တရားက ကပ်ငြိတွယ်တာ ထားပါသလဲဘုရား။ (သုံးချက်)

အဿ လောကဿ၊ ထိုလောကကြီး၏။ မဟဗ္ဘယံ၊ ကြောက်ဖွယ်မဟေးကြီးလှစွာသောဘေးကြီးတို့သည်။ကိံသု၊အဘယ်တရားတို့ပါနည်း။(လေးချက်)

အဲဒီလောကကြီးမှာ ကြောက်စရာ အကောင်းဆုံးဖြစ်တဲ့ ဘေးရန်တွေဟာ ဘာတွေပါလဲဘုရားလို့ အဇိတရသေ့က မြတ်စွာဘုရားကို ပုစ္ဆာလေးချက် မေးတယ်။ အဲဒီမေးတဲ့ပုဂ္ဂိုလ်ကို ဘာတွေရှိသလဲလို့ ပြန်ကြည့်လျှင် သီလလဲ ရှိတယ်၊ သမာဓိလဲ ရှိတယ်၊ သတိလဲ ရှိတယ်၊ အဲဒီ သတိတို့ သမာဓိတို့ ဈာန်တို့နဲ့

http://www.dhammadownload.com

ယှဉ်တဲ့ပညာလဲ ရှိတယ်။ ဒါပေမဲ့ စျာန်နဲ့ယှဉ်တဲ့ပညာက ဝိပဿနာပညာမျိုး မဟုတ်သည်ဖြစ်သောကြောင့် ခန္ဓာကို ဖော်ပြမပေးနိုင်ဘူး။

ဝိပဿနာရှုကွက်နဲ့ တရားတက်ပုံ။ ။အဲဒါကြောင့် ဒီလောကကြီးကို ဖုံးလွှမ်းထားတာ ဘယ်တရားပါလဲ ဘုရားလို့ ဒီအမေးကို မေးနေတာ၊ ဒီအမေးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဝိပဿနာရှုကွက် ဝိပဿနာတရားတက်ပုံ တက်နည်းနှင့်တကွ တလုံးစီပြန်ပြီး တော့ဖြေပေးတယ်။ ဝိပဿနာလဲ တခါထဲ ရှုပြီးတော့ သွားရပေလိမ့်မယ်။ ဘုန်းကြီးတို့ပရိသတ် သတိကပ်ထား။

မြတ်စွာဘုရား ဖြေတော့မဲ့ အဖြေက—

အဝိဇ္ဇာယ နိဝုတော လောကော၊ ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ။
ဇပ္ပါဘိလေပနံ ဗြူမိ၊ ဒုက္ခမဿ မဟဗ္ဘယံ။

လို့ ဖြေတော်မူတယ်။

တရားသံကြားရုံမျှ သဝနာနုတ္တရိယ ကုသိုလ်ဖြစ်ပုံ ဘုန်းကြီးတို့ပရိသတ် ပါဠိတော်ကို ပရိသတ် နားလည်လည် မလည်လည် ဘုန်းကြီးအပင် ပမ်းခဲပြီး ရွတ်ပေးနေတာ ဘာ့ကြောင့်လဲ ဘယ်လိုအကြောင်းထူးရှိလို့ ရွတ်ပြနေရတာလဲလို့မေးစရာရှိတယ်၊တခြားကြောင့် မဟုတ်ဘူး၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ ပါဠိတော် အသံဟာ ပရိသတ်ကြီးရဲ့နားထဲ ရောက်သွားပြီလို့ဆိုရင် ဘုန်းကြီးတို့ အမျိုးကောင်း သားသမီးများမှာ သဝနာနုတ္တရိယကုသိုလ် တိုးပွါးတယ်။ ဒီတော့ ဘုန်းကြီး ပါဠိတော်ရွတ်ပေးနေတာဟာ သဝနာနုတ္တရိယကုသိုလ် တိုးပွါးပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွတ်ပေးနေတာ။

ကိုင်း-အနက်ပေးကြစို့—

အဇိတ၊ အဇိတရသေ့။ လောကော၊ လောကကြီးကို။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ နိဝုတော၊ ဖုံးလွှမ်းအပ်သည်။ အဿု၊ ဖြစ်လေတော့၏။ (လောကကြီးကို အဝိဇ္ဇာက ဖုံးလွှမ်းထားတယ်။) ဝေဝိစ္ဆာ၊ ဝန်တိုခြင်းကြောင့်ငင်း။ ပမာဒါ၊ မေ့လျော့ခြင်းကြောင့်ငင်း။ လောကော၊ လောကကြီးသည်။ နပ္ပကာသတိ၊ မထင်ရှား။

အသိညာဏ်မပေါ်အောင်ပြုသော တရား ၂-ပါး အသိညာဏ်ပေါ်မှာ လောကကြီးဟာ ထင်ရှားမလာတာဟာ ဘာဖြစ်လို့လဲ၊ ဝေဝိစ္ဆာဆိုတဲ့ ဝန်တိုခြင်း မစ္ဆရိယတရားကြောင့်ငင်း၊ ဇမာဒတရားကြောင့်ငင်း၊ အဲဒီ တရားနှစ်ပါးကြောင့် ဝိပဿနာညာဏ် မထွက်ဘူးလို့

http://www.dhammadownload.com

စူဠနိဒ္ဒေသပါဠိတော်က ဒီလိုပြတယ်။ ခုဘုန်းကြီး သုတ္တနိပါတ်ပါဠိတော်က ပါရာယနဝဂ်ကို ဟောနေတယ်ဆိုတာ အဲဒီသုတ္တနိပါတ် ပါဠိတော်နဲ့ စူဠနိဒ္ဒေသပါဠိတော်ကို အခိုင်အမာထားပြီး ဟောပေးနေတာ၊ အခြားပါဠိတော်က သုတ္တန်တွေပါလာလျှင် ဒါဟာ အဖွင့်ဘဲ။

ဇပ္ပံ၊ တဏှာကို။ အဘိလေပနံ၊ ကပ်ငြိလိမ်းကျံတတ်သောတရားဟူ၍။ အဟံ၊ ငါဘုရားသည်။ မြူမိ၊ ဟောကြားတော်မူ၏။ အဿ လောကဿ၊ ထိုလောကကြီး၏။ မဟဗ္ဘယံ၊ ကြောက်ဘွယ်မဟေး ကြီးလှစွာသော ဘေးကြီးသည်။ ဒုက္ခံ၊ ဇာတိအစရှိသော ဆင်းရဲဒုက္ခတရားပေတည်း။ (ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူလိုက်လေသတည်း။)

သာဓု သာဓု သာဓု။

ဘုရားရှင်အဖြေ။ ။ကိုင်း ရှုကွက်ဖော်ကြရအောင် အဓိပ္ပါယ် ပြောပေးမယ်၊ လောကကို ဘယ်သူဖုံးလွှမ်းထားပါသလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ လောကကို အဝိဇ္ဇာ ဖုံးလွှမ်းထားတယ်လို့ မြတ်စွာဘုရားက ဖြေတယ်၊ ဒါဖြင့် လောကဆိုတာ ဘာလဲ၊ စူဠနိဒ္ဒေသပါဠိတော်ကို ပြောင်းလိုက်တော့–

လောက ၂-မျိုး။ ။လောကဆိုတာ သမုတိသစ္စာနယ်က လောက၊ ပရမတ္ထသစ္စာနယ်က လောကလို့ နှစ်မျိုးရှိတယ် ဘုန်းကြီးတို့ ပရိသတ်၊ လောက ဘယ်နှစ်မျိုးရှိသလဲ(နှစ်မျိုးရှိပါတယ်ဘုရား)။ ပရိသတ်အားလုံး ဖြေရမယ်နော်၊ တရားရှုကွက်ကို ရောက်လာပြီ၊ အဲဒီလောက နှစ်မျိုးက သမုတိသစ္စာနယ်ကလောက, ပရမတ္ထသစ္စာနယ်က လောက၊ ဒါကို စူဠနိဒ္ဒေသပါဠိတော်က သမုတိသစ္စာနယ်က လောကကို ဘာပြသလဲဆိုတော့–

→ လောကောတိ နိရုယလောကော တိရစ္ဆာနလောကော ပေတလောကော မနုဿလောကော ဒေဝလောကော-တဲ့=ငရဲလောက တိရစ္ဆာန်လောက ပြိတ္တာလောက လူလောက နတ်လောက၊ ဒါ သမုတိသစ္စာနယ်က လောက။

ပရမတ္ထသစ္စာနယ်က လောကကျတော့—

"ခန္ဓာလောကော ဓာတုလောကော အာယတနလောကော အယံ ဝုစ္စတိ လောကော"။ ။ဒါစူဠနိဒ္ဒေသပါဠိတော် နှာ(၂၄)။

ခန္ဓာငါးပါးသည် လောက, အာယတန တဆယ့်နှစ်ပါးသည် လောက, ဓာတ် တဆယ့်ရှစ်ပါးသည် လောက၊ အဲဒီ ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်

http://www.dhammadownload.com

တဆယ့်ရှစ်ပါးကို ပေါင်းလိုက်မယ်ဆိုရင် တချို့က ဝိညာဏ်, တချို့က နာမ်, တချို့က ရုပ်။ တနည်း ပြောရင် စိတ် စေတသိက် ရုပ်၊ ဒါပရမတ္ထလောက ဟုတ်ပလား (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှာ စိတ်မရှိဘူးလား (ရှိပါတယ် ဘုရား)၊ မြင်ရဲ့လား (မမြင်ပါ ဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှာ စေတသိက်တွေကော မရှိဘူးလား (ရှိပါတယ်ဘုရား)၊ မြင်ရဲ့လား (မမြင်ပါ ဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေမှာ ပသာဒရုပ်တွေ ဘူတရုပ်တွေ၊ အဲဒီ ရုပ်တရားတွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)၊ မြင်ရဲ့လား (မမြင်ရပါ ဘုရား)။

လောကကို အဝိဇ္ဇာဖုံးလွှမ်းခြင်း။ ။ဘုန်းကြီးတို့ ပရိသတ်တင် မမြင်တာလားဆိုတော့ အဲဟိုစျာန်ရနေတဲ့ အဇိတရသေ့သည်ပင်လျှင် အဲဒီ ခန္ဓာလောကကို မမြင်ဘူး၊ သိလဲ့ ရှိနေတယ်၊ သမာဓိလဲ့ ရှိနေတယ်၊ မမြင်ဘူး။ အဲဒါကြောင့် ဘယ်တရားက ဖုံးလွှမ်းထားပါသလဲလို့ ဆိုတော့ မြတ်စွာဘုရားက အဲဒီခန္ဓာ ငါးပါးတည်း ဟူသော လောက, အာယတန တဆယ့်နှစ်ပါး တည်းဟူသော လောက, ဓာတ်တဆယ့်ရှစ်ပါးတည်း ဟူသော လောကကို ဖုံးလွှမ်းထားတာဟာ အဝိဇ္ဇာဖုံးလွှမ်းထားတယ် "**အဝိဇ္ဇာယ နိဝုတော လောကော**" တဲ့၊ လောကဆိုတာ ဘယ်သူ့ကိုခေါ်သလဲ ပရမတ္ထသစ္စာနယ်ထဲက လောကဟာ ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး။ လောကဆိုတာ ဘာဖြစ်လို့ လောကခေါ်သလဲလို့ဆိုတော့—

လောကခေါ်ပုံ။ ။မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တပါးက မြတ်စွာဘုရားကို လျှောက်ထားတဲ့ စကားတခုပါဠိတော်မှာရှိတယ်။

ဘယ်လိုရှိသလဲ ဆိုတော့—

> လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ လောကောတိ ဝုစ္စတိ။
>
> သဠာယတနသံယုတ် လောကပဉ္ဉာသုတ္တန် နှာ-(၂၇၈)။

ဘုန်းတော်သခင် အရှင်မြတ်ဘုရား လောက လောကဟု ပြောဆိုကြပါကုန်၏၊ အဘယ့်ကြောင့် လောကဟု **ခေါ်**ဆိုပါသနည်း လို့ မေးလျှောက်တယ်။ ဒီတော့ မြတ်စွာဘုရားက "**လုဇ္ဇတီတိ ခေါ ဘိက္ခု တသ္မာ လောကောတိ ဝုစ္စတိ**" လို့ ဖြေတော်မူလိုက်ပါတယ်။ အဓိပ္ပါယ်ကတော့ ပျက်စီးတတ်သောကြောင့် လောကလို့ခေါ်တယ်တဲ့၊ နောက် ပလောကဓမ္မသုတ်မှာလဲ အရှင်အာနန္ဒာက—

http://www.dhammadownload.com

လောကော လောကောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နုခေါ ဘန္တေ လောကောတိ ဝုစ္စတိ—

လို့ လျှောက်ထားပြန်တယ်။

အဲဒီမှာလဲ မြတ်စွာဘုရားက **ယံ ခေါ အာနန္ဒ ပလောကဓမ္မံ၊ အယံ ဝုစ္စတိ အရိယဿ ဝိနယေ လောကော**တဲ့=ချစ်သားအာနန္ဒာ အကြင်သဘောတရားသည် ပျက်စီးတတ်သော သဘောရှိ၏၊ ဤသို့ ပျက်စီးခြင်းသဘောတရားကို အရိယာတို့၏ အဆုံးအမ၌ လောကလို့ခေါ်တယ်လို့ မြတ်စွာဘုရားဖြေကြားတော်မူတယ်၊ အဲဒါကြောင့် ဖြစ်တတ် ပျက်တတ်တဲ့ သဘောရှိသောကြောင့် လောကလို့ခေါ်တယ်။

ခန္ဓာ ၅-ပါးသည် လောကမည်ခြင်း။ ။ခန္ဓာငါးပါးသည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိတယ်၊ ဒါကြောင့် ခန္ဓာငါးပါးသည် လောကမည်တယ်၊ အဲဒီ ခန္ဓာငါးပါးဟာ ဘယ်မှာလဲလို့ ရှုမယ်ဆိုရင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကြည့်နော်၊ နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲ ဝင်တဲ့လေကို ဘုန်းကြီးတို့ပရိယတ်ခုတွေ့နေသလား တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)၊ သူ့ကို ရူပက္ခန္ဓာလို့ခေါ်သည်၊ ရူပက္ခန္ဓာလို့မှတ်။ အဲဒီရူပက္ခန္ဓာဟာ ဘယ်လိုနေသလဲလို့ဆိုတော့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတည်းဟူသော ရူပက္ခန္ဓာသည် တွန်းကန်လှုပ်ရှားမှုလို့ဆိုတဲ့ သဘောရှိတယ်၊ အဲဒါလေးကို သိအောင် မြင်အောင်ကြည့်၊ နှာခေါင်းထဲက ထွက်တဲ့လေက တွန်းကန်လှုပ်ရှားမှု နှာခေါင်းထဲ ဝင်တဲ့လေက တွန်းကန်လှုပ်ရှားမှု၊ အဲဒီတော့ တွန်းကန်လှုပ်ရှားမှု ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။

အဲဒီတွန်းကန်မှုကို ဘုန်းကြီးတို့ပရိယတ် တွေ့နေသလား တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)၊ အဲဒီတွန်းကန်မှုဟာ လူလား ရုပ်လား (ရုပ်ပါဘုရား)၊ မိမိလား ရုပ်လား (ရုပ်ပါဘုရား)၊ သတ္တဝါလား ရုပ်လား (ရုပ်ပါဘုရား)၊ ရူပက္ခန္ဓာ တွေ့ပလား (တွေ့ပါဘုရား)၊ မလွတ်စေနဲ့၊ အဲဒီ ရူပက္ခန္ဓာပေါ်မှာ သတိကပ်ထား၊ အဲဒီရုပ်ကို တွေ့နေတာဟာ ဘယ်သူကဖော်ပေးလို့ တွေ့နေတာလဲလို့ဆိုတော့ ကမ္မဋ္ဌာန်းဆရာက ဖော်ပြပေးလို့ တွေ့နေတာမဟုတ်ဘူး၊ ပရိယတ်က ဖော်ပြပေးလို့ တွေ့တာမဟုတ်ဘူး၊ သတိက ဖော်ပြပေးလို့ တွေ့ဒါ။

သတိတရားအရေးကြီးပုံ။ ။ဘယ်သူ ဖော်ပြပေးသလဲ (သတိက ဖော်ပြပေးပါတယ်ဘုရား)၊ ပါဠိတော်က ဘယ့်နှဲ့ပြောထားသလဲဆိုတော့ **ဥပဋ္ဌာနံ သတိ-တဲ့**၊ ပဋိသမ္ဘိဒါမဂ် **ပါဠိတော်က**၊ သတိဆိုတဲ့ တရားသည် ဘာလုပ်ပေးတတ်သလဲလို့ဆိုတော့ သူလုပ်ငန်းကို သူလုပ်တယ်၊ အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတတ်ပါတယ်။ နှာခေါင်းထဲက

http://www.dhammadownload.com

ထွက်တဲ့လေ နှာခေါင်းထဲ ဝင်တဲ့လေသည် ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားရဲ့ တွန်းကန်လှုပ်ရှားမှုကလေး၊ မိမိရဲ့အသိဉာဏ်မှာ ပေါ်လာအောင် ဖော်ပြပေးတာ ဘယ်သူပြပေးသလဲ (သတိပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ်ကြီးကို တရားပြပေးနေတာဟာ သတိလား ကမ္မဋ္ဌာန်းဆရာလား (သတိပါဘုရား)၊ အစဲ့လွတ်ပစေနော် (မှန်ပါဘုရား)၊ စဲ့စရာ ဆရာကြီးရှိသေးသလား (မရှိပါဘုရား)၊ ထူးကြီးဆရာတော်က ပြပေးလို့ ထင်ရှားနေတာလား၊ သတိက ဖော်ပြပေးလို့ ထင်ရှားနေတာလား၊ (သတိက ဖော်ပြပေးလို့ပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်က သတိကို အားကိုးရမလား ထူးကြီးဆရာတော်ကို အားကိုးရမလား (သတိကို အားကိုးရမှာပါဘုရား)၊ မြတ်စွာဘုရားက ပါဠိတော်မှာ ဘဲ့နယ်ဟောထားသလဲဆိုတော့—

တရားကိုသာ အားကိုးပြုရန် တိုက်တွန်းချက်။ ။ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ၊ ဟုတ်ပလား(မှန်ပါဘုရား)၊ ရှုကွက်တွေနော်။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဓမ္မဒီပါ၊ သတိခေါ် သည့် ဓမ္မဓာတ်ကိုသာလျှင် မှီရာတည်ရာ အားကိုးအားထားရာ ပြုလုပ်ကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်လော့လို့ ဟိုခန္ဓဝဂ္ဂသံယုတ်ပါဠိတော် အတ္တဒီပသုတ်မှာ ဟောတော်မူပါတယ်။

ကမ္မဋ္ဌာန်းဆရာ အားကိုးရမှာလား သတိကို အားကိုးရမှာလား (သတိကို အားကိုးရမှာပါဘုရား)၊ လုပ်ကွက်မှာ လေ– (မှန်ပါဘုရား)၊ အလုပ်လုပ်တတ်အောင်ကတော့ဖြင့် "ယထာဘူတ ဉာဏတ္ထာယ သတ္ထာ ပရိယေသိတမ္မော"တဲ့ အမှုန်ကို ဖော်ပြပေးတတ်တဲ့ ဆရာကို ရှာရပေလိမ့်မယ်နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဝိပဿနာတရား အားထုတ်မယ်ဆိုရင် မိတ်ကောင်းနဲ့ စိတ်ကောင်း ရှိရလိမ့်မယ်တဲ့။

ဝိပဿနာအားထုတ်က ရှိရမည့် တရား ၂-ပါး ဘုန်းကြီးတို့ပရိသတ် ဝိပဿနာလုပ်ငန်းကို လုပ်ချင်တယ်ဆိုရင် ဘာရှိရမလဲ (မိတ်ကောင်းနဲ့ စိတ်ကောင်းရှိရမယ်ဘုရား)၊ မိတ်ကောင်းဆိုတာဘာလဲ ပရိယတ္တိဗဟုလပုဂ္ဂိုလ်ကို ခေါ်တယ်။ မိတ်ကောင်းဆိုတာ ဘာလဲ (ပရိယတ္တိဗဟုလပုဂ္ဂိုလ်ပါဘုရား)။ စိတ်ကောင်းဆိုတာက ဘာလဲလို့ဆိုတော့ ဝိနီဝရဏစိတ္တ=နီဝရဏကင်းတဲ့ စိတ်ဓာတ်နော်(မှန်ပါဘုရား)၊အဲဒါတွေကို နောက်ညကျရင် ဘုန်းကြီးအကျယ်ပြောပေးမယ်။

အဲဒါကြောင့် ဝိပဿနာတရားကို အားထုတ်မဲ့ပုဂ္ဂိုလ်ဟာ မိတ်ကောင်းရှိရမယ်၊ စိတ်ကောင်းရှိရမယ်၊ အဲဒီမိတ်ကောင်းနဲ့ စိတ်ကောင်းမရှိရင် ဝိပဿနာအလုပ်ကို လုပ်လို့ မဖြစ်ဘူးတဲ့ မြတ်စွာဘုရားက၊ တရားပြပေးနေတာ ဘယ်သူက ပြပေး

http://www.dhammadownload.com

နေသလဲလို့ဆိုတော့ သတိက ပြပေးနေတာတဲ့၊ တရားပြပေးနေတာ ဆရာက ပြပေးနေတာ မဟုတ်ဘူး၊ ဘယ်သူက ပြပေးသလဲ(သတိက ပြပေးတာပါဘုရား)၊ သတိကို အားကိုးရမှာလား ဆရာ့ကို အားကိုးရမှာလား၊ (သတိကို အားကိုးရမှာပါဘုရား)၊ အပြင်ဘက်မှာတော့ ကိုယ့်ဆရာသမားကို ပူဇော်ရမယ်၊ ချီးမြှောက်ရမယ်၊ လေးစားရမယ်၊ ကိုးကွယ်ရမယ်၊ မှီဝဲရမယ်၊ ဆည်းကပ်ရမယ်။ ဝိပဿနာလုပ်ငန်းကို လုပ်တဲ့အခါကျတော့ ဆရာကိုမှီရာ တည်ရာ အားကိုးရာ မထားနဲ့တော့တဲ့ မြတ်စွာဘုရားက၊ ဘယ်သူကို မှီရမလဲ–(သတိကို မှီရာတည်ရာ ပြုလုပ်ရပါမယ် ဘုရား။)

လောကကို အဝိဇ္ဇာဖုံးလွှမ်းနေပုံ။ ။မှတ်ကော မှတ်မိပလား(မှတ်မိပါပြီဘုရား)၊ ကိုင်း-ဒါဖြင့် ရှေ့သွားကြရအောင်၊ လောကကြီးကို ဖုံးလွှမ်းထားတယ်လို့ဆိုတဲ့ တရားဟာ ဘယ်သူ ဖုံးလွှမ်းထားသလဲ၊ အဝိဇ္ဇာဖုံးလွှမ်းထားတယ်၊ လောကဆိုတာ ဘာလဲလို့ဆိုတော့ ရုပ်လောက ခန္ဓာလောက ရူပက္ခန္ဓာ နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲက ဝင်တဲ့လေဟာ ရုပ်လား လူလား၊ (ရုပ်ပါဘုရား)၊ သတ္တဝါလား ရုပ်လား(ရုပ်ပါဘုရား)၊ ဘယ်လိုနေသလဲ တွန်းကန်လှုပ်ရှားမှု သဘောကလေး သူမှာရှိနေတယ်၊ အဲဒီ ရုပ်တရားကို ဘုန်းကြီးတို့ ပရိသတ် သိနေသလား သိမနေဘူးလား၊ (သိနေပါတယ် ဘုရား)၊ လူက သိသလား သတိက သိသလား ဘယ်သူက သိသလဲ (သတိက သိပါတယ်ဘုရား)၊ သတိက သိတာမဟုတ်ဘူး။

ပါဠိမှာက ဘာပြောထားသလဲဆိုတော့ မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တပါးက ဘုရားကို လျှောက်တယ်—

> ဝိညာဏံ ဝိညာဏန္တိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ ဝိညာဏန္တိ ဝုစ္စတိ။

အရှင်ဘုရား ဝိညာဏ်လို့ဆိုတာ ဘာကို ခေါ်ပါသလဲ ဘုရားတဲ့၊ ဒီတော့ မြတ်စွာဘုရားက ပြန်ဖြေတယ်၊ ဝိဇာနာတိ ဝိဇာနာတီတိ ခေါ ဘိက္ခု တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။ သိတတ်တဲ့သဘောကို ဝိညာဏ်လို့ခေါ်တယ် ချစ်သား။

ရုပ်ကို ဝိညာဏ်က သိနေပုံ။ ။နှာခေါင်းထဲက ထွက်တဲ့လေနဲ့ နှာခေါင်းထဲဝင်တဲ့လေကို ရုပ်လို့သိနေတာ ဘယ်သူက သိနေတာလဲ၊ (ဝိညာဏ်က သိနေတာပါဘုရား)၊ လူက သိတာလား ဝိညာဏ်က သိတာလား (ဝိညာဏ်က သိတာပါဘုရား)၊ ကိုယ်က သိသလား ဝိညာဏ်က သိသလား (ဝိညာဏ်က သိတာပါဘုရား)၊ ရှေးတုန်းက ဘုန်းကြီးတို့ ပရိသတ်က ငါက သိနေတယ်လို့ အောက်မေ့ မနေဘူးလား(အောက်မေ့နေပါတယ်ဘုရား)၊ ခုဘယ်သူက သိသတုန်း (ဝိညာဏ်က သိတာပါဘုရား)၊ အဲဒီ ဝိညာဏ်သည် ဝိညာဏက္ခန္ဓာ

http://www.dhammadownload.com

ဟူသော လောက ရူပက္ခန္ဓာဟူသော လောက ဝိညာဏက္ခန္ဓာဟူသော လောက ဆိုတဲ့ ခန္ဓာလောကကို ဖုံးလွှမ်းထားတာဟာ ဘယ်သူလဲ အဝိဇ္ဇာ။ လောကဆိုတာ သိပြီနော် (မှန်ပါဘုရား)၊ လောကကိုလဲဘဲ တွေ့ပြီနော် (တွေ့ပါပြီဘုရား)၊ လောကဟာ ဘယ်သူလဲ ရူပက္ခန္ဓာရယ် ဝိညာဏက္ခန္ဓာရယ်လို့ ဆိုတဲ့ အဲဒီခန္ဓာနှစ်ပါးဘဲ။ ဘဲ့နဲ့လဲ လောကတွေ့ပလား၊ လောက (တွေ့ပါပြီဘုရား)၊ ဘယ်သူက ဖော်ပြပေးသလဲ သတိက ဖော်ပြပေးလို့ တွေ့တယ်၊ ထူးကြီးဆရာတော်က ပြပေးလို့ တွေ့တာမဟုတ်ဘူး၊ သတိက ပြပေးလို့ တွေ့တာ ဟုတ်ပလား (မှန်ပါဘုရား)။

အဝိဇ္ဇာဖြစ်ပုံ ရှင်းချက်။ ။အဲဒီလို လောကကြီးကို အဝိဇ္ဇာက ဖုံးလွှမ်းတယ်လို့ မြတ်စွာဘုရားက ဟောထားတယ်။ အဝိဇ္ဇာဃ နိဝုတော လောကော-တဲ့၊ ကောင်းပြီ အဝိဇ္ဇာဆိုတာ ဘာလဲ ပါဠိတော်ကို ခဏထားအုံး၊ အဋ္ဌကထာဆရာကြီးပြောတဲ့ အဝိဇ္ဇာကို ဘုန်းကြီးပြောပေးမယ်။

အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ-တဲ့၊ အဝိဇ္ဇာဆို-တဲ့ သဘောဟာ တရားကိုယ်ကောက်တော့ မောဟကိုရတယ်။ အဲဒီမောဟ ဘာလုပ်တတ်သလဲ သူသတ္တိကို ကြည့်ရမယ်၊ (တရားနာရင် တရားဟောရင် အဲဒီတရားလုံးရဲ့ သတ္တိပေါ်လာအောင် ဟောရမယ်၊ သူလုပ်ငန်းပေါ်လာအောင် ဟောပေးရမယ်၊ ဒါမှတ်သားရမယ်နော် (မှန်ပါဘုရား)။ တရားနာတဲ့ ပုဂ္ဂိုလ်ကလဲ ဘယ်တရားပဲကို သွားပြီးတော့ တရားနာနာ တရားတလုံးတလုံးရဲ့ လုပ်ငန်းနဲ့ ဒီတရားတလုံးရဲ့ သတ္တိ အထူးပေါ်လာအောင် တရားနာရမယ်၊ အဲဒါမှ တရားရဲ့အရသာ ထွက်မယ်၊ အဝိဇ္ဇာဆိုတဲ့ မောဟဟာ ဘာလုပ်တတ်သလဲ၊ **အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ**။ အဝိန္ဒိယံ၊ မရသင့် မရထိုက် မရကောင်းတဲ့ တရားတွေကို။ ဝိန္ဒတိ၊ ရတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကြီးက ဒီလိုဝိဂ္ဂိုဟ် ကြားပေးထားတယ်။

မရသင့်ထိုက်သောတရားများ။ ။ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မရသင့်မရထိုက်တဲ့ တရားဆိုတာ ဘာတွေလဲ၊ ကာယဒုစရိုက်သုံးပါး မရသင့်ဘူး၊ ရသင့်သလား(မရသင့်ပါဘုရား)၊ ဝစီဒုစရိုက်လေးပါး ရသင့်သလား(မရသင့်ပါဘုရား)၊ မနောဒုစရိုက်သုံးပါး ရသင့်သလား (မရသင့်ပါဘုရား)၊ ကိလေသာဆယ်ပါး ရသင့်သလား (မရသင့်ပါဘုရား)၊ မရသင့်ပေမဲ့ ရမနေဘူးလား (ရနေပါတယ် ဘုရား)။ အဲဒီ မရသင့် မရထိုက်တဲ့ ကိလေသာဒုစရိုက်တရားတွေကို ရနေတာကို ဘာလို့ခေါ်သလဲ (အဝိဇ္ဇာလို့ ခေါ်ပါတ်ယ်ဘုရား)၊ **ဝိန္ဒိယံ နု ဝိန္ဒတီတိ အဝိဇ္ဇာ**။ ဝိန္ဒိယံ၊ ရသင့်ရထိုက်သော သုစရိုက်တရား ရသင့် ရထိုက်သော သမထဝိပဿနာတရား

http://www.dhammadownload.com

တွေ့ကို။ နဝိန္ဒတိ၊ မရထိုက်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

အဝိဇ္ဇာဆိုတာ မရသင့် မရထိုက်တဲ့ တရားတွေသာ ရတတ်တယ်၊ ရသင့်ရထိုက်တဲ့ တရားတွေ မရဘူး၊ အဲဒါကို ဘာလို့ခေါ်သလဲ (အဝိဇ္ဇာခေါ်ပါတယ်ဘုရား)၊ အဝိဇ္ဇာကို ဒါအဋ္ဌကထာပြောတဲ့ အဝိဇ္ဇာ မှတ်ထား တချက်။

ပါဠိတော်ကပြောတဲ့ အဝိဇ္ဇာကို ဘုန်းကြီးပြောဦးမယ်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကို ရဟန်းတပါးက လျှောက်တယ်၊ ဘယ်လိုလဲ–

> အဝိဇ္ဇာ အဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ၊ကတမာ နုခေါ ဘန္တေ အဝိဇ္ဇာ၊ ကိတ္တာဝတာ စ အဝိဇ္ဇာဂတော ဟောတီ။” ဒါက ရဟန်းတပါးက မေးတဲ့ပုစ္ဆာ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပနေတော်မူသော မြတ်စွာဘုရား။ အဝိဇ္ဇာ အဝိဇ္ဇာတိ၊ အဝိဇ္ဇာ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ကတမာ နုခေါ၊ အဘာယ်ပါနည်း။ ကိတ္တာဝတာ၊ အဘာယ်မျှသော အခြင်းအရာသည်။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာသို့ရောက်သည်။ ဟောတိ နုခေါ၊ ဖြစ်ပါတော့သနည်း။

အဝိဇ္ဇာဖြစ်ပုံ လျှောက်ထားခြင်း။ ။အရှင်ဘုရား အဝိဇ္ဇာ အဝိဇ္ဇာနဲ့ ပြောနေပါတယ်၊ အဝိဇ္ဇာဆိုတာ ဘာကိုခေါ်ပါသလဲ၊ အဲဒီအဝိဇ္ဇာကို ဘယ်လိုနေရင် တပည့်တော်တို့ အဝိဇ္ဇာထဲကို ရောက်သွားပါသလဲ။ အဲဒီမေးခွန်းကို မြတ်စွာဘုရားက ဖြေတော်မူပါတယ်၊ ဘယ်လို ဖြေသလဲဆိုတော့—

> ဣဓ ဘိက္ခု အဿုတဝါ ပုထုဇ္ဇနော ရူပံ နပဇာနာတိ၊ ရူပသမုဒယံ နပဇာနာတိ၊ ရူပနိရောဓံ နပဇာနာတိ၊ ရူပနိရောဓဂါမိနိပဋိပဒံ နပဇာနာတိ၊ အယံ ဝုစ္စတိ ဘိက္ခု အဝိဇ္ဇာ၊ တတ္ထာဝတာ စ အဝိဇ္ဇာဂတော ဟောတိ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဣဓ၊ ဤလောက၌။ အဿုတဝါ၊ တရားနာလေ့မရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ရူပံ၊ ဒုက္ခသစ္စာထိုက်တဲ့ ရုပ်တရားကို။ နပဇာနာတိ၊ ခဲ့ခြားသိ မသိ။ ရူပသမုဒယံ၊ ဒုက္ခသစ္စာထိုက်တဲ့ ရုပ်တရားကို ဖြစ်စေကြောင်းဖြစ်တဲ့ တရားကို။ နပဇာနာတိ၊ မသိ။ ရူပနိရောဓံ၊ ဒုက္ခသစ္စာထိုက်တဲ့ ရုပ်တရားချုပ်ခြင်းကို။ နပဇာနာတိ၊ မသိ။ ရူပနိရောဓဂါမိနိပဋိပဒံ၊ ရုပ်တရားတို့ရှိချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ကျင့်ဝတ်ပဋိပတ်

http://www.dhammadownload.com

အကျင့်မြတ်ကို။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ န ပဇာနာတိ၊ ခွဲခြား၍ မသိ။ အယံ၊ ဤကဲ့သို့ သစ္စာလေးပါး မြတ်တရားကို မသိ ခြင်းကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။

တွက်သက် ဝင်သက် ရုပ်မည်ခြင်း။ ။ဘုန်းကြီးတို့ ပရိသတ် နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲ ဝင်တဲ့ လေသည် လူလား ရုပ်တရားလား (ရုပ်တရားပါဘုရား)၊ အဲဒီ ရုပ်တရားကို ဘုန်းကြီးတို့ သိနေရင် ဝိဇ္ဇာလား အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာ ကွာထွက်သွားပြီလို့ မှတ်လိုက်ပါ (မှန်ပါဘုရား)။ ရုပ်တရားဟု ခွဲခြား မသိရင် လူ, နတ်, ဗြဟ္မာ, သတ္တဝါလို့ သိနေရင် ငါပဲ သူပဲလို့ သိနေရင် လူနဲ့ ရုပ်နဲ့ ခွဲခြား မသိရင် အဝိဇ္ဇာ လို့ခေါ်တယ်တဲ့၊ အဲဒီလို လူနဲ့ ရုပ်နဲ့, သတ္တဝါနဲ့ ရုပ်နဲ့ ခွဲခြားမသိခြင်းကို အဝိဇ္ဇာ နယ်ထဲ ရောက်နေတယ်လို့ မြတ်စွာဘုရားက–တ္တောဝတာ စ၊ဤမျှသော အတိုင်း အရှည်ဖြင့်။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

သစ္စာ ၄-ပါး မသိမှုကို အဝိဇ္ဇာခေါ်ပုံ အဲဒီလို ရုပ်တရားတို့ရဲ့ဖြစ်ခြင်း ရုပ်တရားတို့ဖြစ်ကြောင်း ရုပ်တရားချုပ်ခြင်း ရုပ်တရားချုပ်ကြောင်း အကျင့်ဆိုတဲ့ မဂ္ဂသစ္စာကို မသိခြင်းဆိုတဲ့ သစ္စာလေးပါးတရားကို မသိ ခြင်းသည် အဝိဇ္ဇာဘဲတဲ့၊ အဲဒီလို သစ္စာလေးပါးတရား မသိရင် အဝိဇ္ဇာတရားသို့ ရောက်နေတော့တာဘဲတဲ့၊ ဒါ-အဝိဇ္ဇာ။ဒီ-အဝိဇ္ဇာကို ဘုန်းကြီးတို့ ပရိသတ်သိပြီ၊ ဘာလုပ်ရမလဲ ဒီ-အဝိဇ္ဇာကို အဝိဇ္ဇာအတိုင်းဘဲ ထားလိုက်ရမလား၊ သူကို ဘယ်လိုလုပ်ရမလဲ၊ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီ-အဝိဇ္ဇာကို ဒီအတိုင်းမထားနဲ့ တရားတလုံးပေါ်လာရင် ဘယ်တရားဖြစ်ဖြစ် ရုပ်ဘဲဖြစ်ဖြစ် နာမ်ဘဲဖြစ်ဖြစ် စိတ်ဘဲဖြစ်ဖြစ် ဘယ်တော့မှ သူအတိုင်းမထားနဲ့တဲ့ မြတ်စွာ ဘုရားက၊ ရုပ်လဲရုပ်အတိုင်း မထားနဲ့၊ နာမ်လဲနာမ်အတိုင်း မထားနဲ့၊ စိတ်လဲ စိတ် အတိုင်းမထားနဲ့၊ အဝိဇ္ဇာကို အဝိဇ္ဇာအတိုင်း ထားရမလား (မထားရပါဘုရား)၊ မထားရတော့ ဘာလုပ်ရမလဲ (ဝိဇ္ဇာဖြစ်အောင် လုပ်ရပါတယ်ဘုရား)။

ဝိဇ္ဇာရှင်းချက်။ ။ဝိဇ္ဇာဖြစ်အောင် ဘယ်လိုလုပ်ရမတုန်း ရှုပစ်ရမယ်၊ သူကို ဘယ့်နဲ့ရှုမလဲ ဝိဇ္ဇာဖြစ်အောင် ရှုရမယ်၊ ဘယ်လိုရှုရမလဲ ဆိုတော့ ဝိဇ္ဇာဆိုတာ ဘာလဲလို့ မြတ်စွာဘုရားကို ရဟန်းတော်တပါးက မေး လျှောက်ပါတယ်၊ ဘယ်လိုလဲ ပါဠိတော်က—

ဝိဇ္ဇာ ဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ၊ ကတမာ နုခေါ ဘန္တေ ဝိဇ္ဇာ၊ ကိတ္တာ-ဝတာ စ ဝိဇ္ဇာဂတော ဟောတိ-တဲ့။

http://www.dhammadownload.com

ဆိုလိုတာက အရှင်ဘုရား ဝိဇ္ဇာဆိုတာ ဘာကို ခေါ်ပါသလဲဘုရား၊ အဘယ်သို့သော သဘောအားဖြင့် ဝိဇ္ဇာဉာဏ်သို့ ရောက်ပါသလဲ ဘုရားတဲ့၊ ဒီတော့ မြတ်စွာဘုရားက—

ဣဓ ဘိက္ခု သုတဝါ အရိယသာဝကော ရူပံ ပဇာနာတိ၊ ရူပသမုဒယံ ပဇာနာတိ၊ ရူပနိရောဓံ ပဇာနာတိ၊ ရူပနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ၊ (ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့ကိုလဲ-နည်းတူသိ) အယံ ဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ၊ ဧတ္တာဝတာ စ ဝိဇ္ဇာဂတော ဟောတိ တဲ့။

အဓိပ္ပါယ်ကတော့ ချစ်သားရဟန်း အကြားအမြင်ရှိသော အရိယာ၏ တပည့်သည် ရုပ်ကို လူနဲ့ သတ္တဝါနဲ့ ခွဲခြားရှု သိ၏၊ ရုပ်၏အကြောင်းကို သိ၏၊ ရုပ်၏ ချုပ်ရာကို သိ၏၊ရုပ်၏ချုပ်ကြောင်း ကျင့်ဝတ်ကို သိ၏၊ အဲဒီလိုသိရင် ဝိဇ္ဇာဉာဏ်ဖြစ်တယ်၊ ဒီ-အသိဉာဏ်ကိုရရင် ဝိဇ္ဇာဉာဏ်သို့ ရောက်နေတယ်လို့ မိန့်တော်မူပါတယ်၊ အဲဒီလို ရုပ်နဲ့ လူနဲ့ သတ္တဝါနဲ့ ခွဲခြားသိအောင် ရှုကွက်ကို မြတ်စွာဘုရားက ဖော်ပြပေးလိုက်တယ်။

အဝိဇ္ဇာကို ဝိပဿနာရှုခြင်း။ ။တနည်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရား အနေနဲ့ အဝိဇ္ဇာကို ရှုပစ်ရမယ်။ ရှုကွက်ပေါ်အောင် ဖော်ပြီးတော့ ရှုပစ်ရမယ်၊ မြတ်စွာဘုရားက ဒီ-အဝိဇ္ဇာကို ရှုကွက်ဖော်ပေးထားသလဲ၊ ကြည့်–သုတ္တန်ပါတ်ပါဠိတော် ဒုယတာနုပဿနာသုတ် စာမျက်နှာ(၃၉၂)မှာ—

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ သဗ္ဗံ အဝိဇ္ဇာပစ္စယာတိ အယမေကာနုပဿနာ။

ယံကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဒုက္ခံ၊ ခန္ဓာဒုက္ခသည်။ သမ္ဘောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော ခန္ဓာငါးပါး ဝဋ်တရားဟု ဆိုအပ်သော ဆင်းရဲအပေါင်းသည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြင်ဝိပဿနာရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ဝိပဿနာရှုခြင်းသည်။ ကောနုပဿနာ၊ တခုသော ဝိပဿနာရှုခြင်း မည်၏။

အကြောင်းအကျိုးရှုကလဲ ဝိပဿနာမည်ပုံ အဝိဇ္ဇာဆိုတဲ့ သစ္စာလေးပါးကို မသိမှုသည် မိမိ၌ ထင်ရှားရှိလာလျှင် အဲဒီ အဝိဇ္ဇာ ထင်ရှားရှိနေမှုကြောင့် ခန္ဓာဒုက္ခတွေ မပြတ်မလပ် ဖြစ်ပေါ်နေရတာပါကလားလို့ ရှုနိုင်ရင် ဒါဟာ ဝိပဿနာရှုနည်း တမျိုးပါဘဲတဲ့၊ ဘာကို ရှုသလဲ အဝိဇ္ဇာဆိုတဲ့အကြောင်းနဲ့ ခန္ဓာဒုက္ခဆိုတဲ့ အကျိုးကို ဉာဏ်နဲ့ရှုနေတယ်၊

http://www.dhammadownload.com

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ အဝိဇ္ဇာလို့ဆိုတဲ့ တရားဟာ ပေါ်လာသလား ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဝိဇ္ဇာဆိုတဲ့ တရားတလုံး ထင်ရှားပေါ်လွင်လာအောင် ဘယ်သူက လုပ်ပေးသလဲ (သတိက လုပ်ပေးပါတယ်ဘုရား)၊ သတိနော် (မှန်ပါဘုရား)၊ အဲဒီ-သတိကြောင့် ပေါ်လွင်ထင်ရှားလာတဲ့ အဝိဇ္ဇာကို ဘာလုပ်ရမလဲ ဉာဏ်နဲ့ ရှုရမယ်၊ ဉာဏ်ဆိုတာ ဘာလဲ ဝိပဿနာနော် (မှန်ပါဘုရား)၊ ဘယ့်နဲ့ ရှုရမလဲဆိုရင် ဘုရားက ရှုပုံရှုနည်းနှင့် ရှုကွက်ကို ခုန ပြောခဲ့တဲ့အတိုင်း ညွှန်ပြပေးပါတယ်။

နောက်တနည်းကတော့—

> အဝိဇ္ဇာယတ္တေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ။ ဧဝံ သမ္မာ ဒုယတာနုပုဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒ္ဝိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

အဝိဇ္ဇာယတ္တေဝ၊ အဝိဇ္ဇာ၏ သာလျှင်။ အသေသဝိရာဂနိရောဓာ၊ မဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းခြင်းကြောင့်။ ဒုက္ခဿ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြောင်ရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ရှုခြင်းသည်။ ဒုတိယာနုပဿနာ၊ နှစ်ခုမြောက်သော ဝိပဿနာရှုနည်းမည်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ သမ္မာ၊ ကောင်းစွာ၊ ဒုယတာနုပဿိနော၊ နှစ်မျိုးသောအစိတ်အပိုင်းကို ဝိပဿနာရှုလေ့ရှိသည်ဖြစ်၍။ အပ္ပမတ္တဿ၊ မမေ့မလျော့သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကို ခန်းခြောက်စေသော လုံ့လဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော။ ဘိက္ခုနော၊ ဝိပဿနာအားထုတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်လည်းကောင်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒ္ဝိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏တဲ့။ ဒါ ဒုယတာနုပဿနာ သုတ်၊ နှာ ၃၉၂-မှာ။

ချစ်သားတို့ အဝိဇ္ဇာကို ဝိပဿနာရှုပစ်လိုက်လို့ရှိရင် ဒီမျက်မှောက်ဘဝမှာ အနာဂါမ်သော်လည်းကောင်း ရဟန္တာသော်လည်းကောင်း နှစ်မျိုးအနက် တမျိုးမျိုးဖြစ်မယ်တဲ့ မြတ်စွာဘုရားက။

http://www.dhammadownload.com

ယံကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဒုက္ခံ၊ ဝဋ်ဆင်းရဲသည်။ သမ္ဘောတိ၊ ဖြစ်ပေါ်လာ၏။ သဗ္ဗံ၊ အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းသည်။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၍လာ၏။ ဣတိ အယံ၊ ဤကဲ့သို့ အလုံးစုံဖြစ်သမျှ ဒုက္ခသစ္စာတရားတို့သည် အဝိဇ္ဇာကြောင့် ဖြစ်၏ဟူ၍ သိခြင်းသည်။ ဧကော၊ တခုသော။ အနုပဿနာ၊ ဝိပဿနာရှုခြင်းမည်၏။

အဝိဇ္ဇာကို ဉာဏ်ပေါ်အောင် ရှုက ဝိပဿနာရှုပုံကို မြတ်စွာဘုရား ဒီလိုပြတယ်၊
ဓမ္မာနုပဿနာသတိပဋ္ဌာန်ခေါ်ပုံ အဝိဇ္ဇာဓာတ်တလုံး မိမိရဲ့ အသိဉာဏ်ထဲမှာ
သတိဖြင့် ပေါ်လာအောင် ဖော်ပေးလိုက်၊

အလုံးစုံသော ဆင်းရဲဒုက္ခတွေဖြစ်နေတာ ဘယ်သူကြောင့် ဖြစ်နေသလဲ၊ အဝိဇ္ဇာကြောင့်၊ အဝိဇ္ဇာဆိုတာ ဘာလဲ သစ္စာလေးပါးကို အမှန်အတိုင်း မသိတဲ့ အဝိဇ္ဇာ၊ ဘုန်းကြီးတို့ ပရိသတ်မှာ အဲဒီသစ္စာလေးပါး မသိမှုရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။ ရုပ်ကို ရုပ်မှန်းမသိမှု၊ ရုပ်ဖြစ်လာတာကို မသိမှု၊ ရုပ်ရဲ့ချုပ်ရာကို မသိမှု၊ ရုပ်ရဲ့ချုပ်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ်ကို မသိမှု ဆိုတဲ့ အဲဒီမသိမှု ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီမသိမှုကို ဘာလို့ခေါ်သလဲ (အဝိဇ္ဇာပါဘုရား)၊ ဒီအဝိဇ္ဇာကို ဉာဏ်ထဲမှာ ပေါ်အောင် သတိနဲ့ထင်ရှားအောင်လုပ်နေ၁ (မှန်ပါဘုရား)၊ သတိနဲ့ထင်ရှားအောင်လုပ်လို့ အဝိဇ္ဇာဓာတ်ပေါ်လာရင် ဒီအဝိဇ္ဇာကြောင့် ဒုက္ခသစ္စာတွေအားလုံး ဖြစ်တယ်လို့ ရှုလိုက်ရင် အဲဒါ ဝိပဿနာရှုနည်း တမျိုးဘဲတဲ့။ **ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်တယ်။ အဲဒါ ဝိပဿနာရှုနည်းတမျိုးဘဲ။**

အဝိဇ္ဇာယတ္တေဝ အသေသဝိရာဂနိရောဓာ နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ-တဲ့။

အဝိဇ္ဇာယတ္တေဝ၊ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အကြွင်းအကျန်မရှိ မဂ်ဉာဏ်ဖြင့်ချုပ်ခြင်းကြောင့်။ ဒုက္ခဿ၊ ခန္ဓာဆင်းရဲ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြင်ဝိပဿနာရှုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ရှုခြင်းသည်။ ဒုတိယာနုပဿနာ၊ နှစ်ခုမြောက်သော ဝိပဿနာရှုခြင်းမည်၏။

ဝိပဿနာရှုနည်းတမျိုး။ ။အဲဒီ-ရှုနည်းကတော့ အဝိဇ္ဇာဆိုတဲ့ အကြောင်းတရား မဂ်ဉာဏ်ကြောင့် ချုပ်ငြိမ်းသွားရင် အကျိုးတရား ခန္ဓာဒုက္ခသစ္စာသည် ဖြစ်ခြင်းမရှိတော့ပဲ ငြိမ်းခြင်းကို ရှုသွားရမယ်၊ ဒီလိုရှုနိုင်ရင် ဝိပဿနာရှုနည်းတမျိုးလို့ ပါဠိတော်က ညွှန်ပြပါတယ်။ သတ္တဝါတွေဟာ အဝိဇ္ဇာမရှိရင် ဆင်းရဲအိုးမလား မဆင်းရဲတော့ဘူးလား (မဆင်းရဲ

http://www.dhammadownload.com

တော့ပါဘုရား)၊ ကိုယ်လဲ မဆင်းရဲတော့ဘူး၊ စိတ်လဲ မဆင်းရဲတော့ဘူး၊ ခန္ဓာဆင်းရဲလဲ မရှိတော့ဘူး၊ အဲသလို မဆင်းရဲတာ ဘာကြောင့်လဲ အဝိဇ္ဇာမရှိလို့နော်(မှန်ပါဘုရား)၊ ဒီလို ရှုနိုင်ခြင်းသည် ဒုတိယမြောက်ဖြစ်တဲ့ ဝိပဿနာရှုနည်းတမျိုးဘဲ။

အဲဒီလို နှစ်မျိုးသော ဝိပဿနာရှုနည်းကို မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်သည် ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ဒုယတာနုပဿနာသုတ် စာမျက်နှာ (၃၉၂)မှာ ဟောကြားတော်မူတယ်၊ အဲဒီဟောကြားတဲ့ ရှုကွက်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီကနေ့ အဲဒီလိုရှုရင် ဘာဖြစ်မလဲ အဝိဇ္ဇာကို ဝိပဿနာရှုခြင် (ဒုက္ခတွေအားလုံး ငြိမ်းပါမယ်ဘုရား)၊ ဒုက္ခတွေအားလုံးဖြစ်တယ် ဘာပြုလို့ဒုက္ခဖြစ်သလဲ(အဝိဇ္ဇာကြောင့် ဒုက္ခဖြစ်ပါတယ်ဘုရား)၊ အဝိဇ္ဇာကြောင့် ဘာတွေဖြစ်လာသလဲ ခုနပြောခဲ့တဲ့ ရူပက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာ ဖြစ်လာတယ်။ နာခေါင်းထဲက ထွက်တဲ့လေတည်းဟူသော ရူပက္ခန္ဓာ၊ ဒီရူပက္ခန္ဓာကို သိနေတဲ့ ဝိညာဏက္ခန္ဓာဆိုတဲ့ အဲဒီခန္ဓာတွေဖြစ်တယ်၊ ခန္ဓာလောက-က (မှန်ပါဘုရား)။

ခန္ဓာ ၅-ပါး ဒုက္ခဖြစ်ခြင်း။ ။အဲဒီခန္ဓာတွေဖြစ်လာတာဟာ ဒုက္ခလား သုခလား၊ (ဒုက္ခပါဘုရား)၊ ဘာဖြစ်လို့ ဒုက္ခလဲ ခန္ဓာတွေဖြစ်လာတာကို၊ ဘာဖြစ်လို့ ဒုက္ခလဲဆိုတော့ ဥပ္ပါဒ ဝယလို့ခေါ်တဲ့ ဖြစ်တဲ့အတွက် ဒုက္ခ ပျက်တဲ့အတွက် ဒုက္ခနော်(မှန်ပါဘုရား)၊ ခန္ဓာမှာကြည့်ရင် ဘာတွေ့မလဲ (အဖြစ်အပျက်တွေ့ပါတယ်ဘုရား)၊ဥပ္ပါဒေါ ပညာယတိနှင့်ဝယော ပညာယတိလို့ ပါဠိတော်မှာပြထားတဲ့အတိုင်း အဖြစ်နဲ့အပျက်ကို မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ ဖြစ်ထာသည် ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ ပျက်ထာသည် ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ ဒါဖြင့် ခန္ဓာမှာကြည့်ရင် ဒုက္ခအပြင် ဘာရှိသေးသလဲ (မရှိပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ် ဆင်းရဲတဲ့အထဲမှာ ခန္ဓာထက် ဆင်းရဲတာ ရှိသေးသလား (မရှိပါဘုရား)။ ပါဠိတော်မှာ—

✓"နတ္ထိ ခန္ဓသမာ ဒုက္ခာ"လို့ မြတ်စွာဘုရားကဟောပေးထားတယ်၊ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ခန္ဓာတည်းဟူသော ဝဋ်ဒုက္ခကြီးတွေဖြစ်နေတာ ဘယ်သူကြောင့်လဲဆိုတော့ အဝိဇ္ဇာကြောင့်၊ အဲသလို ရှုနိုင်ရင် ဝိပဿနာရှုနည်းတမျိုးဘဲတဲ့။

ဒီလိုဝိပဿနာရှုရင် ဒိဋ္ဌေဝ ဓမ္မေ၊မျက်မှောက်ဘဝ၌။အညာ ဝါ၊အရဟတ္တဖိုလ်ဆိုဘဲ့ ရဟန္တာပုဂ္ဂိုလ် အဖြစ်ကိုလည်းကောင်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်ကိုလည်းကောင်း။ ပါဠိကခ်ံ=ပါဠိကခ်ီ၊ အလိုရှိအပ်၏။

http://www.dhammadownload.com

နောက်တနည်း အဝိဇ္ဇာနှင့်ပတ်သက်လို့ ရှုစရာတရားကွက်ကို မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ္တန် စာမျက်နှာ(၆၇)မှာ ဟောထားတာ ရှိသေးတယ်။ အဲဒါကို နဲနဲဟောပေးဦးမယ်။ ဘာတဲ့လဲ။

> ယတော ခေါ အာဝုသော အရိယသာဝကော အဝိဇ္ဇံ ပဇာနာတိ၊ အဝိဇ္ဇာသမုဒယံ ပဇာနာတိ၊ အဝိဇ္ဇာနိရောဓံ ပဇာနာတိ၊ အဝိဇ္ဇာ-နိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ။ တော်ဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတာသာ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ။

အာဝုသော၊ ငါ့ရှင်။ ယတော၊ အကြောင်အခါ၌။ အရိယသာဝကော၊ အရိယာ၏တပည့်သည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာကိုလည်း။ ပဇာနာတိ၊ ခွဲခြားသိ၏။ အဝိဇ္ဇာသမုဒယံ၊ အဝိဇ္ဇာ၏ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ ခွဲခြားသိ၏။ အဝိဇ္ဇာနိရောဓံ၊ အဝိဇ္ဇာ၏ ချုပ်ခြင်းကိုလည်း။ ပဇာနာတိ၊ ခွဲခြားသိ၏။ အဝိဇ္ဇာနိရောဓဂါမိနိံ၊ အဝိဇ္ဇာချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော၊ ပဋိပဒံ၊ ကျင့်ဝတ်ကိုလည်း။ ပဇာနာတိ၊ ခွဲခြားသိ၏။ အာဝုသော၊ ငါ့ရှင်တို့။ တော်ဝတာပိ၊ ဤမျှလောက် အသိဉာဏ်ကို ရခြင်းဖြင့်လည်း။ အရိယသာဝကော၊ မြတ်စွာဘုရား၏တပည့်သားသည်။ သမ္မာဒိဋ္ဌိ၊ မှန်သောအယူရှိသည်။ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုအရိယသာဝက၏။ ဒိဋ္ဌိ၊အယူသည်။ဥဇုဂတော၊ ဖြောင့်မှန်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဓမ္မေ၊ တရားတော်၌။ အဝေစ္စပ္ပသာဒေန၊ မတုန်လှုပ်သော သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣမံ သဒ္ဓမ္မံ၊ ဤသူတော်ကောင်းတို့၏ တရားသို့။ အာဂတော၊ သက်ရောက်၍လာသည်။ ဟောတိ၊ ဖြစ်လေတော့၏။

အဝိဇ္ဇာဖြစ်ရာနှင့်ချုပ်ရာကိုသိသင့်ခြင်း။ ။အဓိပ္ပါယ်ကတော့ မြတ်စွာဘုရား၏ သာသနာတော်ကို သက်ဝင်ယုံကြည်၍လာတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် အဝိဇ္ဇာနှင့် အဝိဇ္ဇာဖြစ်ကြောင်း အဝိဇ္ဇာချုပ်ရာ အဲဒီ အဝိဇ္ဇာချုပ်ရာသို့ ရောက်ကြောင်း ကျင့်ဝတ်တို့ကို ခွဲခြားသိနိုင်ရင် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ကို ရပြီးတော့ အယူဖြောင့်မှန်သူ တရားတော်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သူ အဖြစ်သို့ရောက်ပြီး အဝိဇ္ဇာအမှောင်ထုကြီးကို ဖျက်ဆီးနိုင်တယ်လို့ ဆိုလိုတယ်။

ဒါဖြင့် အဝိဇ္ဇာဆိုတာ ဘာလဲ,အဝိဇ္ဇာသမုဒယဆိုတာ ဘာလဲ,အဝိဇ္ဇာနိရောဓဆိုတာ ဘာလဲ၊, အဲဒီ အဝိဇ္ဇာချုပ်ရာသို့ ရောက်နိုင်တဲ့ ကျင့်ဝတ်က ဘာလဲလို့ ဆိုတော့ မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ် စာမျက်နှာ (၆၇)က ဆက်ပြီး ဟောပေးပါတယ်။

http://www.dhammadownload.com

ကတမာ ပနာဝုသော အဝိဇ္ဇာ၊ ကတမော အဝိဇ္ဇာသမုဒယော၊ ကတမော အဝိဇ္ဇာနိရောဓော၊ ကတမာ အဝိဇ္ဇာနိရောဓဂါမိနီပဋိပဒါ။ ယံ ခေါ အာဝုသော ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခ-နိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတာဝုသော အဝိဇ္ဇာ။

ငါ့ရှင်တို့ ဝိညာဏ် နာမ် ရူပ် ဆိုတဲ့ တရားတွေရဲ့ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက်လို့ ဆိုတဲ့ ဒုက္ခသစ္စာတရားစုကို မသိခြင်းသည်၊ တနည်း ပြောရရင် ဝိညာဏ် နာမ် ရူပ် ဆိုတဲ့ ခန္ဓာငါးပါးသည် ဖြစ်ခြင်း ပျက်ခြင်း ဖောက်ပြန်ခြင်းကြောင့် ဆင်းရဲတဲ့အတွက် ဒုက္ခသစ္စာတရားဟု မှန်ကန်စွာ ခွဲခြား၍ မသိခြင်းသည် အဝိဇ္ဇာမည်၏၊ အဝိဇ္ဇာလို့ မှတ်ပါ။

ဒုက္ခသစ္စာကို မသိကြောင်း တရား ၄-ပါး။ ။ဒီနေရာမှာ ဒုက္ခသစ္စာကို မသိခြင်း၏ အကြောင်းသည် လေးပါးရှိတယ်။ ဘာလဲလို့ဆိုတော့–အန္ဓောဂဓတော, ဝတ္ထုတော, အာရမ္မဏတော, ပဋိစ္ဆာဒနတော တဲ့ (မူလပဏ္ဏာသအဋ္ဌကထာ၊ပ၊နှာ ၂၂၀) အဓိပ္ပါယ်ကတော့ (၁) ဒုက္ခသစ္စာ၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ (၂) ဒုက္ခသစ္စာလျှင် မှီရာဝတ္ထုရှိသောကြောင့်လည်းကောင်း(၃)ဒုက္ခသစ္စာလျှင် အာရုံရှိသောကြောင့် လည်းကောင်း၊ (၄) ဖုံးလွှမ်းတတ်သောကြောင့်လည်းကောင်း၊ အဲဒီအကြောင်းလေးပါးကြောင့် အဝိဇ္ဇာသည် ဒုက္ခသစ္စာကို ခွဲခြား၍ မသိနိုင်လို့ အဋ္ဌကထာက ဖော်ပြပေးတယ်။ သမုဒယသစ္စာကို မသိခြင်းအကြောင်းကတော့ ဝတ္ထု, အာရမ္မဏ, ပဋိစ္ဆာဒန၊ ဤ ၃-ပါးတဲ့၊ နိရောဓနှင့်မဂ္ဂသစ္စာကို မသိခြင်း အကြောင်းကတော့ ပဋိစ္ဆာဒန တပါး ပါပဲတဲ့၊ ကိုင်း တာရှိပါစေတော့ (အလိုရှိလျှင် အဋ္ဌကထာမှာကြည့်)

အာသဝကြောင့် အဝိဇ္ဇာဖြစ်ခြင်း။ ။ခုပြောတာ အဝိဇ္ဇာ မည်ပုံနော်၊ အကျဉ်းချုပ်ကတော့ သစ္စာလေးပါးကို မသိတာသည် အဝိဇ္ဇာပဲ အဝိဇ္ဇာလို့မှတ်ပါ။ အဝိဇ္ဇာသမုဒယ အဝိဇ္ဇာဖြစ်ကြောင်းတရားက ဘာလဲလို့ဆိုတော့ အာသဝသမုဒယော-တဲ့ ပါဠိတော်က၊ ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဆိုတဲ့ အာသဝတရားကြောင့် အဝိဇ္ဇာဖြစ်ပါတယ်တဲ့၊ ဒီတော့ အဝိဇ္ဇာဖြစ်ခြင်းရဲ့ အကြောင်းဟာ အာသဝတရားတွေပဲ ကာမာသဝ ဘဝါသဝ-က သဟဇာတစသောပစ္စည်းဖြင့် အဝိဇ္ဇာကို ဖြစ်စေတယ်၊ အဝိဇ္ဇာသဝကတော့ ဥပနိဿယပစ္စည်းဖြင့် အဝိဇ္ဇာကို ဖြစ်စေတယ်လို့ မှတ်ပါ။

အာသဝချုပ်ခြင်းကြောင့် အဝိဇ္ဇာချုပ်ပုံ။ ။အဝိဇ္ဇာနိရောဓ အဝိဇ္ဇာ၏ချုပ်ရာက ဘာလဲလို့ဆိုတော့ အာသဝ-

http://www.dhammadownload.com

နိဏောဓာ အဝိဇ္ဇာနိဏောဓော-တဲ့ အာသဝချုပ်လျှင် အဝိဇ္ဇာ ချုပ်တာပဲ၊ ကျင့်ဝတ်ကတော့ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးဖြစ်တယ်လို့ အဲဒီလို အဝိဇ္ဇာနှင့် အဝိဇ္ဇာသမုဒယ အဝိဇ္ဇာနိဏောဓ အဝိဇ္ဇာနိဏောဓ ဂါမိနီ ပဋိပဒါ ဆိုတဲ့ လေးချက်ကို ဟုတ်တိုင်းမှန်စွာ သိလျှင် ထိုကဲ့သို့ သိသော ပညာရှိသည် အလုံးစုံသော ရာဂါနုသယကို ပယ်ပြီး၍ ပဋိဃာနုသယကို ပယ်ဖျောက်ပြီးလျှင် အသို့မာနဟူသော ဒိဋ္ဌိနှင့်တူသော မာနာနုသယကို ပယ်နုတ်နိုင်၍ အဝိဇ္ဇာကိုပယ်၍ ဝိဇ္ဇာဉာဏ်ကို ဖြစ်စေပြီးလျှင် ယခုမျက်မှောက်မှာပင် ဝဋ်ဆင်းရဲကုန်ခြင်း၏ အဆုံး နိဗ္ဗာန်ချမ်းသာကို ရနိုင်တယ်ဟု မှတ်ရမယ်၊ ဒါကို မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ် စာမျက်နှာ (၆၀) က —

> သော သဗ္ဗသော ရာဂါနုသယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနော-ဒေတ္ဝာ အသ္မီတိ ဒိဋ္ဌိမာနာနုသယံ သမူဟနိတ္ဝာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတ္ဝာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

လို့မိန့်တော်မူပါတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ယခုပြခဲ့တဲ့ အဝိဇ္ဇာပိုင်းကို ယခုလို ရှုနိုင်ရင် မျက်မှောက်ဘဝမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်၊ ဒါကြောင့် အဝိဇ္ဇာကို ယခုပြခဲ့တဲ့နည်း အတိုင်း ဝိပဿနာရှုကွက် ဖော်၍ရှုကြရမယ်၊ ဒါဟာ အဝိဇ္ဇာကို ဝိပဿနာရှုနည်း လို့ မှတ်ပါ။

နောက်တနည်း အဝိဇ္ဇာနှင့်ပတ်သက်လို့ ပါဠိတော်တဘုက ဟောပေးထားတာ ရှိပါသေးတယ်။ ဒီပါဠိတော်ကတော့ သဠာယတနသံယုတ်ပါဠိတော်တဲ့၊ မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တပါးက မြတ်စွာဘုရားကို လျှောက်တယ်၊ ဘယ်လိုလျှောက်ထားသလဲဆိုတော့ —

> ကထံ နုခေါ ဘန္တေ ဇာနတော ကထံ ပဿတော အဝိဇ္ဇာ ပဟီ-ယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ – တဲ့။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဇာနတော၊ သိသောသူသည်။ ကထံ၊ အဘယ်သို့လျှင်။ ပဿတော၊ ရှုမြင်သောသူသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ နုခေါ၊ ပယ်အပ်ပါသနည်း။ ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်သည်။ ဥပ္ပဇ္ဇတိ နုခေါ၊ ဖြစ်ပါသနည်း – တဲ့။

အဓိပ္ပါယ်က ဘာတဲ့လဲ ဖြစ်နေတဲ့ အဝိဇ္ဇာကို ပယ်နိုင် ဖျောက်နိုင်ဘို့ ဝိဇ္ဇာဉာဏ်ဖြစ်ဘို့ အဘယ်သို့ ရှုမြင်ရပါမည်နည်း မြတ်စွာဘုရားတဲ့၊ ဒီတော့-မြတ်စွာဘုရားက အဝိဇ္ဇာကို ပယ်နိုင်တဲ့ ဝိပဿနာရှုနည်းကို ဟောကြားပေးတော်မူလိုက်တယ်၊ ဘယ်လိုဟောသလဲ ဆိုတော့ —

http://www.dhammadownload.com

စက္ခုံ ခေါ ဘိက္ခု အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီ-ယတိ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ ရူပေ အနိစ္စတော ဇာနတော စက္ခုဝိညာဏံ စက္ခုသမ္ဖဿံ၊ ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ–

လို့ ဟောပေးတော်မူတယ်။

အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ်ရောက်ခြင်း။ ။အဓိပ္ပါယ်ကတော့ ချစ်သား ရဟန်း စက္ခုပသာဒရူပ် ရူပါရုံ စက္ခုဝိညာဉ် စက္ခုသမ္ဖဿ စက္ခုသမ္ဖဿဇာ သုခ ဒုက္ခ အဒုက္ခမသုခဆိုတဲ့ ဝေဒနာ။ အဲဒီတရားလုံးတွေကို ပေါင်းလိုက်ရင် ဝိညာဉ် နာမ် ရုပ် ဆိုတဲ့ ခန္ဓာတွေဖြစ်တယ်၊ အဲဒီခန္ဓာတွေကို အနိစ္စအနေအားဖြင့် ရှုမြင်နိုင်လျှင် အဝိဇ္ဇာပျောက်ပြီး ဝိဇ္ဇာဉာဏ် ရောက်နိုင်ပါတယ်တဲ့ မြတ်စွာဘုရားက။ သောတ ဃာန စသည်တို့မှာလဲ ထို့အတူပါဘဲ၊ ဒီတော့ အဲဒီတရားစုတွေမှာ မြင်မှု ကြားမှု နံမှု လျက်မှု တွေ့ထိမှု တွေးတောကြံစည်မှုတွေ အားလုံးသောတရားတွေကို ဝိပဿနာ ရှုကွက်ပေါ်အောင် သတိဖြင့် ထင်ရှားပေါ်လွင်စေပြီးတော့ ပညာဉာဏ်ဖြင့် ရှုပေးမယ်ဆိုရင် အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဉာဏ်ပေါ်နိုင်ပါတယ်၊ ကိုင်း ပဌမနေ့ အတွက် အချိန်စေ့သွားပြီ တရားချကြစို့ရဲ့။

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ (ပါရာယနေ၊ ပါရာယနဝဂ်၌။) အဇိတပဉ္ဇေ၊ အဇိတ လုလင်သည် မေးအပ်သော အမေးပုစ္ဆာပြဿနာ၌။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ နိဝု-တောတိ၊ လောကကြီးကို ဖုံးလွှမ်းတတ်သောတရားဟူ၍။ ဝိသဇ္ဇေတိ၊ ဖြေကြား၍ ဟောကြားတော်မူလိုက်ပါသတည်း။

သာဓု သာဓု သာဓု။

အဇိတသုတ္တန် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

၁-အဇိတသုတ္တန် ဒုတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်အတွင်းရှိ ဝိပဿနာမှာရုံတော်ကြီးတွင် ဝိဖဿနာလုပ်ငန်းနှင့်ပတ်သက်၍ (ဒုတိယည)ဆက်စပ်ဟောကြားအပ်သော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော အဇိတသုတ္တန် ဒုတိယပိုင်း တရားတော်။

အဲဒီတရားတော်ကို မဟာမိ ရွှေဦးစွာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဘုရားရှိခိုးကြရအောင်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘုရားကို ရှိခိုးခြင်း။ ။အရဟတော၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးတို့နှင့် လျှုဒါန်းဖွယ်အထူးထူး အရှိအသေပြုခြင်းစသည်တို့ကို ခံယူခြင်းငှါ ထိုက်တော်မူပေထသော။ အရဟတော၊ ဆိပ်ကွယ်ရာ အရပ်၌ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ဖြင့် မကောင်းတာမှန်သမျှကို ပြုတော်မမူပေထသော, ပြောတော်မမူပေထသော, ကြံစည်တော်မမူပေထသော။ အရဟတော၊ အတွင်းမှာရှိတဲ့ တထောင့်ငါးရာ ကိလေသာရန်, အပြင်မှာရှိတဲ့ရန်တွေကို အကြွင်းအကျန် မထားဘဲ အောင်နိုင်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်သာလျှင် ကောင်းစွာထိုးထွင်း၍ သိတော်မူတတ်ပေသော။ ဘဂဝတော၊ ဣဿရိယသီရိ ကာမ ဓမ္မ ယသ ပယတ္တမည် ဘုန်းတော်ခြောက်လိန္နင့် ပြည့်စုံတော်မူပေထသော။ တဿ၊ သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်သိသကဲ့သို့ သတ္တဝါဝေနေယျတို့အား သစ္စာလေးပါး မြတ်တရားကို သိအောင် ဟောညွှန်တတ်ပေသော ထိုရွှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော သမ္ဗညုရှင်တော်မြတ်ဘုရားအား။ မေ=အမှာကံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဆိုကြပေကုန်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။ နမော၊ ကိုယ်နှုတ်နှလုံး သုံးပါးပျော်ငြိမ်းပျော့ မာန်ကိုလျော့၍ ရိုသေမြတ်နိုး လက်အုပ်မိုးရှိခိုးခြင်းသည်။ အတ္ထု=ဘဝတု၊ အန္တရာယ်ကင်းခြင်းဟောလိုသောတရား၏ ချောချောမောမောနှင့် အပြီးအဆုံးသို့ရောက်ခြင်းငှါ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပသော မြတ်စွာဘုရား သီတင်းသုံးနေတော်မူတာက ဘယ်မှာလဲလို့ဆိုရင် ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးနေတဲ့အခါ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ပုဏ္ဏား တဆဲ့ခြောက်ယောက် တို့တွင် အကြီးဆုံး စျာန်သမာပတ်ရပြီးသားဖြစ်တဲ့ အဇိတရသေ့ မေးတဲ့မေးခွန်းကို မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

လောကကြီးကို အဝိဇ္ဇာဖုံးလွှမ်းပုံ။ ။လောကကြီးကို ဖုံးလွှမ်းထားတဲ့တရား ဟာ ဘယ်တရားပါလဲ ဘုရားလို့ မြတ်စွာဘုရားကိုလျှောက်တော့ မြတ်စွာဘုရားက ဖြေလိုက်တယ်၊ အဝိဇ္ဇာသည် လောကကို ဖုံးလွှမ်းတတ်သော တရားဘဲတဲ့၊ ဒီအဝိဇ္ဇာနဲ့ပတ်သက်လို့လဲဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကို **ဓမ္မာနုပဿနာ** အနေနဲ့ ဝိပဿနာရှုပုံ ရှုနည်းကို ညက ဟောပြောပေးခဲ့ပြီ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ သတိထားရမှာက ဝိပဿနာ လုပ်ငန်းကို လုပ်တယ်ဆိုတာ ကာယာနုပဿနာသတိပဋ္ဌာန်အနေနဲ့ လုပ်တာက တမျိုးရှိတယ်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ဝေဒနာကို ဝိပဿနာရှုတာ တမျိုးရှိတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဆိုပြီး စိတ်ကို သတိဖြင့် ထင်ရှားအောင်လုပ်ပြီး ပညာနဲ့ဝိပဿနာရှုတာ တမျိုးရှိတယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ဆိုပြီးတော့ ဓမ္မလို့ခေါ်တဲ့ မြတ်စွာဘုရားဟောကြားတော်မူထားတဲ့ တရားအားလုံးတိုင်း အားလုံးတိုင်းကို သတိနဲ့ ထင်ရှားအောင် ပြုလုပ်ပြီးတော့ ဝိပဿနာရှုတဲ့ ရှုနည်းမျိုး တမျိုးရှိတယ်၊ ဘယ်နှစ်မျိုးလဲ (လေးမျိုးပါဘုရား)။

နာမ်တရားကို ဝိပဿနာရှုနည်း။ ။အဲဒီ လေးမျိုး လေးစား လေးပါးသော ဝိပဿနာရှုနည်းတို့တွင် ယနေ့ ဘုန်းကြီးတို့ ပြနေတဲ့ ဝိပဿနာရှုနည်းက ဓမ္မာနုပဿနာ ဝိပဿနာရှုနည်း ဆိုတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားအလုံးတိုင်း အလုံးတိုင်းကို ဝိပဿနာရှုတဲ့နည်း၊ ရူပ်ကိုသာ ဝိပဿနာရှုရမှာ မဟုတ်ဘူး၊ စိတ်ကိုသာ ဝိပဿနာရှုရမှာ မဟုတ်ဘူး၊ အဝိဇ္ဇာလို့ခေါ်တဲ့ နာမ်တရားကိုလဲ ဝိပဿနာရှုရမယ်၊ ဒီတော့ အဲဒီ အဝိဇ္ဇာလို့ခေါ်တဲ့ နာမ်တရားကို ဝိပဿနာရှုရမယ်၊ အဝိဇ္ဇာကို ဝိပဿနာရှုပုံရှုနည်းတွေကို ပြီးခဲ့တဲ့ညက ဘုန်းကြီးတို့ ဟောပေးခဲ့ပြီးပြီ။

အဝိဇ္ဇာကို ဝိပဿနာရှုသလို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တဆဲ့နှစ်ပါးကိုလဲ ဝိပဿနာရှုပေးရမယ်၊ ရှုနည်းက ဘယ်လိုလဲ—

ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုနည်း။ ။ပဋိစ္စသမုပ္ပါဒ် တောအုပ်ကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်အလောင်းတော်ကြီးသည် ဝိပဿနာရှုပြီးတော့ သစ္စာလေးပါးကို သိတော်မူပါတယ်၊

http://www.dhammadownload.com

သစ္စာလေးပါးမသိခင် ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုတော့မယ်ဆိုတော့ ရှေးဦးစွာ အာနာပါနစျာန်ကို နှလုံးသွင်းတော်မူတယ်၊ အဲဒီအာနာပါနဆိုတဲ့ စျာန်ကို နှလုံးသွင်းပြီးနောက်မှ ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုပစ်တယ်၊ ဒါ မြတ်စွာဘုရား ရဲ့ အကျင့်ဘဲ။

ထိုထိုပါဠိတော်မှာ ဒီစကားကို မြတ်စွာဘုရား ဟောထားတာရှိတယ်၊ လုပ်ပုံလုပ်နည်းက ဘယ်လိုလဲ အင်မတန် အားခွန်ဗလရှိတဲ့ အမျိုးကောင်းသား ယောကျ်ားတယောက်ဟာ အင်မတန်ရွှပ်ထွေးလှတဲ့ ကိုင်းတော ကျူတောကြီး ထဲကို ခုတ်ထွင်ရှင်းလင်း သုတ်သင်တော့မယ်ဆိုတော့ လက်ထဲ ဘာကိုင်ထားသလဲ အင်မတန်ထက်လှတဲ့ ဒါးကိုကိုင်ထားတယ်၊ အဲဒီ ထက်လှစွာသောဒါးဖြင့် ကျူတောကြီး ကိုင်းတော ဝါးတောကြီးတွေကို ခုတ်ထွင်ရှင်းလင်းတဲ့ အခါမှာ ခုတ်ပါများလာတော့ အဲဒီ ဒါးဟာ တုန်းလာတယ်၊ တုန်းလာတဲ့အခါကြတော့ ကိုင်းတော ကျူတောကို ရှင်းပေးတဲ့ပုဂ္ဂိုလ်ဟာ ဘာလုပ်သလဲလို့ဆိုတော့ သူ့ ဒါးကို ဒါးသွေးကျောက်မှာ ထက်အောင်သွေးလိုက်တယ်၊ ဒါးကထက်လာလိုက် ကိုင်းတော ကျူတောကြီးတွေကိုခုတ်လိုက် ထွင်လိုက် ရှင်းလိုက်၊ ခုတ်ဖန်ထွင်ဖန် များလာတော့ ဒါးက တုန်းလာလိုက်၊ ဒါးသွေးကျောက်မှာ ဒါးကိုသွေးလိုက်၊ ထက်လာတဲ့ အခါကြတော့ ကိုင်းတော ကျူတောကြီးကို ခုတ်ထွင်ရှင်းလင်းလိုက်နဲ့ဘဲ ကိုင်းတော ကျူတောကြီးတွေရှိသရွေ့ ဝါးရုံတောကြီးတွေရှိသရွေ့ အကုန်လုံး ရှင်းလင်းပြီး ပျောက်ကုန်တယ် အကုန်လုံး ချုပ်ငြိမ်းကုန်တယ်တဲ့။

ဥပမာ ဥပမေယျဟပ်ပြချက်။ ။အဲဒီ ဥပမာစကားလိုဘဲ ဥပမေယျက ဘယ်လိုပြသလဲလို့ဆိုတော့ မြတ်စွာဘုရားရဲ့အလောင်းတော်သည် အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ခေါ်တဲ့ မဟာကုသိုလ်နဲ့ယှဉ်တဲ့ ပညာဇွန် စေတသိက်တည်းဟူသော ဉာဏ်ဒါးကို အာနာပါနစျာန်တည်းဟူသော ဒါးသွေးကျောက်မှာ သွေးပြီးတော့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် အစရှိတဲ့ ပဋိစ္စသမုပ္ပါဒ် တဆဲ့နှစ်ရပ်သော တောအုပ်ကြီးတွေကို ခုတ်ထွင်ရှင်းလင်းပြီးလို့ ပဋိစ္စသမုပ္ပါဒ် တဆဲ့နှစ်ရပ်သော တောကြီးတွေ ရှင်းလင်းသွားတဲ့အခါမှာ နိဗ္ဗာန်ကို ရောက်လို့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် သမ္မညုတဉာဏ်ကြီးကို ရပြီး သစ္စာလေးပါးကို ကိုယ်တော်တိုင် သိမြင်၍ ဘုရားဖြစ်တော်မူပါတယ်။

ဒီဥပမာမျိုးလိုဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဉာဏ်တည်းဟူသော ဒါးကလေး သွေးဘို့တော့ဖြင့် အာနာပါနအာရုံကလေးကို နှလုံးသွင်းထား၊အာနာပါနအာရုံကလေး နှလုံးသွင်းထားနော်၊ မြတ်စွာဘုရားကို အဇိတရသေ့မေးတာက—

ကေနဿု နိဝုတော လောကော

http://www.dhammadownload.com

လောကကြီးကို ဖုံးလွှမ်းထားတဲ့ တရားဟာ ဘယ်ဘရားပါလဲ မြတ်စွာဘုရား။

မြတ်စွာဘုရားက ဖြေတယ်—

အဝိဇ္ဇာဃ နိဝုတော လောကော၊ အဝိဇ္ဇာသည် သမုတိသစ္စာနယ်မှာ ရှိတဲ့ လောက, ပရမတ္ထသစ္စာနယ်မှာရှိတဲ့ လောက နှစ်ပါးစလုံးကို မမြင်နိုင်အောင် ဖုံးလွှမ်းထားတဲ့ တရားဘဲလို့ မြတ်စွာဘုရားက ဒီလိုဖြေပြီးပြီ၊ ဒီအကြောင်းကို ညက ဘုန်းကြီးတို့ ဟောပေးခဲ့ပြီးပြီ။

ဒုတိယမေးခွန်းဖြစ်တဲ့ မေးခွန်းကို ဒီကနေ့ မေးပြီးတော့ ဖြေရလိမ့်မယ်၊ ဒုတိယမေးခွန်းက ဘာတဲ့လဲ-ကေနဿု နပ္ပကာသတိ-တဲ့၊ ဘန္တေ၊ ဘုန်းတော် နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ကေန၊ အဘယ် တရားကြောင့်။ လောကော၊ လောကသည်။ နပ္ပကာသတိ၊ မထင်ရှားပါသနည်း။ (ဝါ) ဉာဏ်မထွက်ပါသနည်း။

ဝိပဿနာရှုမှုအတွက် ဉာဏ်လိုပုံ။ ။ဝိပဿနာ လုပ်ငန်းတွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေ လုပ်နေကြတယ်၊ ဝိပဿနာ လုပ်ငန်းကို လုပ်တဲ့အခါ ဝိပဿနာအလုပ်ကို လုပ်တိုင်း လုပ်တိုင်း ဉာဏ်မထွက်ဘူး၊ အဲဒီမြတ်စွာဘုရားကို ပုစ္ဆာမေးနေတဲ့ အဇိတ-လို့ ခေါ်တဲ့ ပုဏ္ဏားပညာရှိ ရသေ့ကြီးသည်ပင်လျှင် သမာဓိစျာန်ကို ကျကျနနရပြီးသား, စျာန်ရပြီးသား ပုဂ္ဂိုလ်၊ အဲဒီစျာန်ရပြီးသား ပုဂ္ဂိုလ်မှာ ရှိနေတဲ့ စျာန်နဲ့ယှဉ်တဲ့ အသိဉာဏ်သည် ဝိပဿနာဉာဏ် ပေါ်လာအောင် သူက မထင်ရှားဘူး၊ ဒီတော့ မြတ်စွာဘုရားကို သူက လျှောက်နေပြီ—

ကေနဿု နပ္ပကာသတိ-လို့ မေးတဲ့ အမေးကို မြတ်စွာဘုရားက ဖြေမလို့၊ ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ-တဲ့။ ဝေဝိစ္ဆာ၊ ဝန်တိုခြင်းဆိုတဲ့ မစ္ဆရိယတရား ကြောင့် လည်းကောင်း။ ပမာဒါ၊ ကုသိုလ်ကောင်းမှုကို မေ့လျော့ခြင်းဆိုတဲ့ ပမာဒတရားကြောင့်လည်းကောင်း။ လောကော၊ လောကသည်။ နပ္ပကာသတိ၊ မထင်ရှား။

အဲဒီ နပ္ပကာသတိကို စူဠနိဒ္ဒေသပါဠိတော်က ဘယ်နယ် ဖွင့်ထားသလဲလို့ ဆိုတော့ နပ္ပကာသတိ နပ္ပဘာသတိတဲ့၊ နပ္ပဘာသတိ-ကို စူဠနိဒ္ဒေသ အဋ္ဌ-ကထာက ဘယ်လိုဖွင့်ထားသလဲလို့-ဆိုတော့ ဉာဏပွဘဲ့ နကရောတိ – ဒါ အဋ္ဌ-ကထာ ဆရာဖွင့်တာ၊ နပ္ပကာသတိရဲ့ အဓိပ္ပါယ်ဟာ မပေါ်လွင်ဘူး၊ မထင်ရှား ဘူး၊ ဘာတွေ့ မပေါ်လွင်သလဲ၊ ဘာတွေ့ မထင်ရှားသလဲ၊ ဝိပဿနာရှုရမည့် အာရုံတွေဖြစ်တဲ့ လောကကြီး ပေါ်လွင်မလာဘူး၊ လောကကြီး ထင်ရှားမလာ

http://www.dhammadownload.com

ဘူး၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် ကျော်ကြားပြီးတော့ မလာဘူး၊ ဘာဖြစ်လို့လဲ ဉာဏ်မရှိလို့၊ ဒီဉာဏ်တွေ ဘာ့ကြောင့် မပေါ်သလဲ၊ ဘာကြောင့် သီလစသော ကောင်းသောဂုဏ်သတင်းတို့ဖြင့် မကျော်ကြားသလဲ-ဆိုတော့၊ ဝန်တိုခြင်း 'ဝေဝိစ္ဆ'၊ မေ့လျော့ခြင်း 'ပမာဒ'တို့ကြောင့်။ နပ္ပဘာသတိ၊ မထင်ရှား။ ဉာဏပ္ပဘံ နကရောတိ၊ ဝန်တိုခြင်းဆိုတဲ့ ဝေဝိစ္ဆတရားနဲ့ ပမာဒလို့ ခေါ်တဲ့ ကုသိုလ်ကောင်းမှုကို မေ့လျော့တဲ့ တရားသည်။ ဉာဏပ္ပဘံ၊ ဉာဏ်တည်းဟူသော အရောင်အလင်းကို။ နကရောတိ၊ ပြုလုပ်၍ မပေးတတ်ဘူးတဲ့။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများက ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်မှာ ဉာဏ်လိုသလား၊ မလိုဘူးလား (လိုပါတယ်ဘုရား)။

ဝန်တိုမှုကြောင့် ဉာဏ်မထင်ရှားခြင်း။ ။ဉာဏ်ဆိုတာ ပညာ, သမ္မာဒိဋ္ဌိ ဓမ္မဝိစယ, အမောဟ စသည်ဖြင့် သမ္မာဒိဋ္ဌိတို့ အမောဟတို့ ပညိန္ဒြေတို့ဆိုတာ အတူတူဘဲ၊ ဗောဇ္ဈင်ခုနစ်ပါးထဲက ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဟာ ဉာဏ်ပညာ၊ အဲဒီ ဝိပဿနာကို ရှုဘို့ရန်အတွက် ဉာဏ်တွေ မထင်ရှားဘဲ ဖြစ်နေတာဟာ ဘာဖြစ်လို့လဲ-ဆိုတော့ မစ္ဆရိယတရားနဲ့ ပမာဒတရားကြောင့်တဲ့၊ ဉာဏပ္ပဘံ နကရောတိ အဲဒီဉာဏ် တည်းဟူသော အရောင်ကို ပြုလုပ်ပြီးတော့ မပေးဘူးတဲ့၊ ဘယ်သူက ပြုလုပ်မပေးဆလဲလို့-ဆိုတော့ မိမိမှာရှိနေတဲ့ မစ္ဆရိယတရားနဲ့ ပမာဒတရားက-တဲ့၊ မစ္ဆရိယတရားဆိုတာ ဘာလဲလို့-ဆိုတော့ ပါဠိတော်က—

> ပဋိမာနိ ဘိက္ခဝေ မစ္ဆရိယာနိ။ ကတမာနိ ပဉ္စ၊ အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ, လာဘမစ္ဆရိယံ, ဝဏ္ဏမစ္ဆရိယံ, ဓမ္မမစ္ဆရိယံ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ မစ္ဆရိယာနိ။ ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ မစ္ဆရိယာနံ တေ ပဋိကုဋ္ဌံ ယဒိဒံ ဓမ္မမစ္ဆရိယန္တိ—တဲ့။
>
> ပဉ္စဂုံတ္တိရ်ပါဠိတော် ပဉ္စမစ္ဆရိသုတ် နှာ-၂၃၈။

ဘိက္ခဝေ၊ ရဟန်းတို့။ မစ္ဆရိယာနိ၊ ဝန်တိုခြင်းတို့သည်။ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့ပင်တည်း။ ကတမာနိ ပဉ္စ၊ အဘယ်ငါးပါးတို့နည်း။ အာဝါသမစ္ဆရိယံ၊ ကျောင်းတိုက် ကျောင်းခန်းတို့၌ ဝန်တိုခြင်းလည်းကောင်း။ ကုလမစ္ဆရိယံ။ ဉာတိ ပဝါရိတ-ဟု ဆိုအပ်သော အမျိုး၌ ဝန်တိုခြင်းလည်းကောင်း။ လာဘမစ္ဆရိယံ၊ လာဘ်လာဘ၌ ဝန်တိုခြင်းလည်းကောင်း။ ဝဏ္ဏမစ္ဆရိယံ၊ ဂုဏ်နှင့် ရုပ်အဆင်း၌ ဝန်တိုခြင်းလည်းကောင်း။ ဓမ္မမစ္ဆရိယံ၊ ပရိယတ္တိဓမ္မ၌ ဝန်တိုခြင်းလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ မစ္ဆရိယာနိ၊ ဝန်တိုခြင်းတို့သည်။ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣမေသံ မစ္ဆရိယာနံ၊ ဤငါးမျိုးသော မစ္ဆရိယတို့တွင်။ ယဒိဒံ=ယံဣဒံ

http://www.dhammadownload.com

ဓမ္မမစ္ဆရိယံ၊ အကြင်ဓမ္မမစ္ဆရိယသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤဓမ္မမစ္ဆရိယသည်။ ပဋိကုဋ္ဌံ၊ အယုတ်ဆုံး စက်ဆုပ်ဖွယ်ရာ အကောင်းဆုံး ဖြစ်၏။

မစ္ဆရိယတရား ပယ်စွန့်သင့်ပုံ။ ။အဲဒီလို ပါဋ္ဌိတော်မှာ မစ္ဆရိယတရားငါးမျိုးကို ဟောကြားတော်မူတယ်၊ အဲဒီမစ္ဆရိယတရား ငါးမျိုးရဲ့ အဓိပ္ပါယ်အကျယ်ကို ပြီးတော့ ဘုန်းကြီးဟောပေးမယ်၊ ခုပါဋ္ဌိတော်မှာဆိုတဲ့ မစ္ဆရိယတရားငါးမျိုးဟာ ဝိပဿနာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပေါ်ထွက်အောင် မပြုနိုင်ဘူးလို့ စူဋ္ဌနိဒ္ဒေသအဋ္ဌကထာက ဉာဏပွဘံ နကရောတိ-ဆိုပြီးတော့ ဖော်ပြထားတယ်။ ဒီအချက်ကို ပေါ်လွင်ထင်ရှားအောင် ခိုင်လုံတဲ့ ပါဋ္ဌိတော် အထောက်အထားကို ဘုန်းကြီးတို့ နိကာယ်ငါးရပ် ပါဋ္ဌိတော်ကြီး တွေမှာကြည့်ရင် ပဉ္စဂုံတ္တိုရ်ပါဋ္ဌိတော် ပဌမစျာနသုတ်နှင့် ဒုတိယစျာနသုတ်နှာ(၂၃၉)တို့မှာ တွေ့နိုင်ပါတယ်။ ဘယ်လိုလဲဆိုတော့—

> ပဉ္စိမေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ။အဘဗ္ဗော ဒုတိယံ စျာနံ။ အဘဗ္ဗော တတိယံ စျာနံ။အဘဗ္ဗော စတုတ္ထံ စျာနံ။ အဘဗ္ဗော သောတာပတ္တိဖလံ။ အဘဗ္ဗော သကဒါဂါမိ-ဖလံ။ အဘဗ္ဗော အနာဂါမိဖလံ။ အဘဗ္ဗော အရဟတ္တံ သစ္ဆိကာတုံ။ ကတမေ ပဉ္စ အာဝါသမစ္ဆရိယံ ကုလမစ္ဆရိယံ လာဘမစ္ဆရိယံ ဝဏ္ဏ-မစ္ဆရိယံ ဓမ္မမစ္ဆရိယံ။ ဣမေ ခေါ ဘိက္ခဝေ ပဉ္စဓမ္မေ အပ္ပဟာယ အဘဗ္ဗော အရဟတ္တံ သစ္ဆိကာတုံ—

လို့ ပါဋ္ဌိတော်မှာ ဟောထားဒါ ရှိပါတယ်။

အဓိပ္ပါယ်ကတော့ ချစ်သားတို့ မစ္ဆရိယတရားငါးပါးကို မပယ်စွန့်နိုင်ရင် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်များကို ဝင်စားလို့မရဘူးတဲ့၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ သောတာပတ္တိဖိုလ်ဉာဏ် သကဒါဂါမိဖိုလ်ဉာဏ် အနာဂါမိဖိုလ်ဉာဏ် အရဟတ္တဖိုလ်တို့ကိုလဲ မျက်မှောက်မပြုနိုင်ဘူးလို့ ပါဋ္ဌိတော်က ညွှန်ပြထားတယ်။ ဆိုလိုတဲ့အဓိပ္ပါယ် အကျဉ်းချုပ်ကတော့ အဲဒီမစ္ဆရိယလို့ ခေါ်တဲ့ ဝန်တိုခြင်း မနာလိုခြင်း တရားငါးမျိုး မိမိမှာရှိနေရင် စျာန်ဝင်စားလို့ မရနိုင်ဘူး ဖိုလ်ဝင်စားလို့ မရနိုင်ဘူးလို့ ဒီလို ပါဋ္ဌိတော်က ညွှန်ပြပါတယ်။

ဝန်တိုမှုမစ္ဆရိယတရားဆိုးပုံ။ ။ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါ ရိပ်သာတခုခုမှာ တရားဝင်တဲ့အခါ အချင်းချင်းမနာလိုမှု ဝန်တိုမှုများကို အစားအသောက်နဲ့ပတ်သက်၍ဖြစ်စေ နေရာထိုင်ခင်း ရုပ်အဆင်းနှင့် ဂုဏ်ရှိဂုဏ်မဲ့ များနှင့်ပတ်သက်၍ဖြစ်စေ တရားတက်မှု တရားဆုတ်မှုနှင့် ပတ်သက်၍ဖြစ်စေ သီတင်းသုံးဖော်အချင်းချင်းနှင့် ပတ်သက်၍ဖြစ်စေ ဆရာသမားနှင့်ပတ်သက်၍

http://www.dhammadownload.com

ဖြစ်စေ အစစ မနာလိုမှုတွေ မရှိစေရဘူး၊ မနာလိုမှုတရားတွေကို အားလုံး ပယ်ခွါ စွန့်လွှတ်ထားရမယ်နော်၊ မစ္ဆရိယတရားဆိုတာ အလွန်ဆိုးပါတယ်၊ မစားရ မသောက်ရနဲ့ စျာန်မင်္ဂါအန္တရာယ်ကို ဖြစ်စေနိုင်တယ်။ မစ္ဆရိယဆိုတာ ဝန်တိုတာ မနာလိုတာ မသူစိမ်တာ မဲ့တာ ရွဲ့တာ မျက်စောင်းထိုးတာ မေးငေါ့တာ၊ အားလုံး မစ္ဆရိယတွေချည်းဘဲ။

မစ္ဆရိယတရား ၅-မျိုး။ ။ပြီးတော့ စူဠနိဒ္ဒေသပါဠိတော်မှာလဲ အဲဒီမစ္ဆရိယကို ငါးမျိုးလို့ဘဲ ဖွင့်ပြထားတယ်၊ဘာတွေလဲဆိုတော့–

(၁) အာဝါသမစ္ဆရိယ

(၂) ကုလမစ္ဆရိယ

(၃) လာဘမစ္ဆရိယ

(၄) ဝဏ္ဏမစ္ဆရိယ

(၅) ဓမ္မမစ္ဆရိယ – လို့ မစ္ဆရိယ ငါးမျိုး။

ဘုန်းကြီးတို့ ပရိသတ် ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)၊ ဒါ-မစ္ဆရိယဝတ္ထုတွေ၊ မစ္ဆရိယကတော့ ငါးမျိုးမဟုတ်ဘူး တမျိုးထဲပါဘဲ။ ဒါပေမဲ့ မစ္ဆရိယတရားရဲ့မိုရာတည်ရာဖြစ်တဲ့ ဝတ္ထုက ငါးမျိုးရှိတယ်။အဋ္ဌသာလိနီ-စတဲ့ အဋ္ဌကထာတွေကလဲ ဒီလိုဘဲ ဖွင့်ဖွင့်ပြီး ရေးသားထားတာရှိတယ်၊ မစ္ဆရိယနဲ့ ပတ်သက်ပြီး တော်တော်များများ ဖွင့်ဆိုကြတယ်၊ ဒါပေမဲ့ တခုပြောလိုက်ရင် အားလုံးပါဝင်လာပါမယ်။

အာဝါသမစ္ဆရိယဖြစ်ခြင်း။ ။အာဝါသမစ္ဆရိယ-ဆိုတာ ဘာခေါ်သလဲလို့ ဆိုတော့ အဋ္ဌကထာ ဆရာကြီးများ ဖွင့်ဆိုရေးသားထားတယ်၊ ကျောင်းတိုက်တာ အရာမ်ကြီး တခုလုံးကိုသော်လည်းကောင်း၊ မိမိကျောင်း၏ ဥပစာအတွင်း၌သော်လည်းကောင်း၊ မိမိနေတဲ့ အခန်းကလေးကိုသော်လည်းကောင်း၊ အဲဒါ အာဝါသလို့ခေါ်တယ်၊ အဲဒီလို ကျောင်းတိုက်တာအရာမ် အခန်းအတွင်းသို့ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ရောက်လာရင် ဒီနေရာဟာ နေထိုင်လို့လဲ ကောင်းတယ်၊ ဥတုသပ္ပါယလဲ ညီမျှတယ်၊ တရားအားထုတ်လို့လဲ သင့်လျော်တဲ့ နေရာမျိုးကိုး၊ အဲဒီလို သီလသမာဓိ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ရောက်လာလို့ရှိရင် ဒီအာဝါသကို ပိုင်ဆိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်က ထိုပုဂ္ဂိုလ်ကို မလာလဲ မလာစေချင်ဘူး၊ ရောက်လာလဲ ခဏလေးဘဲနေပြီး ပြန်သွားစေချင်တယ် ဆိုတဲ့-သဘောမျိုး ဖြစ်ပေါ်လာရင် ဒါ-အာဝါသမစ္ဆရိယ ဖြစ်ပါတယ်တဲ့ အဋ္ဌကထာဆရာကြီးက၊ ဟုတ်ပလား ဘုန်းကြီးတို့ ပရိသတ် (မှန်ပါဘုရား)။

http://www.dhammadownload.com

မစ္ဆရိယမဖြစ်ပုံ အကြောင်း။ ။ဒါ-သံသာတော်တွေနဲ့သာ ဆိုင်တာ မဟုတ်ဘူးနော်၊ အားလုံးတရားအားထုတ်တဲ့ပုဂ္ဂိုလ်တိုင်းနဲ့လဲ သက်ဆိုင်တယ်။ စောစောက ပြောခဲ့ပြီးပြီ ဟုတ်ပလား (မှန်ပါဘုရား) ဘုန်းကြီးတို့ ပရိသတ်မှာ ဒီ-အာဝါသမစ္ဆရိယ သဘောမျိုးမရှိစေရဘူး၊ အဲဒီအထဲမှာ အဋ္ဌကထာဆရာကြီး ပြောထားတာရှိတယ်၊ ငြင်းခုံဘို့ရန်အတွက် ဒီခေတ်စကားနဲ့ ပြောမယ်ဆိုရင် ကျောင်းလုဘို့လာတဲ့သူအတွက် မလာစေချင်တာဟာ မစ္ဆရိယ မဖြစ်ဘူးလို့ မှတ်ပါတဲ့ အဋ္ဌကထာဆရာကြီးက၊ ခိုက်ရန်ဒေါသဖြစ်ဘို့လာတဲ့ ပုဂ္ဂိုလ်, သာသနာတော်ကို ဖျက်ဆီးရန်လာတဲ့ ပုဂ္ဂိုလ်, လူတကာတကာမတွေ့ရဲသဒ္ဓါတရားကို ဖျက်ဆီးရအောင်လာတဲ့ ပုဂ္ဂိုလ်, သာသနာတော်ရဲ့ဂုဏ်တွေကို ထိခိုက်ညှိုးနွမ်းသွားအောင် လုပ်ဘို့ရန်လာတဲ့ ပုဂ္ဂိုလ်ကို မလာစေတာဟာ အကောင်းဆုံးဘဲ၊ လက်ကို မခံရဘူး၊ အဲတာဟာ မစ္ဆရိယမဖြစ်ပါဘူးတဲ့ အဋ္ဌကထာဆရာကြီးက ပြောပေးတယ်၊ ဟုတ်ပလား (မှန်ပါဘုရား)။

အာဝါသမစ္ဆရိယ-ဆိုတာ အာဝါသ=အရပ် ကျောင်းကံ၊ မစ္ဆရိယ-ဆိုတာ ကတော့ ကိုယ့်မှာသာ ရှိစေချင်တယ်၊ သူတပါးမှာ မရှိစေချင်ဘူး။ အဋ္ဌကထာဆရာကြီးက ပေါရာဏ ကထာလို့ဆိုပြီး ဧၛက စကားလေး တခုထည့်ပြီး ရေးထားတာရှိတယ်၊ ဘာတွေလဲလို့ ဆိုတော့—

ဧၛဒံ အစ္ဆရိယံ မယှမေဝ ဟောတု၊ မာ အညတ္ထ အစ္ဆရိယံ ဟောတူတိ ပဝတ္တတ္တာ မစ္ဆရိယန္တိ ဝုစ္စတိ-တဲ့။

ဒီလို အုံသြဘွယ် ကောင်းမွန်မြင့်မြတ်တယ်ဆိုတဲ့ အရာဝတ္ထုတွေဟာ ငါ့မှာသာဖြစ်စေလိုတယ် သူတပါးမှာ မဖြစ်စေလိုဘူးတဲ့၊ အဲသလိုပြောတဲ့သဘောမျိုးသည် ဒီလိုစိတ်ထဲ ဖြစ်ပေါ် လာခြင်းသည် မစ္ဆရိယတရားဘဲတဲ့၊ ဟုတ်ပလား (မှန်ဖါဘုရား)၊ ဒါမစ္ဆရိယအားလုံးနဲ့ ပတ်သက်တဲ့ စကားပေါ့။

ကုလမစ္ဆရိယဖြစ်ခြင်း။ ။အာဝါသမစ္ဆရိယ ပြီးတော့ ဘာတဲ့လဲ ကုလမစ္ဆရိယ၊ ကုလမစ္ဆရိယကို အဋ္ဌကထာဆရာကြီးက နှစ်မျိုးပြောထားတယ်၊ မိမိနဲ့ဆွေမျိုးတော်တဲ့ပုဂ္ဂိုလ်တွေ မိမိကို ပစ္စည်းလေးပါးတို့ဖြင့် ဘိတ်ကြားထားတဲ့ ပစ္စည်းလေးပါး ဒကာ-ဒကာမတွေ့ ဘုတိ ပဝါရိတလို့ ဆိုလိုတယ်၊ မိမိရဲ့ ဆွေထဲမျိုးထဲ မိမိကိုပစ္စည်းလေးပါးတို့ဖြင့် ဘိတ်ကြားထားတဲ့ ဒကာ ဒကာမတွေထဲကို သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ရောက်လာရင် ကိုယ်ကကျေကို မကျေနပ်ဘူး၊ လာလဲ မလာစေချင်ဘူး၊ အဲဒါတွေဟာ ဒကာ-ဒကာမတွေအပေါ် ဝန်တိုခြင်း ဖြစ်သောကြောင့် ဒါ ကုလမစ္ဆရိယလို့ခေါ်တယ်၊ အဲဒီ ဒကာ-ဒကာမတွေရဲ့ မိမိဆွေမျိုးတွေရဲ့ ဂုဏ်သိက္ခာတွေကို နဂိုကရှိနေပြီးဖြစ်သော သဒ္ဓါကောင်းကောင်းကို ဖျက်ဆီးရအောင်

http://www.dhammadownload.com

လာတဲ့ ပုဂ္ဂိုလ်တွေကို မလာစေချင်တာက မစ္ဆရိယ မဖြစ်ပါဘူးတဲ့ အဋ္ဌကထာ ဆရာကြီးက။

လာဘမစ္ဆရိယဖြစ်ခြင်း။ ။လာဘမစ္ဆရိယ = လာဘမစ္ဆရိယ ဆိုတာကတော့ ပစ္စည်းလေးပါးနဲ့ ပတ်သက်တဲ့ကိစ္စ၊ အဲဒီ ပစ္စည်းလေးပါးနဲ့ပတ်သက်ပြီး မိမိသာရချင်တယ် သူတပါးမရစေချင်ဘူး၊ မရစေလိုဘူး၊ ဒါဟာ လာဘမစ္ဆရိယဘဲ။

ဝဏ္ဏမစ္ဆရိယဖြစ်ခြင်း။ ။ဝဏ္ဏမစ္ဆရိယ ဆိုတာကတော့ နှစ်မျိုးပြတယ်၊ ရုပ်အဆင်းသဏ္ဌာန် မကောင်းတာရယ်၊ အတတ်ပညာကြွယ်ဝချမ်းသာလို့ ဂုဏ်ရှိတာရယ်လို့ ဆိုပြီးတော့ ရုပ်ရယ် ဂုဏ်ရယ်လို့ ဒီလို နှစ်မျိုးပြတယ်။

မိမိရဲ့ ရုပ်အဆင်းမျိုး မိမိရဲ့ ဂုဏ်မျိုး မိမိရဲ့ ဂုဏ်သိက္ခာမျိုး မိမိရဲ့ အတတ်ပညာမျိုး သူတပါးမှာ မဖြစ်စေလိုဘူးလို့ဆိုတာကို ဝဏ္ဏမစ္ဆရိယလို့ခေါ်တယ်တဲ့။

ဓမ္မမစ္ဆရိယဖြစ်ခြင်း။ ။ဓမ္မမစ္ဆရိယ-ဆိုတာကတော့ ပရိယတ္တိ ပဋိပတ္တိ နှစ်မျိုးပြတယ်၊ ပဋိဝေဓဖြစ်ဘို့အတွက် ပဋိပတ္တိကို ကြိုးစားနေတဲ့ ပုဂ္ဂိုလ်များကတော့ မစ္ဆရိယဖြစ်စရာ မလိုဘူး၊ ပရိယတ္တိဓမ္မကျတော့ဖြင့် ပါဠိတော်တို့ အဋ္ဌကထာတို့မှာရှိတဲ့ အင်မတန် သိုဝှက်တဲ့ အဓိပ္ပါယ်ကို ကိုယ်က သိနေလို့ရှိရင် ဒီအဓိပ္ပါယ်ကို သူများ မသိစေလိုဘူးလို့ဆိုတဲ့ ရည်ရွယ်ချက်သည်သာ ဓမ္မမစ္ဆရိယဘဲ။

စူဠနိဒ္ဒေသပါဠိတော်က တခါဆက်ပြီးတော့ပြတယ်—

ခန္ဓမစ္ဆရိယမို့ ဓာတုမစ္ဆရိယမို့ အာယတနမစ္ဆရိယမို့ မစ္ဆရိယမေဝ–

ဆိုပြီးတော့ အဲဒီ မစ္ဆရိယတွေကို သူက ဆက်ပြတယ်၊ ကဲဒါရှိပါစေတော့၊ ဘုန်းကြီးတို့ ဝိပဿနာတရားကို အားထုတ်မဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ အဲဒီလို ဝန်တိုမှု မစ္ဆရိယတွေရှိနေရင် ဝိပဿနာဉာဏ် မထူက်တော့ဘူး ဒါမှတ်ထားရမယ်၊ တာဖြင့် ဘုန်းကြီးတို့ပရိသတ်တွေ ဝိပဿနာအားထုတ်မယ်ဆိုရင် ဝိပဿနာဉာဏ်တွေ ထင်ရှားပေါ်လွင် ထူက်ပေါ်လာဘို့ရန် အတွက် မစ္ဆရိယတရား ရှိရမလား မရှိရဘူးလား (မရှိရပါဘုရား)။ အဲဒီ မစ္ဆရိယနဲ့ပတ်သက်ပြီး ဆဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှာ(၃၁)မှာ မစ္ဆရိယသုတ္တန်ဆိုပြီးတော့ သုတ္တန်နှစ်ခုရှိတယ်၊ အဲဒီသုတ္တန်နှစ်ခုထဲက သုတ္တန်တခုကို ဘုန်းကြီးဟောပေးဦးမယ်၊ မစ္ဆရိယနဲ့ပတ်သက်လို့ မစ္ဆရိယရဲ့အာဒီနဝ, မစ္ဆရိယရဲ့ အပြစ်ကို ဖော်ပြထားတဲ့သုတ္တန်။

http://www.dhammadownload.com

မစ္ဆရိယအပြစ်ကို နတ်သားမေးလျှောက်ခြင်း။ ။မြတ်စွာဘုရားသခင် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေထိုင်တော်မူတဲ့အခါ ည သန်းခေါင်လောက်မှာ နတ်သားတယောက် မြတ်စွာဘုရားထံရောက်လာပြီး သင့်တင့်လျှောက်ပတ်တဲ့အရပ်က မတ်တပ်ရပ်ပြီးတော့ မြတ်စွာဘုရားကို သူက ပုစ္ဆာတခုမေးတယ်—

ယေဓ မစ္ဆရိနော လောကေ၊ ကဒရိယာ ပရိဘာသကာ။
အညေသံ ဒဒမာနာနံ၊ အန္တရာယကရာ နရာ။
ကိဒိသော တေသံ ဝိပါကော၊ သမ္မရာယော စ ကိဒိသော။
ဘဂဝန္တံ ပုဋ္ဌုမာဂမ္မ၊ ကထံ ဇာနေမု တံ မယံ။

နတ်သားတယောက်က မြတ်စွာဘုရားကို လျှောက်ထားတယ်။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ဣဓ လောကေ၊ ဤလောကဘ၌။ ယေ နရာ၊ အကြင်လူအပေါင်းတို့သည်။ မစ္ဆရိနော၊ ငါးမျိုးသောတရားတို့အပေါ်၌ ဝန်တိုခြင်းရှိကြကုန်၏။ ကဒရိယာ၊ နှမြောစဉ်းလဲခြင်း သဘောရှိကြကုန်၏။ ပရိဘာသကာ၊ ရေရွတ် ပြောဆိုခြင်းရှိကြကုန်၏။ ဒဒမာနာနံ၊ ပေးလှူလေ့ရှိကြကုန်သော။ အညေသံ၊ တပါးသော သူတို့၏။ အန္တရာယကရာ၊ အန္တရာယ်ကိုလည်း ပြုလုပ်တတ်ပေကုန်၏။

တေသံ နရာနံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်အပေါင်းတို့၏။ ဝိပါကော၊ အကျိုးပေးခြင်းသည်။ ကိဒိသော၊ အဘယ်သို့ သဘောရှိပါတော့သနည်း မြတ်စွာဘုရား။ သမ္မရာယော၊ တမလွန်လောကဘဝ်ဖြစ်သော။ ဝိပါကော၊ အကျိုးပေးခြင်းသည်။ ကိဒိသော၊ အဘယ်သို့သဘောရှိပါသနည်း မြတ်စွာဘုရား။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို။ ပုဋ္ဌုံ၊ မေးလျှောက်ခြင်းငှါ။ အာဂမ္မ၊ ထံတော်မှောက်သို့ လာရောက်ကြပါကုန်၏။ မယံ၊ အကျွန်ုပ်တို့သည်။ တံ၊ ထိုမစ္ဆရိယသမားရဲ့ အကျိုးပေးပုံကို။ ကထံ၊ အဘယ်သို့လျှင်။ ဇာနေမု၊ သိရပါကုန်အံ့နည်း မြတ်စွာဘုရား။

ဒါ နတ်သားလျှောက်တဲ့ဂါထာ။ မြတ်စွာဘုရား လောကမှာ ဝန်တိုတတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ ထို ပုဂ္ဂိုလ်တွေ အကျိုးပေးတဲ့အခါ ပစ္စုပ္ပန် လောကမှာ ဘယ်လို အကျိုးပေးပါသလဲ၊ တမလွန် လောကမှာ ဘယ်လို အကျိုးပေးပါသလဲ၊ မစ္ဆရိယသမား အကျိုးပေးပုံကို ဘုရားတပည့်တော် သိပါရစေ၊ ဖြေကြားတော်မူပါဘုရားလို့ နတ်သားက လျှောက်တယ်။

ဘုရားရှင် ဖြေကြားခြင်း။ ။ဒီတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်က အဲဒီ မစ္ဆရိယ အကျိုးပေးပုံကို ပြန်ပြီး ဖြေလိုက်တယ်။

http://www.dhammadownload.com

ယေဓ မစ္ဆရိနော လောကေ၊ ကဒရိယာ ပရိဘာသကာ။
အညေသံ ဒဒမာနာနံ၊ အန္တရာယကရာ နရာ။

နိရယံ တိရစ္ဆာနယောနိ'၊ ယမလောကံ ဥပပဇ္ဇရေ။
သစေ ဧန္တိ မနုဿတ္တံ၊ ဒလိဒ္ဒေ ဇာယရေ ကုလေ။
စောဠံ ပိဏ္ဍော ရတိ ခိဉ္ဇာ၊ ယတ္ထ ကိစ္ဆေန လဘ္ဘတိ။

ပရတော အာသီသရေ ဗာလာ၊ တမ္ပိ တေသံ နု လဘ္ဘတိ။
ဒိဋ္ဌေဓမ္မေ'သ ဝိပါကော၊ သမ္မရာယေ စ ဒုဂ္ဂတိတိ။

ဒါ မြတ်စွာဘုရား ပြန်ပြီးဖြေတဲ့ဂါထာ။ ကိုင်း အဲဒီ မြတ်စွာဘုရား ကိုယ်တော်တိုင် ပြန်ပြီးဟောတော်မူတဲ့ ပါဠိတော်ကို အနက် မြန်မာပြန်ဆိုကြအုံးစို့—

ယေ နရာ၊ အကြင်သူတို့သည်။ ဣဓလောကေ၊ ဤလောကဘ်။ မစ္ဆရိနော၊ ဝန်တိုခြင်း ရှိကုန်၏။ ကဒရိယာ၊ နှမြောစေးနဲ့ ကုန်၏။ ပရိဘာသကာ၊ ဆဲရေးရေရွတ်တတ်ကုန်၏။ ဒဒမာနာနံ၊ လှူဒါန်းပေးကမ်းလေ့ရှိကုန်သော။ အညေသံ၊ တပါးသောသူတို့၏။ အန္တရာယကရာ၊ အန္တရာယ်ကိုပြုတတ်ကုန်၏။

(တေ နရာ၊ ထိုသူတို့သည်။) နိရယံ၊ ငရဲသို့ဝင်း။ တိရစ္ဆာနယောနိ'၊ တိရစ္ဆာန် အမျိုးသို့လည်းကောင်း။ ယမလောကံ၊ ယမမင်း၏ ပြိတ္တာဘုံသို့လည်းကောင်း။ ဥပပဇ္ဇရေ၊ ကပ်ရောက်ကုန်၏။ မနုဿတ္တံ၊ လူ၏အဖြစ်သို့။ သစေ ဧန္တိ၊ အကယ်၍ ရောက်ကုန်သည်ဖြစ်အံ့။ ။ယတ္ထ၊ အကြင် ဖြစ်ရာအမျိုး၌။ စောဠံ၊ အဝတ်ပုဆိုးကိုလည်းကောင်း။ ပိဏ္ဍော၊ ထမင်း . အဖျော်ကိုလည်းကောင်း။ ရတိ၊ ကာမဂုဏ် ငါးပါး၌မှီသော မွေလျော်ခြင်းကိုလည်းကောင်း။ ခိဉ္ဇာ၊ မြူးရွင်ခြင်းကိုလည်းကောင်း။ ကိစ္ဆေန၊ ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင်။ လဘ္ဘတိ၊ ရအပ်၏။ ဒလိဒ္ဒေ၊ ဆင်းရဲလှစွာသော။ တတ္ထ ကုလေ၊ ထိုအမျိုး၌။ ဇာယရေ၊ ဖြစ်ကုန်၏။

ယေ ဗာလာ၊ အကြင်သူမိုက် မစ္ဆရိယ သမားတို့သည်။ ပရတော၊ သူတပါးထံမှ။ ယံ၊ အကြင်ဥစ္စာကို။ အာသီသရေ၊ တောင့်တကုန်၏။ တေသံ၊ ထိုမစ္ဆရိယသမား လူမိုက်များတို့သည်။ တမ္ပိ၊ ထိုတောင့်တသော ဥစ္စာကိုလည်း။ နု လဘ္ဘတိ၊ မရနိုင် မရအပ်။ ဒိဋ္ဌေ ဓမ္မေ၊ ပစ္စုပ္ပန်အတ္တဘော၌။ ဧသော ဝိပါကော၊ ဤ အကျိုးသည်လည်းကောင်း။ သမ္မရာယေ၊ တမလွန် ဘဝ၌။ ဒုဂ္ဂတိ စ၊ မကောင်းသော ဂတိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ လို့ မြတ်စွာဘုရားက ပြန်ပြီးတော့ ဖြေတော်မူလိုက်ပါတယ်။

ဝန်တိုခြင်း၏ အပြစ်များ။ ။ကိုင်း အဲဒီ မစ္ဆရိယရဲ့အပြစ်တွေဟာ ဘာတွေပြသလဲလို့-ဆိုရင် စောစောပိုင်းက နတ်သား မေး

http://www.dhammadownload.com

တဲ့ အတိုင်းဘဲ ဝန်တိုခြင်းရှိတဲ့သူ, နှမြောစေးနဲခြင်းရှိတဲ့သူ အလှူခံပုဂ္ဂိုလ်တွေ အပေါ်၌ ရေရွှတ်ကဲ့ရဲ့ ပုတ်ခတ်စွပ်စွဲ ပြောဆိုလေ့ရှိသူ၊ လှူတဲ့လူ, အလှူခံတဲ့လူ မိမိ၊ အဲဒီသုံးဦးတို့ အန္တရာယ်ကိုပြုတတ်သူ နောက်ပြီး မစ္ဆရိယသမားက ဘာလဲ၊ အလှူခံပုဂ္ဂိုလ်ရဲ့ အန္တရာယ်ကိုလဲ ပြုတယ်၊ အလှူပေးပုဂ္ဂိုလ်တို့ရဲ့ အန္တရာယ်ကိုလဲ ပြုတယ်၊ မိမိရဲ့အန္တရာယ်ကိုလည်း ပြုတယ်၊ သုံးဦးသားတို့ အကျိုးမရှိဘူး၊ မစ္ဆရိယသဘောဝင်လာရင် အလှူခံ ပုဂ္ဂိုလ်၏ အန္တရာယ်က ဘာလဲ လာဘန္တရာယ်၊ အလှူခံပုဂ္ဂိုလ်က သူ ကန့်ကွက်တဲ့အတွက် လာဘ်လာဘ မရတော့ဘူး။ ဒါ အလှူခံပုဂ္ဂိုလ်ရဲ့ လာဘ်လာဘအန္တရာယ်ဖြစ်သွားတယ်၊ အလှူပေးပုဂ္ဂိုလ်ရဲ့ သဂ္ဂန္တရာယ်၊အဲဒီအလှူပေးပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကောင်းမှုပြုပြီးတော့ နတ်ရွာနိဗွာန်ရောက်ရဘို့ဟာ မရောက်ရတော့ဘူး၊ သူကန့်ကွက်လိုက်တဲ့အတွက် မလှူရတော့ဘူး၊ ဒါအလှူပေးပုဂ္ဂိုလ်ရဲ့ အန္တရာယ်ဖြစ်တယ်၊ မစ္ဆရိယသမား၊ မိမိကိုယ်တော့ ဘယ့်နဲ့ဖြစ်သလဲဆိုတော့ ပရူပဝါဒန္တရာယ်တဲ့၊ သူတပါးက မိမိကိုကဲ့ရဲ့တယ် ဆိုတဲ့သဘော မိမိဆီပြန်ရောက်တယ်၊ မစ္ဆရိယသမားရော, လှူတဲ့သူရော, အလှူခံတဲ့သူရော၊ သုံးဦးသားရဲ့ အန္တရာယ်။

ဒါကြောင့်—အညေသံ ဒဒမာနာနံ အန္တရာယကရာ နရာ–လို့ မြတ်စွာဘုရားက ဒီလိုဟောတယ်၊ အဲဒီလို သူထပါးရဲ့အန္တရာယ်ကို ပြုလုပ်လေ့ရှိတဲ့ မစ္ဆရိယသမား အကျိုးပေးတော့ ဘယ်လို အကျိုးပေးသလဲ ဆိုတော့—ငရဲပြည်ရောက်မယ်၊ တိရစ္ဆာန်ဖြစ်မယ်၊ ပြိတ္တာပြည် ရောက်မယ်၊ သစေ ဇန္တိမနုဿတ္တံ၊ ဒလိဒ္ဒေ ဇာယရေ ကုလေ–တဲ့ အကယ်၍ လူ့ပြည်လောက ရောက်လာမယ်ဆိုရင်လဲ သူဆင်းရဲမျိုး၌ ဖြစ်တတ်တယ်၊ သူဆင်းရဲမျိုးဖြစ်တော့ ဘာလဲ၊

စောဋ္ဌံ ပိဏ္ဍော ရတီ ခိဋ္ဌာ၊ ယတ္ထ ကိစ္ဆေန လဗ္ဘတိ။

စောဋ္ဌံ၊ အငတ်ပုဆိုး အဝတ်တန်းဆာ ဒွါဒယာလဲ သူမှာ ရှားပါးတယ်။

ပိဏ္ဍော၊ စားစရာ သောက်စရာလဲ သူမှာ မရှိဘူး ရှားပါးတယ်။

ရတီ၊ ကာမဂုဏ်ငါးပါးနဲ့ ပျော်မွေ့ဘို့ရာလဲ သူမှာ မရနိုင်ဘူးတဲ့။

ခိဋ္ဌာ၊ ပျော်ရွှင်မြူးတူးခြင်းလဲ မရနိုင်ဘူးတဲ့။

ပရတော အာသီသရေ ဗာလာ၊ တမ္ပိ တေသံ နလဗ္ဘတိ-တဲ့။

သူတပါးတို့ထံမှ ပစ္စည်းဥစ္စာတောင့်တပါသော်လဲ ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးသည် သူတပါးအထံမှ ပစ္စည်းဥစ္စာကို ရရှိခြင်းငှါ မလွယ်ကူတော့ဘူးတဲ့။

ဒိဋ္ဌေဓမ္မေ'သ ဝိပါကော၊ သမ္ပရာယေ စ ဒုဂ္ဂတိ-တဲ့။

http://www.dhammadownload.com

ဒီဌေဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌။ သေ=ဧသေ၁ ဝိပါကော၊ ဤကဲ့သို့သော အကျိုး ပေးခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ သမ္မာယေ စ၊ တမလွန်လောကဘဝ်၌လည်း။ ဒုဂ္ဂတိ၊ မကောင်းသောသူတို့၏ လားရာဖြစ်သော အပါယ်လေးပါးသို့သာလျှင်။ ယာတိ ဂစ္ဆတိ၊ ရောက်ရလေတော့၏။

မစ္ဆရိယတရား ပယ်သင့်ပုံ။ ။ဒါ မစ္ဆရိယသမား၊ အဲသလောက် ဆိုးဝါးတဲ့ မစ္ဆရိယသမား၊ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်ထားသင့်သလား မထားသင့်ဘူးသား (မထားသင့်ပါဘုရား)။ ဒီပါဠိ ဘာပြုလို့ရွတ်ပြသလဲဆိုတော့ မစ္ဆရိယရဲ့အပြစ်ဟာ အဲသလို ရှိပါတယ်၊ ဒါကြောင့် ဘုန်းကြီးတို့အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဒီလောက်အပြစ်တွေကို ပေးနိုင်တဲ့ မစ္ဆရိယများ ဝင်လာရင် လက်မခံပါနဲ့လို့ ပြောလိုတဲ့အတွက် ဒီတရားထည့်ပြောရတယ် ဟုတ်ပလား၊ (မှန်ပါဘုရား)။ ကိုင်း ရှေ့သွားရအောင်နော်—

ပမာဒမည်ခြင်း။ ။ပမာဒဘဲ့၊ မစ္ဆရိယအကြောင်းကို သိကြပြီ၊ ပမာဒဆိုတာ ဘာလဲ မိမိရဲ့စိတ်ကို ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါးလို့ဆိုတဲ့ ဒုစရိုက်တရားဆယ်ပါး။

ရူပါရုံကာမဂုဏ်, သဒ္ဒါရုံကာမဂုဏ်, ဂန္ဓာရုံကာမဂုဏ်, ရသာရုံကာမဂုဏ်, ဖောဋ္ဌဗ္ဗာရုံကာမဂုဏ်-လို့ ဆိုတဲ့ အဲဒီကာမဂုဏ်ငါးပါး။ဒုစရိုက်ဆယ်ပါး ကာမဂုဏ်ငါးပါးတို့၌ မိမိတို့စိတ်ကို စွန့်လွှတ်၍ထားခြင်းသည် ပမာဒတရား။ ဒါစူဠနိဒ္ဒေသပါဠိတော်ရဲ့ စကား။ စူဠနိဒ္ဒေသပါဠိတော်က အဓိပ္ပါယ်ကို ယူပြီးတော့ ပြောပေးနေတာ၊ ပမာဒ ပမာဒတရားဆိုတာ ဘာကိုခေါ်သလဲဆိုတော့ မိမိရဲ့စိတ်ကို သူ့အသက်သတ်ခြင်း, သူဥစ္စာခိုးခြင်း, ကာမဂုဏ်တို့၌ မှားသောအကျင့်ကို ကျင့်ခြင်းဆိုတဲ့ ကာယဒုစရိုက်သုံးပါး၌ ချထားတယ်။ ဝေဿဂုတိ၊ စိတ်ကို စွန့်လွှတ်၍ထားတယ်။ မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ ဆိုတဲ့ ဝစီဒုစရိုက်လေးပါးထဲမှာ မိမိစိတ်ကို ချထားတယ်။ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက် သုံးပါးထဲမှာ မိမိစိတ်ကို စွန့်လွှတ်ထားတယ် ချထားတယ်၊ အဲဒါ ပမာဒတရားဘဲ။

ရူပါရုံကာမဂုဏ်, သဒ္ဒါရုံကာမဂုဏ်, ဂန္ဓာရုံကာမဂုဏ်, ရသာရုံကာမဂုဏ်, ဖောဋ္ဌဗ္ဗာရုံကာမဂုဏ်၊ အဲဒီကာမဂုဏ်ငါးပါးထဲမှာ မိမိစိတ်ကို စွန့်လွှတ်ပြီးတော့ ထားတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့စိတ်ဟာ မိမိနှစ်သက်တဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၌ ပျော်ပိုက်နှစ်သြိုက်ပြီးတော့နေမယ်ဆိုရင် အဲဒီစိတ် ဘာဖြစ်နေသလဲ ပမာဒဖြစ်နေပြီ၊ ကုသိုလ်

http://www.dhammadownload.com

ကောင်းမှုကို မေ့လျော့နေပြီတဲ့၊ ဒါကို ပမာဒတရားခေါ်တယ်လို့ စူဠနိဒ္ဒေသက ဒီလိုပြောပေးထားတယ်။ ပြီးတော့ ဒါတင်လားလို့ဆိုတော့ မကသေးဘူး၊ စူဠနိဒ္ဒေသက ပြောထားတာရှိသေးတယ်၊ ပမာဒတရားဆိုတာ ဘာတဲ့–

ကုသိုလ်ကောင်းမှုလေးစားမှုမရှိက ပမာဒမည်ခြင်း – ကုသိုလ်ကောင်းမှုကို ပြုလုပ်ရန်အတွက် သူက အသာတစ်ကိုရိယတာ=လုံလဝီရိယ မစိုက်ဘူးတဲ့၊ ကုသိုလ်ကောင်းမှုကို ပြုပြန်တော့လဲ ကုသိုလ်ကောင်းမှုကို ရိုရိုသေသေ လေးလေး စားစား မပြုလုပ်ဘူးတဲ့၊ ပေါ့ပေါ့တန်တန် ပြုလုပ်တယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့နေရာမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြူတော့ ဖြူတယ်၊ ပြုပေမဲ့ အဲဒီ ကုသိုလ်ကောင်းမှုကို ရိုရို သေသေ လေးလေး စားစား မပြုဘူးတဲ့၊ လေးလေးစားစား မပြုလုပ်ဘူးလို့ဆိုရင် အဲဒါ ပမာဒတရားထဲ ရောက်သွားတာဘဲ၊ ဒါစူဠနိဒ္ဒေသ ပါဠိတော်က ပြောပေးနေတာ ဘုန်းကြီးထွင်ပြောနေတဲ့ အဓိပ္ပါယ်မဟုတ်ဘူး။

တရားနာပုဂ္ဂိုလ်များအား ဒီတရားကို လာနာနေကြတဲ့ ဘုန်းကြီးတို့ ပရိသတ်တို့က်တွန်းချက် – ဟာ ပါဠိဘာသာ တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ် ဖြစ်ရင် စူဠနိဒ္ဒေသပါဠိတော်ကို ဖတ်ကြည့်ရင် ပိုကောင်းမယ်။ အကယ်၍ ပါဠိဘာသာ မတတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရင် ယခု ဘုန်းကြီး တဆယ့်ငါးရက်တိုင်တိုင် ဟောမဲ့ တရားကို နာကြမဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ ခုဒွကပါဠ ဘာသာပြန်ဆိုတာ ရှိတယ်၊ သုတ္တန်ပါတ်ပါဠိတော် ဘာသာပြန် ရှိတယ်၊ ဆဋ္ဌသံဂါယနာတင်ပဲ့က နေပြီးတော့ ပြန်ထားတာ၊ အဲဒီမှာ ပါရာယနဝဂ်ကို ဘာသာပြန်ထားတာရှိတယ်၊ အဲဒီ ပါရာယနဝဂ် ဘာသာပြန်ကိုတော့ အနည်းဆုံး ဖတ်လာရင်တော့ ပိုပြီးတော့ ကောင်းမယ်။

မစ္ဆရိယဆိုတာ ဘုန်းကြီးတို့ ပရိသတ်တို့နားလည်ပြီးပြီ။

ပမာဒတရားသိထားရန် ပမာဒဆိုတာလဲ ဘုန်းကြီးတို့ပရိသတ် နားလည်ဘို့ တို့က်တွန်းချက် – လိုတယ်၊ ပမာဒဆိုတာ ဘာလဲ၊ ခတ်ကျဉ်းကျဉ်း အဓိပ္ပါယ် ကတော့ဖြင့် ကုသိုလ် ကောင်းမှု တွေကို မေ့လျော့နေတာသည် ပမာဒ။ ထို့ထက် ပိုပြီးတော့ အဓိပ္ပါယ်ကျယ်ကျယ် နားလယ်ချင်ပါတယ်ဆိုရင် မိမိတို့ရဲ့ စိတ်ကို ဒုစရိုက်တရားဆယ်ပါးထဲမှာ သွတ်သွင်းပြီးတော့ထားတာသည် ပမာဒ။ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့အခါမှာ ပြုလုပ်လိုစိတ်မရှိခြင်း၊ပြုလုပ်တဲ့အခါမှာလဲ ရိုရိုသေသေလေးလေးစားစားမပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုတို့ကို ထပ်ခါတလဲလဲ မပွါးများခြင်း၊ အားမထုတ်ခြင်းတို့သည် ပမာဒတရားဘဲ။ အဲဒီပမာဒတရားနဲ့ပတ်သက်လို့ မြတ်စွာဘုရားသခင် ကိုယ်တော်

http://www.dhammadownload.com

မြတ်က ဘယ်လိုဟောထားသလဲလို့ဆိုတော့ ဘုန်းကြီးတို့ ပရိသတ်ကို အပြစ်ကိုသာ ပြောပေးနေတာ ဘာပြုလို့လဲဆိုတော့။

အာဒီနဝကိုမြင်မှ ဒီတရားကိုမြင်နိုင်တယ်၊ မမြင်ရင် ဒီတရားကို မပယ်နိုင်ဘူး၊ အဲဒီပမာဒကိုဘဲ ကောင်းတယ်လို့ ထင်နေကြတယ်နော် (မှန်ပါဘုရား)၊ အဲဒါကြောင့် အဲဒီပမာဒကို ဘုန်းကြီးပြောမလို့ ပါဠိတော်တခု ရွတ်ဦးမယ်၊ အဂုံတ္တိရ်ပါဠိတော် ကေကနီပါတ် နှာ(၁၀)က–

> နာဟံ ဘိက္ခဝေ အညံ ကေဓမ္မမ္မိ သမနုပဿာမိ၊ ယေန အနုပ္ပန္နာ ဝါ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဝါ ကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ယထယိဒံ ဘိက္ခဝေ ပမာဒေါ။ ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တိ။

ဒါ အဂုံတ္တိရ်ပါဠိတော်က၊ ချစ်သားတို့ မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ မိမိသန္တာန်ဖြစ်ပြီးတော့ ဖြစ်ပြီးသား ကုသိုလ်တရားတွေ ပျက်စီးနိုင်တယ်ဆိုတဲ့ တရားဟာ ပမာဒတရားဘဲ၊ အဲဒီ ပမာဒတရားမှတပါး မဖြစ်သေးတဲ့ အကုသိုလ်တွေ ဖြစ်ပြီးတော့ ဖြစ်ပြီးသား ကုသိုလ်တွေ ပျက်စီးစေနိုင်တယ်ဆိုတဲ့တရားဟာ ဒီပမာဒတရားမှတပါး အခြားတရားကို ငါဘုရား မြင်တော်မမူဘူးတဲ့။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် ဒီနေ့ရာမှာ နဲနဲလောက်စဉ်းစားကြည့်စမ်းပါ၊ ပမာဒလို့ခေါ်တဲ့ စောစောက ဘုန်းကြီးပြောပေးတဲ့ ပမာဒတရားသည် သူဘာလုပ်တတ်သလဲ ဒီပမာဒတရားဟာ မဖြစ်သေးတဲ့ အကုသိုလ်တွေကို ဖြစ်အောင် သူလုပ်တယ်၊ မိမိသန္တာန်မှာ ဖြစ်ပြီးသားဖြစ်တဲ့ နဂိုကရှိတဲ့ကုသိုလ်တွေကို ဖျက်ဆီးပစ်တယ်၊ ဒီတော့ မဖြစ်သေးတဲ့ အကုသိုလ်တွေကိုဖြစ်အောင် ပြုလုပ်တာတော့ ထားပါတော့၊ ဒါကတော့ မဖြစ်ရင် ကောင်းတာပေါ့၊ ဖြစ်ပြီးသားကုသိုလ်တွေကို ပျက်စီးအောင် ဖျက်ဆီးပစ်တာကတော့ နာကျည်းဘို့မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ ဘယ်သူဖျက်ဆီးပစ်သလဲ(ပမာဒတရားပါဘုရား)။

ပမာဒတရား ပယ်ရှားသင့်ခြင်း။ ။ဒီတော့ ဒီပမာဒတရားကြီးကို ဘုန်းကြီးတို့ပရိသတ် လက်ခံထားချင် သေးသလား (မထားချင်ပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ်မှာ ဒါနကုသိုလ်တွေရှိတယ် ဖြစ်ပြီးသားတွေ သီလကုသိုလ်တွေ (ရှိပါတယ်ဘုရား)၊ သမာဓိကုသိုလ်တွေကော (ရှိပါတယ်ဘုရား)၊ ဝိပဿနာပညာနဲ့ပတ်သက်တဲ့ ကုသိုလ်တွေကော (ရှိပါတယ်ဘုရား)၊ အဲဒီ ရှိပြီးသား ကုသိုလ်ကို ဖျက်ဆီးပစ်နိုင်တာဟာ ဘယ်သူလဲ (ပမာဒတရားပါဘုရား)၊ ဒီတော့ ဒီပမာဒတရားကြီးကို ဘုန်းကြီးတို့ပရိသတ်

http://www.dhammadownload.com

လက်ခံထားစရာ ကောင်းသေးရဲ့လား (မကောင်းပါဘုရား)၊ ပမာဒ တရား ဆိုတာ ဘာလဲလို့ ဘုန်းကြီးနောက်က ပြောခဲ့ပြီးပြီနော် (မှန်ပါဘုရား)။

ပမတ္တဿ ဘိက္ခဝေ အနုပ္ပန္နာ စေဝ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ပမတ္တဿ၊ မေ့လျော့၍ နေသော ပုဂ္ဂိုလ်အား။ အနုပ္ပန္နာ၊ မဖြစ်သေးကုန်သော။အကုသလာ စေဝ ဓမ္မာ၊ အကုသိုလ်တရားတို့သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်၍လာကြကုန်၏။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော။ ကုသလာ ဓမ္မာ စ၊ ကုသိုလ်တရားတို့သည်လည်း (၀၊) ဒါနကုသိုလ်, သီလကုသိုလ်, သမာဓိကုသိုလ်, ပညာကုသိုလ်တို့သည်လည်း။ ပရိဟာယန္တိ၊ ပျက်စီးဆုတ်ယုတ်ကြကုန်တော့၏။

ချစ်သား ချစ်သမီးများတဲ့ မြတ်စွာဘုရားက ပမာဒတရားများ လက်ခံထားရင် မဖြစ်သေးတဲ့ အကုသိုလ်တရားတွေ သင်တို့သန္တာန်မှာ ဖြစ်ပြီးတော့, ဖြစ်ပြီးသား ကုသိုလ်တရားတွေ အကုန်ပျက်စီးကုန်လိမ့်မယ်တဲ့။

ဒီတော့ လုပ်ငန်းစဉ် လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပမာဒတရားကို လက်ခံထားချင်ပါအုံးတော့မလား (မထားချင်ပါဘူးဘုရား)၊ မီးလောင်သွားတာကမှ အိမ်တအိမ်လုံး ပြာကျသွားရင် ကုသိုလ်ရှိရင် နောက် ဒီအိမ် ပြန်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ကုသိုလ် တည်းဟူသော အိမ်ကို ပမာဒတရား တည်းဟူသော မီးလောင်သွားရင် ဘုန်းကြီးတို့ ပရိသတ် ဘယ့်နယ် လုပ်မလဲ-ဟင်၊ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဒီပမာဒတရားကို လက်မခံနဲ့-နော် (မှန်ပါဘုရား)။

မိမိကိုယ်ကို ပုဂ္ဂိုလ် ၂-မျိုးဖြင့် စစ်ကြည့်ရန်။ ။ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိရဲ့ အကြောင်းကို ပြောပေးနေတာ၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သင်္ခေပတနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဟောထားတာ ရှိသေးတယ်။

(၁) ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်

(၂) အပ္ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်-လို့ ပုဂ္ဂိုလ် ၂-မျိုး ခွဲပြီးတော့ ဟောတယ်။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကလဲ စဉ်းစားကြည့်၊ ငါဟာ ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်လား အပ္ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်လား-လို့ ဆိုတာ။ ဒီပါဠိတော်ကို ဘုန်းကြီး ရွတ်အုံးမယ်။

ပမာဒ ဝိဟာရိဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အပ္ပမာဒ ဝိဟာရိဉ္စ၊ တံ သုဏာထ။

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ပမာဒ ဝိဟာရီဉ၊ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့ တန်တန် နေလေ့ရှိသော ပုဂ္ဂိုလ်၏ အဖြစ်ကိုလည်း ကောင်း။ အပ္ပမာဒ ဝိဟာရီဉ၊ မမွေ့မလျော့ မပေါ့မတန် နေလေ့ရှိသော ပုဂ္ဂိုလ်၏ အဖြစ်ကိုလည်းကောင်း။ ဒေသေဿာမိ၊ ဟောကြားတော်မူပေတော့အံ့။ တံ၊ ထိုပမာဒဝိဟာရ, အပ္ပမာဒဝိဟာရ ၂-မျိုးကို။ တုမှေ၊ သင် ချစ်သား အပေါင်းတို့သည်။ သာဓုကံ၊ ရိုသေစွာ။ သုဏာထ၊ နားတော်ကြကုန်လော့-တဲ့ မြတ်စွာဘုရားက။

ချစ်သားတို့-တဲ့ ပမာဒ ဝိဟာရီ ပုဂ္ဂိုလ်နဲ့ အပ္ပမာဒ ဝိဟာရီ ပုဂ္ဂိုလ် ၂-မျိုးကို ခွဲခြားပြီးတော့ ဟောမယ်တဲ့၊ အဲဒီတရားကို ရိုရိုသေသေ နာပြီးတော့ မှတ်ထားကြစမ်းပါတဲ့ မြတ်စွာဘုရားက။

ကထဉ္စ ဘိက္ခဝေ ပမာဒ ဝိဟာရီ ဟောတိ။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ပမာဒ ဝိဟာရီ၊ မွေ့မွေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေလေ့ရှိသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်လေတော့သနည်း။

ပမာဒ ဝိဟာရီပုဂ္ဂိုလ်။ ။မွေ့မွေ့လျော့လျော့ ပေါ့ပေါ့တန်တန် နေတဲ့ ပမာဒ ဝိဟာရီ ပုဂ္ဂိုလ် ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲတဲ့ မြတ်စွာဘုရားက။

စက္ခုန္ဒြိယံ အသံဝုတဿ ဘိက္ခဝေ ဝိဟရတော စိတ္တံ ဗျာသိဉ္စတိ စက္ခုဝိညေယ္ယေသု ရူပေသု။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတဿ၊ မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ စက္ခုဝိညေယ္ယေသု၊ စက္ခုဝိညာဉ်ဖြင့် သိမြင်အပ်ကုန်သော။ ရူပေသု၊ အဆင်းရူပါရုံတို့၌။ ဗျာသိဉ္စတိ၊ ကိလေသာ၏ အစွမ်းဖြင့် စိုစွတ်၏။

ဘယ်လောက်ကောင်းတဲ့ တရားကွက်လဲဆိုတာ ဝိပဿနာရှုတဲ့ အမျိုးကောင်းသားတွေ, အမျိုးကောင်းသမီးတွေ သတိပဋ္ဌာန် ဒေသနာတော်က ပြောထားတဲ့ မြင်ရင် မြင်တယ်-လို့ မှတ်ပါလို့-ဆိုတာ ဒါပြောတာ၊ မြင်တဲ့နေရာမှာ ဘာလုပ်ရမလဲ (သတိ ထားရမှာပါ-ဘုရား)။

သတိထားရမယ်၊ သတိထားတယ်ဆိုတာ မြင်တဲ့အာရုံပေါ်မှာ သတိထားလိုက်ရင် သတိက ဘာလုပ်ပေးသလဲ (အာရုံကိုပေါ်လွင် ထင်ရှားအောင် လုပ်ပေးနေပါတယ်ဘုရား)။ ဘာအာရုံလဲ မြင်တာဟာ ဘာကို မြင်တာလဲ လူကို မြင်တာလား ရုပ်ကိုမြင်တာလား (ရုပ်ကိုပါဘုရား)၊ မြင်တာမှန်သမျှ လူလား ရုပ်လား (ရုပ်ပါဘုရား)၊ ကြားတာ မှန်သမျှ ရုပ်လား အသံလား (ရုပ်ပါ

http://www.dhammadownload.com

ဘုရား)၊ နံတာမှန်သရွေ့ ရှုပ်လား အနုံလား (ရှုပ်ပါဘုရား)၊ သာယာဘွယ်မှန်သရွေ့ အရသာလား ရှုပ်လား (ရှုပ်ပါဘုရား)၊ လက်နဲ့ကိုင်တွယ်၍ မိမိခန္ဓာကိုယ်မှာ လာပြီးတော့ ထိတွေ့တာတွေ့ မှန်သမျှ ရှုပ်လား အတွေ့လား (ရှုပ်တရားပါဘုရား)၊ ရှုပ်တရားဘဲ ဟုတ်လား။

မြင်တာကော ဘာလဲ (ရှုပ်ပါဘုရား)

ကြားတာကော (ရှုပ်ပါဘုရား)

နံတာကော (ရှုပ်ပါဘုရား)

လျာပေါ်ရောက်လာတဲ့ အရသာတွေကော (ရှုပ်ပါဘုရား)။

မိမိခန္ဓာကိုယ်ကို တစုတခုသော အထုဝတ္ထုဖြင့် လာပြီးတော့ ထိတာတွေကော (ရှုပ်ပါဘုရား)။

ဆိုလိုတာက စက္ခုပသာဒရှုပ်သည် အဋ္ဌတ္တိကရှုပ်၊ ရှုပါရုံသည် ဗဟိဒ္ဓရှုပ်၊ သောတပသာဒရှုပ် ဃာနပသာဒရှုပ် ဇိဝှါပသာဒရှုပ် ကာယပသာဒရှုပ် ဝတ္ထုရှုပ် ဆိုတာတွေက အဋ္ဌတ္တိကရှုပ်တွေ့၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံနဲ့ ဓမ္မာရုံ တချို့က ဗဟိဒ္ဓရှုပ်တွေ့။ အဲဒီရှုပ်တရားအားလုံးကို အဋ္ဌတ္တရော ဗဟိဒ္ဓရော တပေါင်းတည်း ပြုပြီးတော့ ရှုပ်လို့ရှုပါတဲ့။

ဝိဘင်းပါဠိတော်က—

> အဋ္ဌတ္တံ ဝါ ဗဟိဒ္ဓါ ဝါ တဒေကဇ္ဈံ အဘိသညူဟိတ္ဘာ အဘိသင်္ခီပိတ္ဘာ အယံ ဝုစ္စတိ ရူပက္ခန္ဓော—တဲ့။

အဋ္ဌတ္တံ ဝါ၊ အဋ္ဌတ္တလည်းဖြစ်သော။ ဗဟိဒ္ဓါ ဝါ၊ ဗဟိဒ္ဓလည်းဖြစ်သော။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ သဒ္ဒံ၊ ထိုအလုံးစုံသောရုပ်ကို။ ကေဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူဟိတ္ဘာ၊ ရုံး၍။ အဘိသင်္ခီပိတ္ဘာ၊ ချုံး၍ (ဝါ)အကျဉ်းချုံး၍။ အယံ သဘာဝေါ၊ ဤသဘောကို။ ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာဟူ၍။ (ဝါ) ရုပ်အစုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ရုပ်ကို လက္ခဏာရေးတင်ပုံ။ ။ဒီတော့ စောစောပိုင်းက ပြောခဲ့တဲ့ အဋ္ဌတ္တိကရုပ်၊ ဗာဟိရရုပ်အားလုံးကို တခုစီ တခုစီ ခွဲခြားမနေတော့ဘဲ ရုပ်လို့ တပေါင်းတည်း ပေါင်းရှုလိုက်ပါတဲ့၊ ဘာတဲ့လဲ (ရုပ်ပါဘုရား)။ အဲဒီရုပ်ကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ရှုဘို့ရန်အတွက် မြတ်စွာဘုရားက အနတ္တလက္ခဏသုတ္တန်မှာ—

http://www.dhammadownload.com

ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ တေ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ နိစ္စံ ဝါ၊ မြဲတဲ့တရားလား။ အနိစ္စံ ဝါ၊ မမြဲတဲ့တရားလား။ အနိစ္စံ ဘန္တေ၊ မမြဲပါဘုရား။ ယံ အနိစ္စံ၊ အကြင် အနိစ္စဖြစ်သော ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအနိစ္စဖြစ်သောရုပ်သည်။ ဒုက္ခံ ဝါ၊ ကြောက်ဘွယ်ဆင်းရဲလား။ သုခံ ဝါ၊ နှစ်သက်ဘွယ် ချမ်းသာလား။ ဒုက္ခံ ဘန္တေ၊ ကြောက်ဘွယ်ဆင်းရဲပါဘုရား။ အနိစ္စံ၊ မမြဲသော။ ဒုက္ခံ၊ ဆင်းရဲသော။ ဝိပရိဏာမ ဓမ္မံ၊ ဖောက်ပြန်သော သဘောရှိသော။ ယံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုရုပ်ကို။ တေ၊ ဤရုပ်သည်။ မမ၊ ငါ၏။ သန္တံ၊ ဥစ္စာပေတည်း။ သော၊ ဤရုပ်သည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ သော၊ ဤရုပ်သည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တကောင် သတ္တဝါကောင်တည်း၊ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ စွဲလမ်း၍ရှုခြင်းငှါ။ ကလ္လံ နု၊ သင့်ပါအံ့လော။ နော ဟေတံ ဘန္တေ၊ မသင့်ပါဘုရား။

ဝိပဿနာရှုက သတိပညာအရေးကြီးပုံ။ ။ဒီတော့ ရူပ်ဟာ အနိစ္စပါတဲ့၊ ရူပ်ဟာ ဒုက္ခပါတဲ့၊ ရူပ်ဟာ ဝိပရိဏာမ ဖောက်ပြန်တတ်သော သဘောပါတဲ့၊ ရူပ်ဟာ အနတ္တပါတဲ့၊ အဲဒီလိုရှုလိုက်ရင် ဝိပဿနာဉာဏ် ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဘာဖြစ်လို့ ဒီဝိပဿနာဉာဏ်ပေါ်လာသလဲ သတိထားလို့ မြင်တဲ့အပေါ်မှာ သတိထားလို့ နော်(မှန်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ပရိသတ်က ဝိပဿနာလုပ်မဲ့ပုဂ္ဂိုလ် ဆိုတာ ချက်မရွေးရဘူး နေရာမရွေးရဘူး၊ သတိနဲ့ပညာပါရင် ဘယ်နေရာမှာ ဖြစ်ဖြစ် ဝိပဿနာဆိုတာ ဖြစ်တယ်၊ ဟုတ်လား(မှန်ပါဘုရား)။

ဒီတော့ မြင်တဲ့နေရာမှာလဲ ချက်မရွေးနဲ့၊ အဲဒီလို သတိမထားလိုက်လို့ ပညာဉာဏ်မပါရင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပမာဒဝိဟာရီပုဂ္ဂိုလ် ဖြစ်တယ်တဲ့၊ ပြီးတော့ ပါဠိတော်မှာ ဘာပြထားသလဲ—

စက္ခုန္ဒြိယံ အသံဝုတဿ ဘိက္ခဝေ ဝိဟရတော စိတ္တံ ဗျာသိဉ္စတိ စက္ခုဝိညေယ္ယေသု ရူပေသု။

စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ဝါ၊ မိမိမျက်လုံးကလေးကို။ အသံဝုတဿ၊ ခုလို သတိပညာတို့ဖြင့် မစောင့်စည်းသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိတဲ့ အမျိုး ကောင်းသား အမျိုးကောင်းသမီး၏။ စိတ္တံ၊ စိတ်သည်။ စက္ခုဝိညေယ္ယေသု ရူပေသု၊ စက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံတို့၌။ ဗျာသိဉ္စတိ၊ ကိလေသာအပူ

http://www.dhammadownload.com

မီးတိုဖြင့် စိုစွတ်၍နေတော့၏။ အဲဒီမြင်တဲ့နေရာမှာ သတိမထားတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်မှာ ဘာဖြစ်သေးလဲ (ကိလေသာမီး စိုစွတ်ပါတယ်ဘုရား)၊ ကိလေသာတို့ဖြင့် စိုစွတ်တယ်၊ ကိလေသာစိုစွတ်တော့ ဘာဖြစ်သလဲလို့ဆိုတော့ မြတ်စွာဘုရားက ရှေ့ဆက်ပြတယ်။

စက္ခုဝိညေယ္ယာသု ရူပေသု တဿ ဗျာသိတ္တစိတ္တဿ ပါမောဇ္ဇံ နာဟောတိ၊ ပါမောဇ္ဇေ အသတိ ပီတိ နာဟောတိ၊ ပီတိယာ အသတိ ပဿဒ္ဓိ နာဟောတိ၊ ပဿဒ္ဓိယာ အသတိ ဒုက္ခံ ဟောတိ၊ (ဒုက္ခိနော စိတ္တံ နသမာဓိယတိ၊) အသမာဟိတေ စိတ္တေ ဓမ္မာ နပါတုဘဝန္တိ၊ ဓမ္မာနံ အပါတုဘာဝါ ပမာဒဝိဟာရီတော့ဝ သဒ္ဒံ ဂစ္ဆတိ။

ပါဠိတော်ဟောစဉ်လို့ ဆိုတဲ့အတိုင်းဘဲ ဒီပါဠိကို ဘုန်းကြီးတို့ ဘာလုပ်ရမလဲ အနက်ပြန်ရမယ်။

စက္ခုဝိညေယ္ယာသု၊ စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ [ရုပ်လား လူလား (ရုပ်ပါဘုရား)၊ စက္ခုဝိညာဏ်ဖြင့်သိအပ်သော အာရုံတွေ ဟူသရွေ့ ရုပ်လား လူလား (ရုပ်ပါဘုရား)၊ ရုပ်လား အမျိုးသားလား အမျိုးသမီးလား (ရုပ်ပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ် သိနေတာ ဘယ်လိုသိနေသလဲ မြင်လိုက်ရင် ယောကျ်ားဘဲ မိန်းမဘဲ မြင်နေတာဘဲ၊ ရုပ်ကိုဘယ်သူမှ မမြင်ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ဘယ်သူဖုံးထားသလဲ (အဝိဇ္ဇာဖုံးလွှမ်းထားပါတယ်ဘုရား)၊ အဝိဇ္ဇာဟာ နိဝုတော လောကော–ဟုတ်ပလား (မှန်ပါဘုရား)၊ ပါရာယနဝဂ်က ဗျာသိတ္တစိတ္တဿ၊ ကိလေသာတို့ဖြင့် စိုစွတ်သော စိတ်ရှိသော။ တဿ ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းသည်။ နာဟောတိ၊ မဖြစ်။

ကိလေသာတို့ဖြင့် သွန်းလောင်းစိုစွတ်နေတဲ့ စိတ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ဝမ်းမြောက်နှစ်သက်ခြင်း ဖြစ်နေမလား ဖြစ်မနေဘူးလား (မဖြစ်ပါဘုရား)။

ပါမောဇ္ဇေ၊ ဝမ်းမြောက်မှုသည်။ အသတိ၊ မရှိခဲ့သော်။ ပီတိ၊ နှစ်သက်ခြင်းသည်။ နာဟောတိ၊ မဖြစ်။

ဘုန်းကြီးတို့ ပရိသတ် ဒီတရားကို သေသေချာချာ စဉ်းစားကြည့်စမ်းပါချစ်သားတို့တဲ့၊ မြင်တဲ့အပေါ်မှာ သတိမထားဘဲနဲ့ ရူပါရုံတခုကို မြင်နေရလို့ရှိရင် နှစ်သက်တယ်ဆိုတဲ့ ပီတိတရား ပေါ်ကို မပေါ်ဘူးတဲ့ မြတ်စွာဘုရားက၊ ဟုတ်ပလား (မှန်ပါဘုရား)။

ရူပါရုံကို သတိထား ကြည့်သင့်ပုံ။ ။ဘုန်းကြီးတို့ ပရိသတ်က မျက်လုံးကလေးနဲ့ ရူပါရုံကို မြင်နေရရင် အဲဒီ ရူပါရုံလေး

http://www.dhammadownload.com

ကို နှစ်သက်[၁]နေတယ်လို့ ထင်မနေဘူးလား၊ (ထင်နေပါတယ်ဘုရား)၊ ဘယ်လောက် မှားနေသလဲ-လို့ ဆိုတာ အဲဒါသာကြည့်တော့၊ နွေရှိသရွေ့ ကိုယ်မှားနေတဲ့ အမှားကို ဘုန်းကြီးတို့ပရိသတ် ကြည့်စမ်းပါတဲ့ မြတ်စွာဘုရား၊ ကိလေသာတို့ဖြင့် သွန်းလောင်းစိုစွတ်နေတဲ့, စိတ်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ရူပါရုံကို ကြည့်နေရပေမဲ့ နှစ်သက်မှု[၁] မပေါ်ဘူးတဲ့ မြတ်စွာဘုရား၊ ဘုန်းကြီးတို့ ပရိသတ်က ရူပါရုံကို ပြုံးပြုံးကလေး ကြည့်နေရရင် နှစ်သက်[၁]တယ်လို့ ထင်နေတယ် မဟုတ်လား (ထင်နေပါတယ်ဘုရား)၊ ဘယ်လောက် မှားနေကြသလဲ ကြည့်စမ်း (မှန်ပါဘုရား)။

ပီတိယာ၊ ရူပါရုံကို မြင်နေတဲ့အတွက် နှစ်သက်မှုပီတိသည်။ အသတိ၊ မရှိခဲ့သော်။ ပဿဒ္ဓိ၊ စိတ်ဆောကိုယ်ပါ ငြိမ်းတေယ်-ဆိုတဲ့ သဘောသည်။ န ဟောတိ၊ မဖြစ်။

နှစ်သက်မှုမှ မရှိရင် ခေျမ်းချမ်း ရှိပါ့မလား (မရှိပါဘုရား)၊ ပဿဒ္ဓိဆိုတာ ကိုယ်ဆောစိတ်ဆော ပြေးနေတာ၊ ဒီလိုနေတဲ့ တရားကို ပဿဒ္ဓိ-လို့ ခေါ်တယ်၊ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ တွေ့ဘူးလိမ့်မယ် ဘုန်းကြီးတို့ ပရိသတ်၊ (မှန်ပါဘုရား)။

အဲဒီလို ပဿဒ္ဓိ မရှိတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်သည် ပဿဒ္ဓိယာ၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းမှုသည်။ အသတိ၊ မရှိခဲ့သော်။ ဒုက္ခ၊ ဆင်းရဲခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

တရားအဆင့်ဆင့် တက်လာပုံ။ ။အဲဒီ ကိုယ်စိတ်နှစ်ပါး မငြိမ်းလို့ရှိရင် ဒုက္ခလား, သုခလား (ဒုက္ခပါဘုရား)၊ ဒုက္ခိနော၊ စိတ်ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်၏။ စိတ္တ၊ စိတ်သည်။ န သမာဓိယတိ၊ မတည်ကြည်တော့ဘူးတဲ့။ တရား တက်တက်လာပုံကလေးတွေကိုကြည့်နော် – တရား တက်ပုံ တက်နည်းတွေကို ပြမယ်လို့ ဆိုထားတယ် မဟုတ်လား။ စိတ်ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ ဘယ်တော့မှ မတည်ကြည်ဘူး-တဲ့။ ဘာပြုလို့ စိတ်မတည်သလဲ စိတ်ဆင်းရဲလို့၊ ဘာပြုလို့ စိတ်ဆင်းရဲသလဲ စိတ်ဆော, ကိုယ်ဆော မငြိမ်းလို့၊ ဘာပြုလို့ စိတ်ဆော ကိုယ်ဆော မငြိမ်းသေလဲ ပီတိမရှိလို့၊ ပီတိဘာပြုလို့ မဖြစ်သလဲ ပါမောဇ္ဇ မဖြစ်လို့၊ ပါမောဇ္ဇ ဘာပြုလို့ မဖြစ်သလဲ ကိလေသာတို့ဖြင့် စိုစွတ်လို့၊ ဘာပြုလို့ ကိလေသာစိုစွတ်သလဲ ရူပါရုံမြင်တဲ့နေရာမှာ သတိမထားလို့ ဟုတ်ပလား (မှန်ပါဘုရား)။

ဒါ ဒေသနာတော်ကို နောက်ပြန်မေးလိုက်တယ်၊ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ် အဲဒီလို ကိလေသာတို့ဖြင့် စိုစွတ်တဲ့စိတ်ကြောင့် ပီတိတို့, ပဿဒ္ဓိတို့

၁။ နှစ်သက် ဟူသည် ဗောဇ္ဈင် ၇-ပါးမှ ပီတိကို ဆိုသည်။

http://www.dhammadownload.com

မရှိလို့ စိတ်တွေ့ မကြည်လင်တော့ဘူးဆိုရင် တရားပေါ်နိုင်ပါဦးတော့မလား၊ (မပေါ်နိုင်ပါဘုရား)။

စိတ္တော၊ စိတ်သည်။ အသမာဟိတော၊ မတည်ကြည်သည်ရှိသော်။ ဓမ္မာ၊ ဗောဓိပက္ခိယ တရားတို့သည်။ (ဝါ) ပဋိစ္စသမုပ္ပါဒ် တရားတို့သည် (ဝါ) ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဝိပဿနာ ရှုရမည့် တရားတို့သည်။ န ပါတုဘဝန္တိ၊ မထင်ရှား မပေါ်လွင်တော့ဘူး။ တရားမပေါ်တော့ဘူး၊ ခုလို တရားတွေမပေါ်ရင် ဒီပုဂ္ဂိုလ်နေနည်း ဘယ်လိုနေနည်းလဲ၊ ပမာဒဝိဟာရီတွေဝ သခ်ံ ဂစ္ဆတိ။ ပမာဒဝိဟာရီတွေဝ၊ ပမာဒဝိဟာရီပုဂ္ဂိုလ်ဟူ၍သာလျှင်၊ သခ်ံ၊ ခေါ်ဝေါ်ခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။

အဲဒီလိုပုဂ္ဂိုလ်ဟာ ပမာဒဝိဟာရီပုဂ္ဂိုလ်မည်တယ်တဲ့၊ အဲဒါ ပမာဒဝိဟာရီပုဂ္ဂိုလ်ဘဲနော် (မှန်ပါဘုရား)၊ ဒါဖြင့် အဲဒီ ပမာဒဝိဟာရီပုဂ္ဂိုလ်မျိုးမဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ဆိုတော့–

ကထဉ္စ ဘိက္ခဝေ အပ္ပမာဒဝိဟာရီ ဟောတိ-တဲ့။ ဘိက္ခဝေ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအားထုတ်ကြကုန်သော အို အမျိုးကောင်းသား အမျိုးကောင်းသမီးတို့။ အပ္ပမာဒဝိဟာရီ၊ တရားတော်၌ မမေ့မလျော့သော နေခြင်းသည်။ (ဝါ) အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်သည်။ ကထဉ္စ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။

အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်။ ။မြတ်စွာဘုရားက ပမာဒဝိဟာရီပုဂ္ဂိုလ်ကို ဟောပြီးလို့ အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်ကို တဖန်ဟောပေးတော် မူလိုပြန်တဲ့အတွက် တနည်းဆိုရရင် ဘုန်းကြီးတို့ပရိသတ်ကို အပ္ပမာဒဝိဟာရီ ပုဂ္ဂိုလ် တရားတော်ကို မမေ့မလျော့နေလေ့ရှိတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်စေလိုလို့ ဒီစကား ကို မိန့်တော်မူပြန်ပါတယ်၊ (မှတ်ထားနော်)။ အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ခေါ်သလဲလို့ မေးပြီးတော့မှ အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်မျိုး ဖြစ်စေနိုင်တဲ့နည်းကို ညွှန်ပြပါတယ်၊ ဘယ်လိုလဲဆိုတော့ ပါဠိတော်မှာ—

စက္ခုန္ဒြိယံ သံဝုတဿ ဘိက္ခဝေ ဝိဟရတော စိတ္တံ နု ဗျာသိဉ္စတိ။

ဘုန်းကြီးတို့ ပါဠိတော်ကို တပိုဒ်စီ ပြောပေးမယ်နော်၊ သေသေချာချာ မှတ်မိအောင် တရားနာကြ။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုန္ဒြိယံ၊ မိမိရဲ့ စက္ခုန္ဒြေခေါ်တဲ့ မျက်လုံးကို။ သံဝုတဿ၊ သတိပညာတို့ဖြင့် စောင့်ရှောက်လေ့ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီး၏။ စိတ္တံ၊ စိတ်သည်။ နု ဗျာသိဉ္စတိ၊ ကိလေသာတို့ဖြင့် သွန်းလောင်းစိုစွတ်ခြင်းမရှိတဲ့။

http://www.dhammadownload.com

သတိပညာဖြင့် မစောင့်ရှောက်က ဘုန်းကြီးတို့ပရိသတ် **ပုထုဇဉ်ပုဂ္ဂိုလ်**ဆိုတာ **ဖြစ်ပေါ်လာနိုင်သောတရားများ** မိမိရဲ့စက္ခုခေါ် မျက်လုံးဖြင့် ရူပါရုံ တခုခု ကို မြင်တဲ့**အခါ သတိ ပညာ**ဆိုတဲ့ တရား နှစ်ပါးနှင့် မစောင့်ရှောက် မထိန်းသိမ်းပဲ ထားလိုက်ရင် **ဘာတွေ** ဖြစ်လာမလဲ၊ နှစ်သက်မှုလောဘနဲ့ **မနှစ်သက်မှု** မကြိုက်မှုဆိုတဲ့ ဒေါသ ဒေါမနဿ တရား နှစ်ပါးဟာ များသောအားဖြင့် ဖြစ်လာနိုင်တယ်၊ သတိနဲ့ပညာကသာ စောင့် ရှောက်ထိန်းသိမ်းမပေးရင် ကိလေသာဆိုတဲ့ **အဝိဇ္ဇာ** လောဘ ရာဂ ဒေါသ ဒေါမနဿ ဣဿာ မစ္ဆရိယ ဒုစရိုက်ဆိုတဲ့ တရားဆိုးကြီးတွေဟာ တားမရ ဆီးမရ မုချဝင်လာကြတော့တာပဲ၊ ဒီတော့ အဲဒီပုဂ္ဂိုလ်ရဲ့စိတ်ဟာ ပူပန်ချောက် ချားလာတော့တယ်။

ခုတော့ မြင်တိုင်း မြင်တိုင်း မြင်မှုပေါ်မှာ သတိကပ်ထားလိုက်တော့ သတိက ရုပ်ဆိုတဲ့ အာရုံကို ဖော်ပြပေးထားတဲ့အတွက် ယောကျ်ားမိန်းမ လှ မလှဆိုတဲ့ အသွင်သဏ္ဌာန် လက်ခြေသဏ္ဌာန် ပြုံးရယ်မည့် ဟန်အမူအရာတွေ ပျောက်ပြီး တော့ သတိတရားရဲ့ အစွမ်းသတ္တိဖြင့် ရုပ်တရားလို့ ဖော်ပြပေးလိုက်တော့ ပညာက အဲဒီရုပ်တရားကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ဆိုတဲ့ မမြဲခြင်း၊ မမြဲခြင်း ကြောင့် ပျက်စီးခြင်းဖြင့် အနှိပ်စက်ခံရတဲ့ ဆင်းရဲခြင်း ဖြစ်ပြီးတဲ့နောက် ပျက်စီး မှုသို့ တရိပ်ရိပ်နဲ့ ပြောင်းလွှဲခြင်းဆိုတဲ့ အာဒီနဝကို မြင်ပေးလိုက်တယ်။

အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်မည်ခြင်း။ ။အဲဒီလို သတိပညာတို့ဖြင့် စောင့်ရှောက် ပေးလိုက်တဲ့အတွက် သတိပညာလက်ကိုင် ထားသူ အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့ စိတ်ဟာ မိမိရဲ့စိတ်ကို ပူပန်ညစ်နွမ်းစေတတ်တဲ့ ကိလေသာလို့ ခေါ်တဲ့ **အဝိဇ္ဇာ** လောဘ ဒေါသ ဣဿာ မစ္ဆရိယ ဒုစရိုက်တရားဆိုးတို့ဖြင့် မထိတွေ့ မသွန်းလောင်း မစိုစွတ်တော့ဘူးတဲ့။ ဒီအချက်ကို သေသေချာချာ မှတ်သားပြီး ဖြစ်အောင် အားထုတ်ကြနော် ဘုန်းကြီးတို့ပရိသတ်၊ ဒါမှ အပ္ပမာဒဝိဟာရီ ပုဂ္ဂိုလ်မျိုးဖြစ်မှာ၊ နားထောင်ရုံနဲ့ ကိစ္စမပြီးဘူး။ ကိုင်း ရှေ့သွားရအောင် ပါဠိတော် **တရားပိုဒ်**တွေက ကျွန်နေ သေးတယ်–

> စက္ခုဝိညေယ္ယေသု ရူပေသု တဿ အဗျာသိတ္တစိတ္တဿ ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝိဟရတိ၊ (သုခိနော စိတ္တံ သမာဓိယတိ၊ သမာ-ဟိတေ စိတ္တေ ဓမ္မာ ပါတုဘဝန္တိ၊ ဓမ္မာနံ ပါတုဘာဝါ အပ္ပမာဒဝိဟာရီ တော့ဝ သဒ္ဒါ ဂစ္ဆတိ-တဲ့။

ပါဠိတော်ကို ရွတ်ပြီးပြီ၊ အနက်မြန်မာ ပြန်ဆိုကြဦးစို့။

http://www.dhammadownload.com

စက္ခုဝိညေယျသု၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ရူပေသု၊ရူပါရုံတို့၌။ အဗျာသိတ္တစိတ္တာဿ၊ကိလေသာတို့ဖြင့် မသွန်းလောင်း မစိုစွတ်သောစိတ်ရှိသော။ တဿ ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသား အမျိုးကောင်းသမီးအား။ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။

တရားအား ထုတ်ရန် တိုက်တွန်းချက်။ ။ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ရူပါရုံကိုမြင်တဲ့အခါ သတိပညာတို့ဖြင့် စောင့်ရှောက်ထားတဲ့အတွက် ကိလေသာစိုစွတ်မှုမခံရတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိလေသာအပူဓာတ်တွေ ကင်းနေတဲ့အတွက် အင်မတန် ဝမ်းမြောက်ရသတဲ့၊ ဝမ်းမြောက်လိုတဲ့ ပုဂ္ဂိုလ်များ ဝမ်းသာ ရွှင်မြူးလိုတဲ့ ပုဂ္ဂိုလ်များ လက်တွေ့ဖြစ်အောင် အားထုတ်ကြည့်ကြစမ်းပါ၊ လက်မလွှတ်နိုင် လောက်အောင် ဝမ်းသာရွှင်မြူးနိုင်ကြတာကို ကိုယ်တိုင်မျက်မှောက် တွေ့ရပါလိမ့်မည်။ ဟောတာ ပြောတာ နားထောင်နေရုံနဲ့တော့ ကုသိုလ်ရရုံဘဲရှိတယ်။ ကိစ္စပြီးမှာ မဟုတ်သေးဘူးနော် (မှန်ပါဘုရား)။

ကိုင်း ရှေ့သွားကြရအောင် ဘာတဲ့လဲ—

ပမုဒိတဿ၊ ဝမ်းမြောက်သော။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးအား။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏တဲ့။ ဒီအပိုင်းကို အဓိပ္ပါယ်နဲ့ပြောရအောင် သတိပညာတို့ဖြင့် မြင်မှုကို စောင့်ရှောက်တဲ့အတွက် ကိလေသာမဝင်သောကြောင့် ဝမ်းမြောက်မှု ဝမ်းသာမှုတွေ ရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ နှစ်သက်မှုခေါ်တဲ့ ပီတိဟုန်တို့ဖြင့် လွှမ်းခြုံ၍နေတော့တာဘဲတဲ့၊ ဒီနေရာမှာ ပီတိအကြောင်းကို စကားအလျဉ်းသင့်လာတဲ့အတွက် နဲနဲကလေး ချဲ့ပြီး ပြောပေးချင်ပါတယ်။

ပီတိဖြစ်ခြင်းနှင့် ပီတိ ၅-မျိုး။ ။ပီတိဆိုတာ နှစ်သက်တတ်သောကြောင့်ရင်း, စိတ်နှလုံးကို ရွှင်ပြုံး တိုးပွါးစေတတ်သော ကြောင့်ရင်း ပီတိလို့ခေါ်တယ်။ ပီတိဆိုတဲ့သဘောဟာ နှစ်သက်ခြင်း, ရွှင်ပြုံး တိုးပွါးစေခြင်း, တကိုယ်လုံး ဖုံးလွှမ်းခြုံရုံပြီးတော့ ပြန့်နှံ့ခြင်း, စိတ်အား ကိုယ်အား တက်တက်ကြွကြွ ဖြစ်လာခြင်း သဘောတွေဟာ ပီတိရဲ့ သဘော လက္ခဏာတွေပါဘဲ။ အဲဒီ ပီတိက ငါးမျိုးရှိတယ်၊ ဘာပီတိတွေလဲဆိုတော့—

(၁) ခုဒ္ဒကာပီတိ၊
(၂) ခဏိကာပီတိ၊
(၃) ဩက္ကန္တိကာပီတိ၊
(၄) ဥဗ္ဗေဂါပီတိ၊
(၅) ဖရဏာပီတိ-တဲ့

http://www.dhammadownload.com

ပေါင်းလိုက်တော့ ငါးမျိုးနော်၊ အဲဒီငါးမျိုးထဲမှာ—

ခုဒ္ဒကာပီတိဖြစ်ပုံ။ ။ခုဒ္ဒကာပီတိဆိုတာက မိမိရဲ့ကိုယ်မှာ တရားအားထုတ်တဲ့အခါ ကြက်သီးမွေးညင်းကလေးတွေ ဖြင်းကနဲ ဖြင်းကနဲနဲ့ ထထလာတာ တွေ့ဘူးကြပါလိမ့်မယ်။အဲဒီသဘောဟာ ခုဒ္ဒကာပီတိရဲ့ ဖြစ်ပေါ်ပုံသဘောဘဲ။ သူ့ကို ခုဒ္ဒကာပီတိလို့ မှတ်ရမယ်။

ခဏိကာပီတိဖြစ်ပုံ။ ။နောက် ခဏိကာပီတိကျတော့ စောစောက ပြောခဲ့တဲ့ ခုဒ္ဒကာပီတိလို အသေးစား အငယ်စားကလေး မဟုတ်တော့ဘူး၊ သူက တော်တော်ကလေး ထင်ရှားလာပါတယ်၊ တရားအားထုတ်နေတဲ့အခါမှာ ခဏခဏ လျှပ်စီးလက်လိုက်သလို ကိုယ်ကာယမှာ မကြာမကြာ တဖြတ်ဖြတ်နဲ့ တမျိုးကလေးဘဲ တွေ့နေရတဲ့ နှစ်သက်မှုမျိုးကို ခဏိကာပီတိလို့ ခေါ်ပါတယ်၊ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ခုပြောခဲ့တဲ့အချက်ကို တရားအားထုတ်တဲ့အခါ တွေ့ဘူးကြပါလိမ့်မယ်။

ဩက္ကန္တိကာပီတိဖြစ်ပုံ။ ။နောက် ဩက္ကန္တိကာပီတိကျတော့ ပိုပြီးထင်ရှားလာပါတယ်၊ သမုဒ္ဒရာကမ္ဘာကြီးမျှားကို လှိုင်းတံပိုးကြီးတွေ ဝုန်းကနဲ ဝုန်းကနဲနဲ့ လာလာပြီး ရိုက်ခတ်သလို ပီတိအဟုန်လို့ခေါ်တဲ့ လှိုက်လှိုက်တက်လာလိုက်တဲ့ ဝမ်းသာမှုတွေဟာ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ကို အထက်အောက် နှစ်ဘက်ညှပ်၍သော်လည်းကောင်း ဘေးနှစ်ဘက်ညှပ်၍သော်လည်းကောင်း ဟုန်းကနဲ ဟုန်းကနဲ ခန္ဓာကိုယ်မှာ ရိုက်ခတ်သလို ဖြစ်ပြီးတော့ ဖိုဖို လှိုက်လှိုက်နဲ့ မျက်ရည်မျှားတောင် ကျတော့မလောက် တချို့မျှား မျက်ရည်ကျလာအောင်တောင် ဝမ်းမြောက်နှစ်သက်မှုတွေ ဖြစ်ပေါ်လာပါတယ်၊ ဒါကို ဩက္ကန္တိကာပီတိလို့ ခေါ်တယ်။

ဥဗ္ဗေဂါပီတိဖြစ်ပုံ။ ။နောက် လေးခုမြောက်ဖြစ်တဲ့ ဥဗ္ဗေဂါပီတိကျလာတော့ အင်မတန်အားကောင်းလာတယ်၊ သူရဲ့သဘောက ဥဗ္ဗေဂါပီတိသဘောပေါ်လာရင် ခန္ဓာကိုယ်တခုလုံးဟာ အထက်သို့ ကြွတက်နေတတ်တယ်၊ သူ့သတ္တိက ကောင်းကင်ကိုတောင် ပီတိအဟုန်ဖြင့် ပျံတက်နိုင်တယ်လို့ ကျမ်းဂန်များမှာ သက်သေထုတ်ပြထားဒါ ရှိပါတယ်။

ဥဗ္ဗေဂါပီတိဖြစ်ရာဌာဝတ္ထု။ ။ပုဏ္ဏဝလ္လိကဝါသီဆိုတဲ့မဟာတိဿမထေရ်မြတ်ဟာ တခုသော လပြည့်နေ့ ညနေချမ်းမှာ ကျောင်းတိုက်ထဲမှာရှိတဲ့ စေတီယင်ပြင်တော်သို့သွားပြီး လရောင်အလင်းဖြင့် လ-ကလေး ခပ်သာသာမှာ မဟာစေတီကြီးကို မျော်ပီး ဖူမြော်နေပါတယ်၊ အဲဒီအခါမှာ မထေရ်မြတ်ရဲ့စိတ်ထဲ ဘယ်လို နှလုံးသွင်းမိသလဲဆိုတော့—

http://www.dhammadownload.com

"ကမာယ ဝတ ဝေလာယ စတသော ပရိသာ မဟာစေတိယံ ဝန္ဒန္တိ" လို့ စိတ်ထဲမှာ နှလုံးသွင်းမိတယ်။

ကမာယ ဝေလာယ၊ ကျွှယခုလို အချိန်အခါ၌။ စတသော၊ လေးပါးကုန်သော။ ပရိသာ၊ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာလို့ဆိုတဲ့ ပရိသတ်တို့သည်။ မဟာစေတိယံ၊ မဟာစေတီတော်ကို။ ဝန္ဒန္တိ ဝတ၊ ရှိခိုးကြကုန်လိမ့်တကား–လို့ စိတ်အကြံဖြစ်ပြီးတော့ ရှေးက မြင်ဘူးတဲ့ စေတီတော်ကို အာရုံပြုပြီးဖြစ်တဲ့ ပုဒ္ဓါရမ္မဏခေါ် မြတ်စွာဘုရားလျှင် အာရုံရှိတဲ့ ဥပ္ပေဂါပိတိဟုန်ဖြင့် ကောင်းကင်ကို ပျံတက်လျက် စေတီယင်ပြင်မှာ တခါထဲ သွားပြီးတော့ ကျရောက်ဘူးတယ်တဲ့၊ ဥပ္ပေဂါပိတိရှိသဘော။

ဥပ္ပေဂါပိတိဖြစ်ရာဌဝတ္ထုတမျိုး။ ။နောက်တခု ရှိပါသေးတယ်၊ ဥပ္ပေဂါပိတိရှိသဘောကို သက်သေထုတ်ပြထားဒါ၊အဲဒါက ဘာလဲဆိုတော့ ဂိရိကဏ္ဍကကျောင်းတိုက်ရဲ့ ဆွမ်းခံရွာဖြစ်တဲ့ ငတ္တကာလက ရွာမှ အမျိုးကောင်းသမီးကလေးတယောက်ရဲ့ ဥပ္ပေဂါပိတိဖြစ်ပုံကို ကျမ်းဂန်က ညွှန်ပြထားပါတယ်၊ အင်မတန် စိတ်ဝင်စားစရာကောင်းတဲ့အတွက် နံနံထည့်ပြောပေးပါအုံးမယ်၊ အမျိုးသမီးကလေးက ဂရုဘာရတဲ့၊ ကိုယ်မအားဘူး၊ မိဘနှစ်ပါးက ကျောင်းသို့ တရားနာသွားခါနီးတော့ သမီးကလေးကို ဘာပြောခဲ့သလဲဆိုတော့ သမီး သင့်မှာ ကိုယ်မအားတဲ့အတွက် အချိန်အခါမဲ့သွားဘို့ လာဘို့ရန် မလုပ်ကူဘူး၊ ဒီတော့ သမီးတရားနာ မလိုက်ခဲ့နဲ့ အိမ်မှာဘဲ နေရစ်ပါ၊ သမီးအတွက် ငါတို့အဘို့အစုပြုပြီးတော့ တရားနာခဲ့မယ်၊ ကုသိုလ်ကောင်းမှု သမီးအတွက် ငါတို့ကပဲ ပြုခဲ့မယ်လို့ ပြောပြီး မိဘနှစ်ဦး တရားနာသွားကြတယ်။

အမျိုးကောင်းသမီးလေးဟာ တရားနာ ဘုရားဖူး လိုက်ချင်ပါရက်သားနဲ့ မိဘရဲ့စကားကို မလွန်ဆန်နိုင်လို့ အိမ်မှာဘဲ ကျန်ခဲ့ပါတယ်၊ အိမ်တံခါးဝမှာရပ်ပြီးတော့ လ-ကလေး ခပ်သာသာမှာ လရောင်ဖြင့် တောင်ထိပ်ပေါ်မှာရှိနေတဲ့ စေတီယင်ပြင်ကို တစိမ့်စိမ့်ကြည့်ပြီးတော့ နေတဲ့အခါမှာ သူဘာတွေမြင်သလဲဆိုတော့ စေတီတော်ကြီးအား ဆီမီးပူဇော်တာတွေ ဘိက္ခု၊ဘိက္ခုနီ ဥပါသကာ၊ဥပါသိကာလို့ ဆိုတဲ့ ပရိသတ် လေးပါးတို့ ပန်းနဲ့သာတိုင် စသည် ကိုင်ပြီးတော့ စေတီတော်ကြီးကို လက္ခဏာရစ်လှည့်လည်ပူဇော်နေကြတာတွေ အဲတာတွေမြင်ပြီး နေပါတယ်၊ ပြီးတော့ သံဃာတော်တွေ စုပေါင်းပြီး တရားဒေသနာတွေကို ရွတ်ဖတ်-သရဇ္ဈာယ် နေတာကိုလဲ သူကြားနေရတယ်၊ ဒီတော့ အမျိုးကောင်းသမီးကလေးရဲ့စိတ်ထဲမှာ ဘယ်လိုဖြစ်လာသလဲဆိုတော့—

"ဧညာဝတိ' မေ မနုဿာ ယေ ဝိဟာရံ ဂန္တွာ ဝေရူပေ စေတိ–
ယင်္ဂဏေ အနုသဉ္စရိတုံ ဝေရူပဉ္စ မဓုရမဓုကဏ် သောတုံ လဘန္တိ"တဲ့။

http://www.dhammadownload.com

အမျိုးသမီးကလေးရဲ့ စိတ်ထဲမှာ ဖြစ်လာပုံ ဘာတဲ့လဲ–

ယေ မနုဿာ၊ အကြင် လူအပေါင်းတို့သည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္ဆာ၊ သွားရောက်ကြကုန်၍။ ဝေရူပေ၊ ဤသို့ သဘောရှိသော။ စေတိယင်္ကေ၊ စေတီယင်္ကပြင်တော်၌။ အနုသဉ္စရိတုံ စ၊ လက်ျာရစ် လှည့်လည်ခြင်းငှါလည်း ကောင်း။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ မဓုရမဓုကထံ၊ သာယာသော တရားစကားကို။ သောတုံ စ၊ နာခြင်းငှါလည်းကောင်း။ လဘန္တိ၊ ရကြပေကုန်၏။ ဣမေ၊ ဤသို့သော သူတို့သည်။ ဧတာ ဝတာ၊ ရှေးဘုန်း ရှေးကံ ထက်သန်ကြီးမား ကြပါပေကုန်စွဲတကား-လို့။

ဥဗ္ဗေဂါပီတိကြောင့် ကောင်းကင်ပျံတက်ပုံ

အော် ရှေးဘုန်း ရှေးကံ ထက်သန်ကြီးမားကြတဲ့ သူတော်ကောင်းတွေမှာ ဤသို့ သဘောရှိသော တရားနာခြင်း၊ ပန်းဆီမီးတိုင်ဖြင့် မြတ်စွာဘုရားကို ပူဇော်ခြင်း ဖူးမြော်ခြင်းဆိုတဲ့ အခွင့်ကောင်းတွေကို ရရှိကြပေတယ်-လို့ ကြည်ညိုစိတ်တွေ ယိုဖိတ်လျံတက်ပြီး အဲဒီ အမျိုးသမီးကလေးရဲ့ စိတ်အစဉ်မှာ ဥဗ္ဗေဂါပီတိတွေ ဖြစ်လာပြီး တခါထဲ ကောင်းကင်ကို ပျံတက်ပြီး သူမိဘတွေရဲ့ အရင် စေတီယင်္ကပြင်သို့ရောက်ခါ ဘုရားဖူးပြီး တရားနာနေတော့တယ်။

ဥဗ္ဗေဂါပီတိများ ဘယ်လောက်အဲ့ဩြပြီး စိတ်ဝင်စားစရာ ကောင်းသလဲ-လို့၊ လူတကိုယ်လုံး ကောင်းကင်သို့ ရောက်အောင် လိုတဲ့ နေရာ ရောက်အောင် ချီမြှောက်နိုင်တယ်-နော်။ မိဘများက ဘယ်လမ်းက လာသလဲ မေးတော့ ကျမ ကောင်းကင်က လာခဲ့ပါတယ်-တဲ့၊ သမီးကောင်းကင်က လာတယ်ဆိုတာ ရဟန္တာပုဂ္ဂိုလ်များမှ သွားလာနိုင်တယ်၊ သင် ဘယ်လိုလာသလဲ-လို့ မေးတော့ စေတီတော်ကြီးကို လ-ကလေးသာသာမှာ ကြည့်နေရင်းပဲ မြတ်စွာဘုရား၌ အာရုံယူပြီးတော့ နှစ်သက်မှု ဖြစ်လာပါတယ်၊ နောက်တော့ ရပ်တာလဲမသိ၊ ထိုင်တာလဲ မသိတော့ဘဲ တရားနာလိုတဲ့ ဘုရားဖူးလိုတဲ့ အကြောင်းကြောင့် ကောင်းကင်ပျံတက်ပြီး စေတီယင်္ကပြင် ရောက်လာတာပါ-လို့ ပြန်ပြောသတဲ့။ အဲဒါဟာ ဥဗ္ဗေဂါပီတိရဲ့ သဘောကြောင့် လူတကိုယ်လုံး ကောင်းကင်ကိုရောက်အောင် ဂုဏ်းပုံကို လေလွင့်သက့်သို့ ဖြစ်ခြင်းပါပဲ။

ဖရဏာပီတိဖြစ်ပုံ။ ။ဖရဏာပီတိဆိုတာကတော့ဖြင့် နောက်ကပြခဲ့တဲ့ ပီတိတို့ထက် ပိုပြီးတော့ အားကောင်းတယ်၊တကိုယ်လုံးပျံနှံ့ပြီး ဖိမ့်ဖိမ့်အိမ့်အိမ့်နဲ့၊ တစိမ့်စိမ့်နဲ့ ခေါင်းကခြေဆုံး တကိုယ်လုံး ပျံနှံ့ပြီးတော့ နေတဲ့ ပီတိမျိုး-လို့ ဆိုပါတယ်။ အဲဒီ ငါးမျိုးသော ပီတိယာ ပဿဒ္ဓိ ဆိုတဲ့ ကိုယ်ရော စိတ်ရော စိမ့်အီပြီးတော့နေတဲ့ ငြိမ်းမှုကို ယူပြီးတော့ ရင့်ကျက်လာတဲ့အခါ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တရားနှစ်ပါးကို ပေါက်ဖွားစေပါတယ်၊

http://www.dhammadownload.com

အဲဒီ ပဿဒ္ဓိကလဲ ရှင့်ကျက်လာတဲ့အခါ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို ပေါက်ဖွားပေးလိုက်ပါတယ်၊ ကိုယ်စိမ်နှစ်ပါး ချမ်းသာခြင်းက ဘာတွေ ပေါက်ဖွားလာသလဲဆိုတော့ ခဏိကသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိ တို့ ပေါက်ဖွားလာပါတယ်-တဲ့။ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ ပီတိရှဲသားက ပဿဒ္ဓိ၊ ပဿဒ္ဓိရှဲသားက သုခ၊ သုခရှဲသားက သမာဓိလို့ ဆိုလိုတယ်၊ ပါဠိတော်ကလဲ သုခိနော စိတ္တံ သမာဓိယတိ-လို့ ဟောပါလိမ့်မယ်၊ ကိုင်းပါဠိတော် ပြန်ဆက်ကြစို့ —

ပီတိမနဿ ကာယော ပဿမ္ဘတိ–တဲ့။ ပီတိမနဿ၊ နှစ်သက်သော စိတ်ရှိသော ရဟန်းအား။ ကာယော၊ နာမကာယ ရူပကာယသည်။ ပဿမ္ဘတိ၊ ငြိမ်း၏။

နာမကာယ, ရူပကာယငြိမ်းခြင်း။ ။နာမကာယ ရူပကာယ ငြိမ်းတယ်ဆိုတာ အင်မတန် ကောင်းနေတယ်၊ မျက်လုံးလဲ မဖွင့်ချင်ဘူး၊ လူတွေနဲ့လဲ စကားများများ မပြောချင်ဘူး၊ လောကရေး ဆိုတာတွေ သားရေး သမီးရေးတွေ ဘယ်အရေးမှ ဘာမှ မလုပ်ချင်တော့ဘူး၊ အဲဒီလိုဘဲ မှိန်းသာနေချင်တော့တဲ့ သဘောပါပဲ၊ အဲဒီလို ကိုယ်ရောစိတ်ရော ငြိမ်းလာတဲ့အခါမှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ ပါဠိတော်က ဖော်ပြပါတယ်။

ပဿဒ္ဓကာယော သုခံ ဝိဟရတိ–တဲ့။ ပဿဒ္ဓကာယော၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သုခံ၊ ချမ်းသာစွာ။ ဝိဟရတိ၊ နေရ၏–တဲ့။

ကိုယ်စိတ် ၂-ပါး ချမ်းသာခြင်း။ ။ဘုန်းကြီးတို့ပရိသတ် ကိုယ်စိတ်နှစ်ပါး မချမ်းသာတာဟာ စိတ်ရောကိုယ်ရော မငြိမ်းလို့ပဲ၊ စိတ်ကလဲ အလုပ်အမျိုးမျိုးတွေ လုပ်နေတယ်၊ ကိုယ်ဆိုတဲ့ မျက်လုံးတို့ နားတို့ နှာခေါင်းတို့ လျှာလို့ ကိုယ်တို့ကလဲ ငြိမ်ငြိမ်မနေကြဘူး၊ ဒီတော့ ဘယ်မှာ စိတ်ရော ကိုယ်ရော ချမ်းသာကြတော့မှာလဲ၊ ခုတော့ ကိုယ်စိတ်အားလုံး ငြိမ်းနေတော့ ချမ်းချမ်းသာသာ နေရတော့တာပေါ့၊ စိတ်ချမ်းသာတော့ ဘယ်လိုလဲ၊ ပါဠိတော်က—

သုခိနော စိတ္တံ သမာဓိယတိ-တဲ့။ အဲဒီအချက်ဟာ သိပ်အရေးကြီးတဲ့ အချက်ပဲ။ သုခိနော၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာသော ပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ ကောင်းစွာတည်ကြည်၏။

ဘုန်းကြီးတို့ ပရိသတ် စိတ်ရော ကိုယ်ရော ချမ်းသာမှ သမာဓိရမယ် နော်။

http://www.dhammadownload.com

သမာဟိတေ စိတ္တေ ဓမ္မာ ပါတုဘဝန္တိ။ စိတ္တေ၊ **စိတ်သည်။** သမာဟိတေ၊ တည်သည်ရှိသော်။ **ဓမ္မာ၊** ဗောဓိပက္ခိယတရားတို့သည်။ **ပါတုဘဝန္တိ၊** ထင်ရှားဖြစ်ကုန်၏-တဲ့။ **စိတ်ချမ်းသာမှု** တရားရမယ်၊ **စိတ်မချမ်းသာလို့ရှိရင်** ဆူပွက်တုန်လှုပ် **ချောက်ချားနေရင်** တရားမရနိုင်ဘူးတဲ့။

ဓမ္မာနံ ပါတုဘာဝါ အပ္ပမာဒ ဝိဟာရီတော့ဝ သခ်ံ ဂစ္ဆတိ–တဲ့။**ဓမ္မာနံ၊** တရားတို့၏။ ပါတုဘာဝါ၊ ထင်ရှားပေါ်လွင်ခြင်းကြောင့်။ အပ္ပမာဒ ဝိဟာရီတော့ဝ၊ မမေ့မလျော့သောအားဖြင့် နေလေ့ရှိသော သူဟူ၍သာလျှင်။ သခ်ံ၊ **ခေါ်ဆို**ရခြင်းသို့။ ဂစ္ဆတိ၊ **ရောက်၏-တဲ့။**

အဲဒါ အပ္ပမာဒ ဝိဟာရီပုဂ္ဂိုလ်ပဲ၊ သောတ ဃာန ဇိဝှါ ကာယ မန-ဆိုတဲ့ အာယတနတို့မှာလဲ **စက္ခုန္ဒြေကို** ဟောပေးထားတဲ့ နည်းအတိုင်းပဲ ကျင့်ရမယ်နော် (မှန်ပါဘုရား)။ အဲဒီလို အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်ဖြစ်အောင် မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ထိတိုင်း သတိထားရမယ်၊ ဘာထားရမလဲ (သတိထားရပါမယ်ဘုရား)။ သတိထားတော့ အဲဒီသတိက သူဘာလုပ်ပေးမလဲ၊ အာရုံကို ပေါ်လွင်ထင်ရှားအောင် သူကလုပ်ပေးလိမ့်မယ်။

သတိတရားက အာရုံကိုဖော်ခြင်း။ ။ကမ္မဋ္ဌာန်းဆရာက လုပ်ပေးလို့ မဖြစ်ဘူး၊ ဘယ်သူလုပ်ပေးရမလဲ (သတိကလုပ်ပေးရမှာပါဘုရား)။ အဲဒီ **သတိတရားက** အာရုံကို ပေါ်လွင် ထင်ရှားအောင် လုပ်ပေးလိုက်တဲ့အခါကျတော့ အဲဒီ အာရုံဟာ ဘာလဲလို့ဆိုတော့ ရူပ်ပါ၊ ဘာတွေလဲ (ရူပ်ပါဘုရား)၊ ထွက်ဝင်နေတာ ဘာလဲ (ရူပ်ပါဘုရား)၊ မတ်တတ်ရပ်နေတာ ဘာလဲ (ရူပ်ပါဘုရား)၊ သွားနေတာ ဘာတုန်း(ရူပ်ပါဘုရား)၊ ထိုင်နေတာကော (ရူပ်ပါဘုရား)၊ အိပ်တာကော (ရူပ်ပါဘုရား)၊ ခုနက ခြောက်မျိုးရယ် အခုလက္ခဏာပုထ်လေးမျိုးရယ်၊ပေါင်းတော့ ဘယ်လောက်တုန်း(ဆယ်မျိုးပါဘုရား)။

ကျင်ကြီးကျင်ငယ်စွန့်ရာပင် ဝိပဿနာ ရှုထိုက်ပုံ　အဲဒီ မူလကမ္မဋ္ဌာန်းကြီးဆယ်မျိုးကို သတိကပ်ပြီးတော့ ပေးထားလိုက်မယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ် ဝိပဿနာမရှုရမည့်တရားရယ်လို့ ရှိသေးသလား (မရှိတော့ပါဘုရား)၊ သတိနဲ့ပညာသာ ပါပါစေ ဘယ်လိုရှုရှု ဝိပဿနာရှုရင် ထိုင်ရက်ဘဲရှုရှု မတ်တပ်ရပ်ဘဲရှုရှု အိပ်ရင်းဘဲရှုရှု လမ်းလျှောက်ရင်းဘဲရှုရှု မြင်တာမှာဘဲရှုရှု ကြားတာမှာဘဲရှုရှု နံတာမှာဘဲရှုရှု စားရင်းဘဲရှုရှု နောက်ဆုံးမှာ ဥစ္စာရပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ-လို့ မြတ်စွာဘုရား သတိပဋ္ဌာန်မှာ ဟောတော်မူတဲ့ အတိုင်းဘဲ ကျင်ကြီး ကျင်ငယ် စွန့်တာတောင် ဝိပဿနာရှုလို့ ဖြစ်တယ် ဟုတ်ပလား (မှန်ပါဘုရား)။

http://www.dhammadownload.com

သတိနှင့်ပညာ ဟောရပုံ။ ။သတိနဲ့ပညာ၊ ပါရာယနဝဂ်မှာလဲ သတိနဲ့ပညာကိုဘဲ မြတ်စွာဘုရား ဟောတယ်၊ ဘာဖြစ်လို့လဲ အဇိတ တိဿမေတ္တေယျစတဲ့ ရသေ့ပုဏ္ဏား ပညာရှိတွေက ဈာန်ရပြီးသား ပုဂ္ဂိုလ်တွေဆိုတော့ သမာဓိအားကောင်းပြီးသား ပုဂ္ဂိုလ်တွေ ဆိုတော့ ထည့်မဟောတော့ဘူး မြတ်စွာဘုရားက၊ ဟုတ်လား (မှန်ပါဘုရား)။ ကဲဒီတော့ ပမာဒဝိဟာရီ ပုဂ္ဂိုလ်ဖြစ်နေရင် ဘုန်းကြီးတို့ပရိသတ် တရားရပါတော့ဦးမလား (မရနိုင်ပါဘုရား)၊ မရနိုင်ဘူး။ အဲဒါကြောင့်—

ဝေဝိစ္ဆာ၊ ဝန်တိုခြင်းဆိုတဲ့ မစ္ဆရိယတရားကြောင့်လည်းကောင်း။ ပမာဒါ၊ ပမာဒဝိဟာရီပုဂ္ဂိုလ် ဖြစ်ပြီးတော့နေတဲ့အတွက် ပမာဒဆိုတဲ့ တရားကြောင့်လည်းကောင်း။ လောကော၊ ခန္ဓာလောက, အာယတနလောက, ဓာတုလောက လို့ခေါ်တဲ့ လောကသည်။ နပ္ပကာသတိ၊ မထင်ရှား။ ဉာဏပ္ပဘံ နကရောတိ၊ ဉာဏ်တည်းဟူသော အရောင်ကို ပြုလုပ်၍မပေး။

မစ္ဆရိယနှင့် ပမာဒတရား နှစ်ပါးတို့ရဲ့ ဖုံးလွှမ်းပုံကို အဋ္ဌကထာအဖွင့်နဲ့ ပြောပေးဦးမယ်။

ဝန်တိုမှုနှင့် မေ့လျော့မှုကြောင့် ဉာဏ်မထင်ပုံ။ ။မစ္ဆရိယ-က ဘာကိုဖုံးလွှမ်းသလဲ၊ မစ္ဆရိယ ပမာဒဆိုတဲ့ တရားတွေသည် မစ္ဆရိယပမာဒဟေတု နပ္ပကာသတိ၊ စူဠနိဒ္ဒေသက၊ မစ္ဆရိယ ပမာဒတရား နှစ်ပါးတို့ကြောင့် ဘုန်းကြီးတို့ပရိသတ်မှာ ဉာဏ်မထင်ရှားဘူးထဲ့၊ အာရုံတွေ့ မထင်ရှားဘူးတဲ့ ဟုတ်ပလား (မှန်ပါဘုရား)၊ ဒီတော့ ဘယ်လိုမထင်ရှားသလဲဆိုရင် မစ္ဆရိယံ ဟိဿ ဒါနာဒီဟိ ဂုဏေဟိ ပကာသိတုံ နဒေတိ။ စူဠနိဒ္ဒေသအဋ္ဌကထာ သုတ္တန်ပါဠိတ်အဋ္ဌကထာမှာ ဒီအတိုင်းဘဲ။

ဟိ၊ မှန်၏။ အဿ၊ ထိုမစ္ဆရိယရှိနေတဲ့ ပုဂ္ဂိုလ်အား။ ဒါနာဒီဟိ၊ ဒါနအစရှိကုန်သော။ ဂုဏေဟိ၊ ဂုဏ်တို့ဖြင့်။ ပကာသိတုံ၊ ထင်ရှားဖော်ပြခြင်းငှါ။ နဒေတိ၊ မပေး။

ဘယ်သူက မပေးသလဲ မစ္ဆရိယက မပေးတာ၊ ဒါနအစရှိတဲ့ ဂုဏ်တို့ဖြင့် ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်လာအောင် အခွင့်အရေးကို ဘယ်သူက မပေးသလဲ၊ မစ္ဆရိယက မပေးတာ။

ပမာဒေါ သီလာဒီဟိ-တဲ့ ပမာဒဆိုတဲ့ တရားကတော့ဖြင့် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် ထင်ရှားကျော်ကြားလာတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်အောင် အခွင့်မပေးဘူး၊ ပမာဒက ဟုတ်လား (မှန်ပါဘုရား)၊ ဒါဖြင့် အဲဒီမစ္ဆရိယနဲ့ ပမာဒကို ဘုန်းကြီးတို့ပရိသတ်မှာ အကယ်၍ရှိနေလျှင် သူတို့ကို ဘာလုပ်ရမလဲ သူတို့ကို ပယ်ရမယ်နော် (မှန်ပါဘုရား)။

http://www.dhammadownload.com

မစ္ဆရိယကို ပယ်နိုင်သောတရား။ ။ဒီတော့ ပမာဒကိုထားအုံး၊ မစ္ဆရိယကို ပယ်နိုင်တာ ဘယ်သူ ပယ်နိုင်သလဲလို့ ဆိုတော့ သောတာပတ္တိမဂ်ကမှ ပယ်နိုင်တယ်၊ ဘယ်သူ ပယ်နိုင်သတုန်း (သောတာပတ္တိမဂ်က ပယ်နိုင်ပါတယ်ဘုရား)၊ ဒီတော့ မစ္ဆရိယကို ပယ်ချင်ရင် ဘာကို ရအောင် လုပ်ရမလဲဆိုတော့ သောတာပတ္တိမဂ်ကို ရအောင်လုပ်ရပါမယ်။

ပမာဒကို ပယ်နိုင်သောတရားများ။ ။ပမာဒဆိုတဲ့တရားကတော့ တရားကိုယ် ကောက်လိုက်ရင် မောဟစေတသိက်ကို ရပါတယ်၊ မောဟဆိုဒါ တနည်းပြောရင်တော့ အမှန်တရားကို မသိအောင် ဖုံးလွှမ်းတဲ့ အဝိဇ္ဇာပါဘဲ၊ ဒီတော့ အဲဒီ မောဟခေါ်တဲ့ အဝိဇ္ဇာကို ပယ်သတ်ချင်လျှင် နောက်ပိုင်းက ဘုန်းကြီးတို့ ဟောပေးခဲ့တဲ့ အဝိဇ္ဇာကို ဝိပဿနာရှုနည်းနဲ့ ရှုပြီးတော့ ပယ်ရမယ်၊ တနည်း ပြောရမယ်ဆိုရင်တော့ ပမာဒခေါ်တဲ့ အဝိဇ္ဇာ မောဟတို့၏ ဆန့်ကျင်ဘက်ဖြစ်သော သတိနဲ့ပညာကို အဖန်တလဲလဲ မိမိသဏ္ဌာန်မှာ ဖြစ်စေသောအားဖြင့် ပမာဒတရားကို ပယ်ရမယ်။ ကိုင်း ရှေ့သွားမယ်နော်။

မေးခွန်းတခု မေးဦးမယ်—

ကိဿာဘိလေပနံ ဗြူသိ–တဲ့ မေးခွန်းက။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ တုံ၊ အရှင်ဘုရားသည်။ ကိဿ၊ အဘယ်တရားကို။ အဘိလေပနံ၊ လိမ်းကျံကပ်ငြိတတ်သောတရားဟူ၍။ ဗြူသိ၊ ဟောကြားတော်မူပါသနည်း။ ဒါ အဇိတပုဏ္ဏားပညာရှိရဲ့ အမေး။

မြတ်စွာဘုရားဖြေတာက ဘာတဲ့လဲ–ဇပ္ပါဘိလေပနံ ဗြူမိ။ အဇိတ၊ အဇိတရသေ့၊ ဇပ္ပံ၊ တဏှာကို။ အဘိလေပနံ၊ လိမ်းကျံကပ်ငြိတတ်သော တရားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ တဏှာ-တဏှာဆိုတာ ဘာလဲ လိမ်းကျံကပ်ငြိတယ် ကပ်တာ၊ ဘုန်းကြီးတို့ပရိသတ် ရန်ကုန်က မခွါနိုင်တာ ဘယ်သူကပ်ထားလို့လဲ၊ တဏှာ၊ တဏှာဆိုတာ ကပ်တဲ့သဘောကို ခေါ်တယ်။

ကပ်ငြိလိမ်းကျံသောတရား။ ။ဘုန်းကြီးတို့ ပရိသတ် ကိုယ့်အိမ်က မခွါနိုင်တာ ဘယ်သူ ကပ်ထားလို့လဲ (တဏှာက ကပ်ထားပါတယ်ဘုရား)၊ ကိုယ့်သား ကိုယ့်သမီး ကိုယ့်ပစ္စည်း အနားက မခွါနိုင်တာ ဘယ်သူကပ်ထားလို့လဲ (တဏှာပါဘုရား)၊ ကိုယ့်လုပ်ငန်းခွင်ကလေးတွေက မခွါနိုင်တာကော (တဏှာက ကပ်ထားလို့ပါဘုရား)၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ အကျိုးများနိုင်တယ်ဆိုတဲ့ ပန္ထသေနာသနလို့ခေါ်တဲ့ မြို့စွန်ရွာဖျား တောနက်တယ်ဆိုတဲ့ တောရကျောင်းများကို မသွားနိုင်တာ ဘယ်သူ ကပ်ထားလို့လဲ (တဏှာကပ်ထားလို့ပါဘုရား)။

http://www.dhammadownload.com

ဇပ္ပါဘိလေပနံ ပြုမိ– ဘုရားက သုံးဆဲ့တဘုံက မလွတ်အောင် ကပ်ထားတာ ဘယ်သူလဲ (တဏှာပါဘုရား)၊ တဏှာခွါလို့မရဘူး၊ သုံးဆဲ့တဘုံက ဘုန်းကြီးတို့ ပရိသတ် ကွာရှဲလား (မကွာပါဘုရား)၊ ဘယ်သူ ကပ်ထားလို့လဲ (တဏှာ ကပ်ထားလို့ပါဘုရား)၊ ဒီတဏှာကို မြတ်စွာဘုရားက သုံးမျိုးလို့ ဟောထားတယ်၊ ဘာတဲ့လဲဆိုတော့—

၁ ကာမတဏှာ။ ။ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာလို့ သုံးမျိုးဟောတော်မူတယ်။ ကာမ တဏှာဆိုတာ နှစ်သက်ဖွယ်ဖြစ်တဲ့ အလိုရှိအပ်တဲ့ ရူပါရုံမျိုးစုံ သဒ္ဒါရုံမျိုးစုံ ဂန္ဓာရုံမျိုးစုံ ရသာရုံမျိုးစုံ ဖောဋ္ဌဗ္ဗာရုံမျိုးစုံတို့ကို စွဲလမ်းနှစ်သက် မခွါရက်အောင် ကပ်ထားတဲ့ သဘောကို ကာမတဏှာလို့ခေါ်တယ်။ ဘုန်းကြီးတို့ ပရိသတ်က အဲဒီ နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်နားက ခွါကို မခွါနိုင်ဘူး၊ ဘယ်သူဆွဲထား ကပ်ထားသလဲဆိုတော့ တဏှာသဘောက ဆွဲထား၊ ကပ်ထားဒါတဲ့၊ ဘာတဏှာလဲ ကာမတဏှာ။

၂ ဘဝတဏှာ။ ။ဘဝတဏှာဆိုတာကတော့ "ရူပါရူပဘဝေသု ဆန္ဒရာဂေါ စျာနနိကန္တိ သဿတဒိဋ္ဌိသဟဂတော ရာဂေါ ဘဝဝသေန ပတ္ထနာ စ ဘဝတဏှာ"လို့ ကျတိဝုတ်ဠကထာကပြတယ်၊ အဓိပ္ပါယ်ကတော့ ရူပဘဝ အရူပဘဝတို့၌ စွဲလမ်းခြင်း နှစ်သက်ခြင်းနှင့် ပဌမစျာန်စသည်ကို နှစ်သက်နေတဲ့ သဿတဒိဋ္ဌိနှင့် အတူဖြစ်တဲ့ ဘဝကို တောင့်တတဲ့ ရာဂကို ဘဝတဏှာလို့ခေါ်တယ်၊ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ စျာန်တရားကို အားထုတ်တဲ့ အတွက်ကလေး ဟာ ဗြဟ္မာဘဝမှာ ဖြစ်နိုင်တယ်-လို့ စွဲလမ်းထားတဲ့ တဏှာကို ဘဝတဏှာ-လို့ခေါ်တာပါပဲ။

၃ ဝိဘဝတဏှာ။ ။ဝိဘဝတဏှာဆိုတာကတော့ ဥစ္ဆေဒဒိဋ္ဌိနှင့် တွဲဖြစ်တဲ့ ရာဂကို၊ ဥစ္ဆေဒဒိဋ္ဌိခေါ်တဲ့ အယူမှားကို စွဲလမ်းနေဒါကို ဝိဘဝတဏှာလို့ ခေါ်တယ်၊ ခုပြောခဲ့တဲ့ တဏှာသုံးမျိုးက ကာမ ရူပ အရူပ ဆိုတဲ့ ဘုံဘဝမှ မလွတ်အောင် ကပ်ထားတဲ့ ဘုံဘဝတွေကို ဖြစ်စေတတ်တဲ့ တဏှာ သုံးမျိုးပဲ။ အဲဒီ တဏှာသုံးမျိုး တမျိုးမျိုးရှိနေရင် ဘုံဘဝတွေမှ မလွတ်နိုင်တော့ဘူး၊ ဒါကြောင့် ဘုံဘဝမှ မလွတ်နိုင်အောင် ကပ်ထားတာဟာ တဏှာသုံးပါးမျိုးပဲတဲ့၊ (မှန်ပါဘုရား)။ ဘုံဘဝက မလွတ်အောင် ကပ်ထားတာ တဏှာနော် (မှန်ပါဘုရား)။ ဘယ်ကလာသလဲ ဒီတဏှာ—

✓ ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ မဟာသတိပဋ္ဌာနသုတ် နှာ-၂၄၆။

သာယာနှစ်သက် တွယ်တာပုံ။ ။တဏှာဆိုတာ ဘယ်မှာလဲ လောကမှာ ပိယရူပ သာတရူပဆိုတဲ့ သာယာအပ် နှစ်သက်

http://www.dhammadownload.com

အပ်သော သဘောသည် ရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ သာယာအပ် နှစ်သက်အပ်သော သဘောတွေမှာ သာယာနေတဲ့သဘော နှစ်သက်နေတဲ့သဘော၊ အဲဒီ တရားမှာ တဏှာရှိတယ်၊ ရူပါရုံကို သာယာလျှင် ရူပတဏှာ၊ သဒ္ဒါရုံကို သာယာလျှင် သဒ္ဒတဏှာ၊ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံကို သာယာလျှင် ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ၊ ဟုတ်လား (မှန်ပါဘုရား)၊ အကျယ်ပွါးလိုက်တော့ တဏှာပေါင်း တရာ့ရှစ်ပါး ရှိတယ်တဲ့။ ဘာတဲ့လဲ ဆိုတော့—

တဏှာအစစ် တရာ့ရှစ် ရေတွက်ပြပုံ။ ။တဏှာ တရာ့ရှစ်ပါးဆိုတာ ဘယ်လိုလဲ ဆိုတော့ ဣတိဝုတ် အဋ္ဌကထာက ရေတွက်ပြထားဒါရှိတယ်၊ စောစောပိုင်းက ပြောခဲ့တဲ့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဆိုတဲ့ တဏှာသုံးပါးကို ရူပါရုံမှာ စွဲလမ်းတဲ့ တဏှာသုံးပါး၊ သဒ္ဒါရုံမှာ စွဲလမ်းတဲ့တဏှာသုံးပါး စသည်ဖြင့် တဏှာသုံးပါးကို အာရုံခြောက်ပါးဖြင့် ပွါးလိုက်တဲ့အခါ တဆဲ့ရှစ်ပါး ဖြစ်လာတယ်၊ အဲဒီ တဆဲ့ရှစ်ပါးကို အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်လို့ ဆိုတဲ့ သန္တာန်နှစ်ပါးနဲ့ မြှောက်ပွါးလိုက်ရင် သုံးဆဲ့ခြောက်ပါးသော တဏှာဖြစ်လာတယ်၊ အဲဒီ သုံးဆဲ့ခြောက်ပါးသော တဏှာကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးနဲ့မြှောက်လိုက်၊ သုံးဆဲ့ခြောက် သုံးလီ တရာ့ရှစ်ပါး ဖြစ်တယ်၊ အဲဒါ တဏှာ တရာ့ရှစ်ပါး ဖြစ်ပုံပဲ။ ပဏ္ဏာသအဋ္ဌကထာကလဲ ဒီနည်းဘဲ ပြဒါပဲ။

ထူးခြားချက်ကတော့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့မှာ အနည်းငယ် ထူးခြားပါတယ်။

ကာမတဏှာဆိုတာ အလိုရှိအပ် စွဲလမ်းအပ်သည်၏ အစွမ်းဖြင့် ရူပါရုံ စသည်ကို သာယာခြင်းသည် ကာမတဏှာ။

သဿတဒိဋ္ဌနှင့်တကွဖြစ်သော ဏဂ၏ အဖြစ်ဖြင့် ရပ်တည်တဲ့ တရားကို **နိစ္စ**= မြဲတယ်။ ဓုဝ=ခိုင်ခဲ့တယ်။ သဿတ=တည်တဲ့တယ်-လို့ ယူစွဲပြီး သာယာနေခြင်းကို ဘဝတဏှာလို့ ခေါ်တယ်-တဲ့။

ဥစ္ဆေဒဒိဋ္ဌနှင့် တွဲပြီးတော့ ရုပ်သည် ပြတ်၏၊ ပျက်စီး၏၊ နောင် **မ**ဖြစ်တော့ဟု သာယာခြင်းကို ဖြစ်စေသော တဏှာသည် ဝိဘဝတဏှာ မည်၏-တဲ့။ တဏှာသုံးပါးက အကျယ် ပွါးလိုက်တော့ တဏှာ တရာ့ရှစ်ပါး ဖြစ်ပုံကို ပြောပြီးပြီ။

အဲဒီ တဏှာဟာ ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့ ပဌမ အဲဒီ တဏှာဟာ နှစ်မျိုးရှိတယ်၊ တဏှာ ဘယ်နှစ်မျိုးရှိသလဲ(နှစ်မျိုးရှိပါတယ်ဘုရား)၊ ဘုန်းကြီး

http://www.dhammadownload.com

တို့ ပရိသတ် မှတ်မိအောင်လား၊ နားထောင် ကောင်းအောင်လား (မှတ်မိ အောင်ပါဘုရား)။

အဲဒီ တဏှာက နှစ်မျိုးဆိုတာ ဘာလဲ—

ဝဋ္ဋမူလက တဏှာက တမျိုး

သမုဒါစာရ တဏှာက တမျိုး

ဘယ်နှစ်မျိုးလဲ(နှစ်မျိုးပါဘုရား)၊ပဌမတမျိုးက ဘာလဲ (ဝဋ္ဋမူလက တဏှာ ပါဘုရား)၊ဒုတိယအမျိုးအစားက ဘာလဲ (သမုဒါစာရတဏှာပါဘုရား)။

ဝဋ္ဋမူလက တဏှာမျိုး။ ။ပဌမအမျိုး ဝဋ္ဋမူလက တဏှာဆိုတာက ဘာလဲလို့ ဆိုတော့ သံသရာဝဋ်ဆင်းရဲကို ဖြစ်စေတတ်တဲ့ ကာမ တဏှာတို့ ဘဝတဏှာတို့ ဝိဘဝတဏှာတို့ အဲဒီ တဏှာသုံးခုကို ဝဋ္ဋမူလက တဏှာ လို့ ခေါ်တယ်။ ဟုတ်လား (မှန်ပါဘုရား)။

သမုဒါစာရ တဏှာ ၂-မျိုး။ ။သမုဒါစာရတဏှာကျတော့ နှစ်မျိုးရှိပြန်တယ်၊ သမုဒါစာရတဏှာက ဘယ်နှစ်မျိုးလဲ(နှစ်မျိုး ပါဘုရား)၊ ဩနတဏှာ, ဧသိတတဏှာလို့ သမုဒါစာရ တဏှာနှစ်မျိုးရှိတယ်။

ကဲ သမုဒါစာရ တဏှာကို ပြောရအောင် ဘုန်းကြီးတို့ ဒီဃနိကာယ် သုတ် မဟာဝါပါဠိတော်မှာ မဟာနိဒါနသုတ်ဆိုတာ ရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာ ဘုရား နှင်းခြေပြီးတော့ ဟောထားတဲ့ သုတ္တန်။

√ အဲဒီ သုတ်မဟာဝါ ပါဠိတော် မဟာနိဒါနသုတ် နှာ ၅၀-မှာ သမုဒါစာရ တဏှာကို—

(၁) **တဏှံ ပဋိစ္စ ပရိယေသနာ၊**

(၂) **ပရိယေသနံ ပဋိစ္စ လာဘော၊**

(၃) **လာဘံ ပဋိစ္စ ဝိနိစ္ဆယော၊**

(၄) **ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ၊**

(၅) **ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ၊**

(၆) **အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော၊**

(၇) **ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယံ၊**

(၈) **မစ္ဆရိယံ ပဋိစ္စ အာရက္ခော၊**

(၉) **အာရက္ခာ ဓိကရဏံ ဒဏ္ဍာဒါနာ သတ္ထာဒါနာ ကလဟာ ဝိဂ္ဂဟာ ဝိပါဒါ တုံ-တုံ ပေသုညာ မုသာဝါဒါ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ-တဲ့။**

http://www.dhammadownload.com

သမုဒါစာရ တဏှာဖြစ်ပုံ။ ။အဲဒါ သမုဒါစာရ တဏှာကို မြတ်စွာဘုရား ဟောတဲ့ ပါဠိတော် ဘာတွေလဲဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မနက်မိုးလင်း အိပ်ရာကထရင် ကလေးသူငယ်ကစပြီး လူကြီးထိအောင် ဝမ်းစာရှာသလား မရှာဘူးလား (ရှာပါတယ် ဘုရား)၊ မျက်လုံးကနေပြီးတော့ တခါထဲရှောက်ပြီး ရှာလိုက်တာဘဲ၊ ဘာရှာသလဲ ဆိုတော့ ရှေးဦးစွာ စားစရာကိုရှာတယ် ဟုတ်ပလား (မှန်ပါဘုရား)၊ အဲဒီလို ရှာတာဟာ ဘယ်သူရှိလို့ ရှာနေတာလဲ (တဏှာတွေရှိနေလို့ ရှာတာပါဘုရား)။ အဲဒါ သမုဒါစာရတဏှာ။

✓တဏှံ ပဋိစ္စ ပရိယေသနာ။ တဏှံ၊ တဏှာဆိုတဲ့ တရားကို။ ပဋိစ္စ၊ ယူ၍ စွဲ၍။ ပရိယေသနာ၊ ရှာမှီးခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ပရိယေသန တဏှာဖြစ်ပုံ။ ။ပင်ပမ်းလိုက်ကြတာ ရှာလိုက်ရတာ ဟုတ်လား၊ ဘယ်လိုအန္တရာယ်မျိုးနဲ့ တွေ့မယ်လို့ပြောပြော ဘုန်းကြီးတို့ ပရိသတ် သွားပြီးတော့ လမ်းဆိုးလမ်းကြမ်းကြီးတွေမှာ ရှာသလား မရှာဘူးလား (ရှာပါတယ်ဘုရား)၊ ဟုတ်လား ရေလမ်း ကုန်းလမ်း လေလမ်း သယ်လောက်ဆိုးဆိုး ဘုန်းကြီးတို့ ပရိသတ် သွားရှာနေရသလား ရှာမနေရဘူးလား (ရှာနေရပါတယ် ဘုရား)၊ ဘယ်သူ အရှာခိုင်းလို့လဲ (တဏှာကပါဘုရား)၊ တဏှာတဲ့ တဏှာကြောင့် ရှာနေရတာ။ (အဲ ရှာတာနဲ့ပတ်သက်ပြီး ဘုန်းကြီးရဲ့ နှုတ်ထဲမှာ ဘာရောက်လာပြန်သလဲ ဆိုတော့ အဂုံတ္တိုရ် ပါဠိတော် ပရိယေသန သုတ္တန် ဆိုတာ ရောက်လာတယ်) ရှိပစေတော့။

အာရုံ ၅-ပါး ကာမဂုဏ်တရား ရှာမှီးပုံ။ ။ရှာတော့ ဘာတွေ ရှာသလဲဆိုရင် ရူပါရုံ စသည်တို့ကို ဘုန်းကြီးတို့ ပရိသတ် ရှာနေကြတယ်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ရှာနေကြတယ်။ အဲဒီ အာရုံငါးပါး ကာမဂုဏ်တရား တွေဟာ ရှာနေကြတော့ ရှာတော့ ဘုန်းကြီးတို့ ပရိသတ် ဘယ့်နဲ့လဲ မရဘူးလား (ရပါတယ်ဘုရား)။

✓ပရိယေသနံ ပဋိစ္စ လာဘော – ရှာတော့ ရတယ်နော် (မှန်ပါဘုရား)၊ တချို ပုဂ္ဂိုလ်ကျတော့လဲ ဘာရှာသလဲလို့ ဆိုတော့ တရားရှာမှာပေါ့လေ၊ ဘုန်းကြီးတို့ ပရိသတ်က ဘာရှာတုန်း (တရားရှာတာပါဘုရား)၊ စီးပွါးရှာသလား တရားရှာသလား ရှာတော့ရှာတယ်၊ ဘုန်းကြီးတို့အနေနဲ့ ပြောရမယ်ဆိုရင် ချမ်းသာတဲ့ တကာတကာမ ကောင်းကောင်း ရဘို့ထက် တရားကောင်းကောင်း ရအောင် ရှာစမ်းပါ။

http://www.dhammadownload.com

တကာ တကာမ ကောင်းကောင်းရအောင် မရှာပါနဲ့၊ ဘုန်းကြီးတို့ ပရိသတ်အနေနဲ့ ပြောရမယ်ဆိုရင် မော်တော်ကားကြီးတွေ တိုက်ကြီး စာကြီးတွေနဲ့ နေရအောင် ရှာနေဘို့ထက် တရားထူး တရားမြတ်ရအောင် ရှာစမ်းပါ။

ရှာမှီးခြင်း ၂-မျိုး။ ။မြတ်စွာဘုရားက ပရိယေသနသုတ်မှာ ဟောထားတယ် အရိယ ပရိယေသန, အနရိယပရိယေသန-လို့ ရှာမှီးခြင်း နှစ်မျိုး မြတ်စွာဘုရားက မေးထားတာရှိတယ်။

အနရိယပရိယေသန-ဆိုတာ—

အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံယေဝ ပရိယေသတိ၊

အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံယေဝ ပရိယေသတိ၊

အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မံယေဝ ပရိယေသတိ၊

အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံယေဝ ပရိယေသတိ။ ။အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် နှာ(၅၇၀)။

အတ္တနာ၊ မိမိကိုယ်တိုင်က။ ဇရာ ဓမ္မော၊ အိုခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇရာဓမ္မံယေဝ၊ အိုခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ၊ မိမိကိုယ်တိုင်က။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဗျာဓိဓမ္မံယေဝ၊ နာခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ၊ မိမိကိုယ်တိုင်က။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ မရဏဓမ္မံယေဝ၊ သေခြင်းသဘောကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အတ္တနာ၊ မိမိကိုယ်တိုင်က။ သံကိလေသ ဓမ္မော၊ ညစ်နွမ်းခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်သား နဲ့။ သံကိလေသဓမ္မံယေဝ၊ ညစ်နွမ်းခြင်းသဘောရှိတဲ့ တရားတွေကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၏။

အနရိယပရိယေသနရှာမှီးမျိုး။ ။အိုးအိမ်တိုက်တာ အဆောက်အဦး ကျောင်းက် တကာ တကာမကောင်းကို ရှာတယ် ဆိုတာ ညစ်နွမ်းစရာတွေ သေစရာတွေ ရှာတာဘဲမဟုတ်လား (မှန်ပါဘုရား)၊ မိမိကိုယ်တိုင်ကကော ဘယ်လိုလဲ အိုတတ်တဲ့သဘောရှိတယ်၊ နာတတ်တဲ့သဘောရှိတယ်၊ သေတတ်တဲ့သဘောရှိတယ်၊ ညစ်နွမ်းတတ်တဲ့သဘောရှိတယ်၊ ဒါ

http://www.dhammadownload.com

အနုရိယပရိယေသန။ ဒီ ရှာမှီးမျိုးကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ရှာရမယ်ပြောသလား မရှာရဘူး ပြောသလား (မရှာရဘူးလို့ ပြောပါတယ် ဘုရား)၊ မရှာပါနဲ့ ဟုတ်လား (မှန်ပါဘုရား)။

✓အရိယပရိယေသနကျတော့ ဘယ်လိုလဲ–

အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မေ အာဒီနဝံ ဝိဒိတ္ဝာ အဇရံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မေ အာဒီနဝံ ဝိဒိတ္ဝာ အဗျာဓိံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

အတ္တနာ မရဏဓမ္မော သမာနော မရဏဓမ္မေ အာဒီနဝံ ဝိဒိတ္ဝာ အမတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ။

အတ္တနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မေ အာဒီနဝံ ဝိဒိတ္ဝာ အသံကိလိဋ္ဌံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိသေသတိ။

အရိယပရိယေသနရှာမှီးမျိုး။ ။မိမိကိုယ်တိုင်က အိုခြင်းသဘော ရှိသည် ဖြစ်သောကြောင့် မအိုရာဖြစ်တဲ့ နိဗ္ဗာန်ကို ရှာ၏၊ ရှာပါတဲ့ မြတ်စွာဘုရားက၊ မိမိကိုယ်တိုင်က နာခြင်းသဘောရှိသော ကြောင့် မနာရာဖြစ်တဲ့ နိဗ္ဗာန်ကို ရှာပါတဲ့၊ မိမိကိုယ်တိုင်က သေတတ်တဲ့ သဘောရှိသည်ဖြစ်သောကြောင့် မသေတဲ့သဘောရှိတဲ့ နိဗ္ဗာန်ချမ်းသာကိုသာ လျှင် ရှာပါတဲ့၊ မိမိကိုယ်တိုင်က ညစ်နွမ်းခြင်းသဘောရှိသည်ဖြစ်သောကြောင့် မညစ်နွမ်းတဲ့ နိဗ္ဗာန်ချမ်းသာကို ရအောင်ရှာပါတဲ့ မြတ်စွာဘုရားက ဒီလို ပြောတယ်၊ ဒါ အရိယပရိယေသန ရှာနည်းတမျိုး၊ အဲဒီတော့ အဲဒီလို ရှာပြီး တော့ ပေးလိုက်တဲ့ တရားတွေထဲက ရှာတော့ ဘာရမလဲ။

✓**အလိုရှိသည့်တရား ရှာလျှင် ရနိုင်ပုံ။** ။ညစ်နွမ်းတဲ့ဝတ္ထုကိုရှာရင် ဘာရမလဲ (ညစ်နွမ်းတဲ့ဝတ္ထုကို ရပါတယ်ဘုရား)၊ သေတတ်တဲ့ ဝတ္ထုကို ရှာရင် ဘာရမလဲ (သေတတ်တဲ့ဝတ္ထု ရပါတယ်ဘုရား)၊ မသေတဲ့တရားကို ရှာရင် ဘာရမလဲ (မသေတဲ့တရားကို ရပါတယ်ဘုရား)၊ ဘုန်းကြီးတို့ပရိသတ်က ဘာရှာချင်သလဲ (မသေတဲ့တရားရှာချင်ပါတယ်ဘုရား)၊ ဟုတ်ကဲ့လား (ဟုတ်ပါသည်ဘုရား)၊ မသေတဲ့တရားရှာရင် ဘာရမလဲ (မသေတဲ့ တရားရပါတယ်ဘုရား) မသေတာရမယ်၊ မသေတာရှာရင် မရဏဓမ္မရှိအာဒီနဝကို မြင်အောင်ကြည့်ပြီးတော့ မသေတဲ့သဘောတရားကိုရအောင် ရှာကြတယ်တဲ့ အရိယာပုဂ္ဂိုလ်များက၊ ဟုတ်ပလား (မှန်ပါဘုရား)။

http://www.dhammadownload.com

ရှာရင်–ပရိယေသန်၊ ရှာမှီးခြင်းကို။ ပဋိစ္စ၊ စွဲ၍။ လာဘော၊ ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ရတာရရင် ဘာဖြစ်သလဲ၊ လောကဘက်က, ဝဋ်တဆုံးလည်တဲ့ ဘက်က မြတ်စွာဘုရား ဟောထားတာ။

လာဘ်ရသည်ကိုစွဲ၍ ဆုံးဖြတ်ပုံ။ ။လာဘံ ပဋိစ္စ ဝိနိစ္ဆယော၊ အဲဒီရတာလေးကို အကြောင်းပြုပြီးတော့ ဆုံးဖြတ်ချက်ချရတော့၊ ဒါလေးက ဘာလုပ်ဘို့ ဒါလေးက ရင်းနှီးဘို့ဟုတ်လား၊ ဆုံးဖြတ်ချက်တွေ မချရဘူးလား (ချရပါတယ်ဘုရား)၊ ဝေဘန်တိကတွေ မပြုရဘူးလား (ပြုရပါတယ် ဘုရား)။

ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ-အဲဒီ ဆုံးဖြတ်တာလေးကို အကြောင်းပြုပြီးတော့ ဆန္ဒရာဂ ဖြစ်လာပါတော့၊ အားသေးတဲ့ ရာဂ။

ဆန္ဒရာဂံ ပဋိစ္စ အဇ္ဈောသာနံ-အားကြီးသော ရာဂကြီး ဖြစ်လာပြီတဲ့၊ တဏှာတွေ တဏှာတွေ၊ ဒါ သေတ တဏှာတွေကို ပြောတာ။

သေန တဏှာနှင့် သေတ တဏှာရှင်းချက်။ ။သေန တဏှာ, သေတ တဏှာ ခေါ်တဲ့ သမုဒါစာရ တဏှာကို ပြောနေတယ်၊ ရှာတာက သေန တဏှာ၊ ရှာတာ ဘာပြုလို့ရှာသလဲ လိုချင်လို့ ရှာတာ၊ အဲဒါ သေန တဏှာ။ ရလာတဲ့ ပစ္စည်းကျတော့ကော မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား)၊ အဲဒါ သေတ တဏှာလို့-ခေါ်တယ် ဟုတ်ပလား (မှန်ပါဘုရား)၊ ကဲ ဒီတော့ ရှာတယ် ရတော့ ဘာဖြစ်သလဲ ဆုံးဖြတ်ချက်တွေချ ဆန္ဒ ရာဂတွေဖြစ် အဇ္ဈောသာန ခေါ်တဲ့ အင်မတန်အားကြီးတဲ့ရာဂ ကိုယ့် ပစ္စည်း သူများ မမြင်စေချင်တဲ့ စိတ်တွေ ပေါ်လာရော။

အဇ္ဈောသာနံ ပဋိစ္စ ပရိဂ္ဂဟော–သိမ်းထားရပြီ၊ အဇ္ဈောသာနကြောင့် ဘာလုပ်ရမလဲ (သိမ်းထားရပြီဘုရား)၊ ဘယ်နေရာ သိမ်းသလဲ (သေတ္တာထဲထည့် သိမ်းရပါတယ်ဘုရား)၊ တံခါးတွေပိတ် သော့ခတ်၊ အဲဒါ မလုံသေးဘူးလို့ထင်ပြီး ဘဏ်တိုက်ကိုသွားပြီး သိမ်းထားရတယ် ဟုတ်လား (မှန်ပါဘုရား)၊ သိမ်းရတာကို အကြောင်းပြုပြီး ဘာဖြစ်သလဲ—

ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆရိယံ–ကိုယ့်ပစ္စည်း သူများမမြင်စေလိုဘူး၊ ကိုယ့်မှာသာ ရှိစေချင်တယ်၊ သူများ မရှိစေချင်ဘူး၊ ခုန မစ္ဆရိယက ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)။

မစ္ဆရိယံ ပဋိစ္စ အာရက္ခော–အဲဒီ မစ္ဆရိယ ကိုယ့်ပစ္စည်း သူများမမြင်စေချင်ဘူးဆိုတဲ့ မစ္ဆရိယကြောင့် ဘာလုပ်ရသလဲ ဒီပစ္စည်း စောင့်ရှောက်ရပြီ။ အာရက္ခ–ဟုတ်လား (မှန်ပါဘုရား)၊ အဲသလို စောင့်ရှောက်ရခြင်းတည်းဟူ

http://www.dhammadownload.com

သော အကြောင်းကြောင့် ဘာတွေဖြစ်သလဲ-လို့ ဆိုတော့ ဒဏ္ဍာဒါန, သတ္ထာ-ဒါန လက်နက်တွေ ကိုင်ရပြီ၊ ဥစ္စာဒဏ်တွေ ပေးရပြီ။

ကလဟ ဝိဂ္ဂဟ ဝိဝါဒ တုဝံ တုဝံ ပေသုညံ အနေကေ ပါပကာ အကုသလာ ဓမ္မာ သမ္ဘဝန္တိ။

တပါးမက များလှစွာကုန်သော အကုသိုလ်ကြီးတွေ၊ အဏုမြူမုံးကြီးတွေ၊ လက်နက်ကြီးတွေ အမျိုးမျိုးဖြစ်လာပြီတဲ့ ဘုန်းကြီးတို့ ပရိသတ်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါဘုရား)၊ ဒါ ဘယ်သူ့ကြောင့်လဲ တဏှာကြောင့်။

တဏှာအပြစ် မြင်အောင်ရှု။ ။အဲသလောက် ဆိုးဝါးတဲ့ တဏှာရဲ့ အပြစ်တွေကို ပြပေးတယ်၊ တဏှာရဲ့ အာဒီနဝကို မြင်အောင် အခု ဘုန်းကြီးဟောနေတာကတော့ အာဒီနဝပိုင်းကိုချည်း ရွေးပြီးဟောပေး နေတာ၊ တဏှာ-ဟုတ်ပလား (မှန်ပါဘုရား)၊ အဲဒီတဏှာဟာ ဘယ်လိုလဲလို့ ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ခုန ပါရာယနဝဂ်မှာ အဇိတ မေးတဲ့ မေးခွန်းကို ဘယ်လိုပြန်ဖြေလိုက်သလဲ-ဆိုတော့—

ဇပ္ပါဘိလေပနံ ဗြူမိ။ ဇပ္ပံ၊ အခု ပြောနေတဲ့တဏှာကို။ အဘိလေပနံ၊ ကပ်ငြိ လိမ်းကျံတတ်သော တရားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။

တဏှာကြောင့် ဖောက်ပြန်နေပုံ။ ။တဏှာ အဲဒီတဏှာနဲ့ပတ်သက်လို့ သာသနာပတဲ့ အခါမှာ တဏှာစရိတပုဂ္ဂိုလ်များ အယူမှားနေကြပုံ ရှိသေးတယ်၊ ဟို ၄နေတ္တိပါဠိတော်မှာရှိတယ်၊ ဘယ်လိုမှားနေကြသလဲဆိုတော့—သစ္စာလေးပါးကို ပိုင်းခြားရှု သိခြင်းဆိုတာ မြတ်စွာဘုရားရဲ့ ပရိယတ် ပဋိပတ်ဆိုတဲ့ သာသနာတော်မှ တပါးသော အဏ္ဍဇာနတို့မှာ ရှိတာ မဟုတ်တော့ သစ္စာလေးပါးဥာဏ်လည်းကောင်း၊ သမဆဝိပဿနာ တရားတို့ဥာဏ်လည်း ကောင်း ဥပသမသုခခေါ်တဲ့ နိဗ္ဗာန်ချမ်းသာဥာဏ်လည်းကောင်း ဘယ်မှာသိနိုင်ကြ တော့မှာလဲ၊ အဲဒါကြောင့် ဥပသမသုခခေါ်တဲ့ နိဗ္ဗာန်ချမ်းသာဥာဏ် ထူးသော ဉာဏ်ဖြင့် မသိကြတဲ့ ပုဂ္ဂိုလ်တို့ဟာ ဖောက်ပြန်မှားယွင်းတဲ့သဘောဖြင့် ဒီလို ပြောကြတယ်။

နတ္ထိ သုခေန သုခံ ဒုက္ခေန နာမ သုခံ အဓိဂန္တဗ္ဗန္တိ-တဲ့။အဲဒါ အတ္တကိလမထာ-နုယောဂနဲ့တွဲတဲ့ ဒိဋ္ဌစရိတပုဂ္ဂိုလ်တို့ရဲ့ အကျင့်တဲ့၊ သူတို့အယူက သက်သက် သာသနဲ့ ချမ်းသာကို မရနိုင်ဘူးတဲ့၊ ခန္ဓာကိုယ်ကို ဆင်းရဲခံ၍ ကျင့်ခြင်းဖြင့် သာလျှင် ချမ်းသာသုခကို ရနိုင်တယ်တဲ့၊ တဏှာစရိတပုဂ္ဂိုလ်မျိုးကြတော့—

http://www.dhammadownload.com

✓ ယော ကာမေ ပဠိသေဝေတိ၊ သော လောကံ ဝဍ္ဎယတိ။
ယော လောကံ ဝဍ္ဎယတိ၊ သော ဗဟုံ ပုညံ ပသဝတိ-တဲ့။

အဲဒီ တဏှာစရိတပုဂ္ဂိုလ်ရဲ့ အကျင့်က ကာမဂုဏ်တွေကို လိုက်စားရင် လောကကြီး ကြီးပွါးကြောင်းဖြစ်လို့ မျှားစွာသော ကုသိုလ်တွေ တိုးပွါးတယ်လို့ ယူဆပြီး ကာမသုခလွှဲက အကျင့်တွေကို ကျင့်ကြတော့တယ်၊ ဒါဟာ တဏှာရဲ့ လမ်းမှားညွှန်ပြမှုပဲ။

တဏှာကို ဝိပဿနာရှုနည်း။ ✓ ။အဲဒါနဲ့ ဒီတဏှာကို ဘယ်လို လုပ်ရမလဲ၊ ဘုန်းကြီးတို့ ပရိသတ်မယ် ဒီတဏှာတွေ ရှိနေသလား ရှိမနေဘူးလား(ရှိနေပါတယ် ဘုရား)၊ရှိနေတော့ အဲဒီတဏှာကို တဏှာအတိုင်းဘဲ ထားမလား (မထားပါဘူးဘုရား)၊ ဘာလုပ်ရမလဲ (ဝိပဿနာရှုရမယ်ဘုရား)၊ဝိပဿနာရှုပစ်ရမယ်၊ တရားကိုယ်ကောက်လိုက်တော့ တဏှာဆိုတာ လောဘ၊ ဟုတ်ပလား (မှန်ပါဘုရား)၊ ခန္ဓာဖွဲ့လိုက်တော့ သခ်ါရက္ခန္ဓာ၊ အဲဒီ သခ်ါရက္ခန္ဓာကို မြတ်စွာဘုရားက နိစ္စလို့ ဟောသလား အနိစ္စလို့ ဟောသလား (အနိစ္စလို့ ဟောပါတယ်ဘုရား)။

✓သဗ္ဗေ သခ်ါရာ အနိစ္စာ၊ အနိစ္စတရားနော် (မှန်ပါဘုရား)၊ တဏှာသည် သခ်ါရက္ခန္ဓာ ဝိပဿနာရှုရမည့်တရား တဏှာကိုရှုရင် ကြည့်ရင် ဘာတွေ့မလဲ လို့ဆိုတော့ ကုန်သွားတယ်-ပျောက်သွားတယ်ဆိုတဲ့ အနိစ္စသဘောတရားတွေ့တွေ့မယ်၊ ရှုကြည့်။ ကဲဒါဖြင့် ဓမ္မဋ္ဌိတိဉာဏ် တက်ရအောင်။

ဓမ္မဋ္ဌိတိဉာဏ်မည်ခြင်း။ ✓ ။ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ ဘာကို ခေါ်သလဲလို့ဆိုတော့ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်လာတယ်လို့ ရှုတာကို ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်တယ် ပဋ္ဌိစ္စသမုပ္ပါဒ်က၊ ဟုတ်ပလား (မှန်ပါဘုရား)၊ ဓမ္မဋ္ဌိတိဉာဏ်ဆိုတာ အကြောင်းတရားနဲ့ အကျိုးတရားနှစ်ပါးတို့ကို ခွဲခြားပြီးတော့ ရှုတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်သလဲ (ဓမ္မဋ္ဌိတိဉာဏ်ခေါ်ပါတယ်ဘုရား)၊ ကိုင်း အဲဒီတဏှာဖြင့် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဓမ္မဋ္ဌိတိဉာဏ် လုပ်ရအောင် ရှုကွက်ပေါ်အောင် ဖော်ရအောင်၊ တဏှာတရားသည် ဘာလုပ်ရမည့် တရားလဲ ဝိပဿနာရှုရမည့်တရား၊ ဘယ်လိုရှုရမလဲလို့ဆိုတော့ ရှုနည်းကို ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေနဲ့ မြတ်စွာဘုရားက ပြတယ်၊ သုတ္တန်ပါတ်ပါဠိတော် ဒုယတာနုပဿနာသုတ္တန် နှာ (၃၉၄) မှာ-

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သမ္ဘံ တဏှာပစ္စယာတိ အယမေကာနုပဿနာ။

ယံကိဉ္စိ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော။ ဒုက္ခံ၊ ဝဋ်ဆင်းရဲအပေါင်းသည်။ သမ္ဘောတိ။ ဖြစ်၏။ သမ္ဘံ၊ အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းသည်။ တဏှာ

http://www.dhammadownload.com

ပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ယာနုပဿနာ၊ အကြောင်္ဂုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ရှုခြင်းသည်။ ကောဒ၊ တခုသော။ အနုပဿနာ၊ ဝိပဿနာဉာဏ်ခြင်းမည်၏။

ခန္ဓာ ၅-ပါးကို တဏှာကြောင့်ရပုံ။ ။ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခသစ္စာရှိနေသလား ရှိမနေဘူးလား(ရှိနေပါတယ်ဘုရား)၊အကြောင်းတရားလား အကျိုးတရားလား (အကျိုးတရားပါဘုရား)၊ အကျိုးတရားနော် (မှန်ပါဘုရား)၊ အဲဒီ ခန္ဓာငါးပါးတည်းဟူသော အကျိုးဒုက္ခသစ္စာတရားကြီးကို ဘယ်သူကြောင့် ရသလဲလို့ရှုရမလဲ တဏှာကြောင့်၊ တဏှာသည် အကြောင်းတရား၊ ခန္ဓာငါးပါးသည် အကျိုးတရား ဒုက္ခသစ္စာ၊တဏှာက သမုဒယသစ္စာလို့။

အဲဒီလို ရှုနေရင် ဝိပဿနာဉာဏ်တမျိုးလို့ ခေါ်တယ်တဲ့ မြတ်စွာဘုရားက၊ ဟုတ်ပလား (မှန်ပါဘုရား)၊ ဒီတော့ တဏှာပေါ်လာရင် ဘုန်းကြီးတို့ပရိသတ် ဘယ်နဲ့ရှုရမလဲဆိုတော့ သူက အကြောင်းတရား၊ ဒီအကြောင်းတရားကြောင့် ဒုက္ခသစ္စာဟူသော အကျိုးတရားကို ရနေပြီလို့ အဲဒီလို အကြောင်းတရားနဲ့ အကျိုးတရားကို ရှုနေတဲ့ဉာဏ်ကို ဘာဉာဏ်လို့ ခေါ်သလဲ (ဓမ္မဋ္ဌိတိဉာဏ် ခေါ်ပါတယ်ဘုရား)။ ဓမ္မဋ္ဌိတိဉာဏ် ရောက်မသွားဘူးလား ရောက်သွားတယ်။

ဒါကြောင့် သုတ္တနိပါတ်ပါဠိတော် ဒုယတာနုပဿနာသုတ် နှာ(၃၈၇)၌

> ဧဝံ သမ္မာ ဒုယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒိဋ္ဌံ ဓလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ, သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာတိ-ဟု ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ သမ္မာ၊ ကောင်းစွာ။ ဒုယတာနုပဿိနော၊ နှစ်မျိုးသော အစိတ်အပိုင်းရှိသော တရားကို ရှုသည်ဖြစ်၍။ အပ္ပမတ္တဿ၊ မမေ့မလျော့သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍။ ပဟိတတ္တဿ၊နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသည်ဖြစ်၍။ ဝိဟရတော၊ နေလေ့ရှိသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်ဘဝ၌။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်လည်းကောင်း။ ဥပါဒိသေသေ၊ ဥပါဒါန်ကြွင်းသည်။ သတိ၊ ရှိခဲ့သော်။ အနာဂါမိတာ ဝါ၊ အနာဂါမ်ပုဂ္ဂိုလ် အဖြစ်သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒိဋ္ဌံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ဖိုလ်တို့တွင်။ အညတရံ ဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

http://www.dhammadownload.com

အကျိုးနှစ်မျိုးတွင် တမျိုးမျိုးရခြင်း ချစ်သားတို့ အဲဒီတဏှာကို ဒီလိုသာ မမှာနုပဿနာ အနေအားဖြင့် ဝိပဿနာရှုသွားမယ်ဆိုရင် ဒီဟစ္စုပ္ပန်လောကမှာ ဘဲ အနာဂါမ်သော်လည်းကောင်း၊ ရဟန္တာ သော်လည်းကောင်း နှစ်မျိုးမှာ တမျိုးမျိုးဖြစ်မယ်တဲ့၊ မြတ်စွာဘုရားက ဟောတော်မူတဲ့ အဆုံးမှာ ဂါထာနှစ်ပုဒ်ဖြင့် နိဂုံးချုပ်တော်မူတယ်။

အဲဒီဂါထာနှစ်ပုဒ်က ဘာတဲ့လဲဆိုတော့ သုတ္တနိပါတ်ပါဠိတော် ဒုယတာနုပဿနာသုတ် နှာ(၃၉၄)မှာ—

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။
တေ အာဒီနဝံ ဉတ္ဝာ၊ တဏှံ ဒုက္ခဿ သမ္ဘဝံ။
ဝီတတဏှော အနာဒါနော၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟု ဟောတော်မူ၏။

တဏှာဒုတိယော၊ တဏှာဟူသောအဖော်ရှိသော။ ပုရိသော၊သတ္တဝါသည်။ ဒီဃံ၊ ရှည်လျားလှစွာသော။ အဒ္ဓါနံ သံသာရံ၊ သံသရာအခွန့် ကာလဟတ်လုံး။ ဣတ္ထဘာဝညထာဘာဝံ၊ ဤလူ့ဘဝ၌ ဖြစ်ခြင်း, တပါးသောဘဝ၌ ဖြစ်ခြင်းဟု ဆိုအပ်သော။ သံသာရံ၊ ခန္ဓာငါးရပ် ဆက်စပ်၍နေသော သံသရာကို။ နာတိ-ဝတ္တတိ၊ မလွန်မြောက်နိုင်။ တဏှံ၊တဏှာသည်။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ သမ္ဘဝံ၊ ဖြစ်ကြောင်းပေတည်း။ ဣတိ၊ ဤသို့။ တေ အာဒီနဝံ၊ ထိုတရား၏ အနိစ္စ ဒုက္ခ ဝိပရိဏာမဟု ဆိုအပ်သော အပြစ်ကို။ ဉတ္ဝာ၊ ဝိပဿနာဉာဏ်ဖြင့် သိ၍။ ဝီတတဏှော၊ မင်္ဂဉာဏ်ဖြင့် တဏှာကင်းသည်။ အနာဒါနော၊ ခန္ဓာငါးပါး၌ ဒိဋ္ဌိ တဏှာ မာနဟုဆိုအပ်သော စွဲယူခြင်းမျိုးဖြင့် စွဲယူခြင်းမရှိသည်။ ဟုတ္ဝာ၊ ဖြစ်၍။ သတော၊ သတိရှိသော။ ဘိက္ခု၊ ကိလေသာကို ဖျက်ဆီးပြီးသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ပရိဗ္ဗဇေ၊ ထွက်မြောက်ရာ၏။

ကိုင်း တဏှာပိုင်း ပြီးရော။ ရှေသွားရအောင်—ကိုသု တဿ မဟဗ္ဘယံ။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ တဿ လောကဿ၊ ထိုလောကကြီး၏။ မဟဗ္ဘယံ၊ ကြောက်ဖွယ်မဟေးကြီးလှစွာသော ဘေးကြီးသည်။ ကိသု၊ အဘယ်တရား ဖြစ်ပါသနည်း။

ခန္ဓာလောက၏ ဘေးကြီးများ။ ။အခုဟောခဲ့တဲ့ အဝိဇ္ဇာတို့ တဏှာတို့ ဝေဝိစ္ဆာတို့ ပမာဒတို့လို့ခေါ်တဲ့ အဲဒီ ခန္ဓာလောကကြီး၏ ကြီးစွာသော ဘေးကြီးဟာ ဘာပါလဲဘုရားလို့ အဇိတ ရသေ့က မြတ်စွာဘုရားကိုယ်တော်မြတ်ကို မေးတယ်၊ ဒီတော့ အဇိတရသေ့ကို

http://www.dhammadownload.com

မြတ်စွာဘုရားက ဟောလိုက်တယ်၊ အဲဒီ ယခုပြောခဲ့တဲ့ အဝိဇ္ဇာရယ် တဏှာရယ် ဝေဝိစ္ဆာလို့ခေါ်တဲ့ မစ္ဆရိယရယ်, ပမာဒလို့ခေါ်တဲ့ မောဟတရားရယ်၊ အဲဒီတရား လေးပါးတည်းဟူသော ဒီခန္ဓာလောကကြီးရဲ့ ကြောက်စရာအကောင်းဆုံးဘေး ဟာ ဘယ်သူတွေ့လဲ ဘုန်းကြီးတို့ပရိသတ်၊ ဒုက္ခ မဿ မဟုတ္ထယံ။ အဿ လော-ကဿ၊ ထိုခန္ဓာလောကကြီး၏။ သမုတိသစ္စာနယ်က ပြောတဲ့ လူ့လောက နတ်လောက ဗြဟ္မာလောက တိရစ္ဆာန်လောက ငရဲလောကကြီး၏ ပရမတ္ထနယ် က ပြောတဲ့ အဝိဇ္ဇာ တဏှာ ဝေဝိစ္ဆာခေါ်တဲ့ မစ္ဆရိယ၊ ပမာဒလို့ခေါ်တဲ့ မောဟ၊ အဲဒီတရားစုတွေရဲ့ မှီရာ တည်ရာ ဝတ္ထုရုပ်တွေနဲ့ စိတ်တရားတွေဆိုတဲ့ ခန္ဓာငါးပါး ဝိညာဏ် နာမ် ရုပ်တရားတို့၏။ မဟုတ္ထယံ၊ ကြောက်ဖွယ်မဟေး ကြီးလှစွာသော ဘေးကြီးသည်ကား။ ဒုက္ခံ၊ ဇာတိ အစရှိသော ဆင်းရဲဒုက္ခတရားပါပေတည်း။

ဇာတိဒုက္ခ ကြောက်စရာအကောင်းဆုံးဘဲ၊ ဒီဇာတိဒုက္ခဟာ ဘာလဲ၊ ဒီဇာတိ ဒုက္ခဆိုတာ ဘာတွေဖြစ်တာလဲ။

> ကတမာ စ ဘိက္ခဝေ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

ဇာတိဒုက္ခမည်ပုံ။ ။ခုနပြောတဲ့ အဝိဇ္ဇာတို့ တဏှာတို့ဆိုတဲ့ ခန္ဓာလောကကြီး ဖြစ်နေတာဟာ ဘာလို့ခေါ်သလဲ (ဇာတိလို့ ခေါ်ပါတယ် ဘုရား)၊ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ဇာတိပဲ ဒုက္ခာ၊ အဲဒီ အဝိဇ္ဇာရယ် တဏှာရယ် မစ္ဆရိယတရားတွေ့ ပမာဒတရားတွေရဲ့ ဖြစ်လာတာကို ဘာလို့ ခေါ်သလဲ (ဇာတိဒုက္ခလို့ ခေါ်ပါတယ် ဘုရား)၊ အဲဒီ ဇာတိကို ဒုက္ခလို့ ဟော သလား သုခလို့ ဟောသလား (ဒုက္ခလို့ ဟောပါတယ် ဘုရား)၊ ကောင်းပြီ ဘာပြုလို့ ဒုက္ခလဲ၊ အလိုမရှိအပ်တဲ့အတွက် အသုံးမဝင်သောကြောင့် အလိုမရှိ အပ်သော သဘောရှိသောကြောင့် ဒုက္ခ။

ဖြစ်တဲ့အတွက် ဒုက္ခ၊ ဘယ်သူဖြစ်သလဲ အဝိဇ္ဇာ တဏှာ မစ္ဆရိယ ပမာဒ ဒီတရားတွေဖြစ်တယ်၊ လူဖြစ်တာ မဟုတ်ဘူး၊ နတ်ဖြစ်တာ မဟုတ်ဘူး၊ သတ္တဝါ ဖြစ်တာ မဟုတ်ဘူး၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် အနေအားဖြင့်ဆိုတော့ ဟောဒီ ခန္ဓာတို့၏ ဖြစ်မှုပေါ်လာတယ်၊ ဓမ္မဋ္ဌိတိဉာဏ်မှာ။

ဇာတိဒုက္ခပေါ်အောင်ရှု။ ။အဝိဇ္ဇာ တဏှာ မစ္ဆရိယ ပမာဒ၊ အဲဒီ လေးပါးကို ခန္ဓာလောကလို့ ခေါ်တယ်၊ ဒီခန္ဓာလောကကို သတိဖြင့် ပေါ်လွင်ထင်ရှားအောင် လုပ်လာလို့ အဝိဇ္ဇာမဖုံးနိုင်တဲ့အခါကျတော့

http://www.dhammadownload.com

သတိက ဖော်ပြပေးလိုက်တဲ့အခါ ဘာပေါ်လာသလဲ ဒုက္ခလို့ခေါ်တဲ့ ဇာတိကြီး ပေါ်လာသလား ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)၊ အဲဒီဖြစ်မှုကို မြင်အောင်ရှုတဲ့နေရာမှာ ဘာလိုသလဲလို့ ဆိုတော့—အဲဒီ လိုတာလေး တခုကို ပဋိသန္ဓိဒါမင်္ဂပါဠိတော်က ထုတ်ပြီးတော့ ဘုန်းကြီး ပြောပေးမယ်။

နိဗ္ဗတ္တိတလက္ခဏ ပဿန္တော ပိ (ခန္ဓာနံ) ဥဒယံ ပဿတိ။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိဗ္ဗတ္တိတလက္ခဏံ၊ ဖြစ်ဆဲလက္ခဏာကို။ ပဿန္တော ပိ၊ မြင်သောသူသည်လည်း။ ဥဒယံ၊ ခန္ဓာတို့၏ အဖြစ်ကို။ ပဿတိ၊ မြင်သည်မည်၏။

ဖြစ်ဆဲကို မြင်တဲ့ဉာဏ် ရှိရမည်။ ။ဖြစ်ဆိုတဲ့တရားကို ခန္ဓာတို့ရဲ့ ဖြစ်ခြင်းကို မြင်တယ် ဆိုတာ ဘယ်လို ကြည့်ရမလဲ၊ နိဗ္ဗတ္တိတလက္ခဏာကို မြင်တဲ့ဉာဏ် ရှိရမယ်။ (နိဗ္ဗတ္တိတလက္ခဏာဆိုတာ ဖြစ်ဆဲကို ဆိုသည်) ဒုက္ခ-ဇာတိဒုက္ခ၊ မရဏဒုက္ခ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဘာလဲ မရဏဒုက္ခဆိုတာ "စုတိ စဝနတာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ"။ ခန္ဓာတွေ ပျက်စီးသွားတာကို။

အဲဒီ အဝိဇ္ဇာ တဏှာ မစ္စုရိယ ပမာဒဆိုတဲ့ ခုပြောခဲ့တဲ့ ခန္ဓာတွေ ခန္ဓာလောကတွေ ပျက်စီးသွားတာကို မရဏလို့ ခေါ်တယ်။ ဇာတိ မရဏ၊ ဇာတိက ဘာလဲ ဖြစ်တာ၊ ဘာဖြစ်တာလဲ၊ အဝိဇ္ဇာတဏှာ မစ္ဆရိယ ပမာဒ ဖြစ်တယ်၊ မရဏက ဘာလဲ ပျက်တာ၊ ဘယ်သူပျက်သလဲ အဝိဇ္ဇာရယ် တဏှာရယ် မစ္ဆရိယ-ရယ် ပမာဒရယ်၊ အဲဒီတရားတွေ ပျက်တယ်။

ဖြစ်တာ ပျက်တာနဲ့ ကိုယ်နဲ့ဆိုင်သလား မဆိုင်ဘူးလား (မဆိုင်ပါဘုရား)၊ ဖြစ်တာ ပျက်တာနဲ့ လူနဲ့ဆိုင်သလား မဆိုင်ဘူးလား (မဆိုင်ပါဘုရား)၊ ဖြစ်တာ ပျက်တာနဲ့ သတ္တဝါနဲ့ ဆိုင်သလား မဆိုင်ဘူးလား (မဆိုင်ပါ ဘုရား)၊ ဘယ်သူနဲ့ ဆိုင်သလဲ ခန္ဓာနဲ့ ဆိုင်တယ်၊ ဘယ်ခန္ဓာတွေနဲ့ ဆိုင်သလဲ၊ ခု ဟောတဲ့ သုတ္တန်အရဆိုရင် အဝိဇ္ဇာနဲ့ ဆိုင်တယ်၊ တဏှာနဲ့ဆိုင်တယ်၊ မစ္ဆရိယနဲ့ ဆိုင်တယ်၊ ပမာဒနဲ့ ဆိုင်တယ်၊ တာဖြင့် ကိုယ်နဲ့ မဆိုင်ရင် ဒီသခ်ါရတရားတွေကို ဘယ်နဲ့ ရှုရမလဲလို့ဆိုတော့ မြတ်စွာဘုရားက "သခ်ါရေ ပရတော ပဿ"။ သခ်ါရေ၊ ခုပြောခဲ့တဲ့ သခ်ါရတရားတွေကို၊ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ တရားတွေကို။ ပရတော၊ ကိုယ်နဲ့မဆိုင် ကိုယ်ပိုင်မထား တခြားပြင်ပ အနတ္တအနေအား‌ဖြင့်။ ပဿ၊ မြင်အောင် ရှုပါလော်။

http://www.dhammadownload.com

ရှုကြတော့တဲ့ မြတ်စွာဘုရားက ရှုကွက်ပေးထားပြီးပြီ။ ဖြစ်အောင်ရှုဘို့ တာဝန်က ဘယ်သူ့ တာဝန်လဲ၊ ဘုန်းကြီးတို့ ပရိသတ်ရဲ့ တာဝန်။ အဝိဇ္ဇာရယ် တဏှာရယ် မစ္ဆရိယရယ် ပမာဒရယ်ဆိုတဲ့ အဲဒီတရားတွေကို သူတို့တွေ ဖြစ်ကြတယ်၊ပျက်ကြတယ်၊ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ ဒုက္ခသစ္စာသည် ကိုယ်နဲ့ မဆိုင်ဘူးလို့ ဒုက္ခသစ္စာကြီးသည် ကိုယ်နဲ့ မဆိုင်ဘူးလို့ ရှုပါတဲ့၊ အဲဒါ အနတ္တတရားလုံးကြီးဘဲ။

ကိုင်း ယနေ့အဘို့ တရား ချကြစို့—

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ တံ ဓမ္မဒေသနံ၊ ထိုတရားဒေသနာတော်ကို။ ပါရာယနေ၊ ပါရာယနဝဂ်၌။ အဇိတပဉ္ဇေ၊ အဇိတပုဏ္ဏား၏ အမေး၌။ ဝုတ္တံ၊ ကောင်းစွာမသွေ ဟောကြားတော် မူပါပေသတည်း။

သာဓု သာဓု သာဓု။

အဇိတသုတ္တန် ဒုတိယပိုင်း ပြီး၏။

http://www.dhammadownload.com

၁-အဓိတသုတ္တန် တတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ကြီးအတွင်းရှိ ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ပုံ လုပ်နည်း တက်ပုံ တက်နည်းတို့ကို တတိယ-ည ဟောကြားပြသ ဆိုဆုံးမ အပ်သော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော အဇိတသုတ္တန် တတိယပိုင်းတရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီသုတ္တန်ကို မဟောမီ ရှေးဦးစွာ ဘုန်းကြီးတို့ တရားဟော ပုဂ္ဂိုလ် တရားနာ ပုဂ္ဂိုလ်တို့၏ အနေအားဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား-သမီးများ လက်အုပ်ချီထားကြ၊ ဘုန်းကြီးက နမော တဿ ရွတ်ပြီးတော့ ရှိခိုးမယ်၊အဲဒီဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးများက မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်-ရှေးနည်းအတိုင်းပေး)

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော သဗ္ဗညုရှင်တော်မြတ် ဘုရားသည် သတ္တဝါတို့ကို ပစ္စုပ္ပန်ကောင်းစားရေး တမလွန်လောကအတွက် ကောင်းစားရေး နိဗ္ဗာန်အမြတ် ပရမတ်ကောင်းစားရေးကို ရည်ရွယ်မြွက်ဟိုးပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ နေပြီး ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းသို့ ကြွခဲ့တော်မူသည်။ ပါသာဏက နတ်ကွန်းကျတော့မှ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့်ပုဏ္ဏား(၁၆)ယောက်တို့နှင့်တကွ အလျားအနံ (၁၆)ယူဇနာ လောက်ရှိတဲ့ ပရိသတ်ဖြင့် ချဉ်းကပ်ရောက်ရှိလာတဲ့အခါ (၁၆)ဦးသောပုဏ္ဏား ပညာရှိကြီးတို့ရဲ့ မေးမြန်းချက်တွေကို ဖြေသောအားဖြင့် ဟောကြားတော်မူတဲ့ ပါရာယနဝဂ် အဇိတသုတ္တန် တတိယပိုင်းကို ဘုန်းကြီးတို့ ဟောပေးရမည်။

ပထမပိုင်းက ရွတ်သင့်ရွတ်ထိုက်တဲ့ ဝတ္ထုဂါထာတွေရွတ်ပြီးတော့ အဓိပ္ပါယ် ဟောပြီး သုတ္တပ္ပတ္တိ=သုတ္တန်ရဲ့ အတ္ထုပ္ပတ်တွေကို ပြောပေးခဲ့ပြီးပြီ၊ အဝိဇ္ဇာယ နိဝုတော ဇလာဇကော-လို့ဆိုတဲ့ ဒီဂါထာရဲ့ ပထမပါဒကို ဖွင့်ဆိုပြီးတော့ ပထမ

http://www.dhammadownload.com

ညက ဟောပေးခဲ့ပြီးပြီ။ ဝိပဿနာရှုကွက်ဖော်ပြီးတော့ ဝိပဿနာ လုပ်ထုံး လုပ်နည်း တက်ပုံတက်နည်းနဲ့တကွ ဟောပေးပြီးပြီ။

ဒုတိယညက ဝေဝိစ္ဆာ ပမာဒါ နပ္ပကာသတိ-စတဲ့ ဂါထာရဲ့ သုံးပါဒကို ဝိပဿနာ လုပ်ပုံလုပ်နည်း တက်ပုံတက်နည်း တရားကွက်ဖော်နည်း ရှုကွက်ဖော်နည်းတို့နှင့် တကွ စွမ်းနိုင်သမျှ ဘုန်းကြီးဟောပေးခဲ့ပြီးပြီ။

တတိယပိုင်းအနေနဲ့ ယနေ့ဟောပေးရမှာက အဇိတပုဏ္ဏား ပညာရှိရသေ့က မြတ်စွာဘုရားကို ပုစ္ဆာတမျိုး ထပ်မေးပြန်တယ်၊ အဲဒါကို ဟောပေးရမယ်၊ ဘာမေးသလဲဆိုတော့ –

၎ သဝန္တိ သဗ္ဗမိ သောတာ၊ သောတာနံ ကိ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူဟိ၊ ကေန သောတာ ပိဓိယျရေ။

ပါဠိရွတ်တိုင်း ဘုရားဟော ဟုတ်မဟုတ်ရှင်းချက် ဒီပါဠိတော်က သုတ္တန်ပါဠိတော်ထဲမှာ ပါနေပေမဲ့ ယခု ရွတ်ဆိုလိုက်တဲ့ ဂါထာဟာ-ဘုရားဟောတဲ့ ဂါထာမဟုတ်ဘူး၊ အဇိတလို့ခေါ်တဲ့ ရသေ့ပုဏ္ဏား ပညာရှိကြီးက မြတ်စွာဘုရားကို မေးခွန်းထုတ်တဲ့ မေးခွန်းဂါထာလို့မှတ်ရမယ်။ သူအပိုင်း သူကဏ္ဍနဲ့ ကဲ့ကဲ့ပြားပြား ရှိပါစေ၊ ဘုန်းကြီးတို့ ပရိသတ်သိထားဘို့က ပါဠိရွတ်တိုင်း ရွတ်တိုင်း မြတ်စွာဘုရားဟောတဲ့ ကျမ်းဂန်က လာတာချည်း မဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ ကျမ်းဂန်ထဲမှာ ပါဠိတော်တွေထဲမှာ ပါတိုင်း ပါတိုင်းလဲဘဲ ဘုရားဟောတဲ့ စကားမဟုတ်ဘူး၊ အဲဒါလေးကို ဘုန်းကြီးတို့ ပရိသတ် သိထားစေချင်တယ်၊ အခုဘုန်းကြီး ရွတ်လိုက်တဲ့ပါဠိဟာ ပါဠိတော်ထဲမှာတော့ ပါတယ်၊ ဒါပေမဲ့ ဘုရားစကား မဟုတ်ဘူး၊ အဇိတပုဏ္ဏားလို့ခေါ်တဲ့ ရသေ့ပညာရှိ မေးတဲ့စကား၊ ဘာမေးသလဲ ဆိုတော့ –

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ သဗ္ဗမိ၊ အလုံးစုံကုန်သော အာယတနတို့၌။ သောတာ၊ ရေအလျဉ်တို့သည်။ သဝန္တိ၊ စီးဝင်၍နေပါကုန်တော့သည် မြတ်စွာဘုရား။ သောတာနံ၊ ကိလေသာရေအလျဉ်တို့ကို။ နိဝါရဏံ၊ တားမြစ်နိုင်သောတရားသည်။ ကိ၊ အဘယ်တရား ဖြစ်ပါတော့သနည်း။ (ဝါ) တနည်းကား။ ကိ၊ အဘယ်တရားသည်။ သောတာနံ၊ တဏှာ-ဒိဋ္ဌိ-ကိလေသာဒုစရိုက် အဝိဇ္ဇာဆိုတဲ့ ရေအလျဉ်တို့ကို။ နိဝါရဏံ၊ တားမြစ်ပိတ်ပင်နိုင်သည်။ ဟောတိ၊ ဖြစ်ပါတော့သနည်း။ သောတာနံ၊ ကိလေသာရေအလျဉ်တို့ကို။ သံဝရံ၊ စောင့်ရှောက်နိုင်သော (ဓမ္မံ၊ တရားကို။) တို့၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောကြားတော်မူပါလော့။ ကေန၊ အဘယ်တရားဖြင့်။ သောတာ၊ ကိလေသာရေအလျဉ်တို့ကို။ ပိဓိယျရေ၊ ကုန်အောင် ခန်းအောင် ပျက်အောင် ပြုလုပ်ရပါမည်နည်း မြတ်စွာဘုရား။

http://www.dhammadownload.com

ဒါ အဇိတ ရသေ့က မြတ်စွာဘုရားကိုလျှောက်ထားတဲ့ လျှောက်ထားချက်။ အဲဒါကို အဓိပ္ပါယ်စကားပြေ ပြောပေးရမယ်၊ မြတ်စွာဘုရားဟောတဲ့ ဂါထာ မဟုတ်တဲ့အတွက် သူ့ကို ရှုကွက်ဖော်ပေးရန် မလိုသေးဘူး။

အဇိတရသေ့ လျှောက်ထားချက်။ ။အဇိတ ရသေ့က မြတ်စွာဘုရားကို ဘာတေ့မေးသလဲ ဆိုတော့ အရှင်ဘုရားတဲ့ အလုံးစုံသော စက္ခု သောတ စတဲ့ ခြောက်ပါးသော အာယတနတို့မှာ ကိလေသာ မဝင်အောင် ဘယ်တရားနဲ့ တားရပါ့မလဲ၊ ကိလေသာမဝင်အောင် တားနိုင်တဲ့တရားကို ဟောပေးတော်မူပါ၊ အဲဒီ ကိလေသာတွေ ကုန်အောင် ဘယ်တရားနဲ့ သတ်ရပါ့မလဲ – တဲ့။

အဇိတရသေ့က ဘယ်လိုလဲဆိုတော့ သမာဓိအား အင်မတန်ကောင်းနေတဲ့ စျာနလာဘီ ပုဂ္ဂိုလ်ဖြစ်နေတယ်၊ သီလရှိပြီးသား၊ သမာဓိရှိပြီးသား၊ နိဝရဏငါးပါး ကွာပြီးသား ပုဂ္ဂိုလ်၊ သူက သမာဓိစျာန်ကို ဝင်စားနေနိုင်တယ်။ အားထုတ်ထားတဲ့တရားက အဲဒီအထိတောင် ရောက်နေတယ်၊ ဒီတော့ ဒီတရားကို ဘွေ့ကို ဘယ်လို တက်ရမယ် ဆိုတာကို မသိတော့ ဒီလောက်သမာဓိတွေ ထူထောင်ပြီးတော့ ကာမစ္ဆန္ဒတွေလဲ ကွာနေပါလျက်သားနဲ့ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာတွေလဲ ကွာနေပါလျက်သားနဲ့ ကိလေသာတွေ ဝင်ဝင်နေတယ်၊ ဒါကို အဇိတ ရသေ့က သိတယ်၊ ဒီတော့ အဲဒီကိလေသာတွေ မဝင်နိုင်အောင် တားဆီးနိုင်တဲ့တရားနဲ့ ကိလေသာတွေ ကုန်စေတတ်တဲ့ တရားကို သူ့ကို ဟောပေးတော်မူပါတဲ့။

ဒီနေရာမှာ သဗ္ဗဓိ-ဆိုတာကို စူဠနိဒ္ဒေသပါဠိတော်က **သဗ္ဗဓီတိ** သဗ္ဗေသု အာယတနေသု-လို့ ဖွင့်ဆိုထားတော့ အလုံးစုံသော စက္ခု သောတ ဃာန ဇိဝှါ ကာယ မန စတဲ့ **အာယတန**တွေကို သဗ္ဗဓိလို့ ဆိုလိုတယ်၊ ဒီတော့ အဲဒီ အာယတနတွေမှာ ဘာတွေ ဝင်နေသလဲ ဆိုတော့ –

စက္ခုတော ရူပတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။
သောတတော သဒ္ဒတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။
ဃာနတော ဂန္ဓတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။
ဇိဝှါတော ရသတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။
ကာယတော ဖောဋ္ဌဗ္ဗတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။
မနတော ဓမ္မတဏှာ သဝန္တိ အာသဝန္တိ သန္ဒန္တိ ပဝတ္တန္တိ။

လို့ စူဠနိဒ္ဒေသပါဠိတော် နှာ (၂၉) က ညွှန်ပြထားတော့ –

http://www.dhammadownload.com

အာရုံ ၅ပါးမှ တဏှာစီးဝင်လာပုံ။ ။မျက်လုံးမှ အဆင်းရုပါရုံကို နှစ်သက်သော တဏှာတို့သည် **စီးဝင်လာကုန်၏**၊ နားမှ အသံသဒ္ဒါရုံကို နှစ်သက်သော တဏှာတို့သည် **စီးဝင်လာကုန်၏**၊ နှာခေါင်းမှ အနံ့ဂန္ဓာရုံကို နှစ်သက်သော တဏှာတို့သည် **စီးဝင်လာကုန်၏**၊ လျာမှ အရသာမျိုးစုံ ရသာရုံကို နှစ်သက်သောတဏှာတို့သည် **စီးဝင်လာကုန်၏**၊ ကိုယ်မှ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်သော တဏှာတို့သည် စီးဝင်လာကုန်၏၊ စိတ်မှ တွေးတောကြံစည်မှုမျိုးစုံ ဓမ္မာရုံကို နှစ်သက်သော တဏှာတို့သည် **စီးဝင်လာ** စိမ့်ဝင်လာတယ်လို့ ဆိုလိုတယ်။

စူဠနိဒ္ဒေသ အဋ္ဌကထာကလဲ– သဝန္တိ သဗ္ဗမိ သောတာတိ သမ္မေသု ရုပါဒိ အာယတနေသု တဏှာဒိကာ သောတာ သန္ဒန္တိ– လို့ ဖွင့်ဆိုတယ်၊ ဒီတော့ အလုံးစုံသော အာယတနတွေမှာ တဏှာ **စ**သော ကိလေသာတွေ ဝင်နေတယ်ဆိုဒါ– အင်မတန် ထင်ရှားနေပါတယ်။ ဒါပေမဲ့ သတိမထားရင် ကိလေသာတွေ ဝင်မှန်း မသိကြဘူးနော် (မှန်ပါဘုရား)။

သောတမည်ပုံရှင်းချက်။ ။သောတကို ဘာတွေဖွင့်ထားသလဲဆိုတော့ စူဠနိဒ္ဒေသပါဠိတော်က **သောတ**ဆိုတာ ရေအလျဉ်၊ ရေဆိုတာ စိမ့်ဝင်တယ်၊ ယိုထွက်တယ်၊ ယိုထွက်တယ်ဆိုတာ ဘယ်ရှောက်အောင် ယိုထွက်သလဲလို့ ဆိုတော့ အောက်ဆုံး အနိမ့်ဆုံး ထိအောင် စိမ့်ဝင်ပြီးတော့ ယိုထွက်တယ်၊ အဲဒါကြောင့် သူ့ကို သောတလို့ခေါ်တယ်၊ ဒီတော့ အဇ္ဈတ္တရသေက မြတ်စွာဘုရားကို လျှောက်နေတာက အလုံးစုံသော အာယတနတွေမှာ သောတဆိုတဲ့ ကိလေသာရေတွေ စိမ့်ဝင်နေပါတယ်ဘုရား။

စိမ့်ဝင်တယ်ဆိုတဲ့ **သောတ**ဆိုတာက ဘာလဲ—

> **သောတောတိ တဏှာသောတော ဒိဋ္ဌိသောတော ဒုစ္စရိတသောတော ကိလေသသောတော အဝိဇ္ဇာသောတော**"လို့ ငါးမျိုးဖွင့်ပေးတယ်။

သောတ ငါးမျိုးရှိပုံ။ ။စူဠနိဒ္ဒေသပါဠိတော်က **သောတ**ရဲ့အဓိပ္ပါယ် သောတလို့ဆိုတာ ဘာတွေလဲဆိုတော့ တဏှာရယ်, ဒိဋ္ဌိရယ်, ကိလေသာရယ်, ဒုစရိုက်ရယ်, အဝိဇ္ဇာရယ်၊ ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)၊ အဲဒီ ငါးမျိုးကို သောတလို့ခေါ်တယ်၊ ရေနဲ့ တူတယ်တဲ့၊ ဒီနေရာမှာ ရေဟာ စီးပြီးတော့လဲ ဝင်လာနိုင်တယ်၊ စိမ့်ပြီးတော့လဲ ဝင်လာနိုင်တယ်၊ ယိုပြီးတော့လဲ ထွက်ကျသွားနိုင်တယ်၊ အဲဒီသဘောမျိုးလိုဘဲ၊ အဝိဇ္ဇာတို့ တဏှာတို့ ကိလေသာတို့ ဒုစရိုက်တို့ ဒိဋ္ဌိတို့လို့ဆိုတဲ့ တရားတွေဟာလဲ သတ္တဝါတိုင်းမှာ ရှိနေတဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနလို့ဆိုတဲ့ အဲဒီခြောက်ဌာနကို

http://www.dhammadownload.com

အမြဲဘဲ ဒီတရားတွေ စိမ့်ဝင်နေတယ်၊ စီးဝင်နေတယ်၊ ပြီးတော့လဲ အဲဒီတရားက ယိုစီးပြီးတော့ အပါယ်လေးပါးကျအောင် သူက ထွက်ကျသွားတယ်။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အခုနက အဇိတ ရသေ့က သူဟာ စျာနလာဘီဖြစ်အောင် တရားအားထုတ်ထားပေမဲ့ သူရဲ့အလုံး စုံသော အာယတနတွေမှာ အဲဒီ ကိလေသာတွေ ဒိဋ္ဌိတွေ တဏှာတွေ အဝိဇ္ဇာ တွေ ဒုစရိုက်တွေ ဝင်နေပါတယ်ဘုရားတဲ့။

ကိလေသာဝင်ရာ အပေါက်များ။ ။အဲဒီ ကိလေသာတွေက ဘုန်းကြီးတို့ ပရိသတ်ကို ဘယ်ကနေပြီးတော့ ဝင်နေကြသလဲ မျက်စိက နေပြီးတော့ ဝင်တယ်၊ နားကနေပြီးတော့ ဝင်တယ်၊ နှာခေါင်းကနေ ဝင်တယ်၊ လျှာကနေပြီးတော့ စားတိုင်းစားတိုင်း အဲဒီကိလေသာတွေဝင်တယ်။ ခန္ဓာကိုယ်နဲ့ အရာဝတ္ထုတွေနဲ့ တွေ့ထိတိုင်း တွေ့ထိတိုင်း အဲဒီ ကိလေသာတွေ ဝင်တယ်၊ စိတ်ကူးတိုင်း စိတ်ကူးတိုင်း ကြံစည်တိုင်း ကြံစည်တိုင်း စဉ်းစားတိုင်း စဉ်းစားတိုင်း တွေးတောတိုင်း တွေးတောတိုင်း အဲဒီ ကိလေသာတွေ ဝင်တယ်၊ အဲဒါကို သဗ္ဗဓိသောတာလို့ ပါဠိကပြတယ်။

အဲဒီလို ကိလေသာတွေ ဝင်နေတာကို ဘယ်လိုနည်းနဲ့ တားရမလဲလို့ ဆိုတာကို အဇိတရသေ့ မသိဘူး။ ဝင်ပုံဝင်နည်း ဘယ်လိုဝင်သလဲဆိုတာ ပြောပါဦးလို့ ဆိုရင် စက္ခုနဲ့ ရူပါရုံကို မြင်လိုက်ရင် ငါမြင်တယ်လို့ ပြောတာဟာ ဒိဋ္ဌိ-ကိလေသာဝင်တာ။

မြင်မှုအပေါ်မှာ နှစ်သက်နေတဲ့တဏှာသည် ရူပတဏှာကိလေသာဝင်တာ၊ ရူပါရုံသည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိတယ်ဆိုတဲ့ ဒုက္ခသစ္စာတရားဘဲလို့ ငါမြင်နေတာဟာ ဒုက္ခသစ္စာဘဲလို့ မသိတာသည် အဝိဇ္ဇာကိလေသာ ဝင်တာ။ နောက်ပြီးတော့ ဒုစရိုက်၊ အဲဒီ ရူပါရုံကို အကြောင်းပြုပြီးတော့ ကာယဒုစရိုက် ၃-ပါး ဝစီဒုစရိုက် ၄-ပါး မနောဒုစရိုက် ၃-ပါးတွေ ဖြစ်လာတယ်၊ လောဘ ဒေါသဖြစ်တယ်။

ဘယ်လိုလဲ ပါဠိတော်မှာ–သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ။(အာဒိတ္တသုတ်)ဘိက္ခဝေ၊ ရဟန်းတော်များ အိုခြင်းသားတို့။ သဗ္ဗံ၊ အလုံးစုံသော အာယတနသည်။ အာဒိတ္တံ၊ မီးတောက်၍နေ၏။ ဘယ်နေရာ တောက်သလဲ မီးတွေတောက်တာ၊ "စက္ခုနာ အာဒိတ္တံ၊ သောတေန အာဒိတ္တံ၊ ဃာနေန အာဒိတ္တံ၊ ဇိဗှါယ အာဒိတ္တံ၊ ကာယေန အာဒိတ္တံ၊ မနသာ အာဒိတ္တံ။

မီးတောက်ရာ ၆-မျိုး။ ။မျက်လုံးမှာလဲ မီးတွေတောက်နေတယ်၊ နားမှာလဲ မီးတွေ တောက်နေတယ်၊ နှာခေါင်းမှာလဲ မီးတွေ တောက်နေတယ်၊ လျှာမှာလဲ မီးတွေ တောက်နေတယ်၊ ကိုယ်မှာလဲ မီးတွေ တောက်နေတယ်၊ စိတ်ကူးကြံစည်မှုတွေမှာလဲ မီးတွေ တောက်နေတယ်။

http://www.dhammadownload.com

ဒီအာဒိတ္တ သုတ္တန်ကို မြတ်စွာဘုရားက ဥရုဝေဠုကဿပ ဂယာကဿပ နဒီကဿပလို့ခေါ်တဲ့ ရသေ့ညီနောင် ရှင်တထောင်ကို ဟောတဲ့သုတ္တန်၊ ဒီသုတ္တန်ကို သူချည်းသက်သက် ဟောတို့တောင် ကောင်းသေးတယ်။

မီးတောက် ၃-မျိုး။ ။ဘာတွေ ဘယ်လိုမီးတွေ တောက်သလဲဆိုတော့ ရာဂဂ်ိ-နာ အာဒီတ္တံ၊ ဒေါသဂ်ိနာ အာဒီတ္တံ၊ မောဟဂ်ိနာ အာဒီတ္တံ။ ရာဂမီးတွေ၊ ဒေါသမီးတွေ၊ မောဟမီးတွေ၊ အဲဒီ မီးတွေတောက်တယ်၊ ရာဂတို့၊ ဒေါသတို့၊ မောဟတို့ ဆိုတာတွေဟာ ကိလေသာဘေ့၊ ဒိဋ္ဌဆိုတာ ကိလေသာတွေ၊ တဏှာဆိုတာ ကိလေသာတွေ။

ဘာဖြစ်လို့ သူတို့ကို ကိလေသာလို့ ခေါ်ရသလဲလို့ဆိုတော့၊ သတ္တဝါတို့ရဲ့ စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်၊ စိတ်ဆင်းရဲစေတတ်သောသတ္တိ ရှိလေသောကြောင့် သူတို့ကို ကိလေသာလို့-ခေါ်တယ်။ ဒီတော့-ဘုန်းကြီးတို့ အမျိုးကောင်းသားသမီးများ သူများအသက်တော့ မသတ်ဘူး၊ သူများပစ္စည်းတော့ မခိုးဘူး၊ ငါးပါးသီလလောက်တော့ လုံခြုံသေးတာဘဲ၊ ဘုရားလဲရှိခိုးလို့၊ သမာဓိကုသိုလ်ဖြစ်အောင် ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါလို့ သမာဓိထူထောင်တဲ့အနေနဲ့ ပုတီးတော့ စိတ်နေတာဘဲ၊ သီလအခြေခံ၊ သမာဓိအခြေခံ ဘယ်လောက်တောင် ကောင်းသလဲဆိုရင် ခုနက အဇိတဆိုတဲ့ ရသေ့ပုဏ္ဏား ပညာရှိဟာ အပွနာကိုဇောက်ပြီးတော့ ဈာန်သမာပတ်တွေကို ရသည် အထိ သူမှာ သမာဓိအားကောင်းနေတယ်၊ ဒါပေမဲ့ သူမှာ ကိလေသာအဝင် ရပ်သေးရဲ့လား (မရပ်သေးပါဘုရား)။

ကိလေသာခေါ်ပုံ။ ။ဘာ ကိလေသာတွေ ဝင်နေသလဲ၊ ဒိဋ္ဌကိလေသာတွေ ဝင်နေတယ်၊ တဏှာ ကိလေသာတွေ ဝင်နေတယ်၊ အဝိဇ္ဇာကိလေသာတွေ ဝင်နေတယ်၊ ဒုစရိုက်ဆိုတဲ့ ကိလေသာတွေ ဝင်နေတယ်၊ ဒီတရားတွေကို ဘာဖြစ်လို့ ကိလေသာလို့ ခေါ်ရသလဲ၊ ဒိဋ္ဌဆိုတဲ့တရားတခု မိမိမှာ လာပြီးတော့ ကပ်ထောက်ရင် အဲဒီဒိဋ္ဌ ကပ်ထောက်ရာဖြစ်တဲ့ သတ္တဝါရဲ့စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်၊ စိတ်ဆင်းရဲစေတတ်သည် ဖြစ်သောကြောင့် ဒီ ဒိဋ္ဌကို ကိလေသာလို့-ခေါ်တယ်။ တဏှာကို ဘာပြုလို့ ကိလေသာ ခေါ်သလဲ၊ တဏှာသာ မိမိမှာ ကပ်ထောက်ရင် အဲဒီတဏှာကို လက်ခံသိမ်းပိုက်ထားတဲ့ သတ္တဝါရဲ့ စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်၊ စိတ်ဆင်းရဲစေတတ်သော သတ္တိရှိသောကြောင့် ဒီတဏှာကို ကိလေသာလို့-ခေါ်တယ်၊ အဝိဇ္ဇာလဲ ထို့အတူဘဲ။

အဲဒီ ကိလေသာတဏှာတွေ ဘုရားတပည့်တော်တို့ရဲ့ အာယတန အားလုံးထဲမှာ ဝင်ပြီးတော့ နေပါတော့တယ်ဘုရားတဲ့။ ဒါ ပစ္စုပ္ပန်မှာသာ ပူပန်စေတတ် စိတ်ဆင်းရဲစေတတ်တာ၊ တမလွန်လောကကျတော့ အဲဒီ အဝိဇ္ဇာ တဏှာ ဒိဋ္ဌ

http://www.dhammadownload.com

ကိလေသာတွေဟာ ဘယ်ထိအောင် ယိုစီးပြီးတော့ သူက တွန်းခေါ်သွားသလဲ ဆိုတော့ ခန္ဓာလို့ခေါ်တဲ့ သတ္တဝါကို အပါယ်လေးပါးရောက်အောင် တွန်းခေါ်သွားတယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားသမီးများ ဘယ်အခါမှ အမှတ်တမဲ့ မကြည့်ပါနဲ့၊ မြင်ရင် ကြည့်ရင် သတိထားပါ၊ ဘယ်အခါမှ အသံကို အမှတ်တမဲ့ နားမထောင်ပါနဲ့၊ အသံကို နားထောင်ရင် သတိထားပါ။

ကိလေသာမဝင်အောင် အမှတ်ခိုင်းပါ။ ။သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ ဆရာတော် သံဃာတော်များ ရိပ်သာအသီးသီးက နေပြီးတော့ မြင်ရင် မြင်တယ်လို့မှတ်၊ ကြားရင် ကြားတယ်လို့မှတ်၊ နံရင် နံတယ်လို့မှတ်၊ စားရင် စားတယ်လို့မှတ်၊ ထိရင် ထိတယ်လို့မှတ်၊ ယားရင် ယားတယ်လို့မှတ်၊ အဲသလို မှတ်ခိုင်း မနေဘူးလား (မှတ်ခိုင်းပါတယ်ဘုရား)၊ ဘာပြုလို့ အမှတ်ခိုင်းနေတာလဲ၊ ကိလေသာမဝင်အောင်လို့၊ မမှတ်ရင် ဘာဖြစ်သလဲ (ကိလေသာဝင်နေပါတယ်ဘုရား)၊ အဲဒီ ကိလေသာတွေဝင်တော့ ဘာဖြစ်သလဲ စိတ်ဆင်းရဲတယ်၊ စိတ်ညစ်တယ်၊ စိတ်တွေပူပန်တယ်၊ ညအိပ်မပျော်ဘူး၊ ဒါတွင်လားဆိုတော့ မကသေးဘူး။

ဒါပစ္စုပ္ပန်မှာ ဖြစ်ပြီးတာ၊ သံသရာကျတော့ ဒီကိလေသာက ဘယ်ရောက်အောင် ခေါ်သွားသလဲဆိုတော့ အဲဒီ ခန္ဓာကိုယ်ကို အပါယ်လေးပါးရောက်အောင် သူနှစ်မြုပ်စစ်လိုက်ရော။ ဘုန်းကြီးတို့ပရိသတ် ကိလေသာဖြစ်တဲ့ ဒိဋ္ဌိ အဝိဇ္ဇာ တဏှာ ဒုစရိုက်ဆိုတဲ့ တရားတွေဟာ သတ္တဝါတွေကို သံသရာထဲမှာ ခေါင်းမဖော်နိုင်အောင် ဆွဲပြီးတော့ နှစ်ထားတယ်။

ဆင်းရဲအောင် လုပ်ထားသည့်တရားများ။ ✓ ။ခေါင်းမထောင်နိုင်အောင် လုပ်ထားတာ ဘယ်သူမှ မဟုတ်ဘူး၊ အဲဒီ ဒိဋ္ဌိနဲ့ တဏှာ အဝိဇ္ဇာ ကိလေသာ။ ဘုန်းကြီးတို့ပရိသတ်က သူများကို လက်ညှိုးထိုးပြနေတယ်၊ နလံမထူနိုင်အောင် စိတ်ဆင်းရဲအောင် ခေါင်းမဖော်နိုင်အောင် လည်ပင်းဖျစ်ပြီးတော့ မျက်လုံးပြူး လျှာထွက်ဖြစ်နေအောင် လုပ်ထားတာဟာ ဘယ်သူတွေ့ လုပ်နေတာလဲလို့ ဆိုတော့ အာယတနတွေထဲ ဝင်ဝင်နေတဲ့ ကိလေသာလို့ အမည်ရနေတဲ့ ဒိဋ္ဌိ တဏှာ အဝိဇ္ဇာ ဒုစရိုက်လို့ဆိုတဲ့ တရားတွေ။ ခေါင်းမဖော်နိုင်အောင် လုပ်နေတာ တခါထဲ သတ္တဝါလို့ခေါ်တဲ့ ခန္ဓာငါးပါးကို လည်ပင်းနင်းပြီးတော့ အဲဒီသတ္တဝါခေါ်တဲ့ ခန္ဓာငါးပါးဟာ မျက်လုံးပြူး လျှာထွက် ဖြစ်ပြီးတော့ မော်မကြည့်နိုင်အောင် နင်းထားတာ ဒိဋ္ဌိနဲ့ တဏှာ အဝိဇ္ဇာတဲ့။

နည်းမျိုးစုံဖြင့် နှိပ်စက်သောတရားများ။ ။မြင်အောင်ရှုပါတဲ့ မြတ်စွာဘုရား က၊ သူများနင်းထားတာ မဟုတ်

http://www.dhammadownload.com

ဘူး၊ တစုံတယောက်သောပုဂ္ဂိုလ်က ဖိနှိပ်ချုပ်ချယ်ထားတာ မဟုတ်ဘူး၊ တစုံတဦးသောပုဂ္ဂိုလ်က ဆင်းရဲအောင် မဲ့အောင် လူထဲမဝင်နိုင်အောင် စိတ်ဆင်းရဲအောင် နည်းအမျိုးမျိုးတွေနဲ့ နှိပ်စက်နေတာ မဟုတ်ဘူး။ ဘုန်းကြီးတို့ပရိသတ်ကို နည်းမျိုးစုံတွေနဲ့ နှိပ်စက်နေတာဟာ ဘယ်သူတွေလဲ၊ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ဒုစရိုက်တရားတွေ။ အဲဒီတရားအားလုံးကို ကိလေသာလို့ခေါ်တယ်။

မြင်ဟလား ကိုယ့်နှိပ်စက်နေတဲ့တရားတွေ (မြင်ပါတယ်ဘုရား)၊ အဲဒီတရားတွေကို အဇိတရသေ့လျောက်နေတယ် မြတ်စွာဘုရားကို၊ တပည့်တော်တို့မှာ အမြဲဝင်နေပါတယ်ဘုရား။ ဒီတော့ မဝင်အောင် ဘယ့်နယ်လုပ်ရမလဲ။

✓သောတာနံ ကိ ံ နိဝါရဏံ နောက်တပါဒက၊ သောတာန်၊ ဒိဋ္ဌိ တဏှာ ကိလေသာ ဒုစရိုက် အကုသိုလ်ဆိုတဲ့ ရေအလျဉ်တို့ကို။ နိဝါရဏံ၊ မဝင်အောင် တားမြစ်နိုင်တဲ့တရားသည်။ ကိ ံ၊ အဘယ်တရားတွေ ဖြစ်ပါတော့သနည်း။ တနည်း။ ကိ ံ၊ အဘယ်တရားသည်။ သောတာန်၊ ဒိဋ္ဌိ တဏှာ ကိလေသာတရားတွေကို။ နိဝါရဏံ၊ တားနိုင် ပိတ်နိုင်သည်။ ဟောတိ၊ ဖြစ်ပါတော့သနည်း။

✓သောတာနံ သံဝရံ ပြူဟိ။ သောတာနံ သံဝရံ၊ အဲဒီကိလေသာတွေ မဝင်နိုင်တဲ့ ကိလေသာတွေကို စောင့်ရှောက်နိုင်တယ်ဆိုတဲ့ နည်းကို။ တံ့၊ အရှင်ဘုရားသည်။ ပြူဟိ၊ ဟောကြားပေးတော်မူပါဘုရား။

လိုရင်းကတော့ဖြင့် တရားတောင်းနေတာဘဲ။

✓ကေန သောတာ ပိဓိယျရေ။ ကေန၊ အဘယ်တရားဖြင့်။ သောတာ၊ တဏှာ ဒိဋ္ဌိ ကိလေသာ ဒုစရိုက်ရေအလျဉ်ကို။ ပိဓိယျရေ၊ ခန်းအောင် ခြောက်အောင် မရှိအောင် လုပ်ရပါမည်နည်း မြတ်စွာဘုရား။ တာ လျောက်တဲ့စကားဘဲ။ သူလုပ်နေတဲ့ လုပ်ငန်းကတော့ ဘာလဲ။

ဗျာန်ရသော်လဲ ကိလေသာမကုန်ပုံ။ ✓ ။ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ပဉ္စမစျာန်ထိအောင် စျာန်ရတဲ့လုပ်ငန်းတွေကို သူကလုပ်ပြီးသားဘဲ။ ဒီစျာန်ရတဲ့လုပ်ငန်းနဲ့တော့ဖြင့် ကိလေသာတွေ မဝင်အောင် တပည့်တော်တို့ မတားနိုင်တော့ဘူး ဘုရားတဲ့၊ ဒီတော့ ဒီကိလေသာတွေ မဝင်အောင် ကုန်အောင် လုပ်နိုင်တဲ့တရားကို အရှင်ဘုရား ဟောကြား၍ ပေးတော်မူပါဘုရားတဲ့။

မြတ်စွာဘုရားဟောတဲ့ အဖြေဂါထာ ရွတ်ကြစို့၊ ဒီကနေ့ တရားဟာ နဲနဲ အရေးကြီးတယ် သတိစိုက်ပြီး နာကြပါ၊ သတိမလွတ်စေနဲ့ အဖြေကတော့—

✓ယာနိ သောတာနိ လောကသ္မိံ၊ သတိ တေသံ နိဝါရဏံ။
သောတာနံ သံဝရံ ပြူမိ၊ ပညာယေတေ ပိဓိယရေ။

http://www.dhammadownload.com

သဝနာနုတ္တရိယကုသိုလ် တိုးပွါးခြင်း ဒါမြတ်စွာဘုရားကိုယ်တော်တိုင် ဖြေဆိုတော်မူလိုက်တဲ့ မြတ်စွာဘုရားရဲ့ နှုတ်ကထွက်တဲ့စကားတွေ။ ဒီစကားလုံးကို ဘုန်းကြီးတို့ပရိသတ် ကြားရသောအားဖြင့် ဘုန်းကြီးတို့ပရိသတ် သဝနာနုတ္တရိယကုသိုလ်တွေ ပွါးများသွားပြီ၊ သိပ်နေရာကျတယ်။ ခုလို သဝနာနုတ္တရိယကုသိုလ် ပွါးများသွားကြတာ ဘုန်းကြီးဖြင့် အင်မတန်ဝမ်းမြောက်တယ်၊ ဘုန်းကြီးက ဒါကြောင့် ဒီပါဠိတော်တွေကို ရွတ်ပေးနေတာ၊ ပါဠိတွေ ပရိသတ်နားမလည်ဘူးဆိုတာ ဘုန်းကြီး သတိထားမိပါတယ်၊ ဒါပေတဲ့ ဘာပြုလို့ရွတ်ရသလဲ ဒီပါဠိကိုရွတ်လိုက်သောအားဖြင့် ဒီပါဠိသံ ကြားလိုက်ရရင် ဘုန်းကြီးတို့ပရိသတ်ဟာ သဝနာနုတ္တရိယကုသိုလ်တွေ တိုးပွါးတယ်၊ ကုသိုလ်တွေ ရသွားတယ်၊ ဒါကြောင့် ဘုန်းကြီးရွတ်တာ၊ ဒီပါဠိတော်တွေကို ကိုင်းအနက်ပေးရအောင်—

အဇိတ၊ အဇိတရသေ့။ လောကသို့၊ လောကဌ်။ ဝါ၊ သမုတိသစ္စာနယ်မှာ ရှိတဲ့ လူလောက နတ်လောက ဗြဟ္မာလောက တိရစ္ဆာန်လောကဌ်။ ဝါ၊ ပရမတ္ထသစ္စာနယ်မှာရှိတဲ့ ခန္ဓာလောက အာယတနလောက ဓာတုလောကဌ်။

(ခန္ဓာ ၅-ပါးမှာ အာယတန ၁၂-ပါးမှာ ဓာတ် ၁၈-ပါးမှာ ဒါ ပရမတ္ထသစ္စာနယ်က လောက၊ သမုတိသစ္စာနယ်က လောကဆိုတာ လူတိုင်း လူတိုင်း နတ်တိုင်း နတ်တိုင်း တိရစ္ဆာန်တိုင်း တိရစ္ဆာန်တိုင်း ငရဲသူ ငရဲသားတိုင်း ငရဲသူ ငရဲသားတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း ဒါလောကသို့ ရဲ့ အဓိပ္ပါယ်)။ ရဟန္တာဆို ခန္ဓာငါးပါးကျတော့ အဲဒီကိလေသာတွေ ဝင်သေးလား မဝင်တော့ဘူးနော် (မှန်ပါဘုရား)။

လောကသို့၊ ထာဝရပုဂ္ဂိုလ်ကိုချန်ထား တသ သတ္တဝါဆိုတဲ့ လူတိုင်း လူတိုင်းဌ်။ ဝါ၊ တသ သတ္တဝါတို့မှာရှိတဲ့ ခန္ဓာတိုင်းဌ်။ ယာနီ သောတာနိ၊ အကြင် တဏှာ ဒိဋ္ဌိ ကိလေသာဒုစရိုက် အဝိဇ္ဇာဆိုတဲ့ ရေအလျဉ်တို့သည်။သဝန္တိ၊ စီးဝင်၍ နေကြကုန်တော့၏။

ကိလေသာကိုနှိုင်တဲ့ တရားများ မြတ်စွာဘုရားက ဟုတ်တယ်တဲ့၊ ခန္ဓာတွေမှာ ရဟန္တာ ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကို ချန်ထား၊ သတ္တဝါတွေမှာ ကိလေသာတွေ ပယ်ပြောတဲ့ အတိုင်း ဝင်နေတယ် ဆိုတာ မှန်တယ်တဲ့၊ အဲဒီ ကိလေသာကို တားနိုင်တဲ့ တရားတွေ မြတ်စွာဘုရားက ဘယ်လိုဟောသလဲ။

'သတိ တေသံ နိဝါရဏံ'။ သတိ၊ ဝိပဿနာနှင့် သမ္မယုတ်ဖြစ်သော ဝိပဿနာနှင့်တွဲပြီးတော့ဖြစ်သော သတိသည်။ တေသံ၊ ထိုတရား ဒိဋ္ဌိ ကိလေသာ ဒုစရိုက်

http://www.dhammadownload.com

အကုသိုလ်ဆိုတဲ့ ရေအလျဉ်တို့ကို။ နိဝါရဏ၊ တားမြစ်ပိတ်ပင်နိုင်သည်။ဟောတိ၊ ဖြစ်လေတော့၏။

သောတာနံ သံဝရံ ဗြူမိ။ သတိ၊ ဝိပဿနာနှင့် အတူတကွ တွဲပြီးဖြစ်တဲ့ သတိကို။ သောတာနံ၊ တဏှာ ဒိဋ္ဌိ ကိလေသာ ဒုစရိုက် အကုသိုလ်အဝိဇ္ဇာ ရေအလျဉ်တွေကို။ နိဝါရဏံ၊ တားမြစ် ပိတ်ပင်နိုင်သော တရားဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူပေတော့၏။

ပညာယေတေ ပိဓိယရေ။ ပညာယ၊ ဝိပဿနာနှင့် ယှဉ်သောပညာ, မဂ်နှင့် ယှဉ်သောပညာဖြင့်။ ဧတေ၊ ထိုတဏှာ ဒိဋ္ဌိ ကိလေသာ ဒုစရိုက် အကုသိုလ် ရေအလျဉ်တို့ကို။ ပိဓိယရေ၊ ခန်းအောင် ခြောက်အောင် မရှိအောင် ပြုလုပ်နိုင်ကြကုန်ရာသတည်း။

သာဓု သာဓု သာဓု။

ကဲ ပါရာယနဝဂ် အဇိတမေးတဲ့ မေးခွန်းနဲ့ မြတ်စွာဘုရား ဖြေတဲ့ အဖြေတော့ဖြင့် ပြီးသွားပြီ၊ မြတ်စွာဘုရားဖြေဆိုတော်မူတဲ့တရားတော်မှာ အဓိပ္ပါယ် အကျဉ်းကတော့ ကိလေသာမဝင်အောင် သတိနဲ့တား၊ ကိလေသာကုန်အောင် ပညာနဲ့သတ်ရမယ်လို့ ဟောကြားပေးလိုက်တယ်၊ အဲဒီအထဲမှာ ပဓာန အရေး အကြီးဆုံးက သတိနဲ့ ပညာဖြစ်တယ်၊ အဲဒီတော့ သတိတရားနဲ့ ပညာတရားကို ဘုန်းကြီးတို့အဓိပ္ပါယ် ပြောပြီးတော့ ဝိပဿနာ ရှုကွက်ဖော်ကြရအောင်။

အဓိပ္ပါယ်အကျယ်ပြောပေးမယ် – ဘာပြုလို့လဲဆိုတော့ ဒီသတိနဲ့ ပညာဆိုတဲ့ တရားနှစ်ပါးက အရေးကြီးတယ်၊ဝိပဿနာကို အားထုတ်မဲ့ ပုဂ္ဂိုလ်မှာ သတိနဲ့ ပညာရှိရမယ်။ ဘာရှိရမလဲ (သတိနဲ့ပညာပါဘုရား)။ အခု ဒီပါဠိတော်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ပဓာနထားပီး ဟောပေးလိုက်ထာက သတိနဲ့ ပညာ၊ ဘာနဲ့ဘာလဲ (သတိနဲ့ ပညာပါဘုရား)။ သတိနဲ့ပညာ - သတိဆိုတာဘာလဲ။

သတိ၏အဓိပ္ပါယ်။ ။ဘုန်းကြီးတို့ ပရိသတ် သိဘို့ မလိုဘူးလား (လိုပါတယ် ဘုရား) ဒီတော့ ဘုန်းကြီး သတိကို ပြောမယ်၊ သတိဆိုတာ မမေ့ မပျောက်ခြင်းကို ဆိုတယ်၊ သတိရဲလုပ်ငန်းကို သိရမယ်၊ သူဘာလုပ်တတ်သလဲ အဲဒီသတိက အာရုံကိုပေါ်လွင် ထင်ရှားအောင် မမေ့မပျောက်အောင် ပြုလုပ်၍ ပေးတတ်တယ်။ ဝိပဿနာအာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတွေကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးတာ၊ အဲဒီသတိခေါ်တဲ့ ဓမ္မဓာတ်ကြီးတလုံးဟာ အာရုံကိုပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတတ်တယ်လို့ ဆိုတာ မှန်သလား မှားသလား (မှန်ပါတယ်ဘုရား)၊ ဘုရားဟောလို့ မှန်သလား တရား

http://www.dhammadownload.com

သဘောနဲ့ မှန်သလား (တရားသဘောနဲ့ မှန်ပါတယ်ဘုရား) ဟုတ်ပြီ၊ ဘုရားပင့်ပင့် မပင့်ပင့် ဘုရားဟော ဟော မဟောဟော၊ သတိဆိုတဲ့ ဓမ္မဓာတ် တလုံးသည် အာရုံကို ပေါ်လွင်ထင်ရှားအောင် မမေ့ မပျောက်အောင် ပြုလုပ်ပေးတတ်တယ် လို့ဆိုတာ ဘုရားဟောဟော မဟောဟော မမှန်ဘူးလား (မှန်ပါတယ်ဘုရား)၊ ပါဠိတော် ရွတ်အုံးမယ်၊ ဒီစကား နဲ့နဲ့လေး အရေးကြီးလာတယ်၊ ဘုရားဟော ဟော မဟောဟော မမှန်ဘူးလား လို့ဆိုတာ နဲ့နဲ့အရေးကြီးလာလို့ ပါဠိတော် ဘုန်းကြီး ရွတ်အုံးမယ်၊ ဟုတ်ပလား (မှန်ပါဘုရား)။ အဂုံတို့ရပါဠိတော် တိကနိပါတ် ယောဓာဇီဝဂ် ဥပ္ပါဒသုတ္တန် နှာ (၂၀၉) မှာ ရှိတယ်၊ အဲဒီ သုတ္တန်ကို နယ်ဂျပ် ယူပြီးတော့ ဟောကြစို့။

ဥပ္ပါဒါ ဝါ ဘိက္ခဝေ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာဂတာနံ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတာနံ၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကိုယ်တော်မြတ်တို့၏။ ဥပ္ပါဒါ=ဥပ္ပါဒေ၊ ပင့်တော်မူခြင်းသည်။ သတိဝါ၊ ရှိသော်၎င်း။ တထာဂတာနံ၊ ဘုရားရှင်တို့၏။ အနုပ္ပါဒါ=အနုပ္ပါဒေ၊ ပင့်တော်မမူခြင်းသည်။ သတိ ဝါ၊ ရှိသော်၎င်း။ သာ ဓာတု၊ သတိခေါ်တဲ့ ထိုဓမ္မဓာတ်သည်။ ဌိတာဝ၊ တည်သည်သာလျှင်တည်း။ ဓမ္မဋ္ဌိတတာ ဝါ၊ သဘောအားဖြင့် တည်သည်သာလျှင်တည်း။ ဓမ္မနိယာမတာ၊ တရားတော်အစဉ်အားဖြင့်။ ဌိတာဝ၊ တည်ရှိ၍ နေတော့သည်သာလျှင်တည်း။

သတိတရားအမြဲရှိနေပုံ။ ။ဘုရားပင့်ပင့် မပင့်ပင့် အဲဒီ သတိခေါ်တဲ့ ဓမ္မဓာတ် တလုံးဟာ အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတတ်တယ်လို့ဆိုတဲ့ သဘာဝတခု ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)။ ဒါပေမဲ့ အဲဒီတရား ဘယ်သူသိသလဲ (ဘယ်သူမှ မသိပါဘုရား)။ ဘုရားမပင့်ခင်တုန်းက ဘယ်သူမှ မသိသေးဘူး။ ဘုရားပင့်လာတော့မှ မြတ်စွာဘုရားရယ်လို့ ဖြစ်လာတော့မှ သဗ္ဗညုတဉာဏ်ဖြင့် ဟောတော့ သတိခေါ် ဓမ္မဓာတ်သည် အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတတ်တဲ့ တရားပါကလားလို့ ဘယ်သူသိသလဲ (ဘုရားသိပါတယ်ဘုရား)။

ဘာနဲ့ သိသလဲ (သဗ္ဗညုတဉာဏ်ဖြင့် သိပါတယ်)၊ ဒါကို ပါဠိတော်က – တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ အဘိသမေတိ-တဲ့။ တံ၊ သတိခေါ် ထိုဓမ္မဓာတ်ကို၊ (ဝါ) အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်၍ ပေးတတ်တယ်ဆိုတဲ့ သဘောကို။ တထာဂတော၊ လမ်းမှန်ရောက်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အဘိသမ္ဗုဇ္ဈတိ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူ၏။

http://www.dhammadownload.com

ဘုရားရှင်ကိုယ်တိုင် ဟောခဲ့သော သတိတရား။ ။ဘုန်းကြီးတို့ ပရိသတ် အင်မတန် လေးနက်တဲ့တရားကို မြတ်စွာဘုရားက သဗ္ဗညုတညာဏ်ဖြင့် မသိဘူးလား (သိပါတယ်ဘုရား)၊ သဗ္ဗညုတညာဏ်တော်ကြီးနဲ့ သိတဲ့တရား၊ ဘယ်လိုလဲလို့ဆိုရင်(ဒီခေတ်စကားနဲ့ ပြောမယ်ဆိုရင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး သင်တန်းတက်ပြီးတော့မှ သဗ္ဗညုတညာဏ်လို့ဆိုတဲ့ ဒီဂရီဘွဲ့ထူးကြီးကို ရပြီးတော့မှ ဒီတရားကို ဟောတာ၊ လွယ်လွယ်နဲ့ ဒီတရားကို ဟောလို့ ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)၊ ဒီသဗ္ဗညုတညာဏ်တော်ကြီးဖြင့် ဘုရားရှင်ကိုယ်တော်မြတ်သည် ဘာကို သိလိုက်သလဲ၊ သတိခေါ် ဓမ္မဓာတ်သည် အာရုံကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြပေးတတ်တယ်လို့ ဆိုတဲ့တရား၊ မြတ်စွာဘုရား သဗ္ဗညုတညာဏ်ဖြင့် သိတယ်၊ သိပြီးတော့မှ မြတ်စွာဘုရားက "အာစိက္ခတိ ဒေသေတိ" ဟောကြားတော်မူတယ်၊ ဖော်ပြတော်မူတယ်။ ကဲ – ဒီတော့ ရှေ့သွားကြရအောင်—

အာရုံအမျိုးမျိုးသိအောင်လုပ်ပေးတဲ့ သတိတရား။ ။သဗ္ဗညုတညာဏ်တော်ကြီးဖြင့် အဲဒီတရားကို သိပြီးတဲ့နောက် သတိခေါ် ဓမ္မဓာတ်သည် အာရုံကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်၍ ပေးတတ်တယ်လို့ ဆိုတဲ့အကြောင်းကို မြတ်စွာဘုရားက ဟောပေးတယ်၊ ဒီတော့ ဒီသတိဟာ တန်ဘိုးရှိသလား မရှိဘူးလား ရှိတယ်နော်၊ အရင်တနေ့ကလဲ ဘုန်းကြီးပြောပေးခဲ့ပြီးပြီ၊ သတိခေါ် ဓမ္မဓာတ်ကို အားကိုးဘို့ရန်အတွက် ဘုန်းကြီးတို့ ပရိသတ်ကို တရားပြပေးနေတာ အာရုံတွေ ပေါ်လာအောင် ဖော်ပြပေးနေတာ ဘယ်သူလဲ၊ မြင်တာကို မြင်တယ်လို့ သိအောင် ကြားတာကို ကြားတယ်လို့ သိအောင် နံတာကို နံတယ်လို့ သိအောင် စားတာကို စားတယ်လို့သိအောင် ထိတာကို ထိတယ်လို့ သိအောင် ကွေးတာကို ကွေးတယ်လို့ သိအောင် ဆန့်တာကို ဆန့်တယ်လို့ သိအောင်၊ အဲဒီလို လုပ်ပေးနေတဲ့တရားဟာ ဘယ်သူလဲ(သတိပါဘုရား)၊ ထွက်လေ ဝင်လေကိုသိအောင် လုပ်ပေးဖော်ပြပေးနေတာ သတိ၊ ဒီတော့ ပုဂ္ဂိုလ်စွဲ ဆရာစွဲ လွတ်မသွားဘူးလား(လွတ်သွားပါတယ်ဘုရား)၊ ဝိပဿနာတရား အားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ ပုဂ္ဂိုလ်စွဲ ဆရာစွဲ မရှိရဘူး၊ ဥပနိဿယ နည်းကောင်း ယူတဲ့ အခါကျတော့ကော၊ ဆရာရှိရမယ်။

မြတ်စွာဘုရားက ဝိပဿနာခွင်ကို ဝင်လိုက်ပြီဆိုရင် အဲဒီဆရာစွဲရော ပုဂ္ဂိုလ်စွဲရော ချွတ်ထားသလား မချွတ်ထားဘူးလား (ချွတ်ထားပါတယ်ဘုရား)၊ သတိက တရားပြပေးတာတဲ့၊ တာဖြင့် အဲဒီသတိ ဘယ်လိုဖြစ်သလဲ သတိဖြစ်ခြင်းရှဲအကြောင်း သတိဖြစ်ပုံ ဖြစ်နည်း ဘယ်လိုဖြစ်သလဲဆိုတာ သိဘို့လိုသလား မလိုဘူးလား (လိုပါတယ်ဘုရား)၊ ဘုန်းကြီးတို့ ပရိသတ်တွေ တရားအားထုတ်နေကြတာဟာ သတိ။

http://www.dhammadownload.com

သတိပေါ်လာပုံ။ ။သတိပဋ္ဌာန် သတိပဋ္ဌာန်နဲ့ ရိပ်သာတိုင်းမှာ ဘုန်းကြီးတို့ ပရိသတ် တရားအားထုတ်မနေဘူးလား (နေပါတယ် ဘုရား)၊ ကဲ-သတိဖြစ်အောင် ဘယ်လိုလုပ်ကြသလဲ သတိဖြစ်ပေါ်လာပုံ ဘယ်လို ဖြစ်ပေါ်လာသလဲ သိဘို့ လိုသလား မလိုဘူးလား(လိုပါတယ်ဘုရား)၊ ကိုင်း-ပါဠိတော်ရွတ်မယ် အဲဒီနေရာမှာ မဟာဝဂ္ဂသံယုတ်ပါဠိတော် အာဟာရသုတ္တန် ၂ နှာ(၉၁)မှာ မြတ်စွာဘုရားက သတိဖြစ်ပေါ်လာပုံကို ဘယ်လို ဟောထားသလဲ လို့ဆိုတော့—

> အတ္ထိ ဘိက္ခဝေ သတိသမ္မောဇ္ဈင်္ဂနီယာ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယ မာဟာရော အနုပ္ပန္နဿ ဝါ သတိသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ သတိသမ္ဗောဇ္ဈင်္ဃ ဘိယ္ယော ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ။

တဲ့ ပါဠိတော်မှာ သတိဖြစ်ပုံကို မြတ်စွာဘုရား ဟောကြားပေးတော်မူခဲ့တယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ သတိသမ္ဗောဇ္ဈင်္ဂနီယာ၊ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ အတ္ထိ=သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုသတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း၌။ ယောနိသောမနသိကာရ ဗဟုလီကာရော၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကို အဖန်တလဲလဲ ကြိမ်ဖန်များစွာ အဓိဋ္ဌာန်လာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ အာဟာရော၊ ဤသတိပဋ္ဌာန်ဆိုတဲ့ သတိတရားရဲ့ ဖြစ်ခြင်း အကြောင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သတိသမ္ဗောဇ္ဈင်္ဃ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ ဝါ၊ ဖြစ်ပေါ်၍ လာခြင်းငှါငင်း။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်လာပြီးသော။ သတိသမ္ဗောဇ္ဈင်္ဃ၊ သတိသမ္ဗောဇ္ဈင်၏။ ဘိယ္ယောဘာဝါယ ဝါ၊ တိုးပွါးလျက် လာခြင်းငှါငင်း။ ဝေပုလ္လာယ ဝါ၊ စည်ပင်ပြန့်ပွါး ကြီးထွားလျက် လာခြင်းငှါငင်း။ ဘာဝနာယ၊ ပွါးများ အားထုတ်နေသော ဝိပဿနာ၏။ ပါရိပူရိယာ ဝါ၊ အရဟတ္တဖိုလ်ပေါက် ပြီးဆုံးခြင်းသို့ ရောက်ခြင်းငှါငင်း။ သံဝတ္တတိ၊ ကောင်းစွာ မသွေ ဖြစ်ပါပေ၏။

ယောနိသောမနသိကာရရှိပုံ။ ။ဒါပါဠိတော်....သတိသမ္ဗောဇ္ဈင်္ဂနီယတရား ဆိုတာ-ရှိတယ်တဲ့။ အဲဒီသတိသမ္ဗောဇ္ဈင်္ဂနီယ တရားဆိုတာ ရှေးရှေးသော သတိရဲ့ ဖြစ်ရာဌာနသည် နောက်နောက်သော သတိရဲ့ ဖြစ်ရာဌာနဖြစ်သောကြောင့် သတိသမ္ဗောဇ္ဈင် ဌာနီယတရားပါလို့ အဋ္ဌကထာဆရာက ဖွင့်ပေးထားတာရှိတယ်၊ ဒီတော့-ဒီနေရာမှာ ပါဠိတော်လာတဲ့ အဓိပ္ပါယ်က ယောနိသောမနသိကာရရှိနေရင် မဖြစ်သေးတဲ့ သတိသမ္ဗောဇ္ဈင်

http://www.dhammadownload.com

ဖြစ်တယ်။ ဖြစ်ပြီးသား သတိသမ္မောဇ္ဈင်လဲ တိုးပွါးပြီးတော့ လာတယ်။ ဒီတော့ ယောနိသောမနသိကာရလို့ ခေါ်ဆိုတာက ဘာလဲလို့ ဆိုတော့—

"အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဖြစ်တဲ့ ခန္ဓာငါးပါးကို အနိစ္စအနေ ဒုက္ခအနေ အနတ္တအနေ အသုဘအနေနဲ့ နှလုံးသွင်းနေရင် ဒါ ယောနိသော မနသိကာရ၊ ဟုတ်ပလား (မှန်ပါဘုရား)၊ အဲဒီ ယောနိသောမနသိကာရကို အကြိမ်များစွာ အလေ့အလာပြုလုပ်ပေးနေတဲ့ ပုဂ္ဂိုလ်မှာ သတိသမ္မောဇ္ဈင်တွေ ပွါးလာလိမ့်မယ်၊ သတိသမ္မောဇ္ဈင်ဖြစ်တယ်၊ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းဘဲတဲ့ မြတ်စွာဘုရားက။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်း သားသမီးများမှာ သတိဖြစ်ချင်ရင် ဘာလုပ်ရမလဲ ယောနိသောမနသိကာရ ရှိရမယ်။ ဒါပါဘဲ တော်လာတဲ့ အဓိပ္ပါယ်။

သတိသမ္မောဇ္ဈင်ဖြစ်ကြောင်းတရား ၄-ပါး။ ။အဋ္ဌကထာဆရာကြီးက ဒီနေရာမှာ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို လေးမျိုးလို့ဆိုပြီးတော့ ပြထားတာရှိသေးတယ်။ ဝိပဿနာအရာမှာ သတိက အရေးကြီးသည်ဖြစ်သောကြောင့် သတိဖြစ်ပုံကို ပြောပေးရအုံးမယ်။

(၁) သတိသမ္မဇညတာ၊

(၂) မုဋ္ဌဿတိပုဂ္ဂလပရိဝဇ္ဇနတာ၊

(၃) ဥပဋ္ဌိတဿတိပုဂ္ဂလသေဝနတာ၊

(၄) တဒဓိမုတ္တတာ-လို့ လေးမျိုး၊ အဲဒီလေးမျိုးမှာ—

သတိ, သမ္မဇ္ဉ်အကျယ်ရှင်းချက်။ ။သတိသမ္မဇညတာလို့ဆိုတာ သတိဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့။ အဋ္ဌကထာဆရာကြီးက ရှေ့မှာ ဆက်ပြီးတော့ပြသေးတယ် "အဘိက္ကန္တာဒီသု သတ္တသု ဌာနေသု သတိသမ္မဇညတာ-လို့ အဋ္ဌကထာဆရာကြီးက ဒီလိုပြောထားတာရှိတယ်။ ဒီတော့ အဘိက္ကန္တာဒီသု သတ္တသု ဌာနေသု-လို့ဆိုတော့ အဘိက္ကန္တအစရှိတဲ့ ခုနစ်ဌာနကို သတိပဋ္ဌာန်ပါဠိတော်ကြီးမှာ ပါပြီးသား။ ဘုန်းကြီးတို့ ပရိသတ် လုပ်ငန်းဝင်တဲ့ အခါမှာ အလုပ်လုပ်ပြီးသား ဖြစ်ပါတယ်။

ဘာတွေလဲဆိုတော့—

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ။ တချက်။

အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ။ တချက်။

သမိဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ။ တချက်။

http://www.dhammadownload.com

သံဃာဠိပတ္တစီဝရ ဓာရဏော သမ္မဇာနကာရီ ဟောတိ။ တချက်။ ပေါင်းတော့ လေးချက်ရှိသွားပြီ။

အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။ တချက် ငါးချက်။

ဥစ္စာရပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ။တချက်၊ပေါင်း(၆)ချက်။ နောက်တချက်က ဘာတုန်း—

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္မဇာနကာရီ ဟောတိ၊ဘယ်နှစ်ချက်တုန်း။(ခုနစ်ချက်ပါဘုရား)။

အဲဒီ ခုနစ်ချက်သော တရားတွေက ဘာတွေလဲ၊ အရှင်ဘုရားက ပါဠိကို ရွတ်တယ်၊ တပည့်တော်တို့က နားမလယ်ဘူး။ မြန်မာလို ပြန်ပြောပါဦးလို့ ဆိုတော့ ဘုန်းကြီး မြန်မာလို ပြန်ပြောဦးမယ်။

အဘိက္ကန္တလို့ ဆိုတာ – ရှေ့ကို တိုးတာ၊

ပဋိက္ကန္တ ဆိုတာ—နောက်ကို ဆုတ်တာ၊

အဘိက္ကန္တ ပဋိက္ကန္တဥ် ရှုမှတ်ဖွယ်။ ။ဘုန်းကြီးတို့ ပရိသတ်ရဲ့ ခန္ဓာကိုယ်ကြီး ဟာ ရှေ့တိုး နောက်ဆုတ် ဖြစ်နေသ သလား ဖြစ်မနေဘူးလား၊ (ဖြစ်နေပါတယ်ဘုရား)၊ ရှေ့ကို ရှေ့ရွှေ့သွားတဲ့အခါ နောက်ကို ပြန်ဆုတ်လာတဲ့အခါ၊ ဆိုလိုတဲ့အဓိပ္ပါယ်က ဟောဒီတရားပဲ့ကို တရား နာရန် အိမ်ကနေ ဒီကိုလာတဲ့အခါ အဘိက္ကန္တ၊ တရားပဲ့က နေအိမ်ကို ပြန် တော့ ဒါ ဘာခေါ်လဲ ပဋိက္ကန္တ၊ အဲဒီအခါမှာ သတိသမ္မဇဉ် ရှိရမယ်။ ဒါ အဘိက္ကန္တနှင့် ပဋိက္ကန္တ၊ သတိထားပြီးတော့ သွားရမယ်။ သတိထားပြီးတော့ တရားနာရမယ်။ သတိထားပြီး တရားနာပြီး ပြန်ရမယ်။ အဋ္ဌကထာဆရာကြီး ပြထားတာကတော့ဖြင့် သံဃာတော်တွေ ဆွမ်းခံသွားတာနဲ့ ပတ်သက်ပြီး ပြထားတယ်။ ဆွမ်းခံသွားတဲ့အခါ ဆွမ်းခံက ပြန်လာတဲ့အခါ ဒါကို အဘိက္ကန္တ ပဋိက္ကန္တ လို့ ခေါ်ပါတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဈေးကို သွား တဲ့အခါ ဈေးမှပြန်တဲ့အခါ အဲဒါ အဘိက္ကန္တ ပဋိက္ကန္တ၊ အဲဒီအခါမှာ ဘာလုပ် ရမလဲ၊ သွားတယ် သွားတယ် သွားတယ် ဟုတ်လား (မှန်ပါဘုရား)၊ ပြန်လာ တော့လဲ သွားတယ် သွားတယ် သွားတယ်လို့ အဲဒါကတော့ သမုတိသစ္စာနယ် ထဲက မှတ်နေသေးတာဘဲ ရှိသေးတယ်။ ပရမတ္ထသစ္စာနယ်က သွားပုံကျတော့ အဲဒါ ဘာတွေလဲလို့ ဆိုတော့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရား စိတ္တဇ ဝါယောဓာတ် လှုပ်ရှားမှုတွေ ဟုတ်ပလား (မှန်ပါဘုရား)။

http://www.dhammadownload.com

စိတ္တဇဝါယောဓာတ် ဖြစ်ပေါ်ပုံ။ ။မှတ်နေရင်း မှတ်နေရင်း သတိထားနေရင်း သတိထားနေရင်း တော်တော်ကြာတော့ ဉာဏ်တွေတက်လာတဲ့အခါ ကျတော့ ခန္ဓာကိုယ်ခေါ်တဲ့ သဏ္ဌာန် လက်သဏ္ဌာန် ခြေထောက်သဏ္ဌာန်ကြီးတွေပျောက်သွားပြီးတော့ ဝါယောလေဓာတ်ရုပ် ပရမတ္ထတရားရဲ့ ရှေ့ကို တွန်းပေးမှုကလေးတွေ တွန်းကန်ပေးမှုကလေးတွေ ရွေ့ရွေ့သွားတဲ့ တွန်းမှု ကန်မှုသဘောလေးတွေ ဉာဏ်ထဲမှာ ထင်ရှားလာလိမ့်မည်။ မှတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေပါတယ် ဟုတ်လား၊ ခြေထောက်ကလေး ကြွလိုက်ရတာ ကိုယ်က မကြွရဘဲနဲ့ အသာကလေး ပေါ့ပေါ့ကလေး ဖြစ်လာပြီး အလိုလို တွန်းပေးလိုက်တယ်။ အဲဒါ ဘယ်သူလဲ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရား။ ကဲ ဒါ ရှိပစေ၊ သတိကို ဝိပဿနာရှုကွက် ဖော်ပေးနေတာဘဲ၊ လိုရင်းကတော့ ဒီအာရုံကို ထင်ရှားအောင် ပြုလုပ်ပေးနေတာ ဘယ်သူလဲ၊ (သတိပါဘုရား)။ ဒါ အဘိက္ကန္တ ပဋိက္ကန္တ နော်။

အာလောကိတ ဝိလောကိတဒ္ဓ ရူပမှတ်ဖွယ်။ ။အာလောကိတ ဝိလောကိတဒ္ဓလဲ အာလောကိတဆိုတာ တည့်တည့်ကြည့်တာ၊ ဝိလောကိတဆိုတာ တစောင်းကြည့်တာ၊ အဲဒါကိုလဲ သတိထားရမယ်။ သတိထားပြီးကြည့်တော့ ဘာတွေမြင်သလဲ၊ ရုပ်တွေကို မြင်တယ်။ လူတွေကို မမြင်ဘူး၊ အမျိုးသား အမျိုးသမီးတွေကို မမြင်ဘူး။ လက်ဦးတော့ဖြင့် လူတွေကိုဘဲ မြင်နေတာဘဲ၊ နောက်တော့ သြော် ဒါ ရုပ်တရားတွေပါလားလို့ ဒီလို သိမလာဘူးလား၊ (သိလာပါတယ်ဘုရား)၊ ကြည့်ရင်း ကြည့်ရင်း သတိက ကပ်လာပြီဆိုရင် အဲဒါ ရုပ်တရားတွေဆိုတာ မြင်လာပါလိမ့်မယ်။ ပရမတ္ထသစ္စာ ကူးသွားပြီနော်၊ (မှန်ပါဘုရား)။ အဲဒီ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ ရှင်းလင်းချက်ကိုတော့ဖြင့် ဘုန်းကြီးတို့ ဒီဓမ္မာရုံကြီးမှာ ဟောပေးတာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့ဘူး။ အာလောကိတေ ဝိလောကိတေ ပြီးသွားပြီ။

သမိဒ္ဓိတေ ပသာရိတေ ဆိုတာ ဘာခေါ်သလဲ။

သမိဒ္ဓိတ ပသာရိတဒ္ဓ ရူပမှတ်ဖွယ်။ ။ကွေးတာ ဆန့်တာ လက်ပဲဖြစ်ဖြစ် ခြေထောက်ပဲဖြစ်ဖြစ် ခါးပဲဖြစ်ဖြစ် ကွေးမှု ဆန့်မှုတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ အဲဒီ ကွေးတဲ့ ဆန့်တဲ့အခါမှာ ခုနပြောတဲ့ သတိထင်ရှားအောင် လုပ်တာကို ဒါ သမိဒ္ဓိတ ပသာရိတလို့ခေါ်ပါတယ်။ သမ္မဇာနကာရီ ဟောတိ၊ တချက်မှ မလွတ်ဘူးနော် ဘုန်းကြီးတို့ပရိသတ်၊ ဝိပဿနာရှုကွက်က လွတ်ရဲ့လား (မလွတ်ပါဘုရား)။ သမိဒ္ဓိတေ ပသာရိတေ ပြီးပြီနော်။

http://www.dhammadownload.com

သံဃာဠိပတ္တစီဝရ ဓာရဏော သမ္မဇာနကာရီ ဟောတိ။

သံဃာဠိစသည်၌ ရှုမှတ်ဖွယ်။ ။ဒါ သံဃာတော်တွေအတွက်ဟောတာ။ သံဃာဠိဆိုတာ ဒုကုဋ်သင်္ကန်းကြီး၊ ပတ္တလို့ဆိုတာက သပိတ်၊ စီဝရလို့ဆိုတာက ဟောဒီ ကေစီ သင်းပိုင်လို့ခေါ်တဲ့ သင်္ကန်းရှိုးရှိုး။ သင်္ကန်းဘဲကိုင်ကိုင် သပိတ်ဘဲကိုင်ကိုင် နှစ်ထပ်သင်္ကန်းကိုပဲကိုင်ကိုင် ကိုင်လိုက်တဲ့ အခါမှာ သတိရှိရမယ်။

ဘုန်းကြီးတို့ပရိသတ်များ အဝတ်အစား အိုးခွက်ပန်းကန် တို့ စသည်ဖြင့် အဲဒီလို ကိုင်တဲ့အခါမှာ သတိရှိနေရမယ်။ အဲဒီ သတိဟာ ဘာလုပ်ပေးမလဲ၊ အာရုံကိုပေါ်လွင်ထင်ရှားအောင် လုပ်ပေးလိမ့်မယ်။ ဘယ်အာရုံ ပေါ်လွင်လာမလဲ၊ ဝိပဿနာရဲ့ အာရုံဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတည်းဟူသော ရုပ်နာမ်ပေါ်အောင် ဖော်ပေးလိမ့်မယ်၊ ဒီသတိက၊ ဒီတော့ ဝိပဿနာ အာရုံရှုကွက် ပေါ်ချင်ရင် ဘုန်းကြီးတို့ပရိသတ် ဘာထားရမလဲ (သတိထားရမယ်ဘုရား)။

အဲဒီလိုသတိတရားကို မှီဝဲဆည်းကပ်လိုက်တော့ သတိတရားက ဘာလုပ်ပေးမလဲ သူလုပ်ငန်းကိုသူ ဖော်ပြပေးလိမ့်မယ်။ ဝိပဿနာအာရုံတွေ ပေါ်လွင်ထင်ရှားအောင် ဖော်ပြပေးလိမ့်မယ်။ သံဃာဠိပတ္တစီဝရ ဓာရဏော-ဆိုတဲ့ အချက်ပြီးရော။

အသိတ စသည်၌ ရှုမှတ်ဖွယ်။ ။အသိတေ ပီတေ ခါယိတေ သာယိတော= စားတဲ့အခါ သောက်တဲ့အခါ လျက်ဆား လျက်တဲ့အခါ ခဲဘွယ်ဘောဇဉ် တွေကို စားတဲ့အခါဆိုတော့ ကျန်သေးလား (မကျန်ပါဘုရား)၊ သူမလဲဘဲ သတိထားရမယ်၊ စားတယ် စားတယ် ဝါးတယ် ဝါးတယ် လျက်တယ် လျက်တယ် သတိထားရမယ်။ ဘာတွေ ပေါ်လာမလဲ ရုပ်တွေပေါ်လာလိမ့်မယ် နာမ်တွေပေါ်လာလိမ့်မယ်၊ ဥပါဒါနက္ခန္ဓာတွေ ပေါ်လာလိမ့်မယ်၊ ဘာဖြစ်လို့ ပေါ်လာသလဲ (သတိထားလို့ပါ ဘုရား)။ ချွေသွားမယ်နော်။

ဥစ္စာရပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ။

ကျင်ကြီး ကျင်ငယ်စွန့်တယ်။ အဲဒီ ကျင်ကြီး ကျင်ငယ် စွန့်တဲ့နေရာမှာလဲ သတိထားရမယ်တဲ့။

ကျင်ကြီးကျင်ငယ်စွန့်ရာ၌ ရှုမှတ်ဖွယ်။ ။မြတ်စွာဘုရားက ကျင်ကြီး ကျင်ငယ် စွန့်တယ်ဆိုတာ အမှန်ကတော့ အဝေဂမ ဝါယောဓာတ်ပဲ၊ အစာဟောင်းတွေနဲ့ ကျင်ငယ်ရေတွေကို အောက်ကို တွန်းထုတ်ပေးလိုက်တာပဲ၊ ဘယ်သူ တွန်းထုတ်လိုက်တာလဲ (ဝါယောလေဓာတ်

http://www.dhammadownload.com

ပါဘုရား)။ ဘာ ဝါယောလဲ (အခေါဂမဝါယောပါ ဘုရား)။ အဲဒီ အခေါဂမဝါယောခတ်ကို ဝိပဿနာ မရှုရဘူးလား (ရှုရပါတယ်ဘုရား)၊ ရှုတော့ဘယ့်နဲ့ ရှုမလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ ဟုတ်ပါမလား (မှန်ပါဘုရား)၊ ကျင်ကြီး ကျင်ငယ်စွန့်တာလဲ ဝိပဿနာရှုပါတဲ့၊ မြတ်စွာဘုရားက သတိထင်ရှားတဲ့ အကြောင်းကို ဟောပေးနေတာ။ ခြောက်ချက်ရှိသွားပြီ။

ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။

သွားတဲ့အခါ စသည်၌ ရှုမှတ်ဖွယ်။ ။သွားတဲ့အခါ ရပ်တဲ့အခါ အိပ်တဲ့အခါ နိုးတဲ့အခါ တိတ်တိတ်နေတဲ့အခါ စကားပြောတဲ့အခါ လျောင်းတဲ့အခါ အဲဒီနေရာမှာလဲ သတိဖြစ်ပါစေ။ အဲဒါ သတိဖြစ်ခြင်းရဲ့အကြောင်း။ အဲဒီ ခုနစ်ဌာနမှာ သတိကပ်ထားရင် သတိတရားတွေ ပေါ် ပေါက်လာပါလိမ့်မယ်။ ဒါ သတိဖြစ်ခြင်းရဲ့ အကြောင်းတမျိုး ဖြစ်သွားပြီ၊ အဋ္ဌကထာဆရာပြောပေးတာ။

နောက်တမျိုးက ဘာတဲ့လဲ--

မုဋ္ဌဿတိပုဂ္ဂလ ပရိဝဇ္ဇနတာ – တဲ့။

သတိလွတ်ကင်းသောပုဂ္ဂိုလ်ကို ရှောင်သင့်ပုံ။ ။သတိလွတ်ကင်းနေတဲ့ ပုဂ္ဂိုလ်ကို အဝေးက ရှောင်ရမယ်၊ အပေါင်းအဖော် သိပ်မလုပ်ရဘူးတဲ့၊ ဘယ်လိုလဲ သတိလွတ်ကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ-အဋ္ဌကထာဆရာကြီးက ထမင်းလုံးတွေ ကျနေတဲ့နေရာမှာ ကျီးငှက်တွေနှင့်တူကုန်သော၊ ဟိုဟာလဲမေ့ ဒီဟာလဲမေ့ဆိုတဲ့ အဲဒီလိုမေ့တတ်တဲ့ပုဂ္ဂိုလ်တွေကို ရှောင်ပါတဲ့။

သတိကောင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရပုံ။ ။ဥပဋ္ဌိတဿတိ ပုဂ္ဂလ သေဝနတာ၊ သတိကောင်းတဲ့ ပုဂ္ဂိုလ်ကို နာနာပေါင်းပေးရမယ်တဲ့ မြတ်စွာဘုရားက။ ဘုန်းကြီးတို့ ပရိသတ်ကတော့ဖြင့် ကိုယ်နဲ့ တဲ့တဲ့လူကိုသာ ပေါင်းတာ၊ ကိုယ်နဲ့ မတဲ့တဲ့လူကို မပေါင်းဘူး ဟုတ်ပလား (မှန်ပါဘုရား)။ မြတ်စွာဘုရားက သတိပဋ္ဌာန် တရားကို အားထုတ်ဘို့ရန် အတွက် သတိကောင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲရမည်တဲ့နော်၊ သုံးချက်ရှိသွားပြီ။

သတိတရား ထင်ရှားအောင်ပြုလုပ်ရပုံ။ ။တဒဓိမုတ္တတာ၊ထိုင်တဲ့အခါမှာဖြစ်ဖြစ် ရပ်တဲ့အခါမှာ ဖြစ်ဖြစ် အိပ်တဲ့ အခါမှာဖြစ်ဖြစ် သတိတရားထင်ရှားတဲ့ဘက်ကိုသာ ကိုင်းနေရမယ်၊ ရှိုင်းနေရမယ်၊ ညွတ်နေရမယ်၊ သတိဖြစ်ခြင်းရဲ့ အကြောင်းလေးမျိုး အဋ္ဌကထာ ဆရာကြီးက ပြောပေးတယ်။

http://www.dhammadownload.com

ကဲ ဒီတော့ ရှေသွားရအောင်၊ အဲဒီ သတိခေါ် ဓမ္မဓာတ်တရားသည် သတိထင်ရှားတဲ့ ပုဂ္ဂိုလ်ကို ဘာလုပ် ပေးသလဲ ဆိုတော့ ဝိပဿနာအာရုံကို သူက ထင်ရှားအောင် လုပ်ပေးတယ်၊ ပေါ်လွင်အောင် ဖော်ပြပေးနေတဲ့ လုပ်ငန်းကို သူကလုပ်နေတယ်၊ဒါဖြင့် သူသတ္တိကဘာလဲလို့ဆိုတော့ မြတ်စွာဘုရားကပြတယ်။

သတိ တေသံ နိဝါရဏံ၊ အဲဒီ ခုပြောခဲ့တဲ့ သတိသည် ဘုန်းကြီးတို့ ဟိ သတ်မှာ သတိရှိနေရင် ကိလေသာ ဝင်ခွင့် ရဦးမှာလား (မရပါဘုရား)။

သတိ၊ ဝိပဿနာနှင့် သမ္မယုတ်ဖြစ်သော- ဝိပဿနာနှင့် တွဲဘက်ဖြစ်သော ခုပြောခဲ့တဲ့ သတိသည်။ တေသံ၊ ထိုတရား ဒီဌိ ကိလေသာ ဒုစရိုက် အကုသိုလ် အဝိဇ္ဇာဆိုတဲ့ တရားတွေကို။ နိဝါရဏံ၊ မဝင်အောင် တားဆီးနိုင်သည်။ ဟောတိ၊ ဖြစ်ပါလေတော့၏။ မြတ်စွာဘုရား ဟောပေးတာ။

ဝိပဿနာနှင့်ယှဉ်သော ဝိပဿနာတွဲပြီးဖြစ်တဲ့ သတိရှိတဲ့ ပုဂ္ဂိုလ်မှာ ကိလေသာ ဝင်ခွင့်မရတော့ဘူး။ အဲဒါကြောင့် ခုနပြောတဲ့ ခုနစ်ဌာနမှာ ဘယ်နေရာမှာ ဖြစ်ဖြစ် သတိနှင့်သမ္မဇညဝိပဿနာဉာဏ် အမြဲတန်း ယှဉ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ဘယ်အလုံးမှ မလွတ်အောင် ဝိပဿနာက အမှတ်ခိုင်းနေတာ။ အိပ်တဲ့အခါ ကျင်ကြီး ကျင်ငယ် စွန့်တဲ့အခါမှာတောင် ဝိပဿနာဉာဏ် မလွတ်စေနဲ့ မြတ်စွာဘုရားက။ ဒါမှ ကိလေသာ မဝင်နိုင်မယ်။ ကိလေသာဆိုတာ ဘယ်သူတွေလဲ–

သတိမထားက ကိလေသာဝင်လာပုံ။ ။ဒီဌိ တဏှာ အဝိဇ္ဇာ ဒုစရိုက်၊ အဲဒီတရားတွေ ဝင်လာရင် သတ္တဝါတွေ ဘာဖြစ်သေးလဲ၊ စိတ်ဆင်းရဲတယ် စိတ်ပူပန်တယ် စိတ်ချောက်ချားတယ်၊ သတ္တဝါတို့ရဲ့ စိတ်ကိုပူပန်စေတတ် ဆင်းရဲစေတတ်သောကြောင့် ကိလေသာလို့ ခေါ်တယ်။ ဘာဖြစ်လို့ ဒီကိလေသာတွေဝင်သလဲ သတိမထားလို့ ဝင်တာ ဖြစ်တယ်။ ဘယ် အပေါ်မှာ သတိမထားလို့လဲ၊ မြင်တာမှာ ကြားတာမှာ နံတာမှာ စားတာမှာ ထိတာမှာ သိတာမှာ ကွေးတာမှာ ဆန့်တာမှာ အိပ်တာတွေမှာ၊ စောစောပိုင်းက ပြောခဲ့တဲ့တရားတွေမှာ သတိမထားလို့ ဝင်တာဖြစ်တယ်။

သတိတရားကို မြတ်စွာဘုရားကိုယ်တော်မြတ်က အင်မတန် အရေးတကြီး ထားပြီး ဒီမှာဟောပေးထားတယ်။ ဒီသတိ ဘယ်နေရာမှာ ဆုံးမလဲဆိုတော့ ရှေကိုအဇိတကဆက်ပြီးတော့မြတ်စွာဘုရားကို မေးတယ်။ခုသတိထားတဲ့အတွက် အာရုံပေါ် မလာဘူးလား (ပေါ်ပါတယ်ဘုရား)။ အဲဒီ ပေါ်လာတဲ့အာရုံတွေကို ဒီအာရုံတွေ ပေါ်လာတဲ့အတွက် အာရုံပေါ်ကို စိတ်ရောက်ပြီးတော့ ဝိပဿနာ အာရုံပေါ်မှာ စိတ်ရောက်နေတဲ့ပုဂ္ဂိုလ်မှာ ကိလေသာ ဝင်သေးလား မဝင်ဘူးလား (မဝင်ပါဘုရား)။

http://www.dhammadownload.com

တာတမံနှင့်တူသောသတိ။ ။ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးသမီးများ မြို့ထဲ ရွာထဲ လယ်ထဲ ချောင်းထဲကို ရေတွေ့မဝင်အောင် ဘာနဲ့ တားထားရသလဲ (တာတမံနဲ့ တားထားရပါတယ်ဘုရား)၊ တာတမံနဲ့ တားရတယ်။ အဲဒီတော့ တာတမံကြီးနဲ့ တားထားရင် မြို့ထဲ ရွာထဲ လယ်ထဲ ချောင်းထဲ ရေတွေ့ ဝင်သေးသလား (မဝင်တော့ပါဘုရား)၊ ဘယ်သူက တား ထားသလဲ (တာတမံက တား ထားပါတယ်ဘုရား)၊ ရေတော့မရှိဘူးလား ရှိပေတဲ့ ရေမဝင်တော့ဘူး၊ ရေတွေသိပ်များနေရင် ဒီတမံ စိတ်ချရပါ့မလား (မချရပါဘုရား)၊ ရှေးလူကြီးတွေ ဘာပြောထားသလဲဆိုတော့ လောကမှာရှိတဲ့ ဆည်မြောင်းတာတမံတို့သည် ရေမဝင်နိုင်အောင် တားနိုင်သလို သတိခေါ် ဓမ္မဓာတ်ဟာလဲဘဲ သတ္တဝါတို့ရဲ့သန္တာန်ကို ကိလေသာမဝင်အောင် တားနိုင်တဲ့အတွက် သတိကို တမံနဲ့တူတယ်။ သတိ တမံလို့ ရှေးကပြောခဲ့တယ်. ဟုတ်ပလား (မှန်ပါဘုရား)။

သတိဟာ ဘာနဲ့တူသလဲ(တမံနဲ့တူပါတယ်ဘုရား)၊တားရုံတားနိုင်တယ် သူက။ ဟိုက မေးတာကလဲ ကိလေသာ မဝင်နိုင်အောင် တားနိုင်တဲ့ တရားကို ဟောပေးတော်မူပါဘုရား၊ အဇိတရသေ့ ကိလေသာမဝင်နိုင်အောင် တားပေးနိုင်တဲ့ တရားက ခုပြောခဲ့တဲ့ သတိတရားဘဲတဲ့၊ ဒီတော့ ကိလေသာကို လက်မခံချင်တဲ့ ပုဂ္ဂိုလ်မျာ်းက ဘာလုပ်ရမလဲ(သတိထားရမှာပါဘုရား)၊ ကိုင်း သတိထားပြီးပြီ။

ကိလေသာကုန်ခန်းအောင် ပညာကသာ ပြုလုပ်နိုင်ပုံ မြတ်စွာဘုရားကဟောတယ်၊ ဒီသတိသည် ကိလေသာ မဝင်နိုင်အောင် တားနိုင်တဲ့တရားဘဲလို့ ငါဘုရား ဟောတော်မူတယ်၊ အဲဒီအတိုင်းဘဲ သင်ထားပေတော့။ အဲဒီသတိထားပြီးတော့ ဒီကိလေသာဖြစ်တဲ့ ဒိဋ္ဌိတို့ တဏှာတို့ အဝိဇ္ဇာတို့ ဒုစရိုက်တရားတွေကို ခန်းကုန်အောင် ခြောက်ကုန်အောင် ပျောက်ကုန်အောင် သတိနဲ့လုပ်လို့ ရပါ့မလား (မရပါဘုရား)၊ ဘယ်သူနဲ့ လုပ်ရမလဲ ဆိုတာ မြတ်စွာဘုရားက ရှေ့ဆက်ဟောပါတယ်။

"ပညာယေတေ ပိဓိယရေ"။ ပညာယ၊ ပညာဖြင့်။ ဧတေ၊ ထိုတဏှာဒိဋ္ဌိကိလေသာဒုစရိုက် အကုသိုလ်ရေအလျဉ်တို့ကို။ ပိဓိယရေ၊ ခန်းအောင် ခြောက်အောင် ပြုလုပ်ရာ၏။ အဲဒီ ပညာယေတေ ပိဓိယရေလို့ သုတ္တန်ပါတ်ပါဠိတော်က ဟောထားတဲ့စကားကို စူဠနိဒ္ဒေသပါဠိတော်က အကျယ်ခွဲပြီး ဟောထားတယ်။

ပညာယေတေ သောတာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္ဒန္တိ နာ ပဝတ္တန္တိ။

http://www.dhammadownload.com

ဝိပဿနာနှင့်ယှဉ်တဲ့ပညာ မဂ်နှင့်ယှဉ်တဲ့ပညာဆိုတဲ့ အဲဒီပညာနှစ်ပါးကြောင့် ဒီကိလေသာ ဒီဒဋ္ဌိ တဏှာ ဒုစရိုက် အဝိဇ္ဇာဆိုတဲ့ တရားတွေဟာ ခန်းကုန်ရော ပျောက်ကုန်ရော မဖြစ်တော့ဘူး၊ အဲဒီပညာက ဘာတုန်း။

✓ သဗ္ဗေ သင်္ခါရာ အနိစ္စာတိ ဇာနတော ပဿတော ပညာယေတေ သော်တာ ပိဓီယန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္နန္တိ နာ ပဝတ္တန္တိ။ ။စူဠနိဒ္ဒေသပါဠိတော် နှာ-၃၀။

သင်္ခါရတရားများ။ ။သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ သင်္ခါရတရားတွေဆိုတာ ဘယ်သူတွေလဲ၊ ဝိညာဏ်နာမ် ရူပ်၊ ဘာဖြစ်လို့ ဒီ-ဝိညာဏ်နာမ် ရူပ်ကို သင်္ခါရလို့ ခေါ်သလဲ အလုပ်လုပ်လို့၊ ဘာတွေလုပ်သလဲ သိတဲ့အလုပ်ကို၊ ဘယ်သူက. လုပ်သလဲဆိုတော့ ဝိညာဉ်ကလုပ်တယ်၊ သိတဲ့အလုပ်ကို လူကလုပ်သလား၊ ဝိညာဉ်က လုပ်သလားဆိုတော့ (ဝိညာဉ်က လုပ်ပေးတယ်)၊ အာရုံကို ပေါ်လွင်ထင်ရှားအောင် လုပ်တဲ့အလုပ်ကို သတိခေါ်သော နာမ်ဓာတ်က လုပ်သလား လူက လုပ်သလား (သတိခေါ်တဲ့ နာမ်ဓာတ်က လုပ်ပါတယ်ဘုရား)။

သင်္ခါရ လုပ်သား ၃-ယောက်။ ။ဝိညာဏ် နာမ်၊ တိုးတဲ့သဘော တွန်းကန်တဲ့သဘော ရွေ့တဲ့သဘော လှုပ်ရှားတဲ့သဘောတွေကို ရူပ်လို့ခေါ်တဲ့ ဝါယောလေဓာတ် ရူပ်ပရမတ္ထတရားက လုပ်သလား လူက လုပ်သလား (ဝါယောလေဓာတ် ရူပ်ပရမတ္ထတရားက လုပ်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီလိုသိတဲ့ အလုပ်ကို လုပ်တဲ့အတွက် ဝိညာဏ်ကို သင်္ခါရ၊ အာရုံကိုပေါ်လွင်ထင်ရှားအောင်ပြုလုပ်သည့်အလုပ်ကို လုပ်တဲ့အတွက် သတိကို သင်္ခါရလို့ခေါ်ပါတယ်။ တိုးတဲ့အလုပ် တွန်းတဲ့အလုပ် ရွေ့တဲ့အလုပ် လှုပ်ရှားတဲ့အလုပ်တွေကို လုပ်ပေးနေတဲ့ ဝါယောလေဓာတ် ရူပ်ပရမတ္ထတရားကို ဘာလို့ခေါ်သလဲ သင်္ခါရလို့ ခေါ်တယ်။ သင်္ခါရလုပ်သားကြီးသုံးယောက် ဒါဘဲ။ သူတို့တွေ လုပ်အားပေးနေကြတာ၊ ဘုန်းကြီးတို့ ပရိသတ်တို့ ဒီကနေ့ အသက်ရှင်နေအောင် သွားနိုင်လာနိုင်အောင် တရားလာနာနိုင်အောင် လုပ်အားပေးလိုက်တယ်၊ ဘယ်သူတွေလဲ သင်္ခါရတရားတွေ။

အနိစ္စခေါ်ပုံ။ ။သင်္ခါရလုပ်သားကြီး သုံးယောက်က လုပ်အားပေးလိုက်တော့ ကိုယ်လုပ်တာ မဟုတ်ဘူး၊ အဲဒါသလို အလုပ်လုပ်သည် ဖြစ်သောကြောင့် ဒီတရားတွေကို သင်္ခါရလို့ တလုံးထဲနာမယ်တပ်လိုက်တယ်၊ အဲဒီသင်္ခါရတရားတွေဟူသမျှ နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)၊ ရှုလိုက် အနိစ္စဆိုတာ ဘာလဲ၊ အနိစ္စဆိုတာ ခန္ဓာငါးပါး ဝိညာဉ် နာမ်ရူပ် ဆိုတဲ့ ခန္ဓာပဉ္စတတရားကို

http://www.dhammadownload.com

ခေါ်တယ်၊ ဘာကြောင့် ခန္ဓာကို အနိစ္စလို့ ခေါ်ရသလဲဆိုတော့ ကုန်တဲ့သဘော ပျောက်တဲ့သဘောရှိလို့ အနိစ္စလို့ခေါ်တယ်။

အနိစ္စဆိုတာ ဘာတဲ့လဲ၊ ခန္ဓာ။ ဘာ့ကြောင့်လဲ၊ ကုန်တဲ့သဘော ပျောက်တဲ့ သဘောရှိလို့၊ သိတဲ့ သဘောတရားကလေးတွေ ဘုန်းကြီးတို့ ပရိသတ်မှာ စောစောပိုင်းက ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ စောစော ပိုင်းကသိမှု ခုရှိသေးရဲ့လား မရှိတော့ဘူးလား (မရှိတော့ပါဘုရား)၊ဘယ်ရောက် ကုန်ပြီလဲ (ပျောက်ကုန်ပါပြီဘုရား)၊ အဲဒီ ကုန်ပျောက်တဲ့သဘောသည် နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)၊ ကုန်တာ ပျောက်တာက အနိစ္စလား ဝိညာဉ်က အနိစ္စလား(ဝိညာဉ်က အနိစ္စပါဘုရား)၊ ဝိညာဉ်သာ အနိစ္စ၊ ကုန်တာပျောက် တာက အနိစ္စ၏ လက္ခဏာလို့မှတ်။

သတိနှင့်ပညာခွဲပြချက်။ ။နှာခေါင်းထဲကထွက်တဲ့လေ နှာခေါင်းထဲဝင်တဲ့လေကို ခုခဏ ရှုကြည့်၊ထွက်လာတဲ့လေဟာ ဘယ်ရောက်သွား လဲ (ပျောက်သွားပါတယ်ဘုရား)။ မြဲလို့ပျောက်သလား မမြဲလို့ပျောက်သလား (မမြဲလို့ပျောက်တာပါဘုရား)၊ အဲဒီမမြဲလို့ ကုန်တယ်ပျောက်တယ်ဆိုတဲ့ သဘော တရားကို နိစ္စခေါ်သလား အနိစ္စခေါ်သလား (အနိစ္စ ခေါ်ပါတယ်ဘုရား)၊ အနိစ္စလို့ သိလိုက်တာသည် သတိလား ပညာလား (ပညာပါဘုရား)၊ အဲဒီ ပညာဖြင့် ခုနပြောခဲ့တဲ့ ကိလေသာကို ခန်းအောင် ခြောက်အောင် လုပ်ရမယ်လို့ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော် နှာ (၃၀)က ပါရာယနဝဂ်မှာရှိတဲ့ အခုဟောနေတဲ့ သုတ္တန်ကို သူကဖွင့်ပေးနေတာ၊ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်သာ မရှိရင် ဒီပါဋ္ဌိတော်ကို ဟောရန် အခက်သားဘဲ၊ အင်မတန် ခက်တဲ့သုတ္တန်။

အဲဒီ သုတ္တနိပါတ်ပါဋ္ဌိတော်ကိုဖွင့်တဲ့ သုတ္တနိပါတ် အဋ္ဌကထာက အဲဒီပါရာ ယနဝဂ်မှာ ဒီလိုကျယ်ကျယ်ဝန်းဝန်း သိပ်ပြီးတော့မဖွင့်ဘူး၊ နဲနဲလောက် တို့ကာ တို့ကာလေးလောက်ဘဲ ဖွင့်သွားတယ်၊ အဲဒါ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်က ဖွင့်ပေး တယ်၊ စူဋ္ဌနိဒ္ဒေသအဋ္ဌကထာက ဖွင့်ပေးတယ်၊ ဘုန်းကြီး အခု ဒီပါရာယနဝဂ်ကို ဟောပေးနေရတာ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်နှင့် စူဋ္ဌနိဒ္ဒေသအဋ္ဌကထာ အားကိုးနဲ့ ဟောပေးနေတာ၊ ကိုင်း-ရှေ့သွားရအောင်—

သဗ္ဗေ သခ်ါရာ အနိစ္စာတိ ဇာနတော ပဿတော ပညာယေတေ ပိဓိယန္တိ ပစ္ဆိဇ္ဇန္တိ န သဝန္တိ န အာသဝန္တိ န သန္ဒန္တိ န ပဝတ္တန္တိ။

ဘုန်းကြီး စောစောပိုင်းကပြောခဲ့တဲ့ ဝိညာဉ် နာမ်ရုပ် သခ်ါရတရားတွေကို ကုန်တဲ့ ပျောက်တဲ့ သဘောဘဲလို့ ရှုပါတဲ့၊ ပညာပေါ်လာရင် ကိလေသာ မဖြစ် တော့ဘူး၊ ဒါဘဲပြောတယ် အဓိပ္ပါယ်။

http://www.dhammadownload.com

ဝိပဿနာအရာမှာ သတိဟာ ဘာလုပ်ပေးသလဲ၊ အာရုံကို ထင်ရှားအောင် ပညာပြဋ္ဌာန်းပုံ မပျောက်အောင် လုပ်ပေးတယ်၊ ကိလေသာ မဝင်အောင် တားပေးတယ်၊ ဒီဝိပဿနာပညာက ဘာလုပ်ပေးသလဲ ကိလေသာတွေ ခန်းအောင်ခြောက်အောင် လုပ်ပေးပါတယ်၊ အဲဒီ ကိလေသာတွေ မဖြစ်အောင် ဘယ်သူက လုပ်သလဲဆိုတော့ သတိနဲ့ပညာက ပြုလုပ်တယ်၊ ဒီတော့ ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်မှာ အရေးကြီးဆုံး အလိုရှိအပ်တာ သတိနဲ့ပညာဘဲ။ သမာဓိ မပါဘူးလားဘုရားလို့ မေးစရာရှိတယ်၊ သမာဓိ-က ပါတော့ ပါတယ် သူ့ မပြဋ္ဌာန်းဘူး၊ ဘယ်သူ ပြဋ္ဌာန်းသလဲ ဝိပဿနာအရာမှာဆိုရင် ပညာသာ ပြဋ္ဌာန်းတယ်၊ သမာဓိ မပြဋ္ဌာန်းဘူး၊ ကိုင်းဒီပညာအကြောင်း ပြောကြားရအောင် ဒီပညာဟာဘာလဲ ဒီပညာဘယ်လိုနည်းနဲ့ ရမလဲ၊ ဘုန်းကြီးတို့ပရိသတ် မလိုချင်ဘူးလား ဒီပညာကို(လိုချင်ပါတယ်ဘုရား)။

ရှေးဦးစွာ ဘုန်းကြီး ပညာရခြင်း၏ အကြောင်းကို ပြောဦးမယ်၊ မူလပဏ္ဏာသပါဠိတော် မဟာဝေဒလ္လသုတ် နှာ(၃၆၈) မှာ အရှင်မဟာကောဋ္ဌိက က အရှင်သာရိပုတြာကို မေးတယ်၊ ဘာမေးလဲဆိုတော့ ပညာဖြစ်ခြင်းရဲ့ အကြောင်းကိုမေးတယ်။ "ကတိ ပနာဝုသော ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။" အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတြာ။ သမ္မာဒိဋ္ဌိယာ၊ ဓမ္မဝိစယ ခေါ်တဲ့ ပညာဖြစ်ခြင်း၏။ ပစ္စယာ၊အကြောင်းအထောက်အပံ့တို့သည်။ ကတိ၊ အဘယ်မျှရှိပါကုန်သနည်း။

ပညာဖြစ်ခြင်း၏အကြောင်း ၂-ပါး။ ။ငါ့ရှင်သာရိပုတြာ ပညာဖြစ်ခြင်းရဲ့ အကြောင်းတရား ဘယ်နှစ်ပါးလဲတဲ့၊ ပညာဆိုတာ သမ္မာဒိဋ္ဌိ ဓမ္မဝိစယသမ္ဗောဇ္ဈင် အမောဟ ပညိန္ဒြေတဲ့၊ သူ့ကိုပညာလို့ ခေါ်တယ်၊ အဲဒီပညာဖြစ်ခြင်းရဲ့အကြောင်း ဘယ်နှစ်ပါး ရှိပါသလဲတဲ့။ ဒွေ ခေါ ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတော စ ဃောသော ယောနိသော စ မနသိကာရော—လို့ ရှင်သာရိပုတြာက ဖြေတယ်။

ပညာဖြစ်ခြင်းရဲ့အကြောင်းက ပရတော စ ဃောသ-တပါး၊ ယောနိသော မနသိကာရ တပါး၊ ပေါင်း ၂-ပါးရှိတယ်၊ အဲဒီ အကြောင်းနှစ်ပါးကြောင့် ပညာဖြစ်တယ်။ ပရတော စ ဃောသလို့ဆိုတာ– မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်တွေကို နာခံမှတ်သားခြင်းကိုဆိုတယ်။ ဒါ– ပညာဖြစ်ခြင်းရဲ့ အကြောင်း။ ယောနိသော မနသိကာရဆိုတာ– ခုနက သခ်ါရတရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ နှလုံးသွင်းခြင်းသည် ယောနိသောမနသိကာရ။ အဲဒီ တရားနှစ်မျိုးသည် ပညာဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

http://www.dhammadownload.com

ဒီတော့ ဒီပညာရအောင် ဘယ်လို လုပ်ရမလဲ ပညာရခြင်းရဲ့ အကြောင်း ပညာဖြစ်ခြင်းရဲ့အကြောင်းကို မြတ်စွာဘုရားက မဟာဇဂ္ဂသံယုတ် သာကစ္ဆဝဂ်၊ အာဟာရသုတ္တန် နှာ (၉၁)မှာ ဟောထားပါတယ်။ ဘယ်လို ဟောထားသလဲ ဆိုတော့–

> အတ္ထိ ဘိက္ခဝေ ကုသလာကုသလာ ဓမ္မာ သာဝဇ္ဇာနဝဇ္ဇာ ဓမ္မာ ဟီနပဏီတာ ဓမ္မာ ကဏှသုက္ကသပ္ပဋိဘာဂါ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဃဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဃဿ ဘာဝ-နာယ ပါရိပူရိယာ။

ဘာပြောသလဲ ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က–

ပညာဖြစ်ပေါ်ပုံ။ ။ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ခေါ်တဲ့ သမ္မာဒိဋ္ဌိပညာ၊ ခုန ပညာ-ယေတေ ပိဓိယရေအရ ပညာဖြစ်တယ်ဆိုတာ ကုသလာကုသလာ ဓမ္မာ=ကုသိုလ်တရား အကုသိုလ်တရား၊သာဝဇ္ဇာနဝဇ္ဇာ ဓမ္မာ=အပြစ်ရှိတယ် အပြစ်မရှိဆိုတဲ့တရား၊ ဟီနပဏီတာ ဓမ္မာ=ယုတ်သောတရား မြတ်သောတရား၊ ကဏှသုက္ကသပ္ပဋိဘာဂါ ဓမ္မာ=မည်းညစ်တဲ့အကျိုးကို ပေးတတ်တဲ့တရား ဖြူစင်သောအကျိုးကို ပေးတတ်တဲ့တရား၊ အဲဒီ တရားတွေရှိတယ်။ အဲဒီ တရားတွေကို ယောနိသောမနသိကာရ သင့်သောအာရုံဖြင့် နှလုံးသွင်းခြင်းကို အချိန်များစွာ ပွါးများအားထုတ်ပေးမယ်လို့ဆိုရင် ပညာဖြစ်တယ်တဲ့ မြတ်စွာဘုရားက ပါဠိတော်မှာဟောတယ်။

ကုသိုလ်အကုသိုလ်တရားကို ခွဲခြမ်းပြီးသိအောင် နှလုံးသွင်းပေးရမယ်။ အဲဒီလို ကုသိုလ်အကုသိုလ်ကို ခွဲခြားသိလျှင် သမ္မာဒိဋ္ဌိခေါ် ပညာဖြစ်ပါတယ်လို့ မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ် နှာ(၅၇)မှာ ဟောထားတာရှိသေးတယ်။ ဘာတဲ့လဲဆိုတော့–

> သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ အာဝုသော ဝုစ္စတိ။ ကိတ္တာဝတာ နု ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုကတာဿ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မန္တိ-တဲ့။

ငါ့ရှင်သာရိပုတ္တရာ သမ္မာဒိဋ္ဌိပညာ သမ္မာဒိဋ္ဌိပညာနဲ့ ပြောကြတယ်၊ ဘာကို သမ္မာဒိဋ္ဌိခေါ်သလဲ၊ ဘယ်လိုအသိဉာဏ်ကို ရရင် သမ္မာဒိဋ္ဌိခေါ် ပညာဖြစ်ပြီးတော့ အယူမှန်ရခြင်း တရားတော်၌ သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံပြီးတော့ သူတော်ခကောင်းတရားသို့ ကောင်းစွာ သက်ရောက်ခြင်းဟု ခေါ်ပါသလဲလို့ သီတင်းသုံးဘော်တွေက ရှင်သာရိပုတ္တရာကို မေးကြတယ်၊ အဲဒီအခါမှာ ရှင်သာရိပုတ္တရာက——

http://www.dhammadownload.com

ယတော ခေါ အာဝုသော အရိယသာဝကော အကုသလဉ္ဉ ပဇာနာတိ၊ အကုသလမူလဉ္ဉ ပဇာနာတိ၊ ကုသလဉ္ဉ ပဇာနာတိ၊ ကုသလမူလဉ္ဉ ပဇာနာတိ။ တေ္တာဝတာ ပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုကတာသဿ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စ ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ"[၁] လို့ ဖြေတော်မူတယ်။

ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိလျှင်လည်းပညာဖြစ်ပုံ

အဓိပ္ပါယ်ကတော့ ငါ့ရှင်တို့ အရိယာ၏ တပည့် သည် ဒုစရိုက်ဆယ်ပါးလို့ ခေါ်တဲ့ အကုသိုလ်နှင့် လောဘ ဒေါသမောဟဆိုတဲ့ အကုသိုလ် ဒုစရိုက် ဖြစ်ကြောင်းကို ခွဲခြားသိရင်၊ သုစရိုက်ဆယ်ပါးလို့ ခေါ်တဲ့ကုသိုလ်တရားနဲ့ အလောဘ အဒေါသ အမောဟ လို့ဆိုတဲ့ ကုသိုလ်သုစရိုက် ဖြစ်ကြောင်းကို ခွဲခြားသိရင် သမ္မာဒိဋ္ဌိပညာ ဖြစ်တယ်တဲ့၊ အဲဒါလောက် အသိဉာဏ်ကို ရရင် အယူလဲ ဖြောင့်မှန်တယ်၊ တရားတော်ကိုလဲ မတုန်မလှုပ် သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံတယ်၊ သူတော်ကောင်းတရားသို့လဲ ကောင်းစွာ သက်ရောက်တယ်လို့ ဖြေထားတာ ရှိတယ်၊ ဒီတော့ ကုသိုလ် အကုသိုလ်ကို ခွဲခြားသိရင် ပညာ ဖြစ်တာပါဘဲ။ ဒါ ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်တွေပဲ။

ဝိပဿနာဉာဏ် ဖြစ်ကြောင်း ၇-မျိုး။ ။အဋ္ဌကထာ[၂] ဆရာကြီးက ဝိပဿနာဉာဏ်ပညာ ဖြစ်ခြင်းရဲ့အကြောင်း-ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းကို ခုနစ်မျိုးပြတယ်၊ အဲဒီ ခုနစ်မျိုးကို ဘုန်းကြီးတို့ ပြောပေးရဦးမယ်။

(၁) ပရိပုစ္ဆကတာ=ပရိပုစ္ဆကတာလို့ ဆိုတာ ခန္ဓာငါးပါး အာယတန တဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး စျာန် သမထ ဝိပဿနာနဲ့ ပတ်သက်တဲ့ တရားစကားကို မိမိတို့ နှစ်သက်နေတဲ့ ပုဂ္ဂိုလ်တွေကို အပြန်အပြန် အလှန်အလှန် မေးခြင်း ဖြေခြင်းလို့ ဆိုတဲ့ အကြောင်းသည် ပညာရခြင်း၏ အကြောင်း၊ ဒါ ပရိပုစ္ဆကတာ-လို့ ခေါ်တယ်၊ ကိုင်း-ရှေ့သွားရအောင်—

(၂) ဝတ္ထုဝိသဒ ကိရိယတာ-တဲ့။ အဲတာ ဘာပြောသလဲ ဆိုတော့ အစ္ဈတ္တိက ဝတ္ထု ဗာဟိရ ဝတ္ထုတွေရဲ့ သန့်ရှင်းခြင်းသည် ပညာရခြင်းရဲ့ အကြောင်းဘဲ၊ အစ္ဈတ္တိကဝတ္ထု သန့်ရှင်းရမည်ဆိုတာ လက်သည်း ခြေသည်း မရှည်ရဘူး ဆံပင် မရှည်ရဘူး၊ သွေးတို့ လေတို့ သည်းခြေတို့ သလိပ်တို့ကလဲ ညစ်နွမ်းပြီးတော့ မနေရဘူး၊ ပြီးတော့ ခွေးတွေ ထွက်ပြီးတော့ ဖုံတွေ အလိမ်း

၁။ မူလသဏ္ဌာသပါဠိတော် သမ္မာဒိဋ္ဌိသုတ် နှာ-၅၇။

၂။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပ-တွဲ နှာ-၁၂၀။

http://www.dhammadownload.com

လိမ်းကပ်ပြီး မနေရဘူးတဲ့၊ အဲဒီလိုသာ ဆိုရင် ခန္ဓာကိုယ်ဟာ မသန့်ရှင်းတော့ဘူးတဲ့ အဋ္ဌကထာဆရာကြီးက ပြောထားတယ်၊ ဒီတော့ ဘာလုပ်ရမလဲ လက်သည်းလဲ မကြာမကြာ လှီးပေးရမယ်၊ ဆံပင်တွေလဲ မကြာ မကြာ ဖီးပေးရမယ်၊ ဝမ်းနှုတ်ဆေး မကြာမကြာ စားပေးရမယ်၊ သွေး သည်းခြေ လေ သလိပ် ညှစ်တတ်အောင် ဆပ်ပျာမှုန့် တိုက်ပြီး ရေမကြာမကြာ ချိုးပေးရမယ်၊ ဒါ အဋ္ဌကထာက ဝတ္ထု စင်ကြယ်ဘို့။

အဝတ် အိပ်ရာ နေရာ မိမိသုံးဆောင်တဲ့ အသုံးအဆောင် မိမိနေတဲ့ ကျောင်း အိမ်အတွင်းမှာ အမှိုက်သရိုက်တွေ မရှိရဘူး၊ ဒါ-ဗဟိဒ္ဓဝတ္ထု စင်ကြယ်တာ၊ ဘာပြုလို့လဲ ဆိုတော့ တရားအားထုတ်တဲ့ အမျိုးကောင်းသားသမီးရဲ့ စိတ်ဟာ ဉာဏ်ပညာဟာ အဲဒီ အဋ္ဌကထာရပ် ဗာဟိရရုပ်တွေကို မှီပြီး ဖြစ်ရတယ်၊ အဲဒီ စိတ်တွေကို မှီပြီး ဝိပဿနာဉာဏ်က ပေါ်လာရတယ်၊ ဒီခန္ဓာကိုယ်က စိတ်ရဲ့ ဉာဏ်ရဲ့ မှီရာဖြစ်တယ်၊ ခုနတရားတွေဟာ အဋ္ဌကထာက ဗာဟိရဝတ္ထု ညစ်နွမ်းနေမယ်ဆိုရင် အဲဒီ ဉာဏ်ဟာ ဉာဏ်မထွက်တော့ဘူး-တဲ့ အဋ္ဌကထာ ဆရာကြီးက၊ အဲဒါကြောင့် ဆိုလိုတဲ့ အဓိပ္ပါယ်က ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ့် ပုဂ္ဂိုလ်ဟာ ခန္ဓာကိုယ်ကို သန့်ရှင်းအောင် ပြုလုပ်ရမယ်၊ အဝတ်အစားဆိုရင်လဲ သစ်နိုင်သမျှ သစ်အောင် ဝတ်စားပြီး ဝိပဿနာတရား အားထုတ်ရမယ်၊ ဘာဖြစ်လို့လဲ စိတ်သန့်ရှင်းအောင်၊ ကြွားဘို့ မော်ဘို့ ကိလေသာ သောင်းကျန်းဘို့ မဟုတ်ဘူး။ လေပန ခေါ်တဲ့ အမွေးနှုံသာတွေကို ပုတ်ချင် ပုတ်လိုက်အုံး၊ ခန္ဓာကိုယ် သန့်သန့်ရှင်းရှင်း ရှိသွားအောင်၊ အဋ္ဌကထာ ဆရာပြောတဲ့ ဝတ္ထု ဝိသဒကိရိယတာ-နော်။

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ– အဲတာကတော့ဖြင့် တော်တော်ကလေး ကျယ်ကျယ်ပြောရမယ်၊ အဋ္ဌကထာဆရာကြီးကိုယ်တိုင်က တော်တော်ဖွင့်ထားတယ်။

ဣန္ဒြေ ညီမျှရမယ်၊ ဣန္ဒြေညီမျှတယ်ဆိုတာ ဘယ်လိုလဲ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ၊ အဲဒီတရားငါးပါးလုံးကို ဣန္ဒြေလို့ ခေါ်တယ်၊ ဝိပဿနာတရား အားထုတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီ ဣန္ဒြေငါးပါး ညီမျှနေရမယ်တဲ့။ မညီမျှရင် ဝိပဿနာဉာဏ် မတက်ဘူးတဲ့၊ အကယ်၍ သဒ္ဓါတရားက သိပ်ပြီးတော့ အားကောင်းနေမယ်ဆိုရင် ဝီရိယကလဲ သူ့အလုပ်ကို သူမလုပ်တော့ဘူး၊ သတိကလဲ သူ့လုပ်ငန်း သူမလုပ်တော့ဘူး၊ သမာဓိကလဲ သူ့လုပ်ငန်း သူမလုပ်တော့ဘူး၊ ပညာကလဲ သူ့လုပ်ငန်း သူမလုပ်တော့ဘူးတဲ့။ သဒ္ဓါတရားက အားကောင်းနေရင်။

http://www.dhammadownload.com

ဒါဖြင့် ဝိရိယလုပ်ငန်းက ဘာလဲ။ "ဝိရိယိန္ဒြိယံ ပဂ္ဂဟကိစ္စံ ကာတုံ နသက္ကောတိ[၁]။ ဝိရိယိန္ဒြိယံ၊ ဝိရိယိန္ဒြေသည်။ ပဂ္ဂဟကိစ္စံ၊ သမ္မယုတ်တရားတို့ကို ထောက်ပံ့ထားတယ်ဆိုတဲ့ လုပ်ငန်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။

✓သဒ္ဓါ အားကောင်းနေရင် သတိကလဲ သူ့အလုပ် သူ မလုပ်တော့ဘူး။ သတိန္ဒြိယံ ဥပဋ္ဌာနကိစ္စံ ကာတုံ နသက္ကောတိ[၂]။ သတိခေါ်တဲ့တရားက ဝိရိယ အားကောင်းနေလျှင် အာရုံကို ပေါ်လွင်ထင်ရှားအောင် လုပ်တဲ့လုပ်ငန်းတွေကို မလုပ်တော့ဘူး။

✓သမာဓိကလဲ—"သမာဓိန္ဒြိယံ အဝိက္ခေပကိစ္စံ ကာတုံ နသက္ကောတိ[၃]။ သမာဓိတရားကလဲ စိတ်တွေ မပြန့်အောင် ထိန်းထားတဲ့ အလုပ်ကို မလုပ်တော့ဘူး။

✓ပညာကလဲ—ပညိန္ဒြိယံ ဒဿနကိစ္စံ ကာတုံ နသက္ကောတိ[၄]။ ဝိပဿနာပညာကလဲ အာရုံကို ထွင်းဖောက်ပြီးမြင်တဲ့ လုပ်ငန်းကို သူ မလုပ်တော့ဘူး။ တရားတခုခုဟာ အားကောင်းနေရင် အကုန်လုံးဟာ ညီအောင်ညှိထားရမယ်။

"ဝိသေသတော ပနေတ္ထ"လို့ ဆိုပြီးတော့ အဋ္ဌကထာက မှတ်ချက် အထူးပြထားတာရှိသေးတယ်။ ဤနေရာမှာ သဒ္ဓါနဲ့ပညာက တတ်ဝါ ဝိရိယနဲ့သမာဓိက တတ်ဝါ ဒီလိုနှစ်တဲ့ တဲ့ရမယ်။ သဒ္ဓါနဲ့ ပညာကို ညီအောင်ညှိ၊ ဝိရိယနဲ့သမာဓိကို ညီအောင်ညှိရတယ်။

ပညာနဲ့သမာဓိကို ညီအောင်သွားပြီး ညှိမိရင် အဲဒါလဲ့ရော၊ ဟုတ်လား (မှန်ပါဘုရား)။ ဒီတော့ သဒ္ဓါကို ပညာနဲ့ ညီအောင်ညှိရမယ်။ မညီရင် ဘာဖြစ်သလဲ ဆိုတော့—"ဗလဝသဒ္ဓါ ဟိ မန္ဒပညော မုမ္မုသန္ဒော ဟောတိ[၁]။ သဒ္ဓါတရားအားကောင်းပြီး ပညာဉာဏ်အားနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ဟာတွေကို ကြည်ညိုမိတတ်တယ်၊ မယုံသင့်တာကို ယုံတတ်တယ်။ အဝတ္ထုသို့ ပသီဒတိ လို့ ဒီအချက်ဟာ အင်မတန်ကောင်းပါတယ်၊ အဋ္ဌကထာ ဆရာကြီးက ပြောပေတယ်၊ ဒီတော့ (သဒ္ဓါကောင်းတဲ့ ပုဂ္ဂိုလ်တွေ သတိထားရမယ်၊) ဟုတ်ဟုတ် မဟုတ်ဟုတ် သူများပြောသံကြားတာနဲ့ သဒ္ဓါယုံကြည်ချက်တွေ သိပ်အားကောင်းနေတော့ သူများပြောတိုင်း လျှောက်လုပ်ပြီး တော်တော်ကြာ အမှားတွေ ဖြစ်ကုန်ရော။)

အဲဒါကြောင့် အဇိတရသေ့တို့ မြတ်စွာဘုရားပွင့်နေတာတောင်မှ သူ့ဆရာကို ပြန်မေးတယ်၊ ဟိုကျတော့ မြတ်စွာဘုရားဆိုတာ ဘယ်လိုသိရမလဲ အရမ်း

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-တွဲ နှာ-၁၂၅-၆။

http://www.dhammadownload.com

ကာရော မယုံဘူး၊ ပထမညက ဘုန်းကြီးပြောခဲ့တဲ့ ဝိပဿနာလုပ်ငန်းလုပ်မဲ့ ပုဂ္ဂိုလ်ဟာ လူပြောသူပြော မယုံပါနဲ့တဲ့။ သဒ္ဓါ သိပ်အားမကောင်းပါနဲ့၊ ပညာနဲ့ ထိန်းပေးပါတဲ့။

အကယ်၍ ပညာတွေ့ သိပ်ပြီး အားကောင်းနေပြန်ရင်ရော သဒ္ဓါတရားက နဲနေမယ်၊ အဲဒီလိုဆို ဘယ်လိုဖြစ်တတ်သလဲဆိုတော့ "ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ"[1] တဲ့၊ ပညာ အားကောင်းပြီး သဒ္ဓါနဲ့ရင် စဉ်းလဲခြင်း အဘိုးသို့ ကပ်ရောက်သွားတတ်တယ်တဲ့။ ကောက်ကျစ်စဉ်းလဲပြီး သိပ်လွန်သွားပြန်ရောတဲ့။

"ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ"[2]၊ အဋ္ဌကထာ ဆရာကြီးက။ အကယ်၍ ပညာတွေ့ သိပ်အားကောင်းပြီးတော့ သဒ္ဓါတရားတွေ့ သိပ်အားနဲနေရင် ဆေးလွန်တဲ့ ရောဂါသည်နဲ့တူတယ်၊ နောက်ကို ဆရာကုလို့ ခက်တယ်၊ ပညာတွေက သိပ်ပြီးတော့ အားကောင်းရင် ဘေသဇ္ဇသမုဋ္ဌိတော ရောဂေါ၊ ဆေးကြောင့်ဖြစ်တဲ့ ရောဂါကို။ အတေကိစ္ဆော ဝိယ၊ ဆေးကု၍မဖြစ်သလိုဘဲတဲ့။

ပညာ အားကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ "စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီတိ အတိဓာဝိတ္ဝာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပပဇ္ဇတိ"[3]တဲ့။ ဘယ်လောက်ဆိုးလဲ သူက၊ ကုသိုလ်ကောင်းမှုဆိုတာ လုပ်စရာ မလိုပါဘူးကွာ၊ သိရင် ပြီးတာဘဲ၊ သူက ဒါဘဲ၊ ပညာ အားကောင်းတဲ့သူ၊ စိတ္တုပ္ပါဒမတ္တေနေဝ၊ ဘိရုံးကာမျှနှင့်သာလျှင်။ ကုသလံ နာမ၊ ကုသိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အတိဓာဝိတ္ဝာ၊ ပကတိသဘောကို လွန်ဆန်၍။ (ဝါ) အမှားအစွဲကို ယူပြီးတော့။ ဒါနာဒီနိ၊ ဒါန အစရှိသော လုပ်ငန်းတွေကို။ အကရော-န္တော၊ မလုပ်သည်ဖြစ်၍။

(မင်းတို့ မလုပ်ကြနဲ့ ဒါနလဲ မလုပ်နဲ့ သီလလဲ မလုပ်နဲ့ ဘာဝနာလဲ မလုပ်နဲ့ ဝိပဿနာလဲ အားမထုတ်နဲ့ သိနေရင်ပြီးရော၊ ဒီအတိုင်းဘဲထား၊ အဲဒီပုဂ္ဂိုလ် ဘယ်သွားမလဲဆိုတော့ အဋ္ဌကထာဆရာကြီးက ပြောတယ်)။

နိရယေ ဥပပဇ္ဇတိ၊ ငရဲကို ချလိုက်တယ်၊ အဲဒီတော့ ပညာတွေ့ သိပ်အား ကောင်းနေတဲ့ပုဂ္ဂိုလ် သဒ္ဓါတရားနဲ့ ထိန်းပေး၊ ဒါ သဒ္ဓါနဲ့ ပညာကို ညီအောင် ညှိနည်း။

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-တဲ့ နှာ-၁၂၆။

၂။ သမ္မောအဋ္ဌကထာ နှာ ၂၆၄-နှင့် သံယုတ်အဋ္ဌကထာ တ-တဲ့ နှာ-၁၉၄။

http://www.dhammadownload.com

ဝိရိယ သိပ်အားကောင်းတဲ့ ပုဂ္ဂိုလ်ကျတော့ စိတ်က ပျံ့လွင့်သွားရော၊ ဗလဝဝိရိယံ မန္ဒသမာဓိ ဝိရိယဿ ဥဒ္ဓစ္စ ပက္ခတ္တာ ဥဒ္ဓစ္စံ အဘိဘဝတိ၁၊ ဝိရိယ အားကောင်းရင် ဥဒ္ဓစ္စ ဖြစ်တယ်။ ဒီတော့ သူ့ကို ဘာနဲ့ ထိန်းပေးရမလဲဆိုတော့၊ ဝိရိယံ သမာဓိနာ သံယောဇိတံ ဥဒ္ဓစ္စေ ပတိတုံ န လဘတိ။ ဝိရိယကို သမာဓိနဲ့ ထိန်းပေးရမယ်။

သမာဓိ အားကောင်းလာတဲ့ ပုဂ္ဂိုလ်ကျတော့၊ ဗလဝသမာဓိ ပန မန္ဒဝိရိယံ သမာဓိဿ ကောသဇ္ဇပက္ခတ္တာ ကောသဇ္ဇံ အဘိဘဝတိ-တဲ့။ ပျင်းရိ ငြီးငွေ့ခြင်းသို့ ရောက်သွားလိမ့်မယ်၊ ဘာနဲ့ ထိန်းရမလဲဆိုတော့ သမာဓိ ပန ဝိရိယေန သံယောဇိတော ကောသဇ္ဇေ ပတိတုံ န လဘတိ-တဲ့။ သမာဓိကို ဝိရိယနဲ့ ထိန်းပေးထားတဲ့၊ သဒ္ဓါ ပညာ၊ ဝိရိယ၊ သမာဓိ၊ အဲဒါကို ညီအောင် ညှိပါတဲ့ အဋ္ဌကထာက၊ အဲဒါ ဣန္ဒြိယ သမတ္တ ပဋိပါဒနာ - ပြီးရော။ ရှေ့သွားရအောင်–

(၄) ဒုပ္ပညာ ပုဂ္ဂလ ပရိဝဇ္ဇနာ၊ ခန္ဓာ ငါးပါး အကြောင်းလဲ နားမလည်ဘူး၊ အာယတန အကြောင်းလဲ နားမလည်ဘူး၊ ဓာတ်အကြောင်းလဲ နားမလည်ဘူး၊ သစ္စာ အကြောင်းလဲ နားမလည်ဘူး၊ စာပေကျမ်းဂန်ကို နားမလည်ဘူးဆိုတဲ့ ပညာနဲတဲ့ ပုဂ္ဂိုလ်ကို အဝေးကရှောင်တဲ့ အဋ္ဌကထာ ဆရာကြီးက၊ အဋ္ဌကထာ တော်တော်များများမှာ ပါတယ်၊ မူလပဏ္ဏာသ အဋ္ဌကထာနှာ (၂၉၄)မှာ ပါတယ်၊ သုတ်မဟာဝါ အဋ္ဌကထာ နှာ(၃၇၆)မှာ ပါတယ်၊ သံယုတ် အဋ္ဌကထာ နှာ(၁၉၃) တွေမှာ ပါတယ် ဒီစကားတွေ။ ပညာ နဲပါးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကို ရှောင်ရမယ်။

(၅) ပညဝန္တ ပုဂ္ဂလ သေဝနာ–ဖြစ်ခြင်း ပျက်ခြင်းတို့ကို နှလုံးသွင်းနိုင်တဲ့ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ပေးရမယ်။

(၆) ဂမ္ဘီရဉာဏ စရိယ ပစ္စဝေက္ခဏာ– နက်နက် နဲနဲ ခက်ခက်ခဲခဲ ဖြစ်တဲ့ တရားတွေကို စဉ်းစဉ်း စားစား ဝေဖန်နိုင်တဲ့ အသိဉာဏ်တွေကို နှလုံးသွင်းပေးရမယ်၊ အလေ့အလာ လုပ်ပေးရမယ်–တဲ့။

(၇) တဒဓိမုတ္တတာ=သွားရင်း လာရင်း စားရင်း နေရင်း အဲဒီဝိပဿနာ ဉာဏ် ပညာတွေ တိုးပွါးနေဘို့ မိမိရဲ့စိတ်ကို ညွှတ်ပေးရမယ်၊ ကိုင်းပေးနေရမယ်၊ ရှိုင်းပေးနေရမယ်၊ အဲဒီလို ပညာရလာရင် ဒီပညာဖြင့် ဘာလုပ်မလဲ။

သဗ္ဗေ သခါရာ အနိစ္စာတိ ဇာနတော ပဿတော။
သဗ္ဗေ သခါရာ ဒုက္ခာတိ ဇာနတော ပဿတော။

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-တဲ့ နှာ-၁၂၆။

http://www.dhammadownload.com

သဗ္ဗေ ဓမ္မာ အနတ္တာတိ ဇာနတော ပဿတော ပညာယေတေ သောတာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္ဒန္တိ နာ ပဝတ္တန္တိ။

အလုံးစုံသော သင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ရှုပေးလိုက်သောအားဖြင့် အဲဒီ ကိလေသာတရားတွေဟာ ခန်းနိုင် ခြောက်နိုင်တယ် မဖြစ်တော့ဘူးတဲ့။

အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဇာနတော ပဿတော ပညာယေတေ သောတာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္ဒန္တိ နာ ပဝတ္တန္တိ [၁] – တဲ့။ အဓိပ္ပါယ်ကတော့ –

ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ အသိဉာဏ်တလုံးရသွားရင် ကိလေသာ မဖြစ်တော့ဘူးတဲ့ စူဠနိဒ္ဒေသပါဠိတော်က ပြောပေးတယ်၊ ပဋိစ္စသမုပ္ပါဒ် (၁၂) ရပ်စလုံး အကြောင်းအကျိုးကို ရှုသွားနိုင်ရင် ကိလေသာ အားလုံး ချုပ်ဆုံးကုန်ပျောက်နိုင်တယ်။

ဣဒံ ဒုက္ခန္တိ အယံ ဒုက္ခသမုဒယောတိ အယံ ဒုက္ခနိရောဓောတိ အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါတိ ဇာနတော ပဿတော ပညာယေတေ သောတာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္ဒန္တိ နာ ပဝတ္တန္တိ [၂] – တဲ့။

ဝိညာဉ် နာမ်ရုပ်ဆိုတဲ့ ဒုက္ခသစ္စာ၊ အဝိဇ္ဇာတဏှာဆိုတဲ့ သမုဒယသစ္စာ၊ အကျိုးဒုက္ခသစ္စာနဲ့ အကြောင်းသမုဒယသစ္စာတို့ရဲ့ မရှိခြင်း နိရောဓသစ္စာ၊ မဂ္ဂင် ရှစ်ပါးဆိုတဲ့ မဂ္ဂသစ္စာ၊ အဲဒီသစ္စာလေးပါးကို သိမြင်လျှင် ကိလေသာအားလုံးတို့ ကုန်နိုင်တယ်လို့ ပြပါတယ်။

ဆန္ဒံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ဇာနတော ပဿတော ပညာယေတေ သောတာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နာ သဝန္တိ နာ အာသဝန္တိ နာ သန္ဒန္တိ နာ ပဝတ္တန္တိ [၃]။

အဇ္ဈတ္တိကာယတနခြောက်ပါးဖြစ်တဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန၊ အဲဒီ ခြောက်ခုကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့သိရင် အဲဒီခြောက်ခုရဲ့ ဖြစ်ခြင်း ဒီခြောက်ခုရဲ့ ပျက်ခြင်း ဒီခြောက်ခုရဲ့ အဿာဒသဘော ဒီခြောက်ခုရဲ့ အာဒီနဝသဘော ဒီခြောက်ခုရဲ့ နိဿရဏသဘောကိုသိရင် ပညာ၊ အဲဒီ ပညာဖြစ်ရင် ကိလေသာမဖြစ်တော့ဘူးလို့ စူဠနိဒ္ဒေသက ဒီလိုဟောတယ်။

၁-၂ ၃။ စူဠနိဒ္ဒေသပါဠိတော်၊ ပါရာယနဝဂ် နှာ-၃၀-၂။

http://www.dhammadownload.com

ဒီတော့ ပညာသည် အာယတနခြောက်ပါးရဲ့ **သဘော**ကို **အနိစ္စ** ဒုက္ခ ဝိပရိ-ဏာမသဘောဖြင့် ညွှန်ပြ၍ သတိက ၎င်းအာယတန**တို့၏** သဘာဝကို ထင်ရှား ပေါ်လွင်အောင် ညွှန်ပြတဲ့ လုပ်ငန်းကို လုပ်ပေးတယ် မြတ်စွာဘုရား**သခင်** ကိုယ်-တော်မြတ်က၊ အဲဒီလို ပညာရဲ့ လုပ်**ငန်း** သတိရဲ့ **လုပ်ငန်း**တွေကို စုံစုံ လင်လင် ဟောပေး မထားဘူးလား (ဟော**ပေး**ထားပါတယ်ဘုရား)။

ပညာယ၊ ဝိပဿနာ ပညာဖြင့်။ **ဧ**တေ၊ ထိုတရာ ဒိဋ္ဌိ ဒုစရိုက်ဆိုတဲ့ အကု-သိုလ်တရား ဟူသရွေ့တွေကို။ ပိဓိယျရေ၊ ခန်းအောင် ခြောက်အောင် ပြုလုပ်နိုင်-ကြကုန်ရာသတည်း။

သဲ့ဝေါ့ သာဓု သာဓု။

အဇိတသုတ္တန် တတိယပိုင်း ပြီး၏။

http://www.dhammadownload.com

၁-အဇိတသုတ္တန် စတုတ္ထဝိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်းမုန်းလပြည့်ကျော် ၁၁-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်အတွင်းရှိ ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ တက်ပုံ တက်နည်း အားထုတ်ပုံ အားထုတ်နည်း တို့ကို (စတုတ္ထ-ည) ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါရာယနဝဂ်၌လာသော အဇိတသုတ္တန် စတုတ္ထပိုင်းတရားတော်။

ဘုရားရှိခိုးရန်တိုက်တွန်းချက်။ ။ဒီသုတ္တန် တရား ဒေသနာတော်ကို မြတ်စွာဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားတော်ကို ဘုန်းကြီးတို့ တရားဟောတဲ့ပုဂ္ဂိုလ် တရားနာတဲ့ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် ဟောရာ နာရာမှာ ဖြစ်တဲ့အတွက် ယခု ဟောကြားလိုက်မှာဖြစ်တဲ့ တရားတော်ကို ပိုင်ဆိုင်တော်မူသော ဓမ္မိဿရ ဓမ္မသာမိဖြစ်တော်မူတဲ့ တရားတော်ရဲ့ အရှင်သခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာ ဘုရားရှင် ဂုဏ်တော်မြတ်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ကြည်ညိုသဒ္ဓါပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဘုရားရှိခိုးအနက်ကို ရှေးနည်းအတိုင်း သိလေ)

အဇိတသုတ္တန်ဟောကြားရာဌာနရှင်းပြပုံ။ ။ဘုန်းတော်ခြောက်စုံ တန်းခိုးဂုဏ်တို့ဖြင့် ပြည့်စုံတော်မူ ပေသော သုံးလောကထွတ်ထား သမ္ဗုညူရှင်တော်မြတ်ဘုရားသည် ဗာဝရီ ပုဏ္ဏားကြီးရဲ့ တပည့် ပုဏ္ဏား ပညာရှိ တဆယ့်ခြောက်ဦးတို့ မေးမြန်းတဲ့ မေးမြန်းချက်တွေကို ဖြေကြားတော်မူသော အားဖြင့် ပါရာယနဝဂ်တခုလုံးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်၊ ထိုပါရာယနဝဂ်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်း သမီးများကို ဟောကြားပြီးတော့ ပေးလာခဲ့တာ အဇိတသုတ္တန်

http://www.dhammadownload.com

စတုတ္ထပိုင်း ရောက်လာခဲ့ပြီ၊ ဒီ ယနေ့ အဲဒီ **စတုတ္ထပိုင်းမှာ** ဂါထာလေးပုဒ် ကျန်နေသေးတယ်။ **အမေးက နှစ်ဂါထာ အဖြေက နှစ်ဂါထာ**။

အဲဒီအမေးနှစ်ဂါထာ အဖြေနှစ်ဂါထာတို့တွင် မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်က အဇိတရသွေကို ပြန်ပြီးဖြေကြားတော်မူတဲ့ အဖြေမှာ ကိလေသာတရား တွေ ပြန်ပြီးတော့ မဝင်အောင် ကိလေသာကုန်အောင် သတိနဲ့ ပညာနဲ့ ယှဉ်ပြီးတော့ သတ်လိုက်ပါတဲ့-မြတ်စွာဘုရားက။

ကိလေသာ ညစ်နွမ်းစေတတ်သော ကိလေသာတွေဆိုတာ အကျဉ်းချုပ်အားဖြင့် ဆိုတော့ လောဘရယ် ဒေါသရယ် မောဟရယ်ဆိုတဲ့ ကိလေသာ သုံးပါး၊ အကျယ်ပွါးလိုက်တော့ တထောင့်ငါးရာရှိတယ်၊ ကိလေသာဆိုတာဘာလဲ၊ သတ္တဝါတို့ရဲ့ စိတ်ကိုပူပန်စေတတ် ညစ်နွမ်းစေတတ်တဲ့ သဘောတရားကို ကိလေသာလို့ ခေါ်တယ်၊ သတ္တဝါတွေ့ စိတ်ဆင်းရဲအောင် စိတ်ညစ်အောင် ပင်ပန်းအောင် ပူပန်အောင်လုပ်တဲ့ ပူပန်တဲ့ တရားတွေကို ကိလေသာလို့ခေါ်တယ်။ ဘယ်တရားတွေက လုပ်ထာလဲဆိုတော့ ဒီဠိ တဏှာ အဝိဇ္ဇာကိလေသာဆိုတဲ့ တရားတွေ ဒုစရိုက်တရားတွေ့ အကုသိုလ်တရားတွေ့။ အဲဒါကြောင့် သက္ကာယဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့ တဏှာတို့ မာနတို့ဆိုတဲ့ တရားတွေကို ကိလေသာတရားတွေလို့ ဒီလိုခေါ်တယ်။

သတ္တဝါတို့ကို စိုးမိုးချုပ်ချယ်သော တရားများ သတ္တဝါတို့ဆိုတာ ဘုန်းကြီးတို့ သတ္တဝါတိုင်းမှာ လွှတ်လပ်ရေးကို အင်မတန် လိုလားကြတယ်၊ လွှတ်လပ်ချင်ကြတယ်၊ သူတပါးတို့ အုပ်ချုပ်စိုးမိုးထားတဲ့ အအုပ်အချုပ်မှ လွှတ်လပ်ချင်တယ်၊ သူတပါးတို့ ချုပ်ချယ်ထားတဲ့ အချုပ်အချယ်မှ လွှတ်လပ်ချင်တယ်၊ သံသရာထဲမှာ ကျင်လည်နေရတဲ့ သတ္တဝါတွေကို ဘယ်သူက စိုးမိုးအုပ်ချုပ်ပြီး ချုပ်ချယ်ထားသလဲ ဆိုတော့ ခေါင်းဆောင် ချုပ်ချယ်တဲ့ တရားက အဝိဇ္ဇာ တဏှာနဲ့ ကိလေသာ။ အဲဒီလို အချုပ်အချယ်ဖြစ်တဲ့ အဝိဇ္ဇာတဏှာ ကိလေသာဆိုတဲ့ တရားတွေမှ အမျိုးကောင်းသား-သမီးမျိုးမှာ လွှတ်မြောက်ရေး ရချင်တယ်၊ ဒီလို လွှတ်မြောက်ရေး ရချင်တော့ ဘယ်လိုလုပ်ရမလဲဆိုရင် လွှတ်မြောက်ရေး မရအောင် ပိတ်ဆို့ကာကွယ် တားဆီးထားတဲ့ အဝိဇ္ဇာနဲ့တဏှာ ခေါင်းဆောင်တဲ့ ကိလေသာ အားလုံးတွေကို အကြွင်းအကျန်မရှိအောင် သတ်ဖြတ်ပစ်ရမယ်။

ကိလေသာကို သတ်တတ်သော တရားများ။ ။အဲဒီလို သတ်ဖြတ်တဲ့နေရာမှာ ဘာလိုသလဲလို့ အဇိတရသွေက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ယခုလျှောက်ထားနေတယ်၊ ပြီးမဲ့ပဲ့ပြေ ဟောပြီးတဲ့အထဲမှာ-စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဆိုတဲ့ အာယတန

http://www.dhammadownload.com

ခြောက်စုံမှာ အလုံးစုံသော ကိလေသာတရားတွေ ဝင်နေပါတယ်ဘုရား–တဲ့။ ဒီကိလေသာတွေ မဝင်အောင် ဘယ်တရားနဲ့တားပြီးတော့ ဘယ်တရားနဲ့သတ်ရပါ့မလဲ–တဲ့။ ဒါဘဲမေးတယ်၊ ဒီတော့ ညက ဘုန်းကြီးဟောပေးခဲ့တဲ့ တရားထဲမှာ မြတ်စွာဘုရားက အဇိတရသေ့ကို ဘာပြန်ဖြေသလဲဆိုတော့ အဲဒီကိလေသာတွေကို တားဆီးချင်ရင် ဒီကိလေသာတွေ အကုန်လုံး ပြုတ်ပြုတ်ပြုန်းအောင် သေစေချင်ရင် သတိနဲ့ ပညာနဲ့ တားရ သတ်ရမယ်–တဲ့။

သတိထားပုံ,ထားနည်း။ ။မဟာသတိပဋ္ဌာနသုတ္တန်ကြီးမှာလဲ ဘုန်းတော်သခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဝိပဿနာခန်းကျတော့ "သတော သမ္မဇာနော"လို့ ဒါဘဲ ဟောတယ်။ သတော-က သတိ၊ သမ္မဇာနော-က ပညာ၊ သတိက ဘာလုပ်သလဲဆိုတော့ ဝိပဿနာရှုရမဲ့ အာရုံတွေကို ထင်ရှားပေါ်လွင်အောင် လုပ်ပေးတယ်။ သတိကလေးထားလိုက်တော့ ဘယ်နေရာမှာ သတိထားသလဲဆိုတော့ မြတ်စွာဘုရားက သုတိထားတဲ့နေရာကို လက်ညှိုးထိုးပြထားတာရှိတယ်၊ ဘုန်းကြီးတို့ပရိသတ် ဘာလုပ်ရမလဲ (သတိထားရမှာပါဘုရား)။ ဘယ်နေရာမှာ သတိထားရမှာလဲ ဘုရားလို့ မြတ်စွာဘုရားကိုလျှောက်တော့ မြတ်စွာဘုရားက ဟောထားတယ်၊ ဘယ်လိုဟောထားသလဲလို့ဆိုတော့—

"ပရိမုခံ သတိ ဥပဋ္ဌပေတ္ဝာ"ဆိုတဲ့ ပါဠိတော်ကို ပဒဘာဇနီကထပ်ပြီး ဖွင့်ထားတာ ရှိတယ်၊ ခုဒ္ဒကနိကာယ် အပါအဝင်ဖြစ်တဲ့ အဘိဓမ္မာဝိဘင်းပါဠိတော်နှာ ၂၆၁-နှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ ၁၇၄-မှာ သတိထားဘို့နေရာကို မြတ်စွာဘုရား ပြထားတာရှိတယ်။ ပရိမုခံ သတိ ဥပဋ္ဌပေတ္ဝာ-တဲ့။ သတိ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအာရုံသို့ ရွေ့ရှု။ ဥပဋ္ဌပေတ္ဝာ၊ ထား၍။ နိသီဒတိ၊ ထိုင်ရမယ်ဆိုတဲ့ ပါဠိတော်အရ သတိဘယ်နေရာမှာ ထားရမလဲဆိုတော့–

အယံ သတိ ဥပဋ္ဌိတာ ဟောတိ သူပဋ္ဌိတာ နာသိကဂ္ဂေ ဝါ မုခ-နိမိတ္တေ ဝါ၊ တေန ဝုစ္စတိ ပရိမုခံ သတိ ဥဋ္ဌပေတ္ဝာ-တဲ့။

သတိထားဘို့နေရာ ပြဆိုချက်။ ။သတိထားဘို့နေရာကို မြတ်စွာဘုရားက ပြတယ်၊ နှာခေါင်းပေါက် နှာခေါင်းဝဖြစ်ဖြစ် ပါးစပ်ပေါက် ပါးစပ်ဝမှာဖြစ်ဖြစ်၊ အဲဒီနေရာနှစ်ခု တနေရာရာမှာ သတိထားရမယ်၊ အဲသလို သတိကလေးထားပေးလိုက်တော့ သူက ထင်ရှားလာတယ်။ ဘာ ထင်ရှားလာသလဲ၊ နှာခေါင်းပေါက် ထင်ရှားလာတယ်၊ ပြီးတော့ တဆင့် ဘာထင်ရှားလာသလဲဆိုတော့ အဲဒီနှာခေါင်းပေါက်ထဲကို ဝင်တဲ့လေ-နှာခေါင်းပေါက်ထဲက ထွက်လာတဲ့လေ ထင်ရှားလာတယ်၊ နှာခေါင်းပေါက်က သမုတိသစ္စာနယ်ကပြောရင် ရုပ်၊ နှာခေါင်းပေါက်ကထွက်တဲ့လေ နှာခေါင်းပေါက်ထဲ

http://www.dhammadownload.com

ဝင်တဲ့လေက ပရမတ္ထသစ္စာနယ်က ရုပ်၊ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားရဲ့ သဘာဝလက္ခဏာကိုသိရင် တွန်းကန်မှု လှုပ်ရှားမှု နှာခေါင်းထဲက တိုးတိုးထွက်နေတယ်၊ နှာခေါင်းထဲကို တိုးတိုးဝင်နေတယ်၊ အဲဒီတိုးတဲ့သဘော တွန်းကန်တဲ့သဘောသည် ဒါ ဝါယောလေဓာတ် ရုပ် ပရမတ္ထတရားဘဲ၊ တိုးတဲ့သဘော တွန်းကန်တဲ့သဘောကို ဘယ်သူ လုပ်နေတာလဲလို့ ဆိုတော့ ဝါယောဓာတ်က လုပ်နေတာ။

✓ ဘုန်းကြီးတို့ပရိသတ် အပြင်မှာ ကြည့်မယ်ဆိုရင် သစ်ရွက်ကလေးတွေ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ လှုပ်နေတာကို မြင်လိမ့်မယ်၊ အဲဒီ သစ်ရွက်ကလေးတွေကို ဘယ်သူက လှုပ်ပေးနေတာလဲဆိုတော့ ဘုန်းကြီးတို့ပရိသတ်က သိတယ်၊ "တာ လေတိုက်လို့ပါဘုရား"လို့ ဒီလိုပြောမယ် ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)။ ဒီတော့ သစ်ရွက်ကလေးတွေ လှုပ်အောင် လုပ်ပေးနေတာ ဘယ်သူ လုပ်ပေးနေတာလဲ (ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားကပါဘုရား)။

✓ အဲဒီ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားဟာ အင်မတန် အရာကျယ်တယ်၊ ဘုန်းကြီး ညကပြောခဲ့တဲ့ အဘိက္ကန္တေ ပဋိက္ကန္တေ အာလောကိတေ ဝိလောကိတေ သမိဉ္ဇိတေ ပသာရိတေ-လို့ဆိုတဲ့ ရှေ့ကို တိုးတာ နောက်ကို ဆုတ်တာ တဲ့တဲ့ ကြည့်တာ တစောင်းကြည့်တာ ကွေးတာ ဆန့်တာ ဘယ်သူတွေလဲဆိုတော့ စိတ္တဇ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားတွေဘဲ။ သွားတယ်၊ မတ်တတ်ရပ်တယ်၊ ထိုင်တယ်ဆိုတာလဲ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားတွေ လုပ်နေတာ။

ဝါယောဓာတ်သဘောကို သတိက ဖော်ပြပုံ

အဲဒီ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားဟာ ထွက်တဲ့လေ ဝင်တဲ့လေက စပြီးတော့ ရုပ်ဓာတ် တွေကို ပေါ်လွင်အောင် ကြည့်လိုက်မယ်လို့ ဆိုရင် သတိထားလိုက်မယ်ဆိုရင် ရုပ်ဓာတ်တွေအားလုံး ပေါ်လာလိမ့်မယ်။ တွန်းကန်လှုပ်ရှားမှုလို့ဆိုတဲ့ သဘာဝလက္ခဏာရှိတဲ့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားဟာ ပေါ်လာနိုင်တယ်၊ ဘယ်သူဖော်ပြပေးသလဲ ဆိုတော့ သတိက ဖော်ပြပေးတာကိုး၊ ဘယ်သူက သိသလဲလို့ဆိုတော့ ဝိညာဏဓာတ်က သိနေတယ်၊ သတိ–ဝိညာဉ်၊ သတိဖော်ပြပေးလို့ ရုပ်ဓာတ်ကို ဝိညာဏဓာတ်က သိနေတာ၊ ဘယ်သူက ပိုင်းခြား ပိုင်းခြား ပေးနေသလဲဆိုတော့ ပညာလို့ခေါ်တဲ့ တရားက လူနဲ့ရုပ်နဲ့ သတ္တဝါနဲ့ရုပ်နဲ့ ပုံသဏ္ဌာန်နဲ့ ရုပ်နဲ့ နှာခေါင်းနဲ့ရုပ်နဲ့ ပိုင်းခြားခွဲခြား ပေးနေတယ်၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ပညာက ပိုင်းခြားပြီးတော့ ပေးနေတယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေအားဖြင့် အဲဒီဝါယောလေဓာတ် ရုပ်ပရမတ္ထတရားကို ရှုမယ်ဆိုရင် မြတ်စွာဘုရားက ရှုကွက်ဖော်ပေးထားတာ ရှိတယ်၊ သတိပဋ္ဌာန်ပါဋ္ဌိတော်မှာ—

http://www.dhammadownload.com

"ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော" တဲ့။ သတိက ထင်ရှားအောင် ပြုလုပ်ပေးလို့ ဝိညာဉ်က ဒါဟာ ရုပ်လို့ဆိုတာ သိနေပြီ၊ ဒီတော့ ပညာက ပိုင်းခြားပြီး ပေးလိုက်တယ်။

ပညာစခန်းသွားပုံ။ ။ဣတိ ရူပံ။ ရူပံ၊ ရုပ်တရားသည်။ ဣတိ=ဧတ္တကံ၊ ဤမျှသာလျှင် ရှိ၏။ (ဒါဟာ ရုပ်တရားဘဲ)၊ ဣတိ ရူပဿ သမုဒယော၊ တွန်းကန်လှုပ်ရှားမှုလို့ခေါ်တဲ့ ရုပ်တရားဖြစ်လာတယ်။ ဣတိ ရူပဿ အတ္ထင်္ဂမော၊ တွန်းကန်လှုပ်ရှားမှုတည်းဟူသော ရုပ်တရား ကုန်သွားတယ် ပျောက်သွားတယ်။ အဲဒီလို ရှုနေဒါသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါတဲ့။

ပါဠိတော်မှာ ရှုကွက်ဖော်လိုက်တော့ အဲဒီလို သတိပညာတို့ဖြင့် ရုပ်ဓာတ် နာမ်ဓာတ်အားလုံးတွေ့ကို ရှုပွါးနေတဲ့အခါ ပညာယေတေ ပိဓိယျရေ-လို့ ဟို သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်မှာ မြတ်စွာဘုရားဟောတော်မူတယ်။ ပညာ-ယ၊ ဝိပဿနာပညာဖြင့်။ ဧတေ၊ ထိုတဏှာဒိဋ္ဌိ ကိလေသာဒုစရိုက်အားလုံးတို့ကို။ ပိဓိယျရေ၊ ကုန်ခန်းအောင် ပြတ်အောင်ပြုလုပ်ရာ၏။ အဲဒီ ပညာယေတေ ပိဓိ-ယျရေကို စူဠနိဒ္ဒေသပါဠိတော်က အကျယ်ထပ်ပြီးတော့ ဖွင့်ဆိုပေတယ်။

သဗ္ဗေ သခါရာ အနိစ္စာတိ ဇာနတော ပဿတော ပညာယေတေ သော်တာ ပိဓိယျန္တိ ပစ္ဆိဇ္ဇန္တိ နိ သဝန္တိ နိ အာသဝန္တိ နိ သန္ဒန္တိ နိ ပံဝတ္တန္တိ။

အလုံးစုံ သခါရတရားတွေသည် အနိစ္စတရားတွေဘဲလို့ ရှုနိုင်တဲ့ ဝိပဿနာ ဉာဏ်ပေါ်လာရင် အားလုံးသော ကိလေသာတရားတွေဟာ နုပဝတ္တန္တိ၊ မဖြစ်တော့ဘူးတဲ့ ကိလေသာဖြစ်ခွင့် မရတော့ဘူး။ ကိလေသာဖြစ်ခွင့် မရတာသည်ပင်လျှင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ အဲဒီ ဒိဋ္ဌိ တဏှာ ကိလေသာ အဝိဇ္ဇာလို့ခေါ်တဲ့ အချုပ်အချယ်တွေက လွတ်မြောက်ရေး ရတာဘဲ၊ လွတ်ငြိမ်းခွင့်ရတယ်၊ ဒီအကြောင်းကို ဘုန်းတော်သခင် သဗ္ဗညုရှင်တော်မြတ်ဘုရားက သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်နဲ့ စူဠနိဒ္ဒေသပါဠိတော်မှာ အကျယ်ဟောပြီးသားကို ဘုန်းကြီးညက ဟောပေးခဲ့ပြီးပြီ၊ အခန်းဆက်နဲ့ ဟောနေတဲ့ တရားဖြစ်သောကြောင့် ဒီအခန်းဆက် ပြန်ပြီးတော့ သရုပ်ဖော်ပေးရတယ်၊ အဆက်ဝေးနေမှာစိုးလို့။

တရားဘက်ပါအောင် စကားဆက်ရခြင်း။ ။ဒီကနေ့ ဟောရမဲ့ အပိုင်းက ဒီအပိုင်းမဟုတ်ဘူး၊ ယခုပြောတဲ့ အပိုင်းဟာ ညက ဟောပေးခဲ့ပြီ၊ဘာပြုလို့ ဒီအပိုင်းဟောခဲ့ပြီးတာ အရှင်ဘုရား ပြန်ပြီးတော့ ပြောနေရသလဲ၊ အချိန်ဆွဲနေရသလားလို့ ဆိုတော့ မဟုတ်ဘူး၊ စကားဆက် အဆင်ပြေသွားအောင်လို့ တရားနာတဲ့ အမျိုးကောင်းသားသမီး-များ ရှေ့ကိုဆက်တင်အောင် ပြန်ပြီးကောက်ပေးတာ။ ဒီတော့ သတိဖြင့်

http://www.dhammadownload.com

အာရုံတွေကို ထင်ရှားအောင် လုပ်ပြီးတော့ ပညာဖြင့် ရှုပေးနေရင် ကိလေသာ အားလုံး သေမယ်၊ ကိလေသာ သတ်ချင်ရင် ဘာရှိရမလဲ သတိနဲ့ပညာ ရှိရမယ်။

အဇိတရသေ့က ဘယ်လိုဖြစ်သလဲလို့ဆိုတော့ ပညာနဲ့ သတိက သတ်လိုက်သည်ဖြစ်သောကြောင့် ဒိဋ္ဌိတွေ တဏှာတွေ ကိလေသာတွေတော့ သေကုန်ပြီ၊ ဒီတော့ ဘယ်သူတွေ ကျန်နေသလဲ အဲဒီ ပညာရယ် သတိရယ် ရုပ်တွေ နာမ်တွေ ကျန်နေသလား ကျန်မနေဘူးလား(ကျန်နေပါတယ်ဘုရား)။ ကြည့်နော် ဒီကနေ့ အပိုင်းဟာ အင်မတန်အရေးကြီးလို့ ဘုန်းကြီး ခပ်ဖြေးဖြေးဘဲ ပြောမယ်။

တရားတက်ရာဌ် အနုသန္ဓေ။ ။ဘုန်းကြီးတို့ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ သတိနဲ့ပညာကို မွေးမြူပြီးတော့ ရုပ်နာမ်နှစ်ဖြာကို ကြည့်ရှုတဲ့အတွက် ရုပ်ပေါ် နာမ်ပေါ်မှာ ရှိနေတဲ့ ကိလေသာတို့ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့ သောတာပန်လောက်ဆိုရင် ကုန်လောက်ပါပြီ၊ အဲဒီ သတိနဲ့ ပညာကြောင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကုန်တဲ့နေရာမှာ အဲဒီ သတိနဲ့ ပညာ ကျန်မနေဘူးလား(ကျန်နေပါတယ်ဘုရား)။ ရုပ်နဲ့ နာမ်ကော ကျန်မနေဘူးလား(ကျန်နေပါတယ်ဘုရား)။ ကျန်နေတဲ့ ဒီသတိ ပညာ ရုပ်နဲ့ ဒီနာမ်ကို ရှေ့ဆက်ပြီး ဘယ်လိုလုပ်ရမလဲလို့ ဆိုတဲ့နည်းကို ရှေ့ဆက် ဘယ်လိုတက်မလဲ။

တရားတက်နည်း။ အဲဒီအကြောင်းကို ပါဠိတော်က ပြမယ်လို့ သရုပ်ဖော်ပြနေတယ်။ အဲဒီအကြောင်းကို ဘယ်သူက လျှောက်သလဲ ဆိုတော့ အဇိတရသေ့ပုဏ္ဏားပညာရှိက မြတ်စွာဘုရားကို လျှောက်လိမ့်မယ်၊ ဘယ်လို လျှောက်သလဲ ဆိုတော့—ပါရာယနဝဂ် အဇိတသုတ္တန် စတုတ္ထပိုင်းမှာ လာတဲ့ ကျန်နေတဲ့ ဂါထာရှုတ်ကြစို့ခဲ့။

တရားတက်နည်း လျှောက်ထားခြင်း။ ။သတိနဲ့ပညာတို့နဲ့ ပါးမျှားအားထုတ်ဘို့အတွက် ရုပ်ပေါ် နာမ်ပေါ်မှာ ရှိနေတဲ့ ကိလေသာတွေ ကုန်သင့်သလောက် ကုန်နေပါပြီ၊ အကြွင်းမဲ့လဲ ကုန်သွားပြီဆိုပါတော့၊ သတိရယ် ပညာရယ် ကျန်နေတဲ့ ရုပ်နာမ်တွေရယ် ဒီတရားတွေကို ဆက်ပြီးတော့ ဘယ်လိုလုပ်ရပါ့မလဲလို့ တရားဟက်နည်းကို လျှောက်ထားလိုတဲ့အတွက် အဇိတရသေ့က မြတ်စွာဘုရားကို ဂါထာတို့ဖြင့် လျှောက်ထားတယ်။ အဲဒီ ဂါထာပုဒ်က ဘာတဲ့လဲ—

ပညာ စေဝ သတိ စာပိ၊ နာမရူပဉ္စ မာရိသ။
တေ မေ ပုဋ္ဌော ပဗြူဟိ၊ ကတ္ထေတံ ဥပရုဇ္ဈတိ။

တရားတက်နည်း စကားပြေ။ ။အဇိတရသေ့က မြတ်စွာဘုရားကိုလျှောက်တဲ့ ဂါထာ၊ တရားဘယ်လိုလုပ်တက်ရမှာလဲ ဘုရား

http://www.dhammadownload.com

လို့ ဒီလိုလျှောက်တယ်၊ ကိလေသာအားလုံးကတော့ဖြင့် သောတာပတ္တိမဂ်ဓာ
မှာ တချိုတဝက်သော ကိလေသာတို့သည် သတိနဲ့ပညာကြောင့် ချုပ်ကုန်ပါ
သည်ဘုရား၊ အဓိပ္ပါယ်စကားပြော– အဲဒီ ပညာနဲ့ သတိနဲ့ နာမ်နဲ့ ရူပ်နဲ့က
ဘယ်နေရာမှာ ချုပ်ကုန်ပါသလဲဘုရားလို့၊ ဘယ်လိုလုပ်ရမလဲ ဒီနာမ်တွေ ရူပ်တွေ
သတိနဲ့ပညာတွေ့၊ ဘယ်လိုလုပ်ထားရမလဲ၊ အဲဒီ ပညာနဲ့သတိကို နိဗ္ဗာန်ရောက်
အောင် ယူသွားရမလား ဘုရားလို့ ဆိုလိုတဲ့အဓိပ္ပါယ်။

မြတ်စွာဘုရားကို အဇိတရသေ့က အရှင်ဘုရား **ကိလေသာတရား**အားလုံးက
တော့ဖြင့် ပညာနဲ့ သတိကြောင့် ချုပ်ပျောက်ကုန်ပါပြီ၊ ဒီပညာနဲ့ သတိတို့က
ဘယ်နေရာမှာချုပ်သလဲလို့၊ ပညာတို့ သတိတို့ နာမ်ရူပ်တို့ဆိုတာ ဘယ်သူကြောင့်
ဒီပညာနဲ့သတိတွေ့ နာမ်ရူပ်တွေ့ ချုပ်ရမှာလဲ ဘုရား၊ ကိလေသာတွေ့ကတော့
သတိနဲ့ပညာကြောင့်ချုပ်ပြီ၊ သတိနဲ့ပညာကတော့ ဘယ်သူကြောင့် ချုပ်ရမှာလဲ
ဘုရား၊ ဘယ်နေရာမှာ ချုပ်ရမှာလဲ၊ ဒီအကြောင်းကို ဟောပေးတော်မူပါဦး၊
တက်ပေးတော်မူပါဦး ဘုရားလို့ ဟုတ်သလား (မှန်ပါဘုရား)၊ ဒါမြန်မာလို
အဓိပ္ပါယ်ပြောတာ။

သတိနှင့်ပညာကြောင့် ကိလေသာချုပ်ပုံ

နောက်တခါ ထပ်ပြောအုံးမယ်၊ နားလည်စေချင်လို့ ထပ်ပြောတာ၊ ဘုန်းကြီးတို့ပရိသတ် နားလည်နေတယ် ဆိုတာသိတယ်၊ ဒါပေမဲ့ ထပ်ပြောဦးမယ်၊ ပညာနဲ့ သတိကြောင့် ကိလေသာတွေ ချုပ်ကုန်ပါပြီဘုရား၊ သတိနဲ့ပညာ ရူပ်နာမ်တွေ တော့ ဘယ်တရားကြောင့် ချုပ်ရမှာလဲဘုရားလို့၊ ကဲ ဘုန်းကြီးတို့ပရိသတ် ဘုန်းကြီးမေးမယ် ဖြေစမ်းပါ။

ကိလေသာတွေ့ ဘယ်တရားကြောင့်ချုပ်သလဲ၊(သတိနဲ့ပညာကြောင့် ချုပ်ပါ
တယ်ဘုရား)။ သတိနဲ့ပညာကြောင့် ကိလေသာချုပ်တယ်၊ သတိနဲ့ ပညာတော့
ဘယ်တရားနဲ့ ချုပ်ရမလဲ (မလျှောက်တတ်ပါဘုရား)၊ အဲဒါကို မေးနေတာ
အဇိတက သိပြီနော်၊အဲဒါသိရင် ဘုန်းကြီး ပါဠိရွတ်မယ်။

ပညာ စေဝ သတိ စာပိ၊ နာမရူပဉ္စ မာရိသ။
ဧတံ မေ ပုဋ္ဌော ပဗြူဟိ၊ ကတ္ထေတံ ဥပရုဇ္ဈတိ။

မာရိသ၊ ဆင်းရဲဒုက္ခမှ လွတ်တော်မူပါပေသော မြတ်စွာဘုရား။ ပညာ စေဝ၊
ပညာသည်လည်းကောင်း။ တနည်း–ပညာ စေဝ၊ ဝိပဿနာ မဂ်ဉာဏ်တို့နှင့်
ယှဉ်သောပညာသည်လည်းကောင်း။ သတိစာပိ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့နှင့်
သမ္ပယုတ္တဓမ္မ အတူတကွဖြစ်၍နေသော သတိတရားသည်လည်းကောင်း။ နာမဉ္စ၊
ပဉ္စာ သတိဒေါ် တဲ့ နာမ်တရားမှ ကြွင်းကျန်၍နေသော နာမ်တရားသည်လည်း
ကောင်း။ ရူပဉ္စ၊ ထိုအခိုက်အတန့်၌ မချုပ်မူ၍ ဖြစ်ပေါ်၍နေသည့် ရူပ်တရားသည်

http://www.dhammadownload.com

လည်းကောင်း။ တေ၊ ထိုပညာ-သတိ၊ ပညာ သတိမှ ကြွင်းသောနာမ် ထိုနာမ်၏ မှီရာ ဖြစ်သော ရုပ်တရားသည်။ ကတ္ထ၊ အဘယ်အရပ်၌။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ ရုပ်သိမ်း ချုပ်ငြိမ်း ရပါတော့သနည်း။ တေ၊ ထို သတိပညာ ဝိညာဉ်တို့ရဲ့ ချုပ်ကြောင်းဖြစ်တဲ့တရားကို။ပုဋ္ဌော၊ မေးမြန်း လျှောက်ထားအပ်သော။ တံ၊ အရှင်ဘုရားသည်။မေ၊အကျွန်ုပ်အား။ ပဗြူဟိ၊ဖြေကြားတော်မူပါလော။ ဇ္ဈတိ၊ ဤသို့။ အာယသ္မာ အဇိတော၊ အရှင်အဇိတရသေ့သည်။ ပုစ္ဆိ၊ သိလိုအရေး မေးမြန်းလိုက်ပါတော့သတည်း။

သာဓု သာဓု သာဓု။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဖြေပါတော့မယ်။

ယမေတံ ပဉ္ဉေ အပုစ္ဆိ၊ အဇိတ တံ ဝဒါမိ တေ။
ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ဒါ မြတ်စွာဘုရားကိုယ်တော်တိုင် ဖြေဆိုလိုက်တဲ့ဂါထာ။

ဘုန်းကြီးတို့ပရိသတ်လဲ ဒီမြတ်စွာဘုရား ကိုယ်တော်တိုင် ဖြေဆိုလိုက်တဲ့ပါဠိ စကားသံကို ကြားနာလိုက်ရတဲ့အတွက် သဝနာနုတ္တရိယကုသိုလ် တိုးပွါးမသွားဘူးလား(တိုးပွါးသွားပါတယ်ဘုရား)၊နားလည်လည် မလည်လည်နော် (မှန်ပါဘုရား)။ အဲဒီနေရာ ဘုန်းကြီး သက်သေလေး တခုပြဦးမယ်။

သဝနာနုတ္တရိယကုသိုလ်ကျိုးဝတ္ထု။ ။မြတ်စွာဘုရားလက်ထက်တော်က မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် တရားဟောတော်မူတဲ့ အနားမှာ ရေကန်တခုရှိတယ်၊ ဂဂ္ဂရာရေအိုင်တဲ့၊ ဒါ အားလုံးဘဲသိနေကြတယ်၊အဲဒီအထဲကဖားကလေးတကောင်ဟာ ရေကန်ထဲက တက်လာပြီးတော့ မြတ်စွာဘုရားဟောနေတဲ့ တရားသံကို အဲဒီဖားကလေးက ကြားတယ်၊ တရားမှန်းတော့ မသိရှာဘူး၊ နားလည်ဘို့ဝေးရော၊ တရားသံမှန်းတောင် မသိဘူး၊ အသံကိုသာ နားထောင်နေတယ်။

အဲဒီလို နားထောင်နေတုန်း နွားကျောင်းသားကလေး တယောက်ကလဲ တုတ်ကလေး ထောက်ပြီးတော့ တရားနာလိုက်ထာ အဲဒီဖားကလေးအပေါ် တုတ်ကလေးနဲ့ သွားထောက်မိပြီး အဲဒီဖားကလေး စုတိစိတ် ကျသွားတယ်၊ ဒီအသံကြားပြီးတော့ စုတိစိတ်ကျသွားတယ်။ စုတိစိတ်ကျသွားတဲ့ ဖားကလေးဟာ တဘဝတိ သာနတ်ပြည် တက်ပြီးတော့ မဏ္ဍုကဒေဝပုတ္တနတ်သားရယ်လို့ သွားဖြစ်တယ်။

http://www.dhammadownload.com

နောက်မြတ်စွာဘုရားထံမှာ နတ်သားအဖြစ်နဲ့ တရားနာရလို့ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားတယ်နော်၊ တရားနာရတဲ့ကုသိုလ်ဟာ နားလည်လည် မလည်လည် ဘယ်လောက် ကျေးဇူးများသလဲ၊ ဟုတ်လား(မှန်ပါဘုရား)။

တရားနာရကျိုး ဝတ္ထုတမျိုး။ ။ကဿပမြတ်စွာဘုရား လက်ထက်က ရဟန္တာ ငါးရာ လိုဏ်ဂူကြီးတခုမှာ အဘိဓမ္မာဒေသနာကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး နေကြတယ်၊ လိုဏ်ဂူအတွင်းမှာ ဘာတွေ ရှိနေကြသလဲဆိုတော့ လင်းနို့သားငါးရာ ရှိနေကြတယ်၊ တွဲလောင်းကြီးတွေ တွယ်လို့ တိရစ္ဆာန်တွေ၊ အဘိဓမ္မာဒေသနာတော်ကို ကြားနာနေတုန်း အတောအတွင်းမှာ အဲဒီ လင်းနို့သားငါးရာ စုတိစိတ်ကျပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားသွားဖြစ်ကြတယ်၊ နောက် ဂေါတမဘုရား လက်သက်ကျတော့ ရှင်သာရိပုတ္တရာတပည့် ရဟန်းငါးရာ လာဖြစ်ကြတယ်။

အဘိဓမ္မာဒေသနာကြီးကို နာတိသခေ်ပ နာတိဝိတ္ထာရနည်းတို့ဖြင့် ဟောတော်မူတဲ့အခါ အဲဒီ ရဟန်းအားလုံးဟာ အကျွတ်တရားတွေ ရသွားကြတယ်၊ ဥပနိဿယပစ္စည်းနော် (မှန်ပါဘုရား)။ ဘာပစ္စည်းတဲ့လဲ (ဥပနိဿယပစ္စည်းပါဘုရား)၊ 'မဂ်ဖိုလ်နိဗ္ဗာန်ကို ရတယ်လို့ ဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်း သားသမီးများ' အလကားသက်သက် ရတာမဟုတ်ဘူးနော်၊ ထောက်ခံစာပါမှ ရတာ၊ ဟုတ်သလား(မှန်ပါဘုရား)၊ ဘာပါမှရသလဲ(ထောက်ခံစာပါမှ ရပါတယ်ဘုရား)။

အထောက်အပံ့ရမှ နိဗ္ဗာန်ရပုံ။ ။မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုလိုချင်တာများ ထောက်ခံစာ ယူရသေးသလား၊ မေးစရာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ မပါရင် ရကို မရဘူးနော် (မှန်ပါဘုရား)၊ ထောက်ခံချက်ဆိုတာ ဘာကိုပြောသလဲဆိုရင် ဘုန်းကြီးတို့ ပဋ္ဌာန်းမှာ ပြောတဲ့ ဥပနိဿယပစ္စည်းတဲ့နော်၊ သံယုတ်အဋ္ဌကထာ ဒုတဲ့ နှာ (၂၅၁) မှာ ဘာပြောထားသလဲဆိုတော့—

> တယောမေ ဥပနိဿယာ ဒါနူပနိဿယော, သီလူပနိဿယော, ဘာဝနူပနိဿယော စာတိ။ တေသု ဒါနသီလူပနိဿယာ ဒုဗ္ဗလာ၊ ဘာဝနူပနိဿယော ဗလဝါ။ ဒါနသီလူပနိဿယာ ဟိ တယော မဂ္ဂေ စ ဖလာနိ စ ပါပေန္တိ၊ ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ-တဲ့။

ဥပနိဿယ-ခေါ်တဲ့ ထောက်ခံစာ သုံးမျိုးရှိပါတယ်-တဲ့၊ ဘာလဲလို့ဆိုတော့–

(၁) ဒါနဆိုတဲ့ ဥပနိဿယ၊

(၂) သီလဆိုတဲ့ ဥပနိဿယ၊

(၃) ဘာဝနာဆိုတဲ့ ဥပနိဿယ-တဲ့ သုံးမျိုး။

http://www.dhammadownload.com

တေသု ဒါနသီလူပနိဿယာ ဒုဗ္ဗလာ၊ ဘာဝနူပနိဿယော ဗလဝါ-တဲ့။ တေသု၊ ထိုသုံးပါးသော ဥပနိဿယတို့တွင်။ ဒါနသီလူပနိဿယာ၊ ဒါနသီလဟူဆိုအပ်သော ဥပနိဿယတို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်၏။ ဘာဝနူပနိဿယော၊ သမထဝိပဿနာဘာဝနာ ဟူသော ဥပနိဿယသည်။ ဗလဝါ၊ အားရှိ၏-တဲ့။

ဒါန သီလလို့ဆိုတဲ့ ထောက်ခံစာ ဥပနိဿယ အားသေးတယ်၊ သမထ ဝိပဿနာဆိုတဲ့ ဥပနိဿယ ထောက်ခံစာကျတော့ အားကောင်းတယ်၊ နိဗ္ဗာန် မြန်မြန်ရတယ်လို့ ဆိုလိုတယ်။

ဒါနသီလူပနိဿယာ ဟိ တယော မဂ္ဂေ စ ဖလာနိ စ ပါပေန္တိ-တဲ့။

ဒါနသီလူပနိဿယာ၊ ဒါနသီလဆိုတဲ့ ဥပနိဿယကြောင့်။ တယော မဂ္ဂေ စ၊ အောက်မဂ်သုံးပါးတို့သို့ လည်းကောင်း။ ဖလာနိ စ၊ အောက်ဖိုလ်သုံးပါးတို့သို့ လည်းကောင်း။ ပါပေန္တိ၊ ရောက်စေနိုင်ကုန်၏-တဲ့။

ဒါန, သီလကြောင့် အောက်မဂ်,ဖိုလ်ရခြင်း။ ။ဒါနနဲ့ သီလမှာ တည်ပြီး အားထုတ်ရင် သောတာပတ္တိ မဂ်ဖိုလ် သကဒါဂါမိမဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ်တို့ကို ရနိုင်ပါတယ်-တဲ့။

"ဘာဝနူပနိဿယော အရဟတ္တံ ပါပေတိ-တဲ့။

ဘာဝနာကြောင့် အရဟတ္တဖိုလ်ရခြင်း။ ။ဘာဝနာဆိုတဲ့ ဥပနိဿယကြောင့် အရဟတ္တဖိုလ် ပေါက်ရောက်နိုင်တယ်လို့ မှတ်ကြရမယ်၊ အဲဒီတော့ ဒါနသီလဆိုတဲ့ ဥပနိဿယကို အကြောင်းပြုပြီးတော့ အောက်မဂ် အောက်ဖိုလ် သုံးပါးဖြင့် အနာဂါမ်ပုဂ္ဂိုလ်ထိ ဖြစ်နိုင်တယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘာဝနူပနိဿယကြောင့် အရဟတ္တဖိုလ်ပေါက် ရဟန္တာထိအောင် ဖြစ်နိုင်တယ်၊ အဲဒါကြောင့် ဒါနကုသိုလ်တော့ကိုလဲ မမေ့အောင် ကြိုးစားပြီးတော့ လုပ်ကြပေတော့၊ မမေ့နဲ့၊ ဒါနကုသိုလ် ဆိုတာကတော့ဖြင့် မိမိကြည်ညိုရာ ပြုလုပ်လိုရာမှာ ဘာကုသိုလ်ဘဲ ဖြစ်ဖြစ် လုပ်ကြ၊ ဆိမ်းလေးတတိုင်လောက်ဘဲ ထွန်းထွန်း ပန်းကလေးတပွင့်ဘဲ တင်တင် ဒါ-ဒါန ကုသိုလ် ဖြစ်တယ်။

ဒါနကို ဥပနိဿယပစ္စည်း တပ်ပုံ။ ။အဲဒီ ဒါနဆိုတဲ့တရား ဥပနိဿယပစ္စည်း ရတယ်၊ အဝေါက်အပုံ ရတယ်၊ ခုနက လင်းနို့သားငါးရာဟာ ရှင်သာရိပုတ္တရာထံမှာ အဘိဓမ္မာဒေသနာကို နာခံမှတ်သားပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားတာဟာ ဘယ်က ထောက်ခံစာ ပေးလိုက်တာလဲ၊ အဲဒီ လင်းနို့သားတွေ ဖြစ်တုန်းက ရဟန်းတော် အရှင်ကောင်း

http://www.dhammadownload.com

အရှင်မြတ်တွေ ရွတ်ဖတ်နေတဲ့ သရဏဂုဏ်နေတဲ့ အသံကို ကြားလိုက်ရတဲ့ ကုသိုလ် ဥနိဿယကလေးက ထောက်ခံချက် ပေးလိုက်သည်ဖြစ်သောကြောင့် မင်္ဂဏ် ဖိုလ်ဉာဏ် ရသွားကြတာ ဥပနိဿယပစ္စည်း ဟုတ်သလား၊ (မှန်ပါဘုရား)။

အထောက်အပံ့ ၃-မျိုး။ ။ဒါနဥပနိဿယ, သီလဥပနိဿယ, ဘာဝနာဥပနိဿယ သုံးမျိုး ရှိတယ်။ ဒါနနဲ့ သီလဆိုတဲ့ ဥပနိဿယက အားသေးတယ်၊ အားသေးတဲ့ ထောက်ခံစာဆိုတော့ ဘယ်လောက်ထိ ရသလဲဆိုတော့ အောက်မင် အောက်ဖိုလ် သုံးပါးကိုသာ သူကရောက်နိုင်တယ်။ ဝိပဿနာဘာဝနာ ဥပနိဿယဆိုတာကတော့ အားကောင်းတဲ့ ဥပနိဿယ ဖြစ်သောကြောင့် အရဟတ္တဖိုလ် ပေါက်ပြီးတော့ ရနိုင်တယ်။ အဲဒီ ခုပါဠိတော်ကြီးကို ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးများ အာရုံပြုပြီး ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားဖြေတဲ့ ဂါထာကို ရွတ်ဆိုမယ်။

ယမေတံ ဗဉ္ဇံ အပုစ္ဆိ၊ အဇိတ တံ ဝဒါမိ တေ။ ✓
ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ တတ္ထေတံ ဥပရုဇ္ဈတိ-လို့

ဒီပါဠိသံကို ကြားလိုက်ရတဲ့ သဝနာနုတ္တရိယ ကုသိုလ်ဟာ အရဟတ္တမင်္ဂဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်သို့ရောက်အောင် တတ်နိုင်တဲ့ ဥပနိဿယဖြစ်ပါတယ်။ အဲဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် နားမလည်တဲ့ ပါဠိတော်ကြီးကို ဒါကြောင့် ရွတ်ပေးနေတာ။

တရားတော်နှင့်ယှဉ်လျှင် မိတ် ✓ ကောင်းနှင့် စိတ်ကောင်း ရှိပုံ တရားဟောတယ် တရားနာတယ် ဆိုတာမှာ မြတ်စွာဘုရားက မိတ်ကောင်းရဖို့ အရေးကြီးတယ်တဲ့၊ စိတ်ကောင်းရှိဘို့ အရေးကြီးတယ်၊ မိတ်ကောင်းနဲ့ စိတ်ကောင်းရှိဘို့ အရေးကြီးတယ် ဟုတ်ပလား၊ (မှန်ပါဘုရား)။ နိဗ္ဗာန်အလိုရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘာရှိရမလဲ၊ မိတ်ကောင်း ရှိရမယ်၊ စိတ်ကောင်းရှိရမယ်၊ မိတ်ကောင်းဆိုတာဟာ ဘာလဲ၊ ပရိယတ္တိ။(မှန်ပါဘုရား)၊ ပရိယတ္တိ မရှိဘူးဆိုတာ–မိတ်ကောင်းမရှိတဲ့ ပုဂ္ဂိုလ်ဘဲ၊ ဝိပဿနာ လုပ်ငန်းဆိုတာ စည်းနဲ့ ကမ်းနဲ့ လုပ်ရတဲ့ လုပ်ငန်းမျိုး၊ စည်းမဲ့ကမ်းမဲ့ လုပ်ရတဲ့ လုပ်ငန်းမဟုတ်ဘူး၊ ပရိယတ္တိလို့ဆိုတာ စည်းကမ်း၊ ပဋိပတ္တိလို့ဆိုတာက လုပ်ငန်း၊ (မှန်ပါဘုရား)၊ ပရိယတ္တိတည်းဟူသော စည်းကမ်းမရှိသော လုပ်ငန်းသည် မှန်မလား မှားမလား (မှားပါမယ်ဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးများ လောကမှာ ကြီးပွါးရာ ကြီးပွါးကြောင်း လုပ်ငန်းကို လုပ်တဲ့အခါ စည်းနဲ့ ကမ်းနဲ့ လုပ်ရသလား၊ စည်းမဲ့ကမ်းမဲ့ လုပ်ရသလား၊ (စည်းနဲ့ ကမ်းနဲ့ လုပ်ရပါတယ်ဘုရာ-)၊ စည်းမဲ့ကမ်းမဲ့

http://www.dhammadownload.com

လုပ်ရတဲ့ လုပ်ငန်းဆိုရင် အမြတ်ရမလား၊ မရဘူးလား (မရပါဘုရား)၊ သာသနာတော်မှာ ပရိယတ္တိသာသနာတော်ကြီးဆိုတာ စည်းကမ်း၊ ပဋိပတ္တိလို့ ဆိုတာ လုပ်ငန်း။

ပဋိပတ်လုပ်က ပရိယတ်စည်းကမ်း ရှိရခြင်း။ ။ပဋိပတ် လုပ်ငန်းကို လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ပရိယတ္တိတည်း ဟူသော စည်းကမ်း ရှိရမလား၊ မရှိရဘူးလား (ရှိရပါတယ်ဘုရား)၊ ပရိယတ္တိ မရှိဘူးဆိုရင် စည်းကမ်းမရှိဘူးလို့ ပြောတာဘဲ၊ ပရိယတ္တိမရှိတဲ့ ပဋိပတ္တိလုပ်ငန်းသည် စည်းမဲ့ ကမ်းမဲ့ ပဋိပတ္တိလုပ်ငန်း၊ ဘုန်းကြီး ဒီစကားတွေကို အလွတ် ပြောပေးနေတာ မဟုတ်ဘူး၊ အဋ္ဌကထာဖွင့်ဆိုချက်တွေကို ဘုန်းကြီးပြောပေးနေတာ။ သံယုတ်အဋ္ဌကထာတို့ ပဏ္ဏာသအဋ္ဌကထာတို့ ဒီအတိုင်းကို ဖွင့်ဆိုထားတာ။ ကျကျနန သိချင်ရင် ✓နိဒါနဝဂ္ဂသံယုတ်ပါဠိတော်, ကဿပသံယုတ်မှာ သဒ္ဓမ္မပဋိရူပကသုတ္တန်ရဲ့ အဖွင့်ကိုကြည့်ရင် အဲဒီ စကားတွေကို တွေ့လိမ့်မယ်၊ တာဒကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရောက်လိုသော အမျိုးကောင်းသား သမီးတိုင်း မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ပရိယတ္တိစည်းကမ်းကြီးဖြစ်သည့် မိတ်ကောင်း ရှိရတယ်။ ဘုန်းကြီးတို့ ပရိသတ် ဒီကနေ့ ဒီမှာ တရားလာနာနေတဲ့အတွက် မိတ်ကောင်းကို ရနေကြတယ်။

စိတ်ကောင်းဆိုတာ ရှင်းပြချက်။ ✓ ။စိတ်ကောင်းဆိုတာ ဘာလဲလို့ဆိုတော့ ဝိနိဝရဏစိတ်–တဲ့။ ကာမစ္ဆန္ဒ ဗျာပါဒ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာဆိုတဲ့ အဲဒီ တရားငါးမျိုး ကင်းနေတဲ့ စိတ်ကို စိတ်ကောင်းလို့ ခေါ်တယ်၊ ကာမဂုဏ်တွေနဲ့ ရောရောထွေးထွေး ရောထွေးနေတဲ့ စိတ်ကို စိတ်ကောင်းလို့ မခေါ်ဘူး၊ လောဘတွေ ဒေါသတွေ မောဟတွေ မာနတွေ ဣဿာ မစ္ဆရိယတွေ ရောထွေးပြီးတော့ နေတဲ့ စိတ်ဟာ စိတ်ကောင်းလား စိတ်မကောင်းလား(စိတ်မကောင်းပါဘုရား)။

မိတ်ကောင်းနှင့်စိတ်ကောင်း ရှိရန် တိုက်တွန်းချက် အဲဒီ နိဝရဏ ဆိုတဲ့ စိတ်တွေနဲ့ နိဝရဏ ဆိုတဲ့ တရားတွေနဲ့ ရောထွေးနေတဲ့စိတ် မကောင်းသောစိတ် ရှိနေတဲ့ ပုဂ္ဂိုလ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်မလား မရနိုင်ဘူးလား (မရနိုင်ပါဘုရား)၊ ဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အလိုရှိတဲ့ အမျိုးကောင်းသားတိုင်း အမျိုးကောင်းသားတိုင်း အမျိုးသမီးကောင်းတိုင်း အမျိုးသမီးကောင်းတိုင်း ပရိယတ္တိ တည်းဟူသော မိတ်ကောင်းနှင့် ဝိနိဝရဏ တည်းဟူသော စိတ်ကောင်းကို ရအောင် ယူခဲ့ကြပါလို့ ဘုန်းကြီး တိုက်တွန်းပါရစေ။

http://www.dhammadownload.com

ယ မေတံ ပဥ္ဉံ အပုစ္ဆိ၊ အဇိတ တံ ဝဒါမိ တေ။
ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

တရားတက်ပုံ တက်နည်းကို ပြတယ်။ ။အဇိတ၊ အဇိတရသေ့။ ယံ တေ ပဥ္ဉံ၊ အကြောင် အမေးပုစ္ဆာ ပြဿနာကို။ တုံ့၊ သင်သည်။ မံ၊ ငါ့ကို။ အပုစ္ဆိ၊ မေးလျှောက်ပေ၏။ အဇိတ၊ အဇိတရသေ့၊ တေ၊ သင်၏။ တံ ပဥ္ဉံ၊ ထို အမေးပုစ္ဆာ ပြဿနာကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဖြေဆိုတော်မူပေအံ့။ (ဝန်ခံတယ်မြတ်စွာဘုရားက သင်မေးတဲ့ အမေးကို တရားတက်ပုံ တက်နည်းနဲ့ ပြမယ်)။

ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

ယတ္ထ၊ အကြောင် နိဗ္ဗာန်၌။ နာမဉ္စ၊ နာမ်သည်လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈတိ၊ ချုပ်ငြိမ်း၏။ ဧတ္ထ၊ ဤနာမ်တွေ ရုပ်တွေ ချုပ်တယ်ဆိုတဲ့ နေရာ၌။ ဝိညာဏဿ၊ အဘိသင်္ခါရဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ တေ၊ ထိုဝိညာဏ် နာမ် ရုပ် သတိနဲ့ ပညာ ရုပ်နာမ် နှစ်ဖြာသည်။ ဥပရုဇ္ဈတိ၊ အကြွင်းမဲ့ ချုပ်ငြိမ်း ရုပ်သိမ်းကြလေတော့၏။

ဒါဟာ–ပေးရိုး ပေးစဉ်အနက်။ ဒီ ပါဠိတော်ကို စူဠနိဒ္ဒေသ ပါဠိတော်က စကားကို ယူပြီးတော့ အနက်တမျိုး ပြန်ပြီးတော့ ပေးဦးမယ်။

ယမေတံ ပဥ္ဉံ အပုစ္ဆိ၊ အဇိတ တံ ဝဒါမိ တေ။
ယတ္ထ နာမဉ္စ ရူပဉ္စ၊ အသေသံ ဥပရုဇ္ဈတိ။
ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။

အဇိတ၊ အဇိတရသေ့။ ယံ တေ ပဥ္ဉံ၊ အကြောင်အမေးပုစ္ဆာ ပြဿနာကို။ (ဘယ်အမေးပုစ္ဆာလဲ)ဝါ၊ကိလေသာကတော့ဖြင့် သတိနဲ့ပညာကြောင့် ချုပ်ကုန်ပါပြီဘုရား၊ သတိရယ် ပညာရယ်-ရုပ်ရယ် နာမ်ရယ်၊ ဒီတရားတွေဟာ ဘယ်တရားကြောင့် ချုပ်ရမှာလဲဘုရားဆိုတဲ့ အမေးပုစ္ဆာ ပြဿနာကို။ တုံ့၊ သင်သည်။ မံ၊ ငါ့ကို။ အပုစ္ဆိ၊ မေးလျှောက်ပေ၏။ အဇိတ၊ အဇိတရသေ့။ တေ၊ သင်၏။ တံ ပဥ္ဉံ၊ ထိုအမေးပုစ္ဆာ ပြဿနာကို။ အဟံ၊ ငါဘုရားသည်။ တေ၊ သင့်အား။ ဝဒါမိ၊ ဖြေကြားတော်မူပေတော့အံ့။

ခုန တမျိုးဆိုတဲ့ အနက်က ဘာလဲ–

ဝိညာဏဿ နိရောဓေန၊ ဝိညာဏ်၏ ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ ဤဝိညာဏ် ချုပ်ရာ၌။ နာမဉ္စ၊ နာမ်သည်လည်းကောင်း။ ရူပဉ္စ၊ ရုပ်သည်လည်းကောင်း။

http://www.dhammadownload.com

အသေသံ၊ အကြွင်းမရှိ။ ဥပရုဏ္ဍတိ၊ ချုပ်ငြိမ်းရလေတော့၏။ ဧတ္ထေတံ ဥပရုဏ္ဍတိ၊ ဧတ္ထ၊ ဤဝိညာဏ် ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်တယ် ဆိုတဲ့နေရာ၌။ တေံ၊ ထို သင်မေးခဲ့တဲ့ သတိ ပညာ နာမ်ရုပ် နှစ်ဖြာသည်။ ဥပရုဏ္ဍတိ၊ အကြွင်းမဲ့ ချုပ်ငြိမ်း၍ ရုပ်သိမ်းလေတော့သတည်း။

အဓိပ္ပါယ်ကို ကျမ်းလွတ် မပြောခြင်း။ ။အဓိပ္ပါယ် ပြန်ပြောမယ် ဆိုတော့— ဘုန်းကြီးထင်တဲ့ အဓိပ္ပါယ်ကို မပြော ဘူး၊ စူဋ္ဌနိဒ္ဒေသနဲ့ စူဋ္ဌနိဒ္ဒေသ အဋ္ဌကထာကို မှီငြမ်းပြုပြီးတော့ ဒီအဓိပ္ပါယ်ကို ဘုန်းကြီးပြောပေးမယ်။ အဲဒီ အခု ဘုန်းကြီးရွတ်လိုက်တဲ့—ဒီဂါထာမှာ ဝိညာ-ဏသ နိရောဓေန၊ ဧတ္ထေတံ ဥပရုဏ္ဍတိ-လို့ စူဋ္ဌနိဒ္ဒေသ ပါဋ္ဌိတော်က အကျယ် တပ်ပြီးတော့ ပြောပေးတယ်။ သုတ္တနိပါတ်ပါဋ္ဌိတော် ပါရာယနဝဂ်မှာ လာတာက ဝိညာဏသ နိရောဓေန၊ ဧတ္ထေတံ ဥပရုဏ္ဍတိ၊ ဘာပြောလဲ ဒီပါဋ္ဌိက၊ ဝိညာ-ဏသ၊ ဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ ဧတ္ထ၊ ဤ ဝိညာဏ်ချုပ်ရာ၌။ တေံ၊ ဤသတိ ပညာ နာမ်ရုပ်အားလုံးသည်။ ဥပရုဏ္ဍတိ၊ အကြွင်းမဲ့ ချုပ် ငြိမ်း၏ဆိုတာ ဘုန်းကြီးတို့ ပရိသတ် နားလည်မလား ဒီလောက်နဲ့ (မလည် ပါဘုရား)။ အဲဒီ ဝိညာဏသ နိရောဓေန၊ ဧတ္ထေတံ ဥပရုဏ္ဍတိလို့ဆိုတဲ့ ပါဋ္ဌိကို စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်က နဲနဲလေး ကျယ်ပြီးတော့ သူက ချဲ့တယ်၊ အဲဒီတော့ အဲဒီ အပိုင်းကလေးကို ဘုန်းကြီးပြောပေးဦးမယ်၊ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော် နှာ(၃၃)က ဘာပြောလဲ။

ဝိညာဏသ နိရောဓေန၊ ဧတ္ထေတံ ဥပရုဏ္ဍတိတိ သောတာပတ္တိမဂ္ဂ-ဉာဏေန အဘိသခ်ါရဝိညာဏသ နိရောဓေန သတ္တဘဝေ ၎ပေတွာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဏ္ဍန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

သကဒါဂါမိမဂ္ဂဉာဏေန အဘိသခ်ါရ ဝိညာဏသ နိရောဓေန (ဝိညာ-ဏသ နိရောဓေန ဧတ္ထေတံ ဥပရုဏ္ဍတိကို ဖွင့်ပေးနေတာ)။

(ဘုန်းကြီးတို့ ပရိသတ် နဲနဲလေး ဂရုစိုက်ပြီး နာရလိမ့်မယ်။ သတိလဲ ခပ်ကြီး ကြီးထားရလိမ့်မယ်)။

သကဒါဂါမိမဂ္ဂဉာဏေန အဘိသခ်ါရဝိညာဏသ နိရောဓေန ဒွေ ဘဝေ ၎ပေတွာ ပဉ္စသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေ-တေ နိရုဏ္ဍန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

အနာဂါမိမဂ္ဂဉာဏေန အဘိခ်ါရဝိညာဏသ နိရောဓေန ဧကံ ဘဝံ ၎ပေတွာ ရူပဓာတုယာ ဝါ အရူပဓာတုယာ ဝါ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဏ္ဍန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

http://www.dhammadownload.com

အရဟတ္တမဂ္ဂဉာဏေန အဘိသခ်ါရဝိညာဏသာ နိရောဓေန ယေ ဥပ္ပဇ္ဇေယျုံ နာမဥ္စ ရူပဥ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိ။

အရဟတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တသာ စရိမ ဝိညာဏသာ နိရောဓေန ပညာ စ သတိ စ နာမဥ္စ ရူပဥ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ ဝူပသမ္မန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပ္ပဿမ္ဘန္တိတိ ဝိညာဏသာ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတီတိ။

(စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်ကုန်ရော၊ ကုန်ရောဆိုတာ တအုပ်လုံး ကုန်သွားတာ မဟုတ်ဘူး၊ သူအပိုင်းလေးသာ ကုန်သွားတာ)။

ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်ခြင်း။ ။ဝိညာဏသာ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ ဆိုတာ— ဝိညာဏ်ချုပ်တဲ့ နေရာမှာ နာမ်တွေ ရုပ်တွေ အားလုံးချုပ်တယ်၊ အဲဒီ နာမ်တွေ ရုပ်တွေ အားလုံးချုပ်တဲ့နေရာမှာ သတိပညာ နာမ်ရုပ်ဆိုတဲ့ ခုနက အဇိတမေးတဲ့ တရားလေးလုံး အဲဒီမှာ ချုပ်တယ်။

ချုပ်တယ် ချုပ်တယ် ဆိုတဲ့ စကားလုံးဟာ ဘုန်းကြီးတို့ တရားနာပရိသတ်က အင်မတန်အပြောများနေပါတယ်၊ ချုပ်တယ် ဘာချုပ်သလဲ၊ ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား–သမီးတွေမှာ ချုပ်တယ် ချုပ်တယ်ဆိုတဲ့ စကားဟာ မဂ်ရရင် ချုပ်သွားတာဘဲ၊ ဘာချုပ်တာလဲ ရုပ်ချုပ်သလား နာမ်ချုပ်သလား ဘာချုပ်တာလဲ၊ စူဋ္ဌနိဒ္ဒေသက ဘယ့်နဲ့ပြထားသလဲဆိုတော့—

ဝိညာဏနိရောဓလို့ ဆိုတာဟာ ဘယ်ဝိညာဏ်ချုပ်တာလဲ စက္ခုဝိညာဏ်လား သောတဝိညာဏ်လား ဃာနဝိညာဏ်လား ဇိဝှါဝိညဏ်လား ကာယဝိညာဏ်လား မနောဝိညာဏ်လား ဘယ်ဝိညာဏ်ချုပ်သလဲဆိုတာ ပါဋ္ဌိတော်က ပြတယ်၊ ဝိညာဏ်ချုပ်တယ်ဆိုတာ ဘယ်သူကြောင့် ချုပ်သလဲဆိုတော့–

မဂ်ချုပ်ရာ၌ ရှင်းပြချက်။ ။သောတာပတ္တိမဂ္ဂ ဉာဏေန အဘိသခ်ါရ ဝိညာဏသာ နိရောဓေန— သောတာပန် ဖြစ်သွားတယ်ဆိုတာ သောတာပတ္တိမဂ်ဖြင့် ဘာကိုချုပ်သွားတာလဲ၊ ရုပ်ကို ချုပ်ပစ်သလား နာမ်ကို ချုပ်သလား ရှုနေတဲ့ရုပ်နာမ်တွေကိုချုပ်သလား၊ ဘာကို ချုပ်ပစ်သလဲ၊ သောတာပတ္တိမဂ်ဉာဏ်က၊ သောတာပတ္တိမဂ်က တရားအားထုတ်လို့ ပေါ်တော့ မဂ် ဆိုပါတော့၊ ဘုန်းကြီးတို့ ပရိသတ်မှာ သောတာပတ္တိမဂ်ဉာဏ်ဖြစ်လို့ မဂ်က ချုပ်တယ်လို့ဆိုတာ ရုပ်ကို ချုပ်တာမဟုတ်ဘူး၊ နာမ်ကို ချုပ်တာမဟုတ်ဘူး၊ ဟိုက ပါဋ္ဌိတော်က ပြထားတယ်။

http://www.dhammadownload.com

သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်သည်။ အဘိသခ်ါရဝိညာဏသဿ၊ အဘိသခ်ါရဝိညာဏ်ကို။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ တနည်း။ သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်ကြောင့်။ အဘိသခ်ါရဝိညာဏသဿ၊ အဘိသခ်ါရဝိညာဏ်၏။ နိရောဓေန၊ **ချုပ်ခြင်းကြောင့်**-တဲ့။

ဝိညာဏ်ချုပ်ပုံ ရှင်းပြချက်။ ။သောတာပတ္တိမဂ်ဉာဏ်သည် ဘယ်သူ့ကို ချုပ်သလဲ အဘိသခ်ါရ ဝိညာဏ်ကို ချုပ်တယ်နော်၊ (မှန်ပါဘုရား)။ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်တွေကို ချုပ်တာမဟုတ်ဘူး၊ ရူပ်တွေ နာမ်တွေကို ချုပ်တာမဟုတ်ဘူး၊ အဘိသခ်ါရ ဝိညာဏ်ကို ချုပ်တာ။ အဘိသခ်ါရ ဝိညာဉ်ဆိုတာ စေတနာနှင့် ယှဉ်တဲ့ အကုသိုလ်စိတ် ကုသိုလ်စိတ်တွေကို အဘိသခ်ါရဝိညာဉ်လို့ခေါ်တယ်။ အဲဒီ အဘိသခ်ါရဝိညာဏ်ကို မဂ်ဉာဏ်က ချုပ်လိုက်တယ်။ သောတာပတ္တိမဂ်ဉာဏ် ပေါ်လိုက်တာနဲ့ တပြိုင်နက်ထဲ အဘိသခ်ါရဝိညာဏ်ချုပ်တယ်။

အဘိသခ်ါရဝိညာဏ်ချုပ်ရင် အဲဒီ သောတာပန်ပုဂ္ဂိုလ်ဟာ သတ္တဘဝေဌပေတွာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ တေ္ထတေ နိရုဇ္ဈန္တိ။ သောတာပတ္တိမဂ်ဉာဏ်က အဘိသခ်ါရဝိညာဏ်ကို ချုပ်လိုက်တဲ့အတွက် သောတာပန်ပုဂ္ဂိုလ်သည် ခုနစ်ဘဝကိုချန်ထား၊ ကျန်တဲ့ဘဝတွေ အနမတဂ္ဂသံသရာမှာ ဖြစ်လတ္တံ့ဖြစ်သော ရူပ်တွေ နာမ်တွေ ဝိညာဏ်တွေဟာ ဖြစ်ဦးမလား မဖြစ်တော့ဘူးလား၊ မဖြစ်တော့ဘူး-တဲ့။

နေ ဘဝံ အဋ္ဌမ မာဒိယန္တိ-တဲ့- ဟုတ်လား။

သောတာပန်ပုဂ္ဂိုလ်၏ ရူပ်နာမ်ချုပ်ပုံ။ ။သောတာပန်ပုဂ္ဂိုလ်၊ သတ္တက္ခတ္တုံပရမ သောတာပန်ပုဂ္ဂိုလ်ဟာ ရှစ်ကြိမ်မြောက်သော ဘဝကို မယူတော့ဘူးဆိုတော့ ခုနစ်ဘဝဘဲ သူမှာ ရူပ်နာမ်ရှိရတော့မယ်၊ ခုနစ်ဘဝရဲ့ ဟိုဘက် ရှစ်ကြိမ်မြောက်သော ဘဝမှာ ရူပ်နာမ်အားလုံး အကုန်ချုပ်ပြီးတော့ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ဝင်သွားရတော့မှာဖြစ်တော့ ရူပ်နာမ်တွေ အားလုံး ချုပ်မကုန်ဘူးလား (ချုပ်ကုန်ပါတယ်ဘုရား)၊ ဒီတော့ သောတာပတ္တိမဂ်ဉာဏမှာ ချုပ်ထာက ရူပ်တွေချုပ်တာလား၊ အဘိသခ်ါရ ဝိညာဉ်ချုပ်တာလား၊ (အဘိသခ်ါရဝိညာဉ် ချုပ်တာပါဘုရား)။ ရှုနေတဲ့ အရှုခံရူပ်တရားတွေနဲ့ ရှုစိတ်တွေ ချုပ်တာလား အဘိသခ်ါရဝိညာဉ် ချုပ်တာလားဆိုတော့ အဘိသခ်ါရဝိညာဉ်ချုပ်တာ ဟုတ်ပလား(မှန်ပါဘုရား)။

အဘိသခ်ါရဝိညာဉ်မည်ပုံ။ ။ကိုင်း သောတာပတ္တိမဂ်ချုပ်ပုံတော့ ဘုန်းကြီးတို့ပရိသတ်သိရပြီ၊ ဒီက ခုန ဘုန်းကြီး လျှောက်ပြီး ရွတ်လိုက်တဲ့ စကားတွေကိုတော့ဖြင့် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်

http://www.dhammadownload.com

ချုပ်ပုံတွေ့ကိုတော့ နောက်ပိုင်းကျတော့ ပြောပေးမယ်၊ သောတာပတ္တိမဂ် ချုပ်တယ်ဆိုတာ ဘယ်သူကို ချုပ်သလဲ (အဘိသခါရဝိညာဉ်ကို ချုပ်ပါစေဟု ဘုရား)၊ ရှုတဲ့စိတ်ကို ချုပ်တာလား အရှုခံတရားကိုချုပ်တာလား၊အဘိသခါရဝိညာဉ်ကို ချုပ်တာလား(အဘိသခါရဝိညာဉ်ကို ချုပ်တာ)၊ ကိုင်း အဘိသခါရဝိညာဉ်ကိုချုပ်တာ၊ အားလုံးပြောနေကြတာ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ချုပ်တယ်၊ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကို ပယ်တယ်လို့ ပြောနေကြတာ အဲဟုတ်ပြီ၊ အဲဒီ ဒိဋ္ဌိနဲ့ ယှဉ်တဲ့စိတ် ဝိစိကိစ္ဆာနဲ့ ယှဉ်တဲ့ စိတ်ကိုပင်လျှင် အဘိသခါရဝိညာဉ်လို့ ခေါ်တယ်။

သောတာပတ္တိမဂ်ချုပ်တာဟာ ရှုတဲ့စိတ်ကို ချုပ်တာမဟုတ်၊ အရှုခံတရားကို ချုပ်တာမဟုတ်ဘူး၊ ဒိဋ္ဌိဝိစိကိစ္ဆာတို့နှင့်ယှဉ်တဲ့ အဘိသခါရဝိညာဉ်ကိုသာလျှင် သောတာပတ္တိမဂ်က ချုပ်နိုင်တာ သတ်နိုင်တာ၊ အဘိသခါရဝိညာဉ်ချုပ်ပုံနော်၊ ကောင်းပြီ။ အဲဒီ အဘိသခါရဝိညာဉ် ချုပ်တာကို သောတာပတ္တိမဂ္ဂဉာဏ်နေ အဘိသခါရဿဝိညာဏာဿ-လို့ဆိုတဲ့ ဒီပါဠိတော်စကားကို စူဠနိဒ္ဒေသအဋ္ဌကထာက အကျယ်ထပ်ပြီးတော့ ဖွင့်ပြပေးတယ်။ အဲဒီစကားကို ဘုန်းကြီးပြောမယ်။

သောတာပတ္တိမဂ္ဂဉာဏ်နေ အဘိသခါရဝိညာဏာဿ နိရောဓေနာတိ သောတာပတ္တိမဂ္ဂ သမ္မယုတ္တပညာယ ကုသလာကုသလစေတနာသမ္မယုတ္တစိတ္တဿ အဘဗ္ဗုပ္ပတ္တိကဝသေန နိရုဇ္ဈနေန-တဲ့၊ ဒါက စူဠနိဒ္ဒေသအဋ္ဌကထာစကား။ ဒီတရားဟာ ပါဠိတော်နဲ့ အဋ္ဌကထာ စကားတွေကို ပြောနေခြင်း ဖြစ်တော့ ဘုန်းကြီးတို့ ဂရိသတ်နားလည်အောင် မနဲကြိုးစားပြီး ပြောပေးနေရတယ်၊ စာပေနယ်ထဲက ပုဂ္ဂိုလ်တွေကတော့ဖြင့် ဒါနားလည်နေတယ်၊ စာပေမလိုက်စားဘူး တရားရိုးရိုးသာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ဖြင့် တော်တော်ခေး ကြိုးစားပြီး နားလည်အောင် နားထောင်ရလိမ့်မယ်။

ချုပ်တယ်ဆိုရာ၌ သိမှတ်ဖွယ်။ ။ဝိပဿနာတရားအားထုတ်တဲ့အခါမှာ ဘုန်းကြီးတို့ကို မကြာမကြာ လျှောက်လျှောက် နေကြတာ ရှုနေတဲ့စိတ်ရော အရှုခံတဲ့တရားတွေကော တခုမှ မရှိဘူးဘုရား၊ ချုပ်ကုန်ပြီ၊ ချုပ်ကုန်ပြီလို့ ပြောနေကြတယ်၊ အဲဒီအခါ ဘယ်နှဖြစ်နေသလဲ ဆိုတော့ အေးနေတာဘဲတဲ့၊ ပါဠိတော်က သောတာပတ္တိမဂ်ချုပ်ပုံကို ဘယ်နှ ပြထားသလဲလို့ဆိုတော့ သောတာပတ္တိမဂ်ဉာဏ်သည် အဘိသခါရဝိညာဏ်ကို ချုပ်တယ်၊ စူဠနိဒ္ဒေသပါဠိတော်က အဘိသခါရဝိညာဏ်ကို သောတာပတ္တိမဂ်ဉာဏ်က ချုပ်တယ်ဆိုတာ ဘယ်လိုချုပ်တာလဲဆိုတော့ အဋ္ဌကထာဆရာက ဖွင့်ပေးထားတယ်။ ဒီနေရာမှာ ဘယ်လို ဖွင့်ပေးသလဲ။

သောတာပတ္တိမဂ္ဂဉာဏ်နေ အဘိသခါရဝိညာဏာဿ နိရောဓေနာတိ သောတာပတ္တိ။ပ။နိရောဓေန – ဟူသည်ကား—

http://www.dhammadownload.com

အဘိသခ်ါရဝိညာဏ်တရားကိုယ်။ ။အဋ္ဌကထာဆရာစကားက သောဘာပတ္တိမဂ်ဉာဏ်သည် အဘိသင်္ခါရဝိညာဏ်ကို ချုပ်တယ်ဆိုတာ-တဲ့။ သောဘာပတ္တိမဂ္ဂသမ္မယုတ္တပညာယ၊ သောဘာပတ္တိမဂ်နှင့် အတူတကွဖြစ်သော မဂ်ပညာသည်။ ကုသလာ ကုသလ စေတနာသမ္မယုတ္တ-စိတ္တဿ၊ ကုသိုလ်, အကုသိုလ်စေတနာနှင့် အတူတကွ တွဲပြီးတော့ ဖြစ်သော စိတ်ကို။ အဘာဗုပ္ပတ္တိကဝသေန၊ ဖြစ်ခွင့်မပေးသည်၏ အစွမ်းအားဖြင့်။ နိရုဇ္ဈနေန၊ ချုပ်ခြင်းကြောင့်။ (ဒါက အဋ္ဌကထာစကား)သောဘာဟတ္တိမဂ်ဉာဏ်ပေါ်လာတဲ့ပုဂ္ဂိုလ်မှာ ဘာချုပ်သွားသလဲ အဘိသင်္ခါရဝိညာဏ်ချုပ်သွားတယ်၊ ဟုတ်တယ် ဘုန်းကြီးတို့ပရိသတ်၊ အဘိသင်္ခါရဝိညာဏ်ဆိုတာ ဘာလဲ အကုသိုလ်စေတနာနှင့် ယှဉ်သော ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခု ဝိစိကိစ္ဆာနှင့် ယှဉ်သော စိတ်တခု၊ ဟုတ်လား (မှန်ပါဘုရား)။

ဒါ သောဘာပတ္တိမဂ်အတွက် ပြောနေတာနော်၊ အဲဒီ ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာနှင့်ယှဉ်သော စိတ်တခုဟာ ဘယ်မှာရှိသလဲဆိုတော့ လောဘမူစိတ် ရှစ်ခုထဲမှာရှိတယ်၊ မောဟမူစိတ်နှစ်ခုထဲမှာ ဝိစိကိစ္ဆာရှိတယ်၊ ဒိဋ္ဌဂတသမ္မယုတ် စိတ်လေးခုမှာရှိတဲ့ ဒိဋ္ဌစေတသိက်က ဘာကို ပြောတာလဲဆိုတော့ အဘိနိဝေသ ပရာမာသဒိဋ္ဌ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်) ရူပ်နာမ်မမ္မသခ်ါရတွေကို ယောကျ်ား မိန်းမရယ်လို့ မှားသောအားဖြင့် ယူစွဲသုံးသပ်ခြင်းကို ဒိဋ္ဌလို့ခေါ်တာတဲ့။

သောဘာပတ္တိမဂ်ဉာဏ်ခေါ်ပုံ။ ။ဒီတော့ သောဘာပတ္တိမဂ်ဉာဏ်ကို ရလိုက်သည်နှင့်တပြိုင်နက်ထဲ ဩဇော်-ဒါယောကျ်ား မဟုတ်ဘူး၊ မိန်းမ မဟုတ်ဘူး၊ ရူပ်နာမ်မမ္မ သခ်ါရတရားတွေ ဖြစ်ခြင်း ပျက်ခြင်း သဘောတွေ နှိပ်စက်ပြီးတော့ ဒုက္ခသစ္စာတရားတွေသာ ရှိပါကလားလို့ အဲဒီလို သိလိုက်တဲ့ အသိဉာဏ်ကို သောဘာပတ္တိမဂ်ဉာဏ်လို့ ခေါ်တယ်၊ ရူပ်နာမ်မမ္မသခ်ါရတရား ဒုက္ခသစ္စာဘဲလို့ သိလိုက်ရင် ဒီရူပ်နာမ်မမ္မသခ်ါရဖြစ်တဲ့ ဒုက္ခသစ္စာတရားအပေါ်မှာ ရာဂဖြစ်သေးသလား မဖြစ်တော့ဘူးလား (မဖြစ်တော့ပါဘုရား)၊ ရာဂမဖြစ်တာကို ပါဠိအသုံးအနှုန်းက—

"ဝိရာဂ"လို့ ခေါ်တယ်။ ဘာလို့ခေါ်သလဲ ဝိရာဂလို့ခေါ်တယ်၊ အဲဒီဝိရာဂကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်က မဂ်လို့နာမည်တပ်လိုက်တယ်၊ ဝိရာဂေါတိ မဂ္ဂေါ-တဲ့။ ဒီတော့ ဝိရာဂတည်းဟူသော မဂ်ဉာဏ်ပေါ်ရင် မဂ်ဉာဏ်ဝင်လာရင် ရှစိတ်ချုပ်ရမှာလား အရှုခံတရားတွေ ချုပ်ရမှာလား အဘိသင်္ခါရဝိညာဏ်ချုပ်ရမှာလား (အဘိသင်္ခါရဝိညာဏ် ချုပ်ရမှာပါဘုရား)၊ မှတ်မိလောက်ပလား(မှန်ပါဘုရား)။

http://www.dhammadownload.com

ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်ကို အဘိသခ်ါရဝိညာဏ်ခေါ်ပုံ အဘိသခ်ါရဝိညာဏ်ဆိုတာ ဘာကိုခေါ်သလဲ ဘုရားလို့ဆိုတော့ အဘိသခ်ါရဝိညာဏ်ဆိုတာ ကုသိုလ်, အကုသိုလ်စေတနာတို့နှင့် ယှဉ်သော စိတ္တုပ္ပါဒ်ကို အဘိသခ်ါရဝိညာဏ်လို့ ခေါ်သည်။ အဲဒီ ကုသိုလ်, အကုသိုလ် စေတနာတို့နှင့်ယှဉ်သော စိတ္တုပ္ပါဒ်ဆိုတာ အကုသိုလ်စိတ္တုပ္ပါဒ်နှင့်ယှဉ်တဲ့ လောဘမူစိတ်ရှစ်ခုတို့ ဒေါသမူစိတ်နှစ်ခု မောဟမူစိတ်နှစ်ခုတို့ ပါဘဲ၊ စိတ်ပိုင်း စေတသိက် ရုပ်ပိုင်းလောက်တော့ဖြင့် နားလယ်အောင် သင်ထားကြစမ်းပါ၊ ပဋိစ္စသမုပ္ပါဒ်ကိုလဲ ပဋိစ္စသမုပ္ပါဒ်သင်တန်း ဖွင့်တဲ့နေရာမှာ သွားတက်ကြပါ။ ဝိပဿနာသင်တန်း ဖွင့်နေတဲ့နေရာမှာ သွားတက်ပါ။ အသိဉာဏ်တွေ တိုးပွါး အောင်လို့ ခု ဘုန်းကြီးပြောပေးနေတာ၊ ဒီနေရာတွေကိုရောက်အောင် ဘုန်းကြီး တွန်းပို့နေတာ၊ ဝိပဿနာအားထုတ်တဲ့နေရာတွေ ရောက်အောင် သွားကြစမ်းပါ။

ပါဋိတော် ကိုးကားပြချက်။ ။ခု တရားအားထုတ်တဲ့နေရာမှာ သောတာပတ္တိ မဂ်ကိုဝင်လို့ ချုပ်ပြီဆိုတော့ ဘာချုပ်ရမလဲ (အဘိသခ်ါရဝိညာဏ်ပါဘုရား)၊ ရှုစိတ်ချုပ်ရမလား၊ (မဟုတ်ပါဘုရား)၊ အရှုခံ တရားတွေ ချုပ်ရမှာလား (မဟုတ်ပါဘုရား)၊ ဘယ်သူ ချုပ်ရမလဲ(အဘိသခ်ါရ-ဝိညာဏ်ပါဘုရား)၊ အဲဒါတွေကို ဘယ်သူက ပြောသလဲဆိုတော့ စူဋ္ဌနိဒ္ဒေသ-ပါဋိတော်က ပြောပါတယ်၊ သောတာပတ္တိမဂ္ဂဉာဏေန အဘိသခ်ါရဝိညာဏဿ နိရောဓေန။

သောတာပတ္တိမဂ်နှင့်ယှဉ်သောဉာဏ်သည် အဘိသခ်ါရဝိညာဏ်ကို ချုပ်ခြင်း ကြောင့် ဒီသောတာပန် ပုဂ္ဂိုလ်သည် ခုနစ်ဘဝကိုချန်ထား၊ အနမတဂ္ဂ သံသရာ တခွင်မှာ ဖြစ်လတ္တံ့ ဖြစ်သော ရုပ်နာမ်ဓမ္မ သခ်ါရတွေ အကုန်လုံး ချုပ်ကုန်ပြီတဲ့၊ ဒါကြောင့် ပြောတာ။ ကဲ ဒါဖြင့် အဘိသခ်ါရဝိညာဏ်ဆိုတာ ဘယ်သူလဲလို့-ဆိုတော့ အဋ္ဌကထာ ဆရာက ပြောပေးတယ်၊ ကုသလာ ကုသလ စေတနာ သမ္မ-ယုတ္တ စိတ္တဿ အဘဗ္ဗုပ္ပတ္တိကဝသေန၊ကုသိုလ် အကုသိုလ် စေတနာနှင့်ယှဉ်သော စိတ္တုပ္ပါဒ်တွေကို ဖြစ်ခွင့်မပေးသည်၏ အစွမ်းအားဖြင့် ချုပ်ခြင်းကြောင့် ဒီလို ပြောတယ်၊ မဂ်ချုပ်ဘယ်ဆိုတာ အဘိသခ်ါရဝိညာဏ်ကိုသာ ချုပ်တယ်၊ သေသေ ချာချာ ရေးမှတ်ထား၊ မဂ်က ချုပ်တယ်ဆိုတာ ဘယ်သူကို ချုပ်သလဲ (အဘိ-သခ်ါရဝိညာဏ်ကို ချုပ်ပါတယ်ဘုရား)။

အဘိသခ်ါရ ဝိညာဏ်ဆိုတာ ဘာလဲ၊ ပုညာဘိသခ်ါရ အပုညာဘိသခ်ါရ အာနေဥာဘိသခ်ါရမှာ ရှိနေတဲ့ စိတ္တုပ္ပါဒ်တွေကို အဘိသခ်ါရဝိညာဏ်လို့ ခေါ်သည်။ ကိုင်း ရှေ့သွားမယ်—

ဝိညာဏ်ချုပ်ပုံ ၂-မျိုး။ ။အဘိသခ်ါရ ဝိညာဏ်ချုပ်ပြီလို့-ဆိုတော့ ချုပ်ထာ နှစ်မျိုးရှိတယ်လို့ အဋ္ဌကထာက ဆိုတယ်။

http://www.dhammadownload.com

တတ္ထ ဒုဝိဓော နိရောဓော အနုပါဒိန္နက နိရောဓော ဥပါဒိန္နက နိရောဓောတိ။

ချုပ်ပုံ ဘယ်နှစ်မျိုး ရှိသလဲဆိုတော့ နှစ်မျိုးရှိပါတယ်-တဲ့။ အနုပါဒိန္နက နိရောဓ ဥပါဒိန္နက နိရောဓ၊ အနုပါဒိန္နကချုပ်-ဥပါဒိန္နကချုပ်ဆိုတာကိုတော့ဖြင့် ဘုန်းကြီးတို့ ပရိသတ် နားလည်လောက်ပါတယ်၊ သင်္ကြိဟ်သင်တန်းတွေ တက်ထားတာဖြစ်တော့ နားမလည်သေးရင် သွားပြီးတော့ တက်ကြပါ။

အနုပါဒိန္နကချုပ်ပုံ။ ။ဒီတော့ အနုပါဒိန္နကနိရောဓ ဥပါဒိန္နကနိရောဓ-လို့ ချုပ်ပုံ နှစ်မျိုးရှိတယ်၊ အဲဒီချုပ်ပုံ နှစ်မျိုးမှာ ရှေးဦးစွာ အနုပါဒိန္နက နိရောဓကို ပြောမယ်၊ ဘယ်လိုလဲ အနုပါဒိန္နက နိရောဓ-က—

သောတာပတ္တိမဂ္ဂေန ဟိ စတ္တာရိ ဒိဋ္ဌိသမ္မယုတ္တာနိ ဝိစိကိစ္ဆာ-သဟဂတာနိ ပဉ္စ စိတ္တာနိ နိရုဇ္ဈန္တိ။

သောတာပတ္တိမဂ်သည် လောဘမူစိတ် ရှစ်ခုမှာရှိတဲ့ ဒိဋ္ဌိဂတသမ္မယုတ်စိတ် လေးခုနဲ့ မောဟမူစိတ်မှာရှိတဲ့ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ-လို့ခေါ်တဲ့ အဲဒီစိတ် ငါးလုံးကို ချုပ်ပစ်လိုက်တာဘဲတဲ့။ သောတာပတ္တိမဂ်ဉာဏ်၏ ဒိဋ္ဌိဂတသမ္မယုတ် စိတ်နှင့် အဲဒီ ဝိစိကိစ္ဆာကို ချုပ်ပစ်လိုက်တော့ ဘွဲ့ဘယ်လိုဖြစ်သလဲ၊ ချုပ်ပစ်လိုက်ပြီနော် ဒိဋ္ဌိဂတသမ္မယုတ်နှင့် ဝိစိကိစ္ဆာကို မင်္ဂ ချုပ်လိုက်ပြီ၊ အကယ်၍ မချုပ်ရင် ဒိဋ္ဌိဂတသမ္မယုတ်လေးခုနှင့် ဝိစိကိစ္ဆာ၊ ဒီစိတ်ငါးခု မချုပ်ရင် တာနိ ရူပံ သမုဋ္ဌာပေန္တိ။ တာနိ၊ ထို ဒိဋ္ဌိဂတသမ္မယုတ် စိတ်လေးခုနဲ့ ဝိစိကိစ္ဆာ-လို့ခေါ်တဲ့ စိတ်ငါးခုတို့သည်။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။

အဲဒီ ဒိဋ္ဌိဂတသမ္မယုတ် စိတ်လေးခုနဲ့ ဝိစိကိစ္ဆာတခုဟာ ဘယ်သူ့ကို ဖြစ်စေတတ်သလဲ ဆိုတော့ ရုပ်ကို သူက ဖြစ်စေတတ်ပါတယ်။ တံ အနုပါဒိန္နက် ရူပက္ခန္ဓော၊ အဲဒီ ဒိဋ္ဌိဂတသမ္မယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာစိတ် တခု၊ ဒီငါးခု ကြောင့် ဖြစ်တဲ့ ရုပ်သည် အနုပါဒိန္နက ရူပက္ခန္ဓာလို့-ခေါ်ပါတယ်။

အနုပါဒိန္နကကို ခန္ဓာဖွဲ့ပြခြင်း။ ။သောတာပတ္တိမဂ်ဉာဏ်သာ မပေါ်ရင် ဒိဋ္ဌိဂတသမ္မယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာစိတ် တခု၊ ဒီငါးခုဟာ ဘယ်သူ့ကို ဖြစ်စေသလဲ ရုပ်ကို ဖြစ်စေတယ်၊ အဲဒီ ရုပ်ဟာ ဘာရုပ်လဲ အနုပါဒိန္နကရုပ်၊ တာနိ စိတ္တာနိ ဝိညာဏက္ခန္ဓော၊ အဲဒီစိတ်ငါးခုဟာ ဘာခန္ဓာလဲ ဝိညာဏက္ခန္ဓာ၊ တံသမ္မယုတ္တာ ဝေဒနာ သညာ သင်္ခါရာ တယော အရူပက္ခန္ဓာ၊ ဒိဋ္ဌိဂတသမ္မယုတ် စိတ်လေးခုမှာ ယှဉ်တဲ့ဝေဒနာရယ် သညာရယ် သင်္ခါရရယ်ဆိုတဲ့ ဒီတရားသုံးမျိုးဟာ နာမ်ခန္ဓာသုံးပါး၊ ပေါင်းတော့ ခန္ဓာငါးပါး မရဘူးလား၊ (ရပါတယ်ဘုရား)။ ခန္ဓာငါးပါးဖြစ်တယ်၊ ဒီနေရာမှာ အကျယ်

http://www.dhammadownload.com

ခဲ့ပြီးတော့ အဋ္ဌကထာက တတ္ထ ဆိုပြီး စကားပြောပါတယ်။ ဘယ်နဲ့ ပြောသလဲ—

သစေ သောတာပန္နဿ သောတာပတ္တိမဂ္ဂေါ အဘာဝိတော အဘာဝိဿာ၊ တာနိ ပဋ္ဌစိတ္တာနိ ဆသု အာရမ္မဏေသု ပရိယုဋ္ဌာနံ ပါပုဏေယျုံ။

အကယ်၍ သောတာပန်ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ် မပေါ်သေးဘူးဆိုရင် အဲဒီ ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာတခုလို့ဆိုတဲ့ ဒီစိတ်ငါးခုတို့သည် ဆသု အာရမ္မဏေသု၊ ခြောက်ပါးသောအာရုံတို့၌။ ပရိယုဋ္ဌာန်၊ ထကြွသောင်းကျန်းခြင်းသို့။ ပါပုဏေယျုံ၊ ရောက်ကုန်ရာ၏။

သောတာပတ္တိမဂ်ပယ်စိတ်ငါးပါး သောင်းကျန်းပုံ အကယ်၍သာ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာစိတ်တခုဟာ မချုပ်ရင် ဒိဋ္ဌဂတသမ္မယုတ်စိတ်နှင့် ဝိစိကိစ္ဆာတခု၊ ဤငါးခုဟာ အာရုံခြောက်ပါးမှာ သူထကြွ သောင်းကျန်းလိမ့်မယ်တဲ့။ ဘယ်လို ထကြွသောင်းကျန်းမယ်ဆိုတာ အဋ္ဌကထာမှာမပါဘူး၊ မပါပေမဲ့ ထကြွသောင်းကျန်းပုံကို ဘုန်းကြီးပြောပေးဦးမယ်၊ ပါဠိတော်ကိုးကားချက်နဲ့—

ဘုန်းကြီးတို့ပရိသတ် ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာစိတ်တခု၊ ဒီစိတ် ၅-ခုရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ချုပါရုံတခုကိုမြင်လိုက်ရင် ဘယ်လိုထကြွသောင်းကျန်း လာသလဲ ဆိုရင် အာရုံခြောက်ပါးမှာ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ၊ ဤခြောက်ပါးမှာ ဒီစိတ်ငါးခုဟာ သောင်းကျန်းလိမ့်မယ်။

ပရိယုဋ္ဌာန ကိလေသာ ဖြစ်တော့မယ်၊ ဘယ်လိုဖြစ်သလဲ ရူပါရုံတခုကို မြင်လိုက်ရင် ဧတံ မမ၊ ဧသောဟ မသ္မိ၊ဧသော မေ အတ္တာတိ သမနုပဿတိ—စက္ခုနဲ့ ရူပါရုံကိုမြင်လိုက်ရင် ဘယ်သူ မြင်သလဲဆိုတော့ ငါမြင်တာ၊ ဧတံ မမ၊ ဧတံ၊ ဤမြင်တယ်ဆိုသော သဘောတရားသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာပါပေတည်း။ ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုမှာရှိတဲ့ လောဘ တဏှာပေါ်လာတယ်။ ဧသောဟ မသ္မိ၊ ဧသော၊ ဤမြင်တယ်ဆိုတဲ့ သဘောတရားသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏ (မာန)။ ဧသော မေ အတ္တာ၊ဧသော၊ ဤမြင်တယ်ဆိုတဲ့ သဘောတရားသည်။ မေ၊ ငါ၏။ အတ္တာ၊ အားကိုးရာဖြစ်တဲ့ အတ္တတရားပေတည်း (ဒိဋ္ဌိ)။

ဒိဋ္ဌနှင့် ဝိစိကိစ္ဆာ သောင်းကျန်းပုံ။ ။အဲဒီ အတ္တကျတော့ ဘယ်လိုခဲ့ပြသလဲ ဆိုတော့ နှစ်ဆယ် ခဲ့ပြ သွားတယ်၊ သက္ကာယဒိဋ္ဌနှစ်ဆယ်။ အဲဒါကို နောက်ပိုင်းမှာ ဟောပေးမယ်။ မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း နံတိုင်း နံတိုင်း စားတိုင်း စားတိုင်း ထိတိုင်း ထိတိုင်း သိတိုင်း သိတိုင်း ဆိုတဲ့ ဒီအာရုံခြောက်ပါးမှာ ဒိဋ္ဌဂတသမ္မယုတ်စိတ်

http://www.dhammadownload.com

လေးခုနဲ့ ဝိစိကိစ္ဆာ သောင်းကျန်းနေသလား မနေဘူးလား။ (သောင်းကျန်းနေပါတယ်ဘုရား)။

ဘယ်လိုသောင်းကျန်းနေသလဲ၊ တေ မမ-လို့ သောင်းကျန်းနေတယ်၊ သော ဟမသို့-လို့သောင်းကျန်းနေတယ်၊ သော မေ အတ္တာ-လို့ သောင်းကျန်းနေတယ်၊ တဏှာ မာန ဒိဋ္ဌိ၊ ဟုတ်လား (မှန်ပါတယ်ဘုရား)။ မချုပ်တော့ဘူးဟုတ်လား (မှန်ပါတယ်ဘုရား)။ အဲသလို သောင်းကျန်းနေတာတွေကို သောတာပတ္တိမဂ်ဉာဏ်က ဒိဋ္ဌိဂတသမ္ပယုတ်စိတ်နဲ့ ဝိစိကိစ္ဆာကို အဲဒီအာရုံခြောက်ပါးမှာ သောင်းကျန်းခွင့် သူက မပေးတော့ဘူး။

သောတာပတ္တိမဂ္ဂေါ ပန နေသံ ပရိယုဋ္ဌာနုပ္ပတ္တိံ ဝါရဃမာနော သေတုသမုဂ္ဃါတံ အဘာဗုပ္ပတ္တိကဘာဝံ ကုရုမာနော အနုပါဒိန္နကံ နိရောဓေတိ နာမ။ ။ဒါ အနုပါဒိန္နက နိရောဓ။

သောတာပတ္တိမဂ္ဂေါ ပန၊ သောတာပတ္တိမဂ်သည်ကား။ နေသံ၊ ထို ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာစိတ်တို့ကို။ (ဆသု အာရမ္မဏေသု၊ ခြောက်ပါးသောအာရုံတို့၌)။ ပရိယုဋ္ဌာနုပ္ပတ္တိံ၊ ထကြွသောင်းကျန်းခွင့်ကို။ ဝါရယမာနော၊ တားဆီးလျက်။ သေတုသမုဂ္ဃါတံ၊ တံတားသဖွယ်ဖြစ်သော အကုသိုလ် အညစ်အကြေးကို ဖြတ်ခြင်းဟုဆိုအပ်သော။ အဘာဗုပ္ပတ္တိကဘာဝံ၊ တဖန်ဖြစ်ခွင့်မပေးသည်၏အဖြစ်ကို။ ကုရုမာနော၊ ပြုလုပ်လျက်။ အနုပါဒိန္နကံ၊ အနုဇါဒိန္နကခန္ဓာကို။ နိရောဓေတိ နာမ၊ ချုပ်စေသည်မည်၏။ ဒါ အနုပါဒိန္နကနိရောဓကို ပြောတာ။

သောတာပတ္တိမဂ်ဉာဏ်ပေါ်က ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပျောက်ခြင်း

သောတာပတ္တိမဂ်ဉာဏ်လဲပေါ်လာရော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာစိတ် တခု၊ ပေါင်းငါးခုတို့ မရှိတဲ့အတွက် အာရုံခြောက်ပါးကို မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း နံတိုင်း နံတိုင်း စားတိုင်း စားတိုင်း တွေထိတိုင်း တွေထိတိုင်း သိတိုင်း သိတိုင်း ကြံစည်တိုင်း ကြံစည်တိုင်း ငါလို့စွဲအုံးမလား (မစွဲတော့ပါဘုရား)၊ မြတ်စွာဘုရားက အဲဒီနေရာ ဘာတခု ဟောသလဲဆိုတော့–

မဟာဝဂ္ဂသံယုတ်ပါဠိတော် နခသိခသုတ်၊ နှာ-၄၀၀ မှာ—

မဂ်ဉာဏ်ပေါ်ရာဌ် သိမှတ်ဖွယ်ရာ

ဟောပုံစကားပြေလေး ဘုန်းကြီးပြောပေးဦးမယ်၊ချစ်သားတို့ အဲသလို သောတာပတ္တိမဂ်ဉာဏ်တခု ချစ်သားတို့မှာ ပေါ်လာမယ်ဆိုရင် လက်သည်းပေါ်မှာ မြေမှုန့်ကလေးတခု တင်ထား၊ ချစ်သားတို့ ငါဘုရားရဲ့လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်နဲ့ အောက်က

http://www.dhammadownload.com

မဟာပထဝီမြေကြီးနဲ့ ဘယ်သူက များသလဲ ပထဝီမြေကြီးက များတယ်၊ လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်က နဲတယ်နော် (မှန်ပါဘုရား)၊ သောတာပတ္တိမဂ်ဇောများ ပေါ်လာမယ် ဆိုရင် ထိုသောတာပတ္တိမဂ်ဇော ပိုင်ရှင် ဖြစ်တဲ့ သတ္တဝါသဏ္ဌာန်မှာ ဒုက္ခဟူသရွှေ တွေဟာ လက်သည်းပေါ်ရှိတဲ့ မြေမှုန့်လောက်သာကျန်တော့တယ်။ ကုန်သွားတဲ့ ဒုက္ခတွေဟာ ဟောဒီ အောက်က မဟာပထဝီမြေကြီးလောက်ရှိတယ်။

ပထဗျာ ဧကရဇွေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗာလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ[၁]။

လူနတ်စည်းစိမ်ထက် သောတာပတ္တိမဂ်ဉာဏ်မြတ်ပုံ

လေးကျွန်းလုံး အစိုးရသော စကြာမင်းကြီး၏ စည်းစိမ်ချမ်းသာထက်လည်းကောင်း၊ နတ်ပြည်ကိုရောက်သော စည်းစိမ် ချမ်းသာထက်လည်းကောင်း၊ ဗြဟ္မာပြည်ရောက်ပြီးတော့ တလောကလုံးကို အုပ်စိုးသော ချမ်းသာထက်လည်းကောင်း သောတာပတ္တိဖိုလ်က ပိုပြီးတော့ မြတ်တယ်-တဲ့၊ မြတ်စွာဘုရားက ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ သောတာပတ္တိမဂ်ဉာဏ်သည် အဘိသခ်ါရဝိညာဏ်ကို ချုပ်ခြင်းကြောင့် အဘိသခ်ါရဝိညာဏ်ဆိုတာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာစိတ်တခု၊ ပေါင်း ငါးခု ချုပ်သွားခြင်းကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာတခုသည် အာရုံခြောက်ပါးကို မြင်တဲ့ ကြားတဲ့ နံတဲ့ စားတဲ့ ထိတဲ့ သိတဲ့ အခါမှာ ငါဘဲ-ငါ့ဥစ္စာဘဲလို့ ဆိုတဲ့ ထကြွသောင်းကျန်းခွင့်တွေကို ရသေးလား မရတော့ဘူးလား(မရပါဘုရား)၊ ကိလေသာဖြစ်ခွင့်ရသေးလား(မရပါဘုရား)၊ အဘဗ္ဗုပ္ပတ္တိကဘာဝံ ကုရုမာနော အနုပါဒိန္နကံ နိရောဓေတိနာမ၊ဒါအနုပါဒိန္နက နိရောဓ။

ကိုင်း ဥပါဒိန္နကနိရောဓကို ပြောကြစို့၊ ဥပါဒိန္နကနိရောဓဆိုတာ ဘာတဲ့လဲ ဆိုတော့—

သစေ ပန သောတာပန္နဿ သောတာပတ္တိမဂ္ဂေါ အဘာဝိတော အဘဝိဿာ၊ အကယ်၍ သောတာပန်ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ် မဖြစ်ဘူးဆိုရင်—

ဌပေတွာ သတ္တ ဘဝေ အနမတဂ္ဂေ သံသာရဝဋ္ဌေ ဥပါဒိန္နကက္ခန္ဓပဝတ္တံ ပဝတ္တေယျ။ ခုနစ်ဘဝကိုချန်ထားပါတဲ့၊ အနမတဂ္ဂသံသရာဝဋ္ဌမှာ ဥပါဒိန္နကခန္ဓာ ဆိုတာ ဖြစ်နိုင်ခွင့်ရှိရာ၏။

၁။ ဓမ္မပဒပါဋ္ဌိတော်၊ နှာ-၄၀။

http://www.dhammadownload.com

ဥပါဒိန္နကခန္ဓာ ဖြစ်ခြင်းအကြောင်း။ ။ဥပါဒိန္နကခန္ဓာတွေ ဆိုတာ ကမ္မဇရုပ်တွေကိုပြောတာ၊ဘာဖြစ်လို့လဲဆိုတော့ တဿ ပဝတ္တိယာ ဟေတူနံ အတ္ထိတာယ၊ အဲဒီဥပါဒိန္နကခန္ဓာတွေ ဖြစ်ဘို့ရန် အတွက်အကြောင်းရှိနေသေးလို့တဲ့၊ ဘယ်သူလဲ အဲဒီအကြောင်းက—

တီဏိ သံယောဇနာနိ, ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော။ တီဏိ သံယောဇနာနိ ဆိုတာ ဘယ်သူတွေလဲ၊ သံယောဇဉ် သုံးပါး ဆိုတာက သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဣဿာ သံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ် သုံးပါး။ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ၊ ပေါင်းကိလေသာ ငါးပါး။

ဣမေ ပန ပဉ္စ ကိလေသေ သော မဂ္ဂေါ ဥပ္ပဇ္ဇမာနော၀ သမုဂ္ဃါတေတိ။ သော မဂ္ဂေါ၊ ထိုသောတာပတ္တိမဂ်သည်။ ဣမေ ပန ပဉ္စ ကိလေသေ၊ ဤငါးပါး သော ကိလေသာတို့ကို။ ဥပ္ပဇ္ဇမာနော၀၊ ဖြစ်၍သာလျှင်။ သမုဂ္ဃါတေတိ၊ အကြွင်းမဲ့ပယ်သတ်၏။

နိရောဓသစ္စာခေါ ပံု။ ။ဥပါဒိန္နခန္ဓာကဖြစ်ခြင်းအကြောင်း မရှိတော့ဘူးနော်-အဲဒီ အကြောင်းမရှိရင် ဥပါဒိန္နကခန္ဓာဆိုတဲ့ အကျိုးပေါ်ဦးမလား မပေါ်တော့ဘူးလား၊ (မပေါ်ပါဘုရား)၊ အကြောင်းအကျိုး ဒီနေရာမှာ ချုပ်သွားတာကို နိရောဓသစ္စာလို့ ခေါ်ပါတယ်။

အဲဒီလို အကြောင်းတရားနဲ့ အကျိုးတရားတို့ ချုပ်ငြိမ်းသွားသည် ဖြစ်သောကြောင့် ဥပါဒိန္နက နိရောဓ ဖြစ်ပုံကို စူဠနိဒ္ဒေသ အဋ္ဌကထာ နှာ(၄)ဆရာက—

> ဣဒါနိ ကုတော သောတာပန္နဿ သတ္တ ဘဝေ ဌပေတ္ဝာ အနုပဒဂ္ဂေ သံသာရဝဋ္ဋေ ဥပါဒိန္နကပဝတ္တံ ပဝတ္တိဿတိ။ ဧဝံ သောတာပတ္တိမဂ္ဂေါ ဥပါဒိန္နကပဝတ္တံ အပ္ပဝတ္တံ ကုရုမာနော ဥပါဒိန္နကံ နိရောဓေတိ နာမ-တဲ့။

ဥပါဒိန္နကခန္ဓာချုပ်ပုံ။ ။ဆိုလိုတာက အဲဒီလို အကြောင်းအကျိုး ချုပ်ပြီးတဲ့အခါ သောတာပန် ဖြစ်သွားတဲ့ ပုဂ္ဂိုလ်အား ခုနစ်ဘဝကို ချန်ထား၍ အနုပဒဂ္ဂ သံသရာဝဋ်၌ ဥပါဒိန္နက ခန္ဓာသည် အဘယ်မှာ ဖြစ်ခွင့်ရှိပါတော့အုံးနည်း၊ ခုနစ်ဘဝသာ ဥပါဒိန္နကခန္ဓာ ဖြစ်ခွင့်ရှိတော့သည်၊ ခုနစ်ဘဝထက်ပို၍ ရှစ်ကြိမ်မြောက်သော ဘဝမှစပြီး ဥပါဒိန္နကခန္ဓာ ဖြစ်ခွင့်မရှိတော့ဘူးလို့ ဆိုလိုတယ်၊ အဲဒီလို သောတာပတ္တိမဂ်သည် ဥပါဒိန္နကခန္ဓာကို ဖြစ်ခွင့်မပေးဘဲ ချုပ်ငြိမ်းစေလိုက်တယ်။

သကဒါဂါမိမဂ်ဉာဏ် ပယ်သောတရားများ သကဒါဂါမိမဂ်ဉာဏ်ကတော့ သကဒါဂါမိမဂ်ဉာဏ်သည် အဘိသခ်ါရဝိညာဏ်ကို ချုပ်ခြင်းကြောင့် နှစ်ဘဝကို ချန်ထား၊ ငါးဘဝတို့၌ဖြစ်လတ္တံ့ကုန်သော နာမ်ရုပ်တို့ကို

http://www.dhammadownload.com

သကဒါဂါမ်မိဉာဏ်က ချုပ်ငြိမ်းစေတယ်။ အဲဒီနေရာမှာ စူဠနိဒ္ဒေသအဋ္ဌကထာ နှာ (၄) က သကဒါဂါမိမဂ္ဂေန စတ္တာရိ ဒိဋ္ဌိဝိပ္ပယုတ္တာနိ ဒ္ဝေ ဒေါမနဿ သဟဂတာနီတိ ဩဠာရိက ကာမရာဂ ဗျာပါဒဝသေန ဆ စိတ္တာနိ နိရုဇ္ဈန္တိ။

သကဒါဂါမိမဂ်သည် ရူန့်ရင်းကြမ်းတမ်းသော ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခု ဒေါသမူ ဒွေး ဟု ဆိုအပ်ကုန်သော ခြောက်ပါးသော အဘိသင်္ခါရဝိညာဏ်ကို ချုပ်စေသည်မည်သောကြောင့် ထိုခြောက်ပါးသော စိတ်တို့သည် ခြောက်ပါးသောအာရုံတို့၌ ထကြွသောင်းကျန်းခွင့်ကို မရသည်ဖြစ်၍ အနုပါဒိန္နကနိရောဓ မည်၏။ အဲဒါ သကဒါဂါမိမဂ်ဖြင့် အနုပါဒိန္နကနိရောဓ မည်ပုံဘဲ။

ဥပါဒိန္နကနိရောဓ မည်ပုံကတော့—

သစေ သကဒါဂါမိဿ သကဒါဂါမိမဂ္ဂေါ အဘာဝိတော အဘာဝိဿာ။ သကဒါဂါမ်ပုဂ္ဂိုလ်အား သကဒါဂါမိမဂ်သည် အကယ်၍ မဖြစ်သည်ဖြစ်အံ့။

ဌပေတွာ ဒ္ဝေ ဘဝေ ပဥ္စသု ဘဝေသု ဥပါဒိန္နကံ ပဝတ္တံ ပဝတ္တေယျ။ နှစ်ဘဝကိုထား၍ ငါးဘဝတို့၌ ဥပါဒိန္နကခန္ဓာသည် ဖြစ်ရာ၏။ ဘာ့ကြောင့်လို့ ဆိုတော့—

တဿ ပဝတ္တိယာ ဟေတူနံ အတ္ထိတာယ။ ငါးဘဝ၌ ထိုဥပါဒိန္နကခန္ဓာ၏ ဖြစ်ကြောင်းရှိနေသောကြောင့် တဲ့။ ဖြစ်ခြင်း၏အကြောင်းက ဘယ်သူလဲဆိုတော့—

ဩဠာရိကာနိ ကာမရာဂပဋိဃသံယောဇနာနိ ဩဠာရိကော ကာမရာဂါနုသယော ပဋိဃာနုသယောတိ။

ရူန့်ရင်းကြမ်းတမ်းသော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, ရူန့်ရင်းကြမ်းတမ်းသော ကာမရာဂါနုသယ ပဋိဃတို့သည် ဥပါဒိန္နကခန္ဓာဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ အဲဒီ ဥပါဒိန္နကခန္ဓာကို ဖြစ်စေတတ်သော လေးပါးသော ကိလေသာတို့ကို ထိုသကဒါဂါမိမဂ်သည် ဖြစ်လျှင်ဖြစ်ခြင်း ပယ်သတ်၍ ပစ်၏။ ထို့ကြောင့် စူဠနိဒ္ဒေသအဋ္ဌကထာ နှာ (၅)၌—

ဣမေ ပန စတ္တာရော ကိလေသေ သော မဂ္ဂေါ ဥပ္ပဇ္ဇမာနော၁ သမုဂ္ဃါတေတိ ဟု မိန့်တော်မူ၏။

သကဒါဂါမ်ပုဂ္ဂိုလ်အား နှစ်ဘဝကို ထား၍ ငါးပါးသော ဘဝတို့၌ ဥပါဒိန္နကခန္ဓာ အဘာဝ်မှာ ဖြစ်နိုင်တော့အုံနည်း။ အဲဒီလို သကဒါဂါမိမဂ်သည် ဥပါဒိန္နကခန္ဓာကို ချုပ်စေသည် မည်၏။ အနာဂါမိမဂ်ကလဲဘဲ အနုပါဒိန္နကခန္ဓာ ဥပါဒိန္နကခန္ဓာတို့ကို ချုပ်ထာဘဲ၊ ဘယ်လိုလဲဆိုတော့—

http://www.dhammadownload.com

အနာဂါမိမဂ္ဂေန အဏုသဟဂတ ကာမရာဂဗျာပါဒဝသေန တာနိ ဧဝ ဆ စိတ္တာနိ နိရုဇ္ဈန္တိ။

အနာဂါမိမဂ်ဉာဏ် ပယ်သောတရားများ။ ။အဓိပ္ပါယ်က အနာဂါမိမဂ်သည် သကဒါဂါမိမဂ်ဖြင့် ချုပ်ပြီးသော ကာမ ရာဂ ဗျာပါဒဟု ဆိုအပ်သော နူးညံ့သိမ်မွေ့သော ဒိဋ္ဌဂတသမ္ပယုတ်စိတ် လေးခုနဲ့ ဒေါသမူဒွေဟု ဆိုအပ်ကုန်သော ခြောက်ပါးသော စိတ်တို့ကို ချုပ်တယ်၊ ဤသို့ ချုပ်ခြင်းသည်ပင်လျှင် အနုပါဒိန္နကနိရောဓမည်၏၊ အဲဒါကို ဘဲ အနုပါဒိန္နကနိရောဓလို့ ခေါ်တယ်။

ဥပါဒိန္နကနိရောဓကျတော့ ဘယ်လိုချုပ်သလဲဆိုရင်—

သစေ အနာဂါမီဿ အနာဂါမိမဂ္ဂေါ အဘာဝိတော အဘာဝိဿာ။

အကယ်၍ အနာဂါမ်ပုဂ္ဂိုလ်မှာ အနာဂါမိမဂ် မဖြစ်ဘူးဆိုရင်—

ဌပေတ္ဝာ ဧကံ ဘဝံ ဒုတိယဘဝေ ဥပါဒိန္နကပဝတ္တိ ပဝတ္တေယျ။ တဘဝကို ထား၍ နှစ်ခုမြောက်သောဘဝ၌ ဥပါဒိန္နကခန္ဓာသည် ဖြစ်ရာ၏၊ ဘာကြောင့်လဲ ဆိုတော့— တဿ ပဝတ္တိယာ ဟေတူနံ အတ္ထိတာယ-တဲ့။ ထိုကဲ့သို့ ဖြစ်ခြင်းဌါ အကြောင်းရှိနေလို့တဲ့၊ ဘယ်လိုအကြောင်းတွေလဲဆိုတော့—

အဏုသဟဂတာနိ ကာမရာဂပဋိဃသညောဇနာနိ အဏုသဟဂတော ကာမရာဂါနုသယော ပဋိဃာနုသယောတိ။

နူးညံ့သိမ်မွေ့သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, နူးညံ့သော ကာမရာဂါနုသယ ပဋိဃာနုသယတို့ဘဲတဲ့။

အနာဂါမ်ပုဂ္ဂိုလ်များ တဘဝသာ ဖြစ်ခွင့်ရှိပုံ။ ။အဲဒီသံယောဇဉ် အနုသယတွေကို အနာဂါမိမဂ်က ပယ်သတ်ပစ်တဲ့အတွက် အနာဂါမ်ပုဂ္ဂိုလ်ဟာ နောင်တဘဝသာ ဖြစ်ခွင့်ရှိတော့တယ်။ နှစ်ခုမြောက်သောဘဝ၌ ဥပါဒိန္နကခန္ဓာဖြစ်ခွင့် မရှိတော့ဘူး။ အဲဒီလို အနာဂါမိမဂ်သည် ဥပါဒိန္နကခန္ဓာကို ချုပ်ငြိမ်းစေတယ်၊ ဒါကို ရည်ရွယ်လို့ စူဠနိဒ္ဒေသ အဋ္ဌကထာ နှာ(၅)ဆရာက—

ဣမေ ပန စတ္တာရော ကိလေသေ သော မဂ္ဂေါ ဥပ္ပဇ္ဇမာနော၁-သမုဂ္ဃါတေတိ။ ဣဒါနိ ကုတော အနာဂါမိဿ ဧကံ ဘဝံ ဌပေတ္ဝာ ဒုတိယဘဝေ ဥပါဒိန္နကပဝတ္တိ ပဝတ္တိဿတိ။ ဧဝံ အနာဂါမိမဂ္ဂေါ ဥပါဒိန္နကပဝတ္တိ အပဝတ္တိ ကုရုမာနော ဥပါဒိန္နကံ နိရောဓေတိနာမ-လို့ မိန့်တော်မူတယ်။

http://www.dhammadownload.com

အရဟတ္တမဂ် ပယ်သော တရားများ။ ။အရဟတ္တမဂ်ဉာဏ်ကြတော့ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်လေးခုနဲ့ ဥဒ္ဓစ္စသဟဂုတ် စိတ်တခုလို့ဆိုတဲ့ ငါးပါးသော အကုသိုလ် အဘိသင်္ခါရဝိညာဏ်ကို ချုပ်တယ်၊ အဲဒီလို အရဟတ္တမဂ်ဉာဏ်က အဘိသင်္ခါရ ဝိညာဏ်ကို ချုပ်ခြင်းကိုပင်လျှင် အနုပါဒိန္နက နိဗ္ဗာန-လို့ခေါ်တယ်။ အဲဒါကို စူဠနိဒ္ဒေသအဋ္ဌကထာ နှာ(၄)က–

အရဟတ္တမဂ္ဂေန စတ္တာရိ ဒိဋ္ဌိဝိပ္ပယုတ္တာနိ ဥဒ္ဓစ္စ သဟဂတဉ္စာတိ ပဉ္စ အကုသလစိတ္တာနိ နိရုဇ္ဈန္တိ–လို့ မိန့်ဆိုထားတယ်။

ဒီနေရာမှာ အရိယာပုဂ္ဂိုလ်အပေါင်းတို့အား မင်္ဂလေးပါး မဖြစ်ဘူးဆိုရင် အဲဒီ အကုသိုလ်စိတ် တဆဲ့နှစ်ခုဆိုတဲ့ အဘိသင်္ခါရ ဝိညာဏ်တို့ဟာ (အဘိသင်္ခါရ ဝိညာဏ်ဆိုတာ ခန္ဓာအသစ် ဖြစ်စေတတ်သော စေတနာနှင့် ယှဉ်တဲ့ စိတ္တုပ္ပါဒ်ကို ခေါ်တယ်) မင်္ဂလာတွေသာ မပေါ်ရင် အာရုံခြောက်ပါးနဲ့ တွေ့တိုင်း တွေ့တိုင်း ဒိဋ္ဌိ တဏှာ ကိလေသာတို့ဖြင့် ထက္ကြ သောင်းကျန်းခွင့်ကို ရနေကြလိမ့်မယ်။ ခုတော့–လေးပါးသော မင်္ဂလာဉာဏ်က အဘိသင်္ခါရ ဝိညာဉ်ကို ချုပ်ခြင်းကြောင့် အာရုံခြောက်ပါးတို့၌ ဒိဋ္ဌိတဏှာ ကိလေသာတို့ဖြင့် သောင်းကျန်းခွင့်ကို ဖြစ်ခွင့်မရတဲ့ အတွက် အနုပါဒိန္နက နိဗ္ဗာန ဖြစ်သွားတယ်။

အရဟတ္တမဂ်ဉာဏ်ကြောင့် ဥပါဒိန္နက နိဗ္ဗာန ဖြစ်ပုံကတော့....သစေ အရဟတော အရဟတ္တမဂ္ဂေါ အဘာဝိတော အဘာဝိဿာ။ အကယ်၍ ရဟန္တာ ပုဂ္ဂိုလ်မှာ အရဟတ္တမဂ် မဖြစ်ဘူးဆိုရင်–

ရူပါ ရူပ ဘဝေသု ဥပါဒိန္နက ပဝတ္တံ ပဝတ္တေယျ။ ရူပဘဝ အရူပဘဝ တို့၌ ဥပါဒိန္နကခန္ဓာသည် ဖြစ်ရာ၏၊ ဘာ့ကြောင့်လဲ ဆိုတော့ ထိုဥပါဒိန္နက ခန္ဓာ ဖြစ်ခြင်းရဲ့ အကြောင်းရှိနေလို့တဲ့။ ဖြစ်ခြင်းရဲ့ အကြောင်းက ဘယ်သူတွေလဲ ဆိုတော့—

ရူပရာဂ (တဏှာ), အရူပရာဂ(တဏှာ), မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ (မောဟ), မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ–လို့ဆိုတဲ့ တဏှာ မာန မောဟ၊ အဲဒီတရားတွေသည် ဥပါဒိန္နကခန္ဓာဖြစ်ခြင်းရဲ့ အကြောင်းတွေဘဲ။

ဣမေ ပန အဋ္ဌ ကိလေသေ သော မဂ္ဂေါ ဥပ္ပဇ္ဇမာနော၁ သမုဂ္ဃါတေတိ။

အဲဒီ ကိလေသာ ရှစ်ပါးကို အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ်လာရင် အရဟတ္တမဂ်ဉာဏ်က ခွါပစ်တယ်။ အဲဒါသည်ပင်လျှင် အရဟတ္တမဂ်ဉာဏ်က ဥပါဒိန္နကခန္ဓာကို ချုပ်စေသည် မည်တယ်။

http://www.dhammadownload.com

မဂ်လေးပါးဖြင့် ဘုံဘဝချုပ်ပုံ–

(၁) သောတာပတ္တိမဂ်သည် အပါယ်လေးဘုံကို ချုပ်၏။

(၂) သကဒါဂါမိမဂ်သည် တစိတ်တဒေသသော သုဂတိကာမ ဘဝကို ချုပ်တယ်။

(၃) အနာဂါမိမဂ်ကတော့ ကာမဘဝ အားလုံးကို ချုပ်တယ်။

(၄) အရဟတ္တမဂ်က ရူပဘဝ အရူပဘဝ အားလုံးကို ချုပ်တယ်။

အဲဒါ ဥပါဒိန္နက နိဏောဘဲ၊ ဒီနေရာမှာ အဘိသင်္ခါရ ဝိညာဏသာ နိဏောနေ ဆိုတဲ့ စကားဖြင့် အနုပါဒိန္နက နိဏော ဖြစ်ပုံကို ပြတော်မူတယ်။

ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ။

ဆိုတဲ့ စကားဖြင့် ဥပါဒိန္နက နိဏောကို ပြတော်မူတယ်။ ဤသို့လျှင် အနုပါဒိန္နက နိဏော ဥပါဒိန္နက နိဏော နှစ်ပါးကို ရရှိကြကုန်သည်ဖြစ်၍ ခန္ဓာဝန် လက်စ သိမ်းပြီးလျှင် အနုပ္ပါဒ နိဗ္ဗာန်သို့ လျင်မြန်ဆောစွာ မျက်မှောက်ပြုလွယ် နိုင်ကြ သည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

အဇိတသုတ္တန် စတုတ္ထပိုင်း ပြီး၏။

http://www.dhammadownload.com

၁-အဓိတသုတ္တန် ပဋ္ဌမပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၂) ရက်။

ရန်ကုန်မြို့ ရွှေဘုန်းပွင့်စေတီတော်ကြီးအတွင်းရှိ ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာအလုပ် တက်ပုံတက်နည်းတို့ကို (ပဋ္ဌမ-ည)ဟောကြားတော်မူတဲ့ ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော အဓိတသုတ္တန် ပဋ္ဌမပိုင်း တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီသုတ္တန်တရား ဒေသနာတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် တဆဲ့ခြောက်ယောက်တို့တွင် အကြီးဆုံးဖြစ်တဲ့ အဓိတပုဏ္ဏားလို့ခေါ်တဲ့ ရသေ့ပညာရှိ မေးမြန်းတာကို မြတ်စွာဘုရား ဟောကြားတော် မူပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့သုတ္တန်ကို တရားဟောတဲ့ပုဂ္ဂိုလ် တရားနာတဲ့ ပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် တရားဟောရမှာ တရားနာရမှာ ဖြစ်တဲ့အတွက် အခု ဟောကြားလတ္တံ့ ဖြစ်တဲ့သုတ္တန်ကို ပိုင်ဆိုင်တော်မူတဲ့ တရားတော်ရဲ့ အရှင်သခင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီး ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါပဋိဘာဏများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်ပေး ဟောကြားပုံမှာ ရှေးနည်းအတိုင်း)

အနုသန္ဓေ စကား။ ။ရွှေဘုန်းတော် နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို အဓိတရသေ့ရဲ့ မေးမြန်းချက်ဖြစ်တဲ့ ပုစ္ဆာပြဿနာတို့တွင် အင်မတန် အခက်အခဲဆုံးဖြစ်တဲ့ တရားပြဿနာတွေကို ပြီးခဲ့တဲ့ညက ဟောသင့်သလောက်တော့ ဟောခဲ့

http://www.dhammadownload.com

ပြီးပြီ။ ပြည့်စုံသေးတာတော့ မဟုတ်သေးဘူး၊ ပြည့်စုံသင့်သလောက် ပြည့်စုံအောင် ဒီကနေ့ ည အဲဒီစကားဆက် ကလေးက စပြီးတော့ ကျန်တဲ့အမေးဂါထာကို ပြန်ပြီးတော့ ဟောကြစို့။

အဇိတရသေ့နှင့် ဘုရားရှင် မေး ဖြေ။ ။အဇိတရသေ့ မေးလိုက်တဲ့ အမေးတွေကို ပြန်ပြီးတော့ ဘုန်းကြီးတို့ ပရိသတ်ကို ဆက်ပေးရမယ်ဆိုရင် လောကကြီးကို ဖုံးလွှမ်းထားတာဟာ ဘယ်သူပါလဲ၊ ဘယ်တရားကြောင့် လောကကြီးဟာ မထင်မရှားဖြစ်ပြီးတော့ နေပါသလဲ မပေါ်လွင်ပါသလဲ ဆိုတဲ့ မေးခွန်းတွေကို အဇိတရသေ့က မေးတယ်၊ ဘယ်တရားသည် လောကကြီးမှ မထွက်နိုင်အောင် ကပ်ထားတဲ့ တရားဖြစ်ပါသလဲ၊ ထို လောကကြီးရဲ့ ကြီးလှစွာသော ဒုက္ခဆင်းရဲဟာ ဘာကိုခေါ်ပါသလဲလို့ အဲဒီ ပစ္ဆာတွေကို အဇိတရသေ့က မေးတော့ မြတ်စွာဘုရားက ပြန်ရှင်းပြခဲ့တယ်၊ လောကကြီးကို ဖုံးလွှမ်းထားတာဟာ အဝိဇ္ဇာ၊ လောကကြီးထဲမှာ မထင်ရှားအောင် မကျော်ကြားအောင် မပေါ်လွင်အောင် ဉာဏ်ရောင်တွေ မထွက်အောင် လုပ်ထားတဲ့ တရားကတော့ဖြင့် ဝဝိစ္ဆာခေါ်တဲ့ မစ္ဆရိယတရားနဲ့ ပမာဒခေါ်တဲ့ ကုသိုလ်ကောင်းမှုကို မေ့လျော့ခြင်းတရားဘဲ၊ ဒီတရားနှစ်ပါး၊ ဒီတရားတွေ ဘုန်းကြီးတို့ ဟောပေးခဲ့ပြီးပြီ။

သံသရာဝဋ်ဆင်းရဲက မလွတ်နိုင်အောင် ကပ်ထားတဲ့ တရားကတော့ တဏှာဘဲ၊ အဲ လောကကြီးရဲ့ အဆင်းရဲဆုံး ဘေးဆိုးကြီးကတော့ ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတဲ့ ဒုက္ခတွေဘဲ၊ အဲဒီ ဒုက္ခတွေဟာ လောကကြီးရဲ့ အဆင်းရဲဆုံး ဘေးရန်ကြီးတွေဘဲလို့ မြတ်စွာဘုရားက ဟောတယ်၊ ပြီးတော့ တခါ မြတ်စွာဘုရားကို အရှင်ဘုရား အခုမေးခဲ့တဲ့ အမေးတွေနဲ့ ပတ်သက်လို့ကတော့ဖြင့် တပည့်တော်မျှား သိရပါပြီဘုရား၊ တပည့်တော်ရဲ့ ခန္ဓာကိုယ်၊ အားလုံးသော သတ္တဝါတွေရဲ့ ခန္ဓာကိုယ်မှာ အာယတနတွေဆိုတာ ရှိပါတယ်၊ အဲဒီ အာယတနတွေမှာ အလုံးစုံသော ကိလေသာတွေ ဒုစရိုက်တွေ ဒိဋ္ဌိတွေ တဏှာတွေဆိုတဲ့ တရားတွေဟာ အမြဲတန်း ဝင်နေပါတော့တယ် မြတ်စွာဘုရား၊ ကိလေသာတွေ မဝင်အောင် တားဆီးနိုင်တဲ့ တရားက ဘယ်တရားပါလဲ၊ ကိလေသာကုန်အောင် လုပ်နိုင်တဲ့ တရားက ဘယ်တရားပါလဲ ဘုရားလို့ ဒီလိုမေးတယ် (ပုစ္ဆာတခု)။

ကိလေသာမဝင်အောင် တားဆီးနိုင်သောတရား။ ။ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်က ကိလေသာ မဝင်အောင် တားနိုင်တဲ့ တရားက ဝိပဿနာနဲ့ သမ္မယုတ္တဓမ္မ အတူတကွ တဲ့ပြီးတော့ ဖြစ်တဲ့ သတိသည် ကိလေသာမဝင်အောင် တားနိုင်တဲ့ တရားဘဲတဲ့။ ဝိပဿနာဉာဏ်တို့ မဂ်ဉာဏ်တို့ဆိုတဲ့ အဲဒီ ပညာဆိုတဲ့ ဉာဏ်ကတော့ဖြင့်

http://www.dhammadownload.com

ကိလေသာတွေကို ကုန်အောင် သတ်နိုင်တဲ့ တရားသည် ဝိပဿနာဉာဏ် မဂ်ဉာဏ် တရားဘဲတဲ့၊ မြတ်စွာဘုရားက ဒီလို ဖြေလိုက်တယ်-နော် (မှန်ပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ညကလဲ ဘုန်းကြီး ဟောပေးခဲ့တယ်၊(ကိလေသာတွေ ကုန်ချင်ရင် ကိလေသာတွေ သေစေချင်ရင် ဘယ်တရားနဲ့ သတ်ရမလဲဆိုတော့ ဝီရိယ သတိ ပညာ၊ ဒီတရားသုံးပါးနဲ့ သတ်ရမယ်၊ ဝီရိယ သတိ ပညာ တရားသုံးပါး မရှိဘဲနဲ့ တော့ဖြင့် ကိလေသာကုန်ပါရစေဆိုလို့ နိဗ္ဗာန်ရောက်ပါရစေဆိုလို့ ဘယ်နည်းနဲ့မှ မရောက်ဘူး၊ နိဗ္ဗာန်ရောက်တယ်ဆိုတာ ကိလေသာ ကုန်သွားတာကို နိဗ္ဗာန်ရောက်တယ်လို့ ခေါ်တယ်-နော် (မှန်ပါဘုရား)။)

ကိလေသာ ကင်းရာ နိဗ္ဗာန်။ ။နိဗ္ဗာန်ဆိုတာ ကိလေသာတွေ ငြိမ်းတာကို နိဗ္ဗာန်လို့ ခေါ်တယ် ဟုတ်ပလား (မှန်ပါဘုရား)။ နိဗ္ဗာန်ရောက်ပြီဆိုတာ ဘာကုန်တာလဲ(ကိလေသာကုန်တာပါဘုရား)။ ကိလေသာတွေ ကုန်သွားတာကို ဘယ်ရောက်တယ်လို့ ခေါ်သလဲ (နိဗ္ဗာန်ရောက်တယ်လို့ ခေါ်ပါတယ်ဘုရား)။ ဒါ ပုထုဇဉ်များအနေနဲ့ အဲသလောက်ဘဲ သိရတယ်၊ ဒီတော့ ကိလေသာတွေကုန်အောင် ဘာတွေ လုပ်ရမလဲ ဆိုတော့ ဝီရိယ သတိ ပညာ ရှိရမယ်၊ ဟုတ်ပလား (မှန်ပါဘုရား)။

မြင်ရာ ကြားရာ၌ ရှုမှတ်ဖွယ်။ ။ဝီရိယ သတိနဲ့ ပညာက သူတို့အစွမ်းနဲ့သူတို့ အလုပ်လုပ်ကြတော့မယ်၊ ဝီရိယ သတိနဲ့ ပညာက ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝိပဿနာ လုပ်ငန်းနဲ့ ပတ်သက်ပြီး ဟောဒီ နေရာမှာ နဲနဲလေး သရုပ်ဖော်ပေးရမယ်ဆိုရင် မြင်တဲ့ နေရာမှာ သတိထားရင် ကိလေသာဝင်ခွင့်ရသေးသလား(မရပါဘုရား)။ ကြားတဲ့နေရာမှာ သတိထားရင်, နံတဲ့နေရာမှာ သတိထားရင်, စားတဲ့နေရာမှာ သတိထားရင်, ထိတဲ့နေရာမှာ သတိထားရင်, သိတဲ့နေရာမှာ သတိထားရင် ကိလေသာဝင်ခွင့် ရသေးလား (မရပါဘုရား)။

စက်ဆုပ်နေတဲ့ နေရာမှာ သတိထားရင် ကိလေသာဝင်ခွင့် ရသေးလား (မရပါဘုရား)။ မတ်တတ်ရပ်နေတဲ့ နေရာမှာ သတိထားရင်, ထိုင်တဲ့နေရာမှာ သတိထားရင်, အိပ်တဲ့နေရာမှာ သတိထားရင် ကိလေသာဝင်ခွင့်ရသေးသလား (မရပါဘုရား)။ အဲဒါ မူလကမ္မဋ္ဌာန်းကြီး ဆယ်မျိုး ဟုတ်လား(မှန်ပါဘုရား)။

သတိ အလုပ်လုပ်ပုံ။ ။ဘုန်းကြီးတို့ ပရိသတ်က ဒီကမ္မဋ္ဌာန်းတွေကို လုပ်ကို လုပ်ဘူးနေတယ်၊ လုပ်တော့ ဘယ်လိုလုပ်လဲ သွားတယ် သွားတယ် လှမ်းတယ်လှမ်းတယ် ကြွတယ် ကြွတယ် စသည် ဒီလိုဘဲ လုပ်နေတာ။ အဲဒီလို လုပ်နေရင်း လုပ်နေရင်း သွားတဲ့ သဘောတရားတွေ ပေါ်လာတယ်၊

http://www.dhammadownload.com

ဘယ်သူသွားသလဲ ဆိုတာ ဉာဏ်ထဲမှာ ဘယ့်နဲ့ ပေါ်လာသလဲဆိုတော့ အလုပ်လုပ်နေရင်း နေရင်း ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားနဲ့ အဲဒီ သွားလိုတယ် လှမ်းလိုတယ်လို့ဆိုတဲ့ စိတ်တရားတွေ၊ အဲဒီ ရုပ် နာမ်တရားတွေ ဉာဏ်ထဲမှာ ပေါ်လာတယ်၊ ပေါ်လာရင် အဲဒီ ဉာဏ်ထဲမှာ ပေါ်လာအောင်လို့ လုပ်ပေးတာ ဘယ်သူလုပ်ပေးတာတုန်း သတိ-နော်၊ လှမ်းလိုက်တယ်ဆိုရင် သတိက ဝိပဿနာ အာရုံတွေကို ပေါ်လာအောင် ထင်ရှားလာအောင် သူက လုပ်ပေးတယ် ဟုတ်လား (မှန်ပါဘုရား)။

သတိထားလိုက်လို့ရှိရင် ဝိပဿနာအာရုံတွေ ပေါ်လာတယ်၊ ဝိပဿနာအာရုံဆိုတာ ဘာလဲ ဥပါဒါနက္ခန္ဓာတည်းဟူသော ရုပ်နဲ့ နာမ် နှစ်ခု၊ သူထက် နဲနဲလေး ကျယ်လိုက်မယ်ဆိုရင် ဥပါဒါနက္ခန္ဓာ တည်းဟူသော ရုပ်၊ ဥပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်၊ ဥပါဒါနက္ခန္ဓာတည်းဟူသော နာမ်။

ဥပါဒါနက္ခန္ဓာ ၅-ပါး။ ။သူထက် နဲနဲလေးထပ်ပြီး ကျယ်လိုက်ဦးမယ် ဆိုရင် ဥပါဒါနက္ခန္ဓာတည်းဟူသော ရုပ်၊ ဥပါဒါနက္ခန္ဓာတည်းဟူသော ဝေဒနာ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော သညာ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော သင်္ခါရ၊ ဥပါဒါနက္ခန္ဓာတည်းဟူသော ဝိညာဏ်၊ ငါးပါး။

သူထက် ကျယ်လိုက်ရင် အာယတန တဆဲ့နှစ်ပါး၊ သူထက် ကျယ်လိုက်ရင် ဓာတ်တဆဲ့ရှစ်ပါး၊ သူထက် ကျယ်လိုက်ရင် ပဋိစ္စသမုပ္ပါဒ် တဆဲ့နှစ်ပါး၊ ဒါ ဝိပဿနာလမ်းစဉ်၊ ဝိပဿနာရှုရမဲ့ တရားလုံးတွေ၊ အဲဒီ ဝိပဿနာရှုရမဲ့ တရား အားလုံးတို့ကို အကုန်လုံး အကျဉ်းချုံးလိုက်ရင် ဘာတွေ ပေါ်လာသလဲဆိုတော့ ဝိညာဏ် နာမ် ရုပ်။

သင်္ခတ အသင်္ခတ တရား ၂-မျိုး။ ။တနည်းပြောရင် ဘာတွေလဲ (စိတ် စေတသိက် ရုပ်ပါဘုရား)။ ဒါဘဲ ပေါ်လာတယ်၊ အဲဒီ တရားမှတပါး တခြား ဝိပဿနာရှုဘို့ရန် တရား မရှိဘူး၊ ပါဠိတော်မှာ မြတ်စွာဘုရား ဟောထားတာက သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာလို့ တရားနှစ်မျိုးဘဲ ဟောတယ်၊ ဘယ်နှစ်မျိုး ဟောသလဲ (နှစ်မျိုး ဟောပါတယ် ဘုရား)၊ ဘာတရားတွေတဲ့လဲ (သင်္ခတဓမ္မ အသင်္ခတဓမ္မပါ ဘုရား)။

သင်္ခတာ ဓမ္မာ အသင်္ခတာ ဓမ္မာ နော် (မှန်ပါဘုရား)၊ဘုန်းကြီးတို့ ခပ်ငယ်ငယ်က ဆိုခဲ့တဲ့ သင်္ဂြိဟ်မှာ တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။ စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိသဗ္ဗထာ တဲ့၊ လေးခု ပရမတ္ထတရား။ အဲဒီ ပရမတ္ထတရား လေးခုမှာ စိတ်ရယ် စေတသိက်ရယ် ရုပ်ရယ်ဆိုတဲ့ အဲဒီ တရား သုံးလုံးက သင်္ခတာဓမ္မာ၌ အကျုံးဝင်တယ်၊ သင်္ခတဓမ္မဆိုတာ ဘယ်နှစ်လုံးရှိသလဲ၊ (သုံးလုံးရှိပါတယ်ဘုရား)၊ ဘယ်သူလဲ စိတ် စေတသိက် ရုပ်။

http://www.dhammadownload.com

ယောဂ၊ဂန္ထ ခေါ်ပုံ။ ။ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပြောမယ်ဆိုရင် စိတ်က ဝိညာဏ်၊ စေတသိက်က နာမ်၊ ရုပ်က ရုပ်၊ ပေါင်းလိုက်တော့ ဘဝတဲ့လဲ၊ ဝိညာဏ် နာမ် ရုပ်၊ ဟုတ်ပလား(မှန်ပါဘုရား)၊ အဲဒီ ဝိညာဏ် နာမ် ရုပ်က ဘာနဲ့ ရောယှက်နေသလဲဆိုတော့ တဏှာနဲ့ ရောယှက်နေတယ်၊ ဒိဋ္ဌိနဲ့ ရောယှက်နေတယ်၊ တဏှာ ဒိဋ္ဌိ မောဟတရားကို ယှဉ်စပ်တတ်လို့ "ယောဂ" တရားလို့ ခေါ်တယ်။

အဲဒီ နာမ်ရုပ်က ဘာနဲ့ ယှဉ်စပ်နေသလဲဆိုတော့ တဏှာနှင့် ယှဉ်စပ်နေတယ်၊ ဒိဋ္ဌိနဲ့ ယှဉ်စပ်နေတယ်၊ အဝိဇ္ဇာနဲ့ ယှဉ်စပ်နေတယ်နော် (မှန်ပါဘုရား)။ ပြီးတော့ ဘာနဲ့ လုံးထွေးနေပြန်သလဲဆိုတော့ ဂန္ထတရားလို့ ခေါ်တဲ့ တဏှာ ဒိဋ္ဌိ ဒေါသနဲ့ လုံးထွေးနေတယ်၊ ရုပ်တွေ နာမ်တွေ ဝိညာဏ်တွေဟာ ဘယ်သူတွေနဲ့ လုံးထွေးနေလဲ၊ တဏှာနဲ့ လုံးထွေးနေတယ်၊ ဒီ ရုပ်တွေ နာမ်တွေ ဝိညာဏ်တွေဟာ ဒိဋ္ဌိနဲ့လဲ လုံးထွေးနေတယ်၊ ဗျာပါဒဆိုတဲ့ ဒေါသနဲ့လဲ လုံးထွေးနေတယ်နော် (မှန်ပါဘုရား)၊ အဲသလို လုံးထွေးနေတဲ့ တရားဖြစ်သောကြောင့် တဏှာ ဒိဋ္ဌိ ဒေါသတို့ကို ဂန္ထတရားလို့လဲ ခေါ်တယ်နော် (မှန်ပါဘုရား)၊ ယောဂတရားလို့လဲ ခေါ်တယ်၊ ဂန္ထတရားလို့လဲ ခေါ်တယ်။

အကုသိုလ်တရားတို့ ရေနှင့်တူပုံ။ ။သြဃ အာသဝတို့ ခေါ်တာ ကတော့ ဘုန်းကြီး ညကပြောခဲ့ပြီးပြီ၊ အဲဒီ တဏှာတို့ ဒိဋ္ဌိ ဒေါသ မောဟတို့က သူက ဘာနဲ့တူသလဲဆိုတော့ ရေနှင့်တူတယ်၊ရေဆိုတာ ဘုန်းကြီးတို့ ပရိသတ် ရေကို သွန်လောင်းချကြည့်မယ်ဆိုရင် ရေဆိုတာ အထက်ကို ဆန်သလား၊ အောက်ကို စုန်သလား၊(အောက်ကို စုန်ပါတယ်ဘုရား)၊နိမ့်တဲ့ နေရာကိုချည်း စီးသွားနေတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဝိညာဏ်ရယ် နာမ်ရယ် ရုပ်ရယ်ဆိုတဲ့ တရားဟာ အဲဒီ တဏှာ ဒိဋ္ဌိ စတဲ့ တရားများနဲ့သာ ယှဉ်စပ်နေမယ်ဆိုရင် လုံးထွေးနေမယ်ဆိုရင် ဒီရုပ် ဒီနာမ်တွေဟာ ဘယ်ကိုစုန်ဆင်းသွားမလဲ ဘယ်ကိုမြုပ်မျောသွားမလဲ၊အောက်ကိုချည်း စုန်ဆင်းသွားတယ်၊ အောက်ကိုချည်း မြုပ်မျောသွားကြတယ်၊ ဟုတ်ပလား၊ (မှန်ပါဘုရား)။

စိတ်တွေ စေတသိက်တွေ ရုပ်တွေ ဘာပြုလို့ အောက်ကို မျောသွားကြသလဲ၊ ဘာကြောင့် အပါယ်လေးပါးထိအောင် မျောသွားကြသလဲ၊ ဘယ်သူတွေက မျောယူသွားကြသလဲဆိုတော့ ခုနက တဏှာရယ် ဒိဋ္ဌိရယ် ဒေါသရယ် အဝိဇ္ဇာရယ်ဆိုတဲ့ သြဃတွေ အာသဝတွေက မျောယူပြီးတော့ ခေါ်သွားကြတာပဲ့။

http://www.dhammadownload.com

ရေမျောသူပမာနှင့် နာမ်ရုပ်။ ။အဲဒါကို ဘုန်းကြီးတို့ ပရိသတ် ဒီလိုဘဲ ရပ်ကြည့်နေကြတော့မလား၊ ဥပမာပုံ ဆိုကြပါစို့ရဲ့၊ လူတယောက် ရေထဲမျောလာပြီး ကယ်တော်မူကြပါလို့ အော်နေတယ်၊ အဲဒါ ကမ်းပေါ်မှနေပြီး ဒီလိုဘဲ ကြည့်နေကြတော့မလား၊ ဘယ်လိုလုပ်ကြမလဲ၊ သူ့အတိုင်းဘဲ ထားလိုက်ကြတော့မလား၊ (မထားပါဘုရား)၊ ထားရင် အဲဒီလူ ဘယ်ရောက်သွားမလဲ၊ (သမုဒ္ဒရာထဲ ရောက်သွားမယ်ဘုရား)၊ သမုဒ္ဒရာထဲ မျောပြီး သေမှာဘဲ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ဥပမာမျိုးလိုဘဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ ဒီ ဝိညာဏ် နာမ် ရုပ်တွေ ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)၊ ဒီခန္ဓာကိုယ် တခုလုံးကို။

ဣမသို့ စ သဝိညာဏကေ ကာယေ သမာနကေ-တဲ့၊ ပါဋ္ဌိတော်မှာ ဘုန်းကြီးတို့ ခန္ဓာကိုယ် တကိုယ်လုံးကို ကြည့်မယ်ဆိုလို့ရှိရင် ဘာတွေ တွေ့မလဲ၊ သမုတိသစ္စာနယ်ကတော့ လူတယောက်ဘဲ၊ ဟုတ်ပလား၊ (မှန်ပါဘုရား)၊ ပရမတ္ထသစ္စာနယ်ထဲက ကြည့်လိုက်မယ်ဆိုရင် အဲဒီလူတယောက်မှာ အသက်ရှင်နေစဉ်အတောအတွင်းမှာ ဝိညာဏ်ရယ် နာမ်ရယ် ရုပ်ရယ် သုံးခုရှိတယ်၊ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အသက်ရှင်နေစဉ် အတောအတွင်းမှာ ဘာရှိသလဲ (ဝိညာဏ်ရယ် နာမ်ရယ် ရုပ်ရယ် ရှိပါတယ်ဘုရား)။

ဝိညာဏ်,နာမ်,ရုပ်ကို အမှတ်မှားပုံ။ ။အဲဒီ ဝိညာဏ် နာမ် ရုပ် ရှိနေသေးတဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဒီဝိညာဏ် နာမ် ရုပ်ကို မြင်သလား မမြင်ဘူးလား၊ (မမြင်ပါဘုရား)၊ ဘာကိုသာ မြင်နေသလဲ၊ ငါ့ကိုယ်ဘဲလို့ မြင်နေတယ်။ ငါ့ခန္ဓာဘဲလို့ မြင်နေတယ်၊ ငါ့မျက်လုံးဘဲလို့ မြင်နေတယ်၊ ငါ့မျက်လုံးဘဲလို့ သိနေတယ်၊ လူတယောက်အနေနဲ့ဘဲ သိနေတယ် အမျိုးသားတယောက် အမျိုးသမီးတယောက်အနေနဲ့ဘဲ သိနေတယ်၊ ဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီလို ဝိညာဏ် နာမ် ရုပ်တွေကို ရှိလျက်သားနဲ့ မမြင်တာလား၊ မရှိလို့ မမြင်တာလား၊ ရှိလျက်သားနဲ့ မမြင်တာ၊ ရှိလျက်သားနဲ့ ဘာပြုလို့ မမြင်တာလဲ၊ အဝိဇ္ဇာကြောင့် မမြင်တာတဲ့။

ဒိဋ္ဌိနှင့် တဏှာရှင်းချက်။ ။အဝိဇ္ဇာယ နိဝုတော လောကော-တဲ့၊အဇိတသုတ္တန်မှာ ဟုတ်လား၊ (မှန်ပါဘုရား)၊ အဝိဇ္ဇာဆိုတာ ကိလေသာထဲ ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)၊ဝိညာဏ် နာမ် ရုပ်ကို လူလို့စွဲတာ ငါလို့စွဲတာ သတ္တဝါလို့စွဲတာ အဲ့ဒီ အစွဲရှိနေသလား၊ ရှိမနေဘူးလား၊ ရှိနေတယ်။ ဒီအစွဲမျိုး ရှိနေတာကို ဒိဋ္ဌိကိလေသာလို့ ခေါ်တယ်၊ အဲဒီ ဝိညာဉ် နာမ် ရုပ်ကို ငါ့လက် ငါ့ချေ ငါ့ခေါင်း ငါ့မျက်လုံးစသည်ဖြင့် စွဲသလား၊ မစွဲဘူးလား၊ စွဲရင် အဲဒါ တဏှာကိလေသာလို့ ခေါ်တယ်။

http://www.dhammadownload.com

ဒါ့ဖြင့် အဲဒီအဝိဇ္ဇာတည်းဟူသော ကိလေသာ၊ဒိဋ္ဌိတည်းဟူသော ကိလေသာ၊ တဏှာတည်းဟူသော ကိလေသာတွေက ဘယ်ထိအောင် ဒီဝိညာဏ် နာမ်ရုပ်ကို မျှောခေါ်သွားမလဲ (အပါယ်လေးပါးထိအောင် မျှောခေါ်သွားမယ်ဘုရား)။ ဒီလိုဘဲ ထားရတော့မလား(မထားရပါဘုရား)။

ရုပ်ကို သော်၎င်း နာမ်ကိုသော်၎င်း ဝိညာဏ်ကိုသော်၎င်း သူ့အတိုင်းထား ရမလား (မထားရပါဘုရား)၊ ထားရင် ဘာဖြစ်မလဲ (ထားရင် မျှောသွားပါ မယ်ဘုရား)၊ သူက ဘာဖြစ်လို့ မျှောရမလဲ အဝိဇ္ဇာနဲ့ ယှဉ်စပ်နေတယ်၊ တဏှာနဲ့ ယှဉ်စပ်နေတယ်၊ ဒိဋ္ဌိနဲ့ ယှဉ်စပ်နေတယ်၊ အဝိဇ္ဇာနှင့် ရောနေတယ်၊ တဏှာနဲ့ ရောနေတယ်၊ ဒိဋ္ဌိနဲ့ ရောနေတယ်၊ ဒါ ယောဂတရား ဂန္ထတရား ဩဃတရား အာသဝတရား၊ အဲဒီ တရားတွေက အပါယ် လေးပါးထိအောင် မျှောပြီးဘော့ သွားလိမ့်မယ်တဲ့ ဟုတ်ပလား (မှန်ပါဘုရား)။

အဇိတရသေ့တို့နေရာ။ ။ဒီတော့ အဇိတ စတဲ့ ရသေ့တို့က တရားအားထုတ် နေလိုက်ကြတာ ကာမဂုဏ်တွေကို ပယ်ခွါပြီးတော့ ဒီဝိညာဏ် နာမ် ရုပ် တွေ အပါယ်လေးပါးရောက်အောင် မျှောသွားမဲ့ အန္ဓကာယ်တွေကို မြင်နေတဲ့အတွက် မမျှောစေချင်လို့ တရားအားထုတ်နေကြတယ်၊ **အိုး** အိမ် တိုက်တာတွေကို စွန့်ပြီးတော့ ကောသလတိုင်းကနေ ဘယ်သွားသလဲလို့ ဆိုတော့ ဂေါဓာဝရီမြစ်ရဲ့ အလယ်ကျန်းမှာ သွားပြီးတော့ သစ်သီးကြီးငယ်တွေကို ရှာဖွေ စားသောက်ရှင်သော်၎င်း ဆွမ်းခံခြင်းဖြင့်သော်၎င်း ရသေ့ရဟန်း တွေပြုလုပ်ပြီးတော့ ဗာဝရီပုဏ္ဏားကြီးနဲ့ ရသေ့ပုဏ္ဏား တဆဲ့ခြောက်ယောက် တပည့်အခြံအရံတွေက တထောင်စီ တထောင်စီ ဆိုတော့ တသောင်းခြောက် ထောင် တဆဲ့ခုနစ်ယောက်သော ပုဂ္ဂိုလ်တွေဟာ အဿကတိုင်းနဲ့ မုဠကတိုင်းရဲ့ ကြားထဲမှာရှိတဲ့ အလယ်ကျန်းကြီးမှာ သွားပြီးတော့ တရားအားထုတ်နေကြ တယ်။

အဇိတရသေ့တို့ မင်္ဂ-ဖိုလ် မရသေးပုံ။ ။သူတို့ စိတ်ကို အလကား ထားလား၊ (မထားပါဘုရား)၊သူတို့ ဘာလုပ်နေ သလဲ (တရားအားထုတ်နေကြတယ်)၊ တရားအားထုတ်တော့ သူတို့ ဘာတွေ ဖြစ်သလဲ နိဝရဏတရားတွေ ကွာပြီးတော့ ဈာန်တွေ သမာပတ်တွေရတယ်၊ အဲဒီလို ဈာန်တွေ သမာပတ်တွေ ရပေမဲ့ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားကို ရိုသေစွာ မနာခံ မမှတ်သားကြဘူးသေးတဲ့အတွက် သတိနဲ့ပညာတို့လဲ ရှိသင့် သလောက်တော့ အရှိသားဘဲ၊ ညီမျအောင် သူတို့ မလုပ်နိုင်သည်ဖြစ်သော ကြောင့် သူတို့မှာ မင်္ဂဖိုလ် တရားကို မရဘူး၊ ဈာန်တရားကိုသာ ရတယ်။ ဒီတော့ အာသဝတွေ အမြဲတန်း ဝင်နေပြီးဖြစ်သောကြောင့် ဒီအာသဝတွေ ဝင်နေပါတယ် ဘုရား၊ ဘယ်လိုလုပ်ပြီး တပည့်တော်တို့ ဒီအာသဝတွေကို ကုန်

http://www.dhammadownload.com

အောင်လုပ်ရပါ့မလဲ၊ ရူပေါ် နာမ်ပေါ်မှာ ရာဂနဲ့ ဒေါသတို့ ဆိုတာ စွဲတဲ့တရား ဘဲလို့ ဘုန်းကြီးတို့ ပရိသတ်ကို ဟောခဲ့တယ်၊ စွဲမိရင် ချွတ်ဘို့ တယ်ခက်တယ်။

စွဲမိက ချွတ်ရန်ခဲယဉ်းပုံ အဝတ်ဖြူ ဥပမာ။ ။အဲဒီတော့ အစ္စဲမခံနဲ့၊ ဥပမာပုံ ဘုန်းကြီး တခုပြောပေးအုံးမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများလဲ သိနေပါတယ်၊ မိမိတို့ရဲ့ အင်မတန်ဖြူစင်တဲ့ အဝတ်ကလေးတခု ရှိတယ်ဆိုပါတော့၊ အဲဒီ အဝတ်ကလေးကို တစုံတခုသော အဆောင်ဆိုးကြည့်စမ်း၊ အဝတ်ဖြူဖြူကလေးကို တစုံတခုသော အဆောင် ဆိုးကြည့်မယ်ဆိုရင် စွဲမလား မစွဲဘူးလား (စွဲပါတယ် ဘုရား)။

အဲဒီ စွဲတဲ့ ဆိုးရည်ဟာ နောင် သဘောမကျတော့ ဒီဆိုးရည်ကို ပြန်ပြီး ချွတ်တော့မယ်ဆိုတော့ ပကတိအတိုင်း ပြန်ဖြူအောင် ချွတ်ဘို့ဆိုတာ လွယ်သလား ခက်သလား (ခက်ပါတယ်ဘုရား)၊ပကတိအတိုင်း ပြန်ပြီးတော့ ဖြစ်ရန် အတွက် ဒီဆိုးရည် ကျွတ်သွားအောင် ပြန်ချွတ်ဘို့လို့ဆိုတော့ ချွတ်ဆေး မကောင်းရင် ကျွတ်ပါ့မလား (မကျွတ်ပါဘုရား) မကျွတ်ဘူးနော်၊ ဒီတော့ ချွတ်ဆေး ကောင်းကောင်းနဲ့သာ ချွတ်လိုက်မယ်ဆိုလို့ရှိရင် ကျွတ်ပါမလား (ကျွတ်ပါတယ်ဘုရား)၊ ချွတ်ဆေး မကောင်းတာနဲ့ ချွတ်မယ်ဆိုရင် ကျွတ်သင့်သလောက်သာ ကျွတ်တယ် အပြည့်အစုံ မကျွတ်ဘူး။

ဝိညာဏ် နာမ် ရူပ်များ-ကိလေသာ ဆိုးရည် စွဲနေပုံ အဲဒီ ဥပမာမျိုးလိုဘဲ သတ္တဝါတွေရဲ့ ဝိညာဏ် နာမ် ရူပ်လို့ ဆိုတဲ့ အဲဒီတရားတွေကို ဘာအဆောင်တွေဆိုးထားသလဲ လို့ဆိုတော့ ရာဂ လို့ဆိုတဲ့ ဆိုးရည်တွေနဲ့ ဆိုးထားတယ်၊ တဏှာလို့ ဆိုတဲ့ ဆိုးရည်ကြီးတွေနဲ့ ဆိုးထားတယ်၊ ဒီအဆောင် ဆိုးမိနေတော့ အဝတ်မှာ ဒီအဆောင် ဆိုးမိရင် ဒီအဆောင်စွဲနေသလို ဝိညာဏ် နာမ် ရူပ် ကိုလဲဘဲ ရာဂတို့ ဒေါသတို့ မောဟတို့ မာနတို့ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့လို့ ဆိုတဲ့ အဆောင်တွေ ဆိုးလိုက်ရင် အဲဒီစိတ်မှာ အဲဒီ ဒိဋ္ဌိတွေ ရာဂတွေ စွဲနေသလား စွဲမနေဘူးလား (စွဲနေပါတယ် ဘုရား)။

ခုန အဇိတ ရသေ့လို့ဆိုတဲ့ ပဂ္ဂိုလ်တွေက ဒီစွဲနေတာကို သူတို့ ချွတ်ခဲ့တယ်၊ ဒီတော့ သူတို့ ချွတ်ဆေးက ဘယ်လောက် ကောင်းသလဲဆိုတော့ သူတို့ ဉာဏ်မြှင်သလောက်နဲ့ ချွတ်လိုက်တာ ဈာန်သမာပတ်လောက်နဲ့ဘဲ သူတို့ ချွတ်လို့ ရတယ်။ သတိနဲ့ ပညာတော့ပါတယ်၊ နီဝရဏ ကွာရုံ လောက်သာကွာတယ်၊ အကုန်လုံး မကျွတ်ဘူး၊ ကျွတ်သင့်သလောက်တော့ မကျွတ်ဘူးလား (ကျွတ်ပါတယ်ဘုရား)၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ချွတ်ဆေးပေးထားတဲ့

http://www.dhammadownload.com

ဘာနဲ့ ပေးထားသလဲလို့ ဆိုတော့ သတိနဲ့ ပညာနဲ့ မင်းတို့ ချွတ်ရင် ဖြူဖြူစင်စင် ကျွတ်လိမ့်မယ် ဟုတ်လား (မှန်ပါဘုရား)။

ကိလေသာဆိုးရည်ကို သတိဖြင့် တားထားပုံ ဒီတော့ ဘုန်းကြီးတို့ ဖရိသတ် ဘယ်တော့မှ အစဉ်မခံနဲ့ အစုန်းမခံနဲ့၊ အင်မတန် မိမိတို့ ဖြူစင်စွာ ထားတဲ့ စိတ်ကလေးကို အထိမခံနဲ့၊ ခုနပြောတဲ့ ဆိုးရည်တွေနဲ့ အထိမခံအောင် ဘယ်တရားနဲ့ တားထားရပါမလဲ ဘုရား အမြဲတန်း ဝင်နေပါတယ်လို့ အဇိတရသေ့က မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက သတိနဲ့ တား ထားလို့ မိန့်တော်မူတယ်။

ကိလေသာ ဆိုးရည်ကို မဂ်ပညာဖြင့် ချွတ်ပုံ။ ။ဝိပဿနာ ပညာ မဂ်ပညာတို့ဖြင့် အဲဒီ ဒိဋ္ဌတဏှာ ကိလေသာ အဝိဇ္ဇာတည်းဟူသော ဆိုးရည်တွေ ကျွတ်အောင် ချွတ်လိုက်တဲ့၊ ဘယ်က ကျွတ်အောင် ချွတ်ရပါမလဲဆိုရင် ဝိညာဏ် နာမ် ရူပ် အပေါ်က၊ အဝတ်ကို ဆုတ်ပစ်ရမှာလား ဆိုးရည်ကျွတ်အောင် လုပ်ရမှာလား (ဆိုးရည် ကျွတ်အောင် လုပ်ရပါ့မယ်ဘုရား)၊ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ် တွေကို ဖျက်ဆီးပစ်ရမှာမဟုတ်ဘူး၊အဲဒီ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ် တွေနဲ့ ရောထွေးနေတဲ့ တရားကိုသာ ခွဲထုတ်ပစ်ရမှာ ဘုန်းကြီးတို့ ပရိသတ်။

ဒီလိုချုပ်ရမယ် ကုန်ရမယ် ပျောက်ရမယ်ဆိုတာ အဝတ်ကုန်ပျောက်သွားရမှာလား ဆိုးရည်ကုန်ပျောက်သွားရမှာလား၊ (ဆိုးရည်ကုန်ပျောက်သွားရပါမယ်ဘုရား)၊ ဝိညာဏ်တွေ နာမ်တွေ ရုပ်တွေ ချုပ်ပျောက်ကုန်ရမှာလား၊ ဆိုးရည်နဲ့တူတဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ ကုန်ပျောက်ကုန်ရမှာလား (ကိလေသာတွေ ကုန်ပျောက်ရမှာပါဘုရား)။

မဂ်ဉာဏ်ပေါ် လာပြီလို့ ဆိုတော့ အဲဒါတွေ ပျောက်လိမ့်မယ်၊ ညကဟောပေးခဲ့ပြီးပြီ၊ ဒီတော့ အခြေခံရှိနေတဲ့ ပုဂ္ဂိုလ်များအတွက်ကတော့ အင်မတန်သဘာဝကျတဲ့ တရားတခုဖြစ်နေပါတယ်လို့ ဘုန်းကြီး ဒီကနေ့ သတင်းကြားရတယ်၊ ဘုန်းကြီးလဲဘဲ ဒီအပိုင်းကို ဟောပေးနေရင်း ဘုန်းကြီးတို့ ပရိသတ်တချို့ အတွက်တော့ဖြင့် တော်တော်ကလေး မြင့်နေတယ်ဆိုတာ စဉ်းစားမိပါတယ်။ တရားကလဲဘဲ မဂ်ဖိုလ်တို့ရဲ့ကိစ္စကို ဟောနေရတဲ့ တရားဖြစ်တော့ တရားကိုက မြင့်နေတယ် ဘုန်းကြီးနှိမ့်ဟောချင်လို့ မဖြစ်ဘူး၊ ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား)။

ကိလေသာဆိုးရည်တရားများ။ ။ ဘုန်းကြီးကလဲဘဲ တတ်နိုင်သရွေ့တော့ဖြင့် ကြိုးကြိုးစားစားနဲ့ ဘုန်းကြီးတို့ ပရိသတ် တရားနာနေတဲ့ပရိသတ် နားလယ်အောင်တော့ဖြင့် ဘုန်းကြီးကြိုးစားပြီးတော့

http://www.dhammadownload.com

ပြောတယ်၊ အရေးကြီးတဲ့ အခန်းကိုပြောနေရတာဖြစ်တော့ စာပေကို လက်လှတ်လို့မရဘူး။ ဒီပါရာယနဝဂ်ကို နားလည်အောင်ဟောတဲ့ နေရာမှာ အားကိုးအားထားလုပ်ပြီး ဟောနေရတဲ့ စူဠနိဒ္ဒေသပါဠိတော်နှင့် အဋ္ဌကထာကို ဘုန်းကြီးက ကိုးကားပြီးတော့ ဟောပေးနေရတယ်၊ ဒီတော့ ပါဠိရွတ်ပေးသင့်တဲ့ နေရာ ပါဠိရွတ်ပေးရတယ်၊ မရွတ်လို့ မဖြစ်လို့ ရွတ်လိုက်ရတယ်၊ ကဲ ဒီတော့ အဇိတရသေ့ကို မြတ်စွာဘုရားဟောကြားပေးတဲ့ အပိုင်းမှာ ကိလေသာတည်းဟူသော ဒီ ဒိဋ္ဌိ တဏှာ အဝိဇ္ဇာ စတဲ့ ကိလေသာတရားတည်းဟူသော ဆိုးရွားဝိညာဏ် နာမ် ရူပ်ပေါ် က ကျွတ်ချင်ရင် သတိထားပါ။ ဘာလုပ်ရမတဲ့လဲ (သတိထားရမှာပါဘုရား)။

သတိထားရှုက ဉာဏ်၌ထင်လာခြင်း။ ။သတိထားလိုက်တဲ့အခါမှာ ဘာတွေ ထင်ရှားလာသလဲဆိုတော့ ဝိပဿနာရှုစရာအာရုံတွေ ထင်ရှားလာလိမ့်မယ်၊ ရှုစရာအာရုံတွေက ဘယ်ဟာတွေလဲ ဝိညာဏ် နာမ် ရူပ်၊ တနည်းဆိုရင် စိတ် စေတသိက် ရူပ်၊ ဒါဘဲ ထင်ရှားရမယ်၊ ဥပမာ ပြောကြပါစို့ရဲ့ ဝါယောလေဓာတ် ရူပ် ပရမတ္ထတရားကို မှီပြီးတော့ ဝိပဿနာရှုရမယ်ဆိုရင် နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲက ဝင်တဲ့လေကို သတိကပ်လိုက်ရင် ထွက်တဲ့လေရဲ့ တွန်းကန် လှုပ်ရှားမှုကလေးဟာ မိမိအသိဉာဏ်ထဲမှာ ထင်ရှားလာသလား မထင်ရှားဘူးလား (ထင်ရှားလာပါတယ်ဘုရား)။ အဲဒီ အသိဉာဏ်ထဲမှာ ထင်လာတဲ့ တွန်းကန်လှုပ်ရှားမှုကလေးဟာ ဘာလဲ (ရူပ်ပါဘုရား)။ (ရူပ်) တွန်းကန်လှုပ်ရှားမှုကလေးကို မိမိရဲ့အသိစိတ်က သိနေသလား သိမနေဘူးလား (သိနေပါတယ်ဘုရား)။

ရူပ်နာမ်တို့ ဖြစ်ပျက်ရှုပုံ။ ။အဲဒီ သိတဲ့တရားဟာ ဝိညာဏ်ဘဲ တွန်းကန်လှုပ်ရှားမှုကလေးကို ထင်ရှားပေါ်လင်အောင် ပြုလုပ်ပေးတဲ့ သတိနဲ့ အဲဒီ တွန်းကန်လှုပ်ရှားမှုကလေးရဲ့ ကုန်သွားတယ် ပျောက်သွားတယ် ဖြစ်လာတယ် ကုန်သွားတယ် ပျောက်သွားတယ် ဆိုတဲ့ အပိုင်းကလေးကို သိပေးနေတာက ပညာ၊ အဲဒီ သတိပညာဆိုတဲ့တရား နှစ်ပါးက နာမ်။ ဟုတ်ပလား (မှန်ပါဘုရား)။ အဲဒီ ဝိညာဏ်ရယ် နာမ်ရယ် ရူပ်ရယ်ဆိုတဲ့ ဤ တရားသုံးလုံးကို ဘုန်းကြီးတို့ ပရိသတ် ရှုကွက်ထဲမှာ တွေ့နေသလား တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)။ တွေ့နေတဲ့အခါမှာ ဒီတရားသုံးလုံးဟာ အတဲ့လိုက် အတဲ့လိုက် ဖြစ်လာတယ်၊ အတဲ့လိုက် အတဲ့လိုက် ပျောက်သွားတယ်ဆိုတဲ့ ဒီအပိုင်းကို ဘုန်းကြီးတို့ ပရိသတ် တွေ့နေသလား တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)။

ဖြစ်ပျက်ရှုရာ၌ အမှတ်လွဲသွားနိုင်ပုံ။ ။ဒီတော့ အဲသလောက် တွေ့နေရင် တခြားတွေ့စရာရှိသေးသလား (မရှိပါ

http://www.dhammadownload.com

ဘုရား)။ ဘုန်းကြီး ခပ်ရှင်းရှင်း ပြောပါရစေ၊ ဝိပဿနာ ရှုတဲ့နေရာမှာ အဲဒီလို ဝိညာဏ် နာမ် ရုပ် တွေရဲ့ အတဲ့လိုက် အတဲ့လိုက် ဖြစ်လာပြီးတော့ အတဲ့လိုက် အတဲ့လိုက် တရိပ်ရိပ် တရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ ဖက်ကို ပြောင်းသွားပြီး တော့ ကုန်ပျောက်သွားတာကို တွေ့သည်မှ တပါး တခြား အမျိုးမျိုး တွေ့နေသေးတယ်ဆိုရင် လဲ့တဲ့ဖက် ယိုင်နေတယ်လို့ မှတ်ထား။

ဒီပရိသတ်ထဲက တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ အမျိုးမျိုးတွေ တွေ့နေတယ်၊ ကောင်းလိုက်တာ သက်သာလိုက်တာ ချမ်းသာလိုက်တာလို့ အေးနေတာဘဲ ဆိုတာ ပြောနေတာကို တွေ့လဲတွေ့ပါလိမ့်မယ်၊ အဲဒါတွေဟာ အမှားလမ်းကို ဦးတည်ပေးနေတာချည်းဘဲလို့ ခပ်ရှင်းရှင်း မှတ်ထားပါ။ အမှန်က တော့ ဝိညာဏ် နာမ် ရုပ်လို့ဆိုတာ ဘယ်တော့မှ သက်သာတယ်မရှိဘူး မသက်သာတာချည်းဘဲ ဟုတ်ပလား (မှန်ပါဘုရား)။ ဘာဖြစ်လို့ မသက်သာတာလဲ ဥပါဒ ဝယ အညထတ္တ၊ ဥပါဒသဘော ဝယသဘော အညထတ္တသဘော ဖြစ်တယ်၊ သေတယ် သက်သာသလား (မသက်သာပါဘုရား)။

အဲဒီ အထဲကမျှား ကောင်းတယ်ဆိုတဲ့ အပိုင်းကလေးကို တွေ့နေသေးလား (မတွေ့ပါဘုရား)။ တွေ့နေသေးရင် အမှားဖက်ကို ဦးတည်သွားပြီလို့ ခပ်ရှင်းရှင်းမှတ်ထား နော် (မှန်ပါဘုရား)။ အဲဒီ ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်တွေသည် သစ္စာဖွဲ့လိုက်တော့ ဒုက္ခသစ္စာ ဆင်းရဲတာ အမှန်ဘဲ၊ ဒီတော့ အဲဒီ တရားပေါ် မှာချည်း ရှုရှုနေရတော့ ဇ-ခြား မြင်စရာလဲ မရှိဘူး တွေ့စရာလဲမရှိဘူး၊ မြင်လိုက်သမျှ တွေ့လိုက်သမျှ အာရုံတွေ၊ ဘာဘဲ ကြည့်လိုက် ကြည့်လိုက် ဝိပဿနာ ဉာဏ်တွေ ထွက်လာပြီလို့ ဆိုတော့ ဘယ်အာရုံတွေကိုဘဲ ကြည့်လိုက် ကြည့်လိုက် ဘယ်လောက်နှစ်သက်စရာကောင်းတဲ့ စိန်လက်ကောက်ကြီး ကြည့်လိုက်ရင်လဲ ငြီးငွေ့နေတော့တယ်၊ ဟိုတုန်းက အင်မတန် ကြိုက်နေတယ် ဟုတ်ပလား (မှန်ပါတယ်ဘုရား)။

မြင်မြင်သမျှ အာရုံတွေကို ငြီးငွေ့ပုံ။ ။ဟိုတုန်းက အင်မတန်နှစ်သက်တဲ့ ဇနီးကို ကြည့်လိုက်ပြန်တော့လဲ စွန့်ပစ်လို့ မဖြစ်လို့သာ ကြည့်နေရတယ် တယ်ပြီး မနှစ်သက်တော့ဘူး၊ ဟိုတုန်းက ကိုယ်အင်မတန်နှစ်သက်နေတဲ့ မော်တော်ကားကြီးတွေ တိုက်ကြီးတွေ ကြည့်လိုက်ပြန်တော့လဲ တာတွေဟာ ကုန်ပျောက်နေတယ်ဆိုတဲ့ ဖြစ်တဲ့ ပျက်တဲ့ သဘောတွေသာ ရှိနေပါကလား၊ သခ်ါရေသု ဥဒါသိနော – ဆိုတဲ့ အဋ္ဌကထာစကားအရ အလုံးစုံသော သခ်ါရတို့၌ အညီအမျှတခါထဲ ရှုလိုက်တယ်၊ မကောင်းတာတွေချည်း ပါလား ဟုတ်ပလား (မှန်ပါဘုရား)။

http://www.dhammadownload.com

အဲသလိုမြင်လာတဲ့အခါမှာ သုံးဆယ့်တဘုံလုံးကို သမ္မာလောကေ အနဘိရတိသညာဆိုတဲ့ အနေအားဖြင့် သုံးဆယ့်တဘုံလုံးကို မြဟ္မာကြီး ဖြစ်နေစေကာမှု မနေချင်တော့ဘူး၊ ဘာဖြစ်လို့လဲ အဲဒီ မြဟ္မာကြီးမှာ ဥပပါဒ-ရယ် ဝယရယ် အညထတ္တရယ်ဆိုတဲ့ ဒီတရားသုံးလုံးရှိနေလို့ အဝီစိငရဲမှာ ခံနေရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အနေမျိုးနဲ့လဲဘဲ ဥပပါဒ ဝယ အညထတ္တ ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ အဝီစိငရဲနဲ့ မြန်မာပြည် ဘယ်သူက သက်သာသလဲ (အတူတူပါဘဲဘုရား)၊ အပါယ်လေးပါးရောက်မှာကြောက်သလို လူဖြစ်မှာလဲ ကြောက်ကြရမယ်၊ အပါယ်လေးပါးရောက်မှာ ကြောက်ကြရသလို သူဌေးကြီးဖြစ်မှာကိုလဲ ကြောက်ကြရမယ်၊ ကြောက်ကဲ့လား (မှန်ပါဘုရား)၊ အဲဒါကျတော့ မကြောက်ဘူး၊ သူတို့က ခုချက်ခြင်း ထီပေါက်နေချင်သေးတာ။

ခန္ဓာနှင့်ကြည့်လျှင်ဖြဟ္မာမင်း စည်းစိမ်ကိုပင် ကြောက်ပုံ

အပါယ်လေးပါးကို ကြောက်သလိုပြဟ္မာမင်းကြီး ဖြစ်နေရမှာကိုလဲ ကြောက်နေရမလား ကြောက်မနေရဘူးလား (ကြောက်နေရမှာပါဘုရား)၊ ဘာဖြစ်လို့လဲ အပါယ်လေးပါးမှာရှိနေတဲ့ ခန္ဓာငါးပါးနဲ့ မြန်မာပြည်မှာ ရှိနေတဲ့ ခန္ဓာနဲ့ ကြည့်လိုက်မယ်ဆိုရင် သဘောတရားအရ ဥပပါဒရယ် ဝယရယ် အညထတ္တရယ်၊ ဒီသုံးလုံးအပြင် ရှိသေးသလား (မရှိပါဘုရား)၊ ပါဠိတော်မှာ ဘယ်လိုပြောထားသေးသလဲ ဆိုတော့—

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ ဌိတဿ အညထတ္တံ ပညာယတိ လို့—

သင်္ခတဓမ္မ အရ လက္ခဏာသုံးချက်ကို အဂ်ုတ္တိုရ်ပါဠိတော် တိကနိပါတ်မှာ ပြတယ်၊ ဒီတော့ စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ သင်္ခတ ဓမ္မာ ဟူသော ပဌမပုဒ်၏အရက ဘယ်ဟာတွေ ရသလဲ ဆိုတော့ ဝိညာဏ်ရယ် နာမ်ရယ် ရူပ်ရယ်၊ တနည်း စိတ်ရယ် စေတသိက်ရယ် ရူပ်ရယ်၊ ဒီတရားသုံးပါးဘဲ ရတယ်၊ ဝိညာဏ် နာမ် ရူပ်။

တနည်း စိတ် စေတသိက် ရူပ်မှ တခြား ရသေးလား (မရပါဘုရား)၊ သင်္ခတဓမ္မထဲမှာ တရားရှိသေးရင် ထည့်ပေးပါလို့ဆိုရင် မရှိတော့ဘူး။ ဒီတော့ ဝိပဿနာရှုရတယ်ဆိုတာ ဒီတရားသုံးလုံးနဲ့ ရှုရတာပါ၊ အဲဒီ တရားသုံးလုံးဟာ သတိရှိမှ ဒီတရားဟာ ပေါ်လာတယ်၊ မရှိရင် မပေါ်ဘူး နော် (မှန်ပါဘုရား)၊ သတိရှိလို့ ဒီတရားသုံးလုံးပေါ်လာတာနဲ့တပြိုင်နက် အဲဒီတရားထဲကို ကိလေသာဝင်ခွင့်ရသေးလား မရတော့ဘူးလား (မရတော့ပါဘုရား)၊ ဒီတော့ ဒီတရားသုံးလုံးပေါ်လာရင် အဲဒီ တရားသုံးလုံးကို ရှုကြည့်နေတော့ ဘာတွေ မြင်လာသလဲ သင်္ခတလက္ခဏာ သုံးချက်လို့ ခေါ်တဲ့—

http://www.dhammadownload.com

သုံးဆယ့်တဘုံချုံကြည့်လျှင် တရား၃-ပါးသာ တွေ့ရပုံ ဥပ္ပါဒရယ် ဝယရယ် အညထတ္တ-ရယ် ဆိုတဲ့ ဖြစ်ခြင်း ကုန်တဲ့ ပျောက်တဲ့ ဘက်ကို ရိပ်ရိပ်နဲ့ ပြောင်းရွှေ့သွားခြင်း ကုန်ပျောက်သွားခြင်း၊ ဒီ အချက်သုံးချက်ဘဲ မြင်တောတယ်၊ တခြားမမြင်တော့ဘူး။ ဟုတ်ပလား (မှန်ပါဘုရား)၊ ဒီတော့ သင်္ခတဓမ္မ၌ အကျုံးဝင်တဲ့ သုံးဆယ့်တဘုံလုံးကို ချုံကြည့်ရင် ဒီ တရားသုံးလုံးဘဲ မြင်နေတော့ ဘုန်းကြီးတို့ ပရိသတ်က အဲဒီ တရားသုံးလုံးကို ကြိုက်ကြသလား (မကြိုက်ပါဘုရား)၊ ဥပ္ပါဒလဲ မကြိုက်ဘူး၊ ဝယလဲ မကြိုက်ဘူး၊ အညထတ္တလဲ မကြိုက်ဘူး၊ မကြိုက်တာ မကြိုက်တယ် ထွက်ပြေးတော့ကော လွှတ်ကဲ့လား (မလွှတ်ပါဘုရား)။

ဒီတော့ ဘယ်လို ဖြစ်နေသလဲလို့ဆိုတော့ ထွက်ပြေးလို့ မလွှတ်နိုင်ရင် မနေချင်တဲ့ နေရာကြီးမှာ နေနေ ရသလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ မမြင်ချင်တာကို ကြည့်နေရသလို ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် မမြင်ချင်တာတွေ မတွေ့ချင်တာတွေကို မြင်တွေ့နေရရင် စိတ်က ဘယ်လိုဖြစ်မလဲ ငြီးငွေ့တယ်ဆိုတဲ့ သဘောတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊အော် မမြင်ချင်ပေမဲ့ ရှောင်သွားလို့မရဘူး၊မတွေ့ချင်ပေမဲ့လဲ ရှောင်သွားလို့ မရဘူး မြင်နေရတာဘဲ တွေ့နေ ရတာဘဲ ဒီနေရာ မနေချင်ဘူးဆိုလို့ကော ရမှာလားတဲ့ (မရပါဘုရား)။

နိဗ္ဗိန္ဒဉာဏ်၌သိမှတ်ဖွယ်။ ။ဒီသင်္ခတနယ်က မလွှတ်သေးသမျှ ကာလပတ်လုံး မြင်နေရသေးတာဘဲ၊ ဒီတော့ မနေချင်တာကိုလဲ နေနေရတယ် မမြင်ချင်တာကို မြင်နေရတယ်၊ မတွေ့ချင်တာကို တွေ့နေရတယ် ဆိုတော့ ငြီးငွေ့တယ်ဆိုတဲ့ သဘောတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဲဒါ နိဗ္ဗိန္ဒဉာဏ်။

အဲဒီ နိဗ္ဗိန္ဒဉာဏ်တွေ ပေါ်လာတော့ ဒီမမြင်ချင်ဘဲနဲ့ မြင်နေရတဲ့တရားတွေအပေါ်မှာ မတွေ့ချင်ဘဲနဲ့ တွေ့နေရတဲ့တရားတွေအပေါ်မှာ သင်္ခတရားအပေါ်မှာ ကပ်ငြိတယ်ဆိုတဲ့ သဘော ပါသေးသလား မပါဘူးလား (မပါပါဘုရား)၊ နှစ်သက်တယ်ဆိုတဲ့ သဘောကော (မပါပါဘုရား)၊မမြင်ချင်တာကို မြင်နေရရင် အဲဒီ မမြင်ချင်တာကို ကိုယ်က နှစ်သက်သလား မနှစ်သက်ဘူးလား (မနှစ်သက်ပါဘုရား)၊ မတွေ့ချင်တာကို တွေ့နေရရင်ကော (မနှစ်သက်ပါဘုရား)၊ အဲဒီ မနေချင်တဲ့ နေရာမှာ နေနေရတာလောက် ငြီးငွေ့တာ ရှိသေးသလား (မရှိပါဘုရား)။

ဝိရာဂဖြစ်ပုံ။ ။ဒီတော့ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ်တွေနဲ့ တွေ့နေရတယ်ဆိုတာ တွေ့ချင်တာနဲ့ တွေ့နေရသလား မတွေ့ချင်တာနဲ့ တွေ့နေရသလား (မတွေ့ချင်တာနဲ့ တွေ့နေ ရပါတယ်ဘုရား)၊ သိချင်

http://www.dhammadownload.com

တာကို သိနေရတာလား မသိချင်တာကို သိနေရတာလား (မသိချင်တာကို သိနေရပါတယ်ဘုရား)၊ မသိချင်တာတွေကို သိနေရရင် ထုတ်ပြေးလို့လဲ မလွယ်ဘူး၊ အဲဒီလို နိုဗ္ဗိန္ဒဉာဏ်ဖြစ်နေလို့ သူတို့အပေါ်မှာ မမြင်ချင်တာတွေကိုမြင် မတွေ့ချင်တာတွေကို တွေ့နေရတဲ့ နှစ်သက်တဲ့ သဘောကလေးများ တခါတလေ ပေါ်သေးသလား (မပေါ်ပါဘုရား)၊ အဲဒါကို ဝိရာဂလို့ခေါ်တယ်၊နိုဗ္ဗိန္ဒ ဝိရာဂဟုတ်လား (မှန်ပါဘုရား)၊ ဝိရာဂဖြစ်တော့ ဒီတရားတွေ အပေါ်မှာ တဏှာဆိုတာ ချုပ်သွားသလား ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)၊ နှစ်သက်စဲ့လမ်းမူတွေဆိုတဲ့ ခုနက ဆိုးရည်တွေ ကျတ်ကုန်သလား ကျတ်မကုန်သေးဘူးလား (ကျတ်ကုန်ပါတယ်ဘုရား)၊ အဲသလို ကျတ်ကုန်တဲ့ ဝိရာဂဖြစ်တဲ့ အခါ သောတာပတ္တိမဂ်ဆိုတာ ပေါ်လာပြီတဲ့၊ ဝိရာဂေါတိ မဂ္ဂေါ-တဲ့၊ ဟုတ်ပလား (မှန်ပါဘုရား)။

အဲဒီ သောတာပတ္တိမဂ်ပေါ်တော့ ဘုန်းကြီးတို့ပရိသတ် တခါချုပ် တမင် နှစ်ခါချုပ် နှစ်မင်္ဂဆိုရင် မင်္ဂမင်္ဂနဲ့ ပြောမနေကြဘူးလား (မှန်ပါဘုရား)၊ ဝိပဿနာပရိသတ်မှာ ဒီစကားတွေရှိတယ်၊ ဘာချုပ်တာလဲ ညကဘုန်းကြီးပြောခဲ့ပြီးပြီ။

အဇိတရသွေက မေးလျှောက်တယ် အရှင်ဘုရား သတိနဲ့ ပညာ ပြည့်စုံတဲ့ အတွက် ဒိဋ္ဌ တဏှာ ကိလေသာ အဝိဇ္ဇာဆိုတာတွေတော့ ချုပ်ကုန်ပါပြီဘုရားတဲ့၊ အဲဒီ သတိရယ် ပညာရယ် နာမ်ရယ် ရူပ်ရယ်ဆိုတဲ့ တရားတွေဟာ ဘယ်မှာ ချုပ်မှာလဲ၊ ဒါမေးမယ် မဟုတ်လား (မှန်ပါဘုရား)။

ချုပ်တယ်ဆိုရာ၌ သိမှတ်ဖွယ်။ ။ဒီတော့ သောတာပတ္တိမဂ်ဉာဏ် ပေါ်တဲ့ နေရာမှာ သောတာပတ္တိမဂ်ကို ဝင်တယ်လို့ ဆိုတာ မဂ်ဉာဏ်ပေါ်လို့ မဂ်ချုပ်တယ်ဆိုဘာ ရူပ်ကို ချုပ်တာ မဟုတ်ဘူး နာမ်ကို ချုပ်တာ မဟုတ်ဘူး စိတ်ကိုချုပ်တာ မဟုတ်ဘူး၊ အဘိသခ်ါရဝိညာဏ်လို့ခေါ်တဲ့ ဒိဋ္ဌဂတသမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာစိတ်တို့ကိုသာ ချုပ်တာ၊ အဲဒါ ဝိညာဏသာ နိရောဓေန-လို့ သုတ္တန်ပါတ် ပါဠိတော်ကပြတယ်၊ ဝိညာဏသာ၊ အဘိသခ်ါရဝိညာဏ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ (ချုပ်တယ်ဆိုတာ မရှိဘူး)၊ ချုပ်တယ်ဆိုတာ ဘာပြောလဲ ဒိဋ္ဌဂတသမ္မယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာ၊ အဲဒီ ပဋိလ်မှာ မရှိဘူးတဲ့၊ ခုနက ပြောသလို တရားသိလာတဲ့ပဋိလ်၊ အဲဒီလို မရှရင် ဒိဋ္ဌဂတသမ္မယုတ် လေးခုနဲ့ ဝိစိကိစ္ဆာရှိနေမလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ ရှိနေရင် အဲဒီ ဒိဋ္ဌဂတသမ္မယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာဟာ သူတို့ အလုပ်မလုပ်ဘူးလား (လုပ်မှာဘဲဘုရား)၊ ဘာတွေလုပ်မလဲ သောတာပတ္တိမဂ်သည် အဘိသခ်ါရဝိညာဏ်ကိုချုပ်တယ်၊ စက္ခုဝိညာဉ် သောတဝိညာဉ် ဃာန-ဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်ကို ချုပ်တာမဟုတ်ဘူး၊ ရူပ်ကို ချုပ်တာမဟုတ်ဘူး နာမ်ကိုချုပ်တာမဟုတ်ဘူး၊ အဘိသခ်ါရဝိညာဉ်ဟို ချုပ်တာ။

http://www.dhammadownload.com

ဒီပါဠိကို ဘုန်းကြီးရွတ်ဟောခဲ့ပြီ။

သောတာပတ္တိမဂ္ဂဉာဏေန အဘိသခ်ါရ ဝိညာဏသ နိရောဓေန။

အဘိသခ်ါရဝိညာဏ်ချုပ်ခြင်းကြောင့် ဥပါဒိန္နကခန္ဓာချုပ်ပုံ အဲဒီ သောတာပတ္တိမဂ်က အဘိသခ်ါရ ဝိညာဏ်လို့ ခေါ်တဲ့ ဒိဋ္ဌိဂတသမ္ပယုတ် စိတ်လေးခုနဲ့ ဝိစိကိစ္ဆာစိတ် တခုကို ချုပ်လိုက်တော့ရင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခုနဲ့ ဝိစိကိစ္ဆာစိတ်ဟာ သောတာပတ္တိမဂ်နဲ့သာ သူမချုပ်ရင် နောက်တခါ ဥပါဒိန္နကခန္ဓာကို ဖြစ်ဦးမလား မဖြစ်တော့ဘူးလား (ဖြစ်ပါမယ်ဘုရား)၊ ဖြစ်တယ်၊ ခုတော့ သောတာပတ္တိမဂ်ဉာဏ် ပေါ်တဲ့အတွက် ဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်သွားပြီဖြစ်သောကြောင့် အဘိသခ်ါရ ဝိညာဏ်ချုပ်တဲ့အတွက် ဥပါဒိန္နကခန္ဓာတွေ ပေါ်ဦးမလား မပေါ်ဘူးလား (မပေါ်ပါဘုရား)၊ အဲဒီမှာ ရုပ်ချုပ်တာနော် (မှန်ပါဘုရား)။

သတိတို့ ပညာတို့ နာမ်တို့ ရုပ်တို့က အကုန်ချုပ်မလား (မချုပ်ပါဘုရား)၊ မချုပ်သေးဘူး၊ အဲဒီ သတိ ပညာ ဝိညာဏ် နာမ်ဆိုတဲ့ သတိရယ် ပညာရယ် နာမ်ရယ် ချုပ်တယ်ဆိုတဲ့ အပိုင်းကို စူဋ္ဌနိဒ္ဒေသပါဠိတော်က နောက်ပိုင်းကျတော့ ပြပေးလိမ့်မယ်။ ဘုန်းကြီးညကလဲ ပါဠိရွတ်ပေးပြီးပြီ၊ ဒီတော့ အဲဒီပါဠိလေးကို ဘုန်းကြီးတို့ပရိသတ် ပြန်ပြီးတော့ကြည့်ရမယ်၊ ဒီနေရာမှာ စူဋ္ဌနိဒ္ဒေသ အဋ္ဌကထာ နှာ (၃) က—

သောတာပတ္တိမဂ္ဂေန ဟိ စတ္တာရိ ဒိဋ္ဌိသမ္ပယုတ္တာနိ ဝိစိကိစ္ဆာ သဟ-တန္တိ ပဥ္စ စိတ္တာနိ နိရုဇ္ဈန္တိ။

သောတာပတ္တိမဂ်ကို ရောက်လို့ ချုပ်တယ်ဆိုတာ ရုပ်ချုပ်သလား နာမ်ချုပ်သလား စိတ်ချုပ်သလား အဘိသခ်ါရဝိညာဏ်ချုပ်သလား၊ (အဘိသခ်ါရ ဝိညာဏ်ချုပ်ပါတယ်ဘုရား)၊ ကိုင်း-အဘိသခ်ါရဝိညာဏ် ချုပ်တာနော် (မှန်ပါဘုရား)၊ အဘိသခ်ါရဝိညာဏ်ချုပ်တဲ့အတွက် သောတာပန်ပုဂ္ဂိုလ်သည်—

သတ္တဘဝေ ဌပေတွာ အနမတဂ္ဂေ သံသာရေ ယေ ဥပ္ပဇ္ဇေယျုံ နာမဥ္စ ရူပဥ္စ၊ တ္တေတေ နိရုဇ္ဈန္တိ-လို့ စူဋ္ဌနိဒ္ဒေသပါဠိတော် နှာ ၃၃-က ပြတယ်။

သတ္တက္ခတ္တုပရမသောတာပန် ပုဂ္ဂိုလ်။ ။သောတာပတ္တိမဂ်နဲ့ ဒီ-အဘိသခ်ါရ ဝိညာဏ်ကို ချုပ်လိုက်တော့ ခုနစ်ဘဝဘဲ လူ့ပြည် နတ်ပြည်မှာ ဖြစ်ရတော့တယ်၊ ခုနစ်ဘဝဘဲ သူကာမဘုံ အတွင်းမှာ နေရတော့မယ် ဟုတ်ပလား (မှန်ပါဘုရား)၊ ခုနစ်ဘဝကစပြီးတော့ အနမတဂ္ဂ အဆုံးမရှိတဲ့ သံသရာမှာ ဖြစ်လတ္တံ့ ဖြစ်တဲ့ ဝိညာဏ် နာမ် ရူပ်တွေ

http://www.dhammadownload.com

အကုန်လုံးရှိဦးမလား မရှိတော့ဘူးလား၊ အကုန်လုံး ပြုန်းသွားပြီ ချုပ်ကုန်ပြီ၊ ခုနစ်ဘဝမှာ ချန်ထား အနမတဂ္ဂသံသရာတခွင်မှာဖြစ်တဲ့ ရုပ်တွေ နာမ်တွေ ဝိညာဏ်တွေ ချုပ်တယ် ဆိုတာကတော့ ဘယ်သူကြောင့်လဲဆိုတော့ အဘိသခ်ါရ ဝိညာဏ်ကြောင့် ချုပ်တယ်၊ ဒါဖြင့် အဘိသခ်ါရဝိညာဏ် ဘယ်သူကြောင့် ချုပ်သလဲ သောတာပတ္တိမဂ်ဉာဏ်ကြောင့် ချုပ်တယ်။

သောတာပတ္တိမဂ်ဉာဏ်ဆိုတာ ဘယ်သင်းလဲ စောစောပိုင်းက ဘုန်းကြီး ပြောခဲ့တဲ့ ဝိပဿနာရှုရှုပြီးတော့ လာလိုက်လို့ ဝိညာဏ် နာမ်,ရုပ်,စိတ်,စေတသိက် ရုပ်တရားတွေရဲ့အပေါ်မှာ တပ်နှစ်သက်ခြင်း တွယ်တာခြင်းဆိုတဲ့ ရာဂကင်း သွားတဲ့ ဝိရာဂကို သောတာပတ္တိမဂ်ဉာဏ်လို့ ခေါ်သည်။ ကဲ-ဒါဖြင့် ကောင်းပြီ၊ အကယ်၍သာ သောတာပတ္တိမဂ်နဲ့ ဒီ-တရားတွေ မချုပ်သရွှေ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မချုပ်သေးဘူးဆိုရင် ဒိဋ္ဌိဝိစိကိစ္ဆာသည် အာရုံခြောက်ပါးတို့၌ ထကြွ သောင်း ကျန်းခြင်း ဖြစ်မလား မဖြစ်ဘူးလား (ဖြစ်ပါမည်ဘုရား)၊ ဘယ်လို ထကြွ သောင်းကျန်းမလဲ—

ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ-လို့ ထကြွသောင်း ကျန်းမယ်။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမချုပ်က ဖြစ်ပေါ် လာသော တရားများ

တနည်း "နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမ ဓမ္မော" လို့ ဒီလို ထကြွ သောင်းကျန်းမယ်။ မြင်သမျှ အာရုံ တွေကို နိစ္စ=မြဲတယ်၊ ဓုဝ=ခိုင်ခန့်တယ်၊ သဿတ=တည်တံ့၍ နေတယ်၊ အဝိပရိဏာမဓမ္မ=ဖောက်ပြန်ခြင်းမရှိဘူးလို့ အဲဒီ-မှားသောအားဖြင့် ဒိဋ္ဌိဂတ-သမ္မယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာက ဖောက်ပြန်လိမ့်မယ်တဲ့။

ပြီးတော့ ဒါ-ယောကျ်ားဘဲ၊ မိန်းမဘဲ၊ ငါ့ခန္ဓာကိုယ်ဘဲ၊ ဒါ-ငါမြင်တာဘဲ၊ ဒါ-ငါကြားတာဘဲ အဲဒီလို ဖောက်ပြန်လိမ့်မယ်တဲ့။ အာရုံခြောက်ပါးမှာ အာရုံ ခြောက်ပါးကို တမျိုးစီ ပြောသွားရင် ဒီမှာ သိပ်ကောင်းမယ်၊ ဘုန်းကြီး သဘောက တမျိုးစီ တမျိုးစီ ပြောချင်တာဘဲ၊ဘုန်းကြီးတို့ပရိသတ်ကို အဲသလို တမျိုးစီ တမျိုးစီသာ ပြောနေမယ်ဆိုရင် အဇိတသုတ္တန်နဲ့ဘဲ တဆဲ့ငါးညလောက် ဟောနေရလိမ့်မယ်။

သကဒါဂါမိမဂ်ချုပ်သော တရားများ။ ။သကဒါဂါမိမဂ်ကတော့ ဘာတွေချုပ် သလဲ သကဒါဂါမိမဂ် ပေါ်လာပြီ ဆိုတော့ သကဒါဂါမိမဂ် ပေါ်ဘို့ဟာလဲ ခုန သောတာပတ္တိမဂ် ပေါ်ပြီးတဲ့နောက် စောစောပိုင်းကပြောတဲ့ ဝိညာဏ်, နာမ်, ရုပ်, စိတ်, စေတသိက်, ရုပ်တွေကိုဘဲ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ပြန်ပြီးတော့ ရှုတယ်၊ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်ပေါ်လာ

http://www.dhammadownload.com

ပြီးတော့ ဝိရာဂပြန်ဖြစ်တယ်၊ သကဒါဂါမိမဂ် ပေါ်လိမ့်မယ်၊ အဲဒီ-သကဒါဂါမိမဂ် ပေါ်တဲ့အခါ သကဒါဂါမိမဂ်က ဘာဒတွေချုပ်စေသလဲဆိုတော့ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုနဲ့ ဒေါသမူဒွေးရယ်ဆိုတဲ့ အဲဒီ-စိတ်ခြောက်ပါးတို့မှာ သြဠာရိက ကာမရာဂ ဗျာပါဒသံယောဇဉ်တွေကို သူက ချုပ်စေတယ်။

ရွှန့်ရှင်းကြမ်းတမ်းတဲ့ ဒေါသကို သူက ချုပ်စေတယ်၊ အဲဒီ-သကဒါဂါမိမဂ် ပေါ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ရွှန့်ရှင်းကြမ်းတမ်းတဲ့ ဒေါသ မပေါ်တော့ဘူး မဖြစ်တော့ဘူး၊ နောက်ပြီးတော့ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုဆိုတဲ့ တရားလဲ အားသေးသွားတယ်၊ အဲဒီ-ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်လေးခုနဲ့ ဒေါသမူဒွေးမှာရှိတဲ့ သြဠာရိက-လို့ ဆိုတဲ့ ကာမရာဂနဲ့ ဗျာပါဒဆိုတဲ့ အဘိသခါရဝိညာဏ်ကို ဘယ်သူ ချုပ်စေသလဲ၊ သကဒါဂါမိမဂ် ပေါ်ခြင်းကြောင့် သူတို့ချုပ်တယ်၊ သကဒါဂါမိမဂ် ပေါ်လို့ ဒီ-အဘိသခါရဝိညာဏ်လို့ခေါ်တဲ့ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် လေးခု ဒေါသမူ ဒွေးမှာရှိတဲ့ သြဠာရိက ကာမရာဂ ဗျာပါဒတည်းဟူသော တရားတွေကို သကဒါဂါမိမဂ်က ချုပ်စေတဲ့အတွက် ဒီ-တရားတွေချုပ်ခြင်းကြောင့် နှစ်ဘဝကို ချန်ထား၊ ငါးဘဝမှာဖြစ်သတဲ့ ဖြစ်တဲ့ ဥပါဒိန္နကခန္ဓာ အနုပါဒိန္နကခန္ဓာတွေ ဖြစ်ဦးမလား (မဖြစ်တော့ပါဘုရား)။

မဂ်ချုပ်ရာ၌ သိမှတ်ဖွယ်။ ။အဲဒီမှာ ရုပ်တွေ နာမ်တွေ ချုပ်တယ်၊ ဒီရုပ်တွေ နာမ်တွေချုပ်တာ ဘယ်သူကြောင့်လဲ၊ အဘိသခါရဝိညာဏ်ချုပ်လို့၊ အဘိသခါရဝိညာဏ် ဘယ်သူကြောင့် ချုပ်သလဲ၊ သကဒါဂါမိမဂ်ကြောင့် ချုပ်တယ်၊ မဂ်ချုပ်စေတယ်ဆိုတာ မဂ်က ရုပ်နာမ်ကို မချုပ်စေဘူး၊ အဘိသခါရဝိညာဏ်ကိုသာ ချုပ်စေတယ်၊ အဘိသခါရဝိညာဏ်ဆိုတာဘယ်သူလဲ၊ ဘုန်းကြီး ပြောခဲ့ပြီးပြီ၊ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် လေးခု ဒေါသမူဒွေး၊ ပေါင်းတော့ ဘယ်လောက်လဲ ခြောက်ခု၊ ဒီ စိတ်ခြောက်ခုကို သူက ချုပ်စေတယ်။ပြီးတော့—

ဝိညာဏသဿ နိရောဓေန၊ အဲဒီ အဘိသခါရဝိညာဏ် ခြောက်ခုချုပ်ခြင်းကြောင့်။ တေ၊ ထိုနာမ်ရုပ်-ဆိုတဲ့ ဥပါဒိန္နကခန္ဓာ အနုပါဒိန္နကခန္ဓာတို့သည်။ အသေသံ၊ အကြွင်းမရှိ။ ဥပရုဇ္ဈန္တိ၊ ချုပ်ငြိမ်း၍ ရုပ်သိမ်းကြလေကုန်တော့၏။ နှစ်ဘဝမှာချန်ထား ငါးဘဝမှာဖြစ်လတ္တံ့ ဖြစ်တဲ့ ခန္ဓာတွေ အကုန် ကုန်ပြီ။

အနာဂါမိမဂ်ချုပ်သော တရားများ။ ။အနာဂါမိမဂ်ကြောင့် ဘာချုပ်သလဲ၊ အနာဂါမိမဂ်က အထူးမချုပ်စေတော့ဘူး၊ အနာဂါမိမဂ်က ခုနက သကဒါဂါမိမဂ်နဲ့ ချုပ်ပြီးသားဖြစ်တဲ့ အဘိသခါရဝိညာဏ်-လို့ ခေါ်တဲ့ ဒိဋ္ဌဂတဝိပ္ပယုတ် စိတ်လေးခု ဒေါသမူဒွေမှာရှိတဲ့ အဏုသဟဂတ - လို့ခေါ်တဲ့ အင်မဘန် နူးညံ့သိမ်မွေ့တဲ့ ကာမရာဂဗျာပါဒ-တည်းဟူသော သံယောဇဉ်တွေနဲ့ အနုသယတွေကို သူက ချုပ်စေတယ်၊ ရုပ်ကိုမချုပ်စေဘူး၊ နာမ်ကို မချုပ်စေဘူး၊ အဘိသခါရဝိညာဏ်ကိုဘဲ ချုပ်စေတယ်။

http://www.dhammadownload.com

ဒီလို အဘိသင်္ခါရဝိညာဏ်ကို ချုပ်စေတဲ့အတွက် တဘဝကိုချန်ထား၊ ဒုတိယ ဘဝကစပြီးတော့ ဥပါဒိန္နကခန္ဓာ အနုပါဒိန္နကခန္ဓာ မဖြစ်တော့ဘူး။ ရူပ်နာမ်တွေ မဖြစ်တော့ဘူး၊ အဲဒီ ရူပ်နာမ် မဖြစ်ဘူးဆိုတာ ချုပ်တာဘဲ၊ အနုပ္ပါဒ-နိရောဓ-ဆိုတာ တဖန်မဖြစ်သော ချုပ်ခြင်းကိုသာ အနုပ္ပါဒနိရောဓ-လို့ခေါ်တယ်၊ ခု ဘုန်းကြီးတို့ ပရိသတ် ရူပ်ခန္ဓတွေ နာမ်တွေဟာ ဥပါဒ်ချုပ် ဘင်ချုပ် ခဏချုပ်တဲ့၊ ချုပ်ချုပ်ပြီးတော့ ပြန်ပြန်ဖြစ်သလား မဖြစ်ဘူးလား–(ပြန်ဖြစ်ပါတယ်ဘုရား)၊ ပြန်ဖြစ်ရင် ဥပါဒ်ချုပ် ဘင်ချုပ် ခဏချုပ်ဘဲ၊ ဒါ မဂ်ချုပ်မဟုတ်ဘူး။

အရဟတ္တမဂ်ချုပ်သော တရားများ။ ။အရဟတ္တမဂ်ကျတော့ ဘာချုပ်သလဲ၊ အရဟတ္တမဂ်က ဒိဋ္ဌိဇာတိပဋိယုတ်စိတ် လေးခုရယ် မောဟမူဒွေးမှာရှိတဲ့ ဥဒ္ဓစ္စ၊ ပေါင်းတော့ ငါးခု၊ အဲဒီ ငါးခုကိုသာ အရဟတ္တမဂ်က ချုပ်စေတာ။ ရူပ်နာမ်ကိုချုပ်တာ မဟုတ်ဘူး၊ ဒီတော့ အရိယာပုဂ္ဂိုလ်တွေမှာ အရဟတ္တမဂ်လဲရောက်ရော အကုသိုလ်စိတ် တဆဲ့နှစ်ခုကျန်သေးလား (မကျန်တော့ပါဘုရား)၊ ကုန်ရော အကုသိုလ်စိတ်၊ ပြီးတော့ အကုသိုလ်ဟူသရွေ့တွေ အကုန်ကုန်သလား မကုန်ဘူးလား (ကုန်ပါဘယ်ဘုရား)၊ လောဘတွေ ဒေါသတွေ မောဟတွေ မူလဖြစ်တဲ့ အဝိဇ္ဇာနဲ့ တဏှာလို့ခေါ်တဲ့ မူလအမြစ်ကြီး ပြတ်သွားသလား မပြတ်ဘူးလား (ပြတ်သွားပါတယ်ဘုရား)၊ ပြတ်သွားလို့ ကုသိုလ်-ကောင်းမှုပြုတိုင်း ပြုတိုင်း အဝိဇ္ဇာပါသေးလား (မပါပါဘုရား)၊ တဏှာပါသေးလား (မပါပါဘုရား)၊ အဝိဇ္ဇာနဲ့ တဏှာ မပါတဲ့ ကုသိုလ်က သင်္ခါရရိုးရိုး၊ အဝိဇ္ဇာနဲ့ တဏှာပါတဲ့ ကုသိုလ်နဲ့ အကုသိုလ်သာ အဘိသင်္ခါရ-လို့ခေါ်သည်။

ရဟန္တာပုဂ္ဂိုလ် ကုသိုလ်အကျိုးမပေးပုံ။ ။ဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အကျိုးပေးသေးလား (မပေးပါဘုရား)၊ ဘာကြောင့်တုန်း၊ အဝိဇ္ဇာနဲ့တဏှာမရှိလို့ မပါတော့ဘူး။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ကုသိုလ်တွေ အမျိုးမျိုးလုပ်ကြတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေကို အမျိုမျိုးလုပ်ကြတဲ့အခါမှာ ဘုရားတည်ကြ ကျောင်းဆောက်ကြ သင်္ကန်းပရိက္ခရာတွေ လှူကြတန်းကြတဲ့အခါမှာ ဘာမပါရဘူးလဲ၊ အဝိဇ္ဇာနဲ့တဏှာ မပါရဘူးနော်၊ အဝိဇ္ဇာနဲ့ တဏှာ မပါတဲ့ ကုသိုလ်သည် သံသရာလယ်အုံးမလား မလယ်ဘူးလား (မလယ်ပါဘုရား)၊ အကျိုးပေးသလား မပေးတော့ဘူးလား (မပေးတော့ပါဘုရား)၊ အဲဒီလို အနာဂါမိမဂ်တို့ အရဟတ္တမဂ်တို့ဆိုတာ အကယ်၍သာ အဲဒီ အရိယာပုဂ္ဂိုလ်တွေမှာ မဂ်လေးပါး မရှိဘူးဆိုရင် အလုပ်မလုပ်ဘူးဆိုရင် အနုပါဒိန္နကခန္ဓာ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ ဖြစ်တယ်နော်၊ ဒါ အနုပါဒိန္နကခန္ဓာဘဲ။

http://www.dhammadownload.com

ဥပါဒိန္နကခန္ဓာ။ ။ဥပါဒိန္နကကျတော့ သောတာပန်ပုဂ္ဂိုလ်မှာ သောတာပတ္တိမဂ် မပေါ်ဘူးဆိုရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ ရှိတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာက သောတာပတ္တိမဂ်လဲ ပေါ်လိုက်ရော ရှိသေးသလား မရှိဘူးလား (မရှိတော့ပါဘုရား)၊ ဘယ်ရောက်သွားလဲ (ချုပ်သွားပါတယ်ဘုရား)၊ အဲဒီလို ချုပ်တဲ့အတွက် ခုနစ်ဘဝကိုချန်ထား၊ ကျန်တဲ့သံသရာလောကကြီးမှာရှိတဲ့ အနမတဂ္ဂ အဆုံးမရှိ သံသရာမှာ လာလတ္တံ့ဖြစ်တဲ့ ခန္ဓာတွေ အကုန်လုံးချုပ်ကုန်ပြီ၊ ရဟန္တာအဖြစ်ကို ရောက်သွားပြီဆိုကြပါစို့ ဟုတ်လား၊ အဲဒီ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားတဲ့ အခါကျတော့ ဟို စူဋ္ဌ-နိဒ္ဒေသ ပါဋ္ဌိတော် နှာ(၃၄)မှာလာတဲ့ ရွတ်ထားခဲ့တဲ့ ဂါထာတခုရှိတယ်၊ ဘာလဲလို့ ဆိုတော့—

အရဟတော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တဿ စရိမဝိညာဏဿ နိရောဓေန ပညာ စ သတိ စ နာမဥ္ဇ ရူပဥ္ဇ၊ ဧတ္ထေတေ နိရုဗ္ဗန္တိ ဝူပသမ္မန္တိ။

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယန္တဿ၊ ပရိနိဗ္ဗာန်ပြုသော။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်၏။ စရိမ-ဝိညာဏဿ နိရောဓေန၊ နောက်ဆုံးဖြစ်တဲ့ စရိမဝိညာဉ်၏ ချုပ်ခြင်းကြောင့်။ ပညာ စ၊ ပညာသည်လည်းကောင်း။ သတိ စ၊ သတိသည်လည်းကောင်း။ နာမဥ္ဇ၊ နာမ်သည်လည်းကောင်း။ ရူပဥ္ဇ၊ ရုပ်တရားသည်လည်းကောင်း။ ဧတ္ထ၊ ဤရဟန္တာပုဂ္ဂိုလ်၏ နောက်ဆုံး စရိမဝိညာဏ်စုတိစိတ် ချုပ်သောအခါ၌။ နိရုဗ္ဗန္တိ ဝူပသမ္မန္တိ၊ အကြွင်းမဲ့ချုပ်ငြိမ်း ရုပ်သိမ်းကြလေကုန်တော့၏။

စရိမဝိညာဏ်ခေါ်ပုံ။ ။ဒီတော့ သတိတို့ ပညာတို့ နာမ်တို့ ရုပ်တို့ ချုပ်တယ်ဆိုတာ အပြီးသတ်ချုပ်တာကတော့ဖြင့် မဂ်မှာချုပ်တာမဟုတ်ပါဘူး၊ ပရိနိဗ္ဗာနစုတိမှာ အကုန်လုံးချုပ်ကြတာ။ ရုပ်တို့ နာမ်တို့က ဘယ်အခါမှ ချုပ်သလဲဆိုတော့ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ်တို့ဖြင့် အဘိသင်္ခါရ ဝိညာဏ်တွေ ချုပ်ခြင်းကြောင့် အဘိသင်္ခါရဝိညာဏ် ချုပ်တဲ့အတွက်သာ အဘိသင်္ခါရဝိညာဏ် မဖြစ်တဲ့အတွက် အသစ်ဖြစ်သော ရုပ်နာမ် ခန္ဓာ မရှိတာကို ချုပ်တယ်လို့ပြောတယ်၊ လွှယ်လွှယ်ကတော့ သတိရယ် ပညာရယ် နာမ်ရယ် ရုပ်ရယ်က ဘယ်မှာချုပ်သလဲ၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ စုတိစိတ်မှာ ပြိုင်၍ ချုပ်တယ်၊ စရိမဝိညာဏ်ဆိုတာ ရဟန္တာပုဂ္ဂိုလ်ရဲ့ စုတိစိတ်ကို ခေါ်တယ်။

ဝိညာဏဿ နိရောဓေန-သည် အဘိသင်္ခါရဝိညာဏ်နှင့်စရိမဝိညာဏ် နှစ်မျိုးကို ပြတယ်၊ ဒါ သီလက္ခန်ဂဏ္ဍိက ဒီလိုဘဲပြတယ်၊ သီလက္ခန်ပါဋ္ဌိတော် ကေဝဋ္ဌသုတ္တန်မှာ

http://www.dhammadownload.com

လဲ ဒီအကြောင်း မေးထားတာရှိတယ်၊ ပြီးတော့ မူလပဏ္ဏာသ ပါဠိတော်-ပြဟ္မနိ-မန္တနသုတ် နှာ ၄၀၁-မှာလဲ ဒီအကြောင်းကို မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မဂ်ချုပ်တယ်၊ မဂ်ချုပ်တယ်-လို့ ဆိုဘာ ရုပ် နာမ် ဓမ္မသခ်ါရတွေကို ချုပ်စေတာမဟုတ်ဘူး၊ အဘိသခ်ါရဝိညာဏ်ကိုသာ ချုပ်စေတာ၊ အဘိသခ်ါရဝိညာဏ်ချုပ်ခြင်းကြောင့် ဖြစ်လတ္တံ့သော သံသရာမှာ ခန္ဓာ အာယတနတွေ ချုပ်တာကိုတော့ ရုပ် နာမ် ချုပ်တယ်-လို့ ခေါ်ဆိုရတယ်။

ကဲ ဒါဖြင့် စရိမဝိညာဏ်ဆိုတာ ဘာလဲ စရိမဝိညာဏသာ နိရောဓေနာတိတ္ထေ အဿာသပဿာသာနံ နိရောဓဝသေန တဲ့၊ ဒီလို စူဠနိဒ္ဒေသ အဋ္ဌကထာ နှာ ၆-က ပြောတယ် အဿာသ ပဿာသချုပ်တာ၊ ဟုတ်ပလား(မှန်ပါဘုရား)၊ အဲဒီ အဿာသ ပဿာသ ချုပ်တယ်-လို့ ဆိုတဲ့နေရာမှာ တယော စရိမာ-လို့ စရိမ သုံးမျိုးကို အဋ္ဌကထာက ဖွင့်ပြသေးတယ်။ အဿာသ ပဿာသချုပ်တဲ့ စရိမ-ကို ကြည့်။

စရိမ ၃-မျိုး။ ။ဘဝစရိမ စျာနစရိမ စုတိစရိမ-လို့ စရိမ သုံးမျိုးရှိတယ်၊ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား)၊ ဒီတရားကို နားထောင်လို့ ကောင်းအောင် ဟောတဲ့တရား မဟုတ်ဘူးနော်၊အဓိပ္ပါယ်ကို လေးလေးနက်နက် ပေါ်လွင်အောင် ဟောနေတဲ့တရားဖြစ်တော့ ဘုန်းကြီး ခပ်ဖြေးဖြေးဘဲ ပြောနေရတယ်၊ တခါဘလေ နားထောင်နေရတာ တို့လဲမသိဘဲနဲ့ ငြီးငွေ့နေတာဘဲလို့ ဒီလိုလဲ မအောက်မေ့နဲ့။

✓**ဘဝစရိမ။** ။စရိမလို့ဆိုတာ အဆုံးကိုခေါ်တယ်၊ အဿာသ ပဿာသသည် ဘဝစရိမလို့ဆိုတော့ ကာမဘဝမှာ အဿာသ ပဿာသရှိတယ်၊ ရူပဘဝနဲ့ အရူပဘဝကျတော့ အဿာသ ပဿာသ ရှိသေးသလားဆိုတော့ မရှိတော့ဘူး၊ အဲဒါကို ဘဝစရိမ-လို့ ခေါ်တယ်။

✓**စျာနစရိမ။** ။ပထမစျာန် ဒုတိယစျာန် တတိယစျာန်၊အဲဒီ အခါမှာ အဿာသ ပဿာသ ရှိသေးတယ်၊ စတုတ္ထစျာန်ကျတော့ အဿာသ ပဿာသဆိုတဲ့ ထွက်လေ ဝင်လေ မရှိတော့ဘူး၊ အဲဒါကို စျာနစရိမ-လို့ ဒီလို ခေါ်တယ်။

✓**စုတိစရိမ။** ။စုတိစရိမ-လို့ဆိုတာ ဘယ်သူကို ပြောတာလဲဆိုတော့ သတ္တဝါတွေ ရဟန္တာပုဂ္ဂိုလ်မှစပြီး ပိုးရွ ခြပုန်း အထိ သတ္တဝါတွေ မရဏာသန္ဓဇောတွေ ဝင်လာပြီး စုတိစိတ်မှ ပြန်ရေတွက်ရင် တဆဲ့ခြောက်ချက်မြောက်သော စိတ်နှင့်အတူတကွ ပြိုင်၍ဖြစ်တဲ့ အဿာသ ပဿာသ ဆိုတာရှိသေးတယ်၊စုတိစိတ်ရဲ့ ရှေ့ တဆဲ့ခြောက်ချက်မြောက်သော ခဏ၌ ဘယ်သူရှိသေးသလဲ၊ အဿာသ

http://www.dhammadownload.com

ပဿာသ ထွက်လေ ဝင်လေ ရှိသေးတယ်၊ အဲဒီ တဆဲ့ခြောက်ချက် လွန်ပြီး စုတိစိတ်နဲ့ တပြိုင်နက် ချုပ်သွားတဲ့ အဿာသ ပဿာသကို စုတိစရိမ-လို့ ခေါ်တယ်။

အဲဒီ ပရိနိဗ္ဗာန် ပြုသွားတဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့ စုတိစိတ်နဲ့ ပြိုင်၍ချုပ်တဲ့ အဿာသ ပဿာသမှာ ဘယ်သူတွေ ချုပ်ကုန်သလဲ၊ သတိ ပညာ နာမ် ရုပ် အားလုံးချုပ်ကုန်ရော၊ ဟုတ်လား(မှန်ပါဘုရား)၊ ကိုင်း အဲဒီ သုတ္တန်ကို မြတ်စွာဘုရား ဟောပြီးပြီနော်။ ရွှေဂါထာကို ဘုန်းကြီးတို့ ဆက်ဟောရအောင် ရွှေဂါထာကိုကူး၊ ဟောခါနီးတော့ အဋ္ဌကထာက ဒီနေရာမှာ ကျမ်းတက် အနုသန္ဓေ သဘောကို ပြထားတာ ရှိတယ်။

> ဧတ္တာဝတာ စ ဒုက္ခမဿ မဟတ္တယန္တိ ဣမိနာ ပကာသိတံ ဒုက္ခသစ္စံ။
>
> ယာနိ သောတာနိတိ ဣမိနာ သမုဒယသစ္စံ။
>
> ပညာယေတေ ပိဓိယျရေတိ ဣမိနာ မဂ္ဂသစ္စံ။
>
> အသေသံ ဥပရုဇ္ဈတီတိ ဣမိနာ နိရောဓသစ္စန္တိ ဧဝံ စတ္တာရိ သစ္စာနိ သုတ္တာပိ အရိယဘူမိံ အနဓိဂတော ပုန သေက္ခာ သေက္ခ-ပဋိပဒံ ပုစ္ဆန္တော ယေ စ သခ်ါတမမ္မာသေတိ ဂါထမာဟ။ ဒါ စူဠ-နိဒ္ဒေသ အဋ္ဌကထာ (နှာ-၇)စကား။

ရွှေနောက်စကားဆက်ရန် အနုသန္ဓေ။ ။သူက ကျမ်းတက် (အနုသန္ဓေ) လုပ်ပေးတာ၊ ရွှေဂါထာကို ကူးဘို့ အခု ဘုန်းကြီးတို့ ဟောခဲ့တဲ့ ငါးညတိုင်တိုင် ဟောခဲ့တဲ့တရားတွေကို စစ်တမ်းထုတ်ကြည့်လိုက်မယ်ဆိုရင် အဋ္ဌကထာ ဆရာကြီးက—

ဒုက္ခမဿ မဟတ္တယန္တိ ဣမိနာ၊ ဒုက္ခမဿ မဟတ္တယံ ဟူသော ဤစကားဖြင့်။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ပကာသိတံ၊ ပြတော်မူအပ်၏။

ယာနိ သောတာနိတိ ဣမိနာ၊ ယာနိ သောတာနိ ဟူသော ဤစကားဖြင့်။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ဒဿေတိ၊ ပြတော်မူ၏။

ပညာယေတေ ပိဓိယျရေတိ ဣမိနာ၊ ပညာယေတေ ပိဓိယျရေ ဟူသော ဤစကားဖြင့်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဒဿေတိ၊ ပြတော်မူ၏။

အသေသံ ဥပရုဇ္ဈတီတိ ဣမိနာ၊အသေသံ ဥပရုဇ္ဈတီဟူသော ဤစကားဖြင့်။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဒဿေတိ၊ ပြတော်မူ၏။ ဧဝံ၊ ဤသို့။ စတ္တာရိ သစ္စာနိ၊ သစ္စာလေးပါး တရားတို့ကို။ သုတ္တာပိ အဇိတရသေ့သည် နာခံမှတ်သားရပါသော်လည်း။ အရိယဘူမိံ၊ အရိယာ၏ အဖြစ်သို့။ အနဓိဂတော၊ မရမရောက်သည်။ ဟုတ္တာ၊ ဖြစ်၍။

http://www.dhammadownload.com

အဇိတရသေ့အား သစ္စာလေးပါး တရားပြပုံ အဲဒီ သစ္စာလေးပါးကို ဒီလောက်သိ အောင်မြတ်စွာဘုရားဟောတာကို အဇိတ ရသေ့ နာရပေမဲ့ အရိယာမဖြစ်သေးဘူး တဲ့၊ ခုန ပုစ္ဆာမေးတဲ့ပုဂ္ဂိုလ် သစ္စာလေးပါး ပါမသွားဘူးလား (ပါ ပါတယ် ဘုရား)၊ အဲဒီလို သစ္စာလေးပါး ပါသွားပေတယ်လို့ သူမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကိုမှ မရသေးဘူးတဲ့ အရိယာ မဖြစ်သေးဘူးထဲ့။

ပုန၊ တဖန်။ သေက္ခာသေက္ခပဋိပဒံ၊ သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်တို့၏ ကျင့်ဝတ်ကို။ ပုစ္ဆန္တော၊ မေးလိုသည်ဖြစ်၍။ ယေ စ သခ်ိတမ္မာသေတိ ဂါထံ၊ ယေ စ သခ်ိတမ္မာသေ–ဟူသော ဂါထာကို။ အာဟ၊ တဖန်ပြန်၍ မြတ်စွာဘုရားကို မေးမြန်းလေတော့၏။

အရိယာဖြစ်ရန် ပုစ္ဆာတခဲ့ မေးမြန်းခြင်း။ ။ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခတွေ ဒုက္ခအရိယသစ္စာ၊ ယာနိ သောတာနိ လောကသ္မိံ –လို့ဆိုတဲ့ အထဲမှာ တဏှာ ဒိဋ္ဌိတို့ အဝိဇ္ဇာတို့ ဆိုတဲ့ သောတတွေဟာ သမုဒယသစ္စာ၊ ပညာယေတေ ပိဓိယျရေ လို့ ခေါ်တဲ့ ဝိပဿနာပညာ မဂ်ပညာက် မဂ္ဂသစ္စာ၊ အသေသံ ဥပရုဇ္ဈတိလို့ ခေါ်တဲ့ ခုနက ရဟန္တာရဲ့ စုတိစိတ်နောက်ပိုင်းမှာ အကုန်လုံးရုပ်တွေ နာမ်တွေ ဝိညာဏ်တွေ အားလုံး ချုပ်ကုန်တယ်လို့ ဆိုတာ နိဒ္ဒေသစ္စာ။ အဲဒီ သစ္စာလေးပါးကို နာရပေမဲ့ အဇိတရသေ့ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘူး၊ အရိယာ မဖြစ်သေးဘူး၊ အရိယာမဖြစ်သေးတဲ့အတွက် အရိယာအဖြစ်ကို ရုပါစေလို့ နောက်ထပ်တဖန် ပုစ္ဆာတခုမေးတယ်၊ ဘယ်လိုမေးသလဲ—

ယေ စ သခ်ိတမ္မာသေ၊ ယေ စ သေက္ခာ ပုထူ လ္ဂဓ။
တေသံ မေ နိပကော လ္ဂရိယံ၊ ပဒ္ဒေါ ပဗြူဟိ မာရိသ။

ဒီ ပုစ္ဆာကို မေးတယ်။

မာရိသ၊ ဆင်းရဲဝဋ်မှ ကင်းလွတ်တော်မူသော မြတ်စွာဘုရား။ သခ်ိတမ္မာသေ၊ သခ်ိတတရားတို့ကို အနိစ္စ စသော အခြင်းအရာဖြင့် ရှုဆင်ခြင်အပ်ပြီး ကုန်သော။ ယေစ၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်ငင်း။ ပုထူ၊ များပြားလှစွာ ကုန်သော။ သေက္ခာ၊ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်ကုန်သော။ ယေ စ၊ အကြင် သေက္ခပုဂ္ဂိုလ်တို့သည်ငင်း။ အတ္ထိ၊ ရှိပါကုန်၏။ တေသံ၊ ထိုသေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့၏။ လ္ဂရိယံ၊ အကျင့်ကို။ ပဒ္ဒေါ၊ မေးအပ်သော။ နိပကော၊ ရင့်ကျက်သောပညာရှိသော။ တံ၊ အရှင်မြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ပဗြူဟိ၊ ဟောကြားတော်မူပါလော့။

http://www.dhammadownload.com

သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့အကျင့်ကို မေးလျှောက်ပုံ

သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်နှစ်ပါးတို့ရဲ့ အကျင့်ကို ဘုရားတပည့်တော် အား ဟောကြားတော်မူပါဦး ဘုရားလို့ လျှောက်ထားတယ်။ အဲဒီ ဂါထာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားက အကျဉ်းဟောထားတယ်၊ အကျယ် ဘယ်မှာ ရှိပါသေးသလဲလို့ ဘုန်းကြီးတို့ စာပေနယ်မှာ လျှောက်ပြီးတော့ ရှာရတယ်၊ ရှာတော့ ဒီအကြောင်း ဘယ်မှာ တွေ့သလဲဆိုတော့ သံယုတ္တနိကာယ် နိဒါနဝဂ္ဂသံယုတ် ဘူတသုတ္တန်လို့ ဆိုတာ သွားတွေ့တယ်၊ ဒီသုတ္တန် နှာ(၂၈၁) မှာ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို ဘာမေးသလဲလို့ဆိုတော့—

ဝုတ္ထမိဒံ သာရိပုတ္တ ပါရာယနေ အဇိတပဉ္ဉေ—

ယေ စ သင်္ခါတမဗ္ဘာသေ၊ ယေ စ သေက္ခာ ပုထူ ဣဓ။
တေသံ မေ နိပကော ဣရိယံ၊ ပုဋ္ဌော ပဗြူဟိ မာရိသာတိ–

ဣမဿ နုခေါ သာရိပုတ္တ သံခိတ္တေန ဘာသိတဿ ကထံ ဝိတ္ထာရေန အတ္ထော ဒဋ္ဌဗ္ဗောတိ-လို့

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို မေးတယ်။

သာရိပုတ္တ၊ ချစ်သားသာရိပုတ္တရာ။ ပါရာယနေ၊ အခုဟောနေတဲ့ ပါရာယန ဝဂ်၌။ အဇိတပဉ္ဉေ၊ အခု အဇိတလုလင် မေးတယ်ဆိုတဲ့အမေး၌။ မာရိသ၊ အရှင်ဘုရား။ သင်္ခံတမဗ္ဘာသေ၊ သင်္ခံတတရားကို ရွှဆင်ခြင်အပ်ပြီးကုန်သော။ ယေ စ၊ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထူ၊ များလှစွာကုန်သော။ သေက္ခာ၊ သိက္ခာသုံးပါးကို ကျင့်ဆဲဖြစ်ကုန်သော။ ယေ စ၊ အကြင်သေက္ခပုဂ္ဂိုလ် အပေါင်းတို့သည်လည်းကောင်း။ အတ္ထိ=သန္တိ၊ ရှိပါကုန်တော့၏။ တေသံ၊ ထို သေက္ခ အသေက္ခပုဂ္ဂိုလ်တို့၏။ ဣရိယံ၊ အကျင့်ကို။ ပုဋ္ဌော၊ မေးလျှောက်အပ်သော။ တုံ၊ အရှင်ဘုရားသည်။ မေ၊အကျွန်ုပ်အား။ ပဗြူဟိ၊ ဟောကြားတော်မူပါလော။ ဣတိ တေ ဝစနံ၊ ဤစကားကို။ ဝုတ္ထံ၊ ပါရာယနဝဂ်၌ ဟောတော်မူအပ်၏။

သာရိပုတ္တ၊ချစ်သားသာရိပုတ္တရာ။သံခိတ္တေန၊အကျဉ်းအားဖြင့်။ ဘာသိတဿ၊ ဟောတော်မူအပ်သော။ ဣမဿ ဓမ္မဿ၊ ဤပါရာယနဝဂ်မှာလာတဲ့ တရားတော်၏။ အတ္ထော၊ အနက်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထံ၊ အဘယ်သို့လျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်ရပါမည်နည်း။

မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို မေးတယ်။

http://www.dhammadownload.com

ဘုရားရှင်က ရှင်သာရိပုတ္တရာအား ပြဿနာမေးပုံ

သာရိပုတ္တရာ ခုဟောနေတဲ့ ပါရာယနဝဂ်မှာ အဇိတပုဏ္ဏားမေးတဲ့ ယေ စ သင်္ခတဓမ္မာသေ ဆိုတဲ့ သေက္ခ အသေက္ခပုဂ္ဂိုလ်တို့ရဲ့အကျင့်ကို ပြောတဲ့ အကျဉ်းချုပ်စကားရှိတယ်၊ အဲဒါကို အကျယ်ဘယ်လိုလုပ်ပြီး သိရမလဲလို့ သာရိပုတ္တရာကို မြတ်စွာဘုရားက မေးတယ်။ မဖြေဘူး ရှင်သာရိပုတ္တရာက၊ မဖြေတော့ နောက်တကြိမ် ထပ်မေးတယ်။ ဝါကျ ဒီအတိုင်းဘဲ၊ ဒီတော့ နောက်တကြိမ် ထပ်မေးတယ်၊ ဘယ်နှစ်ကြိမ်ရှိပြီလဲ ဘုရားမေးတာ (သုံးကြိမ်ရှိပါပြီဘုရား)၊ သုံးကြိမ်တိုင်တိုင်မေးတယ်၊ ရှင်သာရိပုတ္တရာ မဖြေဘူး။

ရှင်သာရိပုတ္တရာ မဖြေပုံရှင်းချက်

ဒီတော့ အဲဒီနေရာမှာ အဋ္ဌကထာဆရာကြီးက ဘာပြောထားသလဲဆိုတော့ မြတ်စွာဘုရားကိုယ်တော်တိုင် သုံးကြိမ်တိုင်တိုင် မေးနေတာကို ရှင်သာရိပုတ္တရာက ဘာဖြစ်လို့မဖြေလဲတဲ့၊ မြတ်စွာဘုရားမေးတဲ့ အမေးပုစ္ဆာပြဿနာမှာ သံသယရှိနေလို့ မဖြေတာလား၊ စဉ်းစားနေလို့ မဖြေတာလား၊ သို့မဟုတ် မြတ်စွာဘုရားရဲ့ အလို အဇ္ဈာသယအပေါ်မှာ စဉ်းစားနေလို့လားတဲ့၊ ဒီတော့ (သံယုတ်၊ ၎၊ ဒုတွဲ၊ နှာ-၅၆-၌) အဋ္ဌကထာဆရာကြီးက ပြောပေးပါတယ်၊ မြတ်စွာဘုရားမေးတဲ့ မေးခွန်းအပေါ်မှာတော့ သံသယမရှိပါဘူးတဲ့ ဟုတ်လား (မှန်ပါဘုရား)၊ မြတ်စွာဘုရား၏ အလိုမှာ သံသယရှိတယ်တဲ့ ဘယ်လိုလဲ။

ရှင်သာရိပုတ္တရာ ကြံစည်ပုံ။

။အဓိပ္ပါယ်က – ရှင်သာရိပုတ္တရာက အော်....မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကတော့ဖြင့် ငါ့ကို သေက္ခ အသေက္ခပုဂ္ဂိုလ်တို့ရဲ့ အကျင့်ကို မေးနေပြီ၊ဒီသေက္ခ အသေက္ခပုဂ္ဂိုလ်တို့ရဲ့ အကျင့်ကို ရှင်သာရိပုတ္တရာက ခန္ဓာငါးပါးနဲ့လဲ ဖြေနိုင်တယ်၊ အာယတနတဆဲ့ နှစ်ပါးနဲ့လဲ ဖြေနိုင်တယ်၊ ဓာတ်တဆဲ့ရှစ်ပါးနဲ့လဲ ဖြေနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ်တဆဲ့ နှစ်ပါးနဲ့လဲ ဖြေနိုင်တယ်။ ဘယ်နည်းနဲ့ဖြေမှ မြတ်စွာဘုရားရဲ့ အလိုတော်ကျမှာ ပါလိမ့်မလဲလို့ စဉ်းစားနေတဲ့အတွက် သုံးကြိမ်တိုင်တိုင် မေးတာကို မဖြေတာပါတဲ့လို့ အဋ္ဌကထာဆရာကြီးက ဒီလို ပြောပေးတယ်။

ဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကလဲ ဘယ်နဲ့လဲ သာရိပုတ္တရာ ငါကိုယ်တိုင်သုံးကြိမ်တိုင်မေးနေပါလျက်နဲ့ မဖြေဘူး ဘာစဉ်းစားနေပါလိမ့်မလဲလို့ ဆင်ခြင်တဲ့အခါ သူဖြေတော့ ဖြေတတ်တယ်၊ သို့သော်လဲ ဘယ်လို အလိုနဲ့ ဖြေစေချင်တယ်ဆိုတာကို သူမသိလို့ မဖြေဘဲနေတာလို့ သိတဲ့အတွက် မြတ်စွာဘုရားက ခန္ဓာ ငါးပါးနဲ့ ဖြေဆို စေလိုသောကြောင့် ဘာ စ ပေးလိုက်သလဲဆိုတော့—

http://www.dhammadownload.com

ဘူတမိဒန္တိ သာရိပုတ္တ ပဿသိ။ သာရိပုတ္တ' ချစ်သား သာရိပုတ္တရာ။ ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာ ငါးပါးအပေါင်းသည်။ ဘူတံ၊ ထင်ရှား ဖြစ်ပေါ် လာ၏။ ဣတိ၊ ဤသို့။ တံ၊ သင်သည်။ ပဿသိ၊ မြင်၏လော။

ခန္ဓာ ၅-ပါး ဖြစ်ပေါ် လာခြင်း။ ။ချစ်သား သာရိပုတ္တရာ ဖြစ်တယ်ဆိုတာ ဘာဖြစ်သလဲ ခန္ဓာ။ ဘုန်းကြီးတို့ ပရိသတ် ဖြစ်တယ်ဆိုတာ ဘာဖြစ်သလဲ (ခန္ဓာပါဘုရား)၊ တာဖြင့် အဲဒီ ခန္ဓာတွေဖြစ်ရင် ဒုက္ခလား သုခလား(ဒုက္ခပါလား)၊ ပါဠိ တော်က ဘယ့်နဲ့ ပြသလဲ၊ ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။ ဥပ္ပဇ္ဇမာနံ၊ တစုံတခုသာ ဖြစ်ပေါ် လာလျှင်၊ ဒုက္ခမေဝ၊ ဆင်းရဲတုန်း ဆင်းရဲခဲချည်းသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ် ၍လာ၏။ ၎

ခန္ဓာဖြစ်က ဒုက္ခနှင့် မကင်း။ ။ဘုန်းကြီးတို့ ပရိသတ် ဘာဖြစ်ချင်သေးသလဲ ဖြစ်ချင်သေး သလား (မဖြစ်ချင်ပါ ဘုရား)၊ ဖြစ်ရန်(ဒုက္ခပါဘုရား)၊ သိန်းထီပေါက်လို့ သူဌေးကြီးဖြစ်လျှင်(ဒုက္ခပါဘဲဘုရား)၊ နိုင်ငံတော်မှာ တကတဲ အာဏာရှင်ကြီး တယောက်ဖြစ်ခဲ့လျှင် (ဒုက္ခပါဘုရား)၊ စကြာမင်းကြီးဖြစ်လျှင် (ဒုက္ခပါဘုရား)၊ သိကြားမင်းကြီး ဖြစ်လျှင် (ဒုက္ခပါဘုရား)၊ ပြဟ္မာမင်းကြီး ဖြစ်လျှင်ကော (ဒုက္ခပါဘုရား)၊ ဒါဖြင့် အဲတာတွေကို ဒုက္ခသာဆိုတာ ဘုန်းကြီးတို့ ပရိသတ် သူဌေးအဖြစ်-နတ်အဖြစ် ပြဟ္မာအဖြစ် ဆိုတာ မလိုချင်ကြဘူးလား (လိုချင်ပါတယ်ဘုရား)၊ ဒုက္ခကို ဒုက္ခမှန်းသိလို့ လိုချင်တာလား မသိလို့ လိုချင်တာလား(မသိလို့ လိုချင်တာပါဘုရား)၊ ဒုက္ခလို့ မသိတာက အဝိဇ္ဇာလား ဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား)၊ မသိလို့ လိုချင်နေတာက တဏှာ၊ အဲဒီ အဝိဇ္ဇာနဲ့ တဏှာ ရှိနေသရွေ့ကာလပတ်လုံး ဘုန်းကြီးတို့ ပရိသတ် သံသရာဝဋ်က လွတ်မလား မလွတ်ဘူးလား (မလွတ်ပါဘုရား)၊ ကိုင်း အဲဒါတွေကို ဒုက္ခလို့ ဆိုရင် ဒုက္ခက လွတ်အောင် ဘယ်လိုလုပ်ရမလဲ၊ သတိထားရမယ်၊ ပညာနဲ့ ရှုရမယ်၊ ဒီတော့ မြတ်စွာဘုရားက ဘူတမိဒန္တိ သာရိပုတ္တ ပဿသိလို့ ဟောတော်မူတယ်။

ဘုရားရှင်၏အလိုကျသိရပုံ။ ။ခန္ဓာငါးပါးဟာ ဖြစ်လာတယ်ဆိုရင် ဒုက္ခ ဖြစ်လာတာဘဲလို့ ဒီလို စပေးလိုက်တော့ ရှင်သာရိပုတ္တရာက သြော်-မြတ်စွာဘုရားက ဒီလို ခန္ဓာငါးပါးနဲ့ ပြောစေ လိုတာဘဲလို့ သိသွားတယ်။ သိတော့ ခန္ဓာကို ဖော်ပြတော့မှ သြော်-ခန္ဓာ ငါးပါးနဲ့ ဖြေစေချင်တယ်ဆိုတာ သိသွားတယ်။ ဒီတော့ ရှင်သာရိပုတ္တရာက သေက္ခပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲလို့ ဆိုတာ သူက အကျယ်ပြောတယ်၊ ဒီသုတ္တန်မှာ သေက္ခပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် မှတ်ထား—

http://www.dhammadownload.com

ဘူတမိဒန္တိ ဘန္တေ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ၊ ဘူတမိဒန္တိ ယထာဘူတံ သမ္မပ္ပညာယ ဒိဿာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ။ ။နိဒါနသံယုတ်ပါဠိတော် နှာ(၂၈)။

သေက္ခပုဂ္ဂိုလ်ဆိုတာ အဲဒီလိုပါ ဘုရား တဲ့—

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူပေသော မြတ်စွာဘုရား။ ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာ ငါးပါးအပေါင်းသည်။ ဘူတံ၊ ထင်ရှား ဖြစ်ပေါ်လာ၏ ဟူ၍။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တဲ့ ယထာဘူတ ဉာဏ်ဖြင့် ဟုတ်မှန်စွာ။သမ္မပ္ပညာယ၊ကောင်းသော ဝိပဿနာပညာဖြင့်။ပဿတိ၊ မြင်၏။

ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ရှင်းပြချက်။ ။စောစောက ဘုန်းကြီးပြောခဲ့ပြီနော် (မှန်ပါဘုရား)၊ ဝိပဿနာပညာ ဆိုတာက ဘယ်သူလဲ ယထာဘူတဉာဏ် နိဗ္ဗိဒါဉာဏ်၊ မဂ်ပညာဆိုတာက ဝိရာဂဉာဏ်၊ ဝိပဿနာဉာဏ်ပြီ-ရင် ဒီဘက် ဘာဉာဏ်တုန်း (နိဗ္ဗိဒါဉာဏ်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်မှာ ဝိပဿနာဉာဏ်တွေ ဖြစ်နေသလား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ မဂ်ဉာဏ်ရောက်ဘို့ ဘယ်လောက် လိုသေးလဲ (မလိုတော့ပါဘုရား)၊ ဝိပဿနာဉာဏ်ပြီးရင် ဘာဉာဏ်လဲ (မဂ်ဉာဏ်ပါဘုရား)။

ဝိပဿနာဉာဏ်ပြီးရင် ဘာပြုလို့ မဂ်ဉာဏ် မရောက်သေးသလဲ၊ အဲဒီ-လက်နှစ်လုံးလောက် လိုသေးတယ်ဆိုတာ တဆင့်ဘဲလိုတော့တယ် (မှန်ပါဘုရား)၊ ဘာဖြစ်လို့ မရောက်သလဲ (မတက်လို့ပါဘုရား)၊ မတက်ဘူး၊ အဲဒီ-နေရာမှာ မတက်နိုင်ဘဲ နောက်ကိုဘဲ ပြန်ပြန်ရောက်နေတယ်၊ သွားပြီ-တော့ အားထုတ်လို့ ဝိပဿနာဉာဏ်တွေ ဆက်ဖြစ်လိုက် အိမ်ပြန်လာလိုက်၊ အရက် လေး-ငါးဆယ်လောက် ရိပ်သာတွေဆီ သွားသွား အားထုတ်လိုက်၊ ဝိပဿနာဉာဏ်တွေက သိပ်ထက်သန်လာလိုက် အိမ်ပြန်လာလိုက်၊ ဝိပဿနာဉာဏ်လဲ ထက်သန်လာရော အိမ်ပြန်လာရော၊ ဒီတော့ ဒီ-မဂ်ဉာဏ်ရပါဦးတော့မလား (မရနိုင်ပါဘုရား)။

ဉာဏ် ၂-ပါးဖြင့် ခန္ဓာ ၅-ပါးကို မြင်ပုံ။ ။ဒါဖြင့် ဘယ်လိုလုပ်မလဲ၊ စားကောင်းသောက် ကောင်းရုံလောက် တော့ဖြင့် မလုပ်ကြနဲ့၊ အဲဒီ-ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ဟုတ်တိုင်းမှန်စွာ ခန္ဓာငါးပါးကို မြင်ရင် ယထာဘူတံ သမ္မပ္ပညာယ၊ ဟုတ်မှန်တဲ့အတိုင်း ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့်။ ဒိဿာ၊ မြင်သည်ရှိသော်။ ဘူတဿ၊ ထင်ရှားဖြစ်ပေါ်ရှိနေသော ခန္ဓာငါးပါး၏။ နိဗ္ဗိဒါယ၊ ဝိပဿနာဉာဏ်ဆိုတဲ့ နိဗ္ဗိဒါဉာဏ်အကျိုးငှာ။ ဝိရာဂါယ၊

http://www.dhammadownload.com

မင်ဉာဏ်အကျိုးငှါ။ နိဒ္ဒေဓာယ၊ ဆိုးရည်နှင့်တူသော ရာဂတွေ့ချုပ်ငြိမ်းခြင်းငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊ ဖြစ်၏။

သေက္ခပုဂ္ဂိုလ် ရေတွက်ပြခြင်း။ ။ဒါ-သေက္ခပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်ဆိုတာ အဲဒီလို နေပါတယ်၊ ဘုန်းကြီးတို့ပရိသတ်၊ အဲဒီလို နေရဲ့လား ဘာနဲ့နေသလဲ၊ ဘုန်းကြီးတို့ပရိသတ်၊ သေက္ခပုဂ္ဂိုလ်တို့ ဆိုတာ ခုနစ်ယောက် ရှိတယ်၊ ဘယ်နှစ်ယောက်လဲ(ခုနစ်ယောက်ပါဘုရား)၊ သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်က တယောက်၊ သောတာပန်တယောက်၊ သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်တယောက်၊ သကဒါဂါမ်ပုဂ္ဂိုလ် တယောက်၊ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်ကတယောက်၊ အနာဂါမ်ပုဂ္ဂိုလ်ကတယောက်၊ ဟုတ်ပလား (မှန်ပါဘုရား)၊ ခြောက်ယောက် ရှိသွားပြီ၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်တယောက်၊ ပေါင်း ခုနစ်ယောက်၊ အဲဒါကို သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်လို့ ဒီလို ခေါ်တယ်။

သေက္ခပုဂ္ဂိုလ်တို့နေပုံ။ ။အဲဒီ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်နေနည်းက ဘယ်လို နေသလဲ၊ ခန္ဓာငါးပါးကို အမြဲတန်း ပေါ်လွင်အောင် ရှုနေပြီးတော့ ငြီးငွေ့ဘို့ နိဗ္ဗိန္ဒာဉာဏ်ဆိုတဲ့ ဉာဏ်အကျိုးငှါ ဝိရာဂလို့ခေါ်တဲ့ မင်ဉာဏ်ဖြစ်ပေါ်ဘို့ အကျိုးငှါ နိဒ္ဒေဓလို့ခေါ်တဲ့ ခုနက တဏှာဒိဋ္ဌိ ကိလေသာ ဆိုတဲ့ ဆိုးရည်တွေ ကျွတ်ကုန်ဘို့ ချုပ်ကုန်ဘို့ ကျင့်နေတယ်၊ ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အနတ္တလို့ ဒီ-လေးခုနဲ့ ရှုနေတာ၊ဘုန်းကြီးတို့ပရိသတ်က ခန္ဓာငါးပါးကို ဘယ်လိုနည်းနဲ့ ရှုနေသလဲ၊ ဘုန်းကြီးတို့ ပရိသတ် ရှုနေတာက ဒီ-လေးခု မဟုတ်ဘူး၊ အမျိုးသားလေး တယောက်အနေနဲ့ အမျိုးသမီးလေး တယောက်အနေနဲ့ ငါ့အနေနဲ့ ငါ့ဇနီး ငါ့ခင်ပွန်းအနေနဲ့ ရှုမနေဘူးလား၊ (ရှုနေပါတယ်ဘုရား)၊ တာဖြင့် သေက္ခပုဂ္ဂိုလ်ထဲ ပါသေးလား (မပါပါဘုရား)။

ခန္ဓာငါးပါး ရှုနေသည်မည်ခြင်း။ ။ဘုန်းကြီးအနေနဲ့ ဒါ-ငါ့ သက်န်းလေး ငါ့သက်န်းလေး ဒါက ငါ့ကျောင်းလေး ငါ့ကျောင်းလေး ဟောဒါက ငါ့ဒကာ ဒကာမကလေး ငါ့ဒကာ ဒကာမလေး၊ အဲဒီလို ရှုနေရင် ခန္ဓာငါးပါး ရှုနေသလား ဒကာရှုနေတာလား၊ (ဒကာရှုနေပါတယ်ဘုရား)၊ ခန္ဓာငါးပါး ရှုနေသလား ကျောင်းရှုနေသလား၊ (ကျောင်းရှုနေပါတယ်ဘုရား)၊ ကိုင်း ဒကာတွေကော ဘာတွေရှုနေသလဲ ခန္ဓာငါးပါးကို အိမ်မှာ နေစဉ်နေတိုင်း ဟောဒါ ငါ့ပစ္စည်းတွေ ဒါ ငါ့အဝတ် အစားကလေးတွေ ဟောဒါ ငါ့ဘီဒိုကလေးတွေ တိုက်ရချုတ်ရတာ သိမ်းလိုက် ခေါက်လိုက်ရတာ၊ ဒါ ခန္ဓာငါးပါးကို ဘယ့်နှဲ့ရှုသလဲ ငါ့ဥစ္စာတွေ ငါ့ဥစ္စာတွေ ဘဲဟု ရှုနေတယ်၊ ဒါ သေက္ခပုဂ္ဂိုလ်လား (မဟုတ်ပါဘုရား)၊ ဒီ သေက္ခပုဂ္ဂိုလ် အကြောင်းကို ရှင်သာရိပုတ္တရာက ဘယ့်နှဲ့ပြောသလဲ ခန္ဓာငါးပါးကို သေက္ခ

http://www.dhammadownload.com

ပုဂ္ဂိုလ်က ဘယ်နဲ့ရှုနေသလဲဆိုတော့ နိဗ္ဗိဒါဃ ဝိရာဂါဃ နိရောဓာယ ပဋိပန္နော ဓမ္မာတိ။

ဘူတံ၊ ထင်ရှားဖြစ်ပေါ်၍နေသော။ ဣဒံ ခန္ဓပဉ္စကံ၊ ဤခန္ဓာငါးပါးအပေါင်းကို။ နိဗ္ဗိဒါယ၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမအနေအားဖြင့် နိဗ္ဗိဒါဉာဏ်အကျိုးငှါ။ ဝိရာဂါယ၊ အစ္စန္တဝိရာဂခေါ်တဲ့ မဂ်ဉာဏ်အကျိုးငှါ။ နိရောဓာယ၊ ဒိဋ္ဌတဏှာ ကိလေသာတည်းဟူသော ဆိုးရည်တွေ ကျွတ်ကြ ချုပ်ကြခြင်းအကျိုးငှါ။ ပဋိပန္နော၊ ကျင့်၍နေသည် ရှု၍နေသည်။ ဟောတိ၊ ဖြစ်၏။

ဒါ သေက္ခပုဂ္ဂိုလ် ဘုန်းကြီးတို့ပရိသတ် အဲသလို မကျင့်ရင် သေက္ခပုဂ္ဂိုလ်ထဲ မပါဘူးလို့ မှတ်ထား။ ယောဂါဝစရပုဂ္ဂိုလ်ပေါ့လေ၊ သေက္ခပုဂ္ဂိုလ်ဆိုတာ ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း ရှေ့သွားရအောင်—

> တဒါဟာရသမ္ဘဝန္တိ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ၊ တဒါဟာရသမ္ဘဝန္တိ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ အာဟာရသမ္ဘဝဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ-တဲ့ ပါဠိတော်က။

အကြောင်းတရားကြောင့် အကျိုးခန္ဓာဖြစ်ခြင်း။ ။အရှင်ဘုရား သေက္ခပုဂ္ဂိုလ်ဆိုတာ အဲဒီ-ဖြစ်တဲ့ ခန္ဓာငါးပါးဆိုတာ သူဖာသာသူ ဖြစ်တာလား သူမျှားလုပ်လို့ဖြစ်တာလားလို့ဆိုတော့ မဟုတ်ဘူးတဲ့၊ အကြောင်းကြောင့်ဖြစ်တယ်၊ အကြောင်းအာဟာရ အထောက်အပံ့ကြောင့် ဖြစ်တယ်။

> အာဟာရသမုဒယာ ရူပသမုဒယော၊
> ဖဿသမုဒယာ ဝေဒနာသမုဒယော၊
> ဖဿသမုဒယာ သညာသမုဒယော၊
> ဖဿသမုဒယာ သင်္ခါရသမုဒယော၊
> နာမရူပသမုဒယာ ဝိညာဏသမုဒယော ၂- လို့

အဲဒီလို ဖြစ်ခြင်းရဲ့ အကြောင်းတရားတွေကြောင့် ဒီ ခန္ဓာငါးပါးသည် အကြောင်းတရားရှိလို့သာ ဖြစ်ပေါ်နေတာဘဲလို့ ဒီ-လိုရှုရတယ်၊ အကြောင်းတရားကြောင့် ဖြစ်ပေါ်တဲ့ ခန္ဓာငါးပါးကိုလဲ နိဗ္ဗိဒ ဝိရာဂ နိရောဓအကျိုးငှါသာလျှင် ရှုနေတာဘဲတဲ့ သေက္ခပုဂ္ဂိုလ်နော်၊ (မှန်ပါဘုရား)။

> တဒါဟာရနိရောဓာ ယံ ဘူတံ၊ တံ နိရောဓမ္မန္တိ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ၊ တဒါဟာရနိရောဓာ ယံ ဘူတံ၊ တံ နိရောဓမ္မန္တိ

၁။ ဆဠာယတ်ပါဠိတော်၊ ပ-တွဲ၊ ဘူတသုတ်၊ နှာ ၂၈၁-၂။

၂။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၅၃-၄။

http://www.dhammadownload.com

ယထာဘူတံ သမ္မပ္ပညာယ ဒိသ္ဝာ နိရောဓဓမ္မဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ[၁]။

နိရောဓဓမ္မဿ၊ ချုပ်ခြင်းသဘောတရားရှိသော ခန္ဓာငါးပါး၏။ (အကြောင်းချုပ်ရင် ခန္ဓာငါးပါးတည်းဟူသော အကျိုးချုပ်သလား မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)၊) ဩော် အကြောင်းချုပ်ရင် ခန္ဓာငါးပါးတည်းဟူသော အကျိုးချုပ်တယ်လို့ ဆိုတဲ့ နိရောဓ ဓမ္မသဘောရှိသော ခန္ဓာငါးပါးကို နိဗ္ဗိဒ ဝိရာဂ နိရောဓ အနေအားဖြင့် ရှုနေပါတယ်။ ခန္ဓာငါးပါး ခန္ဓာငါးပါးရဲ့ အကြောင်း ခန္ဓာငါးပါးရဲ့ အကျိုး ခန္ဓာငါးပါးရဲ့ အကြောင်းကြောင့် အကျိုးဖြစ်ပုံကို အနိစ္စ ဒုက္ခ ဝိပရိဏာမ-လို့ အဲသလို ရှုနေပါတယ်တဲ့၊ ဒါ သေက္ခပုဂ္ဂိုလ်တဲ့။

သေက္ခပုဂ္ဂိုလ် ခေါ်ပုံ။ ။နောက်တနည်း စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော် နှာ ၃၄-၅ က သေက္ခပုဂ္ဂိုလ်မည်ပုံကို ဟောပေးပါသေးတယ်၊ အဲဒါကတော့ "သေခေါတိ ကိံ ကာရဏာ ဝုစ္စန္တိ သေခါ"တဲ့၊ သေက္ခပုဂ္ဂိုလ်ဆိုတာ ဘာကြောင့် သေက္ခပုဂ္ဂိုလ်လို့ ခေါ်ပါသလဲတဲ့၊ အမေးက—

သိက္ခန္တိတိ သေခါ။ ကျင့်တဲ့အတွက် သေက္ခ ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်လို့ ဖြေတယ်၊ ဒီတော့ "ကိဉ္စ သိက္ခန္တိ"တဲ့ ဘာတွေကျင့်သလဲတဲ့၊ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်က သေက္ခပုဂ္ဂိုလ်ရဲ့ အကြောင်းကို ပြောပေးနေဒါဟာ အင်မတန်ရှင်းပါတယ်။

"အဓိသီလမ္ပိ သိက္ခန္တိ အဓိစိတ္တမ္ပိ သိက္ခန္တိ အဓိပညမ္ပိ သိက္ခန္တိ-တဲ့ အဓိသီလဖြစ်အောင်ကျင့်တယ်၊ အဓိစိတ္တဖြစ်အောင် ကျင့်တယ်၊ အဓိပညာဖြစ်အောင် ကျင့်ပါတယ်တဲ့၊ ဘယ်လောက် ရှင်းသလဲနော် (မှန်ပါဘုရား)၊ ဒီတော့ အဓိသီလဆိုတာ ဘာကိုခေါ်ပါသလဲ၊ အဓိစိတ္တတို့ အဓိပညာတို့ ဆိုတာတွေက ဘာတရားတွေ ခေါ်ပါသလဲလို့ဆိုတော့—

"ကတမာ အဓိသီလသိက္ခာ၊ ဣဓ ဘိက္ခု သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရ ဂေါစရ သမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယံ အဓိသီလသိက္ခာ"[၂]။

အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာသည်။ ကတမာ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာကို ဖျက်ဆီးတတ်သောအမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သီလဝါ၊ ကိုယ်အမူအရာ နှုတ်အမူအရာကို

၁။ သံယုတ်ပါဋ္ဌိတော်၊ ပ-တွဲ၊ နှာ-၂၈၂။

၂။ စူဋ္ဌနိဒ္ဒေသ ပါဋ္ဌိတော်၊ နှာ-၃၅။ မဟာနိဒ္ဒေသပါဋ္ဌိတော်၊ နှာ ၂၉-၃၀။

http://www.dhammadownload.com

ကောင်းအောင်လေ့ကျင့်သော ကိုယ်အကျင့် နှုတ်အကျင့်ရှိသည်။ ဝါ၊ ကိုယ်အမူအရာ နှုတ်အမူအရာကို ဒုစရိုက်မှရှောင်ကြဉ်၍ သုစရိုက်တရားနှင့် ပြည့်စုံအောင် လေ့ကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အာစာရ-ဂေါစရသမ္ပန္နော၊ အကျင့်ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဏုမတ္တေသု၊ အနည်းငယ်မျှဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်ရှိသောအချက်တို့၌။ ဘယဒဿာဝီ၊ ကြီးလှစွာသော ဘေးဟုရွလေ့ ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သိက္ခာပဒေသု၊ စောင့်ရှောက်အပ်သော လူ ရှင် ရဟန်း၏ ကျင့်ဝတ်တို့၌။ သမာဒါယ၊ ကောင်းစွာတည်၍။ သိက္ခတိ၊ ကျင့်၏။ အယံ၊ ဤသည်ကား။ အဓိသီလသိက္ခာ၊ အဓိသီလ သိက္ခာမည်၏–တဲ့။

ပါတိမောက္ခသံဝရသီလ၌ သိမှတ်ဖွယ်။ ။အဓိပ္ပါယ်ကတော့ သေက္ခပုဂ္ဂိုလ်လို့ ဆိုတဲ့ဝိပဿနာကိုကျင့်တဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကိုယ်ကျင့်တရားကောင်းရမယ်၊နှုတ်ချိုသာ၍ သာသာယာယာ ပြေပြေပြစ်ပြစ် ပြောဆိုရမယ်၊ အဲဒီနေရာမှာ ပါတိမောက္ခသံဝရသံဝုတော-လို့ ဆိုတာ ပါလာတယ်၊ ၎ပါတိမောက္ခသံဝရသီလ-ဆိုတာ ဘာလဲလို့ သိဘို့လိုလာတယ်၊ ဒါကြောင့် ဒီဃနိကာယ် မဟာဝဂ္ဂ ပါဠိတော် သက္ကပဉ္ဉသုတ္တန် နှာ-(၂၂၁-၄) မှ ပါတိမောက္ခသံဝရသီလအကြောင်းကို နဲနဲဟောပေးအုံးမယ်။

ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပါတိမောက္ခသံဝရာယ ပဋိပန္နော ဟောတိ–လို့ သိကြားမင်းက မြတ်စွာဘုရားရှင်ကို မေးလျှောက်တယ်။ အရှင်ဘုရား ဘယ်လိုကျင့်သောရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည်မည်ပါသနည်း–တဲ့။

ဒီတော့ မြတ်စွာဘုရားက သိကြားမင်းရဲ့ အမေးကို ဖြေတော်မူတယ်။

"ကာယသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ၊

ဝစီသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။

ဟရိယေသနံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ-တဲ့

ဒါ-အကျဉ်းဖြေဒါ၊ နောက်တော့ အကျယ်ဖြေပါလိမ့်အုံးမယ်။

တရား ၂-မျိုးစီ ဟောကြားခြင်း။ ။ဘုန်းကြီး ရွတ်ဆို ဟောကြားပေးတဲ့ ပါဠိတော်ရဲ့ အဓိပ္ပါယ်က သိကြားမင်းတဲ့

http://www.dhammadownload.com

ငါ-ဘုရားသည် ကိုယ်ကျင့်တရားနှင့် ဆိုင်ရာကို မှီဝဲအပ်သော ကိုယ်ကျင့်တရား မမှီဝဲအပ်သော ကိုယ်ကျင့်တရား-ဟု နှစ်မျိုးဟောထားတယ်။ နှုတ်ဖြင့် ပြော ဆိုခြင်းကိုလည်း မှီဝဲအပ် မမှီဝဲအပ်ဟု နှစ်မျိုး ဟောထားတယ်၊ ရှာမှီးမှုနှင့် ပတ်သက်ရှိလဲ မှီဝဲသင့်သော ရှာမှီးမှု မမှီဝဲသင့်သော ရှာမှီးမှု-ဟု နှစ်မျိုးပဲ ဟောထားတယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ နှစ်မျိုးစီ ဟောထားသလဲဆိုတော့–

✓ ဤမံ ခေါ် မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ ဧဝရူပေါ ကာယသမာ-စာရော န သေဝိတဗ္ဗော-တဲ့။

ဒါကတော့ အကျယ်ဖြေတဲ့ အဖြေပဲ။

ဘယ်လို ပြောလိုတာလဲဆိုတော့ ကျွန်ုပ်သို့သော ကိုယ်အမူအရာ ကိုယ်ကျင့်တရားကို မှီဝဲပြုလုပ်သော ငါ့အား အကုသိုလ်ဖြစ်တဲ့ ယခုလောက ဆင်းရဲကြောင်း အပါယ်ရောက်ကြောင်းတွေ တိုးပွါးပြီးတော့ အပြစ်မရှိပဲ ကောင်းတဲ့ အကျိုးစီးပွါး နိဗ္ဗာန်တိုင်အောင် ဆောင်နိုင်တဲ့ ကုသိုလ်တရားတွေ ဆုတ်ယုတ် ပျက်စီးနိုင်တယ်ဆိုတဲ့ ကိုယ်ကျင့်မျိုးကို မမှီဝဲရ မပြုလုပ်ရလို့ ဟောတော်မူတယ်၊ ဒါဘမျိုး။

နောက်တမျိုးက ဘယ်လိုဖြေသလဲဆိုတော့—

✓ ဤမံ ခေါ် မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တီ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီတိ ဧဝရူပေါ ကာယသမာ-စာရော သေဝိတဗ္ဗော-တဲ့။

ကာယသမာစာရ ၂-မျိုး။ ။မိမိရဲ့ ကိုယ်ကျင့်တရားကို ကြည့်ပြီးတော့ ငါ့ရဲ့ ယခု ကျင့်နေတဲ့ ကိုယ်ကျင့်တရားသည် ပစ္စုပ္ပန်တမလွန်ဆင်းရဲရှိ အပါယ်လားကြောင်း မကောင်းသော အကုသိုလ်တရားတွေ ဆုတ်ယုတ်စေပြီးတော့ ဒီ-ကိုယ်ကျင့်တရားက ပစ္စုပ္ပန်သံသရာ နှစ်ဖြာကြီးပွါးရှိ ကောင်းကျိုးကို ဆောင်ရွက်ပြီး နိဗ္ဗာန်တိုင်အောင် အကျိုးပြုနိုင်တယ်လို့ သိရင် ဒီ-ကိုယ်ကျင့်တရားမျိုးကို မှီဝဲရမယ်လို့ ဟောတော်မူတယ်၊ ဒါက တမျိုးဆိုတော့ နှစ်မျိုးဖြစ်သွားရောနော် (မှန်ပါဘုရား)။

ဝစီသမာစာရ ၂-မျိုး။ ။ဝစီသမာစာရခေါ်တဲ့ နှုတ်အမူအရာနှင့် ပတ်သက်တဲ့ နေရာမှာလဲ မှီဝဲသင့် မမှီဝဲသင့် နှစ်မျိုးဟောတဲ့ ကာယသမာစာရဟောနည်းအတိုင်းပဲ ဟောတာပါပဲ၊ ဘယ်လိုလဲဆိုတော့—

✓ တတ္ထ ယံ ဧညာ ဝစီသမာစာရံ ဤမံ ခေါ် မေ ဝစီသမာစာရံ သေ-ဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ ဧဝရူပေါ ဝစီသမာစာရော န သေဝိတဗ္ဗော-တဲ့။

http://www.dhammadownload.com

ဝစီသမာစာရ-လို့ ခေါ်တဲ့ မှီဝဲသင့် မမှီဝဲသင့်သော နှုတ်အမူအရာ နှစ်မျိုးမှာ လဲ မိမိတို့ ပြောဆို သုံးနှုန်းနေတဲ့ အပြောအဆိုကို ကြည့်ပြီးတော့ ဒီလို အပြော အဆိုမျိုးကို ပြောဆိုသုံးနှုန်းနေသော ငါ့အား အကုသိုလ်တွေ တိုးပွါးပြီး ကုသိုလ်မရတဲ့အပြင် မိမိမှာရှိနေတဲ့ ကုသိုလ်ဂုဏ်တွေ ဆုတ်ယုတ်ကုန်မယ်ဆိုရင် အဲဒီလို ပြောဆိုမှုမျိုးကို ရှောင်ကြဉ်ရမယ်၊ မမှီဝဲရဘူးနော် ((မှန်ပါဘုရား)၊ ဒါက တမျိုး။

နောက်တမျိုးက ဘာလဲလို့ဆိုတော့—

✓ တတ္ထ ယံ ဇညာ ဝစီသမာစာရံ ဣမံ ခေါ မေ ဝစီသမာစာရံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိ-ဝဍ္ဎန္တိတိ ဧဝရူပေါ ဝစီသမာစာရော သေဝိတဗ္ဗော-လို့ ဟောတော်မူ လိုက်တယ်။

ဘယ်လိုလဲဆိုတော့ အဲဒီလို မှီဝဲသင့် မမှီဝဲသင့်ဆိုတဲ့ ဝစီသမာစာရ နှစ်မျိုး ထဲမှာ မိမိရဲ့ ပြောဆိုမှုကို အကြောင်းပြုပြီးတော့ အကုသိုလ်တွေ ဆုတ်ယုတ်ပြီး ကုသိုလ်တရားတွေ တိုးပွါးလာတယ်-လို့သိရင် ဒီ နှုတ်အမူအရာကို မှီဝဲပါ ပြုကျင့်ပါ-တဲ့။

နောက် ရှာမိုးမှူ နှစ်မျိုးကို ဟောတော်မူတဲ့ နေရာမှာလဲ—

✓ တတ္ထ ယံ ဇညာ ပရိယေသနံ ဣမံ ခေါ မေ ပရိယေသနံ သေဝ-တော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တီတိ ဧဝရူပါ ပရိယေသနာ န သေဝိတဗ္ဗာ-လို့ ဟောတော်မူပါတယ်။

ရှာမိုးမှူ ၂-မျိုး။ ။ရှာမိုးမှူ နှစ်မျိုးကို ဟောတော်မူတဲ့ နေရာမှာလဲ မိမိရဲ့ ရှာဖွေမှုကို ကြည့်ပြီးတော့ ငါယခု ရှာဖွေနေတဲ့ ရှာဖွေနည်းဟာ မူမမှန်ရဲ့လား၊ မမှန်ဘူးလား၊ ဘုရားအစရှိသော သူတော်ကောင်းတွေ ကြိုက်သလား၊ မကြိုက်ဘူးလား၊ လောကနှင့် သဲသဲရာမှာ အပြစ်ရှိသလား၊ အကျိုးရှိသလား၊ မိမိအတွက် သူတပါးအတွက် နှစ်ဦးစလုံးအတွက် အပြစ် ရှိသလား၊ အကျိုးရှိသလား၊ မိမိသူတပါး နှစ်ဦးသားကို နစ်နာစေသလား၊ တိုးတက်စေသလား၊ အကုသိုလ်တိုးပွါး၍ ကုသိုလ်ဆုတ်ယုတ်မှာလား ဆိုတာကို စဉ်းစားကြည့်ပြီးတော့—မူမမှန်ဘူး၊ ဘုရားစသော သူတော်ကောင်းတွေ မကြိုက်ဘူး၊ အပြစ်ရှိတယ်၊ လောကသဲသရာမှာ နစ်နာဆုံးရှုံးစေတယ်၊ အကုသိုလ် တိုးပွါး၍ ကုသိုလ်ဆုတ်ယုတ်ဘယ်ဆိုရင် အဲဒီလို ရှာဖွေမှုမျိုးကို ဘယ်လောက် ရမယ်ပဲပြောပြော ဘယ်လောက်ပဲရရ မရှာမှီးပါနဲ့-တဲ့၊ ဒါ တချက်နော် (မှန်ပါ ဘုရား)။

http://www.dhammadownload.com

နောက်တချက်က—

✓ တတ္ထ ယံ ဧညာ ပရိယေသနံ ဣမံ ခေါ မေ ပရိယေသနံ သေဝ-တော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တီတိ ဧဝရူပါ ပရိယေသနာ သေဝိတဗ္ဗာ-တဲ့။

ပါဠိတော်က—

ရှာမိုးမှူ ၂-မျိုး စိစစ်ပြခြင်း။ ။မိမိရဲ့ရှာမှီးမှုကို ကြည့်ပြီးတော့ ငါရဲ့ ယခုရှာမှီးမှု သည် မိမိသူတပါး နှစ်ဦးသားကို မထိခိုက်မှုရှိ နှစ်ဦးစလုံးရဲ့ တိုးတက်ကြီးပွါးမှု ဖြစ်ဘဲ့အပြင် အများကောင်းစားရေးဖြစ်လို့ အပြစ်ကင်းရင်, မူမှန်မှန်နဲ့ သူတော်ကောင်းတွေ အလိုရှိအပ်တဲ့ ရှာမှီးမှုမျိုး ဖြစ်ရင်, မိမိအတွက် သူတပါးအတွက် အများအတွက် ကောင်းကျိုးတွေ တိုးပွါးရှိ မကောင်းမှုတွေ ပျောက်နိုင်ရင်, တရားသောနည်းဖြင့် အများကို မထိခိုက်ရင်, မကောင်းမှုတွေ ဆုတ်ယုတ်ပျက်စီးပြီးတော့ ကောင်းမှုတွေ တိုးပွါးလာရင် အဲဒီ ရှာမှီးမှုမျိုးကို ရှာမှီးပါတဲ့၊ အဲဒီလို ကိုယ်အမူအရာ နှုတ် အမူအရာနှင့် ရှာမှီးမှုတို့၌ အပြစ်ရှိတာကို ရှောင်ပြီးတော့ အကျိုးရှိတာကို လိုက်နာရင် ဒါဟာ ပါတိမောက္ခသံဝရသီလပါပဲတဲ့။

ပြီးတော့ အာစာရ ဂေါစရ သမ္မန္နော ဆိုတာနဲ့ ဆက်စပ်လို့လဲပဲ အဓိပ္ပါယ်ကို သိဘို့ လိုသေးတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ဒီအဓိပ္ပါယ်နဲ့ ဆက်စပ်ပြီးတော့ ✓အဘိဓမ္မာဝိဠင်္ဂကတ် ဝိဘင်းပါဠိတော် စျာနဝိဘင်း(နှာ-၂၅၅)မှာ ဟောထားတာ ရှိပါတယ်၊ အဲဒါကို ဟောကြရအောင်၊ "အာစာရဂေါစရသမ္မန္နောတိ အတ္ထိ အာစာရော အတ္ထိ အနာစာရော-လို့ ဟောတော်မူတဲ့ နေရာမှာ အာစာရဆိုတဲ့ ကျင့်ဝတ်ကတမျိုး၊ ဂေါစရဆိုတဲ့ ဆွမ်း စသည်ရခြင်း အကျိုးငှါ လှည့်လည်ရာ ဖြစ်တဲ့ ကျက်စားရာ အရပ်က တမျိုးလို့ နှစ်မျိုးခွဲမှတ်ရမယ်နော်(မှန်ပါဘုရား)။

အကျင့် ၂-မျိုး။ ။အဲဒီ နှစ်မျိုးထဲမှာ အာစာရဆိုတဲ့ ကျင့်ဝတ်က အာစာရ-ကျင့်သင့် ကျင့်ထိုက်ထာလဲ ရှိတယ်၊ အနာစာရ-မကျင့်သင့် မကျင့်ထိုက်ထာလဲ ရှိတယ်လို့ နှစ်မျိုးခွဲပြီးတော့ ပေးထားတယ်၊ အဲဒီ နှစ်မျိုးထဲမှာ မကျင့်သင့် မကျင့်ထိုက်ထာက ဘာတွေလဲလို့ဆိုတော့—

တတ္ထ ကတမော အနာစာရော၊ ကာယိကော ဝီတိက္ကမော ဝါစသိကော ဝီတိက္ကမော ကာယိကဝါစသိကော ဝီတိက္ကမော၊ အယံ ဝုစ္စတိ အနာစာရော-လို့ စျာနဝိဘင်း ပါဠိတော်(နှာ-၂၅၅)နှင့် ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ-နှာ (၁၇) မှာ ဟောထားတယ်။

http://www.dhammadownload.com

တတ္ထ၊ ထို နှစ်ပါးသော အာစာရတို့တွင်။ အနာစာရော၊ မကျင့်ထိုက်သော အနာစာရသည်။ ကတမော၊ အဘယ်နည်း။ ကာယိကော၊ ကာယဒွါရ၌ဖြစ်သော။ ဝီတိက္ကမော၊ မြတ်စွာဘုရား၏ အာဏာတော် သိက္ခာပုဒ်ကို လွန်ကျူးသော ကာယဒုစရိုက်သည်။ ဝါစသိကော၊ ဝစီဒွါရ၌ဖြစ်သော။ ဝီတိက္ကမော၊ လွန်ကျူးသော ဝစီဒုစရိုက်သည်။ ကာယိကဝါစသိကော၊ ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော။ ဝီတိက္ကမော၊ လွန်ကျူးသော ကာယဒုစရိုက် ဝစီဒုစရိုက် နှစ်ပါးသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ ဒုစရိုက်နှစ်ပါးကို။ အနာစာရော၊ မကျင့်သင့် မကျင့်ထိုက်သော အနာစာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏-တဲ့။

ရှောင်ရမည့် အကျင့်မျိုး။ ။ဘုန်းကြီးတို့ ပရိသတ် ကာယဒုစရိုက်သုံးပါးဆိုတဲ့ ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ ဆိုတဲ့ ကိုယ်အမူအရာနှင့် ဖြစ်တဲ့ အကုသိုလ်၊ မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ ဆိုတဲ့ ဝစီဒုစရိုက် လေးပါး၊ အဲဒီလို ကိုယ်အမူအရာနှုတ်အမူအရာ တွေနဲ့ ဖြစ်တဲ့ အကုသိုလ် ဒုစရိုက်တွေဟာ မကျင့်ရမဲ့ အနာစာရ တရားတွေပဲတဲ့၊ အဲဒီတရားတွေကို သူတော်ကောင်းဆိုတဲ့ပုဂ္ဂိုလ်ဟာ မကျင့်ရဘူး၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ ဗျာနဝိဘင်း ပါဠိတော် (နှာ-၂၅၅)က ဆက်ပြီးတော့ ပြသေးတယ် မကျင့်ရမဲ့ အနာစာရ တရားတွေကို၊ ဘယ်လိုပြသလဲ ဆိုတော့—

✓ သဲမှုမို့ ဒုဿီလျံ အနာစာရော-တဲ့၊ ကိုယ်ကျင့်တရား-လို့ခေါ်တဲ့ သီလပျက်စီးမှု အားလုံးဟာလဲ အနာစာရ=မကျင့်ရမဲ့ တရားတွေချည်းဘဲတဲ့၊ ဒါတင်လားဆိုတော့ မကသေးဘူး၊ပါဠိတော်က အကျင့်ပျက်တဲ့ ယုတ်မာသော အကျင့်တွေကို ပြသေးတယ်၊ အဲဒါတွေက ဘာတွေလဲဆိုတော့—

> ✓ ဣဓေကစ္စော ဝေဠုဒါနေန ဝါ ပတ္တဒါနေန ဝါ ပုပ္ဖဒါနေန ဝါ ဖလဒါနေန ဝါ သိနာနဒါနေန ဝါ ဒန္တကဋ္ဌဒါနေန ဝါ စာဋုကမျတာယ ဝါ မုဂ္ဂသူပျတာယ ဝါ ပါရိဘဋျတာယ ဝါ ဇဃ်ပေသနိကေန ဝါ အညတရညတရေန ဝါ ဗုဒ္ဓပဋိကုဋ္ဌေန မိစ္ဆာအာဇီဝေန ဇီဝိကံ ကပ္ပေတိ၊ အယံ ဝုစ္စတိ အနာစာရော-တဲ့။

ရဟန်းနှင့်သာဆိုင်သည့် အကျင့်ယုတ်များ ခုပြောခဲ့တာတွေကတော့ဖြင့် ဘုန်းကြီးတို့ရဟန်းတော်များနှင့် သက်ဆိုင်တဲ့ အရာတွေဘဲ၊ဘာတွေလဲဆိုတော့ ဒီ-သာသနာတော်မှာ ပါပိစ္ဆ ဣစ္ဆာပကတ ယုတ်မာသော အလိုဆိုးရှိကုန်သော ရဟန်းတော် တချို့ဟာတဲ့ ပစ္စည်းလာဘ်လာဘ ဒကာကောင်း ဒကာမကောင်း ရလိုတဲ့အတွက် ဘုန်းကံကြီးမားလိုတဲ့အတွက် ပစ္စည်းလာဘ်လာဘရမှုကို အကြောင်းပြုပြီးတော့ ဒကာ ဒကာမတွေ မိမိကို

http://www.dhammadownload.com

ကြည်ညိုအောင် ဆိုပြီးတော့ ဒကာ ဒကာမများမှာ မူလကရှိနေတဲ့ ပကတိ သဒ္ဓါကြည်ညိုမှု ပျက်စေနိုင်တဲ့ သစ်ဝါး စသည် ပေး၍ ဒကာ ဒကာမတွေ ဆွယ်ခြင်း၊ ထန်းရွက် အုန်းရွက် စသည် ပေးခြင်း၊ ပန်းတို့ သစ်သီးတို့ ရေချိုးဆပ်ပြာ ဆပ်ပြာမှုန့်တို့ သွားပွတ်တန်တို့ ပေး၍ ဆွယ်ခြင်း။

အဲဒီအထဲမှာ "စာဌုကမျတာယဝါ ဆိုတာလဲ ပါသေးတယ်၊ အဲဒါက ဘာ ပြောဒါလဲဆိုတော့ မိမိကို ကြည်ညိုချစ်ခင်စေလိုတဲ့အတွက် မိမိကိုယ်ကို နှိမ့်ချ၍ ဒကာ ဒကာမတို့ကို ချီးကျူးခြင်း၊ လောကွတ်ပြူငှါပြုခြင်းလို့ ဆိုတယ်၊ အဲဒါ မျိုးဟာ မလုပ်ကောင်းဘူးတဲ့၊ ပြီးတော့ တခုရှိသေးတယ် မုဂ္ဂသူပျတာယဝါ-တဲ့၊ အဲဒါကလဲ အမှန်ကနဲပီး မဟုတ်မမှန်တဲ့ စကားတွေကို ဒကာ ဒကာမကြိုက် လောက်အောင် ဒကာကြိုက် ဒကာမကြိုက်ဆိုတဲ့ စကားတွေကို များများကြီး ပြောပြီး သွေးဆောင်တာမျိုးကို ဆိုတယ်၊ ဒါမျိုး မပြောကောင်းဘူးနော်၊ (မှန်ပါဘုရား)။ ပြီးတော့ ဒကာဒကာမတွေရဲ့ ကလေးသူငယ်တွေကို ခေါင်းဖီး ပေးခြင်း တန်းဆာဆင်ပေးခြင်း ချော့ခြင်း မြှူခြင်း ချီပွေခြင်း ဒကာဒကာမ တို့ရဲ့ အစေအပါးကိုခံ၍ ခိုင်းတိုင်း သွားလာဆောင်ရွက်၍ ပေးခြင်း ဆေးဝါး ကုသခြင်း သံဃပစ္စည်း စေတီပစ္စည်းများကို စီရင်ခြင်း စောင့်ရှောက်ခြင်းအမှု တို့ကို ပြုခြင်းဆိုတဲ့ မြတ်စွာဘုရား စက်ဆုပ်ပစ်ပယ်တော်မူတဲ့ မိစ္ဆာဇီဝမှုများ သည် မကျင့်ရမဲ့ အနာရာစာရတွေဘဲတဲ့။

ကျင့်သင့်ကျင့်ထိုက်တဲ့ အာစာရဆိုတာကတော့—

"ကာယိကော အဝီတိက္ကမော ဝါစသိကော အဝီတိက္ကမော ကာယိကဝါစသိကော အဝီတိက္ကမော၊ အယံ ဝုစ္စတိ အာစာရော"တဲ့။

အကျင့်ကောင်းများ။ ။ကိုယ်အမူအရာဖြင့် ကာယဒုစရိုက်ကို မလွန်ကျူးခြင်း နှုတ်အမူအရာဖြင့် ဝစီဒုစရိုက်တို့ကို မလွန်ကျူးခြင်း ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် ဒုစရိုက်တရားတွေကို မလွန်ကျူးခြင်းကို ကောင်းမြတ်တဲ့ အကျင့်အာစာရလို့ ဆိုတယ်။

"သဗ္ဗောပိ သီလသံဝရော အာစာရော"ဆိုတဲ့ အလုံးစုံသော မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ်အားလုံးကို မလွန်ကျူးမိအောင် စောင့်စည်းခြင်းကို ကောင်းမြတ်သော အကျင့်အာစာရလို့ ခေါ်တယ်။ နောက်ပါဠိတော်က အာစာရမည်ပုံကို ဆက်ပြီးဟောပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

ဣဓေကစ္စော န ဝေဠုဒါနေန န ပတ္တဒါနေန န ပုပ္ပဒါနေန န ဖလဒါ-နေန န သိနာနဒါနေန န ဒန္တကဋ္ဌဒါနေန န စာဌုကမျတာယ န မုဂ္ဂသူ-ပျတာယ န ပါရိဘဋျတာယ န ဇင်္ဃပေသနိကေန န အညတရညတရေန

http://www.dhammadownload.com

ဗုဒ္ဓပဋ္ဌိကုဋ္ဌေန မိစ္ဆာအာဇီဝေန ဇီဝိကံ ကပ္ပေတိ၊ အယံ ဝုစ္စတိ အာ-စာရော-တဲ့။ စျာနဝိဘင်းပါဋ္ဌိတော် နှာ ၂၅၅-က။

ဘုရားရှင်စက်ဆုပ်သော အကျင့်များ။ ။ကိုင်း အဓိပ္ပါယ်အတိုချုပ်ကတော့ ဒီသာသနာတော်မှာ သီလကို ချစ်မြတ်နိုးကြကုန်သော သူတော်ကောင်းပုဂ္ဂိုလ်တို့ဟာ လာဘ်လာဘရရှိရေး အတွက်နဲ့ ပတ်သက်ပြီးတော့ ဒကာဒကာမတွေကို သစ်ဝါးပေးခြင်း, အုန်းရွက် ထန်းရွက်ပေးခြင်း, ပန်းပေခြင်း, သစ်သီးပေး၍ လာဘ်ရအောင်ပြုခြင်း, ဆပ်ပြာတို့ ဆပ်ပြာမှုန့်တို့ကို ပေးခြင်း, ဒန်ပူသွားပွတ်တန်ပေးခြင်း, မိမိကိုယ်ကို နှိမ့်ချ၍ ပြောဆိုခြင်း, ဒကာဒကာမတို့ကို မြှောက်ပင့်၍ ပြောဆိုခြင်း, မှန်တာ ကနဲ၍ မှားတာကများ မဟုတ်ထာတွေက များပီးတော့ လာဘ်ရအောင်ပြော၍ အသက်မွေးခြင်း, ကလေးငယ်တို့ကို ချော့မြူခြင်း, ဝတ်စားတန်းဆာဆင်ယင်၍ ပေးခြင်း, ချီပွေခြင်း, ဒကာ-ဒကာမတို့၏ အစေအပါးကိုခံ၍ သွားလာဆောင်ရွက် ပေးခြင်း – စသော မြတ်စွာဘုရား စက်ဆုပ်တော်မူသော အသက်မွေးခြင်းတို့မှ ရှောင်ကြဉ်ခြင်းအားဖြင့် ကျင့်ခြင်းကို အာစာရသမ္ပန္နလို့ ခေါ်တယ်၊ ခုပြောခဲ့တဲ့ အချက်တွေဟာ ရဟန်းတော်တွေတွင်မကဘူး လူကြီးလူကောင်း ဂုဏ်သရေရှိ ပုဂ္ဂိုလ်များပါ ပြည့်စုံသင့်တဲ့အချက်တွေဘဲ ပြည့်စုံအောင်ကျင့်ရမယ်နော်(မှန်ပါ ဘုရား)။

ဂေါစရသမ္ပန္နဆိုတာကိုလဲ နှစ်မျိုးခွဲခြားပြီးတော့ စျာနဝိဘင်းပါဋ္ဌိတော် နှာ ၂၅၅-၆-မှာ ဟောတော်မူပါတယ်။

ဂေါစရောတိ အတ္ထိ ဂေါစရော အတ္ထိ အဂေါစရော-တဲ့။ ဂေါစရဆိုတာ ပစ္စည်းလေးပါးရဘို့ရန်အတွက် သွားလာ ချဉ်းကပ်သင့်တာလဲရှိတယ်၊မသွားသင့် မချဉ်းကပ်သင့်တာလဲ ရှိတယ်-တဲ့။ အဲဒီ နှစ်မျိုးထဲမှာ မသွားသင့် မချဉ်းကပ် သင့်-တဲ့ အဂေါစရ ဆိုတာ –

ဣဓေကစ္စော ဝေသိယာဂေါစရော ဝါ ဟောတိ ဝိဓဝါဂေါစရော ဝါ ထုလ္လကုမာရိဂေါစရော ဝါ ပဏ္ဍကဂေါစရော ဝါ ဘိက္ခုနီဂေါစရော ဝါ ပါနာပါရဂေါစရော ဝါ၊ သံသဋ္ဌော ဝိဟရတိ ရာဇူဟိ ရာဇမဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယသာဝကေဟိ အနနုလောမိကေန, သံသဂ္ဂေန-တဲ့။

မကျက်စားထိုက်သောအရပ်ဌာန။ ။ခုရွတ်ဆိုခဲ့တဲ့ပါဋ္ဌိတော်ရဲ့ အဓိပ္ပါယ်ကတော့ အဂေါစရဆိုတာ ဘုန်းကြီးတို့ မြတ်စွာ ဘုရားရဲ့ သာသနာတော်မှာ တချို့သောပုဂ္ဂိုလ်တို့သည်၊ ပြည့်တန်းဆာမထံသို့ သွား၍လည်းကောင်း၊ မုဆိုးမထံသို့သွား၍လည်းကောင်း၊ အပျိုကြီးထံသို့သွား၍ လည်းကောင်း၊ ပဏ္ဍုက်ထံသို့ သွား၍လည်းကောင်း၊ ဘိက္ခုနီမထံ သွား၍

http://www.dhammadownload.com

လည်းကောင်း၊ သေရည်သေရက်သောက်စားရာဆိုင်သို့ သေတင်းကုတ်သို့သွား၍ လည်းကောင်း၊ မင်းနှင့် လည်းကောင်း အမတ်ကြီးတို့နှင့် လည်းကောင်း သာသနာပြင်ပ ဗာဟိရဖြစ်ကုန်သော တိတ္ထိတို့နှင့် လည်းကောင်း၊ ၎င်းတို့၏ တပည့်များနှင့် လည်းကောင်း သာသနာတော်နှင့်မသက်ဆိုင်တဲ့ လူအချင်းချင်း ပေါင်းသင်းဆက်ဆံသလို ရင်းရင်းနှီးနှီး ဆက်ဆံနေခြင်း သွားလာနေခြင်း မျိုးကို အဂေါစရ-လို့ ခေါ်တယ်၊ မသွားရမဲ့ မကျက်စားရမဲ့ အရာဌာနလို့ ဆိုလိုတယ်။

ဒါတင်လားဆိုတော့ မကသေးဘူး၊ ပါဠိတော်က ဆက်ပြီးတော့ ပြသေး တယ်။

ယာနိ ဝါ ပန တာနိ ကုလာနိ အဿဒ္ဓါနိ အပ္ပသန္နာနိ အနောပါန-ဘူတာနိ အကျောသက ပရိဘာသကာနိ အနတ္ထကာမာနိ အဟိတ-ကာမာနိ အဖာသုကကာမာနိ အယောဂက္ခေမကာမာနိ ဘိက္ခူနံ ဆိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ၊ တထာရူပါနိ ကုလာနိ သေဝတိ ဘဇတိ ပယိရုပါသတိ၊ အယံ ဝုစ္စတိ အဂေါစရော-တဲ့။

မမှီဝဲထိုက်သောပုဂ္ဂိုလ်။ ။အဲဒီ-ပါဠိတော်ရဲ့ အဓိပ္ပါယ်ကတော့ ရတနာသုံးပါးနဲ့ ကံ့ကံ၏အကျိုးကို မယုံကြည်တဲ့အပြင် သာသနာ့ ဝန်ထမ်းဖြစ်တဲ့ ရဟန်း ရဟန်းမ ဥပါသကာ ဥပါသိကီဆိုတဲ့ ပုဂ္ဂိုလ်တွေကို ဆဲရေး ရှုတ်ချ ခြိမ်းချောက်တတ်ကုန်သော သာသနာတော်ကြီးရဲ့ဘေးရန်ကို လိုလားပြီး သာသနာတော်ရဲ့ အစီးအပွါးကို မလိုလားတဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲဆီးကပ်၍ နေခြင်းကို အဂေါစရ-လို့ ခေါ်ပါတယ်-တဲ့။ ခုပြောပေးခဲ့တာက အဂေါစရရဲ့ အဓိပ္ပါယ်။

ဂေါစရသမ္ပန္ဒ ဆိုတာကတော့ –

ဣဓေကစ္စော န ဝေသိယာဂေါစရော ဝါ ဟောတိ၊ န ဝိဓဝါ-ဂေါစရော န ထုလ္လကုမာရိဂေါစရော န ပဏ္ဍကဂေါစရော န ဘိက္ခုနီ ဂေါစရော န ပါနာဂါရဂေါစရော အသံသဋ္ဌော ဝိဟရတိ ရာဇူဟိ ရာဇမဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယသာဝကေဟိ အနနုလောမိ-ကေန သံသဂ္ဂေန၊ ယာနိ ဝါ ပန တာနိ ကုလာနိ သဒ္ဓါနိ ပသန္နာနိ ဩပါနဘူတာနိ ကာသာဝပဇ္ဇောတာနိ ဣသိဝါတပဋိဝါတာနိ အတ္ထကာ-မာနိ ဟိတကာမာနိ ဖာသုကကာမာနိ ယောဂက္ခေမကာမာနိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ၊ တထာရူပါနိ ကုလာနိ သေဝတိ ဘဇတိ ပယိရုပါသတိ၊ အယံ ဝုစ္စတိ ဂေါစရော-တဲ့။

http://www.dhammadownload.com

မရောနှောရသော ပုဂ္ဂိုလ်များ။ ။အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ သီလကို ချစ်မြတ်နိုးကြကုန်သော သူတော်ကောင်း ပုဂ္ဂိုလ်တို့သည် ပြည့်တန်းဆာမထံသို့ ၎င်း မုဆိုးမ အပျိုကြီး ပဏ္ဍုက် ဘိက္ခုနီ သေတင်းကုတ်ဆိုတဲ့ မသွားလာမကျက်စားသင့်သော အရပ်ဌာနတို့သို့ဌင်း သွားလာခြင်း ကျက်စားခြင်းကို မပြုမူ၍ ရှောင်ကြဉ်တယ်၊ ပြီးတော့ သာသနာတော်နှင့် မသင့်လျော်သော ပေါင်းသင်းဆက်ဆံ ရောနှောမှုမျိုးတို့နှင့် မင်း မင်း၏အမတ်ကြီး တိတ္ထိ တိတ္ထိတို့၏ တပည့်များကို ပေါင်းဖော်ခြင်း ရောနှောခြင်းတို့ကို မပြုမူ၍ ရှောင်ကြဉ်ကြတယ်။

ချဉ်းကပ်သင့်သော အိမ်များ။ ။နောက် ဘုရား တရား သံဃာလို့ဆိုတဲ့ ရတနာသုံးပါးကို ကြည်ညို လေးစားပြီးတော့ မိမိတို့ရဲ့ အိမ်ကို လမ်းဆုံတွင် တူးထားတဲ့ ရေးတွင်းကဲ့သို့ ရဟန်းတော်တို့ဖြင့် သက်ဝင်ချဉ်းကပ်စေခြင်း၊ ရဟန်းတော်တို့ရဲ့ သင်္ကန်းရောင်ဖြင့် တပြောင်ပြောင်ရှိခြင်း ရဟန်းတော်တို့ရဲ့ လှူးထားသော သင်္ကန်းကို လေတိုက်ခပ်ခြင်းတို့ကြောင့် မိမိတို့ရဲ့အိမ်မှာ တဖျတ်ဖျတ်ရှိစေခြင်း ရဟန်းတော်တို့ရဲ့ အစီးအပွါးကို အလိုရှိခြင်း စသော အမျိုးအိမ်တို့သို့ ချဉ်းကပ် ဝင်ထွက်သွားလာခြင်းကို လျောက်ပတ်သော ဂေါစရသမ္ပန္နလို့ ခေါ်ပါတယ်တဲ့၊ ဒါ ဗျာနဝိဘင်း ပါဠိတော်မှာ လာတဲ့နည်း။

မ့ယဉ်ကျေးသော အမူအရာများ။ ။ဥဒါန်းအဋ္ဌကထာနှင့် မဟာနိဒ္ဒေသပါဠိတော် အဋ္ဌကထာတို့မှာလဲ အာစာရဂေါစရ သမ္ပန္နလို့ ဖွင့်ဆိုကြပါသေးတယ်။ အာစာရသမ္ပန္နနဲ့ ပတ်သက်လို့ကတော့ ဗျာနဝိဘင်းပါဠိတော်နဲ့ တယ်မထူးလှပါဘူး၊ ကာယိက ဝါစသိက အနာစာရ အာစာရလို့ဆိုပြီးတော့ နှစ်မျိုးပဲ ပြပါတယ်၊ မဟာနိဒ္ဒေသက ဘယ်လိုလဲဆိုတော့ ကာယိက အနာစာရဆိုတာ အကျဉ်းချုပ်ကတော့ မထေရ်ကြီးများကို မရိုမသေတိုးဝှေ့၍ ထိုင်နေခြင်း မိမိက မထေရ်ကြီးများထက် မြင့်တဲ့နေရာမှာ ထိုင်နေခြင်း ဦးခေါင်းကို ခြုံ၍ ထားခြင်း ရပ်၍ စကားပြောခြင်း မထေရ်ကြီးများက ဘိနပ်မစီးဘဲ မိမိက ဘိနပ်စီးခြင်း စသော ကိုယ်အမူအရာ မယဉ်ကျေးမှု,ဒါယကာတို့ရဲ့ အိမ်ခန်း အမျိုးသမီးများရဲ့ အခန်း လျှို့ဝှက်အပ်သော နေရာတို့သို့ ဝင်ထွက်သွားလာခြင်း စသော ကိုယ်အမူအရာ မယဉ်ကျေးမှုများကို ကာယိက အနာစာရလို့ ခေါ်ပါတယ်။

မပြောဆိုကောင်းသော အကျင့်များ။ ။ဝါစသိက အနာစာရ ဆိုတာကတော့ မထေရ်ကြီးများရဲ့ထံမှ ခွင့်ပြု ချက်မရရှိပဲ တရားဟောခြင်း အမေးပုစ္ဆာကို ဖြေဆိုခြင်း ပါတိမောက်ပြခြင်း

http://www.dhammadownload.com

လက်သီးလက်မောင်းတန်း၍ ရွတ်ဆိုခြင်း ဒါဃကာ ဒါယိကာမတို့ထံသို့ သွား ရောက်၍ ဘာစားစရာရှိသလဲ၊ မှုံမရှိဘူးလား၊ ဒီကို ဘာကြောင့်မှာလဲ ဖျော်ရည် ကြံရည်ကလေးများကော မသောက်ရဘူးလား၊ ဒီအရာဝတ္ထုကလေး တယ် ကောင်းပါလား လှူပါဦးလား စသည်ဖြင့် ပြောဆိုမှုကို ဝါစသိက အနာစာရလို့ ခေါ်တယ်။

အခုပြောခဲ့တဲ့ အနာစာရ နှစ်မျိုးလုံးမှ ရှောင်ကြဉ်၍ သင့်လျော် လျောက် ပတ်အောင် ပြုမူပြောဆိုခြင်းကို အာစာရသမ္ပန္နလို့ ခေါ်ပါတယ်လို့ မဟာ နိဒ္ဒေသက ပြတယ်။

စင်စစ်တော့ ရဟန်းတော်များဟာ မထေရ်ကြီးကို ရိုသေလေးစားပြီးတော့ အရှက်အကြောက်နှင့် ပြည့်စုံပြီးတော့ သိက္ခာရှိရှိ ဝတ်ရုံ၍ ကြည်ညိုဘွယ်ကို ဆောင်ပြီးတော့ ရွှေကို တိုးခြင်း နောက်ကို ဆုတ်ခြင်း စသည်ဖြင့် မျက်လှာ ချခါ ဣရိယာပုထ်နှင့် ပြည့်စုံ၍ ဣန္ဒြေကို စောင့်စည်းပြီး အစာအာဟာရ၌ အတိုင်းအရှည်ကို သိပြီးတော့ နိုးကြားခြင်းနှင့်ယှဉ်၍ သတိသမ္ပဇညနှင့် ပြည့်စုံ ကာ ဆေးလိပ်နည်းခြင်း ရောင့်ရဲနိုင်ခြင်းစသည်တို့နှင့် ပြည့်စုံစွာနေခြင်းကို အာစာရ သမ္ပန္နလို့ ခေါ်ပါတယ်တဲ့။

ဂေါစရသမ္ပန္နကျတော့ နဲနဲထူးတယ်။

ဘယ်လိုလဲ ဆိုတော့ ဣတိဝုတ်အဋ္ဌကထာ နှာ-၂၉၃။ ဥဒါန်းအဋ္ဌကထာ နှာ-၂၀၄ တို့နဲ့ မဟာနိဒ္ဒေသအဋ္ဌကထာ နှာ-၂၉၅ မှာ ပါဠိအသုံးအနှုန်း နဲနဲ ကလေးကွဲပြားပါတယ်၊ အဓိပ္ပါယ်ကတော့ မထူးပါဘူး၊ ဒီတော့ ဘုန်းကြီးတို့ ဥဒါန်းအဋ္ဌကထာက ပြတဲ့အပိုင်းကို ပြောကြစို့၊ (ဣတိဝုတ်အဋ္ဌကထာလဲ ဥဒါန်း နှင့်တူပါတယ်။)

"ဂေါစရော ပန ဥပနိဿယဂေါစရော အာရက္ခဂေါစရော ဥပနိဗန္ဓ-
ဂေါစရောတိ တိဝိဓော"တဲ့။

ကျက်စားရာ ၃-မျိုး။ ။ဂေါစရ=ကျက်စားရာဆိုတာ ဥပနိဿယဂေါစရ အာ-
ရက္ခဂေါစရ ဥပနိဗန္ဓဂေါစရလို့ သုံးမျိုး ရှိပါတယ်တဲ့။

အဲဒီသုံးမျိုး အဓိပ္ပါယ်က ဘာလဲ ဆိုတော့—

"တတ္ထ ယော ဒသကထာဝတ္ထုဂုဏသမန္နာဂတော ဝုတ္တလက္ခဏော
ကလ္လာဏမိတ္တော၊ ယံ နိဿာယ အသုတံ သုဏာတိ၊ သုတံ ပရိယော-
ဒါပေတိ၊ ကင်္ခံ ဝိတရတိ၊ ဒိဋ္ဌိ ဥဇုံ ကရောတိ၊ စိတ္တံ ပသာဒေတိ၊
ယဉ္စ အနုသိက္ခန္တော သဒ္ဓါယ ဝဍ္ဎတိ၊ သီလေန၊ သုတေန၊ စာဂေန၊
ပညာယ ဝဍ္ဎတိ၊ အယံ ဝုစ္စတိ ဥပနိဿယဂေါစရော"လို့—

အကျိုးနှင့်တကွ ဖော်ပြထားပါတယ်။

http://www.dhammadownload.com

ဥပနိဿယဂေါစရမည်ပုံ။ ။အဲဒီ သုံးမျိုးထဲမှာ ဥပနိဿယဂေါစရဆိုတာ ဘာလဲလို့ ဆိုတော့ အပ္ပိစ္ဆတာ = အလိုနည်းခြင်း။ သန္တုဋ္ဌိတာ=ရောင့်ရဲလွယ်ခြင်း။ ပဝိဝေကတာ=ကိုယ်နှုတ် ဆိတ်ငြိမ်ခြင်း။ အသံသဂ္ဂတာ=မရောနှောခြင်း။ ဝီရိယာရမ္ဘတာ=အားထုတ်အပ်သော ဝီရိယနှင့်ယှဉ်ခြင်း။ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနလို့ဆိုတဲ့ ဆယ်ပါး သောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကလျာဏမိတ္တ=မိတ်ဆွေကောင်းကိုရခြင်း၊ အဲဒီ ကလျာဏမိတ္တကို အမှီပြု၍ မနာရသေးသောတရားကို နာရခြင်း၊ နာပြီးသောတရားကို သန့်ရှင်းဖြူစင်စေခြင်း၊ အယူဖြောင့်မှန်ခြင်း၊ စိတ်ကြည်လင်ခြင်းကို ရနိုင်တယ်တဲ့။ ✓

ဒီလို ကလျာဏမိတ္တဆိုတဲ့ မိတ်ဆွေကောင်းကို အတုလိုက်၍ ကျင့်သော ပုဂ္ဂိုလ်သည် သဒ္ဓါတရား တိုးပွါးလာတယ်၊ အကျင့်သီလအခန်းဖြင့်လည်းကောင်း အကြားအမြင်အခန်းဖြင့်လည်းကောင်း အလှူအတန်းအခန်းဖြင့်လည်းကောင်း အသိ အလိမ္မာ ဉာဏ်ပညာအခန်းဖြင့်လည်းကောင်း တိုးပွါးလာနိုင်တယ်၊ အဲဒီလို ကလျာဏမိတ္တကို အမှီရခြင်းသည် ဥပနိဿယဂေါစရလို့ခေါ်ပါတယ်တဲ့။

အာရက္ခ ဂေါစရ ဆိုတာကတော့ -

> "ယော ဘိက္ခု အန္တရဃရံ ပဝိဋ္ဌော ဝိထိံ ပဋိပန္နော ဩကိဏ္ဏတ္တစက္ခု ယုဂမတ္တဒဿာဝီ စက္ခုန္ဒြိယသံဝုတော၀ ဂစ္ဆတိ၊ နာ ဟတ္ထီ ဩလောကေန္တော၊ နာ အဿံ၊ နာ ရထံ၊ နာ ပတ္တိံ၊ နာ ဣတ္ထိံ၊ နာ ပုရိသံ ဩလောကေန္တော၊ နာ ဥဒ္ဓံ ဩလောကေန္တော၊ နာ အဓော ဩလောကေန္တော၊ နာ ဒိသာဝိဒိသံ ပက္ခမာနော ဂစ္ဆတိ။ အယံ ဝုစ္စတိ အာရက္ခ ဂေါစရော-တဲ့။

အာရက္ခဂေါစရခေါ်ပုံ။ ။ဒါကတော့ ရဟန်းတော်များ တရားနှလုံးသွင်းတဲ့ ပုဂ္ဂိုလ်များ မြို့တွင်း ရွာတွင်းသို့ ဆွမ်းကိစ္စဖြစ်စေ အခြား ကိစ္စရှိ၍ ဖြစ်စေ သွားတဲ့ အခါမှာ မျက်လှည့်ကိုချပြီး လေးတောင် လောက်သာကြည့်၍ ဣန္ဒြေကိုစောင့်စည်းပြီး သွားရမယ်တဲ့၊ ဆင် မြင်း ရထား မိန်းမ ယောကျ်ားတို့ကို မကြည့်မူ၍ သွားရမယ်တဲ့။ အောက်အရပ် အထက်အရပ် ထိုထို အရပ်မျက်နှာတို့ကို မကြည့်မူ၍ စောင့်စည်းသွားလာခြင်းကို အာရက္ခဂေါစရလို့ ခေါ်ပါတယ်။

ဥပနိဗန္ဓဂေါစရခေါ်ပုံ။ ။ဥပနိဗန္ဓဂေါစရဆိုတာကတော့ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်များ အတွက် အင်မတန် ကောင်းပါတယ်။

http://www.dhammadownload.com

ဘယ်လိုလဲဆိုတော့—

ဥပနိဗန္ဓဂေါစရော ပန စတ္တာရော သတိပဋ္ဌာနာ ယတ္ထ ဘိက္ခု[1] အတ္တနော စိတ္တံ ဥပနိဗန္ဓတိ–တဲ့ အဋ္ဌကထာက။

အဓိပ္ပါယ်ကတော့—

ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန် စိတ္တာနုပဿနာသတိပဋ္ဌာန် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဆိုတဲ့ သတိပဋ္ဌာန် လေးပါးတို့ဖြင့် မိမိရဲ့စိတ်ကို နှောင်ဖွဲ့၍ ထားခြင်းကို ဆိုပါတယ်။ ဒါကြောင့် မြတ်စွာဘုရားက မဟာဝဂ္ဂ သံယုတ်ပါဠိတော် သကုဏဂ္ဃိသုတ္တန် နှာ-၁၂၈ မှာ—

> ကော စ ဘိက္ခဝေ ဘိက္ခုနော ဂေါစရော သကော ပေတ္တိကော ဝိသယော၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ-လို့ ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဘိက္ခုနော၊ ကိလေသာကို ဖျက်ဆီးတတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီး၏။ သကော ပေတ္တိကော၊ မိမိ၏ ခမည်းတော်ဘုရား၏ ဥစ္စာဖြစ်သော။ ဝိသယော၊ ထိုခမည်းတော် ဘုရားသည် ပြအပ် ညွှန်ပြအပ်သော နယ်ပယ်ဖြစ်သော။ ဂေါစရော၊ ကျက်စားရာသည်။ ကော စ၊ အဘယ်နည်း။ ယဒိဒံ-ယေ ဣမေ စတ္တာရော သတိပဋ္ဌာနာ၊ အကြင်လေးပါးသော သတိပဋ္ဌာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ၊ ဤ သတိပဋ္ဌာန် လေးပါးသည်။ ဝိသယော၊ ခမည်းတော်ဘုရားသည် ပြအပ် ညွှန်ပြအပ်သော။ ဂေါစရော၊ ကျက်စားရာမည်၏ တဲ့။

ဘုရားအလိုတော်ကျ ကျက်စားရာ စားကျက်။ ။ချစ်သားတို့ ချစ်သမီးတို့ မိမိတို့၏ ဘခင် ဘုရားရှင်၏ ကျက်စားရာ အာရုံဖြစ်သော စားကျက်ဟူသည် အဘယ်နည်း၊ သတိပဋ္ဌာန် လေးပါး အကျင့်တရားတွေပဲတဲ့၊ ဒါကြောင့် သတိပဋ္ဌာန် လေးပါးသည် ဥပနိဗန္ဓဂေါစရ မည်တယ်-တဲ့။

အဲဒီလို အာစာရ ဂေါစရ သမ္မန္နေ ဖြစ်ပုံကို ဟောကြားတော်မူပါတယ်၊ အဲဒါ အာစာရဂေါစရသမ္မန္နော ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်တွေပဲ။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု ဆိုတာကတော့ ပေါ်လွင် ထင်ရှား ပါတယ်။ အနည်းငယ် မျှသော အပြစ်ကို ဘေးလို့ရှုပြီးတော့ သိက္ခာပုဒ်ကို စောင့်ရှောက်ခြင်းကို ဆိုတာပါပဲ။

http://www.dhammadownload.com

ကတမာ အဓိစိတ္တသိက္ခာ[၁] ဆိုတဲ့ အပိုင်းကတော့ အဓိစိတ္တသိက္ခာ ဖြစ်အောင် ကျင့်ပုံကို စူဠနိဒ္ဒေသ ပါဠိတော်က—

> ဣဓ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၂]-တဲ့။

ရဟန်းကောင်းတို့၏ နေပုံ။ ။အဓိပ္ပါယ်ကတော့ ဒီသာသနာတော်မှာ အဓိစိတ္တသိက္ခာကို ကျင့်လိုသော ရဟန်းသည် ဝတ္ထုအာရုံကာမဂုဏ်နှင့် အကုသိုလ်တရားတို့မှ ကင်းကွာဆိတ်သုဉ်း၍ အာရုံကို ကြံစည်ခြင်း သုံးသပ်ဆင်ခြင်ခြင်းနှင့်အတူ ကာမစ္ဆန္ဒ ဗျာပါဒ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာဆိုတဲ့ သမာဓိ စိတ်ကို ပိတ်ဖုံးတတ်ကုန်သော တရားတွေမှ ကင်းကွာပြီးတော့ နှစ်သက်ခြင်း ချမ်းသာခြင်းရှိတဲ့ ပဌမဈာန်သို့ ရောက်အောင် ကျင့်တယ်။ အဲဒီ ပဌမဈာန်ကို ရပြီးတဲ့နောက် ဒုတိယဈာန်ကို ရအောင် ဘယ်လိုကျင့်သလဲ ဆိုတော့—

> ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကော-ဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ-တဲ့။

ဒုတိယဈာန်ရအောင်ကျင့်ပုံ။ ။အဓိပ္ပါယ်ကတော့ အာရုံကို ကြံစည်ခြင်း သုံးသပ်ခြင်းကို ငြိမ်းသွားတဲ့အတွက် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ မြတ်သော တည်ကြည်မှုကို ဖြစ်စေတတ်သော ကြံစည်မှု သုံးသပ်မှုမရှိတော့ပဲ ပဌမဈာန် သမာဓိကြောင့် ဖြစ်သော နှစ်သက်ခြင်း ချမ်းသာခြင်းဆိုတဲ့ ဒုတိယဈာန်ကို ရအောင်ကျင့်တယ်။ အဲဒီ ဒုတိယဈာန်ကိုရပြီး ပြန်တော့ တတိယဈာန်ရအောင် ဘယ်လို ကျင့်ပြန်သလဲ ဆိုတော့—

> ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခ-ကော သတိမာ သုခဝိဟာရီတိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၁]-

ဆိုပြီးတော့ ဆက်ကျင့်ပြန်တယ်။

တတိယဈာန်ရအောင် ကျင့်ပုံ။ ။အဓိပ္ပါယ်ကတော့ ပီတိလို့ဆိုတဲ့ နှစ်သက်ခြင်းကို စက်ဆုပ်သောကြောင့် အဲဒီ ပီတိကို

၁။ မဟာနိဒ္ဒေသပါဠိတော် နှာ-၃၀။ စူဠနိဒ္ဒေသပါဠိတော် နှာ -၃၅။

http://www.dhammadownload.com

လျစ်လျူရှုရှိလည်းကောင်း သတိထင်စေသည်ဖြစ်ရှိလည်းကောင်း ဆင်ခြင်သော ပညာနှင့်ပြည့်စုံသည်ဖြစ်ရှိလည်းကောင်း နေပြီးတော့ ကာယိကသုခ စေတသိက သုခ နှစ်ပါးကို နာမကာယဖြင့် ခံစားပြီး နေ၏။

အဲဒီ တတိယစျာန်ဟူသော အကြောင်းကြောင့် ထိုတတိယစျာန်ရှင်ပုဂ္ဂိုလ်ကို ဘုရားစသော သူတော်ကောင်းတို့က တတိယစျာန်ကိုပင် လျစ်လျူရှုနိုင်သူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု ချီးမွမ်းကြတယ်၊ အဲဒီ တတိယစျာန်ကို ရအောင်ကျင့်တယ်။ တတိယစျာန်ရပြန်တော့ စတုတ္ထစျာန်ကို ရဘို့ရန်အတွက် ဆက်ပြီး ကျင့်ပြန်တယ်၊ ဘယ်လိုကျင့်သလဲဆိုတော့—

> သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိ ပါရိသုဒ္ဓိံ စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ၁တဲ့။

စတုတ္ထစျာန်ရအောင် ကျင့်ပုံ။ ။အဓိပ္ပါယ်ကတော့ ကာယိကသုခ ကာယိကဒုက္ခကို ပယ်ပြီး၍ (စတုတ္ထစျာန်မှာ ကာယိကသုခဝေဒနာ ကာယိကဒုက္ခဝေဒနာမရှိဘူးလို့ ဆိုလိုတယ်) စတုတ္ထစျာန်၏ ရှေ့ဥပစာရဈာဌ် သောမနဿဝေဒနာ ဒေါမနဿဝေဒနာနှစ်ပါးတို့လဲ ချုပ်နေခြင်းကြောင့် သုခလဲ မရှိ ဒုက္ခလဲ မရှိသော ဥပေက္ခာကြောင့်ဖြစ်သော သတိစင်ကြယ်နေတဲ့ စတုတ္ထစျာန်ကိုရအောင် ကျင့်ပါတယ်တဲ့။

ဈာန်ရအောင်ကျင့်ဆုဌ် ရှင်းချက်။ ။အဲဒါကိုဘဲ အဓိစိတ္တံ ဟိ သိက္ခတိ။ အဓိစိတ္တသိက္ခာကို ကျင့်တယ်လို့ ဆိုရပါတယ်။ အဲဒီနေရာမှာ ဘာ့ကြောင့် အဓိစိတ္တသိက္ခာခေါ်တဲ့ ဒီစျာန်တွေကို ပြည့်စုံအောင် ကျင့်ရသလဲ ပြည့်စုံစေရသလဲဆိုတဲ့ အကြောင်းကို မူလပဏ္ဏာသအဋ္ဌကထာ၊ ပ-တို့၊ ဘယဘေရဝသုတ် အဖွင့် နှာ-၁၂၈-၉ မှာလာတဲ့ အကြောင်းကို ထည့်ပြောပေးရရင် ပိုပြီးတော့ ကောင်းပါတယ်၊ အဲဒီ-အကြောင်း နဲနဲပြောရအောင်—

ကိံကတ္ထာ ပန ဘဂဝါ ဣမာနိ စျာနာနိ ဥပသမ္ပဇ္ဇ ဝိဟာသီတိ။ ဘာ့ကြောင့် မြတ်စွာဘုရားသည် ဤစျာန်ကို ပြည့်စုံစေ၍ နေပါသနည်းတဲ့ အမေးက။

✓ကမ္မဋ္ဌာနံ ဘာဝေတ္ဝာ လို့ ဖြေတယ်။ ကမ္မဋ္ဌာန်းကို ဖြစ်စေဘို့ ပွါးများဘို့တဲ့၊ ကတရံ=ဘယ်ကမ္မဋ္ဌာန်းလဲ၊ အာနာပါနဿတိကမ္မဋ္ဌာနံ-တဲ့၊ အာနာပါနကမ္မ-

---

၁။ မဟာနိဒ္ဒေသပါဠိဘော်၊ နှာ-၃၀။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၃၅ ။

http://www.dhammadownload.com

ဌာန်းကို ဖြစ်စေဘို့ ပဋိများဘို့ ဈာန်လေးပါးကို ပြည့်စုံစေရပါတယ်လို့ အဋ္ဌကထာက ပြပါတယ်။

ဈာန် ၄-ပါး အသုံးချပုံ။ ။ဒီနေရာမှာ ဈာန်လေးပါးကို သုံးပုံသုံးနည်း ငါးမျိုးကို အဋ္ဌကထာဆရာကြီးက ခွဲပြပါသေးတယ်၊ ဘယ်လိုလဲဆိုတော့—

(၁) အဲဒီ ဈာန်လေးပါးကို အခြို့က စိတ်တည်ငြိမ်မှုအတွက် ဖြစ်စေကြပါတယ်။

(၂) အခြို့သော ပုဂ္ဂိုလ်များအတွက်ကျတော့ ဝိပဿနာရဲ့အခြေခံ ပါဒကကို ဖြစ်စေကြပါတယ်။

(၃) အခြို့ပုဂ္ဂိုလ်များကျတော့ ဣဒ္ဓိဝိဓစသော အဘိညာဉ်ရဲ့ အခြေခံပါဒကကို ဖြစ်စေကြပါတယ်။

(၄) အခြို့သောပုဂ္ဂိုလ်များအတွက်က အဲဒီဈာန်လေးပါးသည် နိရောဓသမာပတ်ရဲ့ အခြေခံပါဒကို ဖြစ်စေကြပါတယ်။

(၅) အခြို့သော ပုဂ္ဂိုလ်များကျတော့ ဒီဈာန်လေးပါးကို ဘုံဘဝသက်ဆောက်ရေးအတွက် ဖြစ်စေကြပါတယ်–လို့

အဋ္ဌကထာဆရာကြီးက သုံးပုံသုံးနည်းကို ခွဲခြားပြီး ပြဆိုထားပါတယ်။ ဈာန်လေးပါးကို ဘယ်လိုပုဂ္ဂိုလ်များ ဘယ်လိုသုံးတယ်ဆိုတာကိုလဲ အဋ္ဌကထာက ပြပါသေးတယ်။ ဘယ်လိုပြသလဲ ဆိုတော့—

(၁) ခီဏာသဝါနံ စိတ္တေကဂ္ဂတတ္ထာနံ ဟောန္တီ–တဲ့။

ရဟန္တာပုဂ္ဂိုလ်များက ဒီဈာန်လေးပါးကို စိတ်တည်ငြိမ်မှုအတွက် အသုံးပြုတော်မူကြတယ်။

(၂) သေက္ခပုထုဇ္ဇနာနံ သမာပတ္တိတော ဝုဋ္ဌာယ သမာဟိတေန စိတ္တေန ဝိပဿိဿာမာတိ နိဗ္ဗတ္တေန္တာနံ ဝိပဿနာ ပါဒကာနိ ဟောန္တီ–တဲ့။

အဓိပ္ပါယ်က–သေက္ခပုထုဇ္ဇဉ်များကျတော့ သမာပတ်မှထပြီးတော့ တည်ကြည်တဲ့ စိတ်နဲ့ ဝိပဿနာရှုမယ်လို့ ဝိပဿနာရဲ့အခြေခံ ပါဒကဈာန်ကို သုံးကြပါတယ်တဲ့။

(၃) ယေ ပန အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတွာ အဘိညာပါဒကဈာနံ သမာပဇ္ဇိတွာ သမာပတ္တိတော ဝုဋ္ဌာယ ကောပိ ဟုတွာ ဗဟုဓာ ဟောတိတိ ဝုတ္တနယာ အဘိညာယော ပတ္ထေန္တာ နိဗ္ဗတ္တေန္တိ တေသံ အဘိညာပါဒကာနိ ဟောန္တီ–တဲ့။

http://www.dhammadownload.com

အဘိညာဉ်ကို ဖြစ်လိုတဲ့ ပုဂ္ဂိုလ်များ တန်းခိုးအစွမ်းပြလိုတဲ့ ပုဂ္ဂိုလ်များက အဲဒီစျာန်လေးပါးကို ဝင်စားပြီးတော့မှ တန်းခိုးပြကြရတယ်၊ တန်းခိုးပြတဲ့နေရာမှာ စျာန်လေးပါးကို အသုံးပြုကြရတယ်။

(၄) ယေ ပန အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတုံ နိရောဓ သမာပတ္တိ သမာပဇ္ဇိတုံ သတ္ထာဟံ အစိတ္တာ ဟုတုံ ဒိဋ္ဌေဝ ဓမ္မေ နိရောဓံ နိဗ္ဗာနံ ပတုံ သုခံ ဝိဟရိဿာမာတိ နိဗ္ဗတ္တေန္တိ၊ တေသံ နိရောဓ ပါဒကာနိ ဟောန္တိ–တဲ့။

နိရောဓသမာပတ်ဝင်စားမဲ့ ပုဂ္ဂိုလ်ဆိုတာကလဲ သမာပတ်ချစ်ပါးကို ဖြစ်စေပြီးတော့မှ နိရောဓသမာပတ်ကို ဝင်စားပြီး ခုနစ်ရက်ပတ်လုံး စိတ်မရှိသည်ဖြစ်၍ မျက်မှောက်ဘဝ၌ စိတ် စေတသိက် စိတ္တဇရုပ်ချုပ်ခြင်း ငြိမ်းခြင်းသို့ရောက်ပြီး ချမ်းသာစွာနေမယ် ဆိုပြီးတော့ ဒီစျာန်လေးပါးကို ပဌမပါဒကပြု၍ သုံးကြပါတယ်။

(၅) ယေ ပန အဋ္ဌသမာပတ္တိယော နိဗ္ဗတ္တေတုံ အပရိဟီနဇ္ဈာနာ ဗြဟ္မ-လောကေ ဥပပဇ္ဇိဿာမာတိ နိဗ္ဗတ္တေန္တိ၊ တေသံ ဘဝေါက္ကမနတ္ထာနိ ဟောန္တိ – တဲ့။

ဘုံဘဝ လား ရောက်ရေးကို အသုံးပြုတဲ့ ပုဂ္ဂိုလ်များကတော့ ချစ်ပါးသော သမာပတ်ကို ဖြစ်စေပြီး လေးပါးသော စျာန်ကို မယုတ်လျော့စေတော့ပဲ ဗြဟ္မာ့ပြည်မှာဖြစ်အောင် ဆိုပြီးတော့ စျာန်လေးပါးကို အသုံးပြုကြတယ်။

အခြေခံဖြစ်သော စတုတ္ထစျာန်။ ။မြတ်စွာဘုရားကတော့ အဲဒီ စျာန်လေးပါးကို ဗောဓိပင်ရင်းမှာ ရခဲ့ပါတယ်၊ ဒီစျာန်လေးပါးကို ဝိပဿနာရဲ့ပါဒက အဖြစ်လည်းကောင်း အဘိညာဉ်ရဲ့ပါဒက အဖြစ်လည်းကောင်း အလုံးစုံသော ကိစ္စတွေကို ပြီးစေတဲ့အတွက်လည်းကောင်း ဖြစ်စေပါတယ်။ ဒါကြောင့် ဒီ စျာန်လေးပါးဟာ အလုံးစုံသော လောကီလောကုတ္တရာဂုဏ်ကျေးဇူးတွေကို ပေးတတ်တယ်လို့ မှတ်ရမယ်။ ဒါကို မူလ-ပဏ္ဏာသ အဋ္ဌကထာက—

> "ဘဂဝတာ ပနိဒံ စတုတ္ထဇ္ဈာနံ ဗောဓိရုက္ခမူလေ နိဗ္ဗတ္တိတံ၊ တံ တဿ ဝိပဿနာပါဒကဉ္စေဝ အဘိညာပါဒကဉ္စ သဗ္ဗကိစ္စသာဓကဉ္စ၊ သဗ္ဗလောကိယ လောကုတ္တရ ဂုဏဒါယကန္တိ ဝေဒိတဗ္ဗံ"လို့ မိန့်ဆိုထားပါတယ်။

ကဲ စျာန်လေးပါး အသုံးချနည်းနဲ့ သုံးပုံသုံးနည်းကို ဒါလောက်ဆို သုံးတတ်ပါပြီ။

http://www.dhammadownload.com

ကိုင်း ရှေသွားကြရအောင်-—

ခု ပြောခဲ့တာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာများကို ကျင့်ပုံကို ပြောခဲ့တယ်။

ခု ပြောပေးရမှာက အဓိပညာသိက္ခာကို ပြောပေးရမယ်။ အဓိပညာသိက္ခာဆိုတာ ဘာကို ခေါ်သလဲဆိုတော့—

ဣဓ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာဒုက္ခက္ခယ ဂါမိနိယာ[1]တဲ့။

အဓိပညာ။ ။ဤသာသနာတော်၌ ကိလေသာကို ဖျက်ဆီးခြင်းငှါ ကျင့်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ပညာရှိ၏၊ ဝိညာဉ်နာမ်ရုပ်တို့၏ အဖြစ်နဲ့ အပျက်ကို ခွဲခြား၍ သိသော ဖြူစင်သော ကိလေသာကို ဖောက်ခဲ့နိုင်သော ကောင်းစွာ ဆင်းရဲ၏ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အသိဉာဏ်ပညာနှင့် ပြည့်စုံ၏၊ ထိုပညာဖြင့် ဘာတွေကို သိသလဲ ဆိုတော့-

သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊အယံ ဒုက္ခသမုဒယောတိ။ အယံ ဒုက္ခနိရောဓောတိ။အယံ ဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ တဲ့။

သစ္စာ ၄-ပါးကိုသိသော အဓိပညာ။ ။ဆိုခဲ့ပြီးသော ပညာနှင့် ပြည့်စုံသော သူသည် ခန္ဓာငါးပါး ဝိညာဉ် နာမ်ရုပ်တရားတို့ကို ဆင်းရဲ-ဟု ဟုတ်မှန်တိုင်း သိ၏။ အဝိဇ္ဇာ တဏှာ စသော တရားတို့ကို ဆင်းရဲကြောင်း-ဟု ဟုတ်မှန်တိုင်း သိ၏။ နိဗ္ဗာန်ကို ဆင်းရဲချုပ်ရာဟု ဟုတ်မှန်တိုင်း သိ၏။ မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်ဝတ်-ဟု ဟုတ်မှန်တိုင်း သိ၏။

ဣမေ အာသဝါတိ။ အယံ အာသဝသမုဒယောတိ။ အယံ အာသဝနိရောဓောတိ။ အယံ အာသဝနိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ၊ အယံ အဓိပညာသိက္ခာ[2]တဲ့။

အဓိပ္ပါယ်ကတော့ ဤလောဘ ဒိဋ္ဌိ မောဟ သည် အာသဝမည်၏။ ဤတရားသည် အာသဝဖြစ်ကြောင်း တရား မည်၏။ ဤတရားသည် အာသဝချုပ်ရာ တရား မည်၏။ ဤတရားသည် အာသဝချုပ်ရာသို့ ရောက်ကြောင်း ကျင့်ဝတ်ပဋိပတ် မည်၏-လို့ ဟုတ်မှန်တိုင်း သိခဲ့လျှင် အဲဒါ အဓိပညာသိက္ခာ ပါဘဲတဲ့။

၁။ ဗွင်္ဂနိဒ္ဒေသပါဠိတော် နှာ ၃၅။

http://www.dhammadownload.com

သေက္ခပုဂ္ဂိုလ် သိမှတ်ဖွယ်။ ။ဒီတော့ သေက္ခပုဂ္ဂိုလ်ဆိုတာ ခု ပြောခဲ့တဲ့ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာ သိက္ခာဆိုတဲ့ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ရတယ်၊ ဒီ-သိက္ခာသုံးပါးကို မကျင့်ဘဲနဲ့ သေက္ခပုဂ္ဂိုလ်-လို့ မခေါ်ဆိုထိုက်ဘူး။ အဲဒီ သိက္ခာသုံးပါးကို မိမိရဲ့ စိတ်ထဲမှာ ဆင်ခြင်ပြီးတော့ ဆောက်တည်ထားပြီးလျှင် သဒ္ဓါ,ဝီရိယ,သတိ,ပညာ တို့ဖြင့် ကျင့်ခြင်းကို ကျင့်နေလျှင် သေက္ခပုဂ္ဂိုလ်-လို့ ခေါ်တယ်။

အသေက္ခပုဂ္ဂိုလ်ကျတော့ ဘယ်နဲ့ပြောလဲ—

အသေက္ခပုဂ္ဂိုလ်။ ။ကထဉ္စ ဘန္တေ သခ်ီတဓမ္မော ဟောတီ[1]။ အရှင်ဘုရား သခ်ီတဓမ္မ-လို့ ခေါ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဆိုတာ အသေက္ခ ပုဂ္ဂိုလ်-လို့ဆိုတာ ဘယ်လိုဟာလဲ-လို့ ဆိုတော့ ရဟန္တာပုဂ္ဂိုလ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုနေရသလဲ သိလား၊ (မသိပါဘုရား)။ ရဟန္တာပုဂ္ဂိုလ်ရဲ့ နေနည်း မြတ်စွာဘုရား ဟောလိမ့်မယ်၊ ရဟန္တာ ဟုတ်,မဟုတ် ကြည့်–

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပပေသော မြတ်စွာဘုရား။ ကထဉ္စ၊ အဘယ်သို့လျှင်။ သခ်ီတဓမ္မော၊ ရှုဆင်ခြင်အပ်ပြီးသော တရားအားလုံးတို့ကို ရှုဆင်ခြင်အပ်ပြီးသော သဘောရှိသော သခ်ီတဓမ္မ မည်သော ရဟန္တာ ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

သခ်ီတဓမ္မော ဝုစ္စန္တိ အရဟန္တော ခီဏာသဝါ-တဲ့၊ စူဠနိဒ္ဒေသပါဠိတော် နှာ(၃၄)က။

အသေက္ခ ပုဂ္ဂိုလ်ဆိုတော့—

> ဘူတမိဒန္တိ ဘန္တေ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ၊ ဘူတမိဒန္တိ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ ဘူတဿ နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါ ဝိမုတ္တော ဟောတီ[2]တဲ့။

ဒါဟာ ရဟန္တာပုဂ္ဂိုလ်ရဲ့ နေနည်းနော် (မှန်ပါဘုရား)၊ ဒါ ရဟန္တာပုဂ္ဂိုလ် နေတဲ့နည်း-တဲ့။

ဣဒံ၊ ဤ ခန္ဓာငါးပါး အပေါင်းသည်။ ဘူတံ၊ ဖြစ်ပေါ်၍လာ၏။ ဤတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ သမ္မပ္ပညာယ၊ ကောင်းမြတ်သော မဂ်ပညာဖြင့်။ ပဿတိ၊ မြင်၍နေ၏။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဘူတဿ၊ ဖြစ်သော ခန္ဓာငါးပါးကို။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းကြောင့်။

၁။ နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊ ဘူတသုတ် နှာ-၂၀၂။

http://www.dhammadownload.com

ဝိရာဂါ၊ ရာဂကင်းခြင်းကြောင့်။ နိရောဓာ၊ ရာဂစဲလမ်းမှုတွေ အကုန်လုံး ချုပ်ငြိမ်းခြင်းကြောင့်။

နှစ်သက်တာ၊ စဲလမ်းတာတွေ ဘာမှမရှိတော့ဘူး။ ဥပမာ ပုံဆိုကြပါစို့ ပုထုဇဉ်ပုဂ္ဂိုလ်တယောက်ဟာ ပုထုဇဉ်အဖြစ်တုန်းက အင်မတန် ကွမ်းကြိုက်တယ်ဆိုကြပါစို့၊ ကွမ်းစွဲနေတယ်ဆိုပါတော့၊ ရဟန္တာဖြစ်ရင် ကွမ်းမစားတော့ဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒါလေးဟာ အချက်ကလေးဘဲ မှတ်ထား၊ ပါဠိတော်မှာလာတဲ့ ရဟန္တာပုဂ္ဂိုလ် နေနည်း-တဲ့၊ ရာဂကင်းသွားပြီ။

ကြိုက်သေးလား၊ မကြိုက်တော့ဘူး၊ ဟိုတုန်းကကော (ကြိုက်ပါတယ်ဘုရား)။ ဘာကြိုက်သလဲ၊ ကွမ်းကြိုက်ပါတယ်ဘုရား၊ အခုကော မကြိုက်တော့ပါဘုရား။

အနုပါဒါ၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့မှ။ ဝိမုတ္တာ၊ ကင်းလွတ်သည်။ ဟောတိ၊ ဖြစ်ပါလေတော့၏။

ဒါ အသေက္ခ ရဟန္တာပုဂ္ဂိုလ်နော်၊ အဲဒီ သေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့ကို အရှင်သာရိပုတ္တရာ ဒီလိုဖြေပြီးတဲ့အခါ မြတ်စွာဘုရားက သာဓုလို့ ခေါ်ပြီးတော့ မှန်ပါပေတယ်-တဲ့၊ ကိုင်း အဲဒီ သေက္ခပုဂ္ဂိုလ် အသေက္ခ ပုဂ္ဂိုလ်တို့ရဲ့ အကျင့်ကို ဟောပေးပါဦး ဘုရား-လို့ အခုနက အဇိတ ရသေ့က လျှောက်တယ် မြတ်စွာဘုရားကို။

ဒီတော့ မြတ်စွာဘုရားက ဟောပြီ၊ ဘယ့်နဲ့ ဟောသလဲ ဆိုတော့—

ကာမေသု နာဘိဂိဇ္ဈေယျ၊ မနသာ' နာဝိလော သိယာ။
ကုသလော သဗ္ဗမဗ္ဘာနုံ၊ သတော ဘိက္ခု ပရိဗ္ဗဇေတိ[၁]။

သောတာပန်ဖြစ်ဘို့ရန် ကျင့်တဲ့ ပုဂ္ဂိုလ်က စပြီးတော့ ရဟန္တာပုဂ္ဂိုလ် ဖြစ်အောင် ကျင့်တဲ့ ပုဂ္ဂိုလ်အထိ ကြားထဲမှာ ခုနစ်ယောက် မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ ခုနစ်ယောက် ကျင့်ရမဲ့ အကျင့်က ဘာလဲလို့ ဆိုတာကို မြတ်စွာဘုရားက ဟောတော်မူတယ်။

အဇိတ၊ အဇိတရသေ့။ ကာမေသု၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ နာဘိဂိဇ္ဈေယျ၊ ကိလေသာ ကာမတို့ဖြင့် မတပ်မက်မောရာ။ (သေက္ခပုဂ္ဂိုလ်ဆိုတာ တရား အားထုတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ) မနသာ၊ စိတ်ဖြင့်။ အာဝိလော၊ နောက်ကျုခြင်းသည်။ နှ သိယာ၊ မဖြစ်ရာ။ (တနည်း) မနသာ၊ စိတ်ဖြင့်။ အနာဝိလော၊ နောက်ကျုခြင်း ကင်းသည်။ သိယာ၊ ဖြစ်ရာ၏။

၁။ စူဠနိဒ္ဒေသ ပါဠိတော်၊ နှာ ၃၆။

http://www.dhammadownload.com

(တရား အားထုတ်တဲ့ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်-လို့ ဆိုတာဟာ စိတ်မညစ်ရဘူးတဲ့ ဟုတ်လား (မှန်ပါဘုရား)၊ ခု တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ စိတ်ညစ် မနေကြဘူးလား (ညစ်နေပါတယ်ဘုရား)၊ ဒါ သေက္ခအကျင့် မဟုတ်ဘူး။

သဗ္ဗဓမ္မာနံ=သဗ္ဗဓမ္မေသု၊ ခပ်သိမ်းညဿုံ အလုံးစုံကုန်သော သင်္ခတတရား တို့၌။ ကုသလော၊ အနိစ္စ အစရှိသော အခြင်းအရာဖြင့် ရှုဆင်ခြင်ခြင်း၌ လိမ်မာကျွမ်းကျင်သည်လည်းကောင်း။ သတော၊ သတိပဋ္ဌာန် လေးပါးနှင့် ပြည့်စုံသည်လည်းကောင်း။ ဘိက္ခု၊ ကိလေသာတွေကို ဖျက်ဆီး ပြီးသော ပုဂ္ဂိုလ်သည်၎င်း။ (ဟုတ္တ၊ ဖြစ်၍။) ပရိပ္ပဇေ၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေရာ၏။

သေက္ခပုဂ္ဂိုလ်၏အကျင့်။ ။ဒါက ရဟန္တာပုဂ္ဂိုလ်၏အကျင့်၊ ဟုတ်လား(မှန်ပါဘုရား)၊ ကိုင်း အဲဒီ အကျင့်တွေကို ပြန်ပြီးတော့ ပြောရဦးမယ်။ တရားအားထုတ်တဲ့ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်ရဲ့ အကျင့်က ဘာလဲဆိုတော့ ကာမဂုဏ်ငါးပါးကို ဆန္ဒရာဂတို့ဖြင့် မတပ်မက်ရဘူး စိတ်မညစ်ရဘူး၊ အဲဒါ သေက္ခပုဂ္ဂိုလ်၏အကျင့်၊ ဒီတော့ ကာမဂုဏ်ငါးပါးတွေဆိုတာ ဘာတွေလဲ-ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ နှစ်သက်စရာ အာရုံတွေ၊ ဒါက ဝတ္ထုကာမလို့ ခေါ်တယ်။

၂- ကိလေသာကာမဆိုတာကတော့ နှစ်မျိုးရှိတယ်။

(၁) ဆန္ဒော ကာမော ရာဂေါ ကာမော ဆန္ဒရာဂေါ ကာမော။

(၂) သင်္ကပ္ပေါ ကာမော ရာဂေါ ကာမော သင်္ကပ္ပရာဂေါ ကာမော။

ဆန္ဒရာဂ သင်္ကပ္ပရာဂဆိုတာ ကိလေသာကာမ၊ လိုချင်တယ် လိုချင်တယ်နဲ့၊ လိုချင်တော့ ဘာလုပ်သလဲ မရရအောင် ဘယ်နည်းနဲ့ယူရပါ့မလဲလို့ ကြံတယ် အဲဒါ သင်္ကပ္ပ၊ စူဠနိဒ္ဒေသပါဠိတော်နှာ ၃၇-မှာ ဘယ့်နဲ့ပြောထားသလဲဆိုတော့-

ပ အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။
န တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ န ဟေဟိသိတိ။

ကာမ၊ ဟယ် ကာမ။ အဟံ၊ ငါသည်။ တေ၊ သင်၏။ မူလံ၊ အမြစ်အရင်းကို။ အဒ္ဒသံ၊ မြင်ရလေပြီ။ (ကာမဂုဏ်စိတ်တွေ ဖြစ်တယ်ဆိုတာ ဘာဖြစ်လို့ဖြစ်သလဲ၊ ကြံလို့ဖြစ်တာ သင်္ကပ္ပရာဂ။)

ကာမ၊ ဟယ်ကာမ။ တုံ၊ သင်သည်။ သင်္ကပ္ပါ၊ ကြံစည်ခြင်းဟူသော အကြောင်းကြောင့်။ ဇာယသိ၊ ဖြစ်၏။ (ကာမဂုဏ်ဖြစ်တယ်ဆိုတာ ဘာပြုလို့ဖြစ်သလဲ၊ ကြံစည်လို့ဖြစ်တာ။)

http://www.dhammadownload.com

ကာမ၊ ဟယ်ကာမ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ န သက်ပ္ပယိဿာမိ၊ ယန္နေကစ နောက်ဘယ်တော့မှ မကြံတော့ဘူး။ ကြဉ်းမလား (မကြံတော့ပါဘုရား။)

ကာမ၊ ဟယ်ကာမ။ ဝေ၊ ဤသို့ သင့်ကို ငါမကြံသည်ရှိသော်။ (တုံ့၊ သင်သည်။) နဟေဟိသိ၊ ဘယ်တော့မှ မဖြစ်တော့ဘူး။ မကြံရင် ကာမ မဖြစ်တော့ဘူးတဲ့ ဟုတ်လား (မှန်ပါဘုရား)။

အဲဒါ အသေက္ခပုဂ္ဂိုလ်၏အကျင့်နော် (မှန်ပါဘုရား)၊ စိတ်ညစ်တယ် စိတ်ညစ်တယ်ဆိုတာ ဘာပြုလို့ ညစ်သလဲ တရားအားထုတ် နေလျက်သားနဲ့ စိတ်ညစ်တယ်ဆိုတာ ဘာပြုလို့ ညစ်သလဲဆိုတော့–

> ✓ ကာယဒုစ္စရိတေန စိတ္တံ အာဝိလံ ဟောတိ၊
> ဝစီဒုစ္စရိတေန စိတ္တံ အာဝိလံ ဟောတိ၊
> မနောဒုစ္စရိတေန စိတ္တံ အာဝိလံ ဟောတိ[1]။

ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တွေကြောင့် စိတ်ညစ်တာတဲ့၊ အဲဒါတွေ ရှောင်ပေး ဟုတ်လား (မှန်ပါဘုရား)၊ ကိုယ်အမူအရာနဲ့ မကောင်းတာတွေ မလုပ်နဲ့၊ နှုတ်အမူအရာနဲ့ မကောင်းတာတွေ မပြောနဲ့၊ စိတ်မညစ်စေနဲ့၊ စိတ်အမူအရာနဲ့ မကောင်းတာတွေ မကြံနဲ့၊ ဝစီဒုစရိုက်တွေ မပြောနဲ့၊ စိတ်မညစ်စေနဲ့၊ ပြောရင် ဘာဖြစ်သလဲ စိတ်ညစ်ရတယ်၊ အလုံးစုံသော အကုသိုလ်တရားတွေကြောင့် စိတ်ညစ်ရတယ်။ မကြံရင် မပြောရင် မလုပ်ရင် စိတ်မညစ်ရဘူး၊ မကြံရင် မဖြစ်တော့ဘူး၊ ဒါ သေက္ခပုဂ္ဂိုလ်၏ အကျင့်။

အသေက္ခပုဂ္ဂိုလ်အကျင့်။ ။အသေက္ခပုဂ္ဂိုလ်=ရဟန္တာပုဂ္ဂိုလ် ဆိုတာကတော့ အလုံးစုံသော သင်္ခါတရားတွေရဲ့အပေါ်မှာ ခန္ဓာငါးပါး အာယတန တဆဲ့နှစ်ပါး ဓာတ်တဆဲ့ရှစ်ပါးတို့ရဲ့အပေါ်မှာ အနိစ္စ အစရှိသော အခြင်းအရာအားဖြင့် ရှုဆင်ခြင်ခြင်း၌ လိမ်မာရမယ်၊ ရဟန္တာပုဂ္ဂိုလ်ဆိုတာ ဘယ်ခန္ဓာကိုတော့ဖြင့် ငါမရှုတတ်ပါဘူးလို့ မရှိရဘူး၊ ဘယ်တရားကိုဖြင့် မရှုတတ်ဘူးရယ်လို့ မရှိရဘူး။ သတော၊ သတိပဋ္ဌာန်လေးပါးနှင့် ပြည့်စုံစေရမယ် အဲဒီ-ရဟန္တာက။

✓ ဘိက္ခူတိ သတ္တန္နံ ဓမ္မာနံ ဘိန္နတ္တာ ဘိက္ခု[2]။ သတ္တန္နံ၊ ခုနစ်ပါးကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဘိန္နတ္တာ၊ ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခု၊

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၃၇။ ၂။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၃၉။

http://www.dhammadownload.com

ဘိက္ခုမည်၏။ (ဘယ်တရားတွေလဲ သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလမွတပရာမာသ, ကာမရာဂ,ဗျာပါဒ,မာန,မောဟ၅ ဤတရားခုနစ်မျိုးတွေကို ဖျက်ဆီးပြီးဖြစ်သော ကြောင့် အလုံးစုံသော ကိလေသာတွေ ဖျက်ဆီးပြီး သူ့ကို ဘာလို့ခေါ်သလဲ ဘိက္ခု။) ဘိက္ခု၊ အလုံးစုံသော ကိလေသာတွေကို ဖျက်းဆီးပြီးဖြစ်သည်။ ဟုတ္တာ၊ ဖြစ်၍။ ပရိပ္ပဇေ၊ လေးပါးသော ဣရိယာပုထ်တို့ဖြင့် နေထိုင်ရာ၏။

ဇေဝံ ဘဂဝါ အရဟတ္တာနိကူဋ္ဌေန ဒေသနံ နိဋ္ဌာပေသိ၊ ဒေသနာ-ပရိယောသာနေ အဇိတော အရဟတ္တဖလေ ပတိဋ္ဌာသိ သဒ္ဓိံ အန္တေဝါ-သိသဟဿေန၊ အညေသဉ္စ အနေကသဟဿာနံ ဓမ္မစက္ခုံ ဥဒပါဒိ[1]။

အဇိတရသေ့ တပည့်များနှင့် ရဟန္တာဖြစ်ပုံ။ ။ဇေဝံ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဤမံ ဒေသနံ၊ ဤအဇိတရသေ့လျှောက်တဲ့ အဇိတသုတ္တန် ဒေသနာတရားတော်ကို။ အရဟတ္တာနိကူဋ္ဌေန၊ အရဟတ္တဖိုလ်ကို အထူတ်တပ် သဖြင့်။ ဒေသနံ၊ တရားဟောတော်မူခြင်းကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေတော်မူ၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ကာလ သမယ၌။ အဇိတော၊ အဇိတရသေ့သည်။ အန္တေဝါသိသဟဿေန၊ နောက်လိုက်နောက်ပါ တထောင်အခြံအရံရှိသော တပည့်အပေါင်းနှင့်။ သဒ္ဓိံ၊ အတူတကွ။ အရ-ဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။ (အဇိတရသေ့ ဘာဖြစ်သွားသလဲ နောက်လိုက်နောက်ပါတထောင်နှင့် ရဟန္တာဖြစ်သွားတယ်၊) ဒီနေရာမှာ ဒီသုတ္တန်အဆုံးမှာနော် (မှန်ပါဘုရား)။

အညေသဉ္စ၊ အဇိတနှင့် နောက်လိုက်နောက်ပါတထောင်မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာသော ပရိသတ်တို့အား လည်း။ ဓမ္မ-စက္ခုံ၊ သောတာပတ္တိမဂ် အစရှိသော တရားမျက်လုံးတွေပေါက်ကြတဲ့ သောတာ ပန်ပုဂ္ဂိုလ်အစရှိသည်သည်။ဥဒပါဒိ၊ကောင်းစွာမသွေဖြစ်ကြလေတော့သတည်း။

ဒေသနာနိဂုံး။ ။ဤသို့လျှင် ဘုန်းတော်သခင် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော် မြတ် ကောင်းစွာဟောကြားတော်မူအပ်သော သုတ္တန်ပါတ်ပါဠိယနဝဂ်၌လာသော အဇိတသုတ္တန်တရားဒေသနာကို ကောင်းစွာနာခံမှတ် သားရခြင်းတည်းဟူသော ဓမ္မဿဝနကုသို့လ်ကံ စေတနာတို့ကြောင့်လည်း

၁။ သုတ္တနိပါတ်အဋ္ဌကထာ၊ ဒု-တွဲ၊ အဇိတသုတ်၊ နှာ-၃၀၂။

http://www.dhammadownload.com

ကောင်း၊ သရဏကုံသုံးပါးနှင့်တကွ အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလကုသိုလ်ကို ကောင်းမွန်ရှိသေစွာ ခံယူဆောက်တည်ရခြင်းတည်းဟူသော သရဏကုံသီလ ကုသိုလ်ကံစေတနာတို့ကြောင့်လည်းကောင်း၊ တရားနာနေရင်း တရားတော်ကို ပွါးများအားထုတ်ရခြင်းတည်းဟူသော ဘာဝနာမယ ကုသိုလ်ကံ စေတနာတို့ကြောင့်လည်းကောင်း၊ ဤသို့ပေါင်းအပ် များမြတ်တဲ့ ကုသိုလ်စေတနာကံ အပေါင်းတို့ကြောင့် ဤတရားဒေသနာကို ကောင်းမွန်စွာ နာခံမှတ်သားရခြင်း တည်းဟူသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ဤပါရာယနဝဂ် အဇိတသုတ္တန်ကို ဟောတော်မူပြီးသည်၏ အဆုံး၌ အဇိတရသေ့နှင့်တကွ အကျွတ်တရားရကြကုန်သော ပုဂ္ဂိုလ်တို့ကဲ့သို့ ဤတရားဒေသနာကို ကြားနာရတဲ့အတွက် အကျွတ်တရားရကြကုန်သည်ဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

အဇိတသုတ္တန် ပဥ္စမပိုင်း ပြီး၏။

အဇိတသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၂-တိသမေတ္တေယျသုတ္တန် ပဌမဗိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်အတွင်းရှိ ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ အလုပ်ပေးပုံ ပေးနည်း တက်ပုံ တက်နည်း တို့ကို ဟောဖော်ညွှန်ပြ ဆို ဆုံးမအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော တိသမေတ္တေယျ သုတ္တန်တရားတော်။

တိသမေတ္တေယျသုတ္တန်။ ။ ဒီ သုတ္တန်တရားဒေသနာတော်ကို ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် တဆဲ့ခြောက်ဦး တို့တွင် ဒုတိယမြောက်ဖြစ်တဲ့ တိသမေတ္တေယျလို့ ဆိုတဲ့ ပုဏ္ဏားပညာရှိရသေ့က မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကို သူမှာရှိနေတဲ့ ယုံမှားသံသယတွေကို ပယ်ဖျောက်ဘို့ရန် အတွက် မေးမြန်းလျှောက်ထားတာကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဒီ တိသမေတ္တေယျသုတ္တန် တရားဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ မြတ်စွာဘုရားရှင် ကိုယ်တော် တိုင် ဟောကြားတော်မူခဲ့တဲ့ တိသမေတ္တေယျ သုတ္တန်ကို တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်တို့ရဲ့အနေဖြင့် မှတ်သားရမှာ တရားနာရမှာ ဖြစ်တဲ့အတွက် ရှေးဦးစွာ ဒီ တရားဒေသနာတော်ကို ဟောကြားတော်မူခဲ့တဲ့ တရားတော်ရဲ့ ပိုင်ရှင်ဖြစ်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို တရားဟော တရားနာပုဂ္ဂိုလ်ရဲ့အနေဖြင့် ရိုသေစွာရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့– ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက်ကို ရှေးနည်းအတိုင်း ပေးပါ)

အနုသန္ဓေစကား။ ။ရှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရားသည် ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် ပုဏ္ဏား ရသေ့ပညာရှိ တဆဲ့ခြောက်ဦးတို့ရဲ့ မေးမြန်းတဲ့ အမေးပုစ္ဆာပြဿနာတွေကိုဖြေကြားသောအားဖြင့် ဟောကြားတော်မူခဲ့တဲ့ ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ် အဇိတသုတ္တန်တော့ဖြင့် ပြီးသွားပါပြီ။ ငါးညှ-ခြောက်ညမြောက်မှာ တိဿမေတ္တေယျသုတ္တန်ကို ဟောရမယ်။ ဒုတိယမြောက် ဖြစ်တဲ့ တိဿမေတ္တေယျဆိုတဲ့ ပုဏ္ဏားပညာရှိကြီး မမေးမီ အဇိတပုဏ္ဏားကတော့ဖြင့် သူ သိချင်တဲ့ အချက်အလက်တွေကို မေးပြီးသွားပြီ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဖြေကြားလို့ ပြီးပြီ။

ပြီးလို့ ဒီသုတ္တန်အဆုံးမှာ အဇိတရသေ့ ပုဏ္ဏားပညာရှိနှင့်တကွ နောက်လိုက်နောက်ပါ ပုဏ္ဏားတထောင် အခြံအရံနှင့် ရဟန္တာပုဂ္ဂိုလ်တွေ ဖြစ်ကြပြီးတော့ အရှေအနောက် ကောင်မြောက် လေးမျက်နှာ တဆယ့်ခြောက်ယူဇနာလောက် ရှိတဲ့ ဟရိသတ်ကြီးထဲက တချို့တချို့သော ထောင်ပေါင်း များစွာသော ပုဂ္ဂိုလ်တွေလဲ သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တွေ ဖြစ်သွားကြတယ်နော်၊ (မှန်ပါတယ်ဘုရား)၊ အဲဒီလို တရားဟောပြီးတဲ့အချိန်မှာ ပုဏ္ဏားတဆဲ့ခြောက်ယောက်တို့တွင် တဆဲ့ငါးယောက်မြောက်ဖြစ်တဲ့ မောဃရာဇ ဆိုတဲ့ ပုဏ္ဏားပညာရှိရဲ့ အကြောင်းကို အဲဒီနေရာမှာ သုတ္တနိပါတ် အဋ္ဌကထာ အဂ်ုံတ္တိရ် အဋ္ဌကထာနှစ်ခုကို စပ်ပြီးတော့ ဘုန်းကြီး အဓိပ္ပါယ်ပြောပေးမယ်။

မောဃရာဇပုဏ္ဏားရဲ့ အကျဉ်းချုပ်မှတ်ဖွယ်။ ။အဂ်ုံတ္တိရ်အဋ္ဌကထာရဲ့ အဆိုက ဘယ်လိုလဲ ဆိုတော့ မောဃရာဇပညာရှိက သူ့စိတ်ထဲမှာ ဗာဝရီပုဏ္ဏာကြီးရဲ့ တပည့် ပုဏ္ဏား တဆဲ့ခြောက်ယောက်တို့တွင် သူသာလျှင် ပညာ အတတ်ဆုံးလို့ သူ့ကိုသူ အထင်ကြီးနေတဲ့ ပဂ်ုံလ်ဖြစ်တယ်။အဟံ သမ္မေဟိ ပဏ္ဍိတရောတိ မာနတ္ထဒ္ဒေါတဲ့၊ ဒါအဂ်ုံတ္တိရ်အဋ္ဌကထာအဆို။ ဒီတော့ မြတ်စွာဘုရားကိုမေးစရာ လျှောက်ထားစရာရှိရင် ငါလိုလူကသာ အရင်မေးစရာ ရှိတယ်၊ လျှောက်စရာ ရှိတယ်၊ သူ့စိတ်ထဲမှာ ရှိတယ်၊ ဒါပေမဲ့ သူ့ရှေးဦးစွာ မမေးတာက ဘာကြောင့်လဲလို့ ဆိုတော့ ဆရာဖြစ်တဲ့ ဗာဝရီပုဏ္ဏားကြီးကိုယ်တိုင်က အဇိတခေါ်တဲ့ ရသေ့ပညာရှိ ပုဏ္ဏားလုလင်ကို ဒီ-တဆယ့်ခြောက်ယောက်တို့တွင် အကြီးအမှူးလို့ ဆိုပြီးတော့ ဆရာက ဒီလို ပြန်ကြားထားတာဖြစ်တော့ ဒါဖြင့် သူ အရင်မေးလျှင် မေးပါစေဦး ဆိုပြီးတော့ မောဃရာဇခေါ်တဲ့ ပညာရှိတ သူ အရင် ရှေးဦးစွာ

http://www.dhammadownload.com

မမေးသေးဘဲ အဇိတပုဏ္ဏားကို အရင် ရှေးဦးစွာ မေးစေလိုက်တယ်လို့ ဆိုလိုတဲ့ အဓိပ္ပါယ်နော် (မှန်ပါဘုရား)။

မောဃရာဇပညာရှိအမေး။ ။ဒီတော့ အဇိတရသေ့က မေးပြီးတာနဲ့ တပြိုင်နက် သူက တခါထဲ ထပြီး မေးတော့တာဘဲ၊ မြတ်စွာ ဘုရားကို ဘယ့်နယ်မေးလဲ–

ကထံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ[1]။

ဘန္တေ၊ ရှေဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာ ဘုရား။ လောကံ၊ သင်္ခါရလောကကို။ ကထံ၊ အဘယ်သို့လျှင်။ အဝေက္ခန္တံ၊ ရှုသောသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်ပါသနည်း။

ဒီတော့ မြတ်စွာဘုရားက သူ့အမေးကို မဖြေဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သုတ္တနိပါတ် အဋ္ဌကထာကို ပြန်လာခဲ့–

နတာဝဿ ဣန္ဒြိယာနိ ပရိပါကံ ဂတာနီတိ ဥတွာ ဘဂဝါ "တိဋ္ဌ တွံ မောဃရာဇ၊ အညော ပုစ္ဆတူ"တိ ပဋိက္ခိပိ။

ဒါ-သုတ္တနိပါတ်အဋ္ဌကထာ ဒု-တွဲ၊ နှာ ၃၀၃-စကား၊ အဲဒီ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကကနိပါတ်၊ နှာ ၂၆၀-ကလဲ—

မာနတ္ထဒ္ဓေါ မောဃရာဇ မာဏဝေါ၊ နတာဝ'ဿ ဉာဏံ ပရိပါကံ ဂစ္ဆတိ၊ အဿ မာနံ နိဝါရိတုံ ဝဋ္ဌတီတိ စိန္တေတွာ အာဟ "တိဋ္ဌ တွံ မောဃရာဇ အညေ တာဝ ပဉ္ဇေ ပုစ္ဆန္တူ"တိ-လို့ မိန့်တော်မူပါတယ်။

ဘုရားရှင် မဖြေဆိုရာ၌ သိမှတ်ဖွယ်များ။ ။အဋ္ဌကထာနှစ်စောင်ရှဲ စကားက ဘာပြော လိုက်သလဲ မောဃရာဇ ပညာရှိမေးလိုက်တာကို မြတ်စွာဘုရား ဘာကြောင့် မဖြေသလဲလို့ ဆိုတော့ မောဃရာဇ ပညာရှိဆိုတဲ့ ပုဂ္ဂိုလ်မှာ မာနရှိတယ်-တဲ့။ ဘာရှိနေသလဲ–(မာနရှိနေပါတယ်ဘုရား)၊ ပုဏ္ဏားတဆယ့်ခြောက်ယောက်တို့တွင် ငါသာ ပညာအတတ်ဆုံးလို့ဆိုတဲ့ မာနရှိနေသလား ရှိမနေဘူးလား(ရှိနေပါတယ်ဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် ဒီ-နေရာကလေးမှာ ဒီ-စကား ဘာကြောင့် ထည့်ပြောရသလဲဆိုတော့ မာနထောင်နေတဲ့လူဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူးနော် (မှန်ပါဘုရား)၊အဲဒါကြောင့် အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝိပဿနာတရားကို ဟောတဲ့ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊နာတဲ့ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊တရားပြတဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ် မာန်မာနမရှိရဘူး၊ ဘယ်အခါမဆို နှိမ်နှိမ်ချချ ရိုရို သေသေ ကျိုးကျိုး နွံနွံ ဒီလိုရှိရမယ်နော် (မှန်ပါဘုရား)။

---

[1] သုတ္တနိပါတ်ပါဋ္ဌိတော် နှာ ၄၄၇။

http://www.dhammadownload.com

မာနခေါ်ပုံ။ ။အစ္စယ်ကျိုးနေတဲ့ မြေကဲ့သို့လည်းကောင်း၊ဦးချိုကျိုးနေသော နွားကဲ့သို့လည်းကောင်း၊ခြေသုတ်ကြိုးဝန်းကဲ့သို့လည်းကောင်း မိမိစိတ်ကို နှိမ်ချပြီးတော့ ထားရမယ် ဟုတ်လား (မှန်ပါဘုရား)၊ မာန်မာန မရှိရဘူး၊ အခုမောဃရာဇ ပညာရှိက သူသာလျှင် ပုဏ္ဏားတဆယ့်ခြောက် ယောက်ထဲမှာ ပညာအရှိဆုံး-လို့ သူကိုယ်သူ ယူဆထားတယ်၊ သူမှာ ဘာရှိနေလဲ (မာန ရှိနေပါတယ်ဘုရား)၊ မာနဆိုတာ ဘာလဲ၊ မာနဆိုတာ—

သေယျောဟမသ္မီတိ အာဒိနာ မညတိတိ မာနော[၁] တဲ့။မာနဆိုတာ ငါသာလျှင် မြတ်တယ်၊ ငါသာလျှင် တတ်တယ်၊ ငါသာလျှင် တော်တယ်၊ ငါသာလျှင် လှတယ်၊ ငါသာလျှင် ပစ္စည်းချမ်းသာတယ်-လို့ အဲဒီလို အယူအစဲ့ ထောင်လွှားတက်ကြွနေတာကို မာနခေါ်တယ်၊ ဒါ-မာန။

မောဃရာဇ ပညာရှိက မာနခံနေတယ်၊ ဘာခံနေသလဲ (မာနခံနေပါတယ် ဘုရား)၊ မာနခံနေတဲ့အတွက် သူ ပညာရှိတာတော့ မှန်တယ်၊ ဒါပေမဲ့ အဲဒီ မာနကို မနှိမ်မချိုးနိုင်သရွေ့ ကာလပတ်လုံး မောဃရာဇ ပညာရှိကို တရား ဟောလို့ ရမှာမဟုတ်ဘူးလို့ ဘယ်သူကသိသလဲဆိုတော့ မြတ်စွာဘုရားကိုယ်တော် မြတ်က သိတယ်၊ မာနရှိနေတဲ့အတွက် သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ အဲဒီ ဣန္ဒြေတွေဟာ မရင့်ကျက်ဘူး၊ ဣန္ဒြေမရင့်ကျက်ဘဲနဲ့ သူကို တရားဟောရင် အပိုဘဲ ဖြစ်မယ်၊ ဒီတော့ မြတ်စွာဘုရားက သူကို တားလိုက်တယ်—

တိဋ္ဌ တွံ မောဃရာဇ အညော ပုစ္ဆတူတိ[၂]။

မောဃရာဇ သင် ခဏနေဦး၊ ဒီပြင် ပုဏ္ဏားပညာရှိတွေ မေးပါစေဦး၊ သင်အသာ ထိုင်နေအုံးတဲ့ မြတ်စွာဘုရားက၊ ဒီတော့ သူ့ရွေတိုးလို့ ရပါဦးမလား (မရတော့ပါဘုရား)၊ (နောက်ဆုတ်လိုက်ရပါတယ်)၊ နောက်ဆုတ်လိုက်ရတယ်၊ ထိုင်လိုက်ရတယ်။

တိဿမေတ္တေယျ မေးလျှောက်ပုံ။ ။အဲသလိုလဲ ထိုင်လဲထိုင်ရော တိဿမေတ္တေယျ ဆိုတဲ့ ပုဏ္ဏားပညာရှိ တယောက်က တခါထဲ ထမတ်တတ်ရပ်တယ်၊ ပရိသတ်ထဲက ဘယ်သူလဲ (တိဿမေတ္တေယျပါဘုရား)၊ အဲဒီ တိဿမေတ္တေယျက ထမတ်တတ်ရပ်လိုက်ပြီး သူမှာ အမေးပုစ္ဆာပြဿနာတွေ၊ သူမှာ သံသယတွေ ရှိနေတာကို မြတ်စွာဘုရားအား အဖြေပေးတော်မူပါဘုရားလို့ ဂါထာရွတ်ပြီးတော့ မေးတယ်။ ဘာမေးလဲ—

၁။ ဋီကာကျော် နှာ-၁၀၈။ ၂။ သုတ္တနိပါတ် အဋ္ဌကထာ၊ ဒု တွဲ၊ နှာ-၃၀၃။

http://www.dhammadownload.com

ကောဓ သန္တုသိတော လောကေ၊ ကဿ နှာ သန္တိ ဣဇ္ဈိတာ။
ကော ဥဘန္တ မဘိညာယ၊ မဇ္ဈေ မန္တာ နု လိပ္ပတိ။
ကံ ပြူသိ မဟာပုရိသောတိ၊ ကော ဣဓ သိဗ္ဗိနိမစ္စဂါ[1]။

(၃) ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ ကော၊ အဘယ်သို့ သဘောရှိသော သူသည်။ ဣဓ လောကေ၊ ဤလောက၌။ သန္တုသိတော၊ မိမိရရဝတ်အလိုဆန္ဒတွေ့အားလုံး ပြည့်စုံပြီးတော့ နှစ်သိမ့်ရောင့်ရဲသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ (၂) ကဿ၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်အား။ ဣဇ္ဈိတာ၊ တုန်လှုပ်ခြင်း ကြောက်လန့်ခြင်းတို့သည်။ နော သန္တိ၊ မရှိပါကုန်သနည်း။ (၃) ကော၊ အဘယ်သူသည်။ ဥဘန္တံ=ဥဘောအန္တံ၊ နှစ်ဘက်သော အစွန်းကို။ အဘိညာယ၊ ထူးသော ဉာဏ်ဖြင့် သိ၍။ မဇ္ဈေ၊ အလယ်၌။ မန္တာ၊ ပညာဖြင့်။ နု လိပ္ပတိ၊ မလိမ်းကျံမကပ်ငြိပါသနည်း။ (၄) ကံ၊ အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်ကို။ မဟာပုရိသောတိ၊ ယောကျ်ားမြတ်ဟူ၍။ တံ၊ အရှင်ဘုရားသည်။ ပြူသိ၊ ဟော ကြားတော်မူပါသနည်း။

(၅) ကော၊ အဘယ်သူသည်။ ဣဓ လောကေ၊ ဤလောက၌။ သိဗ္ဗိနိ၊ စပ်တတ်သော တရားကို။ အစ္စဂါ၊ လွန်မြောက်နိုင်ပါသနည်း။

ဣတိ၊ ဤသို့။ အာယသ္မာ တိဿမေတ္တေယျော၊ အရှင်တိဿမေတ္တေယျသည်။ ဣမေ ပဉ္ဉေ၊ ဤငါးပါးသော အမေးပုစ္ဆာ ပြဿနာတို့ကို။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထားလိုက်ပါပေသတည်း။ (သာဓု သုံးကြိမ်)။

အမေးပုစ္ဆာ ၅-ချက်။ ။ဘုန်းကြီးတို့ ပရိသတ် တိဿမေတ္တေယျက မြတ်စွာဘုရားကို ပုစ္ဆာတွေမေးပြီ။ အခု ပုစ္ဆာ ငါးချက် မေးတယ်၊ အဲဒီ ပုစ္ဆာ ငါးချက်မှာ—

(၁) နံပါတ်ပုစ္ဆာက—လောကမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးများ အကြံအစည် အလိုဆန္ဒတွေ ပြည့်စုံပြီးတော့ တင်းတိမ်ရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်နိုင်ပါသလဲလို့ မေးလျှောက်တယ်။ မှတ်မိရဲလား (မှတ်မိပါတယ်ဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် မှတ်မိအောင်လား၊ နားထောင်ကောင်းအောင်လား (မှတ်မိအောင်ပါဘုရား)။

(၂) နံပါတ်ပုစ္ဆာက အဘယ်သို့ သဘောရှိသော ပုဂ္ဂိုလ်အား ကြောက်ရွံ့တုန်လှုပ် ထိပ်လန့်ခြင်း မရှိပါသလဲ၊ မှတ်မိသလား (မှတ်မိပါတယ်ဘုရား)၊ မှတ်မိပြီနော်။

၁။ သုတ္တနိပါတ် ပါဠိတော် နှာ-၄၃၅။

http://www.dhammadownload.com

(၃) နံပါတ်ပုစ္ဆာက အဘယ်သူသည် နှစ်ဘက်သော အစွန်းကို ပညာနဲ့ သိပြီးတော့ အလယ်ခေါင်မှာ ပညာဖြင့် မလိမ်းကျံ့ မကပ်ငြိပါသနည်း။

(၄) နံပါတ်ပုစ္ဆာက အဘယ်သို့သောသူကို ယောကျ်ားမြတ်ဟူ၍ ဟော ကြားတော် မူအပ်ပါသနည်း။

(၅) နံပါတ်ပုစ္ဆာက အဘယ်သူသည် စပ်တဒ်သောတရားကို ယှဉ်စပ်ပေး တတ်သော တရားကို လွန်မြောက်နိုင်ပါသနည်း၊ ဘယ်နှစ်ချက်လဲ ငါးချက်ပါ ဘုရား။

အဲဒီ ငါးချက်ကို ဘုန်းတော်ခြောက်ပါးသခင် သမ္မည ဘုရားရှင် ကိုယ်တော် မြတ်က တချက်စီ တချက်စီနဲ့ ဒီလိုဖြေလိမ့်မယ်။

မြန်မာပြန်များ ညွှန်ပြပုံ။ ။အဲဒီ တိဿမေတ္တေယျ သုတ္တန်ဟာ ဟောရင်းစဲ ပါဠိတော်မှာ ကြည့်မယ်ဆိုရင်တော့ တိုတိုလေးဘဲ၊ မြန်မာပြန်ပြီးသားလဲ ရှိတယ်၊ ခုဒုကပါဌ မြန်မာပြန်ကိုဘတ်ရင် သုတ္တ-နိပါတ် မြန်မာပြန်လဲ ဒီ အထဲမှာ ပါပြီးသား ဖြစ်သောကြောင့် ပါရာယနဝဂ် မြန်မာပြန်လဲ ဖတ်ပြီးသားဖြစ်ရော။

ဘုရားရှင် ဖြေကြားတော်မူပုံ။ ။ပုစ္ဆာ ငါးချက်ကို မြတ်စွာဘုရား ကိုယ်တော် မြတ်က တချက်စီ တချက်စီ ပေါင်းပြီးတော့ ဖြေတယ်၊ တိဿမေတ္တေယျ မေးတဲ့ အမေးမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေအတွက် အလိုဆန္ဒတွေ ပရိပုဏ္ဏသက်ပွ၊ အတ္ထမနော ပရိပုဏ္ဏသက်ပွ၊ လို့ဆိုတဲ့ မိမိရဲ့ စိတ်အလိုတွေ ပြည့်စုံနေကြသလား (မပြည့်စုံပါ ဘုရား) မပြည့်စုံဘူး၊ ဘယ်လောက်ဘဲ ရရ ပစ္စည်းဥစ္စာတွေ ရှာလို့ ဘယ်လောက် ရရ အဝတ်အထည်တွေ ဘယ်လောက်ဘဲ ရရ ရှာဖွေတဲ့ပစ္စည်းဥစ္စာတွေ ဘယ် လောက်ဘဲ ရရ ပြည့်စုံပါပြီ တင်းတိမ်ရောင့်ရဲပါပြီ တော်ပါပြီလို့ ဆိုတာ ဘုန်း ကြီးတို့ပရိသတ်မှာ ရှိသလား (မရှိပါဘုရား)၊ မိမိရဲ့ စိတ်နှလုံး အလိုဆန္ဒတွေ ဘယ်တော့မှ ပြည့်စုံကြမလဲ (မပြည့်စုံကြပါဘုရား)။

တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ပုံ။ ။အဲဒါကို ခုန တိဿမေတ္တေယျက မေးထားတယ်၊ သတ္တလောကကြီးတခုလုံး ဘယ်တော့မှ အလို မပြည့်နိုင်ကြတဲ့ လူတွေ ဖြစ်နေတော့ ဘယ်လိုပုဂ္ဂိုလ်မျိုးများ အလိုပြည့်စုံပြီး တော့ တင်းတိမ် ရောင့်ရဲသွားနိုင်သလဲ၊ တော်ပါပြီ ဒီအလုပ်တွေတော့ မလုပ် ချင်တော့ပါဘူး၊ တော်ပါပြီ ဒီအစာတွေတော့ မစားချင်တော့ပါဘူး၊ တော်ပါပြီ ဒီအဝတ်တွေ မဝတ်ချင်တော့ပါဘူး၊ တော်ပါပြီ ဒီပစ္စည်းတွေ မလိုချင်တော့ ပါဘူးဆိုတာ ဘုန်းကြီးတို့ ပရိသတ်မှာ ရှိသလား မရှိဘူးလား (မရှိပါဘုရား)၊ ဘယ်လောက်ရရ လိုလျက်ချည်းဘဲ မဟုတ်လား (မှန်ပါဘုရား)။

http://www.dhammadownload.com

အဲဒီလို အလိုဆန္ဒတွေဟာ ဘယ်တော့မှ ပြည့်ကြမလဲ ဘယ်လောက် ရရ တင်းတိမ် ဆောင့်ရဲနိုင်တဲ့သူ မဟုတ်တော့ ဘယ်လောက်ရရ ဒီပုဂ္ဂိုလ်ဟာ ပစ္စည်း မရှာဘဲ နေသေးရဲလား (မနေပါဘူးဘုရား)၊ အလုပ်မလုပ်ဘဲ နေရဲလား (မနေပါဘုရား)၊ ဒီထော့ မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဘုရား)၊ ပင်ပန်းလှပြီ။ အဲဒီတော့ ပင်ပန်းတာကလေးတွေကို ရပ်ချင်လို့ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်မှ တင်းတိမ် ဆောင့်ရဲနိုင်ပါသလဲဘုရားလို့ မြတ်စွာဘုရားကို တိုသာမေတ္တေယျက လျှောက်တယ်။

✓တုန်လှုပ်သောပုထုဇဉ်ပုဂ္ဂိုလ်။ ။ပြီးတော့ ဘုန်းကြီးတို့ပရိသတ်က ဆတ်ကနဲ ထိလာပြီဆိုရင် သောကတွေဖြစ်လာပြီး မျက်ရည်တွေသုတ်လို့ အောင်မယ်လေး ဖြစ်မှဖြစ်ရလေခြင်းလို့ အဲဒီလို တုန်လှုပ်လာကုန်ပြီး နဲနဲကလေးမှ ကျော်ပူမခံနိုင်ဘူး ဘုန်းကြီးတို့ပရိသတ် ဟုတ်လား၊ ဟာ နဲနဲပါးပါးလေး ဆောင်းရေး ဝယ်ရေးနဲ့ ပတ်သက်၍သော်လည်းကောင်း စီးပွါးရေးနဲ့ ပတ်သက်၍သော်လည်းကောင်း၊ သွားရေးလာရေးနဲ့ ပတ်သက်၍ သော်လည်းကောင်း၊ နေရေး ထိုင်ရေးနဲ့ ပတ်သက်၍ သော်လည်းကောင်း၊ စားရေး သောက်ရေးနဲ့ ပတ်သက်၍ သော်လည်းကောင်း နဲနဲကလေး ထိခိုက်လာပြီဆိုရင် ဘယ့်နယ်ဖြစ်သလဲ ငြီးလိုက်ကြတာ သူတို့မှာ နေစရာမရှိတော့ဘူး၊ ဘာဖြစ်လို့လဲ တုန်လှုပ်နေတာကို၊ မတုန်လှုပ်ရတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ ဘုရားလို့ ဒုတိယပုစ္ဆာကို ခုန တိုသာမေတ္တေယျကမေးတယ် ဟုတ်လား (မှန်ပါဘုရား)။

တတိယမေးတဲ့ပုစ္ဆာကတော့ဖြင့် အတော်ခက်တဲ့ပုစ္ဆာ၊ သူဥစ္စာက ပဟေဠိ ခတ်ဆန်ဆန် ဘာမှလဲ ဖော်မပြဘဲနဲ့ အစွန်းနှစ်ဘက်ကို ဘယ်သူသိပါသလဲတဲ့၊ အလယ်ခေါင်မှာ ပညာနဲ့ ဘယ်သူ မလိမ်းကျံပါသလဲလို့ ဒီလိုသာ သူကမေးထားတယ်။ အဲဒါတွေကို ဘုန်းကြီးက ပါဠိတော်တွေ ရွတ်ပြီးတော့ ရှာပြီးတော့ ဟောပေးရမယ်။ ဒီနေရာမှာ တိုသာမေတ္တေယျ မေးထားတဲ့ မေးခွန်းထဲက—

✓အဲဒီ အစွန်းနှစ်ဘက်နှင့်တကွ အလယ်ခေါင်ပညာနဲ့ မလိမ်းကျံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ပါလဲလို့ တတိယပုစ္ဆာ သူမေးထားတယ်၊ သူအကြောင်းကိုတော့ ဖြင့် ဖြေတဲ့အခါ အဓိပ္ပါယ်ပေါ်လာပါလိမ့်မယ်၊ ဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက သူတော်ကောင်းကြီးတယောက် လူကောင်း သူကောင်း တယောက်၊ လူတော် လူကောင်းတယောက်၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တယောက်၊ လေးစားအပ်တဲ့ ပုဂ္ဂိုလ်တယောက်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ခေါ်ရပါ့မလဲ ဘုရား၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာလို့ဘဲ ဒီပုဂ္ဂိုလ်ကို လူတော် လူကောင်း သူမြတ်ပုဂ္ဂိုလ်လို့ ခေါ်ရမှာလား ဘုရား၊ အသက်အရွယ်ကြီးလို့ ဒီ ပုဂ္ဂိုလ်ကို လူတော်လူကောင်း ပညာရှိလို့ ခေါ်ရမှာလား ဘုရား။ ရှင်ဘုရင်ဖြစ်လို့ တိုင်းပြည်

http://www.dhammadownload.com

အုပ်ချုပ်နေတဲ့ပုဂ္ဂိုလ်ဖြစ်လို့ ဒီပုဂ္ဂိုလ်ကို လူထူး လူမြတ်ကြီးရယ်လို့ လူသူတော်မြတ်ကြီးရယ်လို့ အားကိုးရာ ပုဂ္ဂိုလ်ကြီးတယောက်လို့ မှတ်ရမှာလားဘုရား။ အဲဒီ နေရာမှာ ဘုန်းကြီးတို့ စကားကလေးတလုံး ပေါ်လာတယ်။

မြင့်မြတ်ခြင်း ၃-မျိုး။ ။မြင့်မြတ်တဲ့ပုဂ္ဂိုလ်လို့ဆိုတာ အမျိုးဇာတ်အားဖြင့် မြင့်မြတ်ခြင်း၊ ပစ္စည်းဥစ္စာအားဖြင့် မြင့်မြတ်ခြင်း၊ အရွယ်အားဖြင့် မြင့်မြတ်ခြင်း၊ မြင့်မြတ်ခြင်း သုံးခုရှိတယ်။

ဇာတိယာ ပဝရောပိ ဟိ စေ ပါပံ ကရောတိ၊ပါပကောယေဝ နာမ။

အမျိုးဇာတ်မြတ်လည်း အကျင့်ညံ့ကလူယုတ်။ ။အမျိုးနွယ်ဇာတ် အားဖြင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်စေ ကာမူ မကောင်းတာကိုကြံရင် မမှန်တာကိုလုပ်ရင် မဟုတ်ထာကို ပြောနေရင် ထိုပုဂ္ဂိုလ်သည် လူမိုက် လူမြတ်မဟုတ်ဘူး၊ လူယုတ်၊ ဟုတ်လား(မှန်ပါဘုရား)၊ ဘာဘဲ ပြောပြော သတ္တဝါတွေကို နှိပ်စက်နေရင် သတ္တဝါတွေကို ညှဉ်းဆဲ နေရင် သတ္တဝါတွေကို ပင်ပန်းအောင် လုပ်နေရင် လောက နေသူ ဗိုလ်လူများစွာ သတ္တဝါတွေရဲ့ ဆင်းရဲကြောင်း ပင်ပန်းကြောင်း ညစ်နွမ်းကြောင်းတွေကိုပြုလုပ်နေရင် ထိုလူသည် လူမြတ်လား လူယုတ်လား(လူယုတ်ပါဘုရား)။

ဇာတိယာ၊ အမျိုးအနွယ်ဇာတ်အားဖြင့်။ ပဝရောပိ၊ မြတ်သော သူသည် ဖြစ်ပင်ဖြစ်ပါသော်လည်း။ ပါပံ၊ မကောင်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာကို။ စေ ကရောတိ၊ အကယ်၍ ပြုလုပ်အားထုတ်၍ နေသည် ဖြစ်ပါအံ့။ ပါပကော ယေဝ နာမ၊ လူယုတ်မည်သည်သာလျှင်တည်း။

အယုတ်အမြတ်ကို ခွဲခြားသိသင့်ပုံ။ ။အဲဒါ ဘယ်သူ ကြည့်ရမလဲ ဆိုတော့ ဇာတ်အမျိုးအနွယ်အားဖြင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဒေဝဒတ်ကိုကြည့်ပါတဲ့၊ဒေဝဒတ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ သမဏဇာတ် အနွယ် အားဖြင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တော့ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီ ဒေဝဒတ်ဟာ သမဏဇာတ် အနေမျိုးနဲ့ သူတလျှောက်လုံး လုပ်သွားတဲ့ လုပ်ငန်းတွေကိုကြည့်ရင် ကိုယ်အမူအရာနဲ့ ဘာလုပ်သလဲ၊ ဘုရားသတ်ပြီးတော့ ဘုရားကို လုပ်ကြံဖို့ နေ့စဉ် ကြံစည်နေတဲ့ ပုဂ္ဂိုလ်၊ နေ့စဉ်နဲ့အမျှ ဘုရားကိုသတ်ဖို့ စည်းဝေးပြီးတော့ အမျိုးမျိုး အကျိုးအကြောင်း တွေကို ပြောပြီး မကောင်း သတင်းတွေ လွှင့်ပြီး ကြံစည်တာလဲ ဒီအတိုင်းဘဲ၊ အဇာတသတ်နဲ့ ပူးပေါင်းပြီးတော့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကို နည်းအမျိုးမျိုးနဲ့ သတ်တယ်။ ကျောက်ခဲနဲ့ ပေါက်ချတာလဲ သူဘဲ၊ ဒါ ဘုန်းကြီးတို့ပရိသတ် သိပြီးသားဘဲ။

ဒီတော့ အမျိုးအနွယ် ဇာတ်အားဖြင့် မြင့်မြတ်တဲ့ သမဏဇာတ် ဗြာဟ္မဏဇာတ် ခတ္တိယဇာတ်ပင် ဖြစ်ပါသော်လည်း ထိုပုဂ္ဂိုလ် လုပ်ကိုင်နေတဲ့ လုပ်ငန်း

http://www.dhammadownload.com

တွေ့ကို ကြည့်ရင် ဘုရားရှင် ကိုယ်တော်မြတ်နှင့်တကွ တရားသံဃာတော်တွေ့ကို စော်ကားနေတဲ့ အလုပ်တွေ့ကိုချည်း လုပ်နေသည် ဖြစ်သောကြောင့် ဒေဝဒတ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်က မြင့်မြတ်တယ်လို့ ဟောသလား၊ ယုတ်တယ်လို့ ဟောသလား(ယုတ်တယ်လို့ ဟောပါတယ်ဘုရား)။

ဒါကြောင့် အမျိုးအနွယ် ဇာတ်အားဖြင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်စေကာမှ မကောင်းတာတွေ့ကို ကိုယ်ကလုပ်နေရင် မကောင်းတာတွေ့ကို ကိုယ်က လုပ်နေမယ် မမှန်တာတွေ့ကို ကြံစည်နေမယ်ဆိုရင်တော့ဖြင့် ဒါလူယုတ်ဘဲ၊ ဘုန်းကြီးတို့ပရိသတ်လဲ ဒါကို ရှောင်ရမယ်နော် (မှန်ပါဘုရား) မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်ချင်ရင်၊ ဒါ အမျိုးဇာတ်။

၄နေန ပဝရော ပိ ဟိ စေ ပါပံ ကရောတိ၊ ပါပကောယေဝ နာမ။ လူချမ်းသာသော်လည်း အကျင့်ညံ့က လူယုတ်။ ။ဥစ္စာ ပစ္စည်း အများချည်း ချမ်းသာတဲ့ ပုဂ္ဂိုလ်ဆိုတာ လူညံ့မဖြစ်သင့်ဘူး။ ဒါပေမဲ့ ပစ္စည်းဥစ္စာ အများကြီး ချမ်းသာတဲ့ ပုဂ္ဂိုလ်ဟာ မဟုတ်တာ မမှန်တာတွေ့ကို လုပ်နေမယ်ဆိုရင် ထိုပုဂ္ဂိုလ်သည် လူမြတ်လား လူညံ့လား (လူညံ့ပါဘုရား)၊ မမှီဝဲနဲ့တဲ့ မြတ်စွာဘုရားက၊ ဟုတ်လား (မှန်ပါဘုရား)၊ ခုခေတ်ကတော့ မဟုတ်ဘူး ပိုက်ဆံရှိရင် အဲဒီ လူဆိုသူဌား ခရတော့ တာဘဲ ဘယ်လောက် ယုတ်မာ ယုတ်မာ၊ ကဲဒါ ရှိပါစေ။

၄ယေန ပဝရော ပိ ဟိ စေ ပါပံ ကရောတိ၊ ပါပကော ယေဝ နာမ။ အရွယ်ကြီးသော်လည်း အကျင့်ညံ့က လူယုတ်။ ။အသက် အရွယ် အားဖြင့် ကြီးနေတဲ့ ပုဂ္ဂိုလ်တွေ့ဟာ လူညံ့ မဖြစ်သင့်ဘူး၊ မကောင်းတာတွေ့ကိုကြဲ မမှန်တာတွေ့လုပ် မဟုတ်တာကိုကြဲ ထိုပုဂ္ဂိုလ်သည် လူမြတ်လား လူယုတ်လား (လူညံ့ပါဘုရား)၊ မှီဝဲရမလား မမှီဝဲရဘူးလား (မမှီဝဲရပါဘုရား)၊ တိဿမေတ္တေယျက လူယုတ်နဲ့ လူမြတ်ကို ခွဲပြီးတော့ အရှင်ဘုရား လောကမှာ ဘယ်လိုဟာကို မြတ်တဲ့သူဖြစ်ပါသလဲ ဘုရားလို့ ဒီလို ဖေးတာ။

အမြင့်ဟောမှ အမြတ်ရနိုင်ပုံ။ ။ဘုန်းကြီးတို့ပရိသတ် ပြောတာရှိသေးတယ်၊ ဆရာတော့် တရားတွေ့ဟာ သိပ်မြင့်တာဘဲတဲ့၊ ဒီတော့ မြင့်တယ်လို့ပြောတော့ ဘုန်းကြီး ဘယ်လိုလုပ်ရသလဲဆိုတော့ တရားကို အောက်ပြန်နှိမ့်ချလိုက်ရတယ်၊ ဒီတော့ ဒီတရားနာပရိသတ် ဘယ်တော့ မြင့်တဲ့ တရားနာရဦးမှာလဲ (မနာရတော့ပါဘုရား)၊ ဒီတော့ တရားကို မြင့်နိုင်သရွေ့မြင့် အောင် ဟောတာတွေ့ ဘုန်းကြီးတို့ တရားနာပရိသတ်အတွက် အကျိုးအရှိဆုံးဘဲ၊ မြင့်တယ်ဆိုရင် ဆရာတော် သံဃာတော်များက အောက်နှိမ့်ဟောလိုက်ရင်း

http://www.dhammadownload.com

နဲ့ အောက်ချဟောလိုက်ရင်းနဲ့ လုပ်နေမယ်ဆိုရင် ဘုန်းကြီးတို့ပရိသတ် ဒီ မြင့်တဲ့ နေရာ ဘယ်တော့ရောက်ကြတော့မလဲ (မရောက်ကြတော့ပါဘုရား)။

ဥပမာပုံ ပြောကြပါစို့ရဲ့ လှေခါးက ငါးထစ်ရှိတယ်၊ တထစ်ပြီးမှ တထစ်ကို ဆွဲတင်ရတာ၊ လှေခါးနှစ်ထစ်လောက် တက်မိတယ်ဆိုရင်ဘဲ မြင့်လာပြီဆိုတော့ အောက်ပြန်ချလိုက်ရတယ်၊ ဒီ ပုဂ္ဂိုလ် လှေခါးငါးထစ်ပေါ် ဘယ်တော့ရောက်မလဲ (မရောက်ပါဘုရား)၊ အဲတာကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် တရားခပ်နုနု ဟောခဲ့တုန်းက ခပ်နုနုဟောခဲ့တာဘဲ။

အမြင့်တရားနာမှ အမြတ်နိဗ္ဗာန်သိရမည်။ ။မြင့်တဲ့တရားကျတော့ အော် ဘုန်းကြီးတို့ ပရိသတ်တွေဟာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် နွမ်းနွမ်းနယ်နယ်နဲ့ ဆရာတော် သံဃာတော်တွေကို ချီးမြှောက်ပြီး သာသနာတော်ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေကို တရားတွေ မွန်မွန်မြတ်မြတ် အထက်တန်းကျတဲ့ တရားတွေကို ဟောမပေးရင် နာခွင့်ရပါဦးတော့မလား (မရတော့ပါဘုရား)၊ တရားမြင့်တယ် အထက်တန်းကျတယ်ဆိုပြီး အောက်ဘန်းကိုချည်း နာချင်နေရင် မြင့်တဲ့ တရားတွေကို နာခွင့်ရပါဦးတော့မလား (မရတော့ပါဘုရား)၊ တရားမြင့်ရင် မြင့်နိုင်သရွေ့ မြင့်ပါစေ နာနိုင်အောင် နာပါ၊ နာဖန်များလာတော့ နားလည်လာလိမ့်မယ် (မှန်ပါဘုရား)။

လူမြတ်ခေါ်ပုံ လျှောက်ထားချက်။ ။အခု တိဿမေတ္တေယျက မြတ်စွာဘုရားကို လျှောက်နေတာ၊ အရှင်ဘုရား ဘယ် ပုဂ္ဂိုလ်မျိုးကို လူမြတ်ခေါ်ရပါသလဲလို့ ဆိုတဲ့အကြောင်းကို အရှင်တိဿမေတ္တေယျက မြတ်စွာဘုရားကို လျှောက်မေးတယ်၊ ပစ္စည်းချမ်းသာလို့ လူမြတ်ခေါ်ရတော့မှာလား။ သူ့ကို မှီဝဲဆည်းကပ်ရတော့မှာလား၊ အသက်အရွယ်ကြီးလို့ဘဲ သူ့ကို လူမြတ်လို့ ခေါ်ရတော့မှာလားလို့၊ မဟုတ်ဘူးတဲ့။

မကောင်းတာတွေကို လုပ်နေမယ်ဆိုရင် အရွယ်ဘဲကြီးကြီး, ပစ္စည်းဘယ် လောက်ချမ်းသာချမ်းသာ အမျိုးဇာတ်အားဖြင့် ခတ္တိယဇာတ်ဘဲ ဖြစ်ဖြစ်၊ ဒီ-ပုဂ္ဂိုလ်ဟာ မကောင်းတာ လုပ်ရင်တော့ သူဟာ လူမိုက်ဘဲ လူယုတ်ဘဲ-တဲ့။

အဲဒီ လူမြတ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ပစ္စည်းချမ်းသာတဲ့ ပုဂ္ဂိုလ်လား အသက်ကြီးတဲ့ ပုဂ္ဂိုလ်လားဆိုတော့ ခွဲခြားပြီး ဟောစေချင်သည်ဖြစ်သောကြောင့်—

http://www.dhammadownload.com

ကံ မြူသိ မဟာပုရိသောတိ။ ကံ၊ အဘယ်သို့သော ပုဂ္ဂိုလ်ကို။ မဟာပုရိသောတိ၊ ယောကျ်ားမြတ်ဟူ၍။ တံ၊ အရှင်ဘုရားသည်။ မြူသိ၊ ဟောကြား တော်မူပါသနည်း။

မြတ်စွာဘုရား၏ အလိုကို လျောက်တယ်၊ သုံးဆယ့်တဘုံ ဝဋ်အတွင်းမှာ သတ္တဝါတွေဟာ သံသရာဝဋ်ဆင်းရဲမှ လွတ်ချင်လွန်းလို့ အဲဒီ တိဿမေတ္တေယျတို့ လူစုဘဲ၊ ဗာဝရီပုဏ္ဏားကြီးနှင့်တကွ သာဝတ္ထိကနေပြီးတော့ လူသူလေးပါး ဝေးတယ်ဆိုတဲ့ ဒက္ခိဏာပထတိုင်းရှိ အဿကတိုင်း မုဠကတိုင်း နှစ်ခုတို့ရဲ့ အကြားမှာ ရှိတဲ့ ဂေါဓာဝရီမြစ်လို့ဆိုတဲ့ နေရာမှာ သူတို့ တဆူးအားထုတ်နေကြတယ်၊ ဈာန် သမာပတ်တွေရကြလို့ "ဈာယီ ဈာနရတာ ဓီရာ" ကို၊ တိဿမေတ္တေယျကလဲ သူက လဲ လူထက်မို့ ဈာန်ရနေတဲ့ပုဂ္ဂိုလ်၊ ဟုတ်လား (မှန်ပါဘုရား)၊ သမာဓိအင်မတန် အားကောင်းနေတဲ့ ပုဂ္ဂိုလ်၊ ဒါပေမဲ့ အဲဒီ သမာဓိလောက်နဲ့ သံသရာဝဋ်က လွတ်မြောက်နိုင်တဲ့ လုပ်ငန်းကို သူရှာမတွေ့နိုင်သည် ဖြစ်သောကြောင့် သံသရာ ဝဋ်ဆင်းရဲက မလွတ်အောင် ဖမ်းတတ်တဲ့တရား ဘယ်တရားပါလဲဘုရား-လို့ သူက ဒါမေးတယ်၊အဲဒီမေးခွန်းတွေကို ဖြေဆိုတော်မူမယ်ဆိုတော့ မြတ်စွာဘုရား က ဂါထာနှစ်ပုဒ်နဲ့ ပြန်ဖြေတယ်။ အဲဒီဂါထာကို ဘုန်းကြီးရွတ်ပြမယ်—

ကာမေသု ဗြဟ္မစရိယဝါ၊ ဝိတတဏှော သဒါ သတော။
သခ်ိယ နိဗ္ဗုတော ဘိက္ခု၊ တဿ နော သန္တိ ဥပဓိတာ။

သော ဥဘန္တ မဘိညာယ၊ မဇ္ဈေ မန္တာ န လိပ္ပတိ။
တံ ဗြူမိ မဟာပုရိသောတိ၊ သော ဥမ သိဗ္ဗိနိမစ္စဂါ[1]။

တိဿမေတ္တေယျ သုတ္တန်ဆုံးရော အဲဒီဂါထာ၊ နော် (မှန်ပါဘုရား)၊ ဂါထာ နှစ်ပုဒ်နဲ့ မြတ်စွာဘုရားပြန်ပြီးဖြေတယ်။

မေတ္တေယျ၊ မေတ္တေယျ။ ယော ဘိက္ခု၊ အကြင် သံသရာဝဋ်ဆင်းရဲ၏ ခန္ဓာ တည်းဟူသော ဘေးတွေကို စက်ဆုပ် ရွံရှာသည်ဖြစ်၍ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံ ကြိုးကုတ် အားထုတ်သောပုဂ္ဂိုလ်သည်။

ခန္ဓာ ၅-ပါးနှင့် ဘေး ၄-မျိုး။ "သံသာရေ ဘယံ ပဿတီတိ ဘိက္ခု"အရ ဘိက္ခု-ကို ဒီလိုအနက် ပေးလိုက်တယ်။

သံသရာမှာ အော်—ခန္ဓာငါးပါးတည်းဟူသော တာဝန်ကြီးကို ထမ်းနေရတာ မလေးဘူးလား (လေးပါတယ်ဘုရား)၊ ရူပက္ခန္ဓာရဲ့အပြစ်တွေ ဝေဒနာက္ခန္ဓာ ရဲ့အပြစ်တွေ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏခန္ဓာရဲ့ အပြစ်တွေ-လို့ ဆိုတဲ့ အဲဒီ ငါးပါးတို့၏အပြစ် အာဒီနဝကို ရှုဆင်ခြင်နေတဲ့ပုဂ္ဂိုလ်ကို ဘိက္ခု-လို့ခေါ်

၁။ ခုဒ္ဒနိဒ္ဒေသပါဠိတော်၊ နှာ-၄၂-၄၄။

http://www.dhammadownload.com

တယ်၊ အဲဒီဘေးက ဘာဘေးလဲဆိုတော့ ဇာတိဘေး မရှိဘူးလား(ရှိပါတယ်ဘုရား)၊ ဇရာဘေး ဗျာဓိဘေး မရဏဘေး (ရှိပါတယ်ဘုရား)၊ အဲဒီဘေးကြီးလေးမျိုးရှိနေသလား ရှိမနေဘူးလား(ရှိနေပါတယ်ဘုရား)၊ဒီဘေးလေးမျိုးဟာ လူမှာရှိတာလား ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိပါတယ်ဘုရား)၊ ဘယ်ခန္ဓာမှာရှိသလဲ၊ရူပကွန္ဓာမှာရှိတယ်၊ဝေဒနာကွန္ဓာမှာရှိတယ်၊သညာကွန္ဓာမှာရှိတယ်၊ သင်္ခါရကွန္ဓာမှာရှိတယ်၊ ဝိညာဏကွန္ဓာမှာရှိတယ်–နော် (မှန်ပါဘုရား)၊အဲဒီ ခန္ဓာမှာရှိနေတဲ့ ဘေးကြီးလေးမျိုးကို ရှုနေတဲ့ပုဂ္ဂိုလ်ကို ဘာလို့ခေါ် သလဲဆိုတော့–ဘိက္ခု။

သံသာရေ၊ ခန္ဓာ ဆိုတဲ့ တရားသည် မပြတ်ဖြစ်တယ်ဆိုတဲ့ သံသရာတရား၌။ ဘယ်၊ဇာတိဘေး ဇရာဘေး ဗျာဓိဘေး မရဏဘေးကို။ ဣက္ခတိ၊ နေ့စဉ် နေ့စဉ် ရှု၍နေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဘိက္ခု၊ ဘိက္ခု မည်၏။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား–သမီးတွေ ဘိက္ခု-လို့ခေါ်တဲ့ ပုဒ်ထဲ ပါမသွားဘူးလား (ပါသွားပါပြီဘုရား)၊ ဘိက္ခု-လို့ခေါ်ရင် တို့လဲ ပါတယ်လို့ မှတ်ပါ၊ ရဟန်းတော်တွေချည်း မအောက်မေ့နဲ့ ဟုတ်လား (မှန်ပါဘုရား)။ ကိုင်း ရှေသွားရအောင်—

တိဿ မေတ္တေယျ၊ တိဿမေတ္တေယျ။ ယော ဘိက္ခု၊ အကြင် သံသရာဝဋ္ဌဘေးကိုတွေး၍ ရှုလေ့ရှိသောပုဂ္ဂိုလ်သည်။ ကာမေသု၊ ဝတ္ထုကာမ ကိလေသာကာမတို့၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဗြဟ္မစရိယဝါ၊ မဂ္ဂဗြဟ္မစရိယ ဟူသော မြတ်သောအကျင့်ရှိသည်။ ဟောတိ၊ ဖြစ်၏။ သော ဘိက္ခု၊ ထိုပုဂ္ဂိုလ်သည်၊ ထိုသံသရာရဲ့အပြစ်ကို ရှုလေ့ရှိသောပုဂ္ဂိုလ်သည်။ လောကေ၊ လောက၌။ သန္တုဿိတော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ပရိပုဏ္ဏသင်္ကပ္ပဖြစ်သော ပုဂ္ဂိုလ်။ ။ရောင့်ရဲလွယ်နိုင်တယ်၊တင်းတိမ်နိုင်တယ်၊ပရိပုဏ္ဏသင်္ကပ္ပ=စိတ်အလိုဆန္ဒ အကြံအစည်တွေအားလုံး ပြည့်စုံပါပြီဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတော့ ဝတ္ထုကာမ ကိလေသာကာမဖြစ်တဲ့ ကာမဂုဏ်ရဲ့ အာဒီနဝတွေကို မြင်တဲ့ပုဂ္ဂိုလ်၊ ဒီကာမဂုဏ် အာဒီနဝတွေက လွတ်အောင်လို့ဆိုပြီးတော့ မဂ္ဂင်ရှစ်ပါး အကျင့်တရားတွေကိုကျင့်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရောင့်ရဲလွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်တဲ့။ ပရိပုဏ္ဏသင်္ကပ္ပ ဖြစ်သတဲ့ မြတ်စွာဘုရား ဖြေတယ်နော်၊ (မှန်ပါဘုရား)။

ဘုန်းကြီးတို့ပရိသတ် ဘာမှ မတင်းတိမ် မရောင့်ရဲနိုင်သေးဘူး ရူပါရုံ မျိုးစုံတွေကို ကြည့်လို့ ဝသလား (မဝသေးပါဘုရား)၊ ကြည့်ဘူးပေါင်း ဘယ်လောက်များပြီလဲ (များလှပါပြီဘုရား)၊အသင်္ချေအနန္တဖြစ်နေပြီ၊ဝပလား (မဝနိုင်သေးပါဘုရား) မဝနိုင် မတင်းတိမ်နိုင်သေးဘူး၊ ဘာပြုလို့ အဲဒီ ရူပါရုံ ကာမဂုဏ်တွေ

http://www.dhammadownload.com

ကို ဘုန်းကြီးတို့ ပရိသတ် ခံစားလို့ မဝနိုင်သလဲဆိုတော့ အဲဒီ ကာမဂုဏ်ပေါ်မှာ အာဒီနဝ-လို့ခေါ်တဲ့ အပြစ်တွေ မမြင်လို့ ဟုတ်လား (မှန်ပါဘုရား)၊ အသံမျိုးစုံတွေကို နားထောင်ခဲ့ဘူးတာ ဘယ်လောက် များပြီလဲ– (များလှပါပြီဘုရား)၊ အလိုဆန္ဒ တင်းတိမ်ပြီလား ပြည့်စုံပြီလား၊ (မတင်းတိမ် မပြည့်စုံပါဘုရား)။

✓ **ကာမတဏှာကြောင့် အပြစ်မမြင်နိုင်။** ။ဘာဖြစ်လို့လဲ ကာမဂုဏ်ရဲ့ အာဒီနဝကို မမြင်လို့၊ ဆိုလိုတဲ့အဓိပ္ပါယ်က အာရုံငါးပါး ကာမဂုဏ်တရားတွေကို ဘုန်းကြီးတို့ ပရိသတ် နေ့စဉ်နှင့်အမျှ ခံစားမနေဘူးလား (ခံစားနေပါတယ်ဘုရား)၊ ဘယ်လိုခံစားနေကြသလဲ မျက်စိနဲ့ ရူပါရုံ ကာမဂုဏ်မျိုးစုံကို ခံစားတယ်၊ နားနဲ့ သဒ္ဒါရုံမျိုးစုံ ကာမဂုဏ်များကို ခံစားတယ်၊နှာခေါင်းနဲ့ အနံ့မျိုးစုံ ကာမဂုဏ်များကို ခံစားတယ်၊လျှာနဲ့အရသာမျိုးစုံ ကာမဂုဏ်များကို ခံစားတယ်၊ ခန္ဓာကိုယ်နဲ့ ဖောဋ္ဌဗ္ဗာရုံမျိုးစုံ ကာမဂုဏ်များကို ဘုန်းကြီးတို့ ပရိသတ် ခံစားတယ်။

✓ ဘုန်းကြီးတို့ တရားနာနေတဲ့ ပရိသတ်ဟာ ဒီ-ကာမဂုဏ်တရားတွေကို မခံစားဘူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ ပါသလား (မပါပါဘုရား)၊ မျိုးကိုစုံနေပြီ၊ ဟုတ်လား (မှန်ပါဘုရား)၊ တချို့ပုဂ္ဂိုလ်တွေဆိုရင် တိုက်ပေါ်မှာ ခံစားတာ အားမရလို့ နိုင်ငံခြားတောင် သွားပြီးတော့ နိုင်ငံခြားကဟာတွေ သွားပြီးတော့ ကာမဂုဏ် ခံစားကြသေးတယ်။ နိုင်ငံခြားဖြစ်တွေနဲ့ အရက်တို့ အမွှေးနံ့သာတို့၊ အခုကော ရူပ်ရှင်အမျိုးမျိုးနော်၊ အဲဒီ နိုင်ငံခြားက လာတာတွေမှ ပိုပြီး ကောင်းတယ် ထင်လို့ဝယ်သေးတယ်၊ နိုင်ငံခြားကလာတဲ့ ကားတွေမှ ကောင်းတယ်လို့ဆိုပြီးတော့ အဲဒီ နိုင်ငံခြားကား ရွေးကြည့်နေတဲ့ပုဂ္ဂိုလ်က ရှိသေးတယ်။ ပြောသံကြားရတာ (ဟုတ်ပါတယ်ဘုရား)၊ အမှန်ဘဲလား (အမှန်ပါဘုရား)။

✓ **မတင်းတိမ်နိုင်သော ကာမဂုဏ်တရား။** ။အဲဒီ ကာမဂုဏ်တွေကို ဘယ်လောက် ခံစား နေတယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်၊ အဲဒီ ပရိပုဏ္ဏသင်္ကပ်ပွလို့ခေါ်တဲ့ အလိုဆန္ဒတွေအားလုံး ပြည့်စုံပြီးတော့ ကာမဂုဏ်ခံစားကြပေမဲ့ တင်းတိမ်ကြသလား (မတင်းတိမ်ပါဘုရား)၊ ဘာဖြစ်လို့ မတင်းတိမ်သလဲ၊ အဲဒီ ကာမဂုဏ်တွေရဲ့ အာဒီနဝကို မမြင်လို့နော်၊ (မှန်ပါဘုရား)။

မြတ်စွာဘုရားက အခုဟောလိုက်တယ်၊ ဘယ်လိုပုဂ္ဂိုလ်တွေ ပရိပုဏ္ဏသင်္ကပ်ပြဖြစ်ပြီးတော့ မိမိရဲ့ အလိုဆန္ဒတွေ အကြွဲအစည်တွေ အားလုံး ပြည့်စုံပြီးတော့ တင်းတိမ်ရောင့်ရဲတဲ့ ပုဂ္ဂိုလ်ဖြစ်သလဲ-တဲ့၊ အဲဒီ ကာမဂုဏ် ငါးပါးတို့ရဲ့ အာဒီနဝကို မြင်တဲ့အတွက် အာရုံငါးပါး ကာမဂုဏ်တရားတွေမှ လွတ်အောင်လို့ဆိုပြီးတော့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ မြဟ္မစရိယ မြတ်သော အကျင့်ရှိတဲ့ပုဂ္ဂိုလ်သည် ကာမဂုဏ်

http://www.dhammadownload.com

ခဲစားမှု၌ အလိုဆန္ဒတွေအားလုံး ပြည့်စုံပြီးတော့ တင်းတိမ် ရောင်ရဲနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ တင်းတိမ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ ဝတ်မှုန့်ပတ်သက်လို့ ဘုန်းကြီးပြောဦးမယ်။ ချည်ကြမ်းလုံချည်ကလေးရ ချည်ကြမ်းလုံချည်ကလေးနဲ့ဘဲ သူက ကျေနပ်တယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘယ့်နှယ်တုန်း၊ စားမှုနဲ့ ပတ်သက်လို့ ငစိန်ဆန်လေးရ ငစိန်ဆန်လေးနဲ့ဘဲ သူက ကျေနပ်တယ် တင်းတိမ်တယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုလဲ။

မတင်းတိမ်နိုင်တာ မကျေနပ်နိုင်တာ ဘာဖြစ်လို့လဲ၊ နို့ဆီပေမဲ့ မလိုင်မပါတဲ့ နို့ဆီကလေးရရင် မလိုင်မပါတဲ့ နို့ဆီလေးနဲ့ဘဲ သူကတင်းတိမ်တယ် ကျေနပ်တယ်၊ ဘုန်းကြီးတို့ ပရိသတ်က ဘယ်လိုလဲ (မှန်ပါဘုရား)၊ အဲဒီလို မတင်းတိမ်နိုင်တာတွေ မကျေနပ်နိုင်တာတွေ. အလိုမပြည့်နိုင်တာတွေ ဘာကြောင့်တုန်း၊ အဲဒီ ကာမဂုဏ်တွေရဲ့ အာဒီနဝတွေကို မမြင်လို့။

ကာမဂုဏ်အပြစ်မြင်မှ သက်သာပုံ။ ။ပြဟ္မစရိယဝါသ-လို့ ခေါ်တဲ့ မြတ်သော အကျင့်ကို ကျင့်ပြီးတော့ မဂ္ဂင်ဖျစ်ပါးနဲ့ နေတဲ့ ပုဂ္ဂိုလ်လို့ ဆိုတာကတော့ သူက ကာမဂုဏ်တွေရဲ့ အပြစ်တွေကို မြင်နေသည် ဖြစ်သောကြောင့် ဘာလေးရရ သူက တင်းတိမ်တယ်၊ ရောင့်ရဲတယ် ဟုတ်လား (မှန်ပါဘုရား)၊ ပူတာလေးရ ပူတာလေးနဲ့ဘဲ တင်းတိမ်တယ်၊ **တောလေးရ** တောကလေးနဲ့ဘဲ တင်းတိမ်တယ်၊ ဝတ်မှု, နေမှု, စားမှု, ဘယ်လို နေရနေရ သူက တင်းတိမ်တယ်၊ သက်သာခွင့် သူမှာရနေသလား၊ ရမဓနဘူးလား (ရနေပါတယ်ဘုရား)။ ဘာရှိနေလို့လဲ၊ ပြဟ္မစရိယခေါ်တဲ့ မြတ်တဲ့အကျင့် သူမှာ ရှိနေလို့ ဟုတ်လား (မှန်ပါဘုရား)။

သန္တုဿိတပုဂ္ဂိုလ်မည်ခြင်း။ ။ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တိဿမေတ္တေယျကို ဖြေတဲ့နေရာမှာ လောကမှာ ပရိပုဏ္ဏသက်ပွ-လို့ ခေါ်တဲ့ အကြံအစည်တွေ ပြည့်စုံပြီးတော့ မိမိ အလိုဆန္ဒတွေ အားလုံးပြည့်စုံပြီးတော့ တင်းတိမ် ရောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ် ဆိုတာဟာ ကာမဂုဏ်တွေရဲ့ အပြစ်တွေကို မြင်ပြီးတော့ ပြဟ္မစရိယ-လို့ခေါ်တဲ့ မြတ်သော အကျင့်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်သည် အကြံအစည်အားလုံးပြည့်စုံတယ်၊ တင်းလဲ တင်းတိမ်နိုင်တယ်၊ ဒီပုဂ္ဂိုလ် သန္တုဿိတပုဂ္ဂိုလ် ဖြစ်တယ်။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးများ ကာမဂုဏ်ရဲ့ အပြစ်တွေကို မြင်ဘို့ မလိုဘူးလား (လိုပါတယ်ဘုရား)၊ ဘာလဲ ကာမဂုဏ်ရဲ့အပြစ်တွေ၊ အဲဒီ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံကို ကိုယ်က နှစ်သက်ရင် လိုလားရင် မြတ်နိုးရင် ဘာဖြစ်တာလဲ၊ ဒီ ရူပါရုံတွေဟာ ကာမဂုဏ်။ အဲဒီ နှစ်သက်မှု မြတ်နိုးမှု-လို့ ဆိုတဲ့ ရူပါရုံ အပေါ်မှာ နှစ်သက်မြတ်နိုးမှု ခေါ်တဲ့

http://www.dhammadownload.com

ရူပါရုံ ကာမဂုဏ်၊ သဒ္ဒါရုံ ပေါ်မှာ နှစ်သက်မြတ်နိုးမှုခေါ်တဲ့ သဒ္ဒါရုံ ကာမဂုဏ်၊ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်၊ ဒီ ကာမဂုဏ်တွေရဲ့ အပြစ်ဆိုတာ ဘာတွေလဲ မြင်အောင်ကြည့်ဦးကလေ၊ ဘာကြည့်ရမလဲ ဘာအပြစ်ရှိသလဲ အဲဒီ ကာမဂုဏ် အာရုံ ခံစားနေတဲ့ ပုဂ္ဂိုလ်မှာ—

ကာမဂုဏ်အပြစ် ပြဆိုသော　ဒီတော့ ပါဠိတော်ကို ရွတ်လိုက်တော့မယ် ပါဠိ
မြန်မာပြန်များ ညွှန်ပြချက်　တော်ကို ပြောင်းလိုက်၊ ကာမဂုဏ်တို့ရဲ့ အပြစ်
တွေကို ဟောထားတဲ့ သုတ္တန်တွေ ရှိတယ်၊ တော်တော်ခပ်များများ ရှိတယ်၊ ဒီဃနိကာယ်မှာလဲ ရှိတယ်၊ မဇ္ဈိမနိကာယ်မှာလဲ ရှိတယ်၊ ခုဒ္ဒကနိကာယ်မှာလဲ ရှိတယ်-နော် (မှန်ပါဘုရား)၊ ဒီတော့ ဒီကာမဂုဏ်တွေကို ဟောထားတဲ့ သုတ္တန်တွေကို ဘုန်းကြီး မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်မှာ ပေါတလိယ သုတ္တန်-လို့ ဟောထားတာ ရှိတယ်၊ အဲဒီ ပေါတလိယ သုတ္တန် (နှာ-၂၇၊၃၀) မှာလဲဘဲ ကာမဂုဏ်တို့ရဲ့ အာဒီနဝကို မြတ်စွာဘုရား ဟောထားတာ၊ အဲဒါ ဘာသာပြန် ဖတ်ကြည့်ရင် သိမယ်။

မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ပေါတလိယ သုတ္တန်၊ ဒါ ကာမာနံ အာဒီနဝ-လို့ မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ မူလပဏ္ဏာသပါဠိတော် မဟာဒုက္ခက္ခန္ဓသုတ် (နှာ ၁၂၀-၂)နှင့် စူဠဒုက္ခက္ခန္ဓသုတ် (နှာ ၁၂၇-၃၃၀)မှာ အဲဒီ ကာမဂုဏ်တို့ရဲ့ အာဒီနဝတွေကို မြတ်စွာဘုရား အကျယ်တဝင့် ဟောထားတာ ရှိတယ်။ ဒီသုတ္တန်တွေထဲက ဘုန်းကြီး မူလပဏ္ဏာသ ပါဠိတော် စူဠဒုက္ခက္ခန္ဓသုတ်, မဟာဒုက္ခက္ခန္ဓသုတ်တို့မှာ ဟောထားတဲ့ ကာမာနံ အာဒီနဝကထာကို ဘုန်းကြီး ဟောပေးမယ်။ ဘုန်းကြီးတို့ ပရိသတ်က ကာမဂုဏ် ခံစားနေရတာ တင်းတိမ် ရောင့်ရဲချင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပလား၊ မဖြစ်သေးဘူးလား (မဖြစ်သေးပါဘုရား)။

ကာမဂုဏ်အပြစ်ကိုသိအောင် လုပ်သင့်ပုံ။　။ဒါပေမဲ့ တင်းတိမ် ရောင့်ရဲချင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ချင်သလား မဖြစ်ချင်သေးဘူးလား (ဖြစ်ချင်ပါတယ်ဘုရား)၊ ဖြစ်ချင်တော့ ကာမဂုဏ်တွေကို ခံစားရတာ တင်းတိမ်ရောင့်ရဲမှုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်ပေမဲ့ ဒီ ကာမဂုဏ်တွေရဲ့ အာဒီနဝကို မမြင်ရင် ကာမဂုဏ်ခံစားမှုဌာ တင်းတိမ်ရောင့်ရဲမှု ဖြစ်နိုင်ပါတော့မလား (မဖြစ်နိုင်ပါဘုရား)၊ ဒါဖြင့် အဲဒီ ကာမာနံ အာဒီနဝကထာ-ဆိုတဲ့ ကာမဂုဏ်တွေရဲ့ အာဒီနဝကို ဘုန်းကြီးတို့ ပရိသတ် သိသင့်သလား၊ မသိသင့်ဘူးလား (သိသင့်ပါတယ်ဘုရား)၊ ဘာတွေလဲ ဒါဖြင့် ပါဠိတော်က ပြောလိမ့်မယ်နော်–ဘုန်းကြီးပြောမှာလဲ မဟုတ်ဘူး၊ ဘုန်းကြီး တရားတော်လဲ မဟုတ်ဘူး၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပါဠိတော်မှာ ဟောထားတာကို ဘုန်းကြီးက ပြောပေးမယ်။

http://www.dhammadownload.com

ဘုန်းကြီးသိလို့ ပြောတာမဟုတ်ဘူး၊ ဘုန်းကြီးရဲ့ အသိဉာဏ်လဲ မဟုတ်ဘူး၊ ဘုန်းကြီးပိုင်တဲ့ တရားလဲ မဟုတ်ဘူး၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် သမ္ဗညုတဉာဏ်တော်ဖြင့် သိထားတဲ့ အသိဉာဏ်ကို ဘုန်းကြီးက ဘဆင့် ပြန်ပြီး တော့ ဟောပေးတာ။ ဝိပဿနာလုပ်ငန်း လုပ်တယ်လို့ဆိုတာ သူဌေးနမှာ သူလုပ်နေတာက တခြား ဒါက နည်းရအောင် ဟောပေးနေတာ၊ ဘယ်နေရာမှာ သုံးရမှာလဲဘုရား ဒီ တရားတွေကို၊ ဘုန်းကြီးတို့ အမျိုးကောင်းသား - သမီးမျိုး တရားအားထုတ်တဲ့ နေရာမှာ ဒီ တရားတွေကို သုံးရမယ်၊ ဟုတ်လား (မှန်ပါ ဘုရား)၊ ရိပ်သာအသီးသီး တရားအားထုတ်သွားတဲ့အခါ ဒီ တရားကို သုံးရမယ်။

ကာမာနံ အာဒီနဝကထာ၊ ကာမဂုဏ်ရဲ့ အပြစ်တွေကို မြတ်စွာဘုရား ဘယ်လိုဟောသလဲ – ပါဠိတော်ရွတ်ကြစို့။

စူဠဒုက္ခက္ခန္ဓသုတ်နှင့် မဟာဒုက္ခက္ခန္ဓသုတ်မှာ ဟော်တယ်၊ ဒီတသုတ်လုံး ဘုန်းကြီးမဟော်ဘူး၊ အဲဒီသုတ္တန်မှာပါတဲ့ ကာမာနံ အာဒီနဝကိုသာ ဟောမယ်။

ကာမဂုဏ်၌ အချက် ၃-ချက် သိမှတ်ဖွယ်။ ။မြတ်စွာဘုရားကိုယ်တော်မြတ်က ကာမဂုဏ်ရဲ့ အဿာဒ အာဒီနဝ နိဿရဏ ဆိုပြီးတော့ သုံးချက်ဟောတယ်၊ ဒီ မဟာဒုက္ခက္ခန္ဓသုတ် အဲဒီ သုံးချက် ဟောတဲ့အနက်က ဘုန်းကြီးက ဘာဟောမလဲဆိုတော့—

အာဒီနဝကိုသာ ဟောမယ်။

ကော စ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ကာမာနံ၊ ရူပသဒ္ဒစသည်အာရုံ ကာမဂုဏ်အာရုံတို့၏။ အာဒီ-နဝေါ၊ အပြစ်သည်။ ကော စ၊ အဘယ်နည်း။

ချစ်သားတို့ ကာမဂုဏ်ဆိုတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့ရဲ့ အပြစ်ဆိုတာ ဘာလဲ၊ မြတ်စွာဘုရားကိုယ် တော်တိုင်ဘဲ ပုစ္ဆာထုတ်တော်မူတယ်၊ ဒါ ပုစ္ဆာဝါကျ။

မြတ်စွာဘုရားက—

ဣဓ ဘိက္ခဝေ ကုလပုတ္တော ယေန သိပ္ပဋ္ဌာနေန ဇီဝိကံ ကပ္ပေတိ၊ ယဒိ မုဒ္ဒါယ ယဒိ ဂဏနာယ ယဒိ သင်္ခါနေန ယဒိ ကသိယာ ယဒိ ဝဏိဇ္ဇာယ ယဒိ ဂေါရက္ခေန ယဒိ ဣဿတ္ထေန ယဒိ ရာဇပေါရိသေန ယဒိ သိပ္ပညတရေန သီတဿ ပုရက္ခတော ဥဏှဿ ပုရက္ခတော ဒံသမကသဝါတာတပသရိသပ သမ္ဖဿေဟိ ရိဿမာနော ခုပ္ပိပါသာယ မီယမာနော။

http://www.dhammadownload.com

အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သန္ဒိဋ္ဌိကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤလောက၌။ ကုလပုတ္တော၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သီတဿ၊ အချမ်းသည်။ ပုရက္ခတော၊ နှိပ်စက်ခြံရံအပ်သည်ဖြစ်၍။ (ချမ်းချမ်းစီးစီးကြီးနဲ့) ဥဏ္ဍဿ၊ အပူသည်။ ပုရက္ခတော၊ နှိပ်စက်ခြံရံအပ်သည်ဖြစ်၍။ ဥံသမကသဝါတာတပသရိသပသမ္ဖဿေဟိ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းတို့သည် ကိုက်ခဲတွေ့ထိခြင်းတို့သည်။ ရိဿမာနော၊ နှိပ်စက်ညှဉ်းဆဲခြင်းခံရသည်ဖြစ်၍။ ခုပ္ပိပါသာယ၊ ဆာလောင်မွတ်သိပ်ခြင်းဖြင့်။ မီယမာနော၊ ပင်ပန်းနွမ်းနယ်ကြသည်ဖြစ်၍။ ယဒိ မုဒ္ဒါယ၊ လက်ဆစ်ချိုးအတတ်ဖြင့် သော်လည်းကောင်း။ ယဒိ ဂဏနာယ၊ ဂဏန်းတွက်ခြင်း အတတ်ဖြင့်သော်လည်းကောင်း။ ယဒိ သခ်ါနေန၊ ပေါင်းခြင်းနုတ်ခြင်းဆိုတဲ့ စာရင်းကိုင်အတတ်ဖြင့်သော်လည်းကောင်း။ ယဒိ ကသိယာ၊ လယ်ထွန်ခြင်း စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း။ ယဒိ ဝဏိဇ္ဇာယ၊ ကုန်သွယ်ခြင်း ဈေးရောင်းခြင်း ရောင်းခြင်း ဝယ်ခြင်းဆိုတဲ့ အလုပ်မျိုးဖြင့်သော်လည်းကောင်း။ ယဒိ ဂေါရက္ခေန၊ နွားကျောင်းခြင်း နွားမွေးခြင်း အလုပ်မျိုးဖြင့်သော်လည်းကောင်း။ ယဒိ ဣဿတ္ထေန၊ လေးမြားတို့ကို ကိုင်ပြီးတော့ စစ်တိုက်ခြင်းဆိုတဲ့ အလုပ်မျိုးဖြင့်သော်လည်းကောင်း။ ယဒိ ရာဇပေါရိသေန၊ မင်းခစားယောက်ျား အလုပ်မျိုးဖြင့်သော်လည်းကောင်း။ ယဒိ သိပ္ပညတရေန၊ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ အတတ်ပညာ တမျိုးမျိုးဖြင့်သော်လည်းကောင်း။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ ကပ္ပေတိ၊ ပြုလုပ်၍ နေရပေတော့၏။

ဘုန်းကြီးတို့ပရိသတ် ကြည့်စမ်း—

ကာမဂုဏ်အလုပ်များပြားပုံ။ ။အလုပ်လုပ်နေရတဲ့ပုဂ္ဂိုလ်တွေ ယခုပြောခဲ့တဲ့ အလုပ်တွေဟာကုန်ရော။ စိုက်ပျိုးရေးလုပ်နေတဲ့ပုဂ္ဂိုလ်တွေ မင်းခစားလုပ်နေတဲ့ပုဂ္ဂိုလ်တွေ ခုနစာရင်းကိုင်ကြီးတွေ စာရင်းစစ်ကြီးတွေလုပ်နေတဲ့ ပုဂ္ဂိုလ်တွေက၊ ဒါက ယဒိသခ်ါနေနမှာ။ မင်းခစားယောက်ျားလုပ်နေရတဲ့ ပုဂ္ဂိုလ်တွေဟာ နေပူကော မလုပ်ရဘူးလား (လုပ်ရပါတယ် ဘုရား)၊ မိုးရွာကော မလုပ်ရဘူးလား၊ (လုပ်ရပါတယ်ဘုရား)၊ သီတဿ ပုရက္ခတော၊ ဥဏ္ဍဿ ပုရက္ခတော၊ အအေးဘဲ နှိပ်စက် နှိပ်စက် အပူဘဲ နှိပ်စက် နှိပ်စက် နေပူတယ် မိုးရွာတယ် ရှောင်နိုင်သလား (မရှောင်နိုင်ပါဘုရား)၊ မှက် ကိုက်ကိုက် ခြင်ကိုက်ကိုက် နေပူပူ မိုးရွာရွာ ရှောင်နိုင်သလား။ ဘုန်းကြီးတို့ပရိသတ် (မရှောင်နိုင်ပါဘုရား)၊ အဲဒီလို အမျိုးမျိုးသော အလုပ်တွေကို လုပ်နေရတာ ဘုန်းကြီးတို့ပရိသတ် သက်သာသလား မသက်သာဘူးလား

http://www.dhammadownload.com

(မသက်သာပါဘုရား)၊ ပင်ပန်းသလား မပင်ပန်းဘူးလား (ပင်ပန်းပါတယ်ဘုရား)၊ ရောင်းရဝယ်ရတာလေ (မှန်ပါဘုရား)၊ စျေးရောင်းတာရော စာရေးစာချီလုပ်ရတာရော (ပင်ပန်းပါတယ်ဘုရား)၊ ဘယ်လောက် ပင်ပန်းသလဲ နေပူကော ရွှောင်လို့ရသလား (မရပါဘုရား)၊ ထမင်းဆာလောင်မွတ်သိပ်လှပါပြီဆိုလို့ ပြန်လို့ကော ရမလား (မရပါဘုရား)၊ မရဘူး၊ အဲသလောက် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ်နဲ့၊ ပြီးတော့ လုပ်နေတဲ့အလုပ်ကို သဗ္ဗညုမြတ်စွာဘုရားက ဘာ့ကြောင့် မင်းတို့ လုပ်နေရပါသလဲလို့ ပြန်ကြည့်ပါတဲ့။

✓ အယမို ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သန္ဒိဋ္ဌိကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု-တဲ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သန္ဒိဋ္ဌိကော၊ မျက်မြင်ကိုယ်တွေ့ဖြစ်သော။ ဒုက္ခက္ခန္ဓော၊ ကြီးလှစွာသော ဆင်းရဲဟု ဆိုအပ်သော။ ကာမာနံ၊ ကာမဂုဏ်တို့၏။ အယမို အာဒီနဝေါ၊ ဤအပြစ်သည်လည်း။ ကာမဟေတု၊ ကာမဂုဏ်သာလျှင် အကြောင်းရင်းဖြစ်၏။ ကာမနိဒါနံ၊ ကာမဂုဏ်လျှင် မူလဇာစ်မြစ်ရှိ၏။ ကာမာဓိကရဏံ၊ ကာမဂုဏ်လျှင် တည်ရာရှိ၏။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဟေတု၊ အကြောင်းကြောင့်။ ဥပပဇ္ဇတိယော၊ အဲဒီ ဒုက္ခတွေဖြစ်ပေါ်၍ နေသည်သာလျှင်တည်း။ ကာမာနံ အာဒီနဝကထာ။

ကာမဂုဏ်ကြောင့် ချမ်းသာစွာ မနေနိုင်ပုံ။ ။ဘုန်းကြီးတို့ပရိသတ် ဟုတ်မဟုတ် စဉ်းစားကြည့်။ နေနိုင်လား၊ ဘုန်းတို့ပရိသတ် (မနေနိုင်ပါဘုရား)၊ ချမ်းတယ်ဆိုပြီးတော့ နေလို့ရလား (မရပါဘုရား)၊ ပူတယ်ဆိုပြီးတော့ နေလို့ရလား (မရပါဘုရား)၊ အဲဒီ အချမ်းတွေ အပူတွေ နှိပ်စက်နေတဲ့ ကြားထဲက ဒီ အလုပ်တွေကို သူးပြီးတော့ လုပ်နေရသလား လုပ်မနေရဘူးလား (လုပ်နေရပါတယ်ဘုရား)၊ ပျော်လွန်းလို့လား (မဟုတ်ပါဘုရား)။ နေသာလို့ လုပ်နေရသလား မနေသာလို့ လုပ်နေရသလား (မနေသာလို့ လုပ်နေရပါတယ်ဘုရား)၊ အဲဒါလောက် ပင်ပင်ပန်းပန်း နွမ်းနွမ်းနယ်နယ် ထမင်းဆာလို့လဲ မဖြစ်၊ တကတဲ့ လုပ်ကိုင်ရ၊ လယ်ထွန်တဲ့ယောကျ်ားတွေ စိုက်ပျိုးရေးလုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်တွေ ရောင်းဝယ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လောက် ပင်ပန်းသလဲ။

✓ အဲတာတွေ ဘာလို့ လုပ်နေရတာလဲ သူတို့က ပြောလိမ့်မယ်၊ လှူဘို့တန်းဘို့ပါဘုရား၊ အောင်မယ်လေး သားတွေသမီးတွေက ပိုမှပေးတာပါ၊ ဒါကလေး လှူဘို့ပါဘုရားလို့ ပြောချင်ပြောဦးမှာ။ မြတ်စွာဘုရားက အဲတာကို ကာမာန-မေဝ ဟေတု၊ ကာမဂုဏ်ကြောင့် လုပ်နေရတာ ကာမဂုဏ်တွေရဲ့ အပြစ်ကို မြင်အောင် ကြည့်တဲ့။

http://www.dhammadownload.com

ကိုင်း ရှေ့သွားရအောင်—

တဿ စေ ဘိက္ခဝေ ကုလပုတ္တဿ ဧဝံ ဥဋ္ဌဟတော ဃဋ္ဌတော ဝါယမတော တေ ဘောဂါ နာဘိနိပ္ပဇ္ဇန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဧဝံ၊ ဤသို့။ ဥဋ္ဌဟတော၊ ထကြွသော။ ဃဋ္ဌတော၊ လှုံလပြုသော။ ဝါယမတော၊ ကြိုးစား၍ အားထုတ်နေသော။ တဿ ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသားအား။ တေ ဘောဂါ၊ ထိုစည်းစိမ်ဥစ္စာပစ္စည်းတို့သည်။ စေ နာဘိနိပ္ပဇ္ဇန္တိ၊ အကယ်၍ ကြိုးစားတဲ့အတိုင်း မရသည်ဖြစ်အံ့။

အဲသလောက် နေပူမရှောင် မိုးရွာမရှောင် ကြိုးကြိုးစားစား လုပ်နေပေမဲ့ ကိုယ့်အလိုပြည့်လောက်အောင် လခက တရာ့နှစ်ဆယ့်ခြောက်ကျပ်ဆိုတော့ လောက်သေးရဲ့လား (မလောက်ပါဘုရား)၊ ကိုယ်ကြိုးစားလုပ်သလောက် ရသလား မရဘူးလား (မရပါဘုရား)၊ မရတော့ ဘယ့်နယ်ဖြစ်သလဲဆိုတော့–

သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဋ္ဌိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ၊ မောဃံ ဝတ မေ ဥဋ္ဌာနံ၊ အဖလော ဝတ မေ ဝါယာမော။

အဲဒီလို ကိုယ် ကြိုးစားလုပ်လျက်နဲ့ ကိုယ့်မှာ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရမလာဘူးဆိုတော့–

မေ၊ ငါ၏။ ဥဋ္ဌာနံ၊ ထကြွလှုံလဝီရိယတို့နှင့် ကြိုးစားပြီး နေပူမရှောင် မိုးရွာမရှောင် လုပ်ခဲ့ရခြင်းသည်။ မောဃံ ဝတ၊ အချည်းနှီး ဖြစ်ပါပေစွ တကား။ ဝါယာမော၊ လှုံလကြိုးကုတ် နေပူမရှောင် မိုးရွာမရှောင် လုပ်ရတဲ့အလုပ်သည်။ အဖလော ဝတ၊ အကျိုးမပြီး အချည်းနှီး ဖြစ်ပါပေစွာ့တကား။ ဣတိ၊ ဤသို့။ သော၊ ထိုပုဂ္ဂိုလ်သည်။ သောစတိ၊ စိုးရိမ်ရ၏။ ကိလမတိ၊ ပင်ပန်းရလေတော့၏။ ပရိဒေဝတိ၊ မြည်တမ်း ယောင်ယမ်း ရလေတော့၏။ ဥရတ္တာဋ္ဌိံ ကန္ဒတိ၊ ရင်လက်ခတ်တီးပြီးတော့ မြည်တမ်းရလေတော့၏၊ သမ္မောဟံ၊ မေ့မျောခြင်းသို့။ အာပဇ္ဇတိ၊ ရောက်ရလေတော့၏။ အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ။

ကာမဂုဏ်ရဲ့အပြစ်ကို မြင်အောင်ကြည့်။ ။ဒါဟာ ကာမဂုဏ်ရဲ့ အပြစ်ပဲ၊ ဟုတ်လား (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ်တွေ ဒါကို လက်တွေ့ခံစားနေရတာ – သန္ဒိဋ္ဌိက လက်တွေ့ခံစားနေရသလား၊ မနေရဘူးလား (ခံစားနေရပါတယ်ဘုရား)၊ လကုန်တိုင်း လကုန်တိုင်း ဒီဆင်းရဲကို ခံစားနေရသလား၊ ခံစား မနေရဘူးလား (ခံစားရပါတယ်ဘုရား ဟုတ်ပါတယ်၊ လမကုန်လဲ ဒီဆင်းရဲကို ခံစားနေရပါတယ်ဘုရား)၊ ဟင်–လမကုန်

http://www.dhammadownload.com

ခင်ကတဲ့ကလား (မှန်ပါဘုရား၊ လခ ခံယူကတဲ့က ခံစားနေရပါတယ်ဘုရား) ခံစားနေရတယ် ဟုတ်လား (မှန်ပါဘုရား)၊ အဲသလောက် ခံစားနေရတဲ့ ဒုက္ခတွေ ဘယ်သူအပြစ်လဲ (ကာမဂုဏ်တို့ရဲ့ အပြစ်တွေပါဘုရား)။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားချင်လို့ ဒါတွေလုပ်နေရတာ မဟုတ်လား (မှန်ပါဘုရား)။ ဒါ မရတဲ့အပြစ်နော်၊ ကိုင်းဒါဖြင့် ပြည့်ပြည့် စုံစုံ လုံလုံ လောက်လောက်ကြီး ရလာပါပြီတဲ့။ လခဆိုရင်လဲ တထောင်ကျော်တို့ ဟုတ်လား၊ ဒါတွေဖြစ်လာပြီဆိုပါတော့ ခုနက ကူးသန်းရောင်းဝယ်ရေးလုပ်တဲ့ ပုဂ္ဂိုလ်ကလဲ တလကိုနှစ်ထောင်တို့ သုံးထောင်တို့ လေးထောင်တို့ မြတ်ပြီဆိုပါတော့၊ တလ ငါးထောင်ရပြီ ဆိုပါတော့ စက်ရုံသမား အလုပ်ရုံသမားတွေ ဆိုပြန်တော့လဲ တလကို သိန်းသောင်း ချီပြီးတော့ မြတ်ပြီဆိုပါတော့– သက်သာသလား သူ၊ (မသက်သာပါဘုရား)၊ အဲဒီ အာဒီနဝကို မြတ်စွာဘုရားက ဘယ်လိုဟောသလဲ ဆိုတော့—

✓ တဿ စေ ဘိက္ခဝေ ကုလပုတ္တဿ ဧဝံ ဥဋ္ဌဟတော ဃဋ္ဋတော ဝါယမတော တေ ဘောဂါ အဘိနိပ္ဖဇ္ဇန္တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဧဝံ၊ ဤသို့။ ဥဋ္ဌဟတော၊ လုံ့လပြုသော။ ဃဋ္ဋတော၊ စေ့ဆော်သော။ ဝါယမတော၊ လုံ့လကြိုးကုတ် အားထုတ်သော။ တဿ ကုလပုတ္တဿ၊ ထိုအမျိုးကောင်းသားအတွက်။ တေ ဘောဂါ၊ ထိုစည်းစိမ်ဥစ္စာရတနာဌေဌေဆိုတဲ့ ဥစ္စာပစ္စည်း အများကြီးတို့သည်။ စေ အဘိနိပ္ဖဇ္ဇန္တိ၊ လိုသလောက်ကို မြတ်စွန်းပြီး လာတယ်ဆိုပါတော့။

အားထုတ်မှုကြောင့် ရရှိခြင်း။ ။ရတယ် ပစ္စည်းတွေ လုပ်တိုင်းရတယ်၊ ကြိုးစားရင် ကြိုးစားသလောက် ပစ္စည်းတွေ ရတယ် ဟုတ်လား (မှန်ပါဘုရား)၊ ကြိုးပါလိုက်တာ ကုန်သည်လုပ်တဲ့ ပုဂ္ဂိုလ်တွေ ဟုတ်လား (မှန်ပါဘုရား)၊ တကတဲ့ မန္တလေး တခေါက်သွားလိုက်တယ် ဆိုရင် သိန်းသောင်းချီပြီး မြတ်လာကြတယ်။ မော်လမြိုင် တခေါက်သွားတယ် မြတ်တယ်ဆိုပါတော့ ပစ္စည်းတွေအများကြီးရတယ်။ ဒီတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ နေသလား စိတ်ညစ်နေသလား (ပြုံးပြုံးနဲ့ နေပါတယ်ဘုရား)၊ ပါဠိတော်က ဘယ်နဲ့ပြထားသလဲ ဆိုတော့—

✓ သော တသံ ဘောဂါနံ အာရက္ခာဓိကရဏံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။

သော၊ ထိုပစ္စည်းတွေအများကြီး မြတ်လာတဲ့ပုဂ္ဂိုလ်သည်။ (တလ တလကို ငွေသိန်းချီဝင်နေတဲ့ပုဂ္ဂိုလ်သည်။) တသံ ဘောဂါနံ၊ ထိုဥစ္စာ ပစ္စည်းတို့ကို။ အာရက္ခာဓိကရဏံ၊ စောင့်ရှောက်ရခြင်း တည်းဟူသော အကြောင်းကြောင့်။

http://www.dhammadownload.com

ဒုက္ခ၊ ကိုယ်ဆင်းရဲခြင်းကိုဂုဏ်း။ ဒေါမနဿ၊ စိတ်နှလုံး မသက်သာခြင်းကိုဂုဏ်း။ ပဋိသံဝေဒေတိ၊ ခံစားရတော့၏။

ဆောက်သလား မဆောက်ဘူးလား ဒုက္ခ၊ (ဆောက်ပါတယ်ဘုရား)၊ ဘယ်လို ကြောင့် ပစ္စည်းတွေ အများကြီးရှိပါလျက် ဒုက္ခ ဆောက်ရပါသလဲ ဘုရား-လို့ ဆိုတော့ အဲဒီ ဒုက္ခဆောက်ပုံကို မြတ်စွာဘုရားက ပြတယ်။

✓ ကိန္တိ မေ ဘောဂေ နေဝ ဆာဇာနော ဟရေယျုံ၊ နု စောရာ ဟရေယျုံ၊ နု အဂ္ဂိ ဒဟေယျ၊ နု ဥဒကံ ဝဟေယျ၊ နု အပ္ပိယာ ဒါယာဒါ ဟရေယျုန္တိ။

ဘာပြောလဲ-မေ၊ ငါ၏။ တေ ဘောဂေ၊ ထိုမြတ်နေတယ်ဆိုတဲ့ ပစ္စည်းဥစ္စာ တွေကို။ ကိန္တိ=ကေန ကာရဏေန၊ အဘယ်သို့သောအကြောင်းဖြင့်။ ဆာဇာ-နော ဝါ၊ မင်းတို့သည်လည်း။ နေဝ ဟရေယျုံ၊ မဆောင်ယူနိုင်ကုန်အံ့ရာနည်း။

ဘယ်နှယ်လုပ်ပြီး ဒီ ပစ္စည်းတွေ မင်းမသိအောင် လုပ်ရပါ့မလဲဆိုပြီးတော့ ကြောင့်ကြမှုတွေ ဖြစ်လာမလား မဖြစ်လာဘူးလား (ဖြစ်လာ ပါတယ် ဘုရား)။

စောရာ ဝါ၊ ခိုးသူထားပြတို့သည်လည်း။ နေဝ ဟရေယျုံ၊ မဆောင်ယူနိုင် ကုန်ရာသနည်း။ (သူခိုးထားပြတွေ မယူအောင် မတိုက်မခိုက်အောင် ဘယ်လို လုပ်ရပါ့မလဲ) အဂ္ဂိ ဝါ၊ မီးသည်လည်း။ နု ဒဟေယျ၊ မလောင်အောင် မည်ကဲ့သို့ လုပ်ရပါ့မလဲ။ ဥဒကံ ဝါ၊ ရေသည်လည်း။ နု ဝဟေယျ၊ မမျောအောင် ဘယ်လို လုပ်ထားရပါ့မလဲ။ အပ္ပိယာ၊ မချစ်မနှစ်သက်အပ်ကုန်သော။ ဒါယာဒါ ဝါ၊ အမွေခံသားဆိုး သမီးဆိုးတို့သည်လည်း။ နု ဟရေယျုံ၊ ဘယ်လိုနည်းနဲ့ မဖျက် ဆီး မယူနိုင်ရသနည်း။ ဟုတ်လား (မှန်ပါဘုရား)။

ရရှိမှုကြောင့် စောင့်ရှောက်ရခြင်း။ ။မင်းက မသိမ်းအောင် သူခိုးထားပြတွေ မတိုက်နိုင်အောင် မီးမလောင်အောင် ရေမမျောအောင် သားဆိုး သမီးဆိုးတွေက ဖျက်ဆီးမပစ်နိုင်အောင် ဒီ ပစ္စည်း တွေ ဘယ်လိုနည်းနဲ့ စောင့်ရှောက်ရပါ့မလဲ-လို့ ဆိုပြီးတော့ ဒုက္ခ ဒေါမနဿတွေ ဖြစ်နေသလား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ ကာမဂုဏ်ရဲ့ အာဒီနဝ တွေ မြတ်စွာဘုရား ဟောပေးနေတာနော် (မှန်ပါဘုရား)၊ ပြီးတော့ တခါ ဘာပြောလဲ အဲဒီလို စောင့်ရှောက်နေတဲ့ကြားက—

✓ တဿ ဧဝံ အာရက္ခတော ဂေါပယတော တေ ဘောဂေ ဆာဇာနော ဝါ ဟရန္တိ၊ စောရာ ဝါ ဟရန္တိ၊ အဂ္ဂိ ဝါ ဒဟတိ၊ ဥဒကံ ဝါ ဝဟတိ၊ အပ္ပိယာ ဝါ ဒါယာဒါ ဟရန္တိ၊ သော သောစတိ ကိလမတိ ပရိဒေဝတိ ဥရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အာပဇ္ဇတိ "ယမ္ပိမေ အဟောသိ၊

http://www.dhammadownload.com

တမ္မိ နော နတ္ထိ" တိ။ အယမ္မိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သန္ဒိဋ္ဌိကော ဒုက္ခက္ခန္ဓော ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု။ ။ဒီ-မူလပဏ္ဏာသပါဠိတော် နှာ (၁၂၀-၃) အဓိပ္ပါယ်က—

တဿ၊ ထိုအမျိုးမျိုး စောင့်ရှောက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်အား။ ဧဝံ အာရက္ခတော၊ ဤသို့ စောင့်ရှောက်သည် ဖြစ်ပါလျက်သားနဲ့။ ဧဝံ ဂေါပယတော၊ ဤသို့ ထိန်းသိမ်းထားသည် ဖြစ်ပါလျက်သားနဲ့။ တေ ဘောဂေ၊ ထိုဥစ္စာဝစ္စည်းတို့ကို။ ဆာဇာနော ဝါ၊ မင်းတို့သည်လည်း။ ဟရန္တိ၊ ဆောင်ယူကြကုန်၏။ စောရာဝါ၊ ခိုးသူထားပြတို့သည်လည်း။ ဟရန္တိ၊ ယူဆောင်သွားကုန်အံ့။ အဂ္ဂိ ဝါ၊ မီးသည်လည်း။ စေ ဒဟတိ၊ အကယ်၍ လောင်ကျွမ်းသွားသည် ဖြစ်အံ့။ ဥဒကံ ဝါ၊ ရေသည်လည်း။ စေ ဝဟတိ၊ အကယ်၍ မျောချသွားသည် ဖြစ်အံ့။ အပ္ပိယာ ဝါ ဒါယာဒါ၊ မချစ်မနှစ်သက်ကုန်သော အမွေခံ သားဆိုး သမီးဆိုး တို့ကလည်း။ စေ ဟရန္တိ၊ အကယ်၍ ယူဆောင်ကြသည် ဖြစ်အံ့။ မေ၊ ငါ့အား။ ယမ္မိ၊ အကြောင်းဥစ္စာဝစ္စည်းသည်လည်း။ အဟောသိ၊ ရှိခဲ့ဘူးလေပြီ။ နော၊ ငါတို့အား။ တမ္မိ၊ ထိုဝစ္စည်းဥစ္စာသည်လည်း။ နတ္ထိ၊ မရှိတော့။ ဣတိ၊ ဤသို့။ သော၊ ထို ပုဂ္ဂိုလ်သည်။ သောစတိ၊ စိုးရိမ်ရ၏။ ကိလမတိ၊ ပင်ပန်းရလေတော့၏။ ပရိဒေဝတိ၊ မြည်တမ်းယောင်ယမ်းရလေတော့၏။ ဥရတ္တာဠိံ ကန္ဒတိ၊ ရင်လက်ခတ်တီးပြီးတော့ မြည်တမ်းရလေတော့၏။ သမ္မောဟံ၊ မေ့မျောခြင်းသို့။ အာပဇ္ဇတိ၊ ရောက်ရလေတော့၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယမ္မိ၊ ဤသည်ကား။ ကာမာနံ၊ ကာမဂုဏ်တို့၏။ အာဒီနဝေါ၊ အပြစ်တည်း။

စောင့်ရှောက်မှုကြောင့် အပြစ်အမျိုးမျိုး ရရှိပုံ။ ။မေ့မျောသွားတယ်ဆိုတာ ဟုတ်သလား၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ မေ့ကိုသွားတယ်နော် (မှန်ပါဘုရား)၊ အချို့မှာ တက်ပြီးတော့ ရူးချင်သလိုဖြစ်သွားတယ်။ သမ္မောဟံ အာပဇ္ဇတိ ကိုး ဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒါ ဘယ်သူ့အပြစ်လဲဆိုတော့ ပစ္စည်းတွေကို မင်းကယူသွား၍ သော်လည်းကောင်း၊ ခိုးသူခိုး ထားပြတိုက် သွား၍သော် လည်းကောင်း ရေမျောသွား၍သော်လည်းကောင်း မချစ်မနှစ်သက်တဲ့ သားဆိုး သမီးဆိုးတို့ ယူဆောင်ဖျက်ဆီး၍သော် လည်းကောင်း။ အဲဒီလို ပျက်စီးသွားပြီ ဆိုတော့ ဒီ ပစ္စည်းယူသွားတယ်၊ ဘယ်သူ့ကြောင့်လဲ (မသိပါဘုရား)၊ မင်းကြောင့်လား (မဟုတ်ပါဘုရား)၊ သူခိုး ထားပြကြောင့်လား (မဟုတ်ပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် မြင်နေတာက မင်းကြောင့် သူခိုးကြောင့် မီးကြောင့် ရေကြောင့် သားဆိုး သမီးဆိုး တွေကြောင့်လို့ မြင်နေတာဟာ မဟုတ်ဘူး။

မြတ်စွာဘုရား-က အဲဒီပစ္စည်းတွေ အပေါ်မှာ တွယ်တာ နှစ်သက်နေတဲ့ ရူပါရုံ ကာမဂုဏ်ကြောင့် ကာမာနံ အာဒီနဝေါ-တဲ့။ မြတ်စွာဘုရားက ဟုတ်လား

http://www.dhammadownload.com

(မှန်ပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ်ကော ပရိဒေဝ ဆောက်နေသလား၊ ဆောက်မနေဘူးလား (ဆောက်နေပါတယ်ဘုရား)၊ မင်းကြောင့်လား ကာမဂုဏ်ကြောင့်လား (ကာမဂုဏ်ကြောင့်ပါဘုရား)၊ ကာမဂုဏ်ရဲ့ အပြစ်ကို မြင်ကြစမ်းပါ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်က ကာမဂုဏ်ရဲ့ အပြစ်ကို မမြင်ဘူး၊ ဟိုလူလက်ညှိုးထိုး၊ ဒီလူ လက်ညှိုးထိုး၊ သူနှိပ်စက်သလိုလို၊ ငါနှိပ်စက်သလိုလို မဟုတ်ဘူး ဘုန်းကြီးတို့ ပရိသတ်၊ ကိုင်း ရှေ့သွားရအောင် ပြီးပလား၊ ကာမဂုဏ်ရဲ့ အပြစ် ဒါတင်မကသေးဘူး၊ ကာမဂုဏ်ရဲ့ အပြစ်ဆိုတာ—

> ပုန စပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတုံ ရာဇာနောပိ ရာဇူဟိ ဝိဝဒန္တိ၊ ခတ္တိယာပိ ခတ္တိယေဟိ ဝိဝဒန္တိ၊ ဗြာဟ္မဏာပိ ဗြာဟ္မဏေဟိ ဝိဝဒန္တိ၊ ဂဟပတီပိ ဂဟပတီဟိ ဝိဝဒန္တိ၊ မာတာပိ ပုတ္တေန ဝိဝဒတိ၊ ပုတ္တောပိ မာတရာ ဝိဝဒတိ၊ ပိတာပိ ပုတ္တေန ဝိဝဒတိ၊ ပုတ္တောပိ ပိတရာ ဝိဝဒတိ၊ ဘာတာပိ ဘာတရာ ဝိဝဒတိ၊ ဘာတာပိ ဘဂိနိယာ ဝိဝဒတိ၊ ဘဂိနီပိ ဘာတရာ ဝိဝဒတိ၊ သဟာယောပိ သဟာယေန ဝိဝဒတိ။

✓ **ကာမဂုဏ်ကြောင့် မင်းအချင်းချင်း ရန်သူဖြစ်ပုံ** ကာမဂုဏ်ရဲ့အပြစ်တွေကြောင့် ရှင်ဘုရင် ရှင်ဘုရင် အချင်းချင်း ရန်ဖြစ်ကြတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ရန်ဖြစ်တယ် ဆိုတာ ရှင်ဘုရင် ရှင်ဘုရင် အချင်းချင်းသာ ရန်ဖြစ်တာ၊ ရှင်ဘုရင်နှင့် တိုင်းသူပြည်သား ဘယ်တော့မှ ရန်ဖြစ်လို့မရဘူး၊ ဒီတော့ ရှင်ဘုရင်သည် တိုင်းသူပြည်သားနဲ့ ရန်သူမဟုတ်ဘူး၊ တိုင်းသူပြည်သား သည် ရှင်ဘုရင်နဲ့ ရန်သူမဟုတ်ဘူး၊ အဲသလို ရန်သူမဟုတ်တာတွေကို ရန်သူလုပ်ပြီး မကြည့်ကြနဲ့-တဲ့၊ ဆိုလိုတဲ့အဓိပ္ပါယ်။ ဒီတော့ ရှင်ဘုရင်နဲ့ ရန်သူဟာ ဘယ်သူလဲ၊ ရှင်ဘုရင် ရှင်ဘုရင် ချင်းသာ ဖြစ်တယ်၊ ရာဇာနောပိ ရာဇူဟိ ဝိဝဒန္တိ။ ရာဇာနောပိ၊ မင်းတို့သည်လည်း။ ရာဇူဟိ၊ မင်းတို့နှင့်။ ဝိဝဒန္တိ၊ ရန်ဖြစ်ကြကုန်၏။ ဘာဖြစ်လို့ဖြစ်သလဲ၊ ကာမဂုဏ်ကြောင့် ဟုတ်လား (မှန်ပါဘုရား)။ ခတ္တိယာပိ ခတ္တိယေဟိ ဝိဝဒန္တိ၊ မင်းမျိုးတွေလဲ မင်းမျိုးအချင်းချင်း ရန်ဖြစ်ကြတယ် ဟုတ်လား(မှန်ပါဘုရား)၊ မဟာသမယသုတ် ဟောခါနီးကျတော့ ရန်တွေဖြစ်တာ ဘယ်သူတွေလဲ၊ မင်းမျိုးတွေ ကဲဒါရှိပစေ။

✓ **ကာမဂုဏ်ကြောင့်ပုဏ္ဏားချင်း ရန်သူဖြစ်ပုံ** ဗြာဟ္မဏာပိ ဗြာဟ္မဏေဟိ ဝိဝဒန္တိ၊ ပုဏ္ဏားတွေလဲ ပုဏ္ဏားချင်း ရန်ဖြစ်ကြတယ်၊ လောဘကြီးလေ ရန်ဖြစ်လေပေါ့ ဟုတ်လား (မှန်ပါဘုရား)၊ သူဌေး သူဌေးချင်း ရန်ဖြစ်တယ်၊ မာတာပိ ပုတ္တေန ဝိဝဒတိ။ မာတာပိ၊ အမိသည်လည်း။ ပုတ္တေန၊ သားနှင့်။ ဝိဝဒတိ၊ အပြိုင်အဆိုင်ပြောဆို

http://www.dhammadownload.com

ပြီးတော့ရန်ဖြစ်၏။ အမေနဲ့သား အဘနဲ့သား ရန်မဖြစ်ဘူးလား (ရန်ဖြစ်ပါတယ်ဘုရား)၊ ညီအစ်ကို မောင်နှမချင်း ရန်မဖြစ်ဘူးလား (ရန်ဖြစ်ပါတယ်ဘုရား)၊ ဒါဘာပြလို့ဖြစ်သလဲ ညီအစ်ကိုမောင်နှမချင်း ကာမဂုဏ်ကြောင့်နော်။

ကာမဂုဏ်ကြောင့် မိတ်ဆွေချင်း ရန်သူဖြစ်ပုံ "သဟာယောပိ သဟာယေန ဝိဝဒတိ။ သဟာယောပိ၊ စျေးရောင်းဖော် ရောင်းဘက်ဖြစ်တဲ့ ဆိုင်နီးနားချင်းဖြစ်တဲ့ ပုဂ္ဂိုလ်ကလဲ။ ဝိဝဒတိ၊ တယောက်နဲ့တယောက် အပြိုင်အဆိုင် ပြောဆိုရန်ဖြစ်ကြ၏။ ဖြစ်သလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ဘာပြလို့ဖြစ်သလဲ (ကာမဂုဏ်ကြောင့်ပါဘုရား)၊ အင်မတန် ချစ်ချစ်ခင်ခင် တယောက်နဲ့တယောက် ဘုရားသွားဘက် ကျောင်းသွားဘက်ပုဂ္ဂိုလ်တွေ တယောက်နဲ့တယောက် သူကိုငါက စကားမပြောဘူးတဲ့၊ ငါ့ကိုသူက စကားမပြောဘူးတဲ့၊ တယောက်နဲ့ တယောက် ရန်ဖြစ်သတဲ့-ကဲ့။ သူရှိ ကိုယ်စား ကိုယ့်ရှိ သူစား တယောက်နဲ့ တယောက် ကာမဂုဏ် အာဒီနဝတွေကို မြတ်စွာဘုရား ဟောနေတာနော် (မှန်ပါဘုရား)၊ ဒါလောက်ဘဲလားဆိုတော့ မကသေးဘူး—

> တေ တတ္ထ ကလဟ ဝိဂ္ဂဟ ဝိဝါဒါပန္နာ အညမညံ ပါဏိဟိပိ ဥပက္ကမန္တိ၊ လေဋ္ဌုဟိပိ ဥပက္ကမန္တိ၊ ဒဏ္ဍေဟိပိ ဥပက္ကမန္တိ၊ သတ္ထေဟိပိ ဥပက္ကမန္တိ။

တေ၊ ထို မင်းစသော ဆေမျိုးမိတ်သင်္ဃာ ညီအစ်ကို မောင်နှမတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိဝါဒါပန္နာ၊ ငြင်းခုန်ခြင်းသို့ ရောက်ကြကုန်သည်ဖြစ်၍။ ပါဏိဟိပိ၊ လက်တို့ဖြင့်လည်း။ ဥပက္ကမန္တိ၊ ရိုက်ကြကုန်၏။ လေဋ္ဌုဟိပိ ဥပက္ကမန္တိ၊ တယောက်နဲ့တယော်က် ခဲနဲ့လဲပေါက်ကြတယ်။ ဒဏ္ဍေဟိပိ ဥပက္ကမန္တိ၊ တုတ်နဲ့လဲရိုက်ကြတယ် တယောက်နဲ့တယောက်။ အဲဒါ အားမရတော့ ဘာလုပ်သလဲ။ သတ္ထေဟိပိ ဥပက္ကမန္တိ၊ ထား လှံ သေနတ် အမြောက် ဗုံးစတဲ့လက်နက်တို့ဖြင့်လည်း ပစ်ကြ ခုတ်ကြ ထစ်ကြ သတ်ကြ ဖြတ်ကြကုန်၏။

✓ တေ တတ္ထ မရဏမ္ပိ နိဂစ္ဆန္တိ မရဏမတ္တမ္ပိ ဒုက္ခံ။ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဒီလို ခိုက်ရန်ဒေါသ ဖြစ်ကြပြီဆိုရင် သေရင်သေ မသေရင် သေလောက်တဲ့ ဒုက္ခတော့ ခံရသလား မခံရဘူးလား (ခံရပါတယ်ဘုရား)၊ ဘယ်သူအတွက် ခံရသလဲ။ **အယမ္ပိ ဘိက္ခဝေ ကာမာနံ** အာဒီနဝေါ-ဟုတ်ပလား (မှန်ပါဘုရား)၊ ကာမဂုဏ်ရဲ့အပြစ်(မှန်ပါဘုရား)၊ အဲဒီ ကာမဂုဏ်ရဲ့အပြစ်ပြီးတော့မြတ်စွာဘုရား ဘာဟောပြန်သလဲ မကုန်သေးဘူး ကာမဂုဏ်ရဲ့အပြစ်တွေ ပြောမယ်ဆိုရင်။

✓ **ပုန စပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတုံ အသိစမ္ပိ ဂဟေတ္ဝာ ဓနုကလာပံ သန္နယှိတ္ဝာ**

http://www.dhammadownload.com

ဥဘတောဗျူဠံ သင်္ဂါမံ ပက္ခန္ဒန္တိ၊ ဥသူသုပိ ခိပ္ပမာနေသု သတ္တိသုပိ ခိပ္ပမာနေသု အသီသုပိ ဝိဇ္ဇောတလန္တေသု။

✓ ကာမဂုဏ်ကြောင့် ဖြစ်သော အပြစ်အမျိုးမျိုး

ဘာပြောသလဲ ဒီပါဠိတော်က ကာမဂုဏ် အရေးကြောင့် အားပေးလာပြီဆိုရင် လေးတွေ မြားတွေ လက်နက်တွေ ဘေးမှာလွယ်ပြီးတော့ ဟိုဘက်က တထိုင်းထိုင်း ပစ်နေတဲ့ သေနတ်ကျည်ဆံတွေကြားထဲကို အတင်းဝင်တော့တာဘဲ မဝင်ဘူးလား(ဝင်ပါတယ်ဘုရား)၊ အဲသလို ဝင်တော့ ဘာတွေ ဖြစ်သလဲ။

✓ တေ တတ္ထ ဥသူဟိပိ ဝိဇ္ဈန္တိ။ ဟိုတုန်းကတော့ မြားနဲ့ ပစ်ကြတာကိုး၊ ခုတော့ သေနတ်နဲ့ပစ်ကြပြီ။ သတ္တိယာ ပိ ဝိဇ္ဈန္တိ၊ လှံနဲ့လဲ အထိုးခံရတယ်၊ အသိနာပိ သီသံ ဆိန္ဒန္တိ၊ သန်လျက်နဲ့လဲ ခေါင်းကို အဖြတ်ခံရတယ်။

✓ တေ တတ္ထ မရဏံပိ နိဂစ္ဆန္တိ မရဏမတ္တမ္ပိ ဒုက္ခံ။ အဲဒီ စစ်ပွဲမှာဘဲ အဲဒီ ပုဂ္ဂိုလ်တွေဟာ သေတဲ့လူကသေ၊ ကျိုးပဲ့ပြီးတော့ သေလောက်တဲ့ ဒဏ်ရာတွေ ရတဲ့လူကရ၊ မရဘူးလား (ရပါတယ်ဘုရား)၊ ဘယ်သူအပြစ်လဲ (ကာမဂုဏ်ရဲ့ အပြစ်ပါဘုရား)။

✓ အယမ္ပိ ဘိက္ခဝေ ကာမာနံ အာဒီနဝေါ။ ဒါတွေဟာ ကာမဂုဏ်ရဲ့ အပြစ်ပါဘဲတဲ့ ဟုတ်လား (မှန်ပါဘုရား)။ ဒါတင်လားလို့ ဆိုတော့ မကသေးဘူး သန္ဒိဋ္ဌိကတွေ တမလွန်အပြစ် မဟုတ်ဘူး။ ဒါမျက်မှောက် တွေ့မြင် နေရတဲ့ အပြစ်တွေ။ အဲဒီ ကာမဂုဏ်ရဲ့ အပြစ်တွေဟာ ဒါတင်လားဆိုတော့ မကသေးဘူး။

✓ ပုန စပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု သန္ဓိပိ ဆိန္ဒန္တိ၊ နိလ္လောပံပိ ဟရန္တိ၊ ဧကာဂါရိကမ္ပိ ကရောန္တိ၊ ပရိပန္ထေပိ တိဋ္ဌန္တိ၊ ပရဒါရံပိ ဂစ္ဆန္တိ။

ကာမဂုဏ် ဟူသော အကြောင်းကြောင့် နံရံကို ဖြတ်ပြီးတော့ ခိုးဘို့တိုက်ဘို့ ဝင်တယ်၊ တရွာလုံး ပြောင်သွားအောင် ထားပြတိုက်ပြီးတော့ ယူတယ်။ ကာမဂုဏ် တည်းဟူသော အကြောင်းကြောင့် တအိမ်လုံးကို ပြန်ပေးဆွဲပြီးသွားတယ်၊ ဧကာဂါရိကမ္ပိ ကရောတိ-ကာမဂုဏ် တည်းဟူသော အကြောင်းကြောင့် ခရီးလမ်းဆုံကနေ စောင့်ပြီးတော့ ပုန်းပြီးတော့ ထားပြ တိုက်ပြီးတော့ ယူတယ်၊ ကာမဂုဏ် တည်းဟူသော အကြောင်းကြောင့် သူများ သားမယားကို သွားပြီးတော့ ပြစ်မှားတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေ ဘယ်လိုဖြစ်လဲ ဒီလောကမှာ—

http://www.dhammadownload.com

✓ နှိပ်စက်ပုံအမျိုးမျိုး။ ။တမေနံ ရာဇာနော ဂဟေတွာ ဝိဝိဓာ ကမ္မကာရဏာ ကာရေန္တိ။ တမေနံ၊ ထိုလူဆိုး လူမိုက် ကာမဂုဏ်ကြောင့် မိုက်နေတဲ့ လူမိုက်ကို။ ရာဇာနော၊ မင်းတို့က။ ဂဟေတွာ၊ ဖမ်းယူပြီး၍။ ဝိဝိဓာ၊ အထူးထူး အပြားပြား ကုန်သော။ ကမ္မကာရဏာ၊ နှိပ်စက်ခြင်းတို့ကို။ ကာရေန္တိ၊ ပြုလုပ်စေကြကုန်၏။ ဒီ ပဂ္ဂိုလ်တွေကို ရှင်ဘုရင်က အမျိုးမျိုး မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ်ဘုရား)၊ ဒီခေတ် နှိပ်စက်နည်းမျိုး မဟုတ်ဘူး၊ ရှေးခေတ် နှိပ်စက်နည်းမျိုး သိတ်ကြောက်စရာ ကောင်းဒါဘဲ၊ ဒီခေတ်တဲ့ ဆိုးတယ် ဟုတ်လား (မှန်ပါဘုရား)၊ ဘယ်လို လုပ်သလဲဆိုတော့။

✓ ကသာဟိပိ တာဠေန္တိ၊ ကြိမ်လုံးနဲ့လဲ ရိုက်တယ်၊ ဝေတ္တေဟိပိ တာဠေန္တိ၊ ဆူးရှိတဲ့ ကြိမ်ရွက်တို့ဖြင့် ရိုက်တယ်။ အဓုဒဏ္ဍကေဟိပိ တာဠေန္တိ၊ ဟတ္ထမ္ပိ ဆိန္ဒန္တိ၊ ပါဒမ္ပိ ဆိန္ဒန္တိ၊ ဟတ္ထ ပါဒမ္ပိ ဆိန္ဒန္တိ၊ ကဏ္ဏမ္ပိ ဆိန္ဒန္တိ၊ နာသမ္ပိ ဆိန္ဒန္တိ၊ ကဏ္ဏနာသမ္ပိ ဆိန္ဒန္တိ။ ဒုတ်တို့ဖြင့် ရိုက်တယ်၊ လက်ကို ဖြတ်တယ်၊ ခြေကို ဖြတ်တယ်၊ နားရွက်ကို ဖြတ်ထယ်၊ နှာခေါင်းကို ဖြတ်တယ်၊ ဟုတ်လား၊ ဒါတင်မကသေးဘူးတဲ့။

✓ ဗိလင်္ဂ ထာလိကမ္ပိ ကရောန္တိ၊ ပုန်းရည်အိုးထဲကို ပုန်းရေ လောင်းချသကဲ့သို့သော နှိပ်စက်ခြင်းမျိုးကိုလည်း။ ကရောန္တိ၊ ပြုကြကုန်၏။ အဲဒါ ဘယ်လိုလုပ်ကြဒါလဲ ပုန်းရည်အိုးထဲကို ပုန်းရေလောင်းချသလို နှိပ်စက်ခြင်းမျိုးကို အဋ္ဌကထာဆရာက ဖွင့်ပေးထားတယ်။

ပုန်းရည်အိုးထဲကို ပုန်းရေလောင်းထည့်လိုက်ရင် ဒီအိုးရဲ့ နခမ်းမှာ ပုန်းရေစီးကျမနေဘူးလား (စီးကျနေပါတယ်ဘုရား)၊ အဲသလိုဖြစ်အောင် သူဘာလုပ်သလဲဆိုတာ့ အဲဒီ ဇာဇဝတ်သားကို ခုနကပြောတဲ့ ကာမဂုဏ်တွေကြောင့် အမျိုးမျိုး ညစ်နွမ်းနေတဲ့ ပဂ္ဂိုလ်ကို တခါတဲ့ ဦးထိပ်ကိုဖွင့် ဦးနှောက်ပွင့်သွားရင် ဦးနှောက်ထဲကို သံတုံးကို မီးဖုတ်ပြီး အဲဒီ ဦးနှောက်ထဲ ထည့်လိုက်တယ်၊ ဦးနှောက်တွေ ပူလာပြီး ဦးနှောက်တွေ တခါထဲ စီးကျလာတာဘဲ။

✓ ဗိလင်္ဂထာလိကံ-ဆိုတာ အဲဒီလို နှိပ်စက်တယ်၊ သေရောပေါ့၊ သေအောင် လုပ်တာဘဲ၊ အဲတာ ဘယ်သူအပြစ်လဲ (ကာမဂုဏ်တွေရဲ့ အပြစ်ပါဘုရား)။

✓ သခ်မူဏ္ဍိကမ္ပိ ကရောန္တိ။ သခ်မူဏ္ဍိကမ္ပိ၊ တခေါင်းလုံးကို, ခရုသင်းကဲ့သို့ ဖြူဖွေးနေအောင်။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ ဘယ်လိုလုပ်တာလဲ ဟောဒီ ခေါင်းကို အရေခွံပါ အကုန်လုံးဖြတ်ပြီးတော့ ဦးခေါင်းကို ဖြူဖြူကြီးလုပ်ထားတယ်၊ အပေါ်က အရေပြားတွေကို အကုန်ခွါပစ်တယ်။

✓ ရာဟုမုခမ္ပိ ကရောန္တိ၊ ရာဟုခံတွင်းသို့ ရောက်သော နေမင်းကဲ့သို့လည်း ပြုလုပ်ပြီးတော့ နှိပ်စက်တယ်။ အဲဒါ ဘယ်လိုလဲ ဇာဇဝတ်သားရဲ့ ပါးစပ်ကို

http://www.dhammadownload.com

သံလုံးဖြင့် ထောက်ထားပြီးတော့ အထဲမှာ မီးထွန်းထားတယ်၊ ဘာပြုလို့ ဒီလို နှိပ်စက်ခံရသလဲ (ကာမဂုဏ်တွေကြောင့်ပါဘုရား)၊အမျိုးမျိုး နှိပ်စက်ခံရတာကို ပြောနေရင် ပြီးဆုံးတော့မှာမဟုတ်ဘူး၊ ပေယျာလထိုးပြီး နောက်ဆုံးကျတော့–

✓ တတ္တေနပိ တေလေန ဩသိဉ္စန္တိ၊ ပွက်ပွက်ဆူနေတဲ့ ဆီပူတွေနဲ့ လောင်းချတယ်-တဲ့ နှိပ်စက်တာ။

✓ ရေကပတ္တိကမ္မံ ကရောန္တိ၊ ပိန်းရိုး ကြာရိုးကဲ့လေးတွေကို အပေါ်ပိုင်းက အဖတ်ကလေးတွေ ခွါပြီးတော့ ဆဲဆုတ်တာ မမြင်ဘူးဘူးလား၊ (မြင်ဘူးပါတယ်ဘုရား)၊ အဲသလို ဆဲဆုတ်သလို- လူတကောင်လုံးကို အရေပြားလေးတွေ ဆဲဆုတ်ပြီး အရေပြား ပါးပါးကလေးတွေကို ဆဲဆုတ်တယ်၊ အဲဒီ-အရေပြားတွေကို ဆဲဆုတ်ပြီး ဘာလုပ်သလဲဆိုတော့—

✓ ခါရုပတာစ္ဆိကမ္မံ ကရောန္တိ၊ အရေပြားတွေ ဆဲဆုတ်ပြီး ဆားငံရေ ဆမ်းပြာရေတို့ဖြင့် ပက်သတဲ့။ ကြည့်စမ်း အဲဒီ ဒုက္ခ ဘာကြောင့်ခံရသလဲ (ကာမဂုဏ်ကြောင့်ပါဘုရား)၊ ကာမာနံ အာဒီနဝေါ၊ သက်သေထုတ်ပြစရာ ဇာတ်တော်နိပါတ်တွေ အပုံဘဲ။ အဲဒါတွေဟာ ကာမဂုဏ်တွေကြောင့် နောက်ပိတ်ဆုံးကျတော့ ဇီဝန္တမ္မိ သူလေ ဥတ္ထာသေန္တိ၊ အသက်အရှင်လတ်လတ် တံကျင်လျှိုတယ်။ အသိနာပိ သီသံ ဆိန္နန္တိ၊ သန်လျက်နဲ့ ဦးခေါင်းကို ဖြတ်တယ်၊ အဲတာ သန္နိဋ္ဌိက ဒုက္ခတွေ။ အဲဒီ ဒုက္ခတွေပြပြီးတော့—

✓ ပုန စပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေ ကာယေန ဒုစ္စရိတံ စရိတ္ဝာ ဝါစာယ ဒုစ္စရိတံ စရိတ္ဝာ မနသာ ဒုစ္စရိတံ စရိတ္ဝာ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

✓ ကာမဂုဏ်ကြောင့် ဒုစရိုက်များလွန်ကျူးပုံ။ ။ကာမဂုဏ်ကြောင့် ကာယဒုစရိုက်တွေကို ဘုန်းကြီးတို့ပရိသတ် လုပ်သလား မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)၊ ဝစီဒုစရိုက်တွေကို ပြောသလား မပြောဘူးလား (ပြောပါတယ်ဘုရား)၊ မနောဒုစရိုက်တွေကို မကောင်းတာတွေ ကြံစည်နေသလား ကြံစည်မနေဘူးလား (ကြံစည်နေပါတယ်ဘုရား)၊ အဲဒီ မကောင်းတာတွေကြံ,မမှန်တာတွေလုပ်,မဟုတ်တာတွေ ပြောနေတာဟာ ဘယ်သူ့ကြောင့်လဲ (ကာမဂုဏ်ကြောင့်ပါဘုရား)၊ ဘယ်သူ့ခိုင်းလို့ ပြောရ လုပ်ရတာလဲ၊ (ကာမဂုဏ်ကြောင့်ပါဘုရား)၊ ကာမဂုဏ်တွေရဲ့ အပြစ်တွေနော် (မှန်ပါဘုရား)၊ အော် ကာမဂုဏ် တယ်ဆိုးပါလား၊ ဒို့ကို ဒီလောက် နှိပ်စက်ပါလားလို့ ကာမဂုဏ်ရဲ့ အပြစ်ကိုမြင်အောင်ကြည့်ပါတဲ့-မြတ်စွာဘုရား၊

http://www.dhammadownload.com

အဲသလို ကာယဒုစရိုက် ဝစီဒုစရိုက်လုပ်တဲ့အတွက် အဲဒီ ပုဂ္ဂိုလ် သေတော့ ဘယ်သွားသလဲ (အပါယ်သွားမှာပါဘုရား)၊ အပါယ်လေးပါး မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

✓ အယမို ဘိက္ခဝေ ကာမာနံ အာဒီနဝေါ သမ္မပ္ပညိကော ဒုက္ခက္ခန္ဓော။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သမ္မပ္ပညိကော၊ တမလွန်လောကဘဝ်ဖြစ်သော။ ဒုက္ခက္ခန္ဓော၊ အပါယ်လေးပါးသို့ ကျရတယ်ဆိုတဲ့ ဒုက္ခကြီးသည်။ ကာမာနံ၊ ကာမဂုဏ်တို့၏။ အာဒီနဝေါ၊ အပြစ်ပါပေတည်း။ ကာမဂုဏ်တို့ရဲ့ အပြစ်တွေ မမြင်သေးဘူးလား၊ ဘုန်းကြီးတို့ပရိသတ်(မြင်ပါတယ်ဘုရား)၊ အဲဒီ ကာမဂုဏ်တို့ရဲ့ အပြစ်ကို မြင်ပြီးတော့၊ ကာမဂုဏ်မှ မလွတ်ချင်ကြဘူးလား၊ လွတ်ချင်ရင် ခုန ပါဠိတော် ပြန်လာခဲ့။

✓ ကာမေသု ဗြဟ္မစရိယဝါ။ ကာမေသု၊ ရူပသဒ္ဒ စသည် အာရုံ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ ယခုဟောခဲ့တဲ့ အပြစ်ကို။ ဒိသွာ၊ မြင်သည်ဖြစ်၍။ ဗြဟ္မစရိယဝါ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါးကို ကျင့်သောအကျင့်ရှိသော ပုဂ္ဂိုလ်သည်။ လောကေ၊ လောကဘ်၌။ သန္တုဿိတော၊ ရောင့်ရဲလွယ်သည်။ ဟောတိ၊ ဖြစ်ပါလေတော့သတည်း။

သာဓု သာဓု သာဓု။

✓ **အကျင့်မြတ်ခေါ်ပုံ။** ။ဗြဟ္မစရိယဝါ-လို့ ဆိုတာ ဘုန်းကြီးတို့ စာပေနယ်မှာ ဘာပြောသလဲလို့ဆိုတော့ မနဝါ၊ ဥစ္စာရှိသောသူ။ ပညဝါ၊ ပညာရှိသောသူ။ ဂုဏဝါ၊ ဂုဏ်ရှိသောသူလို့ ဒီလိုအနက်ပေးထားတာ ရှိတယ်။ ဗြဟ္မစရိယဝါ-လို့ ဆိုတာ မြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်လို့ဆိုတယ်။ မြတ်သော အကျင့်ဆိုတာ—

✓ **အပိ စ နိပ္ပရိယာယေန** ဗြဟ္မစရိယံ ဝုစ္စတိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ-တဲ့။ စူဠနိဒ္ဒေသ ပါဠိတော်(နှာ-၄၂)က အင်္ဂါရှစ်ပါးနှင့်ပြည့်စုံတဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-လို့ခေါ်တဲ့ အဲဒီ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော အရိယာမဂ်ကို ကျင့်သုံးပြီးသောပုဂ္ဂိုလ်ကို ဗြဟ္မစရိယဝါ-လို့ခေါ်တယ်။

✓ **တရာနာဝုဂ္ဂိုလ် မဂ္ဂင် ဂ-ပါး ဖြစ်နေပုံ။** ။ဘုန်းကြီးတို့ ပရိသတ်မှာ ဒီမြတ်သော အကျင့်ဆိုတာ ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ သူအသက်လဲ မသတ်ဘူး သူဥစ္စာလဲ မခိုးဘူး ကာမဂုဏ်တို့၌ မှားယွင်းသောအားဖြင့် မကျင့်ဘူး၊ ကာယဒုစရိုက်သုံးပါး လုံးနေ

http://www.dhammadownload.com

ပြီဆိုတော့ သမ္မာကမ္မန္တမဂ္ဂင်။ ခုနေအခါ ဘုန်းကြီးတို့ ပရိသတ် ဝစီဒုစရိုက် လေးပါး လုံမနေဘူးလား (လုံနေပါတယ်ဘုရား)၊ ဒါ သမ္မာဝါစာမဂ္ဂင်။ အသက်မွေးမှုနဲ့ ပတ်သက်ပြီးတော့ ဒုစရိုက်တရား ခုနစ်ပါးကို လွန်ကျူးသေးသလား မလွန်းကျူးဘူးလား၊ (မလွန်ကျူးပါဘုရား)၊ ဒါ သမ္မာအာဇီဝမဂ္ဂင်။ ဟော သီလမဂ္ဂင်သုံးခု ရမနေဘူးလား (ရနေပါတယ်ဘုရား)။

ဝိညာဏ် နာမ် ရုပ်တဲ့ မှန်တာကို ရှုနေသလား ရှုမနေဘူးလား (ရှုနေပါတယ်ဘုရား)၊ ဒါ သမ္မာဒိဋ္ဌိမဂ္ဂင်။ အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဘယ်သူက လုပ်ပေးသလဲ ဆိုတော့ သမ္မာသက်ပွ မဂ္ဂင် တည်းဟူသော ဝိတက် စေတသိက်က၊ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်တို့ရဲ့ ဖြစ်ပုံ ပျက်ပုံ အလုံးစုံတွေကို သူကြံစည် စဉ်းစားပြီးတော့ ပေးတယ်တဲ့၊ သမ္မသက်ပွမဂ္ဂင် ဆိုတဲ့ အဲဒီ တရားကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်တယ်၊ ဒါ ပညာမဂ္ဂင်။

မိမိအားထုတ်နေတဲ့ အာရုံက တခြားကို စိတ်မရောက်အောင် ထိန်းထားသလား ထိန်းမထားဘူးလား (ထိန်းထားပါတယ်ဘုရား)၊ အဲဒါ သမ္မာဝါယာမမဂ္ဂင်လို့ခေါ်တယ်။ အာရုံတခု ဝိပဿနာရဲ့အာရုံ မိမိရဲ့အသိဉာဏ်ထဲမှာ ထင်ရှားနေသလား ထင်ရှားမနေဘူးလား (ထင်ရှားနေပါတယ်ဘုရား)၊ ဒါ သမ္မာသတိမဂ္ဂင်လို့ခေါ်တယ်။ အဲဒီ အာရုံပေါ်လာနေပြီး တခြားစိတ်တွေ ပျံ့သေးသလား မပျံ့ဘူးလား (မပျံ့ပါဘုရား)၊ အဲဒါ သမ္မာသမာဓိမဂ္ဂင်လို့ခေါ်တယ်။ အဲဒီ မဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်နေရင် ဒီ မဂ္ဂင်ရှစ်ပါး ကိုယ့်မှာရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီ မဂ္ဂင်ရှစ်ပါးရှိနေတဲ့ပုဂ္ဂိုလ်ကို ပြဟ္မစရိယဝါ ပုဂ္ဂိုလ်လို့ခေါ်တယ်။

ပြဟ္မစရိယဝါ=မဂ္ဂင်ရှစ်ပါး အကျင့်တရားရှိသောသူ။ဂုဏ်ဝါ=ကို ဂုဏ်ရှိသောသူလို့ ခေါ်သလို၊ ဓနဝါ=ဥစ္စာပစ္စည်းရှိသူလို့ ခေါ်သလို၊ပညဝါ=ပညာရှိပုဂ္ဂိုလ်လို့ ခေါ်သလို၊ ပြဟ္မစရိယဝါ=မြတ်သောမဂ္ဂင်ရှစ်ပါး အကျင့်ရှိသောပုဂ္ဂိုလ်နော်၊ (မှန်ပါဘုရား)။

တင်းတိမ်ရောင့်ရဲသော ပုဂ္ဂိုလ်များ။　။အဲဒီလိုပုဂ္ဂိုလ်မျိုးဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ကာမဂုဏ်ရဲ့အပြစ်ကို မြင်နိုင်မှ ဒီအကျင့်ကို ကျင့်နိုင်မယ်၊ ကာမဂုဏ်ရဲ့အပြစ်ကိုမမြင်ရင် (မကျင့်နိုင်ပါဘုရား)၊ ခု ဘုန်းကြီးတို့ ပရိသတ် ပြောခဲ့တဲ့ ကာမဂုဏ်ရဲ့အပြစ်ကိုမြင်လို့ အဲဒီ မဂ္ဂင်ရှစ်ပါး အကျင့်ကိုကျင့်လို့ ပြဟ္မစရိယဝါ ပုဂ္ဂိုလ်ဖြစ်နေရင် ဝတ္ထုအာရုံ ကာမဂုဏ်ငါးပါး အပေါ်မှာ မရောင့်ရဲနိုင်ဘူးလား (ရောင့်ရဲနိုင်ပါတယ်ဘုရား)၊ အလိုမပြည့်နိုင်ဘူးလား (ပြည့်နိုင်ပါတယ်ဘုရား)။

http://www.dhammadownload.com

ဒါကြောင့် မြတ်စွာဘုရားက တိဿမေတ္တေယျမေးတဲ့ အမေးမှာ ဘယ်လို ပဂ္ဂိုလ်မျိုးသည် တင်းတိမ်ဆောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်ပါသလဲဘုရားလို့ မေးတဲ့ အမေးကို မြတ်စွာဘုရားက—

"ကာမေသု ပြဟ္မစရိယဝါ"။

မေတ္တေယျ၊ မေတ္တေယျ။ ကာမေသု၊ ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ ယခုပြောခဲ့တဲ့ ဟောခဲ့တဲ့ ကာမဂုဏ်ရဲ့အပြစ်တွေကို။ ဒိဿာ၊ မြင်ကြ ကုန်သည်ဖြစ်၍။ ပြဟ္မစရိယဝါ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်သောပုဂ္ဂိုလ် သည်။ **လောကေ**၊ လောကဌ်။ သန္တုဿိတော၊ အာရုံငါးပါး ကာမဂုဏ်တရားနဲ့ ပတ်သက်၍ ပြည့်စုံသော အကြံအစည်ရှိသော တင်းတိမ်ဆောင့်ရဲနိုင်သော ပုဂ္ဂိုလ် သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါလေတော့သတည်း။

သာဓု သာဓု သာဓု။

တိဿမေတ္တေယျသုတ္တန် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

၂-တိဿမေတ္တေယျသုတ္တန် ဒုတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၁၄) ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ကြီးအတွင်းရှိ ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ငန်းနဲ့ အလုပ်ဆက်ပုံတွေကို ဟောကြား အပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော တိဿ-ပေတ္တေယျသုတ္တန် ဒုတိယပိုင်း တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီ ဒုတိယပိုင်း တရားတော်ကို မဟောမီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုး ကြရအောင် အမျိုးကောင်းသား-သမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ရွတ်ဆိုပြီး ဘုရားရှိခိုးမယ်။ ဘုန်းကြီး ရှိခိုးရွတ်ဆိုတဲ့ ဘုရားရှိခိုးမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးများ မြတ်စွာဘုရားရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါပွါးများ နိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရှေနည်းအတိုင်း အနက်ပေးပါ။)

ရိုသေစွာနှလုံးသွင်းရန် တိုက်တွန်းချက်။ ။မြတ်စွာဘုရားကို ရိုသေမြတ်နိုးလက်စုံ မိုးပြီးတော့ တရားဟော တရားနာ ပုဂ္ဂိုလ်တို့၏ အနေဖြင့် ရှိခိုးပြီးတဲ့အခါ ထိုမြတ်စွာဘုရား ဟောကြားတော် မူတဲ့ နည်းအတိုင်း တရားဟောတဲ့ ပုဂ္ဂိုလ်ကလဲ ဟောရပါလိမ့်မယ်၊ တရားနာတဲ့ ပုဂ္ဂိုလ်ကလဲ မြတ်စွာဘုရား ဟောတော်မူတဲ့ ပုံစံအတိုင်း နာကြရလိမ့်မယ်၊ ရိုရိုသေသေ တရားနာကြပါ။

မြတ်စွာဘုရားက တရားဟောခါနီးမှာ–တံ သုဏာထ သာဓုကံ မနသိကရော-ထ-လို့ သုတ္တန်ပါဠိတော်မှာ ဟောတိုင်း ဟောတိုင်း ဒီစကားကို မြတ်စွာဘုရား ထည့်ပြီးတော့ မိန့်တော်မူပါတယ်။

တံ၊ ထို ငါဘုရား ဟောကြားလတ္တံ့ ဖြစ်တဲ့ တရားကို။ တုမှေ၊ သင်ချစ်သား တို့သည်။ သာဓုကံ၊ ကောင်းစွာ။ သုဏာထ၊ နားထောင်ကြကုန်လော့။ သာဓုကံ၊

http://www.dhammadownload.com

ကောင်းမွန်ရှိသေစွာ။ မနသိကရောထ၊ စိတ်ထဲမှတ်မိအောင် နှလုံးသွင်းကြကုန်လော့။ ဘာသိဿာမိ၊ ဟောကြားတော်အံ့။

တရားနာနည်းနှင့် နှလုံးသွင်းနည်း။ ။မြတ်စွာဘုရား ဒီလိုဘဲ တရားဟောခါနီးမှာ တရားနာတဲ့ပရိသတ်ကို မြတ်စွာဘုရား တိုက်တွန်း ဆုံးမတော်မူပါတယ်။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးများကလဲဘဲ ဆရာတော် သံဃာတော်များ တရားဟောတော် မူတော့မယ်၊ ဟောပြီလို့ဆိုတဲ့ အချိန်မှာ ဟောကြားတော်မူမဲ့တရားတော်ကို ကောင်းမွန်ရှိသေစွာနဲ့ နာယူမှတ်သားကြပါ၊ ကောင်းမွန်ရှိသေစွာနဲ့ နာယူမှတ်သားတယ်ဆိုတာ ဘယ်လိုလဲ နားထောင်ရုံတင် မဟုတ်ဘူး၊ ဟောနေတဲ့တရားတော်ကို မှတ်မိအောင် အားထုတ်မယ်လို့ ဒီလိုစိတ်ကိုထားပြီးတော့ မမှတ်မိရင် မှတ်မိအောင် ဆိုပြီးတော့ အလုံးတိုင်း-အလုံးတိုင်း သတိမလွတ်အောင် ထားပြီးတော့ တရားနာရမယ်၊ ဟုတ်လား–ဘုန်းကြီးတို့ပရိသတ် (မှန်ပါဘုရား)။

တိဿမေတ္တေယျ ရသေ့ပညာရှိမေးတဲ့ မေးခွန်းတွေကို မြတ်စွာသခင်ကိုယ်တော်မြတ်က ဖြေခဲ့တာ ဘယ်နှစ်ချက်လဲ (ငါးချက်ပါဘုရား)၊ မေးတာ ဘယ်နှစ်ချက်လဲ (ငါးချက်ပါဘုရား)။

ပြောတိုင်းမှတ်ပါမှ ပြောရကျိုးရှိပုံ။ ။နေရာကျလိုက်တာ အဲသလောက်မှတ်မိသွားတယ်ဆိုရင် တရားဟောတဲ့ ပုဂ္ဂိုလ်ပင်ပန်းခံရကျိုး နပ်ပါပြီ၊ အော်-သူတို့ ကြိုးစားပြီးတော့ နာကြသားဘဲလို့၊ ဟောတဲ့ပုဂ္ဂိုလ်ကလဲ စေတနာကို ဘာမှ မငဲ့ကွက်ဘဲနဲ့ တရားနာတဲ့ ပရိသတ်က ဒီလို မြင့်မြတ်တဲ့ တရားတော်ကြီးတွေ, မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတဲ့ ပါဠိတော်တရားတွေကို သူတို့နားထဲ ရောက်ကြပါစေ-လို့ဆိုတဲ့ ဒီ-စေတနာတခုတည်းကို အဓိကထားပြီး ပါဠိတော်ကို စုံနိုင်သရွေ့ စုံအောင် ဘုန်းကြီးထည့်ပြီး ပြောပေးနေတာ။

ပါရာယနသုတ္တန်မှာ တိဿမေတ္တေယျ လျှောက်ထားတဲ့ သုတ္တန်ကတော့ဖြင့် ဂါထာကလေးတပုဒ်၊ မြတ်စွာဘုရား ဖြေတော်မူတာက ဂါထာနှစ်ပုဒ်၊ ဒီလောက်ဘဲရှိတယ်၊ သိပ်ပြီးတော့ ရှည်လှတယ်မဟုတ်ပါဘူး၊ ရှည်တာက ဘယ်သူရှည်နေတာလဲ၊ သုတ္တန်ကတော့ သိပ်ပြီးတော့ ရှည်လှတယ် မဟုတ်ပါဘူး၊ ဘာပြုလို့ ဒီ-ဆရာတော်က ဒါလောက်တောင် ရှည်နေရတာလဲ သုတ္တန်က မရှည်ဘဲနဲ့၊ ဘုန်းကြီးတို့ ပရိသတ်အပေါ်မှာ စေတနာတွေ ဘယ်လောက်ထားနေသလဲလို့ ဆိုတော့ ပါရာယနဝဂ်နဲ့ ပတ်သက်ပြီးတော့ ဟောကြားထားတဲ့ ထိုထို ပါဠိတော်မှာရှိတဲ့ သုတ္တန်တွေဟာ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်နဲ့ ဘုန်းကြီးတို့ ပရိသတ် နားထဲမှာ မြတ်စွာဘုရားရဲ့ ပါဠိတော်ကြီးတွေ ရောက်ကြပါစေတော့လို့

http://www.dhammadownload.com

ဆိုတဲ့ စေတနာတွေ ပြည့်ပြည့်ဝဝကြီး ထားနေသည်ဖြစ်သောကြောင့် ရှည်ပေးနေရတာနော် (မှန်ပါဘုရား)၊ အချိန်တွေပြည့်ပြည့်သွားလို့သာ ရထားတဲ့ သုတ္တန်တွေကို အတော်ခပ်များများ ဒီ-အထဲ ထည့်သွင်း ပြောပေးတာ ဟုတ်လား (မှန်ပါဘုရား)၊ ဒီကနေ့လဲဘဲ ဒီ-သုတ္တန် ဒီညဆုံးဘို့တော့ ဘုန်းကြီး ရည်ရွယ်ထားတယ်၊ ရောက်သလောက်တော့ဖြင့် ဘုန်းကြီးတို့ ဆက်ပြီး ဟောကြစို့ရဲ့။

ဟောတော်မူတဲ့ တရားတော်ကို ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားက ပြန်ဖြေတဲ့အဖြေဟာ တပိုဒ်ပြီးသွားပြီ၊ ညတုန်းက လောကမှာ အလိုဆန္ဒတွေအားလုံး ပြည့်စုံပြီးတော့ တင်းတိမ်ဆောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲဘုရား-လို့ တိသာမေတ္တေယျက မေးတယ်နော် (မှန်ပါဘုရား)၊ ဒီ-အမေးကို ဖြေပြီးပြီ ညတုန်းက၊ ကာမဂုဏ်တို့ရဲ့ အာဒီနဝကို မြင်ပြီးတော့ မဂ္ဂင်္ဂစ်ပါး အကျင့်တရားကို ကျင့်သုံးနေတဲ့ပုဂ္ဂိုလ်များသည် ပရိပုဏ္ဏသင်္ကပ-လို့ ခေါ်တဲ့ အကြဲအစည်အားလုံးတွေ ပြည့်စုံပြီးတော့ လောကမှာ တင်းတိမ်ဆောင့်ရဲနိုင်တဲ့ ပုဂ္ဂိုလ်တဦး ဖြစ်ပါတယ်ဆိုတာ မြတ်စွာဘုရား ဖြေပြီးပြီနော်။ (မှန်ပါဘုရား)။

ကာမဂုဏ်အပြစ်များပုံ။ ။ကာမဂုဏ်ရဲ့ အာဒီနဝတို့ကိုလဲ ဘုန်းကြီးညကပြောခဲ့ပြီးပြီ အပြစ်တွေကို၊ ပေါ်တလိယသုတ္တန်မှာ ဟောထားတဲ့ ကာမဂုဏ်ရဲ့ အပြစ်တွေ ရှိသေးတယ်၊ အဲဒီ-ပါဠိတော် နှာ(၂၇-၃၀)မှာ ဘတ်ကြည့်ကြ၊ နဲနဲတော့ ပြောပေးဦးမယ်—

အဋ္ဌိကင်္ကလူပမာ ကာမာ ဝုတ္တာ ဘဂဝတာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယ္ယော[1]။

အပြစ်မြင်နိုင်မှ စွန့်နိုင်ပုံ။ ။ကာမဂုဏ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ်များ—ဒီ-ကာမဂုဏ်ရဲ့ အပြစ်ကို မမြင်မချင်း ကာမဂုဏ်နားက မခွါနိုင်ဘူးနော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားကိုယ်တော်မြတ်က တရားဟောတော်မူတဲ့အခါ ကာမာနံ အာဒီနဝကထာကို ဘယ်အခါမဆို ခွဲပြီး ဟောနေကျ။ ဒါနကထာဆိုတာ လှူဘို့တန်းဘို့ကို ဟောတာ၊ သီလကထာဆိုတာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့ ဟောတာ၊ အဲဒီ လှူဘို့တန်းဘို့ချည်း ဟောနေလို့ မဖြစ်သေးဘူး၊ ကာမဂုဏ်တွေကို စွန့်နိုင်အောင် အဲဒီ ကာမဂုဏ်ရဲ့ အပြစ်တွေကို ဖော်ပြပေးနေတဲ့ ကာမာနံ အာဒီနဝကိုလဲ ဟောပေးဦးမှဖြစ်မှာ ဟုတ်လား (မှန်ပါဘုရား)၊ ကာမဂုဏ်ရဲ့ အာဒီနဝတွေကို နှစ်သက်မြတ်နိုးနေတဲ့ ရွှေငွေ ဘဏ္ဍာရတနာအသုံးအဆောင်လို့ဆိုတဲ့ ဥစ္စာပစ္စည်းတွေရဲ့ အပြစ်ကို

၁။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် နှာ-၂၇။

http://www.dhammadownload.com

မမြင်နိုင်ရင် စွန့်နိုင်ပါ့မလား၊ (မစွန့်နိုင်ပါဘုရား)၊ မစွန့်နိုင်ရင် ဒါနကုသိုလ် ဖြစ်ပါမလား (မဖြစ်ပါဘုရား)။

ဒီတော့ ဒီ-ကာမဂုဏ်တွေရဲ့ အပြစ်တွေကို ဘုန်းကြီးတို့ ညတုန်းက မဟာ ဒုက္ခက္ခန္ဓသုတ္တန်ထဲ ပါတဲ့အတိုင်း ဟောပေးခဲ့ပြီ ၊ ခုနေအခါ ဟောရမှာက ကာမဂုဏ်ရဲ့ အပြစ်တွေ ညက မကုန်သေးဘူး ကျန်သေးတယ်၊ ကာမဂုဏ်ဆိုတာ ကာမဂုဏ်ချမ်းသာကို ခံစားတဲ့ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသလဲဆိုတော့—

အရိုးကပ်သောအသားနှင့် တူပုံဥပမာ။ ။ပေါတလိယသုတ္တန်မှာမြတ်စွာဘုရား ဟောထားတယ်၊ အင်မတန် ကျွမ်းကျင်တဲ့ နွားသတ်သမားဟာ နွားရဲ့အရိုးကို အသားတွေကုန်အောင် ခြစ်ပြီး ထားလိုက်တယ်၊ ကျွမ်းကျင်တဲ့ နွားသတ်သမားဆိုတော့ အရိုးကို အသားကုန်အောင် တခါထဲခြစ်ပြီး ထားတယ်၊ သွေးလေးဘာလေး နဲနဲပါးပါး လူးနေတဲ့ အရိုးကို ပစ်ပေးလိုက်ရင် အနားမှာထိုင်နေတဲ့ ခွေးဟာ ဒီနွားသတ်သမားပစ်ပေးလိုက်တဲ့ အမဲရိုးကို ခဲသဒြးမလား ခဲမထားဘူးလား(ခဲထားပါမယ်ဘုရား)၊ သွားရေတမြားမြားနဲ့တော့ သူကိုက်နေမှာဘဲ၊ အာသာပြေမလား မပြေဘူးလား (မပြေပါဘုရား)၊ ကာမဂုဏ်ချမ်းသာဆိုတာ ဘယ်တော့မှ အာသာမပြေနိုင်ဘူး ချစ်သားတို့-တဲ့။

အဲဒီ နွားသတ်သမား ပစ်ပေးလိုက်တဲ့ အမဲရိုးကို ကိုက်နေတဲ့ ခွေးဟာ ဒီအမဲရိုးကို ကိုက်နေသရွေ့ကာလပတ်လုံး သူ အာသာပြေမလား မပြေဘူးလား၊ (မပြေပါဘုရား)၊ အာသာမပြေလေ ကိုက်လေ လျှာနဲ့ လျက်လေ အနားကို ခွေးတကောင်လာတာ မြင်ရင် ဘယ့်နဲ့နေသလဲ မာန်တွေဖီပြီးတော့ သွားနားမကပ်နဲ့၊ ဒါပေမဲ့ သူလျက်ပြီးနေရတဲ့ အမဲရိုးကတော့ဖြင့် အာသာပြေသလား၊ မပြေဘူးလား (မပြေပါဘုရား)။

ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးများ ဝတ္ထုအာရုံ ကာမဂုဏ်ဆိုတာ ခံစားလို့ ဘယ်တော့မှ အာသာမပြေဘူး၊ အမဲရိုးကို ခွေးလျက်သလိုဘဲတဲ့ မြတ်စွာဘုရားက။

အဋ္ဌကက်လူပမာ ကာမာ ဝုတ္တာ ဘဂဝတာ။ ဘဂဝတာ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ ကာမာ၊ ကာမဂုဏ်တို့ကို။ အဋ္ဌကက်လူပမာ၊ အမဲရိုးမှာ ကပ်နေတဲ့ အသားကပ်ကို ခွေးလျက်တဲ့ အနေမျိုးအားဖြင့် ဥပမာ ရှိသည်ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ကာမာ၊ ကာမဂုဏ် ချမ်းသာလို့ဆိုတဲ့ တရားတို့သည်။ အပ္ပဿာဒါ၊ သာယာဖွယ်က နည်းပါးလှကုန်

http://www.dhammadownload.com

၏။ ဗဟုဒုက္ခာ၊ များသော ဆင်းရဲခြင်း ရှိကုန်၏။ ဗဟုပါယာသာ၊ များသော ပင်ပန်းခြင်း ရှိကြကုန်၏။ ထို့ကြောင့် ဤကာမဂုဏ်ချမ်းသာကို ခံစားတယ်ဆိုတဲ့ နေရာ၌။ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ များလှပါပေ၏။ မြတ်စွာဘုရား ဟောထားတာ ပေါတလိယသုတ်မှာ-နော် (မှန်ပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်များ ကာမဂုဏ်တွေ ခံစားရတာ အပြစ်တွေ မများဘူလား (များပါတယ်ဘုရား)၊ ဘယ်တော့ အာသာပြေမလဲ (မပြေပါဘုရား)။ အာသာမပြေတဲ့ ဘယ်တော့မှ ပြုတ်လို့ မနူးနိုင်တဲ့ ဒီ အမဲရိုးကြီးနဲ့တူတဲ့ ကာမဂုဏ်တွေကို ဆက်ပြီးတော့ ပြုတ်နေဦးမှာလား (မပြုတ်တော့ပါဘုရား)၊ စွန့်ဘို့ မတော်သေးဘူးလား (တော်ပါပြီဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် ဒီ ကာမဂုဏ်တွေကို စွန့်ဘို့မတော်သေးဘူးလား (တော်ပါပြီဘုရား)၊ ဘယ်တော့ စွန့်ကြမလဲ (စွန့်ချိန်တန်ရင် စွန့်နိုင်ဘို့ အရေးကြီးတယ်)၊ အဲဒီ အာဒီနဝကို မြင်အောင်ကြည့်ရင် ညက ဘုန်းကြီးဟောပေးခဲ့တဲ့ ကာမဂုဏ်ရဲ့ အာဒီနဝတွေကို မြင်အောင်ကြည့်ရင် ဒီ ကာမဂုဏ်နောက် လိုက်ပါဦးမလား (မလိုက်တော့ပါဘုရား)၊ ဒါ မြတ်စွာဘုရားက ကာမဂုဏ်ကို အင်္ဂိကဏ်လူပမာ-လို့ ဥပမာပေးဟောတာ၊ နောက်တနည်း ဟောသေးတယ် မြတ်စွာဘုရားက---

"မံသပေသူပမာ ကာမာ ဝုတ္တာ ဘဂဝတာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဇတ္ထ ဘိယျော။ ချစ်သားတို့ ကာမဂုဏ်ဆိုတာ ဘာနဲ့တူသလဲဆိုရင် (သဗ္ဗသာဓာရဏာနည်းတဲ့၊ လူတိုင်း လူတိုင်းနဲ့ ဆက်ဆံတယ်-လို့ ပြောတာ)။

ဘဂဝတာ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူပေသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ကာမာ၊ ကာမဂုဏ်တို့ကို။ မံသ ပေသူ-ပမာ၊ အသားတစ်နဲ့ ဥပမာတူ၏ ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

သားတစ်နှင့်တူသော ကာမဂုဏ်။ ။ဘယ်လိုလဲ အဓိပ္ပါယ်က ကျီးတကောင် စွန်တကောင် အသားတစ်ကို ချီလာတယ် ဆိုပါတော့၊ သားတစ်ကိုချီလာတဲ့ စွန်ကို ကျီးကို တခြား တခြားသော ငှက်တွေက ဆိတ်ကြမလား၊ မဆိတ်ကြဘူးလား (ဆိတ်ကြပါတယ်ဘုရား)၊ ခြေသည်းနဲ့ ကုတ်တဲ့ ငှက်ကကုတ်၊ အတောင်ပံနဲ့ ပုတ်တဲ့ငှက်ကပုတ်နဲ့ ဘာပြုလို့ ဒီငှက်တကောင်ကို အားလုံးသော ငှက်တွေက ထိုးဆိတ်နေကြတာလဲလို့ ဆိုတာ ဘုန်းကြီးတို့ ပရိသတ် မြင်လား (မြင်ပါတယ်ဘုရား)၊ ဘာဖြစ်လို့လဲ (သားတစ်ကြောင့်ပါ ဘုရား)၊ အဲဒီ အသားတစ်ကို မစွန့်သရွေ့ကာလပတ်လုံး ဒီငှက်ကို အားလုံးသော ငှက်တွေက ထိုးဆိတ်နေမလား၊ မထိုးဆိတ်ကြဘူးလား (ထိုးဆိတ်နေကြပါမယ်ဘုရား)၊ ဒီ သားတစ်ကို စွန့်လိုက်သည်နှင့် တပြိုင်နက် အဲဒီငှက်ကို အားလုံးသော ငှက်တွေက ဝိုင်းပြီးတော့ ထိုးကြ ဆိတ်ကြသေးရဲ့လား (မထိုးဆိတ်တော့ပါဘုရား)။

http://www.dhammadownload.com

သားတစ်ကို မစွန့်သရွေ့ကာလပတ်လုံး အထိုး အဆိတ်တွေ့ သက်သာမလား၊ မသက်သာဘူးလား (မသက်သာပါဘုရား)၊ သားတစ်ကို စွန့်လိုက်သည်နှင့် တပြိုင်နက်ထဲ ထိုးတဲ့ ဆိတ်တဲ့ ဒုက္ခတွေ ချက်ချင်းဘဲ သက်သာသွားမလား၊ သက်သာမသွားဘူးလား(သက်သာသွားပါတယ်ဘုရား)၊ဒါလက်တွေ့-နော် (မှန်ပါဘုရား)၊ နောင်ဘဝမှာ မဟုတ်ဘူး-နော် ဘုန်းကြီးတို့ အမျိုးကောင်းသား သမီး-များ၊ စီးပွါးဥစ္စာ ရတနာ ရွှေငွေ၊ နှစ်သက်တဲ့ အာရုံ၊ နှစ်သက်တဲ့ကာမဂုဏ် ချမ်းသာဆိုတာ အဲဒီ သားတစ်ကို ယူထားတဲ့ ဥက်နဲ့တူတယ်၊ ကာမဂုဏ်ကို စွဲကိုင်ထားတဲ့ အမျိုးကောင်းသား – သမီးတွေနော် (မှန်ပါဘုရား)။

သရဏ်ပင်ကြောင့် သံဝေဂဖြစ်ပုံဥပမာ။ ။အဲဒီ ကာမဂုဏ်ကို သိမ်းပိုက်ထားတဲ့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ဒီကာမဂုဏ်ကို အလိုရှိနေသည် ဖြစ်သောကြောင့် ဝိုင်းပြီးတော့ ရိုက်ကြ နှက်ကြ သတ်ကြ ဖြတ်ကြ ကြားဘူးသလား ဘုန်းကြီးတို့ ပရိသတ် (ကြားဘူးပါတယ်ဘုရား)၊ ဒါတောင် သံဝေဂ ဖြစ်သလား၊ မဖြစ်သေးဘူးလား (မဖြစ်ပါဘုရား)၊ ရှေးက ပုဂ္ဂိုလ်တွေဟာ သရဏ်ပင် သရဏ်သီးတွေ မြင်လို့ သူတပါးဝိုင်းပြီးတော့ ပစ်ကြ ခတ်ကြ မြင်တာနဲ့ဘဲ သံဝေဂဖြစ်ပြီး တိုင်းတွေ ပြည်တွေ စွန့်လွှတ် တောထွက်သွားကြတယ်။

ဘုန်းကြီးတို့ ပရိသတ်တွေ ကြားဘူးနေကြမှာဘဲ၊ ဘယ်အိမ်တက်ပြီးတော့ ယူသွားပြန်ပြီ၊ ကြိုးနဲ့တုပ်ပြီးတော့ ဘယ်သူပါးစပ်ထဲ အဝတ်တွေထည့်ပြီးတော့ ယူသွားပြန်ပြီဆိုတာတွေ ကြားဘူးသလား၊ မကြားဘူးဘူးလား (ကြားဘူးပါတယ်ဘုရား)၊ ဘာဖြစ်လို့ ဒီလူ အသတ်ခံရသလဲ၊ အဲဒီ ကာမဂုဏ် တည်းဟူသော သားတစ်တွေကို အားလုံးက လိုချင်တယ်၊ ကာမဂုဏ်အာရုံတွေကို သူက သိမ်းပိုက်ထားတာ ဟုတ်လား (မှန်ပါဘုရား)။

ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ သာယာဘွယ်ကနည်းပြီးတော့။ ဗဟုဒုက္ခာ၊ များသောဆင်းရဲရှိကြကုန်၏။ ဗဟုပါယာသာ၊ များသောအပြစ်တွေရှိကြကုန်၏၊ ပင်ပန်းခြင်းရှိကြကုန်၏။ ထို့ကြောင့် ဤကာမဂုဏ်ချမ်းသာ၌ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ များလှပါပေ၏။

သာယာဖွယ်နည်းသောကာမဂုဏ်။ ။သေရင်သေ မသေရင် သေလောက်တဲ့ ဒုက္ခကိုရတယ်၊ တခြားဘာရှိသေးသလဲ ဒီကာမဂုဏ်နဲ့ပတ်သက်လို့ (မရှိတော့ပါဘုရား)၊ ဒါလောက်များနေတဲ့ အပြစ်တွေကို မြင်ပါလျက်နဲ့ ဘုန်းကြီးတို့ ပရိသတ် ကာမဂုဏ်တွေကို မစွန့်လွှတ်နိုင်သေးဘူးဆိုရင် နော် (မှန်ပါဘုရား)၊ ဟောပေးတာကတော့ မြတ်စွာဘုရား

http://www.dhammadownload.com

တဝဝန်ဘဲ ဟုတ်လား (မှန်ပါဘုရား)၊ မစွန့်တဲ့ပုဂ္ဂိုလ်ကိုတော့ မြတ်စွာဘုရား စွန့်အောင် လုပ်ပေးနိုင်ပါ့မလား(မလုပ်နိုင်ပါဘုရား)။

မြက်မီးရှူးနှင့်တူသော ကာမဂုဏ်။ ။ကာမဂုဏ်က ဒါလောက် မကသေးပါဘူးတဲ့၊ကာမဂုဏ်တူတာဟာ မြက်မီးရှူးနဲ့လဲ တူပါသေးတယ်တဲ့၊ တိဏုက္ကူပမာ ကာမာ ဝုတ္တာ ဘဂဝတာ၊ ဟုတ်လား (မှန်ပါဘုရား)၊ နောက်က ပုဒ်တွေကတော့ ဒီ အတိုင်းဘဲ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါတ္ထ ဘိယျော ကတော့ ဒီ အတိုင်းချည်းဘဲ။ မြက်မီးရှူးကြီးကို လေတင်(လေညာ)ဘက်ကို ကိုင်သွားတဲ့သူဟာ အဲဒီစနက်သည် သူ့လက်ကို လောင်လာလေမလား လောင်မသွားဘူးလား (လောင်သွားပါတယ်ဘုရား)၊ မစွန့်သေးဘူးဆိုရင် ဘယ်လိုလဲ မီးလောင်ခံရတော့မယ်။

ဘုန်းကြီးတို့ပရိသတ်တွေ ကိုင်ထားတဲ့ ကာမဂုဏ်တွေရှိတယ် မဟုတ်လား၊ (ရှိပါတယ်ဘုရား)၊ ဘီဒိုကြီးတွေနဲ့ ထည့်ထည့်ထားလိုက်တဲ့ အဝတ်အစားတွေဟာ ကာမဂုဏ်တွေကို ကိုင်ထားတာ မဟုတ်လား(မှန်ပါဘုရား)၊ သေတ္တာကြီးတွေနဲ့ ထည့်ထည့်ထားလိုက်တဲ့ စိန်တွေ ရွှေတွေ, မီးခဲသေတ္တာကြီးတွေမှာ ထည့်ထည့်ထားလိုက်တဲ့ ပတ္တမြား ကျောက်သံ ရတနာတွေဟာ ကာမဂုဏ်ဟူသော မီးရှူးမီးတိုင်ကြီးတွေကို ကိုင်ထားတာဘဲ မဟုတ်လား(မှန်ပါဘုရား)။ ဘယ်တော့လွှတ်မလဲ ဘုန်းကြီးတို့ပရိသတ်က သေသည့်တိုင်အောင် လွှတ်မသွားဘူး၊ အလောင်မခံရဘူးလား (ခံရပါတယ်ဘုရား)၊ အလောင်ခံရတယ်နော်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ကာမဂုဏ်ချမ်းသာဆိုတာ အဲဒီအတိုင်းဘဲတဲ့ မီးရှူးကြီးနဲ့တူတယ်တဲ့၊ ဒါကြောင့်မို့ စွန့်ကြတဲ့၊ မစွန့်ရင် အလောင်ခံရလိမ့်မယ်တဲ့။ မစွန့်တဲ့ပုဂ္ဂိုလ်တွေ အလောင်ခံရတယ် မဟုတ်လား(မှန်ပါဘုရား)၊ စွန့်သွားတဲ့ပုဂ္ဂိုလ်ကျတော့ ဒီကာမဂုဏ်မီး အလောင်ခံရသေးသလား (မခံရတော့ပါဘုရား)။

ကာမဂုဏ်မီးအလောင်ခံရပြီး သေသွားရင် ဒီဘဝသာ သေမှာလားဆိုတော့ ကာမဂုဏ်မီးလောင်ပြီး သေသွားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ရောက်သလဲ (အပါယ်ရောက်ပါတယ်ဘုရား)။ အပါယ်လေးပါးရောက်မယ် ဟုတ်လား(မှန်ပါဘုရား)၊ ဒါ တိဏုက္ကူပမာ ကာမာ။ ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဟောသေးတယ်၊ ဘာဟောသလဲဆိုတော့–

ဌါးရမ်းသုံးစွဲရသည်နှင့်တူသော ကာမဂုဏ်။ ။ယာစိတကူပမာ ကာမာ ဝုတ္တာ ဘဂဝတာ။ ကာမဂုဏ်ဆိုတာဟာ သာယာနေလို့ရတာမဟုတ်ဘူးတဲ့၊ ဌါးပြီးတော့ သုံးတဲ့ပစ္စည်းနဲ့တူတယ်-တဲ့၊ ဟုတ်လား(မှန်ပါဘုရား)၊ သူတပါးပစ္စည်း ဌါးသုံးထားတဲ့သူ စိန်လက်ကောက်

http://www.dhammadownload.com

ကြီးတွေ စိန်နားကပ်ကြီးတွေ ဝတ်တဲ့ပစ္စည်းတွေမေါ့လေ ဟုတ်လား (မှန်ပါဘုရား)၊ အဲ – အဲဒါတွေ အကုန်လုံး သူတပါးထံမှ ငှါးပြီးတော့ ဝတ်ဆင်ထားရင် ပရိသတ်ထဲမှာ ဝတ်ဆင်ထားရင် တယ်တော်တဲ့ပုဂ္ဂိုလ်လို့ ဝိုင်းပြီးတော့ ချီးမွမ်းကြမှာဘဲ မဟုတ်လား(မှန်ပါဘုရား)၊ ဥစ္စာရှင်နဲ့တွေ့တော့ မင်းငါ့ပစ္စည်းတွေ ခုချက်ချင်း ပြန်ပေးလို့ဆိုပြီး ပရိသတ်ထဲမှာ ယူသွားရင် ဒီလူ ဘယ်လိုဖြစ်ကျန်ခဲ့မလဲ(ရင်ကွဲမှာပါဘုရား)၊ ပင်ပန်းကျန်ရစ်ခဲ့မယ် ဟုတ်လား (မှန်ပါဘုရား)၊ ကာမဂုဏ်ဆိုတာ ဘုန်းကြီးတို့ပရိသတ် ငှါးဝတ်တဲ့ပစ္စည်းနဲ့ တူတယ်တဲ့။ ခေတ္တကလေးသာဘဲ တော်တော်ကြာရင် သူနေရာသူ ပြန်သွားဒါဘဲတဲ့၊ အဲဒါကြောင့် ကာမဂုဏ်တွေကို စောစောစီးစီး စွန့်ပစ်ပါတဲ့ မြတ်စွာဘုရားက။

အိပ်မက်နှင့်တူသော ကာမဂုဏ်။ ။သုပိနကူပမာ ကာမာ။ဒါဟာ အိပ်မက်နဲ့ တူတယ်တဲ့ မြတ်စွာဘုရားက၊ အဲဒီ ကာမဂုဏ်ရဲ့အပြစ်တွေကို မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဒီကာမဂုဏ်အပြစ်တွေ များလာတော့ ကာမဂုဏ်က မလွတ်ချင်ဘူးလား(လွတ်ချင်ပါတယ်ဘုရား)၊ လွတ်ချင်တော့ ဘာလုပ်ရမလဲဆိုတော့ အပြစ်မြင်ရုံနဲ့ ကာမဂုဏ်က မလွတ်သေးဘူး၊ ကာမဂုဏ်က လွတ်ကြောင်းဖြစ်တဲ့ အလုပ်တွေကို လုပ်ရမလား မလုပ်ရဘူးလား(လုပ်ရပါတယ်ဘုရား)၊ ကာမဂုဏ်က လွတ်ကြောင်းဖြစ်တဲ့ အကျင့်တွေ ဟာ မဂ္ဂင်ရှစ်ပါးဘဲတဲ့ ၊"ဗြဟ္မစရိယဝါ" အဲဒီ ကာမဂုဏ်က လွတ်ကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကျင့်ဝတ်ပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ လောကမှာ ရောင့်ရဲနိုင်တဲ့ပုဂ္ဂိုလ်ဘဲလို့ဆိုတာ ညက ဘုန်းကြီးပြောပေးခဲ့ပြီ။

ဒုတိယပုစ္ဆာက ဘာတဲ့လဲ၊ ဤလောကမှာ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိတဲ့ ပုဂ္ဂိုလ်သည် ဘယ်လိုပုဂ္ဂိုလ်မျိုးပါလဲလို့ ဒီလိုမေးထားတယ်၊ ဒုတိယပုစ္ဆာက ကဿ နော သန္တိ ဣဉ္ဇိတာ-လို့နော်(မှန်ပါဘုရား)။ ကဿ၊ အဘယ်သို့သဘော ရှိသောပုဂ္ဂိုလ်အား။ ဣဉ္ဇိတာ၊ တုန်လှုပ်ခြင်း ထိတ်လန့်ခြင်း ကြောက်ရွံ့ခြင်း တို့သည်။ နော သန္တိ၊ မရှိပါကုန်သနည်း – လို့ ဒုတိယပုစ္ဆာက မေးထားတယ်။

ဒီတော့ မြတ်စွာဘုရားက ဒါကိုဟောရလိမ့်မယ်၊ ဘယ်လို ပုဂ္ဂိုလ်မျိုးသည် မထိတ်မလန့် မတုန်မလှုပ် မကြောက်ရွံ့တဲ့ ပုဂ္ဂိုလ်မျိုးလဲဆိုတာ ခိုင်ခံ့တဲ့ ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ပြမယ်လို့ –

✓ ဝီတတဏှော သဒါသတော။
သခ်ါယ နိဗ္ဗူတော ဘိက္ခု။
တဿ နော သန္တိ ဣဉ္ဇိတာ။

ယော ဘိက္ခု၊ အကြင့်ရဟန်းသည်။ ဝီတတဏှော၊ ကင်းပြီးသောတဏှာ ရှိသည်။ ဟုတွာ၊ ဖြစ်၍။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိပဋ္ဌာန်

http://www.dhammadownload.com

လေးပါးနှင့် ပြည့်စုံသည်။ ဟုတ္ဆာ၊ ဖြစ်၍။ သခ်ါယ၊ ဝိပဿနာဉာဏ်ပညာ ဖြင့် ဆင်ခြင်အပ်ပြီးသော တရားရှိသည်။ ဟုတ္ဆာ၊ ဖြစ်၍။ နိဗ္ဗူတော၊ ကိလေသာမီး ငြိမ်းအေးတော်မူ၏။ တဿ အရဟတော ခီဏာသဝဿ၊ (ဟို စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်က ဖွင့်ထားတဲ့ စကားကို ဒီမှာယူပြီး ပြောလိုက်တယ်။) ထို အာသဝေါတရားတွေ ကုန်ပြီးတော့ ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်အား။ ဣဉ္ဇိတာ၊ တဏှာဖြင့် တုန်လှုပ်ခြင်း, ဒိဋ္ဌိဖြင့် တုန်လှုပ်ခြင်းဆိုတဲ့ ကြောက်ရွံ့ တုန်လှုပ်ခြင်း တို့သည်။ နော သန္တိ၊ မရှိကုန်။

တုန်လှုပ်ခြင်းကင်းသော ပုဂ္ဂိုလ်။ ။ကြောက်ရွံ့ခြင်း တုန်လှုပ်ခြင်း ထိတ်လန့်ခြင်းမရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ သတိပဋ္ဌာန်တရားလေးပါးကို ပွါးများအားထုတ်ပြီး ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်တရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမဆိုတဲ့ ပညာနဲ့ဆင်ခြင်ပြီးတဲ့အခါ ကိလေသာ မီးငြိမ်းပြီး ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်သည် မတုန်လှုပ်တော့ဘူးတဲ့။

တုန်လှုပ်တယ်လို့ ဆိုတာ ငါးမျိုးရှိတယ် စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော် နှာ-၄၁-က ဖွင့်သေးတယ်၊ တုန်လှုပ်ထာ ဘယ်နှစ်မျိုးရှိလဲ (ငါးမျိုးရှိပါတယ်ဘုရား)၊ ဘယ်သူကြောင့် တုန်လှုပ်သလဲလို့ဆိုတော့—

တဏှာကြောင့် တုန်လှုပ်တယ်၊ ဒိဋ္ဌိကြောင့် တုန်လှုပ်တယ်၊ မာနကြောင့် တုန်လှုပ်တယ်၊ ကိလေသာကြောင့် တုန်လှုပ်တယ်၊ ကာမဂုဏ်ကြောင့် တုန်လှုပ်တယ်။

တုန်လှုပ်ခြင်းအကြောင်း။ ။တုန်လှုပ်ချောက်ချားတယ်ဆိုတာ ဘာကြောင့် တုန်လှုပ်ချောက်ချားကြသလဲ။ တဏှာကြောင့် တုန်လှုပ်ချောက်ချားတာ ရှိတယ်၊ ဒိဋ္ဌိကြောင့် တုန်လှုပ်ချောက်ချားတာ ရှိတယ်နော် (မှန်ပါဘုရား)။

တဏှာကြောင့် ဘယ်လိုနေရာတွေမှာ တုန်လှုပ်နေသလဲဆိုတော့ တဏှာကြောင့် တုန်လှုပ်ခြင်းက ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အဲဒီ အာရုံတွေကို ပြောင်းရွှေ့လှုပ်ရှားတယ်၊ ဒါ တဏှာဟုတ်လား (မှန်ပါဘုရား)။

မာနဖြင့် လှုပ်ရှားခြင်းကတော့ ထိုထိုအာရုံ သတ္တဝါဘုံဌာနများကို အတည်အခိုင်အမှတ်ပြုခြင်းဖြင့် တုန်လှုပ်တယ်၊ သတိပဋ္ဌာန်တရားလေးပါးနဲ့ ပြည့်စုံပြီးတော့ ဝိပဿနာပညာနဲ့ ပြည့်စုံပြီးတော့ ရှုပွါးနေတဲ့အတွက် ကိလေသာမီး ငြိမ်းအေးပြီးသားဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်မှာ တဏှာဖြင့် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတွေ ပြောင်းရွှေ့လှုပ်ရှားခြင်း ရှိသေးသလား မရှိတော့ဘူးလား (မရှိတော့ပါဘုရား)၊

http://www.dhammadownload.com

ဒိဋ္ဌဖြင့် ပုဂ္ဂိုလ်အမျိုးမျိုး ဘဝအမျိုးမျိုး **ဘုံအမျိုးမျိုး**ကို ပြောင်းလွှဲလှုပ်ရှားခြင်း ရှိသေးသလား မရှိတော့ဘူးလား (**မရှိတော့**ပါဘုရား)၊ မရှိတော့ဘူးနော် (မှန်ပါဘုရား)။

ဒီနေရာမှာတော့ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က တဏှာနဲ့ဒိဋ္ဌကို ဘုန်းကြီးပြီးခဲ့တဲ့ အဇိတသုတ္တန်ကလဲ တော်တော်ကလေး ကျယ်ကျယ်ဟောထားတာဖြစ်တော့ နောက်ပိုင်းကျတော့မှ ဒီတဏှာနဲ့ ဒိဋ္ဌကို ကျယ်ကျယ်ကလေး ဟောပေးဦးမယ်၊ ဘုန်းကြီးတို့ပရိသတ် မှတ်သားဘို့ကတော့ဖြင့် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်သည် ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပါသလဲလို့ဆိုတော့ ရဟန္တာပုဂ္ဂိုလ်သည် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘူး။ အဲဒီလို မှတ်ထားရမယ်၊ ဒီပါဠိတော်ရဲ့ အဖြေနော် (မှန်ပါဘုရား)၊ ပြောင်းလွှဲတယ်၊ တုန်လှုပ်တယ်ဆိုတာ တဏှာဒိဋ္ဌတို့ဖြင့် တစုံတခုသော အာရုံကို အမှီပြုနေတဲ့ပုဂ္ဂိုလ်မှ လှုပ်လို့ရတာ။

လှုပ်ရှားပုံအမျိုးမျိုး။ ။နိဿိတဿ စလိတံ၊ ဥဒါန်းပါဠိတော် ပါဠလိဂါမိယဝဂ် နှာ-၁၇၉ မှာလာတဲ့ စကား၊ နိဿိတဿ၊ တဏှာနဲ့ ဒိဋ္ဌကို အမှီပြုနေသော ပုဂ္ဂိုလ်အား။ **စ**လိတံ၊ တုန်လှုပ်ခြင်းသည်။ အတ္ထိ၊ **ရှိ**၏။ ဟုတ်လား (မှန်ပါဘုရား)၊ ရူပါရုံအမျိုးမျိုးကို ပြောင်းလွှဲလှုပ်ရှားတယ်၊ သဒ္ဒါရုံအမျိုးမျိုးကို ပြောင်းလွှဲ လှုပ်ရှားတယ်၊ ဂန္ဓာရုံအမျိုးမျိုးကို ပြောင်းလွှဲ လှုပ်ရှားတယ်၊ ရပ်တည်ပြီးတော့ မနေဘူး၊ ဒီ ရူပါရုံတခုပြီးတော့ ဟို ရူပါရုံတခုကို သူကပြောင်းရွှေ့ပြီးတော့ လှုပ်ရှားသွားတယ်၊ အဲဒါ ဘယ်သူလဲဆိုတော့ တဏှာ၊ ဟိုဘဝအသီးသီး ပုဂ္ဂိုလ်အသီးသီးမှာ ပြောင်းတယ်ဆိုတာ ဒိဋ္ဌ၊ အဲဒီ ဒိဋ္ဌရဲ့အကျယ်ကို ဘုန်းကြီး နောက်ပိုင်းကျမှ ဟောပေးမယ်၊ ဒီတဏှာနဲ့ ဒိဋ္ဌ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေ ကင်းသလဲဆိုတော့ သတိနဲ့ ပညာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ တဏှာနဲ့ ဒိဋ္ဌကင်းတယ်၊ ဘုန်းကြီးတို့ပရိသတ် တဏှာနဲ့ ဒိဋ္ဌ ကင်းချင်ရင် ဘာပြည့်စုံထားရမလဲ၊ (သတိနဲ့ ပညာ ပြည့်စုံထားရမယ်ဘုရား)၊ သတိ ပညာ။

သတိဆိုတာ ဘာလဲ အာရုံအမျိုးမျိုးကို သူကပေါ်လွင် ထင်ရှားအောင် ပြုလုပ်ပေးတတ်တာကို သတိလို့ခေါ်တယ်၊ သခ်ါရလို့ခေါ်တဲ့ပညာက ဝိပဿနာပညာ သမ္မာဒိဋ္ဌ **ဓ**မ္မဝိစယသမ္ဗောဇ္ဈင်၊ပြီးတော့ သတိက အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်မေးတဲ့အခါ ဘာက ရှုပေးရမလဲ– ဝိပဿနာပညာက ရှုပေးရမယ်။

ရှုမှတ်က **ကိ**လေသာငြိမ်းပုံ။ ။အနိစ္စ ဒုက္ခ ဝိပရိဏာမနဲ့ ဒီလိုရှုပေးနေတာဘဲ၊ ဝိပဿနာလုပ်ငန်းဆိုတာ ဒါဘဲ၊ ဝိပဿနာလုပ်ငန်းကို လုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘာရှိနေရမလဲ သတိနဲ့ ပညာ ရှိနေရမယ်၊ သတိပညာ

http://www.dhammadownload.com

ရှိအောင် လုပ်ထားရမယ်၊ သမာဓိမပါဘူးလား ဆိုတော့ ပါတယ်၊ သမာဓိက မပြဋ္ဌာန်းဘူး၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သတိပဋ္ဌာန်မှာ ဘာဟောထားသလဲ ဆိုတော့ သတော သမ္မဇာနော်လို့ဟောထားတယ်။ သတိ၊ သမ္မဇည။ သတိက - သတိစေတသိက်၊ သမ္မဇညဆိုတာက ပညာနဲ့ စေတသိက်၊ တရားကိုယ်ကောက်မယ်ဆိုရင် မဟာကုသိုလ် မဟာကြိယာမှာရှိတဲ့ ပညာနဲ့ စေတသိက်ကိုရတယ်။

ဝိပဿနာမှာ အဲဒီလို သတိနဲ့ပညာပြည့်စုံပြီးတော့ အခါခပ်သိမ်း ရူပ်နာမ် ဓမ္မသခ်ါရတရားတွေကို သတိဖြင့် ထင်ရှားပေါ်လွင်အောင် လုပ်ပြီးတော့ ဝိပဿနာပညာဖြင့် ရှုဆင်ခြင်ပြီးတော့ နေတဲ့အတွက် ကိလေသာမီးအားလုံး ငြိမ်းသွားတဲ့ပုဂ္ဂိုလ်တွေဟာ အာရုံအမျိုးမျိုး ဘုံဘဝအမျိုးမျိုးကို တဏှာဒိဋ္ဌိတို့ဖြင့် ပြောင်းရွေ့လှုပ်ရှားခြင်း မရှိတော့ပါဘူး၊ မြတ်စွာဘုရားက ဒီလိုဖြေထားတယ်၊ ဒါ ဒုတိယအဖြေပြီးရော။ အဖြေဘယ်နှစ်ခု ပြီးသွားပြီလဲ (နှစ်ခု ပြီးပါပြီဘုရား)၊ နှစ်ခုပြီးပြီနော်။

နောက်တခါ မေးခွန်းတခုက—

ကော ဥဘန္တ မဘိညာယ၊ မဇ္ဈေ မန္တာ နု လိပ္ပတိ–တဲ့။

ကော၊ အဘယ်သူသည်။ ဥဘန္တ်၊ နှစ်ဘက်သော အစ္စန်းကို။ အဘိညာယ၊ သိ၍။ မဇ္ဈေ၊ အလယ်၌။ မန္တာ၊ ပညာဖြင့်။ နု လိပ္ပတိ၊ မလိမ်းကျံပါသနည်း။

အစ္စန်း ၂-ဖက် မလိမ်းကျံသောပုဂ္ဂိုလ်။ ။အစ္စန်း ၂-ဖက်ကို သိပြီးတော့ အလယ်ခေါင်မှာ ပညာနဲ့ မလိမ်းကျံတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲလို့ မြတ်စွာဘုရားကို လျှောက်တယ် တိဿမေတ္တေယျက၊ အဲဒီ အပိုဒ်ကို ဖြေမလို့—

"သော ဥဘန္တ မဘိညာယ၊ မဇ္ဈေ မန္တာ နု လိပ္ပတိ"။

မေတ္တေယျ၊ မေတ္တေယျ။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဥဘန္တ်၊ နှစ်ဖက်သောအစ္စန်းကို၊ အဘိညာယ၊ သိ၍။ မဇ္ဈေ၊ အလယ်၌။ မန္တာ၊ ပညာဖြင့်။ နု လိပ္ပတိ၊ မလိမ်းကျံ။

ရဟန္တာပုဂ္ဂိုလ်ဟာတဲ့ ဟိုဖက်အစ္စန်းနဲ့ ဒီဖက်အစ္စန်းကို သိပြီးတော့ အလယ်ခေါင်မှာပညာနဲ့ မလိမ်းကျံဘူးတဲ့ မြတ်စွာဘုရားက ဒီလိုဖြေတယ်၊ တတိယအဖြေနော်– (မှန်ပါဘုရား)၊ ကဲ အဲဒီ တတိယအဖြေမှာ ဘုန်းကြီးတို့ အကျယ်ဟောပေးရမယ်၊ ဝိပဿနာရှုကွက်လဲ အဲဒီအထဲမှာ ပါသွားလိမ့်မယ်။ နှစ်ဘက်သော

http://www.dhammadownload.com

အစွန်းဆိုတော့ ပဌမအစွန်း ဒုတိအစွန်း။ပဌမအစွန်းက ဘာလဲ၊ ဒုတိယအစွန်းက ဘာလဲ၊ အလယ်ခေါင်ဆိုတာက ဘာလဲ။

အစွန်း ၂-ပါးနှင့် အလယ် သိထားသင့်ပုံ။ ။ရဟန္တာ ပုဂ္ဂိုလ်ကတော့ဖြင့် အဲဒီ နှစ်ဖက်သော အစွန်းကို သိပြီးတော့ အလယ်ခေါင်မှာ ပညာဖြင့် မလိမ်းကျံဘူးလို့ ဒီလို မြတ်စွာဘုရားက ဖြေထားတယ်၊ ဒီတော့ နှစ်ဘက်အစွန်းဆိုတဲ့ ဟိုဘက်အစွန်း ဒီဘက်အစွန်းနဲ့ အလယ်ခေါင်ကို သိဘို့အတွက် စူဠနိဒ္ဒေသပါဠိတော် နှာ-၄၄-ကလဲ ဖွင့်ထားတယ်၊ ဘယ့်နဲ့ ဖွင့်ထားသလဲဆိုတော့—

ဖဿော ဧကော အန္တော၊ ဖဿသမုဒယော ဒုတိယော အန္တော၊ ဖဿနိရောဓော မဇ္ဈော။

(၁) ဖဿသည် တဖက်သော အစွန်း၊ ဖဿသမုဒယသည် ဒုတိယအစွန်း၊ ဖဿနိရောဓသည် အလယ်-စဲ့။ ဒါ တနည်း။

(၂) အတိတ်သည် အစွန်းတဖက်၊ အနာဂတ်သည် အစွန်းတဖက်၊ ပစ္စုပ္ပန်သည် အလယ်။

ဥဘော အန္တာလို့ဆိုတဲ့ နှစ်ဖက်သောအစွန်းကို သိပြီးတော့ အလယ်မှာ ပညာနဲ့မလိမ်းကျံဘူးလို့ ဆိုတဲ့ အဏ္ဍမှာ–ဒါ ဒုတိယနည်း။

(၃) သုခဝေဒနာသည် တဖက်သောအစွန်း၊ဒုက္ခဝေဒနာသည် တဖက်သော အစွန်း၊ ဥပေက္ခာ ဝေဒနာသည် အလယ်၊ ဒါ တတိယ နည်း။

(၄) နောက်တနည်း နာမ်သည် တဖက်သော အစွန်း၊ ရူပ်သည် တဖက်သော အစွန်း၊ ဝိညာဏ်သည် အလယ်၊ ဘယ်နှစ်နည်း ရှိသွားပြီလဲ၊ လေးနည်း။ နောက်တနည်း လာဦးမယ်။

(၅) အဇ္ဈတ္တိကာယတန ခြောက်ပါးသည် တဖက်သော အစွန်း၊ ဗာဟိရာယတန ခြောက်ခုသည် တဖက်သော အစွန်း၊ ဝိညာဏဓာတ် ခြောက်လုံးသည် အလယ်၊ ဘယ်နှစ်နည်းလဲ၊ (ငါးနည်းပါဘုရား)။

(၆) သက္ကာယသည် တခုသော အစွန်း၊ သက္ကာယ သမုဒယသည် တခုသော အစွန်း၊သက္ကာယ နိရောဓသည် အလယ်၊ဘယ်နှစ်နည်းလဲ(ခြောက်နည်းပါဘုရား)၊ အဲဒီ ခြောက်နည်းကို စူဠနိဒ္ဒေသ(နှာ-၄၄)က ဖွင့်လိုက်တယ်။

တနည်း အစွန်း ၂-ပါး။ ။ဘယ်စကားကို ယူပြီးတော့ သူက ဖွင့်လိုက်သလဲ ဆိုရင် အဂုံတ္တိရ်ပါဠိတော် ဆက္ကနိပါတ် မဟာဝဂ် (နှာ-၃၄၉)မှ မဇ္ဈေသုတ္တန်ကို ယူပြီး ဖွင့်လိုက်တယ်၊ အဲဒီ သုတ္တန်မှာ မြတ်စွာ

http://www.dhammadownload.com

ဘုရားရှင် ကိုယ်တော်မြတ်-က ဘာပြောသလဲဆိုတော့ ပါရာယန ဝဂ်မှာ မေတ္တေယျပဉ္ဉာ-လို့ ခေါ်တဲ့ ခုဟောနေတဲ့သုတ္တန်မှာ—

သော ဥဘန္တ မဘိညာယ၊ မဇ္ဈေ မန္တာ နု လိပ္ပတိ။
တံ ဗြူမိ မဟာပုရိသောတိ၊ သော ဣမ သိဗ္ဗိနိ မစ္စဂါ။

လို့ဆိုတဲ့ ဂါထာပုဒ်မှာ—

တဘက်သော အစ္ဆန်းဆိုတာ ဘာလဲ၊ ဒုတိယအစ္ဆန်းဆိုတာ ဘာလဲ၊ အလယ် ခေါင်ဆိုတာ ဘာလဲ၊ သော ဣမ သိဗ္ဗိနိ မစ္စဂါ-ဆိုတဲ့ သိဗ္ဗိနိ-စပ်တဲ့ တရားဆိုတာ ဘာလဲလို့ဆိုတဲ့ မေးခွန်းတွေကို ဘုန်းကြီးတို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် လက်ထက်ကတည်းက အငြင်းပွါးတဲ့အကြောင်းတခုရှိတယ်၊ အဲဒီ အင်္ဂုတ္တိရပါဠိတော် ဒု-တို့၊ မဇ္ဈေသုတ္တန် (နှာ-ခုဂ္ဂ၊ ၃၅၂)ကို ပြောမယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဘယ်မှာ သီတင်းသုံးနေသလဲဆိုတော့ ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သီတင်းသုံးပြီးတော့ နေပါတယ်။အဲဒီအခါ–

သမ္မဟုလာနံ ထေရာနံ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတ ပဋိက္ကန္တာနံ
မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ အယမန္တရာ ကထာ ဥဒပါဒိ။

အကြားစကား ဟူရာဌ် မှတ်ဖွယ်။ ။သာသနာတော်မှာ အင်မတန် ကျမ်းကျင် လိမ္မာတော်မူတဲ့ ပရိယတ္တိ ပဋိပတ္တိ အရာမှာ အင်မတန် ကျမ်းကျင် လိမ္မာတော်မူတဲ့ မထေရ်ကြီးတွေ ဆွမ်းစားပြီးလို့ ဆွမ်းခံရွာက ကြွလာတဲ့အခါကျတော့ တန်ဆောင်းဝန်းကြီးအတွင်းမှာ စုဝေးပြီးတော့ ထိုင်နေကြတဲ့ အခါမှာ "အန္တရကထာ" ခေါ်တဲ့ "အကြား စကား" တခု ဖြစ်ပေါ်လာပါတယ်-တဲ့။

ဒီအကြားစကား-က ဘာလဲလို့ဆိုတော့–

ဝုတ္တ မိဒံ အာဝုသော ဘဂဝတာ ပါရာယနေ မေတ္တေယျပဉ္ဉေ—

ယော ဥဘောန္တေ ဝိဒိတ္ဝာန၊ မဇ္ဈေ မန္တာ နု လိပ္ပတိ။
တံ ဗြူမိ မဟာပုရိသောတိ၊ သော ဣမ သိဗ္ဗိနိ မစ္စဂါတိ။

ကတမော နု ခေါ အာဝုသော ဇကော အန္တော၊ ကတမော ဒုတိယော အန္တော၊ ကိံ မဇ္ဈေ၊ ကာ သိဗ္ဗိနီတိ။

ပုစ္ဆာတခု ရဟန်းတော်တို့ရဲ့ အထဲမှာ ဒီလို ပေါ်ပေါက်ပြီးတော့ လာတယ်၊ အဲဒီ စကားတွေရဲ့ အဓိပ္ပါယ်တွေက ဘာတွေလဲဆိုတော့ ငါ့ရှင်တို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်–

http://www.dhammadownload.com

အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတာ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပါရာယနေ၊ ပါရာယန ဝဂ်၌။ မေတ္တေယျပဥ္ဉေ၊ မေတ္တေယျမေးတယ်-လို့ ဆိုတဲ့ အဖြေ၌။ ယော၊ အကြင်သူသည်။ ဥဘော၊ နှစ်ဘက်ကုန်သော။ အန္တေ၊ အစွန်းတို့ကို။ ဝိဒိတွာန၊ သိ၍။ မဇ္ဈေ၊ အလယ်၌။ မန္တာ၊ ပညာဖြင့်။ နော လိပ္ပတိ၊ မလိမ်းကျံ။ တံ၊ ထိုသို့သော သူကို။ မဟာပုရိသောတိ၊ ယောကျ်ားမြတ်ဟူ၍။အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ သော၊ ထိုသူသည်။ သိဗ္ဗိနိ ံ၊ စပ်တတ်သောတရားကို။ အစ္စဂါ၊ လွန်မြောက်၏။ ဣတိ-ဣဒံဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ပါရာယနဝဂ်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။

ငါ့ရှင်တို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပါရာယနဝဂ်မှာ တိဿမေတ္တေယျ ပုဂ္ဂိုလ်ရဲ့ အမေးကို ဖြေတဲ့နေရာမှာ အကြင်သူသည် နှစ်ဘက်သောအစွန်းကို သိပြီးတော့ အလယ်ခေါင်မှာ ပညာဖြင့် မလိမ်းကျံဘူး၊ ထိုသူသည် ယောကျ်ား မြတ်ဖြစ်ပြီးတော့ \ စပ်တတ်ဆောတရားကို လွန်မြောက်နိုင်သော ပုဂ္ဂိုလ်ဘဲလို့ မြတ်စွာဘုရား ဟောကြားထားတဲ့ စကားတခုရှိတယ်၊ အဲဒီစကားထဲမှာ—

အာဝုသော၊ ငါ့ရှင်တို့။ ဧကော၊ တခုသော။ အန္တော၊ အစွန်းသည်။ ကတမော နုခေါ၊ အဘယ်တရားကို ခေါ်ပါသနည်း။ ဒုတိယော၊ နှစ်ခုမြောက်သော။ အန္တော၊ အစွန်းတဖက်သည်။ ကတမော နုခေါ၊ အဘယ်တရားကို ခေါ်ပါသနည်း။ မဇ္ဈေ၊ အလယ်ဆိုတဲ့တရားသည်။ ကိ ံ၊ အဘယ်တရားကို ခေါ်ပါသနည်း။ သိဗ္ဗိနီ၊ စပ်တတ်သောတရားဆိုတဲ့တရားသည်။ ကာ၊ အဘယ်တရားပါနည်း။ ဣတိ အယံ အန္တာ ကထာ၊ ဤသို့သော အကြောင်း၌ ဖြစ်သောစကားသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်ပေါ်၍နေပေတော့၏။

အစွန်း ၂-ဘက် အလယ် ပြဿနာပေါ်ပုံ သံဃဝုပရိသတ်ထဲမှာ ဘယ်လိုကိစ္စ ပေါ်နေသလဲ ဆိုတော့ မြတ်စွာဘုရား ပါရာယနဝဂ်မှာ ဟောထားတဲ့ ဥဘောအန္တတို့ မဇ္ဈေတို့ မန္တာ နလိပ္ပတိ-တို့ဆိုတဲ့ စကားတွေထဲမှာ ဟိုဘက်အစွန်း ဒီဘက်အစွန်းဆိုတာ ဘာကို ခေါ်ကြသလဲ၊ အလယ်ခေါင်ဆိုတာ ဘာလဲ၊ စပ်တတ်တဲ့တရားဆိုတာ ဘာတဲ့လဲ၊ ဤပြဿနာတွေကို အရှင်ဘုရားများသိရင် ဖြေကြားတော်မူကြပါဘုရားလို့ အဲဒီစကားတခု ပေါ်နေတယ် ရဟန်းတော်များအထဲမှာ—

ဧဝံ ဝုတ္တေ အညတရော ဘိက္ခု ထေရေ ဘိက္ခူ တေ ဒဝေါစ။

အဲဒီအခါ သံဃာပရိသတ်ထဲက ရဟန်းတော်တပါးက မထေရ်ကြီးတွေကို ထပြီးလျှောက်တယ်၊ ဘာလျှောက်လဲ—

http://www.dhammadownload.com

ဖဿော ခေါ် အာဝုသော ကောဿ အန္တော၊ ဖဿသမုဒယော ဒုတိယော အန္တော၊ ဖဿနိရောဓော မဇ္ဈေ၊ တဏှာ သိမ်္ဘိနီ၊ တဏှာ ဟိ နံ သိမ္ဘတိ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ။ တတ္ထာဝတာ ခေါ် အာဝုသော ဘိက္ခူ အဘိညေယျံ အဘိဇာနာတိ၊ ပရိညေယျံ ပရိဇာနာတိ၊ အဘိညေယျံ အဘိဇာနန္တော ပရိညေယျံ ပရိဇာနန္တော ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

ရဟန်းတပါးရဲ့အဖြေ။ ။ရဟန်းတပါးက ထပြီး ဖြေလိုက်တယ်၊ ငါ့ရှင်တို့ မြတ်စွာဘုရားဟောတဲ့ တဘက်အစွန်းဆိုတာ ဖဿ၊ ဒုတိယအစွန်းဆိုတာ ဖဿသမုဒယ၊ အလယ်ခေါင်ဆိုတာ ဖဿနိရောဓ၊ စပ်ပေးတဲ့တရားဆိုတာက တဏှာ။ အဲဒီလို အဘိညေယျဖြစ်တဲ့ သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့် သိပြီးတော့ ပရိညေယျဖြစ်တဲ့ တရားတွေကို တီရဏပရိညာ ပဟာန-ပရိညာတို့ဖြင့် ပိုင်းခြားရှင်းလျင် ထိုပုဂ္ဂိုလ်သည် ဒုက္ခ၏ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ပြီလို့ မြတ်စွာဘုရား ဟောကြားတော်မူတာလို့ ဖြေကြားလိုက်ပါတယ်။

ကဲ-ဒါဖြင့် ဘုန်းကြီးတို့ပရိသတ် ဖဿဆိုတာ ဘာလဲ၊ ဒီတရား နဲနဲခက်တယ်၊ အဂုံတို့ရှင်အဌကထာ တ-တွဲ၊ မဇ္ဈေသုတ်အဖွင့်၊ နှာ-၁၃၂ က ဒါကို ဘာဖွင့်ထားသလဲဆိုတော့ ဖဿောတိ ဖဿဝဥေန နိဗ္ဗတ္တတ္တာ အယံ အတ္တဘာဝေါ-တဲ့။ ဖဿဆိုတာဟာ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးကို စပ်ပေးတဲ့ ကံဖဿတရားကြောင့် ဖြစ်ပေါ် လာတဲ့ ဒီခန္ဓာကိုယ် အတ္တဘောကြီးကို ဖဿလို့ ခေါ်တယ်၊ ဒါ အဂုံတို့ရှင် အဌကထာစကား၊ ဖဿ။ ဒီခန္ဓာကိုယ်ကြီးဟာ ဖဿတုံးကြီး၊ ဘုန်းကြီးတို့ ပရိသတ် စက္ခုသမ္ဖဿ သောတသမ္ဖဿ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ ကာယသမ္ဖဿ မနောသမ္ဖဿလို့ ဆိုတာ ဘယ်နေရာမှာ နေသလဲ (ခန္ဓာကိုယ်မှာပါဘုရား)။

ဖဿသည် အစွန်းတဘက်။ ။ဒီမှာချည်း လာလာတွေ့နေကြတာဘဲ၊ဟုတ်လား (မှန်ပါဘုရား)၊ ဘယ်မှာချည်းလာပြီး အထိခံရသလဲတဲ့ဆိုရင် ထိတယ် ပေါင်းတယ် တွေ့တယ် ဆုံတယ် ဆိုတဲ့ သဘောတရားကို ဘာလို့ ခေါ် သလဲ (ဖဿလို့ ခေါ် ပါတယ်ဘုရား)၊အာရုံ အမျိုးမျိုးတွေ့ လာတွေ့ပြီးတော့ ပေါင်းကြ တွေ့ကြ ဆုံကြတဲ့ အဲဒီ ခန္ဓာကိုယ် ဘယ်သူကြောင့် ဖြစ်သလဲဆိုတော့ ဖဿဝဥေန နိဗ္ဗတ္တတ္တာ အယံ အတ္တဘာဝေါ။ ဖဿဝဥေန၊ ဖဿတရားကြောင့်။ နိဗ္ဗတ္တတ္တာ၊ ဖြစ်ပေါ် ၍လာသော။ အယံ အတ္တဘာဝေါ၊ ဤခန္ဓာကိုယ် အတ္တဘောသည်။ ဖဿော၊ ဖဿ မည်၏။ အဲဒီ ဖဿသည် အစွန်းတဘက်။

http://www.dhammadownload.com

ဖဿသမုဒယသည် အစွန်းတဘက်။ ။ဖဿော သမုဒယော အဿာတိ ဖဿ သမုဒယော၊ ဒါ အဋ္ဌကထာက ဒီဝိဂြိုဟ်သူက ဆိုပေးတယ်။ အဲဒီ ဖဿ ဒုတိယဆိုတာ ဘာလဲလို့ဆိုတော့ ပစ္စုပ္ပန် အတ္တဘောဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို အမှီပြုပြီးတော့ ကမ္မာဘိသခ်ါရ တည်းဟူသော ဖဿတွေ ဖြစ်သလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီ ကမ္မာဘိသခ်ါရ ဖဿသည် အနာဂတ် ဖြစ်တဲ့ အတ္တဘောကို ဖြစ်စေသလား မဖြစ်စေဘူးလား၊ (ဖြစ်စေပါတယ်ဘုရား)၊ အဲဒါကြောင့် ဒီပစ္စုပ္ပန် လောကမှာ ရှိတဲ့ ဒီခန္ဓာကိုယ် ပဋ္ဌကဒြဗ်မှာ လာပြီးတော့ ပေါ် သမျှ ထိသမျှ ကုသိုလ်ကံတရား တွေသည် ဖဿ သမုဒယ တရားတွေပါတဲ့၊ နောက် အနာဂတ် အတ္တဘောကို ဖြစ်စေမဲ့ ဖဿ သမုဒယ။ ဖဿ, ဖဿသမုဒယ ပြီးပြီနော်(မှန်ပါဘုရား)။ ဒါ ပါဋ္ဌိတော်မှာ လာတဲ့ မူအတိုင်းဘဲ။

ဖဿ နိရောဓသည် အလယ်။ ။ဖဿနိရောဓဆိုတာ ဘာတဲ့လဲ ဖဿ နိရောဓောတိ နိဗ္ဗာနံ၊ဖဿ နိရောဓဆိုတာ နိဗ္ဗာန်တဲ့။ အဲဒီ နိဗ္ဗာန်ကို မဏ္ဍေလို့ ခေါ်ပါတယ်တဲ့။ မဏ္ဍေတိ သိဗ္ဗိနိတဏှံ ဆေတွာ ဒွိဓာ ကရဏတ္ထေန နိဗ္ဗာနံ မဏ္ဍေ နာမ ဟောတိ-တဲ့။တဘဝနဲ့တဘဝ စပ်ပေးတာကတော့ တဏှာတဲ့၊ တဏှာ တံ အတ္တဘာဝဒွယသခ်ါတံ ဖဿဥ္စ ဖဿသမုဒယဥ္စ သိဗ္ဗတိ ဃဋ္ဌေတိ-တဲ့၊ တဏှာသာ စပ်မပေးရင် ထိုထို ဘုံဘဝ မပြန်တော့ဘူးတဲ့။

အဋ္ဌကထာက ဒီနေရာမှာ ဥပမာ ကလေး တခုပြတယ်၊ ဒုတ်ကလေး နှစ်ချောင်းကို ကြိုးနဲ့ဆက်ပေးထား၊ ဝါးလုံးနှစ်ခုကို အရင်းဘက်က နေပြီးတော့ တောင်ဘက်က ဝါးလုံးတခု၊ မြောက်ဘက်က ဝါးလုံးတခု၊ အဖျားနှစ်ခုဟာ အလယ်ခေါင်မှာ ထောင်နေသလား ထောင်မနေဘူးလား (ထောင်နေပါတယ်ဘုရား)၊ ဝါးလုံးနှစ်ခုရဲ့ အစွန်းနှစ်ဘက်ဟာ ဘယ်ရောက်နေတယ်ဆိုတာကြည့်၊ အပေါ်မှာ ထောင်မနေဘူးလား (ထောင်နေပါတယ်ဘုရား)၊ အဲဒီ ဝါးလုံးနှစ်ခုရဲ့ အစွန်းနှစ်ဘက်ကို နှိမ်ချပြီးတော့ အဲဒီ ဝါးလုံးရဲ့ အစွန်း နှစ်ဘက်ကို ဆက်ထားပြီးတော့ ကြိုးကလေးနဲ့ ချည်ထားမယ်ဆိုရင် အစွန်းနှစ်ဘက်ဟာ ဘယ်မှာ နေသလဲ (အလယ်ခေါင်မှာပါဘုရား)၊ အလယ်ခေါင်မှာ ဟုတ်လား (မှန်ပါ ဘုရား)။

အစွန်းနှစ်ဘက်ပြတ်ပုံ ဥပမာပြချက်။ ။ဟိုဘက်က ဝါးလုံးတဘက် ဒီဘက်က ဝါးလုံးတဘက် ဘယ်သူ စပ်ပေးထားသလဲ ဒီဝါးလုံးကို၊ကြိုးကလေးက ချည်ပေးစပ်ပေးထားတာ နော်(မှန်ပါဘုရား)၊ အဲဒီ ကြိုးကလေးကို အလယ်ခေါင်ကကြိုးကလေးကို ဖြတ်ချလိုက်ရင် အလယ်ခေါင်မှာ အစွန်း နှစ်ဘက် ရှိသေးသလား ရှိမနေဘူးလား (မရှိတော့ပါဘုရား)၊ အဲဒီ အလယ်ခေါင်မှာ အစွန်းနှစ်ဘက် မရှိတော့ ဘာဖြစ်ကျန်ရစ်ခဲ့သလဲ အစွန်း

http://www.dhammadownload.com

နှစ်ဘက် ပျော်သွားတယ် ကုန်သွားတယ်ဆိုတဲ့ အစွန်းနိရောဓ မဖြစ်ခဲ့ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ မြင်လား (မှန်ပါဘုရား)၊ အဲဒီ နေရာမှာ ပစ္စုပ္ပန် အတ္တ ဘောဆိုတဲ့ ဖဿရယ်၊ ပစ္စုပ္ပန် အတ္တဘောကို မှီပြီးတော့ ဖြစ်တဲ့ အနာဂတ် အတ္တဘောကို ဖြစ်စေနိုင်တဲ့ ကတကမ္မဖဿလို့ ခေါ်တဲ့ ဖဿသမုဒယရယ် ဆိုတဲ့ အစွန်းနှစ်ဘက်ကို စပ်ပေးထားတာဟာ ဘယ်သူလဲဆိုတော့—

အစွန်းနှစ်ခုစပ်ပေးသောတဏှာ။ ။တဏှာ ဟိ နံ သိမ္ဘတိ၊ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ။ နံ၊ ထိုဖဿနဲ့ ဖဿ သမုဒယကို။ တဏှာ၊ တဏှာသည်။ သိမ္ဘတိ၊ စပ်၍ ပေးတတ်၏။ တဏှာ တည်းဟူသော ကြိုးကလေးနဲ့ အဲဒီ ဖဿနဲ့ ဖဿ သမုဒယကို ချည်ထားတယ်၊ တဏှာ တည်းဟူသော ကြိုးကလေးနဲ့ ချည်ထားပါတယ်၊ အဲသလို ချည်ထားတော့ တဏှာကို ပြတ်အောင် လုပ်ချင်ရင် ဘာရှိရမလဲ သတိရှိရမယ်၊ အဲသတိက အာရုံကို ထင်ရှားအောင် လုပ်ပေးလိုက်, ဝိပဿနာ ပညာနဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနေနဲ့ ဖဿနဲ့ ဖဿ သမုဒယကို ရှုပေးလိုက်ရင် အလယ်ခေါင်မှာရှိတဲ့ တဏှာကြိုးကလေး ပျော်သွားသလား ပျော်မသွားဘူးလား(ပျော်သွားပါတယ်ဘုရား)၊ တဏှာကြိုးကလေး ပြတ်သွားတယ်ဆိုတော့ အလယ်ခေါင်မှာ အစွန်းနှစ်ဘက်ဆိုတဲ့ ဖဿနဲ့ ဖဿသမုဒယ ရှိသေးသလား မရှိဘူးလား (မရှိပါဘုရား)၊ ဒီတော့ ဖဿ ဘယ်ရောက်သွားသလဲ (ပျော်သွားပါတယ်ဘုရား)၊ အဲဒီ ဖဿနိရောဓသည် နိရောဓသစ္စာ။

ဖဿံ ပရိညာယ အနာသဝါသေ၊
တေ ဝေ နရာ သြဃတိဏ္ဏာ ဗြူမိ-[၁]တဲ့။

ဖဿံ၊ ဖဿကို။ ပရိညာယ၊ ပိုင်းခြားရှုသိသောကြောင့်။ အနာသဝါသေ၊ အာသဝေါကင်းကြကုန်၏။ တေ နရာ၊ ထိုသူတို့ကို။ ဝေ၊ စင်စစ်။ သြဃတိဏ္ဏာတိ၊ နိဗ္ဗာန် ရောက်ကြောင်း, သြဃလေးပါးမှ လွတ်မြောက်ကြောင်း တရားကို ရောက်ကြကုန်သော သူတို့ဟူ၍။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု။

ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးမျိုးများ အဲဒါ ဖဿ, ဖဿသမုဒယ, ဖဿနိရောဓ-နော်။

အစွန်း ၂-ဖက် ယူပုံ တနည်း။ ။နောက်တနည်းက ရဟန်းတော်တပါးက ဘယ့်နဲ့ ပြောသလဲဆိုတော့ သင်ပြောတာ မဟုတ်ဘူးတဲ့

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၄၄၂။ ယင်း၌ တဏှံ ပရိညာယ စသည် ရှိသည်။

http://www.dhammadownload.com

ဖဿမဟုတ်ဘူး ဖဿသမုဒယမဟုတ်ဘူး ဖဿနိရောဓမဟုတ်ဘူး၊ မြတ်စွာဘုရား ဟောတဲ့ ဟိုဘက်အစွန်းရယ် ဒီဘက်အစွန်းရယ် အလယ်ခေါင်ရယ်ဆိုတဲ့ ဥစ္စာဟာ သင်ပြောတဲ့အတိုင်း မဟုတ်ဘူးတဲ့။ ဘာတဲ့လဲ—

ဝေံ ဝုတ္တေ အညတရော ဘိက္ခု ထေရေ ဘိက္ခူ ဧတဒဝေါစ အတီတံ ခေါ အာဝုသော ဧကော အန္တော၊ အနာဂတံ ဒုတိယော အန္တော၊ ပစ္စုပ္ပန္နံ မဇ္ဈေ၊ တဏ္ဟာ သိဗ္ဗိနီ။

ရဟန်းတပါးက ပြောလိုက်တယ်—

အာဝုသော၊ ငါ့ရှင်တို့။ အတီတံ၊ အတိတ်ဖြစ်သော ခန္ဓာငါးပါးသည်။ ဧကော၊ တခုသော။ အန္တော၊ အစွန်းမည်၏။ အနာဂတံ၊ အနာဂတ်ခန္ဓာသည်။ ဒုတိယော၊ နှစ်ခုမြောက်သော။ အန္တော၊ အစွန်းမည်၏။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် ခန္ဓာသည်။ မဇ္ဈေ၊ အလယ်မည်၏။ တဏ္ဟာ၊ တဏ္ဟာသည်။ သိဗ္ဗိနီ၊ စပ်တတ်သော တရားမည်၏။

ပဋ္ဌိစ္စသမုပ္ပါဒ်နည်းဖြင့် ဖဿဖြစ်ပုံ ဘုန်းကြီးတို့ပရိသတ် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကြည့်လိုက်စမ်း အတိတ်မှာ ဘာရှိသလဲ (အဝိဇ္ဇာ ရှိပါတယ်ဘုရား)၊ အဝိဇ္ဇာနဲ့ သခ်ါရရှိတယ်နော်(မှန်ပါဘုရား)၊ အနာဂတ် ကိုကြည့်လိုက်ရင် ဘာရှိသလဲ ကြည့်လိုက်စမ်း၊ ဇာတိ ဇရာ မရဏ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ဒါက အတိတ် အနာဂတ်၊ ပစ္စုပ္ပန်အလယ်ခေါင်ကို ကြည့်လိုက် ရင် ဘာရှိသလဲ ဝိညာဏ် နာမ်ရူပ် သဋ္ဌာယတန ဖဿ ဝေဒနာ တဏ္ဟာ ဥပါဒါန် ကမ္မဘဝလို့ ရှစ်ပါး မရှိဘူးလား(ရှိပါတယ်ဘုရား)၊ သူက အတိတ်လား အနာဂတ် လား ပစ္စုပ္ပန်လား (ပစ္စုပ္ပန်ပါဘုရား)။

ဘုန်းကြီးတို့ပရိသတ် ကြည့်နော် ပဋ္ဌိစ္စသမုပ္ပါဒ်ကို သေသေချာချာကြည့်၊ အတိတ်က အဝိဇ္ဇာနဲ့ သခ်ါရသည် ဖဿဖြစ်ခဲ့သလား မဖြစ်ခဲ့ဘူးလား (ဖြစ်ခဲ့ ပါတယ်ဘုရား)၊ ဖဿဆိုတာ ဘာလဲ အဂ်ုတ္တိုရ်ဋီကာ၊ တ-တွဲ၊ နှာ-၁၃၄ က ပြထားတယ်။

ဒွယံ ဒွယ သမာပတ္တိယံ အညမညံ သမ္ဖဿဝသေန နိဗ္ဗတ္တတ္တာ-တဲ့။

နှစ်ခု အစုံအစုံတွဲပြီးတော့ ပြသည်၏ အစွမ်းအားဖြင့် သူကို ဖဿလို့ခေါ်တယ်၊ အတိတ်က ဘာဖြစ်ခဲ့သလဲ၊ အဝိဇ္ဇာနဲ့ သခ်ါရ ဖဿ ဖြစ်ခဲ့သလား မဖြစ်ခဲ့ဘူးလား၊ (ဖြစ်ခဲ့ပါတယ်ဘုရား)၊ အဲဒီ အတိတ်က အဝိဇ္ဇာနဲ့ သခ်ါရ ဖဿ ဖြစ်ခဲ့သည် ဖြစ်သောကြောင့် အဝိဇ္ဇာနဲ့သခ်ါရကို ဖဿက ပေါင်းပေးလိုက်တဲ့အတွက် အခု ပစ္စုပ္ပန်မှာ ဘာလာဖြစ်နေကြတာလဲ၊ ဝိညာဏ် နာမ်ရူပ် သဋ္ဌာယတန ဖဿ ဝေဒနာ တဏ္ဟာ ဥပါဒါန် ဘဝ လာဖြစ်တယ်။ ဘယ်သူအစွမ်းကြောင့် ဖြစ်သလဲ၊

http://www.dhammadownload.com

ဖဿအစွမ်းကြောင့် ဖြစ်တယ်၊ အတိတ်က ဖဿရှဲအစွမ်းကြောင့် ဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီ အတိတ်က ဖဿဆိုတာ ဘာလဲ၊ ဟိုမှာ တွေ့နေတာက အဝိဇ္ဇာနဲ့ သခ်ါရသာ တွေ့နေတာ၊ ဖဿ မတွေ့ပါဘူးဘုရားလို့ ပြောစရာမရှိဘူးလား ဘုန်းကြီးတို့ပရိသတ်၊ အတိတ်မှာ ဘာတွေ့လဲ၊ အဝိဇ္ဇာနဲ့ သခ်ါရတဲ့ တွေ့နေသလား၊ ဖဿကော မတွေ့ဘူးလား၊ မတွေ့ဘူးနော် ဘုန်းကြီးတို့ပရိသတ် ပြောနေတာဘဲ၊ အဝိဇ္ဇာနဲ့သခ်ါရသည် အဝိဇ္ဇာသခ်ါရာ အတီတော အဒ္ဓါလို့ဘဲ–

သင်္ဂြိဟ်တို့ ဘာတို့က ပြောထားတော့ ပဋိစ္စသမုပ္ပါဒ် သင်တန်းတက်တဲ့ ပုဂ္ဂိုလ်ကလဲ ဩော် အတိတ်မှာ ရှိတာတော့ဖြင့် အဝိဇ္ဇာနဲ့ သခ်ါရဘဲ ရှိတယ်၊ တခြားမရှိတော့ဘူးလို့ ဒီလိုတွက်နေတယ်။ အဝိဇ္ဇာနဲ့ သခ်ါရသာ ရှိသလား၊ အတိတ်မှာ ဖဿကော မရှိဘူးလား မြင်ရဲလား၊ ဒီ ဖဿ (မြင်ပါပြီဘုရား)၊ အဝိဇ္ဇာပစ္စယာ သခ်ါရာလို့ ပဋိစ္စသမုပ္ပါဒ်ကဟောတော့ အဝိဇ္ဇာနဲ့ သခ်ါရကို ပေါင်းပေးတာ ဘယ်သူလဲ၊ (ဖဿပါဘုရား)၊ ဒါ ပစ္စုပ္ပန်ဖဿလား အတိတ်က ဖဿလဲလား (အတိတ်က ဖဿပါဘုရား)၊ ခုနကတုန်းက အဋ္ဌကထာက ဖွင့်ပေးလိုက်တဲ့ စကားဟာ—

ဖဿဝသေန နိဗ္ဗတ္တတ္တာ အယံ အတ္တဘာဝေါ—ဆိုတဲ့ ဒီပစ္စုပ္ပန်အတ္တဘော ဝိညာဏ် နာမ် ရူပ် သဋ္ဌာယတန ဖဿ ဝေဒနာဆိုတဲ့ ဤပစ္စုပ္ပန်အတ္တဘောသည် အတိတ်က အဝိဇ္ဇာနဲ့ သခ်ါရကို ပေါင်းပေးလိုက်တဲ့ ဖဿ၏ အစွမ်းကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်နော်၊သဘောပေါက်ရဲလား(မှန်ပါဘုရား)၊ ကိုင်းတာဖြင့် အဲဒီ အတိတ်ဟာ အစွန်းတပါးတဲ့။

ဖဿအစွမ်းဖြင့် ကာလသုံးပါးမှာ ခွဲပြခြင်း။ ။ပစ္စုပ္ပန်မှာ ဝိညာဏ် နာမ်ရူပ် သဋ္ဌာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝတွေ ရှိနေတော့ အဲဒီ ဝိညာဏ်နာမ်ရူပ်တို့ရဲ့ ဇာတိ ဇရာမရဏ တွေ ရှိနေသလား၊ ရှိမနေဘူးလား၊ (ရှိနေပါတယ်ဘုရား)။ သူက ဘာတုန်း အနာဂတ်၊ အနာဂတ်မှာ ဇာတိနဲ့ ဇရာ မရဏ ရှိနေတယ်ဆိုတာ ဇာတိဆိုတာ ဘယ်သူလဲ (ဖြစ်တာပါဘုရား)၊ ဇရာ မရဏ ဆိုတာ ဘယ်သူလဲ (ပျက်တာပါဘုရား)၊ ဘာတွေဖြစ်လို့ ဘာတွေပျက်သလဲ ဝိညာဏ်နာမ်ရူပ်၊ တနည်း ပြောရင် စိတ် စေတသိက် ရူပ်၊ အဲဒါတွေဘဲ ဖြစ်တယ်၊ အဲဒါတွေဘဲ ပျက်တယ် ဟုတ်လား၊ ဒီတော့ အနာဂတ်မှာ ဇာတိ ဇရာမရဏ ရှိတယ်လို့ဆိုတာ ဇာတိ ဇရာ မရဏသာ ရှိသလား၊ ဝိညာဏ် နာမ်ရူပ်ကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ဒီတော့ အနာဂတ်မှာ မြင်ရမှာက ဇာတိနဲ့ ဇရာမရဏကိုသာ မြင်ရမှာလား၊ ဖြစ်တဲ့ ဝိညာဏ် နာမ်ရူပ်ကို မြင်ရမှာလား (ဝိညာဏ်နာမ်ရူပ်ကို မြင်ရမှာပါဘုရား)၊ မြင်အောင်ကြည့်နော် (မှန်ပါဘုရား)။

http://www.dhammadownload.com

ဝိပဿနာလုပ်ကွက် တက်ပုံကို ပါဠိတော်မူက ပြနေပြီ၊ ဒီတော့ အဲဒီ အနာဂတ် မှာဖြစ်တဲ့ ဇာတိနဲ့ ဇရာ မရဏဆိုတာ ခန္ဓာငါးပါးကို ပြောတာ။ ခန္ဓာငါးပါးကို ကြည့်လိုက်ရင် ဘာတွေ့သလဲ ဝိညာဏ် နာမ်ရုပ်၊ အဲဒီ ဝိညာဏ် နာမ်ရုပ်ကို ကြည့်လိုက်ရင် ဘာတွေ့သလဲ၊ (ဇာတိ ဇရာ မရဏကို တွေ့ပါတယ်ဘုရား)၊ ဇာတိ ဇရာ မရဏလို့ဆိုရင် ဘယ်သူလဲ (ခန္ဓာငါးပါးပါဘုရား)၊ ခန္ဓာငါးပါး ဆိုရင် ဇာတိ ဇရာ မရဏဘဲ ဟုတ်လား၊ (မှန်ပါဘုရား)၊ ဒီတော့ ဒါ အနာဂတ်၊ အဲဒီ အနာဂတ်မှာ ပေါ်နေတဲ့ ဇာတိ ဇရာ မရဏလို့ ခေါ်တဲ့ ခန္ဓာငါးပါးသည် ဘယ်သူ့ကြောင့် ပေါ်သလဲဆိုတော့ ပစ္စုပ္ပန်က တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရလို့ခေါ်တဲ့ အကြောင်းငါးပါးကြောင့် ပေါ်တယ်။ "ဣမသ္မိံ အတ္တဘာဝေ ကတကမ္မဖဿပစ္စယာ နိဗ္ဗတ္တော"[1] ဟုတ်လား၊ (မှန်ပါဘုရား)။

အဲဒီ အတိတ်ရယ် အနာဂတ်ရယ် ပစ္စုပ္ပန်ရယ်လို့ ဒီတရားသုံးခုမှာ အစပ် သုံးခု ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ဘယ်သူစပ်ပေးသလဲ ဘုန်းကြီး တို့ ပရိသတ် (တဏှာက စပ်ပေးပါတယ်ဘုရား)။

တဏှာစပ်ပေးပုံ ရှင်းပြချက်။ ။ကြည့်စမ်း သိပ်ဟုတ်ပါလား၊ ဘယ်သူစပ်ပေး သလဲဆိုတော့ ဘုန်းကြီးတို့ ပရိသတ် စပ်နေ တာဟာ တဏှာ၊ စပ်ပေးတယ်ဆိုတဲ့ စကားဟာ ခုပေါ်လာတယ်၊ အစတုန်းက စပ်ပေးတာဟာ ဘယ်လိုစပ်ပေးသလဲ ဆိုတော့ သင်္ခါရနဲ့ ဝိညာဏ်တစပ်လို့ ဒီလို ချည်း ပြောနေကြတယ်၊ (မှန်ပါဘုရား)၊ သင်္ခါရဆိုတာ အတိတ်က သင်္ခါရ၊ ဒီတော့ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးတရားနဲ့ လာပြီးတော့ စပ်တယ်၊ မစပ်ဘူးလား (စပ်ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ်မှာ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ခုရောက်နေတာ ဘယ်နေရာ ရောက်နေသလဲ၊ အတိတ်အကြောင်းကို ရောက်နေသလား၊ ပစ္စုပ္ပန်အကျိုးကို ရောက်နေသလား။ (ပစ္စုပ္ပန်အကျိုးကို ရောက်နေပါတယ်ဘုရား)၊ အဲဒီ ပစ္စုပ္ပန်အကျိုးကို ရောက်နေတဲ့ ပဂ္ဂိုလ်ဟာ ပစ္စုပ္ပန်အကျိုးတရားကြီးကို ဖြတ်ပစ်သလား၊ မဖြတ်ဘူးလား၊ (မဖြတ်ပစ်ပါ ဘုရား)။

ဒါဖြင့် ဘယ်လို လုပ်ရမလဲ (အကြောင်းကို ဖြတ်ရမှာပါ ဘုရား)၊ ဘယ် အကြောင်းကို ဖြတ်ရမလဲ (ပစ္စုပ္ပန်အကြောင်းကို ဖြတ်ရမှာပါဘုရား)၊ ပစ္စုပ္ပန် အကြောင်းဆိုတာ ဘယ်မှာလဲ အဲဒီ ပစ္စုပ္ပန် အကျိုးတရားပေါ် မှီပြီး နေတဲ့ တဏှာရယ်, ဥပါဒါန်ရယ်, ကမ္မာဘိသင်္ခါရ ခေါ်တဲ့ ကမ္မဘဝရယ်, ဖြစ်ရင် ခုက္ခ ဖြစ်တာ မသိတဲ့ အဝိဇ္ဇာရယ်, အလုပ်လုပ်နေကြတဲ့ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရရယ်၊ ဒါတွေကို ဖြတ်ပစ်ရမယ်၊ အဝိဇ္ဇာနဲ့ တဏှာ။ ဒီတော့ သင်္ခါရနဲ့

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဇာ-တွဲ၊ နှာ-၁၃၂။

http://www.dhammadownload.com

ဝိညာဏ် တစပ်လို့ သိနေတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ။ အဲဒီ သခ်ါရနဲ့ ဝိညာဏ်ကို ဘယ်သူ စပ်ပေးသလဲဆိုတော့ ပါဠိတော်က ပြောပေးတယ်၊

"တဏှာ ဟိ နံ သိဗ္ဗတိ၊ တဿ တဿေဝ ဘဝဿ အဘိနိဗ္ဗတ္တိယာ"။
အဂုံတ္တိရ်ပါဠိတော် ဒု-တွဲ၊နှာ-၃၅၀ က။

ဝိပဿနာလုပ်ငန်း ဖော်ပြချက်။ ။ဟိ၊ မှန်၏၊ သခ်ါရနဲ့ ဝိညာဏ် အကြား "တစပ်"လို့ဆိုတာ မှန်ပါတယ်တဲ့၊ ဒါပေတဲ့ စပ်ပေးတဲ့ ပုဂ္ဂိုလ်ကို ဘုန်းကြီးတို့ မတွေ့ရင် သခ်ါရ သွားသတ်လို သတ်၊ ဝိညာဏ် သွားသတ်လို သတ်နဲ့၊ ဒီလို ဖြစ်မနေဘူးလား။ သတ်နေရမှာက ဘယ်သူ့ သတ်ရမှာလဲဆိုတော့ သခ်ါရ ချုပ်အောင် လုပ်လိုလုပ်၊ ဝိညာဏ် ချုပ်အောင် လုပ်လိုလုပ် ဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဘုရား)၊ ဝိပဿနာ လုပ်တဲ့ နေရာမှာ သခ်ါရကိုဘဲ ချုပ်အောင် လုပ်ရမှာလား ဝိညာဏ်ကိုဘဲ ချုပ်အောင် လုပ်ရမှာလား ဆိုတာ ဖြစ်မနေဘူးလား ဘုန်းကြီးတို့ ပရိသတ် (ဖြစ်နေပါတယ် ဘုရား)၊ ဘာကို ချုပ်အောင် လုပ်ရမလဲ သခ်ါရကိုလား ဝိညာဏ်ကိုလား ကြည့်ထားနော်-ဝိပဿနာ လုပ်ကွက်နော်။ ဝိပဿနာ လုပ်တယ်ဆိုတာ-ဘုန်းကြီး ပြောပြီးပြီ လွယ်လွယ်ကလေး၊ သတိနဲ့ ထင်ရှားအောင်လုပ်၊ ပညာနဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုပေး၊ ဒါ ဝိပဿနာ လုပ်ငန်းဖြစ်နေပြီလို့ ဘုန်းကြီး ပြောခဲ့တာ။

ကိုင်း ဒီတော့ အတိတ်နဲ့ ပစ္စုပ္ပန်ကို စပ်ပေးနေတဲ့ သခ်ါရနဲ့ ဝိညာဏ်ဆိုတာ ဘာလဲ၊ အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးလာပြီးတော့ စပ်တယ်။ ဒီတော့ ဘုန်းကြီးတို့က အကြောင်းနဲ့ အကျိုးမှာ ဘယ်သူ့ ဖြတ်ရမှာလဲ၊ ဝိညာဏ်ချုပ်အောင် လုပ်ရမှာလား သခ်ါရချုပ်အောင် လုပ်ရမှာလား ဘုန်းကြီးတို့ ပရိသတ် သေသေချာချာ စဉ်းစားနော်၊ ဒီကနေဟာ ဒီဝိပဿနာ လုပ်ကွက်ကို ပေါ်စေချင်လွန်းလို့ မနေက ဒီအပိုင်းကို ဘုန်းကြီးဆက်ပြီး မဟောဘဲနဲ့ ဝိပဿနာ လုပ်ငန်းချည်း သက်သက် ဟောပေးချင်လို့ ဒီဥစ္စာကို သက်သက် ချန်ထားတာ။

ပါဠိတော် နာရကျိုး မှတ်ဖွယ်။ ။ပဋိစ္စသမုပ္ပါဒ်မှာ ဘုန်းကြီးတို့ ပရိသတ် နားလည်နေတာဟာ သခ်ါရနဲ့ ဝိညာဏ်ဟာ တစပ်လို့ သိနေကြတယ်၊ နောက်ပြီးတော့ အတိတ်မှာ အဝိဇ္ဇာနဲ့ သခ်ါရသာ ရှိတယ်လို့ ဒီလို နားလယ်နေကြတယ်၊ အခု ပါဠိတော်က တိုးပြီးတော့ ဖော်ပြပေးနေတယ်၊ ဘုန်းကြီးတို့ ပရိသတ်ကို ဖြည့်ပေးလိုက်တယ် ပါဠိတော်က၊ ဒါ ပါဠိတော်ကို ဟောပေးတဲ့အကျိုး ပါဠိတော်ကို နာရတဲ့အကျိုးဘဲ။

ဘယ်လို ဖြည့်ပေးသလဲဆိုတော့ ချစ်သားတို့ အတိတ်မှာ အဝိဇ္ဇာနဲ့ သခ်ါရသာ ရှိတာမဟုတ်ဘူး၊ အဝိဇ္ဇာနဲ့ သခ်ါရကို ပေါင်းပေးတဲ့ ဖဿဆိုတာလဲ

http://www.dhammadownload.com

ရှိသေးတယ်၊ အဲဒါလဲ မြင်အောင် လုပ်လို့ မြတ်စွာဘုရားက ဒါ ပြောလိုရင်း။ ဒီတော့ အတိတ်မှာ အဝိဇ္ဇာနဲ့ သခ်ါရတင် ရှိသလား၊မဟုတ်ဘူး။ ဘယ်သူ ပါသေးလဲ(ဖဿ)၊ တရားကိုယ်ကတော့ နှစ်ခုဘဲနော် အဝိဇ္ဇာနဲ့ သခ်ါရ၊ သူတို့နှစ်ခု ပေါင်းလိုက်တော့ ဒီ သခ်ါရသည် ဝိညာဏ်ကို သူ ကျေးဇူးပြုလို့ဖြစ်တယ်မဟုတ်လား-(မှန်ပါ ဘုရား)၊ ဒီတော့ ပေါင်းပေးလိုက်တာ ဘာတုန်း (ဖဿပါဘုရား)။

ဖဿချုပ်အောင် လုပ်ရန်။ ။ဖဿကသာ ပေါင်းမပေးရင် ပါဠိတော်က ဟောထားတဲ့ ဖဿနိရောဓာ အဝိဇ္ဇာနိရောဓော၊ ဖဿနိရောဓာ သခ်ါရနိရောဓော။ ဒီလို ဟောထားတော့ ဖဿကသာ မရှိရင် အဝိဇ္ဇာ အလုပ်လုပ်လို့ ဖြစ်ဦးမလား (မဖြစ်ပါ ဘုရား)၊ သခ်ါရ အလုပ်လုပ်လို့ ဖြစ်ဦးမလား(မဖြစ်ပါ ဘုရား)၊ သခ်ါရ အလုပ်လုပ်လို့ မဖြစ်ဘူးဆိုတာ ပဋိသန္ဓေ အကျိုးပေးလို့ ဖြစ်ဦးမလားလို့ ဒီလိုဆိုတဲ့ အဓိပ္ပါယ်။ ဖြစ်ဦးမလား (မဖြစ်ပါ ဘုရား)၊ ဘယ်သူ လုပ်မပေးလို့လဲ(ဖဿက လုပ်မပေးလို့ပါဘုရား)၊ ဒါကြောင့် ဖဿကို နိရောဓ ဖြစ်အောင် လုပ်ပေးရမယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ဖဿံ ပရိညာယ အနာသဝါသေ။ ဖဿံ၊ ဖဿကို။ ပရိညာယ၊ ပညာဉာဏ်ဖြင့် ပိုင်းခြားရှု သိခြင်းကြောင့်။ အနာသဝါသေ၊ အာသဝေါကင်းကြကုန်၏။ သုတ္တန်ပါတ်ပါဠိတော် နှာ-၄၄၂-က။ အဲဒီတော့ ဒီနေရာမှာ သခ်ါရနဲ့ဝိညာဏ်နဲ့ ပစ္စုပ္ပန်အကျိုးနဲ့ အတိတ်က အကြောင်းနဲ့လာပြီး စပ်တယ်ဆိုတော့ ဘယ်သူက စပ်ပေးသလဲ တစ်ပ်တော့ ဟုတ်တယ်၊ အဲဒီနေရာမှာ ပါဠိတော်က ပြတယ်။

တဏှာ ဟိ နံ သိမ္ဗတိ။ ဟိ၊ မှန်၏။ တဏှာ၊ တဏှာသည်။ နံ၊ ထိုအတိတ်က သခ်ါရနှင့် ပစ္စုပ္ပန်က ဝိညာဏ်ဆိုတဲ့ အကျိုးကို။ သိမ္ဗတိ၊ စပ်၍ပေးတတ်၏။ ဘယ်သူစပ်ပေးသလဲ (တဏှာစပ်ပေးပါတယ်ဘုရား)။

စပ်ပေးသောတဏှာ ချုပ်သင့်ပုံ။ ။ဒီတော့ ဘုန်းကြီးတို့ တဏှာစပ်တော့ ဝိပဿနာရှုလို့ ကိလေသာ ချုပ်ရတော့မယ်ဆိုတော့ သခ်ါရချုပ်တယ်ဆိုတာ အကြောင်းဖြစ်တဲ့ သခ်ါရချုပ်ရမှာလား အကျိုးဖြစ်တဲ့ ဝိညာဏ်ချုပ်ရမှာလား (အလယ်ခေါင်မှာ စပ်ပေးတဲ့တဏှာ ချုပ်ရမှာပါဘုရား)၊ ပေါ်ပလား ဘုန်းကြီးတို့ပရိသတ် (ပေါ်ပါပြီဘုရား)၊ ဘယ်သူချုပ်ရမှာတုန်း သခ်ါရချုပ်ရမှာလား ဝိညာဏ်ချုပ်ရမှာလား တဏှာချုပ်ရမှာလား (တဏှာချုပ်ရမှာပါဘုရား)၊ တဏှာက ဘာလုပ်ပေးလို့လဲ (စပ်ပေးလို့ပါဘုရား)၊ ဘယ်သူနဲ့ဘယ်သူကို စပ်ပေးလို့လဲ (အတိတ်က အကြောင်းသခ်ါရနဲ့ ပစ္စုပ္ပန်က အကျိုးဝိညာဏ်ကို သူက စပ်ပေးပါတယ်ဘုရား)၊ ဒါဖြင့် ဘယ်သူကိုဖြုတ်ရမှာလဲ (တဏှာကို ဖြုတ်ရပါမယ်ဘုရား)၊ ဝိညာဏ်ဖြုတ်ရမှာလား အကြောင်းသခ်ါရ ဖြုတ်ရမှာလား (မဟုတ်ပါဘုရား)။

http://www.dhammadownload.com

အကြောင်းလဲ ဘယ်နဲ့မှမလုပ်နဲ့၊ အကျိုးလဲ ဘယ်နဲ့မှမလုပ်နဲ့၊ ပေါ်ပလား (ပေါ်ပါပြီဘုရား)၊ သဘောပေါက်ပလား (ပေါက်ပါပြီဘုရား)၊ ကိုင်း အနာဂတ်နဲ့ပစ္စုပ္ပန်စပ်တော့ ဘယ်သူစပ်သလဲ (တဏှာက စပ်ပါတယ်ဘုရား)၊ အဲဒီတဏှာဘဲ။ ကမ္မဘဝနဲ့ ဟိုဖက်က ဇာတိက တစပ်လှိုဆိုတယ် မဟုတ်လား (မှန်ပါဘုရား)၊ ဇာတိဆိုတာ ပဋိသန္ဓေဘဲ၊ ကမ္မဘဝဆိုတာ သခါရဘဲ၊ အဲဒီ သခါရက ဘာတဲ့လဲ ပစ္စုပ္ပန်အကြောင်း၊ ဟုတ်လား (မှန်ပါဘုရား)၊ ဇာတိဆိုတာက ဘာတဲ့လဲ ပဋိသန္ဓေဘဲ၊ အနာဂတ်ပဋိသန္ဓေအကျိုး (မှန်ပါဘုရား)၊ ဒီတော့ ပစ္စုပ္ပန်အကြောင်းနဲ့ အနာဂတ်အကျိုးနဲ့ တစပ်မနေဘူးလား (နေပါတယ်ဘုရား)၊ ဘယ်သူစပ်သေးသလဲ (တဏှာက စပ်ပေးပါတယ်ဘုရား)၊ ဘယ်သူဖြတ်ရမှာလဲ (တဏှာကို ဖြတ်ရမှာပါဘုရား)။

အဘိညေယ္ယံ အဘိဇာနာတိ။ အဘိညေယ္ယံ၊ အထူးသဖြင့်သိအပ်သော တရားကို။ အဘိဇာနာတိ၊ တဏှာကို ပဟာတဗ္ဗကိစ္စ၏ အစွမ်းအားဖြင့် အထူးသိ၏။ ပရိညေယ္ယံ၊ ပိုင်းခြားရှင်းသိသင့်တဲ့ အကြောင်းနဲ့အကျိုးတရားကို ပရိဇာနာတိ၊ ပိုင်းခြားရှင်း သိ၏။ (ဘာနဲ့လဲ တီရဏပရိညာ ပဟာနပရိညာ တို့ဖြင့် ပိုင်းခြားရှင်း သိသင့်သောတရားကို ပိုင်းခြားရှင်း သိရမယ်တဲ့။) တွောဝတာ ခေါ်၊ ကျွမ်းကျင်ဖြင့်။ ဒုက္ခဿန္တကရော၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ပြုနိုင်သည်။ ဟောတိ၊ ဖြစ်ပေတော့၏။ ဒါ ရဟန်းတပါးရှိအဖြေ။ အဲဒီလိုဖြေတာ ဘယ်နှစ်ပါးရှိသွားပြီလဲ (နှစ်ပါးရှိသွားပါပြီဘုရား)။ ဥဘောအန္တေ မဇ္ဈေ မန္တာ နလိပွတိ-ကို ဖြေနေတာ။

နောက်တခါ ရဟန်းတပါးက ဒီလိုဖြေတာ မဟုတ်ဘူးတဲ့၊ ဘယ်လိုမှ ဟုတ်သလဲဆိုတော့ သူက ပြောပြန်တယ်။

သုခါ အာဝုသော ဝေဒနာ ဧကော အန္တော၊ ဒုက္ခာ ဝေဒနာ ဒုတိယော အန္တော၊ အဒုက္ခမသုခါ ဝေဒနာ မဇ္ဈေ – တဲ့။

ဝေဒနာသုံးပါး။ ။ဝေဒနာသုံးပါးတဲ့၊ သူကဖြေတယ်-နော် (မှန်ပါဘုရား)၊ သုခဝေဒနာရဲ့ ဒီဖက်မှာ ဘယ်သူရှိသလဲ ဒုက္ခမဟုတ်လား (မှန်ပါဘုရား)၊ ဒုက္ခဝေဒနာရဲ့ ဒီဖက်မှာ ဘယ်သူရှိသလဲ (ဥပေက္ခာဝေဒနာပါဘုရား)၊ ဒီတော့ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာအကြားမှာ အစပ်ကလေး မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဘယ်သူစပ်ပေးသလဲ (တဏှာပါဘုရား)၊ "ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယ္ယောပိ ဣစ္ဆတိ" သမ္မောဒဉ္စကထာနှာ-၁၇၁က ဆင်းရဲလာပြီဆိုရင်ဘာကိုသွားပြီး တောင့်တကြသလဲ ချမ်းသာတာကို သွားတောင့်တတယ်၊ ချမ်းသာလာပြီဆိုတော့ ဘာတောင့်တသလဲ ဘိယ္ယောပိ ဣစ္ဆတိ=ပိုပြီး အလိုရှိလာတယ်။

http://www.dhammadownload.com

ဝေဒနာကြောင့် တဏှာဖြစ်ပုံ။ ။ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာ ပစ္စယာ-တဏှာလို့ ဘုန်းကြီးတို့ ပရိသတ် သဘော ပေါက်မနေဘူးလား (ပေါက်နေပါတယ်ဘုရား)၊ ဝေဒနာဆိုတာ သုခ ဝေဒနာလဲ ရှိတယ်၊ ဒုက္ခဝေဒနာလဲ ရှိတယ်၊ ကာယိက ဒုက္ခ ဝေဒနာဆိုပါတော့ အဓိပ္ပါယ်။

ကာယိက သုခ ဝေဒနာ၊ ကာယိက သုခ ဝေဒနာ – အင်မတန် ကောင်းတဲ့ အရသာကို လျှာပေါ် ရောက်လာပြီး ဖြစ်သောကြောင့် စားရပြီဆိုရင် ဒီအရသာ မျိုးလေး နောက်ထပ် စားချင်သလား မစားချင်ဘူးလား (စားချင်ပါတယ် ဘုရား)၊ အဲဒါ သုခဝေဒနာပစ္စယာ တဏှာ၊ ဟုတ်လား (မှန်ပါဘုရား)၊ ကိုယ့်ခန္ဓာကိုယ်ပေါ်မှာ မီးလောင်တယ်ဆိုရင် ပူတယ်ဆိုတဲ့ ဒုက္ခ ဒုက္ခဝေဒနာ ခံစားရသလား၊ မခံစားရဘူးလား (ခံစားရပါတယ်ဘုရား)၊ အဲဒီ ဒုက္ခဝေဒနာ ကြောင့် တဏှာက ဘယ်က လာမလဲ နောက်တခါ မီးနဲ့ထပ်တို့ ပေးရမှာလား သူ့ကို၊ ကိုင်း ဒီဒုက္ခဝေဒနာကြောင့် တဏှာ ဘယ်လို ဖြစ်မလဲ။

တောင့်တမှုကြောင့် တဏှာမည်ပုံ။ ။ဒုက္ခိ သုခံ ပတ္ထယတိ၊ ပူတယ် ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ အေးတာ ကလေးကို သူ့မတောင့်တဘူးလား (တောင့်တပါတယ်ဘုရား)၊ အဲဒီ တောင့်တတဲ့သဘောကို ဘာလို့ ခေါ်သလဲ (တဏှာလို့ ခေါ်ပါတယ်ဘုရား)၊ ဘာပြုလို့ သူအေးတာ ကို တောင့်တသလဲ (ပူနေလို့ပါဘုရား)၊ ပူတယ်ဆိုတဲ့ ဒုက္ခဝေဒနာကို **ခံစား နေရခြင်း** တည်းဟူသော အကြောင်းကြောင့် အေးတယ်ဆိုတဲ့ သုခဝေဒနာ လေးကို သူတောင့်တလာတယ် တဏှာ၊ ဟုတ်လား (မှန်ပါဘုရား)။

တဏှာချုပ်က ဝေဒနာချုပ်ခြင်း။ ။အဲဒီ တရားနှစ်ခုကို စပ်ပေးတာ ဘယ်သူလဲ (တဏှာပါဘုရား)၊ တဏှာဘဲတဲ့၊ ဒီတော့ ဒုက္ခဝေဒနာကို ဘယ့်နဲ့မှ မလုပ်နဲ့၊ သုခဝေဒနာကို ဘယ့်နဲ့မှ မလုပ်နဲ့၊ စပ်ပေးတဲ့ တဏှာကို ပြတ်အောင် ဖြတ်လိုက်ရင် အာသဝေါ ကုန်မလား၊ မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)၊ ရှုကွက်နော် ရှုကွက်၊ ဘုန်းကြီးတို့ ပြပြပေးနေတဲ့ ဝိညာဏ် နာမ် ရုပ်၊ တနည်း စိတ် စေတသိက် ရုပ်။

နာမ်ဆိုလို့ ဘယ်သူလဲဆိုတော့ အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတဲ့ သတိ စသော တရားသည် နာမ်၊ စေတသိက် တရားတွေ့၊ ဘယ်လောက် ရှိသလဲဆိုတော့ ငါးဆဲ့နှစ်မျိုး ရှိတယ်။

ရုပ်ဆိုတော့ ဘယ်သူတွေလဲ ဘူတရုပ် ဥပါဒါရုပ်၊ ဝိညာဏ်ဆိုတော့ စိတ်၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ဝိညာဏ် နာမ် ရုပ်သည် ဘုန်းကြီးတို့ အမျိုး ကောင်းသား – သမီးများ ဝိပဿနာ ရှုကွက်မှာ အတွဲလိုက် အတွဲလိုက် ပေါ် လာသလား၊ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ အဲဒီ နာမ်နဲ့ ရုပ်ကို

http://www.dhammadownload.com

ဘယ်သူ စပ်ပေးသလဲ (တဏှာက စပ်ပေးပါတယ်ဘုရား)၊ တဏှာနေ့ (မှန်ပါ ဘုရား)။

ဒိဋ္ဌိတဏှာ ချုပ်ရမှာ။ ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တဏှာကိုချည်း ဟောနေတယ်၊ ဖြတ်ရမှာက ဝိညာဏ်ကို ဖြတ်ရမှာ မဟုတ်ဘူး၊ နာမ်ကို ဖြတ်ရမှာ မဟုတ်ဘူး၊ ချုပ်ရမှာ တဏှာချုပ်ရမှာ၊ ဝိညာဏ် နာမ် ရူပ် ချုပ်ရမှာ မဟုတ်ဘူး၊ ဒါကို သိစေလိုတယ် မြတ်စွာဘုရားက၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ချုပ် ချုပ်နေတယ်ဆိုတာ ဘာတွေ ချုပ် ချုပ်နေတာလဲ၊ ရူပ် ချုပ်တဲ့ လူကချုပ်၊ နာမ် ချုပ်တဲ့လူကချုပ်၊ ရူတာ ချုပ်တဲ့လူကချုပ်၊ အရူခံတာ ချုပ်တဲ့လူကချုပ်နဲ့ အဲဒီလို ချုပ်နေကြတယ်၊ ချုပ်တယ်ဆိုတာ ဥပါဒ်ချုပ် ဘင်ချုပ် ခဏချုပ် ဆိုတာ ဟုတ်တယ်၊ အနုပ္ပါဒနိရောဓ ချုပ်တဲ့ အချုပ်မျိုး မဟုတ်ဘူး၊ ဘုန်းကြီး တန္ခေကလဲ ရှင်းပေးခဲ့ပြီ၊ အနုပ္ပါဒ နိရောဓ အနေမျိုးနဲ့ ချုပ်ရမှာက ဘာတွေချုပ်ရမလဲဆိုတော့ ဒိဋ္ဌိနဲ့ တဏှာတဲ့၊ ဟုတ်လား (မှန်ပါ ဘုရား)၊ အဲဒါနဲ့ ဒီ ရဟန်းတွေ ဒီလိုငြင်းနေကျတာ ခြောက်ပါးဘဲ၊ ရှေးက အပိုင်း တွေထားတော့ ဘုန်းကြီး ဒီ သုတ္တန် ဟောထားလို့ ကြိုးသွင်းထားတာလဲ ရှိတယ်၊ အဲဒီမှာ ပြန်နာကြပေတော့ အချိန်က သိပ်မရတော့ဘူး။

ဘုရားရှင်လက်ထက်က ရဟန်းချင်း အယူကွဲလွဲပုံ

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရဟန်းတပါးက ဘယ်နဲ့ပြော သလဲဆိုတော့ တပါးက ပြောတယ် ဖဿတဲ့၊ တပါးက အတိတ် အနာဂတ်၊ တပါးကတော့ ဝေဒနာ၊ တပါးက ဘာပြောလဲ ဝိညာဏ် နာမ် ရူပ်၊ တပါးက ဘာပြောလဲ အဇ္ဈတ္တိကာယတန ဗာဟိရာယတန၊ တပါးက သခ်ၤါရ။ ဒီအတိုင်းဘဲ သွားတော့မယ်၊ ဒီ အင်္ဂုတ္တိရ် ဆက္ကနိပါတ် မဇ္ဈေသုတ္တန်က။ ။

အရှင်ဘုရားတို့ပြောတာ တယောက်တမျိုးစီ ဖြစ်နေကြတယ်တဲ့ ရဟန်း တပါးက–

> "ဗျာကတံ ခေါ အာဝုသော အမ္ဖေဟိ သဗ္ဗေဟေဝ ယထာသကံ ပဋိဘာနံ၊ အာယာမာဝုသော ယေန ဘဂဝါ တေနုပသင်္ကမိဿာမ၊ ဥပသင်္ကမိတ္ဝာ ဘဂဝတော တေမတ္တံ အာရောစေဿာမ။ ယထာ နော ဘဂဝါ ဗျာကရိဿတိ၊ တထာ နံ ဓာရေဿာမ"တဲ့။

အရှင်ဘုရားတို့ အမျိုးမျိုးပြောနေကြတာဘဲတဲ့၊ ကိုယ်ဉာဏ်ပေါ် သလို ပြော နေကြတာ၊ ဒီတော့ ဒီတရားအမှန်ကို သိအောင် ဘယ်လိုလုပ်ကြမလဲ ဆိုတော့ မြတ်စွာဘုရားထံ သွားပြီးတော့ လျှောက်ကြပါစို့ရှဲ့–မြတ်စွာဘုရား ဖြေကြား တော်မူတဲ့အတိုင်း ဒီတရား တပည့်တော်တို့ မှတ်သားကြပါစို့လို့ ပြောတယ်။

http://www.dhammadownload.com

အယူအဆ အမျိုးမျိုးကွဲခြင်း။ ။တာကြောင့် ဘုန်းကြီးတို့ အမျိုးကောင်း သားသမီးများ တရားတွေ ငြင်းမယ်ကြံမယ် ဒီလိုအငြင်းပွါးနေကြရင် ဘယ်ကိုသွားမလဲ အဆုံးအဖြတ်ခံဘို့၊ ဘယ်မှာလဲ မြတ်စွာဘုရားက၊ ဒီတော့ အဆုံးအဖြတ်ခံဘို့ ဘယ်သွားရမလဲ ပါဋ္ဌိတော်ဆီသွား၊ ဟုတ်လား (မှန်ပါဘုရား)၊ မြတ်စွာဘုရား လက်ထက်က မြတ်စွာဘုရားရှိ သည်ဖြစ်သောကြောင့် တပါးက ဖဿ၊ တပါးက- အတိတ် အနာဂတ်၊ တပါးက ဝေဒနာ၊ တပါးက ဝိညာဏ် နာမ် ရုပ်၊ တပါးက အာယတန၊ တပါးက- သင်္ခါရတဲ့။ ဒီလို ရဟန်းခြောက်ပါး ခြောက်မျိုး ပြောနေတယ်။

တယောက်နဲ့တယောက် လျှော့ပေးကြလား(မလျှော့ပါဘုရား)။ မလျှော့ ဘူး၊ သူဟာ မှန်တယ် ငါ့ဟာ မှန်တယ် ဖြစ်မနေဘူးလား(ဖြစ်နေပါတယ်ဘုရား)၊ ဒီတော့ ရဟန်းတပါးက ကြားထဲက နေပြီး သူက ငြိမ်းချမ်းရေးသမား သူက ဖြေပြန်တယ်။

အရှင်ဘုရားတို့ တယောက်တမျိုးပြောနေတာ ဒီလိုတော့ မဖြစ်ဘူး၊ မြတ်စွာ ဘုရားထံသွားပြီးတော့ လျှောက်ကြစို့ရဲ့ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့အတိုင်း ဒီ တရားယူကြပါစို့–လို့ ဆိုတော့ အားလုံး သဘောတူကြတယ် (မှန်ပါဘုရား)။ ကိုင်းသွားကြစို့နဲ့ မြတ်စွာဘုရားထံ ရောက်တော့ မြတ်စွာဘုရားကို လျှောက် တယ်၊ ဒီအကြောင်းကို အားလုံးပြန်ပြောတယ်၊ သူက ဖဿ၊ သူက ဝေဒနာ၊ သူက အတိတ် အနာဂတ် စသည်ဖြင့် ပြောပြတယ်၊ ဘယ်သူစကားမှန်ပါသလဲလို့။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသောမြတ်စွာဘုရား။ ကဿ ပုဂ္ဂလဿ၊ အဘယ်ပုဂ္ဂိုလ်၏။ ဝစနံ၊ စကားသည်။ သုဘာသိတံ၊ မှန်မှန် ကန်ကန်ပြောတဲ့ ကောင်းတဲ့စကား မည်ပါသနည်း။ အရှင်ဘုရား ဒီ ပုဂ္ဂိုလ် ခြောက်ပါး ပြောတာ ဘယ်သူစကား မှန်ပါသလဲ ဟုတ်လား(မှန်ပါဘုရား)။

သဗ္ဗေသံ ဝေါ ဘိက္ခဝေ သုဘာသိတံ ပရိယာယေန၊ အပိ စ ယံ မယာ သန္ဓာယ ဘာသိတံ ပါရာယနေ မေတ္တေယျပဉ္ဍေ—

ယော ဥဘောန္တေ ဝိဒိတွာန၊ မဇ္ဈေ မန္တာ နလိပ္ပတိ။
တံ ဗြူမိ မဟာပုရိသောတိ၊ သော ဣဓ သိဗ္ဗိနိ မစ္စဂါ–လို့

အားလုံးမှန်တယ်၊ မြတ်စွာဘုရားက— သူနည်းနဲ့သူ မှန်ကြတယ်။

ဝိပဿနာလုပ်ငန်း သူ့နည်းသူ့ဟန်။ ။ဒီတော့ ဝိပဿနာလုပ်ငန်းဆိုတာ သူ နည်းနဲ့သူ မှန်နေကြတယ်၊ ဘုန်းကြီး တို့ ပရိသတ် မငြင်းကြနဲ့နော်– ကြားလား (မှန်ပါဘုရား)၊ အငြင်းမပွါးကြနဲ့ ဝိပဿနာမှာ ငြင်းစရာမရှိဘူး၊ ငြင်းနေကြမယ်ဆိုရင် ဝိပဿနာအပြင်ဖက်ကို

http://www.dhammadownload.com

ရောက်နေကြပြီလို့ မှတ်ထား ဟုတ်လား (မှန်ပါဘုရား)၊ သူဟာ မှန်တယ် ငါဟာ မှန်တယ်ဆိုပြီး ငြင်းစရာမရှိဘူး၊ ဝိပဿနာရှုတယ်ဆိုတာ ဝိညာဏ် နာမ်ရုပ်ကို ရှုတာ ဟုတ်လား့ (မှန်ပါတယ်ဘုရား)၊ ရှုတော့ ဘယ်လိုရှုသလဲ သတိနဲ့ပေါ်လွင်အောင် လုပ်ပြီးတော့ ပညာခေါ်တဲ့ ပညိန္ဒြေစေတသိက်နဲ့ ဉာဏ်နဲ့ လက္ခဏာ-ရမ္မဏိက ဝိပဿနာဉာဏ်နဲ့ ရှုရတယ်၊ ဘယ်သူတွေက ရှုသလဲ သခ်ါရတရား တွေက ရှုတယ်၊ ဘယ်သူတွေကို ရှုသလဲ၊ သခ်ါရတရားတွေကိုဘဲ ရှုတယ်။ အဲဒါ ကြောင့် အဋ္ဌကထာက ပြောထားတယ်။

✓သခ်ါရော၀ သခ်ါရေ ဝိပဿန္တိ=သခ်ါရတရားတွေက သခ်ါရတရားတွေကို ဝိပဿနာရှုနေတာ။ ပုဂ္ဂိုလ်သတ္တဝါတွေက ရှုတာ မဟုတ်ဘူးတဲ့ နော် (မှန်ပါဘုရား)၊ အလယ်ခေါင်ဆိုတာ ဘာလဲ ဘုန်းကြီးတို့ပရိသတ်၊ ဟိုဖက်အစွန်း ဒီဖက် အစွန်းဆိုတာ သိပြီနော်၊ (မှန်ပါဘုရား)၊ အလယ်ခေါင်ကော အဲဒီမှာ ပညာဖြင့် မလိမ်းကျံတော့ဘူးဆိုတော့ လိမ်းကျံတယ်ဆိုတာ မြတ်စွာဘုရားက နှစ်မျိုး ဟောတယ်။

✓လိမ်းကျံခြင်း ၂-မျိုး။ ။တဏှာလေပ, ဒိဋ္ဌိလေပ နော် (မှန်ပါဘုရား)၊ ဟိုဖက် အစွန်းနဲ့ ဒီဖက် အစွန်း တည်းဟူသော အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်တဲ့ အတိတ်က အဝိဇ္ဇာသခ်ါရ ပဋိစ္စသမုပ္ပါဒ် အတိုင်း ပြောရင်နော် (မှန်ပါဘုရား)၊ အနာဂတ်က ဘာတဲ့လဲ (ဇာတိဇရာ-မရဏပါဘုရား)။ ပစ္စုပ္ပန်က ဘာတဲ့လဲ ဝိညာဏ် နာမ် ရူပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ-တရားတွေ အပေါ်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ တဏှာနဲ့ ဒိဋ္ဌိနဲ့ လိမ်းကျံနေသလား လိမ်းကျံမနေဘူးလား (လိမ်းကျံနေပါတယ် ဘုရား)။

ဒီ-တရားလုံးတွေရဲ့ အပေါ်မှာ တဏှာရေလေးက လိမ်းပေးလိုက်တယ်၊ ဆိုးပေးလိုက်တယ်ဆိုတာ အင်မတန် ဖြူစင်နေတဲ့ အရောဝတ္ထုတခုခုကို ရွံရေ တွေနဲ့ လိမ်းကျံသလို လိမ်းကျံတယ်၊ တဏှာရေတွေ ဒိဋ္ဌိတည်းဟူသော ရွံခဲကြီး တွေနဲ့ ဘုန်းကြီးတို့ပရိသတ်ကို၊ အဲဒီ-ပဋိစ္စသမုပ္ပါဒ်အင်္ဂါတွေကို လျှောက်ပြီးတော့ လိမ်းကျံတယ်။ ခန္ဓာငါးပါးကို လိမ်းကျံတယ်၊ အာယတနတဆယ့်နှစ်ပါးကို လိမ်းကျံ တယ်၊ ဓာတ်တဆယ့်ရှစ်ပါးကို လိမ်းကျံတယ်။

တဏှာဖြင့် လိမ်းကျံပုံ။ ။တဏှာနဲ့ လိမ်းကျံတယ်ဆိုတာ ဘယ်လိုလဲဆိုတော့ တဏှာတရာ့ရှစ်ပါးတို့နဲ့ လိမ်းကျံတယ်တဲ့။ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတို့

http://www.dhammadownload.com

ဖြင့် အဲဒီ-ခန္ဓာငါးပါး အာယတန တဆဲ့နှစ်ပါးတို့ကို လိမ်းကျံတယ်၊ ဒါ တဏှာဖြင့် လိမ်းကျံပုံနော် (မှန်ပါဘုရား)။

ဒိဋ္ဌဖြင့် လိမ်းကျံပုံ။ ။ဒိဋ္ဌဖြင့် လိမ်းကျံပုံကိုတော့ စူဠနိဒ္ဒေသပါဠိတော် နှာ-၄၅ မှာ ဒီနေရာမှာ သုံးမျိုးတောင် ပြတယ်။

တဏှာနဲ့ ဒိဋ္ဌ ဘယ်သူက အရေးကြီးသလဲ ဒိဋ္ဌက အရေးကြီးတယ်၊ အဲဒါနဲ့ စူဠနိဒ္ဒေသပါဠိတော်ကို ဟောတော်မူတဲ့ အခါကျတော့ စူဠနိဒ္ဒေသပါဠိတော် ဆိုတာ သာဝကဘာသိတပါ၊ မြတ်စွာဘုရားကိုယ်တိုင် ဟောတဲ့ပါဠိတော်မဟုတ် ဘူး စူဠနိဒ္ဒေသက၊ စူဠနိဒ္ဒေသတို့ မဟာနိဒ္ဒေသတို့ဆိုတာ ရှင်သာရိပုတ္တရာ ဟောတဲ့ သုတ္တန်တွေလို့ အဆိုရှိပါတယ်။

အဲဒီ စူဠနိဒ္ဒေသပါဠိတော်က ဒိဋ္ဌအရေးကြီးသည် ဖြစ်သောကြောင့် ဒိဋ္ဌကို ဒီနေရာမှာ ဘယ်လောက်ပြထားသလဲဆိုတော့ သုံးမျိုးပြတယ်။

သက္ကာယဒိဋ္ဌနဲ့ လိမ်းကျံပုံ။ ။သက္ကာယဒိဋ္ဌ နှစ်ဆယ်နဲ့လဲ လိမ်းကျံတယ်-တဲ့ ခန္ဓာငါးပါးကို။ ခန္ဓာငါးပါးကို ဘုန်းကြီးတို့ ပရိသတ် ဘာနဲ့လိမ်းကျံထားသလဲ သက္ကာယဒိဋ္ဌနှစ်ဆယ်နဲ့ လိမ်းကျံထားတယ်။

အန္တဂ္ဂါယိကဒိဋ္ဌ ဆယ်မျိုးနဲ့လဲဘဲ ခန္ဓာငါးပါးကို လိမ်းကျံတယ်-တဲ့။ ဒဿဝတ္ထုကဒိဋ္ဌကြီး ဆယ်မျိုးနဲ့လဲဘဲ ဘုန်းကြီးတို့ပရိသတ် ဒီခန္ဓာကိုယ်ကို လိမ်းကျံပြီးတော့ ထားပါတယ်-တဲ့၊ သုံးမျိုးပြတယ်၊ ဒိဋ္ဌဆိုတာ ဘာကိုခေါ်သလဲ ဆိုတော့ အဘိနိဝေသာ ပရာမာသော ဒိဋ္ဌိ။ အဘိနိဝေသာ၊ မှားသောအားဖြင့်။ ပရာမာသော၊ မှားသော နှလုံးသွင်းခြင်းနဲ့ သုံးသပ်ယူစွဲ ပြီးတော့ ယူစွဲထား တာကို ဒိဋ္ဌလို့ ခေါ်တယ်။

သက္ကာယဒိဋ္ဌ ၂၀။ ။အမှန်ကတော့ ခန္ဓာငါးပါးဘဲ၊ အဲဒီ-ခန္ဓာငါးပါးကို ဒိဋ္ဌလို့ ခေါ်တဲ့ တရားတွေ ဘယ်လို လိမ်းကျံထားသလဲ ဆိုတော့ သက္ကာယဒိဋ္ဌနှစ်ဆယ်ကိုပြတယ်။ မမ္မသင်္ဂဏီပါဠိတော် နှာ-၂၀၈ က—

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။ ။လေးခု ရှုပ်ပေါ်မှာ။

ဝေဒနံ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝေဒနံ၊ ဝေဒနာယ ဝါ အတ္တာနံ။ ။ဝေဒနာကွန်ရှာမှာ လေးခု။

သညံ အတ္တတော သမနုပဿတိ၊ သညာဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သညံ၊ သညာယ ဝါ အတ္တာနံ။ ။သညာကွန်ရှာမှာ လေးခု။

သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေသု ဝါ အတ္တာနံ။ ။သင်္ခါရကွန်ရှာမှာ လေးခု။

http://www.dhammadownload.com

ဝိညာဏံ အတ္တတော သမနုပဿတိ၊ ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ဝိညာဏံ၊ ဝိညာဏသ္မိံ ဝါ အတ္တာနံ။ ။ဝိညာဏကွန္ဓာမှာ လေးခု။

ခန္ဓာငါးပါး လေးခုစီ ပေါင်းလိုက်တော့ ဘယ်လောက်တုန်း (နှစ်ဆယ်ရပါတယ်ဘုရား)။ ဒါ သက္ကာယဒိဋ္ဌိနှစ်ဆယ်လို့ ခေါ်ပါတယ်နော် (မှန်ပါဘုရား)။ ဘုန်းကြီး အဓိပ္ပါယ်ပြောပေးအုံးမယ်၊ ဒါတွေ နားလည်အောင်။

အတ္တဒိဋ္ဌိစွဲ ၃-မျိုး။ ။ရူပံ အတ္တတော သမနုပဿတိ-ဆိုတာ ဘာခေါ်ပါသလဲ ဘုရားလို့ သက္ကာယဒိဋ္ဌိစွဲတယ်လို့ဆိုတာ ဒိဋ္ဌိနှစ်ဆယ်လို့ ဆိုတာ၊ ရုပ်ပေါ်စွဲတာက တမျိုး၊ နာမ်ပေါ်စွဲတာက တမျိုး၊ ရုပ်ရော နာမ်ရော နှစ်ပါးပေါင်းပြီး စွဲတာက တမျိုး ဘယ်နှစ်မျိုးလဲ(သုံးမျိုးပါဘုရား)၊ အဲဒီ သုံးမျိုးကို ဘုန်းကြီး ခွဲပြောပေးမယ်။

ရူပံ အတ္တတော သမနုပဿတိ။ ရူပံ၊ ရုပ်တရားကို။အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှု၏။ အဖန်တလဲလဲ ရှု၍နေ၏။ ရုပ်ကို အတ္တလို့ ရှုတာဟာ ဘယ်လို ရှုတာလဲ အဋ္ဌသာလိနီအဋ္ဌကထာ၊ နှာ-၃၈၇ က ဖွင့်ပေးတယ်။

ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ၊ ယံ ရူပံ၊ သော အဟံ၊ ယော အဟံ၊ တံ ရူပန္တိ ရူပဉ္ဇ အတ္တာနဉ္ဇ အဒွယံ သမနုပဿတိ။ သေယျထာပိ နာမ တေလပဒီပဿ စျာယတော ယာ အစ္စိ၊ သော ဝဏ္ဏော၊ ယော ဝဏ္ဏော၊ သာ အစ္စိတိ အစ္စိဉ္ဇ ဝဏ္ဏဉ္ဇ အဒွယံ သမနုပဿတိ၊ ဧဝမေဝ ဣဓေကစ္စော ရူပံ အတ္တတော သမနုပဿတိ၊ ယံ ရူပံ၊ သော အဟံ၊ ယော အဟံ၊ တံ ရူပန္တိ ရူပဉ္ဇ အတ္တာနဉ္ဇ အဒွယံ သမနုပဿတိ။

ဒါ အဋ္ဌကထာရဲ့စကား။ ကုန်အောင်လို့ ဟောရလိမ့်မယ်၊ ဘုန်းကြီးတို့ ပရိသတ် ဒီကနေ့ ဒီသုတ္တန် ချန်ပစ်ခဲ့လို့လဲ မဖြစ်ဘူး၊ နဲနဲလေး ကျန်တော့တယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ရူပံ၊ ရုပ်တရားကို။ အတ္တတော၊ အတ္တဟူ၍။ သမနုပဿတိ၊ ရှုတယ်ဆိုတာ၊ ရုပ်တရားနဲ့ အတ္တကို တခုတည်း ရှုလိုက်တယ်၊ ယံ ရူပံ၊ အကြင်ရုပ်သည်။ သော အဟံ၊ ထို ငါပင်တည်း။ သော အဟံ၊ ထိုငါသည်။ တံ ရူပံ၊ ထိုရုပ်ပင်တည်း။ ဣတိ၊ ဤသို့။ ရူပဉ္ဇ၊ ရုပ်ကိုငုင်း။ အတ္တာနဉ္ဇ၊ အတ္တကိုလည်းကောင်း။ အဒွယံ၊ နှစ်ထွေမပြား ထပ်တူထား၍။ သမနုပဿတိ၊ ရှု၏။

အတ္တခေါ်ရာ၌ မှတ်ဖွယ်။ ။ရုပ်ဆိုတာ ဘယ်သူလဲ– ငါ၊ ငါဆိုတာ ဘယ်သူလဲ-ရုပ်။ ရုပ်နဲ့ငါကို– အတူတူလို့ ရှုထားတာ၊ အဲဒါကို အတ္တလို့ ခေါ်တယ်၊ ဘုန်းကြီးတို့ ပရိသတ် ငါဆိုတာ ဘယ်မှာလဲလို့ မေးရင် ဘယ်သူလက်ညှိုးထိုးပြမလဲ၊ (ရုပ်ကိုဘဲ လက်ညှိုးထိုးပြပါမယ်ဘုရား)။ သင့်ရုပ်

http://www.dhammadownload.com

ဘယ်မှာလဲလို့ ဆိုရင်ကော (ငါကိုဘဲ လက်ညှိုးထိုးပြပါမယ်ဘုရား)။ မျက်လုံးနဲ့ ငါနဲ့ အတူတူ၊ နားနဲ့ ငါနဲ့ အတူတူ၊ နား ဘယ်သူ့ နားလဲ၊ ငါ့နား။ ငါ့မျက်လုံး ငါ့ နှာခေါင်း စသည်ဖြင့် ရူပ်ကို ငါလို့ တခုထဲ လုပ်မထားဘူးလား၊ (လုပ်ထား ပါတယ်ဘုရား)၊ ရူပ်နဲ့ ငါနဲ့ အတူတူလား၊ တခြားစီလား ဆိုတော့၊ ငါဟာ ရူပ်ဘဲ၊ ဒါဟာ ငါ့ရူပ်ဘဲတဲ့ မှန်ကလေးထဲ ကြည့်ကြည့်ပြီးတော့ အတွေးစွဲနေတာ။ ဒါ သက္ကာယဒိဋ္ဌိလို့ ခေါ်တယ်နော်– (မှန်ပါဘုရား)။

အတ္တ အစွဲနှင့် ဆိမီး ဥပမာ။ ။ဥပမာတဲ့ ဆိမီးတခု ထွန်းထားမယ်လို့ ရှိရင် အဲဒီ ဆိမီးတောက်နဲ့ ဆိမီးအရောင်နဲ့ နှစ်ခုကို တခုထဲ ရှုသလိုဘဲတဲ့။ ရူပံ အတ္တတော သမနုပဿတိ။

"ရူပဝန္တံ ဝါ အတ္တာနံ" ဒါကျတော့ ရုပ်ကိုအတ္တလို့ ရှုတာ မဟုတ်တော့ဘူး။ ရူပဝန္တံ ဝါ အတ္တာနံလို့ ဆိုတာ ဝေဒနာရယ် သညာရယ် သင်္ခါရရယ် ဝိညာဏ်ရယ်-လို့ ဆိုတဲ့ အဲဒီ နာမ်ခန္ဓာလေးပါးကို အတ္တလို့ ရှုတာ၊ ဒီ နာမ်ခန္ဓာ လေးပါးဟာ အတ္တဘဲ၊ ဒီ နာမ်ခန္ဓာ လေးပါးမှာ ရူပ်ရှိတယ်၊ ဒီလိုရှုတာကို ရူပဝန္တံ ဝါ အတ္တာနံ လို့ ခေါ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ဝေဒနာကွန္ဓာ မရှိဘူးလား (ရှိပါတယ်ဘုရား)။ သညာကွန္ဓာကော (ရှိပါတယ်ဘုရား)။ သင်္ခါရကွန္ဓာကော (ရှိပါတယ်ဘုရား)။ သင်္ခါရကွန္ဓာဆိုတာ သတိနဲ့ပညာ၊ ဝိညာဏကွန္ဓာကော မရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲဒီ နာမ်ခန္ဓာ လေးပါးကို အတ္တလို့ ရှုတဲ့ ပုဂ္ဂိုလ် တွေက ဒီ နာမ်ခန္ဓာ လေးပါးသာ အတ္တ၊ ရူပ်က အတ္တ မဟုတ်ဘူး၊ နာမ်ခန္ဓာ လေးပါးသည်သာလျှင် အခိုင်အမြဲ တည်နေတယ်လို့—

✓ နိစ္စော ဓုဝေါ သဿတော အဝိပရိဏာမဓမ္မော။

နာမ်၌ အတ္တစွဲပုံ။ ။ဒီ နာမ်ခန္ဓာ လေးပါးဟာ ဘယ်တော့မှ မပျက်စီးဘူး၊ ရူပ်ကြီးကသာ ပျက်စီးသွားတာ၊ ရူပ်ကြီးကိုသာ သတ်လို့ ရတာ၊ နာမ်ခန္ဓာ လေးပါးကို သတ်လို့မရဘူး၊ ဒီ ရူပ်ကို ရိုက်နှက် သတ်လိုက် မယ်ဆိုရင် ဒီရူပ်ကြီးနာတာ အားကြီးလာလို့ရှိရင် ဒီ နာမ်ခန္ဓာ လေးပါးဟာ ဘယ်သွားမလဲ၊ အသက်က ထွက်သွားရော၊ ဟုတ်လား (မှန်ပါဘုရား)။ ဒီတော့ ရူပ်ကြီးသာ သေတာ၊ အသက်က သေတာ မဟုတ်ဘူး၊ ဟိုဖဲ့က်ဘဝ သွားကူးတာ၊ ဟိုနတ်သော်လည်းကောင်း လူသော်လည်းကောင်း သွားဖြစ်တာ၊ နာမ်ခန္ဓာ လေးပါးကို သူက ဘာလို့ယူထားလဲ အတ္တလို့ ယူထားတယ်၊ အဲဒီ နာမ်ခန္ဓာ လေးပါးတည်းဟူသော အတ္တမှာ ရုပ်ရှိတယ်လို့ ယူတာကို ရူပဝန္တံ ဝါ အတ္တာနံ လို့ ခေါ်သည်၊ ဟုတ်လား- (မှန်ပါဘုရား)။ အဓိပ္ပါယ်စကားပြေနှင့် တကွ ဘုန်းကြီး ပြောပေးမယ်၊ ပါဠိတွေ သိပ်မရှက်တော့ဘူး။

http://www.dhammadownload.com

အတ္တနိ ဝါ ရူပံ-ဆိုတာ နာမ်တရားတွေကို သူက အတ္တလို့ စွဲတာ၊ ရုပ်တရားတွေကို အတ္တလို့စွဲတာ မဟုတ်ဘူး။

အတ္တနိ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဤ နာမ်ခန္ဓာ လေးပါးတည်းဟူသော အတ္တဉ္ဉ။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိ၏။ ဟော နာမ်ခန္ဓာမှာ ရုပ်ရှိဘယ်၊ နာမ်ခန္ဓာ လေးပါးမှာ တည်နေရတယ်-လို့ သူက ဒီလိုယူတယ်၊ အတ္တပေါ်မှာ တည်နေတဲ့ရုပ်။

ရူပသ္မိံ ဝါ အတ္တာနံ။ အတ္တာနံ၊အတ္တကို။ ရူပသ္မိံ၊ ရုပ်၌။ ဌိတံ၊ တည်၏ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ သမနုပဿတိ၊ ရှု၏။ ရုပ်ပေါ်မှာ အဲဒီ အတ္တတရားတွေ တည်နေတာကို ရူပသ္မိံ ဝါ အတ္တာနံ-လို့ ခေါ်သည်။ လေးမျိုး ဟုတ်လား (မှန်ပါဘုရား)။

ဝေဒနာကျတော့ "သေဝ နယော"လို့ အဋ္ဌကထာက ဆိုသည်၊ ဟုတ်လား (မှန်ပါဘုရား)၊ သေဝ နယော ဤနည်းအတိုင်းဘဲ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်-တို့ဟာ ဤနည်း လျှင် နည်းရှိကုန်၏။

အဋ္ဌကထာ ဆရာကြီးတောင်မှ သေဝ နယော လုပ်သားလျှင် ဘုန်းကြီး ထပ်ရှည်လို့ ဖြစ်ပါဦးတော့မလား (မဖြစ်ပါဘုရား)၊ ဘုန်းကြီးလဲ သေဝ နယောဘဲ ဟုတ်လား။

ရုပ်နာမ်ကို အတ္တစွဲပုံ။ ။အဲဒီ နေရာမှာ ရူပံ အတ္တတော သမနုပဿတိသည် ရုပ်ကို အတ္တ လို့ စွဲတာ-နော် (မှန်ပါဘုရား)။

ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိ ဝါ ရူပံ၊ ရူပသ္မိံ ဝါ အတ္တာနံ။ ဝေဒနံ အတ္တတော သမနုပဿတိ၊ သညံ အတ္တတော သမနုပဿတိ၊ သင်္ခါရေ အတ္တတော သမနုပဿတိ၊ ဝိညာဏံ အတ္တတော သမနုပဿတိ လို့ ဆိုတဲ့။

အဲဒီ ခုနစ်ဌာနကို အတ္တ-လို့ စွဲဘာက နာမ်တရားသက်သက်ကို အတ္တလို့စွဲတာ နော် (မှန်ပါဘုရား)။

ကျန်တဲ့ တဆဲ့နှစ်ပါးမှာ အတ္တလို့စွဲတာက ရုပ်ရော နာမ်ရော နှစ်ပါးရောပြီး စွဲတာ၊ အဲသလို အဋ္ဌကထာ ဆရာကြီးက ခွဲပေးထားတာ နော်(မှန်ပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ ခွဲပြပုံ

ရူပံ အတ္တတော သမနုပဿတိ၊

ဝေဒနံ အတ္တတော သမနုပဿတိ၊

http://www.dhammadownload.com

သည် အတ္တတော သမနုပဿတိ၊

သခါရေ အတ္တတော သမနုပဿတိ၊

ဝိညာဏံ အတ္တတော သမနုပဿတိ-သည် ဥစ္ဆေဒ ဒိဋ္ဌိ။

ကျန်တဲ့ တဆဲ့ငါးခုသည် သဿတဒိဋ္ဌိလို့။ သဿတဒိဋ္ဌိ နဲ့ ဥစ္ဆေဒ ဒိဋ္ဌိ နှစ်မျိုးတို့ဖြင့် အဲဒီ ခန္ဓာငါးပါးပေါ်မှာ လိမ်းကျံကပ်ငြိပြီးတော့ နေပါတယ်-တဲ့။ ဒါ ဒိဋ္ဌိလေပ-နော် (မှန်ပါဘုရား)။

နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊နတ္ထိ အယံ လောကော၊နတ္ထိ ပရော လောကော၊နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတ္ဝာ ပဝေဒေန္တိ[၁]။

ဒါ ဒသဝတ္ထုကဒိဋ္ဌိကြီး ဆယ်မျိုး။

ဒသဝတ္ထုကဒိဋ္ဌိ ၁၀-မျိုး။ ။နတ္ထိ ဒိန္နံ၊ အလှူ လုံးလို့ အကျိုးမရှိဘူးတဲ့၊ လုံး ကုန်တာဘဲရှိတယ်-တဲ့၊ ဘာအကျိုးမှ မရဘူး-တဲ့။

နတ္ထိ ယိဋ္ဌံ၊ ဘုရား တရား သံဃာ ဆရာ မိဘနှင့် ကြီးသူများကို ပူဇော်မှုကြောင့် ဘာအကျိုးမှ မရှိဘူးတဲ့၊ ပူဇော်ခြင်း ရိုသေခြင်းကြောင့် ဘာကုသိုလ်မှ မရဘူးတဲ့၊ အဲဒါ အကျိုးမရှိဘူးတဲ့ အဲသလို ယူတဲ့သူ။

နတ္ထိ ဟုတံ၊ ဧည့်သည် စောင်သည်တွေ လာလို့ ဧည့်သည် စောင်သည်တွေကို ကျွေးတာ ဘာအကျိုးမှ မရှိဘူးတဲ့ သူယူထားတယ်။

နတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ ကောင်းစွာ ကိုယ်အမူအရာနဲ့ ပြုခြင်း မကောင်းသဖြင့် ကိုယ်အမူအရာနဲ့ပြုခြင်းတို့ကြောင့် ကုသိုလ် အကုသိုလ် ကံတို့၏ အကျိုးလဲ မရှိဘူးတဲ့၊ မင်းတို့လုပ်ချင်တာသာလုပ် ဘာမှမဖြစ်ဘူး၊ ဒီဘဝ သေပြီးရင် ပြတ်ကရောဘဲ၊ မကောင်းတာလုပ်လဲ မကောင်းကျိုး မခံရဘူး၊ ကောင်းတာလုပ်လဲ ကောင်းကျိုးမခံရဘူး၊ မခံစား မစံစားရဘူး၊ အဲဒီလို ယူတဲ့ ဒိဋ္ဌိ၊ ဘယ်သူပေါ် မှီယူသလဲ ခန္ဓာငါးပါးပေါ်မှာနော် (မှန်ပါဘုရား)။

နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ ဤလောကလဲ မရှိဘူး။ တမလွန်လောကလဲ မရှိဘူး-တဲ့ သူက ယူတယ် ဟုတ်လား (မှန်ပါဘုရား)။

နတ္ထိ မာတာ၊နတ္ထိ ပိတာ၊ အမိကို ရိုရိုသေသေ ပြုလုပ်ရတဲ့အကျိုးမရှိ၊ အမိကို စော်ကားခြင်းကြောင့် အပြစ်မရှိဘူး၊ အမိကို ရိုရိုသေသေ လုပ်ခြင်းကြောင့်

၁။ ဓမ္မသင်္ဂဏီပါဠိတော်၊ နှာ-၂၄၁။

http://www.dhammadownload.com

အကျိုးမရဘူး၊ အဖကို စေ့ကားခြင်းကြောင့် အပြစ်မရှိဘူး၊ အဖကို ရိုရို သေသေ လုပ်ခြင်းကြောင့် အကျိုးမရှိဘူးဆိုတာ နတ္ထိ မာတာ နတ္ထိ ပိတာ။

နတ္ထိ သတ္တာ ဩပပါတိကာ၊ မျက်လုံးနဲ့ မမြင်ရတဲ့ ဥပပါတ်သတ္တဝါခေါ်တဲ့ ပြိတ္တာတို့ ငရဲတို့ တိရစ္ဆာန်တို့ အပါယ်လေးဘုံတို့ နတ်ပြည်တို့ ဗြဟ္မာပြည်တို့ ဆိုတာ မရှိဘူးလို့ ယူတဲ့အယူကို "နတ္ထိ သတ္တာ ဩပပါတိကာ"လို့ ခေါ်သည်၊ ဟုတ်လား (မှန်ပါဘုရား)။

ဒီခေတ်မှာ ပေါ်လာပြီ၊ ဘုန်းကြီးဘို့ပရိသတ်ကော ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင်တွေထဲမှာ ငရဲပြည် မရှိဘူးလို့ပြောတဲ့လူ ပါနေပြီဟုတ်လား (မှန်ပါဘုရား)၊ မပါဘူးလား (ပါနေပါတယ်ဘုရား)၊ငရဲပြည်မရှိဘူး၊ နတ်ပြည် မရှိဘူးလို့ ယူရင် နတ္ထိ သတ္တာ ဩပပါတိကာ-ဆိုတဲ့ ဒိဋ္ဌိအယူထဲ ရောက်သွားပြီနော်(မှန်ပါဘုရား)။

> နတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ[1]။

သမဏ ဗြာဟ္မဏတို့ခေါ်တဲ့ ကောင်းတဲ့ အကျင့်ကို ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလို့ ယူတဲ့အယူ၊ အဲဒီ ဆယ်မျိုးသည် ဒသဝတ္ထုကဒိဋ္ဌိကြီး ဆယ်မျိုး၊ ဒီ ဒိဋ္ဌိဆယ်မျိုး ဘယ်အပေါ်မှာ လိမ်းကျံသလဲဆိုတော့ ခန္ဓာငါးပါး ပေါ်မှာ သူက လိမ်းကျံပြီးတော့နေတယ်။

အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-မျိုး။ ။ပြီးဘာ့ **အန္တဂ္ဂါဟိကဒိဋ္ဌိ** ဆယ်မျိုးဆိုတာ ရှိသေးတယ်၊ အဲဒီ **အန္တဂ္ဂါဟိကဒိဋ္ဌိ** ဆယ်မျိုးကလဲ ပါဋိတော်မှာ ဘယ်နဲ့ပြထားသလဲလို့ ဆိုတော့—

သဿတော လောကော အသဿတော လောကော။ **လောက**၌ အတ္တသည် မြဲတယ်၊ **လောက**၌ အတ္တသည် မမြဲဘူး၊ နှစ်ခု။

အန္တဝါ လောကော၊အနန္တဝါ လောကော၊ လောကကြီးသည် အဆုံးရှိတယ်၊ **လောက**ကြီးသည် အဆုံးမရှိဘူးလို့၊ လေးမျိုး ရသွားရော၊ ယူတော့ယူပြီ မှားတဲ့အယူတွေ အဲဒီဥစ္စာက။

တံ ဇီဝံ တံ သရီရံ။ **တံ ဇီဝံ၊ ထို**အသက်သည်။ **တံ သရီရံ၊ ထို**ကိုယ်တည်း။ အသက်နဲ့ခန္ဓာကိုယ်ဟာ အတူတူဘဲလို့ ယူတဲ့အယူ။

အညံ ဇီဝံ၊ အညံ သရီရံ၊ ဟောတာကတမျိုး၊ ခြောက်မျိုးရှိသွားပြီ။

၁။ ဓမ္မသင်္ဂဏိပါဠိတော် နှာ- ၂၄၁။

http://www.dhammadownload.com

နော ဟောတိ တထာဂတော ပရံ မရဏာ၊
ဟောတိ တထာဂတော ပရံ မရဏာ၊
ဟောတိ စ နစ ဟောတိ တထာဂတော ပရံမရဏာ၊
နေဝ ဟောတိ နော နော ဟောတိ တထာဂတော ပရံမရဏာ[၁]။

ဒီလေးမျိုးနဲ့ ပေါင်းလိုက်တော့ ဆယ်မျိုး၊ သတ္တဝါ သေပြီးရင် ပြန်မဖြစ်တော့ဘူးတဲ့၊ သေပြီးပြတ်ရော့-တဲ့။ သတ္တဝါသေပြီး ဒီသတ္တဝါဟာ ဟိုဘက်မှာ သတ္တဝါအစား ဖြစ်သေးတယ်ဆိုတဲ့ ယူတဲ့အယူက တမျိုး။ သတ္တဝါသေပြီးတော့ သတ္တဝါပြန်ဖြစ်တာလဲရှိတယ် ပြန်မဖြစ်တာလဲ ရှိတယ်လို့ ဆိုတဲ့ ယူတဲ့ အယူက တမျိုး။ သတ္တဝါ သေပြီးတော့ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ် ဆိုတဲ့ အမရာဝိက္ခေပယူတဲ့ အယူက တမျိုး။ ပေါင်းတော့ ဆယ်မျိုးရှိတယ်။ အဲဒါကို အန္တဂ္ဂါဟိကဒိဋ္ဌိဆယ်မျိုးလို့ ခေါ်တယ်။

ဒိဋ္ဌိ ၃-မျိုးဖြင့် လိမ်းကျံပုံ။ ။ဘယ် အပေါ်မှာ ဒီ ဒိဋ္ဌိတွေက ပေါင်းပြီးတော့ ကပ်ငြိလိမ်းကျံနေကြသလဲ ဆိုတော့ သက္ကာယဒိဋ္ဌိရယ် ဒသဝတ္ထုကဒိဋ္ဌိရယ် အန္တဂ္ဂါဟိကဒိဋ္ဌိရယ်ဆိုတဲ့ ဒီ ဒိဋ္ဌိသုံးမျိုးတို့ဟာ ဘယ်အပေါ်မှာလဲ ခန္ဓာငါးပါးပေါ်မှာ နော်၊ အဲဒီ ခန္ဓာငါးပါးအပေါ်မှာ ဒီ ဒိဋ္ဌိလေးဆယ်တို့ဖြင့် မလိမ်းကျံ မကပ်ငြိတဲ့ ပုဂ္ဂိုလ်။

မဇ္ဈေ မန္တာ နော လိပ္ပတိ။ မဇ္ဈေ၊ အလယ်ခေါင်ဖြစ်တဲ့ ခန္ဓာငါးပါးပေါ်မှာ။ မန္တာ၊ ပညာဖြင့် ရှုဆင်ခြင်ပြီးတော့။ နော လိပ္ပတိ၊ အဲဒီ ဒိဋ္ဌိသုံးမျိုး တဏှာတရာ့ ရှစ်မျိုးတို့ဖြင့် မလိမ်းကျံတော့ဘူး။ အဲဒီ တဏှာတွေ ကုန်သွားပြီ၊ တံ မြူမီ မဟာပုရိသောတိ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ယောကျ်ားမြတ်လို့ ခေါ်တယ် တဲ့။ မြတ်စွာဘုရားကနော်၊ အဲဒီ နေရာမှာ သုတ္တန်တခု မဟာဝဂ္ဂ သံယုတ် ပါဠိတော် မဟာပုရိသ သုတ်၊ နှာ-၁၃၇-မှာ မြတ်စွာ ဘုရားကို အရှင် သာရိပုတ္တရာက လျှောက်တယ်။

✓ မဟာပုရိသော မဟာပုရိသောတိ ဘန္တေ ဝုစ္စတိ၊ ကိတ္တာဝတာ နု ခေါ ဘန္တေ မဟာပုရိသော ဟောတိ။

ယောကျ်ားမြတ်ခေါ်ပုံ။ ။အရှင်ဘုရား ယောကျ်ားမြတ် ယောကျ်ားမြတ်နဲ့ ဥတ္တမပုရိသ ဥတ္တမပုရိသလို့ ခေါ်တယ်၊ ဘယ်လို ပုဂ္ဂိုလ်မျိုးကို ဥတ္တမပုရိသလို့ ခေါ်ပါသလဲ၊ ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ မြတ်စွာဘုရားက ဟောတယ်၊ (တိဿမေတ္တေယျကလဲ ကံ မြူသိ မဟာပုရိသော-လို့ ရှင်သာရိပုတ္တရာ လျှောက်သလိုဘဲ လျှောက်ပါတယ်)။

၁။ ဓမ္မသင်္ဂဏီပါဠိတော် နှာ-၂၄၅။

http://www.dhammadownload.com

✓ ဝိမုတ္တ စိတ္တတ္တာ ခွါဟံ သာရိပုတ္တ မဟာပုရိသောတိ ဝဒါမိ=ကိလေသာ တို့မှ လွတ်မြောက်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို ယောကျ်ားမြတ်လို့ ငါဘုရား ဟောတယ်။

ကထဉ္စ သာရိပုတ္တ ဝိမုတ္တ စိတ္တော ဟောတိ။ ✓ ကိလေသာတို့မှ လွတ်မြောက် သော စိတ်ရှိတယ် ဆိုတာ လွတ်မြောက်အောင် ဘယ်လို လုပ်ရမလဲ ဆိုရင်—

> ဣဓ သာရိပုတ္တ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမန-ဿံ၊ တဿ ကာယေ ကာယာနုပဿိနော ဝိဟရတော စိတ္တံ ဝိရဇ္ဇတိ ဝိမုစ္စတိ အနုပါဒါယ အာသဝေဟိ။

ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပယ်ရမဲ့အင်္ဂါ နှစ်ပါးနဲ့ ပြည့်စုံရမဲ့ အင်္ဂါ သုံးပါး၊ ဒီအင်္ဂါနှင့်အညီ ပွါးများအားထုတ်တဲ့ ပုဂ္ဂိုလ်တို့သည် ကိလေသာတို့မှ လွတ်မြောက်သော စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်တယ်။

သတိပဋ္ဌာန်ပွါးက ရှိရမည့်တရားများ။ ။မြတ်စွာဘုရားက ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာများ ဒီအတိုင်းဘဲ ဟောပါတယ်နော်- (မှန်ပါဘုရား)။ကာယာနုပဿနာ သတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန် စိတ္တာနုပဿနာသတိပဋ္ဌာန် ဓမ္မာနုပဿနာသတိ ပဋ္ဌာန်ကို ရှုနေတဲ့ပုဂ္ဂိုလ် တခုခုပေါ့ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ သတိ ပဋ္ဌာန်ကို ရှုတဲ့အခါမှာ ပြည့်စုံရမဲ့ အင်္ဂါဆိုတာ ရှိတယ်။ ဘယ်နှစ်ပါးလဲသုံးပါး။

✓ အာတာပီ=လုံ့လဝီရိယ ရှိရမယ်တဲ့၊ ကိလေသာတွေကို ခန်းခြောက်စေတတ် သော လုံ့လဝီရိယရှိရမယ်၊ သတိရှိရမယ်၊ သမ္ပဇညရှိရမယ်၊ ဒါပြည့်စုံရမဲ့ အင်္ဂါ(သုံး)ပါး။

✓ လုံ့လဝီရိယရယ် သတိရယ် သမ္ပဇညခေါ်တဲ့ ပညာရယ်၊ ဒီတရားသုံးပါးဟာ သတိပဋ္ဌာန်မှာ ပြည့်စုံရမဲ့ အင်္ဂါသုံးပါး။

သတိပဋ္ဌာန်ပွါးက ပယ်ရမည့်တရား။ ။ပယ်ရမဲ့အင်္ဂါက နှစ်ပါးရှိတယ်၊အဘိဇ္ဈာ နဲ့ ဒေါမနဿ၊ တစုံတခုကို လိုချင်တယ်လို့ ရှေးရှုကြံစည်ခြင်း အဘိဇ္ဈာရယ်၊ မရရင် စိတ်ကောက်တယ် စိတ်ညစ်တယ် စိတ်ဆိုးတယ်ဆိုဘဲ့ ဒေါမနဿရယ်၊ အဲဒီနှစ်ခုကို ပယ်ထားရမယ်တဲ့၊ သတိ-ပဋ္ဌာန်အားထုတ်တဲ့ပုဂ္ဂိုလ်။

သတ္တဝါတွေရဲ့အလိုကို မနက်မိုးလင်းတယ် ဆိုရင်ဘဲ ဘာတွေမျှားမြင်ရသလဲ ဆိုတော့ အဘိဇ္ဈာရယ် ဒေါမနဿရယ် ဒါဘဲ ရှိတယ်။ မနက်မိုးလင်းကတဲက

http://www.dhammadownload.com

စားဘို့ ရှေးရှုဒုနသလား မနေဘူးလား (နေပါတယ်ဘုရား)၊ အဲတာ ဘာဆဲ (အဘိဇ္ဈာပါဘုရား)၊ စားဘို့ ရှေးရှုတယ်၊ သနပ်ခါးလိမ်းဘို့ ရှေးရှုတယ်၊ ခေါင်းဖီးဘို့ ရှေးရှုဘယ်၊ မှန်ကြည့်ဘို့ ရှေးရှုတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီလို ရှေးရှုနေတာဟာ ဘာတွေလဲ (အဘိဇ္ဈာပါဘုရား)။

စားဘို့ကို ရှေးရှုနေတဲ့သူဟာ မစားရရင် စိတ်ကောက်နေသလား ကောက် မနေဘူးလား၊(ကောက်နေပါတယ်ဘုရား)၊ အဲဒါ ဒေါမနဿ၊ ဒီလိုသတ္တဝါတွေရဲ့ အလိုကို ကြည့်လိုက်မယ်ဆိုရင် ဒီနှစ်ခုဘဲ ရှိနေတော့ အဲဒီ အဘိဇ္ဈာ ဒေါမနဿကို သတိပဋ္ဌာန်ပွါးမယ်ဆိုရင် သူကို ပယ်ထားရမယ်၊ ပယ်ရမဲ့တရား-နော် (မှန်ပါဘုရား)။

အဲဒီလို အဘိဇ္ဈာနဲ့ ဒေါမနဿကို ပယ်ပြီးတော့ ဝိရိယ သတိ ပညာလို့ခေါ်တဲ့ တရားသုံးပါးနှင့်ပြည့်စုံပြီးတော့ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုပွါးရင် ဝေဒနာ နုပဿနာသတိပဋ္ဌာန်ကိုပွါးရင် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွါးရင် ဓမ္မာနု-ပဿနာသတိပဋ္ဌာန်ကို ပွါးရင် မဟာပုရိသလို့ ငါဘုရားဟောတော်မူတယ်။ ဝိမုတ္တ ပုဂ္ဂိုလ်ဖြစ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ သံယုတ်ပါဠိတော်က ဟောတာ။

သော ဣမ သိဗ္ဗိနိ မစ္စဂါ။

တိဿမေတ္တေယျရသေ့ ရဟန္တာဖြစ်ပုံ။ ။သော၊ ထိုမဟာပုရိသဖြစ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်သည်။ သိဗ္ဗိနိ၊ စောစောက ပြောခဲ့တဲ့ တဏှာဆိုတဲ့ တရားကို။ အစ္စဂါ၊ လွန်မြောက်စေနိုင်၏။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပါရာယနေ၊ ပါရာယနဝဂ်၌။ တိဿမေတ္တေယျပဥ္ဉေ၊ တိဿမေတ္တေယျပဉ္ဉာ၌။ ဣဒံဝုတ္ထံ၊ ဤမေတ္တေယျသုတ္တန် တရားဒေသနာတော်ကို။ ဒေသေသိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေ၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ် သောအခါကာလ၌။ သော၊ ထိုတိဿမေတ္တေယျသည်။ သဟဿသိဿောဟိ၊ တပည့်ပေါင်းတထောင်တို့နှင့်။ သဟ၊ တကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။ အညေသဉ္စ၊ တိဿမေတ္တေယျပုဂ္ဂိုလ်နှင့်ထကွ တပည့်ပေါင်းတထောင်မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်း များစွာကုန်သော ပရိသတ်အပေါင်းတို့အား။ ဓမ္မစက္ခု၊ သောတာပတ္တိမဂ်ဉာဏ်ကို ရခြင်းတည်းဟူသော ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်ကြလေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ဒေသနာအဆုံးနိဂုံး။ ။ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညူ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တိသမေတ္တေယျသုတ္တန် တရားဒေသနာတော်မြတ်ကို ကောင်းမွန်ရှိသေစွာ နာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မဿဝနကုသိုလ်ကံစေတနာ။ပ။ခန္ဓာဝန် လက်စသိမ်း၍ ဘဝင်္ဂတ်သိမ်းရာ နိဗ္ဗာန်ချမ်းသာကို မိမိတို့လိုရာဖြစ်သော ဗောဓိဆုဖြင့် လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

တိသမေတ္တေယျသုတ္တန် ဒုတိယပိုင်း ပြီး၏။

တိသမေတ္တေယျသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၃-ပုဏ္ဏကသုတ္တန်ပဌမဝိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၅) ရက်။

ရန်ကုန်မြို့ ပုဇ္ဈန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်း၊ တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ငန်း လုပ်နည်းတွေ့ကို ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ်ပါဠိတော် ပါရာယန ဝဂ်၌လာသော ပုဏ္ဏကသုတ္တန်တရားတော်။

ပုဏ္ဏကသုတ္တန်။ ။လက္ခဏ်နှေ့ ဆိုတော့ စတုလောကပါလ နတ်မင်းကြီးတွေလူ့ပြည်လောကကို ကြည့်တဲ့နေ့ဘဲ၊ အဲဒီနေ့မှာ ပါရာယန ဝဂ် ပုဏ္ဏကသုတ္တန်ကြီးကို ဘုန်းကြီးတို့ ဟောပေးရမယ်နော်၊ ဒီပုဏ္ဏကသုတ္တန်ကို ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ရသေ့ပုဏ္ဏားပညာရှိ(၁၆)ဦးတို့တွင် တတိယမြောက်ဖြစ်တဲ့ ပုဏ္ဏကဆိုတဲ့ ရသေ့ပညာရှိ ဈာနလာဘီပုဂ္ဂိုလ် (ဈာနလာဘီပုဂ္ဂိုလ်ဆိုတာ ဈာန်ရနေတဲ့ပုဂ္ဂိုလ်ကို ဆိုတယ်)၊ အဲဒီ ဈာနလာဘီဖြစ်တဲ့ ပုဏ္ဏကလို့ ဆိုတဲ့ ပညာရှိမေးလျှောက်တဲ့ မေးခွန်းတွေကို မြတ်စွာဘုရားက ဖြေလိမ့်မယ်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် အနေနဲ့ တရားဟောကြရမှာ တရားနာကြရမှာ ဖြစ်တဲ့အတွက် ပုဏ္ဏကသုတ္တန်ကို ဘယ်သူပိုင်သလဲ မြတ်စွာဘုရားပိုင်တယ်၊ မြတ်စွာဘုရားရဲ့တရား၊ ဘုန်းကြီးတို့ တရားမဟုတ်ဘူး။ မြတ်စွာဘုရားတရားကို ဟောရမှာ ဖြစ်တဲ့အတွက် ရှေးဦးစွာ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို အာရုံပြုပြီးတော့ ရှိခိုးကြရအောင်၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုရွတ်ပြီးတော့ ရှိခိုးမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဒီဘုရားရှိခိုးဟာ တို့ ဆိုတာဘဲလို့ ဒီလိုစိတ်ထဲက နှလုံးသွင်းပြီးတော့ ထားကြ။ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကလဲ လက်အုပ်ချီထားကြပြီးတော့ ဘုန်းကြီးရွတ်ဆိုတဲ့ ဘုရားရှိခိုးမှာပါတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို အာရုံပြုပြီ တော့ ဒီပုဏ္ဏက ဒေသနာတော်ကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ ဂုဏ်တော်များကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရွှေနည်းအတိုင်း ဟောသည်)

တောင် ၅-လုံးကာခို ရာဇဂြိုဟ်။ ။ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော သုံးလောကထွတ်ထား၊ သမ္မာသမ္ဗုဒ္ဓရှင်တော်မြတ်ဘုရား သီဘင်းသုံး နေတော်မူတဲ့နေရာက ပါသာဏကနတ်ကွန်း ရာဇဂြိုဟ်ပြည်ရဲ့ အနှီးမှာရှိတယ်။ ဘုန်းကြီးတို့ ရာဇဂြိုဟ်ပြည်ကြီးဆိုတာ ရှိတယ်၊ ဂျလသိဂိလိတောင်၊ ဝေဘာရတောင်၊ ဝေဘူလတောင်၊ ဂိဇ္ဈကူဋ်တောင်၊ ပဏ္ဍဝတောင်ဆိုပြီးတော့ တောင်ကြီး ၅-လုံး ကာရံထားတဲ့မြို့ကြီးလို့ ဘုန်းကြီးတို့ စာထဲမှာ ရှိတာကို တွေ့ရတယ်။ တောင်ကြီး ၅-လုံး ကာထားလို့ ဂိရိဗ္ဗဇလို့လဲ ဒီလိုခေါ်သတဲ့၊ "ရာဇဂိရိ" အဲဒီ တောင်ကြီး ၅-လုံးကာထားတဲ့ ရာဇဂြိုဟ်မြို့ကြီးရဲ့ အနှီးမှာ ပါသာဏက နတ်ကွန်းကြီ တခုရှိတယ်။ အဲဒီနတ်ကွန်းက ဘာလုပ်တာလဲဆိုတော့ ရှေးက ဘုရားမပွင့်ခင်က ကိုးကွယ် ဆည်းကပ်စရာ သေသေချာချာ မရှိသေးသည် ဖြစ်သောကြောင့် အရာမ်ဉယျာဉ် တော တောင် စသည်တို့ကို ကိုးကွယ် ဆည်းကပ်နေကြတဲ့ပုဂ္ဂိုလ်တွေ တည်ဆောက်ထားကြတဲ့ နတ်ကွန်းကြီးပေါ့လေ။

အဲဒီ နတ်ကွန်းကြီးဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မူတဲ့အခါကျတော့ မြတ်စွာဘုရားရှင်ရဲ့ ကျောင်းတော်ကြီး ဆိုပြီးတော့ ဖြစ်တယ်။ သို့သော်လဲ လာတဲ့ ပရိသတ်ကြီးက အင်မတန်များသည် ဖြစ်သောကြောင့် ဆောက်ထားတဲ့ နတ်ကွန်းကြီးဟာ ကျဉ်းတော့ မလောက်ဘူး။ ဒီတော့ ဘယ်လို လုပ်ရသလဲ ဆိုတော့ တာဝတိံသာက သိကြားမင်းကြီး ပဏ္ဍုကမ္မလာ ကျောက်ဖျာတင်းပြီးတော့ ဝိသုကမ္မလို့ခေါ်တဲ့ ဒေဝပုတ္တ ဝိသကြံနတ်သားကို ဒီနေရာမှာ နေလောက်အောင်ဆိုပြီး တဆယ့်ခြောက် ယူဇနာရှိတဲ့ ပရိသတ်ကြီး နေလောက်အောင် အဲဒီမှာ တည်ခင်းပြီးတော့ မဏ္ဍပ်ကြီးထိုးခိုင်းရတယ်။

ဘုရားရှင်ရှိသည့်နေရာကို မှန်းဆကြည်ညိုရန် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဒီသုတ္တန်နာတော့မယ်လို့ဆိုရင် အဲဒီအခု ဘုန်းကြီးပြောလိုက်တဲ့ စကားလုံးတွေကို မှန်းပြီးတော့ ကိုယ့်စိတ်ထဲက နေပြီးတော့ အဲဒီ ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းကို ပို့ကြည့်စမ်း။ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူပုံ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အဲဒီအခါ ဘာလုပ်ပေးသလဲဆိုတော့ ပါသာဏကနတ်ကွန်းမှာ အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက လို့ခေါ်တဲ့ ရသေ့ပရိဗိုဇ် မရောက်ခင် ဘုရားက ဘာလုပ်နေသလဲဆိုတော့—

http://www.dhammadownload.com

ဘဂဝါ တမှိ သမယေ၊ ဘိက္ခူ သံဃ ပုရက္ခတော။
ဘိက္ခူနံ ဓမ္မံ ဒေသေတိ၊ သီဟာဝ နဒတိ ဝနေ-လို့

ပါရာယနဝဂ် ဝတ္ထုဂါထာမှာ ဟောထားတဲ့ ဂါထာတခုရှိတယ်။

တမှိ သမဒယ၊ထိုအခါကာလ သမယ၌။ ဘဂဝါ၊ဘုန်းတော်နေဝန်း ထုန်းလင်းတောက်ပတော်မူစဉ်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။ ဘိက္ခုသံဃ ပုရက္ခတော၊ ရဟန်းသံဃာတော်အပေါင်း ခြံရံလျက်။ သီဟာဝ၊ ခြင်္သေ့သည်။ ဝနေ၊ တော၌။ နဒတိပ၊ ဟောက်သကဲ့သို့။ ဘိက္ခူနံ၊ ဘုရားသားတော် ဖြစ်တဲ့ ရဟန်းတော်တို့အား။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောကြား၍ နေလေတော့၏။

ပါသာဏကနတ်ကွန်းမှာ အလျားအနုံ တဆဲ့ခြောက်ယူဇနာရှိတဲ့ ပရိသတ်ကြီးမှာ သံဃာတော်တွေ ခြံရံပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တရားဟောတော်မူပုံကို ဘုန်းကြီးတို့ပရိသတ် စိတ်ထဲက မှန်းကြည့်ပြီး အာရုံပြုပြီးတော့ ကြည်ညိုဆား၊ ဓမ္မာသနပလ္လင်ပေါ်က နေပြီးတော့ မြတ်စွာဘုရား ပုဏ္ဏကသုတ္တန် ဟောတော့မယ်ဆိုတော့ အဲဒီပုံစံကို အာရုံပြုပြီး ကြည်ညိုထား၊ ဘုန်းကြီးတို့ပရိသတ် စိတ်တွေ တခြား မရောက်စေနဲ့။ မြတ်စွာဘုရားထံမှာ စိတ်ကို စိမ်ထားလိုက်၊ သွင်းထားလိုက်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ဟောနေတဲ့ အသံတွေထဲကို မိမိရှိစိတ်ကို ထည့်ထားလိုက်၊ စိမ်ထားလိုက်၊ မိမိရဲ့ စိတ်ကိုလဲ အဲဒီ ဘုရားတည်းဟူသော ဂုဏ်တော်တွေ၊ တရားတည်းဟူသော ဂုဏ်တော်တွေ၊ တရားသံတည်းဟူသော အာရုံတွေနဲ့ သွန်းလောင်းပြီးတော့ ထားလိုက်၊ မိမိရှိစိတ်ကို တခြား မသွားစေနဲ့၊ ကာမဂုဏ်ငါးထဲမှာ ဘုန်းကြီးတို့ ပရိသတ်တွေ သိပ်စိမ်ထားတယ်၊ ဟုတ်လား(မှန်ပါဘုရား)။

ရတနာ ၃-ပါး အာရုံပြုခိုက် နိဝရဏကင်းကွာခြင်း။ ။ဒီတော့ မြတ်စွာဘုရားရဲ့ အာရုံထဲမှာ မြတ်စွာဘုရားရဲ့ဂုဏ်ထဲမှာ တရားတော်ရဲ့ဂုဏ်ထဲမှာ မိမိစိတ်ကို တခါတည်း စိမ်ထားလိုက်၊ ဒီတော့ စိတ်ထဲ ဘာတွေ ဝင်လာမလဲဆိုတော့–ဘုရားဂုဏ်တွေ တရားဂုဏ်တွေ စိမ့်စိမ့်ပြီးတော့ ဝင်နေလိမ့်မယ်။ အဲသလို ဘုရားဂုဏ် တရားဂုဏ်တွေထဲမှာ တစိမ့်စိမ့်ဝင်နေပြီဆိုရင် ဒီစိတ်ကလေးက ကြည်ပြီးတော့ အေးပြီးတော့ ချမ်းသာနေမလား၊ မနေဘူးလား (ချမ်းသာပါတယ်ဘုရား)၊ ဒါ စိတ်ချမ်းသာအောင် လုပ်ဘဲ့လုပ်နည်း၊ နိဝရဏတွေ ကင်းနေမလား၊ ကင်းမနေဘူးလား (ကင်းနေပါတယ်ဘုရား)၊ ကာမဂုဏ်တွေ ကင်းနေတယ်၊ မြတ်စွာဘုရားဂုဏ်တွေ တရားဂုဏ်တွေ သံဃာဂုဏ်တွေကို အာရုံပြုနေတဲ့အခါမှာ ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လောဘလဲ မရှိဘူး၊ ဒေါသလဲ မရှိဘူး၊ မောဟလဲ မရှိဘူးလို့ မြတ်စွာဘုရားက

http://www.dhammadownload.com

အင်္ဂုတ္တိရ်ပါဠိတော်မှာ ဟောထားတာ ရှိသေးတယ်။ အဲဒီသုတ္တန်ကို မဟောခင် ဒီပါဠိကို ဘုန်းကြီး ရွတ်ပေးအုံးမယ်။

အကြောင်းက ဘယ်လိုလဲဆိုတော့—

မဟာနာမ်ဒါယကာ လျှောက်ထားချက်။ ။အင်္ဂုတ္တိရ်ပါဠိတော် ကောဒသက နိပါတ် အနုဿတိဝဂ် ပထမ မဟာနာမသုတ္တန်လို့ ပါတယ်။ အဲဒီ မဟာနာမသုတ္တန် နှာ (၅၃၁)မှာ – မြတ်စွာဘုရား ကပ္ပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအခါမှာ – သီတင်းဝါလကျတ်လို့ သင်္ကန်းကိစ္စတွေပြီးတဲ့ အခါကာလကျတော့ ထိုထိုမြို့ရွာကို မြတ်စွာဘုရား လှည့်လည်ပြီးတော့ တရားဟောတော်မူတော့ မယ်လို့ဆိုတော့ မဟာနာမ်အမည်ရှိတဲ့ ဥပါသကာ ဒါယကာက မြတ်စွာဘုရားကို လျှောက်တယ်—

အရှင်ဘုရား— အထူးထူးသော နေထိုင်ခြင်းတို့ဖြင့် နေကြကုန်သော အကျွန်ုပ်တို့အား အဘယ်သို့သော နေခြင်းဖြင့် နေအပ်ပါသနည်း မြတ်စွာဘုရား၊ ဒီတော့ မြတ်စွာဘုရားက ဘာဟောခဲ့သလဲဆိုတော့—

> ဣဓ တုံ မဟာနာမ တထာဂတံ အနုဿရေယျာသိ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ။
>
> ယဿိံ မဟာနာမ သမယေ အရိယသာဝကော တထာဂတံ အနုဿရတိ၊ နေဝဿ တဿိံ သမယေ ရာဂပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န ဒေါသပရိယုဋ္ဌိတံ စိတ္တံ ဟောတိ၊ န မောဟပရိယုဋ္ဌိတံ စိတ္တံ ဟောတိ။
>
> ဥဇုကတမေဝဿ တဿိံ သမယေ စိတ္တံ ဟောတိ တထာဂတံ အာရဗ္ဘ။ ဥဇုကတစိတ္တော ခေါ ပန မဟာနာမ အရိယသာဝကော လဘတိ အတ္ထဝေဒံ၊ လဘတိ ဓမ္မဝေဒံ၊ လဘတိ ဓမ္မူပသံဟိတံ ပါမောဇ္ဇံ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒိယတိ၊ သုခိနော စိတ္တံ သမာဓိယတိ။

ဒါအင်္ဂုတ္တိရ်ပါဠိတော် မဟာနာမသုတ္တန်မှာ ဟောထားတယ်၊ ဘာပြော သလဲ ဒီပါဠိတော်က—

မဟာနာမ၊ မဟာနာမ်။ ဣဓ၊ ဤသာသနာတော်၌။ တုံ၊ သင်သည်။ တထာဂတံ၊ လမ်းမှန်ရောက်သခင် ဘုရားရှင်ကို။ ဣတိပိ သော ဘဂဝါ (ပ)

http://www.dhammadownload.com

ဘဂဝါတိ၊ ဣတိပိ သော ဘဂဝါ(ပ)ဘဂဝါဟူ၍။ အနုဿရေယျာသိ၊ အောက်မေ့ရာ၏(ဝါ)အောက်မေ့လေလော့။

မဟာနာမ၊ မဟာနာမ်။ ယသို့ သမယေ၊ အကြင်အခါ၌။ အရိယသာဝကော၊ အရိယာသာဝကသည်။ တထာဂတံ၊ မြတ်စွာဘုရားကို။ အနုဿရတိ၊ အောက်မေ့၏။ တသို့ သမယေ၊ ထိုသို့ ငါဘုရားဂုဏ်ကို အောက်မေ့သောအခါ၌။ အဿ (သန္တာနေ)၊ ထိုအရိယာသာဝက၏ သန္တာန်၌။ ရာဂပရိယုဋ္ဌိတံ၊ ရာဂဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ နေဝ ဟောတိ၊ မဖြစ်။ ဒေါသပရိယုဋ္ဌိတံ၊ ဒေါသဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ မောဟပရိယုဋ္ဌိတံ၊ မောဟဖြင့် လွှမ်းမိုးနှိပ်စက်အပ်သော။ စိတ္တံ စိတ်သည်။ န ဟောတိ၊ မဖြစ်။

ဘုရားဂုဏ်တော် ပွါးများရန် တိုက်တွန်းချက်။ ။အဓိပ္ပါယ်က ဘာပြောသလဲ ဆိုတော့— မဟာနာမ် မြတ်စွာဘုရား၌ ဂုဏ်တော်ကျေးဇူးတော်တွေကို နှလုံးသွင်း အာရုံပြုပြီးတော့ မိမိရှိစိတ်ကို မြတ်စွာဘုရား၌ ဂုဏ်တော်တို့ဖြင့် မွှမ်းထုံနေတဲ့ ပဂ္ဂိုလ်ရှိသန္တာန်မှာ ပကတိဖြူစင်နေတဲ့ စိတ်ကို ပူပင်ချောက်ချား ညစ်နွမ်းစေတတ်တဲ့ ရာဂ ဒေါသ မောဟဆိုတဲ့ ကိလေသာတရားဆိုးတွေ ဖြစ်ခွင့်မရဘူးတဲ့။ အဲဒီလို ကိလေသာတရားဆိုးတွေ ဖြစ်ခွင့်မရတဲ့အတွက် ဖြူစင်သန့်ရှင်းနေတဲ့စိတ်ဟာ ဘယ်လောက်ကောင်းနေသလဲဆိုတော့၊ တနည်း ပြောရလျှင် ဘယ်လိုအကျိုးတွေ ရှိနေသလဲဆိုတော့ မြတ်စွာဘုရားက ရှေ့ဆက်ပြီးဟော ဟောပေးထားတယ်။

မဟာနာမ၊ မဟာနာမ်။ တသို့ သမယေ၊ ထိုသို့ ရာဂ ဒေါသ မောဟတွေ ဖြစ်ခွင့်မရတဲ့အခါ၌။ အဿ၊ ထိုအရိယာသာဝက၏။ စိတ္တံ၊ စိတ်သည်။ ဥဇုဂတမေဝ၊ ဖြောင့်မတ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မဟာနာမ၊ မဟာနာမ်။ တထာဂတံ၊ မြတ်စွာဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥဇုဂတစိတ္တော၊ ဖြောင့်မတ်သော စိတ်ရှိသော။ အရိယသာဝကော၊ အရိယာသာဝကသည်။ အတ္ထဝေဒံ၊ ဟောတော်မူအပ်သော ပါဠိတော်၏အနက်ကို သိခြင်းကို။ လဘတိ၊ ရ၏။ ဓမ္မဝေဒံ၊ မြတ်စွာဘုရား၏ ပါဠိတော်ကို သိခြင်းကို။ လဘတိ၊ ရ၏။ ဓမ္မူပသံဟိတံ၊ တရားတော်နှင့်စပ်သော။ ပါမောဇ္ဇံ၊ ဝမ်းမြောက်ခြင်းကို။ လဘတိ၊ ရ၏။ ပမုဒိဘဿ၊ ဝမ်းမြောက်ခြင်းရှိသောသူအား။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပီတိမနဿ၊ ပီတိနှင့်ယှဉ်သော စိတ်ရှိသောသူ၏။ ကာယော၊ ရူပကာယ, နာမကာယသည်။ ပဿမ္ဘတိ၊ ငြိမ်း၏။ ပဿဒ္ဓကာယော၊ ရူပကာယ, နာမကာယ ငြိမ်းပြီးသောသူသည်။ သုခံ၊ ချမ်းသာကို။ ဝေဒိယတိ၊ ခံစားရ၏။ သုခိနော၊ ချမ်းသာခြင်းရှိသောသူ၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

http://www.dhammadownload.com

ဘုရားရှင် မိန့်ကြားချက်။ ။အဲဒီစကားတွေရဲ့ အဓိပ္ပါယ်ကတော့၊ မဟာနာမ် မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို နှလုံးသွင်းမှုကို အကြောင် ပြုပြီးတော့ ဖြူစင်ဖြောင့်မတ်သော စိတ်ရှိသော ပုဂ္ဂိုလ်ဟာ တရား နာတဲ့အခါ မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်ကို သိနိုင်တယ်။ ပါဠိတော်ရဲ့ အနက် အဓိပ္ပါယ်ကိုလဲ သိနိုင်တယ်။ မြတ်စွာဘုရားရဲ့ တရားတော်နှင့် ယှဉ်စပ်ပြီးတော့ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းလဲ ဖြစ်နိုင်တယ်၊ နှစ်သက်ဝမ်းမြောက်သည်ဖြစ်သောကြောင့် ကိုယ်ငြိမ်းအေးမှု စိတ်ချမ်းသာမှုကိုလဲ ရနိုင်တယ်၊ စိတ်ချမ်းသာမှု ရတဲ့အတွက် သမာဓိလဲ အားကောင်းနိုင်တယ်။

အဲဒီ(၇)မျိုးသော အကျိုးတရားတွေကို ဘယ်က ရသလဲဆိုတော့-သူမျှား ပေးလို့ ရတာမဟုတ်ဘူး၊ တောင်းယူလို့ရတာ မဟုတ်ဘူး၊ ပိုက်ဆံ ကြေးငွေနဲ့ ဝယ်ယူလို့ရတာ မဟုတ်ဘူး။ ပိုက်ဆံတွေ ဘယ်လောက် ချမ်းသာ-ချမ်းသာ၊ ကုဋေတရာ ကုဋေတထောင် ကုဋေတသိန်း ကုဋေတသန်း ပုံပေးမယ် ပြောပြော၊ ဒီ ချမ်းသာမျိုးကို မရနိုင်ဘူး။ မြတ်စွာဘုရားရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေကို အဖန်တလဲလဲ နှလုံးသွင်းခြင်းဖြင့်သာလျှင် ရနိုင်ပါတယ်။

အဲဒီလို ကိလေသာတွေ ဝေးပြီးတော့နေတဲ့ စိတ်ဟာ သက်သာသာလား၊ မသက်သာဘူးလား (သက်သာပါတယ်ဘုရား)၊ စိတ်ချမ်းသာချင်ရင်, လုပ်ငန်း လုပ်နည်းတွေကို မြတ်စွာဘုရား နည်းပေးနေတာယ်။ ပရိသတ်များ ဒီနည်းတွေ သုံးကြစမ်းပါ။ အဲသလို တရားနာတဲ့အခါမှာ တရားတော်ရဲ့ ဂုဏ်တော်တွေ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်တွေထဲမှာ မိမိရဲ့ စိတ်ကို မွှမ်းထုံပြီး တော့ထားရင် အေးပြီးတော့ စိတ်တွေချမ်းသာနေမယ်။ ဒါ စိတ်ချမ်းသာတဲ့ နည်း။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဂုဏ်တော်တွေကို နှလုံးသွင်းပြီးတော့ ဟောတော်မူတဲ့ တရားတော်တွေကို ဘုန်းကြီးတို့ ပရိသတ် နှလုံးသွင်းပြီးတော့ နာရလိမ့်မယ်။ ဘာတဲ့-ဒီ သုတ္တန်က-ပုဏ္ဏက သုတ္တန်၊ အဲဒီ ပုဏ္ဏကတို့ ဆိုတာက ရသေ့ပရိဗိုင်။

မောဃရာဇပုဏ္ဏား တားထားပုံ။ ။ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ပုဏ္ဏား (၁၆) ယောက်တို့တွင် (၃) ယောက်မြောက် ဖြစ်တဲ့ ပုဂ္ဂိုလ်၊ အဇိတပုဏ္ဏား မေးပြီးသွားပြီ။ တိဿမေတ္တေယျလို့ဆိုတဲ့ ပုဏ္ဏား မေးပြီးပြီ။ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။ ၂-ဦးမြောက်ဖြစ်ဘဲ့ ပုဏ္ဏား မေးပြီး တဲ့အခါကျတော့ ခုနက မောဃရာဇလို့ ဆိုတဲ့, ပုဏ္ဏားက , ထလာပြန်တယ်။ ဟိုနေ့က ပြောလိုက်တဲ့ မောဃရာဇ ပုဏ္ဏားဘဲ့။ အဲဒီ မောဃရာဇ ပုဏ္ဏား မေးမယ်လို့ ထလာတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဧရှနည်းအတူဘဲ တားထားလိုက်တယ်။ သင် နေဦး၊ သင် မမေးနဲ့ဦး၊ တခြားပုဂ္ဂိုလ် မေးပေစေ၊ သင် ထိုင်နေဦးဆိုတာနဲ့ သူ့ခမြာ ထိုင်နေရရှာတယ်။ မမေးရရှာဘူး။ မောဃ

http://www.dhammadownload.com

ရာဇ ပုဏ္ဏား ဘယ်နှစ်ကြိမ်ရှိပြီလဲ (၂-ကြိမ်ရှိပါပြီ ဘုရား)။ မှတ်ထားခဲ့ သူပုစ္ဆာ ကျတော့-၂-ကြိမ်ဆိုတာ ပါလာလိမ့်မယ်။

အဲသလို မောဃရာဇ ပညာရှိ ထိုင်လိုက်တဲ့အခါကျတော့ ဘယ်သူ ထ မေး သလဲဆိုတော့ ပုဏ္ဏကလို့ခေါ်တဲ့ ပုဏ္ဏားပညာရှိ ရသေ့ ပဒိုဗိုင်က မတ်တတ်ရပ် ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်—

အနေဇံ မူလဒဿာဝိ၊ အတ္ထိ ပဋ္ဌေန အာဂမံ။
ကိ နိဿိတာ ဣသယော မနုဇာ၊ ခတ္တိယာ ဗြာဟ္မဏာ ဒေဝတာနံ။
ယည မကပ္ပယိ သု ပုထူဓ လောကေ၊ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေတံ။

ဒါ ပုဏ္ဏက ပုဏ္ဏားကြီးရဲ့ မေးခွန်း။

အနေဇံ၊ တဏှာကင်းတော်မူထသော။ (ဧဇော ဝုစ္စတိ တဏှာ-လို့ စူဠနိဒ္ဒေသ ပါဠိတော်က ပြောထားတယ်။ ဧဇ, အနေဇ၊ ဧဇ-က တဏှာ၊ အ-ဆိုတာက-မရှိတာ၊ ဒီတော့ တဏှာကင်းတော်မူသော) မူလဒဿာဝိ၊ ကုသိုလ် အကုသိုလ် တို့ရဲ့ မူလအမြစ်အရင်းကိုလဲ မြင်တော်မူပေထသော။ ဘဂဝန္တံ၊ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရားကို။ အတ္ထိပဋ္ဌေန၊ အမေးပုစ္ဆာ ပြဿနာကို မေးလိုပါသဖြင့်။ အာဂမံ=အာဂတော၊ ရောက်၍ လာသည်။ အမှို၊ ဖြစ်ပါတော့၏။

ဘန္တေ၊ ဘုန်းတော်ခနဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာ ဘုရား။ ဣဓ လောကေ၊ ဤလောကဌ်။ ပုထူ၊ များလှစွာကုန်သော။ ဣသယော၊ ရသေ့တို့သည်ငင်း။ မနုဇာ၊ လူအပေါင်းတို့သည်ငင်း။ ခတ္တိယာ၊ မင်းတို့သည် ငင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်ငင်း။ ကိ၊ အဘယ်သို့သော သဘောတရားကို။ နိဿိတာ၊ မှီကြကုန်သည်ဖြစ်၍။ ဒေဝတာနံ၊ အလှူခံပုဂ္ဂိုလ်ဘို့အား။ ယည်၊ ဒေယျဓမ္မဖြင့် လှူဒါန်းပူဇော်ခြင်းကို။ အကပ္ပယိ သု၊ ပြုလုပ်ကြပါကုန်သနည်း။

ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ရှင်တော်မြတ်ဘုရား။ အဟံ၊ ဘုရား တပည့်တော်သည်။ တံ၊ ထိုအကြောင်းကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ တေ၊ ထို အကြောင်းကို။ တံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဗြူဟိ၊ ဖြေကြားတော်မူပါလော့။

ဘုန်းကြီးတို့ ပရိသတ်-ဒါ ဘာမေးသလဲဆိုတာ သိကြရအောင်၊ အဓိပ္ပါယ် စကားခြေ ဘုန်းကြီး ပြန်ပြီးတော့ ပြောဦးမယ်။

ပုဏ္ဏကရသေ့ မေးလျှောက်ပုံ။ ။အရှင်ဘုရားတဲ့ - ဘုရားတပည့်တော် အရှင် ဘုရား ထံမှောက်သို့ ရောက်လာတာဟာ အလကားသက်သက် လာတာမဟုတ်ပါဘူး။ ပုစ္ဆာမေးချင်လို့ လာတာပါဘုရား။

http://www.dhammadownload.com

အရှင်ဘုရား လောကမှာ မြောက်မြားလှစွာသော ရသေ့တွေ လူတွေ ရှင်ဘုရင်တွေ ပုဏ္ဏားတွေ ပဂိုလ်(၄)မျိုး၊ အဲဒီ (၄)မျိုးစုံတဲ့ လူတိုင်းလူတိုင်း ရသေ့ဘိုင်း ရသေ့တိုင်း မင်းတိုင်း မင်းတိုင်း ပုဏ္ဏားတိုင်း ပုဏ္ဏားတိုင်း ဘာတွေလုပ်သလဲ ဆိုတော့ လှူဒါန်းပူဇော်ဘွယ် အလုံးစုံတို့ဖြင့် ဒေဝတာနံ ဆိုတာ ဒက္ခိဏေယျာလို့ ခေါ်တယ်။ အလှူကိုခံထိုက်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းပြီးတော့ နေကြရပါတယ်။ အဲဒီလို လှူဒါန်းနေကြတာဟာ– ဘာရည်ရွယ်ချက်နဲ့ လှူဒါန်းနေတာပါလဲဘုရား–လို့ မြတ်စွာဘုရားကို လျှောက်တယ်။

ဘုန်းကြီးတို့ ပရိသတ် ဘာရည်ရွယ်ချက်နဲ့ လှူနေကြတာလဲ၊ (နိဗ္ဗာန်ရောက်ချင်လို့ပါဘုရား) ဟုတ်ပြီ၊ ပုဏ္ဏကဟာ ဒီလိုသာ သိမယ်ဆိုရင် ဒီမေးခွန်းကို မေးမလား မမေးဘူးလား (မမေးပါဘုရား)၊ သာသနာတော်ကြီး မှီခိုနေရသည်ဖြစ်သောကြောင့် ဘုန်းကြီးတို့ ပရိသတ် နိဗ္ဗာန်ဆိုတဲ့ အကြောင်းကို ကြားလဲ ကြားဘူးနေကြတယ်၊ သိလဲ သိနေကြတယ်၊ ဒီတော့– တို့ကုသိုလ်ကောင်းမှုတခုခုကို ပြုလုပ်ရင်ဖြင့် နိဗ္ဗာန်ချမ်းသာရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှုတခုခုကို လုပ်မယ်ဆိုတဲ့ စိတ်ထား ဘုန်းကြီးတို့ ပရိသတ်မှာ ရှိနေကြတယ်။ ပုဏ္ဏက ဆိုတဲ့ ပညာရှိမှာ ဒီ စိတ်ထားမျိုး ရှိနေသလား– ရှိမနေဘူးလား (မရှိပါဘုရား)။

သာသနာနှင့် ကြုံသဖြင့် တန်ဘိုးကြီးပုံ။ ။ကြည့်စမ်း၊ ဘုန်းကြီးတို့ ပရိသတ် သာသနာတော်ကြီးနဲ့ ဘုန်းကြီးတို့ ပရိသတ် တွေ့နေရတာဟာ ဘယ်လောက် တန်ဘိုးရှိသလဲလို့ ဆိုတာ၊ အဲဒီ နိဗ္ဗာန်ဆိုတဲ့အသံကို ဘုန်းကြီးတို့ ပရိသတ် ကြားနေရတယ်။ ပုဏ္ဏက ဆိုတဲ့ ပုဏ္ဏားပညာရှိဟာ နိဗ္ဗာန်သံကို ကြားကို မကြားရသည် ဖြစ်သောကြောင့် အလှူကိုသာ လုပ်နေရတယ်။ နိဗ္ဗာန်ကို တောင့်တရမှန်းလဲ မသိဘူး၊ မျှော်လင့်ရမှန်းလဲ မသိဘူး၊ ဆုတောင်းရမှန်းလဲ မသိဘူး၊ ဒါ ဘာဖြစ်လို့လဲ သာသနာတော်နဲ့ မတွေ့ရသေးလို့၊ ဘုန်းကြီးတို့ ပရိသတ်မှာ သာသနာတော်နဲ့ တွေ့နေရသည် ဖြစ်သောကြောင့် နိဗ္ဗာန်ကို အာရုံပြုရမှန်း ဆုတောင်းရမှန်း သိနေပြီ၊ အဲဒါတွေ– ဘယ်လောက်တန်ဘိုး မြင့်နေပြီလဲ၊ သာသနာ့တန်ဘိုးကို ကြည့်ပါ။

ပုဏ္ဏက ဆိုတဲ့ ပုဏ္ဏားပညာရှိဟာ သမာပတ္တိဉာဏ်ကိုတောင် ရနေတယ်။ သမာဓိခက်မှာ ဆိုရင်ဖြင့် ဈာနလာဘီပဂိုလ်၊ ဈာန်ရနေတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်တဲ့။ ဒါပေမဲ့ နိဗ္ဗာန်ကို တောင့်တရမှန်း မသိဘူး၊ နိဗ္ဗာန်သံကို ကြားလဲ မကြားဘူးဘူး။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် သာသနာတော်ကြီးနဲ့ တွေ့နေရသည်ဖြစ်သောကြောင့် နိဗ္ဗာန်သံကို ကြားဘူးပြီ၊ နိဗ္ဗာန်ကို တောင့်တရမှန်းလဲ သိနေကြတယ်။ ဒါ သာသနာတော်နဲ့ တွေ့ရတဲ့ အကျိုး၊ သာသနာတော်ရဲ့ တန်ဘိုး၊ ဒီလို တွက်ပါ။

http://www.dhammadownload.com

အဲဒီ ပုဏ္ဏက လျှောက်ထားတဲ့ မေးခွန်းထဲမှ အဓိပ္ပါယ် အထူး ပြောဘို့ စကားလုံး (၂) လုံး ပါလာတယ်။

အနေဇံ–ရယ်၊ မူလဒဿာဝိံ ရယ်၊ အဲဒီ အနေဇံ–မူလဒဿာဝိံ ဆိုတဲ့ စကား ၂-လုံးသည် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ချီးမွမ်းတဲ့ ဂုဏ်ပုဒ်။ ဘုန်းကြီးတို့ စာပေနယ်ထဲက ပြောမယ်ဆိုရင် မြတ်စွာဘုရားကို ဘဂဝန္တံလို့ ခေါ်တဲ့ အဲဒီ ကံပုဒ်ရဲ့ ဝိသေသနတွေလို့ ခေါ်တယ်။

ဘုရားရှင်ကို အနေဇ ခေါ်ပုံ။ ။ပုဏ္ဏက က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မေးခွန်းတွေ မေးတော့မယ်ဆိုတော့ အနေဇံရယ်၊ မူလဒဿာဝိံ ရယ်–ဆိုတဲ့ အဲဒီ ၂-ပုဒ်တို့ဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တွေကို ချီးကျူးပူဇော်လိုက်တယ်။ အနေဇ ဆိုတဲ့ ပုဒ်က တဏှာကင်းတော်မူတဲ့ မြတ်စွာဘုရားတဲ့။ ဒီ နေရာမှာ စူဋ္ဌနိဒ္ဒေသပါဠိတော် နှာ(၄၆) က "သာ ဇော တဏှာ ဗုဒ္ဓဿ ဘဂဝတော ပဟီနာ ဥစ္ဆိန္နမူလာ တာလာဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ၊ တသ္မာ ဗုဒ္ဓေါ အနေဇော" တဲ့။ မြတ်စွာဘုရားသည် တဏှာအားလုံးကို ပယ်ဖျက်တော်မူပြီး၍ နောင်တဖန် ထို တဏှာဖြစ်ခွင့် မရှိသောကြောင့် မြတ်စွာဘုရားကို အနေဇ လို့ ခေါ်ပါတယ်တဲ့။

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်သည် တဏှာ ကင်းတော်မူသည် ဖြစ်သောကြောင့် လာဘ အလာဘ ယသ အယသ ပသံသ နိန္ဒ သုခ ဒုက္ခ ဆိုတဲ့ လောကဓံ တို့နှင့် တွေ့ကြုံပေမဲ့ တုန်လှုပ်တော်မမူဘူး။

တဏှာကင်းမှ အာဃာတ ကင်းပုံ။ ။မြတ်စွာဘုရားကို သတ်တော့မယ် လုပ်နေတဲ့ ဒေဝဒတ်ကို သားတော်ရာဟုလာနဲ့ မေတ္တာတရား ကရုဏာတရားကို အညီအမျှ ထားတော်မူနိုင်တယ်။ ရန်ငြိုးရှိတော်မမူဘူး၊ အာဃာတ ထားတော်မမူဘူး။ ဘာကြောင့်လဲ တဏှာ ကင်းတော်မူနေလို့၊ သာမာဝတီ မိဖုရားနဲ့ မာဂဏ္ဍီ မိဖုရားတို့ ဘုရားရှင်ကိုယ်တော်မြတ် အပေါ်မှာ– သာမာဝတီမိဖုရားက အမျိုးမျိုး ချီးမြှောက်နေပေမဲ့ မာဂဏ္ဍီက မြတ်စွာဘုရားကို ဘယ်လိုဘဲ ရန်သူလုပ်ပေမဲ့ သာမာဝတီနဲ့ မာဂဏ္ဍီတို့ရဲ့ အပေါ်မှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့စိတ်သည် ၂-ထွေ ၂-ခု မပြုပါဘူး။ အတူတူဘဲ သနားတော်မူတယ်။ ဒီ နေရာမှာ စူဋ္ဌနိဒ္ဒေသပါဠိတော် နှာ(၄၇)က ဟောပါသေးတယ်။ ဘယ်လိုလဲ ဆိုတော့—ဇောယ ပဟီနတ္တာ အနေဇော။ ဘဂဝါ လာဘေပိ န ဣဋ္ဌတိ၊ အလာဘေပိ န ဣဋ္ဌတိ၊ ယသေပိ န ဣဋ္ဌတိ၊ အယသေပိ န ဣဋ္ဌတိ၊ ပသံသာယပိ န ဣဋ္ဌတိ၊ နိန္ဒာယပိ န ဣဋ္ဌတိ၊ သုခေပိ န ဣဋ္ဌတိ၊ ဒုက္ခေပိ န ဣဋ္ဌတိ၊ န စလတိ န ဝေဓတိ နပ္ပဝေဓတိတိ အနေဇံ-လို့ တဏှာ ကင်းပုံကို ညွှန်ပြပါတယ်။ အဲဒါ ဘာဖြစ်လို့လဲ၊ တဏှာကင်းနေလို့။

http://www.dhammadownload.com

တဏှာကင်းပုံ ရှင်းချက်။ ။အနေဇလို့ ခေါ်တဲ့ တဏှာ ကင်းတော်မူပုံက— ရူပ တဏှာ သဒ္ဒ တဏှာ ဂန္ဓ တဏှာ ရသ တဏှာ ဖောဋ္ဌဗ္ဗ တဏှာ ဓမ္မ တဏှာ ဆိုတဲ့ အဲဒီ တဏှာတွေ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်မှာ ကင်းနေတယ်။

ရူပါရုံအမျိုးမျိုးနဲ့ တွေ့တယ်။ မတွေ့လို့ မဟုတ်ဘူး၊ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ အမျိုးမျိုးနဲ့ တွေ့နေတယ်။ တွေ့ပေမဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တွယ်တာတော်မမူဘူး၊ ကပ်ငြိတော်မမူဘူးတဲ့။

အဲ ဒီလို အနေဇလို့ခေါ်တဲ့ ပုဒ်ဖြင့် ပုဏ္ဏကရသေ့က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ချီးကျူးပူဇော်တော်မူတယ်။နောက်တပုဒ်က-မူလ ဒဿာဝိ၊ အဲဒီ မူလ ဒဿာဝိ ဆိုတာ အဓိပ္ပါယ် အထူးရှိတယ်။ မူလ ဒဿာဝိ၊ ကုသိုလ်မူလ၊ အကုသိုလ် မူလရဲ့ အမြစ်အရင်းတွေကို မြင်တော်မူပေထသော–

အကုသိုလ်ရဲ့ အမြစ်အရင်းသုံးပါး။ ။လောဘော အကုသလ မူလံ၊ ဒေါသော အကုသလမူလံ၊ မောဟော အကုသလ မူလံ၊ စူဠနိဒ္ဒေသ ပါဠိတော် နှာ (၄၇) က ဒီလို ဖွင့်ထားတယ်။ အကုသိုလ်ရဲ့ အမြစ်အရင်းဟာ ဘာလဲလို့ဆိုတော့ လောဘရယ် ဒေါသရယ် ၊ မောဟရယ် ဆိုတဲ့ ဒီတရား သုံးပါးပါဘဲလို့ ဟောထားတာရှိတယ်။ ဒါကို မူလဒဿာဝီလို့ ခေါ်တယ်တဲ့။ ကောင်းပြီ၊ (စူဠနိဒ္ဒေသ ပါဠိတော်ဆိုတာ ဘုန်းကြီးညက ပြောခဲ့သလိုဘဲ၊ "သာဝက ဘာသိတ") မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောတော်မူတဲ့ ပါဠိတော်မဟုတ်ဘူး။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူတဲ့ ပါဠိမှ သဘောကျတယ်လို့ဆိုတဲ့ ပုဂ္ဂိုလ်များ ရှိနေဦးမယ်။ ဒီတော့ စူဠ နိဒ္ဒေသ ပါဠိတော်မှာ ကိုးကားထားတဲ့ ပါဠိတော်ကို လိုက်ရှာကြည့်တော့ အဂုံတ္တိရ်ပါဠိတော် တိကနိပါတ် သမ္မောဓဝဂ်မှာ သွားပြီးတော့ တွေ့တယ်။ နိဒါန သုတ္တန်တဲ့၊ တိကနိပါတ် ဒေဝဒူတဝဂ်မှာလဲ နိဒါနသုတ္တန်ဆိုတာ ရှိသေးတယ်။

မူလနှစ်မျိုး။ ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဘာဟောထားသလဲ ဆိုတော့ ကုသိုလ်ရဲ့မူလ၊ အကုသိုလ်ရဲ့ မူလတွေကို မြတ်စွာဘုရား ဟောကြားထားတာ ရှိတယ်။ ကုသိုလ်ရဲ့ မူလ အကုသိုလ်ရဲ့ မူလ နှစ်မျိုးတွင် အကုသိုလ်ရဲ့ မူလကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် အဂုံတ္တိရ် ပါဠိတော် တိကနိပါတ် သမ္မောဓဝဂ် နိဒါနသုတ္တန် နှာ-၂၆၆ မှာ ရှေးဦးစွာ ဟောတော်မူတယ်။ အဲဒီ နိပါတ်မှာ နိဒါနသုတ္တန်ဆိုတာ နှစ်မျိုးရှိတယ်။ ပထမ နိဒါနသုတ် ဒုတိယ နိဒါနသုတ် ဆိုပြီးတော့ နှစ်သုတ်ရှိတယ်။ အခု ဘုန်းကြီး ဟောပေးမှာက ပထမ နိဒါနသုတ်၊ ဘယ်လိုလဲဆိုတော့—

http://www.dhammadownload.com

တီဏိမာနိ ဘိက္ခဝေ နိဒါနာနိ ကမ္မာနံ သမုဒယာယ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကမ္မာနံ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏။ သမုဒယာယ၊ ဖြစ်ခြင်းငှါ။ နိဒါနာနိ၊ အကြောင်းရင်းတို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့ပါတည်း။

အကုသိုလ်ကံ ဖြစ်ခြင်းရဲ့ အကြောင်း သုံးပါးရှိဘယ်တဲ့ မြတ်စွာဘုရားက။ ဘုန်းကြီးတို့ ပရိသတ် ဘယ်နှစ်ပါးလဲ(၃-ပါးပါဘုရား)။

ကတမာနိ တီဏိ။ တီဏိ၊ သုံးပါးသော အကုသိုလ်ရဲ့ မူလတို့သည်။ကတမာနိ၊ အဘယ်တရားတို့နည်း။ အဲဒီ သုံးမျိုးက ဘာလဲတဲ့။

လောဘော နိဒါနံ ကမ္မာနံ သမုဒယာယ၊ ဒေါသော နိဒါနံ ကမ္မာနံ သမုဒယာယ၊ မောဟော နိဒါနံ ကမ္မာနံ သမုဒယာယ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ လောဘော၊ လောဘသည်။ ကမ္မာနံ သမုဒယာယ၊ ကံ ဖြစ်ခြင်းငှါ။ နိဒါနံ၊ အကြောင်းရင်း တခုဖြစ်၏။ လောဘ။ ဒေါသလဲ ထို့အတူ၊ မောဟလဲ ထို့အတူဘဲ။ လောဘရယ် ဒေါသရယ် မောဟရယ် – ဆိုတဲ့ ဤတရား သုံးပါးလုံးသည် ကံဖြစ်ခြင်း၏ အကြောင်း၊ ဘာကံတွေဖြစ်ခြင်းရဲ့ အကြောင်းလဲ။

ယံ ဘိက္ခဝေ လောကပကတံ ကမ္မံ လောဘဇံ လောဘနိဒါနံ လောဘသမုဒယံ၊ တံ ကမ္မံ အကုသလံ၊ တံ ကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခဝိပါကံ၊ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ၊ နတံ ကမ္မံ ကမ္မ-နိရောဓာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ လောဘဇံ၊ လောဘကြောင့် ဖြစ်သော။ လောဘ နိဒါနံ၊လောဘလျှင်အကြောင်းရှိသော။လောဘသမုဒယံ၊ လောဘလျှင် ဖြစ်ကြောင်းရှိသော။ လောဘပကတံ၊ လောဘသည် ပြုအပ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုလောဘသည် ပြုအပ်သော ကံသည်။ အကုသလံ၊ အကုသိုလ်မည်၏။ တံ ကမ္မံ၊ ထို ကံသည်။ သာဝဇ္ဇံ၊ အပြစ်ရှိ၏။ တံ ကမ္မံ၊ ထိုကံသည်။ ဒုက္ခဝိပါကံ၊ မကောင်းသောအကျိုးရှိ၏။ တံ ကမ္မံ၊ ထိုကံသည်။ ကမ္မသမုဒယာယ၊ တပါးသောဝဋ္ဌသို့ ရောက်ကြောင်းဖြစ်သော ကံ၏ ဖြစ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ တံ ကမ္မံ၊ ထိုကံသည်။ ကမ္မ-နိရောဓာယ၊ တပါးသောဝဋ္ဌသို့ ရောက်ကြောင်းဖြစ်သော ကံ၏ ချုပ်ခြင်းငှါ။ နသံဝတ္တတိ၊ မဖြစ်။

သံသရာလည်စေနိုင်သောကံ ၃-မျိုး။ ။သံသရာ ဝဋ္ဌဆင်းရဲကို ဖြစ်စေတတ်တဲ့ ကံ၊ အကြောင်းက ဒီ သုံးမျိုးဘဲ

http://www.dhammadownload.com

ရှိပါတယ်တဲ့ မြတ်စွာဘုရားက။ တချိုတချို အကုသိုက်ကံတွေ လောဘကြောင့် ဖြစ်တယ်။ တချို တချို အကုသိုလ်ကံတွေ ဒေါသကြောင့်ဖြစ်တယ်။ တချို အကုသိုလ်ကံတွေ မောဟကြောင့်ဖြစ်တယ်။ လောဘရယ် ဒေါသရယ် မောဟရယ် ဆိုတဲ့ တရားသုံးပါးကို မပယ်နိုင်တဲ့ ပုဂ္ဂိုလ်မှန်သရွှေ အကုသိုလ် ဖြစ်ခွင့် ရှိနေတာချည်းတဲ့၊ အကုသိုလ်ကံတွေ ဖြစ်လိမ့်ဦးမယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ လောဘော၊ လောဘသည်။ ကမ္မာနံ၊ အကုသိုလ်ကံတို့၏။ သမုဒယာယ၊ ဖြစ်ခြင်းငှါ။ နိဒါနံ၊ အကြောင်းရင်းပေတည်း။ ဒေါသော၊ ဒေါသသည်။ ကမ္မာနံ၊ အကုသိုလ်ကံတို့၏။ သမုဒယာယ၊ ဖြစ်ခြင်းငှါ။ နိဒါနံ၊ အကြောင်းရင်းပေတည်း။ မောဟော၊ မောဟသည်။ ကမ္မာနံ၊ အကုသိုလ်ကံတို့၏။ သမုဒယာယ၊ ဖြစ်ခြင်းငှါ။ နိဒါနံ၊ အကြောင်းရင်းပါတည်း။

မိဿက ကံခေါ်ခြင်း။ ။ဒီနေရာမှာ နတ်ပြည် လိုချင်တယ်ဆိုတာ လောဘ၊ လူ့ပြည်လောကကို လိုချင်တာ ဘာတဲ့လဲ လောဘ၊ ဒီလူ့ပြည်လောက နတ်ပြည်လောကကို လိုချင်ရင် ဘုန်းကြီးတို့ ပရိသတ် ဘာလုပ်ကြသလဲ။ ဒါန ကုသိုလ် သီလကုသိုလ် တွေကို ပြုလုပ် အားထုတ်ကြရတယ်။ လူ့ပြည်လောက နတ်ပြည်လောကကို လိုချင်တဲ့ လောဘက အရင်းခံပြီးတော့ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။ ဒီကံမျိုးကို ကုသိုလ် အကုသိုလ်ကံ နှစ်ပါး ရောနှောပြီးနေတဲ့ မိဿကကံလို့ ခေါ်တယ်။

အဲဒီ မိဿကကံလို့ ခေါ်တဲ့ ဒါနကုသိုလ်ကတော့ဖြင့် နတ်ပြည်ရောက်အောင်တော့ဖြင့် ပို့လိုက်မှာဘဲ၊ လူ့ပြည်ရောက်အောင် ပို့လိုက်ဦးမှာဘဲ၊ လိုချင်တယ်ဆိုတဲ့ လောဘက လူ့ပြည်နဲ့ နတ်ပြည်ကို မပို့ဘူး၊ သူက ဘယ်ပို့သလဲဆိုတော့ အဌသာလိနီအဌကထာ နှာ-၁၇၂ မှာ ပြောထားတာလေးရှိတယ်၊ ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။ ဟိ သစ္စံ၊ မှန်၏၊ ယေဘုယျေန၊ များသောအားဖြင့်။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ တဏှာယ၊ လောဘဆိုတဲ့ တဏှာကြောင့်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ကြရကုန်၏။

မိဿကကံအကျိုးပေးရာ၌ သိမှတ်ဖွယ်။ ။လူ့ပြည်လောက နတ်ပြည်လောကကို ကုသိုလ်ကောင်းမှုက ပို့ပေးပြီးတော့ လူ့ပြည်လိုချင်တယ် နတ်ပြည်လိုချင်တယ်ဆိုတဲ့ လောဘက ဘယ်ပြန်ပို့သလဲ၊ ပြိတ္တာဘုံပြန်ပို့မယ်တဲ့။ သူသွားရမဲ့လမ်းက လောဘတို့ ဒေါသတို့ဆိုတာ လူပြည့် နတ်ပြည်ကို သွားတဲ့လမ်း မဟုတ်ဘူး။ သူက ဘယ်သွားရမလဲ အပါယ်လေးပါး သွားရမယ်၊ ပြိတ္တာဘုံကို သွားရမယ်။ ကုသိုလ်ကောင်းမှု ပြုစဉ်က လောဘပါသွားရင် လူ့ပြည်ကို လိုချင်တဲ့ လောဘပါသွားရင်၊ နတ်ပြည်

http://www.dhammadownload.com

ကို လိုချင်တဲ့ လောဘပါသွားရင်၊ မြဟွာ့ပြည်ကို လိုချင်တဲ့ ဒေါသကလေး ပါသွားရင်၊ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်ကတော့ဖြင့် လူ့ပြည် နတ်ပြည် မြဟွာ့ပြည် မပို့ဘူးလား(ပို့ပါတယ်ဘုရား)။ လိုချင်တယ်ဆိုတဲ့ လောဘကလေးက ဘယ်ပြန်ပို့သလဲ (ပြိတ္တာဘုံ ပို့ပါတယ်ဘုရား)။

အဲတာကြောင့် ကုသိုလ်ကောင်းမှုကို ပြုတိုင်း ပြုတိုင်း လောဘကင်းပါစေ။ ပုဏ္ဏကသုတ္တန်မှာ မေးထားတဲ့ မေးခွန်းကလဲ လူ့ပြည်လောကမှာ အမျိုးမျိုး သော လူတွေက လှူနေကြပါတယ်။ ဘာရည်ရွယ်ချက်နဲ့ ပေးလှူနေကြတာလဲ ဘုရားလို့ ဒီလို မေးထားတယ်။ လောဘ ဒေါသ မောဟကြောင့်ဖြစ်တဲ့ ကံဟူသရွေ့ ကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)၊ ကံဆိုတာ ဘာလဲ ဘုန်းကြီးတို့ပရိသတ်(အလုပ်ပါဘုရား)။ ဘာနဲ့လုပ်သလဲ၊ ကိုယ်အမူအရာနဲ့ လုပ်တယ်၊ နှုတ်အမူအရာနဲ့ လုပ်တယ်၊ စိတ်အမူအရာနဲ့ လုပ်တယ်။

ကိုယ်အမူအရာနဲ့လုပ်တော့ ကာယကံ-ကိုယ်အမှု။

နှုတ်အမူအရာနဲ့လုပ်တော့ ဝစီကံ-နှုတ်အမှု။

စိတ်အမူအရာနဲ့လုပ်တော့ မနောကံ-စိတ်အမှု။

လို့ ခေါ်တယ်။

ကံနှင့် ကံအကျိုးပေးပုံ သိမှတ်ဖွယ်။ ။ဒီကနေ့ ဘုန်းကြီးတို့ အမျိုးကောင်း သားသမီးများဟာ လုပ်အားပေးတယ်တဲ့။ အဲဒီလုပ်နေတယ်ဆိုတာ ဘာတဲ့လဲ-ကံ။ ဘာဝါဒ ညာဝါဒတွေ ထူထောင်နေတယ်ဆိုရင် ထူထောင်တယ်ဆိုတာ ဘာလဲ-ကံ။ အဲဒီ ကံတွေ လုပ်နေကြတာဘဲ၊ အလုပ်လုပ်ပါ အလုပ်လုပ်ခ ရပါလိမ့်မယ်လို့ ဘုန်းကြီးတို့ပရိသတ် ပြောပြောမနေဘူးလား (ပြောနေပါတယ်ဘုရား)၊ အလုပ်လုပ်တယ်ဆိုတာ ကံ၊ အလုပ်လုပ်ခ ရတယ်ဆိုတာ ကမ္မဝိပါက။ ဘုန်းကြီးတို့ပရိသတ် ရုံးသွားပြီးတော့ အလုပ်လုပ်ကြတယ်၊ တလလုံး လုပ်ရတယ်။ အဲဒီ ရုံးသွားပြီးတော့ တလလုံး စာရေးစာချီ အလုပ်တွေ၊ဘုန်းကြီးတို့ ဟိုတနေ့က ကာမာနံ အာဒီနဝကထာတုန်းက ပြောလိုက်တဲ့ လုပ်ငန်းတွေ၊ တနေ့လုံး သွားပြီးတော့ ကိုယ်အမူအရာတွေ နှုတ်အမူအရာတွေ စိတ်အမူအရာတွေနဲ့ လုပ်ရသလား မလုပ်ရဘူးလား (လုပ်ရပါတယ်ဘုရား)။ အဲဒီ ကာယကံ ဝစီကံ မနောကံအကြောင်းတရားတွေက နေပြီးတော့ ဟော တလလဲပြည့်ရော လခ ရမလာဘူးလား (ရလာပါတယ်ဘုရား)၊အဲဒါ ကမ္မဝိပါက=ကံရဲ့အကျိုး ဟုတ်လား (မှန်ပါဘုရား)။ ဟို ဘဝဆိုင်း မနေဘူးနော်။

ဒေါသကြောင့် ဖြစ်တဲ့ ကံ၊ မောဟကြောင့်ဖြစ်တဲ့ကံတွေမှာလဲ ပါဠိတော်က ဒီအတိုင်းဘဲ ပြတယ်။ လောဘနေရာမှာ ဒေါသနဲ့ မောဟကို ထည့်သုံးလိုက်ရုံ

http://www.dhammadownload.com

ပါဘဲ။ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ဒေဝတာဝဂ်၌ လာသော နိဒါနသုတ္တန် နှာ-၂၉၇ အဆိုကို ပြောပေးမယ်၊ အဲဒါက ဘာလဲလို့ဆိုတော့—

> န ဘိက္ခဝေ လောဘဇေန ကမ္မေန ဒေါသဇေန ကမ္မေန မောဟဇေန ကမ္မေန ဒေဝါ ပညာယန္တိ မနုဿာ ပညာယန္တိ၊ ယာ ဝါ ပနညာပိ ကာစိ သုဂတိယော-တဲ့။

အဲဒီ ပါဠိတော်ရဲ့ အဓိပ္ပါယ်ကတော့ ချစ်သားတို့ လောဘ ဒေါသ မောဟကြောင့် ဖြစ်သော ကံကြောင့် နတ်အဖြစ်တို့သည် မထင်ရှားတော့ကုန်၊ လူအဖြစ်တို့သည် မထင်ရှားတော့ကုန်၊ နတ်လူမှတပါးသော တစုံတခုသော သုဂတိဘဝတို့ဟာလဲ မထင်ရှားတော့ကုန်တဲ့

> အထ ခေါ ဘိက္ခဝေ လောဘဇေန ကမ္မေန ဒေါသဇေန ကမ္မေန မောဟဇေန ကမ္မေန နိရယော ပညာယတိ၊ တိရစ္ဆာနယောနိ ပညာယတိ၊ ပေတ္တိဝိသယော ပညာယတိ၊ ယာ ဝါပနညာပိ ကာစိ ဒုဂ္ဂတိယော နိရယေ တိရစ္ဆာနယောနိယာ ပေတ္တိဝိသယေ အတ္တဘာဝါဘိနိဗ္ဗတ္တိယာ။ ဣမာနိ တီဏိ အကုသလမူလာနီတိ ဘဂဝါ ဇာနာတိ ပဿတိ၊ ဧဝမ္ပိ ဘဂဝါ မူလဒဿာဝီ-လို့ ဥဋ္ဌနိဒ္ဒေသ နှာ-၄၇ က ပြတယ်။

မူလဒဿာဝီမည်ပုံ။ ။အဓိပ္ပါယ်ကတော့ – ချစ်သားတို့ လောဘ ဒေါသ မောဟကြောင့် ဖြစ်သောကံကြောင့် ငရဲ တိရစ္ဆာန် ပြိတ္တာတို့၏ အဖြစ်ထင်ရှားတယ် အမှတ်မရှိ တပါးပါးသော ဒုဂ္ဂတိဘဝထင်ရှားတယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာတို့၏ အတ္တဘောသာ ထင်ရှားတယ်တဲ့။ အဲဒီလို အကုသိုလ်၏ မူလကို မြတ်စွာဘုရား သိတော်မူသည်ဖြစ်သောကြောင့် မူလဒဿာဝီလို့ ခေါ်ပါတယ်တဲ့။

ကိုင်း ရှေ့သွားကြရအောင်—

> တီဏိမာနိ ဘိက္ခဝေ နိဒါနာနိ ကမ္မာနံ သမုဒယာယ၊ ကတမာနိ တီဏိ၊ အလောဘော နိဒါနံ ကမ္မာနံ သမုဒယာယ၊ အဒေါသော နိဒါနံ ကမ္မာနံ သမုဒယာယ၊ အမောဟော နိဒါနံ ကမ္မာနံ သမုဒယာယ-တဲ့[၁]။

အဓိပ္ပါယ်က—

အလောဘ အဒေါသ အမောဟ ဆိုတဲ့ တရားသုံးပါးကလဲဘဲ ကံဖြစ်ခြင်းရဲ့ အကြောင်းဘဲလို့ မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

၁။ စူဋ္ဌန်ဒ္ဒေသပါဠိတော်၊ နှာ-၄၇။

http://www.dhammadownload.com

ဒီလို အလောဘ အဒေါသ အမောဟ တို့ရဲ့ ကံဖြစ်ခြင်းရဲ့ အကြောင်းကို ဟောတော်မူပြီးတော့ အလောဘ-စသော ကံကြောင့် အကျိုးပေးပုံကို ဆက်ပြီးတော့ မြတ်စွာဘုရားက ပြတယ်၊ ဘယ်လိုပြသလဲဆိုတော့—

ယံ ဘိက္ခဝေ အလောဘပကတံ ကမ္မံ အလောဘင် အလောဘ-နိဒါနံ အလောဘသမုဒယံ၊ တံ ကမ္မံ ကုသလံ၊ တံ ကမ္မံ အနဝဇ္ဇံ၊ တံ ကမ္မံ သုခဝိပါကံ၊ တံ ကမ္မံ ကမ္မနိရောဓာယ သံဝတ္တတိ၊ နံ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ။

ကုသိုလ်မူလ ၃-ပါး ရှင်းချက်။ ။ဒါ—အင်္ဂုတ္တိရ်ပါဠိတော် တိကနိပါတ်၊ နှာ-၂၆၆ က ဟောတဲ့စကား၊ ဘာပြောသလဲ ဒီစကားက ဘုန်းကြီးတို့ အကုသိုလ်ပိုင်းကို ပြောသလိုဘဲ၊ အလောဘလို့ ဆိုတာ ဘာလဲ။ အလောဘဆိုတာ မလိုချင်တာ၊ မနှစ်သက်တာ၊ ဒါကို အလောဘလို့ ခေါ်တယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများ မြတ်စွာဘုရားကို ပန်းကလေးတပွင့်လောက် လှူတယ် ဆိုပါတော့ အဲဒီ ပန်းကလေးတပွင့်ကို လိုချင်လို့ လှူဒါလား၊ မလိုချင်လို့ လှူဒါလား (မလိုချင်လို့ လှူပါတယ်ဘုရား)၊ ဒီ ပန်းကလေးကို နှစ်သက်နေရင် လှူနိုင်ပါ့မလား (မလှူနိုင်ပါဘုရား)၊ လှူနိုင်တယ်၊ စွန့်နိုင်တယ်ဆိုတာ ဘာဖြစ်လို့လဲ (မလိုချင်လို့ပါဘုရား)၊ မလိုချင်လို့၊ အဲဒီ မလိုချင်တဲ့ သဘောကို ဘာလို့ ခေါ်သလဲ ဆိုတော့ အလောဘလို့ ခေါ်တယ်။

သီလကုသိုလ် ခံယူ ဆောက်တည်တယ်ဆိုတာ ဘာလဲ၊ အဒေါသ။ ဝိပဿနာကုသိုလ်တရားကိုပွါးများအားထုတ်နေတယ်ဆိုတာ- အမောဟ။ အဲဒီ အလောဘ အဒေါသ-အမောဟ ဆိုတဲ့ တရားသုံးပါးကလဲဘဲ ဒါနကုသိုလ်က် သီလကုသိုလ်က် ဘာဝနာကုသိုလ်က် ဖြစ်ခြင်းရဲ့ အကြောင်းတွေဘဲ-တဲ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့၊ အလောဘ ပကတံ၊ အလောဘ သည် ဖြစ်စေအပ်သော။ အလောဘင်၊ အလောဘကြောင့် ဖြစ်သော။ အလောဘနိဒါနံ၊ အလောဘလျှင် အကြောင်းရင်းရှိသော။ အလောဘသမုဒယံ၊ အလောဘလျှင် ဖြစ်ကြောင်းရှိသော။ ယံ ကမ္မံ၊ အကြင်ကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထို အလောဘကြောင့် ဖြစ်တဲ့ ကံသည်။ ကုသလံ၊ ကုသိုလ်မည်၏။ တံ ကမ္မံ၊ ထို အလောဘကြောင့် ဖြစ်တဲ့ကံသည်။ အနဝဇ္ဇံ၊ အပြစ်မရှိဘူး။ တံ ကမ္မံ၊ ထို အလောဘကြောင့် ဖြစ်တဲ့ ကံသည်။ သုခ ဝိပါကံ၊ ကောင်းသော အကျိုးကို ပေးတတ်၏။

ကုသိုလ်၏ သဘောလက္ခဏာ။ ။အလောဘ အဒေါသ အမောဟ ကြောင့် ဖြစ်တဲ့ ကံဟူသမျှကုသိုလ်ကံချည်းဘဲ-တဲ့။

http://www.dhammadownload.com

အပြစ်လဲ မရှိဘူး၊ ကောင်းသော အကျိုးကိုလဲ ပေးလိမ့်မယ်–တဲ့၊ ကုသလံ အနဝဇ္ဇ သုခဝိပါကာ လက္ခဏာ၊ ဓမ္မသင်္ဂဏိပါဠိတော် ပဒဘာဇနီက၊ ဘုန်းကြီးတို့ ပရိသတ် အပြစ်ရှိတဲ့လူနဲ့– အပြစ်မရှိတဲ့လူ ဘယ်သူက ချမ်းသာပြီးတော့ ဘယ်သူက ဆင်းရဲသလဲ (အပြစ်မရှိတဲ့လူက ချမ်းသာပြီးတော့ – အပြစ်ရှိတဲ့လူက ဆင်းရဲပါတယ် ဘုရား)၊ ဥပမာပုံ ဆိုကြပါစို့ရှဲ၊ ရာဇဝတ်မှု တခုခုကို ကျူးလွန်ထားတဲ့သူဟာ အပြစ်ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ် ဘုရား)၊ ရာဇဝတ်မှုကို မကျူးလွန်တဲ့သူဟာ အပြစ်ရှိသလား မရှိဘူးလား (အပြစ်မရှိပါ ဘုရား)၊ ရာဇဝတ်တရားသူကြီးတွေထံ ရောက်သွားပြီးဆိုတော့ အပြစ်ရှိတဲ့လူဟာ စိတ်ဆင်းရဲနေသလား စိတ်ဆင်းရဲမနေဘူးလား (ဆင်းရဲနေပါတယ်ဘုရား)။ ဟိုအပြစ်မရှိတဲ့လူကတော့ (မဆင်းရဲပါဘုရား)။ အဲဒါကြောင့် သီလကုသိုလ်ဆိုတာ အနဝဇ္ဇ သုခံ ပဋိသံဝေဒေတိ-တဲ့။ အပြစ်မဲ့ဒို့တဲ့ချမ်းသာကိုခံစားရတယ်။ ဒါနကုသိုလ်ဆိုတာ-အလောဘ။ သီလ ကုသိုလ်ဆိုတာ-အဒေါသ၊ ဘာဝနာ ကုသိုလ်ဆိုတာ အမောဟ၊ အဲဒီ အလောဘအစိတ်တာ ဘယ်လိုအကျိုးပေးသလဲ ဆိုတော့—

၄ **ကုသိုလ်ဟိတ် ၃-ပါး အကျိုးပေးပုံ။** ။အလောဘေန ဇာတိဒုက္ခံ နဟောတိလို့ အဋ္ဌကထာ[1]က အဲသလို ပြတယ်။ အလောဘေန၊ အလောဘကြောင့်။ **ဇာတိဒုက္ခံ၊** ပဋိသန္ဓေနေခြင်း **ဟူသော** ဆင်းရဲသည်။ **နဟောတိ၊** မဖြစ်။ **အလောဘက** ဘယ်တော့မှ ပဋိသန္ဓေမနေဘူးတဲ့။ လောဘ-ကသာ ပဋိသန္ဓေနေတာတဲ့။

အဒေါသေန ဗျာဓိဒုက္ခံ နဟောတိ[2]။ အဒေါသေန၊ အဒေါသ ခေါ်တဲ့ သီလ ကုသိုလ်ကြောင့်။ **ဗျာဓိဒုက္ခံ၊** နာကျင်ကိုက်ခဲတယ် ဆိုတဲ့ ဆင်းရဲဒုက္ခသည်။ **နဟောတိ၊** မဖြစ်။

၅ အမောဟေန မရဏဒုက္ခံ နဟောတိ။ အမောဟေန၊ အမောဟဆိုတဲ့ ပညာရွှေ ဇေတသိက်ကြောင့်။ **မရဏဒုက္ခံ၊** သေတယ် ဆိုတဲ့ ဆင်းရဲသည်။ **နဟောတိ၊** မဖြစ်[3]။

ဟုတ်လား၊ အဲဒီ အလောဘ-အဒေါသ-အမောဟတရား သုံးပါးတို့ဟာ ဘာတွေလဲဆိုတော့ ကံဖြစ်ခြင်းရဲ့အကြောင်းတွေ၊ ဒါဖြင့် ဒီကံတွေဟာ ဘယ်လိုကံလဲ၊ အပြစ်မရှိဘူး၊ ကောင်းသောအကျိုးကို ပေးတဲ့ကံ။ အပြစ်နှင့်တကွ မကောင်းသောအကျိုးကို လိုချင်သလား၊ အပြစ်မရှိဘဲ ကောင်းတဲ့ အကျိုးကို လိုချင်သလား (အပြစ်မရှိဘဲ **ကောင်းသောအကျိုးကို** လိုချင်ပါတယ်ဘုရား)။ ဒီလို ဆိုရင် ကိုယ်ဟာ အလောဘနဲ့ ပြုလုပ်တဲ့ကံ ဖြစ်ဖြစ်၊ အဒေါသ-အမောဟနဲ့

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ နှာ-၁၇၁။

http://www.dhammadownload.com

ပြုလုပ်တဲ့ကံဖြစ်ဖြစ်၊ ဘာမှ မတောင့်တနဲ့၊ ဘာမှ မနှစ်သက်နဲ့၊ ဘာမှ မတွယ်တာနဲ့၊ စိတ်မဆိုးနဲ့၊ စိတ်မကောက်နဲ့၊ မတွေဝေ-မမိန်းမောနဲ့၊ ဝိပဿနာဉာဏ် ရှင်ပစေ၊ ဆိုလိုတဲ့ အဓိပ္ပါယ်။

သံသရာမလည်သော တရားများ။ ။ကိုင်း ဒီတော့ ရှေ့တခါ သွားရအောင်။ တံ ကမ္မံ၊ ထို အလောဘ, အဒေါသ, အမောဟကြောင့် ဖြစ်တဲ့ ကံသည်။ ကမ္မနိရောဓာယ၊ အကုသိုလ်ကံ အားလုံးတို့ ချုပ်ဆုံးကုန်ယျောက်ချသွားခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။တံ ကမ္မံ၊ ထို အလောဘ, အဒေါသ-အမောဟကြောင့် ဖြစ်တဲ့ ကံ သည်။ ကမ္မ သမုဒယာယ၊ ဝဋ္ဋဂါမိ သံသရာဝဋ်ဆင်းရဲကို လည်စေနိုင်တဲ့ ဝဋ္ဋဂါမိ-ကုသိုလ်ကံသည်။ န သံဝတ္တတိ၊ မဖြစ်နိုင်။ သံသရာလည်တယ်ဆိုတာ ဒါန ကုသိုလ်တွေ သီလ ကုသိုလ်တွေ ဘာဝနာ ကုသိုလ်တွေက သံသရာ လည်တယ်ဆိုတာ မဟုတ်ဘူး။

သံသရာလည်သောတရားများ။ ။လောဘ, ဒေါသ, မောဟမှ သံသရာ လည်တာ၊ တဏှာ မာန ဒိဋ္ဌိမှ သံသရာလည်တာ။ ဒါနတို့ သီလတို့ ဆိုတာ အလောဘကြောင့်ဖြစ်တယ်၊ အဒေါသကြောင့် ဖြစ်တယ်၊ အမောဟကြောင့် ဖြစ်တယ်ဆိုတာ ဘယ်တော့မှ သံသရာ မလည်ဘူး။ (ဒီနေရာမှာ အဂုံတို့ရဲ့ တိကနိပါတ် နိဒါနသုတ္တန်နဲ့ ဆက္ကနိပါတ် နိဒါနသုတ္တန် တို့ဟာ အဆိုနဲ့နဲ့ ကွဲနေတယ်။ သဘောအားခြင်းကတော့ မထူးလှပါဘူး။ စာနေကွဲပြားပုံကိုသာ ပြောတာပါ)။

အကုသိုလ်ကံတုန်းကလိုဘဲ အလောဘ-အဒေါသ အမောဟကြောင့် ဖြစ်တဲ့ကံကြောင့် ငရဲ-တိရစ္ဆာန်-ပြိတ္တာ တစုံတခုသော ဒုဂ္ဂတိကျိုး မသက်ရောက်နိုင်ဘူး။ လူ-နတ် ကောင်းသော သုဂတိသာ ဖြစ်စေနိုင်တယ်လို့ အကျဉ်းချုပ် မှတ်သားရမယ်။ ပါဠိသွားတွေကတော့ အကုသလမူလတုန်းက ရွတ်သလိုပါဘဲ။ သိပ်မထူးလှပါဘူး။

ဣမာနိ တီဏိ ကုသလမူလာနိ ဘဂဝါ ဇာနာတိ ပဿတိ၊ ဧဝံ ဘဂဝါ မူလဒဿာဝီ။ (ဒါကတော့ စူဠနိဒ္ဒေသ ပါဠိတော်က)။ အဲဒီလို မြတ်စွာဘုရားသည် ကုသိုလ်ကံ အကုသိုလ် ကံတို့၏ အကြောင်းတွေကို သိသည် ဖြစ်သောကြောင့် သူ့ကို မူလဒဿာဝီလို့ ခေါ်ပါတယ်တဲ့။ ဒါ အဂုံတို့ရဲ့က လာတာ။ ပြီးတော့ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရား ကံရဲ့ အကြောင်းတွေကို ဟောထားတာ ရှိသေးတယ်၊ အကုသိုလ်ကံရဲ့ အကြောင်း။

ယေကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလ ဘာဂိယာ အကုသလ ပက္ခိကာ၊ သဗ္ဗေတေ အဝိဇ္ဇာမူလကာ အဝိဇ္ဇာသမော-

http://www.dhammadownload.com

သရဏာ၊ အဝိဇ္ဇာသမုဋ္ဌါတာ သင်္ခေ တေ အဝိဇ္ဇာသမုဋ္ဌါတံ ဂစ္ဆန္တိတိ ဘဂဝါ ဇာနာတိ ပဿတိ၊ ဧဝမိဿ ဘဂဝါ မူလဒဿာဝီ – တဲ့။

မြတ်စွာဘုရား ဒီလိုမြင်တယ်တဲ့။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ယေ ကေစိ၊ ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော။အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ အကုသလဘာဂိယာ၊ အကုသိုလ်အဘို့အစုရှိကုန်သော။ အကုသလပက္ခိကာ၊ အကုသိုလ်တို့၏ အသင်းအပင်းဖြစ်ကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။

အလုံးစုံ အကုသိုလ် တရားတွေ ရှိသလား မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ ညက ဘုန်းကြီး ပြောလိုက်တဲ့ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ ဆိုတာ အကုသိုလ်၊ တဏှာ၁ဝဂ-ပါးဆိုတာ အကုသိုလ်၊ ပဥ္စာနန္တရိယကံကြီး ငါးခုဆိုတာ အကုသိုလ်။

အဲဒီ အလုံးစုံကုန်သော အကုသိုလ် တွေဟာ မြတ်စွာဘုရားက အဝိဇ္ဇာ မူလကာ၊ အဝိဇ္ဇာလျှင် အမြစ် အရင်း ရှိကြကုန်၏။ အဝိဇ္ဇာသမောသရဏာ၊ အဝိဇ္ဇာ၌ ပေါင်းကြ ဆီးကြကုန်၏။ အဝိဇ္ဇာ သမုဋ္ဌါတာ၊ အဝိဇ္ဇာ၌ ကိုင်းကြ ရှိုင်းကြ ညှတ်ကြကုန်၏။ တေ သင်္ခေ၊ ထိုအလုံးစုံသော အကုသိုလ်တရားတို့သည်။ အဝိဇ္ဇာသမုဋ္ဌါတံ၊ အဝိဇ္ဇာသို့ ကိုင်းရှိုင်းညှတ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။

အကုသိုလ်ကံ၏ အမြစ်အရင်းတရား။ ။အလုံးစုံသော အကုသိုလ်တရားတို့ရဲ့ အမြစ်အရင်းဟာ ဘယ်သူလဲ။(အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာဘဲတဲ့။ ဘုန်းကြီးတို့ ပရိသတ် အဝိဇ္ဇာရှိနေရင် အကုသိုလ်အကျိုးတွေပါမလား။ (ပါလာပါတယ်ဘုရား)၊ဒီတော့ အဝိဇ္ဇာကို သေအောင် ဘယ်လိုလုပ်ရမလဲ။ ဝိဇ္ဇာဉာဏ်ဖြစ်အောင် ဝိပဿနာရှုပေးရမယ်။ ရုပ်တရားကို ရုပ်တရားမှန်းသိအောင် လုပ်ပေးရမယ်။ နာမ်တရားကို နာမ်တရားမှန်းသိအောင် လုပ်ပေးရမယ်။ ရုပ်တရား နာမ်တရားတို့ရဲ့ သာမည လက္ခဏာဖြစ်တဲ့ အနိစ္စ အချက်, ဒုက္ခအချက်, ဝိပရိဏာမအချက်တွေကို နိုင်အောင် ရှုပေးရမယ်။

အဲဒီ ရုပ်တရား နာမ်တရားတွေရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို မြင်ရင် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား)၊ ဝိဇ္ဇာဆိုရင် အဝိဇ္ဇာရှိသေးသလား။ (မရှိတော့ပါဘုရား)၊ အကုသိုလ် မူလကြီးချုပ်သွားပြီ။ ကုသိုလ်တရားတွေရဲ့ မူလဟာ ဘာလဲဆိုတော့၊မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၃၀-မှာ ဟောထားတာရှိသေးတယ်။

ယေကေစိ ဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ သင်္ခေတေ အပ္ပမာဒ မူလကာ၊ အပ္ပမာဒ သမောသရဏာ၊ အပ္ပမာဒေါ တေသံ အဂ္ဂမက္ခာယတိ။

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၄၀။

http://www.dhammadownload.com

ကုသိုလ်ကံ၏ အမြစ်အရင်းတရား။ ။ကုသိုလ် တရား အားလုံးတို့ရဲ့ အမြစ် အရင်းဟာ ဘယ်သူလဲ ဆိုတော့ အပ္ပ-မာဒ တရားဘဲတဲ့။ အဲဒီ အပ္ပမာဒ တရားရှိနေရင်၊ ဗောဓိပက္ခိယတရား ၃၇-ပါး ကို မမေ့ရင်၊ ရုပ်တရားကို မမဲ့ရင်၊ နာမ်တရားကို မမဲ့ရင်၊ ဝိပဿနာတရားကို မမေ့ရင် အပ္ပမာဒဘဲ။ အပ္ပမာဒေါ အမတံ ပဒံ။ (ခမ္မပဒပါဠိတော် နာ-၁၆) အပ္ပမာဒေါ၊ မမေ့မလျော့ ခြင်းသည်။ အမတံ၊ မသေခြင်း၏ (ဝါ) နိဗ္ဗာန်၏။ ပဒံ၊ အကြောင်းရင်းတည်း။ အဲဒီ အပ္ပမာဒတရားသည် အလုံးစုံသောကုသိုလ် တရားတွေရဲ့ အမြစ်အရင်းဘဲတဲ့။

ဧဝံ ဘဂဝါ မူလ ဒဿာဝီ။

ဧဝံ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ရှင်တော်ဘုရား သည်။ မူလဒဿာဝီ၊ ကုသိုလ်တရားတို့ရဲ့ အမြစ်အရင်းကို မြင်တော်မူတတ် ပါပေ၏။ မြတ်စွာဘုရားသည် ကုသိုလ်-အကုသိုလ်တို့ရဲ့ အမြစ်အရင်းကို မြင်တော် မူတတ်ပါပေ၏ဆိုတဲ့ ဒီဂုဏ်ပုဒ် ၂-ပုဒ်တို့ဖြင့် ချီးကျူးစေပြီးတော့မှ ပုဏ္ဏကက မြတ်စွာဘုရားကို ပုစ္ဆာ လျှောက်တယ်။ လျှောက်တော့ ဘာလျှောက်သလဲ။

လောကမှာ ရသေ့တွေ လူတွေ မင်းတွေ ပုဏ္ဏားတွေဆိုတဲ့ ဒီ ၄-မျိုးဟာ အလှူကို ခံထိုက်တဲ့ ပုဂ္ဂိုလ်တွေကို မြောက်မြားလှစွာသော အလှူဝတ္ထုတွေကို လှူဒါန်းပြီး နေကြပါတယ်ဘုရား-တဲ့။ အဲဒါ ဘာကို အမှီပြုပြီးတော့ လှူဒါန်း နေကြပါသလဲ-တဲ့။ ပုဏ္ဏကက မြတ်စွာဘုရားကို လျှောက်တယ်။

စူဠနိဒ္ဒေသ၊ နာ-၄၉ က ဖွင့်ထားတာ ရှိသေးတယ်။ ———

ယညံ ဝုစ္စတိ ဒေယျဓမ္မော-တဲ့။ ယည ဆိုတာက လှူဘွယ်ဝတ္ထုတွေကို ပြော တာတဲ့။ လှူဘွယ်ဝတ္ထုတွေဆိုတာ ဘာတွေလဲ မှတ်ထား၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ၄-ပါးသောပစ္စည်း။ ဒါက ဝိနည်းပါဠိတော်က လာတဲ့ ပစ္စည်း ၄-ပါး။

သုတ္တန်ပါဠိတော်တွေမှာက ၁၀-မျိုးလာတယ်။

အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓ ဝိလေပနံ
သေယျာ ဝသထ ပဒီပေယျံ-တဲ့ ၁၀-ခု။

သုတ္တန်ပါဠိတော်လာ ဒါနဝတ္ထု ၁၀-မျိုး အန္နံ ဆိုတာ=ထမင်း။ ပါနံ ဆိုတာ=ဖျော်ရည်။ ဝတ္ထံ ဆိုတာ=သင်္ကန်း။ ယာနံ ဆိုတာ=စီးစရာ ယာဉ်ရထား မော်တော်ကား။ မာလာ ဆိုတာ=ပန်းလဲ လှူကောင်း တယ်။ ဂန္ဓ=အနံ့လဲ လှူကောင်းတယ်၊ အမွှေးနံ့သာတို့ ဘာတို့ လှူကောင်း တယ်။ ဝိလေပန=နံ့သာပျော်ငင်းတဲ့။ နံ့သာပျော်ငင်း ဆိုတာလဲ ပေါင်ဒါတို့ ကသယ်မှုန့်တို့ ပြုပြင်မွှမ်းမံထားတဲ့ နံ့သာတို့ကို ပြောတာ။ သေယျာ=ဆိုတာ

http://www.dhammadownload.com

အိပ်ယာခင်းတို့ ခေါင်းအုံးတို့ ခေါ်တယ်။အာဝသထဆိုတာ=ကျောင်း၊ပဒီပေယျဆိုတာ=ဆီမီးတဲ့ ၁၀-မျိုး။

သုတ္တန်ပါဠိတော်ကလာတဲ့ ဒါန၀တ္ထု ၁၀-မျိုးကို ဒေယျဓမ္မယည လို့ခေါ်ပါတယ်။

ယည၊ ဒေယျဓမ္မဖြင့် ပူဇော်ခြင်းကို။ ၀ါ၊ ၁၀-မျိုးသော တရာ.တို့ဖြင့် ပူဇော်ခြင်းကို။ ကိ၊ အဘယ်ကို။ နိဿိတာ၊ မှီကြကုန်သည်ဖြစ်၍။အကပွယိ သူ၊ လူဒါန်း၍ နေကြပါကုန်သနည်း။ မြတ်စွာဘုရားက ပြန်ပြီး ဘယ်လိုဖြေသလဲ ဆိုတော့—

ယေ ကေစိမေ ဣသယော မနုဇာ၊
ခတ္တိယာ ဗြာဟ္မဏာ ဒေ၀တာနံ။
ယည မကပွယိ သု ပုထူ'ဓ လောကေ၊
အာသီသမာနာ ပဏ္ဍက ဣတ္ထတ္တံ။
ဇရံ သိတာ ယည မကပွယိ သု ။

ပဏ္ဍက၊ ပဏ္ဍကရသေ့။ ဣဓ လောကေ၊ ဤလောကဘ်။ ပုထူ၊ များလှစွာကုန်သော။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဣမေ ဣသယော၊ ဤရသေ့ပရိဗိုဇ်တို့သည်ငင်း။ မနုဇာ၊ လူအပေါင်းတို့သည်ငင်း။ ခတ္တိယာ၊ မင်းတို့သည်ငင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်ငင်း။ ဣတ္ထတ္တံ၊ လူဘ၀ နတ်ဘ၀ ဗြဟ္မာ့ဘ၀တို့မှ ရတယ်ဆိုတဲ့ အတ္တဘောနှင့် ရှုပသဒ္ဒစသည် အာရုံကာမဂုဏ်ကို။ အာသီသမာနာ၊ လိုလား တောင့်တကြကုန်သည်ဖြစ်၍။ ဒေ၀တာနံ၊ အလှူခံ ပုဂ္ဂိုလ် အပေါင်းတို့အား။ ယည၊ အခုတင်က ၁၀-မျိုးသော ၀တ္ထုတို့ဖြင့် လှူဒါန်း ပူဇော်ခြင်းကို။ အကပွယိ သူ၊ ပြုကြကုန်ပြီ။ တေ၊ ထိုသူတို့သည်။ ဇရံ၊ အိုခြင်း ဆိုတဲ့ သံသရာဝဋ်ဆင်းရဲကို။ သိတာ၊ မှီကြကုန်သည်ဖြစ်၍။ ယည၊ ဒေယျဓမ္မ ဖြင့် လှူဒါန်းခြင်းကို။ အကပွယိ သူ၊ ပြုကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

တရားမြင့်မြင့် ဟောရပုံ နှိုင်းယှဉ်ပြချက်။ ။ကဲ—ဘုန်းကြီးတို့ ပရိသတ် ပါဠိတော် ရွတ်ပြီးပြီ။ အနက် မြန်မာလဲ ပြန်ဆိုပြီးပြီ။ အဓိပ္ပါယ် စကားပြေ ပြောကြဦးစို့၊ ပါဠိရွတ်တာရယ်၊ အနက်ပေးတာရယ်၊ အဓိပ္ပါယ် ပြောတာရယ်ဆိုတော့ စကားတလုံးတလုံးမှာ သုံးမျိုးပြောနေရတယ်။ အဲဒါနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ ပရိသတ်က ပါဠိတော်တွေ များအားကြီးတော့ ဒီဆရာတော်ရဲ့ တရားက ပါဠိတွေ များတယ်၊ မြင့်အား

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၅၂။

http://www.dhammadownload.com

ကြီးတယ်၊ တရားကို အမြင့်ကြီး ဟောတယ်နဲ့ ဒီလို ဖြစ်နေကြတယ်။ တရားကို ခပ်မြင့်မြင့်နဲ့ ရင့်ရင့်ဟောနေတာဟာ ဘာရည်ရွယ်ချက်နဲ့ ဟောပေးနေတာလဲ ဘုန်းကြီးတို့ မရိသတ်၊ ဟို သစ်သီးစားတဲ့ လူလိုဘဲ ဆိုကြပါစို့နော်။ ဥပမာ ဆိုရင် ဒူးရင်းသီး နုနုကလေးကို စားနေရလို့ရှိရင် အရသာ ထွက်ပါ့မလား။ (မထွက်ပါဘူးဘုရား)။

ဒီတော့ ဒူးရင်းသီး နုနုကလေးကိုချည်း ကျွေးကျွေးပြီး ဒူးရင်းသီးနုနုကလေးကိုချည်း စားနေရတော့၊ နုနုကလေးက ဆူးလဲ သိပ်မထက်သေးသည်ဖြစ်သောကြောင့် သူက နဲနဲပါးပါးစားလို့ ကောင်းတယ်ဘဲဆိုပါတော့။ သို့ပေမဲ့ ဒူးရင်းသီး ရင့်ရင့် အမှည့်လောက် ဒီ ဒူးရင်းသီးဟာ ကောင်းပါမလား။ (မကောင်းပါဘူးဘုရား)။ ရင့်တဲ့ ဒူးရင်းသီး အမှည့်ကျွေးတော့၊ဒါဟာ ရင့်လွန်းအာဒီးတယ်–တဲ့၊ ဟုတ်လား။ ဒီတော့ ဘာဘဲဖြစ်ဖြစ်၊ စားချင် စားချင်၊ မစားချင် စားချင်၊ ဒူးရင်းသီး အရင့်အမှည့်တွေကို တခါထဲ အတင်း ကျွေးနေတာ ဖြစ်တယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများကြိုးစားပြီးတော့ တရားနာကြနော်–ဘုန်းကြီးကလဲ ကြိုးစားပြီးတော့ ဟောပေးမယ်။

မြတ်စွာဘုရားက ပြန်ဖြေထားတာ၊ ဘာပြန်ဖြေထားသလဲဆိုတော့ ပုဏ္ဏကတဲ့၊ လောကမှာ ထူပြောတဲ့ မြောက်မြားလှစွာကုန်သော ရသေ့တွေ လူတွေ မင်းတွေ ပုဏ္ဏားတွေဟာတဲ့ အထူးထူးသော လှူဘွယ် ဝတ္ထုတို့ဖြင့် အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းနေကြတာဟာ သူတို့မှာ ရည်ရွယ်ချက်ရှိတယ်တဲ့။ ဘာရည်ရွယ်ချက် ရှိသလဲလို့ ဆိုတော့ အချို့ လူ့ပြည်ရောက်အောင် လှူတယ်တဲ့။ တချို့က နတ်ပြည်ရောက်အောင်၊တချို့က ဗြဟ္မာ့ပြည်ရောက်အောင် လှူတယ်။ အလုပ်လုပ်နေကြတယ်။ အဲဒီလို လူ့ပြည် နတ်ပြည် ရောက်အောင် လုပ်တဲ့ ပုဂ္ဂိုလ်တွေက လူ့ပြည် နတ်ပြည်မှာရှိတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တွေကို တောင့်တကြတယ်တဲ့။

> အာသီသမာနာတိ ရူပပဋိလာဘံ အာသီသမာနာ၊ သဒ္ဒပဋိလာဘံ အာသီသမာနာ၊ ဂန္ဓပဋိလာဘံ အာသီသမာနာ၊ ရသပဋိလာဘံ အာသီသမာနာ၊ ဖောဋ္ဌဗ္ဗပဋိလာဘံ အာသီသမာနာ–စသည်ဖြင့်, စူဠနိဒ္ဒေသ နှာ-၅၂ က ပြတယ်။

ခန္ဓဝဏ်တောင့်တ လှူက ဘေးဆိုးကြီးနှင့် တွေ့ရပုံ။ ။ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ကောင်းပေ့ ဆိုတဲ့ အဆင်းကလေးတွေကို ရူပါရုံတွေကို ရဘို့အတွက် သူတို့တောင့်တကြတယ်။ သူဌေးဖြစ်ဘို့ကို ရည်ရွယ်တောင့်တ

http://www.dhammadownload.com

ပြီးထော့ လုပ်ကိုင်နေကြတယ်။ လျှဒါန်း နေကြတယ်တဲ့။ ဆုထူးကြီးကြီးရဘို့၊ ရှင်ဘုရင်ဖြစ်ဘို့ တောင့်တပြီးတော့ သူတို့လျှဒါန်းနေကြတယ်။ လူမင်းတွင် မက သေးဘူး နတ်မင်းကြီးတွေ နတ်မိဖုရားတွေ နတ်အာရုံတွေ နတ်ကာမဂုဏ်တွေ ရဘို့ကို ရည်ရွယ်တောင့်တပြီးတော့ လျှဒါန်းနေကြတယ်။ ဗြဟ္မာမင်းကြီးတွေ ဖြစ်အောင် သူတို့ ပြုလုပ် လျှဒါန်းနေကြတယ် တဲ့။

အဲဒီလို လုပ်သမျှ ပုဂ္ဂိုလ်တွေဟာ—

ဇရံ သိတာ ယညမကပ္ပယိ သူ=အိုခြင်း ဆင်းရဲဆိုတဲ့ သံသရာဝဋ်ဆင်းရဲကို မြိပြီးတော့ သူတို့ လုပ်နေကြတာတဲ့၊ ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုလဲဆိုတော့ ပပဝတိ အင်မတန်လှတဲ့အကြောင်း ကြားဘူးနေကြတယ် ကုသဇာတ်ကိုနာတဲ့ အခါ။သိဝိဇာတ် နာတဲ့ အခါကျတော့ ဘယ်လိုလဲ သိဝိမင်းကြီး ရွှေလောက် အောင် အင်မတန် လှတယ်ဆိုတဲ့ ဥမ္မာဒန္တီဆိုတာ ဘုန်းကြီးတို့ ပရိသတ် ကြား ဘူးမယ်။ ဥမ္မာဒန္တီ ဘယ်လောက်လှသလဲ။ ဘုန်းကြီးတို့ ပရိသတ်ကလဲ ဘယ် လောက်လှချင်သလဲဆိုရင် လှတာကို ပိုက်ဆံပေးဝယ်ယူလို့ ရရင်လေ သူတို့က ပိုက်ဆံပေးပြီး ဝယ်ယူကြတယ်။ ဥမ္မာဒန္တီတို့လို လှတဲ့အလှမျိုး ကျတော့ ဝယ်ယူ လို့ရအုန်းမှာလား။(မရပါဘူးဘုရား)၊ဒီတော့ ဥမ္မာဒန္တီတို့လို လှချင်တဲ့ ပုဂ္ဂိုလ်က ဒါဟာ ပိုက်ဆံပေး ဝယ်လို့လဲ မရဘူး၊ ဘယ်လိုလုပ်ရမလဲ ဆိုတော့၊ ဒီတော့ သံဃာတော်တွေက ဟောလိမ့်မယ်၊ ဥမ္မာဒန္တီလို လှချင်ရင် သင်္ကန်းလျှလို့ ဟောလိမ့်မယ်။ အဲဒီတော့ အဲဒီ သင်္ကန်းကလေး လျှပြီးတော့ ဥမ္မာဒန္တီတို့လို လှပါရစေ ဘုရားလို့ ဆိုပြီး ဒီလို ဆုတောင်းသလား၊ မတောင်းဘူးလား၊ (တောင်းပါတယ်ဘုရား)။

ပဒုမဒေဝီလို လှချင်ရင် ပဒုမဒေဝီကို နန်းတော်ပေါ်က နှင်ချခံရလိမ့်အုန်း မယ်။ ဒါ ခံနိုင်ရမယ်။ ပဒုမဒေဝီ-အခု ဘယ်ရောက်သွားပလဲ။ အိုပြီးပြီး နာပြီး ပြီ၊ သေပြီးပြီ၊ ခန္ဓာ ဝန်ကြီးကိုရလို့ လှတာတော့ ဟုတ်ပါရဲ့၊ လှပြီးတော့ ဒီဘက်မှာ ဘာရှိသလဲ၊ (အိုဘေးပါဘုရား)၊ အိုဘေးဆိုးကြီး ရှိတယ်၊ နာဘေး ဆိုးကြီးရှိတယ်၊ သေဘေးဆိုးကြီးရှိတယ်၊ အဲဒါကို မြင်အောင်မှုပါလို့ မြတ်စွာ ဘုရားက ပုဏ္ဏကကို ဘယ်နယ် ပြန်ဟောသလဲလို့ဆိုတော့—

ဇရံ သိတာ ယညမကပ္ပယိ သူ။ ပုဏ္ဏက၊ ပုဏ္ဏက။ တေ၊ ထိုသူတို့သည်။ ဇရံ၊ အိုခြင်းဆိုတဲ့ သံသရာဝဋ်ဆင်းရဲကို။ သိတာ၊ မြိကြကုန်သည်ဖြစ်၍။ ယညံ၊ ဒေယျဓမ္မဖြင့် လျှဒါန်းဘွယ်ဝတ္ထု အစုစုကို။ အကပ္ပယိ သူ၊ ပြုလုပ်ကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ပုဏ္ဏက က ဒါတင်မနေဘူး၊ ဆက်ပြီးတော့မေးတယ်။ အဲဒီလှချင်ပြီးတော့ အသက်ကော ရှည်ချင်သလား မရှည်ချင်ဘူးလား (ရှည်ချင်ပါတယ်ဘုရား)၊ အဲ့ဒီအထဲ အသက်မရှည်ချင်တဲ့ လူပါသလား (မပါပါဘုရား)၊ အသက်ရှည်ချင်တယ်၊ အဆင်းမလှချင်တဲ့သူမျိုးကော ပါသလား (မပါပါဘုရား)။ ဘယ်သူကိုဘဲ မေးကြည့်ကြည့် ဒီအထဲရောက်နေတဲ့ ပရိသတ် ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ်ရှိတဲ့သူကို မေးကြည့်။ အသက်ရှည်ချင်သလား၊ အသက်တိုချင်သလား၊ အဆင်းလှချင်သလား၊ အကျည်းကန်ချင်သလား၊ အခြေအရံတွေများချင်သလား၊ နည်းချင်သလား၊ ပစ္စည်းလာဘ်လာဘတွေ ပေါချင်သလား၊ ရှားချင်သလား၊ ကောင်းသောစည်းစိမ်ချမ်းသာတွေနဲ့ မပျက်မစီးဘဲနဲ့ တသက်လုံး တည်နေချင်သလား၊ ပစ္စည်းပျက်ချင်သလားလို့ မေးကြည့်။ မကောင်းတဲ့ငါးမျိုးကို ဘယ်သူမှ ကြိုက်မှာ မဟုတ်ဘူး။

လက္ခဏာရေး ၃-ပါးမှ လွတ်သော တရားမရှိပုံ အကုန်လုံးကောင်းတာချည်း ကြိုက်မယ်ဆိုတော့ အဲဒီအကောင်းတွေက ဘာတွေလဲ၊ ဘာမှိနေသလဲ။ အဲဒီအကောင်းတွေက အိုခြင်းဘေးကို မှိနေတယ်။ နာခြင်းဘေးကို မှိနေတယ်။ သေခြင်းဘေးကို မှိနေတယ်။ ဘာပြုလို့လဲ၊ အဲဒီ အာယုဝဏ္ဏ, သုခ, ယသ, ဣဋ္ဌဆိုတဲ့ တရားအားလုံးကို ခန္ဓာဖွဲ့လိုက်ရင် ရူပက္ခန္ဓာထဲ အကုန်လုံးပါသွားရော။ အဲဒီ ရူပက္ခန္ဓာမှာ ဘာရှိသလဲလို့ ကြည့်လိုက်တော့ ဥပါဒေါ ပညာယတိ၊ ဝယော ပညာယတိဆိုတဲ့ ဖြစ်ခြင်းနဲ့ပျက်ခြင်းရှိနေသည်၊ ဖြစ်တဲ့သဘောသည် ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ ပျက်တဲ့သဘောသည် ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ ဝိပဿနာရှုတဲ့အခါမှာ ဝိညာဏ် နာမ်ရုပ် စိတ် စေတသိက် ရုပ်တွေကို ရှု၊ ဘာကို တွေ့လာမလဲဆိုတော့ ဖြစ်တဲ့သဘောတွေ့မယ်၊ ပျက်တဲ့သဘောတွေ့မယ်။ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့သဘော, ပြောင်းလွှဲတဲ့သဘော, ဝိပရိဏာမ အချက်ကို တွေ့မယ်။

ဒီသုံးချက်ဘဲ တွေ့စရာရှိတယ်၊ တခြားတွေ့စရာ မရှိဘူး။ ဝိပဿနာဉာဏ်မှာ ပါဠိတော်လာတဲ့အတိုင်းက အဲဒီသုံးချက်ကို တွေ့တဲ့အခါမှာ ဒီသုံးချက်ဟာ ဘယ်သူလဲဆိုတော့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်းပြောရင် စိတ်, စေတသိက်, ရုပ်ဒါဘဲ။ ခုနပြောတဲ့ လှတာတို့ အကျည်းတန်တာတို့ အရုပ်ဆိုးတာတို့ အခြေအရံများတာတို့ စီးပွါးပေါတာတို့ အသက်ရှည်တာတို့ဆိုတာ ဘာတွေလဲ၊ ဝိညာဏ် နာမ် ရုပ်၊ တနည်း ပြောရင်(စိတ် စေတသိက် ရုပ်)၊ သူတို့မှာ ဘာတွေရှိနေသလဲဆိုတော့ လှတဲ့ရုပ်ဘဲ ကြည့်ကြည့်၊ မလှတဲ့ရုပ်ဘဲ ကြည့်ကြည့်၊ ပစ္စည်းချမ်းသာတဲ့ရုပ်ဘဲ ကြည့်ကြည့်၊ မချမ်းသာတဲ့ ရုပ်ဘဲ ကြည့်ကြည့်၊ အခြံအရံပေါတဲ့ ရုပ်ဘဲ ကြည့်ကြည့်၊ မပေါတဲ့ရုပ်ဘဲ ကြည့်ကြည့်၊ သူတို့မှာ ဘာရှိသလဲ အနိစ္စ ဒုက္ခ ဝိပရိဏာမ မရှိဘူးလား (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com

ဒီတော့ ရုပ်နာမ်ကို ဝိပဿနာရှုရင် ဘာတွေ့မလဲ အဖြစ်အပျက်တွေ့မယ်။ ပြီးပလား၊ ဖြစ်ပျက်ပြီးတော့ ဖြစ်ပျက်နောက်မှာ ဘာရှိသလဲ၊ ဖြစ်ပျက်နောက်နားမှာ ဒုက္ခသစ္စာရှိတယ်၊ ဖြစ်တဲ့ အတွက် ဒုက္ခ။ အဲဒီဒုက္ခရဲ့နောက်နားမှာ ဘာရှိသလဲ-မင်္ဂ်။ ဒီကျမှ လာမှာ။ အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-သမီးများ-ကြည့်။ ဝိပဿနာရှုရမဲ့ အာရုံတွေကို ကိုယ်ကလိုလားတောင့်တပြီးနေရင် ဒါဘာကို မှီပြီးတော့ ကုသိုလ်ကောင်းမှုပြုတာလဲ။ အိုခြင်း နာခြင်း သေခြင်းကိုမှီပြီးတော့ ပြုကြဒါပါ။ ဒီတော့ ပုဏ္ဏကဂါထာမြတ်စွာဘုရားကို ဆက်ပြီးတော့ လျှောက်တယ်—

> ကစ္စိသု တေ ဘဂဝါ ယညဟထေ အပ္ပမတ္တာ။
> အတာရုံ ဇာတိဉ္စ ဇရဉ္စ မာရိသ၊
> ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေ'တံ'။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော။ မာရိသ၊ အရှင်ဘုရား။ ကစ္စိ၊ အသို့ပါနည်း။ (ဝါ) **မေးစမ်းပါရစေ**။ ယညဟထ၊ လှူဒါန်းပူဇော်ဘွယ်ဆိုတဲ့ လမ်းကြောင်း၌။ အပ္ပမတ္တာ၊ **မမေ့မလျော့** လှူဒါန်း၍နေကြကုန်သော။ တေ၊ ထိုသူတို့သည်။ **ယညေဟိ**၊ လှူဒါန်းစရာတို့ဖြင့် အလှူခံပုဂ္ဂိုလ်တို့ကို လှူဒါန်း၍နေရခြင်းကြောင့်။ **ဇာတိဉ္စ**၊ ပဋိသန္ဓေနေရခြင်းကိုဎ်း။ ဇရဉ္စ၊ အိုခြင်းကိုဎ်း။ အတာရုံ၊ ကူးမြောက်နိုင်သည်။ အဿု၊ ဖြစ်ပါကုန်သလော။ ဘဂဝါ၊ ဘုန်းတော်နေဝန်း **ထွန်းလင်းတောက်ပတော်မူသော** မြတ်စွာဘုရား။ တံ၊ ထိုအကြောင်းကို။ **အဟံ**၊ **ဘုရားတပည့်တော်သည်**။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ တံ၊ အရှင်ဘုရားသည်။ **တေ**၊ ထိုအကြောင်းကို။ **မေ**၊ အကျွန်ုပ်အား။ ဗြူဟိ၊ ဟောကြားတော်မူပါ **အရှင်ဘုရား**။

မေးပြန်ပြီတခါ၊ အရှင်ဘုရားတဲ့ အဲဒီလိုတောင့်တခြင်းမျိုးစုံတို့ဖြင့် လှူဒါန်းပြီးတော့နေကြတဲ့ ပုဂ္ဂိုလ်တွေဟာတဲ့ အမြဲမပြတ် လှူဒါန်းနေရသဖြင့် လှူဒါန်းတယ်ဆိုတဲ့ ဒါနလမ်းကြောင်း၌ မမေ့မလျော့ဘဲနဲ့ လှူဒါန်းပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ပဋိသန္ဓေနေခြင်းနဲ့ အိုခြင်းကို လွန်မြောက်နိုင်ပါ့မလားဘုရား၊ ဒီအမေးတွေကို ဘုန်းကြီးတို့ပရိသတ်ကို အဓိပ္ပါယ် အထူးပြောစရာ မလိုဘူး။ သိပြီးသား။ အင်္ဂကထာကလဲ သိပ်ပြီးတော့ မဖွင့်ဘူး။ စူဠနိဒ္ဒေသပါဠိတော် အင်္ဂကထာတို့ကလဲ မဖွင့်ဘူး၊ ဟခြား ပါဠိတော်များကိုလဲ ဘုန်းကြီးဂျာတော့ မတွေ့ဘူး၊ ရှိရင် ဘုန်းကြီးမပြောတတ်ဘူး၊ **ဘုန်းကြီး ကျမ်းမနှံ့သေးဘူး**။

ခုဘာမေးထားလဲ ဒီကုသိုလ်ကောင်းမှုတွေကို ဒါနဆိုတဲ့ လှူဘွယ်ဝတ္ထုတို့ဖြင့် အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းပြီးတော့ အမြဲတန်း ပြုလုပ်နေတဲ့

၁။ စူဠနိဒ္ဒေသပါဠိတော် နှာ-၅၅။

http://www.dhammadownload.com

ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်းနဲ့ အိုခြင်းကို လွန်မြောက်နိုင်ပါ့မလား ဘုရားတဲ့။ ဒါမေးထားတယ်။

ကိုင်း-အဖြေဂါထာ ရွတ်ကြစို့။

အာသီသန္တိ ထောမယန္တိ အဘိဇပ္ပန္တိ ဇုဟန္တိ၊
ကာမာဘိဇပ္ပန္တိ ပဋိစ္စ လာဘံ။
တေ ယာဇယောဂါ ဘဝရာဂရတ္တာ၊
နာတိဝဋ္ဋံသု ဇာတိဇရန္တိ ဗြူမိ[1]။

ခပ်ရှင်းရှင်း အဓိပ္ပါယ်ကတော့ဖြင့် အဲဒီ ပုဂ္ဂိုလ်မျိုးတွေဟာ သံသရာဝဋ်ဆင်းရဲထဲက ပဋိသန္ဓေနေခြင်းနဲ့ အိုခြင်းကို မလွန်မြောက်နိုင်ဘူးလို့ မြတ်စွာဘုရား ပြောလိုက်တာ ဒါဘဲ။ ဝိပဿနာရှုကွက်ရောက်အောင် သွားရမယ်နော်၊ ဝိပဿနာရှုကွက် ဒီမှာ မလာသေးဘူး။

ပုဏ္ဏက၊ ပုဏ္ဏက။ ယော၊ အကြင်သူတို့သည်။ အာသီသန္တိ၊ ရူပါရုံ သဒ္ဒါရုံ စတဲ့ အာရုံတွေကို တပ်ခြင်းငှါ တောင့်တကြကုန်၏။ ထောမယန္တိ၊ အလှူဝတ္ထုပစ္စည်းနဲ့ အလှူ၏အကျိုး အလှူခံပုဂ္ဂိုလ်ဆိုတဲ့ ၃-မျိုးသော တရားတွေကို ချီးမွမ်းထောမနာကြကုန်၏။ အဘိဇပ္ပန္တိ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ စသည်ကို ရခြင်းငှါ ဆုတောင်း၍ မြွက်ဆိုကြကုန်၏။ ဇုဟန္တိ၊ ပူဇော် လှူဒါန်းကြလေကုန်၏။ လာဘံ၊ ရူပသဒ္ဒ စသည့် အာရုံ ကာမဂုဏ်တို့ကို ရခြင်းဆိုတဲ့ လာဘ်လာဘကို။ ပဋိစ္စ၊ မှီ၍ စွဲ၍။ ကာမာဘိဇပ္ပန္တိ၊ ကာမဂုဏ် ချမ်းသာတို့ကို သာလျှင် အာဒန်တလဲလဲ တောင့်တမြွက်ဆို၍ နေကြကုန်၏။

တဏှာဆိုတာ ကတော့ကြီးနှင့်တူပုံ။ ။ဘယ်လောက်ရလို့မှ မတင်းတိမ်နိုင်ဘူး၊ ဒီကနေ့ ရပြီးလဲ နောက်တခါ ဒါတွေ ရမယ်ဆိုရင် ထပ်ပြီး တောင့်တနေပြန်တာဘဲ။ ကာမာဘိဇပ္ပန္တိ၊ ရလေ တောင့်တလေလေဘဲ၊ ဘယ်တော့မှ ပြည့်နိုင်တယ်မရှိဘူး၊ မြတ်စွာဘုရား ဟောထားတယ်။ တချို့နေရာမှာရှိတယ် တဏှာဆိုတာ ကတော့ကြီးလိုဘဲ၊ တဏှာ ဘာနဲ့တူသလဲ (ကတော့ကြီးနဲ့ တူ၊ါတယ်ဘုရား)။ အစကတော့ ကျဉ်းကျဉ်းကလေး တဖြည်းဖြည်း အဝကာ ကားကားလာတော့ သူဘယ်တော့မှ မပြည့်နိုင်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)။ တနည်း ပြောပြန်တော့ တဏှာဟာ မီးပုံကြီးနဲ့တူတယ်တဲ့။

ဘယ်လောက်ဘဲ အမှိုက်တွေချချ မလောင်နိုင်ဘူးဆိုတာ မရှိဘူး၊ ရှိသမျှ အကုန်လောင်တာဘဲ၊ လာဘ်လာဘတွေ ဘယ်လောက်ဘဲရရ ဘုန်းကြီးတို့ ဘက်ကကြည့်ရင် ကျောင်းတွေ ဘယ်နှစ်ဆောင် ဆောက်ပေးမလဲ၊ တကာကြီး တော်တော့ ကျောင်းမဆောက်နဲ့တော့ ကျောင်းတွေ များနေပြီလို့ မပြောဘူး။

၁။ စူဠနိဒ္ဒေသ ပါဠိတော် နာ-၅၅။

http://www.dhammadownload.com

မတားဘူး၊ ယူတာဘဲ ဘယ်လောက်ရရ သက်နှံးတွေ ဘယ်လောက်လျှူမလဲ၊ လျှူချင်သလောက်လျှူ သက်နှံးတွေများနေပြီ တကာကြီးတော်တော့ မပြောဘူး **ရသရွေ့ယူတာဘဲ**။ လာဘ်၊ လာဘ်လာဘ ရခြင်းကို။ ပဋိစ္စ၊ မှီစွဲ၍။ ကာမဘော-ဇပွန်၊ **အဲဒီရတဲ့** ကာမဂုဏ်ကိုသာလျှင် အမြဲတန်း အဖန်တလဲလဲ တောင့်တ၍ နေကြကုန်တော့၏။ ဘုန်းကြီးတို့အမျိုးကောင်းသား-သမီးများ တော်လောက်ပလား-ရလို့၊မတော်သေးဘူး ဘယ်လောက်ရမှ တော်မလဲ(ရသရွေ့ပါဘဲဘုရား)။

အလိုမပြည့်နိုင်သောတဏှာ။ ။ကိုင်း-ဥပမာပုံ ဆိုကြပါဦ၌။တလ လခ ၇၂-ကျပ် ရတဲ့ပုဂ္ဂိုလ် မေးကြည့်တယ်၊မင်းလောက်ပလား-မလောက်ဘူး၊ ဘယ်လောက်ရမှ လောက်မလဲ ၁၀၀-လောက်ရမှ လောက်မှာ၊ တလ ၁၀၀-လဲရရော မလောက်ပြန်ဘူး၊ ၂၀၀-လောက်ရမှ ၃၀၀-လောက်ရမှ၊ တထောင်ရတဲ့ ပုဂ္ဂိုလ်ကလဲ မလောက်ဘူး၊ ကဲ-ဒီတော့ ဘုန်းကြီးတို့ မေးစမ်းပါရစေ၊ ဘယ်လောက်ရမှ လောက်မလဲလို့ (မလောက်နိုင်ပါဘူးဘုရား)။ အဲဒီ ဘယ်လောက်ရရ မလောက်နိုင်တာကို လောက်အောင် ဘယ်သူက ပေးနိုင်မလဲ (မပေးနိုင်ပါဘုရား)၊ ဘယ်သူမှ မပေးနိုင်ဘူး။ မန္ဒာတု စက္ကြာမင်းကြီးကို လောက်အောင် ပေးမယ် ဆိုပြီးတော့ သိကြားမင်းကြီးက တာဝတိံသာနတ်ပြည် တဝက်ခွဲပြီးတော့ နန်းစံပါတော့လို့ ပေးတာတောင်မှ ခမျာမှာ မလောက်နိုင်ဘူး။ **ဒီတော့** လိုက်လို့ မဆုံးနိုင်တဲ့ တဏှာရေယဉ်နောက်ကို ဘုန်းကြီးတို့ပရိသတ် မလိုက်ကြနဲ့။

ယာဇယောဂါ၊ လျှုဒါန်းမှုခွဲ အားထုတ်နေကြကုန်သော။ တေ၊ ထိုသူတို့ သည်။ ဣမေဟိ အာသီသာဒီဟိ၊ ဤတောင့်တခြင်းစတဲ့ စကားမျိုးတို့ကြောင့်။ ဘဝရာဂရတ္တာ၊ ဘဝကို ရာဂဖြင့် စွဲလမ်းတပ်မက်ကြကုန်သည် ဖြစ်၍။ ဇာတိ ဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းကို။ နာတရိ သု၊ မကူးမြောက်နိုင်ကုန်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု။

ချီးမွမ်းတယ်၊ တောင့်တတယ်၊ ချူပါရုံ သဒ္ဒါရုံ အစရှိတဲ့ အာရုံငါးပါးကို ကောင့်တတယ်။

ချီးမွမ်းတယ်၊ ဘာတွေကို ချီးမွမ်းသလဲ။ အလှူဝတ္ထုပစ္စည်းတွေကို ကြည့်ပြီးတော့ **ချီးမွမ်းတယ်**။ "သုစိ ဒိန္နံ" စသည်ဖြင့် ငါ့အလှူဟာဖြင့် အင်မတန် စင်ကြယ်တယ်၊ ငါ့အလှူဟာ အင်မတန် မွန်မြတ်တယ်။ လှူဘွယ်ဝတ္ထုတွေက အင်မတန် ကောင်းတယ်။ သက်နှံးက ဘယ်လိုဘဲ ကောင်းတယ်-စသည်ဖြင့် ကိုယ့်လှူဘွယ်ဝတ္ထုတွေကို ကိုယ်က ချီးမွမ်းတယ်။ အဲဒီ ကိုယ့်လှူဘွယ်ဝတ္ထု

http://www.dhammadownload.com

တွေ့ကို ကိုယ်က ချီးမွမ်းနေတာဟာ အမှန်အားဖြင့် အဲဒီ လျှာဘွယ်ဝတ္ထုပစ္စည်းပေါ်မှာ တဏှာကပ်နေတယ်လို့ ဆိုလိုတယ်။ မြင်အောင်ကြည့်၊ ပြီးတော့တခါ ဘာချီးမွမ်းပြန်သလဲဆိုတော့ အလှူရှင်အကျိုးကို ချီးမွမ်းတယ်။ ဘယ်လိုလဲ၊ ဒီလို လှလှပပကလေးမျှားကို လှူဒါန်းသည် ဖြစ်သောကြောင့် ဟိုတမလွန်လောက အကျိုးပေးတဲ့ အခါကျတော့ လှလှပပကလေး သပ်သပ်ယပ်ယပ် ကလေးအကျိုးပေးလိမ့်မယ်လို့ ဆိုပြီးတော့ အဲဒီဝတ္ထုပစ္စည်းပေါ်မှာလဲ လှမ်းပြီးတော့ ချီးမွမ်းသေးတယ်။ အဲဒီမှာလဲ အကျိုးတရားပေါ်မှာ တဏှာသွားပြီးတော့ ကပ်တာဘဲ။

ပြီးတော့ ဘာချီးမွမ်းပြန်သလဲဆိုတော့ အလှူခံပုဂ္ဂိုလ်တွေကို သွားပြီး ချီးမွမ်းပြန်တယ်။ ငါလှူရတဲ့ ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်၊ စာတတ်တဲ့ပုဂ္ဂိုလ်၊ သီလရှိတဲ့ပုဂ္ဂိုလ်၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်၊ ရာဂကင်းတဲ့ပုဂ္ဂိုလ်၊ ရာဂကင်းအောင် ကျင့်နေတဲ့ပုဂ္ဂိုလ်၊ ဒေါသကင်းတဲ့ပုဂ္ဂိုလ်၊ဒေါသကင်းအောင်ကျင့်နေတဲ့ပုဂ္ဂိုလ် စသည်ဖြင့် အဲဒီလို အလှူခံပုဂ္ဂိုလ်တွေကိုလဲ သွားပြီးတော့ ချီးမွမ်းနေပြန်တယ်။

အလှူဝတ္ထုကို ချီးမွမ်းခြင်း၊ အလှူခံပုဂ္ဂိုလ်ကို ချီးမွမ်းခြင်း၊ အလှူရှင် အကျိုးအာနိသံသကို ချီးမွမ်းခြင်းဆိုတဲ့ ဒီချီးမွမ်းမှု သုံးခုသည် တဏှာနဲ့ မကင်းပါဘူးတဲ့ မြတ်စွာဘုရားက၊ အဲတာ ဘဝရာဂရတ္တဖြစ်တဲ့ ဘဝကို တပ်နှစ်သက်တဲ့ ရာဂပေါ်လာလိမ့်မယ်။ ဒီတော့ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ပုဏ္ဏကက မေးတယ်။ ဒီလှူပုံမျိုးနဲ့တော့ ဇာတိ ဇရာကို မလွန်မြောက်နိုင်ဘူး။ ကာမဂုဏ်ကို ရည်မှန်းပြီးတော့ ဆုတောင်းပြီးတော့ လှူနေတဲ့အလှူတွေ့၊ အသက်ရှည်ဘို့လဲ ဆုတောင်းတယ်။ ဆုတောင်းလို့ရလား၊ မရဘူးလား။ (မရပါဘုရား)၊ ဆုတောင်းမှုနဲ့ ပတ်သက်လို့ သုတ္တန်တခုရှိသေးတယ်။ အင်္ဂုတ္တိရပါဠိတော်မှာ- ဣဋ္ဌသုတ္တန်ဆိုတာရှိတယ်။ ပဥ္စင်္ဂုတ္တိရပါဠိတော် နှာ-၄၁-မှာ— အနာထပိဏ်သူဌေးကြီးကို မြတ်စွာဘုရားက ဘယ်နဲ့ဟောသလဲဆိုတော့—

ပဋိမေ ဂဟပတိ ဓမ္မာ ဣဋ္ဌာ ကန္တာ မနာပါ ဒုလ္လဘာ လောကသ္မိံ။

ရခဲသောတရား ၅-မျိုး။ ။ကျောင်းဒကာသူဌေးကြီး- လောကမှာ ရခဲတဲ့ တရားငါးမျိုး ရှိတယ်။အာယု-အသက်ရှည်တာရယ်၊ ဝဏ္ဏ-အဆင်းလှတာရယ်၊ သုခ-ကိုယ်စိတ် ချမ်းသာတာရယ်၊ ယသ-ပစ္စည်းဥစ္စာဟူသော အခြွေအရံ သားသမီးအခြွေအရံ မိတ်ဆွေသင်္ဂဟအပေါင်းအသင်းအခြံအရံ ပေါများတာရယ်။ သဂ္ဂ-ကောင်းသော စည်းစိမ် ချမ်းသာတို့ဖြင့် မွေ့လျော် ပျော်ပိုက်တာရယ်။ အဲဒီ တရားငါးမျိုးဟာ အင်မတန် ရခဲတဲ့ တရားမျိုးဘဲ။ လူတိုင်းလူတိုင်း အလိုရှိတယ်တဲ့။

ဣဋ္ဌာ၊အလိုရှိတယ်။ ကန္တာ၊ နှစ်သက်တယ်။ မနာပါ၊ စိတ်နှလုံးကို ရွှင်ပြုံးစေတယ်။အဲဒီ တရားငါးမျိုးဟာ လူတိုင်းလူတိုင်း နှစ်သက်ပေတယ်၊အင်မတန်ရခဲ

http://www.dhammadownload.com

တယ်။ လောကမှာ အဲဒီ ရခဲတဲ့တရားတွေကို သင်တို့ ဘယ်လိုလုပ်ယူနေကြသလဲ ဆိုတော့ ရပါစေတော့လို့ ဆုတောင်းယူကြတယ်။ အဓိဋ္ဌာန်ဝင်ပြီးတော့ ဆုတောင်းယူကြတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာဟောလဲ—

ဣမေသံ ခေါ ဂဟပတိ ပဉ္ဇန္ဒံ ဓမ္မာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ဒုလ္လဘာနံ လောကသ္မိံ န အာယာစနဟေတု ဝါ ပတ္ထနာဟေတု ဝါ ပဋိလာဘံ ဝဒါမိ။

ဆုတောင်းယူလို့ ဒီတရားငါးပါး မရဘူးတဲ့။ အဓိဋ္ဌာန်ဝင်ယူလို့လဲ မရဘူးတဲ့။ ပဋိလာဘံ၊ ရခြင်းကို။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူ။ ငါဘုရားမဟောဘူးတဲ့။ အဲဒီတရားငါးမျိုးကို တောင်းယူလို့ရမယ်ဆိုရင် လောကမှာ ဒီတရားငါးပါးမှ ဆုတ်ယုတ်တဲ့ပုဂ္ဂိုလ် မရှိတော့ဘူး။ ကဲတာဖြင့် ဘာလုပ်-ယူရမလဲ။

အာယုဿ ဝါပိ ဟေတု အာယုကာမေန ဂဟပတိ အရိယသာဝကေန အာယုသံဝတ္တနိကာ ဟိဿ ပဋိပဒါ ပဋိပဇ္ဇိတဗ္ဗာ-စသည်ဖြင့် ဟောတော်မူတယ်။ အသက်ရှည်ချင်တဲ့သူ၊ အဆင်းလှချင်တဲ့သူ၊ အခြံအရံများချင်တဲ့သူ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာချင်တဲ့သူဟာ ဘာလုပ်ရမလဲဆိုရင်– အသက်ရှည်ကြောင်း ကျင့်ဝတ်ကို ကျင့်ရမယ်၊ အဆင်းလှကြောင်း ကျင့်ဝတ်ကို ကျင့်ရမယ်၊ အသက်ရှည်ချင်ရင်, အဆင်းလှချင်ရင် ဘာလုပ်ရမလဲ သူကျင့်ဝတ်တွေ ကျင့်ရမယ်၊ အဲဒီ အသက်ရှည်ကြောင်းရဲ့ ကျင့်ဝတ်တွေ အဆင်းလှကြောင်းရဲ့ ကျင့်ဝတ်တွေ။ ကိုယ်စိတ်နှစ်ပါးချမ်းသာချင်ရင် ကိုယ်စိတ်နှစ်ပါးချမ်းသာတဲ့ ကျင့်ဝတ်တွေကို ကျင့်ရမယ်တဲ့ မြတ်စွာဘုရားက။

ဥပရိပဏ္ဏာသ အဋ္ဌကထာ သင်္ခါရုပပတ္တိသုတ်၊ နှာ-၁၀၄-ကတော့–

အယံ မဂ္ဂေါ အယံ ပဋိပဒါတိ သဟပတ္ထနာယ ပဉ္ဇဓမ္မာဝ။ ယဿ ဟိ ပဉ္ဇဓမ္မာ အတ္ထိ၊ န ပတ္ထနာ၊ တဿ ဂတိ အနိဗဒ္ဓါ။ ယဿ ပတ္ထနာ အတ္ထိ၊ န ပဉ္ဇဓမ္မာ၊ တဿပိ အနိဗဒ္ဓါ။ ယေသံ ဥဘယံ အတ္ထိ၊ တေသံ ဂတိ နိဗဒ္ဓါ။ ယထာ ဟိ အာကာသေ ခိတ္တဒဏ္ဍော အဂ္ဂေန ဝါ မဇ္ဈေန ဝါ မူလေန ဝါ နိပတိဿတီတိ နိယမော နတ္ထိ၊ ဧဝံ သတ္တာနံ ပဋိသန္ဓိဂ္ဂဟဏံ အနိယတံ၊ တသ္မာ ကုလလံ ကမ္မံ ကတွာ ဧကသ္မိံ ဌာနေ ပတ္ထနံ ကာတုံ ဝဋ္ဌတိ–တဲ့။

အဲဒီလို တောင့်တတဲ့ပုဂ္ဂိုလ်ဟာ–အိုခြင်း, နာခြင်း, သေခြင်းကို မှီနေကြသည်ဖြစ်သောကြောင့် အိုခြင်း, နာခြင်း, သေခြင်းသဘောမှ မလွတ်နိုင်ဘူးတဲ့။ ဘယ်လောက်ဘဲ ပြည့်စုံပြည့်စုံ ဟုတ်လား (မှန်ပါဘုရား)၊ ပြည့်စုံသမျှ အစီးအပွါးတွေနဲ့ ရသရွှေအခြံအရံတွေနဲ့ထားပြီး မျက်နှာလွှဲပြီးတော့ သေခြင်းဆိုတဲ့

http://www.dhammadownload.com

ဒုက္ခကြီးကို ခံသွားရတဲ့ သတ္တဝါချည်းဘဲ။ မျက်လုံးနဲ့မြင်အောင်ကြည့်ပါတဲ့။ ဉာဏ်နဲ့သာ မဟုတ်ဘူး။ မျက်လုံးနဲ့ဘဲ မြင်နိုင်တယ်။ ကိုယ်က စွန့်ရင်စွန့်၊ မစွန့်ရင် သူတို့က စွန့်သွားလိမ့်မယ်နော် (မှန်ပါဘုရား)။ ပစ္စည်းဥစ္စာလို့ဆိုတာ အခြံအရံ လို့ဆိုတာ ကိုယ်က ခွဲရင်ခွဲ၊ မခွဲရင် သူတို့က ခွဲလိမ့်မယ်။ ဟုတ်လား (မှန်ပါဘုရား)။ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီနေရာမှာ အိုခြင်း စသည်မှ မလွတ်နိုင်ဘူးလို့ ဒီလို ဟောလိုက်တော့ ပုဏ္ဏက က ဘယ်က လွတ်ချင် တာလဲလို့ဆိုတော့ ဇာတိဇရာ မရဏက၊ သူက လွတ်ချင်တဲ့ပုဂ္ဂိုလ်၊ ဒီတော့ သူက မြတ်စွာဘုရားကို လျှောက်တယ်။ ဘယ့်နဲ့လျှောက်သလဲဆိုတော့–

တေ စေ နာတရိံသု ယာဇယောဂါ၊
ယညေဟိ ဇာတိဥ္ဇ ဇရဥ္ဇ မာရိသ။
အထ ကော စရဟိ ဒေဝမနုဿလောကေ၊
အတာရိ ဇာတိဥ္ဇ ဇရဥ္ဇ မာရိသ။
ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေ'တံ[၁]။

ထပ်လျှောက်တဲ့ ပုစ္ဆာတခု။

မာရိသ၊ ဆင်းရဲဝဋ်တွင်းမှ လွတ်ကင်းတော်မူသော မြတ်စွာဘုရား။ ယာဇယောဂါ၊ လှူဒါန်း ပူဇော်ခြင်းကို အားထုတ်ကြကုန်သော။ တေ၊ ထိုသူတို့သည်။ ယညေဟိ၊ လှူဒါန်းပူဇော်ခြင်း ဆိုတဲ့ တရားတို့ကြောင့်။ ဇာတိဇရံ၊ ပဋိသန္ဓေ နေခြင်း အိုခြင်းကို။ စေ နာတရိံသု၊ အကယ်၍ မကူးမြောက် မလွန်မြောက်နိုင်ကြကုန်သည်ဖြစ်ပါအံ့။ အထ၊ ထိုသို့ မကူးမြောက်နိုင်ကုန်သည် ရှိသော်။ ဒေဝမနုဿလောကေ၊ လူ့ပြည်လောက နတ်ပြည်လောက၌။ စရဟိ၊ စင်စစ်။ ကော၊ အဘယ်သို့သော သဘောရှိသောသူသည်။ ဇာတိဥ္ဇ၊ ပဋိသန္ဓေ နေခြင်းကိုငှင်း။ ဇရဥ္ဇ၊ အိုခြင်းကိုငှင်း။ အတာရိ၊ ကူးမြောက်နိုင်ပါတော့ သနည်း။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူပေသော မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တံ၊ ထိုဇာတိဇရာက လွန်မြောက်နိုင်တယ်ဆိုတဲ့ တရားကောင်း တရားမြတ်ကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ တွံ၊ ကရူဏာ ရှေ့ထားတော်မူတဲ့ ကရူဏာသခင် အရှင်မြတ်ဘုရားသည်။ ဧတံ၊ ထိုပဋိသန္ဓေနေခြင်း အိုခြင်းက လွတ်မြောက်နိုင်တယ်ဆိုတဲ့ တရားကောင်း တရားမြတ်ကို။ မေ၊ အကျွန်ုပ်အား။ ဗြူဟိ၊ ကောင်းစွာ မသွေ ဟောကြားတော်မူပါစေသတည်း။

သာဓု သာဓု သာဓု။

ပုဏ္ဏကသုတ္တန် ပဌမပိုင်း ပြီး၏။

၁။ စူဋ္ဌနိဒ္ဒေသပါဋ္ဌိတော်၊ နှာ-၅၇။

http://www.dhammadownload.com

၃-ပုဏ္ဏကသုတ္တန် ဒုတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ နတ်တော်လဆန်း (၁)ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်အတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ လုပ်ထုံး ဝိပဿနာဘာဝနာ တက်ပုံကို ဟောကြားထားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ် ပါဠိတော် ပါရာယနဝဂ်၌လာသော ပုဏ္ဏကသုတ္တန် ဒုတိယပိုင်း တရားတော်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရှေးနည်းအတိုင်း အနက်ပေး)။

ဘုရားရှင်၏ သိမ်မွေ့ပုံ ၂-မျိုး။ ။(၁၆)ယူဇနာလောက်ရှိတဲ့ ပရိသတ်ကြီးထဲမှာ မြတ်စွာဘုရား တရားတော် ဟောတော်မူနေရတာ ခပ်ကြမ်းကြမ်းကလေး တွေးကြည့်ရင်ဖြင့် မြတ်စွာဘုရား အင်မတန် ပင်ပန်းတော်မူမှာဘဲလို့ စိတ်ထဲကတော့ ဒီလို အောက်မေ့စရာဘဲ။

မင်းဖြစ်လို့သိမ်မွေ့ပုံ။ ။ဘာဖြစ်လဲလို့ ဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးက နဂိုထဲကိုက မင်းမျိုး သကျပုတ္တ သာကီဝင် မင်းမျိုးလို့ဆိုတော့ ထီးပေါ် နန်းပေါ် မွေးဖွား လာရတယ်၊ မင်းမျိုး ဖြစ်တဲ့ အတွက် ရာဇသုခုမာလ၊ မြတ်စွာဘုရားဟာ အင်မတန် နုနုနယ်နယ်ကလေး၊ ဟုတ်လား (မှန်ပါဘုရား)။ ရာဇသုခုမာလ-ဆိုတာ မင်းမျိုးဖြစ်တဲ့အတွက် မြတ်စွာဘုရားဟာ သိမ်မွေ့တယ်။ ဒီလောက်ဆိုရင် ဘုန်းကြီးတို့ပရိသတ် မြတ်စွာဘုရား နူးညံ့သိမ်မွေ့ပုံလေးကို သဘောပေါက်လောက်ပြီ။ မင်းမျိုးဆိုတဲ့ ဥစ္စာ ကြမ်းကြမ်းတမ်းတမ်း အလုပ်မျိုး လုပ်ရတာမျိုးမဟုတ်ဘူး။ ဒီတော့ ခန္ဓာကိုယ်ဟာ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့ ရှိပေလိမ့်မယ်။

ဘုရားဖြစ်လို့ သိမ်မွေ့ပုံ။ ။ပြီးတော့ ဗုဒ္ဓ သုခုမာလာတဲ့၊ သမ္မာညတ္တရှင်တော် မြတ်ဘုရား ဖြစ်တော်မူသည်ဖြစ်သောကြောင့်လဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ စိတ်နှလုံးတော်က ကြမ်းတယ်-ရမ်းတယ်ဆိုတဲ့ ကိလေသာစိတ်တွေ အကုန်လုံး ကုန်နေသည် ဖြစ်သောကြောင့် ကိုယ်ရော စိတ်ရော အင်မတန် နူးညံ့သိမ်မွေ့တော်မူတယ်ဆိုတဲ့ ဗုဒ္ဓ သုခုမာလ။ ဒီလို နူးညံ့ခြင်းသိမ်မွေ့ခြင်း (၂)မျိုးတို့ ရှိနေတဲ့ မြတ်စွာဘုရားကို မျော်ပြီးတော့

http://www.dhammadownload.com

သူ့ကျောင်းတကာ- အနာထပိဏ် သူဌေးကြီးက ဘာလျှောက်သလဲဆိုတော့ အရှင်ဘုရား ဒီပရိသတ်ကို ဒီလောက် တရားဟောနေရတာ ပင်ပန်းတော်မူရာ ရော့မယ်။ အရှင်ဘုရားသည် ရာဇသုခုမာလ မင်းမျိုးဖြစ်တဲ့အတွက် သိမ်မွေ့တော်မူပါတယ်။ ဗုဒ္ဓသုခုမာလ ဘုရားအဖြစ်သို့ရောက်နေသည်ဖြစ်သောကြောင့် အင်မတန် နူးညံ့သိမ်မွေ့တော်မူပါတယ်။ ဒီတော့ ပင်ပင်ပန်းပန်းခံပြီး လူတွေကို တရား ဒီလောက် ဟောမနေပါနဲ့ဘုရားတဲ့။ မြတ်စွာဘုရားကို အနာထပိဏ် ကျောင်းဒကာကြီးက လျှောက်တယ်-ကြားလား။ (မှန်ပါဘုရား)။ ဘာဖြစ်လို့လဲဆိုတော့ ပင်ပန်းမှာစိုးလို့တဲ့-သူ့ဘုရား။

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ပင်ပန်းလိမ့်မယ်လို့ စဉ်းစားစရာဘဲနော် (မှန်ပါဘုရား)၊ သို့သော်လဲဘဲ သဗ္ဗညု မြတ်စွာဘုရားသည် ပင်ပန်းတော်မမူဘူး၊ ပြီးတော့ စဉ်းစားစရာတခု ရှိသေးတယ်၊ ဒီလောက် များပြားလှတဲ့ ပရိသတ်ကြီးကို မြတ်စွာဘုရား တရားဟောနေတာ ဟိုတုန်းက ဒီလို အသံခွဲစက်တွေ မရဲပါ သေးဘဲနဲ့ ဒီပရိသတ်ကြီးကို မြတ်စွာဘုရား တရားဟောနေတာ ကြားပါ့မလားလို့ စဉ်းစားစရာ မရှိဘူးလား (ရှိပါတယ်ဘုရား)။

ဘုရားရှင်၏ အသံတော်။ ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် မဟာသမယ-သုတ္တန်ကို ဟောတော်မူတဲ့ အခါမှာ မဟာဝုန် တောကနေပြီးတော့ မြတ်စွာဘုရား ဟောနေတယ်၊ အဲဒီ မဟာဝုန် တောထဲ စောင့်နေတဲ့ တောစောင့် နတ်သမီးတယောက်က– မြတ်စွာဘုရားတရားပဲ့ကို နတ်ပရိသတ်တွေ ကြိုးကျယ်တဲ့ နတ်ကြီးတွေ လာတော့ သူ တဖြည်းဖြည်း ဆုတ်ဆုတ်လာလိုက်တာ အိန္ဒိယက နေပြီး သီဟိုဠ်ကျွန်းရောက်၊ သီဟိုဠ်ကျွန်းရောက်လဲ မနေသာဘူး၊ ရောဟဏနဂရ ဆိုတာကို ရောက်သွား ပြန်တယ်၊ အဲဒီမှာလဲ သူမနေနိုင်ဘူး၊ ဘယ်ရောက်သွားသလဲဆိုတော့ သမုဒ္ဒရာထဲဆင်းပြီးတော့ တရားနာရတယ်၊ နေစရာမရှိလို့ နတ်တွေ–နတ်တွေ။

ဒီတော့ အဲဒီ မဟာဝုန်တော စောင့်တဲ့ နတ်သမီးက သမုဒ္ဒရာထဲကနေလည်ပင်းလေးဘဲ ပေါ်တော့တယ်၊ စာမှာဆိုတယ် ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ သမုဒ္ဒရာထဲက နေပြီးတော့ မြတ်စွာဘုရား မဟာဝုန်တောထဲမှာ မဟာသမယသုတ် ဟောနေတာကို သူ လှမ်းပြီး တရားနာနေတယ်၊ ဒီတော့ နောင် အခါကျတော့ ရဟန်းတပါးက မေးတယ်၊ မြတ်စွာဘုရားတရားတော်ကို သင် ဘယ်ကနာရသလဲ၊ မြတ်စွာဘုရား မဟာဝုန်တောက နေပြီးတော့ ဟောတယ်၊ သင်က ဘယ်ကနာသလဲ၊ ဟို ရောဟဏနဂရ၌ရဲ့ နောက်က သမုဒ္ဒရာထဲ ဆင်းပြီးတော့ နာရပါတယ်၊ ဟဲ့– မြတ်စွာဘုရားတရား နင်ကြားရသေးရဲ့လား-တဲ့၊ ဒီလောက်ဝေးတဲ့နေရာက တရားနာရင်၊ ဘယ်နဲ့လဲ ဘုန်းကြီးတို့ပရိသတ်(ကြားရ

http://www.dhammadownload.com

ပါတယ်ဘုရား)၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တရားဟောတော်မူတဲ့ ဥစ္စာ သမ္မုဒ္ဓ စန္ဒိမာ– မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟာ ဘာနဲ့တူသလဲဆိုတော့ လဝန်းကြီးနဲ့ တူတယ်တဲ့။

လမင်းနှင့်တူသော ဘုရားရှင် မျက်နှာတော်　လမင်းနဲ့ တူတယ် ဆိုတာ– မြတ်စွာဘုရားရဲ့ မျက်နှာတော်ဟာ ဝိုင်းဝိုင်းကြီးမို့ လဝန်းနဲ့ တူတာကို ပြောတာ မဟုတ်ဘူး၊ အဓိပ္ပါယ်က ဘယ်လို တူသလဲဆိုတော့– သဒိသူပမာလို့ ဆိုတာမျိုးလို ပုံစံတထပ်ချင်း တူနေတာမျိုးလို မဟုတ်ဘူး၊ သဒိသူပမာက— ကောင်းကင်မှာ ရှိနေတဲ့ လဝန်းကြီးဟာ ဘယ်နိုင်ငံက ကြည့်ကြည့် မြင်ရသလား–မမြင်ရဘူးလား၊ (မြင်ရ ပါတယ်ဘုရား)၊ (လ ဆိုလို့ အဲဒီ လအကြောင်း နဲနဲပေါ် လာပြန်တယ်၊ အဂ္ဂညသုတ်တို့ ဘာတို့မှာ လနဲ့ ပတ်သက်ပြီး ဟောထားတာ ရှိတယ်)၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က— အဲသလောက် မဟာဝုန်တောထဲက နေပြီး တရားဟောနေတာ၊ လမင်းနဲ့ တူတယ်ဆိုတဲ့ အဓိပ္ပါယ်က ဘယ်လိုလဲဆိုတော့ လမင်းကို ဘယ်နိုင်ငံက ကြည့်ကြည့် မြင်ရသလို မြတ်စွာဘုရား တရားဟောနေတဲ့အခါ ဒီ သတ္တဝါတွေကို အာရုံပြုပြီး တရားဟောမယ်ဆိုရင် ဘယ်နေရာက နေနေ၊ မြတ်စွာဘုရားရဲ့ မျက်နှာတော်ကို ဖူးပြီးတော့ တခါထဲ နာနေရသလို ဒီလို တရားနာနိုင်တယ် ဟုတ်လား (မှန်ပါတယ် ဘုရား)၊ ဒီတော့ ဘယ်လောက် များတဲ့ပရိသတ်ဖြစ်ဖြစ် အသံချဲ့စက် မပါပေမဲ့ မကြားဘူးလား (ကြားပါတယ် ဘုရား)။

အဲသလိုဘဲ ပါသာဏက နတ်ကွန်းမှာ စည်းဝေး ရောက်လာကြတဲ့ အဇိတ-တိဿမေတ္တေယျ ပုဏ္ဏက မေတ္တဂူ ဓောတကလို့ ခေါ်တဲ့ ပုဏ္ဏားတွေရဲ့ အမေးတွေကို မြတ်စွာဘုရား ပြောကြားပြီးတော့ တရားဟောတော် မူနေရတာ အကြမ်းစားအားဖြင့် စဉ်းစားမယ် ဆိုရင်ဖြင့် ပင်ပန်း စရာကြီးဘဲလို့ ဒီလို အောက်မေ့လိမ့်မယ်၊ ပင်ပန်းတော် မမူပါဘူး၊ ဒီ ပါရာယန ဝဂ်ကို ဟောလာခဲ့တာ အခု အဇိတသုတ္တန် ဟောပြီးသွားပြီ၊ တိဿမေတ္တေယျသုတ္တန် ဟောပြီးသွားပြီ၊ ပုဏ္ဏကသုတ္တန် ပထမပိုင်း ဟောပြီးသွားပြီ၊ ဒုတိယပိုင်း ဒီကနေ့ အပြီး ဟောရမယ်၊ ပြီးလဲ ပြီးတော့မှာဘဲ၊ အဖြေ ဂါထာကြီး တဂါထာဘဲ ကျန်တော့တာဘဲ။

ပုဏ္ဏကပညာရှိအမေးနှင့် ဘုရားရှင်အဖြေ။　။ပုဏ္ဏကလို့ခေါ်တဲ့ ရသေ့ပညာရှိက မေးလျှောက်တဲ့စကားက ဘာတဲ့လဲ၊ အဓိပ္ပါယ်က-မနေ့က ဘုန်းကြီးပြောခဲ့တဲ့အတိုင်း ဒီလို ကုသိုလ်ကောင်းမှု ပြုလုပ်ပါလျက်သားနဲ့ အာသီသမာနလို့ခေါ်တဲ့ တောင့်တရည်ရွယ်ချက်နဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်တဲ့အတွက် ဇာတိ ဇရာလို့ ခေါ်တဲ့

http://www.dhammadownload.com

သံသရာဝဋ္ဌဆင်းရဲကို မကူးမြောက်နိုင်ရင် ဘယ်လိုပုဂ္ဂိုလ်မျိုး၊ ဘယ်လိုကျင့်တဲ့ ပုဂ္ဂိုလ်မျိုးမှ သံသရာဝဋ္ဌဆင်းရဲကို လွန်မြောက်နိုင်သလဲ-ဘုရားလို့ ဒီအကြောင်း လျှောက်ပါတယ်၊ အရှင်ဘုရား ဖြေကြား၍ ပေးတော်မူပါ ဟောတော်မူပါ ဘုရားလို့ ပုဏ္ဏက က မြတ်စွာဘုရားကို ထပ်လျှောက်တယ်။ ဒီတော့မှ မြတ်စွာ ဘုရားက သံသရာဝဋ္ဌဆင်းရဲက လွတ်ကြောင်းဖြစ်တဲ့ တရားကို ဟောတယ်။

သခ်ါယ လောကသ္မိ ပရောပရာနိ၊
ယဿိဉ္ဇိတံ နတ္ထိ ကုဟိဉ္ဇိ လောကေ။
သန္တော ဝိဓူမော အနီဃော နိရာသော၊
အတာရိ သော ဇာတိဇရန္တိ ဗြူမိ[၁]။

ပုဏ္ဏက၊ ပုဏ္ဏက။ လောကသ္မိ၊ လောက၌။ ပရောပရာနိ၊ မိမိ၏ အတ္တ-ဘော သူတပါးတို့၏ အတ္တဘော ၂-ပါးတို့ကို။ ဝါ-တနည်း။ ပရောပရာနိ၊ မိမိ၏ ခန္ဓာငါးပါး သူတပါးတို့၏ ခန္ဓာငါးပါးလို့ဆိုတဲ့ တရားတွေကို။ ဝါ-တနည်းကား။ ပရောပရာနိ၊ အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာယတနခြောက်ပါးလို့ ဆိုတဲ့ အာယတန ၁၂-ပါးတို့ကို။ သခ်ါယ၊ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ပြီးသည်ဖြစ်၍။ သခ်ါယ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမတည်းဟူသော ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင် သည်ဖြစ်၍။ ဝါ-ရှုဆင်ခြင်ရသောကြောင့်။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်အား။ ကုဟိဉ္ဇိ လောကေ၊ တစုံတခုသော လောက၌။ ဣဉ္ဇိတံ၊ တဏှာဖြင့် တုန်လှုပ်ခြင်း, ဒိဋ္ဌိဖြင့် တုန်လှုပ်ခြင်း, မာနဖြင့် တုန်လှုပ်ခြင်း, ဒေါသဖြင့် တုန်လှုပ်ခြင်း, ကာမဂုဏ် ကိလေသာဒုစရိုက်ဆိုတဲ့ တုန်လှုပ်ခြင်းမျိုးသည်။ နတ္ထိ၊ မရှိ။

သန္တော၊ ကိလေသာမီး ငြိမ်းအေးပြီးသော။။ ဝိဓူမော၊ ဒုစရိုက်တရားတည်း ဟူသော အခိုးအငွေ့တွေ ကင်း၍နေသော။ အနီဃော၊ ရာဂအစရှိသော ကိလေ သာတို့ကြောင့် ဆင်းရဲပင်ပန်းခြင်းမရှိသော။ နိရာသော၊ တစုံတခုသော အာရုံ ကို တွယ်တာကပ်ငြိခြင်းကင်းသော။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းဆိုတဲ့ ခန္ဓာငါးပါးတည်းဟူသော သံသရာ ကြီးကို။ အတာရိ၊ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေ သတည်း။

သာဓု သာဓု သာဓု။

ပုဏ္ဏကရသေ့၏ ရရှိပြီးတရားများ။ ။မြတ်စွာဘုရားဟောပေးတဲ့ ဝိပဿနာ ရှုပုံ ရှုနည်းဂါထာ။ ပုဏ္ဏကရသေ့က

၁။ စူဠနိဒ္ဒေသ ပါဠိတော်၊ နှာ-၅၈။

http://www.dhammadownload.com

ဘယ်လိုလဲဆိုတော့ သမာဓိရပြီးသားပုဂ္ဂိုလ်၊ သူက ဈာန်ရပြီးသားပုဂ္ဂိုလ်။ ဒီတော့-သမာဓိရပြီး ဈာန်ရပြီးနေတဲ့ ပုဂ္ဂိုလ်လို့ဆိုတာ ဆိုလိုရင်း အဓိပ္ပါယ်က ကမ္မဋ္ဌာန်းအားထုတ်ထားတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။

ဘာကမ္မဋ္ဌာန်းကို သူအားထုတ် ထားသလဲဆိုတော့ သမထကမ္မဋ္ဌာန်းကို သူအားထုတ်ထားတယ်။ သမထကမ္မဋ္ဌာန်းကို အားထုတ်ထားသည်ဖြစ်သော ကြောင့် ဈာန်တွေကို သူက ရတယ်။ ဈာန်ရနေကြောင်းကို ဝတ္ထုဂါထာမှာ ဘယ်နဲ့ပြောထားသလဲဆိုတော့—

ဈာယီ ဈာနရတာ ဓီရာ။ ဈာယီ၊ ဈာန်ဝင်စားနိုင်ကြကုန်သော။ ဈာန-ရတာ၊ ဈာန်တရား၌ မွေ့လျော်ကြကုန်သော။ ဓီရာ၊ မြဲမြံခိုင်ခံ့သော သမာဓိ ဈာန်ပညာနှင့် ပြည့်စုံကြကုန်သော။ အဇိတော၊ အဇိတရသေ့ငင်း။ တိသ-မေတ္တေယျော၊ တိသမေတ္တေယျငင်း။ ပုဏ္ဏကော၊ ပုဏ္ဏကငင်း စသည်ဖြင့် ပြော-ထားတယ်။ ဒီတော့-သူ့မှာ ဒီ-ဈာန်သမာပတ်ရပြီးသား၊ ပညာမပါဘူးလား ဆိုတော့ ပါတော့ပါတယ်။ အားထုတ်ထားတဲ့ တရားထဲမှာ ပညာ မပြဋ္ဌာန်းဘူး။ သမာဓိကသာ ပြဋ္ဌာန်းတယ်။ ဘာဖြစ်လို့လဲ သမထတရားဖြစ်လို့။

ပုဏ္ဏကရသေ့၏ ရည်ရွယ်ချက်များ။ ။ဒီတော့ ပုဏ္ဏကရသေ့ရဲ့ ရည်ရွယ်ချက်က ဘာလဲ ဗာဝရီပုဏ္ဏားကြီးနှင့် တကွ တိုင်းပြည် မြို့ရွာတွေကို စွန့်လွှတ်ပြီးတော့ ဟိုအဿကတိုင်းနဲ့ မုဋ္ဌကတိုင်း ၂-ခု တို့ရဲ့အကြားမှာရှိတဲ့ ဂေါဓာဝရီမြစ်ကြီးရဲ့ အလယ်ကျွန်းမှာ သွားပြီးတော့ လူသူ လေးပါး အာရုံငါးပါး ကာမဂုဏ်တရားတို့နဲ့ မဆက်ဆံဘဲနဲ့ ဆင်းရဲဝဋ်မှ လွှတ် ကင်းလိုသည်ဖြစ်သောကြောင့် တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်ဘွေ၊ ဝိပဿ-နာတော့ မဟုတ်ဘူး။ သမထကို အားထုတ်နေကြတယ်။

ဘုရားက မပွင့်သေးတော့ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို သူတို့ မတွေ့ကြသေးဘူး။ ဒီတော့ ရမ်းပြီး လုပ်နေကြတာဘဲ၊ ဒီ-အကျင့်တော့ဖြင့် ကောင်းတာဘဲ၊ ကာမဂုဏ်တွေကို စွန့်ထားရင် သတ္တဝါတွေဟာ ကာမဂုဏ်ဝဋ်က လွှတ်သွားရင် ဝဋ်ဆင်းရဲက လွှတ်တာတမျိုးဘဲဆိုပြီး အဲဒီ ဝဋ်က လွှတ်အောင် သူတို့ တရားသွားအားထုတ်နေကြတယ်။

ဘုရားရှင်အား ဖူးမြင်ရန် တိုက်တွန်းပုံ။ ။ဘုရားပွင့်လာပြီဆိုတဲ့ သတင်းကို ဗာဝရီပုဏ္ဏားကြီးရဲ့ ကျောင်းစောင့် နတ်က (တနည်း) ဗာဝရီပုဏ္ဏားကြီးရဲ့ မိခင်တော်ခဲ့ဘူးတဲ့ မိခင်နတ်က လာပြီး ဗာဝရီပုဏ္ဏားကြီးကို ပြောတဲ့အတွက် ဗာဝရီပုဏ္ဏားကြီးက သူတပည့်တွေ ကို သာဝတ္ထိပြည်မှာတော့ ဘုရားပွင့်နေပြီ၊ သွားပြီးတော့ ဖူးကြပါ။ ဘုရား ထံမှာ သွားပြီးတော့ တရားနာယူကြပါလို့ အဲဒီလို တပည့်ပေါင်း (၁၆)

http://www.dhammadownload.com

ယောက်နဲ့ နောက်လိုက် နောက်ပါ (၁၆၀၀၀) သော ပရိသတ်ကြီးနဲ့ တကွ တဆဲခြောက်ယူဇနာလောက်ရှိတဲ့ ပရိသတ်ကြီးဟာ မြတ်စွာဘုရားထံမှောက်သို့ ရောက်ရှိလာပြီးတော့ ဒီတရားတွေကို မေးကြတယ်။ တရားဟောပေးနေတယ် မြတ်စွာဘုရားက ဘုန်းကြီး စောစောပိုင်းက ရွတ်လိုက်တဲ့ ဂါထာကို။ အဲဒီ ဂါထာမှာ— ဝိပဿနာရှုဘို့ အလုံး ဘာပါသလဲဆိုတော့ "ပရောပရာနိ" လို့ ဆိုတဲ့ စကားပါတယ်၊ အဲဒီ ပရောပရာနိဆိုတဲ့ စကားဟာ ဘာကိုပြောတာလဲလို့ ဆိုတော့ ခန္ဓာငါးပါးကို ပြောတာ။

ပရန့ှင့် ဩပရပုဒ် ရှင်းချက်။ ။ပရာနိ စ ဩရာနိ စ—တဲ့ သုတ္တန်ပါတ် ၌၊ ဒု-တဲ့၊ နှာ-၃၀၄ က၊ ပရာနိ စ ဩပရာနိ စ လို့ စူဠနိဒ္ဒေသ အဋ္ဌကထာ နှာ-၁၄ မှာ ရှိတယ်၊ ဒီလို စာမူမှာတော့ ရှိတယ်၊ ဒါပေတဲ့—ဆဋ္ဌသံဂါယနာတင်ကြတုန်းက အဲဒီနေရာကို ဩပရ လို့ ပြင်လိုက်ရရင် ကောင်းမယ် လို့ အောက်ကနေပြီးတော့ မှတ်ချက်ကလေး ပြထားတာ ရှိတယ်။

"ပရ +ဩပရ"။ ဩပရ-လို့ ဆိုတာ မိမိရဲ့ ခန္ဓာငါးပါး၊ ပရ ဆိုတာ သူတပါးရဲ့ ခန္ဓာငါးပါး။ သတိပဋ္ဌာန် ဒေသနာတော်နဲ့ ပြောမယ်ဆိုရင် အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဇဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ- ပေါ့။ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဒါ ပြောတာ။ ပရနဲ့ ဩပရ။ ဒီတော့ ဒီ ပါဠိတော်မှာ ဝိပဿနာရှုရမှာ ဘာကိုရှုရမလဲ ဆိုတော့ ပရနဲ့ ဩပရ ကို ဝိပဿနာရှုရမယ်။

ပရ ဆိုတာ ဗဟိဒ္ဓ ခန္ဓာ ငါးပါး။ ဩပရ ဆိုတာ မိမိရဲ့ အဇ္ဈတ္တမှာ ရှိတဲ့ ခန္ဓာငါးပါး။ ဒါ ခန္ဓာငါးပါး ဝိပဿနာရှုနည်း။ အဲဒီ ခန္ဓာငါးပါးကို ဘာလုပ်ရမလဲ၊ သခ်ၤယ ဒီ ပါဠိတော်[1]မှာ ပါတယ်၊ သခ်ၤယ-လို့ ဆိုတာ သခ်ၤ ဝုစ္စတိ ဉာဏံ၊ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရမယ်တဲ့။ အဲဒီ သခ်ၤယဟာ ပညာဖြင့် ဆင်ခြင်ရှု၊ ဘယ်အပေါ်မှာ ပညာဖြင့် ဆင်ခြင်ရမလဲဆိုတော့ ပရ + ဩပရလို့ ဆိုတဲ့ မိမိရဲ့ ခန္ဓာငါးပါး သူတပါးရဲ့ ခန္ဓာငါးပါးအပေါ်မှာ ဝိပဿနာ ပညာနဲ့ ဆင်ခြင်ရမယ်။

တနည်း။ ပရနဲ့ ဩပရက ဘာကိုပြောထားသလဲဆိုတော့ ပရသည် ရူပါ-ယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန လို့ ဆိုတဲ့ အပြင် အာယတန (၆) ခု၊ ဩပရသည် စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတန လို့ ခေါ်တဲ့ အဇ္ဈတ္တိကာယတန (၆) ခု၊ အဲဒီ အဇ္ဈတ္တိကာယတန (၆) ခု၊ ဗာဟိရာယတန (၆) ခု၊ ဤ အာယတန (၁၂) ပါးကို ဘာလုပ်ရမလဲဆိုတော့ သခ်ၤယ လုပ်ရမယ်တဲ့၊

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၅၇။

http://www.dhammadownload.com

ထို သခ်ါယ ဆိုတဲ့ ပုဒ်က— သခ်ါယဆိုတာ ဘာလုပ်ရတာလဲ၊ ဝိပဿနာပညာနဲ့ ဒီတရား (၁၂) ပါးကို ဆင်ခြင်ရမယ်။

ကိလေသာငြိမ်းတဲ့ပုဂ္ဂိုလ်။ ။အဲဒီလို သခ်ါယဖြင့် ဆင်ခြင်ရင် ဝိပဿနာရှုနည်း ဘုန်းကြီးပြောမယ်လို့ မိမိရဲ့ ခန္ဓာငါးပါး သူတပါးရဲ့ ခန္ဓာငါးပါးဖြစ်တဲ့ ပရနဲ့ ဩပရကို သခ်ါယလို့ခေါ်တဲ့ အနိစ္စ-ဒုက္ခ-ဝိပရိဏာမလို့ ဆင်ခြင်ရင် ဘာဖြစ်မလဲဆိုတော့ တစုံတခုသော လောကမှာဖြစ်တဲ့ ခန္ဓာငါးပါး မှာဘဲဖြစ်ဖြစ် ဒီလောကမှာဖြစ်တဲ့ ခန္ဓာငါးပါးမှာဘဲဖြစ်ဖြစ် သူတပါးလောက ဖြစ်တဲ့ ခန္ဓာငါးပါးမှာဘဲဖြစ်ဖြစ် လူ့လောက နတ်လောက ဗြဟ္မာလောကမှာဘဲ ဖြစ်ဖြစ် တဏှာဖြင့် တပ်မက်မောခြင်း၊ ဒိဋ္ဌိဖြင့် စွဲလမ်းမှုတွေဟာ မရှိတော့ဘူးတဲ့။ သခ်ါယခေါ်တဲ့ ဝိပဿနာဉာဏ်ဖြင့်ရှုရင်တဲ့ မြတ်စွာဘုရားက ဒီလိုဟောပေး တယ်၊ အဲဒီလို တဏှာဖြင့် တပ်မက်မောခြင်း,ဒိဋ္ဌိဖြင့်စွဲလမ်းမှုတွေ မရှိရင် ဒီပုဂ္ဂိုလ် ဟာ ကိလေသာငြိမ်းတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။ ကိလေသာဒုစရိုက်တည်း ဟူသော အခိုးအငွေ့တွေကင်းတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်တဲ့။ ကပ်ငြိ တွယ်တာခြင်းကင်းတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်တဲ့၊ ဒီပုဂ္ဂိုလ် တဏှာကင်းတဲ့ပုဂ္ဂိုလ်။ အဲဒီ တဏှာကင်းတဲ့ ပုဂ္ဂိုလ်သည် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းဆိုတဲ့ သံသရာကြီးကိုလွန်မြောက် နိုင်ပါတယ်လို့ ဒီသုတ္တန်က ပါဠိလျှောက် အဓိပ္ပါယ် ဒီလိုသွားတယ်။ အဲဒီ ပါဠိလျှောက် အဓိပ္ပါယ်ကို ဘုန်းကြီးတို့ နဲနဲတိုးပြီး ဝိပဿနာရှုကွက်ကိုပြောမယ်။ မိမိရဲ့ ခန္ဓာငါးပါးကိုကြည့် ဆိုတော့ ခန္ဓာငါးပါး ဘယ်မှာလဲ၊ ဒီခန္ဓာ ငါးပါးဟာ ဝမ်းဗိုက်ထဲမှာလား ဘယ်နေရာနေသလဲ၊ မိမိမှာ ပေါ်လာတဲ့ ခန္ဓာငါးပါးဟာ ဘယ်က လာသလဲဆိုတော့ မဟာနိဒ္ဒေသပါဋိတော်နှာ-၃၃ က ပြောထားတယ်။

တိမ်တိုက်ပမာ ၅-ခန္ဓာ။ ။အဒဿနတော အာယန္တိ။ ဒီလို ပြောထားတယ်။ အဒဿနတော အာယန္တိလို့ဆိုတာ ပဉ္စက္ခန္ဓာ၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်။ အဒဿနတော၊ ဘယ်နေရာမှာရှိတယ်လို့ ညွှန်ပြ စရာမရှိတဲ့ သဘာဝမှ။ အာယန္တိ၊ လာ၍ အသစ်ဖြစ်ကြကုန်၏။ ခန္ဓာငါးပါးဟာ ဘယ်နေရာမှာရှိရတယ်။ အရှေ့ အနောက် တောင် မြောက်အရပ် အထက် အောက်အရပ်စတဲ့ အရပ် ၈-မျက်နှာ၊ အရပ် ၁၀-မျက်နှာမှာ ခန္ဓာငါးပါး မရှိဘူးတဲ့၊ မဟာနိဒ္ဒေသပါဋိတော်မှာ ရှင်သာရိပုတ္တရာကိုယ်တော်က ဟောထား တယ်။ ဒါဖြင့် ဒီခန္ဓာငါးပါး ဘယ်က ပေါ်လာသလဲဆိုတော့ ဝိဇ္ဇုပ္ပါဒေါ၀ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ-လို့ မဟာနိဒ္ဒေသ နှာ-၃၃ မှာ ရှင်သာရိပုတ္တရာ ပြောထားတော့ ကောင်းကင်မှာ တိမ်တိုက် ၂-ခု ခိုက်မိရင် လျှပ်စီးလက်ပြီး ပေါ်လာသလိုဘဲတဲ့၊ ခန္ဓာငါးပါး။

ဆိုလိုတဲ့ အဓိပ္ပါယ်က စက္ခုနဲ့ ရူပါရုံနဲ့ ပေါင်းဆုံတဲ့အခါမှာ အဲဒီ ခန္ဓာငါးပါး ပေါ်လာတယ်။ သူတို့ ၂-ခု ပေါင်းလိုက်တော့မှ ခန္ဓာငါးပါး ပေါ်လာတယ်၊

http://www.dhammadownload.com

တာကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ရမယ်နော် (မှန်ပါဘုရား)၊ ကိုင်းဆိုပါတော့ ဓမ္မာယတနလို့ ခေါ်တဲ့ အာယတန၊ မနောဝိညာဏ်၊ ဟဒယဝတ္ထုရုပ်၊ ဓမ္မာယတန၊ ဓမ္မာယတနဆိုတာ ဘာတွေလဲ။ ဘုန်းကြီး ခပ်ငယ်ငယ်က သင်္ဂြိဟ်နှာ-၄၈-မှာ ဓမ္မာရုမ္မဏံ ပန ပသာဒ သုခုမရူပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိ-ဝသေန ဆဓာ သင်္ဂယှတိ-လို့ ဓမ္မာရုံဟာ ဒြ-မျိုး ပြားတယ်။ **ဓမ္မာယတန၊** အဲဒီ အာယတနတွေ ခန္ဓာဖြစ်အောင်လို့ ဆိုပြီးတော့ ပေါင်းပြောမယ် ဘုန်းကြီးတို့ ပရိသတ်ကို ဝိပဿနာရှုကွက် ဖော်ပေးမလို့။ ဓမ္မာယတနဆိုတာ၊ ဘယ်သူတွေလဲ ဆိုတော့။

ဓမ္မာယတနကို ခန္ဓာဖွဲ့ပြပုံ။ ။စက္ခုပသာဒရုပ် သောတပသာဒရုပ် ဃာန-ပသာဒရုပ် ဇိဝှါပသာဒရုပ် ကာယပသာဒရုပ် တွေကို ဓမ္မာရုံလို့ ခေါ်တယ်၊ ဓမ္မာရုံ၊ အဲဒီ စက္ခုပသာဒဆိုတာ စက္ခာယတနဘဲ၊ သောတာပသာဒဆိုတာ သောတာယတနဘဲ၊ ဃာနပသာဒဆိုတာ ဃာနာ-ယတနဘဲ၊ ဇိဝှါပသာဒဆိုတာ ဇိဝှါယတနဘဲ၊ ကာယပသာဒဆိုတာ ကာယာ-ယတနဘဲ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ အာယတနတွေကို ခန္ဓာဖွဲ့တော့ သူ့ကို ရူပက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒီ ရူပက္ခန္ဓာဟာ သူဖာသာသူနေရင် သူ့ရူပက္ခန္ဓာဘဲ၊ ဒီ စက္ခုပသာဒရုပ်ကို ငါခွဲမျက်လုံးဘဲလို့ စွဲလမ်းလိုက်လို့ရှိရင် အဲဒါ ဥပါဒါ-နက္ခန္ဓာဖြစ်သွားရော၊ လှယ်လှယ်ပါဘဲ၊ အဲဒီ အဇ္ဈတ္တိကဖြစ်တဲ့ ဥပါဒါနက္ခန္ဓာကို "ဩပရာနိ" လို့ ဒီလို ခေါ်တယ်။

သခ်ါယ လောကသ္မိ ပရောပရာနိမှာ ဒါ ပရောပရာနိရဲ့ အဓိပ္ပါယ်ကို ဖော်ပြပေး နေတာ၊ ဒါ ဝိပဿနာ ရှုရမဲ့ တရားလုံးဘဲ၊ ဒီ ဂါထာထဲမှာ အဲဒီ ခန္ဓာငါးပါးလို့ ဆိုတော့ ခုနက ပြောခဲ့ပြီလေ၊ ဘာတဲ့-ဓမ္မာရုံ ဓမ္မာယတန ပသာဒရုပ် သုခုမရုပ်၊ သုခုမရုပ်လို့ ဆိုတာ လက္ခဏရုပ်တွေပါတယ်၊ ဘုန်းကြီးတို့ ဝါယောလေဓာတ်ရုပ် ပရမတ္ထတရားမှာ အပိုင်း ၂-ပိုင်း ရှိတယ်၊ ဘူတရုပ်ကိုယူရင် သြဇာရိကရုပ်၊ လက္ခဏာကိုယူရင် လက္ခဏာကိုဖမ်းရင် သုခုမရုပ်၊ ဘုန်းကြီးတို့ ပရိသတ် သေသေ ချာချာ မှတ်ထားကြနော်။

ဝါယောဓာတ်ရုပ် ရှုကွက်ဖော်ပုံ။ ။ဝါယော လေဓာတ် ရုပ်ပရမတ္ထသို့ဆိုတာ ဘူတရုပ်တွေ၊ ပထဝီ အာပေါ တေဇော ဝါယော-လို့ ဆိုတဲ့ အဲဒီဓာတ်ကြီး ၄-ပါးဟာ ဘူတရုပ်၊ ရူပက္ခန္ဓာထဲမှာ သူပါတယ်၊ အဇ္ဈတ္တိကာယတန၊ အဲဒီ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဘူတရုပ်ကို ဘုန်းကြီးတို့ ဘူတရုပ်အတိုင်း ယူလိုက်မယ်ဆိုရင် သူဟာ သြဇာရိကရုပ်လို့ ခေါ်တယ်၊ အဲဒီ ဘူတရုပ်မှာရှိတဲ့ ဝါယော လေဓာတ် ရုပ် ပရမတ္ထတရားရဲ့ ဝိတ္ထမ္ဘန လက္ခဏာလို့ ခေါ်တဲ့ တွန်းကန်လှုပ်ရှားမှုဆိုတဲ့ လက္ခဏာကို မိအောင်ဖမ်းလိုက်ရင် အဲဒီ လက္ခဏာသည် သုခုမရုပ်၊ သူ့ကို မိအောင်ဖမ်းရမယ်၊ ဘုန်းကြီးတို့

http://www.dhammadownload.com

အမျိုးကောင်း သားသမီးများ နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲဝင်တဲ့ လေရဲ့ တွန်းကန် လှုပ်ရှားမှုကလေးကို ဘုန်းကြီးတို့ ပရိသတ် တွေ့နေသလား၊ တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)၊ အဲဒါ ဩပရာနိကို ပြောနေတာ။

ဓမ္မာရုံ တရားများ။　။သခ်ၤါယ လောကသို့ ပရောပရာနိ-လို့ စောစောပိုင်းက ဘုန်းကြီးရွတ်လိုက်ဘဲ့ ပါဠိတော်မှာပါတဲ့ စကားလုံးဟာ ဩပရာနိ ဆိုတာ ဘာပါလိမ့်မလဲလို့ ဘုန်းကြီးတို့ ပရိသတ်က စဉ်းစားလိမ့်မယ်၊ ဩပရာနိဆိုတာ ဝိပဿနာဉာဏ်က ဖော်ပြရင် မိမိနှာခေါင်းထဲက ထွက်လာတဲ့ လေရဲ့ တွန်းကန်လှုပ်ရှားမှုဆိုတဲ့ လက္ခဏာ ဝါယောဓာတ်ကလေးကို ဓမ္မာရုံ အဖြစ်နဲ့ ဩပရာနိလို့ ခေါ်သည်၊ ကြည့်-ကြည့်၊ ကြည့်-ဆိုတာ အရှုခိုင်းတာ၊ အဲဒီ လက္ခဏာရုပ်ဆိုတဲ့ လက္ခဏာ ဝါယောရုပ်ကို ဘုန်းကြီးတို့ ခွဲခြားပြီးတော့ သတိကလေး ကပ်ပေးလိုက်တော့ ဒီ လက္ခဏာ ဝါယောရုပ်ကလေးဟာ ထင်ရှားလာသလား၊ ထင်ရှားမလာဘူးလား (ထင်ရှားလာပါတယ်ဘုရား)၊ ထင်ရှားအောင် ဘယ်သူက လုပ်ပေးသလဲဆိုတော့ သတိတရားက လုပ်ပေးတယ်၊ အဲဒီ သတိသည် ဓမ္မာရမ္မဏာလို့ခေါ်တဲ့ ဓမ္မာရုံ စေတသိက်တရား၊ ဓမ္မာရုံဆိုတာ ပသာဒရုပ် သုခုမရုပ် စိတ်တရား စေတသိက်တရား ပညတ်တရားတွေကို ဓမ္မာရုံ-ခေါ်တယ်၊ နိဗ္ဗာန်ကို ဓမ္မာရုံ-လို့ ခေါ်တယ်။

အဲဒီ ၆-မျိုးသော ဓမ္မာရုံထဲက ဘုန်းကြီးတို့ ပရိသတ် ခုဖမ်းထားတာ ဘာဖမ်းသလဲဆိုတော့ သတိခေါ် စေတသိက် ဓမ္မာရုံနဲ့ ဝါယောလေဓာတ်ရုပ် ပရမတ္ထတရားရဲ့ တွန်းကန်လှုပ်ရှားမှုခေါ်တဲ့ လက္ခဏာ ဝါယောဓာတ်ဟူသော ရုပ်တရား သုခုမရုပ်ကို ဘုန်းကြီးတို့ ဖမ်းထားတယ်၊ ဒါ ဓမ္မာရုံ၊ တွန်းကန် လှုပ်ရှားမှုခေါ်တဲ့ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားကလေးကို သတိခေါ် ဓမ္မာရုံက ထင်ရှားဖော်ပြပေးလိုက်တော့ ဘုန်းကြီးတို့ ပရိသတ် ဒီ တွန်းကန် လှုပ်ရှားမှုကလေးကို သိနေသလား၊ သိမနေဘူးလား (သိနေပါတယ်ဘုရား)၊ သိနေတဲ့သဘောတရားကို ဘာလို့ခေါ်သလဲ ဝိညာဏ်၊ ဝိညာဏ်ဆိုတာ စိတ်၊ အဲဒီစိတ်သည် ဓမ္မာရုံ။

အာရုံ အာရမ္မဏိက တရားများ။　။ဆိုလိုတဲ့ အဓိပ္ပါယ်က ဝါယော လေဓာတ်ရုပ် ပရမတ္ထတရားတည်းဟူသော လက္ခဏာ ဝါယောရုပ်သည် ဓမ္မာရုံ၊ အဲဒီ ဓမ္မာရုံကို အသိဉာဏ်ထဲမှာ ထင်ရှားပေါ်လွင်အောင် ဖော်ပြပေးတဲ့ သတိခေါ် စေတသိက်တရားသည် ဓမ္မာရုံ၊ ဝါယော လေဓာတ်ရုပ် ပရမတ္ထတရားကို သိနေတဲ့ ဝိညာဏ်ခေါ် စိတ်တရားသည် ဓမ္မာရုံ၊ တရားဘယ်နှစ်လုံးလဲ (သုံးလုံးပါဘုရား)၊ အဲဒီတရားသုံးလုံးသည် စိတ် စေတသိက် ရုပ် ဓမ္မာရုံ၊ အာရုံဆိုတော့ ဓမ္မာရုံ၊ ရူပါရုံ မဟုတ်ဘူး၊ သဒ္ဒါရုံ မဟုတ်ဘူး၊ ဂန္ဓာရုံ မဟုတ်ဘူး၊ ရသာရုံ မဟုတ်ဘူး၊ ဖောဋ္ဌဗ္ဗာရုံ မဟုတ်ဘူး၊ သူက ဓမ္မာရုံ၊

http://www.dhammadownload.com

အဲဒီ ဓမ္မာရုံဆိုတဲ့ အာရုံရဲ့ အာရမ္မဏိက ဟာ ဘယ်သူလဲဆိုတော့ မနောဝိညာဏ်၊ ဝိပဿနာ ရှုတယ်ဆိုတဲ့ ပဂ္ဂိုလ်ဟာ အာရုံနဲ့ အာရမ္မဏိက မှန်ရမယ်၊ ဒီ အဓိပ္ပါယ်ဟာ အထူးဘဲ၊ ဝိပဿနာလုပ်ငန်းလုပ်တဲ့လူဆိုရင် အာရုံနဲ့ အာရမ္မဏိကဟာ မှန်ရမယ်၊ အာရမ္မဏိကဘရားဟာ ဘယ်သူလဲ၊ ခုပြောနေတဲ့ အာရမ္မဏိက တရားသည် မနောဝိညာဏ်-နော် (မှန်ပါဘုရား)၊ အဲဒီ မနောဝိညာဏ်ဟာ မနာယတန၊ အဲဒီ မနာယတန မနောဝိညာဏ်ဟာ ဘယ်သူလဲဆိုတော့ ဓမ္မာရုံခေါ်တဲ့ စိတ်၊ အဲဒီ စိတ် စေတသိက် ရုပ်ဟူသော ဓမ္မာရုံကို သတိဖြင့် ထင်ရှားပေါ်လွင်အောင် အဖန်ဖန်လဲလဲ နှလုံးသွင်း ရှုပွါးနေသည် ဖြစ်သောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဒီလိုခေါ်တယ်။

ပရာနိ ဩပရာနိလို့ခေါ်တဲ့ ဓမ္မာရုံ-မိမိရဲ့ အဇ္ဈတ္တိကမှာ ရှိနေတဲ့ ဓမ္မာရုံဟာ အခုပေါ်လာပြီနော်၊ ပေါ်လာတော့ ဒီတရားကိုဖြင့် ဝိညာဏ် နာမ် ရုပ်လို့ ခေါ်တဲ့ ခန္ဓာတရား အာယတနတရားကိုဖြင့် ဘာလုပ်ရမလဲဆိုတော့ သခ်ါယလို့ ဘုန်းကြီး စောစောပိုင်းက ပြောထားတဲ့အတိုင်း—

လက္ခဏာရမ္မဏိကဝိပဿနာညာဏ်ခေါ်ပုံ။ ။သခ်ါယ-ဝိပဿနာညာဏ်ဖြင့် ရှုဆင်ခြင်ရသောကြောင့် သူကို ဘာလုပ်ရမလဲ၊ (ရှုရပါမယ်ဘုရား)။ ရှုတော့ ဘာနဲ့ ရှုရမလဲ၊ လက္ခဏာလျှင် အာရုံရှိသော လက္ခဏာရမ္မဏိက ဝိပဿနာညာဏ်ဖြင့် ရှုခြင်းကို သခ်ါယလို့ခေါ်တယ်။ စောစော ပိုင်းက ဘုန်းကြီးရွတ်လိုက်တဲ့ ပါဠိမှာ အဲဒီ လက္ခဏာရမ္မဏိက ဝိပဿနာညာဏ် ဆိုတာ ဘယ်လိုလဲ၊ အနိစ္စလက္ခဏာလျှင် အာရုံရှိသော ဒုက္ခလက္ခဏာလျှင် အာရုံရှိသော ဝိ၊ရိဏာမလက္ခဏာလျှင် အာရုံရှိသော အသိညာဏ်ကို လက္ခဏာရမ္မဏိက ဝိပဿနာညာဏ်လို့ ခေါ်တယ်။

ဒီတော့ အဲဒီမှာ လက္ခဏာလျှင် အာရုံရှိသော လက္ခဏာရမ္မဏိက ဝိပဿနာ ဖြစ်ပုံကို ဘုန်းကြီးတို့ပရိသတ် ကြည့်၊ နှာခေါင်းထဲက ထွက်တဲ့လေရဲ့ တွန်းကန်လှုပ်ရှားမှုကလေးဟာ ဘယ်ရောက်သွားသလဲ (ပျောက်သွားပါတယ်ဘုရား)။ တွန်းကန် လှုပ်ရှားမှုကလေး ပျောက်သွားတော့ ထင်ရှားစေတဲ့ သိနေတဲ့ ဝိညာဏ်တို့ကတော့ ဘယ်ရောက်သွားသလဲ (ပျောက်သွားပါတယ်ဘုရား)။

ခန္ဓာ ၅-ပါး အနိစ္စခေါ်ပုံ။ ။ဒီတော့ နှာခေါင်းထဲက ထွက်လာတဲ့လေနဲ့ ခုန စောစောပိုင်းက ပြောလိုက်တဲ့ ဓမ္မာရုံလို့ ခေါ်တဲ့ ဝိညာဏ် နာမ် ရုပ်၊ စိတ် စေတသိက် ရုပ်တို့သည် အနိစ္စတရား။ ကုန်ပျောက်သွားတာသည် အနိစ္စလက္ခဏာတရား ခဲ့မှတ်၊ ဝိညာဏ်-နာမ်-ရုပ်၊စိတ်-စေတသိက်-ရုပ်သည် ဘာတရားတဲ့လဲ (အနိစ္စတရားပါဘုရား)။ အနိစ္စန္တိ ခန္ဓပဉ္စက၊ အနိစ္စ ဆိုတာ ဘာကိုခေါ်သလဲဆိုတော့ ခန္ဓာငါးပါးကို ခေါ်ပါတယ်တဲ့။ သမ္မောအဋ္ဌကထာ၊ နှာ-၄၇ ဆရာကြီးက။

http://www.dhammadownload.com

ဘုန်းကြီးတို့ပရိသတ် အနိစ္စဆိုတာ ဘာတုန်း(ခန္ဓာငါးပါးပါဘုရား)။ ခန္ဓာငါးပါးဆိုတာဘာလဲ(အနိစ္စပါဘုရား)၊ အနိစ္စကို တွေ့နေတယ်ဆိုတာ ဘာကို တွေ့နေတာလဲ (ခန္ဓာငါးပါးကို တွေ့နေတာပါဘုရား)။ ခန္ဓာငါးပါးကိုတွေ့နေတဲ့ သူဟာ နိစ္စတွေ့နေတာလား၊ အနိစ္စတွေ့နေတာလား (အနိစ္စ တွေ့နေပါတယ်ဘုရား)။ ပြန်ရှုစမ်း ဘုန်းကြီးတို့ပရိသတ်။ စောစောပိုင်းက ပြောလိုက်တဲ့ နှာခေါင်းထဲကထွက်တဲ့ လေတည်းဟူသော ဝါယောလေဓာတ် ရုပ်ပရမတ္ထတည်းဟူသော တွန်းကန် လှုပ်ရှားမှု တည်းဟူသော ရူပ် ရူပက္ခန္ဓာ၊ သိမှုတည်းဟူသော ဝိညာဏ် ဝိညာဏက္ခန္ဓာ၊ အာရုံကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးတဲ့ သတိ ခေါ် နာမ်လို့ခေါ်တဲ့ စေတသိက်တည်း ဟူသော သခ်ါရက္ခန္ဓာ၊ ဒီခန္ဓာ ၃-ပါးကို ဘုန်းကြီးတို့ပရိသတ် တွေ့နေသလား တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)။

တရားတော်ပုံမှတ်ဖွယ်။ ။အဲဒီ ခန္ဓာသုံးပါးသည် နိစ္စလား-အနိစ္စလား (အနိစ္စပါဘုရား)။ အနိစ္စဆိုတဲ့ ခန္ဓပဉ္စက်လို့ အဋ္ဌကထာက ပြောထားသည် ဖြစ်သောကြောင့် ဒီခန္ဓာ ၃-ပါးသည် အနိစ္စ၊ အနိစ္စတွေ့တော့ ဘယ်လိုနေသလဲ၊ အနိစ္စကို တွေ့နေတဲ့အတွက် ဘယ်လိုဖြစ်သွားသလဲ။ သူတို့က တရားတော်တယ်ဆိုရင် လူတမျိုး ဖြစ်သွားတယ်လို့ ထင်နေကြတယ် (မှန်ပါဘုရား)။ အဲဒါကို ဘုန်းကြီးတို့ကို မကြာမကြာ ပျောက်နေကြတယ်။ မင်္ဂလာကျတဲ့အခါ လူဘယ်လို ဖြစ်သွားသလဲ၊ စိတ်ဘယ်လိုနေလဲနဲ့ ဒီလိုချည်း မေးမေးနေကြတယ် (မှန်ပါဘုရား)။ မင်္ဂလာကျတာကို အသာထားအုံး၊ နောက်တော့ ဘုန်းကြီးပြောပေးမယ်။ ခုခန္ဓာငါးပါးကို တွေ့နေတဲ့အခါ ဘယ်လိုနေသလဲ၊ ဒီခန္ဓာငါးပါးကို သိနေတာဘဲရှိတယ်။ လူကဘဲ ပေါ့သွားသလား၊ မေ့နေသလား၊ဘယ်လိုဖြစ်နေသလဲ၊ တမျိုးတမည် ဘယ်လိုဖြစ်နေသလဲ(မဖြစ်ပါဘုရား)။ ဘယ်လိုမှ မဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးတည်း ဟူသော အနိစ္စတရားကို တွေ့နေသလား၊ မတွေ့ဘူးလို့ ပြောရမလား (တွေ့နေပါတယ်ဘုရား)။

တရားတော်ပုံတော်နည်း။ ။အဲတာလေးကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက်ပါစေ၊ တွေ့နေပြီ ခန္ဓာငါးပါး။ အဲဒီ ခန္ဓာငါးပါးကို တွေ့နေတော့ သူဟာ အနိစ္စဘဲတဲ့။ လက္ခဏာရမ္မဏိက ဝိပဿနာဉာဏ်ဆိုတာက ဘာလဲဆိုတော့၊ ဒီခန္ဓာ ငါးပါးကို ကြည့်စမ်း။တွေ့နေတော့ တွန်းကန်လှုပ်ရှားမှုရယ်၊ သိမှုရယ်၊အာရုံကို ထင်ရှား ပေါ်လွင်အောင် လုပ်ပေးတဲ့ အာရုံလုပ်ရှားမှုကလေးရယ်၊ ဘယ်ရောက် ရောက်သွားသလဲ။ (ပျောက်ပျက်သွားပါတယ်ဘုရား)၊ အဟုတ်ပျောက်ကဲ့လား။ (အဟုတ်ပျောက်တာပါဘုရား)၊ အဲဒီ ပျောက်ပျောက် သွားတာကလေးကို တရားပြတဲ့ပုဂ္ဂိုလ်က သိပါမလား။ (မသိ

http://www.dhammadownload.com

ပါဘုရား)၊ ကိုယ့်အနား ထိုင်နေတဲ့လူကော သိပါမလား၊ (မသိပါဘုရား)၊ ဘယ်သူသာ သိသလဲ။ ရှုတဲ့ပုဂ္ဂိုလ်သာ သိတယ်။ ဒီတော့ ဘုန်းကြီးတို့ပရိသတ် တရားတွေ့တယ်၊ တရားတွေ့တယ်–ဆိုတာ တမျိုးတဖုံ မဖြစ်ရပါဘူး၊ဖြစ်ရသေး သလား။ (မဖြစ်ရပါဘူးဘုရား)။

ဒါ ပါဋ္ဌိတော်မူကို ပြောပေးနေတာနော်။ တမျိုးတဖုံ ဖြစ်သွားတယ် ဆိုရင် တော့ ဒီလမ်းပေါ်က သူဘယ်လို ဖြစ်သွားလဲ။ (လမ်းလွဲ သွားပါတယ်ဘုရား)၊ ဒီတော့ တမျိုးတဖုံဖြစ်မှုကို ဘုန်းကြီးတို့ ပရိသတ်ကလဲ အလိုရှိနေပုံပေါ်တယ်၊ မရှိနဲ့။ တရားတွေ့တယ်ဆိုတာ ဒီအတိုင်းတွေ့နေတာဘဲ။ ဒါဖြင့် ကုန်သွားတယ်၊ ပျောက်သွားတယ်၊ ပျောက်သွားတယ် ဆိုတာ ဘယ်သူကုန်ပျောက်သွားတာလဲ။ (ခန္ဓာငါးပါးပါဘုရား)၊ ခန္ဓာ ကုန်ပျောက်သွားတာ အာယတနတွေ ကုန် ပျောက်သွားတာ ပရော ပရာနိ ဆိုတဲ့ သဘောတရားတွေ ကုန်ပျောက် သွား တာ။ အဲဒီ ကုန်ပျောက်သွားတဲ့ သဘောတရားကို ဘုန်းကြီးတို့ ပရိသတ် ရှုကွက် ထဲမှာ တွေ့နေသလား၊ တွေ့မနေဘူးလား။ (တွေ့နေပါတယ်ဘုရား)။

အနိစ္စနှင့် အနိစ္စလက္ခဏာကွဲပြားချက်။ ။အနိစ္စ လက္ခဏာကို တွေ့နေပြီ၊ ကုန် ပျောက်သွားတဲ့ သဘောသည် အနိစ္စ လက္ခဏာ။ အနိစ္စ လက္ခဏာဆိုတာ ခန္ဓာငါးပါး တည်းဟူသော အနိစ္စတရား၏ မှတ်သားကြောင်းဖြစ်တဲ့ လက္ခဏာ။ သူကို ဘယ်လို မှတ်ရမလဲလို့ ဆိုတော့ ကုန်ပျောက်သွားတဲ့ သဘောသာရှိရမယ်တဲ့။ ဒါကို အနိစ္စ လက္ခဏာလို့ ခေါ် တယ်။ အနိစ္စ၊ အနိစ္စလက္ခဏာ ကွဲသွားပလား (ကွဲသွားပါပြီဘုရား)။

အနိစ္စနုပဿနာခေါ်ပုံ။ ။အနိစ္စာနုပဿနာဆိုဒါ အဲဒီ ခန္ဓာ ငါးပါးတို့၏ ကုန် ပျောက်မှုကလေးကို တစိမ့်စိမ့် ထိုင်ပြီးတော့ ရှုနေ တာကို အနိစ္စာနုပဿနာလို့ ခေါ်တယ်။ ရှုနေတာကို ဘာလို့ခေါ်သလဲ။ (အနု-ပဿနာ ခေါ်ပါတယ်ဘုရား)၊ အနုပဿနာရှုတယ်၊ ဘာရှုသလဲ။ အနိစ္စဖြစ်တဲ့ ခန္ဓာငါးပါးကို ရှုတယ်။ဒါ အနိစ္စာနုပဿနာ။ အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စာ နုပဿနာ သုံးခု ကွဲမသွားဘူးလား။ (ကွဲပါတယ်ဘုရား)။

အဲဒါက သခ်ါယပိုင်း။ "သခ်ါယ၊ ရှုဆင်ခြင်၍"လို့ ဆိုတာ အဲဒီလို ရှုနေ တာကို ပါဋ္ဌိတော်က ရှုတ်လိမ့်မယ်။ ပုဏ္ဏက၊ ပုဏ္ဏက။ လောကသို့ ၊ လောက၌။ ပရော ပရာနိ၊ အဇ္ဈတ္တိကာယတန ဗာဟိရာယတန မိမိရဲ့ ခန္ဓာငါးပါး သူတပါးတို့ရဲ့ ခန္ဓာ ငါးပါးတို့ကို။ သခ်ါယ၊ အနိစ္စ အနေအားဖြင့် ရှုဆင်ခြင်၍ (ဝါ) ဆင်ခြင် ရသောကြောင့်။ ဘုန်းကြီးတို့ ပရိသတ် ရှုဆင်ခြင်နေပြီ။ အနိစ္စလို့ ရှုတယ်။ နောက်တခါ ဘာဖြစ်သလဲ။ ကုန်ပျောက်သွားပြီတဲ့။ အဲဒီ ခန္ဓာတည်းဟူသော ဝိညာဏ် နာမ် ရုပ်သည် အသစ်ဖြစ်သေးသလား-မဖြစ်ဘူးလား။ (ဖြစ်ပါတယ်

http://www.dhammadownload.com

ဘုရား)၊ ဖြစ်လာတာကို ဘုန်းကြီးတို့ ပရိသတ် တွေ့သလား-မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား)။

ဇာတိတရား ဒုက္ခမည်ပုံ။ ။နိဗ္ဗတ္တိလက္ခဏံ ပဿန္တော်ပိ ရူပက္ခန္ဓဿ ဥဒယံ ပဿတိ၊ပဋိသန္ဓိဒါမင်္ဂပါဠိတော် နှာ-၃၅က။နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ပေါ် လာဆဲဆိုတဲ့ အမှတ် အသား လက္ခဏာကို။ ပဿန္တော်ပိ၊ ရှုဆင်ခြင်၍နေသော အမျိုးကောင်းသားသမီးသည်လည်း။ရူပက္ခန္ဓဿ၊ရူပက္ခန္ဓာ၏။ ဝေဒနာက္ခန္ဓဿ၊ ဝေဒနာက္ခန္ဓာ၏။ သညာက္ခန္ဓဿ၊ သညာက္ခန္ဓာ၏။ သင်္ခါရက္ခန္ဓဿ၊ သင်္ခါရက္ခန္ဓာ၏။ ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ ဥဒယံ၊ ဥဒယခေါ်တဲ့ ဖြစ်ခြင်းကို။ ပဿတိ၊ ရှုဆင်ခြင်၍ နေလေတော့၏။

ရူပက္ခန္ဓာဖြစ်လာတာကို ဘုန်းကြီးတို့ ပရိသတ် တွေ့သလား-မတွေ့ဘူးလား။ (တွေ့ပါတယ်ဘုရား)၊ ဖြစ်တယ်ဆိုတာ ဘာဖြစ်တာလဲ၊ ခန္ဓာဖြစ်တာ၊ ဖြစ်တဲ့သဘောကို ဘုန်းကြီးတို့ပရိသတ် ဘာလို့ခေါ်သလဲ။(ဇာတိ ခေါ်ပါတယ်ဘုရား)၊ ဇာတိဆိုတာ ဘာလဲ။ (ခန္ဓာငါးပါးဖြစ်တာပါဘုရား)၊ ပါဠိတော်က ပြောပေးထားတယ်-ဇာတိလို့၊ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော=ခန္ဓာငါးပါးတဖန် ဖြစ်တာနဲ့ အာယတန တွေကို ပြန်ရနေတာသည် ဘာတဲ့လဲ။ (ဇာတိပါဘုရား)၊ အဲဒီ ဇာတိကို မြတ်စွာဘုရားက ဒုက္ခလို့ ဟောခဲ့သည်။ ဘုန်းကြီးတို့ ပရိသတ် အဲဒီ ဇာတိကြီးကို ဆင်းရဲလှပါချည်ရဲ့လို့ ဘယ်တုန်းက သိဘူးကြပါသလဲ။ (မသိပါဘုရား)။

ဝိပရိဏာမပေါ်လွင်က ဖြစ်ပျက်ထင်ရှားလာပုံ ဒီတော့ ဘုန်းကြီးတို့ပရိသတ် အနိစ္စလက္ခဏာလဲ မြင်ပြီးပြီ၊ ဇာတိဆိုတဲ့ ဥပ္ပါဒလက္ခဏာကိုလဲဘဲ မြင်ပြီးပြီ၊ အနိစ္စ ဒုက္ခ မြင်ပြီးပြီနော် (မှန်ပါဘုရား)။ မြင်ပြီးပြီးချင်း ကုန်ပျောက်သွားသလား၊ ဖြစ်ပြီးတဲ့နောက် တရိပ်ရိပ်နဲ့ ကုန်တဲ့ပျောက်တဲ့ဖက်ကို ပြောင်းနေတာ တွေ့သလား၊ မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ အဲဒီ ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းနေတဲ့သဘောတရားကို ဘာလို့ခေါ်သလဲဆိုတော့ ဝိပရိဏာမလို့ခေါ်တယ်။ ဝိပရိဏာမလို့ခေါ်တဲ့ ပါဠိစကားလုံးရဲ့ မြန်မာပြန်က ပြောင်းရွှေ့နေတယ်လို့ ဆိုတယ်။ အဓိပ္ပါယ်က အဲဒီ ဝိပရိဏာမအချက် ပေါ်လွင်လေလေ ဥပ္ပါဒနဲ့ ဝယ ထင်ရှားလေလေဘဲ။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် အပြင်မှာ သက်သေကြည့်မယ်ဆိုရင် ဘုန်းကြီးတို့ ဟောနေကြ ပြောနေကြ၊ ဥပမာ စာအုပ်ထဲမှာလဲ သူက ပါနေတယ်။ သရက်သီးတလုံးကို ကြည့်မယ်ဆိုရင် အဲဒီ သရက်သီးလေးရဲ့ အရောင် အသွေးလေးဟာ အစတုန်းက အစိမ်းကလေး၊ တဖြည်းဖြည်းနဲ့ အဲဒီ အစိမ်းကလေးတွေ

http://www.dhammadownload.com

ကုန်ပြီးတော့ အဝါလေး ဖြစ်သွားတယ်၊ အစိမ်းတွေကုန်ပျောက်သွားတာသည် အနိစ္စ။

ဝိပရိဏာမ မြင်နိုင်ခဲပုံ။ ။အဝါရောင်ကလေး ဖြစ်လာတာဟာ ဒုက္ခ၊ အဲဒီ အစိမ်းရောင်ကနေပြီး အဝါရောင်ကလေး ဘက်ကို အစိမ်းရောင် ဖြစ်ပြီးတဲ့ အချိန်ကစပြီးတော့ အချိန်တိုင်း အချိန်တိုင်း ပြောင်းပြောင်း မသွားဘူးလား (ပြောင်းသွားပါတယ်ဘုရား)။ ရုပ်ဝတ္ထု ပစ္စည်းတွေကို ကြည့်ရင် ဘယ်အရာဝတ္ထုပစ္စည်းဘဲဖြစ်ဖြစ် ဘယ်တော့မှ ရပ်မနေဘူး၊ အမြဲတန်း ပြောင်းပြောင်းနေတာကို ရှုကြည့်ပါ။ အဲဒီ ပြောင်းပြောင်းနေတဲ့ အချက်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပါဠိလို သုံးထားတယ် "ဝိပရိဏာမ"၊ အဲဒီ ဝိပရိဏာမ အချက်ဆိုတာ ပကတိမျက်စိနဲ့ကြည့်လို့မမြင်ဘူး၊ ကိုယ့်အိမ်မှာ စိုက်ထားတဲ့ နှင်းဆီပန်းကလေးတွေကြည့်ရင် အဲဒီ အစတုန်းက နှင်းဆီပန်း အဖူးကလေးဟာ တဖြည်းဖြည်း တဖြည်းဖြည်း လန်ပြီးတော့ ဒီအဖူးကလေး ဟာ ပန်းပွင့်ကလေးဖြစ်လာတယ်။ ပန်းအဖူးကလေးက နေပြီးတော့ အပွင့်ကလေးဖြစ်အောင် ပန်းပွင့်သွားတာကို ကြည့်လို့မမြင်ရဘူး။သူက တဖြည်းဖြည်း တဖြည်းဖြည်း ရင့်ရင့်ပြီးတော့ ပန်းပွင့်ကလေးဖြစ်လာတယ်။ ဒီတော့ ပန်းဖူးကလေး ပျောက်မသွားဘူးလား (ပျောက်သွားပါတယ်ဘုရား)။

ဘာကလေး ဖြစ်လာသလဲ (အပွင့်ကလေး ဖြစ်လာပါတယ်ဘုရား)၊ ပန်းပွင့်ကလေးဖြစ်လာတာဟာ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)။ အဲဒီ ဒုက္ခကို ဘုန်းကြီးတို့ပရိသတ်က ဘယ်နဲ့တုန်း နှစ်သက်တယ်တဲ့။ အဲဒီ နှစ်သက်တယ်ဆိုတာ အဲဒီ ဒုက္ခပေါ်မှာ သွားပြီး တဏှာကပ်တာ၊ ဒီတော့ ရုပ်တရားတွေလို့ဆိုတာ စောစောပိုင်းက ဘုန်းကြီးပြလိုက်တဲ့ ပရောပရုနိ ဆိုတဲ့ ဝိညာဏ် နာမ်ရုပ် လို့ ခေါ်တဲ့ အဲဒီ သခါရတရားတွေဟာ ဖြစ်ပြီးတဲ့နောက် ရိပ်ရိပ်-ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ ဖက်ကို ပြောင်းတယ်။ ပြီးတော့ ဘာဖြစ်သွားသလဲ ကုန်ပျောက်သွားတယ်။ အဲဒါကို ပါဠိတော်က ဘယ်နဲ့ ဖော်ပြထားသလဲ ဆိုတော့ "ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ အယံ ရူပဿ အာဒီနဝေါ"။ ယံ ရူပံ၊ အကြင်ရုပ်သည်။ အတ္ထိ၊ ရှိ၏။ တံ ရူပံ၊ ထိုရုပ်သည်။ အနိစ္စံ၊ ကုန်ခြင်း ပျောက်ခြင်း သဘောရှိ၏။ ဒုက္ခံ၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းသဘော ရှိသောကြောင့် ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ပြောင်းလွှဲခြင်း သဘောတရား ရှိ၏။ အယံ၊ ဤကဲ့သို့ ရုပ်တရား နာမ်တရားတို့၏–ပရောပရုနိခေါ်တဲ့ တရားတို့၏ သခါယလို့ခေါ်တဲ့ အနေအားဖြင့် ရှုဆင်ခြင်တဲ့အတွက် အနိစ္စ ဒုက္ခ ဝိပရိဏာမ ဖြစ်ပေါ်၍နေခြင်းသည်။ ရူပဿ၊ ရုပ်တရား၏။ အာဒီနဝေါ၊ အပြစ်မည်၏။

http://www.dhammadownload.com

အာဒီနဝဉာဏ်။ ။အဲဒီ အာဒီနဝဉာဏ်ပေါ် အောင် ဘုန်းကြီးတို့ပရိသတ် ရှုရမယ်။ အာဒီနဝဉာဏ်ကို ပေါ် အောင် ရှုလိုက်ရင် အဲဒီ ပရောပရာနိလို့ ခေါ် တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက်တရား တွေအပေါ် မှာ ကပ်ငြိတွယ်တာခြင်း မှားသောအားဖြင့် စွဲလမ်းခြင်းဆိုတဲ့ ဒိဋ္ဌိ တဏှာ ရှိဦးမလား (မရှိတော့ပါဘုရား)။

သန္တေဿ၊ ကိလေသာမီးတွေ ငြိမ်းသော။ ဝိမုမော၊ ဒုစရိုက်တရားတည်း ဟူသော ကိလေသာအခိုးတွေ ကင်းသွားသော။ နိဗ္ဗုတော၊ ကပ်ငြိတွယ်တာ ခြင်းကင်းသော။ သော၊ ထို ရဟန္တာပုဂ္ဂိုလ်သည်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းဆိုတဲ့ သဘောတရားကို။ အတာရိ၊ ကူးမြောက်နိုင်လေတော့၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု။

သမာဓိဘာဝနာ ထူထောင်နည်း　ဒီနေရာမှာ ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သန္ဓာယ ဘာသိတလို့ခေါ် ပြီးတော့ ဒီလိုဟောထားတဲ့ သုတ္တန်တခုရှိတယ်။ အဲဒါအကျယ် ဟောပေးရဦးမယ်။ သမာဓိနဲ့စပ်ပြီးတော့ ဒီတရားနဲ့ပတ်သက်ပြီးတော့ သမာဓိ ထူထောင်ရမလား မထူထောင်ရဘူးလား (ထူထောင်ရပါတယ်ဘုရား)။ အဲဒီ သမာဓိ ထူထောင်ပုံ ထူထောင်နည်းနဲ့ပတ်သက်လို့ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က လေးမျိုး ဟောထားတာရှိတယ်။

မြတ်စွာဘုရားက အဂ်ုတ္တိရ်ပါဠိတော် စတုက္ကနိပါတ် ဆောဟိတဿဝဂ် သမာဓိ ဘာဝနာသုတ္တန် နှာ ၃၅၃-၄-ကို ဟောထားတာ ရှိတယ်။ အဲဒီ သုတ္တန်ကို ဘုန်းကြီး ဟောပေးမယ်။

စတဿော ဣမာ ဘိက္ခဝေ သမာဓိဘာဝနာ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာကို ထူထောင်ခြင်းတို့သည်။ ဝါ၊ သမာဓိကို ဖြစ်အောင် ပြုလုပ်ခြင်းတို့သည်။ ဣမာ စတဿော၊ ဤလေးပါး တို့ပေတည်း။ ကတမာ စတဿော၊ လေးပါးဆိုတာ ဘာလဲ။

သမာဓိဘာဝနာ ၄-မျိုး။ ။နံပါတ် ၁-က အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ။ ဒိဋ္ဌဓမ္မသုခဝိဟာရခေါ် တဲ့ မျက်မှောက်သော ခန္ဓာကိုယ်၏အဖြစ်မှာ ချမ်းချမ်းသာသာ နေဘို့ရန်အတွက် သမာဓိဘာဝနာ ပွါးနည်းက တမျိုး။ (ဒီလောကမှာ ချမ်းချမ်းသာသာ နေဘို့ရန်အတွက် သမာဓိဘာဝနာ ပွါး

http://www.dhammadownload.com

နည်းမျိုး။ ပစ္စုပ္ပန်လောကမှာ မိမိကိုယ်စိတ်နှစ်ပါး ချမ်းချမ်းသာသာနေဘို့ရန် အတွက် သမာဓိဘာဝနာ ပွါးနည်းမျိုး။အဲဒါ သမာဓိဘာဝနာ ပွါးနည်းတမျိုး။)

ပဌမက အားထုတ်ထားတဲ့ သမာဓိမျိုးဟာ ဒီပစ္စုပ္ပန်လောကမှာ ချမ်းချမ်းသာသာ နေရအောင် အားထုတ်ထားတဲ့ သမာဓိဘာဝနာမျိုးပါလို့ မြတ်စွာဘုရားက ဒီလိုပြတယ်။

၂။ ဒုတိယပိုဒ် သွားမယ်"အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဉာဏဒဿနပဋိလာဘာယ သံဝတ္တတိ"။ဒိဗ္ဗစက္ခုဉာဏ်ကို ဖြစ်စေတတ်တဲ့ သမာဓိဘာဝနာပွါးနည်းက တမျိုးတဲ့ မြတ်စွာဘုရားက။ ဒုတိယသမာဓိဘာဝနာက ဒိဗ္ဗစက္ခုဉာဏ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ဖြစ်စေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သော။ ယာ သမာဓိဘာဝနာ၊ အကြင်သမာဓိဘာဝနာသည်။ ဉာဏဒဿနပဋိလာဘာယ၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ သာ သမာဓိဘာဝနာ၊ ထိုသမာဓိကို ပွါးခြင်းသည်။ အတ္ထိ၊ ရှိလေတော့၏။ ဘယ်နှစ်ချက် ရပြီလဲ။ (၂-ချက်ပါဘုရား)။

ပဌမအချက်က ဒိဋ္ဌဓမ္မသုခဝိဟာရချမ်းသာရဘို့ သမာဓိ ထူထောင်တယ်။
ဒုတိယအချက်က ဒိဗ္ဗစက္ခုဉာဏ်ရဖို့အတွက် သမာဓိ ထူထောင်တယ်။

၃။ အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ သတိသမ္ပဇညာယ သံဝတ္တတိ။ သတိနဲ့ သမ္ပဇဉ်ဆိုတာ သတိနဲ့ ပညာတိုးပွါးအောင် ပွါးတဲ့ သမာဓိဘာဝနာက တမျိုးတဲ့။ သမာဓိလုပ်တဲ့ လုပ်ငန်းဆိုတာ ငါလုပ်နေတယ်ဆိုတဲ့ အလုပ်ဟာ ဘာလုပ်နေတယ်လို့ ခွဲခြားတတ်အောင်လို့ ဟောဒီသုတ္တန်ကို သေသေချာချာ နာခံထား ဘုန်းကြီးတို့ ပရိသတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ဖြစ်စေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သော။ ယာ သမာဓိဘာဝနာ၊ အကြင်သမာဓိဘာဝနာသည်။ သတိသမ္ပဇညာယ၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ခြင်းအကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ သာ သမာဓိဘာဝနာ၊ ထိုကဲ့သို့သော သတိသမ္ပဇဉ်ဖြစ်အောင် ပွါးများတယ်ဆိုတဲ့ သမာဓိမျိုးသည်။ ဝါ၊ သမာဓိထူထောင်ခြင်းမျိုးသည်။ အတ္ထိ၊ ရှိလေတော့၏။

သတိနဲ့ သမ္ပဇဉ်ကလေးလောက် ဖြစ်နေရုံဘဲ ပွါးများနေတဲ့ သမာဓိဘာဝနာမျိုးတဲ့။ သမာဓိထူထောင်နည်းမျိုး ဘယ်နှစ်မျိုး ရှိပြီလဲ။(၃-မျိုးပါဘုရား)။

၄။ နောက်တမျိုးကို မြတ်စွာဘုရား ဘာဟောလဲ ပါဠိတော်မှာ—အတ္ထိ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံ ခယာယ သံဝတ္တ-

http://www.dhammadownload.com

တိ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ဖြစ်စေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်သော။ ယာ သမာဓိဘာဝနာ၊ အကြင်သမာဓိဘာဝနာသည်။ အာသဝါနံ၊ အာသဝေါတရုးတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ သာ သမာဓိဘာဝနာ၊ ထိုသမာဓိကို ပွါးခြင်းသည်။ အတ္ထိ၊ ရှိ၏။

အာသဝေါကုန်အောင် ပွါးမျှားအားထုတ်တဲ့ သမာဓိက တမျိုး။ ကိုင်းလေးမျိုးလေးစားသော သမာဓိ ထူထောင်နည်းမျိုးတို့တွင် ဘုန်းကြီးတို့ ပရိသတ် အလိုရှိတာက ဘယ်လိုသမာဓိမျိုးကို ပွါးဘို့ အလိုရှိသလဲ။ (၄-မျိုးလုံးပါဘုရား)။ အကုန်လုံးစကား ပြောမယ်ဆိုတာ ဘုန်းကြီး စောစောက သိပြီးသား၊ မလုပ်သာ ရှိရမယ်။ တာပြောမယ်ဆိုတာ-ဘုန်းကြီး သိပြီးသား။ ဒိဋ္ဌဓမ္မ သုခဝိဟာရ ချမ်းသာကြီးကို ရအောင်ပွါးတဲ့ သမာဓိဘာဝနာမျိုးကို ဘယ်လိုပွါးရသလဲဘုရားလို့ မေးဘို့မလိုဘူးလား။ (လိုပါတယ် ဘုရား)။

မျက်မှောက်ချမ်းသာအတွက် သမာဓိဘာဝနာပွါးနည်းမျိုး နံပါတ်-၁၊ ပြန်ခဲ့။ ကတမာ စ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မ သုခဝိဟာရာယ သံဝတ္တတိ။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဘာဝိတာ၊ ဖြစ်စေအပ်သော၊ ဗဟုလီကတာ၊ အကြိမ်များစွာလေ့လာအပ်သော။ ကတမာ၊ အဘယ်မည်သော။ သမာဓိဘာဝနာ၊ သမာဓိကို ပွါးခြင်းသည်။ ဒိဋ္ဌဓမ္မသုခ ဝိဟာရာယ၊ မျက်မှောက်သော ကိုယ်အဖြစ်၌ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်သနည်း။

ဒီ မျက်မှောက်ဘဝမှာ-ကိုယ်ချမ်းသာ စိတ် ချမ်းသာအောင် နေဘို့ရန် အတွက် ပွါးတဲ့ သမာဓိဘာဝနာမျိုးက ဘယ်လို ပွါးနည်းမျိုးလဲ၊ ဘယ်လို ထူထောင်ရမှာလဲ၊ လုပ်ငန်းကို ပြောစမ်းပါ။ အဓိပ္ပါယ် ဒါဘဲ။

ဒီတော့ ဒိဋ္ဌဓမ္မသုခဝိဟာရ ချမ်းသာကိုရအောင် ပွါးတဲ့ သမာဓိကို မြတ်စွာဘုရားက ဆက်ဟောပါတယ်။

> ဣဓ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိ သုခံ ပထမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဒါ တနည်း။
>
> ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဒါ တနည်း။
>
> ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ

http://www.dhammadownload.com

ဥပေက္ခကော သတိမာ သုခဝိဟာရီတိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဒါက တနည်း။

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ-ဒေါမနဿာနံ အတ္ထင်္ဂမာ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပ-သမ္ပဇ္ဇ ဝိဟရတိ။ အယံ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟု-လီကတာ ဒိဋ္ဌဓမ္မ သုခဝိဟာရာယ သံဝတ္တတိ။ ပ။ ဒါ ပါဠိတော် အကုန်လုံး ရွတ်လိုက်တယ်။ ဘာပြောလဲ ဒီပါဠိတော်က—

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာတွေကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော ကုလပုတ္တ အမျိုးကောင်းသား သမီးသည်။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းကွာဆိတ်သုဉ်းချိန်သာလျှင်။ (အဲဒီ ပုဂ္ဂိုလ်မှာ ဝတ္ထုကာမကုဏ်-ကိလေသာ ကာမကုဏ်ကိုလဲ အာရုံမပြုဘူး)။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်ဖြစ်သော လောဘဒေါသ မောဟတို့မှ။ ဝိဝိစ္စေဝ၊ ကင်းကွာ ဆိတ်သုဉ်းချိန်သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွသော။ သဝိစာရံ၊ ဝိစာရနှင့်တကွသော။ ပီတိသုခံ၊ နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော။ ဝိဝေကဇံ၊ နီဝရဏတရားတွေ ကင်းခြင်းကြောင့် ဖြစ်သော။ပီ တိသုခံ၊ နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော။ ပထမံ ဈာနံ၊ ပထမ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေလေတော့၏။

ဈာန်ခေါ်ပုံနှင့် ဈာန် ၂-မျိုး။ ။ဈာန်ဆိုတာ-ဘာလဲ။ ဘုန်းကြီးတို့ ပရိသတ်နားလယ်နေတာက ဈာန်ဆိုရင် ကောင်းကင်ကို ပျံတာချည်းဘဲလို့ အောက်မေ့နေကြတယ်၊ မဟုတ်ဘူး။ **ဈာန်က-အာရုံမှုပဈာန်၊ လက္ခဏူပဈာန် ၂-မျိုး ရှိတယ်။** မှတ်ထား။ **အာရုံမှုပဈာန်** ဆိုတာ-ပထဝီကသိုဏ်း စသော အာရုံကို ရှုနေတာကို အာရုံမှုပဈာန်လို့ ခေါ်တယ်။ ဟောဒီ ယပ်တောင်ကလေးကို ရှုနေရင် ယပ်တောင်ကလေးကို ကြည့်ပြီးတော့ တစိမ့်စိမ့် စိုက်ပြီးတော့ ရှုနေတာကို ဈာန်လို့ခေါ်တယ်။ ဒါ အာရုံမှုပဈာန်။

လက္ခဏူပဈာန် ဆိုတာက-စောစောပိုင်းက ဘုန်းကြီးပြပေးခဲ့တဲ့ သခ်ါယလောကသို့ ပရော ပရာနိ တုန်းက ပြောပေးခဲ့တဲ့ ခန္ဓာငါးပါး အာယတန-၁၂ ပါးကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနေနဲ့ တစိမ့်စိမ့်ရှုနေတာကို **လက္ခဏူပဈာန်လို့ခေါ်**တယ်။ ဒီတော့ ဈာန်ဆိုတာ ဘာလဲ၊ ရှုတာ၊ ဟုတ်လား၊ (မှန်ပါဘုရား)။ ရှုနေတာကို ဘုန်းကြီးတို့ ပရိသတ် ရသလား၊ မရဘူးလား။ (ရပါတယ်ဘုရား)။ ရှုမှုကို ရနေတဲ့ ပုဂ္ဂိုလ်သည် ဘာ ရနေတာလဲ (ဈာန်ရနေပါတယ်ဘုရား)။

http://www.dhammadownload.com

ဈာန်နှင့် အဘိညာဉ် ရှင်းပြချက်။　။ဈာန်ရနေတာဘဲ၊ ဘုန်းကြီးတို့ ပရိသတ်ထင်နေတာက ဈာန်ရရင် ကောင်းကင်ပျံရတော့မလား အောက်မေ့နေတယ်။ ဒီ ဈာန်က ကောင်းကင် မပျံနိုင်ဘူး၊ ကောင်းကင် ပျံတယ် ဆိုတာ အဘိညာဏ်မှ ကောင်းကင် ပျံနိုင်တယ်၊ ကဲ ဒါရှိပစေ၊ အဲဒီ ပထမဈာန် ထူထောင်တဲ့ ပုဂ္ဂိုလ်က ဘယ်လိုလဲလို့ ဆိုတော့ ဝတ္ထုအာရုံ ကာမဂုဏ်ဆိုတဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ဝတ္ထုအာရုံ ကာမဂုဏ်၊ နောက်ပြီးတော့ ဆန္ဒ ရာဂ ဆိုတဲ့ ကိလေသာ ကာမဂုဏ်တွေကို နှလုံးမသွင်းရဘူး၊ ဒီတော့ ဘယ်လို လုပ်ရလဲ—သူ။

ဆိုပါတော့ ပထဝီကသိုဏ်း သမထဈာန်၊ အာနာပါနလဲ သမထဈာန် ဖြစ်တယ်နော်။ ကဲ အာနာပါနဘဲ ပြောကြပါစို့၊ အာနာပါနကို လုပ်နေကျ၊ အဲဒီ အာနာပါနက ထွက်သွားတဲ့ လေ– ဝင်လာတဲ့ လေ၊ လေကိုချည်း အာရုံပြုပြီးတော့ နေကြတယ်၊ ထွက်တဲ့ လေ– ဝင်တဲ့လေ၊ သူ့ကိုချည်း အာရုံပြုပြီးတော့ တစိမ့်စိမ့် စိုက်ပြီးတော့ ရှုတယ်၊ အဲဒါ ဈာန်၊ ရှုနေရင်း အဲဒီ ဈာန်ဟာ ဘာတွေ့ ပေါ်လာသလဲ ဆိုတော့ ထွက်တဲ့လေ ဝင်တဲ့လေကို ရှုနေတဲ့အခါမှာ ထွက်လေ ဝင်လေ လေးက မုန်းစရာလား ချစ်စရာလား (မုန်းစရာလဲ မဟုတ်-ချစ်စရာလဲ မဟုတ်ပါဘုရား)၊ ပြီးတော့ မုန်းစရာမဟုတ်တော့ ထွက်လေ ဝင်လေကို မုန်းသေးလား (မမုန်းပါဘုရား)၊ ချစ်စရာ မဟုတ်တော့ ထွက်လေ ဝင်လေကော ချစ်သေးရဲ့လား (မချစ်ပါဘုရား)။

ချစ်ခြင်း မုန်းခြင်းရဲ့ တရားကိုယ်များ။　။ချစ်တယ် ဆိုတာ တရားကိုကော်တော့ လောဘ၊ မုန်းတယ် ဆိုတာ ဒေါသ၊ ထွက်လေ ဝင်လေကို လေလို့ သိနေတာဟာ အမှန် သိနေတာလား၊ အမှား သိနေတာလား (အမှန်ကို သိနေပါတယ်ဘုရား)၊ အမှန်ကို သိနေတဲ့အခါမှာတော့ဖြင့် မောဟ ဆိုတဲ့ တရားက ဒီမှာ ကင်းမနေဘူးလား (ကင်းနေပါတယ်ဘုရား)၊ အကုသိုလ် မူလကြီးဖြစ်တဲ့ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ ထွက်လေ ဝင်လေကလေးကို ရှုနေတဲ့အခါ အဲဒီ အကုသိုလ် မူလကြီး သုံးခု ဆိတ်နေသလား ဆိတ်မနေဘူးလား (ဆိတ်နေပါတယ် ဘုရား၊) "ဆိတ်တယ်" ဆိုတာ ကွာနေတာ မရှိဘူး၊ အဲဒါကို ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-လို့ ပါဠိတော်က ဟောထားတာ ဟုတ်လား (မှန်ပါဘုရား)။

ပြီးတော့ ထွက်လေ ဝင်လေ လေးကို ရှုနေတဲ့အခါ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားကို အလိုရှိတယ်၊ ခံစားချင်တယ်ဆိုတဲ့ စိတ်တွေ့ ပေါ်သေးလား (မပေါ်တော့ပါဘုရား)၊ ဝိဝိစ္စဝ ကာမေဟိ ဆိုတာ အဲဒီ ကာမဂုဏ်တွေကော ကာမဂုဏ် အာရုံတွေကော့ ဆိတ်သုဉ်းနေတယ်တဲ့၊ အဲဒီ အချိန်မှာ အဲဒီ ထွက်လေ ဝင်လေကို နှလုံးသွင်းနေတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ဟာ အကုသိုလ်မူလကြီး သုံးခုလဲ ဆိတ်သုဉ်းနေတယ်၊ ကာမဂုဏ် အာရုံတွေလဲ ဆိတ်သုဉ်းနေတယ်၊ ဒါကို ဝိဝိစ္စဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-လို့ ခေါ်တယ်၊ ဒီတော့ ဝိတက်က ဘာလဲဆိုတော့ မိမိစိတ်ကို ထွက်လေ ဝင်လေလေး အပေါ်ရောက်အောင် တင်ပေးသလား၊ တင်မပေးဘူးလား (တင်ပေးပါတယ်ဘုရား)၊ ဘယ်သူက တင်တင် ပေးနေတာလဲ (ဝိတက်ကပါ ဘုရား)၊ဝိတက်က တင်ပေးနေတာ၊ ဝိတက် စေတသိက် ဆိုတာ ဘာလဲ–အာရုံကို ကြံစည်တယ်၊ ဘုန်းကြီးတို့ ဒီလို ပြောထားတယ်၊ သူ့လုပ်ငန်းက ဘာလဲ။

ဝိတက် ဝိစာရ၏ သဘောလက္ခဏာများ။။ ။အဘိနိရောပန လက္ခဏော-အာရုံပေါ်ကို တင် တင်ပေးနေတဲ့ လုပ်ငန်းကို သူက လုပ်နေတယ်၊ ဝိတက် စေတသိက် လုပ်နေတဲ့ လုပ်ငန်းက ဘာတွေ လုပ်သလဲ (အာရုံပေါ်ကို တင် တင် ပေးနေတဲ့ လုပ်ငန်းကို လုပ်နေပါတယ် ဘုရား)၊ ဘာသူကို တင်ပေး နေတာလဲ စိတ်ကို၊ ဒီအာရုံပေါ် တင်ပေး ထားတာ ဘယ်သူက တင်ပေးသလဲ– ဝိတက်-က။ အာရုံပေါ် ဒီစိတ်ကလေး ရောက်လာတဲ့ အခါကျတော့ ထွက်လေ ဝင်လေကို အမျိုးမျိုး သုံးသပ် ဆင်ခြင်ပြီးတော့ နေတယ်၊ ထွက်လေ ဝင်လေကို ရှုနေတယ် သုံးသပ်နေတယ်၊ ဆင်ခြင်နေတယ်ဆိုတာ ဘယ်လိုနေသလဲ၊ သူဟာ ဘယ်လိုလဲ အလုံးလား-အရှည်လား အပြားလား စသည်ဖြင့် သူက ဆင်ခြင် စဉ်းစားပြီးတော့ ရှုနေတာကို ဝိစာရလို့ ခေါ်တယ်၊ ဝိစရဏ လက္ခဏာ၊ စိစစ်တယ် ဝေဖန်တယ် ဆိုတာ ဝိစာရ၊ ဝိစာရ စေတသိက် သူ့လုပ်ငန်း၊ ဝိတက် ဝိစာရ ၂-ခု မရဘူးလား (ရပါတယ် ဘုရား)။

နိဝရဏ ၅-ပါး။။ ။ဝိတက် ဝိစာရလို့ ၂-ခု ရပြီးတဲ့နောက် အဲဒီ ပုဂ္ဂိုလ်မှာ အာရုံ ကာမဂုဏ် တည်းဟူသော ကာမစ္ဆန္ဒ=ကာမဂုဏ်ကို လိုချင်တဲ့ဆန္ဒတွေ၊ ဗျာပါဒ=စိတ် ဆိုးတယ် ဆိုတဲ့ သဘောတွေ၊ ထိနမိဒ္ဓ=အိပ်ချင် ငိုက်မျဉ်းတယ် ဆိုတဲ့ သဘောတွေ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ=ဆိုတဲ့ စိတ်ပျံလွင့်နေတာတွေ ပူပန်နေတာတွေ၊ဝိစိကိစ္ဆာ=ဟုတ်မှ ဟုတ်ပါ့မလားလို့ စဉ်းစားနေတာတွေ၊ ဒီငါးမျိုး ကင်းနေမလား ကင်းမနေဘူးလား (ကင်းနေပါတယ် ဘုရား)၊ ဒါ နီဝရဏ ၅-မျိုးလို့ ခေါ်တယ်၊ ပထမစျာန်ရဲ့ ပယ်ရမဲ့ အင်္ဂါ ငါးပါး နော်၊ (မှန်ပါ ဘုရား)၊ အဲဒီ နီဝရဏ ငါးပါး ကင်းနေတဲ့ စိတ်ဟာ ချမ်းသာ နေသလား ချမ်းသာမနေဘူးလား (ချမ်းသာ နေပါတယ် ဘုရား)။

ဘာဖြစ်လို့ ချမ်းသာနေသလဲဆိုတော့ အဲဒီ အာရုံကလေးတခုထဲကိုဘဲ သူက သိပ်ပြီးတော့ နှစ်သက်ပြီးတော့ ဖျဉ်းကနဲ သူက ဖြစ်လာတယ်၊ ဖျဉ်းကနဲ ဖျဉ်းကနဲ ကြွကနဲ–ကြွကနဲ နဲ့ သူက အဲဒီလို ဖြစ်လာခဲ့ပြီးတော့ အေးပြီးတော့ အဲဒီ အာရုံကလေးကို နှစ်သက်ပြီးတော့ သူက သိပ်ကို နေလို့ကောင်းနေတယ်

http://www.dhammadownload.com

စိတ်သက်သာခွင့် ရတယ်၊ ချမ်းသာရာရတယ်၊ တည်ကြည်မှုရတယ်၊ အဲဒါကို ပါဠိလို ပြောလိုက်တော့ ဝိတက် ဝိစာရ ပီတိ သုခ ကေဂ္ဂတာလို့ စျာန် အင်္ဂါ ငါးပါးဖြစ်တယ်၊ ဟုတ်လား။ (မှန်ပါဘုရား)၊ ခုချမ်းသာသလား၊ နောင် ဘဝမှာ ချမ်းသာ သလား။ (ခု ချမ်းသာပါတယ်ဘုရား)၊ အဲဒါ ဒိဋ္ဌမမွသုခဝိဟာရ ချမ်းသာကို ရအောင် ထူထောင်တဲ့ သမာဓိ ဘာဝနာမျိုးတဲ့ မြတ်စွာဘုရားက။

စျာန်တက်ပုံအစီအစဉ်။ ။ဒါ ပထမစျာန်နော်၊ ဒုတိယစျာန် သွားတော့၊ ဝိတက်နဲ့ဝိစာရကို ပယ်ပစ်ခဲ့။ ပီတိနဲ့သုခလို့ခေါ်တဲ့ နှစ်သက်မှု ချမ်းသာမှုကလေးကို ခံစားဘို့အတွက် ပထမ စျာန်တုန်း ကတော့ မကြုံစည် မစဉ်းစားရဘူးလား၊ (ရပါတယ်ဘုရား)၊ ဒုတိယစျာန်ကျတော့ ကြုံစည်စရာလဲ မလိုတော့ဘူး၊ စဉ်းစားစရာလဲ မလိုတော့ဘူး။ ကြုံစည်ရတယ်ဆို တာ မပင်ပန်းဘူးလား၊ (ပင်ပန်းပါတယ်ဘုရား)၊စဉ်းစားရတယ် ဆိုတာကော၊ (ပင်ပန်းပါတယ်ဘုရား)၊ ဘာမှ မကြုံစည် မစဉ်းစားဘဲနဲ့ နှစ်သက်တယ်၊ ချမ်းသာတယ်ဆိုတဲ့ သဘောကို ခံစားနေရရင် ပိုမကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဒုတိယစျာန်ကျတော့ အင္ဂါတွဲ သမ္မသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ဒုတိယံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

အင္ဂါတွဲ၊ မိမိ၏ သန္တာန်၌။ စေတသော၊ စိတ်၏။ ဝါ၊ စိတ်ကို။ သမ္မသာဒနံ၊ ကြည်လင်စေတတ်သော။ စေတသော၊ စိတ်၏။ **ဧကောဒိဘာဝံ**၊ တခုတည်း သော အာရုံ၌ မြတ်သော တည်ကြည်ခြင်းဟု ဆိုအပ်သော။ **သမာဓိဇံ**၊ ပထမစျာန် သမာဓိကြောင့် ဖြစ်ပေါ် ရှိလာသော။ **အဝိတက္ကံ**၊ ကြုံစည်လဲ မကြုံစည်ရသော။ **အဝိစာရံ**၊ သုံးသပ်လဲ မသုံးသပ် မဆင်ခြင် မစဉ်းစားရသော။ ပီတိသုခံ၊ နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော။ ဒုတိယံ စျာနံ၊ ဒုတိယစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေရလေတော့၏။

မျက်မှောက်ချမ်းသာခံစားနေရပုံ။ ။စဉ်းလဲ မစဉ်းစားရဘဲနဲ့ ကြုံလဲ မကြုံစည်ရဘဲနဲ့ နှစ်သက်မှု ချမ်းသာမှု ဆိုတော့ ပိုပြီးတော့ သက်သာ မသွားဘူးလား။ (သက်သာ ပါတယ်ဘုရား)၊ဘယ်လောက် ချမ်းသာလဲလို့၊ ဒါ ဒိဋ္ဌမမွ သုခ ဝိဟာရ ချမ်းသာနော်။ (မှန်ပါဘုရား)၊ပြီးတော့ ဘာလဲ ပီတိယ၊ နှစ်သက်တယ် ဆိုတဲ့ ပီတိကို။ ဝိရာဂါ၊ စက်ဆုပ်ခြင်းကြောင့်။ (ဒီလောက် နှစ်သက်နေတဲ့ ပီတိကို ဘယ်လိုလုပ်ပြီး မုန်းရမှာလဲ)။

ပါဠိတော်က ပြောထားတယ်။ ပီတိယာ ဝိရာဂါ၊ ပီတိကို စက်ဆုပ်တယ် ဆိုတာ ဘယ်လိုလဲ။ သူအကြောင်းက ဒီလို။ ပီတိဆိုတာ နှစ်သက်တယ်၊ နှစ်

http://www.dhammadownload.com

သက်တယ်ဆိုတာ ချစ်တာနဲ့ တွဲနေသလား၊ တွဲမနေဘူးလား။ (တွဲနေပါတယ်ဘုရား)၊ ဩော် လောဘဆိုတာ ရှိနေပါလား။ ဆန္ဒ၊ အဲဒီ အလိုရှိနေတဲ့ သဘောကလေးနဲ့ကော သွားတွဲမနေဘူးလား။ (တွဲနေပါတယ်ဘုရား)၊ ဒီတော့ ဆန္ဒတို့ လောဘတို့ဆိုတဲ့ အကုသိုလ်တရားကြီးနဲ့ နီးတယ်။ လောဘသည် ဘယ်သူနဲ့ သွားနီးသလဲ။ ကာမဂုဏ်နဲ့ သွားပြီးတော့ ဆက်စပ်တယ်။ ရူပါရုံ ကာမဂုဏ် အာရုံတွေ သဒ္ဒါရုံ ကာမဂုဏ်စတဲ့ အာရုံတွေဝင်လာရင် ဒီချမ်းသာ ရဦးမလား။ (မရတော့ပါ ဘုရား)၊ အဲဒီတော့ ပီတိကို သူက စက်ဆုပ်ပြီးတော့ သူက ပီတိကို ဝိရာဂပြုပြီး ခွါတယ်။ ဥပေက္ခာကော စ ဝိဟရတိ၊ လျစ်လျူရှုပြီးတော့ ပီတိကို ဥပေက္ခာပြုပြီးတော့ ထားတယ်။ သူကို သိပ်ပြီးတော့ နှစ်သက်တယ်လဲ မဟုတ်ဘူး၊ မနှစ်သက်တယ်လဲ မဟုတ်ဘူး။ ပီတိက သူဟာသူ နှစ်သက်နေတာကွာဆိုပြီး သူကို ဥပေက္ခာပြုလိုက်တာဘဲ။

သတော စ သမ္မဇာနော၊ သတိနဲ့ ပညာနဲ့ သူက ဆင်ခြင်နေတယ်၊ ဟုတ်လား။ (မှန်ပါဘုရား)၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ။

ချမ်းသာကို နာမကာယဖြင့်ခံစားပုံ။ ။သုခဉ္စ၊ ကာယိကသုခန့်ငှ် စေတသိကသုခကိုလည်း။ ကာယေန၊ နာမကာယအားဖြင့်။ ပဋိသံဝေဒေတိ၊ ခံစားရှိနေ၏။ သုခဆိုတဲ့ ချမ်းသာကို နာမကာယသက်သက်ချည်း ခံစားနေတယ်၊ ကိုယ်မပါဘူး။ ကာယိကသုခနဲ့ စေတသိကသုခကို နာမကာယနဲ့ ခံစားနေတယ်ဆိုတာ စိတ်နဲ့ ခံစားနေတယ်လို့ ဆိုတယ်။ ဟုတ်လား။ (မှန်ပါဘုရား)။

ဥပေက္ခကော သတိမာ သုခ ဝိဟာရီတိ ယံတံ အရိယာ အာစိက္ခန္တိ။ယံ=ယေန ကာရဏေန၊အကြင်တတိယစျာန် ဟူသောအကြောင်းကြောင့်။ တံ၊ ထိုတတိယစျာနသမင်္ဂီပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရား အစရှိသော အရိယာ အပေါင်း သူတော်ကောင်းတို့က။ အာစိက္ခန္တိ၊ ချီးမွမ်းကြကုန်၏။ ဥပေက္ခကော၊ တတိယစျာန်ချမ်းသာကိုပင် လျစ်လျူရှုနိုင်သော ပုဂ္ဂိုလ်ဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းကြတယ်။ သတိမာ၊ သတိရှိသောသူဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းကြတယ်။ သုခဝိဟာရီတိ၊ ချမ်းသာစွာ နေလေ့ရှိသောသူ ဟူ၍။ အာစိက္ခန္တိ၊ အရိယာပုဂ္ဂိုလ်အပေါင်းတို့ ချီးမွမ်းကြကုန်၏။ တတိယံ စျာနံ၊ တတိယစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ပထမစျာန် ဒုတိယစျာန်ထက် ပိုပြီး မချမ်းသာဘူးလား သူက (ချမ်းသာပါတယ်ဘုရား)၊ နောက်တော့ ခံစားရတယ် ဆိုတာ သည်ပင်လျှင် သူက ဆင်းရဲတာ။

http://www.dhammadownload.com

စတုတ္ထစျာန် ပယ်ပုံအခြင်းအရာ။ ။စတုတ္ထစျာန်တက်မယ်၊ စတုတ္ထစျာန်ကျတော့ ဘယ်လိုလဲ။ သုခဿ စ ပဟာနာ၊ ဒုက္ခဿ စ ပဟာနာ၊ ကာယိကသုခနဲ့ကာယိက ဒုက္ခတွေကို အကုန်ပယ်ပစ်တယ် စတုတ္ထစျာန်စိတ်က။ ပယ်တယ်ဆိုတာ ဘယ်သူက ပယ်သလဲ။ အဲဒီ စတုတ္ထစျာန်စိတ်မှာပါတဲ့ ပညိန္ဒြေစေတသိက်က ပယ်တာ၊ ဒီပြင်စိတ်က ပယ်တာ မဟုတ်ဘူး၊ စတုတ္ထစျာန်စိတ်ထဲမှာ ပညိန္ဒြေစေတသိက် မပါဘူးလား (ပါပါတယ်ဘုရား)၊ ဒီ စျာန်မှာ စေတသိက် ၃၂-ပါးရှိတယ်။ ဗာတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ-သင်္ဂြိဟ်က ပြောထားတယ်။ အဲဒီ-အထဲမှာ ပညိန္ဒြေစေတသိက် မပါဘူးလား (ပါပါတယ်ဘုရား)၊ ခုနတုန်းကပြောတဲ့ ဆင်းရဲမှုတွေကို ပယ်ပယ်ပစ်တယ်၊ ဘယ်သူက ပယ်သလဲ (ပညိန္ဒြေစေတသိက်ပါဘုရား)။

စျာန်က ပယ်ပစ်တာ မဟုတ်ဘူး။ စျာန်စိတ်နဲ့ ယှဉ်နေတဲ့ အဲဒီ-ပညိန္ဒြေစေတသိက်က ပယ်ပစ်နေတယ်။ ဘာပယ်နေတာလဲ သုခကို ပယ်တယ်၊ ဒုက္ခကို ပယ်တယ်၊ ကာယိကသုခနဲ့ ကာယိကဒုက္ခကို ပယ်ပစ်တယ်။ ဒီတော့ ဘယ်လို ဖြစ်နေသလဲဆိုတော့ ဒီတရားအားထုတ်နေတဲ့ပုဂ္ဂိုလ်မှာ ချမ်းသာတာလဲမရှိဘူး၊ ဆင်းရဲတာလဲ မရှိဘူး။ ခံသာတာလဲ မရှိဘူး၊ မခံသာတာလဲ မရှိဘူး။ အဲဒီ ခံသာမှု မခံသာမှု မရှိနေတာကို ကာယိကဒုက္ခဝေဒနာနဲ့ ကာယိကသုခဝေဒနာ ချုပ်တယ်လို့ ဒီလိုပြောတယ်။

မျက်မှောက်ချမ်းသာ ထူထောင်နေပုံ။ ။အဲဒီ-ကာယိကဒုက္ခဝေဒနာနဲ့ ကာယိကသုခဝေဒနာဟာ ဘယ်နေရာမှာ ချုပ်သလဲဆိုတော့ ဘယ်မှာမှ မချုပ်ဘူး၊ စတုတ္ထစျာန်မှာ ချုပ်တာ။ ပါဠိတော်က ဒါ အရေးကြီးတယ်။ ဘုန်းကြီးတို့ပရိသတ် တရားအားထုတ်တဲ့နေရာမှာ (မှန်ပါဘုရား)၊ သုခဿ စ ပဟာနာ၊ ဒုက္ခဿ စ ပဟာနာ၊ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ။

ပုဗ္ဗေဝ၊ စတုတ္ထစျာန်ရဲ့ ဥပစာရဇ္ဈာန်သာလျှင်။ သောမနဿ ဒေါမနဿာနံ၊ သောမနဿဝေဒနာ ဒေါမနဿဝေဒနာလို့ခေါ်တဲ့ တရားတွေကို။ အတ္ထင်္ဂမာ၊ ချုပ်၍နေခြင်းကြောင့်။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ တတြမဇ္ဈတ္တုပေက္ခာဆိုတဲ့ သဘောတရားသည် စင်ကြယ်စေအပ်သော။ စတုတ္ထံ စျာနံ၊ စတုတ္ထစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရတိ၊ နေ၏။

ကာယိကဒုက္ခ စေတသိက ဒုက္ခ၊ ကာယိကသုခ စေတသိကသုခတွေ မရှိဘဲနဲ့ ချမ်းသာနေတဲ့ ချမ်းသာတဲ့၊ ဒါ ဒိဋ္ဌဓမ္မသုခဝိဟာရချမ်းသာထူထောင်နည်း။

နောက် သမာဓိထူထောင်နည်း တခုက ဘာတဲ့လဲ။

http://www.dhammadownload.com

ကတမာ စ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ။ ဣမေ ဘိက္ခဝေ ဘိက္ခူ အာလောကသညံ မနသိကရောတိ၊ ဒိဝါသညံ အဓိဋ္ဌာတိ၊ ယထာ ဒိဝါ တထာ ရတ္တိံ၊ ယထာ ရတ္တိံ တထာ ဒိဝါ၊ ဣတိ ဝိဝဋေန စေတသာ အပရိယောနဒ္ဓေန သပ္ပဘာသံ စိတ္တံ ဘာဝေတိ၊ အယံ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ[၁]။

အဲဒီ ဥစ္စာက ဘာပြောသလဲဆိုတော့—

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာ၊ အဘယ်မည်သော။ သမာဓိဘာဝနာ၊ သမာဓိထူထောင်ခြင်းမျိုးကို။ ဘာဝိတာ၊ ဖြစ်စေအပ်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်သည်ရှိသော်။ ဉာဏဒဿနပ္ပဋိလာဘာယ၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်သနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာလောကသညံ၊ အလင်းရောင်ဟူသော အမှတ်သညာကို။ မနသိကရောတိ၊ နှလုံးသွင်း၍ထား၏။ ဒိဝါသညံ၊ နေ့ဟူသော အမှတ်သညာကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၍ထား၏။ ဒိဝါ၊ နေ့အခါ၌။ အာလောကသညံ၊ အလင်းရောင်ဟူသော အမှတ်သညာကို။ မနသိကရောတိ ယထာ၊ နှလုံးသွင်းသကဲ့သို့။ ရတ္တိံ၊ ည၌အခါ၌။ အာလောကသညံ၊ အရောင်အလင်းဟူသော အမှတ်သညာကို။ မနသိကရောတိ၊ နှလုံးသွင်း၍ ထားပေတော့၏။ ရတ္တိံ၊ ည၌အခါ၌။ အာလောကသညံ၊ အရောင်အလင်းဟူသော အမှတ်သညာကို။ မနသိကရောတိ ယထာ၊ နှလုံးသွင်းသကဲ့သို့။ တထာ၊ ထို့အတူ။ ဒိဝါ၊ နေ့အခါ၌။ အာလောကသညံ၊ အရောင်အလင်းဟူသော အမှတ်သညာကို။ မနသိကရောတိ၊ နှလုံးသွင်း၍ ထား၏။

ဣတိ၊ ဤသို့။ ဝိဝဋေန၊ ထိနမိဒ္ဓသည် မမှေးယှက်သည်ဖြစ်၍ ပွင့်လင်း၍နေသော။ အပရိယောနဒ္ဓေန၊ ထိနမိဒ္ဓသည် မမှေးယှက်အပ်သော။ စေတသာ၊ စိတ်ဖြင့်။ သပ္ပဘာသံ၊ ဒိဗ္ဗစက္ခုဉာဏ်ရောင် အလင်းတည်းဟူသော အရောင်အလင်းနှင့်တကွသော။ စိတ္တံ၊ စိတ်ကို။ ဘာဝေတိ၊ ဖြစ်စေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ဖြစ်အပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်သော။ အယံ သမာဓိဘာဝနာ၊ ဤသမာဓိဘာဝနာသည်။ ဉာဏဒဿနပ္ပဋိလာဘာယ၊ ဒိဗ္ဗစက္ခုဉာဏ်ဆိုတဲ့ အမြင်အကြားကို ရခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်တော့၏။

၁။ အင်္ဂုတ္တိုရ် ပါဠိတော်၊ ပ-တွဲ၊ နှာ-၃၅၄။

http://www.dhammadownload.com

ဒိဗ္ဗစက္ခုဉာဏ် ထင်လာပုံ။ ။ဘယ်လိုလဲ သူက–နေ့လဲ မအိပ်ဘူး၊ ညလဲ **မအိပ်** ဘူး၊ ဟုတ်လား (**မှန်ပါဘုရား**)၊ နေ့ခင်းလဲဘဲ ဟောဒီ့အထောင်အလင်းကြီးကိုဘဲ သူကြည့်နေတယ် သူအားထုတ်နေတဲ့ သမာဓိ ဘာဝနာက၊ ညကျတော့လဲ မအိပ်ဘူး၊ နေ့ခင်းက ယူထားတဲ့ အလင်းထောင် အတိုင်းဘဲ၊ အဲဒီ အလင်းထောင်နဲ့ဘဲ သူနေတယ်၊ နေ့ခင်းလဲဘဲ အဲဒီ **အလင်း** ထောင်နဲ့ နေတယ် ဆိုတော့ ထိနမိဒ္ဓတွေ မပါဘဲနဲ့ ညရော နေ့ရော အိပ်ကို **မအိပ်** ဘူး၊ သမာဓိဘာဝနာကို အားထုတ်နေတယ်၊ အဲသလို အားထုတ်တဲ့ **အခါမှာ** ဉာဏဒဿန ခေါ်တဲ့ ဒိဗ္ဗစက္ခုဉာဏ် အမြင်ကို ရလာတယ်၊ ဉာဏဒဿန**ဖွင့်**-လာဘ ဆိုတာ ဘယ်ဉာဏ်ကို ပြောတာလဲ ဆိုတော့ ဒိဗ္ဗစက္ခုဉာဏ်၊ သပ္ပဘာသ ဆိုတာ ဒီလိုအလင်းထောင်ကို ပြောတာ မဟုတ်ဘူးတဲ့၊ ဒိဗ္ဗစက္ခုဉာဏ် **အလင်း** ထောင်ကိုရအောင် **အား**ထုတ်နေတာတဲ့၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ ဉာဏ-ဒဿန ပဋိလာဘာယ။

> ကတမာ စ ဘိက္ခဝေ သမာဓိ ဘာဝနာ ဘာဝိတာ ဗဟုလီကတာ သတိသမ္ပဇညာယ သံဝတ္တတိ။

သတိနဲ့ သမ္ပဇဉ် ပွါးများဘို့ရန်အတွက် အားထုတ်တဲ့ သမာဓိဘာဝနာမျိုးက ဘယ်လိုလဲ ဆိုတော့—

> ဣဓ ဘိက္ခဝေ ဘိက္ခုနော ဝိဒိတာ ဝေဒနာ ဥပ္ပဇ္ဇန္တိ၊ ဝိဒိတာ **ဥပ**ဋ္ဌ-ဟန္တိ၊ ဝိဒိတာ အတ္ထတ္ထံ ဂစ္ဆန္တိ၊ အယံ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ **သတိသမ္ပဇညာယ** သံဝတ္တတိ[1]။

သတိပညာအတွက် သမာဓိ ထူထောင်နည်း ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခုနော၊ ရဟန်းအား။ ဝိဒိတာ၊ ထင်ရှား ကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ **ဥပ္ပဇ္ဇန္တိ**၊ ဖြစ်ပေါ်၍ လာကုန်၏။ (ကာယိကဝေဒနာတွေ) ဝိဒိတာ၊ ထင်ရှားကုန်သော ဝေဒနာတို့သည်။ ဥပဋ္ဌဟန္တိ၊ ဉာဏ်ထဲမှာ ထင်ရှား၍ လာကုန်၏။ ဝိဒိတာ၊ ထင်ရှားကုန်သော ဝေဒနာတို့သည်။ အတ္ထတ္ထံ၊ ချုပ်၍ ကုန်သွားခြင်းသို့။ **ဂစ္ဆန္တိ**၊ ရောက်ကြကုန်၏ **ချုပ်ကုန်ကြကုန်၏**။ (ကာယိကဝေဒနာတွေ အကုန်ချုပ်ကုန်တယ်)။ အဲဒီလို ချုပ်ကုန်တဲ့အခါမှာ ဒီ ရဟန်းရဲ့ စိတ်ထဲ ဘယ်နဲ့နေသလဲ ဆိုတော့ ဩဝ် ဝေဒနာတွေ ထင်ရှားလာစေတဲ့ သတိ၊ ဒီ ဝေဒနာတွေ ဒီလို ဖြစ်ပြီးတော့ ဒီလို ချုပ်ဆုံးသွားကြတယ်လို့ သိနေတဲ့ ပညာဆိုပြီး သတိနဲ့ ပညာ ထင်ရှားလာတယ်။

အဲဒါ သတိနဲ့ ပညာ ထင်ရှားအောင်လုပ်တဲ့ သမာဓိ ထူထောင်နည်း

၁။ အင်္ဂုတ္တိဠ်ပါဠိတော်၊ ပ-တွဲ၊ နှာ-၃၅၄။

http://www.dhammadownload.com

မျိုးတဲ့၊ ကိုယ် ဘယ်နေရာ ရောက်နေတယ် ဆိုတာ ဘုန်းကြီးတို့ ပရိသတ်ကြည့်။ ဟော နောက်တခုက ဘာတဲ့လဲ—

ကတမာ စ ဘိက္ခဝေ သမာဓိ ဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံ ခယာယ သံဝတ္တတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘာဝိတာ၊ ဖြစ်စေအပ်သော။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာပြုအပ်သော။ ကတမာ၊ အဘယ်မည်သော။ သမာဓိဘာဝနာ၊ သမာဓိကို အားထုတ်ခြင်းသည်။ အာသဝါနံ ခယဉာဏာယ၊ အာသဝက္ခယဉာဏ်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်လေတော့သနည်း။

ဣဓ ဘိက္ခဝေ ဘိက္ခု ပဋ္ဌသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟရတိ။ "ဣတိ ရူပံ၊ဣတိ ရူပဿ သမုဒယော၊ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော။ ဣတိ သခ်ါရာ၊ ဣတိ သခ်ါရာနံ သမုဒယော၊ ဣတိ သခ်ါရာနံ အတ္ထင်္ဂမော။ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော"တိ။ အယံ ဘိက္ခဝေ သမာဓိဘာဝနာ ဘာဝိတာ ဗဟုလီကတာ အာသဝါနံ ခယာယ သံဝတ္တတိ[၁]။

အာသဝက္ခယဉာဏ် ထင်လာပုံ အာသဝက္ခယဉာဏ်ကို ရအောင် သမာဓိ ဘာဝနာကို ထူထောင်တယ် ဆိုတာတဲ့။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်မှာ မြတ်စွာဘုရား ဟောထားတဲ့ ဣတိ ရူပံ၊ နှာခေါင်းထဲက ထွက်တဲ့လေ၊ နှာခေါင်းထဲ ဝင်တဲ့ လေဟာ ရုပ်။ မြင်တာ ရုပ် ကြားတာ ရုပ် နံတာရုပ် ထိတာရုပ် ကွေးတာရုပ် ဆန့်တာရုပ် မတ်တတ်ရပ်တာ ရုပ်၊ သွားတာ ထိုင်တာ အိပ်တာ ရုပ်တွေပါဘဲ။

တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသခ်ပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။ ဝိဘင်းပါဋ္ဌိတော် နှာ-၁-က အားလုံးပေါင်းရင် အဲဒါ ဘာတွေလဲ။ ရူပက္ခန္ဓာ၊ ဩော် တာဟာ ရုပ်ဘဲလို့ သိတယ်၊ ရုပ်ဘဲလို့ သိအောင် လုပ်တယ်။

ဣတိ ရူပဿ သမုဒယော။ ဣတိ၊ ဤ သဘောတရားသည်ကား။ ရူပဿ၊ ရုပ်တရား၏။ သမုဒယော၊ ဖြစ်ခြင်းပေတည်း။ ဖြစ်တာကိုသိတယ် ရုပ်ကို သိရမယ်။ ရုပ်ဖြစ်တာကို သိရမယ်။

ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ၊ဤသဘောတရားကား။ရူပဿ ရုပ်တရား၏။ အတ္ထင်္ဂမော၊ ပျက်စီး၍ ပျောက်ခြင်းပေတည်း။ ကုန်ခြင်းပျောက်ခြင်းပေတည်း။

၁။ အင်္ဂုတ္တိုရ်ပါဋ္ဌိတော်၊ ပ-တွဲ၊ နှာ-၃၅၄။

http://www.dhammadownload.com

ရူပ်ကိုသိ၊ ရူပ်ဖြစ်တာကိုသိ၊ ရူပ်ကုန်သွားတာ ပျောက်သွားတာကို သိ။ အဲဒီ သုံးမျိုးကို သိနေရင် ဝေဒနာလဲ ထို့အတူဘဲ၊ ဝေဒနာကို သိ၊ ဝေဒနာ ဖြစ်လာတာကို သိ၊ ဝေဒနာ ပျောက်သွားတာကို သိ။

ဣတိ ဝေဒနာ၊ သြော်-ဒီ သဘောကလေးဟာ ဝေဒနာဘဲ။ ဘာဝေဒနာလဲ ဝေဒနာဆိုတာ ဘယ်မှာလဲ မျက်လုံးနဲ့ ရူပါရုံ တခုခုကို မြင်လိုက်ရင် ဒီ ရူပါရုံကလေးကို ကိုယ်က နှစ်သက်လို့ရှိရင် ဒါ သုခဝေဒနာဘဲ၊ မုန်းတယ်ဆိုရင် ဒုက္ခဝေဒနာ၊ အမှတ်တမဲ့ဘဲကွယ် မြင်တော့ မြင်ခဲ့တာဘဲ ဘာမှန်းတောင် သေသေချာချာ မသိခဲ့ရဘူးဆိုရင် ဘာတဲ့လဲ၊ အဲဒါ ဥပေက္ခာဝေဒနာ။ အဲဒါ ဝေဒနာ၊ ဝေဒနာရဲ့ ဖြစ်ပုံကို ကြည့်၊ ဝေဒနာချုပ်တာကို ကြည့်၊ ဝေဒနာ ပျက်တာကို ကြည့်။

ဣတိ သညာ ဣတိ သညာယ သမုဒယော ဣတိ သညာယ အတ္ထင်္ဂမော၊ ထို့အတူဘဲ။ သတိတို့ ပညာတို့က သခါရဓာတုတွေ့၊ သတိကို သိရမယ်၊ သတိဖြစ်လာတာကို သိရမယ်၊ သတိပျက်တာကို သိရမယ်။ ဝိပဿနာပညာကို သိရမယ်၊ ဝိပဿနာပညာ ဖြစ်လာတာကို သိရမယ်၊ ဝိပဿနာပညာ ပျက်သွားတာကို သိရမယ်။ သိနေတာဆိုတဲ့ သဘောတရားကို ဝိညာဏ်လို့ သိရမယ်၊ ဝိညာဏ်ရဲ့ ဖြစ်ပုံကို သိရမယ်၊ ဝိညာဏ်ပျက်သွားတာကို သိရမယ်၊ အဲဒီလို သိအောင် ကြိုးစားပြီးတော့ ပွါးများအားထုတ်နိုင်ရင်–

ဓမ္မေသု ဓမ္မာနုပဿနာ သတိပဋ္ဌာန ဘာဝနာတိ။ ဓမ္မေသု၊ သဘောတရား တို့၌။ ဓမ္မာနုပဿနာသတိပဋ္ဌာနဘာဝနာတိ၊ ဓမ္မာနုပဿနာဉာဏ်ကို အဖန်တလဲလဲ ပွါးများအားထုတ်သူဟူ၍။ ဝုစ္စတိ၊ ဆိုရလေ၏။

အဲဒီလို ရှုရင်တဲ့ ပုဏ္ဏက သင် ရှုထားတဲ့တရားက ဒိဋ္ဌ ဓမ္မသုခ ဝိဟာရ သမာဓိ ကလေးသာ ထူထောင်ထားတာတဲ့ မြတ်စွာဘုရားက၊ ပုဏ္ဏကသုတ္တန်ကို ပြန်မယ်။ အဲဒီ ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော-ကို သင်ရှုသွားမယ် ဆိုရင် ဒီ အာသဝက္ခယ ဉာဏပဋိလာဘ=အာသဝက္ခယဉာဏ်ကို သင် ရမယ်လို့–

ဣဒဉ္ဟ မေ တံ သန္ဓာယ ဘာသိတံ ပါရာယနေ ပုဏ္ဏကပဉ္ဉေ –

သခ်ိယ လောကသို့ ပရောပရာနိ၊
ယဿိဉ္ဇိတံ နတ္ထိ ကုဟိဉ္ဇိ လောကေ။
သန္တော ဝိဓူမော အနီဃော နိရာသော၊
အတာရိ သော ဇာတိဇရန္တိ ဗြူမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒဉ္ဟ၊ ဤ သမာဓိ ဘာဝနာလေးမျိုးကို။ သန္ဓာယ၊ ရည်၍။ ပါရာယနေ၊ ယခု ဟောကြားနေတဲ့ ပါရာယနဝဂ်၌။ ပုဏ္ဏကပဉ္ဉေ၊

http://www.dhammadownload.com

ပုဏ္ဏက ပညာရှိ ရသေ့ပရိဗိုဇ်သည် မေးအပ်သော အမေးပုစ္ဆာ ပြဿနာ၌။ သခ်ါယ လောကသို့ ပရောပရာနိ။ပ။ဗြူမိတိ၊ ဗြူမိ ဟူသော။ ဣဒံ ဝစနံ၊ ဤစကား ကို။ တထာဂတော၊ လမ်းမှန်ရောက် သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဝုတ္တံ၊ ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေ၏။

ဒီ ပါဋိရှဲ အနက်က ဘာတဲ့လဲ –

ပုဏ္ဏက၊ ပုဏ္ဏက။ လောကသို့၊ လောက၌။ ပရောပရာနိ၊ မိမိရှဲခန္ဓာငါးပါး သူတပါးရှဲ ခန္ဓာငါးပါး အဇ္ဈတ္တိကာယတန ဗာဟိရာယတန ခေါ်တဲ့ အာယတန တွေကို။

ဒီနေရာမှာ ပရောပရာနိ-ကို ဟောရင်းစွဲ သုတ္တနိပါတ်ပါဋိတော်ရှဲအဖွင့် အဋ္ဌကထာ နှာ(၃၀၄)က ပရောပရာနိတိ ပရာနိ စ ဩရာနိ စ၊ပရတ္တဘာဝ သကတ္တဘာဝါဒီနိ ပရာနိ ဩရာနိ စာတိ ဝုတ္တံ ဟောတိ-တဲ့။ စူဋနိဒ္ဒေသ ပါဋိတော် နှာ-၅၈ က-ပရောပရာနိတိ ဩရံ ဝုစ္စတိ သကတ္တဘာဝေါ၊ ပရံ ဝုစ္စတိ ပရတ္တဘာဝေါ-တဲ့၊နိဒ္ဒေသ အဋ္ဌကထာ နှာ-၁၄ က ပရောပရာနိတိ ပရာနိ စ ဩပရာနိ စ ပရတ္တဘာဝ သကတ္တဘာဝါဒီနိ ပရာနိ စ ဩပရာနိ စာတိ ဝုတ္တံ ဟောတိ-တဲ့၊ တခါ ခု ဟော နေတဲ့ အဂ်ုတ္တိုရ်အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၃၀၃ ကတော့ ပရောပရာနိတိ ဥစ္စာဝစာနိ ဥတ္တမာဓမာနိ-လို့ ဖွင့်တယ်၊ အဂ်ုတ္တိုရ် တိကနိပါတ် အာနန္ဒသုတ် အဋ္ဌကထာ နှာ-၁၀၀ ကလဲ နိဒ္ဒေသအဋ္ဌကထာအတိုင်းဘဲ ဖွင့်တယ်။

သခ်ါယ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဟူသော လက္ခဏာရေးသုံးတန် ပညာ-ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရသောကြောင့်။ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ် အား။ကုဟိဉ္ဇိ လောကေ၊တစုံတခုသောလူလောက နတ်လောက ဗြဟ္မာလောက ခန္ဓာလောက အာယတနလောက ဓာတုလောက ပဋိစ္စသမုပ္ပါဒ် လောကကြီး၌။ ဣဉ္ဇိတံ၊ တဏှာ ဒိဋ္ဌိ မာနတို့ဖြင့် တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သန္တော၊ ကိလေသာမီး ငြိမ်းလေပြီးသော။ ဝိဓူမော၊ ဒုစရိုက်တည်းဟူသော အခိုးတွေ ကင်း၍ နေသော။

ဒုစရိုက်ဆိုတာ ကိလေသာရှဲ အခိုးအငွေ့တွေ ကာယဒုစရိုက် ဝစီ ဒုစရိုက် မနောဒုစရိုက်ဆိုတာတွေ။အဲဒီ အဓိပ္ပါယ်တွေပြောဘို့ ကျန်သေး တယ်၊ အချိန်စေ့သွားလို့ မပြောနိုင်တော့ဘူး၊ ငြိမ်းမသွားဘူးလား (ငြိမ်းသွားပါတယ်ဘုရား)၊ အခိုးအငွေ့တွေနော်။

အနီဃော၊ရာဂ ဒေါသ မောဟ စသော အကုသိုလ် ကိလေသာတရားကြောင့် ပူပန်ဆင်းရဲခြင်း မရှိသော။ နိရာသော၊ တစုံတခုသော ဘုံဘဝခန္ဓာ အာယတန ကို တပ်မက်မောခြင်း မရှိသော။ သော၊ ထို ရဟန္တာ ပုဂ္ဂိုလ်သည်။ ဇာတိဇရံ၊

http://www.dhammadownload.com

ပဋိသန္ဓေနေခြင်းနဲ့ သေခြင်းဆိုတဲ့ ခန္ဓာငါးပါးတို့ မပြတ်ဖြစ်တဲ့ သံသရာကြီးကို။ **အတာရိ၊** ကူးမြောက်နိုင်ပေ၏။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူပေတော့သတည်း။

သာဓု သာဓု သာဓု။

ခုဟောခဲ့တဲ့– သခ်ၤါယ လောကသ္မိ ပရောပရာနိ၊
ယဿိဠိတံ နတ္ထိ ကုဟိဉ္စိ လောကေ။
သန္တော ဝိမုမော အနီဃော နိရာသော၊
အတာရိ သော ဇာတိ ဇရန္တိ ဗြူမိ။

ဆိုတဲ့ ဂါထာပုဒ်နဲ့စပ်လို့ သန္ဓာယ ဘာသိတ အနေဖြင့် အဂုံတို့ရှိတိကနိပါတ် ပါဠိတော် ဒေဝဒူတဝဂ်(နှာ ၁၃၁-၂)မှာ အာနန္ဒသုတ္တန်ဆိုတာ ရှိပါသေးတယ်။ အလျဉ်းသင့်တဲ့အတွက် အဲဒီ သုတ္တန်ကို ဘုန်းကြီးဟောပေးအုန်းမယ်။ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ရိုရိုသေသေနဲ့ မှတ်မိအောင် နှလုံးသွင်းပြီးတော့ နာကြ။

သမာဓိရနည်း ရှင်အာနန္ဒာလျှောက်ထားချက် မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးတော်မူစဉ် ရှင်အာနန္ဒာက မြတ်စွာဘုရားကို ပုစ္ဆာတခု လျှောက်ထားပါတယ်။ ဘယ်လို လျှောက်ထားသလဲဆိုတော့—

> **သိယာ နု ခေါ ဘန္တေ ဘိက္ခုနော တထာရူပေါ သမာဓိ ပဋိလာဘော၊ ယထာ ဣမသ္မိဉ္စ သဝိညာဏကေ ကာယေ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ နဿု၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟင်္ကာရ မမင်္ကာရ မာနာနုသယာ နဿု၊ ယဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္ပဇ္ဇ ဝိဟရတော အဟင်္ကာရ မမင်္ကာရ မာနာနုသယာ နဟောန္တိ၊ တဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္ပဇ္ဇ ဝိဟရေယျာတိ။**

ကိုင်း-ပါဠိတော်ရွတ်ပြီးပြီ၊ အနက်မြန်မာပြန်ကြဦးစို့။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ **ယထာ=ယေန** အာကာရေန၊ အကြောင် **သို့သော** အခြင်းအရာအားဖြင့်။ **သဝိညာဏကေ၊** အသိဝိညာဉ်နှင့် တကွသော။ **ဣမသ္မိဉ္စ ကာယေ၊** ဤမိမိကိုယ်သူတပါးတို့၏ ကိုယ်ခွံလည်း။ (ဒီနေရာမှာ အဋ္ဌကထာ ကဣမသ္မိ စ သဝိညာ-

---

၁။ အဂုံတို့ရှိ အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၁၀၀။

http://www.dhammadownload.com

ဏကေတိ ထွေ အတ္တနော စ ပရဿ စာတိ ဥဘယေသမ်ပိ ကာယော သဝိညာဏ-
ကဋ္ဌေန ကေတော ကတ္တာ ဣမသ္မိန်စ် ဝုတ္တော)တဲ့။

အဟက်ံရ မမက်ံရ မာနာနုသယာ၊ ငါဟူသော အခြင်းအရာ ငါ့စ္စာ
ဟူသော အခြင်းအရာ မာနာနုသယတို့သည်။ နဿု ဘဝေယျုံ၊ မဖြစ်ကုန်ရာ။
ဗဟိဒ္ဓါ စ၊အပသန္တာန်၌လည်း။သဗ္ဗနိမိတ္တေသု၊အလုံးစုံသော ရူပနိမိတ် သဒ္ဒနိမိတ်
ဂန္ဓနိမိတ် ရသနိမိတ် ဖောဋ္ဌဗ္ဗနိမိတ် သဿတနိမိတ် ပုဂ္ဂလနိမိတ် ဓမ္မနိမိတ်ဟုဆိုအပ်
ကုန်သော နိမိတ်တို့၌။ အဟက်ံရ မမက်ံရ မာနာနုသယာ၊ အဟက်ံရ=ဒိဋ္ဌိ,
မမက်ံရ=တဏှာ, မာနာနုသယတို့သည်။ နဿု ဘဝေယျုံ၊ မဖြစ်ကုန်ရာ။

ယဥ္စ စေတော ဝိမုတ္တိံ၊ အကြင်စိတ်၏ ကိလေသာမှလွတ်ခြင်းဟုဆိုအပ်သော
ဖိုလ်သမာဓိသို့ဇင်း။ ယဥ္စ ပညာ ဝိမုတ္တိံ၊ အကြင် ကိလေသာမှ လွတ်သော
ဖိုလ်ပညာသို့ဇင်း။ ဥပသမ္မဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတော၊ နေသောရဟန္တာ
ပုဂ္ဂိုလ်အား။ အဟက်ံရ မမက်ံရ မာနာနုသယာ၊ ဒိဋ္ဌိ တဏှာ မာနာနုသယ
တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

တဥ္စ စေတော ဝိမုတ္တိံ၊ ထိုစိတ်၏ ကိလေသာတို့မှ လွတ်သော ဖိုလ်သမာဓိ
သို့ဇင်း။ တဥ္စ ပညာဝိမုတ္တိံ၊ ထိုကိလေသာတို့မှ လွတ်သော ဖိုလ်ပညာသို့ဇင်း။
ဥပသမ္မဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရေယျ၊ နေချင်။ ဘိက္ခုနော၊ ရဟန်းအား။
တဿာရူပေါ၊ထိုသို့သဘောရှိသော။သမာဓိပဋိလာဘော၊သမာဓိကို ရခြင်းသည်။
သိယာ နုခေါ၊ ဖြစ်ရာအံ့လော။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထား၏။

ရှင်အာနန္ဒာ လျှောက်ထားပုံ ရှင်းလင်းချက်။ ။ရှင်အာနန္ဒာလျှောက်ထားတဲ့ အဓိပ္ပါယ်က ဘာကို ဆိုလို တာလဲဆိုတော့ အရှင်ဘုရား ဝိညာဉ်နှင့် တကွ ဖြစ်သော မိမိရဲ့ ခန္ဓာကိုယ် သူ တပါးတို့ရဲ့ ခန္ဓာကိုယ်၌ဖြစ်စေ၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ရူပနိမိတ် သဒ္ဒနိမိတ် ဂန္ဓနိမိတ် ရသနိမိတ် ဖောဋ္ဌဗ္ဗနိမိတ် သဿတနိမိတ် ပုဂ္ဂလနိမိတ် ဓမ္မနိမိတ်ဆိုတဲ့ အလုံးစုံသော နိမိတ်တို့၌ဖြစ်စေ၊ အကြင် စိတ်၏ ကိလေသာတို့မှ လွတ်သော ဖိုလ်သမာဓိတို့သို့လည်းကောင်း ကိလေသာတို့မှလွတ်သော ဖိုလ်ပညာတို့သို့လည်း ကောင်း ကပ်ရောက်နေသော ပုဂ္ဂိုလ်အားဖြစ်စေ၊ ငါလို့ စွဲလမ်းတဲ့ အဟက်ံရ ဒိဋ္ဌိ၊ ငါ့စ္စာလို့ စွဲလမ်းတဲ့ မမက်ံရ တဏှာ၊ တက်ကြွခြင်းဆိုတဲ့ မာနာနုသယ တို့ မဖြစ်ကုန်သော သမာဓိမျိုးကို ရဟန်းတော်များဟာ ရနိုင်ပါသလား ဘုရားတဲ့။

ဘုရားရှင်ဖြေကြားချက်။ ။ရှင်အာနန္ဒာ လျှောက်ထားတဲ့ စကားကို ဘုန်း ကြီးတို့ ပရိသတ် နားလည် လောက်ပါပြီ နော် (မှန်ပါဘုရား)၊ အဲဒီ အခါ မြတ်စွာဘုရားက ဘယ်လို ပြန်ဖြေသလဲ ဆိုတော့

http://www.dhammadownload.com

သိယာ အာနန္ဒ ဘိက္ခုနော တထာဂူပေါ သမာဓိ ပဋိလာဘော။ပ။ တဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္မဇ္ဇ ဝိဟရေယျာတိ-လို့ အဲဒီလို ဖြေတော်မူလိုက်တယ်။

အဓိပ္ပါယ်အကျဉ်းချုပ်ကတော့ ချစ်သားအာနန္ဒာ သင်ပြောတဲ့ သမာဓိမျိုးကို ရဟန်းတော်များအား ရနိုင်တယ်လို့ ဖြေတော်မူပါတယ်။ ဒီနေရာမှာ အသိဝိညာဉ်နှင့်တကွသော မိမိသူတပါးတို့၏ ကိုယ်၌ အဟက်ဂရခေါ် ဒိဋ္ဌ၊ မမက်ဂရခေါ် တဏှာ၊ တက်ကြွ ထောင်လွှားခြင်း မာနာနုသယ ဆိုတဲ့ ကိလေသာတွေ မဖြစ်ခြင်းဆိုတဲ့ သမာဓိမျိုး၊ ဗဟိဒ္ဓဖြစ်တဲ့ ရူပနိမိတ် စတဲ့ ရှစ်မျိုးသော နိမိတ်တွေမှာ စွဲလမ်းတတ်တဲ့ ဒိဋ္ဌ တဏှာ မာနလို့ ခေါ်တဲ့ ကိလေသာတွေ ဖြစ်ခွင့်မရှိတဲ့ သမာဓိမျိုး၊ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်း ဖိုလ်သမာဓိ, ဝိလေသာမှလွတ်မြောက်သော ဖိုလ်ပညာတို့၌ ဒိဋ္ဌိ တဏှာ မာနလို့ခေါ်တဲ့ ကိလေသာဖြစ်ခွင့်မရှိတဲ့ သမာဓိမျိုးကို ရနိုင်တယ်လို့ မြတ်စွာဘုရားက ဖြေတော်မူတော့ ရှင်အာနန္ဒာက ဆက်ပြီးတော့ မေးပြန်တယ်။ ဘယ်လိုလဲ ဆိုတော့—

> ယထာ ကထံ ပန ဘန္တေ သိယာ ဘိက္ခုနော တထာဂူပေါ သမာဓိ-ပဋိလာဘော ။ပ။ တဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္မဇ္ဇ ဝိဟရေယျာတိ–လို့ဆက်ပြီး မေးပါတယ်။

ဒီနေရာမှာ အကျဉ်းချုပ် အဓိပ္ပါယ်ကတော့ အဲဒီလို သမာဓိမျိုးကို ရနိုင်တယ်ဆိုတာ ဘယ်လိုနည်းနဲ့ ရနိုင်ပါသလဲဘုရားလို့ ထပ်ဆင့်လျှောက်ထားတယ်။ ဒီတော့ မြတ်စွာဘုရားက ခုပြောခဲ့တဲ့ သမာဓိမျိုး ရနိုင်ပုံကို သေသေချာချာ ဟောကြားတော်မူခဲ့ပါတယ်။ ဘယ်လို ဟောခဲ့ ပါသလဲဆိုတော့ ဘုန်းကြီးတို့ ပရိသတ် ပါဠိတော် ရွတ်ရအုံးမယ်နော်။ ပါဠိတွေများတယ် ဆိုပြီးတော့ စိတ် မပျက်ကြနဲ့။ (မပျက်ပါဘူးဘုရား)။

ပါဠိတော်က ဘာတဲ့လဲ—

> ဣမာနန္ဒ ဘိက္ခုနော ဧဝံ ဟောတိ ဧတေ သန္တာ ဧတေ ပဏီတာ၊ ယဒိဒံ သဗ္ဗ သခါရ သမထော သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။
>
> ဧဝံ ခေါ အာနန္ဒ သိယာ ဘိက္ခုနော တထာဂူပေါ သမာဓိပဋိ-လာဘော၊ ယထာ ဣမသ္မိဉ္စ သဝိညာဏကေ ကာယေ အဟက်ာရ မမက်ာရ မာနာနုသယာ နဿု၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟက်ာရ မမက်ာရ မာနာနုသယာ နဿု၊ ယဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္မဇ္ဇ ဝိဟရတော အဟက်ာရ မမက်ာရ မာနာနုသယာ နဟောန္တိ၊ တဉ္စ စေတောဝိမုတ္တိ ပညာဝိမုတ္တိ ဥပသမ္မဇ္ဇ ဝိဟရေယျာတိ–တဲ့။

http://www.dhammadownload.com

အာနန္ဒ၊ အာနန္ဒာ။ ဣဓ၊ ငါဘုရားသာသနာတော်၌။ ဘိက္ခုနော၊ ရဟန်းအား။ တေ၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်အေးမြ၏။ တေ၊ ဤနိဗ္ဗာန်သည်။ ပဏီတံ၊ မွန်မြတ်လှပေ၏။ ယဒိဒံ၊ ငြိမ်သက်အေးမြ မွန်မြတ် လှခြင်း၏ အကြောင်းကား။ သဗ္ဗသင်္ခါရ သမထော၊ အလုံးစုံသော ပြုပြင်စီမံမှုအားလုံးမှ ငြိမ်းအေး၏။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ တပ်မက်စွဲလမ်းခြင်း ဥပဓိတရားအားလုံးကို ပယ်စွန့်၏။ တဏှာက္ခယော၊ တပ်မက်ခြင်းတဏှာကုန်ခန်း၏။ ဝိရာဂေါ၊ တပ်မက်ခြင်း ကင်း၏။ နိရောဓော၊ ဘဝဖြစ်ကြောင်း ချုပ်ငြိမ်းရာဖြစ်၏။ နိဗ္ဗာန်၊ ရာဂ ဒေါသ မောဟ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဟူသော မီးတဆဲ့တပါး ငြိမ်းအေးရာဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့သော စိတ်အကြံသည်။ ဟောတိ၊ ဖြစ်၏။

အာနန္ဒ၊ အာနန္ဒာ။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ သဝိညာဏကော၊ အသိဝိညာဉ်နှင့်တကွသော၊ ဣမသ္မိဉ္ဉု ကာယော၊ ဤမိမိရှဲကိုယ် သူတပါးရှဲကိုယ်၌လည်း။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ၊ ငါဟူသော ဒိဋ္ဌိ အခြင်းအရာ, ငါ့စွာဟူသော တဏှာအခြင်းအရာ, မာနာနုသယတို့သည်။ နဿု ဘဝေယျုံ၊ မဖြစ်ကုန်ရာ။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌လည်း။ သဗ္ဗနိမိတ္တေသု၊ အလုံးစုံသော ရူပနိမိတ် စသည်တို့၌။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ၊ ဒိဋ္ဌိ တဏှာဟူသော အခြင်းအရာ မာနာနုသယတို့သည်။ နဿု ဘဝေယျုံ၊ မဖြစ်ကုန်ရာ။ ယဉ္စ စေတော ဝိမုတ္တိံ၊ အကြင်အရဟတ္တဖိုလ်စိတ်၏ ကိလေသာတို့မှ လွတ်သော ဖိုလ်သမာဓိသို့လည်းကောင်း။ ယဉ္စ ပညာဝိမုတ္တိံ၊ အကြင် အရဟတ္တဖိုလ်စိတ်၏ ကိလေသာတို့မှ လွတ်သော ဖိုလ်ပညာသို့လည်းကောင်း။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတော၊ နေသော ရဟန္တာပုဂ္ဂိုလ်အား။ အဟင်္ကာရ မမင်္ကာရ မာနာနုသယာ၊ ငါဟူသော အခြင်းအရာ, ငါ့စွာဟူသော အခြင်းအရာ, မာနာနုသယတို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ တဉ္စ စေတော ဝိမုတ္တိံ၊ ထိုအရဟတ္တဖိုလ်နှင့် ယှဉ်သော ရာဂမှ လွတ်သော သမာဓိသို့ငင်း။ တဉ္စ ပညာဝိမုတ္တိံ၊ ထို အရဟတ္တဖိုလ်နှင့် ယှဉ်သော အဝိဇ္ဇာမှလွတ်သော ပညာဝိမုတ္တိသို့ငင်း။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရေယျ၊ နေရာ၏။ တထာရူပေါ၊ ထိုသို့ သဘောရှိသော။ သမာဓိပဋိလာဘော၊ သမာဓိကို ရခြင်းသည်။ ဘိက္ခုနော၊ ရဟန်းအား။ ဧဝံ ခေါ၊ ဤသို့သာလျှင်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။

မြတ်စွာဘုရား ဖြေတော်မူလိုက်တဲ့ အဓိပ္ပါယ်ကတော့ အာနန္ဒာ ငါဘုရားသာသနာတော်၌ အလုံးစုံသော သဝိညာဏက အဝိညာဏက သဘောတို့ကို ပြုပြင် စီရင်တတ်သော ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရားအားလုံးတို့ ချုပ်ငြိမ်းကြောင်းဖြစ်သော သဗ္ဗသင်္ခါရ သမထ၊ အလုံးစုံသော ဥပဓိ

http://www.dhammadownload.com

တရားကို စွန့်လွှတ်ကြောင်း ဖြစ်သော သဗ္ဗူပဓိ ပဋိနိဿဂ္ဂ၊ တပ်မက်ခြင်း အားလုံး ကုန်ဆုံးကြောင်းဖြစ်သော တဏှာက္ခယ၊ စွဲမက်ခြင်းကင်းရာဖြစ်သော ဝိရာဂ၊ စွဲလမ်းခြင်းမရှိရာ ဖြစ်သော နိရောဓ၊ ကိလေသာမီး အားလုံး မရှိရာ ဖြစ်သော နိဗ္ဗာန်သည် ငြိမ်သက်အေးမြ၏၊ မွန်မြတ်လှပေ၏ဟု စိတ်ထားရောက်၍ နေသော ရဟန်းအား ဝိညာဉ်နှင့် တကွသော ဤမိမိရဲ့ကိုယ် သူတပါးတို့ရဲ့ ကိုယ်၌ဖြစ်စေ, ဗဟိဒ္ဓဖြစ်သော အလုံးစုံသော ရူပနိမိတ် စသော ရှစ်ပါးသော နိမိတ်တို့၌ဖြစ်စေ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိ၏ ကိလေသာမှ လွတ်သော စေတော ဝိမုတ္တိ၊ အရဟတ္တဖိုလ်နှင့်ယှဉ်၍ အဝိဇ္ဇာမှ လွတ်သော ပညာဝိမုတ္တိသို့ ကပ်ရောက်နေသော ပုဂ္ဂိုလ်အား ဖြစ်စေ၊ အဟက်ာရ=ဒိဋ္ဌိ, မမက်ာရ=တဏှာ, မာနာနုသယ တို့သည် မဖြစ်တော့ကုန်။ ထိုသို့သော စေတော ဝိမုတ္တိ ပညာဝိမုတ္တိသို့ ကပ်နေရာ၏။ အဲဒီလို ကပ်ရောက်နေနိုင်သော ပုဂ္ဂိုလ် အား ခုပြောခဲ့တဲ့ အရဟတ္တဖိုလ်နှင့်ယှဉ်သော သမာဓိမျိုးကို ရနိုင်၏။ ဒီအချက်ကို ရည်ရွယ်၍—

ဣဒဉ္စ ပန မေတံ အာနန္ဒ သန္ဓာယ ဘာသိတံ ပါရာယနေ ပုဏ္ဏကပဉ္ဉေ–

သခ်ါယ လောကသ္မိ ပရော ပရာနိ၊
ယဿိဉ္ဇိတံ ကုဟိဉ္စိ လောကေ။
သန္တော ဝိဓူမော အနီဃော နိရာသော၊
အတာရိ သော ဇာတိ ဇရန္တိ ဗြူမီတိ။

လို့ ဟောတော်မူတယ်။

အာနန္ဒ၊အာနန္ဒာ။ဣဒဉ္စ ပန၊ ဤနိဗ္ဗာန်ကိုသာလျှင်။ သန္ဓာယ၊ ရည်ညွှန်း၍။ ပါရာယနေ၊ ပါရာယနဝဂ်၌။ ပုဏ္ဏကပဉ္ဉေ၊ ပုဏ္ဏကရသေ့ ပညာရှိ၏ အမေး ပုစ္ဆာ၌။ သခ်ါယ လောကသ္မိ (ပ)ဗြူမီတိ၊ ဗြူမိဟူသော။ တေံ ဝစနံ၊ ဤစကား ကို။ မယာ၊ ငါဘုရားသည်။ ဘာသိတံ၊ ဟောတော်မူအပ်၏။

ဂါထာရဲ့ အနက်ကတော့– လောကသ္မိ၊ သတ္တလောကဌ်။ ပရောပရာနိ၊ ဗာဟိရာယတန ခြောက်ပါး အဇ္ဈတ္တိကာယတန ခြောက်ပါးတို့ကို (ဝါ) သူတပါး ခန္ဓာကိုယ် မိမိခန္ဓာကိုယ်တို့ကို။ သခ်ါယ၊ ဝိပဿနာပညာဖြင့်ဆင်ခြင်၍။ ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား။ ကုဟိဉ္စိ၊ တစုံတခုသော။ လောကေ၊ လောကဌ်။ ဣဇိတံ၊ ထုဂစသော ခုနစ်ပါးသော တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သန္တော၊ ကိလေသာမီး ငြိမ်းပြီးသော။ ဝိဓူမော၊ ကာယဒုစရိုက် စသော အခိုးကင်းပြီး

http://www.dhammadownload.com

သော။ အနိဿော၊ ရာဂစသော ယုတ်မာသော သဘောမှ ကင်းပြီးသော။ နိရာသော၊ တပ်မက်ခြင်း ကင်းပြီးသော။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဇာတိဇရံ၊ ပဋိသန္ဓေ နေခြင်း အိုခြင်း နာခြင်း သေခြင်းရှိသော။ သံသာရံ၊ ဝဋ်ဆင်းရဲကို။ အတာရိ၊ ကူးမြောက်နိုင် လှန်မြောက်နိုင်ပြီ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူလေတော့သတည်း။

သာဓု သာဓု သာဓု။

ဧဝံ ဘဂဝါ ဣမမိ သုတ္တံ အရဟာတ္တနိကူဋေနေဝ ဒေသေသိ။

ဧဝံ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣမမိ သုတ္တံ၊ ဤပုဏ္ဏကသုတ္တန် ဒေသနာတော်ကိုလည်း။ အရဟာတ္တနိကူဋေနေဝ၊ အရဟာတ္တဖိုလ်ကို အထုတ်တတ် သဖြင့်သာလျှင်။ ဒေသေသိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေ၏။

ဒေသနာပရိယောသာနေ အယမိ ပြာဟ္မဏော အရဟတ္တေ ပတိဋ္ဌာသိ သဒ္ဓိ အန္တေဝါသိ သဟဿေန။

ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလပ်သောအခါ၌။ အယမိ ပြာဟ္မဏော၊ ဤပုဏ္ဏက ပုဏ္ဏားသည်လည်း၊ အန္တေဝါသိသဟဿေန၊ တထောင်သော တပည့်နှင့်။ သဒ္ဓိ၊ အတူတကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

အညေသဉ္စ အနေကသတာနံ ဓမ္မစက္ခုံ ဥဒပါဒိ။

အညေသဉ္စ၊ ပုဏ္ဏကပုဏ္ဏားနှင့် တပည့်ပေါင်းတထောင်တို့မှ တပါးကုန်သော။ အနေကသတာနံ၊ ထုပေါင်း များစွာသော ပုဂ္ဂိုလ်တို့အား။ ဓမ္မစက္ခုံ၊ မဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်လုံးသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်လေတော့၏။

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် သမ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ကောင်းစွာညွှန်ပြ ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် ပါရာယနဝဂ်၌ လာသော ပုဏ္ဏကသုတ္တန် တရားဒေသနာတော်ကို ကောင်းမွန်ရှိသေစွာ နာခံမှတ်သားရခြင်းတည်း ဟူသော ဓမ္မဿဝန ကုသိုလ်ကံစေတနာနှင့် တကွ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်လွယ်ကြစေကုန်သတည်း။

သာဓု သာဓု သာဓု။

ပုဏ္ဏကသုတ္တန် ဒုတိယပိုင်း ပြီး၏။

ပုဏ္ဏကသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၄-မေတ္တာဂူသုတ္တန် ပဌမဗိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၂-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် သမာဓိဘာဝနာမှတဆင့် ဝိပဿနာဘာဝနာသို့ တက်လှမ်းပုံအကြောင်းတရားတော်ကို ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော မေတ္တာဂူသုတ္တန်တရားတော်။

မေတ္တာဂူသုတ္တန်မည်ပုံ။ ။ဒီ မေတ္တာဂူသုတ္တန် တရားဒေသနာတော်ကြီးကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးတော်မူစဉ်အခါ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ပုဏ္ဏားရသေ့ပညာရှိကြီး ၁၆-ဦးတို့တွင် လေးယောက်မြောက်ဖြစ်တဲ့ မေတ္တာဂူပုဏ္ဏားရသေ့ပညာရှိက မေးမြန်းလျှောက်ထားချက်ကို အကြောင်းပြုပြီးတော့ ဒီမေတ္တာဂူသုတ္တန်ကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်၊ မေတ္တာဂူပုဏ္ဏားမေးမြန်းတဲ့ မေးမြန်းချက်တွေကို ဖြေဆိုသောအားဖြင့် ဟောကြားတော်မူသည်ဖြစ်သောကြောင့် ဤသုတ္တန်ကို မေတ္တာဂူသုတ္တန်လို့ ဒီလို နာမည်ပေးထားပါတယ်။

ပါရာယနဝဂ်လို့ဆိုတာ ၁၆-ချက် ရှိတယ်၊ ဒီကနေ့ ဟောမဲ့တရားက ဘယ်ရောက်သွားပြီလဲ ဆိုတော့ မေတ္တာဂူ ဆိုပြီး လေးယောက်မြောက် ပုဏ္ဏားရောက်သွားပြီ၊ အဇိတ မေးလျှောက်ချက်ကို ဟောပြီးပြီ၊ တိဿမေတ္တေယျ မေးလျှောက်ချက်ကို ဟောလို့ပြီးပြီ၊ ပုဏ္ဏကပုဏ္ဏားကြီးရဲ့ မေးလျှောက်ချက်တွေကို ဘုန်းကြီးတို့ ဟောလို့ပြီးသွားပြီ၊ ဒီကနေ့ မေတ္တာဂူသုတ္တန်ကို ဘုန်းကြီး ဟောပေးရမယ်၊ အဲဒီသုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းမှာ ဟောတော်မူနေပုံကို ဘုန်းကြီးတို့ပရိသတ် အာရုံပြုလျက် ကြည်ညိုပြီးတော့ ထားကြ။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီတော့ မြတ်စွာဘုရား တရားတော်ကို ဘုန်းကြီးတို့က တရားဟောပုဂ္ဂိုလ် အနေဖြင့် တရားဟောရမယ်၊ မြတ်စွာဘုရား တရားတော်ကိုဘဲ ဘုန်းကြီးတို့ပရိသတ်က တရားနာတဲ့ ပုဂ္ဂိုလ်အနေဖြင့် တရားနာရမယ်၊ ဒီတရားတော်ကို ပိုင်တဲ့ပိုင်ရှင်က

http://www.dhammadownload.com

ဘယ်သူလဲဆိုတော့ မြတ်စွာဘုရား။ မြတ်စွာဘုရားရဲ့ တရားတော်ကို ဟောရမှာ ဖြစ်တဲ့အတွက် နာရမှာဖြစ်တဲ့အတွက် တရားဟော တရားနာ ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် မိမိပြုလုပ်တဲ့လုပ်ငန်းကို မပြုလုပ်မီ ရှေးဦးစွာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား သို့မျှား လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို ဘုန်းကြီးတို့ အမျိုးကောင်းသား သို့မျှား အာရုံပြုပြီးတော့ မြတ်စွာဘုရားကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

(အနက် ရှေးနည်းအတိုင်း ပေးပါ)

ဘုရားရှိခိုးပြီး\ဘုန်းကြီးတို့ ဘာလုပ်မလဲ—မြတ်စွာဘုရားကို ရှိခိုးတာ ဘာလုပ်ဘို့ ရှိခိုးတာလဲဆိုတော့ တရားဟော တရားနာပုဂ္ဂိုလ်များမှာ အန္တရာယ်ကင်းဘို့နဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူတဲ့ တရားတော်ကို ဟောဘို့အတွက် အဲဒါ ဘုရားရှိခိုးကြတာ၊ အဲဒီ ဘုရားရှိခိုးပြီးတဲ့နောက် မြတ်စွာဘုရားတရားကို ဟောကြားကြရအောင် ဘုန်းကြီးတို့ ဟောလာခဲ့တဲ့ ပါရာယနဝဂ်မှာ ဘယ်လောက် ရောက်သွားပလဲဆိုတော့ ဒီကနေ့ (၄)ခုမြောက် ဖြစ်တဲ့ မေတ္တာဂူသုတ္တန်ကို ဟောပေးရမယ်၊ ပုဏ္ဏားနာမည်က မေတ္တာ-ဂူတဲ့။

မေတ္တာဂူသုတ္တန်ဟောရာ၌ သိမှတ်ဖွယ်။ ။မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းမှာ သီတင်းသုံးနေတဲ့ အခါ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ပုဏ္ဏားရသေ့ပညာရှိ(၁၆)ဦးတို့ မြတ်စွာဘုရား ထံမှောက်ကို ပုစ္ဆာလျှောက်ကြရအောင်ဆိုပြီးတော့ ရောက်လာကြတယ်၊ အဲဒီ ပုဏ္ဏားကြီးတွေဟာ သာမညပုဏ္ဏားတွေ မဟုတ်ဘူး၊ ဈာနလာဘီပုဂ္ဂိုလ်ကြီးတွေ ဈာန်ရပြီးသားတွေ၊ သမာဓိ အင်မတန် အားကောင်းပြီးသားတွေ၊ သိလ ရှိပြီးသား သမာဓိရှိပြီးသား။ အဲဒီ သိလ သမာဓိ ပညာနဲ့ သူတို့မှာ နေလောက်သည်ဖြစ်သောကြောင့် သံသရာဝဋ်ဆင်းရဲမှ ထွက်ပေါက်ကို ဘယ်လိုလုပ် ရှာရပါ့မလဲဘုရားလို့ဆိုပြီး မြတ်စွာဘုရားထံ လာလျှောက်နေကြတာဘဲ။

ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဒီပါရာယနဝဂ် တဝဂ်လုံး သူဘာတွေဟောမှာလဲဆိုတော့ သိလပိုင်းကို မဟောဘူး၊ သမာဓိပိုင်းကို မဟောဘူး၊ဝိပဿနာပညာပိုင်း သက်သက်ကိုချည်း မြတ်စွာဘုရားဟောမယ်၊ သို့သော်လဲဘဲ ဝိပဿနာပညာပိုင်းဆိုတဲ့ပညာကို ဟောနေရင် အဝုတ္တသိဒ္ဓိနည်းအားဖြင့် ဘာတွေ ပါသွားသလဲဆိုတော့ သိလတွေ သမာဓိတွေ ပါသွားမယ်၊ ဒါတော့ ဘုန်းကြီးတို့ပရိသတ် မမေ့ရဘူးနော် (မှန်ပါဘုရား)။

http://www.dhammadownload.com

အဲဒီ သီလနဲ့ သမာဓိ ပြည့်စုံပြီးသားဖြစ်တဲ့ မေတ္တာဂူပုဏ္ဏားက မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကို သံသရာဝဋ်ဆင်းရဲက ထွက်တဲ့ ကျင့်ဝတ်ပဋိပတ်အကျင့် မြတ်ကို သိချင်သည်ဖြစ်သောကြောင့် လျှောက်တယ်၊ သူလျှောက်တာ ဘာ လျှောက်သလဲဆိုတော့ သူလျှောက်တဲ့ဂါထာ ရွတ်ပြရအောင်—

ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေတံ၊
မညာမိ တံ ဝေဒဂုံ ဘာဝိတတ္တံ။
ကုတော နု ဒုက္ခာ သမုဒါဂတာ ဣမေ၊
ယေကေစိ လောကသ္မိံ အနေကရူပါ။

အဲဒီ ဂါထာဟာ ပါဠိတော်ထဲမှာ ပါနေပေတဲ့ မြတ်စွာဘုရားဟောတဲ့ ဂါထာ မဟုတ်ဘူး၊ မေတ္တာဂူပုဏ္ဏားက မြတ်စွာဘုရားကို ပုစ္ဆာလျှောက်တဲ့ဂါထာ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူပေသော မြတ်စွာ ဘုရား။ တံ၊ ထိုဘုန်းတော် ခြောက်ပါးသခင် သမ္မညူ ရှင်တော်မြတ် ဘုရားကို။ ဝေဒဂုံ၊ လေးပါးသော မဂ်ဉာဏ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက်ပြီး သကာလ နိဗ္ဗာန်ချမ်းသာကို ရောက်ပြီးသား ပုဂ္ဂိုလ်ဟူ၍။ ဘာဝိတတ္တံ၊ ပွါးများအပ်ပြီးသော သမထဘာဝနာ ဝိပဿနာဘာဝနာ သတိပဋ္ဌာန် သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရား ၃၇-ပါးရှိသော ပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ဘုရားတပည့်တော်သည်။ မညာမိ၊ မှတ်ထင် အောက်မေ့ပါ၏။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာ ဘုရား။ လောကသ္မိံ၊ လောက၌။ လောကသ္မိံ၊ လူတိုင်းလူတိုင်း သတ္တဝါတိုင်း သတ္တဝါတိုင်း၌ (ဝါ) ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး တည်းဟူသော ဥပါဒါနက္ခန္ဓာဆိုတဲ့ လောက၌။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ အနေကရူပါ၊ တပါးမက မြောက်မြားလှကုန်သော ဆင်းရဲဒုက္ခမျိုးစုံတို့သည်။ အတ္ထိ=သန္တိ၊ ရှိပါကုန်တော့၏ မြတ်စွာဘုရား။ ဣမေ ဒုက္ခာ၊ ဤဆင်းရဲမျိုးစုံတို့သည်။ ကုတော၊ အဘယ်မှ။ သမုဒါဂတာ နု၊ အစဉ်မပြတ် ဖြစ်ပေါ်၍ လာကြပါသနည်း။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူပေသော မြတ်စွာ ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တံ၊ ထိုဆင်းရဲဒုက္ခဖြစ်ခြင်းရှိ အကြောင်းကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော် မူပေသော မြတ်စွာဘုရား။ တံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဧတံ၊ ထိုဆင်းရဲဒုက္ခဖြစ်ခြင်းရှိ အကြောင်းတရားကို။ ဗြူဟိ၊ ဟောကြားတော်မူပါဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ မေတ္တဂူ၊ အရှင်မေတ္တဂူ

http://www.dhammadownload.com

သည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာ ဘုရားကို။ ပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်း လျှောက်ထားပါသတည်း။

သာဓု သာဓု သာဓု။

မေတ္တဂူပုဏ္ဏား လျှောက်ထားချက်။ ။ဒီပါဋ္ဌိမှာ အဓိပ္ပါယ်အကျယ် ဖွင့်ဆို ပြောဘို့လို့ ဆိုပြီးတော့ အချက်တွေ ပါလာတာ ရှိတယ်၊ မေတ္တဂူပုဏ္ဏားက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို သူက ပုစ္ဆာလျှောက်တယ်၊ လျှောက်တော့ သူက ဘယ်လို လျှောက်နည်းလဲ ဆိုတော့ ပုစ္ဆာ မမေးခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အပေါ်မှာ သူ့ရဲ့ ယုံကြည်ချက်ကို ပုဒ် ၂-ပုဒ်တို့ဖြင့် ပြတယ်၊ မြတ်စွာဘုရားပေါ်မှာ မေတ္တဂူပုဏ္ဏား ဘယ်လိုယုံကြည်နေသလဲ၊ ယုံကြည်ချက်ဆိုတာ သဒ္ဓါတရားဖြစ်ပါတယ်၊ ကိုယ် လုပ်မဲ့ လုပ်ငန်းရဲ့အပေါ်မှာ - သို့မဟုတ် မိမိရဲ့ ဆရာသမားရဲ့ အပေါ်မှာ ယုံကြည် ချက် ရှိတယ်၊ ဒီတရားဟာ - နဂိုကမှ ဟုတ်မှ ဟုတ်ပါ့မလား၊ ဒီကမ္မဋ္ဌာန်းဆရာ ဟာ ဟုတ်မှဟုတ်ပါ့မလား၊ ကမ္မဋ္ဌာန်းပြပုံ မှန်မှမှန်ပါ့မလားနဲ့ အဲသလို ယုံကြည် ချက်မရှိရင် သွားပြီးတော့ မလုပ်နဲ့၊ ဒါ အပိုဘဲ၊ နဂိုကမှ ဒီယုံကြည်ချက်မရှိရင် ဘယ်နည်းနဲ့မှ ဒါကို မရဘူး၊ အလုပ် အပေါ်မှာ ကေန် မဂ်ဖိုလ်နိဗ္ဗာန် တည်း ဟူသော ကောင်းကျိုး ချမ်းသာကို ပေးစွမ်းနိုင်တဲ့ တရားကောင်း တရားမြတ် ဘဲလို့ ဆိုတာကို ယုံကြည်ချက် ရှိရမယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်တဲ့ အမျိုးကောင်းသားများ အမျိုးကောင်းသီးများ ဒီတရားဟာ အထူးသဖြင့် ဟောနေစရာ မလိုဘူး၊ ယုံကြည်ချက် ရှိပြီးသား။ သို့သော်လဲ သဒ္ဓါတရားက နဲပြီးတော့ - ပညာ သိပ် အားသန်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုန်းကြီးတလောက ပြောခဲ့သလိုဘဲ "ကေရ ဋ္ဌိကပက္ခ"လို့ ခေါ်တဲ့ ကောက်ကျစ်တဲ့ ဖက်ကို သူက ရောက်သွားဘတ်တယ်၊ ဒါတော့ သတိထားပေးရမယ်နော် (မှန်ပါ ဘုရား)။ အခု မေတ္တဂူပုဏ္ဏားက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ပုစ္ဆာ မေးတော့မယ်ဆိုတော့ မြတ်စွာ ဘုရားရဲ့အပေါ်မှာ သူရဲ့ ယုံကြည်ချက်ကို ဖော်ပြတယ်၊ အဲဒီ သူရဲ့ ယုံကြည်ချက် ကို ဘယ်လို ပါဋ္ဌိပုဒ်တို့ဖြင့် ဖော်ပြသလဲဆိုတော့ **ဝေဒဂူရယ် ဘာဝိတတ္တာရယ်** လို့ဆိုတဲ့ ဒီစကား ၂-လုံးတို့ဖြင့် မြတ်စွာဘုရားအပေါ်မှာ သူ့ယုံကြည်ချက်ကို ပြတယ်။

ဘုရားရှင်အပေါ် ယုံကြည်ချက်။ ။မညာမိ တံ ဝေဒဂုံ ဘာဝိတတ္တံ ပါဋ္ဌိတော်မှာ။ တံ၊ အရှင်ဘုရားကို။ အဟံ၊ ဘုရားတပည့် တော်သည်။ ဝေဒဂုံ၊ လေးပါးသော မဂ်ဉာဏ်ကို အဆုံးတိုင်အောင် ရပြီးသား ပုဂ္ဂိုလ်ဟူ၍။ ဝါ - နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသား ပုဂ္ဂိုလ်ဟူ၍။ ဝါ - သံသရာ

http://www.dhammadownload.com

ဝင်္ဆင်းရဲမှု လွတ်ကင်းပြီးသား ပုဂ္ဂိုလ်ဟူ၍။ မည်သို့မိ၊ မှတ်ထင် အောက်မေ့ပါ၏။ ဒါ သူယုံကြည်ချက်၊အရှင်ဘုရားအပေါ်မှာ တပည့်တော် ဘယ်လိုသဘော ပေါက်နေသလဲဆိုတော့ အရှင်ဘုရားသည် - သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်၊ တည်းဟူသော အဲဒီ မဂ်ဉာဏ် ၄-ပါးကို အပြည့်အစုံရပြီးသား ပုဂ္ဂိုလ်တယောက်ဆိုတာကို တပည့်တော် ယုံကြည်နေပါတယ်ဘုရား – ဆိုလိုတဲ့ အဓိပ္ပါယ်၊ ဝေဒလ္လိဆိုတာ ဘာကိုဆိုသလဲဆိုတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား....သိမ်းမျှား ဝေဒကျမ်း ဘတ်တယ် ဆိုတာ ဗေဒင်ကျမ်းကိုလဲ ဝေဒလို့ သူတို့ခေါ်ထားကြတယ်။

စူဠနိဒ္ဒေသပါဠိတော်နှာ(၆၃)က ဒီနေရာမှာ ဝေဒလ္လိ ဆိုတဲ့ စကားကို ဘယ်နဲ့ ပြောထားသလဲ ဆိုတော့— ဝေဒါ ဝုစ္စန္တိ စတ္တာသု မဂ္ဂေသု ဉာဏံ၊ ဝေဒလ္လိ ဆို တာဟာ လေးပါးသော မဂ်တရားမှာရှိတဲ့ ဉာဏ်ကို ခေါ်ပါတယ်တဲ့၊ အဲဒီ ဉာဏ်ဆိုတာ ဘာလဲလို့ ဆိုတော့ ဣန္ဒြေငါးပါးနဲ့ ပြောမယ် ဆိုရင် ပညိန္ဒြေ စေတသိက် ဟုတ်လား(မှန်ပါတယ်ဘုရား)၊ ပညာ၊ တနည်း ဗောဇ္ဈင်ခုနစ်ပါးနဲ့ ပြောမယ်ဆိုရင် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဗိုလ်ငါးပါးနဲ့ ပြောမယ်ဆိုရင် ပညာဗိုလ်၊ ဣန္ဒြေနဲ့ ဆိုရင် အညာတာဝိန္ဒြိယ၊ အရဟတ္တဖိုလ်ကို သိနေတဲ့ အသိဉာဏ်၊ မဂ္ဂင် (၈) ပါးနဲ့ ပြောမယ်ဆိုရင် ဝေဒလ္လိ ဆိုတာ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ပြီးတော့ ဝေဒလ္လိ ဆိုတဲ့ စကားကြောင့် ဝေဒဂူလ္လိဆိုတာ အဲဒီ ၄-ပါးသော မဂ်ဉာဏ်တို့ဖြင့် သံသရာရဲ့ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရောက်နေသော ပုဂ္ဂိုလ်လို့ အရှင်ဘုရားကို တပည့်တော် ဒီလို ယုံကြည်နေပါတယ်ဘုရား။

ဆိုလိုတဲ့ အဓိပ္ပါယ်က ဝိပဿနာဉာဏ်ပညာတို့ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ မဂ်ဉာဏ် ၄-ပါးကို ပြည့်ပြည့်စုံစုံ ရပြီးပြီဖြစ်သောကြောင့် ကိလေသာ အာသဝေါတရားတွေ အားလုံးကုန်ပြီးတော့ ကွာနေတဲ့ မြတ်စွာဘုရားပါ-လို့ ဘုရားတပည့်တော် ဒီလို ယုံကြည်နေပါတယ် ဘုရား။ ဆရာ သွားရဲ့အပေါ်မှာ ယုံကြည်ချက် ထားပုံကလေးကို ဘုန်းကြီးတို့ ပရိသတ် သဘောပေါက် ပါစေတော့လို့ ဒီ အဓိပ္ပါယ် ရှင်းပြနေတယ်၊စူဠနိဒ္ဒေသပါဠိတော်ရဲ့ စကားကို ယူပြီးတော့ ဘုန်းကြီး ရှင်းပြနေတာ၊ ဒီ စကားဟာ ဘုန်းကြီးစကား မဟုတ်ဘူး။

ယုံကြည်ပုံ ရှင်းပြချက်။ ။ ဘာဝိတတ္တ · ပြောကြစို့၊ ဘာဝိတတ္တလို့ ဆိုတာ မြတ်စွာဘုရားပေါ်မှာ သူဘယ်လိုယုံကြည်နေသလဲ ဆိုတော့— သီလ, သမာဓိ, ပညာ ဆိုတဲ့ သီက္ခာသုံးပါး အကျင့်တရားကို ပွါးများ ပြီးသား ပုဂ္ဂိုလ် အားထုတ်ပြီးသား ပုဂ္ဂိုလ်လို့ ဒီလို ယုံကြည်နေပါတယ်တဲ့၊ သီလ-ဘာသီလတွေလဲ ၄-မျိုးသော သီလတွေ။ စတုပါရိသုဒ္ဓိသီလ=ပါတိမောက္ခ သံဝရ သီလ, ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတ သီလ, အာဇီဝပါရိသုဒ္ဓိသီလ

http://www.dhammadownload.com

လို့ ခေါ်တဲ့ အဲဒီ သီလ ၄-မျိုးကို အရှင်ဘုရားသည် အပြည့်အစုံအားထုတ်ပြီး သား ပုဂ္ဂိုလ်လို့ တပည့်တော် ယုံကြည်ပါတယ်၊ ဒါပြောတာ ဘာဝိတတ္တာ။

ဗောဓိပက္ခိယတရားနှင့် ပြည့်စုံခြင်း။ ။နောက် တနည်း - ဘာဝိတတ္တာကို ဘာဖွင့်ထားသလဲ ဆိုတော့ မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ် အပေါ်မှာ မေတ္တာဂူပုဏ္ဏား ယုံကြည်ချက်ရှိနေတာက ဘာကို ယုံကြည်ချက် ရှိနေသလဲ ဆိုတော့– သတိပဋ္ဌာန် ၄-ပါးကို အပြည့်အစုံ ပွါးများ အားထုတ်ပြီးသား ပုဂ္ဂိုလ်လို့ ဒီလို ယုံကြည်ပါတယ်တဲ့၊ သမ္မပ္ပဓာန် ၄-ပါးကို အားထုတ်ပြီးသားလို့ ယုံကြည်ပါတယ်တဲ့၊ ဣဒ္ဓိပါဒ် ၄-ပါးလို့ ဆိုတဲ့ ဆန္ဒိဒ္ဓိပါဒ်-စိတ္တိဒ္ဓိပါဒ်- ဝီရိယိဒ္ဓိပါဒ် ဝီမံသိဒ္ဓိပါဒ်-လို့ ခေါ်တဲ့ ဣဒ္ဓိပါဒ် တရား ၄-ပါးကို အပြည့်အစုံ ပွါးများ အားထုတ်ပြီးသား ပုဂ္ဂိုလ်ဟူ၍ ယုံကြည်နေပါတယ်ဘုရား။

ဣန္ဒြေ ငါးပါး=သဒ္ဓိန္ဒြေ- ဝီရိယိန္ဒြေ - သတိန္ဒြေ - သမာဓိန္ဒြေ - ပညိန္ဒြေ၊ ဒီ ဣန္ဒြေ ငါးပါး၊ တနည်း စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဆိုတဲ့ အဲဒီ ဣန္ဒြေတွေကိုလဲဘဲ လုံလုံခြုံခြုံ စောင့်ရှောက်ပြီးသား ပုဂ္ဂိုလ်ဟူ၍ ယုံကြည်ပြီးသား ဖြစ်ပါတယ်ဘုရား။ ပုစ္ဆာမလျှောက်သေးခင် မြတ်စွာဘုရားအပေါ် ယုံကြည်ချက်တွေ အဲဒီ မေတ္တာဂူက ဖော်ပြနေတာပါ၊ ဘုန်းကြီးတို့ ပရိသတ်ကို သိအောင်လို့ ဆိုပြီးတော့ ဒါ စူဠနိဒ္ဒေသပါဠိတော်က လာတာကို ဟောပေးနေတာ။

ဗိုလ်=သဒ္ဓါဗိုလ် သတိဗိုလ် ဝီရိယဗိုလ် သမာဓိဗိုလ် ပညာဗိုလ် ဆိုတဲ့ ဗိုလ် ငါးပါးနဲ့လဲ အရှင်ဘုရားသည် ပွါးများအားထုတ်ပြီးသား ပုဂ္ဂိုလ်ဟူ၍လဲ ဘုရား တပည့်တော် ယုံကြည်ပါတယ်ဘုရား။

ဗောဇ္ဈင်ခုနစ်ပါး= သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင် လို့ ဆိုတဲ့ ဗောဇ္ဈင် ၇-ပါးနဲ့လဲ အပြည့်အစုံ ပွါးများပြီးသား ပုဂ္ဂိုလ်ဟူ၍လဲဘဲ အရှင်ဘုရားအပေါ် တပည့်တော် ယုံကြည်ပါတယ်ဘုရား။ မေတ္တာဂူက မြတ်စွာဘုရားကို ကြည်ညိုနေတယ် ဆိုတာ ဘုရားဆင်းတုတော်ကိုကြည့်ပြီး အရုပ်ကလေး လှလှ ပပ ကလေးကို ကြည်ညိုရဒါ မဟုတ်ဘူးတဲ့ စူဠနိဒ္ဒေသပါဠိတော်က။

ကြည်ညိုပုံ လျှောက်ထားချက်။ ။မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညိုနေတာ ဘယ်လိုကြည်ညိုနေတာလဲ ဆိုတော့ မဂ္ဂင်ရှစ်ပါး ဖြစ်တဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝလို့ ဆိုတဲ့ သီလမဂ္ဂင်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိလို့ ဆိုတဲ့ သမာဓိမဂ္ဂင်ဆိုတဲ့ အဲဒီ မဂ္ဂင် ၈-ပါး အကျင့်

http://www.dhammadownload.com

တရားတွေကို အပြည့်အစုံ ပွါးများ အားထုတ်ပြီးသား ပုဂ္ဂိုလ်လို့ သဘော ပေါက်ပြီးတော့ ဘုရားတပည့်တော် ယုံကြည်နေပါတယ်ဘုရား၊ ကြည်ညိုနေပါ တယ်ဘုရား။

အဲဒီလို သတိပဋ္ဌာန် ၄-ပါး သမ္မပ္ပဓာန် ၄-ပါး ဣဒ္ဓိပါဒ် ၄-ပါး ဣန္ဒြေ ၅-ပါး ဗိုလ် ၅-ပါး ဗောဇ္ဈင် ၇-ပါး မဂ္ဂင် ၈-ပါးလို့ ခေါ်တဲ့ ၃၇-မျိုးသော တရား တွေကို အရှင်ဘုရားသည် အပြည့်အစုံ ပွါးများ အားထုတ်ပြီးပြီ ဖြစ်သော ကြောင့် သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ် တည်းဟူသော လေးပါးသော ဝေဒတို့၏အဆုံးဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို အလိုရှိသလို မျက်မှောက် ပြုနိုင်သော ပုဂ္ဂိုလ်ဟူ၍ ဘုရားတပည့် တော်သည် အရှင်ဘုရားအပေါ်မှာ ယုံကြည် ကြည်ညိုနေပါတယ်ဘုရား။

အခု ဘုရားကြည်ညိုပုံကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ယုံကြည်ပုံ ကြည်ညိုပုံကို ဘုန်းကြီးတို့ ပရိသတ် တရားနာရပြီနော်။ (မှန်ပါဘုရား)၊ တရား နာနေတော့ ဒီယုံကြည်ပုံနည်းကို ဘုန်းကြီးတို့ ပရိသတ် ကြည်ညိုတတ်ရမယ်။ ဆရာသမားများ အပေါ်မှာလဲ ဒီနည်းအတိုင်းဘဲ ကြည်ညိုရမယ်၊ ဆရာသမား များရဲ့ သီလ သမာဓိ ပညာဉာဏ်တွေကို အောက်မေ့ပြီးကြည်ညိုရမယ်။ပြီးတော့ သတိပဋ္ဌာန် သမ္မပ္ပဓာန်စတဲ့ တရားများကိုလဲ အထိုက်အလျောက် ပွါးများ ထားတော့ အဲဒီ ဂုဏ်တွေကို ကြည်ညိုတတ်ရမယ်၊ ဤကဲ့သို့ ကြည်ညိုနည်းဖြင့် မေတ္တဂူက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အပေါ်မှာ ဘုရားတပည့်တော် ယုံကြည်ပြီးတော့ ထားပါပြီဘုရားတဲ့၊ ဒီလိုအရှင်ဘုရားကို ယုံကြည်သည့်အတွက် အားကိုးသည်ဖြစ်သောကြောင့် ဘုရားတပည့်တော် မေးခွန်းလျှောက်ပါရစေတဲ့။

ဒုက္ခဖြစ်ပုံ လျှောက်ထားခြင်း။ ။တလောကလုံး သတ္တဝါတွေဟာ အိုရှိမဆုံး၊ နာ၍ မဆုံး၊ သေ၍ မဆုံးနိုင်အောင် သောက ပရိဒေဝ ဒုက္ခတွေ တပြုံးပြုံးရောက်ပြီးတော့ ငိုကြ၊ ယိုကြ၊ ပင်ပန်းကြ၊ ဆင်းရဲကြအမျိုးမျိုး ဒုက္ခရောက်နေကြတာဟာ ဘယ်သူကြောင့် ဒီဒုက္ခရောက်ကြ တာလဲဘုရား။ ဘယ်အကြောင်းကြောင့် ဒီဒုက္ခတွေ ဖြစ်နေပါသလဲဘုရား၊ အဲဒီ ဒုက္ခရောက်ခြင်းရဲ့ အကြောင်းကို ဘုရားတပည့်တော်ကို ဟောကြားတော်မူပါ၊ ဒါ လျှောက်တာ ဟုတ်လား၊ (မှန်ပါဘုရား)၊ ကုတော နု ဒုက္ခာ သမုဒါဂတာ ဣမေ။ ဣမေ ဒုက္ခာ၊ ဤဆင်းရဲမျိုးစုံတို့သည်။ ကုတော၊ အဘယ်မှ။ သမုဒါ-ဂတာ နု၊ ဖြစ်ပေါ်၍လာကြသနည်း။

ဒုက္ခတွေဆိုတာ ဘာတွေတဲ့လဲ၊ ဒီတော့ ပါဠိတော်က ပြောပေးတယ် ဇာတိ ဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, သောကပရိဒေဝဆို ဒုက္ခတဲ့၊ ဘုန်းကြီး တို့ အမျိုးကောင်းသား သို့မေးတွေမှာ ယံ ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန

http://www.dhammadownload.com

ပဋ္ဌုပါဒါနက္ခာ ဒုက္ခာလို့ဆိုတဲ့ဒုက္ခ၊ ဇာတိဒုက္ခ ရှိနေသည်၊ နာကျင် ကိုက်ခဲပြီး တော့ ဟိုဘက်ရွှေလိုက် ဒီဘက်ရွှေလိုက်၊ တနေ့မှ သက်သာတဲ့ နေ့ရယ်လို့ ဘုန်း ကြီးတို့ ပရိသတ်မှာ မရှိဘူး။ ဇရာဒုက္ခ ဆိုတာလဲ ရှိတယ်၊ မရဏဒုက္ခ ဆိုတာက အချိန်တိုင်း အချိန်တိုင်းမှာရှိတယ်၊ တဘဝမှာတခါ သေသေသွားကြတဲ့ သမုတိ မရဏကြီးဆိုတာကျတော့မှ ဘုန်းကြီးတို့ ပရိသတ် ရင်ဘတ်ထုကြတော့တာကိုး၊ ဟုတ်လား၊ (မှန်ပါဘုရား)၊ အမှန်ကတော့ မရဏဒုက္ခဆိုတာ နှာခေါင်းထဲက ထွက်တဲ့လေကလေးဟာ တကြိမ်ထွက်ပြီးရင် တကြိမ်သေတာဘဲ၊ နှာခေါင်းထဲ ဝင်တဲ့လေဟာ တကြိမ်ဝင်လိုက်ရင် တကြိမ်သေတာဘဲ၊ ဒီတော့ တနေ့တနေ့မှာ သေတဲ့ အကြိမ်ပေါင်း ရေတွက်လို့ရသေးသလား၊ (မရပါဘုရား)၊ ရေတွက်၍ မဆုံးနိုင်အောင် ဘဝပေါင်း အနန္တတွေဆိုတာ အဖြစ် အမျိုးမျိုးကိုထား။

ဒုက္ခတရားကို မြင်အောင်ရှု။ ။ဒီ တဘဝထဲမှာကိုဘဲ သေ၍ မဆုံးနိုင်အောင် သေနေရတဲ့ ဒုက္ခတွေကို မြင်အောင်ရှုပါ။ အဲဒီ ဒုက္ခတွေ ဘာပြုလို့ဖြစ်နေရတာလဲလို့ မြတ်စွာဘုရားကို လျှောက်နေတယ် မေတ္တ-ဂူက။ဒီတော့ ဒါမရဏဒုက္ခ အဲဒီ ဒုက္ခတွေအပြင် ဘာရှိသေးသလဲလို့ဆိုတော့ စိုးရိမ် ရတဲ့ ဒုက္ခ၊ ငိုကြွေးရတဲ့ ဒုက္ခ၊ သက်ကြီး ရှိုက်ငင် ပင်ပန်းရတဲ့ဒုက္ခ၊ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ သောကတွေ ဆိုတာ စိုးရိမ် ရတာချည်းဘဲ- ဘုန်းကြီးတို့ ပရိသတ်မှာရှိတယ်၊ ရှိနေသလား ရှိမနေဘူးလား၊ (ရှိပါတယ်ဘုရား)၊ ပရိဒေဝ တွေကကော (ရှိနေပါတယ်ဘုရား)။

ဗျသန ၅-မျိုး။ ။သောကဆိုဘာ ဘာဖြစ်လို့ သောကဖြစ်သလဲ ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသနဆိုတဲ့ အဲဒီ ဗျသနတရား ငါးပါးကြောင့် ပျက်စီးခြင်းသို့ ရောက်သောကြောင့် သောက ဖြစ်တယ်၊ ဘာတွေ ပျက်စီးသလဲ ဆွေမျိုးပျက်စီးတယ်၊ ဆွေမျိုးပျက် စီးရင် သောက ဖြစ်မလား မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ ဉာတိဗျသန။ ဘောဂဗျသန စီးပွါးဥစ္စာတွေ ပျက်စီးရင် သောကဖြစ်မလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီ သောကဟာ ဘယ်လောက်များသလဲ တချိုမှာ ရူးတောင်ရူးတယ်လို့ ဘုန်းကြီးပြောသံကြားဘူးတယ်ဟုတ်လား။(မှန်ပါဘုရား)၊ ဉာတိဗျသနကြောင့် သောကဖြစ်ပြီး ရူးတဲ့ပုဂ္ဂိုလ် ဘုန်းကြီးတို့ ပရိသတ်တွေ့ဘူး လား။ (တွေ့ဘူးပါတယ်ဘုရား)။

တရားရှုမှ ခံနိုင်ရည်ရှိခြင်း။ ။ဒီ လောကမှာ ဘုန်းကြီးတို့ မပြောတတ်ဘူး။ မြတ်စွာဘုရားရှင် လက်ထက်က ပဋာစာရီဟာ အဲဒီ ဉာတိဗျသနကြောင့် သောကဖြစ်ပြီးတော့ ရူးကိုရူးတယ်၊မြတ်စွာဘုရားတရား တော်နဲ့ တွေ့တော့ သောကတွေ အကုန်လုံး ခန်းခြောက်ပျောက်ပြီးတော့ တခါထဲ မင်ဉာဏ်ဖိုလ်ဉာဏ်ရသွားတယ်၊ သာသနာတော်ဆိုတာ အဲဒီလောက်အားကိုးရာ

http://www.dhammadownload.com

ဖြစ်ပါဘယ်၊ ဥတိဗျသန။ ဘောဂဗျသန စီးပွါးဥစ္စာတွေ ပျက်စီးရင် သောက တွေ ရောက်တယ်။ အဲဒီ သောကရောက်ရင် ဘာလုပ်ရမလဲ တရားနာနာ အား ထုတ်ပေးရမယ်။ ခံနိုင်ရည်ရှိလာအောင် တရားရှိမှ ခံနိုင်ရည်ရှိတယ်။ဘုန်းကြီ တို့ ပရိသတ် တရား မရှိရင် ခံနိုင်ရည် မရှိဘူး၊ ရူးသွားတာဘဲ။ တချို့ သောက-က သေတောင် သေတယ်။

ပရိဒေဝလို့ဆိုဘာ ရင်လက်ခတ်တီး မြည်တမ်းပြီးတော့ မျက်ရည် ကြီးငယ် ကျပြီးတော့ အမျိုးမျိုး ငိုကြွေးပြီးတော့ ငိုကြွေးရတဲ့ ပရိဒေဝတွေ သတ္တဝါ သတ္တဝါတိုင်းမှာ ရှိနေသလား ရှိနေပါတယ်၊ စူဠနိဒ္ဒေသ ပါဠိတော် နှာ(၆၇)က ဒုက္ခတွေကို အဲဒီလို ပြတယ်။

အသိလဲချေပုံ။ ။ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ သောကဒုက္ခ ပရိဒေဝ ဒုက္ခလို့ဆိုတဲ့ အဲဒီ ဒုက္ခတွေ ဘယ်ကဖြစ်ပါသလဲ ဘုရားလို့ ဘုန်းကြီးတို့ ပရိသတ် သိနေတာက သူများကြောင့်ဖြစ်တယ်၊ ကိုယ့်ကြောင့် ဖြစ်တယ်၊ ဒီလို သိနေတယ်ဟုတ်လား။ (မှန်ပါဘုရား)၊ မိမိမှာ သောက တခု ဖြစ်လာရင် ဒီသောက ဘယ်သူကြောင့် ဖြစ်လာသလဲလို့ စဉ်းစားလိုက်ရင် သူများကြောင့်–သူကြောင့် ငါ ဒီ သောက ဖြစ်ရတယ်။ သူလုပ်လို့ ဒီသောက ငါ့မှာဖြစ်ရတယ်၊ သို့မဟုတ် ငါကိုယ်က မလုပ်ရတာကို လုပ်တဲ့အတွက် ငါ လုပ်လို့ ဒီသောက ငါ့မှာဖြစ်တယ်လို့ ဒီလိုသာ ဘုန်းကြီးတို့ ပရိသတ် အများအားဖြင့် သိနေကြတယ်၊မြတ်စွာဘုရားက အဲဒီအသိ မမှန်ဘူးတဲ့ဟုတ်လား(မှန်ပါဘုရား)။

အဲဒီ အသိ မမှန်ရုံတင် မဟုတ်ဘူး၊ အဲဒီ အသိမျိုးနဲ့ သိနေမယ်ဆိုရင် ဒိဋ္ဌိ တောင်ဖြစ်သေးတယ်။ သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ ဒါကြောင့် မမှန်ဘူးလို့ပြောတာ၊ အဲဒီလို သောက ပရိဒေဝ ဒုက္ခလို့ဆိုတဲ့ တရားတွေဟာ ဘယ်သူ့ကြောင့် ဖြစ်ပါသလဲ ဘုရားလို့ မြတ်စွာဘုရားကို မေတ္တာရူက လျှောက်တယ်။

သိကြားမင်းတောင် သောကရောက်ပုံ။ ။လောကလို့ ဆိုတာ ကတော့ဖြင့် ဟလောကလုံးဘဲ၊ တာဝတိံသာ ရှိတဲ့သိကြားတောင် မခံနိုင်ဘူး သောကရောက်တယ်၊ သက္ကပဉ္ဉသုတ်ကို ဒီဓမ္မာရုံ မှာဘဲ ဟောဆားတာရှိတယ်၊ သိကြားမင်းကြီး သောကရောက်လို့ မြတ်စွာဘုရား ထံ ပြေးလာတယ်။ တာဝတိံသာ ရှိနေတဲ့ နတ်တွေဆိုတာ သေခါနီးကျပြီ ဆိုရင် နိမိတ်ကြီးငါးပါး ထင်လာတယ်။ အဲသလို နိမိတ်တွေ ထင်လာရင် တာဝတိံ သာနတ်ပြည်က စည်းစိမ်ချမ်းသာကြီးတွေ စွန့်ပြီးတော့ သေရတော့မယ် ဆိုတာ သိနေရင် အဲဒီ နတ်တွေဟာ ပျော်နိုင်ပါဦးတော့မလား (မပျော်နိုင်ပါ ဘုရား)။ သောကဖြစ်မလား မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)၊ သောကဆိုတာ စိုးရိမ်ပူဆွေး ငိုကြွေးနေရတယ်။ အဲဒီသောက ပရိဒေဝတွေဖြစ်ရတဲ့အကြောင်းကို

http://www.dhammadownload.com

အရှင်ဘုရား ဟောပေးတော်မူပါလို့ မြတ်စွာဘုရား လျှောက်တော့ မြတ်စွာဘုရားက သောကဖြစ်ခြင်းရဲ့ အကြောင်းကို ဟောလိမ့်မယ်။

ဒုက္ခဿ ဝေ မံ ပဘဝံ အပုစ္ဆသိ၊
တံ တေ ပဝက္ခာမိ ယထာ ပဇာနံ။
ဥပဓိနိဒါနာ ပဘဝန္တိ ဒုက္ခာ၊
ယေ ကေစိ လောကသ္မိံ မနေကရူပါ။

ယော ဝေ အဝိဒ္ဒါ ဥပဓိ ကရောတိ၊
ပုနပ္ပုနံ ဒုက္ခ'မုပေတိ မန္ဒေါ၊
တသ္မာ ပဇာနံ ဥပဓိ နာ ကယိရာ၊
ဒုက္ခဿ ဇာတိပ္ပဘဝါနုပဿီ။

ဒီဂါထာ ၂-ပုဒ်နဲ့ ဘုန်းကြီးတို့ ဝိပဿနာရှုကွက် ဖော်ပြီးတော့ ဟောယော်၊ မဆုံးသေးဘူး၊ မေတ္တာဂူသုတ္တန်က ဂါထာ ၁၂-ပုဒ်ရှိတယ်။

မေတ္တာဂူ၊ မေတ္တာဂူ။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ ဒုက္ခဿ၊ ဆင်းရဲအားလုံး၏။ ပဘဝံ၊ ဖြစ်ခြင်းရဲ့ အကြောင်း အစကို။ အပုစ္ဆသိ၊ မေးလျှောက်၍ နေပေတော့၏။ တေ၊ သင့်အား။ တံ၊ ထို ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းကို။ ယထာ ပဇာနံ၊ ငါဘုရား သိတော်မူတဲ့အတိုင်း။ ပဝက္ခာမိ၊ ဖြေကြားတော်မူပေအံ့။ နောက်တနည်း— မေတ္တာဂူ၊ မေတ္တာဂူ။ တေ၊ သင့်အား။ အဟံ၊ ငါဘုရားသည်။ တံ၊ ထို ဆင်းရဲဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းကို။ ပဇာနံ=ပဇာနန္တော၊ သိသော သူသည်။ အာစိက္ခတိ ယထာ၊ ဖြေကြားသကဲ့သို့။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ တံ၊ ထိုဆင်းရဲခြင်းရဲ့ အကြောင်းကို။ ပဝက္ခာမိ၊ ဖြေကြားတော်မူအံ့။

လောကသ္မိံ၊ လောကဌ်။ ယေကေစိ၊ ခပ်သိမ်းညဿံ အလုံးစုံကုန်သော။ အနေကရူပါ၊ တပါးမက မျိုးလှစ္ဆာကုန်သော။ ဒုက္ခာ၊ ဆင်းရဲမျိုးစုံတို့သည်။ ဥပဓိနိဒါနာ၊ ဥပဓိဟူသော အကြောင်းကြောင့်။ ပဘဝန္တိ၊ ဖြစ်ပေါ်ရှိလာကြ လေကုန်တော့၏။

မေတ္တာဂူ၊ မေတ္တာဂူ။ အဝိဒ္ဒါ၊ ဥပဓိသည် ဒုက္ခ၏ ဖြစ်ကြောင်းဟူ၍ မသိသော အကြင်သူသည် (အကြင် မည်သူမဆို လူနတ်ဗြဟ္မာ သတ္တဝါ တဦးတယောက် သည်)။ ဥပဓိ၊ ဒုက္ခ၏အကြောင်းဖြစ်သော ဥပဓိတရားကို။ ကရောတိ၊ ပြုလုပ်၍ နေပေတော့၏။ မန္ဒေါ၊ ဥပဓိသည် ဒုက္ခ၏ဖြစ်ကြောင်းဟူ၍ မသိသည် ဖြစ်၍ ဉာဏ်နဲ့သော သူသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဒုက္ခံ၊ ဇာတိစတဲ့ ဒုက္ခသို့။ ဥပေတိ၊ကပ်ရောက်၍နေရပေတော့၏။ တသ္မာ၊ထို့ကြောင့်။ပဇာနံ=ပဇာနန္တော၊ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ်ဆိုတဲ့ သခါရတရားတို့ကို အနိစ္စဒုက္ခ-ဝိပရိဏာမအနေနဲ့ အဖန်တလဲလဲ ရှုမြင်သိသောသူသည်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ

http://www.dhammadownload.com

အပေါင်း၏။ ဇာတိပွဘဝါနုပဿီ၊ ဖြစ်ခြင်းရဲ့ အကြောင်းတရားသည် ဥပဓိဟု အဖန်တလဲလဲ ရှုရှုနေသည်ဖြစ်၍။ ဥပဓိ၊ ဒုက္ခ၏ အကြောင်းဖြစ်သော ဥပဓိတရားကို။ န ကယိရာ၊ မပြုလုပ်တော့သည်သာတည်း။

သာဓု သာဓု သာဓု။

ဘုရားရှင်အားလျော်ကန်ရာ၌ ပိဏ္ဍတ္ထအဓိပ္ပါယ်

ကဲအဲဒီအဓိပ္ပါယ်တွေပြောကြစို့၊ ရှေးဦးစွာပိဏ္ဍတ္ထ အဓိပ္ပါယ် ပြောကြဦးစို့ အပေါင်း အဓိပ္ပါယ် ပြီးတော့မှ အဝယဝတ္ထုဖြစ်တဲ့ အစိတ်စိတ်ဖြစ်တဲ့ အဓိပ္ပါယ်ကို ပြောပေးမယ်။ အဲဒီ အပေါင်းအဓိပ္ပါယ်က ဘာပြောသလဲဆိုတော့ မြတ်စွာဘုရားကို မေတ္တာဂူက မေးတယ်၊ အရှင်ဘုရားရဲ့အပေါ်မှာ တပည့်တော်က မဂ်ဉာဏ် ၄-ပါး ရပြီးတော့ သတိပဋ္ဌာန်စတဲ့ ဗောဓိပက္ခိယတရားတွေကို ပွါးများ အားထုတ်ပြီးသော ပုဂ္ဂိုလ်ဟူ၍ ယုံကြည်နေတဲ့ အတွက် အရှင်ဘုရားကို ပုစ္ဆာ မေးပါရစေဘုရားတဲ့။

လောကမှာ ဆင်းရဲမျိုးစုံတွေ ဘာကြောင့်ဖြစ်နေရပါသလဲဘုရားလို့ဆိုတော့ မြတ်စွာဘုရားကဖြေတယ်၊ ဆင်းရဲခြင်း၏အကြောင်းကို မေးတဲ့သင့်ကို ငါဘုရား မဖေဂါ်မပြန် ဟုတ်မှန်စွာ သိတော်မူတဲ့အတိုင်း ပြောမယ်တဲ့။ လောကမှာရှိတဲ့ ဆင်းရဲအားလုံးတို့ဟာ ဘယ်သူကြောင့်မှ ဖြစ်တာမဟုတ်ဘူး ဥပဓိတရားကြောင့် သာဖြစ်တာဘဲ့၊ ဥပဓိတရားကြောင့် ဖြစ်တယ်ဆိုတာကို သိတဲ့အတွက် ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များသည် ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်ဆိုတဲ့ တရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တကို ရှုထားသောသူသည် ဆင်းရဲဒုက္ခ ဖြစ်ခြင်းရဲ့ အကြောင်းဖြစ်သော အကြောင်းသည် ဥပဓိတရားဘဲလို့ သေသေချာချာ သိကြသည် ဖြစ်သောကြောင့် အဲဒီ ဆင်းရဲဒုက္ခကိုဖြစ်စေတတ်တဲ့ ဥပဓိတရားကို မပြုတော့ဘူးတဲ့။ ဒါဘဲပြောတယ် မြတ်စွာဘုရား။ ဒါက ပိဏ္ဍတ္ထအဓိပ္ပါယ်ဘဲ အပေါင်းအဓိပ္ပါယ်။ ကိုင်း-အစိတ် အစိတ် အဓိပ္ပါယ် ပြောကြရအောင်။

အယဝယခေါ် အစိတ်စိတ်အဓိပ္ပါယ်။ ။အယဝယခေါ်တဲ့ အစိတ်အစိတ်အဓိပ္ပါယ်

တွေကဘာတွေ ပြောထားသလဲဆိုတော့ ဘုန်းကြီးတို့ရဲ့ အမျိုးကောင်းသား-သမီးများ ဥပဓိသည် သံသရာဝဋ်ဆင်းရဲကို ရောက်ခြင်း ရခြင်း ဆင်းရဲဒုက္ခအားလုံးတို့ကို ရခြင်းရဲ့ အကြောင်းဘဲ၊ ဥပဓိ-က။ အဲဒီ ဥပဓိ ဘယ်နှစ်မျိုးရှိသလဲ ဆိုတော့ ဘုန်းကြီးတို့ကြည့်ဘူးတဲ့ အဋ္ဌကထာတွေမှာ ဥပဓိဟာ လေးမျိုးရှိတယ်တဲ့၊ လေးမျိုးဘဲ ဖွင့်တယ်။ အဲဒီ အဋ္ဌကထာတွေက ဘာတွေလဲ သံယုတ်အဋ္ဌကထာ ပ-တွဲ၊ နှာ-၃၀ မှာ ပဏ္ဏာသအဋ္ဌကထာ စ-တွဲ၊ နှာ-၂၁၄ မှာ အင်္ဂုတ္တိရ် အဋ္ဌကထာမှာ သုတ္တန်ပါတ် အဋ္ဌကထာ နှာ-၁၅၉ မှာလဲ လေးမျိုးဘဲ ဖွင့်ထားတယ်။

http://www.dhammadownload.com

ဥပဓိ ၄-မျိုး။ ။ဥပဓိဆိုတာ ဘာခေါ်သလဲဆိုတော့ ဥပဓိဆိုတာ သံသရာဝဋ်ဆင်းရဲကို စပ်တဲ့သဘော၊ တရားသဘောကို ဥပဓိလို့ခေါ်တယ်။ အဲဒီ ဥပဓိဟာ စောစောပိုင်းက ဘုန်းကြီးပြောသလိုဘဲ လေးမျိုးအင်္ဂကထာတွေက ဖွင့်တယ်။ ခန္ဓူပဓိ, ကိလေသူပဓိ, ကာမူပဓိ, သခါရူပဓိ-လို့ ဥပဓိလေးမျိုးရှိတယ်။

ခန္ဓူပဓိရှင်းချက်။ ။ခန္ဓူပဓိလို့ဆိုတာ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ဆိုတဲ့ ခန္ဓာငါးပါးကို ခန္ဓူပဓိလို့ခေါ်တယ်။ ဘာပြုလို့ ဒီခန္ဓာငါးပါးကို ဥပဓိလို့ခေါ်ရသလဲဆိုတော့ အလုံးစုံသော ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသဆိုတဲ့ ဧစောစောပိုင်းကပြောခဲ့တဲ့ ဒုက္ခတွေဟာ ဒီခန္ဓာငါးပါးပေါ်မှာချည်း အကုန်လုံး တည်ကြတယ်။ ခန္ဓာငါးပါး မရှိရင် အဲဒီတရားတွေ ရှိလို့မရဘူး တည်လို့မရဘူး။ ဒီတော့ ဆင်းရဲဒုက္ခ အားလုံးတို့ဟာ ဘယ်မှာ တည်နေသလဲ (ခန္ဓာငါးပါးမှာ တည်နေပါတယ်ဘုရား)။ ခန္ဓာငါးပါး ဆိုတာ ဘယ်သူလဲလို့ဆိုတော့ ဘုန်းကြီးတို့ပရိသတ်ကို ဝိပဿနာရှုကွက်အနေနဲ့ ပေးထားတဲ့ ဝိညာဏ် နာမ် ရူပ်၊ တနည်း စိတ် စေတသိက် ရူပ်။

အဲဒီ စိတ် စေတသိက် ရူပ်၊ ဝိညာဏ် နာမ်ရူပ်ဆိုတဲ့ တရားတွေသည် အလုံးစုံသော ဆင်းရဲအပေါင်းတို့ရဲ့ တည်ရာ ဌာနဖြစ်သောကြောင့် သူ့ကို ဘာလို့ ခေါ်သလဲ ဥပဓိလို့ ခေါ်တယ်၊ ခန္ဓူပဓိ နော် (မှန်ပါဘုရား)။

ကြည့်လေ ဘုန်းကြီးတို့ ပရိသတ် ဗျာဓိဒုက္ခလို့ခေါ်တဲ့ ရောဂါဝေဒနာတွေဟာ ဘယ်မှာ တည်သလဲ (ခန္ဓာငါးပါးမှာပါဘုရား)၊ ရူပက္ခန္ဓာမှာချည်း ရောဂါတွေ လာပြီးတော့ တည်ကြတယ်။

ရောဂါနံ အဝဿယော။ ရောဂါနံ (အလုံးစုံသော) ရောဂါတို့၏။ အဝဿယော၊ တည်ရာဖြစ်တဲ့ ခန္ဓာဖြစ်၏။ ဟောဒါ ဘယ်ရောဂါလာမလဲ ဘုန်းကြီးတို့ ခန္ဓာကိုယ်က လက်ခံမလား မခံဘူးလား (လက်ခံပါတယ်ဘုရား)၊ အဲဒီ ရောဂါအမျိုးမျိုးတွေကို ပြထားသေးတယ်၊ စက္ခုရောဂ, သောတရောဂ, ဃာနရောဂ, ဇိဝှါရောဂ, ကာယရောဂ, သြဋ္ဌရောဂ, ဒန္တရောဂစတဲ့ အမျိုးမျိုးရောဂါတွေ ပြဆားတယ်။

ရောဂါဟူသမျှ ဒုက္ခဖြစ်ပုံ။ ။မျက်စိဆိုရောဂါဆိုတာ ဘယ်မှာဖြစ်သလဲ (မျက်လုံးမှာ ဖြစ်ပါတယ်ဘုရား)၊ အဲဒီ မျက်လုံးဆိုတာ ရူပက္ခန္ဓာဘဲ၊ နားရောဂါကကော(နားမှာပါဘုရား)၊ နှာခေါင်းရောဂါ-နှုတ်ခမ်းတို့ သွားတို့ အကုန်လုံး သူ့ဆိုင်ရာဆိုင်ရာမှာ ဖြစ်ကြတယ်တဲ့။ လက်သည်းပူလောင်တဲ့ ရောဂါတောင် မကျန်ဘူး ပါဠိတော်က ပြထားတယ် နော်၊ နှုတ်ခမ်းကွဲတဲ့ရောဂါ

http://www.dhammadownload.com

လက်ကလေးတွေမှာ အစိတ်စိတ် ကွဲတဲ့ရောဂါ၊ ရောဂါတွေကို အပုံဘဲ့(အဲဒါကို ဘုန်းကြီး ဂိရိမာနန္ဒသုတ် ဟောထားတုန်းက အာဒီနဝသညာကို ဟောတဲ့နေရာမှာ အဲဒီရောဂါတွေ အမျိုးမျိုး ထည့်ပြီး ဟောထားတာ ရှိတယ်၊ အဲဒီ သုတ္တန်မှာ နာကြပေတော့ ဟုတ်လား(မှန်ပါဘုရား)၊ ပြီးခဲ့တဲ့ ဝါတွင်းကမှ ဟောထားတာ သိပ်မကြာသေးဘူး)။

အဲဒီတော့ အဲဒီ ရောဂါဝေဒနာအားလုံးတွေဟာ ရောဂါတွေဟာ သုခတွေလား ဒုက္ခတွေလား (ဒုက္ခတွေပါဘုရား)၊ ဘာပြုလို့ ဒုက္ခလဲ ဘုန်းကြီးတို့ အမျိုးကောင်းသား သမီးမျိုး ရောဂါကို ဘာသုံးလို့ ရသလဲ(သုံးမရပါဘုရား)၊ ရောဂါကို ဘယ်နေရာမှာ အသုံးချရသလဲ၊ ဘယ်နေရာမှ အသုံးမဝင်တဲ့အတွက် ဒီရောဂါကို ဘယ်သူအလိုရှိသလဲ (ဘယ်သူမှ အလိုမရှိပါဘုရား)၊ ဘာပြုလို့ ရောဂါကို အလိုမရှိသလဲ အသုံးမဝင်လို့၊ အသုံးမဝင်တဲ့အတွက် အလိုမရှိအပ်သော သဘောသတ္တိရှိသောကြောင့် ရောဂါဟူသရွေ့သည် ဒုက္ခတဲ့၊ ဒုက္ခဆိုတာ အိုရလို့ နာရလွန်းလို့လောက်သာ ဒုက္ခလို့ပြောတာ မဟုတ်ဘူး၊ ဒုက္ခရဲ့ အဓိပ္ပါယ်က ဒုက္ခဆိုတာ အသုံးမဝင်တဲ့အတွက် အသုံးမကျတဲ့အတွက် အလိုမရှိအပ်သော သဘောရှိသောကြောင့် အဲဒါ ဒုက္ခလို့ ခေါ်တယ် မှတ်ထား။

ဒီတော့ အဲဒီ ဒုက္ခတွေဟာ ဘယ်မှာတည်သလဲ (ခန္ဓာကိုယ်မှာ တည်ပါတယ်ဘုရား)၊ အဲဒီတော့ ခန္ဓာငါးပါးဆိုတဲ့ တရားသည် ခန္ဓာပဓိ။ ဒါရောဂါအပေါင်းတို့ရဲ့တည်ရာ။

ခန္ဓာကြောင့် ဆင်းရဲဖြစ်ပုံ။ ။သေတယ်ဆိုတာကကော ဘယ်အပေါ် တည်ပြီးတော့ သေရသလဲ(ခန္ဓာငါးပါးပေါ် မှာဘဲ တည်သေပါတယ်ဘုရား)၊ အိုတာ နာတာက ကော (ခန္ဓာငါးပါးပေါ် မှာ တည်ပြီး အို-နာရပါတယ်ဘုရား)၊ အဲဒါကြောင့် ခန္ဓာငါးပါးသည် ဥပဓိတရား။ဒါရောဂါဝေဒနာဖြစ်ခြင်းရဲ့အကြောင်း ဆင်းရဲခြင်းရဲ့အကြောင်း အိုခြင်း နာခြင်း သေခြင်းရဲ့အကြောင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဖြစ်ခြင်းရဲ့ အကြောင်းဟာ ဟောဒီ ခန္ဓာငါးပါးဘဲ။ ဒီတော့ ကိုယ်မကြိုက်တဲ့ ရောဂါအားလုံး ဒုက္ခအားလုံးတွေကို လက်ခံထားတဲ့ ခန္ဓာကိုယ်ကြီးကို ဘုန်းကြီးတို့ ပရိသတ်က နှစ်သက်သလား မနှစ်သက်ဘူးလား၊ (မနှစ်သက်ပါဘုရား)။

နှစ်သက်လွန်းလို့ အဲဒါ တန္ဒေနှစ်ကြိမ်လောက် အစာကြွေးရတယ်၊ ခုလို နဲနဲပါးပါး ချမ်းလာတဲ့ ဆောင်းထုသီလေးဆိုရင် သူတို့မှာ ဝတ်လိုက်ကြရတဲ့အနွေးထည်တွေ တထည်နဲ့မရ နှစ်ထည်နဲ့ မရ သုံးထည်နဲ့ မရဘူး၊ ဘယ်လောက် ဒီခန္ဓာကိုယ်ကို ဘုန်းကြီးတို့ ပရိသတ်က ဂရုစိုက်ရသလဲ ဟုတ်လား (မှန်ပါဘုရား)၊

http://www.dhammadownload.com

ဘယ်လောက် ပြုပြင် ပြုပြင် ဒီရောဂါက ဒီခန္ဓာငါးပါးတည်းဟူသော ဥပဓိကြီးက ရောဂါဝေဒနာအပေါင်းကို လက်ခံသလား၊မခံဘူးလား(လက်ခံပါတယ်ဘုရား)။

ရက္ခိတောပိ အဂုတ္တောဝ၊ ကာယေ ဘယေ မုခေ ဌိတော။

ကာယေ၊ ရူပကာကာယလို့ ခေါ်တဲ့ အဲဒီ ခန္ဓူပဓိအကျုံးဝင်တဲ့ ခန္ဓာငါးပါး၌။ ရက္ခိတောပိ၊ စောင့်ရှောက်၍ နေပါသော်လည်း။ ဘယေ၊ ရောဂါဘေး အိုဘေး,နာဘေး,သေဘေးဆိုးဆိုတဲ့။ မုခေ၊ ခံတွင်းဝ၌။ ဌိတော၊တည်နေသည်။ ဟုတ္တာ၊ ဖြစ်၍။ အဂုတ္တောဝ၊ ဘယ်လိုလုပ်လုပ် မလုံခြုံနိုင်တော့သည်သာလျှင်တည်း။

ပြုပြင်၍ မရနိုင်သောအရာများ။ ။ဘယ်လို လုပ်လုပ် ဘယ်လို စောင့်ရှောက် စောင့်ရှောက် မလုံခြုံဘူး၊ အိုတယ်ဆိုတော့ ဘာတွေ ဖြစ်လာသလဲ၊ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇရာ။ မျက်လုံးပြာမှာစိုးလို့ လုပ်လိုက်ရတာ၊ ဝလိတ္တစတာ= ပါးရေ နားရေတွေ တွန့်မှာစိုးလို့ ပြုပြင်လိုက်ရတာ မပြောနဲ့တော့၊ ဒီကြားထဲမှာ ဘာဖြစ်လာလဲ တွန့်လာပါတယ်ဘုရား၊ သွားတွေလဲ ကြိုးလာတယ်၊ ဘယ်ပုဂ္ဂိုလ်မှ မလွတ်ဘူးနော် မလုံခြုံဘူး၊ဘာပြုလို့ မလုံခြုံလဲ၊ အမျိုးမျိုးသော ရောဂါဆိုးကြီးတွေကို သူက လက်ခံထားတာကိုး။

အဲဒါကြောင့် ဒုက္ခအမျိုးမျိုးကို လက်ခံထားသည်ဖြစ်သောကြောင့် ဒီခန္ဓာကို ဥပဓိတရားလို့ ခေါ်တယ်တဲ့၊ ခန္ဓူပဓိ ဟုတ်လား(မှန်ပါဘုရား)။

ကိလေသူပဓိ ရှင်းချက်။ ။ကိလေသူပဓိ။ ကိလေသာဆိုတာကျတော့ ကိလေသာက ဘာတွေလက်ခံသလဲ ကိလေသာဆိုတဲ့ လောဘတို့ ဒေါသတို့ မောဟတို့က ဘာတွေ လက်ခံသလဲဆိုတော့ သောက ပရိဒေဝ=ပူပန်တယ် စိတ်ဆင်းရဲတယ်ဆိုတဲ့ တရားတွေကို သူအကုန်လက်ခံတယ်၊ ကိလေသာတရားတွေက။ နော် (မှန်ပါဘုရား)။

ကာမူပဓိရှင်းချက်။ ။ပြီးတော့ ကာမူပဓိ၊ ကာမဂုဏ်။ အဲဒီ ကာမဂုဏ်ဆိုတဲ့ ချမ်းသာဟာ ဘာတွေလက်ခံသလဲဆိုတော့ ဘုန်းကြီး တနေ့ညက ပြောလိုက်တဲ့ ကာမာနံ အာဒီနဝကို သူအကုန်လုံး လက်ခံတယ်၊ ကာမဂုဏ်ကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးတွေ ရောက်ရတယ်လို့ ဒီလို ပြောထားတယ် မဟုတ်လား(မှန်ပါဘုရား)၊ ဒါ ကာမူပဓိ။

သခ်ါရူပဓိရှင်းချက်။ ။သခ်ါရူပဓိဆိုတာ ပုညာဘိသခ်ါရ, အပုညာဘိသခ်ါရ, အာနေဥ္ဇာဘိသခ်ါရလို့ဆိုတဲ့ အဲဒီ သခ်ါရတရား(၃)ပါးကို သခ်ါရူပဓိလို့ ခေါ်တယ်၊ အဲဒီ သခ်ါရူပဓိက ဘာတွေလက်ခံသလဲဆိုတော့

http://www.dhammadownload.com

သံသရာဝဋ်ဆင်းရဲကြီးကို သူလက်ခံတယ် ကုသိုလ်ကံက ဘုန်းကြီးတို့ ပရိသတ်။ နောက် (မှန်ပါဘုရား)၊ ဒီဥပဓိတရားတွေဟာ ခန္ဓာတို့ အာယတနတို့ ကာမဂုဏ်တို့ ကိလေသာတို့ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရလို့ခေါ်တဲ့ ကုသိုလ်သင်္ခါရ,အကုသိုလ်သင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ကုသိုလ်ပြုမှု အကုသိုလ်ပြုမှု,အာနေဉ္ဇာကို ပြုလုပ်မှုဆိုတဲ့ ဒီသင်္ခါရတရားတွေသည် သံသရာဝဋ်ဆင်းရဲတည်းဟူသော ဒုက္ခကြီးတွေကို လက်ခံသိမ်းပိုက်ပြီးထားသည်ဖြစ်သောကြောင့် သူတို့ကို ဥပဓိလို့ ခေါ်တယ် ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို ဆင်းရဲအောင် လုပ်ပေးတာ ဘယ်သူလဲ၊ ခန္ဓာ ကာမဂုဏ် ကိလေသာ သင်္ခါရ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ အဲဒီသင်္ခါရတရားတွေ၊ ဒါအင်္ဂကထာကတွေမှာ လာတာ။

ဥပဓိ ၁၀-ပါး တနည်း။ ။စူဠနိဒ္ဒေသပါဠိတော်နှာ ၆၉-၇၁-က ဥပဓိတရား ၄-ပါး မကပါဘူး (၁၀)ပါ. ရှိတယ်တဲ့၊ အဲဒီ ဥပဓိ ၁၀-ပါးကို ဘုန်းကြီး ပြောဦးမယ်၊ ဒီဥပဓိတရား(၁၀)ပါးက ဘာတွေလဲဆိုတော့ တဏှာပဓိ ဒိဋ္ဌုပဓိ(သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိသည်-ဥပဓိတခု) တဏှာကလဲ ဘာတွေလက္ခဏလဲဆိုတော့ ဒုက္ခတွေအားလုံး လက္ခဏတယ်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိလို့ဆိုတဲ့ ၎ါ လုပ်လို့ဖြစ်တယ် သူတပါးလုပ်လို့ဖြစ်တယ် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ဒိဋ္ဌိ ၂-ခုကလဲ ဘာတွေလက်ခံသလဲဆိုတော့ ဆင်းရဲမျိုးစုံတွေကို အားလုံးလက်ခံတယ်၊ ဒါက ဒိဋ္ဌုပဓိ၊ ဘယ်နှစ်မျိုးရသွားပလဲ ၂-မျိုးရပြီနော်၊ တဏှာပဓိ, ဒိဋ္ဌုပဓိ, ကာမူပဓိ, ကိလေသူပဓိ, ဒုစ္စရိတူပဓိ ဘယ်နှစ်မျိုးလဲ (၅)မျိုး၊ ဒုစရိုက်တရား (၁၀) ပါးကလဲ ဥပဓိဘဲတဲ့။

ဒုစရိုက်တရားများကို ဥပဓိခေါ်ပုံ။ ။ဒုစရိုက်(၁၀)ပါးဆိုဘာက ကာယဒုစရိုက် ၃-ပါး၊ သူအသက်ကို သတ်တယ်၊ သူများ ပစ္စည်းများခိုးတယ်၊ ကာမဂုဏ်တွေကို မှားသောအားဖြင့် ကျင့်တယ်၊ အဲဒီ ဒုစရိုက်တရား ၃-ပါးကို ကျင့်ထားတဲ့ ပုဂ္ဂိုလ်က ဒုက္ခရသလား(ရပါတယ်ဘုရား)၊ အဲဒီ (၃)ခုစလုံးဟာ ရာဇဝတ်မှုကြီးဘဲတဲ့ ဘုန်းကြီးတို့ပရိသတ်၊ ဒီရာဇဝတ်မှု ဒုက္ခကြီးကို ဘယ်သူက လက်ခံသလဲ၊ ခုနက ပြောခဲ့တဲ့ ဒုစရိုက်တရား ၃-ပါးက လက်ခံတယ်၊ ဒါကြောင့် သူကို ဥပဓိတရားလို့ ခေါ်တယ်။ မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တဲ့ အဲဒီ ဒုစရိုက်တရား ၁၀-ပါးသည် ဥပဓိတရား ၅-ဒုစ္စရိတူပဓိလို့ ခေါ်တယ်၊ ဘယ်နှစ်ပါး ရသွားပြီလဲ (၅-ခု ပါဘုရား)။

အာဟာရလည်း ဥပဓိခေါ်ပုံ။ ။အာဟာရူပဓိ။ ကဗဠီကာရ အာဟာရသည် ရောဂါဝေဒနာ တည်းဟူသော ဒုက္ခကြီးကို ဖြစ်စေခြင်းအကြောင်းဖြစ်သောကြောင့် ကဗဠီကာဆုဟာရ ဟာလဲဘဲ ဥပဓိ

http://www.dhammadownload.com

တရားပါဘဲတဲ့၊ မတဲ့တာစားမိရင် ချက်ချင်း ဒုက္ခတွေသလား မတွေ့ဘူးလား၊ (တွေ့ပါတယ်ဘုရား)၊ အဲဒီတော့ အာဟာရူပဓိလို့ဆိုတာ ဒုက္ခကို လက္ခံသလား လက်မခံဘူးလား (လက်ခံပါတယ် ဘုရား)။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် အစားအသောက် ကြည့်ပြီး လက္ခံစားသောက်ကြ။ အရသာ ကောင်းတိုင်း တွေ့ကရာသိပ်ပြီး မစားကြနဲ့ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ အာဟာရူပဓိ။

အမျက်ထွက်ခြင်းကို ဥပဓိခေါ်ပုံ။ ။ပဠိဿူပဓိ။ အမျက်ထွက်တယ်လို့ဆိုတာ ဥပဓိတရားဘဲတဲ့၊ အမျက်ထွက်ခြင်းလို့ ဆိုတာဟာလဲ ဒုက္ခဆောက်ခြင်းရဲ့အကြောင်းတခုဘဲတဲ့။ ဒေါသော အတ္ထံ နဇာနာတိ၊ ဒါ အကျိုးဟုတ်သည် အကြောင်းဟုတ်သည် ဘာမှမသိဘူး ရမ်းသမ်း လုပ်မိတော့ ဟော စိတ်ဆင်းရဲစရာတွေ ဖြစ်လာတယ်၊ ဘယ်နှစ်ခုရှိသွားပြီလဲ (၇)ခုပါဘုရား။

ဥပါဒိန္နကလည်း ဥပဓိခေါ်ပုံ။ ။စတဿော ဥပါဒိန္နဓာတုယော ဥပဓိ။ ကံကြောင့်ဖြစ်တဲ့ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်ကြီး (၄) ပါးသည် ဥပဓိတရားတဲ့၊ ပထဝါဒယောလို့ ပါဠိတော်က ဒီလိုပြောတာ၊ ဥပါဒိန္နကဓာတ်ဆိုတာ ကံကြောင့်ဖြစ်တဲ့ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ အဲဒီ ဓာတ်ကြီး ၄-ပါးကို ဥပါဒိန္နကဓာတ်လို့ ခေါ်တယ်၊ အဲဒီ ဥပါဒိန္နကဓာတ် ၄-ပါးသည် ဥပဓိတရား၊ အဲဒီ ဥပဓိတရားသည် ဒုက္ခအပေါင်းကို ရနေတယ်။ အနုပါဒိန္နဓာတ်ဆိုတဲ့ ခန္ဓာရှိသေးတယ်တဲ့၊ အဲဒီ အနုပါဒိန္နကတော့ဖြင့် ဒုက္ခဖြစ်ခြင်းရဲ့အကြောင်း မဟုတ်ဘူး၊ ဒီ ဘူတရူပ်တွေဟာ သစ်တုန်းကြီးတတုံးကို ကြည့်မယ်ဆိုရင် အဲဒါဟာ ပထဝီ အာပေါ တေဇော ဝါယော ဆိုတာဟာ အနုပါဒိန္နကခန္ဓာကြီး ဟုတ်လား ဥတုကြောင့် ဖြစ်တာ။ အဲဒီ အပေါ်မှာဖြင့် ဒုက္ခမရှိဘူး - ဒုက္ခကို သူကမဖြစ်စေဘူး လက်လဲမခံဘူး ဥပါဒိန္နကဖြစ်တဲ့ စတဿော ဥပါဒိန္နဓာတုယောလို့ ခေါ်တဲ့ ပထဝီ အာပေါ တေဇော ဝါယောဆိုတာဟာဖြင့် ဒုက္ခကို သူက လက်ခံတတ်သည်ဖြစ်သောကြောင့် ဥပါဒိန္နကခန္ဓာသည် ဥပဓိတရားတခုတဲ့၊ ဘယ်နှစ်ခုရှိသွားပြီလဲ (၈) ခုရှိသွားပါပြီ ဘုရား။ ဂ-ခု။

အာယတနများကို ဥပဓိခေါ်ပုံ။ ။အဇ္ဈတ္တိကာနိ အာယတနာနိ ဥပဓိ-တဲ့၊ စက္ခု သောတ - ဃာန - ဇိဝှါ - ကာယ-မန - လို့ ဆိုတဲ့ အဇ္ဈတ္တိကာယတန (၆) ခုလည်း ဥပဓိတရားတဲ့၊ ဘာဖြစ်လို့လဲ မျက်စိရှိရင် မျက်စိထောဂါကို မျက်စိက လက်ခံတယ်၊ မျက်စိကုတဲ့ ဆေးရုံသွားကြည့်စမ်း မျက်စိထောဂါသမားတွေ ဘယ်လောက်များသလဲဆိုတာ၊ ဒါဆေးရုံထောက်တာ ရှိသေးတယ်၊ မထောက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးဘဲ၊ အဲဒီ ထောဂါဆိုတာ ဒုက္ခဘဲ၊ အဲဒီ ဒုက္ခကို ဘယ်သူလက်ခံသလဲ၊ မျက်စိက လက်ခံတယ်၊ နား နှာခေါင်း

http://www.dhammadownload.com

လျှာ, ခန္ဓာကိုယ်၊ ဒီတော့ အဲဒီမှာ ရောဂါတွေ အားလုံး လက်ခံတယ်၊ ရောဂါဝေဒနာတွေကို။

ဝိညာဏ် ၆-ပါးကို ဥပဓိခေါ်ပုံ။ ။ဆဝိညာဏကာယ ဥပဓိ။ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန ဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် မနောဝိညာဏ်=ဆဝိညာဏ ကာယလို့ ခေါ်တဲ့ စက္ခုဝိညာဏ်ကလဲဘဲ မကောင်းတဲ့ ရူပါရုံကလေးကို မြင်လိုက်ရရင် သူက ပင်ပန်းတယ်၊ မနုပါမနာပေသု ရူပေသု၊ နှစ်သက်ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော အာရုံတို့ကြောင့်။ ဟညတိ၊ ပင်ပန်းဆင်းရဲတဲ့ ဒုက္ခကိုရလေ၏။ ဒီတော့ ဘယ်နှစ်ပါးလဲ (၁၀)ပါး ပါဘုရား၊ အဲဒါ ဥပဓိ (၁၀) ပါးလို့ စူဠနိဒ္ဒေသက ပြတယ်။ ဥပဓိ (၁၀) ပါးသည် ဒုက္ခတရားတွေ ဖြစ်ခြင်းငှါ အကြောင်းဘဲ ဟုတ်လား (မှန်ပါဘုရား၊ ဒီတော့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဒုက္ခမဖြစ်ချင်ရင် ရှောင်ရမှာက ဘာတွေရှောင်ရမှာလဲဆိုတော့ တဏှာကို ရှောင်ရမယ်၊ ဒိဋ္ဌိကို ရှောင်ရမယ်၊ ရှောင်နိုင်သလောက်တော့ ဒုက္ခကင်းမယ်၊ မရှောင်နိုင်သရွေ့ ဒုက္ခမှ မကင်းဘူး၊ တဏှာကို ရှောင်ရမယ်၊ ဒိဋ္ဌိကို ရှောင်ရမယ်၊ ကိလေသာကို ရှောင်ရမယ်၊ ဒုစရိုက်တရားတွေကို ရှောင်ရမယ်၊ သံသရာဝဋ်ဆင်းရဲကို လည်စေတတ်တဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ သံသရာဝဋ်ကို လည်ကြောင်းဖြစ်တဲ့ ကုသိုလ်တွေကို ရှောင်ပေးရမယ်။ ပြီးတော့ ဘာတွေ ရှောင်မလဲ။

စတဿော ဥပါဒိန္နက ဓာတုယော-ရှောင်ရမယ်ဆိုတာ ဥပါဒိန္နကခန္ဓာကြီးကို ပယ်ပစ်ရမလားဆိုတော့ မဟုတ်ဘူးတဲ့၊ သူအပေါ်မှာ အနိစ္စ ဒုက္ခ ဝိပရိဏာမ-လို့ ဝိပဿနာ ရူသောအားဖြင့် ဆန္ဒရာဂကွာသွားရင် ရှောင်ဒါနဲ့ အတူတူဘဲတဲ့ ဟုတ်လား (မှန်ပါဘုရား)။ အာယတနတရားတွေလဲဘဲ ဒီ အတိုင်းဘဲနော် (မှန်ပါဘုရား)၊ အဲဒီ ဥပဓိတရားတွေကို ပွါးများအားထုတ်နေရင် ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

ဥပဓိတရား မကင်းက ဆင်းရဲပုံ။ ။ယော ဝေ အဝိဒ္ဒါ ဥပဓိ ကရောတိ။မေတ္တာဂု၊ မေတ္တာဂူ။ အဝိဒ္ဒါ၊ အဝိဇ္ဇာရှိနေသည်ဖြစ်၍ ဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ဥပဓိကို မသိသော။ ယော၊ အကြင်သူသည်။ ဝေ၊ စင်စစ်ဧကန် အမှန်မုချအားဖြင့်။ ဥပဓိ၊ ဒုက္ခဖြစ်ကြောင်းဖြစ်တဲ့ တဏှာ ဒိဋ္ဌိစတဲ့ ဥပဓိတရားတွေကို။ ကရောတိ၊ နေ့တိုင်း ပြုလုပ်၍ နေပေတော့၏။ အဲဒီ ဥပဓိကေ့ ကိုယ့်မှာ နေ့တိုင်း ဖြစ်နေရင် - အဝိဒ္ဒါ၊ ပညာဉာဏ်မရှိသော။ မန္ဒော၊ ဝိပဿနာဉာဏ်က နုံ့၍နေသော။ သော၊ ထိုဥပဓိတရားကို အမြဲတန်း ဆည်းပူးပွါးများသော ဒိဋ္ဌိ-တဏှာနဲ့ လက်ကိုင်ထား၍ နေသောပုဂ္ဂိုလ်သည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဒုက္ခံ၊ ပဋိသန္ဓေနေရတဲ့ ဆင်းရဲဒုက္ခ ၎ထုမရဏဆိုတဲ့

http://www.dhammadownload.com

ဆင်းရဲဒုက္ခ အပေါင်းသို့။ ဥပေတိ၊ ကပ်ရောက်၍ နေပေတော့၏။ ဒီလိုဘဲ နေရတော့မှာလား၊ တာဖြင့် ဘာလုပ်မလဲ။

တသ္မာ ပဇာနံ ဥပဓိံ နာ ကဃိရာ၊ ဒုက္ခဿ ဇာတိပ္ပဘဝါနုပဿီ။ တသ္မာ၊ ထိုသို့ ဥပဓိတရားသည် ဆင်းရဲကို ဖြစ်တတ်လေသောကြောင့်။ ပဇာနံ=ပဇာနန္တော၊ ဝိညာဏ် နာမ်ရုပ်၊ တနည်း စိတ် စေတသိက် ရုပ် သခါရတရားတို့၏ အပေါ် ၌ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တဟု ရှုဆင်ခြင်၍နေသော ကမ္မဋ္ဌာန်းအား ထုတ်နေတဲ့ ယောဂါဝစရ ကုလပုတ္တ အမျိုးကောင်းသား- အမျိုးကောင်းသို့ သည်။ ဒုက္ခဿ၊ ဆင်းရဲအားလုံး၏ ဇာတိဒုက္ခ အစရှိသော သံသရာဒုက္ခအားလုံး၏။ ဇာတိပ္ပဘဝါနုပဿီ၊ ဖြစ်ခြင်းရဲ့အကြောင်းသည် ဥပဓိဟု အဖန်တလဲလဲ ရှုမြင်နေသည် ဖြစ်၍။ ဥပဓိံ၊ သံသရာဝဋ်ဆင်းရဲကို လည်စေတတ် ကျင်လည်စေတတ်တဲ့ ဥပဓိအားလုံးကို။ နာ ကဃိရာ၊ မပြုလုပ်ရာသတည်း။

သာဓု သာဓု သာဓု။

ဥပဓိပယ်နိုင်ရန် ကျင့်သော ပုဂ္ဂိုလ် ၄-ယောက်

ဥပဓိတရား ၄-ပါး၊ တနည်း ၁၀-ပါးကို ပယ်နိုင်ဖို့ရန်အတွက် ကျင့်နေတဲ့ပုဂ္ဂိုလ်ဟာ ၄-မျိုး ရှိတယ်လို့ မြတ်စွာဘုရားက ဟောတယ်၊ ဘယ်မှာ ဟောသလဲဆိုတော့ မဇ္ဈိမပဏ္ဏာသပါဠိတော် လဋ္ဌကိကောပမသုတ် နှာ-၁၁၇ မှာ ဟောထားတာ ရှိတယ်၊ ကိုင်း အဲဒီ သုတ္တန်သွားရအောင်–

ဥပဓိတရား ပယ်နည်း။ ။ဥပဓိတရားတို့ကို ပယ်တဲ့နည်း ဘုန်းကြီးတို့ပရိသတ် လိုသလား မလိုဘူးလား (လိုပါတယ်ဘုရား)၊ အဲဒီနည်းကို ဘာလုပ်ဖို့ လိုချင်တာလဲ ဥပမာပုံ ဆိုကြပါစို့ရှဲ့၊ အထည် ရောင်းနေတဲ့ပုဂ္ဂိုလ်ဆိုရင် အထည်ကလေးက အင်မတန်လှလှပပ ကလေး၊ အဆင်ကလေးကလဲ ဆန်းလို့ ပြီးတော့ ဘာလဲ ပါးပါး ချောချော ကလေး၊ ခေတ်ပေါ်ကလေး ဆိုတော့ ဒီ အထည်ကလေးကို ဘုန်းကြီးတို့ပရိသတ် လိုချင်သလား မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)၊ ဘာလုပ်ဖို့ လိုချင်တာလဲ အဲဒီ အထည်ကို အသုံးချဖို့၊ စီးပွါးဥစ္စာ ရတနာရွှေငွေတွေကို အလိုရှိတယ်ဆိုတာ ဘာလုပ်ဖို့လဲ (အသုံးချဖို့ပါဘုရား)၊ အခု မြတ်စွာဘုရား ဟောမယ်ဆိုတဲ့ ဥပဓိပယ်နည်းကို ဘုန်းကြီးတို့ပရိသတ် အလိုရှိတယ် ဆိုတာကော ဘာလုပ်ဖို့လဲ (အသုံးချဖို့ပါဘုရား)၊ အသုံးချဖို့လို့ဆိုတော့ ဘုန်းကြီးတို့ပရိသတ် ဥပဓိတရားကို ပယ်နိုင်တဲ့နည်းကောင်း လမ်းကောင်းကို ဘုန်းကြီးတို့ ပရိသတ် ခု အလိုရှိနေတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကလဲ မဟာကရုဏာတော် ပြဋ္ဌာန်းပြီးတော့ ဘုန်းကြီးတို့ပရိသတ်ကို ပေးမှာလား မပေးဘူးလား(ပေးပါမယ်ဘုရား)၊

http://www.dhammadownload.com

ဘယ်သူကို ပေးမှာလဲ တရားကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကို ဒီတရားကို ပေးမှာ၊ ဘယ်သူကို ပေးမှာလဲ ဘုန်းကြီးတို့ပရိသတ် ကိုယ့်ကိုယ်ပေးမှာလား၊ ဘယ်သူကို ပေးမှာလဲ (ကိုယ့်ကိုယ်ကို ပေးမှာပါဘုရား)၊ မြတ်စွာဘုရား ပေးမယ် ဆိုတဲ့ ဥပဓိပယ်ပုံပယ်နည်းကို မြတ်စွာဘုရားက ပုဂ္ဂိုလ် ၄-မျိုး ခွဲခြားပြီး ဟောတယ်၊ အဲဒီ ၄-မျိုးကို သူသားတော် ရာဟုလာကလေးကို ပေးတာလား (မဟုတ်ပါဘုရား)၊ သုဒ္ဒါဓန မင်းကြီးကို ပေးလိုက်တာလား (မဟုတ်ပါဘုရား)၊ သူ ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကို ပေးတာလား (မဟုတ်ပါဘုရား)၊ ဆူးရွဲ့ လက်ရုံးတော်ကြီး ဖြစ်တဲ့ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်တို့ကို ဒီ ဥပဓိပယ်နည်း ၄-မျိုးကို ပေးမှာလား (မဟုတ်ပါဘုရား)၊ ဘယ်သူအတွက် ပေးမှာလဲ၊ တာ (တပည့်တော်တို့ကို ပေးနေတာပါ ဘုရား)။

ဥပဓိ ၄-ပါး ပယ်သော ပုဂ္ဂိုလ် ၄-မျိုး။ ။ကိုယ့်ပေးတာ ကိုယ်က မယူရင် အသုံးမချရင် တော်တော်ကြာ ပုပ်သွားလိမ့်မယ်၊ ဘုန်းကြီးတို့ပရိသတ်လဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဒီ ဥပဓိတရား ၄-ပါး ပယ်ပုံပယ်နည်းကို ပေးထားပြီ၊ ဘုန်းကြီးတို့ပရိသတ် အသုံးမချရင် ဘယ်နဲ့ ဖြစ်မလဲ (ပုပ်ကုန်ပါမယ်ဘုရား)၊ ဒီလိုဘဲ အပုပ်ခံတော့မှာလား၊ တရားရအောင်ယူစေချင်လို့ ဘုန်းကြီး ဒီအကြောင်းကို ပြောပေးနေတာ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အဲဒီ လဋ္ဌကိကောပမသုတ်ဆိုတာ မစ္ဆိမပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ်မှာ ပါတယ်။ အဲဒါ မြန်မာပြန်ကိုဖတ်ရင် ကောင်းမယ်၊ အဲဒီ သုတ္တန်ကြီးဟာ အရှည်ကြီး ရှည်ပေမဲ့ လိုတဲ့အကွက်ကလေးကို ထုတ်ပြီး ဟောမယ်၊ ဥပဓိတရားကိုပယ်တဲ့ ပုဂ္ဂိုလ်ဟာ ၄-မျိုးရှိတယ်တဲ့ မြတ်စွာဘုရားက။

ဥဒါယီကို ဟောထားတယ်—

စတ္တာရော မေ ဥဒါယိ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။ ဥဒါယိ၊ ဥဒါယီ။ လောကသ္မိံ၊ လောကဒ္ဒ။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤ ပုဂ္ဂိုလ်တို့သည်။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှား ရှိကုန်၏။ (လောကမှာ ဥပဓိတရားကိုပယ်တဲ့ ပုဂ္ဂိုလ် ၄-ယောက် ရှိတယ်နော်၊ မှန်ပါဘုရား)၊ ကတမေ စတ္တာရော၊ လေးယောက်က ဘာလဲ—

> ဣဓ ဥဒါယိ ဧကစ္စော ပုဂ္ဂလော ဥပဓိဗာဟနာယ ပဋိပန္နော ဟောတိ ဥပဓိပဋိနိဿဂ္ဂါယ၊ တဓမေနံ ဥပဓိပဟာနာယ ပဋိပန္နံ ဥပဓိပဋိနိဿဂ္ဂါယ ဥပဓိပဋိသံယုတ္တာ သရသင်္ကပ္ပါ သမုဒါစရန္တိ။

ဥဒါယိ၊ ဥဒါယီ။ ဣဓ၊ ဤလောကဒ္ဒ။ ဧကစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပဓိပဟာနာယ၊ ဥပဓိတရား ၄-ပါးကို ပယ်ခြင်းငှါ။ ဥပဓိပဋိနိဿဂ္ဂါယ၊ ဥပဓိတရား ၄-ပါးကို ပယ်စွန့်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်သည်။ ဟောတိ၊

http://www.dhammadownload.com

ဖြစ်လေတော့၏။ (ဥပမိ တရား ၄-ပါးကို ပယ်ဘို့ရန် ကျင့်နေတဲ့ ပုဂ္ဂိုလ်တဲ့)၊ ဥပမိပဟာနဿ၊ ဥပမိတရား ၄-ပါးကို ပယ်ခြင်းငှါ။ ဥပမိပဋိနိဿဂ္ဂါယ၊ ဥပမိ ၄-ပါးကို စွန့်ခြင်းငှါ။ ပဋိပန္နံ၊ ကျင့်၍နေသော။တမေနံ၊ ထို ပုဂ္ဂိုလ်ကို။ ဥပမိပဋိသံယုတ္တာ၊ ဥပမိတရား ၄-ပါးနှင့် ဆက်စပ်ကုန်သော။ သရသင်္ပပ္ပါ၊ အဖန်တလဲလဲ ကြံစည်စဉ်းစားခြင်းဟု ဆိုအပ်ကုန်သော ကာမဝိတက် စသည်တို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုးဖိစီး၍ လာကြလေကုန်တော့၏။

ဥပမိ ၄-ပါးကို ပယ်နိုင်သော တရားများ။ ။ဥပမိတရား ၄-ပါးကို ပယ်နိုင်ဘို့ရန် အတွက် ကြိုးစားပြီးတော့ ဆရာသွားများထံ နည်းလမ်းကို ရအောင်ယူပြီးတော့ ကြိုးစားတော့ အားထုတ်နေတာဘဲ၊ ဘာတွေ အားထုတ်နေသလဲ–သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်- ဆိုတဲ့ ဗောဓိပက္ခိယ တရား ၃၇-ပါးထဲက (သို့မဟုတ်) သတိပဋ္ဌာန်တရား ၄-ပါးထဲက မိမိ နှစ်သက်ရာဖြစ်တဲ့ သတိပဋ္ဌာန်တခုခုကိုတော့ ပွါးများ အားထုတ် နေတာဘဲ။ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုဘဲ ဖြစ်ဖြစ်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ကိုဘဲ ဖြစ်ဖြစ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုဘဲ ဖြစ်ဖြစ်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကိုဘဲ ဖြစ်ဖြစ် သတိပဋ္ဌာန် တမျိုးမျိုးကိုတော့ ပွါးများ အားထုတ်နေတယ်၊ "ဘာဝိတတ္တာ" ပုဂ္ဂိုလ် လုပ်နေတယ် ပွါးများနေတယ် အားထုတ်နေတယ်။

တရားအားထုတ်သူ၏သန္တာန်မှာ ဖြစ်ပေါ်လာတတ်ပုံ အဲသလို ပွါးများအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘာလုပ်ဖို့ လုပ်နေတာလဲ ဆိုတော့– ဥပမိဘာဝနာ ၄-ပါးကို ပယ်စွန့်ဘို့ရန်အတွက် တရားအားထုတ်နေတာပါတဲ့ မြတ်စွာဘုရားက။ အဲသလို ဥပမိတရား ၄-ပါးကို ပယ်စွန့်ဘို့အတွက် ပွါးများအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်ကို ဘာတွေ ဝင်ဝင်လာသလဲ ဆိုတော့– ဥပမိပဋိသံယုတ္တာ၊ ကာမူပမိကိလေသူပမိ ခန္ဓူပမိ အဘိသင်္ခါရူပမိ နဲ့ စပ်တဲ့ အဲဒီ ဥပမိတရားတွေဟာ။သမုဒါစရန္တိ၊ လွှမ်းမိုးပြီး တခါတခါ ဖြစ်ပေါ်ပြီးတော့ လာကြတယ်တဲ့၊ ဥပမိတရားတွေ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်သန္တာန်မှာ။

သော တေ အဓိဝါသေတိ နပ္ပဇဟတိ န ဝိနောဒေတိ န ဗျန္တီကရောတိ န အနဘာဝံ ဂမေတိ။ ဥဒါယိ၊ ဥဒါယိ။ သော၊ ထို တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်သည်။ တေ၊ ထို ဥပမိတရားတို့ကို။ နပ္ပဇဟတိ၊ မပယ်စွန့်ဘူး။ အဓိဝါသေတိ၊ ကာမဂုဏ်ဝိတက်တွေ ဝင်လာတာကို လက်ခံ၍ထား၏။ (တရားအားထုတ်နေရင်း ကာမဂုဏ်တွေဝင်လာတဲ့အခါ ဘယ်လိုဖြစ်လာသလဲဆိုတော့ သူက လက်ခံထားတယ် - သူက ပယ်မပစ်ဘူး)၊ န ဝိနောဒေတိ၊ ပျောက်သွားအောင်

http://www.dhammadownload.com

မလုပ်ဘူး။ နှ ဗျန္ဇကရောတိ၊ ကင်းသွားအောင် မလုပ်ဘူး။ နှ အနုဘာဝံ-ဂမေတိ၊ နောက်တဖန် ပြန်ပြီးတော့ မဖြစ်ပေါ်အောင် သူက ဝီရိယလှုံ့လ စိုက်ပြီးတော့ အားမထုတ်ဘူး။

ဆိုလိုတဲ့ အဓိပ္ပါယ်က– ဥပဓိတရားတွေ ကင်းအောင်လို့ ပွါးများအားထုတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခုနပြောတဲ့ ကာမဝိတက် စတဲ့ ဝိတက်တရားတွေ ဝင်လာခဲ့လို့ ရှိရင်တဲ့ ဒီတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီကာမဝိတက်တွေကို သူက လက္ခဏသိမ်းပိုက်ထားတယ် စွန့်မပစ်ဘူးတဲ့။

ဣမံ ခေါ အဟံ ဥဒါယိ ပုဂ္ဂလံ သံယုတ္တောတိ ဝဒါမိ၊ နော ဝိသံယုတ္တောတိ ဥဒါယိ၊ ဥဒါယိ။ အဟံ၊ ငါဘုရားသည်။ ဣမံ ပုဂ္ဂလံ၊ ဤကဲ့သို့သော ပုဂ္ဂိုလ်ကို။ သံယုတ္တောတိ၊ တရားအားထုတ်နေရင်း ကိလေသာတို့နှင့် ယှဉ်စပ်နေသော ပုဂ္ဂိုလ်ဟူ၍။ ဝဒါမိ၊ ဟောကြားတော်မူပေတော့၏။ ဝိသံယုတ္တော၊ ကိလေသာနှင့် မယှဉ်စပ်သော ပုဂ္ဂိုလ်ဟူ၍။ နော ဝဒါမိ၊ ဟောတော်မမူ။

တရားအားထုတ်နေပေမဲ့ ကိလေသာနှင့် ယှဉ်သောပုဂ္ဂိုလ် ဖြစ်တယ်တဲ့။

ကိလေသာနှင့် ယှဉ်စပ်သော ပုဂ္ဂိုလ်မည်ပုံ။ ။တံ ကိဿ ဟေတု၊ ဤနြိယ ဝေ-မတ္တတာ ဟိ မေ ဥဒါယိ ဤမသ္မိံ ပုဂ္ဂလေ ဝိဒိတာ။ တံ ကိဿ ဟေဟု၊ ထိုသို့ ကိလေသာတို့နှင့် မယှဉ်စပ်တဲ့ ပုဂ္ဂိုလ်ဟု မဟောခြင်း အကြောင်းက ဘာလဲ ဥဒါယိ၊ ဥဒါယိ။ မေ–ငါဘုရားသည်။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ဤမသ္မိံ ပုဂ္ဂလေ၊ ဤကဲ့သို့သော ပုဂ္ဂိုလ်၌။ ဤနြိယဝေမတ္တတာ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဤနြေ့ နုသည်ရင့်သည်၏ အဖြစ်ကို။ ဝိဒိတာ၊ ပိုင်းခြားရှု သိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်တည်း။ ဆိုလိုတဲ့ အဓိပ္ပါယ်က အဲဒီ ပုဂ္ဂိုလ်ဟာတဲ့ တရားအားထုတ်နေပေတဲ့ သဒ္ဓါတရားလဲ နဲသေးတယ်တဲ့၊ ပညာလဲ နဲသေးတယ်၊သတိလဲ နဲသေးတယ်၊ ဝီရိယလဲ နဲသေးတယ်၊သမာဓိလဲ နဲသေးတယ်တဲ့။အဲဒါကြောင့် သူဟာ ဥပဓိတရား လေးပါးကို ပယ်ဘို့ ကြိုးစား အားထုတ် နေတဲ့ အတောအတွင်းမှာ ကိလေသာဝင်တာကို လက်ခံနေရရှာတာ။ ကိလေသာနဲ့ယှဉ်စပ်တဲ့ ပုဂ္ဂိုလ်လို့ မြတ်စွာဘုရားက ဟောတယ်။

နောက်တယောက်က—

> ဤဓ ပနုဒါယိ ကေစ္စော ပုဂ္ဂလော ဥပဓိပဟာနာယ ပဋိပန္နော ဟောတိ ဥပဓိ ပဋိနိဿဂ္ဂါယ၊ တမေနံ ဥပဓိပဟာနာယ ပဋိပန္နံ ဥပဓိ-ပဋိနိဿဂ္ဂါယ ဥပဓိပဋိသံယုတ္တာ သရသင်္ကပ္ပါ သမုဒါစရန္တိ။

ကာမဝိတက် စသည်ဝင်လာပုံ။ ။နောက် တယောက် ကတော့ ဘယ်လိုလဲဆိုတော့ ဥပဓိတရားလေးပါး ပယ်စွန့်ဘို့ရန်

http://www.dhammadownload.com

အတွက် သူတရားအားထုတ်နေတယ်၊ အားထုတ် နေတဲ့အခါ သူမှာ ဘာတွေ ဝင်လာသလဲဆိုတော့ ဥပဓိပဟာနယ၊ ဥပဓိတရား လေးပါးကို ပယ်ခြင်းငှါ။ဥပဓိပဋိနိဿဂ္ဂါယ၊ ဥပဓိတရား လေးပါးတို့ကို ပယ်စွန့်ခြင်းငှါ။ ပဋိပန္နံ။၊ ကျင့်ကြံကြိုးကုတ် ဝိပဿနာကို အားထုတ်နေသော။ တမေနံ။ ထိုပုဂ္ဂိုလ်သို့။ ဥပဓိပဋိသံယုတ္တာ၊ ဥပဓိတရားလေးပါးနှင့် ယှဉ်စပ်ကုန်သော။ သရသင်္ခပ္ပါ၊ ကြံစည်ခြင်းဆိုတဲ့ ကာမဝိတက် အစရှိသည်တို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုးလျှ လာပြန်ကုန်တော့၏။

ဒီတော့ ဒီသူက သယ်နယ်လဲ—

သော တေ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနာဘာဝံ ဂမေတိ။ သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ တေ၊ ထိုကာမဝိတက် အစရှိသည်တို့ကို။ နာဓိဝါသေတိ၊ သူလက်မခံဘူး။ ပဇဟတိ၊ ပယ်ပစ်၏။ ဝိနောဒေတိ၊ ကင်းအောင်လုပ်ပစ်တယ်။ ဗျန္တီကရောတိ၊ ဥပဓိတရားနဲ့ သူနဲ့ ကင်းကွာအောင် လုပ်ပစ်တယ်။ အနဘာဝံ ဂမေတိ၊ နောက်ထပ် မလာအောင် သတိနဲ့ ပညာရှုပြီးတော့ မှတ်နေသည်။

ကိလေသာဝင်လာက အနိစ္စမြင်အောင်ရှု။ ။ဒါပေတဲ့ အဲဒီပုဂ္ဂိုလ်ကိုလဲမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဤမမြဲခေါ် အဟံ ဥဒါယိ ပုဂ္ဂလံ သံယုတ္တောတိ ဝဒါမိ၊ နော ဝိသံယုတ္တောဘာ။ အဲဒီ ပုဂ္ဂိုလ်ကိုလဲဘဲ ကိလေသာနှင့် ယှဉ်စပ်နေသေးတဲ့ ပုဂ္ဂိုလ်ကို ခေါ်ပြန်သေးတာဘဲ၊ မြတ်စွာဘုရားက။ ပယ်တော့ပယ်တယ် သူက ကိလေသာတွေ ဝင်လာရင်း ပယ်ပစ်ရင်းနဲ့ ပယ်တော့ ဘယ်လိုလုပ်ပယ်သလဲ အဲဒီ ကိလေသာတွေကို၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနေနဲ့ ရှုရှုပြီးတော့ ပယ်ပစ်တယ်။ ကာမ ဝိတက်တွေ ဝင်လာရင် အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ရှုပစ်လို့၊ ဗျာပါဒဝိတက်တွေ ဝင်လာရင် သူတပါး ညှဉ်းဆဲနှိပ်စက်ဘို့ တရားအားထုတ်နေပေမဲ့ ဝင်တယ်၊ တခါလဲ ရန်ငြိုးကြီးတွေ ဖွဲ့ပြီးတော့ ငါ့ကို တခါတုန်းက ဒီအကောင် ဘယ်လို လုပ်ခဲ့တယ်၊ ဒင်းတော့လား ငါဘယ်လို လုပ်ချင်တယ်ထိုတာ တရားအားထုတ်နေရင်း ဝင်လာတတ်တယ်။

ဝင်လာမှန်း သိရင်ကော ဘာလုပ်ပစ်ရလဲ ရှုပစ်ရမယ်၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ။အဲဒီ ဝင်လာတဲ့ အကြံအစည်ကို ဝိပဿနာ ရှုပစ်၊ တခုမှ လက်လွှတ်မပစ်နဲ့၊ သတိနဲ့ပညာနဲ့ အကုန်လုံး ရှုပစ်ရမှာချည်းဘဲ၊ ဝင်လာတဲ့တရားတွေ ဟူသမျှရှုနေသလို ဝင်လာတဲ့ တရားတွေကို ရှုပစ်နေတဲ့ ပုဂ္ဂိုလ် သည်ပင်လျှင် ဣန္ဒြေကနုသေးသည်ဖြစ်သောကြောင့် သူကို ဝိသံယုတ္တပုဂ္ဂိုလ် မဟုတ်ဘူးတဲ့၊ သံယုတ္တပုဂ္ဂိုလ် ကိလေသာတွေနဲ့ ယှဉ်စပ်နေတဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်နေသေးတယ်တဲ့ မြတ်စွာဘုရားက၊ သောတာပန် သကဒါဂါမ် အနာဂါမ် ထိအောင် ဆိုကြပါစို့ရှုံ့နော် (မှန်ပါဘုရား)၊ နောက်တခုက ဘယ်နဲ့လာသလဲဆိုတော့—

http://www.dhammadownload.com

ဣမ ပနဒါယိ ကေစ္စော ပုဂ္ဂလော ဥပမိပဟာနာယ ပဋိပန္နော ဟောတိ ဥပမိပဋိနိဿဂ္ဂါယ၊ တမေနံ ဥပမိ ပဟာနာယ ပဋိပန္နံ ဥပမိပဋိနိဿဂ္ဂါယ ကဒါစိ ကရဟစိ သတိသမ္မောသာ ဥပမိပဋိသံယုတ္တာ သရသင်္ကပ္ပါ သမုဒါစရန္တိ။

ဥဒါယိ၊ ဥဒါယိ။ ဣမ၊ ဤသာသနာတော်၌။ကေစ္စော၊အချို့သော။ပုဂ္ဂလော၊ အမျိုးကောင်းသားသည်။ ဥပမိပဟာနာယ၊ ဥပမိ လေးပါး, ဆယ်ပါးကို ပယ်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်၍ နေသည်။ ဟောတိ၊ ဖြစ်တော့၏။ ဥပမိပဟာနာယ၊ ဥပမိလေးပါး, ဆယ်ပါးကိုပယ်စွန့်ခြင်းငှါ။ဥပမိပဋိနိဿဂ္ဂါယ၊ဥပမိကိုစွန့်လွှတ်ခြင်းငှါ။ ပဋိပန္နံ၊ ကျင့်ရှိနေသော။ တမေနံ၊ ထိုပုဂ္ဂိုလ်သို့။ ကဒါစိ ကရဟစိ၊ တခါတရံ၊ ဝါ-ကိုးကြားကိုးကြား။ သတိသမ္မောသာ၊ သတိရဲ့ မေ့လျော့၍ သွားခြင်းကြောင့်။ ဥပမိပဋိသံယုတ္တာ၊ ဥပမိလေးပါးနှင့် ယှဉ်စပ်ကုန်သော။ သရသင်္ကပ္ပါ၊ အကြံအစည် ကာမဝိတက် စသည်တို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုးရှိဖြစ်ပေါ်ကုန်တော့၏။ သူကျတော့ ဘယ်နည်းနဲ့လုပ်သလဲ မြတ်စွာဘုရားက—

ဒန္ဓော ဥဒါယိ သတုပ္ပါဒေါ၊ အထ ခေါ နံ ခိပ္ပမေဝ ပဇဟတိ၊ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။ ဥဒါယိ၊ ဥဒါယိ။ အဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သတုပ္ပါဒေါ၊ သတိတရားဖြစ်ပေါ်၍ လာခြင်းသည်။ ဒန္ဓော၊ နှုန့်နှေး၏။ အထ ခေါ၊ စစ်စစ်မှန်သော်ကား။ နံ၊ ထိုကာမဝိတက် အစရှိသော ဥပမိတရားကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိနောဒေတိ၊ ပယ်ဖျောက်၍ ပစ်၏။ ပဇဟတိ၊ ပယ်စွန့်၏။ ဗျန္တီကရောတိ၊ ကင်းကွာသည်ကိုပြု၏။ အနဘာဝံ ဂမေတိ၊ တဖန်မဖြစ်ပေါ် အောင် ပြုလုပ်၍ပေးလိုက်လေတော့၏။

ဥပမိ အပယ်မြန်သော ပုဂ္ဂိုလ်။ ။ဥဒါယိတဲ့ အခု တတိယမြောက် ပုဂ္ဂိုလ် ကျတော့ ဘယ်လိုလဲ ဆိုတော့ တရား အားထုတ်နေရင်း သတိလွတ်သွားတဲ့အတွက် စောစောပိုင်းက ပြောတဲ့ ဥပမိတွေ ဝင်လာတယ်ဆိုရင် သတိရတာက နှေးသေးတယ်တဲ့။ ဥပမိကိုပယ်ပြီးတာက အရင်ဖြစ်နေတယ်တဲ့၊ သူကျတော့ ဘယ်လောက် ကြန့်ကြှေ ရင့်လာသလဲ ဆိုတော့ ဘာရည်ရွယ်ဟောထားသလဲ မြတ်စွာဘုရားက အနာဂါမ်ပုဂ္ဂိုလ် ရည်ရွယ်ပြီး ဟောထားတာ ဟုတ်လား၊ (မှန်ပါဘုရား)၊ သတိရတာက နှေးသေးတယ်တဲ့ ဥပမိကို ပယ်ပြီးတာက အရင်ဖြစ်နေတယ်တဲ့။ ဥပမာပြတယ် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က၊ ဥပမာလေး ပြရတာ ဘာဖြစ်လို့လဲဆိုတော့ ထင်ရှားအောင်လို့–(ဥပမာယ မိဓေကစ္စေ၊ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။)

http://www.dhammadownload.com

သေယျထာပိ ဥဒါယိ ပုရိသော ဒိဝသံ သန္တတ္တော အယောကဋာဟေ ဒွေ ဝါ တီဏိ ဝါ ဥဒကဖုသိတာနိ နိပါတေယျ။ ဒန္ဓော ဥဒါယိ ဥဒကဖုသိတာနံ နိပါတော၊ အထ ခေါ နံ ခိပ္ပမေဝ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ။

သေယျထာပိ၊သတိဖြစ်တာဟာ နှေးသေးတယ် ဥပဓိတရားကို ပယ်ပြီးသား ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ဥပမာ ပြရဦးအုံ။ ပုရိသော၊ ယောကျ်ားသည် ဒိဝသံ၊ တနေ့ပတ်လုံး။ သန္တတ္တော၊ ရဲရဲငြီးအောင်ပူ၍နေသော။ အယောကဋာဟေ၊ သံဒယ်အိုးကင်း၌။ ဒွေ ဝါ တီဏိ ဝါ ဥဒက ဖုသိတာနိ၊ ရေပေါက် နှစ်ပေါက် သုံးပေါက်တို့ကို။နိပါတေယျ၊ ချရာ၏။ဥဒါယိ၊ ဥဒါယီ။ ဥဒကဖုသိတာနံ၊ ရေပေါက်တို့၏။ နိပါတော၊ ကျ၍ နေခြင်းသည်။ ဒန္ဓော၊ နှေးသေး၏။ အထ ခေါ၊ စင်စစ်သော်ကား။ နံ၊ ထိုရေပေါက်သည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာ လျှင်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ခန်းခြောက်ခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။

သံဒယ်နှင့်ရေပေါက် ဥပမာ။ ။ဥပမာ ဘာပြလဲ မြတ်စွာဘုရားက ဥဒါယီ ဥပမာ အားဖြင့် အင်မတန် တနေ့လုံး အောက်ကမီး ပြင်းပြင်းတိုက်ထားတဲ့ သံဒယ်အိုးကင်းကြီးကို ရေပေါက်ကလေး နှစ်ပေါက် သုံးပေါက်ချလိုက်မယ်ဆိုရင် ရေပေါက်ကျတာက နှေးသေးတယ်၊ ခြောက်တာဟာ လျင်မြန်တယ်၊ အဲဒီ သဘောမျိုးလိုဘဲ ဝိပဿနာကမ္မဋ္ဌာန်းကို အနာဂါမိမဂ်ဉာဏ် ရောက်အောင် ကြိုးစားပြီးတော့ အားထုတ်ထားမယ်ဆိုရင် ခုနက သရသင်္ခါလို့ ခေါ်တဲ့ ဥပဓိ အကြီး အစည် တွေဟာ ရောက်လာတယ်ဆိုရင် သတိလစ်သွားလို့ ရောက်လာတယ်ဆိုရင် သတိပြန်ရတာက နှေးပြီး အဲဒီ ဥပဓိတွေကို ပယ်ပြီးတာက မြန်နေတယ်တဲ့။

ဥပမေယျဝါကျကို တခါပြန်ပြောမယ်။

ဧဝမေဝ ခေါ ဥဒါယိ ဣဓေကစ္စော ပုဂ္ဂလော ဥပဓိဟာနာယ ပဋိပန္နော ဥပဓိပဋိနိဿဂ္ဂါယ၊ တမေနံ ဥပဓိပဟာနာယ ပဋိပန္နံ ဥပဓိပဋိပဋိနိဿဂ္ဂါယ ကဒါစိ ကရဟစိ သတိသမ္မောသာ ဥပဓိပဋိသံယုတ္တာ သရသင်္ခါပွါ သမုဒါစရန္တိ။ ဒန္ဓော ဥဒါယိ သတုပ္ပါဒေါ၊ အထခေါ နံ ခိပ္ပမေဝ ပဇဟတိ ဝိနောဒေတိ ဗျန္တီကရောတိ အနဘာဝံ ဂမေတိ။

[ဥပမေယျဝါကျက ဒီအတိုင်း လာဝယ်နော် (မှန်ပါဘုရား)]။

ခုနက သံပူအိုးကင်းထဲကို ရေပေါက်ကလေး ကျသွားရင် ရေပေါက်ကျတာက နောက် ခြောက်တာက အရင် ဖြစ်သလို အဲဒီလို တရားအပြည့်အစုံ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာလဲ ကိလေသာတွေ ဝင်လာတယ်ဆိုရင်

http://www.dhammadownload.com

သတိရတာကနောက် ကိလေသာတွေကို ပယ်ပြီးတာက အရင်ဖြစ်နေတယ်တဲ့၊ မြတ်စွာဘုရားက ဒီလိုဟောတယ် ဥပဓိပဟာနမှာ။

နောက်တချက် ဘာ ဟောထားသလဲ ဆိုတော့ စတုတ္ထမြောက် ပုဂ္ဂိုလ်ကျတော့ မြတ်စွာဘုရားက ရဟန္တာပုဂ္ဂိုလ်ကို ဟောတယ်။

> ဣမ ပနဒါယိ ကေစ္စော ပုဂ္ဂလော ဥပဓိ ဒုက္ခဿ မူလဉ္စိ ဣတိ ဝိဒိတ္တာ နိရူပဓိ ဟောတိ ဥပဓိသင်္ခယေ ဝိမုတ္တောဘာ။ ဣမံ ခေါ အဟံ ဥဒါယိ ပုဂ္ဂလံ ဝိသံယုတ္တောတိ ဝဒါမိ၊ နော သံယုတ္တောတိ [၁]။

အဲဒီ ရဟန္တာပုဂ္ဂိုလ်ကျတော့ မြတ်စွာဘုရားက ဘယ်နဲ့ဟောသလဲ—

ဥဒါယိ၊ ဥဒါယိ။ ဣမ၊ ဤလောကဌ်။ ကေစ္စော၊ အချို့သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဥပဓိ၊ ဥပဓိ ၄-ပါး ၁၀-ပါးတို့သည်။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခ အားလုံး၏။ မူလံ၊ အကြောင်းရင်းတည်း။ ဣတိ၊ ဤသို့။ ဝိဒိတ္တာ၊ သိ၍။ နိရူပဓိ၊ ဥပဓိမရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပဓိသင်္ခယေ၊ ဥပဓိကုန်ရာ နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံပြုသောအားဖြင့် လွတ်မြောက်၏။ ဥဒါယိ၊ ဥဒါယိ။ ဣမံ ပုဂ္ဂလံ၊ ဤပုဂ္ဂိုလ်ကို။ ဝိသံယုတ္တောတိ၊ **ကိလေသာတို့နှင့်မယှဉ်** စပ်သော ပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူပေတော့၏။ သံယုတ္တောတိ၊ ကိလေသာတို့နှင့် ယှဉ်စပ်သော ပုဂ္ဂိုလ်ဟူ၍။ နော ဝဒါမိ၊ ဟောတော်မမူ။ ဒါ ကိလေသာတို့နှင့် မယှဉ်တဲ့ပုဂ္ဂိုလ် ဣန္ဒြေရင့်ကျက်နေတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ဥပဓိတွေကို ဘယ်နဲ့လုပ်ရမလဲ ဥပဓိကို ဘုန်းကြီးတို့ ပရိသတ် ရှုမလား (ရှုပါမယ်ဘုရား)၊ ကိုင်း ရှုကွက်ဖော်ရအောင် ဘာပြောလဲ—

ဥပဓိအပြစ်ကို မြင်အောင်ရှုပုံ။ ။သဗ္ဗေ ဥပဓိ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ။ ဣတိဝုတ် ပါဠိတော်နှာ-၂၄၂ က။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဓိ၊ ခန္ဓာပဓိ ကိလေသူပဓိ သင်္ခါရူပဓိ ကာမူပဓိ ဆိုတဲ့ ဥပဓိ ၄-ပါး ၁၀-ပါးတို့သည်။ အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်းသဘော ရှိကြကုန်၏။ ဒုက္ခာ၊ အသစ်ဖြစ်၍ ဆင်းရဲခြင်းသဘောရှိကုန်၏။ ဖြစ်ခြင်း ပျက်ခြင်းတို့သည် ဖီစီးနှိပ်စက်တတ်သောကြောင့် ဆင်းရဲခြင်း သဘောရှိကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဘက်ကို ပြောင်းလျှောခြင်း သဘောရှိသောကြောင့် ဝိပရိဏာမသဘောရှိကြကုန်၏။

ဥပဓိသု ဘယံ ဒိသွာ၊ ဇာတိမရဏာ မစ္စဂါ။ ဣတိဝုတ် နှာ-၂၄၂။

ဥပဓိသု၊ ယဒုပြောခဲ့တဲ့ ဥပဓိတရားတို့၌။ ဘယံ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမဆိုတဲ့ ဘေးကို၊ ဒိသွာ၊ မြင်သည်ရှိသော်။ ဇာတိမရဏာ၊ ပဋိသန္ဓေနေခြင်း, သေခြင်း,

---

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ နှာ-၁၁၇။

http://www.dhammadownload.com

ဖြစ်ခြင်း, ပျက်ခြင်းဆိုတဲ့ သဘောတရားကို။ အစ္စဂါ၊ ကောင်းစွာမသွေ လွန်မြောက်နိုင်ကြပါပေကုန်သတည်း။

သာဓု သာဓု သာဓု။

ရှုကွက်တခုကို သုတ္တနိပါတ်ပါဋ္ဌိတော်က ပြထားတာ ရှိသေးတယ်။

တသ္မာ ပဇာနံ ဥပဓိ န ကယိရာ၊
ဒုက္ခဿ ဇာတိပ္ပဘဝါ နုပဿီ။

ဒီအပိုင်းကို ဟောပေးနေတာနော် (မှန်ပါဘုရား)။

တသ္မာ၊ ထိုသို့ဥပဓိသည် ဒုက္ခကို ဖြစ်စေတတ်သောအကြောင်းဖြစ်လေသောကြောင့်။ ပဇာနံ=ပဇာနန္တော၊ ဥပဓိတရား ၄-ပါးတို့ကို အနိစ္စ ဒုက္ခ ဝိပရိဏာမဟု ရှုဆင်ခြင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ဒုက္ခဿ၊ ဆင်းရဲ၏။ ဇာတိပ္ပဘဝါနုပဿီ၊ ဆင်းရဲခြင်း၏အကြောင်း ဆင်းရဲဖြစ်ခြင်းရဲ့ အကြောင်းသည် ဥပဓိဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ (ဒီ ဥပဓိတရားသည် ဆင်းရဲခြင်းကို ဖြစ်စေတာဘဲလို့ အဲဒီ ဥပဓိတရားကို ဘာလုပ်ပစ်ရမလဲ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုပစ်နေရမယ်နော် (မှန်ပါဘုရား)၊ ကိုင်း ရှုနည်းပြောရအောင် ဘုန်းကြီးတို့ သုတ္တနိပါတ်ပါဋ္ဌိတော် ဒွယတာနုပဿနာသုတ် နှာ-၃၉၁ မှာ–

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဥပဓိပစ္စယာတိ အဃမေကာနုပဿနာ။ ယံကိဉ္စိ၊ အလုံးစုံကုန်သော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခတရားတွေသည်။ သမ္ဘောတိ၊ ဖြစ်ပေါ်၍နေ၏။ သဗ္ဗံ၊ အလုံးစုံသော ဆင်းရဲအပေါင်းသည်။ ဥပဓိပစ္စယာ၊ ဥပဓိဟူသောအကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ ဧကာ၊ တခုသော။ အနုပဿနာ၊ ဝိပဿနာရှုခြင်းပေတည်း။

ဒါ ဝိပဿနာရှုတာဘဲတဲ့ မြတ်စွာဘုရားက၊ ဆင်းရဲတွေ ဘာကြောင့်ဖြစ်သလဲ ဥပဓိကြောင့် ဖြစ်တယ်၊ ဥပဓိသည် ဆင်းရဲအားလုံးရဲ့ ဖြစ်ခြင်းအကြောင်းတရားဘဲ၊ ဥပဓိကား အကြောင်းတရား၊ ဆင်းရဲခြင်းကား အကျိုးတရားဘဲလို့ အဲသလို ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ရှုနေခြင်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဘဲတဲ့၊ မြတ်စွာဘုရားက—

ဧဝံ သမ္မာ ဒွယတာ နုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋ္ဌိကခ်ံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ[၁]။

၁။ သုတ္တနိပါတ်ပါဋ္ဌိတော်၊ ဒွယတာနုပဿနာသုတ်၊ နှာ-၃၉၁။

http://www.dhammadownload.com

အဲဒီလို ရှုသွားမယ်ဆိုရင် ဥပဓိတရားသည် ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းသမုဒယသစ္စာ၊ ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ဇာတိ ဇရာ ဗျာဓိမရဏ တို့ရဲ့ မှီရာတည်ရာ ဖြစ်တဲ့ ခန္ဓာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ်သည် ဒုက္ခသစ္စာလို့ အဲဒီလို အကြောင်းတရား အကျိုးတရားဖြစ်တဲ့ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ရှုပြီးတော့ နေမယ်ဆိုရင်တဲ့ အမြဲတန်း အားထုတ်နေယ် ဆိုရင် ဒီပစ္စုပ္ပန် လောကမှာဘဲ အနာဂါမ်သော်၎င်း ရဟန္တာသော်၎င်း (၂) မျိုး တို့တွင် တမျိုးမျိုးဖြစ်မယ်တဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် သမ္မာသမ္ဗုဒ္ဓရှင် ကိုယ်တော်မြတ် ဟောကြားတော် မူအပ်သော ပါရာယနဝဂ် မေတ္တဂူသုတ္တန်၏ တစိတ်တဒေသ တပိုင်းကို ရှိသေစွာ နာခံမှတ်သား ရခြင်းတည်းဟူသော ဓမ္မဿဝန ကုသိုလ်ကံ စေတနာ။ ပ။ နိဗ္ဗာန်ချမ်းသာကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု။

မေတ္တဂူသုတ္တန် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

၄-မေတ္တာဂူသုတ္တန် ဒုတိယပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း (၃) ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် သမာဓိဘာဝနာ ပညာမှတဆင့် ဝိပဿနာပညာသို့ တက်လှမ်းပုံ တွေ့နှင့် လျှောက်ထားချက်တွေကို အကြောင်းပြုပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာရှိသော မေတ္တာဂူသုတ္တန် ဒုတိယပိုင်းတရားတော်။

ဒီတရားဒေသနာတော်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဗာဝရိပုဏ္ဏားကြီးရဲ့ တပည့်ဖြစ်တဲ့ လေးယောက်မြောက် ဖြစ်သော မေတ္တာဂူပုဏ္ဏားကြီးရဲ့ မေးခွန်းကို မြတ်စွာဘုရား ဖြေကြားခြင်းအားဖြင့် ဤ မေတ္တာဂူသုတ္တန်ကို ဟောကြားတော်မူပါတယ်။ အဲဒီ သုတ္တန်ကို ဘုန်းကြီးတို့ တရားဟောတဲ့ အနေနဲ့ တရားဟောပေးရမယ်၊ ဒီ တရားက ဘယ်သူ့ တရားလဲ ဆိုတော့ မြတ်စွာဘုရား ဟောတဲ့ တရား၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားတော်ကို ဟောရမှာ နာရမှာ ဖြစ်တဲ့အတွက် တရားဟော တရားနာ ပုဂ္ဂိုလ်တို့အနေဖြင့် ထို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်း သီးများ လက်အုပ်ချီပြီးတော့ ထားကြ။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။လက်အုပ်ချီနည်းကလေးနဲ့ ပြီးခဲ့တဲ့ညက ပြောခဲ့တယ်၊ လက်အုပ်ဆိုတာ လက်တွေကို ကားမထားရဘူး၊ ကြာဖူးလေးတွေလို လက်ကလေးတွေကို စီပြီးတော့ ကြာငုံကလေးဖြစ်အောင် ဒီလို လုပ်ထားရမယ်၊ အဲသလို မြတ်စွာဘုရား အာရုံပြုပြီး လက်အုပ်ချီထားတော့မှ ဘုန်းကြီးက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရွတ်ဆိုပြီး ဘုရားရှိခိုးမယ်၊ အဲဒီ ဘုန်းကြီး ရွတ်ဆိုတဲ့ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို ရည်ရွယ် မှန်းဆပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသီးများက မြတ်စွာဘုရား ရှင်တော်မြတ်ကြီးရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါပွါးများနိုင်ကြပါစေ။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရွှေအတိုင်း အနက်ပေးတော်မူသည်)

မေတ္တာဂူသုတ္တန် ဒုတိယပိုင်းကို ဒီကနေ့ ဟောပေးရမယ်၊ ပါရာယနဝဂ်မှာ ပုဏ္ဏားရသေ့ပညာရှိ ၁၆-ဦးတို့ မေးမြန်းတဲ့ မေးမြန်းချက်တွေကို မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ် ဖြေဆိုတာတွေကို ဟောကြားလာခဲ့တာ ၃-ယောက်မြောက် ပြီးသွားပြီ၊ ဒါ လေးယောက်မြောက် ဒုတိယပိုင်း၊ အဲဒီ လေးယောက်မြောက် ဖြစ်တဲ့ ပုဏ္ဏားကြီး မေးတဲ့ မေးခွန်းက အနုသန္ဓေလေး ဆက်ရအောင် နောက် ကြောင်းကလေး နဲနဲပြန်ပြောပေးအုန်းမယ်။

အနုသန္ဓေစကားဆက်။ ။အရှင်ဘုရား လောကမှာ ဒုက္ခတွေ ဖြစ်နေကြတာ ဘာကြောင့် ဖြစ်နေကြပါလဲလို့ မေးတော့ မြတ်စွာ ဘုရားကဖြေတယ်၊ ဥပဓိတရားကြောင့်။ ဒီတော့ ဥပဓိတရားဆိုတာ ဘာတွေလဲ ဆိုတော့ ဥပဓိတရား (၁၀) မျိုး ညကပြောခဲ့ပြီ၊ အဋ္ဌကထာတွေမှာ ပြထားတာ ကထော့ ၄-မျိုး ခန္ဓူပဓိ ကာမူပဓိ, ကိလေသူပဓိ, သင်္ခါရူပဓိ၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ဥပဓိတရား။ အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတဲ့ ဥပဓိ တရားကို အမှီပြုပြီးတော့ ကုသိုလ်ကံ အကုလ်ကံ အကျိုးပေးတော့ ဘာတွေ ပေးသလဲ ဆိုတော့ –

ခန္ဓာနှင့်တူသော ဆင်းရဲမရှိပုံ။ ။ခန္ဓာကို အကျိုးပေးတယ်၊ ဒီတော့ ခန္ဓာဆို တာ ဒုက္ခလား သုခလားလို့ ဆိုတော့ မြတ်စွာ ဘုရားက ဟောထားတယ်"နတ္ထိ ခန္ဓသမာ ဒုက္ခာ"[၁]။ခန္ဓသမာ၊ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ ခန္ဓာငါးပါး ဆင်းရဲတာလောက် ဆင်းရဲတဲ့ တရားဟာ မရှိဘူးတဲ့၊ လောကမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုး ကောင်းသမီးများ ရတယ်ဆိုတာ သားသမီးရတာလား၊ ခန္ဓာရတာလား (ခန္ဓာ ရပါတယ်ဘုရား)၊ ခန္ဓာရတယ်ဆိုတာ သုခရတာလား၊ ဒုက္ခရတာလား (ဒုက္ခ ရတာပါဘုရား)၊ ဝမ်းမြောက်လိုက်ကြတာ လွန်လို့ ဒုက္ခရလို့ ပြုံးပြုံး ပြုံးပြုံးနဲ့ အားရဝမ်းသာနဲ့။

အဲဒီ ဥပဓိတရားတွေဟာ ဘာတွေလဲဆိုတော့ သားတွေ သမီးတွေ စီးပွါး ဥစ္စာတွေ မော်တော်ကားတွေ ကျောင်းတွေ ကံတွေ စတဲ့ အကုန်လုံး ဥပဓိ တရားတွေချည်းဘဲ၊ ဘာတွေလဲ ကာမူပဓိ၊ အဲဒီ ကာမူပဓိ တရားတွေကို အကြောင်းပြုပြီးတော့ ရွှေကို ပြောအုံးမယ် ဒီ ဥပဓိခဏ်းကလေးကိုနည်းနည်း၊ မနွေတုန်းက အချိန်ကစေ့သွားလို့ ဘုန်းကြီး ပြောချင်တာတွေ မပြောလိုက်ရ ဘူး၊ ကျန်ရစ်ခဲ့တယ် အနည်းငယ် ပြောပေးအုံးမယ် အဲဒါကလေးကို။

၁။ ဓမ္မပဒပါဠိတော်၊ နှာ-၄၃။

http://www.dhammadownload.com

ဥပဓိကာမဂုဏ် စွဲလမ်းပုံ

မြတ်စွာဘုရား လက်ထက်က တဝေတိ သာ နတ်ပြည်က နတ်သားတယောက် သန်းခေါင်လောက်မှာ မြတ်စွာဘုရားထံ လာပြီး လျှောက်တဲ့ သုတ္တန်တခုရှိတယ်၊ ဒေဝတာ သံယုတ်မှာ ဘာတဲ့လဲ။

> ကော် သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိ-ကဿ အာရာမေ။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တဉာယ ရတ္တိ-ယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ကေမန္တံ အဋ္ဌာသိ၊ ကေမန္တံ ဋ္ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။ ။သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နန္ဒတိသုတ္တန် နှာ-၆။

နတ်များမထိုင်ရာ၌ သိမှတ်ဖွယ်။ ။ဒီ သုတ္တန်ကို ဟောမယ်လို့ ပဌမ သံဂါ-ယနာတင်ပွဲမှာ အရှင် အာနန္ဒာက အရှင် ကဿပကြီးကို လျှောက်တယ်၊ အရှင် ဘုရားတဲ့ တချိန်တုန်းက မြတ်စွာဘုရား သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းထားတဲ့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်တဲ့၊ အဲဒီအခါမှာ အမျိုးအမည် မထင်ရှားသော နတ်သားတယောက် ညဉ့်သန်းခေါင်လောက်မှာ မြတ်စွာ ဘုရားထံ ရောက်လာပြီး သင့်တင့်လျောက်ပတ်သော အရပ်က နေပြီးတော့ သူက ထိုင်တာမဟုတ်ဘူး မတ်တတ်ရပ်နေပါတယ်တဲ့၊နတ်သားက မြတ်စွာဘုရား ရှေ့မှာ ဘာပြုလို့ မတ်တပ်ရပ်နေသလဲ မရှိသေလို့လား၊ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဗဟုသုတအလို့ငှါ ဘုန်းကြီးပြောပေးအုံးမယ်။

လျင်လျင်မြန်မြန် ပြန်လိုသဖြင့် နတ်များ မထိုင်ပုံ အဋ္ဌကထာ ဆရာကြီး ပြောထားတာ၊ အဋ္ဌ-ကထာ ဆရာကြီးက ဘယ့်နယ်ပြောထားသလဲ ဆိုတော့ လဟုံ နိဝတ္တိတုကာမတာယ မထိုင် တာဟာ မြန်မြန်ပြန်ချင်လို့တဲ့ဟုတ်လား (မှန်ပါဘုရား)၊ လူ့ပြည်ကို ဒီပုစ္ဆာ လျှောက်ချင်လို့သာ လာရတာ၊ တယ်လာချင်တာ မဟုတ်ဘူး-နော် (မှန်ပါ ဘုရား)၊ လဟုံ၊ လျင်လျင်မြန်မြန်။ နိဝတ္တိတုကာမတာယ၊ ပြန်လည်လိုသည့် အတွက်ကြောင့်။ နု နိသီဒတိ၊ မထိုင်ဘူးတဲ့။ ကေမန္တံ အဋ္ဌာသိ၊ ဒါကြောင့် မတ် တတ်ရပ်တယ် ဒါတနည်း၊ အဋ္ဌကထာ ဆရာကြီးက ပြောပေးတယ်။

ပင်ပန်းခြင်းမရှိသောကြောင့် နတ်များ မထိုင်ပုံ။ ။နောက်တနည်းက ဘာပြော ပေးပြန်သလဲ ဆိုတော့ ထိုင် တယ်ဆိုတဲ့ ဣရိယာပုထ်ဟာ မတ်တတ်ရပ်နေရတယ် သွားတယ်ဆိုတဲ့ ဣရိယာ ပုထ်တို့ရဲ့ ပင်ပန်းခြင်းကို ပယ်ဖျောက်ခြင်းငှါ ဖြစ်ပေါ်လာရတဲ့ ဣရိယာပုထ်ပါတဲ့

http://www.dhammadownload.com

ဟုတ်လား (မှန်ပါဘုရား)၊ နတ်များ သိကြားများမှာဆိုတာက သွားရ လာရခြင်း ထိုင်ရခြင်းကြောင့် ပင်ပန်းတယ်ဆိုတဲ့ သဘောမျိုး မရှိဘူးတဲ့၊ အဲတာကြောင့် မပင်ပန်းဘူး၊ မပင်ပန်းတဲ့အတွက် ထိုင်လိုစိတ် မရှိဘူးတဲ့၊ ဒါကြောင့် မထိုင်တာပါတဲ့။

ဘုရားရှင်၌ ရှိသေသဖြင့် နတ်များမထိုင်ပုံ။ ။နောက်တနည်း ပြတယ်။ နောက်တနည်း ဘယ်လို ပြပြန်သလဲ ဆိုတော့ ဘဂဝတိ ဂါရဝဝေနေဝ - မြတ်စွာဘုရားကို ရှိသေလို့တဲ့၊ အဓိပ္ပါယ်က ဘယ်လိုလဲ တဘဝတိ သာက နတ်များဟာ ထိုင်လိုတယ်လို့ စိတ်ပေါ် ပေါက်လာလို့ ရှိရင် သူတို့ရဲ့ပုညိဒ္ဓိတန်ခိုးအားဖြင့် ထိုင်စရာဟာ နတ်၌ဖြစ်တဲ့ နေရာ ပေါ်လာတယ်-နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားရှင် ထိုင်သီတင်းသုံးတော်မူနေတာက လူမှာဖြစ်တဲ့ လူလောကမှာ ဖြစ်တဲ့ အကောင်းဆုံးဖြစ်တဲ့ ပလ္လင်ပေါ်မှာ ထိုင်နေတာဘဲ၊ အနာဆပိဏ်သူဌေးကြီး လှူထားတဲ့ ပလ္လင်-နော် (မှန်ပါဘုရား)၊ ဒါပေတဲ့ အနာထပိဏ်လှူထားတဲ့ပလ္လင်ဟာ နတ်တို့ရဲ့ ဘုန်းတန်းခိုးကြောင့်ဖြစ်တဲ့ ပလ္လင်လောက်တော့ ကောင်းပမလား (မဒ္ဒကောင်းပါဘုရား)။

အကယ်၍ နတ်သားက ထိုင်ချင်တဲ့စိတ် ပေါ်လာလို့ ထိုင်တော့မယ်လို့ဆိုရင် အဲဒီ နတ်၌ဖြစ်တဲ့ပလ္လင်ကြီးဟာ အဲဒီ နတ်ထိုင်ဘို့ ပေါ်လာလိမ့်မယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ကဲ ဒါဖြင့် နတ်သားဟာ ဒီပလ္လင်ပေါ် မထိုင်ပေဘူးလား (ထိုင်မှာပါဘုရား)၊ ထိုင်ရင် မြတ်စွာဘုရားထက် သူက သာမနေဘူးလား (သာနေပါတယ်ဘုရား)၊ ဒီတော့ မြတ်စွာဘုရားထက် ငါ သာနေရင်တော့ မြတ်စွာဘုရားကို မရှိသေရာကျတော့မှာဘဲ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ ထိုင်လိုစိတ်ကို မရှိဘူး၊ ဒီပလ္လင်ကြီး ပေါ်လာရင်လဲ မြတ်စွာဘုရားကို မရှိသေရာရောက်တော့မယ် ဆိုပြီးတော့ မထိုင်ဘဲနဲ့ "ကေမန္တံ အဋ္ဌာသိ" မတ်တတ်ရပ်တာပါတဲ့ ဟုတ်လား (မှန်ပါဘုရား)၊ မတ်တတ်ရပ်ပြီး သူက ဘာလျှောက်သလဲ မြတ်စွာဘုရားကို နတ်သားက ဂါထာနဲ့ လျှောက်တယ်။

နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ၊ ဂေါမာ ဂေါဟိ တထေဝ နန္ဒတိ။
ဥပဓီ ဟိ နရဿ နန္ဒနာ၊ န ဟိ သော နန္ဒတိ ယော နိဂ္ဂုပဓိ[၁]။

ဒါ-နတ်သားရွတ်တဲ့ဂါထာ၊ ဒီဂါထာ နတ်သားတင် ရွတ်သလားဆိုတော့ မဟုတ်သေးဘူး၊ ဘုန်းကြီးတို့ ခုဟောနေတဲ့ သုတ္တန်ပါတ် ဥရဂဝဂ်မှာ ဓနိယသုတ္တန်ဆိုတာရှိသေးတယ်၊ နွားကျောင်းသား ဓနိယ အဲဒီ နွားကျောင်းသား ဓနိယကလဲ ဒီဂါထာကိုရွတ်တယ်။ ဓနိယသုတ္တန်မှာလဲဘဲ ဒီဂါထာအတိုင်ဘဲ တလုံးမှ မလွဲဘူး။

၁။ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ နှာ-၆။

http://www.dhammadownload.com

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ပုတ္တိမာ၊ သားသမီးရှိသောသူသည်။ ပုတ္တေဟိ၊ သားသမီးတို့ကြောင့်။ နန္ဒတိ၊ နှစ်သက် ဝမ်းမြောက်ရလေတော့၏။ ဂေါမာ၊ နွားမျှားများရှိသော သူသည်။ ဂေါဟိ၊ နွားတို့ကြောင့်။ တထေဝ၊ ထို့အတူသာလျှင်။ နန္ဒတိ၊ နှစ်သက်ရလေတော့၏ (ပစ္စည်းရှိတဲ့သူတွေ၊ မော်တော်ကား ရှိတဲ့သူတွေဟာ မော်တော်ကားကြောင့် သူတို့ စိတ်ချမ်းသာတယ်)။ ဟိ၊ နှစ်သက်ရခြင်း၏ အကြောင်းကား။ ဥပဓိ၊ နှစ်သက်စရာဖြစ်တဲ့ ကာမဂုဏ်အာရုံဟူသော ကာမူပဓိတို့သည်။ နရဿ၊ လူ အပေါင်းကို။ နန္ဒနာ၊ နှစ်သက်ပျော်မွေ့စေနိုင်ပါပေကုန်၏။ ဘန္တေ၊ ဘုန်းတော် နေဝန်း ထွန်းတောက်ပတော်မူပါသော မြတ်စွာဘုရား။ ယော၊အကြင်သူသည်။ နိရူပဓိ၊ ဥပဓိဆိုတဲ့ ပျော်မွေ့ရာ ကာမဂုဏ်ချမ်းသာတွေ မရှိ။ သော၊ ထိုပုဂ္ဂိုလ်သည်။ န နန္ဒတိ၊ ဘယ်နည်းနဲ့မှ မနှစ်သက် မပျော်မွေ့နိုင်ပါဘုရား။

သားသမီးများကြောင့် ဝမ်းသာပုံ။ ။နတ်သားက မြက်စွာဘုရားကို လျှောက်တယ်၊ အရှင်ဘုရား သားသမီးတွေ များများရှိတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ သားသမီးတွေကိုအကြောင်းပြုပြီးတော့ နှစ်သက်တယ်။ ပျော်မွေ့တယ်၊ စိတ်ချမ်းသာတယ်ဘဲ့ ဟုတ်လား (မှန်ပါဘုရား)။ အဋ္ဌကထာဆရာကြီးက ဘယ်လိုဖွင့်ပြသလဲဆိုတော့ သားသမီး များများရှိတဲ့သူဟာတဲ့ အခ္ခိုသားကို လယ်လုပ်ခိုင်းထားတယ်တဲ့၊ ခိုင်းထားပြီးတော့ သူစပါးကျီကြတွေမှာ စပါးကျီတွေထဲမှာ ပြည့်အောင်ထည့်ထားပြီး သူက ဝမ်းသာတယ်။ အခ္ခိုသားကျတော့ ကူးသန်းရောင်းဝယ်ရေး အလုပ်ခိုင်းထားတယ်။ ကူးသန်းရောင်းဝယ်ရေးကရတဲ့အတွက် ဒီပစ္စည်းတွေ ချမ်းသာလာတော့ ဝမ်းသာတယ်တဲ့၊ သားအတွက် နှစ်သက်ရတယ်၊ အခ္ခိုသားကျတော့ မင်းမှုအထမ်းခိုင်းထားတယ်တဲ့၊ လခစား အလုပ်ခိုင်းထားတယ်။ ကျောင်းဆရာတို့ ဘာတို့ ဟုတ်လားစသည်ဖြင့် ပညာတော်သင်တို့ပေါ့လေ၊ အဓိပ္ပါယ်က။ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ်က ကိုယ့်သားကလေး ဒီလို အထက်တန်းကျကျ မျက်နှာပန်းလှလှဖြစ်နေဘယ် ကျောင်းဆရာတို့ဘာတို့ဖြစ်နေတယ်လို့ဆိုတော့ သားတွေ ဘမ်းပြပြပြီးတော့ ကျုပ်သားကလေးက ဘယ်နှစ်တန်းပျလို့ ဆိုဆိုပြီး ဝမ်းသာသလား ဝမ်းမသာဘူးလား (ဝမ်းသာပါတယ်ဘုရား)။ အဲဒါကြောင့် နတ်သားက ပြောတာဘဲ—

နန္ဒတိ ပုတ္တေဟိ ပုတ္တိမာ၊ သားသမီးရှိသောသူဟာတဲ့ သားသမီးတို့ကြောင့် နှစ်သက် ဝမ်းမြောက်ရတယ်တဲ့၊ သားသမီးကလေးတွေကလဲ လှလှပပ ကလေးတွေ အဝတ်တန်းဆာတွေ ဆင်ပြီးတော့ ပွဲလမ်းသဘင်တွေ သွားတဲ့အခါမှာ

http://www.dhammadownload.com

ကိုယ့်သား-ကိုယ့်သမီးကလေး လှလှပပ ဝတ်ဆင်သွားတာကို အဲဒီမိဘတွေက ဝမ်းသာတယ်တဲ့၊ အဲဒါ အဋ္ဌကထာ[၂]က ပြောတဲ့ စကားဘဲ။

နွားမျှားကြောင့် ချမ်းသာပုံ။ ။သားသမီးတွေရှိတဲ့ ပုဂ္ဂိုလ်တွေ အဲဒီ အတိုင်း ဟုတ်လား (ဟုတ်ပါတယ်ဘုရား)၊ အဋ္ဌကထာ ဆရာကြီးက ဒီလိုဘဲ ပြောတယ်နော်-ဂေါမာ ဂေါဟိ တထေဝ နန္ဒတိ၊ အဲဒီလိုဘဲ နွားမျှားမျှားရှိတဲ့သူ စီးပွါးမျှားမျှား ရှိတဲ့သူဟာလဲဘဲ အဲဒီ စီးပွါးဥစ္စာတွေ ကြောင့် သူကလဲ စိတ်ချမ်းသာနေတယ်၊ အကယ်၍ သားသမီးမျှားမျှား မရှိတဲ့ ပုဂ္ဂိုလ်တို့ အခုနက နွားမရှိတဲ့ပုဂ္ဂိုလ်တို့ စီးပွါးမရှိတဲ့ပုဂ္ဂိုလ်ကျတော့ မချမ်းသာ တော့ဘူးတဲ့၊ အမြဲတန်း စိတ်ဆင်းရဲနေရတော့တယ်တဲ့ ဟုတ်လား (မှန်ပါဘုရား)။ အဲဒါ နတ်သားကသာ လက်ခံပြီးလျှောက်ထားတာတော့ မဟုတ်ဘူး၊ အခုနကပြောခဲ့တဲ့ ဓနိယဂေါတဲ့ နွားကျောင်းသားကလဲ ဒီအတိုင်းဘဲ မြတ်စွာဘုရားကိုလျှောက်တယ်။

ဒီတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သြော်-ဒိနတ်သားဟာ ဆင်းရဲကြောင်းဖြစ်တဲ့ ဥပဓိတရားကြီးတွေကို ချမ်းသာတယ်လို့ထင်နေပြီ၊ အမှန်ကတော့ သူပြောတာတွေ မဟုတ်ဘူးဆိုပြီး ဒီဂါထာကို မြတ်စွာဘုရားက ပြောင်းပြန်ပြန်လှန်ပစ်လိုက်တယ်။

သောစတိ ပုတ္တေဟိ ပုတ္တိမာ၊
ဂေါမာ ဂေါဟိ တထေဝ သောစတိ။
ဥပဓီ ဟိ နရဿ သောစနာ၊
န ဟိ သော သောစတိ နိဂ္ဂုဏီ[၁]။

ဒေဝတေ၊ အိုနတ်သား (သို့မဟုတ် အခုနက ဓနိယဆိုရင် ဓနိယ၊ အိုဓနိယ နွားကျောင်းသား)။ ပုတ္တိမာ၊ သားသမီးမျှားမျှားရှိသောသူသည်။ ပုတ္တေဟိ၊ အဲဒီ သားသမီးတွေကြောင့်။ သောစတိ၊ စိုးရိမ်ပင်ပန်းရလေတော့၏။

သားသမီးမျှားကြောင့် စိတ်ဆင်းရဲရပုံ။ ။နတ်သား ပြောတာက မှန်သလား၊ မြတ်စွာဘုရား ဟောတာက မှန်သလား (မြတ်စွာဘုရားဟောတာက မှန်ပါတယ်ဘုရား)၊ မြတ်စွာဘုရားဟောတာက မှန်တာတော့ဟုတ်ပါရဲ့ ဘုန်းကြီးတို့ပရိသတ် လက်ခံတာက ဘာကိုလက်ခံသလဲ၊ နတ်သားပြောတာ လက်ခံလိမ့်မယ်ထင်တယ်၊ ဟုတ်လား(မှန်ပါဘုရား)၊ မှန်တယ်လို့ ထောက်ခံတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ လက်ခံတာက ဘာကို လက်ခံ ကျင့်သုံးနေသလဲ (နတ်သားပြောတာကို လက်ခံ ကျင့်သုံးနေပါတယ်

၂။ သံယုတ္တအဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၃၀။

http://www.dhammadownload.com

ဘုရား)။ မြတ်စွာဘုရားကတော့ သားသမီးများများရှိတဲ့ ပုဂ္ဂိုလ်သည် အဲဒီ သားတွေ သမီးတွေကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးပြီးတော့ သောကအမျိုးမျိုး ရောက်ရသတဲ့၊ မျက်ရည်ကလေး သုတ်သုတ်ပြီးတော့ သတင်းစာထဲကတောင် ထည့်ပြီးတော့ မင်းလုပ်ချင်တဲ့ လုပ်ငန်းတွေ အကုန်လုံးလုပ်ရစေမယ်၊ မင်းအမြန် ပြန်လာပါ၊ ငါခွင့်လွှတ်ပါတယ်၊ ပြန်ခဲ့ပါ သားရယ်လို့ ဆိုပြီး၊ ဒီလိုမမှာရဘူး လား (မှာရပါတယ်ဘုရား)၊ ဒါ ပါဠိတော်ထဲ ပါနေလို့သာ ဘုန်းကြီးက ပြောရ တာ၊ ဘာရယ်လို့ရည်ရွယ်ပြီး ပြောတာမဟုတ်ဘူး၊ ဥပမိအကြောင်းပြောချင်လို့ ပြောနေရတာ၊ အဲဒီ-စိုးရိမ်စရာဖြစ်တဲ့ သားသမီးများသည် ဥပမိဘဲ၊ ဆင်းရဲခြင်းရဲ့ အကြောင်းဘဲတဲ့။

နွားများကြောင့် စိတ်ဆင်းရဲပုံ။ ။ဂေါမာ ဂေါဟိ တထေဝ သောစတိ။ ဂေါမာ၊ နွားများမျာ့ ရှိသောသူသည်။ ဂေါဟိ၊ နွားတွေကြောင့်။ တထေဝ၊ ထို့အတူသာလျှင်။ သောစတိ၊ စိုးရိမ်ပင်ပန်း ရလေတော့၏။ ဟိ၊ စိုးရိမ်ခြင်းအကြောင်းကား။ ဥပမိ၊ နှစ်သက်တယ်ဆိုတဲ့ ကာမူပမိတ္ထိသည်။ နရဿ၊ လူကို။ ဝါ၊ သတ္တဝါကို။ သောစနာ၊ စိုးရိမ်ပူဆွေး စေတတ်ကုန်၏။

(ဥပမိ ဟိ ပဋိစ္စ ဒုက္ခမိဒံ သမ္ဘောတိ။ ဟိ၊ မှန်၏။ ဥပမိ၊ အဲဒီ ကာမူပမိ ဆိုတဲ့တရားကို။ ပဋိစ္စ၊ စွဲ၍။ ဣဒံ ဒုက္ခံ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဆိုတဲ့ ဤဆင်းရဲဒုက္ခသည်။ သမ္ဘောတိ၊ နေ့စဉ်ဖြစ်၍ နေရလေတော့၏။ ဆင်းရဲတာ သူများကြောင့် မဟုတ်ဘူး၊ ဥပမိကြောင့်တဲ့၊ မြတ်စွာဘုရား ဟောနေတာနော်၊ ပါရာယနဝဂ် မေတ္တဂူလျှောက်ထားတဲ့ နေရာမှာ ဒီလိုဘဲ ဖြေတယ်)။

ယော ကုလပုတ္တော၊ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ နိရူပမိ၊ ဥပမိမရှိ။ သော ကုလပုတ္တော၊ ထိုဥပမိမရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ န သောစတိ၊ မစိုးရိမ်ရပေသတည်း။

သာဓု သာဓု သာဓု။

ဥပမိမရှိသူ စိုးရိမ်ခြင်းကင်းပုံ။ ။ဥပမိမရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ မစိုးရိမ်ရဘူးတဲ့ မြတ်စွာဘုရားက ဒီလိုဟောတယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အဲဒီ-ဥပမိတရားရှိနေ တာတွေကို ဘယ်နဲ့လုပ်မလဲဆိုတော့ ဝိပဿနာရှုပစ်တဲ့ မြတ်စွာဘုရားက။

သမ္မေ ဥပမိ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ။ ဥပမိတရားမှန်သမျှဟာ နိစ္စ တရားလား၊ အနိစ္စတရားလား (အနိစ္စတရားပါဘုရား)၊ ဒုက္ခလား သုခလား

http://www.dhammadownload.com

(ဒုက္ခပါဘုရား)၊ အဲဒီ အနိစ္စ ဒုက္ခ ဝိပရိဏာမတရားကို ရှုပစ်လိုက်လို့ရှိရင်တဲ့ ထို ပုဂ္ဂိုလ်မှာ ဥပဓိကို စွန့်လွှတ်နိုင်တယ်။

ဥပဓိပဋိနိဿဂ္ဂါယ ပဋိပန္နော ဟောတိ-ဖြစ်တယ်၊ ဒီတော့ ဆင်းရဲခြင်းရဲ့ အကြောင်းတရားတွေဟာ ဘယ်သူလဲဆိုတော့ ဥပဓိဆိုတာကို မြတ်စွာဘုရား ပြောပြီးပြီ၊ ဒီတော့ ဒုတိယပိုင်းမှာ မေတ္တာဂူက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ဘာဆက်မေးသလဲဆိုတော့ သူမေးတဲ့ပုစ္ဆာကို ပါဠိရွတ်ကြရအောင်—

ယံ တံ အပုစ္ဆိမှ အကိတ္တယိ နော၊
အညံ တံ ပုစ္ဆာမ တဒိဃ် ဗြူဟိ။
ကထံ နု ဓီရာ ဝိတရန္တိ ဩဃံ၊
ဇာတိ် ဇရံ် သောကပရိဒ္ဒဝဥ္စ။
တံ မေ မုနိ သာဓု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။

ဒီ ပါဠိတွေကဖြင့် ဘယ်က လာသလဲဆိုတော့ ပါရာယနဝဂ် မေတ္တာဂူသုတ္တန်က လာတာဘဲ၊ ဒါပေမဲ့ ဘုရားဟော မဟုတ်ဘူး ဒီပါဠိ။ မေတ္တာဂူက မြတ်စွာဘုရားကို မေးနေတဲ့ ပုစ္ဆာ၊ ပုစ္ဆာမေးနည်းဆိုတာ သုံးမျိုးရှိတယ်၊ စူဠနိဒ္ဒေသပါဠိတော်ကလဲ ပြတယ်။

ပုစ္ဆာ ၃-မျိုးရှင်းချက်။ ။အဒိဋ္ဌဇောတနပုစ္ဆာ, ဒိဋ္ဌသံသန္ဒနပုစ္ဆာ, ဝိမတိစ္ဆေဒနပုစ္ဆာ၊ (၃) မျိုးရှိတယ်။

အဒိဋ္ဌဇောတနပုစ္ဆာလို့ဆိုတာ အနက်အဓိပ္ပါယ်သဘာဝကို မသိလို့မေးတာကို အဒိဋ္ဌဇောတနပုစ္ဆာလို့ ခေါ်တယ်။

ဒိဋ္ဌသံသန္ဒနပုစ္ဆာ-ဆိုတာ တရားတခုရဲ့ အနက်အဓိပ္ပါယ်သဘာဝကို ကိုယ်က သိတော့သိတယ် တခြားသောပညာရှိတွေနဲ့ နှိုးနှောလိုတဲ့အတွက် ဆွေးနွေးမေးမြန်းလိုတဲ့အတွက် မေးတဲ့ပုစ္ဆာမျိုးကိုတော့ ဒိဋ္ဌသံသန္ဒနပုစ္ဆာလို့ ခေါ်တယ်။

ဝိမတိစ္ဆေဒနပုစ္ဆာလို့ ဆိုတာ ယုံမှားသံသယရှိနေလို့ ဟုတ်လေသလား မဟုတ်လေဘူးလား သံသယရှိတဲ့အတွက် မေးတဲ့ပုစ္ဆာမျိုးကို ဝိမတိစ္ဆေဒနပုစ္ဆာလို့ ခေါ်တယ်၊ ပုစ္ဆာသုံးမျိုးရှိတယ်။

ပုစ္ဆာ ၃-မျိုး တနည်း။ ။တနည်းအားဖြင့် လူက မေးတဲ့ပုစ္ဆာ၊ နတ်က မေးတဲ့ပုစ္ဆာ၊ နိမ္မိတကိုယ်တော်က မေးတဲ့ပုစ္ဆာဆိုပြီးတော့ ပုစ္ဆာ ၃-မျိုး ရှိသေးတယ်။

လူတွေက မေးတဲ့ပုစ္ဆာရှိတယ်၊ နတ်တွေက မေးတဲ့ ပုစ္ဆာလဲရှိတယ်၊ မြတ်စွာဘုရားကိုယ်တော်တိုင်က နိမ္မိတကိုယ်စား ဖန်ဆင်းပြီးတော့ မေးတဲ့ပုစ္ဆာမျိုးလဲ

http://www.dhammadownload.com

ရှိတယ်၊ မြတ်စွာဘုရား သမ္မာပရိဗ္ဗာဇနီယစတဲ့ သုတ္တန်တို့ကို ဟောတော့ မဟာသမယ ၆-သုတ်ကို ဟောတဲ့အခါမှာ နိမိတ်ကိုယ်စား ဖန်ဆင်းပြီးတော့ မြတ်စွာဘုရားကို မေးပြီး မြတ်စွာဘုရားအစစ်က ပြန်ဖြေပြီးတော့ ဟောတဲ့သုတ္တန်မျိုး၊ ဒါ နိမိတ်ပုစ္ဆာလို့ ခေါ်တယ်။

ပုစ္ဆာအမျိုးမျိုး။ ။နောက်, အတ္တတ္ထပုစ္ဆာ, ပရတ္ထပုစ္ဆာ, ဥဘယတ္ထပုစ္ဆာလို့ သုံးမျိုး။

ဒိဋ္ဌမင်္ဂလတ္ထပုစ္ဆာ, သမ္မုရာယိကတ္ထပုစ္ဆာ, ပရမတ္ထပုစ္ဆာလို့ သုံးမျိုး။
အနုဝဇ္ဇတ္ထပုစ္ဆာ, နိက္ကိလေသတ္ထပုစ္ဆာ, ဝေါဒါနတ္ထပုစ္ဆာလို့ သုံးမျိုး။
အတီတပုစ္ဆာ, အနာဂတပုစ္ဆာ, ပစ္စုပ္ပန္နပုစ္ဆာလို့ သုံးမျိုး။
အဇ္ဈတ္တပုစ္ဆာ, ဗဟိဒ္ဓပုစ္ဆာ, အဇ္ဈတ္တဗဟိဒ္ဓပုစ္ဆာလို့ သုံးမျိုး။
ကုသလပုစ္ဆာ, အကုသလပုစ္ဆာ, အဗျာကတပုစ္ဆာ-လို့ သုံးမျိုး။
ခန္ဓပုစ္ဆာ, ဓာတုပုစ္ဆာ, အာယတနပုစ္ဆာ-လို့ သုံးမျိုး။
သတိပဋ္ဌာနပုစ္ဆာ, သမ္မပ္ပဓာနပုစ္ဆာ, ဣဒ္ဓိပါဒပုစ္ဆာ-လို့ သုံးမျိုး။
ဣန္ဒြိယပုစ္ဆာ, ဗလပုစ္ဆာ, ဗောဇ္ဈင်္ဂပုစ္ဆာ-လို့ သုံးမျိုး။
မဂ္ဂပုစ္ဆာ, ဖလပုစ္ဆာ, နိဗ္ဗာနပုစ္ဆာ-လို့ သုံးမျိုး-လို့ စုဋ္ဌနိဒ္ဒေသပါဠိတော် နှာ ၆၃-က ပြသေးတယ်။

အခုမေးနေတဲ့ပုစ္ဆာက သိကိုမသိတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေကို ဘယ်လုပ်ပြီး အားထုတ်ရပါမလဲဘုရားလို့ဆိုတာ မြတ်စွာဘုရားကို မေးနေတယ်။

ဘန္တေ၊ ဘုန်းတော်နဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ တံ၊ ထိုဘုန်းတော်နဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို။ ယံ၊ အကြင်ဆင်းရဲခြင်း၏ အကြောင်းဖြစ်တဲ့ တရားတော်ကို။ မယံ၊ ဘုရားတပည့်တော်တို့သည်။ အပုစ္ဆိမှ၊ မေးမြန်းလျှောက်ထား၍ ပြီးပါကုန်ပြီ။ ဘန္တေ၊ ဘုန်းတော်နဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားသည်။ တံ၊ ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော တရားကို။ နော၊ အကျွန်ုပ်တို့အား။ အာကိတ္တယိ၊ ဖြေဆိုချပြီးပါပေပြီ၊ (ဘုရားတပည့်တော် မေးတဲ့ ဆင်းရဲခြင်း၏အကြောင်းဟာ ဥပဓိတရားဘဲလို့ဆိုတာ မြတ်စွာဘုရား ဖြေကြားတော်မူပြီးပါပြီဘုရား)။

တတော၊ ထိုမှ။ အညံ၊ ဆင်းရဲခြင်း၏အကြောင်းမှ တပါးသော အမေးပုစ္ဆာ ပြဿနာကို။ တံ၊ ထိုဘုန်းတော်နဝန်း ထွန်းလင်းတောက်ပတော်မူသော

http://www.dhammadownload.com

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို။ ပုစ္ဆာမ၊ မေးမြန်းလိုပါသေးကုန်၏။ (နောက်တမျိုးမေးပါရစေဦးဘုရားတဲ့ သူက) ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ ဣဿ၊ တောင်းပန် တိုက်တွန်းပါ၏။ တံ၊ ထိုဆင်းရဲခြင်း၏အကြောင်းမှတပါးသော ဘုရားတပည့် တော်မေးတဲ့ ဒုတိယပုစ္ဆာကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဖြေကြားတော် မူပါဦးဘုရား။ (နောက်မေးတဲ့ပုစ္ဆာလဲ ဖြေပါဦးဘုရား – ရှေ့မေးတဲ့မေးခွန်းကို အရှင်ဘုရားဖြေပြီးပါပြီ၊) ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်းခိုးဂုဏ်နှင့်ပြည့်စုံ တော်မူသော မြတ်စွာဘုရား။ ဓီရာ၊ သတိပညာနဲ့ပြည့်စုံကြကုန်သော ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။

(ပညာဆိုတာ ဘာလဲ သဗ္ဗေ သခ်ါရာ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာတိ ပညာ။ အလုံးစုံသော သခ်ါရတရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမအနတ္တလို့ ခွဲခြမ်းဝေဘန်ပြီးတော့ သိတာသည် ပညာတဲ့၊ သတိဆိုတာကတော့ သတိ-ပဋ္ဌာန် ၄-ပါး)။

ဩဿံ၊ ဩဿလေးဖြာ သံသရာကိုငှင်း။ ဇာတိံ၊ ပဋိသန္ဓေနေခြင်းဆိုတဲ့ သဘောကိုငှင်း။ ဇရံ၊ အိုခြင်းကိုငှင်း။ သောကပရိဒ္ဒဝဥ္စ၊ စိုးရိမ်ပူဆွေးငိုကြွေး ရခြင်းကိုငှင်း။ ကထံ၊ အဘယ်သို့လျှင်။ ဝိတရန္တိ နု၊ ကူးမြောက်နိုင်ကြကုန် သနည်း။ မုနိ၊ မုနိငါးပါးတို့၏ခေါင်းဆောင်ဖြစ်တော်မူသော မြတ်စွာဘုရား။ သာဓု အာယာစာမိ၊ တောင်းပန်လျှောက်ထားပါ၏။ တံ၊ ထိုပညာရှိပုဂ္ဂိုလ် အပေါင်းတို့၏ ဩဿလေးပါးမှ လွတ်မြောက်ခြင်း, ဇာတိဇရာ သောကပရိဒေဝ တို့မှ လွတ်မြောက်ခြင်းကို။ တွံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဝိယာကရောဟိ၊ ထင်ရှားအောင် ဖြေကြားတော်မူပါ အရှင်ဘုရား။ တေ တယာ၊ အရှင်ဘုရားသည်။ ဧသ ဓမ္မော၊ ဤတရားကို။ တထာ၊ ထိုဘုရားတပည့်တော် သိနိုင်လောက်သော အခြင်းအရာအားဖြင့်။ ဝိဒိတော၊ ပိုင်းခြား၍သိတော်မူ အပ်ပါပေသတည်း။

သာဓု သာဓု သာဓု။

ပါဠိဟောခန်း ကြိုက်,မကြိုက် ပုဂ္ဂိုလ်များသိဖွယ်

ဘာတွေမေးလိုက်သလဲ ဘုန်းကြီးတို့ပရိသတ် နားလည်ကြရဲ့လား – ဒီတော့ ဘုန်းကြီးတို့မှာ ဘယ်လိုနာမည်ထွက်နေသလဲဆိုတော့ ထူးကြိုး ဆရာတော်တရားက ပါဠိတွေများတယ်၊ ဒီတော့ ပါဠိများတော့ ပါဠိနားမလည် တဲ့သူက ပါဠိရွတ်သံကို ကြားကြားနေရတော့ ငြီးငွေ့နေတယ်၊ တခါနဲ့အဓိပ္ပါယ် ကို လွယ်လွယ်နဲ့ နားလည်ချင်တယ်၊ အချိန်ကုန်မခံနိုင်ဘူး၊ ခုဟာက အချိန်တွေ

http://www.dhammadownload.com

သိပ်ပြီးကုန်နေတယ်၊ ပါဠိရွတ်တာက အချိန်တခါကုန်တယ်၊ အနက်သမွန်တာက အချိန်တခါကုန်တယ်၊ ပြီးတော့ အဓိပ္ပါယ် ပြောတာက အချိန်တခါကုန်တယ်လို့ ဆိုတော့ ဒီစကားတလုံး နားလည်ဘို့ရန်အတွက် သုံးခါလောက် အချိန်တွေ ကုန်နေပြီ၊ ဒီတော့ အချိန်လေးစားတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးများအတွက်က အဲသလောက် အချိန်တွေကုန်နေတာကို သူတို့ငြီးငွေ့ပုံ ပေါ်နေတယ်၊ ဘုန်းကြီးကို စာနဲ့တမျိုး လူကိုယ်တိုင်တဖုံ လာပြီးလျှောက်ကြ တယ်၊ ပါဠိလျှော့ပါဘုရား-လို့ အရှင်ဘုရားလဲ ပင်ပန်းတယ်ဆိုပြီးတော့။

သို့သော်လဲ ပါဠိတော်တွေကို နာချင်တဲ့ ပုဂ္ဂိုလ်များက ဘယ်နဲ့ပြောသလဲ ဆိုတော့ ထူးကြီး ဘုန်းကြီး ပါဠိတော် ရွတ်တာတော့ဖြင့် လျှော့မပေးပါနဲ့လို့ ဒီလိုချည်း ပြောနေကြတယ်၊ ရွတ်နိုင်သမျှ ရွတ်ပါတဲ့။

ပဋိသန္ဓေနေမှုမှ လွန်မြောက်ပုံ လျှောက်ထားချက် ဘုန်းကြီးက မေတ္တာဂူမေးတဲ့ပုစ္ဆာကို အဓိပ္ပါယ် စကားပြေ ပြောပေးရဦးမယ်၊ အရှင်ဘုရားကို ဆင်းရဲခြင်း၏ အကြောင်းကို မေးပြီးလို့ အရှင် ဘုရား ဖြေပြီးပါပြီဘုရား၊ နောက်တမျိုး တခု မေးပါရစေဦး၊ အဲဒါကိုလဲ ဘုရား တပည့်တော်တို့ကို အစဉ်သနားသည်ကို · အကြောင်းပြုပြီးတော့ အရှင်ဘုရား ဖြေကြားတော်မူပါဦးဘုရားတဲ့ မေတ္တာဂူက၊ ဒီတော့ သူက ဘာတွေမေးသလဲဆို တော့ သတိနဲ့ပညာ သတိပဋ္ဌာန် လေးပါးရယ် သခါရတရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုနေတဲ့ ပညာရယ်လို့ဆိုတဲ့ အဲဒီ တရား ၂-ပါးနဲ့ ပြည့်စုံနေတဲ့ ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ-လို့ ဆိုတဲ့ ဩဃလေးဖြာ သံသရာ ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်း စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းတို့ကို ဘယ်လိုနည်းနဲ့ လွန်မြောက် ပြီးတော့ ဘယ်လို ကူးမြောက်ရပါမလဲဘုရားလို့ ဒါမေးတယ်၊ တရားအားထုတ် တဲ့ ပုဂ္ဂိုလ်တွေ ဘာတွေ အားထုတ်သလဲဆိုရင် သတိပဋ္ဌာန်တွေကို အားထုတ် နေတယ်၊ သတိနဲ့ပညာ (မှန်ပါဘုရား)။

ရန်ကုန်မြို့ ရိပ်သာ အသီးသီး ရှိကြတယ်၊ ဘယ်ရိပ်သာကြည့်ကြည့် သတိနဲ့ ပညာကို အားထုတ်နေတဲ့ ပညာရှင်တွေ အဲဒီ သတိနဲ့ပညာကို အားထုတ်နေတဲ့ ပညာရှင်တွေဟာ ဘယ်လိုနည်းနဲ့ သံသရာဝဋ်ဆင်းရဲကို ကူးနိုင်မလဲဘုရားလို့ ဟိုက မေးထားတယ်၊ကိုင်း ဘုန်းကြီးတို့ ပရိသတ် သတိပဋ္ဌာန်တွေကို အားထုတ် နေတဲ့ ပုဂ္ဂိုလ်တွေက ဘယ်နဲ့ဖြေမလဲ၊ မေးတဲ့ပုဂ္ဂိုလ်ကလဲ သာမညပညာနဲ့ မေးတာ မဟုတ်ဘူး၊ ဈာန် သမာပတ်တွေကို ရပြီးသားဖြစ်တဲ့ပုဂ္ဂိုလ် သူသမာဓိ အင်အားနဲ့မေးတာ၊ သတိနဲ့ပညာကို ပွါးများအားထုတ်နေကြတဲ့ ပညာရှိတွေ ဟာ ဘယ်လိုနည်းနဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်မလဲဘုရားလို့၊ ဖြစ်တဲ့ သဘောလဲရှု ပျက်တဲ့သဘောလဲရှု သတိလဲရှိတယ် ပညာလဲရှိတယ်၊အဲဒါ သံသရာ

http://www.dhammadownload.com

ဝဠဲဆင်းရဲကလွတ်တော့ ဘယ်ပုံ ဘယ်နည်းနဲ့ သံသရာဝဠဲဆင်းရဲက လွတ်ပါမလဲလို့ ဒီလို မေးထားတယ်၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သူ့ကို တရားဟောတော့မယ်။

အမေးပုစ္ဆာ ရှင်းချက်။ ။တရားမဟောခင် သူမေးတဲ့ပုစ္ဆာထဲက ဩဃလေးပါး၊ အဲဒါ အဓိပ္ပါယ်ပြောဦးမှ ရှိတယ်၊ ဘုန်းကြီးတို့ ပရိသတ်နားလယ်နေပါတယ်၊ ဩဃဆိုတာ, ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ,အဝိဇ္ဇောဃလို့ ကာမောဃဆိုတာက တဏှာ၊ ဘဝေါဃ ဆိုတာက တဏှာ၊ ဒိဋ္ဌောဃ ဆိုတာက ဒိဋ္ဌိ၊ အဝိဇ္ဇောဃ ဆိုတာက မောဟ၊ တရားကိုယ် ကောက်လိုက်တော့ ၄-ပါးမှာ တရားကိုယ် ၃-ပါးဘဲ ရှိတယ်။

တဏှာရယ်, ဒိဋ္ဌိရယ်, မောဟရယ်၊ ပိုးပြီးနားလည်အောင် ပြောမယ်ဆိုရင် လောဘ, ဒိဋ္ဌိ, မောဟ၊ အဲဒီ လောဘ ဒိဋ္ဌိ မောဟလို့ဆိုတဲ့ တရားကို ဩဃလို့ ခေါ်တယ်တဲ့၊ဘာဖြစ်လို့ ဩဃလို့ ခေါ်သလဲ ဩဃဆိုတာ ရေအလျဉ်၊ ဘုန်းကြီးဟိုတနေ့ကလဲ ပြောခဲ့ပြီးပြီနော်၊ ရေဆိုတာ ဘယ်လိုလဲ ရေကိုသွန်လောင်းချလိုက်ရင် ဘယ်ကိုသွားသလဲ သူနိမ့်တဲ့နေရာကိုချည်း စီးတယ်၊ အဲဒီ လောဘ, ဒိဋ္ဌိ, မောဟ-လို့ ဆိုတဲ့ တရားသုံးပါးဟာလဲဘဲ အပါယ် ၄-ပါးကိုချည်း ပို့တယ်၊ ယုတ်သထက်ယုတ် နိမ့်သထက်နိမ့် ညံ့သထက်ညံ့အောင် လုပ်တတ်တဲ့တရားတွေဖြစ်ခြင်းကြောင့် သူကို ဩဃလို့ ခေါ်ထားတာတဲ့၊ တဏှာ ဒိဋ္ဌိနဲ့ မောဟကို။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အောက်တန်း နောက်တန်း ကျချင်သလား၊ အထက်တန်း ရောက်ချင်သလား (အထက်တန်း ရောက်ချင်ပါတယ်ဘုရား)။

အထက်တန်း ရောက်လိုက ရှောင်ရမည့် တရားများ

အထက်တန်း ရောက်ချင်တယ်ဆိုလို့ရှိရင် အဲဒီဩဃ ၄-ပါးကို လက်မခံနဲ့၊ တဏှာ, ဒိဋ္ဌိ, မောဟ။ သူတို့ကတွေ့ ကျယ်ပြန့်လေလေ ဘုန်းကြီးတို့ အောက်တန်း နောက်တန်းကျလေလေဘဲ၊ အောက်တန်း နောက်တန်းကျရုံတင်မက လူထဲသူထဲတောင် မဝင်တော့ဘူး၊လူထဲမဝင်တော့ ဘယ်ရောက်သွားလဲ တိရစ္ဆာန်ဖြစ်သွားပြီ၊ ပြိတ္တာဖြစ်သွားပြီ၊ အသုရကာယ် ဖြစ်သွားပြီ၊ ငရဲကျသွားတာ။ဘယ်သူက ချုပစ်လိုက်သလဲ (ဩဃ ၄-ပါး ပါဘုရား)၊အဲဒီ ဩဃလို့ ခေါ်တဲ့ လောဘ ဒိဋ္ဌိ မောဟ တို့က ချလိုက်တာ ဘယ်သူကမှ ချလိုက် တာ မဟုတ်ဘူး၊ ခန္ဓာဆိုတာ ဘယ်သူလဲ ဝိညာဏ် နာမ် ရုပ်၊ တနည်းပြောရင် ဘာတဲ့လဲ၊ စိတ် စေတသိက် ရုပ်၊ အဲဒီ တရားစုတွေကို ခုနက ပြောခဲ့တဲ့ ဒိဋ္ဌိတို့ လောဘတို့ မောဟတို့က ဘယ်ရောက်အောင် ပို့လိုက်သလဲဆိုတော့ အပါယ် ၄-ပါးကို ရောက်အောင် ပို့လိုက်တယ်၊ အောက်တန်း ကျသွားတယ်၊ လူ့လောကမှာဘဲဖြစ်ဖြစ်၊ နတ်လောကမှာဘဲဖြစ်ဖြစ်၊ ဗြဟ္မာလောကမှာဘဲဖြစ်ဖြစ်၊ အောက်တန်း နောက်

http://www.dhammadownload.com

တန်း မကျချင်လို့ အထက်တန်း ကျချင်တယ်ဆိုရင် လောဘရယ် ဒိဋ္ဌိရယ်၊ မောဟရယ်၊ဒီ တရားသုံးပါးကို လက်မခံနဲ့၊အဲဒီ တရားသုံးပါးကို လက်ခံမယ်ဆိုရင် တနေ့ အောက်တန်းကျတော့မှာ ဆဲဆဲပဲ၊ ဗြဟ္မာကြီး ဖြစ်နေပေစေ ဒီတရား ၃-ပါးကို လက်ခံရင် သူတနေ့ ဘယ်သွားမလဲ(အပါယ် ၄-ပါး သွားပါမယ်ဘုရား)

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ[၁]။

တဖန် အောက်တန်းပြန်ကျမှာဘဲတဲ့၊ မနေရဘူး၊ ဇာတိဇရံ သောကပရိဒ္ဒ-ဝဥ၊ ဇာတိဆိုတာ ဘာလဲ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဥ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယ-တနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။ ခန္ဓာငါးပါးကို ရလာတာ ဖြစ်လာတာတွေ အာယတန ကို ရလာတာတွေသည် ဇာတိတဲ့၊ ထွက်တဲ့လေ ဝင်တဲ့လေ တကြိမ်ဖြစ်လာရင် ဘာတဲ့လဲ ဇာတိလို့ ခေါ်တယ်။

ဇရံ-အိုတယ်၊ အိုတယ်ဆိုတာ ဘာလဲ–ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော-တဲ့။ အဲဒီ ထွက်တဲ့လေ ဝင်တဲ့လေ ဆိုတဲ့ တရားတို့ရဲ့ တဖြေးဖြေး ဣန္ဒြေတရားတို့ရဲ့ တဖြေးဖြေး ရင့်ကျက်ပြီးလာ တဲ့ သဘောတရားကို အိုတယ်လို့ ခေါ်တယ်။

မရဏ၊စုတိ စဝနတာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ။ ဒီ ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်တွေ တကြိမ်က ၂-ကြိမ် ပျောက်ပျောက်သွား တာကို မရဏလို့ ခေါ်တယ်။ အဲဒီ ဇာတိ ဇရာ မရဏကြောင့် သတ္တဝါတွေ ဘယ်လိုဖြစ်သလဲ စိုးရိမ်ရတယ်၊ ပူဆွေးရတယ် ငိုကြွေးရတယ် ဒုက္ခ၊ အဲဒီ တရား တွေကို ဘယ်လိုနည်းနဲ့ သတိပညာ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ လွန်မြောက်နိုင်ပါ သလဲ ဘုရားလို့ မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားက အဲဒီ မေတ္တဂူကို တရားဟောမယ်ဟု ဝန်ခံတယ်။ ဘယ်လို ဟောလဲ–

ကိတ္တယိဿာမိ တေ ဓမ္မံ၊ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ။
ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

ဒါ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူလိုက်တဲ့ တရား။

မေတ္တဂု၊ မေတ္တဂူ။ အဟံ၊ ငါသည်။ တေ၊သင့်အား။ ဒိဋ္ဌေဓမ္မေ၊ မျက်မှောက် ကိုယ်တွေ့တရားဖြစ်သော။ အနီတိဟံ၊ သူတပါး ပြောသံကြား မဟုတ်သော သူပြော လူပြော တရား မဟုတ်သော။ ဓမ္မံ၊ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း

၁။ ဝိဘင်းပါဠိတော်၊ နှာ-၄၄၁။

http://www.dhammadownload.com

ဖြစ်တဲ့တရားကို။ ကိတ္တယိဿာမိ၊ ဟောကြားတော်မူပေတော့အံ့။ ယံ၊ အကြင် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို။ ဝိဒိတ္တာ၊ ထင်ရှားပေါ်လွင်အောင် သိရသည်ဖြစ်၍။ သတော၊ သတိပဋ္ဌာန်တရား ၄-ပါးနှင့် ပြည့်စုံလျက်။ စရံ စရန္တော၊ ကျင့်ကြံကြိုးကုတ် အားထုတ်သော အမျိုးကောင်းသား - အမျိုးကောင်းသမီးသည်။ လောကေ၊ လောကဋ္ဌ။ ဝိသတ္တိကံ၊ ကပ်ငြိတွယ်တာတတ်တဲ့ တဏှာကို။ တရေ၊ ကောင်းစွာမသွေ လွန်မြောက်နိုင်ပါပေသတည်း။

သာဓု သာဓု သာဓု။

မြတ်စွာဘုရား မိန့်ကြားတော်မူပုံ။ ။အဓိပ္ပါယ်က ဘာပြောသလဲ ဆိုတော့ မေတ္တာဂူ ငါ တရား ဟောမယ်၊ ယခု ငါဟောမဲ့ တရားဟာ မသိဘဲနဲ့ ရမ်းဟောမဲ့တရား မဟုတ်ဘူး၊ ငါကိုယ်တော်တိုင် မျက်မှောက်ပြုထားလို့ သိထားတဲ့တရား။ အနီတိဟံ-သူပြော လူပြောနဲ့ ဟောတဲ့ တရား မဟုတ်ဘူးတဲ့ မြတ်စွာဘုရားက၊အခုဟောမဲ့ တရားထဲမှာ "ဒိဋ္ဌေ ဓမ္မေ"ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာပြထားသလဲ ဆိုတော့—

> ဒုက္ခသစ္စံ ပရိဇာနန္တော ဒုက္ခသစ္စမေဝ ဒေသေတိ။ ။ဒုက္ခေ ဒိဋ္ဌေ ဒုက္ခံ ကထယိဿာမိ၊ သမုဒယေ ဒိဋ္ဌေ သမုဒယံ ကထယိဿာမိ၊ မဂ္ဂေ ဒိဋ္ဌေ မဂ္ဂံ ကထယိဿာမိ၊ နိရောဓေ ဒိဋ္ဌေ နိရောဓံ ကထယိဿာမိ-တဲ့။

ဒုက္ခသစ္စာကို သိရင် မြတ်စွာဘုရားက ဒုက္ခသစ္စာကိုသာ ဟောတယ်၊ သမုဒယသစ္စာကို ကိုယ်တိုင်သိရင် သမုဒယသစ္စာကို ဟောတယ်၊ နိရောဓသစ္စာကို သိရင် နိရောဓသစ္စာကို ဟောတယ်၊ မဂ္ဂသစ္စာကို သိရင် မဂ္ဂသစ္စာကို ဟောတယ်၊ အခု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ဟောတဲ့ တရားတော်သည် သစ္စာလေးပါးကို သူကိုယ်တိုင် သေသေချာချာ သိပြီးမှ ဟောတာလား၊ သူတပါးပြောသံကြားနဲ့ ဟောတာလား၊ (သူကိုယ်တိုင် သိပြီးမှ ဟောတာပါဘုရား) အဲဒါကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ-အမျိုးကောင်းသမီးများ မြတ်စွာဘုရား မကြာ မကြာ ဒီစကားကို ပါဠိတော်တွေထဲမှာ ပြောတယ်။

ဇာနတော ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ၊ နော အဇာနတော နော အပဿတော။ အာသဝေါတရားတွေ ကုန်တဲ့တရားကို ငါဘုရား ဟောတော်မူခဲ့တယ်။ ဒီ-တရားအနက်ပေးနည်း ဘယ်လိုလဲဆိုတော့ ပဋ္ဌမရိုးရိုးအနက်ပေးနည်း ပေးပြဦးမည်။ ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အဟံ၊ ငါဘုရားသည်။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ခြင်းကို။ ဝဒါမိ၊ ဟောကြားတော်မူ၏။ (သိသောသူ မြင်သောသူသည် အာသဝါတရား ကုန်တယ်လို့ ငါဘုရားဟောတော်မူတယ်။) ဒီလိုအဓိပ္ပါယ်ထွက်တယ် ဒါ-တနည်း။ ဒါ-ပေးရိုးအနက်။

http://www.dhammadownload.com

အဲဒီ ပါဠိကို ဘုန်းကြီး နောက်တနည်း အနက်ပြန်ပေးဦးမယ်။ ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဇာနတော၊ ငါကိုယ်တိုင် သိသည်ဖြစ်၍။ ပဿတော၊ ငါကိုယ်တိုင်မြင်သည်ဖြစ်၍။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယံ၊ ကုန်ကြောင်းဖြစ်တဲ့ တရားကို။ အဟံ၊ ငါ-ဘုရားသည်။ ဝဒါမိ၊ ဟော ကြားတော်မူ၏။ အဲဒီ အနက်က ဘယ်လိုလဲ၊ အာသဝေါကုန်ကြောင်းဖြစ်တဲ့ တရားကို ဟောတယ်ဆိုတာ ရမ်းဟောတာ မဟုတ်ဘူး၊ ငါ-ကိုယ်တိုင်သိလို့ မြင်လို့ ဟောတာတဲ့ မြတ်စွာဘုရားက။ အဲဒီ အနက်က ဘယ်ကလာသလဲဆိုတော့ အခု ပြောခဲ့တဲ့ ပါရာယနဝဂ်မှာ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ၊ ဒိဋ္ဌေ ဓမ္မေ-အရ ကိုယ်တိုင် မျက်မှောက်ပြုထားပြီးတော့ ကိုယ်တိုင်သိထားတဲ့တရားကို သင့်ကို ငါ-ဟောမယ်တဲ့။

နောက်တနည်းက–အထ ဝါ ဒိဋ္ဌေ ဓမ္မေ သန္ဒိဋ္ဌိကံ အကာလိကံ ဟိပသ္သိကံ ဩပနေယျိကံ ပစ္စတ္တံ ဝေဒိတဗ္ဗံ ဝိညူတိတိ ဧဝမ္ပိ ဒိဋ္ဌေ ဓမ္မေ ကထယိဿာမိ-တဲ့၊ ကိုယ်တိုင်သိ မျက်မှောက် ကောင်းကျိုးရ အခါမလင့် ကောင်းကျိုးရပြီးတော့ လာပါ ကြည့်ပါဟု တာဝန်ခံနိုင်ပြီးတော့ အနီးကပ်၍ ဆောင်ထိုက်တဲ့ ပညာရှိတို့သာ ခံစားထိုက်တဲ့ တရားကို ဟောမယ်တဲ့–မြတ်စွာဘုရားက။ ပြီးတော့ အနီတိဟံ-တဲ့—

> နံ ဣတိဟိတိဟံ နံ ဣတိကိရာယ နံ ပရမ္ပရာယ နံ ပိဋကသမ္ပဒါယ နံ တက္ကဟေတု နံ နယဟေတု နံ အာကာရပရိဝိတက္ကေန နံ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ သာမံ သယမဘိညာတံ အတ္တပစ္စက္ခမ္မံ၊ တံ ကထယိဿာမီတိ ဒိဋ္ဌေဓမ္မေ အနီတိဟံ[၁]။

နံ ဣတိဟိတိဟံ၊ ဤသို့ ဖြစ်သတဲ့ဟု ဖြစ်လိမ့်မယ်တဲ့ဟု ငါဘုရား ဟောတော်မမူ။ နံ ဣတိကိရာယ၊ ဒီလို ဖြစ်သတဲ့ဟူသော အခြင်းအရာအားဖြင့် ငါဘုရား ဟောတော်မမူ။ နံ ပရမ္ပရာယ၊ အဆက်ဆက်မှလာသော စကားဖြင့် ငါဘုရား ဟောတော်မမူ။ နံ ပိဋကသမ္ပဒါယ၊ ကျမ်းဂန်နှင့် ပြည့်စုံစေသဖြင့် ငါဘုရား ဟောတော်မမူ။ နံ တက္ကဟေတု၊ ကြံဆ၍ယူခြင်းဖြင့် ငါ ဘုရားဟောတော်မမူ။ နံ နယဟေတု၊ နည်းယူ၍ ငါဘုရား ဟောတော်မမူ။ နံ အာကာရပရိဝိတက္ကေန၊ အခြင်းအရာကို ကြံစီသောအားဖြင့် ငါဘုရား ဟောတော်မမူ။ နံ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ၊ ကြံစီ၍ နှစ်သက်၍ ယူအပ်သောအယူဖြင့် ငါဘုရား ဟောတော်မမူ။ သာမံ သယံ၊ကိုယ်တိုင်။ အဘိညာတံ၊အထူးသဖြင့်သိအပ်သော။ အတ္တပစ္စက္ခမ္မံ၊၊ ကိုယ်တိုင်မျက်မှောက်ပြုအပ်တော် သဘောရှိသော။ တံ ဓမ္မံ၊ ထို တရားတော်ကို။ ကထယိဿာမိ၊ ဟောကြားပေအံ့။ ဣတိ၊ ဤသည်ကား

၁။ စူဠနိဒ္ဒေသပါဠိတော် နှာ-၂၅။

http://www.dhammadownload.com

ဒိဋ္ဌေ ဓမ္မေ အနီတိဟံ၊ဒိဋ္ဌေ ဓမ္မေ အနီတိဟံ ဟူသော ပုဒ်၏ အဓိပ္ပါယ် စကားပင်တည်း။

ဘုန်းကြီးတို့ကသမုတ်သုတ် (နှာ-၁၈၉)မှာ မြတ်စွာဘုရား ဟောထားတာ ပိဋကတ်တော်ထဲမှာ ပါလို့ ငါဘုရားဟောတာ မဟုတ်ဘူးတဲ့၊ ဟုတ်လား(မှန်ပါဘုရား)၊ ပြီးတော့ မိမိအယူနဲ့ ညီမျှတယ်ဆိုပြီးတော့ ငါဘုရား လက်ခံပြီးတော့ ဟောထားတဲ့ တရားမဟုတ်ဘူးတဲ့၊ဘယ်လိုနည်းနဲ့မှ ကန့်ကွက်လို့ ဘယ်လိုနည်းနဲ့မှ ဖျက်ဆီးလို့ မရတဲ့အတွက် ဒီ-တရားကို အကြိမ်ကြိမ် အတန်တန် ငါဘုရား ဖျက်ဆီးခဲ့ပြီးပြီတဲ့၊ အခုဟောမဲ့တရားတို့ ဘယ်လိုမှ ဖျက်ဆီးလို့မရတဲ့အတွက် ငါဘုရားကိုယ်တိုင် လက်ခံထားပြီးတော့ သူများ ပြောသံကြား စကားမျိုး မဟုတ်ဘဲနဲ့ ဓမ္မံ၊ နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းတရားကို။ အဟံ၊ ငါဘုရားသည်။ တေ၊ သင့်အား။ ကိတ္တယိဿာမိ၊ ဟောကြားပေတော့အံ့။

နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများ

အဲဒီ ဓမ္မ-အရ ဘာလဲ–နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်းဆိုတာ ဖြစ်တယ်၊ အဲဒီ တရားတွေကို ဘုန်းကြီးပြောမယ်၊ အခု ဟောမဲ့ တရားထဲမှာ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရား ပါလိမ့်မယ်။

> ဓမ္မန္တိ အာဒိကလ္လာဏံ မဇ္ဈေကလ္လာဏံ ပရိယောသာနကလ္လာဏံ သာတ္ထံ သဗ္ယဉ္ဇနံ ကေဝလ၊ပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ စတ္တာရော သတိပဋ္ဌာနေ စတ္တာရော သမ္မပ္ပဓာနေ စတ္တာရော ဣဒ္ဓိပါဒေ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနိ သတ္တ ဗောဇ္ဈင်္ဂေ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ နိဗ္ဗာနဉ္စ နိဗ္ဗာန-ဂါမိနိဉ္စ ပဋိပဒံ ကိတ္တယိဿာမိ-တဲ့။ ။စူဠနိဒ္ဒေသပါဠိ နှာ-၇၅။

နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ဘယ်သူတွေလဲ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ အာဒိကလ္လာဏ၊ အစ၏ကောင်းခြင်း။ မဇ္ဈေကလ္လာဏ၊ အလယ်၏ကောင်းခြင်း။ ပရိယောသာနကလ္လာဏ၊ အဆုံး၏ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံတယ်။ သာတ္ထ သဗ္ယဉ္ဇန၊ အနက်နှင့် ပြည့်စုံတယ် သဒ္ဒါနဲ့ ပြည့်စုံတယ်။ ကေဝလပရိပုဏ္ဏ၊ အလုံးစုံပြည့်စုံနေတယ်တဲ့၊ နှုတ်စရာ ပယ်စရာ နောက်ထပ် ထပ်ထည့်စရာ မရှိဘူးတဲ့။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်တဲ့။ ဘယ်တရားတွေလဲ သတိပဋ္ဌာန်လေးပါး=ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန် စိတ္တာနုပဿနာသတိပဋ္ဌာန် ဓမ္မာနုပဿနာသတိပဋ္ဌာန်။ အဲဒီ သတိပဋ္ဌာန် ၄-ပါးကို ဘာလုပ်မလဲလို့ဆိုတော့ - သမုဒယသုတ္တန်လို့ဆိုပြီး မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၆၄မှာ ဟောထားတာရှိတယ်၊ အဲဒီ သုတ္တန်တခု ဘုန်းကြီးတို့ ရွတ်ရဦးမယ်။

http://www.dhammadownload.com

စတုန္နံ ဘိက္ခဝေ သတိပဋ္ဌာနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသေဿာမိ၊ တံ သုဏာထ။ ။သတိပဋ္ဌာန် ၄-ပါး၌ဖြစ်ခြင်း သတိပဋ္ဌာန် ၄-ပါး၌ချုပ်ခြင်းကို ငါဘုရားဟောတော်မူမယ်တဲ့၊ အဲဒီ သတိပဋ္ဌာန် ၄-ပါးမှာ ဘာရှိသလဲ ဖြစ်-ပျက် ရှိတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ စတုန္နံ၊ ၄-ပါးကုန်သော။ သတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုငင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ဆုံးခြင်းကိုငင်း။ အဟံ၊ ငါဘုရားသည်။ တမှာကံ၊ သင်ချစ်သားတို့အား။ ဒေသေဿာမိ၊ ဟောကြားတော်မူပေတော့အံ့။ တံ၊ ထိုငါဘုရားဟောကြားမဲ့ တရားကို။ တုမှေ၊ သင်ချစ်သား ချစ်သို့းအပေါင်းတို့သည်။ သုဏာထ၊ နာကြ ကုန်လော။

ကော စ ဘိက္ခဝေ ကာယဿ သမုဒယော၊ကာယဿ အတ္ထင်္ဂမော။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယဿ၊ ကာယာနုပဿနာသတိပဋ္ဌာန်၏။ သမုဒယော၊ ဖြစ်ခြင်း သည်။ ကော စ၊ အဘယ်နည်း။ ကာယဿ၊ ကာယာနုပဿနာသတိပဋ္ဌာန်၏။ အတ္ထင်္ဂမော၊ ချုပ်ဆုံးခြင်းဆိုတဲ့-အတ္ထင်္ဂမ သဘောတရားသည်။ ကော စ၊အဘယ် တရားတဲ့နည်း။

ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ။ ။ကာယာနုပဿနာသတိပဋ္ဌာန်၌ ဖြစ်ခြင်းအကြောင်း - ကာယာ-နုပဿနာသတိပဋ္ဌာန် ဖြစ်ခြင်းပျက်ခြင်းဆိုတာ ဘာလဲ၊ ပါဠိတော်မှာ အာဟာရ-သမုဒယာ ကာယဿ သမုဒယော၊ အာဟာရ နိရောဓာ ကာယဿ အတ္ထင်္ဂမော။ အာဟာရသမုဒယာ၊ အကြောင်းအထောက်အပံ့ဆိုတဲ့ အာဟာရဖြစ်ခြင်းကြောင့်။ ကာယဿ၊ ကာယာနုပဿနာသတိပဋ္ဌာန်၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။ ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်ခြင်းအကြောင်းဟာ ဘယ်သူလဲ၊ (အာဟာရပါဘုရား)၊ အာဟာရ (အာဟာရက ၄-မျိုးရှိတယ်၊ ဘယ်အာဟာရလဲဆိုတော့-ကဗဠိကာရာဟာရ)အာဟာရနိရောဓာ၊ အာဟာရ၌ ချုပ်ခြင်းကြောင့်။ ကာယဿ၊ ကာယာနုပဿနာသတိပဋ္ဌာန်၏။ အတ္ထင်္ဂမော၊ ချုပ်ဆုံးခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ရှုကွက်-ကာယာနုပဿနာ-သတိပဋ္ဌာန်ရှုကွက်လေ၊ ဒါ-နိဗ္ဗာန်ရောက်ကြောင်းတရား။

ဖဿသမုဒယာ ဝေဒနာနံ သမုဒယော။
ဖဿနိရောဓာ ဝေဒနာနံ အတ္ထင်္ဂမော။

ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ။ ။ဖဿသမုဒယာ၊ အာဟာတ္ထုတခု နဲ့ တခု ပေါင်းဆုံခြင်း ဟူသော အကြောင်းဓကြောင့်။ ဝေဒနာနံ၊ သုခဝေဒနာ-ဒုက္ခဝေဒနာ-အဒုက္ခ မသုခဝေဒနာ

http://www.dhammadownload.com

တို့၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားလေတော့၏။ သုခ ဝေဒနာတွေ့၊ ဒုက္ခဝေဒနာတွေ့၊ အဒုက္ခမသုခဝေဒနာတွေဆိုတာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသို့မျိုးများ ရှုကွက်ထဲမှာ ပေါ်ပေါ်မနေဘူး လား၊ (ပေါ်နေပါတယ်ဘုရား)၊ အဲဒီ ဝေဒနာရဲ့ သမုဒယသဘောက ဘယ်သူလဲ (ဖဿပါဘုရား)။ ဖဿမရှိရင် ဝေဒနာမရှိတော့ဘူး။

ဖဿနိရောဓာ၊ ဖဿဆိုတဲ့တရား၏ချုပ်ခြင်းကြောင့်။ ဝေဒနာယ၊ ဝေဒနာ၏။ အတ္ထင်္မော၊ ချုပ်ဆုံးခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ရှုဘို့ပြောနေတာ၊ ဒါ သတိပဋ္ဌာန်ကျင့်ဝတ်ဘဲ၊ ဝေဒနာပြီးတော့ ဘာလဲ။

စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ။ ။စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ကဲ-စိတ်ဖြစ်တယ်၊ ဘာကြောင့် ဖြစ်သလဲ စိတ်တို့ ဝိညာဉ်တို့ မနောတို့ဆိုတာ အတူတူဘဲ၊ စိတ်ဖြစ်တယ်၊ ဘယ်လို ဖြစ်သလဲ စိတ်ဘာကြောင့်ဖြစ်သလဲ ဘယ်နေရာမှာဖြစ်သလဲ စိတ်ဘယ်နေရာမှာ နေသလဲ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား- အမျိုးကောင်းသို့များ ခန္ဓာကိုယ် တကိုယ်လုံးထဲမှာ စိတ်နေတယ်၊နေရာ လိုက်ရှာကြည့်ရင် ဘယ်နေရာ နေတယ်လို့ ဆိုတာ တွေ့လား(မတွေ့ပါဘုရား)၊ မြတ်စွာဘုရားက ဟောလိမ့်မယ် စိတ်ဖြစ်ပုံ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်သမားများအတွက် စိတ်ဖြစ်တယ်၊ ဘာကြောင့်ဖြစ်သလဲ၊အဲဒါ သိဘို့မလိုဘူးလား(လိုပါတယ်ဘုရား)၊ မြတ်စွာဘုရားက ဟောမယ်။

နာမရူပသမုဒယာ စိတ္တဿ သမုဒယော။

နာမရူပသမုဒယာ၊ နာမ်နဲ့ ရုပ် ဖြစ်ခြင်းကြောင့်။ စိတ္တဿ၊ စိတ်၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှားလေတော့၏။

စိတ်ဖြစ်တယ်ဆိုတာ နာမ်ရုပ်ကြောင့်၊ နာမ်ရုပ်ရှိရင် စိတ်ဖြစ်တယ်၊ နော် (မှန်ပါဘုရား)၊နာမ်ဆိုတာ ဘယ်သူတွေ့လဲဆိုတော့ စေတသိက် ၅၂-ပါး နာမ်၊ ရုပ်ဆိုတော့-ဥပါဒိန္နကရုပ်တွေ့၊ ကံကြောင့်ဖြစ်တဲ့ရုပ်တွေ့၊ အဲဒီ နာမ်နဲ့ရုပ်ရှိနေရင် နာမ်နဲ့ရုပ် ပူးပေါင်းမိရင် တခါထဲ စိတ်ဖြစ်တာဘဲ။

ထုက်တဲ့လေ ဝင်တဲ့လေ တည်းဟူသော ရုပ်၊ ထုက်တဲ့လေ–ဝင်တဲ့လေ တည်း ဟူသော ရုပ်ကို ထင်ရှားအောင် လုပ်ပေးတဲ့ သတိဆိုတဲ့ နာမ်၊ အဲဒီ နာမ်နဲ့ ရုပ် ၂-ခု ပေါင်းလိုက်ရင် ဘယ်သူပေါ်လာမလဲ ထုက်တဲ့လေ ဝင်တဲ့လေကို သိတယ် ဆိုတဲ့ အသိဝိညာဉ်ပေါ်လာတယ်၊ နာမရူပသမုဒယာ စိတ္တဿ သမုဒယော၊ နာမ ရူပနိရောဓာ စိတ္တဿ အတ္ထင်္မော။ နာမရူပနိရောဓာ၊ နာမ်ရုပ် ၂-ပါး ချုပ်ခြင်း ကြောင့်။ စိတ္တဿ၊ စိတ်၏။ အတ္ထင်္မော။ ချုပ်ဆုံး ကွယ်ပျောက်ခြင်းသည်။ ဟောတိ၊ ထင်ရှားလေတော့၏။ စိတ္တာနုပဿနာသတိပဋ္ဌာန် ဒီလိုဘဲ ရှုရမယ်တဲ့၊ မြတ်စွာဘုရားက မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၆၁ မှာ ဟောတယ်။

http://www.dhammadownload.com

ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ။ ။ပြီးတော့ ဘာလဲ–ဓမ္မ။ ဓမ္မလို့ခေါ်တဲ့ ဓမ္မာနုပဿနာ သမားတွေက ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဆိုတာ ဘာဖြစ်လို့ ပေါ်လာသလဲ၊ ဘယ်သူကြောင့် လဲလို့၊ မြတ်စွာဘုရားက ဒီလို ဟောထားတယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်။

မနသိကာရသမုဒယာ ဓမ္မာနံ သမုဒယော။
မနသိကာရနိရောဓာ ဓမ္မာနံ အတ္ထင်္ဂမော တိ။

ဒီ သုတ္တန် သတိပဋ္ဌာန်နဲ့ ပတ်သက်လို့ ပြီးဆုံးသွားပြီ။ မနသိကာရသမုဒယာ၊ နှလုံးသွင်းမှုလို့ ခေါ်တဲ့ မနသိကာရ၏ ဖြစ်ခြင်းကြောင့်။ ဓမ္မာနံ၊ နိဝရဏစသော ခန္ဓာ အာယတန ဓာတ် သစ္စာ ဆိုတဲ့ သဓာတုရားတို့၏။ သမုဒယော၊ ဖြစ်ပေါ်၍ လာခြင်းသည်။ ဟောတိ၊ ထင်ရှားလေတော့၏။ မနသိကာရနိရောဓာ၊ မနသိကာရ ခေါ်တဲ့ နှလုံးသွင်းမှု ချုပ်ခြင်းကြောင့်။ ဓမ္မာနံ၊ "ကွတိ ရှုပ်၊ ကွတိရှုပဿ သမုဒယော၊ ကွတိ ရှုပဿ အတ္ထင်္ဂမော"လို့ ရှုနေတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့၏။ အတ္ထင်္ဂမော၊ ချုပ်ဆုံး ကွယ်ပျောက် ခြင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ အဲဒါ နိဗ္ဗာန်ရောက်ကြောင်း တရားပါဘဲတဲ့။

သမ္မပ္ပဓာနကို သမ္မပ္ပဓာန်ဝိဘင်း ပါဠိတော်၊ နှာ-၂၁၆ သွားကြည့်နော် (မှန်ပါဘုရား)။

ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ။

ဝီရိယတန်ဘိုး အကျိုးကြီးပုံ။ ။ဖြစ်ပြီးသားဖြစ်တဲ့ အကုသိုလ်တွေကို ပျောက်ဖို့ရန်အတွက် စိတ်က အားထုတ်ပေးတယ်၊ ဖြစ်ပြီးသား အကုသိုလ်တွေ အကျိုးပေးခွင့် မရအောင်လို့ ဆိုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဘာလုပ်ထားလဲ ဝီရိယ ထူထောင်ထားတယ်၊ ဝီရိယ သမ္မပ္ပဓာန် ၄-ပုစုလုံးဟာ တရားကိုယ် ကောက်လိုက်တော့ ဝီရိယစေတသိက်ချည်း ရတယ်နော် (မှန်ပါဘုရား)။

အဲဒီ ဝီရိယဟာ ဘယ်လောက် တန်ဘိုးရှိသလဲ ဆိုတော့ ဝီရိယ၏သတ္တိ ဝီရိယ၏ တန်ဘိုး ဖြစ်ပြီးသား အကုသိုလ်တွေကို ပယ်နိုင်ဘို့ရန်အတွက် ပယ်နိုင်တဲ့ သတ္တိရှိတယ်၊ အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ။ မဖြစ်သေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင် သူက တားဆီးထားလို့ ချီးမြှောက် ထောက်ပံ့ ထားနိုင်တယ်တဲ့၊ ဝီရိယ။

http://www.dhammadownload.com

အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ။ ဥပ္ပန္နာနံ ကုသလာနံ ဘိယ္ယောဘာဝါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ။

မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်လာတယ်၊ ဖြစ်ပြီးသား ကုသိုလ်တွေ တိုးပွါးလာတယ်၊ ဒီတော့ ဝီရိယကလေး တလုံး ထားလိုက်တာနဲ့ အကျိုးဘယ်နှစ်ခု ရသလဲ ၄-မျိုးရတယ်၊ သူက။ အဲဒါ နိဗ္ဗာန်ရောက်ကြောင်း တရားဘဲတဲ့ မြတ်စွာဘုရားက နော် (မှန်ပါဘုရား)။

ဣဒ္ဓိပါဒ် ၄-ပါး။ ။ပြီးတော့ ဘာတဲ့လဲ ဣဒ္ဓိပါဒ်၊ဣဒ္ဓိပါဒ် ၄-ပါးနဲ့ ပတ်သက်ပြီး ပါဠိတော် ရွတ်ဦးမယ်။ ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ် တရားကိုယ် ကောက်လိုက်ရင်—

ဆန္ဒိဒ္ဓိပါဒ်က - ဆန္ဒ စေတသိက်၊

ဝီရိယိဒ္ဓိပါဒ်က - ဝီရိယစေတသိက်၊

စိတ္တိဒ္ဓိပါဒ်က - စိတ်၊

ဝီမံသိဒ္ဓိပါဒ်က- ပညာဖြစ်စေတသိက် ဆိုပြီးတော့ ဣဒ္ဓိပါဒ် ၄-ပါး၊ တရားကိုယ်လဲ ၄-ပါးဘဲရတယ်၊ အဲဒါတွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဣဒ္ဓိပါဒ် ၄-ပါးနဲ့ ပတ်သက်လို့ ပွါးများအားထုတ်တဲ့ ပုဂ္ဂိုလ်များ၊ ဣဒ္ဓိပါဒ်-ဆိုတာ ဘာလဲ ဣဒ္ဓိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ခြင်း ပြီးစီးခြင်း၏။ ပါဒ၊ အခြေခံတရားတဲ့။ တန်းခိုးအာနုဘော်တွေရဲ့ ပြည့်စုံခြင်း၊ မိမိ လိုအပ်သော ကောင်းကျိုးတွေ ပြည့်စုံစေခြင်းရဲ့ အခြေခံတရားကို ဘာလို့ ခေါ် သလဲ(ဣဒ္ဓိပါဒ် လို့ ခေါ် ပါတယ်ဘုရား)။

ဣဒ္ဓိအဓိပ္ပါယ်။ ။ဣဒ္ဓိယာ၊ပြည့်စုံစေခြင်း၏။ပါဒ၊အခြေခံ။ ဣဒ္ဓိပါဒ် = မိမိအလို ဆန္ဒတွေ အားလုံး ပြည့်စုံစေခြင်း၏ အခြေခံ တရား။ ဘယ်သူလဲ ဆန္ဒ စိတ္တ ဝီရိယ ပညာ။ ဒီ တရား ၄-လုံး ဒါ နိဗ္ဗာန်ရောက်ဖို့ အခြေခံ တရားဘဲ၊ မေးနေတဲ့ ပုဂ္ဂိုလ်က ဘယ်ရောက်ချင်လို့ မေးနေတာလဲ (နိဗ္ဗာန် ရောက်ချင်လို့ပါဘုရား)၊တရားနာနေတဲ့ ပုဂ္ဂိုလ်တွေက ဘယ်ရောက်ချင်လို့ နာနေကြတာလဲ (နိဗ္ဗာန်ရောက်ချင်လို့ပါဘုရား)၊ သတိပဋ္ဌာန်ကို သတိနဲ့ ပညာကို စိတ်ဝင်စားစွာ ပွါးများအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက သူတို့ဘယ်ရောက်ချင်လို့ ပွါးများအားထုတ်နေကြတာလဲ (နိဗ္ဗာန်ရောက်ချင်လို့ပါဘုရား)၊ အဲဒီတော့ နိဗ္ဗာန်ရောက်မှ ကိုယ့်ကိစ္စအားလုံး ပြီးသွားတာကို ဣဒ္ဓိလို့ ခေါ် တယ်၊ အဲဒီ ဣဒ္ဓိရဲ့ အခြေခံ တရားကို ပါဒလို့ ခေါ် တယ်၊ မဟာဝဂ္ဂသံယုတ် ဣဒ္ဓိပါဒသံယုတ် အပါရသုတ္တန် နှာ-၂၂၂။

http://www.dhammadownload.com

စတ္တာရောမေ ဘိက္ခဝေ ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ။ ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့ကို။ ဘာဝိတာ၊ မိမိသန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်။ အပါရာ၊ သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့။ ဂမနာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းစွာမသွေ ဖြစ်ကြပါပေကုန်၏။

ဣဒ္ဓိပါဒ် ၄-ပါး နိဗ္ဗာန်ရောက်တရား။ ။အဲဒီ ဣဒ္ဓိပါဒ်တရား ၄-ပါးကို ပွါးများနေ့ရင် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်တဲ့ မြတ်စွာဘုရားက၊ နိဗ္ဗာန်ရောက်ကြောင်း ဘုရားတွေကို ဟောနေဒါနေ၁၊ (မှန်ပါဘုရား)၊ ကိတ္တယိဿာမိ ဇေ ဓမ္မံ-မှာ ဓမ္မံ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို။ တေ၊ သင် မေတ္တာဂူရသေ့အား။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဟောကြားတော်မူတော့အံ့လို့ ဒီလို ဝန်ခံဆားတဲ့အတိုင်း မြတ်စွာဘုရား ဟောနေတာ။

ဟောပေးတဲ့ ပဂ္ဂိုလ်က ဘယ်နည်းနဲ့မှ ဒီဣဒ္ဓိပါဒ်နဲ့ ပြည့်စုံအောင် လုပ်မပေးနိုင်ဘူး၊ လုပ်ပေးနိုင်ပါမလား (မလုပ်ပေးနိုင်ပါဘုရား)၊ ဣဒ္ဓိပါဒ်နော်၊ ကတမေ စတ္တာရော(လေးပါးတို့ဆိုတာ ဘာလဲ)၊ဘယ်ဣဒ္ဓိပါဒ်တွေ ပွါးရမလဲဆိုတော့။

> ဣဓ ဘိက္ခဝေ ဘိက္ခု ဆန္ဒသမာဓိပဓာန သင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ ဝီရိယသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ စိတ္တသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဝီမံသာသမာဓိပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဣဒ္ဓိပါဒါ ဘာဝိတာ ဗဟုလီကတာ အပါရာ ပါရံ ဂမနာယ သံဝတ္တန္တိ။ ဒီလို ဣဒ္ဓိပါဒ သံယုတ် နှာ-၂၂၂-မှာ မိန့်လိုက်တယ်။

ဆန္ဒသမာဓိ ပဓာန သင်္ခါရသမန္နာဂတံ၊ ဆန္ဒပြဓာန်းသော သမာဓိ အားထုတ်ခြင်း သင်္ခါရတရားတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ် နိဗ္ဗာန်ရောက်ကြောင်းရဲ့ အခြေခံတရားကို။ ဘာဝေတိ၊ ပွါးများအားထုတ်၏။

ဆန္ဒပြဓာန်းသော ဣဒ္ဓိပါဒ်။ ။ဆန္ဒပြဓာန်းတဲ့ သမာဓိကိုဖြစ်အောင် အားထုတ်တယ်၊ ဣဒ္ဓိပါဒ် ဆန္ဒ၊ ဘာလဲ နိဗ္ဗာန်ကို အလိုရှိနေတယ် ဆိုတဲ့ ဆန္ဒဟာ ကိလေသာတွေ ကုန်ချုပ်နေတယ်ဆိုတဲ့ သဘောဟာ ဘာလဲ (ဆန္ဒပါဘုရား)၊ ဆန္ဒ။ တဏှာတွေ **ကင်း**ချုပ်နေတယ်၊ လောဘတွေ ကွာချုပ်နေတယ် ဆိုတာတွေဟာ ဘာလဲ (ဆန္ဒပါဘုရား)၊ အဲဒီ ဆန္ဒလျှင် ပြဓာန်းသော သမာဓိ၊ တဏှာကင်းချုပ်တဲ့စိတ်က တဆံ့ချည်မျှ မဇ္ဈတ္တာကို

http://www.dhammadownload.com

သမာဓိလို့ ခေါ်တယ်၊ အဲဒီလို ဆန္ဒပြဓာန်းသော သမာဓိဟု ဆိုအပ်သော တရားကို ကြိုးစားပြီး အားထုတ်နေရင်။

ဝီရိယပြဓာန်းသော ဣန္ဒြိပါဒ်။ ။ဝီရိယ၊ ထို့အတူဘဲ ဝီရိယ သမာဓိ ပဓာနသခ်ါရသမန္နာဂတံ ဣန္ဒြိပါဒံ ဘာဝေတိ။အားထုတ်တာဘာအတွက် အားထုတ်နေသလဲ၊ နိဗ္ဗာန်ရောက်ဘို့ကိုချည်း အားထုတ်နေတာတခြားအတွက် မဟုတ်ဘူး၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ပန်းကလေးတပွင့် လှူတာကစပြီး နိဗ္ဗာန်ရောက်ဖို့အတွက် လုပ်တာ၊ ဘာအတွက်မှ လုပ်တာမဟုတ်ဘူး၊ ဝီရိယစိုက်တာ၊ အဲဒီ ဝီရိယက တဆင့်ချည်မျှ မရွှေတာကို ဝီရိယပြဓာန်းသော သမာဓိလို့ ခေါ်တယ်-နော် (မှန်ပါဘုရား)။

စိတ်ပြဓာန်းသော ဣန္ဒြိပါဒ်။ ။စိတ္တ သမာဓိ ပဓာန သခ်ါရသမန္နာဂတံ ဣန္ဒြိပါဒံ ဘာဝေတိ။စိတ်ကိုက ဘယ်လိုနေနေ ဘာဘဲလုပ်လုပ် စိတ်က နိဗ္ဗာန်ဘက်ကိုချည်း ကိုင်းနေတယ်၊ တဏှာကုန်ဘို့ ကိလေသာကုန်ဘို့ ကိုင်းနေတယ်၊ ရှိုင်းနေတယ် ညွတ်နေတယ် ဆိုတဲ့စိတ်၊ဘာလေးလုပ်လိုက်လုပ်လိုက် စိတ်က အဲဒီမှာချည်း ဖြစ်နေတယ်၊ ကိလေသာကုန်ရင် ကောင်းမှာဘဲ ဆိုပြီး ဒါ စိတ္တသခ်ါရ သမာဓိ-နော် (မှန်ပါဘုရား)။

ပညာပြဓာန်းသောဣန္ဒြိပါဒ်။ ။ပညာ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ သခ်ါရတရားတွေကို နှလုံးသွင်းနေတဲ့ ဝိပဿနာပညာကလဲ အဲဒီ တဆင့်ချည်မျှ မရွှေတဲ့ သမာဓိကို ဝိမံသာ သမာဓိ ပဓာန သခ်ါရသမန္နာဂတ ဣန္ဒြိပါဒလို့ ခေါ်တယ်၊ အဲဒီ ဣန္ဒြိပါဒ်တရား ၄-ပါးကို ပွါးများအားထုတ်နေရင် အပါရာ၊ သံသရာတည်းဟူသော ဤမှာဘက်ကမ်းမှ။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့။ ဂမနာယ၊ ရောက်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းမသွေ ဖြစ်ကြပါကုန်သတည်း။

သာဓု သာဓု သာဓု။

ဣန္ဒြေ ၅-ပါး။ ။ဣန္ဒြေ ၅-ပါးကိုပွါးတဲ့ပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်နိုင်တယ်၊ ရဟန္တာ ဖြစ်နိုင်တယ်လို့ ဣန္ဒြိယသံယုတ်မှာ မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ သောတာပန္နသုတ် အရဟန္တသုတ်လို့ ဆိုပြီးတော့ မြတ်စွာဘုရား ဟောထားတာရှိတယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၇၀မှာ ။

ပဥ္စိမာနိ ဘိက္ခဝေ ဣန္ဒြိယာနိ။ ကတမာနိ ပဉ္စ၊ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။ ချစ်သားတို့ ဣန္ဒြေဆိုတာ ၅-မျိုး ရှိတယ်တဲ့၊ အဲဒီ ၅-မျိုးက ဘာလဲ။

http://www.dhammadownload.com

သဒ္ဓိန္ဒေ။ ။သဒ္ဓါတရားက အစိုးရနေတာကို သဒ္ဓိန္ဒေလို့ ခေါ်တယ်၊ သဒ္ဓါတရားက လွှမ်းမိုး အစိုးရနေတယ်၊ ဒီ သဒ္ဓါတရားဆိုတဲ့ အစိုးရနေတဲ့ သဒ္ဓိန္ဒေတရားဟာ ဘယ်တော့မှ မပျက်စီးနိုင်ပါ၊ မပျက်တော့ဘူး၊ သဒ္ဓါဆိုတာ ဘာလဲ ဘုန်းကြီးညကပြောခဲ့ပြီးပြီ ယုံကြည်ချက်၊ ဘာယုံကြည်သလဲ၊ ယုံကြည်တယ်ဆိုတာ ဒီ တရားသည် နိဗ္ဗာန်ကိုထုတ်ခြောက် အဟုတ်ရောက်မယ်ဆိုတာကို ယုံကြည်တယ်၊ အခု သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင် ဆိုတဲ့ ဒီ ဗောဓိပက္ခိယတရား(၃၇)ပါးထဲမှ ဘယ်တရားကိုဘဲ ကျင့်ကျင့်-နိဗ္ဗာန်ကို ထုတ်ခြောက် အဟုတ်ရောက်မယ်ဆိုတာ ပရိသတ် ယုံသလား မယုံဘူးလား (ယုံပါတယ်ဘုရား)။

"အဟော သာသနံ နိယျာနိကံ"။ သာသနံ၊ ဗုဒ္ဓမြတ်စွာ ဆုံးမညွှန်ကြားထားတယ်ဆိုတဲ့ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ-ဆိုတဲ့ ဤသာသနာသုံးရပ်သည်။ နိယျာနိကံ၊ သံသရာဝဋ္ဌဆင်းရဲက ထုတ်ဆောင်ကယ်တင်တတ်ပါပေ၏။အဲဒါကို ယုံတယ်၊ အဟုတ်ယုံကြည်တယ်၊ ဆင်းရဲအပေါင်းတို့ကလွတ်ဘို့။ ဆင်းရဲအပေါင်းတို့မှ လွတ်ဘို့ဆိုတာ ဒါဘဲလုပ်ရမယ်၊ အဲသလို ယုံကြည်ချက်ကို ဘာလို့ခေါ်သလဲ သဒ္ဓိန္ဒေလို့ခေါ်တယ်၊ သဒ္ဓိန္ဒေဆိုတာ သဒ္ဓါ+ ဣန္ဒြိယ။ ဣန္ဒြိယဆိုတာ အစိုးရခြင်း ပိုင်ဆိုင်ခြင်းဆိုတဲ့ အနက်ကိုရတယ်။

ဝီရိယိန္ဒေ။ ။ဝီရိယ၊နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ကြိုးစားပြီးတော့ အားထုတ်တဲ့ နေရာမှာတော့ဖြင့် တခါထဲကိုယ်က·ပိုင်ပိုင်နိုင်နိုင် မလျော့ဘဲ ဇွဲနဲ့အားထုတ်နေတယ် နောက်ကိုပြန်မလာဘူး၊ ဝီရိယကို မိမိကိုယ်က အစိုးမရတော့ တရားအားထုတ် သွားလိုက် ပြန်လိုက်နဲ့ အဲဒီလိုဖြစ်နေတယ်။

သတိန္ဒေ။ ။သတိကို ဣန္ဒေက ဆိုက်ထားလိုက်ပြီဆိုရင် ဣန္ဒေရနေတဲ့ပုဂ္ဂိုလ် သတိန္ဒေကို ရနေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ရောက်ထားတဲ့ အာရုံက ဘယ်ကိုမှ ပျောက်မထွက်တော့ဘူး၊ ဝိပဿနာရှုလိုက် တန်းကနဲဘဲ သူရှုကွက်မှာ၊ သတိန္ဒေ။

သမာဓိန္ဒေ။ ။သမာဓိန္ဒေဆိုတာကကော စိတ်ရဲ့ မပျံ့လွင့်မှုကို အစိုးရခြင်း ပါဘဲ။

ပညိန္ဒေ။ ။ပညိန္ဒေဆိုတာ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ဆိုတဲ့ ပညာကိုဆိုတယ်။ အဲဒီ ဣန္ဒေ ၅-ပါးကို–

ယတော ခေါ ဘိက္ခဝေ အရိယသာဝကော ဣမေသံ ပဉ္ဇန္ဒံ ဣန္ဒြိယာနံ သမုဒယဉ္ဇ အတ္ထင်္ဂမဉ္ဇ အဿာဒဉ္ဇ အာဒီနဝဉ္ဇ နိဿရဏဉ္ဇ ယထာဘူတံ ပဇာနာတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော

http://www.dhammadownload.com

သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော်တိ။
ဒါ မဟာဝဂ်သံယုတ်၊ သောတာပန္နသုတ္တန် နှာ-၁၇၀ မှာ။

ဣန္ဒြေပွါးများက အရိယာဖြစ်ပုံ။ ။အဲဒီ ဣန္ဒြေ ၅-ပါးကို အစိုးတရနဲ့ ပွါးများ အားထုတ်နေထိုင်နိုင်တဲ့ ပုဂ္ဂိုလ်တို့သည် သောတာပန်ဖြစ်တယ်လို့ဆိုတယ် မြတ်စွာဘုရားက။

ဣမေသံ ဣန္ဒြိယာနံ၊ ဣဓိဣန္ဒြေ ၅-ပါးတို့၏။ သမုဒယဉ္စ၊ ဖြစ်ခြင်းကိုငင်း။ အတ္ထင်္ဂမဉ္စ၊ ချုပ်ခြင်းကိုငင်း။ အဿာဒဉ္စ၊ သာယာဘွယ်ကိုငင်း။ အာဒီနဝဉ္စ၊ အပြစ်ကိုငင်း။ နိဿရဏဉ္စ၊ လွတ်မြောက်ရာကိုငင်း။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း။ ပဇာနာတိ၊ သိ၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အယံ အရိယသာဝကော၊ ဣဓိအရိယာတပညှ်ကို။သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်ဟူ၍။ အဝိနိပါတဓမ္မော၊ ပျက်စီး၍ကျသောပုဂ္ဂိုလ် မဟုတ်ဟူ၍။ နိယတော သမ္မောဓိပရာယဏော၊ အထက်မဂ် အထက်ဖိုလ်ကို ရခြင်းငှါ မြဲသောပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရလေသတည်း။

သာဓု သာဓု သာဓု။

သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် နော် ၅-မျိုး။ ဒါတင်လား ဆိုတော့ မကသေးဘူး။ ဣမေသံ ပဉ္စန္နံ ဣန္ဒြိယာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ။

ဣန္ဒြေ ၅-ပါးနှင့် အချက် ၃-ချက်။ ။အဲဒီ ဣန္ဒြေ ၅-ပါးရဲ့ အဿာဒဆိုတာ ဘာလဲ သဒ္ဓါတရားရဲ့ သာယာဘွယ် ဆိုတာ ဘာလဲ၊ အာဒီနဝ အပြစ်ဆိုတာ ဘာလဲ၊ သဒ္ဓါတရားရဲ့ နိဿရဏ ဆိုတာ ဘာလဲ၊ ဘယ်နှစ်ချက်လဲ (သုံးချက်ပါဘုရား)၊ အဲဒီ ၃-ချက်ကို သိရင် ရဟန္တာ ဖြစ်မယ်တဲ့ မြတ်စွာဘုရားက။

ဣမေသံ ပဉ္စန္နံ ဣန္ဒြိယာနံ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတ္ဝာ အနုပါဒါ ဝိမုတ္တော ဟောတိ။

ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဣမေသံ ဣန္ဒြိယာနံ၊ ဣဓိ ဣန္ဒြေငါးပါးတို့၏။ အဿာဒဉ္စ၊ သာယာဘွယ် နှစ်သက်ဖွယ်ကိုငင်း။ အာဒီနဝဉ္စ၊ အပြစ်ကိုငင်း။ နိဿရဏဉ္စ၊ လွတ်မြောက်ရာကိုငင်း။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဝိဒိတ္ဝာ၊ သိသည်ရှိသော်။ အနုပါဒါ၊ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် တည်းဟူသော ဥပါဒါန်တရား မရှိသည်ဖြစ်၍။ ဝိမုတ္တော၊ ကိလေသာတို့မှ လွတ်မြောက်သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

အယံ ဝုစ္စတိ ဘိက္ခဝေ ဘိက္ခု အရဟံ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာဝိမုတ္တော တိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အယံ ပုဂ္ဂလော၊ ဤကဲ့သို့ ဥပါဒါန်တရားတွေက လွတ်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ကို။ အရဟံ အရဟန္တော်တိ၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍။ ခီဏာသဝေါ၊ အာသဝေါတရားတွေ ကုန်ပြီးသော။ ဝုသိတဝါ၊ မဂ်အကျင့်တရားတွေကို ကျင့်သုံးပြီးသော။ ကတကရဏီယော၊ ပြုဖွယ်ကိစ္စဟူသမျှ ပြုလုပ်ပြီးသော။ ဩဟိတဘာရော၊ ချအပ်ပြီးသော ခန္ဓာဝန်ရှိသော ပုဂ္ဂိုလ်ဟူ၍။ အနုပ္ပတ္တ သဒတ္ထော၊ ရောက်အပ်ပြီးသော အရဟတ္တဖိုလ်ဟူသော မိမိအကျိုးရှိသော ပုဂ္ဂိုလ်ဟူ၍။ ပရိက္ခီဏဘဝသံယောဇနော၊ ကုန်ပြီးသော ဘဝသံယောဇဉ် ရှိသော။ သမ္မဒညာဝိမုတ္တော၊ ကောင်းစွာသိ၍ကိလေသာတို့မှ လွတ်မြောက်ပြီးသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေခေါ် ဆိုရလေသတည်း။

သာဓု သာဓု သာဓု။

ဒီ-ဣန္ဒြေငါးပါးတို့ရဲ့ အဿာဒဆိုတဲ့ သာယာဘွယ်က ဘာတွေလဲ သဒ္ဓါတရား ဆိုပါတော့ အဓိပ္ပါယ်-နော် (မှန်ပါဘုရား)။

သဒ္ဓါ၏အဿာဒစသည်။ ။ယံ သဒ္ဓံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ ဝါ သောမနဿံ ဝါ၊ အယံ သဒ္ဓါယ အဿာဒေါ[1]။ ယံ သဒ္ဓံ၊ အကြင်သဒ္ဓါတရားကို။ ပဋိစ္စ၊ စဲ့၍-ယူ၍။ သုခံ ဝါ၊ ကိုယ်စိတ်ချမ်းသာခြင်းသည်၎င်း။ သောမနဿံ ဝါ၊ ဝမ်းမြောက်ခြင်းသည်၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤ သဒ္ဓါတရားကိုစွဲ၍ဖြစ်တဲ့ သုခနဲ့ သောမနဿသည်။ သဒ္ဓါယ၊ သဒ္ဓါတရား၏။ အဿာဒေါ၊ သာယာဘွယ်ပေတည်း။

ဘုန်းကြီးတို့ ပရိသတ် တခါတခါမှာ ဒီ-သဒ္ဓါတရားကလေး ဖြစ်တာကို အကြောင်းပြုပြီးတော့ အဲဒီ သဒ္ဓါတရားလေးပေါ် မှီပြီးတော့ နှစ်သက်မှု ဝမ်းမြောက်မှုတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ပီတိတွေလေ၊ အဲဒီလို ဖြစ်လာတာဟာ သဒ္ဓါတရားရဲ့ အဿာဒဘဲ။ ဒါဖြင့် အဲဒီ-သဒ္ဓါတရားကြောင့် ပီတိတွေ ဖြစ်လာတာ ဘယ်လောက် ကြာပြီလဲ (ကြာပါပြီဘုရား)၊ ဒီ-သဒ္ဓါတရားကို အမှီပြုပြီးတော့ နှစ်သက်တယ် ဝမ်းမြောက်တယ်ဆိုရင် ဘာလဲ သာယာဘွယ် ဒါဟာ သဒ္ဓါတရား၏ သာယာဘွယ်။ အာဒီနဝအပြစ်က ဘာလဲ–

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၇၁။

၂။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၃။

http://www.dhammadownload.com

ယာ သဒ္ဓါ အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊ အယံ သဒ္ဓါယ အာဒီနဝေါ[1]။ ယာ သဒ္ဓါ၊ အကြင်သဒ္ဓါတရားသည်။ အတ္ထိ၊ ထင်ထင်ရှားရှားကြီး ပရမတ္ထ အနေအားဖြင့် ရှိ၏။

ဘုရားကြည်ညိုတာ တရားကြည်ညိုတာ သံဃာကြည်ညိုတာ ပုဂ္ဂိုလ်ကို ကြည်ညိုတာ ဘာကိုကြည်ညို ကြည်ညို ကြည်ညိုတယ်ဆိုရင် ဘာတဲ့လဲ (သဒ္ဓါ တရားပါဘုရား)၊ အဲဒီ သဒ္ဓါတရား ရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ရှိလဲရှိတယ် မှန်လဲမှန်တယ်ဆိုတဲ့ တရားသည် ပရမတ္ထတရားတဲ့ မှတ်ထား၊ ပရမတ္ထဆိုတာ ဘာကိုခေါ်သလဲ (ရှိလဲ ရှိတယ်၊ မှန်လဲမှန်တာကို ခေါ်ပါတယ် ဘုရား)၊ အဲဒီ သဒ္ဓါတရားရဲ့ ကြည်ညိုမှု ယုံကြည်မှုကတော့ မှန်သလား မမှန်ဘူးလား (မှန်ပါတယ်ဘုရား)၊ ငြင်းလို့မရဘူး၊ အဲဒီတရား ဟုတ်-မဟုတ်ကို ဘုန်းကြီးတို့ပရိသတ် အိမ်ကျတော့ ဖျက်ဆီးကြည့်၊ ဘုန်းကြီး ခုနကပြောသလို၊ ကန့်ကွက်ကြည့်၊ မရှိနိုင်ဘူး မမှန်နိုင်ဘူးဆိုတဲ့ အကြောင်းကို ဖျက်ဆီးကြည့်၊ ဖျက်ဆီးကန့်ကွက်လို့မှ မရရင် ယုံလိုက်တော့ ဒီ-ကရားကို ဟုတ်လား (မှန်ပါ ဘုရား)။

ယာ သဒ္ဓါ၊ အကြင်သဒ္ဓါတရားသည်။ အတ္ထိ၊ ပရမတ္ထ အနေအားဖြင့် ရှိလဲ ရှိ၏ မှန်လဲမှန်၏။ (အဲဒီလို ရှိလဲရှိ မှန်လဲမှန်တဲ့ သဒ္ဓါတရားဟာ ဘာဖြစ်သလဲ ဆိုတော့)။ သာ သဒ္ဓါ၊ ထိုရှိလဲရှိ မှန်လဲမှန်ဆိုတဲ့ သဒ္ဓါတရားသည်။ အနိစ္စာ၊ ကုန်ခြင်း ပျောက်ခြင်းသဘော ရှိပေတော့၏။ ဘယ့်နယ်တုန်း၊ ဒီ-သဒ္ဓါတရားဟာ တော်တော်ကြာတော့ ဘယ်ရောက်သွားလဲ (ပျောက်သွားပါတယ်ဘုရား)၊ ဒုက္ခာ၊ ဖြစ်ခြင်း ပျက်ခြင်းတို့သည် နှိပ်စက်သည် ဖြစ်သောကြောင့် ဒီ-သဒ္ဓါကရားသည် ဆင်းရဲလှပေ၏။ ဝိပရိဏာမဓမ္မာ၊ အဲဒီ သဒ္ဓါတရားသည် ပြောင်းလဲခြင်းရွေ့ရှားခြင်းသဘော ရှိ၏၊ အဲဒါကတော့ သိပ်ထင်ရှားတယ် ဘုန်းကြီးတို့ပရိသတ်။

သဒ္ဓါကို အနိစ္စစသည်ဖြင့်ရှုပုံ။ ။ဘာဖြစ်လို့လဲ တော်တော်ကြာ ဒီသဒ္ဓါတရားတွေဟာ ပြောင်းသွားပြန်ပြီ ဟိုတခု ယုံကြည်ချက်က၊ တော်တော်ကြာ ဒီရိပ်သာ ကောင်းတယ်ဆိုပြီး အားထုတ်နေ တော်တော်ကြာ ဘယ်လိုလဲ ဘာဖြစ်လို့ ညံ့ဖြစ်လို့ဆိုပြီး ပြောင်းသွားပြန်ပြီ၊ အဲဒါ ဘာလဲ ဝိပရိဏာမ ဖောက်ပြန်တယ် နော် (မှန်ပါဘုရား)၊ တာဖြင့် အဲဒီ ဖောက်ပြန် တာတွေဟာ ကိုယ်က ဖောက်ပြန် တာလား- သဒ္ဓါက ဖောက်ပြန် တာလား။ (သဒ္ဓါက ဖောက်ပြန်တာပါဘုရား)၊ အဲဒီ သဒ္ဓါတရားမှာ အခု အချက် ဘယ်နှစ်ချက်ရှိသလဲ၊ သုံးချက်၊ အနိစ္စ - ကုန်ပျောက်သွားတာ၊ ဒုက္ခ-အသစ်ဖြစ်ပြီးတော့ ပျက်စီးခြင်းတို့ဖြင့် နှိပ်စက်နေတဲ့အတွက် ဆင်းရဲတာ၊ မြင်အောင် ကြည့်နော် ဝိပရိဏာမ - ပြောင်းလဲတယ် ပြောင်းရွေ့တယ်၊ ဒီဝိပဿနာ

၁။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၂၄။

http://www.dhammadownload.com

ရှုတဲ့ နေရာမှာ မြင်နေရတဲ့အချက်ဟာ ဒီသုံးချက်ဘဲ ရှိတယ်၊ တခြားမရှိဘူး၊ ဒါဖြင့် အဲဒီ သဒ္ဓါတရားသည် အပြစ်လား အကျိုးလား (အပြစ်ပါဘုရား)။

အယ်၊ ဤကဲ့သို့ သဒ္ဓါတရား၏ မမြဲခြင်း ဆင်းရဲခြင်း ပြောင်းလွဲခြင်း ဆိုတဲ့ သဘောတရားသည်။ သဒ္ဓါယ၊ သဒ္ဓါတရား၏။ အာဒီနဝေါ၊အပြစ်မည်၏။ မြင်အောင်ကြည့်၊ သဒ္ဓါတရား၏ အဿာဒ အဖြစ်ကို မြင်ပြီးပြီ၊ သဒ္ဓါတရား၏ အာဒီနဝ အချက်ကို မြင်တယ်၊ ဒါဖြင့် အဲဒီ အာဒီနဝ အချက်ကို မြင်ရင် အဲဒီ အာဒီနဝပေါ်မှာ နှစ်သက်တယ် စွဲလမ်းတယ် ဆိုတဲ့ ဆန္ဒနဲ့ရာဂ ဆိုတာ ရှိအုံးမလား (မရှိတော့ပါဘုရား)။

သဒ္ဓါယ ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ သဒ္ဓါယ နိဿရဏံ[1]။

ဒီသဒ္ဓါတရားအပေါ်မှာ လိုချင်တဲ့ ဆန္ဒနဲ့ နှစ်သက်တဲ့ ရာဂ ကင်းသွားရင် အဲဒီ သဒ္ဓါတရားက လွတ်သွားတဲ့ နိဿရဏသဘောဘဲ ဟုတ်လား (မှန်ပါဘုရား)၊ နိဿရဏသဘော သဒ္ဓါတရားရဲ့၊ ဣန္ဒြေ ၅-ပါးတို့တွင် အဦးဆုံး ဖြစ်တဲ့ သဒ္ဓါတရား၊ အတူတူပေါ်လေ ၅-ပါးလုံး အဿာဒ အာဒီနဝ နိဿရဏကို မြင်ရင် ဒီပုဂ္ဂိုလ်ဘယ်လိုလဲ၊ အဲဒီ ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ရဟန္တာလို့ ဟောထားတယ်နော် (မှန်ပါဘုရား)၊ ဘယ်လို ဟောသလဲ မြတ်စွာဘုရားက။

အနုပါဒါ ဝိမုတ္တော။အနုပါဒါ၊ ကာမုဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် မရှိသည်ဖြစ်၍။ ဝိမုတ္တော၊ ကိလေသာ အားလုံးတို့မှ လွတ်မြောက်သော စိတ်ရှိတော်မူ၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ အရဟန္တော၊ ရဟန္တာဟူ၍။ ဝုသိတဝါ၊ ကျင့်သုံးအပ်ပြီးသော မဂ်ကိစ္စ လေးပါး ရှိသော ဟူ၍လ်ဟူ၍။ ကတကရဏီယော၊ ပြုအပ်ပြီးသော ပြုဘွယ်ကိစ္စရှိသော သူဟူ၍။ ဩဟိတဘာရော၊ ခန္ဓာငါးပါး တည်းဟူသော ဝန်ထုပ်ဝန်ပိုးကြီးကို ချပြီးသော ပုဂ္ဂိုလ်ဟူ၍။ အနုပ္ပတ္တသဒတ္ထော၊ မိမိလိုအပ်သော အရဟတ္တဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်ဟူ၍။ ပရိက္ခီဏဘဝ သံယောဇနာ၊ ကုန်ပြီးသော ဘဝသံယောဇဉ်ရှိသောရဟန္တာဟူ၍။ သမ္မဒညာဝိမုတ္တော၊ ကောင်းစွာသိ၍ ကိလေသာတို့မှ လွတ်မြောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝုစ္စတိ၊ ကောင်းစွာမသွေ ဟော ကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု။

မေတ္တာဂူ၊မေတ္တာဂူ။ အဟံ၊ ငါသည်။တေ၊သင့်အား။ ဒီဋ္ဌဓမ္မေ၊ယခုမျက်မှောက် ဘဝ၌ ငါကိုယ်တိုင်သိ၍ ထားသော။ အနီတိဟံ၊ သူတပါးပြောသံကြားမဟုတ်သော။ ဓမ္မံ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားကို။ ကိတ္တယိဿာမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပေတော့သတည်း။

မေတ္တာဂူသုတ္တန် ဒုတိယပိုင်း ပြီး၏။

၁။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၂၄၇။

http://www.dhammadownload.com

၄-မေတ္တာဂူသုတ္တန် တတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၄-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ဗဟိုဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ အလုပ်ပေးတရားတို့နှင့် ဝိပဿနာ တက်ပုံတက်နည်းတို့ကို ဟောကြားတော်မူအပ်တဲ့ ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော မေတ္တာဂူသုတ္တန် တတိယပိုင်း တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီတရားကို မဟာမိ ရှေးဦးစွာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ တရားဟော တရားနာပဂ္ဂိုလ်များ အနေဖြင့် ရှိသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား အမျိုးသမီးများ လက်ဘုပ် ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ယခင်အတိုင်း ဟောတော်မူသည်)။

သာဓု သာဓု သာဓု။

ဘုရားရှင်မိန့်ကြားပုံ။ ။ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို မေတ္တာဂူဆိုတဲ့ ပုဏ္ဏားပညာရှိ မေးလျှောက်တဲ့ အမေးပုစ္ဆာပြဿနာတွေကို မြတ်စွာဘုရားက နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို သင်မေးတဲ့အတိုင်း ဖြေကြားတော်မူမယ်လို့ ဆိုပြီးတော့ မြတ်စွာဘုရား အဖြေပေးနေတယ်။ ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ဖြေတော်မူဟဲ့ အဖြေထဲမှာ ကိတ္တယိဿာမိ တေ ဓမ္မံ-လို့ ဝန်ခံထားတဲ့ စကားအရ မေတ္တာဂူ၊ မေတ္တာဂူ။ အဟံ၊ ငါဘုရားသည်။ တေ၊ သင့်အား။ ဓမ္မံ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို။ ကိတ္တယိဿာမိ၊ ဟောကြားတော်မူပေတော့အုံ့။

http://www.dhammadownload.com

အဲဒီ-အပိုဒ်ကို အဓိပ္ပါယ်ပြောဘို့ ကျန်သေးတယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်တွေဆိုတာ ဘယ်တရားတွေလဲဆိုတော့သတိပဋ္ဌာန်စတဲ့ ဗောဓိပက္ခိယ တရား ၃၇-ပါး။ အဲဒီ-ဗောဓိပက္ခိယတရား ၃၇-ပါးကို မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်က အသခ်္ဓတဂါမိ မဂ္ဂေါ်-လို့ ဒီလိုဟောထားတယ်၊ အဲဒါ-ဒီကနေ့ပါလာမယ်၊ ပါရာယနဝဂ်မှာက ဓမ္မလို့ဆိုတဲ့ တရားတလုံးဘဲပါတယ်၊ အဲဒီ-ဓမ္မကို စူဠနိဒ္ဒေသ ပါဠိတော်က ဖွင့်ပေးထားတာက နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေဆို တော့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေက ဘယ်သူတွေလဲ၊ ဗောဓိပက္ခိယ တရား ၃၇-ပါး။

ဒီ-ဗောဓိပက္ခိယတရား ၃၇-ပါးကို အကျယ်ဝေဘန်ပြီး ဟောကြားပေးလိုတဲ့ အာဘော်က ဘယ်မှာ ပါနေသလဲဆိုတော့ စူဠနိဒ္ဒေသ ပါဠိတော်မှာ သူပါလာ တယ်၊ ဒီတော့ စူဠနိဒ္ဒေသပါဠိတော်မှာ ပါလာတဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ဗောဓိပက္ခိယတရား ၃၇-ပါးကို တခုစီ တခုစီ အပြည့်အစုံ ဟောမပေးနိုင်သည် ဖြစ်သောကြောင့် ခေါင်းစဉ်လောက်ဖြစ်တဲ့ (၇) မျိုး သတိပဋ္ဌာန် ၄-မျိုး သမ္မပ္ပဓာန် ၄-မျိုး၊ ဣဒ္ဓိပါဒ် ၄-မျိုး၊ ဣန္ဒြေ ၅-မျိုးကို ဟောလို့ ပြီးသွားပြီ၊ ဗိုလ် ၅-မျိုးကလဲ ဣန္ဒြေငါးမျိုးနဲ့တရားကိုယ်ခြင်း တူနေတော့ ဟောပြီးပြီဆိုကြ ပါစို့။

ဗောဇ္ဈင်တရားဖြင့် နိဗ္ဗာန်ရောက်ပုံ။ ။ဒီကနေ့ ဟောပေးရမှာက ဗောဇ္ဈင် (၇) မျိုး၊ မဂ္ဂင် (၈) မျိုး၊ ဒါဟော ပေးရမယ်နော် (မှန်ပါဘုရား)၊ ဗောဇ္ဈင် ၇-မျိုး၊ မဂ္ဂင် ၈-မျိုးလို့ ဆိုတာလဲ နိဗ္ဗာန်ရောက်ကြောင်းတရားပါဘဲတဲ့၊ ဒီလောက်ပြောရုံနဲ့ ဘုန်းကြီးတို့ပရိသတ် သေသေချာချာ မသိဘူး၊ ဗောဇ္ဈင်(၇) ပါးသည် နိဗ္ဗာန်ရောက်ကြောင်းတရား ဖြစ်တယ်ဆိုတာ ဘယ်လိုလုပ်လို့ ဖြစ်တာလဲ၊ အဲဒါကို အကျယ်ပြောပေးရမယ်၊ မဂ္ဂင် (၈) ပါး နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်တယ်ဆိုတာ ဘယ်လိုဖြစ်တာ လဲ၊ ဒါကို အကျယ်ပြောပေးရမယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်္ဂသံယုတ် ဆိုတာ မြတ်စွာဘုရားဟောထားတာရှိတယ် **ဗောဇ္ဈင်ပါးမျှားနည်း၊ နိဗ္ဗာန်** ရောက်အောင် ပါးမျှားအားထုတ်နည်း။

သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်လို့ ဗောဇ္ဈင် (၇) ပါးရှိတယ်။

နိဂုံးချုပ်တွန်အကျဉ်း။ ။ဗောဇ္ဈင်(၇)ပါးကို ပါးမျှားအားထုတ်တဲ့ နေရာမှာ နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်အောင် ဘယ်လို ဘယ်နည်း ပါးရမလဲဆိုတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မဟာဝဂ္ဂ

http://www.dhammadownload.com

သံယုတ်ပါဠိတော် ဗောဇ္ဈင်္ဂသံသုတ် (နှာ.၇၈)မှာ ဟောထားတဲ့ သုတ္တန်တခု ရှိတယ်၊ အဲဒီ သုတ္တန်က ဘာသုတ္တန်လဲဆိုတော့ တဏှာနိရောဓသုတ္တန်။

အကျဉ်းချုပ်အားဖြင့် ပြောရမယ်ဆိုရင် – သတ္တဝါတွေကို ဒုက္ခအမျိုးမျိုး ဖြစ်အောင်လုပ်ပေးနေတာဟာ အဝိဇ္ဇာနဲ့တဏှာ၊ သူတို့ခေါင်းဆောင်ပြီးတော့ သတ္တဝါတွေကို ဒုက္ခရောက်အောင်လုပ်ပေးနေကြတယ်၊ဒီတရားနှစ်ပါး မကုန်ခန်း သရွေကာလပတ်လုံး ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ သတ္တဝါတိုင်း သတ္တဝါတိုင်း ဒီဒုက္ခဝင်္ကမ္မ မလွတ်ဘူး၊ မေတ္တာဂူပုဏ္ဏားက သူတို့ လုပ်ထားတာက ဒုက္ခကလွတ်အောင်ဆိုပြီးတော့ လုပ်ထားတာ၊ ဘယ်ရောက် နေသလဲဆိုတော့ ဈာန်သမာပတ်တွေကို သူတို့ရောက်ထားတယ်၊ ဒီတော့ သူတို့မှာ ဘယ်လိုတွေဖြစ်နေသလဲဆိုတော့ ဈာန်ချမ်းသာကလေးတွေကို အင်မတန်နှစ်သက် တယ်တာနေတယ်ဆိုတဲ့ ဈာနနိကန္တိတဏှာဆိုတာ ရှိတယ်၊ ဒီတဏှာဟာ သံသရာဝဋ်ဆင်းရဲကို လည်စေတတ်တယ်ဆိုတာကို မေတ္တာဂူအစရှိတဲ့ ပုဏ္ဏားတွေက မသိကြဘူး၊ ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပုဏ္ဏားတွေကို ဘာတွေဟောပေးနေသလဲဆိုတော့ တဏှာကုန်အောင်လုပ်ဖို့ကို မြတ်စွာဘုရား ဟောပေးနေတာ။

အဝိဇ္ဇာတွေကုန်အောင်လုပ်ဖို့ မာနတွေကုန်အောင်လုပ်ဖို့ ဒိဋ္ဌိတွေကုန်အောင် လုပ်ဖို့ – ဒါကိုချည်း ဟောပေးနေတယ်၊ ကာမဂုဏ်ချမ်းသာတွေနဲ့ ပတ်သက်ပြီး တော့ အာဒီနဝကိုမြင်ပြီးတော့ မေတ္တာဂူအစရှိတဲ့ ပုဏ္ဏားတွေဟာ သူတို့စွန့်ပြီး သား၊ ဒါကြောင့် ဒီကနေ့ အဲဒီတဏှာနိရောဓသုတ္တန်ကို ဘုန်းကြီးတို့ဟောမယ်၊ ဗောဇ္ဈင် (၇)ပါး ပုဒ်းများရေးနှင့် ပတ်သက်ပြီးတော့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကို ဟောပေးရမယ်၊ ခပ်ကျဉ်းကျဉ်း ဘုန်းကြီးဟော ပေးခဲ့တာ သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ၅-မျိုး ပြီးသွားပြီ၊ ပြီးခဲ့တဲ့ညက သုတ္တန်တွေကို တို့ကာ တို့ကာကလေးဘဲ ဟောသွားတယ်။

ဗောဇ္ဈင်္ဂပုဒ် အစိတ်အစိတ်ရှင်းချက်။ ။သတိပဋ္ဌာန် ပုဒ်းများခြင်းကို အကျယ် ဟောပေးမယ်ဆိုရင် ၄-ညလောက် ဟောပေးနေရမယ်၊ ဒါတောင်မှ သူချည်းခပ်မြန်မြန် ခပ်သုတ်သုတ်ဟောပေး နိုင်မှပြီးမှာ၊ သမ္မပ္ပဓာန်ပုဒ်းများရေးကလဲ ထို့အတူဘဲ၊ ဒီတော့ ပြည့်ပြည့်စုံစုံ ကလေးဖြစ်သွားဘို့ဆိုပြီးတော့ သုတ္တန်တွေကို ခပ်ကျဉ်းကျဉ်း ပါဠိလျှောက် အဓိပ္ပါယ်နဲ့ အဲသလိုဟောပေးခဲ့တယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုး ကောင်းသမီးများကို ဟောပေးလာတာ ဒီကနေ့ ဘယ်ရောက်သွားပြီးလဲ – ဗောဇ္ဈင်ခုနစ်ပါး၊ ဒီဗောဇ္ဈင်ခုနစ်ပါးဟာ ဗောဓိ + အင်္ဂ = ဗောဇ္ဈင်္ဂ။ ဗောဓိဆိုတာ မဂ်ဉာဏ် ၄-ပါးကို ဗောဓိလို့ခေါ်တယ် (ဗောဓိလို့ခေါ်ပါတယ်ဘုရား)၊ အဲဒီ

http://www.dhammadownload.com

ဗောဓိလို့ခေါ်တဲ့ မင်္ဂလာဖြင့် သစ္စာ ၄-ပါးတရားကို သိတာဟာ ဗောဓိ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာလို့ ခေါ်တဲ့ ဒီသစ္စာ ၄-ပါးကို သိပေးတဲ့ဉာဏ်ကို ဗောဓိလို့ခေါ်တယ်၊ ဗောဓိဆိုတာ သစ္စာ ၄-ပါးကို သိတာ၊ အဲဒီသစ္စာ ၄-ပါးကိုသိတဲ့ အင်္ဂါအစိတ်အပိုင်းတွေလို့ ဆိုတယ်၊ ဗောဇ္ဈင် ဗောဓိ+အင်္ဂ။ ဗောဓိ=သစ္စာလေးပါးတရားကို သိဖို့ရန်အတွက်။ အင်္ဂ=ပြည့်စုံရမဲ့ အင်္ဂါအစိတ်အပိုင်းတွေ။ ဘယ်သူတွေလဲ–

သတိ, ဓမ္မဝိစယ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာလို့ ၇-မျိုးရှိတယ်၊ အဲဒီ ၇-မျိုး အကုန်လုံး အပြည့်အစုံဖြစ်သွားလို့ရှိရင် သစ္စာ ၄-ပါးကို သိပြီးတော့ တဏှာကုန်သွားနိုင်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောပေးထားတယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ အဲဒါဘဲ။

ယော ဘိက္ခဝေ မဂ္ဂေါ ယာ ပဋိပဒါ တဏှာနိရောဓာယ သံဝတ္တတိ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ယော မဂ္ဂေါ၊ အကြင်လမ်းစဉ်သည်။ ယာ ပဋိပဒါ၊ အကြင်ကျင့်စဉ်သည်။ တဏှာနိရောဓာယ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဆိုတဲ့ တဏှာအားလုံး ကုန်ဆုံးချုပ်ပျက်ခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေ၏။

တဏှာကုန်ခြင်းအကြောင်း လမ်းစဉ်နှင့်ကျင့်စဉ် ချစ်သားတို့ တဏှာတရားကုန်ကြောင်း ခန်းကြောင်းဖြစ်တဲ့ လမ်းစဉ်ကျင့်စဉ်ဆိုတာရှိတယ်တဲ့(နော်)၊ အဲဒီ တဏှာကုန်ကြောင်းဖြစ်တဲ့ လမ်းစဉ်ကျင့်စဉ်ကို မလိုက်ဘဲနဲ့-မကျင့်ဘဲနဲ့ တဏှာကုန်ပါ့မလား (မကုန်ပါဘူးရှင်)၊ ဒါတော့ ဘုန်းကြီးတို့ပရိသတ် သဘောပေါက်ထားရမယ်နော် (မှန်ပါဘုရား)။

တံ မဂ္ဂံ တံ ပဋိပဒံ ဘာဝေထ။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ တံ မဂ္ဂံ၊ ထို တဏှာချုပ်ကြောင်း ကုန်ကြောင်းဖြစ်တဲ့ လမ်းစဉ်ကို။ တံ ပဋိပဒံ၊ ထိုတဏှာချုပ်ကြောင်း ကုန်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို။ ဘာဝေထ၊ ပွါးများအားထုတ် အလုပ်လုပ်ကြကုန်လော့၊ မြတ်စွာဘုရားက လုပ်ရမယ်လို့ ဟောသလား–မဟောဘူးလား (ဟောပါတယ်ဘုရား)။

ကတမော စ ဘိက္ခဝေ မဂ္ဂေါ ကတမာ ပဋိပဒါ တဏှာ နိရောဓာယ သံဝတ္တတိ။ ဘိက္ခဝေ၊ ချစ်သားတို့။ ကတမော၊ အဘယ်မည်သော။ မဂ္ဂေါ၊ လမ်းစဉ်သည်။ ကတမာ၊ အဘယ်မည်သော။ ပဋိပဒါ၊ ကျင့်စဉ်သည်။ တဏှာနိရောဓာယ၊ တဏှာ ကုန်ခြင်း ချုပ်ခြင်း ပျောက်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်သနည်း။

http://www.dhammadownload.com

တဏှာကုန်ကြောင်းဖြစ်တဲ့လမ်းစဉ် တဏှာကုန်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ဆိုတာရှိတယ်၊ အဲဒီ တဏှာကုန်ကြောင်း ချုပ်ကြောင်းဖြစ်တဲ့ လမ်းစဉ်ကျင့်စဉ်ကို ပွါးများအားထုတ်ကြ၊ ဒီလိုဟောတယ်။ ဒါဖြင့် အဲဒီ တဏှာကုန်ကြောင်း ဖြစ်တဲ့ လမ်းစဉ်၊ တဏှာကုန်ကြောင်း ချုပ်ကြောင်းဖြစ်တဲ့ ကျင့်စဉ် ကျင့်ဝတ် ပဋိပတ် က ဘာတွေပါလဲဘုရား။

ဗောဇ္ဈင် ၇-ပါး သရုပ်။ ။ယဒိဒံ သတ္တ ဗောဇ္ဈင်္ဂါ၊ အကြင် ဗောဇ္ဈင် ခုနစ်ပါး အကျဉ်တရားပါ ပေတည်း။ ကတမေ သတ္တ၊ ခုနစ်ပါး ဆိုတာ ဘာလဲ သရုပ်ကို ပြောပြပါဆိုတော့ – သတိသမ္ဗောဇ္ဈင်္ဂါ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂါ ဝီရိယသမ္ဗောဇ္ဈင်္ဂါ ပီတိသမ္ဗောဇ္ဈင်္ဂါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ သမာဓိသမ္ဗောဇ္ဈင်္ဂါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ။ ဘယ်နှစ်ပါးလဲ ဘုန်းကြီးတို့ ပရိသတ် (၇-ပါးပါဘုရား)၊ အဲဒီ ၇-ပါးထဲမှာ အရေးအကြီးဆုံးက ဘယ်သူလဲ လို့ဆိုတော့ ဝိပဿနာတရား အားထုတ်တဲ့ နေရာမှာ သတိနဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဟာ အရေးကြီးတယ်၊ သတိက ဝိပဿနာအာရုံတွေကို ထင်ရှား ပေါ်လွင်အောင် ဖော်ပြပေးတယ်၊ မမေ့အောင်နော် (မှန်ပါဘုရား)၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်က ဘာလုပ်ပေးသလဲဆိုတော့ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ-လို့ ဒီလို ပိုင်းခြားပြီးတော့ ရှုပေးတယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ဘယ်တရားကို အနိစ္စ ဒုက္ခ အနတ္တ-လို့ ရှုရမှာလဲ ထင်ရှားအောင် လုပ်ရမှာလဲ ဆိုတော့ ဝိညာဏ်, နာမ်, ရုပ်၊ တနည်း ပြောရင် (ဘာတဲ့လဲ)၊ စိတ် စေတသိက် ရုပ်၊ အဲဒီ စိတ် စေတသိက် ရုပ်-လို့ ဆိုတဲ့ တရားတွေကို သခ်ၤတ ဓမ္မာ-အရ သူ့ကို သခ်ၤတတရား-လို့ ခေါ်တယ်၊ အဲဒီ သခ်ၤတတရားတွေကို သတိက ထင်ရှားအောင် လုပ်မယ်၊ သတိသမ္ဗောဇ္ဈင်က ပွါးပေးတယ်၊ အားထုတ်ပေးတယ်-နော် (မှန်ပါဘုရား)၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်က အဲဒီ ဝိညာဏ်, နာမ်, ရုပ် စိတ် စေတ-သိက် ရုပ်တွေကို အနိစ္စ အနေနဲ့ ဒုက္ခအနေ ဝိပရိဏာမအနေ အနတ္တအနေနဲ့ ပိုင်းခြား ပိုင်းခြားပြီးတော့ ရှုပေးတယ်။ ဒါ သူတို့လုပ်ငန်း။

ဉာဏ်ဖြင့်ရှုရသော ဝိပဿနာတရား။ ။ဒီတော့ ဝိပဿနာရှုတယ်ဆိုတာ ကိုယ်က ရှုနေသလား၊ ဉာဏ်က ရှုရသလား(ဉာဏ်က ရှုရပါတယ်ဘုရား)၊ ဝိပဿနာရှုတဲ့အထဲ ကိုယ်မပါဇစနဲ့-နော် (မှန်ပါဘုရား)၊ အဋ္ဌကထာ ဆရာကြီးကလဲ ပြောထားတယ်၊ သခ်ၤခာ သခ်ၤရေ ဝိပဿန္တိ-တဲ့။ သခ်ၤခာဝ၊ သခ်ၤရ တရားတို့ကသာလျှင်။ သခ်ၤရေ၊ သခ်ၤရ တရားတို့ကို။ ဝိပဿန္တိ၊ ဝိပဿနာ ရှုကြကုန်၏။ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ ဝိပဿနာ အရှုခံနေတဲ့ တရားတွေက ဘယ်သူတွေလဲ၊ ဒီကိုယ်လုံးကြီးလား ဝမ်းပိုက်ထဲက လား ဆိုတော့ မဟုတ်ဘူး၊ ဝိညာဏ်, နာမ်, ရုပ်။ အဲဒီ သခ်ၤရ တရားတွေက အရှုခံရတဲ့ တရားတွေ၊ ရှုခံတဲ့ တရားတွေ-နော် (မှန်ပါဘုရား)၊ ဒီ တရားတွေကို

http://www.dhammadownload.com

ဘယ်သခ်ါရတရားတွေက အလုပ် လုပ်ပေးသလဲ-လို့ဆိုတော့ "သတိ"ခေါ် သခ်ါရတရားက ပေါ်လွင်ထင်ရှားလာအောင် လုပ်ပေးတယ်၊ ဒီ တရားတွေပေါ်အောင် ပြပေးတာ ဘယ်သူတွေလဲ (သတိပါဘုရား)။

သတိက ပေါ်လာအောင် ပြပေးလိုက်တော့ ရှုကွက် ရှုမှုကလေးတွေ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဘုန်းကြီးတို့ပရိသတ် ဘယ်သူက ရှုသလဲ၊ ဓမ္မဝိစယသမ္မောဇ္ဈင်က ရှုတာ၊ ကိုယ်က ရှုတာမဟုတ်ဘူး၊ အမျိုးသားက ရှုတာမဟုတ်ဘူး၊ အမျိုးသမီးက ရှုတာမဟုတ်ဘူး၊ ဓမ္မဝိစယသမ္မောဇ္ဈင်ကရှုတာနော် (မှန်ပါဘုရား)၊ စိတ်မပျံ့လွင့်အောင် လုပ်တာကလဲ ဝီရိယသမ္မောဇ္ဈင်က လုပ်တာ၊ ဒီ အထဲမှာ နှစ်သက်မှုကလေးတွေ ဖြစ်လာတယ်၊ မေ့ ငြိမ်းမှုကလေးတွေ ဖြစ်လာတယ်၊ ဒါတွေဟာ ဘယ်တရားတွေလဲဆိုတော့ ပီတိတို့ ပဿဒ္ဓိတို့ သမာဓိ ဥပေက္ခာတို့ကလဲ ကိုယ်မဟုတ်ဘူး၊ သူတို့တရားတွေနဲ့ သူတို့ ဟုတ်လား (မှန်ပါဘုရား)၊ ဒီ အထဲမှာ ဘယ်နေရာမှာမှ ယောဂီပုဂ္ဂိုလ်အနေနဲ့ အမျိုးသား အမျိုးသမီး တံယောက်အနေနဲ့ ပါဘို့ အခွင့်အလမ်း မရှိဘူး၊ ပါလဲ မပါရဘူး-နော် (မှန်ပါဘုရား)။

အဲဒီ ဗောဇ္ဈင်ကို ဘယ်လို ပွါးရမလဲဆိုတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က–ကထံ ဗဟုလီကတာ တဏှာနိရောဓာယ သံဝတ္တန္တိ။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣမေ သတ္တ ဗောဇ္ဈင်္ဂေ၊ ဤ ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို။ ကထံဗဟုလီကတာ၊ အဘယ်သို့ ပွါးများအားထုတ်ကြကုန်သည်ရှိသော်။ တဏှာနိရောဓာယ၊ တဏှာတရားတွေအား‌လုံး ချုပ်ဆုံး ကွယ်ပျောက်ရှိသွားခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကြလေကုန်သနည်း။

ဒီတရားတွေကို ပွါးများအားထုတ်ရင် တဏှာကုန်အောင် အဲဒီ ဗောဇ္ဈင် ခုနစ်ပါးကို ဘယ်လိုပွါးများ အားထုတ်ရမလဲ-တဲ့ ဒါ မေးတဲ့ ပုစ္ဆာ။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီမှာ ပြန်ပြီးတော့ အဖြေ ပေးတယ်၊ ဘယ်လိုပေးထားသလဲ။

ဣမ ဘိက္ခဝေ ဘိက္ခု သတိသမ္မောဇ္ဈင်ံ ဘာဝေတိ ဝိဧကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။

သတိသမ္မောဇ္ဈင် ပွါးများရန် အင်္ဂါ ၄-ချက်။ ။သတိသမ္မောဇ္ဈင်ပွါးဘို့ အင်္ဂါ ၄-ချက်ပြတယ်၊ ဘယ်နှစ်ချက်လဲ(၄-ချက်ပါဘုရား)၊ဝိပဿနာတရားကို အားထုတ်လို့ သတိထားတယ် ဆိုတာ သွားတဲ့နေရာမှာ သတိထားထား ထိုင်တဲ့နေရာ ရပ်တဲ့နေရာမှာ သတိထားထား၊ အိပ်တဲ့ အခါမှာဘဲ သတိထားထား-နော် (မှန်ပါဘုရား)၊ တည့်တည့်ကြည့်တာ၊ တစောင်းကြည့်တာ၊ ရွေ့တိုးတာ နောက်ဆုတ်တာ ကွေးတာ ဆန့်တာ သင်္ကန်း

http://www.dhammadownload.com

သပိတ် ပရိက္ခရာတွေကို ကိုင်တာ စားတာ သောက်တာ လျက်တာ ကျင်ကြီး ကျင်ငယ် စွန့်တာက စပြီး မကျန် ဘုန်းကြီး ပြောထားပေးတဲ့ တရားတွေကို ဝိပဿနာရှုပြီဆိုရင် မလွတ်တန်း သတိထားနေရတယ် မဟုတ်လား (မှန်ပါ ဘုရား)။

ဘုန်းကြီးတို့ ပရိသတ် သုံးသုံးနေတဲ့ အသုံးအနှုန်းကလေးတခု ရှိပါတယ်၊ မလွတ်တန်း ပေါ်လာတဲ့ တရားတွေကို အကုန်ရှုပေးရမယ်-နော် (မှန်ပါဘုရား)၊ ကိုယ့်ဉာဏ်မှာ ပေါ်လာတဲ့တရားကို ဘယ်တရားမှ ချန်မထားနဲ့ အကုန်လုံး ရှုရမယ်၊ ကောင်းတာ ပေါ်လာလာ၊ ဆိုးတာ ပေါ်လာလာ ကိုယ်အမူအရာတွေ ပြောင်းလာရင် ရှုရမယ်၊ ဘုန်းကြီးတို့ ပရိသတ်ရဲ့ ဉာဏ်မှာတော့ဖြင့် တရား တမျိုးမျိုးကတော့ အမြဲတန်း ပေါ်နေတာဘဲ၊ ကြံစည်မှု စဉ်းစားမှုတွေ ပေါ်မနေ ဘူးလား (ပေါ်နေပါတယ်ဘုရား)၊ အဲဒီ ကြံစည်မှု စဉ်းစားမှုတွေဆိုတာ ဘယ်သူ တွေလဲ ဆိုတော့ ဝိတက်တွေ ဝိစာရတွေဘဲ-နော် (မှန်ပါဘုရား)၊ဘာတွေကြံသလဲ ကာမဂုဏ်တွေကို ကြံတယ်၊ ကာမဝိတက်တွေ၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲဘို့ ကြံရင် ဒါ-ဗျာပါဒဝိတက်တွေ၊ သူတပါးဟာ ပျက်စီးအောင်ကြံရင် ဒါ-ဗျာပါဒဝိတက် ဘဲတဲ့၊ သူတပါးကို နှိပ်စက်ညှဉ်းပန်းဘို့ ကြံရင် ဝိဟိံသဝိတက်တွေ၊ ဒါ-ဝိတက် သုံးမျိုး။

ကောင်းသော အကြံအစည် ၃-ပါး။ ။နောက်တခါ ရှိသေးတယ်၊ သူတပါးတွေ ကျန်းမာအောင်၊ချမ်းသာအောင်ဆိုပြီး ကာမဂုဏ်က ထွက်မြောက်ဖို့ကို တရားအားထုတ်ဖို့ကို ကြံစည်နေတယ် စဉ်းစား နေတယ်ဆိုရင် ဒါ-နိက္ခမဝိတက်လို့ ခေါ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊သတ္တဝါ တွေ ကျန်းမာအောင် ချမ်းသာအောင် အကျိုးရှိအောင် ဘယ်လို လုပ်ပေးရပါ မလဲသို့ စဉ်းစားနေတာက ဒါ အဗျာပါဒဝိတက်တွေ၊ ကယ်ဆယ်ချင်တဲ့စိတ်တွေ ပေါ်နေတာဟာ အဝိဟိံသဝိတက်တွေ၊ဟုတ်လား (မှန်ပါဘုရား)၊အဲဒီ-တရားတွေ ဘုန်းကြီးတို့ ပရိသတ်မှာ ပေါ်လာရင် ဘာလုပ်ရမလဲ ရှုပစ်ရမယ်-နော် (မှန်ပါ ဘုရား)၊ဒီတော့ ပေါ်လာတဲ့တရားတိုင်း ခန္ဓာကိုယ်ထဲက နေပြီးတော့ ဘူက အမျိုးမျိုး ဖောက်ပြနေတယ် ဟုတ်လား (မှန်ပါဘုရား)။

တေဇောတွေ ပေါ်လာတယ်၊ ဝါယောတွေ ပေါ်လာတယ်၊ ပေါ်လာတဲ့ အတိုင်းတွေကို သူက ရှုပ်တရားဘဲလို့ ရှုပစ်ရမယ်-နော် (မှန်ပါဘုရား)၊ ပူမှုတွေ ပေါ်လာတယ်၊ မွေ့တွေ ပေါ်လာတယ်ဆိုတာ ရှုပ်တရားတွေဘဲ၊ သူ့ကို ငုပ်လို့ ရှုပစ်ရမယ်၊ ရှုပ်ဖြစ်တယ် ရှုပ်ပျက်တယ်လို့ ရှုပစ်ရမယ်၊ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်နဲ့ အကယ်၍ ပူမှုလေးတခု ထုံမှု ကျင်မှုကလေးတွေ ပေါ်လာတယ် ဆိုပါ တော့, ညောင်းတယ်ဆိုတဲ့ သဘောတွေ ပေါ်လာတယ် ဆိုပါတော့ ဟိုဖက် ဒီဖက် ပြောင်းချင်တဲ့စိတ်တွေ ပေါ်လာတယ် ဆိုပါတော့ တရားအားထုတ်နေတဲ့

http://www.dhammadownload.com

အခါ အဲဒီလို ပေါ်လာရင် ထုံမှု ကျင်မှု ညောင်းမှု ညာမှု ကိုက်မှု ခဲမှုတွေဟာ ရုပ်တရားတွေလို့ ရှုပါတဲ့။

သတိသမ္မောဇ္ဈင်က ဖော်ပြပေးခြင်း။ ။မြတ်စွာဘုရားက–ဣတိ ရူပံ-နော် (မှန်ပါဘုရား)၊ ဣတိ၊ ဤညောင်း တယ် ညာတယ် ကိုက်တယ် ခဲတယ် ထုံတယ် ကျင်တယ်ဆိုတဲ့ သဘောတရား သည်။ ရူပံ၊ ရုပ်တရားဘဲလို့ ရှုလိုက်တဲ့-နော်(မှန်ပါဘုရား)၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဩ– ဒါ ရုပ်တရားတွေ ဖြစ်လာတာဘဲ ကုန်ပျောက်နေတာဘဲလို့ ဒီလို ရှုနေရင် ဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်။ ပြောင်းချင်တယ် ရှေ့ချင်တယ်၊ တော်ချင်တဲ့ စိတ်တွေ တခါတခါ ပေါ်မလာ ဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဟိုဖက် ဒီဖက် ပြောင်းရွှေ့ချင်တဲ့စိတ် တော်ချင်တဲ့စိတ်ကို ဣတိ ဝိညာဏံ၊ ဩ– ဒါဟာ ဝိညာဉ်ဘဲလို့ ဒီလိုမှတ်လိုက်ပါတဲ့-နော် (မှန်ပါဘုရား)၊ ဣတိ ဝိညာဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂမော ဆိုပြီးတော့ ဝိပဿနာ ရှုပစ်လိုက်ပါတဲ့၊ အဲဒီ ပြောင်းချင်တဲ့စိတ်ကို။ ဒါ ရှုကွက်တွေ ဒီလိုပေါ်တဲ့ ရှုကွက်ကို သယ်သူက ဖော်ပြပေးသလဲဆိုတော့ သတိသမ္မောဇ္ဈင်က ဖော်ပြပေးတယ်၊ ဟုတ်လား(မှန်ပါဘုရား)။

အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ပေါ်လာတဲ့ တရားတွေကို ရှုပစ်လိုတာက ဘယ် သူလဲဆိုတော့ ဓမ္မဝိစယသမ္မောဇ္ဈင်-နော်(မှန်ပါဘုရား)၊ အဲဒီ ဗောဇ္ဈင်တွေကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ရိပ်သာတွေကို သွား သွားပြီးတော့ ပွါးမနေကြဘူးလား (ပွါးနေပါတယ်ဘုရား)၊ ပွါးနေတော့ သတိသမ္မောဇ္ဈင် ပွါးတယ်ဆိုတာ အင်္ဂါဘယ်နှစ်ချက်ရှိသလဲ (၄-ချက်ရှိပါတယ် ဘုရား)၊ တရားအားထုတ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မှာ သတိသမ္မောဇ္ဈင်ကို ဘယ်ရိပ်သာမှာ ဖြစ်ဖြစ် ပွါးနေသလား ပွါးမနေဘူး လား (ပွါးနေပါတယ်ဘုရား)၊ ပွါးနေရတယ်၊ အဲဒီ သတိကို အမြဲတန်း ထားနေရတယ်ဆိုတာ ၄-ချက်ရှိပါတယ်လို့ မြတ်စွာဘုရားက ဒီလိုပြောတယ်၊ အဲဒီ အင်္ဂါ ၄-ချက်နဲ့ပြည့်စုံအောင် ဘုန်းကြီးတို့ ဝရိသတ်က ပွါးရဲ့လား၊ အင်္ဂါ ၄-ချက်က ဘာမှန်း မသိဘဲနဲ့ ဘယ်လိုလုပ်ပြီး ပွါးမလဲ (မပွါးတတ်ပါ ဘုရား)၊ အဲဒီတော့ ပါဠိတော်တွေကို ဟောပါ ဟောပါ ဆိုတာ ဒီအင်္ဂါတွေ ကို သိစေလိုတဲ့အတွက် ဘုန်းကြီးတို့က တိုက်တွန်းပေးနေရတာ။ ဟောလဲ ဟော ပေးနေရတာ-နော် (မှန်ပါဘုရား)၊ နာကြစမ်းပါ၊ ပါဠိတော်ဟောစဉ်တွေကို ကျကျနန။

ပါဠိတော်ဟောစဉ် နာကြားရန် တိုက်တွန်းချက်

မြတ်စွာဘုရားက–သတိသမ္မောဇ္ဈင်ကို ပွါးတဲ့ အခါမှာ အင်္ဂါ ၄-ချက်ကို ဟောထားတယ်၊ ဘယ့်နဲ့ ဟောလဲ–ဣဓ ဘိက္ခဝေ ဘိက္ခု

http://www.dhammadownload.com

သတိသမ္မောဇ္ဈင်္ဂ ဘာဝေတိ ဝိဝေက နိဿိတံ။ပ။ ဝေါဿဂ္ဂပရိဏာမိ-လို့ ၄-ခုနော် (မှန်ပါဘုရား)၊ ဒါ သတိပဋ္ဌာန်ကို အားထုတ်တဲ့ အမျိုးကောင်းသား-အမျိုးကောင်းသမီးတိုင်း သိရမဲ့တရားလား မသိရမဲ့ တရားလား (သိရမဲ့ တရားပါဘုရား)။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ကာမဂုဏ်အာရုံတို့မှ ဆိတ်သုဉ်းခြင်းဆိုတဲ့ သဘောကို မှီသည်ဖြစ်၍ (ဝါ) သင်္ခါရနိမိတ်အားလုံးတို့ရဲ့ ဆိတ်သုဉ်းခြင်းကိုမှီ၍ နေသည်ဖြစ်၍၊ ဝါ၊ မှီ၍နေသော။ ဝိရာဂနိဿိတံ၊ နှစ်သက်တွယ်တာမှုဆိုတဲ့ ရာဂကင်းခြင်းကိုမှီ၍ နေသည်ဖြစ်၍၊ ဝါ၊ မှီ၍နေသော။ နိရောဓနိဿိတံ၊ ဆန္ဒရာဂဆိုတဲ့ တရားတို့၏ ချုပ်ငြိမ်းခြင်းကို မှီ၍နေသည်ဖြစ်၍၊ ဝါ၊ နေသော။ ဝေါဿဂ္ဂပရိဏာမိ၊ အလုံးစုံသော သင်္ခါရအာရုံတို့ကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ညွှတ်သော ကိုင်းသောစိတ် ရှိသည်ဖြစ်၍၊ ဝါ၊ နေသော။ သတိ-သမ္မောဇ္ဈင်္ဂ၊ သတိသမ္မောဇ္ဈင်ကို။ ဘာဝေတိ၊ ပွါးများအားထုတ်၍ နေ၏။ သတိသမ္မောဇ္ဈင်ကို ပွါးတယ်လို့ဆိုတာ ဘာကိုအမှီပြုပြီး ပွါးရမလဲဆိုတော့ သူမှာ အင်္ဂါ ၄-ချက်ရှိတယ်။

သတိသမ္မောဇ္ဈင် ပွါးများရာ၌ အင်္ဂါ၄-ချက် အကျယ်

၁။ ဝိဝေကနိဿိတံ-ကိုမှီရမယ်၊ ဝိဝေကနိဿိတဆိုတာ ဘာလဲ၊ ရှေးဦးစွာ အကြမ်းစားအားဖြင့် ပြောမယ်ဆိုရင် ဝတ္ထုအာရုံ ကာမဂုဏ်တွေ ဆိတ်သုဉ်းတာကို အမှီပြုပြီးတော့ သတိထင်ရှားအောင် လုပ်ရမယ်၊ သတိ။ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ တချက်။

၂။ ဝိရာဂနိဿိတံ-ပေါ်လာတိုင်း ဖြစ်တဲ့ အာရုံကလေးပေါ်မှာ ဆန္ဒနဲ့ ရာဂကင်းအောင် နှလုံးသွင်းပြီးတော့မှ သတိသမ္မောဇ္ဈင်ကို ပွါးများအားထုတ်ခြင်း၊ ပေါ်လာတဲ့အာရုံပေါ်မှာ ဆန္ဒရာဂ။ဆန္ဒအလိုရှိနေတယ်၊ ရာဂစွဲလမ်းနေတယ်၊ ဘယ်လောက် စွဲလမ်းနေသလဲဆိုရင် ဘုန်းကြီးတို့ပရိသတ်များ တရားအားထုတ်တဲ့အခါမှာ စွဲလမ်းမှုတွေ ဘယ်လိုရှိသလဲဆိုတော့ ဒီနေရာလေး ထိုင်ရင် ဒီနေရာလေး ထိုင်ရမှ တရားအားထုတ်လို့ ဖြစ်တယ်၊ ဟိုနေရာ ရွှေ့ထိုင်ပါဆိုလို့ မဖြစ်ဘူး သူက။ အဲဒါ နေရာလုတာနဲ့ တချို့နေရာတွေမှာ စကားတောင်များနေကြသေးတယ်၊ ယောဂီပုဂ္ဂိုလ်တွေ သူနေရာ-ငါ့နေရာနဲ့ လုပြီးတော့ စွဲလမ်းမှုကလေးက စွဲလမ်းမှုကလေးက။ ဝိပဿနာအာရုံမှာလဲ ထို့အတူဘဲ စွဲလမ်းမှုကလေးတွေ ရှိနေသေးတယ်၊ အဲဒီ စွဲလမ်းမှုဆိုတဲ့ သဘောတရားတွေကို ပယ်ခွါပြီးတော့ သတိသမ္မောဇ္ဈင်ကို ပွါးများအားထုတ်ရမယ်တဲ့ မြတ်စွာဘုရားက၊ ၂-ချက်။

http://www.dhammadownload.com

ဒီလို ပယ်ခွါရတဲ့အခါ ဘယ်လို ပယ်ခွါရသလဲဆိုတော့ စွဲလမ်းမှု သဘော တရားနဲ့ အာဒီနဝကို မြင်အောင်ရှုပြီးတော့ ခွါရမယ်၊ အာဒီနဝကို မမြင်ဘဲနဲ့တော့ မခွါနိုင်ဘူး၊ အာဒီနဝက ဘယ်လိုလဲ–သြော်-ဒီ စွဲလမ်းမှုဆိုတဲ့ သဘောတရား သည် ငါ့ရဲ့ ဂိုဟ်သနာအာရုံကို အနှောင့်အယှက်ဖြစ်တဲ့ တရားဘဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရောက်ဖို့ရန်အတွက် ပိတ်ပင်တားဆီးတတ်တဲ့ တရားဘဲ၊ ဒီတော့ သူ့ကို ငါ ဝေးဝေးက ရှောင်ထားမှဘဲလို့ သူ့ရဲ့ အာဒီနဝကို အဲသလို မြင်အောင် ရှုပြီးတော့မှ ခုနက ဆန္ဒနဲ့ ရာဂကို ခွါပြီးတော့ ဝိရာဂနိဿိတ၊ အဲဒီ ဝိရာဂဆိုတဲ့ ဆန္ဒရာဂ ကွာပုံကလေးကို မြိုပြီးတော့ သတိသမ္မောဇ္ဈင်ကို အကြိမ်ကြိမ် အခါခါ ပွါးများအားထုတ်ပေးရမယ်၊ သတိတရား ဟုတ်သလား (မှန်ပါဘုရား)၊ ဘယ် နှစ်ချက် ရှိသွားပြီလဲ၊ အင်္ဂါ (၂-ချက်ပါဘုရား)။

၃။ နိရောဓနိဿိတံ၊ အဲဒီလို ရာဂသဘော စွဲလမ်းနှစ်သက်ခြင်းတို့ရဲ့ သဘော တရားတွေကို အပြစ်အာဒီနဝ မြင်လာပြီဆိုတော့ ဒီ-အာရုံတခုအပေါ်မှာ စွဲလမ်း နှစ်သက်ခြင်းဆိုတဲ့ သဘောတွေ ချုပ်သွားသလား ချုပ်မသွားဘူးလား (ချုပ်ငြိမ်းသွားပါတယ်ဘုရား)၊ အဲဒီဟာကို နိရောဓနိဿိတ-လို့ ခေါ်တယ်၊ နိရောဓကို မြိုပြီးတော့မှ သတိသမ္မောဇ္ဈင်ကို ပွါးရမယ်။

၄။ ဝေါဿဂ္ဂပရိဏာမိံ၊ အဲတာဂကတော့ဖြင့် သခါရတရား အားလုံးတို့ကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ညွှတ်သော ကိုင်းသောစိတ် ရှိသည်ဖြစ်၍ သတိသမ္မောဇ္ဈင်ကို ပွါးရမယ်နော် (မှန်ပါဘုရား)၊ နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန် ရောက်တယ်လို့ဆိုတာ ဘယ်လိုပုဂ္ဂိုလ်များ ရောက်တယ်ထင်သလဲ ဘုန်းကြီးတို့ ပရိသတ်။ ဘာရည်ရွယ်ချက်မှ မရှိတဲ့ပုဂ္ဂိုလ် ဘာမှ အလိုမရှိတဲ့ပုဂ္ဂိုလ် ဒီလို ပုဂ္ဂိုလ်မျိုး နိဗ္ဗာန်ရောက်တာ၊ တစုံတခုသော သခါရတရားပေါ်မှာ တွယ်တာ ကပ်ငြိပြီးတော့ ဘာလေးတော့ဖြင့် လိုချင်ပါသေးတယ် ဆိုရင် ဒီ-ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့ အင်္ဂါထဲမှာ သူမပါဘူး-ဟုတ်လား (မှန်ပါဘုရား)။

အင်္ဂါ ၄-ချက်နှင့်အညီ ပွါးသင့်ပုံ။ ။ကိုင်း ဒီတော့ အဲဒီ အင်္ဂါ ၄-ချက်နဲ့အမှီ ပြုပြီးတော့ သတိသမ္မောဇ္ဈင်ကို ပွါးရင် တဏှာနိရောဓာယ သံဝတ္တတိ၊ တဏှာကုန်ခြင်းသို့ ရောက်တယ်တဲ့၊ မြတ်စွာဘုရား က ပွါးနည်း ၄-မျိုးပြဟယ်၊အဲဒီ အင်္ဂါ ၄-ချက်နဲ့အညီဘဲ ဓမ္မဝိစယသမ္မောဇ္ဈင်ကို ပွါးတဲ့အခါမှာလဲ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ အနတ္တ-လို့ဆိုပြီးတော့ သခါရတရား တွေကို ပွါးနေတဲ့အခါကာလမှာလဲဘဲ ဒီ-အင်္ဂါ ၄-ချက်နဲ့ညီရမယ် ဝိဝေကနိဿိတံ၊ ဝိရာဂနိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိဏာမိံ-နော် (မှန်ပါဘုရား)။

ဣဓ ဘိက္ခဝေ ဘိက္ခု ဓမ္မဝိစယ သမ္ဗောဇ္ဈင်ံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွါးများပုံ။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာတွေကို ချိုးဖဲ့ဖျက်ဆီးတတ်သော ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ဝိဝေကနိဿိတံ၊ ရာဂတို့၏ ကင်းရာ ဆိတ်ရာကို မှီသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ခြင်းကိုမှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ သခ်ါရတရားအားလုံးတို့ရဲ့ စွန့်ဖြတ်ရာ နိဗ္ဗာန်ချမ်းသာကို ညွှတ်လေ့ရှိသော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ မိမိသန္တာန်မှာဖြစ်စေ၏။ ဝါ-အားထုတ်ပွါးများ၍နေ၏။ဟုတ်လား (မှန်ပါဘုရား)။

ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာ ဘာတွေလဲ သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုနေတာကို ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ခေါ်တယ်နော်(မှန်ပါဘုရား)။ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ရှုတဲ့အခါမှာ စောစောပိုင်းကပြောခဲ့တဲ့ ဝိဝေကနိဿိတ ဝိရာဂနိဿိတ နိရောဓနိဿိတ ဝေါဿဂ္ဂပရိဏာမိံ ဆိုတဲ့ အင်္ဂါ ၄-ချက်နှင့် ပြည့်စုံရမယ်။

ဣဓ ဘိက္ခဝေ ဘိက္ခု ဝီရိယသမ္ဗောဇ္ဈင်ံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။

ဝီရိယသမ္ဗောဇ္ဈင်ပွါးများပုံ။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကမ္မဋ္ဌာန်းတရား ပွါးများအားထုတ်၍နေသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ဘိက္ခု ဆိုတဲ့အတိုင်း ရဟန်းတော်တွေချည်း မှတ်နေမည်စိုးလို့ သံသာရေ ဘယံ ဣက္ခတိတိ ဘိက္ခု။ သံသရာဝဋ္ဌဆင်းရဲ၏ အပြစ်တွေကို ရှုနေတဲ့ပုဂ္ဂိုလ်ကို ဘိက္ခုလို့ ခေါ်တယ်တဲ့ မြတ်စွာဘုရားက။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကော မပါဘူးလား (ပါပါတယ်ဘုရား)။

အဲဒီလို သံသရာဝဋ္ဌဆင်းရဲက လွတ်အောင် ရှုနေတဲ့ပုဂ္ဂိုလ်ကို ရှင်တော်မြတ်ဘုရားက ဘယ့်နဲ့ခေါ်ထားသလဲဆိုတော့ ကုလပုတ္တတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတဲ့၊ နော်-မြတ်စွာဘုရား ခေါ်ထားတဲ့ အခေါ်။ ကုလပုတ္တ အခေါ်ဟာ ဘုန်းကြီးထွင်သုံးထားတဲ့ အသုံးအနှုန်းမဟုတ်ဘူး မြတ်စွာဘုရားရဲ့ အသုံးအနှုန်း နော်(မှန်ပါဘုရား)။ ယောဂါဝစရလို့ဆိုပြီးတော့ ပါဠိတော်မှာ သုံးတာနည်းတယ်။ကုလပုတ္တချည်းမြတ်စွာဘုရား ဒီလိုသုံးတာများတယ်၊ ဟုတ်လား (မှန်ပါဘုရား)။ ဒီတော့ ကုလပုတ္တဆိုတာ အမျိုးကောင်းသား အမျိုးကောင်းသမီးကိုပြောတာ။

ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ ကင်းဆိတ်ရာကိုမှီသော။ ဝိရာဂနိဿိတံ၊ ရာဂ-ကင်းခြင်းကို မှီ၍နေသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ခြင်းကို မှီသော။

http://www.dhammadownload.com

ဝေါဿဂ္ဂပရိဏာမိ ။ နိဗ္ဗာန်ချမ်းသာကိုကိုင်းသော။ ဝိရိယသမ္မောဇ္ဈင်္ ၊ ဝိရိယသမ္မောဇ္ဈင်ကို။ ဘာဝေတိ၊ မိမိသန္တာန်မှာ ဖြစ်စေ၏။ ဝါ–အားထုတ်ပွါးများ၍နေ၏။ (ဝိရိယသမ္မောဇ္ဈင်။ ဝိရိယသမ္မောဇ္ဈင်ဆိုတာ ဘာလဲ ကိုယ်အားထုတ်နေတဲ့စိတ်ကို ရှုကွက်ကနေပြီး တခြားကို ပျံ့မထွက်သွားအောင် ထောက်ပံ့ပေးတဲ့သဘောကို ဝိရိယလို့ခေါ်တယ်၊ ပဂ္ဂဟကိစ္စ)။

ဣဓ ဘိက္ခဝေ ဘိက္ခု ပီတိသမ္မောဇ္ဈင်ံ ။ပ။ ဝေါဿဂ္ဂပရိဏာမိ ံ။ ပဿဒ္ဓိ သမ္မောဇ္ဈင်ံ ။ပ။ သမာဓိ သမ္မောဇ္ဈင်ံ ။ပ။ ဥပေက္ခာ သမ္မောဇ္ဈင်ံ ။ ဘာဝေတိ။ ပ ။ ဝေါဿဂ္ဂပရိဏာမိ ံ ။

ကျန်တဲ့ ပီတိစတဲ့ သမ္မောဇ္ဈင်တွေကို အတူတူဖြစ်တဲ့အတွက် မြွှေပ်လိုက်တာနော် (မှန်ပါဘုရား)။

ကျန် ဗောဇ္ဈင်များ ပွါးများပုံ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ကိလေသာတို့၏ကင်းဆိတ်ရာကိုမှီသော။ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ခြင်းကိုမှီသော။ ဝေါဿဂ္ဂပရိဏာမိ ံ ၊ နိဗ္ဗာန်ချမ်းသာကိုကိုင်းသော။ ပီတိသမ္မောဇ္ဈင်ံ ။ပ။ ဥပေက္ခာသမ္မောဇ္ဈင်ံ ၊ ဥပေက္ခာသမ္မောဇ္ဈင်ကို။ ဘာဝေတိ၊ ပွါးများအားထုတ်၍ နေပေတော့၏။

ဥပေက္ခာသမ္မောဇ္ဈင် ပွါးများ အားထုတ်ပုံကလေးကို ပြောပေးအုန်းမယ်၊ သမာဓိတို့ဆိုတာ ဘုန်းကြီးတို့ ပရိသတ် သိနေပြီ၊ ဥပေက္ခာသမ္မောဇ္ဈင် ဆိုတာ ဘယ်လိုလဲ ဘုရား၊ ဘယ်လိုလုပ်ရမလဲ ဘုရား၊ ဝိရိယကတော့ အားထုတ်တာဘဲနော် (မှန်ပါဘုရား)၊ ပီတိဆိုတာက နှစ်သက်တာ၊ ပဿဒ္ဓိ ဆိုတာက ကိုယ်ရော စိတ်ရော ငြိမ်းအေးနေတာ၊ သမာဓိ ဆိုတာ တည်ကြည်တာကို သိတယ်၊ ဥပေက္ခာသမ္မောဇ္ဈင်ပွါးတယ်ဆိုတာ ဘယ်လိုလဲဘုရားလို့ ဆိုတော့ ပွါးပုံကလေးကို ပါဠိတော်က ပြတယ်။

ဥပေက္ခာဖြစ်ပုံ သိမှတ်ဖွယ်။ ။စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ န ဒုမ္မနော၊ ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော[1]။မျက်လုံးနဲ့ ရူပါရုံတခုကို ဘုန်းကြီးတို့ပရိသတ် မြင်တယ်၊မျက်လုံးနဲ့ ရူပါရုံတစုံတခုကို မြင်လို့က်ရင်, နှစ်သက်စရာ ဖြစ်တဲ့ ရူပါရုံကလေးကို မြင်ရင် မနှစ်သက်ဘူးလား (နှစ်သက်ပါတယ် ဘုရား)၊ နှစ်သက်တော့ ဒီ ရူပါရုံကလေးကိုမြင်တော့ ဝမ်းမြောက်သလား ဝမ်းမမြောက်ဘူးလား (ဝမ်းမြောက်ပါတယ် ဘုရား)၊ မနှစ်သက်စရာ မကြိုက်တဲ့ ရူပါရုံကိုမြင်တော့ ဘယ်နဲ့နေသလဲ၊ စိတ်ပျက်တယ် စိတ်မပျက်ဘူးလား (ပျက်ပါတယ် ဘုရား)၊မနှစ်သက်တဲ့ အာရုံတွေ မြင်နေတယ်၊ မနှစ်သက်တဲ့ အသံတွေ ကြားနေတယ်။

၁။ ဒူဋ္ဌနိဒ္ဒေသ ပါဠိတော်၊ နှာ-၆၄။

http://www.dhammadownload.com

မနှစ်သက်တဲ့ အနှံ့ မနှစ်သက်တဲ့ အရသာ မနှစ်သက်တဲ့ အစား အစာ တွေကို စားနေရတယ်၊ အဲဒီ အခါ စိတ်ပျက်သလား မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)၊ ဟုတ်လား(ဟုတ်ပါတယ်ဘုရား)၊ အဲဒီ စိတ်ပျက်တယ် ဆိုတာ ဒေါသ နော် (မှန်ပါဘုရား)၊ စိတ်ပျက်တယ် ဆိုတာ ဒုဿတိ=မိမိ စိတ်ကို ဖျက်ဆီးပစ်တဲ့ ဒေါသ၊ အဲဒီ စိတ်ပျက်သွားပြီ ဆိုရင် ဝမ်းမြောက်သလား ဝမ်းနည်းသလား (ဝမ်းနည်းပါတယ်ဘုရား)၊ စက္ခုနဲ့ ရူပါရုံကို မြင်လိုက်ရင် သောမနဿရယ် ဒေါမနဿရယ် ၂-မျိုးကြောင့် ဝမ်းသာမှု ဝမ်းနည်းမှု ဒီ ၂-မျိုး တမျိုးမျိုး တော့ ဖြစ်တော့မယ်၊ ဥပေက္ခာသမ္မောဇ္ဈင်ကို ပွါးများနေတဲ့ ပုဂ္ဂိုလ်က စက္ခုနဲ့ ရူပါရုံကို မြင်လိုက်တယ် ဆိုရင် နေဝ သုမနော ဟောတိ၊ နာ ဒုမ္မနော၊ ဝမ်းလဲ မမြောက်ဘူး၊ ဝမ်းလဲ မနည်းဘူးတဲ့ နော် (မှန်ပါဘုရား)၊ ဘယ်နှံ့လဲ ဖြစ်နိုင်ပါ့မလား။

ရူပါရုံ တခုခုကို မြင်လိုက်ရင် ဝမ်းသာမှု ဝမ်းနည်းမှု ဒီ ၂-ခု တခုခုတော့ ဖြစ်ရမှာဘဲလို့ ဒီလိုမတွက်မိဘူးလား (တွက်မိပါတယ်ဘုရား)၊ ဘယ်နှံ့ကြောင့် ဒီလို ဝမ်းသာမှု ဝမ်းနည်းမှု သူမှာမရှိတာလဲ ဆိုတော့ ဥပေက္ခကော ဝိဟရတိ–အညီအမျှရှုတယ်၊ ဥပေက္ခက-ဆိုတာ နှစ်သက်စရာအာရုံ မနှစ်သက်စရာအာရုံကို အညီအမျှရှုတယ်၊ ဘယ်လို အညီအမျှရှုတာလဲ ဘုရား၊ ဘာနဲ့ရှုတာလဲ ဘုရားဆိုတော့ သတော သမ္မဇာနော-တဲ့ ပါဠိတော်က ပြတယ် နော် (မှန်ပါဘုရား)၊ သတိက စက္ခုနဲ့ရူပါရုံတို့ ပေါင်းဆုံလာပြီး မြင်ရတဲ့အာရုံကို သတိက ဘယ်နှံ့ထင်ရှားအောင် လုပ်ပေးလိုက်သလဲဆိုတော့ အဲဒါ လူနတ်ဗြဟ္မာသတ္တဝါ မဟုတ်ဘူး၊ရုပ်တရားဘဲ၊ ဘာတရားတဲ့လဲ (ရုပ်တရားပါဘုရား)၊ နှစ်သက်စရာကော ဘာတရားလဲ (ရုပ်တရားပါဘုရား)၊ မုန်းစရာကကော (ရုပ်တရားပါဘုရား)၊ ဘယ်ရုပ်တရားက ကောင်းသလဲ (ဘယ်ရုပ်တရားမှ မကောင်းပါဘုရား)။

ဗောဇ္ဈင် ၃-ပါးဖြင့် ရှုမှတ်ပုံ။ ။ဒါဖြင့် အဲဒီ ရုပ်တရားမှာ ဘာတွေရှိနေသလဲ ဆိုတော့ သတိက ရုပ်တရားတွေကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြလိုက်တော့ ဓမ္မဝိစယ သမ္မောဇ္ဈင်က နောက်ကလိုက်လာတယ်၊ ဘယ်နှံ့လိုက်လာသလဲ အဲဒီ နှစ်သက်စရာဖြစ်တဲ့ အာရုံကော မနှစ်သက်စရာ အာရုံကော အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တတရားပါ ကွဲလို့ ဓမ္မဝိစယ-သမ္မောဇ္ဈင်က ရှုပေးလိုက်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ နှစ်သက်စရာ ရူပါရုံကကော အနိစ္စ ဒုက္ခ ဝိပရိဏာမ၊ မနှစ်သက်စရာ ရူပါရုံကကော အနိစ္စ ဒုက္ခ ဝိပရိဏာမ၊ အဲဒါ သတိသမ္မောဇ္ဈင်နဲ့ ဓမ္မဝိစယသမ္မောဇ္ဈင်က အဲသလို ရှုပေးလိုက်တော့ ဥပေက္ခာ သမ္မောဇ္ဈင်က ဥပေက္ခကော ဝိဟရတိ၊ အညီအမျှရှုတယ်၊ အညီအမျှရှုတယ်ဆိုတာ-နှစ်သက်စရာ ရူပါရုံကလဲ ဒုက္ခ၊ မနှစ်သက်စရာရူပါရုံကလဲ ဒုက္ခ၊ ဘယ်ဒုက္ခက ကောင်းသလဲ (ဘယ်ဒုက္ခမှ မကောင်းပါဘုရား)၊

http://www.dhammadownload.com

အဲဒါ ဥပေက္ခာ သမ္မောဇ္ဈင်ပွါးနည်း၊ ဟုတ်လား (မှန်ပါဘုရား)၊ ဥပေက္ခာ သမ္မောဇ္ဈင်ပွါးတော့ အင်္ဂါက ဘယ်နှစ်ပါးလဲ (၄-ပါးပါဘုရား)။

ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ။ ဝိဝေကနိဿိတံ၊ ကိလေသာ ဆိတ်သုဉ်းခြင်းကို မှီရှုနေသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ခြင်းကိုမှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ သံသရာဝဋ်ဆင်းရဲဆိုတဲ့ တရားတွေကို စွန့်လွှတ်သော နိဗ္ဗာန်ချမ်းသာကို ကိုင်းသော - ရှိုင်းသော - မှီသော။ ဥပေက္ခာသမ္မောဇ္ဈင်၊ ဥပေက္ခာ သမ္မောဇ္ဈင်ကို။ ဘာဝေတိ၊ ပွါးမျှားအားထုတ်၍ နေပေတော့၏။ ဒါ ဥပေက္ခာ သမ္မောဇ္ဈင် ပွါးနည်း။

ပေါ်လာသောတရားမျှား ဝိပဿနာ ရှုရခြင်း။ ။သောတေန သဒ္ဒံ သုဏာတိ လဲ ဒီအတိုင်းဘဲ၊ အသံကို ကြားရင် ကိုယ်ကြိုက်တဲ့အသံ ကိုယ်မကြိုက်တဲ့အသံ၊ ဒီလို ရှိတယ်မဟုတ်လား။ အရသာက ကိုယ်ကြိုက်တဲ့အရသာ ကိုယ်မကြိုက်တဲ့အရသာ၊ ဒီလိုရှိတယ်၊ အနံ့ကလဲ ဒီလိုဘဲ ကိုယ်ကြိုက်တဲ့အနံ့ မကြိုက်တဲ့အနံ့ ဒီလိုရှိတယ်၊ အတွေ့မှာလဲ ဒီလိုဘဲ၊ ကိုယ်ကြိုက်တဲ့အတွေ့ မကြိုက်တဲ့အတွေ့ ဒီလိုရှိတယ်၊ ကိုယ်က ဒီလိုကြိုက်နေတယ်၊ ဒီအတွေ့မျိုး ကိုယ်မှာ မတွေ့ဘူးဆိုရင် ဘုန်းကြီးတို့ ပရိသတ် စိတ်ပျက်သလား၊ မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)၊ စိတ်ပျက်ရုံတင် မဟုတ်ဘူး နှုတ်ကပါ ထွက်လာတယ်၊ ဒေါသသံတွေ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ အခါ ဘာလုပ်ပစ်ရမလဲဆိုတော့ ဥပေက္ခာသမ္မောဇ္ဈင်နဲ့ တခါထဲ ရှုပစ်လိုက်-နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ပေါ်လာတဲ့တရားတွေ ဟူသရွေ့ ကုသိုလ်ဘဲဖြစ်ဖြစ် အကုသိုလ်ဘဲဖြစ်ဖြစ် အဗျာကတဘဲဖြစ်ဖြစ် ဘယ်တရားပေါ်လာလာ ဝိပဿနာ ရှုပစ်ပါတဲ့၊ တလုံးမှ ချန်မထားပါနဲ့၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်-နော် (မှန်ပါဘုရား)၊ အဲဒီလိုရှုတော့ ဘာဖြစ်သလဲ ဆိုတော့—

ဧဝံ ဘာဝိတာ ခေါ ဘိက္ခဝေ ဥပေက္ခာသမ္မောဇ္ဈင် ဧဝံ ဗဟုလီကတာ တဏှာနိရောဓာယ သံဝတ္တတိ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥပေက္ခာသမ္မောဇ္ဈင်၊ ဥပေက္ခာသမ္မောဇ္ဈင်ကို။ ဧဝံ၊ ဤသို့။ ဘာဝိတာ၊ ပွါးအပ်သည်ရှိသော်။ ဧဝံ၊ ဤသို့။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော်။ တဏှာနိရောဓာယ၊ တဏှာချုပ်ခြင်းငှါ။ သံဝတ္တတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ဗောဇ္ဈင် ၇-ပါး နိဗ္ဗာန် ရောက်ကြောင်းတရား　အဲဒီ ဗောဇ္ဈင် ၇-ပါး အကျင့်မြတ်တရားသည် နိဗ္ဗာန် ရောက်ကြောင်း တရားဘဲတဲ့-နော် (မှန်ပါဘုရား)၊ ဒီ ဗောဇ္ဈင် ၇-ပါးကို ပွါးများမယ် အားထုတ်မယ် ဆိုရင် ဘာဖြစ်နိုင်သလဲ တဏှာတွေ ကုန်နိုင်တယ်၊ တဏှာတွေ ကင်းနိုင်တယ်။ မြတ်စွာဘုရားက ဒါ ဗောဇ္ဈင်ပွါးနည်းကို ပြတာ၊ နိဗ္ဗာန်ရောက်ကြောင်း တရား နော် (မှန်ပါဘုရား)။

မှတ်ချက်–ဗောဇ္ဈင် ၇-ပါး အကျယ်ရှုပွါးနည်းကို ၁၃၂၈-ခုနှစ် သီတင်းကျွတ်လဆန်း ၂-ရက်နေ့က ရန်ကုန်မြို့ ချောတိုက်ဘုရားလမ်း ကျားကူးဓမ္မဗိမာန်တော်ကြီးတွင် ဆရာတော်ဘုရား ဟောကြားထားသော ဓမ္မာနုပဿနာသတိပဋ္ဌာန် ဗောဇ္ဈင်ပမ္ဘကို ကျွန်မေတ္တူသုတ္တန်၏ အဆုံးဌ် နောက်ဆက်တဲ့အဖြင် ထည့်သွင်းရိုက်ထားပါသည်။ ၎င်း သုတ္တန်၏ နောက်ပိုင်းတွင် ကြည့်ရှုပါ။

မဂ္ဂင် ၈-ပါးဖြင့် နိဗ္ဗာန်ရောက်ပုံ။　။ဗောဇ္ဈင် ၇-ပါးပြီးတော့ ဘာကျန်သေးလဲ မဂ္ဂင် ၈-ပါး-နော် (မှန်ပါဘုရား)၊ အဲဒီ မဂ္ဂင် ၈-ပါးနဲ့ ပတ်သက်လို့တော့ဖြင့် သူက အချုပ်တရားဘဲ၊ မဂ္ဂင် ၈-ပါးကို အားလုံးဝန်းကြီးတို့ ပရိသတ် သိနေကြတယ်။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-လို့ ဆိုပြီးတော့ မဂ္ဂင် ၈-ပါး။ အဲဒီ မဂ္ဂင် ၈-ပါးနဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများကို နဲနဲခဲ့ပြီးတော့ ဟောပေးဦးမယ်၊ ဘာကြောင့်လဲလို့ဆိုတော့ မဂ္ဂင်ရှစ်ပါးသည် သာသနာတော်မှာ အင်မတန်အရေးကြီးတယ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်က ကိလေသာမီး အားလုံးငြိမ်းအေးရေး ဆင်းရဲဝဋ်ဒုက္ခ အားလုံးတို့မှ လွတ်မြောက်ရေး အာသဝကုန်ဆုံးရေးတို့တွင် မဂ္ဂင်ရှစ်ပါးကို ပဓာနထား၍ ဟောကြားတော်မူခဲ့တယ်။

သစ္စာလေးပါးကို သိဘို့ရန်အတွက် အရေးအကြီးဆုံးလုပ်ရမဲ့ လုပ်ငန်းဟာ မဂ္ဂင်ရှစ်ပါးဘဲ၊ မဂ္ဂင်ရှစ်ပါးမှလွဲ၍ ကိလေသာကုန်ခန်းရေး သံသရာဝဋ်မှ လွတ်မြောက်ရေး နိဗ္ဗာန်မျက်မှောက်ပြုရေး တရားရယ်လို့ ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ တရားတမျိုးရယ်လို့ မရှိဘူး၊ ဒုက္ခသစ္စာကို ပိုင်းခြားသိဘို့ရန်အတွက်ဖြစ်စေ၊ သမုဒယသစ္စာကို ပယ်နိုင်ဘို့ရန်အတွက်ဖြစ်စေ၊ နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ဘို့ရန်အတွက်ဖြစ်စေ၊ မဂ္ဂင်ရှစ်ပါးကိုသာ ပွါးများရမယ် အားထုတ်ရမယ်၊ မဂ္ဂင်ရှစ်ပါးကို မပွါးဘဲနဲ့ အားမထုတ်ဘဲနဲ့ ဒုက္ခသစ္စာကို ပိုင်းခြား မသိနိုင်ဘူး၊ သမုဒယသစ္စာကိုလဲ မပယ်နိုင်ဘူး၊ နိရောဓသစ္စာကိုလဲ

http://www.dhammadownload.com

မျက်မှောက်မပြုနိုင်ဘူး၊ အဲဒါကြောင့် မဂ္ဂင်ရှစ်ပါးသည် ဘုန်းကြီးတို့ မြတ်စွာဘုရားရှဲ သာသနာတော်မှာ အရေးအကြီးဆုံး အချုပ်အခြာ ပဓာနတရားကြီးဖြစ်တယ်။

မဂ္ဂင်တရားပွါးများမှ သာသနာဝင်ပုဂ္ဂိုလ်မည်ပုံ။ ။အဲဒါကြောင့် မဂ္ဂင်ရှစ်ပါးကို မပွါးများရင် အားမထုတ်ရင် သာသနာဝင် ပုဂ္ဂိုလ်ရယ်လို့တောင် မခေါ်ဆိုနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ မဂ္ဂင်ရှစ်ပါးဟာ သီလ,သမာဓိ,ပညာ-လို့ဆိုတဲ့ သိက္ခာသုံးပါးကို အရင်းခံထားတဲ့အတွက် မဂ္ဂင်ရှစ်ပါးကို မပွါးရင် အားမထုတ်ရင် သီလရှိသည် မမည်တော့ဘူး၊ သမာဓိ ပညာရှိသည် မမည်တော့ဘူး၊ နိဗ္ဗာန်ရောက်ကြောင်း ကိလေသာငြိမ်းကြောင်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ကိုယ်ကျင့်တရားရှိတဲ့ပုဂ္ဂိုလ် မမည်တော့ဘူး။

ဒါကြောင့် မြတ်စွာဘုရားက မေတ္တဂူပုဏ္ဏားကို နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို ဟောတော်မူတဲ့အခါ ဗောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါးတို့တွင် မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်ရောက်ကြောင်း တရားထဲမှာ နောက်ဆုံးကနေပြီး အချုပ်အားဖြင့် ပြလိုက်တယ်၊ မဂ္ဂင်ရှစ်ပါးပြည့်စုံရင် ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါးအားလုံး ပြည့်စုံသွားပါတယ်၊ ဥပရိပဏ္ဏာသပါဋ္ဌိတော် မဟာသဋ္ဌာယတနိက သုတ္တန်မှာ ဟောခဲ့တယ်၊ ဒါကြောင့် အဲဒီ မဂ္ဂင်ရှစ်ပါးကို ဘုန်းကြီးတို့ ပရိသတ်ကို နဲနဲချဲပြီးတော့ ပါဋ္ဌိတော်မူနဲ့ ဟောပေးအုန်းမယ်။ မဂ္ဂင်ရှစ်ပါးနဲ့ ပတ်သက်လို့ ရှေးဦးစွာ ဘုန်းကြီးတို့ ဒီဃနိကယ် သီလက္ခန်ပါဋ္ဌိတော် မဟာလိသုတ္တန်နှာ-၁၄၈-၉ မှာ လာတဲ့အကြောင်းကို ဟောကြစို့ –

မဟာလိသုတ္တန် မှတ်သားရန်

မဟာလိကမြတ်စွာဘုရားကို လျှောက်ထားတယ်–

တောသံ နုန ဘန္တေ သမာဓိဘာဝနာနံ သစ္ဆိကိရိယာဟေတု ဘိက္ခူ ဘဂဝတိ ဗြဟ္မစရိယံ စရန္တီတိ။

ဒါက မဟာလိ လျှောက်ထားတဲ့စကား၊ ဘာကိုဆိုလိုသလဲဆိုတော့-ဘန္တေ၊ အရှင်ဘုရား။ တောသံ သမာဓိဘာဝနာနံ၊ ထိုသို့ နတ်၌ဖြစ်သော နှစ်သက်ဖွယ်ရူပါရုံ,သဒ္ဒါရုံတို့ကို မြင်နိုင် ကြားနိုင်သော နှစ်ပါးသော အဘို့အားဖြင့် ပွါးစေအပ်ကုန်သော သမာဓိတို့ကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုလိုသော အကြောင်းကြောင့်။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ ဘဂဝတိ၊ အရှင်ဘုရား၏ အထံ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရန္တိ နနု၊ ကျင့်ကြသည် မဟုတ်ပါလော။ ဣတိ။ ဤသို့ လျှောက်ထား၏။

http://www.dhammadownload.com

မဟာလိလျှောက်ထားချက်။ ။မဟာလိက မြတ်စွာဘုရားကို လျှောက်ထားတယ်၊ အရှင်ဘုရားရဲ့ သာသနာတော်မှာ ရဟန်းတော်တွေ အကျင့်မြတ်ကို ကျင့်နေကြတာဟာ—ဒိဗ္ဗစက္ခု ဒိဗ္ဗသောတခေါ်တဲ့ နတ်၌ဖြစ်သော အဆင်း အသံတွေကို မြင်ဘို့ ကြားဘို့ အမြင်အကြားရအောင် လောကရေးအတွက် ကျင့်နေကြတာပါလား ဘုရားတဲ့။

ဘုရားရှင်မိန့်ကြားချက်။ ။ဒီတော့ မြတ်စွာဘုရားက မဟုတ်ဘူး-မဟာလိ၊ ငါဘုရားရဲ့ သာသနာတော်မှာ ထို့ထက်ကောင်းတဲ့ ခု-သင်ပြောတဲ့အမြင်အကြားထက် ကောင်းတဲ့မှန်မြတ်တဲ့ သာလွန်တဲ့တရားတွေ ရှိသေးတယ်၊ အဲဒီ တရားတွေကို မျက်မှောက်ပြုဘို့အတွက် ရဟန်းတော်မျိုး ငါဘုရားရဲ့ သာသနာတော်မှာ အကျင့်မြတ်ကို ကျင့်နေကြတာလို့—

အတ္ထိ ခေါ် မဟာလိ အညော ဓမ္မော ဥတ္တရိတရော စ ပဏီတတရော စ၊ ယေသံ သစ္ဆိကိရိယာဟေတု ဘိက္ခူ မယိ ပြဟ္မစရိယံ စရန္တီတိ။

မဟာလိ၊ မဟာလိ။ ခေါ်၊ စင်စစ်ကော်နော် အမှန်အဟုတ်ကား။ ယေသံ ဓမ္မာနံ၊ အကြင်တရားထူး တရားမြတ်တို့ကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုလိုရောက်လိုခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခူ၊ ဘုရားသားတော်ရဟန်းတော်တို့သည်။ မယိ၊ ငါဘုရား၏ သာသနာတော်၌။ ပြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို။ စရန္တိ၊ ကျင့်ကုန်၏။ ဧတာဟိ သမာဓိဘာဝနာဟိ၊ ဤသမာဓိဘာဝနာတို့ထက်။ အညော၊ တပါးသာလျှင်ဖြစ်ကုန်သော။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်းဖြစ်ကုန်သော။ ပဏီတတရော စ၊ အထူးသဖြင့် မြတ်သည်လည်း ဖြစ်ကုန်သော။ တေ ဓမ္မာ၊ ထိုတရားထူး တရားမြတ်တို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ (မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။ ဒီတော့မှ မဟာလိက မြတ်စွာဘုရားကို ဆက်ပြီးတော့ လျှောက်ထားပါတယ်၊ ဘယ်လိုလဲ ဆိုတော့ ကတမေ ပန တေ ဘန္တေ ဓမ္မာ ဥတ္တရိတရော စ ပဏီတတရော စ ယေသံ သစ္ဆိကိရိယာဟေတု ဘိက္ခူ ဘဂဝတော် ပြဟ္မစရိယံ စရန္တီတိ။ ဒါ မဟာလိ ဆက်လျှောက်ထားတဲ့စကား။

ဘန္တေ၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား။ ယေသံ ဓမ္မာနံ၊ အကြင်တရားတို့ကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုလိုခြင်း ဟူသော အကြောင်းကြောင့်။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝတော်၊ မြတ်စွာဘုရားသာသနာ၌။ ပြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရန္တိ၊ ကျင့်ကုန်၏။ ဧတာဟိ သမာဓိဘာဝနာဟိ၊ ထိုဘာဝနာသမာဓိတို့ထက်။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်း ဖြစ်ကုန်သော။ ပဏီတတရော စ၊ အထူးသဖြင့် မြတ်သည်လည်း ဖြစ်ကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ကတမေ ပန၊ အဘယ်သည်တို့ပါနည်း။ ဣတိ၊ ဤသို့ လျှောက်ထား၏။

http://www.dhammadownload.com

သာသနာတော်မြင့်မြတ်ပုံ သိမှတ်ဖွယ်။ ။အရှင်ဘုရား ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ-နှစ်ပါးစုံကို ရကြောင်းဖြစ်တဲ့ သမာဓိ ဘာဝနာတို့ထက် မွန်မြတ်သော တရားတော်ဆိုတာ ဘယ်လို တရားတော်မျိုးပါလဲ ဘုရားလို့ လျှောက်ထားတယ်၊ ဒီတော့ မြတ်စွာဘုရားက ဆက်ပြီးတော့ တရားဟောတော်မူပါတယ်၊ သာသနာတော်ရဲ့ မြင့်မြတ်ပုံတွေ မှီခိုရာဖြစ်ပုံတွေကို သောတာပန် စခန်းကစပြီး ဟောပါတယ်၊ ဒါမဂ္ဂင်ရှစ်ပါးရဲ့ လုပ်ငန်းကို ဖော်ပြလို့လို့ ဒီတရားကို စဟောတာပါ၊ မြတ်စွာဘုရား ဘယ်လို ဟောသလဲဆိုတော့—

> ဣဓ မဟာလိ ဘိက္ခု တိဏ္ဏံ သညောဇနာနံ ပရိက္ခယာ သောတာ-ပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော။ အယမ္ပိ ခေါ မဟာလိ ဓမ္မော ဥတ္တရိတရော စ ပဏီတတရော စ ယဿ သစ္ဆိကိရိယာဟေတု ဘိက္ခူ မယိ ပြဟ္မစရိယံ စရန္တိ။

မဟာလိ၊ မဟာလိ။ ဣဓ ဣမသ္မိံ သာသနေ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ကိလေသာကို ဖျက်ဆီးခြင်းငှါ ကျင့်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သညောဇနာနံ၊ **သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ** ဟု ဆိုအပ်ကုန်သော ယှဉ်စပ်နှောင်ဖွဲ့ခြင်းတို့၏၊ ဝါ-ခန္ဓာငါးပါးကို အပါယ်လေးဘုံစသော ဝဋ်ဆင်းရဲအပေါင်းနှင့် ယှဉ်စပ် နှောင်ဖွဲ့တတ်သော တရားသုံးပါး အပေါင်းတို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ **သောတာ-ပန္နော၊ သောတာပန်သည်။** ဝါ၊ မဂ်တည်းဟူသော အယဉ်သို့ ရောက်ပြီးသည်။ **အဝိနိပါတဓမ္မော၊ အပါယ်လေးပါးသို့** ကျရောက်ခြင်း သဘောမရှိသည်။ ဝါ-**အပါယ်လေးပါးသို့** ကျရောက်စေတတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာမရှိသည်။ နိယတော၊ မဂ်ဟု ဆိုအပ်သော **ဓမ္မနိယာမ** အားဖြင့် မြဲသည်။ သမ္ဗောဓိပရာယဏော၊ အထက်မဂ် သုံးပါးတည်းဟူသော လည်းလျောင်းရာရှိသည်။ ဟောတိ၊ ဖြစ်၏။

မဟာလိ၊ မဟာလိ။ ယဿ ဓမ္မဿ။ အကြင်တရားကို။ သစ္ဆိကိရိယာ-ဟေတု၊ မျက်မှောက် ပြုခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခူ၊ ရဟန်းတို့သည်။ မယိ၊ ငါဘုရားထံ၌။ ပြဟ္မစရိယံ၊ မြတ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားကို။ စရန္တိ၊ ကျင့်ကုန်၏။ တာဟိ သမာဓိဘာဝနာဟိ၊ ထို သမာဓိဘာဝနာတို့ထက်။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်း ဖြစ်သော။ ပဏီတတရော စ၊ အထူးသဖြင့် မြတ်သည်လည်းဖြစ်သော။ သော ဓမ္မော၊ ထိုတရားသည်။ အယမ္ပိ ခေါ ဓမ္မော၊ ဤသောတာပတ္တိမဂ်ဖိုလ် တရားသာလျှင်တည်း။

သာဓု သာဓု သာဓု။

အဘိညာဉ်ထက် သောတာပတ္တိမဂ်က မြတ်ပုံ။ ။ဘုန်းကြီးတို့ပရိသတ် မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ **အဘိညာဉ်**ဆိုတဲ့ အမြင်အကြား ရခြင်းထက် ကောင်းတဲ့

http://www.dhammadownload.com

မှန်မြတ်တဲ့ အပါယ်လေးပါး ဝဋ်မြစ်တခါတည်း ပြတ်နိုင်တဲ့ သောတာပတ္တိမဂ် ဖိုလ်ဆိုတဲ့ တရားထူး တရားမြတ်ကိုရခြင်းငှါ ငါဘုရားရဲ့ သာသနာတော်၌ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပြဟ္မစရိယ ခေါ်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ဆောင် အားထုတ်နေကြပါတယ်လို့ မြတ်စွာဘုရားက မဟာလိကို ခုဟောခဲ့တဲ့အတိုင်း ဟောတော်မူလိုက်ပါတယ်။

ဒါလောက်တင်လားဆိုတော့ မကသေးပါဘူး၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ မဂ္ဂင်ရှစ်ပါးကို ကျင့်နေကြတာဟာ သကဒါဂါမိမဂ်ဖိုလ်ကို ရဘို့ကျင့်နေကြတာပါလို့ မြတ်စွာဘုရားက မဟာလိကို ဟောပြန်တယ်။ ဘယ်လို ဟောပါသလဲ ဆိုတော့—

> ပုန စပရံ မဟာလိ ဘိက္ခု တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ ရာဂဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမီ ဟောတိ၊ သကိဒေဝ ဣမံ လောကံ အာဂန္ဆာ ဒုက္ခဿန္တံ ကရောတိ။ အယမ္ပိ ခေါ မဟာလိ ဓမ္မော ဥတ္တရိတရော စ ပဏီတတရော စ ယဿ သစ္ဆိကိရိယာဟေတု ဘိက္ခု မယိ ပြဟ္မစရိယံ စရန္တိ။

မဟာလိ၊ မဟာလိ။ ပုန၊ တဖန်။ အပရံ၊ တပါးသော။ ဓမ္မံ စ၊ တရားကို လည်း။ အဟံ၊ ငါဘုရားသည်။ ဘာသိဿာမိ၊ ဟောပေအံ့။ တံ၊ သင်သည်။ သုဏောဟိ၊ နာလော့။ ဘိက္ခု၊ ရဟန်းသည်။ တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ ရာဂဒေါသမောဟာနံ၊ ရာဂ ဒေါသ မောဟတို့၏။ တနုတ္တာ၊ ပါးကုန်သည်၏ အဖြစ်ကြောင့်။ သကဒါဂါမီ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ ဝါ၊ ဤလူ့ပြည်သို့ တကြိမ်သာ လာခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ သကိ ဒေဝ၊ တကြိမ်သာလျှင်။ ဣမံ လောကံ၊ ဤ လူ့ပြည်သို့။ အာဂန္ဆာ၊ ပဋိသန္ဓေအားဖြင့် လာ၍။ ဒုက္ခဿ၊ တေဘုမ္မက ဝဋ်ဒုက္ခ၏။ အန္တံ၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရောတိ၊ မျက်မှောက် ပြု၏။

မဟာလိ၊ မဟာလိ။ ယဿ ဓမ္မဿ၊ အကြင်သကဒါဂါမိမဂ်ဖိုလ်တရားထူး တရားမြတ်ကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခု၊ ရဟန်းတော်တို့သည်။ မယိ၊ ငါဘုရားသာသနာတော်၌။ ပြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ပါး ပြဟ္မစရိယဆိုတဲ့ မြတ်တရားကို။ စရန္တိ၊ ကျင့်ကုန်၏။ တာဟိ သမာဓိဘာဝနာဟိ၊ ထိုသမာဓိဘာဝနာတို့ထက်။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်းဖြစ်သော။ ပဏီတတရော စ၊ အထူးသဖြင့် မြတ်သည်လည်း ဖြစ်သော။ အယမ္ပိခေါ ဓမ္မော၊ ဤ သကဒါဂါမိ မဂ် ဖိုလ် တရားသည်လည်း။ ဟောတိ၊ ဖြစ်လေတော့သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

သောတာပတ္တိမဂ်ထက် သကဒါဂါမိမဂ်မြတ်ပုံ။ ။မဟာလိ ငါဘုရားရဲ့ သာသနာတော်မှာ သောတာပတ္တိမဂ်ဖိုလ်ထက် မြတ်တဲ့ ရာဂ=ဒိဋ္ဌိ တဏှာဖြင့် စွဲလမ်းခြင်း။ ဒေါသ=ပကတိကောင်းနေတဲ့ ကုသိုလ်စိတ်ကို ဖျက်ဆီးခြင်း၊ မောဟ=တွေဝေခြင်းဆိုတဲ့ တရားဆိုးတွေကို နည်းပါးသွားအောင် ဖြစ်စေတဲ့ သကဒါဂါမိမဂ်ဖိုလ် ဆိုတာကို ရရောက်ရန် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်ကြတယ်လို့ မြတ်စွာဘုရားက မဟာလိကို ဟောကြားခဲ့ပါတယ်။

အဲဒီ-သကဒါဂါမိမဂ်ဖိုလ်ထက် ကောင်းတဲ့ မှုန်မြက်တဲ့ အနာဂါမိဆိုတဲ့ လူ့ပြည်ကို ပြန်မလာတဲ့ မဂ်ဖိုလ်တရားထူး တရားမြတ်ရှိပါသေးတယ်၊ အဲဒီ-အနာဂါမိဆိုတဲ့ မဂ်ဖိုလ်တရားထူးကို မျက်မှောက်ပြုဘို့ရန် ငါဘုရားသာသနာတော်၌ ရဟန်းတော်များ ပြဟ္မစရိယကို ကျင့်နေကြတယ်လို့ မြတ်စွာဘုရားက မဟာလိကို ဟောပြန်ပါတယ်၊ ဘယ်လိုလဲ ပါဠိတော်က—

> ပုန စပရံ မဟာလိ ဘိက္ခု ပဥ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ သြပပါတိကော ဟောတိ တတ္ထ ပရိနိဗ္ဗာယီ အနာဝတ္တိဓမ္မော တသ္မာ လောကာ။အယမ္ပိ ခေါ မဟာလိ ဓမ္မော ဥတ္တရိတရော စ ပဏီတတရော စ ယဿ သစ္ဆိကိရိယာဟေတု ဘိက္ခူ မယိ ပြဟ္မစရိယံ စရန္တိ။

မဟာလိ၊ မဟာလိ။ ပုန၊ တဖန်။ အပရံ၊ တပါးသော။ ဓမ္မံ၊ တရားတော်ကို။ အဟံ၊ ငါဘုရားသည်။ ဘာသိဿာမိ၊ ဟောပေအံ့။ တံ့၊ သင်သည်။ သုဏောဟိ၊ နာယူလော့။ ဘိက္ခု၊ ရဟန်းသည်။ ပဥ္စန္နံ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂ ဗျာပါဒဆိုတဲ့ အနှောင်အဖွဲ့တရား ငါးပါး ဖြစ်ကုန်သော။ သြရမ္ဘာဂိယာနံ၊ အောက် ကာမဘုံဟု ဆိုအပ်သော အဘို့အစု၌ ဖြစ်ကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သြပပါတိကော၊ ဥပပါတ်ပဋိသန္ဓေရှိသည်။ တတ္ထ တသ္မိံ လောကေ၊ ထိုအထက်ဖြစ်သော ဗြဟ္မာ့ပြည်၌။ ပရိနိဗ္ဗာယီ၊ ပရိနိဗ္ဗာန်စံခြင်း အလေ့ရှိသည်။ တသ္မာ လောကာ၊ ထိုဗြဟ္မာ့ပြည်မှ။ အနာဝတ္တိဓမ္မော၊ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် တဖန် ပြန်လာခြင်း သဘောမရှိသည်။ ဟောတိ၊ ဖြစ်၏။

မဟာလိ၊ မဟာလိ။ ယဿ ဓမ္မဿ၊ အကြင်တရားကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုလိုခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ မယိ၊ ငါဘုရားသာသနာတော်၌။ ဗြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ပါး မြတ်သော အကျင့်တရားကို။ စရန္တိ၊ ကျင့်ကြကုန်၏။ တာဟိ သမာဓိဘာဝနာဟိ၊ ထိုသမာဓိဘာဝနာတို့ထက်။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်း ဖြစ်သော။

http://www.dhammadownload.com

ပဏီတတရော စ၊ အထူးသဖြင့် မွန်မြတ်သည်လည်းဖြစ်သော။ အယမ္ပိ ဓမ္မော၊ ဤ အနာဂါမိမဂ်ဖိုလ်တရားသည်လည်း။ ဟောတိ၊ ဖြစ်လေတော့သတည်း။

သာဓု သာဓု သာဓု။

သကဒါဂါမိမဂ်ထက် အနာဂါမိမဂ်မြတ်ပုံ။ ။ခုပြောခဲ့တဲ့ အနာဂါမိမဂ်ဖိုလ် ဉာဏ်ထက် ကောင်းမွန်မြင့်မြတ်တဲ့ တရားထူး တရားမြတ်ဆိုတာ မရှိတော့ဘူးလားလို့ဆိုတော့ အနာဂါမိမဂ်ဖိုလ်ထက် ကောင်းမွန်မြင့်မြတ်တဲ့ တရားရှိပါသေးတယ်၊ ဘယ်လို တရားထူး တရားမြတ်လဲဆိုတော့ ကိလေသာအားလုံး ကုန်သွားတဲ့အတွက် အာသဝတရား မရှိသော စိတ်၏ ကိလေသာအားလုံးမှ လွတ်မြောက်သွားသော အရဟတ္တဖိုလ် သမာဓိနဲ့ ပညာ၏ကိလေသာအားလုံးတို့မှ လွတ်မြောက်သွားတဲ့ အရဟတ္တဖိုလ် ပညာကို မျက်မှောက်ဘဝမှာ မိမိကိုယ်တိုင် အသိဉာဏ်အထူးဖြင့် သိနိုင်တဲ့ တရားထူး တရားမြတ်ကို မျက်မှောက်ပြု၍ သိဘို့ရန်အတွက် ငါဘုရားရဲ့ သာသနာတော်မှာ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ကျင့်နေကြပါတယ်လို့ မြတ်စွာဘုရားက မဟာလိကို ဟောပါတယ်။ ပါဠိတော်က ဘာတဲ့လဲ—

> ပုန စပရံ မဟာလိ ဘိက္ခု အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယမ္ပိ ခေါ မဟာလိ ဓမ္မော ဥတ္တရိတရော စ ပဏီတတရော စ ယဿ သစ္ဆိကိရိယာဟေတု ဘိက္ခူ မယိ ဗြဟ္မစရိယံ စရန္တိ။

မဟာလိ၊ မဟာလိ။ ပုန၊ တဖန်။ အပရံ၊ တပါးသော။ ဓမ္မံ၊ တရားထူး တရားမြတ်ကို။ အဟံ၊ ငါဘုရားသည်။ ဘာသိဿာမိ၊ ဟောပေအံ့။ တွံ၊ သင် မဟာလိသည်။ သုဏောဟိ၊ နာခံဦးလော့။ ဘိက္ခု၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည်။ အာသဝါနံ၊ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဟု ဆိုအပ်ကုန်သော အာသဝေါတရားတို့၏။ ခယာ၊ မဂ်ဉာဏ်ကိုရ၍ ကုန်ခြင်းကြောင့်။ အနာသဝံ၊ အာသဝမရှိသော။ စေတောဝိမုတ္တိံ၊ ကိလေသာအနှောင်အဖွဲ့မှ လွတ်ပြီးသော အရဟတ္တဖိုလ်သမာဓိသို့ငှင်း၊ (စေတောဝိမုတ္တိန္တိ စိတ္တဝိသုဒ္ဓိံ၊ သဗ္ဗကိလေသဗန္ဓနဝိမုတ္တဿ အရဟတ္တဖလ စိတ္တဿေတံ အဓိဝစနံ တဲ့၊ သီလက္ခန်အဋ္ဌကထာနှာ နှာ-၂၇၉က)။

ပညာဝိမုတ္တိံ၊ ကိလေသာအနှောင်အဖွဲ့တို့မှ လွတ်ပြီးသော အရဟတ္တဖိုလ် ပညာသို့ငှင်း။ (ပညာဝိမုတ္တိန္တိ ဧတ္ထာပိ သဗ္ဗကိလေသဗန္ဓန ဝိမုတ္တာ အရဟတ္တဖလ-ပညာဝ ပညာဝိမုတ္တိတိ ဝေဒိတဗ္ဗာ-လို့ အဋ္ဌကထာကဖွင့်ဆိုတယ်)။ ဒိဋ္ဌေဝ ဓမ္မေ၊

http://www.dhammadownload.com

မျက်မှောက်ဘဝ၌သာလျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးမြတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိ၍။ (အဘိညာ သစ္ဆိကတ္ဘာတိ အဘိညာယ အဘိ-ဝိသိဋ္ဌေန ဉာဏေန သစ္ဆိကရိတ္ဘာတိ အတ္ထော–လို့ သီလက္ခန်အဋ္ဌကထာ နှာ-၂၇၉ က ဖွင့်ဆိုပေတယ်)။ ဝိဟရတိ၊ နေ၏။

မဟာလိ၊ မဟာလိ။ ယဿ ဓမ္မဿ၊ အကြောင်အရဟတ္တဖိုလ်တရားထူး တရား မြတ်ကို။ သစ္ဆိကိရိယာဟေတု၊ မျက်မှောက်ပြုလိုခြင်း အကြောင်းကြောင့်။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ မယိ၊ ငါဘုရား၏သာသနာတော်၌။ ပြဟ္မစရိယံ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို။ စရန္တိ၊ ကျင့်ကြကုန်၏။ တာဟိ သမာဓိဘာဝနာ-ဟိ၊ ထိုသမာဓိဘာဝနာဘို့ထက်။ ဥတ္တရိတရော စ၊ အထူးသဖြင့် လွန်သည်လည်း ဖြစ်သော။ ပဏီတတရော စ၊ အထူးသဖြင့် မြတ်သည်လည်း ဖြစ်သော။ အယမ္ပိ ဓမ္မော၊ ဤအရဟတ္တဖိုလ်တရားသည်လည်း။ ဟောတိ၊ ဖြစ်လေတော့သတည်း။

သာဓု သာဓု သာဓု။

အနာဂါမိမဂ်ထက် အရဟတ္တမဂ်ဖိုလ်မြတ်ပုံ။ ။မြတ်စွာဘုရားက မဟာလိအမည်ရှိသော လိစ္ဆဝီမင်းကို မဂ်ဖိုလ်နိဗ္ဗာန် တရားထူး တရားမြတ်ကို ဟောကြားတော်မူလိုက်တဲ့အခါ မဟာလိမည်သော လိစ္ဆဝီမင်းက မဂ်ဖိုလ်ဆိုတဲ့တရား နာရတော့ သူစိတ်ထဲမှာ စဉ်းစားဉာဏ်တွေဝင်လာတယ်၊ ဒီလောက် မွန်မြတ်တဲ့ တရားတော်ဟာ ငှက်မျှား ကောင်းကင်ပျံသလို ပျံတက်၍လဲ ထိုးထွင်း၍ သိနိုင်မယ် မဟုတ်ဘူး။

တကယ်တော့ ခု မြတ်စွာဘုရားဟောထားတဲ့ ဒီမဂ်လေးပါး ဖိုလ်လေးပါး တရားထူး တရားမြတ်ကို ထိုးထွင်းသိတဲ့ပုဂ္ဂိုလ်မှာ မဂ်ဖိုလ်၏ရှေ့အဖို့၌ဖြစ်သော အကျင့်ပဋိပတ်ရှိရမယ်၊ ငါသည် မြတ်စွာဘုရားကို မဂ်ဖိုလ်ရရောက်ရေး ကျင့်ဝတ်ကို မေးလျှောက်မယ်လို့ ကြံစည်စိတ်ကူးပြီးတော့—

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရောက်ရန်နည်း မေးလျှောက်ပုံ။ ။အတ္ထိ ပန ဘန္တေ မဂ္ဂေါ အတ္ထိ ပဋိပဒါ တေသံ

ဓမ္မာနံ သစ္ဆိကိရိယာယာတိ။ အရှင်ဘုရား အဲဒီ လေးပါးသော မဂ်ဖိုလ်တရားထူး တရားမြတ်တို့ကို ကိုယ်တိုင်တွေ့ရောက် မျက်မှောက်ပြုနိုင်တဲ့ လမ်းစဉ်ဆိုတာ ရှိပါသလားဘုရား၊ **အရိယာသာဝက**၏ နိဗ္ဗာန်မဂ်ဖိုလ်သို့ သွားရောက်ကြောင်း ဖြစ်သော ကျင့်စဉ်သည် ရှိပါသလားဘုရား-လို့ မဟာလိက မြတ်စွာဘုရားကို **မေးလျှောက်ပါတယ်။**

http://www.dhammadownload.com

ဒီတော့ မြတ်စွာဘုရားက ရှိတယ် မဟာလိတဲ့—

ဘုရားရှင်က ပြန်လည်မိန့်ကြားပုံ။ ။အတ္ထိ ခေါ မဟာလိ မဂ္ဂေါ အတ္ထိ ပဋိပဒါ ဧတေသံ ဓမ္မာနံ သစ္ဆိကိရိယာယာတိ။

မဟာလိ၊ လိစ္ဆဝီမင်း မဟာလိ။ ဧတေသံ ဓမ္မာနံ၊ ဤလေးပါးသော မဂ်ဖိုလ် တရားထူး တရားမြတ်တို့ကို။ သစ္ဆိကိရိယာယ၊ ကိုယ်တိုင်တွေ့ရောက် မျက်မှောက်ပြုခြင်းငှါ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ အတ္ထိ၊ ရှိ၏။ ပဋိပဒါ၊ အရိယာသဘဝက၏ နိဗ္ဗာန်မဂ်ဖိုလ်သို့ သွားရောက်ကြောင်း ရရောက်ကြောင်းဖြစ်သော ကျင့်စဉ်သည်။ အတ္ထိ ခေါ၊ ထင်ထင်ရှားရှားရှိသည်သာတည်း။ ဤတိ၊ ဤသို့ မြတ်စွာဘုရားက ဖြေတော်မူ၏။

မြတ်စွာဘုရားက နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်ကြောင်း လမ်းစဉ် ကျင့်စဉ်ရှိတယ်လို့ ဖြေလိုက်တော့ – မဟာလိက အဲဒီနိဗ္ဗာန်နဲ့ မဂ်ဖိုလ်ရရောက်ကြောင်း လမ်းစဉ်ဆိုတာ ကျင့်စဉ်ဆိုတာ ဘယ်လို ကျင့်စဉ်ပါလဲ၊ ဘယ်လို လမ်းစဉ်ပါလဲ၊ ဘယ်အကျင့်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလဲလို့ ထပ်မေးတယ်။

ကတမော ပန ဘန္တေ မဂ္ဂေါ ကတမာ ပဋိပဒါ ဧတေသံ ဓမ္မာနံ သစ္ဆိကိရိယာယာတိ။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါသော မြတ်စွာဘုရား။ ဧတေသံ ဓမ္မာနံ၊ ထို မဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ ကတမော၊ အဘယ်ပါနည်း။ ပဋိပဒါ၊ ကျင့်စဉ်သည်။ ကတမာ၊ အဘယ်ပါနည်း။ ဤတိ၊ ဤသို့မေးလျှောက်၏။

ဒီတော့မှ မြတ်စွာဘုရားက မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဟောတော်မူပါတယ်။ ဘယ်လိုလဲ ပါဠိတော်က—

မဂ္ဂင်ရှစ်ပါး ပါဠိအနက်

အယမေဝ **အရိယော** အင်္ဂီကော မဂ္ဂေါ။ သေယ္ယထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ **သမ္မာဝါစာ** သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော **သမ္မာသတိ** သမ္မာသမာဓိ။ အယံ ခေါ မဟာလိ မဂ္ဂေါ အယံ ပဋိပဒါ **ဧတေသံ ဓမ္မာနံ** သစ္ဆိကိရိယာယ။

အရိယော၊ ကိလေသာ **အာညစ်အကြေးကင်း၍** ဖြူစင် သန့်ရှင်းသော။ အင်္ဂီကော၊ ရှစ်ပါးသော **အင်္ဂါရှိသော**။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သာလျှင်တည်း။ သေယ္ယထိဒံ၊ ထို အင်္ဂဂိုက မဂ်ဟူသည် အဘယ်နည်း။ တနည်း သော မဂ္ဂေါ၊ ထို အင်္ဂဂိုက **မဂ်ဟူသည်**။ သေယ္ယထိဒံ၊ အဘယ်နည်း။ တနည်း ဤဒံ အယံ မဂ္ဂေါ၊ ဤ **မဂ်သည်**။ သေယ္ယထာ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ သစ္စာ ၄-ပါး တရားကို အမှန်မြင်သော သမ္မာဒိဋ္ဌိဌင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာ

http://www.dhammadownload.com

အာရုံသို့ တင်ပို့ခြင်းရှိသော သမ္မာသင်္ကပ္ပဇင်း။ သမ္မာဝါစာ၊ မဖောက်မပြန် ဟုတ်မှန်စွာ သိမ်းဆည်းခြင်းသဘောရှိသော သမ္မာဝါစာဇင်း။ သမ္မာကမ္မန္တော၊ မဖောက်မပြန် ဟုတ်မှန်စွာ ဖြစ်စေခြင်းသဘောရှိသော သမ္မာကမ္မန္တဇင်း။ သမ္မာအာဇီဝေါ၊ မဖောက်မပြန် ဟုတ်မှန်စွာ ကိုယ်နှုတ်အစဉ်ကို ဖြူစင်စေခြင်း လက္ခဏာရှိသော သမ္မာအာဇီဝဇင်း။ သမ္မာဝါယာမော၊ ဟုတ်မှန်စွာ စိတ်ကို ချီးမြှောက်ထောက်ပံ့တတ်သော သဘောရှိသော သမ္မာဝါယာမဇင်း။ သမ္မာသတိ၊ မဖောက်မပြန် ဟုတ်မှန်စွာ အာရုံသို့ကပ်၍ တည်တတ်သော အာရုံကို ကောင်းစွာ မမေ့မပျောက် ထင်ရှားစေသော သဘောရှိသော သမ္မာသတိဇင်း။ သမ္မာသမာဓိ၊ မဖောက်မပြန် ဟုတ်မှန်စွာ အာရုံ၌ ကောင်းစွာထားခြင်း သဘောရှိသော သမ္မာသမာဓိဇင်း။ ဤတိအယံ၊ မဂ္ဂင်ရှစ်ပါးဆိုတာ ဤသည်ပင်တည်း။

မဟာလိ၊ လို့စ္ဆဝိမင်း မဟာလိ။ တေသံ ဓမ္မာနံ၊ ဤ လေးပါးသော မဂ်ဖိုလ်-တရားထူး တရားမြတ်တို့ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ အယံ ခေါ၊ ဤ မဂ္ဂင်ရှစ်ပါးသာတည်း။ ပဋိပဒါ၊ ကျင့်စဉ်သည်။ အယံ ခေါ၊ ဤ မဂ္ဂင်ရှစ်ပါး အကျင့်တရားသာလျှင်တည်း။

ကိုင်း ဘုန်းကြီးတို့ ဗရိသတ် မဂ္ဂင်ရှစ်ပါး အကျယ်ဟောပေးဘို့ စခဲ့တာ ခုမှဘဲ မဂ္ဂင်ရှစ်ပါး ရောက်တော့တယ်၊ နိဗ္ဗာန်မဂ်ဖိုလ်ရောက်တော့တယ်၊ နိဗ္ဗာန်မဂ်ဖိုလ် ရောက်ကြောင်း တရားဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးရဲ့ သရုပ်ကို ဘုန်းကြီးတို့ ဗရိသတ် သိကြရပြီနော် (မှန်ပါဘုရား)၊ အဲဒါကို ဘုန်းကြီး အဓိပ္ပါယ် နဲနဲပြောပေးအုန်းမယ်၊ သမ္မာဒိဋ္ဌိဆိုတာ ဘာလဲ၊ သမ္မာသင်္ကပ္ပဆိုတာ ဘာလဲ စသည်ဖြင့် ဘုန်းကြီးတို့ ဗရိသတ်ကို ရှင်းပေးအုန်းမယ်၊ ပါဠိတော်မူနဲ့ ရှင်းမှာပါ၊ ဘုန်းကြီးသဘောနဲ့ မပြောပါဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ပြောခွင့်လဲမရှိဘူး ပြောလို့လဲ မဖြစ်ဘူး၊ မြတ်စွာဘုရားရဲ့ တရားတော်ကို မြတ်စွာဘုရား ဟောတဲ့အတိုင်းဘဲ ဟောရမယ်။

သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပုံ။ ။ကိုင်းပါဠိတော်ရဲ့ သမ္မာဒိဋ္ဌိမည်ပုံကို ဟောကြရအောင်၊ ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာန သုတ္တန် မဂ္ဂသစ္စာခန်း နှာ-၂၄၉ မှာ ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ-လို့ ပုစ္ဆာဝါကျ တခုရှိတယ်၊ ချစ်သားတို့ သမ္မာဒိဋ္ဌိဆိုတာ ဘာကိုခေါ်သလဲတဲ့ မြတ်စွာဘုရားက၊ ဒီမေးခွန်းကို မြတ်စွာဘုရားကပဲ ပြန်ပြီးတော့ ဖြေတော်မူပါတယ်။

ယံ ခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေ ဉာဏံ ဒုက္ခ-နိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ-လို့ဖြေတော်မူပါတယ်၊ ချစ်သားတို့ ဝိညာဏ် နာမ် ရူပ် တို့ကို ဒုက္ခသစ္စာလို့ သိရင် သမ္မာဒိဋ္ဌိ၊ တဏှာကို ဒုက္ခဖြစ်ကြောင်းလို့ သိရင် သမ္မာဒိဋ္ဌိ၊ နိဗ္ဗာန်ကို ဒုက္ခမရှိရာဟု

http://www.dhammadownload.com

သိလျှင် သမ္မာဒိဋ္ဌိ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါးကိုသိရင် သမ္မာဒိဋ္ဌိ-လို့ ခေါ်တယ်လို့ မိန့်တော်မူပါတယ်၊ အကျဉ်းချုပ် အဓိပ္ပါယ်လို့ဘဲ မှတ်ပါ။

သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်ပုံ။ ။ကတမော စ ဘိက္ခဝေ သမ္မာသင်္ကပ္ပော-တဲ့ ချစ်သားတို့ သမ္မာသင်္ကပ္ပဆိုတာ ဘာကို ခေါ်ပါသလဲ ဆိုတော့-နေကျွမ္မသင်္ကပ္ပေါ အဗျာပါဒသင်္ကပ္ပေါ အဝိဟိံသာသင်္ကပ္ပေါ်၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသင်္ကပ္ပေါ။

ချစ်သားတို့ သမ္မာသင်္ကပ္ပဆိုတာ ကောင်းသောအကြံအစည် စိတ်ကူးမှုကို ခေါ်တယ်၊ကောင်းတဲ့အကြံအစည်တွေက ဘာတွေလဲဆိုတော့ နေကျွမ္မသင်္ကပ္ပတဲ့ တရားအားထုတ်ဘို့ ကြံစည်တယ်၊ ကာမဂုဏ်က ထွက်မြောက်ဘို့ ကြံစည်တယ်၊ အမျိုးမျိုးသော ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ဘို့ကြံစည်တယ်လို့ဆိုတာ နေကျွမ္မသင်္ကပ္ပ။ အဗျာပါဒသင်္ကပ္ပတဲ့- ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ တို့မှ ကင်းသော ကြံစည်ခြင်း သူကပါးတို့ရဲ့ ချမ်းသာရေး ကြီးပွါးရေး အမျှားကောင်းစားရေး တွေကို ကြံစည်ခြင်း စသည့် ကောင်းသော ကြံစည်ခြင်းကို အဗျာပါဒသင်္ကပ္ပ-လို့ ခေါ်တယ်။ အဝိဟိံသာသင်္ကပ္ပဆိုတာကတော့ နှိပ်စက်ညှဉ်းဆဲဘို့ရာမှ ဆန့်ကျင် ဘက်ဖြစ်တဲ့ အကြံအစည်ကို ခေါ်ပါတယ်၊ ခုပြောခဲ့တဲ့ အကြံကောင်းတွေကို သမ္မာသင်္ကပ္ပ မဂ္ဂင်-လို့ ခေါ်ပါတယ်။

သမ္မာဝါစာ မဂ္ဂင်ဖြစ်ပုံ။ ။ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ-တဲ့၊ ချစ်သားတို့ သမ္မာဝါစာဆိုတာ ဘာကိုခေါ်သလဲ၊ မုသာဝါဒါ ဝေရမဏီ ပိသုဏာယ ဝါစာယ ဝေရမဏီ ဖရုသာယ ဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါစာ-လို့ သမ္မာဝါစာ ဖြစ်ပုံကို ဟောတော်မူပါတယ်။

အဓိပ္ပါယ်ကတော့ မဟုတ်မမှန်သော ဝတ္ထုကို အဟုတ်အမှန်လုပ်၍ ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိကို နှစ်သက်စေ၍ သူတပါးကို အကျိုးယုတ်စေသော စကားမျိုးမှ ရှောင်ကြဉ်ခြင်း၊ သူတော်ကောင်းတို့၏ နားဥ၌ မခံသာအောင် ကြမ်းတမ်းတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ လောကီလောကုတ္တရာအကျိုး မရှိတဲ့ စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာ-လို့ မှတ်ရမယ်။

မုသာဝါဒ၌ သိမှတ်ဖွယ်။ ။ဒီနေရာမှာ မုသာဝါဒ ဆိုတာ သူတပါးတို့၏ အကျိုးစီးပွါးကို ချိုးဖျက်လိုသော စိတ်ကို ရှေ့သူးပြုပြီးတော့ နှုတ်အမူအရာဖြင့် ပြောဆိုခြင်း၊ ကိုယ်အမူအရာဖြင့် ပြုလုပ်ခြင်းသည် မုသာဝါဒ မည်တယ်လို့ ဝိသံဝါဒနပုရေက္ခာရသာ အတ္ထဘဉ္ဉနတော ဝစီပယောဂေါ ကာယပယောဂေါ ဝါ၊ဝိသံဝါဒနာဓိပ္ပါယေန ပနဿ ပရဝိသံဝါဒက

http://www.dhammadownload.com

ကာယဝစီသမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ-လို့ ဆိုပြီး သီလကွန်အဋ္ဌကထာ နှာ-၇၁ နှင့် မဟာနိဒ္ဒေသအဋ္ဌကထာ နှာ-၁၀၀ တို့က ဖော်ပြပေးထားတယ်။

နောက်တနည်းက မဟုတ်မမှန်သော ဝတ္ထုကို "မုသာ"လို့ ဆိုတယ်၊ အဲဒီ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးအား သိစေခြင်း သိအောင်လုပ်ခြင်းသည် "ဝါဒ"မည်တယ်၊ မုသာတိ အဘူတံ အတစ္ဆံ ဝတ္ထု၊ ဝါဒေါတိ တဿ ဘူတတော တစ္ဆတော ဝိညာပနံ-လို့ နိဒ္ဒေသ စတဲ့ အဋ္ဌကထာက ဖော်ပြတယ်၊ မိမိပိုင်တဲ့ပစ္စည်း မပေးလိုလို့ ရှိပါရက်သားနဲ့ မရှိပါဘူးလို့ ပြောတာ အပဿာဝဇ္ဇ-လို့ ပြတယ်၊ သက်သေလိုက်တယ်ဆိုရင် သူတပါးအကျိုး ပျက်စီးအောင် သက်သေလိုက်ခြင်းသည် မဟာသာဝဇ္ဇ အပြစ်ကြီးတယ်လို့ ပြတယ်၊ အဲဒီ မုသာဝါဒမှ ရှောင်ကြဉ်တာကို သမ္မာဝါစာ-လို့ ခေါ်ပါတယ်။

ပိသုဏဝါစာဌ် သိမှတ်ဖွယ်။ ။ပိသုဏဝါစာမှ ရှောင်ကြဉ်တယ်ဆိုတော့ ပိသုဏဝါစာ ဆိုတာ သိဘို့လိုလာတယ်၊ ပိသုဏဝါစာ ဆိုတာ မိမိကိုယ်ကို နှစ်သက်လိုလားစေ၍ သူတပါးအား နှစ်သက်လိုလားမှု ပျက်ပြယ်ဆိတ်သုဉ်းသွားစေသော စကားမျိုးကို ပြောဆိုခြင်းကို ပိသုဏဝါစာ-လို့ ခေါ်ပါတယ်၊ နိဒ္ဒေသအဋ္ဌကထာ စသည်တို့က ဘာပြသလဲဆိုတော့ "ယာယ ဝါစာယ ယဿ တံ ဝါစံ ဘာသတိ၊ တဿ ဟဒယေ အတ္တနော ပိယဘာဝံ ပရဿ စ သုညဘာဝံ ကရောတိ၊ သာ ပိသုဏဝါစာ-လို့ ဖွင့်ပြပါတယ်။

ယာယ ဝါစာယ၊ အကြင်စကားဖြင့်။ ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ တံ ဝါစံ၊ ထိုစကားကို။ ဝါ၊ မိမိကို အကျိုးပြု၍ သူတပါးကို အကျိုးစီးပွါး ဆိတ်သုဉ်းစေသော စကားမျိုးကို။ ဘာသတိ၊ ပြောဆို၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဟဒယေ၊ နှလုံး၌။ အတ္တနော၊ မိမိ၏။ ပိယဘာဝံ၊ ချစ်အပ်သည်၏အဖြစ်ကိုငင်း။ ပရဿ၊ တပါးသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ပိယတော၊ ချစ်အပ်သည်၏အဖြစ်မှ။ သုညဘာဝဉ္စ၊ ကင်းဆိတ်သည်၏ အဖြစ်ကိုငင်း။ ကရောတိ၊ ပြုတတ်၏။ သာ ဝါစာ၊ ထိုစကားမျိုးသည်။ ပိသုဏဝါစာ၊ ပိသုဏဝါစာ မည်၏။ ခုပြောခဲ့တဲ့ ပိသုဏဝါစာ စကားမျိုးမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမဂ္ဂင်လို့ မှတ်ရမယ်။

ဖရုသဝါစာဌ် သိမှတ်ဖွယ်။ ။ဖရုသဝါစာမှ ရှောင်ကြဉ်တယ်တဲ့၊ ဖရုသဝါစာ ဆိုတာ ဘယ်လို စကားမျိုးလဲ ဆိုတော့ မိမိ သူတပါး နှစ်ဦးသားကို လွှဲသွားကွဲသို့ ကြမ်းတမ်းအောင် ပြုသော စကားမျိုးသည် ဖရုသဝါစာ မည်ပါတယ်တဲ့၊ အဲဒီ ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမဂ္ဂင်။

http://www.dhammadownload.com

သမ္ဖပ္ပလာပ၌ သိမှတ်ဖွယ်။ ။သမ္ဖပ္ပလာပဝါစာ ဆိုတာကတော့ မိမိ သူတပါး နှစ်ဦးသားရဲ့ အကျိုးကို ဖျက်ဆီးတတ်သော စကား၊ အကျိုးမဲ့သော အနှစ်သာရမဲ့စကားမျိုးကို ခေါ်တယ်၊ အဲဒီလို အကျိုး မရှိတဲ့စကားမျိုး ပြောဆိုခြင်းမှ ရှောင်ကြဉ်လျှင် သမ္မာဝါစာမဂ္ဂင် ဖြစ်ပါတယ်။

သမ္မာကမ္မန္တမဂ္ဂင် ဖြစ်ပုံ။ ။ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော ပါဏာတိ ပါတာ ဝေရမဏီ အဒိန္နာဒါနာ ဝေရမဏီ ကာ-မေသုမိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာကမ္မန္တော-လို့ သမ္မာ-ကမ္မန္တမဂ္ဂင်ကို ဟောတော်မူပါတယ်၊ အဓိပ္ပါယ်ကတော့ ချစ်သားတို့ သမ္မာ-ကမ္မန္တမဂ္ဂင်ဆိုတာ ဘာကို ခေါ်ပါသလဲတဲ့။

သမ္မာကမ္မန္တမဂ္ဂင်ဆိုတာ သတ္တဝါ၏ ဇီဝိတိန္ဒြေ-လို့ ခေါ်တဲ့ အသက်ကို သတ်ဖြတ် ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊

သူတပါးပိုင်တဲ့ ဥစ္စာပစ္စည်းကို ဥစ္စာရှင်တို့က မပေးမစွန့်ဘဲနဲ့ နည်းမျိုးစုံ တို့ဖြင့် လုယက် ခိုးဝှက် တိုက်ခိုက်၍ သိမ်းယူခြင်းမှ ရှောင်ကြဉ်ခြင်း။

မသွားလာအပ်သော **မာတုရက္ခိတ စသော အဂမနီယဝတ္ထု** ကို သွားလာ လွန်ကြူးခြင်းမှ ရှောင်ကြဉ်ခြင်း၊ အဲဒီ နေရာမှာ သေရည် သေရက် ဘိန်းဘင်း ဂဇော် စတဲ့ မူးယစ်ထိုင်းမှိုင်းပြီးတော့ ကုသိုလ်ကောင်းမှုကို မေ့လျော့ကြောင်း ဖြစ်တဲ့ သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို သမ္မာကမ္မန္တမဂ္ဂင်-လို့ ခေါ်ပါတယ်တဲ့။

မလွန်ကျူးထိုက်သော မိန်းမများ

စောင့်ရှောက်အပ်သော မိန်းမ တကျိပ်

(၁) မာတုရက္ခိတ=အမိစောင့်သော မိန်းမ။
(၂) ပိတုရက္ခိတ=အဘစောင့်သော မိန်းမ။
(၃) မာတာပိတုရက္ခိတ=မိဘ ၂-ပါးစောင့်သော မိန်းမ။
(၄) ဘာတုရက္ခိတ=မောင်စောင့်သော မိန်းမ။
(၅) ဘဂိနိရက္ခိတ=ညီမ အစ်မစောင့်သော မိန်းမ။
(၆) ဉာတိရက္ခိတ=ဆွေမျိုးစောင့်သော မိန်းမ။
(၇) ဂေါတ္တရက္ခိတ=အနွယ်တူစောင့်သော မိန်းမ။
(၈) ဓမ္မရက္ခိတ=သီတင်းသုံးဘော်ချင်း စောင့်သော မိန်းမ။
(၉) သာရက္ခာ=သူတပါးစောင့်သော ပိုင်ရှင်ရှိသောမိန်းမ။
(၁၀) သပရိဒဏ္ဍာ=ဒဏ်ထားသော မိန်းမ။

http://www.dhammadownload.com

မယား တကျိပ်

(၁) ဓနက္ကီတာ=ဥစ္စာဖြင့် ဝယ်သော မိန်းမ။

(၂) ဆန္ဒဝါသိနီ=အလိုတူ၍နေသော မိန်းမ။

(၃) ဘောဂဝါသိနီ=စည်းစိမ်အလို့ငှါနေသော မိန်းမ။

(၄) ပဒ္ဓဝါသိနီ=အဝတ်ပုဆိုးအလို့ငှါနေသော မိန်းမ။

(၅) ဩဒပတ္တကိနီ=ရေခွက်၌ လက်ကိုချ၍ မိဘပေးစားထားသောမိန်းမ။

(၆) ဩဘဋ္ဌစုမ္ဗဋ္ဌာ=ခေါင်းခုကိုပယ်ချ၍ ယူအပ်သော မိန်းမ။

(၇) ဒါသီ စ ဘရိယာ စ=ကျွန်လဲဖြစ်-မယားလဲဖြစ်သော မိန်းမ။

(၈) ကမ္မကာရီ စ ဘရိယာ စ=အမှုလုပ် အစေခံလဲဖြစ် မယားလဲ ဖြစ်သော မိန်းမ။

(၉) ဓဇာဟဋ္ဌာ=စစ်မြေပြင်မှရခဲ့သော မိန်းမ။

(၁၀) မုဟုတ္တိကာ=ပြည့်တန်းဆာ။

သမ္မာကမ္မန္တမဂ္ဂင်၊ ပြီးတော့ သမ္မာအာဇီဝမဂ္ဂင်-နော် (မှန်ပါဘုရား)။

သမ္မာအာဇီဝမဂ္ဂင်ဖြစ်ပုံ။ ။သမ္မာအာဇီဝမဂ္ဂင် ဆိုတာ ဘာကိုခေါ် သလဲဆိုတော့ ဤ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိကံ ကပ္ပေတိ၊အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ သီလက္ခန်ပါဠိတော် နှာ-၂၅၀ မှာ။အဓိပ္ပါယ်က ဘာကိုဆိုလိုတာလဲ ဆိုတော့ ချစ်သားတို့ ငါဘုရားရဲ့ သာသနာတော်မှာ အရိယာတို့ရဲ့ ဆုံးမညွှန်ကြားမှုကို လိုက်နာ ကျင့်ဆောင်နေသော ကုလပုတ္တခေါ် အမျိုးကောင်းသား-အမျိုးကောင်းသမီးဆိုရင် လူဖြစ်စေ ရှင်ရဟန်းဖြစ်စေ မြတ်စွာဘုရားနှင့် အရိယာသူတော်ကောင်းများ စက်ဆုပ် ရွံရှာတော်မူတဲ့ မဖြူစင် မသန့်ရှင်းသော ကိုယ်အမူအရာ နှုတ်အမူအရာတို့ဖြင့် ဝမ်းစာရှာ၍ အသက်မွေးခြင်းကို ဝေးဝေးကြီး လွှတ်လွှတ်ကြီး ရှောင်ကြဉ်ပြီးတော့ ဖြူစင်သန့်ရှင်း၍ မွန်မြတ်လှသော အသက်မွေးခြင်းဖြင့်သာလျှင် အသက်မွေးမှုကို ပြုလုပ်ခြင်းသည် သမ္မာအာဇီဝမဂ္ဂင် မည်ပါတယ်တဲ့၊ ဝါ-သမ္မာအာဇီဝမဂ္ဂင်-လို့ ခေါ် ပါတယ်-လို့ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်၊ အဲဒီလို မြတ်စွာဘုရားနှင့် အရိယာတို့ နှစ်သက်တဲ့ အသက်မွေးမှုကို လိုက်နာ ကျင့်သုံး၍ မှုမမှန်သော အသက်မွေးမှုမှ ရှောင်ကြဉ်ပါလျှင် သမ္မာအာဇီဝမဂ္ဂင်ကို ကျင့်ဆောင်နေတယ်-လို့ မှတ်သားရမယ်၊ ကိုင်း-သမ္မာအာဇီဝမဂ္ဂင် သရုပ်ပြီးပြီဆိုကြပါစို့၊ ရှေ့သွားရအောင်—

http://www.dhammadownload.com

သမ္မာဝါယာမမဂ္ဂင်ဖြစ်ပုံ။ ။ကတာမော စ ဘိက္ခဝေ သမ္မာဝါယာမော-တဲ့၊ ချစ်သားတို့ သမ္မာဝါယာမမဂ္ဂင် ဆိုတာ ဘာကို ခေါ်ပါသလဲဆိုတော့—

> ဣဓ ဘိက္ခဝေ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊ အနုပ္ပန္နာနံ။ပ။ကုသလာနံ ဓမ္မာနံ ဌိတိယာ အသမ္မောသာယ ဘိယ္ယော-ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဓဟတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဝါယာမော။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤ မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌။ ဘိက္ခု၊ ကိလေသာကို ဖျက်ဆီးတတ်သော အမျိုးကောင်းသား-အမျိုးကောင်းသမီးသည်။ အနုပ္ပန္နာနံ၊ မဖြစ်ပေါ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဓဟတိ၊ ဆောက်တည်ထား၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးကုန်သော။ ပါပကာနံ၊ ယုတ်မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ပ။ ပဓဟတိ၊ ဆောက်တည်ထား၏။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ပ။ပဓဟတိ၊ဆောက်တည်ထား၏။ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ကုသ-လာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ဌိတိယာ၊ တည်ခြင်းငှါ။ အသမ္မောသာယ၊ မမေ့မပျောက်စေခြင်းငှါ။ ဘိယ္ယောဘာဝါယ၊ အတိုင်းထက် အလွန်ပွါးများခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပွါးခြင်းငှါ။ ဘာဝနာယ၊ ဘာဝနာ၏။ ပါရိပူရိယာ၊ ပြည့်စုံခြင်းငှါ။ ဆန္ဒံ၊ အလိုဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ လုံ့လကို။ အာရဘတိ၊ အားထုတ်၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဓဟတိ၊ ဆောက်တည်ထား၏။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အယံ ဓမ္မော၊ ဤသဘောကို။ သမ္မာဝါယာမော ဣတိ၊ သမ္မာဝါ-ယာမ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

http://www.dhammadownload.com

အဓိပ္ပါယ်ကတော့ - သမ္မာဝါယာမမဂ္ဂင်-ဆိုတာ ဝီရိယတရားကို ခေါ်ပါတယ်၊ ဘယ်လို ဝီရိယမျိုးလဲဆိုတော့ မိမိမှာ မဖြစ်ဘူးသေးတဲ့ အကုသိုလ်များကို မဖြစ်ဘို့ရန်အတွက် ဆန္ဒရှိပြီးတော့ အဲဒီ အကုသိုလ်မဖြစ်အောင် စိတ်ကိုထိန်းသိမ်း ဆောက်တည်၍ထားခြင်း၊ ဖြစ်ပြီးသား အကုသိုလ်မျိုး နောက်ကို မဖြစ်အောင် ဆန္ဒရှိခြင်း စိတ်ကိုဆောက်တည်ထားခြင်း၊ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ မိမိမှာ ဖြစ်လို ရလိုခြင်းဖြစ်အောင် စိတ်ကို ဆောက်တည်ခြင်း၊ ဖြစ်ပြီးသား ကုသိုလ်တွေကို မမေ့မပျောက်စေဘဲ တိုးပွါးလာအောင် ထိုကုသိုလ် အထွတ် အထိပ်ရောက်အောင် ပြည့်စုံအောင် ဆန္ဒရှိခြင်း စိတ်ကို ဆောက်တည်ထားခြင်း၊ အဲဒီ လေးမျိုးကို သမ္မာဝါယာမမဂ္ဂင်-လို့ ခေါ်တယ်။

သမ္မာသတိမဂ္ဂင် ဖြစ်ပုံ။ ။သမ္မာသတိမဂ္ဂင်ဆိုတာကတော့—

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ။ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ။စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ။ ။ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသတိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာကို ဖြိုဖျက်တတ်သောအမျိုးကောင်းသား - အမျိုးကောင်း သမီးသည်။ အာတာပီ၊ ပြင်းထန်သော လုံ့လဝီရိယရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ခွဲခြား၍သိနိုင်သော ဝိပဿနာပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာ ဒေါမနဿံ၊ အလိုကြီး ခြင်း နှလုံးမသာမယာခြင်းကို။ ဝါ၊ တစုံတခုသော အာရုံရဘို့ရန်အတွက် ရှေ့ရှုကြံစည်ခြင်း, မရခြင်းကြောင့် အလိုမကြခြင်း နှလုံးမသာယာခြင်းကို။ ဝိနေယျ၊ ပယ်ဖျောက်၍။

ကာယေ၊ ရူပကာယ၌။ကာယာနုပဿီ၊ ရူပကာယ-ဟု အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ။ဝေဒနာသု၊ ခံစားမှုဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ခံစားမှုဝေဒနာ-ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ။စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ သိမှုစိတ်ဟု အဖန်ဖန် ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ။ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ ဓမ္မဟု-အဖန်ဖန် ရှုလေ့

http://www.dhammadownload.com

ရှိသည်ဖြစ်၍။ဝိဟရတိ၊နေ၏။အယံ၊ ဤသဘောကို။ သမ္မာသတိ၊သမ္မာသတိမဂ္ဂင် ဟူ၍။ ဝုစ္စတိ၊ ဆိုရ၏။

အဓိပ္ပါယ်ကတော့ ကာယဆိုတဲ့ရူပ် ဝေဒနာဆိုတဲ့နာမ် စိတ္တဆိုတဲ့သိမှု ဝိညာဉ် ဓမ္မဆိုတဲ့ ကာယ ဝေဒနာ စိတ်တို့မှ ကြွင်းကျန်ခဲ့တဲ့ နီဝရဏာ အာယတန ခန္ဓာ-စတဲ့ တရားတွေကို မိမိရဲ့ဉာဏ်၌ထင်ရှားစေခြင်း မမေ့မပျောက်ခြင်းဆိုတဲ့ သတိ စေတသိက်ကို ခေါ်ပါတယ်။အကျဉ်းချုပ်ကတော့ သမ္မာဝါယာမမဂ္ဂင်နှင့် သမ္မာ-သတိမဂ္ဂင်ဆိုတာ သမ္မပ္ပဓာန်လေးပါးနှင့် သတိပဋ္ဌာန်လေးပါးကို ခေါ်ပါတယ်။

သမ္မာသမာဓိမဂ္ဂင် ဖြစ်ပုံ။ ။သမ္မာသမာဓိမဂ္ဂင်ဆိုတာက ဘာကိုခေါ်ပါသလဲ ဆိုတော့—

> ဣမ ဘိက္ခဝေ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ။ဝိတက္က ဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတ-သော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ။ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ။သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒောမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာ-သတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဣမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာတို့ကိုဖျက်ဆီးတတ်သော အမျိုးကောင်းသား အမျိုးကောင်း သမီးသည်။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမ ထိုနှစ်ဝတ္ထုမှ။ ဝါ၊ နှစ်သက် ဘွယ် မြတ်နိုးဘွယ်ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့နှင့် နှစ်သက်မြတ်နိုးတတ်သော ဆန္ဒ ရာဂ ထိုနှစ်ဝတ္ထုမှ။ ဝိဝိစ္စေဝ၊ ကင်းကွာဆိတ်သုဉ်း၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ သဘော တရားတို့မှ။ ဝိဝိစ္စ ဧဝ၊ ကင်းကွာဆိတ်သုဉ်း၍သာလျှင်။ သဝိတက္ကံ၊ အာရုံကို ကြံစည်ခြင်းနှင့်တကွသော။ သဝိစာရံ၊ အာရုံကိုသုံးသပ်ဆင်ခြင်ခြင်းနှင့် တကွ သော။ ဝိဝေကဇံ၊ ကာမစ္ဆန္ဒ-စသော နီဝရဏတို့မှ ဆိတ်သုဉ်းခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော။ ပဌမံ ဈာနံ၊ ပဌမ ဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

http://www.dhammadownload.com

ဝိတက္ကဝိစာရာနံ၊ ကြံစည်ခြင်း ဝိတက်, စဉ်းစားခြင်း ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ စေတသော၊ စိတ်ကို။ သမ္မသာဒနံ၊ ကောင်းစွာကြည်လင်စေတတ်သော။ ဧကောဒိဘာဝံ၊ မြတ်သော တည်ကြည်ခြင်းကို ပွါးစေတတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။ သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ နှစ်သက်ခြင်း ချမ်းသာခြင်းရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ ကင်းခြင်း စက်ဆုပ်ခြင်းကြောင့်ဌင်း ဥပေက္ခကော စ၊ လျစ်လျူရှုသည်ဖြစ်၍ဌင်း။ သတော စ၊ သတိရှိသည် ဖြစ်၍ဌင်း။ သမ္မဇာနော၊ အဆင်အခြင် ပညာနှင့် ပြည့်စုံသည် ဖြစ်၍ဌင်း။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ သုခဝေဒနာကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ၊ အကြင် တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံ တတိယဈာနသမင်္ဂီပုဂ္ဂလံ၊ ထိုတတိယဈာန်ရှင် ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရား စသော အရိယာပုဂ္ဂိုလ်တို့သည်။ ဥပေက္ခကော၊ တဘိယဈာန်ကို လျစ်လျူရှုနိုင်သူ။ သတိမာ၊ သတိရှိသူ။ သုခဝိဟာရီတိ၊ ချမ်းသာစွာ နေလေ့ရှိသူဟူ၍။ အာစိက္ခန္တိ၊ ချီးမွမ်းပြောကြားကြကုန်၏။ တံ တတိယံ ဈာနံ၊ ထိုတတိယဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။

သုခဿ စ၊ ကာယိကသုခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿ စ၊ ကာယိကဒုက္ခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေ၊ စတုတ္ထဈာန်၏ ဥပစာရဓာတ်ဟု ဆိုအပ်သော ရှေ့၌သာလျှင်။ သောမနဿ ဒေါမနဿာနံ၊ စေတသိကသုခ-သောမနဿဝေဒနာ စေတသိကဒုက္ခ ဒေါမနဿဝေဒနာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခလည်းမရှိ သုခလည်းမရှိသော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏စင်ကြယ်ခြင်း ရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်သို့။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသမာဓိကို။ သမ္မာသမာဓိ ဣတိ၊ သမ္မာသမာဓိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သမ္မာဒိဋ္ဌိ၏ လက္ခဏာ။ ။ကိုင်း ဒီနေ့ထုမှာ မဂ္ဂင်ရှစ်ပါးရဲ့ သရုပ်တွေကိုတော့ အဓိပ္ပါယ်နှင့်တကွ ဟောကြားခဲ့ပြီးပြီ၊ ပိုပြီးတော့ ဘုန်းကြီးတို့ပရိသတ် ဉာဏ်ထဲမှာ ထင်ရှားပေါ်လွင်လာအောင် သမ္မာဒိဋ္ဌိ စတဲ့ တရားတွေရဲ့ သဘောကို အဋ္ဌကထာဆရာကြီးဖွင့်တဲ့ အဖွင့်ကို နဲနဲပြောပေးဦးမယ် "သမ္မာ ဒဿနလဲက္ခဏာ သမ္မာဒိဋ္ဌိ" တဲ့ အဋ္ဌကထာက ဘာပြောလို့ တာလဲဆိုတော့ မဖောက်မပြန် ဟုတ်မှန်စွာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ နိရောဓ

http://www.dhammadownload.com

သုစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါးကို သိတတ် မြင်တတ်သော တရားလို့ မှတ်ရမယ်တဲ့။

ဒါဖြင့် အဲဒီ-သမ္မာဒိဋ္ဌိက ဘာလုပ်ငန်းတွေလုပ်သလဲဆိုတော့ –

(၁) မိမိနဲ့ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့နှင့်အတူ မိစ္ဆာဒိဋ္ဌိကို ပယ်သတ်နိုင်ပါတယ်တဲ့။

(၂) နိဏောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ချမ်းသာကိုလဲ အာရုံယူနိုင် အာရုံပြုနိုင်ပါတယ်။

(၃) သမ္မာဒိဋ္ဌိနဲ့ အတူတကွ တွဲပြီးဖြစ်တဲ့ တရားစုတွေကို ဖုံးလွှမ်းတတ်တဲ့ မောဟမှု ကင်းစေခြင်း မတွေ့မဝေသောအားဖြင့် သိမြင်အောင် ထင်ရှားစွာ ဖော်ခြင်းဆိုတဲ့ ၃-မျိုးသော လုပ်ငန်းကိစ္စတွေကို သမ္မာ-ဒိဋ္ဌိမဂ္ဂင်က ပြုလုပ်ဆောင်ရွက်ပါတယ်လို့ ဖွင့်ပြပါတယ်။

အင်မတန် ကောင်းပါတယ်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ကိလေသာ ကင်းခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း၊ မောဟကင်းပြီးတော့ မတွေ့မဝေ သိရခြင်းဆိုတဲ့ အကျိုးသုံးမျိုးကို ယခု မျက်မှောက်ဘဝမှာ ထင်ထင်ရှားရှားရရှိ နိုင်တယ်၊ ဒါကြောင့် ကိလေသာကင်းချင်ရင် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုချင်ရင် မောဟကင်းပြီးတော့ မတွေ့မဝေသိချင်ရင် မိမိမှာ သမ္မာ-ဒိဋ္ဌိမဂ္ဂင် ရှိလာအောင် တရားကြိုးစားအားထုတ်ရမယ်၊ အားမထုတ်ရင် ဒီ-မဂ္ဂင် ရှိမှာ မဟုတ်ဘူး (မှန်ပါဘုရား)။

ဒီနေရာမှာ သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတာ မဂ်ရဲ့ ရှေ့အဦဋ္ဌ အထူးထူးသော ခဏ ရှိတယ် အမျိုးမျိုးသော အာရုံရှိတယ်၊ မဂ်ခဏမှာတော့ တခုသောခဏရှိပြီး တော့ တခုသော အာရုံသာ ရှိပါတယ်၊ အဓိပ္ပါယ်က ဘယ်လိုလဲဆိုတော့ မဂ်ကို မရခင် ပွါးများအားထုတ်နေမှုကို ဥပစာရဘာဝနာလို့ ခေါ်ပါတယ်၊ အဲဒီ-ဥပစာရ ဘာဝနာအခိုက်အတန့်မှာ အကြိမ်များစွာ စိတ္တက္ခဏတွေ ဖြစ်နေတဲ့အတွက် ဝိယဿနာရှုတိုင်း ရှုတိုင်း ရှုစိတ်ခေါ်တဲ့ စိတ်တွေ အကြိမ်များစွာ ဖြစ်နေတဲ့ အတွက် အထူးထူးသော အာရုံရှိတယ်လို့ ဆိုတယ်၊ ဒီ-အချက်ကို သီလက္ခန္ဓ ဋီကာသစ် ဒု-တွဲ၊ နှာ-၃၃၇ ဆရာက "ဥပစာရဘာဝနာသေန အနေကဝါရံ ပဝတ္တ စိတ္တက္ခဏိကတ္တာ နာနာက္ခဏာ" လို့ ဖွင့်ပြတယ်။

မဂ်စိတ်၏ စိတ္တက္ခဏ တချက်ရှိပုံ။ ။အထူးထူးသော အာရုံရှိတယ် ဆိုတာက တော့ မဂ်ကို မရခင် ဝိပဿနာကို ပွါး များး အားထုတ်တဲ့အခါမှာ အနိစ္စလက္ခဏာအာရုံဖြစ်စေ၊ ဒုက္ခလက္ခဏာအာရုံ ဖြစ်စေ အနတ္တလက္ခဏာအာရုံဖြစ်စေ လက္ခဏာရမှုကိုက အမျိုးမျိုးနဲ့ ရှုရသည်

http://www.dhammadownload.com

ဖြစ်သောကြောင့် အာရုံအမျိုးမျိုး ရှိတယ်လို့ ဆိုပါတယ်၊ ဋီကာသစ်ဆရာက အနိစ္စာဒိလက္ခဏ ဝိသယတ္တာ နာနာရမ္မဏာလို့ ဖော်ပြတယ်။ ဒါကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင်သည် မဂ်ရဲ့ ရှေ့အဘို့ ပုဗ္ဗဘာဂ၌ ခဏအမျိုးမျိုး အာရုံအမျိုးမျိုးရှိပါတယ်လို့ မှတ်ရမယ်။ ပြီးတော့ မဂ္ဂက္ခဏေကေက္ခဏာ ကောရမ္မဏာတဲ့ အဋ္ဌကထာ စကားက မဂ်ခဏမှာ တခုသောခဏ တခုသော အာရုံရှိတယ်ဆိုတာကတော့ မဂ်စိတ်ဆိုတာ စိတ္တက္ခဏတချက်ပဲရှိတယ်၊ အာရုံကလဲ နိဗ္ဗာန်အာရုံတခုဘဲရှိတယ်၊ ဒါကို ဋီကာသစ်ဆရာက "မဂ္ဂဿ ကေစိတ္တက္ခဏိကတ္တာ ကေက္ခဏာ။ နိဗ္ဗာနာရမ္မဏတ္တာ ကောရမ္မဏာလို့ ဖွင့်ပြပါတယ်။ သမ္မာဒိဋ္ဌိဟာ မဂ်ခဏမှာ တခုသောခဏ တခုသော အာရုံရှိတယ်လို့ မှတ်ရမယ်။

မဂ်၏ အသိဉာဏ် ၄-မျိုး။ ။သမ္မာဒိဋ္ဌိမဂ္ဂင်ရဲ့ လုပ်ငန်းကိစ္စကတော့ ဒုက္ခသစ္စာကို သိခြင်းဆိုတဲ့ဉာဏ် သမုဒယသစ္စာကို ပယ်နိုင်ခြင်းဆိုတဲ့ဉာဏ် နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်းဆိုတဲ့ဉာဏ် မဂ္ဂသစ္စာကို ပွါးများခြင်းဆိုတဲ့ဉာဏ် အသိဉာဏ်လေးမျိုး လုပ်ငန်းစဉ်ကိစ္စလေးမျိုး ရှိတယ်လို့ မှတ်ရမယ်။

သမ္မာဒိဋ္ဌိမဂ္ဂင် ရှေးဦးစွာ ဟောရပုံ။ ။ခု ပြောခဲ့တဲ့ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ရောက်ကြောင်းကျင့်ဝတ်ကို ကျင့်တဲ့ ပုဂ္ဂိုလ်အတွက် အလွန်ကျေးဇူးများသောကြောင့် မြတ်စွာဘုရားက ရှေးဦးစွာ အစထား၍ ဟောကြားတော်မူခဲ့ပါတယ်၊ မှန်ပါတယ် အဲဒီ သမ္မာဒိဋ္ဌိကို မြတ်စွာဘုရားက ပညာပဇ္ဇောတော- ပညာတည်းဟူသော အလင်းရောင်၊ ပညာသတ္ထံ- ပညာဉာဏ်ဆိုတဲ့ ဓားလက်နက်လို့ ဟောတော်မူပါတယ်၊ အဲဒါကြောင့် မဂ်ကို မရသေးခင် ရှေးအဘို့၌ ဝိပဿနာဉာဏ်လို့ဆိုတဲ့ ဒီ သမ္မာဒိဋ္ဌိဖြင့် အဝိဇ္ဇာဆိုတဲ့ အမိုက်မှောင်ထုကြီးကို ဖျက်ဆီး၍ ကိလေသာဆိုတဲ့ ခိုးသူဓားပြတွေကို သတ်ဖြတ်လျက် ဇာတိဘေး မရဏဘေးတွေ ကုန်ပြီးတော့ ဘေးမရှိသောအားဖြင့် တရားကို အားထုတ်သော ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပါတယ်၊ ဒါကြောင့်– နိဗ္ဗာနာဓိဂမာယ ပဋိပန္နဿ ယောဂိနော ဗဟူပကာရတ္တာ ပဌမံ သမ္မာဒိဋ္ဌိ ဒေသိတာ-လို့ အဋ္ဌကထာ ဆရာ မိန့်တော်မူပါတယ်။

သမ္မာသင်္ကပ္ပ၏ လက္ခဏာစသည်။ ။ကိုင်း သမ္မာသင်္ကပ္ပ ပြောကြဦးစို့၊ သမ္မာအဘိနိရောပန လက္ခဏော သမ္မာသင်္ကပ္ပေါတဲ့၊ မဖောက်မပြန် ဟုတ်မှန်စွာ စိတ်ကိုအာရုံသို့ ရှေ့ရှုတင်ပေးတတ်သော အမှတ်အသား လက္ခဏာသည် သမ္မာသင်္ကပ္ပမဂ္ဂင်ရဲ့ သဘောပါတဲ့၊ ကိလေသာတို့နှင့် အတူ မိစ္ဆာသင်္ကပ္ပတို့ကို ပယ်စွန့်ခြင်း နိရောဓသစ္စာကို အာရုံပြုခြင်း မိမိနဲ့

၁။ သိလက္ခန် ၄၊ နှာ-၂၈၀-၂။ သမ္မော ၄၊ နှာ-၁၇၀-၈။

http://www.dhammadownload.com

တဲ့ဖြစ်တဲ့ တရားတွေကို အာရုံသို့ ရှေးရှုတင်ပေးခြင်း ဆိုတဲ့ လုပ်ငန်းကို ပြုလုပ်ပါတယ်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတို့ကတော့ အစဉ်အတိုင်း သမ္မာ ပရိဂ္ဂဟဏလက္ခဏာ, သမ္မာ သမုဋ္ဌာပနလက္ခဏာ, သမ္မာ ဝေါဒါနပနလက္ခဏာ, သမ္မာ ပဂ္ဂဟလက္ခဏာ, သမ္မာ ဥပဋ္ဌာနလက္ခဏာ, သမ္မာ သမာဓာနလက္ခဏာ-လို့ ကောင်းစွာသိမ်းဆည်းခြင်း ကောင်းစွာဖြစ်စေခြင်း ကောင်းစွာ ဖြူစင်စေခြင်း ကောင်းစွာ ချီးမြှောက်ခြင်း ကောင်းစွာအာရုံ၌ ထင်ရှားစေခြင်း ကောင်းစွာ အာရုံ၌ ထားစေခြင်း သဘော ရှိတယ်လို့ မှတ်ရမယ်။

ကိုင်း အဲဒီ သမ္မာဝါစာ စတဲ့ စကားတွေရဲ့ အဓိပ္ပါယ် အကျယ်ကတော့ဖြင့် အဋ္ဌကထာမှာ ဖော်ပြတဲ့အတိုင်း ဘုန်းကြီးတို့ သိကြရမယ်၊ အကုန်တော့ ပြောချိန်မရတော့ဘူး ချန်ခဲ့ကြစို့ရဲ့၊ အဓိပ္ပါယ် အကျဉ်းကတော့ – သမ္မာဝါစာ စတဲ့ မဂ္ဂင်များဟာ ဆန့်ကျင်ဘက် ကိလေသာတို့ကို ပယ်သတ်ခြင်း၊ နိဗ္ဗာန်ကို အာရုံပြုခြင်း၊ ယှဉ်ဘက်ဖြစ်တဲ့ တရားကို သိမ်းဆည်းခြင်း ကောင်းစွာ ဖြစ်စေခြင်း ဖြူစင်စေခြင်း ကောင်းစွာ ချီးမြှောက် ထောက်ပံ့ခြင်း ကောင်းစွာ အာရုံ၌ ကပ်၍ တည်ခြင်း ကောင်းစွာအာရုံ၌ ထားခြင်း ဆိုတဲ့ လုပ်ငန်း ကိစ္စ သုံးမျိုးစီ သုံးမျိုးစီ ပြုလုပ်ကြပါတယ်။

သမ္မာသင်္ကပ္ပမဂ္ဂင် စသည် အစဉ်အတိုင်း ထားပုံ။ ။သမ္မာသင်္ကပ္ပမဂ္ဂင်သည် သမ္မာဒိဋ္ဌိမဂ္ဂင်အတွက် ကျေးဇူးများလို့ သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဒုတိယ ဟောပါတယ်၊ ဝိတက်ခေါ် သမ္မာသင်္ကပ္ပနဲ့ကြုံစည်ပြီးမှ နှုတ်ကမြွက်ဆိုသည် ဖြစ်သောကြောင့် သမ္မာသင်္ကပ္ပရဲ့ နောက်မှ သမ္မာဝါစာကို ဟောပါတယ်၊ ပြောဆိုတိုင်ပင်ပြီးမှ အမှုကိစ္စကို ပြုလုပ်ကြတဲ့အတွက် သမ္မာဝါစာရဲ့နောက်မှ သမ္မာကမ္မန္တ မဂ္ဂင်ကို ဟောပါတယ်၊ ဝစီဒုစရိုက် ၄-ပါးနဲ့ ကာယဒုစရိုက် ၃-ပါးကို ရှောင်ကြဉ်ပြီးမှ အသက်မွေးမှု စင်ကြယ်တဲ့အတွက် သမ္မာဝါစာ သမ္မာကမ္မန္တတို့ရဲ့ နောက်မှ သမ္မာအာဇီဝ မဂ္ဂင်ကို ဟောပါတယ်၊ ဤမျှလောက် စင်ကြယ်တဲ့ ငါဟာ ဝိရိယယုတ်လျော့နေလို့ မတော်တော့ဘူး၊ အလုံးစုံသော ဣရိယာပုထ်တို့၌ အားထုတ်သင့်တယ်လို့ မြင်ခြင်းငှါ သမ္မာဝါယာမမဂ္ဂင်ကို ဟောပါတယ်တဲ့။ အားထုတ်အပ်သော ဝိရိယရှိသော ပုဂ္ဂိုလ်အား ကာယာနုပဿနာစသော သတိတရားသည် ကောင်းစွာ တည်သောကြောင့် သမ္မာသတိမဂ္ဂင်ကို ဟောပါသည်၊ ကောင်းစွာသတိရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်၏ တည်ကြည်ငြိမ်သက်ခြင်းကို ရရှိနိုင်တဲ့အတွက် သမ္မာသမာဓိမဂ္ဂင်ကို ဟောတော်မူပါတယ် လို့ ဒေသနက္ကမအစဉ်ကို အကျဉ်းချုပ် မှတ်သားနိုင်ကြရမယ်။

http://www.dhammadownload.com

မဂ္ဂင် ဂ-ပါးကို သိက္ခာ ၃-ပါးဖြင့် ရေတွက်ပြပုံ

သီလ သမာဓိ ပညာ သိက္ခာ သုံးပါးနဲ့ ပိုင်းလိုက်တော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ လို့ ဆိုတဲ့ မဂ္ဂင် ၃-ပါးက သီလ မဂ္ဂင်။

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ဆိုတဲ့ မဂ္ဂင် ၃-ပါးက သမာဓိ မဂ္ဂင်။

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ-က ပညာမဂ္ဂင်လို့ ဒီလို သီလ-သမာဓိ-ပညာ သိက္ခာ သုံးပါး အကျင့်တရားဘဲတဲ့။ အဲဒီ မဂ္ဂင် (ဂ) ပါးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က–မဂ္ဂသံယုတ် နှာ ၆-၉-မှာ တော်တော်ခပ်များများ ကျယ်ကျယ် ဟောထားတာရှိတယ် နော်(မှန်ပါဘုရား)၊ မဂ္ဂင်(ဂ)ပါးကို မြတ်စွာဘုရားက ဟောတော့ မြတ်စွာဘုရား လက်ထက်က မြတ်စွာဘုရား၏ တပည့်ရဟန်းတော်များနဲ့ သာသနာတော်ကို မသက်ဝင် မယုံကြည်တဲ့ ပရိဗ္ဗာဇကလို့ ခေါ်တဲ့ ပရိဗိုဇ်ရဟန်းတွေလဲ ဟိုအခါက ရှိတယ်။

အညတိတ္ထိယခေါ် ပရိဗိုဇ်များ။ ။အညတိတ္ထိယ=သာသနာတော်မှ တပါးသော မြတ်စွာဘုရားရဲ့ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတည်းဟူသော သာသနာတော်မှတပါး ဖြစ်တဲ့ အယူကို ယူနေကြတဲ့ ပရိဗ္ဗာဇကလို့ ခေါ်တဲ့ ပရိဗိုဇ်ရဟန်းတွေ ရှိတယ်၊ အဲဒီ ပရိဗိုဇ် ရဟန်းတွေဟာ မြတ်စွာဘုရားရဲ့ တပည့်တွေလဲ မဟုတ်ဘူး၊ မြတ်စွာဘုရားရဲ့ သားတော်လဲ မဟုတ်ဘူး၊ ရှေးက ဘယ်လိုလုပ်လဲ ရှိသလဲဆိုတော့ ဆုမ်းခံသွားကြပြီဆိုရင် တော်တော်ကလေး အချိန်စောနေပြီဆိုရင် အဲဒီ ရဟန်းတော်တွေဟာ များသောအားဖြင့် အဲဒီ ပရိဗိုဇ်တို့နေတဲ့အရာမ်ကို ဝင်ဝင်ပြီး စကားပြောကြလေ့ ရှိတယ်၊ ဆွေးနွေးမေးမြန်းကြတယ်၊ အရှင်သာရိပုတ္တရာကြီးလဲ ဒီလိုဘဲသွားတယ်၊ အဲသလို ရဟန်းတော် ခပ်များများ မြတ်စွာဘုရားရဲ့ တပည့်သားတွေဟာ ပရိဗိုဇ်တွေနဲ့ တွေ့လို့ စကားပြောကြတယ်၊ အဲဒီ စကားပြောမှုနဲ့ ပတ်သက်ပြီးတော့ ပရိဗိုဇ်တွေက မေးတယ် ရဟန်းတော်တွေကို၊ ဘယ်လို မေးသလဲ—

မြတ်စွာဘုရားကို ရဟန်းတော်တွေ ပြန်လျှောက်ကြတယ်–

ဣမေ နော ဘန္တေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ အမှေ ဧဝံ ပုစ္ဆန္တိ။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထုန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ ဣမေ၊ ဤ သာသနာတော်၌။ အညတိတ္ထိယာ၊ သာသနာတော်မှအပ အယူရှိကြကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ အမှေ၊ တပည့်တော်တို့ကို။ ဧဝံ ပုစ္ဆန္တိ၊ ဤသို့ မေးမြန်းကြပါကုန်၏ဘုရား။

http://www.dhammadownload.com

ပရိဗိုင်တွေက မေးပါတယ်ဘုရား၊ ဘယ်လို မေးသလဲဆိုတော့ ကို မတ္ထိယံ အာဝုသော သမဏော ဂေါတမေ ပြဟ္မစရိယံ ဝုဿတီတိ။ အာဝုသော၊ ငါ့ရှင်တို့။ [redacted]။ ကို မတ္ထိယံ၊ ဘာအကျိုးရှိသည်ဖြစ်၍။ ဝါ၊ ဘာအကျိုးငှါ။ သမဏော ဂေါတမေ၊ ရဟန်းဂေါတမ၏ အထံ၌။ ပြဟ္မစရိယံ၊ သီလ သမာဓိ ပညာ သိက္ခာ သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို။ ဝုဿတိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေကြပါသနည်း။

ပရိဗိုင်တွေက ရဟန်းတော်များအား မေးပုံ။ ။ပရိဗိုင်တွေက မေးတယ် ရဟန်းတော်တွေကို၊ ငါ့ရှင်တို့ အရှင် ဂေါတမရဲ့ သာသနာတော်ဝင်ပြီးတော့ ဤ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ပြီးတော့ နေကြတာဟာ ဘာရည်ရွယ်ချက်နဲ့ ကျင့်နေကြတာလဲ၊ ဘာအကျိုးရှိလို့ ကျင့်နေကြတာလဲ လို့ ဒီလို မေးတယ်၊ ဒီတော့ ရဟန်းတော်တွေက ပြန်ပြီးတော့ ဖြေတယ်။

ဒုက္ခဿ ခေါ အာဝုသော ပရိညတ္ထံ ဘဂဝတိ ပြဟ္မစရိယံ ဝုဿတီ[1]။ အာဝုသော၊ ငါ့ရှင် ပရိဗိုင်တို့။ [redacted] ဒုက္ခဿ၊ ဒုက္ခသစ္စာတရားကို။ ပရိညတ္ထံ၊ ပိုင်းခြားသိခြင်း အကျိုးငှါ။ ဘဂဝတိ၊ မြတ်စွာဘုရားရှင် အတွက်၌။ ပြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ ကျင့်သုံး၍ နေကြပါကုန်တော့၏။

ဒုက္ခကို သိအောင် လုပ်နေကြတာ၊ ဒုက္ခရှာနေကြတာလို့ ဆိုလိုတဲ့အဓိပ္ပါယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘာလုပ်နေကြတာတဲ့လဲ (ဒုက္ခရှာနေကြတာတဲ့ဘုရား)၊ ဝိပဿနာ ကမ္မဋ္ဌာန်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဒုက္ခကိုတွေ့အောင် ရှာနေကြတာ၊ ဒုက္ခရှာနေကြတာ၊ ဘာဖြစ်လို့ ဒုက္ခရှာရသလဲဆိုတော့၊ ဒုက္ခသစ္စာဖြစ်နေတဲ့ ခန္ဓာငါးပါးကြီးကို ဘုန်းကြီးတို့ ပရိသတ်က ဒုက္ခသစ္စာမှန်း မသိလို့ ဒုက္ခသစ္စာကို ရှာနေရတာ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီလို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်၊ ဒီလိုဘဲ တပည့်တော်တို့ ဖြေခဲ့ပါတယ်ဘုရား-တဲ့၊ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ ဒုက္ခကို သိဘို့ရန်အတွက် ဒီ-အကျင့်တွေကို ကျင့်နေပါတယ်လို့ ဒီလို-ဖြေခဲ့ပါတယ်ဘုရား-တဲ့။

ကစ္စိ မယံ ဘန္တေ ပဋ္ဌာ ဧဝံ ဗျာကရမာနာ ဝုတ္တဝါဒိနော ဧဝံ ဘဂဝတော ဟောမ၊ နော ဘဂဝန္တံ အဘူတေန အဗ္ဘာစိက္ခာမ၊ ဓမ္မဿာနုဓမ္မံ ဗျာကရောမ၊ နော ကောစိ သဟဓမ္မိကော ဝါဒါနုဝါဒေါ ဂါရယှံ ဌာနံ အာဂစ္ဆတီတိ[2]။

၁။ မဟာဝဂ္ဂသံယုတ်၊ နှာ-၆။

http://www.dhammadownload.com

ရဟန်းများ ဖြေကြားပုံ လျှောက်ခြင်း။ ။ဘာပြောလဲ ဒီစကားတွေက အရှင်ဘုရားတဲ့ တိတ္ထိတွေက မေးတော့ ဒုက္ခကိုသိအောင် မြတ်စွာဘုရားရဲ့ အထံမှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ကျင့်သုံးပြီးနေပါတယ်-လို့ တပည့်တော်တို့ ဒီလို ဖြေခဲ့ပါတယ်၊ အဲဒီလိုဖြေတာ မှန်ပါရဲ့လား၊ မြတ်စွာဘုရားဟောတဲ့အတိုင်း ဖြေတာ ဟုတ်ပါရဲ့လား၊ ဒီလို ဖြေခြင်းကြောင့် မြတ်စွာဘုရားကို တစုံတရာ မစွပ်စွဲဘဲ ရောက်ပါသလားလို့ ဒီလို လျှောက်တယ်၊ ဒါ နားလယ်အောင်ပြောတဲ့ အဓိပ္ပါယ်-နော် (မှန်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားက မှန်တယ်တဲ့ သူတို့ဖြေတဲ့အတိုင်း။

ဒုက္ခဿ ဟိ ပရိညတ္ထံ မယိ ဗြဟ္မစရိယံ ဝုဿတိ[၁]။ ဟိ သစ္စံ၊ မှန်၏။ ဒုက္ခဿ၊ ဆင်းရဲဒုက္ခကို။ ပရိညတ္ထံ၊ ပိုင်းခြား၍ သိခြင်းငှါ။ မယိ၊ ငါဘုရားရှင် ကိုယ်တော်မြတ် အထံ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ၊ ကျင့်သုံး၍ နေပေတော့၏။

အလုံးစုံသော ပုဂ္ဂိုလ်တွေဟာ ငါဘုရားရှင် ကိုယ်တော်မြတ်ရဲ့ အထံမှာ တရားအားထုတ်နေကြတာဟာ ဒုက္ခကိုပိုင်းခြားပြီးတော့ သိဘို့ရန်အတွက် အားထုတ်နေကြတာဘဲတဲ့။ သစေ ဝေါ ဘိက္ခဝေ အညတိတ္ထိယာ ပရိဗ္ဗာဇကာ ဧဝံ ပုစ္ဆေယျုံ[၂]။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ဝေါ၊ သင်တို့အား။ အညတိတ္ထိယာ၊ သာသနာတော်မှ အပ ဖြစ်ကုန်သော။ ပရိဗ္ဗာဇကာ၊ ပရိဗိုဇ်တို့သည်။ ဧဝံ၊ ဤသို့။ သစေ ပုစ္ဆေယျုံ၊ အကယ်၍ မေးကုန်ရာ၏။ ဘယ်လို မေးမလဲ—

အတ္ထိ ပနာဝုသော မဂ္ဂေါ၊ အတ္ထိ ပဋိပဒါ ဧတဿ ဒုက္ခဿ ပရိညာယာတိ[၃]။ အာဝုသော၊ ငါ့ရှင်တို့။ ဧတဿ ဒုက္ခဿ၊ ထိုဆင်းရဲဒုက္ခ၏။ ဝါ-ထိုဆင်းရဲဒုက္ခကို။ ပရိညာယ၊ ပိုင်းခြား၍သိခြင်းငှါ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ ပဋိပဒါ၊ ကျင့်စဉ်သည်။ အတ္ထိ ပန။ ရှိပါ၏လော။ ဣတိ၊ ဤသို။ စေ ပုစ္ဆေယျုံ၊ အကယ်၍ မေးကုန်သည်ဖြစ်အံ့။ အဲဒီ ဒုက္ခကို ပိုင်းခြားသိဘို့ရာ လမ်းစဉ် ကျင့်စဉ်ဆိုတာ ရှိသလား-လို့ မေးရင် ဘယ်နဲ့ဖြေရမလဲ ရှိတယ်လို့ ဖြေရမယ်၊ ဒီ-ဒုက္ခကို ပိုင်းခြားပြီး သိနိုင်လောက်တဲ့ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိဘို့ရန်အတွက် လမ်းစဉ် ကျင့်စဉ်ဆိုတာ ရှိတယ်။ သူ ဘာလဲ ဒုက္ခသစ္စာကို သိဘို့ ကျင့်စဉ် လမ်းစဉ်က—

ကတမော စ ဘိက္ခဝေ မဂ္ဂေါ၊ ကတမာ ပဋိပဒါ ဧတဿ ဒုက္ခဿ ပရိညာယ[၃]။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတဿ ဒုက္ခဿ၊ ဆင်းရဲဒုက္ခဖြစ်တဲ့ ထိုဒုက္ခသစ္စာကို။

၁။ မဟာဝဂ္ဂသံယုတ်၊ နှာ-၆။

http://www.dhammadownload.com

ပရိညာယ၊ ပိုင်းခြား၍ သိခြင်းငှါ။ မဂ္ဂေါ၊ လမ်းစဉ်သည်။ ကတမော၊ အဘယ်နည်း။ ပဋိပဒါ၊ ကျင့်စဉ်သည်။ ကတမာ၊ အဘယ်နည်း။ ဘာတွေလဲတဲ့–

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ အဲဒီ-မဂ္ဂင် (၈)ပါး အကျင့်တရားသည် ဒုက္ခသစ္စာကို ပိုင်းခြားပြီးတော့ သိဘို့ရန်အတွက် ကျင့်ရမဲ့လမ်းစဉ်ဘဲ၊ မြတ်စွာဘုရားက ဒီလို ဟောတယ်နော်(မှန်ပါဘုရား)၊ ဒါ-မဂ္ဂင်ရှစ်ပါး။

မဂ္ဂင်တရားကိုယ်ကို ခန္ဓာ ဖွဲ့ပြခြင်း။ ။ဒီ-မဂ္ဂင်ရှစ်ပါး အကျင့်တရားလို့ ဆိုတဲ့ သမ္မာဒိဋ္ဌိ-ဆိုတာ ဘာလဲ၊ တရားကိုယ် ကောက်တော့ ပညိန္ဒြေစေတသိက်-နော် (မှန်ပါဘုရား)၊သမ္မာသင်္ကပ္ပ ဆိုတာက ဝိတက်စေတသိက်၊ စေတသိက်ချင်းအတူတူ ခန္ဓာဖွဲ့လိုက်တော့ သခ်ါရက္ခန္ဓာ-လို့ ခေါ်တယ် ဒါ-ပညာမဂ္ဂင်။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ-ဆိုတဲ့ ဒီတရား ၃-ပါးဟာ ဝိရတိစေတသိက် ၃-ခု၊ ခန္ဓာဖွဲ့လိုက်တော့ သူလဲ သခ်ါရက္ခန္ဓာထဲ ပါတယ်၊ ဒါက သီလမဂ္ဂင်။

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ-လို့ ခေါ်တဲ့ ဒီ-တရား ၃-လုံးဟာ လဲဘဲ ဝီရိယ, သတိ, ဧကဂ္ဂတာစေတသိက်၊ ဒီတော့ စေတသိက်တရား မှန်သရွှေ့ ခန္ဓာဖွဲ့လိုက်တော့ ဘယ်ထဲ ထည့်ရမလဲ သခ်ါရက္ခန္ဓာ၊ ဘာခန္ဓာလဲ (သခ်ါရက္ခန္ဓာပါဘုရား)၊ အဲဒါက သမာဓိမဂ္ဂင်-နော် (မှန်ပါဘုရား)၊ ဝေဒနာနဲ့ သညာစေတသိက် ၂-ခုတော့ ချန်ထား၊ ကျန်တာက သခ်ါရက္ခန္ဓာချည်းဘဲ။ အဲဒီ သခ်ါရက္ခန္ဓာဖြစ်တဲ့ မဂ္ဂင် ၈-ပါးကို ဘာလုပ်ရမလဲ-လို့ ဆိုတော့၊ သူကို ပွါးရမယ်။ ပွါးတယ်ဆိုတာ ဘယ်လိုလုပ်ရမလဲ မိမိသန္တာန်မှာ ဒီ-တရားတွေ ရှိအောင် လုပ်ရမယ်၊ သမ္မာဒိဋ္ဌိ ရှိအောင် လုပ်ရမယ်၊ ဟုတ်လား(မှန်ပါဘုရား)၊ ရှိလာတော့ ဒီ-တရားတွေ ဘာလုပ်ရမလဲဆိုတော့ ရှုပစ်ရမယ်၊ သခ်ါရက္ခန္ဓာကို ရှုတော့ ဘယ်လိုရှုရမလဲ ဘုရား-လို့ ဆိုတော့—

ဣတိ သခ်ါရာ၊ ဣတိ သခ်ါရာနံ သမုဒယော၊ ဣတိ သခ်ါရာနံ အတ္ထင်္ဂမော၊ ဒါ-ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ ဣတိ၊ ဤ မဂ္ဂင်(၈)ပါး တရားကိုယ်အားဖြင့် စေတသိက်ထဲ အကျုံးဝင်တဲ့ သခ်ါရတရားတို့သည်။ သခ်ါရာ၊ သခ်ါရတရားတို့ မည်ကုန်၏။ ဩော်-ဒါ သခ်ါရက္ခန္ဓာတရားတွေဘဲလို့ ဒီလို ရှုနော်(မှန်ပါဘုရား)၊ ဣတိ သခ်ါရာနံ သမုဒယော၊ သခ်ါရတရားတို့၏ ဖြစ်ခြင်းကို ရှု၊ ဣတိ သခ်ါရာနံ အတ္ထင်္ဂမော၊ သခ်ါရ တရားတို့၏ ချုပ်ခြင်းကို ရှု။ အဲဒီလို ရှုတာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်-နော် (မှန်ပါဘုရား)၊ မဂ္ဂင်(၈)ပါး ရှုနည်း။ မဂ္ဂင် (၈)ပါး နိဗ္ဗာန်ရောက်ကြောင်းတရားဘဲတဲ့။

http://www.dhammadownload.com

နောက်တသုတ် ဟောသေးတယ် မြတ်စွာဘုရားက။ ရဟန်းတပါးက မြတ်စွာဘုရားကို လျှောက်တယ် ပြဟ္မစရိယံ ပြဟ္မစရိယန္တိ ဘန္တေ ဝုစ္စတိ၊ ကတမံ နုခေါ ဘန္တေ ပြဟ္မစရိယံ ကတမံ ပြဟ္မစရိယပရိယောသာနံ[၁]။ ဟိုဘက်က မဂ္ဂင် (၈)ပါး တရား ကုန်သွားပြီ-နော်၊ နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ကျန်သေးလား (မကျန်တော့ပါဘုရား)၊ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟော ပြီးတော့ နိဗ္ဗာန်တရားကို ဟောဦးမယ်။ အဲတာကြောင့် ဒီ-သုတ္တန်ကလေးကို ကူးလာခဲ့တာ။

အကျင့်မြတ်ဆိုတာကို ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရား။ ပြဟ္မစရိယံ ပြဟ္မစရိယန္တိ၊ မြတ်သောအကျင့် မြတ်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကတမံ၊ အဘယ်မည်သောတရားကို။ ပြဟ္မစရိယန္တိ၊ မြတ်သောအကျင့်ဟူ၍။ ဝုစ္စတိ နုခေါ၊ ခေါ်ဆိုရပါသနည်း။ ပြဟ္မစရိယ=မြတ်သော အကျင့်ဆိုတာ ဘာကိုခေါ်ပါသလဲဘုရား၊ ပြဟ္မစရိယ ပရိယောသာနံ၊ မြတ်သောအကျင့်၏ အပြီး အဆုံးသည်။ ကတမံ၊ အဘယ်ပါတဲ့ နည်း။ ကတမံ၊ အဘယ်မည်သော တရားကို။ ပြဟ္မစရိယ ပရိယောသာနန္တိ၊ မြတ်သောအကျင့်၏ ပြီးဆုံးခြင်း ဟူ၍။ ဝုစ္စတိ နုခေါ၊ ခေါ်ဆိုရပါသနည်း။ မြတ်သောအကျင့်ဆိုတာ ဘာပါလဲဘုရား။

မြတ်သောအကျင့်၏ ပြီးဆုံးခြင်းဆိုတာ ဘယ်တရားမျိုးကို ခေါ်ပါသလဲ ဘုရား-လို့ ပုစ္ဆာ၂-ချက်။

ဒီတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ဖြေတယ်၊ အယမေဂ ခေါ ဘိက္ခု အရိယော အင်္ဂဂိကော မဂ္ဂေါ ပြဟ္မစရိယံ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ။ပ။ သမ္မာသမာဓိ။

ဘိက္ခု၊ ချစ်သားရဟန်း။ အင်္ဂဂိကော၊ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော။ အရိယော၊ ဖြူစင်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ္ဂင်လမ်းစဉ်သည်။ ပြဟ္မစရိယံ၊ မြတ်သောအကျင့်မည်၏။ သေယျထိဒံ-ဘာလဲ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ၊ ဒါ ပါဠိတော်စကားလုံးတွေ။

သီလမဂ္ဂင် ၃-ပါး။ ။အဲဒီစကားလုံးတွေကို မြန်မာလိုပြန်တော့ သမ္မာဒိဋ္ဌိဆိုတာ မှန်တာကိုသိတာတဲ့။ ရုပ်ကို ရုပ်အတိုင်းသိတာဟာ မှန်တာကိုသိတာလား မမှန်တာကိုသိတာလား (မှန်တာကိုသိတာပါဘုရား)၊ သမ္မာဒိဋ္ဌိ။

၁။ မဟာဝဂ္ဂသံယုတ်၊ နှာ-၇။

http://www.dhammadownload.com

ရွပ်ကို ရွပ်လို့ သိအောင် ကိုယ်က ကြံစည်စဉ်းစားပြီးတော့ သိတာဟာ သမ္မာသင်္ကပ္ပ၊ ကြံစည်ပေးမှု။ မှန်တဲ့စကားကို ပြောဆိုခြင်း, မှန်တဲ့အလုပ်ကို လုပ်ခြင်း, မှန်သော အသက်မွေးခြင်းသည် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဟုတ်လား (မှန်ပါဘုရား)။ လိမ်မပြောဘူး ကြမ်းတမ်းတဲ့စကားကို မပြောဘူး အချီးနှီးဖြစ်တဲ့စကားကို မပြောဘူး ဂုံးတိုက်စကားကို မပြောဘူး၊ သူ့အသက်မသတ်ဘူး သူဥစ္စာမခိုးဘူး ကာမဂုဏ်ကို ဖောက်ပြန်သောအားဖြင့် မကျင့်ဘူး၊ ဒီခုနစ်ပါးကို အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်လို့ အသုံးမချဘူးဆိုရင် အဲဒါ သီလမဂ္ဂင်သုံးပါး ပြည့်စုံသွားတာဘဲ။

အကျင့်မြတ်ဆိုတာကို မိန့်ကြားပုံ　သမ္မာဝါယာမလို့ဆိုတာ မှန်တဲ့လမ်းစဉ်ကို ကြိုးစားပြီး အားထုတ်နေမှ သမ္မာဝါယာမလို့ ခေါ်တာ၊ မမှန်တာကို ကြိုးစားပြီး အားထုတ်နေရင် မိစ္ဆာဝါယာမဟုတ်လား (မှန်ပါဘုရား)။ သမ္မာသတိလို့ ဆိုတာကလဲ ဟုတ်လဲ ဟုတ်တယ် ရှိလဲ ရှိတယ် မှန်လဲ မှန်တယ် ဆိုတဲ့ ပရမတ္ထတရားတွေကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးတာသည် သမ္မာသတိ။ ပညတ်တရားတွေကို မိမိဉာဏ်ထဲမှာ ထင်ရှားပေါ်လွင်လာအောင် ပြုလုပ်ပြီးတော့ ပေးနေတာ။ ကာမဂုဏ်တရားတွေကို ထင်ရှားပေါ်လွင်အောင် ပြုလုပ်ပေးတာကိုတော့ မိစ္ဆာသတိလို့ ခေါ်တယ်။ သမ္မာသမာဓိလဲ ထို့အတူဘဲ၊ အဲဒီ မဂ္ဂင် ၈-ပါး အကျင့်တရားဟာ ဘာလုပ်ရမဲ့ တရားတွေလဲ ဆိုတော့ ရှုရမဲ့ ပွါးရမဲ့ တရားတွေဘဲ၊ မြတ်စွာဘုရားက သူဟာ ဖြဟ္မစရိယဘဲတဲ့။

ဖြဟ္မစရိယ ပရိယောသာန=မြတ်သောအကျင့်ရဲ့ ပြီးပြည့်စုံခြင်းဆိုတာ–

ယော ဘိက္ခု ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဖြဟ္မစရိယ ပရိယောသာနန္တိ။ ဘိက္ခု၊ ချစ်သားရဟန်း။ ရာဂက္ခယော၊ ရာဂ၏ကုန်ရာဖြစ်သော။ ဝါ-ကုန်ကြောင်းဖြစ်သော။ ဒေါသက္ခယော၊ ဒေါသ၏ ကုန်ရာဖြစ်သော။ ဝါ-ကုန်ကြောင်းဖြစ်သော။ မောဟက္ခယော၊ မောဟ၏ ကုန်ရာဖြစ်သော။ ဝါ-ကုန်ကြောင်း ဖြစ်သော။ ယော သဘာဝေါ၊ အကြင်သဘောတရားသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ရာဂ ဒေါသ မောဟတို့၏ ကုန်ရာဖြစ်တဲ့ ဣသဘောကို။ ဖြဟ္မစရိယ ပရိယောသာနန္တိ၊ မြတ်သော အကျင့်၏ ပြီးဆုံးရာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပါပေသတည်း။

သာဓု　သာဓု　သာဓု။

ဒါ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ကုန်ရောဆိုပါတော့နော်(မှန်ပါဘုရား)။ ဘုန်းကြီးတို့ ၂-ညဟောပေးခဲ့တာ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ကုန်ရော၊

http://www.dhammadownload.com

အကျယ်တော့ ဘုန်းကြီးတို့ အမျိုးကောင်းသား–အမျိုးကောင်းသမီးများ နောက်တရားနာယူကြပေါ့နော်။

နိဗ္ဗာန်အကြောင်း သိကောင်းစရာ။ ။နိဗ္ဗာန်ဆိုတာ ဘာလဲ၊ဒီကနေ့ နိဗ္ဗာန်ကို ပြောပေးရမယ်၊ နိဗ္ဗာန်ဆိုတာ ဘာလဲ၊ မြို့ကြီး ရွာကြီးနေစရာ ပြာသာဒ်ကြီး မော်တော်ကားတွေ ဘာတွေနဲ့ စီးရမယ် ထင်သလား ဘုန်းကြီးတို့ပရိသတ်(မထင်ပါဘုရား)။ တိုက်တွေတာတွေနဲ့ ပန်ကာကြီးတွေ ဖွင့်ပြီးတော့ အေးအေး-ဆေးဆေး ထွေးထွေး-နွေးနွေးနဲ့ နေရလိမ့်မယ် မျှားထင်သလား(မထင်ပါဘုရား)။ မဟုတ်ဘူး၊ ဘာပြုလို့ ဒီနိဗ္ဗာန်ကြီးကို အလိုရှိနေကြတာလဲ ဘာမှန်းလဲ မသိဘဲနဲ့။ တောင်းတော့ တောင်းနေကြတယ် နိဗ္ဗာန်နော်(မှန်ပါဘုရား)။ အဲဒီနိဗ္ဗာန်နဲ့ပတ်သက်လို့ အသခ််တသံယုတ်ဆိုတာ ရှိတယ်နော်(မှန်ပါဘုရား)။ အဲဒီ အသခ််တသံယုတ် နောက်ပြီးတော့ (သဋ္ဌာယတန ဇမ္ဗုခါဒက သံယုတ်ဆိုတာလဲ ရှိတယ်။ ဇမ္ဗုခါဒကပရိဗိုဇ်က ရှင်သာရိပုတ္တရာကို မေးထားလို့ ဖြေထားတာရှိတယ်။

အဲဒီ အကြောင်းကို ဘုန်းကြီး ခပ်တိုတိုဘဲ ဟောမယ်၊ နိဗ္ဗာန်အကြောင်း အကျယ်ကြီးနော် (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ နိဗ္ဗာန်နဲ့ပတ်သက်ပြီး အငြင်းပွါးစရာလဲ အများကြီး၊ ဒီတော့ သာသနာတော်မှာ စာပေနဲ့ပတ်သက်ရှုဖြစ်စေ, ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်ရှုဖြစ်စေ, ဘုန်းကြီး မကြာမကြာ ပြောနေတာ မငြင်းတာ အကောင်းဆုံးဘဲ ဟုတ်လား (မှန်ပါဘုရား)။ ဘုန်းကြီး ခုဟော နေတာဟာ ပါဠိတော်ဟောစဉ်ဆိုတော့ပါဠိတော်ကလာတဲ့အတိုင်းဘဲပြောမယ်။ ပိုမပြောဘူး ဟုတ်လား၊ ဘုန်းကြီးတရားလဲ မဟုတ်ဘူး၊ဒါပါဠိတော်။ ဘုန်းကြီးတို့ပရိသတ်က ဒီပါဠိတော်တွေကိုတော့ စဉ်းစားကြည့် ဘုန်းကြီး ဘာမှငြင်းစရာ မလိုဘူး၊ ဒါ ထူးကြီးဆရာတော် ဟောတဲ့တရားမှ မဟုတ်ဘဲ။

ဇမ္ဗုခါဒက ပရိဗိုဇ်အကြောင်း

ထူးကြီးဆရာတော်အပေါ်မှာ စဲ့ချက်မတင်နဲ့၊ဘာအရင် စပြောမလဲဆိုတော့ ရှင်သာရိပုတြာနဲ့ သူတူဖြစ်တဲ့ ဇမ္ဗုခါဒကပရိဗိုဇ်လို့ ဆိုတာ ရှင်သာရိပုတြာရဲ့ တူအရင်း၊ ရှင်သာရိပုတ္တရာက အဲဒီ-ဇမ္ဗုခါဒကပရိဗိုဇ်ရဲ့ ဦးလေးအရင်း၊ ကြည့်စမ်း တူအရီးချင်း ဘယ်လိုဖြစ်နေသလဲ တခြားစီ ဖြစ်နေတယ်၊ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကတော့ မြတ်စွာဘုရားရဲ့ အဂ္ဂသာဝက လက်ျာတော်ရံ ဖြစ်ပြီးတော့ ကိလေသာအာသဝေါတွေ ကုန်ပြီး သာသနာတော်တွင်းသား ပုဂ္ဂိုလ်ကြီးနော် (မှန်ပါဘုရား)၊ သူ တူအရင်းဖြစ်တဲ့ ဇမ္ဗုခါဒကက ပရိဗိုဇ်ကတော့ သူက သာသနာတော်ဝင်တော့ ဝင်တယ်၊မြတ်စွာဘုရားသာသနာတော်ဝင်မဟုတ်ဘူး၊ ပရိဗိုဇ်တွေထဲ သူက ရဟန်းသွားခံတယ်၊ ပရိဗိုဇ်ရဟန်း သူလဲ ရဟန်းဘဲ။

http://www.dhammadownload.com

ဇမ္ဗုခါဒကပရိဗိုဇ်နှင့် ရှင်သာရိပုတ္တရာတွေ့ပုံ။ ။တနေ့တော့ ရှင်သာရိပုတ္တရာက ဘယ် ကြွသွားသလဲ ဆိုတော့ မဂဓတိုင်းကို ကြွသွားတယ် နော် (မှန်ပါဘုရား)၊ ကောသလတိုင်းကနေပြီးတော့ မဂဓတိုင်းကို ရှင်သာရိပုတ္တရာက ကြွသွားတယ်၊ ရှင်သာရိပုတ္တရာက မဂဓတိုင်း ဆုဇင်္ဂိဟ်မြို့ကို ရောက်သွားတယ် ဆိုကြပါစို့၊ ဘယ်နေရာရောက်သွားသလဲဆိုတော့ နာဠကရွာလို့ဆိုတဲ့ အဲဒီ-နေရာကို ရောက်သွားတယ်။

အဲဒီ-ကျတော့ ဘယ်သူနဲ့ သွားတွေ့သလဲဆိုတော့ သူတူအရင်းဖြစ်တဲ့ ဇမ္ဗုခါဒကပရိဗိုဇ်နဲ့ သွားတွေ့တယ်၊ တွေ့တော့ကော ဇမ္ဗုခါဒကပရိဗိုဇ်က မြတ်စွာဘုရားရဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါးနဲ့ တရားကို သူယုံတဲ့လူ မဟုတ်ဘူး သူဝါဒနဲ့ သူကိုး၊ သူမှာလဲ သူအကျင့်နဲ့သူ ပရိဗိုဇ်ရဲ့အကျင့်၊ သူလဲ ပရိဗိုဇ်တို့ အကျင့်ကို ကျင့်နေတဲ့အတွက် သူဦးလေး ရှင်သာရိပုတ္တရာနဲ့တွေ့တော့ သူကဘဲ စပြီးတော့ အဲဒီ-ရှင်သာရိပုတ္တရာထံကို သွားတယ်၊ သွားပြီးတော့ သင့်တင့်လျှောက်ပတ်တဲ့ အရပ်ကထိုင် အလွှာပ သလွှာပ စကားတွေပြော ကျမ်းကျမ်းမာမာရှိရဲ့လား ဆွမ်းခံဘယ် ဘောဇဉ် မျှမျှတတရှိရဲ့လား တာမေးတာပါဘဲ။

ဇမ္ဗုခါဒကပရိဗိုဇ်က ရှင်သာရိပုတ္တရာကို ဘယ်နဲ့မေးသလဲဆိုတော့—

ဇမ္ဗုခါဒကပရိဗိုဇ်မေးလျှောက်ပုံ။ ။နိဗ္ဗာန် နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ ကတမံ နု ခေါ အာဝုသော နိဗ္ဗာနန္တိ။ ဒါ ဇမ္ဗုခါဒကပရိဗိုဇ်က ရှင်သာရိပုတ္တရာကို မေးတဲ့စကား၊ ဇမ္ဗုခါဒကပရိဗိုဇ်ကို ကြည့်လေ ဦးလေးအရင်းဖြစ်တဲ့ ရှင်သာရိပုတ္တရာကြီးကိုယ်တော်တိုင် သာသနာတော်ဝင်ပြီးတော့ လက်ျာတော်ရံ သာသနာအတွင်းကျတဲ့ ပုဂ္ဂိုလ်ကြီး တယောက်ဖြစ်ပါလျက်သားနဲ့ သူတူတယောက်ဖြစ်ပြီးတော့ အညဝါဒီပေါ့ ဟုတ်လား၊ တပါးသော ဝါဒအယူရှိပြီးတော့ သူကလဲ ရှင်သာရိပုတ္တရာကို ပုစ္ဆာတွေ့မေးနေသေးတယ်။

အာဝုသော သာရိပုတ္တ၊ ငါ့ ရှင်သာရိပုတ္တရာ။ (သူကလဲ ရှင်သာရိပုတ္တရာကို ငါ့ရှင်တဲ့)၊ နိဗ္ဗာနံ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ငါ့ရှင်တို့ရဲ့ သာသနာတော်မှာ အင်မတန်တွင်ကျယ်တဲ့ စကားမျိုးကို ပြောဆိုနေကြပါကုန်၏။

(ငါ့ရှင်သာရိပုတ္တရာတဲ့ ငါ့ရှင်တို့ သာသနာတော်တွင်းမှာ ရှင်လူအားလုံးဟာ နိဗ္ဗာန် နိဗ္ဗာန်နဲ့ဆိုတဲ့ စကားလုံးကို အဓိကထားပြီး အများကြီး သုံးနေကြတယ်တဲ့)။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ နိဗ္ဗာန်၊ နိဗ္ဗာန်ဆိုတဲ့ သဘောတရားသည်။ ကတမံ နု ခေါ၊ အဘယ်နည်း (ဝါ) ဘာကိုခေါ်သလဲ (နိဗ္ဗာန်ဆိုတာ ဘာလဲ ဘုန်းကြီးတို့ပရိသတ်တွေထဲမှာလဲ နိဗ္ဗာန်ကို သိချင်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com

ရှိလိမ့်မယ်၊ ဒီတော့ ရှင်သာရိပုတ္တရာကို ဇမ္ဗုခါဒကပရိဗိုဇ်က ပြန်ပြောတယ်။)
နိဗ္ဗာန်ဆိုတာ ဘာခေါ်သလဲလို့ သူကပြန်ပြောတယ်။

ရှင်သာရိပုတ္တရာဖြေကြားပုံ။ ။ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနန္တိ။ လွယ်လွယ်လေး နိဗ္ဗာန်ဆိုတာ၊ နိဗ္ဗာန်ဆိုတာ **စိတ်လဲမဟုတ်ဘူး၊ စေတသိက်လဲ** မဟုတ်ဘူး၊ ရုပ်လဲ မဟုတ်ဘူး နော် (မှန်ပါဘုရား)၊ ဒါပေမဲ့ ဘုန်းကြီးတို့ ခပ်ငယ်ငယ်တုန်းကဆိုတဲ့ သင်္ဂြိဟ်မှာ နိဗ္ဗာန် အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ-လို့ ဆိုပြီးတော့ ဒီလိုဟောထားတာရှိတယ် နိဗ္ဗာန်ကိုတဲ့ ရုပ်မဟုတ်ဘူး။ နာမန္တိစ၊ နာမ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏ဆိုတာ တင်စားပြီးတော့ ပြောထားတဲ့စကား၊ ရှိပေစေ၊ နိဗ္ဗာန်အကြောင်းတွေကို သိချင်ရင် ကြည့်ကြပေတော့ ပထမလွှေကျင် ဆရာတော်ဘုရား ရေးတဲ့ **ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ စာအုပ်။** ဒုတိယမြို့ပြင်ကြီး ဆရာတော် အရှင်စန္ဒာဝရရေးတဲ့ **အဘိဓမ္မတ္ထသင်္ဂဟပဒီပက** တတိယတဲ့ကို ကြည့်၊ မဟာဝိသုဒ္ဓါရုမ ဆရာတော်ဘုရားကြီးရေးတဲ့ **ပရမတ္ထသင်္ဂဟဘေဒနီ** ဒုတိယတို့ မှာ ကြည့်ပေတော့၊ နိဗ္ဗာန်အကြောင်းတွေ အကျယ်ကြည့်ချင်ရင်။

ပါဠိတော်လာတာကတော့ဖြင့် ဘယ့်နဲ့ပြောထားသလဲဆိုတော့ အရှင်သာရိပုတ္တရာက ဇမ္ဗုခါဒကပရိဗိုဇ်ဖြစ်တဲ့ သူ့ကို ဖြေတာဆိုရင် နိဗ္ဗာန်ဆိုတာ—

အာဝုသော၊ ငါ့ရှင်။ ရာဂက္ခယော၊ **ရာဂ၏ကုန်ရာဖြစ်သော။** ဒေါသက္ခယော၊ ဒေါသ၏ ကုန်ရာဖြစ်သော။ မောဟက္ခယော၊ မောဟ၏ ကုန်ရာဖြစ်သော။ ယော သဘာဝေါ၊ အကြင်သဘောတရားတခုသည်။ အတ္ထိ၊ **ရှိ၏။** ဣဒံ၊ ဤရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာကို။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပါပေသတည်း။

သာဓု သာဓု သာဓု။

ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ နိဗ္ဗာန်ဆိုတာ ဘာလဲ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ၊ ဒီတော့ ဒီနေရာမှာ စကားတွေ တော်တော်ပြောစရာရှိတယ်။

နိဗ္ဗာန်ခေါ်ပုံ။ ။ရာဂကုန်ရာဆိုတာ ဘယ်လိုလဲလို့ဆိုတော့ **အဋ္ဌကထာဆရာက** နဲ့နဲ့ဖွင့်ပြထားတာရှိတယ်၊ အဲဒါလေးကို ဘုန်းကြီးနဲ့နဲ့ပြောပေးဦးမယ်၊မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့်(မဂ်ဉာဏ်ဖိုလ်ကိုရတဲ့ပုဂ္ဂိုလ်)ဘာကိုအာရုံပြုသလဲဆိုတော့ နိဗ္ဗာန်ကိုအာရုံပြုနိုင်တယ်-နော်(မှန်ပါဘုရား)၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို စိတ်ထောက်လို့ အာရုံပြုတယ်ဆိုတာ နိဗ္ဗာန်ကို စိတ်ထောက်သွားတာ၊ အဲဒီ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို အာရုံပြုလိုက်သည်နှင့် တပြိုင်

http://www.dhammadownload.com

နက်ထဲ ရုပ်လဲ ကုန်သွားရော, ဒေါသလဲ ကုန်သွားရော, မောဟလဲ ကုန်သွားရော၊ နော် (မှန်ပါဘုရား)၊ အဲဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုလိုက်တဲ့အခါ ဘာတွေကုန်သွားသလဲ ရုပ်တွေကုန်တယ်, ဒေါသတွေကုန်တယ်, မောဟတွေကုန်တယ်၊ ဒါကြောင့် နိဗ္ဗာန်ကို ရုပ်ကွယ ဒေါသကွယ မောဟကွယ လို့ ခေါ်တယ်။

အဋ္ဌကထာဆရာက ဒီလို ဖွင့်ပေးထားတာနော် (မှန်ပါဘုရား)၊ ဒီတော့ နိဗ္ဗာန်ဆိုတာ ရုပ်မရှိတာ, ဒေါသမရှိတာ, မောဟမရှိတာ၊ နိဗ္ဗာန်ကိုယ်နှိုက်က ရုပ်မရှိတာလားဆိုတော့ မဟုတ်ဘူး၊ နိဗ္ဗာနဓာတ်ဆိုတဲ့ဥစ္စာ သူမှာ ဖြစ်တာလဲ မရှိဘူး၊ ပျက်တာလဲ မရှိဘူး၊ အဘူတဓမ္မ အသခ်ဓမ္မ-တစုံတယောက်ကလဲ ပြုပြင်ထားတာ မဟုတ်ဘူး၊ စိတ် စေတသိက်-ရူပ်လို့ဆိုတာကတော့ သခ်ဓမ္မ၊ သူကတော့ အကြောင်းတွေ မြောက်မြားစွာပေါင်းရှ် ပြုပြင်အပ်သည်ဖြစ်သောကြောင့် စိတ် စေတသိက် ရူပ်ကို သခ်ဓမ္မလို့ ခေါ်တယ်။

ပရမတ္ထတရား သိကောင်းစရာများ။　။နိဗ္ဗာန်ပရမတ်ကျတော့ ဘာအကြောင်းမှပေါင်းပြီးတော့ ပြုပြင်စရာမရှိသောကြောင့် နိဗ္ဗာန်ကို အသခ်ဓမ္မလို့ ဒီလိုခေါ်တယ်၊ ခပ်ရိုးရိုးကလေး စဉ်းစားကြမယ်ဆိုရင် စိတ် စေတသိက် ရူပ်၊ ပြီးတော့ ပရမတ္ထတရား ၄-ပါးထဲမှာ ဒီဖက်က နိဗ္ဗာန်။

စိတ်သည် စေတသိက် မဟုတ်၊ စေတသိက်သည် စိတ် မဟုတ်ဘူး၊ စိတ် စေတသိက်သည် ရူပ် မဟုတ်ဘူး၊ ရူပ်သည် စိတ် စေတသိက် မဟုတ်ဘူး၊ စိတ် စေတသိက် ရူပ်သည် နိဗ္ဗာန်မဟုတ်ဘူး၊ နိဗ္ဗာန်သည် စိတ် စေတသိက် ရူပ် မဟုတ်ဘူး၊ ဒီလို အကြမ်းဖျင်းကလေး သိထားရင် တော်ပြီ၊ ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း ဒီထက်ကျယ်ဝန်းတဲ့ အဓိပ္ပါယ်တွေကို ဘုန်းကြီးစောစော ပိုင်းက ညွှန်တဲ့စာအုပ်နဲ့ ကျမ်းဂန်ထဲမှာ ကြည့်ကြပေတော့ ။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကလဲ အသခ်တန့် အသခ်တဂါမိမဂ္ဂ ၂-မျိုး ဟောထားတယ်။

အသခ်တဥ္ဆ ဘိက္ခဝေ ဒေသေဿာမိ အသခ်တဂါမိမဂ္ဂဥ္ဆ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အသခ်တဥ္ဆ၊ အသခ်တဓာတ်ဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုငင်း။ အသခ်တဂါမိမဂ္ဂဥ္ဆ၊ အသခ်တဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကိုငင်း။ ဒေသေဿာမိ၊ ဟောကြားတော်မူပေတော့အုံ့။

၁။ နိဗ္ဗာန်အကြောင်း သိကောင်းစရာ ထို့ထက်ကျယ်ဝန်းသော ပါဠိတော်လာအဓိပ္ပါယ်များကို ဥဒယသုတ္တန်နောက်ဆက်တွဲမှာကြည့်ပါ။

http://www.dhammadownload.com

အသခ််တဓာတ်ကို နိဗ္ဗာန်ခေါ်ပုံ။ ။အသခ််တသံယုတ်မှာ–အသခ််တခေါ်တဲ့ နိဗ္ဗာန်နဲ့ အသခ််တဂါမိမဂ္ဂလို့ ခေါ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို ငါဘုရားဟောမယ် သင်ချစ်သားတို့ သေသေချာချာ နားထောင်ကြပါတဲ့။

တံ သုဏာထ သာဓုကံ မနသိကာရောထ။ ကတမဉ္စ ဘိက္ခဝေ အသခ််တံ ယော ဘိက္ခဝေ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ အသခ််တံ။

သိက္ခဝေ၊ ရဟန်းတို့။ အသခ််တံ၊ အသခ််တခေါ်တဲ့သဘောသည်။ ကတမံ၊ အဘယ်နည်း၊ ဝါ-နိဗ္ဗာန်ခေါ်တဲ့တရားသည်။ ကတမံ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ရာဂက္ခယော၊ ရာဂ၏ကုန်ရာဖြစ်သော။ ဒေါသက္ခယော၊ ဒေါသ၏ကုန်ရာဖြစ်သော။ မောဟက္ခယော၊ မောဟ၏ကုန်ရာဖြစ်သော။ယော သဘာဝေါ၊ အကြောင်တရားသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာဆိုတဲ့ သဘောတရားကို။ အသခ််တန္တိ၊ အသခ််တ နိဗ္ဗာနဓာတ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပါပေ၏။ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ အသခ််တဓာတ်ကို နိဗ္ဗာန်လို့ခေါ်တယ်တဲ့ မြတ်စွာဘုရားက။

နိဗ္ဗာန်ရောက်ကြောင်း တရားများ။ ။ကတမော စ ဘိက္ခဝေ အသခ််တဂါမိမဂ္ဂေါ။ ဘိက္ခဝေ၊ ရဟန်းတို့။ အသခ််တဂါမိမဂ္ဂေါ၊ အသခ််တဓာတ်ဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်သည်။ကတမော၊ အဘယ်နည်း(ဘာလဲတဲ့ ဒါ)။သမထော စ ဝိပဿနာ စ၊ သမထနဲ့ဝိပဿနာတဲ့။

စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ပဉ္စိန္ဒြိယာနိ ပဉ္စ ဗလာနိ သတ္တ ဗောဇ္ဈင်္ဂါ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အသခ််တဂါမိမဂ္ဂေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ အသခ််တဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော လမ်းစဉ်သည်။ ကတမော၊ အဘယ်နည်း။ စတ္တာရော သတိပဋ္ဌာနာ ။ပ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သတိပဋ္ဌာန် ၄-ပါး, သမ္မပ္ပဓာန် ၄-ပါး, ဣဒ္ဓိပါဒ် ၄-ပါး, ဣန္ဒြေ ၅-ပါး, ဗိုလ် ၅-ပါး, ဗောဇ္ဈင် ၇-ပါး, မဂ္ဂင် ၈-ပါး အကျင့်တရားကို။ အသခ််တဂါမိ မဂ္ဂေါတိ၊ နိဗ္ဗာန်ရောက်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

မြတ်စွာဘုရားက ကိတ္တယိသာမိ တေ ဓမ္မံ၊ နိဗ္ဗာန်နဲ့, နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ တရားတွေကို ဟောပြီးပြီနော် (မှန်ပါဘုရား)၊ ဘယ်သူကို ဟောသလဲ ဆိုတော့ ခုနက မေတ္တဂူကို ဟောတယ်။

> ကိတ္တယိသာမိ တေ ဓမ္မံ၊ ဒိဋ္ဌေ ဓမ္မေ အနီတိဟံ။
> ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

မေတ္တဂူ၊ မေတ္တဂူ။ ဒိဋ္ဌေဓမ္မေ၊ ငါဘုရားကိုယ်တိုင် မျက်မှောက်ပြုခြင်းထား သော။ အနီတိဟံ၊ သူတပါးတို့ထံမှတဆင့် ပြောသံကြား မဟုတ်သော။ ဓမ္မံ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ တေ၊ သင့်အား။ ကိတ္တယိသာမိ၊ အခု ဟောကြားခဲ့တဲ့အတိုင်း ငါဘုရား ဟောကြားပေအုံ့။

> [အဲသလို ဝန်ခံတဲ့အတိုင်း မြတ်စွာဘုရား ဟောပြီးပြီ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ၂-ည ဟောပေးထားတာ ဘုန်းကြီး ဟောတာမဟုတ်ဘူး၊ မြတ်စွာဘုရားဟောထားတဲ့ တရားကို ဘုန်းကြီး ပြောပေးနေတာ။ မေတ္တဂူကို မြတ်စွာဘုရား ဝန်ခံထားတဲ့ ကိုယ်တိုင် မျက်မှောက် ပြုထားတဲ့ သူတပါး ပြောသံကြား မဟုတ်တဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားတွေကို ဟောမယ်လို့ မြတ်စွာဘုရား မပြောဘူးလား (ပြောပါတယ်ဘုရား)]။

တေ သင့်အား။ ဓမ္မံ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားတွေကို။ ကိတ္တယိသာမိ၊ ငါဘုရားဟောကြားခဲ့ ပေးတော့အုံ့-လို့ ဟောပြီးပြီ။

ယံ ဝိဒိတ္ဝာ သတော စရံ။ မေတ္တဂူ၊ မေတ္တဂူ။ ယံ၊ အကြောင် နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားတွေကို။ ဝိဒိတ္ဝာ၊ သိအောင်ကြိုးစား ပုံးများအားထုတ် ရသည်ဖြစ်၍။ သတော၊လေးပါးသော သတိပဋ္ဌာန်ရှိသည်ဖြစ်၍။စရံ=စရန္တော၊ ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ လောကေ၊ ခန္ဓာလောက အာယတနလောက ဓာတုလောက-လို့ ခေါ်တဲ့ လောကကြီး၊ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော လောကကြီး၌။ ဝိသတ္တိကံ၊ ကပ်ငြိ တွယ်တာခြင်း ဆိုတဲ့ တဏှာကို။ တရေ၊ ကောင်းစွာမသွေ လွှန်မြောက်နိုင်ပါ ပေသတည်း။

သာဓု သာဓု သာဓု။

မေတ္တဂူသုတ္တန် တတိယပိုင်း ပြီး၏။

http://www.dhammadownload.com

၄-မေတ္တဂူသုတ္တန် စတုတ္ထပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၁-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် သမာဓိ ဘာဝနာမှတဆင့် ဝိပဿနာ ဘာဝနာပေါက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော တရားတို့ကို ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော မေတ္တဂူသုတ္တန် စတုတ္ထပိုင်း တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီ-တရားဒေသနာတော်ကို မဟောမီ ဘုန်းကြီးတို့ လုပ်သင့် လုပ်ထိုက်တဲ့ လုပ်အပ်တဲ့ လုပ်ငန်းဖြစ်တဲ့ မြတ်စွာဘုရားကို ရှိခိုးကြစို့-နော် (မှန်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသွီးများ အလုပ်တခု လုပ်တော့မယ်ဆိုရင် ဘုရားရှိမခိုးဘဲ လုပ်ကို မလုပ်ရဘူး-လို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဘဲ၊ ကိုင်း-ဒီတော့ အလုပ် လုပ်ခါနီး မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ရည်မှန်းပြီး ရှိခိုးကြရအောင် အားလုံး အမျိုးကောင်းသား သွီးများက လက်အုပ်ချီပြီးတော့ ထားကြ။

ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသွီးများ မြတ်စွာဘုရားကို ကြည်ညို သဒ္ဓါပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ။

(ဘုရားရှိခိုးအနက် ရှေးနည်းအတိုင်း ဖြစ်သည်)

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော သဗ္ဗညု ရှင်တော် မြတ်ဘုရားကို ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် ၁၆-ယောက်တို့တွင် လေးယောက်မြောက်ဖြစ်တဲ့ မေတ္တဂူပုဏ္ဏားက မြတ်စွာဘုရားကို အမေးပုစ္ဆာ ပြဿနာတွေ မေးတော့ မြတ်စွာဘုရားရှင် ကိုတ်တော်မြတ်က နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကို မြတ်စွာဘုရားက ဟောတယ်၊ အဲဒီ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ဘုန်းကြီးတို့ ၂-ညလောက် ဟောခဲ့ရတယ်-နော် (မှန်ပါဘုရား)။

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ကြောင်း တရားကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဟောတော်မူတဲ့အခါ မေတ္တာဂူဆိုတဲ့ပုဏ္ဏား ပညာရှိက မြတ်စွာဘုရားကို ဘာပြန် လျှောက်သလဲ။

တဉ္စာဟံ အဘိနန္ဒာမိ၊ မဟေသိ ဓမ္မမုတ္တမံ။
ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

မေတ္တာဂူပုဏ္ဏားက မြတ်စွာဘုရား တရားဟောပြီးတော့ ပြန်လျှောက်တယ်–

မဟေသိ၊ သိလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူ လေ့ရှိသော မြတ်စွာဘုရား။ အဟံ၊ အက္ခန်ပ်သည်။ ယံ ဓမ္မံ၊ အကြောင်တရား တော်ကို။ ဝါ-အကြောင်နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို။ ဝိဒိတ္ဝာ၊ သိပြီးရှိ။ သတော၊ လေးပါးသော သတိပဋ္ဌာန်နှင့် ပြည့်စုံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ စရံ=စရန္တော၊ ကျင့်ကြံကြိုးကုတ် အားထုတ်သည်ရှိသော်။ လောကေ၊ ခန္ဓာ လောက အာယတနလောက ဓာတုလောက-လို့ ဆိုတဲ့ လောကဌ်။ ဝိသတ္တိကံ၊ ကပ်ငြိတွယ်တာခြင်းတည်းဟူသော တဏှာကို။ တရေ၊ လွန်မြောက်နိုင်ရာ၏။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော် မြတ်စွာ ဘုရား။ ဥတ္တမံ၊ အလွန်တရာ မြတ်လှပေသော။ တေ ဓမ္မံ၊ ထိုအရှင်ဘုရား ဟောကြားတော်မူတဲ့ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို။ အဟံ၊ အက္ခန်ပ်သည်။ အဘိနန္ဒာမိ၊ အလွန်လိုလားနှစ်သက်၍ နေပါတော့သည် မြတ်စွာဘုရား။

သာဓု သာဓု သာဓု။

မေတ္တာဂူပုဏ္ဏား ရရှိပြီး တရားများ။ ။မေတ္တာဂူပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေတ္တာဂူပုဏ္ဏားကို ဟောလိုက်တဲ့တရားက အကြောင်းအကျန် မရှိအောင် ဟောလိုက်တယ်။ နိဗ္ဗာန်ရယ် နိဗ္ဗာန်ရောက်ကြောင်း တရားရယ်၊ ဒီ ၂-မျိုး ဟောလိုက်တယ်၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို သိပြီး၊ မေတ္တာဂူပုဏ္ဏား အားထုတ်ထားတဲ့ တရားက ဘယ်ရောက်နေသလဲ ဆိုတော့ ဘုရားနဲ့ မတွေ့ခင် သူ့တရားအားထုတ်ထားတာက—

သမာဓိတွေမှာ ဈာန်သမာပတ်နှင့် ပြည့်စုံပြီးတော့ ဈာနလာဘီ ပုဂ္ဂိုလ် ဖြစ်အောင် သူ အားထုတ်ထားတယ်၊ **အဘိညလာဘီလို့**တော့ စာထဲမှာ မပါဘူး၊ ဈာနလာဘီလို့ ပါတော့ဖြင့် အနဲဆုံး စတုတ္ထဈာန်လောက်တော့ဖြင့် သူဟာ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်ဘဲ သမာဓိက အဲသလောက် ကောင်းနေတာ၊

http://www.dhammadownload.com

ဘုန်းကြီးတို့ တနေ့ကဟောပေးခဲ့တာ သမာဓိဘာဝနာပွါးနည်း ၄-မျိုးလို့ ဟော ပေးထားခဲ့တယ်၊ ဘယ်နှစ်မျိုးတုန်း(၄-မျိုးပါဘုရား)။

ဒိဋ္ဌဓမ္မသုခဝိဟာရချမ်းသာကို ရဘို့ရန်အတွက် သမာဓိထူထောင်တယ်၊ စျာန်သမာဓိထူထောင်နည်း ၁-မျိုး ဘုန်းကြီး ဟောပေးခဲ့တယ်၊ အဲဒီတုန်းက ဟောပေးခဲ့တဲ့အပိုင်းဟာ ဝိပဿနာရှုဘို့ ဒီ သမာဓိကို ဟောပေးတာမဟုတ်ဘူး၊ တရားနာတဲ့ ပရိသတ်က ဒီ သမာဓိဘာဝနာကို ဘာပြုလို့ ထည့်ဟောနေရသလဲလို့ ဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ဘို့ ထည့်ဟောတာ မဟုတ်ဘူး။

မျက်မှောက်လောကဘဝမှာ ဒိဋ္ဌဓမ္မသုခဝိဟာရချမ်းသာကို ခံစားဘို့ရန် အတွက် အားထုတ်တဲ့ သမာဓိဘာဝနာမျိုးကို မြတ်စွာဘုရားက ဟောပေးတာ ပါတဲ့-နော်(မှန်ပါဘုရား)၊ ဘုန်းကြီးတို့ တရားနာ ပရိသတ်ထဲမှာ တချို့ ဘယ်လို သဘောပေါက်နေသလဲဆိုတော့ ဘယ်နဲ့လဲ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ဟောပြီးတော့ ဘယ်နဲ့ စျာန်ခန်းတွေ ဟောနေရသလဲ ဆိုပြီး ဒီလို သဘော ပေါက်ချင် ပေါက်နေလိမ့်မယ်။ နိဗ္ဗာန်ရောက်ဘို့ ဟောနေတာ မဟုတ်ဘူး။

သပၸဓိထူထောင်နည်း ၄-မျိုး။ ။ဒိဋ္ဌဓမ္မသုခဝိဟာရချမ်းသာတွေကို ခံစား ဘို့ရန်အတွက် သမာဓိထူထောင်နည်းကို စာပေမှာ ရှိနေတဲ့အတွက် စာပေနယ်ထဲက ဟောပေးနေတာ၊ ဒါ သမာဓိ ထူထောင်နည်း တမျိုး။ ။ပြီးတော့–ဉာဏဒဿန ပဋိလာဘာယ သံဝတ္တတိ-လို့ ခေါ်တဲ့ ဒိဗ္ဗစက္ခုဉာဏ်ရအောင် သမာဓိထူထောင်နည်း တမျိုး။ ။သတိနဲ့ သမ္ပဇဉ် ထင်ရှားလာအောင် သမာဓိကို ထူထောင်နည်း တမျိုး။ ။မဂ်ဉာဏ် ဖိုလ်ဉာဏ် အာသဝက္ခယဉာဏ်ရအောင် အာသဝေါကုန်အောင် သမာဓိထူထောင် နည်း တမျိုးလို့ ဘုန်းကြီး ၄-မျိုး ဟောပေးခဲ့တယ်-နော်(မှန်ပါဘုရား)။

ဒီ အထဲက ဘုန်းကြီးတို့ ပရိသတ် ဘယ်အမျိုးအစားကို ကြိုက်သလဲ အာသဝက္ခယဉာဏ်ကို ရတဲ့ သမာဓိထူထောင်နည်းမျိုးကို ကြိုက်ရင် ဘယ်လို အားထုတ်ရမလဲ ဆိုတော့ ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော-လို့ ပွါးမျာ်းအားထုတ်ရင် အာသဝက္ခယဉာဏ်ကို ရစေနိုင်တဲ့ သမာဓိ ထူထောင်နည်းမျိုးတဲ့ မြတ်စွာဘုရား ဟောပေးခဲ့တာ။

မေတ္တာဂူပုဏ္ဏား အားထုတ်ထားတဲ့ သမာဓိက ဒီ သမာဓိမျိုး မဟုတ်ဘူး၊ စောစောပိုင်းက ဘုန်းကြီး ပြောခဲ့တဲ့ ဒိဋ္ဌဓမ္မသုခဝိဟာရ-လို့ ခေါ်တဲ့ မျက် မှောက်သော ခန္ဓာကိုယ်၏ အဖြစ်မှာ ကိုယ်ချမ်းသာ စိတ်ချမ်းသာနေဘို့ရန် အတွက် စတုတ္ထစျာန်လောက်ကို ရောက်အောင် အားထုတ်ထားတဲ့ သမာဓိ၊ မေတ္တာဂူပုဏ္ဏား အားထုတ်ထားတာ။ အဲဒီ စတုတ္ထစျာန်ကို ရောက်ရုံနဲ့ စတုတ္ထ စျာန်ကို အားထုတ်ထားတော့ သူမှာ ဘာဖြစ်နေသလဲဆိုတော့ စျာနနိကန္တိ-လို့

http://www.dhammadownload.com

ခေါ်တဲ့ တဏှာက သူမှာ ရှိတယ်၊ အဲဒီ ဈာန်ကို နှစ်သက်နေတဲ့ တဏှာကို သူက တဏှာမှန်း မသိဘူး၊ မေတ္တာဈာက အင်မတန်ကောင်းတဲ့ ဒိဋ္ဌဓမ္မသုခဝိဟာရ ချမ်းသာ၊ ဒါကို နိဗ္ဗာန်ချမ်းသာလားလို့တောင် သူတို့စိတ်ထဲမှာ အောက်မေ့နေတယ်။ ဈာန်ကို နှစ်သက်နေတယ်။

ဈာနနိကန္တိတဏှာ။ ။အဲဒီ ဈာန်ကြောင့် ဘာတွေ ရဦးမလဲဆိုတော့ ဟော ဘဝတခု ဖြစ်ဦးမယ်-နော် (မှန်ပါဘုရား)၊ ပြဟ္မာဘဝ ဆိုပြီး ဘဝတခု ဖြစ်ဦးမယ်၊ အဲဒီ ဘဝတခု ဖြစ်လာပြန်ရင်လဲဘဲ အဲဒီ ဘဝကို လှမ်းပြီး နှစ်သက်လိုက်တဲ့ ဘဝတဏှာနဲ့ ဈာန်မှာ ရှိနေတဲ့ ဈာန်အင်္ဂါတွေကို၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ-လို့ ခေါ်တဲ့ ဈာန်အင်္ဂါတွေကို သူတို့က အတ္တအနေအားဖြင့် ယူထားတဲ့ အတ္တဒိဋ္ဌိလဲ ရှိတယ်၊ သူတို့မှာ ဒါကို အတ္တဒိဋ္ဌိမှန်းလဲ မသိဘူး၊ တဏှာမှန်းလဲ မသိဘူး။

မြတ်စွာဘုရားက ဈာန လာဘီဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဟောနေတဲ့နေရာမှာ တဏှာနဲ့ ဒိဋ္ဌိကို ပြုတ်ဘို့ချည်း မြတ်စွာဘုရား ဟောနေတာ-နော်(မှန်ပါဘုရား)၊ ဒိဋ္ဌိကိုလဲ ဖြုတ်ရမယ် ဒိဋ္ဌိတွေကို ပြောပေးခဲ့ပြီ၊ ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိဆိုတာ (၁၀)မျိုး ရှိတယ်၊ အန္တဂ္ဂါဟိကဒိဋ္ဌိဆိုတာ (၁၀) မျိုး ရှိတယ်၊ သက္ကာယဒိဋ္ဌိက (၂၀) ရှိတယ်၊ ဒါ-ဘုန်းကြီးတို့ အကျယ်ပြောပေးခဲ့ပြီ၊ နောက်အပတ်က သက္ကာဒိဋ္ဌိ ၂၀-ရယ်၊ ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ(၁၀)ရယ်၊ အန္တဂ္ဂါဟိကဒိဋ္ဌိ(၁၀)ရယ် ဆိုတဲ့ ဒီ-ဒိဋ္ဌိတွေရဲ့ အကျိုးပေးက ဘာလဲဆိုတော့-

ဒသဝတ္ထုကဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိ အကျိုးပေး

နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ နတ္ထိ ဟုတံ-စတဲ့ ဒီ-ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိ-လို့ဆိုတာ ဒီ-မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်ဟာ မင်္ဂလဲမရတော့ဘူး၊ နတ်ပြည်လဲ မရောက်တော့ဘူး၊ ဒီဘဝက သေရင် လူ့ပြည်လဲ မလာတော့ဘူး။ အပါယ်ကို သူ တန်းသွားတော့မယ်-နော် (မှန်ပါဘုရား)၊ ဒါ-ဒသဝတ္ထုကဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိသမား (၂၀) ကတော့ဖြင့် သူက သက္ကာယဒိဋ္ဌိနဲ့ သေသွားရင် လူ့ပြည် ရောက်နိုင်သေးတယ်၊ နတ်ပြည် ရောက်နိုင်သေးတယ်၊ ပြဟ္မာ့ပြည် ရောက်နိုင်သေးတယ်၊ မင်္ဂလာ သူက မရနိုင်တာ၊ သက္ကာယဒိဋ္ဌိက "သာ မင်္ဂါ-ဝရဏာ နု သင်္ဂါဝရဏာ"။ သာ၊ ထို သက္ကာယဒိဋ္ဌိ ၂၀-သည်။ မင်္ဂါဝရဏာ၊ မင်္ဂကို တားမြစ်၏။ နု သင်္ဂါဝရဏာ၊ နတ်ပြည်ရောက်အောင် မတားမြစ်နိုင်ဘူး၊ နတ်ပြည် မရောက်ဖို့အတွက် သူက မတားနိုင်ဘူး၊ ဒီတော့ သက္ကာယဒိဋ္ဌိရှိတဲ့ သူက နတ်ပြည် တော့ ရောက်သေးတယ်။

အဲ-မေတ္တာဂူ-လို့ ခေါ်တဲ့ ပုဏ္ဏားမှာ ဘာရှိနေသလဲဆိုတော့ အဲဒီ တဏှာနဲ့ဒိဋ္ဌိ ရှိနေတယ်၊ နတ်ပြည်ရောက်နိုင်လောက်တဲ့ သက္ကာယဒိဋ္ဌိမျိုး သူမှာ ရှိနေသေး

http://www.dhammadownload.com

တယ်၊ သက္ကာယဒိဋ္ဌိကတော့ နတ်ပြည်ရောက်တာ မဟုတ်ဘူး၊ ငြဟ္မာပြည် ရောက်တာ မဟုတ်ဘူး၊ သူတို့ ကျင့်ကြံအားထုတ်ထားတဲ့ ဒါန,သီလ,ဘာဝနာ တို့ကသာ နတ်ပြည်စတဲ့ ကောင်းရာသုဂတိသို့ ပို့တာ၊ **ခုနက** ဒသဝတ္ထုကဒိဋ္ဌိမျိုး ကျတော့ရင် အပါယ် ၄-ပါးက သူ တက်ကို မတက်ရတော့ဘူး၊ နတ်ပြည်ကိုလဲ မရောက်တော့ဘူး။

မေတ္တာဂူပုဏ္ဏားနှစ်သက်သောတရား။ ။ဒီတော့ ဒီ-တရားတွေကို မြတ်စွာဘုရားက သူ့ကို နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ဖော်ပြလိုက်တော့၊ ဒီ-တရားကို သူ အင်မတန် နှစ်သက်နေတယ်၊ မေတ္တာဂူ နှစ်သက်သည် ဖြစ်သောကြောင့် သူက ထုတ်ဖော် လျှောက်လိုက်တယ်၊ အရှင် ဘုရား–အရှင်ဘုရား အခုဟောတဲ့နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်ကို တပည့်တော် အင်မတန် မြတ်နိုးပါတယ်။ အင်မတန် နှစ်သက်နေပါတယ်၊ အင်မတန်ကောင်းနေပါတယ်၊ တဏှာ ပြုတ်သွားအောင် ဒိဋ္ဌိပြုတ်သွားအောင် တပည့်တော်ကို ဟောပေးပါဦးဆိုတော့ မြတ်စွာဘုရားက မေတ္တာဂူနှစ်သက်တဲ့ တရား ရွေးဆက်ပြီး ဝိပဿနာပွါးဘို့ဆိုပြီးတော့ ဘာ-ဟောပေးသလဲဆိုတော့၊ အဲဒီတရား မြတ်စွာဘုရား ဟောပေးတယ်။

ပဋိစ္စသမုပ္ပါဒ် အခြေခံတရား။ ။အခြေခံတာက အဲဒီနေရာမှာ မြတ်စွာဘုရား ပဋိစ္စသမုပ္ပါဒ်ကို **အခြေခံ**ပြီးတော့ ဟောပေးလိုက်တယ်၊ ဘာ-အခြေခံ ဟော့ပေးလိုက်သလဲ(**ပဋိစ္စသမုပ္ပါဒ်ကို** အခြေခံဟောပေးပါတယ်ဘုရား)၊ ကိုင်း-ပါဠိတော်ရွတ်ကြစို့။

ယံ ကိဉ္စိ သမ္မဇာနာသိ၊ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။
ဧတေသု နန္ဒိဉ္စ နိဝေသနဉ္စ၊ ပနုဇ္ဇ ဝိညာဏံ ဘဝေ န တိဋ္ဌေ။

အဲဒီ ဂါထာသည် ပဋိစ္စသမုပ္ပါဒ်ကို အခြေခံတဲ့ ဂါထာ။

မေတ္တာဂူ၊ မေတ္တာဂူ။ တုံ၊ သင်သည်။ **ဥဒ္ဓံ၊ အနာဂတ်ဌာန်း။ အဓော၊ အတိတ်ဌာန်း။ တိရိယဉ္စာပိ မဇ္ဈေ၊ ပစ္စုပ္ပန်ဌာန်း။ ယံကိဉ္စိ၊** အလုံးစုံသော အနာဂတ် အတိတ် ပစ္စုပ္ပန်ဆိုတဲ့ တရား ၃-ပါးကို။ **သမ္မဇာနာသိ၊** အနိစ္စ, ဒုက္ခ, ဝိပရိဏာမ အားဖြင့် ခွဲခြမ်း၍ သိသည်ဖြစ်အံ့။ **မေတ္တာဂူ၊ မေတ္တာဂူ။** တုံ၊ သင်သည်။ **ဧတေသု** ဓမ္မေသု၊ ထို **ပဋိစ္စသမုပ္ပါဒ်**တရားတို့၌။ **နန္ဒိဉ္စ၊ နှစ်သက်ခြင်း**ဆိုတဲ့ ဟဏှာကိုဌာန်း၊ **နိဝေသနဉ္စ၊** နှစ်မြုပ်စူးဝင်နေတယ်ဆိုတဲ့ **တဏှာ**နှင့် **သက္ကာယဒိဋ္ဌိ**ကို ဌာန်း။ **ဝိညာဏဉ္စ၊ အဘိသင်္ခါရဝိညာဏ်ကိုဌာန်း။ ပနုဇ္ဇ=ပနုဇ္ဇဟိ၊ ဖယ်နုတ်ပါလော။ ပနုဇ္ဇ=ပနုဇ္ဇိတွာ၊ ဖယ်နုတ်ပြီးသည်ဖြစ်၍။ ဘဝေ၊ နှစ်ပါးသောဘဝ၌။ ဝါ-ကမ္မဘဝ ဥပပတ္တိဘဝဆိုတဲ့ နှစ်ပါးသောဘဝ၌။** န တိဋ္ဌေ၊ မတည်နိုင်ရာတော့သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

အဓွန့် ၃-ပါး မှတ်ဖွယ်။ ။ကိုင်း ပါဠိတော်ရွတ်ပြီးပြီနော် အနက်လဲ ပေးပြီးပြီ၊ အဲဒီနေရာမှာ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်ကို ဟော ပေးရမယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က မေတ္တာဂူဆိုတဲ့ ပညာရှိပုဏ္ဏားကို ဘာဟောပေးသလဲဆိုတော့ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။ ဥဒ္ဓ-လို့ဆိုတာ ဘာကို ခေါ်သလဲဆိုတော့ စူဠနိဒ္ဒေသအဋ္ဌကထာ (နှာ ၂၃) ဆရာကြီးက ဖွင့်ပေး ထားတယ် ဥဒ္ဓန္တိ အနာဂတဒ္ဓါ ဝုစ္စတိ။ ဥဒ္ဓန္တိ၊ ဥဒ္ဓံ-ဟူသည်ကား။ အနာဂတဒ္ဓါ၊ အနာဂတ်အဓွန့်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။ အနာဂတ်ကာလ။ အဓောတိ အတီတဒ္ဓါ၊ အဓော-လို့ဆိုတာဟာ အတိတ်အဓွန့်ကို ခေါ်တယ်တဲ့။ တိရိယဉ္စာပိ မဇ္ဈေတိ ပစ္စုပ္ပန္နဒ္ဓါ။ တိရိယ=ဖီလာ-လို့ ဆိုတာ ပစ္စုပ္ပန်အဓွန့်ကို ခေါ်တယ်တဲ့ အဓွန့် သုံးပါး။ နောက်တနည်းက-ဥဒ္ဓံ-ဆိုတာ ဒေဝလောက၊ အဓော-ဆိုတာက နိရယ-လောက၊ တိရိယဉ္စာပိ မဇ္ဈေ-ဆိုတာက မနုဿလောက။

တနည်း ဥဒ္ဓံ-ကုသလာ ဓမ္မာ၊ အဓော-အကုသလာ ဓမ္မာ၊ တိရိယဉ္စာပိ မဇ္ဈေ အဗျာကတာ ဓမ္မာ။

တနည်း အရူပဓာတု ကာမဓာတု ရူပဓာတု၊

တနည်း သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခ မသုခဝေဒနာ၊ ဒဲဒီ အထဲက အတိတ် အနာဂတ် ပစ္စုပ္ပန်ကို ပြောကြစို့—

အဓွန့်ခေါ် ကာလ ၃-ပါး။ ။အဓွန့်လို့ ဆိုတာက ဘာကိုခေါ်သလဲ ဆိုတော့ ကာလ။ အနာဂတ်ကာလ အတိတ်ကာလ ပစ္စုပ္ပန်ကာလလို့ ကာလ ၃-ပါးရှိတယ်၊ နော် (မှန်ပါဘုရား)။ အဲဒီ အနာဂတ်ကာလ အတိတ်ကာလ ပစ္စုပ္ပန်ကာလလို့ ကာလ ၃-ပါးမှာရှိတဲ့ တရားပေါ့အပေါ်မှာ အတိတ်မှာဖြစ်တဲ့ တရားတွေအပေါ်မှာဖြစ်စေ၊ အနာဂတ်မှာဖြစ်တဲ့ တရားတွေ အပေါ်မှာဖြစ်စေ၊ ပစ္စုပ္ပန်မှာဖြစ်တဲ့ တရားတွေအပေါ်မှာဖြစ်စေ၊ သမ္မဇာနာသိ။ သမ္မေ သခ်ါရာ အနိစ္စာ၊ သမ္မေ သခ်ါရာ ဒုက္ခာ၊ သမ္မေ ဓမ္မာ အနတ္တာ-လို့ဆိုတဲ့ အနေမျိုးအားဖြင့် အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ တရားလို့ ခွဲခြားပြီးတော့ သိရမယ်တဲ့ မြတ်စွာဘုရားက၊ နော် (မှန်ပါဘုရား)။

အတိတ်ကဖြစ်ခဲ့တဲ့ တရားတွေကို ဘာလို့ သိရမလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဓမ္မ-လို့ သိရမယ်၊ အနာဂတ်မှာဖြစ်လတ္တံ့သော တရားတွေကို ဘာလို့သိရမလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဓမ္မ၊ ဒီလို သိရမယ်၊ ပစ္စုပ္ပန် ခုဖြစ်ဆဲဖြစ်နေတဲ့ တရား တွေကို ဘာလို့သိရမလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ-လို့ ဒီလိုသိရမယ်၊ ဒါ ဝိပဿနာ ရှုကွက်၊ ဟုတ်လား (မှန်ပါဘုရား)။ ဘယ့်နဲ့ရှုရှု ဘယ်နည်းနဲ့ရှုရှု ဝိပဿနာရှုလို့ ဉာဏ်ထဲမှာ ထင်တယ်ဆိုရင် အဲဒီ ဥပါဒ ဝယ အညထတ္တ-ဆိုတဲ့ တရားသုံးပါးဘဲ ထင်လာတယ်၊ ဟုတ်လား (မှန်ပါဘုရား)။

http://www.dhammadownload.com

ဒီတော့ အဲဒီကာလ ခု-ပါးမှာဖြစ်တဲ့ တရားတွေအားပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တ-လို့ ခေါ်တဲ့ လက္ခဏာရေး ခု-ပါးနဲ့ ရှုလို့မြင်လို့ သိရင်တဲ့၊ အဲဒီ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ ခု-ပါးပေါ်မှာဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ်တရားတို့ဟာ နှစ်သက်ခြင်းဆိုတဲ့ တဏှာ၊ စွဲလမ်းခြင်းဆိုတဲ့ ဒိဋ္ဌိ၊ နောင်တဖန် ဘဝသစ်ကိုဖြစ်စေတတ်တဲ့ အဘိသင်္ခါရဝိညာဏ်-လို့ခေါ်တဲ့ ကုသိုလ် စေတနာ အကုသိုလ်စေတနာတို့နှင့် ယှဉ်သော စိတ်လို့ခေါ်တဲ့ အဲဒီ အဘိသင်္ခါရ ဝိညာဏ်စိတ်တွေကို ပယ်နုတ်သွားလိမ့်မယ်၊ ကျတ်သွားလိမ့်မယ်။

ကျတ်သွားလို့ရှိရင် ကမ္မဘဝဆိုတာက ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ။ ဥပပတ္တိဘဝဆိုတာက ပဋိသန္ဓေအခါ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်။ ကမ္မဘဝ ဥပပတ္တိဘဝဆိုတဲ့ အဲဒီ ဘဝနှစ်ပါးမှာ မကျင်လည် ရတော့ဘူး ဘဝမှလွန်မြောက်သွားပြီ။ အဲဒီ ဘဝနှစ်ပါးမှ လွန်မြောက်သွားတာ ကိုဘဲ နိဗ္ဗာန်ရောက်သွားတယ်လို့ ခေါ်တယ် နော် (မှန်ပါဘုရား)။ ဒါ ပါဠိ လျှောက် အဓိပ္ပါယ်ကို ပြောပေးတာ။

အနာဂတ်အဓွန့် ရှင်းချက်။ ။ကဲ အစိတ်အစိတ် အဓိပ္ပါယ်ကိုပြောကြရအောင် ဥဒ္ဒံ-လို့ဆိုတာ အနာဂတဒ္ဓ အင်္ဂကထာကဖွင့်ထားတယ်၊ ဘုန်းကြီးတို့ ပရိသတ်သိပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ကို သင်တန်းတက်ထားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တော့ ပဋိစ္စသမုပ္ပါဒ်မှာ အနာဂတ်အဓွန့်ဆိုတာ ဘာလဲ အနာဂတ် အဓွန့်မှာ ဘာတွေရှိသလဲ(ဇာတိ ဇရာ မရဏ ရှိပါတယ်ဘုရား)။ ဘာရယ် ဘာရယ် (ဇာတိ ဇရာ မရဏပါဘုရား)။ ဇာတိ ဇရာ မရဏ၊ နော်(မှန်ပါဘုရား)။ အဲဒီ ဇာတိနဲ့ ဇရာ မရဏဟာ အနာဂတ်အဓွန့်ကို ပြောတာ၊ ဇာတိဆိုတာ ဖြစ်တယ်၊ ဇရာ မရဏ ဆိုတာ ပျက်တယ်၊ နော် (မှန်ပါဘုရား)။

ဒီတော့ ဇာတိနဲ့ ဇရာ မရဏ ရှိနေရင် ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်ဆိုတဲ့ ဇရာ မရဏ-က ကော ဘာတွေပျက်သလဲ၊ လူတွေဖြစ်တာလား နတ်တွေဖြစ်တာလား သတ္တဝါတွေဖြစ်တာလား၊ အမျိုးသားတွေ အမျိုးသမီးတွေဖြစ်တာလား၊ ငှက်တို့ ပျက်စီးသွားကြတာတွေလား၊ ဘာတွေဖြစ်သလဲလို့ ဆိုတော့ – ဝိညာဏ် နာမ် ရုပ်၊ တနည်းပြောရင် စိတ် စေတသိက် ရုပ်၊ အဲဒါတွေဖြစ်တာ ဝိညာဏ် နာမ် ရုပ် ခေါ်တဲ့ တရားတွေဖြစ်တာ၊ ဝိညာဏ် နာမ် ရုပ်ခေါ်တဲ့ တရားတွေ ပျက်တာ၊ ဇာတိဆိုတာ ဘယ်သူလဲ ဝိညာဏ် နာမ် ရုပ်တို့ရဲ့ ဖြစ်ခြင်း၊ ဇရာ မရဏ ဆိုတာ ဘာလဲ ဝိညာဏ် နာမ် ရုပ်တို့ရဲ့ ရင့်ရော်ခြင်း ပျက်စီးခြင်း သေကြေခြင်း အဲဒါကို ခေါ်တယ်၊ သူ့ကို အနာဂတဒ္ဓ-လို့ ခေါ်တယ်။

အတိတ်အဓွန့် ရှင်းချက်။ ။ပဌမ ရွေးဦးစွာ အတိတ် အနာဂတ် ပစ္စုပ္ပန်။ အဲဒီ အဓွန့်ကလေးကို ပြောရအုံးမယ်၊ ယခုပြော

http://www.dhammadownload.com

ပြီးတာက အနာဂတ် နော် (မှန်ပါဘုရား)။ အတိတ်မှာ ဘာရှိမလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ ဘာတွေ့သလဲ (အဝိဇ္ဇာ သင်္ခါရပါဘုရား)။ အတိတ်က ရှိခဲ့တာတွေတာ လူတွေရှိခဲ့တာလား၊ အဝိဇ္ဇာ သင်္ခါရရှိတာလား (အဝိဇ္ဇာ သင်္ခါရပါဘုရား) မြင်အောင်ကြည့်၊ အဲဒီ အဝိဇ္ဇာ သင်္ခါရရှိခဲ့တော့ အဝိဇ္ဇာ သင်္ခါရသည် အကြောင်းတရားလား အကျိုးတရားလားလို့ ကြည့်။ (အကြောင်းတရားပါဘုရား)။ အတိတ်အကြောင်းတရား ၂-ပါး နော်၊ (မှန်ပါဘုရား)။

အဲဒီ အတိတ် အကြောင်းတရားကို ကြည့်ရင် ၂-ပါးထဲ ရှိတယ်။ ဒါပေမဲ့ ဘုန်းကြီးတို့ ခတ်ငယ်ငယ်ကဆိုတဲ့ သင်္ဂြိဟ်ကျမ်းက အတီတေ ဟေတဝေါ ပဉ္စ-လို့ ဆိုပြီးတော့ အတိတ်ကဖြစ်တာဟာ အတိတ်အကြောင်းက ၅-ပါးလို့ပြောတယ်၊ ဘယ်လောက်လဲ ၅-ပါးပါဘုရား။ အခုဒီ ပဋိစ္စသမုပ္ပါဒ်ထဲမှာက ဘယ်နှစ်ပါးတွေ့သလဲ (၂-ပါးတွေ့ပါတယ်ဘုရား)။ ဘာဖြစ်လို့ ၅-ပါးဖြစ်သလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ အတိတ်အဓွန့်လို့ ခေါ်တဲ့ အတိတ်ကာလလို့ ခေါ်တဲ့ အဝိဇ္ဇာနဲ့ သင်္ခါရကို ကြည့်လိုက်ရင် အဝိဇ္ဇာသည် ဝဋ်သုံးပါးထဲက ဘယ်ဝဋ်ထဲ ပါသလဲဆိုတော့ ကိလေသဝဋ်ထဲမှာ ပါတယ်နော် (မှန်ပါဘုရား)။

တဏှာသည် ဝဋ်သုံးပါးထဲက ဘယ်ဝဋ်ထဲမှာ ပါသလဲ၊ ကိလေသဝဋ်ထဲမှာ ပါတယ်၊ ဥပါဒါန်သည် ဝဋ်သုံးပါးထဲက ဘယ်ဝဋ်ထဲမှာပါသလဲ (ကိလေသဝဋ်ထဲမှာ ပါပါတယ်ဘုရား)၊ ဒီတော့ အဝိဇ္ဇာဆိုတဲ့ ကိလေသဝဋ်တခုကို ယူလိုက်ရင် တဏှာရယ် ဥပါဒါန်ရယ်ဆိုတဲ့ ကိလေသဝဋ် ပါလာသလား ပါမလာဘူးလား (ပါလာပါတယ်ဘုရား)၊ ဒီတော့ အဝိဇ္ဇာကို ဆိုလိုက်သည်နှင့်တပြိုင်နက်ထဲ ဘယ်သူပါလာသလဲ တဏှာရယ် ဥပါဒါန်ရယ် ပါမလာဘူးလား (ပါလာပါတယ်ဘုရား)၊ ဘာဖြစ်လို့ ပါလာသလဲ။ ကိလေသာဆိုတဲ့ ဝဋ်ချင်းသဘောတူလို့ နော် (မှန်ပါဘုရား)။

သင်္ခါရကို ဝဋ်သုံးပါးနှင့် ခွဲလိုက်ရင် သင်္ခါရသည် ကမ္မဝဋ်၊ကမ္မဘဝသည် ဘာတဲ့လဲ (ကမ္မဝဋ်ပါဘုရား)၊ ဒီတော့ သင်္ခါရလို့ ဆိုလိုက်သဖြင့် ကမ္မဘဝခေါ်တဲ့ ကမ္မဝဋ်ကော ပါမလာဘူးလား (ပါလာပါတယ်ဘုရား)၊ ဒီတော့ ဘယ်နှစ်ပါးဖြစ်သွားမလဲ (၎ါးပါးဖြစ်သွားပါတယ်ဘုရား)၊ အတီတေ ဟေတဝေါ ပဉ္စ-ဖြစ်သွားရော၊ အမှန်ကတော့ ပဋိစ္စသမုပ္ပါဒ်မှာ ရှိတာက အတီတေ ဟေတဝေါ ဒွေဝ ဘဲရှိတယ်၊ သူက အဝိဇ္ဇာနဲ့ သင်္ခါရ နော် (မှန်ပါဘုရား)၊ ဒါ အတိတ်၊ အဲဒီ အတိတ်က အဝိဇ္ဇာနဲ့ သင်္ခါရကို ယူလိုက်သဖြင့် တဏှာ ဥပါဒါန် ကမ္မဘဝလို့ဆိုတဲ့ သုံးပါး ပါမလာဘူးလား (ပါလာပါတယ်ဘုရား)၊ အဲဒါ အဝိဇ္ဇာနဲ့ သင်္ခါရ ပေါင်းလိုက်တော့ ၎ါးပါး၊ အဲဒီ-၎ါးပါးသည် အတိတ်က အကြောင်းတရား ၎ါးပါး နော် (မှန်ပါဘုရား)။

http://www.dhammadownload.com

ပစ္စုပ္ပန်အဓွန့်ရှင်းချက်။ ။ဒီဘက်က ပစ္စုပ္ပန်မှာ အကျိုးဘယ်နှစ်ပါးရှိသလဲဆိုတော့ ငါးပါးရှိတယ်၊ ဘယ်သူတွေလဲဆိုတော့ ဝိညာဏ်, နာမ် ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ အကျိုးတရား ၅-ပါး၊ ဒါက ပစ္စုပ္ပန်အကျိုးတရား ၅-ခု၊ အဲဒီ-ပစ္စုပ္ပန်အကျိုးတရား ၅-ခုပေါ်မှာ ဘာရှိနေသလဲဆိုတော့ တဏှာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဥပါဒါန် (ရှိပါတယ်ဘုရား)၊ ကမ္မဘဝ (ရှိပါတယ်ဘုရား)၊ သုံးခု မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ တဏှာရယ် ဥပါဒါန်ရယ် ကမ္မဘဝရယ် ဒီတရားဥ-ခုသည် တဏှာနဲ့ ဥပါဒါန်က ကိလေသဝဋ်ဆိုတော့ အဝိဇ္ဇာထည့်လိုက် နော် (မှန်ပါဘုရား)၊ ကမ္မဘဝက-ကမ္မဝဋ်လို့ဆိုတော့ သင်္ခါရထည့်လိုက်၊ ဒီတော့ ပစ္စုပ္ပန်မှာ အကြောင်းဘယ်နှစ်ခုဖြစ်လာမလဲ (၅-ခုဖြစ်လာပါတယ်ဘုရား)၊ ၅-ခုဖြစ်လာတယ်၊ ဒါ ယခု ပစ္စုပ္ပန်အကြောင်း ၅-ခု။

အဲဒီ ပစ္စုပ္ပန်အကြောင်း ၅-ခုကြောင့် အနာဂတ်မှ အကျိုးဘယ်လောက်ပေါ်လာမလဲ၊ ဇာတိနဲ့ ဇရာမရဏဘဲ ပေါ်တော့မယ်၊ ဇာတိနဲ့ ဇရာမရဏတွေဆိုရင် ဘာရှဲ ဇာတိနဲ့ ဇရာမရဏတွေလဲ ဝိညာဏ်, နာမ် ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာလို့ဆိုတဲ့ ဒီတရားငါးပါးရှဲ ဇာတိနဲ့ ဇရာမရဏ၊ ဒီလိုပြောထားတယ် ပဋိစ္စသမုပ္ပါဒ်က၊ ဒီတော့ ဥဒ္ဓံ အဓော တိရိယဥ္ဇာပိ မဇ္ဈေ-ဆိုတဲ့ တရားသုံးလုံးကို မြတ်စွာဘုရားက ပါဠိတော်မှာ မေတ္တဂူကို ဟောတဲ့ နေရာမှာ ပဋိစ္စသမုပ္ပါဒ် အတိတ်အကျိုး ၅-ပါး၊ ပစ္စုပ္ပန်အကျိုး ၅-ပါး၊ ပစ္စုပ္ပန်အကြောင်း ၅-ပါး၊ အနာဂတ် အကျိုး ၅-ပါး၊ ပေါင်း ၂၀-မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

သတိဖြင့်ဖော် ပညာဖြင့်ရှုရန်။ ။ကိုင်း ဒီ ၂၀-တော့ တွေ့ပြီ၊ မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်ဟောစဉ်အတိုင်း ဘုန်းကြီးတို့ ဟောပေးနေပါတယ်၊ ရှေးဦးစွာ မြတ်စွာဘုရားဟောလိုက်တော့ ဘာကိုဟောလိုက်သလဲဆိုတော့ ဥဒ္ဓံ။ ဥဒ္ဓံ ဆိုတာ ဘာလဲ အနာဂတ်၊အနာဂတ်မှာ ဘာရှိသလဲ ဇာတိ, ဇရာမရဏ၊ အဲဒီ-ဇာတိနဲ့ ဇရာမရဏရှိတော့ ဒီ-ဇာတိနဲ့ ဇရာမရဏကို ဘာလုပ်ရမလဲ ဘုန်းကြီးတို့ပရိသတ်၊ ဇာတိနဲ့ ဇရာမရဏကို သတိဖြင့် ထင်ရှားပေါ်လွင်အောင် လုပ်ရမယ်၊ ဇာတိနဲ့ ဇရာမရဏကို ဘာလုပ်ရမလဲ (သတိဖြင့် ပေါ်လွင်ထင်ရှားအောင် လုပ်ရပါမယ်ဘုရား)၊ သတိဖြင့် ထင်ရှားအောင် လုပ်ပြီးတော့ ဘာလုပ်ရမလဲ၊ ဝိပဿနာညာဏ်ဖြင့် ဓမ္မဝိစယ သမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ ပညာဖြင့် ရှုရမယ်။

ဒီတော့ ရှုတဲ့အခါ ဘာတွေ့ရမလဲ ဇာတိနဲ့ ဇရာမရဏကို တွေ့ရမယ်၊ ဇာတိနဲ့ ဇရာမရဏတွေ့ရင် အကြောင်းကို တွေ့မယ်၊ ဇာတိဇရာမရဏကို တွေ့ရင် ချုပ်ရာကို တွေ့မယ်၊ ဇာတိ ဇရာမရဏတို့ရှဲ ချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်အကျင့်မြတ်ကို တွေ့မယ်၊ ဘယ်နှစ်ခုတွေ့မလဲ ဇာတိနဲ့ ဇရာမရဏကို တွေ့မယ်၊ ဇာတိဇရာမရဏတို့ရှဲ ဖြစ်ကြောင်းကို တွေ့မယ်၊ ဇာတိနဲ့ ဇရာမရဏတို့၏ ချုပ်ရာကို

http://www.dhammadownload.com

တွေ့မယ်၊ ဇာတိဇရာမရဏတို့၏ ချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို တွေ့မယ်၊ ဘယ်နှစ်ခုလဲ (၄-ခုပါဘုရား)၊ ၄-မျိုးကို တွေ့ရင် ဒီ-ပုဂ္ဂိုလ် ရဟန္တာ ဖြစ်မယ်၊ မြတ်စွာဘုရားက ဒီလိုဟောတယ်။

အဲဒါကို ဘယ်ကနေ ကူးပြီးတော့ ဟောပေးရမလဲဆိုတော့ မူလပဏ္ဏာသ ပါဠိတော်မှာ သမ္မာဒိဋ္ဌိသုတ္တန်ဆိုတာ ရှိတယ်၊ အဲဒီ-သမ္မာဒိဋ္ဌိသုတ္တန် နှာ-၆၀-၆၉ ထဲက ပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်လို့ ဟောထားတာရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်မှ လာတဲ့ ဇာတိနဲ့ ဇရာမရဏကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ ဝိပဿနာရှုရမယ်ဆိုတော့ ရှေးဦးစွာ ဝိပဿနာမရှုခင် ဒီ-ဇာတိနဲ့ ဇရာမရဏ မိမိရဲ့ အသိဉာဏ်ထဲ ထင်ရှားပေါ် လွင်လာအောင် လုပ်ရမယ်။ ဘယ်သူက လုပ်ပေးရမလဲ (သတိက လုပ်ပေးရပါမယ်ဘုရား)၊ အဲဒီ-သတိက ဘာလဲလို့ဆိုတော့ ကာယာနုပဿနာသတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ ဝေဒနာနုပဿနာ သတိ-ပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ ဓမ္မာနုပဿနာသတိ-ပဋ္ဌာန်ဘဲ ဖြစ်ဖြစ်၊ အဲဒီ-သတိပဋ္ဌာန် (၄) မျိုးထဲက တမျိုးမျိုးသော သတိ-ပဋ္ဌာန်ကို ထူထောင်ရမယ်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် ထူထောင်နည်း။ တမျိုးမျိုးသော သတိပဋ္ဌာန်ကို ထူထောင်တယ်ဆိုတော့ ဘုန်းကြီးတို့ ဟောပေးနေကျ ဖြစ်တဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ထူထောင်မယ်ဆိုရင် ဘယ်လိုထူထောင်ရမလဲ နှာခေါင်းထဲက ထွက်တဲ့လေ၊ နှာခေါင်းထဲက ဝင်တဲ့လေကို ရှုပ်လို့သိတယ်၊ ဘာတဲ့လဲ (ရှုပါဘုရား)၊ မြင်မှု နံမှု ကြားမှု ဟူသမျှတွေကို လာပြီးထိတာမှန်သမျှတွေကို ဘာလို့သိသလဲ (ရှုပ်လို့ သိရပါမယ် ဘုရား)၊ ဣရိယာပထနဲ့ ပတ်သက်လို့ သွားတာကို (ရှုပ်လို့ သိရပါမယ်ဘုရား)၊ ထိုင်တော့ (ရှုပါဘုရား)၊ အိပ်တော့ (ရှုပါ ဘုရား)၊ မတ်တတ်ရပ်တော့ကော (ရှုပါ ဘုရား)၊ ကွေးတာ၊ ဆန့်တာ (ရှုပါဘုရား)၊ ဟုတ်လား (မှန်ပါ ဘုရား)၊ အဲဒီ ရှုပ်တရားတွေကိုရှုဘို့ မြတ်စွာဘုရားက ပါဠိတော်မှာ ပြထားတယ်။

တဒေကင္ဂ် အဘိသည္ဟိတ္တာ အဘိသခ်ိပိတ္တာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။ သူ့ကို ရှုပ်လို့သိတယ်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်က။ ခုနး ဘယ်နဲ့ပြောသလဲ– အာသဝက္ခယဉာဏ်ရဖို့ သမာဓိထူထောင်တဲ့နေရာမှာ "ဣတိ ရူပံ" ဣတိ၊ ဤသဘောတရားသည်။ ရူပံ၊ ရုပ်တရားဘဲ၊ ဘာတရားတုန်း (ရုပ်တရားပါဘုရား)၊ မျက်လုံးတို့ နားတို့ နှာခေါင်းတို့ ဆိုတာ ဘာတရားတုန်း (ရုပ်တရားပါဘုရား)၊ လက်တွေ ခြေထောက်တွေ ဆိုတာ ဘာတရားတွေလဲ (ရုပ်တရားပါဘုရား)၊ အူတွေ အသည်းတွေ နှလုံး ကျောက်ကပ်တွေကော (ရုပ်တရားပါဘုရား)၊ ခန္ဓာကိုယ်တကိုယ်လုံးမှာရှိနေတဲ့ မျက်လုံးနဲ့ မြင်ရတဲ့ အရုပ်ဟူသရွေ့ ဘာတရားတွေလဲ

http://www.dhammadownload.com

(ရုပ်တရားတွေပါဘုရား)၊ဘုန်းကြီးတို့ပရိသတ် ရုပ်တရားလို့ သိရမှာလား–သတ္တဝါလို့ သိရမှာလား (ရုပ်တရားလို့သိရပါမယ်ဘုရား)။

ရုပ်တရားကို သတိဖြင့် ထူထောင်ပုံ။ ။ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို အဲသလို ရုပ်တရားတွေဘဲလို့ မိမိဉာဏ်ထဲမှာ ထင်ရှားလာအောင် သတိဖြင့် ထူထောင်ပေးတာကို ဓမ္မာနုပဿနာသတိပဋ္ဌာန် ထူထောင်တယ်လို့ ခေါ်တယ်၊ လောက အခေါ်အဝေါ် ခေါ်ဝေါ် သုံးစွဲနေကြတဲ့ အသုံးအနှုန်း အခေါ်အဝေါ်မျိုး မဟုတ်ဘဲနဲ့ မိမိရဲ့ရှုကွက် ဉာဏ်ထဲမှာဘဲ ဖောက်ပြန်နေတဲ့ သဘောတရား တွေ့ပါလား၊ ပြောင်းရွှေ့ လှုပ်ရှားနေတဲ့ သဘောတရားတွေ့ပါကလား သိတတ်တဲ့သဘောတရားမရှိတဲ့ ဖောက်ပြန်ပြောင်းလဲမှုတွေ့ ဉာဏ်ထဲမှာ ထင်ရှားလာရင် ဒါ ရုပ်တရား ထင်ရှားလာတယ် နော် (မှန်ပါဘုရား)။

ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။ ဣတိ၊ ဣမေ သဘောတရားကား။ ရူပဿ၊ ရုပ်တရား၏။ သမုဒယော၊ ဖြစ်ခြင်း ပေတည်း– ဇာတိ။ ဣတိ၊ ဣမေသည်ကား။ ရူပဿ၊ ရုပ်တရား၏။ အတ္ထင်္ဂမော၊ ချုပ်ဆုံးကွယ်ပျောက်ခြင်းပေတည်း– ဇရာ-မရဏ။ ပေါ်ပလား(မှန်ပါဘုရား)၊ ရှုကွက် ပေါ်ပလား ဘုန်ကြီးတို့ ပရိသတ် (မှန်ပါဘုရား)၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် ထူထောင်လိုက်။ အဲဒီလို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် သတိထူထောင်ပြီးလို့ ဒီ ဇာတိ ဇရာမရဏ ပေါ်လာရင် သတိ– ထူထောင်လိုက်တော့။ ထူထောင်လိုက်တော့ သတိက ဘာလုပ်ပေးသလဲ (အာရုံကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးပါတယ်ဘုရား)၊ ဘယ် အာရုံကို ထင်ရှားပေါ်လွင်အောင် လုပ်ပေးသလဲ ဆိုတော့ ဇာတိ ဇရာ မရဏ ဆိုတဲ့ အာရုံတခု ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးတယ်၊ ဇာတိနဲ့ ဇရာမရဏကို သမ္မဇညလို့ ခေါ်တဲ့ ပညာနဲ့ ရှုလိုက်တော့ ဘာတွေ့သလဲ။

ပညာဖြင့် ရှုသည့်အခါ တွေ့ရသော တရား ၄-မျိုး ဇာတိ ဇရာ မရဏကို တွေ့တယ်၊ ဇာတိ ဇရာ မရဏတို့ရဲ့ဖြစ်ခြင်းနှင့် ဖြစ်ကြောင်းတရားကို တွေ့တယ်၊ ဇာတိဇရာမရဏ တို့ရဲ့ ချုပ်ရာကို တွေ့တယ်၊ ဇာတိ ဇရာ မရဏ တို့ရဲ့ ချုပ်ကြောင်းတရားကို တွေ့တယ်၊ ဘယ်နှစ်မျိုး တွေ့သလဲ (၄-မျိုး တွေ့ပါတယ်ဘုရား)၊ ပညာနဲ့ရှုလိုက်တော့ အဲသလို တွေ့ရင် ဒီ ပုဂ္ဂိုလ် ဘယ်လို ပုဂ္ဂိုလ်လဲ (ရဟန္တာပါဘုရား)၊ ပါဠိတော်က ပြောမှယ်။

ယတော ခေါ အာဝုသော အရိယသာဝကော ဇာတိဉ္စ ပဇာနာတိ၊ ဇာတိသမုဒယဉ္စ ပဇာနာတိ၊ ဇာတိနိရောဓဉ္စ ပဇာနာတိ၊ ဇာတိနိရောဓ-

http://www.dhammadownload.com

ဂါမိနိ ပဋိပဒဉ္စ ပဇာနာတိ။တွော၁ဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုဂတာသာ ဒိဋ္ဌိ၊ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော အာဂတော ဣမံ သဒ္ဓမ္မံ။

အာဝုသော၊ ငါ့ရှင်တို့။ ဣမ၊ ဤသာသနာတော်၌။ ယတော၊ အကြင့်ကြောင့်။ အရိယသာဝကော၊ အရိယာတို့၏ တပည့်သားဖြစ်တဲ့ (ခုနက) ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ထူထောင်ပွါးများအားထုတ်သော အမျိုးကောင်းသား အမျိုးကောင်းသို့သည်။ ဇာတိဉ္စ၊ ဇာတိသဘောတရားကိုငင်း၊ ဇာဘိသမုဒယဉ္စ၊ ဇာတိဖြစ်ကြောင်း သဘောတရားကိုငင်း။ ဇာတိနိရောဓဉ္စ၊ ဇာတိချုပ်ရာ သဘောတရားကိုငင်း။ ဇာတိနိရောဓဂါမိနိပဋိပဒဉ္စ၊ ဇာတိချုပ်ရာသို့ ရောက်ကြောင်း ဖြစ်သော ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ကိုငင်း။ ပဇာနာတိ၊ ခဲ့ခြင်းရှိ သိ၏၊ (ဘာဖြစ်လို့ သိလဲ သတိဖြင့် ထင်ရှားအောင် လုပ်ပြီးတော့ ပညာနဲ့ရှုနေလို့)။ အာဝုသော၊ ငါ့ရှင်တို့။ အရိယသာဝကော၊ အရိယာသာဝကသည်။ သမ္မာဒိဋ္ဌိ၊ မှန်သောဉာဏ်အမြင်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်ပေတော့၏၊ (အမြင်မှန်သွားပြီတဲ့ သူ)၊ အဿ၊ ထို အရိယာသာဝက၏။ ဒိဋ္ဌိ အယူသည်။ ဥဇုဂတာ၊ နိဗ္ဗာန်တိုင်ရောက်အောင် ဖြောင့်မတ်တဲ့ သဘောသို့ ရောက်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၊ အာဂတော ဣမံ သဒ္ဓမ္မံ။ ဓမ္မေ၊ ငါဘုရားဟောကြားတော်မူသော နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားတော်၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်ရှိယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော၊ ပြည့်စုံ၍ နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။ဣမံ သဒ္ဓမ္မံ၊ ဤ သူတော်ကောင်းတရားဖြစ်သော နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်သို့။ အာဂတော၊ ကောင်းစွာသက်ဝင် ရောက်ရှိ၍လာသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။ အဲဒီ ပုဂ္ဂိုလ် ဘာဖြစ်သွားသလဲဆိုတော့ သမ္မာဒိဋ္ဌိ အမြင်မှန်ရတဲ့ ပုဂ္ဂိုလ်ဖြစ်သွားပြီ။

ဇာတိမည်ပုံ။ ။ကတမာ ပနာဝုသော ဇာတိ။ ဇာတိ သိတယ်ဆိုတာ ဇာတိဆိုတာ ဘာလဲ အာဝုသော၊ ငါ့ရှင်တို့။ ဇာတိ၊ ဇာတိသည်။ ကတမာ၊ အဘယ်နည်း။ ဇာတိဆိုတာ ဘာလဲဆိုတော့ (အဓိဝမ်းတွင်း ပဋိသန္ဓေ နေတာလား)။

ယာ တေသံ တေသံ သတ္တာနံ တမ္ဟိ တမ္ဟိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတာဝုသော ဇာတိ။

http://www.dhammadownload.com

တေသံ တေသံ သတ္တာနံ၊ ထိုထိုသော သတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာ-ယေ၊ ထိုထိုသော သတ္တဝါ အပေါင်း၌။ ယာ ဇာတိ၊ အကြင်ဖြစ်ခြင်းသည်။ ယာ သဉ္ဇာတိ၊အကြင် ကောင်းစွာ ဖြစ်ပေါ်ခြင်းသည်။ ယာ ဇာတိ၊အာယတန တွေ့ မပြည့်စုံသော ဖြစ်ခြင်းသည်။ ယာ သဉ္ဇာတိ၊ အာယတနတွေ့ ပြည့်စုံစွာ ဖြစ်ပေါ်ခြင်းသည်။ သြက္ကန္တိ၊ အမိဝမ်းတွင်းသို့ သက်ဝင်သကဲ့သို့ နေခြင်းသည်။ အဘိနိဗ္ဗတ္တိ၊ အမိဝမ်းတွင်းသို့ ရှေ့ရှုဆောင်ခြင်းသည်။ ခန္ဓာနံ၊ ခန္ဓာအပေါင်း တို့၏။ (ဝါ) ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာ-ဏက္ခန္ဓာတို့၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ပေါ်၍ လာခြင်းသည်။ အာယ-တနာနံ၊ အာယတနတို့၏။ ပဋိလာဘော၊ ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ အလုံးစုံကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။

ဇာတိဆိုတာဟာတဲ့ နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲ ဝင်တဲ့လေ ဖြစ်လာတာကို ဇာတိလို့ ခေါ်ပါတယ်တဲ့။ နှာခေါင်းထဲက ထွက်တဲ့လေ၊ နှာခေါင်း ထဲ ဝင်တဲ့လေကို သိနေတဲ့ ဝိညာဏက္ခန္ဓာ ဖြစ်တာကို ဇာတိလို့ ခေါ်ပါတယ်၊ အာယတနတွေကို ရလာတာ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ် ဖြစ်လာ တာကို ဘာလို့ခေါ်သလဲ (ဇာတိလို့ ခေါ်ပါတယ်ဘုရား)၊ အဲသလို ဖြစ်လာ တာကိုသိရင် ဇာတိကို သိတာဘဲ၊ ဒါ ဇာတိ။

ဇာတိဖြစ်ခြင်းသဘော။ ။ကတမော ဇာတိသမုဒယော၊ ဇာတိသမုဒယော၊ ဇာတိ၏ဖြစ်ခြင်း သဘောတရားသည်။ ကတမော၊ အဘယ်နည်း။ အဲဒီ ဇာတိဟာ ဒုက္ခလား သုခလား ဘုန်းကြီးတို့ ပရိသတ် (ဒုက္ခပါဘုရား)၊ ပါဠိတော်က ဘယ်နဲ့ဟောထားတုန်း ဇာတိပိ ဒုက္ခာ။ ဇာတိပိ၊ ဇာတိဆိုတဲ့ သဘောတရားသည်လည်း။ ဒုက္ခာ၊ ဆင်းရဲတဲ့ တရားအမှန် ဖြစ်၏။ ဆင်းရဲတယ်တဲ့၊ ဆင်းရဲတယ်လို့ဆိုတဲ့ ဘာသာပြန်ကတမျိုး၊ အဲဒီ ဇာတိသဘော တရားဟာ ရူပ်တရားတွေ ဖြစ်လာပြီဆိုရင် ဖြစ်ပြီးတာနဲ့ သူဘယ်ရောက်သလဲ (ပျောက်သွားပါတယ်ဘုရား)၊ ရပ်နေသလား (ရပ်မနေပါဘုရား)၊ ဒီတော့ ဖြစ်တဲ့ အခိုက်အတန့်ကလေးကို သုံးချင်ပါတယ်ဆိုရင် သုံးလို့ရပါ့မလား (မရပါ ဘုရား)၊ သုံးလို့မရတာကို အလိုရှိအပ်သလား အလိုမရှိအပ်ဘူးလား (အလို မရှိအပ်ပါဘုရား)။

အဲဒီဖြစ်တဲ့ အခိုက်အတန့်ကလေးကို သုံးဘို့မရတဲ့အတွက် အလိုမရှိအပ်သော သဘောသတ္တိရှိပါသောကြောင့် ဇာတိကို ဒုက္ခလို့ ခေါ်တယ်။ အဲဒီ ဒုက္ခကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသို့များ မြင်အောင်ကြည့်ရ မယ်၊ နှာခေါင်းထဲက ထွက်တဲ့လေတွေ တချက်ဖြစ်လာရင် ဒါ-ဒုက္ခတချက်ပါ လားလို့ သိအောင် ရှုရမှယ်၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

http://www.dhammadownload.com

ဇာတိဉ္စ ပဇာနာတိ ဆိုတာ ဇာတိရဲ့ ဒုက္ခသစ္စာ အချက်ကို မြင်စေလိုတယ်-တဲ့ မြတ်စွာဘုရားက ဇာတိသမုဒယံ ပဇာနာတိ။ ဇာတိသမုဒယံ၊ ဇာတိဖြစ်ခြင်းရဲ့ အကြောင်းတရားကို။ပဇာနာတိ ခွဲခြားရှိသိ၏။ ဇာတိဖြစ်ခြင်းရဲ့ အကြောင်းဟာ ဘယ်သူလဲ၊ ဇာတိလို့ခေါ်တဲ့ ဒုက္ခသစ္စာဖြစ်ခြင်းရဲ့ အကြောင်းဟာ ဘယ်သူလဲ၊ ဘဝပစ္စယာ ဇာတိလို့ဆိုသည်ဖြစ်သောကြောင့် ဘဝနော်(မှန်ပါဘုရား)၊ ဘဝသမုဒယာ ဇာတိသမုဒယော။ ဘဝသမုဒယာ၊ ကမ္မဘဝ, ဥပပတ္တိဘဝတို့၏ ဖြစ်ခြင်းကြောင့်။ ဇာတိသမုဒယော၊ ဝိညာဏ်နာမ်ရုပ် တို့၏ ဖြစ်ခြင်းသဘောတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်ရှိလာတော့၏။

ဇာတိချုပ်ရာကိုသိပုံ။ ။ဘဝဖြစ်ခြင်းကြောင့် ဇာတိ၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိဖြစ်ခြင်း အကြောင်းတရားက သမုဒယသစ္စာ၊ ဇာတိက ဒုက္ခသစ္စာနော် (မှန်ပါဘုရား)၊ ဘဝနိရောဓာ၊ ဘဝချုပ်ခြင်းကြောင့် ကံနဲ့ ကမ္မဘဝချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိဆိုတဲ့ ခန္ဓာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒါ နိရောဓသစ္စာ။

> အယမေဝ အရိယော အင္ဂီကော မဂ္ဂေါ ဇာတိ နိရောဓဂါမိနီ ပဋိပဒါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဇာတိချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်။ ။ဇာတိရဲ့ ချုပ်ကြောင်းဖြစ်သော ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်သည်ကား မဂ္ဂင် ၈-ပါး တည်းဟူသော အကျင့်တရားပင်တည်း။ ဒါ မဂ္ဂသစ္စာ။ အဲ အခုပြောခဲ့တဲ့အတိုင်း ဇာတိ=ဒုက္ခသစ္စာ၊ ဇာတိသမုဒယ=သမုဒယသစ္စာ၊ ဇာတိနိရောဓ=နိရောဓသစ္စာ၊ ဇာတိနိရောဓဂါမိနီပဋိပဒါ=မဂ္ဂသစ္စာ-လို့ခေါ်တဲ့ အဲဒီ သစ္စာ ၄-ပါးကို သိရင်တဲ့ သမ္မာဒိဋ္ဌိသုတ္တန်မှာ ရှင်သာရိပုတ္တရာက—

> ယတော ခေါ အာဝုသော အရိယသာဝကော ဧဝံ ဇာတိံ ပဇာနာတိ၊ ဧဝံ ဇာတိသမုဒယံ ပဇာနာတိ၊ ဧဝံ ဇာတိနိရောဓံ ပဇာနာတိ၊ ဧဝံ ဇာတိနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ၊ သော သဗ္ဗသော ထုဂါနုသယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနောဒေတ္ဝာ အသ္မီတိ ဒိဋ္ဌိ မာနာနုသယံ သမူဟနိတ္ဝာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတ္ဝာ ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

အာဝုသော၊ ငါ့ရှင်တို့။ ယတော၊ အကြောင့်ကြောင့်။ သော အရိယသာဝကော၊ ထိုအရိယာသာဝကသည်။ ဧဝံ၊ ဤသို့ ဟောကြားပြီးခဲ့တဲ့အတိုင်း။ ဇာတိံ၊ ဇာတိကို။ ပဇာနာတိ၊ ခွဲခြားရှု သိ၏။ ဧဝံ၊ ဤသို့ ဟောကြားပြီးသည့်

http://www.dhammadownload.com

အတိုင်း။ ဇာတိသမုဒယံ၊ ဇာတိ၏ဖြစ်ကြောင်း သမုဒယသစ္စာကို။ ပဇာနာတိ၊ ခွဲခြားသိ၏။ ဧဝံ၊ ဤသို့ ဟောကြားပြီးခဲ့သည့်အတိုင်း။ ဇာတိနိရောဓံ၊ ဇာတိ၏ချုပ်ရာဖြစ်သော နိရောဓသစ္စာကို။ ပဇာနာတိ၊ ခွဲခြားသိ၏။ ဧဝံ၊ ဤသို့ ဟောကြားပြီးခဲ့သည့်အတိုင်း။ ဇာတိနိရောဓဂါမိနိပဋိပဒံ၊ ဇာတိ၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာကို။ပဇာနာတိ၊ ခွဲခြားသိ၏။

သော၊ သစ္စာ ၄-ပါးကို သိသော ထိုအရိယာသာဝကသည်။ ရာဂါနုသယံ၊ ရာဂါနုသယကို။ ပဟာယ၊ ပယ်စွန့်နိုင်၍။ ပဋိဃာနုသယံ၊ ပဋိဃာနုသယကို။ ပဋိဝိနောဒေတွာ၊ ပယ်ဖျောက်ပြီး၍။ (အနာဂါမ်ဖြစ်ပြီတဲ့၊ အဲဒီအခါမှာ)အသ္မိတိ ဒိဋ္ဌိမာနာနုသယံ၊ ငါလို့ ထောင်လွှားခဲ့တဲ့ ဒိဋ္ဌိနဲ့တူသော မာနာနုသယကို။ သမူဟနိတွာ၊ ပယ်နုတ်နိုင်သည်ဖြစ်၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဟာယ၊ ပယ်၍။ ဝိဇ္ဇံ၊ ဝိဇ္ဇာဉာဏ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ (ဘယ်နှဲ့ဖြစ်သွားလဲ) ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်သောဘဝ၌သာလျှင်။ ဒုက္ခဿ၊ ဆင်းရဲအား၊ လုံး၏။အန္တကရော၊ အဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကို အာရုံပြုနိုင်သည်။ ဟောတိ၊ ကောင်းစွာ မသွေ ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု။

ဇာတိမြင်က ဇရာမရဏကိုလည်း မြင်လာပုံ။ ။အနာဂတော အဒ္ဓါလို့ခေါ်တဲ့ ဇာတိကို ဒီလို ဝိပဿနာ ရှုပစ်ရ မယ်တဲ့၊ ဇရာမရဏလဲ ထို့အတူဘဲ၊ ဝိပဿနာရှုပစ်ရမယ်။ ပါဠိတော်ဟောစဉ် ဒီအတိုင်းဘဲ ဟောသွားတယ်။ ဇရာမရဏလဲ ဒီအတိုင်းဘဲ ဟောသွားတယ်။ ဇရာမရဏကို သိရမယ်၊ ဇရာမရဏ ဖြစ်ခြင်းအကြောင်းကို သိရမယ်၊ ဇရာမရဏ ချုပ်ခြင်းကို သိရမယ်၊ ဇရာမရဏချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ်ကို သိရမယ်။ သိရင် သူ့အနာဂါမ်နဲ့ ရဟန္တာတမျိုးမျိုး ဖြစ်မယ်တဲ့ မြတ်စွာဘုရားက။ ဒါ အနာဂတ် အဓွန့်ကိုသိတာ။

ကိုင်း-ရှိပေစေတော့ အနာဂတ် အဓွန့်ကို မသိလို့ လွှန်သွားပြီဆိုပါတော့၊ အတိတ်က အဓွန့်ကို ပြန်ကြည့် အဝိဇ္ဇာ သခ်ါရ၊ အဝိဇ္ဇာကို သိရမယ်၊ အဝိဇ္ဇာ ဖြစ်ကြောင်းတရားကို သိရမယ်၊ အဝိဇ္ဇာချုပ်ခြင်းကို သိရမယ်၊ အဝိဇ္ဇာချုပ် ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို သိရမယ်၊ အဝိဇ္ဇာဆိုတာ ဘာလဲ–

ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

သစ္စာ ၄-ပါးတရားကို မသိတာ ဘာတဲ့လဲ(အဝိဇ္ဇာပါဘုရား)၊ အဲဒီ အဝိဇ္ဇာ ဘယ်သူ့ကြောင့်ဖြစ်သလဲ အာသဝကြောင့် ဖြစ်တယ်-နော်၊ ဒါဖြင့် အဲဒီ အဝိဇ္ဇာ

http://www.dhammadownload.com

ဖြစ်တယ်ဆိုတာ ဒုက္ခဖြစ်တာလား သုခဖြစ်တာလား (ဒုက္ခဖြစ်တာပါဘုရား)၊ သစ္စာ ၄-ပါးကို မသိမှုအဝိဇ္ဇာဆိုတဲ့ တရားတလုံးဖြစ်လာတယ်ဆိုတာ ဒုက္ခလား သုခလား၊ (ဒုက္ခပါဘုရား)။

ဘာဖြစ်လို့ ဖြစ်တာကို ဒုက္ခလို့ ခေါ်ရသလဲ၊ ဖြစ်ရင်ပျက်တဲ့သဘော ရှိတယ်၊ အဲသလို ဖြစ်တဲ့သဘော ပျက်တဲ့သဘောတို့ နှိပ်စက်ခြင်းခံနေရသည် ဖြစ်သောကြောင့် အဝိဇ္ဇာသည် ဒုက္ခသစ္စာတရား၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ နှိပ်စက်ခြင်းကို ခံနေရတာ ဘယ်သူ ခံနေရသလဲ ဘုန်းကြီးတို့ ပရိသတ် ခံနေရသလား၊ အဝိဇ္ဇာ ခံနေရသလား (အဝိဇ္ဇာ ခံနေရပါတယ်ဘုရား)၊ ဒါကြောင့်-ဒုက္ခသစ္စာနှိပ်စက်တဲ့ တရားသည် ဘုန်းကြီးတို့ ပရိသတ် မဟုတ်ဘူး၊ အဝိဇ္ဇာသာ ဒုက္ခသစ္စာထိုက်တာ။

အဝိဇ္ဇာသည် ဒုက္ခသစ္စာထိုက်ပုံ။ ။ဘာဖြစ်လို့ အဝိဇ္ဇာ ဒုက္ခသစ္စာ ဖြစ်သလဲ ဆိုတော့ အဝိဇ္ဇာသည် ဖြစ်ခြင်း ပျက်ခြင်း တရား ၂-ပါးတို့ရဲ့ နှိပ်စက်ခြင်းကို ခံနေရသည်ဖြစ်သောကြောင့် အဝိဇ္ဇာသည် ဒုက္ခသစ္စာ၊ ဒါဖြင့် အဲဒီ အဝိဇ္ဇာ ဘယ်သူ့ကြောင့်ဖြစ်သလဲ၊ အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယောတိ၊ အာသဝကြောင့်ဖြစ်တယ်၊ တနည်းပြောရင် အယောနိသောမနသိကာရလို့ ခေါ်တဲ့ မသင့်မတင့် နှလုံးသွင်းသောကြောင့် အဲဒီ အဝိဇ္ဇာ ဖြစ်တယ်၊ အယောနိသောမနသိကာရကြောင့်။

အယောနိသော မနသိကာရဆိုတာ ဘာလဲ (မသင့်မတင့် နှလုံးသွင်းတာပါဘုရား)၊ မသင့်မတင့် နှလုံးသွင်းတယ်ဆိုတာ ဘယ်လို နှလုံးသွင်းသလဲဆိုတော့၊ ဘုန်းကြီးတို့ပရိသတ် နှလုံးသွင်းထားတာက ရှိသရွေ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို မြဲတယ်လို့ နှလုံးသွင်းထားတယ်၊ သက်သာခွင့်ရတယ်လို့ နှလုံးသွင်းထားတယ်၊ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီလို မမြဲတဲ့ ဆင်းရဲတဲ့ ခန္ဓာငါးပါးတွေကို ချမ်းသာတယ် မြဲတယ်လို့ နှလုံးသွင်းခြင်းသည် မသင့်သောအားဖြင့် နှလုံးသွင်းခြင်းဘဲ-နော် (မှန်ပါဘုရား)၊အဲသလို နှလုံးသွင်းလိုက်ရင် ယောနိသော မနသိကာရလား၊ အယောနိသော မနသိကာရလား (အယောနိသော မနသိကာရပါဘုရား)။

အယောနိသော၊ မဟုတ်သော မမှန်သော အကြောင်းကို။ မနသိကရောတိ၊ စိတ်ထဲမှာနှလုံးသွင်းပြီးတော့ယူပိုက်ထားတယ်၊ စွဲယူသိမ်းပိုက်ပြီးတော့ ထား၏။ အဲဒီ အယောနိသော မနသိကာရသည် အဝိဇ္ဇာဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲတဲ့။ အာသဝသည် အဝိဇ္ဇာဖြစ်ခြင်းရဲ့ အကြောင်းတရား၊ ဒီတော့ အယောနိသော မနသိကာရနဲ့ အာသဝသည် သမုဒယသစ္စာ၊ အဝိဇ္ဇာသည် ဒုက္ခသစ္စာ၊ ယောနိသော မနသိကာရနဲ့ အာသဝတို့၏ ချုပ်ခြင်းသည် အဝိဇ္ဇာ လာအုံးမလား (မလာပါဘုရား)။ ဒါ အဝိဇ္ဇာနိရောဓော။ ဒါဖြင့် အဲဒီ အာသဝတွေနဲ့

http://www.dhammadownload.com

အယောနိသော မနသိကာရတွေချုပ်အောင် ဘာကျင့်ရမလဲဆိုတော့ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်(၈)ပါးကို ကျင့်ပါတဲ့၊ မဂ္ဂသစ္စာ။ အဲဒီလို သစ္စာ ၄-ပါးကို သိရင် ထိုပုဂ္ဂိုလ်ဘာဖြစ်မလဲ အနာဂါမ်သော်၎င်း ရဟန္တာသော်၎င်း ဖြစ်မယ်တဲ့။

အဝိဇ္ဇာနှင့်သင်္ခါရ မတွဲမိရန် တိုက်တွန်းချက်

အဝိဇ္ဇာကဘဲ စပြီးတော့ ရှုရမယ်၊ အဝိဇ္ဇာကနေ သင်္ခါရရောက်အောင် အတွဲမခံနှင့် ဘုန်းကြီးတို့ ပရိသတ်၊ အဝိဇ္ဇာက လွန်သွားပါပြီ ဆိုပါတော့ သင်္ခါရဖြစ်လာတယ်။ သင်္ခါရဆိုတာ ဘာလဲလို့ဆိုတော့ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရလို့ အဲဒီပါဠိတော်က ပြတယ်။ ဒီတော့ အဋ္ဌကထာဆရာကြီးက ဘယ်နဲ့ ပြောထားသလဲဆိုတော့ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရတွေကို ကိုယ်အမူအရာနဲ့ ဖြစ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ၊ စိတ်အမူအရာနဲ့ ဖြစ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ၊ နှုတ်အမူအရာနဲ့ဖြစ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေကို ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရလို့ ခေါ်တယ်။ အဲဒီ သင်္ခါရတွေ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)။

ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ် ဒုက္ခလား သုခလား(ဒုက္ခပါဘုရား)၊ ဘာဖြစ်လို့ ဒုက္ခလဲ ဖြစ်ပြီး ပျက်တာကို ကုသိုလ် အကုသိုလ်တို့က ခံမနေရ ဘူးလား (ခံနေရပါတယ်ဘုရား)။ ဖြစ်ခြင်း ပျက်ခြင်း ဒုက္ခကို ခံနေရတာဟာ ဘုန်းကြီးတို့ပရိသတ် ခံနေရသလား၊ ကုသိုလ် အကုသိုလ်က ခံနေရသလား (ကုသိုလ် အကုသိုလ်က ခံနေရပါတယ်ဘုရား)။ အဲဒီ ကုသိုလ် အကုသိုလ်တွေကို ဘာလို့ ခေါ်သလဲဆိုတော့ အဘိသင်္ခါရဝိညာဏ်လို့ ခေါ်တယ်။ ဘာဖြစ်လို့ ဘယ်သူနဲ့ တွဲသလဲဆိုတော့ ခုန အဝိဇ္ဇာရယ် တဏှာရယ် ဥပါဒါန်ရယ် ဆိုတဲ့ အဲဒီ ကိလေသာဝဋ္ဋ ၃-ခုနဲ့ တွဲလိုက်ရင် အဘိသင်္ခါရဝိညာဏ် ဖြစ်သွားတော့။ ဒီကုသိုလ် အကုသိုလ်ဆိုတဲ့ သင်္ခါရတရားတွေကို ဒုက္ခသစ္စာလို့ သိ။

အကြောင်းအကျိုးသိသင့်ပုံ။ ။အဲဒီ ကုသိုလ် အကုသိုလ်ဖြစ်ခြင်းရဲ့အကြောင်းက ဘယ်သူလဲ၊ သင်္ခါရ ဖြစ်ခြင်းရဲ့ အကြောင်းက ဘယ်သူလဲ၊ အဝိဇ္ဇာ။ အဝိဇ္ဇာသည် သမုဒယသစ္စာ၊ သင်္ခါရတရားသည် ဒုက္ခသစ္စာ၊ သင်္ခါရတရားတို့၏ ချုပ်ခြင်းသည် နိရောဓသစ္စာ၊ မဂ္ဂင် (၈)ပါးသည် မဂ္ဂသစ္စာလို့ အဲဒီလိုသိရင် ထိုပုဂ္ဂိုလ်သည် ရဟန္တာသော်၎င်း အနာဂါမ်သော်၎င်း ဖြစ်မယ် ဟုတ်လား (မှန်ပါဘုရား)။ ကိုင်း-ဒါ အတိတ် (မှန်ပါဘုရား)၊ ပစ္စုပ္ပန်ကျတော့ ဘာရှိသလဲ ဘုန်းကြီးတို့ပရိသတ်က အနာဂတ်လဲ မရှုရဘူးတဲ့၊ အတိတ်ကိုလဲ မရှုရဘူးတဲ့၊ ပစ္စုပ္ပန်တည့်တည့် ရှုကြစို့ဟုတ်လား (မှန်ပါဘုရား) ခုဟော ပေးနေတာ။

http://www.dhammadownload.com

အတိတာနာဂတ ပစ္စုပ္ပန်-အရပေါ့နော် ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း ပစ္စုပ္ပန်ကျတော့ ဘာတွေရှုရမလဲ၊ ပစ္စုပ္ပန်ကျတော့ ဝိညာဏ် နာမ် ရူပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ရှစ်ခု၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ရှစ်ခုထဲ အဝိဇ္ဇာပါလား (မပါပါဘုရား)၊ မပါတော့ အဲဒီ (၇)ခုကို ရှုရင် အဝိဇ္ဇာကို ရှုမိပါအုံးတော့မလား (မရှုမိတော့ပါဘုရား)၊ ဒီတော့ ဒီ (၇)ခုထဲ အဝိဇ္ဇာကို ဘယ်သူထဲ ထည့်ယူရမလဲဆိုတော့ တဏှာမပါဘူးလား (ပါပါတယ်ဘုရား)၊ ကိလေသာဝဋ်ချင်း တူသည်ဖြစ်သောကြောင့် အဲဒီအထဲ အဝိဇ္ဇာထည့်လိုက် ပစ္စုပ္ပန်ထဲ အဝိဇ္ဇာပါသွားပြီ ဟုတ်လား (မှန်ပါဘုရား)။

ဒီတော့ အဲဒီ(၇)ပါးထဲက ရှုမယ်ဆိုတော့ ဒီတရားအားလုံးကို အကုန်ပေါင်းလိုက်ရင် ဝိညာဏ် နာမ်ရူပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ လို့ဆိုတဲ့ ဒီတရား(၇)မျိုးကို တူတာကိုပေါင်းလိုက်ရင် ဘာတွေဖြစ်မလဲ ဝိညာဏ် နာမ် ရူပ်၊ တနည်း ပြောရရင် စိတ်, စေတသိက်, ရူပ်၊ ဒီပြင် ဘာရှိသေးလဲ(မရှိပါဘုရား)၊ အဲဒီတရား ၃-လုံးထဲကို ပဋိစ္စသမုပ္ပါဒ်တရား အားလုံးဝင်လာတယ်။ အဲဒီအထဲကို ဝိညာဏ် နာမ်ရူပ်ထဲကို=စိတ်,စေတသိက်,ရူပ်တွေကို ဘာလုပ်ရမလဲဆိုတော့ ဒုက္ခသစ္စာလို့ သိအောင်ရှုတဲ့၊ ဒီ ဝိညာဏ် နာမ်ရူပ် စိတ် စေတသိက် ရူပ်သည် ဘာသစ္စာတုန်း (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား) ဘာဖြစ်လို့ဒုက္ခလဲ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းကို ခံရသည်ဖြစ်သောကြောင့် ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရူပ်သည် ဒုက္ခသစ္စာဆင်းရဲတာ အမှန်ဘဲ။

ဒုက္ခနှင့်ဒုက္ခသစ္စာရှင်းပြချက်။ ။ဒီတော့ ဒုက္ခသစ္စာထိုက်တဲ့တရားဟာ ဒီဝိညာဏ် နာမ် ရူပ်တွေနော်(မှန်ပါဘုရား)၊ဒုက္ခ ဒုက္ခသစ္စာလို့ ၂-မျိုး ရှိသေးတယ်၊ ယမိုက်ပါဠိတော်မှာ ဒုက္ခသစ္စံ ဒုက္ခန္တိ၊ ဒုက္ခသစ္စာဟာ ဒုက္ခမည်သလားလို့ မေးတယ်၊ ယမိုက်ကပြောတယ် အာမန္တာတဲ့ ဒုက္ခသစ္စာတွေ ဒုက္ခမည်တယ်တဲ့၊ ဒုက္ခသစ္စာဟာ ဘာတုန်း (ဒုက္ခပါဘုရား)၊ ဒုက္ခသစ္စံ ဒုက္ခန္တိ နော်။ ဒုက္ခံ ဒုက္ခသစ္စန္တိ၊ အဲဒါကျတော့ သူက အာမန္တာလို့ မပြောတော့ဘူး၊ ကာယိကံ ဒုက္ခံ စေတသိကံ ဒုက္ခံ ဌပေတွာ အဝသေသံ ဒုက္ခသစ္စံ၊ ကာယိကဒုက္ခနဲ့ စေတသိကဒုက္ခကို ထားပြစ်ခဲ့၊ ကျန်တဲ့ ဝိပရိဏာမဒုက္ခ သင်္ခါရဒုက္ခနဲ့ ဒုက္ခဒုက္ခလို့ ဆိုတဲ့ အဲဒီ ဒုက္ခတွေသာလျှင် ဒုက္ခသစ္စာထိုက်တဲ့ တရားတဲ့ ဒါ ယမိုက်ပါဠိတော်က ပြောတာ။ ကာယိကဒုက္ခနဲ့စေတသိကဒုက္ခကို ဘယ်နှယ်လုပ်ရမလဲ ဒုက္ခသစ္စာအဖြစ်နဲ့။

ဒုက္ခဒုက္ခ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ နော်(မှန်ပါဘုရား)၊ ဒုက္ခဒုက္ခလို့ဆိုတာ အဲဒီ သင်္ခါရတရားတွေရဲ့ ဖြစ်ခြင်းကို ဒုက္ခဒုက္ခလို့ ခေါ်တယ်။ သင်္ခါရဒုက္ခလို့ဆိုတာက သင်္ခါရတရားအားလုံးကို သင်္ခါရဒုက္ခလို့ ခေါ်တယ်။ ဝိပရိဏာမဒုက္ခလို့

http://www.dhammadownload.com

ဆိုတာဖြစ်ပြီးတဲ့နောက် ကုန်တဲ့ပျောက်တဲ့ဖက်ကို တရိပ်ရိပ်နဲ့ ပြောင်းလွှဲသွားတဲ့သဘောကို ဝိပရိဏာမဒုက္ခလို့ ခေါ်တယ်။ အဲဒီ ဒုက္ခတွေကို ရှုမိအောင်ရှုပါတဲ့။ ဒီဝိညာဏ် နာမ်ရုပ်မှာ ဒုက္ခရှိတယ်နော်(မှန်ပါဘုရား)၊ အဲဒီ ဝိညာဏ်နာမ်ရုပ်ကို ဒုက္ခလို့သိရင် ဒုက္ခသစ္စာကို သိတယ်။ ဒီဒုက္ခသစ္စာ ဘယ်သူကြောင့် ဖြစ်သလဲ ဝိညာဏ် နာမ် ရုပ် အဝိဇ္ဇာနဲ့တဏှာကြောင့်၊ ဘယ်သူကြောင့်လဲ(အဝိဇ္ဇာနဲ့တဏှာကြောင့်ပါဘုရား)။

အဝိဇ္ဇာနဲ့တဏှာသည် သမုဒယသစ္စာ၊ဝိညာဏ် နာမ်ရုပ် စိတ်စေတသိက် ရုပ်သည် ဒုက္ခသစ္စာ၊ အဲဒီ ဒုက္ခနဲ့ ဒုက္ခသမုဒယကိုသိရင် ဒုက္ခ ဒုက္ခသမုဒယတို့၏ မရှိခြင်းသည် ဘာလဲ နိရောဓသစ္စာ၊ ဒုက္ခနဲ့ ဒုက္ခသမုဒယကို စပ်ပေးတာ ဘယ်သူလဲ တဏှာ။ စပ်ပေးလိုက်တော့ ဒုက္ခနဲ့ ဒုက္ခသမုဒယ ပေါင်းမိရင် ဘာဖြစ်သလဲ၊ ဖဿ ဖြစ်ကရော။ အဲဒီ ဖဿကို ပိုင်းခြားပြီးတော့ အနိစ္စ ဒုက္ခ အနတ္တနဲ့ ပိုင်းခြားပြီးတော့ သိအောင်လုပ်ပေးလိုက်တော့ ဖဿရဲ့ ပရိညာကိစ္စ အပြီးတိုင်သွားရင် ဒုက္ခနဲ့ဒုက္ခသစ္စာကို စပ်ပေးလို့ရသေးသလား(မရပါဘုရား)၊တဏှာစပ်ပေးလို့ရသေးသလား (မရပါတော့ဘုရား)။

အကြောင်းအကျိုး မစပ်ခြင်းသည်ပင် နိရောဓမည်ပုံ။ ။ဘာဖြစ်လို့လဲ စပ်တော့ စပ်ပေးတယ်၊ စပ်ပေတဲ့ အဲဒီမှာ အစေးမရှိတော့ဘူး၊ မကပ်တော့ဘူးတဲ့၊ အကြောင်းနဲ့ အကျိုးမကပ်တော့ဘူး။ အကြောင်းကလဲ အကြောင်း အတိုင်းနေ၊ အကျိုးကလဲ အကျိုး အတိုင်းနေတော့ ဖဿ ပိုင်းခြားသိလို့ ဖဿချုပ်တာနဲ့ တပြိုင်နက် ဖဿ မရှိတာနဲ့ တပြိုင်နက်ထဲ ဘာတဲ့လဲ အကြောင်း အကျိုးတွေရဲ့ အလယ်မှာ ဘာလဲ-နိရောဓသစ္စာ၊ မြင်အောင်ကြည့်။ တရားကတော့ နဲနဲမြင့်တယ်၊ ပါဠိတော်မူဆိုတော့ ဘုန်းကြီးက လျှော့ပေးလို့ မဖြစ်ဘူး။ ပါဠိတော်အတိုင်း ဟောရမယ်။ အဲဒီ ဖဿ မရှိတာကိုဘဲ အကြောင်းအကျိုးတွေ မစပ်ခြင်း၊ မကပ်ခြင်းသည်ပင်လျှင် နိရောဓသစ္စာ၊ဒါဖြင့် နိရောဓသစ္စာကို ဖြစ်အောင် ဖဿကို ချောက်သွားအောင် ဘယ်နဲ့ လုပ်ရမလဲ၊ ကျင့်ဝတ်က ဘာလဲလို့ဆိုတော့ မဂ္ဂင် (၈) ပါးကို ကျင့်ပေးပါတဲ့။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတရားတွေကို ပွါးများပေးပါတဲ့၊ သတိပညာ။ အဲဒီ သတိနဲ့ ပညာကို ပွါးများအားထုတ်ပေးခဲ့လို့ ရှိရင် ဒီမဂ္ဂသစ္စာပေါ်ပြီး နိရောဓသစ္စာကို ရောက်မယ်နော်(မှန်ပါဘုရား)၊ အဲဒီ လိုဆိုရင် ထိုပုဂ္ဂိုလ်က ဘာတဲ့လဲ–

သော ဏဂါနုသယံ ပဟာယ ပဋိဃာနုသယံ ပဋိဝိနောဒေတ္ဝာ
အသ္မိတိ ဒိဋ္ဌိမာနာနုသယံ သမူဟနိတ္ဝာ အဝိဇ္ဇံ ပဟာယ ဝိဇ္ဇံ ဥပ္ပါဒေတ္ဝာ
ဒိဋ္ဌေဝဓမ္မေ ဒုက္ခဿန္တကရော ဟောတိ။

http://www.dhammadownload.com

သော၊ ထိုအမျိုးကောင်းသားသည်။ ရာဂါနုသယံ၊ ရာဂါနုသယကို။ပဟာယ၊ ပယ်စွန့်၍။ ပဋိဃာနုသယံ၊ အမျက်ထွက်ခြင်းဆိုတဲ့ ပဋိဃာနုသယကို။ပဋိဝိနော-ဒေတွာ၊ ပယ်ဖျောက်ပြီး၍။အသ္မီတိ၊ ငါဟုထောင်လွှားတက်ကြွနေတဲ့ မာန်မာန ဟူသော။ ဒိဋ္ဌိမာနာနုသယံ၊ဒိဋ္ဌိနဲ့တူသော မာနာနုသယကို။ သမူဟနိတွာ၊ ပယ်နုတ်ပြီး၍။ အဝိဇ္ဇံ၊ အဝိဇ္ဇာကို။ ပဟာယ၊ ပယ်စွန့်၍။ ဝိဇ္ဇံ၊ ဝိဇ္ဇာဉာဏ်ကို။ ဥပ္ပါ-ဒေတွာ၊ ဖြစ်စေ၍။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ဘဝ၌။ ဒုက္ခဿ၊ ဆင်းရဲအားလုံးဖြစ်သော ခန္ဓာငါးပါး၏။ အန္တကရော၊ ဆုံးရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ ဟောတိ၊ ကောင်းစွာမသွေ ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု။

အဲ ဒီလိုဆိုရင် တဏှာလဲပြုတ် ဒိဋ္ဌိလဲပြုတ်ရော၊ ဝိညာဏ်လို့ခေါ်တဲ့ အဘိ-သခ်ါရ ဝိညာဏ်ကော ရှိသေးရဲ့လား (မရှိတော့ပါဘုရား)၊ ကုသိုလ်ဝိညာဏ် တွေကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ကုသိုလ်ဝိညာဏ်တွေ ဖြစ်ပေမဲ့ အဲဒီ ဝိညာဏ်တွေမှာ တဏှာနဲ့ဒိဋ္ဌိ ပါသေးသလား (မပါပါဘုရား)၊ တဏှာနဲ့ဒိဋ္ဌိ မပါရင် ဝိညာဏ်သည် တစုံတခုသော ဘဝကို ပြုပြင်နိုင်သေးသလား (မပြုပြင်နိုင်တော့ပါဘုရား)၊ ပြုပြင်လို့မရတော့ဘူး။ ပြုပြင်လို့ရတဲ့ ဝိညာဏ်ကိုသာ အဘိ-သခ်ါရ ဝိညာဏ်လို့ ခေါ်တာ နောင်ဘဝတခုကို ပြုပြင်လို့ ရတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ တည်းဟူသော အဲဒီ ကမ္မဝိညာဏ်တွေကိုသာ အဘိသခ်ါရဝိညာဏ်လို့ ခေါ်တယ်။ သို့သော်လဲဘဲ ဒီကမ္မဝိညာဏ် အပင်တပင် ပေါက်နိုင်တယ်လို့ ဆိုတာ-တဏှာနဲ့ ဒိဋ္ဌိမရှိရင် သူမပေါက်နိုင်ဘူး နော်(မှန်ပါဘုရား)။

တဏှာဒိဋ္ဌိ မရှိက ဝိညာဏ် မပေါ်ပုံ။ ။ဥပမာပုံဆိုရင် တဏှာ ဆိုတာ ရေနဲ့တူတယ်၊ ဒိဋ္ဌိ ဆိုတာကတော့ မြေနဲ့တူတယ်။ ကုသိုလ်ကံ အကုသိုလ်ကံက ဘာနဲ့တူသလဲဆိုတော့ အင်မတန် အောင်မြင်နေတဲ့ မျိုးစေ့နဲ့တူတယ်။အင်မတန် အောင်မြင်နေတဲ့ မျိုးစေ့တခုဟာ မြေနဲ့ရေကို အမှီမရရင် ဒီမျိုးစေ့ ဘယ်လောက်ဘဲ ကောင်းကောင်း အောင်အောင်၊ အဲဒီ မျိုးစေ့ အပင်ပေါက်နိုင်ပါ့မလား (မပေါက်နိုင်ပါဘုရား)၊ မပေါက်နိုင်ဘူး နော် (မှန်ပါဘုရား)၊ အပင်မပေါက်နိုင်တဲ့ အပြင် ဒီမျိုးစေ့ ကိုလဲ ဘာလုပ်ထားသလဲဆိုတော့ မီးနဲ့မြို့က်ထားတယ်။ ဘာနဲ့ လုပ်ထားသလဲ မီးနဲ့ မြို့က်ထားတယ်။ ကိုင်း ဒီမီးနဲ့မြို့က်ထားတဲ့ မျိုးစေ့ကို မြေကြီးပေါ်ချ ရေလောင်းပေး၊ အပင်ပေါက်ဦးမလား (မပေါက်တော့ပါဘုရား)။

ကံတည်းဟူသော မျိုးစေ့ကလေးကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဘာနဲ့ မြို့က်ထားသလဲဆိုတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော မီးနဲ့မြို့က်ထားတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံတည်း

http://www.dhammadownload.com

ဟူသော မျိုးစေ့ခတ္တကို ဝိပဿနာအားထုတ်တယ်လို့ ဆိုတဲ့ နောက်ဘဝက ပါလာတဲ့ ဒီဘဝမှာ ဖြစ်နေတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော မျိုးစေ့တွေကို မီးနဲ့မြို့က်နေတာကို ဝိပဿနာအားထုတ်တယ်လို့ ခေါ်တယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ ကုသိုလ်တွေ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အကုသိုလ်ကံတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ နောက်ဘဝက မမြင်ရတာကိုထား ယခုဘဝ မှတ်မိတာကို ပြန်တွေးကြည့်မယ်ဆိုရင် နည်းတဲ့ ကုသိုလ်တွေ အကုသိုလ်တွေ မဟုတ်ဘူး၊ ရှိနေတာ နော် (မှန်ပါဘုရား)၊ ဒီ-ကုသိုလ်ကံ အကုသိုလ်ကံတွေက အကျိုးပေးရင် ဘာရသလဲ ခန္ဓာရမယ်၊ အဲဒီ-ခန္ဓာဟာ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ မြတ်စွာဘုရားက ဘယ့်နဲ့ ဟောထားသလဲ—

နတ္ထိ ခန္ဓသမာ ဒုက္ခာ။ ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ သူထက် ဆင်းရဲတာ မရှိတော့ဘူး၊ ဒါဖြင့် အဲဒီ-ခန္ဓာဆိုတဲ့ အပင်တပင် မပေါက်အောင် ဒီ-ကုသိုလ် အကုသိုလ်မျိုးစေ့တွေကို ဘာလုပ်ရမလဲ၊ မီးနဲ့ မြို့က်ရမယ်၊ မြို့က်ရင် ပေါက်အုံးမလား (မပေါက်တော့ပါဘုရား)။

မဂ်ဉာဏ်မီးဖြင့် ကံမျိုးစေ့ကို မြို့က်ပုံ။ ။ဉာဏ်ဂို့နာ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော မီးဖြင့်။ ဒယ့်တိ၊ ရှို့မြို့က်၍ ပေးလိုက်၏၊ ကုသိုလ် အကုသိုလ်တွေကို။ ဒီတော့ ခီဏာ ပုရာဏာ နဝနတ္ထိ သမ္ဘဝံ။ ရဟန္တာပုဂ္ဂိုလ်တွေမှာ ပုရာဏာ၊ အဟောင်းဖြစ်သော။ ကမ္မံ၊ ကံသည်။ ခီဏာ၊ ကုန်ပြီ။ မပြောဘူးလား ရဟန္တာပုဂ္ဂိုလ်တွေ့ကုသိုလ်ကံ အကုသိုလ်ကံ ကုန်တယ်လို့ (ပြောပါတယ်ဘုရား)၊ ကုသိုလ်ကံတွေ အကျိုးမပေးတာကို ကုန်တယ်လို့ ပြောတယ်၊ အပင်တော့ မပေါက်တော့ဘူး၊ ဘာဖြစ်လို့လဲ ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသော ဉာဏ်မီးတို့ဖြင့် အဲဒီ-ကုသိုလ် အကုသိုလ် မျိုးစေ့တွေကို မြို့က်ထားတယ်၊ သူက အကျိုးမပေးတော့ဘူး၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီ-အကျိုးမပေးလို့ ဒီ-အပင် ဘယ်တော့မှ မပေါက်တာကိုပင်လျှင် သူသည် အပင်ရဲ့ နိဆောဓဘဲ၊ ကုသိုလ်ကံ အကုသိုလ်ကံမျိုးစေ့တွေဟာ ဒီဠိတည်းဟူသော ခန္ဓာငါးပါး အာယတန ၁၂-ပါးကို ငါလို့ စွဲလမ်းထားတယ်၊ အတ္တဒိဋ္ဌိတည်းဟူသော မြေပေါ် ကိုကျတယ်၊ တဏှာတည်းဟူသော ရေကလေးနဲ့ လောင်းပေးတယ်၊ အဲဒီ-ကုသိုလ် အကုသိုလ်မျိုးစေ့သည် ကမ္မဘိသင်္ခါရခေါ်တဲ့ ကမ္မဝိညာဏ်တွေဟာ လူပင် နတ်ပင် ငြိဟ္မာပင် တိရစ္ဆာန်သတ္တဝါပင်တွေ ပေါက်မလာကြဘူးလား (ပေါက်လာပါတယ်ဘုရား)၊ ဘာအမှီရလို့ ပေါက်သလဲ၊ မျိုးစေ့ပေါက်တယ်ဆိုတာ မြေနဲ့ရေ အမှီရလို့ ပေါက်တာ။

http://www.dhammadownload.com

ပြီးတော့လဲဘဲ သူကို မီးနဲ့မြှိုက်မထားဘူး၊ နေလဲ လှန်းမထားဘူး၊ သူက အောင်အောင်မြင်မြင် ဖြစ်နေတယ်၊ ဒါကြောင့် ဒီ-မျိုးစေ့ပေါက်တာ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ ကံမျိုးစေ့ရှိသေးတယ်၊ တဏှာနဲ့ ဒိဋ္ဌိရှိနေရင် ဝိပဿနာဉာဏ်မီးနဲ့ မြှိုက်မထားရင် ဒီ-ကံမျိုးစေ့ ဘာဖြစ်မလဲ (အောင်မြင်ပါတယ်ဘုရား)၊ လူပင် နတ်ပင် ဗြဟ္မာပင် ပေါက်မယ်၊ ဒီတော့ မြတ်စွာဘုရားက မေတ္တဂူကို ဟောပေးနေတာက သင်လုပ်ထားတဲ့ ကုသိုလ်ကံ အကုသိုလ်ကံမျိုးစေ့တွေကို တဏှာ ဒိဋ္ဌိခေါ်တဲ့ တရားပေါ် မရောက်စေနဲ့။

ဘဝသစ်၌ မတည်နိုင်ပုံအကြောင်း။　　။ဧတေသု နန္ဒိဥ နိဝေသနဥ။ ဧတေသု၊ ထို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး၌ ဖြစ်သောတရားတို့၌။ နန္ဒိဥ၊ နှစ်သက်တယ်ဆိုတဲ့ တဏှာရေကိုဋင်း။ နိဝေသနဥ၊ နစ်မြုပ်စူးဝင်နေတဲ့ ဒိဋ္ဌိနဲ့ တဏှာတည်းဟူသော တရားကိုဋင်း။ ဝိညာဏဥ၊ အဘိသခ်ါရဝိညာဏ်ခေါ်တဲ့ တဏှာ ဒိဋ္ဌိနဲ့ တွဲတဲ့ ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ်ကိုဋင်း။ ပနုဇ္ဇ၊ ဝိပဿနာဉာဏ်မီးဖြင့် ပယ်မြှိုက်၍ ပစ်ချေလော့။ ဟုတ်လား (မှန်ပါဘုရား)၊ ပေါက်အုံးမလား အပင် (မပေါက်တော့ပါဘုရား)၊ အဲသလို မပေါက်တော့ဘူးဆိုရင် ဝိပဿနာဉာဏ်မီးနဲ့ မျိုးစေ့ကို မြှိုက်ပြီးလို့ မဂ်ဉာဏ်မီး ဝိပဿနာဉာဏ်မီးတို့ဖြင့် ကံမျိုးစေ့ဝေါ်တဲ့ အဘိသခ်ါရ ဝိညာဏ်ကို နုတ်ပစ်မယ်ဆိုရင် ဘဝေ နတိဋ္ဌေ။ ဘဝေ၊ ကမ္မဘဝ ဥပပတ္တိဘဝလို့ ဆိုတဲ့ နှစ်ပါးသော ဘဝ၌။ နတိဋ္ဌေ၊ မတည်နိုင်ရာတော့သတည်း။

သာဓု သာဓု သာဓု။

မေတ္တဂူကို မြတ်စွာဘုရား ဒီလို ဟောလိုက်တော့ သူက သိပ်သဘောကျသွားပြီ နော် (မှန်ပါဘုရား)၊ သဘောကျသွားတော့မှ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်က သူကို ဆက်ပြီးတော့ ဟောတယ်။

ဧဝံဝိဟာရီ သတော အပ္ပမတ္တော၊
ဘိက္ခု စရံ ဟိတွာ မမာယိတာနိ။
ဇာတိ ဇရံ သောကပရိဒ္ဒဝဥ၊
ဣဓေဝ ဝိဒ္ဒါ ပဇဟေယျ ဒုက္ခံ။

ဒုက္ခအားလုံးပယ်နိုင်ပုံကို မြတ်စွာဘုရားကပြတယ်၊ ဧဝံဝိဟာရီ၊ ဤသို့ ယခု ဟောကြားခဲ့တဲ့အတိုင်း တဏှာ ဒိဋ္ဌိမကပ်ရောက်မူ၍ ကုသိုလ် အကုသိုလ်ကံ တည်းဟူသော ကမ္မာဘိသခ်ါရဝိညာဏ်ကို ဝိပဿနာဉာဏ်မီး မဂ်ဉာဏ်မီးတို့ဖြင့် မြှိုက်ပြီးသည်ဖြစ်၍ နေလေ့ရှိသော။ သတော၊ သတိပဋ္ဌာန်တရား ၄-ပါးတို့နှင့် ပြည့်စုံသော။ အပ္ပမတ္တော၊ လုံ့လမပေါ့ မမေ့မလျော့သော။ စရံ=စရန္တော၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍နေသော။ ဘိက္ခု၊ သံသရာဝဋ္ဌဆင်းရဲ၏အပြစ်ကို

http://www.dhammadownload.com

ရှာလေ့ရှိသော အမျိုးကောင်းသား-အမျိုးကောင်းသမီးသည်။ မမာယိတာနို၊ ငါ့ငါဉစ္စာဟူ၍ နှစ်သက်မြတ်နိုးအပ်ကုန်သော တဏှာဒိဋ္ဌိတို့ကို။ ဟိတ္တာ၊ ပယ်စွန့်နိုင်သည်ဖြစ်၍။

(ငါ-ငါဉစ္စာတဲ့၊ ငါဆိုတာက ဒိဋ္ဌိ၊ ငါဉစ္စာဆိုတာက တဏှာ)၊ တေံ မမ၊ သောဟ မသ္မိ၊ သော မေ အတ္တာ၊ ဒါဘဲ-နော် (မှန်ပါဘုရား)၊ ဒါကို မြတ်စွာဘုရားက ပြောင်းပြန် ပြန်လိုက်ပါတဲ့၊ နေတံမမ၊ နေသောဟ မသ္မိ၊ န မေ သော အတ္တာ၊ ဒါဘဲ ဘုန်းကြီးတို့ပရိသတ် တရားဆိုတာ-ဓနော် (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ပရိသတ် ခုနပြောခဲ့တဲ့ အဘိသခ်ါရဝိညာဏ် တွေကော အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်တွေဟာ ငါ-ငါဉစ္စာတွေလို့ လုပ်ထားတယ်၊ အတ္တလို့ လုပ်ထားတယ်၊ တေံ မမ၊ သောဟမသ္မိ-ဒါကို မြတ်စွာဘုရားက မေတ္တာဂူကို နေတံ မမလို့ လုပ်လိုက်တာ ငါဉစ္စာမဟုတ်ဘူး။

ကိုယ်ဉစ္စာလား (မဟုတ်ပါဘုရား)၊ နေသောဟ မသ္မိ-ကိုယ်လား (မဟုတ်ပါဘုရား)၊ ဒုက္ခတွေဖြစ်နေတယ်ဆိုတာ ကိုယ်လား ဝိညာဏ် နာမ်ရုပ် တွေလား (ဝိညာဏ်နာမ်ရုပ်တွေပါဘုရား)၊ ကိုယ်မှမဟုတ်ဘဲ နေသောဟ မသ္မိ ဖြစ်သွားရော မဟုတ်လား၊ န မေသော အတ္တာ၊ အဲဒီ တရားတွေဟာ အတ္တလား အနတ္တလား (အနတ္တပါဘုရား)၊ အနတ္တတွေ အဲဒီလို ဆုံးဖြတ်လိုက်ပါ။

ဝေဝိဟာရီ၊ ဤသို့နေလေ့ရှိသော။ သတော၊ လေးပါးသောသတိနှင့် ပြည့်စုံသော။ အပ္ပမတ္တော၊ လွှဲလမဟေါ့ မမေ့မလျော့သော။ စရံ=စရန္တော၊ ကျင့်ကြံကိုးကုတ် အားထုတ်၍နေသော။ ဘိက္ခု၊ ရဟန်းသည်၊ ကိလေသာတို့ကို ခွါခြစ်၍ပြစ်သော ပုဂ္ဂိုလ်အပေါင်းသည်။ မမာယိတာနို၊ ငါ-ငါဉစ္စာဟူ၍ မြတ်နိုးအပ်ကုန်သော တဏှာဒိဋ္ဌိတို့ကို။ ဟိတ္တာ၊ ပယ်စွန့်နိုင်သည်ဖြစ်၍။ ဤမေဝ၊ ဤမြတ်စွာဘုရား သာသနာတော်မြတ်အတွင်း၌ပင်လျှင်။ ဝိဒ္ဒါ၊ လေးပါးသော မဂ်ဉာဏ်ဖြင့် သိခြင်းသို့ရောက်သည်ဖြစ်၍။ ဇာတိဉ္စ၊ ပဋိသန္ဓေနေခြင်းကိုငင်း။ ဇရဉ္စ၊ အိုခြင်းကိုငင်း။ သောကပရိဒ္ဒဝဉ္စ၊ စိုးရိမ်ရခြင်း, ပူဆွေးရခြင်း, ငိုကြွေးရခြင်းကိုငင်း။ ဒုက္ခံစ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းကိုငင်း။ ပဇဟေယျ၊ ကောင်းစွာမသွေ ပယ်စွန့်နိုင်ပါပေသတည်း။

သာဓု သာဓု သာဓု။

ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ စောစောပိုင်းက ဒီတရားစုတွေကို ပါဠိတော်ဟောစဉ်နဲ့ ဟောပေးခဲ့တဲ့အတိုင်း ရှုပွါးနေမယ်ဆိုရင် ငါ–ငါဉစ္စာဟူသော တဏှာဒိဋ္ဌိတို့ကို စွန့်နိုင်ပြီတဲ့။ မြတ်စွာဘုရားက မေတ္တာဂူကို

http://www.dhammadownload.com

ဒီလိုဟောပေးတယ်၊ ဒီတော့ မေတ္တဂူက ဒီတရား သိပ်သဘောကျတယ်၊ သိပ်ကြိုက်တယ်။

တော'ဘိနန္ဒာမိ ဝစော မဟောသိနော၊ သုကိတ္တိတံ ဂေါတမ'နူပဓိကံ။
အဒ္ဓါဟိ ဘဂဝါ ပဟာသိ ဒုက္ခံ၊ တထာ ဟိ တေ ဝိဒိတော သေ ဓမ္မော။

ဂေါတမ၊ ဂေါတမဇွယ်ဘုရား ရှင်တော်မြတ်ဘုရား။ တယာ၊ အရှင်ဘုရားသည်။ နူပဓိကံ၊ ဥပဓိတရား ၄-ပါးတို့ကို စွန့်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို။ သုကိတ္တိတံ၊ ကောင်းစွာ ဟောကြားအပ်ပေပြီ။

(အရှင်ဘုရား ခုဟောပေးလိုက်တဲ့ တရားတော်သည် နိဗ္ဗာန်နဲ့ နိဗ္ဗာန်ရောက်ကြောင်းတရား၊ ပဋိစ္စသမုပ္ပါဒ်တရားတွေ ဝိပဿနာရှုနည်းတရားတို့ဖြင့် အလုံးစုံသော ဥပဓိတရားလို့ကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ဟောပေးတော် မူတာပါဘဲ ဘုရားလို့ သူ သဘောပေါက်နေတယ်။)

မဟောသိနော၊ သီလကွန္ဓ စသည် ကျေးဇူးကို ဆည်းပူးရှာမှီးတော် မူလေ့ရှိသော မြတ်စွာဘုရား၏။တေံ ဝစော၊ ယခုဟောကြားတော်မူတဲ့ တရားတော်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ အဘိနန္ဒာမိ၊ အလွန် နှစ်သက်မြတ်နိုးပါ၏၊ (သဘောကျသွားပြီ သဘောပေါက်သွားပြီ)။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပဓတ်မူသော မြတ်စွာဘုရား။ တံ့၊ အရှင်ဘုရားသည်။ အဒ္ဓါ ဟိ၊ မချွတ်ကေန် အမှန်စင်စစ်အားဖြင့်။ ဒုက္ခံ၊ သံသရာဝဋ်ဆင်းရဲဒုက္ခတွေကို။ ပဟာသိ၊ ပယ်စွန့်၍ ပစ်တော်မူပါပေပြီ ဘုရား။ (ဒုက္ခဆင်းရဲတွေကို ပယ်စွန့်နေပါပြီတဲ့၊ သံသရာဒုက္ခတွေကို အနုပ္ပါဒဓမ္မတွေကို။) တေ တယာ၊ အရှင်ဘုရားသည်။ သေဓမ္မော၊ နိဗ္ဗာန်နဲ့နိဗ္ဗာန်ရောက်ကြောင်း ဂျှိတရားတော်ကို။ တထာ ဟိ=တထာဧဝ၊ ထိုသို့ သတ္တဝါတွေ သိနိုင်လောက်သော အခြင်းအရာအားဖြင့်သာလျှင်။ ဝိဒိတော၊ ပိုင်းခြား၍ သတ္တဝါတို့ကို သိစေတော်မူပါပြီဘုရား။

အရှင်ဘုရား ယခု ဟောကြားတဲ့တရားဟာ အရှင်ဘုရား ထိုးထွင်း၍ သိတော်မူတဲ့အတိုင်း သတ္တဝါတို့ကို အရှင်ဘုရား ရေရေလည်လည် ပြန်ပြီးတော့ ဟောပေးနိုင်ပါတယ် ဘုရားလို့ဆိုပြီး ဒီတရားကို အင်မတန်နှစ်သက်တယ်၊ မေတ္တဂူက ဒီတော့ သူ ဘာလျှောက်လဲ—

တေ စာပိ နူနပ္ပဇဟေယျု ဒုက္ခံ၊
ယေ တံ့ မုနိ အဒ္ဓိတံ သြဝဒေယျ။
တံ တံ နမဿာမိ သမေစ္စ နာဂံ၊
အပ္ပေဝ မံ ဘဂဝါ အဒ္ဓိတံ သြဝဒေယျ။

http://www.dhammadownload.com

မုနိ၊ မုနိ ငါးပါးတို့ရဲ့ ခေါင်းဆောင်ရှေ့သွားဖြစ်တော်မူသော မြတ်စွာဘုရား။ တုံ၊ အရှင်ဘုရားသည်။ ယေ၊ အကြင် အမျိုးကောင်းသား အမျိုးကောင်းသို့ တို့ကို။ အဋ္ဌိတံ၊ နှစ်သက်လိုလား အကျိုးစီးပွါးတို့ကို သနားကြင်နာတော် မူသည်ဖြစ်၍။ သြဝဒေယျ၊ ဆုံးမတော်မူရာ၏။ တေ စာပိ၊ ထို အရှင်ဘုရား နှစ်သက်သည်ဖြစ်၍ မြတ်နိုးသည်ဖြစ်၍ ဆုံးမအပ်သော ပုဂ္ဂိုလ်အပေါင်းတို့ သည်လည်း။ ဒုက္ခံ၊ ဆင်းရဲဒုက္ခ အပေါင်းကို။ ပဇဟေယ္ယုံ နူန၊ ပယ်စွန့်နိုင်ကုန် သည် မဟုတ်တုံလော။

(အရှင်ဘုရား ဟောကြားထားတဲ့ ပုဂ္ဂိုလ်တွေဟာ ဆင်းရဲဒုက္ခအားလုံး တို့ကို ပယ်ပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါလား ဘုရား-တဲ့)။

တံ တသ္မာ၊ ထို့ကြောင့်။ နာဂ၊ မကောင်းမှု အကုသိုလ်ကံတွေကို ပယ်စွန့် တော်မူပြီးသော မြတ်စွာဘုရား။ တံ၊ ထို ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော အရှင်ဘုရားသို့။ သမေစ္စ၊ ခြေတော်အစုံကို ခိုလှုံပျော်ဝပ် လျက်။ နမဿာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ဘုရားတပည့်တော် အကြိမ်ကြိမ် ရှိခိုးလိုက်ပါ၏ မြတ်စွာဘုရား။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား သည်။ မံ၊ ဘုရားတပည့်တော်ကို။ အဋ္ဌိတံ၊ သနားကြင်နာသည်ကိုပြု၍။ အပ္ပေဝ နာမ သြဝဒေယျ၊ ဆုံးမကောင်းရာပါ၏ မြတ်စွာဘုရား။ အခြားသော သတ္တဝါတွေကို ကြင်နာသနားသောအားဖြင့် ဆုံးမတော်မူသလို ဘုရားတပည့် တော်ကိုလဲ ဆုံးမပေးတော်မူပါဘုရား။ မေတ္တဂူက လျှောက်တယ်။ ဒီတော့မှ မြတ်စွာဘုရား ကိုယ်တော်မြတ်က သူ့ကို ဘာပြောလဲ—

ယံ ဗြာဟ္မဏံ ဝေဒဂုမာဘိဇညာ၊
အကိဉ္စနံ ကာမဘဝေ အသတ္တံ။
အဒ္ဓါ ဟိ သော သြဃမိမံ အတာရိ၊
တိဏ္ဏော စ ပါရံ အခိလော အကာခီ။

မေတ္တဂု၊ မေတ္တဂူ။ တံ၊ သင်သည်။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှု အကုသိုလ်ကံတွေကို အပပြုပြီးသော ပယ်ပြီးသော ပုဂ္ဂိုလ်ဟူ၍။ ဝေဒဂူ၊ လေးပါးသော မဂ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ရောက်ပြီးသောပုဂ္ဂိုလ်ဟူ၍။ အကိဉ္စနံ၊ ရာဂ ဒေါသ မောဟ တည်းဟူသော ကိဉ္စနဆိုတဲ့ ကြောင့်ကြခြင်း မရှိသောသူဟူ၍။ ကာမဘဝေ၊

(အဲဒါကို ကာမဘဝဉ်-လို့ အနက်ပေးလိုက်ရင် ဒုက္ခဘဲ၊ စူဠနိဒ္ဒေသ ပါဠိတော်က ခွဲပြောထားတယ် ကာမနဲ့ ဘဝ)။

http://www.dhammadownload.com

ဝတ္ထုကာမ ကိလေသကာမ၌ရင်း၊ ကမ္မဘဝ ဥပပတ္တိဘဝ၌ရင်း။ အသတ္တံ၊ ကပ်ငြိတွယ်တာခြင်း မရှိသော ပုဂ္ဂိုလ်ဟူ၍။ အဘိဇာ၊ သိသည် ဖြစ်ငြား အံ့။ သော၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည်။ အဒ္ဓါဟိ၊ စင်စစ်ကေန် အမှန်မုချ အားဖြင့်။ ဣမံ ဩဝဒံ၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဆိုတဲ့ ဤဩဝဒ ၄-ဖြာကို။ အတာရိ၊ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေပြီ။

(အဲဒီလိုနောက်က ငါဘုရားဟောပေးတဲ့ သစ္စာ ၄-ပါး ပဋိစ္စသမုပ္ပါဒ် တရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ဘဝတို့၌ရင်း ဝတ္ထုကာမ ကိလေသာ ကာမတို့၌ရင်း ရဟဒေါသ မောဟတွေ အားလုံး ကင်းသွားကြပြီဆိုရင် ထို ပုဂ္ဂိုလ်သည် ဩဃ ၄-ဖြာ သံသရာကို ကူးမြောက်နိုင်တယ်လို့ သင် မှတ်ပေတော့တဲ့ မြတ်စွာဘုရားက)။

သော၊ ထို သူသည်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့။ တိဏ္ဏော၊ ကူးမြောက်ပြီးသော ပုဂ္ဂိုလ်သည်လည်း။ ဟောတိ၊ ဖြစ်ပေတော့၏။ အခိလော၊ ရဟဒေါသ မောဟ တည်းဟူသော ငြောင့်ကင်းသော ပုဂ္ဂိုလ်သည်လည်း။ ဟောတိ၊ ဖြစ်လေတော့၏။ အကင်္ခီ၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ တည်းဟူသော သစ္စာ ၄-ပါး၌ ယုံမှားကင်းသော ပုဂ္ဂိုလ်သည်လည်း။ ဟောတိ၊ ဖြစ်လေတော့၏။

ဒီအတိုင်း ကျင့်သွားမယ်ဆိုရင် သစ္စာ ၄-ပါးကို ယုံမှားကင်းသောသူ ဖြစ်သွားပြီ၊ ဒုက္ခဆိုတာ ဟုတ်မှ ဟုတ်ပါ့မလားဆိုတာ-နော် (မှန်ပါဘုရား)။

ဝိဒ္ဓါ စ ယော ဝေဒဂူ နရော ဣဓ၊
ဘဝါဘဝေ သင်္ဂမိမံ ဝိသဇ္ဇ။
သော ဝီတတဏှော အနီဃော နိရူပသော၊
အတာရိ သော ဇာတိ ဇရန္တိ ဗြူမိတိ။

ဣဓ၊ ဤလောက၌။ ဝေဒဂူ၊ လေးပါးသောဉာဏ်တို့ဖြင့် နိဗ္ဗာန်ချမ်းသာကို အာရုံပြုပြီးသော။ ယော နရော၊ အကြင်သူသည်။ ဝိဒ္ဓါစ၊ အရဟတ္တဖိုလ် ဝိဇ္ဇာ ဉာဏ်သို့ရောက်ပြီးသည်လည်း၊ ဟောတိ၊ ဖြစ်ပေတော့၏။ (ရဟဒကင်းပြီးသား ပုဂ္ဂိုလ်) သော၊ ထိုအရဟတ္တဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည်။ ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ ဣမံ သင်္ဂံ၊ ဤကပ်ငြိတွယ်တာခြင်း ဆိုတဲ့ တဏှာကို။ ဝိသဇ္ဇ၊ ပယ်စွန့်၍။ ဝီတတဏှော၊ ကင်းပြီးသော တဏှာရှိသည်။ အနီဃော၊ ရဟဒေါသ မောဟစသော အကုသိုလ်တရားတို့ကြောင့် ဆင်းရဲပင်ပန်းခြင်း မရှိသည်။ နိရူပသော၊ အာသာဆန္ဒဆိုတဲ့ တဏှာ တွယ်တာခြင်း ကင်း၍ နေသည်။ ဟောတိ၊ ဖြစ်၏။

http://www.dhammadownload.com

မေတ္တာဂူပုဏ္ဏား တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ

သော၊ ထိုအရဟတ္တဖိုလ် ပညာဉာဏ်ဖြင့် တဏှာကင်းကွာ၍ နေသော ကုလဟတ္ထ အမျိုးကောင်းသား အမျိုးကောင်းသမီး သည်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းဆိုတဲ့ သဘောတရားကို။ အဇာရံ၊ ကောင်းစွာမသွေ့ ကူးမြောက်နိုင်တော် မူပါပေ၏။ ဣတိ ဧဝံ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရားသည်။ ဣမမ်မိ သုတ္တံ၊ ဤမေတ္တာဂူသုတ္တန်ကိုလည်း။ အရဟတ္တနိကုဋ္ဌေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်သဖြင့်။ ဒေသေသိ၊ ဟောကြားတော်မူ၏။ ဒေသနာပရိယောသာနေ၊ ယခု ဟောကြားသော မေတ္တာဂူသုတ္တန်ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလသမယ၌။ သော ဗြာဟ္မဏော၊ ထိုမေတ္တာဂူအမည်ရှိသော ပုဏ္ဏားသည်။ သဟဿသိဿေဟိ၊ နောက်လိုက် နောက်ပါ အခြံအရံ တပည့်ပေါင်း တထောင်တို့နှင့်တကွ။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

အညေသဉ္စ၊ မေတ္တာဂူပုဏ္ဏားနှင့်တကွ နောက်လိုက်နောက်ပါ တထောင်မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်း များစွာကုန်သော ပရိသတ်အပေါင်းတို့အား လည်း။ ဓမ္မစက္ခုံ၊ နိဗ္ဗာန်ချမ်းသာကို မြင်နိုင်တဲ့ ဓမ္မစက္ခု သည်။ ယံကိဉ္စိ၊ ခပ်သိမ်းဥဿု အလုံးစုံသော တေဘုမ္မက သင်္ခါရတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောတရား ရှိ၏။ တံ သဗ္ဗံ၊ ဖြစ်ခြင်း သဘောရှိသော အလုံးစုံသော ထိုတေဘုမ္မက သင်္ခါရတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘော ရှိ၏။ ဣတိ၊ ဤသို့။ ဓမ္မ စက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ် အစရှိသော ဓမ္မစက္ခု သည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ့ ဖြစ်ပေါ် ၍နေကြလေသတည်း။

သာဓု သာဓု သာဓု။

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော် မြတ် ဟောကြားတော်မူအပ်သော သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော မေတ္တာဂူသုတ္တန် တရားဒေသနာတော်ကို ကောင်းမွန်ရှိသေစွာ နာယူမှတ်သားရခြင်း တည်းဟူသော ဓမ္မဿဝန ကုသိုလ်ကံစေတနာ။ ပ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

မေတ္တာဂူသုတ္တန် စတုတ္ထပိုင်း ပြီး၏။

မေတ္တာဂူသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၄-မေတ္တာသုတ္တန် နောက်ဆက်တွဲ

မဟာသတိပဋ္ဌာန်သုတ်

ဗောဇ္ဈင်္ဂပဗ္ဗ ပဋ္ဌမပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၀-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၈-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂-ရက်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူး ဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဟောကြားအပ်သော ဒီဃနိကာယ် မဟာသတိပဋ္ဌာနသုတ္တန် ဓမ္မာနုပဿနာ ဗောဇ္ဈင်္ဂပဗ္ဗ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်။

ဗောဇ္ဈင် ၇-ပါး ဖြတ်တရားဒေသနာတော်

ဒီကနေ့ ဘုန်းကြီးဟောမဲ့တရားက ဒီဃနိကာယ် မဟာဆတိပဋ္ဌာနသုတ် ဓမ္မာနုပဿနာ ဗောဇ္ဈင်္ဂပဗ္ဗ မှာ ဟောတော်မူတဲ့ ဗောဓိ+အင်္ဂ၊ သစ္စာ ၄-ပါးကို သိခြင်း၏ အကြောင်းဖြစ်တဲ့ တရားကို ဟောရမယ်၊ ဒီတော့ ပါဠိတော်က ဘယ်လို ဟောသလဲဆိုတော့-

"ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု"-ဗော်ဇ္ဈင် ၇-ပါး။

(၁) သတိသမ္ဗောဇ္ဈင်၊

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊

(၃) ဝီရိယသမ္ဗောဇ္ဈင်၊

(၄) ပီတိသမ္ဗောဇ္ဈင်၊

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

(၆) သမာဓိသမ္ဗောဇ္ဈင်၊

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်-လို့ ဗောဇ္ဈင် ၇-ပါးကို အစဉ်အတိုင်း ပါဠိတော်မှာ ပြတယ်။

"ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု"။

http://www.dhammadownload.com

ချစ်သား ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရား၌ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်အောင် ပွါးတယ်ဆိုတာ ဘယ်လို ပွါးရမလဲလို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဒီလို ပုစ္ဆာထုတ်တော်မူပါတယ်၊ အဲသလို ပုစ္ဆာထုတ်ပြီးမှ မြတ်စွာဘုရားက ပြန်ပြီးတော့ အဖြေဝိသဇ္ဇနာပိုဒ်ကို ဘယ်လို ဟောသလဲ ဆိုတော့။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်အောင် ပွါးများပုံအကြောင်း

(၁) "ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ 'နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ"။

(၄) "ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ"[၁]။

အဲသလိုဘဲ သတိသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ဝီရိယသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ပီတိသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ သမာဓိသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ဥပေက္ခာသမ္ဗောဇ္ဈင်မှာ ၄-ချက်၊ ဒီသုတ္တန် ဒီအတိုင်းချည်းဘဲ လျှောက်ပြီးတော့ ဟောတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သံသရာအပြစ်ဘေးကို တွေးချေ ရှုလေ့ရှိသော ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ၊ မိမိရဲ့သန္တာန်၌။ သန္တံ ဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည်လည်း ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ကဲ့ကဲ့ပြားပြားနဲ့ သိ၏။

သတိသမ္ဗောဇ္ဈင်အကြောင်း။ ။အမျိုးကောင်းသားများ အမျိုးကောင်းသမီးများမှာ သတိသမ္ဗောဇ္ဈင်ဆိုတာ ရှိတယ်၊ အဲဒီ သတိသမ္ဗောဇ္ဈင်ဆိုတာ ဘာခေါ်လဲ၊ သတိရယ် သမ္ဗောဇ္ဈင်ရယ်၊ သတိ+သမ္ဗောဇ္ဈင်၊ သမ္ဗောဓိ+အင်္ဂ်။ သမ္ဗောဇ္ဈင်ဆိုတာ ဘာကို သမ္ဗောဇ္ဈင်ခေါ်သလဲလို့ ဆိုတော့ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်သော သဘာဝကို သမ္ဗောဇ္ဈင်လို့ ခေါ်တယ်၊ ကိလေသာ တည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတဲ့ သဘောကို သမ္ဗောဇ္ဈင်။

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၄၁။ မူလပဏ္ဏာသပါဠိ၊ နှာ-၈၀-၈၁။

http://www.dhammadownload.com

တနည်း–ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ-လို့ ခေါ်တဲ့ သစ္စာလေးပါးကို သိခြင်းကို သမ္မောဇ္ဈင်၊ အင်္ဂ-ဆိုတာက သစ္စာ ၄-ပါးကို သိခြင်းရဲ့အကြောင်း၊ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးခြင်းရဲ့အကြောင်း၊ သစ္စာ ၄-ပါးကို သိခြင်းရဲ့အကြောင်းအင်္ဂါတခုခုကို သမ္မောဇ္ဈင်္ဂ-လို့ ခေါ်တယ်။

အဲဒီ သမ္မောဇ္ဈင်မှာ သစ္စာ ၄-ပါးကို သိခြင်းရဲ့အကြောင်းဟာ ဘာလဲ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးခြင်းရဲ့အကြောင်းက ဘာလဲလို့ ဆိုတော့ သတိ၊ သတိ ဆိုတာ ဘာကိုပြောတာလဲ အာရုံတခုၵ် ကပ်၍တည်ခြင်း၊ အာရုံပေါ်မှာ ထင်ရှားခြင်းကို သတိ-လို့ ခေါ်တယ်၊ သူက ဥပဒ္ဒာနကိစ္စရှိတယ်၊ အဲဒီ သတိသမ္မောဇ္ဈင်ဟာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့ ဉာဏ်သန္တာန်မှာ ဒီ သတိသမ္မောဇ္ဈင်ဟာ တိုးတဲ့သဘော တွန်းတဲ့သဘောတည်း ဟူသော ဝါယောလေဓာတ် ရုပ်ပရမတ္ထ တရားကို အာရုံပြုလိုက်သည်နှင့် တပြိုင်နက်ထဲ သတိသမ္မောဇ္ဈင်က ဒီ အာရုံပေါ်မှာ တည်ငြိမ်နေတယ် အာရုံပေါ်ရောက်နေတဲ့ သတိသမ္မောဇ္ဈင်။အဲဒီ သတိသမ္မောဇ္ဈင်ဟာ ဖြစ်နေတယ်၊ဒါကို—

သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္မောဇ္ဈင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ သတိ-သမ္မောဇ္ဈင်္ဂေါ'တိ ပဇာနာတိ။

သန္တံ ဝါ အဇ္ဈတ္တံ၊ မိမိရဲ့အတွင်းသန္တာန်မှာ မိမိကိုယ်တိုင် ရနေသည်ဖြစ်၍ ထင်ရှားရှိသော သတိသမ္မောဇ္ဈင်ကို မိမိသန္တာန်မှာ သတိသမ္မောဇ္ဈင် ရှိနေတယ်လို့ ကွဲကွဲပြားပြားနဲ့ သိတယ်၊ ကွဲကွဲပြားပြားနဲ့ သိတယ်ဆိုတာက ဘယ်လို သိတာလဲ–သတိရယ် သတိ၏တည်ရာ အာရုံရယ်၊ ဘယ်သူလဲ သတိ၏ အာရုံက၊ ဓမ္မဋ္ဌိတိဉာဏ်ပိုင်းမှာဆိုရင် ဝိညာဏ် နာမ် ရုပ်-ဆိုတဲ့ ဒီ တရားတွေဟာ သတိ၏ တည်ရာဖြစ်တဲ့ အာရုံတွေဘဲ။ အဲဒီ သတိဟာ ဒီ ဝိညာဏ် နာမ်· ရုပ်ပေါ်မှာ ဝိညာဏ် နာမ် ရုပ် တည်းဟူသော အာရုံပေါ်မှာ သတိဟာ တည်နေရင် သတိဟာ ကပ်နေရင် သတိရနေရင် အောက်မေ့မှုရှိနေရင် သတိသမ္မောဇ္ဈင်-ဆိုတာ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများမှာ ရှိတယ်။

"သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္မောဇ္ဈင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ သတိ-သမ္မောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

"အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္မောဇ္ဈင်္ဂံ 'နတ္ထိ မေ အဇ္ဈတ္တံ သတိ-သမ္မောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

မိမိသန္တာန်မှာ သတိသမ္မောဇ္ဈင် ထင်ရှားမရှိတဲ့အခါမှာလဲ သတိသမ္မောဇ္ဈင် ထင်ရှားမရှိဘူး၊ သတိမရှိဘူး၊ သတိဟာ လွတ်ကင်းနေတယ်ဆိုတာ ကွဲကွဲပြား

http://www.dhammadownload.com

ပြားနဲ့သိတယ်၊ ပါဠိတော်မူနဲ့ ပါဠိတော်နည်းနဲ့ ကွဲကွဲပြားပြားသိတယ်၊ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီ သတိသမ္မောဇ္ဈင်ဖြစ်ဘို့။

"ယထာ စ အနုပ္ပန္နဿ သတိသမ္မောဇ္ဈင်္ဃ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"။

ယထာ စ ယေန ကာရဏေန၊ အကြင်သို့သော အကြောင်းအားဖြင့်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သတိသမ္မောဇ္ဈင်္ဃ၊ သတိသမ္မောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကိုလည်း။ ပဇာနာတိ၊ ကွဲကွဲပြားပြားနဲ့ သိ၏။

သတိသမ္မောဇ္ဈင် ဖြစ်ခြင်း၏အကြောင်း

(ပါဠိတော်နည်း)

သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဟာ ဘာလဲ—?

(အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီကနေ့တော အချိန်နဲ့နဲ့ နောက်ကျချင် ကျမယ်၊ ၃-နာရီခွဲမှ ဒီတရား ဟောရတာ၊ နဲနဲသည်းခံပြီးတော့ တရားနာကြပေတော့၊ ဘုန်းကြီးကလဲဘဲ သဒ္ဓါတရားဖျေထားပြီးတော့ ဟောမယ်၊ သူတောင်မှ ဟောနိုင်သေးလို့ရှိရင် ငါတို့ကလဲ သူ့ကို အရှုံးပေးလို့ မတော်ဘူးလို့ ဆိုပြီးတော့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီ တရားနာနေကြတာ)၊ အဲဒီ သတိသမ္မောဇ္ဈင်ပိုင်းမှာ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း၊ သတိသမ္မောဇ္ဈင် ဖြစ်တယ်ဆိုတာ ဘာကြောင့်ဖြစ်တယ်၊ သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဟာ ဘာလဲ....ပါဠိတော်ထဲ လိုက်ရှာလိုက်ဖြင့် မဟာသတိပဋ္ဌာန် ပါဠိတော်မှာလဲ ဒါဘဲရှိတယ်၊ ဒီအပြင် မတွေ့ဘူး။

အဲဒီတော့ ဒီ သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းကို အဋ္ဌကထာမှာ ဘုန်းကြီးတို့ ပါဠိတော်မူကိုးကားပြီးတော့ သတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းကို ပြထားတာရှိပါတယ်၊ ဘယ်လိုပြလဲ—

"အတ္ထိ ဘိက္ခဝေ သတိသမ္မောဇ္ဈင်္ဘာနိယာ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ သတိသမ္မောဇ္ဈင်္ဃ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ သတိသမ္မောဇ္ဈင်္ဃ ဘိယ္ယော-ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ"[၁]။

ဘိယ္ယောဘာဝါယ ဝေပုလ္လာယနဲ့ သံဝတ္တတိ ၃-ပုဒ်ပါနေပါတယ်။

အဲဒါ သတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းကို ပါဠိတော် ကိုးကားချက်၊ အဋ္ဌကထာမှာရှိနေတဲ့ အခု ဘုန်းကြီးရွတ်လိုက်တဲ့ ပါဠိတော်ဟာ ဒီ အဋ္ဌကထာက

၁။ မဟာဝဂ္ဂသံယုတ်၊ နှာ-၉၁။

http://www.dhammadownload.com

ဘယ်ကပါဠိတော်ကို ယူပြီးတော့ ကိုးကားချက်လုပ်ပြီးတော့ ဒီပါဠိတော်ဟာ ဘယ်ကလာတဲ့ ပါဠိတော်လဲလို့ဆိုရင် ဘုန်းကြီးတို့ မဟာဝဂ္ဂသံယုတ် ပါဠိတော်မှာ ဗောဇ္ဈင်္ဂသံယုတ်ဆိုတာ ရှိပါတယ်၊ အဲဒီ ဗောဇ္ဈင်္ဂသံယုတ်မှာ ဘုန်းကြီးတို့ သာကစ္ဆဝဂ်လို့ ဝဂ်တဝဂ်ရှိပါတယ်၊ အဲဒီ သာကစ္ဆဝဂ်မှာ ပထမ အာဟာရသုတ္တန် ဆိုတာရှိတယ်၊ အဲဒီ ပထမ အာဟာရသုတ္တန်မှာ ဘာပါလဲလို့ဆိုရင် အခု ဘုန်းကြီးရွတ်လိုက်တဲ့ အဋ္ဌကထာကိုးကားချက် ပါဠိပါလာတယ်။

အဲဒီ အဋ္ဌကထာမှာ ဘိယျောဘာဝါယ-နဲ့ ဝေပုလ္လာယ-ဆိုတဲ့ပုဒ်ဟာ ပိုပြီးတော့ပါလာတယ်၊ မူရင်းပါဠိတော်မှာ ဘိယျောဘာဝါယ-နဲ့ ဝေပုလ္လာယ-ဆိုတဲ့ ပုဒ်မပါဘူး၊ နောက်ပြီးတော့ သံဝတ္တတိ-ဆိုတဲ့ ပုဒ်လဲမပါဘူး၊ အဋ္ဌကထာမှာ အဲဒီ ပုဒ် ၃-ပုဒ် ပိုပြီးတော့ ပါလာတယ်၊ ပါဠိတော်မူရင်းမှာက ဘယ်လိုပါလဲ—

"အတ္ထိ ဘိက္ခဝေ။ပ။ ဥပ္ပန္နဿ ဝါ သတိသမ္ဗောဇ္ဈင်္ဃ ဘာဝနာယ ပါရိပူရိယာ"။

အဲသလောက်ဘဲ ပါဠိတော်မှာပါတယ်။

ဘိယျောဘာဝါယရယ် ဝေပုလ္လာယရယ် သံဝတ္တတိရယ်ဆိုတဲ့ ၃-ပုဒ် ပါဠိတော်ရင်းမှာ မပါဘူး၊ အဋ္ဌကထာမှာတော့ ပါတယ်၊ အခု ဘုန်းကြီးဟောနေတဲ့ မဟာဝဂ္ဂအဋ္ဌကထာတွင်သာ ပါတာမဟုတ်ဘူး၊ ဘုန်းကြီးတို့ မူလပဏ္ဏာသပါဠိတော် မဟာသတိပဋ္ဌာနသုတ် အဖွင့် နှာ(၂၉၄)မှာလဲဘဲ အဲဒီ-ဘိယျောဘာဝါယ ဝေပုလ္လာယ သံဝတ္တတိဆိုတဲ့ ၃-ပုဒ်စလုံး ပါနေတယ်၊ သုတ်မဟာဝါ အဋ္ဌကထာ နှာ (၃၇၆) မှာလဲ ပါတယ်။

နောက်ပြီးတော့ ဘုန်းကြီးတို့ ဝိဘင်းအဋ္ဌကထာ နှာ(၂၆၂)မှာလဲဘဲ အဲဒီလိုဘဲ ဘိယျော ဘာဝါယ ဝေပုလ္လာယ သံဝတ္တတိဆိုတဲ့ သုံးပုဒ်ပါတယ်၊ ပါဠိတော်မှာ မပါဘူး၊ ဒါ စိစစ်ချက်ပေါ့။ အဲသလို စိစစ်ကြည့်တော့ သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းကို အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သိဘို့က—

ဘာဝနာ၏ ပြည့်စုံခြင်းသို့ ရောက်နိုင်ခြင်း

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ သတိသမ္ဗောဇ္ဈင်္ဂဉာနီယာ၊ ရှေးရှေးသော သတိ၏ တည်ရာဖြစ်ကုန်သော။ ဓမ္မာ၊ နောက်နောက်သော သတိသမ္ဗောဇ္ဈင်တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။(ရှေးရှေးသော သတိသမ္ဗောဇ္ဈင်ရဲ့ တည်ရာဖြစ်တဲ့ နောက်နောက်သော သတိသမ္ဗောဇ္ဈင်တရားတွေဟာ ရှိတယ်တဲ့)။ တတ္ထ၊ ထိုရှေးရှေးသော သတိသမ္ဗောဇ္ဈင်တရားတို့ရဲ့ တည်ရာဖြစ်တဲ့ နောက်နောက်သော သတိသမ္ဗောဇ္ဈင်တရားတို့၌။ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ

http://www.dhammadownload.com

လေ့လာပြုခြင်းဟု ဆိုအပ်သော။ အယံ၊ ဤအကြောင်းအထောက်အပံ့သည်။ အနုပပန္နဿ၊ မဖြစ်သေးသော။ သတိသမ္ဗောဇ္ဈင်္ဃ၊ သတိသမ္ဗောဇ္ဈင်ကို။ ဥပ္ပါဒါ-ယ ဝါ၊ ဖြစ်စေခြင်းငှါငှင်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ သတိသမ္ဗောဇ္ဈင်္ဃ၊ သတိသမ္ဗောဇ္ဈင်ကို။ ဘိယျောဘာဝါယဝါ၊ လွန်စွာပွါးများခြင်းငှါငှင်း။ ဝေပုလ္လာ-ယဝါ၊ ကြီးပွါးစေခြင်းငှါငှင်း။ ဘာဝနာယ၊ သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၏။ ပါရိပူရိယာ၊ ပြည့်စုံလုံလောက်ခြင်းငှါငှင်း။အာဟာရော၊ အကြောင်းအထောက်အပံ့ပေတည်း။

သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဟာ သတိသမ္ဗောဇ္ဈင်၏ တည်ရာဖြစ်သောတရားတို့၌ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုပေးခြင်းဟူသော အကြောင်းကြောင့် မဖြစ်သေးတဲ့ သတိသမ္ဗောဇ္ဈင်တရားတွေလဲ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီးသား သတိသမ္ဗောဇ္ဈင်တွေလဲဘဲ တိုးပွါးစည်ပင် ကြီးပွါးပြီးတော့ ဘာဝနာရဲ့ ပြည့်စုံခြင်းဆိုတဲ့ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်တယ်လို့ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို ပါဠိတော်က အဲသလောက် ပြတယ်၊ ဒီပြင် အဋ္ဌကထာက ဘာပြောသေးသလဲ—

သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်းအဋ္ဌကထာနည်း ၄-မျိုး

"အပိစ စတ္တာရော ဓမ္မာ သတိသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ သတိသမ္ပဇညံ မုဋ္ဌဿတိ ပုဂ္ဂလပရိဝဇ္ဇနတာ ဥပဋ္ဌိတဿတိ ပုဂ္ဂလသေဝန-တာ တဒဓိမုတ္တတာတိ" ဒါက အဋ္ဌကထာစကား (ဒီ၊ဋ္ဌ၊ ၂။၃၇၆)။

အပိစ အပဇော၊ ပါဠိတော်နည်းမှ တပါးသော။ နယော၊ အဋ္ဌကထာနည်းကို။ ဝုစ္စတေ၊ ဆိုရဦးမယ်ဆိုရင်—

(၁) သတိသမ္ပဇညံ၊ သတိသမ္ပဇညတရားရှိသည်၏ အဖြစ်သည်ငှင်း၊ (သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်း သေသေချာချာမှတ်ထား)၊ သတိ-သမ္ပဇညံ၊ သတိသမ္ပဇညတရားရှိသောသူ၏ အဖြစ်သည်ငှင်း။

(၂) မုဋ္ဌဿတိ ပုဂ္ဂလပရိဝဇ္ဇနတာ၊ သတိလွတ်သော ပုဂ္ဂိုလ်ကို (သတိမရှိသော ပုဂ္ဂိုလ်ကို) ကြဉ်ရှောင်ခြင်းသည်ငှင်း၊ (ရှောင်ကြဉ်သောသူ၏ အဖြစ်သည်ငှင်း)။

(၃) ဥပဋ္ဌိတဿတိ ပုဂ္ဂလသေဝနတာ၊ ထင်သော သတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းသည်ငှင်း။

(၄) တဒဓိမုတ္တတာ၊ သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ လျောင်းတဲ့အခါကာလမှာ ထိုသတိသမ္ဗောဇ္ဈင်ဖြစ်ဘို့ရန်အတွက် စိတ်ကို စိုက်စိုက်မြဲမြဲမြံမြံ စွန့်လွှတ်ချထားတဲ့ ပုဂ္ဂိုလ်သည်ငှင်း (ဝါ)သတိသမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်း

http://www.dhammadownload.com

သောပုဂ္ဂိုလ်သည်ငုင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ သတိသမ္ဗောဇ္ဈင်သာ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ၊ သံဝတ္တန္တိ၊ ကောင်းကောင်းကြီးဖြစ်တဲ့ တရားတွေဘဲ။

အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီ-အဓိပ္ပါယ်ပြောကြစို့ရဲ့ သတိသမ္ဗောဇ္ဈင် ဖြစ်ချင်ရင် ဘာလုပ်ရမလဲ။

(၁) သမ္ပဇညတရားကို ပွါးများပေးရမယ်၊ သတိသမ္ပဇညတရား၊ အဌ-ကထာက ဆက်ပြပါတယ်။

သတိသမ္ပဇည သတ္တဌာန

အဘိက္ကန္တာဒီသု သတ္တသု ဌာနေသု သတိသမ္ပဇညေန—

(၁) အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။

(၂) အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ။

(၃) သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။

(၄) သံဃာဋိ ပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ။

(၅) အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ။

(၆) ဥစ္စာရပဿာဝ ကမ္မေ သမ္ပဇာနကာရီ ဟောတိ။

(၇) ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏ္ဍီ-ဘာဝေ သမ္ပဇာနကာရီ ဟောတိ။

အဲဒီ-ခုနစ်ဌာနကို အဖန်တလဲလဲ နှလုံးသွင်းပေးရမယ်၊ သတိသမ္ဗောဇ္ဈင် ဖြစ်ဘို့။

သွားတဲ့အခါ၊ ရပ်တဲ့အခါ၊ ထိုင်တဲ့အခါ၊ ကွေးတဲ့အခါ၊ ဆန့်တဲ့အခါ၊ ကြည့်တဲ့အခါ၊ စားတဲ့ သောက်တဲ့အခါ သတိသမ္ဗောဇ္ဈင်၊ သတိထားပေးရမယ်၊ သမ္ပဇညတရား ရှေးရှုပေးရမယ်၊ သတိနဲ့ ပညာကို။ အဲဒီ သတိသမ္ပဇဉ်ရှိတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ အဌကထာက ပြတယ်။

(၂) မုဌ္ဌဿတိ ပုဂ္ဂလပရိဝဇ္ဇနတာ၊ အဌကထာက ဘယ်လိုပြသလဲလို့ဆိုတော့ ဘုန်းကြီးတို့ ထမင်းတွေ ဘာတွေ စွန့်ထားတဲ့နေရာမှာ ကျီးတွေ ဘာတွေ ကျတော့ တရုံးရုံးနဲ့ ဖြစ်နေသလို သတိတွေ မကြာမကြာ လွှတ်လွှတ်နေတဲ့ ပုဂ္ဂိုလ်များ အဲဒီပုဂ္ဂိုလ်များကို ရှောင်ကြဉ်ရမယ်။

http://www.dhammadownload.com

(၃) ဥပဋ္ဌိတဿတိပုဂ္ဂလသေဝနတာ၊ ထင်သောသတိရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းဆိုတာဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ အဋ္ဌကထာက ပြတယ်၊ တိဿဒတ္တမထေရ်တို့ အဘယဒတ္တမထေရ်တို့ ဆိုတာ ၁၈-ဘာသာဖြင့် တရားဟောနိုင်တယ်ဆိုတဲ့ အဲဒီလို မထေရ်မျိုး သတိထင်ရှားတဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ်ပေးခြင်း၊ သုံးပါး။

(၄) တဒဓိမုတ္တတာ၊ သတိသမ္မောဇ္ဈင်ဖြစ်အောင် စိတ်ကို မကြာ မကြာ နှလုံးသွင်းပေးခြင်း၊ ထိုင်တဲ့နေရာ ရပ်တဲ့နေရာမှာ သတိသမ္ဗောဇ္ဈင်ဖြစ်အောင် စိတ်ကို ညွှတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းရှိတဲ့ ပုဂ္ဂိုလ်များ။ အဲဒီ-အကြောင်းတရား လေးပါးဟာ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲလို့ အဋ္ဌကထာက အဓိပ္ပါယ်ဖော်ပြချက်ဖွင့်ပြတယ်၊ ဒဲဒီတော့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ သတိသမ္ဗောဇ္ဈင်ဖြစ်ချင်ရင် အဲဒီအတိုင်း ရှုရမယ်၊ ဒီ-အတိုင်း ပွါးရမယ်၊ ဒါသတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

> ယထာ စ အနုပ္ပဒ္ဒဿ သတိသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဃ ဘာဝနာယ ပါရိပူရိ ဟောတိ၊ တဉ္စ ပဇာနာတိ”။

သတိသမ္ဗောဇ္ဈင် ဘာဝနာပြည့်စုံသွားတာကတော့ ဘယ်တော့မှ ဒီ-သတိသမ္ဗောဇ္ဈင်ပြည့်စုံသလဲဆိုတော့ အရဟတ္တမဂ္ဂဉာဏ်နဲ့ အရဟတ္တမဂ်ကို ရောက်မှ သာလျှင် သတိသမ္ဗောဇ္ဈင်အား‌လုံးပြည့်စုံတယ်၊ အရဟတ္တမဂ်ကို မရောက်မချင်း သတိသမ္ဗောဇ္ဈင်ဟာ ပြည့်စုံတယ်လို့ မရှိဘူး၊ အဲဒီတော့ သတိသမ္ဗောဇ္ဈင်ကို ကြိုးစားပြီးတော့ ပွါးများရမယ်၊ ဒီတော့ သတိသမ္ဗောဇ္ဈင် ပြည့်စုံခြင်းရဲ့ အကြောင်းက ဘာလဲလို့ဆိုတော့ အရဟတ္တမဂ်ဘဲလို့ ဒီလိုမှတ်ရမယ်၊ ကိုင်း သတိသမ္ဗောဇ္ဈင်ပြီးပြီလို့ ဆိုကြပါစို့ရဲ့၊ သတိသမ္ဗောဇ္ဈင်ပြီးတော့ ဘာသမ္ဗောဇ္ဈင်လဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း

> “သန္တံ ဝါ အတ္ထီတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ ‘အတ္ထိ မေ အတ္ထီတ္တံ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ’တိ ပဇာနာတိ”။

အတ္ထီတ္တံ၊ မိမိရဲ့သန္တာန်၌။ သန္တံ ဝါ၊ ရရှိသည်ဖြစ်၍ ထင်ရှားရှိသည်လည်း ဖြစ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အတ္ထီတ္တံ၊ အတွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ကဲ့ကဲ့ပြားပြားနဲ့သိ၏။

၁။ သုတ်မဟာဝါအဋ္ဌကထာ၊ နှ-၃၇၆။

http://www.dhammadownload.com

ပညာနဲ့သိတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ ဘာတုန်း—ဓမ္မ+ဝိစယ=ဝိညာဏ်-နာမ်–ရှုပ်၊ စိတ်–စေတသိက်–ရှုပ်။ အဲဒီတရားတည်းဟူသော သဘာဝဓမ္မတွေကို စိစစ်ဝေဖန်ပြီးတော့ အနိစ္စအနေ, ဒုက္ခအနေ, အနတ္တအနေ၊ ဒုက္ခသစ္စာအနေ, သမုဒယသစ္စာအနေ၊ အဲဒီလို ဒုက္ခသမုဒယသစ္စာအနေနဲ့ စိစစ်ဝေဖန်ပြီးတော့ ကြည့်ရှုဆင်ခြင်ခြင်းကို ဓမ္မဝိစယလို့ခေါ်တယ်။ အဲဒီ ဓမ္မဝိစယ တရားအပေါင်းတို့၌ စိစစ်ဝေဖန်ခြင်းဟာလဲဘဲ သစ္စာ ၄-ပါးကို သိခြင်းရဲ့အကြောင်း ဖြစ်ပါသောကြောင့် သမ္ဗောဇ္ဈင်၊ ဓမ္မဝိစယနဲ့ သမ္ဗောဇ္ဈင် ပေါင်းလိုက်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ ခေါ်တယ်။

အမျိုးကောင်းသားများ အမျိုးကောင်းသမီးများရဲ့ သန္တာန်မှာ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟာ အခုရှိနေသလား ရှိမနေဘူးလားဆိုရင် တိုးတဲ့သဘော တွန်းတဲ့သဘော တည်းဟူသော ဝါယောလေဓာတ် ရှုပ် ပရမတ္ထကို အာရုံပြုပြီးတော့ ဝိညာဏ် နာမ် ရှုပ်၊ အကြောင်းတရား အကျိုးတရား အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက် စသည်ဖြင့် ဘုန်းကြီးနောက်ပိုင်းက ဖော်ပြသလို ဒီအထဲမှာ ရှုကွက်ဖော်ပြီးတော့ ရှုနေလိုက်မယ်ဆိုရင် အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင် မိမိသန္တာန်မှာ ရှိနေတာကိုလဲဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိနေတယ်လို့ ကွဲကွဲပြားပြား ခြားခြားနားနား သိရမယ်။

ယထာ စ အနုပုန္နဿ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဿ ဥပ္ပါဒေါ ဟောတိ တဥ္စ ပဇာနာတိ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကိုလည်း သိရမယ်။

အမျိုးကောင်းသားတွေ အမျိုးကောင်းသားသမီးတွေ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းက ဘာလဲ....မသိဘူး။ အဲဒီလို မသိတော့ ဟော ပါဠိတော်က ပြောတယ်၊ ဘယ်လိုပြောလဲ–

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ဘာလဲလို့ဆိုတော့–ပါဠိတော်က ပြောတယ်၊ အဋ္ဌကထာ နှာ-၃၇၆ ကိုးကားချက် ပါဠိတော်က—

> အတ္ထိ ဘိက္ခဝေ ကုသလာကုသလာ ဓမ္မာ သာဝဇ္ဇာနဝဇ္ဇာ ဓမ္မာ ဟီနပဏီတာ ဓမ္မာ ကဏှသုက္က သပ္ပဋိဘာဂါ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဿ ဘိယ္ယော-ဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ။

http://www.dhammadownload.com

ဒါ–အဋ္ဌကထာရှိတိုင်းပေါ့။ ဒါဘာပြောတာလဲ ဒီပါဠိတော်က၊ ကုသိုလ် အကုသိုလ်တရားဆိုတာ ရှိတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ကုသလာကုသလာ ဓမ္မာ၊ ကုသိုလ် အကုသိုလ်တရားတို့သည်ငင်း။ သာဝဇ္ဇာ နဝဇ္ဇာ ဓမ္မာ၊ အပြစ်ရှိသော တရား အပြစ်မရှိသောတရားတို့သည်ငင်း။ (သေဝိတမ္မာ သေဝိတမ္မဓမ္မာ-မှီဝဲအပ်သောတရား မမှီဝဲအပ်သောတရားတို့သည်ငင်း။) ဟီန ပဏီတာ ဓမ္မာ၊ ယုတ်သောတရား မြတ်သောတရားတို့သည်ငင်း။ ကဏှသုက္က သပ္ပဋိဘာဂါ ဓမ္မာ၊ မည်းညစ်ဖြူစင်၍ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည်ငင်း။ အတ္ထိ၊ ရှိကုန်၏။

တတ္ထ၊ ထိုကုသိုလ်အစရှိသော တရားတို့၌။ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုခြင်းဟု ဆိုအပ်သော။ အယံ၊ ဤအကြောင်းအထောက်အပံ့ သည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဃဿ၊ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်ကို။ ဥပ္ပါဒါယ ဝါ၊ ဖြစ်စေခြင်းငှါငင်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ဓမ္မ-ဝိစယသမ္ဗောဇ္ဈင်္ဃဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘိယ္ယောဘာဝါယ၊ လွန်စွာပွါးများ စေခြင်းငှါငင်း။ ဝေပုလ္လာယ ဝါ၊ ပြန့်ပွါးစေခြင်းငှါငင်း။ ဘာဝနာယ၊ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်ဖြစ်ခြင်း၏။ ပါရိပူရိယာ၊ ပြည့်စုံလုံလောက်ခြင်းငှါငင်း။ သံဝတ္တတိ၊ ဖြစ်၏။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ဘာလဲ–ကုသိုလ် အကုသိုလ်ကို နှလုံးသွင်းပေးခြင်း၊ အပြစ်ရှိ မရှိကို နှလုံးသွင်းပေးခြင်း၊ အယုတ်အမြတ်ကို နှလုံးသွင်းပေးခြင်း၊ (မှီဝဲသင့် မမှီဝဲသင့်ကို နှလုံးသွင်းပေးခြင်း။) မည်းညစ် ဖြူစင်ခြင်းရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ သဘောတရားတွေကို နှလုံးသွင်းပေးခြင်းလို့ ခေါ်တဲ့ အဲဒီလို နှလုံးသွင်းပေးခြင်းတည်းဟူသော အကြောင်းအထောက်အပံ့ ကြောင့် မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေ ဖြစ်တယ်၊ ဖြစ်ပြီးသား ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေဟာ တိုးပွါးလာမယ်၊ ကြီးမားလာမယ်၊ ဖြစ်နေတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကအရဟတ္တဖိုလ်ပေါက်ပြည့်စုံလုံလောက်ခြင်းသို့ရောက်မယ်။

ဩဝါဒတရားက ကုသိုလ်တရားဘဲ၊ ဒါက အကုသိုလ်တရားဘဲလို့ ဆင်ခြင် နှလုံးသွင်းပေးလိုက်ရင် ဒီတရားက အပြစ်ရှိတဲ့တရား ဒီတရားက အပြစ်မရှိတဲ့ တရားဘဲလို့ ဆင်ခြင်နှလုံးသွင်းရင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း ဘဲလို့ ပါဠိတော်က အဲသလိုပြတယ်။

အဋ္ဌကထာနည်း ၇-မျိုး။ ။အပိစ သတ္တ ဓမ္မာ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ။ အပိစ အပရော နယော၊ ပါဠိတော်နည်း မှတပါးသော အဋ္ဌကထာနည်းကို။ ဝုစ္စတေ၊ ပြောပြရမယ်ဆိုရင်။ သတ္တ ဓမ္မာ၊

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ၊ ခုနစ်မျိုးသော တရားတွေဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေနိုင်တယ်၊ အဲဒီ ခုနစ်မျိုးသော တရားတွေက ဘာတွေလဲ—

(၁) ပရိပုစ္ဆကတာ=ခန္ဓာ အာယတန ဓာတ် သမထ ဝိပဿနာအကြောင်းကို အပြန်ပြန်အလှန်လှန် မေးမြန်းခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတခုဘဲ။

(၂) ဝတ္ထု ဝိသဒ ကိရိယာ=အဇ္ဈတ် ဗာဟိ ၂-လီဝတ္ထု သန့်ရှင်းမှုကို ပြုလုပ်သောသူ၏အဖြစ်သည်၎င်း၊ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတွေ သန့်ရှင်းစင်ကြယ်ခြင်းဟာလဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတခုဘဲ၊ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ မှတ်မိအောင်လား - နားထောင်ကောင်းအောင်လား(မှတ်မိအောင်ပါဘုရား)၊အခုဘယ်နှစ်ခု ရသွားပြီလဲ(၂-ခုပါဘုရား) ၂-ခု ရသွားပြီ။

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ=သဒ္ဓါအစရှိသော ဣန္ဒြေတို့၌ ကိစ္စအစုမ်းအားဖြင့် ညီမျှသည်၏အဖြစ်ကို ပြုခြင်းသည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတခုဘဲ။

(၄) ဒုပ္ပညပုဂ္ဂလ ပရိဝဇ္ဇနာ=အဖြစ်အပျက်၌ မလိမ္မာ မကျွမ်းကျင်တဲ့ ဥဒယဝယဉာဏ်၌ မလိမ္မာမကျွမ်းကျင်တဲ့ ဥဒယဝယဉာဏ်ပညာခေါင်းပါးတဲ့ ပညာနည်းပါးတဲ့ ပုဂ္ဂိုလ်များကို ရှောင်ကြဉ်ရခြင်း၊ ရှောင်ကြဉ်ခြင်းဟာလဲဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ အကြောင်းတခုဘဲတဲ့။

(၅) ပညဝန္တ ပုဂ္ဂလသေဝနာ = အဖြစ်အပျက်၌ လိမ္မာကျွမ်းကျင်တဲ့ ဥဒယဝယဉာဏ် ထက်သန်တဲ့ ပုဂ္ဂိုလ်များကို မှီဝဲဆည်းကပ်ခြင်းဟာလဲဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်း၏ အကြောင်းတခုဘဲ။

(၆) ဂမ္ဘီရဉာဏ စရိယ ပစ္စဝေက္ခဏာ=ခက်ခဲနက်နဲ သိမ်မွေ့သော ပညာဉာဏ်ဖြင့် ခက်ခဲနက်နဲ သိမ်မွေ့တဲ့ ရုပ်နာမ်မမှသခါရ အချက်အလက်တွေကို ကြံစည် စဉ်းစား ဆင်ခြင်ခြင်း ဟာလဲဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်း၏ အကြောင်း တခုဘဲ။

(၇) တဒမိ မုတ္တတာ။ တဒဓိမုတ္တတာ ဆိုတာ သွားတဲ့နေရာ ထိုင်တဲ့နေရာ နေတဲ့နေရာမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဘက်သို့ စိတ်ကို ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းစတဲ့ ပုဂ္ဂိုလ်ရဲ့အဖြစ် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်အောင် နှလုံးသွင်းခြင်းရှိသော ပုဂ္ဂိုလ်ရဲ့အဖြစ် ဟာလဲဘဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲ။ ကိုင်း ဘုန်းကြီးတို့ အဲဒါ အကျယ်ပြောရအောင်။

http://www.dhammadownload.com

အပြန်ပြန် အလှန်လှန် မေးမြန်းဆင်ခြင်ခြင်း

ပရိပုစ္ဆကတာဆိုတဲ့ ပထမနံပါတ် ၁-ကို ပြန်ကြည့်၊ အဲဒီ ပရိပုစ္ဆကတာဆိုတာ ဘာကို မေးရ ပြောရမှာလဲ။

ခန္ဓာ, အာယတန, ဓာတု, သစ္စာ, ဣန္ဒြိယ, ဗလ, ဗောဇ္ဈင်။ ခန္ဓာ ၅-ပါး အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ခုနစ်ပါး သမထ ဝိပဿနာတရားတို့၌ အပြန်ပြန်အလှန်လှန် မေးမြန်းဆင်ခြင်ခြင်းကို ပရိပုစ္ဆကတာလို့ ခေါ်တယ်။

ဒါ မေးမြန်းဆင်ခြင်တဲ့ သဘောကို လုပ်ပေးရမယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်အောင် ပရိပုစ္ဆကတာ ဒါ အဋ္ဌကထာနည်း၊ ပြီးတော့—

ဝတ္ထု ဝိသဒ ကိရိယာ၊ နံပါတ် ၂-က ဝတ္ထု ဝိသဒကိရိယာ-ဆိုတာ ဘာကိုပြလဲ အဋ္ဌကထာမှာ ဘာပြောလဲ ဝတ္ထုဝိသဒကိရိယာဆိုတာ ဘာတဲ့—"အဇ္ဈတ္တိက-ဗာဟိရာနံ ဝတ္ထူနံ ဝိသဒဘာဝကာရဏံ"လို့ အဋ္ဌကထာက ပြတယ်။ အဇ္ဈတ္တိက-ဝတ္ထု ဗာဟိရဝတ္ထု တွေကို စင်ကြယ်သန့်ရှင်းအောင် ပြုသည်၏အဖြစ်သည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

အဇ္ဈတ် ဗာဟိ ၂-လီ ဝတ္ထု သန့်ရှင်းစေမှု

ယဒါ ဟိဿ ကေသနခလောမာနိ ဒီဃာနိ ဟောန္တိ။ အဇ္ဈတ္တိကဝတ္ထု မစင်ကြယ်ဘူးဆိုတာ ဘယ်လိုလဲ—

သရီရံ ဝါ ဥပ္ပန္နဒေါသဥ္စေဝ သေဒမလ မက္ခိတဉ္စ၊ တဒါ အဇ္ဈတ္တိကံ ဝတ္ထု အဝိသဒံ ဟောတိ အပရိသုဒ္ဓံ။ အဲဒီ အဝိသဒံ ဟောတိကို အနက်မထင်မှာစိုးလို့ နောက်က အဋ္ဌကထာက ထပ်ဖွင့်ပေးတယ် အပရိသုဒ္ဓံလို့ ဖွင့်ထားတယ်။

ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂိပုဂ္ဂိုလ်အား။ ကေသနခလော-မာနိ ဒီဃာနိ၊ ဆံပင်တွေကလဲ ရှည်နေမယ်၊ လက်သည်း ခြေသည်း တွေကလဲ ရှည်နေမယ်၊ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးတွေကလဲ ရှည်နေမယ်၊ အဲဒီလိုဆိုရင် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တိက ဝတ္ထုဟာ မသန့်ရှင်းတော့ဘူး။

နောက်တနည်းက ဥပ္ပန္နဒေါသဥ္စေဝ သေဒမလမက္ခိတဉ္စ၊ သည်းခြေတို့ သလိပ်တို့ လေတို့ကလဲ အားကြီး ပြင်းထန်နေမယ်ဆိုရင် သေဒမလမက္ခိတဉ္စ၊ ချွေးတွေအလိမ်းလိမ်းကပ်ပြီး နေမယ်ဆိုရင် အဇ္ဈတ္တိက ဝတ္ထု ခန္ဓာကိုယ်ဟာ မစင်ကြယ်တော့ဘူး၊ ဒါအဇ္ဈတ္တိကဝတ္ထု မစင်ကြယ်ဘူးတဲ့၊ အဲဒီ အဇ္ဈတ္တိကဝတ္ထု ဆိုတာ စိတ် စေတသိက်တို့ရဲ့ တည်ရာဖြစ်သောကြောင့် အဇ္ဈတ္တိကဝတ္ထုလို့ ခေါ်တယ်။

http://www.dhammadownload.com

ဒီ ခန္ဓာကိုယ်ကြီးက စိတ် စေတသိက်တို့ရဲ့ တည်ရာဖြစ်သောကြောင့် သူ့ကို ဘာလို့ခေါ်တယ် ဝတ္ထုလို့ခေါ်တယ်၊ စိတ် စေတသိက်တို့ရဲ့ တည်ရာဖြစ်သော ကြောင့် သူ့ကို ဘာလို့ခေါ်တယ် (ဝတ္ထု ခေါ်ပါတယ်ဘုရား)၊ အဲဒါ ဝတ္ထု။

ကိုယ့်ပြင်ဝတ္ထု စင်ကြယ်စေရခြင်း အကြောင်း

ကောင်းပြီ ဗာဟိရဝတ္ထုတွေ မစင်ကြယ်ဘူးဆိုတာ ဘာတွေလဲ—

ယဒါ ပန စီဝရံ ဇိဏ္ဏံ ကိလိဋ္ဌံ ဒုဂ္ဂန္ဓံ ဟောတိ။ ယဒါ ပန၊ အကြင် အခါ၌ ကား။ အဿ၊ ထို ယောဂီပုဂ္ဂိုလ် ရဟန်း၏။ စီဝရံ၊ သင်္ကန်းသည်။ ဇိဏ္ဏံ၊ ဟောင်းနွမ်းဆွေးမြေ့သည်။ ကိလိဋ္ဌံ၊ ညစ်နွမ်းသည်။ ဒုဂ္ဂန္ဓံ၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သေနာသနံ ဝါ ဥက္လာပံ။ သေနာသနံဝါ၊ ကျောင်းအိပ်ရာ နေရာတွေမှာလဲဘဲ။ ဥက္လာပံ၊ အမှိုက်သရိုက်တွေ ရှုပ်ထွေးရှိနေသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ။ ဗာဟိရဝတ္ထု၊ ဗာဟိရဝတ္ထုသည်။ အဝိသဒံ၊ မသန့်ရှင်းသည်။ အပရိသုဒ္ဓံ၊ မစင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ အဋ္ဌကထာမှာ အဲဒါ ဘာ ပြောတာလဲ။

ဒီ အဋ္ဌကထာကတော့ဖြင့် ရဟန်းတော်တွေ အတွက် ရည်ပြီးဖွင့်တယ်၊ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေအတွက်လဲ ဒီလိုဘဲပေါ့လေ၊ ဆရာတော် သံဃာတော်များမှာ ဒီ သင်္ကန်းတွေက ဟောင်းနွမ်းနေမယ်၊ ချေးတွေ ညှော်တွေ တင်နေမယ်၊ အနံ့အသက်တွေ မကောင်းဘူး ဖြစ်နေမယ်၊ နောက်ပြီးတော့ ကိုယ်နေတဲ့ နေရာဌာနမှာ တကတဲ အိပ်ရာမှာ အမှိုက်သရိုက်တွေ ရှုပ်လို့နေမယ်၊ ကျောင်းထဲ ကန်ထဲမှာ အမှိုက်သရိုက်တွေ ရှုပ်လို့နေမယ်၊ ဆိုရင် ကိုယ်နေတဲ့အိမ်မှာလဲဘဲ အမှိုက်သရိုက်တွေ ရှုပ်နေမယ်ဆိုရင် ကိုယ်ဝတ်တဲ့ အဝတ်အစားတွေမှာ ချေးညှော်တွေ အနံ့အသက်တွေ မကောင်းဘူးဆိုရင် အဲဒါ ဗာဟိရဝတ္ထုတွေ မစင်ကြယ်တော့ဘူး၊ အဲဒီဟော့ ဒါ ဘာလုပ်ရမလဲ— အဋ္ဌတ္တိကဝတ္ထု စင်ကြယ်အောင်တဲ့ အဋ္ဌကထာက လက်သည်းတွေ ခြေသည်းတွေ ရှည်နေရင် ဖြတ်ပါတဲ့၊ မုတ်ဆိတ်မွေးတွေ ခေါင်းက ဆံပင်တွေ ရှည်နေရင် ရိပ်ထား၊ ရဟန်းတော်များကို ရည်စူးပြီးဖွင့်တာပေါ့။

အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ အတွက်ကတော့ မိမိတို့ရဲ့ အဋ္ဌတ္တိကဝတ္ထု စင်ကြယ်အောင် ရေမိုးချိုး ဆပ်ပြာမွှေးတို့ ဘာတို့နဲ့တိုက်၊ နောက်ပြီးတော့ တရားအားထုတ်ရအောင် လာတော့မယ်ဆိုရင် အဝတ်ကို သစ်ပေ့ဆိုတဲ့ အဝတ်ကိုဝတ်၊ ခုနပြောတဲ့ ချေးတွေ ညှော်တွေနဲ့ အနံ့အသက် မကောင်းတဲ့ အဝတ်တွေလို မဝတ်ရဘူးတဲ့၊ ဗာဟိရဝတ္ထု မစင်ကြယ်ဘူးတဲ့၊

http://www.dhammadownload.com

အဲသလို အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထု မစင်ကြယ်ရင် ဒီ အဇ္ဈတ္တိက ဗာဟိရဝတ္ထု တွေမှာ စိတ် စေတသိက်တို့က တည်ရမှာ၊ အဲဒီ စိတ် စေတသိက်တို့ကို မှီပြီးတော့ ဖြစ်တဲ့ ပညာဉာဏ်ဟာ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထု မသန့်ရှင်းရင် ဒီ စိတ် စေတသိက်တွေကကော သန့်ရှင်းအုံးမလား၊ အဲဒီ စိတ် စေတသိက် မသန့်ရှင်းရင် ဒီ စိတ် စေတသိက်ကိုမှီပြီးတော့ ဖြစ်တဲ့ ပညာဉာဏ်ကကော သန့်ရှင်းပါဦးတော့ မှာလား (မသန့်ရှင်းပါဘုရား)။

အဲသလို အဋ္ဌကထာက ဘာပြသလဲလို့ဆိုတော့ ဆီမီးခွက်တခုဟာတဲ့ မီးခွက်ကလဲ မသန့်ရှင်းဘူး ဆီမီးစာကလဲ မသန့်ရှင်းဘူး၊ ဆီကလဲ မသန့်ရှင်းဘူး ဆိုရင် အဲဒီ မသန့်ရှင်းတဲ့ မီးခွက်တို့ မီးစာတို့ ဆီတို့ကို မှီပြီးတော့ ဖြစ်ရတဲ့ မီးတောက်ဟာ သန့်ရှင်းပါဦးမလား မီးရောင်ဟာ ကောင်းပါဦးတော့ မလား (မကောင်းတော့ပါဘုရား)၊ အင်း မကောင်းတော့ဘူးတဲ့၊ ဆီမီးခွက်ကလဲ သန့်ရှင်းမယ်၊ ဆီကလဲ သန့်ရှင်းမယ်၊ မီးစာကလဲ သန့်ရှင်းမယ်ဆိုရင်၊ အဲဒီ မီးခွက်က တောက်လာတဲ့မီးဟာ မီးရောင်လေးဟာ ကြည်ကြည်လင်လင် ဖြစ်လာမယ်။

အဲဒီ ဥပမာမျိုးလိုဘဲ ခန္ဓာကိုယ်တည်းဟူသော အဇ္ဈတ္တိကဝတ္ထုက မသန့်ရှင်းရင် ဝတ်တဲ့သင်္ကန်းတွေ ကိုယ်ဝတ်တဲ့ အဝတ်အစား အိပ်ရာနေရာ တည်းဟူသော ဗာဟိရဝတ္ထုတွေက မသန့်ရှင်းရင်၊ အဲဒီ ခန္ဓာကိုယ်နဲ့ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတွေကို မှီပြီးတော့ ဖြစ်ရတဲ့ စိတ်စေတသိက်တွေကလဲ မသန့်ရှင်းတော့ဘူး၊ စိတ် စေတသိက် မသန့်ရှင်းရင် ပညာကလဲဘဲ မသန့်ရှင်းတော့ဘူး။

အဲဒီလို ပညာမသန့်ရှင်းသည် ဖြစ်ပါသောကြောင့် ပညာသန့်ရှင်းအောင် ခန္ဓာကိုယ်ကို သန့်ရှင်းအောင် လုပ်ပေးရမယ်၊ အဝတ်အစားတွေကို သန့်ရှင်းအောင် လုပ်ပေးရမယ်၊ ကိုယ်နေတဲ့ ထိုင်တဲ့နေရာမှာ ဌိကာကတော့ဖြင့် ဘာတွေ ပြသလဲလို့ဆိုရင် သပိတ်တို့ ပန်းကန်ခွက်ယောက်တို့ ကိုယ်သုံးတဲ့ အသုံးအဆောင်မှန်သမျှ အကုန်လုံး သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ရှိစေရမယ်၊ အဲဒါ ဘာဖြစ်လို့လဲ ဒီ ကိုယ်သုံးတဲ့ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတွေဟာ မိမိတို့ရဲ့ စိတ် စေတသိက်တို့ရဲ့ တည်ရာဌာနတွေဖြစ်တယ်၊ စိတ် စေတသိက်တို့ရဲ့ တည်ရာဌာနတွေ စင်ကြယ်သန့်ရှင်းပါမှ စိတ်လဲဘဲ သန့်ရှင်းမယ်၊ ကြည်လင်မယ်၊ ဒဲဒီ စိတ်သန့်ရှင်းပါမှ စိတ် စေတသိက်ကို မှီပြီးတော့ ဖြစ်တဲ့ ပညာလဲဘဲ သန့်ရှင်း ကြည်လင်မယ်၊ အဲဒါကြောင့်မို့လို့ ဝတ္ထု ဝိသဒကိရိယာ၊ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထုတွေကို စင်ကြယ်သန့်ရှင်းအောင် ပြုခြင်းဟာလဲဘဲ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ခေါ်တဲ့ ပညာဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ မှတ်မိပါလား (မှတ်မိပါတယ်ဘုရား)။ နောက်ပြီးတော့ ဘာလဲ—

http://www.dhammadownload.com

ဣန္ဒြေငါးပါး ညီမျှအောင်ပြုခြင်း။ ။"ဣန္ဒြိယသမတ္တ ပဋိပါဒနာ"။ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတရုအဋ္ဌကထာက ပြတယ်၊ ဣန္ဒြိယသမတ္တ ပဋိပါဒနာ-ဣန္ဒြေတို့၏ ကိစ္စအားဖြင့် ညီမျှသည်၏ အဖြစ်ကို ပြုခြင်းသည်လည်း ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းပါဘဲ၊ အဓိပ္ပါယ်အကျယ်ဖော်ပြချက်က ဘယ်လိုလဲ၊ အဋ္ဌကထာမှာ –

"သဒ္ဓါဒိနံ ဣန္ဒြိယာနံ သမဘာဝကရဏ"။

သဒ္ဓါဒိနံ၊ သဒ္ဓါအစရှိကုန်သော။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ သမဘာဝကရဏံ၊ ကိစ္စအားဖြင့် ညီညွတ်သည်၏အဖြစ်ကို ပြုခြင်းသည်။ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ ဣန္ဒြိယသမတ္တ ပဋိပါဒနာမည်တယ်။ ပြီးတော့ သဒ္ဓါ အစရှိသော ဣန္ဒြေဆိုတာ ဣန္ဒြေက ၅-ပါးရှိတယ်၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ၊ ဘယ်နှစ်ပါးလဲ(၅-ပါးပါဘုရား)။

အဲဒီ ဣန္ဒြေ ၅-ပါးမှာ အကယ်၍ သဒ္ဓိန္ဒြေ အားကောင်းနေရင် "သစေ ဟိဿ သဒ္ဓိန္ဒြိယံ ဗလဝံ ဟောတိ၊ ဣတရာနိ မန္ဒာနိ၊ တတော ဝီရိယိန္ဒြိယံ ပဂ္ဂဟကိစ္စံ သတိန္ဒြိယံ ဥပဋ္ဌာနကိစ္စံ, သမာဓိန္ဒြိယံ အဝိက္ခေပကိစ္စံ, ပညိန္ဒြိယံ ဒဿနကိစ္စံ ကာတုံ န သက္ကောတိ"။

ဒါဘာပြောလဲ(ဟိ-က ဝိတ္ထာရဇောတကနိပါတ်ပုဒ်ကို ခွဲပြတယ်)။အကယ်၍ ယောဂီပုဂ္ဂိုလ်၌, **အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ**ရဲ့ သဒ္ဓိန္ဒြေက သဒ္ဓါတရားက သိပ်ပြီးတော့ အားကောင်းနေရင် ကျန်တဲ့ ဝီရိယိန္ဒြေ,သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့ဟာ သူတို့ရဲ့ကိစ္စတွေကို သူတို့ပြုလုပ်ခြင်းငှါ မစွမ်းနိုင်တော့ဘူးတဲ့၊ သူတို့က အားသေးသွားပြီ။

ဣတရာနိ မန္ဒာနိ။ ဣတရာနိ၊ ဤမှတပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ မန္ဒာနိ၊ နုန့်နှေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တခြား ဣန္ဒြေတို့ အဲဒီလို နုန့်နှေးတော့ သူတို့ကိစ္စတွေ သူတို့မလုပ်တော့ဘူး၊ ဝီရိယိန္ဒြေကလဲဘဲ သမ္မယုတ်ဖြစ်တဲ့ တရားတွေကို တခြား အာရုံကို ရောက်မသွားအောင် ထောက်ပံ့ထားခြင်း အမှုကိစ္စဖြစ်တဲ့ ပဂ္ဂဟကိစ္စကို မပြုလုပ်တော့ဘူး။

သတိန္ဒြေကလဲဘဲ ခုနပြောခဲ့တဲ့ ဝိညာဏ် နာမ် ရုပ် တည်းဟူသော အာရုံ၌ ကပ်၍တည်ခြင်းဆိုတဲ့ ဥပဋ္ဌာနကိစ္စကို မပြုလုပ်တော့ဘူး။

သမာဓိန္ဒြေ အဝိက္ခေပကိစ္စ။ သမာဓိန္ဒြေကလဲဘဲ, ပျံ့လွင့်ခြင်းကိစ္စကို မလုပ်နိုင်တော့ဘူး၊ အားနည်းတယ်။

http://www.dhammadownload.com

ပညိန္ဒြေ ဒဿနကိစ္စ။ အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမအချက်တွေကို ပိုင်းပိုင်းခြားခြား မြင်နိုင်တယ်ဆိုတဲ့ ဒဿနကိစ္စကို ပညိန္ဒြေက မလုပ်နိုင်တော့ဘူး၊ ဘာပြုလို့လဲ သဒ္ဓိန္ဒြေ အားကောင်းနေလို့၊ ဒါဖြင့် အဲဒီ သဒ္ဓိန္ဒြေ အားကောင်းနေရင် ဘာလုပ်ရမလဲ။

သဒ္ဓါအားကောင်းလျှင် ပြုလုပ်ရပုံ။ ။သဒ္ဓိန္ဒြေ အကယ်၍ အားကောင်းနေရင် သဒ္ဓါတရား သိပ် အားကောင်းနေရင် အဲဒီ သဒ္ဒေယျဝတ္ထုရဲ့ ပစ္စည်း ပစ္စယုပ္ပန် အကြောင်း အကျိုးကို ဆင်ခြင်ပြီးတော့ ပေးရမယ်၊ ဆိုလိုတဲ့ အဓိပ္ပါယ်က သဒ္ဓိန္ဒြေ အားကောင်းနေတယ်ဆိုတာ ဘုရားရှင် ရှုပါရုံကို အာရုံပြုပြီးတော့ သိပ်ပြီး ကြည်ညိုနေမယ်ဆိုရင် အဲဒီ ဘုရားရှင် ရှုပါရုံရဲ့ အကြောင်း အကျိုး အဖြစ် အပျက်ကို ဆင်ခြင်ပြီးတော့ ပေးလိုက်မယ်ဆိုရင် ဒီ သဒ္ဓိန္ဒြေဟာ လျော့သွားမယ်။

တနည်း–ဒီ သဒ္ဓိန္ဒြေ အားကောင်းနေတာဟာ ဘယ်လို အာရုံကို နှလုံးသွင်းလို့ ဒီ သဒ္ဓိန္ဒြေ အားကောင်းနေတာလဲ၊ အဲဒီ နှလုံးသွင်းမှုကို လျော့ပေးလိုက်ရင် နှလုံးမသွင်းဘဲ ထားရင် အဲဒီ သဒ္ဓိန္ဒြေဟာ လျော့သွားမယ်၊ ဒီနေရာမှာ ဥပမာ ဘယ်လိုပြလဲ၊ သက်သေ ဘယ်လိုပြလဲ၊ သာဓကကို ဘယ်လိုပြလဲလို့ ဆိုရင် သာဓကပြတဲ့ နေရာမှာ– "ဝက္ကလိထေရဝတ္ထု စေတ္ထနိဒဿန်"လို့ သက်သေထုတ်ပြတယ်။

ဝက္ကလိမထေရ်ကို ကြည့်ပါ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ရှုပါရုံကို သိပ်ပြီးတော့ သူက သဒ္ဓါတရားတွေ တက်နေတော့ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတွေဟာ အလုပ် လုပ်သေးလား (မလုပ်တော့ပါဘုရား)၊ အလုပ် မလုပ်တော့ ရဟန်းကိစ္စ မပြီးတော့ဘူး။

အဲတာကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က ဝက္ကလိမထေရ်ကို ဘာပြန်ပြောလိုက်လဲ။

> ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

မင်း ဒီ အပုပ်ကောင်ကြီး ကြည့်နေလို့ ကြည်ညိုနေလို့ ဘာလုပ်မှာလဲတဲ့၊ တရားကို မြင်ရင် ငါဘုရားကို မြင်ပါတယ်တဲ့၊ ဒီလို ချွတ်တော်မူရတယ်။

ဝီရိယအားကောင်းလျှင် အကယ်၍ ဝီရိယိန္ဒြေ အားကောင်းနေရင် ဘယ့်နယ် ဘယ်လိုလုပ်မလဲ လုပ်ရမလဲ။ "သစေ ပန ဝီရိယိန္ဒြိယံ ဗလဝံ ဟောတိ၊ အထ သဒ္ဓိန္ဒြိယံ အဓိမောက္ခကိစ္စံ ကာတုံ န သက္ကောတိ"။ အဋ္ဌကထာမှာ အကယ်၍ ဝီရိယိန္ဒြေများ အားကောင်းနေခဲ့လို့ရှိရင် ဝီရိယတွေ သိပ်အား

http://www.dhammadownload.com

ကောင်းနေရင် တရားအားထုတ်တဲ့ အခါမှာ ဝိရိယတွေ သိပ်လွန်နေမယ်ဆိုရင် ဘာလုပ်ရမလဲ၊ အဲဒီ ပုဂ္ဂိုလ်မှာ သဒ္ဓိန္ဒြေက အာရုံတခုဌ် သက်ဝင်ယုံကြည်ဆုံးဖြတ်ခြင်းဆိုတဲ့ အမှုကိစ္စကို သူက မလုပ်နိုင်တော့ဘူး၊ ကျန်တဲ့ ဣန္ဒြေတွေက လဲဘဲ သူတို့ကိစ္စ သူတို့မလုပ်နိုင်တော့ဘူး၊ ဝိရိယ အားကောင်းနေရင်။

ဝိရိယလွန်ကဲသည့် သောဏမထေရ်။ ။အဲသလို ဝိရိယ အားကောင်းတဲ့အခါမှာ အဋ္ဌကထာက ဒီနေရာ ဘယ်သူ သက်သေပြလဲ၊ သောဏမထေရ်ကို ဒီနေရာမှာ သက်သေပြတယ်၊ ရှင်သောဏမထေရ်ဟာ ငါ၏ခန္ဓာကိုယ် နုနုနယ်နယ်နဲ့ ခြေဘဝါးမှာ အမွေးတွေ ပေါက်လောက်အောင် နုနယ်တဲ့ ခန္ဓာကိုယ်လေး ရှိနေတယ်၊ အဲသလောက် နုနုနယ်နယ် ခန္ဓာကိုယ်လေးနဲ့ ငါ ချမ်းချမ်းသာသာနေသဖြင့် ချမ်းသာကို ငါရနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် ပြင်းပြင်းထန်ထန် ရုပ်နာမ်တွေ ပြိုပျက်ပြီးတော့ ဟိုဘက်ကမ်းခေါ်တဲ့ နိဗ္ဗာန်ကိုရောက်အောင် အပြင်းအထန် လုံ့လနဲ့ မလျော့တဲ့ ဇွဲနဲ့ လုံ့လနဲ့ ဝိရိယနဲ့ ငါအားထုတ်မယ်။

စကြံလျှောက်တဲ့နေရာမှာ ဘယ်လိုဖြစ်သလဲ သွေးတွေ အလိမ်းလိမ်းကပ်ပြီးတော့ ခြေဘဝါးက အင်မတန်နုတော့ စကြံလျှောက်တဲ့နေရာမှာ သူအသားနုနုနဲ့ အောက်ကကြမ်းပြင်နဲ့ ကပ်ပြီးတော့ စကြံကြွလိုက်တဲ့အခါမှာ အသားတွေ အောက်မှာ စကြံမှာ ကပ်ကပ်ပြီးတော့ ကျန်ခဲ့တယ်၊ သွေးတွေ အလိမ်းအလိမ်း ကျပြီးတော့၊ အဲသလောက် ပြင်းထန်တဲ့ ဝိရိယနဲ့ အားထုတ်တယ်၊ တရားထူးမရဘူး။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွပြီးတော့ ဝိဏောပမဒေသနာတော်ဆိုတဲ့ စောင်းတီးတဲ့ ဥပမာနဲ့ ကြိုးလျှော့လျှော့ထားရှိရင်လဲ စောင်းသံဟာ မညီဘူး၊ တင်းတင်းထား တီးရင်လဲ စောင်းသံ နားထောင်လို့ မကောင်းဘူး၊ အဲသလို ဝိဏောပမဒေသနာကို ညွှန်ပြတော်မူလို့ ဝိရိယနဲ့ သမာဓိ ညီမျှအောင် လုပ်တဲ့အခါကျတော့မှ သောဏမထေရ်ဟာ ဒီနေရာမှာ တရားရတယ်။

အဲတာကြောင့် ဝိရိယ အားကောင်းနေပြန်ရင်လဲဘဲ ဝိရိယိန္ဒြေ အားကောင်းနေပြန်ရင်လဲဘဲ ကျန်တဲ့ သဒ္ဓိန္ဒြေတို့ သတိန္ဒြေတို့ သမာဓိန္ဒြေတို့ ပညိန္ဒြေတို့ဆိုတဲ့ အဲဒီ ဣန္ဒြေတို့ သူတို့ရဲ့ ကိစ္စ- အဓိမောက္ခကိစ္စ, ဥပဋ္ဌာနကိစ္စ, အဝိက္ခေပကိစ္စ, ဒဿနကိစ္စတို့ကို သူတို့ မရွက်ဆောင်နိုင်တော့ဘူး၊ အဲတာကြောင့် ဝိရိယ အားကောင်းတဲ့ အခါမျိုးမှာဆိုရင် ပဿဒ္ဓိသမ္ဗောဇ္ဈင်တို့ သမာဓိသမ္ဗောဇ္ဈင်တို့ ဥပက္ခာသမ္ဗောဇ္ဈင်တို့ကို ပွါးများပေးသောအားဖြင့် ဒီ ဝိရိယကို လျှော့ပေးစေရမယ်၊ ဒီနေရာမှာ အဋ္ဌကထာက အထူးမှတ်ချက်ကလေးတခု ပြပါတယ်—

http://www.dhammadownload.com

ဝိသေသတော ပနေတ္ထ-လို့ ဒီနေရာမှာ အထူးမှတ်ချက်တခု ပြတယ်၊ ဒါ-သိပ် အရေးကြီးတယ် ဒီဥစ္စာ။

ဝိပဿနာအားထုတ်တဲ့ ပညာဉာဏ်စခမ်းကို ရောက်ပြီးတော့ ဓမ္မဋ္ဌိတိဉာဏ်ကို ရောက်နေတဲ့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများအတွက် အခုပြမဲ့အချက်ဟာ အင်မတန်အရေးကြီးတယ်၊ အဲတာကြောင့် အဲဒီ အချက်ကို ပြတ်ပြတ်သားသား ကြည်ကြည်လင်လင် သေသေချာချာ မှတ်ပါ၊ ဒါ-ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဘာသာဝင်တိုင်းနဲ့ အင်မတန် သက်ဆိုင်ပါတယ်။

ဗလဝသဒ္ဓေါ ဟိ မန္ဒပညော၊ ဝီရိယပြမယ်ဆိုပြီး သူက ဘယ်လိုပြလဲ–ဝိသေသ အထူးပြတယ်ဆိုတာ။

သဒ္ဓါနဲ့ ပညာနဲ့ ညီမျှပါစေ၊ သဒ္ဓါနဲ့ ဘာနဲ့ ညီမျှရမှာလဲ (ပညာနဲ့ ညီမျှရပါမယ်ဘုရား) သဒ္ဓါနဲ့ ပညာ။

ဝီရိယနဲ့ သမာဓိ၊ ဝီရိယနဲ့ ဘာနဲ့လဲ (သမာဓိပါဘုရား)၊ ဝီရိယနဲ့ သမာဓိ ညီမျှပါစေ။

သတိ ဆိုတာကတော့ ဘယ်ဣန္ဒြေမှာမဆို သူက ဘယ်ဟင်းမှာမထို ဆားခတ်ရတယ်၊ သတိကတော့ဖြင့် ဘယ်ဣန္ဒြေမှာမဆို ဣန္ဒြေတွေက အလိုလိုက်ပြီးတော့ ပါပေးရတယ်၊ ဘာပြုလို့လဲ စိတ်မှာ သတိမရှိရင်၊ ဒီ-စိတ်မှာ အကောင်းအဆိုးခွဲခြားပြီး သိပါဦးတော့မလား (မသိပါဘုရား)။

အဲတာကြောင့်– သတိကတော့ဖြင့် စိတ်ရဲ့ ကိုးကွယ်ရာ မှီခိုရာ လည်းလျောင်းရာ ပုန်းအောင်းရာချည်းဘဲ သူက၊ အဲတာကြောင့် ဘုရားရှင်ကိုယ်တော် မြတ်ကလဲ ဘယ်လို ဟောလဲလို့ဆိုတော့—

သတိံ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။ သတိကို အလုံးစုံသော အရာဌာနတို့၌ အလိုရှိအပ်တယ်လို့ မြတ်စွာဘုရားက ဒီလို ဟောတယ်၊ အခုပြောခဲ့တဲ့ ဣန္ဒြေငါးပါးဟာ သဒ္ဓါနဲ့ ဘယ်သူနဲ့လဲ သဒ္ဓါနဲ့ ပညာ တတွဲ တွဲထား၊ ဝီရိယနဲ့ ဘယ်သူနဲ့ တွဲရမှာလဲ–ဝီရိယနဲ့ သမာဓိနဲ့ တတွဲ၊ သူတို့ညီမျှဘို့ကတော့ သဒ္ဓါနဲ့ ပညာ ညီမျှရမယ်၊ သဒ္ဓါနဲ့ ဘာနဲ့ ညီမျှရမလဲ (ပညာနဲ့ ညီမျှရပါမယ်ဘုရား)။

ဝီရိယနဲ့ သမာဓိနဲ့ ညီမျှရမယ်၊ ဝီရိယနဲ့ ဘာနဲ့ ညီမျှရမလဲ၊ (သမာဓိနဲ့ ညီမျှရပါမယ်ဘုရား)။

မညီမျှလျှင် အချည်းအနှီး ဖြစ်တတ်သည်။ ။ကိုင်း မညီမျှရင် ဘာဖြစ်သလဲ မညီမျှတော့ ဘာဖြစ် သလဲလို့ ဆိုတော့ အဋ္ဌကထာက ပြတယ်—

http://www.dhammadownload.com

ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပ္ပသန္နော ဟောတိ။ အဲဒီ မုဓပ္ပသန္နောကို ဘာဆိုမှန်း မသိမှာစိုးလို့ အဋ္ဌကထာက နောက်ကနေ အနက်ပေးဘို့ သူက ဖွင့်ပေးခဲ့တယ်။ အဝတ္ထုသို့ ပသီဒတိ။ (ဒီ၊ ဋ္ဌ၊ ၂။ ၃၇၇)။

(အင်မတန် ကောင်းပါတယ်၊ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ ဖြေးဖြေးနာကြတာပေါ့နော်၊ ဖြေးဖြေး ဖြေးဖြေး ဘုန်းကြီးကလဲ ခပ်ဖြေးဖြေးဘဲ ဟောမယ်၊ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေလဲ ခပ်ဖြေးဖြေးဘဲ တရားနာကြတာပေါ့၊ ဒါ-အင်မတန် အရေးကြီးပါတယ် ဒီဥစ္စာ-ဣန္ဒြေညီမျှဘို့ဆိုတာ)။

ဗလဝသဒ္ဓေါ ဟိ မန္ဒပညော။ ဟိ-အဲဒါ ခဲ့ပြောမယ်ဆိုရင် အထူးကို ပြောမယ်ဆိုရင်။ ဗလဝသဒ္ဓေါ၊ သဒ္ဓါတရား အားကောင်းတဲ့ ယောဂိပုဂ္ဂိုလ်ဟာ။ မန္ဒပညော၊ ပညာက နည်းနေရင်။ မုဓပ္ပသန္နော၊ အချည်းနှီး အလကား ကြည်ညိုတတ်သည်။ ဟောတိ၊ ဖြစ်၏။ မုဓပ္ပသန္နော-ကို ဘာပြောရမှာမှန်း မသိလို့ အဝတ္ထုသို့ ပသီဒတိ။ အဝတ္ထုသို့ ၊ မကြည်ညိုသင့် မကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်၌။ ပသီဒတိ၊ ကြည်ညိုလိုက်တယ်။

အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဒီအချက်ကို သေသေချာချာ စဉ်းစားပါ၊ သိပ် သဒ္ဓါတရားတွေ အားကောင်းပြီးတော့ ပညာနည်းတဲ့ ပုဂ္ဂိုလ်များဟာ အလကား လျှောက်ပြီးတော့ မဟုတ်တာတွေ လျှောက်ပြီး ကြည်ညိုစရာ မဟုတ်တာတွေ ကြည်ညိုတတ်တယ်၊ အဋ္ဌကထာကပြောတာ၊ ဘုန်းကြီး ပြောတာမဟုတ်ဘူး၊ အခုကြည့်လေ လောကမှာ တကတဲ မုတ်ဆိတ်မွေးကြီးနဲ့ ဘယ်ကမှန်းလဲမသိ၊ မုတ်ဆိတ်မွေးကြီးတွေကလဲရှည်၊ (ချေး)ဂျီးတွေ အထပ်ထပ်နဲ့ နေပလားဆိုရင် အဲဒီ လူကြီးကို ဝိဇ္ဇာလိုလို ဘာလိုလို သွားကြည်ညိုလို့၊ပညာအားနည်းတဲ့ပုဂ္ဂိုလ်။ သဒ္ဓါတရား အားကောင်းပြီးတော့ ပညာနည်းတဲ့ ပုဂ္ဂိုလ်များ။ အဲတာ မကြည်ညိုထိုက်တဲ့နေရာမှာ သွားကြည်ညိုတာ။

သဒ္ဓါအားကောင်းနေလျှင် ပညာနဲ့ထိန်းပေး။ ။အဲတာကြောင့် ဒီသဒ္ဓါတရားကို ဘယ်သူနဲ့ ထိန်းပေးရမလဲ၊ ပညာနဲ့ထိန်းပေးပါ၊ ဟုတ်လား–သဘောကျပလား (ကျပါတယ်ဘုရား)၊ ထိန်းကော ထိန်းတတ်သလား (ထိန်းတတ်ပါတယ်ဘုရား)၊ ထိန်းကော ထိန်းပေးမှာလား (ထိန်းပေးပါမယ်ဘုရား)။

သဒ္ဓါတရား အားကောင်းနေရင် ဘာနဲ့ ထိန်းပေးရမလဲ (ပညာနဲ့ထိန်းပေးရမယ်ဘုရား)၊ သဒ္ဓါတရား အားကောင်းတဲ့ ပုဂ္ဂိုလ်များဟာ သဒ္ဓါအားကောင်းပြီးတော့ ပညာနည်းလာရင် မဟုတ်တာတွေ ကြည်ညို တတ်တယ်တဲ့။ မုဓပ္ပသန္နော ဟောတိ အဝတ္ထုသို့ ပသီဒတိ။ မကြည်ညိုသင့်တဲ့ နေရာတွေမှာ

http://www.dhammadownload.com

လျှောက်ပြီးတော့ ကြည်ညိုတတ်တယ်၊ အဲတာကြောင့် အဲဒီ သဒ္ဓါတရားကို ပညာနဲ့ ထိန်းပေးပါ။

ပညာအားကောင်း၍ သဒ္ဓါနည်းလျှင် ဆေးလွန်နာဥပမာ

အကယ်၍ ပညာ အားကောင်းပြီး သဒ္ဓါနည်းပြန်တော့ ဘာဖြစ်မလဲ၊ ပညာ အား ကောင်းပြီးတော့ သဒ္ဓါနည်းတဲ့ ပုဂ္ဂိုလ်။ ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ။ အဲဒီကျပြန်တော့လဲ ဘယ်လိုဖြစ်သွားပြန်လဲလို့ဆိုတော့ ပညာက အားကောင်းပြီးတော့ သဒ္ဓါနည်းတဲ့ ပုဂ္ဂိုလ်ကျပြန်တော့လဲ ကေရာဋိက ပက္ခံ၊ ကောက်ကျစ်ဆန့်ကျင်ဘက် အဖြစ်သို့။ ဘဇတိ၊ ရောက်သွားပြန်တယ်။ ကောက်ကျစ်တဲ့အဖြစ် ရောက်သွားတယ်၊ အဋ္ဌကထာက ဘာပြလဲ—

ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ ဘေသဇ္ဇသမုဋ္ဌတော၊ ဆေးကြောင့်ဖြစ်သော်။ ရောဂေါ၊ ရောဂါကို။ အတေကိစ္ဆော ဝိယ ဟောတိ။ ဆေးကု မဖြစ်သလိုဘဲတဲ့။ ဆေးကြောင့်ဖြစ်တဲ့ ရောဂါကို နောက်ထပ်ဆေးကုလို့ မရဘူး၊ ဒီအချက်ကလေးကို မန်လည်ဆရာတော်က မဃ်ဒေဝလင်္ကာသစ်မှာ ဘာပြလဲ–

ဉာဏ်ရှိယောကျ်ား၊ မှားလတ်သောအခါ၊ ဆေးလွန်နာကို၊ ဆရာနောက်ဆက်၊ အကုခက်၏။

အမျိုးကောင်းသားများ အမျိုးကောင်း သမီးများ ပညာအားကောင်းပြီးတော့ သဒ္ဓါတရားနည်းနေတဲ့ ပုဂ္ဂိုလ်များနဲ့ ဆေးလွန်နာကို နောက်ဆက်ပြီး ကုဘို့ အင်မတန်ခက်တယ်။ ဟောဒီပါဠိအရ ဘာဖြစ်လို့လဲ သူဖြစ်နေတဲ့ရောဂါက ဆေးကြောင့်ဖြစ်တဲ့ ရောဂါ၊ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါ၊ ရောဂါကို။ အတေကိစ္ဆော၊ ဆေးကုလို့မရသော။ ရောဂေါ ဝိယ၊ ရောဂါကဲ့သို့။ ဟောတိ၊ ဖြစ်၏။ဆေးကုလို့မရတော့ဘူး။ ဘယ်လိုဖြစ်သလဲ သူက ပညာကောင်းပြီးတော့ သဒ္ဓါနည်းတဲ့ ပုဂ္ဂိုလ်က ဘယ်လိုပြောလဲ—

ပညာအားကောင်း၍ သဒ္ဓါအားနည်းလျှင် ရေကျောက်တတ်ပုံ

စိတ္တုပ္ပါဒ မတ္တေနေဝ ကုသလံ ဟောတိတိ အတိဓာဝတ္တာ ဒါနာဒီနိ အကရောန္တော နိရယေ ဥပပဇ္ဇတိ။ ကိုင်း-ခုလောကမှာ ရှိတယ်၊ ဟာကွာ–ဒါနကုသိုလ်ဆိုတာ လုပ်နေစရာ မလိုပါဘူး၊ သီလကုသိုလ်တွေဆိုတာ ဆောက်တည်စရာ မလိုပါဘူး၊ ကမ္မဋ္ဌာန်းထိုင် အားထုတ်စရာ မလိုပါဘူးကွာ သိရင်ပြီးတာဘဲ ဆိုတဲ့လူတွေကို၊ ဟုတ်လား။ အဲဒါ ပညာအားကောင်းတဲ့ ပုဂ္ဂိုလ်။

http://www.dhammadownload.com

စိတ္တုပ္ပါဒမတ္တေနေဝ၊ သိရုံကာမျှဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတီတိ၊ ဖြစ်၏ဟူ၍။ အတိဓာဝိတွာ၊ အလွန်အကျွံပြေးသွားပြီး (ယူလိုက်တယ်)။ ဒါနာဒီနိ၊ ဒါန သီလ ဘာဝနာတို့ကို။ အကရောန္တော၊ မပြုလုပ်သည်ဖြစ်၍။ နိရယေ၊ ငရဲ၌။ ဥပ္ပဇ္ဇတိ၊ ကပ်ရောက်၏။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ဖြင့် အဌကထာဆရာက 'အခုခေတ်မှာ တရားအားထုတ်စရာမလိုပါဘူးကွာ၊ သိရင် ပြီးရော' ဆိုတဲ့ လူတွေကို အဌကထာဆရာက အပါယ်ချလိုက်တာဘဲ။ အဌကထာက အပါယ်ချတာနော်၊ ဘုန်းကြီးတို့နဲ့ ဘာမှ မဆိုင်ဘူးနော်၊ ဒါ အဌကထာလှန်ကြည့်ရင် တွေ့မယ်။ တရားအားထုတ်စရာ မလိုပါဘူး သိ-ပြီးရောဆိုတဲ့ လူဟာ။

စိတ္တုပ္ပါဒမတ္တေနေဝ၊ သိရုံကာမျှဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတီတိ၊ ဖြစ်၏ဟူ၍။ အတိဓာဝိတွာ၊ အလွန်ပြေးသွားပြီး။ ဒါနာဒီနိ အကရောန္တော၊ ဒါန-အစရှိသည်တို့ကို မပြုလုပ်သည်ဖြစ်သောကြောင့်။ နိရယေ ဥပ္ပဇ္ဇတိ၊ ငရဲပြည်ရောက်ကရော။

ဒါ အဌကထာပြောတာ၊ အဲတာကြောင့်မို့ အဲသလို သဒ္ဓါအားနည်းတော့ ပညာအားကောင်းနေတဲ့ ပုဂ္ဂိုလ်များကိုလဲဘဲ၊ ဟုတ်လား - သဒ္ဓါတရားနဲ့ ထိန်းပေးပါ၊ သဒ္ဓါနဲ့ ပညာ ညီမျှပါစေ၊ အထူးမှတ်ချက်ပြတယ်။ နောက်တခါ ဘာပြလဲ—

သမာဓိအားကောင်းလျှင် ဝီရိယနဲ့ ထိန်းပေး။ ။"သစေ ဟိဿ ယဒါ ပန၊ အကြင်အခါမှာတော့ သမာဓိအားကောင်းပြီးတော့ ဝီရိယအားနည်းနေရင် ဘာဖြစ်မလဲ၊ တချိုက သမာဓိ သိပ်ကောင်းပြီးတော့ ဝီရိယက လျော့နေတယ်။ "ဗလဝသမာဓိံ ပန မန္ဒဝီရိယံ သမာဓိဿ ကောသဇ္ဇပက္ခတ္တာ ကောသဇ္ဇံ အဘိဘဝတိ"။ သမာဓိအားကောင်းပြီးတော့ ဝီရိယလျော့နေရင် သမာဓိဆိုတာ ကောသဇ္ဇ အဘို့၌ကျရောက်တတ်သည် ဖြစ်သောကြောင့် ပျင်းတဲ့သဘောတွေ ဝင်လာတတ်တယ်။ သမာဓိအားကောင်းပြီးတော့ ဝီရိယလျော့ရင် ဘာဖြစ်သလဲ (ပျင်းတတ်ပါတယ်ဘုရား)။ ဒီ သမာဓိကို ဘယ်သူနဲ့ ထိန်းပေးရမလဲ၊ ဝီရိယနဲ့ထိန်းပေးပါ ညီမျှအောင်လုပ်ပေးပါ။

ဝီရိယလွန်လျှင် သမာဓိနဲ့ ထိန်းပေး။ ။အကယ်၍ ဝီရိယက သိပ်အားကောင်းပြီးတော့ သိပ်အားထုတ်နေရင် ဘာဖြစ်မလဲ၊ "ဗလဝဝီရိယံ မန္ဒသမာဓိံ ဝီရိယဿ ဥဒ္ဓစ္စပက္ခတ္တာ ဥဒ္ဓစ္စံ အဘိဘဝတိ"။ အကယ်၍ ဝီရိယအားကောင်းပြီးတော့ သမာဓိကနည်းနေရင်တဲ့

http://www.dhammadownload.com

ဝိရိယဆိုတာ ပျံလွှင့်ခြင်းအဘို့ရှိသည် ဖြစ်သောကြောင့် စိတ်တွေပျံလွှင့်သွားတတ်ပါတယ်တဲ့။ အဲဒီလို ပျံလွှင့်တဲ့ ဝိရိယအားကောင်းလို့ စိတ်တွေပျံလွှင့်နေရင် ဘယ်သူနဲ့ထိန်းပေးရမလဲ၊ သမာဓိနဲ့ ထိန်းပေးပါတဲ့။ အဲသလို သဒ္ဓါနဲ့ ပညာ၊ ဝိရိယနဲ့ သမာဓိကို အညီအမျှ ဖြစ်အောင် ထိန်းပေးသွားနိုင်မယ်ဆိုရင် ဘာဖြစ်မလဲ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဘဲ။

ဣန္ဒြိယ သမတ္တ ပဋိပါဒနာ=ဣန္ဒြေကို သဒ္ဓါ ဝိရိယ သတိ သမာဓိ ပညာ ဆိုတဲ့ ဣန္ဒြေ ၅-ပါးကို ညီမျှအောင် ပြုလုပ်ပေးရမယ်၊ ဒီနေရာ ဘုန်းကြီးတို့ ပြောစရာ ဥပမာကလေးတခုရှိပါတယ်။

စျေးဝယ်သည့် ဥပမာ။ ။အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ စျေးဝယ်ဘူးတယ် မဟုတ်လား၊ စျေးဝယ်တဲ့အခါကျတော့ ဥပမာ—လဘက်ခြောက် အစိတ်သားလောက်ပေးပါလို့ ဆိုတော့ စျေးသည်လုပ်တဲ့ ပုဂ္ဂိုလ်က စျေးဝယ်တဲ့ ပုဂ္ဂိုလ်ရဲ့ရှေ့မှာ ဘာလုပ်ပြလဲ-ချိန်ပြတယ်၊ ဘာနဲ့ ချိန်ပြလဲလို့ဆိုတော့ - အစိပ်သားအလေးကတခု၊ ချိန်ခွင်တခုထဲကို ထည့်တယ်။ လဘက်ခြောက်ကို ချိန်ခွင်တခုထဲကို ထည့်တယ်၊ ထည့်ပြီးတော့ ဆွဲကြည့်လိုက်တဲ့အခါကျတော့ ဒါ အစိပ်သား မှန်သလား မမှန်ဘူးလား ဘယ်သူမျှားသလဲ နည်းသလဲဆိုတာ သိချင်တော့ ပစ္စည်းထည့်တဲ့ ချိန်ခွင်ခွက်ကို ကြည့်သလား၊ ဘာကို ကြည့်သလဲ၊ (လျှာကို ကြည့်ပါတယ်ဘုရား)။

အလေးလဲ မကြည့်ဘူးနော်၊ (မှန်ပါဘုရား)၊ ဟုတ်လား- ဒီဘက်က ဘာလဲ လဘက်ခြောက်ထည့်ထားတဲ့ ချိန်ခွင်ခွက်ကိုလဲ မကြည့်ဘူး၊ အလယ်ခေါင်မဏ္ဍိုင်မှာ မဏ္ဍိုင်ကိုကြည့်လိုက်သလိုဘဲ၊ မဏ္ဍိုင်ဟာ ဘယ်ဘက် ယိမ်းနေသလဲလို့ ကြည့်လိုက်တယ်။ အဲ ခုလဲ ဒီလိုဘဲ သတိကိုကြည့်။ ဝိရိယနဲ့ သမာဓိနဲ့မျှားအားကောင်းနေရင် ပညာနဲ့ သဒ္ဓါ နည်းနေရင်၊ ဟော- အလယ်ခေါင်က သတိကလေးက ကပ်ပေးလိုက်ရင် သိမလာဘူးလား၊ သူက- (သိလာပါတယ်ဘုရား)။

သိတော့ ဘာလုပ်ပေးရမလဲ၊ ဝိရိယမျှားနေရင် သမာဓိနဲ့ထိန်းပေး၊ သမာဓိမျှားနေရင် ဝိရိယနဲ့ထိန်းပေး၊ သဒ္ဓါမျှားနေရင် ပညာနဲ့ထိန်းပေး၊ ပညာမျှားနေရင် သဒ္ဓါနဲ့ထိန်းပေး၊ အဲသလို ထိန်းပေးရင် ဣန္ဒြိယသမတ္တ ပဋိပါဒနာ- ဖြစ်ပြီးတော့ ဣန္ဒြေ ညီမျှသည်၏ အဖြစ်ကိုရောက်သွားမယ်။ အဲဒီ ဣန္ဒြိယသမတ္တ ပဋိပါဒနာ-ဟာ ဣန္ဒြေရဲ့ ညီမျှခြင်းကိစ္စအားဖြင့် သူတို့ ဆိုင်ရာဆိုင်ရာကိစ္စတွေကို အညီအမျှ ရွက်ဆောင်ခြင်းဟာလဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့၊ အဲဒီတော့- ဘယ်နှစ်ခု ပြီးသွားပလဲ- (သုံးခုပြီးသွားပါပြီဘုရား)။

ပရိပုစ္ဆကတာ့ဝတ္ထုဝိသဒကိရိယာ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သုံးခုရှိသွားပြီ။

http://www.dhammadownload.com

ဒီတော့ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ကြောင်းက သယ်နှစ်ခုလဲ ခုနစ်ခု၊ အခုတရားပဲ့က မပြန်ရသေးဘူး မေ့နေကြပြီမဟုတ်လား၊ သုံးခုပြီးသွားပြီနော်၊ ကိုင်း နောက်လေးခု ကျန်သေးတယ်၊ တိုတိုဘဲ ပြောပါတော့မယ် အဋ္ဌကထာကလဲ သိပ်မဖွင့်ဘူး။

ဉာဏ်ပညာ မရှိသူကို မမှီဝဲခြင်း။ ။ဒုပ္ပညာ ပုဂ္ဂလ ပရိဝဇ္ဇနာ=ပညာ မရှိတဲ့ ပုဂ္ဂိုလ်ဥဒယဝယအဖြစ်အပျက်၌မလိမ္မာတဲ့ ဉာဏ်ပညာမရှိတဲ့ပုဂ္ဂိုလ်များကို မမှီဝဲပါနဲ့ ရှောင်ကြဉ်ပါတဲ့၊ မမှီဝဲပါနဲ့ဆိုတာ မပေါင်းရဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ ဆည်းကပ် မှီဝဲပြီးတော့မှ တပည့်ခံနေတဲ့သဘောကို ဒါကို ပြောနေတာ။ အင်း လောက အနေအားဖြင့်တော့ ပေါင်းရပါတယ်။

ပညာရှိသူကို ဆည်းကပ်ပါ။ ။ပညဝန္တ ပုဂ္ဂလ သေဝနာ=အဖြစ် အပျက် ဥဒယဝယဉာဏ်-ဆိုတာ ဘုန်းကြီးတို့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ အဖြစ်ကိုသိတဲ့ ဉာဏ်က ၂၅-ခု ရှိတယ်၊ အပျက်ကို သိတဲ့ ဉာဏ်က ၂၅-ခု ရှိတယ်၊ ပေါင်းလိုက်တော့ အဖြစ်အပျက်ကို သိတဲ့ဉာဏ် အမျ (၅၀) ရှိတယ်၊ အဲဒီ အမျ (၅၀) သော ဥဒယဝယဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် သိနိုင်တဲ့ ပုဂ္ဂိုလ်ကို ပညဝန္တ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ အဲဒီ ပညဝန္တ ပုဂ္ဂိုလ်များကို မှီဝဲ ဆည်းကပ်ပေးပါ။ အဲဒီလို ပညဝန္တပုဂ္ဂိုလ်များကို မှီဝဲ ဆည်းကပ်ပေးခြင်းဟာလဲဘဲ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။ ပြီးတော့—

ရူပ် နာမ် ဓမ္မ သခါရတွေကို ဆင်ခြင်ခြင်း။ ။ဂမ္ဘီရ ဉာဏစရိယ ပစ္စဝေက္ခဏာ=ထိုထို နိကာယ် ၅-ရပ် ပါဠိတော်မှာရှိတဲ့ ပါဠိတွေ အနက်တွေ အဓိပ္ပါယ်တွေ ခန္ဓာအာယတန ဓာတ်သစ္စာတွေ နက်နဲနိုင်သရွေ့ နက်နဲ သိမ်မွေနိုင်သရွေ့ သိမ်မွေ နူးညံ့နိုင်သရွေ့ နူးညံ့တဲ့ နက်နဲ ခက်ခဲ သိမ်မွေတဲ့ အသိဉာဏ်ပညာဖြင့် နက်နဲ ခက်ခဲ သိမ်မွေတဲ့ ခုနလို ရူပ် နာမ် ဓမ္မ သခါရတွေကို ဆင်ခြင်သုံးသပ်ပေးခြင်းဟာလဲဘဲ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

ပညာဉာဏ်သို့ စိတ်ညွတ်ခြင်း ၇။ တဒဓိမုတ္တတာ=ထိုင်တဲ့အခါ ရပ်တဲ့ အခါ လျောင်းတဲ့အခါ သွားတဲ့အခါမှာ ဒီ ဓမ္မဝိစယ သမ္မောဇ္ဈင်ဘက်ကို စိတ်ရောက်၊ ပညာဉာဏ်ဘက်ကို စိတ်က ကိုင်းခြင်း ရှိုင်းခြင်း ညွတ်ခြင်းသဘောရှိတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့၊ အဲ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်း ခုနစ်ခုပြီးရော။

သတ္တ ဓမ္မာ ဓမ္မဝိစယသမ္မောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ။ ဣတိ၊ ဣဿိ။ သတ္တ ဓမ္မာ၊ ခုနစ်ပါးသော တရားတို့သည်။ ဓမ္မဝိစယသမ္မောဇ္ဈင်္ဃ၊ ဓမ္မဝိစယ-

http://www.dhammadownload.com

သမ္မောဇ္ဈင်၏။ ဥပပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီး ဖြစ်တဲ့ တရားတွေဘဲ။ အဋ္ဌကထာက ပြတယ်။

ဝိရိယသမ္မောဇ္ဈင်ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း

ဝိရိယသမ္မောဇ္ဈင် သွားကြစို့ရဲ့၊ ဘာ သမ္မောဇ္ဈင်တဲ့ လဲ၊(ဝိရိယ သမ္မောဇ္ဈင် ပါဘုရား)။

(၁) "သန္တံ ဝါ အဇ္ဈတ္တံ ဝိရိယသမ္မောဇ္ဈင်ံ 'အတ္ထိ မေ အဇ္ဈတ္တံ ဝိရိယ-သမ္မောဇ္ဈင်ေ'ါတိ ပဇာနာတိ"။

မိမိသန္တာန်မှာ ဝိရိယ ကြိုးစားအားထုတ်မှုရှိနေရင် အားထုတ်မှု ဝိရိယ ရှိနေတယ်လို့ ကွဲကွဲပြားပြားနဲ့ သိရမယ်။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ ဝိရိယသမ္မောဇ္ဈင်ံ 'နတ္ထိ မေ အဇ္ဈတ္တံ ဝိရိယ သမ္မောဇ္ဈင်ေ'ါတိ ပဇာနာတိ"။

မိမိကိုယ်မှာ ဝိရိယမရှိဘူးဆိုရင် ဝိရိယ မရှိဘူးလို့ သိရမယ်။

(၃) "ယထာ စ အနုပ္ပန္နဿ ဝိရိယသမ္မောဇ္ဈင်ဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ"။

ယထာ စ၊အကြောင်သို့သော အကြောင်းအားဖြင့်လည်း။ဝိရိယ သမ္မောဇ္ဈင်ဿ၊ ဝိရိယသမ္မောဇ္ဈင်၏။ ဥပ္ပါဒေါ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထို ဝိရိယသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကိုလည်း။ ပဇာနာတိ၊ ကွဲကွဲပြားပြားနဲ့ သိ၏။

(၄) "ယထာ စ ဥပ္ပန္နဿ ဝိရိယသမ္မောဇ္ဈင်ဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ"။

ဝိရိယသမ္မောဇ္ဈင်ရဲ့ ပြီးဆုံးခြင်းဆိုတဲ့ အရဟတ္တမဂ်လို့လဲ သိရမယ်။ ဝိရိယ သမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ဒါဖြင့် ဘာလဲ။ ပါဠိတော်မှာ ဘာပြလဲ။

ဝိရိယဓာတ်သုံးပါးကို လေ့လာပွါးများခြင်း ပါဠိတော်နည်း

အတ္ထိ ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ဝိရိယသမ္မောဇ္ဈင်ဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ဝိရိယသမ္မောဇ္ဈင်ဿ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။ အာရမ္ဘဓာတု၊ အလုပ်ကောင်းတခု အစပြုရှိ အားထုတ်ခြင်းဆိုတဲ့ အာရမ္ဘဓာတ်သည်၎င်း။ နိက္ကမဓာတု၊ စမိတဲ့

http://www.dhammadownload.com

အလုပ်ကို နောက်မဆုတ်တန်း ကြိုးပမ်းထားတဲ့ နိက္ကမဓာတ်သည်၎င်း။ ပရက္ကမ ဓာတု၊ နောက်တခါ အလုပ်ကောင်းတခု အစပြု၍ လုပ်ခြင်းသည်၎င်း။ ဣတိ၊ ဤသို့။ ဓမ္မာ၊ဝိရိယဓာတ်သုံးပါးတို့သည်။အတ္ထိ=သန္တိ၊ရှိကုန်၏။ တတ္ထ၊ထိုသုံးပါး သော ဝိရိယဓာတ်တို့၌။ ယောနိသောမနသိကာရ ဗဟုလီကာရော၊ အသင့် အားဖြင့် နှလုံးသွင်းခြင်းကို အကြိမ်များစွာ အလေ့အလာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။

အယံ၊ ဤကဲ့သို့ ဝိရိယ၌ အကြိမ်များစွာ အလေ့ အလာ ပြုခြင်းသည်။ အနုပဗ္ဗဿ၊ မဖြစ်သေးသော။ ဝိရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဥပ္ပါဒါယ ဝါ၊ ဖြစ်ပေါ် စေခြင်းငှါငင်း။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်ပြီးသော။ ဝိရိယ သမ္ဗောဇ္ဈင်္ဂဿ၊ ဝိရိယသမ္ဗောဇ္ဈင်ကိုလဲ။ ဘိယ္ယောဘာဝါယ ဝါ၊ ပွါးများစေခြင်း ငှါငင်း။ ဝေပုလ္လာယ ဝါ၊ တိုးတက်စည်ပင်စေခြင်းငှါငင်း။ ဘာဝနာယ၊ ဝိရိယ သမ္ဗောဇ္ဈင် ဖြစ်ခြင်း၏။ ပါရိပူရိယာ ဝါ၊ ပြည့်စုံလုံလောက်ခြင်းငှါငင်း။ အာ-ဟာရော၊အကြောင်း အဆောက်အပုံ ပေတည်း။

အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ ဝိရိယသမ္ဗောဇ္ဈင် ဖြစ် ချင်ရင် ဘာလုပ်ရမလဲ၊ ပါဠိတော်က ဘာပြလဲလို့ ဆိုတော့ အလုပ်ကောင်း တခုကို အစပြုပြီးတော့ အားထုတ်ခြင်းဆိုတဲ့ အာရဒ္ဓ ဝိရိယမျိုး၊ စမိတဲ့အလုပ် ကို ဘယ်တော့မှ နောက်မဆုတ်တန်း ကြိုးပမ်း လှုံ့လ အားထုတ်တဲ့ ဝိရိယမျိုး ဒီအလုပ်ကောင်းတခု ကိစ္စပြီးသွားတာလဲဘဲ နောက်တခါ အလုပ်ကောင်းတခု ပြန်ပြီးတော့ ကြိုးစားအားထုတ်ဦးမယ် ဆိုတဲ့ အားထုတ်ခြင်းဆိုတဲ့ ပရက္ကမ ဝိရိယမျိုးဆိုတဲ့ ဒီ ဝိရိယ ဓာတ်သုံးမျိုးရှိတယ်။

အဲဒီ ဝိရိယဓာတ်သုံးခုကို အဖန်တလဲလဲ နှလုံးသွင်းခြင်း၌ အလေ့ အလာ ပြုပေးမယ်ဆိုရင် မဖြစ်သေးတဲ့ ဝိရိယ သမ္ဗောဇ္ဈင်တွေ ဖြစ်လာမယ်၊ဖြစ်ပြီးသား ဝိရိယသမ္ဗောဇ္ဈင် ဟာလဲဘဲ တိုးတက်လာမယ် ကြီးပွါးလာမယ်၊ များလာမယ်၊ အဲဒီ ဝိရိယသမ္ဗောဇ္ဈင်ကလဲဘဲ အရဟတ္တဖိုလ်ပေါက် ကိစ္စပြီးမြောက်ခြင်းအမှုကို ရောက်မယ်၊ အဲသလို ကြိုးစားအားထုတ်ရမယ်၊ ဒါက ပါဠိတော်နည်း။

ဝိရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်း တရား ၁၁-မျိုး အဋ္ဌကထာနည်း

အပိ စ ကောဒသဓမ္မာ ဝိရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ။

အပိ စ အပတော နယော၊ ပါဠိတော်မှတပါးသော အဋ္ဌကထာနည်းကိုပြရမယ် ဆိုရင်ဖြင့်။ ကောဒသဓမ္မာ၊ တဆယ့်တမျိုးသောတရားတို့သည်။ ဝိရိယသမ္ဗောဇ္ဈ-ဂ်ဿ၊ ဝိရိယသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်ကြတယ်။

http://www.dhammadownload.com

ဝိရိယသမ္မောဇ္ဈင် ဖြစ်ဘို့ရန်အတွက် တရားဘယ်နှစ်မျိုး ရှိတုန်း (၁၁-မျိုးပါ ဘုရား)၊ ၁၁-မျိုး။ အဲဒါတွေက ဘာတွေလဲ။

အပါယ်ဘေးကိုဆင်ခြင်ခြင်း။ ။(၁)အပါယဘယ ပစ္စဝေက္ခဏာတာ=အပါယ်လေးပါးဘေးကို ဆင်ခြင်သော အားဖြင့် လဲဘဲ ဝိရိယ သမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်တဲ့။

အကျိုးအာနိသင်ကိုဆင်ခြင်ခြင်း။ ။(၂) အာနိသံသ ဒဿာဝိတာ=ဝိရိယရဲ့ အကျိုး အာနိသံသတွေကို ဆင်ခြင် ပေးမယ်ဆိုရင်လဲဘဲ ဝိရိယသမ္မောဇ္ဈင်ဖြစ်နိုင်တာဘဲ။

အရိယာတို့၏လမ်းစဉ်ကို ဆင်ခြင်ခြင်း။ ။(၃) ဂမနဝီထိ ပစ္စဝေက္ခဏာတာ=အရိယာတို့ရဲ့ သွားရာလမ်းကြောင်းကိုထုံးဟောင်းပြုပြီးတော့ ထင်မြင်သုံးသပ်ပေးမယ်ဆိုရင်လဲဘဲ ဝိရိယသမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်တဲ့၊ ဒါကတော့ ရဟန်းတော်များနဲ့ပိုပြီးတော့ သင့်လျော်ပါတယ်။

အတုံ့အလှည့် ပြုခြင်း။ ။(၄)ပိဏ္ဍပါတာပစာယနတာ=ပြည်သူတို့ရဲ့ ဆွမ်းကို ပူဇော်တုံ့ ပူဇော်လှည့် ပြုခြင်းဟာလဲဘဲ ဝိရိယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းပါဘဲတဲ့။

မြတ်သည်ကို ဆင်ခြင်ခြင်း။ ။(၅) ဒါယဇ္ဇမဟတ္တ ပစ္စဝေက္ခဏာတာ=အမွေခံထိုက်သည်၏ အဖြစ်ဖြင့် မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်းဟာလဲဘဲ ဝိရိယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဘဲတဲ့။

ဂုဏ်တော်ကို ဆင်ခြင်ခြင်း။ ။(၆) သတ္ထုမဟတ္တ ပစ္စဝေက္ခဏာတာ=မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ ဆင်ခြင်ခြင်းဟာလဲဘဲ ဝိရိယသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

ဇာတ်အမျိုးအနွယ် မြင့်မြတ်သည်ကို ဆင်ခြင်ခြင်း (၇) ဇာတိမဟတ္တ ပစ္စဝေက္ခဏာတာ=ဇာတ်အမျိုးအနွယ်အားဖြင့် မြင့်မြတ်ပုံကို ဆင်ခြင်ခြင်းဟာလဲဘဲ ဝိရိယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

ကြီးကျယ်များမြတ်ပုံကို ဆင်ခြင်ခြင်း။ ။(၈) သပြဟ္မစာရိ မဟတ္တ ပစ္စဝေက္ခဏာတာ=မိမိသီတင်းသုံးဘော်တို့ရဲ့ ကြီးကျယ်များမြတ်ပုံကို ဆင်ခြင်စဉ်းစား နှလုံးထားခြင်းဟာလဲဘဲ ဝိရိယသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

http://www.dhammadownload.com

လူပျင်းကို ရှောင်ခြင်း။ ။(၉) ကုသီဘ ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပျင်းရိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းဟာလဲဘဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

ဝီရိယရှိသူကို ဆည်းကပ်။ ။(၁၀) အာရဒ္ဓ ဝီရိယ ပုဂ္ဂလ သေဝနတာ၊ ဝီရိယအားကောင်းတဲ့ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းဟာလဲဘဲ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်း။ ။(၁၁) တဒဓိ မုတ္တတာ၊ ထို ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်အောင် နှလုံးသွင်းပေးခြင်းဟာလဲဘဲ ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့။

ဣတိ၊ ဤသို့။ ဧကာဒသ ဓမ္မာ၊ တဆယ့်တပါးသော တရားတို့သည်။ ဝီရိယ-သမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီးဖြစ်တဲ့ တရားတွေဘဲ။

ယဒါ ဟိ-၌ အဌကထာက ဟိ-ကား ဝိတ္ထာရဇောတကနိပါတ်ပုဒ်၊ အဲဒါ-ချဲပြောပါဦးတဲ့၊ ဒီလောက်နဲ့ ပရိသတ်တွေ နားမလယ်သေးဘူးတဲ့။

အပါယ်ဘေးကို ဆင်ခြင်ပုံ အကျယ်။ ။(၁) အပါယ ဘယ ပစ္စဝေက္ခဏတာ၊ ဆိုတာ ဘယ်လိုလဲ၊ အဓိပ္ပါယ်အကျယ်ပြောရဦးမယ်၊ ကဲ အချိန်ရှိပါဦးမလား၊ အမျိုးကောင်းသားတွေ အမျိုးကောင်းသွီးတွေ တော်ရတော့မှာလား၊ အချိန်ရှိသေးလား (ရှိပါသေးတယ်ဘုရား)။

အပါယ ဘယ ပစ္စဝေက္ခဏတာ ဆိုတာဟာ- အပါယ်လေးပါး အပါယ်ငရဲများရောက်သွားရင် ပဉ္ဇဝိဓဗန္ဓနကမ္မကာရဏတော၊ ဩော် ငရဲများရောက်သွားမယ်ဆိုခဲ့လို့ရှိရင် ငါးပါးသော နှောင်ဖွဲ့ခြင်းတို့ဖြင့် နှောင်ဖွဲ့ခံပြီးတော့မှ အနှိပ်စက် အညှဉ်းဆဲကို ခံနေရသည့်အတွက် ဒီလို ဝီရိယမျိုးကို ငါကြိုးစားပြီး အားထုတ်နိုင်မှာမဟုတ်ဘူး၊ တိရစ္ဆာန်တွေဆီ ရောက်သွားရင်လဲ အဌကထာမှာ ပါပါတယ်၊ ငါးတွေ ဘာတွေများ ဖြစ်တယ်ဆိုရင် ပိုက်တွေ ကွန်တွေ မြှုံးတွေနဲ့ ထောင်ပြီးတော့ သူတပါး သတ်ဖြတ်စားသောက်တာတွေ ခံနေရသည့်အတွက် ဒီ ဝီရိယမျိုး အားထုတ်နိုင်မှာ မဟုတ်ဘူး။

နွားများဖြစ်မယ်ဆိုရင်လဲဘဲ သံချန်တွေနဲ့ အထိုးခံရ ကြိမ်တွေနဲ့အရိုက်ခံရ လှည်းတွေ ရှန်းရနဲ့ ဒီလို ကြိုးစားပြီးတော့ တရားအားထုတ်တဲ့ ဝီရိယမျိုး အားထုတ်နိုင်မှာ မဟုတ်ဘူး၊ ပြိတ္တာပြည်များ ရောက်သွားရင်ဖြင့် တဆူသောဘုရားရှင်တို့၏ အကြားကာလပတ်လုံး ခုပ္ပိပါသ ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီးနဲ့တွေ့နေရင် ဒီ ဝီရိယမျိုး အားထုတ်နိုင်မှာ မဟုတ်ဘူး၊ အသုရကာယ်လို့ ဆိုတာမှာ

http://www.dhammadownload.com

လဲဘဲ နှစ်ပေါင်း မြောက်မြားစွာခံနေရတဲ့ ဒုက္ခမျိုးနဲ့ဆိုရင် ဒီတရားမျိုးအားထုတ်နိုင်မှာ မဟုတ်ဘူး ဆိုပြီးတော့ အဲသလို အပါယ်ဘေးကို ဆင်ခြင်သောအားဖြင့်လဲ ငါသည် ဤလို ပျင်းရိ ငြီးငွေ့နေတဲ့ပုဂ္ဂိုလ်တွေ အပါယ်လေးပါးက လွတ်နိုင်မှာမဟုတ်ဘူး၊ မပျင်းတဲ့ပုဂ္ဂိုလ် အာရဒ္ဓ ဝီရိယ ပုဂ္ဂိုလ်မျိုးသည်သာလျှင် အပါယ်လေးပါးက လွတ်နိုင်တယ်ဆိုပြီးတော့ အပါယ်လေးပါးတို့ရဲ့ဘေးကို ဆင်ခြင်သောအားဖြင့် ဝီရိယသမ္မောဇ္ဈင်ကို ဖြစ်စေရမယ်တဲ့၊ ဒါ အကြောင်းတခု။ အပါယ ဘယပစ္စဝေက္ခဏာ။

ဝီရိယ၏အကျိုး အာနိသင်ကို ဆင်ခြင်ပုံအကျယ်။ ။ဒုတိယ အချက်က ဘာတဲ့လဲ ဒုတိယ အချက်က (၂) အာနိသံသ ဒဿာဝိတာ။ အာနိသံသ ဒဿာဝိတာဆိုတာ၊ ဝီရိယရဲ့အကျိုးအာနိသံသတွေကို ဆင်ခြင် ပေးခြင်းဟာလဲဘဲ ဝီရိယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့၊ ဘယ်လို ဆင်ခြင်ရမလဲ—

> နှ သက္ကာ ကုသီတေန နဝလောကုတ္တရမဓမ္မံ လဒ္ဓုံ၊ အာရဒ္ဓဝီရိယေနေဝ သက္ကာ အယမာနိသံသော ဝီရိယဿာတိ ဧဝံ အာနိသံသဒဿာဝိနောပိ ဥပ္ပဇ္ဇတီ[၁]။

နဝလောကုတ္တရမဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ၉-ပါးသော လောကုတ္တရာ တရားကို။ ကုသီတေန၊ ပျင်းရိသဖြင့်။ လဒ္ဓုံ၊ ရခြင်းငှါ။ နှ သက္ကာ၊ မတတ်ကောင်း။ အာရဒ္ဓ ဝီရိယေနေဝ၊ အားထုတ်အပ်သော ဝီရိယရှိတဲ့ ပုဂ္ဂိုလ်သည်သာလျှင်။ နဝလောကုတ္တရမဓမ္မံ၊ ကိုးပါးသော လောကုတ္တရာတရားကို။ လဒ္ဓုံ၊ ရခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်၏။ အယံ၊ ဤ အကျိုးသည်။ ဝီရိယဿ၊ ဂိရိယ၏။ အာနိသံသော၊ အကျိုးတည်း။ ဣတိဝေါ၊ ဤသို့။ အာနိသံသ ဒဿာဝိနောပိ၊ ဝီရိယ၏ အကျိုး အာနိသင်ကို ဆင်ခြင်ရှုမြင်သော သူအားလည်း။ ဥပ္ပဇ္ဇတိ၊ ဝီရိယသမ္မောဇ္ဈင် ဖြစ်၏။

လောကုတ္တရာ တရားတည်းဟူသော ၉-ပါးသော အကျိုးအာနိသံသတွေကို လဒ္ဓပယောဇဉ်လို့ ခေါ်တယ်၊ လောကုတ္တရာတရား ၉-ပါးဆိုတာ မဂ်တရားက လေးပါး, ဖိုလ်တရားက လေးပါး, နိဗ္ဗာန်ဆိုတော့ ၉-ပါး၊ အဲဒီ ၉-ပါးသော တရားကို ရတယ်လို့ဆိုတာ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်တွေသာ ရတာ၊ ဝီရိယမရှိတဲ့ပုဂ္ဂိုလ်တွေ မရဘူး၊ အဲဒီတော့ လောကုတ္တရာတရား ၉-ပါးတည်းဟူသော လာဘ်လာဘကို လိုချင်ရင် ငါဟာ ကြိုးစားပြီးတော့ အားထုတ်ရမယ်လို့ အာနိသံသဒဿာဝိတာ ဝီရိယရဲ့အကျိုး အာနိသံသကို အဲသလိုဆင်ခြင်ပေးသော အားဖြင့်လဲ ဝီရိယသမ္မောဇ္ဈင်ဖြစ်နိုင်ပါတယ်။

၁။ သံယုတ်အဋ္ဌကထာ၊ တ-တွဲ၊ နှာ-၁၉၅။ သုတ်မဟာဝါအဋ္ဌကထာ၊ နှာ-၃၇၉။

http://www.dhammadownload.com

အရိယာတို့၏ လမ်းစဉ်ကို ဆင်ခြင် အားထုတ်ပုံအကျယ်

(၃) ဂမနဝိထိ ပစ္စဝေက္ခဏာတာ။ ဂမနဝိထိ ပစ္စဝေက္ခဏာတာလို့ဆိုတာ ဘယ်လိုပြလဲ အဋ္ဌကထာက—

သမ္မဗုဒ္ဓ ပစ္စေကဗုဒ္ဓ မဟာသာဝကေဟိ တေ ဂတမဂ္ဂေါ ဂန္တဗ္ဗော။ သမ္မဗုဒ္ဓ ပစ္စေကဗုဒ္ဓမဟာသာဝကေဟိ၊ အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါ မဟာသာဝက ကြီးတို့သည်။ ဂတမဂ္ဂေါ၊ သွားအပ်သောခရီးကို။ တေ တယာ၊ သင်သည်။ ဂန္တဗ္ဗော၊ သွားရမယ်။ ဒီ-ဝိရိယတရားဆိုတာ အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်နဲ့တကွ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေ အဂ္ဂသာဝကကြီးတွေ မဟာသာဝကကြီးတွေဟာ ဝီရိယသမ္မောဇ္ဈင် တည်းဟူသော သမထဝိပဿနာ လမ်းကြောင်းကို ဖြောင့်ဖြောင့်ဖြူးဖြူး ဝီရိယနဲ့ လျှောက်ပြီးတော့ သွားကြ သည် ဖြစ်ပါသောကြောင့်သာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရသွား ကြတယ်။

သော စ နော သက္ကာ ကုသီတေန ဂန္တုံ။ သော စ၊ ထိုမဂ်လမ်းခရီး ဖိုလ်လမ်း ခရီးဆိုတာဟာလဲဘဲ။ ကုသီတေန၊ ပျင်းရိတဲ့ ပုဂ္ဂိုလ်သည်။ ဂန္တုံ၊ သွားခြင်းငှါ။ နော သက္ကာ၊ မတတ်နိုင်ဘူး။ ပျင်းတဲ့ပုဂ္ဂိုလ်များ မဂ်လမ်း ဖိုလ်လမ်းကို မသွား နိုင်ဘူး။ အာရဒ္ဓဝီရိယ ဖြစ်တဲ့ အားထုတ်အပ်တဲ့ ဝီရိယရှိတဲ့ ပုဂ္ဂိုလ်များသည် သာလျှင် မဂ်လမ်း ဖိုလ်လမ်းကို သွားနိုင်တယ်တဲ့ ဂမနဝိထိပစ္စဝေက္ခဏာတာ၊ ရှေးအရှင်ကောင်း အရိယာပုဂ္ဂိုလ်အပေါင်းတို့ သွားရာလမ်းကြောင်းကို လိုက် ချင်ရင် ဝီရိယကို ကြိုးစားအားထုတ်ရမယ်လို့ ဆင်ခြင်ပေးသောအားဖြင့်လဲဘဲ ဝီရိယသမ္မောဇ္ဈင် ဖြစ်နိုင်ပါတယ်တဲ့. ဂမနဝိထိပစ္စဝေက္ခဏာတာ။

ဆွမ်းဟူသော ပူဇော်မှုအတွဲ အလှည့်ပြုပုံ အကျယ်

(၄) ပိဏ္ဍပါတာပစာယနတာ။ အဲတာဂတေ ဖြင့် ဘုန်းကြီးတို့ ရဟန်း တော်များနဲ့ တယ်သင့်လျော်တယ်၊ ဒီဥစ္စာဟာ ရဟန်းတော်များအတွက် သက်သက်ကွက်ပြီးတော့ အဋ္ဌကထာက ဖွင့်တာနဲ့ တူပါတယ်၊ တူပါတယ် မဟုတ်ပါဘူး၊ ဖွင့်ကို ဖွင့်ခဲ့တာဘဲ၊ ဘယ်လိုပြောလဲ ပြည် သူတို့ရဲ့ဆွမ်းကို ပူဇော်တဲ့ ပူဇော်လှည့်ပေးခြင်း၊ အမျိုးကောင်းသားများ, အမျိုး ကောင်းသမီးများ အခုဆရာတော် သံဃာတွေကို နွေစဉ်နှင့်အမျှ ဗုဒ္ဓဘာသာ ဝင် သူတော်စဉ်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များဟာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်း လေးပါးနဲ့ နွေစဉ်လောင်းလှူပြီး နေရတယ်။

အဲသလို လောင်းလှူပြုန်တော့လဲ ဆွမ်းကလေး လောင်းပြုန်တယ် ဆိုရင်ဘဲ စားတာကလေးထက် ပိုပြီးတော့ မွန်မွန်မြတ်မြတ်၊ သင်္ကန်းကလေး လှူပြုန်

http://www.dhammadownload.com

တော့မယ် ဆိုရင်လဲ ကိုယ်ဝတ်တာလေးထက် ပိုပြီးတော့ မွန်မွန်မြတ်မြတ်လား ယုတ်ယုတ်နိမ့်နိမ့်လား(မွန်မွန်မြတ်မြတ်ပါဘုရား)၊ဟုတ်ကဲ့လား သူတို့ဝတ်တာက အင်မတန်ကောင်းတဲ့ အဝတ်တွေ ဘုန်းကြီးတွေကျတော့ ရပ်ရွာပိတ်လောက်နဲ့ ဆိုတော့ ဟုတ်လား၊ သူတို့ဝတ်တာက ပိုးတွေ တကတဲ အင်မတန်ကောင်းတဲ့ အထည်ဆန်း အမျိုးမျိုးတွေ ဆရာတော်များကျတော့ ဘုန်းကြီးဘဲ တော်ရုံတန်ရုံ တော်ရောပေါ့ ဆိုပြီးတော့ ခုတော့ မွန်မွန်မြတ်မြတ်ဆို ဟုတ်လား။

ကဲ အဲဒီတော့ တကာ တကာမများ လှူဒါန်းနေတဲ့ ပြည်သူတို့ဆွမ်းကို ပူဇော်တဲ့ ပူဇော်လှည့်ပေးတယ်ဆိုတာ ဘယ်လိုလဲ အဋ္ဌကထာကပြတာ၊ အဲသလို ပြည်သူတို့လှူဒါန်းတဲ့ ဆွမ်းကို ငါအလကား စားနေလို့ မတော်ဘူး၊ ကြိုးစားပြီး အားထုတ်မှဘဲလို့ အဲဒီလို ပြည်သူတို့လှူဒါန်းတဲ့ဆွမ်းကို ပူဇော်တဲ့ ပူဇော်လှည့် ပေးသောအားဖြင့် တွေးတောဆင်ခြင်တဲ့ ရဟန်းတော်များဟာလဲဘဲ ဝိရိယ သမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုပါဘဲတဲ့။

တကာ တကာမများသည် ဆွမ်ကျေးကျွန်တို့မဟုတ် အကျယ် ဘယ်လိုပြသလဲ ဆိုတော့ ယော တံ ပိဏ္ဍပါတာဒီဟိ ဥပဋ္ဌဟန္တိ၊ ဣမေ တေ မနုဿာ နေဝ ဉာတကာ နာ ဒါသကမ္မကရာ။

ယော၊ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်၊ တံ၊ သင့်ကို။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်းစသည်တို့ဖြင့်။ ဥပဋ္ဌဟန္တိ၊ လုပ်ကျေး ပူဇော်၍နေကြကုန်၏။ (သင့်ကို တိုင်းသူပြည်သားလူအများတွေက ဆွမ်း သက်နှံး ကျောင်းဆေး ပစ္စည်း ၄-ပါးတို့ဖြင့် ပူဇော် ချီးမြှောက်ပြီးသကာလ နေကြတယ်။ အဲဒီ ဆွမ်း သက်နှံး ကျောင်း ဆေး ပစ္စည်းလေးပါးနှင့် သင့်ကို ပူဇော်ချီးမြှောက်ပြီး သကာလ နေကြတယ်၊ တိုင်းသူပြည်သား လူအများတွေဟာ)။

ဣမေ မနုဿာ၊ ဤ တိုင်းသူပြည်သား လူအများတို့သည်။ တေ၊ သင်၏။ နေဝ ဉာတကာ၊ ဆွေမျိုးမိဘတွေလဲ မဟုတ်ဘူး။ နာ ဒါသကမ္မကရာ၊ သင်၏ အမှုလုပ် ကျေးတွေ ကျွန်တွေလဲ မဟုတ်ဘူး သင့်ဆွေမျိုးလဲ မဟုတ်ဘဲနဲ့ သင့် ကျေးတွေ ကျွန်တွေလဲ မဟုတ်ဘဲနဲ့ သင့်ကို ဆွမ်းတွေ ကွမ်းတွေနဲ့ ကျောင်းတွေ ကံတွေဆောက်၊ သက်နှံး သပိတ် ပရိက္ခရာတွေနဲ့ လိုချင်တာတွေ လှူဒါန်း နေတယ်ဆိုတာဟာ ဘာကြောင့်လဲ မင်းစဉ်းစားစမ်း ဟုတ်လား၊ အဋ္ဌကထာ ပြပါသေးတယ်။

သင့်ကိုမှီပြီးအသက်မွေးလို့၍ လှူသည်မဟုတ် နာပိ တံ နိဿာယ ဇီဝိဿာမာတိ တေ ပဏီတာနိ ဘိက္ခာ၊ ထိုရဟန်းကို။ နိဿာယ၊ အမှီပြု၍။ ဇီဝိဿာမာတိ၊ အသက်မွေးဝမ်းကျောင်းအမှုကို ပြုကြကုန်အံ့ဟူ၍။ တေ၊ သင့်အား။

http://www.dhammadownload.com

ပဏီတာနို၊ မှန်မြတ်ကုန်သော။ စီဝရာဒီနို၊ သင်္ကန်းစသည်တို့ကို။ နှ ဒေန္တိ၊ ပေးလှူကြတာ မဟုတ်ဘူး။

အမျိုးကောင်းသား အမျိုးကောင်းသမီးများ သံဃာတော်များ ဆွမ်းသင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး လှူဒါန်းတာဟာ ဒီ ရဟန်းတော်ကို အမှီပြုပြီးတော့ အသက်မွေးဝမ်းကျောင်းပြုလုပ်ဘို့ လှူဒါန်းတာမဟုတ်ဘူးနော်။ လှူတယ် တန်းတယ် ဆိုတာ ဘယ်လိုလုပ်လဲ သင့်ကို အမှီပြုပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်မယ်ဆိုပြီးတော့ ပေးလှူနေတာ မဟုတ်ဘူး။

အကျိုးကိုတောင့်တ၍ လှူဒါန်းကြခြင်း အထ ခေါ အတ္တနော ကာရာနံ မဟပ္ဖလတံ ပစ္စာသိသမာနာ ဒေန္တိ။ အထ ခေါ၊ အဟုတ်သော်ကား။ အတ္တနော၊ မိမိ၏။ ကာရာနံ၊ ပြုလုပ်အပ်ကုန်သော ကုသိုလ်ကောင်းမှုတို့၏။ မဟပ္ဖလတံ၊ ကြီးသော အကျိုးရှိသည်၏အဖြစ်ကို။ ပစ္စာသိသမာနာ၊ မြော်လင့် တောင့်တကြကုန်သည် ဖြစ်၍။ ဒေန္တိ၊ ပေးလှူကြကုန်၏။

အဲဒီလူတွေ သင့်ကို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့နဲ့ လှူဒါန်းနေကြတာဟာ သင့်ကို ဆွေမျိုးဉာတိ မိတ်သင်္ဂဟတွေဖြစ်လို့ လှူကြတာ မဟုတ်ဘူး၊ သင့်ကို မှီပြီးတော့ အသက်မွေးဝမ်းကျောင်း ပြုလုပ်ချင်လို့ လှူတာ မဟုတ်ဘူး၊ ငါတို့လုပ်တဲ့ ကုသိုလ်ကောင်းမှုဟာ များများမြတ် ကြီးကျယ်သော အကျိုးကို ဖြစ်စေလိမ့်မယ်လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့သာလျှင် သင့်ကို လှူနေကြတာတဲ့။

သတ္ထာရာပိ "အယံ ဣမေ ပစ္စယေ ပရိဘုဉ္ဇိတ္ဝာ ကာယဒဋ္ဌိ ဗဟုလော သုခံ ဝိဟရိဿတီ"တိ နှ ဧဝံ သမ္မဿတာ တုယ္ဟံ ပစ္စယာ အနုညာတာ။

သတ္ထာရာပိ၊ မြတ်စွာဘုရားသည်လည်း။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ဣမေ၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇိတ္ဝာ၊ သုံးဆောင်၍။ ကာယဒဋ္ဌိဗဟုလော၊ ခန္ဓာကိုယ် ဖုံ့ဖြိုးပြီးတော့ ဝနေတဲ့ ခန္ဓာကိုယ်ကြီးဟာ အရှည်ခံ၍ တည်တံ့ပြီးတော့။ သုခံ၊ ချမ်းသာစွာ။ ဝိဟရိဿတိ၊ နေလတ္တံ့ဟူ၍။ ဧဝံ၊ ဤသို့။ သမ္မဿတာ၊ မြော်ကိုး၍။ ပစ္စယာ၊ ပစ္စည်းလေးပါးတို့ကို။ တုယ္ဟံ၊ သင့်အား။ နှ အနုညာတာ၊ ခွင့်ပြုတော်မူခဲ့သည်မဟုတ်ကုန်။

မြတ်စွာဘုရားကလဲဘဲ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ခွင့်ပြုခဲ့တယ်ဆိုတာ အဲဒီ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတွေကို စားပြီးတော့ ခန္ဓာကိုယ် ဖုံ့ဖြိုးပြီးတော့ အရှည်ခန့်ပြီးတော့ ချမ်းချမ်း သာသာ နေဘို့အတွက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို စားသုံးတော့လို့ ခွင့်ပြုခဲ့တာမဟုတ်ဘူး၊ ဘာအတွက် ခွင့်ပြုခဲ့သလဲ။

http://www.dhammadownload.com

ရဟန်းတရားအားထုတ်ရန်ပစ္စည်းလေးပါးကို ဘုရားခွင့်ဖြုတော်မူခြင်း

အထ ခေါ် "အယံ ဣမေ ပရိဘုဉ္ဇမာနော၀ သမဏမဓ္မံ ကတ္တာ ၀ဋ္ဋဒုက္ခတော မုစ္စိဿတီ"တိ တေ ပစ္စယာ အနုညာတာ။

အထ ခေါ်၊ အဟုတ်သော်ကား။ အယံ ဘိက္ခု၊ ဣရဟန်းသည်။ ဣမေ၊ ဤပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇမာနော၊ သုံးဆောင်ခံစားလျက်။ သမဏမဓ္မံ၊ ရဟန်းတရားကို။ ကတ္တာ၊ ကြိုးစားအားထုတ်၍။ ၀ဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ မုစ္စိဿတိ၊ လွတ်လတ္တံ့ဟူ၍။ ဣတိ၊ ဤသို့ နှလုံးပြု၍။ တေ၊ သင့်အား။ ပစ္စယာ၊ ပစ္စည်းလေးပါးတို့ကို။ အနုညာတာ၊ ခွင့်ပြုတော်မူခဲ့တာ။ အဲဒီလို ခွင့်ပြုခဲ့တာကို သင်က ပျင်းရိ ငြီးငွေ့ပြီးတော့ သင် ဒီဆွမ်းတွေ စားပြီးတော့ ပျင်းရိ ငြီးငွေ့နေမယ်ဆိုရင် သင့်တော်ပါ့မလား၊ အဲသလို ပြည်သူတို့ကို အတုံ့အပြန်ပူဇော်မှုကို ပြုလုပ်တာဖြစ်နိုင်ပါ့မလားလို့ စိတ်ကူး ကြံစည်ပြီးတော့ ကြိုးစား အားထုတ်ခြင်းအမှုကို ပြုလုပ်တာလဲဘဲ ဝီရိယသမ္ပေါဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း တခုပါဘဲတဲ့၊ ဒီနေရာမှာ သက်သေပြတယ်၊ ဘယ်လိုပြလဲ။

အယျမိတ္တထေရ်ကို သက်သေပြပုံ[1]။ ။ကဿကလိုဏ်မှာနေတဲ့ အယျမိတ္တမထေရ်ကို သက်သေပြတယ်၊ အယျမိတ္တထေရ် ဘယ်လိုလုပ်သလဲ (ဒါတွေ-ဟာ အင်မတန် မှတ်သားစရာကောင်းပါတယ်၊ ပါဠိတွေက သိပ်များပြီးတော့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ငြီးငွေ့နေမှာ တရားနာတာဟာ ငြီးငွေ့တော့ မနေနဲ့နော်၊ ဟုတ်လား) ဘယ်လိုပြလဲဆိုတော့ ဒီနေရာမှာ ပြပုံက—

ကဿကလိုဏ်မှာနေတဲ့ အယျမိတ္တထေရ်ရဲ့ ဆွမ်းခံရွာမှာ ဥပါသိကာမကြီး တယောက်ရှိတယ်၊ သူမှာလဲ သမီးပျိုလေးတယောက်ရှိတယ်၊ အယျမိတ္တထေရ်ကို သားကဲ့သို့ ကြည်ညိုပြီး အိမ်မှာ အမြဲတန်း ဆွမ်း၀တ်ပြုနေတယ်၊ တနေ့သ၌ကျတော့ ဥပါသိကာဒါယိကာမကြီးက တောကို သွားခါနီးကျတော့ သမီးကို ဘယ်လိုမှာလဲ—

အကောင်းကိုလျှ၍ အသိုးကိုစားသည့်တကာမကြီး

အမ္မ အသုကသ္မိံ ဌာနေ ပုရာဏတဏ္ဍုလာ၊ အသုကကသ္မိံ ခီရံ၊ အသုကသ္မိံ သပ္ပိ၊ အသုကသ္မိံ ဖာဏိတံ၊ တဝ ဘာတိကဿ အယျမိတ္တဿ အာဂတကာလေ ဘတ္တံ ပစိတ္မာ ခီရသပ္ပိဖာဏိတေဟိ သဒ္ဓိံ

၁။ သံယုတ်အဋ္ဌကထာ၊ ဓာ-တို့၊ နှာ-၁၉၆-၇။ သုတ်မဟာ၀ါအဋ္ဌကထာ၊ နှာ-၃၇၉။

http://www.dhammadownload.com

ဒေဟိ၊ တွဋ္ဌ ဘုဉ္ဇေယျာသိ။ အဟံ ပန ဟိယျော ပက္ကပါရိဝါသိကဘတ္တံ ကဠိယေန ဘုတ္တာမှိ။

ဒါ ဘာပြောတာလဲ သမီးတဲ့ ဟောဒီနေရာမှာ ဆန်ကောင်းတွေ ရှိတယ် နှစ်ချီဆန်တွေ၊ အင်မတန် ကောင်းတယ် နှစ်ချီဆန်ဆိုတာ၊ အဋ္ဌကထာကတော့ ကောင်းတယ်လို့ ပြထားတာဘဲ၊ ကောင်းလား မကောင်းလားဆိုတာကိုတော့ ဘုန်းကြီးတို့ မသိဘူး၊ ထောပတ်လဲ ဟောဒီနေရာမှာ ရှိတယ်၊ ဒီနေရာမှာ ဆီရှိတယ်၊ ဟောဒီနေရာမှာ နို့ဓမ်းတွေရှိတယ်၊ ဒီနေရာမှာ တင်လဲတွေရှိတယ်၊ အဲဒါ သင့်မောင်တော် အရှင်အယျမိတ္တမထေရ် ဆွမ်းခံကြွလာလို့ရှိရင် အဲဒီဆန်နဲ့ ကောင်းမွန်စွာ ချက်ပြီးတော့ ခုန ထောပတ်တို့ တင်လဲတို့နဲ့ အတူတကွ အယျမိတ္တမထေရ်ကို လှူလိုက်၊ ငါ့သမီးလဲ အဲဒါတွေကို စားနှင့်၊ အမွေအတွက်ကတော့ဖြင့် မနေက ချက်ပြီးသားဖြစ်လို့ တည်လွန်နေတဲ့ ထမင်းနဲ့။ ဆိုလိုတဲ့အဓိပ္ပါယ်က ထမင်းကြမ်းနဲ့ ပုန်းရည်ကို ငါစားပြီးပြီ၊ နေ့ခင်းကျတော့ အမွေအတွက် ဘာလုပ်ထားရမလဲလို့ မေးတော့ နေ့ခင်းကျတော့လဲ ဆန်ကွဲနဲ့ ဟင်းရွက်နဲ့ ဆန်ပြုတ်ထားလိုက်၊ အဲဒါဘဲ ငါစားမယ်ဆိုတာကိုး။

ဆွမ်းအလှူမခံဘဲ လိုဏ်ကိုပြန်၍ တရားအားထုတ်ခြင်း

ဒီစကားကို ဘယ်သူကြားလဲ အယျမိတ္တထေရ်ကြားတယ်၊ ဒီတော့ အယျမိတ္တထေရ်က စဉ်းစားတယ်၊ အယျမိတ္တ-မင်းစဉ်းစားစမ်း ဒီဥပါသိကာဒါယိကာမကြီးဟာ မင်းရဲ့ အမလဲမဟုတ် အမေလဲမဟုတ် ဆွေးမျိုးဥာတိလဲ မတော်ဘူး ဟုတ်လား၊ မင်းအတွက်ကျတော့(ငါအယျမိတ္တအတွက်ကျတော့) ဆန်ကောင်းတွေ ဘာကောင်းတွေနဲ့ အင်မတန်ကောင်းတဲ့ ဆီဦးထောပတ်တွေနဲ့ လောင်းပါလှူပါလို့ ပြောတယ်၊ သူ့အတွက်ကျတော့ ထမင်းကြမ်းနဲ့ ပုန်းရည်စားပြီးပြီလို့ ပြောတယ်၊ အဲသလို မွန်မြတ်တဲ့ အစာအာဟာရတွေကို မင်းကို လှူဒါဟာ မင်းထံက အဝတ်သင်္ကန်းတွေ လယ်ယာကိုင်းကျွန်းတွေ အိမ်ရာတွေလိုချင်လို့ လှူတာမဟုတ်ဘူး။

တိဿော သမ္မတ္တိယော၊ လူနတ် နိဗ္ဗာန် သုံးတန်သောချမ်းသာကို လိုချင်လို့သာ ဒီအလှူ မင့်ကိုလှူတာ၊ ဒီလောက် မွန်မြတ်တဲ့ အလှူကို မင်းဟာ သရဏေန သဒ္ဓါသေန သမောဟေန နဲ့ သင်္ကာ ဂဏ္ဌိဘုံ၊ ရာဂတွေ ဒေါသတွေ မောဟတွေနဲ့ မင်းစားလို့ အလှူခံလို့ တော်ပါ့မလား မတော်ဘူး၊ ကိုင်း "ငါ ပြန်မယ်" ဆိုပြီး ဆွမ်းမခံဘူး တခါထဲ ကဿကလိုဏ်ပြန်ပြီးတော့ အနာပတ်သီးတွေ ဘာတွေ ဖြုတ်၊ သင်္ကန်းကို ချုတ်ပြီးတော့ သင်္ကန်းတန်းမှာတင်၊ သပိတ်ကို အိပ်ကချုတ်ပြီးတော့ ညောင်စောင်းအောက်မှာထား၊ထားပြီးတော့ ကဿကလိုဏ်ထဲက ရဟန္တာ မဖြစ်သမျှ ငါမထွက်တော့ဘူးလို့ တခါထဲ တရားအားထုတ်

http://www.dhammadownload.com

လိုက်တယ်၊ မွန်းမတည့်မိ ရဟန္တာဖြစ်တယ်။ အဲဒီတော့မှ ကဿကလိုဏ် စောင့်တဲ့ ရက္ခစိုးနတ်က—

နမော တေ ပုရိသဇညာ၊ နမော တေ ပုရိသုတ္တမ။
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယ္ယောသိ မာရိသာ–လို့

ဝမ်းမြောက်လှစွာနဲ့ ရှိခိုးလိုက်တယ်၊ အဲဒီနောက် တကာမကြီးရဲ့ ဆွမ်း ပြန်ပြီးတော့ အလှူခံတယ်၊ အဲဒီ အယျမိတ္တငထရ်ကို ဒီနေ့ထမှာ သက်သေတင် ပြပြီးတော့ ပြည်သူတို့ရဲ့ ဆွမ်းကို ဒီလိုဘဲ ပူဇော်တဲ့ ပူဇော်လဲ့ ပြုလုပ်ဘို့ရန် အတွက် စဉ်းစားဆင်ခြင်မယ်ဆိုရင် ဝိရိယသင်္ခမွာဇျင်ဖြစ်နိုင်ပါတယ်တဲ့။

နံပါတ် ၅-က ဘာတဲ့လဲ မေ့ပြီ သိပ်တော်တဲ့လူတွေ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေ သိပ်တော်တာဘဲ မေ့ပြီ မဟုတ်လား၊ ဘုန်းကြီးတပါး ကလဲ ဘုန်းကြီးကို ပြောဘူးတယ် အချင်ဘုရားဟောတဲ့တရားတွေ ကောင်းတော့ ကောင်းပါတယ်တဲ့၊ ကောင်းပေမဲ့ အရှင်ဘုရားဟိုသတ်ဟာ ဓမ္မာရုံပေါ်က အောက် ဆင်းသွားအောင် ခံပါ့မလားတဲ့ ဒီတရား၊ အဲဒီတော့ အဖြေပေးပြီးသား ဖြစ်နေပါပြီ၊ ဒီဥစ္စာဟုတ်လား၊ အဲဒီတော့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ စဉ်းစားကြည့် ဒါ ယဇ္ဇမဟတ္တပစ္စဝေက္ခဏာတာ-တဲ့ နံပါတ် ၅-က။

အမွေခံမြတ်သည်၏အဖြစ်။ ။(၅) ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏာတာ-ဆိုတာ အမွေခံထိုက်သူ အဖြစ် မြင့်မြတ်သည်၏ အဖြစ် သင်ဟာ သကျပုတ္တ သာကီမင်းသား ဘုရားရှင် ကိုယ်တော်မြတ်ကြီးပေးထားတဲ့ အရိယာတို့သည် ခံစားအပ်တဲ့ အမွေအနှစ်ကို သင်ဟာ ခံစားရမယ်၊ ဘယ်လိုလဲ အရိယာတို့ပေးထားတဲ့ အမွေအနှစ်တွေ ဆိုတာ—

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပ တည်းဟူသော သူတော် ကောင်းတို့ရဲ့ ဥစ္စာ ရတနာ ခုနစ်ပါးလို့ ဆိုတာ၊ ဒါ-ဒီလို သူတော်ကောင်းတို့ရဲ့ အမွေအနှစ်ဆိုတာ ပျင်းတဲ့ ပုဂ္ဂိုလ်များ ရတမ်း မဟုတ်ဘူး၊ တံ နု သက္ကာ ကုသီတေန ဂဟေတုံ။ တံ၊ ထို သူတော်ကောင်းတို့ရဲ့ ဥစ္စာ ရတနာ ခုနစ်ပါးကို။ ကုသီတေန၊ ပျင်းရိသဖြင့်။ ဂဟေတုံ၊ ရယူခြင်းငှါ။ နု သက္ကာ၊ မတတ်ကောင်းပေ။

ဘခမည်းတော်ဖြစ်တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက်လဲဘဲ ပျင်းရိတဲ့ ပုဂ္ဂိုလ်များအတွက် ငါ့သား ငါ့သမီးတော်များ ပျင်းရိနေရင် ဒီဥစ္စာ မရဘူး၊ လောကမှာတဲ့ မိမိတို့ရဲ့ သားသမီးများ မိမိတို့ရဲ့စကား နားမထောင်တဲ့အခါ ကျတော့ ဒီသားသမီးကို သတင်းစာထဲက ထည့်ပြီးတော့ အမွေပြတ်လို့ကျေညာ လိုက်တဲ့အခါ မိဘသေသွားတဲ့အခါ အမွေမရတော့ဘူး၊ ဘုရားရှင် ကိုယ်တော် မြတ်ကလဲ ငါဘုရားစကား နားမထောင်လို့ ပျင်းရိငြီးငွေ့တဲ့ပုဂ္ဂိုလ်တွေ၊ ကုသီတ

http://www.dhammadownload.com

ပုဂ္ဂိုလ်များကျတော့ ဝီရိယမရှိတဲ့ ပုဂ္ဂိုလ်များ ကျတော့ ဘုရားရှင်ရဲ့အမွေ လူနတ်နိဗ္ဗာန် သုံးတန်သော ဓမ္မအမွေတွေဟာ အမွေပြတ် ဖြစ်လိမ့်မယ်တဲ့၊ အဲတာကြောင့် မပျင်းရိတဲ့ ပုဂ္ဂိုလ်ဖြစ်မှ တော်မယ်လို့ ဒါဃင္ဂ မဟတ္တ ပစ္စဝေက္ခဏာတာ=အမွေခံထိုက်သူအဖြစ်ဖြင့် မြင့်မြတ်စင်ကြယ်သည်၏ အဖြစ်ကို ပြုလုပ်ရမယ်၊ ဒါ-ဒါဃင္ဂ မဟတ္တ ပစ္စဝေက္ခဏာတာ။

ဘုရားသာသနာ၌ မြတ်သည်ကို ဆင်ခြင်ခြင်း။ ။(၆) သတ္တ မဟတ္တ ပစ္စဝေက္ခဏာတာ=အဘဘုရားရှင်

ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ထောက်ထား မြော်မြင်သောအားဖြင့်လဲ ငါသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သားတော်ဖြစ်တယ်၊ ငါ့ဘခင်ရဲ့ မျက်နှာ ထောက်ထားပြီးတော့ ငါသည် ပျင်းရိ ငြီးငွေ့နေလို့ မတော်ဘူးလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီးတော့ ပြုပေးသောအားဖြင့်လဲဘဲ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

အမျိုးအနွယ် မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း။ ။ဇာတိ မဟတ္တ ပစ္စဝေက္ခဏာတာ=မြတ်စွာ

ဘုရား သာသနာတော်တွင်းသို့ ရောက်လာတယ်ဆိုရင် သကျပုတ္တ သာကီဝင် မင်းသား ဇာတ်အမျိုးအနွယ်အားဖြင့် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဟာ ပျင်းရိနေလို့ မတော်ဘူးလို့ အဲဒီလို နှလုံးသွင်း ဆင်ခြင်ပေးသော အားဖြင့် ဆင်ခြင်ခြင်းဟာလဲဘဲ ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေပါတယ်တဲ့။

သီတင်းသုံးဘော်တို့၏ မြတ်သည်၏ အဖြစ်။ ။(၇) သဗြဟ္မစာရီ မဟတ္တ ပစ္စဝေက္ခဏာတာ။ သ ဗြဟ္မစာရီ မဟတ္တ ပစ္စဝေက္ခဏာတာ– ဆိုတာက သီတင်း သုံးဘော်တွေကို ကြည့်၊ မိမိရဲ့ သီတင်းသုံးဘော်တွေဟာ ဘယ်သူတွေလဲ ရှင်သာရိပုတ္တရာတို့ ရှင်မဟာ မောဂ္ဂလာန်တို့ ရှင်အာနန္ဒာတို့ ရှင်ဥပါလိတို့ ရှင်မဟာ ကဿပကြီးတို့ ဆိုတာ မိမိရဲ့ သီတင်းသုံးဘော်တွေဘဲ၊ အဲဒီ သီတင်းသုံးဘော်တွေဟာ ပျင်းရိ ငြီးငွေ့သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသွားကြတာ မဟုတ်ဘူး၊ ငါရဲ့ သီတင်းသုံးဘော်တွေဟာ ဝီရိယ ကြိုးစား အားထုတ်ကြတဲ့ အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သာဝကကြီးတွေ အဖြစ်ကို ပါရမီဉာဏ်တွေ ပြည့်စုံပြီးတော့ ရသွားကြပေတယ်လို့ အဲဒီလို မိမိရဲ့ အပေါင်းအသင်းဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ ဂုဏ်ကျေးဇူးကို ဆင်ခြင်ပေးသော အားဖြင့်လဲဘဲ ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်တဲ့။

လူပျင်းကိုရှောင်ကြဉ်။ ။(၉) ကုသီတပုဂ္ဂလ ပရိဝဇ္ဇနတာ၊ ပျင်းရိငြီးငွေ့တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ် ပေးခြင်းဟာလဲ ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

http://www.dhammadownload.com

လုံ့လရှိသူကိုမှီဝဲ။ ။(၁၀) အာရဒ္ဓ ဝီရိယ ပုဂ္ဂလသေဝနတာ၊ ကြီးစား အားထုတ်အပ်သော ဝီရိယရှိတဲ့ ပုဂ္ဂိုလ်များကို မှီဝဲဆည်းကပ်ပေးခြင်းဟာလဲဘဲ ဝီရိယသမ္မာဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဘဲ။

စိတ်ကိုညွှတ်ကိုင်းရှိုင်းခြင်း။ ။(၁၁) တဒဓိ မုတ္တတာ၊ ဝီရိယသမ္မာဇ္ဈင် ဖြစ်ဘို့ရန်အတွက် သူ့းတဲ့ လာတဲ့ ထိုင်တဲ့ နေရာမှာ ဝီရိယသမ္မောဇ္ဈင်ဘက်ကို စိတ်ကညွှတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းရှိတဲ့ ပုဂ္ဂိုလ်များဟာ ဝီရိယသမ္မောဇ္ဈင် ဖြစ်နိုင်တယ်တဲ့၊ ဣတိ၊ ဤသို့။ ကောဒသ ဓမ္မာ၊ တဆယ့်တပါးသော တရားတို့သည်။ ဝီရိယသမ္မောဇ္ဈင်္သာ၊ ဝီရိယသမ္မောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီး ဖြစ်တဲ့ တရားတွေဘဲ။ အဲဒါ ဝီရိယ သမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အင်္ဂါ ၁၁-ချက်ဘဲ။

အဲ ဒါကြောင့် ဘုရားရှင်က ပါဠိတော်မှာ ဘာပြလဲ—

ယထဲဒံ စ အနုပ္ပန္နဿ ဝီရိယသမ္မောဇ္ဈင်္သာ ဥပ္ပါဒေ၊ ဟောတိ တဉ္စ ပဇာနာတိ။

ယထာ စ=ယေန ကာရဏေန စ၊ အကြောင် ပြခဲ့ပြီးတဲ့ အကြောင်းဖြင့်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဝီရိယသမ္မောဇ္ဈင်္သာ၊ ဝီရိယသမ္မောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထို ဝီရိယသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း တွေ့ကိုလည်း။ ပဇာနာတိ၊ ယခုကဲ့သို့ ကွဲကွဲပြားပြားနဲ့ သိရမယ်၊ ဝီရိယသမ္မောဇ္ဈင်ဖြစ်ပုံကို။ ဤပဌမပိုင်း ဒီကနေ့ ဒီမှာပင် နိဂုံးချုပ်ပါတယ်နော်။

ဤသို့ ဝီရိယသမ္မောဇ္ဈင်ကို ရှိသေစွာ နာခံမှတ်သားရခြင်းတည်းဟူသော ဓမ္မဿဝနကုသိုလ်ကံ စေတနာတို့ကြောင့်ငင်း သရဏကုံ သီလကုသိုလ်တွေကို။ပ။ နိဗ္ဗာန်ကို လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်လှယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

ဗောဇ္ဈင်္ဂပမ္မ ပဌမပိုင်း ပြီး၏။

၁။ သုတ်မဟာဝါပါဠိတော် နှာ-၂၄၂။

http://www.dhammadownload.com

ဗောဇ္ဈင်္ဂပဗ္ဗ ဒုတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၀-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၂၇-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉-ရက်။

ရန်ကုန်မြို့ ရွှေတိုက်ဘုရားလမ်း ကျောက်ကူးဓမ္မဗိမာန်တော်ကြီးအတွင်း၌ ဟောကြားအပ်သော ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာသတိပဋ္ဌာန သုတ် ဓမ္မာနုပဿနာသတိပဋ္ဌာန် ဗောဇ္ဈင်္ဂပဗ္ဗ ဒုတိယပိုင်းတရားတော်။

နောက်နေ့က ဟောခဲ့တဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဗောဇ္ဈင်ခုနစ်ပါးထဲမှ ဘုန်းကြီးတို့ ဟောခဲ့တာ သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင် လို့ အဲဒီ ဗောဇ္ဈင်သုံးပါး ဟောပြီးခဲ့ပြီ၊ ဒီကနေ့တော့ ပီတိသမ္ဗောဇ္ဈင်က စပြီး တော့ ဟောရမယ်။

ပီတိသမ္ဗောဇ္ဈင်၊

ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

သမာဓိသမ္ဗောဇ္ဈင်၊

ဥပေက္ခာသမ္ဗောဇ္ဈင် လို့ ဒီလို ဗောဇ္ဈင်လေးပါး ဟောရမယ်။

ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း ပါဠိတော်နည်း

ပီတိသမ္ဗောဇ္ဈင်လို့ဆိုတာ ပါဠိတော်မှာ ဘယ်လိုပြလဲ။

(၁) "သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်ံ 'အတ္ထိ မေ အဇ္ဈတ္တံ ပီတိ-သမ္ဗောဇ္ဈင်ေ'ါတိ ပဇာနာတိ။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ဈင်ံ 'နတ္ထိ မေ အဇ္ဈတ္တံ ပီတိ-သမ္ဗောဇ္ဈင်ေ'ါတိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်ဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ"။

(၄) "ယထာ စ ဥပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်ဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ"။ ။၄-ချက် ပီတိသမ္ဗောဇ္ဈင်။

http://www.dhammadownload.com

ဒီပါဠိတော်ရဲ့အဓိပ္ပါယ် ဘာပြောတာလဲ— ချစ်သားတို့ ဓမ္မာနုပဿနာသတိပဋ္ဌာန်အနေမျိုးအားဖြင့် ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားများကို ပွါးများမယ်ဆိုရင် ပီတိသမ္ဗောဇ္ဈင်=ပီတိ-ဘုရားဂုဏ် တရားဂုဏ် သံဃာတော်များရဲ့ဂုဏ်၊ မိမိရဲ့ သီလဂုဏ်၊ စာဂါနုဿတိ=မိမိရဲ့ စွန့်ကြဲလှူဒါန်းတဲ့ဂုဏ်၊ ဥပသမာနုဿတိဂုဏ်များ၊ အဲဒါများကို အာရုံပြုပြီးတော့ တရားကို အာရုံပြုပြီးတော့ နှစ်သက်မှု ပီတိတွေ ဖြစ်ပေါ်နေတဲ့အခါမှာ တရားအားထုတ်တယ်။ အများကောင်းသား အများကောင်းသမီးများ တရားအားထုတ်တဲ့အခါ တရားကို အာရုံပြု။

တရားဆိုတာ အမှန်တရားဘဲ။ ။တရားဆိုတာ ဘာကို တရားလို့ ခေါ်တာလဲ။ မှန်တာကို တရားလို့ ခေါ်ပါတယ်။ အများကောင်းသား အများကောင်းသမီးတွေ တရားဆိုတာ ဘာကိုခေါ်တာလဲ (မှန်တာကို တရားလို့ ခေါ်ပါတယ်ဘုရား)၊ မှန်တာကို တရားလို့ခေါ်တယ်၊ အဲဒီ အမှန်ကလေးကို သိပြီးတော့ နေရတဲ့ အချိန်ကလေးမှာ စိတ်ရဲ့နှစ်သိမ့်မှုကလေး ကျေနပ်မှုကလေး ဒီလို ဖြစ်နေတယ်။ အဲဒီမှာ ပီတိ ဖြစ်ပုံကိုတော့ဖြင့် အဋ္ဌကထာမှာ ထိုထို အဋ္ဌသာလိနီ အဋ္ဌကထာစသည်တို့မှာပေါ့။ အဋ္ဌကထာဆိုပေတဲ့ သုတ်မဟာဝါ အဋ္ဌကထာမှာတော့ မဟုတ်ပါဘူး။ အဋ္ဌသာလိနီ နှာ-၁၅၃ စသည်တို့မှာ ပီတိငါးမျိုး—

(၁) ခုဒ္ဒိကာ ပီတိ၊

(၂) ခဏိကာ ပီတိ၊

(၃) ဩက္ကန္တိကာ ပီတိ၊

(၄) ဥဗ္ဗေဂါ ပီတိ။

(၅) ဖရဏာ ပီတိလို့ ဒီလို ပီတိ ၅-မျိုးပြတယ်။

ဒီလို ထင်းကနဲ့တရားအားထုတ်တဲ့ အခါမှာ ခန္ဓာကိုယ်က ကြွနေသလိုဖြစ်ပြီးတော့ အဲသလို ဖြစ်ပြီးနေတယ်ဆိုတာ ပီတိတွေ ဖြစ်နေတာဘဲ၊ အဲဒီ ပီတိဟာ တရားကို အာရုံပြုပြီးတော့ တရားပေါ်မှာ မှီပြီးတော့ ဖြစ်နေတဲ့ ပီတိဟာ မိမိမှာဖြစ်နေရင် ဒီပီတိတော့ ဖြစ်နေပြီ။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌၊ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ ပီတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ့။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ သိ၏။ ပီတိသမ္ဗောဇ္ဈင် ဖြစ်ပုံကိုသိ။ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်နေတယ်၊ ကိုင်း အဲဒီ ပဇာနာတိ ဆိုတဲ့နေရာမှာ ခဲခြားပြီးတော့ သူက သိရမယ်၊ ပီတိ-နှစ်သက်မှု ဖြစ်ပေါ်နေတယ်ဆိုတာ တရားရယ်, နှစ်သက်မှုရယ်, နှစ်သက်မှုကို သိနေတဲ့စိတ်ရယ်၊ အာရုံပြုနေတဲ့ ဝိညာဏ် နာမ်

http://www.dhammadownload.com

ရုပ်ရယ်, ပီတိရယ်, အဲဒီ ပီတိနှင့်တွဲပြီးတော့ ဖြစ်တဲ့ စိတ်ရယ်၊ အဲဒီ သုံးမျိုးကို ကွဲကွဲပြားပြား ခြားခြားနားနားသိတယ်။

ခုနက ပြောခဲ့တဲ့ ပါဠိအတိုင်း ပီတိသမ္ဗောဇ္ဈင်တရားတွေဟာ ဘယ်လိုဖြစ်လာလဲ သင်္ခတ တရား သူက၊ သူက ဘာတရားတဲ့လဲ (သင်္ခတ တရားပါဘုရား)၊ သင်္ခတ တရားတွေ ပီတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်လာတယ်၊ အဲဒီ ပီတိသမ္ဗောဇ္ဈင် ဖြစ်လာတဲ့ သင်္ခတ တရားဟာ ရှုကွက်မှာ ကွဲကွဲပြားပြား သိဘို့ ရှုတဲ့အခါကျတော့ ခုနက ဘုရားရှင်ကိုယ်တော်မြတ်က ဘယ်လိုရှုရမလဲ။

မဖြစ်မီကလဲမရှိ, ဖြစ်ပြီးတော့လဲ မရှိ။ ။"ဒဋ္ဌဗ္ဗာ သင်္ခတာ ပုဗ္ဗာ၊ ပရန္တေသု ဝိဝိတ္တတော" မဖြစ်ခင် ရှေ့အဘို့က ဒီ သင်္ခတ တရားတွေက မရှိဘူး၊ ဖြစ်ပြီးတဲ့နောက် ဒီ သင်္ခတ တရားတွေဟာ မရှိတော့ဘူးလို့ အဲဒီလို ဝိပဿနာ လက္ခဏာရမ္မဏိက ဝိပဿနာဉာဏ်နဲ့ ကွဲကွဲ ပြားပြားနဲ့ ဒီ ပီတိသဘောကို သိလိုက်တယ်ဆိုရင် သစ္စာ ၄-ပါးတရားကို သိကြောင်း တရားဖြစ်တယ်လို့ ကွဲကွဲ ပြားပြား သိတာ ပီတိသမ္ဗောဇ္ဈင်၊ မိမိမှာ ပီတိသမ္ဗောဇ္ဈင်မဖြစ်ဘူး ဆိုရင်လဲ အဲဒီ ပီတိသမ္ဗောဇ္ဈင် မိမိသန္တာန်မှာ မရှိဘူးလို့ ခွဲခြားပြီးတော့ သိရမယ်။

ယထာ စ အနုပ္ပန္နဿ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ။ အဲဒီအပိုင်းကြတော့ အဋ္ဌကထာက ဖွင့်တယ်၊ ယထာ စ=ယေန စ ကာရဏေန၊ အကြင်သို့သော အကြောင်းအားဖြင့်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထို ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရှဲ အကြောင်းကိုလည်း။ ပဇာနာတိ၊ ခွဲခြားပြီးတော့ သိ၏။

ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း။ ။အဲဒီ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရှဲ အကြောင်းက ဘာလဲ၊ ပီတိဟာ သူ ဘာသာသူ ဖြစ်လာသလား မဟုတ်ဘူးတဲ့၊ ပီတိဟာ ပီတိဖြစ်ပေါ်လာပုံကို ပါဠိတော်[၁]က ကိုးကားချက် ပြတယ်၊ ဘယ်လိုပြလဲလို့ ဆိုတော့—

> အတ္ထိ ဘိက္ခဝေ ပီတိသမ္ဗောဇ္ဈင်္ဂဌာနီယာ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ–

လို့ ဒီ သံဝတ္တတိ ပုဒ်ကိုတော့– ဘုန်းကြီးနောက်က ပြောခဲ့ပြီးပါပြီ။ အဋ္ဌကထာမှာ အဲဒီလို ကိုးကားချက် ပြတယ်၊ ဒီ ပါဠိတော်က ဘယ်ပါဠိလဲလို့ ဘုန်းကြီး

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၉၂။

http://www.dhammadownload.com

နောက်ကပြောခဲ့တဲ့ အတိုင်းဘဲ မဟာဝဂ္ဂသံယုတ် ပါဠိတော် ဗောဇ္ဈင်္ဂသံယုတ်က လာတဲ့ ဘုရားဟောတဲ့ ပါဠိဘဲ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပိတိသမ္ဗောဇ္ဈင်္ဂဒီဃာ ခမ္မာ၊ ပိတိသမ္ဗောဇ္ဈင်ရဲ့ တည်ရာဖြစ်ကုန်သော သဘောတရားတို့သည်။ ဝါ၊ ရှေးရှေးသော ပိတိတည်ရာ ဖြစ်ကုန်သော နောက်နောက်သော ပိတိသဘောတရားတို့သည်။ အတ္ထိ=သန္တိ၊ ရှိကုန်၏။

ပိတိသမ္ဗောဇ္ဈင်္ဂဒီဃာ ခမ္မာလို့ အဋ္ဌကထာက ဖွင့်တော့ ပိတိသည်ပင်လျှင် နှစ်သက်မှုသည်ပင်လျှင် ပိတိရဲ့ တည်ရာဌာန ရှေးရှေးသော နှစ်သက်မှုတွေရဲ့ ပိတိသမ္ဗောဇ္ဈင်္ဂဒီဃာ ရှေးရှေးသော ပိတိသမ္ဗောဇ္ဈင်တို့ရဲ့ တည်ရာဖြစ်ကုန်သော။ ခမ္မာ၊ နောက်နောက်သော ပိတိသမ္ဗောဇ္ဈင် တရားတို့သည်။ အတ္ထိ၊ ရှိတယ်တဲ့။ တတ္ထ၊ ဆိုပိတိသမ္ဗောဇ္ဈင် တရားတို့၌။ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်းကို ကြိမ်ဖန်များစွာ လေ့လာပြုခြင်းသည်။ အတ္ထိ၊ရှိ၏။အယံ၊ ဤယောနိသော မနသိကာရသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ပိတိသမ္ဗောဇ္ဈင်္ဃဿ၊ ပိတိသမ္ဗောဇ္ဈင်ကို။ ဥပါဒါယ၊ ဖြစ်ပေါ် စေခြင်းငှါငင်း။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ပိတိသမ္ဗောဇ္ဈင်္ဃဿ၊ ပိတိသမ္ဗောဇ္ဈင်၏။ ဘိယ္ယောဘာဝါယ ဝါ၊ လွန်စွာပွါးခြင်းငှါငင်း။ ဝေပုလ္လာယ ဝါ၊ ပြန့်ပွါး စည်ပင်ခြင်းငှါငင်း။ ဘာဝနာယ၊ ပိတိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၏။ ပါရိပူရိယာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ပြည့်စုံလုံလောက်ခြင်းငှါငင်း။ အာဟာရော၊ အကြောင်းအထောက်အပံ့ဘဲတဲ့။ ပိတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ဘယ်သူလဲ။

ပိတိသမ္ဗောဇ္ဈင်ဖြစ်လာရင် ဒီ ပိတိသမ္ဗောဇ္ဈင်ရဲ့ တိုးပွါးရာ တိုးပွါးကြောင်း ကြီးပွါးရာ ကြီးပွါးကြောင်းဟာ ဘယ်သူတွေလဲ ဆိုတော့ အဲဒီ ရှေးရှေးသော ပိတိသမ္ဗောဇ္ဈင်္ဃဒီဃာ သဘောတရားတွေသည်သာလျှင် ပိတိသမ္ဗောဇ္ဈင်ရဲ့ တည်ရာဌာနတွေ ဖြစ်တယ်၊ အဲဒီ ပိတိသမ္ဗောဇ္ဈင်္ဃတရားကို အဖန်တလဲလဲ နှလုံးသွင်းပေးတဲ့ အသင့်အားဖြင့် နှလုံးသွင်းပေးခြင်း တည်းဟူသော ယောနိသော မနသိကာရ ကို ကြိမ်ဖန်များစွာ ပြုလုပ်ပေးမယ်ဆိုရင် မဖြစ်သေးတဲ့ ပိတိသမ္ဗောဇ္ဈင်တွေ ဖြစ်ပေါ် လာမယ်၊ ဖြစ်ပြီးသား ပိတိသမ္ဗောဇ္ဈင်တွေလဲ တိုးပွါးစည်ပင်ပြီးတော့ လာမယ်၊ ပြီးတော့ ဖြစ်ပြီးသား ပိတိသမ္ဗောဇ္ဈင်ဟာလဲဘဲ အရဟတ္တမဂ်ဉာဏ်ဖြင့် ဘာဝနာပါရိပူရိယ=ဘာဝနာ၏ ပြည့်စုံလုံလောက်ခြင်းကို ဖြစ်စေနိုင်တယ်လို့ ဒီအကြောင်းအထောက်အပံ့ကို မြတ်စွာဘုရားက ပါဠိတော်မှာ ဒီလိုဟောပါတယ်။

http://www.dhammadownload.com

ပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်း ၁၁-ပါး အဋ္ဌကထာနည်း

အပိ စ ကောဒသ ဓမ္မာ ပီတိသမ္မောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ။
အပိ စ၊ ပါဠိတော်နည်းမှ တပါး အဋ္ဌကထာ[1]နည်းကို ပြောရမယ်ဆိုရင်—

(၁) **ပုဒ္ဂါနုဿတိ** = ဘုရားရှင်ရဲ့ ဂုဏ်တွေကို အာရုံပြုပြီးတော့ နှလုံးသွင်းခြင်းသည်။ ပီတိသမ္မောဇ္ဈင်္ဃ၊ ပီတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တတိ၊ ကောင်းကောင်းကြီး ဖြစ်တဲ့တရားဘဲ။

ဘုရားဂုဏ်ကို အရဟံ အစရှိတဲ့ ဂုဏ်တော်တွေကို နှလုံးသွင်း ပေးမယ်လို့ ဆိုလို့ ရှိရင် ပီတိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတပါးဘဲ၊ ပီတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဟာ (၁၁) ပါးလို့ အဋ္ဌကထာက ပြတယ်၊ ဒီတော့ ဘုရားဂုဏ်တွေ နှလုံးသွင်းပေးခြင်း။

(၂) **ဓမ္မာနုဿတိ**=တရားတော်ရဲ့ ဂုဏ်ကို နှလုံးသွင်းပေးခြင်း။

(၃) **သံဃာနုဿတိ**=သံဃာတော်မြတ်တွေရဲ့ ဂုဏ်တွေကို နှလုံးသွင်းပေးခြင်း။

(၄) **သီလာနုဿတိ**= မိမိရဲ့ (ရဟန်းတော်များ အတွက် ဆိုရင်လဲဘဲ စတုပါရိသုဒ္ဓိသီလ၊ လူဒကာ ဒကာမများအတွက် ဆိုရင်လဲဘဲ ငါးပါးသီလ ရှစ်ပါးသီလ ၁၀-ပါးသီလ၊ အဲဒီသီလကို နေ့ရှည်လများ စောင့်ရှောက် ထိန်းသိမ်း လာလို့ သီလရဲ့ မပျက်မစီးပုံ မကျိုးမပေါက်ပုံကို အာရုံပြုပြီးတော့ နှစ်သက်ခြင်း အာရုံပြုပြီးတော့ နေခြင်းဟာလဲဘဲ ပီတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ ၄-ချက်ရပြီ။

(၅) **စာဂါနုဿတိ**= ငတ်မွတ်ခေါင်းပါးတဲ့ အခါကာလ အစာရေစာ အင်မတန် ရှားပါးတဲ့ ကာလမှာ ငါသည် ဤ မည်သော ကုသိုလ်ကောင်းမှု ဒါနကုသိုလ်ကို ပြုလုပ်ခဲ့ဘူးတယ်လို့ အဲဒီလို မိမိ ခေါင်းခေါင်းပါးပါး မိမိလှူဒါန်းခဲ့တဲ့ အလှူအတန်းထဲက ပြန်ပြီးတော့ စဉ်းစားကြည့်မယ် ဆိုရင် မိမိအနှစ်သက်ဆုံး အပျော်မွေ့ဆုံး ဆိုတဲ့ ဒါနကုသိုလ်တခုကို ပြန်ပြီးတော့ နှလုံးသွင်းခြင်းဟာလဲလဲ ပီတိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲတဲ့၊ ၅-ခု။

(၆) **ဒေဝတာနုဿတိ**= သဒ္ဓါ သီလ သုတ စာဂ ပညာ ဟီရိ ဩတ္တပ္ပ ဆိုတဲ့ တရားနဲ့ ပြည့်စုံကြသည် ဖြစ်သောကြောင့် စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိ ပရနိမ္မိတ ဝသဝတ္တိ စသော နတ်အပေါင်းတို့ဟာ– သဒ္ဓါ သီလ သုတ စာဂ စတဲ့ တရားတွေနဲ့ ပြည့်စုံသည် ဖြစ်သောကြောင့် နတ်ပြဟ္မာ အဖြစ်ကို ကပ်ရောက် ကြ ပေ တယ်၊

၁။ သုတ်မဟာဝါ အဋ္ဌကထာ၊ နှာ-၃၀၂။

http://www.dhammadownload.com

ငါ့မှာလဲဘဲ ထိုနှတ်ပြည်သို့ ရောက်ကြောင်း ပြဟ္မာပြည်သို့ ရောက်ကြောင်းဖြစ်တဲ့ သဒ္ဓါ သီလ သုတ စာဂ စတဲ့တရားတွေ ငါ့မှာလဲဘဲ ထင်ရှားရှိတယ်လို့ နတ်တွေကို သက်သေထားပြီးတော့ မိမိမှာ ထင်ရှားရှိတဲ့ သဒ္ဓါ သီလ သုတ စာဂ စသည်တို့ကို အာရုံပြုပြီးတော့ ဝမ်းမြောက်နှစ်သက်ခြင်းဆိုတဲ့ ဒေဝတာနုဿတိဟာလဲဘဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ ဘယ်နှစ်ခုရပြီလဲ ၆-ခု။

(၇) ဥပသမာနုဿတိ=သမာပတ်၏ အစွမ်းအားဖြင့် ခွါထားတဲ့ ကိလေသာမျိုးဟာ အနှစ် ၆၀-၇၀-တိုင်တိုင် ပြန်ပြီးတော့ဒီ ကိလေသာဟာ မဖြစ်နိုင်ဘူးအဲဒီလို သမာပတ်ရဲ့ အစွမ်းအားဖြင့် ခွါထားတဲ့ ကိလေသာတို့ရဲ့ ငြိမ်းနေပုံကို အကြောင်းပြုပြီးတော့ ဖြစ်ပေါ် ဆင်ခြင်နေခြင်း ဥပသမာနုဿတိ ဆိုတဲ့ တရားဟာလဲဘဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း တခုဘဲ၊ ဘယ်နှစ်ခုရပြီလဲ ၇-ခု၊ အားလုံး ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း ၁၁-ခုတောင် အဋ္ဌကထာက ပြထားတယ်။

(၈) လူခပုဂ္ဂလ ပရိဝဇ္ဇနတာ=လူခပုဂ္ဂလ ပရိဝဇ္ဇနတာ ဆိုတာ စိတ်ကြမ်းကိုယ်ကြမ်း ကြမ်းကြမ်း တမ်းတမ်းဖြစ်တဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ပေးရမယ်၊ ဘယ်လိုလဲ စိတ်ကြမ်း ကိုယ်ကြမ်း ဆိုတာ ဘုန်းကြီးတို့ အဋ္ဌကထာက ဒီနေရာမှာ ပြပါတယ်။

ဘုရားပုထိုးရှိခိုးပူဇော်တဲ့နေရာ စေတီတော်ကို ပူဇော်ရှိခိုးတဲ့နေရာ ဗောဓိပင်ကို ပူဇော်တဲ့နေရာ မထေရ်ကြီးများထံ မှီဝဲဆည်းကပ်တဲ့အခါ ခန္ဓာကိုယ်ကို မကိုင်းမညွတ် အရိုအသေနဲ့ပါးတဲ့ ပုဂ္ဂိုလ်မျိုး စိတ်ကြမ်း ကိုယ်ကြမ်း အဲဒီလို ပုဂ္ဂိုလ်မျိုးကို ရှောင်ကြဉ်ပေးရမယ်တဲ့။ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ရှောင်ကြဉ်ပေးခြင်းဟာလဲဘဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ ၈-ခု။

(၉) သိနိဒ္ဓ ပုဂ္ဂလ သေဝနတာ=ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ နူးညံ့သိမ်မွေ့ ပြေပြစ်ချောမောတဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ်ပြီးတော့ ပေးရမယ်၊ အဲဒီလို နူးညံ့သိမ်မွေ့တဲ့ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းဟာလဲဘဲ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ ၉-ခု။

(၁၀) ပသာဒနီယ သုတ္တန္တ ပစ္စဝေက္ခဏတာ=တရား မကြာ့မကြာနာတယ်၊ စာအုပ် မကြာခဏ ဘတ်တယ်ဆိုတဲ့ နေရာဌာနမှာ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ပတ်သက်ပြီးတော့ ကြည်ညိုဖွယ်ရာ ဖြစ်တဲ့ သုတ္တန်များကို မကြာမကြာ တရားနာပေးခြင်း၊ ကြည်ညိုဖွယ်ရာ ဖြစ်တဲ့ သုတ္တန်များကို မကြာ မကြာ နှလုံးသွင်းပေးခြင်း၊ ကြည်ညိုဖွယ်ရာ ဖြစ်တဲ့ သုတ္တန်များကို မကြာ မကြာဘတ်ခြင်း တို့ဖြင့်လဲ ပီတိသမ္ဗောဇ္ဈင်ဖြစ်နိုင်ပါတယ်တဲ့၊ အဲတာ ပသာဒနီယ သုတ္တန္တ ပစ္စဝေက္ခဏတာ။

http://www.dhammadownload.com

(၁၁) တဒဓိမုတ္တတာ=သွားတဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ နေတဲ့အခါမှာ ပီတိသမ္ဗောဇ္ဈင် ဖြစ်ဘို့ရန်အတွက် စိတ်ကို ကိုင်းခြင်း ရှိုင်းခြင်း ညွှတ်ခြင်း တို့ဟာလဲဘဲ, ပီတိသမ္ဗောဇ္ဈင် ဖြစ်ဘို့ နှလုံးသွင်းခြင်း များနေတဲ့ ပုဂ္ဂိုလ်များဟာလဲဘဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

ဣတိ၊ ဤသို့။ ကောဒသ၊ တဆယ့်တပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီး ဖြစ်ကုန်၏။ ပီတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတရား (၁၁) ပါး။

အဲဒီ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတရား ၁၁-ပါးကို အမျိုးကောင်းသားများ အမျိုးကောင်းသွီးများက လိုက်နာမယ် ကျင့်သုံးမယ်လို့ ဆိုခဲ့လို့ရှိရင်ဖြင့် ဒီ အမျိုးကောင်းသား အမျိုးကောင်းသွီးများမှာ မဖြစ်သေးတဲ့ ပီတိသမ္ဗောဇ္ဈင်တွေ ဖြစ်ပေါ်လာမယ်၊ ဖြစ်ပြီးသား ပီတိသမ္ဗောဇ္ဈင် တရားတွေဟာလဲဘဲ တိုးပွါးလာမယ်၊ ကြီးပွါးစည်ပင်လာမယ်၊ ဘာဝနာယ ပါရိပူရိယာ သံဝတ္တန္တိ၊ ဒီ ပီတိသမ္ဗောဇ္ဈင်က ဘယ်ကြမှ ဘာဝနာကိစ္စ အဆုံးတိုင် ရောက်သလဲလို့ ဆိုတော့ အရဟတ္တမဂ်ဉာဏ်ရောက်မှ ပီတိသမ္ဗောဇ္ဈင်ဟာ အဆုံးတိုင် ပေါက် ခရီးရောက်တယ်-လို့ အဲဒီလို မှတ်ရမယ်၊ ကိုင်း ပီတိသမ္ဗောဇ္ဈင် တော်ကြပါစို့ရဲ့။

ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ သိဖွယ် ၄-ချက်။ ။ပဿဒ္ဓိသမ္ဗောဇ္ဈင်မှာ ဘာ့ပြလဲ–

(၁) "သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ 'နတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္ဇ ပဇာနာတိ"။

(၄) "ယထာ စ ဥပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရိ ဟောတိ၊ တဉ္ဇ ပဇာနာတိ"[၁]။ ။၄-ချက်။

မိမိသန္တာန်မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နေရင် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နေတယ်လို့ ကွဲကွဲပြားပြားနဲ့ သိရမယ်၊ မိမိသန္တာန်မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင် မဖြစ်ရင် ပဿဒ္ဓိသမ္ဗောဇ္ဈင် မဖြစ်ဘူးလို့ ကွဲကွဲပြားပြား သိရမယ်။ မိမိသန္တာန်မှာ မဖြစ်သေးတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်လာခြင်းရဲ့ အကြောင်းကိုလဲဘဲ ကွဲကွဲပြားပြား

၁။ သုတ်မဟာဝါပါဠိတော် နှာ-၂၄၂။

http://www.dhammadownload.com

သိရမယ်။ ဖြစ်ပေါ်ပြီးတဲ့ ပဿဒ္ဓိသမ္မောဇ္ဈင် ဘာဝနာ ပါရိပူရိယာဖြစ်တဲ့ အရဟတ္တ မဂ်ဉာဏ်သို့ ရောက်ပြီး အပြီးအဆုံးသို့ ရောက်ခြင်းကိုလဲဘဲ ပိုင်းခြားပြီးတော့ သိရမယ်။ ၄-ချက်။

ပဿဒ္ဓိ မည်ခြင်းအကြောင်း။ ။အဲသလို ပါဠိတော်မှာ လာတဲ့ ပဿဒ္ဓိ-သမ္မောဇ္ဈင် ၄-ချက်ကို သိရမယ်။ ပဿဒ္ဓိ ဆိုတာ ဘာလဲ ငြိမ်းခြင်း၊ ကာယပဿဒ္ဓိ စိတ္တ ပဿဒ္ဓိ-လို့ ၂-မျိုးရှိတယ်၊ ကာယ-ပဿဒ္ဓိ ဆိုတာက ဘာကို ခေါ်တာလဲ-လို့ ဆိုတော့ အဲဒီ အမျိုးကောင်းသား အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါမှာ ဒါ ရူကွက်ထဲကိုသွင်းကြည့်၊ ရူကွက်ထဲကို သွင်းကြည့်လိုက်တော့ ကာယပဿဒ္ဓိလို့ဆိုတာ ဝေဒနာက္ခန္ဓာရယ် သညာက္ခန္ဓာရယ် သင်္ခါရက္ခန္ဓာရယ်ဆိုတဲ့ အဲဒီ ခန္ဓာသုံးပါးရဲ့ ငြိမ်းမှုကို ကာယ-ပဿဒ္ဓိလို့ ခေါ်တယ်၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဆိုတဲ့ အဲဒီ နာမ် ခန္ဓာသုံးပါး ငြိမ်းမှုကို ကာယပဿဒ္ဓိလို့ ခေါ်တယ်၊ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ရဲ့ ငြိမ်းမှုကို စိတ္တ ပဿဒ္ဓိလို့ ခေါ်တယ်၊ ဒါ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ။

ကာယပဿဒ္ဓိဆိုတာ ကိုယ်၏ ငြိမ်းအေးခြင်း မဟုတ် အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကာယပဿဒ္ဓိလို့ ဆိုတဲ့အတွက် ဒီ ခန္ဓာကိုယ်ကြီး ငြိမ်းအေးတာလို့ သွားမထင်နဲ့နော်၊ ဒီ ခန္ဓာကိုယ်ကြီး ကာယပဿဒ္ဓိထဲ ပါကို မပါဘူး၊ ဘယ်လိုလဲ ကာယပဿဒ္ဓိဆိုတာ ဝေဒ-နာက္ခန္ဓာရဲ့ ငြိမ်းအေးခြင်း သညာက္ခန္ဓာရဲ့ ငြိမ်းအေးခြင်း သင်္ခါရက္ခန္ဓာရဲ့ ငြိမ်း-အေးခြင်း၊ အဲဒီ ခန္ဓာသုံးပါးတို့ရဲ့ အပေါင်းတို့ရဲ့ ငြိမ်းအေးခြင်းသည် ကာယ-ပဿဒ္ဓိ၊ စိတ်ရဲ့ ငြိမ်းအေးခြင်းသည် စိတ္တ ပဿဒ္ဓိ။ ငြိမ်းအေးတယ်ဆိုတာ ဘယ်လို ငြိမ်းအေးတာလဲ ငြိမ်းပြီးတော့ ငြိမ်သက်နေတဲ့ သဘောကလေး၊ ဝေဒနာက္ခန္ဓာ နာမ်တရား သညာက္ခန္ဓာ နာမ်တရား သင်္ခါရက္ခန္ဓာခေါ်တဲ့ နာမ်တရား သုတို့က စေတသိက်တရားတွေ၊ အဲဒီ စေတသိက် တရားသုံးပါး အပေါင်းတို့ရဲ့ ငြိမ်းနေ-တာကို ဝေဒနာ စေတသိက်ရယ် သညာ စေတသိက်ရယ် သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်တဲ့ စေတသိက်တွေရယ်၊ အဲဒီ စေတသိက် အပေါင်းတို့ရဲ့ ငြိမ်းနေတာကို ငြိမ်သက်နေတာကို ဘာလို့ခေါ်လဲလို့ဆိုတော့ ကာယ-ပဿဒ္ဓိလို့ ခေါ်တယ်။

ဝိညာဏက္ခန္ဓာလို့ခေါ်တဲ့ စိတ်ရဲ့ ငြိမ်သက်နေမှုကလေးကို စိတ္တပဿဒ္ဓိ လို့ ခေါ်တယ်၊ ငြိမ်သက်ပြီးတော့ ငြိမ်းအေးနေတယ်ဆိုတာ ဘယ်လိုနေတာလဲ၊ ခုနက နှစ်သက်ဖန်များလာတဲ့ အခါကျတော့ စိုက်ပြီးတော့ အားကြိုးတဲ့ ပီတိ ဖြစ်ပေါ်လာတာဘဲ။ ဒါ ဗလဝပီတိ အားကြီးလာတာ၊ ပီတိရဲ့ နှစ်သက်မှုတွေ အားကြီးတာ ဘုန်းကြီးတို့ ဥပနိဿယတွေနဲ့မှာလဲဘဲ ဒီအကြောင်းကို ဘုန်းကြီး နဲ့နဲ့ပြောပြီးပါပြီ၊ အဲသလို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဟာ တရားအားထုတ်နေတဲ့ အခါမှာ ခန္ဓာကိုယ်ရော စိတ်ရော ငြိမ်ပြီးဘော့ အေးပြီးတော့ ကိုယ်စိတ်ငြိမ်သက်

http://www.dhammadownload.com

ပြီးတော့ ပါမောဇ္ဇ သဘောမျိုးတွေ ဖြစ်ပြီးတော့ ပီတိကနေ လွှန်မြောက်ပြီးတော့ လူကိုတခါထဲ နေကောင်းနေတဲ့ အဓိပ္ပါယ်မျိုးပေါ့လေ။

ဒါတရားအားထုတ်ဘူးတဲ့ပုဂ္ဂိုလ်တွေ သိဘူးကြပါလိမ့်မယ်၊ အဲသလို အေးပြီးတော့ ဝိညာဏ်ရော ရူပ်ရော နာမ်ရော စိတ်တွေကော စေတသိက်တွေကော ကခါထဲ ငြိမ်းပြီးတော့နေတယ်။ အေးပြီးတော့ ငြိမ်းနေတဲ့အခါ ပဿဒ္ဓိ သဘောတရားတွေဝင်နေပြီ၊ အဲဒီ ကာယပဿဒ္ဓိဆိုတာ စေတသိက်တရားတို့ရဲ့ ငြိမ်းအေးမှု၊ စိတ္တပဿဒ္ဓိ-ဆိုတာ စိတ်ရဲ့ငြိမ်းအေးမှု ဖြစ်တော့တာဘဲ။

ကာယပဿဒ္ဓိ-ဆိုတာ ဘာလဲ (စေတသိက်တွေရဲ့ ငြိမ်းအေးမှုပါဘုရား)။

စိတ္တပဿဒ္ဓိ-ဆိုတာ ဘာလဲ (စိတ်ရဲ့ ငြိမ်းအေးမှုပါဘုရား)။

အဲသလို ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တရားနှစ်ပါးကို အကြိမ်များစွာ အလေ့အလာပြုပြီး ပေးခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲလို့ ဖြတ်စွာဘုရား၏ ပါဠိတော်ကို အဋ္ဌကထာက ကိုးကားပြတယ်၊ ဘယ်လိုပြသလဲလို့ ဆိုတော့—

> အတ္ထိ ဘိက္ခဝေ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော, အနုပ္ပန္နဿ ဝါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ[1]။

ချစ်သားတို့ အဲဒီ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ လို့ခေါ်တဲ့ ပဿဒ္ဓိတရား ၂-မျိုး ရှိတယ်၊ ဘုန်းကြီး နောက်ကပြောခဲ့တဲ့အတိုင်း အဲဒီ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ တရား ၂-မျိုးတို့ကို အကြိမ်များစွာ အလေ့အလာ ပြုခြင်း အသင့်အတင့် အားဖြင့် နှလုံးသွင်းခြင်း အကြိမ်များစွာ အလေ့အလာပြုခြင်းသည် မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်တွေ ဖြစ်လာမယ်၊ ဖြစ်ပြီးသား ပဿဒ္ဓိသမ္ဗောဇ္ဈင်တွေ တိုးပွါး ကြီးပွါးပြီးတော့လာမယ်၊ ဖြစ်ပြီးသား ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟာလဲဘဲ ဘာဝနာယ ပါရိပူရိယာ ဖြစ်ပြီးတော့ အရဟတ္တမဂ်ဉာဏ်ကို ရောက်အောင် ပို့ဆောင်နိုင်တယ်တဲ့။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းခုနစ်ပါး အဋ္ဌကထာနည်း

အဲဒီ ပဿဒ္ဓိသမ္ဗောဇ္ဈင်မှာလဲဘဲ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းကို ပါဠိတော်နည်းပြီးတော့ အဋ္ဌကထာနည်းမှာ ၇-ပါးလို့ပြတယ်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်

၁။ သုတ်မဟာဝါအဋ္ဌကထာ၊ နှာ-၃၀၂။

http://www.dhammadownload.com

ဖြစ်ခြင်းရဲ့အကြောင်း၊ အဲဒီ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်း အကြောင်းတရား ခုနစ်ပါးက ဘာတွေလဲ။

အပိ စ သတ္တ ဓမ္မာ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒါယ သံဝတ္တန္တိ ပဏီဘ ဘောဇနသေဝနတာ, ဥတုသုခသေဝနတာ, ဣရိယာပထသုခ သေဝနတာ မဇ္ဈတ္တပယောဂတာ, သာရဒ္ဓကာယ ပုဂ္ဂလပရိဝဇ္ဇနတာ, ပဿဒ္ဓကာယ ပုဂ္ဂလသေဝနတာ, တဒဓိမုတ္တတာ[၁]။

အားလုံး ဘယ်နှစ်ချက်လဲ ခုနစ်ချက်၊ အဲဒီ ခုနစ်ပါးသော တရားတွေဟာ ခုန ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ဘို့ရန်အတွက် အကြောင်းတရားပါဘဲ၊ ပထမဆုံး အကြောင်းတရားက ဘယ်သူလဲ။

(၁) ပဏီတဘောဇနသေဝနတာ = မွန်မြတ်တဲ့ ပဏီတဘောဇဉ်ကို မှီဝဲပေးရမယ်၊ မွန်မြတ်တဲ့ ပဏီတဘောဇဉ် အစားအသောက် နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ အစားအသောက်မျိုးကို စားရမယ်၊ အဲဒီ နူးညံ့သိမ်မွေ့တဲ့ အစားအသောက်ကို စားသောက်ပေးလိုက်သည် ဖြစ်သောကြောင့် ခန္ဓာကိုယ်ကလဲ နူးညံ့သိမ်မွေ့ပြီးတော့ လာမယ်လို့ အဋ္ဌကထာက ဒီလိုရည်ရွယ်တယ်။ အင်မတန် နူးညံ့သိမ်မွေ့သော အစာမျိုးကို စားသောက်ပြီး ပေးခြင်းဟာလဲဘဲ ပဿဒ္ဓိ-သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

(၂) ဥတုသုခသေဝနတာ = ဟော-အချမ်း အပူ အစရှိတဲ့ ဥတုကိုလဲဘဲ ချမ်းချမ်းသာသာလေး ဖြစ်အောင် ချမ်းသာတဲ့ဥတုကို မှီဝဲပေးရမယ်၊ မိမိနဲ့ သင့်လျော်တဲ့ ပူနွေးတာလေးနှင့် သင့်လျော်ရင် ပူနွေးတဲ့ ဥတုလေးနဲ့၊ အေးတဲ့ ဥတုကလေးနဲ့ သင့်လျော်ရင် အေးတဲ့ဥတုလေးနဲ့၊ အဲသလို ဥတုနဲ့ပတ်သက်ပြီးတော့ ချမ်းသာမှု ဥတုသုခသေဝနတာ၊ ဒါကို မှီဝဲပေးရမယ်။

(က) မွန်မြတ်တဲ့ ဘောဇဉ်ကို မှီဝဲပေးခြင်း၊

(ခ) ချမ်းသာတဲ့ မိမိနှင့် သင့်လျော် လျောက်ပတ်တဲ့ ဥတုကို မှီဝဲပေးခြင်း၊ ၂-ချက် ရသွားပြီ။

(၃) ဣရိယာပထသုခသေဝနတာ = ဣရိယာပုထ်ကိုလဲ သိပ်ပြီးတော့ အပင်အပန်းခံပြီးတော့ အောင့်ပြီးတော့ ဒီလိုမနေရဘူး၊ တရားအားထုတ်တဲ့အခါမှာ။ ဘယ်လိုဖြစ်လဲလို့ဆိုတော့ ဟာ-အချိန်ကလဲ မစေ့သေးဘူး၊ သိမ်ငြောင်းနေပြီ၊ အဲသလို ဣရိယာပုထ်ကို ဘယ်လိုလုပ်ရမလဲလို့ဆိုတော့ ဣရိယာပုထ်ကို ချမ်းသာ အောင် လုပ်ပေးရမယ်၊ ချမ်းသာတဲ့ ဣရိယာပုထ်ကို မှီဝဲခြင်းသည် ပဿဒ္ဓိ-သမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

နောက်ပြီးတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်းတခုက ဘာတဲ့လဲ။

၁။ သုတ်မဟာဝါအဋ္ဌကထာ၊ နှ-၃၀၂။

http://www.dhammadownload.com

(၄) **မဇ္ဈတ္တပယောဂတာ**–တဲ့၊ ကိစ္စတခု ပြဿနာတခုပေါ် ပေါက်လာရင် သိပ်ပြီးတော့ စိတ်မဆင်းရဲရအောင် ဘယ်လိုလုပ်ရမလဲ၊ အလယ်အလတ် ရှုခြင်းဌာ ကြိုးစားအားထုတ်မှုကိုပြုလုပ်ပေးခြင်း အလယ်အလတ်ရှုတယ်ဆိုတာ ဘယ်လိုလဲ ဩဂ်–အသင့် အတင့်အားဖြင့်ပေါ့လေ နှလုံးသွင်းပြီးတော့ သတ္တဝါတို့ရဲ့ ကံအားလျော်စွာ ဖြစ်တာဘဲ ဆိုပြီးတော့ အဲသလို သိပ်ပြီးတော့ စိတ်ကို ခက်ခက်ထန်ထန်မဟုတ်ဘဲနဲ့ စိတ်ကိုဖြစ်နိုင်တဲ့ အနေမျိုးကို မဇ္ဈတ္တပယောဂတာ၊ ဩဂ် ဒါဟာ ဒီလိုဘဲ ဖြစ်မြဲ တံထွာ ဓမ္မတာပါဘဲလေ၊ ဒီလိုဘဲ ဖြစ်တတ်တဲ့ သဘောမျိုး ပါဘဲလေ ဒီလို ဖြစ်ရမှာပါဘဲလို့ ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ အဲဒီလို မိမိရဲ့ ဆန္ဒကျင့်ဘက် တရားကလေးတခု ပေါ်လာရင် ဩဂ်–ဒီသဘောမျိုးဟာ ဒီလိုဘဲ ဖြစ်တတ်တဲ့ သဘောမျိုးရှိတာဘဲ ဒီလိုဖြစ်မှာဘဲလို့ အဲသလို အလယ်အလတ် ရှုပေးခြင်းဌာ ကြိုးစားအားထုတ်ပေးရင်လဲဘဲ နူးညံ့ သိမ်မွေ့တဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ မဇ္ဈတ္တပယောဂတာ။ လေးခုရသွားပြီ နံပါတ် ၅-က ဘာလဲ။

(၅) **သာရဒ္ဓ ပုဂ္ဂလ ပရိဝဇ္ဇနတာ**=စိတ်ကြမ်း ကိုယ်ကြမ်းနဲ့ ပရမ်းပတာ ပြုလုပ်တတ်တဲ့ ပုဂ္ဂိုလ်မျိုးကို ရှောင်ကြဉ်ပေးရမယ်တဲ့။

(၆) **ပဿဒ္ဓ ကာယ ပုဂ္ဂလဝသေနတာ**=ပဿဒ္ဓကာယ ပုဂ္ဂလသေဝနတာ ဆိုတာက အင်မတန် နူးညံ့တယ်။ အင်မတန် သိမ်မွေ့တယ်ဆိုတဲ့ ပုဂ္ဂိုလ်များကို မှီဝဲ ဆည်းကပ်ပေးရမယ်။

ဘယ်နှစ်ခု ရပြီလဲ ၆-ခု။

(၇) **တဒဓိမုတ္တတာ**=ထို ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ဘို့ရန်အတွက် မကြာ မကြာ စိတ်နှလုံး သွင်းပေးခြင်း ဆိုတဲ့ သဘောတရားဟာလဲဘဲ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲလို့ ဣတိ၊ ဤသို့။ သတ္တဓမ္မာ၊ ခုနစ်ခုသော တရားတို့သည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဃ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ ကောင်းကောင်းကြီး ဖြစ်ကြကုန်၏။

ဒါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း ခုနစ်ပါး၊ အဲဒီ ခုနစ်ပါးကို အမျိုးကောင်းသား အမျိုးကောင်းသမီးများက လိုက်နာပေးမယ်၊ ပွါးများပေးမယ်၊ အားထုတ်ပေးမယ်ဆိုရင် ဒီအမျိုးကောင်းသားများ အမျိုးကောင်းကောင်းသမီးများမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ကြောင်းဖြစ်တဲ့ ပဿဒ္ဓိ-သမ္ဗောဇ္ဈင် ဖြစ်မယ်၊ ဒါ အဋ္ဌကထာလာတဲ့အတိုင်း ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဒါလောက် တော်ကြပါစို့ရဲ့။

http://www.dhammadownload.com

သမာဓိသမ္မောဇ္ဈင်၌ သိဖွယ် ၄-ချက်။ ။ပဿဒ္ဓိသမ္မောဇ္ဈင်ပြီးတော့ ဘာသမ္မောဇ္ဈင်လဲ သမာဓိသမ္မောဇ္ဈင်၊ အဲဒီ နေရာလေးကျတော့ ဘုန်းကြီးနဲ့နဲ့ ခပ်ကျယ်ကျယ်လေး ဟောချင်ပါတယ်။

သမာဓိသမ္မောဇ္ဈင်မှာ ဘယ်လိုလဲ ပါဠိတော်မှာက—

(၁) "သန္တံ ဝါ အတ္ထတ္တံ သမာဓိသမ္မောဇ္ဈင်ံ 'အတ္ထိ မေ အတ္ထတ္တံ သမာဓိသမ္မောဇ္ဈင်ော်'တိ ပဇာနာတိ"။

(၂) "အသန္တံ ဝါ အတ္ထတ္တံ သမာဓိသမ္မောဇ္ဈင်ံ 'နတ္ထိ မေ အတ္ထတ္တံ သမာဓိသမ္မောဇ္ဈင်ော်'တိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နဿ သမာဓိသမ္မောဇ္ဈင်ဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

(၄) "ယထာ စ ဥပ္ပန္နဿ သမာဓိသမ္မောဇ္ဈင်ဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ"။ ။လေးချက်။

မိမိသန္တာန်မှာ ရရှိသော အားဖြင့် သမာဓိရှိနေရင် ငါ့မှာ သမာဓိ ရှိနေတယ်လို့ ကွဲကွဲပြားပြားနဲ့သိရမယ်။

သမာဓိမရှိရင် သမာဓိမရှိဘူးလို့ ခွဲခြားပြီး သိရမယ်။

မိမိသန္တာန်မှာ မဖြစ်ပေါ် သေးသော သမာဓိတွေ ဖြစ်ပေါ် လာခြင်း၏ အကြောင်းကိုလဲဘဲ ခွဲခြားပြီးတော့ သိရမယ်။

ဖြစ်ပေါ် လာသည်သာဖြစ်တဲ့ သမာဓိတရားတွေရဲ့ ဘာဝနာ၏ ပြည့်စုံခြင်းကို ဖြစ်စေနိုင်တဲ့ သဘောကိုလဲဘဲ ခွဲခြားပြီးတော့ သိရမယ်လို့ လေးချက်။ ဒါက ပါဠိတော်။

နိမိတ်နှစ်မျိုး

ဒီနေရာမှာ သမာဓိက သမထနိမိတ် အဗျဂ္ဂနိမိတ်လို့ ဒီလို နှစ်မျိုးရှိတယ်။

သမာဓိက ဒီနေရာမှာ ဘာကိုပြောတဲ့ သမာဓိလဲလို့ ဆိုတော့ ကိလေသာအားလုံးတို့၏ ငြိမ်းအေးခြင်း၌ တည်နေခြင်းကို သမာဓိလို့ခေါ်တယ်။ လောဘကိလေသာ ဒေါသကိလေသာ မောဟကိလေသာတို့ရဲ့ ဆိတ်သုဉ်းမှု နေခြင်းကို ဘာလို့ခေါ်တယ် (သမာဓိပါဘုရား)။

ဝိဝိစ္စဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ။ အကုသိုလ် တရားတွေမှ ဆိတ်သုဉ်းပြီးတော့ နေတဲ့ အကုသိုလ် တရားတွေမှ ဆိတ်သုဉ်းပြီး တည်

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၄၂။

http://www.dhammadownload.com

နေမှု တည်ငြိမ်နေမှုကို ဘာလို့ခေါ်တယ် (သမာဓိခေါ်ပါတယ် ဘုရား)၊ အဲဒီ သမာဓိမှာ အဗျဂ္ဂနိမိတ် ဆိုတာရှိတယ်၊ ဒါက သမထနိမိတ်၊ ဟိုဘက်က အဗျဂ္ဂ နိမိတ်ဆိုတာ ဘယ်လိုလဲ အဲဒီလို အကုသိုလ်တွေ ဆိတ်သုဉ်းနေတဲ့ သမာဓိက အပေါ်ကနေပြီးတော့ မပျံ့လွင့်တဲ့ သဘောတရားတွေကို အဗျဂ္ဂ သဘောတရားလို့ ခေါ်ပါတယ်၊ မပျံ့လွင့်တာကို ဘာလို့ခေါ်တယ်(အဗျဂ္ဂ သဘောတရားလို့ ခေါ်ပါတယ်ဘုရား)။

အဲသလို သမထနိမိတ် အဗျဂ္ဂနိမိတ်များကို နှလုံး သွင်းပေးခြင်းဟာလဲဘဲ မဖြစ်သေးတဲ့ သမာဓိသမ္မောဇ္ဈင်တွေ ဖြစ်လာမယ်၊ ဖြစ်ပြီးတဲ့ သမာဓိသမ္မောဇ္ဈင်တွေဟာ တိုးပွါးလာမယ်၊ ဖြစ်ပြီးသား သမာဓိသမ္မောဇ္ဈင်တွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အရဟတ္တမဂ်ဉာဏ် ရောက်အောင် ဘာဝနာ၏ ပြည့်စုံခြင်းကို ဖြစ်စေမယ်၊ ဒါကို ပါဠိတော်က ဘယ်လိုပြလဲ အဋ္ဌကထာကနေပြီးတော့ ယူပြပါတယ်။

> အတ္ထိ ဘိက္ခဝေ သမထနိမိတ္တံ အဗျဂ္ဂနိမိတ္တံ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ သမာဓိသမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒါယ, ဥပ္ပန္နဿ ဝါ သမာဓိသမ္မောဇ္ဈင်္ဂဿ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ [၁]။

အဲဒီ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်း ၂-ပါးရှိတယ်၊ ခုနက သမာဓိမှာ သမာဓိနိမိတ်ရယ် အဗျဂ္ဂနိမိတ်ရယ်လို့ ဟိုစောစောပိုင်းက ပြောခဲ့တဲ့ သမာဓိ ၂-မျိုးရှိတယ်။

အဲဒီ သမာဓိနိမိတ်နဲ့ အဗျဂ္ဂနိမိတ် ၂-မျိုးကို အသင့်အတင့် အားဖြင့် နှလုံးသွင်းခြင်း၌ အကြိမ်များစွာ အလေ့အလာ ပြုလုပ်ပေးမယ်ဆိုရင် မဖြစ်သေးတဲ့ သမာဓိသမ္မောဇ္ဈင်တွေ ဖြစ်လာမယ်၊ သမာဓိတရားတွေ။

ဖြစ်ပြီးသား သမာဓိတရားတွေ တိုးပွါးလာမယ်၊ အဲဒီ ဖြစ်ပြီးသား သမာဓိတရားတွေ တိုးပွါးရုံသာ မဟုတ်ဘဲနဲ့ ဘာဝနာ ပါရိပူရိယာဖြစ်တဲ့ အရဟတ္တဖိုလ် ရောက်အောင် သူကစွမ်းဆောင်ပေးနိုင်တယ်၊ ဒီလိုပြတယ်။

ကဲ-ဒါဖြင့် အဲဒီပါဠိတော်နည်းကိုပြပြီးလို့ အဋ္ဌကထာနည်းက ဘာပြောတယ်။

သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းအကြောင်း (၁၁)ပါး

> အပိ စ ကောဒဿ ဓမ္မာ သမာဓိသမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ ဝတ္ထုဝိသဒကိရိယတာ, ဣန္ဒြိယသမတ္တပဋိပါဒနတာ, နိမိတ္တ ကုသလတာ, သမယေ စိတ္တဿ ပဂ္ဂဏှနတာ, သမယေ စိတ္တဿ နိဂ္ဂဏှနတာ, သမယေ သမ္ပဟံသနတာ, သမယေ အဇ္ဈုပေက္ခနတာ, အသမာဟိတပုဂ္ဂလ

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၉၂။

http://www.dhammadownload.com

ပရိဝဇ္ဇနတာ, သမာဟိတ ပုဂ္ဂလသေဝနတာ, စျာနဝိမောက္ခ ပစ္စဝေက္ခဏ-
တာ, တဒဓိမုတ္တတာ[1]။

သမာဓိသမ္မောဇ္ဈင်ကို ဖြစ်စေနိုင်တဲ့တရား သမာဓိ ဖြစ်စေနိုင်တဲ့ တရား ၁၁-မျိုးရှိတယ်တဲ့၊ ဘယ်နှစ်မျိုးလဲ (၁၁-မျိုးပါဘုရား)။ ကိုင်း-အဲဒီ ၁၁-မျိုး ပြောကြရအောင်။

သမာဓိဖြစ်စေနိုင်တဲ့တရား ၁၁-မျိုး၊ အမျိုးကောင်းသားတွေ အမျိုးကောင်း သမီးတွေ ဒီသမာဓိ ဖြစ်စေချင်ရင် ဒီသမာဓိဖြစ်စေနိုင်တဲ့ တရား ၁၁-မျိုးကို ကိုယ်ကလုပ်ပေးရမယ်၊ သမာဓိဖြစ်စေနိုင်တဲ့တရား ၁၁-မျိုးက ဟို ဓမ္မဝိစယ သမ္မောဇ္ဈင်မှာ ဟောခဲ့သလိုဘဲ ၁၁-ချက်ရှိတယ်။ အဲဒီ ၁၁-ချက်ကို ဘုန်းကြီးတို့ အဓိပ္ပါယ် ပြန်ပြောရအောင်။ သမာဓိမရှိသေးတဲ့ပုဂ္ဂိုလ်များ သမာဓိရှိအောင်လို့ ဆိုတော့။

(၁) ဝတ္ထု ဝိသဒကိရိယတာ=အဇ္ဈတ် ဗာဟိ ၂-လီဝတ္ထု သန့်ရှင်းမှုကို ပြုလုပ်ပေးရခြင်း၊ အဇ္ဈတ္တိကဝတ္ထု ဗာဟိရဝတ္ထု သန့်ရှင်းရမယ်ဆိုတာ ဘုန်းကြီးတို့ ဓမ္မဝိစယသမ္မောဇ္ဈင်တုန်းက ဟောခဲ့ပြီးပြီ၊ အဇ္ဈတ္တိကဝတ္ထု သန့်ရှင်းရမယ် ဆိုတာက ဘယ်လိုလဲ ခန္ဓာကိုယ်မှာ ရဟန်းတော်များအတွက် ဆံပင်တွေ သိပ် မရှည်ရဘူး၊ မုတ်ဆိတ်မွေးတွေ နှုတ်ခမ်းမွေးတွေ သိပ်မရှည်ရဘူး၊ လက်သည်း ခြေသည်းတွေ ရှည်ရှည်မထားရဘူး၊ ဒီတော့ အဲဒီ ဆံပင်တွေ သိပ်ရှည်နေရင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေ ရှည်နေရင် လက်သည်း ခြေသည်းတွေ ရှည်နေ ရင် ခန္ဓာကိုယ်ဟာ မသန့်ရှင်းတော့ဘူး။

နောက်ပြီးတော့ ခန္ဓာကိုယ်မှာ သေဒမလမကို့တဲ့၊ ချွေးတွေ မြူမှုန်တွေ အလိမ်းလိမ်းကပ်ပြီးတော့ ချွေးအညစ်အကြေး ချေးတွေတင်နေမယ်ဆိုရင် ခန္ဓာ ကိုယ်ဟာ မသန့်ရှင်းတော့ဘူး၊ ပြီးတော့ ဒုဿန္ဓ ဒေါသဥ္စ၀၊ သလိပ်ရယ် သည်းခြေရယ် လေရယ် အဲဒီ သုံးပါးကလဲ သိပ်ပြီး ရောပြွမ်းနေတော့ မကြာ မကြာ အဲဒီရောဂါတွေ ထနေမယ်ဆိုရင်လဲဘဲ သည်းခြေတို့ လေတို့ သောင်းကျန်း နေမယ်ဆိုရင် သလိပ်တို့ဟာလဲ သောင်းကျန်းနေမယ်ဆိုရင်လဲဘဲ ဒီအဇ္ဈတ္တိကဝတ္ထု ဖြစ်တဲ့ ခန္ဓာကိုယ်ဟာ မသန့်ရှင်းတော့ဘူး။ ဒီတော့ ခန္ဓာကိုယ်သန့်ရှင်းအောင် ဘာလုပ်ပေးရမလဲ၊ မကြာ မကြာ ခေါင်းရိတ်ပေးရမယ်၊ မကြာ မကြာ လက်သည်း ခြေသည်းတွေကို လှီးဖြတ်ပေးရမယ်၊ ရေမိုးချိုးပေးရမယ်၊ ဝမ်းနုတ် ဆေးတို့ အန်ဆေးတို့ကို စားပေးရမယ်၊ ခန္ဓာကိုယ် သန့်ရှင်းအောင်။

နောက်ပြီးတော့ အပြင်ဘက်ဝတ္ထုတွေ သန့်ရှင်းရမယ်ဆိုတာက ဘာတွေလဲ၊ သင်္ကန်း၊ ဟောဒီ သင်္ကန်းတွေ ဘာတွေမှာ မကြာမကြာ သင်္ကန်းလျှော်ပေး ရမယ်၊ ချေးတွေ အကွက်တွေနဲ့ဟာ သင်္ကန်းကလဲ နံစော်ပြီးတော့ ချုပ်ရိုးတွေ

၁။ သုတ်မဟာဝါဠကထာ၊ နှာ-၃၈၃။

http://www.dhammadownload.com

ဗလဘွေနဲ့ အဲဒီသင်္ကန်းတွေညစ်နွမ်းနေမယ်ဆိုရင်လဲဘဲ အဲဒါမသန့်ရှင်းတော့ဘူး၊ အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ သမာဓိမရနိုင်ဘူးတဲ့၊ အဲသလို အဇ္ဈတ္တိကတ္ထု ဗာဟိရတ္ထု မစင်ကြယ်ရင်၊ အဲတာကြောင့် အမျိုးကောင်းသား အမျိုးကောင်းသမီး များမှာလဲဘဲ ခုရဟန်းတော်များကို ဟောသလိုဘဲ အဇ္ဈတ္တိက ဗာဟိရတ္ထု တွေကို စင်ကြယ်အောင်လုပ်ရမယ်၊ ခန္ဓာကိုယ်ကို စင်ကြယ်အောင်လုပ်ရမယ်။ မိမိရဲ့ အသုံးအဆောင် ခွက် ပန်းကန် သပိတ် အိပ်ယာနေရာ ကျောင်း ကန် ပရိဝုဏ် အစရှိသည်တို့ကို စင်ကြယ်သန့်ရှင်းအောင် လုပ်မယ်ဆိုရင် ဒါ-ဝတ္ထု ဝိသဒကိရိယတာ၊ အဲသလို ဝတ္ထုစင်ကြယ်မယ်ဆိုရင် အဇ္ဈတ္တိကဝတ္ထု ဗာဟိရတ္ထု စင်ကြယ်မယ်ဆိုရင် သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

နောက်တခု—

(၂) ဣန္ဒြိယသမတ္တပဋိပါဒနတာ=ဒီ ဣန္ဒြိယသမတ္တပဋိပါဒနတာကို လဲဘဲ ဘုန်းကြီးတို့ ဓမ္မဝိစယသမ္မောဇ္ဈင်ပိုင်းတုန်းက ဣန္ဒြေတွေညီမျှအောင် တော်တော် ခပ်ကျယ်ကျယ်လေး ပြောခဲ့ပြီးပြီ။ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေကို။

စိတ္တုပ္ပါဒမတ္တေနေဝ၊ သိရုံကာမျှဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ နှလုံးသွင်းပြီးတော့ ဘာလုပ်လဲ။ ဣတိ၊ဤသို့။ အတိဓာဝိတ္ဝာ၊ အလွန်ပြေးသွား၍။ ဒါနာဒီနိ၊ ဒါန အစရှိကုန်သော ကုသိုလ် ကောင်းမှုတို့ကို။ အကဆောန္တော၊ မပြုလုပ်သည်ဖြစ်၍။ နိရယေ၊ ငရဲ၌။ဥပပဇ္ဇတိ၊ ဖြစ်တယ်။

အဲဒီ သဒ္ဓါအားနဲပြီးတော့ ပညာအားကောင်းတဲ့ ပုဂ္ဂိုလ်မျိုးဟာ ကောရဋိကဟက္ခဖြစ်တဲ့ ကောက်ကျစ်စဉ်းလဲခြင်းသို့ ရောက်ပြီးတော့ ကုသိုလ်ကောင်းမှု လုပ်စရာ မလိုပါဘူး၊ သိရင် ပြီးတာဘဲလို့ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒါနစတဲ့ ကုသိုလ် ကောင်းမှုကို မလုပ်တဲ့အတွက် ဒီပုဂ္ဂိုလ်သေရင် အပါယ်ကျမယ်၊ အဋ္ဌကထာက တော့ ဟောဒီပါဠိနဲ့ တခါထဲ အပါယ်ချခဲ့တာဘဲ၊ ဒီပုဂ္ဂိုလ်ဟာ ပညာဉာဏ် အား ကောင်းပြီး သဒ္ဓါနည်းတဲ့ ပုဂ္ဂိုလ် ကြားလား၊ ဒါ ဘုန်းကြီး နောက်ပိုင်းကလဲ ဟောပြီးပြီနော်။

ဣန္ဒြိယသမတ္တပဋိပါဒနတာ ဆိုတာ အဲဒီ ဣန္ဒြေတို့ရဲ့ ညီမျှခြင်းဟာလဲဘဲ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတရားတခုဘဲ။

နောက်တချက်—

(၃) နိမိတ္တ ကုသလတာ။ နိမိတ္တကုသလတာဆိုတာ ဘယ်လို နိမိတ်မျိုးလဲ အဋ္ဌကထာက ကော ဘာပြလဲ ကသိုဏ်းစတဲ့ နိမိတ် အသုဘစတဲ့ နိမိတ်မှာ

၁။ သုတ်မဟာဝါအဋ္ဌကထာ၊ နှာ-၃၇၇။

http://www.dhammadownload.com

သင်ကြားမှု တရားနာကြားမှုဌ် လိမ်မာကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်လို့ ဒီလို ဆိုလိုတယ်၊ အဲဒီ နိမိတ်ဌ် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲတဲ့။

နံပါတ် ၄-၅-၆-ရယ်၊ အဲဒါ အရေးကြီးတယ်။ တရားအားထုတ်တဲ့ နေရာမှာ သေသေ ချာချာ မှတ်ပါ ဒီအပိုင်းကို။

(၄) သမယေ စိတ္တဿ ပဂ္ဂဏှနတာ။ သမယေ၊ ဘာဝနာစိတ်ကို ချီးမြှောက် သင့်သော အခါဌ်။ စိတ္တဿ၊ဘာဝနာစိတ်ကို(ရှုစိတ်ကို)။ပဂ္ဂဏှနတာ၊ချီးမြှောက် ထောက်ပံ့ ယူပေးရခြင်းသည်လည်း သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း။ အဲဒီ သမယေ စိတ္တဿ ပဂ္ဂဏှနတာကို မှတ်ထားနော်၊ နောက်ပြီးတော့ ဘုန်းကြီး အဓိပ္ပါယ်အကျယ် ပြောမယ်။

(၅) သမယေ စိတ္တဿ နိဂ္ဂဏှနတာ။ သမယေ၊ ဘာဝနာစိတ်ကို နှိပ်သင့်တဲ့ အခါဌ်။ စိတ္တဿ၊ ဘာဝနာစိတ်ကို။ နိဂ္ဂဏှနတာ၊ နှိပ်ပေးရခြင်းသည်လဲဘဲ နှိပ် ပေးခြင်းဟာလဲဘဲ သမာဓိသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

(၆) သမယေ သမ္ပဟံသနတာ။ သမယေ၊ ဘာဝနာစိတ်ကို ရွှင်စေသင့်တဲ့ အခါ သမယဌ်။ သမ္ပဟံသနတာ၊ ဘာဝနာစိတ်ကို ရွှင်အောင် လုပ်ပေးခြင်းဟာ လဲဘဲ ထက်လာအောင် လုပ်ပေးခြင်းဟာလဲဘဲ သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

(၇) သမယေ အဇ္ဈုပေက္ခနတာ။သမယေ၊ဘာဝနာစိတ်ကို လျစ်လျူရှုသင့် တဲ့အခါဌ်။ အဇ္ဈုပေက္ခနတာ၊ လျစ်လျူရှုဌ် ပေးရခြင်းဟာလဲဘဲ သမာဓိ သမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်း တခုဘဲ၊ ဘယ်နှစ်ခု ရသွားပြီလဲ ပြန်ကြည့်၊ ဘယ်နှစ် ခုရသွားပြီလို့ ဆိုတော့ ခုနစ်ခု ရသွားပြီ။ ပြီးတော့—

(၈) အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတာ=သမာဓိ မရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင် ကြဉ်ခြင်း။

(၉) သမာဟိတ ပုဂ္ဂလသေဝနတာ=သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲ ဆည်းကပ် ပေးခြင်း။

(၁၀) စျာနဝိမောက္ခ ပစ္စဝေက္ခဏတာ= စျာန်တို့ ဝိမောက္ခ တရားတို့ကို မကြာ မကြာ ဆင်ခြင်ပေးခြင်း၊ ၁၀-ခု။

(၁၁) တဒဓိမုတ္တတာ=အဲဒီတရားတွေကို သမာဓိဖြစ်ဘို့ရန်အတွက် သွားတဲ့ အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါမှာ စိတ်ကို မကြာမကြာ နှလုံး သွင်းပေးခြင်း၊ သမာဓိ ဖြစ်ဘို့ရန်အတွက် စိတ်ကို ကိုင်းခြင်း ရှိုင်းခြင်း ညွှတ်ခြင်းဟာလဲဘဲ သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

http://www.dhammadownload.com

ကိုင်း အဲဒီ အထဲမှာ ဘုန်းကြီးတို့ နောက်က ပြောခဲ့တဲ့ အတိုင်းပေါ့လေ။

(၁) ဝတ္ထုဝိသဒကိရိယတာဆိုတာ ပြောခဲ့ပြီးပြီ၊ နောက်က ပြောခဲ့တဲ့ အတိုင်းမှတ်။

(၂) ဣန္ဒြိယသမတ္တ ပဋိပါဒနတာ-လဲ ပြောခဲ့ပြီးပြီ၊ ဓမ္မဝိစယသမ္မောဇ္ဈင်မှာ ပြောခဲ့တဲ့ အတိုင်းဘဲ မှတ်ရမယ်။

(၃) နိမိတ္တ ကုသလတာ-ဆိုတဲ့ နိမိတ်၌ ကျွမ်းကျင် လိမ်မာခြင်းလဲ ပြော ခဲ့ပြီးပြီ။

စိတ်ကိုချီးမြှောက်။ ။(၄) သမယေ စိတ္တဿ ပဂ္ဂဏှနတာ ဘယ်နှစ်ခုမြောက်လဲ လေးခုမြောက်နော်။ စိတ်ကို ချီးမြှောက် ထောက်ပံ့ ပေးရမယ်။

အဲဒီ သမယေ စိတ္တဿ ပဂ္ဂဏှနတာကို ဘုန်းကြီးပြောမယ်၊ သမယေ စိတ္တဿ ပဂ္ဂဏှနတာ-မှာ ဘုန်းကြီးပြောချင်တာက ဝိပဿနာဘာဝနာတရားအားထုတ်တဲ့ အခါ ကာလမှာ စိတ်ကို ရောရီရောရဲ ဖြစ်နေရင် စိတ်ကို ရှင်ပျအောင် ချီးမြှောက် ထောက်ပံ့ပြီးတော့ ပေးရမယ်၊ ဘယ်လိုလုပ်ပေးမလဲဘုရားလို့ ဆိုတော့ အဋ္ဌ-ကထာက ပြတယ်။

ဘယ်လိုပြလဲလို့ ဆိုတော့—

> သမယေ စိတ္တဿ ပဂ္ဂဏှနတာတိ ယသ္မိံ သမယေ အတိသိထိလ ဝီရိယတာဒီဟိ လီနံ စိတ္တံ. ဟောတိ၊ တသ္မိံ သမယေ ဓမ္မဝိစယ-ဝီရိယ ပီတိသမ္မောဇ္ဈင် သမုဋ္ဌာပနေန တဿ ပဂ္ဂဏှနံ။

စိတ်ကို ချီးမြှောက်သင့်တဲ့ အခါလို့ဆိုတာ ဘာဝနာစိတ် တွန့်တို ဆုတ်နစ်တဲ့ အခါဆိုတာ ဘယ်လိုအခါမျိုးလဲ—

ယသ္မိံ သမယေ၊ အကြင်အခါ ကာလ သမယ၌။ အတိသိထိလ ဝီရိယတာ-ဒီဟိ၊ ဝီရိယလျော့လွန်းခြင်း အစရှိသည်တို့ဖြင့်။ (ဝီရိယ အင်မတန်လျော့နေတဲ့ အခါ၊ ဝီရိယတွေ လျော့နေတဲ့အခါ စိတ်ကဘယ်လိုဖြစ်လဲ။) လီနံ၊ တွန့်တို ဆုတ် နစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်ပေါ် ၍နေ၏။ တွန့်တို ဆုတ်နစ်တဲ့ စိတ်ဖြစ်နေပြီး ကမ္မဋ္ဌာန်း အာရုံမထုတ်ချင်သလို ကမ္မဋ္ဌာန်း အာရုံထုတ်တဲ့အထဲ စိတ်မပါသလို အဲသလို ဖြစ်နေတယ်၊ စိတ်ကတွန့်တို ဆုတ်နစ်နေတယ်၊ အဲဒီအခါ မှာ ဘာကို လုပ်ပေးရမလဲလို့ ဆိုတော့ ဒီစိတ်ကို ချီးမြှောက်ပေးရမယ်၊ ဘယ်လို ချီးမြှောက်ပေးရမလဲလို့ ဆိုတော့—

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ဆိုတဲ့ အဲဒီ ဗောဇ္ဈင် သုံးပါးကို ဖြစ်စေသောအားဖြင့် ဒီစိတ်ကို ချီးမြှောက်ပေးရမယ်၊ ဒါ စိတ်ကို ချီးမြှောက်ပေးခြင်းတချက်။

(၅) စိတ်ကို နှိပ်ပေးခြင်း

သမယေ စိတ္တဿ နိဂ္ဂဏှနတာတိ ယသ္မိံ သမယေ အာရဒ္ဓဝီရိယတာ-ဒီဟိ ဥဒ္ဓတံ စိတ္တံ ဟောတိ၊ တသ္မိံ သမယေ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ သမ္ဗောဇ္ဈင် သမုဋ္ဌာပနေန တဿ နိဂ္ဂဏှနံ။

ဒီအခါမှာ စိတ်ကို နှိပ်ပေးရမယ် ဆိုတာ ဘယ်အခါမျိုးလဲ သိပ်ကြိုးစားပြီးတော့ ဝီရိယတွေ လွန်ပြီးတဲ့ ကြိုးစားမှုတွေ သိပ်ပြီးများနေတဲ့ အချိန်မှာ စိတ်ဟာ ဘယ်လို ဖြစ်သွားလဲ။

ဥဒ္ဓတံ စိတ္တံ ဟောတိ၊ ပဲ့လွှင့်တဲ့ စိတ်တွေ ဖြစ်သွားပြီ၊ အဲသလို စိတ်တွေ ပဲ့လွှင့်နေတဲ့အခါမှာ ဘာလုပ်ပေးရမလဲ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာ သမ္ဗောဇ္ဈင် ဆိုတဲ့ အဲဒီ ဗောဇ္ဈင် သုံးပါးကို ဖြစ်စေသော အားဖြင့် ခုနက ပဲ့လွှင့်ပြီးတော့ ဝီရိယလွန်နေတဲ့ စိတ်ကို နှိပ်ပေးရမယ်၊ အဲဒါကို သမယေ စိတ္တဿ နိဂ္ဂဏှနတာ လို့ အဋ္ဌကထာက ဒီလိုပြတယ်။

(၆) စိတ်ကိုရွှင်အောင် လုပ်ပေးရမယ်

သမယေ စိတ္တဿ သမ္ပဟံသနတာ ဆိုတာက စိတ်ကို ရွှင်အောင် လုပ်ပေးရမယ် ဆိုတာ ဘယ်လို အချိန်မျိုးလဲ ဆိုတော့ အဲဒီ အပိုင်းလေးမှာ တော်တော် အရေးကြီးတယ်၊ ဒီနေရာမှာ ဘယ်လိုလာသလဲ ဆိုတော့ ယသ္မိံ သမယေ စိတ္တံ ပညာ ပယောဂ မန္ဒတာယ ဝါ ဥပသမသုခါနဓိဂမေန ဝါ နိရဿာဒံ ဟောတိ၊ တသ္မိံ သမယေ အဋ္ဌသံဝေဂဝတ္ထု ပစ္စဝေက္ခဏေန သံဝေဇေတိ။

တနုည်းအားဖြင့် ရတနတ္တယဂုဏာနုဿရဏေန စ ပသာဒံ ဇနေတိ၊ သုတ်မဟာဝါ အဋ္ဌကထာ နှာ-၃၀၄ မှာ ဒါ ဘာပြောသလဲ။

ဒီ ဝိပဿနာစိတ်မှာ ပညာက အားသေးနေတဲ့ အတွက် ယသ္မိံ သမယေ၊ အကြောင် အခါ ကာလ သမယ၌။ ပညာပယောဂမန္ဒတာယ ဝါ၊ ပညာ၏ လှုံ့ဆော်မှု၏ အားသေးသည်၏ အဖြစ်ကြောင့်ဂင်း၊ ပညာဉာဏ် ထိုးထွင်းတဲ့ ခုနက အနိစ္စအချက် ဒုက္ခအချက် ဝိပရိဏာမ အချက်လို့ ဆိုတဲ့ ပညာဉာဏ် ပိုင်းခြား ပိုင်းခြား ပေးမှုကလေးက အားသေးနေတဲ့အတွက် ကောင်းကောင်း အာရုံ မထင်ရှားတဲ့အခါမှာ အဲဒီ ပညာရဲ့ လှုံ့ဆော်မှု ဝိပဿနာပညာရဲ့ အားသေး မှုကြောင့်ဂင်း။ ဥပသမသုခါနဓိဂမေန ဝါ၊ ကိလေသာ ငြိမ်းခြင်းကြောင့် ဖြစ်တဲ့

http://www.dhammadownload.com

ချမ်းသာကို မရခြင်းကြောင့်ဝင်း။ (စိတ်ဟာ ဘယ်လိုဖြစ်လဲ။) စိတ်တဲ့၊ စိတ်သည်။ နိုရဏာဒဲ့၊သာယာခြင်းမှ ကင်းရှိနေသည်။ဟောတိ၊ ဖြစ်၏။အဲဒီ အခါမှာ ဘာ ဖြစ်နေလဲ စိတ်က တရားအာဃာတကို တရားအာဃာတမထုတ်ချင်တော့ဘူး၊ တရားဘက်ကို စိတ်မပါတော့ဘူး၊ ဘာဖြစ်လို့လဲ ပညာကလဲ အားလျော့နေတယ်၊ ဥပသမသုခ ကိုလဲ မရဘူးဆိုတော့ သာယာခြင်းက ဒီမှာ မရှိဘူး။

စိတ်ကို ရွှင်အောင် ဘယ်လိုလုပ်ပေးရမလဲ

အဲသလို သာယာခြင်း မရှိ ဖြစ်နေတဲ့ အချိန်မျိုးမှာတဲ့၊ စိတ်ကို ရွှင်အောင် လုပ်ပေးရမယ်၊ ဘယ်လို လုပ်ပေးရမလဲ၊ ဟော-အဋ္ဌသံဝေဂဝတ္ထု ပစ္စဝေက္ခဏာန သံဝေဇေတိ–သံဝေဂဝတ္ထု ဂ-ပါးကို ဆင်ခြင်ပေးလိုက်ပါ။ ဘယ်လိုလဲ သံဝေဂ ဝတ္ထု ဂ-ပါး ဆိုတာ—

ဇာတိ, ဇရာ, ဗျာဓိ, မရဏာလို့ ဆိုတဲ့ ဒုက္ခကြီး ၄-ချက်။

အပါယ ဒုက္ခလို့ ဆိုတဲ့ ၅-ခုမြောက် အပါယ် ဒုက္ခ။ အတိတေ ဝဋ္ဋမူလက ဒုက္ခ၊ အနာဂတေ ဝဋ္ဋမူလက ဒုက္ခ၊ ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိ မူလက ဒုက္ခ၊ ဘယ်နှစ်ချက်လဲ ဂ-ချက်။ အဲဒီ ဒုက္ခ (၇) ချက်ဟာ–သံဝေဂဝတ္ထု ဂ-ပါး ဆိုတာ သူ့ကို ခေါ်တယ်၊ အဲဒီ သံဝေဂဝတ္ထု ဂ-ပါးကို ဆင်ခြင်ပေးသောအား ဖြင့်လဲဘဲ မိမိဘာဝနာစိတ်ကို ရွှင်စေရမယ်၊ တနည်းအားဖြင့် ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ဆင်ခြင်ပေးသောအားဖြင့်လဲ မိမိစိတ်ကို ရွှင်စေပြီးတော့ ပေးရမယ်၊ ဒါ သမယေ စိတ္တဿ သမ္မဟံ သနတာ၊ ဒါ မိမိကြောင့်ကြ စိုက်ပေးရမှာနော်။

(၇) စိတ်ကို လျစ်လျူရှုပေးခြင်း။ ။သမယေ အဇ္ဈုပေက္ခနတာ၊ ဘယ်အခါ မျိုးမှာ ဒီဘာဝနာစိတ်ကို ဥပေက္ခာ ပြုထားရမလဲလို့ဆိုတော့ ကြည့် အဋ္ဌကထာက ပြတယ်။

> ယသ္မိံ သမယေ သမ္မာ ပဋိပတ္တိံ အာဂမ္မ အလီနံ အနုဒ္ဓတံ အနိ-
> ရဿာဒံ အာရမ္မဏေ သမပ္ပဝတ္တံ သမထဝိထိပဋိပန္နံ စိတ္တံ ဟောတိ၊
> တဒါဿ ပဂ္ဂဟနိဂ္ဂဟသမ္မဟံသနေသု န ဗျာပါရံ အာပဇ္ဇတိ သာရထိ
> ဝိယ သမပ္ပဝတ္တေသု အဿေသု။ အယံ ဝုစ္စတိ "သမယေ အဇ္ဈုပေက္ခ-
> နတာ"တိ ။

ဒါ ဘာပြောတာလဲ–သမ္မာ ပဋိပတ္တိံ အာဂမ္မ၊ အကြောင်အခါမှာ သမ္မာပဋိ-ပတ္တိံ အာဂမ္မ လမ်းမှန်တဲ့အကျင့်ကို ရောက်ပြီးတော့ နေတာကို အကြောင်း ပြုပြီးတော့ ဘယ်လိုလဲ လမ်းမှန်တဲ့အကျင့်ကို ရောက်နေတယ်ဆိုတာက။

၁။ သုတ်မဟာဝဂါအဋ္ဌကထာ၊ နှာ-၃၀၄။

http://www.dhammadownload.com

တိုးတဲ့သဘော တွန်းတဲ့သဘောကလေးကလဲ ဖြစ်ပြီးတော့ ပျောက်သွားတယ်၊ သိတဲ့သဘောကလေးကလဲ ဖြစ်ပြီးတော့ ပျောက်သွားတယ်၊ ပြီးတော့ ပိုင်းခြားပေးတယ်ဆိုတဲ့ ပညာကလဲ ဖြစ်ပြီးတော့ ကုန်ကုန်သွားတယ်။

အနုပ္ပန္နာ ဝုပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ နိရုဇ္ဈရေ ဟုတ္တာ အဘာဝတော၊ မဖြစ်ခင်ကလဲ ဘာမှမရှိဘူး၊ ဖြစ်ပြီးတော့လဲ ဘာမှမရှိဘူး၊ မဖြစ်ခင်ကလဲ ဘာမှမရှိဘူး၊ ဖြစ်ပြီးတော့လဲ ဘာမှမရှိဘူးလို့ အဲဒီလို ဒီအသိဉာဏ်လေးနဲ့ လမ်းစဉ်ကို မိမိရဲ့ စိတ်အစဉ်ကလေး ဒီလမ်းစဉ်ပေါ် ရောက်နေရင် အဲဒါ သမ္မာပဋိပတ္တိ-လို့ ခေါ်တယ်။ အဲတာ သမ္မာပဋိပတ္တိကို ရောက်နေတဲ့အချိန်မှာ စိတ္တံ၊ စိတ်ဟာ-(ဝိပဿနာစိတ်ဟာ)။ အလီနံ၊ တွန့်တိုဆုတ်နစ်ခြင်းလဲ မရှိဘူး။ (တချက်)

အနုဒ္ဓတံ-ပျံလွှင့်ခြင်းလဲ မရှိဘူး-(၂-ချက်)၊ ပြီးတော့-အနိရဏာဒံ ဟောတိ၊ သဃာခြင်း မရှိတာလဲ မဟုတ်ဘူး- (၃-ချက်)၊ ပြီးတော့ အာရမ္မဏော သမပ္ပဝတ္တံ၊ အာရုံကို အညီအမျှ ရှုနေတယ်ဆိုတာ ဘယ်လိုလဲ ဒီနေရာမှာ ဘုန်းကြီး နဲနဲပြောချင်တယ်၊ ဒီနေရာလေးမှာတော့- အာရုံကို အညီအမျှ ရှုနေတယ်ဆိုတာ ဘယ်လိုလဲ။

အာရုံကို အညီအမျှရှုပုံ။ ။တိုးတဲ့သဘော တွန်းတဲ့ သဘောဖြစ်တဲ့ ရုပ်အာရုံဘဲဖြစ်ဖြစ် သိတဲ့ ဝိညာဏ်ဆိုတဲ့ အာရုံဘဲဖြစ်ဖြစ် ပိုင်းခြားပေးတဲ့ ပညာဆိုတဲ့ အာရုံဘဲဖြစ်ဖြစ် ဒီအာရုံသုံးချက်ကို မနောဝိညာဏ်က တဲ့တဲ့ကလေး ရှုနေတဲ့အခါမှာ ဘယ်အာရုံပေါ်မှာမှ နှစ်သိမ့်ခြင်း မရှိဘဲနဲ့ အဲဒီအာရုံသုံးခုကို အညီအမျှ တန်းတူထားပြီးတော့ ရှုတယ်၊ ဘယ်အာရုံနဲ့ တွေ့လိုက် တွေ့လိုက် ဝမ်းမြောက်ခြင်းလဲ မရှိဘူး ဝမ်းနဲခြင်းလဲ မရှိဘူး။

အာရမ္မဏောသု နေဝ သုမနော ဟောတိ န ဒုမ္မနော။ အာရမ္မဏောသု၊ အာရုံတို့၌ နေဝ သုမနော ဟောတိ၊ ဝမ်းမြောက်ခြင်းလဲ မရှိဘူး။ န ဒုမ္မနော ဟောတိ၊ ဝမ်းနဲခြင်းလဲ မရှိတော့ဘူး။

အဲဒီလို အာရုံတခုကို အကြောင်းပြုပြီးတော့ ဝမ်းသာခြင်း ဝမ်းနဲခြင်း မရှိဘဲနဲ့ ရှုနေတာကို အာရမ္မဏော သမပ္ပဝတ္တံ၊ အာရုံကို အညီအမျှ ရှုနေတယ်လို့ ဒီလို ခေါ်တယ်၊ အဲသလို အာရုံမှာ အညီအမျှရှုနေတဲ့အချိန် တွန့်တိုဆုတ်နစ်ခြင်းလဲ မရှိဘူး၊ လမ်းမှန်တဲ့အကျင့်ကို ရောက်နေပြီဖြစ်သောကြောင့် သမ္မာပဋိပတ္တိ၊ လမ်းမှန်တဲ့အကျင့်ကို။ အာဂမ္မ၊ အစွဲပြု၍။ စိတ္တံ၊ ဘာဝနာရှုနေတဲ့ စိတ်သည်။ အလီနံ၊ တွန့်တိုဆုတ်နစ်ခြင်းလဲ မရှိ။ အနုဒ္ဓတံ၊ ပျံလွှင့်ခြင်းလဲ မရှိ။ အနိရဏာဒံ၊ သာယာခြင်း မရှိသည်လည်း မဟုတ်။ အာရမ္မဏော သမပ္ပဝတ္တံ၊ အာရုံ၌ အညီအမျှ ရှုနေတဲ့ယ်။ သမထဝိထိပဋိပန္နံ၊ ကိလေသာငြိမ်းတဲ့ လမ်းစဉ်

http://www.dhammadownload.com

ကို အဆင့်ဆင့် ရောက်နေတဲ့အချိန် သမထဝိထိပဋိပန္နာ-ဆိုတယ် ၅-ချက်၊ အဲဒီ အင်္ဂါ ၅-ချက်နဲ့ ညီနေတဲ့အခါမှာ ဥပမာ ဘယ်လိုပြလဲ။

သာရထိ၊ ရထားထိန်းသည်။ သမပ္ပဝတ္တေသု၊ အညီအမျှဖြစ်ကုန်သော။ အသေသု၊ မြင်းတို့၌။မြင်း ၂-ကောင်တို့၌။ ဗျာပါရံ၊ ကြောင့်ကြစိုက်ခြင်းသို့။ န အာပဇ္ဇတိ ဣဝ၊ မရောက်သကဲ့သို့ဘဲတဲ့။ အဿ စိတ္တဿ၊ ထိုစိတ်၏။ ပဂ္ဂဟ-နိဂ္ဂဟသမ္မဟံသနေသု၊ ချီးမြှောက်ပေးခြင်း နှိပ်ပေးခြင်း ရှင်အောင် လုပ်ပေးခြင်းတို့၌။ ဗျာပါရံ၊ ကြောင့်ကြစိုက်ထုတ်ရတဲ့ ဗျာပါရသို့။ န အာပဇ္ဇတိ၊ မရောက်တော့ဘူး။ အဲသလို ကြောင့်ကြစိုက်ခြင်း အားထုတ်ခြင်း ရှင်အောင် လုပ်ပေးရခြင်း နှိပ်ပေးရခြင်း ဆိုတဲ့ ကြောင့်ကြဗျာပါရ ကင်းနေတာသည် ပင်လျှင်။

ဘယ်လိုလဲ– ဥပမာ ဘယ်လိုလဲလို့ဆိုတော့ မြင်း ၂-ကောင် ကပြီးတော့ မောင်းတဲ့ရထားမှာ-မြင်း ၂-ကောင်က ညီညီမျှမျှပြေးနေတဲ့အခါမှာ ရထားထိန်းက ဘယ်မြင်းကိုမှ ကြိမ်တို့ပြီး မပေးရဘဲနဲ့ အသာလေး ဇက်ကြိုးလေး ကိုင်ပြီး လိုက်သွားသလို ပိုပြီးတော့ ထင်ရှားအောင် ပြောရမယ်ဆိုရင်၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေကြည့်၊ မော်တော်ကား မောင်းသွားတဲ့အခါမှာ ဇက္ကစရာလဲ မရှိဘူး၊ တိုက်စရာ ခိုက်စရာလဲ မရှိဘူး၊ လမ်းကလဲ အင်မတန် ဖြူးဖြောင့်နေတဲ့အခါမှာ အသာလေး မော်တော်ကား မောင်းသွားရတာကိုက အင်မတန်သက်သာပြီး သိပ်ကြောင့်ကြ မစိုက်ရတော့သလို—

ဝိပဿနာအာရုံ၌ ဖြစ်လာအောင်လဲဘဲ ခုန စိတ်ရှင်လာအောင် ပြုလုပ်ပေးရတယ်၊ တွန့်တိုဆုတ်နစ်တဲ့စိတ်တွေ တဲက်ကြွတဲ့စိတ်တွေကို ပျောက်ပျက်အောင်လို့ တက်ကြွ ဆုတ်နစ်ပေးရတယ်၊ ခုနအမျိုးမျိုး လုပ်ပေးရတဲ့ ဗျာပါရတွေဟာ မရှိတော့ဘူး၊ အဲဒီအခါမှာ–သမယေ အဇ္ဈုပေက္ခနတာ–တဲ့၊ ဒီအချိန်မှာ ဝိပဿနာစိတ် အစဉ်ဟာ ဥပေက္ခာဖြစ်နေပြီ၊ အဲဒီလို ဥပေက္ခာဖြစ်နေတဲ့ အချိန်ကလေးဟာလဲဘဲ သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းဘဲလို့ ပါဠိတော်က ဒီလိုပြတယ်။ ကိုင်း သမယေ အဇ္ဈုပေက္ခနတာ ဆိုတာ အဲတာကို ခပြာတာ၊ နောက်ပြီးတော့ ဘာတွေလဲ။

(၈-၉-၁၀)သမာဓိမရှိသူ ရှောင်-ရှိသူကို မှီဝဲ စျာန်တရားကို ဆင်ခြင်ပါ

သမာဓိမရှိတဲ့ပုဂ္ဂိုလ်တွေကို မမှီဝဲနဲ့၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်ကို မှီဝဲပေးရမယ်၊ ဟုတ်လား၊ ပြီးတော့ ဘာလုပ်ပေးရမလဲ စျာန်တရား ဝိမောက္ခတရားတွေကို ဆင်ခြင်ပေးခြင်းဟာလဲဘဲ သမာဓိဖြစ်ခြင်းရဲ့ အကြောင်းတရားဘဲတဲ့။

http://www.dhammadownload.com

(၁၁) သွား,ရပ်,ထိုင်တဲ့အခါ စိတ်ကို ညွှတ်ပေးခြင်း။ ။ပြီးတော့ သမာဓိ ဖြစ်အောင်လို့သွား တဲ့ ရပ်တဲ့အခါ ထိုင်တဲ့အခါ နေတဲ့အခါမှာ သမာဓိဘက်ကို စိတ်ကို ကိုင်းခြင်း ရှိုင်းခြင်း ညွှတ်ခြင်းဟာလဲဘဲ သမာဓိဖြစ်ခြင်းရဲ့အကြောင်းဘဲ၊ ၁၁-မျိုး။

ဣတိ၊ ဤသို့။ ကောဒသ၊ ၁၁-ပါးကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သမာဓိသမ္မောဇ္ဈင်္ဂဿ၊ သမာဓိသမ္မောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ၊ သံဝတ္တန္တိ၊ ကောင်းကောင်းကြီးဖြစ်ကြကုန်၏။

ဥပေက္ခာသမ္မောဇ္ဈင်၌ သိဖွယ် ၄-ချက်

ကိုင်း ခု-ငါးမိနစ်အတွင်းမှာတော့ဖြင့် ဥပေက္ခာသမ္မောဇ္ဈင် အကြောင်း ဟောကျစို့ရဲ့။ ပါဋိတော်က ဘယ်လိုလဲ—

(၁) "သန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္မောဇ္ဈင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္မောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္မောဇ္ဈင်္ဂံ 'နတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္မောဇ္ဈင်္ဂေါ'တိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နဿ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ"။

(၄) ယထာ စ ဥပ္ပန္နဿ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ ဘာဝနာယ ပါရိပူရီ ဟောတိ၊ တဉ္စ ပဇာနာတိ။ ။သူကလဲ ၄-ချက်။

ဒါက ဘာပြောတာလဲ မိမိသန္တာန်မှာ ဥပေက္ခာသမ္မောဇ္ဈင်ရှိနေရင် ဥပေက္ခာ သမ္မောဇ္ဈင်ရှိတယ်လို့ ကွဲကွဲပြားပြားနဲ့သိပါ။ ဥပေက္ခာသမ္မောဇ္ဈင် မရှိရင် ဥပေ-က္ခာသမ္မောဇ္ဈင်မရှိဘူးလို့ ကွဲကွဲပြားပြားနဲ့ သိရမယ်။ မဖြစ်သေးတဲ့ ဥပေက္ခာ-သမ္မောဇ္ဈင်တွေ ဖြစ်ခြင်းရဲ့အကြောင်းကိုလဲ သိရမယ်။ ဖြစ်ပြီးသော ဥပေက္ခာ သမ္မောဇ္ဈင်ရဲ့ ဘာဝနာ ပါရိပူရိယာ ဖြစ်ပုံကိုလဲ သူကသိရမယ်၊ ၄-ချက်ပြတယ် ပါဋိတော်ကနော်။ အဲဒါကို မဖြစ်သေးတဲ့ ဥပေက္ခာသမ္မောဇ္ဈင်တွေ မိမိသန္တာန်မှာ ဖြစ်လာအောင် ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်လာရခြင်းရဲ့ အကြောင်းက ဘာတွေလဲ လို့ ဆိုတော့ အဋ္ဌကထာက ပြတယ်—

အတ္ထိ ဘိက္ခဝေ ဥပေက္ခာသမ္မောဇ္ဈင်္ဌာနီယာ ဓမ္မာ၊ တတ္ထ ယော-နိသော မနသိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ ဥပ္ပါဒါယ ဥပ္ပန္နဿ ဝါ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ ဘိယျောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ သံဝတ္တတိ။

http://www.dhammadownload.com

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းက ဘာလဲ—

ဥပေက္ခာသည်သာလျှင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ၊ အဲဒီ ဥပေက္ခာကို အသင့်အတင့်အားဖြင့် အဖန်တလဲလဲ နှလုံးသွင်းပေးရင် ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်မယ်တဲ့၊ ဖြစ်ပြီးသား ဥပေက္ခာသမ္ဗောဇ္ဈင်တွေ့ တိုးပွါးပြီးတော့ လာမယ်လို့ အဲဒီလို ပါဠိတော်မူက ပြတယ်။ အဋ္ဌကထာက ဒီနေရာမှာ—

ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း
အဋ္ဌကထာနည်း ၅-ပါး

အပိ စ ပဋ္ဌမမ္ပိ ဥပေက္ခာသမ္ဗောဇ္ဈင်္ဃ ဥပ္ပါဒေါ သံဝတ္တန္တိ။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း ၅-ပါး၊ ဘယ်နှစ်ပါးလဲ (၅-ပါးပါ ဘုရား)၊ ဘယ်သူတွေလဲ—

(၁) သတ္တ မဇ္ဈတ္တတာ၊

(၂) သခါရ မဇ္ဈတ္တတာ၊

(၃) သတ္တသခါရ ကေလာဃန ပုဂ္ဂလပရိဝဇ္ဇနတာ၊

(၄) သတ္တသခါရ မဇ္ဈတ္တ ပုဂ္ဂလသေဝနတာ၊

(၅) တဒဓိမုတ္တတာ။ ။၅-ချက်၊ အဲဒီ ၅-ချက်မှာ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့အကြောင်းက ဘာတဲ့လဲ—

(၁) သတ္တဝါကို လျစ်လျူရှုနိုင်ခြင်းဟာလဲဘဲ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ သခါရတရားတို့ကို လျစ်လျူရှုနိုင်ခြင်းဟာလဲဘဲ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

(၂) သခါရတရားတွေကို လျစ်လျူရှုခြင်းဟာလဲ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းဘဲ။

(၃) သတ္တဝါသခါရကို ချစ်ခင် မြတ်နိုး စုံမက် စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းဟာလဲဘဲ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ၊ နောက်ပြီးတော့။

(၄) သတ္တဝါသခါရကို လျစ်လျူရှုတတ်လေ့ရှိတဲ့ ပုဂ္ဂိုလ်များကို မှီဝဲဆည်းကပ်ခြင်းဟာလဲဘဲ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတခုဘဲ။

(၅) ထိုဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ဘို့ရန်အတွက် စိတ်ကို ကိုင်းခြင်း ရှိုင်းခြင်း ညွတ်ခြင်းဟာလဲဘဲ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းရဲ့ အကြောင်းဘဲတဲ့။

http://www.dhammadownload.com

ကိုင်း ဒါဖြင့်—

သတ္တဝါကို လျစ်လျူရှုခြင်းအကြောင်း။ ။(၁) သတ္တမဇ္ဈတ္တတာ - ဆိုတာ ဘာလဲ၊သတ္တဝါကိုလျစ်လျူရှုတယ် ဆိုတာ ဘယ်လိုဘဲ၊ မိမိကိုယ်ကို မိမိပြန်ကြည့် သူက ဘယ်လိုပြလဲဆိုတော့ အာကာရ ၂-ခုပြတယ်၊အခြင်းအရာ ၂-ခု၊ ကမ္မဿကတာ ရယ်,နိဿတ္တတာ ရယ်၊ ဒီလို ၂-ခုပြတယ်၊ ကံ ကံ၏ အကျိုးတရားတွေကို ဆင်ခြင်လိုက်မယ်ဆိုရင် ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်နိုင်တယ်၊ ဘယ်လိုလဲ မိမိကိုယ်ကို မိမိ ပြန်ကြည့်မယ် ဆိုရင် မင်းဟာ မင်း ကုသိုလ် အကုသိုလ်ကံအားလျော်စွာ ဖြစ်လာပြီးတော့ မင်းကံအားလျော်စွာမင်းပြန်သွားရမှာဘဲလို့၊ သူဟာလဲဘဲ သူကံအားလျော်စွာ သူလာပြီးတော့ သူကံအားလျော်စွာ သူသွားရမှာဘဲလို့ အဲသလိုရှုလိုက်ရင်တဲ့၊ အဘယ်ပုဂ္ဂိုလ်၏ အပေါ်၌ သင်သည် ချစ်ခင်မြတ်နိုးခြင်း ဖြစ်နိုင်တော့မှာလဲ၊ အဲဒါကြောင့် ကံ ကံ၏ အကျိုးကို ဆင်ခြင်သောအားဖြင့်လဲ သတ္တမဇ္ဈတ္တတာ ဖြစ်နိုင်ပါတယ်လို့ အဋ္ဌကထာကပြတယ်။

သင်္ခါရတရားကို လျစ်လျူရှုခြင်း။ ။(၂) သင်္ခါရမဇ္ဈတ္တတာ မှာလဲဘဲ သင်္ခါရတရားတွေဆိုတာ အဋ္ဌကထာက ဘာပြသလဲလို့ ဆိုတော့ သင်္ကန်းတို့ တောင်ဝှေးတို့၊ အဲဒါ တွေကို သင်္ခါရတရားလို့ အဋ္ဌကထာက ဒီလိုပြတယ်။ဘုန်းကြီး ပြောချင် တာကတော့ဖြင့် သင်္ခါရတရားဆိုတာ ခုန ပြောခဲ့တဲ့ ဝိညာဏ် နာမ်ရုပ်ဆိုတဲ့ သင်္ခါရတရားစု အပေါ်၌ ခုနက ပြောသလိုဘဲ အစုဖြစ်ပြီးလို့ အစုပျက်သွားတဲ့ ဝိညာဏ် နာမ်ရုပ်ကို သင်က ဘယ် ဝိညာဏ် နာမ်ရုပ်ကို ချစ်ပြီးတော့ ဘယ်ဝိညာဏ် နာမ်ရုပ်ကို သင်မုန်းနေသလဲလို့ ဒီလိုမျိုး ရှုပေးလိုက်ရင် ဟုတ်လား၊ သင်္ခါရ တရားတွေ၌ လျစ်လျူရှုတဲ့ သဘောတွေ ဖြစ်သွားမယ်။

သတ္တပုဂ္ဂလကို လျစ်လျူရှုတဲ့ နေရာဌာနမှာ ခုနပြောခဲ့တဲ့ နိဿတ္တ အနေအားဖြင့် ပြန်ရှုမယ်ဆိုရင် ပရမတ္ထတော သတ္တောယေဝ နတ္ထိ၊ သော တုံ ကံ လောကာယသိ။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သတ္တောယေဝ၊ သတ္တဝါ မည်သည်။ နတ္ထိ၊ မရှိ။ ပရမတ္ထအားဖြင့် သတ္တဝါမှ မရှိဘဲ၊ ထိုသင်ဟာ ဘယ်ပုဂ္ဂိုလ်ကို ချစ်ခင်မြတ်နိုးမှာလဲလို့ အဲသလို ရှုဆင်ခြင်ပေးခြင်းဟာလဲဘဲ ဥပေက္ခာသမ္မောဇ္ဈင် ဖြစ်ပါတယ်။

သင်္ခါရမဇ္ဈတ္တတာ ကျတော့ အဲဒီ သင်္ခါရမဇ္ဈတ္တတာ-ဟာ ခုန ဘုန်းကြီးပြော သလိုဘဲ သင်္ကန်း သပိတ် ပရိက္ခရာတွေကို တဖြည်းဖြည်း ဒီပရိက္ခရာတွေဟာ အရောင်တွေမှိန်ပြီး ပျက်ပျက်ပြီးတော့ တော်ကြာ ဟောင်းနွမ်း ဆွေးမြေ့ပြီးတော့ အမှိုက်ပုံထဲ ရောက်သွားမှာဘဲ။ အဲဒီလို သင်္ခါရတရားတွေကို ရှုဆင်

http://www.dhammadownload.com

ခြင်းရှိမယ်။ ဘုန်းကြီး ဆိုလိုတဲ့ အဓိပ္ပါယ် ကတော့ဖြင့် အဋ္ဌကထာ ကတော့ သင်္ဂန်းတို့ သပိတ်တို့ ဆိုတဲ့ ပရိက္ခရာကို ပြထားတယ်။ ဘုန်းကြီး ပြောချင် တာကတော့ဖြင့် ခုန ပြောခဲ့တဲ့ ဝိညာဏ် နာမ်-ရူပ်ဆိုတဲ့ သင်္ခါရ တရားတွေကို ကြည့်၊ ဒီလိုသင်္ခါရတရားတွေဟာ မဖြစ်ခင်ကလဲ မရှိဘူး၊ဖြစ်ပြီးတော့လဲ သူဟာ မရှိတော့ဘူး၊ သူဟာ ကုန်ပျောက်သွားတယ်။ သင်သည် ဘယ်သင်္ခါရ တရားကို နှစ်သက်မှာလဲလို့ဆိုရင် နှစ်သက်စရာ သင်္ခါရတရား ရှိသေးသလား (မရှိပါ ဘုရား)၊ မုန်းစရာသင်္ခါရတရားကော ရှိသေးသလား (မရှိပါဘုရား)၊ အဲသလို ဆိုရင် သင်္ခါရတရားအပေါ် ၌ လျစ်လျူရှုတဲ့ ဥပေက္ခာသဘောတွေ ဖြစ်လာမယ် လို့ ဒီလိုဆိုလိုတယ်။

သတ္တဝါသင်္ခါရ၌ စုံမက်နေတဲ့ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း

(၃) သတ္တသင်္ခါရ ကေလာယန ပုဂ္ဂလ ပရိဝဇ္ဇနတာ၊ သတ္တဝါ သင်္ခါရတွေကို ချစ်ခင် မြတ်နိုး လေ့ရှိတဲ့ပုဂ္ဂိုလ် များ ကို ရှောင်ကြဉ် ရမယ်ဆိုတာ ဘယ်လိုဟာလဲ။ အချို့ ပုဂ္ဂိုလ်က သားသမီး များ မိမိရဲ့ တပည့်တပန်းများကို မျက်စိအောက်က အပျောက်မခံနိုင်ဘူး။ ဟာ ဒီပုဂ္ဂိုလ်မရှိဘူးဆိုရင် ဘယ်ရောက်သွားသလဲ၊ ဘယ်သွားလဲနဲ့ တခါထဲ လိုက်ရှာ နေတယ်။ အဲသလို မမြင်ရ မနေနိုင်အောင် ဖြစ်နေတဲ့ ပုဂ္ဂိုလ်မျိုးကို ရှောင် ကြဉ်ပေးရမယ်တဲ့။

သတ္တဝါသင်္ခါရ၌ လျစ်လျူရှုတဲ့ ပုဂ္ဂိုလ်ကို ဆည်းကပ်ရခြင်း

(၄) သတ္တသင်္ခါရ မဇ္ဈတ္တ ပုဂ္ဂလ သေဝနတာ၊ သတ္တဝါသင်္ခါရအပေါ် မှာ လျစ်လျူရှိနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ သင်္ခါရသူ ဥဒါသိနော၊ အညီအမျှရှုနိုင်တယ်၊ ဘယ်သူအပေါ် မှာဖြစ်ဖြစ် အညီ အမျှ ရှုနိုင်တယ်၊ မုန်းတဲ့သူ အပေါ် မှာရော ချစ်တဲ့သူအပေါ် မှာရော အညီ အမျှရှုနိုင်တယ်၊ ဘယ်လိုလဲ ငါမုန်းနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ သူက်အားလျော်စွာ သူသွားမှာဘဲ ငါချစ်နေတဲ့ သူဟာလဲ သူက် အားလျော်စွာ သူသွားမှာဘဲလို့ ဒီလို သတ္တဝါ သင်္ခါရတွေ အပေါ် မှာ အညီအမျှရှုလိုက်ရင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်မလာဘူးလား၊ အဲဒါကို သင်္ခါရသူ ဥဒါသိနောလို့ အဲသလို ရှုပေးလိုက် လို့ရှိရင် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပါတယ်တဲ့။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်အောင် နှလုံးသွင်းပေးခြင်း

(၅) တဒဓိမုတ္တတာ-တဲ့ ငါးခု၊ သူက ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်အောင် ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်းစတဲ့ အခါတိုင်း စိတ်ကို ညွတ် ကိုင်း ရှိုင်းပြီးတော့ နှလုံး သွင်းပေးခြင်း ဆိုတဲ့ ပဋ္ဌ၊ ငါးပါး ကုန်သော။ ဣမေ ဓမ္မာ၊ ဤတရားတို့သည်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဃာ၊ ဥပေက္ခာသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊

http://www.dhammadownload.com

ဖြစ်ခြင်းငှါ။ သံဝတ္တန္တိ၊ဖြစ်ကုန်၏။ ဒါ ဥပေက္ခာသမ္မောဇ္ဈင်ဖြစ်ခြင်းရဲ့အကြောင်း တရားငါးပါးလို့ အဲသလိုမှတ်။

သတိပဋ္ဌာန်တရားကို ဘယ်မှာရှုမလဲ။ ။အဲသလို ဥပေက္ခာသမ္မောဇ္ဈင်တွေဖြစ်ပြီးတော့ ပါဠိတော်မှာ ဘယ်လိုပြလဲ။ အဇ္ဈတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊အဲဒီ ဗောဇ္ဈင်ခုနစ်ပါးလို့ခေါ်တဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ဘယ်နေရာမှာ ရှုရမှာလဲလို့မေးရင် အဇ္ဈတ္တမှာ ရှုပါ ဗဟိဒ္ဓမှာရှုပါ၊ အဇ္ဈတ္တဗဟိဒ္ဓမှာရှုပါ၊ ဒါ ပါဠိတော်။ အဲသလို အဇ္ဈတ္တ ဗဟိဒ္ဓမှာ ရှုရမယ်ဆိုတာ အဋ္ဌကထာက ဘယ်လိုပြလဲ ရံခါ မိမိရဲ့ ဗောဇ္ဈင် ခုနစ်ပါးက အဇ္ဈတ္တ၊ သူတပါးရဲ့ ဗောဇ္ဈင် ခုနစ်ပါးက ဗဟိဒ္ဓ အဋ္ဌကထာက ဒီလိုပြတယ်။

ဒီတော့ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓကို တည်ရာနဲ့ မှီရာကို အဇ္ဈတ္တ ဗဟိဒ္ဓလုပ်ပြီးတော့ ရှုမယ်ဆိုရင် မိမိ သူတပါးစွဲစရာမလိုတော့ဘူး၊ တည်ရာကိုအဇ္ဈတ္တ,မှီရာကို ဗဟိဒ္ဓ လုပ်ပြီးတော့ ဗောဇ္ဈင်ခုနစ်ပါးကို ရှုလိုက်မယ်ဆိုရင် အဇ္ဈတ္တ ဗဟိဒ္ဓ ရှုကွက်ဟာ ပြည့်စုံလုံလောက်ပါတယ်လို့ မှတ်ရမယ်။

သတိပဋ္ဌာန်တရားကို ဘယ်လိုရှုမလဲ။ ။ဒီတော့ ဗောဇ္ဈင်ခုနစ်ပါးကို ဓမ္မာနုပဿနာ သတိပဋ္ဌာန် အားဖြင့် ရှုရင် ဘယ်နေရာမှာ ရှုရမလဲ၊ အဇ္ဈတ္တမှာရှု, ဗဟိဒ္ဓမှာရှု, တည်ရာမှာရှု, မှီရာမှာရှု, ရံခါ တည်ရာမှာရှု၊ ရံခါ မှီရာမှု၊ ရံခါ တည်ရာမှီရာ နှစ်ပါးစလုံးမှာရှု၊ ရှုတော့ ဘယ်လို ရှုရမလဲ။

သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။

ဖြစ်တဲ့သဘောကိုရှု ပျက်တဲ့သဘောကိုရှု ဖြစ်တဲ့ ပျက်တဲ့သဘောကိုရှု၊ ဒါဘဲ။ ဘယ်သတိပဋ္ဌာန် လာခဲ့ လာခဲ့၊ ဒီ သုံးချက်ဘဲ ရှုစရာရှိတယ်၊ ပါဠိတော်မူက၊ ဒီပြင်ရှုစရာမရှိဘူး၊ သဘောကျလား (ကျပါတယ်ဘုရား)၊ ရှုတယ်ဆိုတာ ဖြစ်တဲ့သဘောကိုရှု၊ ပျက်တဲ့သဘောကိုရှု၊ ဖြစ်တဲ့ ပျက်တဲ့သဘောကိုရှု၊ ဒါ သတိပဋ္ဌာန်ပါဠိတော်အရ အဲသလိုရှုတော့ ဘာဖြစ်လဲ။

"အတ္ထိ ဓမ္မာ"တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။' အဲသလို ရှုမယ်ဆိုရင် ဒီ ယောဂီပုဂ္ဂိုလ်မှာ ဘယ်လိုဉာဏ်တွေပေါ်လာမလဲဆိုတော့ ပုဂ္ဂိုလ်ရယ် သတ္တဝါရယ် ယောကျ်ားရယ် မိန်းမရယ် လူရယ် နတ်ရယ် မပေါ်တော့ဘူး၊ ဘာတွေ ဉာဏ်မှာထင်သလဲလို့ဆိုရင် သဘောတရားတွေသာ ရှိတယ်လို့ ဉာဏ်ထဲမှာ ထင်လာတယ်။ ဓမ္မာ၊ သဘောတရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ အဿ၊ ထို ယောဂီပုဂ္ဂိုလ်အား။ သတိ၊ သတိသည်။ ပစ္စုပဋ္ဌိတာ၊ ဉာဏ်မှာထင်

http://www.dhammadownload.com

လာသည်။ ဟောတိ၊ ဖြစ်လေတော့၏။ သဘောတရားသာ ရှိတယ်၊ အဲဒီ ထင်လာတဲ့တရားတွေဟာ ဘယ်လိုလဲ။

ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ။ ဒါ ဘာပြောဘာလဲ– အဲဒီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ရှုနေတာဟာ သူ့ကို လိုချင်လို့ ရှုတာမဟုတ်ဘူး၊ သိမ်းပိုက်ထားဘို့ရန် ယူထားဘို့ရန် မဟုတ်ဘူး၊ ဉာဏ်ကလေးထင်ရှားရုံ သတိတင်ရှားရုံသာ သူ့ကိုရှုတာ၊ ယူထားဘို့ ရှုတာ မဟုတ်ဘူး၊ ဉာဏ်ထင်ရှားရုံ သတိထင်ရှားရုံသာ ရှုတာ၊ အနိဿိတော စ၊ တဏှာဒိဋ္ဌိဖြင့် သူ့ကို မမှီမူ၍။ ဝိဟရတိ၊ သူက နေတယ်။ တဏှာဒိဋ္ဌိနဲ့ မမှီတော့ဘူးတဲ့ သူက၊ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားပေါ်မှာ။

> **န စ ကိဉ္စိ လောကေ ဥပါဒိယတိ၊ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။**

လောကေ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကာ၌။ ကိဉ္စိ၊ တစုံတခုသော တရားကိုမျှ။ **န** ဥပါဒိယတိ၊ အတ္တအနေအားဖြင့်၎င်း၊ အတ္တနိယ=ငါ့စွာအနေအားဖြင့်၎င်း မစွဲလမ်းတော့ဘူး။ ဘိက္ခဝေ၊ ရဟန်းတို့။ **ဧဝံ ခေါ**၊ ဤသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်တို့၌။ **ဓမ္မာနုပဿီ**၊ သဘောတရားကို အဖန်တလဲလဲရှုသည်ဖြစ်၍။ **ဝိဟရတိ**၊ နေ၏။

အဲသလို ဘုန်းတော်သခင် သမ္မည့်မြတ်စွာဘုရားသည် ဗောဇ္ဈင်္ပမ္မဒေသနာကို နိဂုံးချုပ်ပါတယ်။

သစ္စာလေးချက်။ ။ဒီ နေရာမှာ— ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားကို ရှုတဲ့ သိမ်းဆည်းတဲ့ သတိသည် ဒုက္ခသစ္စာ၊ ဘာ သစ္စာတဲ့လဲ– (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာ။ အဲဒီ သတိကို ဖြစ်စေချင်တဲ့ ဗောဇ္ဈင်္ခုနစ်ပါး အကျင့်တရားဖြစ်ချင်တဲ့ ပုရိမတဏှာသည် သမုဒယသစ္စာ၊ ထို ဒုက္ခ သမုဒယ ၂-ပါးတို့ရဲ့ မဖြစ်ခြင်းသည် နိရောဓ သစ္စာ၊ ဒီ ဒုက္ခ သမုဒယ နှစ်ပါးတို့၏ မဖြစ်ခြင်းကို သိခြင်း မျက်မှောက် ပြုနိုင်ခြင်းသည် ကိလေသာတို့မှ လွတ်ခြင်းသည် လွတ်တာကို သိတဲ့ အသိဉာဏ်သည် မဂ္ဂသစ္စာ၊ အဲသလို သစ္စာ ၄-ပါးကို ပြ၍ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည် ဒီ ဗောဇ္ဈင်္ပမ္မ ကို နိဂုံးချုပ်တော်မူတယ်။

http://www.dhammadownload.com

နိဂုံး နိဗ္ဗာန ဓာတုပတ္ထနာ ဆုပေး။ ။ဤကဲ့သို့ ဓမ္မာနုပဿနာ ဗောဇ္ဈင်ပဗ္ဗ-
သုတ္တန်တရားဒေသနာကို ရှိသေစွာ နာခံ
မှတ်သားရခြင်း တည်းဟူသော ဓမ္မဿဝန ကုသိုလ်ကံစေတနာတို့ကြောင့်ငှင်း၊
သရဏဂုံ သီလ ကုသိုလ်ကို ခံယူဆောက်တည်ရခြင်း တည်းဟူသော သရဏဂုံ
သီလ ကုသိုလ်ကံ စေတနာ တို့ကြောင့်ငှင်း၊ ပွါးများ အားထုတ်အပ် ကုန်သော
ဘာဝနာမယ ကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့်ငှင်း၊ ဤသို့ ပေါင်းအပ်
များမြတ်သော ကောင်းမှုကံ စေတနာ အပေါင်းတို့ကြောင့်—

ဤ ပစ္စုပ္ပန် လောက၌ပင်လျှင် တရားတော်ကို နာယူကြကုန်သော အမျိုး
ကောင်းသား - သွီးတို့မှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အား ကြီးခြင်း၊
ချမ်းသာကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်းခိုးအာနုဘော်ကြီးခြင်း အစ
ရှိကုန်သော အလုံးစုံကုန်သော ကောင်းကျိုး ချမ်းသာမင်္ဂလာ ကျက်သရေ
မင်္ဂလာ အဖြာဖြာတို့ တနေ့တခြား တိုးပွါး စည်ပင်ကြကုန်သည် ဖြစ်၍ မြတ်စွာ
ဘုရားရှင်၏ သာသနာတော် မြတ်ကြီးအတွင်း၌ ဤတရားဒေသနာကို နာယူကြ
ကုန်သော အမျိုးကောင်းသား အမျိုးကောင်းသွီးတို့၏ သန္တာန်ဝယ်–

သမ္မပ္ပဓာန် လေးချက်။ ။(၁) ဖြစ်ခဲ့ကုန်ပြီးသော အ ပါ ယ် လား ကြောင်း
မကောင်းမှု အကုသိုလ် တရားတွေကို ပယ် သတ် နိုင်
အောင် ကြိုးစား၍ ပွါးများအားထုတ်ခြင်း တည်းဟူသော သမ္မပ္ပဓာန်လုံလ။

(၂) မဖြစ်သေးသော အကုသိုလ်တရားတွေကို တားမြစ်နိုင်ခြင်း တည်းဟူ
သော သမ္မပ္ပဓာန်လုံလ။

(၃) မဖြစ်သေးသော ကုသိုလ်တရားတွေကို ဖြစ်အောင်ကြိုးစား၍ ပွါးများ
အားထုတ်နိုင်ခြင်း တည်းဟူသော သမ္မပ္ပဓာန်လုံလ။

(၄) အမျိုးကောင်းသား အမျိုးကောင်းသွီးတို့၏ သန္တာန်ဝယ် ဖြစ်ခဲ့ကုန်
ပြီးသော ဒါနကုသိုလ် သီလကုသိုလ် သမာဓိကုသိုလ် ပညာကုသိုလ် များကို
တည်နေအောင် ကြိုးစားပွါးများ အားထုတ်ခြင်း တည်းဟူသော သမ္မပ္ပဓာန်-
လုံလ။

ဤ လေးပါးသော သမ္မပ္ပဓာန်လုံလ ကိုယ်စီ ကိုယ်ငှ ရှိကြကုန်သည်ဖြစ်၍
ဘုရား အစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့သည် ကောင်းစွာ

http://www.dhammadownload.com

ထိုးထွင်း၍ သိမြင်တော်မူကြကုန်သော ဤ ဓမ္မာနုပဿနာသတိပဋ္ဌာန် တရား ဒေသနာဌ် ဟောတော်မူအပ်ကုန်သော—

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊
(၂) သမုဒယသစ္စာကို ပယ်ခွါနိုင်ခြင်း၊
(၃) နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း၊
(၄) မဂ္ဂသစ္စာကို ပွါးများနိုင်ခြင်း၊

တည်းဟူသော မင်္ကိစ္စ ၄-ချက် တပြိုင်နက် ကိစ္စပြီးကုန်သည်ဖြစ်၍ ဘုရား အစရှိကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော် ရွှင်ပျော်ကြွသွားရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို မင်္ဂဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန် သတည်း။

သာဓု သာဓု သာဓု။

ဗောဇ္ဈင်္ပဗ္ဗ ဒုတိယပိုင်း ပြီး၏။

မေတ္တဂူသုတ္တန် နောက်ဆက်တွဲ ဗောဇ္ဈင်္ပိုင်း ပြီးပြီ။

http://www.dhammadownload.com

၅-ဓောတကသုတ္တန် ပဌမဗိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၆-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ထုံး လုပ်နည်း တို့ကို ဟောကြားထားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ် ၌ လာသော ဓောတကသုတ္တန် တရားတော်။

ဓောတကသုတ္တန် မည်ပုံ။ ။ဒီ သုတ္တန် တရားဒေသနာတော်ကို ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုရွှင်တော် မြတ်ဘုရား သည် ရာဇဂြိဟ်ပြည် ပါသာဏကနတ်ကွန်း၌ သီတင်းသုံးတော်မူစဉ် အခါမှာ ဗာဝရီ ပုဏ္ဏားကြီးရဲ့ တပည့်ပုဏ္ဏား ၁၆-ယောက်တို့တွင် အပါအဝင်ဖြစ်တဲ့ ဓောတကပုဏ္ဏားပညာရှိရဲ့ မေးမြန်းချက်တွေကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောတဲ့အတွက် ဓောတကသုတ္တန်လို့ အမည်တပ်ပြီးတော့ ဟောကြားတော် မူခဲ့ပါတယ်၊ ပါဠိတော်မှာ ရှိတာကတော့ ဓောတက မာဏဝက ပုစ္ဆာလို့ ရှိတယ်။

အဲဒီ သုတ္တန်တရား ဒေသနာတော်ကို ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများအား ဘုန်းကြီးတို့က တရားဟောပုဂ္ဂိုလ်အနေနဲ့ ဟော ပေးရမယ်။ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကလဲ တရားနာတဲ့ ပုဂ္ဂိုလ်တို့အနေဖြင့် နာရမယ်၊ တရားက ဘယ်သူတရားလဲဆိုတော့ မြတ်စွာဘုရားရဲ့တရား။

ဘုရားရှိခိုးရန် တိုက်တွန်းပုံ။ ။ဒီတော့ မြတ်စွာဘုရားတရားကို ဟောကြားရမှာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကဲ လက်အုပ်ကလေးတွေချီထားကြ ညီညီညာညာ လက်အုပ်ချီနည်း စည်းကမ်းကျအောင်ချီထား၊ လက်မထိပ်ကလေး နှစ်ခုဟာ မျက်ခုံးမွေးနှစ်ခုအကြားမှာ ရှိနေပစေ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညို သဒ္ဓါပါဠိများ နိုင်ကြပါစေ။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဘုရားရှိခိုးအနက် ရှေးနည်းအတိုင်းဖြစ်ပါသည်)

ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည် ပါသာဏကနတ်ကွန်းကနေပြီးတော့ ၁၆-ယူဇနာ ရှိတဲ့ ပရိသတ်ကြီးအတွင်းမှာ ဓောတကသုတ္တန်ကို ဟောကြားတော်မူတော့မယ် မြတ်စွာဘုရားက အဲဒီ ဓောတကသုတ္တန်ကို မဟောခင် ရှေးဦးစွာ ဗာဝရီပုဏ္ဏား ကြီး၏ တပည့် ပုဏ္ဏား ၁၆-ယောက်တို့တွင် ၅-ယောက်မြောက်ဖြစ်တဲ့ ဓောတက ပုဏ္ဏားက မြတ်စွာဘုရားကိုလျှောက်တယ်၊ ပုစ္ဆာမေးတယ်။ ဘာပြုလို့မေးသလဲ ဆိုတော့ မြတ်စွာဘုရားက ခွင့်ပြုထားလို့။

"ကတာဝကာသာ ပုစ္ဆ ဝှေါ၊ ယံ ကိဉ္စိ မနသိစ္ဆထ"

ဗာဝရီပုဏ္ဏားကြီး၏ဂုင်း၊ ပုဏ္ဏားရသေ့ ၁၆-ဦးတို့၏ဂုင်း အခြားအခြားသော ယုံမှားသံသယ ရှိနေကြသော ပုဂ္ဂိုလ်အပေါင်းတို့၏ဂုင်း မေးလိုတဲ့ အမေးပုစ္ဆာ ပြဿနာတွေကို မေးကြ ငါဘုရား ခွင့်ပြုတော်မူတယ်။ သင်တို့ မေးမြန်းသမျှ ပုစ္ဆာတွေကို ငါဘုရား အကြွင်းအကျန်မရှိ ဖြေကြားတော်မူမယ်။ အဆုံးသို့ တိုင်အောင် ဖြေကြားတော်မူမယ်လို့ မြတ်စွာဘုရားက ဒီလို ဝန်ခံထားတယ်။

ဓောတကပုဏ္ဏား လျှောက်ထားချက်။ ။အဲသည်လို ဝန်ခံထားသည်အားလျော်စွာ ဓောတကပုဏ္ဏားကြီးက သူ့မှာ ရှိနေတဲ့ ယုံမှားသံသယ သူသိချင်နေတဲ့ အချက်တွေကို မြတ်စွာဘုရားကိုလျှောက်တယ်။ ပညာရှိဆိုတာ ဘယ်လောက်တောင် ပညာရှိနေသလဲဆိုတော့ လောကီ ဘက်ကဆိုရင်လဲ ဝေဒကျမ်းတွေကို တဖက်ကမ်းခပ်အောင် တတ်မြောက်ထားတဲ့ ပညာရှိတွေနော် (မှန်ပါဘုရား)။ ဣတိဟာသကျမ်း နိဂဏ္ဍုကျမ်း ကေဋျဘကျမ်းစတဲ့ အဲသလို လောကီကျမ်းအမျိုးမျိုးကို စုံလင်အောင် သူတို့က တတ်ပြီးသားတွေ။

ဓမ္မဆိုတဲ့ တရားဘက်က ကြည့်မယ်ဆိုရင်လဲဘဲ ဈာယီ ဈာနရတာ ဓီရာ၊ ဈာယီ၊ ဈာန်ဝင်စားလေ့ရှိကုန်သော။ ဈာနရတာ၊ ဈာန်၌မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်၍နေကြကုန်သော။ ဓီရာ၊ ဈာန်ဆိုတဲ့ပညာနဲ့ ပြည့်စုံရှိနေကြကုန်သော လို့ သူတို့ရဲ့ ဝိသေသနပုဒ်မှာ ဒီလို ပြထားတော့ သူတို့က ပညာရှိနေတဲ့ပုဂ္ဂိုလ်တွေ၊ ဓမ္မဘက်ကလဲဘဲ ဈာန်ရနေတဲ့ပုဂ္ဂိုလ်တွေ၊ ဈာနလာဘီ ပုဂ္ဂိုလ်ကြီးတွေ၊ သမာဓိ အင်မတန်ကောင်းတယ်။ ဒီတော့ အဲဒီလို ပုဂ္ဂိုလ်ကြီးတွေက မြတ်စွာ ဘုရားကို ပုစ္ဆာမေးတယ်လို့ဆိုတော့ သူတို့မေးတဲ့ ပုစ္ဆာဟာ သာမညပုစ္ဆာ မဟုတ်ဘူး၊ အင်မတန် ခက်ခက်ခဲခဲ နက်နက်နဲနဲ ပုစ္ဆာဘဲ။ ဘယ်လိုမေးသလဲ မြတ်စွာဘုရားကို—

http://www.dhammadownload.com

ပုစ္ဆာမိ တံ ဘဂဝါ ဗြူဟိ မေတံ၊
ဝါစာဘိကခ်ါမိ မဟေသိ တုယ္ဟံ။
တဝ သုတ္ဓာန နိဂ္ဃေါသံ၊ သိက္ခေ နိဗ္ဗာနမတ္တနော။

ဒါ ဓောတက လို့ခေါ်တဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် ငါးယောက်မြောက် ပုဏ္ဏားပညာရှိ မေးလျှောက်တဲ့ဂါထာ။

မဟေသီ၊ သီလက္ခန္ဓ စသည့် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူလေ့ရှိပါပေသော မြတ်စွာဘုရား။ တုယ္ဟံ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင်၏။ ဝါစံ၊ စကားတော်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ အဘိကခ်ါမိ၊ အလွန်နှစ်သက်လိုလားတောင့်တ၍ နေပါတော့သည်ဘုရား။ တဝ၊ ဘုန်းတော်တောက်ကြွား ရှင်တော်မြတ်ဘုရား၏။ နိဂ္ဃေါသံ၊ ဟောကြားတော်မူတဲ့အသံကို။ သုတ္ဓာန၊ နာခံမှတ်သားပြီးသည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ နိဗ္ဗာနံ၊ ရာဂ အစရှိသော ကိလေသာမီးတို့၏ ငြိမ်းအေးခြင်းကို။ သိက္ခေ၊ ကျင့်နိုင်ပါသလော။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသောမြတ်စွာဘုရား။ တံ၊ ထိုအကြောင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ ဘဂဝါ၊ ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား။ ဧတံ၊ ထိုဘုရားတပည့်တော် မေးလျှောက်တဲ့ အကြောင်းကို။ တုံ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဗြူဟိ၊ ဖြေကြားတော်မူပါလော။ ဣတိ၊ ဤသို့။ အာယသ္မာ ဓောတကော၊ အရှင်ဓောတကသည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထားပါပေသတည်း။

သာဓု သာဓု သာဓု။

စကားပြေ ပြန်ပြောရအောင် ခပ်ကျဉ်းကျဉ်းဘဲ ပြောမယ်။

မြတ်စွာဘုရား ဘုရားတပည့်တော်သည် အရှင်ဘုရား ဟောကြားမဲ့ တရား စကားကို အင်မတန်နှစ်သက်နေပါတယ်တဲ့၊ နှစ်သက်နေသည် ဖြစ်သောကြောင့် အရှင်ဘုရားရဲ့ အထံမှ ဟောကြားလတ္တံ့ ဖြစ်တဲ့ တရားတော်ကိုလဲဘဲ ဘုရားတပည့်တော် နာယူဘို့ရန်အတွက် မျှော်လင့်တောင့်တနေပါတော့သည် ဘုရားတဲ့ ဓောတကက။ အရှင်ဘုရားကို အခု ပုစ္ဆာတခု မေးပါရစေ အရှင်ဘုရား ဟောတဲ့ တရားကို နာပြီးတော့ အရှင်ဘုရား၏ တရားသံကို နာခံ မှတ်သား ပြီးတော့ ဘုရားတပည့်တော် သန္တာန်မှာရှိနေတဲ့ ရာဂ ဒေါသ မောဟဆိုတဲ့ ကိလေသာ

http://www.dhammadownload.com

မီးတွေ ငြိမ်းအောင် ကျင့်နိုင်ခွင့်ရှိပါသလား ဘုရားလို့ ဒီအကြောင်းကို အရှင် ဘုရားအား မေးပါတယ်၊ ဖြေတော်မူပါလို့ လျှောက်ထားတယ်။

အရှင်ဘုရား တရားကို နာပြီးတော့ ကိလေသာ ရာဂ မီးတွေ ငြိမ်းကြောင်းကို ကျင့်နိုင်ခွင့်ရှိပါသလား ဘုရား၊ ဘာတွေကျင့်ရမလဲ။ ဆိုလိုတဲ့အဓိပ္ပါယ်။ ပိုပြီးတော့ ရှင်းအောင် သဘောပေါက်လွယ်တဲ့ အဓိပ္ပါယ်ကို ထပ်ပြော ရမယ်ဆိုရင် တရားနာရုံနဲ့ တပည့်တော်တို့ တရားရမှာလားဘုရား၊ ဒီလိုမေးတဲ့ မေးခွန်း။

ဘုရားရှင်ဖြေကြားခြင်း။ ။ဒီတော့ မြတ်စွာ ဘုရားရှင် ကိုယ်တော် မြတ်က ဓောတကရဲ့ အဇ္ဈာသယကို ကြည့်ပြီးတော့ ဒီ ပုဂ္ဂိုလ်သည် တရားတော်ကို နာယူပြီး တရားနာနေတဲ့အတောအတွင်းမှာ သီလ သမာဓိ ပညာလို့ဆိုတဲ့ သိက္ခာ သုံးပါးကို အစဉ်အတိုင်း ကျင့်ကြံသွားမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမဲ့ပုဂ္ဂိုလ်လို့ဆိုတာ မြတ်စွာဘုရားမြင်တော်မူတယ်၊ ဘာနဲ့မြင်သလဲ အာသယာနုသယဉာဏ်တော်နဲ့ မြင်တော်မူတယ်၊ ဣန္ဒြေက ဘယ်လောက်လဲ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေကလဲ ဘယ်အချိန်လောက်ကျမှ ဣန္ဒြေ ရင့်ကျက်ပြီးတော့ ဣန္ဒြေညီမျှပြီးတော့ မဂ်ဖိုလ်ကို အာရုံပြုနိုင်မလဲ ဆိုတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဖြင့် မြင်တော်မူတယ်။ ဒီလို မြင်တော်မူတဲ့အတွက် ဓောတကကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သူမေးတဲ့မေးခွန်းကို ပြန်ပြီးတော့ ဖြေလိုက်တယ်၊ တရားအားထုတ်ဘို့ တရားကျင့်ဘို့နဲ့ ပတ်သက်လို့ ဘယ်လိုဖြေသလဲ။

မြတ်စွာဘုရားရဲ့ အဖြေဂါထာ ရွတ်ကြစို့။

တေန ဟာတပ္ပံ ကရောဟိ၊ ဣဓေဝ နိပကော သတော။
ဣတော သုတ္တာန နိဂ္ဂေ ဟိသံ၊ သိက္ခေ နိဗ္ဗာနမတ္တနော။

မြတ်စွာဘုရား ပြန်ဖြေတဲ့ အဖြေ။ ဒါမြတ်စွာဘုရား နှုတ်တော်က ထွက်တဲ့ စကားလုံးတွေ။

ဓောတက၊ ဓောတက။ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ တံ၊ သင်သည်။ အာတပ္ပံ၊ အာကပ္ပ-လှုံလ ဝီရိယကို။ ကရောဟိ၊ ပြုလေလော့။ (အာတပ္ပ-လှုံလ ဝီရိယကို ကျင့်ပါ) ဣတော၊ ငါဘုရားရှင် ကိုယ်တော်မြတ်၏ အထံမှ။ နိဂ္ဂေါဟံ၊ ငါဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို။ သုတ္တာန၊ ကြားနာရသည် ဖြစ်၍။ ဣဓေဝ၊ ဤသာသနာတော်အတွင်း၌ပင်လျှင်။ သတော၊ လေးပါးသော သတိပဋ္ဌာန်နှင့်ပြည့်စုံသည်။ နိပကော၊ ရင့်ကျက်သောပညာနှင့်ပြည့်စုံသည်။ ဟုတ္တာ၊ ဖြစ်၍။ အတ္တနော၊ မိမိ၏။ နိဗ္ဗာနံ၊ ရာဂ ဒေါသစသော ကိလေသာ အပေါင်း

http://www.dhammadownload.com

တို့ရဲ့ ငြိမ်းရာ ငြိမ်းကြောင်းဖြစ်တဲ့ တရားကို။ သိက္ခေ၊ သိလ သမာဓိ ပညာ သိက္ခာ သုံးပါး အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ရာသတည်း။

သာဓု သာဓု သာဓု။

ဘုန်းကြီးတို့ ပါဠိတော် ဟောစဉ်က ပါဠိတော်ရှုတ်၊ အနက်ပေး၊ ပြီးတော့ ဒီပါဠိတော်ကို ဖွင့်ဆိုထားတဲ့ အဋ္ဌကထာရဲ့ အဓိပ္ပါယ်တွေကို ဖော်ပြပြီးတော့ ပြောပြပေး၊ ပါဠိတော်မှာ ဟောကြားထားတဲ့ စကား တလုံးတလုံးကို ဝိပဿနာ ရှုကွက်ပေါ် အောင် ဖော်ပေး၊ ဒါ ပါဠိတော်ဟောစဉ်ရဲ့ စည်းကမ်းလေးချက်။

အာတပ္ပလုံ့လအကြောင်း။ ။အဓိပ္ပါယ် ပြောဘို့ ကတော့ မြတ်စွာ ဘုရားက ဓောဘက ပုဏ္ဏားကို ဘာဟောလဲ ဆိုတော့ တရားနာပြီးတော့ ကိလေသာငြိမ်းကြောင်းဖြစ်တဲ့ အကျင့်လုပ်ငန်းတွေကို သင်လုပ်ချင်တယ်ဆိုရင် အာတပ္ပ=လုံ့လ ဝီရိယကို သင် ထူထောင်ရမယ်တဲ့။အာတပ္ပ မဟာဝဂ္ဂအဋ္ဌကထာ မူလပဏ္ဏာသအဋ္ဌကထာ[၁] က အာတပ္ပ-လုံ့လ အကြောင်းကို လုံ့လလို့ဆိုတာ ဘာကို ခေါ်သလဲ။ အာတပ္ပ-လုံ့လလို့ ဆိုတာကို ဘုန်းကြီးတို့ ဆိုပေးထားကြတယ်။

တီသု ဘဝေသု ကိလေသေ အာတပ္ပေတီတိ အာတပ္ပေါ-တဲ့။ တီသု ဘဝေသု၊ သုံးပါးသော ဘဝတို့၌။ ကိလေသေ၊ ထုဂ ဒေါသ မောဟ **စသော** ကိလေသာတို့ကို။ အာတပ္ပေတိ၊ ခန်းခြောက် စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာတပ္ပေါ၊ အာတပ္ပမည်၏။

ဝီရိယဿေတံ နာမံ။ အဋ္ဌကထာဆရာက အာတပ္ပဆိုတာ ဝီရိယရဲ့ အမည်ဘဲတဲ့၊ အာတပ္ပဆိုတာ လုံ့လ ဝီရိယ၊ အဲဒီလို လုံ့လဝီရိယသည် ဘာလုပ်တတ်သလဲဆိုတော့ ကာမဘုံ ရူပဘုံ အရူပဘုံဆိုတဲ့ ဘုံသုံးပါးမှာရှိတဲ့ ဘုံသုံးပါးမှာ ဖြစ်စေတတ်တဲ့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတည်းဟူသော တဏှာ အစိုခတ် အစေးခတ်တွေကို ခန်းခြောက်စေတတ်တယ်၊ **အဲဒီ** လုံ့လဝီရိယက။ ဒီလို လုံ့လဝီရိယမျိုးကို ဆိုလိုတယ်။

ဝီရိယ ၂-မျိုး။ ။ကောင်းပြီ ဝီရိယဿေတံ နာမံ-လို့ အဋ္ဌကထာဆရာက ပြောထားတော့ ဒီအာတပ္ပဆိုသောအမည်သည် ဝီရိယကိုပြောတာ ပါလို့ အဋ္ဌကထာဆရာက ပြောထားတယ်။ ဝီရိယဟာ နှစ်မျိုးရှိတယ် ကာယိက ဝီရိယနဲ့ စေတသိကဝီရိယလို့ နှစ်မျိုးရှိတယ်။ ဒါဖြင့် အာတပ္ပလို့ဆိုတဲ့အမည်ဟာ ဝီရိယလို့ ဆိုတော့ ကာယိကဝီရိယလား စေတသိက ဝီရိယလားလို့ ဆိုတာကို

၁။ သုတ်မဟာဝါ ဋ္ဌ၊ နှာ(၃၄၉)နှင့် မူလပဏ္ဏာသ ဋ္ဌ၊ ဖ-တွဲ၊ နှာ(၂၄၈)

http://www.dhammadownload.com

သိဘို့လိုပြန်တယ်။ လိုတော့ အဋ္ဌကထာဆရာရဲ့ ရှေ့နားကိုတိုးပြီး ဖွင့်ပြထားတာကလေးကို ကြည့်လိုက်တော့ အာတပ္ပါတိ စေတသိက ဝီရိယသော်တံ နာမံ။ စေတသိကဝိရိယတဲ့။

ကာယိကဝိရိယ မဟုတ်ဘူး အဋ္ဌကထာဆရာကြီးရဲ့ အပြောနော် (မှန်ပါဘုရား)၊ ဘုန်းကြီးက ပါဠိတော်နဲ့ အဋ္ဌကထာစကားရဲ့ အဓိပ္ပါယ်ဘဲ ပြောမယ်၊ ဘုန်းကြီးစကား ဒီအထဲမှာ မပါဘူး၊ ဒီဥစ္စာ ဘာပြောလဲလို့ဆိုရင် မြတ်စွာဘုရားက ဓောတကကို ပြောနေတယ် သင်္ဘာရားနာပြီးတော့ တရားအားထုတ်တယ်ဆိုရင် အာတပ္ပ-လုံ့လဝီရိယရှိအောင်လုပ်တဲ့၊ ဘာဖြစ်လို့ ဒီလိုပြောရသလဲ အာတပ္ပ-လုံ့လဝီရိယ၊ အာတပ္ပ ဆိုတာ ဘာခေါ်သလဲ ဘုံသုံးပါး၌ရှိနေတဲ့ဖြစ်စေတတ်တဲ့ တဏှာကို ခန်းအောင် ခြောက်အောင် လုပ်တတ်တဲ့သဘော၊ တဏှာဆိုတာ ဘယ်လိုနေသလဲ စေးတယ် ကပ်တယ်ဆိုတဲ့သဘော၊ သစ်ပင် တပင်မှာရှိနေတဲ့ သစ်ရွက်ကလေးတွေဟာ အစေးတွေ ခန်းခြောက်သွားပြီဆိုရင် အဲဒီသစ်ရွက်ဟာ ကြွေကျသလား မကြွေကျဘူးလား (ကြွေကျပါဘယ်ဘုရား)။

တဏှာခန်းခြောက်အောင် လုပ်သင့်ပုံ သုံးဆဲ့တဘုံတည်းဟူသော သစ်ပင်ကြီးထဲမှာသီးနေတဲ့ လူနတ်ငြဟ္မာ သတ္တဝါသီးဟူသော သစ်သီး သစ်ရွက်တွေဟာ တဏှာတည်းဟူသော အစေးခန်းတာ ခြောက်တာနဲ့ တပြိုင်နက်လဲ သုံးဆဲ့တဘုံတည်းဟူသော ဒီသစ်ပင်ကြီးထဲမှာ ဒီသတ္တဝါတွေမရှိတော့ဘူး အကုန်ပြုတ်ကျကုန်မယ်။ အဲဒီတော့ တဏှာတည်းဟူသော အစေးခန်းဘို့ ခြောက်ဘို့ကို လုပ်တဲ့ဥစ္စာ ဘာနဲ့လုပ်ရမလဲ ဆိုတော့ အာတပ္ပ-လုံ့လနဲ့လုပ်ရမယ်တဲ့။ ဒါ အာတပ္ပ-လုံ့လ။

စေတသိကဝိရိယ။ ။စေတသိကဝိရိယ-ဆိုတာ ဘာလဲ စိတ်၌ ယှဉ်တွဲနေသော ဝီရိယ၊ စေတသိကဝိရိယ၊ ဒီတော့ မိမိစိတ်ကို ဝိပဿနာရှုတဲ့ အာရုံတခုပေါ်က နေပြီးတော့ ဝိပဿနာအာရုံမှတပါး တခြားအာရုံကို ပြောင်းမသွားအောင် ထိန်းထားတာ ထောက်ပံ့ထားတာ ဘယ်သူလဲ စေတသိကဝိရိယ။

"ဝီရိယံ ပဂ္ဂဟကိစ္စံ သာဓေတိ" စေတသိကဝိရိယရဲ့ လုပ်ငန်းက ဘာလဲလို့ဆိုတော့ စိတ်ဟာ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ဝိညာဏ် နာမ် ရုပ်တွေကို ရှုနေတဲ့ ရှုစိတ်ကို ဒီဝိညာဏ် နာမ် ရုပ်တွေကို အနိစ္စ ဓုဝ သဿတလို့ မရှုမိအောင် အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ရှုနေတဲ့ ရှုကွက်က နေပြီးတော့ ပြောင်းမသွားအောင် အဲဒီရှုစိတ်ကို ထောက်ပံ့နေတာဟာ ဘယ်သူလဲ စေတသိကဝိရိယ။ အဋ္ဌကထာက "ဝီရိယံ ပဂ္ဂဟကိစ္စံ သာဓေတိ" ဝီရိယလို့ဆိုတာ ပြိုမသွားအောင် လဲမသွားအောင် ပြန့်ထွက်မသွားအောင် ထောက်ပံ့ထားတဲ့ သဘောကို ဝီရိယလို့ ခေါ်တယ်၊ ဥပမာပြတယ် အဋ္ဌကထာဆရာက။

http://www.dhammadownload.com

ဝိရိယထောက်ပံ့ခြင်းအကြောင်း။ ။အိမ်တခုသော်၎င်း ကျောင်းတခုသော်၎င်း ဓမ္မာရုံတခုသော်၎င်း လဲပြိုတော့မယ်ဆိုရင် အဲဒါ မလဲမပြိုအောင်လို့ ယိုင်နေတဲ့ဘက်က နေပြီးတော့ ကျားကန်ပြီးတော့ ထောက်ထားတာကို မတွေ့ဘူးဘူးလား ဘုန်းကြီးတို့ပရိသတ် (တွေ့ဘူးပါတယ် ဘုရား)။ အဲဒီလို ထောက်ထားလိုက်တော့ ဒီအိမ်ကြီးပြိုသေးလား (မပြိုနိုင်တော့ ပါဘုရား)၊ အဲသလိုဘဲ စိတ်ဆိုတဲ့ ဝိပဿနာအာရုံကို ဝိညာဏ် နာမ် ရုပ် စိတ် စေတသိက် ရုပ် တည်းဟူသော အာရုံတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမတည်းဟူသော ဝိပဿနာဉာဏ်ဖြင့်ရှုနေတဲ့ ရှုစိတ်ကို တခြားအာရုံပေါ် ပြုကျမသွားအောင် လဲကျမသွားအောင် ထောက်ပံ့ထားတဲ့ ခစတသိကဝိရိယကို ဝိရိယလို့ခေါ်တယ်။

အဲဒီ ဝိရိယနဲ့ ထောက်ပံ့ထားမယ်ဆိုရင် ကိလေသာဝင်ခွင့် ရသေးလား (မရတော့ပါဘုရား)၊ တဖြေးဖြေး ကိလေသာတွေက ခန်းခန်းပြီး သူကခြောက်သွားတယ်။ ဝိရိယနဲ့မြို့ကိုပေးတာ ဝိရိယရဲ့ အဓိပ္ပါယ်တော်ပြီ ဒီလောက်ပြောရင်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဘာဖြစ်လို့ ဓောတကကို ဒီအာတပ-လုံ့လကို ထူထောင်ပါ၊ တရားအားထုတ်တဲ့ပုဂ္ဂိုလ် ဝိရိယ ထူထောင်ပါလို့ မြတ်စွာဘုရား ဘာပြုလို့ မိန့်သလဲ၊ ဘုန်းကြီးတို့ ပါဠိတော်တခုရှာမယ် ဣတိဝုတ်ပါဠိတော် နှာ(၂၁၄)မှာ အာတာပီသုတ္တန်လို့ ဆိုတာ ရှိတယ်။

အနာတာပီ ဘိက္ခဝေ ဘိက္ခု အနောတ္တာပီ အဘာဗ္ဘော သမ္ဘောဓာယ၊ အဘာဗ္ဘော နိဗ္ဗာနာယ၊ အဘာဗ္ဘော အနုတ္တရဿ ယောဂက္ခေမဿ အဓိ-ပမာယ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အနာတာပီ၊ အာတပ-လုံ့လ-ဝိရိယမရှိသော။ အနောတ္တာပီ၊ အကုသိုလ်တရားကို မလန့်မထိတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဘိက္ခု၊ ကိလေသာကို ပျက်စီးအောင် ဖျက်ဆီး နိုင်တယ် ဆိုတဲ့ ကုလပုတ္တအမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သမ္ဘောဓာယ၊ အရိယာမဂ်ကို ထိုးထွင်းချ သိခြင်းငှါ။ အဘာဗ္ဘော၊ မထိုက်။ နိဗ္ဗာနာယ၊ ကိလေသာမီးငြိမ်းခြင်းငှါ။ အဘာဗ္ဘော၊ မထိုက်။ အနုတ္တရဿ၊ အတုမရှိ လွန်ကဲမြင့်မြတ်သော။ ယောဂက္ခေမဿ၊ ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂ တည်းဟူသော ယောဂလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော၊ နိဗ္ဗာန်သို့။ အဓိ-ဂမာယ၊ ရောက်ခြင်းငှါ။ အဘာဗ္ဘော၊ မထိုက်။

လုံ့လမရှိက နိဗ္ဗာန်နှင့် ဝေးပုံ။ ။မြတ်စွာဘုရား ဘာဟောလဲ ဘုန်းကြီးတို့ ပရိ-သတ်၊အာတပ-လုံ့လ ဝိရိယမရှိတဲ့ ပုဂ္ဂိုလ်ဟာတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ရခြင်းငှါ မထိုက်တဲ့ပုဂ္ဂိုလ်ဘဲ၊ ရထိုက်တဲ့ ပုဂ္ဂိုလ်မဟုတ်ဘူးတဲ့၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း

http://www.dhammadownload.com

သမီးများမှာ မင်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ချမ်းသာကို လိုချင်တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးများမှာ နိဗ္ဗာန်မင်ဖိုလ်ကို ရထိုက်တယ်လို့ ဆိုတဲ့ အာတပ္ပလွှဲလ ဝိရိယရှိရမလား မရဘူးလား (ရှိရမှာပါဘုရား)၊ ဒီ လွှဲလ ဝိရိယ မရှိရင် မင်ဖိုလ်နိဗ္ဗာန် မရတော့ဘူးတဲ့၊ မြတ်စွာဘုရားက—

အာတာပီ စ ခေါ ဘိက္ခဝေ ဘိက္ခု သြတ္တာပီ ဘဗ္ဗော သမ္မောဓာယ၊
ဘဗ္ဗော နိဗ္ဗာနာယ၊ ဘဗ္ဗော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ။
ဣတိဝုတ် ပါဠိတော် နှာ(၂၁၄)မှာ။

ဘိက္ခဝေ၊ ရဟန်းတို့။ အာတာပီ၊ သုံးဆဲ့တဘုံ၌ ဖြစ်စေတဲ့ ကိလေသာတွေကို တဏှာတည်းဟူသော ကိလေသာတွေကို ခန်းတတ် ခြောက်တတ် စေတတ်သော သဘောရှိသော အာတပ္ပလွှဲလ ဝိရိယ ရှိသော။ သြတ္တာပီ၊ အကုသိုလ် ဒုစရိုက်တွေ ပြုကျင့်ရမှာကို လန့်ထိတ်၍ နေသော။ ဘိက္ခု၊ ရဟန်းသည်။ သမ္မောဓာယ၊ လေးပါးသော မင်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍သိခြင်းငှါ။ ဘဗ္ဗော၊ ထိုက်ပေတော့၏။ နိဗ္ဗာနာယ၊ ကိလေသာမီး ငြိမ်းအေးခြင်းငှါ။ ဘဗ္ဗော၊ ထိုက်ပေတော့၏။ အနုတ္တရဿ၊ အတုမရှိ လွန်ကဲမြင့်မြတ်တော်မူသော။ ယောဂက္ခေမဿ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ အဓိဂမာယ၊ ရခြင်းငှါ။ ဘဗ္ဗော၊ ကောင်းစွာမသွေ ထိုက်တန်တဲ့ အမျိုးကောင်း သား သမီးများ ပီသပါပေသတည်း။

သာဓု　သာဓု　သာဓု။

အဲ ဒါကို နှောက်က ဂါထာကလေးနဲ့ ပြထားတယ် သူက—

အနာတာပီ အနှောတ္တာပီ၊ ကုသိတော ဟီနဝီရိယော။
ယော ထိနမိဒ္ဓဗဟုလော၊ အဟိရိကော အနာဒရော။
အဘဗ္ဗော တာဒိသော ဘိက္ခု၊ဖုဋ္ဌုံ သမ္မောဓိမုတ္တမံ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ အနာတာပီ၊ အာတပ္ပလွှဲလ ဝိရိယမရှိသည်။ ဟောတိ၊ ဖြစ်၏။ အနှောတ္တာပီ၊ အကုသိုလ် ဒုစရိုက်တွေကို ပြုလုပ်ရမှာကို မလန့်သော သဘောရှိသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ကုသိတော၊ ကာမဂုဏ်အာရုံတို့၌ မှုန်းထုံပြီးသကာလ ကုသိုလ်ကောင်းမှုကို မလုပ်ချင်ဘဲ ပျင်းရိငြီးငွေ့၍ နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

တရား ၃-မျိုးနဲ့ မိမိကိုယ်ကို စစ်ဆေးကြည့်ပါ။　　။ကိုယ်ဘယ်အထဲမှာပါ
သလဲလို့ ဘုန်းကြီးတို့
ပရိသတ် ကြည့်ကြ အနာတာပီထဲ ပါသလား၊ အနှောတ္တာပီထဲ ပါသလား၊

၁။ ဣတိဝုတ်ပါဠိတော်၊ နှာ(၂၁၄)။

http://www.dhammadownload.com

ကုသီတော ဆိုတဲ့ပျင်းရိတဲ့အထဲမှာ ပါသလား၊ တရားနာရမှာ ပျင်းတယ်၊ တရား အားထုတ်ရမှာ ပျင်းတယ်၊ ဘုရားရှိခိုးရမှာ ပျင်းတယ်၊ ဆွမ်းတော်တင်ရမှာ ပျင်းတယ်၊ ပန်းကပ်ရမှာ ပျင်းတယ်၊ ပွဲကြည့်မှာတော့ မပျင်းဘူး၊ ဘိုင်စကုပ် ကြည့်ဘို့ကျတော့ မပျင်းဘူး၊ ပျော်ဘို့ပါးဘို့ကျတော့ သူမပျင်းဘူး၊ ကြိုးစားပြီးတော့ လုပ်ကြတယ် နော် (မှန်ပါဘုရား)။

အဋ္ဌကထာအာဘော်၊ ဒီအတိုင်းဘဲ ဘုန်းကြီးသဘောနဲ့ ပြောတာ မဟုတ်ဘူး၊ ကုသိုလ်ကောင်းမှု ပြုလုပ်ရမှာကို သူကပျင်းတယ်၊ အဲဒါ ကုသီတ။ ကာမဂုဏ် အာရုံ၌သာ သူတွေးပြီးတော့ ကာမဝိတက်တွေ ကြံ၊ ဗျာပါဒဝိတက်တွေ ကြံ၊ ဝိဟိံသဝိတက်တွေ ကြံ၊ အဲသလိုနေတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ရမှာကိုတော့ သူကပျင်းနေတယ်၊ ဒါကို ကုသီတလို့ခေါ်ပါတယ်တဲ့ (အဋ္ဌကထာက)။

ဟိနဝီရိယော၊ ယုတ်လျော့သော ဝီရိယရှိသော ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်၍ နေပေတော့၏။

ဒီ ၄-ချက် စက်ကွင်းထဲမှာ ကိုယ်ဘယ်အထဲ မိနေသလဲဆိုတာ ဘုန်းကြီးတို့ ပရိသတ် မြင်အောင် ကြည့်ပြီးတော့မှ ဒီစက်ကွင်းက လွတ်အောင် ထွက်ရမယ်၊ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်။

ထိနမိဒ္ဓဟုလော၊ အိပ်ချင်ခြင်း ငိုက်မျဉ်းခြင်း၌ များ၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

သိပ်အိပ်တဲ့လူဆိုရင် နိဗ္ဗာန်မရနိုင်ဘူးတဲ့ မြတ်စွာဘုရားက၊ အအိပ်ကြီးတဲ့ ပုဂ္ဂိုလ်တွေ ထိနမိဒ္ဓတွေ ထိုင်းမှိုင်းပြီးတော့ တရားနာလဲငိုက်၊ တရားအားထုတ်လဲငိုက်၊ အဲသလို ငိုက်နေရင်တော့ မဖြစ်ဘူးတဲ့ မြတ်စွာဘုရားက။

အဟိရိကော၊ အကုသိုလ်ဒုစရိုက်ဆိုတဲ့ တရားတွေကို ပြုလုပ်ရမှာကို မရှက်တဲ့ပုဂ္ဂိုလ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ အနာဒရော၊ ပုဂ္ဂိုလ်နှင့် ဓမ္မကို မရိုသေသော ပုဂ္ဂိုလ်သည်လည်း။ ဟောတိ၊ ဖြစ်လေတော့၏။ တာဒိသော၊ ထိုသို့သဘောရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဥတ္တမံ၊မြတ်လှစွာသော။ သမ္မောဓိံ၊ အရိယာတို့သိတဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် လေးပါးသော မဂ်ဖိုလ်ဉာဏ်ကို။ ဖုဋ္ဌုံ၊ တွေ့ထိ ရောက်သိခြင်းငှ့်။ အဘဗ္ဗော၊ မရထိုက်တော့သည်သာလျှင်တည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

အာတပ္ပကို ဘုန်းကြီးက ပါဠိတော်တခုကနေ ပါဠိတော်တခုကို ပြောင်းပြီး တော့ ဟောပေးနေတာ၊ ဓောတကသုတ္တန်မှာ မြတ်စွာဘုရားက ဘာဟောထား သလဲဆိုတော့– တေန ဟာတပ္ပံ ကရောဟိ။ ဓောတက၊ ဓောတက။ တေန ဟိ၊ သင်တရားနာပြီးတော့ တရားအားထုတ်ချင်တယ် ဆိုရင်။ အာတပ္ပံ၊ အာတပ္ပ-လှံလဝီရိယကို။ ကရောဟိ၊ ပြုပါလော့–လို့ ဒီလိုပြောထားတယ် မြတ် စွာဘုရားက၊ ဟောရင်းပါဠိတော်မှာ။ ဒီတော့ အာတပ္ပဆိုတာ ဘာလဲလို့ဆိုတာ ဘုန်းကြီးတို့ အဋ္ဌကထာနဲ့ ပြောပေးပြီးပြီ၊ ဒီအာတပ္ပ-လှံလကို မြတ်စွာဘုရားက ဘာပြုလို့ လုပ်ရသလဲဆိုတဲ့အကြောင်းကို ဘုန်းကြီးက ဣတိဝုတ်ပါဠိတော်ကို ကူးပြောင်းပြီး ပြောပြီးပြီ။ မင်္ဂိုလ်နိဗ္ဗာန်ကို မရထိုက်တဲ့ အင်္ဂါနော်– (မှန်ပါ ဘုရား)။

ပဋိဂ္ဂပဒေသဝါသစက် အကြောင်း။ ။တိဟိတ်ပုဂ္ဂိုလ် မှန်ပါတယ်ဆိုပါတော့ အဓိပ္ပါယ်က တိဟိတ်ပုဂ္ဂိုလ်မှ ရထိုက် တယ်ဆိုတော့ ပါရမီလဲ ပြည့်ပြီးသား မှန်တယ်၊ မြတ်စွာဘုရားသာသနာတော်ကို တွေ့ကြုံတဲ့ ပုဂ္ဂိုလ်လဲ မှန်တယ်၊ သပ္ပုရိသူပနိဿယစက်ကို ရတယ်လို့ဆိုပါတော့၊ သာသနာတော်နဲ့လဲ တွေ့တယ်၊ ပဋိဂ္ဂဟဒေသဝါသစက်လဲ မိတယ်၊ ပဋိဂ္ဂဟဒေသ-ဝါသဆိုတာ ဘာလဲ၊ ပဋိဂ္ဂဟဒေသဝါသလို့ဆိုတာ ဘုန်းကြီးတို့ ခုဒ္ဒကပါဋ္ဌအဋ္ဌ-ကထာ နှာ (၁၁၁)က ဖွင့်တယ်။

ပဋိဂ္ဂဟဒေသဝါဓေသာနာမ ယတ္ထ စတသ္သော ပရိသာ ဝိစရန္တိ ဒါနာဒီနိ ပုညကိရိယဝတ္ထူနိ ဝတ္တန္တိ နဝင်္ဂံ သတ္ထု သာသနံ ဒိဋ္ဌတိ။

ယတ္ထ၊ အကြင်အရပ်၌။ နဝင်္ဂံ၊ အင်္ဂါ-၉-ပါးနှင့် ပြည့်စုံသော။ သာသနံ၊ သာသနာတော်သည်။ ဒိဋ္ဌတိ၊ ထွန်းလင်းတောက်ပ၍ နေ၏။ သော၊ ထိုသာ-သနာထွန်းလင်းတောက်ပသော အရပ်သည်။ ပဋိဂ္ဂဟဒေသဝါသောနာမ၊ ပဋိ-ဂ္ဂဟဒေသဝါသမည်၏။ ဒါ ပဋိဂ္ဂဟဒေသဝါသအရပ်။

တနည်း ပြောမယ်ဆိုရင်–ယတ္ထ စတသ္သော ပရိသာ ဝိစရန္တိ သော ပဋိဂ္ဂဟ-ဒေသဝါသောနာမ။ အကြင်အရပ်၌ ပရိသတ် လေးပါးတို့ သွားလာဝင်ထွက်ပြီး တော့ စည်ကားလျှံ နေ၏၊ ထိုအရပ်သည် ပဋိဂ္ဂဟဒေသဝါသ။ ပရိသတ်လေးပါး ဆိုတာ ဘိက္ခု၊ ဘိက္ခုနီ၊ ရတနာသုံးပါးကို ကြည်ညိုတဲ့ ဥပါသကာ ဒါယကာပရိ-သတ်၊ ရတနာသုံးပါးကြည်ညိုတဲ့ ဥပါသိကာဒါယိကာမ ပရိသတ်၊ ဒါကို ပရိသတ် လေးပါးလို့ ခေါ်တယ်။ အဲဒီလို နေရာမျိုးသည် ပဋိဂ္ဂဟဒေသဝါသလို့ ခေါ်တယ်။ ကိုင်း ပဋိဂ္ဂဟဒေသဝါသနဲ့လဲ တွေ့နေပြီဆိုပါတော့၊ သာသနာတော်ကြီးနဲ့လဲတွေ့ပြီ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဆိုတဲ့ သပ္ပုရိသူပနိဿယနဲ့လဲ တွေ့တယ်၊ သဒ္ဓမ္မဿဝနလို့ခေါ်တဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ဟောတဲ့ တရားကိုလဲ

http://www.dhammadownload.com

နာရတယ်၊ ပါရမီလဲ ပြည့်ပြီးသား ဖြစ်နေပြီ၊ အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန် မဂ်ဖိုလ်ကို မရနိုင်ခြင်းရဲ့ အင်္ဂါဘယ်နှစ်ပါး၊ ရှိဦးမလဲဆိုရင်–ရှိသေးတယ် ဒီလိုတွေ့နေပေမဲ့ ဟောကြည့်–

(၁) အနာတာပီ=အာတပ-လုံ့လ မရှိရင်

(၂) အနောတ္တာပီ=အကုသိုလ်တွေကို ပြုလုပ်ရမှာကို မလန့်ရင်၊

(၃) ကုသီတော=ကုသိုလ်ကောင်းမှု ပြုလုပ်ရမှာကို ပျင်းရင်၊

(၄) ဟီနဝီရိယော=ဝီရိယ ရှိတော့ ရှိတယ် ယုတ်လျော့နေရင်၊

ဝီရိယကလဲ စံချိန်မှီမှ ဒီဂရီကိုက်မှ အမှတ်လျော့နေရင် သူ့ကို ပေးလို့ရပါ့ မလား မရဘူးတဲ့ ဘုန်းကြီးတို့ ပရိသတ်၊ သူစံချိန်ကလေးတော့ သူမှီသွားရမယ်၊ တော်ရုံ တန်ရုံ ဝီရိယမျိုးနဲ့ မရဘူးတဲ့ ယံ တံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တမ္ဗံ။ ယံ တံ၊ အကြင်နိဗ္ဗာန်ချမ်းသာကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏ အစွမ်းအားဖြင့်။ ပုရိသပရက္ကမေန၊ တကဲ့ယောကျ်ားတို့၏ လုံ့လဝီရိယဖြင့်။ ပတ္တမ္ဗံ၊ ရောက်အပ်တဲ့တရားတဲ့။

ဝီရိယလျော့နေလို့မရဘူး တရားအားထုတ်ချင်ယောင် ဆောင်ရုံနဲ့ မရဘူး၊ တရားအားထုတ်တယ်လို့ဆိုတာ စားသောက်ကောင်းရုံကလေး ရိပ်သာထဲ နေတယ်လို့ ပြောရရုံလေးနဲ့တော့ မရဘူး။ ကြိုးကြိုးစားစား အာတပ-လုံ့လဝီရိယ၊ ခုနဟောတဲ့ လုံ့လ ပြည့်ပြည့်စုံစုံ ဝီရိယမျိုး၊ အဲဒီ ဝီရိယရှိရမယ် အာတပ-လုံ့လ ဝီရိယ၊ အချိန်ပြည့် ဝိပဿနာလုပ်အားပေးရမှာ၊ ဒါမှ သူက လုပ်သားကောင်း ဆိုပြီးတော့ ဘွဲ့ထူးကြီးရမှာ မဟုတ်လား(မှန်ပါဘုရား)။ အဲဒီ လုပ်သားကောင်း ဘွဲ့ထူးကြီးရတော့မှ အင်မတန်ပျော်စရာကောင်းတယ်။

အဲ ဝိပဿနာလုပ်သားကောင်းကြီးကျတော့ အင်မတန် ပျော်စရာကောင်းတဲ့ မဂ်တို့ ဖိုလ်တို့ နိဗ္ဗာန်တို့ ဒီနေရာတွေ့သွားရမှာ ဘုန်းကြီးတို့ပရိသတ်။ ဒီတော့ ဝီရိယ လျော့နေတဲ့ ပုဂ္ဂိုလ်တွေ သွားလို့ရပါဦးတော့မလား(မရတော့ပါဘုရား)၊ ဘာကြောင့်လဲ ဟီနဝီရိယတဲ့၊ ဝီရိယလျော့တဲ့ သူကလဲ အလုပ်သမားတော့ အလုပ်သမားဘဲ ကြိုးစားပြီးမဟုတ်တော့ ခုနက လုပ်သားကောင်း မဖြစ်သလို တရားတော့အားထုတ်တာဘဲ ဝီရိယကလျော့နေသည် ဖြစ်သောကြောင့် နိဗ္ဗာန် ချမ်းသာကို သူမသွားနိုင်ပြန်ဘူး ဟုတ်လား (မှန်ပါဘုရား)။

(၅) ထိနမိဒ္ဓ ဗဟုလော=အိပ်တဲ့ အချိန်က သိပ်များနေရင်လဲ မရဘူးတဲ့၊ ထိနမိဒ္ဓ လွှမ်းမိုးတဲ့ပုဂ္ဂိုလ် နော်၊ မအိပ်အောင် ဘယ့်နဲ့လုပ်ရမလဲ ဆိုတော့ အာလောကသညာကို နှလုံးသွင်းထားရမယ်၊ အလင်းရောင်ကို မကြာမကြာ ကြည့်ပေးရတယ်၊ အကယ်၍ ထိုင်တဲ့ ဣရိယာပုထ်နဲ့ အိပ်ချင်တယ်ဆိုရင် မတ်

http://www.dhammadownload.com

တတ်ရပ် တရားအားထုတ်ပါ၊ မတ်တပ်ရပ် အားထုတ်လို့ အိပ်ချင်တယ်ဆိုရင် ထိုင်လိုက်၊ မတ်တပ်ရပ် အားထုတ်လို့ အိပ်ချင်တယ်ဆိုရင် လမ်းလျှောက်လိုက်၊ လမ်းလျှောက်တဲ့ ဣရိယာပုထ်နဲ့ အိပ်ချင်တယ်ဆိုရင် ထိုင်လိုက်၊ ထိုင်တဲ့ဣရိယာပုထ်နဲ့ အိပ်ချင်ရင် ထလိုက်၊ ဒီလိုလုပ်ပြီးတော့ တရားအားထုတ်ရမယ်တဲ့ ထိန မိဒ္ဓမလွှမ်းမိုးအောင် မနှိပ်စက်အောင်။ ထိနမိဒ္ဓဟုလော=ထိနမိဒ္ဓအားကြီးတဲ့ ပုဂ္ဂိုလ် အအိပ်များနေတဲ့ ပုဂ္ဂိုလ်လဲ နိဗ္ဗာန်မရနိုင်ဘူးတဲ့။

(၆) အဟိရိကော = အကုသိုလ်ဒုစရိုက်တွေကို ပြုရမှာ နဲနဲမှ မရှက်တဲ့ ပုဂ္ဂိုလ်။ ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရတွေကို လူတော သူတော ထဲလဲ လုပ်နေကြတာဘဲ ဘာမှလဲ ရှက်ရမှန်း မသိဘူး လုပ်တာဘဲ၊ မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပတွေကိုလဲ လုပ်တာဘဲ၊ ဘာမှလဲ ရှက်ရမှန်း ကြောက်ရမှန်း မသိဘူး ပြောနေတာဘဲ၊ အဲဒီလို အကုသိုလ်ဒုစရိုက်တွေကို ပြုလုပ်ရမှာကို မရှက်တဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ နိဗ္ဗာန်ကို မရနိုင်ဘူးတဲ့ မြတ်စွာဘုရား က။

နောက်ပြီးတော့—

(၇) အနာဒရော=အနာဒရလို့ဆိုတာ ကိုယ်အားထုတ်နေတဲ့တရားတော်ကို ပေါ့တောတော့ ရိုရိုသေသေ မဟုတ်ဘူး အလေးအမြတ် မပြုဘူး ရိုရိုသေသေ မလုပ်ဘူး၊ တရားတော်ကို။ တရားပြတဲ့ဆရာ ရတနာသုံးပါး မိဘဆရာသမားကို သူမရိုသေဘူး မလေးစားဘူး မထီလေးစား သူလုပ်တယ်၊ မရိုသေတဲ့မုဂ္ဂိုလ်။ အဲဒီ ပုဂ္ဂိုလ်မျိုးလဲ တရားမရနိုင်ဘူးတဲ့ မြတ်စွာဘုရား က။ ဟုတ်လား (မှန်ပါဘုရား)။ တာဖြင့် ဘယ်လို ပုဂ္ဂိုလ်မျိုးမှ ရမလဲ၊ အဲဒီ ပုဂ္ဂိုလ် ခုနစ်မျိုး မဟုတ်ရင် ရမယ်တဲ့။

အဘိဓမ္မာပုဂ္ဂိုလ်မည်ပုံ။ ။အဘိဓမ္မာ တာဒိသော ဘိက္ခု ဖုဋ္ဌံ သမ္မာဓိ မုတ္တမံ။ တာဒိသော၊ ထိုသို့ သဘောရှိသော။ ဘိက္ခု၊ ရဟန်း သည်။ ဥတ္တမံ၊ မြတ်လှစွာသော။ သမ္မာဓိံ၊ အရိယာမဂ်ဉာဏ်ကို။ ဖုဋ္ဌံ၊ ဉာဏ်ဖြင့် တွေ့ထိ၍ ရောက်ခြင်းငှါ။ အဘိဓမ္မာ၊ မထိုက်တဲ့။ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်မရောက်ထိုက်တဲ့ ပုဂ္ဂိုလ်ဟာ အဘိဓမ္မပုဂ္ဂိုလ်တဲ့ နော်။

ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဒီ တရားတွေက ဒီ စက်ကွင်း ဘယ်နှစ်ခုလဲ၊ ခုနစ်ခု။ အဲဒီ စက်ကွင်း ခုနစ်ခုထဲက လွတ်အောင် ထွက်ရလိမ့်မယ်-နော် (မှန်ပါဘုရား)၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကို။ အဲဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဓောတကကို ဘယ်လို ဟောနေသလဲလို့ ဆိုတော့ သင် တရားအားထုတ်ချင်ရင် ဒီ စက်ကွင်း ခုနစ်ခုက လွတ်အောင် ထွက်ပါလို့—

http://www.dhammadownload.com

တေန ဟာတပ္ပံ ကရောဟိ၊ ဣဓေဝ နိပကော သတော၊
ဣတော သုတ္ဝာန နိဂ္ဂါသံ၊ သိက္ခေ နိဗ္ဗာနမတ္တနော။

ဟောရင်းစဲ့ ပါဠိတော်ကို ပြန်စလိုက်မယ်။

ဓောတက၊ ဓောတက၊ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ တုံ၊ သင်သည်။ ဣဓေဝ၊ ဤ သာသနာတော်၌သာလျှင်။ အာတပ္ပံ၊ ကိလေသာကို ပူပန်စေတတ် ခန်းခြောက်စေတတ်တယ် ဆိုတဲ့ အာတပ-လုံ့လကို။ ကရောဟိ၊ ကောင်းစွာမသွေ ပြုပါစေသတည်း။

သာဓု သာဓု သာဓု။

ဣတိဝုတ်ပါဠိတော် နှာ-(၂၁၄)မှာ ခုနက အရှင်ဘုရား ဟောသွားတဲ့ အထဲမှာ နိဗ္ဗာန်ကိုမရတဲ့ အင်္ဂါတွေသာ ပါတယ်ဘုရား၊ ရတဲ့အင်္ဂါတော့ မပါဘူးလား-လို့ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ မြတ်စွာဘုရားက ချန်မထားပါဘူး ဟောပါတယ်၊ နိဗ္ဗာန်သို့ ရောက်ချင်တဲ့ ပုဂ္ဂိုလ်မျိုး ပြည့်စုံရမဲ့ အင်္ဂါမှတ်ထား ဘုန်းကြီးတို့ ပရိသတ်၊မှတ်ချက်ကလေးနဲ့ ရေးနေတဲ့ ပုဂ္ဂိုလ်တွေကလဲ သေသေချာချာ ရေးထားပါ၊ ဘုန်းကြီးတို့ မှတ်မိအောင် ဘုန်းကြီး ခပ်ဖြေးဖြေးဘဲ ဟောမယ်။

အာတာပီ စ ခေါ ဘိက္ခဝေ ဘိက္ခု သြတ္တာပီ ဘဗ္ဗော သမ္မောဓာယ၊
ဘဗ္ဗော နိဗ္ဗာနာယ၊ ဘဗ္ဗော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ[1]။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ခေါ၊ စင်စစ်ကေန် အမှန်မုချအားဖြင့်။ အာတာပီ၊ ကိလေသာကို ပူပန်ခန်းခြောက်စေတတ်သော လုံ့လဝီရိယရှိသော။ သြတ္တာပီ၊ အကုသိုလ်ဒုစရိုက်ကို ရပြုမှာ လန့်တတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ ကိလေသာကို ဖျက်ဆီးတတ်သော အမျိုးကောင်းသား အမျိုးကောင်း သမီးသည်သာလျှင်။ သမ္မောဓာယ၊ သစ္စာလေးပါးကို သိတတ်သော အရိယာမဂ်ကို ရခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ ဘဗ္ဗော၊ စွမ်းနိုင်၏။ အနုတ္တရဿ၊ အတုမရှိသော။ ယောဂက္ခေမဿ၊ ယောဂလေးပါး ကုန်ရာ အရဟတ္တဖိုလ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ ဘဗ္ဗော၊ ထိုက်တန်၏။

အဓိပ္ပါယ် – ချစ်သားတို့ လုံ့လဝီရိယရှိလျှင် အကုသိုလ် ဒုစရိုက်ကို ပြုရမှာ လန့်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို ရနိုင်ပါတယ်တဲ့၊ နောက် မြတ်စွာဘုရားက အချုပ်ဟောပေးပါတယ်။ ဘယ်လိုလဲ ဆိုတော့—

၁။ ဣတိဝုတ် ပါဠိတော် နှာ-၂၁၄။

http://www.dhammadownload.com

ယော စ သတိမာ နိပကော စျာယီ၊
အာတာပီ ဩတ္တာပီ စ အပ္ပမတ္တော။
သံယောဇနံ ဇာတိဇရာယ ဆေတ္တွာ၊
ကမ္မဝေ သမ္မောဓိ မနုတ္တရံ ဖုသေ လို့–

နိဗ္ဗာန်ရောက်နိုင်တဲ့အင်္ဂါ။ ။နိဗ္ဗာန်ရောက်နိုင်တဲ့ အင်္ဂါကိုဟောပေးထားတယ်၊ ဘုန်းကြီးတို့ ပရိသတ်ကသာ လိုက်နာပါ နိဗ္ဗာန်ရောက်စေ နိုင်ပါတယ်၊ ကိုင်း ဂါထာကို အနက်ယောဇနာကြစို့ သိပ်ရှည်နေရော့မယ်။

ယော စ ဘိက္ခု၊ အကြင် ရဟန်းသည်ကား။ သတိမာ၊ သတိလည်း ရှိ၏။ နိပကော၊ ရင့်ကျက်သော ပညာလည်း ရှိ၏။ စျာယီ စ၊ စျာန်ကိုလည်း ဝင်စား၏။ အာတာပီ စ၊ ကိလေသာအစိုခောက်ကို ခန်းခြောက်စေတတ်သော လုံ့လ ဝီရိယလည်း ရှိ၏။ ဩတ္တာပီ စ၊ ဒုစရိုက်တို့မှ လန့်တတ်သော သဘောလည်း ရှိ၏။ အပ္ပမတ္တော စ၊ လုံ့လမပေါ့ မမေ့မလျော့ သူလည်း ဖြစ်၏။ သော ဘိက္ခု၊ ထို ရဟန်းသည်။ ကမ္မဝေ၊ ကျိုကိုယ်၏ အဖြစ်၌သာလျှင်။ ဇာတိဇရာယ၊ ပဋိသန္ဓေ နေခြင်း အိုခြင်း၏။ သံယောဇနံ၊ အနှောင်အဖွဲ့ကို။ ဆေတ္တွာ၊ ဖြတ်နိုင်သော ကြောင့်။ အနုတ္တရံ၊ အတုမရှိသော။ သမ္မောဓိံ၊ အရဟတ္တဖိုလ်သို့။ ဖုသေ၊ ရောက်နိုင်ပေတော့သတည်း။

သာဓု သာဓု သာဓု။

ကိုင်း အဓိပ္ပါယ် ခပ်ကျဉ်းကျဉ်း ပြောကြဦးစို့၊ နိဗ္ဗာန်ရောက်နိုင်တဲ့ အင်္ဂါကိုယ့်မှာ ရှိမရှိ ကြည့်ကြပေါ့၊ ပါဠိတော်က ဘာတဲ့လဲ— ယော စ သတိမာ နိပကော စျာယီ တဲ့– (သတိရှိရမယ်)၊ ယော စ၊ အကြင်သူကား။ သတိမာ၊ သတိရှိ၏။ နိပကော၊ ရင့်ကျက်သော ပညာရှိ၏။

(၁) သတိပဋ္ဌာန်တရား လေးပါးတို့တွင် တမျိုးမျိုးသော သတိပဋ္ဌာန်ဖြင့် တခုခုသော သတိပဋ္ဌာန် ကိုယ့်မှာရှိရမယ်။

(၂) နေပက္ကပညာလို့ ဆိုတာ သူများပြောတိုင်း မယုံတဲ့ ပညာမျိုး၊ နွှိုင်းနွှိုင်း ချိန်ချိန်ရှိတဲ့ ပညာမျိုး၊ အင်မတန် ရင့်ကျက်တဲ့ ပညာမျိုးကို နေပက္က-ပညာ-လို့ ခေါ်တယ်၊ အဲဒီ ပညာမျိုး ရှိရမယ်၊ သတိ ပညာ-နော်(မှန်ပါ ဘုရား)။

(၃) သုံးခုမြောက် အင်္ဂါက စျာယီတဲ့၊ သမထလို့ ခေါ်တဲ့ အာရမ္မဏူပစျာန်၊ ဝိပဿနာလို့ ခေါ်တဲ့ လက္ခဏူပစျာန် ရှိရမယ်။ စျာန်ဆိုတာ ရှုတာကို

၁။ ကုတိဝုတ်ပါဠိတော်၊ နှာ-၂၁၄။

http://www.dhammadownload.com

ခေါ်တယ်၊ဝိညာဏ် နာမ်ရုပ်၊တနည်း ပြောရင် စိတ် စေတသိက် ရုပ်ဆိုတဲ့ ဆိုတဲ့ တရားတွေကို လက္ခဏာရမှတ်က ဝိပဿနာဉာဏ်နဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ-လို့ ရှုနေရင် နေတဲ့ မမ-ငါ့ပစ္စည်း မဟုတ်၊ နေသောဟာ-မသို့-ငါမဟုတ်၊ နဲ့ မေ သော အတ္တာ-ကိုယ်မဟုတ်လို့ ရှုနေရင် စျာန်လို့ ခေါ်တယ်၊ အဲဒီလို ဝိပဿနာရှုနေမှ ရှိရမယ်တဲ့၊ နောက် လေး နံပါတ်က။

(၄) အာတာပီ-တဲ့ အာတပ-လုံ့လ ဝီရိယ ရှိရမယ်။

(၅) သြတ္တာပီ စ၊ သြတ္တပ-လို့ ခေါ်တဲ့ အကုသိုလ် ပြုရမှာကို အမြဲတန်း လန့်ပြီးတော့ လန့်တဲ့ သဘော အမြဲတန်း ရှိရမယ်၊ အကုသိုလ်ပြုမဲ့ကြံရင် အမြဲတန်း လန့်ပြီး နေတယ်၊ ဘယ်နှစ်ပါးလဲ ဘုန်းကြီးတို့ ပရိသတ် (ငါးပါးပါဘုရား)။

(၆) နောက် အဂ်ါတဒုက အပ္ပမတ္တော-တဲ့ ကုသိုလ်ကောင်းမှု တရားစုတို့ကို မမေ့ မလျော့ခြင်း ဆိုတော့ ခြောက်ပါး၊ အဲဒီ တရားခြောက်ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ် ကို မြတ်စွာဘုရားက ဘယ့်နယ် ဟော ထား သလဲ ဆိုတော့—

သံယောဇနံ ဇာတိဇရာယ ဆေတ္တာ–တဲ့။ ဇာတိဇရာယ၊ ပဋိသန္ဓေနေခြင်း အိုခြင်း၏။ သံယောဇနံ၊ နှောင်ဖွဲ့နိုင်တယ်ဆိုတဲ့ တဏှာ,မာန,ဒိဋ္ဌိသံယောဇဉ်ကို။ ဆေတ္တာ၊ ပယ်ဖျောက်နိုင်သည်ဖြစ်၍။

ဣဓေဝ သမ္မောဓိ မနုတ္တရံ် ဖုသေ။ အနုတ္တရံ်၊ သူထက် လွန်မြတ်သော တရား မရှိသော။ သမ္မောဓိ ံ၊ အရိယာမဂ်ဉာဏ်သို့။ ဣဓေဝ၊ ဤမျက်မှောက်သော ဘဝ ၌သာလျှင်။ ဖုသေ၊ မိမိဉာဏ်ဖြင့် တွေ့ရှိနိုင်ပါပေသတည်း။

သာဓု သာဓု သာဓု။

ကိုင်း ဟောရင်းစွဲ ပါဠိတော်ကို ပြန်ခဲ့။

တေန ဟာတပ္ပံ ကရောဟိ။ ဓောတက၊ ဓောတက။ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ တုံ၊ သင်သည်။ အာတပ်၊ အာတပ-လုံ့လဝီရိယကို။ ကရောဟိ၊ ပြုလော့။

ဣဓေဝ နိပကော သတေော။ သတေော၊ သတိပဋ္ဌာန်တရားလေးပါး၊ ဒါ ဘုန်းကြီးတို့နှောက်က အပိုင်းတွေမှာ အကျယ်ဟောပြီးခဲ့ပြီ၊ နိပကော၊ နေပက္က-ပညာဆိုတဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမပညာကို ဟောပေးခဲ့ပြီ၊ သဗ္ဗေ သခါရာ အနိစ္စာတိ ဇာနတော ပဿတော ပညာယတော ပိဓိယျန္တိ၊ ဟုတ်လား—ပညာ ပိုင်း ဖော့ပြီးပြီ။

http://www.dhammadownload.com

ဝိညာဏ် နာမ် ရုပ်၊ အဲဒီ တရားသုံးပါးကို သတိဖြင့် ထင်ရှားအောင် လုပ်၊ သခါရတွေကို ဘယ်နဲ့လုပ်ရမလဲ၊ ဝိပဿနာပညာဖြင့် အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ရှုပစ်လိုက်၊ ရှုကွက်က နော် (မှန်ပါဘုရား)။

ဣတော သုတ္တာန နိဋ္ဌေါသံ၊ သိက္ခေ နိဗ္ဗာန မတ္တနော။ ဣတော၊ ဤငါဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အထံမှ။ နိဋ္ဌေါသံ၊ ငဟာကြားတော်မူတဲ့တရားသံကို။ သုတ္တာန၊ ကြားနာရသည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ နိဗ္ဗာန်၊ ရာဂအစရှိသော ကိလေသာမီး ငြိမ်းခြင်းဌာ။ သိက္ခေ၊ ကျင့်ရာ၏–လို့ ဆိုတော့ ဘာတွေ ကျင့်ရမလဲ။

စူဠနိဒ္ဒေသပါဠိတော် နှာ ၃၅-က–သိက္ခာတိ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ၊ ဘယ်နှစ်ခုလဲ၊ (သုံးခုပါဘုရား)၊ အဲဒီ သိက္ခာသုံးပါး ကျင့်ရမယ်ဆိုတော့ အဓိသီလသိက္ခာဆိုတာ ဘာလဲ–

အဓိသီလသိက္ခာ။ ။ကတမာ စ ဘိက္ခဝေ အဓိသီလသိက္ခာ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာသည်။ ကတမာ၊ အဘယ်နည်း။ ဘာတဲ့လဲ အဓိသီလသိက္ခာဆိုတာ– သိက္ခေ နိဗ္ဗာန မတ္တနော ၏ အကျယ်ကို ဟောမယ်လို့–အဓိသီလသိက္ခာဆိုတာ ဘာလဲလို့ မြတ်စွာဘုရားက ပုစ္ဆာထုတ်ပြီး မေးထားတာ။ ဘာလဲ အဓိသီလသိက္ခာဆိုတာ—

> သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ အယံ ဝုစ္စတိ ဘိက္ခဝေ အဓိသီလသိက္ခာ[1]။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဘိက္ခု၊ အကြင်ကိလေသာကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သီလဝါ၊ သီလရှိသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်လေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ (သီလဝါ၊ သီလရှိတယ်ဆိုတာ ဘာလဲ ငါးပါးသီလရှိတယ်။) အာစာရဂေါစရသမ္ပန္နော၊ အကျင့်ကျက်စားရာအာရုံနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်လေတော့၏။ အဏုမတ္တေသု၊ အနည်းငယ်မျှ ဖြစ်ကုန်သော။ ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ကြီးလှစွာသော ဘေးကြီးဟု ရှုလေ့ရှိသည်ဖြစ်၍။ သိက္ခာပဒေသု၊ ဆောက်တည်အပ်သော သိက္ခာပုဒ်တို့၌။ သမာဒါယ၊ **ကောင်းစွာ**ဆောက်တည်၍။ သိက္ခတိ၊ ကျင့်လေတော့၏။ အယံ၊ ဤကဲ့သို့ ကျင့်တဲ့ပုဂ္ဂိုလ်ကို။ အယံ၊ ဤကဲ့သို့သော ကျင့်ခြင်းကို။ အဓိသီလသိက္ခာတိ၊ အဓိသီလသိက္ခာဟူ၍။ ဝုစ္စတိ၊

၁။ စူဠနိဒ္ဒေသပါဠိတော် နှာ-၃၅။ မဟာနိဒ္ဒေသပါဠိတော် နှာ-၂၉။

http://www.dhammadownload.com

ခေါ်ဆိုရပေတော့၏။ အဓိသီလသိက္ခာ၊ သီလရှိတယ်တဲ့။ ဘာ သီလလဲ ငါးပါး သီလ ဟုတ်လား (မှန်ပါဘုရား)။

ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ပြီးတော့ နေတယ်လို့ ဒီလို ပြောတာ၊ ကိုင်း ပါတိမောက္ခသံဝရသီလကို စောင့်ရှောက်တယ်ဆိုတာ ဘယ်လိုနေသလဲ ဘယ့်နယ်လဲ ဘုန်းကြီးတို့ ပရိသတ် သိဘို့ မလိုဘူးလား (လိုပါတယ်ဘုရား)၊ သုတ်မဟာဝါပါဠိတော် သက္ကပဉ္ဉသုတ်က ဒီပါတိမောက္ခသံဝရသီလဓာတ်ကို ဘုန်းကြီးဟောပေးအုံးမယ်၊ သိကြားမင်းက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို မေးတယ်—

ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပါတိမောက္ခသံဝရာယ ပဋိပန္နော ဟောတိ[၁]။ မာရိသ၊ အရှင်ဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရာယ၊ ပါတိမောက္ခသံဝရသီလကို စောင့်ရှောက် ထိန်းသိမ်းသည်ဖြစ်၍။ ပဋိပန္နော၊ ကျင့်နေပါသနည်း။ ဣတိ၊ ဤသို့။ သက္ကော၊ သိကြားမင်းသည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို။ ဥတ္တရိ၊ ပထမပုစ္ဆာထက် လွန်သော မေးခွန်းကို။ အပုစ္ဆိ၊ မေးလေတော့၏။ မြတ်စွာဘုရားကို လျှောက်တယ်။

ပါတိမောက္ခသံဝရသီလကျင့်နေပုံ။ ။အရှင်ဘုရား ပါတိမောက္ခသံဝရသီလကို ကျင့်ပြီးတော့ နေတယ်ဆိုတာ ဘယ်လို နေတာလဲ မြတ်စွာဘုရားကို သိကြားမင်းက မေးတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ပါတိမောက္ခသံဝရသီလကို ဘယ့်နယ် ဟောသလဲ။ ဟိုက သိက္ခာ နိဗ္ဗာနမတ္တနော-က သိက္ခာ-အရ ပါတိမောက္ခသံဝရသီလကို ကျင့်ဘို့လို့ ဆိုပြီးတော့ မြတ်စွာဘုရားက ထည့်ပြီးတော့ ဟောထားပါတယ်။ အဲတာကြောင့် ဘုန်းကြီးက ပါတိမောက္ခသံဝရသီလရဲ့ သရူပ်ကို ထုတ်ဖော်ပေးနေရတာ။

ကာယသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတမ္ဗမ္ပိ အသေဝိတမ္ဗမ္ပိ။

ဝစီသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတမ္ဗမ္ပိ အသေဝိတမ္ဗမ္ပိ။

ပရိယေသနံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတမ္ဗမ္ပိ အသေဝိတမ္ဗမ္ပိ[၁]။

ကိုယ်အကျင့် ၂-မျိုး။ ။ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ ကာယသမာစာရံ၊ ကိုယ်အကျင့်ကို။ သေဝိတမ္ဗမ္ပိ၊

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၂၃။

http://www.dhammadownload.com

မှီဝဲသင့် မှီဝဲထိုက်သော ကိုယ်အကျင့်ကိုဂုဏ်း။ အသေဝိတဗ္ဗမှို့၊ မမှီဝဲအပ် မမှီဝဲသင့် မမှီဝဲထိုက်သော ကိုယ်အကျင့်ကိုဂုဏ်း။ ဒုဝိဓေန၊ နှစ်ပါးသောအဘိုအစုအားဖြင့်။ ဝဒါမိ၊ ဟောကြားတော်မူပေတော့၏။

ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးမျှားမှာ နေ့စဉ် နေ့စဉ် ကိုယ်အမူအရာတွေနဲ့ ပြုလုပ်နေတဲ့လုပ်ငန်းတွေ ရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ ကိုယ်အမူအရာနဲ့ လုပ်တဲ့လုပ်ငန်းကို မြတ်စွာဘုရားက မှီဝဲသင့်တဲ့လုပ်ငန်း မမှီဝဲသင့်တဲ့လုပ်ငန်း၊ တနည်း လုပ်သင့်တဲ့လုပ်ငန်း မလုပ်သင့်တဲ့လုပ်ငန်းလို့ နှစ်မျိုး ဟောတယ်-မြတ်စွာဘုရားက။

နှုတ်အကျင့် ၂-မျိုး။ ။ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ ဝစီသမာစာရမ္မို့၊ နှုတ်နဲ့ပြောဆိုခြင်းကိုလည်း။ သေဝိတဗ္ဗမို့၊ မှီဝဲသင့် မှီဝဲထိုက်သော ပြောဆိုခြင်းကိုဂုဏ်း။ အသေဝိတဗ္ဗမို့၊ မမှီဝဲသင့် မမှီဝဲထိုက်သော ပြောဆိုခြင်းကိုဂုဏ်း။ ဒုဝိဓေန၊ နှစ်မျိုး နှစ်ပါး အနေအားဖြင့်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဘုန်းကြီးတို့ ပရိသတ် နေ့တိုင်း နေ့တိုင်း နှုတ်အမူအရာတွေနဲ့ စကားအမျိုးမျိုး ပြောနေရသလား ပြောမနေရဘူးလား။ (ပြောနေရပါတယ်ဘုရား)။ အဲဒီစကား ပြောမှုကိုလဲ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နှစ်မျိုး ဟောထားတယ်တဲ့ ပြောသင့်ပြောထိုက်တဲ့စကားကို ပြောခြင်း, မပြောသင့် မပြောထိုက်တဲ့စကားကို ပြောခြင်းလို့ ဒီလို နှစ်မျိုးပြောထားတယ်။

ရှာမှီးခြင်း ၂-မျိုး။ ။ဒေဝါနမိန္ဒ၊ သိကြားမင်း။ အဟံ၊ ငါဘုရားသည်။ ပရိယေသနမ္မို့၊ ရှာမှီးခြင်းကိုလည်း။ သေဝိတဗ္ဗမို့၊ မှီဝဲသင့် မှီဝဲထိုက်သော ရှာမှီးခြင်းမျိုးကိုဂုဏ်း။ အသေဝိတဗ္ဗမို့၊ မမှီဝဲသင့် မမှီဝဲထိုက်သော ရှာမှီးခြင်းမျိုးကိုဂုဏ်း။ ဒုဝိဓေန၊ နှစ်မျိုးအားဖြင့် ဝဒါမိ၊ ဟောတော်မူ၏။ (အဲဒီအနက် သုံးခုဟာ အဋ္ဌကထာက လာတဲ့ အနက်)။

ကိုင်း ဘုန်းကြီးတို့ ပရိသတ် ဒီလောက်ဆိုရင် ဘဘောပေါက်လောက်ပြီ၊ နေ့တိုင်း နေ့တိုင်း အလုပ်က လုပ်နေရတယ်၊ ကိုယ်အမူအရာနဲ့။ အဲဒါ မြတ်စွာဘုရားက လုပ်သင့်တဲ့အလုပ် မလုပ်သင့်တဲ့ အလုပ်လို့ နှစ်မျိုး ဟောတယ်။ နေ့တိုင်းနေ့တိုင်း ပြောနေတဲ့စကားဟာ ပြောသင့်တဲ့ မပြောသင့်တဲ့ စကားလို့ နှစ်မျိုးခွဲပြီး ဟောထားတယ်။ ဘုန်းကြီးတို့ ပရိသတ် နေ့တိုင်း မရှာရဘူးလား (ရှာရပါတယ် ဘုရား)၊ အဲဒီ ရှာမှီးမှုကလဲဘဲ ရှာမှီးသင့်ရှာမှီးထိုက်တာကတမျိုး၊ မရှာမှီးသင့် မရှာမှီးထိုက်တာက တမျိုးလို့ နှစ်မျိုး ဟောတော်မူတယ်။ ပါတိမောက္ခသံဝရသီလကို။ ကိုင်း အဲဒီ ခေါင်းစဉ်ကို မြတ်စွာဘုရားက ရှေးကျတော့ အကျယ်ဟောပေးတယ်။

http://www.dhammadownload.com

"ကာယသမာစာရံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ၊ သေဝိတဗ္ဗမ္ပိ အသေဝိတဗ္ဗမ္ပိ"တိ ဣတိ ခေါ ပနေတံ ဝုတ္တံ၊ ကိဉ္ဇေတံ ပဋိစ္စ ဝုတ္တံ[၁]။

မြတ်စွာဘုရားက ရှေ့အကျယ်ချဲဟောတာ။

သိကြားမင်း မှီဝဲသင့် မှီဝဲထိုက် လုပ်သင့် လုပ်ထိုက်တဲ့ ကိုယ်အမူအရာ မလုပ်သင့် မလုပ်ထိုက်တဲ့ ကိုယ်အမူအရာ ရယ်လို့ ငါဘုရား နှစ်မျိုး ဟောထားတာ ဘာအကြောင်းကို ရည်ရွယ်ပြီး နှစ်မျိုး ဟောသလဲ ဆိုတာကို ငါဘုရား ဟောပေးမယ်တဲ့။

ဘာပြောသလဲ မြတ်စွာဘုရားက–

တတ္ထ ယံ ဇညာ ကာယသမာစာရံ "ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ အဘိဝစ္စန္တိ၊ကုသလာ ဓမ္မာ ပရိဟာယန္တိ"တိ ဝေရူပေါ ကာယသမာစာရော နသေဝိတဗ္ဗော[၁]။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ တတ္ထ တေသု ကာယသမာစာရေသု၊ ထိုနှစ်မျိုးသော ကိုယ့်အကျင့် အမူအရာ ကိုယ်နဲ့ လုပ်တယ်ဆိုတဲ့ လုပ်ငန်းတို့တွင်။ ဣမံ ကာယသမာစာရံ၊ ဤကိုယ်အမူအရာနဲ့ လုပ်တယ်ဆိုတဲ့အလုပ်ကို။ သေဝတော၊ ပြုလုပ်မှီဝဲ၍နေသော။ မေ၊ ငါ့အား။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အဘိဝစ္စန္တိ၊ တိုးပွါး၍လာကြလေကုန်၏။ ကုသလာ ဓမ္မာ၊ ဒီအလုပ်ကို လုပ်တဲ့အတွက် ငါရှေ့က ဆည်းပူးထားတဲ့ ကုသိုလ်ကောင်းမှုတို့သည်။ ပရိယာယန္တိ၊ ဆုတ်ယုတ်ကြလေကုန်တော့၏။ ယံ ကာယသမာစာရံ၊ အကြင် ကာယသမာစာရလို့ဆိုတဲ့ ပြုလုပ်မှုကို။ ဇညာ၊ သိသည်ဖြစ်ရာ၏။ ဣတိဝေရူပေါ၊ ဤသို့သဘောရှိသော။ သော ကာယသမာစာရော၊ ထိုကဲ့သို့အကုသိုလ် တိုးပွါးပြီးတော့ ကုသိုလ်တွေ ပျက်စီးဆုတ်ယုတ်ကုန်တယ် ဆိုတဲ့လုပ်ငန်းမျိုးကို။ နသေဝိတဗ္ဗော၊ မလုပ်ထိုက် မလုပ်ကောင်းဘူး မလုပ်လေနဲ့။

အဲဒီလို မလုပ်ဘဲနဲ့ ရှောင်ကြဉ်နေတာကို ပါတိမောက္ခသံဝရနဲ့ နေတယ်လို့ ခေါ်တယ်။ ဟုတ်လား (မှန်ပါဘုရား)။ စဉ်းစားကြည့်လိုက်ပါ အင်မတန်ကောင်းပါတယ်၊ ဒီအပိုင်းတွေဟာ။ ဘုန်းကြီးတို့ အမျိုကောင်းသား အမျိုးသမီးများ ကလေးတွေကစပြီးတော့ ကိုယ်ကျင့်တရားနဲ့ ပတ်သက်လို့ ပြောဘို့ အင်မတန်ကောင်းပါတယ်၊ ပြောနေတယ် ဝိပဿနာ ဝိပဿနာနဲ့ ရှေ့သာ တက်ပြီး ပြောနေတယ်၊ သူက ကိုယ်ကျင့်တရား နည်းနည်းမှ မရှိဘူးဆိုရင် ဒီပုဂ္ဂိုလ် ဝိပဿနာလုပ်လို့ ဖြစ်ပါ့မလား။ (မဖြစ်ပါဘူး ဘုရား)။

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၂၃။

http://www.dhammadownload.com

ဝိပဿနာအားထုတ်က ကိုယ်ကျင့်ကောင်းလိုပုံ။ ။ဝိပဿနာလုပ်ငန်း လုပ်နေပြီးတော့ ကိုယ်ကျင့်တရား တပြားဘိုးမှ မရှိဘူးဆိုရင် ဒီ ပုဂ္ဂိုလ်ဘယ့်နယ်လုပ် နိဗ္ဗာန်သွားမလဲ။ နောက်ပြီးတော့ ပြောသေးတယ်၊ ဒါတွေ့ အလုပ်မဟုတ်ပါဘူးကွာ ငါ ဝိပဿနာလုပ်ငန်းလုပ်နေတာဘဲလို့ ပြောသေးတယ်၊ ဒီတော့ ရှိသေးတယ် ဝိပဿနာလုပ်ငန်းတွေလုပ်နေပြီးတော့ ပြောသေးတယ် ငါပြုတ်အောင် ဖြုတ်ပါတဲ့ ငါပြုတ်အောင် ဖြုတ်ပါတဲ့၊ ပြီးတော့ အဲဒီ ဝိပဿနာသမားတွေဟာ ငါ့ဟာ သူဟာနဲ့ လူကြတာ ရူးတွေ ရောက် ဘာတွေရောက်လို့ ပြောသံကြားရတယ်။ ပြောတော့ ငါပြုတ်အောင်တဲ့ နောက်ပြီးတော့ "ငါ့ဥစ္စာတဲ့" အဲဒီလိုသာ ကြပ်ကြပ်လုပ်ကြ တော်တော်ကြာ ဝိပဿနာတောင် အားထုတ်ခွင့် ရချင်မှရမှာ၊ မလုပ်ကြနဲ့ ဒီလိုဟာတွေ နော်– (မှန်ပါဘုရား)။

ကိုင်း-ရွှေသွားမယ်၊ လုပ်သင့်တဲ့လုပ်ငန်းလား မလုပ်သင့်တဲ့လုပ်ငန်းလား ဆိုတာ မိမိလုပ်နေတဲ့လုပ်ငန်းကို ကြည့်နေပါတဲ့ ဟုတ်လား၊ ငါ ဒီအလုပ်ကိုလုပ်လိုက်လို့ရှိရင် အပြစ်တွေ အမျိုးမျိုးရောက်လာခဲ့ပြီးတော့ ငါ နဂိုက ဆည်းပူးထားတဲ့ ကုသိုလ်ကောင်းမှုတွေ ပျက်စီးကုန်တော့မယ်လို့ ဆိုရင် ဒီအလုပ်ဟာ ပစ္စည်းတွေ ဘယ်လောက်ရမယ်လို့ပြောပြော လုပ်ရမလား မလုပ်ရဘူးလား။ (မလုပ်ရပါဘုရား)။ မလုပ်ဘဲနဲ့ အဲသလိုရှောင်ကြဉ်လိုက်ရင် အဲဒါကို ပါတိမောက္ခသံဝရသီလနဲ့ နေတဲ့ပုဂ္ဂိုလ်ပါလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

ခုတော့ ဘုန်းကြီးတို့ပရိသတ်က များသောအားဖြင့် ပစ္စည်းသာရမယ်ဆိုရင် ဂုဏ်သာရမယ်ဆိုရင် လုပ်သင့် လုပ်သင့် မလုပ်သင့် မလုပ်သင့် ကိုယ်ဆည်းပူးထားတဲ့ ကုသိုလ်တွေ ပျက်စီးရုံမကလို့ဘဲ ဘာဘဲဖြစ်ဖြစ် ဘာဘဲလုပ်ရလုပ်ရဆိုပြီး လုပ်လိုက်ကြတော့တာဘဲ။ အဲသလို ဘာဘဲဖြစ်ဖြစ် ဇွတ်နှစ်ပြီးလုပ်လိုက်တော့ ဘယ်သွားလဲ ဟိုတနေ့က ဟောတဲ့ ကာမာဒီနဝအတိုင်းသွားကြ ကာမာဒီနဝထဲသွားကြ။ ဒါ ပါတိမောက္ခသံဝရသီလနဲ့နေနည်း။

ကိုင်း-ရွှေတခါသွားမယ်—

> တတ္ထ ယံ ဇညာ ကာယသမာစာရံ ဣမံ ခေါ မေ ကာယသမာစာရံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝုဋ္ဌန္တိတိ ဝေဠုပေါ ကာယသမာစာရော သေဝိတဗ္ဗော[1]။

ဒေဝါနမိန္ဒ၊ သိကြားမင်း။ တတ္ထ၊ ထို နှစ်မျိုးသော ကိုယ်အမူအရာနဲ့ လုပ်တယ်ဆိုတဲ့ လုပ်ငန်းတို့တွင်။ ဣမံ ကာယသမာစာရံ၊ ဤ ကိုယ်အကျင့် ကိုယ်နဲ့

၁။ သုတ်မဟာဝါပါဠိတော် နှာ-၂၂၃။

http://www.dhammadownload.com

လုပ်တယ်ဆိုတဲ့ လုပ်ငန်းကို။ သေဝတော၊ ပြုလုပ်မှီဝဲ၍နေသော။ မေ၊ ငါ့အား။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ပဓိဟာယန္တိ၊ ဆုတ်ယုတ်ပျက်ပြား၍ သွားကြလေကုန်တော့၏။ ကုသလာ ဓမ္မာ၊ကုသိုလ်တရားတို့သည်။ အဘိဝုဋ္ဌိ၊ တိုးပွါး၍လာကြလေကုန်တော့၏။ ယံ ကာယသမာစာရံ၊ အဲဒီ ကိုယ်အကျင့်မျိုးကို ကိုယ်နဲ့ လုပ်တယ်ဆိုတဲ့ လုပ်ငန်းမျိုးကို။ ဇညာ၊ သိသည် ဖြစ်ရာ၏၊ (သိငြားအံ့)။ ဣတိ ဝေဠုပေါ ကာယသမာစာရော၊ အဲဒီကဲ့သို့သော ကိုယ်အကျင့်မျိုးကို။ သေဝိတဗ္ဗော၊ ကောင်းစွာမသွေ မှီဝဲသင့် မှီဝဲထိုက် ပြုလုပ်သင့် ပြုလုပ်ထိုက်ပါပေသတည်း။

သာဓု သာဓု သာဓု။

ပါတိမောက္ခ သံဝရသီလ ခေါ်ပုံ။ ။ဘုန်းကြီးတို့ ပရိသတ် အလုပ်တခုကို လုပ်မယ်လို့ဆိုရင် ဒီအလုပ်ကို လုပ်ခြင်းကြောင့် မိမိမှာ အကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်ပြားပြီးတော့ ကုသိုလ်တရားတွေ တိုးပွါးလာမယ်ဆိုရင် ဘယ်သူက ချီးမွမ်း ချီးမွမ်း ဘယ်သူက ကဲ့ရဲ့ကဲ့ရဲ့ လုပ်ရမလား၊ မလုပ်ရဘူးလား (လုပ်ရမှာပါဘုရား)။

ဩော် ဒီလိုလုပ်ရင် ကုသိုလ်တော့ ရတော့မှာဘဲ ကုသိုလ်ရပေတဲ့ သူများကဲ့ရဲ့မှာစိုးလို့ နောက်ရွှိနေရင် ဘယ်နဲ့နေမလဲ၊ ကဲ့ရဲ့ချီးမွမ်းတာကို ပဓာနမထား ဘဲနဲ့ မိမိရဲ့ အကုသိုလ်တွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တွေ ်တိုးပွါးမယ်ဆိုတဲ့ လုပ်ငန်းမျိုးကိုဖြင့် လုပ်နိုင်အောင် အလေ့အကျင့် လုပ်ပေးတာကို ပါတိမောက္ခ-သံဝရသီလလို့ ခေါ်ပါတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ ကာယသမာစာရပြီးရော။

ဝစီသမာစာရ၊ ဒီလောက် ပြောမသိသေးဘူးလား (သိပါတယ်ဘုရား)၊ ပြောတဲ့စကား ပါဠိတော်ကတော့ ဒီ-အသွားဘဲ ပြောမှာဘဲ၊ ဒီတော့ ဒီ-ပါဠိတော် ပေယျာလ လုပ်လို့ဖြစ်တယ်။ ဝစီသမာစာရ နေ့တိုင်းပြောနေတဲ့ စကားတွေ၊ ဂါ ဒီလိုပြောခြင်းကြောင့် ငါ့မှာ အကုသိုလ်တွေ တိုးပွါးပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုရင် ဒီစကားမျိုး ပြောရမှာလား၊ မပြောရဘူးလား (မပြောရပါဘုရား)၊ ဒီ-စကားမျိုးကို မပြောဘဲနဲ့ နောင်ကြဉ်လိုက်တာကို ဒါ ပါတိ-မောက္ခသံဝရသီလနဲ့ နေတာပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီ စကားကို ပြောလိုက်တဲ့အတွက် မိမိမှာ အကုသိုလ်တွေ ဆုတ်ယုတ်ပြီးတော့ ကုသိုလ်တွေ တိုးပွါးမယ်ဆိုရင် အဲဒီ အပြောမျိုးကို ပြောရမလား၊ မပြောရဘူးလား (ပြောရပါတယ်ဘုရား)၊ အဲသလို ပြောနိုင်အောင် အလေ့အကျင့် ပြုနိုင်တာကို ဘာလို့ ခေါ်သလဲ ပါတိမောက္ခသံဝရသီလနဲ့ နေတဲ့ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်-တဲ့ မြတ်စွာဘုရားက သက္ကပဉ္ဉာသုတ်မှာ ဟောထားတာ။

http://www.dhammadownload.com

ရှာမှီးမှုဌ် သိမှတ်ဖွယ်။ ။ရှေ အပိုင်း တပိုင်းကတော့ ဘာလဲ ပရိယေသန ရှာဖွေတယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘာကိုရှာသလဲ စီးပွါးရှာတယ်၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကို ရှာတယ်၊ ဒီ ရှာတာကို ဘုရားက ပြောပေးလိမ့်မယ်။ ရှာမှီးမှုကို အကြောင်းပြုပြီးတော့ မိမိမှာ အကုသိုလ်တွေ တိုးပွါးပြီးတော့ ကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုရင် ရှာရမလား၊ မရှာရဘူးလား (မရှာရပါဘုရား)၊ မရှာရဘဲနဲ့ နေနိုင်အောင် အလေ့အကျင့် လုပ်ပေးတာကို ပါတိမောက္ခသံဝရသီလနဲ့ နေတယ်တဲ့။

ရှာမှီးမှုကို အကြောင်းပြုပြီးတော့ ကုသိုလ်တွေ တိုးပွါးပြီးတော့ အကုသိုလ်တွေ ဆုတ်ယုတ်မယ်ဆိုရင် ရှာရမလား၊ မရှာရဘူးလား (ရှာရမှာပါဘုရား)။ မရ ရတဲ့နည်းနဲ့ ရှာရမယ်၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ ရှာရမယ်၊ အခု တရားပွဲမှာ တရားလာပြီးတော့ နာတယ်လို့ဆိုတာ တရားလာရှာတယ်လို့ ဆိုတာ ရှာရမဲ့ ဥစ္စာလား မရှာရမဲ့ ဥစ္စာလား (**ရှာရမဲ့** ဥစ္စာပါဘုရား)။

ရုံပဲ့ ဘိုင်စကုတ်ရုံထဲ သွားပြီးတော့ ရှာနေတာကတော့ ရှာရမလား၊ မရှာရဘူးလား (မရှာရပါဘုရား)၊ အဲဒါ ဘယ်ဒင်း ရှာသလဲ ဘုန်းကြီးတို့ ပရိသတ်ကတော့ တရားရှာတာဘဲ၊ များသောအားဖြင့် သတ္တဝါတွေ ဘာရှာသလဲ မရှာသင့်တာ ရှာနေကြတာဘဲ၊ ဒီတော့ မရှာသင့်တာ ရှာတော့ ဘာတွေရသလဲ မရသင့်တာ မရလာဘူးလား (**ရပါတယ်**ဘုရား)၊ ဘာတွေရသလဲ ကျန်းမာရေး ပျက်ကွက်မှုဆိုတဲ့ မရသင့်တာတွေ ရလာတယ်၊ စီးပွါးဥစ္စာ ဆုတ်ယုတ်မှုဆိုတဲ့ မရသင့်တာတွေ ရလာတယ်၊ ဂုဏ်သတင်း မကောင်းဘူးဆိုတဲ့ မရသင့်တာတွေ ရလာတယ်၊ လူပျက်စီးလာတယ်ဆိုတဲ့ မရသင့်တာတွေ ရလာတယ်။

လူရာ သူရာ မဝင်တော့ဘူးလို့ဆိုတဲ့ မရသင့်တာတွေ ရမလာဘူးလား (ရလာပါတယ်ဘုရား)၊ မြင်အောင် ကြည့်လိုက်ကြစမ်းပါ ဘုန်းကြီးတို့ ပရိသတ် ဒီ ကိုယ်ကျင့်တရားကို။ ဟုတ်လား (မှန်ပါဘုရား)၊ ရှာမှီးမှုနဲ့ ပတ်သက်လို့ မြတ်စွာဘုရားဟောထားတဲ့ သုတ္တန်တခု ပေါ်လာပြန်တယ်၊ အဲတာ ဘုန်းကြီးတို့ မူလပဏ္ဏာသပါဠိတော်[1] ပါသရာသီသုတ္တန်လို့ အပိုင်းကလေးတခု ပေါ်လာသေးတယ်၊ အဲတာ အင်မတန် ကောင်းလွန်းလှတဲ့ နာစမ်းပါဦး ဒီသုတ္တန်ကို။

ရှာမှီးတယ်ဆိုတာ နှစ်မျိုးတဲ့ မြတ်စွာဘုရားက—

ဒ္ဒမာ ဘိက္ခဝေ ပရိယေသနာ အရိယာ စ ပရိယေသနာ အနရိယာ စ ပရိယေသနာ။

၁။ မူလပဏ္ဏာသ ပါဠိတော် နာ-၂၁၇။

http://www.dhammadownload.com

အပြစ်ကင်းသော ရှာမှီးခြင်း အပြစ်မကင်းသော ရှာမှီးခြင်းလို့ နှစ်မျိုးရှိပါတယ် တဲ့ မြတ်စွာ ဘုရားက။ အဲဒါကြောင့် ဘာဘဲ ရှာရှာ အပြစ် ကင်းသော ရှာမှီးခြင်း ဖြစ်ပါစေ၊ အပြစ်မကင်းသော ရှာမှီးခြင်း မဖြစ်ပါစေနဲ့တဲ့၊ မြတ်စွာဘုရားကပရိသတ်ကို ဘယ်လောက်လိမ်မာအောင် ဆုံးမထားသလဲ၊ ဘယ်လောက် ယဉ်ကျေးအောင်ဆုံးမထားသလဲဆိုတာ ကြည့်စမ်း၊ ဗုဒ္ဓရဲ့ အဆုံးအမတော်တွေ။ ဘုန်းကြီးတို့ ပရိသတ် ဒီအဆုံးအမတွေကို ဒီနေ့ ကွယ်ပျောက်သွားရင် နက်ဖြန် ကာ ဘာဖြစ်မလဲ ဘုန်းကြီးတို့ ပရိသတ် တွေးကြည့်စမ်း။ လူပင် ဖြစ်နေပေမဲ့ အဲဒီ ယဉ်ကျေးမှုတွေ အကုန်လုံးပျောက်သွားရင် တိရစ္ဆာန်နဲ့ ခြားဦးမလား မခြားတော့ဘူးလား (မခြားတော့ပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ သာသနာတော်မှာရှိနေတဲ့ ဂုဏ်တွေ သာသနာတော်မှာ ရှိနေတဲ့ သိက္ခာတွေကို ဆယ်ပြီးတော့ ဟိုဘက် ပိုင်းကို ရောက်မသွားအောင် စောင့်ရှောက်ကြပါ၊ ထိန်းသိမ်းကြပါလို့ အဲဒါ တိုက်တွန်းပါရစေ။ အဆင့်အဆင့်လဲ ပြောပေးပါ၊ ကိုယ်ကျင့်တရားတွေ ကောင်းအောင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဓောတကကို ဟောနေတဲ့ အပိုင်းဟာ အခု ဟောနေတဲ့အပိုင်းကို ဟောပေးမှ ဖြစ်မှာမို့ ထည့်ပေးနေတာ။

နိဗ္ဗာန်ရောက်ကြောင်းတရား။ ။"သိက္ခေ နိဗ္ဗာန မတ္တာနော" အရ မိမိရဲ့ ကိလေသာမီးတွေငြိမ်းချင်ရင် သိက္ခေ၊ ကျင့်ရမယ်။

ဘာတွေကျင့်ရမလဲ ကိုယ်ကျင့်တရား ကျင့်ဘို့ကို မြတ်စွာဘုရား ဟောပေးနေတာ အလကား အပိုမဟုတ်ဘူး။ အဲဒါတွေဟာ နိဗ္ဗာန်ရောက်ကြောင်း တရားတွေဘဲ နိဗ္ဗာန် ရောက်ကြောင်း တရား ဆိုတာ ဘာလဲ ရာဂငြိမ်းကြောင်း တရားတွေ ဒေါသငြိမ်းကြောင်း တရားတွေ မောဟငြိမ်းကြောင်း တရားတွေ။

ဒီတော့ အပြစ်ကင်းသော ရှာမှီးခြင်း အပြစ်မကင်းသော ရှာမှီးခြင်းလို့ မြတ်စွာဘုရားက ရှာမှီးခြင်းနှစ်မျိုးကို ဟောတယ်။ ပါသရာသိသုတ္တန်မှာ ဒီသုတ္တန်တင် မဟုတ်သေးဘူး အဂုံတို့ရဲ့ စတုက္ကနိပါတ်ပါဠိတော် နှာ (၅၇၀)မှာလဲဘဲ ပရိယေသနသုတ္တန်လို့ ဆိုပြီးတော့ ဒီအတိုင်းဘဲ ဟောထားတာရှိတယ်၊ အဲဒီ ပရိယေသနသုတ္တန်က –

ဣဓ ဘိက္ခဝေ ကေစ္စော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံယေဝ ပရိယေသတိ။

အတ္တနာ ဇရာဓမ္မော သမာနော ဇရာဓမ္မံယေဝ ပရိယေသတိ။

အတ္တနာ ဗျာဓိဓမ္မော သမာနော ဗျာဓိဓမ္မံယေဝ ပရိယေသတိ။

http://www.dhammadownload.com

အတ္ထနာ မရဏဓမ္မော သမာနော မရဏဓမ္မံယေဝ ပရိယေသတိ။
အတ္ထနာ သောကဓမ္မော သမာနော သောကဓမ္မံယေဝ ပရိယေသတိ။
အတ္ထနာ သံကိလေသဓမ္မော သမာနော သံကိလေသဓမ္မံယေဝ ပရိယေသတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤလောကဌ်။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ အတ္တနာ၊ မိမိကိုယ်တိုင်။ ဇာတိဓမ္မော၊ ဖြစ်ခြင်းသဘော တရားရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇရာဓမ္မော၊ အိုခြင်းသဘော တရားရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောတရားရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ မရဏဓမ္မော၊ သေခြင်း ပျက်ခြင်း သဘော တရားရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ သောကဓမ္မော၊ မိမိကိုယ်တိုင် စိုးရိမ်ခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ အတ္တနာ၊ မိမိကိုယ်တိုင်က။ သံကိလေသဓမ္မော၊ ညစ်နွမ်းခြင်း သဘောရှိသည်။ သမာနော၊ ဖြစ်ပါလျက်။ ဇာတိဓမ္မံယေဝ၊ ဇရာဓမ္မံယေဝ၊ ဗျာဓိဓမ္မံယေဝ၊ မရဏဓမ္မံယေဝ၊ သောကဓမ္မံယေဝ၊ သံကိလေသဓမ္မံယေဝ၊ ဖြစ်ခြင်းတရား အိုခြင်းတရား နာခြင်းတရား သေခြင်းတရား သောက ရောက်ခြင်းတရား ညစ်နွမ်းကြောင်းဖြစ်တဲ့ တရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၍ နေတော့၏။

ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုလဲ ရှာတာဟာ မိမိကိုယ်တိုင်က အိုတဲ့သဘော နာတဲ့သဘော သေတဲ့ သဘောရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)။ မိမိကိုယ်တိုင် စိုးရိမ်ပူဆွေးရတဲ့သဘော မိမိမှာ ရှိသလား မရှိဘူးလား။ (ရှိပါတယ်ဘုရား)။ မိမိကိုယ်တိုင် ညစ်နွမ်းခြင်း စိတ်ဆင်းရဲခြင်း ဆိုတဲ့ သဘောတွေ ရှိသလား မရှိဘူးလား။ (ရှိပါတယ်ဘုရား)။

မမြတ်သောရှာမှီးခြင်းခေါ်ပုံ။ ။အဲ့သလို ရှိပါလျက်သားနဲ့ ရှာတော့ ဘာရှာသလဲ ဆိုတော့ မြတ်စွာဘုရားက မမြတ်သော ရှာမှီးခြင်းဆိုတာ ကိုယ်ကိုယ်တိုင်က အို နာ သေ သဘောတွေ ရှိပါလျက်သားနဲ့ စိုးရိမ်ကြောင့်ကြတဲ့ သဘောတွေ ရှိပါလျက်သားနဲ့ အိုရမဲ့ နာရမဲ့ သေရမဲ့ စိုးရိမ်ရမဲ့ ညစ်နွမ်းရမဲ့ တရားတွေကိုသာ ထပ်ပြီးတော့ ရှာနေကြတယ်။ ဒါဖြင့် ညစ်နွမ်းရမယ် အိုရမယ် ဆိုတဲ့ တရားတွေဟာ ဘာတွေလဲ ဘုန်းကြီးတို့ ပရိသတ်နဲ့တော့ တွေ့နေပြီ ရှာနေတာက အဲဒါကိုဘဲ ရှာနေကြတယ်။ အဲတာ ဘာတွေလဲ –

ကိဉ္စ ဘိက္ခဝေ ဇာတိဓမ္မံ ဝဒေထ၊
ကိဉ္စ ဘိက္ခဝေ ဇရာဓမ္မံ ဝဒေထ၊
ကိဉ္စ ဘိက္ခဝေ ဗျာဓိဓမ္မံ ဝဒေထ၊
ကိဉ္စ ဘိက္ခဝေ မရဏဓမ္မံ ဝဒေထ၊

http://www.dhammadownload.com

ကိဉ္စ ဘိက္ခဝေ သောကဓမ္မံ ဝဒေထ၊
ကိဉ္စ ဘိက္ခဝေ သံကိလေသဓမ္မံ ဝဒေထ[၁]။

ဘယ်တရားတွေကို ဇာတိဓမ္မ ဖြစ်ခြင်း သဘောရှိတယ် အိုခြင်း သဘော နာခြင်းသဘောရှိတယ် သေခြင်းသဘောရှိတယ် စိုးရိမ်ခြင်းသဘောရှိတယ် ညစ်နွမ်းခြင်း သဘောရှိတယ်လို့ ခေါ်သလဲဆိုတော့–

ပုတ္တဘရိယံ ဇာတိဓမ္မံ=သားတို့ မယားတို့ ဆိုတာ အိုတဲ့ သဘောရှိတယ်၊ နာတဲ့ သဘောရှိတယ်၊ သေတဲ့ သဘောရှိတယ်၊ စိုးရိမ်ခြင်း သဘောရှိတယ်၊ ညစ်နွမ်းတဲ့ သဘောရှိတယ်၊ အဲတာ ရှာသလား မရှာဘူးလား။ (ရှာပါတယ်ဘုရား)၊ ကိုယ်က အိုတဲ့သဘော နာတဲ့ သဘောရှိပါလျက်သားနဲ့ အိုတတ်တယ် နာတတ်တယ် သေတတ်တယ် ဆိုတဲ့ ညစ်နွမ်းတတ်တယ်ဆိုတဲ့ သားနဲ့ မယားကို ရှာတယ်။

ပုတ္တဘရိယံ ဇရာဓမ္မံ၊ ပုတ္တဘရိယံ ဗျာဓိဓမ္မံ၊ ပုတ္တဘရိယံ မရဏဓမ္မံ၊ ပုတ္တဘရိယံ သောကဓမ္မံ၊ ပုတ္တဘရိယံ သံကိလေသဓမ္မံ။

အဇေဋ္ဌကံ-တဲ့ အဇေဋ္ဌက-ဆိုတာ ဆိတ်နဲ့သိုး သူလဲ အိုတတ် နာတတ် သေတတ် စိုးရိမ်ခြင်းသဘော ညစ်နွမ်းခြင်းသဘောရှိတာဘဲ၊ ကိုယ်ကိုယ်တိုင်က အိုတတ်တဲ့ သဘော နာတတ်တဲ့သဘော ရှိလျက်သားနဲ့ ဒီသဘောတွေကိုရှာတယ်၊ ကုက္ကုဠ သူကရုံ-ဝက်တို့ ကြက်တို့ အဲဒါတွေရှာတယ်။ မရှာဘူးလား (ရှာပါတယ်ဘုရား)၊ ဘာလုပ်ဖို့လဲ၊ မွေးမြူရေးလုပ်ဖို့။ ပြီးတော့ ဘာတွေရှာပြန်သေးသလဲ ဆိုတော့ ဟတ္ထိဂဝါဿဝဠဝံ။ ဟတ္ထိ-ဆိုတာက ဆင်၊ ဂဝါ-ဆိုတာက နွားဿ-ဆိုတာက မြင်း၊ ဝဠဝ-ဆိုတာက မြည်း၊ အဲဒါတွေ ရှာတယ်၊ ပြီးတော့ ဘာရှာသေးလဲ ဇာတရူပရဇတံ-တဲ့ ရွှေနဲ့ ငွေကို ရှာတယ်တဲ့ မြတ်စွာဘုရားက။ ရွှေကျ ဘာအချုပ် ပြထားသလဲဆိုတော့—

"ဇာတိဓမ္မာ ဟေတေ ဘိက္ခဝေ ဥပဓယော။ တ္ထာယံ ဂထိတော မုစ္ဆိတော အဇ္ဈာပန္နော အတ္တနာ ဇာတိဓမ္မော သမာနော ဇာတိဓမ္မံ ယေဝ ပရိယေသတိ"။

ဟိ၊ မှန်၏။ (ဒီတရားတော်ဟာ အိုတဲ့သဘော နာတဲ့သဘောဆိုတာ မှန်တယ်တဲ့)။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတေ ဥပဓယော၊ ထိုသားမယားစတဲ့ ရူပသဒ္ဒစတဲ့ အာရုံ ကာမဂုဏ်ဆိုတဲ့ ဥပဓိတို့သည်။ ဇာတိဓမ္မော၊ ဖြစ်ခြင်းသဘောရှိကြကုန်၏။ အိုခြင်း နာခြင်း သေခြင်း ညစ်နွမ်းခြင်းသဘော ရှိကြကုန်၏။ တ္ထာ၊ ဤအိုတတ် နာတတ် သေတတ်တယ်ဆိုတဲ့ ကာမဂုဏ် ဥပဓိတို့၌။ အယံ ပဇာ၊ ဤသတ္တဝါ

၁။ မူလပဏ္ဏာသပါဠိတော်၊ နှာ ၂၁၇။

http://www.dhammadownload.com

အပေါင်းသည်။ ဂထိတော၊ တပ်မက်မောသည်ဖြစ်၍။ မုစ္ဆိတော၊ တွေဝေသည်ဖြစ်၍။ အဇ္ဈာပန္နော၊ တဏှာဖြင့် နစ်မြုပ်သည်ဖြစ်၍။အတ္တနော၊ မိမိကိုယ်တိုင်က။ ဇာတိဓမ္မော၊ ပဋိသန္ဓေနေခြင်း ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိပါလျက်သား၌။ ဇာတိဓမ္မံယေဝ၊ အိုတတ် နာတတ် သေတတ်တဲ့ သဘောတရားကိုသာလျှင်။ ပရိယေသတိ၊ ရှာမှီး၍ နေလေတော့သတည်း။

သာဓု သာဓု သာဓု။

ဒါ ရှာရမလား မရှာရမှာလား (မရှာရမှာပါဘုရား)။ ဒီတော့ အဲဒီလို ဟာတွေ ရှာနေတဲ့ ပုဂ္ဂိုလ်တွေ မြတ်သော ရှာမှီးခြင်းလား မမြတ်သော ရှာမှီးခြင်းလား (မမြတ်သောရှာမှီးခြင်းပါဘုရား)။

ကိုယ်ရှာမှီးမှု ကိုယ်ကိုယ်တိုင်စိစစ်ရန်။ ။မိမိနေ့တိုင်းရှာနေတဲ့ ရှာမှီးမှုကိုကြည့်ပါ၊ ငါရှာမှီးနေတာဟာ မြတ်သော ရှာမှီးခြင်းလား မမြတ်သော ရှာမှီးခြင်းလားဆိုတာ အဲဒါတွေကြည့်၊ ဘုန်းကြီးဒါလောက် ပင်ပင်ပန်းပန်း ဟောပေးနေတာ ဘာဖြစ်လို့လဲ သိစေချင်လွန်းလို့ ဘုန်းကြီးတို့ပရိသတ်ကို၊ ဒါပါတိမောက္ခသံဝရ ရှိသေးတယ်။ အာစာရကျန်သေးတယ်၊ ဂေါစရ ကျန်သေးတယ်နော် (မှန်ပါဘုရား)။ အဲဒီ အာစာရဂေါစရဆိုတာ ဘယ်မှာ လာမလဲဆိုတော့ ဗျာနဝိဘင်းပါဠိတော်မှာ အာစာရဂေါစရခန်းတွေပါတယ်။ အဲဒါကတော့ဖြင့် များသောအားဖြင့် သံဃာတော်တွေနဲ့ သက်ဆိုင်တယ်၊ ကဲ-ဒါတော့ ရှိပါစေတော့။

မြတ်သောရှာမှီးခြင်းဆိုတာ ဘာလဲ ဘယ်လိုရှာရမလဲ—

> ကတမ ဘိက္ခဝေ ကေစ္စော အတ္တနော ဇာတိဓမ္မော သမာနော ဇာတိဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇာတံ အနုတ္တရံ ယောဂက္ခေမံ နိဗ္ဗာနံ ပရိယေသတိ[1]။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမ၊ ဤလောက၌။ ကေစ္စော၊ အချို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ အတ္တနော၊ မိမိကိုယ်တိုင်။ ဇာတိဓမ္မော၊ ဖြစ်ခြင်းသဘောရှိသည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ဇာတိဓမ္မေ၊ ဖြစ်ခြင်းသဘောတရား၌။ အာဒီနဝံ၊ အပြစ်ကို။ ဝိဒိတွာ၊ သိသည်ဖြစ်၍။ အဇာတံ၊ ဖြစ်ခြင်းသဘောမရှိသော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သော တရားမရှိသော။ ယောဂက္ခေမံ၊ ယောဂလေးပါးတို့၏ကုန်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ ပရိယေသတိ၊ ရှာမှီး၍နေလေတော့၏။

၁။ မူလပဏ္ဏာသ ပါဠိတော်၊ နှာ-၂၁၈။

http://www.dhammadownload.com

အာဒီနဝအချက် ၃-ချက်။ ။ကိုယ်ကိုယ်တိုင် ဖြစ်ခြင်းသဘော အိုခြင်းသဘော နာခြင်းသဘော သေခြင်း သဘောရှိသည် ဖြစ်သောကြောင့် ဖြစ်မှု အိုမှု နာမှု သေမှု ညစ်နွမ်းမှုဆိုတဲ့ တရားတို့၌ အာဒီနဝလို့ ဆိုတဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဒီအချက်သုံးချက်ကို မြင်အောင်ကြည့်ရင် အာဒီနဝ ဆိုတဲ့သဘောကို မြင်လိမ့်မယ်။ အာဒီနဝဆိုတာ ဘယ်သူလဲ အနိစ္စ ဒုက္ခ ဝိပရိ-ဏာမ ဒီသုံးချက်ကို အာဒီနဝလို့ခေါ်တယ်၊ ဘယ်သူရဲ့ အာဒီနဝလဲ အဲဒီ ဝိညာဏ်နာမ် ရုပ်၊ တနည်း ပြောရင်(စိတ် စေတသိက် ရုပ်) ၎င်းတို့ရဲ့ အာဒီနဝ၊ အဲဒီ အာဒီနဝကို မြင်ပြီးတော့ မဖြစ်တဲ့ မပျက်တဲ့ မအိုတဲ့ မနာတဲ့ မသေတဲ့ ယောဂ ကုန်ရာဖြစ်တဲ့ အလွန်မြတ်တဲ့ နိဗ္ဗာန် ချမ်းသာကိုသာလျှင် ရှာမှီးကြတယ်တဲ့၊ ဒါ မြတ်သောရှာမှီးခြင်းတဲ့၊ မြတ်စွာဘုရား ဒီလို ဟောတော်မူတယ်။

အတ္တနာ၊ မိမိကိုယ်တိုင်က။ ၉ရာဓမ္မော၊ အိုခြင်းသဘောရှိသည်။သမာနော၊ ဖြစ်သည်ရှိသော်။ မရဏဓမ္မော၊ သေခြင်းသဘောရှိဘည်။ သမာနော၊ ဖြစ်သည်ရှိသော်။ ၉ရာဓမ္မေ ဗျာဓိဓမ္မေ မရဏဓမ္မေ၊ အို နာ သေဆိုတဲ့ တရား၌။ အာဒီနဝံ၊ အပြစ်ကို။ ဝိဒိတွာ၊ တွေ့အောင် မြင်အောင် သိကြ ကုန်သည်ဖြစ်၍ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ သိကြကုန်သည် ဖြစ်၍။ အဇရံ အဗျာဓိံ အမရဏံ၊ မအို မနာ မသေရာ ဖြစ်သော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော တရားလည်း ရှိတော်မမူထသော။ ယောဂက္ခေမံ၊ ကာမ ယောဂ=တဏှာ၊ ဘဝ ယောဂ=တဏှာ၊ ဒိဋ္ဌိယောဂ=ဒိဋ္ဌိ၊ အဝိဇ္ဇာယောဂ မောဟဆိုအပ်သော ကိလေသာတို့၏ ကုန်ရာဖြစ်သော။ နိဗ္ဗာန်၊ ရာဂမီး ဒေါသမီး မောဟ မီးတို့ရဲ့ ရာဂ ကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကို။ ပရိယေသန္တိ၊ ရှာမှီး၍ နေကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

ဓောတကသုတ္တန် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

၅-ဓေတကသုတ္တန် ဒုတိယပိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၇-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်အတွင်းရှိ ဝိပဿနာ ဝမ္မာရုံကြီးတွင် ဝိပဿနာ လုပ်ငန်းလုပ်ပုံ လုပ်ထုံး တက်ပုံ တက်နည်း တွေ့ကို ညွှန်ပြပြီး ဟောကြား ထားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော ဓေတကသုတ္တန် ဒုတိယပိုင်း တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီတရားကို ဘုန်းတော် ခြောက်ပါး သခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုယ်တော်မြတ် ဓေတကပုဏ္ဏားကြီး မေးတာကို အကြောင်းပြုပြီးတော့ ဖြေကြားတော်မူပါတယ်၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို တရားဟောပုဂ္ဂိုလ် ဘရားနာပုဂ္ဂိုလ် တို့ရဲ့ အနေနဲ့ တရားဟော တရားနာရမှာ ဖြစ်တဲ့အတွက် ရှေးဦးစွာ ဒီတရားတော်ရဲ့ ပိုင်ရှင်ဖြစ်သော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား အမျိုးကောင်း သမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဥဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်း သမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်မြတ်ကို ကြည်ညို သဒ္ဓါပွါးများ နိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ဘုရားရှိခိုးအနက် ရှေးနည်း အတိုင်း)

ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာ ဘုရားက ဓေတကပုဏ္ဏားကို ဘာ ဟောသလဲဆိုတော့—

တေန ဟာတပ္ပံ ကရောဟိ၊ ဣဓေဝ နိပကော သတော၊
ဣတော သုတ္ဝာန နိဂ္ဂါသံ၊ သိက္ခေ နိဗ္ဗာန မတ္တနော၊

ညက ဘုန်းကြီးတို့ ပြောပေးပြီးတဲ့အပိုင်း။

http://www.dhammadownload.com

အနာစာရနှင့် အာစာရ ရှင်းပြချက်။ ။သိက္ခာဆိုတဲ့ ပါဠိအရ သိက္ခာသုံးပါး၊ သီလ သိက္ခာကို ညက ပြောပေးခဲ့ပြီ နော် (မှန်ပါဘုရား)၊ အာစာရ ဂေါစရသမ္ပန္နလို့ ဆိုတာ ကျက်စားရာ အာရုံ, အကျင့် ကျက်စားရာအာရုံနှင့်လဲ ပြည့်စုံရမယ်တဲ့၊ မကျင့်သင့်တာကို မကျင့်ရဘူး၊ မကျက်စားသင့်တဲ့ အရပ်မှာ မကျက်စားရဘူး၊ အဲဒါတွေကတော့ ဘုန်းကြီး ညက ပြောခဲ့ပြီးပြီ၊ ဗျာနဝိဘင်းပါဠိတော်မျှားနဲ့ မဟာနိဒ္ဒေသပါဠိတော်တို့မှာ အကျယ် ဖွင့်ဆိုထားတာ ရှိပါတယ်။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ မကျက်စားသင့် မကျက်စားထိုက်တဲ့အရာမှာ ပါဠိဓတ်တော်တွေက ပြထားတာတော့ဖြင့် သံဃာတော်တွေနဲ့ ပတ်သက်ပြီးတော့ ဆွမ်းခံသွားတဲ့နေရာတို့ ဘယ်နေရာမျိုးမှာ ဆွမ်းမခံရဘူး၊ ဘယ်နေရာမျိုးမှာ ဆွမ်းခံရမယ်၊ ဒကာဒကာမတွေနဲ့ ဆက်ဆံတဲ့ နေရာမှာ ဘယ်လိုသာ ဆက်ဆံရမယ်၊ ဘယ်လို မဆက်ဆံဗဒ္ဓူးလို့ သင်ကြားပြီး ပညတ်ထားတာ ရှိတယ်၊ လာဘ်လာဘရအောင် ဘယ်လိုမလုပ်ရဘူး၊ ကလေးတွေကို မချီရဘူး ကလေးတွေ မမြူရဘူး စသည်ဖြင့် အနာစာရ=မကျင့်သင့်တာတွေ မကျင့်ရဘူး၊ ကျင့်သင့်တဲ့ တရားကို ကျင့်ရမယ်။

သံဃာတော်များကလဲ ဒကာဒကာမအပေါ်မှာ ကျင့်သင့် ကျင့်ထိုက်တဲ့ ဝတ္တရားတွေရှိတယ်၊ ဒကာ ဒကာမတွေကလဲ သံဃာတော်များအပေါ်မှာ ကျင့်သင့် ကျင့်ထိုက်တဲ့ ဝတ္တရားတွေ ရှိတယ်၊ အဲဒီ ကျင့်သင့် ကျင့်ထိုက် တာထက် ပိုပြီးတော့ မကျင့်ရဘူး၊ ကျင့်သင့်ကျင့်ထိုက်တာထက် ပိုပြီးတော့ကျင့်ရင် အဲဒါ အနာစာရတွေ ဖြစ်သွားရော၊ ကျင့်သင့်သလောက်သာ ကျင့်ပေးမယ် ဆိုရင် အဲဒါ အာစာရနဲ့ ပြည့်စုံတယ်လို့ ခေါ်တယ်၊ အကျဉ်းချုပ် မှတ်ထားနော်(မှန်ပါဘုရား)။

ဂေါစရ ရှင်းချက်။ ။ဂေါစရ ဆိုတာ ကျက်စားရာအာရုံ ဆွမ်းခံသွားတဲ့နေရာ ဘုန်းကြီးတို့ ပရိသတ် အနေနဲ့ဆိုရင် ပစ္စည်းရှာတဲ့ နေရာပေါ့၊ ဆွမ်းခံသွားရာမှာ ဆွမ်းခံ မသွားသင့်တဲ့ နေရာတွေ ရှိတယ်၊ မြတ်စွာဘုရား ပယ်ဖျက်ထားတာ၊ သေတင်းကုတ်တို့ စသည်၊ ကျက်စားသင့်တဲ့ နေရာကိုသာ ဆွမ်းခံသွားရမယ် ဒါရှိပါစေတော့။

သီလခန်းပြီးတော့ မြတ်စွာဘုရားက သိက္ခာဆိုတဲ့ အတိုင်း ကျင့်တာ အဓိ-သီလ သိက္ခာကျင့်ပုံနဲ့ ပါတိမောက္ခသံဝရသီလ ကျင့်စဉ်တွေကို ဘုန်းကြီးတို့ ပရိသတ် ဟောပေးခဲ့ပြီးပြီ-နော် (မှန်ပါဘုရား)။

သက္ကပဉ္ဉသုတ်ကလာတဲ့ ပါတိမောက္ခသံဝရသီလခန်းကို ဘုန်းကြီး ဟောခဲ့ပြီးပြီ။ သမာဓိ သိက္ခာ ဆိုတဲ့ အဓိစိတ္တသိက္ခာ ကျတော့ ဘာလဲဆိုတော့ ဟို

http://www.dhammadownload.com

တနေ့က ဘုန်းကြီး ဟောပေးခဲ့တယ်၊ ဈာန်သမာပတ်တရားတွေကို သမာဓိသိက္ခာလို့ ခေါ်တယ်၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ထိအောင် ဒါ သမာဓိသိက္ခာ။ အဲဒီ ဓောတက စတဲ့ ပုဏ္ဏား ပညာရှိတွေဟာ သီလသိက္ခာနှင့် သမာဓိသိက္ခာ သူတို့မှာ ပြည့်စုံနေကြတယ်၊ ဈာနလာဘီပုဂ္ဂိုလ်တွေကိုး၊ ပညာ သိက္ခာလို့ ဆိုတာက ဘာလဲလို့ ဆိုတော့—

ကတမာ စ ဘိက္ခဝေ ပညာ အဓိပညာသိက္ခာ။

ဣဓ ဘိက္ခဝေ ဘိက္ခု ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကပညာယ သမန္နာဂတော ဣမံ-နိယာ။

သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခသမု-ဒယောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓောတိ ယထာ-ဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။ အယံ ဝုစ္စတိ အဓိပညာသိက္ခာ။ ပါဠိတော်[1] က ဒီလိုပြတယ်။

အဓိပညာ သိက္ခာ ဆိုတာ အခု ရွတ်လိုက်တဲ့ ပါဠိတော် အတိုင်းဘဲတဲ့။

အဓိပညာ သိက္ခာ မည်ပုံ။ ။ဣဓ၊ ဤ လောကဌ် ဤသာသနာတော်၌။ ဘိက္ခု၊ ကိလေသာတွေကို ချိုးဖဲ့နေသော ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်း သမီးသည်။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်လေတော့၏။ (ဘယ်လို ပညာမျိုးလဲ) ဥဒယတ္ထဂါမိနိယာ၊ ရုပ်နာမ်ဓမ္မသခါရတည်းဟူသော ဝိညာဏ် နာမ် ရုပ်.စိတ် စေတသိက် ရုပ်လို့ဆိုတဲ့ သခါရတရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို ဖောက်ခဲ့၍ မြင်နိုင်သော ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ပညာနဲ့ ပြည့်စုံတယ်ဆိုတာ အဓိပညာ သိက္ခာနှင့် ပြည့်စုံတာကိုဆိုတာ၊ ရုပ်နာမ်ဓမ္မသခါရ တရားတို့ရဲ့ ဝိညာဏ်နာမ်ရုပ်၊ တနည်း စိတ်စေတသိက်ရုပ်၊ အဲဒီ တရားတို့ရဲ့ ဖြစ်ခြင်းနှင့် ပျက်ခြင်းကို ဖောက်ခဲ့ပြီးတော့ မြင်နိုင်တဲ့ အသိပညာမျိုးကို အဓိပညာသိက္ခာလို့ ခေါ်ပါတယ်။

အရိယာယ၊ဖြူစင်သော။သမ္မာဒုက္ခက္ခယဂါမိနိယာ၊ကောင်းစွာ ဆင်းရဲဒုက္ခကို ကုန်စေနိုင်သော။ နိဗ္ဗေဓိကပညာယ၊ ဖောက်ထွင်း၍ သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင်နိုင်သော ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ (အဲဒီ ပညာနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်က ဘာတွေမြင်သလဲလို့ ဆိုတော့)။

၁။ စူဠနိဒ္ဒေသပါဠိတော်၊ နှာ-၃၄။ မဟာနိဒ္ဒေသပါဠိတော်၊ နှာ-၃၀။

http://www.dhammadownload.com

သော၊ ထို ပညာနှင့် ပြည့်စုံသော ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသို့သည်။ ဣဒံ၊ ဤ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရုပ်လို့ ခေါ်တဲ့ တရားသည်း။ ဒုက္ခံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်၍ နေသည်ဖြစ်သော ကြောင့် ဒုက္ခသစ္စာ အမှန်ပေတည်း။ (ဒါဒုက္ခသစ္စာတရား)အယံ၊ ဤ အဝိဇ္ဇာနှင့် တဏှာဆိုတဲ့ တရားသည်။ ဒုက္ခသမုဒယော၊ ဝိညာဏ် နာမ် ရူပ် စိတ် စေတသိက် ရုပ် တည်းဟူသော သခါရတရားတည်းဟူသော ဒုက္ခသစ္စာဖြစ်ခြင်း၏အကြောင်း တရားပါပေတည်း။ (ဒါ သမုဒယသစ္စာတရား)

အဝိဇ္ဇာနဲ့ တဏှာဟာ ဒုက္ခဖြစ်ခြင်းရဲ့ အကြောင်းဘဲလို့ သူမြင်တယ်၊ ဘာ နှစ်သက် နှစ်သက် နှစ်သက်တယ်ဆိုရင် ငါတော့ ဒုက္ခဖြစ်တော့မယ်လို့ တထစ်ချ မှတ်ထား ဘုန်းကြီးတို့ ပရိသတ်။

အယံ ဒုက္ခနိရောဓော၊ဖဿပဥ္စမက တရားတွေအားလုံး ချုပ်ပြီးတော့ ဖဿ-ချုပ်ပြီးတဲ့နေရာမှာ ဖဿနိရောဓကို နိဗ္ဗာန်လို့ ဘုန်းကြီး ဟောပေးခဲ့တယ်။ အဲဒီလို အကြောင်းတရားနဲ့ အကျိုးတရားတို့ကို ဆက်စပ်ပြီးသကာလ ပေးတဲ့ ဖဿနိရောဓသည် နိရောဓသစ္စာလို့။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ ပဇာ-နာတိ၊သိ၏။ (ဒါ နိရောဓသစ္စာတရား)

အယံ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ၊ မဂ္ဂင်(၈)ပါး သမ္မာဒိဋ္ဌိစသော အကျင့်တရားသည် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်တဲ့ ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိပါပေ၏။ (ဒါ မဂ္ဂသစ္စာတရား)။ အယံ၊ ဤကဲ့သို့ သစ္စာ ၄-ပါးကို သိခြင်းကို။ အဓိပညာ သိက္ခာတိ၊ အဓိပညာ သိက္ခာဟူ၍။ ဝုစ္စတိ၊ ကောင်းစွာမသွေ ခေါ်ဆိုရပါပေသတည်း။

သာဓု သာဓု သာဓု။

ကျင့်မှ ရနိုင်သော နိဗ္ဗာန်။ ။အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ လို့ဆိုတဲ့ သိက္ခာသုံးပါးကို မြတ်စွာဘုရား ဘာ ဟောထားလဲ၊ သိက္ခေ=သိက္ခေယျ၊ ကျင့်ရမယ်တဲ့ ဘာလုပ်ရမလဲ (ကျင့်ရပါမယ် ဘုရား)၊ ကျင့်ရမယ်ဆိုတာ အလုပ်လုပ်ရမှာကို ပြောတာ၊ အလုပ်မလုပ်ဘဲနဲ့ ဘုန်းကြီးတို့ ပရိသတ် နိဗ္ဗာန်ရနိုင်ပါမလား (မရနိုင်ပါဘုရား)၊ လောကမှာ အလုပ်မလုပ်ဘဲနဲ့ ရတာ ဘာရှိသလဲ (ဘာမှမရှိပါဘုရား)။

ကိုယ်အမူအရာနဲ့သော်၎င်း နှုတ်အမူအရာနဲ့သော်၎င်း စိတ်အမူအရာနဲ့သော် ၎င်း တခုခုကို ပြုလုပ်ပြီဆိုရင် သူက ရလာတယ်၊ နိဗ္ဗာန်လို့ဆိုတဲ့ နိဗ္ဗာန်ချမ်းသာ တရားတော်ကြီးကို အလိုရှိတဲ့ ပုဂ္ဂိုလ်များဟာ အဲဒီလိုဘဲ သိက္ခာ ၃-ပါးကို မြတ်စွာဘုရားက ကျင့်ရမယ်တဲ့ သိက္ခေ နိဗ္ဗာန မတ္တနော။ အတ္တနော၊ မိမိ၏။

http://www.dhammadownload.com

နိဗ္ဗာန်၊ ရာဂအစရှိသော ကိလေသာမီးတို့၏ ငြိမ်းအေးခြင်းကို အလိုရှိသော ကုလပုတ္တ အမျိုးကောင်းသား အမျိုးကောင်းသို့သည်။ သိက္ခေ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။ ဒီလို ဟောလိုက်တယ် မြတ်စွာဘုရားက ဓောတကကို။ ဒီတော့ ဓောတကလို့ဆိုတဲ့ ရသေ့ပုဏ္ဏားပညာရှိ ပရိပို့ဇ်က မြတ်စွာဘုရားကို ဘယ်လို လျှောက်လိုက်သလဲ ဆိုတော့—

ပဿာမဟံ ဒေဝမနုဿလောကေ၊
အကိဉ္စနံ ဗြာဟ္မဏ မိဂိယမာနံ။
တံ တံ နမဿာမိ သမန္တစက္ခု၊
ပမုဉ္စ မံ သက္က ကထံကထာဟိ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒေဝမနုဿလောကေ၊ နတ်လူလောကဋ္ဌ။ အကိဉ္စနံ၊ ရာဂအစရှိသော ကြောင့်ကြခြင်း မရှိသော။ ဗြာဟ္မဏံ၊ မကောင်းမှု ဟူသမျှ ကိလေသာ တရားတွေကို ဖယ်ရှားပြီး ဖြစ်ပေထသော။ ဝါ၊ ကိလေသာ စင်ကြယ်ပြီးထသော။ ဣရိယမာနံ၊ သမ္မပ္ပဓာန်ထက်သန်လှုံလ ဝီရိယကို ကျင့်တော်မူပြီးထသော။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို။ ပဿာမိ၊ မျက်မှောက်ထင်ထင် ဖူးမြင်၍ နေရပါတော့သည် ဘုရား။ တံ တသ္မာ၊ ထို့ကြောင့်။ သမန္တစက္ခု၊ သိစရာမကျန်အောင် သိတော်မူပါပေသော မြတ်စွာဘုရား။ တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပေသော ထိုမြတ်စွာဘုရားကို။ နမဿာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သက္က၊ သာကီနွယ်ဘွား ရှင်တော်မြတ်ဘုရား။ မံ၊ ဘုရားတပည့်တော်ကို။ ကထံ ကထာဟိ၊ သို့လော သို့လော တွေးတောဖွဲ့မှုးခြင်းဆိုတဲ့ တရားတို့မှု။ ဝါ၊ ဒုက္ခသစ္စာဋ္ဌ ယုံမှားခြင်း, သမုဒယသစ္စာဋ္ဌ ယုံမှားခြင်း, နိရောဓသစ္စာဋ္ဌ ယုံမှားခြင်း, မဂ္ဂသစ္စာဋ္ဌ ယုံမှားခြင်း, ပုဗ္ဗန္တ အပရန္တ ပုဗ္ဗန္တာပရန္တ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နဆိုတဲ့ သဘောတရားတွေကို ယုံမှားခြင်းတို့မှ။ ပမုဉ္စ=ပမုဉ္စာဟိ၊ ကရုဏာရွှေထား မေတ္တာပွါး၍ သနားကြင်နာသဖြင့် လွှတ်အောင် ပြုလုပ်၍ ပေးတော်မူပါ အရှင်ဘုရား။

သာဓု သာဓု သာဓု။

ဓောတကပုဏ္ဏား သံသယဖြစ်ပုံ။ ။အဲဒါ **အဓိပ္ပါယ်**ပြောရမယ်၊ ဓောတက လျှောက်တဲ့စကားထဲမှာ ဝိပဿနာရှုကွက် မပါဘူး၊ မြတ်စွာဘုရားဟောတဲ့စကားထဲမှာမှ ဝိပဿနာရှုကွက်က ပါတယ်၊

http://www.dhammadownload.com

ဓောတက-က မြတ်စွာဘုရားကို ဘယ်နယ်လျောက်သလဲဆိုတော့ အရှင်ဘုရားတဲ့ ဘုရားတပည့်တော်သည် လူ့လောက နတ်လောကမှာ ကိလေသာရာဂတွေ ကင်းစင်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးမျှော်ပြီး နေရပါပြီဘုရား၊ အဲတာကြောင့် အရှင်ဘုရားသည် ဘုရားတပည့်တော်ကို သနားသည်ကို အကြောင်းပြုပြီးတော့ ဘုရားတပည့်တော်မှာ ဖြစ်နေတဲ့ ဝိစိကိစ္ဆာတည်းဟူသော ငြောင့်ကို နုတ်ပေးတော်မူပါဘုရားတဲ့။

ဝိစိကိစ္ဆာဆိုတာ ဘာလဲ ဘာတွေ သို့လော သို့လော ယုံမှားသံသယရှိနေသလဲ ဒုက္ခသစ္စာဆိုတာ ဟုတ်မှဟုတ်ပမလား ဝိညာဏ် နာမ် ရူပ် စိတ်စေတသိက် ရူပ်ဆိုတာ ဆင်းရဲတဲ့တရားတွေဆိုတာ ဟုတ်မှဟုတ်ပါ့မလားလို့ သူမှာ ဒီလို သံသယရှိနေပါတယ်တဲ့။

ဝိစိကိစ္ဆာကင်းအောင် ပြုလုပ်ရန်။ ။သမုဒယ နိရောဓ မဂ္ဂသစ္စာတို့မှာလဲ ထို့အတူဘဲ နိဗ္ဗာန်ဆိုတာ ရှိမှရှိပါ့မလားလို့ အဲဒီလို ယုံမှားသံသယ ဖြစ်နေတယ်၊ ပဋိစ္စသမုပ္ပန္နလို့ခေါ်တဲ့ အတိတ်ကိုလဲ မမြင်ဘဲနဲ့ ရှိမှရှိပါ့မလား၊ အနာဂတ် ပစ္စုပ္ပန် ပုဗ္ဗန္တ အပရန္တ ပုဗ္ဗန္တာပရန္တ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နလို့ ခေါ်တဲ့ ရွေ့အတိတ်က သတ္တဝါတွေ ရှိတယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ နောက်အနာဂတ်မှာ သတ္တဝါတွေ ရှိမယ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ အခု ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ အဲဒီ ယုံမှားသံသယရှိနေတဲ့ ဝိစိကိစ္ဆာငြောင့်ကို အရှင်ဘုရား ဘုရားတပည့်တော်ကို သနားသည်ကို အကြောင်းပြုရ၌ ဒီ-ဝိစိကိစ္ဆာကင်းအောင် လုပ်ပေးတော်မူပါဘုရားတဲ့။

(ဘုန်းကြီးတို့ ပရိသတ်က သူမျှားကို အားကိုးပြီးတော့ ဘာဖြစ်အောင် လုပ်ပေးပါ ညာဖြစ်အောင် လုပ်ပေးပါဆိုတာက သိပ်ဝါသနာပါတယ်၊ ဘာတဲ့လို့ဆိုရင် သွားရမှ ဟိုကျတော့ သူတို့ဘာပြောသလဲဆိုတော့ ဆရာကြီး ဘာဖြစ်နေလို့ ဘယ်သောဏရောက်နေလို့ အဲဒီ-သောဏကို ဝေးအောင်လုပ်ပေးပါလို့ ဆိုတော့ ဟိုက ညာမဲ့လူက အေး လုပ်ပေးမည်ဆိုပြီး လုပ်ပေးလိုက်တာဘဲ၊ သောဏ သူဖာသာ ပျောက်ထာ မပျောက်ထာ အပထား၊ သူကတော့ ဟိုမှာ လက်တွေ့အကျိုးခံစားနေရပြီ ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း ဒါတွေရှိပါစေတော့ ဒီ-ပါဠိတော်ဟောစဉ်မှာ ဒီ-အရှုပ်အပွေစကားတွေ မပါပါစေနဲ့တော့)။

ဓောတက-က မြတ်စွာဘုရားကို ဘာလျောက်သလဲဆိုတော့ သူမှာ စွဲနေတဲ့ ဝိစိကိစ္ဆာကြီးကို ချွတ်ပေးတော်မူပါဘုရားတဲ့၊ ကိုယ့်မှာစွဲနေတဲ့ ဝိစိကိစ္ဆာကို သူမျှားက ချွတ်ပေးလို့ ရပါ့မလား၊ (မရပါဘုရား)၊ ကိုယ်မှာဖြစ်နေတဲ့ ဒေါသကို သူမျှားက ဖျောက်ပေးလို့ ရပါ့မလား (မရပါဘုရား)၊ ကိုယ်မှာဖြစ်နေတဲ့ အလိုမပြည့်မှုကို သူမျှားက ဖြည့်ပေးလို့ ရပါ့မလား။ (မရပါဘုရား)။

http://www.dhammadownload.com

မြတ်စွာဘုရားက ဓောတကကို ဘာမိန့်တော်မူလိုက်သလဲဆိုတော့—

နာဟံ သဟိဿာမိ ပမောစနာယ၊
ကဏ်ကထိ ဓောတက ကဉ္စိ လောကေ။
ဓမ္မဉ္စ သေဋ္ဌံ အဘိဇာနမာနော၊
ဧဝံ တုဝံ ဩဃမိမံ တရေသိ။

ဓောတက၊ ဓောတက။ အဟံ၊ ငါဘုရားရှင်ကိုယ်တော်မြတ်သည်။ လောကေ၊ လောကဉ္စိ။ ခန္ဓလောက အာယတနလောက ဓာတုလောကဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် လောကဉ္စိ။ လူ့လောက နတ်လောက ဗြဟ္မာလောက ငရဲလောက တိရစ္ဆာန် လောက ပြိတ္တာလောကဉ္စိ။ (ဒါ သမုတိသစ္စာလောကရော ပရမတ္ထသစ္စာ လောကပါ ပါသွားတယ်)၊ (စူဠနိဒ္ဒေသအဖွင့်အတိုင်း) လောကေ၊ လူနတ် ဗြဟ္မာ သတ္တဝါဆိုတဲ့ လောကဉ္စိ။ ကဏ်ကထိ၊ သို့လော သို့လော တွေးတော ယုံမှားပြီးတော့ ဟုတ်မှ ဟုတ်ပါ့မလားလို့ အယူရှိရှိနေသော။ ကဉ္စိ ပဂ္ဂလံ၊ တစုံတယောက်သောပုဂ္ဂိုလ်ကို။ ပမောစနာယ၊ ထိုကဲ့သို့သော ဝိစိကိစ္ဆာတရားမှ လွတ်မြောက်ခြင်းငှါ။ အဟံ၊ ငါဘုရားသည်။ နာဟံ သဟိဿာမိ၊ ပြုလုပ်၍ မပေးနိုင်ပါ။

ကိုယ်လုပ်မှ ကိုယ်ရပုံ။ ။ဘုန်းကြီးတို့ ပရိသတ် တစုံတယောက်သော ပုဂ္ဂိုလ်ရဲ့ အတိဒုက္ခ ရောက်နေတာကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အေးအောင် ငြိမ်းအောင် လုပ်ပေးနိုင်တယ်လို့ ဟောသလား။ (မဟောပါဘုရား)၊ ဒီပါဠိတော်အရ နာဟံ သဟိဿာမိ၊ သင့်မှာဖြစ်နေတဲ့ အပူကို ငါဘုရား အေးအောင် လုပ်မပေးနိုင်ပါ။ ဘယ့်နယ်တုန်း ဘုန်းကြီးတို့ ပရိသတ် လုပ်ပေးနိုင်ပါ့မလား၊ (လုပ်မပေးနိုင်ပါဘုရား)။

ဘာဖြစ်လို့ မြတ်စွာဘုရားရှေ့မှာ စိတ်ကလေးနဲ့ခဲ့ညစ်လာရင် မျက်ရည်စမ်းစမ်းနဲ့ သွားပြီးတော့ ဖရောင်းတိုင်ကလေး နှစ်တိုင်လောက် ထွန်းပြီး ကယ်တော်မူပါဘုရားလို့ သွားလုပ်ကြသလဲ၊ မြတ်စွာဘုရားက သင့်ကို ငါချတ် မပေးနိုင်ဘူးတဲ့။ သေဋ္ဌံ၊ မွန်မြတ်လှစွာသော။ ဓမ္မဉ္စ၊ နိဗ္ဗာန်နဲ့ နိဗ္ဗာန် ရောက်ကြောင်းတရားကိုလည်း။ အဘိဇာနမာနော၊ ထိုးထွင်း၍ သိမြင်သည် ရှိသော်။ ဧဝံ၊ ဤသို့သိသည်ဖြစ်၍။ တုဝံ၊ သင်သည်။ ဣမံ ဩဃံ၊ ဤဩဃ လေးဖြာ သံသရာကို။တရေသိ၊ ကောင်းစွာမသွေ ကူးမြောက်နိုင်ပါပေသတည်း။

သာဓု သာဓု သာဓု။

ကိုယ့်မှာ စူးဝင်နေသောငြောင့် ကိုယ်သာနုတ်နိုင်ပုံ

ဓောတကကို မြတ်စွာဘုရားက မိန့်လိုက်တယ်၊ သင့်မှာ စူးနေတဲ့ ဝိစိကိစ္ဆာငြောင့်ကြီးကို ငါဘုရား နုတ်မပေးနိုင်ဘူးတဲ့၊ "နာဟံ-

http://www.dhammadownload.com

သဟိဿာမိ ပမောစနာယ" အရနော်။ အဲဒီနေရာမှာ စူဠနိဒ္ဒေသပါဠိတော်က မြတ်စွာဘုရားသည် အားလုံးသောသတ္တဝါအပေါင်းတို့ရဲ့ အားကိုး အားထားရာ မှီရာတည်ရာကြီးဖြစ်ပါလျက်သားနဲ့ ဘာပြုလို့ လုပ်မပေးနိုင်သလဲဆိုတာ မြတ်စွာဘုရားဟောတဲ့ တရားကို ပြန်ပြီးတော့ ဟောပေးဦးမယ်ဆိုပြီး စူဠနိဒ္ဒေသက နဲနဲကလေး ပြောထားတယ်၊ အဲဒါ ဘယ်မှာလဲလို့ဆိုတော့ ဘုန်းကြီးတို့ မူလ ပဏ္ဏာသပါဠိတော် သလ္လေခသုတ်ဆိုတာ ရှိတယ် နော် (မှန်ပါဘုရား)၊ အဲဒီ သလ္လေခသုတ် နှာ-၅၄-မှာ မြတ်စွာဘုရားက ဘာဟောသလဲလို့ဆိုတော့၊ အရှင် မဟာစုန္ဒထေရ်ကို—

သော ဝတ စုန္ဒ အတ္တနာ ပလိပပလိပန္နော ပရံ ပလိပပလိပန္နံ ဥဒ္ဓရိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

စုန္ဒ၊ စုန္ဒ။ သော၊ ထို့သူသည်။ အတ္တနာ၊ မိမိကိုယ်တိုင်က။ ပလိပပလိပန္နော၊ ကိလေသာညွှန်ပျောင်းထဲမှာ နစ်မြုပ်၍နေသည်ဖြစ်လျက်ကနဲ့။ ပလိပပလိပန္နံ၊ ကိလေသာညွှန်ပျောင်းထဲမှာ နစ်မြုပ်၍နေသော။ ပရံ၊ သူတပါးကို။ ဝတ၊ စင်စစ်။ဥဒ္ဓရိဿတိ၊ ဆွဲ၍ထုတ်လတ္တံ့။ ဣတိ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ မဖြစ်နိုင်ဘူးတဲ့၊

နာဟံ သဟိဿာမိ ပမောစနာယ-ကိုထောက်ပြီး ဒါ စူဠနိဒ္ဒေသမှာပါလို့ကို ဘုန်းကြီး နဲနဲထည့်ပြောရတာ။ ပြီးတော့တခါ ပြောသေးတယ် ဓမ္မပဒပါဠိတော်က စကားတခုကို ကိုးကားပြီးတော့ တစုံတယောက်သောပုဂ္ဂိုလ်ရဲ့ အညစ် အကြေးကို တစုံတယောက်သောသူက စင်ကြယ်သန့်ရှင်းအောင် လုပ်မပေးနိုင်တဲ့ အကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ဓမ္မပဒပါဠိတော်[၁] တခုရှိသေးတယ်။

အဲဒီမှာ ဘာဟောထားသလဲ–

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နညော အညံ ဝိသောဓယေ။

အတ္တနာ ဟိ၊ မိမိသည်သာလျှင်။ ပါပံ၊ မကောင်းမှုကို။ ကတံ၊ ပြု၏။ (အဲဒီ ကိုယ်ပြုတဲ့မကောင်းမှုကို ဘယ်သူခံရသလဲ)၊ အတ္တနာဝ၊ မိမိကိုယ်တိုင်သာလျှင်။ သံကိလိဿတိ၊ စိတ်ညစ်ရလိမ့်မယ်၊ ညစ်နွမ်းရလိမ့်မယ်။ အတ္တနာ၊ မိမိသည်။ ပါပံ၊ မကောင်းမှုကို။ အကတံ၊ မပြုလုပ်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ် သန့်ရှင်းလေတော့၏။

၁။ ဓမ္မပဒပါဠိတော်၊ နှာ-၃၈။

http://www.dhammadownload.com

(ကိုယ်က မကောင်းမှုကို မလုပ်ရင် ကိုယ်ဘဲ စင်ကြယ် သန့်ရှင်း တာဘဲတဲ့၊ ဟုတ်လား မြတ်စွာဘုရားဟောတာ၊ မြတ်စွာဘုရားနဲ့ ဘာမှမဆိုင်ဘူး၊ ရှေးကျတော့ သူပြောလိမ့်ဦးမယ် တခု၊) သုဒ္ဓိ၊ ကုသိုလ် တရားသည်၎င်း၊ အသုဒ္ဓိ၊ အကုသိုလ်တရားသည်၎င်း။ ပစ္စတ္တံ၊ ပြုသောဟုဂ္ဂိုလ်ကို အကျိုး ပေးပေ၏။ (ဘယ်သူမှမပေးဘူး ကိုယ့်အကျိုး ပေးတာဘဲ၊ မီးကိုကိုင်ကြည့်ပါလား ဘယ်သူပူမှာလဲ။)

အကုသိုလ်ဆိုတာ မီး၊ အဲဒီ အကုသိုလ်မီးကို ကိုင်ကြည့်ရင် ကိုယ်ဘဲပူမှာဘဲ သူမျာ်းတော့မပူဘူး၊ရေခဲဆိုတာ အေးတယ်မဟုတ်လား၊အဲဒီရေခဲကို ကိုင်ကြည့်ပါလား ဘယ်သူအေးမှာလဲ၊ (ကိုယ်ဘဲ အေးမှာပါဘုရား)။ အညော၊ တယောက်သောသူသည်။ အညံ၊ တပါးသောသူကို။ နဝိသောဓယေ၊ စင်ကြယ်အောင် ပြုလုပ်၍ မပေးနိုင်။ တယောက်သောသူက တယောက်သောသူ၏ အကုသိုလ်ကို စင်ကြယ်အောင် ပြုလုပ်၍ မပေးနိုင်ဘူးတဲ့၊ မြတ်စွာဘုရားက ဒီလိုဘဲ ဟောတယ်၊ နာဟံ သဟိဿာမိ ပမောစနာယ-၏ အဖွင့်-ဟုတ်လား (မှန်ပါဘုရား)။

ခရီးလမ်းညွှန်နှင့်တူသော ဘုရားရှင်။ ။နောက်တခု ဟောသေးတယ်၊ နောက်တခုဟောတာက ဘုန်းကြီး ခပ်ကျယ်ကျယ်လေး ပြောမယ်၊ စူဠနိဒ္ဒေသပါဠိတော်က အမြဲက်လောက်ဘဲ ပြတယ်၊ မြတ်စွာဘုရားလက်ထက်က မြတ်စွာဘုရားသည် သတ္တဝါတွေကို သတ္တဝါတွေရဲ့ သန္ဓာန်မှာရှိနေတဲ့ ကိလေသာတွေကို သန့်ရှင်းစင်ကြယ်အောင် လုပ်မပေးနိုင်တဲ့ အကြောင်း ခရီးလမ်းညွှန် သမားသာ ဖြစ်တဲ့အကြောင်းကို မြတ်စွာဘုရား ဘယ်မှာ ဟောထားသလဲ ဆိုတော့– ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒဟ ဝဂ် ဂဏက မောဂ္ဂလ္လာနသုတ် နှာ-၅၂၂-ဂ မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်နော် (မှန်ပါဘုရား)၊ အဲဒီ အကြောင်းကို ဘုန်းကြီး ဟောပေးမယ်၊ ဟောတဲ့ တရားတွေကို ကိုယ်တိုင် ကြိုးစားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်မှသာလျှင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးမျာ်း အကျွတ်တရားကို ရကြမှာ ဟုတ်လား၊ (မှန်ပါဘုရား)။

အဲဒီ သရုပ်ကလေးလဲ ပေါ်သွားအောင် မြတ်စွာဘုရား ဂဏကမောဂ္ဂလာန် ပုဏ္ဏားကြီးကို ဟောထားတဲ့အကြောင်းကို ဘုန်းကြီး ပြန်ပြီး ဟောပေးမယ်။ နာဟံ သဟိဿာမိ ပမောစနာယ ရဲ့ အဖွင့်ပေါ့၊ ပါဠိတော်တခုကို ပါဠိတော်တခုနဲ့ ဖွင့်ပေးတာ—

> ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယံ တိဋ္ဌ-တေဝ နိဗ္ဗာန်၊ တိဋ္ဌတိ နိဗ္ဗာနဂါမိ မဂ္ဂေါ၊ တိဋ္ဌတိ ဘဝံ ဂေါတမော သမာဒပေတာ။ အထ စ ပန ဘောတော ဂေါတမဿ သာဝကာ

http://www.dhammadownload.com

ဘောတာ ဂေါတမေန ဧဝံ ဩဝဒီယ မာနာ ဧဝံ အနုသာသီယမာနာ အပ္ပေကစ္စေ အစ္စန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ ဧကစ္စေ နာရာဓေန္တိ[၁]။

ဘော ဂေါတမ၊ အို ရှင်ဂေါတမ။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဆိုတဲ့ တရားသည်။ ယံ၊ အကြောင်ကဲ့သို့သော အကြောင်းကြောင့်။ တိဋ္ဌတေဝ၊ တည်ရှိရှိနေသည်သာလျှင် တည်း။ နိဗ္ဗာနဂါမီ မဂ္ဂေါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ လမ်းကြောင်းသည်လည်း။ တိဋ္ဌတိ၊ တည်ရှိ၍ နေပေ၏။ သမာဒပေတာ၊ နိဗ္ဗာန်လမ်းကိုညွှန်ကြား၍ ဟောကြားဆုံးမ၍ ပေးတော်မူတတ်သော။ ဘဝံ ဂေါတမော၊အရှင်ဂေါတမသည်လည်း။ တိဋ္ဌတိ၊ တည်ရှိ၍ နေပေ၏။ (နိဗ္ဗာန်လဲရှိ နိဗ္ဗာန်ရောက်တဲ့လမ်းကြောင်းလဲရှိ၊ နိဗ္ဗာန်ကို ညွှန်ပြပေးနေတဲ့ ရှင်ဂေါတမလဲရှိ)။

အကြောင်း ၃-ပါး ရှိပါလျက် နိဗ္ဗာန်မရောက်နိုင်ပုံ

အထ စ ပန၊ ထိုသို့ နိဗ္ဗာန်လဲရှိ နိဗ္ဗာန်ရောက်ကြောင်းတရားလဲရှိ နိဗ္ဗာန်သို့ ညွှန်ပြပေးတတ်တဲ့ ပုဂ္ဂိုလ်လဲ ရှိပါလျက်သားနဲ့။ ဘောတော ဂေါတမဿ၊ အရှင်ဂေါတမ၏။ သာဝကာ၊ တပည့်သားဖြစ်တဲ့ တရားနာ ပရိသတ် အဓိပါင်း သူတော်ကောင်းတို့သည်။ ဘောတာ ဂေါတမေန၊ အရှင်ဂေါတမသည်။ ဧဝံ ဩဝဒီယမာနာ၊ ဤသို့ ဆုံးမဟောကြားအပ်ကုန်သည် ရှိသော်။ ဧဝံ အနုသာသီယမာနာ၊ ဤသို့ အထပ်ထပ်အခါခါ ဆုံးမညွှန်ကြား၍ နေအပ်ကုန်သည်ရှိသော်။ ဧကစ္စေ၊ အချို့သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ အစ္စန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ နိဗ္ဗာန်သို့ ရောက်သွားကုန်၏။ (အဓိပ္ပါယ်က ဒါဘဲ)။ ဧကစ္စေ၊ အချို့သော ပုဂ္ဂိုလ်တို့သည်။ နာ အာရာဓေန္တိ၊ နိဗ္ဗာန်ကို မရောက်ကြကုန်။ သော ဟေတု၊ ထိုအကြောင်းသည်။ ကော နု ခေါ၊ အဘယ်ပါနည်း။ သော ပစ္စယော၊ ထို အထောက်အပံ့သည်။ ကော နု ခေါ၊ အဘယ်ပါနည်း။ ဤတိ၊ ဤသို့ ပဏ္ဍားကြီးက မေးတယ်။ ဘုန်းကြီးတို့ ပရိသတ် အနက်ပေးတာကို သဘောပေါက်သွားပြီ။

နိဗ္ဗာန်လဲ ရှိပါလျက်သားနဲ့ နိဗ္ဗာန်ရောက်ကြောင်းလမ်းလဲ ရှိပါလျက်သားနဲ့ နိဗ္ဗာန်ကို ညွှန်ပြပေးနိုင်တဲ့ ပါဠိတော်ကြီးတွေ ဘုရားရှင် ကိုယ်တော်မြတ်နှင့်တကွ ဆရာတော်တွေ ရှိပါလျက်သားနဲ့ ဘုန်းကြီးတို့ ပရိသတ် နိဗ္ဗာန်မရောက်တာ ဘာဖြစ်လို့လဲလို့ မေးတယ်။

ပဋိပုစ္ဆာ ဗျာကရဏဖြင့် ဖြေကြားပုံ။ ။မြတ်စွာဘုရားက ဒီ နေရာကျတော့ အင်မတန် စကားပြောတာ ကျွမ်းကျင်လိမ္မာတော်မူတယ်၊ ပဏ္ဍားကြီးကို ပဋိပုစ္ဆာ ဗျာကရဏလို့ ခေါ်တဲ့ တဖန် ပြန်ပြီးတော့ မေးမြန်းခြင်းဖြင့် ပြန်ဖြေလိုက်တယ်။

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၅၆။

http://www.dhammadownload.com

တေန ဟိ ဗြာဟ္မဏ တံယေဝတ္ထ ပဋိပုစ္ဆိဿာမိ၊ ယထာ တေ ခမေယျ၊ တထာ နံ ဗျာကရေယျာသိ။ တံ ကိံ မညသိ ဗြာဟ္မဏ၊ ကုသလော တွံ ဆုဇဂဟဂါမိဿ မဂ္ဂဿ။

ပုဏ္ဏား မင်းကိုဘဲ တဖန် ငါဘုရားပြန်ပြီးတော့ မေးမယ်၊ သင် ကြိုက်သလို ဖြေပါလို့ မြတ်စွာဘုရားက ပုဏ္ဏားကို တဖန် မေးလိုက်တယ်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ တွံ၊ သင်သည်။ ဆုဇဂဟဂါမိဿ၊ ဆုဇဂြိုဟ်ပြည်သို့သွား သော။ မဂ္ဂဿ၊ လမ်း၌။ ကုသလော၊ လိမ္မာကျွမ်းကျင်၍ သိပါ၏လော။ ဣတိ၊ ဤသို့ မြတ်စွာဘုရားက။ ပုစ္ဆိ၊ ပြန်မေးတယ်။

သင် ဟို အိန္ဒိယနိုင်ငံမှာရှိတဲ့ ဆုဇဂြိုဟ်မြို့သို့ သွားတဲ့လမ်းကို သင် သိရဲ့လား မြတ်စွာဘုရားက ပြန်ပြီးတော့ မေးတယ်။ ဒီတော့ ပုဏ္ဏားကြီးက ပြန်ဖြေတယ်။

ဧဝံ ဘော ကုသလော အဟံ ဆုဇဂဟဂါမိဿ မဂ္ဂဿ။ ဘော၊ အို အရှင် ဂေါတမ။ ဧဝံ၊ မှန်ပါတယ်။ အဟံ၊ အကျွန်ုပ်သည်။ ဆုဇဂဟဂါမိဿ၊ ဆုဇဂြိုဟ် ပြည်သို့သွားသော။ မဂ္ဂဿ၊ လမ်း၌။ ကုသလော၊ လိမ္မာကျွမ်းကျင်၍ သိရှိပါ၏။ သိပါတယ်ဘုရားတဲ့ တပည့်တော် ဆုဇဂြိုဟ်သွားတဲ့လမ်းကို။

တံ ကိံ မညသိ ဗြာဟ္မဏ ဣဓ ပုရိသော အာဂစ္ဆေယျ ဆုဇဟံ ဂန္တုကာမော၊ သော တံ ဥပသင်္ကမိတ္ဝာ ဧဝံ ဝဒေယျ "ဣစ္ဆာမဟံ ဘန္တေ ဆုဇဟံ ဂန္တုံ၊ တဿ မေ ဆုဇဟဿ မဂ္ဂံ ဥပဒိသာ"တိ။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဆုဇဟံ၊ ဆုဇဂြိုဟ်ပြည်သို့။ ဂန္တုကာမော၊ သွားလို သော။ ပုရိသော၊ ယောကျ်ားသည်။ ဣဓ၊ ဤအရပ်သို့။ အာဂစ္ဆေယျ၊ ရောက်လာတယ်ဆိုပါတော့။ (ဆုဇဂြိုဟ်ပြည် သွားချင်တဲ့လူတယောက် သူ့ဆီ လာတယ်၊ ပုဏ္ဏားကြီးဆီကို အဲဒီ ပုဂ္ဂိုလ်က ဘာပြောလဲ) ဘော၊ အို အရှင် ပုဏ္ဏားကြီး။ အဟံ၊ အကျွန်ုပ်သည်။ ဆုဇဟံ၊ ဆုဇဂြိုဟ်မြို့သို့။ ဂန္တုံ၊ သွား ခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိပါ၏။ တွံ၊ သင်သည်။ တဿ မေ၊ ထိုအကျွန်ုပ်အား။ ဆုဇဟဿ၊ ဆုဇဂြိုဟ်ပြည်၏။ မဂ္ဂဿ၊ လမ်းကို။ ဥပဒိသ၊ ညွှန်ပြပါလော့။ ဣတိ၊ ဤသို့ ပြောတယ်။

ပုဏ္ဏားကြီး ကျုပ် ဆုဇဂြိုဟ်ပြည် သွားချင်လို့ဆိုတော့ ပုဏ္ဏားကြီးက သူ ဘာပြောမလဲ။

ဟေမ္ဘော ပုရိသ အယံ မဂ္ဂေါ ဆုဇဟံ ဂစ္ဆတိ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ အမုကံ နာမ ဂါမံ၊ တေန မုဟုတ္တံ ဂစ္ဆ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ အမုကံ နာမ နိဂမံ၊ တေန မုဟုတ္တံ ဂစ္ဆ၊ တေန မုဟုတ္တံ ဂန္တွာ ဒက္ခိဿသိ ဆုဇဟဿ

http://www.dhammadownload.com

အာရာမရာမဏေယျကံ ဝနရာမဏေယျကံ ဘူမိရာမဏေယျကံ ပေါက္ခ-ရဏီရာမဏေယျကန္တိ။

ဘောပုရိသ၊ အိုရာဇဂြိုဟ်ပြည် သွားချင်တဲ့ယောကျ်ား အမျိုးသား။ တံ့၊ သင်သည်။ ဧဟိ၊ လာခဲ့ပါလော့။ အယံ မဂ္ဂေါ၊ ဤလမ်းသည်။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ဂစ္ဆတိ၊ ရောက်၏။ တံ့၊ သင်သည်။ တေန မဂ္ဂေန၊ ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂစ္ဆ၊ သွားပါ။ တေန၊ ထိုလမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွားမိသည်ရှိသော်။ တံ့၊ သင်သည်။ အမုကံ နာမ ဂါမံ၊ ဤအမည်ရှိသောရွာကို။ ဒက္ခိဿသိ၊ တွေ့ရပေလိမ့်လတ္တံ့။

(ဤ လမ်းကလေးကလျှောက်သွား ရှေကျတော့ ရွာကလေးတရွာ တွေ့လိမ့်မယ်၊ ဘာတဲ့လဲ ရွာတရွာတွေ့မယ်တဲ့၊ သွားတော့ ဒီရွာ မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)၊ ငါက ရာဇဂြိုဟ်ပြည်သွားချင်တာ ကြည့်စမ်း ရာဇဂြိုဟ်ပြည် သွားချင်တာ ရာဇဂြိုဟ်ပြည်မရောက်ဘဲနဲ့ ဒီရွာကလေး ငါရောက်နေပါကလားလို့ ဆိုပြီးတော့ လမ်းညွှန်တဲ့လူကို ဘယ်နဲ့ပြောမလဲ ဘုန်းကြီးတို့ ပရိသတ် ဒီလို ပြောလေ့ရှိတယ်။

နိဗ္ဗာန်သို့သွားရာ လမ်း ၃-သွယ်။ ။ဘုန်းကြီးတို့ ပရိသတ် သွားနေတာက နိဗ္ဗာန်လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်း ဆိုတာက သီလ သမာဓိ ပညာ သိက္ခာသုံးပါး၊ ဒီတရားလမ်းက သွားနေတာ၊ နိဗ္ဗာန်လမ်းကို ညွှန်ပြပေးနေတဲ့ ပုဂ္ဂိုလ်က သီလပိုင်းကလဲ ပြတယ်၊ သမာဓိပိုင်းကလဲ ပြတယ်၊ ဝိပဿနာပိုင်းကလဲ ပြတယ်၊ ပညာပိုင်းကလဲ ပြတယ်၊ ဒီတော့ သီလပိုင်း ပြနေတုန်းရှိသေးတယ်၊ နိဗ္ဗာန်မြန်မြန် ရောက်ချင်နေတဲ့ ပုဂ္ဂိုလ်တွေက ဒီဆရာတော်နှယ်ကွာ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ မဟောဘူး၊ သီလ ခန်းတွေ သမာဓိခန်းတွေ ဈာန်ခန်းတွေ ဟောနေတာဘဲလို့ အဲဒီလို အပြစ်ပြောတတ်တယ်၊ ပြောသင့်ပါမလား (မပြောသင့်ပါဘုရား)။

ယခု ရာဇဂြိုဟ်ပြည်ကို ရောက်ချင်လို့ဆိုရင် **ဒီလမ်းက** သွားပါ၊ ရှေကျတော့ ရွာကလေးတရွာ တွေ့လိမ့်မယ်တဲ့၊ မပြောဘူးလား (ပြောပါတယ် ဘုရား)၊ သူသွားချင်တာက ဘယ်လဲ(ရာဇဂြိုဟ်မြို့ပါဘုရား)၊ အခု သူလက်ဦး တွေ့ရမှာက ဘာတဲ့လဲ (ရွာကလေးတရွာတွေ့ပါတယ်ဘုရား)၊ ထို့အတူဘဲ နိဗ္ဗာန်သွားချင်တဲ့ ပုဂ္ဂိုလ်ဟာ ဒီလမ်းနဲ့ သွားရမယ် ဟုတ်လား (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ သတိထားရမယ်နော် (မှန်ပါဘုရား)။

ဘော-ပုရိသ၊ အို-ရာဇဂြိုဟ်ပြည်သွားချင်တဲ့ ယောကျ်ား။ တေန၊ တိုရွာက ထွက်တဲ့လမ်းဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္တွာ၊ သွားသည်ရှိသော်။ အမုကံ နာမ

http://www.dhammadownload.com

နိဂမံ၊ ဤမည်သော နိဂုံးကို။ ဒကို့ဩသိ၊ သင်တွေ့လိမ့်မယ် (ရှေးကျတော့ ဘာတွေ့မလဲ ရွာလဲ မဟုတ် မြို့လဲမဟုတ် နိဂုံးကို တွေ့လိမ့်မယ်၊ အဲသလို ဆိုတော့ ခုနက ရွာကလေးထက်တော့ သူက ပျော်ဘို့ မကောင်းဘူးလား (ပျော်ဘို့ကောင်းပါတယ်ဘုရား)၊သိလဆိုတဲ့ရွာကလေးထက် သမာဓိဆိုတဲ့ နိဂုံးက ပိုပြီးတော့ ပျော်စရာကောင်းပါတယ်၊ ဒီလမ်းတွေဟာ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်တွေ တွေ့သွားရမလား မတွေ့သွားရဘူးလား၊ (တွေ့ရပါမယ်ဘုရား)။

နိဗ္ဗာန်လမ်း ပေါက် သွားသင့်ပုံ။ ။တချို့ကျတော့ အဲဒီ နိဗ္ဗာန်လမ်းကို သွားရင်းဘဲ အဲဒီ သမာဓိ ရွာကလေးမှာ ပျော်စရာလေး တွေ့နေတာနဲ့ အဲဒီမှာဘဲ ပျော်နေကြရော၊ ရွှေဆက်ပြီးမသွားတော့ဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲတာကို သူက ဘယ်နဲ့ ပြောထားသေးသလဲ ဆိုတော့ ဒါ နိဗ္ဗာန်ပါဘဲလို့ သူက ပြောထားတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ခုန ဘုန်းကြီး အလွတ်ပြောတာမဟုတ်ဘူး၊ ကောဋ္ဌသုတ္တန်တို့ ဗြဟ္မနိမန္တနသုတ္တန်တို့ ဟောတဲ့အခါမှာ ဗြာဟ္မဝကြီးတွေဆိုတာ သမာဓိကြောင့် ရတဲ့ဗြဟ္မဝ်ပြည်ကို အဲဒါ နိဗ္ဗာန်ဘဲလို့ မြတ်စွာဘုရားကို သူက အတင်းခံပြောနေတာဘဲ၊ အဲဒီ သမာဓိရွာကလေးကို သူရောက်သွားတယ်နော် (မှန်ပါဘုရား)။

— တေန၊ ထိုလမ်းခရီးဖြင့်။ မုဟုတ္တံ၊ တခဏမျှ။ ဂန္ဆာ၊ သွားသည်ရှိသော်။ ရာဇဂဟဿ၊ ရာဇဂြိုဟ်မြို့၏။ အာရာမရာမဏေယျကံ၊ အရာမ်၏ မွေ့လျော်ဘွယ်ရာဖြစ်သော, အရာမ်၏ မွေ့လျော်ဘွယ်ရာ အဖြစ်ကိုငုံး။ ဝနရာမဏေယျကံ၊ ပန်းဥယျာဉ်ကလေးတွေနဲ့ မွေ့လျော်ပျော်ဘွယ်ရာရှိသည်၏ အဖြစ်ကိုငုံး။ ဘူမိရာမဏေယျကံ၊ မြေပြင်ကလေးတွေ့ ညီပြီးတော့ မျက်ခင်း ကလေးတွေ စိမ်းနေတယ်ဆိုတဲ့ မြေပြင်ရဲ့ မွေ့လျော်ဘွယ်ရာအဖြစ်ကိုငုံး။ ပေါက္ခရဏီရာမဏေယျကံ၊ ရေကန်တွေနဲ့ ပျော်စရာကောင်းနေတယ်ဆိုတဲ့ မွေ့လျော်ဘွယ်ရာအဖြစ်ကိုငုံး။ ဒကို့ဩသိ၊ သင်တွေ့ရလိမ့်မည်တဲ့။

သော တယာ ဧဝံ ဩဝဒီယမာနော ဧဝံ အနုသာသီယမာနော ဥမ္မဂ္ဂံ ဂဟေတွာ ပစ္ဆာမုခေါ ဂစ္ဆေယျ။

သော၊ ထိုရာဇဂြိုဟ်ပြည် သွားချင်တဲ့ သူသည်။ တယာ၊ သင်သည်။ ဧဝံ၊ ဤသို့။ ဩဝဒီယမာနော၊လမ်းကို ပြောအပ်သည်ရှိသော်။အနုသာသီယမာနော၊ အထပ်ထပ် အခါခါ ဒီလမ်းကသွား ဒီရွာတွေ့မယ် နိဂုံးတွေ့မယ် ဒီမြို့ တွေ့မယ်လို့ အထပ်ထပ် အခါခါ ပြောကြားသည်ရှိသော်။ ဥမ္မဂ္ဂံ၊ လမ်းမဟုတ်သည်ကို။ ဂဟေတွာ၊ ယူပြီးတော့။ ပစ္ဆာမုခေါ၊ မျက်နှာကို နောက်လှည့်ပြီးတော့။ ဂစ္ဆေယျ၊ သွားတယ်ဆိုပါတော့။

http://www.dhammadownload.com

လမ်းညွှန်သည့်အတိုင်း မသွားသူ။ ။ပြောတုန်းကတော့ ရာဇဂြိုဟ်ပြည် ပြေးလိုက်တာဘဲ၊ဒါပေတဲ့ သူကမျက်နှာနောက်လှည့်ပြီးတော့ ဒီကွေ့ကောက်ပြီး သူသွားချင်တယ်ဆိုတဲ့ လမ်းက သွားတယ်။ ဒီလိုစည်းနဲ့ ကမ်းနဲ့ ညွှန်ပြပေးထားတာကို သူမသွားဘူး၊သူသွားချင်တဲ့ လမ်းက သွားပြီး သူရောက်ချင်တဲ့ နေရာ ရောက်ပြီးတော့ ဒါ နိဗ္ဗာန်ပါဘဲလို့ သူပြောထားတယ်၊ အဲဒီပဂ္ဂိုလ်က တယောက်နော် (မှန်ပါဘုရား)၊ နောက်တယောက်က ဘယ်သူလဲ။

အထ ဒုတိယော ပုရိသော အာဂစ္ဆယျ၊ ထို့နောက် နှစ်ယောက်မြောက်တဲ့ ရာဇဂြိုဟ်ပြည် သွားချင်တဲ့ လူရောက်လာတယ်။

ရာဇဂဟံ ဂန္တုကာမော သော တံ ဥပသင်္ကမိတွာ ဧဝံ ဝဒေယျ ကစ္စာဟံ ဘန္တေ ရာဇဂဟံ ဂန္တုံ တဿ မေ ရာဇဂဟဿ မဂ္ဂံ ဥပဒိသာတိ။

ဘန္တေ၊ အို အရှင်။ အဟံ၊ အကျွန်ုပ်သည်။ ရာဇဂဟံ၊ ရာဇဂြိုဟ်မြို့သို့။ ဂန္တုကာမော၊ သွားလိုပါ၏။ တုံ၊ သင်သည်။ မေ၊ အကျွန်ုပ်အား။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့သွားသော။ မဂ္ဂံ၊ လမ်းကို။ ဥပဒိသ၊ ညွှန်ပြပါလော။

လမ်းညွှန်သည့်အတိုင်း သွားသူ။ ။ရာဇဂြိုဟ်ပြည်သွားတဲ့လမ်း ပြစမ်းပါဆရာကြီးရယ်၊ကျွန်တော် ရာဇဂြိုဟ်ပြည်သွားချင်လို့ဆိုတော့ သင် ဟောဒီလမ်းက သွား၊ရှေ့ကျတော့ ရွာကလေးတရွာတွေ့လိမ့်မယ်၊ အဲဒီရွာကလေးမှာ သင်နားမနေနဲ့ ရှေ့ဆက်သွား ဘာတွေ့မလဲ ရွာကလေးထက် ပျော်စရာကောင်းတဲ့ နိဂုံးတခုတွေ့လိမ့်မယ်၊ အဲဒီကနေပြီး ရှေ့ဆက်သွားရင် ရာဇဂြိုဟ်ပြည်ကြီးရဲ့ ဥယျာဉ်တွေ ရေကန်တွေ ပန်းဥယျာဉ်တွေနဲ့ ပျော်စရာကောင်းတဲ့ ရာဇဂြိုဟ်ပြည်ကြီး သင် ရောက်လိမ့်မယ်ဆိုတော့ သူကတော့ ဘယ်လိုလဲ ပြောတဲ့အတိုင်း သွားတော့ သောတ္ထိနာ ရာဇဂဟံ ဂစ္ဆေယျ၊ ချမ်းချမ်းသာသာဘဲ သူ ရာဇဂြိုဟ်ပြည်ရောက်သွားတယ်၊ ဒီလူတယောက်က။

တယောက်က ရာဇဂြိုဟ်ပြည် ရောက်လား (မရောက်ပါဘုရား)။

တယောက်က (ရောက်သွားပါတယ်ဘုရား)၊ ရာဇဂြိုဟ်ပြည်ရောက်အောင် ခရီးကို လမ်းညွှန်ပေးလိုက်တာက ဒီ-ပုဏ္ဏားကြီးဘဲ၊ ဒီတော့ ပုဏ္ဏားကြီးကို မြတ်စွာဘုရားက ပြန်မေးပြီ၊ ဘယ့်နှဲ့ပြန်မေးလဲ—

ကော နုခေါ ဗြာဟ္မဏ ဟေတု ကော ပစ္စယော၊ ယံ တိဋ္ဌတော၀ ရာဇဂဟံ၊ တိဋ္ဌတိ ရာဇဂဟဂါမီ မဂ္ဂေါ၊ တိဋ္ဌသိ တုံ သမာဒေတာ၊ အထ စ ပန တယာ ဧဝံ ဩ၀ဒီယမာနော ဧဝံ အနုသာသီယမာနော ကော ပုရိသော ဥမ္မဂ္ဂံ ဂဟေတွာ ပစ္ဆာမုခေါ ဂစ္ဆေယျ၊ ကော သောတ္ထိနာ ရာဇဂဟံ ဂစ္ဆေယျာတိ။

http://www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ရာဇဂဟံ၊ ရာဇဂြိုဟ်မြို့သည်။ တိဋ္ဌတေဝ၊ တည်ရှိ၍ နေသည်သာလျှင်ကတည်း။ ရာဇဂဟဂါမီ မဂ္ဂေါ၊ ရာဇဂြိုဟ်ပြည်သို့ သွားသော လမ်းသည်။ တိဋ္ဌတိ၊ တည်ရှိ၏။ သမာဒပေတာ၊ ရာဇဂြိုဟ်ပြည်သို့ ရောက်အောင် လမ်းညွှန်ပြတတ်သော။ တုံ၊ သင်သည်။ တိဋ္ဌသိ၊ တည်ရှိ၍ နေပေတော့၏။ အထ စပန၊ ထိုသို့ ရာဇဂြိုဟ်ပြည်ကြီးလဲရှိ ရာဇဂြိုဟ်ပြည်သွားတဲ့လမ်းလဲရှိ ရာဇဂြိုဟ်ပြည်ရောက်အောင် လမ်းညွှန်ပြတတ်သောသူလဲ ရှိပါလျက်သားနဲ့။ ဧကော ပုရိသော၊တယောက်သောယောကျ်ားသည်။ ဥမ္မဂ္ဂံ၊ ခရီးမဟုတ်သည်ကို။ ဂဟေတွာ၊ ယူသွားပြီးတော့။ ပစ္ဆာမုခေါ၊ နောက်ကို မျက်နှာလှည့်ပြီးတော့။ ဂစ္ဆတိ၊ သွားလေတော့၏။ ဧကော၊ တယောက်သောသူကတော့။ သောတ္ထိနာ၊ ချမ်းချမ်းသာသာ။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ဂစ္ဆတိ၊ ရောက်လေတော့၏။ သော ဟေတု၊ ထိုကဲ့သို့ ရာဇဂြိုဟ်ပြည်လဲရှိ ရာဇဂြိုဟ်ပြည်ရဲ့ သွားတဲ့လမ်းလဲရှိ ရာဇဂြိုဟ်ပြည်ကို ညွှန်ပြသောပုဂ္ဂိုလ်လဲ ရှိပါလျက်သားနဲ့ တယောက်သော ပုဂ္ဂိုလ်က ရာဇဂြိုဟ်ပြည်ရောက်ပြီးတော့ တယောက်သောပုဂ္ဂိုလ်က ရာဇဂြိုဟ်ပြည်သို့ မရောက်ခြင်းသည်။ ကော၊ အဘယ်အကြောင်းပါနည်း။ ကော ပစ္စယော၊ အဘယ် အထောက်အပံ့ပါနည်း။

ပါဋ္ဌိတော်က ဒီလိုမေးတယ် ပုဏ္ဏားကြီးတဲ့ ရာဇဂြိုဟ်ပြည်လဲရှိ ရာဇဂြိုဟ်ပြည်သွားတဲ့လမ်းလဲရှိ ရာဇဂြိုဟ်ပြည်ညွှန်ပြတဲ့ ပုဂ္ဂိုလ်လဲရှိပါလျက် ဟိုတယောက် ရာဇဂြိုဟ်ပြည်ရောက်ပြီးတော့ တယောက်က ရာဇဂြိုဟ်ပြည် မရောက်တာ ဘာဖြစ်လို့လဲ၊ သူမေးတဲ့ မေးခွန်းအတိုင်းဘဲ ပြန်မေးတယ်။

အရှိ ၃-ပါး ရှိပါလျက် နိဗ္ဗာန်မရောက်ခြင်းအကြောင်း

နိဗ္ဗာန်လဲရှိ, နိဗ္ဗာန်သွားတဲ့ လမ်းလဲရှိ နိဗ္ဗာန်ညွှန်ပြတတ်တဲ့ မြတ်စွာဘုရားလဲ ရှိပါလျက်နဲ့ တချို့ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရောက်ပြီးတော့ တချို့ပုဂ္ဂိုလ်တွေ နိဗ္ဗာန်မရောက်တာ ဘာကြောင့် လဲတဲ့၊ အဲဒီလို သူက မေးထားတယ်။ အခု မြတ်စွာဘုရားက ပုဏ္ဏားကြီးကို ပြန်ပြီးတော့ မေးတယ်၊ ပုဏ္ဏားကြီး ရာဇဂြိုဟ်ပြည်လဲရှိ ရာဇဂြိုဟ်ပြည်သွားတဲ့ လမ်းလဲရှိ ရာဇဂြိုဟ်ပြည်ကို ညွှန်ပြပေးတဲ့ ပုဂ္ဂိုလ်လဲ ရှိပါလျက်သားနဲ့ တယောက်က ရာဇဂြိုဟ်ရောက်ပြီးတော့ တယောက်သောပုဂ္ဂိုလ် ရာဇဂြိုဟ်ပြည် မရောက်တာ ဘာဖြစ်လို့လဲလို့ မေးတယ်၊ ဒီတော့ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဘယ့်နဲ့ပြန်လျှောက်သလဲ ဆိုတော့—

တ္ထေ ကျာဟံ ဘော ဂေါတမ ကရောမိ မဂ္ဂက္ခာယီဟံ ဘော ဂေါတမာတိ။ ဘော ဂေါတမ၊ အို အရှင်ဂေါတမ။ တ္ထေ၊ ဤသို့ ရာဇဂြိုဟ်ပြည် နှစ်ယောက်သား ရောက်ကြသည် မရောက်ကြသည်ဟု ဆိုရာ၌။ အဟံ၊ အကျွန်ုပ်သည်။ ကိံ ကရောမိ၊ အသို့ပြုလုပ်နိုင်ပါအံ့နည်း။ အဘယ်သို့ တတ်နိုင်ပါအံ့နည်း၊ (သူဘာမှ

http://www.dhammadownload.com

မတတ်နိုင်ဘူးတဲ့)၊ ဘော ဂေါတမ၊ အို အရှင်ဂေါတမ။ အဟံ၊ အကျွန်ုပ်သည်။ မဂ္ဂက္ခာယီ၊ လမ်းခရီးကိုသာ ညွှန်ပြနိုင်သော ပုဂ္ဂိုလ်ဖြစ်ပါပေ၏။

သူတို့ ရာဇဂြိုဟ်ပြည် မရောက်တာ ဘုရားတပည့်တော် ဘယ့်နဲ့မှ မတတ်နိုင်ဘူးတဲ့၊ သူက လမ်းပြရုံသာ ပြတတ်တာ၊ သွားတတ်တာ မဟုတ်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့မှ မြတ်စွာဘုရားက သူ့ကို ပြန်ပြောတယ်။ မြတ်စွာဘုရားက ပါဠိတော်မှာ ဒီလိုဟောထားတယ်—

> ဝေမေဝ ခေါ ဗြာဟ္မဏ တိဋ္ဌတေဝ နိဗ္ဗာနံ၊ တိဋ္ဌတိ နိဗ္ဗာနဂါမီ မဂ္ဂေါ၊ တိဋ္ဌာမဟံ သမာဒပေတာ။ အထ စ ပန မမ သာဝကာ မယာ ဝေံ ဩဝဒီယမာနာ ဝေံ အနုသာသီယမာနာ အပ္ပေကစ္စေ အစ္စန္တံ နိဋ္ဌံ နိဗ္ဗာနံ အာရာဓေန္တိ၊ ဧကစ္စေ နာရာဓေန္တိ။ တ္ထေ ကျာဟံ ဗြာဟ္မဏ ကရောမိ မဂ္ဂက္ခာယီဟံ ဗြာဟ္မဏ တထာဂတော။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ဝေမေဝ၊ ရာဇဂြိုဟ်ပြည်ကို ညွှန်ပြတဲ့ ဤဥပမာအတိုင်းသာလျှင်။ ယံ=ယေန ကာရဏေန၊ အကြင်သို့သော အကြောင်းဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ တိဋ္ဌတေဝ၊ တည်ရှိသည် သာလျှင်တည်း။ နိဗ္ဗာနဂါမီမဂ္ဂေါ၊ နိဗ္ဗာန်သွားတဲ့လမ်းသည်လည်း။ တိဋ္ဌတိ၊ တည်ရှိ၍နေပေ၏။ သမာဒပေတာ၊ နိဗ္ဗာန်လမ်းကို ညွှန်ပြတတ်သော။ အဟံ၊ ငါသည်။ တိဋ္ဌာမိ၊ တည်ရှိ၍နေပေ၏။ အထ စ ပန၊ ထိုသို့ နိဗ္ဗာန်ရှိနေပါလျက်သားနဲ့။ မမ၊ ငါဘုရားရှင် ကိုယ်တော်မြတ်၏။ သာဝကာ၊ တပည့်သား သာဝကတို့သည်။ မယာ၊ ငါသည်။ ဝေံ ဩဝဒီယမာနာ၊ ဤသို့ ဆုံးမအပ်သည်ရှိသော်။ ဝေံ အနုသာသီယမာနာ၊ ဤသို့ ညွှန်ပြအပ်သည်ရှိသော်။ အပ္ပေကစ္စေ၊ အချို့သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ အာရာဓေန္တိ၊ နိဗ္ဗာန်ချမ်းသာ ရကြကုန်၏။ ဧကစ္စေ၊ အချို့သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ နာရာဓေန္တိ၊ နိဗ္ဗာန်ချမ်းသာကို မရနိုင်ကြကုန်။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ တ္ထေ၊ ဤ နိဗ္ဗာန်ကို ရောက်ကြတယ် မရောက်ဘူးဆိုတဲ့ နေရာ၌။ အဟံ၊ ငါဘုရားသည်။ ကိံ ကရောမိ၊ အဘယ်သို့ ပြုလုပ်နိုင်ပါတော့အံ့နည်း။ ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ အဟံ တထာဂတော၊ လမ်းမှန်ရောက်သခင် ငါဘုရားရှင် ကိုယ်တော်မြတ်သည်။ မဂ္ဂက္ခာယီ၊ နိဗ္ဗာန်လမ်းကိုသာလျှင် ညွှန်ပြနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါပေသတည်း။

သာဓု သာဓု သာဓု။

လမ်းညွှန်သူနှင့်တူသော ဘုရားရှင်။ ။နိဗ္ဗာန်ညွှန်ပြတတ်တဲ့သူ ဖြစ်ပါတယ်တဲ့၊ မြတ်စွာဘုရားက ဓောတကကို၊ သင့်မှာ စူးနေတဲ့ ငြောင့်ကြီးကို ငါဘုရား နုတ်မပေးနိုင်ဘူး၊ ငါဟာ လမ်းညွှန်သမားတဲ့

http://www.dhammadownload.com

ငါဟောတဲ့ တရားအတိုင်း ကျင့်ရင်တော့ နိဗ္ဗာန်ရောက်မယ်တဲ့။ ကိုင်း ဘုန်းကြီးတို့ ပရိသတ် တရားတွေ နာ နာပြီးတော့ ကိုင်း နိဗ္ဗာန်ရောက်အောင် ပို့ရမှာက ဘယ်သူက ပို့ရမှာလဲ (ကျင့်ကြရမှာဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသွီးများ ကိုယ်တိုင် ကျင့်ကြရမှာနော် (မှန်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဓောတကကို အဲဒီလို ပြောလိုက်တယ်။

ဓောတက၊ ဓောတက။ အဟံ၊ ငါဘုရားသည်။ လောကေ၊ လောက၌။ (ဒါ ပရမတ္ထလောက သမုတိလောက) ကထံကထိံ၊ သို့လော သို့လော ယုံမှားတွေးတော၍ နေလေ့ရှိသော။ ကဉ္ဇိ ပုဂ္ဂလံ၊ တစုံတယောက်သော ပုဂ္ဂိုလ်ကို။ ပမောစနာယ၊ ထိုသို့သော ယုံမှားသံသယမှ လွှတ်မြောက်ခြင်းငှါ။ နသဟိဿာမိ၊ မစွမ်းနိုင်။

လမ်းပြတဲ့ပုဂ္ဂိုလ်ဖြစ်တယ် လုပ်မပေးနိုင်ဘူးတဲ့ မြတ်စွာဘုရားက၊ အဲဒီတော့မှ မြတ်စွာဘုရားကို သူက လျှောက်တယ်—

အနုသာသ ဗြဟ္မေ ကရုဏာယမာနော၊
ဝိဝေကဓမ္မံ ယမဟံ ဝိဇညံ။
ယထာဟံ အာကာသောဝ အဗျာပဇ္ဇမာနော၊
ဣဓေဝ သန္တော အသိတော စရေယျံ။

ကျင့်ပါတော့မယ်ဘုရားတဲ့၊ ဒီပါဋ္ဌိက အတိုချုပ် ဟုတ်လား (မှန်ပါဘုရား)၊ ဘာလုပ်တော့မတဲ့လဲ (အားထုတ်ပါတော့မယ်ဘုရား)၊ အားထုတ်ပါတော့မယ်၊ တရားအားထုတ်ပါတော့မယ်၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပါတော့မယ်၊ ဒါ-လျှောက်တယ်။

ဗြဟ္မေ၊ ဗြဟ္မာမင်းကြီးသဖွယ် ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ မံ၊ အကျွန်ုပ်ကို။ ကရုဏာယမာနော၊ သနားကြင်နာသည်ကို ပြု၍။ အနုသာသ၊ ညွှန်ပြတော်မူပါဘုရား (ဘာတွေညွှန်ပြရမှာလဲ)။ ယံ ဝိဝေ-ကဓမ္မံ၊ အကြင် ကိလေသာအပေါင်းတို့၏ ဆိတ်ငြိမ်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာသည်။ အတ္ထိ၊ ရှိ၏။ တံ ဝိဝေကဓမ္မံ၊ ထို ကိလေသာတို့ရဲ့ ဆိတ်ငြိမ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို။ အဟံ၊ ဘုရား တပည့်တော်သည်။ ယထာ၊ အကြင်သို့သော နည်းဖြင့်။ ဝိဇညာ၊ သိနိုင်ရာလောက်ပါ၏။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ အနုသာသ၊ ဆုံးမတော်မူပါဘုရား။ ယထာ၊ ဥပမာအားဖြင့်။ အဟံ၊ ဘုရားတပည့်တော်သည်။ အာကာသောဝ၊ ကောင်းကင်ကြီးကဲ့သို့။ အဗျာပဇ္ဇ-မာနော၊ဘယ်တော့မှ ဘာမျှ ချေးမများတော့ဘဲနဲ့(ဂျီးမများတော့ပါဘူးတဲ့)။ ဣဓေဝ၊ ဤအရှင်ဘုရား အထံ၌သာလျှင်။ သန္တော၊ ငြိမ်သက်နေထိုင်လျက်။

http://www.dhammadownload.com

အသိတော့၊တစုံတခုသော တဏှာနဲ့ ဒိဋ္ဌိကို မမှီမူ၍။ စရေယျ၊ ကောင်းစွာမသွေ ကျင့်ပါရစေတော့အရှင်ဘုရား။

သာဓု သာဓု သာဓု။

ဓောတကပုဏ္ဏားမြတ်စွာဘုရားအား လျှောက်ထားပုံ

ပြဟ္မာမင်းကြီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရား ဘုရား တပည့်တော်ကို အစဉ် သနားသည်ကို အကြောင်းပြုပြီး တော့ ကရုဏာရှေထား မေတ္တာပွါးပြီးတော့ ဆုံးမတော်မူပါဘုရား၊ ကိလေသာ အားလုံးတို့ရဲ့ မရှိရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ဘုရားတပည့်တော် သိနိုင် လောက်သောနည်းဖြင့် ဟောကြားပေးတော်မူပါဘုရား။ ဘုရားတပည့်တော် သည် အာကာသ ကောင်းကင်ကြီးကဲ့သို့ ဘာမှ အရှုပ်အပွေတွေ ချေးတွေ ထူမနေတော့ဘဲနဲ့ အရှင်ဘုရားရဲ့ ထံမှောက်မှာ ရှိသေစွာထိုင်ပြီးတော့ တဏှာနဲ့ ဒိဋ္ဌိတရားနှစ်ပါးကို မမှီမူ၍ ကျင့်ကြံကြိုးကုတ် အားထုတ်ပါရစေဘုရားလို့ ဓောတက ပုဏ္ဏားကြီးက မြတ်စွာဘုရားကို လျှောက်တယ်၊ ဒီတော့မှ မြတ်စွာ ဘုရားက တရားဟောပြီ။

ကိတ္တယိဿာမိ တေ သန္တိ ံ၊ ဒိဋ္ဌေဓမ္မေ အနီတိဟံ။
ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

(ဓောတက၊ ဓောတက။) အဟံ၊ ငါဘုရားသည်။ ဒိဋ္ဌေဓမ္မေ၊ ငါဘုရား ကိုယ်တိုင် မျက်မှောက်ပြု၍ သိထားသော။ အနီတိဟံ၊ သူတပါးတို့ထံမှ တဆင့် ပြောသံကြား မဟုတ်သော။ သန္တိ ံ၊ အပူဓာတ်ငြိမ်း၍ ဇာတ်သိမ်းရာဇကန် နိဗ္ဗာန်ချမ်းသာကို။ တေ၊ သင့်အား။ အဟံ၊ ငါဘုရားသည်။ ကိတ္တယိဿာမိ၊ ဟောကြားတော်မူပေတော့အံ့။ ယံ၊ အကြောင်တရားတော်ကို။ ဝိဒိတ္ဝာ၊ သိပြီးသည် ဖြစ်၍။ သတော၊ လေးပါးသော သတိပဋ္ဌာန်တို့တွင် တမျိုးမျိုးသော သတိ ပဋ္ဌာန်ရှိသည်ဖြစ်၍။ စရံ=စရန္တော၊ကျင့်ကြံကြိုးကုတ် အားထုတ်သောသူသည်။ လောကေ၊ ခန္ဓာလောက အာယတနလောက ဓာတုလောက ပဋိစ္စသမုပ္ပါဒ် လောကတည်းဟူသော ဗရမတ္ထလောက၌။ ဝါ၊ လူနတ်ဗြဟ္မာ သတ္တဝါဆိုတဲ့ လောက၌။ ဝိသတ္တိကံ၊ ကပ်ငြိတွယ်တာတတ်တဲ့တဏှာကို။ တရေ၊ ကောင်းစွာ မသွေ လွန်မြောက်နိုင်ပါစေသတည်း။

သဓု သာဓု သာဓု။

နိဗ္ဗာန်ခေါ်ပုံ။ ။နိဗ္ဗာန်တရားကို မြတ်စွာဘုရားက ဟောတယ်၊ နိဗ္ဗာန် ဆိုတာ ဘာလဲ၊ သဗ္ဗသင်္ခါရသမထ သဗ္ဗူပဓိပဋိနိဿဂ္ဂ တဏှာက္ခယ ဝိရာဂ နိရောဓသင်္ခာတရားကို နိဗ္ဗာန်ဘဲလို့ခေါ်တယ်။ ရာဂက္ခယ ဒေါသက္ခယ

http://www.dhammadownload.com

မောဟက္ခယနော် (မှန်ပါဘုရား)။ အဲဒီ တရားတော်ကို အာရုံပြုပြီးသကာလ သတိပဋ္ဌာန်တရား လေးပါးကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြမယ် ဆိုရင် လောကသုံးပါးမှ လွတ်မြောက်နိုင်တယ်လို့ မြတ်စွာဘုရားက ဟောလိုက်တယ်နော် (မှန်ပါဘုရား)။

ဒီစကားရဲ့အကျယ်ကို နောက်ပိုင်း မေတ္တာဂူသုတ္တန်တုန်းက အကျယ်ဟောပေးခဲ့ပြီးပြီ၊ ဒီနေ့ ထပ်ကျယ်လို့မဖြစ်တော့ဘူး၊ အဲဒီအတိုင်းဘဲ ပြန်ပြီးတော့ကျင့်ပေါ့။ စူဠနိဒ္ဒေသပါဠိတော်ကလဲ ဒီနေရာမှာ သိပ်မကျယ်တော့ပါဘူးတဲ့ နောက်မေတ္တာဂူတုန်းကဟောခဲ့တဲ့အတိုင်းဘဲ ရှိပါတော့တယ်တဲ့။ ဓမ္မနဲ့ သန္တိ၊ ဒါဘဲ ထူးပါတော့တယ်တဲ့။

တဋ္ဌာဟံ အဘိနန္ဒာမိ၊ မဟေသိ သန္တိ'မုတ္တမံ။
ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

မဟေသီ၊ သီလကွန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူလေ့ရှိသောမြတ်စွာဘုရား။ ယံ၊ အကြောင်နိဗ္ဗာန်နှင့် နိဗ္ဗာန်တရားကို။ ဝိဒိတ္ဝာ၊ သိသည်ဖြစ်၍။ သတော၊ သတိပဋ္ဌာန် ၄-ပါးတို့တွင် တပါးပါးသော သတိပဋ္ဌာန်နှင့်ပြည့်စုံသည်ဖြစ်၍။ စရံ=စရန္တော၊ ကျင့်သောသူသည်။ လောကေ၊ လောကသုံးပါး၌။ ဝိသတ္တိကံ၊ ကပ်ငြိတွယ်တာတတ်တဲ့ တဏှာကို။ တရေ၊ လွန်မြောက်နိုင်၏။ ဥတ္တမံ၊ မြတ်လှစွာသော။ တေ သန္တိ၊ အေးငြိမ်းရာဖြစ်တဲ့ ထိုနိဗ္ဗာန်ချမ်းသာ တရားတော်ကို။ အဟံ၊ ဘုရားတပည့်တော်သည်။ အဘိနန္ဒာမိ၊ အလွန်နှစ်သက်မြတ်နိုးလှပါ၏။

ဒါ ဓောတကက လျှောက်တာ၊ ပြီးတော့ မြတ်စွာဘုရားက ဟောတော့ မေတ္တာဂူသုတ္တန်တုန်းက ဟောတဲ့ ပဋိစ္စသမုပ္ပါဒ်ကိုဘဲ မြတ်စွာဘုရားက ဟောပေးတယ်။

ဘယ့်နယ် ဟောလဲ—

ယံ ကိဉ္စိ သမ္မဇာနာသိ၊
ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ။
ဧဝံ ဝိဒိတ္ဝာ သင်္ဂေါတိ လောကေ၊
ဘဝါဘဝါယ မာကာသိ တဏှံ။

ဓောတက၊ ဓောတက။ တံ့၊ သင်ဘည်။ ဥဒ္ဓံ၊ အနာဂတ်၌ငင်း။ အဓော၊ အတိတ်၌ငင်း။ တိရိယဉ္စာပိ မဇ္ဈေ၊ ပစ္စုပ္ပန်ကာလ၌ငင်း။ ယံ ကိဉ္စိ၊ အလုံးစုံကုန်သော အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါး၌ ဖြစ်တဲ့ ဝိညာဏ် နာမ်ရူပ် စိတ် စေတသိက် ရူပ်တရားကို။ သမ္မဇာနာသိ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမဟု

http://www.dhammadownload.com

ခဲ့ခြား၍ သိသည်ဖြစ်အံ့။ တေ၊ ဤအတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးဌ ဖြစ်သောတရားကို။ လောကေ၊ လောကဌ်။ သင်္ခါတိ၊ ကပ်ငြိ တွယ်တာတတ် သော တရားဟူ၍။ တံ့၊ သင်သည်။ ဇာနာဟိ၊ သိလေလော့။ ဝိဒိတ္ဝာ၊ သိသည်ဖြစ်၍။ ဘဝါဘဝါယ၊ ဘဝကြီး ဘဝငယ်ဌ ကမ္မဘဝ ဥပပတ္တိဘဝဌ ဖြစ်ခြင်းငှါ။ တဏှံ၊ တွယ်တာမက်မောမှုဆိုတဲ့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာဆိုတဲ့ တဏှာကို။ တံ့၊ သင်သည်။ မာကာသိ၊ မပြုလင့်ဟု ဟောတော်မူလိုက်သတည်း။

သာဓု သာဓု သာဓု။

မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ် ဟောပေးတယ်နော် (မှန်ပါဘုရား)၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ ရှိနေတဲ့ တရားတွေကို တဏှာဖြင့်မကပ်ငြိနဲ့ မြတ်စွာဘုရားက ဒီလိုဟောတယ်။ကဲ-အဲဒါကို ဘုန်းကြီး ပြောပေးဦးမယ် တပိုင်းနည်းနည်းလေး ခဲ့ပြီးတော့ အတိတ်ကို ကြည့်လိုက်တော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ ဘာတွေလဲ အဝိဇ္ဇာနဲ့တဏှာနော်။ (မှန်ပါဘုရား)။

အနာဂတ်ကို ကြည့်လိုက်တော့ ဘာတွေလဲ (ဇာတိ ဇရာ မရဏ) ဇာတိနဲ့ ဇရာ မရဏဆိုတာ ဘာတွေလဲ ဘာတွေရဲ့ ဇာတိလဲ၊ ဘာတွေရဲ့ ဇရာမရဏလဲ။ ဝိညာဏ် နာမ်ရူပ်၊တနည်းပြောရင် (စိတ်စေတသိက်ရူပ်) ဘုန်းကြီးတို့ ပရိသတ်မှာ အဲဒီ တရားတွေ ရှိနေသလား ရှိမနေဘူးလား (ရှိနေပါထယ်ဘုရား)။

အတိတ်က ရှိခဲ့နေသလား အနာဂတ်ကြမှ ရှိနေရမှာလား၊ အခု ပစ္စုပ္ပန်မှာ ရှိနေဆဲလား (အခု ပစ္စုပ္ပန်မှာ ရှိနေဆဲ ပါဘုရား)၊ ဟုတ်ပြီ၊ အဲဒီ ပစ္စုပ္ပန်မှာ ဝိညာဏ် နာမ်ရူပ် ရှိနေရင် အဲဒီ ဝိညာဏ် နာမ် ရူပ် ရှိတာနဲ့ တပြိုင်နက်ထဲ ဝိညာဏ် နာမ် ရူပ်က ပစ္စုပ္ပန်၊ ဇာတိနဲ့ ဇရာမရဏက ဘာလဲ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတဲ့ ဝိညာဏ် နာမ် ရူပ်တွေ ရှိနေရင် ဇာတိ ဇရာမရဏာဟာ အဲဒီ ပစ္စုပ္ပန်မှာ ကျနေသလား ကျမနေဘူးလား။ (ကျနေပါတယ်ဘုရား)။

အဲဒါကို မြင်အောင်ကြည့်ဘို့လို့ ပဋိစ္စသမုပ္ပါဒ်ကို ဘုန်းကြီး ဒီနေ့ ၂-ပိုင်း ပိုင်းလိုက်မယ်။ အကြောင်းရယ် အကျိုးရယ်လို့ ၂-ပိုင်း ပိုင်းလိုက်မယ်၊ မနေ့က ပြောခဲ့တုန်းက သုံးပိုင်း ပိုင်းခဲ့တယ်နော် (မှန်ပါဘုရား)၊ ဒီနေ့ဘယ်နှစ်ပိုင်းလဲ (၂-ပိုင်းပါဘုရား)၊ ဘာရယ် ဘာရယ်လဲ (အကြောင်းနဲ့ အကျိုးပါဘုရား)။

ကဲ-ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါပေါင်း ဘယ်နှစ်ခုရှိသလဲ (၁၂-ခုရှိပါတယ်ဘုရား)၊ အဲဒီ ၁၂-ပါးကို ဘုန်းကြီးတို့ ၂-ပိုင်း ပိုင်းလိုက်ပြီ၊ ပိုင်းလိုက်တော့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မ ဘဝ၊ ဘယ်နှစ်ခုလဲ (၅-ခု ပါဘုရား)။ အဲဒီ တရား၅-ခုကို အကြောင်းတရားလို့မှတ်။ ဘာတရားတွဲ့ (အကြောင်းတရားပါ ဘုရား)၊

http://www.dhammadownload.com

အကြောင်းတရားဆိုတော့ ဒုက္ခသစ္စာလား သမုဒယသစ္စာလား၊ (သမုဒယသစ္စာ ပါဘုရား)၊ သမုဒယသစ္စာနော် (မှန်ပါဘုရား)။

အဲဒီ အကြောင်းတရားငါးပါး တည်းဟူသော် သမုဒယသစ္စာကြောင့် ဒီဖက် ဘာတွေဖြစ်လာလဲ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဘယ်နှစ်ခုလဲ၊ (၅-ခုပါ ဘုရား)၊ အကြောင်းတရားလား— အကျိုးတရားလား၊ (အကျိုး တရား ပါဘုရား)။ အကျိုးတရားသည် ဒုက္ခသစ္စာလား– သမုဒယသစ္စာလား၊ (ဒုက္ခ သစ္စာပါဘုရား)၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မှာ သစ္စာဘယ်နှစ်ပါး တွေ့လဲ၊ (၂-ပါးပါ ဘုရား)၊ ဘာသစ္စာနဲ့ ဘာသစ္စာလဲ (ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာပါ ဘုရား)။

အကြောင်း အကျိုး တရား ၂-ပါးသာ ရှိပုံ။ ။ဒုက္ခသစ္စာအကျိုးတရားနဲ့ သမုဒယသစ္စာ အကြောင်းတရား ၂-ပါး တွေ့တယ်၊ အဲဒီ တရား ၂-ပါးအပြင် လောကမှာ ဘာရှိသေးလဲ သတ္တလောကကြီးကိုကြည့် ဘယ်သူရှိသေးလဲ (မရှိပါဘုရား)၊ လူရှိသေးလား (မရှိပါဘုရား)၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဗြဟ္မာ နတ် ရှိသေးရဲ့လား (မရှိပါဘုရား)၊ ဒါဖြင့် ဘာတွေရှိသေးသလဲ၊ အကြောင်းတရား ၅-ပါးနဲ့ အကျိုးတရား ၅-ပါးဘဲ ရှိတယ်၊ အဲဒီ အကြောင်းတရား ငါးပါးက ဘယ်သူလဲ၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ငါးခု။

အဲဒီ အကြောင်းတရား ငါးခုကြောင့်သာ ဒီဘက်က ဝိညာဏ် နာမ် ရုပ် သဠာတယန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရား ၅-ခု ရှိကယ်၊ ပေါင်းတော့ ဘယ်နှစ်ခုလဲ (၁၀-ခုပါ ဘုရား)၊ ၁၂-ပါးရှိရမယ် ပြန်ပေါင်းစမ်းပါဦး ဘုန်းကြီးတို့ ပရိသတ် ပြန်ပေါင်းစမ်း၊ အကြောင်းတရားက ဘယ်နှစ်ပါးလဲ (၅-ပါးပါ ဘုရား)၊ အကျိုးတရားက (၅-ပါးပါ ဘုရား)၊ ပေါင်းလိုက်တော့ (၁၀-ခုပါ ဘုရား)၊ ၁၂-ခုပါ၊ ဘုန်းကြီးတို့ ပရိသတ်ကို ဘုန်းကြီး တခုပြောဦးမယ်။

ပုဇ္ဇန်တောင် အိုးဘိုရပ်ထဲမှာ အသားဖြူဖြူနဲ့ ဝဝ ညီအစ်ကို ငါးယောက်ရှိတယ်၊ ပုဇ္ဇန်တောင် အိုးဘိုရပ်က အသားဖြူဖြူနဲ့ ဝဝရယ် ညီအစ်ကို ၅-ယောက်ရယ် ပေါင်းကြည့်ရင် ဘယ်နှစ်ယောက် ရှိသလဲ (၅-ယောက်ပါ ဘုရား)၊ ဖြူဖြူရယ် ဝဝ ရယ် ညီအစ်ကို ၅-ယောက်ရယ် ပေါင်းလိုက်ရင် ဘယ်လောက်ရှိမလဲ (၅-ယောက် ရှိပါတယ်ဘုရား)၊ ဝဝနဲ့ ဖြူဖြူထည့်ပေါင်းထားဒါ၊ ဘာပြုလို့ ခုနစ်ယောက် မဖြစ်သလဲ ဂုဏ်နဲ့ ဒြပ်ဖြစ်လို့၊ တနည်း အမှတ်အသား ဖြစ်လို့ပေါ့-နော်၊ အကြောင်းတရား ငါးခုရယ် အကျိုးတရား ငါးခုရယ် ပေါင်းလိုက်ရင် ဘယ်လောက်လဲ (၁၀-ခုပါ ဘုရား)။

http://www.dhammadownload.com

အဲဒီ အထဲမှာ ခုနက ဇာတိနဲ့ ဇရာမရဏ မပါဘူးလား(ပါပါတယ် ဘုရား)၊ ဇာတိနဲ့ ဇရာမရဏ ၂-ခုထည့်ပေါင်းမှ ၁၂-ခု ဖြစ်မှာမဟုတ်လား(မှန်ပါဘုရား)၊ ဒီတော့ ဇာတိနဲ့ ဇရာမရဏ ၂-ခု ပေါင်းပြီးသား ဖြစ်နေသလား ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ ဒီတရား ၅-ခုကို ပေါင်းရင် ဒုက္ခဖြစ်ခု ဖြစ်မလဲ (၁၂-ခု ဖြစ်ပါတယ်ဘုရား)၊ ဖြစ်သွားပြီလား ၁၂-ခု၊ (ဖြစ်သွားပါပြီ ဘုရား)၊ ဟောဒီ သခ်ၤကတော်တော်ကို ခက်တဲ့သခ်ၤာ၊ ကဲ-ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ် ရှက်ကလေးကြည့်၊ အဲဒီနေရာမှာ—

ဝိပဿနာ ရှုကွက်ဖော်ပုံ။ ။ယံ ကိဉ္စိ သမ္မဇာနာသိ၊ ဥဒ္ဓံ အဓော တိရိယဉ္စာပိ မဇ္ဈေ ရဲ့ ပါဠိတော်၊ အနက်အဓိပ္ပါယ် အခုရှုကွက်နော် (မှန်ပါဘုရား)၊ အဲဒီ ရှုကွက်မှာ ကြည့်စမ်း အကြောင်းတရား ၅-ခုမှာ ဘာရှိသလဲလို့ ကြည့်စမ်း အဝိဇ္ဇာ သခ်ၤါရ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ အဲဒီ အကြောင်းတရား ၅-ခု သမုဒယသစ္စာမှာ ဘာရှိသလဲ၊ (ဇာတိနဲ့ ဇရာမရဏ ပါဘုရား)၊ ဇာတိက ကောင်းသလား၊ ဇရာမရဏက ကောင်းသလား၊ ဘုန်းကြီးတို့ ပရိသတ် ဇာတိ ကြိုက်သလား၊ ဇရာမရဏ ကြိုက်သလား (ဘာမှ မကြိုက်ပါဘုရား)၊ ဒါဖြင့် ဇာတိနဲ့ ဇရာမရဏ မကြိုက်ရင် ဒီ အကြောင်းတရား ၅-ခုကို ဘုန်းကြီးတို့ ပရိသတ် အလိုရှိနေသလား၊ မရှိဘူးလား (အလိုမရှိပါ ဘုရား)၊ (ခယဝိရာဂ အစ္စန္တဝိရာဂ ခဲ့ခြားပေးပါ)၊ ဝိရာဂ မဂ်ပေါ်ပြီ- နော် (မှန်ပါဘုရား)။

အကျိုးတရား ၅-ပါးမှာ ကြည့်ပါဦး၊ ဒုက္ခသစ္စာမှာ ဘာရှိသလဲ ဝိညာဏ် နာမ် ရူပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးတရား၅-ခုမှာ ကြည့်တော့-ဘာရှိသလဲ (ဇာတိနဲ့ ဇရာမရဏပါ ဘုရား)၊ ဘယ်ဇာတိနဲ့ ဇရာမရဏက ကောင်းသလဲ (ဘယ်ဒင်းမှ မကောင်းပါဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဘယ်က ဇာတိနဲ့ ဘယ်က ဇရာမရဏကို အလိုရှိသလဲ (ဘယ်ကမှ အလိုမရှိပါဘုရား)။

သောတာပန်ပုဂ္ဂိုလ်ခေါ်နိုင်ပုံ။ ။ဒီတော့ အကြောင်းတရားနဲ့ အကျိုးတရား ပေါ်မှာ တဏှာစပ်သေးသလား (စပ်လို့မရတော့ပါ ဘုရား)၊ ဘာဖြစ်လို့လဲ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဇာတိနဲ့ ဇရာမရဏကို အလိုမရှိလို့ နော် (မှန်ပါ ဘုရား)၊ အဲဒီ နေရာမှာ ဇာတိနဲ့ ဇရာမရဏကို သိရင် သောတာပန်ပုဂ္ဂိုလ်ဖြစ်ပါပြီလို့ ဆိုပြီးတော့ ဘုန်းကြီးတို့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ဉာဏဝတ္ထုသုတ္တန် နှာ (၂၀၉) မှာ

ဇရာမရဏံ ပဇာနာတိ၊ ဇရာမရဏသမုဒယံ ပဇာနာတိ၊ ဇရာမရဏ-နိရောဓံ ပဇာနာတိ၊ ဇရာမရဏ နိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ။

http://www.dhammadownload.com

ဇရာမရဏကိုသိရင် ဒုက္ခသစ္စာ၊ အဲဒီ-ဇရာမရဏ ဘယ်သူကြောင့် ဖြစ်သလဲ ဆိုတော့ ဇာတိသမုဒယာ ဇရာမရဏသမုဒယော၊ ဘယ်သူကြောင့် ဖြစ်သလဲ ဇာတိကြောင့်၊ ဇာတ်နိရောဓာ ဇရာမရဏနိရောဓော ဇာတိချုပ်ရင် ဇရာမရဏ ရှိသေးသလား မရှိတော့ဘူးလား (မရှိတော့ပါ ဘုရား)၊ ဒါဖြင့် အဲဒီ-ဇာတိ ချုပ်အောင် ဘယ့်နှဲ့လုပ်ရမလဲ အယမေဝ အရိယော အင္ဌင်္ဂိကော မဂ္ဂေါ။သေယျ-ထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာ-ဝါယာမ သမ္မာသတိ သမ္မာသမာဓိ-လို့ ဆိုတဲ့ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင် (၃) ပါးကို ပွါးရင် ကြိုးစားအားထုတ်ရင် ဇာတိချုပ်တယ်၊ ဒါ ဇာတိချုပ် ကြောင်း လမ်းကောင်းဘဲ နော် (မှန်ပါဘုရား)။

ယတော ခေါ ဘိက္ခဝေ ဧဝံ ဇရာမရဏံ ပဇာနာတိ၊ ဧဝံ ဇရာ-မရဏသမုဒယံ ပဇာနာတိ၊ ဧဝံ ဇရာမရဏနိရောဓံ ပဇာနာတိ၊ ဧဝံ ဇရာမရဏနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ။ ဣဒမသ ဓမ္မေ ဉာဏံ၊ သော ဣမိနာ ဓမ္မေန ဒိဋ္ဌေန ဝိဒိတေန အကာလိကေန ပတ္တေန ပရိ-ယောဂါဋ္ဌေန အတီတာနာဂတေန ယံ နေတိ[၁]။

မဂ်ဉာဏ်သိသော ပုဂ္ဂိုလ်မည်ပုံ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သော ကုလပုတ္တော၊ ထို အမျိုးကောင်းသား အမျိုးကောင်း သမီးသည်။ ဧဝံ၊ ဤယခု ငါဘုရားဟောကြားခဲ့သည့်အတိုင်း။ ဇရာမရဏံ၊ ဇရာမရဏကို။ ပဇာနာတိ၊ ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိ၏။ ဇရာ-မရဏသမုဒယံ၊ ဇရာမရဏရဲ့ ဖြစ်ကြောင်းဖြစ်တဲ့ ဇာတိတရားကို။ ပဇာနာတိ၊ ခွဲခြား၍သိ၏။ ဇရာမရဏနိရောဓံ၊ ဇရာမရဏချုပ်ရာကို။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။ ဇရာမရဏနိရောဓဂါမိနိဥ္ဇ ပဋိပဒံ၊ ဇရာမရဏတို့ရဲ့ ချုပ်ရာဖြစ်သော နိရောဓ သို့ ရောက်ကြောင်းဖြစ်သော ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ဖြစ်သော မဂ္ဂသစ္စာ ကိုလည်း။ ပဇာနာတိ၊ ခွဲခြား၍ သိ၏။

သော၊ ထိုကဲ့သို့ သစ္စာလေးပါးကို သိသောပုဂ္ဂိုလ်သည်။ ဣမိနာ ဉာဏေန၊ ဤကဲ့သို့ သိသောဉာဏ်ဖြင့်။ ဒိဋ္ဌေန၊ မြင်အပ်သော။ ဝိဒိတေန၊ သိအပ်သော။ ပတ္တေန၊ ရောက်အပ်သော။ ပရိယောဂါဋ္ဌေန၊ ဉာဏ်ဖြင့် သက်ဝင်အပ်သော။ အကာလိကေန၊ အခါမလင့် အကျိုးကို ပေးတတ်သော။ ဣမိနာ ဉာဏေန၊ ဤ သစ္စာလေးပါးကို သိသောဉာဏ်ဖြင့်။ ယံ ဉာဏံ၊ အကြင်ဉာဏ်သို့။ နေတိ၊ ပို့ဆောင်၏။ ဣဒံ ဉာဏံ၊ ဤကဲ့သို့ သစ္စာလေးပါးက ပို့လိုက်လို့ သိတဲ့ဉာဏ် သည်။ အသ၊ ထိုပုဂ္ဂိုလ်အတွက်။ ဓမ္မေ ဉာဏံ၊ တရားတော်ကို သိတဲ့ မဂ်ဉာဏ် ပါပေတည်း။

သာဓု သာဓု သာဓု။

၁။ နိဒါနဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ နှာ-၂၈၉။

http://www.dhammadownload.com

အနှယဉာဏ်ခေါ်ပုံ။ ။ဒါ ဓမ္မဉာဏ် နော် (မှန်ပါဘုရား)၊ အနှယဉာဏ်ဆိုတာ တမျိုးရှိသေးတယ်၊ အနှယဉာဏ်ဆိုတာ ဘာလဲလို့ ဆိုတော့ ဩော် သစ္စာလေးပါးကို သိတဲ့ပုဂ္ဂိုလ်တွေဟာ ရှေးက ပုဂ္ဂိုလ်တွေလဲ ဒီလိုဘဲ သိကြတာဘဲ၊အနာဂတ်မှာ သစ္စာလေးပါးကို သိမဲ့ပုဂ္ဂိုလ်တွေ အဲသလိုဘဲ ငါသိသလို သိကြတာဘဲလို့ အဲသလို သိရင် အနှယဉာဏ်လို့ ခေါ်တယ် နော် (မှန်ပါဘုရား)။

ယတော ခေါ ဘိက္ခဝေ အရိယသာဝကဿ ဣမာနိ ဒ္သေ ဉာဏာနိ ပရိသုဒ္ဓါနိ ဟောန္တိ ပရိယောဒါတာနိ ဓမ္မေ ဉာဏဉ္စ အန္ဝယေ ဉာဏဉ္စ။ အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌသမ္မန္နော ဣတိပိ၊ ဒဿန-သမ္ပန္နော ဣတိပိ၊ အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ၊ ပဿတိ ဣမံ သဒ္ဓမ္မံ ဣတိပိ၊ သေက္ခေန ဉာဏေန သမန္နာဂတော ဣတိပိ၊ သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတော ဣတိပိ၊ ဓမ္မသောတံ သမာပန္နော ဣတိပိ၊ အရိယော နိပ္ပေဓိကပညော ဣတိပိ၊ အမတဒ္ဒါရံ အာဟစ္စ တိဋ္ဌတိ ဣတိပိ[1]-လို့-

အရိယာဉာဏ် သက်ဝင်ပုံကို ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ယတော၊ အကြောင်အခါ၌။ အရိယသာဝကဿ၊ အရိယာသာဝကအား (ဝါ) မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ပွါးများ၍နေသော ပုဂ္ဂိုလ်အား။ ဓမ္မေဉာဏဉ္စ၊ တရားတော်၌သိသော ဉာဏ်သည်လည်းကောင်း၊ (ဝါ) မဂ်ဉာဏ်သည်လည်းကောင်း။ အန္ဝယေ ဉာဏဉ္စ၊ အနှယဉာဏ်သည်လည်းကောင်း၊ (ဝါ)ပစ္စဝေက္ခဏာဉာဏ်သည်လည်းကောင်း။ ဣမာနိ ဒ္သေ ဉာဏာနိ၊ ဤ နှစ်ပါးသော ဓမ္မဉာဏ် အနှယဉာဏ် တို့သည်၊ (ဝါ) မဂ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် တို့သည်။ ပရိသုဒ္ဓါနိ၊ ထက်ဝန်းကျင် စင်ကြယ်ကုန်သည်။ ပရိယောဒါတာနိ၊ ထက်ဝန်းကျင် ဖြူစင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ အယံ အရိယသာဝကော၊ ဤ အရိယာသာဝကကို။ ဒိဋ္ဌသမ္မန္နော ဣတိပိ၊ သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း။ ဒဿန သမ္မန္နော ဣတိပိ၊ သောတာပတ္တိမဂ်ဉာဏ် အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ ဣမံ သဒ္ဓမ္မံ၊ ဤ သူတော်-ကောင်းတရားသို့။ အာဂတော ဣတိပိ၊ ကောင်းစွာ ရောက်ပြီးသော သူဟူ၍ လည်းကောင်း။ ဣမံ သဒ္ဓမ္မံ၊ ဤ သူတော်ကောင်းတရားကို။ ပဿတိ ဣတိပိ၊ ကောင်းစွာ မြင်သော သူဟူ၍လည်းကောင်း။ သေက္ခေန၊ မြတ်သော။ ဉာဏေန၊

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၀၉။

http://www.dhammadownload.com

ဉာဏ်နှင့်။ သမန္နာဂတော ဣတိပိ၊ ပြည့်စုံသော ပုဂ္ဂိုလ် ဟူ၍ လည်း ကောင်း။ သေက္ခာယ၊ မြတ်သော။ ဝိဇ္ဇာယ၊ ဝိဇ္ဇာနှင့်။ သမန္နာဂတော ဣတိပိ၊ ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ ဓမ္မသောတံ၊ အရိယာမဂ် တည်းဟူသော အယာဉ်သို့။ သမာပန္နော ဣတိပိ၊ ကောင်းစွာ ရောက်သော ပုဂ္ဂိုလ်ဟူ၍လည်း ကောင်း။ အရိယော၊ ဖြူစင်မြင့်မြတ်သော။ နိဗ္ဗေဓိကပညော ဣတိပိ၊ ကိလေသာကို ဖောက်ခွဲ၍မြင်နိုင်သော ပညာရှိသော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ အမတဒွါရံ၊ နိဗ္ဗာန်တံခါးသို့။ အာဟစ္စ၊ ထိရောက်၍။ တိဋ္ဌတိ ဣတိပိ၊ တည်သော ပုဂ္ဂိုလ်ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုရပေတော့၏။

ဉာဏ် ၂-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ ။အဲဒီ ဓမ္မဉာဏ် အန္ဝယဉာဏ် နှစ်ပါးနှင့် ဖြူဖြူစင်စင် ပြည့်စုံသော ပုဂ္ဂိုလ်ကို ကိလေသာအားလုံးကိုဖောက်ခွဲ၍ သိမြင်နိုင်သော ပညာနှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်လို့ ခေါ်ဆိုရပေတော့၏။ မြတ်စွာဘုရား ဒီလိုဟောတယ်-နော် (မှန်ပါဘုရား)၊ အဲဒီလို သောတာပန် ပုဂ္ဂိုလ်ဖြစ်ရလေတော့၏ လို့ မြတ်စွာဘုရား ဟောကြားတော်မူလေတော့ ဒီသစ္စာ လေးပါးတရားဖြင့် ပဋိစ္စသမုပ္ပါဒ်တရားကို ညွှန်ပြပြီးတော့ ဓောတကကို မြတ်စွာဘုရားက—ဘဝါဘဝါယ၊ ဘဝကြီး ဘဝငယ်၌ ဖြစ်ခြင်းငှါ။ (အကြောင်းတရားတွေ ကွာသွားပြီ မဟုတ်လား) (ကွာပါပြီဘုရား)၊ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာနော် (မှန်ပါဘုရား)။

တဏှံ၊ တဏှာကို။ မာ ကာသိ၊ မပြုပါလေလင့်။

> ဧဝံ ဘဂဝါ ဣမမ္မိ သုတ္တေ အရဟတ္တနိကူဋေန ဒေသေသိ၊ ဒေသနာပရိယောသာနေ သော ဗြာဟ္မဏော အရဟတ္တေ ပတိဋ္ဌာသိ သဒ္ဓိံ အန္တေဝါသိသဟဿေန၊ အညေသဉ္စ အနေကသဟဿာနံ ဓမ္မစက္ခုံ ဥဒပါဒိ။ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ-လို့–

အဋ္ဌကထာက နိဂုံးချုပ်ပေးတယ်၊ ဒီ ပါဠိကို။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည်။ ဧဝံ ဣမိနာ အနုက္ကမေန၊ ဤသို့ ဟောကြားတော်မူခဲ့သော တရားဒေသနာတော် အစဉ်ဖြင့်။ ဣမမ္မိ သုတ္တေ၊ ဤဓောတကသုတ္တန်ကိုလည်း။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ် အထွတ်တတ်ပါသဖြင့်။ ဒေသေသိ၊ ဟောကြားတော်မူပေ၏။

http://www.dhammadownload.com

ဓောတကပုဏ္ဏား တပည့် ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆိုး **အပေါင်းနှင့် ရဟန္တာဖြစ်ပုံ** လတ်သောအခါ ကာလသမယ၌။ သော ဗြာဟ္မ-ဏော၊ ထိုဓောတက ပုဏ္ဏားသည်။သဒ္ဓိံ အန္တေ-ဝါသိ သဟဿေန၊ တပည့်ပေါင်း တထောင်နှင့် အတူတကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊တည်လေတော့၏။ (အရဟတ္တဖိုလ်ပေါက်သွားပြီ)။

အညေသဉ္စ၊ ဓောတက ပုဏ္ဏားကြီးနှင့် တထောင်သော တပည့်တို့မှ တပါး ကုန်သော။ အနေကသဟဿာနံ၊ထောင်ပေါင်းများစွာသော ပရိသတ်အပေါင်း တို့အား လည်း။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်ကို ရခြင်းငှါ ဖြစ်နိုင်တဲ့ ဓမ္မစက္ခု သည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်၍ နေကြလေသတည်း။

ဆာဓု သာဓု သာဓု။

ဓောတကသုတ္တန် ဒုတိယပိုင်း ပြီး၏။

ဓောတကသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၆-ဥပသိဝသုတ္တန် ပဌမဝိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ နှတ်တော်လဆန်း ၁၅-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ငန်း တက်ပုံကိုဟော ကြားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌ လာသော ဥပသိဝမာဏဝပုစ္ဆာသုတ္တန်တရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းချက်။ ။ဒီ သုတ္တန် တရားတော်ကို ဥပသိဝ ရသေ့က မေးလို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဖြေကြားတော်မူပါတယ်။ ဒါကြောင့် ဤသုတ္တန်ကို ဥပသိဝသုတ္တန်လို့ ခေါ်ပါတယ်၊ ဒီသုတ္တန်ကို ဘုန်းကြီးတို့ မဟောမီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားတော်ကို ဟောရမှာဖြစ်တဲ့အတွက် ဒီတရားတော်ရဲ့ပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို တရားဟော တရားနာ ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် ရှိခိုးကြရအောင် ဘုန်းကြီးတို့ပရိသတ်က လက်အုပ်ချီပြီးတော့ထား—

ဘုန်းကြီးက မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း ပေးတော်မူသည်)

ဥပသိဝပုဏ္ဏားမေးလျှောက်ပုံ။ ။ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ဆုဂဋိဟ်ပြည် ပါသာဏကနတ်ကွန်း၌ ပုဏ္ဏားပညာရှိ (၁၆)ယောက်တို့မေးသော မေးခွန်းတွေကို ဖြေကြားရာတွင် အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက, မေတ္တဂူ, ဓောတကလို့ ခေါ်တဲ့ ပုဏ္ဏား ၅-ယောက် မေးပြီးတဲ့ အဆုံးမှာ ဥပသိဝဆိုတဲ့ ပုဏ္ဏားက ထပြီးတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို အမေးပုစ္ဆာပြဿနာ တို့ဖြင့် လျှောက်ထားပါသည်၊ ဘယ့်နှယ်လျှောက်သလဲ ပါဠိတော်မှာ—

http://www.dhammadownload.com

ဧကော အဟံ သက္က မဟန္တ မောဃံ၊
အနိဿိတော နော ဝိသဟာမိ တာရိတုံ။
အာရမ္မဏံ ဗြူဟိ သမန္တစက္ခု၊
ယံ နိဿိတော သြဃမိမံ တရေယျံ။

သက္က၊ သာကီနွယ်ဘွား ရှင်တော်မြတ်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဧကော၊ တယောက်ထည်းတည်း။ အနိဿိတော၊ တစုံတခုသော ပုဂ္ဂလဓမ္မကို မမှီမူ၍။ သြဃံ၊ သြဃလေးဖြာ သံသရာကို။ တာရိတုံ၊ ကူးမြောက်နိုင်ခြင်းငှါ။ နော ဝိသဟာမိ၊ မစွမ်းနိုင်ပါ။ သမန္တစက္ခု၊ သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ ယံ၊ အကြင်ပုဂ္ဂလဓမ္မကို။ နိဿိတော၊ မှီလျက်။ ဣမံ သြဃံ၊ ဤ သြဃလေးဖြာ သံသရာကို။ တရေယျံ၊ ကူးမြောက်နိုင်ရာ၏။ တံ အာရမ္မဏံ၊ ထိုကဲ့သို့ မှီရာဖြစ်သောအာရုံကို။တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောကြားတော်မူပါလော့။ ဣတိ၊ ဤသို့။ အာယသ္မာ ဥပသီဝေါ၊ အရှင်ဥပသီဝရသေ့ပုဏ္ဏားပညာရှိသည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို။ ပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထားပါပေသတည်း။

သာဓု သာဓု သာဓု။

ဥပသီဝရသေ့က မြတ်စွာဘုရားကို ဘာလျှောက်သလဲဆိုတော့—

အရှင်ဘုရား ဘုရားတပည့်တော်သည် တစုံတခုသော ပုဂ္ဂလနှင့် တစုံတခုသောဓမ္မကို အမှီမရမူ၍ တယောက်ထည်းတည်း သြဃလေးပါးတည်း ဟူသော သံသရာကြီးကို ကူးခြင်းငှါ မစွမ်းနိုင်ပါဘူးတဲ့၊ သြဃလေးပါးတည်း ဟူသော သံသရာကိုကူးနိုင်ဘို့ရန်အတွက် ဘယ်လိုတရားအာရုံကို အမှီပြုရပါမလဲ၊ ဒီအကြောင်းကို မြတ်စွာဘုရားဟောကြားပေးတော်မူပါဘုရားလို့ လျှောက်တယ်။

ဥပသီဝရသေ့ရရှိထားသောစျာန်။ ။ဥပသီဝရသေ့ ဆိုတာ ဘယ်လို ရသေ့လဲ၊ အဋ္ဌကထာဆရာကြီးက 'သော ဗြာဟ္မဏော အာကိဉ္ဇညာယတနလာဘီ၊အာကိဉ္ဇညာယတနသမာပတ်ကို ရပြီးသားပုဂ္ဂိုလ်'တဲ့၊ သမာဓိကလဲ ဘယ်လောက် ကောင်းထားသလဲ၊ သမာပတ်ရှစ်ခု ရှိတဲ့အနက်မှာ အာကိဉ္ဇညာယတနသမာပတ်ဟာ ခုနစ်ခုမြောက်ဖြစ်တဲ့ သမာပတ် ဖြစ်တယ်။ အဲဒီသမာပတ်ကိုရောက်နေတယ်။ အာကိဉ္ဇညာယတနသမာပတ်ဆိုတာ ဘုန်းကြီးတို့ပရိသတ် နားလယ်ချင်မှ လယ်မယ်။

အာကိဉ္ဇညာယတနသမာပတ်ဆိုတာ တိုတိုခပ်ကျဉ်းကျဉ်း ပြောရမယ်ဆိုရင် သမာဓိအားကောင်းနေတဲ့ပုဂ္ဂိုလ်လို့ ဆိုလိုတယ်။ သမာဓိရပြီးသား သမာဓိက

http://www.dhammadownload.com

ဘယ်လောက်ရနေသလဲ ပထမစျာန်သမာဓိ, ဒုတိယစျာန်သမာဓိ, တတိယစျာန် သမာဓိ, စတုတ္ထစျာန်သမာဓိ, အာကာသာနဉ္စာယတနစျာန်နှင့် ယှဉ်တဲ့သမာဓိ၊ ဝိညာဏဉ္စာယတနစျာန်နှင့် ယှဉ်တဲ့သမာဓိ, အာကိဉ္စညာယတနစျာန်နဲ့ ယှဉ်တဲ့ သမာဓိလို့ဆိုပြီးတော့ ခုနစ်ခုမြောက် သမာဓိကို ရောက်နေတယ်။ ဒီသမာဓိတ် တွေကိုဝမောက္ခ ရှစ်မျိုးလို့လဲဘဲ ဘုန်းကြီးတို့ပါဠိတော်မှာဟောထားတာရှိတယ်။

ဘုန်းကြီးတို့ပရိသတ် သိထားရမှာကတော့ဖြင့် အခုပုစ္ဆာလေ့ကျက်တဲ့ဥပသိဝ လို့ခေါ်တဲ့ပုဏ္ဏားပညာရှိဟာ သီလကုသိုလ် ပြည့်စုံပြီးသား၊ သမာဓိကုသိုလ်က အာကိဉ္စညာယတန သမာပတ္တိဉာဏ်သို့ ရောက်အောင် သမာဓိကုသိုလ် ပြည့်စုံ ပြီးသား၊ ဘုန်းကြီး ရှေ့က ပြောခဲ့ဘူးပါတယ်၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်လို့ ဆိုတာ သတိနဲ့ ပညာသာ အရေးကြီးတယ်။ သတိပဋ္ဌာန်ပါဠိတော်ကြီးတခုလုံးမှာ သတိ, သမ္မာဉာ လို့ ဒီလိုချည်း ဟောတယ်။ သတိဆိုတာ ဘာလဲ သတိဆိုတာ အာရုံကို ပေါ်လွင်ထင်ရှားအောင် မမေ့မပျောက်အောင် လုပ်ပေးတဲ့တရား၊ သမ္မာဉာ-ဆိုတာ ဘာကိုခေါ်သလဲ၊ သမ္မာဉာဆိုတာ သတိက ပေါ်လွင်ထင်ရှား အောင်လုပ်ပေးတဲ့ အာရုံတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ-အနတ္တ အနေအားဖြင့် ပိုင်းခြားပြီးတော့ ခွဲခြားပြီးတော့ ရှုပွါးဆင်ခြင်နေတဲ့တရားကို သမ္မာဉာတရားလို့ ခေါ်တယ်။ တရားကိုယ်ကောက်တော့ ပညာဘဲ၊ ဒါဖြင့် သမာဓိမပါဘူးလား ဆိုတော့ ပါတော့ပါတယ်၊ သမာဓိမပြဋ္ဌာန်းဘူး၊ ပညာ ပြဋ္ဌာန်းတယ်၊ အဲဒါ ကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကိုရဘို့အရေးသည် သတိ ပညာလုပ်ငန်း၊ စျာန်ရဘို့လုပ်ငန်းက သတိနဲ့သမာဓိလုပ်ငန်း။

သြဃ ၄-ဖြာမှ မကူးမြောက်သေးပုံ။ ။အဲဒီ ဥပသိဝရသွေ့က မြတ်စွာဘုရားနဲ့ မတွေ့ခင် ကတည်းက ဗာဝရီပုဏ္ဏားရဲ့ အထံမှာ တရားအားထုတ်တယ်၊ အဿကတိုင်းနဲ့ မုဋ္ဌကတိုင်း နှစ်ခု အကြား မှာရှိတဲ့ ဂေါဓာဝရီမြစ်ရဲ့ အလယ်ကျွန်းမှာ သူတို့သွားပြီး တရား အားထုတ်ထား တာ အာကိဉ္စညာယတနသမာပတ်လို့ဆိုတဲ့ သမာဓိ အားကောင်းတဲ့ သမာပတ်ကို ရထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါပေမဲ့ သြဃလေးဖြာ သံသရာကြီးကို မကူးနိုင်ဘူး၊ သြဃလေးပါးဆိုတာက ကာမောဃ, ဘာဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃနော်၊ (မှန်ပါဘုရား)၊ ကာမောဃ ဆိုတာ တဏှာ၊ ဘာဝေါဃဆိုတာ တဏှာ၊ ဒိဋ္ဌောဃ ဆိုတာ ဒိဋ္ဌိ၊ အဝိဇ္ဇောဃဆိုတာ မောဟ၊ သြဃလေးပါးကို တရားကိုယ်ကောက် လိုက်ရင် လောဘ, ဒိဋ္ဌိ, မောဟ၊ ဒီတရား ၃-ခု ရတယ်။

ဘုန်းကြီးတို့ပရိသတ်က စဉ်းစားကြည့်ရမယ်၊ ငါ့မှာ ဒီတရားသုံးခုရှိသလား မရှိဘူးလား စဉ်းစားကြည့်ရမယ်၊ ဒီတရားသုံးခု တခုခုရှိရင်ဖြင့် ငါဟာ သြဃ ထဲမှာ မျောနေတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုမှတ်ထားနော်(မှန်ပါဘုရား)၊ ကဲ ဒီအခ်ိပ်ပါယ်

http://www.dhammadownload.com

အကျယ်ကို နောက်မှဘဲ ပြောပေးဦးမယ်၊ အဲဒီ သြဃလေးပါးအကြောင်းကို ဒီနေ့ ပြောပေးရမယ်။

အာကိဉ္စညာယတနဈာန်ရပုံ။ ။ဒီတော့ အာကိဉ္စညာယတနသမာပတ်လိုခေါ်တဲ့ သမာဓိ၊ အဲဒါလောက် ကောင်းနေတဲ့ ဥပသီဝ ပုဏ္ဏားပညာရှိသည်ပင်လျှင် သြဃလေးပါးက မကင်းနိုင်သေးဘူး၊ ဘာမှီကူးရမလဲဆိုတော့ အာကိဉ္စညာယတနသမာပတ်ကို ပွါးတယ်ဆိုတာ ဘာလဲဆိုတော့ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ နဲ့ ဒီလိုပွါးရမယ်၊ သင်္ကြိုဟ်သင်တန်းတက်ထားတဲ့ပုဂ္ဂိုလ်တွေကတော့ သဘောပေါက်မယ်၊ နားလယ်မယ်၊ ဒါကြောင့် ဘုန်းကြီးလဲ မကြာမကြာ တိုက်တွန်းနေတယ်၊ တရားပွဲတိုင်း တိုက်တွန်းနေတယ်၊ ဘုန်းကြီးတို့ပရိသတ် ဝိပဿနာတရားအားထုတ်မယ်ဆိုရင် အနည်းဆုံး သင်္ကြိုဟ်စိတ်ပိုင်းရယ် စေတသိက်ပိုင်းရယ် ရုပ်ပိုင်းလောက်ရယ်တော့ဖြင့် အဘိဓမ္မာပြန့်ပွါးရေးအသင်းမှာသွားပြီး အဘိဓမ္မာသင်တန်းတက်ထားကြပါလို့နော် (မှန်ပါဘုရား)။

ရတဲ့အချိန်မှာပေါ့ ဟုတ်လား၊ ထမင်းစားတဲ့အချိန်တောင် ရသေးတာဘဲ၊ သင်္ကြိုဟ်သင်တန်းတက်တဲ့အချိန် ဘယ့်နဲ့မရဘဲ နေရမလဲ၊ အိပ်ဘို့အချိန်တောင် ရသေးတာ ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း ဒီတော့ အာကိဉ္စညာယတန သမာပတ်လို့ဆိုတာ ဘုန်းကြီးတို့ပရိသတ်က ဘာခေါ်တယ်ဆိုတာ နားလည်တယ် မဟုတ်လား နော်(မှန်ပါဘုရား)။ အဲဒါကို ဘုန်းကြီးနားလည်အောင် ပြောရမယ် ဆိုရင် တည်လုံးပြောပေးရမယ် အာကိဉ္စညာယတနသမာပတ်ကို။ အာကိဉ္စညာယတနသမာပတ်ဆိုတာ ဝိညာဏဉ္စာယတနဈာန်စိတ်ရဲ့ အထက်ဖြစ်တဲ့ စိတ်။ ဝိညာဏဉ္စာယတနဈာန်ဆိုတာ ဝိညာဏ် အနန္တလို့ အထပ်ထပ်ပွါးနေရတယ်။

အဓိပ္ပါယ်ကတော့ ဝိညာဉ်သည် အဆုံးမရှိ၊ ဝိညာဉ်သည် အဆုံးမရှိလို့ ဒီဝိညာဉ်ကလေးဟာ အဆုံးအပိုင်းအခြား မရှိဘူးလို့ဆိုတဲ့ အနက်က စိတ်ဘဲရှိတော့တယ်၊ စိတ်ကလေးဟာ အဆုံးအပိုင်းအခြား မရှိဘူးဆိုတော့ ဒီဟာ စိတ်ဘဲရှိတော့တယ်၊ ရုပ်အာရုံက ချုပ်တယ်၊ ရူပသညာတွေဆိုတာ မရှိတော့ဘူး၊ အာကာသာနဉ္စာယတနဈာန်တုန်းကထဲက ရုပ်ကနေပြီး လွှတ်လာခဲ့တယ်၊ရုပ်ပေါ်မှာနှစ်သက်တယ်ဆိုတဲ့ ကာမဂုဏ်က လွှတ်လာခဲ့ပြီးပြီ၊ဘာပြုလို့လဲ သူတရားရှုကွက်ထဲမှာ မတွေ့တော့ဘူး။ အဲဒီ ရုပ်တွေကို အခု ဘုန်းကြီးတို့ပရိသတ် ဝိပဿနာရှုနေတဲ့ အရုပ်မှာ ရုပ်တွေကို တွေ့နေတယ် မဟုတ်လား (တွေ့ပါတယ်ဘုရား)၊ နာခေါင်းထဲမှ ထွက်တဲ့လေနဲ့ နာခေါင်းထဲသို့ ဝင်တဲ့လေကလေးက တွန်းကန်လှုပ်ရှားမှုတွေ့နေတယ် မဟုတ်လား (တွေ့ပါတယ်ဘုရား)။

အဲ ဟို အာကာသာနဉ္စညာယတန သမာပတ်မှာ အဲဒီ ရုပ်လဲ မရှိဘူး၊တရားအားထုတ်တဲ့အခါမှာ အဲဒီရုပ်ကို မတွေ့တော့ဘူး၊ သူနဂိုက အားထုတ်ပြီးတော့

http://www.dhammadownload.com

နေတဲ့ ထွက်လေ ဝင်လေဆိုတော့ ထွက်လေ ဝင်လေအာရုံ၊ အဲဒီ ထွက်လေ ဝင်လေဟာ စတုတ္ထစျာန်မှာကတဲ့က မရှိတော့ဘူး၊ ထွက်လေ ဝင်လေ မရှိရင် ပိန်တာတွေ ဖောင်းတာတွေ မရှိတော့ဘူး၊ အဲဒီလို ရူပသညာတွေကို သူက ကျော်လွန်လာခဲ့ပြီ၊ တရားအားထုတ်လို့။ဒီတော့ သူဟာ ရူပသညာနဲ့ပတ်သက်လို့ သူက ဝိက္ခမ္ဘနပဟာန်အားဖြင့် ခွါပြီးသား ပယ်ပြီးသား ဖြစ်နေပြီ၊ စိတ်ချည်း ကျန်တော့တယ်။

အဲဒီ စိတ်ချည်းကျန်တာဟာ ဝိညာဏဉ္စာယတနဘဲ၊ ဝိညာဏ် အနန္တနဲ့၊ ဝိညာဏ် အနန္တနဲ့ သူက ပွါးတယ်။ နောက်တော့ ဒီဝိညာဉ်ကလေးကို ရှုနေရတာကိုဘဲ သူ မှာပင်ပန်းနေပြီဖြစ်သောကြောင့် အဲဟိုအာကာသာနဉ္စာယတနစျာန်ရဲ့ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြုပြီးတော့ နတ္ထိ ကိဉ္စိ-နတ္ထိ ကိဉ္စိ-နတ္ထိ ကိဉ္စိနဲ့၊ ကိဉ္စိ၊စိုးစဉ်းပင်။ နတ္ထိ၊မရှိတော့ဘူး၊ သူအားထုတ်နေတဲ့ဘရားထဲမှာ သူရှု နေတဲ့ ရှုကွက်ထဲမှာ ဘာမျှ မရှိတာကိုဘဲ သိတယ်၊ရုပ်တွေလဲ မရှိတော့ဘူး၊ ခန္ဓာ ကိုယ်ကြီးလဲ မရှိတော့ဘူး၊ ခေါင်းတွေ လက်တွေ ခြေတွေ ဆံပင်တွေ ဘာမှ မရှိ တော့ဘူး၊ပတ်ဝန်းကျင်အားလုံး သစ်ပင် တော တောင် ရေ မြေ သမုဒ္ဒရာ ဘာမှ မရှိတော့ဘူး၊ ဟင်းလင်းကြီးထဲ ရောက်ပြီးတော့ ဟုတ်လား (မှန်ပါဘုရား)၊ ဒါ အာကိဉ္စညာယတနသမာပတ်၊ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိနဲ့ ရှုပွါးပြီး အာကိဉ္စည-ာယတန သမာပတ်ကို ရောက်နေတယ်။

အဲဒီ-အာကိဉ္စညာယတနသမာပတ်ဆိုတဲ့ အာရုံက နတ္ထိဘော ပညတ်အာရုံတဲ့၊ ဥပသီဝရသေ့က အဲဒီ နတ္ထိဘော ပညတ်ဆိုတဲ့ အာကိဉ္စညာယတနသမာပတ် ကို သူကရောက်နေတယ်၊ ရောက်နေတော့ ဒီကနေပြီးတော့ နိဗ္ဗာန်ရောက်အောင် ဝိပဿနာဘယ်လိုလုပ် ရှုရမလဲလို့ ဆိုတာကို ဥပသီဝ-ရသေ့က သိချင်တယ်၊ ဒါကြောင့် မြတ်စွာဘုရားကို လျှောက်တယ်၊ သူမှာ ဘာမှ မရှိသည်ဖြစ်သော ကြောင့် ပုဂ္ဂိုလ်ကော မှီစရာရှိသေးသလား (မရှိပါဘုရား)၊ နတ္ထိ ကိဉ္စိဟု သူမှာ မြင်နေသည်ဖြစ်သောကြောင့် ဘာမျှမရှိဘူးဆိုတော့ တစုံတခုသော တရားကော မှီစရာ ရှိသေးလား (မရှိပါဘုရား)၊ ဒီတော့ သူမှာ ဘာတွေဖြစ်နေလဲ၊ တယောက်ထည်းတည်း ဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဘုရား)၊ အဲဒီလို တယောက်ထည်းတည်း ဖြစ်နေသည်ဖြစ်သောကြောင့် တစုံတခုသော ပုဂ္ဂလ ဓမ္မကို မမှီရဘဲနဲ့ ဩဃလေးပါးတည်းဟူသော သံသရာကြီးကို ကူးဘို့အတွက် သူမှာ မတတ်နိုင်ဖြစ်နေပါတယ်ဘုရား ဘယ်လိုလုပ် ကူးရမလဲဘုရားလို့ မြတ်စွာ ဘုရားကို လျှောက်တယ်။

ဩဃ ၄-ပါးမှ ကူးမြောက်ပုံ။ ။အဲဒီတော့ မြတ်စွာဘုရားက—

http://www.dhammadownload.com

အာကိဉ္စည် ပေက္ခမာနော သတိမာ၊
နတ္ထိတိ နိဿာယ တရဿု ဩဃံ။
ကာမေ ပဟာယ ဝိရတော ကထာဟိ၊
တဏှက္ခယံ နတ္တမဟာ ဘိပဿ-လို့– ပြန်ပြီးတော့ ဟောတယ်။

ဥပသီဝ၊ ဥပသီဝ-ရသေ့။ တံ့၊ သင်သည်။ နတ္ထိတိ၊ နတ္ထိ ကိဉ္စိ နတ္ထိ ကိဉ္စိ ဟူ၍။ ပဝတ္တံ၊ ဖြစ်သော။ အာကိဉ္စည်၊ အာကိဉ္စညာယတနသမာပတ်ကို။ နိဿာယ၊ မှီသည်ဖြစ်၍။ သတိမာ၊ အာကိဉ္စညာယတနသမာပတ်မှာရှိတဲ့ အာရမ္မဏိကခေါ်တဲ့ စိတ် စေတသိက်တရားကို သတိဖြင့် ထင်ရှားအောင် ပြုလုပ်ပြီးသည်ဖြစ်၍။ ပေက္ခမာနော၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တဟု ဆိုအပ်သော ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်သည်ဖြစ်၍။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရဿု၊ ကူးလေတော့၏။ ကာမေ၊ ဝတ္ထုကာမ ကိလေသာကာမတို့ကို။ ပဟာယ၊ ပယ်စွန့်ပြီး၍။ ကထာဟိ၊ သို့လော သို့လော် တွေးတောယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာတို့မှ။ ဝိရတော၊ ကင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နတ္တမဟံ၊ နေ့ည၌တို့ ကာလပတ်လုံး။ တဏှက္ခယံ၊ တဏှာ၏ကုန်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ အဘိပဿ၊ ထင်စွာပြု၍ ရှုပါလေတော့။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝိသဇ္ဇေသိ၊ ဖြေကြား၍ ပေးတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု။

အာကိဉ္စညာယတနသမာပတ်ကိုဘဲ မှီပြီးတော့ နတ္ထိ ကိဉ္စိလို့ သင်ဖြစ်နေတဲ့ အဲဒီ-အာကိဉ္စညာယတနဆိုတဲ့ သမာပတ်ကိုဘဲ မှီပြီးတော့ သတိဖြင့် ထင်ရှားအောင်လုပ်၊ ပညာနဲ့ အနိစ္စ ဒုက္ခ အနတ္တရှုဆင်ခြင်ပြီးတော့ ဩဃလေးပါးကို ကူးတော့၊ ပြီးတဲ့အခါ ကာမဂုဏ်တွေကို ပယ်စွန့်ပြီး ဝိစိကိစ္ဆာဆိုတဲ့ တရားကို ကင်းအောင်လုပ်ပြီးတော့ တဏှာ၏ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်ခြေမပြတ် သင်ထင်ရှားအောင် လုပ်ပြီးနေပေတော့လို့ မြတ်စွာဘုရားက ဒီလိုဟောလိုက်တယ်၊ ဒါ ပါဠိလျှောက် အဓိပ္ပါယ်။

နတ္ထိဘော ပညတ်ကို သိပုံ။ ။ဒီတော့ အာကိဉ္စညာယတနသမာပတ်ကို မှီပြီးတော့ ဩဃလေးပါးကို ကူးမယ်၊ ဝိပဿနာကို ရှုရမယ်ဆိုတာ ဘယ်လိုရှုရမလဲ၊ အာကိဉ္စညာယတနသမာပတ်ဆိုတာ နတ္ထိဘော ပညတ်ဖြစ်ပါတယ် ဟုတ်လား (မှန်ပါဘုရား)၊ ပညတ်ဖြစ်တဲ့တရားကို ဝိပဿနာရှုလို့ရပါ့မလား၊ (မရပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ပရိသတ်လဲ ဖြစ်ဘူးပါလိမ့်မယ် တရားအားထုတ်တဲ့အခါ ဘယ်နဲ့ဖြစ်နေသလဲဆိုတော့ သိစရာအာရုံလဲ မရှိဘူး၊ သိလိုစိတ်လဲ မရှိဘူးလို့ဆိုပြီးတော့ အဲဒီလို ဖြစ်ဘူးလိမ့်မယ်၊ ဘုန်းကြီး

http://www.dhammadownload.com

တို့ပရိသတ် (မှန်ပါဘုရား)၊ သိစရာအာရုံမရှိဘူးဆိုတော့ ဘာသိနေသလဲ၊ အဲဒီ မရှိတာကိုဘဲ သိနေတာဘဲ၊ ဟုတ်လဲ့း(မှန်ပါးဘုရား)။

အဲဒီ မရှိတာကို သိနေတာက အင်မတန် အေးတယ်၊ သက်သာတယ်၊ ကောင်းတယ်၊ အင်မတန်မှ အရသာရှိတယ်၊ ဒီလိုဖြစ်လာတဲ့ သမာပတ္တိဉာဏ်ကိုး။ ဒီဥစ္စာ အဲဒါဘဲ၊ မဂ်တရား ဖိုလ်တရားဖြစ်နေရော့သလားလို့ဆိုတဲ့ ဝိစိကိစ္ဆာလဲ ဝင်လာနိုင်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားက အဲဒီ အာကိဉ္စညာယတနသမာပတ်လို့ခေါ်တဲ့ နတ္ထိ ကိဉ္စိလို့ ခေါ်တဲ့ ဘာမှလဲ မရှိဘူး ရှုစရာလဲ မရှိဘူး ရှုစရာအာရုံပျောက်သွားပြီ၊ ဒီတော့ ဘာသိမလဲ ဘာမှမရှိတာကို သိနေတာဟာ နတ္ထိဘောဝပညတ်ကို သိနေတာပါတဲ့ အာကိဉ္စညာယတန-သမာပတ်က။ ပါရာယနဝဂ်မှာ ဒီလိုဘဲ ဟောထားတယ် နော် (မှန်ပါဘုရား)။

အရှုခံအာရုံနှင့် ရှုစိတ်ပျောက်ပုံ။ ။ဒီတော့ ဘုန်းကြီးတို့ပရိသတ် ဒီအပိုင်း အရေးမကြီးဘူးလား၊ (ကြီးပါတယ် ဘုရား)၊ ဝိပဿနာအားထုတ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး တွေဟာ ဖြစ်ဘူးလိမ့်မယ်၊ လက်ဦးတုန်းကတော့ ရှုနေတယ်ဆိုပါတော့ ထွက်တဲ့လေ ဝင်တဲ့လေကို ဝင်တာ ထွက်တာကိုရှုနေတယ်၊ အဲဒီ-ထွက်တဲ့လေ ဝင်တဲ့လေကို ရှုနေတာဟာလဲ သူက ရှုစရာအာရုံလဲ ရှိနေတယ်၊ ရှုစိတ်လဲ ရှိနေတယ်၊ သတိလဲ ရှိနေတယ် နော် (မှန်ပါဘုရား)၊ ဒီတော့ ဒီအာရုံကလေးက ထင်ရှားနေတော့ ဒီလိုဘဲ ရှုရှုပြီး ရှုဖန်များလာတော့ ဝိပဿနာရှုဖန်များလာတော့ ဘာတွေဖြစ်သွားသလဲ၊ ကိုင်း တိုတိုဖြတ်ပြောလိုက်တော့မယ်၊ အရှုခံတရားတွေ ပျောက်သွားတယ်၊ အဲဒီအခါမှာ သူက ဘယ်လိုဖြစ်ကျန်ရစ်သလဲ၊ ပေါ့ ပြီးတော့ အင်မတန်သက်သာတယ်၊ နေလို့ကောင်းတယ် ဘယ်ဒင်းရှုလိုက် ရှုလိုက် ရှုစရာအာရုံ တခါထဲ ပျောက်သွားတယ်၊ဘာရှုလိုက် ရှုလိုက် ရှုစရာအာရုံကော ပျောက်ပျောက်သွားတယ်။

ဥပမာ ခန္ဓာကိုယ်က ယားတာလေးပေါ်လာတော့ ယားတာကို ယားတယ်လို့ ရှုလိုက် ရှုစိတ်ကော အဲဒီ ယားတာကော ပျောက်သွားတယ်၊ ကွေးတာလေးကို ရှုလိုက် ကွေးတာရော ရှုစိတ်ရော ပျောက်သွားတယ်၊ မြင်တာကို ရှုလိုက် မြင်တာရော ရှုစိတ်ရော ပျောက်သွားတယ်၊ ကြားတာလဲ ထို့အတူဘဲ အကုန်လုံး ရှုလိုက်၊ ဘာရှုရှု ရှုတာတွေဟူသရွေ့ဟာ သူအာရုံထဲ ဝင်လာတဲ့ တရားတွေဟူသရွေ့ ရှုစိတ်ရော အာရုံကော အကုန်ပျောက်တယ်၊ ဒီတော့ ရှုနေတဲ့ ယောဂီ ပုဂ္ဂိုလ် ဘယ့်နဲ့ဖြစ်နေသလဲ အေးပြီးတော့ အင်မတန် အရသာရှိပြီးတော့ သိပ် မွေ့လျော်ပြီးတော့ မျက်လုံးကလေး မဖွင့်ချင်တော့ဘူး၊ အဲဒီဟာလေးနဲ့ဘဲ မှိန်းပြီးတော့ သူက နေချင်တော့တယ်၊ ဒီတော့ ဘယ့်နဲ့ ဖြစ်လာလဲဆိုတော့

http://www.dhammadownload.com

ဟာ ဒီဥစ္စာဟာ မင်္ဂတရားလား၊ ဒီလို မှိန်းနေချင်တယ်ဆိုတာဟာ ဖိုလ်တရားဘဲ ဖြစ်လေရော့သလားလို့ ဆိုတဲ့ ဝိစိကိစ္ဆာတွေ ဝင်လာတယ်၊ ဒါကို မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်က ဝိရတော ကထာဟိ။ ကထာဟိ၊ ဝိစိကိစ္ဆာတို့မှု။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိစိကိစ္ဆာကင်းအောင် လုပ်ရမယ်တဲ့ မြတ်စွာဘုရားက။ ဘုန်းကြီးတို့ ပရိသတ် အင်မတန်အရေးကြီးတဲ့ အပိုင်းနော်၊ ဒီအပိုင်းက (မှန်ပါဘုရား)။

အာကိဉ္စညာယတနစျာန်မည်ပုံ။ ။ဒီ-တရားကို ဘုန်းကြီးပြည့်စုံအောင် ဟောပေးမယ်၊ ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးစောစောပိုင်းက ပြောခဲ့တဲ့အပိုင်းကို တွေ့ဘူးလိမ့်မယ်၊ အဲဒီလို တွေ့တဲ့အခါ ဘာဖြစ်နေတာလဲဆိုတော့ ဥပသီဝ-ရသေ့လဲ ဒီအတွေတော့ တွေ့တာဘဲ၊ အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုပြီးတော့ သူက နတ္ထိ ကိဉ္စိ-ဘာမှမရှိတော့ဘူး၊ဘာမှ မရှိတော့ဘူး၊ကိဉ္စိ၊စိုးစဉ်းပင် နတ္ထိ၊ မရှိတော့ဘူး။ (ရှုစိတ်လဲ မရှိတော့ဘူး ရှုစရာလဲ မရှိတော့ဘူးဆိုတော့ အဲဒါ အာကိဉ္စညာယတနသမာပတ်ပါဘဲတဲ့၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီလောက်ပြောရင် ဘုန်းကြီးတို့ ဝိပဿနာလုပ်ကွက်နဲ့ဖော်ပြရင် အာကိဉ္စညာယတန ဆိုတာကို ဘုန်းကြီးတို့ ပရိသတ် နားလည်လောက်ပါပြီ။

ကြောင့်ကြမရှိပုံ။ ။အဲဒီ အပိုင်းရောက်နေတာကို ဘာပြုလို့ အာကိဉ္စညာယတနလို့ ခေါ်ထားသလဲလို့ ဆိုတော့ လိုချင်တဲ့စိတ်လဲ မရှိဘူး၊ စိတ်ဆိုးချင်တဲ့ စိတ်လဲမရှိဘူး၊ ပြစ်မှားချင်တဲ့စိတ်လဲ မရှိဘူး၊ သူများပြန်ပြောချင်တဲ့ စိတ်လဲမရှိဘူး၊ စားချင်တဲ့ စိတ်လဲမရှိဘူး၊ ဝတ်ချင်တဲ့စိတ်လဲ မရှိဘူး၊ သွားချင် လာချင်တဲ့ စိတ်လဲမရှိဘူး၊ ပျော်ချင် ပါးချင်တဲ့ စိတ်လဲမရှိဘူး၊ လှချင် ပချင်တဲ့ စိတ်လဲမရှိဘူး၊ ဘယ်သူ့အတွက် ဘာအတွက်– ဘယ်သားသမီးအတွက် ဘယ်ပစ္စည်းအတွက် ဘယ် အိုးအိမ်-တိုက်တာတွေ့အတွက် သူများ အဲဒီကြောင့်ကြခြင်း မရှိတာကို "အကိဉ္စန"လို့ ခေါ်တယ် ဟုတ်လား (မှန်ပါဘုရား)။

ဘုန်းကြီးတို့ ပရိသတ်မှာ– ခု တရားလာ အားထုတ်နေတယ် ဆိုတာ အိမ်အတွက် တခါတလေ စိတ်ထဲကူးလိုက်မိပြီဆိုရင် ငါကတော့ တရားလာအားထုတ်နေတယ်လေ၊ ငါ့သားလေး-ငါ့သမီးလေး တယောက်ထဲ အိမ်ဘယ်လိုများ နေပါလိမ့်၊ တခါတလေ စိတ်ထဲ စာမေးပွဲတွေ့လဲ စစ်ပြီလို့ ပြောသံ ကြားရတယ်၊ အောင်မှ အောင်ပါ့မလား၊ ဒီလဟာ စာမေးပွဲစစ်တဲ့လ၊ ငါ့သားလေး- သမီးလေးဟာ စာမေးပွဲ အောင်ပါ့ အောင်ပါ့မလား၊ ဘယ်နဲ့လဲ-ပေါ်တတ်တယ်၊ ပေါ်ရမယ်လို့ ဘုန်းကြီး မပြောလိုဘူး၊ ပေါ်တတ်တယ်-နော် (မှန်ပါဘုရား)၊ အဲဒီလို ပေါ်တတ်တာဟာ ဘာလဲ–ကြောင့်ကြ။

http://www.dhammadownload.com

အဲဒီ ကြောင့်ကြမှုမျိုးတွေ- စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့ (ရှစိတ်ကော) ရှစရာ အာရုံကော ပျောက်နေတဲ့အခါမှာ အဲဒီလို ကြောင့်ကြမှုတွေ မရှိတော့ဘူးတဲ့၊ ဒီတော့ အေးမနေဘူးလား (အေးနေပါတယ်ဘုရား)၊ မစား ရမှာလဲ မကြောင့်ကြဘူး၊ မဝတ်ရမှာလဲ မကြောင့်ကြဘူး၊ သူများ ကဲ့ရဲ့မှာလဲ မကြောင့်ကြဘူး၊ သူများ ချီးမွမ်းမှာလဲ မကြောင့်ကြဘူး၊ ဘာမှလဲ မလုပ်ချင်ဘူး၊ မကြားရမှာ မမြင်ရမှာ ဘာမှလဲ မကြောင့်ကြဘူး၊ ဒီတော့ ဘာဖြစ်နေလဲ "အကိဉ္စန" တဲ့၊ ဒီတော့ သက်သာ မနေဘူးလား (သက်သာနေပါတယ်ဘုရား) ဟုတ်ပြီ၊ ဒီလို အသိဉာဏ်ရပြီ ဖြစ်သောကြောင့် ငါကတော့ဖြင့် သံယောဇဉ်တွေကို ပယ်နိုင်ပြီ၊ မဂ်ဉာဏ်လားလို့တောင်မှ ကိုယ့်စိတ်ထဲမှာ ဝိစိကိစ္ဆာ ဝင်လာတတ်တယ်တဲ့၊ ဘုန်းကြီးတို့ ပရိသတ် ဟုတ်လား (မှန်ပါဘုရား)၊ ဒါကြောင့် မြတ်စွာဘုရားက– ကာမေ ပဟာယ ဝိရတော ကထာဟိ-လို့ ဒီလို ဟောလိုက်တာ-နော် (မှန်ပါဘုရား)၊ ကာမေ၊ ကာမဂုဏ်တို့ကို။ ပဟာယ၊ ပယ်စွန့်၍။ ကထာဟိ၊ သို့လော-သို့လော တွေးတော ယုံမှားခြင်းတို့မှ။ ဝိရတော၊ ကင်းသည်။ ဟုတ္တ၁၊ ဖြစ်၍လို့ ဟောတော် မူလိုက်ထာ-နော်။

ဒါ ရှကွက်- မှတ်ထား၊ ဘုန်းကြီးတို့ ပရိသတ်မှာ ဖြစ်ဘူးနေတာတွေကို ဘုန်းကြီးကို မကြာ မကြာ လာပြီး လျောက်နေတာကို ကြားရတယ်၊ တရားစစ်လိုက်ပြီ ဆိုရင် အဲဒီလို ဖြစ်နေပြီ သိပ်ကောင်းတယ်၊ မွေ့လျော်ပြီးတော့ မှိန်းပြီးတော့ မျက်လုံးကလေးက မဖွင့်ချင်တော့ဘူး၊ ဒီလိုဘဲ နေချင်တော့တယ်၊ အဲဒါ အာကိဉ္စညာယတန သမာပတ်-လို့ ခေါ်တယ်-နော် (မှန်ပါဘုရား)၊ အဲဒီ အာကိဉ္စညာယတန သမာပတ်မှာ– နတ္ထိ ဘော ပညတ်ကြီး ရှစိတ်ကော ရှတဲ့ အာရုံကော ပျောက်နေပြီ ဆိုတော့ ဘာရှိသေးလဲ (မရှိပါဘုရား)၊ ဘာမှမရှိတာကို နတ္ထိ-နော် (မှန်ပါဘုရား)၊ သူ့ကို ဘာမျ မရှိတဲ့ နတ္ထိ ဘော ပညတ်လို့ ခေါ်တယ်။

အဲဒီ ပညတ်ကို အာရုံပြုနေတဲ့ စိတ်မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဟော– ရှိတဲ့တရားတွေ ပေါ်လာပြီ-နော် (မှန်ပါဘုရား)၊ အဲဒီ ဘာမျမရှိတာကို ဘုန်းကြီးတို့ ပရိသတ် သိနေတဲ့ အခါမှာ သိတာက-ဝိညာဏ်၊ သိအောင်ပြုလုပ်ပေးနေတဲ့ တရားတွေ စေတသိက်တွေက နာမ်လို့ ဆိုပြီးတော့ ဝိညာဏ်နဲ့ နာမ်ဘဲ ရှိတယ်၊ ရုပ်တော့ မရှိဘူး၊ အာကိဉ္စညာယတန သမာပတ်မှာ ဝိညာဏ်မရှိဘူးလား (ရှိပါတယ်ဘုရား)၊ နာမ်ကော (ရှိပါတယ်ဘုရား)၊ အဲဒီ ဝိညာဏ်နဲ့ နာမ်ကို သတိနဲ့ ထင်ရှားအောင် လုပ်တာတဲ့ မြတ်စွာဘုရားက။ ရုပ်ကတော့ မထင်ရှားတော့ မရှိတော့ဘူး၊ ရုပ်ကို ရှစရာ မရှိတော့ဘူး၊ ဝိညာဏ်နဲ့ နာမ်ကို သတိနဲ့ ထင်ရှားအောင်လုပ်ပြီးတော့ ပေကမ္မာနော၊ ဝိပဿနာပညာဖြင့် အနိစ္စ ဒုက္ခ ဝိပရိဏာမ

http://www.dhammadownload.com

အနုတ္တ-တို့ ရှုလိုက်ပါ၊ ဒီလို ရှုရင်းနဲ့ သင် သြဃလေးပါးကို လွန်မြောက်သွား လိမ့်မယ်တဲ့ မြတ်စွာဘုရား က-နော် (မှန်ပါဘုရား)။

အဲဒီတော့ သြဃလေးပါးကို လွန်မြောက်အောင် ရှုတဲ့နေရာမှာ အဲဒီအခန်း ကျတော့ ဘယ်နဲ့ ရှုရမလဲ– သိပ်ပြီးတော့ ကြိုးစားလိုက်ရတော့ မှာလား၊ မကြိုး စားနဲ့- ဒါဖြင့် ဒီနေရာမှာဘဲ ရပ်ပြီးတော့ နေလိုက်ရတော့မှာလား၊ ရပ်မနေနဲ့ နော် (မှန်ပါဘုရား)၊ အဲဒါကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သြဃ လေးပါးကို ကူးယူပုံကို "သြဃတရဏသုတ္တန်" လို့ ဆိုပြီးတော့ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာ မြတ်စွာဘုရား ဟောထားတာ ရှိတယ်၊ ဒီနေရာရောက်တဲ့ ပုဂ္ဂိုလ် မျိုးအတွက် ဒီ တရားဟာ မြင့်တယ်-နော် (မှန်ပါဘုရား၊ ဒီတရားဟာ ဒီကနေ့ ပြောတဲ့ ဟောတဲ့ တရားလဲ အားထုတ်ဘူးမှ၊ စာအခြေခံလဲ လုံလောက်မှ လွယ်လွယ်နဲ့ သဘော ပေါက် နိုင်မယ်၊ ဘုန်းကြီးလဲ ဒါလောက်ဘဲ ပြောတတ် တယ်၊ ဒါ ဘုန်းကြီးရဲ့ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီး ဘုန်းကြီး ပြောတာဘဲ။

အဲဒါ မရှင်းသေးလို့ရှိရင် ဒီ ပါဠိတော်ကို ယူပြီးတော့ ဘုန်းကြီးထက် တတ် ကျွမ်းတဲ့ ဆရာတော်ကြီးတွေ သံဃာတော်တွေ ရှိတယ်၊ လိမ္မာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကြီးတွေမှာ လျှောက်ထား မေးမြန်း. ကြည့်ပါ၊ဒီလိုဘဲ ညွှန်းရတော့တယ်၊ ဒီ အာကိဉ္စညာယတန သမာပတ်ကို မှီပြီးတော့ အာကိဉ္စညာယတန သမာပတ် ကို ဝင်စားလိုက်၊ ဝင်စားပြီးတော့ အဲဒီ အာကိဉ္စညာယတနသမာပတ်က ထတယ်၊ ထပြီးတော့ ဘာကျင့်ရမလဲ ဆိုတော့ ဒီ အာကိဉ္စညာယတန သမာပတ်ထည်းမှာ ဘာမှမရှိတာကို သိနေတဲ့ ဝိညာဏ်ရှိတယ်။ ဒီအဲ ဝိညာဏ်နဲ့ တွဲပြီးဖြစ်နေတဲ့ ဝိတက် ဝိစာရ ပီတိကြဉ် အညသမာန်း စေတသိက်(၁၀) ခု၊ဝိရတိ, အပ္ပမညာကြဉ် သောဘဏ စေတသိက် (၂၀)၊ ပေါင်း (၃၀)ပါး ရှိတယ် ဟုတ်လား၊ အဲဒီ စေ-တသိက်(၃၀)နဲ့ အာကိဉ္စညာယတန စိတ်နဲ့ ဆိုတော့ (၃၁) မဖြစ်ဘူးလား၊ သူဟာ ဘာလဲ ဝိညာဏ်နဲ့ နာမ်၊ ဘာနဲ့ ဘာနဲ့လဲ (ဝိညာဏ်နဲ့ နာမ်ပါဘုရား)၊ ရုပ် ပါသေးလား (မပါပါဘုရား)၊ ရုပ်ဆိုလို့ ပါကို မပါတော့ဘူး၊ အဲဒီ အထဲမှာ။

ဒီတော့ ဝိညာဏ်နဲ့ နာမ်လို့ ဆိုတဲ့ ပရမတ္ထတရားကို ရှု၊နတ္ထိဘောပညတ်ဆိုတဲ့ ပညတ်အာရုံကို မရှုနဲ့၊ အာရမ္မဏိက ဖြစ်တဲ့ အဲဒီ စေတသိက်၊ သို့မဟုတ် ဝိညာဏ်နဲ့ နာမ်ဆိုတဲ့ အဲဒီ တရားနှစ်ပါးလုံးကို ဘာလုပ်ရမလဲ၊ သတိဖြင့် ထင် ရှားအောင် လုပ်ရမယ်၊ သတိဖြင့် ထင်ရှားအောင် လုပ်ပြီးတော့ ပေကွမာနော၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနုတ္တ-လို့ ရှု-နော် (မှန်ပါဘုရား)၊ အဲဒီလို ရှုလိုက်ရင်– သိတော့–

သင် သြဃလေးပါးမှ ကူးသွားပါတဲ့၊ ဒီလို ပြောတာ မြတ်စွာဘုရားက။ ဒီ အခန်းမှာတဲ့ စေ့ဇ်စေ့ပိုင်းက ဘုန်းကြီး ပြောသလိုဘဲ၊ အကိဉ္စန ဖြစ်နေ

http://www.dhammadownload.com

တယ်၊ ရာဂ ဒေါသ မောဟ ကြောင့်ကြခြင်းတွေ ကင်းနေပြီ၊ အဲဒီ ရာဂ-ဒေါသ မောဟနဲ့ ပတ်သက်တဲ့ ကြောင့်ကြခြင်းတွေ ကင်းနေတော့ အာကိဉ္စည တွေ ဖြစ်နေတယ်တဲ့၊ အာကိဉ္စည ဆိုတာ ရာဂနဲ့ ပတ်သက်လို့ ကြောင့်ကြခြင်း ကင်းတာ၊ ဒေါသနဲ့ ပတ်သက်လို့၊ မောဟနဲ့ ပတ်သက်လို့ ကြောင့်ကြခြင်း ကင်းတာကို အာကိဉ္စည လို့ ခေါ်တယ် ပါဠိလို၊ မြန်မာလို ပြန်တော့ ကြောင့်ကြမှု ဘာမှ မရှိဘူး၊ ဘယ်သူအတွက်မှ မကြောင့်ကြဘူး၊ ဘာကြောင့်ကြမှ မရှိတော့ မင်္ဂလာဖြစ်နေရော့လား၊ နောက်ပြီးတော့ မှိန်းနေပြီး တရားကို ရှုလိုက် ရှုလိုက် တော့လဲ ကြာကြာ မရှုရတော့ဘူး။ တခါထဲ တွေ့တော့တာဘဲ၊ အဲဒီ နေရာကို ရောက်သွားတယ်။

ရောက်သွားတယ်ဆိုရင်ဘဲ မျက်လုံးကလေးတွေ မှိန်းပြီးတော့ ကျသွားရော၊ ဘယ်လောက် ကြာကြာထိုင်ပေမဲ့ မညောင်းဘူး၊ လေးနာရီကြာအောင်ထိုင် မညောင်းဘူး၊ ရှုပသညာ ကွယ်နေပြီး ဖြစ်သောကြောင့် ခြောက်နာရီထိုင်ရ မလား ဘာမှမဖြစ်ဘူး၊ အဟုတ်လုပ်ကြည့် ဘုန်းကြီးတို့ ပရိသတ်-နော် (မှန်ပါ ဘုရား၊ ဟ-ငါတော့ဖြင့် အဓိဋ္ဌာန်ထားတိုင်းလဲ ရနေပြီ၊ သက်လဲသက်သာနေပြီ ဘယ်သူအတွက်မှလဲ ငါမကြောင့်ကြဘူး၊ ငါ့မှာ သံယောဇဉ်တွေလဲ ကင်းနေသလို ဖြစ်နေပြီလို့ ဆိုပြီး၊ အဲဒီနေရာမှာ မင်္ဂတွေ ဖိုလ်တွေ လားလို့ ဝိစိကိစ္ဆာတွေ ဝင်လာတတ်တယ်၊ ဒီတော့ မြတ်စွာဘုရားက "ဝိရတော ကထာဟိ" တဲ့ ပါဠိတော်မှာ။ ကထာဟိ၊ အဲဒါတွေ မင်္ဂတရား ဖိုလ်တရား လေလားလို့ ဝင်လာတဲ့ ဝိစိကိစ္ဆာတို့မှ။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ဖြစ်၍တဲ့၊ ကင်းအောင်လုပ်ပါတဲ့ နော် လုပ်နည်းတွေ့ ပါဠိတော်မှာ ပါလိမ့်မယ်။

သြဿတရဏသုတ္တန်။ ။အဲဒီတော့ အာကိဉ္စညာယတန သမာပတ်ကို ရောက်ပြီးတော့ စောစောပိုင်းက ဘုန်းကြီး ပြောခဲ့တဲ့ စိတ်နဲ့ စေတသိက်ကို ဝိပဿနာရှုပြီးတော့ ဟိုဖက်ကမ်း တည်းဟူသော သြဿလေးဖြာ သံသရာကြီးကို ကူးရမယ်ဆိုတော့ ဒီနေရာရောက်လာတဲ့ ပုဂ္ဂိုလ်ဟာ ကြိုးစားပြီး အားထုတ်ရမလား၊ မလုပ်ရဘူး၊ ရပ်နေရမှာလား၊ ဒီနေရာမှာ ရပ်မနေရဘူး၊ အဲဒီနေရာက ရွေ့တိုးပြီး မလုပ်နဲ့တဲ့ မြတ်စွာဘုရားက ဆိုပြီးတော့ သြဿတရဏ-သုတ္တန်ကိုဟောတယ်၊ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှာ နတ်သားတယောက်က မြတ်စွာဘုရားကို လျှောက်တယ်။

အရှင်ဘုရား ဒီနေရာကို ရောက်ပြီးတော့ အာကိဉ္စညာယတန သမာပတ်ကို ရောက်ပြီးတော့ အရှင်ဘုရား သြဿလေးပါးကို ဘယ်လိုလုပ်ပြီး ကူးမြောက် သွားပါသလဲဘုရားလို့ နတ်သားတယောက်က ဝင်ပြီးတော့ လျှောက်ပေးတယ်။

http://www.dhammadownload.com

ကထံ နု တံ မာရိသ ဩဃ မတရီတိ။

မာရိသ၊ ဆင်းရဲတွင်းက လွတ်ကင်းတော်မူသော မြတ်စွာဘုရား။ တံ၊ အရှင် ဘုရားသည်။ ကထံ၊ အဘယ်သို့လျှင်။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိ နု၊ ကူးမြောက်၍သွားပါသနည်း။ နတ်သားက လျှောက်တယ်၊ ဒီတော့ မြတ်စွာဘုရားက ဘယ်နဲ့ ပြန်ဟောလိုက်သလဲဆိုတော့ –

အပွတိဋ္ဌံ ခွါဟံ အာဝုသော အနာယူဟံ ဩဃ မတရိန္တိ။ အာဝုသော၊ ဒါယကာနတ်သား။ အဟံ၊ ငါသည်။ အပွတိဋ္ဌံ၊ အဲဒီနေရာမှာ ရပ်တည်၍လဲ မနေဘဲ။ အနာယူဟံ၊ ကြိုးစား၍ အားထုတ်၍လဲဘဲ အလုပ်မလုပ်ဘဲ။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ အတရိံ၊ ကူးမြောက်၍သွားပေပြီ။

အဲဒီနေရာမှာ ဘုန်းကြီးတို့ ပရိသတ် ဘယ်လောက် နူးညံ့ သိမ်မွေ့လာသလဲ ဆိုရင် စဉ်းစားကြည့်၊ အဲဒီနေရာမှာ ရပ်လဲမနေနဲ့ အလုပ်လဲ ဆက်မလုပ်နဲ့တဲ့၊ ဒီလိုပြောတယ်၊ ဂဲဒါဖြင့် ဘယ်လိုလုပ်ရမလဲ၊ ဒီတော့ နတ်သားကလဲ ပဟေဠိ ဆန်ဆန် ပြောလိုက်တဲ့စကားကို နားမလည်ဘူး၊ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကလဲ ဘာပြုလို့ ဒီလို ခက်ခက်ခဲခဲကြီး ဟောလိုက်သလဲဆိုတော့ ဒီနတ်သား ကိုက ပဏ္ဍိတမာနီလို့ သူကိုယ်သူ ပညာရှိ ထင်နေလို့ မြတ်စွာဘုရားက ဒီလို ဟောလိုက်တာတဲ့၊ အဋ္ဌကထာက ဖွင့်ထားတယ်။

ကိုင်း-ဒီတော့ နတ်သားက ဆက်လျှောက်တယ်၊ ရပ်လဲမနေဘဲနဲ့ အားလဲ မထုတ်ဘဲနဲ့ ဩဃလေးပါးမှ ကူးသွားတယ်ဆိုတဲ့ စကားကို နားမလည်ဘူး။

ယထာကထံ ပန တံ မာရိသ အပွတိဋ္ဌံ အနာယူဟံ ဩဃ မတရိတိ-လို့ ထပ်ပြီးတော့ လျှောက်တယ်။ အရှင်ဘုရားတဲ့ ရပ်လဲ မနေဘဲနဲ့ အားလဲ မထုတ် ဘဲနဲ့ ဘယ်နဲ့ လုပ်ပြီးတော့ ဒီ ဩဃလေးပါးတည်းဟူသော သံသရာကြီးကိုကူးပြီး နိဗ္ဗာန်ရောက်သွားပါသလဲ ဒီလိုလျှောက်တယ်၊ လျှောက်တော့ မြတ်စွာဘုရားက ပြန်ဖြေတော်မူတယ်။

ယဒါ သွာဟံ အာဝုသော သန္တိဋ္ဌာမိ၊ တဒါဿု သံသီဒါမိ။ ယဒါ သွာဟံ အာဝုသော အာယူဟာမိ၊ တဒါဿု နိဗ္ဗုယ္ဟာမိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၁။

အာဝုသော၊ ဒါယကာနတ်သား။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါဘုရား သည်။ သန္တိဋ္ဌာမိ၊ အဲဒီနေရာမှာ ရပ်တည်၍ နေ၏။ တဒါ၊ ထိုအခါ၌။ သံသီ-ဒါမိ၊ **နစ်ပြီးတော့ သွား၏။** (အဲဒီအထဲမှာ နစ်ပြီးတော့ သွားမယ်။) အာဝုသော၊ ဒါယကာနတ်သား။ အဟံ၊ ငါဘုရားသည်။ ယဒါ၊ အကြင်အခါ၌။ အာယူ-ဟာမိ၊ ကြိုးစားအားထုတ်ပြီးတော့ ကူးလိုက်၏။ တဒါ၊ ထိုအခါ၌။ နိဗ္ဗုယ္ဟာမိ၊

http://www.dhammadownload.com

မျောပြီးတော့ သွား၏။ ဒီလိုဟောတယ် မြတ်စွာဘုရားက။ ဒီနေရာ အာကိဉ္စ-ညာယတနသမာပတ်မှာ ရပ်နေရင် ဘာဖြစ်သွားမလဲ (မြုပ်သွားမှာပါဘုရား)၊ ဒါဖြင့် ဒီကနေပြီး လွှန်အောင်ဟဲ့ ဆိုပြီး တအားတက်လိုက်ရင်တော့ (မျော သွားပါမယ်ဘုရား)၊ မျောတယ် မြုပ်တယ်ဆိုတာ ဘယ်လို မျောတာ မြုပ်တာလဲ ဆိုတော့ အဋ္ဌကထာဆရာကြီးက အဲဒီနေရာမှာ နည်းလောက်ဖွင့်ပြတယ်၊ မျော ခြင်းနဲ့ မြုပ်ခြင်းကိုနော် (မှန်ပါဘုရား)။

အဲဒီ နှစ်နည်းကို အပြည့်အစုံ ပြောနေမယ်ဆိုရင်တော့ သူက သိပ်များနေ တယ်၊ တနည်းဘဲ ပြောမယ်၊ ကိလေသာ၏ အစွမ်းအားဖြင့် နစ်သွားလိမ့်မယ် တဲ့၊ အဘိသခ်ါရ၏ အစွမ်းအားဖြင့် မျောသွားလိမ့်မယ်၊ ဘယ်လိုလဲ ဒီနေရာမှာ အာကိဉ္စညာယတနသမာပတ်ကို နှစ်သက်ပြီးတော့ ရပ်ပြီးတော့ သူ့ကို ခံစား နေမယ်ဆိုရင် အဲဒီ အာကိဉ္စညာယတနသမာပတ်ကို နှစ်သက်တဲ့ဆန္ဒ မပေါ်လာ ဘူးလား (ပေါ်လာပါတယ်ဘုရား)၊ ဆန္ဒပေါ်လာရင် လောဘနောက်က လိုက် မလာဘူးလား (လိုက်လာပါတယ်ဘုရား)၊ လောဘပေါ်လာရင် ရာဂက ကိလေသာ၏ အစွမ်းအားဖြင့် ဘယ်ရောက်အောင် နစ်သွားမလဲဆိုတော့ အပါယ်လေးပါးရောက်အောင် နစ်သွားလိမ့်မယ်တဲ့-နော် (မှန်ပါဘုရား)။

ကြိုးစားပြီး ဆက်ပြီးအားထုတ်လိုက်မယ်ဆိုရင် အဘိသခ်ါရ၏ အစွမ်းအား ဖြင့်-အဲဒီ အာကိဉ္စညာယတနကနေပြီး နေဝသညာ နာသညာထိအောင် ဆက် ပြီး မျောသွားလိမ့်မယ်၊ သံသရာထဲ လျှောက်မျောသွားယေ ဟုတ်လား (မှန်ပါ ဘုရား)၊ အဲဒါကြောင့် ဒီနေရာရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ့်နဲ့လုပ်ရမလဲ၊ အားထုတ်သော ကြိုးစားမှုကို ရပ်နားထားပါ၊ ရပ်တည်၍ နေမှုကိုလဲဘဲ ရပ်မနေပါနဲ့-နော်။ ဒါဖြင့် ဘာလုပ်ရမလဲဘုရားလို့ ဆိုတော့ စောစောပိုင်းက မြတ်စွာဘုရား ဟောထားပြီးပြီ။ နတ္ထိတိ၊ နတ္ထိကိဉ္စံ ဟူ၍။ ပဝတ္တံ၊ ဖြစ်ပေါ်၍ နေသော။အာကိဉ္စည်၊ အာကိဉ္စညာယတန သမာပတ်ကို။(၀၊)ဝိညာဏ်နဲ့နာမ်ကို။ သတိမာ၊ သတိနဲ့ထင်ရှားအောင် ပြုလုပ်ပြီးတော့။ ပေက္ခမာနော၊ အနိစ္စ ဒုက္ခ ဝိပရိဏာမကို ရှုလေ့ရှိသည်ဖြစ်၍။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရဿု၊ ကူးလေလော့။

ကာမောဃခေါ်ပုံ။ ။ဩဃ-ဆိုတာ ဘာလဲ၊ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃတဲ့။ ကာမောဃဆိုတာ ဘာလဲ၊ ပဥ္စသု ကာမ-ဂုဏေသု ဆန္ဒရာဂေါ ကာမောဃောနာမ၊ အဋ္ဌကထာဆရာကြီးက ပြော်တယ် နော် (မှန်ပါဘုရား)။

ရူပါရုံကို နှစ်သက်ရင် ကိုယ်မှာမျက်လုံးကလေးပါလာတော့ ရူပါရုံတခုကို ကြည့်လိုက်ရင် အဲဒီရူပါရုံကလေးကို ကိုယ်ကကြိုက်တယ်၊ သဘောကျတယ် ဆိုရင် အဲဒါ ကာမောဃထဲ ရောက်သွားပြီလို့-မှတ်နော် (မှန်ပါဘုရား)၊ ဩဃ

http://www.dhammadownload.com

ဆိုတာ ဘာခေါ်လဲဆိုတော့–ရေအလျဉ်။ရေအလျဉ်ဆိုတာ ဘာသဘောရှိသလဲ ဆိုတော့ ရေကိုသွန်ချလိုက်လို့ရှိရင် မြင့်တဲ့နေရာကို သူဘယ်တော့မှ မတက်ဘူး၊ နိမ့်တဲ့နေရာကိုဘဲ စီးဆင်းတယ်၊ ဟုတ်လား (မှန်ပါဘုရား)။

ဘယ်ရောက်အောင် စီးသလဲ (အပါယ်လေးပါးရောက်အောင်ပါဘုရား)၊ အဲဒီ ရူပါရုံတခုကို နှစ်သက်လိုက်တယ်ဆိုတဲ့ ကာမောဃဟာလဲဘဲ ကိုယ့်ကို ဘယ်မျှော လိုက်မလဲ၊ အမှိုက်နဲ့ တူတဲ့ ဒီသတ္တဝါကို ဟိုအောက်ဆုံး ရောက်အောင် မျှောချ သွားမယ်၊ အပါယ်လေးပါး ရောက်အောင် မျှောစရာမရှိတဲ့ နေရာကျမှ သူရပ် သွားမယ် ဟုတ်လား (မှန်ပါဘုရား)၊ ဒါဖြင့် အဲဒီ ကာမောဃကို ရှုပစ်လိုက်၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ မြင်တိုင်း မြင်တိုင်း ရှုပစ်၊ ဩော်-ငါယခု မြင်နေတာ ရူပါရုံ ရုပ်တရား၊ လူကိုမြင်တာမဟုတ်ဘူး၊ နတ်ကိုမြင်တာ မဟုတ်ဘူး၊ယောက်ျား မိန်းမ အမျိုးသား အမျိုးသမီးကို မြင်တာ မဟုတ်ဘူး၊ ရုပ်-ဒီရုပ် တရားသည် သမုဒယသဘော ဝယသဘော ဖြစ်ခြင်းသဘော ပျက်ခြင်း သဘော ရှိတယ်လို့။

အဲဒီလောက်သာ ရှုပစ်လိုက်ရင် ထိုပုဂ္ဂိုလ်အား ကာမောဃ ရေအလျဉ်ဟာ မမျှောနိုင်တော့ဘူး၊ အသံ ဟုတ်လား၊အနံ့ အရသာ-အတွေ့အထိ၊ဒီငါးမျိုးစလုံး ဟာ အကုန်လုံးကာမောဃချည်းဘဲ၊ သူကို ရှုပစ်ရမယ်၊ ဒါကြောင့် ပဉ္ဇသု ကာမ ဂုဏေသု ဆန္ဒရာဂေါ ကာမောဃောနာမလို့ အဋ္ဌကထာက ဖွင့်တယ်၊ ဒါ ကာ-မောဃ၊ တရားကိုယ် ကောက်တော့ ဘာလဲ (လောဘပါဘုရား)၊ လောဘ။ သူက ဘယ်မှာနေသလဲဆိုတော့–ကာမောဃော အဋ္ဌသု လောဘသဟ ဂတေသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ၊ လောဘမူစိတ်ရှစ်ခုမှာ ဖြစ်ပါတယ်တဲ့၊ ဒီကာမောဃက ဟုတ်လား- (မှန်ပါဘုရား)။-

ဘဝေါဃ။ ။ဘဝေါဃ ဆိုတာ ဘာလဲလို့ ဆိုတော့–

ရူပါရူပဘဝေသု ဆန္ဒရာဂေါ စျာနနိကန္တိစ ဘဝေါဃောနာမလို့ အဋ္ဌကထာ[၁] ဖွင့်တယ်။ ရူပဘဝ အရူပဘဝ၊ ကာမဘဝ ဆိုတာ နတ်ပြည်ထိအောင်ပေါ့၊ ဗြဟ္မာ ဖြစ်ချင်တယ် အရူပဗြဟ္မာဖြစ်ချင်တယ်လို့ ဆိုတဲ့ ရူပဘဝ အရူပ ဘဝကို နှစ်သက် တယ်၊ နောက်ပြီးတော့ ခုန ဥပသီဝ ရသေ့လို စျာန်တရား တွေကို သူက နှစ် သက်နေတယ်၊ စျာနနိကန္တိဆိုပါတော့၊ ခုန အာကိဉ္ဇညာယတန သမာပတ်ကို ရောက်လို့ ရှုတဲ့ စိတ်လဲမရှိဘူး၊ ရှုစရာ အာရုံလဲမရှိဘူး၊ ရှုလိုက်တိုင်း ရှုလိုက်တိုင်း ရှုစိတ်ကော ရှုစရာ အာရုံကော ပျောက်ပျောက်နေ ပြီးတော့ သိပ်ပြီးတော့ အေးချမ်းနေတဲ့ တရားကို နှစ်သက်နေရင် သူကို စျာနနိကန္တိလို့ ခေါ်တယ်၊ သူကို ဘဝေါဃလို့ ခေါ်တယ်တဲ့၊ အဋ္ဌကထာက ပြောတယ်၊ ဘုန်းကြီးတို့ တရား အားထုတ်တဲ့ ပရိသတ်ဟာ အထူးသတိထားရမယ်နော်၊ (မှန်ပါဘုရား)၊ အဲဒီ ဘဝေါဃထဲမှာ ဘုန်းကြီးက နစ်နေမှာကို မနစ်အောင်လို့ ပါဋ္ဌိတော်နဲ့

၁။ သံယုတ်အဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၁၆။

http://www.dhammadownload.com

ဖော်ပေးနေတာနော် (မှန်ပါဘုရား)၊ ဒါ ဘဝါဃ။ အဲဒီ စျာနနိကန္တိခေါ်တဲ့ ဘဝါဃ ဘယ်မှာ နေသလဲ ဆိုတော့ ဘဝါဃော စတူသု ဒိဋ္ဌဂတဝိပ္ပယုတ္တ လောဘသဟဂတောသု စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ။ သူက ဒိဋ္ဌဂတဝိပ္ပယုတ် လေးခုမှာ ရှိတယ်တဲ့၊ သူဘယ်သွားဦးမလဲ အပါယ်ရောက်အောင် ပြန်ဦးမှာဘဲ၊ ဩဃ ဆိုတာ အပါယ် ရောက်အောင် သူကမြှုပ်မှာကိုး။

ဒိဋ္ဌောဃ။ ။နောက်ပြီးတော့ ဒိဋ္ဌောဃ၊ ဒုါသဋ္ဌိဒိဋ္ဌယော ဒိဋ္ဌောဃောနာမလို့ ဆိုတော့ ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိကို ဒိဋ္ဌောဃလို့ ခေါ်တယ်၊ ဒိဋ္ဌ+ဩဃ၊ ဒိဋ္ဌသည် ရေအလျဉ်ကဲ့သို့ သတ္တဝါကို အပါယ်လေးပါး ရောက်အောင် မျောနိုင် မြုပ်နိုင်တယ်နော် (မှန်ပါဘုရား)၊ အဲဒီ အထဲမှာ နတ္ထိ သတ္တာ ဩပပါတိကာဆိုတဲ့ ဒိဋ္ဌိပါတယ်၊ ငရဲမရှိ၊ တိရစ္ဆာန်မရှိ၊အသုရကာယ် မရှိ၊ ဒါ ဥပပါတ်သတ္တဝါ နတ်မရှိ၊ပြဟ္မာမရှိ၊ အဲဒီ ဥပပါတ် သတ္တဝါ မရှိဘူးလို့ ယူရင် ဒိဋ္ဌောဃ၊ အဲဒီ ဒိဋ္ဌောဃဟာ သေရင်တခါထဲ အပါယ်ကို သွားရမယ်၊ လူပြည်လဲ မရောက်တော့ဘူး၊ နတ်ပြည်လဲ မရောက်တော့ဘူး၊ မင်္ဂလဲ မရတော့ဘူး၊ သက္ကာယဒိဋ္ဌိ တန်းလန်း ရှိနေတဲ့ သူကမှ ကုသိုလ်ကောင်းမှု ရှိနေရင် လူ့ပြည် နတ်ပြည် ရောက်ဦးမယ်။

အဲဒီ နတ္ထိ သတ္တာ ဩပပါတိကာ ဆိုတဲ့ ဥပပါတ် သတ္တဝါ မရှိဘူးဆိုရင် ဩသေရင် ဘာပြန်ဖြစ်တော့မလဲ၊ အဲဒီ ပုဂ္ဂိုလ် သေရင် တခါထဲ အပါယ် လေးပါး သွားတော့မှာပါဘဲတဲ့။

အဝိဇ္ဇောဃ။ ။အဝိဇ္ဇောဃဆိုတာ ဘာလဲလို့ ဆိုတော့ စတူသု သစ္စေသု အညာဏံ အဝိဇ္ဇောဃော နာမ၊ သစ္စာလေးပါး မသိတာတွေဟာ အဝိဇ္ဇောဃပါဘဲတဲ့၊ အဝိဇ္ဇာ တည်းဟူသော ဩဃ။

ကိုယ့်မှာ နေ့တိုင်း နေ့တိုင်း စားနေတာသည် ဒုက္ခလား သုခလား၊ (ဒုက္ခပါဘုရား)၊ နေ့တိုင်း နေ့တိုင်း အာရုံအမျိုးမျိုး တွေ့ကို မြင်နေရတာ၊ ကြားနေရတာကော (ဒုက္ခပါဘုရား)၊ နံရတာ (ဒုက္ခပါဘုရား)၊ မေးလို့သာ ဖြေနေကြတာ ဘုန်းကြီးတို့ ပရိသတ် စားနေရတာကို ဒုက္ခလို့ တယ်မထင်တူး၊ မြိန်တာ ချည်းဘဲလို့ ထင်နေတယ်၊ အဲဒီလို ဒုက္ခတွေကို ဘုန်းကြီးတို့ ပရိသတ်က ဒုက္ခလို့မသိဘူး၊ ကောင်းတယ်လို့ သိနေတယ်၊စီးပွါးဥစ္စာ တွေနဲ့ ပြည့်ပြည့်စုံစုံနေရတာ သားတွေ သမီးတွေနဲ့ ပျော်ပျော်ပါးပါးနေရတာ အခြေအရံ တပည့် တကာမတွေနဲ့ နေရတာ ကျောင်းတွေ ကန်တွေနဲ့ ဒီလိုနေရတာ ဟုတ်လား၊မော်တော်ကားကြီးတွေနဲ့ ဘာတွေနဲ့ အမျိုးမျိုးစီးပြီးတော့ ကိုယ်လို ချင်တာတွေကို ပြည့်ပြည့်စုံစုံ ရပြီးတော့နေတာ၊ အဲဒါကို ဒုက္ခလို့ အောက်မေ့နေသလား၊သုခလို့ အောက်မေ့နေသလား၊ (သုခလို့အောက်မေ့နေပါတယ်ဘုရား)၊ အမှန်ကတော့ ဘာတဲ့လဲ(ဒုက္ခပါဘုရား)၊ အဲဒီ ဒုက္ခတွေကို သုခလို့ အောက်

http://www.dhammadownload.com

မေ့နေတာတွေ့သည် အဝိဇ္ဇောဃပါဘဲ၊ အဲဒီ အဝိဇ္ဇာဆိုတဲ့ ရေအလျဉ်ကကော ဘယ်ထိအောင် မျောမှာလဲ၊ အပါယ်လေးပါးထိအောင် မြုပ်မှာဘဲ၊ မျောမှာဘဲ၊ အဲဒီ အဝိဇ္ဇောဃက ဘယ်လိုလဲဆိုတော့–

သြဃလေးပါးကို ရှုပုံ။ ။ဒိဋ္ဌောဃက ဒိဋ္ဌိဂတသမ္မယုတ်စိတ်လေးခုမှာရှိတယ်၊ အဝိဇ္ဇောဃ ဆိုတာက အကုသိုလ်စိတ် တဆယ့်နှစ်ခု လုံးမှာရှိတယ်၊ ဒီတော့ အဝိဇ္ဇောဃ၊အဝိဇ္ဇာ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အကုသိုလ်စိတ် တဆယ့်နှစ်ခုစလုံးရှိနေတဲ့ ပုဂ္ဂိုလ်ဘဲလို့မှတ်၊ သူများအသက် သတ်သတ်၊ မသတ် သတ်၊ သူများပစ္စည်းခိုးခိုး၊မခိုးခိုး၊သူတပါးကိုမတရားသဖြင့် လုပ်လုပ်၊မလုပ်လုပ်၊ အဝိဇ္ဇာရှိနေတဲ့ ပုဂ္ဂိုလ်မှာ ဘာရှိနေသလဲ၊ အကုသိုလ်ရှိနေတယ်၊ဒီတော့ အချို့က ပြောသေးတယ်၊ ဒီတော့ တရားအားထုတ်စရာ မလိုပါဘူးကွာ၊ ဘယ်သူမှ မတရား မလုပ်ဘဲ ကိုယ်ဖာသာကိုယ် နေတာဘဲ၊ သူများမှ မတရားမလုပ်ဘဲလို့ ပြောကြ သေးတယ်၊ အဲဒီ တရားအားမထုတ်ရင် ဘာဝင်နေလဲ(အဝိဇ္ဇာ ဝင်နေတဲ့ ပုဂ္ဂိုလ် ပါဘုရား)၊ အဝိဇ္ဇာဝင်နေတဲ့ပုဂ္ဂိုလ် အကုသိုလ်ရှိနေတာဘဲနော် (မှန်ပါဘုရား)၊ အဲဒီတော့ ဘုန်းကြီးတို့ ပရိသတ် ဘာလုပ်ရမလဲဆိုတော့ တရား အားထုတ်ရ မယ်၊ ကိုင်း-ရှုကွက် ဖော်ရအောင်။

သြဃ လေးပါးလို့ ခေါ်တဲ့ လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ အဲဒီတရားကိုယ်သုံး ပါးသည် နာမ်တရား၊ ဘာတရားတဲ့လဲ-နာမ်တရားပါဘုရား၊ တနည်း ပြောရင် သူဟာ သခါရတရား၊ ဘာတရားတဲ့လဲ (သခါရ တရားပါဘုရား)၊ အဲဒီ သခါရ တရားကို မြတ်စွာဘုရားက အနိစ္စလို့ဟောသလား နိစ္စလို့ဟောသလား၊(အနိစ္စလို့ ဟောပါတယ်ဘုရား)၊ဘာဖြစ်လို့ အနိစ္စလဲ ဖြစ်ခြင်း ပျက်ခြင်း သဘော ရှိသော ကြောင့် အနိစ္စ၊ ဟုတ်လား(မှန်ပါဘုရား)၊အဲဒီ သြဃ လေးပါး၌ အကျမ်းဝင်တဲ့ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ မောဟသုံးပါးသည် မိမိသန္တာန်မှာ ဖြစ်နေရင် ဘာလုပ်ပေးရမလဲ၊ သတိဖြင့် ထင်ရှားအောင် လုပ်ရမယ်နော် (မှန်ပါဘုရား)၊

ပညာဖြင့် ဒီသြဃ လေးပါးတည်းဟူသော ဒိဋ္ဌိ မောဟနဲ့ လောဘကို ဝိပဿနာ ရှုပစ်ရမယ်ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ဝိပဿနာ ရှုတာကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်။ သတိဖြင့် ထင်ရှားအောင် လုပ်ရမယ်၊ ကိုယ်က လုပ်လို့မရဘူး၊ ဆရာက ပြပေးလို့ မဖြစ်ဘူး၊ ဘယ်လို လုပ်ရမလဲ ဒီတရားကို၊ ဒီတရားတွေကို မြင်အောင် ဘုန်းကြီးတို့ ပရိသတ်ကို ပြပြပေးနေတာ ဆရာ သမားက ပြပေးနေတာလား၊ သတိက ပြပေးနေတာလား (သတိကပြပေး နေပါတယ်ဘုရား)၊ ဒီ-အခန်းမှာ ဆရာမပါရဘူးနော်၊ မှီဝဲတဲ့နေရာ ဆည်းကပ်တဲ့ နေရာမှာ ဆရာကို မှီဝဲရမယ် ဆရာကို ဆည်းကပ်ရမယ်၊ ဝိပဿနာလုပ်ငန်း ထဲမှာ ဆရာ ဝင်မပါစေနဲ့၊ အဲဒီ-ဆရာဝင်ရှုပ်နေရင် ဒီလူ ဝိပဿနာဉာဏ်မတက် တော့ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ဘယ်သူပြပေးသလဲ၊ (သတိက ပြပေးပါ

http://www.dhammadownload.com

တယ်ဘုရား)၊ ဘယ်သူက ဝိပဿနာရှုသလဲ ငါက ရှုသလား ဆရာက ရှုခိုင်း တာလား ပညာက ဝိပဿနာရှုနေတာလား (ပညာက ဝိပဿနာရှုနေပါတယ် ဘုရား)။

ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်။ ။သခ်ၤါရုပ သခ်ၤါရေ ဝိပဿန္တိ။ ငါက ဝိပဿနာ မရှုရ သခ်ၤါရတရားကသာ ဝိပဿနာရှုရမည်၊ မှတ်မိပါတယ်ဘုရား)၊ ကိုင်း ဒါဖြင့် ရှေးသွားရအောင်၊ အဲဒီ သြဃလေးပါးတည်းဟူသော တရားတွေကို စောစောပိုင်းက ပြောသလို ဟုတ်လား သတိဖြင့် ထင်ရှားအောင် လုပ်ပြီးတော့ ဝိပဿနာပညာဖြင့် ရှုပေး ရင် ဒီ-သြဃလေးပါးတည်းဟူသော လောဘ ဒိဋ္ဌိ မောဟ ဆိုတဲ့ ဒီ-တရား သုံးပါးတို့ရဲ့ အပေါ်မှာ ဆန္ဒရှိဦးမလား (မရှိတော့ပါဘုရား)၊ ရာဂ (မရှိပါ ဘုရား)၊ ဆန္ဒ ရာဂ ကုဘသွားရင် ဆန္ဒရာဂပဟာနံ ဇ္ဈဒ် နာမဿ နိဿရဏ။အဲဒါ နာမ်တရားက လွတ်မြောက်သွားတာဘဲ နော် (မှန်ပါဘုရား)၊ အဲသလို ရုပ်တရား ကလဲ လွတ်မြောက် နာမ်တရားကလဲ လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ကို ဥဘတော ဘာဂဝိမုတ္တ-ပုဂ္ဂိုလ်လို့ ခေါ်တယ်တဲ့ မြတ်စွာဘုရားက၊ နှစ်မျိုးသော တရားတို့မှ လွတ်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ရှေကို သွားမယ်။

ကာမေ ပဟာယ ဝိရတော ကထာဟိ-အပိုင်း။ ကာမေ၊ ဝတ္ထုကာမ-ကိလေသကာမ ထိုနှစ်ဝတ္ထိုကို။ ပဟာယ၊ ပယ်စွန့်၍။ ကထာဟိ၊ သို့လော သို့လော တွေးတောယုံမှားခြင်းတို့မှ။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ တဏှက္ခယံ၊ တဏှာကုန်ရာဖြစ်တဲ့ ချမ်းသာကို။ အဘိပဿ၊ မြင်အောင် ရှုပါလော့ မြတ်စွာ ဘုရားက ဒီလိုဟောလိုက်တယ် ပါရာယနဝဂ်မှာ။ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝိစိကိစ္ဆာပိုင်း ရောက်ပြီ။

ကာမ ၂-မျိုး။ ။တဏှာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို မြင်အောင်ရှုပေတော့ ဆိုတော့ ကာမေ ပဟာယ-ကာမဂုဏ်ကို ပယ်တယ်၊ စွန့်တယ် ဆိုတာ နှစ်မျိုးရှိတယ်၊ ကာမက ဘယ်နှစ်ခုရှိသလဲ ဝတ္ထုကာမနဲ့ ကိလေသာ ကာမ နှစ်မျိုးရှိတယ် နော် (မှန်ပါဘုရား)၊ ဝတ္ထုကာမကို ဘယ်တော့မှ ပယ်လို့ မရဘူး၊ ဟုတ်လား စူဠနိဒ္ဒေသပါဠိတော်က အဲဒီနေရာမှာ ပြောပေးထားတယ် ကာမေ ပဟာယာတိ ဝတ္ထုကာမေ ပရိဇာနိတွာ ကိလေသကာမေ ပဟာယ။

ကာမေ ပဟာယာတိ၊ ဟူသည်ကား။ ဝတ္ထုကာမေ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-တည်းဟူသော နှစ်သက်စရာဖြစ်တဲ့ အာရုံငါးပါး ကာမဂုဏ် တရားတည်းဟူသော ဝတ္ထုကာမတို့ကို။ ပရိဇာနိတွာ၊ အာဒီနဝဉာဏ်ဖြင့် ပိုင်းခြား၍ သိပြီး၍။ (ဝတ္ထုကာမလို့ ခေါ်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ သူ့ကို ပိုင်းခြားပြီး သိရမှာ၊

http://www.dhammadownload.com

ပယ်ပစ်ရမည့် တရားမဟုတ်ဘူးတဲ့ ရူပါရုံကို ပယ်မပစ်နဲ့တဲ့ (ဘယ်သူပယ်ရမလဲ ဆိုတော့) ကိလေသာကာမေ၊ ဆန္ဒ ရာဂတည်းဟူသော ကိလေသာကာမတို့ကို။ ပဟာယ၊ ပယ်စွန့်၍။

ကိလေသာကာမကိုသာ ပယ်ရခြင်း။ ။ဝတ္ထုကာမဆိုတာ ဘယ်သူကို ခေါ်သလဲ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အဲဒီ-အာရုံငါးပါး ကာမဂုဏ်တရားကို ဝတ္ထုကာမလို့ ခေါ်တယ်၊ အဲဒီ-ရူပါရုံစသည်တို့ကို ဖျက်ဆီးမပစ်နဲ့ ပယ်မပစ်နဲ့တဲ့ ဟုတ်လား၊ သားတွေ ထားပစ်ခဲ့ သမီးတွေ ထားပစ်ခဲ့ ဟုတ်လား၊ ဒီလိုမလုပ်ရဘူးတဲ့ မြတ်စွာဘုရားက သူတို့ကို ဘယ်နဲ့လုပ်ပစ်ရမလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တအနေအားဖြင့် ပရိ-ဇာနိတ္တာ၊ ပိုင်းခြားပြီးတော့မှ သိရမယ်တဲ့၊ ဝတ္ထုကာမကို ပယ်ရမဲ့တရားလားပိုင်း ခြားပြီး သိရမဲ့တရားလား (ပိုင်းခြားပြီး သိရမဲ့ တရားပါဘုရား)၊ ဒါကလဲ သိပ်ပြီး တော့အရေးကြီးတယ် အဲဒီ-ပိုင်းခြားသိရမဲ့တရားတွေကို ပယ်ပယ် ပစ်နေလို့မဖြစ် သေးဘူးနော် (မှန်ပါဘုရား)၊ ဒါဖြင့် ဘယ်သူကို ပယ်ရမလဲဆိုတော့ အဲဒီ ဝတ္ထု-ကာမတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ပရိဇာနိတ္တာ၊ ပိုင်းခြားပြီးသိသည် ဖြစ်သောကြောင့်။ ကိလေသကာမေ၊ ဆန္ဒရာဂဆိုတဲ့ စွဲလမ်းနှစ်သက်ခြင်းဆိုတဲ့ တရားတွေကို။ ပဟာယ၊ ပယ်၍။ အဲဒီတော့မှ ပယ်ပါတဲ့ ဆန္ဒနဲ့ ရာဂကို ကိလေသာကာမကို ပယ်ပါတဲ့ နော် (မှန်ပါဘုရား)။

ဝိစိကိစ္ဆာကို ပယ်ပုံ။ ။အဲဒီလို ပယ်နိုင်ဘို့ရန်အတွက် ဟုတ်လား၊ အာကိဉ္စ-ညာယတနသမာပတ်ရဲ့အပေါ်မှာ ဖြစ်နေတဲ့ ဆန္ဒနဲ့ ရာဂ သင့်မှာရှိနေတယ် မြတ်စွာဘုရားက ဥပသီဝမှာ နော် (မှန်ပါဘုရား)၊ အဲဒီ အာကိဉ္စညာယတနသမာပတ်အပေါ်မှာ ဖြစ်နေတဲ့ ဆန္ဒနဲ့ ရာဂကိုပင် သင်က ဒါ မဂ်ဘဲ ဖြစ်လေရော့သလား ဖိုလ်ဘဲ ဖြစ်လေရော့သလားလို့ ရှလိုက်တိုင်း ရှလိုက်တိုင်း ရှစိတ်ရော ရှစရာအာရုံရော အကုန် ပျောက်ပျောက်ပြီးတော့ နေတော့ ကြောင့်ကြခြင်း တောင့်တခြင်း ဘာမှမရှိတော့တဲ့အတွက် အာကိဉ္စည ဖြစ်နေပြီဖြစ်သောကြောင့် ဒါ မဂ်ဘဲ ဖြစ်လေရော့သလား ရှလိုက်တိုင်း ခေတ္တ ဘဲရှိသေးတယ်၊ ဒီအာရုံကိုဘဲ ပြေးပြေးပြီးတော့ ဝင်သွားသည်ဖြစ်သောကြောင့် မှိန်းပြီးနေတော့ ဒါ ဖိုလ်ဘဲ ဖြစ်လေရော့သလား ဖိုလ်ဧာတွေ့ကျနေတာဘဲလို့ ဖြစ်နေရော့သလား တွေးတောတတ်တဲ့ ဝိစိကိစ္ဆာကို ပယ်ရမယ်တဲ့၊ ဒီကာမေ ပဟာယက နော် (မှန်ပါဘုရား)၊ အဲဒီ-ဝိစိကိစ္ဆာဆိုတဲ့ တရားက ဘာတဲ့လဲ ယုံမှားခြင်း၊ ခပ်ရှင်းရှင်းပြောမယ်ဆိုရင် ဗုဒ္ဓေ ကင်္ခတိ၊ ဓမ္မေ ကင်္ခတိ၊ သံဃေ ကင်္ခတိ၊ နော် (မှန်ပါဘုရား)။ ဘုရား၌ ယုံမှားတယ်ဆိုတာ ဒီအပိုင်းထိတော့ ဘုရားမှာ ယုံမှားစရာမရှိသေးဘူး။

http://www.dhammadownload.com

သံဃ ကန်တိ-ကလဲ သံဃာတော်များ၌ သီလ သမာဓိ ပညာကို ယုံမှားခြင်း မရှိဘူး၊ ခုဘယ်မှာ ယုံမှားနေသလဲဆိုတော့ ဓမ္မ ကန်တိ-တရားတော်၌ မဂ်ဟုတ်လေသလား မဟုတ်လေဘူးလား၊ ဖိုလ်ဟုတ်လေသလား မဟုတ်လေဘူးလားလို့ ယုံမှားနေသလား ယုံမှားမနေဘူးလား (ယုံမှားနေပါတယ်ဘုရား)။ အဲဒီ ယုံမှားမှုကို ဘာလို့ခေါ်တယ် (ဝိစိကိစ္ဆာလို့ ခေါ်ပါတယ်ဘုရား)။ လမ်းကိုသွားနေတဲ့ ပုဂ္ဂိုလ်ဟာ လမ်းခွန်စ်ခုကိုတွေ့ရင် အဲဒါ ဝိစိကိစ္ဆာဝင်တာဘဲနော်(မှန်ပါဘုရား)။ ဘယ်လိုပြောလဲ ဘုန်းကြီးတို့ မကြာမကြာဟောပေးနေတဲ့ မူလပဏ္ဏာသပါဠိတော် ဝမ္မိကသုတ္တန် နှာ-၁၉၀-မှာ ဒို့ဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ဒို့ဓာပထောတိ ဧတံ၊ လမ်းဆုံလမ်းခွဲ လမ်းနှစ်ခွ ဟူသော ဤအမည်သည်ကား။ ဝိစိကိစ္ဆာယ၊အာရုံကိုမဆုံးဖြတ်နိုင်တဲ့ ဝိစိကိစ္ဆာ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဘာလုပ်ရမလဲ၊ ပဇဟ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို ပယ်ပစ်ရမယ်တဲ့။ ဘာလုပ်ရမလဲ (ပယ်ပစ်ရမယ်ဘုရား)။ ဟို ပါရာယနကလဲဘဲ "ဝိရတော ကထာဟိ"လို့ ပါဠိတော်က ပြောပေးထားတယ်။ ကထာဟိ၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ ဝိစိကိစ္ဆာတို့မှု။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ဝိစိကိစ္ဆာ ကင်းရမယ်၊ တရားပေါ်မှာ အခုဝင်နေပြီး၊ တရားတော်ကို ဝိပဿနာ ရှုနေရင် မဂ်ဟုတ်လေသလား၊ မဟုတ်ဘဲဖြစ်ရော့သလား ငါတော့ဖြင့် စာကလဲ ဒီလိုဆိုထားတယ်၊ ဆရာသမားကလဲ ဒီလိုပြောထားတယ်၊ ငါရောက်တဲ့တရား အားထုတ်တာလဲ ဒီလိုဖြစ်နေတယ်၊ ဒါ မဂ်ဘဲဖြစ်နေရော့သလား၊ ဖိုလ်ဘဲဖြစ်နေရော့သလားလို့ ဝိစိကိစ္ဆာဝင်နေတယ်၊ ဒီ ဝိစိကိစ္ဆာ ဘာလုပ်ရမလဲလို့ ဆိုတော့ ပယ်ပစ်ရမယ်၊ ဘယ့်နယ်လုပ် ပယ်ပစ်ရမလဲဘုရားလို့ ဆိုတော့ ဝိစိကိစ္ဆာပယ်ပုံကို အဲဒီ မူလပဏ္ဏာသအဋ္ဌကထာ ဒု-တို့ နှာ(၃၉)က ပြောထားတယ်၊ကမ္မဋ္ဌာန ဥဂ္ဂဟ ပရိပုစ္ဆန ဝသေန ဝိစိကိစ္ဆာ ပဟာတဗ္ဗာ၊ ကမ္မဋ္ဌာန်းတရားတို့ကို သင်ယူခြင်း မေးမြန်းခြင်း စုံစမ်းခြင်း လေ့လာခြင်းတို့ဖြင့်။ အဲဒီ ဝိစိကိစ္ဆာကို ပယ်နိုင်တယ်လို့ သူက ဒီလို ပြောထားတယ် နော်(မှန်ပါဘုရား)။ ဒါ အဋ္ဌကထာပြောတဲ့စကား။

ဝိစိကိစ္ဆာဖြစ်ခြင်းအကြောင်း။ ။ဘုန်းကြီးတို့ မူရင်းပါဠိတော်ကလာတဲ့ ဝိစိကိစ္ဆာပယ်နည်းကို ပြောပေးဦးမယ်။ ဝိစိကိစ္ဆာဖြစ်လျှင် မြတ်စွာဘုရားက ဝိစိကိစ္ဆာဘာဝ်ကြောင့် ဖြစ်သနည်း။ အဲဒီ ဝိစိကိစ္ဆာက တရားဟုတ်မှ ဟုတ်ရဲ့လား၊ မဂ်ဟုတ်မှ ဟုတ်ရဲ့လား၊ ဖိုလ်ဟုတ်မှ ဟုတ်ရဲ့လား ဆိုတဲ့ ဝိစိကိစ္ဆာဘာကြောင့် ဖြစ်သလဲ၊ ဝိစိကိစ္ဆာဖြစ်ခြင်းရဲ့ အကြောင်း ဝိစိကိစ္ဆာကိုပယ်ချင်ရင် အဲဒီ ဝိစိကိစ္ဆာရဲ့ဖြစ်ခြင်းအကြောင်းကိုသိရမယ်၊ ဒီတော့ ဘုန်းကြီးတို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် သာကစ္ဆဝဂ် အာဟာရသုတ် နှာ-၉၁-မှာ—

http://www.dhammadownload.com

အတ္ထိ ဘိက္ခဝေ ဝိစိကိစ္ဆာဒဋ္ဌနိယာ ဓမ္မာ၊ တတ္ထ အယောနိသောမန-သိကာရ ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ ဥပ္ပါဒါယ, ဥပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ။

ဘိက္ခဝေ၊ ရဟန်းတော်များ အို-ချစ်သားတို့။ ဝိစိကိစ္ဆာဒဋ္ဌနိယာ ဓမ္မာ၊ ဝိစိကိစ္ဆာ၊ ဖြစ်ခြင်းရှဲအကြောင်း ဖြစ်ကုန်သော တရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တတ္ထ၊ ထိုဝိစိကိစ္ဆာဖြစ်ခြင်းရှဲ အကြောင်းတရား၌။ အယောနိသော မနသိ-ကာရ ဗဟုလီကာရော၊ မသင့်မတင့်သော နှလုံးသွင်းခြင်းဖြင့် အကြိမ်ကြိမ် ပြုလုပ်လေ့ရှိခြင်းသည်။အနုပ္ပန္နာယ၊မဖြစ်သေးသော။ဝိစိကိစ္ဆာယ၊ဝိစိကိစ္ဆာ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဥပ္ပန္နာယ၊ ဖြစ်ပေါ်လာပြီးသော။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ ဘိယ္ယောဘာဝါယ၊ လွန်စွာတိုးပွါးခြင်းငှါ။ ဝေပုလ္လာယ၊ ပြန့်ပွါး၍ လာခြင်းငှါ။ (သံဃတ္ထန္တိ၊ ဖြစ်ပေါ် ရှိလာကြလေကုန်၏)။

ဤ ဝိစိကိစ္ဆာဒဋ္ဌနိယ်ဓမ္မကို မသင့်မတင့်သောအားဖြင့် နှလုံးသွင်း နေမယ် ဆိုရင် မဖြစ်သေးတဲ့ ဝိစိကိစ္ဆာတွေဖြစ်တယ်တဲ့၊ ဖြစ်ပြီးသား ဝိစိကိစ္ဆာတွေလဲ တိုးပွါး လာတယ်တဲ့၊ ဒါဖြင့် ဝိစိကိစ္ဆာဒဋ္ဌနိယဓမ္မ-ဆိုတာ ဘာလဲလို့ဆိုတော့ ယုံမှားသံသယ ရှိတာကို ထပ်ခါထပ်ခါ နှလုံးသွင်းနေတာကို ဝိစိကိစ္ဆာဒဋ္ဌနိယ ဓမ္မ-လို့ ခေါ်ပါတယ်တဲ့၊ အဋ္ဌကထာ[1]က ပြောပေးတယ် နော် (မှန်ပါဘုရား)။ ပြီးတော့ မင်ဟုတ်လေသလား မဟုတ်လေဘူးလားလို့ ထပ်ခါထပ်ခါ နှလုံးသွင်း ပြီးတော့ ဒီမှာချည်း သူပြန်ဖြစ်နေတယ် ဟုတ်လား(မှန်ပါဘုရား)။ အဲဒီ ဝိစိ-ကိစ္ဆာဒဋ္ဌနိယဓမ္မကို အယောနိသော မနသိကာရ-လို့ ခေါ်တဲ့ မသင့်သော နှလုံးသွင်းခြင်းဖြင့် နိစ္စ ဓုဝ သဿတ အနေအားဖြင့် နှလုံးသွင်း၍ထားခြင်းသည် ဝိစိကိစ္ဆာဖြစ်ခြင်းရှဲ အကြောင်းနော် (မှန်ပါဘုရား)။

ဝိစိကိစ္ဆာ ပယ်ခြင်းအကြောင်း။ ။ဒါပြင့် ဒီ ဝိစိကိစ္ဆာကို ပယ်နိုင်ခြင်းရဲ့ အကြောင်းက ဘာလဲ လာဦးမယ် ပါဠိတော်ကနော် (မှန်ပါဘုရား)။ ကောစ ဘိက္ခဝေ အနာဟာရော အနုပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ ဥပ္ပါဒါယ,ဥပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ၊ အတ္ထိ ဘိက္ခဝေ ကုသလာကုသလာ ဓမ္မာ သာဝဇ္ဇာနဝဇ္ဇာ ဓမ္မာ ဟီန ပဏီတာ ဓမ္မာ ကဏှသုက္ကသပ္ပဋိဘာဂါ ဓမ္မာ၊ တတ္ထ ယောနိသော မနသိကာရ ဗဟုလီ-ကာရော၊ အယမနာဟာရော အနုပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ အနုပ္ပါဒါယ, ဥပ္ပန္နာယ ဝါ ဝိစိကိစ္ဆာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ-တဲ့[2]။ ကုသိုလ်တရား အကုသိုလ်တရားဆိုတာ ရှိတယ်တဲ့ (မှန်ပါဘုရား)။ ကုသိုလ်တရား=ဖြူစင်သော အကျိုးကို

၁။ သုတ်မဟာဝါအဋ္ဌကထာ၊ နှာ-၃၇၂။ မူလပဏ္ဏာသ၊ ဋ္ဌ-ပ-တို့၊ နှာ-၂၈၉-၂၉၀။

၂။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၉၃။

http://www.dhammadownload.com

ပေးတတ်သောတရား၊ အကုသိုလ်တရား=မည်းညစ်သောအကျိုးကို ပေးတတ်တဲ့တရား။

အဲဒီ တရားမျိုးကို သင့်သောအားဖြင့် အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ယောနိသော မနသိကာရဖြင့် နှလုံးသွင်းရင် ဖြစ်ပြီးသား ဝိစိကိစ္ဆာတွေလဲ ပျောက်တယ်၊ မဖြစ်သေးသော ဝိစိကိစ္ဆာတွေလဲ မဖြစ်တော့ဘူး၊ ဒါ ဝိစိကိစ္ဆာ မဖြစ်ခြင်းရဲ့ အကြောင်းကို ပါဠိတော်က ပြတယ်၊ ဒါ ပါဠိတော်က ပြတဲ့စကား။

ဝိစိကိစ္ဆာ မဖြစ်ခြင်း အကြောင်း ၆-ပါး။ ။အဲဒီလို ပဏ္ဍာသ အဋ္ဌကထာ[၁]၊ မဟာဝဂ္ဂ အဋ္ဌကထာတို့က ပြသေးတယ်၊ ဝိစိကိစ္ဆာမဖြစ်ခြင်းရဲ့ အကြောင်းခြောက်ပါးမှာ – အပိ စ ဆ ဓမ္မာ ဝိစိကိစ္ဆာဃ ပဟာနာယ သံဝတ္တန္တိ၊ ခြောက်မျိုးသော တရားတွေကလဲ ဝိစိကိစ္ဆာကို ပယ်နိုင်ပါသေးတယ်။ ဘာတွေလဲ—

၁။ **ဗဟုဿုတတာ**=နိကာယ်ငါးရပ် ပါဠိတော်တို့မှာ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်သည် **ဝိစိကိစ္ဆာ**ကို ပယ်နိုင်တယ်။

၂။ **ပရိပုစ္ဆကတာ**=တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း ဓမ္မသာကစ္ဆာ ဖြစ်အောင်တယောက်နဲ့တယောက် မေးမြန်းဆွေးနွေးခြင်းဟာလဲဘဲ ဝိစိကိစ္ဆာကိုပယ်နိုင်ခြင်း အကြောင်းတခုပါဘဲ၊ အဋ္ဌကထာက ပြောတယ်၊ နှစ်ပါးရပြီ။

၃။ **ဝိနယေ ပကတညုတာ**=ဒါကတော့ သံဃာတော်များနဲ့ဆိုင်တယ်၊ ဝိနည်းသိက္ခာပုဒ်တို့၌ ကျွမ်းကျင်လိမ္မာစွာ အလေ့အကျင့်များနေခြင်း၊ ဝိနည်းသိက္ခာပုဒ်တရား၌ အလေ့အလာများနေခြင်း။

၄။ **အဓိမောက္ခ ဗဟုလတာ**=သဒ္ဓါတရားဖြင့် သက်ဝင် ယုံကြည်မှုအားကောင်းခြင်း၊ သဒ္ဓါတရားဖြင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို သက်ဝင်ယုံကြည်မှု အားကောင်းခြင်း၊ တရားတော်၌ အမှန်ကို ရဲရဲဝံ့ဝံ့ သက်ဝင်ဆုံးဖြတ်နိုင်ခြင်း။

၅။ **ကလျာဏမိတ္တတာ**=သဒ္ဓါတရားရှိတဲ့ မိတ်ကောင်း ဆွေကောင်းတွေကို ရခြင်း။

၆။ **သပ္ပါယကထာ**=ဝိစိကိစ္ဆာကင်းကြောင်းဖြစ်တဲ့ တရားစကားကို မကြာမကြာ နာခံမှတ်သားပေးရခြင်း။ ခြောက်ပါး၊ ဟုတ်လား (မှန်ပါဘုရား)။

အဲဒီ ခြောက်မျိုးသော တရားတွေဟာလဲ **ဝိစိကိစ္ဆာ** ကင်းနိုင်တယ်တဲ့၊ ဒီလို ပြတယ်၊ ဒါ ဝိစိကိစ္ဆာပိုင်းနော် (မှန်ပါဘုရား)၊ ဒါဖြင့် ဝိစိကိစ္ဆာတွေ ဒီလိုကင်းနေတယ်ဆိုတာ ဝိက္ခမ္ဘနနဲ့ ကင်းတာလား၊ သမုစ္ဆေဒနဲ့ ကင်းတာလားဆိုတော့

၁။ မူလပဏ္ဏာသ ဋ္ဌ၊ ပတ္ထဲ၊ နှာ ၂၉၀။ သုတ်မဟာဝါဋ္ဌကထာ၊ နှာ-၃၇၂။

http://www.dhammadownload.com

ခေတ္တကွာထားတဲ့ အနေနဲ့သာ သူက ကင်းတာ၊ သမုဒ္ဓေဒနဲ့ မဂ်နဲ့ ကင်းတာ မဟုတ်ဘူးနော်(မှန်ပါဘုရား)၊ဒီတော့ မြတ်စွာဘုရားက ဒီနေရာမှာ ဝိစိကိစ္ဆာကို မဂ်နဲ့ပယ်ပုံကို ပြလိုသည် ဖြစ်သောကြောင့် ပါဠိတော်ကြီးမှာ ဟောပြီးတော့ ပြထားတယ်၊ ဝိစိကိစ္ဆာပြုတ်အောင်—

ကထာဟိ၊ သို့လော သို့လော ယုံမှားခြင်း တွေးတောခြင်းတို့မှ။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ဖြစ်၍။ တဏှာကွယ်၊တဏှာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို။ အဘိပဿ၊ ထင်စွာရှုလေ့လို့ ဒီလိုပြထားတယ်။

ဝိစိကိစ္ဆာသိနည်း ၅-နည်း။ ။ဒီတော့-ဝိစိကိစ္ဆာကို သတိပဋ္ဌာန် ပါဠိတော်က ရှုပုံကို ပြတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပိုင်းက ဝိစိကိစ္ဆာရှုနည်းကို မဟာသတိပဋ္ဌာန်သုတ်တော်ကြီးက သေသေချာချာ ပြထားတာရှိတယ်၊ ဘယ့်နယ် ပြတုန်းဆိုတော့—

(၁) "သန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ 'အတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ'တိ ပဇာနာတိ"။

(၂) "အသန္တံ ဝါ အဇ္ဈတ္တံ ဝိစိကိစ္ဆံ 'နတ္ထိ မေ အဇ္ဈတ္တံ ဝိစိကိစ္ဆာ'တိ ပဇာနာတိ"။

(၃) "ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"။

(၄) "ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ"။

(၅) "ယထာ စ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိं အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ"[၁]။

(၅) ချက်ရှိတယ်၊ ဝိစိကိစ္ဆာရှုနည်း (ဝိစိကိစ္ဆာကိုသတိနဲ့မြင်အောင်ရှုနည်း) ဝိစိကိစ္ဆာကို။ဖြစ်နေတဲ့ ဝိစိကိစ္ဆာကို ထင်ရှားပေါ်လွင်အောင် လုပ်တဲ့နည်း၊ မြတ်စွာဘုရားက ဘယ်နှစ်နည်း ပြလိုက်သလဲ (၅-နည်းပါဘုရား)၊ ငါးနည်း ပြလိုက်တယ် ဟုတ်လား၊ အဲဒီ ငါးနည်းမှာ ဘာတွေပါသလဲဆိုတော့—

၁။ သုဘ်မဟာဝါပါဠိတော်၊ နှာ-၂၃၈-၉။မူလပဏ္ဏာသပါဠိတော်၊ နှာ-၇၇-၈။

http://www.dhammadownload.com

အဇ္ဈတ္တံ၊ မိမိ၏စိတ်၌။ သန္တံ၊ ထင်ရှားရှိရှိနေသော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ **မေ၊ ငါ၏။** အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ကိုယ်မှာ ဝိစိကိစ္ဆာရှိနေရင် ဒါ ဝိစိကိစ္ဆာဘဲလို့ သိတယ်။

အဇ္ဈတ္တံ၊ မိမိရဲ့သန္တာန်၌။ အသန္တံ၊ ထင်ရှားပေါ်လွင်၍ မလာသေးသော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ နတ္ထိ၊ မဖြစ်ပေါ်သေးသည် ဖြစ်သောကြောင့်မရှိ၊ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ဝိစိကိစ္ဆာ ရှိတော့ ရှိတယ်၊ ရှိပေတဲ့ ထင်ရှားစွာ ပေါ်မလာသေးဘူး။ ဟုတ်လား (မှန်ပါဘုရား)၊ ဟိုပထမပိုင်း ဝိစိကိစ္ဆာက ရှိတဲ့ ဝိစိကိစ္ဆာပေါ်တာကို သိတယ်(မှန်ပါဘုရား)၊ အခုအပိုင်းက ဝိစိကိစ္ဆာ ရှိတော့ရှိတယ်၊ သူညာဏ်ထဲ ပေါ်မလာသေးဘူး၊ အဲဒီ ဝိစိကိစ္ဆာကို ပေါ်အောင်လုပ်တဲ့နည်း မြတ်စွာဘုရားက ပြတယ်။

ဝိစိကိစ္ဆာဖြစ်ခြင်းရဲ့အကြောင်းကို သိတယ်၊စောစောပိုင်းက ဘုန်းကြီးပြောခဲ့ပြီးပြီ။

ဖြစ်နေတဲ့ ဝိစိကိစ္ဆာကို ပယ်ခြင်းကိုလည်း သိတယ် လေးခု။

ပယ်ပြီးသား ဝိစိကိစ္ဆာ နောက်တဖန် အသစ်မဖြစ်တာကိုသိ၊ အဲဒီ ဝိစိကိစ္ဆာကို ဘုန်းကြီးတို့ ပရိသတ် ဒီလိုလုပ်လို့ သိပြီဆိုပါတော့၊ ဘာလုပ်ရမလဲ ဒီ ဝိစိကိစ္ဆာကိုရှုပါ၊ ဘယ်နဲ့ ရှုပါရမလဲ။

ဝိစိကိစ္ဆာဌ် ဖြစ်ပျက်ရှုပုံ။ ။သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ[1]။ ဓမ္မေသု၊ ဝိစိကိစ္ဆာ ဆိုတဲ့ တရားတို့ဌ်။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ခြင်းတရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏၊ ဖြစ်တာကိုချည်း ရှုဦး၊ ပျက်တာကို မရှုနဲ့ဦးတဲ့ မြတ်စွာဘုရားက။ ဝိစိကိစ္ဆာဖြစ်နေတယ် ဖြစ်နေတယ်နဲ့ ရှုဦး။ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ[2]။ ဓမ္မေသု၊ ဝိစိကိစ္ဆာ ဆိုတဲ့ တရားတို့ဌ်။ ဝယဓမ္မာနုပဿီ ဝါ၊ ကုန်ခြင်း ပျောက်ခြင်းကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ရှုကွက်ကို ပြနေတာ ရှုကွက်၊ အဲဒီ ဝိစိကိစ္ဆာကို ကုန်သွားတယ် ပျောက်သွားတယ်၊ ပျောက်သွားတယ် ဒါဘဲ ရှု၊ ဖြစ်တာ မရှုနဲ့။

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၃၉။ မူလဟဿာသပါဠိတော်၊ နှာ-၇၇-၈။

http://www.dhammadownload.com

ဖြစ်တာကိုချည်း သတ်သတ်ရှု၊ ကုန်တာ ပျောက်တာကိုချည်း သတ်သတ်ရှု၊ တော်တော်ဉာဏ်နိုင်လာပလား၊ သူ့ကိုရှုလို့ သတိက ထင်ရှားအောင်လုပ်၊ ဉာဏ်က အဲဒီလို ဖြစ်တာနဲ့ ပျက်တာကို ရှုပေး၊ ဝိစိကိစ္ဆာကို။ ရှုရမှာက—ဝိစိကိစ္ဆာကို ရှုရမယ်၊ ရှုတယ် ဆိုတာ ဘာလုပ်တာလဲ၊ ကြည့်တာ ထင်ရှားအောင်ကြည့်ချင်ရင် သတိနဲ့ဝိစိကိစ္ဆာကို ထင်ရှားအောင်လုပ်၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို ရှု ပညာနဲ့။ လူက မရှုရဘူး၊ ငါက ဝိပဿနာမရှုရဘူး၊ ပညာက ရှု-နေ၁ (မှန်ပါဘုရား)၊ တော်တော်လေး ဉာဏ်နိုင်လာပြီ ဆိုတော့မှ ရောလိုက်တော့တဲ့ မြတ်စွာဘုရားက။

သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ[1]။

အဲဒီ အခါကျတော့- ဓမ္မေသု၊ ဝိစိကိစ္ဆာဆိုတဲ့ တရားတို့၌။သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဒီကျတော့ နိုင်လာပြီ ပေါင်းရှုလိုက်တော့တဲ့၊ သုံးဆင့် တက်ပေးတာဘယ် မြတ်စွာဘုရားက ရှုနည်းကို၊ ဒါ ရှုကွက်ဖော်ပေးတာ မြတ်စွာဘုရားက။ အဲဒီလို ရှုရင် ဘာဖြစ်သွားမလဲ၊ ဒီလို ရှုလိုက်လို့ရှိရင် ဘာဖြစ်လို့ ဒီ ဝိစိကိစ္ဆာရဲ့ အဖြစ်အပျက်တွေကို ရှုနေရသလဲ ဘုရားလို့ ဒီလို မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဒီ အဖြစ်အပျက်ကြီးတွေကို ရှုနေရင် ဖြစ်ပျက်ထဲက ဘယ်ဘော့ လွတ်မလဲလို့ ပြောစရာမရှိဘူးလား၊အဲဒါကိုတချို့က မင်းတို့ အဖြစ်အပျက်တွေကို မရှုကြနဲ့လို့ ဒီလိုတောင် ပြောတယ်၊ မြတ်စွာဘုရားက ဘာပြုလို့ အရှုခိုင်းသလဲဆိုတော့ ရှုပုံကို ပါဠိတော်က ပြတယ်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်အတွက် ရှုခိုင်းရပုံ။ ။ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ[2]။ ယာဝဒေဝ၊ အကြင် မျှလောက်သော အတိုင်းအရှည် သာလျှင်။ ဉာဏမတ္တာယ၊ ဝိပဿနာဉာဏ်တွေ တိုးပွါးရှိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းအကျိုးငှါ။ ဟောတိ၊ ဖြစ်၏။ ဖြစ်ပျက်ကို ရှုခိုင်းတာ၊ ဘာဖြစ်လဲလို့ ဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင် ရှုခိုင်းတာပါတဲ့၊ မြတ်စွာဘုရားက။

ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ယှဉ်သော သတိတရားတွေ့ ထင်ရှား၍ ဖြစ်ပေါ်လာစေခြင်းအကျိုးငှါ။ ဟောတိ၊ ရှုနေ၏။ ဉာဏ်နှင့်သတိ ထင်ရှားအောင် ရှုတာပါတဲ့၊ဖြစ်ပျက်က နိဗ္ဗာန်ကို ပို့နိုင်မှာမဟုတ်ဘူး၊ ဝိစိကိစ္ဆာက နိဗ္ဗာန်ကိုပို့နိုင်မှာ မဟုတ်ဘူး၊ အဲဒီ ဝိစိကိစ္ဆာကို သတိဖြင့်

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၃၉။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၇၇-ဂ။

http://www.dhammadownload.com

ထင်ရှားအောင် လုပ်ပြီးတော့ ဉာဏ်တွေနဲ့ ထင်ရှားအောင် လုပ်ပြီးတော့ မဂ်ဉာဏ်တွေ ပေါ်လာလို့ အဲဒီ မဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုလိုက်ရမှာ၊ ဖြစ်ပျက်က နိဗ္ဗာန်ကို အာရုံပြုနိုင်မှာ မဟုတ်ဘူး၊ ဟုတ်လား ဘုန်းကြီးတို့ ပရိသတ် (မှန်ပါဘုရား)။

နစကိုဠ် လောကေ ဥပါဒိယတိ[၁]။ ကိုဠ် လောကေ၊ တစုံတခုသော လောကဌ်။ စောစောကပြောခဲ့တဲ့ အာကိဉ္စညာယတန သမာပတ်ထဲဌ်။ နဥပါဒိယတိ၊ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းတော့ဘူး။ အနိဿိတော စ ဝိဟရတိ[၁]။ ဒီတော့ ဘယ်လိုဖြစ်သွားသလဲ၊ အနိဿိတော စ၊ အာကိဉ္စညာယတန သမာပတ်ထဲမှာရှိတဲ့ ဝိညာဏ်နဲ့ နာမ်ကိုင်-ငါဥစ္စာလို့ဆိုတဲ့ အတ္တ-အတ္တနိယ အနေအားဖြင့် မမှီမှုဌ်။ ဝိဟရတိ၊ နေလေတော့ဏ်။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ပါရာယနေ၊ ပါရာယနဝဂ်ဌ်။ ဥပသီဝပဥ္ဉေ၊ ဥပသီဝရသေ့ပုဏ္ဏား ပညာရှိမေးတဲ့ အမေးပုစ္ဆာ ပြဿနာဌ်။ ဝိသဇ္ဇေတိ၊ ယခု ဟောကြားခဲ့တဲ့အတိုင်း ဖြေကြားတော် မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု။

ဥပသီဝသုတ္တန် ပဌမပိုင်း ပြီး၏။

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၂၃၉။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၇၇-၈။

http://www.dhammadownload.com

၆-ဥပသီဝသုတ္တန် ဒုတိယပိုင်း

သာသနာသက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊နတ်တော်လပြည့်ကျော်(၁)ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ကြီး ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံကြီးတွင် (အာကိဉ္စညာယတန) သမာဓိပညာမှတဆင့် ဝိပဿနာပညာသို့တက်လှမ်းပုံ တက်လှမ်းနည်းများကို အကျယ်တဝင့် ဖွင့်ဆို ဟောကြားထားတော် မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌လာသော ဥပသီဝသုတ္တန် ဒုတိယပိုင်းတရားတော်။

ဘုရားရှိခိုးရန် တိုက်တွန်းပုံ။ ။ဥပသီဝသုတ္တန်ကို ညကဘုန်းကြီးတို့ ဟောပေးခဲ့ပြီ တပိုင်း၊ ဒုတိယပိုင်း ဆက်ပြီးဟောခါနီးမှာ ဥပသီဝဆိုတဲ့ ရသေ့ပုဏ္ဏားပညာရှိက မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားတဲ့ အတွက် မြတ်စွာဘုရားက ဟောကြားတော်မူတဲ့ တရားအဆက်ကို ဆက်ပြီးတော့ ဟောရမှာဖြစ်သောကြောင့် ထို တရားတော်ရဲ့ အရှင်သခင် ဖြစ်တော်မူသော ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရိုသေစွာ ရှိခိုးကြရအောင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ ဘုန်းကြီး ရွတ်ဆိုတဲ့ ဘုရားရှိခိုးထဲမှာ ပါတဲ့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရှေးနည်းအတိုင်း အနက်ပေးတော်မူသည်)

သာဓု သာဓု သာဓု။

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ထံမှောက်မှာ ဆိုက်ရောက်ခစားပြီးနေကြတဲ့ ပုဏ္ဏားရသေ့ ပညာရှိ (၁၆) ဦးတို့တွင် ခြောက်ယောက်မြောက် ဖြစ်တဲ့ ဥပသီဝ ရသေ့က

http://www.dhammadownload.com

မြတ်စွာဘုရားကို အာကိဉ္စညာယတနသမာပတ်က နေပြီးတော့ နိဗ္ဗာန်ချမ်းသာ ရောက်အောင် သြဃလေးဖြာ သံသရာကူးပုံကို ဟောကြားပေးတော်မူပါ ဘုရားလို့ လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက ဟောကြားပေးတဲ့ အပိုင်းကို ဘုန်းကြီးတို့ ညက ဟောပေးခဲ့ပြီ၊ အာကိဉ္စညာယတန သမာပတ်ကို မှီပြီး တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုပုံကို ဘုန်းကြီးတို့ မင်္ဂလာပဏ္ဏာသ ပါဠိတော် ဘိက္ခုဝဂ် မဟာမာလုက္ယ သုတ္တန်မှာ မြတ်စွာဘုရား ဟောထားတာ ရှိသေးတယ်။

မိမိမှာထင်ရှားရှိတဲ့တရား ဝိပဿနာရှုရပုံ။ ။သူက ပိုပြီးတော့ အာကိဉ္စညာယတန သမာပတ်က နေပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်အာရုံပြုပုံ ထင်ရှားတယ်၊ ဒီတော့ ဒီတရားကို ဟောပေးနေရတာက ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီး များကို အားတော့ အားနာသားဘဲ၊ သိပ်တော့ နားလယ်နိုင်မယ် မထင်ဘူး၊ ဘုန်းကြီး ကြိုးစားပြီးတော့ ဟောပေးမယ်၊ ဘာဖြစ်လို့ နားမလယ်နိုင်သလဲ ဆိုတော့ ပြောတာကို ကြားရုံသာ ကြားနေရတယ်၊ လက်တွေ့ အလုပ်လုပ်ဘို့ရန် အတွက် ကိုယ့်မှာ အာကိဉ္စညာယတနသမာပတ်က မရှိဘူး-နော် (မှန်ပါဘုရား)၊ ဝိပဿနာတရားကို အားထုတ်တယ်လို့ဆိုတာ မိမိမှာ ထင်ရှားရှိသော တရားကို သာလျှင် အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ အနေအားဖြင့် ဝိပဿနာရှုရတယ်၊ မိမိမှာ ထင်ရှားမရှိတဲ့တရားကို အနိစ္စအနေ ဒုက္ခအနေ အနတ္တအနေ အားဖြင့် ဝိပဿနာရှုလို့ မဖြစ်ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ဒီ ပါဠိတော်ကို မူတည်ပြီး တော့ ဟောပေးနေရတာ၊ ပါဠိတော်ဟောစဉ်ဖြစ်တဲ့အတွက် ဟောပေးနေရ တာပါ။

ဥပသီဝ ရသေ့မှာတော့ဖြင့် ဘာရှိနေသလဲဆိုတော့ အာကိဉ္စညာယတန-သမာပတ် ရှိနေတယ်-နော် (မှန်ပါဘုရား)၊ အဲဒီ အာကိဉ္စညာယတနသမာပတ် လို့ဆိုတာ ရူပ်မရှိဘူး၊ သူမှာ ဘာမရှိဘူး-လဲ (ရူပ်မရှိဖါဘုရား)၊ ရူပ်မရှိဘူးဆို တာ ခန္ဓာကိုယ်တခုလုံး မရှိတာလားလို့ဆိုတော့ မဟုတ်ဘူး၊ သူတရားအားထုတ် တဲ့အခါမှာ ခု-ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ တရားအားထုတ်သလို ရူပ်ဆိုတဲ့ သဘောတရားကို သူ ဉာဏ်ထဲမှာ တွေ့ကိုမတွေ့ တော့ဘူး-နော် (မှန်ပါဘုရား)၊ ဘာရူပ်တွေလဲ ပထဝီရူပ် မတွေ့ဘူး၊ အာပေါရူပ် မတွေ့ဘူး၊ တေဇောရူပ်မတွေ့ဘူး၊ ဝါယောရူပ် မတွေ့ဘူး။

ယတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ။ ဒီအဓိပ္ပါယ်ကိုပြော တာဟာ ဒါ ပါဠိတော်ကလာတဲ့ အဓိပ္ပါယ်။ အဲဒီ ပါဠိတော်ဟာ သုတ်သီလက္ခန် ကေဓဋ္ဌသုတ္တန် နှာ-၂၁၃ က လာတဲ့စကား၊ ဒီ စကားထဲမှာ အကြင် သမာပတ်၌ မှီသော တေဇော ဝါယော အာပေါ ပထဝီလို့ဆိုတဲ့ ဒီဓာတ်လေးပါးဟာ ထောက်

http://www.dhammadownload.com

တည်ရာ မရဘူးတဲ့ မရှိနိုင်ဘူးတဲ့၊ ဘယ်က စသလဲလို့ဆိုတော့ အာကာသာနဉ္စာ-ယတနစျာန်သမာပတ်က စတယ်၊ အာကာသာနဉ္စာယတနာစျာန်လို့ဆိုတာ သဗ္ဗသော ရူပ သညာနံ သမတိက္ကမာ=အလုံးစုံသော ရူပ် အမှတ်အသားရှိတဲ့ အမှတ်သညာတွေကို လွန်မြောက်သွားပြီတဲ့၊ အာကာသာနဉ္စာယတနစျာန်ကို ရောက်တဲ့ ပုဂ္ဂိုလ်ဟာ။ ဒီတော့ အရှင်ဘုရား အရှင်ဘုရား တရားဟာ ဒါတွေ လျှောက်ပြောနေလို့ တပည့်တော်များ နားမလည်နိုင်ဘူးဆိုရင် နားမလည်နိုင်ကာမှသာ နေရမယ်၊ ပါဠိတော်က ဒီအတိုင်း ဟောထားလို့ ဒီအတိုင်း ဟောပေးနေရတယ်။

အာကိဉ္စညာယတနသမာပတ်အကြောင်း။ ။နားမလည်တာ ဘာပြုလို့ နားမလည်သလဲဆိုတော့ကိုယ်မရောက်လို့ ကိုယ်နားမလည်တာ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်က နားလည်အောင် ကြိုးစားရမယ်၊ ရောက်အောင် လုပ်ရမယ်၊ ဟောဒီအဆင့်တော့ ရောက်နေပြီ၊ ဘယ်နဲ့ တပည့်တော်တို့ဖြင့် သုံးလေးတန်း အခြေအနေလောက် ရှိနေတာကို အရှင်ဘုရားက ဘီအေ အဆင့်လောက်ရှိတဲ့ ပညာကို ပြနေရပါသလဲ ဖြစ်ပါ့မလားလို့ ဒီလိုလျှောက်ကြားစရာရှိတယ်၊ ဖြစ် ဖြစ် မဖြစ် ဖြစ် ဘုန်းကြီးတို့ ပရိသတ် ကြိုးစားကာ နာနေ၊ အဲဒါ သဝနာနုတ္တရိယကုသိုလ်တော့ ရနေတာဘဲ ဟုတ်လား (မှန်ပါဘုရား)၊ ပါဠိတော်မှာ ရှိနေတာကိုတော့ ဟောပေးရမယ်၊ ပြီးတော့ ဘုန်းကြီး တခုပြောပေးဦးမယ်၊ ဒီအာကိဉ္စညာယတနသမာပတ်ဆိုတာ စိတ်နဲ့ စေတသိက်တွေ၊ ဘုန်းကြီး တရားပွဲမှာ တချို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက ပြောလိမ့်ဦးမယ်။

ဟာ ဒီ-ထူးကြီးဆရာတော်ရဲ့ တရားပွဲဟာ သင်္ကြိတ်သရုပ်တွေ ခွဲနေတာဘဲလို့ ဒီလိုပြောချင် ပြောလိမ့်ဦးမယ် မဟုတ်ဘူး၊သင်္ကြိတ်သရုပ်ခွဲပေးနေတာ မဟုတ်ဘူး၊ စိတ်တွေ စေတသိက်တွေကို ဘာပြုလို့ အရှင်ဘုရား ခွဲခွဲပြီးတော့ ပြောပေးနေရသလဲဆိုတော့ ဝိပဿနာရှုဘို့ ပြောပေးနေရတာ၊ ဝိပဿနာရှုတယ်ဆိုတာ စိတ်နဲ့ စေတသိက်နဲ့ ရုပ်ကိုသာ ဝိပဿနာ ရှုရတာ၊ တခြား ဝိပဿနာရှုရတာ မရှိဘူး၊ ဒီ အာကိဉ္စညာယတနသမာပတ်မှာ ရူပသညာတွေ ကွယ်တယ်၊ ခုန အာကာသာ-နဉ္စာယတနစျာန်ထဲက သဗ္ဗသော ရူပသညာနံ သမာတိက္ကမာ=အလုံးစုံသော ရူပ် အမှတ်အသားသညာတွေ ဟူသရွေ့ အကုန်ကွယ်ပျောက်နေပြီ၊ အဲဒီပုဂ္ဂိုလ်မှာ သမာဓိအားနဲ့ ဖယ်ထားလိုက်တာ ဝိက္ခမ္ဘနသတ္တိလို့ ခေါ်တယ်၊ ထိုင်လိုက် တရားထိုင်လိုက် ရူပသညာတွေ အကုန်လုံး ကွယ်နေတယ်၊ မပေါ် ဘူး ဉာဏ်ထဲမှာ ရူပ-သညာတွေ။

ပဋိဃသညာနံ အတ္ထင်္ဂမာ။ ပဋိဃသညာဆိုတာ ဘယ်လိုလဲ ရူပါရုံက မျက်လုံးကိုလာပြီး ထိခိုက်တယ်၊ နားမှာ အသံသဒ္ဒရုပ်က လာပြီး ထိခိုက်တယ်၊

http://www.dhammadownload.com

နာခေါင်းမှာ အနံ့ဂန္ဓ ရှင်က လာပြီး ထိခိုက်တယ်၊ လျှာမှာ ရသရှပ်က လာပြီးတော့ ထိခိုက်တယ်၊ ခန္ဓာကိုယ်မှာ ဖောဋ္ဌဗ္ဗရှပ်က လာပြီးတော့ ထိခိုက်တယ်၊ အဲဒါကို ထိလိုက်တဲ့အခါမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဘာတွေပေါ် လာသလဲဆိုတော့ အသံဟူသော အမှတ်သညာ၊ ရှပ်ဟူသော အမှတ်သညာ၊ အနံ့ဟူသော အမှတ်သညာ၊ အရသာဟူသော အမှတ်သညာ၊ထိတာဟူသော အမှတ်သညာတွေ ပေါ် လာတယ်၊ဒါကတော့ ပေါ် တယ်၊ ထိတာကိုး။

ဒီ အာကာသာနဉ္စာယတနစျာန်ကို ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ အဲဒီလို အာရုံတွေလာပြီးတော့၊ စက္ခု သောတ ဃာန ဇိဝှါ ကာယ မနမှာ လာပြီးတော့ ထိခိုက်ခြင်းကြောင့် ရှပ်ဆိုတဲ့ အမှတ်သညာတွေ မပေါ် တော့ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ခပ်ဖြေးဖြေး ပြောမယ်နော်၊ ဘုန်းကြီးတို့ ပရိသတ်(မှန်ပါဘုရား)၊ ရှပ်ဆိုတဲ့ အမှတ်သညာတွေ မပေါ် တော့ဘူး၊ အခု-ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာတော့ဖြင့် ဒီက အသံ နားထဲကို လာပြီးတော့ ရောက်လာရင် ဒါ အသံဟူသော အမှတ်သညာ ရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အာကာသာနဉ္စာယတနစျာန် ရောက်နေတဲ့ ပုဂ္ဂိုလ်က အဲဒီအသံ နားထဲကို လာရောက်ပေတဲ့ အသံရှပ်လို့ဆိုတဲ့ အမှတ်သညာ သူမှာ မရှိတော့ဘူး။ ပဋိဃသညာနံ အတ္ထင်္ဂမာ၊ ပဋိဃသညာတွေ ချုပ်တယ်။ ချုပ်တယ်ဆိုတာ မရှိဘူး၊ ဟုတ်လား (မှန်ပါဘုရား)။

နာနတ္တသညာနံ အမနသိကာရာ။ အဲဒီ နာနတ္တသညာ အမနသိကာရ-လို့ဆိုတာ မျက်လုံးနဲ့လဲ မမြင်ရဘူး၊ နားနဲ့လဲ မကြားရဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ ပြီးတော့ ဘာတဲ့လဲ၊ နာခေါင်းနဲ့ လျှာနဲ့ ခန္ဓာကိုယ်နဲ့လဲ လာပြီးတော့ မထိတွေ့ရဘူး အာရုံတွေ။

နာနတ္တသညာ နှလုံးသွင်းပုံ။ ။စိတ်ကနေ မှန်းပြီးတော့ ကြည့်ပြီးတော့ နေတဲ့ ရှပ် အမှတ်သညာတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ခုနေ မျက်လုံးကို စုံမှိတ်ပြီးတော့ ဧရှတိဂုံစေတီတော်ကြီးကို မှန်းပြီး ကြည့်လိုက်ရင် မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)၊ အဲဒါ နာနတ္တ သညာတွေပေါ့၊ ကိုယ်လုပ်နေတဲ့အလုပ်တွေ ကြည့်မလား၊ နေ့ခင်းက လုပ်ခဲ့တဲ့ အလုပ်အကိုင်တွေ ကြည့်မလား၊ ကိုယ့်အိမ်က ၉နီး သားသမီးတွေကို ကြည့်မလား၊ ကိုယ့်အိမ်မှာကျန်ရစ်ခဲ့တဲ့ ခြင်ထောင် စောင်စတဲ့ အဆောင်ထူကို ကြည့်မလား၊ မျက်လုံးကလေးမှိတ်လိုက်ပြီး ကြဲကြည့်လိုက်ရင် မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ အဲဒါက နာနတ္တသညာလို့ခေါ် တယ်၊ အဲဒီနာနတ္တသညာကိုလဲ ရှပ်-အမှတ်အသားလို့ သူနှလုံးမသွင်းတော့ဘူး ဟုတ်လား(မှန်ပါဘုရား)၊ဘာကိုသာ သူနှလုံးသွင်းနေသလဲဆိုတော့ ဒီ ကောင်းကင်ဟင်းလင်းကြီးကို ကောင်းကင်ဆို

http://www.dhammadownload.com

တာ ဟိုမိုးပေါ်က ကောင်းကင်ကြီးကို ပြောတာမဟုတ်ဘူး၊ ဟောဒီ ဟင်းလင်းကြီးကို ပြောတာ။

ဒီ ဓမ္မာရုံထဲမှာ ကြည့်မယ်လို့ဆိုရင် တိုင်နှစ်လုံးကြားထဲမှာ ဘာရှိသလဲ (ဟင်းလင်းရှိပါတယ်ဘုရား)၊ အဲဒါ ကောင်းကင်အာကာသ၊ ဒီ အာကာသဟာ ဘယ်နေရာကစပြီး ဘယ်နေရာမှာ ဆုံးသလဲ၊ ဘယ်နေရာကစပြီး ဘယ်နေရာဆုံးတယ်လို့ သူကို ပြောလို့ရပါ့မလား (မရပါဘုရား)၊ အနန္တော အာကာသော၊ အနန္တော အာကာသော-လို့ ဆိုပြီးတော့ အဲဒီ အာကာသာနဉ္စာယတနစျာန်ကို စီးဖြန်းနေတယ်၊ အာကာသော၊ အာကာသ-ဆိုတဲ့ ဟင်းလင်းပြင်ကြီးသည်။ အနန္တော၊ဘယ်ကစလို့ ဘယ်မှာဆုံးတယ်လို့ အပိုင်းအခြား မရှိဘူး၊ ဒါဘဲ ရှုနေတယ်-နော်(မှန်ပါဘုရား)၊ ဒီတော့ ဒီအထဲမှာ ရူပသညာလို့ ဆိုပေတဲ့ အဲဒီ အလင်းရုပ်ကြီးဟာ ကွယ်တယ်ဆိုပေတဲ့ သိပ်ပြီးတော့ ကွယ်တာမဟုတ်ဘူး၊ နဲနဲလေး ကျန်နေသေးတယ်။

ဒီကနေပြီးတော့ ရှေးကို တရားအားထုတ်လို့ တဆင့် တက်တက်သွားတော့ အာကာသလို့ခေါ်တဲ့ သဘောကိုသိနေတဲ့ ဝိညာဏ်မရှိဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီ အာကာသဆိုတဲ့ ဟင်းလင်းအပြင်ကို သူလှတ်ထားခဲ့ပြီးတော့ အဲဒီ ဟင်းလင်းအပြင်ကို သိနေတဲ့ဝိညာဏ်လို့ခေါ်တဲ့ စိတ်ကိုဘဲ ဝိညာဏ် အနန္တံ ဝိညာဏံ အနန္တံ=ဒီ ဝိညာဏ်ကလဲ ဘယ်ကစလို့ ဘယ်မှာဆုံးမှန်းမသိတော့ ဒါဘဲ ရှုနေတယ်၊ ဒါဝိညာဏဉ္စာယတနစျာန်စိုတ်-နော် (မှန်ပါဘုရား)၊ အဲဒီ ဝိညာဏဉ္စာယတနစျာန်စိတ်က နေပြီးတော့ ရှေ့ကို တဆင့် တရားတက်လိုက်တော့ ဘာရောက်လာသလဲဆိုတော့ ဒီ ဝိညာဏ်သည်ပင် ဘာမျှ-မရှိတော့ဘူး၊ သိတဲ့စိတ်ကော ရှုစရာအာရုံကော ရှုစိတ်ကော အာရုံကော မရှိတော့ဘူးဆိုတဲ့ နတ္ထိကိုဥ် ရောက်သွားပြီ ကိုဥ်၊ တစုံတခုသော တရားသည်။ နတ္ထိ၊ မရှိနော် (မှန်ပါဘုရား)၊ တစုံတခုသော တရားဆိုတာ ဘာလဲ ရှုတဲ့စိတ်လဲ မရှိတော့ဘူး၊ အရှုခံနေရတဲ့ တရားတွေလဲ မရှိတော့ဘူး၊ ဟုတ်လား(မှန်ပါဘုရား)၊ ဘာရှိသလဲ ခုန ဟာလာ ဟင်းလင်းဆိုတဲ့ အာကာသလဲ မရှိဘူး ဟုတ်လား(မှန်ပါဘုရား)။

အာကိဉ္စညာယတနသမာပတ်ရောက်ပုံ။ ။အဲဒီ အာကာသကို သိနေတဲ့ အဆုံးအပိုင်းအခြား မရှိတဲ့ ဝိညာဏ်ကော (မရှိပါဘုရား)၊ ဒီတော့ ရှုစိတ်လဲမရှိဘူး အရှုခံရုပ်တွေလဲ မရှိဘူးလို့ဆိုတော့ ဘာရှိသလဲ၊ နတ္ထိ ကိုဥ်-ဆိုတော့ ဘာမှမရှိတော့ဘူး၊ ဟုတ်လား(မှန်ပါဘုရား)၊ အဲဒီ နတ္ထိ ကိုဥ်-နတ္ထိကိုဥ်နဲ့ ရှုနေတဲ့ ဒီနေရာကို ရောက်နေတဲ့ပုဂ္ဂိုလ်ကို အာကိဉ္စညာယတန-ပုဂ္ဂိုလ်လို့ ခေါ်တယ်၊ဘာဖြစ်လို့ အာကိဉ္စညာယတန-လို့ ခေါ်ရသလဲ ဆိုတော့ သူရှုနေတဲ့ ရှုကွက်မှာ ဘာမှမတွေ့သည်ဖြစ်သောကြောင့် ဘာအတွက်မှ သူမကြောင့်ကြတော့ဘူး ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ အခါမှာ လောဘ

http://www.dhammadownload.com

တည်းဟူသော ကြောင့်ကြမှုတွေ့ မဝင်ဘူး၊ဒေါသ တည်းဟူသော ကြောင့်ကြမှုတွေ့ မဝင်ဘူး၊မောဟတည်းဟူသော စိုးရိမ်ကြောင့်ကြမှုတွေ့ မဝင်ဘူးဟုတ်လား (မှန်ပါဘုရား)၊ ညတုန်းက ဘုန်းကြီး ပြောပေးခဲ့ပြီ၊ အဲဒီလို မဝင်တဲ့ အခါမှာ အာကိဉ္စညာယတနသမာပတ်ကို ရောက်နေတယ်တဲ့ နော်၊ (မှန်ပါဘုရား)၊ဒါဖြင့် ဒီ အာကိဉ္စညာယတနသမာပတ် အတွင်းမှာ ဘာတွေ ရှိသလဲလို့ မေးစရာ မရှိဘူးလား၊ (မေးစရာရှိပါတယ်ဘုရား)၊ ဒီတော့ မြတ်စွာဘုရားက ပါဠိတော်မှာ ဟောတယ်—

> ပုန စပရံ အာနန္ဒ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သော ယဒေဝ တတ္ထ ဟောတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ၊ တေ ဓမ္မေ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတောတိ သမနုပဿတိ။

အာကိဉ္စညာယတန စျာန်က နေပြီးတော့ ဝိပဿနာ တက်ပုံနဲ့ မဂ်ပေါ်ပုံ နိဗ္ဗာန်ပေါ်ပုံကို ပြောမယ်လို့ မြတ်စွာဘုရားက ဒါကို အစပြု ဟောတာ၊ ဒီစကားကို။ ပြီးတော့ ခုပြောတဲ့ အာကိဉ္စညာယတနစျာန်ကို ဥပသိဝ ရသေ့က ရပြီးသား နော် (မှန်ပါဘုရား)၊ဘုန်းကြီးတို့ ပရိသတ် ဒီစျာန်ရပြီးပြီလား (မရပါဘုရား)၊ မရတော့ ဒီစကားကို ဘုန်းကြီးက သုံးသုံးပြီး ဘုန်းကြီး ဟောနေတာဟာ ဘာတွေ ပြောနေပါလိမ့်မလဲလို့ စိတ်ထဲက အဲဒီလို ဖြစ်နေလိမ့်မယ်၊ အဲဒါ ဘုန်းကြီးက နားမလည် လည်အောင် ဆိုပြီးတော့ အမျိုးမျိုးသော နည်းတွေနဲ့ ပါဠိတော်တွေကို ဟိုက ယူပြော ဒီက ယူပြော ပေးနေရတာနော်(မှန်ပါဘုရား)။

အာကိဉ္စညာယတနစိတ်ကို စေတသိက်ယှဉ်နှင့်ပြပုံ

သင်္ဂြိဟ် သင်တန်း တက်ထားတဲ့ ပုဂ္ဂိုလ်တွေကလဲ သိတယ်၊ အာကိဉ္စညာယတန စျာန်ဆိုတော့ စိတ် ယှဉ် စေတသိက် ယှဉ်နဲ့ ပြောမယ်ဆိုရင် စိတ်က (၁) စေတသိက်က (၃၀)ခု ရှိတယ်နော် (မှန်ပါဘုရား)၊ စိတ်က ဘယ်လောက်လဲ (၁-ခုပါဘုရား၊ စေတသိက်က ၃၀-ခုပါဘုရား)၊ (၃၀) ဟာ ဘယ်သူတွေ့လဲ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-လုံး သရုပ် ခွဲနေတာ မဟုတ်ဘူး၊ ဝိပဿနာရှုဘို့ အာရုံကို ဖော်ပြပေးနေတာ ဟုတ်လား (မှန်ပါဘုရား)၊ ဒီ အာကိဉ္စညာယတနသမာတ်ထဲမှာ စိတ်ကတခု သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊ သောဘဏ စေတသိက် ၂၅-ခု ထဲက သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ ဝိရတိ စေတသိက်က ၃-ခုနဲ့ ကရုဏာ မုဒိတာဆိုတဲ့ အပ္ပမညာဒွေးကြဉ် ၂၀-ခု။ ပကိဏ်းစေတသိက် ၆-ခုထဲက ဝိတက် ဝိစာရ ပီတိကြဉ်သော စေတသိက်က ၃-ခု၊

၁။ မဇ္ဈိမပဏ္ဏာသပါဠိ၊ နှာ-၉၉-၁၀၀။ အင်္ဂုတ္တိုရ်ပါဠိ၊ ပ-တွဲ၊ နှာ-၄၄၃။ အင်္ဂုတ္တိုရ်ပါဠိ၊ တ-တွဲ၊ နှာ-၂၂၂-၃။

http://www.dhammadownload.com

ပေါင်း ၃၀-ခု၊ အဲဒီ ၃၀-ခုရယ် ခုနက အာကိဉ္စညာယတန စိတ်တခုရယ်၊ ပေါင်းလိုက်တော့ ၃၁-ခု၊ ဖြစ်ရော (မှန်ပါဘုရား)။

အဲဒီ ၃၁-ခုသော တရားဟာ ဝိပဿနာ ရှုရမဲ့ တရားဘဲ၊ ဘုန်းကြီးတို့ ပရိသတ် နော် (မှန်ပါဘုရား)၊ ဝိပဿနာ ရှုရမဲ့ တရား တွေ့ပလား (တွေ့ပါပြီဘုရား)၊အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ဝိပဿနာရှုရမဲ့ တရားက ဒီ တရား ရှုရမှာ၊ လူကို ဝိပဿနာမရှုရဘူး၊ခေါင်းတွေ လက်တွေ ခြေထောက်တွေ နှာခေါင်းတွေ ပါးစပ်တွေ ခန္ဓာကိုယ်တွေကို ဝိပဿနာရှုရမှာ မဟုတ်ဘူး၊ ဒီတရား ရှုရမှာတဲ့။ ရုပ်တွေ ပါသေးသလား၊ ဒီ အထဲမှာ (မပါပါ ဘုရား)၊ ဒါကြောင့် မြတ်စွာဘုရားက သော ယဒေဝ တတ္ထ ဟောတိ၊ ပါဠိတော်မှာ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ အဲဒီ၊ ခုန ပြောတဲ့ စိတ်တစ်ခုနဲ့ စေတသိက် ၃၀-ခု ပေါင်းလိုက်ပြီး အဲဒီ စိတ် စေတသိက်ကို ခန္ဓာ ဖွဲ့လိုက်ရင် ဝေဒနာက္ခန္ဓာရယ် သညာက္ခန္ဓာရယ် သင်္ခါရက္ခန္ဓာရယ် ဝိညာဏက္ခန္ဓာရယ်လို့ နာမ်ခန္ဓာလေးပါး ရပါတယ်၊ခန္ဓာဘယ်နှစ်ပါးရတုန်း(လေးပါးရပါတယ်ဘုရား)။

အဲဒီ နာမ်ခန္ဓာ လေးပါးထဲက ဝေဒနာက္ခန္ဓာသည် လူလား သတ္တဝါလား (မဟုတ်ပါဘုရား)၊ မိမိလား သူတပါးလား (မဟုတ်ပါဘုရား)၊ဒါဖြင့်ဘယ်သူလဲ (ဝေဒနာက္ခန္ဓာပါဘုရား)၊ဝေဒနာ စေတသိက်ပါ။အဲဒီ ဝေဒနာ စေတသိက်သည် သာလျှင် သင်္ခါရတရား၊ ဘာဖြစ်လို့လဲ အာရုံ၏ အရသာကို ခံစားတဲ့အလုပ်ကို လုပ်သည်ဖြစ်သောကြောင့် သူကို။ သင်္ခါရက္ခန္ဓာ အလုပ်သမား လုပ်ထားတဲ့ ခံစားတဲ့ အလုပ်ကို သူလုပ်တယ်နော် (မှန်ပါဘုရား)။

သညာက္ခန္ဓာ မှတ်သားတဲ့အလုပ်ကို သူလုပ်တယ်၊ ဘုန်းကြီးတို့ ပရိသတ်က အလုပ်လုပ်နေတဲ့အခါမှာ မှတ်ထားတယ်၊စာလုံးလေးတွေနဲ့ ရေးမှတ်ထားတယ်၊ မိမိလုပ်ငန်းတွေမှာလဲ ထို့အတူဘဲ၊ စက်မှုပညာအတတ် လက်မှုပညာအတတ် လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်လုပ်နေတဲ့အလုပ်ကို မှတ်မိနေကြတယ် မဟုတ်လား၊ဘာပြီး ဘာလုပ်ရမယ်ဆိုတာ မြင်မနေကြဘူးလား (မြင်ပါတယ်ဘုရား)၊ မှတ်မိလို့လား မမှတ်မိလို့လား (မှတ်မိလို့ပါဘုရား)၊ အဲဒီ မှတ်မိတယ် ဆိုတာ ကိုယ်က မှတ်တာလား သညာက မှတ်တာလား (သညာက မှတ်တာပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် ထင်နေတာက ငါ မှတ်မိတယ်လို့ချည်း ထင်နေ ကြတယ် (မှန်ပါဘုရား)၊ ငါမှတ်မိတယ်ဆိုရင် ဝိပဿနာရှုလို့မဖြစ်ဘူး၊သညာက မှတ်ထားတယ်ဆိုရင် အဲဒီသညာကို ဝိပဿနာရှုလိုက်၊သူဟာ အနိစ္စသဘော ဒုက္ခ သဘော အနတ္တသဘောလို့ ရှု၊ ဟုတ်လား (မှန်ပါဘုရား)၊ ကျန်တဲ့ စေတသိက်ပေါင်း ဘယ်လောက်လဲ ၃၀ ထဲက နှစ်ခုနုတ်တော့ ဘယ်လောက်ကျန်သလဲ ၂၈ပါဘုရား၊ အဲဒီ ၂၈-ဟာ သင်္ခါရက္ခန္ဓာတွေ၊ သူက အလုပ်သမားတွေ၊မှတ်သားလို့ဖြစ်အောင်

http://www.dhammadownload.com

ခံစားလို့ဖြစ်အောင် ဝိုင်းပြီးတော့ ပြုပြင်လုံးပန်းပြီးတော့ လုပ်ပေးနေကြတာက ၂၀-ခု ရှိတယ်နော်၊ (မှန်ပါဘုရား)။

ဝေဒနာခံစားပုံ အခြင်းအရာ။ ။ဝေဒနာက သူချည်း ခံစားလို့ ဖြစ်တာမဟုတ်ဘူး၊ ခုန တုန်းက စေတသိက်ပေါင်း ဘယ်လောက်လဲ ၂၀-က ခံစားလို့ ဖြစ်အောင် ဝိုင်းလုပ် ပေးကြတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ဥပမာပုံဆိုကြစို့ရဲ့ မော်တော်ကားတခု မောင်းသွားတယ်၊ မော်တော်ကား တခုမှာ စက်ကိရိယာတွေက အမျှားကြီးဘဲ ဘီးတွေရော ဘာတွေရော မော်တော်ကားတခုရဲ့ အစိတ်အပိုင်းကို ပြောမယ်ဆိုရင် အနည်းဆုံး ၃၁-ခု လောက်တော့ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အဲဒီ အရာဝတ္ထု အားလုံးက ဘီးလိမ့်သွားဘို့ရန်အတွက် မော်တော်ကားမှာ ရှိနေတဲ့ စက်ကိရိယာ အရာဝတ္ထုတွေဟာ ဝိုင်းပြီးတော့ လုပ်ပေးရသလား လုပ်မပေးရဘူးလား (လုပ်ပေး ရပါတယ်ဘုရား)၊ စက်ကိရိယာထဲက တခုခု အလုပ် မလုပ်ရင် ဒီ မော်တော်ကား ဘီးကြီး လိမ့်ဦးမှာလား (မလိမ့်တော့ပါဘုရား)၊ မလိမ့်တော့ဘူး၊ ထို့အတူဘဲ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားတယ်ဆိုပေတဲ့ ခုနက စေတသိက်ပေါင်း ၂၀-ခုက အလုပ် လုပ်မပေးရင် အဲဒီ ဝေဒနာ ခံစားလို့မဖြစ်တော့ဘူး၊ဟုတ်လား (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် မှတ်မိပလား (မှတ်မိပါတယ်ဘုရား)။

သညာအမှတ်ပြုပုံ အခြင်းအရာ။ ။သညာမှတ်တယ်၊ မှတ်တယ် ဆိုတာဟာလဲ ခုနက ပြောတဲ့ စေတသိက်ပေါင်း ၂၀-က မှတ်လို့ဖြစ်အောင် မှတ်မိနေအောင် ဝိုင်းပြီးတော့ အလုပ် လုပ်ပေးရတယ်။ အကယ်၍ စေတသိက်ပေါင်း ၂၀-က ဝိုင်းပြီးတော့ အလုပ် လုပ်မပေးဘူးဆိုရင် သညာလဲ သူမှတ်မိလို့ မဖြစ်တော့ဘူး၊ ဥပမာကတော့ ခုနက ပြောခဲ့တဲ့ ဥပမာ အတိုင်းဘဲ၊ ကားဘီး လိမ့်လို့မရတော့ဘူး မှတ်မိပလား (မှတ်မိပါတယ်ဘုရား)၊ ရှင်းကော ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)၊ အာကိဉ္စညာယတန သမာပတ်ကို မနည်းချည်း ရှင်းအောင် ပြောနေရတယ်၊ အာကိဉ္စညာယတန သမာပတ်မှာ ဘာတွေ ရှိသလဲဆိုရင် ဘုန်းကြီးတို့ ပရိသတ် အကျဉ်းချုပ်မှတ်သားဘို့က စိတ်က (၁) စေတသိက်က ၃၀-လုံး ရှိတယ်လို့ အဲဒီလို မှတ်ထား၊အဲဒီ စိတ်နဲ့ စေတသိက်ပေါင်း ၃၁-ခု ရှိတော့ ရုပ်ရှိသေးသလား (မရှိတော့ပါဘုရား)၊ ရုပ်တွေ ကွာခဲ့ပြီ၊ တဇော ဝါယော ပထဝီ အာပေါ၊ ဒီ ရုပ်တရားတွေဟာ မို့လို့မရဘူး၊ ထောက်တည်ရာ မရဘူး။

ဇွေ အာပေါ စ ပထဝီ၊ တေဇော ဝါယော နဂါဓတိ။ ဇွေ၊ အာကိဉ္စညာယတန သမာပတ်. အတွင်း၌။ အာပေါ စ၊ ရေဓာတ်လို့ ခေါ်တဲ့ ရုပ်သည်၎င်း။ ပထဝီ စ၊ မြေဓာတ်လို့ ခေါ်တဲ့ရုပ်သည်၎င်း။ တေဇော ဝါယော၊ တေဇောရုပ် ဝါယောရုပ်သည်၎င်း။ နဂါဓတိ၊ထောက်တည်ရာ မရဘူးတဲ့။ ထွက်သက် ဝင်သက်

http://www.dhammadownload.com

လေလဲမရှိတော့ဘူးနော်၊ (မှန်ပါဘုရား)၊ ဘယ်တုန်းက ထွက်သက် ဝင်သက်လေ မရှိတော့သလဲ စတုတ္ထစျာန်ကတဲ့က မရှိတော့ဘူးနော်၊ (မှန်ပါဘုရား)၊ ဒါဘာနဲ့ ပယ်ထားတာတုန်း၊ စတုတ္ထစျာန်သမာပတ် အတွင်းရှိ ပညိန္ဒြေ စေတသိက်က ဝိက္ခမ္ဘနသတ္တိနဲ့ အဲဒီ ရူပ်တွေကို ပယ်ထားပြီးဖြစ်တယ်၊ အဲဒီလို ပယ်ထားတာဟာ ဘယ်သူလဲ ဆိုတော့ ဥပသီဝ၊ ဟုတ်လား (မှန်ပါဘုရား)၊ အခု ဟောရမဲ့ ဥပသီဝ မှာ ဘာတရားတွေ ရှိနေသလဲ သူ ရှုကွက်ထဲမှာ ရှိနေတာက စိတ် တခုနဲ့ စေတသိက်ပေါင်း ၃၀-ဘဲ ရှိတော့တယ်၊ ဒါဘဲ သူဝိပဿနာ ရှုရမယ်၊ အဲဒါကို မြတ်စွာဘုရားက—

ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ တေ ဓမ္မေ အနိစ္စတော။ တေ ဓမ္မေ၊ ထိုဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ တရားတွေကို။အနိစ္စတော၊ အနိစ္စ အားဖြင့်။ ပဿတိ၊ ရှု၏။ နော် (မှန်ပါဘုရား)၊ ဒုက္ခတော၊ ဒုက္ခ အနေ အားဖြင့်။ ပဿတိ၊ ရှု၏။ အနတ္တတော၊ အနတ္တအနေအား‌ဖြင့်။ ပဿတိ၊ရှု၏။ ဘာဖြစ်လို့ ဒီတရားတွေဟာ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သလဲဆိုတော့ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်သည်ဖြစ်သောကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တယ်၊ အဲဒီ အာကိဉ္စညာယတန သမာပတ်ကို ရနေတဲ့ စျာန်သမာပတ်ရှင်ရဲ့ အလိုသို့လဲ မလိုက်သည် ဖြစ်သောကြောင့် သူဟာ အနတ္တ တရားတွေဖြစ်တယ်နော် (မှန်ပါဘုရား)၊ဒီတော့ ဒီအာကိဉ္စညာယတန သမာပတ်အတွင်းမှာ ဖြစ်နေတဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ ဒီ နာမ် ခန္ဓာလေးပါးကို အနိစ္စ အနေ ဒုက္ခ အနေ ဝိပရိဏာမ အနေ အနတ္တ အနေနဲ့ မြင်အောင်ရှုလို့မြင်ရင် ဒီတရား လေးပါးပေါ်မှာ နှစ်သက်ဦးမလား မနှစ်သက်တော့ဘူးလား(မနှစ်သက်တော့ပါဘုရား)။

ရှုစိတ်နဲ့ အရှုခံတရား ကွာနေပုံ ဥပမာ။ ။သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ။မတ္ထိမဟဏ္ဍာသပါဠိ နှာ-၉၉ က။ သော၊ ထိုအာကိဉ္စညာယတနသမာပတ်မှာ ရှိတဲ့ စိတ်စေတသိက်တို့ကို ဝိပဿနာရှုရှဲ့ နေသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ တေဟိ ဓမ္မေဟိ၊ ထို အာကိဉ္စညာယတန သမာပတ်မှာရှိတဲ့ စိတ်စေတသိက် တရားတို့မှ။ စိတ္တံ၊ ဝိပဿနာ ရှုနေတဲ့ စိတ်သည်။ ပဋိဝါပေတိ၊ ဖဲခွါ၍ ထွက်လာတော့။ ထွက်လာတယ် လွှန်လာတယ်၊ဒီအပေါ်မှာ သူက စိတ်မရှိတော့ဘူး၊စိတ်မရှိပေတဲ့ သူနဲ့ ခွဲထွက်ဆို ရသလား (မရပါဘုရား)၊ ဥပမာကလေး ပြောဦးမယ် အဲဒီ နေရာမှာ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကျန်းမာရေး မပြည့်စုံဘူးဆိုပါတော့ လူတယောက်နော် (မှန်ပါဘုရား)။

သူမှာ ဘာကြီးနဲ့ နေနေရသလဲဆိုတော့ ကင်ဆာ ရောဂါကြီးနဲ့ ဆိုပါတော့၊ အင်မတန် ဆိုးဝါးတဲ့ ကင်ဆာရောဂါကြီးနဲ့ နေနေရတော့ သူစိတ်ထဲမှာ ဒီကင်ဆာရောဂါကြီးပေါ်မှာ တွယ်တာနေသလား နှစ်သက်နေသလား (မတွယ်တာ

http://www.dhammadownload.com

မနှစ်သက်ပါဘုရား)၊ သူ့စိတ်က ကင်ဆာ ရောဂါနဲ့နေသလား၊ ကင်ဆာရောဂါ ရှိနေတဲ့ ရုပ်တရားနဲ့ သူခွါခွါနေသလား (မခွါပါဘုရား)၊မြင်အောင်ကြည့် ဒီနေရာ ကလေးမှာ။ အဲဒီ ရောဂါနဲ့နေတော့ သူမှာရှိနေတာဘဲ၊ဒါပေတဲ့ ဒီရောဂါဝေဒနာ အပေါ်မှာ သူ့စိတ်ဟာ ရှိကိုမရှိဘူး၊ ဒီရောဂါဝေဒနာက လွတ်ချင်တာသာ ပျောက်ချင်တာသာ ရှိတယ်၊ လွတ်ချင်တဲ့ သဘောသာရှိတာ စိတ်က။ အဲဒီ ရောဂါဝေဒနာ စွဲကပ်နေတဲ့ သဘာဝမှ သူက ခွါခွါ မနေဘူးလား ကွာကွာ မနေ ဘူးလား (ကွာပါတယ်ဘုရား)၊ စဉ်းစားကြည့်နော်၊ အဲဒီလိုဘဲ အနိစ္စ ဒုက္ခ ဝိပရိဏာမ ဖြစ်နေတဲ့ စိတ်စေတသိက်ဆိုတဲ့ တရားတို့မှ ရှုနေတဲ့ ရှုစိတ်ကလေး ဟာ ခွါခွါ ထွက်နေတယ်။

သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတိ။ သော ကုလပုတ္တော၊ ထိုခန္ဓာ လေးပါးကို ဝိပဿနာရှုနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ တေဟိ ဓမ္မေဟိ၊ ထိုအနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တဖြစ်တဲ့ နာမ်ခန္ဓာလေးပါးထဲ မှ။ စိတ္တံ၊ ဝိပဿနာရှုနေတဲ့စိတ်သည်။ ပဋိဝါပေတိ၊ ခွါခွါ၍ထွက်၏။

ခွါလာပြီးတော့ ဒီစိတ် ဘယ်သွားသလဲ ပါဋ္ဌိတော်က ပြောပေးလိမ့်မယ်နော်၊ မင်္ဂကို ဝင်တော့မယ်လို့ဆိုတော့ ပါဋ္ဌိတော် ပြောပေးလိမ့်မယ် ခွါလာလိုက် အားက မပြည့်သေးတော့ ဒီအပေါ်ပြန်ကျလိုက်နဲ့ အားပြည့်လာပြီ ဆိုတော့ သူဘယ်သွားမလဲ၊ အားပြည့်တယ်ဆိုတာ ဣန္ဒေ ညီမျှတာကို ပြောတာ၊ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ၊ ဒီဣန္ဒေငါးမျိုး ညီမျှပုံကိုပြောတယ်၊ ဘုန်းကြီး ပြီးခဲ့တဲ့ အပတ်က ဣန္ဒေငါးမျိုး ညီမျှပုံကို ပြောပေးခဲ့ပြီ၊ အဲဒီ ဣန္ဒေငါးမျိုး ညီမျှတဲ့အခါ ညီညီမျှမျှ ဒီဣန္ဒေငါးမျိုး အလုပ်လုပ်တဲ့အခါကျတော့ ဒီစိတ် ကလေးဟာ အာကိဉ္ဉညာယတနသမာပတ်ကို ရှုနေတဲ့ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုနေတဲ့ ဝိပဿနာရှုစိတ်ကလေးဟာ တခါထဲ သူက အသန်တဓာတ်လို့ ခေါ်တဲ့ အမတဓာတ်ကို သူက ပြေးဝင်တယ်၊ ပြေးဝင်လိုက်တော့ သူဘာဖြစ်သွားသလဲ ဆိုတော့ သူက အသန်တဖြစ်သွားတယ်၊ ပဌမက သန်တ၊ အဲဒီ သန်တက နေပြီး တဖြေးဖြေး အသန်တနဲ့ပေါင်းလိုက်တော့ အဲဒီ သန်တသဘောဟာ ဘာဖြစ် သွားသလဲ အသန်တဖြစ်သွားပြီး စိတ်-စေတသိက်၊ ဒီဘက်က နိဗ္ဗာန်နော် (မှန်ပါဘုရား)။

သော တေဟိ ဓမ္မေဟိ စိတ္တံ ပဋိဝါပေတွာ အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ[၁]။

၁။ မဇ္ဇိမပဏ္ဏာသပါဋ္ဌိ၊ နှာ-၉၉-၁၀၀။ အင်္ဂုတ္တိုရ်ပါဋ္ဌိ၊ ပ-တွဲ၊ နှာ ၄၄၃။ အင်္ဂုတ္တိုရ်ပါဋ္ဌိ၊ တ-တွဲ၊ နှာ-၂၂၂-၃။

http://www.dhammadownload.com

ရှေးကူးပုံကလေးကို ပါဠိတော်ကပြထားတယ်၊ နိဗ္ဗာန်နဲ့ပတ်သက်လို့ ဘာမှ ထွေထွေထူးထူး မဂ်ဖိုလ်ဝင်ဘာနဲ့ပတ်သက်လို့ဘုန်းကြီးတို့ပရိသတ် ဘာမှထွေထွေ ထူးထူး ဒီနေရာမှာဖြစ်နေစရာမရှိဘူး၊ ပါဠိတော်မူအတိုင်းက—

မျက်စိတမှိတ်မှာဖြစ်တဲ့စိတ်ပေါင်း။ ။သော ကုလပုတ္တော၊ ထိုအမျိုးကောင်းသား-အမျိုးကောင်းသမီးသည်။ တေဟိ ဓမ္မေဟိ၊ ထိုစိတ် စေတသိက်ဆိုတဲ့ တရားတို့မှ (အာကိဉ္စညာယတနသမာပတ်ကို ပြောနေတဲ့အတွက် ရုပ်ကိုထည့်မပြောတော့ဘူး)။ စိတ်၊ စိတ်ကို။ ပဋိဝါပေတ္ဝာ၊ ခါခဲ့ပြီးရှိ။ အမတာယ ဓာတုယာ၊ အသင်္ခတဓာတ်လို့ခေါ်တဲ့ သဘောတရားဌ။ စိတ်၊ စိတ်သည်။ ဥပသံဟရတိ၊ ပြေးရှုပူးကပ်၏။ အဲဒီစိတ် ဝင်ပြီးတော့ ပူးကပ်လိုက်တော့ ဘယ်လိုဖြစ်သွားလဲ မေးသွားလား၊ ဒီနေရာမှာ ဘုန်းကြီးတို့ ပရိသတ် သိချင်နေတာက မဂ်ဝင်သွားရင် ဘယ့်နဲ့ဖြစ်ကျန်ရစ်သလဲ၊ ဒါသိချင်နေတာ၊ မဂ်ဆိုတာ စိတ္တုပ္ပါဒ်ကလေးက တချက်ထဲရှိတယ်၊ဘယ်လို ဖြစ်ကျန်ခဲ့တယ် ဆိုတာ ပြောလို့မရဘူး စိတ္တက္ခဏတချက်ထဲရယ်၊ စိတ္တက္ခဏတချက်ဆိုတာ မျက်စိတမှိတ် လျှပ်တပျက်မှာ စိတ္တက္ခဏပေါင်း အချက်ပေါင်း ကုဋေတသိန်း ရှိတယ်၊ မျက်စိကလေးတခါမှိတ်လိုက် လျှပ်စီးတခါလက်လိုက်၊အဲဒီအချိန်ကာလ အတောအတွင်းကလေးမှာ စိတ္တက္ခဏအချက်ပေါင်း မည်မျှရှိသလဲ (ကုဋေတသိန်း ရှိပါတယ်ဘုရား)။ ။

အဲဒီလို မဂ်စိတ္တုပ္ပါဒ်က တချက်ကလေးရှိတယ်၊ဘယ်လိုဖြစ်ရဦးမလဲ၊ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ၊ မြတ်စွာဘုရား သာသနာတော်ကြီးနဲ့ တွေ့ကြုံနေတဲ့အခါကာလမှာ မြတ်စွာဘုရား ကိုယ်တော်တိုင်က ပါဠိတော်မှာဟောထားတဲ့ တရားတွေကိုသာလျှင် ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများက အားကိုးအားထား ပြုကြစမ်းပါ၊ သူပြောငါပြောတွေကို ယုံယုံပြီးတော့ မနေစမ်းပါနဲ့ ဆိုလိုတဲ့အဓိပ္ပါယ်။ဟုတ်လား(မှန်ပါဘုရား)။ ဒီတော့ မဂ်လို့ဆိုတဲ့သဘောက ကိလေသာကိုပယ်ဖြတ်တဲ့သဘော၊ စိတ္တုပ္ပါဒ်က ဘယ်လောက်များသလဲ တချက်ဘဲ ရှိတယ်နော်(မှန်ပါဘုရား)၊ အဲဒီ စိတ္တုပ္ပါဒ်တချက်က ကိလေသာတွေကို ပယ်ဖြတ်ဘို့နဲ့ ပြေးဝင်ဘို့အတွက် ခုနက ဣန္ဒြေငါးမျိုးက ညီမျှဖြစ်မှ အားကောင်းမှ၊ တခုခုက လျော့နဲ့နေရင် ဘယ်လိုလဲ ဝင်ပါဦးမလား(မဝင်နိုင်တော့ပါဘုရား)။ မဂ်ကို သူမသက်ဝင်နိုင်တော့ဘူး။

မဂ်ဝင်ရာ၌သိမှတ်ဖွယ်။ ။အညိုအမျှ ဣန္ဒြေငါးခု ညီမျှတယ်ဆိုတာ အရာဝတ္ထုတခုခုကို လူငါးယောက် ဝိုင်းမမှ ဒီအရာဝတ္ထုက ကြမယ် မမယ်ဆိုရင် ငါးယောက်စလုံး ညီညီညွတ်ညွတ်မမှတဲ့ဒီအရာဝတ္ထုကြမှာ၊ လေးယောက်က မ-ပြီးတော့ တယောက်က မ-မ-ရင် ကြပါဦးတော့မလား (မကြပါဘုရား)၊ လေးယောက်ကတော့ သူအားရှိသရွေ့ အားရှိပါးရှိ မ-တယ်၊

http://www.dhammadownload.com

ဟိုတယောက်ကတော့ သူက မ-ချင်ယောင် ဆောင်နေတယ်၊ မ-တော့ မ-တယ် သူက သိပ်ပြီး အားပြည့်စုံအောင် ထည့်မပေးဘူးဆိုရင် ဒီအရာဝတ္ထု ကြွပါဦး တော့မလား (မကြွတော့ပါဘုရား)၊ အဲဒီဥပမာမျိုးလိုဘဲ မဂ်ဖိုလ် ဝင်သွားတယ် ဆိုတာ ဇာန်ဌေငါးမျိုးတို့ ညီညွတ်သွားတဲ့အခါမှာ အဲဒီ ဝိပဿနာရှုနေတဲ့ ရှစိတ် ကလေးဟာ သန်တသဘောတရားမှ လွန်ပြီးတော့ အသန်တ သဘောတရားသို့ ပြေးဝင်သွားလိုက်တာဘဲ ပါဠိတော်က ဒီလို ပြတယ်နော် (မှန်ပါဘုရား)၊ အဲဒီလို ပြေးဝင်သွားတဲ့အခါ ဘယ်လိုဖြစ်သွားသလဲဘုရားလို့ မေးစရာမရှိဘူး လား (ရှိပါတယ်ဘုရား)၊ မြတ်စွာဘုရားက ဟောထားတယ်–

တေ သန္တ် တေ ပဏီတ် ယဒိဒ် သဗ္ဗသခ်ါရသမထော သဗ္ဗူပဓိပဋ္ဌိ-
နိဿဂ္ဂေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနန္တိ။

တေ၊ ဤသဘောတရားသည်။ သန္တံ၊ ငြိမ်သက်လှပါ၏။ (ဖြစ်သွားပုံကလေး က) ပဏီတံ၊ မွန်မြတ်လှပါပေ၏။ ဒါဘဲဖြစ်တယ်။ဟုတ်လား ဘုန်းကြီးတို့ပရိသတ်၊ ဒီပြင် ဘာဖြစ်ချင်သေးသလဲ (ဘာမှမဖြစ်ချင်ပါဘုရား)၊ (ကြိုးကြီးတချောင်း ကို ဆွဲဖြတ်လိုက်သလို ဟုတ်လား၊ မြက်ပင်လေးတခုကို ကိုင်ပြီး ဆွဲနုတ်လိုက်တဲ့ အခါ အမြစ်တွေ ဖွားကနဲ ကျတ်ထွက်သွားသလို ဒီလိုချည်းများ ဂုဏ်စိတ်ထဲမှာ ထင်နေရဦးမှာလား (မထင်ရပါဘုရား)၊ ပါဠိတော်မှာ မရှိဘူး၊ အဲဒီလို ထင်နေ တာကို ဟုတ်လား၊ သန္တိသဘောဘဲ၊ ဉာဏ်ထဲမှာ ထင်လာတယ် ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ ကိလေသာတွေ အမြစ်ကကျတ် ထွက်တယ်လို့ ထင်ချင်ထင်နေသေးတယ်၊ ဝိစိကိစ္ဆာဝင်ပုံက ဟုတ်လား (မှန်ပါ ဘုရား)။ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီလိုဝိပဿနာဉာဏ်က နေပြီးတော့ မဂ်ဉာဏ်ကိုကူးလာလို့ မိမိဝိပဿနာရှုစိတ်ဟာ နိဗ္ဗာန်ကိုအာရုံပြုလိုက် တဲ့အခါ ဟုတ်လား(မှန်ပါဘုရား)၊ ရှစိတ်နဲ့အရှုခံတရားတွေက လွတ်လာပြီးတော့ ဟောဒီ အသန်တဓာတ်ကို ပြေးဝင်လာတဲ့အခါမှာ ဘယ်လိုဖြစ်သလဲဆိုတော့ ဖြစ်ပုံကို မြတ်စွာဘုရား ပြထားတယ်။ ပြပုံကလေးကို ဘုန်းကြီးပြောပြီးပြီ၊ ပါဠိတော်မူနဲ့။ ဘာဖြစ်လို့ ဒီလို ငြိမ်သက်ရသလဲ၊ ဘာဖြစ်လို့ ဒီလို အေးချမ်း နေရသလဲဆိုတော့။

ယဒိဒ်၊ ငြိမ်သက်ခြင်းရဲ့အကြောင်းကား။သဗ္ဗသခ်ါရသမထော၊သခ်ါရတရား အားလုံးက အလုပ်မလုပ်ဘဲနဲ့ ရပ်နေတော့၏။ သဗ္ဗသခ်ါရသမထ၊ သခ်ါရတရား အားလုံးက ဘယ်သူလဲ စောစောပိုင်းက ဘုန်းကြီးပြောခဲ့ပြီလေ၊ ဝေဒနာ သညာ သခ်ါရ ဝိညာဏ်၊ အဲဒီ နာမ်ခန္ဓာလေးလုံးထဲက ဝေဒနာက ခံစားတဲ့အလုပ်လုပ် သေးလား(မလုပ်တော့ပါဘုရား)၊ သညာကကောမှတ်သားတဲ့ အလုပ် လုပ်သေး လား (မလုပ်တော့ပါဘုရား)။ ဟိုဘက်က စေတသိက်တွေကလဲ ခံစားလို့ဖြစ်

http://www.dhammadownload.com

အောင် မှတ်သားလို့ဖြစ်အောင် ဝိုင်းပြီး အလုပ် လုပ်ကြသေးလား (မလုပ်တော့ ပါဘုရား)။ ဒီတော့ ဒီသခ်ါရတရားတွေဟာ ငြိမ်မနေကြဘူးလား (ငြိမ်နေပါ တယ်ဘုရား)။ သမ္မသခ်ါရသမထ၊ အဲသလို ငြိမ်သက်နေသည် ဖြစ်သောကြောင့် အေးသွားတာ ဟုတ်လား (မှန်ပါဘုရား)၊ မီးပူကြီး အေးသလို အေးသွားတာ မဟုတ်ဘူး။

မဂ်ဝင်ရာဌ် ဥပမာပြချက်။ ။မဂ်ကို ဝင်တယ်ဆိုတာ-နေပူထဲက လာပြီးတော့ အရိပ်ထဲဝင်ပြီး အေးတဲ့ အအေးမျိုးမဟုတ်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ ဘယ်လို ဖြစ်သွားသလဲဆိုတော့ ဘာမှ အလုပ်မလုပ် ကြတော့တဲ့အတွက် အေးသွားတာဘဲ-ဟုတ်လား (မှန်ပါဘုရား)၊ဥပမာပုံ ဆိုကြ ပါစို့ရဲ့ -ဟိုအနားမှာ လူတစုက အင်မတန် ဆူဆူပူပူနဲ့ သူငါရိုက်-ငါသူရိုက်နဲ့ ထိုးကြ ခုတ်ကြနဲ့ အဲဒီလို အမျိုးမျိုးတွေ ဆူပူ သောင်းကျန်း နေကြတယ်နော် (မှန်ပါဘုရား)၊ အဲဒီ လူတွေ တယောက်နဲ့တယောက် မဆူမပူကြတော့ဘဲ-ငြိမ် သွားတယ်ဆိုရင် အေးမသွားဘူးလား (အေးသွားပါတယ်ဘုရား) အဲဒါ ရေ အေးသလို အေးတာလား (မဟုတ်ပါဘုရား)၊ လေအေးသလို အေးတာလား၊ (မဟုတ်ပါဘုရား)၊နေပူထဲက လာပြီး အရိပ်ထဲ ဝင်လာလို့ အေးတဲ့ အအေးမျိုး လား (မဟုတ်ပါဘုရား)။

ဆူပူသောင်းကျန်းမှုတွေ ငြိမ်သွားလို့ အေးသွားတာ၊ သူပုန်သူကန်တွေ အင်မတန် ဆူပူသောင်းကျန်းပြီးတော့ နေ့ မအိပ်ရ ည မအိပ်ရ အမျိုးမျိုး တကတဲ့ သောင်းကျန်းပြီးတော့ အမျိုးမျိုး စိုးရိမ်နေရ၊ အမျိုးမျိုး ကြောက် နေရ၊ ဒီလိုနေရာမျိုးမှာ အဲဒီ သူပုန်တွေ မဆူမပူတော့ဘူး၊ ငြိမ်သွားပြီ ဆိုတော့ အဲဒီ ကြောက်လန့် စိုးရိမ်မှုတွေ ရှိသေးသလား (မရှိတော့ပါဘုရား)၊ အဲဒါ ဘယ်လိုခေါ်လဲ (အေးသွားပြီလို့ ခေါ်ပါတယ်ဘုရား)။/အဲဒီ စကားက ဆောင်းတွင်းကြီး မေးတဲ့စကား၊ ဆောင်းတွင်းကြီးမှာ နှင်းတွေ အင်မတန် ကျပြီးတော့ ခုလို ဆောင်းတွင်း ရာသီကြီးမှာ မင်းတို့ဆီ အေးရဲ့လားလို့မေးတဲ့ စကားဟာ လေအေးသလို အေးတာကို မေးတဲ့စကားလား-ဆောင်းအေး သလို အေးတာကို မေးတဲ့ စကားလား (မဟုတ်ပါဘုရား)၊ဆောင်းတွင်းကြီးမှာ ည့ှေသည်တယောက် ရောက်လာရင် မင်းတို့ဆီမှာ အေးရဲ့လားလို့ မေးတာ ဟာ-ဆောင်းတွင်းမှာ အေးတဲ့ အအေးမျိုးကို မေးတာလား၊ ဆူဆူပူပူမရှိလို့ ငြိမ်သက်နေတဲ့ အအေးမျိုးကို မေးတာလား (ဆူပူသူမရှိတဲ့ အအေးမျိုးကို မေးတာပါဘုရား)။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အေး သလားလို့ မေးတဲ့ မေးခွန်းဟာ-ဆောင်းတွင်းမှာ အေးလို့ ချမ်းလို့ ရေတွေ ခဲလို့ အေးတဲ့ အအေးမျိုး မေးထာလား၊ သို့မဟုတ် ငြိမ်သက်မှုကို မေးတာ

http://www.dhammadownload.com

လား၊ (ငြိမ်သက်မှုကို မေးတာပါဘုရား)၊ အဲဒီ ကိလေသာတွေ ငြိမ်းတယ်၊ အေးတယ်၊ နိဗ္ဗာန်ကို ရောက်သွားတယ်ဆိုတာ ဆောင်းတွင်း အေးတဲ့ အအေး မျိုးမေးတာ မဟုတ်ဘူး၊ လေတိုက်တဲ့ အအေးမျိုး မေးတာမဟုတ်ဘူး၊ နေပူ ကြီးထဲကလာလို့ အရိပ်ကို ဝင်ပြီး နားလိုက်တဲ့အခါ အေးတဲ့ အအေးမျိုးမဟုတ် ဘူး။ နိဗ္ဗာန်ဆိုတာ - ဟုတ်လား (မှန်ပါဘုရား)။

ခုနက ဆူပူသောင်းကျန်းမှုတွေ ငြိမ်သွားလို့ အေးသွားတာကို သဗ္ဗသခ်ိရ သမထော-လို့ ခေါ်တယ်၊ နော် (မှန်ပါဘုရား) သဗ္ဗသခ်ိရ သမထော-အလုံးစုံ သော သခ်ိရတရားတွေ ငြိမ်း၏ အေး၏။

သမ္မူပဓိပဒ္ဓိနိဿဂ္ဂါ-အလုံးစုံသော ဥပဓိတရားတွေကို စွန့်လွှတ်သွားပြီတဲ့၊ ဥပဓိတရားဆိုတာ ပြီးခဲ့တဲ့အပတ်က ဘုန်းကြီး ဟောပေးခဲ့ပြီ၊ ကာမူပဓိ, ခန္ဓ-ပဓိ, ကိလေသူပဓိ,သခ်ိရူပဓိ-တို့ ဥပဓိလေးပါး။

ဒုစ္စရိတူပဓိ-စတဲ့ စူဠနိဒ္ဒေသက ဥပဓိ(၁၀)မျိုးကိုလဲ ဘုန်းကြီးဟောပေးခဲ့ပြီ၊ အဲဒီဥပဓိအားလုံးကလဲ လွှတ်သွားပြီတဲ့၊ ဒါကြောင့် အေးတာတဲ့၊ ဒီဥပဓိရှိနေတဲ့ အတွက် မအေးတာနော် (မှန်ပါဘုရား)၊ ဒီတော့ ဒီဥပဓိထဲက လွှတ်သွားတော့ အဲဒီ ဥပဓိတွေက ဘာနဲ့တူသလဲဆိုတော့ သူပုန်တွေနဲ့တူတယ်၊ ဟုတ်လား၊ ဓား ပြတွေနဲ့ တူတယ်၊ သူပုန် ဓားပြတွေက လွှတ်သွားတော့ ဘယ်လိုလဲ၊ (အေး သွားပါတယ်ဘုရား)။ အဲဒီလိုဘဲ ဥပဓိတရားတွေက လွှတ်သွားတယ်ဆိုတဲ့ နိဗ္ဗာန် အေးသွားတယ်ဆိုတဲ့ ဥစ္စာဟာ လေအေးသလို မဟုတ်ပါဘူးတဲ့ - ရေအေးသလို နေပူထဲက နေရိပ်ထဲရောက်တဲ့ အအေးလို မဟုတ်ပါဘူးတဲ့၊ အဲဒီတရားတွေက လွှတ်သွားလို့ တရားတွေက လွှတ်သွားလို့ အေးသွားတာပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)။

ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်ဆက်ပုံ။ ။သမ္မူပဓိပဒ္ဓိနိဿဂ္ဂါ-ဘာဖြစ်လို့ အဲဒီ ဥပဓိတရားတွေက လွှတ်သွားသလဲဆို တော့ တဏှာကွယော-တဏှာ ကုန်သွားလို့တဲ့၊ စွဲလမ်းမှု-နှစ်သက်မှုတွေ ကုန်သွားလို့ ဝိရာဂေါ၊ စိတ်စေတသိက်ဆိုတဲ့ တရားတွေအပေါ်မှာ တပ်မက်နေတဲ့ စိတ် ကင်း သွားလို့၊ ဘာပြုလို့ တပ်နှစ်သက်ခြင်း ကင်းသလဲ၊ အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တ မြင်တဲ့အတွက် ဟုတ်လား၊ ဒါ ဝိပဿနာဉာဏ်နဲ့-မဂ်ဉာဏ် ဆက်ပုံကလေးတွေ-နော် (မှန်ပါဘုရား)၊ ဒီတော့ အဲဒီလို တပ်နှစ်သက်ခြင်းကင်းတော့ နိရောဓော

http://www.dhammadownload.com

နိဗ္ဗာန်။ နိဏောဓေ၊ငြိမ်းခြင်းသည်။ နိဗ္ဗာန်-နိဗ္ဗာန်။ အဲဒါ နိဗ္ဗာန်ပါဘဲတဲ့-မြတ်စွာဘုရားက ဒီလိုပြတယ်၊ ဒီတော့ နိဗ္ဗာန်အာရုံပြုတယ်ဆိုတာ ဒီသဘောကို အာရုံပြုတာကို ပြောတာ၊ ဟုတ်လား (မှန်ပါဘုရား)။

နိဗ္ဗာန်ရောက်သွားတယ်ဆိုတာ ဘယ်လိုရောက်သွားသလဲလို့ သူမေးလိမ့်မယ်၊ ဒီတော့ ဒီအထဲမှာ ဘာပါနေသလဲဆိုတော့ "ကာမေ ပဟာယ ဝိရတော ကထာဟိ" လို့ ညက ပြောခဲ့တယ်၊ ကာမဂုဏ်တွေကို ပယ်စွန့်ပါလို့ မြတ်စွာဘုရား ပြောတဲ့အထဲမှာ မပါဘူးလား(ပါပါတယ်ဘုရား)သဗ္ဗူပဓိပဋိနိဿဂ္ဂေါဆိုတော့- ကာမူပဓိ ပါမသွားဘူးလား(ပါသွားပါတယ်ဘုရား)၊ ကာမေ ပဟာယလို့ ဆိုတဲ့ စကား ပါသွားပြီးဖြစ်သောကြောင့် မြတ်စွာဘုရား၏ အဖြေထဲမှာ ကာမဂုဏ်ကို ပယ်ရမယ်ဆိုတဲ့စကားဟာ ပါသွားပြီးဖြစ်သောကြောင့် ဥပသီဝရသေ့က စဉ်းစားတယ်၊ သူကိုယ်တိုင်က ဈာနလာဘီပုဂ္ဂိုလ်ဖြစ်သောကြောင့် သူက ကာမဂုဏ်ကို ပယ်ပြီးသား ပုဂ္ဂိုလ် မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဒီတော့ ဒီကာမဂုဏ်တွေကို ပယ်စွန့်ပြီးတော့ အာကိဉ္စညာယတနသမာပတ်ကို ရှုနေတဲ့ ပုဂ္ဂိုလ် အာကိဉ္စညာယတနဘုံကိုဘဲ ရောက်လိမ့်မယ်လို့ သူကိုယ်သူ ထင်နေတယ် နော် (မှန်ပါဘုရား)၊ အဲဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ပုစ္ဆာ ဆက်ပြီးတော့ မေးတယ်။

သဗ္ဗေသု ကာမေသု ယော ဝိတရာဂေါ၊
အာကိဉ္စညံ နိဿိတော ဟိတ္ဝာ မညံ။
သညာဝိမောက္ခေ ပရမေ ဓိမုတ္တော၊
တိဋ္ဌေ နု သော တတ္ထ အနာနုယာယီ။

ဒုတိယအမေးဂါထာကို မေးချင်လို့ ခုနက အဓိပ္ပါယ်တွေကို စကားပျိုးပြီး ဆက်လာခဲ့တာ၊ စာပေနယ်က ဝိပဿနာတရားကို ဟောတယ်ဆိုတာ ဒီအတိုင်းဘဲ သွားရမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား- အမျိုးကောင်းသမီးများ နော် (မှန်ပါဘုရား)၊ ကိုယ်ပြောချင်တိုင်း ပြောလို့ မဖြစ်ဘူး။ ဒီဝိဿနာတရားက စာပေနယ်ကနေ ဟောနေတော့ သူက စည်းနဲ့ ကမ်းနဲ့ ပြေးနေရတယ်၊ စည်းကမ်းတွေ ဘေးက ထိန်းပေးထားတာ ရှိတယ်၊ ဘေးကိုကားပြီး ထွက်မသွားရအောင်နော် (မှန်ပါဘုရား)၊ ဘာပြောထားလဲ သူ—မြတ်စွာဘုရား ဟောတဲ့ ပါဠိတော်ထဲမှာ – ကာမေ ပဟာယဆိုတဲ့ စကားလုံးပါတယ်၊ နော် (မှန်ပါဘုရား)၊ ညက ဘုန်းကြီးရွတ်ခဲ့ပြီးပြီ၊ ကာမေ ပဟာယ ဝိရတော ကထာဟိ။ ကာမေ၊ ဝတ္ထုကာမ,ကိလေသကာမတို့ကို။ ပဟာယ၊ ပယ်စွန့်ပြီးရှု။

http://www.dhammadownload.com

ကထာဟိ၊ မဂ်ဟုတ်လေသလား-မဟုတ်လေလားဟု တွေးတောယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာသဘောတရားတို့မှု။ ဝိရတော၊ ကင်းသည်။ ဟုတ္တာ၊ ဖြစ်၍။ ညက မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ်ဘုရား)။

ကာမဂုဏ်ကို ဝိကွမ္ဘနပဟာန်ဖြင့် ပယ်ပုံ။ ။အဲဒီ ကာမေ ပဟာယ စကားလုံးတွေ ပါလာတဲ့အတွက် ဥပသိဝရသေ့က ငါက ကာမဂုဏ်ကို ပယ်ပြီးသားပဲဂို့လဲ၊ မပယ်ရသေးဘူးလား (သူ ပယ်ပြီးပါပြီဘုရား)၊ ဘာနဲ့ ပယ်ထားသလဲ၊ ဈာန်တွေနဲ့ ပယ်ထားတယ်၊ ဝိကွမ္ဘနပဟာန်လို့ ခေါ်တယ်၊ သူက အာကိဉ္စညာယတနသမာပတ် ရနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကာမဂုဏ်တွေ ပယ်မထားဘူးလား၊ (ပယ်ထားပါတယ်ဘုရား)၊ ဒီကာမဂုဏ်တွေကို ငါ ပယ်ပြီးသား၊ မြတ်စွာဘုရားက ကာမေ ပဟာယလို့ ဟောလိုက်တယ်၊ ကာမဂုဏ်ကို ပယ်ရုံပယ်ပြီးတော့ အာကိဉ္စညာယတနသမာပတ်နဲ့ ရှုပြီးတော့ ကူးရမယ်တဲ့ မြတ်စွာဘုရားက ဟောတယ်၊ ဒီတော့ ကာမဂုဏ်တွေကို ပယ်ပြီးတော့ ငါ အာကိဉ္စညာယတနသမာပတ်မှာ ပွါးပြီးတော့ ရှုနေမယ်ဆိုရင် သေသွားရင် ငါ အာကိဉ္စညာယတနဘုံကို ရောက်မယ် မဟုတ်လား ဒါ မေးတာ။ ဒါ မေးချင်လို့ မြတ်စွာဘုရားကို သူက ကာမေ ပဟာယ ဟူသော စကားလေးကို ထောက်ပြီးတော့—

ဘန္တေ၊ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ယော၊ အကြင်သူသည်။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဝီတရာဂေါ၊ တပ်နှစ်သက်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်လေတော့၏။ အညံ၊ အာကိဉ္စညာယတနသမာပတ်မှ တပါးသော အောက်ကဖြစ်ခဲ့တဲ့ ဈာန်သမာပတ်တွေကို။ ပဟာယ၊ ပယ်စွန့်ပြီး၍။ အာကိဉ္စညံ၊ အာကိဉ္စညာယတနသမာပတ်ကို။ နိဿိတော၊ မှီ၍ ပွါးများအားထုတ်၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

သညာဝိမောက္ခေ ပရမေ ဓိမုတ္တော၊ စာပေနယ်မှာ ဘယ်လို ဖြစ်နေသလဲ ဆိုတော့—

ရှေးက မင်းတုန်းမင်းတရားကြီး ကျောက်ထက်အက္ခရာမှုမှာ သညာဝိမောက္ခေ ပရမေ ဓိမုတ္တောလို့ ရှိတယ်၊ ဓအောက်ခြိုက်နဲ့။ စူဠနိဒ္ဒေသပါဠိတော်မှာလဲ ဓိမုတ္တောဘဲ ရှိတယ်၊ အဲဒါ–ဆဋ္ဌသင်္ဂါယနာတင်တုန်းက ပြင်ချက်လုပ်ပြီးတော့ ထားလိုက်တယ်၊ ဝိမုတ္တောတဲ့။ ဓအောက်ခြိုက်နဲ့ ဝန့် ပြင်လိုက်တယ်၊ အဲဒါ ဘယ်လို ထူးခြားချက်ရှိသလဲဆိုတော့ ဘုန်းကြီးတို့ ပရိသတ်ကို ပြောနေမယ်ဆိုရင် ရှည်လျားနေမယ်၊ ဒါနဲ့ ဘုန်းကြီးတို့ပရိသတ်နဲ့ မဆိုင်ဘူး၊ စာပေနယ်နဲ့သာ ဆိုင်တယ်နော် (မှန်ပါဘုရား)၊ ကဲ ဒါ ရှိပါစေတော့။

http://www.dhammadownload.com

အာကိဉ္စညာယတနသမာပတ် အမြတ်ဆုံးဆိုခြင်း။ ။သညာဝိမောက္ခ ပရမေ ဓိမုတ္တော။ ဘုန်းကြီးကြိုက်တာတော့ – ဒီ ပါဠိကိုဘဲ ကြိုက်တယ်၊ ပရမေ၊ အလွန်တရာ မြတ်လှစွာသော သမာပတ်တွေထဲမှာ နိဒ္ဒေသမာပတ်ကို ချန်ထား၊ ကျန်တဲ့သမာပတ် ခုနစ်မျိုးထဲမှာ အာကိဉ္စညာယတနသမာပတ်ဟာ အမြတ်ဆုံးဘဲ၊ ဘယ့်နှယ် သူ့ထက်ကြီးတဲ့ နေဝသညာနာသညာယတနက မမြတ်ပါကလားလို့ ဆိုတော့ သူက ရပ်ပြစ်ရှစ်ပါးထဲ ပါသွားသည် ဖြစ်သောကြောင့် သူ့ကို မြတ်တယ်လို့ ပြောလို့ မဖြစ်ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ပရမေ၊ တပါးသော သမာပတ်တို့ထက် မြတ်လှစွာသော။ သညာဝိမောက္ခ၊ အာကိဉ္စညာယတနသမာပတ်လို့ ဆိုတဲ့ ဝိမောက္ခဘုရား၌။ ဓိမုတ္တော၊ နှလုံးသွင်း၍ နေ၏။ တနည်း ဝိမုတ္တော၊ (ဆဋ္ဌမူအတိုင်းဆိုရင်) အာရုံပြုသောအားဖြင့် တပါးသော သမာပတ်တို့မှ လွတ်မြောက်၍ နေပေတော့၏။

သော၊ ထိုအာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်း၍နေသော ပုဂ္ဂိုလ်သည်၊ ကာမဂုဏ်တွေကိုပယ် အောက်သမာပတ်တွေကို ပယ်စွန့်ပြီးတော့ အာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်သည်။တတ္ထ၊ထိုအာကိဉ္စညာယတနဘုံဘဝသို့။အနာနုယာယိ၊ဆောက်သွားသည်ဖြစ်၍။ တိဋ္ဌေ နု၊ တည်၍နေသည်မဟုတ်ပါလား ဘုရား၊ ဒါကို မေးလိုက်တယ်၊ ဘုန်းကြီးပြန်ပြီး အဓိပ္ပါယ် ပြောပေးမယ်၊ မြတ်စွာဘုရားက ကာမေ ပဟာယ ဝိရတော ကထာဟိ၊ ကာမဂုဏ်ကို ပယ်လို့ ဟောလိုက်တဲ့ အတွက် သူက ကာမဂုဏ်ပယ်ပြီးသားပုဂ္ဂိုလ် ဖြစ်နေသောကြောင့်။

အရှင်ဘုရား အဲဒီ-ကာမဂုဏ်ကို ပယ်ပြီးတော့ အောက်သမာပတ်တွေကို လဲဘဲ အခြားသမာပတ်တွေကိုလဲဘဲ ပယ်စွန့်ပြီးတော့ အာကိဉ္စညာယတနသမာပတ်ကို အရှင်ဘုရား ပြောခဲ့တဲ့ အတိုင်း ပွါးများအားထုတ် နေမယ် ဆိုရင် ဒီ-ပုဂ္ဂိုလ်ဟာ အာကိဉ္စညာယတနဘုံကို ဆောက်သွားတယ် မဟုတ်လားတဲ့ ဒီလိုမေးတယ်၊ အဓိပ္ပါယ် ဒါဘဲ။ အခြား အထူးဖွင့်ဆိုပြီးတော့ ပြောစရာလဲ မရှိဘူး နော် (မှန်ပါဘုရား)။

ဒီတော့ မြတ်စွာဘုရားက ဘယ့်နှယ်ပြန်ဖြေလိုက်သလဲ ခုမေးတဲ့ မေးခွန်းနားလည်ပြီ မဟုတ်လား (နားလည်ပါပြီဘုရား)၊ အာကိဉ္စညာယတနသမာပတ်ကို မှီပြီးတော့ ဝိပဿနာရှုနေရင် သူအာကိဉ္စညာယတနသမာပတ်နဲ့ဘဲ သူ အာကိဉ္စညာယတနဘုံဟာ့ဘုံ ဆောက်သွားမယ် မဟုတ်လားလို့ မေးတာ၊ နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားက ဟုတ်တယ် ဆောက်သွားတယ် ဒီလိုဘဲ ဖြေလိုက်တယ်။ ပါဠိလိုချင်သေးရင်တော့ ခုန ပါဠိအတိုင်းဘဲ၊ တိဋ္ဌေ နု သော နဲ့-တိဋ္ဌေယျ-

http://www.dhammadownload.com

သော ဒါဘဲကွာတယ်။ သော၊ ထိုသူသည်။ တတ္ထ၊ ထို အာကိဉ္စညာယတနဘုံသို့ ရောက်သည် ဖြစ်၍။ တိဋ္ဌေယျ၊ တည်ရာ၏။ ဟုတ်တယ် ရောက်သွားတယ် အာကိဉ္စညာယတနဘုံ။ ဒီတော့ ရှေသွားမယ် အာကိဉ္စညာယတနဘုံကို ရောက်သွားရင် သူက ဘာဆက်မေးသလဲ—

> တိဋ္ဌေ စေ သော တတ္ထ အနာနုယာယီ၊
> ပူဂမ္မိ ဝဿာနိ သမန္တစက္ခု။
> တတ္ထေဝ သော သီတိ သိယာ ဝိမုတ္တော၊
> စဝေထ ဝိညာဏံ တထာဝိဓဿ။

ဒီဋ္ဌ ၂-ပါးဝင်လာပုံ။ ။အဲဒီ မေးခွန်းထဲမှာ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိဝင်လာတယ်၊ မြတ်စွာဘုရားက ဘယ်နဲ့ဖြေသလဲ– ခုန အာကိဉ္စညာယတနသမာပတ်ကို မှီပြီးတော့ ဝိပဿနာ ရှုသွားတဲ့ပုဂ္ဂိုလ်ဟာ အာကိဉ္စညာယတနဘုံကို ရောက်တယ်လို့ ဟောသလား မရောက်ဘူးလို့ ဟောသလား (ရောက်တယ်လို့ ဟောထားပါတယ်ဘုရား)၊ ဒီတော့ ရောက်ရင် သူက ဆက်မေးတယ်။

သမန္တစက္ခု၊ သမ္မညုတညာဏ်ကို ရတော်မူပေသော မြတ်စွာဘုရား။ (သမန္တစက္ခုတို့ သမ္မညုတညာဏ် ဝုစ္စတိလို့ စူဠနိဒ္ဒေသပါဠိတော်က ပြောပေးထားတယ်၊ ဒါကြောင့် သမ္မညုတညာဏ်လို့ အနက်ပေးလိုက်တာ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်တို့ကလဲ ပြောပါတယ်) သော၊ ထိုအာကိဉ္စညာယတနသမာပတ်ကို ဝိပဿနာဖျံ့၍ နေသောသူသည်။ တတ္ထ၊ ထိုအာကိဉ္စညာယတနဘုံသို့။ အနာနုယာယီ၊ ရောက်သွားသည်ဖြစ်၍။ ပူဂမ္မိ ဝဿာနံ၊ များစွာသော နှစ်အရေအတွက်တို့ ကာလပတ်လုံး။ စေ တိဋ္ဌေ၊ အကယ်၍ တည်နေသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ အာကိဉ္စညာယတနဘုံသို့ ရောက်သည်ဖြစ်၍ များစွာသော နှစ်အရေအတွက်တို့ကာလပတ်လုံး တည်နေသည်ရှိသော်။ သော၊ ထိုအာကိဉ္စညာယတနဘုံသို့ ရောက်သွားသောသူသည်။ တတ္ထေဝ၊ ထိုအာကိဉ္စညာယတနဘုံ၌သာလျှင်။ ဝိမုတ္တော၊ ဆင်းရဲဒုက္ခအားလုံးတို့မှ လွတ်မြောက်သည်ဖြစ်၍။ သီတိ၊ ငြိမ်းအေးခြင်းသို့ ရောက်သည်။ သိယာ၊ ဖြစ်ရာလေသလော။ (အဲဒါ သဿတဒိဋ္ဌိကို ပြတယ်) ဥဒါဟု၊ ထိုသို့မဟုတ်။ တထာဝိဓဿ။ ထိုသို့သဘောရှိသောသူ၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ စဝေထ၊ ရွေ့လျော့ပြတ်စဲပါသေးသလော။ ဣတိ၊ ဤသို့။ အာယသ္မာ ဥပသီဝေါ၊ အရှင်ဥပသီဝသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်းခိုးဂုဏ်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ ပုစ္ဆိ၊ ခက်ခဲ နက်နဲတဲ့ အမေးပုစ္ဆာ ပြဿနာကို မေးမြန်းလျှောက်ထားပါပေတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

အာကိဉ္စညာယတနဘုံသက်တမ်း။ ။ဘာမေးထားသလဲ ဘုန်းကြီးတို့ ပရိသတ် အရှင်ဘုရားတဲ့ ဝိပဿနာရှုလို့ အာကိဉ္စ-ညာယတနဘုံရောက်သွားရင် ဒီအာကိဉ္စညာယတနဘုံမှာ မျှားစွာသော နှစ်တို့ ကာလပတ်လုံးလို့ ဆိုတော့ ဘယ်လောက် ကြာသလဲ၊ ကမ္ဘာကြီး ပေါင်း ခြောက်သောင်း (၆၀,၀၀၀) ကြာတယ်၊ နော် (မှန်ပါဘုရား)၊ တကမ္ဘာ တကမ္ဘာ ဘယ်လောက် ကြာသလဲ ဆိုတာကို ရေတွက် နေမယ် ဆိုရင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကြာနေမယ်၊ ရှိပေစေတော့၊ ကမ္ဘာကြီးပေါင်း ခြောက်သောင်းကြာတယ် အာကိဉ္စညာယ-တနဘုံရောက်တဲ့ ပုဂ္ဂိုလ်ဟာ။ အဲဒီ-ကမ္ဘာကြီးပေါင်း ခြောက်သောင်းကြာ အောင် အဲဒီ-အာကိဉ္စညာယတနဘုံကို ဒီလို ဝိပဿနာရှုလို့ ရောက်သွားရင် ရောက်သွားတဲ့ ဝိညာဏ်ကလေးဟာ အလုံးစုံသော ဆင်းရဲဒုက္ခတို့မှ လွတ်ပြီး တော့ အဲဒီမှာဘဲ ဒီ-ဝိညာဏ်ကလေးဟာ ငြိမ်းနေရော့သလားဘုရားဆိုတော့ ဒီကသွားတဲ့ဝိညာဏ် အာကိဉ္စညာယတနဘုံကို ရောက်သွားတယ်ဆိုတော့ ဘာ ဒိဋ္ဌလဲ (သဿတဒိဋ္ဌပါဘုရား)၊ ပါမနေဘူးလား သူ (ပါနေပါတယ်ဘုရား)။

သဿတဒိဋ္ဌအစွန်းကြီးတွေ တထာဝိဓဿ၊ ထိုသို့သဘောရှိသော အာကိဉ္စ-ညာယတနဘုံသို့ ရောက်ရှိသောသူ၏။ ဝိညာဏ်၊ ဝိညာဏ်သည်။ စဝေထ၊ ရွေ့လျော့ပြတ်စဲပါသေးသလော။ (အဲဒီမှာ တခါသေပြီးတော့မှ အဲဒီ-အာကိဉ္စ-ညာယတနဘုံမှာဘဲ နိဗ္ဗာန်ဝင်သွားပါသလားလို့ သူက ဒီလိုမေးတယ်၊ ဒီတော့ ဘာရောက်သွားလဲ၊ ဥစ္ဆေဒဒိဋ္ဌိ နော် (မှန်ပါဘုရား)၊ အဲဒီ-ပါဠိတော်မှာ ဒီ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အစွန်းကြီးနှစ်ခုနှင့် မြတ်စွာဘုရားကို လျှောက်ထား တော့ နိဗ္ဗာန်ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ သဿတလား ဥစ္ဆေဒလားလို့၊ ဒါ မေးနေတာဘဲတဲ့၊ မြတ်စွာဘုရားက နိဗ္ဗာန်ပေါက် ဟောထားတာနော် (မှန်ပါ ဘုရား)။ ဒီတော့ မြတ်စွာဘုရားက ဒီ အစွန်းနှစ်ဘက်မှလွတ်အောင် ဘယ်နဲ့ဖြေ လိုက်သလဲဆိုတော့—

အစ္စီ ယဿ ဝါတဝေဂေန ခိတ္တာ၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ။
ဧဝံ မုနီ နာမကာယာ ဝိမုတ္တော၊
အတ္ထံ ပလေတိ န ဥပေတိ သင်္ခံ။

တချို့ပါဠိတော်က သင်္ခံ-လို့ ခကွေးယပင်းနဲ့ ရှိတယ်၊ ဒါ မကောင်းဘူးတဲ့ သင်္ခံ မှ ကောင်းပါတယ်တဲ့ သင်္ခံ-လို့ ဒီလိုပြင်ထားတယ်။ ဒါ မြတ်စွာဘုရား ဖြေလိုက်တဲ့အဖြေ သိပ်ကောင်းတဲ့အဖြေ အနက်အဓိပ္ပါယ်ကို ကျကျ နန သိရင် အင်မတန်အရသာရှိတဲ့စာ၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီး

http://www.dhammadownload.com

များ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိဖြစ်တယ်ဆိုတာ တရားနာမှုဖြစ်တယ် စာဖတ်မှုဖြစ်တယ် ဘုန်းကြီးတို့ ပရိသတ်နော် (မှန်ပါဘုရား)။ ခု ဘုန်းကြီးတို့ ပရိသတ် ဖြစ်နေတာက ဘယ်လိုဖြစ်နေသလဲဆိုတော့ စာတွေမလိုပါဘူးလို့ ဖြစ်နေတယ်၊ တရားနာစရာမလိုပါဘူးလို့ ဒီလိုဖြစ်နေတယ်၊ တရားသာ အားထုတ်ပါလို့ ဒီလိုချည်းပြောနေကြတယ်၊ ဒီနေရာမှာ ဘုန်းကြီးစကားကလေးတခု ပြောချင်တယ် ပါဠိတော်တခု စိတ်ထဲဝင်လာပြန်တယ် ဘာတဲ့ ရှင်သာရိပုတ္တရာကို ရှင်မဟာကောဋ္ဌိက-က မေးတယ်—

ကတိ ပနာဝုသော ပစ္စယာ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါဟိ။ အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိခေါ်တဲ့ သောတာပတ္တိမဂ်ဉာဏ်ဆိုတဲ့။ ပစ္စယာ၊ ဖြစ်ခြင်းရဲ့အကြောင်း အထောက်အပံ့တို့သည်။ ကတိ၊ အဘယ်မျှရှိပါကုန်သနည်း။

ငါ့ရှင်သာရိပုတ္တရာ သမ္မာဒိဋ္ဌိလို့ ခေါ်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရတဲ့အကြောင်း ဘယ်နှစ်ပါး ရှိပါသလဲလို့ မေးတာနော် (မှန်ပါဘုရား)။ ဒီတော့ ရှင်သာရိပုတ္တရာကဖြေတယ် ဒီခေတ်အလိုတော့ မင်းတို့စာတွေ ဖတ်မနေပါနဲ့ကွာ တရားသွားပြီးမနာနေပါနဲ့ကွာ တရားအားထုတ်ပါလို့ ဒီလိုများဖြေမယ် ထင်သလား မဖြေဘူး၊ ရှင်သာရိပုတ္တရာက ဘယ်လိုဖြေသလဲ။

သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း ၂-ပါး။ ။ဒေ့ ခေါ အာဝုသော ပစ္စယာ သမ္မာ-ဒိဋ္ဌိယာ ဥပ္ပါဒါယ၊ ပရတော စ ဃောသော၊ ယောနိသော စ မနသိကာရော်၊ နှစ်မျိုးဖြေလိုက်တယ် ရှင်သာရိပုတ္တရာက။ အာဝုသော ကောဋ္ဌိက၊ ငါ့ရှင်ကောဋ္ဌိက။ သမ္မာဒိဋ္ဌိယာ၊ သောတာပတ္တိမဂ်ဉာဏ်ခေါ်တဲ့ သမ္မာဒိဋ္ဌိ၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်ရှိလာခြင်းငှါ။ ပစ္စယာ၊ အကြောင်းအထောက်အပံ့တို့သည်။ ဒေ့၊ နှစ်ပါးတို့တည်း။(ဘယ်သူလဲ)ပရတော စ ဃောသော၊ သပ္ပါယဖြစ်တဲ့ သူတပါးတို့ဟောပြတဲ့တရားသံကို နာခံမှတ်သားရခြင်းဟူသောအကြောင်းတခု၊(တရားနာရမယ်)၊ ယောနိသော စ မနသိကာရော၊ သင့်သောအားဖြင့် နှလုံးသွင်းခြင်း၊ အဲဒီ တရားနှစ်ပါးသည် သမ္မာဒိဋ္ဌိဖြစ်ခြင်းရဲ့အကြောင်းဘဲနော် (မှန်ပါဘုရား)။ ပြောဦးမယ် အဋ္ဌကထာဆရာကြီးက ဒီနေရာဖွင့်ပေးထားတယ်။

ရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်ကြီးကို ဘုန်းကြီးတို့ ပရိသတ် သိလား ရှင်သာရိပုတ္တရာဟာ တသခ္ခေါနဲ့ကမ္ဘာတသိန်း ပါရမီဖြည့်လို့ ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်၊ ပါရမီရှိသလား မရှိဘူးလား (ရှိပါတယ်ဘုရား)။ ပါရမီတွေရှိတယ် ဥပတိဿ-ကောလိတ-တို့ ကောလိတ-ဆိုတဲ့ သူသူငယ်ချင်းနဲ့ ပရိသတ်ထဲ ပွဲကြည့်နေရင်း

၁။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၃၆၈။

http://www.dhammadownload.com

ဒီပရိသတ်တွေဟာ အနှစ်တရာအတွင်းမှာ သေကုန်ကြတော့မှာဘဲလို့ သံဝေဂဉာဏ်တွေ ရပြီးသားလား မရသေးဘူးလား (ရနေပါပြီဘုရား)။ ရပြီးသား၊ သေတဲ့တရားရှိရင် မသေတဲ့တရားရှိရမယ် ရှိကောင်းတယ်လို့ဆိုတဲ့ ယုံကြည်ချက် သဒ္ဓါတရားကော ရှိပြီးသားလား မရှိဘူးလား (ရှိပါတယ်ဘုရား)။ ပါရမီလဲရှိပြီးသား ပါရမီလဲရှိတယ် သံဝေဂဉာဏ်တွေလဲရှိတယ် ယုံကြည်ချက်သဒ္ဓါတရားတွေ ရှိပါလျက်သားနဲ့ ဘာပြုလို့ အဲဒီ ဥပတိဿဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရသလဲ တရား မနာရသေးလို့ စာမဖတ်သေးလို့ ဒါဘဲ အဓိပ္ပါယ်။ တရားမနာရသေးလို့၊ ကဲ တိုတို ဖြတ်ပြောတော့ ဘယ်သူ တရားနာကြသလဲ ရှင်အဿဇိမထေရ်ရဲ့—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော-

လို့ဆိုတဲ့ လေးပါဒရှိတဲ့ ဂါထာတပုဒ်ကိုနာရတယ်၊ နှစ်ပါဒနဲ့ ဘုမ္မာဒိဋ္ဌိ သောတာပတ္တိမဂ်ဉာဏ်ကို ရတယ် တဲ့ထုံးနာရလို့။

မဂ်ဖိုလ်၏ အန္တရာယ်များ။ ။ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ နှုတ်လွန်လက်လွန် မပြောမိပါစေနဲ့၊ တရားနာစရာမလိုပါဘူးလို့ စာမလိုပါဘူးလို့ဆိုတဲ့ စကားမျိုးတွေ မပြောမိပါစေနဲ့နော် (မှန်ပါဘုရား)။ လေးလေးနက်နက် ဘုန်းကြီး သတိပေးပါရစေ၊ ဘာဖြစ်လို့လဲ မဂ်ဖိုလ်ရဲ့အန္တရာယ်ဖြစ်လို့ပါ၊ ဟုတ်လား (မှန်ပါဘုရား)၊ အခု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဥပသီဝကို ဘယ်နဲ့ မိန့်နေတော်မူသလဲ ဆိုတော့– နိဗ္ဗာန်ရောက်သွားတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အာကိဉ္စညာယတနဈာန်ကို ဝိပဿနာရှုသွားရင် အာကိဉ္စညာယတနဘုံကို ရောက်သွားတယ်၊ အဲဒီ အာကိဉ္စညာယတနဘုံမှာဘဲ နှစ်ပေါင်းများစွာနေပြီးတော့ အလုံးစုံသောဆင်းရဲဒုက္ခမှ လွတ်ပြီးတော့ ဒီ စိတ်ကလေးဟာ ငြိမ်းအေးနေတော့ပါကလားတဲ့၊ သို့မဟုတ် ထိုသို့သောသဘောရှိသောသူ့၏ဝိညာဏ်ဟာ ပြတ်စဲသွားသေးလား ဆိုတာကို မြတ်စွာဘုရားက ဘာပြန်ဖြေသလဲ—

အာကိဉ္စညာယတနဘုံကို ရောက်ပြီးတော့ အဲဒီမှာမြဲနေပြီးတော့ အဲဒီမှာဘဲ ငြိမ်းနေသလား ဆိုတာ ဒါ သဿတ၊ သို့မဟုတ် အာကိဉ္စညာယတန ဘုံမှာဘဲ စုတေပြီးတော့မှ ဒီ ဝိညာဏ်ပြတ်စဲပြီးတော့မှ ဒီနိဗ္ဗာန်ငြိမ်းအေးခြင်းသို့ ရောက်သွားပါသလား ဘုရားလို့ ဆိုတော့ သူဥစ္စာ–သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ ရောက်သွားပြီ-နော်၊ ဒီ အစွန်းလွတ်အောင်ဆိုပြီး မြတ်စွာဘုရားက ဖြေလိုက်တယ်။

ဥပသီဝ၊ ဥပသီဝရသေ့။ ဝါတဝေဂေန၊ လေ၏ အဟုန်ကြောင့်။ ခိတ္တာ၊ လွှင့်ချိန်သော။ အစ္ခိ၊ မီးလျှံသည်။ အတ္ထံ၊ ချုပ်ခြင်း ပျောက်ခြင်းသို့။ ပလေတိ ယထာ၊ ရောက်သကဲ့သို့ငင်း။ သခ်ံ၊ တစုံတခုသော အရုပ်မျက်နှာသို့ တစုံတခု

http://www.dhammadownload.com

သော အရှာဝတ္ထု၏ အဖြစ်သို့။ နဉပေတိ ယထာ၊ မကပ်ရောက် မဖြစ်ထိုက်သကဲ့သို့ဂင်း။ ဝေံ တထာ၊ထို့အတူ။နာမကာယာ၊ ဝိညာဏ် ဝေဒနာ သညာ သင်္ခါရဆိုတဲ့ နာမကာယမှ။ ဝိမုတ္တော။ လွတ်မြောက်ပြီးသော။ မုနိ၊ ရဟန်းသည်။ အတ္တ၊ အနုပ္ပါဒ နိရောဓ ခေါ်တဲ့ နိဗ္ဗာန် ချမ်းသာကို ရောက်သဖြင့် ချုပ်ခြင်း ငြိမ်းခြင်း သို့။ပလေတိ၊ ရောက်လေတော့၏။ သခ်ံ၊ တစုံတခုသော အရပ်သို့ ရောက်၏ တစုံတခုသော ပုဂ္ဂိုလ်ဖြစ်၏ဟူ၍ ခေါ်ဝေါ်ခြင်းသို့။ နဉပေတိ၊ မရောက်လေတော့သတည်း။

သာဓု သာဓု သာဓု။

နိဗ္ဗာန်ရောက်တဲ့အပိုင်းကို ဘယ်လို ပြောပေးနေရတာလဲ ဆိုတော့ မြတ်စွာဘုရားက အစ္စန်းလွတ်အောင် ဟောလိုက်တယ်၊ ဥပသီဝတဲ့ ဥပမာ တခုပြောမယ်တဲ့၊ ဒီ သူမေးတဲ့ မေးခွန်းကို ပြန်ဖြေတဲ့ နေရာမှာ ဘယ်လို ပြောသလဲဆိုတော့– အာကိဉ္စညာယတန ဈာန်ကို ရောက်ပြီးတော့ သဿတအနေနဲ့ တည်မြဲနေသလား၊ သို့မဟုတ် အာကိဉ္စညာယတန ဘုံကနေပြီး ရွေ့လျော့ပြီးတော့မှ ငြိမ်းအေးခြင်းဆိုတဲ့ နိဗ္ဗာန်ကို ရောက်သွားပါသလားလို့- ဆိုပြီး သူကိုသ့ဿတနဲ့ ဥစ္ဆေဒကို မေးထားတယ်နော် (မှန်ပါဘုရား)။ ဒီတော့ ဒီအစ္စန်း ၂-ဘက်က လွတ်အောင် ဥပမာဆောင်ပြီးပြတယ်၊ ဥပသီဝတဲ့–ဥပမာတခု ငါ ပြောမယ်တဲ့၊ လေရဲ့အဟုန်ကြောင့် လွင့်နေတဲ့ ဆီမီးတောက်ကလေးဟာ ဖြုတ်ဆို ငြိမ်းသွားတယ် ဆိုပါတော့-နော် (မှန်ပါဘုရား)၊ အဲဒီ ဆီမီးတောက်ကလေးဟာ တစုံတခုသောနေရာသို့ ရောက်သွားတယ်၊ တစုံတခုသော အရှာဝတ္ထုဖြစ်တယ်လို့ ခေါ်ဆိုထိုက်ပါဦးမလားတဲ့ (မဆိုထိုက်ပါဘုရား)၊ မဆိုထိုက်တော့ဘူး။

ဥဘတော ဘာဂဝိမုတ္တ ပုဂ္ဂိုလ်မည်ပုံ။　။အာကိဉ္စညာယတနဘုံကို ရောက်သွားတဲ့ ပုဂ္ဂိုလ်ဟာ နဂို ကတဲ့က- အာကိဉ္စညာယတန သမာပတ်နဲ့ ပြည့်စုံနေသည် ဖြစ်သောကြောင့် ရူပသညာက သူ့လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဘုရား)၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နှင့် တွေ့တဲ့အတွက် ဝိပဿနာ ရှုလိုက်လို့ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်– ဆိုတဲ့ ခန္ဓာလေးပါးကို ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တော့ - ရူပကာယနဲ့ နာမကာယကကော သူ့ စွဲလမ်းခြင်း နှစ်သက်ခြင်းဆိုတဲ့ တဏှာဒိဋ္ဌိတွေမှ သူ့လွတ်နေသလား– လွတ်မနေဘူးလား (လွတ်နေပါတယ်ဘုရား)၊ အရဟတ္တဖိုလ်ပေါက်ကို လွတ်နေတဲ့အတွက် သူ့ကို ဥဘတော ဘာဂဝိမုတ္တ-လို့ ခေါ်တယ်တဲ့၊ ရှုပ် နာမ် နှစ်ပါးစုံမှ လွတ်နေတဲ့အတွက် ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်-နော် (မှန်ပါဘုရား)။

http://www.dhammadownload.com

အဲဒီ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်ဟာတဲ့ စောစောပိုင်းက မီးတောက်ကလေးသည် ငြိမ်းပျောက်သွားတဲ့အခါ အရှေ့အနောက် တောင်မြောက် အရပ်လေးမျက်နှာကို မရောက်သလို၊ အဲဒီ ငြိမ်းသွားတဲ့ မီးတောက်ကလေးဟာ တစုံတခုသော အရာဝတ္ထုမဖြစ်သလို၊ အနုပ္ပါဒနိရောဓ ခေါ်တဲ့ ပရိနိဗ္ဗာန်စံသွားတဲ့ ရဟန္တာ ပုဂ္ဂိုလ်တို့ဆိုတာ တစုံတခုသော အရပ်ကို ရောက်သွားတယ်၊ တစုံတခုသော အရာဝတ္ထု လူ နတ် ဗြဟ္မာ သတ္တဝါ ဖြစ်နေသေးတယ်ဆိုတဲ့ ခေါ်ဝေါ်ရေတွက်ခြင်းသို့ မရောက်တော့ဘူး၊ ငြိမ်းသွားပြီ-နော် (မှန်ပါဘုရား)၊ အဲဒီနေရာမှာ အတ္ထံ ပလေတိ-လို့ ဆိုတဲ့ နေရာမှာ အစ္စိ ယထာ ဝါတဝေဂေန ခိတ္တာ-နဲ့ ပတ်သက်လို့ ဘုန်းကြီးတို့ပရိသတ်ကို ပြောပေးဘို့ သုတ္တန်တခု ရှိတယ်။

အဂ္ဂိဝစ္ဆသုတ္တန် အမေး အဖြေ

မဇ္ဈိမပဏ္ဏာသ ပါဠိတော် ပရိဗ္ဗာဇကဝဂ် အဂ္ဂိဝစ္ဆသုတ္တန်ဟာ အင်မတန်ကောင်းတယ်၊ အဲဒီနေရာမှာ ဒီသုတ္တန်ကို ဖတ်ကြည့်ရမယ်၊ ဘာသာပြန်တွေလဲ ရှိနေတယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ အခု မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်တွေကို မြန်မာလို ပြန်ထားတာ ရှိနေတယ်၊ စာဖတ်တတ်တဲ့လူတိုင်း ဖတ်တတ်တယ်၊ ဒီတော့ ဒီဘာသာပြန် စာအုပ်ကြီးတွေကို ဖတ်ကြစမ်းပါ မပျင်းကြစမ်းပါနဲ့-နော် (မှန်ပါဘုရား)၊ အဲဒီမဇ္ဈိမပဏ္ဏာသပါဠိတော် ပရိဗ္ဗာဇကဝဂ်မှာ အဂ္ဂိဝစ္ဆ သုတ္တန် (နှာ-၁၅၀-၆)တို့ ဆိုတာ ရှိတယ်၊ အဂ္ဂိဝစ္ဆ ပုဏ္ဏားကြီးက မြတ်စွာဘုရားကို လျှောက်တယ်၊ အရှင်ဘုရား ကိုလေသာတွေမှ လွတ်မြောက်သွားတဲ့ ရဟန်းဟာ ဘယ်အရပ်မှာ သွားဖြစ်ပါသလဲတဲ့။

"ဧဝံ ဝိမုတ္တစိတ္တော ပန ဘော ဂေါတမ ဘိက္ခု ကုဟိံ ဥပပဇ္ဇတီ"[၁]။ ဘော ဂေါတမ၊ အရှင်ဂေါတမ။ ဧဝံ၊ ဤသို့။ ဝိမုတ္တော၊ ကိလေသာတို့မှ လွတ်ပြီးသော။ ဘိက္ခု၊ ရဟန္တာ ပုဂ္ဂိုလ်သည်။ ကုဟိံ၊ အဘယ်အရပ်၌။ ဥပပဇ္ဇတိ၊ သွား၍ ဖြစ်ပါတော့သနည်း။

ဥပပဇ္ဇတီတိ ခေါ် ဝစ္ဆ နဥပေတိ။ ဝစ္ဆ၊ ဝစ္ဆပရိဗ္ဗိုင်။ ဥပပဇ္ဇတီတိ၊ ဖြစ်၏ဟူသော စကားသည်။ နဥပေတိ၊ မသင့်။ ဖြစ်တယ်လို့ မပြောနဲ့တဲ့။ ရဟန္တာ ပုဂ္ဂိုလ်ကို ဘယ်နေရာ သွားဖြစ်သေးသလဲ ဆိုရင် ဖြစ်တယ်လို့ မပြောနဲ့။

တေန ဟိ ဘော ဂေါတမ နဥပပဇ္ဇတီတိ။ ဘော ဂေါတမ၊ အို-အရှင် ဂေါတမ။ တေန ဟိ၊ ထိုသို့ဖြစ်လျှင်။ နဥပပဇ္ဇတိ၊ ရဟန္တာ ပုဂ္ဂိုလ်ဟာ နောက်ထပ် မဖြစ်တော့ဘူးလား။

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် နှာ-၁၅၀-၆။

http://www.dhammadownload.com

နှ ဥပဇ္ဈတိတိ ခေါ ဝစ္ဆ နဥပေတိ[၁]။ နောက်တခါ မဖြစ်ဘူးလို့လဲဘဲ သွားမပြောနဲ့၊ ဒီစကား မကောင်းဘူးတဲ့၊ ဆိုလိုတဲ့ အဓိပ္ပါယ်က ရဟန္တာပုဂ္ဂိုလ်ဟာ နောက်တဘဝ ဖြစ်သေးလား–ဖြစ်တယ်လို့ မပြောနဲ့၊ မဖြစ်တော့ဘူးလား မဖြစ်တော့ဘူးလို့လဲ မပြောနဲ့။

တေန ဟိ ဘော ဂေါတမ ဥပဇ္ဈတိစ နစ ဥပဇ္ဈတိတိ[၁]။ ဒီလို ဆိုရင် အရှင်ဂေါတမ ဖြစ်တာလဲရှိ– မဖြစ်တာရှိ နှစ်မျိုးလားတဲ့။ ဒီစကားလဲ မဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားက – ဒီလိုဆိုရင်—

တေန ဟိ ဘော ဂေါတမ နေဝ ဥပဇ္ဈတိ နန ဥပဇ္ဈတိ[၁]။ ဒီလိုဆိုရင်– အရှင်ဂေါတမ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်၊ ဒီကြားထဲကလားတဲ့၊ ဘယ်လောက်များ ကပ်သိကပ်သတ် မေးတဲ့ ပရိဗိုဇ်တွေလဲ ဆိုတာ ဘုန်းကြီးတို့ ပရိတ်သတ်ကြည့်၊ ဒီတော့ မြတ်စွာဘုရားက အဲဒီလိုလဲ မဟုတ်ဘူးတဲ့။

ဒီတော့-ဝစ္ဆပရိဗိုဇ်ကြီးရဲ့စိတ်ထဲ ဘယ်နဲ့ဖြစ်သွားသလဲဆိုတော့ စိတ်ထဲ ဝေသွားတယ်၊ ဝေသွားပုံကို မြတ်စွာဘုရားကို ဘယ်နဲ့ပြန်လျှောက်သလဲဆိုတော့–

တ္ထောဟံ ဘော ဂေါတမ အညာဏမာပါဒိံ တ္ထေ သမ္မောဟမာပါဒိံ
ယာပိ မေ သော ဘောတော ဂေါတမဿ ပုရိမေန ကထာ သလ္လာပေန
အဟု ပသာဒမတ္တာ၊ သာပိ မေ တေရဟိ အန္တရဟိတာတိ[၁]။

ပါဠိတော်–ဘာပြောလဲ ဒီပါဠိတော်က–အိုရှင်ဂေါတမ အရှင်ဘုရားဖြေတဲ့ အဖြေလွှာတွေကို ကြည့်ကြည့်ပြီးတော့ အရှင်ဘုရား-တရားနာရတဲ့ဥစ္စာ တပည့်တော်တို့စိတ်ထဲမှာ ဘာမှလဲ မသိတော့ဘူး၊ ဘာမှလဲ မမှတ်မိတော့ဘူး၊ လက်ဦးတုန်းက အရှင်ဘုရား တရားနာရတာ သိသလောက်ကလေးတွေတောင်မှ အကုန်ပျောက်ကုန်ပြီဘုရား၊ ဒီစကားကြားလိုက်ရတာ၊ ရှေးက နာထားတဲ့တရားတွေဟာ ပျောက်ကုန်ပါပြီဘုရား၊ ဒီတော့ မြတ်စွာဘုရားက ဘာပြောသလဲဆိုတော့—

ဟုတ်တယ် ဝစ္ဆ၊ သင်လိုပုဂ္ဂိုလ်မျိုးဟာ ဒီတရားမျိုးမှာ တွေဝေထိုက်တယ်၊ မသိထိုက်ဘူးတဲ့၊ သင့်လိုတပါးသော အယူရှိသောပုဂ္ဂိုလ် မသိထိုက်ဘူးတဲ့။ သင့်ကို ငါဥပမာကလေးတခုပြောမယ် မြတ်စွာဘုရားက သင်သဘောကျသလို ပြောစမ်း။

ဝစ္ဆပရိဗိုဇ်ကို ဥပမာပြ၍ ဟောကြားပုံ။ ။တံ ကိံ မညသိ ဝစ္ဆ–သစေ တေ ပုရတော အဂ္ဂိ ဇာလေယျ၊ ဇာနေ

၁။မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ နှာ-၁၅၀-၆။

http://www.dhammadownload.com

ယျာသိ တံ့ အယံ မေ ပုရတော အဂ္ဂိ ဇလတိတိ။သင့်ရှေ့မှာ မီးတခုတောက်နေမယ် ဆိုရင် ငါ့ရှေ့မှာ မီးတောက်တခု ရှိတယ်ဆိုတာ သင်မသိဘူးလား၊ဒီတော့ သင့် ကိုယ် မေးမယ်တဲ့၊ အဲဒီမီးတောက်ဟာ ဘာကိုစွဲနေတဲ့ မီးတောက်လဲလို့ သင့်ကို ပြန်မေးရင် သင် ဘယ့်နဲ့ပြောမလဲ၊ အဲဒီ မီးတောက်ဟာ ဘာကို စွဲတောက်နေ သလဲ၊ မီးစာကို စွဲတောက်တယ်၊ မြက်ကို သော့်ဂင်း ထင်းကိုသော့်ဂင်း စွဲတောက်တယ်၊ သင့်ရှေ့မှာ တောက်နေတဲ့ အဲဒီ မီးစာကလေး မီးတောက် ကလေးဟာတဲ့ မြက်နဲ့ ထင်းနဲ့ မီးစာကုန်သွားတဲ့အခါ ဒီမီးတောက် ဘယ်လိုဖြစ် သွားမလဲ (ငြိမ်းသွားပါတယ်ဘုရား)၊ အဲဒီလို သင့်ရှေ့မှာ မီးတောက်ကလေး ငြိမ်းသွားတာကို သင်မြင်သလား၊ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)၊ မြင်တယ် နော်–မြင်ရင် သင့်ကိုမေးမယ်၊ ဝစ္ဆတဲ့ အဲဒီ မီးတောက်ကလေးဟာ အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ် ဘယ်ရောက်သွားသလဲ (ဘယ်ရောက်သွားမှန်း မသိပါဘုရား)၊ ဘာဖြစ်သွား သလဲ သူတစုံတခုသော အာရုဝတ္ထုဖြစ်သေးသလား၊ မဖြစ်တော့ပါဘုရား။

အဲဒီ အဓိပ္ပါယ်ကို ရည်ရွယ်ပြီးတော့ ပါရာယနဝဂ်က ခုနက အတ္ထံ ပလေတိ ဥပေတိ သခ်ံ ။ အတ္ထံ၊ ချုပ်ခြင်းပျောက်ခြင်းသို့ရောက်သွားသော ရဟန္တာပုဂ္ဂိုလ် သည်။ သခ်ံ၊ တစုံတခုသော အရပ်သို့ရောက်၏ - တစုံတခုသောပုဂ္ဂိုလ်သတ္တဝါ လူနတ်ဗြဟ္မာဖြစ်၏ဟူ၍ ရေတွက်ခြင်းသို့။ နု ဥပေတိ၊ မရောက်-နော် (မှန်ပါ ဘုရား)၊ ဘာဖြစ်လို့လဲ သူဟာငြိမ်းသွားတာဘဲ၊ ဒီနေရာမှာဖြစ်ပြီး တောက်နေတဲ့ မီးတောက်ကလေးဟာ တနေရာရာ ရောက်သွားမှာ မဟုတ်ဘူး၊ တနေရာရာမှာ တစုံတခုသွားပြီး ဖြစ်တာ မဟုတ်ဘူး၊ မီးစာနဲ့ ထင်းနဲ့ မြက်နဲ့ ကုန်သွားလို့ ငြိမ်း သွားတာ၊ နောက်တခါ ထင်းထပ်ထည့်ရင်တော့ ဘယ်လိုတုန်း၊ မငြိမ်းဘူး သူ-နော် (မှန်ပါဘုရား)၊ ခု-နောက်ထပ် ထင်းထပ်မထည့်သည်ဖြစ်သောကြောင့် မီးစာ ထပ်မထည့်သည်ဖြစ်သောကြောင့် အကြောင်းကုန်သွားပြီ ဖြစ်သော ကြောင့် မီးတောက်ကလေးဟာ ငြိမ်းသွားတယ်။

ထို့အတူဘဲ အကြောင်းနဲ့ အကျိုးတရားတွေ ငြိမ်းသွားသည်ဖြစ်သောကြောင့် အကြောင်းတရားတွေ ကုန်သွားသည်ဖြစ်သောကြောင့် အကျိုးတရားဖြစ်တဲ့ ဒုက္ခသစ္စာ ငြိမ်းသွားတာဘဲတဲ့၊ ဘယ်နေရာမှာ တခုခုသွားဖြစ်တယ်လို့ ပြောလို့ မဖြစ်တော့ဘူးတဲ့ မြတ်စွာဘုရားက ဒါ-နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်-နော် (မှန်ပါ ဘုရား)၊ ဒီလို ဖြေလိုက်တယ် မြတ်စွာဘုရားက၊ ဒါပေတဲ့ သူစိတ်ထဲ ရှင်းသလား ဆိုတော့ ဘယ့်နဲ့လဲ ဒီလိုဆို သူဥစ္စာ မရှိဘူးလား၊ ဘယ့်နဲ့ဟာလဲ မရှင်းဘူး၊မရှင်း လို့ ထပ်မေးပြန်တယ်၊ မြတ်စွာဘုရားက ဥပသီဝကို ပရိနိဗ္ဗာန်ပြုတဲ့ ရဟန္တာ-ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တယ်ဆိုတာ မီးတောက်ငြိမ်းဘိသကဲ့သို့ တစုံတခုသော

http://www.dhammadownload.com

အရပ်လဲ မရောက်ဘူး၊ တစုံတခုသော ပုဂ္ဂိုလ်လဲ မဖြစ်ဘူး-လို့ ဒီလို ဖြေလိုက်တော့ ဥပသီဝရသေ့က ခြေ-ဒါဖြင့် ဒီ-နိဗ္ဗာန်ရောက်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိဘူးထင်တယ်ဆိုပြီး ထပ်မေးတယ်။

အတ္ထင်္ဂတော သော ဥဒ ဝါ သော နတ္ထိ၊
ဥဒါဟု ဝေ သဿတိယာ အရောဂေါ။
တံ မေ မုနိ သာဓု ဝိယာကရောဟိ၊
တထာ ဟိ တေ ဝိဒိတော ဧသ ဓမ္မော။

ဥပသီဝက ထပ်မံလျှောက်ထားပုံ။ ။ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ သော၊ ထိုသူသည်။ အတ္ထင်္ဂတော၊ ချုပ်ပျောက်၍ သွားသည်ရှိသော်။ ဥဒ၊ ထိုသို့ ချုပ်ပျောက်၍သွားခြင်းကြောင့်။ နတ္ထိ၊ ဘာမှမရှိတော့ပြီလော။ (ချုပ်သွားတော့ ဘာမျှ မရှိတော့ဘူးလားဆိုတော့ ဟော-ဥစ္ဆေဒ ဒိဋ္ဌိကြီးဖြစ်နေပြန်ရော သူဥစ္စာ၊ ဥစ္ဆေဒကြီးဖြစ်နေပြန်ရော) ဥဒါဟု၊ ထိုသို့မဟုတ်။ ဝေ၊ စင်စစ်။ သော၊ ထိုသူသည်။ သဿတိယာ၊ မြဲသောအားဖြင့်။ အရောဂေါ၊ တစုံတခုသော ဖောက်ပြန်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်ပါတော့သလော။ (သဿတဒိဋ္ဌိကြီး ဖြစ်နေပြန်ရော) မုနိ၊ ဘုရားရှင်။ သာဓု အာယာစာမိ၊ တောင်းပန်ပါ၏။ တံ၊ ထို အကြောင်းကို။ မေ၊ အကျွန်ုပ်အား။ တံ့၊ အရှင် ဘုရားသည်။ ဝိယာကရောဟိ၊ ထင်ထင်ရှားရှားနဲ့ ရှင်းရှင်းလင်းလင်း ဖြေကြားတော်မူပါလော။ တထာဟိ၊ တိုသို့သော အခြင်းအရာတို့ဖြင့်။ တေတယာ၊ အရှင်ဘုရားသည်။ သေဓမ္မော၊ ဤယခု ပြောဟောတဲ့ တရားတော်ကို။ ဝိဒိတော၊ အရှင်ဘုရား၌ ဉာဏ်ထဲမှာ ပိုင်းခြား၍ သိတော်မူအပ်ပါပြီဘုရား။ ဖြေတော်မူပါဦး ဘုရား မရှိဘူးလားတဲ့ နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ်။

ဥစ္ဆေဒ ဒိဋ္ဌိဖြစ်နေတယ်၊ သို့မဟုတ် ဒီမြဲသောအားဖြင့် မဖောက်မပြန်ဘဲနဲ့ အဲဒီလိုဘဲ သူမြဲနေပါရောလား ဆိုရင်လဲ သဿတဒိဋ္ဌိရောက်ပြန်ရော၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားက နောက်ဆုံး နိဂုံးဂါထာဖြင့် ဘယ်လို ဖြေလိုက်သလဲဆိုတော့—

အတ္ထင်္ဂတဿ န ပမာဏမတ္ထိ၊
ယေန နံ ဝဇ္ဇုံ တံ တဿ နတ္ထိ။
သဗ္ဗေသု ဓမ္မေသု သမူဟတေသု၊
သမူဟတာ ဝါဒပထာပိ သဗ္ဗေ။

http://www.dhammadownload.com

ဘုရားရှင်က ထပ်မံဖြေကြားပုံ။ ။ဥပသီဝ၊ဥပသီဝရသေ့။ အတ္ထက်တာသာ၊ အနုပါဒ
နိဗ္ဗာန်သို့ ရောက်သည်ဖြစ်သောကြောင့် ချုပ်
ခြင်း ပျောက်ခြင်းသို့ ရောက်သောသူအား။ ပမာဏ၊ ရူပ် အစရှိသော ပမာဏ
သည်။ နှ အတ္ထိ၊ မရှိ။ (အဲဒီ နုပမာဏ မတ္ထိကို စူဠနိဒ္ဒေသ ပါဠိတော်က ဘာ
ပြောထားသလဲဆိုတော့ အတ္ထက်တာသာတိ အနုပါဒါ ပရိနိဗ္ဗုတာသာ နုပမာဏ-
မတ္ထီတိ ရူပါဒိပ္ပမာဏာ နတ္ထိ၊ နိဗ္ဗာန်ရောက်တယ်ဆိုတာ ခန္ဓာငါးပါး မရှိဘူးတဲ့၊
ဖြေလိုက်တယ်-နော် (မှန်ပါဘုရား)၊ အတ္ထက်တာသာ၊ အနုပါဒိသေသ နိဗ္ဗာန်ကို
မျက်မှောက်ပြုထားတဲ့ ပုဂ္ဂိုလ်အား။ ပမာဏ၊ ရူပ် ဝေဒနာ သညာ သင်္ခါရ
ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး တည်းဟူသော အတိုင်း အတာ ပမာဏသည်။ နတ္ထိ၊
မရှိ။ (ရူပ်လဲမရှိ ဝေဒနာလဲမရှိ သညာလဲမရှိ သင်္ခါရလဲမရှိ ဝိညာဏ်လဲမရှိဘူး)
ယေန၊ အကြောင်ရာဂ အစရှိသော အကြောင်းဖြင့်။ နံ၊ ထိုသူကို။ ဝဒ္ဓေ၊ ဆိုကုန်
ရာ၏။ တံ၊ ထိုရာဂ အစရှိသော အကြောင်းသည်လည်း။ တဿ၊ ထိုပုဂ္ဂိုလ်အား။
နတ္ထိ၊ မရှိ။ အဲဒီ ရူပ်နာမ်ဓမ္မ သင်္ခါရတွေ မရှိသောကြောင့် ရာဂတို့ ဒေါသတို့
မောဟတို့ ဆိုတဲ့ အကြောင်းတရားတွေ သူမှာ မရှိတော့ဘူးတဲ့-နော် (မှန်ပါ
ဘုရား)၊ ဒါဖြင့် ဘာလဲ။

သဗ္ဗေသု၊ အလုံးစုံကုန်သော။ ဓမ္မေသု၊ ခန္ဓာစသော တရားတို့ကို။ သမ္မဟ-
တေသု၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပယ်နုတ်အပ်ကုန်ပြီးသည်ရှိသော်။ သဗ္ဗေ၊
အလုံးစုံကုန်သော။ ဝါဒပထာပိ၊ ရူပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ကိုစဲ့၍
အတ္ထိ ရှိ၏၊ နတ္ထိ မရှိ သဿတ ဥစ္ဆေဒ-ဟု ဆိုစရာအကြောင်း အားလုံးတို့ကို
လည်း။ သမူဟတာ၊ ကောင်းစွာမသွေ ပယ်နုတ်အပ်ပါပေသတည်း။

သာဓု သာဓု သာဓု။

ဒီနေရာမှာ စူဠနိဒ္ဒေသ ပါဠိတော် နှာ (၁၁၁)က—

> အတ္ထက်တာသာ နှ ပမာဏ မတ္ထိတိ အတ္ထက်တာသာ အနုပါဒိသေသာယ
> နိဗ္ဗာန ဓာတုယာ ပရိနိဗ္ဗုတာသာ ရူပ ပမာဏာ နတ္ထိ။ ဝေဒနာပမာဏာ
> နတ္ထိ။ သညာပမာဏာ နတ္ထိ။ သင်္ခါရပမာဏာ နတ္ထိ။ ဝိညာဏပမာဏာ နတ္ထိ။
> နှ သတိ နှ သံဝိဇ္ဇတိ နုပလဗ္ဘတိ ပဟီနံ သမုစ္ဆိန္နံ ဝူပသန္တံ ပဋိပဿဒ္ဓိ
> အဘဗ္ဗုပ္ပတ္တိကံ ဉာဏဂ္ဂိနာ ဒဒ္ဓန္တိ အတ္ထက်တာသာ နှ ပမာဏမတ္ထိ-လို့
> အဓိပ္ပါယ်သွားကို ညွှန်းပြပါတယ်။

အဓိပ္ပါယ်ကတော့ ထိုအာကိဉ္စညာယတန သမာပတ်မှာ ရှိတဲ့စိတ် စေတသိက်
တရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ လို့ ဆိုတဲ့ ဝိပဿနာဉာဏ်မီးဖြင့် ရှု့မြှိုက်
လိုက်တော့ ထိုစိတ် စေတသိက်ဆိုတဲ့ သမာပတ် တရားတွေပေါ်မှာ အစွန်အဝိရာဂ

http://www.dhammadownload.com

လို့ဆိုတဲ့ မင်ဉာဏ် ပေါ်လာတယ်၊ အဲဒီ မင်ဉာဏ်ဆိုတဲ့ မီးဖြင့် မြို့ကိုလိုက်တော့ ရာဂဒေါသ မောဟ-စတဲ့ ကိလေသာတွေကို လောင်ကျွမ်းသွားကြတဲ့အတွက် ပရိနိဗ္ဗာန်စံသွားတဲ့ပုဂ္ဂိုလ်မှာ ရုပ် ပမာဏတွေ နာမ်ပမာဏတွေ မရှိတော့ဘူး တဲ့၊ သူကိုဘာမှ ဆိုစရာမရှိတော့ဘူး စင်စစ်တော့ဖြင့် နိဗ္ဗုတောတွေဝ သင်္ခံ ဂစ္ဆတိ၊ ငြိမ်းနေတာဘဲလို့ ငြိမ်းနေတာဘဲလို့သာ ပြောစရာရှိတော့တယ်တဲ့၊ မြတ်စွာဘုရား ဖြေတယ်-နော် (မှန်ပါဘုရား)။

ဥပသီဝပုဏ္ဏား တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ။ ။ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်

မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣမမို့ သုတ္တံ၊ ဤ ဥပသီဝသုတ္တန် တရားဒေသနာကိုလည်း။ အရဟတ္တနိကူဋ္ဌေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ် သဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ ဒေသေသိ၊ ဟောကြားတော်မူပါပေ၏။

ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလ၌။ သော၊ထိုဥပသီဝရသေ့သည်။ သဟဿသိဿေဟိ၊ တထောင် အခြံအရံ ရှိကုန် သော တပည့်အပေါင်းတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။ အညေသဉ္စ၊ ဥပသီဝရသေ့နှင့် တထောင်သော တပည့်တို့မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာသော ပရိသတ်တို့အားလည်း။ ဓမ္မစက္ခုံ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ ဟူသော သောတာပတ္တိမင်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်သော တရား စက္ခု ဓမ္မ မျက်စိသည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်၍ လာကြလေသတည်း။

သာဓု သာဓု သာဓု။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား အမျိုးကောင်းသီး များတို့။ တုမှေ၊ သင်တို့သည်။ ဣဒံ ဣမိနာ အနုက္ကမေန၊ ဤသို့ ဆိုအပ် ဟောအပ်ပြီးသော တရားအစဉ်ဖြင့်။ ပါရာယနေ၊ ပါရာယနဝဂ်၌။ ဥပသီဝပဉ္ဇေ၊ ဥပသီဝပဉ္ဇာ၌။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ တံ ဓမ္မဒေသနံ၊ ထို တရား ဒေသနာတော်သည်။ ဣဒါနိ၊ ယခုအခါ၌။ နိဋ္ဌိတံ=အတ္ထင်္ဂတံ၊ ပြီးဆုံးခြင်းသို့။ ဂတော၊ ကောင်းစွာမသွေ ရောက်ခဲ့ပါပေပြီ။ သာဓဝေါ၊ အို အမျိုးကောင်းသား အမျိုးကောင်းသမီးများတို့။ တုမှေ၊ သင်တို့သည်။ တံ ဓမ္မဒေသနံ၊ ထို တရား

http://www.dhammadownload.com

ဒေသနာတော်ကို။ သုတ္တာန၊ နာခံမှတ်သားကြကုန်ပြီးဖြစ်၍။ ဘာဝေထ၊ မိမိသန္တာန်၌ဖြစ်အောင် အလုပ် လုပ်ကြကုန်လော။ ဘာဝေတ္ထ၊ မိမိသန္တာန်၌ဖြစ်အောင် ကြိုးစားပါးမျာ အလုပ် လုပ်ကုန်ကြသည် ဖြစ်၍။ ဝါ၊ အလုပ်လုပ်ကြရကုန်သောကြောင့်။ နိဗ္ဗာန်၊ ရာဂ ဒေါသ မောဟ အစရှိသော ဘေးအပေါင်းတို့၏ မရှိရာဖြစ်သော ကောင်းသော နိဗ္ဗာန်ချမ်းသာကို။ သစ္ဆိကရောန္တု၊ ကောင်းစွာမသွေ မျက်မှောက်ပြုနိုင်လွယ်ကြသည် ဖြစ်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

ဥပသီဝသုတ္တန် ဒုတိယပိုင်း ပြီး၏။

ဥပသီဝသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၇-နန္ဒသုတ္တန်

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လပြည့်ကျော် ၂-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပင့် စေတီတော်ကြီး ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ငန်းများနှင့် တက်လမ်းများကို ဟောကြားထားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော နန္ဒသုတ္တန် တရားတော်။

ဘုရားရှိခိုးပုံ အခြင်းအရာ။ ။အဲဒီ နန္ဒသုတ္တန် တရားတော်ကို မဟောမီ ဒီသုတ္တန်ကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ လက်ချောင်းကလေးတွေကို လက်ချောင်းကြားထဲ ထည့်မထားနဲ့၊ လက်ကလေးတွေကို ညီညီကလေး နေပါစေ၊ ကြာဥကလေးလို ခပ်အုပ်အုပ်ကလေး လုပ်ပြီးတော့ မျက်ခုံးမွေး ၂-ခုကြား လက်မထိပ် ၂-ခုကိုထား၊ မျက်လုံးကို အောက်ချလိုက်၊ ဒါ-လက်အုပ်ချီနည်း၊ ပြီးတော့မှ ထိုခြင်း ငါးပါးနဲ့ညီအောင် ဘုရားကို ဦးချရမယ်၊ တရားတော်ကို ဦးချရမယ်၊သံဃာတော်ကို ဦးချရမယ်၊ကိုင်း-ဘုန်းကြီးက ဘုရားရှိခိုးကိုဆိုတယ်၊ အဲဒီ ဘုရားရှိခိုးထဲပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရွှေးနည်း အတိုင်း)

သာဓု သာဓု သာဓု။

နန္ဒရသေ့ မေးလျှောက်ပုံ။ ။ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာ ဘုရားသည် ရာဇဂြိုဟ်ပြည် ပါသာဏက နတ်ကွန်း၌ သီတင်းသုံးတော်မူစဉ် အခါမှာ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်ဖြစ်တဲ့ ရသေ့ပုဏ္ဏား ပညာရှိ တဆဲခြောက်ဦးတို့တွင် ၇-ယောက်မြောက်ဖြစ်တဲ့ နန္ဒခေါ် တဲ့ ရသေ့ပုဏ္ဏား ပညာရှိက မြတ်စွာဘုရားကို ပုစ္ဆာမေးလျှောက်ပါတယ်၊ ဘာမေးလဲ—

http://www.dhammadownload.com

သန္တိ လောကေ မုနယော၊
ဇနာ ဝဒန္တိ တယိဒံ ကထံသု။
ဉာဏူပပန္နံ မုနိ နော ဝဒန္တိ၊
ဥဒါဟု ဝေ ဇီဝိတေနူပပန္နံ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ လောကေ၊ လောကဒ္ဓ။ မုနယော၊ မုနိအမည်ခံ အာဇီဝက ရဟန်းတို့သည်။ သန္တိ၊ ရှိကြပေကုန်၏။ ဣတိ၊ ဤသို့။ ဇနာ၊ မင်းအစ ပုဏ္ဏားအစ ရှိကုန်သော လူအပေါင်းတို့သည်။ ဝဒန္တိ၊ ပြောဆိုကြပါကုန်၏။ တယိဒံ=တံ ဣဒံ ကထံ၊ထိုကဲ့သို့ လောကမှာ မုနိခေါ်တဲ့ ရဟန်းရှိကြတယ်လို့ ပြောကြတဲ့ စကားသည်။ ကထံသု၊ အဘယ်သို့ ဖြစ်ပါတော့သနည်း။ တေ၊ ထိုသူတို့သည်။ ဉာဏူပပန္နံ၊သမာပတ္တိဉာဏ် အဘိညာဏ်ဆိုတဲ့ ဉာဏ်အမြင်နှင့် ပြည့်စုံကြသောကြောင့်။ မုနိ၊ မုနိဟူ၍။ ဝဒန္တိနု၊ ခေါ်ဆိုကြကုန်သလော။ ဥဒါဟု၊ ဆိုသို့ မဟုတ်။ ဝေ၊ စင်စစ် ကေန် အမှုန်မုချအားဖြင့်။ ဇီဝိတေနူပပန္နံ၊ ခေါင်းပါးသော အသက်မွေးခြင်းနှင့် ပြည့်စုံကြသောကြောင့်။ မုနိ၊ ရဟန်းဟူ၍။ ဝဒန္တိနော-ဝဒန္တိနု၊ ဆိုကြပါကုန်သလော။ ဣတိ၊ ဤသို့။ အာဃသ္မာ နန္ဒော၊ အရှင်နန္ဒ ရသေ့ပုဏ္ဏားပညာရှိသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေငြား ရှင်တော်မြတ်ဘုရားကို။ ပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထားပါပေသတည်း။

သာဓု သာဓု သာဓု။

နန္ဒလို့ခေါ်တဲ့ ပုဏ္ဏားက မြတ်စွာဘုရားကို ဘာမေးသလဲဆိုတော့ အရှင်ဘုရားတဲ့ လောကမှာ မုနိလို့ခေါ်တဲ့ နိဂဏ္ဌတွေ အာဇီဝကတွေ ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ ရှိကြပါတယ်ဘုရား၊ ရှိကြတယ်လို့ လူအပေါင်းက ပြောဆိုနေကြပါတယ်၊ ဒီပုဂ္ဂိုလ်တွေဟာ ဘာကိုအစွဲပြုပြီးတော့ သူတို့ကို မုနိလို့ ခေါ်ဆိုနေကြပါသလဲတဲ့။

သမာပတ် ၈-ပါး။ ။မုနိအမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေဟာ သမာပတ် (၈)ပါး ရှိတယ်၊ ပထမစျာန်သမာပတ်, ဒုတိယစျာန်သမာပတ်, တတိယစျာန်သမာပတ်, စတုတ္ထစျာန်သမာပတ်, အာကာသာနဉ္စာယတနသမာပတ်, ဝိညာဏဉ္စာယတနသမာပတ်, အာကိဉ္စညာယတနသမာပတ်, နေဝသညာနာသညာယတနသမာပတ်လို့ သမာပတ် (၈)မျိုး ရှိတယ်၊ ဒီသမာပတ်တွေကို ဘာကြောင့် ရသလဲဆိုတော့ ပထဝီစတဲ့ ကသိုဏ်းတွေကို ရှုပြီးတော့ သမာဓိကို ထူထောင်သည့်အတွက် သမထကို အားထုတ်နေသည်ဖြစ်သောကြောင့် အဲဒီသမာပတ်တွေကို ရတယ်။ပထမစျာန်,ဒုတိယစျာန်,တတိယစျာန်, စတုတ္ထစျာန်၊ ညကလဲ ဘုန်းကြီးပြောခဲ့ပြီ အာကာသာနဉ္စာယတနစတဲ့ တရားတွေ၊ ဒီတရား

http://www.dhammadownload.com

တော့ကို ရတယ်၊ အဲတာ သမာပတ်တော့ဘဲ၊ အဲဒီသမာပတ္တိဆိုတဲ့ တရားထဲမှာ သမာပတ်နဲ့ယှဉ်တဲ့ ဉာဏ်ဆိုတာရှိတယ် ပညာန္ဒြေစေတာသိက်၊ အဲဒီဉာဏ်နဲ့ ပြည့်စုံသူတို့ကို မုနိလို့ ခေါ်တာလားဘုရားတဲ့။ **နောက်ပြီးတော့ အဘိညာဉ်ဆိုတဲ့ဉာဏ်။**

မုနိခေါ်တာ မေးလျှောက်ခြင်း။ ။**အဘိဉာဏ်ဆိုတာ ဘာလဲ**။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကြီးနဲ့ ပြန်ကြည့်လိုက်တော့ သင်ဟာ ရှေးဘဝက ဘာဖြစ်ခဲ့တယ်၊ ဟိုနောက်ဘဝကြတော့ ဘာဖြစ်မယ်၊ ပြီးတော့ ရှေးဘဝက ဖြစ်ခဲ့တဲ့ ခန္ဓာတွေကို သိတယ်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်တဲ့- ကိုယ်က ဒီမှာနေတယ်၊ တခြားနေတာကို သူကမြင်တယ်၊ မင်းတို့အိမ်မှာ ဘာတွေဖြစ်နေတယ်၊ ဘယ်သူဟာ ဘယ်ရောက်နေတယ်၊ ဘယ်သူ ဘယ်ဘဝရောက်သွားတယ်၊ သေသွားတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်ရောက်သွားတယ်၊ တချို့ ငရဲရောက်သွားတယ်၊ တချို့ နတ်ပြည်ရောက်သွားတယ်၊ အဲသလို မြင်နိုင်တဲ့ဉာဏ်မျိုးကို အဘိညာဉ်လို့ ခေါ်တယ်၊ နော် (မှန်ပါဘုရား)၊ မြေကြီးထဲလဲ လျှိုးသွားနိုင်တယ်၊ ကောင်းကင်ထဲလဲ ပျံနိုင်တယ် သူက။ အဲတာ အဘိညာဉ်လို့ ခေါ်တယ်၊ ခုနပြောခဲ့တဲ့ သမာပတ္တိဉာဏ်၊ ခုပြောတဲ့ အဘိညာဉ်ဉာဏ်နဲ့ ပြည့်စုံလို့ မုနိလို့ ခေါ်တာလားဘုရား၊ မြတ်စွာဘုရားလက်ထက်က အဲဒီလို ပုဂ္ဂိုလ်တွေ ရှိတယ်၊ ဘုရားမပွင့်ခင်ကလဲ ရှိတယ်၊ ကောင်းကင်ပျံတဲ့ပုဂ္ဂိုလ်တွေ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေ၊ သမာပတ် (၈)ပါးရတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရားမပွင့်ခင် သာသနာပမှာလဲ ရှိတယ်၊ သာသနာရှိရှိ မရှိရှိ အဲဒီတရားတွေဟာ ရှိတယ်၊ ပေါ်လာတယ်၊ ဘာပြုလို့လဲ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ရှိနေတာကိုး။

သာသနာ့ပြင်ပ မုနိများ။ ။**ဒီတော့ အဲဒီသမာပတ္တိဉာဏ်အမြင်တွေနဲ့ အဘိညာဉ်ဉာဏ်အမြင်နဲ့ ပြည့်စုံနေတဲ့အတွက် သူတို့ကို** မုနိလို့ ခေါ်တာလား ဘုရားတဲ့၊ အဲဒီလိုမှ မဟုတ်ရင်တဲ့– ခေါင်းခေါင်းပါးပါး အကျင့်သန်လွန်လွန်းလို့ ဆင်းဆင်းရဲရဲ ခဲခဲယဉ်းယဉ်း ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ကျင့်လွန်လွန်းလို့ ခေါင်းပါးတဲ့ အသက်မွေးခြင်းနဲ့ ပြည့်စုံလွန်းလို့ သူတို့ကို မုနိလို့ ခေါ်တာလားဘုရားတဲ့၊ ဒါ မေးလိုက်တယ်။ (**မှန်ပါဘုရား**)၊ ခေါင်းခေါင်းပါးပါး ကျင့်တယ်ဆိုတာ ဘုန်းကြီးတို့ ပရိသတ် သိဘို့လိုတယ်၊ အချို့က အဝတ်ဝတ်ရတာဟာ ကြွားတယ်-ဝါတယ်-တဏှာတိုးပွါးကြောင်း ဖြစ်တယ်ဆိုပြီးတော့ အဝတ်မဝတ်ဘူး၊ ဒီအတိုင်းဘဲနေတယ်၊ **အဲစား စားပြန်တော့လဲ** ဘယ်လိုစားသလဲဆိုတော့ လက်နဲ့မစားဘူး၊ ပါးစပ်နဲ့ **ကုန်းဟပ်ပြီး စား**တယ်၊ အစာရှာတာ ဘယ်လိုရှာသလဲဆိုတော့ သူအဓိဋ္ဌာန်နဲ့ **အိမ်စဉ်လျှောက်ပြီး**တော့ ဆွမ်းခံတယ်ဆိုပေမဲ့ (၃)**အိမ်သာ ဆွမ်းခံ**မယ်၊ (၂)**အိမ်သာ ဆွမ်းခံ**မယ်၊ တအိမ်သာ ဆွမ်းခံမယ်ဆိုပြီးတော့ အဲဒီလို မရ-ရရ၊ **အဲဒါဘဲ သူစားမယ်**ဆိုပြီးတော့ ဒီလို

http://www.dhammadownload.com

အိမ်ကို ကွက်ပြီးတော့ သူက ဆွမ်းခံတယ်၊ နောက်ပြီးတော့ မိခင်သည် သားသူငယ်ကို နို့တိုက်နေတုန်း လာပြီးတော့ လောင်းတဲ့ဆွမ်း သူက လက်မခံဘူး၊ ကျီးတို့ခွေးတို့ မျောင်တဲ့နေရာက ဆွမ်းကို လက်မခံဘူး၊ တံခါးခုံခြားပြီးတော့ လောင်းတဲ့ဆွမ်းကို သူလက်မခံဘူး၊ ဒါ ပါဠိတော်မှာ လာနေတာကို ဘုန်းကြီးပြောပေးနေတာ၊ ခေါင်းခေါင်းပါးပါး ကျင့်တယ်ဆိုတာ။

နောက်ပြီးတော့ အစာမစားဘူး ဆွမ်းမစားဘူး၊ သူက သစ်သီးစားမယ် ဆိုပြီးတော့ သစ်သီးဘဲ စားနေတယ်၊ သစ်သီးစားပြန်တော့လဲ အခုစားတဲ့ အစာအာဟာရတွေဟာ ဟောဒီ မီးနဲ့ချက်တဲ့ အစာကို စားနေသည်ဖြစ်သော ကြောင့် ဒီအစာတွေဟာ ကိလေသာတွေကို တိုးပွါးစေတတ်တယ်၊ ဒီတော့ မီးနဲ့ မချက်ရတဲ့ သစ်သီးဘဲ စားမယ်ဆိုပြီး သူတို့ ဒီလိုစားကြတယ်၊ ဘယ်လောက် မှားတဲ့အယူလဲလို့ဆိုတာ အဲဒါကြည့်၊ ရှေးက ပုဂ္ဂိုလ်တွေဟာ မီးနဲ့ ချက်တဲ့ဟာကို မစားဘူးဆိုပြီးတော့ အဲဒီသစ်သီးကို စားတယ်၊ သစ်ရွက်စားတယ်၊ တချို့က သစ်သီးသစ်ရွက် အစိမ်းမစားဘူး၊ အခြောက်ဘဲ စားတယ်၊ခေါင်းခေါင်းပါးပါး ကျင့်နေကြတာ၊ နောက်ပြီးတော့ တချို့ပုဂ္ဂိုလ်တွေ ခါးမှာလဲ အဝတ်မရှိဘူး၊ အိပ်ပြန်တော့ ဘယ်လိုနေရာမျိုး အိပ်သလဲ – ဒီလို အခင်းအကျင်း ကောင်းစော ခေါင်းအုံးတွေနဲ့ မအိပ်ဘူး၊ ဒါကိလေသာ တိုးပွါးတယ်ဆိုပြီးတော့ မြေကြီးမှာ လက်နဲ့ယက်ပြီးတော့မှ အဲဒီ ကျင်းထဲမှာ သုံးပတ်လောက် လှည့်ပြီးမှ ခွေပြီး အိပ်တယ်။

စားပြန်တော့လဲ သူကိုသွားပြီးကျေးမှ စားတယ်၊လာမကျေးရင် မစားဘူး၊ စားပြန်တော့ ဘယ်လိုလုပ် စားသလဲ၊ လက်နဲ့ ယူ မစားဘူး၊ ပါးစပ်နဲ့ ငုံပြီး စားတယ်၊ ခေါင်းခေါင်းပါးပါး ကျင့်နေကြတယ်၊ နောက်ပြီးတော့ တချို့ကျတော့ လူတွေ့မခံဘူး၊ တောထဲမှာ တိုးနေတယ်၊ အင်မတန်မှ နှင်းတွေကျပြီဆိုတဲ့ အခါမှာ ထွက်ပြီးတော့ အအေးခံတယ်၊ အင်မတန်ပူတဲ့အချိန်မှာ ထွက်ပြီးတော့ သူတို့ကိုယ်ကို မီးနဲ့မြိုက်တယ်၊ အဲဒီလို ခေါင်းခေါင်းပါးပါး ရှားရှားပါးပါး ကျင့်နေကြလို့၊ တချို့ကတော့ နွားကလေးရဲ့ မစင်ကို စားတယ်၊ တချို့က ကိုယ့်မစင် ကိုယ်ပြန်စားပြီးတော့ ကျင့်တယ်၊ နောက်ပြီးတော့ သူတို့ နေပုံက အဝတ်မရှိဘူး၊ အဲဒါကို ခေါင်းခေါင်းပါးပါးကျင့်တဲ့ ပုဂ္ဂိုလ်ကြီးပါလား သူ့ကို ကိုးကွယ်ဆည်းကပ်ရင်ဖြင့် ငါ့မှာ ကောင်းကျိုးတွေ ရတော့မှာဘဲဆိုပြီးတော့ ဟိုတုန်းက ဝိုင်းပြီးတော့ ကိုးကွယ်တဲ့လူတွေ ပြည့်လို့။

ခေါင်းပါးအောင်ကျင့်တိုင်း မုနိမမည်ပုံ။ ။အမှန်ကတော့ တရားအားထုတ်ရင်း အဲဒီလို ဖြစ်သွားတာဘဲ၊ ဘုန်းကြီးတို့ပရိသတ်။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ သေသေချာချာလဲ စဉ်းစားကြည့်ကြနော်၊ ရှေးတုန်းက ရှိနေတာကို

http://www.dhammadownload.com

ဘုန်းကြီး ပြောပြနေတာ၊ ဒီခေတ်မှာလဲ ထောက်လာပြီ ထင်တယ်၊ အိမ်တအိမ်ကို ဘုန်းကြီးဆွမ်းစားပင့်လို့ ထောက်သွားတယ်၊ ဘုရားခမ်းကို ဖူးပါဦးဘုရားလို့ ဆိုပြီး သူဘုရားခမ်း ပြင်ထားတာကို ဘုန်းကြီးက ဖူးတယ်၊ အဲဒီ ဘုရားခမ်းမှာ ဘာတွေ တွေ့သလဲလို့ဆိုတော့ အဝတ်မရှိတဲ့ အဝတ်တပိုင်းသာ ဝတ်ထားတဲ့ လူကြီးတယောက် ပုတီးကြီး လည်ပင်းဆဲ့ထားတာ၊ အဲဒီဓာတ်ပုံကို ကိုးကွယ်ထားတာ တွေ့တယ်၊ သြော်-ခေါင်းခေါင်းပါးပါး ကျင့်နေတယ်ဆိုပြီး ကိုးကွယ်တာနဲ့ တူပါရဲ့လို့ ဘုန်းကြီးကတော့ ဒီလိုသဘောပေါက်မိတယ်။

ဘုန်းကြီးတို့ ပရိသတ်- ဒါတွေကို စဉ်းစားရမယ်၊ မြတ်စွာဘုရားက ဒါတွေကို ပြောပေးလိမ့်မယ်၊ အဲဒီလို ခေါင်းခေါင်းပါးပါး ကျင့်နေတဲ့အတွက် သူဟာ မုနိလို့ ခေါ်တဲ့ ကိုးကွယ်ထိုက်သူဖြစ်ပါသလားဘုရားလို့–နန္ဒက လျှောက်တယ်။ ဒီလျှောက်တဲ့ လျှောက်ထားချက်ကို နားလည်ပြီနော်၊ ဒီတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ ဖြေလိမ့်မယ်၊ ဘယ်လိုပြန်ဖြေသလဲဆိုတော့—

နဒိဋ္ဌယာ နသုတိယာ နဉာဏေန၊
မုနိဓ နန္ဒ ကုသလာ ဝဒန္တိ။
ဝိသေနိကတ္တာ အနီဃာ နိရာသာ၊
စရန္တိ ယေ တေ မုနယောတိ ဗြူမိ။

နန္ဒ၊ နန္ဒရသေ့။ ဣဓ၊ ဤသာသနာတော်၌။ ကုသလာ၊ ခန္ဓာငါးပါး အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးနှင့်တကွ ဗောဓိပက္ခိယတရား ၃၇-ပါး၊ မင်္ဂလိန် နိဗ္ဗာန်တို့၌ လိမ္မာကျွမ်းကျင်ကြကုန်သော ပညာရှိ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဒိဋ္ဌိယာ၊ မြင်ခြင်းဖြင့်။ (သုဒ္ဓိ)စင်ကြယ်ခြင်းကို။ (မုနိ)ရဟန်းဟူ၍။ နဝဒန္တိ၊ မဆိုကြကုန်။ (အမြင်ရနေတာနဲ့ သူ့ကို မုနိလို့ မခေါ်ဘူးတဲ့။) သုတိယာ၊ ကြားခြင်းဖြင့်။ (သုဒ္ဓိ) စင်ကြယ်ခြင်းကို။ မုနိ၊ မုနိဟူ၍။ နဝဒန္တိ၊ မဆိုကြကုန်။ ဉာဏ်လို့ကို မဆိုတော့ဘူးတဲ့၊ အဲဒီလိုဟာမျိုးကို မြတ်စွာဘုရားက၊ ခုနက အမြင်တွေ ရနေတယ် အကြားတွေ ရနေတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်မဟုတ်လား (မှန်ပါဘုရား)၊ အဲဒီလိုမျိုး အဟုတ်မျိုး ဖြစ်နေရင် ဘုန်းကြီးတို့ပရိသတ်မျိုး ဘယ်လိုလဲ တခါထဲ စိုက်စိုက်စိုက်စိုက်နဲ့ နေကြမှာဘဲ။ ဒါပေတဲ့ မြတ်စွာဘုရားက အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ မုနိ မဟုတ်သေးဘူး၊ သူတို့မှာ ဉာဏ်မရှိသေးဘူးတဲ့နော် (မှန်ပါဘုရား)။

ဉာဏေန၊ စောစောပိုင်းက သူမေးတဲ့ သမာပတ္တိဉာဏ် အဘိညာဉ်ခေါ်တဲ့ ဉာဏ်တို့ဖြင့် ပြည့်စုံခြင်းကြောင့်လဲ။ "သုဒ္ဓိ"၊ စင်ကြယ်ခြင်းကို။ မုနိ၊ မုနိဟူ၍။ နဝဒန္တိ၊ မဆိုကြကုန်။

http://www.dhammadownload.com

(မုနိမည်ပုံကို မြတ်စွာဘုရားက ပြောတော့မယ်)။ ယေ ကုလပုတ္တာ၊အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဝိသေနိကတ္တာ၊မာရ်စစ်သည် တို့ကို ဖျက်ဆီးခြင်းကို ပြုကြကုန်ပြီး၍။ ဝါ၊ ကိလေသာမာရ်မင်းရဲ့ စစ်တပ်ကြီး တွေကို ဖျက်ဆီး ဖြိုခွင်းခြင်းကို ပြုကြကုန်ပြီးသည်ဖြစ်၍။ အနီဃာ၊ ထုဂ ဒေါသ မောဟတည်းဟူသော တရားဖြင့် ဆင်းရဲခြင်းမရှိကြကုန်ဘဲ။ နိဏာသာ၊ တစုံတခုသော အာရုံ ဓမ္မ ပုဂ္ဂလကို ကပ်ငြို တွယ်တာခြင်း ကင်းကြပေကုန်၏။ တေ၊ ထိုသူတို့ကို။မုနယောတိ၊ မုနိတို့ဟူ၍။ ဝါ၊ဉာဏ်အမြင်နှင့် ကိုးကွယ်ယုံကြည် ထိုက်သောပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု။

မုနိမခေါ်ပုံ ဘုရားရှင်အလိုက္ခ။ ။မြတ်စွာဘုရားက ဘာပြန်ဖြေသလဲဆိုတော့ နန္ဒတဲ့ သင်မေးတဲ့ မေးခွန်းအရ (သမာပတ္တိဉာဏ်အမြင်နဲ့ ပြည့်စုံလို့ မုနိမည်ပါသလား၊ ခေါင်းပါးတဲ့ အကျင့်တွေကို ကျင့်လို့ မုနိမည်ပါသလားဘုရားလို့၊ မေးတဲ့မေးခွန်းအရ) ငါဖြေမယ်တဲ့။ အမြင်စင်ကြယ်ရုံမျှနဲ့ သူကို မုနိလို့ မခေါ်နိုင်ဘူးတဲ့၊ ဘယ်လောက်တောင် မြင်သလဲ၊ သူဒိဗ္ဗစက္ခုအဘိညာဉ်ကြီးနဲ့ မြင်လိုက်တာ၊ သေသွားတဲ့လူတွေ ဘယ် ရောက်သွားသလဲ၊ ဟော အပါယ်ရောက်သွားတယ်၊ တချို့က နတ်ပြည်ရောက် တယ်၊ ဒါတောင် သူမြင်တယ်၊ အဝေးကြီးမှာရှိတဲ့ အာရုံတွေလဲ သူမြင်တယ်၊ အဲဒီဉာဏ်အမြင်မျိုးနဲ့ ပြည့်စုံရုံလောက်နဲ့ သူကို စင်ကြယ်တဲ့ မုနိရဟန်းရယ်လို့ ငါဘုရားဟောကြားတော်မမူဘူးတဲ့၊ ဘုန်းကြီးတို့ပရိသတ်။

အကြားစင်ကြယ်ရုံ–သုတ၊ သူတပါးက တိုးတိုးကလေး ပြောတာကို သူက ကြားတယ်၊ အဲသလို အကြားအမြင်ပေါက်နေရုံလောက်နဲ့ဘဲ သူကို မုနိလို့ မခေါ်ဘူးတဲ့ မြတ်စွာဘုရားက။သမာပတ္တိဉာဏ်အမြင် စောစောပိုင်းက ပြော ခဲ့တဲ့ ပထမဈာန်,ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်သမာပတ် အာကာ-သာနဉ္စာယတနသမာပတ်၊ ဝိညာဏဉ္စာယတနသမာပတ်, အာကိဉ္စညာယတန သမာပတ်, နေဝသညာနာသညာယတနသမာပတ်လို့ ခေါ်တဲ့ အဲဒီ ဂ-မျိုးသော သမာပတ်နဲ့ ပြည့်စုံရုံကာမျှနဲ့လဲဘဲ သူကို မုနိမခေါ်ဘူးတဲ့ မြတ်စွာဘုရားက။ ဟုတ်လား (မှန်ပါဘုရား)၊ သမာဓိတွေ ဘယ်လောက်ကောင်းနေနေ သူကို မုနိလို့ မခေါ်သေးဘူးတဲ့။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်,ဣဒ္ဓိဝိဓ, ပရစိတ္တဝိဇာ-နန–သူတပါးရဲ့စိတ်ကို သိရုံကာမျှနဲ့ ဣဒ္ဓိဝိဓဆိုတာက နည်းနည်းကလေးကနေ အများကြီးဖြစ်အောင် အများကနေ နည်းနည်းကလေးဖြစ်အောင် ဖန်ဆင်း တတ်ရုံနဲ့ ကောင်းကင်မှာရှိနေတဲ့ နေနဲ့ လတွေကို ကိုင်နိုင် သုံးသပ်နိုင်ရုံလောက်နဲ့

http://www.dhammadownload.com

သူကို မုနိလို မခေါ်နိုင်တော့ဘူးတဲ့ မြတ်စွာဘုရားက၊အဲတာ ဘာဖြစ်လို့လဲဘုရား လို့ မေးစရာမရှိဘူးလား (ရှိပါတယ်ဘုရား)။

ဒီလောက် သမာပတ္တိဉာဏ်အမြင်ကြီးတွေရလို့ သမာဓိတွေ ဒီလောက် အား ကောင်းနေပါလျက်သားနဲ့ ပထမစျာန်,ဒုတိယစျာန်,တတိယစျာန်, စတုတ္ထစျာန် တွေ ရနေပါလျက်သားနဲ့ ဘာဖြစ်လို့ ဒီပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက မုနိလို့ မခေါ်တာလဲလို့ဆိုတော့ မိစ္ဆာပဋိပဒါဖြစ်နေလို့။ အဲဒါ ဘယ်သူက ပြောထား သလဲဆိုတော့ ဘုန်းကြီးတို့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ပဋိပဒါသုတ္တန်ဆိုတာ ရှိတယ်- အဲဒီ ပဋိပဒါသုတ္တန်ကို ဖွင့်ထားတဲ့ အဋ္ဌကထာ[၁]ဆရာကြီးက ဘာပြော ထားသလဲဆိုတော့–

လမ်းမှားဆိုရာ၌ ရှင်းချက်။ ။ယံ ဟိ ကိဉ္စိ ဘဝတ္တယသခ်ါတံ ဝဋ္ဌံ ပတ္ထေတွာ ပဝတ္တိတံ၊အန္တမသော ပဉ္စာဘိညာ အဋ္ဌ ဝါ ပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဌပက္ခိယံ ဝဋ္ဌသီသန္တိ ဝဋ္ဌသီသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ[၁]။ အလုံးစုံသော ကုသိုလ်တရားတွေ သံသရာဝဋ္ဌဆင်းရဲ ဖြစ်တဲ့ခန္ဓာ ငါးပါးတည်းဟူသော ဝဋ္ဌဆင်းရဲကိုမှီပြီးတော့ဖြစ်တဲ့ ကုသိုလ်ကောင်းမှုဟူသရွှေ၊ အဲဒီ သမာပတ်ရှစ်ပါးနဲ့ အဘိညာဉ်ကုသိုလ် ထိအောင်တဲ့ မိစ္ဆာပဋိပဒါပါတဲ့- အဋ္ဌကထာဆရာကြီးက ပြောတယ်၊ ဝဋ္ဌနိဿိတ ကုသိုလ်ကို ပြောတာ၊ ဒါန ကုသိုလ် သီလကုသိုလ် သမာဓိကုသိုလ်။ အဲဒါ ဝဋ္ဌဆင်းရဲကို အမှီပြုပြီးတော့ လူဖြစ်အောင် နတ်ဖြစ်အောင် ဗြဟ္မာဖြစ်အောင် အဲဒီလို လုပ်တဲ့ လုပ်ငန်းသည် သံသရာဝဋ္ဌဆင်းရဲကို မှီနေသူဖြစ်သောကြောင့် ဝဋ္ဌတရား၌ ဦးခေါင်းဆိုက်နေ သည့်အတွက် မိစ္ဆာပဋိပဒါ-လမ်းမှားတဲ့-ဒီဥစ္စာ၊ လမ်းမှားဆိုတာ-သူကိုခေါ်တာ နော်၊ (မှန်ပါဘုရား)။

လမ်းမှန်က ဘာလဲ-ဣဒံ-မေ ဒါနံ-အာသဝက္ခယာဝဟံ ဟောတု[၁]လို့ ဆိုပြီး တော့ ပန်းကလေး လက်တဆုပ်-ယာဂုကလေး တငွန်း လှူဒါန်းသည့် ကုသိုလ် သည်ပင်လျှင် နိဗ္ဗာန်မရောက်မချင်း အကျိုးပေးလို့ မဆုံးပါဘူးတဲ့၊ အဲဒီ နိဗ္ဗာန် ရောက်မဲ့ ကုသိုလ်တွေ။ ဒါကတော့ သမ္မာပဋိပဒါလို့ အဋ္ဌကထာဆရာကြီးက ဖွင့်တယ်၊ အဲတာကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က န ဉာဏေန။ ဉာဏေန၊ သမာပတ္တိဉာဏ်-အဘိညာဉ်ခေါ်တဲ့ဉာဏ်နဲ့-ပြည့်စုံသော အားဖြင့်လဲ။ သုဒ္ဓိံ၊စင်ကြယ်ခြင်းကို။ မုနိ၊ မုနိဟူ၍။ န ဝဒန္တိ၊မဆိုကုန်။ ဒါမုနိ မဟုတ်ဘူးတဲ့၊ ဘုန်းကြီးတို့ အမျိုးကောင်းသား - အမျိုးကောင်းသမီးတွေ - စဉ်းစားကြည့် ကောင်းကင် ပျံနိုင်တယ်-မြေလျှိုးနိုင်တယ်၊ ဘယ်လိုဟာတွေ ပြောနိုင်တယ်၊ ဘာတွေသိတယ်၊ ဘယ်လို စီးပွါးရေးရအောင် လုပ်ပေးနိုင်တယ်၊ ကြီးပွါးရေး

၁။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၁၈။

http://www.dhammadownload.com

ဖြစ်အောင် ဘာတွေလုပ်ပေးနိုင်တယ်၊ ရာထူးတက်အောင် လုပ်ပေးနိုင်တယ်၊ မယုံနဲ့ - အလကားဟာတွေ - ဒီဥစ္စာ၊ ဟုတ်ကို မဟုတ်ဘူး၊ ဒီဟာ-ဟုတ်လား၊ (မှန်ပါဘုရား)။

တရားအာဒေးထုတ်ရင်း တရားအာဒေးထုတ်ရင်း တော်တော်ကြာတော့ ဘာဖြစ်သွားသလဲဆိုတော့ အမြင်ရလာသလိုလို-အကြားရလာသလိုလို တော်တော်ကြာ ဘယ်ဆရာနောက် လိုက်ဆလိုလို-ဟိုဆာ ဒီဆရာနဲ့ တော်တော်ကြာ တမျိုးတမည်တွေ ဖြစ်ကုန်ကြရော၊ ဟုတ်လား (မှန်ပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် အဲတာတွေကိုလဲ-မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဒီသုတ္တန်မှာ အကုန်ပယ်ချထားတာ၊ ရှေကျတော့ လာလိမ့်ဦးမယ်၊ ပါဠိတော်မှာ လာနေတာကို ဘုန်းကြီးဟောပေးနေရသည် ဖြစ်သောကြောင့် ပရိသတ်ကိုတော့ ဘုန်းကြီးမကြည့်နိုင်ဘူး၊ ပါဠိတော်ဘဲ ဘုန်းကြီးကြည့်ရလိမ့်မယ်နော် (မှန်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား - အမျိုးကောင်းသမီးများက၊ ဒီတရားများ ဒို့ကိုများ စောင်းမြောင်းပြီး ပြောနေသလားလို့ ဒီလိုတော့ မအောက်မေ့နဲ့၊ ဘုန်းကြီးတို့ ပရိသတ် မပေါ် ခင်က ပေါ်နေတဲ့တရား၊ ဟုတ်လား(မှန်ပါဘုရား)၊ ဒါပါဠိတော် မူအတိုင်း ဘုန်းကြီးက ပြောသွားမယ်နော် (မှန်ပါဘုရား)၊ သမာပတ္တိဉာဏ်အမြင်နဲ့ ပြည့်စုံရုံမျှနဲ့ သူကို မုနိလို့ မခေါ်ဘူးလို့ မြတ်စွာဘုရားက ဒီလိုဟောတယ်၊ ဘာဖြစ်လို့လဲ မိစ္ဆာပဋိပဒါ၊ နော် (မှန်ပါဘုရား)။

မုနိခေါ်ပုံ ဘုရားရှင်အလိုက္ခ။ ။ဒါဖြင့် မုနိဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲလို့ ဆိုတော့ ဝိသေနိကတ္တာ၊ ဝိဆိုတာ မရှိတာ၊ သေနဆိုတာ စစ်သည်၊ကတ္တာ-ဆိုတာ-ပြုတာ။ ဝိသေနိကတ္တာ၊ ကိလေသာမာရ်ဆိုတဲ့ စစ်သည်တွေကို မရှိအောင် တိုက်ဖျက်ခြင်းကို ပြုကြကုန်ပြီးသည်ဖြစ်၍။ အနီဃာ၊ ရာဂဒေါသ မောဟတည်းဟူသော-ဆင်းရဲခြင်း ကင်းကြကုန်လျက်။ နိရာသာ၊ တစုံတခုသော ပဂ္ဂလဓမ္မကို ကပ်ငြိတွယ်တာခြင်း ကင်းကြကုန်၏၊ တေ၊ ထိုသူတို့ကို၊ မုနယောတိ၊ မုနိတို့ဟူ၍၊ အဟံ၊ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

သာဓု သာဓု သာဓု။

ကိလေသာ၏ စစ်တပ်ကြီးများ

အဲတာ မုနိဘဲတဲ့၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား - အမျိုးကောင်းသမီးများ မုနိဖြစ်အောင် ရှေးဦးစွာ ဘာလုပ်ရမလဲဆိုတော့ လုပ်ငန်းကို မြတ်စွာဘုရားက ပြောပြတယ်၊ ကိလေသာရဲ့ စစ်တပ်ကြီးတွေကို ရှေးဦးစွာ ဖျက်ပစ်ရမယ်။ ဟုတ်လား (မှန်ပါဘုရား)၊ ကိုင်း အဲဒီ ကိလေသာရဲ့ စစ်တပ်ကြီးတွေကို ဖျက်ပစ်ရမယ်ဆိုတော့ ဖျက်ပစ်ရမဲ့ ကိလေသာ စစ်တပ်ကြီးက ဘယ်နှစ်တပ်

http://www.dhammadownload.com

ရှိသလဲ-၁၀-တပ် ရှိတယ်။ အဲဒါကို-သုတ္တနိပါတ် ပါဋ္ဌိတော် ပဓာနသုတ်ဆိုတာ မြတ်စွာဘုရားဟောထားတာ ရှိတယ်၊ အဲဒီ ပဓာနသုတ် နှာ(၃၄၂) မှာ ဘာ ဟောထားသလဲဆိုတော့ ကိလေသာ ၁၀-တပ်ကို–

ကာမာ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထီ တဏှာ ပဝုစ္စတိ။

၄-တပ်၊ ဒီဂါထာက။ ဒီတဂါထာဘဲ ဘုန်းကြီးတို့ ပရိသတ်ကြည့်စမ်းပါဦး၊ ဒီတပ်တွေကို ဖျက်ပြီးပလား မဖျက်ရသေးဘူးလားဆိုတာကို ဘုန်းကြီးမေးရဦးမယ်၊ တရားအားထုတ်မယ်ဆိုတဲ့ပုဂ္ဂိုလ်တွေ ပါဋ္ဌိတော်ကို ပြောပေးတာနော်၊ (မှန်ပါဘုရား) အရှင်ဘုရားဟာတွေ ဖြစ်နိုင်ပါ့မလား ဘုရားလို့ ဆိုရင်တော့ ပါဋ္ဌိတော်သာ မေးကြ၊ ဘုန်းကြီးက ပါဋ္ဌိတော်ကို ဟောနေတာဖြစ်တော့ ပါဋ္ဌိတော် အတိုင်းဘဲ ပြောရမယ်နော် (မှန်ပါဘုရား)။

ကိလေသာကို မာရ်ခေါ်ပုံ။ ။မာရ၊ ဟဲ့ ကိလေသာမာရ်။ ကိလေသာဆိုတာ လောဘ ဒေါသ မောဟ သတ္တဝါတို့ရဲ့ စိတ်ကို ညစ်နွမ်းစေတတ်-ပူပန်စေတတ်တဲ့ တရားကို ကိလေသာလို့ ခေါ်တယ်၊ အဲဒီ ကိလေသာသည် သတ္တဝါတို့ကို အုပ်စိုးပြီးတော့ အုပ်ချုပ်ထားသည် ဖြစ်သောကြောင့် မာရ-မာရ်လို့ ခေါ်တယ်၊ အဲဒီ ကိလေသာမာရ်က ဟိုဘက်ကို ကျော်မထွက်နိုင်အောင် ချထားတဲ့ တပ်ကြီးက ဘယ်နှစ်တပ်လဲ (၁၀-တင်ပါဘုရား)။ အဲဒီ(၁၀) တပ်မှာ ဘယ်တပ်ရောက်လာသလဲဆိုတော့ ပဌမတပ်ကြီးကို သူပြောမလို့။

ကိလေသာမာရ်၏ ပဌမတပ်သားများ။ ။မာရ၊ ဟဲ့ကိလေသာမာရ်။ကာမာ၊ ဝတ္ထု ကာမ ကိလေသာ ကာမ ထိုနှစ်ဝတို့ကို။ တေ၊သင် ကိလေသာမာရ်၏။ ပဌမာ သေနာ၊ပဌမတပ်မတော်ကြီး ဟူ၍။ ဝုစ္စတိ၊ ကောင်းစွာ မသွေ ခေါ်ဆိုရပေ၏။ ပဌမတပ်မတော်ကြီး ကာမကို ကျော်သွားသလား၊ အဲဒီ တပ်ကိုမှ ကျော်မသွားနိုင် ဒီ တပ်မှ မဖျက်ဆီးနိုင်သေးရင် နိဗ္ဗာန်ကို မသွားနိုင်-မရောက်နိုင်သေးဘူး၊အကြွင်းအကျန်မရှိ-ဒီကာမတပ်ကို ဖျက်ဆီးပစ်ရမယ်တဲ့-ဘုန်းကြီးတို့ ပရိသတ်။ ဝတ္ထုကာမကို ဘယ်လိုနည်းနဲ့ဖျက်ဆီးပစ်ရမလဲ-အာဒီနဝမြင်အောင် ကြည့်ပြီးတော့ ခွါလိုက်ရမယ်၊ အဲဒီကာမာနံ အာဒီနဝကထာတွေကို ဘုန်းကြီး နောက်က ဟောပေးခဲ့ပြီ၊ ကိလေသာကာမဆိုတာ ဘယ်သူတွေလဲ ဆန္ဒ ရာဂ၊ ဝတ္ထုကာမဆိုတာ ဘယ်သူတွေလဲ နှစ်သက်တဲ့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ အဲဒါတွေကို ဝတ္ထုကာမလို့ ခေါ်တယ်။ ကိုယ်အိမ်မှာရှိတဲ့ တိုက်တွေ တာတွေ အိမ်တွေ ယာတွေ စိန်တွေ ရွှေတွေ ပုလဲ ပတ္တမြားတွေ ကျောက်သံရတနာတွေ အထည်အလိပ်တွေ အဝတ်အစားတွေ၊ အများကြီး မဟုတ်လား (မှန်ပါဘုရား)။ များလိုက်တဲ့ ကာမဂုဏ်တပ်ကြီးတွေ၊

http://www.dhammadownload.com

အဲတာလဲ သူတို့ တင်းမတိမ်သေးဘူး-စုတုန်းဘဲ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ကာမဂုဏ်တပ်ကြီးဖြစ်တဲ့ ဝတ္ထုကာမတွေကို ဘယ်လိုလုပ်ရမလဲဆိုတော့-အပြစ်တွေပါလားလို့ မြင်အောင်ကြည့်ရမယ်တဲ့၊ အဲဒီမှာရှိတဲ့ အပြစ်တွေကို မြင်အောင်ကြည့်နော် (မှန်ပါဘုရား)။

သားတစ်နှင့်တူသော ကာမ။ ။အဲဒီ ကာမလို့ ခေါ်တဲ့ တရားကို ဘုန်းကြီးတို့ အမျိုကောင်းသား-အမျိုးကောင်းသမီးများက သိမ်းထားတယ်၊ လူတိုင်း လိုချင်တယ်၊ ဟုတ်လား (မှန်ပါဘုရား) လူတိုင်း လိုချင်တော့ သူဟာ ဘာနဲ့တူသလဲဆိုတော့ သားတစ်နဲ့တူတယ်၊သားတစ်တခုကို စွန်တကောင်က ယူထားခဲ့လို့ရှိရင် အဲဒီ စွန်ကို တခြားစွန်တွေက ဝိုင်းပြီးတော့ မဆိတ်ကြဘူးလား- (ဆိတ်ပါတယ်ဘုရား)၊ ဘာဖြစ်လို့ ဆိတ်သလဲ (သားတစ်ကြောင့် ဆိတ်ပါတယ်ဘုရား)၊ ပစ္စည်းဥစ္စာတွေကို လက်ဝယ်သိမ်းပိုက်ထားတဲ့ ပုဂ္ဂိုလ်တွေကို လူတိုင်းလူတိုင်းက မျက်စောင်းမထိုးပေဘူးလား၊ ဘယ်လိုနည်းနဲ့ ရအောင် ယူရပါ့မလဲလို့ဆိုပြီးတော့ နောက်ဆုံးပိတ်တနေ့မှာ ဒီပစ္စည်းကိုမရ-ရတဲ့ နည်းနဲ့ လူသတ်ယူသလား-မယူဘူးလား (ယူပါတယ်ဘုရား)။

ဒဏ္ဍေသု၊ အစွယ်ကိုလိုသောကြောင့်။ နာဂေါ၊ ဆင်ပြောင်ကို။ ဟညတေ၊ သတ်၏၊ ပစ္စည်းဥစ္စာလိုချင်လို့ လူသတ်တာ၊ ဘယ်လောက်ကြီးတဲ့အပြစ်လဲဆိုတာ အဲဒီ ဝတ္ထုကာမ အာဒီနဝကို မြင်အောင်ကြည့် မြန်မြန်စွန့်ရင်စွန့် မစွန့်ရင် တော်တော်ကြာတော့ ကိုယ့်ကို ဒုက္ခပေးလိမ့်မယ်တဲ့၊ ဒီပစ္စည်း ဟုတ်လား (မှန်ပါဘုရား)၊ ဒီရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ဝတ္ထုကာမတွေ ဟာ-ခုနက သားတစ်ကို ချီထားတဲ့ စွန်ဟာ ဒီသားတစ်ကို စွန့်ရင်စွန့်-မစွန့်ရင် ဟိုတခြား စွန်တွေ ဝိုင်းပြီးတော့ ဒုက္ခပေးမလား မပေးဘူးလား- (ပေးပါမယ်ဘုရား)၊ စွန့်လိုက်ရင် သက်သာခွင့်ရသွားမယ်။အဲဒါ-ဒါနကုသိုလ်ရဲ့ သန္ဓိဋ္ဌိက အကျိုးဟာ ဒါဘဲ။ ပစ္စည်းဥစ္စာတွေကို လက်ဝယ်သိမ်းပိုက်ထားတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီပစ္စည်းတွေနဲ့ပတ်သက်ပြီးတော့ နေ့တိုင်း စိုးရိမ်ကြောင့်ကြနေရတယ်၊ ငါ့ ပစ္စည်းတွေ ဘယ်လိုလဲ မီးများ လောင်သွားမလား-ရေထဲဘဲ မျောသွားမလား မင်းကများ ဖျက်ဆီးသွားမလား ခိုးသူ-ဓားပြတွေက လုယက်ယူကုန်ကြမလား ဘယ်လိုလုပ်သိမ်းထားရမလဲဆိုပြီး-ဟာ သိမ်းလိုက်ရတာ-သိမ်းလို့ကို မဆုံးဘူး၊ မီးခံသေတ္တာထဲထည့် သော့ခတ်၊ အမျိုးမျိုးတွေ-အန္တရာယ်တွေများ - မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီလို ဝတ္ထုကာမတွေအပေါ်မှာ ဒီအန္တရာယ်တွေကို မြတ်စွာဘုရားရှင် ကိုက်တော်မြတ်က မြင်အောင် ကြည့်ပါတဲ့၊ ကျော်နိုင်အောင်-ကျော်နိုင်အောင်နော် (မှန်ပါဘုရား)။

ကိလေသာကာမဖြစ်တဲ့ ဆန္ဒနဲ့-ရာဂတော့ဖြင့် ပယ်စွန့်ပေးရမယ်၊ ဒီကာမဂုဏ်တပ်တည်းဟူသော ကိလေသာမာရ်ရဲ့ စစ်သည်တော်ကြီးကို ဖျက်ဆီးပစ်တဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ကို ဝိသေနိကတ္ဘာလို့ ခေါ်တယ်၊ဝိသေနိကတ္ဘာ-ကာမဂုဏ် တည်းဟူသော မာရ်ရဲ့ စစ်သည်တွေကို ဖျက်ဆီးပစ်သည်ကို ပြု၍၊ မုနိအမည်ရသို့ ပုဂ္ဂိုလ်က အဲဒီလိုလုပ်ရမယ်၊ ကာမဂုဏ်ကို မစုရဘူး၊ ရဟန်းရှင်လူ မည်သူမဆို ကာမ ဝတ္ထုတွေကို စုမထားရဘူး၊ ဆောင်းမထားရဘူး၊ ဘုန်းကြီးတို့သံဃာတော် ဘက်ကဆိုရင် သင်္ဃန်းတွေ စုမထားရဘူး၊ သပိတ် ပရိက္ခရာတွေ စုမထားရဘူး၊ ဘီဒိုတွေ ကုလားထိုင်တွေ စားပွဲတွေ စုမထားရဘူး၊အိပ်ရာ နေရာ ခြင်ထောင် စောင် ခေါင်းအုံး-ဒီဥစ္စာတွေ စုမထားရဘူး၊ သူမျာ်းက မလိုချင်လို့ လှူထား တာကို ကိုယ့်ဆီရောက်လာ ကိုယ်ကလဲ တဆင့်လှူပစ်-နော်၊ (မှန်ပါဘုရား)၊ စုမထားရဘူး၊ အဲတာ ဝတ္ထုကာမတွေ။ အာဒီနဝကို မြင်အောင် ကြည့်ပြီး စွန့်ရမှာ၊ အာဒီနဝကို မမြင်ရင် မစွန့်နိုင်ဘူး၊ အာဒီနဝဆိုတဲ့ အပြစ်ကို မြင်ရင် စွန့်နိုင်ထယ်၊ ကာမာ တေ ပဌမာ သေနာ တဲ့၊ ဒါ ပဌမတပ်။

ကိလေသာမာရ်၏ ဒုတိယတပ်သားများ။ ။ဒုတိယာ အရတိ ဝုစ္စတိ။ **အရတိ**၊ တရား အားထုတ်တဲ့ နေရာ, တရား နာတဲ့ နေရာ တရား အားထုတ်မှု လုပ်ငန်း၌ မမွေ့မလျော် မပျော်ပိုက်ခြင်းကို။ ဒုတိယာ၊ နှစ်ခုမြောက်သော တပ်မတော်ကြီးဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ ဘုန်းကြီးတို့ ပရိသတ် ပျော်ကြွရွှင်လား တရားအားထုတ်ရအောင် သွားတဲ့နေရာ ဆွေမှာ (ပျော်ပါတယ်ဘုရား)၊ ဘာဖြစ်လို့ ပြန်လာဒါလဲ၊ (ကိစ္စ ဝိစ္စ ရှိလို့ပါ ဘုရား)၊ မပျော်လို့ပါ တွေ့ကရာ စကားတွေ ရှောင်ကွင်းမနေပါနဲ့၊ မနေနိုင်လို့ ပြန်လာတာပါ (မှန်ပါဘုရား)၊ ဘာဖြစ်လို့ ပြန်လာသလဲ (မပျော်လို့ပါဘုရား)၊ ဘာဖြစ်လို့ မပျော်သလဲ ဆိုတော့ ကာမဂုဏ်က နှိုးဆော်နေလို့ မပျော်တာ၊ ဟို မှာ ပျော်စရာမှမရှိဘဲနဲ့ ရူပါရုံလဲ ခံစားစရာမရှိဘူး၊ သဒ္ဒါရုံလဲ ခံစားစရာ မရှိဘူး၊ ဖောဋ္ဌဗ္ဗာရုံလဲ ခံစားစရာ မရှိဘူး၊ ကာမဂုဏ် ခံစားစရာက ရိပ်သာထဲမှာ မရှိဘူး၊ မရှိတော့ ဘုန်းကြီးတို့ ပရိသတ်က မပျော်ဘူး၊ ကာမဂုဏ် အဖော် ကလေးတွေနဲ့ နေရမှာ ပျော်သကို။ ကာမဂုဏ် အဖော်မရှိရင် ဘယ်လိုလဲ (မပျော်ပါဘုရား)၊ မပျော်ဘူး၊ ဒီတော့ ကာမဂုဏ်ရှိတဲ့ နေရာ ပြန်လာခဲ့ရော၊ အိမ်က ပြောတယ် ဘာလုပ် ပြန်လာရသလဲ တရားအားထုတ်နေတာ အေးအေးဆေးဆေး ရှိသား ဘဲလို့ဆိုတော့ ခုနက ပြောသလိုဘဲ၊ အိမ်မှာ စိတ်မချလို့ ကိစ္စရှိလို့ပါ၊ **အဲဒီလို** ပြောတယ်၊ ကိစ္စကလေးက ဘာကိစ္စလဲ (ကာမဂုဏ် ကိစ္စတွေပါ ဘုရား)၊ **ကာမ** ဂုဏ် ကိစ္စနဲ့ ပြန်လာကြတာပါ။

ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးမျာ်း ပျင်းတယ် ဆိုတာ ဘာဖြစ်လို့လဲ ကာမဂုဏ် အဖော်မရှိလို့။တနည်း ပြောရမယ်ဆိုရင် **တရား** မရသေးလို့ ပျင်းတာ၊ တရားရလို့ အဲဒီ တရားတွေနဲ့ ပျော်မွေ့နေတဲ့ ပုဂ္ဂိုလ်ဟာ ပျင်းတယ်လို့ ပြောဦးမလား (မပြောတော့ပါဘုရား)၊ အဲဒီတော့ အဲဒီ **အရတိ**

http://www.dhammadownload.com

တပ်မတော်ကြီးလဲ ပျင်းရိ ငြီးငွေ့တယ်၊ တရားအားထုတ်တဲ့ နေရာမှာ နေရတာ၊ ဘယ်တော့ ရက်စေ့မလဲဆိုတာကို အောက်မေ့နေတယ်၊ တရား ထိုင်တာတောင်မှ ဆရာက ပြောထားတယ် (၁) နာရီ တရား ထိုင်ရမယ်လို့ ပြောထားတယ်၊ ဒီတော့ တရားထိုင်ရင်း ဘယ်တော့ နာရီ စေ့ ပါမလဲလို့ နာရီ ကလေး နှိုးစက် ချထားတယ်၊ အဲဒီနာရီသံဘဲ သူကနားထောင်နေတာဘဲ၊ နာရီသံ ကလင် ကလင် ဆိုရင်ဘဲ တခါထဲ ရပ်ဖစ်လိုက်တော့တာဘဲ၊ တမိနစ် ကလေးပိုပြီး အားမထုတ်ဘူး၊ ဘယ်လောက်များတရားအားထုတ်မှုဌ် မမွေ့ လျော်သလဲဆိုတော့ ပျင်းလို့၊ အဲဒါ မာရ်ရဲ့ တပ်မတော်ကြီးတခုတဲ့ ဘုန်းကြီးတို့ပရိသတ်။ ဘယ်နှစ်ခုရှိသွားပြီလဲ (၂-ခု ရှိသွားပါပြီဘုရား)။

ကိလေသမာရ်၏ တတိယတပ်သားများ။ ။တတိယာ ခုပ္ပိပါသာ တေ။ ခုပ္ပိပါသာ၊ ဆာလောင်မွတ်သိပ်ခြင်းသဘောကို။ တေ၊ သင် မာရ်မင်း၏။ တတိယာ၊ သုံးခု မြောက်တဲ့ တပ်မတော်ကြီး ဟူ၍။ ဝစ္စတို့၊ ဆိုရလေတော့၏။ ထမင်း ဆာတယ် ထမင်း ဆာတယ်တဲ့။ ဘုန်းကြီးဘို့ ပရိသတ် ဒီနေရာမှာ သုတ္တန်ပါတ် ပါဠိတော် အဋ္ဌကဝဂ် သာရိပုတ္တသုတ္တန်က-ခုဒါယ၊ ဆာလောင်ခြင်းဖြင့်။ဖုဋ္ဌော၊ တွေ့သည်။ သတိ၊ ရှိသော်။ အဓိဝါသေယျ၊သည်းခံရာ၏တဲ့၊ ဆာလောင် မွတ်သိပ်မှုကို အဓိဝါသန ခန္တီဖြင့် သည်းခံရမယ်နော်။ နောက်တခု ပရိဒေဝနိယဓမ္မ ခေါ် တဲ့ ငိုကြွေးကြော်ငင်းတရားထဲမှာ ကိ ံသု အသိဿံ ကုဝံ ဝါ အသိဿံ-တဲ့၊ ငါဘာတွေ စားရမှာလဲ၊ ထမင်းဘဲ စားရမလား၊ မုယောတို့ မွှေကောင်းကောင်းတို့ကိုဘဲ စားရမလား၊ ငါးဟင်း ဝက်သားဟင်း ဆိတ်သားဟင်း ကျက်သားဟင်းတွေကိုဘဲ စားရမှာလား မင်းအိမ်မှာ စားရမှာလား သူဌေးအိမ်မှာ စားရမှာလား ကုန်သည်အိမ်မှာ စားရမှာလား သူဆင်းရဲအိမ်မှာ စားရမှာလားနဲ့ စားရေးကိုတွေးပြီး ဆွေးမနေရဘူးတဲ့၊ ဘယ်နဲ့လဲ ကျော်နိုင်ကြပါမလား ပရိသတ်ကြီး (မကျော်နိုင်ပါဘုရား)၊ မကျော်နိုင်ရင်လဲ နေပေစေတော့ ဘုန်းကြီး ဟောရတာ ဓမ္မဒေသနာ ကုသိုလ် မရပေဘူးလား (ရပါတယ်ဘုရား)၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဓမ္မဿဝန ကုသိုလ်မရဘူးလား (ရပါတယ်ဘုရား)၊ သဝနာနုတ္တရိယ ကုသိုလ်ကော မရဘူးလား(ရပါတယ်ဘုရား)၊ ကိုင်း ဒီကုသိုလ်ရတာနဲ့ဘဲ နေကြတော့ပေါ့။ တရားရတာ မရတာတော့ ဖြေးဖြေးပေါ့။ (၃) ခု ရှိသွားပြီနော် (မှန်ပါဘုရား)။

ကိလေသမာရ်၏ စတုတ္ထတပ်သားများ။ ။စတုတ္ထီ တဏှာ ပဝုစ္စတိ။ တဏှာ-တဏှာဆိုတဲ့ နှစ်သက်မှု၊ အဲဒါက စတုတ္ထီ ၄-ခုမြောက် တပ်မတော်။ နှစ်သက်လိုက်တဲ့ ဖြစ်ခြင်းကလဲဘဲ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း သမီးများ ဒီနေရာကလေး ထိုင်ပြီး

http://www.dhammadownload.com

အားထုတ်နေရင် ဒီနေရာ ကလေးဘဲ သူက ထိုင်ချင်တယ်၊ ကိုယ့်နေရာ သူမျှား လာထိုင်တာ မကြိုက်ဘူး၊ နေရာကလေး နှစ်သက် နေလိုက်တာ ဘယ်နယ်ပြောလဲဆိုတော့ ဒီနေရာကလေး ငါထိုင်နေက၊ နေရာလေး၊ ဘယ်နဲ့ လာထိုင်နေရတာတုန်း၊ ဟိုဘက်တိုးလိုက်ပါဦး၊ ကိုယ်ထိုင်တဲ့နေရာကို၊ ဒီနေရာ ဘဲသူက ထိုင်ချင်တယ်၊ ကြုံ့ကြုံ့ကလေးထိုင်လို့ ဒီတရားကို တွေ့ရင် နောက် တခါကြုံ့ကြုံ့ ကလေး ထိုင်ချင်တယ်၊ နေရာမပြောနဲ့ ဣရိယာပုထ်တောင် ဒီ ဣရိယာပုထ်နဲ့လုပ်လို့ ဒီတရားကွက်ကလေး တွေ့ရင် နောင်လဲဘဲ ဒီတရားကွက် ကလေးမျိုး တွေ့လိုသည် ဖြစ်သောကြောင့် ဒီလိုဘဲ ဒီဣရိယာပုထ်နဲ့ကြီး ထိုင် ချင်တယ်၊ အဲသလောက်တောင် တဏှာကလဲ ကပ်ပါတယ်၊ သူ့ကို ဘာလို့ ခေါ်သလဲ (တဏှာခေါ်ပါတယ်ဘုရား)။

တဏှာ၊ ဒါတင်မကသေးဘူး စားမှု၌ နှစ်သက်တယ်၊ ဝတ်မှု၌ နှစ်သက်တယ်၊ အိပ်မှု၌ နှစ်သက်တယ်၊တချို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ တရားအားထုတ်ရအောင် သွားတော့မယ်ဆိုရင် ဘာတွေယူသွားကြသလဲ နို့ဆီ တို့ သကြားတို့ ဟောလစ်တို့အိုဗာတင်းတို့ ဒါတွေ ယူသွားကြတယ်မဟုတ်လား၊ တရားအားထုတ်သွားတာတဲ့၊ဘုန်းကြီးတို့ကျောင်း တခါတခါ တရားအားထုတ် ဘို့ ရောက်လာတဲ့ ပုဂ္ဂိုလ်တွေမှာ ကြည့်လိုက်ရင် ယူလာလိုက်တဲ့ ပစ္စည်းဝတ္ထု တွေဆိုတာ နည်းတာမဟုတ်ဘူး သုံးဘီးကားနဲ့ဆိုရင် တချို့ နှစ်စီးထောင်တင်ရ တယ်၊ တရား အားထုတ်ရအောင်လာတဲ့ လူတွေ၊ သိဒ္ဓတ္ထမင်းသား တောထွက် သွားတာ ဘာမှပါမသွားဘူး၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ များလိုက်တဲ့ အဆောင်အယောင်တွေ- တဏှာတွေ၊ အဲဒီ တဏှာက စတုတ္ထ တပ်မတော်ကြီး ၄-ခု ဟုတ်လား (မှန်ပါဘုရား)။

ကိလေသာမာရ်၏ ပဉ္စမတပ်သားများ။ ။ပဉ္စမံ ထိနမိဒ္ဓံ တေ[၁]။ ထိနမိဒ္ဓံ၊ အိပ်ချင်တယ် ငိုက်မျဉ်းတယ်ဆိုတဲ့ သဘောတရားကို။ တေ၊ သင်မာရ်၏။ ပဉ္စမံ၊ငါးခုမြောက်သော တပ်မတော်ကြီး ဟူ၍။ ဝုစ္စတိ၊ ဆိုရပေတော့၏။ တရားအားထုတ်ရအောင် သွားတော့ ခေါင်းအုံး ကလေး ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)၊ ခြင်ထောင်ကလေးကော (ပါပါတယ်ဘုရား)၊ စောင်ကော (ပါပါတယ်ဘုရား)၊ ဘာလုပ်ဖို့ ယူသွားကြ တာလဲ၊ ထိနမိဒ္ဓကို အဖော်လုပ်သွားကြတာ၊ ထိနမိဒ္ဓကို။ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အိပ်မပျော်တာနဲ့ ငါအိပ်မပျော်ဘူးလို့ ဆိုပြီးတော့ အိပ်မပျော်ဒါ ကိုဘဲ စိတ်ပျက်နေကြတယ်၊ တရားအားထုတ်ကတဲက ပြင်ထားပြီ၊ ထိနမိဒ္ဓနဲ့ အဆင်သင့်နေဘို့ဆိုပြီးတော့ ခေါင်းအုံးတို့ ခြင်ထောင်တို့ အဆင်သင့် လုပ်ထား ပြီးပြီ၊ အဲဒီ-ထိနမိဒ္ဓဆိုတဲ့ သဘောတရားဟာလဲဘဲ မာရ်မင်းကြီးရဲ့ တရား

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၃၄၂။

http://www.dhammadownload.com

အားမထုတ်နိုင်တဲ့ ပဋိမမြောက် တပ်မတော်ကြီးပါဘဲတဲ့၊ သူလဲ ဖယ်ပစ်ရမယ် နော်(မှန်ပါဘုရား)၊အင်မတန်အကျယ်တဝင့်ဟောဘို့ ကောင်းတာပေါ့ပယ်နည်းတွေ့ ဘာတွေနဲ့၊ ဘယ်နှစ်ခု ရသွားပလဲ (၅-ခုပါဘုရား)။

ကိလေသာမာရ်၏ ဆင္ဒမတပ်သားများ။ ။ဆင္ဒာ ဘီရူ ပတုစ္စတိ[1]။ကြောက်တယ် ဆိုတာက အဲတာ ၆-ခုမြောက် တပ်မတော်ကြီးတဲ့၊ ကြောက်တာ ဘုန်းကြီးတို့ ပရိသတ် တောထဲတောင်ထဲများသွားပြီးတရားအားထုတ်ရမှာ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)၊ ဘာတွေ့ ကြောက်သလဲ ကြောက်ရမဲ့ဘေးတွေ့ မြတ်စွာဘုရားက ပြောတယ် သာရိပုတ္တသုတ္တန်လို့ ဆိုတာ ဘုန်းကြီးဟောထားတာရှိတယ်၊ ကြိုးသွင်းထားတယ်၊ အဲဒီ သာရိပုတ္တသုတ္တန်မှာဘဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ့ ကြောက်တာ၊ ဘာတွေ့ကြောက်သလဲ ခြင်ကိုက်မှာ ကြောက်တယ် နော် (မှန်ပါဘုရား)၊ ခြင်ကိုက်မှာ ကြောက်တာဟာ တရားအားမထုတ်ဖြစ်ဘူး၊ တရားအားမထုတ်ဖြစ်တော့ မာရ်ရဲ့ ဆင္ဒမမြောက် တပ်မတော်။

ဥသာဓိပါတာနံ သရီသပါနံ၊ မနုဿဖဿာနံ စတုပ္ပဒါနံ။ ပရဓမ္မိကာနမ္ပိ န သန္တသေယျ၂။မှက်တွေ့ခြင်တွေ့ ကိုက်မှာကြောက်တယ်၊ သရီသပါနံ၊ မြွေတို့ကင်းတို့ ကြွက်တို့ ပရွက်ဆိပ်တို့၊ သူ အဲတာတွေ့ ကြောက်တယ်၊ ပြီးတော့ ဘာတွေ့ ကြောက်သေးသလဲ ခြင်္သေ့ သစ်ကျား သားရဲ့ တိရစ္ဆာန်ဘေးလဲ ကြောက်တယ်၊ လူဆိုး သူဆိုး ခိုးသူ ဓါးပြဘေးကော(ကြောက်ပါတယ်ဘုရား)၊ အဲဒီ ကြောက်တယ်ဆိုတာဟာ ခြောက်ခုမြောက် တပ်မတော်ကြီးဘဲတဲ့ ကြောက်တော့ သွားသေးသလား (မသွားတော့ပါဘုရား)၊ အဲဒီ-ကြောက်တာကြီးက ကာကွယ်ထားသည်ဖြစ်သောကြောင့် တရားအားထုတ်တဲ့ နေရာရောက်အောင် မသွားတော့ဘူး တရားအားထုတ်ခွင့်မရတော့ဘူး၊ သူ တားထားတာ၊ ကြောက်တာ ဘာဖြစ်လို့ ကြောက်သလဲဆိုတော့ တရားမရှိလို့ ကြောက်တာဘဲ နော် (မှန်ပါဘုရား)၊ ဒီတော့ တရားအားထုတ်မဲ့ပုဂ္ဂိုလ်က မကြောက်အောင် ဘာတွေ့ ယူသွားရမလဲဆိုတော့ မြတ်စွာဘုရား ဟောထားတာရှိတယ်၊ တရားအားထုတ်ရအောင် သွားတော့မယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ်ကလဲ ညကပြောတယ်၊ တပည့်တော်တို့ ရိပ်သာသွားကြတော့မယ်ဘုရားတဲ့ ဒီလိုပြောတယ် မဟုတ်လား (မှန်ပါဘုရား)။

ကိုင်း ရိပ်သာသွားတော့ ဘာတွေ့ယူသွားကြမလဲ ရိပ်သာသွားရင် ဘုန်းကြီးအကျဉ်းချုပ်ပြောလိုက်မယ် ခန္ဓီဆိုတဲ့ သည်းခံမှုကလေးကို ရအောင်ယူသွားကြ၊ ငါ့ကို ဟိုကျ ဘယ်သူက ဘယ်လိုပြောပြော ဘယ်လိုလဲ သည်းခံမယ်၊ ဘယ်သူက

၁-၂။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၃၄၂။ နှာ-၄၂၆-၇။

http://www.dhammadownload.com

ဘယ့်နဲ့ဆိုဆို သည်းခံရမှာပါ ဟုတ်လား(မှန်ပါဘုရား)၊ နို့ အဲဒီလိုကော ခံကော ခံရဲလား၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ပေမဲ့ ငါ့ကို လာမစမ်းနဲ့ ငါက မဟုတ်ရင် ခံတဲ့လူမဟုတ်ဘူး၊ ဒီလိုလာလိမ့်မယ် ဟုတ်လား၊ဒါတင်မကသေးဘူး ယူသွားရမှာက သတိတဲ့ ပညာတဲ့၊ဇာဂရိယာနုယောဂတဲ့၊ဣန္ဒြိယသံဝရသီလတဲ့၊ ဘောဇနေမတ္တညုတာတဲ့၊ အဲဒီ-တရားတွေကို ယူသွားရမယ်၊ ဒါ တရားအားထုတ်သွားတဲ့ ပုဂ္ဂိုလ် ကြောက်တဲ့ ပုဂ္ဂိုလ် ကြောက်တယ်ဆိုတာဟာ တရားအားမထုတ်နိုင်ခြင်းရဲ့ အကြောင်းဘဲတဲ့၊ ဒါကြောင့် သူဟာ တပ်မတော်ကြီးတခုဘဲတဲ့၊ ဘယ်နှစ်ခုရှိသွားပြီလဲ (၆) ခု ရှိသွားပါပြီ။

ကိလေသာမာရ်၏ သတ္တမတပ်သားများ။ ။သတ္တမီ ဝိစိကိစ္ဆာ တေ[1]။ ငါ အားထုတ်မဲ့ တရားတွေဟာ ဟုတ်မှ ဟုတ်ပါ့မလားလို့ဆိုတဲ့ ဝိစိကိစ္ဆာဟာ ခုနစ်ခုမြောက်သော တပ်မတော်ကြီးဘဲတဲ့။

ကိလေသာမာရ်၏ အဋ္ဌမတပ်သားများ။ ။မက္ခော ထမ္ဘော တေ အဋ္ဌမော[1]။ မက္ခော၊ ကျေးဇူးရှိတဲ့ ဆရာသမားတို့ရဲ့ ဂုဏ်ကျေးဇူးကို ဖျက်ဆီး၍ပစ်ခြင်း။ ထမ္ဘော၊ ပြောလို့ ဆိုလို့ ဟောလို့ မရဘူး ထောင်ထောင်မာမာကြီး မာနခက်ထန်နေခြင်း၊ အဲဒီ-တရား ၂-ပါးက (၈) ခုမြောက်တဲ့ တပ်မတော်ကြီး။ မက္ခော၊ ကျေးဇူးကို ချေဖျက်ပစ်တယ်၊ မသိတာကို သိအောင်၊ မတတ်တာတွေ တတ်အောင်၊ မလိမ်မာတာတွေ လိမ်မာအောင် မရတာတွေ ရအောင် ကျေးမွေးပေးကမ်း စောင့်ရှောက်ဟောပြောပေးထားတဲ့ ပုဂ္ဂိုလ်ရဲ့ ကျေးဇူးကို ချေဖျက်ပစ်တယ်။ ထမ္ဘော၊ ပြောလို့မရဘူး။ ဒီလိုနေပါဆိုပေမဲ့ သူက မာမာကြီး တောင့်တောင့်ကြီး ဟုတ်လား၊ ကျောက်တိုင်ကြီးကဲ့သို့ အဲဒီလိုဘဲ၊ အင်မတန် အပြောရ မာနေတဲ့ ပုဂ္ဂိုလ်ကို ထမ္ဘလို့ ခေါ်တယ်၊ အဲတာလဲဘဲ မာရ်ရဲ့ တပ်မတော်ကြီးတခုဘဲတဲ့၊ ဒီတော့ ဘယ်နှစ်ခု ရှိသွားပြီလဲ (၈)ခု ရှိသွားပါပြီဘုရား။

ကိလေသာမာရ်၏ နဝမတပ်သားများ။ ။လာဘော သိလောကော သက္ကာရော[1]။ ဒါကျတော့ ဘုန်းကြီးဘက် လှည့်လာပြီ-နော်၊ လာဘော၊ လာဘ်လာဘတွေ ရခြင်း။ သိလောကော၊ သိပ်တော်တယ်၊ သိပ် အဟောအပြော ကောင်းတယ်၊ အကျင့်ကောင်းတယ်လို့ ဝိုင်းပြီးတော့ ချီးမြှောက်ခြင်း။ သက္ကာရော၊ လူတကာတို့က ရိုသေလေးစားပြီးတော့ အရိုအသေများများပြုတာကို ခံရခြင်း ဆိုတဲ့ အဲဒီ (၃) ခု ကလဲဘဲ တပ်ကြီးတခုဘဲတဲ့၊ ဟုတ်လား- လာဘ်လာဘထဲ နစ်နေရော သူများ ချီးမြှောက်တဲ့အထဲ

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၃၄၂။

http://www.dhammadownload.com

နစ်နေရော၊သိပ်တော်တယ်ဆိုရင်း ဟောရင်း၊ သိပ်တော်တယ်ဆိုရင်း ဟောရင်းနဲ့ ကြာတော့ လဲရော၊ အဲဒါလဲဘဲ တရားအားမထုတ်နိုင်ခြင်းရဲ့ တပ်မတော်ကြီး တခုဘဲတဲ့။ (၉) ခု ရှိသွားပြီ-နော်၊ နောက်တခုက ဘာလဲလို့ ဆိုတော့—

ကိလေသာမာရ်၏ ဒသမ တပ်သားများ။ ။ယော စတ္တာနံ သမုက္ကံသော၊ ပရေ စ အဝဇာနာတိ။ မိမိကိုယ်ကို ချီးမြှောက်ပြီးတော့ သူတပါးကိုယ်တော့ နှိမ်ချကဲ့ရဲ့ပြီးတော့ ပြောဆိုတဲ့စကား မျိုးကို ပြောဆိုလေ့ရှိတဲ့သူကလဲ တရားအားထုတ်လို့ မဖြစ်ဘူးတဲ့၊ ဒါ (၁၀)ခု မြောက်တပ်မတော်ကြီး-နော် (မှန်ပါဘုရား)။ အဲဒီ (၁၀) ခုမြောက်တပ်မတော် ကြီးကို မရဲရင့်တဲ့ ပုဂ္ဂိုလ်များဟာ မအောင်မြင်နိုင်ဘူး-နော် (မှန်ပါဘုရား)။ ရဲရင့်သော ပုဂ္ဂိုလ်တို့သည် ဒီ တပ်ကြီး (၁၀) ခုကို အောင်မြင်နိုင်သည်ဖြစ်သော ကြောင့် မင်္ဂလာမင်းသား ဖိုလ်ချမ်းသာတည်းဟူသော ချမ်းသာကို ရရှိနိုင်တယ်၊ မြတ်စွာဘုရားက ဒီလို ဟောတော်မူတယ်-နော် (မှန်ပါဘုရား)။ အဲဒါကြောင့် မြတ်စွာဘုရားက ပါဠိတော်မှာ– မုနယော အမည်ရှိတဲ့ ပုဂ္ဂိုလ်ဟာ—

ဝိသေနိကတ္တာ၊ ယခု ပြောခဲ့တဲ့ ကိလေသာမာရ်ရဲ့ ၁၀-တပ်သော ကိလေသာ စစ်တပ်ကြီးတွေကို ဖျက်ဆီးပစ်သည်ကို ပြု၍။ အနီဃာ၊ ရာဂ ဒေါသ မောဟ မရှိကြကုန်ဘဲ။ နိရာသာ၊ တစုံတခုသော ပုဂ္ဂိုလ် တကာ-တကာမ၊ တစုံတခုသောဓမ္မကို မကပ်ငြို မစဲ့လမ်းကြကုန်။ တေ၊ ထိုသူတို့ကို။ မုနယောတိ၊ မုနိတို့ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရတယ်၊ ဒါ မုနိ ဘဲတဲ့– မြတ်စွာဘုရားဟောတဲ့ မုနိ-နော် (မှန်ပါဘုရား)။ ကိုင်း ဒီတခါ ရွှေသွားရအောင်—

ဒီတော့– သူက ရွှေဆက်ပြီးတော့ လျှောက်တယ်။ ဘယ့်နဲ့ လျှောက်သလဲ ဆိုတော့—

> ယေ ကေစိမေ သမဏမာဟ္မဏာသေ၊
> ဒိဋ္ဌဿုတေနာပိ ဝဒန္တိ သုဒ္ဓိံ။
> သီလဗ္ဗတေနာပိ ဝဒန္တိ သုဒ္ဓိံ၊
> အနေကရူပေန ဝဒန္တိ သုဒ္ဓိံ။
> ကစ္စိသု တေ ဘဂဝါ တတ္ထ ယထာ စရန္တာ၊
> အတာရု ဇာတိဉ္စ ဇရဉ္စ မာရိသ။
> ပုစ္ဆာမိ တံ ဘဂဝါ ပြူဟိ မေတံ။

လို့–ဒုတိယအမေးကို တခါထပ်ပြီးတော့ မေးတယ်၊ မုနိ မည်ပုံ မြတ်စွာဘုရား ဟောပြီးပြီ-နော် (မှန်ပါဘုရား)။ ဒါ–ဘုန်းကြီးတို့ ပရိသတ်ကို ပါဠိတော်ဟော စဉ်ကို မေးပေးနေတာ၊ ကိုယ့်ဟာကိုယ်သာ ကျင့်ပေတော့၊ ကိုယ် အဲဒီအတိုင်း

http://www.dhammadownload.com

ကျင့်ရင် အဲဒီအတိုင်းဖြစ်မယ်၊ ဒီအတိုင်း မကျင့်ရင် အဲဒီအတိုင်း မဖြစ်ဘူး၊ ဒါဘဲ- နောက်ထပ် ဆက်မေးတဲ့ ပုစ္ဆာဟာ ဘာလဲ။

ဘဂဝါ၊ ဘုန်းတော် နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ ယေ ကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဣမေ သမဏာပြာဟ္မဏာသော၊ ဤရဟန်းပုဏ္ဏားတို့သည်။ ဒိဋ္ဌဿုတေနာပိ၊ အမြင်အကြားဖြင့်လည်း။ သုဒ္ဓိ၊ စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြ ပါကုန်၏။ (မြင်ခြင်း ကြားခြင်း ကြောင့် စင်ကြယ်တဲ့ပုဂ္ဂိုလ်လို့ ပြောကြတယ်) သီလမုတေ နာပိ၊ သီလအကျင့်ဖြင့်လည်း။ သုဒ္ဓိ၊ စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြ ပါကုန်၏။ (သီလအကျင့်လို့ ဆိုတာ ခုနက ပြောခဲ့တဲ့ သီလအကျင့်တွေ၊ မိစ္ဆာပဋိပဒါတွေ သံသရာဝဋ်ဆင်းရဲကို လည်စေတတ်တဲ့ သီလတို့ ဓုတင်တို့ ဆိုတဲ့ အကျင့်တရားတွေကို ပြောတာ)။

အနေကရူပေန၊ တပါးမက များလှ စွာသော ကောဘုဟလ မင်္ဂလာ ဖြင့်လည်း။ သုဒ္ဓိ၊ စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြ ပါကုန်၏။ မာရိသ၊ ဆင်းရဲဝဋ်မှ လွတ်ကင်းတော်မူသော မြတ်စွာဘုရား။ တေ၊ ထို သူတို့သည်။ တတ္ထ၊ ထိုသူတို့ ယူထားတဲ့အယူ၌။ ယတာ၊ စောင့်ရှောက် ထိန်းသိမ်းကြကုန်သည်ဖြစ်၍။ စရန္တာ၊ ကျင့်ကြကုန်သည်ရှိသော်။ ဇာတိဉ္စ၊ ပဋိသန္ဓေ နေခြင်းကို ၎င်း။ ဇရဉ္စ၊ အိုခြင်းကိုဋ်း။ အတာရု၊ ကူးမြောက် နိုင်ကုန်သည်။ အဿု၊ ဖြစ်နိုင်ပါကုန်သလော။ ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား။ တံ၊ ထိုအကြောင်းကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ တေ၊ ထိုအကြောင်းကို။ မေ၊ အကျွန်ုပ်အား။ တံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောကြားတော်မူပါလော့။

အဓိပ္ပါယ်ကတော့ – အမြင် အကြား စင်ကြယ်ခြင်း သီလ ဝတ တို့ဖြင့် အထူးထူးသော မင်္ဂလာတို့ကြောင့် ကိလေသာမှ စင်ကြယ်နိုင်တယ်လို့ ယူစွဲပြီး ကျင့်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဇာတိ ဇရာ ဆိုတဲ့ ဆင်းရဲကို လွန်မြောက် နိုင်ပါ့မလား ဘုရားတဲ့။ ဒီ အထဲမှာ မင်္ဂလာဆိုတာက—

ဒိဋ္ဌ မင်္ဂလာ သုတ မင်္ဂလာ မုတ မင်္ဂလာ တဲ့။

မင်္ဂလာ ၃-မျိုး။ ။ဘာလဲ- ဒိဋ္ဌ သုတ မုတ မင်္ဂလာတွေ ဆိုတာ ဘုန်းကြီးတို့ ပရိသတ် ဒါတွေကို သိပ်ပြီးတော့ ယုံတာ၊ ဒီလိုယုံရင် သာသနာအပြင်ဘက်ကို ရောက်သွားပြီလို့ သေသေချာချာ မှတ်ထား၊ အဲဒီ ဥပါသကာဟာ ကျင့်ဝတ် ပျက်သွားပြီတဲ့၊ မြတ်စွာဘုရားက။ ဘုန်းကြီးတို့ သာသနာတော်မှာ သံဃာတော်တွေမှာ သိက္ခာပုဒ်တွေ မရှိဘူးလား။ (ရှိပါတယ် ဘုရား)။ အဲဒီလို သိက္ခာပုဒ်တွေကို လွန်ကျူးလို့ ရှိရင် ဒီ သိက္ခာပုဒ်တွေဟာ

http://www.dhammadownload.com

မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)။ အဲသလို ပျက်သလို ဘုန်းကြီးတို့ တကာ့ တကာမတွေ မှာလဲဘဲ သရဏဂုံ တည်နေတဲ့ ဥပါသကာကောင်း- ဥပါသိကာ ကောင်းလို့ ခေါ်တဲ့- ဥပါသကာ စစ်စစ်မှာ ဒီ အင်္ဂါတွေနဲ့ ညီညွတ်ရင် အဲဒီ ဥပါသကာ အင်္ဂါတွေ ပျက်ကုန်ရောတဲ့၊ မြတ်စွာဘုရားက။ အဲဒီ အကြောင်းတွေကို ဘုန်းကြီး ပြောဦးမယ်၊ ပါရာယနဝဂ်က လာတာတွေကို ပြောပေးနေတာ၊ ဒိဋ္ဌမင်္ဂလာ သုတ မင်္ဂလာ မုတ မင်္ဂလာ-ဆိုတဲ့ အဲဒီ မင်္ဂလာကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေ- ကောတုဟလ မင်္ဂလာတွေကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဇာတိဇရာ ဗျာဓိမရဏ-လို့ ခေါ်တဲ့ သံသရာဝဋ်ဆင်းရဲကြီးကို ကူးမြောက်နိုင်ပါမလား ဘုရားတဲ့၊ ဒါ မေးတယ်-နော် (မှန်ပါဘုရား)။ ဒါဖြင့် ဒိဋ္ဌမင်္ဂလာဆိုတာ ဘာလဲ အဲဒီ သုတ္တန်ပါတ်ပါဠိတော် မင်္ဂလသုတ်ကို ဖွင့်တဲ့ နေရာမှာ- ဒိဋ္ဌမင်္ဂလာကို အဋ္ဌကထာဆရာက ပြောတယ်။

ဒိဋ္ဌမင်္ဂလာ။ ။ဒိဋ္ဌမင်္ဂလာဆိုတာ နံနက်စောစော အိပ်ရာကထတဲ့အခါမှာ မိုးစွေ့ ဌက်၊ အဲတာမြင်ရင် ဒိဋ္ဌမင်္ဂလာတဲ့- ဟုတ်လား (မှန်ပါဘုရား)။ နောက်ပြီးတော့ ရေပြည့်တဲ့အိုး ကိုယ်ဝန်ဆောင်တဲ့ မိန်းမ ရေမဆေးရသေးတဲ့ ငါးကြင်း နောက်ချေးစိုစို— အဲဒါတွေကိုမြင်ရတာ ဒိဋ္ဌမင်္ဂလာတဲ့။

သုတမင်္ဂလာ။ ။သုတမင်္ဂလာ သမားက ဘာပြောသလဲဆိုတော့- မျက်လုံးနဲ့ မြင်တိုင်း မင်္ဂလာဖြစ်ရမယ်ဆိုရင်- မျက်လုံးဆိုတာ မကောင်းတာတွေကိုလဲ မြင်သားဘဲ၊ ဒါ မင်္ဂလာဖြစ်တော့မပေါ့။ မင်္ဂလာဆိုတာ နံနက်စောစော အိပ်ရာကထတဲ့ အခါ ချမ်းသာပါပေတယ် သာယာပါပေတယ်၊ ဝမ်းပြေပါပေတယ်၊ ကောင်းသောနက္ခတ်နဲ့ ယှဉ်ပါပေတယ်၊ ဒီနေ့ မြေခဲကောင်းတယ်၊ ရက်ရာဇာကောင်းတယ်၊ အဲဒီ ဥစ္စာသည် သုတမင်္ဂလာတဲ့၊ ဘုန်းကြီးတို့ ပရိသတ်က အဲတာကို လိုက်နေကြတယ်။

မုတမင်္ဂလာ။ ။ပြီးတော့ တခါ ဘာပြောသေးလဲ၊ မုတမင်္ဂလာ။ မုတမင်္ဂလာဆိုတာ အစားကောင်း အသောက်ကောင်း ပဒုမ္မာကြာပန်း ကလေးကို နမ်းရတာတို့ ကောင်းသော အရသာလေးကို စားရ တာတို့၊ ကောင်းတဲ့အဝတ်ကလေး ဝတ်ရတာတို့၊ ဒါ မုတမင်္ဂလာ။ အဲဒီ မင်္ဂလာသမားတွေ ဇာတိဇရာ ဗျာဓိမရဏမှ ကူးနိုင်ပါ့မလား (မကူးနိုင်ပါဘုရား)။

ကောတုဟလမင်္ဂလာ။ ။ပြီးတော့ ကောတုဟလ မင်္ဂလိကော။ ဘာလဲ-ကောတုဟလ မင်္ဂလာဆိုတာ မင်း ဘာဖြစ်ချင်သလဲ၊ ဘာဖြစ်ချင်ရင် ဘယ်အလုပ်ကိုလုပ် ဘာဖြစ်လိမ့်မယ်၊ ဆေးဖရောင်းတိုင်ထွန်းလိုက်၊ ဟုတ်လား (မှန်ပါ ဘုရား)။ ဘာလေး လုပ်လိုက်၊ ဘယ်လိုလေး သွားလိုက်-

http://www.dhammadownload.com

ဘယ်ပန်းကလေး ဘယ်နေရာ စိုက်လိုက်၊ ဒါတွေဟာ ကောဟုဟလမင်္ကလာလို့ ခေါ်တယ်။

အဲတာကို ယုံကြည်လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘယ်နဲ့ ဟောထားသလဲဆိုတော့ အဂ်ုတ္တိုရ်ပါဠိတော်မှာ အဲဒါ ဥပါသကာ ဥပါသိကာစည်းကမ်းပျက်တဲ့၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဥပါသကာစဏ္ဍာလတဲ့၊ အဲဒီလို ပုဂ္ဂိုလ်မျိုး စဏ္ဍာလသုတ္တန်ဆိုပြီးတော့ ပဥ္စဂုံတ္တရပါဠိတော်-ဥပါသကာဝဂ်နှာ(၁၀၁)မှာ ဟောထားတာရှိတယ်၊ ဥပါသကာကောင်း ဖြစ်ချင်သလား၊ ဘုန်းကြီးတို့ပရိသတ် ဥပါသကာစဏ္ဍာလ ဖြစ်ချင်သလား (ဥပါသကာကောင်း ဖြစ်ချင်ပါတယ်ဘုရား)။ ကိုင်း မကောင်းတဲ့ ဥပါသကာ စဏ္ဍာလ အကြောင်း မြတ်စွာဘုရားက ဘာဟောသလဲ၊ ပါဠိတော်မှာ—

ပဥ္စဟိ ဘိက္ခဝေ သမန္နာဂတော ဥပါသကော ဥပါသကစဏ္ဍာလော စ ဟောတိ ဥပါသကမလဉ္စ ဥပါသကပဋိကုဋ္ဌော စ။ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ဥပါသကာဟာတဲ့၊ ဥပါသကာစဏ္ဍာလ-ဥပါသကာအယုတ်မာ၊ ဥပါသကာပဋိကုဋ္ဌ စက်ဆုပ်ရွံရှာဖွယ် စည်းကမ်းပျက် ဥပါသကာ၊ အဲဒီ ငါးပါးဟာ ဘာလဲ၊ ကတ-မေဟိ ပဉ္စ (၁) အဿဒ္ဓါ ဟောတိ၊ ဘယ်လို ပြောပြော၊ ပါဠိတော်ကြီးကို ဘယ်လိုဟောဟော၊ ဘုရား တရား သံဃာ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ တရားစကားကို ဘယ်လိုပြောပြော မယုံဘူး၊ အဿဒ္ဓါ ဟောတိ၊ ခုနပြောတဲ့ ကောတုဟလမင်္ကလာတို့ မြေခဲကောင်းတယ်၊ ရက်ရာဇာကောင်းတယ်၊ ဘာလုပ်ရင် ဘာဖြစ်တယ်၊ ဘယ်လိုနေရင် ဘာဖြစ်တယ်၊ ဘာလိုချင်ရင် ဘာလုပ်လိုက်ရင် ဘာတွေ ရလာမယ်–ဆိုတဲ့ အဲဒီ သဘောမျိုးတွေကို ဘယ်သူက ဘာတွေ ပြောတယ် ဆိုပြီးတော့— ဒီ ခေတ်မှာ အင်မတန် ပေါနေတယ်၊ ဘုန်းကြီးတို့ ပရိသတ် ဟုတ်လား (မှန်ပါဘုရား)။ အဲဒီ ကောတုမင်္ကလာကို မဟုတ်ပါဘူးလို့ ဘယ်လိုပြောပေမဲ့ သူ မယုံဘူး- နော် (မှန်ပါဘုရား)။

(၂) ဒုဿီလော ဟောတိ၊ သီလလဲ သူ ပျက်ပျက်နေတယ်။ ငါးပါးသီလ တောင် သူမရှိဘူး၊ သို့သော်လည်း ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်ယုံကြည်တဲ့ ဥပါသကာတော့ အမည်ခံတယ်၊ သရဏဂုံနဲ့ ပတ်သက်ပြီးတော့-နော် (မှန်ပါဘုရား)၊ သို့သော် သူ သီလပျက်တယ်၊ ဒါ ဥပါသကာစဏ္ဍာလဟုတ်လား (မှန်ပါဘုရား)၊ ပြီးတော့ ဘာလုပ်ပြန်သလဲ-လို့ ဆိုတော့။

(၃) သုံးခုမြောက် အင်္ဂါက ကောတုဟလမင်္ကလိကော ဟောတိ။ ကောတုဟလမင်္ကလိကော၊ ကောတုဟလ မင်္ကလာကို သဘလျှင် လိုက်စား၍ နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။ ဒါ-သုံးခုမြောက်အင်္ဂါ။ ဘာလဲ ကောတုဟလ မင်္ကလာဆိုတာ မြေခဲတွေ ရက်ထုံဇာ ပြဿဒါး ဓာတ်ရိုက် ဓာတ်ဆင် ဆေး

http://www.dhammadownload.com

ဖရောင်းတိုင် ထွန်းတာတွေ့ အတိတ်တဘောင်တွေ၊ အဲဒါတွေ့ လုပ်နေတဲ့ ပုဂ္ဂိုလ် တွေဟာ ကောတုဟလမင်္ဂလာဘဲ။

(၄) မင်္ဂလံ ပစ္စေတိ နော ကမ္မံ။ မင်္ဂလံ၊ ခုန ပြောနေခဲ့တဲ့ ကောတုဟလ-မင်္ဂလာကိုသာလျှင်။ ပစ္စေတိ၊ ယုံကြည်၏။ ကမ္မံ၊ ကုသိုလ်က် အကုသိုလ်က်ကို။ နော ပစ္စေတိ၊ မယုံကြည်။ဥပါသကာ စဏ္ဍာလ ခုနပြောတာတွေ့ကိုဘဲ ယုံကြည် နေတာဘဲ၊ ဘုရားကိုးကွယ်တယ် ဆိုပြီးတော့ ခုနပြောတဲ့ အမျိုးမျိုးသောနည်း တွေနဲ့ အမျိုးမျိုးဘဲ လုပ်နေကြတော့တာဘဲ၊ ဒါ-ဘုန်းကြီးတို့ ပရိသတ်လဲ သိနေကြပါပြီ၊ ဒီလောက်ပြောရင် သိနေကြပြီ၊ ဘာတွေ့ လုပ်နေသလဲ ဆိုတာ ဘုန်းကြီး အပြည့်အစုံတော့ မပြောပြပါရစေနဲ့တော့၊ အဲဒီလို လုပ်နေတဲ့ လုပ်ငန်းတွေကသာ အကျိုးပေးလိမ့်မယ်-လို့ ယုံကြည်နေတယ်၊ ကုသိုလ်ကံနဲ့ အကု-သိုလ်ကံက အကျိုးပေးလိမ့်မယ်ဆိုတာကို သူမယုံကြည်တော့ဘူးတဲ့၊ အဲဒီ-ဥပါသကာ-ဥပါသကာ စဏ္ဍာလဖြစ်ပုံနော် (မှန်ပါဘုရား)။

ပြီးတော့ ဘာလုပ်သေးလဲ၊ အဲဒီ ကောတုဟလမင်္ဂလာသမားဟာ ဘာတွေ့ ယုံကြည်သလဲဆိုတော့၊ ခုနက ပြောခဲ့တဲ့ မင်္ဂလံ ပစ္စေတိ၊ နော ကမ္မံ။ မင်္ဂလံ၊ ကောတုဟလမင်္ဂလာကိုသာလျှင်။ပစ္စေတိ၊သူက အကျိုးပေးလိမ့်မယ်လို့ ယုံကြည် သက်ဝင်၍ နေပေတော့၏။ ငါမရသေးတဲ့ စည်းစိမ်ဥစ္စာတွေ့ ရလိမ့်မယ်၊ မရ သေးတဲ့ ရာထူးတွေ့ ဒီ-အလုပ်ကို လုပ်တဲ့အတွက် ရလိမ့်မယ်၊ အဲဒီလို အောက်မေ့ တယ်၊ တရားအားထုတ်တာတောင်မှ ခုန ကောတုဟလမင်္ဂလာကို လုပ်ပြီးတော့ တရားအားထုတ်ရင် တရားမြန်မြန် ရလိမ့်မယ်လို့ အဲဒီလို သူက ယုံကြည်နေတယ်၊ ရှေးဦးစွာ တရားအားမထုတ်ခင် အဲတာလေးကို သူက လုပ်လိုက်ရသေးတယ်၊ ဘိုးဘိုးလဲ မ ပါ ဆိုပြီးတော့-ဟုတ်လား (မှန်ပါဘုရား)၊ ဘုန်းကြီး စောစောက ပြောထားတယ်နော်၊ ပါဠိတော်မျက်နှာကိုသာ ကြည့်ပြီး ပြောမယ်လို့ စောစော က ပြောထားတယ်-နော် (မှန်ပါဘုရား)၊ အဲဒီလိုလုပ်ပြီး တရားအားထုတ်လို့ ရှိရင် တရားတောင် မြန်မြန်ရလိမ့်မယ်လို့ ထင်နေကြတယ်၊ ကောတုဟလမင်္ဂလာ ကို ဒီလောက်တောင် ယုံကြည်နေကြတယ်။

ဥပါသကစဏ္ဍာလခေါ်ပုံ။ ။(၅) ဣတော ဗဟိဒ္ဓါ ဒက္ခိဏေယျံ ဂဝေသတိ၊ တတ္ထ စ ပုဗ္ဗကာရံ ကရောတိ။ပဉ္စမမြောက်အင်္ဂါက ဣတော၊ ဤ သာသနာတော်မှ။ ဗဟိဒ္ဓါ၊အပဋ္ဌဖြစ်သော။ ဒက္ခိဏေယျံ၊ အလှူ ခံတဲ့ပုဂ္ဂိုလ်ကို။ ဂဝေသတိ၊ ရှာမှီးတော့၏။ သာသနပြင်ပ ဗာဟိရဖြစ်တဲ့ ဘုန်းကြီးလဲ မဟုတ် ရဟန်းလဲ မဟုတ် စုတ် ပြတ်သတ်ပြီးတော့ အဝတ် အစားတွေ့ မကပ်တဲ့လူတွေ့ကို အဲဒီလို လူတွေ့ကို လိုက်နာပြီးတော့ သူတို့ကို လှူတော့မယ်၊ သူတို့သာ ဒက္ခိဏေယျံ၊ အလှူခံထိုက်သော ပုဂ္ဂိုလ်ဆိုပြီး တော့ သူတို့ကိုဘဲ ဝိုင်းပြီး လှူနေတော့တယ်၊ လှူစရာရှိရင် သူ့ကိုဘဲ ဦးဦး

http://www.dhammadownload.com

ဖျားဖျားလှူတယ်၊ ပြီးတော့မှ သံဃာတွေဘက်ကို ရောက်လာတယ်၊ သူက ဥပါသကာဘုဏ်ကလေးကလဲ ရှိနေသေးတာကိုး၊ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီလို အင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ ဥပါသကာကို ဥပါသကာ စဏ္ဍာလ-လို့ ခေါ်တယ်။

ဥပါသကာဟဋ္ဌိကုဋ္ဌ-ဟုတ်လား၊ အဲတာကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က စောစောပိုင်းက ပြောခဲ့တဲ့ ပါရာယနဝဂ်မှာ နန္ဒလုလင်မေးတဲ့ မေးခွန်းမှာ ဒီလိုလုပ်ငန်းတွေကို လုပ်ကိုင်နေခြင်းဖြစ်သောကြောင့် – တေ၊ ထိုသူတို့သည်။ တတ္ထ၊ထိုသူတို့ လုပ်ငန်းလုပ်နေတယ်ဆိုတဲ့ ကောတုဟလမင်္ဂလာစတဲ့ ခုနကတရားလုပ်ငန်းတို့ဌ်။ ယတာ၊ စောင့်ရှောက်ထိန်းသိမ်းကြကုန်လျက်။ စရန္တာ။ ကျင့်ကြပါကုန်သော်လည်း။ စရန္တာ၊ ကျင့်ကုန်သည်ရှိသော်။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းကို။ အတာရူ၊ ကူးမြောက်နိုင်ကုန်သည်။ အဿု၊ ဖြစ်ပါသလားဘုရားလို့ ဟိုက ဒီလိုမေးတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ဒီတော့ မြတ်စွာဘုရားက ဟောတယ်—

မြတ်စွာဘုရားဖြေတဲ့အဖြေကိုလဲ ပြန်ပြီးတော့ကြည့်ဦး၊ ဘာဖြေထားလဲ—

ယေ ကေစိမေ သမဏာပြာဟ္မဏာသေ၊
ဒိဋ္ဌဿုတေနာပိ ဝဒန္တိ သုဒ္ဓိ။
သီလဗ္ဗတေနာပိ ဝဒန္တိ သုဒ္ဓိ၊
အနေကရူပေန ဝဒန္တိ သုဒ္ဓိ။
ကိဉ္စာပိ တေ တတ္ထ ယတာ စရန္တိ၊
နာတရိံသု ဇာတိဇရန္တိ မြူမိ။

မြတ်စွာဘုရား ဒီလို ဖြေလိုက်တယ်၊ ဘာဖြေလဲ – လွယ်လွယ်ကတော့ဖြင့် အဲဒီအလုပ်တွေကို လုပ်နေရင် ဘယ်တော့မှ ဇာတိ ဇရာ မရဏက မကူးနိုင်တော့ဘူးတဲ့ မြတ်စွာဘုရားက – တေ၊ ထိုသူတို့သည်။ တတ္ထ၊ ထိုမိမိတို့ရဲ့ ကောတုဟလမင်္ဂလာစတဲ့တရားမျိုးတို့ဌ်။ ဒိဋ္ဌ သုတ မုတလို့ဆိုတဲ့ တရားမျိုးတို့ဌ်။ ယတာ၊ စောင့်ရှောက်ထိန်းသိမ်းကြကုန်လျက်။ ကိဉ္စာပိ စရန္တိ၊ အကယ်၍ ကျင့်ကြကုန်စေကာမူ။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း,အိုခြင်းကို။ နာတရိံသု၊ မကူးမြောက်နိုင်ကြကုန်။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ မြူမိ၊ ဟောတော်မူ၏။

မကူးနိုင်ဘူးတဲ့ – နော် (မှန်ပါဘုရား)၊ ဒီတော့ သူကဆက်ပြီး မေးတယ်၊ နန္ဒက ဘုရားရှင်ကိုယ်တော်မြတ်ကို၊ ဒီကောတုဟလမင်္ဂလာစတဲ့ စောစောပိုင်းက ပြောခဲ့တဲ့ အပိုင်းတွေကို ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ့ ဇာတိ ဇရာ မရဏာတည်းဟူသော သံသရာကို ကူးမြောက်ပြီးတော့ နိဗ္ဗာန်ရောက်ပါ့မလားလို့ နန္ဒက မမေးဘူးလား (မေးပါတယ်ဘုရား)၊ မြတ်စွာဘုရားက ရောက်တယ်လို့ ဖြေလိုက်သလား မရောက်ဘူးလို့ ဖြေလိုက်သလား၊ (မရောက်ဘူးလို့ ဖြေလိုက်ပါ

http://www.dhammadownload.com

တယ်ဘုရား)၊ ဘုန်းကြီးတို့ ပရိသတ်က နိဗ္ဗာန်ရောက်ချင်သလား မရောက်ချင် ဘူးလား (ရောက်ချင်ပါတယ်ဘုရား)၊အဲဒီလမ်း လိုက်ရမလား မလိုက်ရဘူးလား (မလိုက်ရပါဘုရား)၊ဒီတော့ နန္ဒဆိုတဲ့ရသေ့က မေးမြန်းပြီး ရွှေဆက်ပြီးတော့–

ယေကေစိမေ သမဏပြာဟ္မဏာသေ၊
ဒိဋ္ဌဿုတေနာပိ ဝဒန္တိ သုဒ္ဓိံ ။
သီလဗ္ဗတေနာပိ ဝဒန္တိ သုဒ္ဓိံ၊
အနေကရူပေန ဝဒန္တိ သုဒ္ဓိံ ။

တေ စေ မုနိ ပြူသိ အနောဃတိဏ္ဏော၊
အထ ကော စရဟိ ဒေဝမနုဿလောကေ။
အတာရိ ဇာတိဉ္စ ဇရဉ္စ မာရိသ၊
ပုစ္ဆာမိ တံ ဘဂဝါ ပြူဟိ မေတံ။

မာရိသ၊ အရှင်ဘုရား။ ယေကေစိ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဣမေ သမဏပြာဟ္မဏာသေ၊ ဤရဟန်းပုဏ္ဏားတို့သည်။ ဒိဋ္ဌသုတေနာပိ၊ အမြင် အကြားဖြင့်လည်း။ သုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ သီလ-ဗ္ဗတေနာပိ၊ သီလအကျင့်ဖြင့်လည်း။ သုဒ္ဓိံ၊ စင်ကြယ်ခြင်းကို။ ဝဒန္တိ၊ ပြောဆို ကြကုန်၏။ အနေကရူပေန၊ တပါးမက များလှစွာသော ကောတုဟလမင်္ဂလာ ဖြင့်လည်း။ သုဒ္ဓိံ၊ လောကီ လောကုတ္တရာ နှစ်ဖြာစင်ကြယ်ကြောင်းကို။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ မုနိ၊ အရှင်ဘုရား။ တံ၊ အရှင်ဘုရားသည်။ တေ၊ ထိုကဲ့သို့ လောကာယတပုဂ္ဂိုလ်တွေကို။ အနောဃတိဏ္ဏော၊ သြဃ ၄-ပါးကို မကူးမြောက် နိုင်ဟူ၍။ စေ ပြူသိ၊ အကယ်၍ ဟောသည်ဖြစ်အံ့။ မာရိသ၊ ဆင်းရဲဝဋ်တွင်းမှ လွတ်ကင်းတော်မူပါပေသော မြတ်စွာဘုရား။ အထ၊ ထိုသို့ အဲဒီ ပုဂ္ဂိုလ်တွေ သံသရာဝဋ်ဆင်းရဲမှ မကူးမြောက်နိုင်ကြကုန်သည်ရှိသော်။ ဒေဝမနုဿလော-ကေ၊ လူ့လောက နတ်လောကဘဝ်။ ကော၊ အဘယ်သူသည်၊ စရဟိ၊ စင်စစ်ကေန် အမှန်မုချအားဖြင့်၊ ဇာတိဉ္စ၊ ပဋိသန္ဓေနေခြင်းကိုငင်း။ ဇရဉ္စ၊ အိုခြင်းကိုငင်း။ အတာရိ၊ကူးမြောက်နိုင်ပါသနည်း၊ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက် ပတော်မူသောမြတ်စွာဘုရား။တေ၊ထိုအကြောင်းကို။ပုစ္ဆာမိ၊မေးလျှောက်ပါ၏။ ဘဂဝါ၊ ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ တံ၊ ထို အကြောင်းကို။ ပြူဟိ၊ ဟောကြားပေးတော်မူပါဘုရား။

အရှင်ဘုရားတဲ့- ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာ ကောတုဟလမင်္ဂလာ တို့ကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေကို အရှင်ဘုရားက သြဃလေးဖြာ သံသရာ ကြီးကို ဇာတိဇရာ ပဋိသန္ဓေနေခြင်း-အိုခြင်း ဆိုတဲ့ ဒီဘက်ကမ်းမှ ကူးမြောက် ပြီးတော့ နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းကို မရောက်နိုင်ဘူးလို့ အရှင် ဘုရားဟောခဲ့တယ်၊ ဒီလူ့လောက နတ်လောကကြီးမှာ အဘယ်သို့သောသူသည်

http://www.dhammadownload.com

ဇာတိဇရာမရဏကို လွန်မြောက်ပြီးတော့ သံသရာကူးမြောက်ပြီးတော့ နိဗ္ဗာန်ရောက်နိုင်ပါသလဲဘုရားလို့ ဒါမေးတယ်၊ နော် (မှန်ပါဘုရား) ဒီတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ဟောပြီ—

နာဟံ သမ္မေ သမဏဗြာဟ္မဏာသေ၊
ဇာတိဇရာယ နိဝုတာတိ ဗြူမိ။
ယေ သိဓ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ၊
သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ။
အနေကရူပမ္မိ ပဟာယ သဗ္ဗံ၊
တဏှံ ပရိညာယ အနာသဝါသေ။
တေ ဝေ နရာ ဩဃတိဏ္ဏာတိ ဗြူမိ၊

ဘာပြောသလဲ-ဒီဥစ္စာ - နန္ဒ၊ နန္ဒ။ အဟံ၊ ငါသည်။ သမ္မေ၊ အလုံးစုံကုန်သော။ သမဏဗြာဟ္မဏာသေ၊ ရဟန်းပုဏ္ဏားတို့ကို။ ဇာတိဇရာယ၊ ပဋိသန္ဓေနေခြင်းအိုခြင်းဖြင့်။ နိဝုတာတိ၊ မြေးယှက်ဖုံးလွှမ်းအပ်သည်ဟူ၍။ နာ ဗြူမိ၊ ဟော တော်မမူ။ ဣဓ၊ ဤသာသနာတော်၌။ ယေ ကုလပုတ္တာ၊ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ၊ ဒိဋ္ဌမဂ််လာ သုတမဂ််လာ မုတမဂ််လာကို။ သဗ္ဗံ၊ အလုံးစုံကို။ ပဟာယ၊ ပယ်စွန့်ပြီး၍။ သဗ္ဗံ၊ အလုံးစုံသော။ အနေကရူပမ္မိ၊ တပါးမက များလှစွာသော ကောတုဟလမဂ််လာကိုလည်း။ ပဟာယ၊ ပယ်စွန့်ပြီး၍။ တဏှံ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံ-ဓမ္မဋ္ဌ တပ်နှစ်သက်တယ်ဆိုတဲ့ တဏှာကို။ ပရိညာယ၊ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာဆိုတဲ့ သုံးပါးသော ပရိညာတို့ဖြင့် ပိုင်းခြား၍ သိကြကုန်သော ကြောင့်။ အနာသဝါသေ၊ အာသဝေါ ကင်းကြလေကုန်၏။ တေ နရာ၊ ထိုသူတို့ကို။ ဝေ၊ စင်စစ်။ ဩဃတိဏ္ဏာတိ၊ ဩဃ-၄-ပါးတို့ကို လွန်မြောက်နိုင်သော ပုဂ္ဂိုလ်တို့ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေဟောကြားတော်မူပါပေတည်း။

သာဓု သာဓု သာဓု။

တဏှာကို ပရိညာ ဒုဝါးဖြင့် ပိုင်းခြားသိပုံ　တရားကွက်က ဒီနေရာမှာရှိတယ်၊ တဏှံ ပရိညာယ အနာသဝါသေ-မှာ ရှိတယ်၊ တဏှာကို ပရိညာ-ဒုဝါးဖြင့် ပိုင်းခြားသိမယ်ဆိုရင် အာသဝေါကင်းမယ်တဲ့ မြတ်စွာဘုရားက ဒီလို ဟောတယ် နော် (မှန်ပါဘုရား)။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ တဏှာကို ပရိညာသုံးပါးဖြင့် ပိုင်းခြားသိဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)၊ ကဲ-ဒီတော့ တဏှာဆိုတာ ဘာလဲ-ရူပါရုံကို နှစ်သက်ရင် ရူပတဏှာ၊ သဒ္ဒါရုံကို နှစ်သက်ရင် သဒ္ဒတဏှာ၊ ဂန္ဓာရုံကို နှစ်သက်ရင် ဂန္ဓတဏှာ၊ ရသာရုံကို တပ်နှစ်သက်ရင် ရသ

http://www.dhammadownload.com

တဏှာ၊ ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်ရင် ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မာရုံကို နှစ်သက်ရင် ဓမ္မတဏှာ နော် (မှန်ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ ပရိသတ် ရူပါရုံကလေးတခု ကိုကြည့်ပြီးတော့ နှစ်သက်နေတယ် ဆိုတာ ငါက နှစ်သက်တာလား တဏှာက နှစ်သက်တာလား (တဏှာက နှစ်သက်တာပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ်က ငါက နှစ်သက်တယ်လို့ ထင်မနေဘူးလား (ထင်နေပါတယ်ဘုရား)၊ တဏှာနဲ့ ငါကို အတူတူ လုပ်မထားဘူးလား - (လုပ်ထားပါတယ်ဘုရား)၊ အဒ္ဓယံ သမနုပဿတိ၊ တဏှာနဲ့ ငါနဲ့ အတူတူဖြစ်နေတယ်၊ အဲဒီတော့ ငါကို ဖြုတ်လိုက်-တဏှာ ချည်း ကျန်လိမ့်မယ်နော် (မှန်ပါဘုရား)။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံအမျိုးမျိုးတွေကို နှစ်သက်နေတာဟာ ဘယ်သူလဲ၊ (တဏှာပါဘုရား)၊ တဏှာလား ငါလား (တဏှာပါဘုရား)၊ လူက နှစ်သက်တာလား တဏှာကနှစ်သက်တာလား(တဏှာကနှစ်သက်တာပါဘုရား)၊ တဏှာက နှစ်သက်တာနော် (မှန်ပါဘုရား)၊ တဏှာသည် နှစ်သက်တဲ့သဘောရှိတယ်လို့ သိတာသည် ဉာတပရိညာတဲ့-မှတ်ထား၊ ဘာပရိညာတဲ့(ဉာတပရိညာပါဘုရား)၊တဏှာကို တရားကိုယ်ကောက်လိုက်တော့ လောဘ၊ လောဘခန္ဓာဖွဲ့လိုက်တော့ သခ်ါရက္ခန္ဓာ။ ဒါဖြင့် အဲဒီ သခ်ါရက္ခန္ဓာသည် နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)၊သဗ္ဗေ သခ်ါရာ အနိစ္စာထဲမှာ အဲဒီ တဏှာ မပါဘူးလား (ပါပါတယ်ဘုရား)၊ သဗ္ဗေ သခ်ါရာ ဒုက္ခာထဲမှာကော- ဒီတဏှာ မပါဘူးလား (ပါပါတယ်ဘုရား)၊ သဗ္ဗေ ဓမ္မာ အနတ္တာထဲမှာကော ဒီတဏှာ မပါဘူးလား (ပါပါတယ် ဘုရား)။

ဒါဖြင့် တဏှာသည် နိစ္စ သုခ အတ္တ လား အနိစ္စ ဒုက္ခ အနတ္တလား (အနိစ္စ ဒုက္ခ အနတ္တပါဘုရား) အဲဒီလို သိတာကို-တိရဏပရိညာလို့ ခေါ်တယ် နော်၊ (မှန်ပါဘုရား)၊ ဉာတပရိညာနှင့် တိရဏပရိညာ ပြီးသွားပြီ၊ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ တဏှာယ နိဿရဏံ၊ အဲဒီတဏှာကို အနိစ္စ ဒုက္ခ အနတ္တ ဝိပရိ-ဏာမလို့ ရှုလျှင် ဒီတဏှာပေါ်မှာ ဆန္ဒရှိဦးမလား (မရှိတော့ပါဘုရား)။ ငါ ဖြစ်တယ်၊ ငါ့စွာဖြစ်တယ်၊ ငါကိုယ်ကောင် ဖြစ်တယ်လို့ စွဲတဲ့ ရာဂကော ရှိဦး မလား (မရှိတော့ပါဘုရား)၊ အဲဒါသည် ပဟာနပရိညာနော် (မှန်ပါဘုရား)။

အဲဒီလို တဏှာကို ဒီပရိညာသုံးပါးနဲ့ ပိုင်းခြားသိရင် ကာမဘဝ ဘဝါဘဝ ဒိဋ္ဌဘဝ အဝိဇ္ဇာဘဝဆိုတဲ့ အာဘဝေါတရားလေးပါးကုန်တယ်တဲ့။ ဒါ ဝိပဿနာ ရှုနည်းဘဲနော်(မှန်ပါဘုရား)၊ ကိုင်း-ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာရှုနည်း ပြောရအောင်—

http://www.dhammadownload.com

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ တဏှာပစ္စယာတိ အယမေကာနုပဿနာ[၁]။ ဝိပဿနာရှုနည်း ဘုန်းကြီးတို့ပရိသတ် ကိုယ်ဆင်းရဲမှုတွေ့ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)။ စိတ်ဆင်းရဲမှုတွေ့ (ဖြစ်ပါတယ်ဘုရား)၊ဒီပြင် ဘာဆင်းရဲသေးလဲ ဒုက္ခတွေ့မျှားလိုက်တာ၊ ဒုက္ခတွေ့ မျှားလိုက်တာဆိုတာ နှစ်ခုထဲပါ၊ ကာယိက ဒုက္ခရယ် စေတသိကဒုက္ခရယ်၊ ဒါဘဲ မဟုတ်လား (မှန်ပါဘုရား)၊ ဒီပြင် ဘယ်လောက်များ ရှိသေးသလဲ (မရှိတော့ပါဘုရား)၊ ဒုက္ခ ဘယ်နှစ်ခုရှိသလဲ (နှစ်ခုရှိပါတယ်ဘုရား)၊ အဲဒီ နှစ်ခုထဲရှိတဲ့ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုတွေဟာ ဘယ်သူကြောင့်ဖြစ်သလဲ (တဏှာကြောင့်ပါဘုရား)၊ တဏှာကြောင့် ဖြစ်တယ်။ ဒီတော့ တဏှာကြောင့် ဆင်းရဲအားလုံးဖြစ်တယ်၊ ကိုယ့်ကြောင့် ဖြစ်သလား (မဟုတ်ပါဘုရား)၊ သူများကြောင့် ဖြစ်သလား (မဟုတ်ပါဘုရား)၊ သူ့ဖာသာသူ ဖြစ်သလား (မဟုတ်ပါဘုရား)၊ တဏှာကြောင့် ဒုက္ခဖြစ်တယ်ဆိုတော့ တဏှာသည် အကြောင်းတရား၊ဒုက္ခသည် အကျိုးတရား၊ အဲဒီ အကြောင်းတရားနဲ့ အကျိုးတရားကိုသာ ရှုနေရင် အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာရှုနေတာဘဲတဲ့ (မှန်ပါဘုရား)၊ ဘာပြောလဲ ပါဠိတော်က—

ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ တဏှာပစ္စယာတိ အယမေကာနုပဿနာ[၁]။ ယံ ကိဉ္စိ၊ ခပ်သိမ်းဥာဏ်သုံ အလုံးစုံသော။ ဒုက္ခံ၊ ဆင်းရဲသည်။ အတ္ထိ၊ ရှိ၏။ ဧတ်သဗ္ဗံ၊ ထိုအလုံးစုံသော ဆင်းရဲဒုက္ခ ဟူသမျှသည်။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ သမ္ဘောတိ၊ ဖြစ်၏။ ဣတိ အယံ၊ဤသည်ကား။ ကော၊ တခုသော။ အနုပဿနာ၊ ဝိပဿနာရှုခြင်းပေတည်း။ ဒုက္ခဖြစ်တာ တဏှာကြောင့်၊ ဒုက္ခဖြစ်တာ တဏှာကြောင့်နဲ့ အဲဒီလိုသာ ရှုနေရင် ဝိပဿနာရှုနေတာဖြစ်တယ်တဲ့ ဘုန်းကြီးတို့ပရိသတ် သုတ္တနိပါတ် ပါဠိတော် မဟာဝဂ် ဒုယတာနုပဿနာသုတ္တန်မှာ၊ ဒါ တနည်းနော်(မှန်ပါဘုရား)။

တဏှာယတော့ဝ အသေသဝိရာဂနိရောဓာတိ နတ္ထိ ဒုက္ခဿသမ္ဘဝေါတိ အယံ ဒုတိယာနုပဿနာ[၁]။တဏှာမရှိရင် ဒုက္ခရှိသေးလား(မရှိတော့ပါဘုရား)။ အဲဒီလို ဝိပဿနာရှုနေတာသည် တမျိုးသော ဝိပဿနာရှုခြင်းဘဲ။ တဏှာယတော့ဝ၊ တဏှာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အကြွင်းအကျန်မရှိ ပရိညာသုံးပါးနဲ့ ပိုင်းခြား၍သိသည်ဖြစ်၍ အဲဒီတဏှာချုပ်ပျောက်ခြင်းကြောင့်။ဒုက္ခဿ၊ ဥန္ဒာဒုက္ခအားလုံး၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ (တဏှာမရှိရင် ဆင်းရဲအားလုံးမရှိတော့ဘူး)။ အယံ၊ ဤကဲ့သို့ ရှုခြင်းသည်။ ဒုတိယာ၊ နှစ်ခုမြောက်သော။အနုပဿနာ၊ ဝိပဿနာရှုခြင်းပေတည်း။

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၃၉၄။

http://www.dhammadownload.com

ဧဝံ သမ္မာ ဒုယတာနုပဿိနော ခေါ ဘိက္ခဝေ ဘိက္ခုနော အပ္ပ-မတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော ဒွန္ဒံ ဖလာနံ အည-တရံ ဖလံ ပါဋ္ဌိကခ်ံ ဒိဋ္ဌေဝ ဓမ္မေ အညာ သထိ ဝါ ဥပါဒိသေသေ အနာဂါမိတာ[၁]။

အဲဒီလို ဝိပဿနာရှုနေရင် ဒီ-ပစ္စုပ္ပန်လောကမှာဘဲ မြတ်စွာဘုရားက အနာဂါမ်ပုဂ္ဂိုလ်သော်ငှင်း ရဟန္တာပုဂ္ဂိုလ်သော်ငှင်း နှစ်မျိုး တမျိုးမျိုးဖြစ်မယ်တဲ့၊ သောတာပန် သကဒါဂါမ်ကို ထည့်တောင် စကားမပြောဘူး၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီလို ရှုလိုက်ရင် ဘာဖြစ်မလဲ (အနာဂါမ်နဲ့ ရဟန္တာပါဘုရား)။

တဏ္ဍံ ပရိညာယ အနာသဝါသေ၊
တေ ဝေ နရာ ဩဃတိဏ္ဏာတိ ဗြူမိ။

နန္ဒ၊ နန္ဒ။ တဏ္ဍံ၊ ယခု ပြောခဲ့တဲ့တဏ္ဍာကို။ ပရိညာယ၊ ဉာတပရိညာ တိရဏ-ပရိညာ ပဟာနပရိညာဆိုတဲ့ ပရိညာသုံးပါးတို့ဖြင့် ပိုင်းခြားသိခြင်းကြောင့်။ ယေ နရာ၊ အကြင် သူအပေါင်းတို့သည်။ ဝေ၊ စင်စစ်။ အနာသဝါသေ၊ အာသ-ဝေါ ကင်းကြကုန်၏။ တေ နရာ၊ ထို အာသဝေါ ကင်းကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့ကို။ ဩဃတိဏ္ဏာ၊ ဩဃလေးပါးတို့ကို လွန်မြောက်ပြီးသော သူတို့ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေ သတည်း။

သာဓု သာဓု သာဓု။

အဲဒီနေရာမှာ နန္ဒက မြတ်စွာဘုရား ဟောတော်မူပုံကို နှစ်သက်ပြီးတော့—

တောဘိနန္ဒာမိ ဝစော မဟေသိနော၊
သုကိတ္တိကံ ဂေါတမနူပဓိကံ။
ယေ သီဓ ဒိဋ္ဌံ ဝ သုတံ မုတံ ဝါ၊
သီလဗ္ဗတံ ဝါပိ ပဟာယ သဗ္ဗံ။

အနေကရူပမ္ပိ ပဟာယ သဗ္ဗံ။
တဏ္ဍံ ပရိညာယ အနာသဝါသေ။
အဟမ္ပိ တေ ဩဃတိဏ္ဏာတိ ဗြူမိ။

ကို လျှောက်ပြီး တရားတော်ကို အဆုံးသတ်ပါသည်။

၁။ သုတ္တနိပါတ်ပါဋ္ဌိတော်၊နှာ-၃၉၄။

http://www.dhammadownload.com

နန္ဒရသေ့ တပည့်များနှင့် ရဟန္တာဖြစ်ပုံ။　။ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ဣမမ္မိ သုတ္တေ၊ ဤသုတ္တန်ဒေသနာတော်ကိုလည်း။ အရဟတ္တနိကူဋ္ဌေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်ပါသဖြင့်။ ဣဒံ ဒေသနံ၊ ဤဒေသနာတော်ကို။ ဒေသေသိ၊ ဟောကြားတော်မူပေတော့၏။ ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါ ကာလသမယဘ၌။ သော၊ ထိုနန္ဒ ဆိုတဲ့ ရသေ့ပညာရှိ ပုဏ္ဏားသည်။ သဟဿသိဿောဟိ၊ တပည့်ပေါင်း တထောင် အခြံအရံတို့နှင့်တကွ။ အရဟတ္တေ၊အရဟတ္တဖိုလ်၌။ပတိဋ္ဌာသိ၊တည်လေတော့၏။ အညေသဉ္စ၊ နန္ဒရသေ့နှင့် တထောင်သော တပည့်မှတပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာကုန်သော ပရိသတ်တို့အား လည်း။ ဓမ္မံ စက္ခုံ၊ သောတာပတ္တိ မဂ်ဉာဏ်ကိုရခြင်း အစရှိသည်သည်။ ဥဒပါဒိ၊ ထင်ရှား မသွေဖြစ်ပေါ်ကြလေသတည်း။

သာဓု သာဓု သာဓု။

နန္ဒသုတ္တန် ပြီး၏။

http://www.dhammadownload.com

၈-ဟေမကသုတ္တန်

သာဝတ္ထိနာတော် သက္ကရာဇ် ၂၅၁၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃-ရက်။

ရန်ကုန်မြို့ ရွှေဘုန်းပွင့် စေတီတော်ကြီး ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ လုပ်ငန်းတို့ကို ဟောကြားထားတော်မူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌လာသော **ဟေမကသုတ္တန်တရားတော်**။

အဲဒီ ဟေမကသုတ္တန်ကို မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်အနီး ပါသာဏကနတ်ကွန်းမှာ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့် တဆဲ့ခြောက်ယောက် တို့တွင် ရှစ်ယောက်မြောက်ဖြစ်တဲ့ ဟေမကပုဏ္ဏား ရသေ့ပညာရှိ လျှောက်ထားတာကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောကြားတော် မူပါတယ်။

ဘုရားရှိခိုးရန် တိုက်တွန်းပုံ။ ။မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်ကို ဟောကြားရမှာ ဖြစ်တဲ့ အတွက် တရားဟော တရားနာ ပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင်၊ အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ ကိုယ်ဆိုသလိုဘဲမှတ်ထား၊ ဘုန်းကြီးရွတ်ဆိုတဲ့ ဘုရားရှိခိုးထဲမှာပါတဲ့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရွှေးနည်း အတိုင်း)

သာဓု သာဓု သာဓု။

ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် ရာဇဂြိုဟ်ပြည်ရဲ့ အနီးမှာရှိတဲ့ ပါသာဏကနတ်ကွန်း၌ သီတင်းသုံးတော်မူစဉ်အခါမှာ ဒက္ခိဏာပထတိုင်းက နေပြီးတော့ ဥတ္တရပထတိုင်းသို့ ရောက်အောင် လာကြရတဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့တပည့် (၁၆) ယောက်

http://www.dhammadownload.com

ဧသော ပုဏ္ဏားတို့နှင့်တကွ တသောင်းခြောက်ထောင်သော ပရိသတ်ကြီးနှင့် တဆယ့်ခြောက်ယူဇနာပတ်လည်ရှိတဲ့ ပရိသတ်ကြီးရဲ့အတွင်းမှာ ထိုင်နေသီတင်း သုံးပြီး ဘာမိန့်တော်မူလိုက်သလဲဆိုတော့—

ဗာဝရိဿ စ တုယ္ဟံ ဝါ၊ သဗ္ဗေသံ သဗ္ဗသံသယံ။
ကတာဝကာသာ ပုစ္ဆဝ္ဟေ၊ ယံကိဉ္စိ မနသိစ္ဆထ လို့

ပါဠိတော်မှာ မြတ်စွာဘုရား ဒီလို မိန့်တော်မူလိုက်တယ်။

ဘုရားရှင်က ပြဿနာမေးရန် ခွင့်ပြုပုံ။ ။ဗာဝရိပုဏ္ဏားကြီး၏ငင်း သင်ပုဏ္ဏား တဆဲ့ခြောက်ယောက်တို့၏ငင်း သင်တို့မှတပါး အခြားအခြားသော ပုဂ္ဂိုလ်တို့၏ငင်း ယုံမှားသံသယဖြစ်နေတဲ့ အမေးပုစ္ဆာပြဿနာတွေကို မေးလိုရာမေးကြ၊ ငါဘုရား ဖြေတော်မူမယ်လို့ ဒီလို မိန့်တော်မူလိုက်တယ်။ အဲဒီလို မိန့်တော်မူတာကို အကြောင်းပြုပြီးတော့ ပထမ အဇိတရသေ့က မေးတယ်၊ ဒုတိယ တိဿမေတ္တေယျက မေးတယ်၊ နောက် ပုဏ္ဏက၊ နောက် မေတ္တဂူ၊ နောက် ဓောတက၊ နောက် ဥပသီဝရသေ့က မေးတယ်၊ နောက် နန္ဒရသေ့က မေးတယ်၊ ခုနစ်ယောက်မြောက် ရသေ့က မေးပြီးတော့ ရှစ်ယောက်မြောက်ဖြစ်တဲ့ ဟေမကဆိုတဲ့ ရသေ့ပုဏ္ဏားပညာရှိက မေးတယ်။ ဘာမေးလဲ—

ယေ မေ ပုဗ္ဗေ ဝိယာကံသု၊
ဟုရံ ဂေါတမသာသနာ။
ဣစ္စာသိ ဣတိ ဘဝိဿတိ၊ သဗ္ဗံ တံ ဣတိဟီတိဟံ။
သဗ္ဗံ တံ တက္ကဝစုနံ၊ နာဟံ တတ္ထ အဘိရမိံ။

တွဉ္စ မေ ဓမ္မမက္ခာဟိ၊ တဏှာနိဋ္ဌါတနံ မုနိ။
ယံ ဝိဒိတ္ဝာ သတော စရံ၊ တရေ လောကေ ဝိသတ္တိကံ။

ဟေမက မေးတဲ့အမေး ကုန်ရော၊ နောက်က ပုဏ္ဏားတွေလို မျှားမျှားမမေးဘူး၊ သူမေးတာက တလုံးထဲ မေးတယ်။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား။ ဂေါတမသာသနာ၊ ရှင်တော်ဂေါတမ သာသနာမပေါ်မီ။ ပုဗ္ဗေ၊ ရှေး၌။ ဟုရံ၊ ဟိုရှေ့ထက်ရှေး၌။ ယေ၊ အကြင်ပုဏ္ဏားပညာရှိကြီးတို့သည်။ အတ္တနော၊ မိမိ၏။ သန္တိကံ၊ အထံသို့။ သေဝတိ၊ မှီဝဲဆည်းကပ်လာကြကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့အား။ တုံ၊သင်သည်။ ဣစ္စာသိ၊ ဒီကိစ္စကို ပြည့်စုံအောင် အလိုရှိသလော။ ဣတိ၊ ဤသို့ သင်အလိုရှိတဲ့အတိုင်း။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မည်။

http://www.dhammadownload.com

ဣတိ၊ ဤသို့။ သက်လဒ္ဓိ၊ မိမိအယူဝါဒကို။ မေ၊ အကျွန်ုပ်အား။ ဝိယာ-
ကံသု၊ ပြောကြားကြပါကုန်ပြီ မြတ်စွာဘုရား။ တံ သဗ္ဗံ၊ ထိုပုဏ္ဏားပညာရှိတွေ
ပြောသမျှစကားဥဿုံ အလုံးစုံသည်။ ဣတိဟိတိဟ၊ ဤသို့ ဖြစ်လိမ့်မယ်တဲ့။
တံ သဗ္ဗံ၊ ထိုပုဏ္ဏားပညာရှိကြီးတွေ ပြောသမျှ စကားဥဿုံ အလုံးစုံသည်။
တက္ကဝစုနံ၊ ကာမဝိတက် ဗျာပါဒဝိတက်စတဲ့ ဝိတက်တွေကိုသာလျှင် ပွါးများ
စေတတ်ပါကုန်၏။ ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူ
သော မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ တတ္ထ၊ ထိုပုဏ္ဏားပညာရှိကြီးတို့
ရဲ့ အယူ၌။ နအဘိရမိံ၊ မနှစ်သက် မမွေ့လျော်ပါ။

မုနိ၊ မုနိငါးပါးတို့ရဲ့ ခေါင်းဆောင် ရှေ့သွား ဖြစ်တော်မူသော မြတ်စွာဘုရား။
ယံ၊ အကြောင်တရားတော်ကို။ ဝိဒိတ္ဝာ၊ သိ၍။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်
၍။ စရံ=စရန္တော၊ ကျင့်ကြံကြိုးကုတ် အားထုတ်သောသူသည်။ လောကေ၊
လောကဌ်။ ဝိသတ္တိကာ၊ ဂုပ်ငြိတွယ်တာသော တဏှာကို။ စာရော့်လွန်မြောက်နိုင်
ရာ၏။ တဏှာနိဋ္ဌါတနံ၊ တဏှာကို ဖျက်ဆီးရာဖြစ်သော။ ဓမ္မံ၊ တရားတော်မြတ်
ကို။ တံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ ဒြူဟိ၊ ဟောကြားတော်မူ
ပါလော့။ ဣတိ၊ ဤသို့။ အာဃသ္မာ ဟေမကော၊ အရှင်ဟေမကသည်။ ဘဂဝန္တံ၊
ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေငြား မြတ်စွာဘုရားကို။ ပုစ္ဆိ၊
သိလိုအရေးနှင့် မေးမြန်းလျှောက်ထားပါပေသတည်း။

သာဓု သာဓု သာဓု။

မြတ်စွာဘုရားကို ဟေမက လျှောက်တဲ့လျှောက်ထားချက် အဓိပ္ပါယ် ပြောကြ
ဦးစို့။ ဘုန်းကြီးတို့ ယခုရွတ်လိုက်တဲ့ ပါဠိတော်ကို ခုလိုအနက် မြန်မာပြန်ဆိုလိုက်
တာနဲ့ဘဲ ဘုန်းကြီးတို့ ပရိသတ် နားလည်သင့်သလောက် နားလည်သွားပြီ၊
ဒီလို အနက်မြန်မာပြန်ဆိုလိုက်သောအားဖြင့် ပါဠိတော်၏ အဓိပ္ပါယ်ကို နားလည်
သင့်သလောက် နားလည်သွားပြီ၊ ပြည့်ပြည့်စုံစုံ နားမလည်သေးဘူး၊ ဒီတော့
ဘုန်းကြီးမြန်မာစကားပြေ အဓိပ္ပါယ်ပြန်ပြောပေးဦးမယ်။

ဟေမကရသေ့ မေးလျှောက်ပုံ။ ။ဟေမက ပုဏ္ဏားကြီးက မြတ်စွာဘုရားကို
ဘဲ့နဲ့လျှောက်လဲ ဆိုတော့ အရှင်ဘုရားတဲ့
မြတ်စွာဘုရားကို မဖူးရခင် မြတ်စွာဘုရားသာသနာမပေါ်မီ ရှေးတုန်းက ပုဏ္ဏား
ပညာရှိကြီးတွေ ရှိကြပါတယ်တဲ့၊ အဲဒီ ပုဏ္ဏားပညာရှိကြီးတို့ထံကို လူအပေါင်း
တို့ လာရောက်မှီဝဲကြပါတယ်၊ ဆည်းကပ်ကြပါတယ်၊ တပည့်ခံကြပါတယ်၊
ဘာဖြစ်လို့ မှီဝဲဆည်းကပ် တပည့်ခံကြသလဲဆိုတော့ သက်သာရာ ရချင်လို့ တစုံ
တခုသော ကောင်းကျိုးချမ်းသာကို အလိုရှိလို့ သွားပြီးတော့ တပည့်ခံကြတယ်၊
ပညာရှိကြီးတွေထံကို။ အဲဒီ ပညာရှိကြီးတွေက သူတို့ဆီမှာ သွားပြီးဘော့

http://www.dhammadownload.com

တပည့်ခံတဲ့ ပရိသတ်တွေကို ဘာပြောသလဲဆိုတော့ သင် ဘာအလိုရှိသလဲ၊ အသက်ရှည်မှု အလိုရှိသလား ချမ်းသာမှုအလိုရှိသလား ရာထူးတိုးပွါးမှုအလို ရှိသလား၊ သို့မဟုတ် သင် ဘာကို အလိုရှိသလဲ၊ ပစ္စည်းလာဘ်လာဘ ရဘို့ သင် အလိုရှိသလား၊ သင် အလိုရှိတဲ့ ပစ္စည်းရပါလိမ့်မယ်တဲ့၊ သင် အလိုရှိတဲ့ပစ္စည်းဟာ ရလိမ့်မယ်တဲ့ ရပါလိမ့်မယ်တဲ့၊ ဒီလိုဘဲ သူတို့အယူဝါဒကို ပြောကြပါတယ်ဘုရား၊ ရပါလိမ့်မယ်လို့ပြောတာ ဘာလုပ်ရမလဲလို့ဆိုတဲ့ လုပ်ငန်းမပါဘူး သူတို့ပြော တာက။ ဒီတော့ မလုပ်ဘဲနဲ့ ရပါ့မလား (မရပါဘုရား)။

ဘာဖြစ်ဖြစ် အလုပ်လုပ်မှ ရတယ်၊ မြတ်စွာဘုရားက အဓိဋ္ဌာန်ပြုရုံ ဆုတောင်း ရုံနဲ့တော့ မရဘူးလို့ ဒီလိုဟောထားတဲ့ သုတ္တန်တွေလဲရှိတယ်၊ ဒီတော့ အဲဒီလို သူတို့ရပါလိမ့်မတဲ့ ရလိမ့်မယ်တဲ့ စိတ်သာချ ရပါစေမယ် ဒီလိုလေး နေလိုက်ရင် သူတို့ရလိမ့်မယ်လို့ ဒီလို သူတို့ ပြောပေးနေတဲ့ စကားတွေနဲ့ ဘာမှလဲ ရတာ မဟုတ်ဘဲနဲ့ ဘယ်တော့ ရပါလိမ့်မလဲလို့ ဆိုပြီးတော့ ရဘို့ကို ကြံစည်စဉ်းစားနေ ရတဲ့ ကာမဝိတက်၊ ဘယ့်နဲ့လဲ ခုထက်ထိ မရသေးပါကလားလို့ ဆိုပြီးတော့ စိတ် ပျက်ရတဲ့ ဗျာပါဒဝိတက်၊ မရ ရတဲ့နည်းနဲ့ လုပ်ယူမှဘဲ ထင်ပါရဲ့လို့ဆိုတဲ့ ဝိဟိ ံသာ ဝိတက်၊ အဲဒီလိုဘဲ ဝိတက်တွေမျှားနေပါတယ်ဘုရားတဲ့ သူတို့အယူက။

အဲဒါကြောင့် အဲဒီအယူကို ဘုရားတပည့်တော် စိတ်ပျက်နေပါတယ်တဲ့၊ ခု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်နဲ့တွေ့တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကို ဘုရားတပည့်တော် တပည့်ခံပါတယ်၊ အရှင်ဘုရားရဲ့ အထံမှာ တပည့်အဖြစ်ခံယူ ပါတယ်၊ ဒီတော့ ဘုရားတပည့်တော်ကို အရှင်ဘုရား ဘာဟောပေးရမလဲဆိုတော့ တရားတခုကို သိပြီးတော့ သတိနဲ့ထင်ရှားအောင် လုပ်ပြီးတော့ ဝိပဿနာရှုသွား ခဲ့လို့ရှိရင် လောကမှာ စွဲလမ်းနှစ်သက်တတ်တယ်ဆိုတဲ့ တဏှာကိုလွှန်မြောက်နိုင် တယ်။ တဏှာကိုဖျက်ဆီးရာ ဖျက်ဆီးကြောင်းဖြစ်တဲ့ တရားတခုကိုသာ အရှင် ဘုရား ဟောပေးတော်မူပါဘုရားတဲ့၊ နားလည်သွားပြီ ဒီအဓိပ္ပါယ်။

ညကတုန်းက ဘုန်းကြီးတို့ ပရိသတ်ကို ဘုန်းကြီးဟောပေးခဲ့တာက ဖြစ်သမျှ ဒုက္ခတွေ ဘာကြောင့်လဲဆိုတော့ တဏှာကြောင့်လို့ ဟောခဲ့တယ်၊ ဒုက္ခက ဘယ် လောက်များလဲ ဒုက္ခဘယ်နှစ်မျိုးရှိသလဲ မများပါဘူး နှစ်မျိုးထဲပါ၊ ဘာရယ် ဘာရယ်လဲ ကာယိကဒုက္ခနဲ့ စေတသိကဒုက္ခ၊ ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတယ်၊ အဲဒီ နှစ်မျိုး ဘာကြောင့်ဖြစ်သလဲ တဏှာကြောင့်ဖြစ်တယ်၊ တဏှာမပျက်စီး သရွေ့ကာလပတ်လုံး တဏှာကို မဖြိုခွဲနိုင်သရွေ့ကာလပတ်လုံး ဒီ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှုက လွတ်မလား မလွတ်ဘူးလား၊ (မလွတ်နိုင်ပါဘုရား)။

ဘာဘဲလုပ်လုပ် အဓိပ္ပါယ် သဘောပေါက်ဘို့ဟာ လိုတယ်၊ ပစ္စည်းဘဲရှာရှာ ကုသိုလ်ဘဲလုပ်လုပ် ရှင်းရှင်းပြောရမယ်ဆိုရင် ခုနပြောတဲ့ ဝိပဿနာဘဲအားထုတ်

http://www.dhammadownload.com

အားထုတ် တဏှာသာ မပြုတ်ရင် ဒီလူ ဒုက္ခမှ မလွတ်ဘူး၊ ဒီတော့ ဒုက္ခက လွတ်အောင် ဘာလုပ်ရမလဲ တဏှာပြုတ်အောင် လုပ်ရမယ်၊ ဒီတော့ တဏှာကို ဖျက်ဆီးနိုင်တဲ့ တရားကို ဟောပေးတော်မူပါဘုရားလို့ ဆိုပြီးတော့ ဟေမက-က လျှောက်ထားပြီ မြတ်စွာဘုရားကို။ (မှန်ပါဘုရား)၊ သူလျှောက်တာ များများ မလျှောက်ဘူး တလုံးထဲ လျှောက်တယ်၊ ရှေးကဆရာကြီးတွေကို မှီဝဲဆည်းကပ် ရတာ ဘာအကျိုးမှ မရခဲ့ဘူး၊ ဆရာအမျိုးမျိုးတွေကို မှီဝဲ ဆည်းကပ်ခဲ့ဘူးပါပြီ ဘုရားတဲ့၊ ကိုယ်လိုချင်တဲ့ကိစ္စက ဒီလိုဖြစ်လိမ့်မယ်တဲ့ ဖြစ်လိမ့်မယ်တဲ့နဲ့ဘဲ ကိစ္စ ပြီးခဲ့ရတယ် ဘာမှ မဖြစ်ခဲ့ဘူး၊ ဒီတော့ အရှင်ဘုရားကို များများ မလျှောက်ပါ ဘူးဘုရား၊ တဏှာကုန်တဲ့တရား တဏှာကို ဖျက်ဆီးနိုင်တဲ့ တရားကို ဟောပေး တော်မူပါ ဒါဘဲ အဓိပ္ပါယ်။ ဒီတော့ မြတ်စွာဘုရားက ဟောလိမ့်မယ် တဏှာ ကုန်မဲ့တရားကို—

ဣမ ဒိဋ္ဌသုတမုတဝိညာတေသု၊ ပိယရူပေသု ဟေမက။
ဆန္ဒရာဂဝိနောဒနံ၊ နိဗ္ဗာနပဒမစ္စုတံ။

တေဒညာယ ယေ သတာ၊ ဒိဋ္ဌဓမ္မာ'ဘိနိဗ္ဗုတာ။
ဥပသန္တာ စ တေ သဒါ၊ တိဏ္ဏာ လောကေ ဝိသတ္တိကံ။

ဟေမက၊ ဟေမက။ ဣမ၊ ဤလောကဌ်။ ပိယရူပေသု၊ နှစ်သက်အပ်သော သဘောရှိကုန်သော။ ဒိဋ္ဌသုတမုတဝိညာတေသု၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ်သော သဘောတရားတို့ဌ်။ ဆန္ဒရာဂဝိနောဒနံ၊ ဆန္ဒနဲ့ ရာဂကို ပယ် ဖျောက်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနပဒံ၊ ကိလေသာမီးတို့ရဲ့ ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာသည်။ အစ္စုတံ၊ ရွေ့လျော့စုတေခြင်း ကင်းပါပေ၏။

ယေ ကုလပုတ္တာ၊ အကြင်အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ သတာ၊ အာရုံဌ်ကပ်၍ ထင်ရှားသော လေးမျိုးသော သတိပဋ္ဌာန်တို့တွင် တပါးပါးသော သတိရှိကြကုန်သည်ဖြစ်၍။ တေ၊ ထိုနိဗ္ဗာန်ချမ်းသာကို။ အညာယ၊ သိ၍။ (ဝါ)ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် မြင်ကြကုန်သောကြောင့်။ ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ၊ ယခု မျက်မှောက် လောကမှာပင် ကိလေသာ ရာဂမီးငြိမ်း ကြကုန်၏။ တေ၊ ထို ကိလေသာရာဂမီး ငြိမ်အေးကြကုန်ပြီးသော သူတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဥပသန္တာ စ၊ ကိလေသာမီး ငြိမ်းကြကုန်ပြီးသည်ဖြစ်သော ကြောင့်လည်း။ လောကေ၊ လောကဌ်။ ဝိသတ္တိကံ၊ ကပ်ငြိတွယ်တာတတ်တဲ့ တဏှာလောဘတရားကို။ တိဏ္ဏာ၊ ကောင်းစွာမသွေ လွန်မြောက်နိုင်ကြလေ ကုန်သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

အဓိပ္ပါယ်ပြောရအောင် နော် (မှန်ပါဘုရား)၊ဟောမကတဲ့ တဏှာကို ဖျက်ဆီးချင်ရင် ဒီလောကမှာ ကိုယ်နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော မြင်ရတဲ့အာရုံတွေ ကြားရတဲ့ အာရုံတွေ ကိုယ့်မျက်လုံးထဲ မြင်ရတာတွေ နားထဲ ကြားလာတာတွေ၊ မုတလို့ ဆိုတာက ကိုယ့်နှာခေါင်းထဲမှာ နံလာတဲ့ အနံ့တွေ ကိုယ့်လျှာပေါ်မှာ တွေ့လာတဲ့ အရသာတွေ ကိုယ့်ခန္ဓာပေါ်မှာ လာပြီးတော့ ထိတာတွေ၊ နောက်ပြီးတော့ သိတာတွေ၊ပေါင်းတော့ ခြောက်မျိုးရှိတယ်၊မြင်တာရယ်၊ ကြားတာရယ်၊ နံတာရယ်၊ စားတာရယ်၊ ထိတာရယ်၊ သိတာရယ် ဘယ်နှစ်မျိုးလဲ (ခြောက်မျိုးပါဘုရား)။

အာရုံ ၆-မျိုးဥ္စ တဏှာဖျက်ဆီးပုံ။ ။အဲဒီ-ခြောက်မျိုးသော တရား တွေကို သတ္တဝါတွေက ပိယသဘောရှိနေတယ်တဲ့၊ အဲဒီ-ပိယသဘောရှိတဲ့ နေရာမှာ တဏှာကို ဖျက်ဆီးချင်တယ်ဆိုရင် တဏှာ ဘယ်နေရာမှာနေသလဲ ဘုန်းကြီးတို့ ပရိသတ်၊ တဏှာကို ဖျက်ဆီးတတ်တဲ့တရား ဟောပေးပါဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားတယ် မဟုတ်လား။ (လျှောက်ထားပါတယ်ဘုရား)။

ဒါဖြင့် အဲဒီတဏှာက ဘယ်နေရာမှာ နေသလဲ၊ ဘုန်းကြီးတို့ပရိသတ် ကြည့်စမ်း ခေါင်းထဲမှာလား၊ နှာခေါင်းထဲမှာလား၊ မျက်လုံးထဲမှာလား၊ ရင်ဘတ်ထဲမှာလား၊ ဝမ်းထဲမှာလား၊ ဘယ်နေရာမှာ တဏှာနေသလဲ တဏှာနေတဲ့ နေရာကို ဘုန်းကြီးတို့ ပရိသတ် တွေ့ဘူးလား၊ တဏှာ ဘယ်နေရာနေမှန်း မသိဘဲနဲ့ လိုက်ပြီးတော့ ဒီတဏှာရှာပြီးတော့ သတ်လိုက်မယ်ဆိုရင် တော်တော်နဲ့ပြီးပါ့မလား (မပြီးပါဘုရား)၊ တွေ့ကော တွေ့နိုင်ပါ့မလား (မတွေ့နိုင်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က တဏှာနေတဲ့ နေရာကို ရှေးဦးစွာ ကြည့်လိုက်တယ်၊ ပါဠိတော်မှာ ဘယ့်နဲ့ပြောသလဲ မဟာသတိပဋ္ဌာန သုတ်မှာလဲ ပါတယ်၊ ဓမ္မစက္ကပဝတ္တနသုတ်မှာလဲ ပါတယ်၊ ပါဠိတော် တော်တော်များများမှာဘဲ ပါတယ်။

ယံ လောကေ ပိယရူပံ သာတရူပံ၊ တတ္ထသာ တဏှာ ဥပပဇ္ဇမာနာ ဥပပဇ္ဇတိ၊ တတ္ထ နိဝိသမာနာ နိဝိသတိ–တဲ့။ လောကေ၊ လောကဥ္စ။ ယံ ပိယရူပံ သာတရူပံ၊ အကြင် သာယာအပ် နှစ်သက်အပ်သော သဘောရှိသော တရားသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ဤသာယာအပ် နှစ်သက်အပ်သော သဘောရှိသောတရားဥ္စ။ သော တဏှာ၊ ထိုတဏှာသည်။ ဥပပဇ္ဇမာနာ၊ ဖြစ်သည်ရှိသော်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ နိဝိသမာနာ၊ တည်နေသည်ရှိသော်။ နိဝိသတိ၊တည်နေ၏။ တဏှာနေတဲ့နေရာ မိမိစိတ်ထဲက ဘာကို နှစ်သက်သလဲ၊ မျက်လုံးကို နှစ်သက်ရင် မျက်လုံးမှာ တဏှာရှိတယ်၊ ရူပါရုံကို နှစ်သက်ရင် ရူပါရုံမှာ တဏှာရှိတယ်၊ ရှေကို တဲ့သွားပေတော့၊ အဲဒီအတိုင်း။ နားကို နှစ်သက်နေရင် အဲဒီ နားမှာ တဏှာရှိတယ်၊

http://www.dhammadownload.com

အသံကို နှစ်သက်ရင် အဲဒီအသံမှာ တဏှာရှိတယ်၊ ဒါ တဏှာနေတဲ့ နေရာတွေ့။ သံယုတ်ပါဠိတော်မှာလဲ ဟောထားတယ်—

ပိယသာတသဘောဆိုတာ ဘာခေါ်သလဲဆိုတော့ စက္ခုံ ဘိက္ခဝေ ပိယရူပံ သာတရူပံ။ (မျက်လုံးဟာ ပိယသဘော သာတသဘောရှိတဲ့ ရူပ်တဲ့)။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုံ၊ စက္ခုပသာဒ ရူပ်သည်။ ပိယရူပ် သာတရူပ်၊ နှစ်သက်အပ် သာယာအပ်သော သဘော ရှိ၏။ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း ဒီ မျက်လုံးကလေးတလုံးကို ဘယ်လောက် နှစ်သက်နေသလဲ စဉ်းစားကြည့်စမ်း၊ အထိမခံနိုင်ဘူး ဒီ မျက်လုံးကလေးကို၊ ဘာဖြစ်လို့လဲ သူက အသုံးကျနေတယ်လို့ ဘုန်းကြီးတို့ ပရိသတ်က ထင်နေတယ်၊ ဘာပြုလို့လဲ မြင်ရတယ်၊ စာကျက်ရတယ်၊ မျက်လုံးကလေးက အသုံးကျနေတယ်၊ အမျိုးမျိုးသော လုပ်ငန်းတွေကို လုပ်တဲ့အခါမှာ ဒီ မျက်လုံးကလေးနဲ့ လုပ်နေရတယ်၊ ဒီတော့ မျက်လုံးကလေးအပေါ်မှာ ဘုန်းကြီးတို့ ပရိသတ် ဘယ်လိုနေသလဲ (နှစ်သက်နေပါတယ်ဘုရား)။

ဒါ ပိယသဘော သာတသဘော ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)၊ ပိယသာတဆိုတာ နှစ်သက်တယ် သာယာတယ် ဧင်မင်တယ် စုံမက်တယ်၊ အဲဒါကို ပိယသဘော သာတသဘောလို့ ခေါ်တယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကို ကြည့်တော့ မျက်လုံးရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ခန္ဓာကိုယ်ရယ် နှလုံးသားရယ် အဲဒါတွေနဲ့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကို တည်ဆောက်ထားတယ်၊ ခန္ဓာကိုယ်ထဲမှာ တည်ဆောက်ထားတဲ့ ပစ္စည်းဝတ္ထုဟူသရွေ့ကို ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေက ဘယ်ဒင်းတော့ဖြင့် ဒီခန္ဓာကိုယ်ထဲက မလိုချင်ပါဘူး မနှစ်သက်ဘူးဆိုတာ ရှိသလား (မရှိပါဘုရား)၊ ဒါဖြင့် ဒီ ခန္ဓာကိုယ် တကိုယ်လုံးကြီးဟာ တဏှာတုံးကြီး မဟုတ်လား (မှန်ပါဘုရား)။

မျက်လုံးကလေးတလုံး ပေးပါဆိုရင် ဘယ်နဲ့တုန်း (မပေးနိုင်ပါဘုရား)၊ ကိုယ့်မှာ နှစ်လုံးတောင် ရှိဒါပဲ တလုံးပေးလိုက်ပါလား (မပေးနိုင်ပါဘုရား)၊ ဘာဖြစ်လို့လဲ နှစ်သက်လို့၊ ဟော-ဒါဖြင့် တဏှာ ဒီနေရာမှာ ရှိတယ်၊ နားတွေ ရှိနေတာပဲ ဒီ-နားရွက်မရှိတော့ မကြားဘူးလား (ကြားပါတယ်ဘုရား)၊ ဒီ-နားရွက်ကလေး တခုပေးပါဆိုရင် (မပေးနိုင်ပါဘုရား)၊ နှာခေါင်းကလေး တပေါက်ပေးပါဆိုလျှင်လဲ ဘာမှမပေးနိုင်ဘူး၊ ဒီ-ခန္ဓာကိုယ်က အင်မတန် သဒ္ဓါတရားရှိလို့ အင်မတန်ကို ကြည်ညိုနေခဲ့လို့ရှိရင် ပစ္စည်းတွေကို နှင်းကန်လှူလိုက်မယ်၊ ရှိတဲ့ပစ္စည်းကိုတော့ လှူချင် လှူပစ်မယ် ခန္ဓာကိုယ်က မျက်လုံးတလုံး

http://www.dhammadownload.com

သော်ငင်း၊ နားရွက်တခုကိုသော်ငင်း တခုခု ပေးပါဆိုလျှင် ရုတ်တရက် မပေးနိုင်ဘူး ဟုတ်လား(မှန်ပါဘုရား)၊ ဘာဖြစ်လို့လဲ နှစ်သက်လို့နော်(မှန်ပါဘုရား)။

အဲဒါ ပိယရူပ် သာတရူပ်တွေဘဲ၊ အဲဒီ ပိယရူပ် သာတရူပ်တွေမှာ တဏှာရှိတယ် ဟုတ်လား (မှန်ပါဘုရား)၊ ဒါ တဏှာနေတဲ့နေရာကို ဘုန်းကြီးတို့ ပရိသတ်တွေပြီလား(တွေ့ပါပြီဘုရား)၊ တွေ့ပြီ ဒီတော့ မျက်လုံးဟာ တဏှာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ မျက်လုံးမှာ တဏှာရှိတယ်ဆိုတော့ မျက်လုံးဟာ တဏှာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ မျက်လုံးလို့ ခေါ်တဲ့ အရာဝတ္ထုဟာ ဘာလဲ (ရူပ်ပါဘုရား)၊ ဘာဖြစ်လို့ ရူပ်လို့ ခေါ်သလဲဆိုတော့ အဲဒီ မျက်လုံးဟာ တနေ့မှသူ ရုပ်မနေဘူး အချိန်ရှိသရွေ့ သူ ပြောင်းလဲနေတယ် ဟုတ်လား၊ ပြောင်းလဲတဲ့သဘောကို ရူပ်လို့ ခေါ်တယ်၊ ပါဠိလိုပြောတော့ ရူပတိတိ ရူပ်။ ရူပတိ၊ ပြောင်းလဲ ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပ်၊ ရူပ် မည်၏။

ရုပ်ဟာ ဘာဖြစ်လို့ ရူပ်ခေါ်သလဲဆိုတော့ ပြောင်းလဲနေလို့ သူ့ကို ရူပ်လို့ ခေါ်တယ်၊ ဘုန်းကြီးတို့ ပရိသတ်မှာ ရှိနေတဲ့ မျက်လုံး တလုံးဟာ နေ့စဉ် ပြောင်းလဲ မနေဘူးလား (ပြောင်းလဲနေပါတယ်ဘုရား)၊ တနေ့မှ ရပ်မနေဘူး ဘယ်မှာ သိရသလဲဆိုတော့ ဘုန်းကြီးတို့ ငယ်ငယ်က မျက်လုံးဟာ မျက်မှန်မတပ်ရဘဲနဲ့ စာကြည့်လို့ရတယ်၊ ခုတော့ ကြည့်လို့ရသေးလား (မရတော့ပါဘုရား)၊ဘာဖြစ်လို့လဲ(ပြောင်းလဲနေလို့ပါဘုရား)၊ခုမှပြောင်းလဲသလား မျက်လုံးစဖြစ်တဲ့ နေ့ကစပြီး ပြောင်းလဲနေတာလား (ဖြစ်တဲ့နေ့ကစပြီး ပြောင်းလဲနေပါတယ် ဘုရား)၊ အဲတာ မြင်အောင် ကြည့်ရမယ်-နော် (မှန်ပါဘုရား)၊ အဲသလို ပြောင်းလဲနေသည် ဖြစ်သောကြောင့် ရူပ်ခေါ်တယ်၊ အဲဒီရူပ်သည် တဏှာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ အဲဒီ ရူပ်ကို ကိုယ်က နှစ်သက်နေတာကိုသာ တဏှာလို့ ခေါ်တယ်။

ကိုယ်က နှစ်သက်တာလား ဘယ်သူက နှစ်သက်တာလဲ(တဏှာက နှစ်သက်တာပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ်က ကိုယ်က နှစ်သက်တယ်လို့ အောက်မေ့နေသေးတယ်။ ပရမတ္ထ သဘာဝတွေမှာ ကိုယ်ကို တခါထဲ ပါကို မပါစေနဲ့၊ စင်ထွက်သွားပေစေ၊ ဘယ်သူက နှစ်သက်တာလဲ (တဏှာက နှစ်သက်တာပါဘုရား)၊ ဒီ-မျက်လုံးကို နှစ်သက်နေတာ ဘယ်သူလဲ(တဏှာပါဘုရား)၊ မျက်လုံးဟာ ဘာလဲ (ရူပ်ပါဘုရား)၊ မျက်လုံးဟာ လူလား ယောကျ်ားလား မိန်းမလား မိမိလား သူတပါးလား (မဟုတ်ပါဘုရား)၊ တာဖြင့် ဘာတုန်း (ရူပ်ပါဘုရား)၊ ဘာဖြစ်လို့ ရူပ်ခေါ်သလဲ၊ ဖောက်ပြန်ပြောင်းလဲနေလို့ ရူပ်လို့ ခေါ်တယ်၊ အဲဒီ မျက်လုံးကို နှစ်သက်နေတာ ကိုယ်က နှစ်သက်နေတာလား သူများက နှစ်သက်နေတာလား (တဏှာ နှစ်သက်နေပါတယ်ဘုရား)။

http://www.dhammadownload.com

မျက်လုံးဆိုတဲ့ရူပ်ကို တဏှာက နှစ်သက်တယ်၊ မျက်လုံးမှာ သူမပါးဘူး၊ ကိုယ်မပါဘူး၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဟေမက ခန္ဓာကိုယ် တကိုယ်လုံးမှာ သင် နှစ်သက်စရာဖြစ်တဲ့ ဒိဋ္ဌ သုတ မုတ ဝိညာတ-လို့ ပါဠိတော် ထဲမှာတော့ လေးခုဘဲ ရှိတယ်၊ ဒိဋ္ဌ-မြင်တယ်၊ သုတ-ကြားတယ်၊ မုတ-တွေ့တယ်၊ မုတက သုံးခု၊ မုတဆိုတာက နှာခေါင်းနဲ့ အနံ့နံတာ၊ လျှာပေါ်မှာ အရသာ လာတွေ့တာ၊ ခန္ဓာကိုယ်မှာ လာပြီးတော့ နူးညံ့တဲ့ ကြမ်းတမ်းတဲ့ အဆာဝတ္ထုနဲ့ လာထိတာကို မုတလို့ ခေါ်တယ်၊ ဒီသုံးခု။ ဝိညာတ-သိတယ်။ ဘာရှိသေးလဲ ဒီပြင် (မရှိပါဘုရား)၊ ရှိသေးသလား လောကကြီးမှာ (မရှိပါဘုရား)၊ အဲဒီ ခြောက်ခုအပြင် ရှိသေးရင် ထည့်ပေးစမ်း ဘာရှိသေးလဲ (မရှိတော့ပါဘုရား)၊ ဘာမှ မရှိတော့ဘူး နော် (မှန်ပါဘုရား)၊အဲဒီ ခြောက်မျိုးအပေါ်မှာ မြတ်စွာဘုရားက ဆန္ဒနဲ့ ရာဂကင်းအောင် လုပ်ပါတဲ့ မြတ်စွာဘုရားက တဏှာကို ဖျက်ဆီးချင်ရင် နော် (မှန်ပါဘုရား)။

ဒီ ခြောက်မျိုးအပေါ်မှာ ဘာကင်းရမလဲ (ဆန္ဒနဲ့ ရာဂကင်းရမှာပါဘုရား)၊ ဆန္ဒဆိုတာ ဘာလဲ လိုချင်တယ်၊ ရာဂဆိုတာ ဘာလဲ–မရမနေနိုင်ဘူး စွဲလမ်းတယ် နော် (မှန်ပါဘုရား)၊ အဲဒါကို ဆန္ဒနဲ့ ရာဂလို့ ခေါ်တယ်။ အဲဒီ ဆန္ဒနဲ့ ရာဂ ပယ်ဖျောက်တဲ့နည်း၊ ပယ်ဖျောက်တဲ့မူကို မြတ်စွာဘုရားက ဘယ်မှာ ဟောထားသလဲဆိုတော့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဒေဝဟာသုတ်မှာလဲ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။ အဲဒီသုတ်ကို ဘုန်းကြီး ထည့်ပြောဦးမယ် ဆန္ဒနဲ့ ရာဂ။

ဆန္ဒနဲ့ ရာဂကို ပယ်ဖျောက်ရန်။ ။ကဲ ဆန္ဒနဲ့ရာဂကို ပယ်ဘို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က ဟေမကကို ဟောထားတယ် နော် (မှန်ပါဘုရား)၊ ဘယ်အပေါ်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ရသလဲလို့ ဆိုတော့ ဒိဋ္ဌ သုတ မုတ ဝိညာတခြောက်မျိုး၊ ခုနက ပြောခဲ့ပြီနော်–မြင်တဲ့အပေါ်မှာ ကြားတဲ့အပေါ်မှာ နံတဲ့အပေါ်မှာ စားတဲ့အပေါ်မှာ ထိတဲ့အပေါ်မှာ သိတဲ့တရားအပေါ်မှာ ဒီ တရားခြောက်မျိုးအပေါ်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ရမယ်။ ဆန္ဒ ရာဂပယ်ပုံကို မြတ်စွာဘုရားကိုယ်တော်မြတ်က သံယုတ်ပါဠိတော် ကြီးမှာ ဒေဝဟာသုတ္တန်ကို ဟောပေးမယ်လို့ ဘုန်းကြီး ပြောထားတယ် ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီ ဆန္ဒနဲ့ ရာဂကိုသာ ဘာကြောင့် ပယ်ရမလဲဆိုတော့ ဆန္ဒနဲ့ ရာဂကို မပယ်ရင် ဘာဖြစ်မလဲ၊ ဒုက္ခဆောက်မယ်၊ ဘယ်သူ ကြည့်ရမလဲ ဆိုတော့ အဋ္ဌကထာဆရာကြီးက ပြပေးတယ်၊ သန္တတိအမတ်ကြီးနဲ့ ပဋ္ဌာစာရီကို ကြည့်ပါတဲ့။

ပဋ္ဌာစာရီဝတ္ထု။ ။ပဋ္ဌာစာရီဆိုတော့ ဘုန်းကြီးတို့ ပရိသတ် မသိဘူးလား–(သိပါတယ်ဘုရား)၊ ဘယ်လိုဖြစ်သလဲ အစက သူဌေးသမီး

http://www.dhammadownload.com

ပဋ္ဌာစာရီလို့ဆိုတဲ့ အမျိုးသမီးက သာဝတ္ထိတမြို့လုံးမှာ ပဋ္ဌာစာရီဆိုရင် လူတိုင်း သိတယ်၊ အင်မတန်လှတဲ့ အမျိုးသမီး သူဌေးသမီးကလေး နော်(မှန်ပါဘုရား)။

နောက်ပြီးတော့ ဒီဘဝမှာ မြတ်စွာဘုရားနဲ့ တွေ့ပြီးတော့ ရဟန္တာဖြစ်ပြီးတော့ တေဒဂ်ရမဲ့ ပါရမီရှင်ကြီး နောက်ဆုံးဘဝ နော်၊ ဘဝထိုထိုက ဖြည့်ကျင့်ဆည်းပူးလာလိုက်တဲ့ ဒါနပါရမီအစရှိတဲ့ ကုသိုလ်ကောင်းမှုတွေဟာ ဒီဘဝမှာ ပဋ္ဌာစာရီကို နှင်းကန်ပြီး အကျိုးပေးနေတော့ ပစ္စည်းဥစ္စာဘက်ကလဲ ပြောစရာမရှိဘူး သိပ်ပြီး ပြည့်စုံနေတယ်၊ လိမ္မာတဲ့ဘက်ကလဲ ပြောစရာမရှိဘူး သိပ်လိမ္မာတယ်၊ လှတဲ့ဘက်ကလဲ ပြောစရာမရှိဘူး သိပ်ပြီးတော့ လှတယ်၊ အဲဒီ ပဋ္ဌာစာရီမှာ ဒီလိုရှိနေတဲ့ ပါရမီရှင်ကြီးတယောက်မှာ ဆန္ဒနဲ့ ရာဂဟာ ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီ ဆန္ဒနဲ့ ရာဂ ရှိနေသည်ဖြစ်သောကြောင့် လောကမမှတာအလျောက် ကျွန်တယောက်နဲ့ အိမ်ထောင်ကျတယ် နော် (မှန်ပါဘုရား)၊ မိဘတွေ ထားပစ်ခဲ့တယ်၊ ကိုင်း အားလုံး သိကြတဲ့အတိုင်း ဘာတဲ့–

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယ့် ပတီ မတော။
မာတာ ပိတာ စ ဘာတာ စ၊ ကေစိတမ့် ဉယ့ရေ—တဲ့ အဋ္ဌကထာ[1]က။

သားနှစ်ယောက် သေတယ်၊ ခင်ပွန်းသည်ယောကျ်ား သေတယ်၊ အမေလဲသေတယ်၊ အဖေလဲ သေတယ်၊ မောင်လဲ သေတယ်၊ ရှိရှိသမျှ ပစ္စည်းတွေလဲ အကုန်လုံး ကုန်တယ်၊ ဘယ့်နယ်နေမလဲ ဘုန်းကြီးတို့ ပရိသတ် စဉ်းစားကြည့်စမ်း အားလုံး သိကြတယ် မဟုတ်လား (မှန်ပါဘုရား)၊ ပဋ္ဌာစာရီဟာ ဘယ်လို ဖြစ်သလဲ (ရှူးသွားပါတယ်ဘုရား)။

ကိုသာစ၊ သွေးသားမည်သ ပုံမမှီအောင် ကြုံလိုသော ကိုယ်ရှိသည်ဖြစ်၍ငင်း (ပဋ္ဌာစာရီဆိုတာ သာဝတ္ထိပြည် တပြည်လုံး အကုန်လုံးသိတယ်၊ အင်မတန်လှတဲ့ အမျိုးသမီး ဖြစ်ခြင်းကြောင့် ခုပုံတွေတောင် မပီတော့ဘူးတဲ့၊ အဲသလောက်တောင် ပျက်စီးရှိသွားသည်၊ ပိန်ချုံးပြီးတော့ အကြောတွေ ပြိုင်းပြိုင်းထပြီးတော့နေတယ်။ ဘယ်သူ နှိပ်စက်တာလဲ အဲတာ သောက၊ သောက နော် (မှန်ပါဘုရား)။ဘုန်းကြီးတို့ပရိသတ် သိနေတာဟာ ပဋ္ဌာစာရီ ဘာကြောင့် ရူးသလဲဆိုရင် သားတွေ သမီးတွေ လင်တွေ အမေ အဖေတွေ မောင်တွေ ပစ္စည်းတွေ ပျက်လို့ ဟုတ်လား (မှန်ပါဘုရား)၊ အဲသလို ပြောနေကြတယ်နော် (မှန်ပါဘုရား) မမှန်ဘူးလားဆိုတော့ သူဟာ ဝေးသော အကြောင်းကတော့ အမှန်သားဘဲ၊ ဒါပေတဲ့ နီးသော အကြောင်းက သားခင်ပွန်း စသည် သေလို့ မဟုတ်ဘူး၊ ဆန္ဒနဲ့ ရာဂကြောင့် ရူးနေတာ။

၁။ ဓမ္မပဒ၊ ၎ ပ-တွဲ၊ နှာ-၄၄၀။

http://www.dhammadownload.com

ဆန္ဒရာဂကြောင့် သောက စသည် ဖြစ်ပုံ ဆန္ဒနဲ့ရာဂကြောင့် သောကဖြစ်နေတာတဲ့ မြတ်စွာဘုရားက၊ ဘာကြောင့်တုန်း (ဆန္ဒနဲ့ရာဂကြောင့် ပါဘုရား)၊ ဒီတော့ ဒီဆန္ဒနဲ့ ရာဂကို ဘုန်းကြီးတို့ ပရိသတ် ဗယ်ချင်သလား မဗယ်ချင်ဘူးလား (ဗယ်ချင်ပါတယ်ဘုရား)၊ အခု ဘုန်းကြီးတို့ ပရိသတ်ကော သောကတွေ ဖြစ်မနေကြဘူးလား(ဖြစ်နေပါတယ် ဘုရား)၊ ဘယ်သူကြောင့် သောကဖြစ်သလဲ(ဆန္ဒနဲ့ ရာဂကြောင့် ဖြစ်ပါတယ်)၊ ဘုန်းကြီးတို့တတွေ လူတိုင်း လူတိုင်း တနိုင်ငံလုံး တကမ္ဘာလုံး တလောကလုံး စကြဝဠာကြီးတခုလုံး သတ္တဝါတွေမှန်သမျှ ခံနေရတဲ့ ဒဏ်ချက်ဟာ ဘယ်သူကြောင့်မှ မဟုတ်ဘူး ဆန္ဒနဲ့ရာဂကြောင့်၊ ဘယ်သူ့အပြစ်တင်ရမလဲ ဆန္ဒနဲ့ရာဂကို အပြစ်တင်ရမယ် နော်။

ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အဲဒီဆန္ဒနဲ့ရာဂကို ပယ်ဘို့ ဆိုပြီး ဟောတာ ဆန္ဒရာဂဝိနောဒနံ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ကြောင်းဖြစ်သော။ နိဗ္ဗာနပဒံ၊ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာဖြစ်သောတရားသည်။ အစ္စုတံ၊ ဧဿလျော စုတေခြင်း ကင်းပါပေ၏။

ပစ္စာဘူမအရပ်သို့ သွားလိုခြင်း အကြောင်း ဟေမကကို ဟောပေးနေတာ နော် (မှန်ပါဘုရား)။ အဲဒီတော့ ဆန္ဒနဲ့ ရာဂကို ပယ်ဘို့ ဆိုတော့ မြတ်စွာဘုရားလက်ထက်က ရဟန်းတော်တွေ ပစ္စာဘူမအရပ်လို့ဆိုတဲ့ အနောက်တိုင်း နိုင်ငံမှာရှိတဲ့ ဇနပုဒ်တွေကို တရားဟောသွားကြမလို့ ရဟန်းတော်တွေက မြတ်စွာဘုရားထံ သွားပြီးတော့ လျှောက်တယ်–

ဣစ္စာမ မယံ ဘန္တေ ပစ္စာဘူမံ ဇနပဒံ ဂန္တုံ[1]။ အရှင်ဘုရား တပည့်တော်တို့ ပစ္စာဘူမအရပ်လို့ခေါ် တဲ့ နိုင်ငံရပ်ခြား တိုင်းတပါးကို သွားပြီးတော့ သာသနာပြုမလို့ ဘုရားတဲ့ ရဟန်းတော်တွေက မြတ်စွာဘုရားကို လျှောက်တယ်၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဘာမိန့်တော်မူလိုက်သလဲဆိုတော့ အပလောကိတော ပန ဝေါ ဘိက္ခဝေ သာရိပုတ္တော[2]။ ရှင်သာရိပုတ္တရာကို သင်တို့ ပန်ကြားကြပြီးပြီလားတဲ့ မြတ်စွာဘုရားက မေးတယ်။ မပန်ကြားရသေးပါဘုရား။ ကိုင်း ဒါဖြင့် ရှင်သာရိပုတ္တရာကို ပန်ကြားပြီးတော့ သွားကြလို့ မြတ်စွာဘုရားက အဲဒီလို ရဟန်းတော်တွေကို လွှတ်လိုက်တယ်။ ရဟန်းတော်တွေ ရှင်သာရိပုတ္တရာထံ သွားကြတယ်၊ ရှင်သာရိပုတ္တရာထံ ရောက်တော့ ရဟန်းတော်တွေက လျှောက်တယ်။

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၅။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာ၏ ဆုံးမစကား။ ။ငါ့ရှင်တဲ့ ငါတို့သည် ပစ္စာဘူမအာရပ်လို့ ဆိုတဲ့ နိုင်ငံရပ်ခြား တိုင်းတပါး တရပ်ကို သွားပြီးတော့ သာသနာပြုကြမလို့ မြတ်စွာဘုရားလဲ လျှောက်ပြီးပြီ ငါ့ရှင်ထံ သွားဦးဆိုလို့ ဝင်လာခဲ့ကြရတယ်။ ဒီတော့ ရှင်သာရိပုတ္တရာက ဘာမိန့်တော်မူလို့က်သလဲဆိုတော့ ငါ့ရှင်တို့ နိုင်ငံရပ်ခြားတိုင်းတပါးကို သွားပြီးကော့ သာသနာပြုတယ် တရားဟောတယ်လို့ဆိုတာ မလွယ်ဘူး၊ နိုင်ငံရပ်ခြား တိုင်းတပါးမှာ ပုဏ္ဏားပညာရှိတွေ ရှိတယ်၊ မင်းပညာရှိတွေ ရှိတယ် သူဌေးသူကြွယ်ပညာရှိတွေ ရှိတယ်၊ ရဟန်းပညာရှိတွေ ရှိတယ်တဲ့။ အဲဒီ ပညာရှိတွေကများ သင်တို့ကို ပစ္စာတခုမေးကြမယ်ဆိုရင် ဖြေနိုင်လောက်အောင် သင်တို့ တရားအားထုတ်ကြပြီးပြီလား၊ စာသင်ပြီးကြပလားတဲ့ မေးတယ် ရှင်သာရိပုတ္တရာက။

ဒီတော့ ရဟန်းတော်များက ပြန်လျှောက်တယ် ငါ့ရှင် သာရိပုတ္တရာ ဒို့ ဘယ်သင်ရကြားရဦးမလဲ ဒီကိစ္စနဲ့ ပတ်သက်လို့ ရှင်သာရိပုတ္တရာဘဲ ပြောကြားပေးတော်မူပါဆိုတော့ ရှင်သာရိပုတ္တရာက အဲဒီ ရဟန်းတော်တွေကို ဘာပြောသလဲဆိုတော့—

> သန္တိ ဟာဝုသော နာနာဝေရဇ္ဇကတံ ဘိက္ခုံ ပဋ္ဌံ ပုစ္ဆိတာရော ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ ဂဟပတိပဏ္ဍိတာပိ သမဏပဏ္ဍိတာပိ။ ပဏ္ဍိတာ ဟာဝုသော မနုဿာ ဝိမံသကာ "ကိံ ဝါဒီ ပနာယသ္မန္တာနံ သတ္ထာ၊ ကိမက္ခာယီ"တိ ၁။

အာဝုသော၊ ငါ့ရှင်တို့။ နာနာဝေရဇ္ဇကတံ၊ အထူးထူးသော နိုင်ငံရပ်ခြားတိုင်းတပါးသို့သွားသော။ ဘိက္ခုံ၊ ရဟန်းကို။ ပဋ္ဌံပုစ္ဆိတာရော၊ အမေးပုစ္ဆာပြဿနာကို မေးတတ်ကုန်သော။ ခတ္တိယပဏ္ဍိတာပိ၊ မင်းပညာရှိ တို့သည်လည်းကောင်း။ ဗြာဟ္မဏပဏ္ဍိတာပိ၊ ပုဏ္ဏားပညာရှိတို့သည် လည်းကောင်း။ ဂဟပတိပဏ္ဍိတာပိ၊ သူကြွယ်ပညာရှိတို့သည်လည်းကောင်း။ သမဏပဏ္ဍိတာပိ၊ ရဟန်း ပညာရှိတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ပဏ္ဍိတာ၊ ပညာဉာဏ်နဲ့ ပြည့်စုံကြကုန်သော။ မနုဿာ၊ လူအပေါင်းတို့က။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ကိံ ဝါဒီ ပန၊ ဘာဝါဒ ရှိပါသနည်း။ ကိမက္ခာယီ၊ အဘယ်တရားကို ဟောကြားလေ့ရှိပါသနည်း။ ဣတိ၊ ဤသို့။ ဝိမံသကာ၊ စုံစမ်းမေးမြန်းကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။

မေးလိမ့်မယ်တဲ့ ဟိုကြတော့ နိုင်ငံရပ်ခြား တိုင်းတပါးက ပညာရှိတွေက သင်တို့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားသည် ဘာဝါဒ ရှိကြသလဲလို့ မေးလိမ့်

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၆။

http://www.dhammadownload.com

မယ်။ မြတ်စွာဘုရားက ဘာဝါဒရှိသလဲ ကိုံဝါဒီ ပနာယသွန္တာနံ သတ္ထာ၊ ကိမက္ခာယီ။ အရှင်ဘုရားတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘယ်ဝါဒရှိသလဲ၊ ဘာတရားကို ဟောလေ့ရှိသလဲလို့ မေးကြကုန်သည်ရှိသော်–

ဗုဒ္ဓဝါဒ။ ။ဝေံ ဗျာကရေယျာထ၊ ဤသို့ ဖြေကြတဲ့ ရှင်သာရိပုတ္တရာက၊ ဘယ်လို ဖြေရမလဲ ဆန္ဒရာဂဝိနယက္ခာယီ ခေါ နော အာဝုသော သတ္ထာ။ အာဝုသော၊ ငါ့ရှင်တို့။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဆန္ဒရာဂဝိနယက္ခာယီ၊ ဆန္ဒနဲ့ ရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားတော်မူလေ့ရှိပါပေ၏။ ဣတိ၊ ဤသို့။ ဗျာကရေ-ယျာထ၊ ဖြေကြတဲ့။

ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်တဲ့ ဝါဒပါတဲ့ မြတ်စွာဘုရား ဝါဒကနော် (မှန်ပါဘုရား)၊ ဘာလဲ ဆန္ဒနဲ့ရာဂဆိုတာ ခုနက ပြောတဲ့ မြင်တယ် ကြားတယ် နံတယ် စားတယ် ထိတယ် သိတယ် ဆိုတဲ့ အဲဒီ ခြောက်မျိုးကို ဆန္ဒ-လိုချင်တယ်၊ ရာဂ-မရမနေနိုင်ဘူးလို့ စွဲလမ်းတယ် ဆိုတဲ့ အဲဒီ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ပါတဲ့၊ ဟုတ်လား (မှန်ပါဘုရား)၊ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှုတွေကို ဖျောက်ရမယ် မဟုတ်လား၊ ဘယ်သူကို ဖျောက်ရမလဲ (ဆန္ဒနဲ့ရာဂကို ဖျောက်ရမှာပါဘုရား)။

ဆန္ဒရာဂ အဓိပ္ပါယ်။ ။ဆန္ဒဆိုတာ ဘာလဲ လိုချင်တယ်၊ ရာဂဆိုတာ ဘာလဲ စွဲလမ်းတယ်၊ မရရင် မနေနိုင်ဘူး။အဲဒါ တွေကို ရာဂလို့ ခေါ်တယ် ဆန္ဒနဲ့ရာဂ၊ ဘာဖြစ်ဖြစ်သိချင်တယ် တတ်ချင်တယ် ဆိုတဲ့ အဲတာ ဘာတွေလဲ ဆန္ဒ နဲ့ရာဂ၊ ပညာသင်နေကြတဲ့ ပုဂ္ဂိုလ်တွေနော်၊ ဥပမာပုံ ဆိုကြပါစို့ လူတယောက်ဟာ စက်မှုပညာ အတတ်ကို သင်တယ် ဆိုပါတော့ အဲဒီ စက်မှုပညာ အတတ်ကို မသိချင် မတတ်ချင်ဘူးလား (တတ်ချင် ပါတယ်ဘုရား)၊ သိချင် တတ်ချင်နေတာ ဘာလဲ ဆန္ဒနဲ့ရာဂ၊ အဲဒီ ဆန္ဒနဲ့ရာဂ ရှိနေသရွှေ သိချင်တယ် တတ်ချင်တယ် မလုပ်ရဘူးလား (လုပ်ရပါတယ် ဘုရား)၊ ပင်ပန်းသလား မပင်ပန်းဘူးလား (ပင်ပန်း ပါတယ် ဘုရား)၊ ဒုက္ခလား သုခလား (ဒုက္ခပါ ဘုရား)၊ မြင်အောင် ကြည့်နော် (မှန်ပါ ဘုရား)၊ ဒါ ဝိပဿနာရှုကွက် ချည်းဘဲ ဆန္ဒနဲ့ ရာဂ။ အဲဒီ ဆန္ဒနဲ့ ရာဂကို ပယ်ဖျောက် ရမယ်လို့ မြတ်စွာ ဘုရားက ဟောတယ်လို့ ဖြေကြတဲ့ ရှင်သာရိပုတ္တရာက သင်ပေးလိုက်တယ်၊ ပြီးပလား မပြီးသေးဘူး။ ဘာလိုသေးသလဲဆိုတော့ ရှင်သာရိ-ပုတ္တရာက ဆက်ပြီးတော့ ပြောတတ်။

ဝေံ ဗျာကတေပိ ခေါ အာဝုသော အဿုယေဝ ဥတ္တရိံ ပဉ္ဍံ ပုစ္ဆိတာရော ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ ဂဟတိပပဏ္ဍိတာပိ

http://www.dhammadownload.com

သမဏပဏ္ဍိတာပိ။ ပဏ္ဍိတာ ဟာဝုသော မနုဿာ ဝိမံသကာ "ကိသ္မိံ ပနာယသ္မန္တာနံ ဆန္ဒရာဂဝိနယကွာယီ သတ္ထာ"တိ ၁။

ဆန္ဒရာဂ ပယ်ဖျောက်ခြင်း ဝါဒရှိပါတယ်လို့ ဖြေပုံနဲ့ ကျေနပ်ကြမှာ မဟုတ်သေးဘူးတဲ့၊ အဲဒီ ပညာရှိတွေက ဆက်ပြီးတော့ မေးကြပေလိမ့်ဦးမယ်။

ခန္ဓာ ၅-ပါး၌ ဆန္ဒရာဂပယ်ဖျောက်။ ။အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားက။ ကိသ္မိံ၊ အဘယ်တရား၌။ ဆန္ဒရာဂဝိနယကွာယီ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားတော်မူလေ့ ရှိပါသနည်း။ ဧဝံ ပဋ္ဌာ တုမေ့ အာဝုသော ဧဝံ ဗျာကရေယျာထ ၂။ အာဝုသော၊ ငါ့ရှင်တို့။ တုမေ့၊ သင်တို့ကို။ ဧဝံ၊ ဤသို့။ ပဋ္ဌာ၊ မေးကြကုန်သည်ရှိသော်။ ဧဝံ ဗျာကရေယျာထ၊ ဤသို့ ဖြေဆိုကြကုန်လော့။ ဘယ်နဲ့ ဖြေရမလဲ—

ရူပေ ခေါ် အာဝုသော ဆန္ဒရာဂဝိနယကွာယီ သတ္ထာ။ ဝေဒနာယ။ သညာယ။ သင်္ခါရေသု။ ဝိညာဏေ ဆန္ဒရာဂဝိနယကွာယီ သတ္ထာ ၃။

အာဝုသော၊ ငါ့ရှင်တို့။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရူပေ၊ ရုပ်တရား၌။ ဆန္ဒရာဂဝိနယကွာယီ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားလေ့ ရှိတော်မူပါပေ၏။ ဝေဒနာမှာ သညာမှာ သင်္ခါရမှာ ဝိညာဏ်မှာ ခန္ဓဘင်းပါးမှာ-နော်(မှန်ပါဘုရား)။ ဒီဌေ၊ မြင်အပ်သော အာရုံ၌။ သုတေ၊ ကြားအပ်သော အာရုံ၌။ ဆန္ဒရာဂဝိနယကွာယီ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားတော် မူလိုက်ပါ၏။ ဣတိ၊ ဤသို့။ ဗျာကရေယျာထ၊ ဖြေဆိုကြကုန်လော။

ရူပကွန္ဓာပေါ်မှာ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ရမယ်၊ ဝေဒနာကွန္ဓာ သညာကွန္ဓာ သင်္ခါရကွန္ဓာ ဝိညာဏ်ကွန္ဓာတို့ရဲ့ အပေါ်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ဖျောက်ရမယ်၊ မြင်တဲ့တရားပေါ်မှာ ဆန္ဒနဲ့ ရာဂကို ဖျောက်အောင် လုပ်ရမယ်တဲ့-နော် (မှန်ပါဘုရား)။ ကြားတဲ့ တရားပေါ်မှာ အနှံ့နံတဲ့အပေါ်မှာ လျှာပေါ်မှာ ရောက်တဲ့ အရသာရဲ့ အပေါ်မှာ ထိတဲ့အပေါ်မှာ သိတဲ့အပေါ်မှာ ဆန္ဒနဲ့ ရာဂကို ဖျောက်အောင် လုပ်ရမယ်တဲ့-နော် (မှန်ပါဘုရား)။ စက်မူပညာ အတတ်ကို တော်တော်ကလေး တတ်မနေဘူးလား (တတ်နေပါတယ် ဘုရား)။ တတ်နေတာကို တော်တော်ကလေးသိတာ၊ အဲဒီ သိမှုအပေါ်မှာ ဆန္ဒနဲ့ ရာဂကို ဖျောက်အောင် လုပ်ရမယ်တဲ့ မြတ်စွာဘုရားက၊ သိမှုကလေးကို ကိုယ်က နှစ်သက်နေရင် ငါတော့ ဟန်ကျနေပြီ၊ တော်တော်ကလေး သိလာပြီ၊ တော်တော်

၁။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၆။

http://www.dhammadownload.com

လေး တတ်လာပြီ ဆိုပြီး နှစ်သက်မနေဘူးလား (နှစ်သက်ပါတယ်ဘုရား)။ အဲ့ဒီ သိမှုလေးကိုဘဲ ကိုယ်ကအမျိုးမျိုး စွဲလမ်းပြီးတော့ နေသလား မနေဘူးလား (နေပါတယ်ဘုရား)။

အဲဒီ သိမှုအပေါ်ကလေးမှာ ဆန္ဒနဲ့ရာဂ ဖြစ်နေတာ၊ အဲဒီဆန္ဒနဲ့ရာဂကိုဖျောက်အောင် ဖျောက်လိုက်တဲ့ မြတ်စွာဘုရားက၊ သိမှုတော့ ဖျောက်မပစ်နဲ့၊ သိမှုတတ်မှုကိုတော့ ဖျောက်မပစ်ရဘူး-နော် (မှန်ပါဘုရား)။ ဘယ်သူကို ဖျောက်ပစ်ရမလဲ၊ ဆန္ဒနဲ့ရာဂ၊ ဆန္ဒဆိုတာ ဘာလဲ-ရလိုတယ်၊ ရာဂ ဆိုတာ မရ မနေနိုင်ဘူး စွဲလမ်းတယ်၊ ဒါကို ဖျောက်ရမယ် ဟုတ်လား (မှန်ပါ ဘုရား)။

အပြစ်မြင်၍ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်း။ ။ဒီတော့ ဟိုက မေးလိမ့်ဦးမယ်တဲ့ အဲသလောက် ဖြေရုံနဲ့ မကျေနပ်သေးဘူးတဲ့၊ ပညာရှိတွေက ဒီ ရုပ်တရား ပေါ်မှာ၊ ဝေဒနာသညာသခ်ါရဝိညာဏတို့ရဲ့ အပေါ်မှာ သိမှု မြင်မှု ကြားမှု နံမှု စားမှုတွေရဲ့ အပေါ်မှာ ဘာပြုလို့ ဆန္ဒနဲ့ ရာဂတွေ ဖျောက်ရမလဲ-လို့ မေးလိမ့်ဦးမယ်တဲ့။

> ကိံ ပနာယသ္မန္တာနံ အာဒီနဝံ ဒိသ္ဝာ ရူပေ ဆန္ဒရာဂဝိနယက္ခာယီ သတ္ထာ။ ဝေဒနာယ။ သညာယ။ သခ်ါရေသု။ ဝိညာဏေ ဆန္ဒရာဂ ဝိနယက္ခာယီ သတ္ထာ[၁]။

အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားက။ ကိံ အာဒီနဝံ၊ အဘယ်ကဲ့သို့သော အပြစ်ကို။ ဒိသ္ဝာ၊ မြင်သည်ဖြစ်၍။ ရူပေ၊ ရုပ်တရား၌။ ဝေဒနာယ သညာယ သခ်ါရေသု ဝိညာဏေ၊ ဝေဒနာ သညာ သခ်ါရ ဝိညာဏ်၌။ ဆန္ဒရာဂ ဝိနယက္ခာယီ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ခြင်းငှါ ဟောကြားတော်မူလေ့ ရှိပါသနည်း။

ဘယ်လို အပြစ်တွေကို မြင်လို့ အဲဒီ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှုတတ်မှု-လို့ ဆိုတဲ့ တရားတွေအပေါ်မှာ ဆန္ဒနဲ့ ရာဂကို ဘယ်လို ဖျောက်ပစ်ရမလဲ လို့ မေးလိမ့်မယ်တဲ့၊ အဲသလိုမေးရင် ဘယ့်နဲ့ ဖြေမလဲ ပါဠိတော်လာတဲ့အတိုင်း ပြောမယ်နော်—

> ရူပေ ဝေဒနာယ သညာယ သခ်ါရေသု ဝိညာဏေ ဒိဋ္ဌေ သုတေ မုတေ ဝိညာတေ အဝိဂတရာဂသာ အဝိဂတဆန္ဒသာ အဝိဂတပေမသာ အဝိဂတပိပါသသာ အဝိဂတပရိဋ္ဌာဟသာ အဝိဂတ တဏှသာ တသာ ရူပသာ တာယ ဝေဒနာယ တာယ သညာယ တေသံ သခ်ါရာနံ တသာ ဝိညာဏသာ ဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောက ပရိဒေဝ ဒုက္ခ ဒေါမနသုပါယာသာ[၁]။

၁။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၇။ (အနည်းငယ်မတူ)

http://www.dhammadownload.com

ရှုပေ၊ ရုပ်တရား၌။ ဝေဒနာ၌ သညာ၌ သင်္ခါရ တရားတို့၌ ဝိညာဉ်၌ မြင်အပ်သော အာရုံ၌ ကြားအပ်သော အာရုံ၌ နံအပ်သော အာရုံ၌ စားသော အာရုံ၌ ထိသော အာရုံ၌ သိသော တတ်သော အတတ်ပညာ၌။ အဝိဂတရာဂဿ၊ မကင်းသေးသော ရာဂရှိသောသူအား။ အဝိဂတဆန္ဒဿ၊ မကင်းသေးသော လိုချင်နှစ်သက်မှုရှိသောသူအား။ အဝိဂတပေမဿ၊ မကင်းသေးသော ချစ်ခင်နှစ်သက်မှုရှိသောသူအား။ အဝိဂတပိပါသဿ၊ မကင်းသေးသော မွတ်သိပ် ဆာလောင်ခြင်းရှိသောသူအား။ အဝိဂတပရိဠာဟဿ၊ မကင်းသေးသော ပူလောင်ခြင်းရှိသောသူအား။ အဝိဂတတဏှဿ၊ မကင်းသေးသော တပ်မက်ခြင်းရှိသောသူအား။ တဿ ရူပဿ၊ ထို ရုပ်တရား၏။ ဝိပရိဏာမညထာဘာဝါ၊ ဖောက်ပြန်ခြင်း တမျိုးတဖုံဖြစ်ခြင်းကြောင့်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း ငိုကြွေးပူဆွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပင်ပန်းခြင်း တို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ပေါ်၍ လာကြကုန်တော့၏။

မြတ်စွာဘုရား ဟောတာက ဒီ-ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ခုနစ်မြင်တဲ့ ကြားတဲ့ နံတဲ့ စားတဲ့ ထိတဲ့ အပေါ်မှာ ဆန္ဒရာဂ မကင်းလို့ ချစ်ခင်နှစ်သက်ခြင်း ရှိနေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ အဲဒီ-ကိုယ်နှစ်သက် ချစ်ခင်တဲ့ ရူပါရုံတို့ရဲ့ ဖောက်ပြန်ခြင်း ပျက်စီးခြင်း တမျိုးတဖုံ ဖြစ်ခြင်းတို့ကြောင့် သောက ပရိဒေဝတွေ ဖြစ်သလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ဒီကနေ့ ဘုန်းကြီးတို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေတာဟာ ဘယ်သူကြောင့်လဲ (ဆန္ဒနဲ့ရာဂကြောင့် ပါဘုရား)၊ ဒီတော့ ဒီ-ဆန္ဒနဲ့ ရာဂတွေကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်တော့ ဆန္ဒနဲ့ ရာဂတို့ရဲ့ ဒီ-အာဒီနဝကို မမြင်လို့ပါတဲ့။

ဣဒံ ခေါ နော အာဝုသော အာဒီနဝံ ဒိဋ္ဌာ ရူပေ ဆန္ဒရာဂဝိနယက္ခာယိ သတ္ထာ'။ ဒီ-အပြစ်ကိုမြင်လို့ ဟုတ်လား သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်တယ်ဆိုတဲ့ အပြစ်တွေကို မြင်တော်မူသည် ဖြစ်သောကြောင့် ရူပ်တရား နာမ်တရားတို့၌ မြင်တယ် ကြားတယ် နံတယ် စားတယ် ထိတယ် သိတယ်-ဆိုတဲ့ တရားတို့၌ ဆန္ဒရာဂကို ဖျောက်ပစ်ဘို့ ဟောတာပါတဲ့။

ဆန္ဒရာဂ ပယ်ဖျောက်နည်း။　　။ကဲ-ဒါဖြင့် ဆန္ဒနဲ့ရာဂကို ဖျောက်အောင် ဘယ်နဲ့ ဖျောက်ရမလဲ-လို့ မေးဘို့ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဆန္ဒနဲ့ရာဂ မပျောက်ချင်ဘူးလား၊ ဘုန်းကြီးတို့ ပရိသတ် (ပျောက်ချင်ပါတယ်ဘုရား)၊အဲဒီတော့ သုတ္တန်တခု ပြောင်းလိုက်ဦး၊ ဟို-သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်မှာ မာလုက္ကျပုတ္တသုတ္တန်ဆိုတာ ရှိတယ်၊ ကိုင်း-သုတ္တန်တခု ပြောင်းလိုက်ဦး (မှန်ပါဘုရား)၊ ဆက်ဦးမယ်။

၁။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၇။

http://www.dhammadownload.com

မြင်မှုစသည့် ၆-ပါး၌ ဆန္ဒရာဂပယ်ဖျောက်။ ။ဆန္ဒနဲ့ ရာဂကို ဘာကြောင့် ပယ်ရမယ် ဆိုတာ ကိုတော့ ဘုန်းကြီးတို့ပရိသတ် သိတယ်၊ ဘယ်အပေါ်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ရမလဲဆိုတော့ ဒိဋ္ဌ-မြင်တဲ့တရားပေါ်မှာ၊ သုတ-ကြားတဲ့တရားပေါ်မှာ၊ မုတ-လို့ ဆိုတော့ စားရာမှာ နံရာမှာ ထိတာမှာ သိတာမှာ၊ အဲဒီတရား ခြောက်မျိုးပေါ်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ရမယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဆန္ဒရာဂမကင်းလို့ရှိရင် ဒီတရားတွေပေါ်မှာ နှစ်သက်ခြင်း တွယ်တာခြင်းရှိနေရင် အဲဒီတရားတွေရဲ့ ဖောက်ပြန်ပျက်စီးခြင်းကြောင့် ကိုယ့်မှာ သောက ပရိဒေဝတွေ ဖြစ်တယ်၊ ဒါကြောင့် ဒီဆန္ဒနဲ့ ရာဂကိုပယ်ရမယ်လို့ မြတ်စွာဘုရားက ဟောတော်မူတာပါ၊ ဒီလို ဖြေတယ်နော် (မှန်ပါဘုရား)၊ ဟောရင်းပါဠိတော် ဟေမကသုတ္တန် နှာ-၄၄၁-မှာ—

ဟေမက၊ ဟေမက။ ဣဓ၊ ဤလောကဌ်။ ပိယရူပေသု၊ ချစ်အပ်သော သဘောရှိကုန်သော။ ဒိဋ္ဌသုတမုတဝိညာတေသု၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ်သောတရားတို့၌။ ဆန္ဒရာဂဝိနောဒနံ၊ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနပဒံ၊ နိဗ္ဗာန်ချမ်းသာတရားသည်။ အစ္ဆုတံ၊ ရွေ့လျော့စုတိခြင်း ကင်းဝေး။

ဒီလို ဟောထားတာ ဟုတ်လား (မှန်ပါဘုရား)၊ အဲတာကြောင့် ဆန္ဒရာဂကို ကင်းဖို့ပြောပေးနေတာ ဘယ်တရားပေါ်မှာ ကင်းရမလဲ၊ ခုနက မြင်တယ် ကြားတယ် နံတယ် စားတယ် ထိတယ် သိတယ်ဆိုတဲ့ ဒီတရားခြောက်မျိုး အပေါ်မှာ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကို မေးမြန်းပါရစေ၊ မြင်တယ်ဆိုတာ ဘာကိုမြင်တာလဲ ရုပ်၊ ဟုတ်လား၊ လူမြင်တာလား ရုပ်မြင်တာလား (ရုပ်မြင်တာပါဘုရား)၊ သစ်ပင် ရေ မြေ တောင် တောင်ကို သမုဒ္ဒရာကို မြင်တာလား ရုပ်ကို မြင်တာလား (ရုပ်ကို မြင်တာပါဘုရား)၊ သက်ရှိသတ္တဝါတွေကို မြင်တာလား သက်မဲ့ကို မြင်တာလား ရုပ်တွေကို မြင်တာလား (ရုပ်တွေကို မြင်တာပါဘုရား)၊ ဘာတွေကိုဘဲ မြင်မြင် မြင်သရွေ့ ရုပ်တွေကိုဘဲ မြင်ရတယ်၊ မြင်တာဟူသရွေ့ ဘာလဲ (ရုပ်တွေပါဘုရား)၊ ရုပ်လို့ မှတ်လိုက်တဲ့ မြတ်စွာဘုရားက၊ ကြားတာဟူသရွေ့ ဘာ အသံဘဲ ဖြစ်ဖြစ် အသံဟူသရွေ့ ရုပ်ချည်းဘဲ နော် (မှန်ပါဘုရား)။

နံတဲ့ အနံ့ဟူသရွေ့ ဘာအနံ့ဘဲ ဖြစ်ဖြစ် အနံ့ဟူသရွေ့ ရုပ်တွေချည်းဘဲ၊ စားတဲ့ အရသာဟူသရွေ့ ဘာအရသာဘဲ ဖြစ်ဖြစ် အရသာဟူသရွေ့ ရုပ်ချည်းဘဲ။လာပြီးတော့ ထိတာဟူသရွေ့ ဘာတွေလဲ (ရုပ်တွေပါဘုရား)၊ ရုပ်ချည်းဘဲ၊ သိတာဟူသရွေ့ ဘာလဲ (နာမ်ပါဘုရား)၊ ဒီတော့ ခြောက်မျိုးသာ မြတ်စွာဘုရားက ပြောလိုက်တာ၊ ပေါင်းလိုက်တော့ ဘယ်နှစ်မျိုး ရှိသလဲ၊ ရုပ် နာမ်။ ဒါဘဲရှိတယ်။ အဲဒီ ရုပ်နာမ်မှတပါး ရှိသေးသလား (မရှိပါဘုရား)။ ဒီတော့

http://www.dhammadownload.com

ဆန္ဒရာဂဖျောက်ရမှာဆိုတော့ ရူပ်နာမ်အပေါ်မှာ ဆန္ဒရာဂကို ဖျောက်ရမှာ နော် (မှန်ပါဘုရား)၊ ဒီတော့ ရူပ်နာမ်ပေါ်မှာ ဆန္ဒရာဂဖျောက်ရမှာဆိုတော့ မြင်တဲ့ရူပ် ဆိုကြပါစို့ရဲ့။

မာလုက္ကျပုတ္တသုတ္တန်တရားတော်။ ။မာလုက္ကျပုတ္တကို မြတ်စွာဘုရား ဟော တယ် သူကလဲ ဘယ်လောက်ကြီးပြီလဲလို့ ဆိုတော့ အသက် ၈၀-ဒသကျော်မှာ မြတ်စွာဘုရား သွားပြီးလျှောက်တယ်၊ သံခိ-တ္တေန မမှီ ဒေသေတု တဲ့ ဘုရားတပည့်တော်ကို တရားတိုတို တပုဒ်လောက် ဟောပေးတော်မူပါ၊ တရားအားထုတ်ချင်လို့၊ အသက်က ဘယ်လောက် ရှိပြီလဲ (ရှစ်ဆယ်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားက မာလုက္ကျပုတ္တကြီးကို ပြောတယ် သင်ဟာ အသက်ရှစ်ဆယ်ကျော်မှ တရားတိုတို တပုဒ်လောက် ဟောပေးပါဆို တော့—ဘယ်နဲ့လုပ် ငါ့ပရိသတ်ကို တရားဟောရဦးမလဲတဲ့ မြတ်စွာဘုရားက၊ ဒါကတော့ ရှိပါစေတော့။

အပသာဒေတိ အပသာဒေတိ တို့ကတော့ဖြင့် ဒါအဋ္ဌကထာမှာ ကျယ်ကျယ် ဝန်းဝန်း ဖွင့်ထားတယ်၊ ဘုန်းကြီး ဒီသုတ္တန်ဟောဘို့မှ မဟုတ်ဘဲ၊ ဒီ သုတ္တန်ကို ဟောရင် သူ့ရဲ့အကြောင်းအတ္ထုပ္ပတ်ကို ပြောပေးရမှာ။ ဆန္ဒရာဂပယ်ပုံသာ ဘုန်းကြီးက ဟောမှာကို၊ အဲဒီမာလုက္ကျပုတ္တကြီးကို မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်က ဘာတွေ ဟောသလဲဆိုတော့—

> တံ ကိံ မညသိ မာလုက္ကျပုတ္တ၊ ယေ တေ စက္ခုဝိညေယ္ယာ ရူပါ အဒိဋ္ဌာ အဒိဋ္ဌပုဗ္ဗာ၊ နာ စ ပဿာသိ၊ နာ စ တေ ဟောတိ ပဿေယ္ယန္တိ၊ အတ္ထိ တေ တတ္ထ ဆန္ဒော ဝါ ရာဂေါ ဝါ ပေမံ ဝါတိ?။

မြတ်စွာဘုရား ဒီလို မေးလိုက်တယ်။ အဲဒါ ဘာမေးတာလဲ—

မာလုက္ကျပုတ္တ၊ မာလုက္ကျပုတ္တ။ တုံ့၊ သင်သည်။ တံ၊ ထိုငါဘုရားဟော်ကြား လတ္တံ့ ဖြစ်တဲ့ တရားကို။ ကိံ မညသိ၊ အဘယ်သို့ အောက်မေ့သနည်း။ စက္ခု-ဝိညေယ္ယာ၊ စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော။ အဒိဋ္ဌာ၊ မြင်နေတုန်းမဟုတ် သော။ အဒိဋ္ဌပုဗ္ဗာ၊ တခါမှ မမြင်ဘူးသော။ယေ ရူပါ၊ အကြင်ရူပါရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ ရူပါနိ၊ ထိုရူပါရုံတို့ကို။ တုံ့၊ သင်သည်။ နာ စ ပဿာသိ၊ မြင်လည်း မမြင်။ တေ၊ သင့်အား။ ပဿေယ္ယုံ၊ မြင်ရပါလို့၏။ ကွာဘီ၊ ဤသို့သော စိတ်အကြံသည်လည်း။ နာ စ ဟောတိ၊ ဖြစ်လဲ မဖြစ်။ တတ္ထ၊ ထိုသင် မြင်လဲမမြင်ဘူးတဲ့ မြင်နေတုန်းလဲမဟုတ်တဲ့ ရူပါရုံ၌။ ဆန္ဒော ဝါ၊ ဆန္ဒသည်၎င်း။ ရာဂေါ ဝါ၊ရာဂသည်၎င်း။ ပေမံ ဝါ၊ ချစ်ခြင်းသည်၎င်း။ အတ္ထိ၊ ရှိနိုင်ပါ့မလား တဲ့ မြတ်စွာဘုရားက မေးတယ် နော် (မှန်ပါဘုရား)။ ဒီတော့—

၁။ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော် နှာ-၂၉၅။

http://www.dhammadownload.com

နော ဟေတံ ဘန္တေ - ရဃ်လို့ ဖြေလိုက်တယ် (မဖြစ်နိုင်ပါဘုရား)တဲ့၊ အဲဒါ ပါဠိနဲ့ အနက်ဘဲရှိသေးတယ် ဘုန်းကြီး အဓိပ္ပါယ် ပြောပေးဦးမယ်။

ဆန္ဒရာဂပဃ်ခွါပံု။ ။မာလုက္ကျပုတ္တတဲ့ သင့်ကို ငါတရားတခု ဟောမယ်စဲ့ သင် တခါမှ မမြင်ဘူးတဲ့ ရူပါရုံ ရှေးက တခါမျှ မမြင်ဘူးဘူး၊ နောက်ပြီးတော့ မြင်နေတုန်းလဲ မဟုတ်ဘူး၊ မြင်ဘူးတဲ့ ရူပါရုံဖြစ်စေကာမူ မြင်နေတုန်းလဲ မဟုတ်ဘူး။ မြင်ဆဲလဲ မဟုတ်ဘူး၊ အဲသလို သင်မမြင်ဘူးတဲ့ မြင်နေတုန်း မြင်နေဆဲ မဟုတ်တဲ့ ရူပါရုံအပေါ်မှာ သင်မမြင်လဲ မမြင်ရဘဲနဲ့ မြင်ပါရစေလို့ စိတ်ထဲမှာလဲ မတောင့်တဘဲနဲ့ အဲသလို ရူပါရုံမျိုးပေါ်မှာ သင့်ဆန္ဒနဲ့ ရာဂတို့ ပေမတို့ ရှိနိုင်ပါ့မလားလို့ မေးတော်မူပါတယ်။ ဘယ်နဲ့လဲ (မရှိနိုင်ပါဘုရား) ကိုယ်မမြင်ဘူးတဲ့ ရူပါရုံကို နှစ်သက်သလား(မနှစ်သက်ပါဘုရား)၊ ကိုယ် မမြင်ရတဲ့ ရူပါရုံကို နှစ်သက်သလား (မနှစ်သက်ပါဘုရား)၊ ဒီတော့ မမြင်ဘူးတဲ့ ရူပါရုံဆိုတာ မရှိဘူးလား (ရှိပါတယ်ဘုရား)၊အဲသလို ရူပါရုံကို ဘယ်သူနှစ်သက်လဲ မနှစ်သက်ဘူး၊ ဆန္ဒလဲ မရှိဘူး ရာဂလဲမရှိဘူး ပေမလဲ မရှိဘူး နော် (မှန်ပါ့ဘုရား)၊ ဟုတ်လား (မှန်ပါ့ဘုရား)။

သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ၊ ဒီအတိုင်းဘဲ အကုန်လုံး သွားတော့၊ ဟုတ်လား (မှန်ပါဘုရား)၊ ဆန္ဒ ရာဂမဖြစ်ဘူး နော် ဘာ့ဖြစ်မလဲ မြင်မှမမြင်ဘူးဘဲ ဆန္ဒ ရာဂဖြစ်စရာ မလိုဘူး၊ ဒီတရားဟာ အဆန်းဘဲ၊ ကိုင်း မြင်နေတုန်း မြင်တဲ့ ရူပါရုံကို ဘယ်နဲ့လုပ်ရမလဲ၊ မြင်လဲမြင်ဘူး နေတယ် ကိုယ်မြင်လဲ နေရတယ်ဆိုတဲ့ ရူပါရုံကျတော့ ဘယ်လို လုပ်မလဲလို့ ဆိုတော့ အဲဒီမှာ ဆန္ဒရာဂတွေ မပါအောင် ဆိုပြီး၊ မြတ်စွာဘုရားက ဘယ်နဲ့ဟောလိုက်သလဲ ဆိုတော့—

> တ္ထော စ တေ မာလုက္ကျပုတ္တ ဒိဋ္ဌ သုတ မုတဝိညာတဗ္ဗေသု ဓမ္မေသု ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ[၁]။

မြင်ရင် မြင်ကာမျှ မှတ်ထား။ ။မာလုက္ကျ ပုတ္တ၊ မာလုက္ကျပုတ္တ။ ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု၊ မြင်အပ် ကြားအပ် တွေ့အပ် သိအပ်သော သဘောရှိကုန်သော။တ္ထေ ဧတေသု ဓမ္မေသု၊ ဤတရားတော်တို့၌။ ဒိဋ္ဌေ၊ မြင်အပ်ခါမျှ၌။ ဒိဋ္ဌမတ္တံ၊ မြင်ကာမျှသည်။ ဘဝိဿတိ၊ မြင်ပေလိမ့်အံ့။ (မြင်တဲ့ ရူပါရုံအပေါ်မှာ မြင်ရုံကလေးတင် သတိကပ်ထားလိုက်ပါတဲ့ သတိပဋ္ဌာန်က နော် (မှန်ပါ့ဘုရား) မြင်ရုံလောက်တင် ထားပါ။ ယောကျ်ားကို မြင်တယ် မိန်းမကို မြင်တယ် သတ္တဝါကို မြင်တယ် ဟုတ်လား လှတာကို မြင်တယ် အကျည်းတန်တာကို မြင်တယ် ထိအောင် မသွားပါနဲ့၊ ဒီတော့ သတိ

၁။ သဋ္ဌဲယတနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၂၉၅။

http://www.dhammadownload.com

ပဋ္ဌာန်ပါဠိတော်ကြီးက မြင်ရင် မြင်တယ်လို့ သတိကပ်ထားလိုက်ရမယ်။ ဘာကို မြင်တယ်လို့ သတိကပ်ထားရမလဲ မြင်တယ် မြင်တယ်လို့ လုပ်နေရုံနဲ့ မပြီးသေးဘူး၊ သူက ဘာမြင်သလဲ ရူပ်ကို မြင်တယ်လို့ သတိကပ်ထားပါ ဟုတ်လား (မှန်ပါဘုရား)။

ရူပ်ဆိုတာ ဘယ်လိုနေသလဲ (ဖောက်ပြန်ပါတယ်ဘုရား)၊ ဖောက်ပြန်တာမျှား ဘယ်သူ နှစ်သက်သလဲ (မနှစ်သက်ပါဘုရား)၊ ဘယ်သူ လိုချင်သလဲ (မလိုချင်ပါဘုရား)၊ ဟော မြင်တဲ့ရူပါရုံပေါ်မှာ ရူပ်လို့သာ သိနေရင် မမြဲ ဆင်းရဲ အစိုးမရလို့သာ သိနေရင် ဆန္ဒရာဂ မကွာဘူးလား (ကွာပါတယ်ဘုရား)၊ ကွာတယ် အဲဒါ ဆန္ဒရာဂခွါနည်းကို မြတ်စွာဘုရားပြတယ်၊ မြင်ရင် မြင်တာလောက်သာ ထားတဲ့။ နိမိတ္တဂ္ဂါဟ အနုဗျဉ္ဇနဂ္ဂါဟလို့ဆိုတဲ့ အလှတွေ အချောတွေ အကျည်းတန်တွေ အရူပ်ဆိုးတာတွေထိ ရောက်အောင် မသွားစေနဲ့တဲ့ နော် (မှန်ပါဘုရား)။ အကယ်၍ နိမိတ္တဂ္ဂါဟ-လို့ဆိုတဲ့ လှတယ် အရူပ်ဆိုးတယ် ဆိုတာတွေ အထိယူနေမယ်ဆိုရင် ဘာတွေဖြစ်မလဲ ဆန္ဒနဲ့ရာဂဖြစ်လာမယ်၊ လောဘတွေ ဒေါသတွေ မောဟတွေ ဖြစ်လာတော့မယ် ဟုတ်လား (မှန်ပါဘုရား)၊ ပြီးတော့ မြင်တဲ့တရားပေါ်မှာ ကိုယ်က မြင်ရုံကလေးသာ ကိုယ်က စိတ်ထဲမှာ ထားလိုက်လို့ရှိရင် သူအပေါ်မှာ ဆန္ဒရှိသေးသလား (မရှိတော့ပါဘုရား)၊ လိုချင်မှု (မရှိတော့ပါဘုရား)၊ မရမနေနိုင်ဘူးဆိုတဲ့စွဲလမ်းမှုကော ရှိသေးသလား (မရှိတော့ပါဘုရား)။

သေသေချာချာ တစိမ့်စိမ့်ကြည့်ကြည့်ပြီးတော့ နေတယ်ဆိုရင် ဘယ်ဟာလေးက ဘယ်လို ခြေထောက်ကလေးက ဘယ်လို ပုံသဏ္ဌာန်က ဘယ့်နဲ့နေတာဘဲ၊ အရောင်အသွေးကလေးက ဘယ်လိုဘဲ အစိမ်းကလေးဘဲ အပြာကလေးဘဲနဲ့ ဒီလိုဟာတွေဖြစ်လာတယ်။ ဒါဟာ ဘာအာရုံဝတ္ထုလေးဘဲ ဆိုပြီးတော့ နာမည်ကလေးတွေ တပ်လာပြီဆိုရင်တော့ ရုပ်ကနေ ရွှေကျော် မသွားဘူးလား (ကျော်သွားပါတယ်ဘုရား)၊ အဲဒီ ရူပ်ကို ရူပ်အတိုင်း မထားဘဲနဲ့ ရွှေအမျိုးမျိုးနာမည်တွေတပ်တယ်၊ အဝတ်အစားဆိုလဲ တက်ထရွန်တို့ ဘာတို့ နာမည် လျှောက်တပ်လိုက်ရင်ပြီးရော နှစ်သက်ကုန်ရော ဟုတ်လား (မှန်ပါဘုရား)။

တက်ထရွန်မို့လို့ နှစ်သက်တာ ရူပ်ဆိုရင် နှစ်သက်မှာ မဟုတ်ဘူး ဘုန်ကြီးတို့ ပရိသတ်၊ ဘာဖြစ်လို့လဲ ရူပ်က ဖောက်ပြန်ပျက်စီးတယ် တက်ထရွန်ကတော့ မဖောက်ပြန်ဘူးလို့ အောက်မေ့နေတာကို အယူမှားနေတော့၊ အဲဒီလို မြင်တဲ့ကြားတဲ့ အာရုံပေါ်မှာ အဲဒီလို မြင်ကာမတ္တ ကြားကာမတ္တ ထားမယ်ဆိုရင်တဲ့ ဘယ်လိုလဲ မြင်ရုံမြင်တဲ့စိတ်သည် ရာဂ ဒေါသ မောဟ မဖြစ်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)။ နှလုံးသွင်းတွေက အမျိုးမျိုးနှလုံးသွင်းနေမယ်ဆိုရင် ရာဂ ဒေါသ မောဟတွေ သူကဖြစ်လာတယ် ဟုတ်လား (မှန်ပါဘုရား)၊ (ဒါ ပါဠိတော်ဂ် အဋ္ဌကထာမှာ အကျယ်တဝင့် ဟောထားတာရှိတယ်၊ ဘုန်းကြီးဟော

http://www.dhammadownload.com

ထားတဲ့ ဗာဟိယဒါရုစိရိယသုတ္တန်မှာ ဘုန်းကြီးအကျယ် ဟောထားတာ ရှိတယ်၊ ဟုတ်လား(မှန်ပါဘုရား)။ အဲဒီ ကြိုးခွေမှာဘဲ နာပေတော့ ဟုတ်လား (မှန်ပါဘုရား)။

မြင်ကြား စသည်၌ သတိထားပုံ။ ။ဒီတော့ မြင်မှု ကြားမှု နံမှုတွေအပေါ်မှာ မြင်ရုံကလေးသာ ထားပါ၊ ဘာမြင်သလဲ ငါရုပ်ကိုမြင်လိုက်တာဘဲလို့ ဒီလိုသာ မှတ်ထားလိုက်ပါ ဟုတ်လား(မှန်ပါဘုရား)။ ဘာတွေကိုဘဲ မြင်မြင် ရုပ်တွေလို့သာ မှတ်ထားလိုက်ပါ၊ ဘာကိုဘဲ ကြားကြား၊ ရုပ်ကိုဘဲ ကြားတယ်လို့ မှတ်လိုက်ပါ ဟုတ်လား (မှန်ပါဘုရား)။ ဒီလိုသတိ မထားရင် ဘာတွေ ဝင်လာမလဲ(ဆန္ဒနဲ့ ရာဂ ဝင်လာပါမယ်ဘုရား)။ဆန္ဒနဲ့ ရာဂ ဖြစ်တော့ ကိလေသာတွေ ဝင်လာလိမ့်မယ်လို့ မြတ်စွာဘုရားက ဒီလိုဟောထား တယ်၊ပြီးတော့ မြတ်စွာဘုရားက မြင်ရင် မြင်ကာမတ္တ၊ ကြားရင် ကြားကာမတ္တ၊ နံရင် နံကာမတ္တ၊ စားရင် စားကာမတ္တ၊ ထိရင် ထိကာမတ္တ၊သိရင် သိကာမတ္တသာ သင်ထားနိုင်မယ်ဆိုရင် အဲဒီမြင်တဲ့ ကြားတဲ့ နံတဲ့ စားတဲ့ ထိတဲ့ သိတဲ့ အာရုံ တွေအပေါ်၌ သင် ဆန္ဒနဲ့ ရာဂ မဖြစ်တော့ဘူးတဲ့ မြတ်စွာဘုရားက နော် (မှန်ပါဘုရား)။

အဲသလို ဆန္ဒနဲ့ ရာဂ မဖြစ်ရင် သင်သည် ဒီဘဝမှာလဲ မဖြစ်တော့ဘူး ဟိုဘဝ မှာလဲ မဖြစ်တော့ဘူး ကြားထဲမှာလဲ မဖြစ်တော့ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ကဲ ဒါဖြင့် ဘယ်ရောက်သွားလဲ ဒီဘဝမှာ ဖြစ်သေးလား(မဖြစ်တော့ပါဘုရား) ဆန္ဒ ရာဂ ကုန်သွားရင် ဒီဘဝလဲ မဖြစ်တော့ဘူး၊ဟိုဘဝမှာကော(မဖြစ်တော့ပါ ဘုရား)။ အလယ်ခေါင်မှာကော (မဖြစ်တော့ပါဘုရား)။ ဒါဖြင့် ဘယ်ရောက် သွားသလဲဆိုတော့ ဧသေဝန္တော ဒုက္ခဿ။ဧသေဝ၊ ဤသည်ပင်လျှင်။ ဒုက္ခဿ၊ ခန္ဓာငါးပါးတည်းဟူသော ဆင်းရဲကြီး၏။ အန္တော၊ အဆုံးဖြစ်တဲ့ နိဗ္ဗာန်ပါပေ တည်း။ နိဗ္ဗာန်တဲ့။

အဲသလို ဟောလိုက်တော့ မာလုကျပုတ္တက သဘောပေါက်သွားပြီးတော့ အရှင်ဘုရား တပည့်တော် တရားတော့ သဘောပေါက်ပါပြီဘုရားတဲ့၊တိုတိုလေးနဲ့ ဟုတ်လား (မှန်ပါဘုရား)။

ရူပံ ဒိသွာ သတိ မုဋ္ဌာ၊ ပိယံ နိမိတ္တံ မနသိကရောတော။
သာရတ္တ စိတ္တော ဝေဒေတိ၊ တဉ္ဉ အဇ္ဈောသ တိဋ္ဌတိ။

တဿ ဝစုန္တိ ဝေဒနာ၊ အနေကာ ရူပသမ္ဘဝါ။
အဘိဇ္ဈာ စ ဝိဟေသာ စ၊ စိတ္တမဿူပဟညတိ။
ဧဝံ အာစိနတော ဒုက္ခံ၊ အာရာ နိဗ္ဗာန ဝုစ္စတိ[၁]။

၁။ သဋ္ဌာယတနဝဂ္ဂ သံယုတ်ပါဋိတော်၊ နှာ ၂၉၇။

http://www.dhammadownload.com

ရူပ်၊ ရူပါရုံကို။ ဒီသွာ၊ မြင်သည်ရှိသော်။ ပိယံ နိမိတ္တံ၊ ချစ်ခင်နှစ်သက်စရာ ကောင်းတဲ့ နိမိတ်ကို။ မနသိကရောတော၊ နှလုံးသွင်း၍နေသောသူအား။ သတိ၊ ရူပါရုံကို မြင်တယ်လို့ မှတ်ရမဲ့ သတိသည်။ မုဋ္ဌ၊ လွတ်မြောက်၍ နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။ (ရူပါရုံကို မြင်လို့ နှစ်သက်စရာလို့ နှလုံးသွင်းထားတဲ့ ပုဂ္ဂိုလ်မှာ သတိရှိသေးသလား မရှိတော့ဘူးလား (မရှိတော့ပါဘုရား)၊ အဲဒီ-ပုဂ္ဂိုလ်ဟာ သတိပဋ္ဌာန်နဲ့ ဝေးနေပြီနော် (မှန်ပါဘုရား)။

သော၊ ထိုသူသည်။ သာရတ္တစိတ္တော၊ တပ်မက်သော စိတ်ရှိသည်ဖြစ်၍။ ဝေဒေတိ၊ အဲဒီ-ရူပါရုံကို တစိမ့်စိမ့် ကြည့်ရှုပြီးတော့ ကြည့်၍နေတော့၏။ (ဘယ်လောက်တောင် ကြည့်နေသလဲ သူ) တဋ္ဌ၊ ထိုရူပါရုံကိုလည်း။ အဇ္ဈောသ၊ တဏှာဖြင့် သိမ်းပိုက်ပြီးတော့ ဝမ်းထဲမျိုထားတော့မလောက်။ တိဋ္ဌတိ၊ တည်၍ နေလေတော့၏။ (သူ သိပ်နှစ်သက်နေပြီ အဲဒီ-ရူပါရုံကို) တဿ၊ ထိုကဲ့သို့ သတိလွတ်နေတဲ့ ပုဂ္ဂိုလ်အား။ ရူပသမ္ဘဝါ၊ အဆင်းရူပါရုံကြောင့် ဖြစ်ကုန်သော။ အနေကာ၊ တပါးမက များစွာကုန်သော။ ဝေဒနာ၊ ခံစားမှုဝေဒနာတို့သည်။ ဝစုန္တိ၊ တိုးပွါး၍ လာကြကုန်တော့၏။တိုးပွါးလာကုန်ပြီတဲ့ ဝေဒနာတွေ။

သတိမထားပါက ဝေဒနာ အမျိုးမျိုးဖြစ်လာပုံ

ရူပါရုံကို ကြည့်တဲ့အခါ သတိမထား့လို့၊ ဒါကြောင့် ဘုန်းကြီးတို့ ပရိသတ် မြင်တဲ့အပေါ် သတိထားပါ ဟုတ်လား ဆရာတော်ကြီးတွေ ဆုံးမပေးနေတာ တရားအားထုတ်တော့ ဒါတွေဘဲ မဟုတ်လား (မှန်ပါဘုရား)၊ ကြားတဲ့အပေါ် သတိထားပါ၊ နံတဲ့အပေါ် သတိထားပါ မလွတ်ပါစေနဲ့၊ စားတဲ့အပေါ် သတိနဲ့ စားပါ နော် (မှန်ပါဘုရား)၊ ကွေးတယ် ဆန့်တယ်ဆိုဘာကို သတိနဲ့ကွေးပါ ဆန့်ပါ၊အလုပ်လုပ်ရင် သတိနဲ့လုပ်ပါ နော် (မှန်ပါဘုရား)၊ အဲဒီလို သတိမထား ဘူးဆိုလို့ရှိရင် ပိယနိမိတ္တလို့ခေါ်တဲ့ ချစ်ခင်နှစ်သက်တတ်တဲ့ အာရုံကို နှလုံးသွင်း သည်ဖြစ်သောကြောင့် ခံစားမှုဝေဒနာတွေ အမျိုးမျိုး တိုးပွါးလာလိမ့်မယ်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ အဘိဇ္ဈာ၊ အလိုကြီးခြင်းဆိုတဲ့ အဘိဇ္ဈာ လောဘသည်ဝင်း။ ဝိဟေသာ စ၊ မရရင် စိတ်ညစ်တယ်ဆိုတဲ့ ဒေါသသည်ဝင်း။ ဥပဟညတိ၊ ကပ်၍ နှိပ်စက်နေလေတော့၏။

စိတ်ဆင်းရဲပြီ အဲဒီလိုလူ၊ ဘာပြုလို့ စိတ်ဆင်းရဲလဲ သတိမထားလို့ နော် (မှန်ပါဘုရား)၊ ဧဝံ၊ ဤသို့။ ဒုက္ခံ၊ ဆင်းရဲမျိုးစုံကို။ အာစိနတော၊ လေ့လာ ဆည်းပူးနေသော ပုဂ္ဂိုလ်အား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသည်။ အာရာ၊ ဝေးလှ၏ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပေတော့၏။

ဒါ နိဗ္ဗာန်နဲ့ဝေးတဲ့ ပုဂ္ဂိုလ် နော် (မှန်ပါဘုရား)၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ ဒိဋ္ဌ သုတ မုတအာရုံပေါ်မှာ သတိမထားတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

တွေ နိဗ္ဗာန်နဲ့ ဝေးတယ်လို့ဆိုလိုတဲ့ အဓိပ္ပါယ်၊ သတိထားတဲ့ ပုဂ္ဂိုလ်ကတော့ ဘယ်လိုလဲ နိဗ္ဗာန်နဲ့ နီးတယ်၊ ဘယ်လိုလဲ ပါဋ္ဌိတော်က—

န သော ရဇ္ဇတိ ရူပေသု၊ ရူပံ ဒိသ္ဒာ ပဋိဿတော။
ဝိရတ္တစိတ္တော ဝေဒေတိ၊ တဉ္ဇ နာဇ္ဈောသ တိဋ္ဌတိ။

ယထာဿ ပဿတော ရူပံ၊ သေဝတော စာပိ ဝေဒနံ။
ခီယတိ နောပစီယတိ၊ ဧဝံ သော စရတီ သတော။
ဧဝံ အပစိနတော ဒုက္ခံ၊ သန္တိကေ နိဗ္ဗာန ဝုစ္စတိ [၁]။

သော၊ ထိုသူသည်။ ရူပေသု၊ ရူပါရုံတို့၌။ န ရဇ္ဇတိ၊ မတပ်မက်။ ရူပံ၊ ရူပါရုံကို။ ဒိသ္ဒာ၊ မြင်၍။ ပဋိဿတော၊ ထင်သော သတိရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိရတ္တစိတ္တော၊ တပ်ခြင်းကင်းသော သဘောရှိသည်ဖြစ်၍။ ဝေဒေတိ၊ ခံစား၏။ တဉ္ဇ၊ ထိုရူပါရုံကိုလည်း။ အဇ္ဈောသ=အဇ္ဈောသာယ၊ တဏှာဖြင့် သိမ်းပိုက်၍။ န တိဋ္ဌတိ၊ မတည်။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ရူပဉ္ဇ၊ ရူပါရုံကိုလည်း။ ပဿတော၊ မြင်သော။ ဝေဒနံ စာပိ၊ လောကုတ္တရာဝေဒနာကိုလည်း။ သေဝတော၊ မှီဝဲသော။ အဿ၊ ထိုသူအား။ ဒုက္ခံ၊ ဆင်းရဲသည်။ ခီယတိ၊ ကုန်ခြင်းသို့ ရောက်၏။ နောပစီယတိ၊ မပွါး။ သော၊ ထိုသူသည်။ ဧဝံ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ သတော၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍။စရတိ၊ ကျင့်၏။ ဧဝံ၊ဤသို့။ဒုက္ခံ၊ ဆင်းရဲကို။အပစိနတော၊မပွါးစေသော သူအား။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သန္တိကေ၊ နီး၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သတိနှင့် ပညာ ကပ်နေသည် မည်ပုံ။ ။မြတ်စွာဘုရားက နိဗ္ဗာန်နဲ့နီးပုံကို အခုဟော ပေး တဲ့အတိုင်း ပြ ပေး တော်မူတယ်၊ အဓိပ္ပါယ်ကတော့ ရူပါရုံကို သတိနဲ့ ကြည့်နေတဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်တော့မှ ဝိရတ္တ စိတ္တ ခေါ် တပ်နှစ်သက်တဲ့ စိတ်နဲ့ ကြည့်တာ မဟုတ်တော့ ဘူးတဲ့၊ ရုပ်တရားကို မြင်နေတဲ့ ပုဂ္ဂိုလ် ဘယ်လိုမြင်နေသလဲ ဆိုရင် အဲဒီ ရုပ်တရားကို မြင်တဲ့အခါမှာ အနိစ္စ ဒုက္ခ ဝိပရိဏာမလို့ ဒီလိုဘဲမြင်နေတော့တယ်၊ အဲဒါ သတိနဲ့ ပညာ ကပ်နေဒါ ခေါ် တယ်။

အဲဒီလို မြတ်စွာဘုရား မာလုကျ ပုတ္တ သုတ္တန်မှာ ဆန္ဒနဲ့ ရာဂကို ပယ်ဖျောက်ခြင်းကို ဟောတော်မူပြီးတော့ ဟေမက ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို မြတ်စွာဘုရားက ဟောရင်းစွဲ ပါဋ္ဌိတော်မှာ– ဒိဋ္ဌ သုတ မုတ ဝိညာတေသု၊ မြင်အပ်ကြားအပ် တွေ့အပ် သိအပ်သော အာရုံတို့၌။ ဆန္ဒရာဂဝိနောဒနံ၊ ဆန္ဒနဲ့ရာဂကို ပယ်ဖျောက်ကြောင်း ဖြစ်သော။ နိဗ္ဗာန ပဒံ၊ နိဗ္ဗာန်တည်းဟူသော ချမ်းသာသည်။ အစ္စုတံ၊ ရှေ့လျောခြင်း ကင်းပါပေ၏။ ဟေမက၊ ဟေမက။ ယေ ကုလပုတ္တာ၊

၁။ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ နှာ-၂၉၇။

http://www.dhammadownload.com

အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ သတာ၊သတိပဋ္ဌာန် တရား လေးမျိုးတို့တွင် တမျိုးမျိုးသော သတိပဋ္ဌာန်နဲ့ ပြည့်စုံနေကြပေကုန်၏။ တေ ကုလပုတ္တာ၊ထိုသတိပဋ္ဌာန်တရားလက်ကိုင်ထားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ တေ၊ ထိုနိဗ္ဗာန်ချမ်းသာကို။ အညာယ၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ယခုပြောခဲ့တဲ့ ဆန္ဒရာဂကင်း၍ သိကြကုန်သည် ဖြစ်၍။ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ၊ ယခုပစ္စုပ္ပန်မှာ ရာဂမီး ဒေါသမီး မောဟမီး ငြိမ်းကြလေကုန်၏။ (ကိလေသာရာဂမီး အဲဒီမှာ ငြိမ်းတယ်)။

တေ၊ ထိုကိလေသာရာဂမီး ငြိမ်းအေးကြသော ပုဂ္ဂိုလ်အပေါင်းတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ဥပသန္တာ စ၊ ကိလေသာရာဂမီးတွေ ငြိမ်းကြ မရှိကြသောကြောင့်လည်း။ လောကေ၊ လောကဌ်။ ဝိသတ္တိကံ၊ သင် ကြောက်နေတယ် ဆိုတဲ့ တဏှာကို (၀၊) တဏှာဆိုတဲ့ တရားကို။ တိဏ္ဏာ၊ လွန်မြောက်နိုင်ကုန်သည်။ တိဏ္ဏာ၊ တဏှာတည်းဟူသော သံသရာဒီမှာ ဘက်ကမ်းမှ ကူးပြီးတော့ နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ရောက်ကြလေကုန်သည်။ ဟောန္တိ၊ ကောင်းစွာမသွေ ဖြစ်ကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

ဟေမကရသေ့ တပည့်အပေါင်းနှင့် ရဟန္တာဖြစ်ပုံ

ဤတိပိ၊ ဤသို့လည်း။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဤမံပိ သုတ္တံ၊ ဤဟေမကသုတ္တန်ကိုလည်း။ အရဟတ္တနိကူဠေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်သဖြင့်။ ဒေဿနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးစေအောင် ဟောကြား တော် မူပေတော့၏။ ဒေသနာ ပရိယောသာနေ၊ ဒေသနာနိဂုံးဆုံးလတ်သော အချိန်အခါကာလ သမယ၌။ ဟေမကော၊ ဟေမကဆိုတဲ့ရသေ့ ပုဏ္ဏားပညာရှိကြီးသည်။ သဟာသ သိဿေဟိ၊ နောက်လိုက်နောက်ပါ တပည့်ပေါင်း တထောင်တို့နှင့်။ သဟ၊ တကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

အညေသဉ္စ၊ ဟေကေရသေ့နှင့် တပည့်ပေါင်း တထောင်မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်း များစွာကုန်သော ပရိသတ်တို့အား လည်း။ ဓမ္မစက္ခု၊ သောတာပတ္တိမဂ်ဉာဏ် စသည်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်တယ် ဆိုတဲ့ ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်ကြပါစေသတည်း။

သာဓု သာဓု သာဓု။

ဟေမကသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၉-တောဒေယျသုတ္တန် ပဌမဝိုင်း

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၃၁-ခုနှစ် နတ်တော်လပြည့်ကျော် ၄-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီးအတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံကြီးတွင် ဝိပဿနာလုပ်ထုံးကို ဆက်စပ်ဟောကြားအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော် ပါရာယနဝဂ်၌ လာသော တောဒေယျသုတ္တန်တရားတော်။

ထို တောဒေယျသုတ္တန်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုယ်တိုင် ဟောကြားတော်မူခဲ့ပါတယ်၊ ဗာဝရီပုဏ္ဏားကြီးနဲ့ တပည့် ရသေ့ပုဏ္ဏားပညာရှိ ၁၆-ယောက်တို့တွင် ၉-ယောက်မြောက်ဖြစ်တဲ့ တောဒေယျပုဏ္ဏားက မြတ်စွာဘုရားကို အမေးပုစ္ဆာ လျှောက်ထားသည် ဖြစ်သောကြောင့် မြတ်စွာဘုရားက အရဟတ္တဖိုလ်ပေါက် တရားကို တောဒေယျသုတ္တန် အနေနဲ့ ဟောတော်မူလိုက်ပါတယ်။

ဘုရားရှိခိုးကြရန်။ ။အဲဒီလို ဟောလိုက်တော့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို ဘုန်းကြီးတို့ ဟောရမှာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို ရိုသေစွာ ရှိခိုးကြရအောင် အမျိုးကောင်းသားများ အမျိုးကောင်းသမီးများက လက်အုပ်ချီပြီးတော့ ထားကြ၊ လက်အုပ်ကလေးတွေကို မျက်ခုံးမွေး နှစ်ခုကြား ရောက်နေပစေ၊ မျက်ခုံးမွေးနှစ်ခုကြားမှာ မိမိလက်မထိပ်ကလေးတွေ ရောက်နေပစေ၊ အဲဒီလို လက်အုပ်ချီထားပြီးတော့ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်များကို ဘုန်းကြီးက ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာ ပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်း အတိုင်း)

သာဓု သာဓု သာဓု။

ဘုရားရှင်အား လျှောက်ထားပုံ။ ။ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်

http://www.dhammadownload.com

သည် ရာဇဂြိုဟ်ပြည်ရှဲအနီး ပါသာဏက နတ်ကွန်း၌ သီတင်းသုံးနေတော်မူစဉ် အခါမှာ ဗာဝရီပုဏ္ဏားကြီး၏ တပည့် ရသေ့ပုဏ္ဏား ၁၆-ယောက်တို့နှင့် တကွ အတိုင်းတိုင်း အပြည်ပြည်က လာကြတဲ့ ပရိသတ်ကြီးတို့ရှဲ အလယ်မှာ တင့်တယ် စမ္ပယ် သီတင်းသုံးတော်မူပြီး ၁၆-ယောက်သော ပုဏ္ဏားတို့တွင် ရှစ်ယောက် မြောက် ဖြစ်တဲ့ ဟေမက အမည်ရှိသော ရသေ့ပုဏ္ဏားပညာရှိ မေးမြန်းလျှောက် ထားပြီးတဲ့အခါ ကိုးယောက်မြောက်ဖြစ်တဲ့ တောဒေယျ ပုဏ္ဏားက လက်အုပ်ချီ ပြီးတော့ မြတ်စွာဘုရားကို ဤသို့ အမေးပုစ္ဆာ ပြဿနာကို မေးမြန်းလျှောက် ထားပါသည်၊ ဘာလျှောက်သလဲ ဆိုတော့—

ယသ္မိံ ကာမာ နဝသန္တိ၊ တဏ္ဍာ ယဿ နဝိဇ္ဇတိ။
ကထံကထာ စ ယော တိဏ္ဏော၊ ဝိမောက္ခော တဿ ကီဒိသော။

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ တန်းခိုးဂုဏ်နဲ့ ပြည့်စုံတော်မူပါပေသော မြတ်စွာဘုရား။ ယသ္မိံ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ကာမာ၊ ဝတ္ထုကာမ ကိလေသာကာမ ဆန္ဒရာဂ တရားတို့သည်။ နဝသန္တိ၊ ရပ်တည်သောအားဖြင့် မရှိကုန်။ ယဿ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ တဏ္ဍာ၊ ရူပသဒ္ဒ စသည်ထွေ ပြား အာရုံများ၌ စွဲလမ်းနှစ်သက်တတ်သော တဏ္ဍာသည်။ နဝိဇ္ဇတိ၊ မရှိ။ ယော ပုဂ္ဂလော၊အကြင် ပုဂ္ဂိုလ်သည်။ ကထံကထာ စ၊ သို့လော သို့လော တွေး တောယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာမှလည်း။ တိဏ္ဏော၊ လွန်မြောက်တော် မူပြီး ဖြစ်တော်မူပါပေ၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ကီဒိသော၊ အဘယ်သို့ သဘောရှိသော။ ဝိမောက္ခော၊ ဝိမောက္ခဆိုတဲ့ လွတ်မြောက်ခြင်းကို။ ဣစ္ဆိ-တဗ္ဗော၊ အလိုရှိအပ်ပါသနည်း။ ဣတိ၊ ဤသို့။ အာယသ္မာ တောဒေယျော၊ အရှင် တောဒေယျသည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပ တော်မူသော မြတ်စွာဘုရားကို။ ပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထား ပါပေသတည်း။

သာဓု သာဓု သာဓု။

ဆန္ဒနှင့် ရာဂခေါ်ပုံ။ ။ဒီပါဠိတော်ကို ဘုန်းကြီးဟောပေးနေတာ ပါဠိတော် လာတဲ့အတိုင်းဘဲ ဟောပေးနေရတယ်၊ အခုမေးထား တဲ့ မေးခွန်းကတော့ဖြင့် အရဟတ္တဖိုလ်ပေါက် မေးထားတဲ့မေးခွန်း၊ တောဒေ-ယျက ဘာမေးထားသလဲဆိုတော့ အရှင်ဘုရားတဲ့ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌ ကိလေသာကာမလို့ခေါ်တဲ့ ဆန္ဒရာဂတွေ ကိန်းအောင်းနေသောအားဖြင့် မရှိ ပါဘူးတဲ့။ ဆန္ဒနဲ့ ရာဂဆိုတဲ့ နေရာမှာ ဆန္ဒရာဂနဲ့ပတ်သက်လို့ ဆန္ဒ ရာဂ။ ဆန္ဒ ဆိုတာ ဘာလဲ အလိုရှိတယ်၊ ရာဂဆိုတာ ဘာလဲ စွဲလမ်းတယ်၊ ဘာတွေ အလို

http://www.dhammadownload.com

ရှိသလဲ ဘာတွေ စွဲလမ်းသလဲဆိုတော့— အလိုရှိတယ် စွဲလမ်းတယ်ဆိုတာကိုက သူမှာ နောက်က အားပေးနေတာလေးတခု ရှိသေးတယ်။

ဒီနေရာမှာ လိုအပ်သောတရားက တဏှာနဲ့ ဒိဋ္ဌိက အားပေးနေသည်ဖြစ် သောကြောင့် ဆန္ဒပေါ်လာရတယ်၊ တဏှာနဲ့ဒိဋ္ဌိ ကင်းချင်တယ်၊ တဏှာဒိဋ္ဌိ ကုန် ချင်တယ်၊ မင်္ဂဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ရချင်တယ်ဆိုတဲ့ သဘောဟာ ဆန္ဒ ရာဂ မဟုတ်ဘူး၊ ဘာခေါ်သလဲလို့ဆိုတော့ ကုသလစ္ဆန္ဒလို့ ခေါ်တယ်၊ ဘုန်းကြီး တို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဆန္ဒ ရာဂတွေ မရှိရဘူး၊ လိုချင်မှုတွေ မရှိရဘူးဆိုတော့ နိဗ္ဗာန်မလိုချင်ရတော့ဘူးလားဘုရားလို့ ဒီလို မေးချင် မေးလိမ့်ဦးမယ်၊ နိဗ္ဗာန်ကို အလိုရှိတာက အဲဒီ ဆန္ဒရာဂနဲ့ ကင်းလိုတဲ့ သဘော၊ နဲနဲကလေး ရွှေကိုတက်ပြီး ကျယ်ကျယ်ပြောမယ်ဆိုရင် ရွှေပသွားမှာ စိုးလို့ အဲဒီလောက်ဘဲ မှတ်ထား။

ဝိမောက္ခမည်ပုံ မေးလျှောက်ခြင်း။ ။အကြင်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အဲဒီ ဆန္ဒ ရာဂလို့ခေါ်တဲ့ ကာမတဏှာတွေ မရှိတော့ပါဘုရားတဲ့ တောဒေယျက။ ဆန္ဒ ရာဂတင်ဘဲလားလို့ဆိုတော့ မဟုတ်ဘူး၊ပြင်းစွာ စွဲလမ်းတဲ့ တဏှာလဲ မရှိဘူးတဲ့၊ထိုပုဂ္ဂိုလ်မှာ တဏှာလဲ မရှိဘူး ဆန္ဒ ရာဂလဲ မရှိဘူး၊ ပြီးတော့ကော ဝိစိကိစ္ဆာကိုလဲ လွှန်မြောက်ပြီးသား ပုဂ္ဂိုလ် ဖြစ်နေပါပြီတဲ့၊ တဏှာ ကင်းပြီးသား ပုဂ္ဂိုလ် ဆန္ဒရာဂတွေ ကင်းပြီးသားပုဂ္ဂိုလ် ဝိစိကိစ္ဆာကို လွှန်မြောက်ပြီးသား ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ ဝိမောက္ခဟာ ဘယ်လို ဝိမောက္ခမျိုးလဲဘုရားတဲ့။

ဒီတော့ မြတ်စွာဘုရားက ဒီအမေးကို ဘယ့်နယ်ဖြေသလဲ တဏှာလဲ မရှိ တော့ဘူး၊ ဆန္ဒရာဂလဲ မရှိတော့ဘူး၊ ဝိစိကိစ္ဆာလဲ မရှိတော့ဘူး၊ ဒီပုဂ္ဂိုလ် ဘယ် လိုပုဂ္ဂိုလ် ဖြစ်မလဲ ရဟန္တာပုဂ္ဂိုလ်တဲ့ ဒီပုဂ္ဂိုလ်။ မေးတာကိုက ရဟန္တာပုဂ္ဂိုလ်ကို မေးထားတာ၊ ဒီတော့ ရဟန္တာပုဂ္ဂိုလ် မေးသလိုဘဲ မြတ်စွာဘုရားက ပြန်ပြီး တော့ ဖြေလိမ့်မယ်နော် ဘုန်းကြီးတို့ ပရိသတ်က ဘယ့်နယ်တွက်မလဲ၊ ဘယ့်နယ် တရားလာနာတာ ရဟန္တာဖြစ်အောင် တရားလာနာတာ ရဟန္တာဖြစ်ပြီးသားကို ဟောနေပါလားလို့ ဘုန်းကြီးတို့ ပရိသတ်က တွက်လိမ့်ဦးမယ်။ ပါဠိတော်မှာ မေးသလိုသာ ဘုန်းကြီးက လျှောက်ပြီးတော့ မြတ်စွာဘုရား ဖြေသလို ဘုန်း ကြီးက ဟောပေးနေတာ၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီအမေးကို မြတ်စွာ ဘုရား ဘယ့်နယ်ဖြေသလဲဆိုတော့ မြတ်စွာဘုရားက ဖြေမယ်၊ အဲဒီကျမှ ဝိမောက္ခရဲ့ အဓိပ္ပါယ်ကို ပြောမယ် မြတ်စွာဘုရားက ပြောတဲ့အဖြေက—

ယဿိံ ကာမာ န ဝသန္တိ၊ တဏှာ ယဿ န ဝိဇ္ဇတိ။
ကထံကထာ စ ယော တိဏ္ဏော၊ ဝိမောက္ခော တဿ နာပရော။

http://www.dhammadownload.com

တောဒေယျ၊ တောဒေယျရသေ့။ ယသ္မိံ ပုဂ္ဂလေ၊ (ယသ္မိန္တိ ယသ္မိံ ပုဂ္ဂလေ အရဟန္တော ခီဏာသဝေ-လို့ စူဠနိဒ္ဒေသပါဠိတော်က ညွှန်ပြထားပါတယ်၊ ဒါကြောင့်) အကြင်ပုဂ္ဂိုလ်ရဲ့သန္တာန်၌။ကာမာ၊ ဝတ္ထုကာမ ကိလေသကာမတို့ကို စွဲလမ်းနှစ်သက်တတ်တယ်ဆိုတဲ့ ဆန္ဒ ရာဂ ကိလေသာကာမ တရားတို့သည်။ နဝသန္တိ၊ ရပ်တည်သောအားဖြင့် မရှိကုန်။ (အနုသယပါ ပြုတ်နေတယ်လို့ ဆိုလိုတယ်၊ အဓိပ္ပါယ်က နော် (မှန်ပါဘုရား)၊ ယဿာတိ အရဟတော ခီဏာသဝဿ ကို ထိုနိဒ္ဒေသက ညွှန်းပါတယ်၊ ဒါကြောင့်) ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌။ တဏှာ၊ ရူပ သဒ္ဒ စသည်ထွေပြား အာရုံမျှားကို နှစ်သက်တယ်ဆိုတဲ့ တဏှာတရားသည်။ နဝိဇ္ဇတိ၊ မရှိ။ (ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တဏှာလဲ မရှိဘူး)။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကထံ ကထာ စ၊ သို့လော သို့လော တွေးတောယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာမှလည်း။ တိဏ္ဏော၊ လွန်မြောက်ပြီးဖြစ်၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိမောက္ခော၊ အရဟတ္တဖိုလ်ဝိမောက္ခသည်။ ဝါ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲက လွတ်တယ်ဆိုတဲ့ ဝိမောက္ခသည်။ ဟောတိ၊ ဖြစ်ပေတော့၏။ အပရော၊ တပါးသော ဝိမောက္ခသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူလိုက်ပါပေသတည်း။

သာဓု သာဓု သာဓု။

ဒီတရားကွက်တွေ ဟောရဦးမယ်။ ဒီပါဠိတော်ထဲမှာ ဟောဘို့တရားကွက်ဟာ ဘာလဲ ဝိမောက္ခ နော် (မှန်ပါဘုရား)၊ ဝိမောက္ခဆိုတာ ဘာကိုခေါ်ဆိုသလဲ မြန်မာလို ရှင်းရှင်းနားလည်ဘို့ဆိုရင်တော့ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့မှ လွတ်မြောက်နေတာကို ဝိမောက္ခလို့ ခေါ်တယ်၊ ဝိမောက္ခဆိုတာ ဘာခေါ်သလဲ။ (ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်တဲ့ တရားပါဘုရား)။

လွတ်မြောက်ခြင်း အဓိပ္ပါယ်။ ။ရန်သူမှ လွတ်မြောက်သွားရင် ဝိမောက္ခ၊ ဥပမာပုံဆိုပါတော့ ဘုန်းကြီးတို့အမျိုးကောင်းသား အမျိုးကောင်းသမီးများ တစုံတခုသော အုပ်ချုပ်ထားတဲ့ အထဲကနေပြီး တော့ လွတ်မြောက်သွားရင် သူ့ကို ဝိမောက္ခလို့ ခေါ်တယ်။ ငှက်ကလေး တကောင်ဘဲ ဖြစ်ဖြစ် ကြက်ကလေး တကောင်ဘဲ ဖြစ်ဖြစ် နွေးအိမ်ကလေး ထဲမှာ ထဲထားရင် သူဟာ မလွတ်တော့ဘူး၊ အဲဒီ နွေးအိမ်ထဲက လွတ်သွားပြီဆိုရင်-အဲဒီ လွတ်သွားမှုကလေးကို ဝိမောက္ခ-လို့ ခေါ်တယ်၊ ကြက်ကို ဝိမောက္ခခေါ်တာ မဟုတ်ဘူး၊ ငှက်ကို ဝိမောက္ခခေါ်တာ မဟုတ်ဘူး၊ နွေးအိမ်ကို

http://www.dhammadownload.com

ဝိမောက္ခ ခေါ်တာ မဟုတ်ဘူး၊ လွတ်တာကိုသာ ဝိမောက္ခ ခေါ်တယ် နော် (မှန်ပါဘုရား)။

အုပ်ချုပ်ထားတဲ့ အရာဝတ္ထုကြီးကိုလဲ ဝိမောက္ခ ခေါ်တာ မဟုတ်ဘူး။ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ ဘယ်အထဲ နေရသလဲ ဆိုတော့ တဏှာရယ် ဒိဋ္ဌိရယ်ဆိုတဲ့ အဲဒီ တရားနှစ်ပါး အုပ်ချုပ်ထားတဲ့ အထဲမှာ နေနေရတယ်၊ အဲဒီ တဏှာဒိဋ္ဌိဆိုတဲ့ အထဲမှာ ဘယ်သူနေရသလဲဆိုတော့ ခန္ဓာငါးပါး နေရတယ်၊ အဲဒီ ခန္ဓာငါးပါးကို သတ္တဝါလို့ ခေါ်ထားတယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ ခန္ဓာငါးပါးလို့ ခေါ်တဲ့ သတ္တဝါကို အုပ်ချုပ်ထားတာက ဘယ်သူ အုပ်ချုပ်ထားသလဲ တဏှာနဲ့ဒိဋ္ဌိ၊ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ တဏှာနဲ့ ဒိဋ္ဌိသည် ဝိမောက္ခ မဟုတ်ဘူး၊ ခန္ဓာငါးပါးလို့ ခေါ်တဲ့ သတ္တဝါသည် ဝိမောက္ခ မဟုတ်ဘူး။ ခန္ဓာငါးပါးသည် အဲဒီ တဏှာဒိဋ္ဌိက လွန်မြောက်သွားရင် ဘာလို့ ခေါ်သလဲ၊ ဝိမောက္ခ။ သဘောပေါက်ပြီလား ဝိမောက္ခကို (ပေါက်ပါပြီဘုရား)၊ ပါဠိတော်မူအရဲ ပါဠိမရွတ်ခဲနဲ့ မြန်မာလို ရှင်းရှင်း ပြောပေးတယ်၊ ဘုန်းကြီး စကားမဟုတ်ဘူး၊ ဒါ ပါဠိတော်စကား မြတ်စွာဘုရား၏ စကား ဟုတ်လား (မှန်ပါဘုရား)။

ဝိမောက္ခအမျိုးမျိုး။ ။ပါဠိတော်ကို လိုရင် ပဋိသမ္ဘိဒါမဂ် စတဲ့ ပါဠိတော်တွေ မှာကြည့်၊ အဲဒီ ဝိမောက္ခတွေ ဘယ်လောက်များသလဲ ဘုရားဆိုတော့ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ အဲဒီ ဝိမောက္ခတွေကို (၆၈) မျိုး ပြတယ်၊ ဝိပဿနာ လုပ်ငန်းနဲ့ ပတ်သက်လို့တော့ ဝိမောက္ခကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်က (၃)ပါး ပြတယ်။ သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခ-လို့ ဝိမောက္ခ ၃-မျိုး ပြတယ် နော် (မှန်ပါဘုရား) ဒါ ဝိပဿနာနဲ့ ပတ်သက်လို့ပြတာ။

တောဒေယျပုဏ္ဏား မေးတဲ့ ဝိမောက္ခက ဒီ သုညတ အနိမိတ္တ အပ္ပဏိဟိတ ဝိမောက္ခမဟုတ်ဘူး၊ ဝိမောက္ခ (၈) ပါးကို မေးတယ်၊ အဲဒီ ဝိမောက္ခ (၈)ပါး ဘယ်မှာ ပါသလဲဆိုတော့ ဒီဃနိကာယ် သုတ်မဟာဝါပါဠိတော် မဟာနိဒါန သုတ္တန်ရဲ့ နောက်ဆုံး နှာ(၆၀)မှာ အဲဒီ ဝိမောက္ခတရား(၈) ပါး ပါတယ်၊ ဒီတော့ ဝိမောက္ခဆိုတာ လွတ်မြောက်ရေးလို့တော့ ဘုန်းကြီးတို့ ပရိသတ် သိပြီ၊ (၈)မျိုး ရှိတယ်ဆိုတာ ဘယ်လိုလဲလို့ဆိုတာ ဘုန်းကြီးပြောပေးမယ်နော်(မှန်ပါဘုရား)။

ဒီတော့ ဒီ ဝိမောက္ခနဲ့ ပတ်သက်လို့ ပါဠိတော်ရွတ်ကြစို့ရဲ့ ခုန တဏှာမရှိတဲ့ ပုဂ္ဂိုလ် ကိလေသာမရှိတဲ့ ပုဂ္ဂိုလ် ဝိစိကိစ္ဆာ ကင်းနေတဲ့ပုဂ္ဂိုလ်သည် ဘယ်လို ဝိမောက္ခမျိုးနဲ့နေပါသလဲလို့ ဒီလိုမေးထားတယ် မဟုတ်လား (မှန်ပါဘုရား)၊ သူ မေးတဲ့ ဝိမောက္ခတွေ အရဟတ္တဖိုလ် ဝိမောက္ခကို မေးတာမဟုတ်ဘူး၊ မြတ်စွာ

http://www.dhammadownload.com

ကတော့ အရဟတ္တဖိုလ် ဝိမောက္ခကို ဖြေဆိုပြီးပြီ၊ သူမေးတဲ့ ဝိမောက္ခက ဘယ်လို ဝိမောက္ခမျိုးနဲ့ နေပါသလဲ ဆိုတော့ သူမေးတဲ့ ဝိမောက္ခမျိုးက စျာန်သမာပတ်နဲ့ ပတ်သက်တဲ့ ဝိမောက္ခကို မေးတာနော် (မှန်ပါဘုရား)၊ အဲဒီ ဝိမောက္ခကို ပါဠိတော်ကပြတယ်၊ ဘယ်နှစ်မျိုးတဲ့လဲ (၈-မျိုးပါဘုရား)၊ ကိုင်း ပါဠိတော် ရွတ်ကြရအောင်—

အဋ္ဌ ခေါ ဣမေ အာနန္ဒ ဝိမောက္ခာ။ အာနန္ဒ၊ အာနန္ဒာ။ ဝိမောက္ခာ၊ လွတ်လပ်ရေး လွတ်မြောက်ရေးဆိုတဲ့ တရားတို့သည်။ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့ ပါပေတည်း။ ကတမေ အဋ္ဌ၊ ရှစ်ပါးဆိုတာ ဘာလဲ။

(၁) ရူပီ ရူပါနိ ပဿတိ၊ အယံ ပဌမော ဝိမောက္ခော။ ရူပီ၊ ရူပစျာန် ရှိသောပုဂ္ဂိုလ်သည်။ ရူပါနိ၊ ရူပစျာန်တို့ကို။ ပဿတိ၊ စျာန်စက္ခုဖြင့်ရှုရှု၍နေ၏။ အယံ၊ ဤသည်ကား။ ပဌမော၊ ရှေးဦးစွာသော။ ဝိမောက္ခော၊ ဝိမောက္ခ တပါးပါပေတည်း။

ပဌမ ဝိမောက္ခမည်ပုံ။ ။ရူပီ ရူပါနိ ပဿတိ ဆိုတဲ့ ဝိမောက္ခက ဘယ်လို ဝိမောက္ခမျိုးလဲလို့ ဆိုတော့ ပဌမဝိမောက္ခက ဘုန်းကြီးတို့ စျာန်သမာပတ်ကို ရအောင် ပွါးများအားထုတ်ကြတဲ့ ခုနက ဗာဝရိ မဏ္ဍာကြီးရဲ့ တပည့်တွေက သူတို့က စျာနလာဘီ ပုဂ္ဂိုလ်တွေကိုး၊ စျာန်ရအောင် အားထုတ်တဲ့အခါမှာ ပထမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ရအောင်လို့ ဆိုပြီးတော့ မိမိသန္တာန်မှာရှိတဲ့ အင္ဂါတို့က ရူပ်တရားတွေကို ဆပ်ငင် မွေးညှင်း စတဲ့ အဲဒီ ရူပ်တရားတွေကို နီလကသိုဏ်းဆိုပြီးတော့ သူတို့ရှုတယ်၊ အဲဒီ ရူပ်ကို ရှုတော့ သူတို့ ဘာရသွားသလဲဆိုတော့ ပထမစျာန်တွေကို ရတယ်၊ ရူပစျာန်ကိုရတဲ့အခါ ရူပ်တရားကို သမထ အနေအားမြင့် ရှုတော့ ရူပစျာန်ကို ရသွားတဲ့ ပုဂ္ဂိုလ်ကို ပထမ ဝိမောက္ခလို့ ဒီလို ဟောထားတယ်။

ရူပ်ကိုဘဲ သူကရှုနေတယ်၊ရူပစျာန်သမားဟုတ်လား၊ဒီတော့ သူကဘာလွတ် သလဲလို့ ဆိုတော့ သူလွတ်တာ နီဝရဏတရား ငါးပါးက လွတ်တာ၊ အဲဒီ နီဝရဏ တရားငါးပါးမှ လွတ်တယ်ဆိုတော့ ဘုန်းကြီးတို့ ပရိသတ် သိချင်နေလိမ့်ဦးမယ်၊ နီဝရဏဆိုတာ ဘာလဲ သမာဓိဉာဏ်တွေ ဝိပဿနာ ပညာဉာဏ်တွေကို လှုပ်မိုး ပြီးတော့ ဖုံးအုပ်ထားတဲ့ တရားကို နီဝရဏတရားလို့ခေါ်တယ်၊ ဘယ်နှစ်မျိုး ရှိသလဲ ဆိုတော့(၅)မျိုးရှိပါတယ်။ ဘယ်သူတွေလဲ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာ နီဝရဏလို့ (၅)မျိုးရှိတယ်၊ အဲဒီ နီဝရဏ ၅-မျိုး ဖုံးအုပ်ထားတဲ့ ကိစ္စနဲ့ပတ်သက်လို့ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော် တခု ရှိသေးတယ်၊ ဘုန်းကြီး ဟောပေးဦးမယ်၊ ဘုန်းကြီးတို့ အမျိုး ကောင်းသား အမျိုးကောင်းသမီးများ တရား အားထုတ် နေတဲ့ ပုဂ္ဂိုလ်တွေနဲ့

http://www.dhammadownload.com

လျော်လို့ ဒီပါဠိတော်ကို ရွတ်ပေးနေတာနော် (မှန်ပါဘုရား)၊ သင်္ဂါရဝ ပုဏ္ဏားကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို လျှောက်တယ်—

> ကော နုခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေနေကဒါ ဒီဃရတ္တံ သဗ္ဗာယကတာပိ မန္တာ နပ္ပဋိဘန္တိ၊ပဂေဝ အသဗ္ဗာယကတာ။ ကော ပန ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ယေနေကဒါ ဒီဃရတ္တံ အသဗ္ဗာယကတာပိ မန္တာ ပဋိဘန္တိ၊ ပဂေဝ သဗ္ဗာယကတာ [၁]။

ပါဠိတော်မှာ နိဝရဏ ပယ်ဘို့အကြောင်းနဲ့ ပတ်သက်လို့ သင်္ဂါရဝ ပုဏ္ဏားကြီး လျှောက်ထားတဲ့ လျှောက်ထားချက်ရှိတယ်၊ အဲဒီ သင်္ဂါရဝ သုတ္တန်ဟာ ဘယ်မှာပါသလဲဆိုတော့ မဟာဝဂ္ဂသံယုတ် ပါဠိတော်ကို ဖတ်ရင်လဲ တွေ့မယ်၊ အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်ကို ဖတ်ရင်လဲ ဒီ အကြောင်းတွေ့ကို တွေ့မယ်၊ နိဝရဏလို့ ခေါ်တဲ့ ကာမစ္ဆန္ဒ နိဝရဏ ဖုံးလွှမ်းပုံကို မြတ်စွာဘုရားကို လျှောက်တယ်။

ဘော ဂေါတမ၊ အို ရှင်ဂေါတမ။ ယေန၊ အကြောင် အကြောင်းဖြင့်။ ကေဒါ၊ တရံတခါ။ သဗ္ဗာယကတာပိ၊ သရဇ္ဈာယ်ရွတ်ဖတ်ခြင်းကို ပြုသော်လည်း။မန္တာ၊ ဗေဒင်ကျမ်းတို့သည်။ နပဋိဘန္တိ၊ ဉာဏ်မှာ မထင်ကြကုန်။ ကဒါစိ၊ တရံတခါ၌။ အသဗ္ဗာယကတာ၊ သရဇ္ဈာယ်ခြင်းကို မပြုလုပ်ပါမူ။ ပဂေဝ၊ အဘယ် ပြောဘွယ်ရာ ရှိပါတော့အံ့နည်း။ သော ဟေတု၊ ထိုအကြောင်းသည်။ ကောနု ခေါ၊ အဘယ်ပါနည်း။ ကော ပစ္စယော၊ အဘယ် အထောက် အပံ့ ကြောင့်ပါနည်း။

ကဲ စကားပြောဘဲ ပြောကြစို့။

မြတ်စွာဘုရားတဲ့ တခါတရံမှာ စာပေကို သရဇ္ဈာယ် လေ့လာပါလျက်သားနဲ့ အသိဉာဏ်တွေ မပေါ်ဘူးတဲ့၊ မလေ့လာရင်တော့ ဘာပြောစရာ ရှိပါတော့မလဲ။ တရံတခါမှာတော့ ဘုရားတဲ့ ရှည်မြင့်စွာသော ကာလပတ်လုံး လေ့လာ နေပေမဲ့ အသိဉာဏ်တွေ မပေါ်ဘူးတဲ့။ ဘုန်းကြီးတို့ ပရိသတ် ဒါ သူလျှောက်ထားတဲ့ အတိုင်းဘဲနော် သူက ဗေဒင်သမားမို့ ဗေဒင်လို လျှောက်တာ၊ ဘုန်းကြီးတို့ ပရိသတ်ဟာ တရားအားထုတ်တဲ့ ပရိသတ်လို့ ဆိုတာ ဘုန်းကြီး ယုံကြည်တယ်၊ အားလဲထုတ်နေကြပါတယ်၊ ရိပ်သာကို သွားသွားပြီးတော့ အမြဲတန်း အားမထုတ်နိုင်တာတောင်မှ အနည်း ဆုံးတော့ဖြင့် ခုနစ်ရက် တဟတ် လောက်တော့ ရိပ်သာ ဝင်ဘူးတဲ့ ပုဂ္ဂိုလ်တွေချည်းဘဲဆိုတာ ဘုန်းကြီးတွက်ထားပါတယ်၊ဟုတ်ကဲ့လား (မှန်ပါဘုရား)။

၁။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၁၀၆။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒု-တဲ့၊ နှာ-၂၀၂။

http://www.dhammadownload.com

ကာမစ္ဆန္ဒနိဝရဏပေါ်လာပုံ။ ။တရားအားထုတ်တဲ့အခါ တခါတရံ အားထုတ်နေပါလျက်သားနဲ့ ဉာဏ်ထဲမှာ တရားလုံးတွေ့မပေါ်ဘူး၊ တရံတခါတော့ နှလုံးမသွင်းပေမဲ့ဖြတ်ဆို သူပေါ်ချင်ပေါ်လာတယ်။ တရားလုံးတွေ့ဖြစ်ဘူးသလားမဖြစ်ဘူးဘူးလား(ဖြစ်ဘူးပါတယ်ဘုရား)၊ဘာဖြစ်လို့လဲ အဲဒါ ဘာကြောင့်တဲ့လဲ အားထုတ်ပါလျက်သားနဲ့ စာကျက်တဲ့ပုဂ္ဂိုလ်တွေ့စာမေးပွဲနီးလို့ စာကျက်ပြီဆိုရင် စာကျက်ပါလျက်သားနဲ့ စာမရဘူး ဟုတ်လား(မှန်ပါဘုရား)၊ ကျက်ရက်သားနဲ့ မရတာ ဘာဖြစ်လို့လဲ၊ ဒီတော့ မြတ်စွာဘုရားကို သင်္ဂါရဝပုဏ္ဏားက အဲဒါ မေးနေတာဘဲ၊ ဒီတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ဖြေပြီ၊ ကာမစ္ဆန္ဒနိဝရဏကို မြတ်စွာဘုရားကပါဠိတော်မှာ ဒီလိုဖြေတယ်—

> ယသ္မိံ ဗြာဟ္မဏ သမယေ ကာမရာဂပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ကာမရာဂပရေတေန၊ ဥပ္ပန္နဿ စ ကာမရာဂဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ။ အတ္တတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နာ ဇာနာတိ နာ ပဿတိ၊ ပရတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နာ ဇာနာတိ နာ ပဿတိ၊ ဥဘယတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နာ ဇာနာတိ နာ ပဿတိ၊ ဒိဋ္ဌဓမ္မိကေ သမ္ပရာယိကတာပိ မန္တာ နပ္ပဋိဘန္တိ၊ ပဂေဝ အသမ္ပရာယိကတာ[1]။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ယသ္မိံ သမယေ၊ အကြင် အခါကာလ သမယ၌။ ကာမရာဂပရိယုဋ္ဌိတေန၊ ကာမဂုဏ်တွေ့ လွှမ်းမိုးရှိနေသောစိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ကာမရာဂပရေတေန၊ ကာမဂုဏ်နောက်ကို လိုက်ရှိနေသော စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်ရှိနေသော။ ကာမရာဂဿ၊ ကာမဂုဏ်စိတ်၏။ နိဿရဏံ၊ လွတ်မြောက်ရာကို။ ယထာဘူတံ၊ ဟုတ်မှန်တဲ့ အတိုင်း။ နပ္ပဇာနာတိ၊ ကွဲကွဲပြားပြားနဲ့ မသိ။

**တသ္မိံ သမယေ၊ ထိုသို့ ကာမဂုဏ်စိတ်တွေ့ လွှမ်းမိုးရှိနေသော အခါကာလသမယ၌။ အတ္တတ္ထမ္ပိ၊ မိမိရဲ့ အကျိုးစီးပွါးကိုလည်း။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ နပ္ပဇာနာတိ၊ မသိ။ ပရတ္ထမ္ပိ၊ သူတပါးအကျိုးစီးပွါးကိုလည်း။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ နပ္ပဇာနာတိ၊ ခွဲခြားရှိမသိ။ ဥဘယတ္ထမ္ပိ၊ မိမိသူတပါး နှစ်ဦးသားတို့မှာ အကျိုးရှိမယ် အကျိုးမရှိဘူးဆိုတဲ့ အကြောင်းကိုလည်း။ နပ္ပဇာနာတိ၊ ခွဲခြားရှိမသိ။ ဒိဋ္ဌဓမ္မိကေ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သမ္ပရာယိကတာပိ၊ သရဏ္ဌာယ်ခြင်း တရားကို အားထုတ်ခြင်း အမှုကို ပြုလုပ်ပါသော်လည်း။ မန္တာ၊ ဗေဒင်တို့သည်။ ဝါ၊ တရားလုံးတို့သည်။ နပဋိဘန္တိ၊ ဉာဏ်ထဲမှာ မပေါ်လွင် မထင်ရှားကြကုန်။ အသမ္ပရာယိကတာ၊ မသရဏ္ဌာယ်မရှုတ်ဖတ်သည်ရှိသော်။ ပဂေဝ၊ အဘယ်မှာလျှင် ဉာဏ်ထဲထင်မြင်နိုင်ပါတော့အံ့နည်း။

၁။ မဟာဝဂ္ဂသံယုတ်၊ သင်္ဂါရဝသုတ်၊ နှာ-၁၀၆။

http://www.dhammadownload.com

ကာမဂုဏ်စိတ်လွှမ်းမိုးလာပုံ။ ။မြတ်စွာဘုရားက ဘာပြောလဲ ပုဏ္ဏားကြီးတဲ့ တရားအားထုတ်ပါလျက်သားနဲ့ တရားလုံးတော့ ဉာဏ်ထဲပေါ် မလာတာ စာကျက်ပါလျက်သားနဲ့ စာမရတာဟာ တခြားကြောင့် မဟုတ်ပါဘူးတဲ့၊ ကာမဂုဏ်စိတ်တွေ လွှမ်းမိုးနေလို့တဲ့၊ ကာမဂုဏ်စိတ်ရဲ့ လွတ်မြောက်ရာကိုလဲ မသိလို့တဲ့၊ မြတ်စွာဘုရားက ဒီလိုပြောတယ်၊ ကာမဂုဏ်စိတ်တွေ လွှမ်းမိုးတယ်ဆိုတာ ဘယ်လိုလွှမ်းမိုးသလဲဆိုတော့ စာကျက်ရင်း စာအံရင်း တရားအားထုတ်ရင်း ကာမဂုဏ်နဲ့ ပတ်သက်တာကိုချည်း တွေးနေတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ်စိတ်တွေချည်းဘဲ သူမှာ လွှမ်းမိုးပြီးနေတယ်။ အဲဒီ ကာမဂုဏ်စိတ်ရဲ့ လွတ်မြောက်ရေးဆိုတာ ဘယ်နှစ်ခုရှိသလဲဆိုတော့ နိဿရဏ(၃)ခု ရှိတယ်၊ တဒင်္ဂနိဿရဏ ဝိက္ခမ္ဘန-နိဿရဏ သမုစ္ဆေဒနိဿရဏလို့ သုံးခုရှိတယ်၊ အကယ်၍ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများမှာ အဲဒီလို ကာမဂုဏ်စိတ်တွေ လွှမ်းမိုးပြီးလာမယ်ဆိုရင် ဒီနိဿရဏ သုံးမျိုးနဲ့တော့ဖြင့် လွတ်မြောက်အောင် လုပ်ဘို့ရှိတယ်။ ဝိမောက္ခကို ပြောနေတာနော်(မှန်ပါဘုရား)။

ဝိက္ခမ္ဘနနိဿရဏ ဆိုတာ ဒီလို ကာမဂုဏ်စိတ်တွေ လွှမ်းမိုးလာတဲ့ အခါမှာ ဘယ်လို ခွါထားရမလဲဆိုတော့ အသုဘသညာကို နှလုံးသွင်းပေးသော အားဖြင့် ကာမဂုဏ်စိတ်တွေကို ခွါထားရမယ်၊ လက်ခံမထားနဲ့ ကာမဂုဏ်စိတ်တွေနောက် မလိုက်နဲ့ ဘုန်းကြီးတို့ပရိသတ်(မှန်ပါဘုရား)။ ပုထုဇဉ် သတ္တဝါတွေဘဲ ပုထုဇဉ်ဆိုတာ ကာမဂုဏ်တွေ ပေါ်ချင် ပေါ်လာမှာပေါ့၊ ကာမဂုဏ်စိတ်တွေ တရားအားထုတ်နေပေမဲ့ မပေါ် ဘူးလား (ပေါ် ပါတယ်ဘုရား)။ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ အနာဂါမိမဂ်ကို မရောက်သေးသရွေ့ ကာလပတ်လုံး ကာမဂုဏစိတ်တွေ မပေါ် ဘူးလား (ပေါ် ပါတယ်ဘုရား)။

ဝိက္ခမ္ဘနပဟာန်ဖြင့် လွတ်မြောက်ပုံ။ ။အဲဒီ ကာမဂုဏစိတ်တွေ ပေါ်လာတာကို ကိုယ်က လက်ခံမထားနဲ့၊ ကာမဂုဏစိတ်နောက်ကိုမလိုက်နဲ့ ဘယ်လို နှလုံးသွင်းရမလဲ ဩဝါ-ဂါတော့ဖြင့် ကာမဂုဏစိတ်တွေ ပေါ်နေပြီ၊ ဒီကာမဂုဏစိတ်ကို ပျောက်အောင် ငါဘယ်လိုလုပ် ခွါရပါ့မလဲလို့ဆိုရင် ကိုယ်နှစ်သက်နေတဲ့ အမျိုးသမီးကို အဲဒီအမျိုးသမီးကို အသုဘမြင်အောင်ရှုလိုက်၊ အမျိုးသားတယောက်ကို အမျိုးသမီးတယောက်က နှစ်သက်နေပြန်ရင်လဲ အဲဒီအမျိုးသားတယောက်ကို နှစ်သက်နေတဲ့ အမျိုးသမီးက အသုဘကောင်ကြီး ပေါ်လာအောင် ရှုပစ်လိုက်။ ဟုတ်လား၊ အဲဒါ ဝိက္ခမ္ဘနပဟာန်အားဖြင့် ကာမဂုဏ်က လွတ်မြောက်နည်းလို့ မြတ်စွာဘုရားက ဟောထားတယ်။

http://www.dhammadownload.com

သမုဋ္ဌေဒနိဿရဏခေါ်ပုံ။ ။တဒင်္ဂဝိက္ခမ္ဘနလို့ ဆိုတာကတော့ဖြင့် ဝိပဿနာ ဉာဏ်နဲ့သာ ရှုပစ်လိုက်ပါတဲ့၊ ဘယ့်နယ်လဲ အမျိုးသားတယောက်က အမျိုးသမီးတယောက်ကို နှစ်သက်တဲ့ ကာမဂုဏ်စိတ်တွေပေါ်နေရင် ငါနှစ်သက်နေတယ်ဆိုတာ ဘယ်သူက နှစ်သက်နေတာလဲ ရာဂစိတ်က နှစ်သက်နေတာ၊ အဲဒီရာဂသည် နာမ်တရား၊ သိတာသည် ဝိညာဏ်တရား၊ နှစ်သက်နေတဲ့ အာရုံသည် ရူပတရားလို့ ဆိုပြီးကော့ အဲဒီ ဝိညာဏ် နာမ်-ရူပ်တွေရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို ဝိပဿနာရှုပစ်လိုက်တခါထဲ၊ အဲဒါ တဒင်္ဂအားဖြင့်တော့ ပယ်ပစ်လိမ့်မယ်၊ အပြီးသတ်ပယ်နိုင်တာကတော့ ရဟန္တာဖြစ်မှ ဒီကာမဂုဏ်စိတ်ကို ပယ်နိုင်မယ်၊ အပြီးတိုင်ပယ်နိုင်တယ်၊ ဒါကို သမုဋ္ဌေဒ နိဿရဏလို့ခေါ်တယ်။

နိဿရဏ သုံးမျိုး အဋ္ဌကထာက ဖွင့်ဆားတယ်၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝိပဿနာရှုနေတဲ့ အခါမှာ အဲဒီလိုအာရုံတွေပေါ်လာလို့ ဒီလိုရှုပေးလိုက်လို့ရှိရင် ဒီကာမစ္ဆန္ဒက လွတ်မသွားဘူးလား (လွတ်သွားပါတယ်ဘုရား)၊ အဲဒီကာမစ္ဆန္ဒက လွတ်သွားတာကို ဘာလို့ခေါ်လဲဆိုတော့ ဝိမောက္ခလို့ ခေါ်ပါတယ်တဲ့၊ ဒီနေရာမှာ မြတ်စွာဘုရားက ဥပမာလေးတခု ပြောတယ်၊ ကာမစ္ဆန္ဒကိုသာ သင်တို့ လက်ခံထားမယ်ဆိုရင် လိုချင်မှု နှစ်သက်မှုကိုသာ လက်ခံထားမယ်ဆိုရင် ဘယ်လိုဖြစ်မလဲ ဆိုတော့ သင်တို့စိတ်မှာ ဘာတွေ ဖုံးလွှမ်းထားမလဲ ဆိုတော့ ဥပမာပြတယ် မြတ်စွာဘုရားက ပါဠိတော်မှာ—

> သေယ္ယထာပိ ဗြာဟ္မဏ ဥဒပတ္တော သဏ်သဋ္ဌော လာခါယ ဝါ ဟလိဒ္ဒိယာ ဝါ နီလိယာ ဝါ မဉ္ဇိဋ္ဌာယ ဝါ၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ[1]။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိ၊ ဥပမာ ငါပြောမယ်တဲ့ သဉ်ကို။ ဥဒပတ္တော၊ ရေဖြင့်ပြည့်သော ရေခွက်သည်။ လာခါယ ဝါ၊ ချိုတ်ရေဖြင့်၎င်း။ ဟလိဒ္ဒိယာ ဝါ၊ နန္နင်းရေဖြင့်၎င်း။ နီလိယာ ဝါ၊ မဲနယ်ရေဖြင့်၎င်း။ မဉ္ဇိဋ္ဌာယ ဝါ၊ ညိုမောင်းသော အဆင်းရှိသော အဆောင်ဖြင့်၎င်း။ သဏ်သဋ္ဌော၊ ရောနှောချွေနေသည်။ ဟောတိ၊ ဖြစ်၏။ (ရေခွက်တခုထဲ ရေတွေ့ပြည့်အောင်ထည့်၊ အဲဒီရေခွက်ထဲက ရေတွေက ဘယ်လိုဖြစ်နေလဲ မဲနယ်ရေတွေ့ ဆိုးထားတယ် ဆိုပါတော့) တတ္ထ၊ ထိုဆိုးရည်တွေ့ ဆိုးထားတဲ့ ရေခွက်၌။ စက္ခုမာ၊ မျက်စိအာဒေါင်းသော။ ပုရိသော၊ အမျိုးကောင်းသားသည်။ သကံ မုခနိမိတ္တံ၊ မိမိရဲ့ မျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ကြည့်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ၊ မသိနိုင်ထု။ နပဿေယျ၊ မမြင်နိုင်ထု။

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၁၀၆။

http://www.dhammadownload.com

ကာမဂုဏ်ပယ်တဲ့နည်း။ ။မြင်မလား မမြင်ဘူးလား (မမြင်ပါဘုရား)၊ အဲဒီ ရေခဲက်ထဲမှာ မဲနယ်ရေတွေ ချိတ်ရေတွေ ဆိုးမထားဘူးဆိုရင် ကိုယ့်မျက်နှာရိပ်ကို ကြည့်ရင် မြင်မလား မမြင်ဘူးလား(မြင်ပါတယ်ဘုရား)၊ ရေက ကြည်နေတာကိုး မြင်နိုင်တယ်နော်။ စိတ်ကို ကာမဂုဏ်သဘောတွေ ဆိုးထားရင် စိတ်က ဘာမှမမြင်တော့ဘူး တဲ့–မြတ်စွာဘုရားက၊ ဟုတ်လား (မှန်ပါဘုရား)၊ဒီတော့ ဉာဏ်ကောင်းပါဦးတော့ မလား (မကောင်းတော့ပါ ဘုရား)၊ စာကျက်လို့ ရပါဦးတော့မလား (မရနိုင်တော့ပါ ဘုရား)၊ တရားအားထုတ်လို့ သမာဓိဉာဏ်တွေ ဝိပဿနာဉာဏ်တွေ ရပါဦးတော့ မလား (မရနိုင်တော့ပါ ဘုရား)၊ဒီတော့ ကာမဂုဏ်စိတ်တွေဝင်လာရင် မြတ်စွာဘုရားက စောစောပိုင်းက ဘုန်းကြီးပြောခဲ့တဲ့နည်းနဲ့ ဖယ်ပစ်လိုက်ပါတဲ့၊ ပါဠိတော်တခု ရှိသေးတယ်၊ ကာမဂုဏ်ပယ်တဲ့နည်း ကာမဂုဏ်စိတ်တွေ အကယ်၍ ပေါ်လာခဲ့လို့ရှိလျှင် အသုဘနိမိတ်ကို နှလုံးသွင်းပေးလိုက်ပါတဲ့၊ ခုနမဟာဝဂ္ဂသံယုတ် ပါဠိတော် အာဟာရသုတ် နှာ-(၉၃)နှင့် ၎င်းအဋ္ဌကထာ၊ နှာ-(၃၆၈)မှာ——

> အသုဘနိမိတ္တံ မနသိကရောတော ယောနိသော မနသိကာရ-ဗဟုလီကာရော၊ အယမာဟာရော အနုပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ အနုပ္ပါဒါယ ဥပ္ပန္နဿ ဝါ ကာမစ္ဆန္ဒဿ ပဟာနာယ။

ကာမဂုဏ်စိတ်လို့ခေါ်တဲ့ ကာမစ္ဆန္ဒတရားတွေ ဝင်လာရင် အသုဘကို ယောနိသောမနသိကာရအားဖြင့် အသင့်အတင့်နှလုံးသွင်းလိုက်ရင် မဖြစ်သေးတဲ့ ကာမဂုဏ်စိတ်တွေ မဖြစ်ဘူးတဲ့၊ ဖြစ်ပြီးတဲ့ ကာမဂုဏ်စိတ်တွေကိုလဲ ပယ်နိုင်တယ်လို့ မဟာဝဂ္ဂသံယုတ်ပါဠိတော်က ဒီလိုဟောထားတယ်။

> ပုန စပရံ ဗြာဟ္မဏ ယသ္မိံ သမယေ ဗျာပါဒပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဗျာပါဒပရေတေန၊ ဥပ္ပန္နဿ စ ဗျာပါဒဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ၊ အတ္ထတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နပဇာနာတိ နပဿတိ၊ ပရတ္ထမ္ပိ တသ္မိံ သမယေ။ ပ။ ဥဘယတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နပဇာနာတိ နပဿတိ၊ ဒိဋ္ဌဓမ္မိကံ သမ္ပရာယိကတာပိ မန္တာ နပ္ပဋိဘန္တိ၊ ပဂေဝ အသမ္ပရာယိကတာ။

ပုဏ္ဏားကြီးတဲ့ အကြင်အခါမှာ စိတ်ပျက်တယ် စိတ်ညစ်တယ် စိတ်ဆိုးတယ်ဆိုတဲ့ ဒေါသတွေ လွှမ်းမိုးနေမယ်ဆိုရင် အဲဒီအခါမှာ မိမိအကျိုးစီးပွါးလဲ မသိတော့ဘူး၊ သူတပါးအကျိုးစီးပွါးလဲ မသိတော့ဘူး၊ မိမိသူတပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွါးလဲ မသိတော့ဘူးတဲ့ တရားအားထုတ်ပေမယ်လို့ စာကျက်ပေမယ်လို့ တရားမရတော့ဘူး၊ စာမရတော့ဘူးတဲ့ မြတ်စွာဘုရားက။ဟုတ်လား–(မှန်ပါ ဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်း

http://www.dhammadownload.com

သမီးများ ကိုယ်မကျေနပ်ချက်ကလေးများ ရှိနေရင် လက်ခံထားရမလား မြန်မြန်စွန့်ရမလား (မြန်မြန်စွန့်ရမယ် ဘုရား)။

မကျေနပ်ခြင်းဆိုတာ ဒေါသဘဲ။ ။ဘုန်းကြီးတို့ ပရိသတ်က လက်ခံထားပြီးတော့ ငါတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဒင်းတော့လား ဘယ်လိုလုပ်လိုက်မယ် ဘယ်လို ကြဲလိုက်မယ် ဘယ်လို တိုက်ဖျက်လိုက်မယ်၊ ဒီကိစ္စ ငါမအောင်မြင် မချင်း ဆိုပြီး ဒီလိုမျိုး လုပ်နေကြသလား၊ အဲဒီလို လုပ်နေရင် ဒေါသကို လက်ခံထားရင် ကိုယ်တရား မရနိုင်ဘူးတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က၊ မကျေမှု မကျေနပ်ဘဲကိုး၊ တနုံ့ နုံ့ တွေးနေတယ်၊ ဒီအကြောင်း တွေးလိုက်ရင်း အဲဒီလိုဖြစ်လာရင်းနဲ့ဟာ တယောက်ထဲ အံသွားတကြိတ်ကြိတ်နဲ့ လူမသိဘူး ဖြစ်နေတာ။

အဲဒီလိုပုဂ္ဂိုလ်မျိုး တရားအားထုတ်လို့ရမလား မရဘူးလား (မရပါ ဘုရား၊) ကိုယ့်အကျိုးစီးပွါး သိပါဦးမလား (မသိတော့ပါ ဘုရား)၊ သူများအကျိုးစီးပွါး မိမိ သူတပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွါး သိပါဦးမလား၊ ကျောင်းသားဖြစ်ရင် စာကျက်လို့ရပါဦးမလား၊ ကမ္မဋ္ဌာန်းသမားဖြစ်လျှင် ကမ္မဋ္ဌာန်းတရားအားထုတ်လို့ ရပါဦးမလား (မရတော့ပါ ဘုရား)၊ ဒီလိုဖြစ်လာတဲ့ ဒေါသဘယ်နဲ့လုပ်ရမလဲဘုရား၊ ဖြစ်နေပြီ တပည့်တော်တို့ ပုထုဇဉ်ဖြစ်လို့ မကျေနပ်မှုတွေဖြစ်တဲ့ ဒေါသကို ဘယ်နယ်လုပ်ရမလဲဆိုတော့ သူကျတော့ နိဿရဏ နှစ်ခုဘဲရှိတယ်။ ခုန ကာမရာဂလို သုံးခုမရှိဘူး။

ဝိက္ခမ္ဘနနိဿရဏနဲ့ သမုစ္ဆေဒနိဿရဏ ဒီနှစ်မျိုးဘဲ ရှိတယ်၊ သူမှာတော့ အင်္ဂကထာဆရာကြီးက ပြောပေးထားတယ်။

ဒေါသကို မေတ္တာဖြင့်ခွါခြင်း။ ။ဒေါသ ဖြစ်လာရင် ဝိက္ခမ္ဘန နိဿရဏက ဘာလဲလို့ဆိုတော့ မေတ္တာပွါးပေးလိုက်ရမယ်၊ မေတ္တာပွါးသောအားဖြင့် အဲဒီဒေါသကို ခွါလိုက်ပါ၊ ခွါပြီးတရားအားထုတ်ပါ၊ ကိုယ်ဒီလောက်မုန်းနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်နယ်မေတ္တာပွါးနိုင်ပါ့မလဲလို့ မေးစရာရှိတယ်၊ အဲသလောက် မုန်းနေတဲ့ပုဂ္ဂိုလ် ဒီလောက်ရန်ငြိုးကြီးနေတဲ့ ပုဂ္ဂိုလ် မေတ္တာပွါးတော့မယ်ဆိုတော့ အာဃာတကို ရှေးဦးစွာ ဖျောက်လိုက်ပါဦးလို့ ဆိုပြီးတော့ ဟော ပဋ္ဌဂုံတို့ရဲ့ပါဠိတော် အာဃာတပဋိဝိနယသုတ္တန် နှာ(၁၆၃) ပေါ်လာပြန်ရော၊ ဒီသုတ္တန်တခါရွတ်ပြန်ရင် ဟိုသုတ္တန်လက်ငုတ်တွေဟာ ပြန်သိမ်းလို့ မရဘဲ ရှိနေမယ်။ ကဲဒါ ရှိပါစေတော့—

> အဲဒီ အာဃာတပဋိဝိနယသုတ္တန်ကို နှာချင်ရင် ကျားကူး ဓမ္မဗိမာန်ကြီးမှာ မေတ္တာအခါတော်နေ့က ဟောထားတယ်၊ ကြိုးသွင်းထားပြီး ရှိနေတယ်၊ အဲဒီ ကြိုး တောင်းပြီး နာကြပေတော့။

http://www.dhammadownload.com

နောက်ဆုံးက မုန်းတဲ့လူကို မေတ္တာပို့ မရရင် ရှေးဦးစွာ သူ့အပေါ်မှာ သနားတဲ့ စိတ်ကလေးတွေ တွေးလိုက်– ဩော် သူ့ခမျာ သနားစရာပါဘဲ သနားဘို့ ကောင်းပါတယ်ဆိုတာ သနားစရာကလေးတွေကို ရှာပြီးတော့ တွေးလိုက်၊ အဲသလို သနားစရာတွေပေါ်လာပြီဆိုရင် ဖမ်းပြီးတော့ မေတ္တာပို့လိုက်၊ အဲဒီမေတ္တာစေတောဝိမုတ္တိသည် ဒေါသကိုခွါနိုင်တဲ့၊ ဒေါသမှလွတ်မြောက်တဲ့ နိဿရဏဝိမုတ္တိပါ မြတ်စွာဘုရားက ဒီလိုဟောထားတယ်။ ဝိမောက္ခကို ဟောနေတာနော်.... (မှန်ပါ ဘုရား)၊ မေတ္တာစေတောဝိမုတ္တိလုပ်ရင် ဒေါသက လွတ်မြောက်မသွားဘူးလား (လွတ်မြောက်သွားပါတယ် ဘုရား)၊ ဒေါသက လွတ်မြောက်သွားတာကို ဝိမောက္ခတရားလို့ ခေါ်တယ်။

ဒေါသစိတ်ဖြစ်နေပုံ ဥပမာပြချက်။ ။ပြီးတော့ မြတ်စွာဘုရားက ဘာပြော သလဲလို့ဆိုတော့ သမုစ္ဆေဒနိဿရဏဆိုတာ ဒေါသက အကြွင်းအ့ကျန်မရှိ လွတ်သွားတာကို ဆိုတယ်၊ ဒါကတော့ဖြင့် အနာဂါမိမဂ်ကျမှ လွတ်တယ်၊ ဒါ သမုစ္ဆေဒနိဿရဏ။ ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများကတော့ဖြင့် မေတ္တာစေတောဝိမုတ္တိနဲ့ဘဲ ဒေါသကို ခွါပြီးတော့မှ ဝိပဿနာတရား အားထုတ်ပါတဲ့၊ အကယ်၍ ပွါးနေတဲ့ ဒေါသကို ခုနက အံကြိတ်ပြီးတော့ မင်းတော့လား ငါဘယ့်နယ် လုပ်လိုက်ရဆိုပြီးတော့ အမျိုးမျိုးသော နည်းလမ်းတွေ ရှာကြံပြီးတော့ လုပ်နေမယ်ဆိုရင် ဒီဒေါသပြေမလား မပြေဘူးလား (မပြေပါဘုရား)၊ မပြေရင် ဒီပုဂ္ဂိုလ် ၏စိတ် ဘယ်လိုဖြစ်နေမလဲ မြတ်စွာဘုရားက ဥပမာပြတယ်။

သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အဂ္ဂိနာ သန္တတ္တော ပက္ကုထိတော ဥသ္မုဒကဇာတော၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ န ဇာနေယျ န ပဿေယျ[၁]။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိ၊ ငါဥပမာပြမယ်တဲ့။ အဂ္ဂိနာ၊ မီးဖြင့်။ သန္တတ္တော၊ ပူလောင်၍နေသော။ ပက္ကုထိတော၊ ပွက်ပွက်ဆူ၍နေသော။ ဥသ္မုဒကဇာတော၊ အခိုးတွေ ချောင်းချောင်းထ၍ နေသော။ ဥဒပတ္တော၊ ရေခွက်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအခိုးချောင်းချောင်းထပြီး ဆူနေတဲ့ ရေခွက်ထဲ၌။ စက္ခုမာ၊ မျက်စိအမြင်နှင့်ပြည့်စုံသော။ ပုရိသော၊ ယောကျ်ားသည်။ သကံ မုခနိမိတ္တံ၊ မိမိရဲ့မျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ကြည့်ရှုဆင်ခြင်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်မှန်တဲ့ အတိုင်း ထင်ထင်ရှားရှား။ န ဇာနေယျ၊ မသိနိုင်ရာ။ န ပဿေယျ၊ မမြင်နိုင်ရာ။

၁။ မဟာဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ သင်္ဂါရဝသုတ်၊ နှာ-၁၀၇။ အင်္ဂုတ္တိုရ်ပါဋ္ဌိတော်၊ ဒု-တွဲ သင်္ဂါရဝသုတ်၊ နှာ-၂၀၃။

http://www.dhammadownload.com

မြင်ပါ့မလား (မမြင်ပါဘုရား) ဘာဖြစ်လို့လဲ ပွက်ပွက်ဆူပြီး အခိုးတွေ ထနေလို့၊ ဒေါသဆိုတဲ့ အခိုးတွေ ချောင်းချောင်းထပြီးတော့ ပွက်ပွက်ဆူနေ တော့ တခါထဲ မျက်လုံးတွေနီလာလို့ အသားတွေ ဘာတွေ တဆတ်ဆတ်နဲ့ တုန်လာပြီးတော့ ဖြစ်လာတယ်။ ဒေါသဖြစ်တယ်ဆိုရင် မသက်သာဘူး၊ အဲဒါ ကြောင့် ဒေါသများဖြစ်ရမှာ ကြောက်လွန်းလို့ အဲဒီဒေါသ မဖြစ်ပါရစေနဲ့ ဝေးဝေးက ရှောင်စမ်းပါရစေ၊ ပင်ပန်းလွန်းလို့ ဒေါသဖြစ်ရတာ။

ဒေါသမှလွတ်မြောက်က ဝိမောက္ခခေါ်ပုံ　အဲဒီလို ဒေါသတွေ ဖြစ်လာပြီး ပွက်ပွက်ဆူနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီဒေါသစိတ်နဲ့ စာကျက်မယ်ဆိုရင် စာရပါ့မလား (မရပါဘုရား)၊ ကိုယ့်မျက်နှာရိပ်ကို ရေခွက်ထဲ ငုံ့ကြည့်ရင် မမြင်သလိုဘဲတဲ့ မြတ်စွာဘုရားက ဒီလို ဥပမာပြတယ်၊ ဒါကြောင့် ဒီဒေါသကို နာနာပယ်ပစ်ရမယ်၊ အဲဒီဒေါသက လွတ်မြောက်သွား တာကို ဘာလို့ခေါ်သလဲလို့ ဆိုတော့ ဝိမောက္ခလို့ ခေါ်ပါတယ်။ ဟုတ်လား (မှန်ပါဘုရား)၊ ဝိမောက္ခော တဿ ကီဒိသော ဆိုတဲ့ဟာကို ဖွင့်ပြီး ပြောပေး နေတာနော်၊ ပါဠိတော်မှာ ရှိနေတာက။

တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ကီဒိသော၊ အဘယ်သို့သံဘောရှိသော။ ဝိမောက္ခော၊ ဝိမောက္ခကို။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်ပါသနည်းလို့ ဒီလိုမေးထား တယ်။ အဲဒီ မေးခွန်းတွေကို ပြန်ပြီးတော့ လွတ်လပ်ရေးရတဲ့ ဝိမောက္ခတွေကို ပြန်ပြီး အကျယ်ဟောပေးနေတာ၊ ပါဠိတော်တွေနဲ့။ ကိုင်း ဒါဖြင့် ဒီဝိမောက္ခ တခု ပြီးသွားပြန်ပြီ၊ နောက်တခါ လာဦးမယ်၊ ခုနက-ရူပီ ရူပါနိ ပဿတိ-ကို ဟောပေးနေတာ၊ နောက်တခါ ဘာပြောပြန်လဲ ဝိမောက္ခ၊ဒေါသ ပြီးသွားပြီနော် (မှန်ပါဘုရား) ဘာရှိသေးသလဲ ထိနမိဒ္ဓ။

> ပုန စပရံ ဗြာဟ္မဏ ယသ္မိံ သမယေ ထိနမိဒ္ဓပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ထိနမိဒ္ဓပရေတေန၊ ဥပ္ပန္နဿ စ ထိနမိဒ္ဓဿ နိဿရဏံ ယထာ-ဘူတံ နပ္ပဇာနာတိ၊ အတ္တတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာ-တိ နပဿတိ၊ ပရတ္ထမ္ပိ ။၁။ ဥဘယတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ ဒီဃရတ္တံ သဇ္ဈာယကတာပိ မန္တာ နပဋိဘန္တိ၊ ပဂေဝ အသဇ္ဈာယကတာ[၁]။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ ယသ္မိံ သမယေ၊ အကြင်အခါကာလ သမယ၌။ ထိနမိဒ္ဓပရိယုဋ္ဌိတေန၊ ထိနမိဒ္ဓသည် လွမ်းမိုးနှိပ်စက်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ (ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတဲ့ ပုဂ္ဂိုလ်တဲ့) ထိနမိဒ္ဓပရေ-

---

၁။ သံ-၃၊ ၁၀၇။ အံ-၂၊ ၂၀၃။

http://www.dhammadownload.com

တေန၊ ထိနမိဒ္ဓသို့ အစဉ်လျှောက်၍ လိုက်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နသာ၊ ဖြစ်ပေါ်၍နေသော။ ထိနမိဒ္ဓသာ၊ ထိနမိဒ္ဓစိတ်၏။ နိဿရဏံ၊ လွတ်မြောက်ရာကို။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ နပ္ပဇာနာတိ၊ မသိ။ တသ္မိ သမယေ၊ ထိုထိနမိဒ္ဓစိတ်တွေ လွှမ်းမိုး၍နေသော အခါသမယ၌။ အတ္တတ္ထမ္ပိ၊ မိမိ၏အကျိုးစီးပွါးကိုလည်း။ ယထာဘူတံ၊ ဟုတ်မှန်တဲ့အတိုင်း။ န ဇာနာတိ၊ မသိ။ န ပဿတိ၊ မမြင်။ ပရတ္ထမ္ပိ၊ သူတပါးအကျိုးစီးပွါးကိုလည်း။ န ဇာနာတိ န ပဿတိ၊ မသိ မမြင်။ ဥဘယတ္ထမ္ပိ၊ မိမိသူတပါးနှစ်ဦးသားတို့ရဲ့ အရဟတ္တဖိုလ် ပေါက်နိုင်တယ်ဆိုတဲ့ အကျိုးစီးပွါးကိုလည်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ န ဇာနာတိ န ပဿတိ၊ မသိမမြင်တော့ဘူး။

ထိနမိဒ္ဓလွှမ်းမိုးက မဂ်ဖိုလ်မှဝေးပုံ။ ။မိမိအကျိုးစီးပွါးဆိုတာ ဘာလဲ အရဟတ္တဖိုလ် တည်းဟူသော အကျိုးစီးပွါးကို ဆိုလိုတယ်၊ အဋ္ဌကထာကဖွင့်ပေးထားတယ်၊ ထိနမိဒ္ဓလွှမ်းမိုးနေတဲ့ ပုဂ္ဂိုလ် သိပါဦးတော့မလား (မသိတော့ပါဘုရား)၊ ဒီတော့ ဘုန်းကြီးတို့အမျိုးကောင်းသား အမျိုးကောင်းသမီးများ ရှည်မြင့်စွာသော ကာလပတ်လုံး တရားအားထုတ်ပေမဲ့ စာကျက်ပေမဲ့ တရားရဦးမလား စာရပါဦးမလား (မရနိုင်ပါဘုရား)၊ ဘာဖြစ်လို့လဲ (ထိနမိဒ္ဓလွှမ်းမိုးနေလို့ပါဘုရား)။

ထိနမိဒ္ဓမှာလဲ ခွါနည်းက နှစ်မျိုးဘဲရှိတယ်၊ ဝိက္ခမ္ဘနနိဿရဏနဲ့ သမုစ္ဆေဒနိဿရဏ၊ ထိနမိဒ္ဓလုံးလုံးကင်းတာက ရဟန္တာကျတော့မှဘဲ ထိနမိဒ္ဓသမုစ္ဆေဒဖြစ်တယ်နော် (မှန်ပါဘုရား)။

ဝိက္ခမ္ဘနနဲ့ ခေတ္တကွာချင်တယ်ဆိုရင်တော့ဖြင့် အလင်းရောင်ကလေးကို ကြည့်ကြည့်ပေးမယ်ဆိုရင် ထိနမိဒ္ဓကင်းနိုင်တယ်လို့ဆိုပြီး ဒီလိုခွါထားတယ်၊ ထိနမိဒ္ဓဿ အာလောကသညာ ဝိက္ခမ္ဘနနိဿရဏံ-လို့ ထိနမိဒ္ဓကို တဒင်္ဂနဲ့ ခွါနည်း ဒီလောက်ဘဲပြတယ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာဆရာကြီးက ဟိုမဟာဝဂ္ဂအဋ္ဌကထာ မဟာသတိပဋ္ဌာန်သုတ် အဖွင့် နှာ (၃၇၀) ကျတော့ ထိနမိဒ္ဓပယ်နည်းကို အပိစ ဆဓမ္မာ ထိနမိဒ္ဓဿ ပဟာနာယ သံဝတ္တန္တိ အတိဘောဇနေ နိမိတ္တဂ္ဂါဟော, ဣရိယာပထသမ္ပရိဝတ္တနတာ, အာလောကသညာမနသိကာရော, အဗ္ဘောကာသဝါသော, ကလျာဏမိတ္တတာ, သပ္ပါယကထာလို့ ခြောက်မျိုးပြပါတယ်၊ အဓိပ္ပါယ်ကတော့ အလွန်အကျွံ စားသောက်ခြင်းကိုရှောင်၍ မျှတအောင်စားခြင်း၊ ဣရိယာပုထ်ပြောင်းပေးခြင်း၊ အလင်းရောင်ကို နှလုံးသွင်းခြင်း၊ လွင်တီးခေါင်အရပ်၌နေခြင်း၊ မိတ်ကောင်းရှိခြင်း၊ သင့်လျော်သောစကားကိုရခြင်းလို့ ခြောက်မျိုးပြပါတယ်။ ဟုတ်လား (မှန်ပါဘုရား)။ ကဲ ရှေ့သွားရအောင်၊ အဲဒီလို ထိနမိဒ္ဓတွေ လွှမ်းမိုးပြီးတော့နေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်ဟာ ဘယ့်နယ်ဖြစ်နေသလဲဆိုတော့ မြတ်စွာဘုရားက ဥပမာပြတယ်။

http://www.dhammadownload.com

သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော သေဝါလပဏကပရိယောနဒ္ဓေါ၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နာ ဇာနေယျ နာ ပဿေယျ[1]။

ပုဏ္ဏားကြီး ဥပမာတခုပြောမယ်တဲ့-ထိန်မိဒ္ဓသမားကို—

ဗြာဟ္မဏ၊ ပုဏ္ဏား။ သေယျထာပိ၊ ဥပမာကား။ ဥဒပတ္တော၊ ရေပြည့်နေသောခွက်သည်။ သေဝါလပဏကပရိယောနဒ္ဓေါ၊ မှော်သေး မှော်ဖုံးတို့ဖြင့် အပေါ်က မွေးယှက်၍ထားအပ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုမှော်တွေဖုံးနေတဲ့ရေခွက်၌။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ သကံ မုခနိမိတ္တံ၊ မိမိမျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ရှုကြည့်ဆင်ခြင်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ နာ ဇာနေယျ နာ ပဿေယျ၊ မသိ မမြင်နိုင်တော့ရာ။

မြင်ပါဦးမလား (မမြင်ပါဘုရား)၊ ဘာဖြစ်လို့လဲ မှော်တွေဖုံးနေလို့။ အဲဒီလို ထိန်မိဒ္ဓတွေဖုံးနေတဲ့ပုဂ္ဂိုလ်ဟာလဲ တရားအားထုတ်လို့မရဘူး စာကျက်လို့လဲမရဘူးနော် (မှန်ပါဘုရား)၊ ခုနက စောစောပိုင်းကပြောခဲ့တဲ့ ထိန်မိဒ္ဓလွှတ်မြောက်နည်းနဲ့ လွှတ်မြောက်သွားပြီလို့ဆိုလို့ရှိရင် ပထမစျာန်သမာပတ်ကိုရလို့ ခုန ရှုပီ ရှုပါနိ ပဿတိဆိုတဲ့ ရှုပစျာန်ရနေတဲ့ပုဂ္ဂိုလ်က သမာပတ်အတွင်းမှာ အဲဒီ ထိန်မိဒ္ဓမှ လွှတ်မြောက်နေပြီးဖြစ်သောကြောင့် ဒါဝိမောက္ခပါပဲတဲ့၊ ဘာကျန်သေးသလဲ၊ ဥဒ္ဒစ္စကုက္ကုစ္စကျန်နေသေးတယ်။

ဥဒ္ဒစ္စကုက္ကုစ္စရှင်းချက်။ ။ဥဒ္ဒစ္စကုက္ကုစ္စဆိုတာ ဘာလဲ ဥဒ္ဒစ္စဆိုတာ စိတ်ကပျံ့လွင့်တယ်။ ကုက္ကုစ္စဆိုတာ စိတ်ထဲမှာ ပူပန်ချောက်ချားနေတယ်၊ တအုံနွေးနွေး ဖြစ်နေတယ်၊ ဒေါသနှင့်ယှဉ်တယ် သူက၊ ဥဒ္ဒစ္စဆိုတာက စိတ်ကပျံ့လွင့်နေတယ်၊ ဟိုရောက်ဒီရောက်နဲ့ လေလွင့်နေတဲ့စိတ်ပေါ့၊ အဲဒီဥဒ္ဒစ္စသမားဟာ ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီးတို့ပရိသတ် သိနေကြတဲ့အတိုင်းဘဲ စိတ်မနှံ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဥဒ္ဒစ္စသမားတွေဘဲ၊ အဲ့သလိုပုဂ္ဂိုလ်တွေဟာ စာကျက်လို့ တရားအားထုတ်လို့ ရပါ့မလား၊ (မရပါဘုရား)။

ကုက္ကုစ္စ ဆိုတာ စိတ်က ပူပန်ချောက်ချားနေတယ် မကျေနပ်ချက်တွေကို မျိုသိပ်ပြီးတော့ ထားရတဲ့အတွက် တကထဲ ယမ်းအိုးကြီး ကွဲထွက်သွားမတတ် ဒီလိုကို ဖြစ်နေတယ်၊ မကျေနပ်ချက်တွေကို မျိုမျိုအောင့်အောင့် ထားရတယ်၊ အဲဒီလို အောင့်ပြီး ထားတော့ စိတ်ထဲ ဘယ်နယ်ဖြစ်နေသလဲ ဆိုတော့ မကျေနပ်ချက်တွေကို အောင့်အောင့် ထားရတော့ ချောက်ချားမှုတွေ စိတ် ပူပန်မှုတွေ

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၁၀၇။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒု-တွဲ၊ နှာ-၂၀၃။

http://www.dhammadownload.com

ဖြစ်ဖြစ်နေတယ်၊ အဲဒါ ဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ သဘောကို ပြောပြနေတာ၊ အဲဒီ ဥဒ္ဓစ္စ ကုက္ကုစ္စ ရှိနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲတဲ့ တရား အားထုတ်လို့ မဖြစ်နိုင်ဘူးတဲ့၊ စျာန်တို့, မဂ်တို့, ဖိုလ်တို့ မရနိုင်ဘူးတဲ့—

> ပုန စ ပရံ ဗြာဟ္မဏ ယသ္မိံ သမယေ ဥဒ္ဓစ္စကုက္ကုစ္စပရိယုဋ္ဌိတေန စေတသာ ဝိဟရတိ ဥဒ္ဓစ္စကုက္ကုစ္စပရေတေန၊ ဥပန္နဿ စ ဥဒ္ဓစ္စကုက္ကုစ္စဿ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ။ အတ္တတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ ပရတ္ထမ္ပိ။ ပ။ ဥဘယတ္ထမ္ပိ တသ္မိံ သမယေ ယထာဘူတံ နဇာနာတိ နပဿတိ၊ ဒီဃရတ္တံ သဇ္ဈာယ ကတာပိ မန္တာ နပ္ပဋိဘန္တိ၊ ပဂေဝ အသဇ္ဈာယကတာ[၁]။

ပုဏ္ဏားကြီး ဥဒ္ဓစ္စကုက္ကုစ္စ များနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ မိမိအကျိုးစီးပွါးလဲ မသိ၊ သူတပါးအကျိုးစီးပွါးလဲမသိ၊အရဟတ္တဖိုလ်ပေါက်တဲ့ အကျိုးစီးပွါးနော်၊ မိမိ သူတပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွါးမသိ၊ ဥဒ္ဓစ္စကုက္ကုစ္စရဲ့ လွှတ်မြောက်ရာ ကို မသိသည် ဖြစ်သောကြောင့် - ဒီ ပုဂ္ဂိုလ်ဟာ စာကျက်ပေတဲ့ စာမရနိုင်ဘူး၊ တရားအားထုတ်ပေတဲ့ တရားမရနိုင်ဘူးတဲ့။ ကဲ ဒီတော့ ဒီ ဥဒ္ဓစ္စကုက္ကုစ္စကို ဘယ် နဲ့ လုပ်ပစ်ရမလဲ ဆိုတော့ တစုံတခုသော သမထတရား အမှတ်မရှိသော သမထ တရားတခုသည် ဥဒ္ဓစ္စကုက္ကုစ္စ ပျံ့လွှင့်ခြင်းမှ လွှတ်ခြင်းရဲ့အကြောင်းဘဲ၊ အရဟံ အရဟံ နဲ့ ပုတီးဖြင့်လဲ စိတ်ပစ်လိုက်၊ ဒီလို တရားတွေ ဝင်လာပြီဆိုရင် ဘုရားလဲ ထပြီးတော့ ရှိခိုးပစ်လိုက်၊ တရားဘဲဖြစ်ဖြစ် ထပြီး ဆွေးနွေးပစ်လိုက်၊ မေတ္တာ ဖြင့်လဲ ကောက်ပြီး ပို့လိုက်၊ စာရင်လဲ ကောက်ပြီး ကျက်လိုက်၊ တနည်းနည်း နဲ့တော့ သူကို ငြိမ်းအောင် လုပ်လိုက် လက်ခံမထားနဲ့။

ဥဒ္ဓစ္စကုက္ကုစ္စ ဖျောက်ပုံဥပမာ။ ။နဝကမ္မဝသေန ကိလေသေ ဝိက္ခမ္ဘေတိ။ နောက် ဆုံး ဘယ့်နယ်မှ လုပ်မရရင် တစုံတခု တံမြက်စီး ဖြစ်ဖြစ် ထပြီး လှည်းပစ်လိုက် နော်၊ (မှန်ပါဘုရား)။

ဒီ ဥဒ္ဓစ္စ ကုက္ကုစ္စတွေ ပျောက်သွားရအောင် ပူပန်ချောက်ချားမှုတွေ၊အဲသလို စိတ်တွေ ပျံ့လွှင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ဒီလိုမှ မလုပ်ဘဲ ဒါကို လက်ခံထားမယ်ဆိုရင် ဒီပုဂ္ဂိုလ်ရဲ့စိတ် ဘယ့်နယ် ဖြစ်မလဲ၊ မြတ်စွာဘုရားက ဥပမာပြတယ် ပုဏ္ဏားကြီးကို နော်၊ (မှန်ပါဘုရား)။

> သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော ဝါတေရိတော စလိတော ဘန္တော ဦမိဇာတော၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စ-ဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ[၁]။

၁။ မဟာ ဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ နှာ-၁၀၇-၈။ အင်္ဂုတ္တိုရ်ပါဋ္ဌိတော်၊ ဒု-တွဲ၊ နှာ၂၀၄။

http://www.dhammadownload.com

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေဃျထာပိ၊ ဥပမာ ငါဘုရားပြဦးမယ်။ ဝါတေရိတော၊ လေတိုက်ခတ်အပ်သော။ စလိတော၊ တုန်လှုပ်၍ နေသော။ ဘန္တော၊ ချောက်ချား၍ နေသော။ ဉီမိဇတော၊ လှိုင်းတံပိုးတွေ ထ၍နေသော။ ဥဒပတ္တော၊ ရေခွက်သည်။ အတ္ထိ၊ ရှိတယ်ဆိုပါတော့။

ရေခွက်ထဲက ရေ ဘာဖြစ်နေသလဲ လေတိုက်ပြီးတော့ လှုပ်ရှားနေတယ်၊ လှိုင်းတွေ ထနေတယ်၊ အဲဒီ ရေခွက်ထဲ မိမိမျက်နှာကို ငုံ့ကြည့် မြင်မလား, မမြင်ဘူးလား၊ (မမြင်ရပါဘုရား)။

ဥဒ္ဒစ္စ ကုက္ကုစ္စ ဖြစ်နေတဲ့ ပုဂ္ဂိုလ်ရဲ့စိတ်က လှိုင်းထနေတဲ့စိတ်၊ လှိုက်လှိုက်လှိုက်လှိုက်နဲ့ ခုနက မကျေနပ်တဲ့ စိတ်တွေ အောင့်ထားရတာကိုး၊ အပြင်ဘက် ဖွင့်လှိုကလဲ မဖြစ်, ပြောလှိုကလဲ မဖြစ်၊ ဘယ်နဲ့လဲ ဘုန်းကြီးတို့ ပရိသတ်။ အဲဒီ ဥဒ္ဒစ္စ ကုက္ကုစ္စက ဘာနဲ့ တူသလဲလို့ ဆိုတော့ လေတိုက်နေတဲ့ ရေခွက် လှိုင်းတွေထနေတဲ့ ရေခွက်ထဲ မိမိ မျက်နှာရိပ်ကို ငုံ့ကြည့်၊ မြင်ရမလား (မမြင်ရပါဘုရား)။

ငြိမ်သက်နေတဲ့ ရေခွက်ဆိုရင်တော့ မြင်ရပါတယ်၊ ဥဒ္ဒစ္စ ကုက္ကုစ္စ မရှိတဲ့ စိတ် မျိုးဆိုရင် တရားအားထုတ်လို့ ရတယ်၊ စျာန်တရား မဂ်တရား ဖိုလ်တရားတွေ ရနိုင်တယ်တဲ့၊ စျာန်တရား မဂ်တရား ဖိုလ်တရားကို မရနိုင်တဲ့ အဲဒီ ဥဒ္ဒစ္စနဲ့ ကုက္ကုစ္စဘဲ ဟုတ်လား၊ (မှန်ပါဘုရား)။

အကျိုးစီးပွါးတွေကို ဖျက်ဆီးပစ်နေတာ ဒီ ဥဒ္ဒစ္စ ကုက္ကုစ္စ၊ သူများ မဟုတ်ဘူး။ ဒီတော့ ကိုယ့်အကျိုးစီးပွါးကို ဖျက်ဆီးနေတဲ့ ဥဒ္ဒစ္စ ကုက္ကုစ္စကို လက်ခံ မထားပါနဲ့ ဘယ် နယ်လုပ်ရမလဲလို့ဆိုတော့ ကမ္မဋ္ဌာန်းတရား တခုခုကို နှလုံးသွင်းပြီးတော့ ပယ်ပစ်ရမယ် နော်၊ (မှန်ပါဘုရား)။

ဥဒ္ဒစ္စကို အမြစ်ပြတ်အောင် ပယ်နိုင်တာကတော့ဖြင့် အရဟတ္တမဂ်၊ ကုက္ကုစ္စကို အမြစ်ပြတ်အောင် ပယ်နိုင်တာကတော့ဖြင့် အနာဂါမိမဂ်။ ဒါ သမုစ္ဆေဒနိဿရဏာကို ပြတယ် ဟုတ်လား (မှန်ပါဘုရား)။ ကိုင်း အဲဒီ ဥဒ္ဒစ္စ ကုက္ကုစ္စတွေ ကင်းအောင် ဒီ ဥဒ္ဒစ္စ ကုက္ကုစ္စက ရှုပြီ ရှုပါနိ ပဿတိ-လို့ ရွတ်ထားတဲ့ ပါဠိတော်စကား က ရှုပြီ၊ ရှုပစျာန်ရှိသော ပုဂ္ဂိုလ်သည်။ ရှုပါနိ၊ ရှုပစျာန်တို့ကို။ ပဿတိ၊ စျာန်စက္ခုဖြင့် ရှု၍ နေ၏။ အဲဒီ ဥဒ္ဒစ္စ ကုက္ကုစ္စက လွတ်နေပြီး ဖြစ်သောကြောင့် သူဟာ ပထမ ဝိမောက္ခပါဘဲ၊ ဟုတ်လား ဒါ ဝိမောက္ခ တခု။

ဝိမောက္ခက ဘယ်နှစ်မျိုးလဲ (ရှစ်မျိုးပါဘုရား)။ ခုထိ တခုတောင် မပြီးသေးဘူး-နော်၊ ဘာကျန်သေးသလဲ ဝိစိကိစ္ဆာ ကျန်မနေဘူးလား (ကျန်နေပါတယ် ဘုရား)။ ဘာလဲ ဝိစိကိစ္ဆာ အာရုံတခုကို လုပ်ငန်းတခုကို တိကျအောင်

http://www.dhammadownload.com

မဆုံးဖြတ်နိုင်တာဟာ ဘာလဲ (ဝိစိကိစ္ဆာပါဘုရား)။ ဒါလေး ငါယူရကောင်း မလား မယူရကောင်းမလား လုပ်ရကောင်းမလား မလုပ်ရကောင်းမလား၊ စာရေးတာကြည့် ရေးတာ ကောင်းမလား မရေးတာကောင်းမလား-လို့ ဆိုတာ သူ့ရေးသေးလား (မရေးပါဘုရား)။ ဟော ရပ်နေပြီ ဟုတ်လား (မှန်ပါဘုရား)။ ဝိစိကိစ္ဆာဟာ ဒီလိုဘဲ တရားအားထုတ်နေရင်း ဝိစိကိစ္ဆာ ဝင်လာပြီ ဆိုရင် ဒီ ဝိစိကိစ္ဆာဟာ သူ့ရပ်နေတော့တယ်၊ တရားအားမထုတ်တော့ဘူးနော် (မှန်ပါဘုရား)။

ဝိစိကိစ္ဆာဖြစ်ပုံ ဥပမာပြချက်။ ။ဒီ ဝိစိကိစ္ဆာနဲ့ ပတ်သက်လို့ နောက်ကလဲ ဘုန်းကြီး အကျယ်ဟောပေးခဲ့ပြီ၊ အဲဒီ ဝိစိကိစ္ဆာတွေ ဝင်လာခဲ့ပြီ ဆိုရင်တဲ့ ဟုတ်မှ ဟုတ်ပါ့မလား၊ အလုပ်လုပ်နေတဲ့ နေရာ ဒီလို လုပ်လို့ ဖြစ်မှ ဖြစ်ပါ့မလား၊ ဟုတ်မှ ဟုတ်ပါ့မလားလို့ သူရပ်မနေဘူးလား (ရပ်နေပါတယ်ဘုရား)။ စဉ်းစားနေတယ်-နော်၊ စဉ်းစားနေတယ် ဆိုတာ အလုပ်လုပ်နေသလား၊ ရပ်နေသလား (ရပ်နေပါတယ်ဘုရား)။ အဲဒီ အလုပ်ရပ်နေတာကို ဥပမာကလေးတခု ဘယ်လိုပြသလဲ၊ အဲဒီ ဝိစိကိစ္ဆာ ဥပမာလေး အင်မတန် ကောင်းလွန်းလို့ ပါဠိတော်မှာပြထားတာ။

လူတယောက်ဟာ နောက်က ရန်သူတွေ လိုက်လာတယ်၊ သူမှာလဲ ဥစ္စာ ပစ္စည်းတွေ ပါလာတယ်၊ နောက်ကလဲ ရန်သူလိုက်လာတော့ သူက မြန်မြန် သွားတယ် ရန်သူလွတ်အောင်၊ ရွာဝင်ကာနီးကျတော့ လမ်းကလေးက ဘယ် ဘက်သွားတဲ့ လမ်းကတခု ညာဘက်သွားတဲ့ လမ်းကတခု ရှိတယ်၊ အဲဒီ လမ်း ကလေး ၂-ခွ ရောက်သွားတော့ သူစိတ်ထဲ ဘယ့်နှဲ့ဖြစ်သွားသလဲဆိုတော့ မြန် မြန် ရောက်ချင်တာကိုး၊ ဘယ်ဘက်လမ်းကသွားရင် မြန်မြန်ရောက်မလား ညာဘက်လမ်းကသွားရင် မြန်မြန်ရောက်မလား ဆိုတာ သူစိတ်ထဲသူ့မစဉ်းစား ပေဘူးလား (စဉ်းစားပါမယ်ဘုရား)။

ဒီတော့ အဲသလို စဉ်းစားနေတဲ့အခါမှာ သူ သွားနေသလား ရပ်နေသလား (ရပ်နေပါတယ် ဘုရား)။ ရပ်နေတော့ နောက်က ရန်သူ လိုက်လာတော့ မြို့ပြိုး သေရော၊ စီးပွါးလဲကုန်ရော-နော် (မှန်ပါဘုရား)။ ပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားသမီးများ ဝိပဿနာတရား အားထုတ်နေတဲ့ပုဂ္ဂိုလ် စာကျက် နေတဲ့ပုဂ္ဂိုလ် စာကျက်ရ ကောင်းမလား၊ ဝိပဿနာအားထုတ်ရရင် ကောင်း မလား ဟိုအာရုံသွားရ ကောင်းမလား၊ ဒီ အာရုံသွားရ ကောင်းမလားနဲ့ အဲဒီလို သာလုပ်နေရင် နောက်က ကိလေသာရန်သူတွေ မြိုလိမ့်မယ်တဲ့၊ ကြိုးစားပြီး တော့သာ အားထုတ်၊ ဟုတ်လား (မှန်ပါဘုရား)။ အဲဒီ ဝိစိကိစ္ဆာရဲ့ လွတ်လပ် ရေးက ဘာလဲဆိုတော့ အဋ္ဌကထာက ဖွင့်ပေးတယ်။

၁။ သံယုတ်၌၊ တ-တို့၊ နှာ-၂၁၀။ အင်္ဂုတ္တိုရ်၌၊ တ-တို့၊ နှာ-၆၇။

http://www.dhammadownload.com

ဓမ္မဝဝတ္ထာန ဉာဏ်။ ။ဝိကွမ္ဘန,သမုစ္ဆေဒ။ ဓမ္မဝဝတ္ထာန ဉာဏ်လို့ ခေါ်တဲ့ ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြားပြီး သိတဲ့အကြောင်းတရားနဲ့ အကျိုးတရားတွေကို ခွဲခြားပြီးတော့ သိတဲ့ဉာဏ်သည် ဝိကွမ္ဘနနိဿရဏ၊ ဝိစိကိစ္ဆာမှ လွတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို သရုပ်အားဖြင့် သိထားတဲ့ ပုဂ္ဂိုလ်သည် အဲဒီ ဝိစိကိစ္ဆာက လွတ်နေပြီ၊ ဓမ္မဝဝတ္ထာန ဉာဏ်သည် ဝိစိကိစ္ဆာမှ လွတ်လပ်ရေးရတဲ့ ကွာထားတဲ့ တရား ဝိကွမ္ဘန နိဿရဏ။ သောတာပတ္တိမဂ်ဉာဏ်သည် ဝိစိကိစ္ဆာက အမြစ်ပြတ်အောင်လွတ်တဲ့ သမုစ္ဆေဒ နိဿရဏ၊ ဒီတော့ သောတာ-ပတ္တိမဂ်ဉာဏ် မရတောင်မှ ဝိစိကိစ္ဆာမှ လွတ်အောင်ဟာ ဝိကွမ္ဘန နိဿရဏ ဆိုတဲ့ ဓမ္မဝဝတ္ထာန ဉာဏ်တော့ဖြင့် ရအောင်တော့ ယူထားကြ-နော် (မှန်ပါဘုရား)။ ဒါ ဓမ္မဝဝတ္ထာန ဉာဏ်။ အကယ်၍များ ဝိစိကိစ္ဆာ လက်ခံသိမ်းပိုက်ပြီး ထားမယ်ဆိုရင် ဒီ ပုဂ္ဂိုလ် ဘယ်လိုဖြစ်မလဲ ဆိုတော့ မြတ်စွာဘုရားက ဥပမာပြပြန်သေး တယ်-နော် (မှန်ပါဘုရား)။

သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အာဝိလော လုဋ္ဌိတော ကလလီ-ဘူတော အန္ဓကာရေ နိက္ခိတ္တော၊ တတ္ထ စက္ခုမာ ပုရိသော သကံ မုခနိမိတ္တံ ပစ္စဝေက္ခမာနော ယထာဘူတံ နဇာနေယျ နပဿေယျ[၁]။

ဗြာဟ္မဏ၊ ပုဏ္ဏားကြီး။ သေယျထာပိ၊ ဥပမာအားဖြင့်။ ဥဒပတ္တော၊ ရေဖြင့် ပြည့်သောခွက်သည်။ အာဝိလော၊ မကြည်လင်သည်။ လုဋ္ဌိတော၊ နောက်ကျုသည်။ ကလလီဘူတော၊ ရွှံနှစ်သဖွယ်ဖြစ်၍ နေသည်။ အန္ဓကာရေ၊ အမိုက်တိုက်ထဲ၌။ နိက္ခိတ္တော၊ ချထားအပ်သည်။ ဟောတိ၊ ဖြစ်လေတော့၏။ တတ္ထ၊ ထိုရေခွက်၌။ စက္ခုမာ၊ မျက်စိ အမြင်ရှိသော သူသည်။ သကံ မုခနိမိတ္တံ၊ မိမိမျက်နှာရိပ်ကို။ ပစ္စဝေက္ခမာနော၊ ကြည့်ရှုဆင်ခြင်သည် ရှိသော်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နဇာနေယျ နပဿေယျ၊ မသိမမြင်နိုင်ရာ။

ဝိစိကိစ္ဆာမှ လွတ်မြောက်ခြင်း။ ။မြတ်စွာဘုရားက ရေခွက်က ဘယ်လိုဖြစ်နေတာလဲ နောက်နေတယ် ရွှံနှစ်တွေလို ဖြစ်နေတယ်၊ အဲဒီ ရေခွက်ထဲ ကိုယ့်မျက်နှာရိပ် ကုန်းကြည့် မြင်နိုင်ပါ့မလား (မမြင်ရပါဘုရား)၊ ဝိစိကိစ္ဆာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ စိတ်နောက်နေတဲ့ ပုဂ္ဂိုလ်ဘဲတဲ့၊အဲဒီလိုဘဲ ဝိစိကိစ္ဆာကို လက်ခံထားမယ်ဆိုရင် စာကျက်လို့ မရတော့ဘူး၊ တရားအားထုတ်လို့လဲ မရတော့ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လဲ မရနိုင်တော့ဘူး၊ စျာန်သမာပတ်လဲ မရနိုင်တော့ဘူး-တဲ့ ဟုတ်လား (မှန်ပါဘုရား)၊ ဘာဖြစ်လို့လဲ ခုပြောခဲ့တဲ့ နီဝရဏက ဖုံးထားလို့ ဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ ခုနပထမစျာန် သမာပတ်ကို ရနေတဲ့ ရူပီ ရူပါနိ ပဿတိ-လို့ ဆိုတဲ့ ပုဂ္ဂိုလ်ကဘော့ဖြင့်

၁။ မဟာဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ နှာ-၁၀၈။ အင်္ဂုတ္တိုရ်ပါဋ္ဌိတော်၊ ဒု-တွဲ၊ နှာ-၂၀၄။

http://www.dhammadownload.com

အဲဒီ ဝိစိကိစ္ဆာက လွတ်မြောက်နေသည် ဖြစ်သောကြောင့် သူသည် ဝိမောက္ခ ပါတဲ့ နီဝရဏတရား (၅)မျိုးက လွတ်မြောက်နေတယ်၊ ဝိမောက္ခ တမျိုး ပြီး သွားပြီနော်၊ နောက် အမျိုးတွေကျတော့ ဘယ်လိုလဲ—

(၂) အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတိ အယံ ဒုတိယော ဝိမောက္ခော။ ဒါ ဒုတိယ ဝိမောက္ခ။ အဇ္ဈတ္တံ၊ မိမိရဲ့သန္တာန်၌။ အရူပသညီ၊ ရုပ်ဟူသော အမှတ်အသားကို မထားသည် ဖြစ်၍။ ဗဟိဒ္ဓါ ရူပါနိ၊ အပ၌ဖြစ်ကုန် သော ပထဝီကသိုဏ်း နီလကသိုဏ်း စတဲ့ ကသိုဏ်းတွေကို။ ပဿတိ၊ ဈာန် စက္ခုဖြင့် ရှု၍ နေ၏။ အယံ၊ ဤသည်ကား။ ဒုတိယော၊ နှစ်ခုမြောက်သော။ ဝိမောက္ခော၊ နီဝရဏ တရား ငါးမျိုးမှ လွတ်နေတဲ့ ဝိမောက္ခ ပါပေတည်း။

ဒုတိယ ဝိမောက္ခ ခေါ်ပုံ။ ။သူကတော့ ဘယ်လိုလဲဆိုတော့ အဇ္ဈတ္တသန္တာန်မှာ သမာပတ်ကို မရှုဘူး၊ ဈာန်နဲ့ မရှုဘူး၊ ဘာရှုသလဲ ဆိုတော့ အပြင်ဘက်မှာ ကသိုဏ်းဝန်းကလေး လုပ်ပြီးတော့ ပထဝီကသိုဏ်း ဆိုပါတော့ အဓိပ္ပါယ် ပထဝီကသိုဏ်း လုပ်နည်းကလေးတွေ ပါသေးတယ်၊ ဒီတော့ ပြောရင်လဲ ဗဟုသုတလောက်ဘဲ ဖြစ်မယ် ဘုန်းကြီးတို့ ပရိသတ်၊ ဒီပထဝီကသိုဏ်း လုပ်မှာမဟုတ်ဘူး၊ ဒီတော့ အဲဒါ ရှိပစေတော့၊ အဲဒီ ကသိုဏ်းဝန်းကလေး လုပ်ပြီးတော့ ပထဝီကသိုဏ်းကို ပထဝီ ကသိဏံ ပထဝီ ကသိဏံ ဆိုပြီးတော့ ဒီလိုဘဲ စီးဖြန်းနေတယ်၊ အဲဒါ ရူပကမ္မဋ္ဌာန်း ရူပဈာန်ဘဲ၊ အဲဒီလို စီးဖြန်းလို့ သူက ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ထိအောင် ရသွားပြီဆိုလို့ ရှိရင် ဟုတ်လား ခုနက ပြောတဲ့ နီဝရဏ ၅-ပါး ဝိတက် ဝိစာရ ပီတိ သုခ ဒုက္ခ တို့က အဆင့်ဆင့် လွတ်သွားပါတယ်။ အဲဒါကို ဒုတိယ ဝိမောက္ခလို့ ခေါ် ပါတယ်။

(၃) တတိယ ဝိမောက္ခဆိုတာ ဘာခေါ်သလဲဆိုတော့ သုဘန္တေဝ အဓိ-မုတ္တော ဟောတိ-တဲ့။ သုဘန္တေဝ၊ တင့်တယ်၏ ဟူ၍သာလျှင်။ အဓိမုတ္တော၊ နှလုံးသွင်း၍ နေသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ တတိယော၊ သုံးခုမြောက်သော။ ဝိမောက္ခော၊ ဝိမောက္ခ ပါပေတည်း။ နှလုံးသွင်းတာကိုက တင့်တယ် တယ်လို့ နှလုံးသွင်းတာ၊ ဘယ်လို နှလုံးသွင်းလဲဆိုတော့ အဲဒီ တတိယ ဝိမောက္ခကို ပဋိသမ္ဘိဒါမဂ် ပါဋိတော်က ဘယ်လိုထင်ရှားအောင် ပြပေးလဲလို့ ဆိုတော့ ကထံ သုဘန္တေဝ အဓိမုတ္တော ဟောတီတိ ဝိမောက္ခော။ ဘယ်လို ဖြစ်တာလဲ-တဲ့ ဒီ-ဝိမောက္ခ။

ဣဓ ဘိက္ခု မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ၊ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ဣတိ ဥဒ္ဓမ-ဓောတိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂ-

http://www.dhammadownload.com

တေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတ္ဝာ ဝိဟရတိ၊ မေတ္တာယ ဘာဝိတတ္တာ သတ္တာ အပ္ပဋိကူလာ ဟောန္တိ။ ကရုဏာသဟဂတေန စေတသာ။ပ။ ကရုဏာယ ဘာဝိတတ္တာ သတ္တာ အပ္ပဋိကူလာ ဟောန္တိ။ မုဒိတာသဟဂတေန စေတသာ။ပ။ မုဒိတာယ ဘာဝိတတ္တာ သတ္တာ အပ္ပဋိကူလာ ဟောန္တိ။ ဥပေက္ခာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတ္ဝာ ဝိဟရတိ။ပ။ ဥပေက္ခာယ ဘာဝိတတ္တာ သတ္တာ အပ္ပဋိကူလာ ဟောန္တိ။ ဧဝံ သုဘန္တေဝ အဓိမုတ္တော ဟောတီတိ ဝိမောက္ခော-တဲ့[၁]။

မေတ္တာကမ္မဋ္ဌာန်းပွါးပုံ။ ။ဤသာသနာတော်မှာ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများတဲ့သူဟာ အရပ်မျက်နှာတခုခုကို မေတ္တာနှင့်တကွ ဖြစ်သောစိတ်ဖြင့် ဖြန့်၍နေ၏၊ ထို့အတူ နှစ်ခုမြောက်သောအရပ်။ ထို့အတူ သုံးခုမြောက်သောအရပ်။ ထို့အတူ လေးခုမြောက်သောအရပ်။ အရပ်လေးမျက်နှာ ထို့အတူဘဲ အထက် အောက် ဖီလာအရပ် အလုံးစုံသော သတ္တဝါတို့၌ မိမိကိုယ်နှင့် ထပ်တူ ထပ်မျှထားသည်ကိုပြု၍ အလုံးစုံသော သတ္တဝါလောကကို မေတ္တာနှင့်တကွဖြစ်သော ပြန့်ပြောသော ကြီးကျယ်များမြတ်သော အတိုင်းအရှည်မရှိသော ရန်ငြိုးမထားသော မကျေနပ်တဲ့ ဒေါသ ဗျာပါဒမှကင်းသော စိတ်ဖြင့် နေ၏။

အဲဒီလို မေတ္တာစိတ်ဖြင့် ပွါးသည့်အဖြစ်ကြောင့် အလုံးစုံသော သတ္တဝါအပေါင်းတို့သည် စက်ဆုပ်ရွံရှာဘွယ်မရှိ ဖြစ်ကုန်၏။ အားလုံးသော သတ္တဝါတွေအပေါ်မှာ မေတ္တာစိတ်နှင့် ဖြန့်ပြီးတော့ မေတ္တာစိတ်ဟာ အားလုံးသော သတ္တဝါတွေပေါ်မှာ ရောက်သွားမယ်ဆိုရင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မတင့်တယ်တဲ့ သတ္တဝါရယ်လို့ ရှိပါဦးမလား (မရှိပါဘုရား)။

ပြီးတော့ ဘုန်းကြီးတို့ ပရိသတ်ထဲမှာ မျက်လုံးထဲမှာ စပါးမွေးစူးနေတဲ့ မတင့်တယ်တဲ့ သတ္တဝါတွေ မြင်မြင်မနေဘူးလား (မြင်နေပါတယ်ဘုရား)။ ဘာဖြစ်လို့လဲ ကိုယ်မေတ္တာမထားနိုင်လို့၊ ဟိုသတ္တဝါကတော့ ဘယ်လိုမှမဖြစ်ဘူး၊ ကိုယ်ကမေတ္တာမထားနိုင်လို့ အဲဒီလိုဖြစ်တာ၊ ဒီတော့ မေတ္တာစိတ်ကလေး မွေးပြီးတော့ ထားပေးလိုက်မယ်ဆိုရင် အလုံးစုံသော သတ္တဝါတွေဟာ တင့်တယ်တယ်ဆိုတဲ့ အဘို့ ရောက်မသွားပေဘူးလား (ရောက်သွားပါတယ်ဘုရား)။

သုဘန္တေဝ၊ အလုံးစုံသော သတ္တဝါတွေဟာ တင့်တယ်တယ်လို့။ အဓိမုတ္တော၊ နှလုံးသွင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသည်ကား။ တတိယော၊ သုံးခု

၁။ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၂၃၅။

http://www.dhammadownload.com

မြောက်သော။ ဝိမောက္ခော၊ ဝိမောက္ခတည်း။ ကရုဏာ မုဒိတာ ဥပေက္ခာတို့မှာ မေတ္တာကို မှီးပြီး သိပါ။

ဘယ်ကလွတ်သလဲ ဒေါသကလွတ်တယ် ဟုတ်လား(မှန်ပါဘုရား)၊ဒါ ဝိမောက္ခ တမျိုး၊ သုံးမျိုးရှိသွားပြီ နော် ဝိမောက္ခ။

(၄) အာကာသာနဉ္စာယတန ဝိမောက္ခ၊

(၅) ဝိညာဏဉ္စာယတန ဝိမောက္ခ၊

(၆) အာကိဉ္စညာယတန ဝိမောက္ခ၊

(၇) နေဝသညာနာသညာယတန ဝိမောက္ခ၊

(၈) နိရောဓသမာပတ်လို့ခေါ်တဲ့ စိတ် စေတသိက် စိတ္တဇရုပ် ဝေဒနာ သညာမှ လွတ်တဲ့ ဝိမောက္ခ-လို့ ဝိမောက္ခ(၈)မျိုး နော် (မှန်ပါဘုရား)။ အဲဒီ ဝိမောက္ခ (၈)မျိုး တို့တွင်-တောဒေယျ မေးထားတဲ့ ပုစ္ဆာက—

ကထံကထာ စ ယော တိဏ္ဏော၊ ဝိမောက္ခော တဿ ကိဒိသော။ ယော ပဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကထံကထာ စ၊ သို့လော သို့လော တွေးတော ယုံမှားခြင်းမှ။ တိဏ္ဏော၊ ကူးမြောက်ပြီး၏။ တဿ ပုဂ္ဂဿ၊ ထိုပုဂ္ဂိုလ်အား။ ကိဒိသော၊ အဘယ်သို့ သဘောရှိသော။ အခုမေးခဲ့တဲ့ (၈)မျိုးသော ဝိမောက္ခ တို့တွင် အဘယ်သို့သဘောရှိသော။ ဝိမောက္ခော၊ ဝိမောက္ခကို။ ဣစ္ဆိတဗ္ဗော၊ အလိုရှိအပ်ပါသနည်း။ ဣတိ၊ ဤသို့။ အာယသ္မာ တောဒေယျော၊ အရှင် တောဒေယျသည်။ ဘဂဝန္တံ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော် မူသော မြတ်စွာဘုရားကို။ ပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်းလျှောက်ထားပါပေ သတည်း။

သာဓု သာဓု သာဓု။

တောဒေယျသုတ္တန် ပဌမပိုင်း ပြီး၏။

http://www.dhammadownload.com

၉-ဇောဒေယျသုတ္တန် ဒုတိယပိုင်း

သာသနာတော်သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅-ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့်စေတီတော်ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာဓမ္မာရုံတော်ကြီးတွင် ဝိပဿနာ အလုပ်ပေး တရားတော်ကို ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တန်ပါတ်ပါဠိတော် ပါရာယန ဝဂ်၌လာသော တောဒေယျသုတ္တန် ဒုတိယပိုင်းတရားတော်။

ဒီသုတ္တန်တရားတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တယ်၊ ဒီတော့ ဒီသုတ္တန်ကို တရားဟော တရားနာပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် ဟောရနာရမှာဖြစ်တဲ့အတွက် ဒီတောဒေယျသုတ္တန်ရဲ့ ပိုင်ရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ရိုသေစွာရှိခိုးကြရအောင် အမျိုးကောင်းသားအမျိုးကောင်းသမီးများ လက်အုပ်ချီထားကြ၊ ဘုန်းကြီးက မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်။ အဲဒီဂုဏ်တော်ထဲ ဘုန်းကြီးရွတ်ဆိုတဲ့အထဲပါတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကိုအာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ရှေးအတိုင်း အနက်ပေးပါ)

သာဓု သာဓု သာဓု။

တောဒေယျပုတ္တား ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော **လျှောက်ထားခြင်း** မြတ်စွာဘုရားကို တောဒေယျက အရှင်ဘုရား အကြင်သို့ သောပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိလေသာကာမ ဝတ္ထုကာမ လို့ခေါ်တဲ့ ထိုကာမဂုဏ်တို့လဲဘဲ မရှိ၊ တဏှာဆိုတဲ့ တရားကလဲဘဲ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ လို့ခေါ်တဲ့ အာရုံခြောက်ပါးနဲ့ ပတ်သက်လို့လဲဘဲ တွယ်တာခြင်း ကပ်ငြိခြင်းဆိုတဲ့ တဏှာလောဘ မရှိ၊ ဘုရား တရား သံဃာဟု ဆိုအပ်သော ရတနာသုံးပါးတို့၌ဌင်း ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ဆိုတဲ့ သစ္စာလေးပါးမြတ်တရား၌ဌင်း ယုံမှားသံသယလဲမရှိ။

http://www.dhammadownload.com

တနည်း ပုဗ္ဗန္တ အပရန္တ ပုဗ္ဗန္တာပရန္တ ဣဒပစ္စယတာပဋိစ္စသမုပ္ပန္နလို့ခေါ်တဲ့ တရားတို့၌ ယုံမှားသံသယလဲမရှိ၊ ကာမဂုဏ်ကလဲ လွန်မြောက်၊ တဏှာကလဲ လွန်မြောက်ပြီးတော့ ယုံမှားခြင်းတွေမှ လွန်မြောက်ပြီးနေတဲ့ပုဂ္ဂိုလ်ရဲ့ ဝိမောက္ခ တရားသည် အဘယ်သို့သော ဝိမောက္ခ ဖြစ်ပါတော့သနည်း မြတ်စွာဘုရားတဲ့၊ ညက ဒီအပိုဒ်ကို ပြောပေးခဲ့ပြီးပြီနော် (မှန်ပါဘုရား)။ ဘုန်းကြီးညကပြောခဲ့တဲ့ ဝိမောက္ခတရား(၈)ပါးမှာ ဘယ်လောက်ကုန်ခဲ့သလဲဆိုတော့—

ရူပီ ရူပါနိ ပဿတီ[၁] ဆိုတဲ့ ဝိမောက္ခ၊ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတီ[၁] ဆိုတဲ့ ဝိမောက္ခ၊ ပြီးတော့ သုဘန္တေ၀ အဓိမုတ္တောာ ဟောတိ၊ အယံ တတိယော ဝိမောက္ခော[၁] လို့ဆိုတဲ့ အဲဒီ ဝိမောက္ခရယ် သုံးပါးကုန်ခဲ့တယ် နော် (မှန်ပါဘုရား)။ ဘယ်နှစ်ပါး ကျန်ခဲ့လဲ (ငါးပါးကျန်ခဲ့ပါတယ်ဘုရား) အဲဒီ ငါးပါးက ဘာလဲ—

အာကာသာနဉ္စာယတနဝိမောက္ခ။ ။အာကာသာနဉ္စာယတနဝိမောက္ခ။အာကာသာနဉ္စာယတန စျာန်ကိုရတဲ့ ပုဂ္ဂိုလ်က အာကာသာနဉ္စာယတနစျာန်ကို ရသည်ဖြစ်သောကြောင့် ရူပသညာတွေက လွတ်မြောက်သွားတယ်ဆိုတဲ့ ဝိမောက္ခကိုရတယ်၊ အာကာသာနဉ္စာယတနစျာန်ဆိုတာ ဘယ်လိုတရားမျိုးလဲဘုရား။

သဗ္ဗသော ရူပသညာနံ သမတိက္ကမာ။ ရုပ်အမှတ်သညာတွေ အကုန်လုံးကွယ်ပျောက်ကုန်ပြီတဲ့၊ ဒီတရားအားထုတ်တဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ တရားအားထုတ်တဲ့ အခါကျတော့ နှာခေါင်းထဲက ထုတ်တဲ့လေ နှာခေါင်းထဲဝင်တဲ့လေဟာ ရုပ်လို့ ဒီလိုသိမထားဘူးလား (သိထားပါတယ်ဘုရား)၊ အဲဒီ ရုပ်အမှတ်သညာ သူမှာ မရှိတော့ဘူးတဲ့ ရူပသညာနံ သမာတိက္ကမာ။

ပဋိဃသညာနံ အတ္ထင်္ဂမာ။ ပဋိဃသညာ လို့ဆိုတာ စက္ခု သောတ ဃာန ဇိဝှါ ကာယလို့ ခေါ်တဲ့ အဲဒီငါးဌာနမှာ ရူပါရုံစသည်နဲ့ လာပြီးတော့ ထိခိုက်ရင် ပဋိဃ၊ ဒီတော့ စက္ခုပသာဒရူပ်မှာ ရူပါရုံနဲ့လာပြီးတော့ ထိခိုက်ရင် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက ဒါရုပ်လို့ မသိဘူးလား (သိပါတယ်ဘုရား)၊ အဲဒီရူပသညာလဲ သူမှာချုပ်နေတယ်၊ စက္ခုနဲ့ရူပါရုံလာပြီးထိခိုက်ပေမဲ့ သူမှာ ဒါ ရုပ်ရယ်လို့ အမှတ်အသားမရှိဘူး၊သောတနဲ့ သဒ္ဒါရုံလာပြီး ထိခိုက်လို့ သူမှာ ရုပ်ဟူသော အမှတ်အသားမရှိဘူး၊ဃာနနဲ့ဂန္ဓာရုံ ဇိဝှါနဲ့ရသာရုံ ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ လာပြီး ထိခိုက်ပေမဲ့ သူမှာ ရုပ်ရယ်လို့ အမှတ်အသားမရှိဘူး၊ အဲဒါကို ပဋိဃသညာနံ အတ္ထင်္ဂမာလို့ ခေါ်တယ်၊ အဲဒီ ပဋိဃသညာတွေ

၁။ အင်္ဂုတ္တိုရ်ပါဠိတော် တ-တွဲ၊နှာ-၁၂၆။

http://www.dhammadownload.com

လာပြီးတော့ ထိခိုက်တဲ့အခါ ရုပ်လို့ မှတ်တဲ့အမှတ်သညာ အကုန်လုံး ချုပ်နေတယ်တဲ့၊ အာကာသာနဉ္စာယတနစျာန်မှာ။

နာနတ္တသညာခေါ်ပုံ။ ။ပြီးတော့ နာနတ္တသညာနဲ့ အမနသိကာရာ-တဲ့ စိတ်ထဲက စိတ်ကူးပြီးတော့ နှလုံးသွင်းနေတဲ့အခါ ရုပ်အမှတ်အသားတွေ ပေါ်လာတတ်သေးတယ်၊ ပထဝီရုပ် အာပေါရုပ် တေဇောရုပ် ဝါယောရုပ် ဆိုတဲ့ အဲဒီ ရုပ် အမှတ်သညာတွေဟာ ပေါ်လာတတ်သေးတယ်၊ စိတ်ထဲကနေပြီးတော့ မျက်လုံးနဲ့ မမြင်ရဘဲနဲ့ နားနဲ့ မကြားရဘဲနဲ့ နှာခေါင်းနဲ့ မနံရဘဲနဲ့ လျှာပေါ်မှာ အရသာမရောက်ဘဲနဲ့ ခန္ဓာကိုယ်မှာလာပြီး မထိမတွေ့ဘဲနဲ့ စိတ်ကူးကြည့်ရုံနဲ့ကိုဘဲ သူက ပထဝီရုပ် အာပေါရုပ် တေဇောရုပ် ဝါယောရုပ်တွေဟာ ဉာဏ်ထဲမှာ လာပြီးတော့ ထင်ရှားလာနိုင်သေးတယ်၊ အဲဒီလို နာနတ္တသညာလို့ ခေါ်တဲ့ အထူးထူး အပြားပြားသော အာရုံတွေကို နှလုံးသွင်းခြင်းကြောင့်လဲ သူမှာ ရုပ်ဆိုတဲ့ အမှတ်သညာမရှိတော့ဘူး။

ပထဝီ အာပေါ တေဇော ဝါယော၊ အဲဒီ တရားတွေဟာ သူရဲ့ဉာဏ်ထဲမှာ ထောက်ရာ တည်ရာကို မရသည်ဖြစ်သောကြောင့် ဒီတရားတွေ ပေါ်မလာဘူးတဲ့၊ မရှိဘူး မဟုတ်ဘူး ရှိတယ်၊ သူရဲ့နာမ်ထဲမှာ မထင်ရှားတာ့၊ အဲဒီလို ပဋိပုဂ္ဂိုလ်ဟာ ဘာက လွတ်နေသလဲဆိုတော့ ရုပ်သညာက လွတ်နေတယ်၊ ဒါကို အာကာသာနဉ္စာယတနသမာပတ္တိ-လို့ ခေါ်တယ်၊ အဲဒီ သမာပတ်က သူစိတ်ထဲ ဘာရှိနေသလဲဆိုတော့ အနန္တော အာကာသော-တဲ့ ကောင်းကင်ပညတ်ကြီး ဟင်းလင်းအပြင်ကြီးသည် အဆုံးမရှိဘူး အစမရှိဘူးလို့ သူစိတ်ထဲမှာ ဒါဘဲ ထင်ရှားရှိနေတယ်၊ အာကာသရုပ်တော့ ရှိနေသေးတယ်၊ ရူပသညာတွေ ကွယ်တယ်ဆိုပေမဲ့ အာကာသရုပ်တွေ သူမှာ ရှိနေသေးတယ်၊ စောစောပိုင်းက ပြောတဲ့ ရုပ်တွေသာ သူက ကွယ်နေတာ။

ဒီတော့ အဲဒီလို ရုပ်တရားတွေမှ လွန်မြောက်နေတာကို အာကာသာနဉ္စာယတနဝိဘင်္ဂ-လို့ စတုတ္ထမြောက် ဝိဘင်္ဂလို့ ခေါ်ပါတယ်။

ဝိညာဏဉ္စာယတနဝိဘင်္ဂ။ ။နောက်တခါ ပဉ္စမဝိဘင်္ဂက ဘာလဲလို့ ဆိုတော့ အာကာသာနဉ္စာယတနစျာန်စိတ်ဆိုတဲ့ အာကာသကို သိနေတဲ့ ဝိညာဏ်မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ သူကို ပဌမာရုပ္ပဝိညာဏ် လို့ ဘုန်းကြီးတို့ စာပေနယ်က သုံးတယ်၊ ပဌမအရူပကို သိနေတဲ့ ဝိညာဏ်၊ ဝိညာဏ်ဆိုတာ ဘာလဲ(သိတာပါဘုရား)၊ ဘာကို သိနေသလဲဆိုတော့ ရုပ်တွေ မရှိတာကို သိနေတာ၊ အဲဒီ ရုပ်မရှိတာ ရုပ်အမှတ်အသားတွေ ကွယ်ပျောက်နေတာကို သိနေတဲ့ ဝိညာဏ်ကို ပထမာရုပ္ပဝိညာဏ်လို့ ခေါ်တယ်၊ အဲဒီ ပထမာရုပ္ပဝိညာဏ်ကိုလဲဘဲ သူက ဘယ်လို ရှုပစ်သလဲဆိုတော့

http://www.dhammadownload.com

အာကာသာနဉ္စာယတနစျာန်က ကျော်သွားပြီး ပဿမာရုပ္ပဝိညာဏ်ရဲ့ အဆုံး အပိုင်းအခြား မရှိတာကို အာရုံပြုပြီးတော့ ဝိညာဏ် အနန္တ-လို့ ရှုနေတယ်၊ ဝိညာဏ်၊ ပထမာရုပ္ပဝိညာဏ်သည်။ အနန္တ၊ အဆုံး အပိုင်းအခြား မရှိ၊ အစ မရှိဘူး အဆုံးမရှိဘူး။

ဒီဝိညာဏ် ဒီတရားမျိုး ရှုနေတာသည် ဝိပဿနာမဟုတ်ဘူး၊ သမထ။ အခု ပြောပေးနေတာ သမာပတ်(၈)ပါးကို ပြောပေးနေတာဖြစ်တော့ ဝိမောက္ခ (၈)ပါးကို ပြောပေးနေတာ ဖြစ်တော့ ဒီအတိုင်းဘဲ ပြောပေးနေရမယ်၊ ဘယ့်နယ် ဝိပဿနာတရား လာနာတဲ့ဥစ္စာ ဘယ့်နယ် သမထတွေ လာပြောနေ ပါလိမ့်ဆိုပြီး ဒီလို အပြစ်မတင်မိကြစေနဲ့-နော်၊ ပါဠိတော်မှာ ရှိနေတာကို ပြောပေးနေတာ ချန်မထားခဲ့ချင်လို့၊ အဲဒီ ဝိမောက္ခက ဘယ်လို ဝိမောက္ခလဲ-လို့ ဆိုတော့ အာကာသာနဉ္စာယတနစျာန်က သူက လွတ်နေတဲ့ ဝိမောက္ခပါတဲ့၊ ဝိညာဏဉ္စာယတနစျာန်က-နော်(မှန်ပါဘုရား)။

အာကိဉ္စညာယတနဝိမောက္ခ။ ။ပြီးတော့ ဘယ်စျာန်က လွတ်သွားပြန်လဲ ဆိုတော့ အဲဒီ ဝိညာဏဉ္စာယတနစျာန်က လွတ်ပြီးတော့ ဝိညာဏ်လဲ မရှိတော့ဘူး၊ ဟိုနေ့က ဥပသီဝရသေ့ကို ဟော သလိုဘဲ ဟုတ်လား နတ္ထိ ကိဉ္စိ နတ္ထိ ကိဉ္စိ ဘာမှ သိစရာမရှိ၊ ဝိညာဏဉ္စ စိတ် ကလေးကလဲ မရှိ၊ သိစရာအာရုံလဲ မရှိ၊ နတ္ထိဘောဝပညတ်ကို သွားပြီးတော့ သိနေတယ်၊ ဒီတော့ သူ ဘယ်က လွတ်သွားလဲ ဝိညာဏဉ္စာယတနစျာန်က လွတ် မသွားဘူးလား (လွတ်သွားပါတယ်ဘုရား)၊ အဲဒါကို (၆) ခုမြောက်ဖြစ်တဲ့ ဝိမောက္ခတဲ့၊ အာကာသာနဉ္စက (၄) ခုမြောက်၊ ဝိညာဏဉ္စက (၅)ခုမြောက်၊ အာကိဉ္စညာက(၆)ခုမြောက်။

နေဝသညာနာသညာယတနဝိမောက္ခ။ ။အဲဒီလို သူက ဆက် ရှုသွားရင် အဲဒီ အာကိဉ္စညာယတနက လွတ်သွားပြီး တော့ အမှတ်သညာရှိတာလဲ မဟုတ် မရှိတာလဲ မဟုတ် နေဝသညာနာသညာ၊ အဲဒီ အဓိပ္ပါယ်က ဘာလဲ ရှိရင်လဲရှိ မရှိရင်လဲ မရှိဘူးပေါ့ ဆိုတော့ သညာလဲ မရှိဘူး၊ သညာလဲ ရှိနေတယ် ဆိုလိုတဲ့အဓိပ္ပါယ်။

ဥပမာ–ဘုန်းကြီးပြောဦးမယ် ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုး ကောင်းသမီးများ ပုလင်းတခုထဲမှာ ရေနံဆီထည့်၊ အဲဒီ ရေနံဆီတွေကို အကုန် သုန်ပလိုက်၊ဒီပုလင်းထဲမှာ ရေနံဆီကျန်သေးလား(မရှိတော့ပါဘုရား)နည်းနည်း ပါးပါး အကပ်အသတ်ကလေးတော့ မကျန်ဘူးလား (ကျန်ပါတယ်ဘုရား)၊အဲဒီ ရေနံဆီထည့်တဲ့ ပုလင်းကို ပျားရည်ထည့်ချင်လို့ ရေနံဆီပုလင်း ယူခဲ့စမ်းပါဆို တော့ ပုလင်းထဲမှာ ရေနံဆီနဲ့လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)၊ ပြော

http://www.dhammadownload.com

တယ်နော် ပျားရည်ထည့်ဘို့ ပုလင်းဟာလဲ ရေနံနဲ့ပါလားလို့ မပြောဘူးလား (ပြောပါတယ်ဘုရား)၊ ကဲ တာဖြင့် ဒီရေနံတွေ သုံးဘို့ယူခဲ့စမ်းပါ ရေနံပုလင်းထဲ ရေနံရှိသေးလားဆိုရင် ဘယ့်နယ်ပြောမလဲ (မရှိပါဘုရား)၊ မရှိဘူး။ ဒါဖြင့် ဒီပုလင်းထဲမှာ ရေနံဆီရှိသလား မရှိဘူးလား(ရှိလဲရှိ မရှိလဲမရှိပါဘုရား)၊ဥပမာကို သဘောပေါက်ပလား (မှန်ပါဘုရား)။

အဲဒီလိုဘဲ နေဝသညာ နာသညာယတန စျာန်ကို ရောက်နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ တစုံတခုသော အာရုံကို မှတ်သားမိလောက်အောင် အမှတ်သညာ သူ့မှာမရှိဘူး၊ သုံးလောက်အောင် အမှတ်သညာ မရှိဘူးလို့ ဆိုလိုတဲ့ အဓိပ္ပါယ်က နော် (မှန်ပါဘုရား)၊ ကဲ ဒါဖြင့် သူ့မှာ အမှတ်သညာမရှိရင် သညာနိဗ္ဗောဓများ ဖြစ်နေမလား အကုန်လုံးသညာတွေ ချုပ်ကုန်မလားလို့ ဆိုတော့ မချုပ်သေးဘူး ရှိနေသေးတယ် နော် (မှန်ပါဘုရား)၊ ဒါကို နေဝသညာ နာသညာယတန ဝိဘင်္ဂလို့ ခေါ်တယ်၊ ဘယ်က လွတ်နေလို့လဲ ခုန အာကိဉ္စညာယတနာလို့ခေါ်တဲ့ နတ္ထိဘော ပညတ်က လွတ်နေလို့၊ ဝိဘင်္ဂ ဘယ်နှစ်ပါးရှိသွားပြီလဲ (၇-ပါးပါဘုရား)၊ နောက်တခုက ဘာလဲလို့ ဆိုတော့ –

နိဗ္ဗောဓသမာပတ္တိ ဝိဘင်္ဂ။ ။သညာဝေဒနာ ချုပ်နေတဲ့ နိဗ္ဗောဓသမာပတ် ဖြစ်တယ်၊ သညာကို မရှိတော့ဘူး၊ သူကချုပ်နေတယ်၊ ခုနက နေဝသညာနာသညာ လို့ မဟုတ်ဘူး ရှိလဲရှိ, မရှိလဲမရှိ မဟုတ်ဘူး၊ ရှိကို မရှိဘူး။ သညာဝေဒနာလဲ ချုပ်တယ် ကိုယ်နဲ့လဲ မခံစားဘူး စိတ်နဲ့လဲ မခံစားဘူး ကာယိကဝေဒနာ စေတသိကဝေဒနာတွေ အကုန် ချုပ်ပြီးတော့ သက်သက်ချမ်းသာနေတဲ့ ချမ်းသာတဲ့ အဲဒီချမ်းသာက။ ဒီတော့-နိဗ္ဗောဓသမာပတ်လို့ ဆိုတာ သညာနဲ့ ဝေဒနာချုပ်တာကို -နိဗ္ဗောဓသမာပတ်လို့ ခေါ်တယ် ချုပ်တယ်ဆိုတာ မရှိဘူး၊ နိဗ္ဗောဓသမာပတ် ဝင်စားနေတဲ့ ပုဂ္ဂိုလ်မှာ သညာ မရှိဘူး ဝေဒနာ မရှိဘူး၊ အဲဒါကြောင့် လက်သည်းနဲ့သွား ဆိတ်ကြည့်တော့ မနာဘူး၊ မီးနဲ့မြို့က် မလောင်ဘူး အဓိဋ္ဌာန်ကလဲ ရှိတယ်။

ဥပမာ ဘယ်လိုလဲ ခုန ရေနံဆီပုလင်းဟာ ရေနံဆီပုလင်းကို နမ်းကြည့်လိုက်ရင် အဲဒီ ရေနံဆီ အနံ့ကို ယူလိုက်တာသည် ဃာနသမ္ဖဿဇဝေဒနာ၊ ဒီတော့ ဒီဝေဒနာရှိနေသလား ရှိမနေဘူးလား (ရှိနေပါတယ်ဘုရား)၊ ရေနံဆီတော့ ရှိသေးလား၊ (မရှိပါဘုရား)၊ အခု နိဗ္ဗောဓသမာပတ်ကို ရောက်သွားတဲ့ ပုဂ္ဂိုလ်က သညာရော ဝေဒနာရော ချုပ်သွားတယ် ဆိုတာ ရေနံဆီလဲ မရှိဘူး ရေနံ အနံ့လဲမရှိဘူး၊ အဲဒီ သဘောမျိုး နော် (မှန်ပါဘုရား)၊အကုန်လုံး စင်ကြယ်သွားပြီ၊ အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဝေဒနာလဲ မရှိတော့ဘူး သညာလဲ မရှိတော့ဘူး၊အဲဒါ သက်သက် ချမ်းသာနေတယ်၊သညာဝေဒနာက လွတ်ပြီးတော့ ချမ်းသာနေတဲ့ ချမ်းသာ နိဗ္ဗောဓသမာဖတ်၊ အဲဒါကိုလဲဘဲ ဝေဒနာသညာကလွတ်

http://www.dhammadownload.com

မြောက်နိုင်သည်ဖြစ်သောကြောင့် အဋ္ဌမမြောက်ဖြစ်တဲ့ ဝိမောက္ခပါတဲ့ (မှန်ပါဘုရား)။

ခုပြောခဲ့တဲ့ ဝိမောက္ခ တရား (၈) မျိုးတို့တွင် ခုနက ရာဂလဲမရှိ တဏှာလဲ မရှိဘူး ကာမဂုဏ်လဲ မရှိဘူး၊ ဝိစိကိစ္ဆာလဲ လွန်မြောက်နေတဲ့ပဂ္ဂိုလ်ဟာ ဘယ် ဝိမောက္ခမျိုး ရောက်နေပါသလဲ ဘုရားလို့ ဟိုတောဒေယျက မေးတာ နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရား ဟောလိမ့်မယ်—

ယသ္မိ ကာမာ န ဝသန္တိ၊ တဏှာ ယဿ န ဝိဇ္ဇတိ။
ကထံကထာ စ ယော တိဏ္ဏော၊ ဝိမောက္ခော တဿ နာပရော။

တောဒေယျ၊ တောဒေယျ ရသေ့။ ယသ္မိ ပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ကာမာ၊ ဝတ္ထုကာမ ကိလေသာကာမ ထိုနှစ်ဝ တို့သည်။ န ဝသန္တိ၊ ကိန်းအောင်းသကဲ့သို့သော အားဖြင့် မရပ်တည်ကုန်။ မရှိကြကုန်။ (ဝတ္ထုကာမ ကိလေသာကာမ အနုသယပါ ပျောက်နေပြီတဲ့ ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ) ယဿ ပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏ သန္တာန်၌။ တဏှာ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ဓမ္မ တဏှာ ဆိုတဲ့ တဏှာ ၆-ပါးသည်။ န ဝိဇ္ဇတိ၊ မရှိ။ (ဘယ်တရားပေါ်မှ ငါ ငါ့ပစ္စည်းလို့ စွဲလမ်းအားထားတာ မရှိဘူး၊ တဏှာချုပ်တယ် အဲဒီပုဂ္ဂိုလ်) ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ကထံကထာ စ၊ သစ္စာလေးပါး၌ ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာမှလည်း။ တိဏ္ဏော၊ ကူးမြောက်၍ ပြီး၏။ (ရဟန္တာဖြစ်နေပြီ၊ အဲဒီ ပုဂ္ဂိုလ်) တဿ ပုဂ္ဂလဿ၊ ထိုကဲ့သို့သော တဏှာကင်း ရာဂကင်း ဝိစိကိစ္ဆာကင်း ချုပ်ငြိမ်းနေသော ပုဂ္ဂိုလ်၏။ဝိမောက္ခော၊ အရဟတ္တဖိုလ် ဝိမောက္ခသည်။ ဟောတိ၊ ဖြစ်၏။ အပရော၊ တပါးသော ဝိမောက္ခသည်။ န ဟောတိ၊မရှိတော့ပေ။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်သည်။ ဝိသဇ္ဇေတိ၊ ဖြေကြားတော်မူလိုက်ပေသတည်း။

သာဓု သာဓု သာဓု။

ဘုရားရှင်အဖြေ။ ။သင်ပြောတဲ့ ပထမဈာန်ဝိမောက္ခလဲ သူမှာ မရှိဘူးတဲ့၊ ခုနပြောတဲ့ ဝိမောက္ခ(၈)မျိုးနော် (မှန်ပါဘုရား)၊ အဲဒီ ဝိမောက္ခ(၈)မျိုး ဘယ်ဝိမောက္ခ ရှိပါသလဲလို့ မေးတာ၊ အဲဒီ ဝိမောက္ခ (၈)မျိုး တမျိုးမှ သူမှာ မရှိတော့ဘူး နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရား ဖြေတာ၊ တဏှာကင်းနေတဲ့ ပုဂ္ဂိုလ်မှာ ဘယ်ဝိမောက္ခမှ မရှိဘူး၊ ပထမဈာန်ဝိမောက္ခ ဒုတိယဈာန် တတိယဈာန်ဝိမောက္ခ၊ ခုနပြောတဲ့ ရူပီ ရူပါနိ ပဿတိ စတဲ့ အဲဒီ ဝိမောက္ခတွေ သူမှာ မရှိဘူး၊ ဘာရှိသလဲဆိုတော့ အရဟတ္တဖိုလ် ဝိမောက္ခ။

http://www.dhammadownload.com

ဝိမောက္ခ ၃-မျိုး။ ။အရဟတ္တဖိုလ် ဝိမောက္ခဆိုတာ တမျိုးပြောထားတာ ရှိသေးတယ်၊ သဂါထာဝဂ္ဂသံယုတ်မှာ နိမောက္ခသုတ္တန်ဆိုပြီး မြတ်စွာဘုရား ဟောထားတာရှိတယ်၊ နိမောက္ခနဲ့ ဝိမောက္ခဟာ အတူတူဘဲ၊ နိ-ဆိုတဲ့ ဥပသာရပုဒ်နဲ့ ဝိ-ဆိုတဲ့ ဥပသာရပုဒ် ဒါဘဲ ထူးတယ်၊ အဲဒီ နိမောက္ခသုတ္တန်ကို မဟောခင် ဝိမောက္ခသုံးမျိုးကို ပြောပေးဦးမယ်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်က လာတာ။

သုညတဝိမောက္ခ တမျိုး အနိမိတ္တဝိမောက္ခ တမျိုး အပ္ပဏိဟိတဝိမောက္ခတမျိုး၊ ဘုန်းကြီးတို့ပရိသတ် ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား)။

သုညတဝိမောက္ခ။ ။ဝိမောက္ခဆိုတာ ဘာကိုခေါ်သလဲ၊ ဆန့်ကျင်ဘက်တရားတို့မှ လွတ်လပ်မှုကို ဝိမောက္ခလို့ ခေါ်သည်၊ အဲဒီဝိမောက္ခသည် သုညတ အနိမိတ္တ အပ္ပဏိဟိတလို့ သုံးမျိုးတဲ့၊ အဲဒီ သုံးမျိုးထဲမှာ သုညတဝိမောက္ခဆိုတာ ဘာကို ခေါ်သလဲဆိုတော့—

> ဣမ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ"တိ၊ သော တတ္ထ အဘိနိဝေသံ န ကရောတိတိ သုညတော ဝိမောက္ခော။ အယံ သုညတော ဝိမောက္ခော[1]။

ဣမ၊ ဣသာသနာတော်၌။ ဘိက္ခု၊ ကိလေသာတို့ကို ဖျက်ဆီးတတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ အရညဂတော ဝါ၊ တောအရပ်သို့ကပ်၍သော်၎င်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်၍သော်၎င်း။ သုညာဂါရဂတော ဝါ၊ အာရုံဆိတ်ငြိမ်ရာကျောင်းသို့ ကပ်၍၎င်း။ ဣတိ၊ ဣသို့။ ပဋိသဉ္စိက္ခတိ၊ ရှုပွါးဆင်ခြင်၍နေ၏။ ကိံ၊ အဘယ်သို့။ ပဋိသဉ္စိက္ခတိ၊ ရှုပွါးသနည်း။ ဣဒံ၊ ဣပိညာဉ် နာမ် ရုပ်၊ စိတ် စေတသိက် ရုပ်ဟု ဆိုအပ်သော ခန္ဓာငါးပါးအပေါင်းသည်။ အတ္တေန ဝါ၊ အတ္တမှဌင်း။ အတ္တနိယေန ဝါ၊ အတ္တ၏ဥစ္စာပစ္စည်းမှဌင်း။ သုညံ၊ ဆိတ်သုဉ်း၏။ ဣတိ၊ ဣသို့။ ပဋိသဉ္စိက္ခတိ၊ ရှုပွါးဆင်ခြင်၍နေ၏။

သော၊ ထိုသို့ရှုပွါး၍ နေသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ တတ္ထ၊ ထိုအနတ္တဖြစ်သော ဝိညာဉ် နာမ် ရုပ်၊ စိတ် စေတသိက် ရုပ်ဟု ဆိုအပ်သော ခန္ဓာငါးပါး တရားအပေါင်း၌။ အဘိနိဝေသံ၊ အတ္တဖြစ်၏ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို။ န ကရောတိ၊ မပြု။ ဣတိ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတဝိမောက္ခမည်၏။ အယံ၊ ဣသည်ကား။ သုညတော ဝိမောက္ခော၊ သုညတဝိမောက္ခပေတည်း။

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၂၃၁။

http://www.dhammadownload.com

အဓိပ္ပါယ်ကတော့ ဝိညာဏ် နာမ် ရုပ်၊ တနည်း စိတ် စေတသိက် ရုပ်လို့ခေါ်တဲ့ ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို အတ္တမှသော်၎င်း အတ္တနိယသဘောမှဖြင့်း ဆိတ်သုဉ်းနေ၏ ဟု ရှုပွါးဆင်ခြင်ရှုနေတဲ့ ပုဂ္ဂိုလ်မှာ ဝိပဿနာပညာ မဂ်ပညာမှ ကင်းဆိတ်နေကြတဲ့ ပုဂ္ဂိုလ်မှာ ကြံစည်စိတ်ကူးပြီးတော့ ယူဆထားကြတဲ့ အတ္တသဘော မရှိခြင်း၊ အတ္တမရှိတဲ့အတွက် အနတ္တဖြစ်တဲ့ ခန္ဓာငါးပါးရဲ့ ဥစ္စာပစ္စည်း မရှိခြင်းကို နှလုံးသွင်း ဆင်ခြင်နေသောကြောင့် အနတ္တဖြစ်တဲ့ ခန္ဓာငါးပါး၌ မြဲခြင်း ချမ်းသာခြင်းသည် မရှိ။

ထိုသို့ မြဲတဲ့သဘော ချမ်းသာတဲ့သဘော မရှိဟု ရှုနေတဲ့အတွက် နိစ္စ၏ ဆန့်ကျင်ဘက် ဖြစ်သော အနိစ္စာနုပဿနာ, သုခ၏ဆန့်ကျင်ဘက်ဖြစ်သော ဒုက္ခာနုပဿနာကို ဉာဏ်၌ ထင်လာသည် ဖြစ်သောကြောင့် အနတ္တာနုပဿနာသည် သာလျှင် ဖြစ်၏။ ထို့ကြောင့် သုံးပါးသော အနုပဿနာတို့ဖြင့် ဝိပဿနာရှုနေသော ပုဂ္ဂိုလ်မှာ အတ္တ ဟူ၍ နှလုံးသွင်းမှု မရှိတော့သည်, ဖြစ်သောကြောင့် သုညတ ဝိမောက္ခ မည်ပါတယ်-လို့ မှတ်ရမယ်။

အနိမိတ္တ ဝိမောက္ခ။ ။အနိမိတ္တဝိမောက္ခ ဆိုတာကတော့—

> ဣဓ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ"တိ၊ သော တတ္ထ နိမိတ္တံ န ကရောတိ၊ တိ အနိမိတ္တော ဝိမောက္ခော[1] တဲ့။

အဓိပ္ပါယ်ဆိုလိုရင်းကတော့ ခန္ဓာငါးပါးအပေါင်းသည် အတ္တသဘောမှဖြင့်း အတ္တနိယသဘောမှဖြင့်း ဆိတ်သုဉ်း၏-ဟု ဆင်ခြင်သော ပုဂ္ဂိုလ်မှာ ခန္ဓာငါးပါး၌ မြဲတဲ့နိမိတ်ကို မယူသည် ဖြစ်သောကြောင့် အနိမိတ္တဝိမောက္ခ မည်ပါတယ်။

အပ္ပဏိဟိတ ဝိမောက္ခ။ ။အပ္ပဏိဟိတ ဝိမောက္ခကတော့—

> ဣဓ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ ဣတိ ပဋိသဉ္စိက္ခတိ "သုညမိဒံ အတ္တေန ဝါ အတ္တနိယေန ဝါ"တိ၊ သော တတ္ထ ပဏိဓိံ န ကရောတိ၊ တိ အပ္ပဏိဟိတော ဝိမောက္ခော[2] တဲ့။

အဓိပ္ပါယ်က ခန္ဓာငါးပါးကို အတ္တ အတ္တနိယ သဘောမှ ဆိတ်သုဉ်း၏-ဟု ရှုသည်ဖြစ်သောကြောင့် ထို ခန္ဓာငါးပါးအပေါင်း၌ တောင့်တခြင်းကို မပြုသည် ဖြစ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခ မည်ပါတယ်-တဲ့။

နောက်တနည်း ပဋိသမ္ဘိဒါမဂ် ပါဠိတော်က ဘယ့်နယ် မေးခွန်း ထုတ်သလဲ ဆိုတော့ ကတမော သုညတော ဝိမောက္ခော၊ သုညတဝိမောက္ခ ဆိုတာ ဘာလဲ

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၂၃၂။

http://www.dhammadownload.com

အနိစ္စာနုပဿနာဉာဏ် နိစ္စတော အဘိနိဝေသာ မုစ္စတိတိ သုညတော ဝိမောက္ခော။ ဒုက္ခာနုပဿနာဉာဏ် သုခတော အဘိနိဝေသာ မုစ္စတိတိ သုညတော ဝိမောက္ခော။ အနတ္တာနုပဿနာဉာဏ် အတ္တတော အဘိနိဝေသာ မုစ္စတိတိ သုညတော ဝိမောက္ခော[1]။

သုံးချက်၊ သုညတ ဝိမောက္ခ သုံးချက်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဝိပဿနာရှုရင် **ဝိမောက္ခနဲ့** ပတ်သက်လို့ အဓိပ္ပါယ် အကျယ်ကိုပြောပေးတာ၊ ဘုန်းကြီးဉာဏ်မှီသရွေ့ ဘုန်းကြီးပါဠိတော် တွေ့သရွေ့ ဝိမောက္ခ (၈) ပါး ပထမ ပြောပြီးပြီ - နော် (မှန်ပါဘုရား)၊ အခုပြောနေတဲ့ ဝိမောက္ခက ဝိပဿနာနဲ့ ပတ်သက်တဲ့ ဝိမောက္ခ (၃) မျိုး၊ ဘယ်နှစ်မျိုးလဲ (သုံးမျိုးပါ ဘုရား)။

အခုပြောခဲ့တဲ့ ဝိမောက္ခက ဝိပဿနာနဲ့ ပတ်သက်တဲ့ ဝိမောက္ခ၊ ဝိပဿနာဉာဏ်ဆိုတာဟာ ဝိမောက္ခတရားဘဲ၊ ဘာပြုလို့လဲ အမှားနှလုံးသွင်းထားတဲ့ သဘောမှ လွတ်မြောက်နေသည် ဖြစ်သောကြောင့် ဝိပဿနာဉာဏ်သည် ဝိမောက္ခတရားလို့ ဒီလိုအမည်ရတယ်။ ဒီတော့ သုညတ ဝိမောက္ခကို (၃) မျိုး ပြတယ်။

အနိစ္စာနုပဿနာဉာဏ်၊ အနိစ္စာနုပဿနာဉာဏ်သည်။ နိစ္စတော၊ မြဲသောအားဖြင့်။ အဘိနိဝေသာ၊ မှားသောအားဖြင့် ယူစွဲသုံးသပ်ခြင်းမှ။ မုစ္စတိ၊ လွတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတဝိမောက္ခ မည်၏။ ဒုက္ခာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်သည်။ သုခတော၊ ချမ်းသာတယ် သက်သာတယ် ဆိုတဲ့သဘောအားဖြင့်။ အဘိနိဝေသာ၊ နှလုံးသွင်းထားခြင်းမှ။ မုစ္စတိ၊ လွတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတ ဝိမောက္ခ မည်၏။ အနတ္တာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်သည်။ အတ္တတော၊ အကောင် သတ္တဝါ ပုဂ္ဂိုလ် အတ္တ အထည်ကိုယ် အနေအားဖြင့်။ အဘိနိဝေသာ၊ နှလုံးသွင်းခြင်းမှ။ မုစ္စတိ၊ လွတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတ ဝိမောက္ခ မည်၏။

အနိစ္စကို သိပုံ။ ။အနိစ္စ အနိစ္စလက္ခဏာ **အနိစ္စာနုပဿနာ**လို့ သုံးချက်ရှိတယ်၊ ဘယ်နှစ်ချက်လဲ (သုံးချက်ပါ ဘုရား)။ အနိစ္စဆိုတာ ဘာကို ခေါ်ပါသလဲ ဘုရားလို့ဆိုတော့ ခန္ဓာငါးပါးကို အနိစ္စလို့ ခေါ်ပါတယ်၊ နှာခေါင်းထဲက ထွက်တဲ့လေ နှာခေါင်းထဲ ဝင်တဲ့လေသည် ရှုပ်၊ အဲဒီ ရှုပ်ကိုသိနေတာသည် ဝိညာဏ်၊ ဒီ ရှုပ် ထင်ရှားအောင် လုပ်ပေးတဲ့ သတိသည် နာမ် သခ်ါရက္ခန္ဓာ၊ အဲဒီ ဝိညာဏ် နာမ် ရှုပ်ဆိုတဲ့ ဒီတရားသုံးလုံးသည် အနိစ္စတရားပါတဲ့၊ အနိစ္စန္တိ ခန္ဓာ

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၂၆၂။

http://www.dhammadownload.com

ပဉ္စက်။ အနိစ္စဆိုတာ ဘယ်သူကို ခေါ်သလဲ၊ ခန္ဓာငါးပါးကို ခေါ်တယ်၊ အနိစ္စဆိုတာ ဘယ်သူလဲ (ခန္ဓာငါးပါးကို ခေါ်ပါတယ် ဘုရား)၊ ခန္ဓာငါးပါး ဆိုတာ ဘာလဲ (အနိစ္စပါဘုရား)၊ ဘုန်းကြီးတို့ ပရိသတ် နားလည်နေတာက အနိစ္စဆိုတာ မမြဲဘူးလို့ချည်း ပြောပြော နေကြတယ်-နော် (မှန်ပါဘုရား)၊ အနိစ္စဆိုတာ ခန္ဓာငါးပါးကို ခေါ်တယ်၊ အနိစ္စဆိုတာ သိသွားပြီ-နော်(မှန်ပါဘုရား)။

အနိစ္စလက္ခဏာကို သိပုံ။ ။အနိစ္စ လက္ခဏာ ဆိုတာ ဘာလဲ၊ ဥပါဒဝယ-အညထတ္တ၊ သုံးချက်-နော် (မှန်ပါဘုရား)။

ဒီ ခန္ဓာ ပဉ္စကသည် ဖြစ်ပေါ်ပြီးတဲ့နောက် ရိပ်ရိပ် ရိပ်ရိပ်နဲ့ ကုန်တဲ့ ပျောက်တဲ့ ဘက်ကို ပြောင်းသွားပြီးတော့ ကုန်ပျောက်သွားတဲ့ သဘော လက္ခဏာသည် အနိစ္စ၏ မှတ်သားကြောင်း လက္ခဏာ၊ ခန္ဓာငါးပါးက အနိစ္စ၊ အဲဒီ ခန္ဓာငါးပါး၏ ကုန်ခြင်း ပျောက်ခြင်းက အနိစ္စလက္ခဏာ၊ ခန္ဓာငါးပါးက ဘာလဲ (အနိစ္စပါဘုရား)။ ခန္ဓာငါးပါးတို့၏ ကုန်ခြင်း ပျောက်ခြင်းသဘောက ဘာလဲ (အနိစ္စလက္ခဏာပါဘုရား)။

အနိစ္စာနုပဿနာ ဉာဏ်ကို သိပုံ။ ။အဲဒီ အနိစ္စနဲ့ အနိစ္စလက္ခဏာကို သိနေတာသည် အနိစ္စာနုပဿနာဉာဏ်လို့ ခေါ်တယ်၊ ခန္ဓာငါးပါးနဲ့ ခန္ဓာငါးပါးတို့၏ ကုန်ခြင်း ပျောက်ခြင်းကို အဖန်တလဲလဲ ရှုပြီးတော့ သိနေတဲ့ အသိဉာဏ်ကို ဘာလို့ ခေါ်သလဲ (အနိစ္စာနုပဿနာဉာဏ် ခေါ်ပါတယ် ဘုရား)။ မှတ်မိပလား (မှတ်မိပါတယ် ဘုရား)၊ ရှေ့သွားမယ် အဲဒီ အနိစ္စာနုပဿနာဉာဏ်ကို အဖန်တလဲလဲ ရှုပွါးနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေဟာ မြဲတယ်လို့ နှလုံးသွင်းဦးမလား၊ မသွင်းတော့ဘူးလား (မသွင်းတော့ပါဘုရား)၊ ဒီတော့ မြဲတယ်လို့ နှလုံးသွင်းခြင်းမှ လွတ်နေသလား လွတ်မနေဘူးလား (လွတ်နေပါတယ်ဘုရား)၊ သုညတ ဝိမောက္ခ မြဲတဲ့သဘော တစုံတရာ ရှာတွေ့သေးလား (မတွေ့ပါဘုရား)၊ ဘယ်ခန္ဓာကို ကြည့်လိုက် ကြည့်လိုက်၊ ဘယ်ရုပ်တွေကို ကြည့်လိုက် ကြည့်လိုက်၊ ဘယ်နာမ်ကို ဘဲ ကြည့်လိုက်ကြည့်လိုက်၊ ဝိပဿနာရှုတဲ့ နည်းပေါင်း သိန်းသန်းကုဋေထဲက ဘယ်ဝိပဿနာရှုနည်းနဲ့ ရှုလိုက် ရှုလိုက် သုညတချည်းဘဲ၊ နိစ္စသဘော မရှိတာချည်းဘဲ၊ ရှိသေးလား (မရှိပါဘုရား)၊ နိစ္စသဘော မရှိတာကို သုညတလို့-ခေါ်တယ်၊ ဒါ သုညတ ဝိမောက္ခတမျိုး။ ဘုန်းကြီးတို့က မြဲတယ်လို့ ထင်နေကြတာ။

မနေ့က မျက်လုံးဟာ ဒီနေ့ ရှိနေသေးတယ်လို့ အောက်မေ့နေသလား မနေ့ဘူးလား (အောက်မေ့နေပါတယ်ဘုရား)၊ အခု ဒီပလ္လင်ပေါ်မှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်ဟာ မနေ့ကပုဂ္ဂိုလ် ဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘုရား)၊ ဒါပေတဲ့ မနေ့က ထူးကြီး-ဆရာတော်ဘဲလို့ ဘုန်းကြီးတို့ ပရိသတ်က ယူစွဲထားတာ၊ ဝိပဿနာ ရှုကွက်နဲ့ မိအောင် ရှုကြည့်မယ်ဆိုရင် မနေ့ကရုပ်တွေ ဒီကနေ့မရှိတော့

http://www.dhammadownload.com

ဘူး၊ ထောင်ထားတဲ့ လက်ညှိုလေးဟာ ကွေးလိုက်ရင် ထောင်ထားတဲ့ လက်ညှိုးလေးဟာ မရှိတော့ဘူး-နော် (မှန်ပါဘုရား)၊ ဒီတော့ အဲဒီ မြဲတဲ့အရိပ် မြဲတဲ့သဘောမရှိဘဲနဲ့ ဆိတ်သုဉ်းနေတာကို သုညတ လို့-ခေါ်တယ်။ ဘာလို့ ခေါ်သလဲ (သုညတလို့ ခေါ်ပါတယ်ဘုရား)။

အနိစ္စာနုပဿနာဉာဏ် နိစ္စတော အဘိနိဝေသာ မုစ္စတိတိ သုညတော ဝိမောက္ခော။ အနိစ္စာနုပဿနာဉာဏ်၊ အနိစ္စာနုပဿနာဉာဏ်သည်။ နိစ္စတော၊ မြဲသောအားဖြင့်။ အဘိနိဝေသာ၊ မှားသောအားဖြင့် နှလုံးသွင်းခြင်းမှ။ မုစ္စတိ၊ လွတ်မြောက်၍နေ၏။ ဣတိ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတဝိမောက္ခ မည်၏။

အနိစ္စာနုပဿနာဉာဏ်တွေ ပေါ်နေတဲ့ အခါမှာ အဲဒီ ဝိမောက္ခ ကိုယ့်မှာ ဖြစ်နေပြီလို့-မှတ်နော် (မှန်ပါဘုရား)။

ဒုက္ခာနုပဿနာဉာဏ်။ ။ဒုက္ခာနုပဿနာဉာဏ် ဆက်ရအောင်၊ဒုက္ခဆိုတာ ဘယ်သူလဲ ခန္ဓာငါးပါးကိုခေါ်တာ၊ ဒုက္ခဆိုတာ ဘယ်သူလဲ (ခန္ဓာငါးပါးပါဘုရား)၊ ဒုက္ခလက္ခဏာကိုတော့ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်တို့ဖြင့် နှိပ်စက်ခြင်း သဘောဘုရားကို မှတ်သားကြောင်း လက္ခဏာကို ဒုက္ခ-လက္ခဏာလို့ခေါ်တယ်၊ အဲဒီ ဒုက္ခလက္ခဏာကို အဖန်တလဲလဲ ရှုပြီးတော့ သိနေတဲ့ဉာဏ်ကို ဒုက္ခာနုပဿနာဉာဏ်လို့ခေါ်တယ်။ အဲဒီ ဒုက္ခာနုပဿနာဉာဏ်ရနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ဘယ်လိုဖြစ်သလဲ သုခသက်သာခွင့်ရတယ် ချမ်းသာတယ်လို့ မှားသော နှလုံးသွင်းခြင်းမှ လွတ်နေသလား လွတ်မနေဘူးလား (လွတ်နေပါတယ်ဘုရား)၊ ဒုက္ခာနုပဿနာဉာဏ် သုခတော အဘိနိဝေသာ မုစ္စတိတိ သုညတောဝိမောက္ခော။ သုညတဝိမောက္ခ ဟုတ်လား (မှန်ပါဘုရား)။

အနုတ္တာနုပဿနာဉာဏ်။ ။အနုတ္တဆိုတာ ဘယ်သူလဲ ခန္ဓာငါးပါး၊ အနုတ္တ-လက္ခဏာဆိုတာ ဘယ်သူလဲ အစိုးရခွင့် ပိုင်ဆိုင်ခွင့် မရှိတဲ့ သဘောသည် အနုတ္တလက္ခဏာ၊ အဲဒီ လက္ခဏာကို အဖန်တလဲလဲ သုံးသပ်ပြီးတော့ ခန္ဓာငါးပါးပေါ် တင်ပြီးတော့ ရှုနေတာသည် အနုတ္တာနုပဿနာဉာဏ်၊ အဲဒီ အနုတ္တာနုပဿနာဉာဏ်သည် အတ္တလို့ အစိုးရခွင့် ပိုင်ဆိုင်ခွင့် ရှိတယ်ဆိုတဲ့ မှားသော သုံးသပ်ယူစွဲခြင်းမှ လွတ်မြောက်နေသည် ဖြစ်သောကြောင့် သုညတ-ဝိမောက္ခ။ အတ္တသဘော တလုံးမှ ရှာမရဘူး အကုန်လုံး အတ္တသဘောမှ ဆိတ်သုဉ်းနေတယ်၊ ဟုတ်သား (မှန်ပါဘုရား)၊ သုညတဝိမောက္ခ ပြီးသွားပြီနော် (မှန်ပါဘုရား)။

အနိမိတ္တဝိမောက္ခ ဆိုတာလဲ ဒီအတိုင်းဘဲ။

http://www.dhammadownload.com

အနိစ္စာနုပဿနာဉာဏ် နိစ္စတော နိမိတ္တာ မုစ္စတိတိ အနိမိတ္တော ဝိမောက္ခော၊ ဒုက္ခာနုပဿနာဉာဏ် သုခတော နိမိတ္တာ မုစ္စတိတိ အနိမိတ္တော ဝိမောက္ခော၊ အနတ္တာနုပဿနာဉာဏ် အတ္တတော နိမိတ္တာ မုစ္စတိတိ အနိမိတ္တော ဝိမောက္ခော[၁]။

အဓိပ္ပါယ်အကျဉ်းက အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့ဖြင့် သုံးသပ်ဆင်ခြင်တဲ့ အခါမှာ မြဲတယ်ဆိုတဲ့ အရိပ်နိမိတ် ချမ်းသာတယ်ဆိုတဲ့ အရိပ်နိမိတ် အစိုးရတယ်ဆိုတဲ့ အရိပ်နိမိတ်တွေ တွေ့သေးလား မတွေ့တော့ဘူးလား (မတွေ့တော့ပါဘုရား)၊ အနိမိတ္တ ဝိမောက္ခ မြဲတဲ့ နိမိတ်မှ လွတ်နေသည်ဖြစ်သောကြောင့် ချမ်းသာတယ် အစိုးရတယ်ဆိုတဲ့ နိမိတ်မှ လွတ်နေသည် ဖြစ်သောကြောင့် အနိမိတ္တ ဝိမောက္ခ။

အပ္ပဏိဟိတ ဝိမောက္ခဆိုတာလဲ ဒီအတိုင်းဘဲ ဟောသွားပါတယ်။

အနိစ္စာနုပဿနာဉာဏ် နိစ္စတော ပဏိဓိယာ မုစ္စတိတိ အပ္ပဏိဟိတော ဝိမောက္ခော။ ဒုက္ခာနုပဿနာဉာဏ် သုခတော ပဏိဓိယာ မုစ္စတိတိ အပ္ပဏိဟိတော ဝိမောက္ခော။ အနတ္တာနုပဿနာဉာဏ် အတ္တတော ပဏိဓိယာ မုစ္စတိတိ အပ္ပဏိဟိတော ဝိမောက္ခော[၁]။

တဲ့ အဓိပ္ပါယ် အကျဉ်းချုပ်ကတော့—

အပ္ပဏိဟိတ ဝိမောက္ခဆိုတာ အဲဒီ ခန္ဓာငါးပါး တရားရဲ့အပေါ်မှာ အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ် ထင်နေတဲ့ပုဂ္ဂိုလ်က မြဲတဲ့သဘောကို တောင့်တစရာ ရှိသေးသလား (မရှိတော့ပါဘုရား)၊ ချမ်းသာတဲ့ သဘောကို တောင့်တစရာ ရှိသေးသလား၊ (မရှိတော့ပါဘုရား)၊ အစိုးရခွင့် ပိုင်ဆိုင်ခွင့် တောင့်တစရာ ရှိသေးလား (မရှိတော့ပါဘုရား)၊ ဘာဖြစ်လို့လဲဆိုတော့ တောင့်တလို့ မရဘူးဆိုတာ သူသိနေပြီ မဟုတ်လား (မှန်ပါဘုရား)၊ အဲတာကြောင့် သူသည် အပ္ပဏိဟိတ ဝိမောက္ခပါတဲ့ တောင့်တခြင်း သဘော သူမှာ ဆိတ်သုဉ်းနေသည် ဖြစ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခလို့ ခေါ်ပါတယ်၊ အဲဒါ ဝိမောက္ခသုံးပါး။ ဒါက ဝိပဿနာနဲ့ယှဉ်တဲ့ ဝိမောက္ခနော် (မှန်ပါဘုရား)။

မဂ်နဲ့ ဖိုလ်နဲ့ ယှဉ်တဲ့ ဝိမောက္ခကို ဘုန်းကြီး ဟောဦးမယ် နားထောင်၊ မြတ်စွာဘုရား ပြန်ပြီးတော့ ဖြေတဲ့အထဲမှာ ဒီလို ပုဂ္ဂိုလ်မှာ သင်ပြောတဲ့ ဝိမောက္ခ တမျိုးမှ မရှိဘူးတဲ့၊ ခုနကပြောတဲ့ သုညတ ဝိမောက္ခ အနိမိတ္တ ဝိမောက္ခ အပ္ပဏိဟိတ ဝိမောက္ခ တွေသည် စောစောက ပြောခဲ့တဲ့ ဝိမောက္ခ ၈-ပါးနဲ့ တူသေးလား

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် နှာ-၂၆၃။

http://www.dhammadownload.com

(မတူပါဘုရား)၊ တောဒေယျ မေးတာက ခုပြောတဲ့ ဝိပဿနာ ဝိမောက္ခကို မေးတာမဟုတ်ဘူး သမာပတ် ဝိမောက္ခတွေကို မေးတာ၊ သူက ဈာနလာဘီကိုး။ သူရဘူးတဲ့ တရားတွေကို မေးတာ။

ဒီ-ဝိမောက္ခတွေဟာ မြတ်စွာဘုရားက သင်တို့ရဘူးတဲ့ ဝိမောက္ခမျိုး ခုန ရာဂကင်းတဲ့ ပုဂ္ဂိုလ် ဒေါသကင်းတဲ့ ပုဂ္ဂိုလ် မောဟကင်းတဲ့ ပုဂ္ဂိုလ် ဝိစိကိစ္ဆာက လွန်မြောက်ပြီးတော့ ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်မျိုးမှာ ဒီ-ဝိမောက္ခမျိုး တခုမှ မရနိုင်တော့ဘူး၊ ဒီလိုဖြေထားတယ်။ ဒါဖြင့် ဘာဝိမောက္ခတွေရသလဲ ခုနပြော ခဲ့တဲ့ သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခသုံးခု ဘုန်းကြီး တို့ ပရိသတ်ကို ပြောပြီးပြီ။ အခု ဘာပြောရမလဲ မင်္ဂဖိုလ်နိဗ္ဗာန်၊ သူလဲ ဝိမောက္ခ တရားတွေဘဲ၊ အဲဒီ-ဝိမောက္ခနဲ့ ပတ်သက်ပြီးတော့ နိမောက္ခသုတ္တန်ဆိုပြီးတော့ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် နှာ(၂)မှာ မြတ်စွာဘုရား ဟောထားတာရှိတယ်။ ကိုင်း အဲဒီ-သုတ္တန်ကို ဘုန်းကြီးဟောပေးမယ်။

မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်မှာ သိဟင်းသုံး နေတော်မူပါတယ်၊ ည သန်းကောင်လောက်ကျတော့ အမျိုးအမည်အားဖြင့် မထင်ရှားတဲ့ နတ်သားတယောက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ မြတ်စွာ ဘုရား သီတင်းသုံးတော်မူရာဖြစ်တဲ့ ဇေတဝန်ကျောင်း ရောက်လာပြီးတော့ မြတ်စွာဘုရားကို ချဉ်းကပ်လာပါတယ်၊ သင့်တင့်သော အရပ်ကနေပြီး မတ်တပ် ရပ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်၊ နတ်သားမတ်တပ်ရပ်ပုံကိုတော့ ဘုန်းကြီး တလောတုန်းက သြဃတရဏသုတ္တန်ကို ရှင်းလင်း ဟောပေးခဲ့ပြီ။ ကဲ အဲဒီ-နတ်သားက မတ်တပ်ရပ်ပြီးတော့ မြတ်စွာဘုရားကို ဘာလျှောက်သလဲ ဆိုတော့ —

ဇာနာသိ နော တံ့ မာရိသ သတ္ထာနံ့ နိမောက္ခံ့ ပမောက္ခံ့ ဝိဝေကဋ္ဌိ။ မာရိသ၊ ဆင်းရဲဝဋ်မှ လွတ်ကင်းတော်မူသော မြတ်စွာဘုရား။ တံ့၊ အရှင်ဘုရားသည်။ သတ္ထာနံ့၊ မျှားစွာသောင်းသောင်း သတ္တဝါအပေါင်းတို့၏။ နိမောက္ခံ့၊ ကိလေသာဝဋ်ဆင်းရဲမှ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်တယ် ဆိုတဲ့ မင်္ဂကို။ ပမောက္ခံ့၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ အပြား အားဖြင့် လွတ်မြောက်ခြင်းဆိုတဲ့ ဖိုလ်တရားကို။ (ဒါ အဋ္ဌကထာ အဓိပ္ပါယ် ယူပေးလိုက်တာ အဋ္ဌကထာဖွင့်တဲ့အတိုင်း) ဝိဝေကံ၊ အလုံးစုံသော ခန္ဓာဒုက္ခ တို့မှ လွတ်မြောက်တယ် ဆိတ်သုဉ်းတယ်ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကို။ ဇာနာသိ နော=ဇာနာသိ နု၊ သိပါ၏လော နတ်သားက မေးတာ။

သဗ္ဗညုတဉာဏ်ရရန် ကျင့်ရပုံ။ ။အရှင်ဘုရားတဲ့ အရှင်ဘုရားသည် သဗ္ဗညုတဉာဏ် ကိုယူထားတယ် ရထားတယ်ဆိုရင်တဲ့ (သဗ္ဗညုတ

http://www.dhammadownload.com

ဉာဏ်ဆိုတာ နည်းတာမဟုတ်ဘူး နော် ဘုန်းကြီးတို့ ပရိသတ်။ ဒီ-တရားတွေ ဟောရတယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ လေးသခ်ျေနဲ့ ကမ္ဘာတသိန်းကာလ ပတ်လုံး သင်တန်းတက်ရတယ်၊ ခုခေတ် သင်တန်းတက်ပြီးတော့ ဒီဂရီဘွဲ့ထူးတွေ ပါရဂူဘွဲ့ထူးတွေ ယူလာပြီဆိုရင် ဘယ်လောက် သင်တန်းတက်ရသလဲ ၁၅-နှစ် ၁၆-နှစ် နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရား သဗ္ဗညုတဉာဏ် ဒီဂရီဘွဲ့ထူးကြီး ရဘို့ရန်အတွက် ဘယ်လောက် သင်တန်းတက်ရတယ် ထင်သလဲ လေးသခ်ျေနှင့် ကမ္ဘာတသိန်း သင်တန်းတက်ပြီးမှ အဲဒီ-သဗ္ဗညုတဉာဏ်ဆိုတဲ့ ဒီဂရီဘွဲ့ထူးကြီးကို ရပြီးမှ ဒီတရားကို ဟောတာ။

မြတ်စွာဘုရား ဘယ်လောက် သင်တန်းတက်ခဲ့ရသလဲ—

ဒါနံ သီလဥ္ဇ နိက္ခမံ၊ ပညာဝီရိယေန ပဥ္ဇမံ။
ခန္တိ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။

လို့ ဆိုပြီးတော့ ပါရမီ ၁၀-ပါး အပြား ၃၀ စွန့်ခြင်းကြီးငါးပါး စရိယသုံးပါး တို့ကို လေးသခ်ျေနှင့် ကမ္ဘာတသိန်းကာလတိုင်တိုင် သင်တန်းတက်လာပြီး တော့မှ ၆-နှစ်ပတ်လုံး ပင်ပင်ပန်းပန်း ငြိုငြိုငြင်ငြင် ခဲခဲယဉ်းယဉ်း ဒုက္ကရစရိယာ ကျင့်ပြီးမှ ရန်သူအမျိုးမျိုးတွေကို နှိမ်နင်းပြီးတော့မှ သဗ္ဗညုတဉာဏ်တော်ကြီး ဆိုတဲ့ ဘွဲ့ထူးကြီးကို ရယူခဲ့တာပါ။ အရှင်ဘုရားသည် သဗ္ဗညုတဘွဲ့ထူးကြီး ယူထား တယ်ဆိုရင် သတ္တဝါတို့ရဲ့ နိမောက္ခ-ရယ် ပမောက္ခ-ရယ် ဝိဝေက-ရယ်-ဆိုတဲ့ ဒီ-သုံးခု ကို သိပါသလားလို့ မေးတယ်။ ဒီတော့ မြတ်စွာဘုရားက ပြန်ဖြေဘယ်—

ဇာနာမိ ခွါဟံ အာဝုသော သတ္တာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ။ အာဝုသော၊ ဒါယကာနတ်သား။ အဟံ၊ ငါဘုရားသည်။ သတ္တာနံ၊ များလှ သောင်းသောင်း သတ္တဝါအပေါင်းတို့၏။ နိမောက္ခံ၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်တယ်ဆိုတဲ့ မဂ်တရားကိုငှင်း။ ပမောက္ခံ၊ ကိလေသာ တည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်တယ်ဆိုတဲ့ ဖိုလ်တရားကိုငှင်း။ ဝိဝေကံ၊ ခန္ဓာငါးပါးတွေ ဆိတ်သုဉ်းတယ်ဆိုတဲ့ သဗ္ဗသခ်ါရသမထတည်း ဟူသော အလုံးစုံသော သခ်ါရတရားတွေ ဆိတ်သုဉ်းတယ်ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကိုငှင်း။ အဟံ၊ ငါဘုရားသည်။ ဇာနာမိ၊ သိတော်မူ၏။

မြတ်စွာဘုရားက ဘာပြောသလဲ သိတယ်တဲ့ အဓိပ္ပါယ်ဒါဘဲ၊ တိုတိုကတော့ နိမောက္ခ=မဂ်၊ ပမောက္ခ=ဖိုလ်၊ ဝိဝေက=နိဗ္ဗာန်၊ မဂ် ဖိုလ် နိဗ္ဗာန် ဆိုတဲ့ ဒီ-တရားသုံးခုသည် ဝိမောက္ခတရားတွေ၊ မဂ်သည် ဘယ်ကလွတ်သလဲ ကိလေ သာအနှောင်အဖွဲ့မှ လွတ်ဘယ်၊ ဝိပဿနာဉာဏ်ပြီးတော့ မဂ်ဉာဏ်ကို တက်လာပုံ က ဖိုလ်သည် ဘယ်ကလွတ်သလဲ ကိလေသာအနှောင်အဖွဲ့က လွတ်တယ်၊ ဘယ် ကိလေသာက လွတ်သလဲ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ကာမရာဂ

http://www.dhammadownload.com

ဗျာပါဒ ထိန်မိုဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ အဝိဇ္ဇာ-ဆိုတဲ့ အဲဒီ-ကိလေသာတွေ အားလုံး ကလွတ်တယ်၊ အဲဒီ-ကိလေသာတွေက လွတ်တာကို ဘာလို့ခေါ် သလဲ မင်္ဂဖိုလ်၊ သူ ဟာ ဝိမောက္ခ နော်(မှန်ပါဘုရား)၊ နိဗ္ဗာန် ဘယ်ကလွတ်သလဲ အလုံးစုံသော ခန္ဓာ ငါးပါးက လွတ်သွားပြီ နော် (မှန်ပါဘုရား)၊ သမ္ဘူပဓိပဋိနိဿဂ္ဂ ဥပဓိတရား အားလုံးကို စွန့်လွှတ်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီး ဖြစ်သွားပြီတဲ့၊ အဲတာကြောင့် နိဗ္ဗာန်ချမ်းသာဟာလဲ ဝိမောက္ခတရားပါဘဲ ငါဘုရားသိတယ်လို့ ဖြေတော့ မြတ်စွာဘုရားကို အဲဒီ-နတ်သားက မကျေနပ်ဘူး၊ ဘယ်လိုနည်းနဲ့ သိတာလဲလို့ ပြန်ပြီးတော့ သူကမေးသေးတယ်၊ ဘယ့်နယ်မေးသလဲ ပါဠိတော်မှာ—

ယထာ ကထံ ပန တံ့ မာရိသ ဇာနာသိ သတ္ထာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ။ မာရိသ၊ ဆင်းရဲဝဋ်တွင်းမှ လွတ်ကင်းတော်မူပါပေသော မြတ်စွာဘုရား။ တံ့၊ အရှင်ဘုရားသည်။ ယထာကထံ ပန၊ အဘယ်သို့သော အကြောင်းအခြင်းအရာအားဖြင့်။ သတ္ထာနံ၊ သတ္ထဝါတို့၏။ နိမောက္ခံ၊ ကိလေသာတို့မှ လွတ်မြောက်ခြင်းဆိုတဲ့ မင်္ဂကိုဋ်း။ ပမောက္ခံ၊ ကိလေသာတို့မှ အပြားအားဖြင့် လွတ်မြောက်ခြင်းဆိုတဲ့ ဖိုလ်ကိုဋ်း။ ဝိဝေကံ၊ အားလုံးသော ခန္ဓာတို့မှ လွတ်မြောက်ခြင်းဆိုတဲ့ ဆိတ်သုဉ်းခြင်းဆိုတဲ့ နိဗ္ဗာန်ချမ်းသာကိုဋ်း။ ဇာနာသိ၊ သိပါသနည်း။

— ဘယ်လိုနည်းနဲ့ သိပါသလဲဘုရားလို့ မြတ်စွာဘုရားကို လျှောက်တော့ မြတ်စွာဘုရားက သိနည်းကို ပြန်ပြီး ဟောလိမ့်မယ်။

> နန္ဒီဘဝ ပရိက္ခယာ၊ သညာဝိညာဏသင်္ခယာ။ ဝေဒနာနံ နိရောဓာ ဥပသမာ၊ ဧဝံ ခွိဟံ အာဝုသော ဇာနာမိ၊သတ္ထာနံ နိမောက္ခံ ပမောက္ခံ ဝိဝေကန္တိ။ ဒီလို ဟောလိုက်တဲ့ယ်။

အာဝုသော၊ ဒါဃကာနတ်သား။ နန္ဒီဘဝပရိက္ခယာ၊ နှစ်သက်ခြင်းလျှင် အရင်းခံရှိသော ကမ္မဘဝ၏ ကုန်ခြင်းကြောင့်(ဒါက တနည်း)၊ နောက်တနည်းက နန္ဒီဘဝပရိက္ခယာ၊ နှစ်သက်ခြင်းဆိုတဲ့ နန္ဒီတဏှာ, ကမ္မဘဝလို့ ခေါ်တဲ့ ဘဝ ကုန်ခြင်းကြောင့်ဂင်း။ သညာဝိညာဏသင်္ခယာ၊ သညာနဲ့ ဝိညာဏ်ကုန်ခြင်း ကြောင့်ဂင်း။ ဝေဒနာနံ၊ ဝေဒနာတို့၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်ဂင်း။ ဥပသမာ၊ ငြိမ်းခြင်းကြောင့်ဂင်း။ သတ္ထာနံ၊ သတ္ထဝါတို့၏။ နိမောက္ခံ၊ ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းဆိုတဲ့ မင်္ဂကို။ ပမောက္ခံ၊ ကိလေသာတည်း ဟူသော အနှောင်အဖွဲ့မှ အပြားအားဖြင့် လွတ်မြောက်တယ်ဆိုတဲ့ ဖိုလ်တရားကို။ ဝိဝေကံ၊ အားလုံးသော ကိလေသာတရားတို့မှ ခန္ဓာတို့မှ ဆိတ်သုဉ်းတယ်ဆိုတဲ့ နိဗ္ဗာန်ချမ်းသာကို။ အဟံ၊ ငါဘုရားသည်။ ဧဝံ ခေါ၊ ဤနည်းဖြင့်သာလျှင်။ ဇာနာမိ၊ ကောင်းစွာမသွေ သိပါပေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

အဲဒီ ဝိမောက္ခကို ဘုန်းကြီး နည်းနည်းလေး အဓိပ္ပါယ်ပြောပေးဦးမယ်၊ ဝိမောက္ခ။ ခုနက နန္ဒီဘဝပရိက္ခယာ-မှာ နန္ဒီဆိုတာဟာ သုံးပါးသော ကမ္မာဘိသင်္ခါရ၏ အစွမ်းဖြင့်ဖြစ်သော သင်္ခါရက္ခန္ဓာကို မှတ်ပါ၊ နန္ဒီဆိုတာ ဘာတဲ့တုန်း (သင်္ခါရက္ခန္ဓာပါဘုရား)၊ ဘဝလို့ ဆိုတာက ဥပပတ္တိဘဝမှာရှိတဲ့ ရူပက္ခန္ဓာ။

သညာ ဝိညာဏသခ်ယာမှာ သညာက သညာက္ခန္ဓာ၊ ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ ဝေဒနာနဲ့ နိရောဓဆိုတော့ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ အဲဒီ ခန္ဓာငါးပါးက လွတ်မြောက်သွားတာကိုဘဲ သတ္တဝါတို့၏ နိမောက္ခ ပမောက္ခ ဝိဝေက-လို့ ခေါ်ပါတယ်လို့ မြတ်စွာဘုရားက ဒီလို သိတာ-နော် (မှန်ပါဘုရား)၊ ဒါ လွတ်မြောက်တဲ့တရားကို ဝိမောက္ခ-လို့ ပြောလိုက်တာ၊ ဒီ ဝိမောက္ခကို ပြောလိုက်သောအားဖြင့် တခါထဲ မပြောဘဲနဲ့ သိတဲ့နည်းက ဘာတဲ့လဲ အကျင့်၊ အကျင့်ဆိုတာ ဒီအထဲမှာပါမယ်၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ထူထောင်ပြီးတော့ ဒီတရားတွေက လွတ်မြောက်တယ်လို့ ဘုန်းကြီးတို့ ပရိသတ် ဒီလိုမှတ်၊ အဲဒီလို ဝိမောက္ခကို မြတ်စွာဘုရား ဟောတော်မူလိုက်တယ်၊ ဒီ ဝိမောက္ခမှာ။ ခုနက မဂ်ရယ် ဖိုလ်ရယ် ဝိဝေကရယ် ခုန ဝိပဿနာဉာဏ်က သုညတရယ် အနိမိတ္တရယ် အပ္ပဏိဟိတရယ် ဆိုတဲ့ ဝိမောက္ခသုံးပါး၊ ဒါ ဝိပဿနာ။

မဂ်ဆိုတဲ့ ဝိမောက္ခ၊ ဖိုလ်ဆိုတဲ့ ဝိမောက္ခ၊ နိဗ္ဗာန်ဆိုတဲ့ ဝိမောက္ခကို ရောက်နေတဲ့ ရာဂ ဒေါသ မောဟ မာန အစရှိတဲ့ ကိလေသာတွေ ကုန်ပြီးသား ပုဂ္ဂိုလ်မှာ ဒီ ဝိမောက္ခဘဲ ရှိတော့တယ်တဲ့ မြတ်စွာဘုရားက။ ခုန သင်ပြောတဲ့ (ဂ) မျိုးသော ဝိမောက္ခတွေ မရှိတော့ဘူး ဟုတ်လား (မှန်ပါဘုရား)၊ ဒီအမေးနဲ့ အဖြေ ပြီးပြီနော်။

နောက်တော့ ဘာတဲ့လဲ ဆက်မေးတယ်၊ သူ သဘောမကျသေးလို့။ ဒီလို ကိလေသာကာမတွေ ကင်းပြီးနေတဲ့ပုဂ္ဂိုလ်ကို အရဟတ္တဖိုလ် ဝိမောက္ခကို ရောက်နေတဲ့ပုဂ္ဂိုလ်လို့ ဆိုတာဟာ သူ သဘောမကျသေးဘူး၊ တောဒေယျက ဘာဆက် မေးသလဲဆိုတော့ –

၂။ နိရာသသော သော ဥဒ အာသသာနော၊
ပညာဏဝါ သော ဥဒ ပညကပ္ပီ။
မုနိ အဟံ သက္ခ ယထာ ဝိဇည်၊
တံ မေ ဝိယာစိက္ခ သမန္တစက္ခု။

သက္ခ၊ သာကီန္တယ်ဖွား ရှင်တော်မြတ်ဘုရား။ သော၊ ထိုကိလေသာအာရုံတွေကင်းပြီးတော့ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်နေတဲ့ ရဟန္တာပုဂ္ဂိုလ်သည်။ နိရာသသော၊ တပ်ခြင်းအာသာတဏှာ ကင်းပါသလော။ ဥဒ၊ ထိုသို့

http://www.dhammadownload.com

မဟုတ်။ အာသဿနော၊ တပ်ခြင်း အာသာတဏှာရှိပါသေးသလော။ ဧသော၊ ထိုနိဗ္ဗာန်ချမ်းသာကို အာရုံပြုပြီး အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်နေတဲ့ ပုဂ္ဂိုလ်သည်။ပညာဏဝါ၊ သမာပတ္တိဉာဏ် ပညာရှိပါသလော။ ဥဒ၊ ထိုသို့မဟုတ်။ ပညာကပ္ပိ၊ လောကီပညာအဝဝတ္ထိုဖြင့် တဏှာကပ္ပ ဒိဋ္ဌကပ္ပကို ကြံစည်ပါသေးသလော။ သမန္တစက္ခု၊ ထက်အောက်ကုန်စင် ထက်ဝန်းကျင်ကို အကြွင်းအကျန်မရှိ မြင်တော်မူနိုင်သော သဗ္ဗညုဉာဏ်ရှင် ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။ တံ မုနိ၊ထိုမုနိမည်မှန်း မြတ်ရဟန်းကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ယထာ၊ အကြွင်းသို့သော အခြင်းအရာအားဖြင့်။ ဝိဇည်၊ သိနိုင်ရာလောက်ပါ၏။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ မေ၊ အကျွန်ုပ်အား။ ဝိယာစိက္ခ၊ ထင်ရှားအောင် ဖြေကြားတော်မူပါ မြတ်စွာဘုရား။

သာဓု သာဓု သာဓု။

တဏှာကပ္ပ ဒိဋ္ဌကပ္ပ မေးလျှောက်ပုံ။ ။ဖြေပါဦးဘုရားတဲ့၊ အဲဒီ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်နေတဲ့ အဲဒီ ရဟန္တာပုဂ္ဂိုလ်အား တပ်မက်ခြင်း အာသာတဏှာ ကင်းနေပြီလား၊ သို့မဟုတ် သူမှာ တဏှာရှိပါသေးသလား၊ သမာပတ္တိဉာဏ်နဲ့ ပြည့်စုံနေပါသလား၊ လောကီပညာတို့ဖြင့် တဏှာကပ္ပ ဒိဋ္ဌကပ္ပတို့ကို ကြံစည်ပါသေးသလား၊ လေးချက်မေးတယ်။

ဘာဖြစ်လို့ သူ ဒီအမေး မေးသလဲဆိုတော့ ဝိမောက္ခတွေနဲ့ ပထမတုန်းက ရှုပိရှုပါနိ ပဿတိ-လို့ဆိုတဲ့ လောကီသမာပတ် ဝိမောက္ခတွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်က တဏှာရှိသေးတယ် သူတို့မှာ၊ ဒီတော့ အရဟတ္တဖိုလ် ဝိမောက္ခနဲ့ ပြည့်စုံနေတဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ ဒို့လောကီမှာ ရှိနေတဲ့ ဝိမောက္ခကို ရောက်တဲ့ ပုဂ္ဂိုလ်များလို့ တဏှာများ ရှိသေးသလား တဏှာကင်းသွားပလား မရှင်းလို့မေးတာ။

ဘာဖြစ်လို့လဲ ဆိုတော့ လောကီသမာပတ် လောကီဝိမောက္ခတုန်းကတော့ဖြင့် သူမှာ ပထမဝိမောက္ခဆိုရင် ဒုတိယဝိမောက္ခလို့ လိုချင်နေတဲ့ တဏှာမရှိဘူးလား (ရှိနေပါတယ်ဘုရား)၊ တတိယ ဝိမောက္ခကို လိုချင်နေတဲ့ တဏှာမရှိဘူးလား (ရှိနေပါတယ်ဘုရား)၊ အဲဒီလို ဝိမောက္ခနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်သည် တဏှာရှိနေသေးသလို အရဟတ္တဖိုလ် ဝိမောက္ခနဲ့ ပြည့်စုံနေတဲ့ ကိလေသကာမ အာသဝတွေကင်းနေတဲ့ ပုဂ္ဂိုလ်ဟာလဲဘဲ ဒီလိုဘဲ တဏှာ အာသာရှိသေးသလား၊သို့မဟုတ် မရှိတော့ဘူးလား။

နောက်ပြီးတော့ လောကီသမာပတ်တွေနဲ့ ဝိမောက္ခတွေနဲ့ ပြည့်စုံနေတဲ့ အဇိတ တိဿမေတ္တေယျ-စတဲ့ပုဂ္ဂိုလ်ရော အခုမေးနေတဲ့ ပုဂ္ဂိုလ်ပါ သူတို့က လောကီ သမာပတ်တွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေကိုး၊သူတို့ ပြည့်စုံနေတဲ့ သမာပတ်

http://www.dhammadownload.com

ဝိမောက္ခတွေ့ကတော့ ဘယ်လိုလဲ သမာပတ်နဲ့ ပြည့်စုံပြီးတော့ အဲဒီ သမာပတ္တိ ဉာဏ်အမြင်ဖြင့် လောကီရေးဖြစ်တဲ့ တဏှာတိုးပွါးကြောင်း မိစ္ဆာဒိဋ္ဌိ အယူ တိုးပွါးကြောင်းကို သူတို့ကြံစည်သေးတယ် စဉ်းစားသေးတယ်၊ အဲသလို ကြံစည် စဉ်းစားသလို လောကုတ္တရာသမာပတ်ကို ဝိမောက္ခကို ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ လဲဘဲ ဒီ သမာပတ္တိဉာဏ်နဲ့ ပြည့်စုံပြီးတော့ ခုနပြောတဲ့ တဏှာဖြင့် ကြံစည်ခြင်း ဒိဋ္ဌိဖြင့်ကြံစည်ခြင်းဆိုတဲ့ အဲဒီ ကြံစည်ခြင်းမျိုးတွေကို ကြံစည်နေပါသေးသလား၊ အဲဒီ မုန်-လို့ခေါ်တဲ့ အရဟတ္တဖိုလ်ပေါက် မုနိကို ဘုရားတပည့်တော်ကို ရှင်းရှင်း လင်းလင်း အရှင်ဘုရား ဟောကြားပေးတော်မူပါဦး ဘုရားလို့ လျှောက်ထားတာ။

ဒီတော့ မြတ်စွာဘုရားက ဟောပေးလိုက်တယ်။

နိရာသသော သော နု စ အာသသာနော၊
ပညာဏဝါ သော နု စ ပညကပ္ပီ။
ဝေမ္မို တောဒေယျ မုနိ ဝိဇာန၊
အကိဉ္စနံ ကာမဘဝေ အသတ္တံ။

တောဒေယျ၊ တောဒေယျ။ သော၊ ထိုအရဟတ္တဖိုလ် ဝိမောက္ခကို ရောက်နေတဲ့ ရဟန္တာပုဂ္ဂိုလ်သည်။ နိရာသသော၊ တပ်ခြင်းအာသာ တဏှာမရှိတော့ပြီ၊ တဏှာမရှိဘူးတဲ့ အဲဒီ ပုဂ္ဂိုလ်မှာ၊ တဏှာမရှိဘူးဆိုတာ ဘယ်အပေါ်မှာ မရှိတာလဲ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ-ဆိုတဲ့ အဲဒီ အာရုံ ၆-ပါးပေါ်မှာ သူက တဏှာမရှိတော့ဘူး။ အာသသာနော၊ တပ်မက်ခြင်း အာသာတဏှာနှင့်ယှဉ်သော စိတ်သည်။ န အတ္ထိ၊ မရှိ။ (တပ်မက်ခြင်းအာသာနှင့်ယှဉ်သောစိတ် သူမှာမရှိတော့ဘူး ဘာမှမတပ်မက်တော့ဘူး) ပညာဏဝါ၊ သမာပတ္တိဉာဏ်နဲ့ ပြည့်စုံသော။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပညာကပ္ပီ၊ လောကီပညာအရပ်ရပ်တို့ဖြင့် တဏှာ ကပ္ပ ဒိဋ္ဌိကပ္ပ-တို့ကို ကြံစည်ခြင်းတို့သည်။ နတ္ထိ၊ မရှိတော့ပြီ။ (လောကီပညာရပ်တို့ဖြင့် တဏှာတိုးပွါးကြောင်း ဒိဋ္ဌိနယ်ကျယ်ကြောင်း တရားတို့ဖြင့် မကြံစည်တော့ဘူး-တဲ့ မြတ်စွာဘုရားက ဒီလို ဟောတယ်)။

တောဒေယျ၊ တောဒေယျ၊ ဝေမ္မို၊ ဤသို့လည်း။ ကာမဘဝေ၊ ကာမနှင့် ဘုံဘဝအသီးသီး၌။ အကိဉ္စနံ၊ ရ မရဝယ် တောင့်တခင်မင် တွယ်တာသော ကြောင့်ကြခြင်း မရှိသော။ (ရရ မရရ တောင့်တခြင်း မရှိဘူး၊ ရုပကိဉ္စန ဒေါသကိဉ္စန မောဟကိဉ္စန မာနကိဉ္စန ဒိဋ္ဌိကိဉ္စန ကိလေသာကိဉ္စန-လို့ ခေါ်တဲ့ ကြောင့်ကြခြင်းတွေ ဘာမှမရှိတော့ဘူးတဲ့ မြတ်စွာဘုရားက) အသတ္တံ၊ တစုံတခုသော ပုဂ္ဂလဓမ္မ၌ ကပ်ငြိတွယ်တာခြင်း မရှိသော ပုဂ္ဂိုလ်ကို။ မုနိ၊ အရဟတ္တ

http://www.dhammadownload.com

ဖိုလ်မည်မှန်း မုနိရဟန်းဟူ၍။ တံု၊သင်သည်။ဝိဇာန=ဝိဇာနာဟိ၊ သိလေလော။ ကွတိ၊ ဤသို့ဖြေတော်မူပါပေသတည်း။

သာဓု သာဓု သာဓု။

မုနိ-လို့ဆိုတာ ဘာခေါ်သလဲဆိုတော့ မုနိ-လို့ဆိုတာ မောန။ မောနံ ဝုစ္စတိ ဉာဏ်-လို့ စူဠနိဒ္ဒေသ ပါဠိတော်က ပြောတယ်၊ ဉာဏ်ကိုခေါ်တာ၊ ဘာဉာဏ်လဲ သောတာပတ္တိမဂ်ဉာဏ် သကဒါဂါမိမဂ်ဉာဏ် အနာဂါမိမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်လို့ ခေါ်တဲ့ အဲဒီမဂ်ဉာဏ်တွေကို မုနိ-လို့ခေါ်တယ် ဟုတ်လား(မှန်ပါဘုရား)၊ အဲဒီမဂ်ဉာဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို မုနိ-ရဟန်း၊ ဟုတ်လား (မှန်ပါဘုရား)၊အဲဒီ မုနိ-ရဟန်းမည်ပုံကလေးကလဲဘဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သုတ္တန်ပါတ် ပါဠိတော်မှာ မုနိသုတ္တန်ဆိုတာရှိတယ် ဟောထားတာ ဂါထာပေါင်း(၁၅)ဂါထာရှိတယ်။အဲဒီဂါထာပေါင်း(၁၅)ဂါထာဟာလဲဘဲအင်မတန်ဟောဘို့ကောင်းတယ်၊ သူအတ္ထုပ္ပတ္တိနဲ့သူ။ တဂါထာမှာ အတ္ထုပ္ပတ္တိတခု၊ တဂါထာမှာ အတ္ထုပ္ပတ္တိတခု၊ အင်မတန်ဟောဘို့ကောင်းတယ်၊ ဝိပဿနာလုပ်ငန်းနဲ့ ပတ်သက်ပြီး ဟုတ်လား (မှန်ပါဘုရား)၊ဒီကနေ့တော့ မြိုးတဲ့သဘောနဲ့ ငါးဂါထာမြောက်ဖြစ်တဲ့ တဂါထာဘဲ ဘုန်းကြီးဟောပေးမယ်၊ မုနိ-မည်ပုံကို—

သမ္မာဘိဘုံ သမ္မဝိဒုံ သုမေဓံ၊
သမ္မေသု ဓမ္မေသု အနူပလိတ္တံ။
သမ္မဒ္ဓဟံ တဏှက္ခယေ ဝိမုတ္တံ၊
တံ ဝါပိ ဓီရာ မုနိ ဝေဒယန္တိ ။

အဲဒီ တဂါထာဘဲ ဘုန်းကြီး ဟောပေးမယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော ကုလပုတ္တော၊ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ သမ္မာဘိဘုံ၊ အလုံးစုံသော ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးတွေကို လွှမ်းမိုးအောင်မြင်နိုင်သည့် ရာဂနဲ့ ဆန္ဒကင်း၍ နေပါပေ၏။ (ခန္ဓာငါးပါးပေါ်မှာ အာယတနပေါ်မှာ ဓာတ်တရားတွေ ပေါ်မှာ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးပေါ်မှာ သူက လွှမ်းမိုးနိုင်နေတယ် အောင်မြင်နေတယ်၊ ဘာဖြစ်လို့လဲ ခန္ဓာငါးပါးပေါ်မှာ ဆန္ဒရာဂမရှိလို့ အာယတနပေါ်မှာ ဆန္ဒရာဂမရှိလို့ ဓာတ်တရားတွေပေါ်မှာ ဆန္ဒရာဂမရှိလို့ ပဋိစ္စသမုပ္ပါဒ်တရားပေါ်မှာ ဆန္ဒ ရာဂကင်းလို့တဲ့) သမ္မဝိဒုံ၊ အလုံးစုံသော ဧယျဓံတရားငါးပါးတို့ကို သိတော်မူ၏။ သုမေဓံ၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့်စပ် မြတ်သောတရားတော်ကို ဟော ကြားပြသတတ်သော ပညာရှိတော်မူ၏။ (၃-ချက်)

၁။ သုတ္တနိပါတ်ပါဠိတော်၊ နှာ-၃၀၉။

http://www.dhammadownload.com

သဗ္ဗဓမ္မေသု၊ အလုံးစုံသော တရားတို့၌။ အနူပလိတ္တံ၊ တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိတွယ်တာခြင်းမရှိ လိမ်းကျံခြင်းမရှိ (၄-ခု) သဗ္ဗဥ္ဇဟံ၊ အလုံးစုံကုန်သော အကုသိုလ် ဒုစရိုက်တွေကို ပယ်စွန်ပြီးဖြစ်၏။ (၅-ခု) တဏှက္ခယေ၊ တဏှာ၏ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ၌။ ဝိမုတ္တံ၊ အာရုံပြုသောအားဖြင့် အမြဲတမ်း နှလုံးသွင်း၍နေပေ၏။ တံ ပိ ပုဂ္ဂလံ၊ ထိုကဲ့သို့သော (၆)ပါးသော အင်္ဂါနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုလည်း။ ဓီရာ၊ ဘုရားအစရှိကုန်သော အရိယာသူတော် ကောင်းတို့က။ မုနီတိ၊ အရဟတ္တဖိုလ်ပေါက် ရောက်အောင်မည်မှန်း မုနိရဟန်း ဟူ၍။ ဝေဒယန္တိ၊ ကောင်းစွာမသွေ သိရှိကြရကုန်ပေသတည်း။

သာဓု သာဓု သာဓု။

ဥေယျဓံတရား ၅-ပါး။ ။ခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး ပေါ်မှာ ဘုန်းကြီးတို့ပရိသတ်ကို ဟောပေးခဲ့ပြီးပြီ၊ ဒီအထဲမှာ ဥေယျဓံတရား ငါးပါးဆိုတာ ခုပါလာတယ်၊ အထူးမှတ်ချက် ကလေး ဘာလဲ ဥေယျဓံတရား ငါးပါးဆိုတာ သခ်ါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်၊ ဘယ်နှစ်ခုလဲ (ငါးခုပါဘုရား)၊ အဲဒီတရား (၅)ခုကို ဥေယျဓံတရား ငါးပါးလို့ ခေါ်ပါတယ်တဲ့၊ ဥေယျ+ဓမ္မ။ ဥေယျ၊ သိအပ် သိသင့် သိထိုက်သော။ ဓမ္မ၊ တရား။ သိအပ် သိသင့် သိထိုက်သောတရားကို ဘာလို့ ခေါ်သလဲ၊ (ဥေယျဓမ္မလို့ ခေါ်ပါတယ်ဘုရား)။

ဘယ်တရားတွေလဲ သခ်ါရ၊ သခ်ါရဆိုတာ ဘာလုပ်သလဲ၊ အလုပ် လုပ်တယ်နော် (မှန်ပါဘုရား)၊ စဉ်းစားကြည့်စမ်း နှာခေါင်းကထွက်တဲ့လေ နှာခေါင်းထဲဝင်တဲ့လေဟာ ဘာအလုပ်ကို လုပ်နေသလဲ၊ သူ တွန်းကန်လှုပ်ရှားမှုဆိုတဲ့ အလုပ်ကို လုပ်နေသလား လုပ်မနေဘူးလား၊ (လုပ်နေပါတယ်ဘုရား)၊ လုပ်နေသည်ဖြစ်သောကြောင့် အဲဒီ ဝါယောရုပ်ကို သခ်ါရလို့ ခေါ်တယ်။ တစုံတခုသော လုပ်ငန်းကို ပြုလုပ်သည်ဖြစ်သောကြောင့် သူကို သခ်ါရလို့ ခေါ်တယ်၊ ဝါယောလေဓာတ် ရုပ်ပရမတ္ထတရားသည် ဘာအလုပ်ကို လုပ်သလဲ၊ တွန်းကန်လှုပ်ရှားမှု အလုပ်ကို လုပ်တယ်၊ ပုဂ္ဂိုလ်က လုပ်သလား ဝါယောရုပ်က လုပ်သလား (ဝါ-ယောရုပ်က လုပ်ပါတယ်ဘုရား)။

ဒါဖြင့် သခ်ါရဆိုတာ ရုပ်သခ်ါရလား၊ လူသခ်ါရလား (ရုပ်သခ်ါရပါဘုရား)၊ ဟုတ်ပြီ သခ်ါရ သိပြီ၊ ဘုန်းကြီးတို့ပရိသတ် အဲဒီ သခ်ါရမှာ ဘာရှိသလဲဆိုတော့ ဝိကာရရှိတယ်၊ ဝိကာရဆိုတာ ဘာကိုခေါ်သလဲဆိုတော့ ဒီဝါယောလေဓာတ်ရုပ်ပရမတ္ထတရားရဲ့ ရိပ်ရိပ်နဲ့ ဖြစ်ပြီးတဲ့နောက် ကုန်တဲ့ ပျောက်တဲ့ဖက်ကို ပြောင်းသွားတယ်ဆိုတဲ့ ဝိပရိဏာမအချက်ကို ဝိကာရလို့ ခေါ်တယ်။ လက္ခဏာ၊ အဲဒီ

http://www.dhammadownload.com

ဝါယောလေခတ်ရှိပ် ပရမတ္ထတရားမှာ အနိစ္စ ကုန်တယ် ပျောက်တယ်ဆိုတဲ့ အမှတ်အသား လက္ခဏာ မရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲတာ လက္ခဏာ။

သခ်ါရ,ဝိကာရ,လက္ခဏ။ အဲဒီ သခ်ါရ, ဝိကာရ, လက္ခဏဆိုတဲ့ တရားသုံးပါး တို့ရဲ့ အပေါ်မှာ စွဲနေတဲ့ ရုဂ ဒေါသ မောဟတွေ ကုန်ရာဖြစ်သော ရုဂကွယ် ဒေါသကွယ် မောဟကွဆိုတဲ့ နိဗ္ဗာန်နော်(မှန်ပါဘုရား)၊ ဒီတရား သုံးပါးလုံးပေါ်မှာ စွဲနေတဲ့ ဝါယောလေခတ် ရှပ်ပရမတ္ထန္ဲ့ ဝိညာဏ် နာမ် ရှပ်ပေါ်မှာ စွဲနေတဲ့ ရုဂ ဒေါသ မောဟကုန်တာကို ဘာလို့ခေါ်သလဲ(နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)၊ ရုဂကွယော နိဗ္ဗာန်-တဲ့၊ ရုဂ ဒေါသ မောဟကုန်သွားတာ နိဗ္ဗာန်၊ သခ်ါရ, ဝိကာရ,လက္ခဏ,နိဗ္ဗာန်။

ပညတ်ဆိုတာ ဘာလဲ သမုတိသစ္စာနယ်မှာ အမျှားပြောလို့ မှန်နေတဲ့ အမှန် တွေ့ဟူသရွေ့ အကုန်လုံး ပညတ်၊ မျက်စိတို့ နားတို့ နှာခေါင်းတို့ ဆံပင်တို့၊ ဟောဒီ သစ်ပင် ရေ မြေ ဘော တောင် သမုဒ္ဒရာ အစရှိသည်တို့ ခေါ်နေတာဟာ အမျှားပြောတာ မဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)၊ အမျှားပြောတဲ့ လောကသင်္ကေတဝစနတွေသည် အကုန်လုံး ပညတ်ချည်းဘဲ၊ နော် (မှန်ပါဘုရား)၊ အဲဒီ တရားငါးမျိုးသည် သီသင့် သိထိုက်တဲ့ တရားငါးမျိုးဘဲ၊ ဒီတရားငါးမျိုးကို သိနေလို့ သမ္မဝိဒုံ၊ အလုံးစုံသော ဥယျဉ်တရား ငါးပါးကိုလဲ သိတော်မူပါပေ၏။ မုနိဆိုတာ။

သုမေဓ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရား တော်ကို ဟောကြားနိုင်သော သတိပညာနှင့်လဲဘဲ ပြည့်စုံပါပေ၏။ (အဋ္ဌကထာ ကလာတဲ့ အနက်အတိုင်း) သမ္မေသု ဓမ္မေသု၊ အလုံးစုံသော သင်္ခတ အသင်္ခတ အားဖြင့်ပြားသော တရားတို့၌။ အနူပလိတ္တံ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းလိမ်းကျံကပ်ငြိခြင်းမရှိ၊ သမ္မဒ္ဓဟံ၊ အလုံးစုံသော အကုသိုလ်တရားနှင့် ဒုစရိုက်တရားတွေကိုလဲ ပယ်စွန့်ပြီး ဖြစ်တော်မူပါပေ၏။ (မုနိဆိုတာ အကုသိုလ်တွေ ဒုစရိုက်တွေ ပယ်ပြီးသားတွေ။) တဏှာကွယော၊ တဏှာကုန်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာ၌။ ဝိမုတ္တံ၊ နှလုံးသွင်းသောအားဖြင့် အမြဲတန်း နှလုံးသွင်း၍ နေပါပေ၏။ တမို့ ပဂ္ဂလံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကိုလည်း၊ ဓီရာ၊ ပညာရှိတို့သည်။ မုနိ၊ မုနိမည်မှန်း မြတ်ရဟန်းဟူ၍၊ ဝေဒယန္တိ၊ ကောင်းစွာမသွေ သိရှိကြရပေကုန်သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ဝေမို့ တောဒေယျ မုနိ ဝိဇာန၊
အကိဉ္စန် ကာမဘဝေ အသတ္တော။

တောဒေယျ၊ တောဒေယျ။ ဝေမို့၊ ဤသို့လည်း။ ကာမဘဝေ၊ ကာမနဲ့ ဘုံဘဝ၌။ (ကာမက တခြား ဘုံဘဝက တခြားနော်) အကိဉ္စန်၊ ရ မရဝယ် ခင်တွယ်ကြောင့်ကြ တောင့်တခြင်း မရှိသော ကိဉ္စနမရှိသော။ အသတ္တော်၊ ကပ်ငြိတွယ်တာခြင်း မရှိသော ပုဂ္ဂိုလ်ကို။ မုနိ၊ မုနိ မည်မှန်း မြတ်ရဟန်းဟူ၍။ တို့၊ သင်သည်။ ဝိဇာန=ဝိဇာနာဟိ၊ သိပါလေလော။ ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣမမို့ သတ္တော်၊ ဤတောဒေယျသူတ္တန်ကိုလည်း။ အရဟတ္တ နိကူဋ္ဌေန၊ အရဟတ္တဖိုလ်ကို အထုတ်တပ်ပါသဖြင့်။ ဒေသန်၊ ဒေသနာတော်ကို။ ဒေသေသိ၊ ဟောကြားတော်မူပါပေ၏။

တောဒေယျပုဏ္ဏားတပည့်မျှားနှင့် ရဟန္တာဖြစ်ပုံ

ဒေသနာ ပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သော အခါကာလ သမယ၌။ တောဒေယျော၊ တောဒေယျ-လို့ ဆိုတဲ့ ပုဏ္ဏားရသေ့ပညာရှိသည်၊ သဟဿသိဿော်၊ နောက်လိုက် နောက်ပါ တထောင် အခြံအရံရှိသော တပည့်အပေါင်းတို့နှင့်။ သဒ္ဓိ၊ အတူတကွ။ အရဟတ္တော်၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ ရဟန္တာဖြစ်၍ တည်လေတော့၏၊ အညေသဉ္စ၊ တောဒေယျ ရသေ့နှင့်တကွ တပည့်ပေါင်း တထောင်မှတပါးကုန်သော၊ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာကုန်သော ပရိသတ်တို့အား လည်း၊ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ခြင်းဆိုတဲ့ ဓမ္မစက္ခုအစရှိသည်သည်။ ဥဒပါဒိ၊ ကောင်းစွာ မသွေ ဖြစ်ကြလေသတည်း။

သာဓု သာဓု သာဓု။
တောဒေယျတ္တန် ဒုတိယပိုင်း ပြီး၏။
တောဒေယျ သုတ္တန် ပြီးပြီ။

http://www.dhammadownload.com

၁၀-ကပ္ပသုတ္တန်

သာသနာတော် သက္ကရာဇ် ၂၅၁၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ် နတ်တော်လပြည့်ကျော် (၆)ရက်။

ရန်ကုန်မြို့ ပုဇွန်တောင်ရပ် ရွှေဘုန်းပွင့် စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း တည်ခင်းအပ်သော ဝိပဿနာ ဓမ္မာရုံတော်ကြီးတွင် ဝိပဿနာလုပ်ငန်းတွေကို စံနစ်တကျ ဟောကြားတော်မူအပ်သော ခုဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော ကပ္ပသုတ္တန်တရားတော်။

ဘာဖြစ်လို့ ဒီသုတ္တန်ကို ကပ္ပသုတ္တန်လို့ ခေါ်ရသလဲဆိုတော့ ပုစ္ဆာ လျှောက်မဲ့ ပုဏ္ဏားရဲ့ နာမည်က ဗာဝရီပုဏ္ဏားရဲ့တပည့် (၁၆)ယောက်ထဲမှာ (၁၀)ယောက် မြောက်ဖြစ်သော ပုဏ္ဏား ကပ္ပ တဲ့၊ ပုဏ္ဏားဆိုပေမဲ့ သူဘာလုပ်နေသလဲဆိုတော့ ရဟန်းလုပ်ပြီးတော့နေတယ်၊ ဥတ္တရပထတိုင်းလို့ခေါ်တဲ့ သာဝတ္ထိပြည်ကနေပြီး ဒက္ခိဏာပထတိုင်း ဆိုတဲ့ အရပ်ကို သွားပြီးတော့ အဿကတိုင်း မူဠကတိုင်း နှစ်တိုင်းတို့ရဲ့အကြားမှာရှိတဲ့ ဂေါဓာဝရီမြစ်ရဲ့ အလယ်ကျွန်းမှာ သွားပြီးတော့ တရားအားထုတ်နေတယ်။ သူက ဘာဖြစ်နေသလဲ စျာန်ရနေတဲ့ ပုဂ္ဂိုလ်။

ကပ္ပပုဏ္ဏား မေးလျှောက်ပုံ။ ။စျာန်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ သီလလဲ လုံခြုံတယ်၊ သမာဓိလဲ အားကောင်းနေတယ်၊ သီလနဲ့ သမာဓိ-သူ့မှာ ပြည့်စုံပြီးသား၊ ဒီတော့ သူသိချင်တာက ဘာသိချင်သလဲဆိုတော့ သီလခန်း သမာဓိခန်းကို သူမသိချင်တော့ဘူး၊ ဝိပဿနာ ပညာခန်းကိုဘဲ သူသိချင်နေတယ်၊ ဒါကြောင့် ပုဏ္ဏား (၁၆)ယောက်စလုံးဟာ သီလနဲ့ သမာဓိ ပြည့်စုံနေကြသည်ဖြစ်သောကြောင့် ဒီသုတ္တန်တခုလုံးမှာ သတိနဲ့ပညာခန်းကို ချည်း ဟောသွားတယ်။

အဲဒီတော့ ကပ္ပကလဲ သူမှာ သီလနဲ့ သမာဓိ ပြည့်စုံနေပြီဖြစ်သောကြောင့် သတိနဲ့ပညာဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ တိုက်ရိုက် ကူးနိုင်တဲ့ ဝိပဿနာလုပ်ငန်းကို လုပ်ချင်တဲ့အတွက် မြတ်စွာဘုရားလဲ ခွင့်ပြုထားတယ်၊ သင်တို့ မေးလိုတဲ့ အမေးပုစ္ဆာ ပြဿနာကို မေးမြန်းကြပါတော့လို့ ခွင့်ပြုထားသည်ဖြစ်သောကြောင့် အဲဒီ ကပ္ပလို့ ခေါ်တဲ့ (၁၀)ယောက်မြောက် ပုဏ္ဏားက မြတ်စွာဘုရားကို လျှောက်တယ်။

အဲဒီ မေးခွန်းကို ဘုန်းကြီး ရှေးဦးစွာ ပါဠိရွတ်မယ်၊ ဒီပါဠိကို မရွတ်ခင် ဒီပါဠိတော်ဟာ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြား ထားတဲ့

http://www.dhammadownload.com

ပါဠိတော်ပါ၊ ဘုန်းကြီး၏တရား ဘုန်းကြီး၏မူ မဟုတ်ဘူး၊ ဒီ ဝိပဿနာ မူဟာ ဘယ်သူ့ ဝိပဿနာမူလဲလို့ မေးရင် ထူးကြီးဝိပဿနာ မူလား ဆိုရင် မဟုတ်ဘူး၊ ထူးကြီးဆရာတော်မှာ ဝိပဿနာမူတခုကို လုပ်နိုင်လောက်တဲ့ အစုမ်း သတ္တိမရှိဘူး၊ လုပ်လို့လဲ မဖြစ်ဘူး၊ ဘယ်သူ့မူလဲ ပါဠိတော်မူ၊ ဒီ ဝိပဿနာလဲ ပါဠိတော်ကလာတဲ့ ဝိပဿနာ၊ ထူးကြီး ဝိပဿနာ မဟုတ်ဘူး၊ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားပေးထားတဲ့ ပါဠိတော်ကို ဟောသည်ဖြစ်သော ကြောင့် ပါဠိတော်ကလာတဲ့ ဝိပဿနာ။

လက်အုပ်ချီနည်း။ ။ဒီတော့ ဘုန်းကြီးက မြတ်စွာဘုရားရဲ့ ပါဠိတော်ကို တဆင့် ဟောတဲ့ ပုဂ္ဂိုလ်၊ ဘုန်းကြီးတို့ ဗရိသတ်ကလဲ နာခံမှတ်သားတဲ့ပုဂ္ဂိုလ် မြတ်စွာဘုရားရဲ့မူ မြတ်စွာဘုရားရဲ့ ဝိပဿနာကို ဟောရ နာရမှာဖြစ်တဲ့အတွက် ရှေးဦးစွာ ဒီပါဠိတော်ကို ဟောကြားတော်မူတဲ့ မြတ်စွာ ဘုရားကို ရိုသေစွာ တရားဟော တရားနာပုဂ္ဂိုလ်တို့ရဲ့ အနေဖြင့် ရှိခိုးကြရမယ်၊ ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ လက်အုပ်ချီပြီးတော့ ထားကြ၊ လက်အုပ်ချီနည်းကို ဘုန်းကြီး အမြဲတန်း ပြောပေးနေတယ်၊ လက် ချောင်းတွေဟာ အခြင်ဝါးတွေကို လျှိုထားသလို လက်ချောင်းတခုထဲ လက် ချောင်းတခု ထိုးထားသလို မဖြစ်စေနဲ့။

လက်အုပ်ဆိုတဲ့အတိုင်း မိမိလက်အုပ်ကလေးကို သေသေချာချာပြန်ကြည့်၊ ပဒုမ္မာကြာဖူး ကြာငုံကလေးတွေလို ဖြစ်စေပြီးတော့ လက်ချောင်းကလေးတွေ လက်ညှိုးကလေးတွေကို ညီညီစီထား၊ ပြီးတော့ ဒီလက်အုပ်ကို ဘယ်မှာထားရ မလဲ၊ မျက်ခုံးမွေး နှစ်ခုကြားထဲမှာ ဒီလက်အုပ်ကို ထားရမယ်၊ မျက်လုံးက အောက်ကိုချထား၊ မိမိရဲ့ လက်မထိပ်လေး နှစ်ခုဟာ မျက်ခုံးမွေးနှစ်ခုကြားထဲ ထောက်နေပါစေ၊ ဒါ လက်အုပ်ချီနည်း။ အဲဒီလို လက်အုပ်ချီထားပြီးတဲ့အခါ ဘုန်းကြီးက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်ကို ရွတ်ဆိုပြီးတော့ ဘုရားရှိခိုးမယ်၊ အဲဒီ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်များကို အာရုံပြုပြီးတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား-အမျိုးကောင်းသမီးများ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ဂုဏ်တော်များကို ကြည်ညိုသဒ္ဓါ ပွါးများနိုင်ကြပါစေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(အနက် ရှေးနည်းအတိုင်း)

သာဓု သာဓု သာဓု။

ကပ္ပသုတ္တန်မည်ပုံ။ ။ဘုန်းတော် ခြောက်စုံ တန်းခိုးဂုဏ်နှင့် ပြည့်စုံတော် မူပါပေသော သုံးလောကထွတ်ထား သမ္ဗညုရှင်တော်

http://www.dhammadownload.com

မြတ်ဘုရားသည် ရာဇဂြိုဟ်ပြည်၏အနီး ပါသာဏက နတ်ကွန်း၌ သံဃာတော် အရှင်ကောင်း အရှင်မြတ်တွေ ခြံရံ၍ လက်ဝဲ လက်ျာ (၁၆) ယူဇနာရှိသော ပရိသတ်ကြီးအတွင်း၌ ယခုဟောကြားလတ္တံ့ ဖြစ်တဲ့ ပါရာယန ဝဂ်လာ-၁၀-သုတ် မြောက်ဖြစ်တဲ့ ကပ္ပသုတ္တန် ဒေသနာတော်ကို ဟောကြားတော်မူခဲ့ ပါသည်၊ စိတ်ထဲက မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ကြည်ညိုထားကြ၊ ကပ္ပသုတ္တန်ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ဘာကြောင့် ဟောရသလဲ ဆိုတော့ ကပ္ပအမည်ရှိတဲ့ ဗာဝရီ ပုဏ္ဏားကြီးရဲ့ တပည့်ရသေ့က လျှောက်သည် ဖြစ်သောကြောင့် ကပ္ပသုတ္တန်ကို ဟောရပါတယ်။

ကပ္ပရသေ့ လျှောက်ထားချက်။ ။ကပ္ပရသေ့က ဘယ်လိုလျှောက်သလဲ—

မဇ္ဈေ သရသ္မိံ တိဋ္ဌတံ၊ ဩဃေ ဇာတေ မဟဗ္ဘယေ။
ဇရာမစ္စုပရေတာနံ၊ ဒီပံ ပဗ္ဗူဟိ မာရိသ။
တွဉ္ဇ မေ ဒီပ'မက္ခာဟိ၊ ယထာယိဒံ နာပရံ သိယာ။

မာရိသ၊ ဆင်းရဲဝဋ္ဌက လွတ်ကင်းတော်မူပါပေသော မြတ်စွာဘုရား။ ဩဃေ၊ ဩဃလေးဖြာ သံသရာ၌။ ဇာတေ၊ ဖြစ်ပွါး၍ နေကြကုန်သော-မျော၍နေကြကုန်သော။ မဟဗ္ဘယေ၊ ဇာတိဇာရာဗျာဓိမရဏ တည်းဟူသော ဘေးအပေါင်းတို့ဖြင့် နှိပ်စက်ခြင်းကို ခံ၍နေကြကုန်သော။ မဇ္ဈေ သရသ္မိံ၊ ရှေးအစွန်း နောက်အစွန်း မထင်ရှားသဖြင့် သံသရာ၏ အလယ်၌။ တိဋ္ဌတံ= တိဋ္ဌန္တာနံ၊ တည်၍နေကြကုန်သော။ ဇရာမစ္စုပရေတာနံ၊ အိုခြင်း သေခြင်းတို့ ဖြင့် နှိပ်စက်ခြင်းကို ခံ၍နေကြကုန်သော သတ္တဝါအပေါင်းတို့၏။ ဒီပံ၊ မှီခိုရာ ဖြစ်တဲ့ ကျွန်းကို။ ဒီပံ၊ မှီခိုရာ အားထားရာ လွတ်လပ်ရာဖြစ်တဲ့ ကျွန်းကို။ မေ၊ ဘုရားတပည့်တော်အား။ ပဗ္ဗူဟိ၊ ဟောကြားတော်မူခဲ့ပါလော။ ယထာ=ယေန အာကာရေန၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဣဒံ၊ ဤဇာတိဇရာ ဗျာဓိမရဏ စသည် သောင်းပြောင်း ဆင်းရဲဒုက္ခ အပေါင်းသည်။ အပရံ၊ နောက်ထပ်တဖန်။ နဿိယာ၊ မဖြစ်နိုင်ရာ။ ဤဒီသံ၊ ဤသို့ ဆင်းရဲဒုက္ခတွေ နောက်ထပ်တဖန် မဖြစ်နိုင်သော မှီခိုရာဖြစ်သော။ ဒီပံ၊ သံသရာဝဋ္ဌဆင်းရဲက လွတ်လပ်ရာ ဖြစ်သောကျွန်းကို။ တွံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ကောင်းစွာ ဟောကြားတော်မူပါလော။ ဣတိ၊ ဤသို့။ အာယသ္မာ ကပ္ပေါ၊ အရှင်ကပ္ပဆိုတဲ့ ရသေ့သည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်စုံ တန်းခိုး ဂုဏ်နှင့် ပြည့်စုံပေငြား မြတ်စွာဘုရားကို။ အပုစ္ဆိ၊ သိလိုအရေးနှင့် မေးမြန်း လျှောက်ထားပါပေသတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

ကပ္ပ-က မြတ်စွာဘုရားကို ဘာလျှောက်ထားသလဲဆိုတော့ သံသရာဝဋ်ဆင်းရဲမှု လွတ်ကင်းတော်မူသော မြတ်စွာဘုရား သြဃလေးဖြာ သံသရာမှာ နစ်မွန်းမျောပါး နေကြတဲ့ သတ္တဝါအနန္တတို့ဟာ ဇာတိဘေး ဇရာဘေး ဗျာဓိ-မရဏဘေးတို့ဖြင့် နှိပ်စက်ခြင်းကို ခံနေကြရကုန်သော ရွှေအစွန်း နောက်အစွန်းကို ဘယ်တော့မှ ကုန်နိုင်မယ်လို့ မမြင်နိုင်တဲ့ သံသရာ၏ အလယ်၌ ကျင်လည်ရပြီးတော့ အိုခြင်း သေခြင်းတို့ဖြင့် အမြဲတန်းနှိပ်စက်ခြင်းကို ခံနေကြရကုန်သော သတ္တဝါတို့၏ မှီခိုအားထားရာဖြစ်တဲ့ လွတ်မြောက်ရာဖြစ်တဲ့ ကျွန်းတကျွန်းရှိတာကို ဟောကြားတော်မူပါဘုရားလို့ ဒါကိုလျှောက်တယ်၊ ဒီဂါထာတရားတောင်း ဂါထာပါဘဲ။ တရားတောင်းတာကတော့ သံသရာဝဋ်ဆင်းရဲက လွတ်ကြောင်းဖြစ်တဲ့ တရားကို ဟောကြားပေးတော်မူပါ သြဃလေးပါးက လွတ်တဲ့တရားကို ဟောပေးတော်မူပါလို့ ဒီလိုတောင်းတယ်။

ဘုရားရှင်ဖြေဆိုချက်။ ။ဒီတော့ မြတ်စွာဘုရားက သူရွတ်တဲ့ ဂါထာအတိုင်း ဘဲ ဟောပေးမယ်လို့ တာဝန်ခံလိုက်တယ်၊ ဘယ်လို ဝန်ခံလိုက်သလဲဆိုတော့—

မဇ္ဈေ သရသ္မိံ တိဋ္ဌတံ၊ သြဃေ ဇာတေ မဟဗ္ဘယေ။
ဇရာမစ္စု ပရေတာနံ၊ ဒီပံ ပဋ္ဌမိ ကပ္ပ တေ။

ဒီလိုဘဲ ဝန်ခံလိုက်တယ်။

ကပ္ပ၊ ကပ္ပ။ သြဃေ၊ သြဃလေးဖြာ၌။ ဇာတေ၊ နစ်မွန်းမျောပါ ဆင်းရဲစွာဖြစ်၍ နေကြရကုန်သော။ မဟဗ္ဘယေ၊ ဇာတိဇရာ ဗျာဓိမရဏ စသည် သောင်းပြောင်း ကြီးစွာသော ဘေးအပေါင်းတို့ဖြင့် နှိပ်စက်ခြင်းကို ခံ၍နေကြရကုန်သော။ မဇ္ဈေ သရသ္မိံ၊ သံသရာ၏ အလယ်၌။ တိဋ္ဌတံ=တိဋ္ဌန္တာနံ၊ တည်၍နေကြရကုန်သော။ ဇရာမစ္စု ပရေတာနံ၊ အိုခြင်း သေခြင်းတို့ဖြင့် ရောထွေးနှိပ်စက်ခြင်းကို ခံ၍နေကြရကုန်သော သတ္တဝါအပေါင်းတို့၏။ ဒီပံ၊ လွတ်လပ်ရာဖြစ်တဲ့ မှီခိုရာကျွန်းကို။ အဟံ၊ ငါဘုရားသည်။ တေ၊ သင့်အား။ ပဋ္ဌမိ၊ ကောင်းစွာ ဟောကြားတော်မူပေတော့အံ့သတည်း။

သာဓု သာဓု သဓု။

သြဃသဘော။ ။မြတ်စွာဘုရား ဟောတော်မူလိုက်တဲ့ တရားထဲမှာ စူဠ-နိဒ္ဒေသပါဠိတော်က ဖွင့်ထားတဲ့ အစကလေးတွေ ပါလာပြီ၊ ဒါကလေးတွေ ဘုန်းကြီးဟောပေးရဦးမယ်၊ ရောက်သလောက်ပေါ့၊ ချန်ပစ်ခဲ့လို့တော့မဖြစ်ဘူး။ မေးခွန်းထဲမှာ သြဃေတဲ့ သြဃဆိုတာ ရေအလျဉ်၊ ရေဆိုတာ နိမ့်တဲ့နေရာကိုဘဲ စီးတယ်၊ နိမ့်တဲ့နေရာကို ဘယ်အထိ စီးသလဲဆိုတော့ အောက်အဆုံး ရောက်အောင် စီးတယ်၊ စီးစရာ နေရာမရှိတော့ဘူး၊ ဒီထက် အောက်ကျတဲ့ နေရာမရှိတော့ဘူး၊ အဲဒီ အောက်ဆုံး ရောက်အောင် စီးတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ အဲဒီ ရထဲပါသွားတဲ့ ပုဂ္ဂိုလ်တွေကိုလဲဘဲ ရထဲပါသွားတဲ့ အမှိုက်သရိုက်တွေကိုလဲဘဲ အဲဒီရထသူချည်းထောက်အောင် သွားတာမဟုတ်ဘူး၊ သူ့အပေါ်ပါသွားတဲ့ အမှိုက်တွေကိုလဲဘဲ အောက်ဆုံးထောက်အောင် မျောပြီးတော့ ခေါ်သွားတယ်၊ စီးပြီးတော့ ယူသွားတယ်၊ မြင်အောင်ကြည့်ကြနော်။ သတ္တဝါတို့ သန္တာန်မှာရှိနေတဲ့ လောဘရယ် ဒိဋ္ဌိရယ် မောဟရယ်လို့ဆိုတဲ့-တရားသုံးလုံးကို ဩဃလို့ခေါ်တယ်။

ပါဠိတော်တခု ထောက်လာတယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ စတ္တာရော-မေ ဘိက္ခဝေ ဩဃာ။ ကတမေ စတ္တာရော၊ ကာမောဃော ဘဝေါဃော ဒိဋ္ဌော-ဃော အဝိဇ္ဇောဃော[1]။ ဘိက္ခဝေ၊ ရဟန်းတော်များ အို့ချစ်သားတို့။ ဩဃာ၊ ဩဃတရားတို့သည်။ ဣမေ စတ္တာရော၊ ဤလေးပါးတို့ပါပေတည်း။ ရေက လေးကြောင်းရှိတယ်တဲ့၊ မြစ်ကြီးလေးခုလို့ ဆိုလိုတဲ့ အဓိပ္ပါယ်၊ ဩဃလေးဖြာသံသရာ "ဩဃလေးသွယ် လွန်နှက်ကျယ်၏" ဆိုတာကို သိအောင်လို့ ဒီပါဠိတော်ကို ပေးရတယ်၊ ဩဃ-လို့ ပါဠိတော်မှာ ရှိနေတယ် ပါရာယနဝဂ်မှာ၊ ဒီဩဃကို ပြောမလို့၊ ဩဃရဲ့အဓိပ္ပါယ်က မြန်မာလိုပြန်လိုက်တော့-ရေ၊ ရေဆိုတာ ဘယ်လိုလဲ၊ သူဟာမျောတဲ့သဘော၊ မြုပ်တဲ့သဘောရှိတယ်။ အဲဒီရေထက် ထောက်သွားတဲ့ အမှိုက်သရိုက်တွေကို မျောတဲ့သဘောရှိတယ်၊ မြုပ်တဲ့သဘောရှိတယ်၊ မျောရင် ဘယ်ထောက်အောင် မျောမလဲ၊ အထက်ကို မျောသလား၊ အောက်ကို မျောသလား၊ (အောက်ကို မျောပါတယ်ဘုရား)၊ဒါ-ဩဃရဲ့သဘော။

ဩဃ ၄-ပါး။ ။အဲဒီဩဃလို့ဆိုတဲ့တရားကိုမြတ်စွာဘုရားက ဘယ်လိုဟောထား သလဲလို့ဆိုတော့ လေးမျိုးရှိတယ်လို့ ဟောထားတယ်။

ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ။

ကာမောဃ။ ။ကာမောဃဆိုတာ ဘာခေါ်သလဲဆိုတော့ အဋ္ဌကထာ[2]က ဖွင့်ပေးတယ်၊ ပဋ္ဌသု ကာမဂုဏေသု ဆန္ဒရာဂေါ ကာမောဃော နာမ။ ပဋ္ဌသု ကာမဂုဏေသု၊ ကာမဂုဏ်ငါးပါးတို့၌၊ ဆန္ဒရာဂေါ၊ဖြစ်နေတဲ့ ဆန္ဒရာဂသည်။ ကာမောဃောနာမ၊ ကာမောဃမည်၏။ ကာမဂုဏ်ငါးပါးကို နှစ်သက်တယ်၊ စွဲလမ်းတယ်၊ အလိုရှိတယ်ဆိုတဲ့ သဘောတရားသည် ကာမောဃ။

အာရုံနှင့် ကာမဂုဏ် ကွဲအောင်ကြည့်နည်း ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ကာမဂုဏ်ဆိုတာ ဘာလဲ၊ မိမိမျက်လုံးနဲ့ ရူပါရုံတခုကို မြင်လိုက်လို့ အဲဒီရူပါရုံကို မိမိက်နှစ်သက်ရင် အဲဒီရူပါရုံသည် ကာမဂုဏ်ဖြစ်တယ်၊ မနှစ်သက်ရင် ရူပါရုံဟာ ရူပါရုံဘဲ၊ ရူပါရုံနဲ့

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နှာ-၅၄။

၂။ သံယုတ်၊ ဋ္ဌ၊ ပ-တို့၊ နှာ-၁၆။ သံယုတ်၊ ဋ္ဌ၊ တ-တို့၊ နှာ-၁၇၄။

http://www.dhammadownload.com

ကာမဂုဏ် ခြားနားပြီးတော့ကြည့်၊ မျက်လုံးနဲ့ရူပါရုံတခုကိုမြင်လို့ အဲဒီရူပါရုံကို ကိုယ်ကနှစ်သက်ရင် ချစ်ခင်မြတ်နိုးရင် စုံမက်ရင် ဒီရူပါရုံသည် ဘာလဲ၊ (ကာမဂုဏ်ပါဘုရား)။ မချစ်ခင်ဘူး မမြတ်နိုးဘူး မစုံမက်ဘူး မနှစ်သက်ဘူး မမုန်းလဲ မမုန်းဘူးဆိုရင် အနိစ္စ ဒုက္ခ အနေနှင့်သာ ရှုနေမယ်ဆိုရင် ဒီမျက်လုံးနဲ့ မြင်တဲ့ အာရုံသည် အာရုံဘဲ၊ ကာမဂုဏ် မဟုတ်ဘူး။ အာရုံနဲ့ ကာမဂုဏ် ကွဲသွားအောင် ကြည့်ပါ။

အသံကြားတဲ့ နေရာမှာလဲ ထို့အတူဘဲ၊ အသံတခု မိမိနားထဲမှာ ကြားလိုက်ရင် ဘုန်းကြီးတို့ ပရိသတ်မှာ နားရှိနေတော့ ဒီအသံကို ကြားမှာဘဲ၊ မကြားဘဲ ပိတ်ထားလို့တော့ မဖြစ်ဘူး၊ ဒီတော့ အဲဒီနားထဲမှာ ရောက်လာတဲ့ အသံတခုခုကို ကိုယ်က သာယာလိုက်မယ် နှစ်သက်လိုက်မယ် သဘောကျလိုက်မယ်ဆိုရင် အဲဒီအသံသည် ကာမဂုဏ်ဖြစ်သွားမယ် နော်၊ (မှန်ပါ ဘုရား)။ မသာယာဘူး မနှစ်သက်ဘူး၊ အသံကို အသံတိုင်းဘဲ ထားမယ်ဆိုရင် သူဟာ အာရုံ၊ အာရုံဘဲ၊မှတ်ကော မှတ်မိပလား(မှတ်မိပါတယ်ဘုရား)၊ အဲဒါ အကုန်လုံး သွားပေတော့ အနုရုယ် အရသာရယ် အတွေ့အထိရယ် အဲဒီ ၅-မျိုး၊ မြင်တဲ့ ရူပါရုံပေါ်မှာ ကြားတဲ့ သဒ္ဒါရုံပေါ်မှာ နံတဲ့ ဂန္ဓာရုံပေါ်မှာ စားတဲ့ရသာရုံပေါ်မှာ ခန္ဓာကိုယ်မှာ လာပြီးထိတဲ့ ဖောဋ္ဌဗ္ဗာရုံပေါ်မှာ၊ အဲဒီအာရုံ–ငါးပါးတို့ အပေါ်မှာ ကိုယ်က နှစ်သက်လိုက်မယ် စွဲလမ်းလိုက်မယ် မြတ်နိုးလိုက်မယ် ခင်မင်နှစ်သက်လိုက်မယ်ဆိုရင် အဲဒါ ဘာဖြစ်သွားမလဲ၊ (ကာမဂုဏ် ဖြစ်သွားတယ်)။ သူကို ကာမောဃလို့ခေါ်သည်၊ အဲဒါ ကာမောဃ။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် စဉ်းစားကြည့်ကြစမ်း၊ တရားအားမထုတ်ဘဲနဲ့ အမှတ်တမဲ့နေတဲ့ ပုဂ္ဂိုလ်တွေမှာ အဲဒီကာမောဃကြီးထဲမှာ မျောမနေဘူးလား (မျောနေပါတယ်ဘုရား)၊ဒါဖြင့် အဲဒီ ကာမောဃက ဒီသတ္တဝါတွေကို ဘယ်အထိ မျောသွားသလဲ(အောက်ဆုံးရောက်အောင် မျောသွားပါတယ်ဘုရား)၊အောက်ဆုံးဆိုတော့ ဘယ်နေရာလဲ၊ (အဝီစိပါ ဘုရား)၊ သွားချင်သလား (မသွားချင်ပါ ဘုရား)၊ မျောခွင့်မပေးနဲ့၊(ဘယ့်နယ်လုပ်ထားရမလဲ ဘုရား)၊အဲဒီအာရုံတွေကို မြင်တိုင်း ဝိယဿနာရှုကွက်က မြင်တိုင်း မြင်တိုင်း ရုပ်တရားလို့ ရှုနေ၊ဒါဖြင့် ရုပ်တရားဆိုရင် ဘာတဲ့လဲ–အနိစ္စ ဒုက္ခ ဝိပရိဏာမ၊ ဒီလိုဆိုရင် ကာမောဃ မျောခွင့်ရသေးသလား၊ (မရတော့ပါ ဘုရား)၊ ကိုင်း ကာမောဃ ပြီးပြီ။

ဘဝေါဃ။ ။ဘဝေါဃ ဆိုတာဘာလဲ ဘဝေါဃကို အဋ္ဌကထာက ပြောထားတယ်၊ ဘဝေါဃဆိုတာ ဘယ့်နယ်ပြောထားသလဲဆိုတော့ ရူပါ-ရူပဘဝသု ဆန္ဒရာဂေါ စျာနနိကန္တိ ဘဝေါဃောနာမ၊ ရူပဘဝနဲ့ အရူပဘဝကို နှစ်သက်တယ်။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းအားထုတ်ပြီးတော့ ရှေးက ကပ္ပတို့ လူစုဘဲ၊ ဒီလူ့ဘဝကာမဂုဏ်ကို ခံစားနေရတာဟာ အင်မတန် စက်ဆုပ်စရာကောင်းတယ်၊ ကာမဂုဏ် မခံစားတဲ့ ရူပဘဝ အရူပဘဝကို ရောက်ရင် ကောင်းမှာဘဲ သတ္တဝါတွေ ကာမဂုဏ်ကြောင့် ပင်ပန်းနေကြတာကို သူတို့ သိတာကိုး၊ ဒီတော့ ကာမဂုဏ်မခံစားတဲ့ ရူပဘဝ အရူပဘဝ ရောက်သွားရင် ကောင်းမှာဘဲဆိုပြီး အဲဒီ ရူပဘဝနဲ့ အရူပဘဝကို နှစ်သက်ပြီးတော့ ကမ္မဋ္ဌာန်းအားထုတ်တယ်၊ ကာမဂုဏ်ခံစားမှုကလွတ်အောင်။ ကမ္မဋ္ဌာန်းအားထုတ်တာက သမထကမ္မဋ္ဌာန်းကို အားထုတ်ကြတယ်။

ဒီတော့ သမထကမ္မဋ္ဌာန်းကို အားထုတ်တာ ဘာရည်ရွယ်ချက်နဲ့ အားထုတ်သလဲလို့ ဆိုတော့ ရူပဘဝနဲ့ အရူပဘဝကို လိုလားတောင့်တ နှစ်သက်လို့၊ ကာမဘဝကို ရွံမုန်းလို့၊ ရူပဘဝကိုရောက်အောင် အားထုတ်ကြတယ်၊ အဲဒီ ရူပဘဝကို နှစ်သက်နေတယ်၊ ရလာတဲ့ဈာန်ကလေးကို နှစ်သက်နေတယ်၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အာကာသာနဉ္စာယတနဈာန် စတဲ့ ဘုန်းကြီး ညတိုင်း ပြောပေးနေတဲ့ အဲဒီဘဝတွေကို နှစ်သက်နေတယ်၊ အဲဒီ နှစ်သက်မှုကို ဘဝေါဃလို့ ခေါ်ပါတယ်၊ အဲဒီ ဘဝကို နှစ်သက်တဲ့ဆန္ဒနဲ့ ရာဂလဲ ဩဃဘဲ၊ ဘဝကို နှစ်သက်တယ်၊ ဈာန်ကို နှစ်သက်တယ်ဆိုတဲ့ ဆန္ဒရဲ့ ရာဂသည် ဩဃ။ အဲဒီ ဩဃကလဲ ဘယ်ထိအောင် မျောမလဲ (အောက်ထိအောင် မျောတယ်)၊ ဘယ်သူကို မျောသလဲ အမှိုက်သရိုက်နဲ့တူတဲ့ ခန္ဓာငါးပါး တည်းဟူသော သတ္တဝါတွေကို သူမျောမယ်၊ သတ္တဝါတွေက ဘာနဲ့တူသလဲဆိုတော့ ဘုန်းကြီးတို့ပရိသတ် အမှိုက်တွေနဲ့ တူတယ်နော်။

အဲဒါကြောင့် ဝိပဿနာတရားအားထုတ်မယ်ဆိုရင် အမှိုက်ချင်း အစပ်မခံနဲ့၊ အမှိုက်ချင်းစပ်နေပြီဆိုရင် အမှိုက်တခုခုကို မီးလောင်ရင် အဲဒီ အမှိုက်တခုနဲ့ စပ်နေတဲ့ အမှိုက်တွေ အကုန်မပူဘူးလား (ပူပါတယ် ဘုရား)၊ အကုန်မီးလောင်မခံရဘူးလား (ခံရပါတယ် ဘုရား)၊ ဘုန်းကြီးတို့တတွေကလဲ တကာ တကာမတွေနဲ့ဆိုရင် သြော်ကိုယ်ကလဲ အမှိုက်တခုဘဲ၊ ဒီတကာ တကာမတွေလဲ အမှိုက်သရိုက်တွေဘဲ၊ ဒီအမှိုက်တွေနဲ့ ငါစပ်နေလို့ ငါ့တကာ တကာမတွေ ငါ့ကျောင်း တကာတွေ ငါ့ကျောင်းအမတွေ၊ ငါ့ပစ္စည်းလေးပါး ဒကာ ဒကာမတွေဆိုပြီးတော့ သူတို့မှာ ကိစ္စကြီးငယ်ရှိတိုင်း ရှိတိုင်း ကိုယ်က အကျိုးစီးပွါးတွေ သွားပြီး ရွက်ဆောင်နေရင်တော့-ငါ ဒီတကာ တကာမတွေနဲ့ စပ်ပြီးတော့ နေလိမ့်မယ်၊ စပ်နေလို့ အဲဒီ တကာ တကာမတွေ တစုံတခု သောကပရိဒေဝဆောက်လို့ မီးတောက်နေရင် ဒီဘုန်းကြီးလဲ ဒီမီးထဲက လွတ်ဦးမလား။ (မလွတ်နိုင်ပါဘုရား)။

http://www.dhammadownload.com

ဘုန်းကြီးတို့ပရိသတ် လွတ်အောင်နေကြ၊ အမှိုက်ချင်းအစပ်မခံနဲ့၊ ဒီတော့ ဘုန်းကြီး မကြာမကြာ ပြောနေသလိုဘဲ တရားအားထုတ်တော့မယ်ဆိုရင် လူတွေကို မခံမှ ဖြစ်မယ်နော်၊ (မှန်ပါဘုရား)၊ အတွေ့မခံလို့လဲ မဖြစ်သေးဘူး၊ ဒီ လောကကြီးတခုလုံး တောတောင်တွေမှာလဲ လူတွေက ရှိနေတော့ တောထဲတောင်ထဲ သွားလဲ လူတွေကို တွေ့ဦးမှာဘဲ၊ ကိုင်း တွေ့ချင် တွေ့ပါစေတော့ ဘယ်သူနဲ့တွေ့တွေ့ တွေ့ရင် အဲဒီလူတွေနဲ့ အသိမလုပ်နဲ့၊ အသိမလုပ်လို့လဲ မဖြစ်သေးဘူး အသိတော့ လုပ်ဦးမှာဘဲ၊ ကဲ တထစ်လျှောပေးလိုက်ဦးမယ်၊ ရှေးက သိနေတဲ့လူတွေ့ မသိလို့တော့ မဖြစ်ဘူး သိဦးမှာဆိုပြီး သိချင်သိပါစေ၊ အဲဒီ လူတွေနဲ့ အကျွမ်းမဝင်စေနဲ့တဲ့၊ အရောတဝင်နဲ့ ရင်းရင်းနှီးနှီးကြီး မလုပ်နဲ့၊ မိတ်ဆွေဘဲ သင်္ဂဟဘဲ ဒါမတော်လို့ မကင်းလို့ပါ ကိုယ့်ဇနီးဘဲ ကိုယ့်သားဘဲ ရှေးက ဥာတိတော်ခဲ့ဘူးတာဘဲ ပစ္စည်းလေးပါး ဒကာဒကာမ ကျေးဇူးရှိလို့ဆိုပြီး ဘာမှမငဲ့နဲ့၊ အကျွမ်းမဝင်စေနဲ့။ အဲဒီလို အမှိုက်သရိုက်နဲ့တူတဲ့ ခန္ဓာတွေကို ခုနက ကာမောဃ ဘဝေါဃက ဘယ်ထိအောင် မျောပစ်လိုက်မလဲဆိုတော့ အပါယ်လေးပါးထိအောင် မျောပစ်လိုက်မယ်၊ ပါဠိတော်ကလဲ ဟောထားတယ်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိ ဂတာ။
ဘဝဂ္ဂန္တ္တမို့ သမ္ဗတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိ ။

လို့ဆိုပြီးတော့ ဝိဘင်းပါဠိတော် နှာ-၄၄၁ မှာ ဟောထားတာရှိတယ်၊ ဘဝေါဃပါသွားပြီးဖြစ်သောကြောင့် ဟိုပြဟ္မာကြီး တက်ပြီးတော့ ဖြစ်နေပါစေတဲ့၊ ကုသိုလ်အရှိန်အစောက်ကုန်တဲ့အခါ အောက် အပါယ်လေးပါးထိအောင် ပြန်ပြီးတော့ မြုပ်ပါလိမ့်မယ်တဲ့။

ဒိဋ္ဌောဃ။ ။ဒိဋ္ဌောဃဆိုတာက ဘာခေါ်သလဲလို့ဆိုတော့ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကို ဒိဋ္ဌောဃလို့ခေါ်တယ်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဆိုတဲ့ အဲဒီဟာတွေ အကုန်လုံး ဒိဋ္ဌောဃ၊ သက္ကာယဒိဋ္ဌိဟာ ဒိဋ္ဌောဃ၊ ဘာလဲ သက္ကာယဒိဋ္ဌိဆိုတာ ထင်ရှားရှိသော ခန္ဓာငါးပါး တရားအပေါင်း၌ မှားသော အားဖြင့် ယူစွဲသုံးသပ်ခြင်းကို သက္ကာယဒိဋ္ဌိလို့ခေါ်ပါတယ်၊ အဲဒီ သက္ကာယဒိဋ္ဌိဟာလဲဘဲ သူဟာ ဒိဋ္ဌောဃ၊ ဘယ်ထိအောင် မျောမလဲ (အောက်ထိအောင် မျောပါမယ်ဘုရား)၊ ဘယ်တော့မှ အထက်ကို သူမပို့ဘူး၊ အပါယ်လေးပါး ရောက်အောင် သူမျောမယ်၊ ရေနဲ့တူတဲ့ သြဃကိုး။

အဝိဇ္ဇောဃ။ ။အဝိဇ္ဇောဃဆိုတာကတော့ သစ္စာလေးပါးတရားကို မသိတာသည် အဝိဇ္ဇောဃပါဘဲ၊ စတူသု သစ္စေသု အညာဏံ အဝိဇ္ဇောဃောနာမ။ ဒုက္ခသစ္စာမသိရင် သမုဒယသစ္စာမသိရင် နိရောဓသစ္စာမသိရင် မဂ္ဂသစ္စာမသိရင်–သူလဲ အဝိဇ္ဇောဃဘဲ၊ ဘယ်ထိအောင် မျောမလဲဆိုတော့– အပါယ်လေးပါးထိအောင် သူကမျောမယ်။

http://www.dhammadownload.com

ဩဿတရားကိုယ်။ ။အဲဒီ ဩဿလေးပါးကို တရားကိုယ်ကောက်လိုက်တော့ ကာမောဃက = တဏှာလောဘ၊ ဘဝေါဃဆိုတာ တဏှာလောဘ၊ ဒိဋ္ဌောဃဆိုတာ ဒိဋ္ဌိ၊ အဝိဇ္ဇောဃဆိုတာ မောဟ၊ တရားကိုယ် ကောက်တော့ လောဘ ဒိဋ္ဌိ မောဟတဲ့။

အဲဒီ တရားသုံးလုံး ကိုယ့်မှာရှိနေသလား၊ ရှိမနေဘူးလားဆိုတာ ဘုန်းကြီး တို့ဗုဒ္ဓသာသနာတော်ကြည့်၊ ရှိနေရင် သူဘယ်ထိအောင် မျှောမလဲ၊ အောက်အဝီစိထိ အောင် မျှောနိုင်ခွင့်ရှိနေသေးတယ်၊ ဒီကနေ့ ဘယ်လောက်ဘဲ ပြဟ္မာကြီးဖြစ် နေပါစေ၊ ဒီကနေ့ ပြဟ္မာကြီးဟာ နက်ဖြန် ဝက်ကြီးဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲ အဲဒါ ဩဃထဲ မျောသွားလို့တဲ့၊ သက်သေတွေ အများကြီးရှိတယ်။

ဩဃမှ လွတ်မြောက်ပုံ။ ။အဲဒီ ဩဃလေးပါးမှာ သတ္တဝါတွေဟာ နစ်မွန်း မျောပါးပြီးတော့ နေကြရပါတယ်ဘုရားတဲ့ ကပ္ပက၊ အဲဒီ ဩဃလေးပါးမှာ နစ်မွန်းမျောပါးနေတဲ့ သတ္တဝါတွေရဲ့ လွတ်လပ်ရေး တရားကို ငါဘုရားဟောပေးမယ်လို့ ဒီလိုဝန်ခံထားတယ်၊ အဲဒီ ဩဃလေးပါးမှ လွတ်အောင် ဘာလုပ်ရမလဲဘုရား– ဘုန်းကြီးတို့ပရိသတ်က ဒီဩဃက မလွတ် ချင်ဘူးလား၊ (လွတ်ချင်ပါတယ်ဘုရား)၊ ဒီတော့ မြတ်စွာဘုရားက သံယုတ် ပါဠိတော်ကြီး တဝ်တဲ့၊ နှာ-၅၄ မှာ ဆက်ပြီးတော့ ဟောတယ်။

ဣမေသံ ဒေါ ဘိက္ခဝေ စတုန္နံ ဩဃာနံ အဘိညာယ ပရိညာယ ပရိက္ခယာယ ဓမ္မော နာယ။ ပ။ အယံ အရိယော၊ အဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝေတဗ္ဗော။ ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ စတုန်း၊ လေးပါးကုန်သော။ ဣမေသံ ဩဃာ-နံ၊ ဤဩဃလေးပါးတို့ကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိခြင်းငှါ။ ပရိညာ-ယ၊ ပိုင်းခြားရှုသိခြင်းငှါ။ပရိက္ခယာယ၊ ဩဃတွေကုန်ရှိသွားခြင်းငှါ။ ပဟာ-နာယ၊ ဩဃတရားတွေကို ပယ်စွန့်နိုင်ခြင်းငှါ။ အရိယော၊ ဖြူစင်သော။ အဋ္ဌင်္ဂိ-ကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို။ ဘာဝေ-တဗ္ဗော၊ မိမိ၌ဖြစ်အောင် လုပ်ရ၏၊ လုပ်အပ်၏။ မဂ္ဂင်ရှစ်ပါး မိမိမှာရှိပါစေ။

သမ္မာဒိဋ္ဌိဖြစ်ပုံ။ ။ဘာလဲ မဂ္ဂင်ရှစ်ပါးဆိုတာ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာ-ဝါယာမ သမ္မာသတိ သမ္မာသမာဓိ၊ အဲဒီမဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိတလုံးရရင် ကျန်တဲ့မဂ္ဂင်များ အကုန်လုံးပြည့်စုံတော့၊ အဲဒါကို မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိ သုတ္တန်မှာ ဟောကြားထားတာရှိတယ်၊ ဘာလဲ သမ္မာဒိဋ္ဌိဆိုတာ ဒီသမ္မာဒိဋ္ဌိ ဆိုတာ ဘယ်လိုလဲ ဘယ်လိုပွါးရမလဲ၊ သိဘို့မလိုဘူးလား၊ (လိုပါတယ်ဘုရား)၊ သမ္မာဒိဋ္ဌိကို ဘုန်းကြီးပြောဦးမယ်၊ သမ္မာဒိဋ္ဌိနဲ့ပတ်သက်လို့ ဟောစဉ်သုတ္တန်

http://www.dhammadownload.com

တွေ့ တော်တော်များတယ်၊ သို့သော်လည်း ရှိပါစေတော့–ဘာလဲ သမ္မာဒိဋ္ဌိ ဆိုတာ—.

> ယတော၁ ခေါ အာဝုသော အရိယသာဝကော ဧဝံ အဝိဇ္ဇံ ပဇာနာ-တိ၊ ဧဝံ အဝိဇ္ဇာသမုဒယံ ပဇာနာတိ၊ ဧဝံ အဝိဇ္ဇာနိရောဓံ ပဇာနာတိ၊ ဧဝံ အဝိဇ္ဇာနိရောဓဂါမိနိံ ပဋိပဒံ ပဇာနာတိ(ပ)တ္တောဝတာပိ ခေါ အာဝုသော အရိယသာဝကော သမ္မာဒိဋ္ဌိ ဟောတိ၊ ဥဇုကတာဿ ဒိဋ္ဌိ ဓမ္မေ အဝေစ္စပ္ပသာဒေန သမန္နာဂတော၁၊ အာဂတော ဣမံ သဒ္ဓမ္မံ။
>
> ဒါမူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ် နှာ-၆၈။

အဲဒီသုတ်က ဘာပြောသလဲလို့ဆိုတော့ အဝိဇ္ဇာကို သိရမယ်၊ အဝိဇ္ဇာဖြစ်ခြင်းရဲ့အကြောင်းကို သိရမယ်၊ အဝိဇ္ဇာ ချုပ်တာကို သိရမယ်၊ အဝိဇ္ဇာချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို သိရမယ်၊ အဲဒီလေးပါးကို သိရင် ဣမျှဖြင့် အရိယာသာဝကမှာ သမ္မာဒိဋ္ဌိဖြစ်ပါပြီတဲ့။

ဒီတော့ အဝိဇ္ဇာဆိုတာ ဘာလဲ၊ အဝိဇ္ဇာသမုဒယဆိုတာ ဘာလဲ၊ အဝိဇ္ဇာနိရောဓဆိုတာ ဘာလဲ၊အဝိဇ္ဇာနိရောဓဂါမိနီပဋိပဒါဆိုတာ ဘာလဲ၊ သစ္စာလေးပါးတရားကို မသိရင် အဝိဇ္ဇာတဲ့။ ဩဋ္ဌ သစ္စာလေးပါးတရားကို မသိတာ၊ငါကမသိတာလား၊ အဝိဇ္ဇာက မသိတာလား၊(အဝိဇ္ဇာက မသိတာပါဘုရား)၊ ဩဋ္ဌ–အဝိဇ္ဇာဟာ သစ္စာလေးပါးတရားကို မသိတာကို အဝိဇ္ဇာလို့ခေါ်ပါကလား၊ ဒါဖြင့် ဒီအဝိဇ္ဇာ ဘာဖြစ်လို့ ဖြစ်သလဲ၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော၊ အာသဝကြောင့် ဖြစ်တယ်တဲ့၊ ခုနက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ အဲဒီ အာသဝတွေကြောင့် အဝိဇ္ဇာဖြစ်တာပါတဲ့၊ဒါဖြင့် အဲဒီ အဝိဇ္ဇာ ချုပ်ရင် ဘာဖြစ်သလဲဆိုတော့ အာသဝ မရှိရင် အဝိဇ္ဇာမရှိတော့ဘူးတဲ့၊ ဒါ အဝိဇ္ဇာနိရောဓပါဘဲတဲ့ အတိုချုပ်က။ဒါဖြင့် အဲဒီ အာသဝတွေမရှိအောင် ဘာလုပ်ရမလဲ ဆိုတော့ စောစောက ပြောတဲ့ မဂ္ဂင်ရှစ်ပါးကိုပွါးရင် အာသဝတွေ ကုန်ပါလိမ့်မယ် ဆိုပြီးတော့ ဒီလေးပါးကို သိရင် သမ္မာဒိဋ္ဌိ ဖြစ်ပြီ၊ ဒါဖြင့် ဒီသမ္မာဒိဋ္ဌိကို ဘယ်လို ပွါးရမလဲ ပွါးနည်း။

သမ္မာဒိဋ္ဌိပွါးနည်း အင်္ဂါလေးပါး။ ။ဣမ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ ဝိဝေကနိဿိတံ ဝိရာဂနိဿိတံ နိရောဓ-နိဿိတံ ဝေါဿဂ္ဂပရိဏာမိံ [၁]-လို့ သမ္မာဒိဋ္ဌိကို ပွါးတဲ့နေရာမှာ အင်္ဂါလေးပါး ရှိတယ်၊ အဲဒီ အင်္ဂါလေးပါးက ဘာလဲလို့ဆိုတော့—

ဝိဝေကနိဿိတံ=အကောင်းဆုံးကို ပြောမယ်ဆိုရင်၊ ခန္ဓာငါးပါးတို့ရဲ့ ဆိတ်သုဉ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ညွှတ်သော မှီသောစိတ်ရှိသော၊ စိတ်ကိုက

၁။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ—၅၀-၄။

http://www.dhammadownload.com

ဒီသမ္မာဒိဋ္ဌိဘာဝနာကို ပွါးများနေတာဟာ တစုံတရာ လောကရေးမဟုတ်ဘူး၊ သံသရာဝဋ်ဆင်းရဲက လွတ်ရာဖြစ်တဲ့ ခန္ဓာငါးပါးတို့ မရှိတဲ့ နိဗ္ဗာန်ကို ရောက်ဘို့ အတွက် ဒီလို ရည်ရွယ်ချက် ရှိရမယ်တဲ့၊ သမ္မာဒိဋ္ဌိပွါးနည်း။

ဝိရာဂနိဿိတံ=ရာဂကင်းရာဖြစ်တဲ့ မဂ်ဉာဏ်ကို ရဘို့ရန် ရည်ရွယ်ချက်ရှိသော နိဗ္ဗာန်ကို ရဘို့ရန်အတွက် မဂ်ဉာဏ်ကို ရရှိဘို့အတွက်။

နိရောဓနိဿိတံ=တဏှာကုန်တယ်, တဏှာချုပ်တယ်ဆိုတဲ့ နိဗ္ဗာန်ကို အာရုံ ပြုသောအားဖြင့် မှီခိုနေသော။

ဝေါဿဂ္ဂပရိဏာမိံ=ဥပဓိတရား, ခန္ဓာတရား အားလုံးတို့၏ စွန့်လွှတ်ရာဖြစ် သော နိဗ္ဗာန်ချမ်းသာကို စိတ်ညွှတ်ရောက်ရှိနေသော။ ကုလပုတ္တော၊ အဲဒီ လေး မျိုးသော အင်္ဂါနှင့် ပြည့်စုံသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတဲ့တရားကို။ ဘာဝေတိ၊ မိမိသန္တာန်မှာ ဖြစ်အောင် ပွါးရှိ နေပေတော့၏။ ဒါ သမ္မာဒိဋ္ဌိပွါးနည်း။ အဲဒီလို သမ္မာဒိဋ္ဌိကို ပွါးလိုက်လို့ ရှိရင် ဒီဩဝါဒ လေးပါးက လွတ်ပါလိမ့်မယ်လို့ မြတ်စွာဘုရားက ဩဝါဒသုတ် နှာ-၅၄ မှာ ဒီလိုဟောတယ်၊ အဲဒီ ဩဝါဒ လေးပါးထဲမှာ ဖြစ်နေတဲ့ သတ္တဝါတွေက ဘာတွေနဲ့ ဖြစ်နေရသလဲဆိုတော့ ဇာတိ ဇရာ မရဏတွေနဲ့၊ ဘယ်နေရာမှာလဲ၊ ဒီ ဩဝါဒ လေးပါးမှာ။

သံသရာအစွန်း မထင်ရှားပုံ။　။မဇ္ဈေ သရသ္မိံ တိဋ္ဌတံ-တဲ့၊ဒီ အပိုဒ်ကို ဟောပေး ရမယ်၊ မဇ္ဈေ-ဆိုတာ အလယ်။ သရ-ဆိုတာ ဘာခေါ်သလဲဆိုတော့ စွဲငဲ့နိဒ္ဒေသက ဖွင့်ပေးတယ်၊ သရော ဝုစ္စတိ သံသာရော၊ သံသရပါတဲ့။ သံသရာဆိုတာ ဘာကို ခေါ်သလဲဆိုတော့ အဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၁၁ ကလဲ ပြတယ်။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ခန္ဓာငါးပါးတွေ ဖြစ်ပြီးရင်းဖြစ်, ဖြစ်ပြီးရင်းဖြစ်နဲ့ မပြတ်ဖြစ်နေတဲ့ အဲဒီလို ဆက်စပ်ပြီး ဖြစ်နေတဲ့ သဘောကို သံသရာလို့ ခေါ်ပါတယ်တဲ့။ အဲဒီ သံသရာမှာ သံသရာရဲ့အလယ်ဆိုတာ ဘာကို သံသရာရဲ့အလယ်လို့ ခေါ်နေသလဲဆိုတော့ – စွဲငဲ့နိဒ္ဒေသပါဠိတော် နှာ-၁၃၄ က ပြောတယ်။

သံသာရဿ ပုရိမာပိ ကောဋ္ဌိ န ပညာယတိ၊ ပစ္ဆိမာပိ ကောဋ္ဌိ န ပညာယတိ၊ မဇ္ဈေဝ သံသာရေ သတ္တာ ဌိတာ ပတိဋ္ဌိတာ အလ္လိနာ။

သံသာရဿ၊ ခန္ဓာငါးပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါးဆိုတဲ့ မပြတ် ဆက်စပ်ပြီး ဖြစ်နေတဲ့ သံသရာ၏။ပုရိမာပိကောဋ္ဌိ၊ရှေးဦး ဖြစ်နေတဲ့ အစွန်းသည်

http://www.dhammadownload.com

လည်း။ နပညာယတိ၊ မထင်ရှား။ ပစ္ဆိမာပိ ကောဋ္ဌိ၊ နောက်၌ဖြစ်သော အစွန်းသည်လည်း။ နပညာယတိ၊ မထင်ရှား။ မဇ္ဈေဝ သံသာရေ၊ ရှေနောက် အစွန်း မထင် သံသရာ၏ အလယ်၌သာလျှင်။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဌိတာ ပတိဋ္ဌိတာ၊ တည်၍ နေကြပေတော့၏။ အလ္လိနာ၊ ကပ်ငြိ၍ နေကြလေတော့၏။

ဒါ စူဋ္ဌနိဒ္ဒေသပါဠိတော်က ပြတယ်၊ သံသရာရဲ့ ရှေအစွန်း, နောက်အစွန်း မထင်ရှားဘူးဆိုတာ ဘယ်လို မထင်ရှားတာလဲဆိုတော့ စူဋ္ဌနိဒ္ဒေသပါဠိတော်က ထပ်ပြီးတော့ ဖွင့်ပြပေးတယ်၊ တော်တော် ခပ်များများ ပြတယ်၊ ဒါပေတဲ့ ဘုန်းကြီး နှစ်ခုလောက်ဘဲ ပြောမယ်။

ကထံ သံသာရဿ ပုရိမာ ကောဋ္ဌိ နပညာယတိ။ သံသာရဿ၊ သံသရာကြီး၏။ ပုရိမာ ကောဋ္ဌိ၊ ရှေ့၌ဖြစ်သော အစွန်းသည်။ ကထံ နပညာယတိ၊ အဘယ်သို့ မထင်ရှား သနည်း။ သံသရာရဲ့ ရှေအစွန်း မထင်ရှားဘူးဆိုတာ ဘယ်လို မထင်ရှားတာလဲ၊ ပါဠိတော်က မေးခွန်းထုတ် မေးထားတယ်၊ ဒီတော့ ပါဠိတော်က ပြန်ဖြေတယ်။

ဇတ္တကာ ဇာတိယော ဝဋ္ဌံ ဝတ္တိ၊ တတော ပရံ နဝတ္တတီတိ ဟေဝံ နတ္ထိ၊ ဧဝမ္ပိ သံသာရဿ ပုရိမာ ကောဋ္ဌိ နပညာယတိ၊ စူဋ္ဌနိဒ္ဒေသပါဠိတော်၊ နှာ-၁၃၅၊ ဇတ္တကာ၊ ဤမျှလောက်ကုန်သော။ ဇာတိယော၊ ဖြစ်ခြင်းတို့ကာလပတ်လုံး၊ ဝဋ္ဌံ၊ သံသရာဝဋ္ဌဆင်းရဲသည်။ ဝတ္တိ၊ လည်၏။ တတော ပရံ၊ ထိုမှနောက်၌၊ ဝဋ္ဌံ၊ ဝဋ္ဌဆင်းရဲသည်။ နဝတ္တတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ နတ္ထိ၊ မရှိ။ ဧဝမ္ပိ။ ဤသို့လည်း။ သံသာရဿ၊ သံသရာ၏။ ပုရိမာ ကောဋ္ဌိ၊ ရှေး၌ဖြစ်သော အစွန်းသည်။ နပညာယတိ၊ မထင်ရှား။

ဇာတိဆိုတဲ့ ပဋိသန္ဓေ နေခြင်းဟာ အတိတ်ဘဝက ပဋိသန္ဓေနေခဲ့ရတာ၊ ဘယ်လောက်ကြာပြီ ဘယ်လောက်ရှိပြီဆိုတာ အပိုင်းအခြား ရှိသလား။ (မရှိပါဘုရား)။ အဲဒါကြောင့် သံသရာရဲ့ ရှေအစွန်း မထင်ရှားဘူးလို့ ပြောတာပါတဲ့၊ ဟုတ်လား။ (မှန်ပါဘုရား)။

နောက်ကို သံသရာဝဋ္ဌဆင်းရဲကြီး ပဋိသန္ဓေ ဘယ်လောက်ကြာအောင် နေရဦးမယ်လို့ ဘယ်နှစ်ဘဝ,ဘယ်နှစ်ကမ္ဘာ, ကမ္ဘာပေါင်း ကုဋေတသိန်းလောက် ပဋိသန္ဓေနေပြီးလို့ရှိရင် သံသရာဝဋ္ဌဆင်းရဲကုန်ပြီလို့ ပြောနိုင်ပါမလား။ (မပြောနိုင်ပါဘုရား)။ အဲဒါ သံသရာနောက်အစွန်း မထင်ရှားဘူး၊ အဲဒီ-ရှေအစွန်းလဲ မထင်ရှားဘူး၊ နောက်အစွန်းလဲ မထင်ရှားဘူးဆိုတာ ဒါပြောတာ၊ ဘုန်းကြီးတို့ ပရိသတ် နားလည်လောက်ပြီနော်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com

ကမ္မဝိပါက။ ။အဲဒါကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ အနမတဂ္ဂသုတ္တန်လို့ ဟောထားတာရှိတယ်၊ ဒါမဟောလို့ မဖြစ်ဘူး စူဠနိဒ္ဒေသပါဠိတော်က ဒါကို ထုတ်ကိုထားတယ်၊ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ ဟောထားတဲ့ အနမတဂ္ဂသံယုတ်နှာ-၃၇ မှ ၃၉၂-ဆိုတာ ရှိတယ်၊ အဲဒီမှာ မြတ်စွာဘုရားက ဘာဟောသလဲ—

အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော-ဟူသော ပဌမဝါကျသည် ပရမတ္ထဒေသနာ။

ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသာရတံ–ဟူသော ဒုတိယဝါကျသည် ဝေါဟာရဒေသနာ။

ဘိက္ခဝေ၊ရဟန်းတော်များ အို ချစ်သားတို့။အဃံ သံသာရော၊ ဤခန္ဓာငါးပါး အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးတို့၏ ဆက်စပ်ပြီးတော့ ဖြစ်နေတဲ့ သံသရာဝဋ်ဆင်းရဲသည်။ အနမတဂ္ဂေါ၊ သိအပ်သော အစမရှိ။ အစမရှိဘူးဆိုတာ ဘာပြောတာလဲ၊ ခန္ဓာငါးပါးလို့ဆိုတဲ့တရားက ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ရယ်လို့ ခန္ဓာငါးပါးရှိတယ်၊ အဲဒီအထဲမှာ သင်္ခါရက္ခန္ဓာထဲက စေတနာသဒ္ဓါတရားသည် ကမ္မဘဝ၊ ပဋိစ္စသမုပ္ပါဒ်သမားမျှားကြည့် သင်္ခါရက္ခန္ဓာထဲက စေတနာဟာ ဘာဘဝလဲ။ (ကမ္မဘဝပါဘုရား)။

ကျန်တဲ့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။ အဲဒီ ခန္ဓာတွေက ဘာတွေတဲ့လဲ၊ ဝဋ်ဆိုတဲ့ ဝိပါက-ကမ္မဝိပါက၊ ဒီနှစ်မျိုးဘဲ ရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ ဘာရယ် ဘာရယ်လဲ၊ အဲဒီနေရာမှာ မြတ်စွာဘုရားက ဘယ့်နယ်ဟောထားသလဲဆိုတော့—

အဃံ သံသာရော၊ ခန္ဓာငါးပါးတို့ဖြစ်နေတယ်ဆိုတဲ့ ဤသံသရာကြီးသည်။ အနမတဂ္ဂေါ၊ သိအပ်သော အစမရှိဆိုတာ၊ ကံက အစဖြစ်သလား၊ဝိပါက်က အစဖြစ်သလားဆိုတာကို မထင်ရှားသည်ဖြစ်သောကြောင့် သံသရာရဲ့အစွန်းဆိုတာ မထင်ရှားဘူးလို့ဟောတာ၊ အစမရှိဘူးလို့ဟောတာ မဟုတ်ဘူး၊ ခန္ဓာငါးပါးတို့ရဲ့ ဥပ္ပါဒက္ခဏကို သံသရာတို့ရဲ့အစလို့ဆိုရင် ဆိုနိုင်တယ်၊ ဟုတ်လား (မှန်ပါဘုရား)၊ သေသေချာချာမှတ်ပါ။

သံသရာ။ ။သံသရာဆိုတာ ဘယ်သူကို ခေါ်သလဲဆိုတော့ ခန္ဓာငါးပါးကို ခေါ်သည်၊အကျဉ်းချုပ်။လူကို နတ်ကို ငြဟ်ဂါကို သံသရာလို့ မခေါ်ဘူး၊ သတ္တဝါကို သံသရာလို့ မခေါ်ဘူး၊ သုံးဆယ့်တဘုံကို သံသရာလို့မခေါ်ဘူး၊ ခန္ဓာငါးပါးကို သံသရာလို့ခေါ်သည်၊ အဲဒီခန္ဓာငါးပါးမှာ ခွဲလိုက်တော့ သင်္ခါရက္ခန္ဓာလို့-ခေါ်တဲ့စေတနာသင်္ခါရသည် ကမ္မဘဝ-သူက ကံ၊ ကျန်တဲ့တရားတွေက ဝိပါက၊

http://www.dhammadownload.com

ကမ္မဝိပါက-ဘယ်နှစ်ခုလဲ (နှစ်ခုပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ်မှာ သိစရာ ဒီနှစ်မျိုးဘဲ ရှိတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ဆိုချင်တယ်ဆိုရင်ဆို၊ ဖြစ်တယ်တဲ့၊ ကဲ-အဲဒါလေး ကိုတော့ ဘုန်းကြီးက ခပ်ဖြေးဖြေး ဟောပေးဦးမယ်၊ ဘုန်းကြီးတို့ဝရိသတ် ကို နဲနဲအရေးကြီးလို့—

အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော-လို့ဆိုတဲ့ ဝါကျကို ပြောပေးနေတာ နော်၊ ပုဗ္ဗာ ကောဋိ န ပညာယတိ၊ အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ်ကို နောက်မှပြောမယ်၊ အခုဘုန်းကြီးတို့ဝရိသတ် သံသရာထဲမှာ ဘာနဲ့ ဘာ တွေ့နေသလဲ၊ ကမ္မနဲ့ ဝိပါက-ဒါတွေ့တယ်နော်၊ ကမ္မ ဆိုတာက စေတနာ သခ်ါရကွန္ဓာ၊ ကျန်တဲ့ခန္ဓာလေးပါးက ဝိပါက၊ အဲဒီဝိပါက လို့ဆိုတဲ့ ခန္ဓာလေးပါးသည် ဘယ်သူ့ကြောင့်ဖြစ်သလဲ၊ ကံကြောင့်ဖြစ်တယ်၊ ကံက ဘယ်သူ့ကြောင့်ဖြစ်သလဲ။ ဝိပါကကြောင့် ဖြစ်တယ်။

လောကဖြစ်ပုံ။ ။ဒီတော့ ကံက ဝိပါကကြောင့် ဖြစ်တယ်၊ ဝိပါကက ကံကြောင့်ဖြစ်တယ် ဆိုတော့ ကိုင်း-ဘယ်သူက အရင်စသလဲ၊ ဘုန်းကြီး ဝိသုဒ္ဓိမဂ် အဋ္ဌကထာက စကားကို ပြောဦးမယ်—

> ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
> ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ[1]။

ကမ္မာ၊ ကုသိုလ်ကံ-အကုသိုလ်ကံကြောင့်။ (ခန္ဓာငါးပါးထဲက သခ်ါရကွန္ဓာ) ဝိပါကာ၊ ရှုပကွန္ဓာစတဲ့ ဝိပါက်တို့သည်။ ဝတ္တန္တိ၊ ဖြစ်ကြလေကုန်တော့၏။ (ဝိပါကဖြစ်တာ ဘယ်သူ့ကြောင့်လဲ၊ ကံကြောင့်) ဝိပါကော၊ ဝိပါက်သည်။ ကမ္မသမ္ဘဝေါ၊ ကံကို ဖြစ်စေတတ်ပြန်၏၊ ကံက ဘယ်သူ့ကြောင့်ဖြစ်သလဲ ဝိပါက်ကြောင့်။ (ဝိပါကက ဘယ်သူ့ကြောင့်ဖြစ်သလဲ ကံကြောင့်) ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ နောက်ထပ် ပဋိသန္ဓေနေရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အယံ လောကော၊ ဤလောကကြီးသည်။ ပဝတ္တတိ၊ ဆက်ကာဆက်ကာ လည်ရှိ ဖြစ်နေတော့၏။ သံသရာစက် လည်တယ်ဆိုတာ သူ့ကိုပြောတာ၊ ကံက ဝိပါက်ကြောင့်ဖြစ်တယ်၊ ဝိပါက်က ကံကြောင့်ဖြစ်တယ်၊ ဝိပါက်ရှိလို့ ကံဖြစ်၊ ကံရှိလို့ ဝိပါက်ဖြစ်၊ အဲဒီလိုချည်း ဖြစ်နေတယ်။ ဟုတ်ကဲ့လား ဘုန်းကြီးတို့ဝရိသတ် (မှန်ပါဘုရား)။

ဒါခန္ဓာငါးပါးနော်၊ သူ့ကို ဘာလို့ခေါ်သလဲ၊ သံသရာလို့ခေါ်တယ်၊ ဒါဖြင့် အဲဒီသံသရာဟာ ဘယ်က စတာလဲ၊ ကံက စတာလား၊ ဝိပါက်က စတာလား၊ ဒီက် ဘယ်သူက ပြုသလဲ၊ ဘုန်းကြီးတို့ဝရိသတ်က လူကချည်း လုပ်နေတယ်၊ ငါကချည်း လုပ်နေတယ်လို့ ထင်နေတယ် မဟုတ်လား၊ (မှန်ပါဘုရား)။

၁။ ဝိသုဒ္ဓိမဂ်၊ ၄၊ ဒုတိ၊ နှာ-၂၃၇။

http://www.dhammadownload.com

ပြုသူ ခံစားသူ မရှိ။ ။အဋ္ဌကထာဆရာက ဘယ့်နယ် ပြောပေးထားသလဲ ဆိုတော့—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ [၁]။

လို့ သေသေချာချာ ပြောထားတယ်။

ကမ္မနဲ့ ဝိပါက ဘယ်သူ လုပ်သလဲ၊ ဘုန်းကြီးတို့ပရိသတ်က ကုသိုလ်ကံ အကုသိုလ်ကံကို ငါကလုပ်တယ်လို့ ထင်နေကြတယ်၊ ကုသိုလ်ကံ-အကုသိုလ်ကံကို လူက လုပ်တယ်ချည်း ထင်နေကြတယ်၊ သမုတိသစ္စာနယ်က ပြောရင် မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား)၊ ပရမတ္ထသစ္စာနယ်ကျတော့ ဒီလို မဟောတော့ဘူး၊ ဘယ်လိုဟောသလဲဆိုတော့—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ [၁]။

ကမ္မဿ၊ ကုသိုလ်ကံ အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ (ကုသိုလ်ကံ-အကုသိုလ်ကံကို လုပ်တတ်တဲ့သတ္တဝါဆိုတာ မရှိဘူး) ကုသိုလ်ကံဟာ ဘယ်သူလဲ သခ်ါရက္ခန္ဓာ၊ သခ်ါရက ကုသိုလ်ဖြစ်အောင်လုပ်တာ အကုသိုလ်ဖြစ်အောင် လုပ်တာ ဟုတ်လား (မှန်ပါဘုရား)၊ ဒါဖြင့် အဲဒီဝိပါက်ဆိုတဲ့အကျိုးတွေ ခံစားနေရတာဟာ ဘယ်သူလဲဆိုတော့ ငါ ခံစားနေရတယ်လို့ ပြောနေကြတယ်၊ ဘုန်းကြီးတို့ပရိသတ်က ဘယ်လောက်စဲနေသလဲဆိုတော့ မင်းကြိုးစားပြီးတော့ လှူတာလှူပါ၊ မင်းလှူရင် မင်းရမယ်လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)၊ ကိုယ်လှူရင် ဘယ်သူရမလဲလို့ (ကိုယ်ရတယ်လို့ ပြောပါတယ်ဘုရား)၊ အဲဒါ သဿတဒိဋ္ဌိ၊ တချို့က ပြောသေးတယ်၊ လှူတာလှူကွာ လူ့အဖြစ်က လှူလိုက်တယ်ဆိုရင် တာဝတိံသာနတ်ပြည်တက်ပြီးတော့ ပြာသာဒ်ကြီးနဲ့ နတ်စည်းစိမ်ခံစားရလိမ့်မယ်၊ ဒီလိုပြောသေးတယ်၊ လှူရတာက ဘယ်သူ လှူရသလဲ လူက လှူရတယ်၊ စည်းစိမ်ခံတော့ ဘယ်သူလဲ နတ်၊ အဲဒါကလဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေပြန်ရော၊ အဲဒါကြောင့် ကုသိုလ်ကံကိုပြုတဲ့လူသတ္တဝါလဲမရှိဘူး၊ ကုသိုလ်ကံရဲ့ အကျိုးအာနိသင်စသည်ကို ခံစားတဲ့သတ္တဝါလဲ မရှိဘူးလို့။

ကမ္မဿ၊ ကုသိုလ်ကံ အကုသိုလ်ကံကို။ ကာရကော၊ ပြုလုပ်တတ်သော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးဝိပါက်တွေကိုလည်း။ ဝေဒကော၊ ခံစားတတ်တဲ့ပုဂ္ဂိုလ်သတ္တဝါ လူမည်သည် နတ်မည်သည်။ နတ္ထိ၊ မရှိ။ ဒါဖြင့် ကုသိုလ်ကံ-အကုသိုလ်ကံတွေကို

၁။ ဝိသုဒ္ဓိမဂ်-၌၊ ဒု-တွဲ၊ နှာ-၂၃၇။

http://www.dhammadownload.com

လုပ်ပေတဲ့ ကုသိုလ်ရှိအကျိုး အကုသိုလ်ဖွဲ့အကျိုးတွေကို မခံစားရရင် အကုသိုလ်ကို လုပ်တာလုပ်ဟု သွားပြီးမလုပ်လိုက်နဲ့နော် ဘာမှမဆိုင်ဘူး၊ ဒီဥစ္စာအဓိပ္ပါယ် တမျိုးကြီး၊ ဟောရင်းစွဲအဓိပ္ပါယ်နဲ့ ဘာမှမဆိုင်တဲ့အဓိပ္ပါယ်၊ ဒါဖြင့်ဘာတွေလဲ။

သုဒ္ဓမမ္မာ၊ သက်သက်သော နာမ်ရုပ်တရားတို့သည်၊ ပဝတ္တန္တိ၊ ဖြစ်ပေါ်၍ နေကြလေကုန်တော့၏၊ သခ်ၤါရက္ခန္ဓာဆိုတဲ့ကံက သခ်ၤါရက္ခန္ဓာကိုပြုတယ်၊ ရူပက္ခန္ဓာ စတဲ့ ခန္ဓာတွေက ဝိပါက်အကျိုးတွေကိုရသည်၊ ဒီတော့ ဘာတွေလဲ၊ ခန္ဓာတွေဘဲ မဟုတ်လား (မှန်ပါဘုရား)၊ ဘယ်မလဲ လူ၊ ပြုတဲ့လူလဲ မရှိဘူး၊ ခံစားတဲ့လူလဲ မရှိဘူး။ ဟုတ်လား (မှန်ပါဘုရား)၊ ဝေဒဿနံ၊ ဤသို့မြင်ခြင်းသည်သာလျှင်။ သမ္မာဒဿနံ၊ ကောင်းသောဉာဏ်နဲ့ မြင်ခြင်းသည်သာလျှင်။ ဟောတိ၊ ဖြစ်လေတော့၏။ ဒီလိုမြင်မှ အမြင်မှန်တဲ့ သမ္မာဒိဋ္ဌိတဲ့ မြတ်စွာဘုရားက။

ဇေဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာ ကောဋ္ဌိ န နာယတိ။
အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ နဒိဿတိ ။

ဗီဇရုက္ခာဒိကာနံ၊မျိုးစေ့နဲ့သစ်ပင်တို့၏။ ပုဗ္ဗာ ကောဋ္ဌိ၊ဘယ်သူကဖြစ်တယ်ဆိုတဲ့ အစွန်းသည်။ နနာယတိ ယထာ၊ မထင်ရှားသကဲ့သို့။ ဇေဝံတထာ၊ ဤအတူ။ ကမ္မေ စ၊ ကံသည်၎င်း။ ဝိပါကေ စ၊ ဝိပါက်လို့ခေါ်တဲ့အကျိုးတရားသည်၎င်း။ သဟေတုကေ၊ အကြောင်းနှင့်တကူ။ ဝတ္တမာနေ၊ ဖြစ်ကြကုန်သည်ရှိသော်။ ပုဗ္ဗာကောဋ္ဌိ၊ဘယ်သူကအစ ဖြစ်တယ်ဆိုတဲ့အစွန်းသည်။ နနာယတိ၊ မထင်ရှား။ အနာဂတေပိ သံသာရေ၊ နောင်လာလတ္တံ့သော သံသရာဌာလည်း။ အပ္ပဝတ္တံ၊ မဖြစ်ခြင်းသည်။ နဒိဿတိ၊ မထင်ရှား။ ဘုန်းကြီးတို့ပရိသတ် သစ်ပင်ရယ် မျိုးစေ့ရယ် မရှိဘူးလား ဥပမာကလေးက (ရှိပါတယ်ဘုရား)၊ သစ်ပင်က အရင်စတာလား မျိုးစေ့က အရင်စတာလား၊မျိုးစေ့က ဘယ်က လာသလဲ၊(သစ်ပင်က လာပါတယ်)၊ ဒီ သစ်ပင် ဘယ်က လာသလဲ (မျိုးစေ့က လာပါတယ်)၊ ဘယ်သူက စပြီးတော့ ဖြစ်တယ်ဆိုတာ ထင်ရှားသလား မထင်ရှားဘူးလား (မထင်ရှားပါဘုရား)၊ အဲဒီလို ဥာဏ်ထဲမှာ ကံနဲ့ ဝိပါကသည် ဘယ်သူက စပြီးတော့ ဖြစ်တယ်ဆိုတာ သစ်ပင်နဲ့ မျိုးစေ့ကဲ့သို့ မထင်ရှားပါသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်က ခုနက သံယုတ်ပါဠိတော်ကြီးမှာ—

သံသာရော ပုဗ္ဗာ ကောဋ္ဌိ န ပညာယတိ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ သံသာရော=သံသာရဿ၊ခန္ဓာငါးပါးတို့မပြတ်ဖြစ်နေတဲ့ သံသရာ၏။ ပုဗ္ဗာ ကောဋ္ဌိ၊ ရှေးဦးဖြစ်တယ်ဆိုတဲ့ အစွန်းသည် (၀၀) ကမ္မနဲ့ ဝိပါက် ဘယ်သူက စပြီး ဖြစ်သလဲလို့ဆိုတဲ့ သဘောတရားသည်။ နပညာယတိ၊ မထင်ရှားလို့ ဒီလို

၁။ ဝိသုဒ္ဓိမဂ်-၌၊ ဒု-တဲ့၊ နှာ-၂၃၇။

http://www.dhammadownload.com

ဟောတော်မူလိုက်တယ်၊ ကဲ ရှေ့အပိုဒ်သွားကြရအောင် ဒါ ဝါကျတခုပြီးသွားပြီ နော် (မှန်ပါဘုရား)၊ ရှေ့အပိုဒ်က ဘာတဲ့လဲ—

ပုဗ္ဗာ ကောဋ္ဌိ န ပညာယတိ အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာ-သံယောဇနာနံ သန္ဓာဝတံ သံသရတံ။

အဝိဇ္ဇာနိဝရဏာနံ၊ အဝိဇ္ဇာဆိုတဲ့ တရားက ပိတ်ဖုံး၍ ထားအပ်ကုန်သော။ တဏှာသံယောဇနာနံ၊ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်နဲ့ ဘုံဘဝတွေကို တွယ်တာနှစ်သက်တယ်ဆိုတဲ့ တဏှာသံယောဇဉ်နှင့် ယှဉ်စပ်၍ နေကြပေကုန်သော။ သန္ဓာဝတံ၊ တဘဝမှ တဘဝသို့ ပြေးသွားကြရလေကုန်သော။ သံသ-ရတံ၊ တဘဝမှ တဘဝသို့သာလျှင် ဖြစ်ပျက် ဖြစ်ပျက်နဲ့ အမြဲမပြတ် ကျင်လည်၍ နေကြကုန်သော။ သတ္တာနံ၊ ဝေါဟာရဒေသနာအားဖြင့် လူ နတ် ဗြဟ္မာ-လို့ ခေါ်တဲ့ သတ္တဝါတို့၏။ပုဗ္ဗာ ကောဋ္ဌိ၊ ရှေ့ဦးဖြစ်တဲ့ အစွန်းသည်။ န ပညာယတိ၊ မထင်ရှား။

ကံနဲ့ သတ္တဝါ ဘယ်သူ စဖြစ်သလဲဆိုတာ မထင်ရှားသည်ဖြစ်သောကြောင့် အဝိဇ္ဇာနံ၊ တဏှာပိတ်ဖုံးထားတဲ့ သတ္တဝါတွေဟာ တဘဝမှ တဘဝ တဘုံမှ တဘုံ ပြောင်းပြန်ပြီး ပြေးသွားပြီးတော့ နေရတယ်၊ (ဝေါဟာရဒေသနာ ဟောတဲ့အခါ) သတ္တဝါတွေ ဘာပြုလို့ ပြေးသွားနေရသလဲ၊ ဘာပြုလို့ ကျင်လည် နေရသလဲ ဒီ-ဘဝထဲမှာ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ဖြစ်ချည် ပျက်ချည်တွေဖြစ်တော့ ဘာပြုလို့ ဒီလိုဖြစ်နေရသလဲဆိုတော့ အဝိဇ္ဇာပိတ်ဖုံးထားလို့ တဏှာမြေးယှက် နေလို့၊ အဲဒီ-အဝိဇ္ဇာနဲ့ တဏှာကို ဖယ်ပစ်လိုက်ရင် ဘုန်းကြီးတို့ ပရိသတ် ဒီ သံသရာစက် အပြေးရပ်လိမ့်မယ် ဟုတ်လား (မှန်ပါဘုရား)၊ မြတ်စွာဘုရားက ဥပမာပြတယ်။

အနမတဂ္ဂသုတ္တန်လာ သံသရာရှည်ပုံ။ ။အဲဒီ-သံသရာရှည်ပုံကို သံယုတ်ပါဋ္ဌိ တော်မှာ—

တံ ကိံမညထ ဘိက္ခဝေ၊ ကတမံ နုခေါ ဗဟုတရံ၊ ယံ ဝါ ဝေါ ဣမိနာ ဒီဃေန အဒ္ဓုနာ သန္ဓာဝတံ သံသရတံ သီသစ္ဆိန္ဒာနံ လောဟိတံ ပဿန္ဒံ ပဂ္ဃရိတံ၊ ယံ ဝါ စတူသု မဟာသမုဒ္ဒေသု ဥဒကံ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ တံ၊ ထိုအနမတဂ္ဂသုတ္တန် တရားဒေသနာတော်ကို။ ကိံမညထ၊ အဘယ်သို့ သဘောပေါက်၍ နေကြကုန် သနည်း။ ဣမိနာ ဒီဃေန အဒ္ဓုနာ၊ ဤသို့ ရှည်လျားလှစွာသော သံသရာကာလ ပတ်လုံး။ သန္ဓာဝတံ၊ တဘဝမှ တဘဝသို့ ပြေးသွား၍နေကြကုန်သော။ သံသရတံ၊ တဘဝမှ တဘဝသို့ ကျင်လည်ကျက်စား ပြေးသွား၍နေကြ

၁။ နိဒါနဝဂ္ဂသံယုတ်ပါဋ္ဌိတော်၊ နှာ-၃၈၇-၃၉၃။

http://www.dhammadownload.com

ကုန်သော။ သီသစ္ဆိန္နဒန်၊ ဦးခေါင်းပြတ်ကျကုန်သော။ ဝေါ၊ သင်တို့၏။ ပဠုရိတံ၊ ယိုထွက်၍လာသော။ ပဿန်း၊ စီးဆင်း၍လာသော။ ယံ လောဟိတံ ဝါ၊ အကြင် သွေးသည်၎င်း။ စတူသု မဟာသမုဒ္ဒေသု၊ မဟာသမုဒ္ဒရာကြီး လေးစင်းတို့၌ ရှိသော။ ယံ ဥဒကံ ဝါ၊ အကြင်ရေသည်၎င်း။ အတ္ထိ၊ ရှိ၏။ တေသု၊ ထိုသွေးနှင့် ရေတို့တွင်၊ ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ များပြားလေသနည်း။ မြတ်စွာဘုရား ဒီလို မေးလိုက်တယ်၊ ရဟန်းတော်တွေကို သံသရာရှည်ပုံကို ပြောတယ် မြတ်စွာဘုရားက၊ ချစ်သားတို့ လူတယောက်ဟာ လည်ပင်းပြတ်လို့ သေရတဲ့ဘဝက များလှပြီ၊ အဲဒီ လည်ပင်းက ထွက်တဲ့သွေးနဲ့ သမုဒ္ဒရာလေးစင်း မှာရှိတဲ့ ရေတွေနဲ့ ဘယ်သူက များသလဲတဲ့၊ ရဟန်းတော်တွေက ပြန်ပြီးတော့ ဖြေတယ်။

တေဒေဝ ဘန္တေ ဗဟုတရံ၊ နု တွံဝ စတူသု မဟာသမုဒ္ဒေသု ဥဒကံ[၁]။

အဲဒီ သွေးတွေက များပါတယ် ဘုရား၊ သမုဒ္ဒရာရေက် နည်းပါသတဲ့၊ ကြည့် စမ်း ဘုန်းကြီးတို့ပရိသတ် လည်ပင်းပြတ်ပြီး သေခဲ့ရတဲ့ဘဝတွေ ဘယ်လောက် များသလဲ၊ မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောသေးတယ်။

ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဂုန္နံ သတံ ဂေါဘူတာနံ သီသစ္ဆိန္နာနံ လောဟိတံ ပဿန္နံ ပဠုရိတံ နု တွံဝ စတူသု မဟာသမုဒ္ဒေသု ဥဒကံ[၁]။

နွားဖြစ်လို့ လည်ပင်းပြတ်သေခဲ့ရတဲ့ သွေးတွေ၊ သတ္တဝါတယောက် ဘယ် လောက်များသလဲ၊ သမုဒ္ဒရာလေးစင်းက ရေထက် များတယ်-ဟုတ်လား(မှန်ပါ ဘုရား)၊ ဒါတွင်လား မကသေးဘူး။

မဟိံသာနံ သတံ မဟိံသ ဘူတာနံ။

ကျဲဖြစ်ပြီး လည်ပင်းပြတ်သေရတဲ့သွေးတွေ၊ ဆိတ်, ကြက်, ဝက် ဖြစ်ပြီး လည်ပင်းပြတ် သေခဲ့ရတဲ့ သွေးတွေ၊ ငါး-ပုဇွန် ဘာမှမကျန်ဘူး၊ ဘုန်းကြီးတို့ ပရိသတ် မစားဘူးတာကို မရှိပါဘူး၊ အကုန် ကြိုးစားတာဘဲ၊ ဖား - တောင် မလွတ်ဘူး ဟုတ်လား၊ ကြိုးစားပြီးတော့ စားကြ၊ ကိုယ့်လဲ သူများက စားကြ ဦးမှာ ဟုတ်လား (မှန်ပါဘုရား)၊ အဲဒီလို ကျခဲ့ရတဲ့သွေးတွေ၊ ဒီလောက်များ နေတာ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေက နည်းပြီးတော့ သတ္တဝါတွေရဲ့သွေး တွေ ဒီလောက်များနေတာဟာ ဘာဖြစ်လို့လဲ။

တံ ကိဿ ဟေတု၊ အနမတဂ္ဂေ်ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ နု ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ ဝေံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ တိဗ္ဗံ ပစ္စနုဘူတံ ဗျသနံ ပစ္စနုဘူတံ ကဋ္ဌသိ ဝုဠိတာ[၁]။

၁။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၃၈၈၊ ၃၉၅၊ ၃၉၆။

http://www.dhammadownload.com

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေံ ဒီဃရတ္တံ၊ သို့စဉ် ရှည်ကြာ သံသရာ၌ နေခဲ့ရသမျှ ကာလပတ်လုံး၊ တုမှာကံ၊ သင် ချစ်သားတို့အား။ ဒုက္ခံ၊ ဇာတိဇရာ ဗျာဓိမရဏ စသည် သောင်းပြောင်း ဆင်းရဲ အပေါင်းကိုလည်း။ ပစ္စနုဘူတံ၊ ခံစားခဲ့ရဘူး လေပြီ။ တိဗ္ဗံ၊ စထားခံခက်-ထက်မြက်ထန်ပြင်း- သေလုမျောပါးဖြစ်တဲ့ ဆင်းရဲ ခြင်းကိုလည်း။ ပစ္စနုဘူတံ၊ ခံစားခဲ့ဘူးလှလေပြီ။ ဗျသနံ၊ ဆွေမျိုးဥစ္စာ-စည်းစိမ် ဥစ္စာ- ရတနာ ရွှေငွေတွေ ပျက်စီးခြင်းဆိုတဲ့ ဘေးကိုလည်း။ ပစ္စနုဘူတံ၊ ခံစား ခဲ့ဘူးလေပြီ။

ဗျသနတရား ၅-ပါး။ ။ဗျသနတရား ငါးပါးဆိုတာ– ဉာတိဗျသန=ဆွေမျိုး ပျက်စီးတာ၊ ရောဂဗျသန=ရောဂါတွေ စွဲနေတာ၊ ဘောဂ ဗျသန=စီးပွါးပျက်စီးတာ။

စီးပွါးပျက်စီးတာက ငါးမျိုးရှိတယ်၊ စီးပွါး ဘာလို့ ပျက်သလဲ ရေကြောင့် မီးကြောင့် သူခိုးကြောင့် မင်းကြောင့် မချစ်မနှစ်သက်တဲ့ ပုဂ္ဂိုလ်ကြောင့်။ အဲဒီ ငါးမျိုးကြောင့် စီးပွါးတွေ ပျက်စီးတာ ဒီဘဝမှာသာ ပျက်စီးတာလားဆိုတော့ မဟုတ်ဘူးတဲ့၊ များလှလေပြီ အဲဒီ သံသရာတလျှောက်လုံး။

သီလဗျသန=အကျင့်သီလ-ပျက်စီးတာ။ဒိဋ္ဌိဗျသန=မမှန်တဲ့ အယူကို ယူပြီး အယူပျက်တာ-လို့ ဗျသနတရား ငါးပါးရှိတယ်။ ကဋ္ဌသီ၊ သုသာန်သင်းချိုင်း တွေကိုလည်း။ ဝစိုတာ၊ ယူဇနာစွင့်စွင့် တောင်နယ်မြင့်အောင် ပွါးဆင့်စေခဲ့ဘူး လေပြီ။ လူတယောက်ရဲ့ သင်းချိုင်းကို စုစုထားမယ်ဆိုရင် မြင့်မိုရ်တောင် လောက်တောင် မကတော့ဘူး-တဲ့ ဘုန်းကြီးတို့ ပရိသတ်။ အဲဒီလောက် သံသရာ ရှည်လာပြီးတော့ အိုနာသေမဆုံး ဇရာမစ္စုပရေတာနံ-လို့ ခေါ်တဲ့ ခုနက ကပ္ပ-လျှောက်နေတဲ့ အထဲမှာ အဲသလောက် ဆိုးဝါးတဲ့ သံသရာကြီးရဲ့ အလယ်ထဲ မှာ ရောက်နေတော့ မြတ်စွာဘုရားက ပရိသတ်ကို ဘယ့်နဲ့ပြောသလဲဆိုတော့—

ယာဝဉ္ဇိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသခ်ါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။ ဘိက္ခဝေ၊ ရဟန်းတော်များ အို ချစ်သားတို့။ ယာဝ အတိဝိယ၊ အလွန် လျှင်။ သဗ္ဗသခ်ါရေသု၊ အလုံးစုံသော သခ်ါရတရားတို့၌။ (ဝိညာဏ် နာမ် ရုပ်၊ တနည်း ပြောရရင် ဘာတဲ့လဲ၊ စိတ် စေတသိက် ရုပ်) အဲဒီ သခ်ါရတရားတို့၌။ နိဗ္ဗိန္ဒိတုံ၊ ခယဝယ ဘိဇ္ဇနနဲ့ နဿနဓမ္မော အဓုဝေါကို ယူနောမှိုင်မေ့ ဝိပဿနာ ဉာဏ်၌ ငြီးငွေ့ကြခြင်းငှါ။ ဝိရဇ္ဇိတုံ၊ မဂ်ဉာဏ်ဖြင့်တပ်ခြင်း ကင်းစေခြင်းငှါ။ ဝိမုစ္စိတုံ၊ ဖိုလ်ဉာဏ်ဖြင့် ကိလေသာတွေမှ လွတ်မြောက်စေခြင်းငှါ။ အလ မေဝ။ မုချမှန်စွာ သင့်လျော်လှတော့သည်သာလျှင်တည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

သံသရာက လွတ်တဲ့နည်း။ ။အဲဒီလောက် ဆိုးဝါးတဲ့ သံသရာကြီးက လွတ်တဲ့ နည်းကို မှီခိုရာကို ဟောကြားပေးတော်မူပါ ဘုရားလို့ ဇရာမစ္စုပရေတာနံနဲ့ လာဉီးမယ်။ တပိုဒ်။

ဇရာမစ္စုပရေတာနံ၊ အိုခြင်း, နာခြင်း, သေခြင်း တို့ဖြင့် နှိပ်စက်ခြင်းကိုခံ၍ နေကြကုန်သော-လို့ ဆိုတော့ သတ္တဝါတယောက်ရယ်လို့ ဖြစ်လာရင် အို-သေ၊ နောက် ဘာရှိသေးသလဲ(မရှိတော့ပါဘုရား)၊ဒါဘဲ ဘုန်းကြီးတို့ ပရိသတ် တခြား မရှိတော့ဘူး နော် (မှန်ပါဘုရား)၊ မြတ်စွာဘုရားက ဓမ္မပဒ ပါဠိတော် (နှာ ၃၆) မှာ ဟောထားတာ ရှိတယ်။

ဇိရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတ္တာ ဓမ္မော. န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဒ္ဓိ ပဝေဒယန္တိ။

သုစိတ္တာ၊ ရတနာခုနစ်ပါးနှင့်တကွ အထူးထူးသော တန်းဆာတို့ဖြင့် ချယ်စီ၍ ထားအပ်ကုန်သော။ ရာဇရထာ၊ မင်းကြီးတွေ သုံးဆောင်တယ်ဆိုတဲ့ ယာဉ် ရထားတို့သည်။ ဝေ၊ စင်စစ်ကော် အမှန်မုချအားဖြင့်။ ဇိရန္တိ၊ ဆွေးမြေ့ယိုယွင်း အိုမင်းရှိ နေကြလေကုန်၏။ (ကိုယ်သုံးဆောင်နေတဲ့ အသုံးအဆောင်တွေကို ဘုန်းကြီးတို့ ပရိသတ် ကြည့်စမ်း) ကောသလ မင်းကြီးကို မြတ်စွာဘုရား ဟော ပေးနေတာ၊ အဲဒီမင်းကြီး စီးတဲ့ရထား၊ မင်းအဆက်ဆက်က စီးလာတဲ့ရထား ဆိုတော့ ရတနာခုနစ်ပါးတို့ဖြင့် စီချယ်ပြီးတော့ အင်မတန် ဆန်းဆန်း ကြယ် ကြယ် လုပ်ထားတယ်၊ လှလှပပ ရထားကြီးတွေဟာ တဖြေးဖြေး ရင့်ရော်ပြီး တော့ ဟောင်းနွမ်း မနေကြဘူးလား (ဟောင်းနွမ်းပါတယ်ဘုရား)။

သုစိတ္တာ၊ အင်မတန်ဆန်းကြယ်ကြကုန်သော။ ရာဇရထာ၊ မင်းတွေစီးတယ် ဆိုတဲ့ ရထားတို့သည်။ ဟဝေ၊ စင်စစ်။ ဇိရန္တိ၊ ဆွေးမြေ့ယိုယွင်း အိုမင်းကြလေ ကုန်ပြီ။ ဘယ်လိုသံဝေဂ ယူရမလဲဆိုရင် ကိုယ်သုံးဆောင်နေတဲ့ အသုံးအဆောင် တွေကို ကြည့်စမ်း၊ အင်္ကျီအဝတ်အစား ကိုယ်နေတဲ့တိုက် ကိုယ်စီးနေတဲ့ မော်တော်ကား ကိုယ်စီးနေတဲ့ဘိနပ် ကိုယ်ဝတ်ဆင်နေတဲ့ စိန်တွေ မြတွေ ပုလဲ တွေ ပတ္တမြားတွေ ရတနာစိန်ကျောက်ဖူသရွေတွေ၊ တဖြေးဖြေး ရင့်ရော်ပြီး ပျက်စီးပြီးနေတာကို မြင်အောင်ကြည့်လိုက်ပါ၊ ရှေးဦးစွာ ငါဝတ်နေတဲ့ သင်္ကန်း ဟာ ဟိုတုန်းကလို မဟုတ်တော့ဘူး၊ တဖြေးဖြေး ဟောင်းလာပြီ၊ ရင့်လာပြီ၊ ကိုယ်ဝတ်နေတဲ့ အင်္ကျီ လုံချည်တွေ ဒီအတိုင်းဘဲ၊ ကိုယ်သုံးဆောင်နေတဲ့ အသုံး အဆောင်တွေ ဒီအတိုင်းဘဲ။

http://www.dhammadownload.com

အထော၊ ထိုမှတပါး ကိုယ်သုံးဆောင်တဲ့ အသုံးအဆောင်မှတပါး။ သရီရမွှိ၊ ဤခန္ဓာကိုယ်ကြီးသည်လည်း။ ဝေ၊ စင်စစ်ကေန် အမှန်မုချ။ ဇိရန္တိ။ ဆွေးမြေ့ယိုယွင်း တနေ့ထက်တနေ့ အိုမင်းရင့်ရော်ခြင်းသို့ ရောက်ရှိကြလေကုန်၏။ (မနေ့ကနဲ့ ဒီနေ့ တူသေးသလား—မတူပါဘုရား)၊ မတူဘူး ဘုန်းကြီးတို့ ပရိသတ်၊ တဖြေးဖြေး ရင့်ရင့်ပြီးတော့ ချွေလာပြီနော်၊ (မှန်ပါဘုရား)။

အာယုံ ပါဇေန္တိ ပါဏိနံ၊ နှားကျောင်းသားတွေ နွားတွေကို စားကျက်တော မောင်း ပို့သလို ဇရာဆိုတဲ့ တရားနဲ့ သေခြင်းဆိုတဲ့ တရားက သတ္တဝါတို့ရဲ့အသက်ကို သင်းချိုင်းကုန်းကို မောင်းပို့နေတာ တဖြေးဖြေး နီးကပ်နေပြီတဲ့။ ဒါလဲ ဓမ္မပဒပါဠိတော်၊ နှာ ၃၃-မှာ ဟောတယ်။

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

ဒီလိုဟောထားတဲ့ သုတ္တန်လဲ ရှိတယ်၊ ဒါဖြင့် အိုတာ ဘယ်သူလဲဆိုတော့ မိမိသုံးဆောင်နေတဲ့ အသုံးအဆောင်တွေနဲ့ မိမိရဲ့ ဒီခန္ဓာကိုယ်ကြီးကတော့ဖြင့် အိုတာအမှန်ဘဲ၊ မအိုဘဲ လုပ်လို့ရမလား (မရပါဘုရား)။

မအိုတဲ့ဆေး။ ။ဘုန်းကြီးတို့ပရိသတ် မအိုတာမျှား မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)။ မြတ်စွာဘုရား ဘယ့်နယ် ဟောထားသလဲဆိုတော့ ဘုန်းကြီးတို့ ပရိသတ်ကလဲ မအိုအောင်ဆိုပြီးတော့ ဆေးတွေ နှင်းကန်စားနေကြတယ်၊ မအိုအောင်ဆိုပြီး ရသာယတနဆေးတွေ စားနေကြတယ်၊ မအိုတဲ့ ဆေးမျှား ဘုန်းကြီးတို့ပရိသတ် လိုချင်သလား မလိုချင်ဘူးလား၊ (လိုချင်ပါတယ်ဘုရား)၊ မအိုတဲ့တရားက ဘာလဲလို့ဆိုတော့ —

သတ္ဆ ဓမ္မော နဇရံ ဥပေတိ။

စ၊ မအိုတဲ့ဆေးကား။ သတ်၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏ ဓမ္မော=သဒ္ဓမ္မော၊ သဒ္ဓမ္မသုံးဖြာ သာသနာလို့ခေါ်တဲ့ သူတော်ကောင်းတရားသည်။ ဇရံ၊ အိုမင်းဆွေးမြေ့ခြင်းသို့။ နဥပေတိ၊ မရောက်နိုင်။ သူတော်ကောင်းတရားဆိုတာ ဘယ်တော့မှ မအိုဘူးတဲ့ ဘုန်းကြီးတို့ပရိသတ် ပါဠိတော်က ပြတယ်၊ အဲဒီတော့ မအိုတဲ့ သူတော်ကောင်းတရားကို လက်ကိုင်ထားရမည်၊ ဟုတ်လား၊ (မှန်ပါဘုရား)၊ တိုတိုပြောတော့ ဝိပဿနာတရား အားထုတ်ကြိုးစားနေတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီဝိပဿနာတရားဟာ ဘယ်တော့မှ မအိုဘူး။ ဟဝေ၊ စင်စစ်။ သန္တော၊ သူတော်ကောင်းတို့သည်။ သဇ္ဇ၊ သူတော်ကောင်းတို့နှင့်။ ဧဝံ၊ ဤသို့။ ပဝေဒယန္တိ၊ ပြောကြားကြကုန်၏။

http://www.dhammadownload.com

မအိုရာနိဗ္ဗာန်။ ။အဲဒီလို အိုခြင်း သေခြင်းတို့ဖြင့် နှိပ်စက်ခြင်းတို့ဖြင့် ခံနေရတဲ့ သတ္တဝါတွေရဲ့ လွတ်လပ်ခြင်းကို ဟောပေးမယ်လို့ မြတ်စွာဘုရား ပြောပေးထားပြီနော် (မှန်ပါဘုရား)၊ ဒီတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ဒီလို အိုခြင်း သေခြင်းဆိုတဲ့ သံသရာအစဉ်ထဲမှာ ကျင်လည်မျောပါးနေကြတဲ့ သတ္တဝါအစဉ်တွေကို မအိုရာ မနာရာ မသေရာဖြစ်တဲ့ တရားကို ညွှန်ပြပါလို့ လျှောက်ထားတဲ့အတွက် ဟောတော့မယ်ဆိုပြီးတော့ မအိုတဲ့တရား မနာတဲ့တရား မသေတဲ့ တရားကို မြတ်စွာဘုရားက ပြတယ်၊ ဘယ့်နဲ့ ပြသလဲ ဆိုလေ့–

အကိဉ္စနံ အနာဒါနံ၊ ဧတံ ဒီပံ အနာဝရံ။
နိဗ္ဗာနံ ဣတိ နံ ဗြူမိ၊ ဇရာမစ္စုပရိက္ခယံ။

ဒီလိုပြတယ်။ ကပ္ပ၊ ကပ္ပ။ တဲ့ ဒီပံ၊ ထိုသတ္တဝါတို့ရဲ့ မှီခိုရာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကြီးသည်။ အကိဉ္စနံ၊ ရာဂ ဒေါသ မောဟ ကိလေသာ ဒုစရိုက်လို့ဆိုတဲ့ ကြောင့်ကြစရာ တရားမရှိ။ အနာဒါနံ၊ တဏှာဒိဋ္ဌိတို့ဖြင့် စွဲယူစရာ ရုပ်ခန္ဓာ နာမ်ခန္ဓာ စသည်တို့ မရှိ။ (ရာဂလဲမရှိဘူး ဒေါသလဲ မရှိဘူး မောဟလဲမရှိဘူး၊ ဒုစရိုက်တရားတွေလဲ မရှိဘူး) အနာဒါနံ၊ တဏှာလဲမရှိဘူး ဒိဋ္ဌိလဲမရှိဘူး တဏှာ-ဒိဋ္ဌိတို့ဖြင့် စွဲယူစရာ အာရုံ တစုံတရာ မရှိဘူးတဲ့။ ဒါဖြင့် ဘာရှိသလဲ၊ အနာ-ပရံ၊သီတိဘာဝလို့ခေါ်တဲ့ ငြိမ်းအေးခြင်း သဘောမှ တပါး အခြားသော သဘောမရှိ။ ဇရာမစ္စုပရိက္ခယံ၊ အိုခြင်း သေခြင်းတို့၏ ကုန်ရာဖြစ်သော။ ဧတံ ဒီပံ၊ ဤကဲ့သို့ မှီခိုရာဖြစ်သော ကျွန်းကို။ နိဗ္ဗာနံ့ဟူတို၊ နိဗ္ဗာန်ဟူ၍။ အဟံ၊ ငါ ဘုရားသည်။ ဗြူမိ၊ ကောင်းစွာမသွေ ဟောကြားတော်မူပါပေတည်း။

သာဓု သာဓု သာဓု။

ဘယ်အပေါ်မှာ ရာဂ ဒေါသ မောဟ တွေ့ မရှိတာလဲဆိုတော့ စောစော ပိုင်းက ဟောခဲ့တဲ့ ခန္ဓာငါးပါးပေါ်မှာ ရာဂမရှိဘူး၊ ဒေါသမရှိဘူး၊ မောဟ မရှိဘူး၊ ဘာဖြစ်လို့ရာဂ ဒေါသ မောဟ မရှိတာလဲဆိုတော့ ဒိဋ္ဌဓမ္မာဘိနိဗ္ဗု တာလို့ ရှေ့အပိုဒ်က လာလိမ့်မယ်၊ နော် (မှန်ပါဘုရား)။

တေဒညာယ ယော သတာ၊ ဒိဋ္ဌဓမ္မာဘိ နိဗ္ဗုတာ။
န တေ မာရဝသာနုဂါ၊ န တေ မာရဿ ပဒ္ဓဂူ။

ကပ္ပ၊ ကပ္ပ။ သတာ၊ လေးပါးသော သတိပဋ္ဌာန်တို့တွင် တပါးပါးသော သတိပဋ္ဌာန်ဖြင့် ပြည့်စုံကြကုန်သော။ ယော ကုလပုတ္တာ၊ အကြင် အမျိုးကောင်း

http://www.dhammadownload.com

သားသမီးတို့သည်။ ဘုန်းကြီးတို့ ပရိသတ်မှာ သတိပဋ္ဌာန် လေးမျိုးမှာ တမျိုးမျိုးတော့ ရှိမနေဘူးလား (ရှိပါတယ်ဘုရား)၊ ကာယာနုပဿနာသတိပဋ္ဌာန် ရှိတဲ့ ပုဂ္ဂိုလ်ပါတယ်၊ ဝေဒနာနုပဿနာကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်ပါတယ်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေပါတယ်၊ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို လိုက်စားနေတဲ့ ပုဂ္ဂိုလ်တွေပါတယ်၊ နော် (မှန်ပါဘုရား)။

သတာ၊ သတိပဋ္ဌာန်လေးပါးတို့တွင် တမျိုးမျိုးသော သတိပဋ္ဌာန်ရှိကြကုန်သော။ ယေ ကုလပုတ္တာ၊ အကြင် အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ တေံ၊ ထိုနိဗ္ဗာန်ကို။ အညာယ၊ မဂ်ဉာဏ်ဖြင့် သိကြကုန်သည်ဖြစ်၍။ ဒိဋ္ဌဓမ္မာ၊ ယခုမျက်မှောက်ဘဝ၌ သခ်ါရတရားတို့ကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ဝိပဿနာဉာဏ်ဖြင့် မြင်ကြကုန်သောကြောင့်။ အဘိနိဗ္ဗုတာ၊ ရာဂ-ဒေါသ မောဟစတဲ့ ကိလေသာမီးတွေ ငြိမ်းအေးကြလေကုန်၏။ ကျင့်ဝတ်တွေ ပါသွားပြီနော်၊ ဒီအထဲမှာ (မှန်ပါဘုရား)၊ ဒီ နိဗ္ဗာန်ချမ်းသာကြီးကို ဘာနဲ့မြင်သလဲဆိုတော့ မဂ်ဉာဏ်နဲ့မြင်ပါတယ်တဲ့၊ ဒီ ပါဠိတော်ရဲ့အဓိပ္ပါယ်က မဂ်ဉာဏ်ဘာဖြစ်လို့ ရသလဲ ဆိုတော့—

ဒိဋ္ဌဓမ္မာဘိနိဗ္ဗုတာ၊ ယခုမျက်မှောက် ပစ္စုပ္ပန်မှာရှိနေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ ဝိပရိဏာမ အနတ္တလို့ ရှုသည်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရာဂမီး ဒေါသမီး မောဟမီး ကိလေသာမီးတွေ ငြိမ်းသွားပါတယ်။ တေ၊ ထိုနိဗ္ဗာန်ကို မြင်ကြပြီးတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်နဲ့ ပြည့်စုံကြတဲ့အတွက် ရာဂမီး ဒေါသမီး မောဟမီး ငြိမ်းကြကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည်။ မာရဝသာနုဂါ၊ ကိလေသာမာရ်၏ အလိုလိုက်ကြရကုန်သည်။ န ဟောန္တိ၊ မဖြစ်ကြကုန်။ တေ၊ ထိုကိလေသာအလိုသို့ မလိုက်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ မာရဿ၊ ကိလေသာမာရ်မင်း၏။ ပဒ္ဓဂူ၊ နောက်လိုက်အခစား အလုပ်အကျွေးတို့သည်။ န ဟောန္တိ၊ မဖြစ်ကြလေကုန်။

ကပ္ပရသေ့နှင့်တပည့်များ ရဟန္တာဖြစ်ခြင်း

ဣတိ၊ ဤသို့။ သတ္ထာ၊ လူနတ်တို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည်။ ဣမမ္မိသုတ္တံ၊ ဤကပ္ပသုတ္တန်ကိုလည်း။ အရဟတ္တ-နိကူဋေန၊ အရဟတ္တဖိုလ်ကို အထွတ်တပ်ပါသဖြင့်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ပြီးဆုံးတော်မူပါပေ၏။

http://www.dhammadownload.com

ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ကာလ သမယ ၌။အာယသ္မာ ကပ္ပေါ၊ အရှင်ကပ္ပဆိုတဲ့ ရသေ့သည်။ သဟဿသိဿေဟိ၊ တထောင် အခြံအရံရှိသော တပည့်တို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာသိ၊ တည်လေတော့၏။

အညေသဉ္စ၊ ကပ္ပရသေ့နှင့်တကွ တထောင်သော တပည့်တို့မှ တပါးကုန်သော။ အနေကသဟဿာနံ၊ ထောင်ပေါင်းများစွာသော ပရိသတ်တို့အား လဲ။ ဓမ္မစက္ခုံ၊သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်တယ်ဆိုတဲ့ ဓမ္မစက္ခုသည်။ ဥဒပါဒိ၊ ကောင်းစွာမသွေ ဖြစ်ပေါ်တော်မူကြလေကုန်သတည်း။

သာဓု သာဓု သာဓု။

တောဒေယျသုတ္တန် ဒုတိယပိုင်း ပြီး၏။

တောဒေယျသုတ္တန် ပြီးပြီ။

http://www.dhammadownload.com

ရှေ့ကျင်ဆရာတော်ဘုရားကြီး၏

ဆုတောင်းဂါထာ

သဉ္ဇိတံ မေ မဟာပုညံ၊ ဓမ္မာနုဂ္ဂဟသဉ္ဇိတံ။
တေန သဗ္ဗေ သုခါယန္တု၊ ဇနာ ဣဋ္ဌသမဒ်ဂိနော။

ပရေသံ ဟိတမိစ္ဆေယျ၊ ဟိတံ မေ ဣစ္ဆတံ ပရော။
နာညဿ ဒုက္ခမိစ္ဆေယျ၊ မာ မေ ဒုက္ခံ ဣစ္ဆတံ ပရော။

န ဟိံ သေယ်ျ ပရံ ပါဏံ၊ မာ မံ ဝိဟိံသတံ ပရော။
န စ ဘဝေ အဟံ ဝေရီ၊ မာ ဝေရီ ဟောတု မေ ပရော။

ဥမ္မဂ္ဂဥ ဝိဝဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တု ပါဏိနော။
ဝက်ဥာဟံ ဝိဝဇ္ဇေတွာ၊ ဥဇုံ သုမဂ္ဂကော ဘဝေ။

ပရမတ္ထစက္ခုကျမ်းမှာ ရှေ့ကျင် ဆရာတော်ဘုရားကြီး ရွတ်တဲ့ တရားသိမ်း ဆုတောင်းဂါထာများကို ဘုန်းကြီးတို့ ပရိသတ်အတွက် အနည်းငယ်ပြင်ပြီး ထည့်လိုက်ပါတယ်။

ဣတိ ဣမိနာ အနုက္ကမေန၊ ၁၅-ရက်တိုင်တိုင် ပါရာယနဝဂ်ကို ယခုဟောကြား ခဲ့သော တရားတော် ဒေသနာအစဉ်ဖြင့်။ မေ=မယာ၊ ငါသည်။ ဓမ္မာနုဂ္ဂဟ-သဉ္ဇိတံ၊ ဝိပဿနာတရား ဒေသနာကို ကောင်းစွာ ချီးမြှင့်ခြင်းနှင့် စပ်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားကို ချီးမြှောက်ထောက်ပံ့ခြင်း နှင့်စပ်သော။ မဟာပုညံ၊ သုတ္တနိပါတ် ပါဋ္ဌိတော် ပါရာယနဝဂ်၌လာသော အဇိတ, တိဿမေတ္တေယျ, ပုဏ္ဏက, မေတ္တဂူ, ဓောတက အစရှိတဲ့ သုတ္တန် ကို ဟော ကြားရခြင်း နာခံမှတ်သားရခြင်းဟူသော ကြီးကျယ်များပြားလှတဲ့ ပုညမဂ်လာ, ကြီးကျယ်များမြတ်သော ကုသိုလ်ထူးကို။ သဉ္ဇိတံ၊ တရားဒေသနာတော်ကို ကောင်းစွာလိုလား ဘုန်းကြီးတို့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ အတွက် အားရ ပါးရ နှစ်နှစ်သက်သက် ဆည်းပူးပွါးများ အားထုတ်ရပေပြီ။

တေန၊ ထိုသို့ ဘုန်းကြီး ကိုယ်တိုင် ကြိုးစားပြီးတော့ အားထုတ်ပြီးတော့ ၁၅-ရက်တိုင်တိုင် တရားကို လိုလားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသွီး များအတွက် ချီးမြှောက်ထောက်ပံ့၍ ဟောခဲ့ရတဲ့ ဤကဲ့သို့သော ကုသိုလ်ထူး ကြောင့်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဇနာ၊ သတ္တဝါဟူ နတ် လူ

http://www.dhammadownload.com

ပြဟ္မာ ပေါင်းများစွာတို့သည်။ ဣဋ္ဌသမဂီနော၊ လိုအပ်သမျှ ဣဋ္ဌအထွေထွေ ကျက်သရေအမျိုးမျိုးတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သုခါဃန္ဓာ၊ စိတ်ရှင် ကိုယ်လန်း၍ ချမ်းချမ်းသာသာ ရှိကြပါစေကုန်သတည်း။

အဟံ၊ ငါသည်။ ပရေသံ၊ ငါမှတပါးကုန်သော ပုဂ္ဂိုလ်အပေါင်းတို့၏။ ဟိတံ၊ လောကီလောကုတ္တရာအကျိုးစီးပွါးကို။ ဣဋ္ဌေယျ၊ လိုလား နှစ်သက်ရပါလိုမ်၏။ ပရော စ၊ တပါးသောသူကလည်း။ မေ၊ ငါ၏။ ဟိတံ၊ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွါးကို။ ဣဋ္ဌတံ=ဣဋ္ဌတု၊ လိုလားနှစ်သက်ပါစေသတည်း။ အဟံ၊ ငါသည်။ အညဿ၊ ငါမှတပါးသော ပုဂ္ဂိုလ်၏။ ဒုက္ခံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို။ မာ ဣဋ္ဌေယျ၊အလိုမရှိရပါလို။ပရော စ၊ တပါးသောသူကလည်း။ မေ၊ ငါ၏။ ဒုက္ခံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲနေသည်ကို။မာ ဣဋ္ဌတံ=မာ ဣဋ္ဌတု၊ မလိုလား မနှစ်သက်ဘဲ ရှိပါစေသတည်း။

အဟံ၊ ငါသည်။ ပရံ ပါဏံ၊ တပါးသော သတ္တဝါကို။ န ဟိံသေယျံ၊ ကာယ ဉာဏ အာဝုဓ ဟု ဆိုအပ်သော လက်နက်အင်အား အမျိုးမျိုးတို့ဖြင့် မနှိပ်စက် မညှဉ်းဆဲရပါလို၊(ကိုယ်အား ဉာဏ်အားနဲ့ မနှိပ်စက်ပါရစေနဲ့၊ပရိယာယ် မာယာဆင်ပြီးတော့ မနှိပ်စက်ပါရစေနဲ့၊ လက်နက်အင်အားနဲ့လဲ သူတပါးကို မနှိပ်စက်ပါရစေနဲ့လို့)။ ပရော စ၊ တပါးသောသူကလည်း။ မံ၊ငါ့ကို။ မာ ဝိဟိံသတံ= မာ ဝိဟိံသတု၊ ကိုယ်အား ဉာဏ်အား လက်နက်အားတို့ဖြင့် မနှိပ်စက် မညှဉ်းဆဲ ပါစေသတည်း။ အဟံ၊ ငါသည်။ ပရေသံ၊ ငါမှတပါးကုန်သော ပုဂ္ဂိုလ်အပေါင်း တို့၏။ ဝေရီ၊ရန်သူသည်။ န ဘဝေ၊မဖြစ်ရပါလို။ပရော စ၊ တပါးသောသူကလည်း။ မေ၊ ငါ၏။ ဝေရီ၊ ရန်သူသည်။ မာ ဟောတု၊ မဖြစ်ဘဲ ရှိပါစေသတည်း။

ပါဏိနော၊ ထူက်သက်ဝင်သက် မပျက်မသွေ့ ရှုရှိုက်နေကြကုန်သော သတ္တဝါ အပေါင်းတို့သည်။ ဥမ္မဂ္ဂဿ၊ လမ်းမှား လမ်းဆိုးကိုငင်း။ ဝက်ဥ၊ လမ်းကောက် လမ်းညစ်ကိုငင်း။ ဝိဝဇ္ဇေတွာ၊ ရှောင်ကြဉ်နိုင်ကြကုန်သည်ဖြစ်၍။ သုမဂ္ဂံ၊ နိဗ္ဗာန် ရောက်ကြောင်း မဂ္ဂင်(၈)ပါးတည်းဟူသော လမ်းဖြောင့်လမ်းကောင်းကို။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ ယန္တု၊ လိုက်ပါသွားနိုင်ကြပါစေကုန်သတည်း။အဟဥ္စ၊ ငါသည်လည်း။ ဥမ္မဂ္ဂဿ၊ လမ်းဆိုးလမ်းယုတ်ကိုငင်း။ ဝက်ဥ၊ လမ်းဆိုး လမ်းညစ် ကိုငင်း။ ဝိဝဇ္ဇေတွာ၊ ရှောင်ကြဉ်နိုင်ကြကုန်သည် ဖြစ်၍။ ဥဇုံ၊ ဖြောင့်ဖြောင့် မတ်မတ်။ သုမဂ္ဂကော၊ ကောင်းသော မဂ္ဂင် ဂ-ပါး အကျင့်တရား နိဗ္ဗာန် ရောက်ကြောင်းလမ်းကို လိုက်သွားနိုင်သည်။ ဘဝေ၊ မုချမသွေ့ ဖြစ်ကြပါစေ သတည်း။

သာဓု သာဓု သာဓု။

http://www.dhammadownload.com

တရားသိမ်း ဆုတောင်းဂါထာ

ကိုင်း ဘုန်းကြီးတို့ပရိသတ် တရားသိမ်းဂါထာ ရွတ်ကြစို့ရဲ့။

ဣတိ ဓမ္မံ ဒေသေန္တေန၊ ယံ တံ အဓိဂတံ မယာ။
ပုညံ တဿာနုဘာဝေန၊ လောကနာထဿ သာသနံ။

ဩဂါဟေတ္ဝာ ဝိသုဒ္ဓါယ၊ သီလာဒိ ပဋိပတ္တိယာ။
သဗ္ဗေပိ ဒေဟိနော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

ဣတိ=ဣမိနာ အနုက္ကမေန၊ ဤသို့ ခုနစ်ညတိုင်တိုင် ဟောကြားခဲ့သော ဒေသနာအစဉ်ဖြင့်။ ဓမ္မံ၊ ရာဂ ဒေါသ စသည်ထွေထွေ များကိလေကို ငြိမ်းစေ ချုပ်စေ ပြုတ်စေနိုင်ငြား သုတ္တန်ပါတ်ပါဠိတော် ပါရာယနဝဂ်၌လာသော သုတ္တန် အစားစားရှိသည့် တရားတော်ကို။ ဒေသေန္တေန၊ တရားတော်ကို လိုလားတဲ့ ဝိပဿနာအမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် ဟောကြား၍ ပေးရသော။ မယာ၊ ငါသည်။ ယံ တံ ပုညံ၊ ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ဓမ္မဿဝန အမတဒါနလို့ဆိုတဲ့ အကြောင် ကုသိုလ်မြတ် ကုသိုလ်ထူးကြီးကို။ အဓိဂတံ၊ ကောင်းစွာမသွေ ရအပ်ပါပေပြီ။

တဿ၊ ထိုသို့ဆည်းပူး ခုနစ်ညတိုင်တိုင် တရားကို ဟောပေးရတဲ့ ဤကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကားရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒေဟိနော၊ ခန္ဓာငါးပါး ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်။ လောကနာထဿ၊ လူသုံးပါးတို့၏ မှီရာ တည်ရာ အာဒေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ ဤ သာသနာတော်မြတ်ကြီးကို။ ဝိသုဒ္ဓါယ၊ အထူးသဖြင့် စင်ကြယ်လှစွာသော။ သီလာဒိပဋိပတ္တိယာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားတည်းဟူသော မဂ္ဂင်ရှစ်တန် အကျင့်မှန်ဖြင့်။ ဩဂါဟေတ္ဝာ၊ သြကပ္ပနသဒ္ဓါဖြင့် သက်ဝင် ယုံကြည်ကြကုန်ပြီဖြစ်၍။ ဝိမုတ္တိရသဘာဂိနော၊ သံသရာဝဋ်ဆင်းရဲမှ လွတ်လပ်ရေး ရတယ်ဆိုတဲ့ နိဗ္ဗာန်ချမ်းသာတည်း ဟူသော ဝိမုတ္တိ ချမ်းသာသုခကို ခံစား စံစားနိုင်ကြသော အဘိဉာဂ ရှိကြပါကုန်သည်။ ဟောန္တု၊ ကောင်းစွာမသွေ ဖြစ်ကြပါစေကုန်သတည်း။

စိရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ သာသနံ။
တသ္မိံ သ ဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
သမ္မာ ဝဿတု ကာလေန၊ ဒေဝေါပိ စဂတိပတိ။
သဒ္ဓမ္မ နိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

ဒီတခါ သာဓုခေါ်ပြီးရင် ပြီးပြီနော်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com

တဿ၊ ထိုသို့တရားဟောပေးရတယ်ဆိုတဲ့ ကုသိုလ်ကောင်းမှု ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ပုညကြိယာ ကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကားရှိန်စော် အာနုဘော်ကြောင့်။ သမ္မာသမ္ဗုဒ္ဓ သာသနံ၊ မဂ် ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ ရှင်တော်ဘုရား မိန့်မှာတည်ထားတော်မူတဲ့ သာသနာတော်မြတ်ကြီးသည်။ လောကသို့၊ လူ့ပြည်နတ်ရပ် လောကဓာတ်ကြီးတခုလုံးအတွင်း၌။ စိရံ၊ နှစ်ပေါင်းများမြောင် အခေါင်ရှည်ကြာ ရှည်မြင့်စွာသော ကာလပတ်လုံး။ တိဋ္ဌတု၊ ဘယ်သူက ဘယ်နည်းတွေနဲ့ ဘယ်လိုဘဲဖျက်ဖျက် ကျောက်စာတိုင်ကဲ့သို့ မပျက်ဘဲ တည်ရှိပါစေသတည်း။ (တရားဟောရတဲ့ ကုသိုလ်ကြောင့် ဘုန်းကြီးအတွက်လဲပါတယ်၊ သာသနာတော်မှာတည်နေဘို့)။

သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံအလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ ထွက်သက်ဝင်သက် မပျက်မသွေ ရှိ၍ နေကြကုန်သော သတ္တဝါအပေါင်းတို့သည်။ တသို့၊ ထို မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မ သုံးဖြာ သူတော်ကောင်းတရားတည်းဟူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ သာသနာတော်၌။ နိစ္စံ၊ အမြဲ။ သဂါရဝါ၊ အသက်တမျှ စိတ်ကမသွေ ရိုသေလေးစား၍ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမသွေ ဖြစ်ကြပါစေကုန်သတည်း။

တဿ၊ ထိုသို့ဆည်းပူး ခုနစ်ညတိုင်တိုင် တရားဟောပေးရတယ်ဆိုတဲ့ ကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကားရှိန်စော် အာနုဘော်အားဖြင့်။ ဒေဝေါပိ၊ သတ္တဝါတို့၏ ကောင်းကျိုးဆိုးကျိုး ဤနှစ်မျိုးကို စိုးမိုးပိုင်နင်း မိုး ဆိုတဲ့ သဘောတရားသည်လည်း။ သမ္မာ၊ ကောင်းမွန် မှန်ကန်စွာ။ ကာလေန၊ ရွာသင့်ရွာရန် ရွာဘို့ရန် အချိန်တန်သော အခါကာလ၌။ ဝဿတု၊ ကောက်ပဲသီးနှံအထွက်သန်အောင် မှန်မှန်ကြီး ရွာသွန်းပါစေသတည်း။ ဇဂတီပတိ၊ တိုင်းသူပြည်သား လူအများတို့ကို အုပ်ချုပ်စီမံ၍နေကြပေကုန်သော အစိုးရလုပ်နေကြတဲ့ ပုဂ္ဂိုလ်အပေါင်းသည်လည်း။ သဒ္ဓမ္မနိရတော၊ သူတော်ကောင်းတရား၌ မြဲမြံသော စိတ်နှလုံးရှိကြကုန်သည်ဖြစ်၍။ (တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်ကိုပြောတာ)လောကံ၊တိုင်းသားပြည်သူ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားအပေါင်းကို။ ဓမ္မေနေဝ၊ မင်းကျင့်တရားဆယ်ပါး သုစရိတတရားဆယ်ပါးတို့နှင့် ညီညွတ်စွာသာလျှင်။ပသာသတု၊ကျောက သားသား ရင်က သားသား မခွဲခြားဘဲ ကိုယ်လဲချမ်းသာ တိုင်းသူပြည်သားတွေလဲ ချမ်းသာအောင် မြဲစွာနိစ္စ စံနစ်ကျအောင် ဆုံးမအုပ်ချုပ်နိုင်ကြပါစေသတည်း။

သာဓု သာဓု သာဓု။

ပါရာယန ပါဠိတော်ဟောစဉ်
ပဌမတွဲ ပြီးပြီ။

http://www.dhammadownload.com

ပါရာယနဝဂ် ပါဠိတော်ဟောစဉ်

မှတ်သားဖွယ် အကွဲရေစဉ်

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အကုသိုလ်ကံ၏ အမြစ်အရင်း တထား	၂၉၇
အကုသိုလ်တထားတို့ ရေနှင့်တူပုံ	၁၆၅
အကုသိုလ်ရဲ့ အမြစ်အရင်း ၃-ပါး	၂၀၉
အကောင်းကို လှူသည့် တကာမကြီး	၅၀၂
အကျင့် ၂-မျိုး	၉၀၊၁၉၃
အကျင့်ကောင်းများ	၁၉၅
အကျင့်မြတ်ခေါ်ပုံ	၂၄၀
အကျင့်မြတ်ဆိုတာ မေးလျောက်ပုံ	၄၃၆
အကျင့်မြတ်ဆိုတာ မိန့်ကြားပုံ	၄၃၇
အကျိုးအာနိသင်ကို ဆင်ခြင်	၄၉၆
အကျိုးကို တောင့်တ၍ လှူဒါန်းပုံ	၅၀၁
အကြောစကားဟူရာ၌ မှတ်ဖွယ်	၂၅၅
အကြောင်း ၂-ပါးရှိမှ ဂတိမြဲပုံ	၃၀၇
အကြောင်း ၃-ပါး ရှိပါလျက် နိဗ္ဗာန် မရောက်နိုင်ပုံ	၅၇၂
အကြောင်းအကျိုး ၂-ပါးသာ ရှိပုံ	၅၀၃
အကြောင်းအကျိုး မစပ်ခြင်း သည်ပင် နိဒ္ဒေဓမည်ပုံ	၄၆၂
အကြောင်းအကျိုး သိသင့်ပုံ	၄၆၀

အကွဲထုစဉ်	စာမျက်နှာ
[အ]	
အကြောင်းအကျိုး ရှုကလဲ ဝိပဿနာမည်ပုံ	၄၉
အကြောင်းတထားကြောင့် အကျိုးခန္ဓာဖြစ်ခြင်း	၁၀၀
အခါမလင့် ကောင်းကျိုးပေး တထားကိုသာ ဟောကြားပုံ	၃၀၄
အခဏ်းကြီး ၄-ခဏ်း	(ကာ)
အခွန်ငွေတသိန်း နှစ်စဉ်ပေးလှူပုံ	၂၆
အခြေခံဖြစ်သော စတုတ္ထစျာန်	၂၀၅
အင်္ဂါ ၄-ချက်နှင့်အညီ ပွါးသင့်ပုံ	၄၀၆
အင်္ဂဝဇ္ဇသုတ္တန်	၆၃၆
အင်္ဂုန် ၂-ခု စပ်ပေးသော တဏှာ	၂၅၉
အင်္ဂုန် ၂-ပါးနှင့် အလယ် သိထားသင့်ပုံ	၂၅၄
အင်္ဂုန် ၂-ပါး တနည်း	၂၅၄
အင်္ဂုန်း ၂-ဘက် အလယ် ပြဿနာပေါ်ပုံ	၂၅၆
အင်္ဂုန်း ၂-ဘက်ပြတ်ပုံ ဥပမာပြချက်	၂၅၀
အင်္ဂုန်း ၂-ဘက် မလိမ်းကျံ သောပုဂ္ဂိုလ်	၂၅၃
အင်္ဂုန်း ၂-ဘက် ယူပုံတနည်း	၂၅၉
အင်္ဂုန်း ၂-ဘက်လွတ်အောင် ဖြေကြားပုံ	၆၃၂

http://www.dhammadownload.com

အကျဆုံးစဉ်	စာမျက်နှာ
[အ]	
အဇိတ အမေး	၃၉
အဇိတရသေ့ သစ္စာ ၄-ပါး ပြုပုံ	၁၀၂
အဇိတရသေ့ တပည့်များနှင့် ရဟန္တာဖြစ်ပုံ	၂၁၁
အဇိတရသေ့တို့ နေရာ	၁၆၇
အဇိတရသေ့တို့ မဂ်ဖိုလ် မရသေးပုံ	၁၆၇
အဇိတရသေ့နှင့် ဘုရားရှင် မေးဖြေ	၃၄,၁၆၂
အဇိတရသေ့ လျှောက်ထားချက်	၁၀၄
အဇိတသုတ္တန်ခေါ်ပုံ	၃၈
အဇိတသုတ္တန် ပဌမပိုင်း	၁၅
အဇိတသုတ္တန် ဒုတိယပိုင်း	၅၇
အဇိတသုတ္တန် တတိယပိုင်း	၁၀၂
အဇိတသုတ္တန် စတုတ္ထပိုင်း	၁၃၃
အဇိတသုတ္တန် ပဉ္စမပိုင်း	၁၆၁
အဇိတသုတ္တန် ဟောရာဒ္ဓ ရှင်းပြပုံ	၁၃၃
အဋ္ဌတ္တဝဏ္ဏ သန့်ရှင်းစေမှု	၄၈၂
အညတိတ္ထိယခေါ် ပရိဗိုဇ်များ	၄၃၂
အညီအမျှ ရှုရာဒ္ဓ သိဖွယ်	၄၀၉
အဋ္ဌကထာနှင့် သာသနာ	(ဃ)
အဋ္ဌကထာနည်း ၇-မျိုး	၄၈၀
အတ္တအစွဲနှင့် ဆီမီးဥပမာ	၂၇၂
အတ္တခေါ်ရာဒ္ဓ မှတ်ဖွယ်	၂၇၁
အတ္တဒိဋ္ဌစွဲ ၃-မျိုး	၂၇၁
အတိတ်အကြောင်း ၅-ပါး	၄၅၁
အတိတ်အဓွန့်ရှင်းချက်	၄၅၀
အတ္ထုံအလှည့်ပြုပုံသိဖွယ်	၄၉၆
အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-မျိုး	၂၇၅

အကျဆုံးစဉ်	စာမျက်နှာ
[အ]	
အထက်တန်းရောက်လိုက ရှောင်ရမည့်တရားများ	၃၈၁
အထောက်အပံ့ ၃-မျိုး	၁၄၃
အထောက်အပံ့ရမှ နိဗ္ဗာန်ရပုံ	၁၄၁
အဓိဋ္ဌာန်ဝင်လို့ မရနိုင်သော တရားများ	၃၀၆-၇
အဓိပညာ	၂၀၆,၅၆၅
အဓိပ္ပါယ်ကို ကျမ်းလွတ် မပြောပုံ	၁၄၆
အဓိသီလသိက္ခာ ၁၈၉,၁၉၀,၅၅၁	
အဓေယျပုဒ်အဓိပ္ပါယ်	၄၄၉
အဓွန့် ၃-ပါး မှတ်ဖွယ်	၄၄၉
အဓွန့်ခေါ်ကာလ ၃-ပါး	၄၄၉
အနုတ္တာနုပဿနာဉာဏ်	၇၂၇
အနုမတဂ္ဂသုတ္တန်လာ သံသရာ ရှည်ပုံ	၇၅၅
အနုရိယပရိယေသန ရှာမှီးမျိုး	၉၂
အနာဂတ်အဓွန့်ရှင်းချက်	၄၅၀
အနာဂါမ်ပုဂ္ဂိုလ်များ တဘဝသာ ဖြစ်ခွင့်ရှိပုံ	၁၅၈
အနာဂါမိမဂ်ဉာဏ်ပယ်သော တရားများ	၁၅၈
အနာဂါမိမဂ်ချုပ်သော တရားများ	၁၇၇
အနာဂါမိမဂ်ထက် အရဟတ္တမဂ် မြတ်ပုံ	၄၁၈
အနာဂါမိမဂ်သည် ကာမဘုံ အားလုံးချုပ်ပုံ	၁၆၀
အနာစာရ ရှင်းပြချက်	၅၆၄
အနာတာပီမည်ပုံ	၅၄၆
အနာဒရမည်ခြင်း	၅၄၇
အနိစ္စခေါ်ပုံ	၁၂၂

http://www.dhammadownload.com

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အဘိသခါရဝိညာဉ်ချုပ်ပုံ ပါဠိတော်	၁၅၁
အဘိသခါရဝိညာဉ် ချုပ်ခြင်းကြောင့် ဥပါဒိန္နကခန္ဓာချုပ်ပုံ	၁၇၅
အဘိသခါရဝိညာဉ်တရားကိုယ်	၁၅၀
အဘိသခါရဝိညာဉ်မည်ပုံ	၁၄၈
အမေးပုစ္ဆာ ၅-ချက် ရှင်းချက်	၂၁၇၊၃၁၈
အမွေခံမြတ်ပုံ	၅၀၄
အမျက်ထွက်ခြင်းကို ဥပဓိ ခေါ်ပုံ	၃၅၈
အမျိုးမြတ်သည်ကို ဆင်ခြင်ပုံ	၅၀၅
အမြတ်တရားနာမှ အမြတ်နိဗ္ဗာန် သိရပုံ	၂၂၂
အမြင့်ဟောမှ အမြတ်ရ နိုင်ခြင်း	၂၂၁
အယူအဆအမျိုးမျိုးကွဲခြင်း	၂၆၈
အယုတ်အမြတ်ကို ခွဲခြား သိသင့်ပုံ	၂၂၀
အယျမိတ္တထေရ် သက်သေပြပုံ	၅၀၂
အရဟတ္တမဂ်ချုပ်သော တရားများ	၁၇၈
အရဟတ္တမဂ်ပယ်သော တရားများ	၁၅၉
အရဟတ္တမဂ် ဘဝအားလုံး ချုပ်စေပုံ	၁၆၀
အရိယပရိယေသနရှာမှီးမျိုး	၉၃
အရိယာတို့၏ လမ်းစဉ်	၄၉၆၊၄၉၉
အရိယာဖြစ်ရန် ပုစ္ဆာတခု မေးပုံ	၁၈၂
အရိုးကပ်သော အသားဥပမာ ရှိသော ကာမဂုဏ်	၂၄၆

အကွဲရာစဉ်	စာမျက်နှာ
[အ]	
အနိစ္စကို သိပုံ	၂၂၅
အနိစ္စနှင့် အနိစ္စလက္ခဏာ ကွဲပြားချက်	၃၂၀
အနိစ္စလက္ခဏာကိုသိပုံ	၂၂၆
အနိစ္စာနုပဿနာခေါ်ပုံ	၃၂၀
အနိစ္စာနုပဿနာဉာဏ်ကို သိပုံ	၂၂၆
အနိမိတ္တဝိမောက္ခ	၆၉၈၊၂၂၄
အနီတိဟံပုဒ် သိမှတ်ဖွယ်	၃၀၃
အနီးကပ်ဆောင်ထားထိုက်သော တရား	၃၀၄
အနုပါဒိန္နကချုပ်ပုံ	၁၅၂
အနုပါဒိန္နကကို ခန္ဓာဖွဲ့ပြခြင်း	၁၅၂
အနုသန္ဓေစကားဆက်	၁၆၁၊ ၂၁၄၊၃၇၁
အနောတ္တာပီ မည်ပုံ	၅၄၆
အန္တယဉာဏ်မည်ပုံ	၅၈၆
အပ္ပဏိဟိတဝိမောက္ခ	၆၉၈၊၂၂၄
အပ္ပမတ္တမည်ခြင်း	၅၅၀
အပ္ပမာဒဝိဟာရီပုဂ္ဂိုလ်	၂၂၊၇၈၊၃၉
အပါယ်ဘေးကို ဆင်ခြင်ခြင်း	၄၉၆၊၄၉၇
အပြစ်မြင်နိုင်မှ စွန့်နိုင်ပုံ	၂၄၅
အပြန်အလှန် မေးမြန်း ဆင်ခြင်ပုံ	၁၂၆၊၄၈၂
အဗျာဂုနိမိတ်	၅၁၈
အဗျာပါဒဝိတက်	၄၀၃
အဗျာပါဒသက်ပွမည်ပုံ	၄၂၁
အဘဗ္ဗပုဂ္ဂိုလ်မည်ပုံ	၅၄၇
အဘိက္ကန္တဋ္ဌ ရှုမှတ်ဖွယ်	၁၁၆
အဘိညာဉ်ထက် မဂ်ကမြတ်ပုံ	၄၁၄
အဘိညာဉ်ရရန် သမာဓိထူထောင် နည်း	၄၄၆

http://www.dhammadownload.com

အကွာထုစဉ် စာမျက်နှာ

[အ]

အရှိ ၃-ပါးရှိလျက် နိဗ္ဗာန်မှ ဝေးပုံ ၅၇၇
အရှုခံအာရုံနှင့် ရှုစိတ် ပျောက်ပုံ ၅၉၅
အရွယ်ကြီးလည်း အကျင့်ညံ့က လူယုတ် ၂၂၁
အလှူခံပုဏ္ဏား ကျိန်ဆဲပုံ ၂၇
အလိုမပြည့်နိုင်သော တဏှာ ၃၀၅
အလိုရှိသည့်တရား ရှာက ရနိုင်ပုံ ၉၃
အဝယဝ အစိတ်အစိတ် အဓိပ္ပါယ် ၃၅၃
အဝိဇ္ဇာကို ဉာဏ်ပေါ် အောင် ရှုပုံ ၅၁
အဝိဇ္ဇာကို ဝိပဿနာရှုခြင်း ၄၉
အဝိဇ္ဇာကို ခေါင်းခေါ် ပုံ ၃၅
အဝိဇ္ဇာနှင့် သခ်ါရ မတွဲမိရန် ၄၆၀
အဝိဇ္ဇာပျောက် ဝိဇ္ဇာဉာဏ် ရောက်ခြင်း ၅၆
အဝိဇ္ဇာဖြစ်ပုံ ရှင်းချက် ၄၆၊၄၇
အဝိဇ္ဇာဖြစ်ရာနှင့် ချုပ်ရာ ၅၃
အဝိဇ္ဇာသည် ဒုက္ခသစ္စာ ထိုက်ပုံ ၄၅၉
အဝိဇ္ဇောဃ ၆၀၃၊၃၄၆
အဝိဟိ သဝိတက် ၄၀၃
အဝိဟိ သဘသက်ပွ ၄၂၁
အသခ်္ခတဂါမိမဂ္ဂတရား ၄၄၁
အသခ်္ခတတရား ၁၆၄၊၄၄၁
အသခ်္ခတဓာတ်ကို နိဗ္ဗာန် ခေါ် ပုံ ၄၄၂
အသိညာဏ်မပေါ် အောင် ပြုသော တရား ၂-ပါး ၄၀
အသိတ စသည်၌ ရှုမှတ်ဖွယ် ၁၁၈

အကွာထုစဉ် စာမျက်နှာ

[အ-အာ]

အသေကွအကျင့်ကို မေး လျှောက်ပုံ ၁၈၃၊၂၀၇၊၂၁၀
အဟိရိကမည်ခြင်း ၅၄၇
အာကာသာနဉ္စာယတန-ဝိမောက္ခ ၇၁၆၊ ၇၈၈
အာကိဉ္စညာယတနအမြတ်ဆုံး ဖြစ်ပုံ ၆၃၀
အာကိဉ္စညာယတန စိတ်နှင့် စေတသိက် ၆၁၉
အာကိဉ္စညာယတန စျာန် မည်ပုံ ၅၉၂၊၅၉၆
အာကိဉ္စညာယတနဘုံသက်တမ်း ၆၃၂
အာကိဉ္စညာယတန ဝိမောက္ခ ၇၁၆၊ ၇၂၀
အာကိဉ္စညာယတန သမာပတ် အကြောင်း ၆၁၆၊ ၆၁၈
အာဃာတပဋိဝိနယသုတ္တန် ၃၀၅
အာစာရ ရှင်းပြချက် ၅၆၄
အာတပ္ပ လှုံ့လအကြောင်း ၅၄၀
အာဒီနဝဉာဏ် ၃၂၃
အာဒီနဝ အချက် ၃-ချက် ၅၆၂
အာယတနများကို ဥပဓိခေါ် ပုံ ၃၅၈
အာရုံ ၅-ပါး ကာမဂုဏ်တရား ၉၁
အာရုံ၅-ပါးမှတဏှာစီးဝင်လာပုံ ၁၀၅
အာရုံများကိုသိအောင် သတိက ပြုလုပ်ပုံ ၁၁၃
အာရုံအာရမ္မဏိက တရားများ ၃၁၇
အာရုံကိုအညီအမျှရှုရပုံ ၅၂၆
အာရက္ခဂေါစရခေါ် ပုံ ၄၂၀၀
အာရမ္မဏူပစျာန် ၃၂၆၊၅၄၉
အာရမ္ဘဓာတ် ၄၉၄
အာလောကိတဉ်ရှုမှတ်ဖွယ် ၁၁၇

http://www.dhammadownload.com

အကွက်ရာစဉ် စာမျက်နှာ

[အာ]

အာဝါသမစ္ဆရိယဖြစ်ခြင်း ၆၃
အာသဝက္ခယဉာဏ်ထင်လာပုံ ၃၃၄
အာသဝက္ခယ သမာဓိဘာဝနာ ပွါးနည်း ၃၂၅
အာသဝကြောင့်အဝိဇ္ဇာဖြစ်ခြင်း ၅၄
အာသဝချုပ်ခြင်းကြောင့် အဝိဇ္ဇာချုပ်ပုံ ၅၄
အာဟာရ ဥပဓိ ခေါ်ပုံ ၃၅၇
အားထုတ်မှုကြောင့်ရရှိခြင်း ၃၇၊၃၇၂

[ဣ]

ဣဒ္ဓိပါဒ်လေးပါး ၃၄၈၊ ၃၈၉
ဣဒ္ဓိပါဒ်လေးပါး နိဗ္ဗာန်ရောက် တရား ၃၉၀
ဣဒ္ဓိပါဒ်အဓိပ္ပါယ် ၃၈၉
ဣန္ဒြေ ငါးပါး ၃၄၈၊၃၉၁
ဣန္ဒြေငါးပါးညီမျှအောင်ရှုခြင်း ၄၈၅
ဣန္ဒြေငါးပါးနှင့်အချက် ၃-ချက် ၃၉၃
ဣန္ဒြေအညီအမျှထားနိုင်ခြင်း ၁၂၇-၈
ဣန္ဒြေစောင့်စည်းရှိသူ့းရပုံ ၂၀၈
ဣန္ဒြေပွါးက အရိယာဖြစ်ပုံ ၃၉၃

[ဥ]

ဥစ္ဆေဒဒိဋ္ဌိအစွန်း ၆၃၂
ဥစ္ဆေဒဒိဋ္ဌိသဿတဒိဋ္ဌိခွဲပြပုံ ၂၇၃
ဥဒ္ဓံပုဒ် အဓိပ္ပါယ်ကောက်ယူပုံ ၄၄၉
ဥဒ္ဓစ္စကုက္ကုစ္စပျောက်ပုံဥပမာ ၃၁၀
ဥဒ္ဓစ္စကုက္ကုစ္စရှင်းချက် ၃၀၉
ဥပဓိလေးပါးကို ပယ်နိုင်သော တရားများ ၃၆၂
ဥပဓိ ၄-ပါးပယ်သော ပုဂ္ဂိုလ် ၄-မျိုး ၃၆၁

အကွက်ရာစဉ် စာမျက်နှာ

[ဥ]

ဥပဓိ ၄-မျိုး ၁၀-မျိုး ၃၅၄၊ ၃၅၇
ဥပဓိအပယ်မြန်သော ပုဂ္ဂိုလ် ၃၆၅
ဥပဓိအပြစ်ကိုမြင်အောင်ရှု ၃၆၇
ဥပဓိကာမဂုဏ်စွဲလမ်းပုံ ၃၇၂
ဥပဓိကိုစွဲ၍ဆင်းရဲခြင်းဖြစ်ပုံ ၃၇၆
ဥပဓိတရား ပယ်နည်း ၃၆၀
ဥပဓိတရားမကင်းက ဆင်းရဲပုံ ၃၅၉
ဥပဓိတရားမှန်သမျှ မမြဲပုံ ၃၇၆
ဥပဓိပယ်ရန် ကျင့်သော ပုဂ္ဂိုလ်များ ၃၆၀
ဥပဓိမရှိသူ စိုးရိမ်ခြင်းကင်းပုံ ၃၇၆
ဥပနိဗန္ဓဂေါစရခေါ်ပုံ ၂၀၀
ဥပနိဿယဂေါစရမည်ပုံ ၂၀၀
ဥပသိဝက ထပ်မံ လျှောက်ပုံ ၁၅၈၊ ၆၃၉
ဥပသိဝရသေ့ ရရှိထားသော စျာန် ၅၉၀
ဥပသိဝသုတ္တန် ပဌမပိုင်း ၅၈၉
ဥပသိဝသုတ္တန် ဒုတိယပိုင်း ၆၁၄
ဥပါဒါတရား ၄-ပါး ၃၉၆
ဥပါဒါနက္ခန္ဓာ ၅-ပါး ၁၆၄
ဥပါဒိန္နကခန္ဓာချုပ်ပုံ ၁၅၆၊၁၇၉
ဥပါဒိန္နကခန္ဓာဖြစ်ကြောင်း ၁၅၆
ဥပါဒိန္နကလည်း ဥပဓိခေါ်ပုံ ၃၅၈
ဥပေက္ခာဖြစ်ပုံသိမှတ်ဖွယ် ၄၀၈
ဥပေက္ခာသမ္မောဇ္ဈင်၌ သိဖွယ် ၅၂၈
ဥပေက္ခာသမ္မောဇ္ဈင်ဖြစ် ကြောင်း ၅၂၉
ဥပေက္ခာသမ္မောဇ္ဈင်ဖြစ်အောင် နှလုံးသွင်းပုံ ၅၃၁
ဥပေက္ခာသမ္မောဇ္ဈင် သိကြောင်း ၄၇၂

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
[က]	
ကပ္ပသုတ္တန်	၃၃၉၊၃၄၀
ကမ္မဝဋ်	၄၅၁
ကမ္မဝိပါက	၃၅၁
ကာမ ၂-မျိုး	၆၀၅
ကာမဂုဏ်အချက် ၃-ချက်	၂၂၀
ကာမဂုဏ်အပြစ် မြင်အောင် ကြည့်	၂၃၁
ကာမဂုဏ်အပြစ် သိအောင် လုပ်	၂၂၇
ကာမဂုဏ်အပြစ်ပြဆိုသော မြန်မာပြန်များ	၂၂၇
ကာမဂုဏ်အပြစ် များပြားပုံ	၂၄၅
ကာမဂုဏ်အပြစ်မြင်မှ သက်သာပုံ	၂၂၆
ကာမဂုဏ်အလုပ် များပြားပုံ	၂၂၉
ကာမဂုဏ်ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ပုံ	၆၂၉
ကာမဂုဏ်ကြောင့် ချမ်းသာစွာ မနေနိုင်ပုံ	၂၃၀
ကာမဂုဏ်ကြောင့်ဖြစ်သော ဒုစရိုက်များ	၂၃၉
ကာမဂုဏ်ကြောင့် ပုဏ္ဏားချင်း ရန်သူဖြစ်ပုံ	၂၃၅
ကာမဂုဏ်ကြောင့်ဖြစ်သော အပြစ်အမျိုးမျိုး	၂၃၇
ကာမဂုဏ်ကြောင့် မင်း အချင်းချင်း ရန်သူဖြစ်ပုံ	၂၃၅
ကာမဂုဏ်ကြောင့် မိတ်ဆွေချင်း ရန်သူဖြစ်ပုံ	၂၃၆
ကာမဂုဏ်စိတ် လွှမ်းမိုးလာပုံ	၃၀၂
ကာမဂုဏ် ပယ်တဲ့နည်း	၃၀၄
ကာမစ္ဆန္ဒ နိဝရဏ ပေါ်လာပုံ	၃၀၁

အကြောင်းအရာ	စာမျက်နှာ
[ခ]	
ဥဒ္ဓေါပိတိ	၈၀၊၈၁၊၅၀၈
ဥဒ္ဓေါပိတိကြောင့် ကောင်းကင် ပျံတက်ပုံ	၈၃
ဥဒ္ဓေါပိတိဖြစ်ရာဌာန ဝတ္ထု	၈၁၊၈၂
ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်	၆၁၅၊၆၃၅
[ဧ-ဩ]	
သေနတဏှာ	၉၄
သေတိတဏှာ	၉၄
သြက္ကန္တိကာဝိတိ	၈၀၊၈၁၊၅၀၈
သြဃ ၄-ပါး	၂၄၃
သြဃလေးပါးကို ရှုပုံ	၆၀၄
သြဃ ၄-ပါးမှ ကူးမြောက်ပုံ	၅၉၃
သြဃ ၄-ပါးမှ မကူးနိုင်ပုံ	၅၉၁
သြဃတရဏသုတ္တန်	၅၉၉
သြဃတရားကိုယ်	၂၄၃
သြဃမှ လွတ်မြောက်ပုံ	၂၄၃
သြဃ ရေအလျဉ်သဘော	၆၀၂
သြဃသဘော	၂၄၂
သြပရပုဒ် ရှင်းပြချက်	၃၁၄
အိပ်မက်နှင့်တူသော ကာမဂုဏ်	၂၅၀
[က]	
ကံနှင့် ကံအကျိုးပေးပုံ မှတ်ဖွယ်	၂၆၂
ကဋ္ဌဝါဟနတိုင်းပြည်	၂၂
ကဋ္ဌဝါဟနမင်းဖြစ်ပုံ	၂၂
ကပ္ပပုဏ္ဏား မေးလျှောက်ပုံ	၃၃၉
ကပ္ပရသေ့နှင့် တပည့်များ ရဟန္တာဖြစ်ခြင်း	၃၆၁
ကပ္ပရသေ့လျှောက်ထားချက်	၃၄၁

http://www.dhammadownload.com

အကွာဆုစဉ်	စာမျက်နှာ
[က]	
ကာမတဏှာ	၈၈၊၈၉
ကာမတဏှာကြောင့် အပြစ် မမြင်နိုင်ပုံ	၂၂၅
ကာမဝိတက်	၄၀၃
ကာမဝိတက် စသည် ဝင်လာပုံ	၃၆၃
ကာမူပဓိရှင်းချက်	၃၅၆
ကာမော‌ဃ ခေါ်ပုံ	၆၀၁၊၇၄၃
ကာယပဿဒ္ဓိ မည်ပုံ	၅၁၄-၅
ကာယသမာစာရ ၂-မျိုး	၁၉၁
ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်ပုံ ပျက်ပုံ	၃၀၆
ကိလေသဝဋ်	၄၅၁
ကိလေသာ ကာမ ၂-မျိုး	၂၀၉
ကိလေသာ ကာမကိုသာ ပယ်ရခြင်း	၆၀၆
ကိလေသာကုန်ခန်းအောင် ပညာ ကသာ ပြုလုပ်နိုင်ပုံ	၁၂၁
ကိလေသာကိုနိုင်တဲ့ တရားများ	၁၁၀
ကိလေသာကို သတ်တတ်သော တရားများ	၁၃၄
ကိလေသာကင်းရာ နိဗ္ဗာန်	၁၆၃
ကိလေသာ ခေါ်ပုံ	၁၀၇
ကိလေသာဆိုးရည်ကို မင်္ဂပညာ ဖြင့် ချွတ်ပုံ	၁၆၉
ကိလေသာဆိုးရည်ကို သတိဖြင့် တားထားပုံ	၁၆၉
ကိလေသာဆိုးရည် တရားများ	၁၆၉
ကိလေသာငြိမ်းတဲ့ ပုဂ္ဂိုလ်မည်ပုံ	၃၁၅
ကိလေသာနှင့်ယှဉ်သော ပုဂ္ဂိုလ်	၃၆၃
ကိလေသာ မဝင်အောင် အမှတ်ခိုင်းပုံ	၁၀၈

အကွာဆုစဉ်	စာမျက်နှာ
[က]	
ကိလေသာ မဝင်အောင် တားဆီးနိုင်သောတရား	၁၆၂
ကိလေသာ ဝင်လာက အနိစ္စ မြင်အောင်ရှု	၃၆၄
ကိလေသာဝင်ရာအပေါက်များ	၁၀၆
ကိလေသူပဓိရှင်းချက်	၃၅၆
ကုလမစ္ဆရိယဖြစ်ခြင်း	၆၃၊၆၄
ကုသိတ မည်ပုံ	၅၄၆
ကုသိုလ်၏ သဘောလက္ခဏာ	၂၉၄
ကုသိုလ်ကံ၏ အမြစ်အရင်းများ	၂၉၈
ကုသိုလ်ကောင်းမှု၌ ပမာဒဖြစ်ပုံ	၇၀
ကုသိုလ် အကုသိုလ် ခွဲခြားသိက ပညာ	၁၂၆
ကုသိုလ်မူလ ၃-ပါး ရှင်းချက်	၂၉၄
ကုသိုလ်ဟိတ် ၃-ပါး အကျိုးပေးပုံ	၂၉၅
ကိုယ်အကျင့် ၂-မျိုး	၁၉၁၊၅၅၂
ကိုယ်စိတ် ၂-ပါး ချမ်းသာပုံ	၈၄
ကိုယ်ဟိုင်သိ တရားကို ဟောကြားပုံ	၃၄၊၃၈
ကိုယ်တွင်း ကိုယ်ပ နှစ်ဝသန့်ရှင်းရခြင်း	၁၂၆
ကိုယ်ရှာမှီးမှု ကိုယ်တိုင်စိစစ်ရန်	၅၆၁
ကိုယ်လုပ်မှု ကိုယ်ရပုံ	၅၆၉
ကိုယ့်ကိုယ်တရား ၃-မျိုးနှင့်စစ်ပါ	၅၃
ကိုယ့်ပြင်ပ ဝတ္ထုစင်ကြယ်စေရခြင်း	၄၈၃
ကိုယ့်စွဲဝင်သောငြောင့် ကိုယ်သာနုတ်ပုံ	၅၆၉
ကပ်ငြိလိမ်းကျံတတ်သော တရား	၈၇
ကောင်းသော အကြံအစည်	၄၀၃

http://www.dhammadownload.com

အကွဲထုစဉ် စာမျက်နှာ

[က]

ကျက်စားရာ ခု-မျိုး ၁၉၉
ကျင်ကြီး ကျင်ငယ် စွန့်ထုဉ်
ရှုဖွယ် ၈၅၊၁၁၈
ကျင့်မှ ရနိုင်သောနိဗ္ဗာန် ၅၆၆
ကြံစည်မှုဝိတက် ၄၀၃
ကြားလျင် ကြားကာမတ္တထား ၆၈၉
ကြည်ညိုပုံ လျှောက်ထားချက် ၃၄၈
ကြောင့်ကြမရှိပုံ ၅၉၆

[ခ]

ခဏိကာပိတိ ၈၀၊၈၁၊၅၀၈
ခန္ဓာ ၅-ပါး အနိစ္စခေါ်ပုံ ၃၁၈
ခန္ဓာ ၅-ပါး တဏှာကြောင့်ရပုံ ၉၇
ခန္ဓာ ၅-ပါး ဒုက္ခဖြစ်ပုံ ၅၂
ခန္ဓာ ၅-ပါးနှင့် ဘေး ၄-မျိုး ၂၂၃
ခန္ဓာ ၅-ပါး ဖြစ်ပေါ်လာခြင်း ၁၈၅
ခန္ဓာ ၅-ပါး ရှုနေသည်မည်ခြင်း ၁၈၇
ခန္ဓာ ၅-ပါး လောကမည်ပုံ ၄၃
ခန္ဓာကြောင့် ဆင်းရဲဖြစ်ပုံ ၃၅၅
ခန္ဓာနှင့်ကြည့်က မြဟူဓမင်း
စည်းစိမ်ကိုပင် ကြောက်ပုံ ၁၇၂
ခန္ဓာနှင့်တူသောဆင်းရဲမရှိပုံ၅၂၊၃၇၁
ခန္ဓာဖြစ်က ဒုက္ခနှင့်မကင်း ၁၈၅
ခန္ဓာလောက၏ ဘေးကြီးများ ၉၈
ခန္ဓာဝန်တောင့်တလ္လကဘေး
ဆိုးကြီးနှင့်တွေ့ရပုံ ၃၀၀
ခရီး လမ်းညွှန်နှင့် တူသော
ဘုရားရှင် ၅၇၁
ခုဒ္ဒကာပိတိ ၈၀၊၈၁၊၅၀၈
ခေါင်းနှင့်ခေါင်း ပြုတ်ပုံ မေး
မြန်းခြင်း ၃၅

အကွဲထုစဉ် စာမျက်နှာ

[ခ]

ခက်ခဲနက်နဲသောဉာဏ်ကိုနှလုံး
သွင်းပုံ ၁၃၀
ချစ်ခြင်းရှိတရားကိုယ် ၃၂၇
ချမ်းသာ ခု-ပါး ၅၀၃
ချဉ်းကပ်သင့်သောအိမ်များ ၁၉၈
ချမ်းသာကို နာမကာယဖြင့်
ခံစားပုံ ၃၃၀
ချုပ်တယ်ဆိုရာ၌ သိဖွယ် ၁၄၉၊ ၁၇၄

[ဂ-ဃ]

ဂတိလားရာမြဲခြင်းအကြောင်း ၃၀၇
ဂန္ထခေါ်ပုံ ၁၆၅
ဂေါစရရှင်းချက် ၅၆၄
ဃုဏ်တော်ကို ဆင်ခြင်ခြင်း ၄၉၆
ငှါးရမ်းသုံးစွဲရသည်နှင့် တူသော
ကာမဂုဏ် ၂၄၉

[စ]

စကြံစောင့်နတ်ပြောပုံ ၂၀
စတုတ္ထစျာန်ပယ်ပုံအခြင်းအရာ ၃၃၁
စတုတ္ထစျာန်ရအောင်ကျင့်ပုံ ၂၀၃
စရိမ ခု-မျိုး ၁၈၀
စရိမဝိညာဏ်ခေါ်ပုံ ၁၇၉
စာဂါနုဿတိမည်ပုံ ၅၁၁
စာဋုကမျှတာဃင်္ဂမှတ်ဖွယ် ၁၉၅
စားလျှင် စားကာမတ္တထားပုံ ၆၉၀
စိတ်ကိုချီးမြှောက်ခြင်း ၅၂၃
စိတ်တို့ကိုညှတ်ကိုင်းရှိုင်းခြင်း ၅၀၆
စိတ်ကို နှိပ်ပေးခြင်း ၅၂၄
စိတ်ကိုရှင်အောင်ပြုလုပ်ပုံ ၅၂၄-၅
စိတ်ကိုလျစ်လျူရှုပေးခြင်း ၅၂၅
စိတ္တဇဝါယောဓာတ်ဖြစ်ပေါ်ပုံ ၁၁၇

http://www.dhammadownload.com

အကွာရာစဉ်	စာမျက်နှာ
[စ]	
စိတ္တပဿဒ္ဓိမည်ပုံ	၅၁၄-၅
စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ	၃၀၇
စိတ်ကောင်းဆိုတာရှင်းပြချက်	၁၄၄
စိတ်ပြခန်းသော ဣဒ္ဓိပါဒ်	၃၉၁
စုတိစရိုက	၁၈၀
စေတသိကဝိရိယ	၅၄၁
စေတောဝိမုတ္တိမည်ပုံ	၄၁၇
စွဲမိကချုတ်ရန် ခဲယဉ်းပုံ အဝတ်ဖြူဥပမာ	၁၆၈
စစ်တမ်းထုတ်ရှိယုံကြည်သင့်ခြင်း	၃၃
စပ်ပေးသောတဏှာ ချုပ်သင့်ပုံ	၂၆၄
စောင့်ရှောက်အပ်သော မိန်းမ တကျိပ်	၄၂၃
စောင့်ရှောက်မှုကြောင့်ဖြစ်သော အပြစ်အမျိုးမျိုး	၂၃၄
[ဆ]	
ဆန္ဒနှင့်ရာဂခေါ်ပုံ	၆၉၅
ဆန္ဒပြခန်းသောဣဒ္ဓိပါဒ်	၃၉၀
ဆန္ဒရာဂပယ်ဖျောက်ပုံ	၆၉၂
ဆရာမျှားကို ရှိခိုးခြင်း	၁၈
ဆုတောင်းယူလို့ မရနိုင်သော တရား ၅-ပါး	၃၀၆၊၇
ဆင်ခြင်စဉ်းစားမှုဝိစာရ	၄၀၃
ဆင်းရဲအောင် ပြုလုပ်သည့် တရားများ	၁၀၈
ဆွမ်းအလှူမခံဘဲ လိုဏ်ပြန် တရားအားထုတ်ပုံ	၅၀၃
ဆွမ်းပူဇော်မှုခံ အတွံ့အလဲ့ ပြုပုံ	၄၉၉
[ဇ]	
ဇမ္ဗုခါဒကပရိဗိုဇ်အကြောင်း	၄၃၈
ဇမ္ဗုခါဒကပရိဗိုဇ်နှင့် ရှင်သာရိပုတ္တရာ	၄၃၉
ဇာတ်အမျိုးအနွယ်မြတ်သည်ကို ဆင်ခြင်ပုံ	၄၉၆
ဇာတိချုပ်ကြောင်း ကျင့်ဝတ်	၄၅၇
ဇာတိချုပ်ရာကို သိပုံ	၄၅၇
ဇာတိတရား ဒုက္ခမည်ပုံ	၃၂၁
ဇာတိဒုက္ခ ပေါ်အောင်ရှု	၉၉
ဇာတိဒုက္ခမည်ပုံ	၉၉
ဇာတိဖြစ်ခြင်းသဘော	၄၅၆
ဇာတိမည်ပုံ	၄၅၅
ဇာတိမြင်က ဇရာမရဏလည်း မြင်ပုံ	၄၅၈
[ဈ]	
ဈာနစရိုက	၁၈၀
ဈာနနိကန္တိတဏှာ	၄၄၇
ဈာန် ၂-မျိုး	၃၂၆
ဈာန် ၄-မျိုး အသုံးချပုံ	၂၀၄
ဈာန်ခေါ်ပုံ	၃၂၆
ဈာန်တက်ပုံ အစီအစဉ်	၃၂၉
ဈာန်နှင့် အဘိညာဏ် ရှင်းချက်	၃၂၇
ဈာန်ရအောင် ကျင့်ပုံရှင်းချက်	၂၀၃
ဈာန်ရသော်လည်း ကိလေသာ မကုန်ပုံ	၁၀၉
ဈေးဝယ်သည့်ပမာ ဣန္ဒြေထိန်းပုံ	၄၉၂
[ဉ]	
ဉာတိဗျသန	၇၅၇
ဥယျဓံတရား ၅-ပါး	၇၃၆

http://www.dhammadownload.com

အကျဆုံးစဉ်	စာမျက်နှာ
[ဉ]	
ညစ်နွမ်းစေတတ်သော ကိလေသာ	၁၃၄
ဉာဏ် ၂-ပါး ပြည့်စုံသောပုဂ္ဂိုလ်	၅၇၇
ဉာဏ် ၂-ပါးဖြင့် ခန္ဓာ ၅-ပါးကို မြင်ပုံ	၁၈၆
ဉာဏ်ပညာ မရှိသူကို မမှီဝဲရ	၄၉၃
ဉာဏ်ဖြင့် ရှုရသော ဝိပဿနာ	၄၀၁
[တ]	
တဏှာ ၃-ပါး	၈၉
တဏှာအစစ် တရားရှစ် ရေတွက်ပြပုံ	၈၉
တဏှာအပြစ် မြင်အောင်ရှု	၉၅
တဏှာကပ္ပ=တဏှာဖြင့် ကြံစည်ပုံ	၃၃၃
တဏှာကို ဝိပဿနာရှုနည်း	၉၆
တဏှာကင်းပုံ ရှင်းချက်	၂၀၉
တဏှာကင်းမှ အာဿာတ ကင်းပုံ	၂၀၀
တဏှာကုန်ကြောင်း လမ်းစဉ် နှင့် ကျင့်စဉ်	၄၀၀
တဏှာကြောင့် ဖောက်ပြန်နေပုံ	၉၅
တဏှာခန်းခြောက်အောင် လုပ်သင့်ပုံ	၅၄၁
တဏှာချုပ်က ဝေဒနာ ချုပ်ခြင်း	၂၆၆
တဏှာစပ်ပေးပုံ ရှင်းပြချက်	၂၆၂
တဏှာဆိုတာ ကတော့ကြီး နှင့် တူပုံ	၃၀၄
တဏှာဖြင့် လိမ်းကျံပုံ	၂၆၉
တဏှာမရှိက ဝိညာဏ်မပေါ်ပုံ	၄၆၃
တဒင်္ဂနိဿရဏ	၇၀၂

အကျဆုံးစဉ်	စာမျက်နှာ
[တ]	
တတိယဈာန်ရအောင် ကျင့်ပုံ	၂၀၂
တရား ၂-မျိုးစီ ဟောကြားခြင်း	၁၉၀
တရား ၃-မျိုးဖြင့် ကိုယ့်ကိုယ်ကို စစ်ပါ	၅၄၃
တရားအဆင့်ဆင့် တက်လာပုံ	၇၇
တရားအား ထုတ်ရန် တိုက်တွန်းချက်	၈၀
တရားအား ထုတ်သူ၏ သန္တာန်မှာ ဖြစ်ပေါ်လာတတ်သော တရား	၃၆၂
တရားကိုသာ အားကိုးပြုရန်	၄၄
တရားတော်ကို ရှိခိုးခြင်း	၁၆
တရားတက်နည်း စကားပြော	၁၃၈
တရားတက်ပုံ တက်နည်း	၁၃၈၊၁၄၅
တရားတက်ရာ၌ အနုသန္ဓေ	၁၃၈
တရားတွေ့ပုံ တွေ့နည်း	၃၁၉
တရားတွေ့ပုံ မှတ်ဖွယ်	၃၁၉
တရားနာရကျိုး ဝတ္ထုတမျိုး	၁၄၁
တရားနာနည်းနှင့် နှလုံးသွင်းနည်း	၂၄၄
တရားနာပုဂ္ဂိုလ် မဂ္ဂင် ၈-ပါး ဖြစ်နေပုံ	၂၄၀
တရားနာပုဂ္ဂိုလ်မျိုး တိုက်တွန်းချက်	၇၀
တရားနှလုံးသွင်းရာ၌ နေထိုင်ရပုံ	၃၇
တရားနှင့်စပ်လျဉ် စိတ်ကောင်း ရှိရပုံ	၁၄၃
တရားနှင့်စပ်လျဉ် မိတ်ကောင်း ရှိရပုံ	၁၄၃
တရားဘက်ပါအောင် စကား ဆက်ရခြင်း	၁၃၇

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[တ]	
တရားမြင့်မြင့်ဟောရပုံ နှိုင်းယှဉ်ချက်	၂၉၉
တရားရှုနိုင်မှ ခံနိုင်ရည်ရှိပုံ	၃၅၀
တရားသံကြားရုံမျှ ကုသိုလ်ဖြစ်ပုံ	၄၀
တာတမံနှင့်တူသောသတိ	၁၂၁
တိရိယပုဒ် အဓိပ္ပါယ်ကောက်ပုံ	၄၄၉
တိဿမေတ္တေယျ မေးလျှောက်ပုံ	၂၁၆
တိဿမေတ္တေယျ ရဟန္တာဖြစ်ပုံ	၂၇၈
တိဿမေတ္တေယျ သုတ္တန် ပဌမပိုင်း	၂၁၃
တိဿမေတ္တေယျသုတ္တန် ဒုတိယပိုင်း	၂၄၃
တူအမတ်သာ တိုင်းပြည် ပြန်လာပုံ	၂၃
တောဒေယျပုဏ္ဏားတပည့်များနှင့် ရဟန္တာဖြစ်ပုံ	၇၃၈
တောဒေယျပုဏ္ဏားလျှောက်ခြင်း	၇၁၇
တောဒေယျသုတ္တန် ပဌမပိုင်း	၆၉၄
တောဒေယျသုတ္တန် ဒုတိယပိုင်း	၇၁၇
တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ပုံ	၂၁၈
တင်းတိမ်ရောင့်ရဲသော ပုဂ္ဂိုလ်များ	၂၄၁
တိမ်တိုက်ပမာ ၅-ခန္ဓာ	၃၁၅
တုန်လှုပ်ခြင်းအကြောင်း	၂၅၁
တုန်လှုပ်ခြင်းကင်းသောပုဂ္ဂိုလ်	၂၅၄
တုန်လှုပ်သောပုထုဇဉ်ပုဂ္ဂိုလ်	၂၁၉
တောင် ၅-လုံးကာခို ရာဇဂြိုဟ်	၂၈၁
တောင့်တမှုကြောင့် တဏှာဖြစ်ပုံ	၂၆၆
[ထ]	
ထိနမိဒ္ဓခွါနည်း ၂-မျိုး	၇၀၈
ထိနမိဒ္ဓ ရဟန္တာကျမှ လုံးဝကင်းပုံ	၇၀၈
ထိနမိဒ္ဓလွှမ်းမိုးက မဂ်ဖိုလ်မှ ဝေးပုံ	၇၁၈
ထိလျှင် ထိကာမတ္တထားပုံ	၆၉၀
ထင်ရှားရှိတဲ့တရားမှ ဝိပဿနာရှုရပုံ	၆၁၅
ထွက်သက်ဝင်သက် ရုပ်မည်ခြင်း	၄၈
ထိုင်တဲ့စိတ်ကို ညွှတ်ပေးခြင်း	၅၂၈
[ဒ]	
ဒသဝတ္ထုက ဒိဋ္ဌိ ၁၀-မျိုး	၂၇၄
ဒသဝတ္ထုကဒိဋ္ဌိအကျိုးပေး	၄၄၇
ဒါနအထောက်အပံ့	၁၄၈
ဒါနကို ဥပနိဿယပစ္စည်းတပ်ပုံ	၁၄၂
ဒါနသီလကြောင့် ရသော အကျိုးများ	၁၄၂
ဒိဋ္ဌဓမ္မသမာဓိဘာဝနာပွါးနည်း	၃၂၃
ဒိဋ္ဌိ ၂-ပါး ဝင်လာပုံ	၆၃၁
ဒိဋ္ဌိ ၃-မျိုးဖြင့် လိမ်းကျံပုံ	၂၇၆
ဒိဋ္ဌိကပ္ပဖြင့် အယူကြံစည်ပုံ	၇၃၃-၄
ဒိဋ္ဌိတဏှာချုပ်ရမှာ	၂၆၇
ဒိဋ္ဌိတဏှာ ရှင်းချက်	၁၆၆
ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကြောင့် ဖြစ်သောတရားများ	၁၇၆
ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သောင်းကျန်းပုံ	၁၅၃
ဒိဋ္ဌိဗျသန	၇၅၇
ဒိဋ္ဌိမရှိက ဝိညာဏ်မပေါ်ပုံ	၄၆၃
ဒိဋ္ဌောဃ	၆၀၃၊၇၄၆
ဒိဗ္ဗစက္ခုဉာဏ်ထင်လာပုံ	၃၃၃

http://www.dhammadownload.com

အကျဉ်းစဉ်	စာမျက်နှာ
[ဒ]	
ဒိဗ္ဗစက္ခုသမာဓိဘာဝနာ ပွါးနည်း	၃၂၄
ဒုက္ခနှင့် ဒုက္ခသစ္စာမှန်းပြချက်	၄၆၁
ဒုက္ခဖြစ်ကြောင်းဥပမာ	၃၅၂
ဒုက္ခဖြစ်ပုံ လျော့ကဆားခြင်း	၃၄၉
ဒုက္ခမြင်အောင် ရှုရန်	၃၅၀
ဒုက္ခသစ္စာကို မသိကြောင်း တရားများ	၅၄
ဒုက္ခာနုပဿနာဉာဏ်	၂၂၇
ဒုစရိုက်များ ဥပမာခေါ်ပုံ	၃၅၇
ဒုတိယစျာန်ရအောင် ကျင့်ပုံ	၂၀၂
ဒုတိယဝိမောက္ခမည်ပုံ	၃၁၄
ဒေဝတာနုဿတိမည်ပုံ	၅၁၁
ဒေသနာအဆုံး နိဂုံး	၂၁၁၊ ၂၇၉
ဒေါသကို မေတ္တာဖြင့် ခွါခြင်း	၃၀၅
ဒေါသခွါနည်း ပါဠိတော်အမှာ	၃၀၅
ဒေါသစိတ်ဖြစ်နေပုံ ဥပမာ	၃၀၆
ဒေါသမှ လွတ်မြောက်ကဝိမောက္ခ ခေါ်ပုံ	၃၀၇
[ဝ]	
ဓမ္မကထိကတနည်း ၄-မျိုး	(၈)
ဓမ္မကထိကအပြား ၄-ပါး	(ခါး)
ဓမ္မဋ္ဌိတိဉာဏ်မည်ခြင်း	၉၆
ဓမ္မမစ္ဆရိယ	၆၃၊ ၆၅
ဓမ္မဝဝတ္ထာနဉာဏ်	၃၁၃
ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွါးပုံ	၄၀၇၊ ၄၇၈
ဓမ္မဝိစယသမ္ဗောဇ္ဈင်သိကြောင်း	၄၇၂
ဓမ္မာနုပဿနာဖြင့် ထူထောင်နည်း	၄၅၃
ဓမ္မာနုပဿနာသတိပဋ္ဌာန်ခေါ်ပုံ	၅၁

အကျဉ်းစဉ်	စာမျက်နှာ
[ဓ]	
ဓမ္မာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံပျက်ပုံ	၃၈၈
ဓမ္မာနုဿတိမည်ပုံ	၅၁၁
ဓမ္မာယတနကို ခန္ဓာဖွဲ့ပြခြင်း	၃၁၆
ဓမ္မာရုံတရားများ	၃၁၇
ဓာတ်ဆရာကြီးဦးပိုနှင့် သာသနာ	(ဃ)
ဓောတကပုဏ္ဏားဘပည့်များနှင့် ရဟန္တာဖြစ်ပုံ	၅၀၈
ဓောတကပုဏ္ဏား လျော့ကဆားပုံ	၅၃၇၊ ၅၈၀
ဓောတကပုဏ္ဏား သံသယဖြစ်ပုံ	၅၆၇
ဓောတကသုတ္တန် ပဌမပိုင်း	၅၃၆
ဓောတကသုတ္တန် ဒုတိယပိုင်း	၅၆၃
ဓောတကသုတ္တန်မည်ပုံ	၅၃၆
[န]	
နံလျင် နံကာမတ္တထားပါ	၆၉၀
နတ်များမထိုင်ဆုဌ် သိမှတ်ဖုံယ်	၃၇၂
နတ်များထိုင်လိုက ထိုင်စရာ ပလ္လင်ပေါ်လာပုံ	၃၇၃
နတ္ထိဘောပညတ်ခေါ်ပုံ	၅၉၇
နတ္ထိဘောပညတ်ကို သိပုံ	၅၉၄
နာနတ္တသညာခေါ်ပုံ	၃၁၉
နာနတ္တသညာ နှလုံးသွင်းပုံ	၆၁၇
နာမကာယ ရူပကာယခြိမ်းခြင်း	၀၄
နာမ်တရားကို ဝိပဿနာရှုနည်း	၅၀
နာမ်၌ အတ္တစွဲပုံ	၂၇၂
နာမ်ရုပ်ကို အမှတ်မှားပုံ	၁၆၆
နာမ်ရုပ်ကို ကိလေသာဆိုးရည် စွဲနေပုံ	၁၆၀
နိက္ကမဓာတ်	၄၉၅

http://www.dhammadownload.com

စာမျက်နှာ	အကွရာစဉ်
[နှ]	
နိကွမဝိတက်	၄၀၃
နိဂုံး နိဗ္ဗာနဓာတုပတ္ထနာဆုပေး	၅၃၄
နိဗ္ဗာန်အကြောင်း သိကောင်းစရာ	၄၃၈
နိဗ္ဗာန်ခေါ်ပုံ	၄၄၀၊၅၈၀
နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားများ	၃၈၅၊၄၄၂၊၅၅၈
နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ ၃-မျိုး	၁၄၁
နိဗ္ဗာန်ရောက်နိုင်တဲ့အင်္ဂါ	၅၄၉
နိဗ္ဗာန်လမ်းပေါက် သွားသင့်ပုံ	၅၇၅
နိဗ္ဗာန်သွားရန် လမ်း ၃-သွယ်	၅၇၄
နိဗ္ဗိန္ဒဉာဏ်၌ သိမှတ်ဖွယ်	၁၇၃
နိမိတ် ၂-မျိုး	၅၁၈
နိမောက္ခတရားကိုယ်	၇၃၁
နိရောဓနိဿိတ၌ သိမှတ်ဖွယ်	၄၀၆
နိရောဓသမာပတ္တိဝိမောက္ခ	၇၂၁
နိရောဓသုတ္တန်အကျဉ်း	၃၉၈
နိဝရဏ ၅-ပါး သရုပ်	၃၂၈
နေကွမ္မသင်္ကပ္ပ	၄၂၁
နေပက္ကပညာ	၅၄၉
နေဝသညာနာသညာ-ဝိမောက္ခ	၇၁၆၊၇၁၈
နည်းမျိုးစုံဖြင့် နှိပ်စက်သော တရားများ	၁၀၈
နှိပ်စက်ပုံအမျိုးမျိုး	၂၃၈
နှုတ်အကျင့် ၂-မျိုး	၅၅၃
နှုတ်အမူအရာ ၂-မျိုး	၁၉၂
[ပ]	
ပစ္စည်း ၄-ပါး ဘုရားရှင်ခွင့်ပြုပုံ	၅၀၂
ပစ္စုပ္ပန်အဓွန့် ရှင်းချက်	၄၅၂
ပညာအားကောင်း၍ သဒ္ဓါ အားနည်းက ငရဲကျတတ်ပုံ	၄၉၀
ပညာအားကောင်း၍သဒ္ဓါနည်း သော ဆေးလွန်နာ ဥပမာ	၄၉၀
ပညာကို ခေါင်းပြုတ်ကျခြင်း ခေါ်ပုံ	၃၆
ပညာကို မေးမြန်းပုံ	၃၂
သညာစခန်းသွားပုံ	၁၃၇
ပညာနည်းသူကို ရှောင်ကြဉ်	၁၃၀
ပညာပြဓာန်းသော ဣဒ္ဓိပါဒ်	၃၉၁
ပညာဖြင့် ရှုက တွေ့ရသည့် တရားများ	၄၅၄
ပညာဖြင့် ရှုမြင်ပုံ	၇၉
ပညာဖြစ်ခြင်းအကြောင်း	၁၂၄၅
ပညာမည်ပုံ	၃၇၉
ပညာရှိကို မှီဝဲရခြင်း	၁၃၀
ပညာရှိတို့သာ ခံစားထိုက် သော တရား	၃၈၄
ပညာရှိကို ဆည်းကပ်	၄၉၃
ပညာဝိမုတ္တိမည်ပုံ	၄၁၇
ပညိန္ဒေ	၃၉၂
ပဋိစသညာချုပ်ပုံ	၆၁၆
ပဋိက္ကန္တ၌ ရှုမှတ်ဖွယ်	၁၁၆
ပဋိစ္စသမုပ္ပါဒ် အခြေခံတရား	၄၄၉
ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာ ရှုနည်း	၅၈
ပဋိပုစ္ဆာဗျာကရဏဖြင့် ဖြေကြားပုံ	၅၇၂
ပဋိပတ်လုပ်က ပရိယတ် စည်းကမ်း ရှိရခြင်း	၁၄၄
ပဋိရူပဒေသဝါသစက် အကြောင်း	၅၄၅

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပဋိသန္ဓေနေမှုမှ လွန်မြောက်ပုံ	၃၈၀
ပဌမစျာန်ရအောင် ကျင့်ပုံ	၂၀၂
ပဌမဝိမောက္ခမည်ပုံ	၆၉၉
ပမာဒကို ပယ်နိုင်သော တရားများ	၈၇
ပမာဒတရား သိထားရန်	၆၉၊၇၀
ပမာဒတရား ပယ်ရှားသင့်ပုံ	၇၁
ပမာဒဝိဟာရီပုဂ္ဂိုလ်	၇၃
ပမောက္ခတရားကိုယ်	၇၃၁
ပရက္ကမဓာတ်	၄၉၅
ပရ-ပုဒ် ရှင်းပြချက်	၃၁၄
ပရမတ္ထတရား သိကောင်း စရာများ	၄၄၁
ပရမတ္ထသစ္စာနယ်က လောကများ	၄၁
ပရိပုဏ္ဏသင်္ကပ္ပဖြစ်သောပုဂ္ဂိုလ်	၂၂၄
ပရိဗိုဇ်များက ရဟန်းများအား မေးမြန်းပုံ	၄၃၃
ပရိယတ်စည်းကမ်းရှိမှ ပဋိပတ် အမြင်မှန်ပုံ	၁၄၄
ပရိယတ္တိဗဟုလပုဂ္ဂိုလ်	၄၄
ပရိယေသနတဏှာဖြစ်ပုံ	၉၁
ပဿဒ္ဓိမည်ခြင်းအကြောင်း	၅၁၄
ပဿဒ္ဓိသမ္မောဇ္ဈင်၌ သိမှတ်ဖွယ်	၄၇၂၊၅၁၃
ပသာရိတ၌ ရှုဖွယ်	၁၁၇
ပါတိမောက္ခသီလ ကျင့်နေပုံ	၁၉၀၊၅၅၂
ပါတိမောက္ခသီလခေါ်ပုံ	၅၅၆
ပါရမီ ၁၀-ပါး သရုပ်	၇၃၀
ပါရာယနဝဂ်ကို မူ ၄-ခု ချပြီး ဟောပုံ	၃၈

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပါရာယနဝဂ်လာ ပုဏ္ဏား ၁၆-ယောက်	၂၁
ပါရာယနဝဂ်ဟောခြင်းကြောင့် သတ္တဝါများ နိဗ္ဗာန်ရပုံ	၂၁
ပါရာယနသုတ် ရွတ်ခြင်းကြောင့် နတ်မင်းကြည်ညိုပုံ	(ခေ)
ပါရာယနသုတ္တန်နာရကျိုး	(ခီ)
ပါရာယနသုတ္တန် ဟောပုံ စစ်တမ်း	၂၁
ပါရာယနဝဂ် ၄-ပိုင်း ပိုင်း၍ ဟောပုံ	၃၈
ပါသာဏက နတ်ကွန်းနေရာ	၂၀
ပါဋ္ဌိတော်နာရာ၌ သိမှတ်ဖွယ်	၁၀၃၊ ၂၆၃၊၃၇၉၊၄၀၄
ပိဏ္ဍတ္ထ် အပေါင်းအဓိပ္ပါယ်	၃၅၃
ပိသုဏဝါစာ၌ သိမှတ်ဖွယ်	၄၂၂
ပီတိ ၅-မျိုး	၈၀၊၅၀၈
ပီတိဖြစ်ပုံ	၈၀
ပီတိသမ္မောဇ္ဈင် သိကြောင်း	၄၇၂
ပီတိသမ္မောဇ္ဈင်ဖြစ်ကြောင်း	၅၀၇၊ ၅၀၉
ပုစ္ဆာ ၃-မျိုး ရှင်းချက်	၃၇၇-၈
ပုဏ္ဏကသုတ္တန် ပဌမပိုင်း	၂၈၀
ပုဏ္ဏကသုတ္တန် ဒုတိယပိုင်း	၃၀၉
ပုဏ္ဏကပညာရှိ အမေးနှင့် ဘုရားရှင်အဖြေ	၂၈၆၊၃၁၁
ပုဏ္ဏကရသေ့၏ ရည်ရွယ်ချက်	၃၁၃
ပုဏ္ဏကရသေ့၏ ရရှိပြီး တရားများ	၃၁၂
ပုဏ္ဏားတယောက် အလှူခံလာပုံ	၂၇
ပေါ်လာသောတရားများရှုရပုံ	၄၁၀

http://www.dhammadownload.com

အကွာထုစဉ် စာမျက်နှာ

[ဗ]

ဗာဝရီပုဏ္ဏားသောကဖြစ်ပုံ ၂၇
ဗာဟိရဝတ္ထုသန့်ရှင်းစေမှု ၄၀၂
ဗောဇ္ဈင် ၃-ပါးဖြင့် ရှုမှတ်ပုံ ၄၀၉
ဗောဇ္ဈင် ၇-ပါး သရုပ် ၃၉၀၊၄၀၁
ဗောဇ္ဈင် ၇-ပါး နိဗ္ဗာန်ရောက်
ကြောင်းတရား ၃၄၀၊၄၁၁၊၄၇၁
ဗောဇ္ဈင် ၇-ပါး ပွါးက တဏှာ
ချုပ်မည် ၄၀၂
ဗောဇ္ဈင်တရားဖြင့် နိဗ္ဗာန်
ရောက်ပုံ ၃၉၀
ဗောဇ္ဈင်္ဃပဗ္ဗ ပဌမပိုင်း ၄၇၁
ဗောဇ္ဈင်္ဃပဗ္ဗ ဒုတိယပိုင်း ၅၀၇
ဗောဇ္ဈင်္ဃပုဒ် ရှင်းချက် ၃၉၉
ဗောဇ္ဈင်ပွါးများပုံ ၄၀၀
ဗောဓိပက္ခိတရားနှင့် ပြည့်စုံပုံ ၃၄၀
ဗိုလ် ၅-ပါး ၃၄၀
ဗျာသန ၅-မျိုး ၃၅၀၊၅၂၇
ဗျာပါဒဝိတက် ၄၀၃

[ဘ]

ဘဝစရိမ ၁၀၀
ဘဝတဏှာ ၀၀၊၀၉
ဘဝသစ်၌ မတည်နိုင်ပုံ ၄၆၅
ဘဝေါဃ ၆၀၂၊၂၄၄
ဘာဝနာအထောက်အပံ့ ၁၄၁
ဘာဝနာကြောင့်ရသော
အကျိုး ၁၄၂
ဘာဝနာပြည့်စုံပုံ ၄၂၅
ဘာဝိတတ္တမည်ပုံ ၃၄၆
ဘုရားအလိုက္ခ ကျက်စားရာ
အရပ် ၂၀၁
ဘုရားကိုရှိခိုးခြင်း ၅၇

အကွာထုစဉ် စာမျက်နှာ

[ပ]

ပင်ပန်းခြင်းမရှိခြင်းကြောင့်
နတ်များမထိုင်ပုံ ၃၇၂
ပြဿနာမေးမြန်းရန် ခွင့်ပြုပုံ ၃၆
ပြုပြင်၍မရနိုင်သော အရာများ ၃၅၆
ပြုသူ ခံစားသူ မရှိပုံ ၂၅၃
ပြောတိုင်းမှတ်ပါမှ ပြောရကျိုး
နပ်ပုံ ၂၄၄

[ဖ]

ဖရဏာ ပီတိဖြစ်ပုံ ၀၃၊၅၀၀
ဖရုသဝါစာ၌သိဖွယ် ၄၂၂
ဖဿအစုမ်းဖြင့် ကာလ ၃-ပါး
မှာ ခွဲပြပုံ ၂၆၁
ဖဿချုပ်အောင် လုပ်ရန် ၂၆၄
ဖဿနီထောဓသည် အလယ် ၂၅၀
ဖဿသမုဒယသည် အစွန်း
တဖက် ၂၅၀
ဖဿသည် အစွန်းတဖက် ၂၅၃
ဖြစ်ဆဲကို မြင်တဲ့ဉာဏ် ၁၀၀
ဖြစ်ပျက်ရှုရာ၌ အမှတ်
လွဲသွားနိုင်ပုံ ၁၇၀

[ဗ]

ဗာရာဏသီမင်းပို့သော ဓမ္မ
လက်ဆောင် ၂၂
ဗာဝရီပုဏ္ဏားအစ လက်သမား
ဘဝ ၂၁
ဗာဝရီပုဏ္ဏား၏ အတိတ်ဝတ္ထု ၂၁
ဗာဝရီပုဏ္ဏား၏ လက္ခဏာ ၃-ခု ၃၄
ဗာဝရီပုဏ္ဏားပြောကြားပုံ ၂၀
ဗာဝရီပုဏ္ဏား၏ ကျောင်းနေရာ ၂၆
ဗာဝရီပုဏ္ဏားတောထွက်ခြင်း ၂၅

http://www.dhammadownload.com

အကျဆုံးစဉ် စာမျက်နှာ

[ဘ]

ဘုရားဂုဏ်တော်ပွါးရန် တိုက်တွန်းချက် ၂၀၄
ဘုရားရှိခိုးရန် ၁၀၂၊၁၃၃၊၂၁၃၊ ၂၄၃၊၂၈၀၊၃၄၃၊၃၇၀၊ ၃၉၇၊၄၄၄၊၅၃၆၊ ၅၈၆၊၆၁၄
ဘုရားရှင်အကြုံတော်နှင့် ခြေရာတော် ၃၁
ဘုရားရှင်အား စိတ်ဖြင့် မေးမြန်းပုံ ၃၁
ဘုရားရှင်အား ပြဿနာမေးရန် ညွှန်ကြားပုံ ၂၉
ဘုရားရှင်ဖူးမြင်ရန် ၃၁၃
ဘုရားရှင်အား လျှောက်ထားပုံ ၆၉၄
ဘုရားရှင်၏ အလိုကျသီရပုံ ၁၀၅
ဘုရားရှင်၏ အသံတော် ၃၁၁
ဘုရားရှင်၏ သိမ်မွေ့ပုံ ၂-မျိုး ၃၀၉
ဘုရားရှင်က ထပ်မံဖြေကြားပုံ ၆၄၀
ဘုရားရှင်က နှုတ်ဖြင့်ဖြေပုံ ၃၃
ဘုရားရှင်ကို အနေဇခေါ်ပုံ ၂၀၀
ဘုရားရှင်ကို ရှိခိုးခြင်း ၁၅
ဘုရားရှင်ကိုယ်တိုင်ဟောသော သတိ ၁၁၃
ဘုရားရှင် စက်ဆုပ်သော အကျင့်များ ၁၉၆
ဘုရားရှင်၌ ရှိသေသဖြင့် နတ်များ မထိုင်ပုံ ၃၇၃
ဘုရားရှင် ဖြေကြားပုံ ၄၁၊၂၁၀၊ ၅၃၉၊၆၂၂
ဘုရားရှင်ဖြစ်လို့ သိမ်မွေ့ပုံ ၃၀၉
ဘုရားရှင်ရာဇဂြိုဟ်ပြည်ကြွပုံ ၃၁

အကျဆုံးစဉ် စာမျက်နှာ

[ဘ]

ဘုရားရှင်ရှိသည့်နေရာကို မှန်းဆကြည်ညိုရန် ၂၀၁
ဘုရားရှင်လက်ထက်က ရဟန်း ချင်း အယူကဲလဲပုံ ၂၆၇
ဘုရားရှင် မဖြေရာ၌ သိဖွယ် ၂၁၅
ဘုရားရှင်မိန့်ကြားပုံ ၂၀၅၊၃၉၇၊ ၄၁၃၊၄၁၉၊၇၄၂
ဘုရားသာသနာ၌ အမြတ်ကို ဆင်ခြင်ပုံ ၅၀၅
ဘောဂဗျသန ၇၂၇

[မ]

မအိုရာနိဗ္ဗာန် ၇၆၀
မကျေနပ်ခြင်းဆိုတာ ဒေါသ ၇၀၅
မကျက်စားထိုက်သော အရပ် ၁၉၆
မဂ် ၄-ပါးချုပ်ပုံအစီအစဉ် ၁၆၀
မဂ်၏အသိဉာဏ် ၄-မျိုး ၄၃၀
မဂ်၏စိတ္တက္ခဏတချက်ရှိပုံ ၄၂၉
မဂ်ချုပ်ရာ၌ ရှင်းပြချက် ၁၄၇
မဂ်ချုပ်ရာ၌ သိမှတ်ဖွယ် ၁၇၇
မဂ်ဉာဏ်ကို မောနခေါ်ပုံ ၇၃၅
မဂ်ဉာဏ်ပေါ်ရာ၌သိမှတ်ဖွယ်ရာ ၁၅၄
မဂ်ဖိုလ်ဉာဏ်အတွက် ရှုခိုင်းရပုံ ၆၁၂
မဂ်ဉာဏ်ဖိုလ်ဉာဏ် ရောက်ရန် လျှောက်ပုံ ၄၁၈
မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရန် သမာဓိ ထူထောင်နည်း ၄၄၆
မဂ်ဉာဏ်မီးဖြင့် ကံမျိုးစေ့ကို မြိုက်ပုံ ၄၆၄
မဂ်ဉာဏ်သီသေပုဂ္ဂိုလ်မည်ပုံ ၅၀၅
မဂ်ဖိုလ်၏အန္တယ်များ ၆၃၄
မဂ်ဝင်ရာ၌ ဥပမာပြချက် ၆၂၆

http://www.dhammadownload.com

အကွဲရာစဉ်	စာမျက်နှာ
[မ]	
မဂ်ဝင်ရာ၌ သိမှတ်ဖွယ်	၆၂၄
မဂ္ဂင် ၈ ပါး ပါ၌အနက်	၄၁၉
မဂ္ဂင် ၈-ပါးကို သိကွာ ၃-ပါးဖြင့် ရေတွက်ပုံ	၄၃၂
မဂ္ဂင် ၈-ပါးဖြင့် နိဗ္ဗာန်ရောက်ပုံ	၄၁၁
မဂ္ဂင်တရားကိုယ်ကို ခန္ဓာ ဖွဲ့ပြခြင်း	၄၃၅
မဂ္ဂင်ပွါးမှ သာသနာဝင်ပုဂ္ဂိုလ် မည်ပုံ	၄၁၂
မစ္ဆရိယအပြစ်ကို ဘုရားရှင်ဖြေပုံ	၆၆
မစ္ဆရိယအပြစ်ကို မေးလျှောက်ခြင်း	၆၆
မစ္ဆရိယကို ပယ်နိုင်သောတရား	၈၇
မစ္ဆရိယတရား ၅-မျိုး	၆၃
မစ္ဆရိယတရား ပယ်စွန့်သင့်ပုံ	၆၂၊၆၉
မစ္ဆရိယမဖြစ်ပုံအကြောင်း	၆၄
မစ္ဆရိယသမား၏ အကျိုးပေးရာ	၆၈
မညီမျှလျှင် အချည်းနှီးဖြစ်ပုံ	၄၈၈
မတင်းတိမ်နိုင်သော ကာမဂုဏ်	၂၂၅
မပြောဆိုကောင်းသောအကျင့်	၁၉၈
မဖြစ်မီကလဲမရှိ၊ ဖြစ်ပြီးတော့လဲ မရှိပုံ	၅၀၉
မမှီဝဲထိုက်သောပုဂ္ဂိုလ်	၁၉၇
မမြတ်သော ရှာမှီးခြင်း	၅၉၉
မယားတကျိပ်	၄၂၄
မယဉ်ကျေးသော အမူ အရာများ	၁၉၈
မရသင့်ထိုက်သော တရားများ	၄၆
မရောနှောရသော ပုဂ္ဂိုလ်များ	၁၉၈
မလွန်ကျူးထိုက်သော မိန်းမများ	၄၂၃
[မ]	
မဟာနာမ် ဒါယကာလျှောက်ထားချက်	၂၈၃
မဟာလိ လျှောက်ထားချက်	၄၁၃
မဟာလိသုတ္တန် မှတ်သားရန်	၄၁၂
မာနခေါ်ပုံ	၂၁၆
မိမိမှာ ထင်ရှားရှိတဲ့ တရားမှ ရှုရပုံ	၆၁၅
မိမိကိုယ်ကို ပုဂ္ဂိုလ် ၂-မျိုးဖြင့် စစ်ရန်	၇၂
မိဿကကံ အကျိုးပေးရာ၌ သိဖွယ်	၂၉၁
မိဿကကံ ခေါ်ခြင်း	၂၉၁
မိတ်ကောင်းနှင့် စိတ်ကောင်း ရှိမှ တရားရနိုင်ပုံ	၁၄၄
မိတ်ဆွေကောင်းကို မှီဝဲရပုံ	၂၀၀
မီးတောက် ၃-မျိုး	၁၀၇
မီးတောက်ရာ ၆-မျိုး	၁၀၆
မုသာဝါဒ၌ သိမှတ်ဖွယ်	၄၂၁
မူလ ၂-မျိုး	၂၈၉
မူလဒဿာဝီမည်ပုံ	၂၉၃
မူလေးခု ချပြီး ဟောပုံ	၃၈
မေတ္တဂူပုဏ္ဏား တပည့် အပေါင်းနှင့် ရဟန္တာဖြစ်ပုံ	၄၇၀
မေတ္တဂူပုဏ္ဏား နှစ်သက်သော တရား	၄၄၈
မေတ္တဂူပုဏ္ဏား ရရှိပြီးတရား	၄၄၅
မေတ္တဂူပုဏ္ဏား လျှောက်ထားချက်	၃၄၆
မေတ္တဂူသုတ္တန် ပ၌မပိုင်း	၃၄၃
မေတ္တဂူသုတ္တန် ဒုတိယပိုင်း	၃၇၀
မေတ္တဂူသုတ္တန် တတိယပိုင်း	၃၉၇
မေတ္တဂူသုတ္တန် စတုတ္ထပိုင်း	၄၄၄

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မေတ္တာဂူသုတ္တန် မည်ပုံ	၃၄၃
မေတ္တာဂူသုတ္တန် ဟောရာ၌ သိမှတ်ဖွယ်	၃၄၄
မေတ္တာဘာဝနာနှင်း ပွါးပုံ	၃၁၅
မေ့လျော့မှုကြောင့် ဉာဏ်မထင်နိုင်ပုံ	၀၆
မောဃရာဇ ပညာရှိအမေး	၂၁၅
မောဃရာဇ ပုဏ္ဏား၏ အကျဉ်းချုပ်	၂၁၄
မောဃရာဇ ပုဏ္ဏားအား တား ထားပုံ	၂၀၅
မောန အဓိပ္ပါယ်	၃၃၅
မင်းဖြစ်လို့ သိမ်မွေ့ပုံ	၃၀၉
မုန်းခြင်းရဲ့ တရားကိုယ်	၃၂၃
မျက်မှောက် ကောင်းကျိုးရ တရားကိုသာ ဟောကြားပုံ	၃၀၄
မျက်မှောက်ချမ်းသာ ခံစားနေပုံ	၃၂၉
မျက်မှောက်ချမ်းသာရန် သမာဓိ ထူထောင်ပုံ	၄၄၆
မျက်မှောက်ချမ်းသာ ထူထောင်နေပုံ	၃၃၁
မျက်မှောက်ချမ်းသာအတွက် ပွါးနည်း	၃၂၄-၅
မျက်စိတမှိတ်မှာ ဖြစ်တဲ့ စိတ်ပေါင်း	၆၂၄
မြက်မီးရှူးနှင့် တူသော ကာမဂုဏ်	၂၄၉
မြင်ကြား စသည်၌ သတိထားပုံ	၆၉၀
မြင်မြင်သမျှ အာရုံကို ငြီးငွေ့ပုံ	၁၇၁
မြင်ထုကြားထု၌ ရှုမှတ်ဖွယ်	၁၆၃
မြင်လျှင်မြင်ကာ မတွထံးပါ	၆၀၉

အက္ခရာစဉ်	စာမျက်နှာ
[မ-ယ-ရ]	
မြင့်မြတ်ခြင်း ၃-မျိုး	၂၂၀
မြို့ကြီး ၁၆-မြို့	၃၀
ယုံကြည်ပုံ ရှင်းပြချက်	၃၄၇
ယောဂ ခေါ်ပုံ	၁၆၅
ယောနိသော မနသိကာရ ရှိပုံ	၁၁၄
ယောကျ်ားမြတ် ခေါ်ပုံ	၂၇၇
ရခဲသော တရား ၅-မျိုး	၃၀၆
ရတနာ ၃-ပါး အာရုံပြုခိုက် နိဝရဏကွာပုံ	၂၀၂
ရရှိမှုကြောင့် စေ့ငှ်ရှောက် ရခြင်း	၂၃၃
ရဟန်းကောင်းတို့နေပုံ	၂၀၂
ရဟန်းနှင့်သာ ဆိုင်သည့် အကျင့်ယုတ်	၁၉၄
ရဟန္တာပုဂ္ဂိုလ် ကုသိုလ် အကျိုးမပေး	၁၇၀
ရူပသညာကို လွန်မြောက်ပုံ	၆၁၆
ရူပါရုံကို သတိထားကြည့်သင့်ပုံ	၇၆
ရေမျောသူပမာ နာမ်ရုပ်	၁၆၆
ရောဂဗျသန	၇၅၃
ရောဂါဟူသမျှ ဒုက္ခ ဖြစ်ပုံ	၃၅၄
ရုပ်ကို လက္ခဏာရေးတင်ပုံ	၂၄
ရုပ်တရားကို သတိဖြင့် ထူထောင်နည်း	၄၅၄
ရုပ်ကို ဝိညာဏ်က သိနေပုံ	၄၅
ရုပ်နာမ်ကို အတွေ့စဉ်ပုံ	၂၂၃
ရုပ်နာမ်ကို ဖြစ်ပျက်ရှုပုံ	၁၇၀၊၄၉၃
ရှိသေစွာ နှလုံးသွင်းရန် တိုက်တွန်းချက်	၂၄၃
ရှာမှီးခြင်း ၂-မျိုး	၉၂၊၁၉၂၊၁၉၃၊ ၁၅၃၊၁၅၄
ရှိခိုးရပုံ ရှင်းပြချက်	၁၀

http://www.dhammadownload.com

အကွဲရုစဉ်	စာမျက်နှာ
[ရ]	
ရှိခိုးရခြင်း၏ မျက်မှောက်ကျိုး	၁၉
ရှုစိတ်နဲ့ အရှုခံတရား ကွာနေပုံ ဥပမာ	၆၂၂
ရှုမှတ်က ကိလေသာငြိမ်းပုံ	၂၅၂
ရှေ့နောက်စကားဆက်ရန် အနုသန္ဓေ	၁၈၁
ရှောင်ရမည့် အကျင့်မျိုး	၁၉၄
[လ]	
လက္ခဏာရမ္မဏိကဝိပဿနာဉာဏ် ခေါ်ပုံ	၃၁၈
လက္ခဏာရေး ၃-ပါးမှ လွတ်သော တရားမရှိပုံ	၃၀၂
လက္ခဏူပစျာန်	၃၂၆၊၅၄၉
လမင်းနှင့်တူသော ဘုရားရှင် မျက်နှာတော်	၃၁၁
လာပါ ရှုပါဟု တာဝန်ခံနိုင်သော တရားသာ ဟောကြားပုံ	၃၈၄
လာဘမစ္ဆရိယဖြစ်ခြင်း	၆၃၊၆၅
လာဘ်ရသည်ကိုစွဲ၍ ဆုံးဖြတ်ပုံ	၉၄
လူချမ်းသာသော်လည်း အကျင့် ညံ့က လူယုတ်	၂၂၁
လူပျင်းကို ရှေင်ကြဉ်	၄၉၇၊၅၀၅
လူမြတ်ခေါ်ပုံ လျှောက်ထား ချက်	၂၂၂
လောက ၂-မျိုး	၄၁
လောကကို အဝိဇ္ဇာ ဖုံးလွှမ်းပုံ	၄၂၊၄၅၊၅၈
လောကခေါ်ပုံ	၄၂၊၇၅၂
လက်အုပ်ချီနည်း	၇၄၀
လမ်းညွှန်သူနှင့်တူသော ဘုရားရှင်	၅၇၉
[လ]	
လမ်းညွှန်သည့်အတိုင်း သွားသူ	၅၇၆
လမ်းညွှန်သည့်အတိုင်း မသွားသူ	၅၇၆
လယ်တီဆရာတော်နှင့် သာသနာ	(ဃေ)
လိမ်းကျံခြင်း ၂-မျိုး	၂၆၉
လုံ့လမရှိက နိဗ္ဗာန်နှင့်ဝေးပုံ	၅၄၂
လုံ့လရှိသူကို မြဲဝဲ	၅၀၆
လှုပ်ရှားပုံအမျိုးမျိုး	၂၅၂
လွတ်မြောက်ခြင်းအဓိပ္ပါယ်	၆၉၇
လျင်လျင်မြန်မြန် ပြန်လိုသဖြင့် နတ်များမထိုင်ပုံ	၃၇၂
လျှပ်တပျက်ဖြစ်တဲ့စိတ်ပေါင်း	၆၂၄
[ဝ]	
ဝစီသမာစာရ ၂-မျိုး	၁၉၁
ဝစ္ဆပရိဗိုဇ်ဥပမာပြ၍ ဟောကြားပုံ	၆၃၇
ဝဋ္ဌမူလက တဏှာမျိုး	၉၀
ဝဏ္ဏမစ္ဆရိယဖြစ်ခြင်း	၆၃၊၆၅
ဝတ္ထုဂါထာပါ၌ နိဿယ	၁-၁၄
ဝါယောဓာတ်ရုပ် ရှုကွက် ဖော်ပုံ	၃၁၆
ဝါယောဓာတ်သဘောကို သတိက ဖော်ပြပုံ	၁၃၆
ဝိကွမ္ဘနနိဿရဏ	၇၀၂
ဝိကွမ္ဘနပဟာန်ဖြင့် လွတ်မြောက်ပုံ	၇၀၂
ဝိစာရ၏ သဘောလက္ခဏာ	၃၂၈
ဝိစိကိစ္ဆာကို ပယ်ပုံ	၆၀၆

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[ဝ]	
ဝိစိကိစ္ဆာကင်းအောင် ပြုလုပ်ရန်	၅၆၈
ဝိစိကိစ္ဆာ၌ ဖြစ်ပျက်ရှုပုံ	၆၁၁
ဝိစိကိစ္ဆာပယ်ခြင်းအကြောင်း	၆၀၈
ဝိစိကိစ္ဆာဖြစ်ခြင်းအကြောင်း	၆၀၇
ဝိစိကိစ္ဆာဖြစ်ပုံ ဥပမာပြချက်	၇၁၂
ဝိစိကိစ္ဆာ မဖြစ်ခြင်း အကြောင်း	၆၀၉
ဝိစိကိစ္ဆာမှ လွတ်မြောက်ခြင်း	၇၁၃
ဝိစိကိစ္ဆာသိနည်း ၅-နည်း	၆၁၀
ဝိဇ္ဇာရှင်းချက်	၄၈
ဝိညာဏဥာယတန ဝိမောက္ခ	၇၁၆၊၇၁၈
ဝိညာဏ် ၆-ပါးကို ဥပဓိခေါ်ပုံ	၃၅၉
ဝိညာဏ်ကို ကိလေသာဆိုးရည် စွဲနေပုံ	၁၆၈
ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်ပုံ	၁၄၇
ဝိညာဏ်ချုပ်ပုံ ၂-မျိုး	၁၄၈၊၁၅၁
ဝိညာဏ်နာမ်ရုပ်ကို အမှတ်မှားပုံ	၁၆၆
ဝိတက်၏ သဘောလက္ခဏာ	၃၂၈
ဝိနီဝရဏစိတ္တ=စိတ်ကောင်း ပုဂ္ဂိုလ်	၄၄
ဝိပရိဏာမ ပေါ်လွင်က ဖြစ်ပျက်ထင်ရှားပုံ	၃၂၁
ဝိပရိဏာမ မြင်နိုင်ခဲပုံ	၃၂၂
ဝိပဿနာအရာမှာ ပညာ ပြခာန်းပုံ	၁၂၄
ဝိပဿနာအားထုတ်က ကိုယ်ကျင့်ကောင်းလိုပုံ	၅၅၅
ဝိပဿနာအားထုတ်က ရှိရမည့် တရား ၂-ပါး	၃၈၊၄၄

အကွရာစဉ်	စာမျက်နှာ
[ဝ]	
ဝိပဿနာဉာဏ် တိုးပွါးလာရန် ညွှတ်ကိုင်းရှိုင်းပေးရခြင်း	၁၃၁
ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ဆက်ပုံ	၆၂၇
ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ် ရှင်းပြချက်	၁၆၈
ဝိပဿနာဉာဏ် ဖြစ်ကြောင်း ၇-မျိုး	၁၂၆
ဝိပဿနာရှုက သတိ ပညာ အရေးကြီးပုံ	၇၅
ဝိပဿနာရှုကွက်နှင့်တရားတက်ပုံ	၄၀
ဝိပဿနာရှုကွက်ဖော်ပုံ	၅၈၄
ဝိပဿနာရှုနည်းတမျိုး	၅၁
ဝိပဿနာရှုမည့်ပုဂ္ဂိုလ်အတွက် ညွှန်ကြားချက်	[ကော်]
ဝိပဿနာရှုမှုအတွက် ဉာဏ် လိုပုံ	၆၀
ဝိပဿနာလုပ်ငန်းဖော်ပြချက်	၂၆၃
ဝိပဿနာလုပ်ငန်း သူနည်း သူဟန်	၂၆၈
ဝိဘဝတဏှာ	၈၈၊၈၉
ဝိမောက္ခ ၃-ပါး ၈-ပါး	၆၉၈၊၇၂၃
ဝိမောက္ခ အမျိုးမျိုး	၆၉၈
ဝိမောက္ခမည်ပုံလျှောက်ခြင်း	၆၉၆
ဝိရာဂနိဿိတ၌ သိမှတ်ဖွယ်	၄၀၅
ဝိရာဂဖြစ်ပုံ	၁၇၃
ဝိဝေက တရားကိုယ်	၇၃၀
ဝိဝေကနိဿိတ၌ သိမှတ်ဖွယ်	၄၀၅
ဝိဟိံသဝိတက်	၄၀၃
ဝိလောကိတ၌ ရှုမှတ်ဖွယ်	၁၁၇
ဝေဒဂူမည်ပုံ	၃၄၆-၇
ဝေဒနာကြောင့် တဏှာဖြစ်ပုံ	၂၆၆

http://www.dhammadownload.com

အကွရာစဉ်	စာမျက်နှာ
[ဝ]	
ဝေဒနာခံစားပုံအခြင်းအရာ	၆၂၁
ဝေဒနာ ၃-ပါး	၂၆၅
ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်ပုံ ပျက်ပုံ	၃၈၆
ဝီရိယ ၂-မျိုး	၅၄၀
ဝီရိယအကျိုးဆင်ခြင်ပုံ အကျယ်	၄၉၀
ဝီရိယအားကောင်းလျှင် ပြုလုပ်ရပုံ	၄၈၆
ဝီရိယတန်ဘိုးအကျိုးကြီးပုံ	၃၈၈
ဝီရိယထောက်ပံ့ခြင်း အကြောင်း	၅၄၂
ဝီရိယဓာတ် ၃-ပါးကို လေ့လာခြင်း	၄၉၄
ဝီရိယနှင့်သမာဓိ အညီအမျှထားနိုင်ရခြင်း	၁၃၀
ဝီရိယပြဓာန်းသော ဣဒ္ဓိပါဒ်	၃၉၁
ဝီရိယရှိသူကို ဆည်းကပ်	၄၉၇
ဝီရိယလွန်ကဲသည့် သောဏမထေရ်	၄၈၇
ဝီရိယလွန်လျှင် သမာဓိနဲ့ ထိန်းပေး	၄၉၁
ဝီရိယသမ္မောဇ္ဈင် ပွါးများပုံ	၄၀၇
ဝီရိယသမ္မောဇ္ဈင်ဖြစ်အောင် နှလုံးသွင်း	၄၉၇
ဝီရိယသမ္မောဇ္ဈင် သိကြောင်း ၄ ချက်	၄၇၂၊၄၉၄
ဝီရိယိန္ဒေ	၃၉၂
ဝေါဿဂ္ဂပရိဏာမိံ၌ သိမှတ်ဖွယ်	၄၀၆
ဝန်တိုခြင်း၏ အပြစ်များ	၆၇

အကွရာစဉ်	စာမျက်နှာ
[ဝ]	
ဝန်တိုမှုကြောင့် ဉာဏ်မထင်နိုင်ပုံ	၆၁၊၈၆
ဝန်တိုမှု မစ္ဆရိယတရားဆိုးပုံ	၆၂
[သ]	
သံဃာဋ္ဌိစသည်၌ ရှုမှတ်ဖွယ်	၁၁၈
သံဃာတော်ကို ရှိခိုးခြင်း	၁၇
သံဃာနုဿတိ မည်ပုံ	၅၁၁
သံဒယ်နှင့် ရေပေါက် ဥပမာ	၃၆၆
သံသရာ	၇၅၁
သံသရာအစွန်း မထင်ရှားပုံ	၇၄၉
သံသရာက လွတ်တဲ့နည်း	၇၅၈
သံသရာ လည်စေနိုင်သောကံ ၃-မျိုး	၂၉၀
သံသရာ လည်, မ်လည်သော တရားများ	၂၉၆
သကဒါဂါမိ မဂ်ချုပ်သော တရားများ	၁၇၆
သကဒါဂါမိ မဂ်ဉာဏ်ပယ်သော တရားများ	၁၅၆
သက္ကာယဒိဋ္ဌိ ၂၀-နှင့် အကျိုးပေး	၂၇၀၊၄၄၇
သက္ကာယဒိဋ္ဌိနှင့် လိမ်းကျံပုံ	၂၇၀
သခ်တ အသခ်တ တရား ၂-မျိုး	၁၆၄
သခ်ါရတရားများ	၁၂၂
သခ်ါရတရားကိုလျစ်လျူရှုခြင်း	၅၃၀
သခ်ါရလုပ်သား ၃-ယောက်	၁၂၂
သခ်ါရူပဓိ ရှင်းချက်	၃၅၆
သစ္စာ ၄-ချက်	၅၃၃
သစ္စာ ၄-ပါးကိုသိသော အဓိပညာ	၂၀၆

http://www.dhammadownload.com

အကွဲဆုစဉ်	စာမျက်နှာ
[သ]	
သစ္စာ ၄-ပါး မသိမှုကို အဝိဇ္ဇာ ခေါ်ပုံ	၄၀
သညာအမှတ်ပြုပုံ အခြင်းအရာ	၆၂၁
သတ္တက္ခတ္တုံ ပရမ သောတာပန်	၁၇၅
သတ္တဝါကို လျစ်လျူရှုခြင်း အကြောင်း	၅၃၀
သတ္တဝါတိုင်းကို စိုးမိုးသော တရားများ	၁၃၄
သတ္တဝါသခ်ၤရဒ္ဓ စုံမက်သူကို ရှောင်ကြဉ်ပုံ	၅၃၁
သတ္တဝါသခ်ၤရဒ္ဓ လျစ်လျူရှုသူကို ဆည်းကပ်ပုံ	၅၃၁
သတိ အလုပ် လုပ်ပုံ	၁၆၃
သတိ၏ အဓိပ္ပါယ်	၁၁၁.
သတိကောင်းတဲ့ ပဂ္ဂိုလ်ကို မှီဝဲရခြင်း	၁၁၉
သတိတရား အမြဲရှိနေပုံ	၁၁၂
သတိတရား အရေးကြီးပုံ	၄၃
သတိတရားက အာရုံကိုဖော်ခြင်း	၀၅
သတိ ထားပုံ ထားနည်း	၁၃၅
သတိထားဘို့နေရာ ပြဆိုချက်	၁၃၅
သတိထားရှုက ဉာဏ်၌ ထင်လာခြင်း	၁၇၀
သတိနှင့် ပညာကြောင့် ကိလေသာ ချုပ်ပုံ	၁၃၉
သတိနှင့်ပညာ ကပ်နေသည် မည်ပုံ	၆၉၂
သတိနှင့်ပညာ ခွဲပြချက်	၁၂၃
သတိဇြေ	၃၉၂
သတိပညာအတွက် သမာဓိ ထူထောင်နည်း	၃၃၃
သတိပညာ ဟောရပုံ	၀၆

အကွဲဆုစဉ်	စာမျက်နှာ
[သ]	
သတိပဋ္ဌာန် တရားရှုပုံ	၅၃၂
သတိပဋ္ဌာန်ပွါးက ပယ်ရမည့် တရား	၂၂၃
သတိပဋ္ဌာန်ပွါးက ရှိရမည့်တရား	၂၂၃
သတိပေါ် လာပုံ	၁၁၄
သတိဖြင့် စိတ်ကို နှောင်ဖွဲ့ ထားပုံ	၂၀၀.၁
သတိဖြင့် ဖော် ပညာဖြင့်ရှုရန်	၄၅၂
သတိဖြင့် မစောင့်ရှောက်ပုံ	၃၉
သတိမထားက ကိလေသာဝင်ပုံ	၁၂၀
သတိမထားပါက ဝေဒနာ အမျိုးမျိုး ဖြစ်လာပုံ	၆၉၁
သတိမည်ပုံ	၃၃၉
သတိလွတ်ကင်းသော ပုဂ္ဂိုလ်ကို ရှောင်သင့်ပုံ	၁၁၉
သတိသမ္ဗောဇ္ဈင် အကျယ်ရှင်းချက်	၁၁၅
သတိသမ္ဗဇညာ သတ္တဋ္ဌာန	၄၃၃
သတိသမ္ဗောဇ္ဈင် ထင်ရှားရန် သမာဓိ ထူထောင်နည်း	၄၄၆
သတိသမ္ဗဇညာ သမာဓိ ဘာဝနာ ပွါးနည်း	၃၂၄
သတိသမ္မောဇ္ဈင်က ဖော်ပြ ပေးပုံ	၄၀၄
သန္တုဿိတ ပဂ္ဂိုလ်မည်ခြင်း	၂၂၆
သရက်ပင်ကြောင့် သံဝေဂဖြစ်ပုံ ဥပမာ	၂၄၀
သတိသမ္မောဇ္ဈင် ပွါးများရန် အင်္ဂါ	၄၀၂
သတိသမ္မောဇ္ဈင်သိကြောင်း ၄-ချက်	၁၁၅၊၄၇၂
သဒ္ဓါအားကောင်းလျှင် ပညာနဲ့ ထိန်းပေး	၄၀၉

http://www.dhammadownload.com

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဒ္ဓါအားကောင်းလျှင် ပြုလုပ်ရပုံ	၄၀၆
သဒ္ဓါ၏ အဿာဒ စသည်	၃၉၄
သဒ္ဓါကို အနိစ္စ စသည်ဖြင့် ရှုပုံ	၃၉၅
သဒ္ဓါနှင့် ပညာ ညီအောင် ညှိနှုံးပုံ	၁၂၉
သဒ္ဓါနှင့် ပညာ ညီမျှရခြင်း	၁၂၀
သဒ္ဓိန္ဒြေ	၃၉၂
သဗ္ဗညုတဉာဏ်ရရန် ကျင့်ရပုံ	၇၂၉
သမ္မပ္ပလာပဒ္ဒ သိမှတ်ဖွယ်	၄၂၃
သမထနိမိတ်	၅၁၀
သမာဓိ အားကောင်းလျှင် ဝီရိယနဲ့ ထိန်းပေး	၄၉၁
သမာဓိထူထောင်နည်း ၄-မျိုး	၄၄၆
သမာဓိန္ဒြေ	၃၉၂
သမာဓိဘာဝနာ ထူထောင်နည်း ၄-မျိုး	၃၂၃
သမာဓိရနည်း ရှင်အာနန္ဒာ လျှောက်ထားချက်	၃၃၇
သမာဓိ မရှိသူ့ရှောင်	၅၂၇
သမာဓိရှိသူ မှီဝဲ	၅၂၇
သမာဓိသမ္မောဇ္ဈင်၌ သိဖွယ်	၅၁၀
သမာဓိသမ္မောဇ္ဈင် ဖြစ်ခြင်း အကြောင်း	၄၇၂၊၅၁၉
သမ္မပ္ပဓာန် ၄-ချက်	၅၃၄
သမ္မာအာဇီဝမဂ္ဂင်ဖြစ်ပုံ	၄၂၄
သမ္မာဒိဋ္ဌိ၏ လက္ခဏာ	၄၂၀
သမ္မာဒိဋ္ဌိပွါးနည်း အင်္ဂါ ၄-ပါး	၇၄၀
သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပုံ	၄၂၀
သမ္မာဒိဋ္ဌိဖြစ်ရန်အကြောင်း ၂-ပါး	၆၃၃၊၇၄၇
သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာ ဟောရပုံ	၄၃၀
သမ္မာဝါစာမဂ္ဂင်ဖြစ်ပုံ	၄၂၁
သမ္မာဝါယာမမဂ္ဂင်ဖြစ်ပုံ	၄၂၅
သမ္မာသင်္ကပ္ပ၏ လက္ခဏာ စသည်	၄၃၀
သမ္မာသင်္ကပ္ပမဂ္ဂင်စသည် အစဉ်အတိုင်းထားပုံ	၄၃၁
သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်ပုံ	၄၂၁၊၄၂၃
သမ္မာသတိမဂ္ဂင် ဖြစ်ပုံ	၄၂၆
သမ္မာသမာဓိမဂ္ဂင် ဖြစ်ပုံ	၄၂၇
သမိဠိတဒ္ဒ ရှုမှတ်ဖွယ်	၁၁၇
သမုဒ္ဓေဒနိဿရဏ ခေါ်ပုံ ၇၀၂၊၇၀၃	
သမုတိသစ္စာနယ်ကား လောကမျာ	၄၁
သမုဒါစာရတဏှာမျိုး	၉၀၊၉၁
သလေးစပါးနှိပြည့်သော စပါးကျီ	၃
သဝနာနုတ္တရိယကုသိုလ်ကျိုး ဝတ္ထု	၄၀-၁၁၀
သဿတဒိဋ္ဌိအစွန်း	၆၃၂
သာယာဖွယ် နည်းသော ကာမဂုဏ်	၈၈၊၂၄၈
သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်လာခြင်း	၂၄
သာသနာတော် မြင့်မြတ်ပုံ သိမှတ်ဖွယ်	၄၁၄
သာသနာနှင့်ကွဲသဖြင့် တန်ဘိုးကြီးပုံ	၂၀၇
သားတစ်နှင့် တူသော ကာမဂုဏ်	၂၄၇

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သဒ်းသို့မျှားခြင်းကြောင့် စိတ်ဆင်းရဲရပုံ	၃၂၅
သဒ်းသို့မျှားခြင်းကြောင့် ဝမ်းသာပုံ	၃၂၄
သိကြားမင်းတောင် သောက ရောက်ပုံ	၃၅၁
သိတဉ္ဉ သိအောင်ပြုလုပ် သော တရားများ	၅၉၃
သိတင်းသုံးဘော်တို့၏ မြတ် သည်၏အဖြစ်	၅၀၅
သိလအထောက်အပံ့	၁၄၁
သိလဗျသန	၃၅၃
သိလမဂ္ဂင် ၃-ပါး	၄၃၆
သိလာနုဿတိမည်ပုံ	၅၁၁
သုညတဝိမောက္ခ	၆၉၈၊၃၂၃
သုတ္တန်ပါဠိတော်လာ ဒါန ဝတ္ထု ၁၀-မျိုး	၂၉၈
သေက္ခအကျင့်ကို မေး လျှောက်ပုံ	၁၈၃
သေက္ခပုဂ္ဂိုလ်၏ အကျင့်	၂၀၉
သေက္ခပုဂ္ဂိုလ် ရေတွက်ပြခြင်း	၁၈၇
သေက္ခပုဂ္ဂိုလ် သိမှတ်ဖွယ်	၂၀၇၊ ၁၈၇၊၁၈၉

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သောကဖြစ်ရာ၌ အသိ လှဲချော်ပုံ	၃၅၁
သောတ ၅-မျိုး	၁၀၅
သောတမည်ပုံ ရှင်းချက်	၁၀၅
သောတာပန်ပုဂ္ဂိုလ်၏ ရုပ်နာမ် ချုပ်ပုံ	၁၄၈
သောတာပန်ပုဂ္ဂိုလ် ခေါ်နိုင်ပုံ	၅၀၄
သောတာပတ္တိမဂ်ဉာဏ်ခေါ်ပုံ	၁၅၀
သောတာပတ္တိမဂ်ဉာဏ် မြတ်ပုံအကြောင်း	၁၅၅
သောတာပတ္တိမဂ် ပယ်စိတ်များ သောင်းကျန်းပုံ	၁၅၃
သောတာပတ္တိမဂ်သည် အပါယ် ဘုံကို ချုပ်စေပုံ	၁၆၀
သွားတဲ့အခါ စသည်၌ ရှုမှတ်ဖွယ်	၁၁၉
သုံးဆဲ့တဘုံ ခြုံကြည့်လျှင် တရား ၃-ပါးသာ တွေ့ရပုံ	၁၇၃
[ဟ]	
ဟိနဝိရိယမည်ပုံ	၅၄၆
ဟေမကရသေ့တပည့်များနှင့် ရဟန္တာဖြစ်ပုံ	၆၉၃

မှတ်သားဖွယ် အက္ခရာစဉ် ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

(c) ||০০০৫—৫৮-৬৫—৯৮৬০—৩-৫৫-৩-৫-৩

৩১৮